www.burmeseclassic.com

BURMESE CLASSIC .com

၂၀၀၈ ခုနှစ် – ဗုဒ္ဓစာပေဆုရ

# သညာသိ နှင့် ပညာသိ

## (သုဒ္ဓဝိပဿနာကျင့်စဉ်)

မေတ္တာရှင်
(ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈ – ခုနှစ် ဗုဒ္ဓစာပေဆုရ

# သညာသိ နှင့် ပညာသိ

## (သုဒ္ဓဝိပဿနာကျင့်စဉ်)

မေတ္တာရှင်
(ရွှေပြည်သာ)

ဖြန့်ချိရေး

ဦးစိုးတင့် (ရွှေပြည်သာစာပေ) ဥပသကာအဖွဲ့
မန္တလေးကျောင်း၊ ၆/၁၀–ရပ်ကွက်၊ ချင်းတွင်းလမ်း၊
ရွှေပြည်သာ၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၆၁၁၆၂၂၊ ၀၉–၅၀၁–၆၆၆၃

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ✣ | ၃၂၀၃၆၈၀၆၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ✣ | ၃၂၀၄၄၆၀၇၀၇ |
| ထုတ်ဝေသည့်အကြိမ် | ✣ | ပထမအကြိမ်၊ ဧပြီ၊ ၂၀၀၈၊ |
| | | အုပ်ရေ - ၁၀၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း အလှ | ✣ | ယူနီကွန်ပျူတာ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ✣ | ဦးဇော်မြင့်ဝင်း (ကာလာဇုံ အော့ဖ်ဆက်) ၁၈၄/ခ၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ✣ | ဦးတင်ကိုဦး (ရွှေရည်မြင့်မြတ်စာပေ) ၅၈၀/ခ၊ အောင်ရတနာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| စီစဉ်သူ | ✣ | ဦးစိုးတင့်၊ ဦးဆန်းထွန်း |
| စာအုပ်ချုပ် | ✣ | ကိုလှငွေး (သာကေတ) |
| တန်ဖိုး | ✣ | ၈၀၀၀ ကျပ် |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အရှင်ဇဝန ဓမ္မကထိက မဟာဂန္ထဝါစကဓရ မေဓဿာရှင် (ရွှေပြည်သာ)

သက်တော်(၄၄)နှစ် သိက္ခာတော်(၂၅)ဝါအရတွင် ရိုက်ကူးထားသောပုံတော်



ပုဗ္ဗေကတ မြတ်ပုည ရှိလှထေရ်အရှင်

မအိုမီအတွင်း ရုပ်အဆင်း ပြည့်တင်းဤသို့ပင်

အိုသောအခါ ဤရုပ်ဝါ ဘယ်မှာရှိမည်ပင်။

www.burmeseclassic.com

www.burmeseclassic.com

## ဆရာတော်အရှင်ဇဝန – မေဓာဝီရှင်(ရွှေပြည်သာ)

- ၁၃၂၆-ခုနှစ်၊ တပိုတွဲလဆန်း(၁၅)ရက်၊ အင်္ဂါနေ့၊ (၁၆. ၂. ၆၅) မန္တလေးတိုင်း၊ အမရပူရမြို့၊ နန်းတော်ရှေ့၊ စံပြကွက်သစ်ရပ်ကွက်၌ ခမည်းတော်ဦးထီ၊ မယ်တော် ဒေါ်သိန်းရင်တို့မှ ဖွားမြင်သည်။
- ၁၃၃၈-ခုနှစ်တွင် မူလဆီးဘန်နီကျောင်းတိုက် ပညာ့ဗိမာန် သာသနာပြုကျောင်း ဆရာတော်ဦးပညာသာမိကို ဥပဇ္ဈာယ်ပြု၍ မယ်တော်၊ ခမည်းတော်တို့၏ ပစ္စယနုဂ္ဂဟ ဖြင့် ရှင်သာမဏေ ဘဝသို့ ရောက်ရှိသည်။

BURMESE CLASSIC .com

- ၁၃၄၆-ခု၊ ကဆုန်လဆန်း(၁၅)ရက်နေ့တွင် မန္တလေးမြို့၊ တောင်ပြင်မိုးတားတိုက် ခဏ္ဍသိမ်၌ မိုးတားတိုက်အုပ်ဆရာတော် ဦးမေလိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိသည်။
- ရဟန်းဒါယကာ၊ ဒါယိကာမများမှာ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သီတာအေး (၉၀၂)ရပ်ကွက်မှ ဦးဝင်းမြင့်၊ ဒေါ်ထွေး၊ ဦးဝင်းမြ၊ ဒေါ်ခင်မူတို့ ဖြစ်သည်။
- ၁၃၄၃-ခုနှစ်မှစ၍ မန္တလေးမြို့ - မူလဆီဘန်နီကျောင်းတိုက် ပညာ့ဗိမာန် သာသနာပြုကျောင်း၊ မြင်းခြံခရိုင် - တောင်သာမြို့နယ် သာသနာ့မူလိကာရာမကျောင်း သစ်ကျောင်းစာသင်တိုက်၊ မန္တလေးမြို့ - မစိုးရိမ်တိုက်သစ်ကျောင်းတိုက်တို့၌ "ငယ်၊ လတ်၊ ကြီး" အောင်မြင်၍ ဓမ္မာစရိယတန်း ရောက်သည်အထိ ပရိယတ္တိ စာပေများကို သင်ယူခဲ့ သည်။
- ဆရာနည်းရအောင် အချိန်ယူ၍ အားထုတ်ခဲ့သော ဝိပဿနာနည်းများမှာ- **မိုးကုတ်ဝိပဿနာ၊ ကသစ်ဝိုင်ဝိပဿနာ၊ ပခုက္ကူဝိပဿနာသင်တန်းတရားတို့** ဖြစ်သည်။
- ကျမ်းစာအုပ်များကို ဆရာအနေထား၍ လေ့လာအားထုတ်ခဲ့သော နည်းများမှာ-
  **'မဟာစည် ဝိပဿနာ၊**
  **စွန်းလွန်း ဝိပဿနာ၊**
  **သဲအင်းဂူ ဝိပဿနာ၊**
  **သစ္စဒီပက ဝိပဿနာ၊**

www.burmeseclassic.com

www.burmeseclassic.com

**ညောင်လွန်တောရ (ဘုံကျဉ်း) ဝိပဿနာ၊**
**အမြိုက် ဝိပဿနာ၊**
**လယ်တီ ဝိပဿနာ'** တို့ ဖြစ်သည်။

- ၁၉၉၉-ခုနှစ်တွင် **"မျက်ရည်မကျခင် သိစေချင်"** စာအုပ်ကို စတင် ထုတ်ဝေခဲ့သည်။
- ယခုအခါ **ရွှေပြည်သာမြို့** - မန္တလေးကျောင်းတိုက်၊ **မှော်ဘီမြို့** - သုဒ္ဓဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ **မြိတ်မြို့** - သစ်ညီနောင် ဓမ္မရိပ်သာကျောင်းတိုက်၊ **ကော့သောင်းမြို့** - ဝေနေယျသုခ ဓမ္မရိပ်သာကျောင်းတိုက်တို့တွင် လှည့်လည်၍ ဝိပဿနာတရားများကို ဟောကြားပြသလျက်ရှိသည်။ ။

✳ ✳ ✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com

# သညာသိနှင့် ပညာသိ
## (သုဒ္ဓဝိပဿနာကျင့်စဉ်)

မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ပန်းဒကာ,ကိုတင်မြင့်၏ ပန္နက်တင်စာလွှာ** | |
| ဆရာတော်၏ သညာသိနှင့်ပညာသိ(နိဒါန်း) | က မှ ဆ |
| မျက်ရည်ကျသူသုံးဦး | ၁ |
| ကင်းဝန်မင်းကြီးကျတဲ့မျက်ရည် | ၂ |
| စစ်မှန်သောအောင်မြင်မှုဟူသည် | ၅ |
| ဒေါ်မြကြူကျတဲ့မျက်ရည် | ၉ |
| တရားထိုင်၍ ရှူးရခြင်းအကြောင်းနှစ်ခု | ၁၁ |
| တက္ကသိုလ်ဘုန်းနိုင်နှင့် သူ့ပရိသတ်များ၏ စာပေဆွေးနွေးပွဲ | ၁၁ |
| တရားထိုင်လွန်သော် | ၁၆ |
| ခံစားမှုဝေဒနာသည် ကုန်ခန်းအောင် ပယ်သတ်ရမည့်တရားလော (သို့မဟုတ်) မမြဲဟုသိရမည့်တရားလော | ၁၉ |
| မာရ်နတ်၏တပ်မကြီးများနှောက်ယှက်မှု | ၂၀ |
| မဟာယာနတို့ အလေးမူသော ရှင်ဥပဂုတ် | ၂၂ |
| ဝဇီရဗုဒ္ဓိဋီကာ စဉ်းစားဖွယ် | ၂၃ |
| မှန်နန်းရာဇဝင်နှင့် ဇိနတ္ထပကာသနီ | ၂၄ |
| တတိယသံဂါယနာတွင် ရှင်ဥပဂုတ်သည် ပဓာနလော | ၂၅ |
| အောင်ဓာတ်စေနိုင်သူ ရှင်ဥပဂုတ် | ၂၆ |
| အနှစ်သာရရှုထောင့်မှ အမြင် | ၂၇ |
| အရှင်မောဂ္ဂလာန်နှင့် မာရ်နတ် | ၂၈ |
| မာရ်နတ်၏တပ်မကြီး(၁၀)တပ် | ၃၀ |
| ထူးခြားသောအမျိုးသမီးလေးတစ်ယောက် | ၃၆ |
| ဝန်ခံတောင်းပန်ချက် | ၃၇ |


www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁ )

## သညာသိနှင့်ပညာသိ(သုဒ္ဓဝိပဿနာကျင့်စဉ်)


| | |
|---|---|
| သဒ္ဓါနှင့် ပညာ | ၄၀ |
| သဒ္ဓါလွန်ခြင်းကြောင့် အလိမ်ခံရပုံ | ၄၁ |
| အပြစ်မပေါ်သော လိမ်ညာနည်း | ၄၂ |
| ရဟန်းကောင်း၊ ရဟန်းညံ့၊ ရဟန်းဆိုး ခွဲခြားသိမြင်ပါ | ၄၃ |
| ဝါရင့်လူလိမ် ငပိန် | ၄၅ |
| ပေါ်တော်မူအစစ် မှိုနဲ့မျှစ် | ၄၆ |
| ပညာများခြင်းကြောင့် ကောက်ကျစ်ပုံ | ၄၇ |
| လူသေလျှင် လူသာဖြစ်ရမည်ဆိုသည့်ဝါဒ | ၅၀ |
| ယနေ့ ဘိဝံသ၊ မနက်ဖြန် ခရစ်ယာန်ဓမ္မဆရာမဖြစ်ရန် | ၅၂ |
| နေယျပုဂ္ဂိုလ်၏ မဂ်ဖိုလ်ရရန်ကျင့်စဉ် | ၅၄ |
| လူသေလူဖြစ်စာရေးဆရာ၏ စာအုပ်များအကြောင်း | ၅၇ |
| ဥပါဒါန်ချင်းတူသော်လည်း အရကောက်ချင်းမတူ | ၅၈ |
| ဥပါဒါန်တစ်ခုနှင့် လူမဖြစ်နိုင်ပုံ သဘာဝယုတ္တိ | ၅၉ |
| ကမ္မနိယာမနေရာတွင် ဗီဇနိယာမကို လွှဲသုံးထားခြင်း | ၆၁ |
| နှစ်ဖက်လုံးစကား,နားထောင်မှ အမှန်ကိုသိရ | ၆၂ |
| ခွေးရူးထက် ကြောက်စရာကောင်းသူ | ၆၃ |
| အပြစ်လွတ်အောင် ချီးမွမ်းနည်းနှင့် ကဲ့ရဲ့နည်း | ၆၅ |
| အဂတိလိုက်သောဝါဒနှင့် မလိုက်သောဝါဒ | ၆၆ |
| အမှန်နှင့်ရောနေသော အမှား | ၆၇ |
| တရားနာစရာမလိုသူနှစ်ဦး | ၇၀ |
| ဒုက္ခသုံးမျိုး | ၇၃ |
| ဝိပဿနာသုံးမျိုးနှင့် သမာဓိသုံးမျိုး | ၇၅ |
| လှံနှစ်ချောင်း အစိုက်ခံရခြင်း | ၇၇ |
| ပညာဝိမုတ္တရဟန္တာဟူသည် | ၇၉ |


BURMESE CLASSIC .com

အခန်း ( ၂ )


| | |
|---|---|
| လောဘသတ်နည်းများ | ၈၁ |
| ပုပ်စော်နံသောမထေရ်၏ပစ္စုပ္ပန်ဝဋ်ကြွေး | ၈၂ |
| ခေါင်းဆောင်(၃)မျိုး | ၈၇ |


www.burmeseclassic.com

www.burmeseclassic.com


သားအရင်းနှင့်တူသော လောဘ ၈၆

တဏှာကြောင့် သောကဖြစ်ပုံ သဘာဝယုတ္တိ ၉၀

လောဘမီးနှင့် ဒေါသမီးကြောင့် သေဆုံးရသူများ ၉၀

လောဘကို (၄)စိတ်ခွဲ၍ မဂ်(၄)ပါးကသတ်ပုံ ၉၂

ရဟန္တာဖြစ်မှ ဗုဒ္ဓအလိုကျ ၉၃

လောဘသတ်နည်း(၄)နည်း ၉၄

စွဲလမ်းမှုအဆင့်(၃)ဆင့် ၉၅

အဓိကသည် လောဘအနည်းအများ ၉၇

မိုးကုတ်ဆရာတော်၏ အတိုဆုံးတရား ၉၈

ကျွန်ုပ်ကိုယ်တွေ့ အဇ္ဈတ္တတိုက်ပွဲများ ၉၉

နွားချေးပိုးထိုးကောင်၏ မာန် ၁၀၀

ဘုန်းကြီးသင်္ချိုင်းမြို့ ၁၀၃

ပါရမီထိုက်သောဒါနဟူသည် ၁၀၇

အံ့ဖွယ်အလှူပေးနှင့်အံ့ဖွယ်အလှူခံ ၁၀၈

လောဘကိုနိုင်မှ လောကကိုနိုင်မည် ၁၁၀

ပါရမီအစ စာလေးခွေက ၁၁၁

မစ္ဆရိယမနောနှင့် ဝသီကြောင့်-
ပါးစပ်ပေါက်မပါသောပြိတ္တာဖြစ်ရခြင်း ၁၁၃


## အခန်း (၃)

## အနတ္တပေါက်ရန်ကျင့်စဉ်များ


ပိဋကတ်စာပေ၏ရည်ရွယ်ချက် ၁၁၄

ဝေနေယျ(၂)မျိုး ၁၁၆

သီလရှင်တရားပြလေမှ တရားရသောဆရာတော် ၁၁၆

စာမေးပွဲနှစ်မျိုး ၁၁၇

သောတာပန် ဟုတ်,မဟုတ် စစ်နည်းအကျဉ်းချုပ် ၁၁၈

ယောဂီအလုပ်၊ တရားအလုပ်၊ ဘုရားအလုပ် ၁၂၀

လယ်တီဆရာတော်၏ အနတ္တဖောက်ခန်း ၁၂၀

ဆံပင်မရှိပုံ၊ ရုပ်ဓာတ်(၈)ပါးသာရှိပုံ ၁၂၃

တန်ဘိုးလျော့လာသော လက်ဆောင်များ ၁၂၇

တေဇောဓာတ်မီးကြောင့် ရုပ်တွေပျက်ပုံ ၁၂၈


www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| မီးကြောင့်ပျက်ပုံ ဥပမာ | ၁၂၉ |
| အပျက်မြင်မှ အသစ်ဖြစ်မှုကို မြင်နိုင်ခြင်း | ၁၂၉ |
| ဆီမီးတောက်လောင်ပုံဥပမာ | ၁၂၉ |
| အသက်မွေးမှုအလုပ်ကြီး ပေါ်ပေါက်လာရပုံ | ၁၃၀ |
| ဝါယောစာတ်(၆)မျိုး၏အဓိပ္ပာယ် | ၁၃၀ |
| ဘဝ(၃)ပါးသည် လုံ(၃)ချောင်းနှင့်တူပုံ | ၁၃၃ |
| အဖော်ဆိုးနှင့်ခရီးသွားခြင်း | ၁၃၄ |
| ခန္ဓာမှာ သတ္တဝါရှာကြည့်ခြင်း | ၁၃၅ |
| လူသတ်သမားအစစ်ဆိုတာ | ၁၃၇ |
| အာရုံ(၆)ပါးနှင့်တဏှာ မည်သူကိုကြောက်ရမည်လဲ | ၁၃၉ |
| မင်းကွန်းဆရာတော်ကြီး၏ မှတ်ရန်လင်္ကာ | ၁၄၁ |
| အနတ္တသိပုံ အဆင့်(၃)ဆင့် | ၁၄၃ |
| သဿတ, ဥစ္ဆေဒ ခွဲပုံ လောကီဥပမာ | ၁၄၇ |
| အာဟာရ(၄)မျိုး | ၁၅၂ |
| ပညတ်ပြောင်းလဲခြင်း | ၁၅၄ |
| လောက(၃)ပါးကို သုညဖြစ်အောင်ကြည့်ခြင်း | ၁၅၆ |
| ဗုဒ္ဓကို ကဲ့ရဲ့ရာရောက်သော ဟောပြောချက် | ၁၅၈ |
| သက္ကာယဒိဋ္ဌိခွဲပုံအကျယ် | ၁၆၀ |
| လူ့ဘဝသန္တေတည်ခြင်းအကြောင်း(၃)ချက် | ၁၆၄ |
| အာနာပါနကို ဝိပဿနာပြောင်းရှုပုံ | ၁၆၈ |
| ဖြစ်,ပျက် ဆုံးတယ်ဆိုတာ | ၁၇၀ |
| မဂ်ကျပုံ ဝီထိစဉ် | ၁၇၀ |
| ဖြစ်-ပျက်,ဆုံးခြင်း(သို့)မဂ်ရခြင်းကို ယောဂီတိုင်းမသိနိုင်ပုံ | ၁၇၂ |
| တစ်ထိုင်တည်း ရဟန္တာဖြစ်စေသော အမေး,အဖြေများ | ၁၇၄ |
| မဲ့သေဆရာတော်နှင့် ပြုံးသေဆရာတော် | ၁၇၉ |
| ပြုံးသေကျင့်စဉ် | ၁၈၂ |
| ဝေဒနာ(၆)ပါး | ၁၈၄ |
| ဖဿ(၆)ပါး | ၁၈၄ |


အခန်း (၄)


| | |
|---|---|
| အာရုံခြောက်ပါးကို ဓမ္မအဖြစ်အသုံးချပုံ | ၁၈၅ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ဗုဒ္ဓတရားသည် ဟိန္ဒူတရားမှကူးချခြင်းလော | ၁၈၈ |
| ဘာသာခြားတို့၏မှားယွင်းချက် | ၁၉၆ |
| ကာလာမသုတ် ဘာသာပြန် | ၁၉၆ |
| ရိုင်း(စ်)ဒေးဗစ်(စ်)၏ မှားယွင်းချက် | ၁၉၈ |
| ဆရာဒတ်၏မှားယွင်းချက် | ၁၉၉ |
| ဆာမိုနီယဝီလျံ၏ မှားယွင်းချက် | ၂၀၀ |
| ကျမ်းတစ်ကျမ်းမြင်သိရုံမျှဖြင့် ကျမ်းစုံကို မသိနိုင် | ၂၀၁ |
| မြတ်စွာဘုရားနှင့် ခရစ်တော် | ၂၀၁ |
| ပုဏ္ဏား, ဟိန္ဒူကျမ်းများ | ၂၀၂ |
| မက်(စ်)မူလာ၏ 'အတ္တ'အယူဝါဒ | ၂၀၂ |
| အတ္တ, ရှိလေဟန် | ၂၀၃ |
| အသီးတစ်ရာ အညှာတစ်ခု | ၂၀၄ |
| အကုသိုလ်ဒုစရိုက်ကိုဖြစ်စေသော စေတသိက်(၄)မျိုး | ၂၀၅ |
| အာရုံ(၆)ပါးကြောင့် အပါယ်ကျနိုင်ပုံ | ၂၀၆ |
| မကြည့်တတ်တော့ တဏှာ၊ ကြည့်တတ်တော့ ဘာဝနာ | ၂၀၈ |
| သရဲကပင် စောင့်ရှောက်တာ 'မေတ္တာ' | ၂၁၀ |
| တစ်ပါးတည်းနေသူဆိုတာ | ၂၁၁ |
| ကိုယ်တွေ့(၃)မျိုး | ၂၁၄ |
| သူတော်ကောင်းတရား အစစ်နှင့်အတု | ၂၁၅ |
| ဝိပဿနာသည် ဉာဏ်အလုပ်ဖြစ်ပါ၏ | ၂၁၇ |
| သံယုတ်ပါဠိတော် ဧကဓမ္မသုတ်-အကျိုးများသောတရားတစ်ပါး | ၂၁၈ |
| အာနာပါနာနုဿတိ ပွားများရကျိုးများ | ၂၁၉ |
| သံယုတ်ပါဠိတော် ကိမိလသုတ်- | |
| သတိပဋ္ဌာန်(၄)ပါးပါဝင်သော အာနာပါန | ၂၂၀ |
| တရားအမှားအမှန်ကို သဘာဝယုတ္တိဖြင့် စိစစ်ခြင်း | ၂၂၂ |
| လူနာနှင့်တူသော ပုဂ္ဂိုလ်(၃)မျိုး | ၂၂၄ |
| ရဟန်းတို့၏ တံခွန်,အောင်လံ | ၂၂၄ |
| ဆင်းရဲပင်ပန်းစွာကျင့်မှုကို မြတ်ဗုဒ္ဓ ကဲ့ရဲ့ | ၂၂၈ |
| အစွန်း(၂)ပါး ဝင်ရောက်ပုံနှင့် ရှောင်ပုံ | ၂၃၀ |
| ဘုရားအဖြစ်ကို ဝန်ခံသော'သုတ်' | ၂၃၂ |
| ဝိပဿနာရှုပွားရခြင်း၏ ရည်ရွယ်ချက် | ၂၃၃ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာဖြစ်ပြီးသည်အထိ ပွားများနေရမည့်တရား ၂၃၄
တရားမမှားအောင် ဟောနည်း ၂၃၇
အောက်ပိုင်းသံယောဇဉ်(၅)ပါး ၂၃၈
ချမ်းသာလွယ်ကူသော ရှုကွက် ၂၄၀
မကြည့်တတ်သော် ကိလေသာ၊ ကြည့်တတ်သော် နိဗ္ဗာန် ၂၄၃
မြင်တာတူသော်လည်း သိတာမတူ ၂၄၆
ဝင်မှာ အမြဲ, ငရဲမှာ အပ ၂၄၇
ဓာတ်တော်မကျသော ရဟန္တာ ၂၅၀
တရားရပုံ (၃)မျိုး ၂၅၀
သိသူနည်းသော အရိယာပုဂ္ဂိုလ်(၇)ယောက် ၂၅၃
သဒ္ဓါဝိမုတ္တနှင့် ပညာဝိမုတ္တ အထူး ၂၅၄
ဆားချင်းတူသော်လည်း ၂၅၆
ရဟန္တာ(၄)ပါး၏ ရှုနည်းလေးနည်း ၂၅၇
ပထမရဟန္တာ၏ ရှုနည်းအကျယ် ၂၆၀
ဒုတိယရဟန္တာ၏ ရှုနည်းအကျယ် ၂၆၁
ခန္ဓာအဓိပ္ပာယ် ၂၆၂
တတိယရဟန္တာ၏ ရှုပွားနည်း ၂၆၄
စတုတ္ထရဟန္တာ၏ ရှုပွားနည်း ၂၆၅
ဓာတ်ကြီး(၄)ပါး ရှုပွားပုံအကျယ် ၂၆၆
**'ကာယနုပဿနာ'ဝါယောဓာတ် ရှုပ်ကမ္မဋ္ဌာန်း စိစစ်ခန်း၊**
ဝါယောအမျိုးမျိုး ၂၆၈
မြန်မာလို ဝါယောကိစ္စ(၃)မျိုးအကျယ်ဖော်ပြချက် ၂၇၀
ရှုပွားရန်စကားသုံးများ ၂၇၃
ရှုပွားရမည့် ဝါယော(၂)မျိုး ၂၇၅
ဉာဏ်စဉ်ပေါ်တက်လာပုံ ၂၇၆
ဣရိယာပထသွားနှင့် ဝါယောဓာတ်သွားပုံတို့ခြားနားချက် ၂၇၇
ရပ်ခိုက်၌ ဝါယောဓာတ်ရှုပွားပုံ ၂၇၉
ထိုင်ခိုက်၌ ဝါယောဓာတ်ရှုပွားပုံ ၂၈၀
ဣရိယာပထ အိပ်မှုနှင့် ဝါယောအိပ်မှု ခြားနားပုံ ၂၈၀
သမ္ပဇညအခိုက်တို့၌ ဝါယောဓာတ်ရှုပွားနည်း ၂၈၄
ပထဝီအမျိုးမျိုး ၂၈၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


သွားခိုက်၌ ပထဝီဓာတ် ရှုပ်ပွားပုံ ၂၈၈
ဝိပဿနာဉာဏ်စဉ်ဝင်လာပုံ ၂၈၉
တေဇောအမျိုးမျိုး ၂၉၀
မြန်မာလို တေဇောကိစ္စ ၃-မျိုး အကျယ်ဖော်ပြချက် ၂၉၄
ထိုင်ခိုက်၌ တေဇောဓာတ်ရှုပ်ပွားပုံ ၂၉၅
ဝိပဿနာဉာဏ်ဝင်လာပုံ ၂၉၆
အာပေါအမျိုးမျိုး ၂၉၉
အာပေါကိစ္စ (၃)မျိုး အကျယ်ဖော်ပြချက် ၃၀၀
ဘွဲ့ထူးရ, ဆရာတော်ကြီးတစ်ပါး၏အဆို ၃၀၄
အာပေါဓာတ်၏လက္ခဏာ၌ မှတ်ဖွယ်တစ်ရပ် ၃၀၅
အာပေါဓာတ် ရုပ်ကမ္မဋ္ဌာန်းကို ရှုပွားခန်း ၃၀၇
ဝိပဿနာဉာဏ် ဝင်လာပုံ ၃၀၈
လေ့လာထားပြီး တေဇောဓာတ်ကို အခြေခံပြုကာ
အာပေါဓာတ်ကို ရှုပွားပုံ ၃၀၉
လေ့လာထားပြီး ဝါယောဓာတ်ကို အခြေခံပြုကာ
အာပေါဓာတ်ကို ရှုပွားပုံ ၃၁၀
ဓာတ်ကြီး ၄-ပါး တစ်ချိန်တည်းတွင် ပူးတွဲပွားများပုံ ၃၁၄



အခန်း ( ၅ )

**ဆရာမှားနှင့် တရားမှား၏ဒဏ်ကို ခံကြရသူများ**

ဆရာမှားကြောင့် မုဆိုးဖြစ်ရသော ပစ္စေကဗုဒ္ဓါအလောင်း ၃၁၇
ဆရာမှားကြောင့် လူပေါင်းတစ်ထောင်ကျော်ကို -
သတ်မိသော ရဟန္တာလောင်း ပစ္ဆိမဘဝိကပုဂ္ဂိုလ် ၃၁၉
(၁၅)ရာစုခန့်က ကြေကွဲဖွယ်ရာများ ၃၂၃
လှည်းကြိတ်ခံ၍ သေသူများ ၃၂၄
မိမိကိုယ်ကို ငါးမန်းစာကျွေးသူများ ၃၂၅
တိုင်ပေါ်တက်၍နေလှန်းသူများ ၃၂၇
သစ်ပင်ပေါ်မှ ခုန်ချသေသူများ ၃၂၈
လူပေါင်း(၉၀၀)ကျော် သတ်မည့်သူ ၃၃၀
သတ်ဖြတ်မှုဇာတ်လမ်း ၃၃၀
ရေထုံကူး၍ အသေခံသူ ၃၃၁


www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အကောင်းဆုံးလူနှင့် အဆိုးဆုံးလူ | ၃၃၂ |
| မြွေဘေးက ဖားကိုကယ်တာ ကုသိုလ်လား၊ အကုသိုလ်လား | ၃၃၆ |
| သိလျက်နဲ့ အကုသိုလ်ကို လုပ်နိုင်သလား | ၃၃၇ |
| မသိခြင်း(၂)မျိုး | ၃၃၉ |
| နိဗ္ဗာန်(၃)မျိုး | ၃၄၂ |
| ဝိစိကိစ္ဆာ ယုံမှားခြင်း(၈)မျိုး | ၃၄၂ |
| သောတာပန်(၃)ဦးနှင့် ပါဏာတိပါတ စိစစ်ချက် | ၃၄၄ |
| ဗုဒ္ဓအလိုကျ ကံချုပ်အောင်လုပ်နည်း | ၃၄၇ |
| အဆ(၁၀၀၀)ပြန်ရသော ရှင်တိဿ၏ ဒါနအစွမ်း | ၃၄၉ |
| တတိယနိဗ္ဗာန် | ၃၅၀ |
| အဝိဇ္ဇာက အဆင့်ဆင့်ဖုံးပုံ | ၃၅၂ |
| ဆွမ်းတစ်သပိတ်နှင့် အပါး(၅၀)ဘုဉ်းပေးနိုင်သော-<br>အံ့ဖွယ်ဒါနအစွမ်း | ၃၅၃ |
| လိုချင်တာ ရစေသော ဒါနအစွမ်း | ၃၅၄ |
| သစ်ပင်ရှိလျှင် ဆွမ်းရှိသော နာဂထေရ်မောင်နှမ | ၃၅၆ |
| သာရဏီယကျင့်ဝတ်ဖြည့်ကျင့်နည်း | ၃၅၈ |
| ကျင့်ရမည့်ကာလနှင့် ရသောအကျိုးများ | ၃၅၉ |
| သီဟပတော့ပြောခဲ့တဲ့စကား | ၃၆၁ |
| အသက်ကို လောင်းကြေးထပ်ခြင်း | ၃၆၃ |
| အနာခံခြင်းနှင့် အသာစံခြင်း | ၃၆၆ |
| ခွေးချေးစားသောအမျိုး | ၃၆၈ |
| ဗုဒ္ဓဘာသာခေါင်းဆောင်းထားသူများ | ၃၇၀ |
| ဦးနီကျင့်သုံးသော တရားမှားများ | ၃၇၂ |
| စိတ်ကို စိတ်အတိုင်းထား၍ မရနိုင် | ၃၇၄ |
| သစ္စာ(၂)ပါးလျော့နေသော နိဗ္ဗာန်ဝါဒ | ၃၇၇ |
| အရှင်ဉက္ကဋ္ဌ၏ ဆရာမှားနှင့် တရားမှားများ | ၃၈၀ |
| ကဏာဒ၏ အယူအဆ | ၃၈၀ |
| ဒီမော့ကရိုက်တပ်နှင့် လူစီဖပ်(စ်)တို့၏ဝါဒ | ၃၈၂ |
| မတီးရီးယ(လ်)လစ်ဇင်း(မ်) (ဒြပ်ဝါဒ) | ၃၈၃ |
| ဒိုင်ယာလက်တစ်(ခ်) | ၃၈၄ |
| ဒိုင်ယာလက်တစ်(ခ်)နှင့် သုမေဓာ | ၃၈၅ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အရေအတွက်မှ အရည်အချင်းသို့ ၃၈၇
ကာလ်မာ့(စ်)(ခ်)နှင့် ဒိုင်ယာလက်တစ်(ခ်) ၃၈၇
လောကဓာတ်သိပ္ပံခရီး ၃၈၈
လူသေလူဖြစ် လူစု၏အယူဝါဒသည် အဇိတကေသကမ္ဗလ၏ -
အယူဝါဒဖြစ်နေခြင်း ၃၉၀
အဘိဓမ္မာသည် ဘုရားဟောမဟုတ်ဟု စွပ်စွဲမှုကို ဖြေရှင်းခြင်း ၃၉၂
အပါဒါန်ပါဠိတော်ကို ဘုရားဟောမဟုတ်ဟု စွပ်စွဲကြခြင်း ၃၉၃
မြွေပွေးကို ခါးပိုက်,ပိုက်သော မစ္စစ်ရိုင်း(စ်)ဒေးဗီး(စ်) ၃၉၆

အခန်း ( ၆ )

**အရိယာစစ်တမ်း**

ပါရမီရှိလျက် မဂ်ဖိုလ်မရခြင်းအကြောင်း ၃၉၉
သောတာပန်ဂုဏ်ရည်များ ၄၀၀
အရိုးမရှိတဲ့လျှာ အာခေါင်မစူးစေနှင့် ၄၀၅
ရဟန္တာ ဟုတ်,မဟုတ် စုံစမ်းနည်း ၄၂၈
အိပ်တိုင်း ကိလေသာလော ၄၃၀
ရုပ်မိဒ္ဓဝါဒ ၄၃၁
မိမိသီလကို မိမိစစ်ဆေးခြင်း ၄၃၅
ကြည်ညိုဖွယ်ရာ ဖြောင့်ချက်များ ၄၃၆
သောတာပန်ဓမ္မတာ(၇)ပါး (သို့) မဟာပစ္စဝေက္ခဏာ(၇)ပါး ၄၄၄
အရိယာများတွင်ဖြစ်တတ်သော အာပတ်များ ၄၄၉
အနာပေါက်တယ်ဆိုရင် ၄၅၀
လောကဝတ္တရားနှင့် တာဝန်ကျေသူ သောတာပန် ၄၅၁
အစာလည်း စား၊ သားကိုလည်း ကြည့် ၄၅၂
ဝါဒရေးရာတွင် အမြင်ရှင်းသူ သောတာပန် ၄၅၃
ဖိုလ်ဝင်စားပုံ အဆုံးအဖြတ် ၄၅၅
ပထမနိဗ္ဗာန် ၄၅၇
မဂ်တု,ဖိုလ်တု (၃)မျိုး ၄၆၀
သောတာပန်၏ ဂုဏ်ရည်များ ၄၆၅
သောတာပန်အမျိုးအစားများ ၄၆၇
သကဒါဂါမ်ပုဂ္ဂိုလ် ၄၇၀

www.burmeseclassic.com

www.burmeseclassic.com


သောတာပတ္တိမဂ်စိတ်ကျပုံ ဝီထိစဉ် ၄၇၂
အနာဂါမိမ်၏ဂုဏ်ရည်များ ၄၇၄
ရဟန္တာ၏ဂုဏ်ရည်များ ၄၇၉
ရဟန္တာအလောင်းတော် အပုပ်နံ့ ထွက်-မထွက် ၄၈၀
ခန္ဓာကိုယ်ကို စက်ဆုပ်ဖွယ်အဖြစ် နှလုံးသွင်းရှုပွားခြင်း ၄၈၃
(၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်း ၄၈၄
ဆံပင်ကို စက်ဆုပ်ဖွယ်အဖြစ်ဆင်ခြင်ပုံ ၄၈၅
မွေးညှင်းကို စက်ဆုပ်ဖွယ်ရာအဖြစ်ဆင်ခြင်ပုံ ၄၈၅
ခြေသည်းလက်သည်းကို စက်ဆုပ်ဖွယ်ရာအဖြစ်ဆင်ခြင်ပုံ ၄၈၆
သွားကို စက်ဆုပ်ဖွယ်အဖြစ်ဆင်ခြင်ပုံ ၄၈၆
အရေကို စက်ဆုပ်ဖွယ်အဖြစ်ဆင်ခြင်ပုံ ၄၈၇
အသားကို စက်ဆုပ်ဖွယ်အဖြစ်ဆင်ခြင်ပုံ ၄၈၇
အကြော၏ တည်နေပုံ ၄၈၈
အရိုး၏ တည်နေပုံ ၄၈၉
ချဉ်ဆီ၏ တည်နေပုံ ၄၉၀
နှလုံး၏ တည်နေပုံ ၄၉၁
အမြေး၏ တည်နေပုံ ၄၉၂
အူသိမ်၏ တည်နေပုံ ၄၉၃
သည်းခြေ၏ တည်နေပုံ ၄၉၄
သွေး၏ တည်နေပုံ ၄၉၅
မျက်ရည်၏ တည်နေပုံ ၄၉၆
နှပ်၏ တည်နေပုံ ၄၉၇
ဝမ္မိကသုတ်(သို့)နိဗ္ဗာန်ပို့မည့်စကားထာ ၄၉၉
တံခါးကျည်မင်းတုပ်ဟူသည် အဝိဇ္ဇာ ၅၀၂
ဖားဟူသည် ဒေါသ ၅၀၃
လူသတ်တရားခံအစစ် ၅၀၅
လမ်းနှစ်ခွ (ခေါ်) ဝိစိကိစ္ဆာကို ပယ်ပါ ၅၁၁
ဆပ်ပြာရေစစ် (ခေါ်) နီဝရဏ(၅)ပါးကို ပယ်ပါ ၅၁၂
သန္နိဋ္ဌိက ဓမ္မလမ်းစဉ် ၅၁၅
လိပ်(သို့)ခန္ဓာငါးပါးကို ပယ်ပါ ၅၁၈
သန်လျက်နှင့် စဉ်တီတုံး (သို့) အာရုံငါးပါးကို ပယ်ပါ ၅၁၉


www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| သားတစ်ခေါ် နန္ဒီရာဂ, ဘဝတဏှာကို ပယ်ပါ | ၅၂၄ |
| နဂါး (သို့) တိရစ္ဆာန်ဖြစ်ချင်သူ | ၅၂၅ |
| ဓမ္မကထိကဆရာတော်ကြီးတစ်ပါး | ၅၂၉ |
| ငွေလေးဆယ်အတွက် ကျွဲဖြစ်နေသူ | ၅၃၀ |
| ညီ့ရဲ့ ဆန်တစ်စလယ် | ၅၃၂ |
| သရဲဖြစ်ရ, နွားဖြစ်ရတာ ကြောက်စရာ | ၅၃၄ |
| တောက်တဲ့တောင် ဖြစ်ရသေးသတဲ့ | ၅၃၅ |
| အရိယာတို့၏ နေပုံနေနည်း | ၅၃၆ |
| နောက်ဆုံးပန်းတိုင် | ၅၄၀ |
| တဏှာချုပ်က နိရောဓ ဒုက္ခအငြိမ်းမှန် | ၅၄၆ |
| စကြဝဠာကြီးနှင့် ဆန့်ကျင်ဘက် နိဗ္ဗာန် | ၅၅၀ |
| ဗုဒ္ဓနှင့် နှိုင်းယှဉ်မရ | ၅၅၇ |
| အရဟတ္တမဂ်မှ နိဗ္ဗာန်ချမ်းသာသို့ | ၅၆၂ |
| နိဗ္ဗာန်ရဖို့အကျင့် | ၅၆၄ |
| သမင်ကိုကြည့်ရင်းမှ မဂ်ဖိုလ်ကိုရသူ | ၅၆၇ |
| သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင် | ၅၆၈ |
| ဘဝ၏တဏှာနှင့် မာယာ | ၅၇၀ |
| ငြိမ်းအေးမှုချမ်းသာ | ၅၇၃ |
| နိဗ္ဗာန်(၂)မျိုး ကြောင်းကျိုးလျော်စွာ | ၅၇၅ |
| ခန္ဓာဒုက္ခ(၂)မျိုး | ၅၇၇ |
| ခန္ဓာနှင့် နိဗ္ဗာန် | ၅၇၉ |
| နိဗ္ဗာန်နှင့် ဆရာတော်ကြီးများ | ၅၈၂ |
| နိရောဓ(၈)မျိုး | ၅၈၇ |
| နိဗ္ဗာန်ဟူသည် | ၅၉၀ |
| နိဗ္ဗာန်အမည်အမျိုးမျိုး | ၅၉၂ |
| နိဗ္ဗာန်အမျိုးမျိုး ၊ နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန် | ၅၉၃ |
| နိဗ္ဗာန်(၃)ပါး | ၅၉၄ |
| နိဗ္ဗာန်(၇)မျိုး | ၅၉၆ |
| နိဗ္ဗာန်ဂုဏ်ရည် | ၅၉၇ |
| ဖလသမာပတ် | ၆၀၁ |
| နိဗ္ဗာန်မျက်မှောက်ပြုပုံ | ၆၀၂ |


www.burmeseclassic.com

www.burmeseclassic.com

မဂ်ဉာဏ်က ကိလေသာပယ်ပုံ ၆၀၃
အရှုခံ သင်္ခါရ၊ ရှုဉာဏ်သင်္ခါရ ၆၀၅
နိဗ္ဗာန်နှင့်ပတ်သက်သော အမေးအဖြေများ ၆၀၇
လောကုတ္တရာနှင့် လောကမှလွန်မြောက်ခြင်း ၆၁၅

အခန်း (၇)

**လူသေလူဖြစ် ဝါဒါနုဝါဒ ဝိနိစ္ဆယကျမ်းကြီးမှ ကောက်နုတ်ချက်ကျမ်းကိုးစားရင်း**
**မေတ္တာရှင်(ရွှေပြည်သာ)၏ ထွက်ပြီးစာအုပ်များ**

www.burmeseclassic.com

www.burmeseclassic.com

# ပန်းဒကာ၏ ပန္နက်တင်စာလွှာ

အငြိမ့်ပွဲ ဇာတ်ပွဲများ ကပြကြရာ၌ ပထမဦးစွာ 'ဇာတ်ပန္နက်ရိုက်'လေ့ရှိကြသည်။ ဇာတ်ပန္နက် ရိုက်ခြင်းဟူသည် ယနေ့ည တင်ဆက်ကပြမည့် အစီအစဉ်များကို ရှေ့ပွဲလာပရိသတ်တို့အား ကြိုတင်သိ ရှိနိုင်ကြစေရန် အသံကောင်း အပြောကျွမ်းကျင်သူ တစ်ယောက်က အသံချဲ့စက်ဖြင့် ကြေညာပေးခြင်းပင်ဖြစ်၏။ ယနေ့ခေတ် အခမ်းအနားများ ကျင်းပကြရာ၌လည်း 'အခမ်းအနားမှူး'ဆိုသူတစ်ယောက်က ကျင်းပပြုလုပ်မည့် အစီအစဉ်များကို တက်ရောက်လာသူပရိသတ်တို့အား ကြိုတင် သိရှိနိုင်ကြစေရန် ပြတ်သားကြည် လင်သော အသံဖြင့် ကြေညာပေးလေ့ရှိရာ ယင်း ကြေညာခြင်း လုပ်ရပ်သည်လည်း အခမ်းအနားတစ်ခုကို ပန္နက်ချ အခြေတည်ပေး လိုက်ခြင်းပင် ဖြစ်လေသည်။

ကျွန်ုပ်သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ ငွေရတုခေတ်ကာလ ကျော်လွန်လာသည်အထိ နေထိုင်ခဲ့ရာတွင် ဘာသာရေးအခမ်းအနားတိုင်းလိုလို 'ပန်းဒကာ' အဖြစ် ဆောင်ရွက်ပေးခဲ့ရသည့် အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပင် များပြားနေပြီဖြစ်ပါသည်။ ယင်း ပန်းဒကာလုပ်ငန်းရပ်သည်လည်း အခမ်းအနား ပြုလုပ်ရန် ပရိသတ်ကို အသိပေးကြေညာခြင်း၊ နေရာယူကြရန် ပန်ကြားခြင်း၊ ဘုန်းကြီးပင့်ခြင်း၊ 'ရတနာသုံးပါးကို ကန်တော့ကြပါဦးစို့ခင်ဗျား'မှသည် 'အမျှ၊ အမျှ၊ အမျှ၊ ယူတော်မူကြပါကုန်လော'အထိ ရွတ်ဆိုပေးရသဖြင့် ဘာသာရေးအခမ်းအနား တစ်ခုကို ပန္နက်ရိုက် အခြေတည်ပေးသူသာဖြစ်ပါ၏။

ယခုလည်း ဤစာအုပ်ကို ပါးစပ်ဖြင့် အသံပေး၍ ပန္နက်ရိုက်ရခြင်းမျိုး မဟုတ်ဘဲ ကလောင်ဖြင့် ပန္နက်ရိုက်ရပါဦးမည်။ ဤကျမ်းကို ပြုစုရေးသားသည့် ဆရာတော်က 'အစအဆုံး ဖတ်ရှုပြီး အမှာစာပါ ရေးသားပေးရန်' မေတ္တာရပ်ခံလာသဖြင့် 'ဝန်မပါတော့ ပွဲမဖြစ်၊ ဝန်ပါတော့လည်း ပွဲစိတ်ညစ်' ဟူသောစကား ကဲ့သို့ မဖြစ်မနေတာဝန်ယူ၍ 'ပန္နက်ရိုက်၊ ပန်းဒကာ'လုပ်ရပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ပန္နက်ရိုက်ကြရာတွင် ကိုယ်တိုင်ပါဝင်ပြီး သရုပ်ဆောင်ကပြရမည့်သူ မဟုတ်ဘဲ 'သင်းတို့ ဘယ်လိုက-က၊ ငါက ကြေညာပေးရသူသာ ဖြစ်တဲ့အတွက် ငါ့တာဝန်ကျေပွန်ရင် ပြီးတာပဲ'ဆိုသောသူများလည်း ရှိ၏။ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်ပြီး ဇာတ်ရုပ်ပေါ်လွင်အောင် ပီပီပြင်ပြင်၊ အားကြိုးမာန်တက် ဆောင်ရွက်က,ပြမည့်သူက သူပါဝင်သရုပ်ဆောင်ရမည့် ဇာတ်အိမ်ဇာတ်လမ်းကို မောရ ပန်းရမှန်းမသိဘဲ ပရိသတ်၏ အသည်းထဲ ရင်ထဲသို့ စွဲငြိရောက်ရှိသွားအောင် (မကြည့်ရသေးခင်ကတည်းက စိတ်ဝင်စားပြီး စောင့်၍ကြည့် ချင်လာအောင်) လှိုက်လှိုက်လှဲလှဲ ပြောဆိုကြေညာသူများလည်းရှိ၏။

ကျွန်ုပ်သည်ကား ကိုယ်တိုင်လည်း စာရေးခြင်းအလုပ်ကို ဝါသနာထုံသူဖြစ်၍ စာတစ်အုပ်ရေးရန် မဆိုထားနှင့်၊ စာတစ်ပုဒ်ရေးရန်ပင် မလွယ်ကူသည်ကို နားလည်နေခြင်းကြောင့် စာမျက်နှာအမြောက်အမြားနှင့် ခက်ခဲသည့် အကြောင်းအရာတို့ကို ရေးသားပြုစုထားသော ဤ'သညာသိနှင့်ပညာသိ'စာအုပ်ကြီးကို ပြီးသလွယ်ပြီးကပစ် ပန္နက်မရိုက်လိုဘဲ ဇာတ်အိမ်တစ်ခု၏ အနု-အကြမ်း၊ အလွမ်း-အပျော်၊ အတော်-အညံ့၊ အသန့်-အရှုပ်၊ အလုပ်-အပြော၊ အသော-အငို၊ အဆို-အက၊ ကားချ-ကားတင်၊ အဝင်-အထွက်တို့ကို နံနက်မိုး လင်းသည်အထိ ဟာကွက်မရှိအောင် ကိုယ်တိုင်ပါဝင်ကပြမည့် မင်းသားနေရာမျိုးမှာနေပြီး 'ပန္နက်ရိုက်-ပန်းဒကာ' ပြုလုပ်လိုပါသည်။

BURMESE CLASSIC .com

ထို့ကြောင့် . . .

'ပန်းဒကာ၊ ဘာစာအုပ်ကြီးလဲ'

'သညာသိနှင့်ပညာသိ (သုဒ္ဓဝိပဿနာကျင့်စဉ်)စာအုပ်ပါဘုရား'

'ဘယ်သူရေးတာလဲ ပန်းဒကာရဲ့'

'မှန်ပါ၊ ရန်ကုန်တိုင်း ရွှေပြည်သာမြို့သစ် မန္တလေးကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဇဝန(မေတ္တာရှင်-ရွှေပြည်သာ) ဆရာတော်ရေးတဲ့ စာအုပ်ပါဘုရား'

'ဘုန်းကြီးကို လှူမလို့လား'

'မှန်ပါ၊ ပုံနှိပ်ပြီးလို့ ထုတ်ဝေတဲ့အချိန်ကျရင်တော့ တပည့်တော် လှူပါ့မယ်ဘုရား'

'ဟင် ! ဒါဖြင့် ဒီစာအုပ်ကြီးက . . . '

'မှန်ပါ၊ မူကြမ်းပဲ ရှိပါသေးတယ်ဘုရား၊ ကျမ်းစာရေးတဲ့ ဆရာတော်က တပည့်တော်နဲ့ ညီအစ်ကို အရင်းလို ချစ်ခင်ကြတော့ စာအုပ်မှာသုံးနှုန်းထားတဲ့ စကား လုံးတွေရဲ့ ခိုင်မာမှု၊ ချောမွတ်သန့်စင်မှုဖြစ်အောင် ကော်ပတ်တိုက်ခိုင်းထားပါတယ် ဘုရား'

'ဘယ်လို ကော်ပတ်တိုက်ခိုင်းတာလဲ ပန်းဒကာရဲ့'

'မှန်ပါ၊ ကျမ်းပြုဆရာတော် ကိုးကားထားတဲ့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ အခြား ဗဟုသုတ ဖြစ်ဖွယ် ရေးထားကြတဲ့ ဘာသာရေးစာအုပ်တွေနဲ့တိုက်ပြီး သတ်ပုံ, အရေးအသားက အစ၊ ချောသည်ထက် ချောအောင် မွမ်းမံပေးဖို့ပါဘုရား'

'မလွယ်ပါလား ပန်းဒကာရဲ့၊ သိန်းသန်းချီနေတဲ့ စကားလုံးတွေကို တစ်လုံးမကျန်ဖတ်ပြီး ချောရမှာဆိုတော့ အချိန်ယူပြီး တော်တော်လုပ်ယူရမယ့် အလုပ်တစ်ခုပဲ၊ စိတ်ပန်းလူပန်းမဖြစ်အောင် ဘုန်းကြီး ကူညီဖို့လိုသေးသလား၊ ပြောပါ ပန်းဒကာရဲ့၊ အားမနာပါနဲ့'

'မှန်ပါ၊ ဝမ်းသာပါတယ်ဘုရား၊ တပည့်တော်လိုချင်တဲ့ အကူအညီကတော့ ဒီ မူကြမ်းစာအုပ်ကြီးကို အချောကိုင်ဖို့အတွက် တပည့်တော်ဆီမှာမရှိတဲ့ စာအုပ်တွေ ဒီကျောင်းက ဘီရိုထဲမှာ ရှိနိုင်တာမို့ ဖတ်ရှုခွင့်ပြုပါလို့ လျှောက်ထားချင် ပါတယ်ဘုရား'

'ရပါတယ် ပန်းဒကာရဲ့၊ အချိန်မရွေး ယူပြီးကြည့်နိုင်ပါတယ်၊ နို့- နေပါဦး ပန်းဒကာရဲ့ဆရာတော် ကိုးကားထားတဲ့စာအုပ်တွေက ဘယ်နှစ်အုပ်လောက် ရှိမယ်ထင်သလဲ ပြောပါအုံး'

'တပည့်တော် စာမူကြမ်းကိုဖတ်ရင်း မှတ်ထားတာကတော့ ၃၂-အုပ် တွေ့ရပါတယ်ဘုရား'

'ဟား! အများကြီးပါပဲလား ပန်းဒကာရဲ့၊ စာဖတ်အားကောင်းပြီး ဗဟုသုတလည်း ကြွယ်ဝမယ့်ဆရာတော်ပဲ၊ ကဲ- ဒီတော့ မူကြမ်းစာအုပ်ထဲက အမြည်းလေး နည်းနည်းလောက် စားမကြည့်ရဘူးလား'

'မှန်ပါ၊ ရပါတယ်ဘုရား၊ ကွန်ပျူတာမူကြမ်း စာမျက်နှာ(၇၇၈)၊ အခန်းကြီး (၆)ခန်းရှိတဲ့အနက်က တစ်ခန်းချင်းခွဲပြီး တပည့်တော်နှစ်သက်တဲ့ စာသားတွေကို ခွဲထုတ်ထားပါတယ်၊ ဖတ်ကြည့်ပါဦးဘုရား'

**အခန်း(၁)**

'ယခုခေတ်တွင် တရားလိုက်စား အားထုတ်သူ ပေါ်များလာသည်၊ တရားမလိုက်စား အားမထုတ်ဖူးသေးလျှင် ခေတ်မမီ၊ လူရာမဝင်သလို ဖြစ်လာသည်၊ တရားအားထုတ်သူ များသလောက် တရားဟော တရားပြသူလည်း များလာသည်၊ သို့ရာတွင် ဟောသူ-ပြသူ၊ လိုက်စားအားထုတ်သူတို့သည် ဘုရားရှင်၏ မဇ္ဈိမပဋိပဒါ ကျင့်စဉ် ကျင့်သူဦးရေမှာ မများလှဟုထင်သည်' (မူကြမ်း စ-၁၈)။

'အချို့ တရားစခန်းများ၌ နှစ်နာရီ သုံးနာရီ မလှုပ်တမ်း, မထတမ်း ထိုင်ခိုင်း၏။ တရားပြ ဆရာတော်များက ယောဂီများဘေးတွင် ကြိမ်လုံးကိုင်ပြီး စောင့်ကြ၏။ အချို့သော ယောဂီထိန်းများက အပ်များကိုကိုင်ပြီး စောင့်ကြ၏။ အထိုင်ပြင်လျှင် ကြိမ်လုံးဖြင့်ရိုက်၏၊ အပ်ဖြင့် ထိုးကြ၏။ ဤစခန်းမျိုးကား တရားစခန်းမဟုတ်၊ အချုပ်ထောင်တစ်မျိုးသာ ဖြစ်၏' (မူကြမ်း စ-၂၂)။

www.burmeseclassic.com

www.burmeseclassic.com



'အတုနှင့် အစစ်တို့မှာ ကွဲပြားခြားနား၏၊ အတုတို့သည် ပေါ်လွင်လိုကြ၏၊ ဖော်ပြကြ၏၊ ပေါ်လည်း ပေါ်လွင်နေကြ၏၊ ပေ့လည်း ပေ့၏၊ အစစ်တို့မှာ မပေါ်လွင်လိုကြ၊ မထုတ်ဖော်ကြ၊ လျှို့ဝှက်ကြ၏၊ ထို့ကြောင့် လူသိနည်း၏၊ သို့သော် လေးနက်၏၊ အတုတို့၏လုပ်ငန်းတို့မှ အကြားအမြင်ပေါက်သလိုလို လှိမ့်သည်၊ အထင်ကြီးအောင် ဟန်ဆောင်သည်၊ ဘုရားတွေ စည်းမဲ့ကမ်းမဲ့ ဟိုတည် သည်တည် လုပ်သည်၊ 'ငါ့ကျောင်းက ဦးဇင်း ဆေးလိပ်သောက်တာ မင်းတို့ သာသနာပိုင် ဘုရားတည်တာလောက် အပြစ်မကြီးပါဘူး'ဟူသော စာတတ်အကျော် ဆရာတော်ဦးဗုဒ်၏ စကားကို သတိပြုသင့်ကြ၏' (မူကြမ်း စ-၅၂)။

'သာမန် လောကီဘဝတစ်ခုရဖို့တောင် လိုချင်တာရော၊ ရအောင်အားထုတ်တာရော နှစ်မျိုးလုပ်ရတဲ့ဟာ၊ ဒီထက်ကြီးကျယ်တဲ့ လူ့ဘဝတစ်ခု ရဖို့အတွက်ကျမှ အားထုတ်စရာ ကံမလိုဘဲ၊ လိုချင်စွဲလမ်းရုံသက်သက်နဲ့ ရနိုင်တယ်ဆိုတာ ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ်ပိုင်ဉာဏ်နဲ့ ခွဲခြားနိုင်လောက်ပါပြီ' (မူကြမ်း စ-၇၀)။

**အခန်း(၂)**

'ရောဂါတစ်ခုခု ဖြစ်နေသူသည် သူ့လူမျိုးဖော်စပ်သောဆေး မဟုတ်သောကြောင့် အခြားလူမျိုးဖော် စပ်သော ဆေးကောင်းကို တွေ့သော်လည်း မသောက်ဘူးဆိုလျှင် ရောဂါ မပျောက်ရုံသာဖြစ်၏၊ ထို့အတူ ဝိပဿနာတရားကို မိမိတို့ ကိုးကွယ်သောဘုရားက ပြသော တရားမဟုတ်၍ 'မကျင့်နိုင်'ဟုဆိုလျှင် ကိလေသာရောဂါ မပျောက်ရုံသာဖြစ်၏' (မူကြမ်း စ-၁၀၇)။

'ခွေးငယ်ကလေးများသည် အဝတ်စ, စက္ကူစကို တွေ့သောအခါ အတူတကွ ဆွဲလှဲပြီး ပျော်ရွှင်စွာ ကစားတတ်ကြသော်လည်း အမဲရိုးကိုတွေ့သောအခါ တစ်ကောင်နှင့် တစ်ကောင် မာန်ဖီပြီး အသေကိုက်ကြတော့သည်၊ ထို့အတူ လောဘ ၏ကျေးကျွန်ဖြစ်ကြရသော 'ရဟန်း, ရှင်, လူ' အချို့တို့သည် ဆွမ်း,သင်္ကန်း စသော ပစ္စည်းအသေးအဖွဲနှင့် ပတ်သက်သောအခါတွင် ချစ်ခင်ရင်းနှီးစွာ မျှတ,သုံးဆောင် တတ်ကြသော်လည်း 'ကျောင်း-အိမ်-နေရာ'တို့နှင့် ပတ်သက်လာလျှင်ကား ခိုက်ရန် ဖြစ်ပွါးပြီး အသေအကြေ လုယက်တိုက်ခိုက် ကြတော့သည်'။ (မူကြမ်း စ-၁၂၁)။

'မြင့်မြတ်သောစိတ် ဟူသည်မှာ ကုသိုလ်ပြုလုပ်ရာ၌ ပစ္စက္ခ သံသရာ 'ငါ' ကောင်းစားရေးကို ဦးစားမပေးဘဲ သူတစ်ပါးကောင်းစားရေးကိုသာ အဓိက ထားခြင်းဖြစ်သည်၊ ပါရမီထိုက်သောကုသိုလ်ဖြစ်မှ လောဘ ကိုလည်း ကုန်စေသည်၊ နိဗ္ဗာန်နှင့်လည်း မြန်မြန်နီးစေသည်'။ (မူကြမ်း စ-၁၂၆)။

'မိမိအတွက် ရသမျှနှင့် ရောင့်ရဲနိုင်ခြင်းသည် ပဌမအဆင့်ဖြစ်၏၊ ပိုသော ပစ္စည်းသည် လောကအတွက်ဖြစ်၏၊ မိမိအတွက် ရသမျှထဲက မိမိအတွက် လုံလောက်ရုံမျှနှင့် ရောင့်ရဲနိုင်ခြင်းသည် ဒုတိယအဆင့်ဖြစ်၏၊ ထိုအထဲမှ မိမိအဆင့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖက် ညီရုံမျှနှင့် ရောင့်ရဲနိုင်ခြင်းသည် တတိယအဆင့်ဖြစ်၏၊ ထိုအခါ ကိုယ်ကျင့်တရားဆိုင်ရာ သီလသိက္ခာသည် ပြည့်စုံပြီးသားဖြစ်လာသည်၊ သီလ သိက္ခာပြည့်စုံလျှင် သမာဓိလည်း ပြည့်စုံသည်၊ သမာဓိသိက္ခာ ပြည့်စုံလျှင် ပညာသိက္ခာပြည့်စုံရန် မခက်ခဲ၊ သိက္ခာသုံးပါး ပြည့်စုံသည်နှင့်အမျှ တပ်မက်မှု လောဘကို နိုင်၏၊ လောဘကိုနိုင်လျှင် လောကကို နိုင်လေသည်။' (မူကြမ်း စ-၁၃၁)။

**အခန်း(၃)**

'လောကစာမေးပွဲသည် မေးသူတစ်ယောက်၊ ဖြေသူတစ်ယောက်၊ အမှတ်ပေးသူတစ်ယောက်ဖြစ်၏၊ လောကုတ္တရာစာမေးပွဲကား မေးသူလည်း မိမိ၊ ဖြေသူလည်း မိမိ၊ အမှတ်ပေးသူလည်း မိမိပင်ဖြစ်၍ တစ်ယောက်တည်းသာဖြစ်၏။ (မေး၊ ဖြေ၊ အမှတ်ပေးကြည့်ကြပါလေ။) (မူကြမ်း စ-၁၃၈)။

**အခန်း(၄)**

'ရှင်တော်မြတ်ဘုရား၏ တရားတော်များကို အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသော စာအုပ်များကို ဖတ်ရှုရသောအခါ ပါဠိတော်(ဘုရားဟော)နှင့် မကိုက်ညီသော အချက်အလက်တို့ကို တွေ့ရှိရ၏၊ ဗုဒ္ဓဘာသာ တရားတော်များကို အပြစ်ရှာချင်၍ ရေးသားခြင်းပေလော၊ သို့မဟုတ် မသိ,နားမလည်၍ ရေးခြင်းပေလော၊ မည်သည့်နည်းနှင့် မှားယွင်းသည်ကိုကား အသေအချာမ ပြောနိုင်ပေ။'

"သောဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ ဥပါသကံ မံ ဘဂဝါ
ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ။"

'အရှင်ဘုရား၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားကို၊ မံ-အကျွန်ုပ်သည် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရားသည် တပည့်တော်ကို ယနေ့မှအစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော 'ဥပါသကာ'ဟူ၍ သိမှတ်တော်မူပါဘုရား'ဟု လျှောက်ထားခြင်း ဖြစ်သည်၊ ယင်းသို့ ဝန်ခံလျှောက်ထားပါလျက်- T.W. RHY DAVIS. LL.D. Ph.D. ဆိုသူ ဆရာကြီးက ၎င်းရေးသားသော BUDDHIST INDIA စာအုပ် ပထမပိုင်း အဆုံးတွင် အဇာတသတ်မင်းသည် ဗုဒ္ဓဝါဒကို ကြိုက်နှစ်သက် ကြောင်း ဝန်ခံကတိပြုသော်လည်း ဗုဒ္ဓဘာသာသာသနာဘက်သို့ ကူးပြောင်းလာသည် မဟုတ်၊ ကူးပြောင်းလာသော အထောက်အထားများ မတွေ့ရှိရချေ၊ အဇာတသတ်မင်းသည် ပထမ သံဂါယနာတင်ပွဲတွင် ကူညီရာ၌ ပရိယာယ်မျှသာ ဖြစ်ဖွယ်ရာရှိသည်ဟူ၍ ထင် ယောင်ထင်မှား ဖြစ်အောင် ရေးသားထားသည်ကို တွေ့ရှိရ၏။' (မူကြမ်း စာ-၂၁၂)။

www.burmeseclassic.com

www.burmeseclassic.com



**အခန်း(၅)**

'မင်းက မြွေပါးစပ်က ဖား, လွတ်သွားအောင် ခြောက်လှန့်မောင်းနှင်ပေးတဲ့ အခိုက်မှာ မင်းစိတ်ထဲမှာ 'ဒီမြွေကြီး အစာငတ်သေပါစေ'ဆိုတဲ့ စေတနာမျိုး ရှိသလား၊ ဒါမှမဟုတ် ဒီဖားလေး မြွေဘေးကလွတ်ပြီး အသက်ချမ်းသာရာရပါစေ ဆိုတဲ့ စေတနာမျိုး ရှိသလား၊ မလိမ်ဘဲ စိတ်ထဲရှိတဲ့အတိုင်း ဖြေကြည့်လိုက်'၊

ဖားလေးကို အသက်ဘေးက လွတ်သွားစေချင်တယ်၊ မြွေကြီးဟာလည်း ဖားကိုမသတ်ရတဲ့အတွက် ပါဏာတိပါတ အကုသိုလ်ကံက လွတ်သွားတယ်၊ မြွေကို ခြောက်လှန့်မောင်းထုတ်လိုက်တဲ့အတွက် မြွေဟာ အစာငတ်သေမယ်ဆိုတာလည်း သဘာဝနဲ့ကြည့်ရင် မဖြစ်နိုင်ပါဘူး၊ ဒီဖားကို မစားရလည်း တခြားအစာကို ရှာပြီး စားမှာပဲ'။ (မူကြမ်း စ-၄၂၁)။

'ထိုရှသောအနာမရှိသည့် လက်ဖြင့် အဆိပ်ကို ကိုင်တွယ်သော်လည်း အဆိပ် မတက်နိုင်၊ ထို့အတူ သူတစ်ပါးကို သေစေလိုသော အကုသိုလ်စေတနာကို မဂ်ဖြင့် ပယ်သတ်ပြီးဖြစ်သော သောတာပန်ပုဂ္ဂိုလ်အား လေးမြား, စသည်ကို ဝတ္တရားကျေရုံ ပြင်ဆင်ပေးကာမျှဖြင့် အကုသိုလ်ကံ မဖြစ်ပါ။' (မူကြမ်း စ-၄၃၀)။

'ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်ပါလျက် ကိုယ်ကျင့်သီလကို အလေးမထားဘဲ မတရားသောနည်းဖြင့် ဥစ္စာ၊ စည်းစိမ်၊ ရာထူးတို့ကို အရယူနေသူများသည် ဗုဒ္ဓ ဘာသာ ခေါင်းဆောင်းထားသော 'တိတ္ထိ'များသာဖြစ်၏၊ ထိုသူများကြောင့် 'တပည့် မကောင်း ဆရာခေါင်း'ဟူသောစကားအတိုင်း ဗုဒ္ဓ၏ဂုဏ်သိက္ခာပင် ညှိုးနွမ်းရ၏၊ အခွင့်အရေးတစ်ခုရဖို့အတွက် မတရားသောနည်းကို သုံးဖို့ကြံလာလျှင် မိမိ၏ ဂုဏ် သိက္ခာအပြင် ဗုဒ္ဓ၏ဂုဏ်သိက္ခာကိုပါငဲ့ပြီး အထူးပင်ရှောင်ကြဉ်သင့်၏'။
(မူကြမ်း စ-၄၆၁)။

**အခန်း(၆)**

'ဘဝဤကိုယ်၊ မင်းဟုဆိုလည်း၊ နေကိုပုံပြ၊ လကိုပုံထား၊ မှတ်တုံငြားလော၊ နေကားထွက်ဝင်၊ ပေါ်ချုပ်ထင်၏၊ လလျှင်ပြည့်ကွယ်၊ ကြီး၍ငယ်၏၊ ထိုနှယ်မလွဲ၊ အမြဲချမ်းသာ၊ မရှိစွာရှင့်။ အာဏာတန်ခိုး၊ အမျိုးစည်းစိမ်၊ ဘုန်းဂုဏ်သိန်လည်း၊ ထင်းတိမ်ပေါ်ငုပ်၊ ဖြစ်ချုပ်တတ်စွာ၊ ဓမ္မတာတည်း၊ ခေါက်ရှာငှက်ပျံ၊ ခင်ပုပ်ပျံနှင့်၊ ' ဘုတ်ပျံရှုးပျံ၊ လောကဓံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည်း' (မဃဒေဝ-၂၃၆=မူကြမ်း စ-၅၂၇)။

'တဏှာရာဂသည် မိမိချစ်ခင်သူ၏ ကောင်းကွက်ကိုသာ မြင်တတ်သကဲ့သို့ မေတ္တာသည်လည်း သတ္တဝါတို့၏ ကောင်းကွက်ကိုသာ မြင်တတ်၏၊ ထိုသို့ ကောင်း ကွက်ကို မြင်ပုံချင်းတူသောကြောင့် တဏှာရာဂသည် မေတ္တာယောင်ဆောင်၍ လူသား တို့အား လှည့်ပတ်တတ်၏၊ ထို့အတူ ဘဝင်ကျခြင်းသည်လည်း ပရိယတ်,

www.burmeseclassic.com

www.burmeseclassic.com



ပဋိပတ် အပါးမဝသော ယောဂီနှင့် ဆရာတို့အား ဖိုလ်ဝင်စားနေသယောင် လှည့်ပတ်တတ်သည်ကို အထူးသတိထားသင့်ပေသည်။' (မူကြမ်း စ-၅၆၈)။

'ပန်းဒကာရဲ့ဆရာတော်က စာဖတ်သူတွေအပေါ် စေတနာ, မေတ္တာ, တော်တော်ထားတာပဲ၊ ဒီစာအုပ်ဟာ ဝိပဿနာအားထုတ်မှုတစ်ခုတည်းအတွက် မဟုတ်ဘဲ ဘက်ပေါင်းစုံ၊ ရှုထောင့်စုံ သိသင့်သိထိုက်တဲ့ 'ပဒေသာပင်လို စာအုပ်ကြီး'ပဲ။ ထွက်လာရင်တော့ မမေ့နဲ့နော်၊ ဘုန်းကြီး အသေးစိတ်ဖတ်ချင်ပါတယ်'

'စိတ်ချပါဘုရား . . . တပည့်တော် လျှုပါ့မယ်၊ ဒီစာအုပ်မထွက်ခင် ဖတ်ဖို့ 'မျက်ရည်မကျခင်သိစေချင်၊ စာရိတ္တသတ္တိ၊ မဂ်တားဖိုလ်တား အန္တရာယ်များ၊ မြန်မာတို့၏အသက်၊ ယုံမှတ်လို့ ပုံအပ်မိသူများ၊ အရှုံးမရှိသောဒဿန' စာအုပ်တွေ ဖတ်တော်မူပါဦးဘုရား'

'ဒီဆရာတော် ရေးတာပဲလား'

'မှန်ပါဘုရား၊ ဒီစာအုပ်တွေကို ဖတ်စေချင်တာကတော့ 'ရဟန်းနဲ့စာ' တစ်ထပ်တည်းကျတဲ့ ဆရာတော်ရဲ့ စာအုပ်ဖြစ်လို့ ဖတ်စေချင်တာပါပဲဘုရား'

'ပန်းဒကာတို့ ညွှန်းတဲ့စာအုပ်ဆိုမှတော့ ဖတ်ရမှာပေါ့ဗျာ'

'ညွှန်းတယ်ဆိုတာထက် သာသနာမပျက်စီးအောင် လောကီ, လော ကုတ္တရာ နှစ်ဖြာသောအသိ အကျိုးတရား ရစေနိုင်စွမ်းရှိတဲ့ စာအုပ်မျိုးဖြစ်နေ လို့ဆိုရင် မမှားပါ ဘူးဘုရား၊ ဒီနေ့ခေတ်ထဲမှာ စာအုပ်တွေ ထွက်သလောက် 'လက်အုပ်ချီဖတ်ရတဲ့ စာအုပ်အရေအတွက်'က နည်းပါတယ်၊ ဟောဒီ 'သညာသိနှင့် ပညာသိ'စာအုပ်ကတော့ ဗုဒ္ဓဘာသာဝင်တွေရဲ့ အိမ်တိုင်းမှာထားပြီး သားစဉ်မြေး ဆက် သေတပန်သက်ထက်ဆုံး လူ့ဘဝတစ်လျှောက်လုံးအတွက် 'အဘိ ဓာန်စာအုပ် ကြီး'လို အမြဲလှန် ကြည့်နေရမယ့် စာအုပ်ဖြစ်တာမို့ ရေးသားတဲ့ ဆရာတော်ကို တပည့်တော်ရဲ့ ပညာဒါနနဲ့ ပူဇော်ပြီး မြန်မြန်ကြီး စာဖတ်ပရိသတ် လက်ထဲရောက် ပါစေလို့ ဆုတောင်းမိပါတယ် ဘုရား'

'ကဲ-ပန်းဒကာ၊ ရော့ . . . သော့တွဲ။ ကြိုက်တဲ့စာအုပ်ကိုယူပြီး ကြည့်ပေရော့ . . .'

' . . . . . . . . . . '

ပန်းဒဏာကိုတင်မြင့်

၁၃၆၈-ခု၊ ပြာသို၊ ပြည့်ကျော် (၁၀)ရက်။

www.burmeseclassic.com

www.burmeseclassic.com

# သညာသိ နှင့် ပညာသိ

## (ဗုဒ္ဓဝိပဿနာကျင့်စဉ်)

- နိဒါန်း -

### မျက်ရည်ကျသူသုံးဦး

ပထမတစ်ဦးမှာ ဇေတဝန်ကျောင်းဒကာကြီး အနာထပိဏ်ဖြစ်သည်။ အနာထပိဏ်သူဌေးကြီး သက်တမ်းကုန်၍ သေခါနီးသောအခါ အရှင်သာရိပုတ္တရာ နှင့် အရှင်အာနန္ဒာကြွလာပြီး တရားဒေသနာများ ဟောကြားပေးကြ၏။ အရှင်သာရိပုတ္တရာ,က ခတ်တရား၊ ပရမတ်တရား၊ သစ္စာတရားကို နောက်ဆုံး အချိန်အနေဖြင့် အရေးတကြီး ဟောပေး၏။ အနာထပိဏ်သူဌေးကြီးသည် ရိုသေ နှစ်ခြိုက်စွာ နာယူ၏။ တရားဆုံးသောအခါ ငိုကြွေးနေသဖြင့် အရှင်အာနန္ဒာက မေး၏။

'ဒကာကြီး-ဥစ္စာစည်းစိမ်နှင့် သားမယားတို့ကို ငဲ့ကွက်သည့်အတွက် ငို ကြွေးခြင်းဖြစ်သလော'

'မဟုတ်ပါဘုရား'

'ဒါဆိုလျှင် အဘယ့်ကြောင့် ငိုကြွေးသနည်း'

'သာဝတ္ထိမြို့မှာ တပည့်တော်လောက် သံဃာတော်များနှင့် ကျွမ်းဝင်ရင်းနှီးသူ မရှိပါ၊ သို့ဖြစ်ပါလျက် ဤမျှအရသာရှိသော ပရမတ်တရား၊ ခတ်တရားများကို အစောကြီးကတည်းက ဟောမပေးဘဲ၊ ယခုလို သေခါနီးအချိန်ကျမှ ဟောပေးသဖြင့် ဤကဲ့သို့သောတရားမျိုးကို နာကြားခွင့်ရတာ နောက်ကျလေ ခြင်းလို့ တွေးပြီး ဝမ်းနည်းလွန်းလို့ ငိုကြွေးမိတာပါဘုရား'

ထိုအခါ အရှင်သာရိပုတ္တရာက အမိန့်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒကာကြီး၊ ဤကဲ့သို့ နက်နဲသောတရားများကို လူတိုင်း မနာကြားနိုင်ကြ၊ ဉာဏ်ပညာကြီးမားသော ရဟန်းအချို့၊ ရဟန်းမအချို့သာ နာကြားနိုင်ကြသည်၊ ဒကာကြီးသည် သဒ္ဓါစရိုက် အားကြီးသောကြောင့် လည်းကောင်း၊ အိမ်ရာတည် ထောင် လူ့ဘောင်တွင်နေသူဖြစ်သောကြောင့်လည်းကောင်း၊ ဘုရားရှင်နှင့် ရဟန်းတော်များက 'ဒါနတရား'ကိုသာ ဟောကြားပေးကြခြင်းဖြစ်သည်'

'အရှင်ဘုရားများကို တပည့်တော်မသေမီ ဒကာ၊ ဒကာမတို့အတွက် တောင်း ဆိုလျှောက်ထားမှုတစ်ခု ပြုပါရစေဘုရား၊ တချို့လူများသည် အိမ်ရာတည် ထောင် လူ့ဘောင်၌ နေကြရသော်လည်း အသိဉာဏ်ပညာ ကြီးမားကြပါသည်ဘုရား၊ ထိုလူ များသည် ယခုလို ဓာတ်တရား၊ ပရမတ်တရားမျိုးကို မနာကြားရသည့် အတွက် ရသင့်သည့် မဂ်ဖိုလ်ကိုမရတော့ဘဲ ဆုံးရှုံးကြရပါသည်ဘုရား၊ ထိုကဲ့သို့ ဉာဏ်ပညာကြီးမားကြသော ဒကာ, ဒကာမတို့အား ထောက်ထားသောအားဖြင့် ဓာတ်တရား၊ ပရမတ် တရားတို့ကို အခါအားလျော်စွာ ဟောကြားပေးရန် တောင်းပန်အပ်ပါသည်ဘုရား'

## ကင်းဝန်မင်းကြီးကျတဲ့မျက်ရည်

အင်္ဂလိပ်လက်အောက် ရောက်ပြီးသည်အထိ ကင်းဝန်မင်းကြီးသည် တိုင်းပြည်၏တာဝန်အချို့ကို ဆက်လက်ဆောင်ရွက်ပေးနေရသေး၏၊ ထိုခေတ်အချိန်မှာပင် စာရေး၊ စာချ၊ တရားဟော၊ တရားပြလေး မျိုးတို့ဖြင့် အောင်မြင်စွာ သာသနာပြုနိုင်သော ဆရာတော်တစ်ပါး ပေါ်ပေါက်ခဲ့၏။

ထိုဆရာတော်ကား မုံရွာမြို့မှ လယ်တီဆရာတော်ဘုရားပါပေတည်း။ စာပေ ရေးသားမှုနှင့်ပတ်သက်၍ ဆရာတော်ကြီး၏ အယူအဆမှာ မှတ်သား လိုက်နာဖွယ် ကောင်းသဖြင့် ဖော်ပြလိုက်ပါ၏။

> 'တို့မြန်မာလူမျိုးတွေ ခက်နေတာက- ကျမ်းစာရေး တော့မယ်၊ ကျမ်းစာ ပြုစုစီရင်တော့မယ်ဆိုရင် ဗီရိုထဲမှာရှိသမျှ (စာတိုက်ထဲမှာရှိသမျှ) ပေစာထုပ်တွေ၊ ကျမ်းစာအုပ်တွေ ထုတ်လိုက်ရတာ ပိုးဟပ်တို့ အိမ်မြှောင်တို့တောင် ကောင်း ကောင်းမနေ ရရှာဘူး၊ ပေစာ၊ ဘုတ်အုပ်တွေ ရှေ့ကထား၊ ပါဠိတော်က ဒီလိုဆိုတယ်၊ အဋ္ဌကထာက ဒီလိုဆိုတယ်၊ ဋီကာက၊ ယောဇနာက၊ နိဿယက၊ အာစရိယဝါဒက ဒီလိုဆိုတယ်လို့ မိမိရေးတဲ့ကျမ်းစာအုပ်မှာ အကိုးအကား အထောက် အထား တွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ရေးသားစီရင် ကြတယ်'
>
> 'စာကြည့်ပရိသတ်ကလည်း ပါဠိတော်တွေစုံပါပေရဲ့၊ အဋ္ဌကထာ၊ ဋီကာတွေ စုံပါပေရဲ့၊ ကျမ်းဂန်နှံ့စပ်ပါပေရဲ့၊ တော်ပါပေရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



လို့ ချီးကျူးစကားပြောကြပေတယ်၊ ကျမ်းပြုဆရာကလည်း လူကြိုက်များတဲ့ ပါဠိအကိုးအကား မြိုင်ဆိုင် မှုတွေကိုသာ ဂရုစိုက် ရေးနေရတာကြောင့် ပါဠိစာပေတတ် ကျွမ်းတဲ့ ရဟန်းတွေရဲ့ ဘောင်မှာသာ ခေါင်းပေါင်းစ, ထောင်နိုင် ကြပေတယ်၊ ပါဠိမကျွမ်း ကျင်တဲ့ မြန်မာလူမျိုးများမှာ တရားအရသာကို မခံစားရရှာဘဲ၊ ကုသိုလ် ရရုံမျှလောက်နဲ့သာ 'တစ် ဘဝ' ပြီးဆုံးသွားရတော့တယ်'

'ငါတို့ မန္တလေးစံကျောင်းမှာနေစဉ်က အဲဒီအခက်အခဲ ကြီးတွေကိုကျော်လွန်အောင် 'ငါစာတတ်ရင် မြန်မာလူမျိုးများ အတွက် မြန်မာပြန်ဆိုမှု လုပ်ငန်းစဉ်ကြီးကို တွင်ကျယ်စွာ လုပ်မယ်လို့' စိတ်ကူးပြီး မြန်မာစကား၊ အပြောအဆို (အရေးအ သား) တတ်သိ လိမ္မာတဲ့ 'ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင် (ယောမင်း ကြီး)' လူပညာရှိ 'စာတတ်ပေတတ်, စကားတတ်, ဦးဖါး'တို့ထံ သီတင်းနေ့တိုင်း ဝတ်ထားပြီး၊ မြန်မာစကား လေ့လာပြောကြား ဆွေးနွေးမှုများ ပြုလုပ်ခဲ့တယ်'

'ကျမ်းပြုဆရာလို့ ဂုဏ်မထင်ပေါ် ချင်နေပါစေ၊ ကျမ်း စာ ရှုကြတဲ့ စာကြည့်ပရိသတ်တွေ ကွက်ကွက်ကွင်းကွင်းနဲ့ ထင်း ကနဲ၊ လင်းကနဲ၊ ဝင်းကနဲ အသိအလိမ္မာ ဉာဏ်ရှင်းမှုကိုသာ ပဓာနထားပြီး ရေးသားတဲ့ ကျမ်းစာတွေ များများရေးရမယ်၊ ပါဠိ အကိုး အကားများမှာ မထည့်ရင်မဖြစ်မှသာ ထည့်ပါတယ်၊ ပါဠိပါဠိသား နည်းနိုင်သမျှနည်းအောင် ဂရုစိုက်ပြီးရေး တယ်၊ သို့သော် ပါဠိစည်း မျဉ်း, ဓမ္မစည်းမျဉ်း အလွတ်ရေးတာမဟုတ်၊ စည်းမျဉ်းကိုက်ညီ အောင်ရေးတယ်၊ အချို့က တို့ရေးတဲ့ကျမ်း စာတွေမှာ ပါဠိပါဠိသား မပါဘူး၊ ပေါ့ပျက်ပျက် ရှိလှတယ်လို့ ကဲ့ရဲ့ကြတယ်၊ တို့က မြန်မာ လူမျိုးအတွက် ရေးတာ၊ ပါဠိလူမျိုး အတွက် ရေးတာမဟုတ်ဘူး'

ဤကား စာရေးမှုနှင့်ပတ်သက်၍ 'လယ်တီဆရာတော်၏ အယူအဆ'ဖြစ်၏။ ထိုအယူအဆအတိုင်း ဒီပနီပေါင်းများစွာကို မြန်မာစာတတ်သူတိုင်း ဖတ်နိုင်ရန် ဆရာတော်ရေးသားခဲ့၏။ နှစ်ပေါင်းတစ်ရာကျော်နီးပါး ကြာခဲ့ပြီဖြစ်သော်လည်း ဆရာတော်ရေးသားခဲ့သော ဒီပနီများသည် လူတန်းစား အလွှာမျိုးစုံလက်ထဲသို့ ရောက်ရှိကာ ယနေ့ထိ သာသနာပြုနေဆဲပင်ရှိသေး၏။ ဤစာအုပ်တွင်လည်း ဆရာတော်ကြီး ၏ ညွှန်ပြချက်အတိုင်း တစ်အုပ်လုံး မြန်မာလိုသာရေးထား၏။ အရေးတကြီး လိုအပ်သောနေရာတွင်မှ ကျမ်းအထောက်အထား ပါဠိအနည်းငယ် ကိုသာ ထုတ်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၂၇၀-ပြည့်နှစ်က ပုသိမ်မြို့သို့ ညတရားပွဲများဟောကြားရန် ကြွရောက်စဉ် အင်စပက်တော် ဦးစံကျော်အား တရားဟောကြားမှုနှင့်ပတ်သက်၍ 'ဆရာတော်၏ အယူအဆ'ကို ယခုလို မိန့်ကြားတော်မူခဲ့ဖူး၏။

'မောင်စံကျော်ရေ- လယ်တီဆရာတော် ဟောကြားတဲ့ တရားက ပါဠိဂါထာတစ်ပုဒ်၊ တစ်ပါဒမျှမပါဘဲ၊ မြန်မာစကားပြေ သက်သက်နဲ့ ဟောကြားတဲ့အတွက် ဆားမပါတဲ့ဟင်းလို ပေါ့ပျက်ပျက်ရှိလှချေရဲ့လို့ အပြစ်ပြောကြတယ်ကွဲ့၊ ဒီနေ့ညတော့ ပါဠိထည့်ပြီး ဟောရလိမ့်မယ်၊ ကိုင်း-နားထောင်ကြ၊ 'ဟေတုပစ္စယော' အဲဒါ-ပါဠိကွဲ့၊ နားလည်ကြရဲ့လား'

'နားမလည်ပါဘုရား'

'အဲဒီပါဠိက ပဋ္ဌာန်းပါဠိတော်ကြီးမှာ အစဖြစ်တဲ့ အခြေခံပါဠိတော်ကွဲ့၊ တို့မြန်မာလူမျိုးတွေ ခက်နေတာက ကိုယ် နားမလည်တဲ့၊ ကိုယ်မပိုင်တဲ့ ပါဠိများကိုရွတ်ဆိုပြီး မြိုင်မြိုင်ဆိုင် ဆိုင်ကြီး ဟောပြောတဲ့ပုဂ္ဂိုလ်မျိုးကိုမှ စာတတ်၊ ပေတတ်၊ လူတော်၊ လူမြတ်လို့ ပင့်မြှောက်ချီးကျူးကြတယ်'

'မြန်မာ့နားမှာ ကွက်ကွက်ကွင်းကွင်း၊ ထင်းကနဲ၊ လင်းကနဲ၊ ရှင်းကနဲမြင်သွားအောင် မြန်မာဆန်ဆန် ဘာသာပြန်ကိန်းကြီး လိုနေတယ်ကွဲ့၊ လွန်စွာရခဲတဲ့၊ တွေ့ကြုံနိုင်ခဲတဲ့ ဘုရားသာသနာတော်ကြီးနဲ့တွေ့ကြုံရတဲ့အခါ ဟောမှု၊ ပြောမှု၊ နာမှု၊ ကြားမှု၊ ဝတ် ကျေတန်းကျေ ကုသိုလ်ရရုံနဲ့ တင်းတိမ်ရောင့် ရဲ မနေကြနဲ့ကွဲ့ မောင်စံကျော်ရဲ့၊ အဲဒီကုသိုလ် မျိုးထက်အဆင့် အတန်းမြင့်တဲ့ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို တွန်းလှန်ဖြို ဖျက်ပြီး အနတ္တသမ္မာဒိဋ္ဌိမဂ္ဂင်၊ ဝိဇ္ဇာဉာဏ် အမြင်သန်မှသာလျှင် အပါယ်ဘေးမှ စိတ်ချရတယ်ကွဲ့'

*(လယ်တီဒီပနီပေါင်းချုပ်မှ)*

'တရားဟောသူတိုင်း သိထားသင့်သော ဩဝါဒတစ်ခုပင်'ဖြစ်၏။ ဟောသော တရားကို နားလည်မှသာလျှင် တရားရကြမည်ဖြစ်ရာ နာယူသူ နားလည်အောင် ဟောဖို့သည် အရေးကြီးသော အချက်တစ်ခုပင်ဖြစ်၏။ ဓမ္မကထိကတိုင်း အောင်မြင်မှု မရခြင်းသည် ထိုအချက်ကို သတိမပြုမိသောကြောင့် ပင်ဖြစ်၏။ လယ်တီဆရာတော်၏ တရားဒေသနာတော်များ မြန်မာတစ်ပြည်လုံးတွင် ကျော်ကြားအောင်မြင်လျက် ရှိရာ မန္တလေးမြို့မှ ကင်းဝန်မင်းကြီးပင် မနေနိုင်တော့ဘဲ မန္တလေးသို့ တရားပွဲပင့်ရတော့၏။

ဤစာအုပ်တွင် ဖတ်ရလတ္တံ့သော ဓာတ်တရား၊ ပရမတ်တရား၊ သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



တရားများကို သဘောပေါက်နား လည်အောင် နာယူရသည့်အခါ ကင်းဝန်မင်းကြီးနှင့်တကွ မြို့သူမြို့သားအားလုံးမှာ 'ပီတိသောမနဿ' ဖြစ်ကြရ၏။ တရားပွဲပြီးဆုံးသောအခါ ကင်းဝန်မင်းကြီးမှာ လက်အုပ်ချီလျက် လယ်တီဆရာတော်ကို လျှောက်ထားရှာ၏။

'ဆရာတော်ရဲ့တရားတော်ကို နာကြားရတော့- မင်းတုန်းမင်းတရားကြီးကို သတိရလွန်းလို့ မျက်ရည်ကျရပါတယ်ဘုရား၊ မင်းတရားကြီးဟာ ပဋ္ဌမသင်္ဂါယနာတင်ခဲ့တဲ့ ကုသိုလ်ရှင်ကြီးဖြစ်သော်လည်း အခုနာကြားရတဲ့ တရားအရသာမျိုးကို ခံစားမသွားခဲ့ရပါဘူးဘုရား'

## စစ်မှန်သောအောင်မြင်မှုဟူသည်

စာရေးသူ၏ ပထမဆုံးလုံးချင်းစာအုပ်ဖြစ်သည့် 'မျက်ရည်မကျခင်-သိစေချင်' အမည်ရှိစာအုပ်ကို ဖတ်မိ၍ ကြည်ညိုသွားကြသော မြိတ်မြို့မှ ဦးမောင်ကြီး၊ ဦး ဝင်းမြအောင်၊ ဦးဝင်းအောင်၊ ဦးမြင့်ဆွေ စသော 'အာစိဏ္ဏကံ ကုသိုလ်ပြုအဖွဲ့ကြီး'မှ လေယာဉ်ခရီး စရိတ်လှမ်းပို့ပြီး တရားပွဲပင့်ကြ၏။ (၈)ညခန့်ဟောရန် စီစဉ်ထားသော်လည်း မြိတ်မြို့နယ်နှင့် တနင်္သာရီမြို့နယ်အတွင်းရှိ ရပ်ကွက် အသီးသီးနှင့် ကျေးရွာ အသီးသီးတို့၏ ပင့်ဖိတ်မှုကြောင့် (၈၈)ညကြာအောင် တရားပွဲများကို ဟောကြားပေး ခဲ့ရ၏။

တရားပွဲများ ဤမျှအောင်မြင်ခြင်းမှာ 'လယ်တီဆရာတော်၏ ဩဝါဒအတိုင်း ပရိသတ်နား လည်အောင်၊ စိတ်ဝင်စားအောင် မြန်မာစကားကို အဓိကထား၍ ဟောကြားခြင်း ကြောင့်ဖြစ်ကြောင်း' ဝန်ခံ၏။

ဤနေရာ၌ အတွေးအခေါ်တစ်ခုကို ကြားဖြတ်တင်ပြချင်၏။ စာအုပ်တစ်အုပ်၊ တရားပွဲတစ်ပွဲ၏ အောင်မြင်မှု၊ မအောင်မြင်မှုကို များသောအားဖြင့် ပရိသတ်အနည်း,အများဖြင့်သာ ဆုံးဖြတ်တတ်ကြ၏။ 'ပရိသတ်များလျှင် အောင်မြင်သည်၊ ပရိသတ်နည်းလျှင် မအောင်မြင်'ဟု ယူဆခြင်းကို ဆိုလို၏။

စာရေးသူ၏အယူအဆကား မိမိရေးသားလိုက်သည့်အတိုင်း၊ မိမိ ဟောကြားလိုက်သည့်အတိုင်း လိုက်နာပြုကျင့်သူများလျှင် အောင်မြင်သည်။ လိုက်နာပြုကျင့်သူမရှိလျှင်သော်လည်းကောင်း၊ နည်းလျှင်သော် လည်းကောင်း 'မအောင်မြင်'ဟု သတ်မှတ်လို၏။ စာအုပ်တစ်အုပ်၊ တရားတစ်ပွဲ၏ အောင်မြင်မှု၊ မအောင် မြင်မှုကို ထိုပေတံဖြင့် တိုင်းတာလို၏။ စာရေးသူ၏ တရားပွဲများနှင့် စာအုပ်များကို ထိုပေတံဖြင့် တိုင်းတာကြည့် သောအခါ အောင်မြင်မှုရှိသည်ကို တွေ့ရ၏။

ဝိပဿနာတရားစာအုပ်နှင့် ဝိပဿနာတရားတော်များကြောင့် အောင်မြင်မှုများကို ဤစာအုပ် အတွင်း၌ ပါပြီးဖြစ်၍ နိဒါန်း၌ မရေးသားတော့ပါ။ ယခုသုတ္တန်အတွေးအခေါ် တရားစာအုပ်နှင့် သုတ္တန်အတွေးအခေါ် တရားတော်များ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အောင်မြင်မှုရပုံအချို့ကို ဖော်ပြအံ့။ ဤကဲ့သို့ ဖော်ပြခြင်း သည် လယ်တီဆရာတော်၏ ဩဝါဒအတိုင်း 'စာအုပ်ကို ရေးစေလို၍၊ တရားကို ဟောစေလိုသောကြောင့်'ဖြစ်၏။

၂၀၀၀-ခုနှစ်၊ (၄)လပိုင်း (၁)ရက်၊ (၂)ရက်ညများက- အင်းစိန်မြို့နယ် ပိတောက်မြိုင် အနောက်ရပ် ကွက်တွင် 'သင်-လူတစ်ယောက်ဖြစ်ပြီလား' အမည်ရှိ တရားတော်ကို နှစ်ညခွဲပြီး ဟောပေးခဲ့၏။ 'သရဏဂုံနှင့် ငါးပါးသီလပြည့်စုံမှ လူတစ်ယောက်'ဟု သတ်မှတ်နိုင်ကြောင်းကို ဟောပေးခြင်းဖြစ်၏။

**(မှတ်ချက်)။** ။*'သင်-လူတစ်ယောက်ဖြစ်ပြီလား' ခေါင်းစီးအကျယ်ကို 'သီလအစွမ်း'စာအုပ်တွင်ရှုပါ။*

ဒုတိယည တရားပွဲအပြီးမှာပင် အသက်လေးဆယ်ခန့်ရှိသော အမျိုးသမီး တစ်ဦးရောက်လာပြီး ယခုလိုလျှောက်ထား၏။

'တပည့်တော်ဟာ ကိုယ်တိုင် ကြက်တွေသတ်ပြီး ရောင်းစားတဲ့ ကြက်သားသည် တစ်ယောက်ပါဘုရား၊ ဆရာတော်ဟောတဲ့တရားကို ပထမတစ်ရက် နာပြီးကတည်းက လူတစ်ယောက် ပီပီသသဖြစ်ချင်လွန်းလို့ ကြက်သားရောင်းတဲ့ အလုပ်ကိုစွန့်ပြီး ကုန်စိမ်းပဲ ရောင်းပါတော့တယ်ဘုရား၊ ကြက်သားရောင်းစဉ်အခါက တစ်နေ့ကို အမြတ်ငွေ လေးထောင်လောက်ရပေမယ့်-အခုလို ကုန်စိမ်းရောင်းတဲ့ အခါမှာတော့ တစ်နေ့ကို လေးရာလောက်ပဲ မြတ်တော့တယ်ဘုရား၊ ဒါပေမယ့်- တပည့်တော်မ ဝမ်းမနည်းဘဲ ဝမ်းသာနေပါတယ်ဘုရား၊ ဘာကြောင့်လဲဆိုတော့ အမြတ်ငွေ လျော့သွား ပေမယ့်၊ အပါယ်တံခါးပိတ်ပေးမယ့် သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့သိက္ခာသုံးပါးက အခုမှ တပည့်တော်မရဲ့သန္တာန်မှာ ပြည့်လာလို့ပါပဲဘုရား'

စာရေးသူဟောသောတရားကို နာကြားရ၍ အစ္စလာမ်ဘာသာဝင် အမျိုးသမီးကြီးတစ်ဦးနှင့် ခရစ်ယာန်ဘာသာဝင် အမျိုးသားကြီးတစ်ဦးတို့သည် ဗုဒ္ဓဘာသာဝင် ဖြစ်လာကြ၏။ ဤကား ဟောပြောမှု အတိုင်း လိုက်နာကျင့်ကြံလာကြပုံများ ဖြစ်၏။ ရေးသားမှုအတိုင်း လိုက်နာကျင့်ကြံလာကြသူအချို့ကိုလည်း ဖော်ပြအံ့။

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်မှ မောင်မြင့်သူအမည်ရှိ လူငယ်လေးတစ်ယောက်သည် မိဘများသေ ဆုံးသွားပြီးနောက် စိတ်လေလွင့်ပြီး ပျက်စီးသွား၏။ သေ ချင်သလိုသေ ဟူသောသဘောဖြင့် နေချင်သလိုနေတော့၏။

ထိုကာလအတွင်းမှာပင် ကျွန်ုပ်ရေးသားသည့် 'မျက်ရည်မကျ ခင်သိစေချင်' စာအုပ်ကိုဖတ်လိုက်ရ၍ ဘဝတန်ဖိုးကိုနားလည်သွားကာ လူကောင်းတစ်ယောက် ဖြစ်လာခဲ့၏။ ယခုအချိန်၌ စီးပွားရေးတွင် အောင်မြင်သူတစ်ယောက် ဖြစ်လာသလို ဘာသာရေးဘက်တွင်လည်း ကိုယ်ပိုင် တစ်ပိုင်တစ်နိုင်စာကြည့်တိုက်

www.burmeseclassic.com

www.burmeseclassic.com



များ တည်ထောင်၍ စာအုပ်များကို ငှားရမ်းပေးခြင်း၊ တရားစခန်းများ စုပေါင်းဖွင့်လှစ်ပေးခြင်းတို့ဖြင့် သာသနာပြုနိုင်သော တန်ဖိုးရှိသည့် လူငယ်တစ် ယောက်ဖြစ်လာခဲ့၏။ ဤအကြောင်း များကို ယင်းလူငယ် လေးကိုယ်တိုင် စာရေးလျှောက်ထား၍ သိရခြင်းဖြစ်၏။

၂၀၀၂-ခုနှစ်၏ တစ်ခုသောရက်တွင် အသက်လေးဆယ်ကျော်ခန့် ရှိမည်ဟု ခန့်မှန်းရသော အမျိုးသားတစ်ယောက် စာရေးသူ၏အခန်းတွင်းသို့ ရဲဝံ့စွာဝင်ရောက်လာပြီး ကျွန်ုပ်အား စာရေးသော 'မေတ္တာရှင်-ရွှေပြည်သာ' ဟုတ်-မဟုတ်မေးမြန်း၏။ ဟုတ်ကြောင်း ဖြေဆိုလိုက်သည်နှင့် စာရေးသူ၏ ခြေဖမိုးကို သူ့နဖူးနှင့်တိုက်ကာ အားရပါးရရှိခိုးပြီး ယခုလိုလျှောက်၏။

'တပည့်တော်နာမည် ကိုအောင်မြင့်လို့ ခေါ်ပါတယ်ဘုရား၊ ဆရာတော်ဟာ တပည့်တော်ရဲ့အသက်ကို မသေအောင်ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်ပါဘုရား'

'ဘယ်တုန်းက ကယ်တင်တာလဲ၊ ဦးပဉ္ဇင်းလည်း မသိပါလား'

'ဩော်- ဟုတ်တာပေါ့ဘုရား၊ တပည့်တော်က ပြောချင်လွန်း အားကြီးသွားလို့ အစကနေ မပြောဖြစ်ဘဲ၊ အဆုံးကနေ စပြောသလိုဖြစ်သွားတာ ခွင့်လွှတ်ပါဘုရား၊ တပည့်တော်တို့မိသားစုဟာ အရင်က လှိုင်သာယာ မှာနေကြပါတယ်ဘုရား၊ သားလေး နှစ်ယောက် ရတဲ့အချိန်မှာပဲ၊ တပည့်တော်ဟာ ခိုးရာပါ ပစ္စည်းလက်ခံမှုနဲ့ အင်းစိန်ထောင်မှာ ကျခဲ့ပါတယ်၊ ဇနီးနဲ့ကလေးတွေဟာ ရွှေပြည်သာကို ရွှေ့လာကြရင်း ရှင်ပြု ဖြစ်ပါတယ်၊ ရှင်ပြုပြီးစက ကိုရင်နှစ်ပါး အင်းစိန်ထောင်ထဲကို ခဏသွားဖို့ ခွင့်တောင်းတာ ဆရာတော် မှတ်မိဦးမယ် ထင်ပါတယ်ဘုရား'

'အင်း- မှတ်မိပြီ၊ ဦးပဉ္ဇင်းတောင် ထောင်ထဲက သူတို့ဖခင်ဖတ်ရအောင်ဆိုပြီး 'မျက်ရည်မကျခင်-သိစေချင်'ဆိုတဲ့စာအုပ်လေးကို ထည့်ပေးလိုက်သေးတယ်'

'အဲဒီ ကိုရင်လေးတွေရဲ့ ဖခင်ဟာ တပည့်တော်ပါပဲဘုရား၊ ဒီစာအုပ်ကို ဖတ်ရမှ တပည့်တော်ဟာ ဘဝတန်ဖိုး၊ ဘာသာတန်ဖိုးကို နားလည်တဲ့၊ တကယ့်ဗုဒ္ဓဘာ သာတစ်ယောက် ဖြစ်ခဲ့ရပါတယ်ဘုရား၊ တပည့်တော် ထောင်ထဲရှိနေချိန်အတွင်းမှာ ဇနီးသည်ဟာ အားကိုးရှာတဲ့အနေနဲ့ နောက်အိမ်ထောင် ပြုလိုက်ပါတယ်၊ ဘာသာရေး အသိလေး ထိုက်သင့်သလောက်ရှိလာတဲ့ တပည့်တော်ဟာ ဇနီးသည်အပေါ် စိတ်မဆိုးပါဘူး၊ အားကိုးမရှိလို့ အားကိုးရှာရတာပဲဆိုပြီး ခွင့်လွှတ်ပါတယ်၊ ဒါ့ကြောင့်လည်း ထောင်ကလွတ်လာရင် တပည့်တော်ကို ပြန်ပေါင်းပြီး ဘဝသစ်ထူထောင်ကြဖို့အကြောင်းကို ပြောပြတဲ့အခါ ဇနီးသည်ကလည်း သဘောတူပါတယ် ဘုရား'

'ဒါ့ကြောင့် တပည့်တော် ထောင်က လွတ်ခါနီးချိန်မှာပဲ တပည့်တော်ရဲ့ ဇနီးဟာ ဒုတိယအိမ်ထောင်နဲ့ ကွာလိုက်ကြပါတယ်၊ ဒုတိယအိမ်ထောင်ဟာ အားမကိုးလောက်တဲ့ ဆေးသမားတစ်ယောက်ဖြစ်ကြောင်းကိုလည်း သိရပါတယ်၊ ထောင်

www.burmeseclassic.com

www.burmeseclassic.com



က ထွက်ပြီးလို့ ဘဝသစ်ကို ထူထောင်ပြီး မကြာမီမှာပဲ ဇနီးသည်ဟာ အိမ်မှာရှိသမျှ လက်ဝတ်လက်စား ရွှေ ငွေ အားလုံးကိုယူပြီး ဒုတိယအိမ်ထောင်နဲ့ ထွက်ပြေးကြပါတယ်၊ တပည့်တော်စိတ်ဟာ ဘယ်လိုမှ ဖြေလို့မရတော့ပဲ သတ်သေဖို့အထိ ကြံစည်မိပါတယ်၊ ဒါကြောင့် မနေ့ညက ဘုရင့်နောင်တံတား ကြီးပေါ် တစ်ယောက်တည်း တက်သွားလိုက်ပါတယ်ဘုရား'

'တံတားပေါ်က ခုန်ချကာနီးမှ ဆရာတော်ရဲ့ 'မျက်ရည်မကျခင် သိစေချင်' စာအုပ်ထဲက လူ့ဘဝတစ်ခု ရဖို့ ခဲယဉ်းပုံအကြောင်းကို သွားအမှတ်ရပါတယ်၊ သတ်သေဖို့က လွယ်တယ်၊ လူ့ဘဝ ပြန်ရဖို့က မလွယ်ပါလားဆိုတာ ဆင်ခြင်မိသွားတဲ့ အတွက် သတ်မသေဖြစ်တော့တာပါဘုရား၊ နောက် ဘယ်တော့မှလည်း သတ်သေဖို့ ကြိုးစားမှာ မဟုတ်တော့ပါဘူး၊ သားနှစ်ယောက်နဲ့အတူ ဘဝသစ်ကို ဆက်လက် ထူထောင် တော့မှာပါ၊ ဒါကြောင့် တပည့်တော်အသက်ကို ဆရာတော်က ကယ်တင် ခဲ့တာလို့ လျှောက်တာပါဘုရား'

နောက်တစ်ဦးကား ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ အလယ်ရေကျော် ရွာမှ အမျိုးသမီးတစ်ဦးဖြစ်၏။ သူမသည် စားဝတ်နေရေးဒုက္ခများအပြင် 'ကြွေး တင်- ကျွန်ဖြစ်' ဟူသောဒုက္ခကိုပါ ခံစားနေရ၏။ ထိုဒုက္ခနှစ်မျိုးကို သည်းမခံ နိုင်သည့်အဆုံး သူနှင့် ကလေး(၄)ယောက်ပါ သတ်သေဖို့ ဆုံးဖြတ်ချက်ချလိုက်၏။ သူမသည် ကြွက်သတ်ဆေးများ ဝယ်လာခဲ့၏။ ကြွက်သတ်ဆေးများကို ထမင်းနှင့် နယ်ပြီး သူလည်းစားမည်၊ ကလေးတွေကိုလည်း ကျွေးမည်ဟု စီစဉ်ထား၏။

ထိုနေ့ ထိုအချိန်မှာပင် ယင်းရွာ၌ စာရေးသူ (၇)ရက်တရားစခန်း ဖွင့်လှစ် ပြသ၏။ တရားပွဲနှင့်အတူ စာရေးသူရေးသားသော စာအုပ်များပါ ထိုရွာထဲသို့ အတော်ပျံ့နှံ့သွား၏။ တရားနာလာသော သူ၏ညီမ တစ်ယောက်က 'မျက်ရည် မကျခင် သိစေချင်' စာအုပ်လေးကို ဝယ်ယူသွား၏။ စာအုပ်နာမည်ကို တွေ့လိုက်ရ သည်နှင့် သူမသည် အလွန်စိတ်ဝင်စားသွားပြီး ကြွက်သတ်ဆေးစားမည့် အစီအစဉ် ကို ခဏ ရပ်ကာ စာအုပ် နိဒါန်းကို ခဏတဖြုတ်အနေနှင့် ဖတ်လိုက်မိသည်ဆို၏။

နိဒါန်းလောက်တင်ဟု သဘောထားကာ ဖတ်လိုက်သော်လည်း စာအုပ် တစ်အုပ်လုံး ဆုံးသွားမှ လက်ကချမိ၏။ ကြွက်သတ်ဆေးများကို အိမ်သာထဲ ပစ်ချ ပြီးသည်နှင့် ကလေး(၄)ယောက်လုံးကိုခေါ်ယူကာ စာရေးသူထံအရောက်လာကြပြီး အကြောင်းစုံ လျှောက်ထားကြ၍ ယခုလို ပြန်လည်တင်ပြနိုင်ခြင်းဖြစ်၏။ စာအုပ် တစ်အုပ်နှင့် တရားပွဲတစ်ပွဲ၏ အောင်မြင်မှုကို ပရိသတ် အနည်းအများနှင့် မတိုင်း တာဘဲ ရေးသည့်အတိုင်း၊ ဟောသည့်အတိုင်း 'မည်မျှလောက်ထိ လိုက်နာသနည်း' ဟူသောပေတံဖြင့်သာ တိုင်းတာ သင့်ကြောင်း အတွေးအခေါ်ကိုတင်ပြပြီး၍ ယခု မြိတ်မြို့မှ တရားပွဲကြောင့် မျက်ရည်ကျရသူ တစ်ယောက် အကြောင်းကို ဆက်လက် တင်ပြမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်မြကြူ ကျတဲ့မျက်ရည်

စာရေးသူသည် တရားဟောသည့်အခါ ဉာဏ်နုသူနှင့် ရင့်သူများ အားလုံး ကျင့်နိုင်စေရန် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ နေက္ခမ္မ အာနိသံသာ၊ စတုသစ္စကထာတို့ကို စုံလင်စွာ ဟောပေးလေ့ရှိ၏။ ဝိပဿနာဆိုလျှင် နည်းပေါင်းများစွာထဲမှ အလွယ်ကူဆုံးနည်းကို ရွေးချယ်ဟောပေး၏။ ထို့ကြောင့် ပရိသတ်များမှာ ညစဉ် ငါးထောင်မှ တစ်သောင်းထိ ရှိတတ်၏။

ချမ်းသာလွယ်ကူသော ဝိပဿနာနည်းကို မြိတ်နယ်တစ်ခုလုံးရှိ ဗုဒ္ဓဘာသာဝင်များ ကျင့်ကြံပွါးများ နိုင်စေရန်ရည်ရွယ်၍ နောက်လယ်ရပ်, ရပ်ကွက်ရှိ ဦးမောင် မောင်စိုးနှင့် ဒေါ်ရှုဟုန်တို့က မြေကွက်လှူဒါန်း သဖြင့် ကျောက်ဖြူတောင်ရွာ၌ 'သစ်ညီ နောင်ဓမ္မရိပ်သာ'ဟူသော တရားဌာနတစ်ခု ပေါ်ပေါက်လာခဲ့၏။ ကျွန်ုပ်သည် ၂၀၀၁ ခုနှစ်တွင် မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင်ဓမ္မရိပ်သာ၌ ဝါဆိုပြီး တစ်ဝါတွင်းလုံး ဝိပဿနာတရားများကို ဟောကြားပြသခဲ့ရ၏။

(၈၈)ည ဟောခဲ့ရသောဒဏ်ကြောင့် စာရေးသူသည် အိပ်ရေးလည်း ပျက်ခဲ့၏။ အစားလည်းပျက်ခဲ့၏။ တရားပွဲအချိန်အတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း ကပ်လှူသူများကလည်း တရားဟောခိုင်းသဖြင့် ဟောပေးရပြန်၏။ အဆမတန် မောင်းသော အင်ဂျင်သည် ခဏနှင့်ပျက်စီးရသကဲ့သို့ ဟောပြောမှုနှင့် အဆမတန် အခိုင်းခံရသော အဆုတ်သည်လည်း ခဏနှင့် ပျက်စီးရတော့၏။ အင်္ဂလိပ်ဆေးပညာအရ တီဘီပိုး ဝင်သွားခဲ့၏။ ကိုယ်တွေ့အရ ပြောပြရလျှင် တီဘီရောဂါနှင့် ငှက်ဖျားရောဂါသည် အအိပ်ပျက်၊ အစားပျက်၍ အားနည်းနေသူမှာသာ ဖြစ်၏။ အအိပ်မှန်၊ အစားမှန် နေသူများမှာ ထိုရောဂါတို့ မဖြစ်နိုင်ပေ။ ထို့ကြောင့် အအိပ်မပျက်အောင်၊ အစား မပျက်အောင် အထူးဂရုစိုက်သင့်၏။ ထိုစဉ်အခါက တီဘီရောဂါပိုးများ နှိပ်စက်ချင်တိုင်း နှိပ်စက်နိုင်အောင် အစားကလည်း ပျက်လိုက်သည်မှာ မည်သည့်အာဟာရမျှ စားလို့မဝင်ဖြစ်သွား၏။ ချောင်းကလည်းဆိုး၊ အစာကလည်း မဝင်သဖြင့် ဓာတ်မှန် ရိုက်ကြည့်ရာ တီဘီရောဂါဟုဆုံးဖြတ်ပြီး တီဘီဆေးတွေ ပေးလိုက်၏။

တီဘီမဟုတ်ဘဲ တီဘီဆေးများကျွေးမိသဖြင့် သေသွားရသော လူနာအတော် များများကို တွေ့ခဲ့ရဖူးသဖြင့် ဓာတ်မှန်ကို ဆရာဝန်နှစ်ဦးနှင့် သေချာစစ်ဆေးပြီးမှ ဆေးကို စတင်စား၏။ စားပြီး နောက်ရက်မှာပင် ခန္ဓာကိုယ်အောက်ပိုင်း တစ်ခုလုံး အဖုအပိန့်များထွက်လာ၏။ ထိုကဲ့သို့ အဖုအပိန့် ထွက်လာလျှင် တီဘီဆေးနှင့် မတည့်သောကြောင့်ဖြစ်သည်။ ဆရာဝန်နှင့်တိုင်ပင်၍ ဆေးစားခြင်း ကို ရပ်တန့်သင့်က ရပ်တန့်ရမည်ဟူသောညွှန်ကြားချက်ကို ဖတ်ဖူးသဖြင့် ကိုယ့်သဘောနှင့်ကိုယ် ဆေးစား ရပ်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆေးစားရပ်လိုက်ခြင်းမှာ အလွန်မှားသွား၏။ ရောဂါပိုးများကို ဖွလိုက်သလို ဖြစ်သွားသဖြင့် ပိုဆိုးလာ၏။ ညရောနေ့ရော အိပ်မရတော့။ အဆုတ် နေရာမှ အောင့်နေပြီး တစ်စုံတစ်ခုနှင့် ဖိထားသလို ခံစားရ၏။ တစ်နာရီလျှင် ခန္ဓာကိုယ်ကို တစ်ခါ ပြောင်းနေရသဖြင့် ကောင်းကောင်းအိပ်ရသောအချိန်ဟူ၍ မရှိ။ အိပ်မပျော်၊ စားမဝင်သည်မှာ နှစ်ပတ်ခန့်ကြာသွားသည်နှင့် ခန္ဓာကိုယ်မှာ ယူပစ်လိုက်သလို ချုံးကျသွား၏။ ချောင်းဆိုး၍ သလိပ်ဟတ်တိုင်း သွေးများပါ လာ၏။ ဤသို့ သလိပ်၌ သွေးများပါလာ သည်ကိုပင် 'တီဘီသွေးအန်သည်'ဟု ဆိုကြခြင်းဖြစ်၏။

သေရတော့မည်ကို သိလိုက်ရသည်နှင့် စိုးရိမ်စိတ်တစ်ခုဝင်လာ၏။ အဘယ်သို့သော စိုးရိမ်ခြင်း ပေနည်း။ မိမိ နှစ်များစွာ ဆည်းပူးလေ့လာ သိရှိထားသော ဝိပဿနာပညာကို စာဖတ်သူများအတွက် တစ်စွန်းတစ်စမျှ မထားနိုင်ခဲ့ခြင်းအတွက် ပင်တည်း။

ထိုအချိန်မှာပင် မြိတ်မြို့ ကွက်သစ်ရပ်ကွက်ဓမ္မာရုံမှ ဦးဘမြင့်၊ ပန်းချီဦးသန်းတင်လေးတို့က တရားပွဲတစ်ည လာပင့်၏။ စာရေးသူ မငြင်းပယ်မိ။ 'သာသနာအတွက် လှူထားသော ခန္ဓာကိုယ်ကြီးကို သာသနာအတွက် အသုံးချရင်း သေမည် ဟူသောဆန္ဒဖြင့်' တရားပွဲကို လက်ခံလိုက်၏။

ပရိသတ်များမှာ နှစ်ထပ်ဓမ္မာရုံကြီး ပြည့်လျှံသည်အထိ လာရောက်နာ ယူကြ၏။ ပလ္လင်ပေါ် ရောက် အောင် လူနှစ်ယောက်တွဲပြီး တင်ပေးကြရ၏။ တရားတော်၏ တန်ခိုးကား အံ့သြစရာကောင်းပေစွ။ ပလ္လင်ပေါ် ရောက်သည်နှင့် အဆက်မပြတ် ဆိုးနေသောချောင်းမှာ ရပ်သွား၏။ တရားအပေါ် အာရုံစိုက်ကာ စိတ်ပါလက်ပါနှင့် ဟောကြားပေးရာ နှစ်နာရီခန့်ကြာ၏။ တရားဆုံးသည်နှင့် ပရိသတ်ကြီး၏ သာဓုခေါ်သံမှာ ဓမ္မာရုံကြီးတစ်ခုလုံး တုန်ဟည်းသွား၏။ ပလ္လင်ပေါ်မှ မဆင်းမီမှာပင် ဒေါ်မြကြူ အမည်ရှိ အမျိုးသမီးကြီးတစ်ဦး ပလ္လင်ရှေ့သို့ တိုးဝှေ့တက်လာကာ မျက်ရည်များကျလျက် ယခုလိုလျှောက်ထား၏။

'ဆရာတော်ဘုရား၊ တပည့်တော်မဒကာကြီး ဦးထွန်းအောင် ဆုံးသွားတာ (၁)နှစ်ကျော်ပါပြီဘုရား၊ သေမျိုးမို့ သေရတာဖြစ်တဲ့အတွက် ခင်ပွန်းသည်ဆုံးတဲ့အချိန်ကလည်း မျက်ရည်မကျခဲ့ပါဘူးဘုရား၊ ရက်လည်ဆွမ်း, လပတ်ဆွမ်း, နှစ်လည်ဆွမ်း ကျွေးတဲ့အချိန်ကလည်း မျက်ရည်မကျခဲ့ပါဘူးဘုရား၊ အခု ဆရာတော် ဟောကြားတဲ့ တရားကိုနာရတဲ့နေ့ကျမှ ခင်ပွန်းသည်အတွက် မျက်ရည်ကျခဲ့ရပါတယ် ဘုရား၊ ခင်ပွန်းသည်ဟာ ကျောင်း, ကန်, ဘုရား အားလုံးအတွက် ဒါနကုသိုလ်၊ ဝေယျာဝစ္စကုသိုလ် အမြဲပြုနေသူပါဘုရား၊ ဒါပေမယ့် ဒီလိုတရားမျိုးကို နာကြားခွင့်မရဘဲ သေသွားတာဟာ 'သာသနာတော်နဲ့ တွေ့ရကျိုးမနပ်လေခြင်း'လို့ တွေးမိပြီး သနားလှတဲ့အတွက် မျက်ရည်ကျရခြင်းပါဘုရား'

ထိုတရားပွဲမှအပြန် တီဘီသွေးအန်နေသည့် ကြားထဲမှပင် 'မဂ်တာဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



တား အန္တရာယ်များ'စာအုပ်ကို ပြီးအောင်ရေးသားခဲ့၏။

ဤအတွေ့အကြုံအရ သေဘောကို စိတ်မချရသဖြင့် အသက်အတော်ကြီးမှ ရေးမည်ဟု မှန်းထားသော 'သညာသိနှင့်ပညာသိ'စာအုပ်ကို အမြန်ပြီးအောင် ရေးသားလိုက်ရခြင်းဖြစ်၏။

## တရားထိုင်၍ ရူးရခြင်းအကြောင်း နှစ်ခု

ဗုဒ္ဓဘာသာဝင်အတော်များများသည် 'တရားထိုင်လျှင် ရူးသည်'ဟူသော အစွဲအလမ်းတစ်ခု ရှိကြ၏။ ထိုအယူအဆကား အလွန်မှား၏။ မယားတ,ရူး၊ လင်တ,ရူးများသည် လောဘကိလေသာကြောင့် ရူးကြခြင်းဖြစ်၏။ လင်သေ၍၊ မယားသေ၍၊ သားသေကြ၍ ရူးကြခြင်းမျိုးသည် ဒေါသ,ကိလေသာကြောင့် ရူးခြင်းဖြစ်၏။ စာကျက်လွန်၍ ဦးနှောက်ချောင်၍ ရူးရခြင်းမျိုးသည် မောဟ,ကိလေသာကြောင့် ရူးကြခြင်းဖြစ်၏။ ငါရှိ ငါသိဟူ၍ ဘဝင်ရူး-ရူးကြခြင်းသည် မာန,ကိလေသာ ကြောင့် ရူးခြင်းဖြစ်၏။

အကျဉ်းချုပ်သော် ကိလေသာဆယ်ပါးတွင် တစ်ပါးပါးကြောင့် စိတ္တဇရောဂါကို ရခြင်းဖြစ်၏။ 'ဝိပဿနာတရား'သည် ထိုကိလေသာများကို ပယ်သတ်ပေးသောကြောင့် မရူးစေသည့်အပြင် အရူးရောဂါကိုပါ ပျောက်စေနိုင်စွမ်းရှိကြောင်း ပြတ်သား စွာ မှတ်သားသင့်၏။ သာဓက ပြအံ့။ အများသိကြသော မပဋာစာရာသည် လင်သေ၊ သားသေ၊ မိဘမောင်ဘွားတို့ သေသောကြောင့် သွက်သွက်ခါ အောင်ရူးသွား၏။ ဒေါသ,ကိလေသာကြောင့် ရူးခြင်းဟု ဆိုရ၏။

ဗုဒ္ဓဟောကြားသောတရားကို နာရ သောအခါ ဒေါသ(သောက) အပူမီးကြီး ငြိမ်းပြီး သောတာပန်တည်ကာ အရူးရောဂါ ပျောက်သွားခဲ့ရ၏။ ဤအဖြေသည် အတွေးအခေါ်ရှိသော ယခုခေတ်လူငယ်များ အတွက် လုံလောက်ခြင်းမရှိသေးပေ။

ထို့ကြောင့် နောက်ထပ် အဖြေနှစ်မျိုး ထပ်ပေးချင်၏။ ပထမအဖြေမှာ ကဗျာဆရာ ဒေါင်းနွယ်ဆွေက မေးပြီး တက္ကသိုလ်ဘုန်းနိုင်က အဖြေပေးထားခြင်း ဖြစ်၏။ ဝိပဿနာသမားတိုင်း သေချာသိသင့်သဖြင့် ပြည့်စုံစွာဖော်ပြလိုက်၏။

## တက္ကသိုလ်ဘုန်းနိုင်နှင့် သူပရိသတ်များ၏ စာပေဆွေးနွေးပွဲ

နောက်ဆုံးဆွေးနွေးမယ့်ပုဂ္ဂိုလ်က 'စိတ်ရောဂါနဲ့ စာပေဝန်းကျင်'၊ ဒေါင်းနွယ်ဆွေ ဖြစ်ပါတယ်။

မေး။ 'ဆရာဘုန်းနိုင်၏ ဝတ္ထုကိုဖတ်သော လူငယ်နှစ်ယောက် စိတ္တဇရောဂါဝေဒနာသည်ဖြစ်သွားသည်ကို တွေ့ရသောကြောင့် တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုများသည် လူငယ်များကို စိတ္တဇဝေဒနာသည်ဘဝသို့ ပို့ဆောင်ပေးရာ ရောက်/မရောက် ဖြေရှင်း ပေးရန်' မေးမြန်းထားခြင်းဖြစ်သည်။

ဖြေ။ 'ကိုဒေါင်းကြီးက စွဲချက်ကြီးကြီးနဲ့ တင်သွားတော့ ကျွန်တော်ကလည်း ထုချေ

www.burmeseclassic.com

www.burmeseclassic.com



ချက်ကြီးကြီးနဲ့ သူဖိရတော့မှာပဲ၊ အဲဒီ ထုချေချက်ကြီးကြီး အတိုချုပ်က ဘာလဲဆိုတော့ ပြဿနာတစ်ရပ်ကို သိပ္ပံနည်းကျကျ ချဉ်းကပ်ပါလို့၊ ဒါပဲပြော ချင်တယ်၊ ဒီက စမယ်၊ သိပ္ပံနည်းကျကျ ချဉ်းကပ်ပါလို့ ပြောရတဲ့အကြောင်းက အခု သူပြောတဲ့ကဏ္ဍက အဲဒီလိုမှမရှင်းရင် မရပါဘူး၊ အခြောက်တိုက် ကျွန်တော် တရားခံဖြစ်မှာစိုးလို့နော်၊ သိပ္ပံနည်းကျကျ ချဉ်းကပ်ပါဆိုတော့ သိပ္ပံနည်းလေးကတော့ စရမယ်၊ ရောဂါ,ရောဂါ လို့ ပြောပြောနေကြတယ်'

'သိပ္ပံနည်းမကျတဲ့လူက ရောဂါဆိုရင် နားမလည်ဘဲ လက်ခံလိုက်တော့ ရောဂါ အနက်အဓိပ္ပာယ် ပေးပါဆိုတော့ လူတစ်ရာမှာ ကျွန်တော်ထင်တယ် (၉၉) ယောက်ဟာ ရောဂါအဓိပ္ပာယ် မပေးတတ်ဘူး၊ စိတ်ပညာပဲဖြစ်စေ၊ ဆေးပညာ ပဲဖြစ်စေ၊ အဲဒီလို လုပ်ချင်တိုင်းလုပ်လို့ မရပါဘူး၊ ရောဂါရဲ့ အနက်အဓိပ္ပါယ် ပေးရမယ်၊ သိပ္ပံနည်း အားဖြင့် 'မိုဒယ်'တည်ဆောက်ပေးရမယ်၊ မိုဒယ်က ရှင်းပေ တော့၊ အနက်အဓိပ္ပါယ် ပေး၊ ကုစရာရှိ ကု၊ ရှင်းစရာရှိ ရှင်း၊ အဲဒီတော့ ရောဂါကို မိုဒယ်နဲ့ တင်ပြမယ်'

'ရောဂါသည် ရောဂါဖြစ်ရန်အတွက် နံပါတ်(၁) အေးဂျင့်ဆိုတာ ရှိရပါ တယ်၊ အဲဒါ ဘာသာမပြန်ရသေးဘူး၊ အေးဂျင့်ဆိုတာ အပြင်က မိမိမှတစ်ပါး သောအရာသည် အေးဂျင့်၊ အဆိပ်တို့၊ ဘာတို့၊ ရောဂါပိုးမွှားတို့ အဲဒါ အေးဂျင့်၊ အပြင်က လာတယ်၊ အေးဂျင့်လည်း ရှိရမယ်၊ ဟုတ်စ်လည်း ရှိရမယ်၊ ဟုတ်စ်ဆို တာက ကိုယ်ခံ၊ နောက် တိုးတက်ဖြစ်ထွန်းမှုလည်း ရှိရမယ်၊ ပြီးတော့မှ သေခြင်း တရားလည်း ရှိရမယ်တဲ့၊ တိုးတက်ဖြစ်ထွန်းမှုကို တားရင်တား၊ မတားရင် သေသွား မယ်။ အဲဒီ လေးချက် ညီရင် ရောဂါလို့ခေါ်တယ်။ မညီရင် ရောဂါလို့ မခေါ်ပါဘူး'

'အဲဒီတော့ ဒီ မိုဒယ်နဲ့ကြည့်တော့ ကျွန်တော်တို့ ဆူးဆိုက် 'လွမ်းပါလေရစ် သည်သောင်ငွေဦး'မှာ ကြိုးစားပြီး တင်ပြဖူးပါတယ်၊ တစ်ကြိမ်က ဆူးဆိုက် ကိုယ့်ကိုယ် ကို သတ်သေတာကို အဖြေရှာမရကြဘူး၊ မက်ထရစ်ကျလို့ ရေထဲဆင်း သေတယ်၊ မက်ထရစ်က တရားခံဖြစ်ရော၊ ဒီကောင်လေးဟာ မက်ထရစ်ကျလို့တဲ့၊ ဒါဟာ သိပ္ပံ နည်းမကျပါဘူး၊ မက်ထရစ်ဖြေတာ သိန်းချီပြီးရှိတယ်၊ မက်ထရစ် စဖြေကတည်းက ကျသူတွေလည်း တစ်သိန်းလောက်ရှိမယ်'

'ကျန်(၉၉၉၉၉)ယောက်ဟာ ဘာဖြစ်လို့ ရေထဲဆင်းမသေသလဲ၊ သိပ္ပံနည်း ကျကျ မေးတာပါ။ အဲဒီလိုပဲ ရည်းစားနဲ့ကွဲလို့ ကိုယ့်ကိုယ်ကို သတ်သေတဲ့၊ ဒီလောက ကြီးမှာ ရည်းစားနဲ့ကွဲတဲ့လူတွေ အများကြီး၊ တစ်သိန်းမှာ(၉၉၉၉၉)က မသေဘဲ၊ ဒီလူက ဘာဖြစ်လို့သေသလဲ၊ ရည်းစားက တရားခံဖြစ်လိုက်၊ မက်ထရစ်က တရားခံ ဖြစ်လိုက်၊ သိပ္ပံနည်းကျကျမတွေးရင် ဒီအတိုင်းပဲတွေ့ရမယ်၊ သိပ္ပံနည်းကျကျ တွေး တော့ အခု-ကျွန်တော်တို့ စိတ်ပညာမှာ ဒီစကားလုံးကြီးတွေ မသုံးချင်ပါဘူး၊ မသုံးလို့ လည်း မဖြစ်လို့၊ (ဒေတားလင်းဂွစ်ရှ်)လို့ ခေါ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'(ဒေတားလင်းဂွစ်ရှ်)နဲ့ မိုဒယ်ဆောက်ယူရပါတယ်၊ အရင်က လက်တန်း၊ ဒီရောဂါဖြစ်တော့ ဘာဖြစ်တန်ရာ၏လို့ဆိုပြီးလုပ်တယ်၊ အခု မော်ဒယ်ဆိုင်းယင့်စ် ထွန်းကားလာတဲ့အချိန်ကျတော့ ရောဂါကို ပုံစံချ၊ မိုဒယ်၊ သင်္ချာနည်းကျ၊ သိပ္ပံနည်းကျ၊ မိုဒယ်တစ်ခု တည်ဆောက်မယ်၊ တည်ဆောက်ပြီးမှ ချဉ်းကပ်ရမယ်၊ အဲဒီ ချဉ်းကပ်ရမယ်လုပ်တော့ အခု ကမ္ဘာမှာတော့ မြန်မာပြည်မှာတော့ လက်မခံသေးဘူး၊ လက်ခံ-မခံ ဆရာဝန်ကြီးတော့ ပိုသိမယ်'

'ကမ္ဘာမှာ မိမိကိုယ်မိမိ သတ်သေခြင်းသည် မတော်တဆမဟုတ်၊ ရောဂါ။ အဲဒီရောဂါဟာ အချိန်တန်ကျလို့ရှိရင် အေးဂျင့်လည်းရှိပြီ၊ (ဟုတ်စ်)လည်းရှိပြီ၊ (ဒက်ဗ်လက်မင့်)လည်းရှိလာရင်၊ အချိန်ကျရင် ရောဂါသည် သေခြင်းတရားနဲ့ ရင်ဆိုင်ရမယ်၊ မြေကြီးလက်ခတ်မလွဲဘဲ၊ ရောဂါသည် သေခြင်းကို ဦးတည်သွားတာကိုး၊ သေ ခြင်းဆီ ဦးတည်သွားခြင်းကို ရောဂါဟုခေါ်သည်၊ အဲဒီတော့ ကိုယ့်ကိုယ်ကို သတ်သေ မယ့်လူဟာ ရည်းစားနဲ့မကွဲလည်း သတ်သေမှာပဲ၊ ရည်းစားနဲ့ကွဲလည်း သတ်သေမှာပဲ၊ ရည်းစားနဲ့ မကွဲဘဲနဲ့ အလုပ်ကျတော့ အထက်လူကြီးကို မကျေနပ်လို့ ဆိုပြီးလည်း သတ်သေမှာပဲ၊ အထက်လူကြီးကို ကျေနပ်လျက်သားနဲ့ မယားရပြီးမှ မယားကို မကျေနပ်လို့ဆိုပြီး သတ်သေဦးမှာပဲ'

'သူ့မှာ သတ်သေစရာအကြောင်းတွေ အများကြီးပြစရာရှိတယ်၊ အဲဒီလိုပဲ မက်ထရစ်ကျလို့ သတ်သေတဲ့ကောင်ဟာ မက်ထရစ်အောင်လည်း ဘီအေမအောင်လို့ သတ်သေဦးမှာပဲ၊ ဘီအေအောင်လည်း အမ်အေမရလို့ အကြောင်းတွေ အများကြီး ပြစရာရှိတယ်၊ အဓိကအကြောင်းအရင်းက မက်ထရစ်ကျခြင်း-မကျခြင်း၊ အောင်ခြင်း-မအောင်ခြင်း၊ ရည်းစားနဲ့ ကွဲခြင်း-မကွဲခြင်းက အကြောင်းမဟုတ်၊ မူလထဲက ရောဂါ ရနေတယ်၊ အဲဒီလို စနစ်တကျနဲ့ တွေးပါ'

'ဘုန်းနိုင်ဝတ္ထုဖတ်လို့ စိတ်ရောဂါရသလားဆိုရင်၊ ဘုန်းနိုင်ဝတ္ထု ဖတ်တဲ့လူတွေ တစ်သိန်းမှာ ငါးသောင်းရှူးရင်တော့ ဘုန်းနိုင် တရားခံပါလို့ ဝန်ခံပါလိမ့်မယ်၊ ၉၉၉၉၉ ယောက် ဘာမှမဖြစ်ဘဲ အဲဒီတစ်ယောက်တည်းသာဖြစ်ရင် ဘုန်းနိုင်နဲ့ ဘာမှမဆိုင်ဘူး၊ ဒါပဲနော်၊ ဒါက သိပ္ပံနည်းကျအဖြေ၊ နောက်တစ်ခါ ဘာကြောင့် အဲဒီလူတွေ ဖြစ်တယ်ဆိုတာ အကြောင်းနဲ့အကျိုး ကျွန်တော်ရှင်းပြမယ်၊ ကမ္ဘာက စိတ်ပညာသင်တန်းကြီးတွေမှာ စည်းကမ်းတွေ ချပေးရတာရှိပါတယ်၊ အဲဒီစည်းကမ်းကြီးတွေ နားမလည်ရင် ရှုပ်ထွေးကုန်မယ်၊ မြန်မာပြည်မှာဖြစ်နေတာ ကြည့်ပါ'

'ကမ္ဘဋ္ဌာန်းထိုင်ကြတယ်၊ ကမ္မဋ္ဌာန်းထိုင်လို့ ရူးတယ်တဲ့၊ မမြတို့ ကမ္မဋ္ဌာန်းထိုင်ကြတယ်၊ ကျွန်တော်လည်း ထိုင်ပါတယ်၊ ကမ္မဋ္ဌာန်းဌာနတွေ အများကြီးပါ၊ သွားကြည့်ပါ၊ အများကြီးပါ၊ ရင်ပူလောင်ပြီးတော့မှ စွန်းလွန်းဆရာတော်ကြီး ရှေ့မှောက်၊ မဟာစည်ဆရာတော်ကြီးရှေ့မှောက်ရောက်လို့ အေးသွားတဲ့သူတွေ မရေမတွက်နိုင်ပါဘူး၊ အဲဒီလူတွေက သတင်းစာထဲမပါဘူး၊ ခုန လူတစ်သိန်းမှာ ၉၉၉၉၉ ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ပူနေသော ရင်ဟာ ဒီဆရာတော်ကြီးတွေရဲ့ ကမ္မဋ္ဌာန်းနဲ့လုပ်လို့ အေးသွားကြရတယ်။

'အဲဒီလူတွေကလည်း 'ကျွန်တော်တို့ အေးသွားပါတယ်ခင်ဗျား'လို့ သတင်းစာထဲကလည်း မကြော်ငြာဘူး၊ သတင်းလည်း မပေးဘူး၊ ဟိုဒင်းလိုပေါ့၊ ကျွန်တော်တို့ သတင်းစာထဲက ပြောတဲ့ဥစ္စာ၊ ခွေးက လူကိုကိုက်တယ်ဆိုပါတော့၊ ဒါ-သတင်းမဟုတ်ဘူး၊ လူက-ခွေးကိုကိုက်ရင် ပြောတဲ့၊ ဒါမှ-သတင်း၊ လူက ခွေးကိုကိုက်ရင် သတင်း၊ ခွေးက လူကိုက်ရင် သတင်းမဟုတ်ဘူး၊ အဲဒီလိုပဲ ကမ္မဋ္ဌာန်းဘာဝနာသွားအား ထုတ်လို့ ငြိမ်းချမ်းသွားတာက သတင်းမဟုတ်ဘူး၊ ကမ္မဋ္ဌာန်းကျောင်းဘက်ရောက်တဲ့လူ ရူးတာကျတော့ ထင်းကနဲပေါ်လာတယ်၊ ကမ္မဋ္ဌာန်းထိုင်လို့ ရူးတယ်ဆိုတာ ဟုတ်ပါ ရဲ့လား၊ သိပ္ပံနည်း ကျပါရဲ့လား၊ စဉ်းစားကြည့်ပါ၊ ဒါ-တစ်ချက်'

'နောက်တစ်ချက်ကတော့ ဘာကြောင့် ကမ္မဋ္ဌာန်းထိုင်လို့ ရူးတယ်ဆိုတာ ကမ္မဋ္ဌာန်းထိုင်လို့ ရူးခြင်းမဟုတ်၊ ရူးမယ့်လူက ကမ္မဋ္ဌာန်းကျောင်းသွားတာနဲ့ တိုက်ဆိုင်နေတော့ အဲဒါ-ငါးပါးမှောက်ရော၊ အဲဒီတော့ ကမ္မဋ္ဌာန်းကျောင်းမသွားလည်း ရူးမှာပဲ၊ မယားယူလည်း ရူးမှာပဲ၊ ကိုယ့်အိမ်မှာ ကိုယ်နေလည်း ရူးမှာပဲ၊ ဘာလုပ်လုပ် ရူးမှာပဲ၊ ကမ္မဋ္ဌာန်းနဲ့က ဘာမှမဆိုင်ဘူး၊ ဒါပေမယ့် ကမ္မဋ္ဌာန်းကျောင်းတိုက်မှာသွားရူးပြီး ကမ္မဋ္ဌာန်းစကား ပြောတာကိုး၊ ကမ္မဋ္ဌာန်းစကားပြောတော့ ကမ္မဋ္ဌာန်းပေါက်သလိုလို ဘာလိုလို ဖြစ်တာပေါ့'

'ကမ္မဋ္ဌာန်းတရားဆိုတာ အကာလိကော၊ သန္ဒိဋ္ဌိကော၊ ဧဟိပဿိကော၊ မြတ်စွာဘုရားက ချစ်သားတို့-လာလှည့်၊ စုံစမ်းလှည့်၊ နေရာမရွေး၊ အချိန်မရွေး အကျိုးပေးရ မယ်ဆိုတဲ့ ဘုရားရဲ့ ဝသီတော်ကြီးရှိတယ်၊ အေးရမယ်၊ ချမ်းရမယ်၊ ရူးတဲ့လူတောင် ပျောက်ရမယ်၊ ပဋာစာရီတောင် ပျောက်သေးတာ၊ ဒီထက်ဆိုးတာ ခက်ခဲတာတွေတောင် ကုလို့ရတယ်၊ ယေဘူယျကတော့ နဂိုကတည်းက ကျွမ်းနေပြီးတော့၊ ရူးနေပြီးတော့ ကမ္မဋ္ဌာန်းကျောင်းတိုက်သွားတော့ ရူးမှာပဲ၊ မတတ်နိုင်ဘူး၊ အဲဒါ ကမ္မဋ္ဌာန်းကြောင့် ရူးခြင်းမဟုတ်၊ အဲဒီသဘောက စိတ်ပညာနယ်မှာ ဘယ်လိုလာတွေ့ရသလဲဆိုတော့ အချို့သော စိတ္တဇမခိုင်လုံသောသူများ၊ ရူးသောသူများ၊ ရူးပြီးသားလူတွေ စိတ်ကျန်းမာရေး ချို့တဲ့သူတွေ စိတ်ပညာယူ တတ်ကြတယ်၊ ကျွန်တော်တို့ မြန်မာပြည် မှာတော့ မဖြစ်သေးဘူး၊ ကံကောင်းတယ်၊ ကမ္ဘာမှာတော့ ရှိတယ်၊ အဲဒါ-ငါးပါးမှောက်တာပဲ၊ ရူးတဲ့လူတွေက စိတ်ပညာလာယူတာ၊ ရူးတဲ့ လူတွေက စိတ်ပညာဝိဇ္ဇာ လျှောက်တယ်'

'ဘာကြောင့်လဲဆိုတော့ သူကသိတယ်၊ ငါတော့ မဟုတ်တော့ဘူး၊ အဲဒီတော့ စိတ်တော့ လေ့လာမှပဲဆိုပြီး လာတာ၊ လာကတည်းကိုက အကောင်းလာတာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုစိတ်မချလို့ လာတာ၊ လာတော့ စိတ်ပညာယူရော၊ ယူတော့ ငါးပါးမှောက်တော့မယ်၊ အဲဒီလူက စိတ်ပညာတတ်ဖြစ်သွားရင် ပိုဆိုးသွားနိုင်တယ်၊ အချို့သော စိတ်ကျန်းမာရေးချို့တဲ့သူကို စိတ်ပညာက ကယ်နိုင်မယ်၊ မူလကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ရှုးပြီး သူ လူဆိုရင် ပိုဆိုးမယ်'

'အဲဒီတော့ ကျွန်တော်ဆိုပါတော့၊ စိတ်ပညာ မဟာဝိဇ္ဇာယူတဲ့အခါမှာ ရှုး-မရှုး သွားပြီး(ဆိုင်ခ်ျီး ယားထရစ်အိတ်ဇင်း) အစစ်ခံရတယ်၊ သင်တန်းပြီးပြီ။ မဟာဝိဇ္ဇာဘွဲ့ပေးရုံပဲရှိတယ်၊ ဘွဲ့နှင်းသဘင် တက်ရုံပဲ ရှိတယ်၊ မပေးသေးဘူး၊ ယေး(လ်)မှာ မရဘူး၊ ဟားဘတ်မှာ မရဘူး၊ ဘယ်လိုလုပ်ရသလဲဆိုတော့ မင်း သင်ခန်းစာ ပြီးပြီ၊ ဘွဲ့တော့ ပေးတော့မယ်၊ အဲဒီဘွဲ့ရဖို့ (ဆိုင်ခ်ျီးယားထရစ် အိတ်ဇင်းမနေးရှင်း) သွားရပါတယ်၊ သွားတော့မှ ဟိုကနေပြီးတော့ နော်မယ် (Normal)လို့ ဆုံးဖြတ်လိုက် တော့မှ မဟာဝိဇ္ဇာဘွဲ့ကို လက်ခံယူရပါတယ်၊ နို့မို့ဆိုရင် မပေးဘူး၊ မဟာဝိဇ္ဇာဘွဲ့ မပေးဘူး'

'ဘာကြောင့်လဲဆိုတော့ သူတို့ဆီမှာ အတွေ့အကြုံက အရူးတွေဟာ စိတ်ပညာ လာတက်တယ်၊ (M.A) အောင်တယ်၊ (Ph.D) ရတယ်၊ ပြီးတော့မှ အရူးအလုပ်တွေ လျှောက်လုပ်တယ်၊ လုပ်တော့ သူတို့ဆီ စိတ္တဇလူတွေကလာမယ်၊ လာတော့ သူက အရူးမဟုတ်လား၊ အရူးကလည်း ရိုးရိုးအရူးမဟုတ်ဘူး၊ (Ph.D) ဘွဲ့ရ အရူးဖြစ်နေတယ်၊ စိတ်ဆရာကြီးဆိုပြီး စွတ်လုပ်ရင် စိတ်ပညာရဲ့ နာမည်ပျက်မှာ စိုးတဲ့အတွက် ကမ္ဘာ့တက္ကသိုလ်ကြီးတွေမှာ စိတ်ပညာဘွဲ့ယူလို့ရှိရင် အရူးဟုတ်/မဟုတ်၊ (B.A) လောက်ကတော့ထားပါ) (M.A)၊ (Ph.D)ကျတော့ မရတော့ဘူး'

'ဆိုင်ခ်ျီးယားထရစ်အိတ်ဇင်း သွားကိုသွားရမယ်၊ မသွားဘဲနဲ့ ဘွဲ့မပေးဘူး၊ သတိ အင်မတန်ထားရပါတယ်၊ ဆိုလိုတာက ရှုးမယ့်လူများဟာ စိတ်ပညာတို့၊ စိတ်ဝတ္ထုတို့မှာ စိတ်ဝင်စားတတ်ကြတယ်။ အဲဒီလိုပဲ အခု စိတ်နည်းနည်း ယိုင်တိုင်တိုင် ဖြစ်နေတဲ့လူက ဘုန်းနိုင်ဝတ္ထု ဖတ်မယ်၊ ဘုန်းနိုင် မရေးရင်နေ၊ ကိစ္စမရှိဘူး၊ ကျန်တဲ့လူ ဝတ္ထုဖတ်လိမ့်မယ်၊ ကျန်တဲ့လူမရေးရင် နိုင်ငံခြားကဟာ ဖတ်လိမ့်မယ်၊ အဲဒီလူကတော့ သူ့စရိုက်နဲ့သူ သွားတော့မှာပဲ၊ ပြီးတော့ သူဘာသာသူ ရှုးမှာပဲ၊ အဲဒါကြီးကို မတားနိုင်၊ မတားနိုင်တဲ့အတွက် ဆရာဒေါင်းရေ တရားခံမဟုတ်ဘဲ တရားခံ မဖြစ်ပါရစေနဲ့လို့ သိပ္ပံနည်းကျကျ တောင်းပန်ပါတယ်'

(မှတ်ချက်)။ ။ဤအဖြေကိုချုပ်လိုက်လျှင် တရားထိုင်၍ ရှုးခြင်းမဟုတ်၊ ထိုသူသည် စိတ္တဇဝေဒနာ ခံစားရမည့်ဓာတ်ခံပါလာသောကြောင့် တရားမထိုင်လည်း တခြားအကြောင်း တစ်ခုခုကြောင့် စိတ္တဇဖြစ်မည်သာ ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

သေရည်သောက်သူများ ဘဝအဆက်ဆက်တွင် စိတ္တဇဝေဒနာသည်ဘဝ ရောက်နိုင်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော်၌ ဘုရားဟောရှိ၏။ တရားထိုင် လွန်လွန်းအား ကြီးလျှင်လည်း စိတ္တဇဝေဒနာဖြစ်နိုင်ကြောင်းကို 'ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်'က ဗုဒ္ဓဓမ္မပြဿနာများ အမှတ်(၁)တွင် ယခုလိုရေးသားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## တရားထိုင်လွန်သော်

ယခုခေတ်တွင် တရားလိုက်စားအားထုတ်သူ ပေါ်များလာသည်။ တရားမလိုက်စား အားမထုတ် ဖူးသေးလျှင် ခေတ်မမီ၊ လူရာမဝင်သလို ဖြစ်လာသည်။ တရား အားထုတ်သူများသလောက် တရားဟော တရားပြသူလည်း များလာသည်။ သို့ရာတွင် ဟောသူ၊ ပြသူ၊ လိုက်စားအားထုတ်သူတို့သည် ဘုရားရှင်၏ မဇ္ဈိမပဋိပဒါကျင့်စဉ် ကျသူဦးရေမှာ မများလှဟုထင်သည်။ ယင်းသည်မှာ ဒါန၊ သီလမျှနှင့် ပုတီးလက်စွဲသော လွန်ခဲ့သောခေတ်ရှိ ဟောသူ၊ လိုက်စားသူများနှင့် ပြန်၍ အကောင်းအဆိုး၊ ယဉ်-မယဉ်၊ သူတော်ကောင်း-မကောင်းကို ပြန်လည်နှိုင်းယှဉ်၍ ပြခြင်းဖြစ်၏။

ဒါန,သီလနှင့် ပုတီးလက်စွဲသောခေတ်က လူများသည် ယခု ပုတီးဖယ်ချ တရားအားထုတ်သူများထက် အစစ,သာတာကို မည်သူငြင်းဆိုအံ့နည်း။ တစ်ဖန် မျက် မှောက်ခေတ် ပုတီးဖယ်ချ၍ တရားခေတ်စားချိန်ကို ကြည့်ပါဦး။ မိမိတစ်ချိန်က မြို့ကြီး တစ်မြို့တွင် တရားဟော၊ တရားပြနေစဉ် စိတ်ရောဂါအထူးကုဆေးရုံကြီးမှ ဒေါက်တာ ဦးအုန်းမောင်ရေးသော 'စိတ်သောကပြဿနာများ'စာအုပ်ကို ဒကာမကြီး တစ်ယောက် ကပ်လှူသည်နှင့် ဖတ်ရ၏။ ယင်းတွင် 'တရားထိုင်လွန် သော်'ဆိုသော ခေါင်းစဉ်ကို ဖတ်ကြည့်မိသည်။

> စိတ်ရောဂါဆေးရုံကြီးသို့ လာရောက်ကုသသော လူနာအားလုံးကို 'မည်သည့် အကြောင်းကြောင့် စိတ်ရောဂါစ၍ ဖြစ်သနည်း'ဟု ကျွန်တော်တို့ ကမေးမြန်းရပါသည်။ လူနာခပ်များများသည် 'တရားထိုင်ရာမှ စ၍ဖြစ်သည်'ဟု ဆိုကြသည်။ တရားထိုင်ရင်း အကြားအမြင် များရလာသည် ထင်ပြီး စိတ်ပါနောက်၍သွားကြလေသည်။ ဘဝင်မြင့်သော စိတ္တဇ ဖြစ်ကြလေသည်။ ထို့ကြောင့် 'တရားထိုင်လွန်ခြင်းသည် စိတ်ရောဂါကို ဖြစ်စေသည်' ဟူ၍ ယေဘူယျ မှတ်ချက်ချမိသည်။

အို-တရားပြသူ၊ တရားအားထုတ်သူအပေါင်းတို့၊ ယင်းအချက်ကို ကွက်ကွက်ကွင်းကွင်း ရှုကြည့် ဆင်ခြင်ပါလော့။ 'တရားထိုင်လွန်သော်'လို့ ဆိုထားသည်။ ယခုခေတ် တရားပြသူ၊ တရားအားထုတ်သူများသည် 'ထိုင်မှတရား'လို့ ယူဆသူများ၍ ကြာကြာ ထိုင်နိုင်မှ ဆရာက ကြိုက်နှစ်သက်၏။ အားထုတ်သူကလည်း ကြာကြာထိုင်နိုင်တာ ဂုဏ်ယူပြောဆို၏။ ယင်းသည်ပင် ဘုရားရှင်ဝါဒ မဇ္ဈိမ ပဋိပဒါမကျတော့၍ ရှုံးနိုင်သည် ချက်ဖြစ်၏။

ဘုရားရှင်က လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးဣရိယာ မျှတစွာအားထုတ်ဖို့ ညွှန်ကြားထားပါလျက် ထိုင်တာကို ဦးစားပေးထိုင်ခိုင်းပြီး ဘုရားရဟန္တာများမှာပင် မကုန်တဲ့ အထိုင်ကြာ၍ ကိုယ်နာကျင်ကိုက်ခဲ ညောင်းညာမှု ကာယိကဒုက္ခတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ကုန်အောင်, ဆုံးအောင်, ချုပ်အောင်, ထိုင်မှုမဖျက်စေဘဲ အားထုတ်ခိုင်းခြင်းသည် ရှုသည့် အချက်၊ ရှုဆေးကြီးတစ်ခွက် ဖြစ်၏။

အားထုတ်ခိုင်းရာတွင် ရုပ်နာမ်ပရမတ်ကို မပြောပြဘဲ သာမန် ပညတ်အာရုံမှ အားထုတ်ခိုင်းနေကြပြီး ပညတ်အာရုံအမျိုးမျိုးမြင်မှုကို ဦးစားပေး၍ စစ်ဆေးဆုံးဖြတ် ခြင်းသည် ရှုနိုင်သည်တစ်ချက် ရှုဆေးခွက်ကြီးတစ်ခွက်ဖြစ်၏။ မိမိသည် ယင်းစာအုပ်ကို တဖန် ဆက်ဖတ်ပြန်သည်။

'တရားမထိုင်ရဟု ကျွန်တော်မဆိုလိုပါ၊ ဝိပဿနာ လိုက်စား၍ တရားထိုင်ခြင်း သည်သာ နိဗ္ဗာန်ရောက်ကြောင်း တရားဟု ကျွန်တော် ယုံကြည်ပါသည်၊ တရားလည်း ထိုင်သည့်အခါ ထိုင်ပါ၊ သို့သော် တစ်ဖက်စွန်းသို့ရောက်အောင် အလွန်အကျွံ တရားကျင့်ခြင်းသည် ခံနိုင်ရည်မရှိသူတို့အဖို့ တကယ်ပင် စိတ်နောက်သွားနိုင်ပါသည်၊ စိတ်နောက် သွားသော လူနာများကို ခပ်များများပင် တွေ့ရ ပါသည်၊ မိန်းမ၊ ယောကျ်ား၊ ဘုန်းကြီး အားလုံးတွေ့ရ၏'

စာရေးသူ၏ မှတ်ချက်သည် မှန်၏။ ဘုရားရှင်က အစွန်းနှစ်ပါး ဖယ်ရှား၍ 'မဇ္ဈိမပဋိပဒါ' အလယ်လမ်း သွားရန် ညွှန်ကြား၏။ တရားပြသူအချို့နှင့် တရားအားထုတ်သူအချို့သည် ယင်းကို နားမလည်၊ သဘောမပေါက်၊ ထိုင်လျှင် ပြီးတာပဲ ယူဆသည်။ ယင်းအတိုင်း လုပ်သည်။ တစ်ဖက်စွန်းရောက်၍ စိတ်နောက်ရသည်။

ဘုရားရှင်သည် 'ကာယာနုပဿနာ'-ရုပ်ကမ္မဋ္ဌာန်း အားထုတ်ပုံအမျိုးမျိုး၊ 'ဝေဒနာနုပဿနာ'-ဝေဒနာကမ္မဋ္ဌာန်း အားထုတ်ပုံအမျိုးမျိုး၊ 'စိတ္တာနုပဿနာ'-စိတ်ကမ္မဋ္ဌာန်း အားထုတ်ပုံအမျိုးမျိုး။ 'ဓမ္မာနုပ ဿနာ'-ရုပ်နာမ်မိဿက ကမ္မဋ္ဌာန်း အားထုတ်ပုံအမျိုးမျိုးတို့ကို သတ္တဝါစရိုက် အကြိုက်လိုက်၍ အမျိုးမျိုးဟောခဲ့၏။

သို့ပါလျက် ယခုခေတ် တရားပြသူအများအပြားသည် ဘုရားရှင်၏ ယင်းနည်းအမျိုးမျိုးထဲမှ ဘုရားရှင်၏ ညွှန်ကြားချက်နှင့်လည်း တကယ်မကိုက်ညီသော အထိုင်ကြာ၍ ကိုယ်နာကျင်ကိုက်ခဲ ညောင်းညာ တောင့်တင်းမှု ကာယိကဒုက္ခကို ဘုရားရှင်၏ညွှန်ကြားချက် ဝေဒနာကမ္မဋ္ဌာန်းလိုလုပ်ပြီး 'နာကျင်ကိုက်ခဲမှု ညောင်းညာ တောင့်တင်းမှု ကာယိကဒုက္ခ မကုန်မဆုံးမချုပ်မငြိမ်းဘဲ အထိုင်မဖျက်ရ'ဟု အမိန့်ပေး၍ အားထုတ်ခိုင်းနေကြခြင်းသည် ရှုနိုင်သည့်အချက်၊ ရှုဆေးကြီး တစ်ခွက်ဖြစ်၏။ တဖန် အထိုင်ကြာ၍ ကိုယ် နာကျင်ကိုက်ခဲ ညောင်းညာတောင့်တင်းမှု ကာယိကဒုက္ခကို အောင့်အည်းသည်းခံနိုင်သူအချို့မှာ ကျင့်သားရ၍ ၎င်းတို့ မဖြစ်တော့သောအခါ ဝေဒနာကုန်ပြီ၊ ဆုံးပြီ၊ ချုပ်ပြီ၊ ငြိမ်းပြီဟု တရားရကြောင်း သတ်မှတ်ချက် ဒီဂရီပေးလိုက်ခြင်းသည် ရှုဆေးကြီးတစ်ခွက် ပင်ဖြစ်၏။

တရားအားထုတ်သူသည် တရားရ-မရ ကိုယ်တိုင်သိရမည်ဖြစ်၏။ ဆရာက ပြောမှ သိရမှုသည် မမှန်ကန်နိုင်။ မိမိ၏ အမူအကျင့်၊ ကိလေသာ အနည်းအများ၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်နေစိတ်ထားဟာ တရားအားမထုတ်ခင်ကနှင့် ယခုအားထုတ်ပြီးမှ ဘယ်လိုထူးခြားလဲဆိုတာ ချိန်ထိုးကြည့်လျှင် သိနိုင်သည်။ 'အရှင်ဘုရား တရားမှ မစမ်းဘဲဘုရား'တွင် ဖတ်ကြည့်ပါ။

မိမိသည် ကိုယ်တိုင် အားထုတ်ဆဲဖြစ်ပြီး သူတစ်ပါးတို့အားလည်း တရားပြလာသည်မှာ ဆယ်နှစ်ရှိခဲ့ပြီ။ ဓာတ်ကြီးလေးပါးကိုအားထုတ်၍ ၎င်းကိုပဲ ပြသည်။ ယောဂီများကို ကြာကြာမထိုင်ခိုင်း။ ထိုင်နိုင်သလောက် ထိုင်ခိုင်းသည်။ ထိုင်ဆဲမှာ ပြောင်းနိုင်ခွင့်ပေးသည်။ ဣရိယာပုထ်လေးပါး၊ တစ်ပါးညောင်း တစ်ပါးပြောင်း အားထုတ်ခိုင်းသည်။ အထိုင်ကြာ၍ ကိုယ်နာကျင်ကိုက်ခဲ တောင့်တင်းညောင်းညာမှု ကာယိကဒုက္ခကို မရှုခိုင်း။ ယင်းသို့ဖြင့် မိမိရော၊ ယောဂီများပါ နာကျင်ကိုက်ခဲ တောင့်တင်းညောင်းညာမှု ကာယိကဒုက္ခနှင့် မတွေ့ရဘဲနှင့် တရားတိုးတက်၏။ ဘုရားရှင်၏ သတိပဋ္ဌာန်နိဒါန်းနှင့် ညီညွတ်လှ၏။ ဘုရားရှင်က မဟာသတိပဋ္ဌာန်သုတ် နိဒါန်းတွင်-

'ရဟန်းတို့၊ နှစ်ကြောင်းနှစ်မွှာ မကွဲလာ၍ ဧကာယနအမည်ရှိသော ဤလောကုတ္တရာမဂ်၏ ရှေ့အဖို့၌ဖြစ်သော မဂ္ဂင်ခေါ်ငြား ဝိပဿနာတရားသည် သတ္တဝါတို့၏-

(၁) ရာဂအစရှိသော အညစ်အကြေး၊ ဝိသမလောဘ၊ အဘိဇ္ဈာအစရှိကုန်သော အညစ်အကြေးတို့မှ စင်ကြယ်မည်။
(၂) စိုးရိမ်ပူဆွေး၊ ငိုကြွေးမြည်တမ်းခြင်းတို့ကို လွန်မြောက်မည်။
(၃) ကိုယ်ဆင်းရဲမှု ကာယိကဒုက္ခနှင့် စိတ်ဆင်းရဲမှု စေတသိကဒုက္ခတို့ ချုပ်ငြိမ်းမည်။
(၄) မြတ်သော၊ ဖြူစင်သော၊ ကိလေသာအညစ်အကြေးမှ ကင်းသော အရိယာမဂ်ကို ရမည်။
(၅) နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်။'

*(မဟာသတိပဋ္ဌာန်သုတ်၊ သုတ်မဟာဝါ)*

အကျိုးတရားများကိုပြ၍ အာမခံနှင့်ဟောထားခဲ့ပါ၏။ မှန်ကန်စွာ အားထုတ်ကြ၍ ရှေးကပုဂ္ဂိုလ်များ ၎င်းအကျိုးများ ရသွားကြ၏။ ယခုလည်း အချို့ ရဆဲ။ နောက်လည်း အချို့ ရလိမ့်ဦးမည်။ ယခုမှု 'စိတ်နောက်သွားနိုင်သည်'ဟု ဆိုလာသည်။ ' ဘုရားရှင်၏ ညွှန်ကြားချက်နှင့် မကိုက်ညီသောကြောင့်ဟူ၍ မှတ်ပါ။

သို့ပါ၍ တရားအားထုတ်လိုသူသည် 'ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗာ'ဟူသော ဘုရားရှင်ညွှန်ကြားချက်ကို ဦးထိပ်ရွက်လျက် ဆရာကောင်းကိုရှာ၍ နည်းခံအားထုတ်သဖြင့် အကျိုးထူး ခံစားရပါစေသော်။

'ဗုဒ္ဓတရား၊ နည်းမှန်များ၊ ညွှန်ကြားသူနှင့် တွေ့စေသော်။'

www.burmeseclassic.com

www.burmeseclassic.com



## ခံစားမှုဝေဒနာသည် ကုန်ခန်းအောင် ပယ်သတ်ရမည့်တရားလော
## (သို့မဟုတ်)
## မမြဲဟု သိရမည့်တရားလော

ယခုခေတ် တရားပြဆရာအများစုနှင့် ယောဂီအများစုသည် ဝေဒနာကို ကုန်ခန်းအောင် ပယ်ရမည့်တရားဟု ယူဆထားကြ၏။ ထိုအယူအဆအတိုင်း ဟော ပြောကြ၏။ ထိုအယူအဆအတိုင်း တရားထိုင်ကြ၏။ ကြာကြာဖိထိုင်လာသောအခါ ခတ်လေးပါး ဖောက်ပြန်ပြီး မခံသာသော ဒုက္ခဝေဒနာများ ပေါ်လာ၏။ တရားပြ အများစုက ထိုဒုက္ခဝေဒနာများကုန်အောင် ထိုင်ရမည်၊ မကုန်မချင်း 'မထရ၊ မပြင်ရ' ဟု အမိန့်ပေးကြ၏။

ရွှေပြည်သာမြို့မှ ဒကာလေးတစ်ယောက်ဆိုလျှင် ထိုနည်းအတိုင်းပြသော တရားစခန်းတစ်ခုမှ ကြောက်လန့်ပြီး လက်လွတ်ထွက်ပြေးလာခဲ့၏။ နောင် မည်သည့် တရားစခန်းသို့မျှ ခေါ်၍မရတော့ပေ။ တချို့တရားစခန်းများ၌ နှစ်နာရီ သုံးနာရီထိ မလှုပ်တမ်း၊ မထ,တမ်း ထိုင်ခိုင်း၏။ တရားပြဆရာတော်များက ယောဂီများဘေးတွင် ကြိမ်လုံးကိုင်ပြီး စောင့်ကြ၏။ အချို့သော ယောဂီထိန်းများက အပ်များကိုင်ပြီး စောင့်ကြ ၏။ အထိုင်ပြင်လျှင် ကြိမ်လုံးဖြင့်ရိုက်ကြ၏။ အပ်ဖြင့်ထိုးကြ၏။ ဤစခန်း မျိုးကား 'တရားစခန်း' မဟုတ်။ 'အချုပ်ထောင်တစ်မျိုး'သာဖြစ်၏။

ထိုသို့ မတရားထိုင်ခိုင်းခြင်း၏ အကျိုးဆက်ကား ရောဂါရခြင်းနှင့် ရူးခြင်းသာ အဖတ်တင်နိုင်၏။

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ် အလယ်ရေကျော်ရွာမှ ဇနီးမောင်နှံနှစ် ယောက်တို့သည် ထိုသို့သောတရားစခန်း၌ (၄၅)ရက် တရားဝင်ကြ၏။ တရားစခန်း ပြီးသောအခါ အမျိုးသားက အားပြတ်ဖျော့တော့သော ရောဂါဖြစ်ပြီး ဆေးရုံတင် ရ၏။ အမျိုးသမီးက စိတ်ဖောက်သွား၏။ အလယ်ရေကျော်ရွာတွင် စာရေးသူ၏ တရားစခန်း ဖွင့်သောအခါ ဝင်ရောက်နာယူ ရှုပွားရင်းဖြင့် နှစ်ယောက်စလုံး ကိုယ် ရောဂါ၊ စိတ်ရောဂါ နှစ်မျိုးစလုံးပျောက်ကင်းပြီး ထိုက်သင့်သောတရားကို ရသွားကြ၏။ တရားစခန်းအပြီး၌ သူတို့နှစ်ဦးပြောသောစကားကို နားထောင် ကြည့်ပါ။

> 'ဆရာတော်ဘုရား၊ ဝိပဿနာတရားဆိုတာ ဒီလို ချမ်း လွယ်ကူစွာ ကျင့်လို့ရတယ်လို့သိကြရင် လူတိုင်း ကျင့်ကြမှာပါ ဘုရား၊ အခု တော့ စစ်သားတွေ ရှေ့တန်းထွက်ရသလို အသက်နဲ့ လဲနိုင်မှ ကျင့် လို့ရမယ့်တရားလို့ သိနေကြလို့သာ ကျင့်ကြံပွါးများ မယ့်သူ နည်း နေတာပါဘုရား'

ဤဖြစ်ရပ်နှစ်ခု၌ တရားစခန်းမှ ထွက်ပြေးသောယောဂီ၊ ကိုယ်ရောဂါ၊ စိတ် ရောဂါဖြစ်သွားသော ယောဂီများတွင် အပြစ်မရှိပါ။ တရားမှားကို ဇွတ်တရွတ်

www.burmeseclassic.com

www.burmeseclassic.com



ကျင့်ခိုင်း သော ဆရာ၌သာ အပြစ်ရှိပါသည်။ အကျယ်ရှင်းအံ့။ ဒုက္ခသစ္စာသည် ပရိညာတဗ္ဗ ကိစ္စရှိ၏။ မမြဲဟုလည်းကောင်း၊ ဆင်းရဲဟုလည်းကောင်း၊ အစိုးမရဟု လည်းကောင်း သိပေး၊ ရှုပေးရမည့်တရားဟု ဆိုလို၏။ ဤတရားပြဆရာအများစု ကုန်ခန်းအောင် ပယ်သတ်ခိုင်းနေသော ဒုက္ခဝေဒနာသည် ဒုက္ခသစ္စာထဲမှာသာ ပါ၏။ သမုဒယသစ္စာ ထဲမှာ မပါဝင်ပေ။

ဒုက္ခသစ္စာအရ လောကီစိတ်(၈၁)၊ လောဘကြဉ်သော စေတသိက်(၅၁)၊ ရုပ်(၂၈)ကို ရ၏။ ဒုက္ခဝေဒနာသည် စေတသိက်(၅၁)ထဲတွင်ပါသောကြောင့် ဒုက္ခ သစ္စာထိုက်သောတရားဖြစ်၏။ ထို့ကြောင့် ဒုက္ခဝေဒနာကား ကုန်ခန်းအောင် ပယ် သတ်ရမည့် တရားမဟုတ်။ မမြဲဟု သိရမည့်တရားသာဖြစ်၏။ စွဲလမ်းတပ်မက်မှု တဏှာသည်သာလျှင် ကုန်ခန်းအောင် ပယ်သတ်ရမည့်တရားဖြစ်၏။

## မာရ်နတ်၏ တပ်မကြီးများ နောက်ယုက်မှု

ကာမာတေ ပဌမာသေနာ၊
ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ။
စတုတ္ထီ တန္ဟာ ပဝုစ္စတိ၊
ပဉ္စမံ ထိန, မိဒ္ဓံ တေ။
ဆဋ္ဌာဘီရူ ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊
မက္ခော ထမ္ဘော တေ အဋ္ဌမော။
လာဘော သက္ကာရော သိလောကော။
မိစ္ဆာ လဒ္ဓေါစ ယော ယသော။
ယော စတ္တာနံ သမုက္ကံသေ၊
ပရေ စ အဝဇာနာတိ။

*(သုတ္တနိပါတ်ပါဠိတော်၊ ပဓာနသုတ်)*

မြတ်စွာဘုရား တရားကျင့်ဆဲအချိန်ကာလက မာရ်နတ်သည် တရားကို ဆက် မကျင့်ဘဲ လောကီကုသိုလ်များကို အားထုတ်ပြုလုပ်ရန် ဆွဲဆောင်ဖျားယောင်း ခဲ့ဖူး၏။ ထိုအခါ ဘုရားရှင်က အထက်ပါဂါထာကို ရွတ်ဆိုတော်မူပြီး 'အသိဉာဏ်ပညာ မရှိ သောသူများသည် သင်၏ တပ်မကြီးဆယ်တပ်ဖြင့် ချေမှုန်းခံ ရပြီး မဂ်ဖိုလ်ကို အရမယူဘဲ လောကီစည်းစိမ်ကိုတပ်မက်ရင်း ဘဝဆုံးခဲ့ကြ၏။ ငါကဲ့သို့ အသိဉာဏ် ရှိသော သူသည်ကား သင်၏တပ်မကြီးဆယ်တပ်ကို ကျော်ဖြတ်၍ မဂ်ဖိုလ်ကို အရယူမည်သာ ဖြစ်ကြောင်း' ဟောကြားတော်မူခဲ့၏။

ယခု ထိုမာရ်နတ်၏တပ်မကြီးဆယ်ခုကို လူငယ်များပါ နားလည်အောင်

www.burmeseclassic.com

www.burmeseclassic.com



အကျယ်ချဲ့ပြီး ရေးသားမည်ဖြစ်၏။ မာရ်နတ်သည် နတ်ပြည်ခြောက်ထပ်တွင် အမြင့်ဆုံးဖြစ်သော ပရနိမ္မိတဝသဝတ္တီနတ်ပြည်မှဖြစ်၏။ ထိုဘုံမှ နတ်သား နတ်သမီးများသည် လူသက်ဖြင့်တွက်လျှင် နှစ်ပေါင်း (၉၂၁)ကုဋေ ခြောက်သန်း အသက်ရှည်၏။ ထို့ကြောင့် မာရ်နတ်သည် နှစ်ပေါင်းများစွာ ဘုရားသာသနာကို နှောင့်ယှက်နေဦးမည် ဖြစ်၏။ အင်္ဂလိပ်လိုရေးထားသော အနောက်နိုင်ငံများမှ ဗုဒ္ဓဘာသာအကြောင်း စာအုပ်များတွင် မာရ်နတ်ဟူသည် အကောင်အထည်အနေနှင့် မရှိ၊ 'ယုတ်ညံ့သော စိတ်ဓာတ်ကိုပင် မာရ်နတ်'ဟု တင်စားပြောကြားခြင်းဖြစ်ကြောင်း ရေးသားတတ်ကြ သည်။

ထိုရေးသားချက်သည် ယုတ္တိမရှိချေ။ အဘယ့်ကြောင့်ဆိုသော် ပိဋကတ် ပါဠိတော် နေရာအတော်များများတွင် မာရ်နတ် အမှန်တကယ်ရှိကြောင်း ပြောကြားထားချက်များကို တွေ့ရသောကြောင့်ဖြစ်၏။ သံယုတ်ပါဠိတော်တွင် မာရ်နတ်၏ သာသနာတော်ကို နှောင့်ယှက်ဖျက်ဆီးပုံများအကြောင်း အတော်များများ ပြောထား၏။ 'မာရသံယုတ်'ဟု ခေါ်၏။ မာရ်နတ်သည် သာမန်ပုထုဇဉ်များကို မဆိုထားနှင့်၊ ရဟန္တာပုဂ္ဂိုလ်များကိုပင် နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဖျက်ဆီးတတ်၏။ သာဓကနှစ်ခု ပြအံ့။

ဗုဒ္ဓလက်ထက်က 'သာဋိမတ္တိယ'အမည်ရှိသော ရဟန္တာမထေရ်တစ်ပါး ရှိ၏။ ထိုမထေရ်သည် ဘာသာခြားဘဝမှ ရဟန္တာဖြစ်လာသူတည်း။ မထေရ်၏ ဟောပြောပြသမှုများကြောင့် လူပေါင်းများစွာ အရိယာဖြစ်သွားကြ၏။ အပါယ် တံခါးပိတ်သွားကြ၏။ လူပေါင်းများစွာ အရိယာဖြစ်သွားခြင်း၊ အပါယ်တံခါး ပိတ်သွားခြင်းသည် ဝမ်းသာစရာ ဖြစ်သော်လည်း၊ ဝမ်းနည်းနေသူတစ်ယောက် ရှိနေ၏။ သူကား ဗုဒ္ဓ၏ သာသနာကို အစဉ်တစိုက် လိုက်လံဖျက်စီးနေသူ 'မာရ်နတ်' ပင်တည်း။

မာရ်နတ်သည် မည်သည့်လူသားကိုမှ အရိယာမဖြစ်စေချင်၊ ကာမဂုဏ်တောထဲမှာ အမောဆို့နေစေချင်၏။ သူ့အလိုအရ သာဋိမတ္တိယမထေရ်သည် ရန်သူဖြစ်လေ ၏။ သည်မထေရ်ကို လူတွေကြည်ညိုနေသမျှ သူဟောသည့်တရားကို နာယူပြီး ပုထုဇဉ် ဘဝမှလွတ်ပြီး အရိယာဖြစ်ကြလိမ့်မည်။ ထိုသို့မဖြစ်စေရန်အတွက် မထေရ်မြတ်ကို လူတွေ အကြည်ညိုပျက်အောင်လုပ်ရမည်ဟုဆိုကာ မာရ်နတ်သည် မထေရ်မြတ်ပုံစံအတိုင်း ဖန်ဆင်းပြီး မထေရ်မြတ် ဆွမ်းခံကြွနေကြအရပ်သို့ အရင်ကြွလာ၏။ လူအများသည် သာဋိမတ္တိယမထေရ်ဟုထင်ပြီး တတ်စွမ်းသမျှ လောင်းလှူကြ၏။

ဆွမ်းခံအိမ်တစ်အိမ်တွင် 'ကလျာဏီ'အမည်ရှိသော ချောမောလှပသော မိန်း မပျိုလေးတစ်ယောက်ရှိ၏။ ထိုအိမ်သို့ရောက်သည်နှင့် မထေရ်မြတ်ယောင်ဖန်ဆင်းထားသော မာရ်နတ်သည် လူအများ၏ရှေ့တွင် မိန်းမပျို၏လက်ကို အတင်းဆွဲလေ၏။ မိန်းမပျိုကလည်း အတင်းရုန်း၏။ မြင်လိုက်ရ ကြားလိုက်ရသော လူအများသည် မထေရ်မြတ်အပေါ် အကြည်ညိုပျက်သွား၏။ မာရ်နတ် လိုချင်သည်မှာလည်း ဤ အချက်ပင်ဖြစ်၏။ သူ့ရည်ရွယ်ချက် အောင်မြင်သည်နှင့် မာရ်နတ်သည် သူလိုရာ

www.burmeseclassic.com

www.burmeseclassic.com



အရပ်သို့ ဆက်သွား၏။

'သာဋ္ဌိမတ္တိယမထေရ်အစစ်' တကယ် ကြွရောက်လာသောအခါတွင်ကား လူ အများသည် ဆွမ်းမလောင်းတော့သည့်အပြင် နည်းမျိုးစုံဖြင့် ဆဲရေးကြ၏။ နည်းမျိုးစုံ ဖြင့် ကဲ့ရဲ့ကြ၏။ မထေရ်သည် ရုတ်တရက် အံ့အားသင့်သွား၏။ 'ဤလူတို့သည် အကြောင်းမရှိဘဲ ကဲ့ရဲ့ရှုတ်ချခြင်းအရာကို မပြုရာ'ဟု တွေးတောပြီး မထေရ်မြတ် မလာခင် ဖြစ်ပြီးသမျှကို တန်ခိုးဖြင့် ဆင်ခြင်ကြည့်လိုက်၏။ မာရ်နတ်သည် မထေရ် မြတ် အယောင်ဆောင်ပြီး အထင်မှားအမြင်မှားဖြစ်အောင် လုပ်သွားပုံကိုသိသည်နှင့် ခါးပန်းကြိုးကို ပုပ်ဟောင်နေသော ခွေးသေကောင်ပုပ် ဖြစ်စေရန် အဓိဋ္ဌာန်ပြီး မာရ်နတ်ထံ လွှတ်လိုက်၏။

မထေရ်မြတ်၏တန်ခိုးကြောင့် ခွေးသေကောင်ပုပ်သည် မာရ်နတ်၏ လည်ပင်းတွင် စွပ်လျက်ဖြစ်သွား၏။ နတ်များသည် လူအရှင်၏အနံ့ကိုပင် မခံနိုင်ကြ။ ခွေးသေ အနံ့ဆိုလျှင်ကား ပြောဖွယ်ရာမရှိတော့ချေ။ မာရ်နတ်သည် ခွေးသေကောင်ပုပ်နံ့ကို မခံ နိုင်သဖြင့် နတ်ဘုံ၊ ဗြဟ္မာဘုံများသို့ အစုန်အဆန် ပြေးသွားပြီး တွေ့သမျှ နတ်ဗြဟ္မာများအား ခွေးသေကောင်ပုပ်ကို ဖြုတ်ခိုင်း၏။ ရဟန္တာအရှင်မြတ်၏ အဓိဋ္ဌာန်တန်ခိုးကြောင့် မည်သည့်နတ်ဗြဟ္မာများမှ ဖြုတ်မပေးရဲကြ။

ထိုအခါကျမှ မာရ်နတ်သည် သူ့အမှားကိုသိပြီး မထေရ်မြတ်ထံ လာရောက်တောင်းပန်၏။ မထေရ်မြတ်က သူ့ကိုစော်ကားမော်ကား ပြောဆိုကဲ့ရဲ့မိသဖြင့် အရိယူပဝါဒကံထိုက်သွားသော ဒကာ ဒကာမများ ပြန်လာပြီး ကန်တော့ တောင်းပန်စေနိုင်ရန်အတွက် အဖြစ်မှန်ကို မာရ်နတ်ကိုယ်တိုင် မြို့ထဲလည်ပြီး ပြောပြစေ၏။ ထိုကိစ္စပြီးမှ သူ့လည်ပင်းမှ ခွေးသေကောင်ပုပ်ကို ဖြုတ်၍ပေးလိုက်၏။ မျက်စေ့နှင့်မြင်တိုင်းလည်း အမှန်မဖြစ်နိုင်ပုံကို သတိပြုသင့်၏။

**(မှတ်ချက်)**။ *။ထေရဂါထာ၊ တိကနိပါတ၊ သာဋ္ဌိမတ္တိယထေရဝတ္ထု။ ဤမထေရ် သည်သာ ဘုရားဟောပါဠိတော်၌လာသော မာရ်နတ်ကိုနိုင်သည့် မထေရ်ဖြစ်၏။*

ဤနေရာ၌ ဗုဒ္ဓဘာသာဝင်တိုင်း အရေးတကြီးသိသင့်သဖြင့် 'ရှင်ဥပဂုတ္တ' အကြောင်း သုတေသနအကျယ်ကို ဆရာကြီးဦးဌေးလှိုင်ရေးသားသော 'သီဟိုဠ် ခေတ်စံတော်ဝင်အရိယာများ'စာအုပ်မှ ကူးယူဖော်ပြအံ့။

## မဟာယာနတို့ အလေးမူသော ရှင်ဥပဂုတ်

ရှင်ဥပဂုတ်အကြောင်း ရှေးဆရာတော်ကြီးအချို့လည်း ဒကာ,ဒကာမတို့ မေး လျှောက်ကြသဖြင့် မကြာခဏ ဖြေဆိုတော်မူနေကြရဟန်တူလေသည်။ မုံရွေး ဇေတ ဝန်ဆရာတော်ဘုရားကြီးက သမန္တစက္ခုဒီပနီကျမ်းတွင် ဖြေဆိုခဲ့သည်မှာ သဒ္ဒါကျမ်းများ ၌ ဝေါဟာရစကားလုံးတစ်ခုအဖြစ် ပါဝင်ကြောင်း မိလိန္ဒပဥှာ၌ ပါကြောင်း ဖြေဆို၏။ သို့ရာတွင် မိလိန္ဒပဥှာပါဠိတော်၌ အလျဉ်းမပါရှိချေ။ ယိုးဒယား

www.burmeseclassic.com

www.burmeseclassic.com



မူ၌ရှိလေဟန် ဆိုကြပြန်လေသည်။

'နောက်ဆုံး ဇေတဝန်ဆရာတော်ဘုရားကြီးက ရှင်ဥပဂုတ်၏ အတ္ထုပ္ပတ္တိဝတ္ထု ထုံးစံများကို ခိုင်ခိုင်ခံ့ခံ့ ဒင်္ဂီကမ္ဗဉာပကပြု၍ မှတ်သားလောက်အောင် ကျမ်းဂန် မတွေ့ဖူးချေ'ဟု ဆုံးဖြတ်တော်မူခဲ့၏။

(**မှတ်ချက်**-*ကျမ်းဂန်ဆိုသည်မှာ သံဂါယနာတင် ဆရာအစဉ်အဆက် အလေးမူသော ကျမ်းဂန်ကို ဆိုလိုပေသည်။*)

## ဝဇီရဗုဒ္ဓိဋီကာ စဉ်းစားဖွယ်

ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းပေါင်း တစ်ရာကျော်တွင် မည်သည့်နေရာ၌မျှ ရှင်ဥပဂုတ်အကြောင်း အရိပ်အမြွက်မျှပင် မပါရှိဘဲ ဝိနည်းဋီကာ ဝဇီရဗုဒ္ဓိ(၆၃-ဝေရဉ္ဇာခန်းအဆုံး)၌သာ အရိပ်အမြွက်တွေ့ရလေရာ အလွန်အံ့သြမိလေသည်။ ဋီကာဆရာ မူလရေးရင်းမှ ဟုတ်ပါလေစဟု သံသယဖြစ်ဖွယ်ရှိပေသည်။ မုံရွေး ဇေတဝန် စသော အလွန်ကျမ်းဂန်နှံ့စပ်သည့် ဆရာတော်ကြီးများ ထိုမျှထင်ရှားသော ကျမ်းမှာ ပါသည်ကို မတွေ့ပဲ မရှိတန်လေရာ။

ဋီကာဖွင့်ပြထားသည်မှာလည်း ဝေရဉ္ဇာကဏ္ဍာဆုံးခါမှအလွတ် (ပါဠိမုတ္တက)သဘောမျိုး ဖွင့်ပြခြင်းဖြစ်သည်။ ဖွင့်ပြသည့်အဓိပ္ပာယ်မှာ-မြတ်စွာဘုရား ဝေရဉ္ဇာပြည်၌ဝါကပ်လျှင် မာရ်နတ် နှောင့်ယှက်သည်ကို ဖျက်ဆီးနိုင်သော အစွမ်းမရှိသလော။ ရှိပါ၏။ သို့ရာတွင် နောက်ကာလ ဥပဂုတ်လက်ထက်၌ သာသနာ ကြည်ညိုမှုရရန် အကြောင်းရှိ၍ သည်းခံတော်မူသည်ဟု ဖွင့်ပြသည်မှာ အလွန် မဆီမဆိုင်လွန်း။

ယင်းဋီကာ စာမျက်နှာ(၃၁)၌ပင် ဝေရဉ္ဇာပြည်ဝါကပ်ရခြင်း၏ အကြောင်းများကို ထောက်ပြရာတွင် အရှင်မောဂ္ဂလာန်၏ တန်ခိုးအာနုဘော် အရှင်သာရိပုတ္တရာ၏ ဝိနည်းပညတ်ရန် အကြံဖြစ်ပေါ်မှုပြရန်၊ ဝေရဉ္ဇာပုဏ္ဏားကြီးအား ချီးမြှောက်ရန်၊ သာသနာဝင်အစဉ်အဆက် အာဟာရအပေါ် သည်းခံမှုသင်ခန်းစာဖြစ်စေရန်စသော ရှေ့နားက,ပြခဲ့သည့် အကြောင်းပြချက်များကိုပါ ပေ့ပျက်သွားစေ၏။ အကယ်၍ မာရ်နတ်အကြောင်း ဖွင့်လိုလျှင်လည်း ရှေ့နားကပင် ဖွင့်ပြခဲ့သင့်၏။ ယခုမူ ပြီးမှ ပြန်၍ ပြောနေခြင်းမှာ စဉ်းစားစရာဖြစ်သည်။

ယင်းဋီကာ၏ မှီရာ ပါရာဇိကဏ်အဋ္ဌကထာ(၁-၁၄၇)၌ အဋ္ဌကထာဆရာကြီးကိုယ်တိုင် ဝေရဉ္ဇာပြည် ကြွရောက်ဝါကပ်ရာ၌ မာရ်နတ်နှောင့်ယှက်မည်ကို မသိရာ သလောဟု မေးခွန်းထုတ်ကာ မသိ၍မဟုတ်၊ ထိုအချိန်က မာရ်နတ်သည် အလွန် ရန်ငြိုးကြီးနေချိန်ဖြစ်၍ မြတ်စွာဘုရား တာဝတိံသာသို့ပင်ကြွ၍ ဝါကပ်သော်လည်း နှောင့်ယှက်မည်သာဖြစ်သည်ဟု ဖွင့်ပြထားသောစကားနှင့် နှိုင်းယှဉ်ပြန်သော် ဋီကာဆရာ၏စကားသည် ပို၍ စဉ်းစားစရာဖြစ်လေသည်။

မြတ်စွာဘုရားရှင်သည် ထိုနှစ်ဝါတွင် သာသနာတော် အရှည်တည်တံ့ အောင်

www.burmeseclassic.com

www.burmeseclassic.com



ဝိနည်းဥပဒေများ ပညတ်တော်မူမည်ဖြစ်၍ မာရ်နတ်က တစ်ဝါတွင်းလုံး မြင်းစာဂျုံကြမ်းများကိုသာ ဘုဥ်းပေးနေရအောင် နှောင့်ယှက်ခြင်းဖြစ်ဟန် တူပေသည်။

ဦးကာဆရာ ပြောသကဲ့သို့လည်းကောင်း၊ ယခုအခါ လူအများထင်နေကြသကဲ့သို့လည်းကောင်း၊ ရှင်ဥပဂုတ်လို တန်ခိုးကြီးသော ရဟန္တာကြီးတစ်ပါး တတိယသံဂါယနာခေတ်က အမှန်တကယ် ဖြစ်ထွန်းရှိခဲ့ပါလျှင်၊ သို့မဟုတ် ထေရဝါဒ၌ အမှန်တကယ် စံပြုလောက်သော တကယ့် ခီဏာသဝ၊ ဣဒ္ဓိမန္တဖြစ်သောပုဂ္ဂိုလ်ကြီးသာ ဟုတ်ရိုးမှန်ခဲ့ပါလျှင် အဋ္ဌကထာဆရာကြီးများသည် တစ်နေရာ၌ မလွဲမသွေ ဖော်ပြ သင့်ခဲ့ပေသည်။

အထူးသဖြင့် တတိယသံဂါယနာတင်ခန်း၌ကား မဖော်ပြဘဲ မနေသင့်ပေ။ တစ်ဖန် တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသောပုဂ္ဂိုလ်များကို စံတင်ညွှန်းပြရာတွင်လည်း သီဟိုဠ်ခေတ်က ပုဂ္ဂိုလ်ထူးများကိုပင် ဖော်ပြခဲ့သေးရာ ရှင်ဥပဂုတ်အား မည်သို့မျှ မေ့လျော့နေရန် ခြွင်းချန်ခဲ့ရန် အကြောင်းမရှိပါချေ။ ဝဇီရဗုဒ္ဓိ ဦးကာဆရာသည် (မူလရေးရင်း အမှန်ဖြစ်ခဲ့သော်) အဋ္ဌကထာဆရာကြီးများကိုပင် ကျော်လွန်ရာ ကျပေ၏။

## မှန်နန်းရာဇဝင်နှင့် ဇိနတ္ထပကာသနီ

စင်စစ် ရှင်ဥပဂုတ်သည် သာသနာစောင့် မထေရ်ကြီးများအဆက်ဆက် အလေးမူသောကျမ်းဂန်များတွင် မလာမရှိ။ သာသနာနှင့်ဆန့်ကျင်သော အယူဝါဒများတွင် ပါဝင်နေသဖြင့် ပါဠိလိုရေးထားသော်လည်း ဆရာစဉ်ဆက် အလေးမမူသော လောကပညတ္တိကျမ်းတွင်သာ ရှိသည်။

ရာဇဝင်ကြီးကိုပြုစုသောဆရာများနှင့် ကျီးသဲလေးထပ်ဆရာတော်သည် အဆိုပါသဘောကို အလေးအနက်မသုံးသပ်ဘဲ သဒ္ဓါတရားဖြစ်ပွားစေရန်လောက်ကိုသာရည်ရွယ်၍ ဆရာအစဉ်အဆက် အလေးမမူသော လောကပညတ္တိ ကျမ်းမှ ယူ၍ မှန်နန်းရာဇဝင်ကြီး၊ ဇိနတ္ထပကာသနီနှင့် မဟာဝင်ဝတ္ထုများတွင် ဖော်ပြခဲ့မိကြလေသည်။

ကျီးသဲဆရာတော်ကြီးကား ၁၉၂၁-ခုနှစ်ကပုံနှိပ်သော ဝိမတိစ္ဆေဒနီကျမ်း (၉၃)၌ပင် အင်္ဂလိပ်လောကစာတတ်ဆရာများ ပင်လယ်အတွင်း၌ ကြေးပြာသာဒ်ကြီးကို မြင်တွေ့ရကြောင်း ၁၂၂၅-ခုနှစ် သတင်းစာပါသတင်းကိုပင် ဖော်ပြထားသေး၏။ ထိုအခါမှစ၍ မြန်မာပြည် ထေရဝါဒသာသနာဝင်တို့လောက၌ အလှူမင်္ဂလာပွဲထိုးရာမှ အစ ရှင်ဥပဂုတ်သည် ကန်တော့ပွဲတစ်ပွဲ ရတော်မူလေ၏။

သီးခြားကျောင်းဆောင်နှင့်၊ ရေကန်နှင့်၊ သမင်လည်ပြန် ကာယိန္ဒြေမဲ့သော ရုပ်တု ထုလုပ်ကိုးကွယ်ကြလေ၏။ အထက်ပါကျမ်းများသည် အသုံးတွင်ကျယ်သော ကျမ်းများဖြစ်၍ မူရင်းမဟာဝင်၌ ပါလေဟန် ပါဠိအဋ္ဌကထာလာ ဖြစ်လေဟန် ထင်မှားကုန်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးက ကျမ်းပြုဆရာတော်ကြီးများ ထေရဝါဒကျမ်းဂန်၌ မပါသော ဇမ္ဗူပတိ ချွတ်ခန်းကို မဏိကုဏ္ဍလကျမ်း၊ တထာဂတဥဒါနဒီပနီတို့၌ ဖော်ပြခဲ့မိရာမှ ယခုအခါ ထေရဝါဒ ရုပ်ပွားတိုင်းလိုလိုပင် အချွန်အတက်များနှင့် မင်းမြှောက် တန်ဆာငါး ပါးတွင် သန်လျက်မကိုင်ရုံသာ ရှိရလေတော့သည်။ သံဝေဂဖြစ်ဖွယ် ကောင်းလေစွ။ နှောင်း ပညာရှင်တို့ စင်ကြယ်သော ဗုဒ္ဓဝါဒကျမ်းစာများ ရေးကြမည် ဆိုပါလျှင် သင်ခန်းစာ ယူဖွယ်ပင်ဖြစ်ပါတော့သည်။

> လ၊ နေနှင့် ဘုရားစကားတော်(ပိဋက)များ ဖွင့်ဖော်မှ အကျိုးရှိသည်။ ဖုံးဝှက်ထား၍ အကျိုးမရှိ။ မိစ္ဆာအယူဝါဒ၊ မိစ္ဆာ မန္တာန်နှင့် မာတုဂါမတို့မှာ ဖုံးဝှက်ထားမှ အကျိုးရှိသည်။ ဖွင့် ဖော်၍မပြရဟု မြတ်စွာဘုရားရှင် အင်္ဂုတ္တရပါဠိတော် (အံ၊ ၁၊ ၂၈၆-ပဋိစ္ဆန္နသုတ်)၌ ဟောတော်မူခဲ့လေသည်။

## တတိယသံဂါယနာတွင် ရှင်ဥပဂုတ်သည် ပဓာနလော

အဋ္ဌကထာဆရာကြီးများနှင့် သံဂါယနာမတင်သော်လည်း ဆရာစဉ်ဆက် ပမာဏပြုရသော မဟာဝံသကျမ်းများ (နောက်ဆုံးမကြာမီက သီဟိုဠ်မှ ဒေါက်တာ မာလာဆေကရပြုစုသော ပိဋကတော်လာ ပဓာနာအမည်များအဘိဓာန်)၌ပင် မပါ ဝင် မဖော်ပြသော ရှင်ဥပဂုတ်အား တတိယသံဂါယနာခေတ်တွင် ပဓာနပုဂ္ဂိုလ်ကြီး အဖြစ် ဖော်ပြရေးသားကြသည်မှာ အလွန်စဉ်းစားသင့်သော ကိစ္စကြီးတစ်ခုဖြစ်ပေ သည်။ အလွန်တာဝန်ကြီးလေးသော ရေးသားမှုကြီးဖြစ်ပေ၏။ ကြောက်ဖွယ် ကောင်းလေစွ။

ပို၍ဆိုးသည်မှာ အသောကမင်းကြီး၏ သာသနာပြုဖက် ဆရာများဖြစ် သော ဣန္ဒဂုတ္တမထေရ်ကြီးနှင့် ပြဆိုခဲ့ပြီး (သကုလုဒါယီပရိဗိုဇ် ဝင်စားတော်မူသော) အဿ ဂုတ္တမထေရ်ကြီးများကိုပင် 'ဂုတ္တ'ပါနေ၍ ရှင်ဥပဂုတ်၏ အမည်ကွဲများဖြစ် သည်၊ ရှင်ဥပ ဂုတ်ဟူသည် ဣန္ဒဂုတ္တမထေရ်ပင်တည်း၊ အဿဂုတ္တမထေရ်ပင် တည်းဟု ရေးသားကြ သည်မှာ ပို၍ပင် တာဝန်လေးသောစကားများ ဖြစ်ကုန်တော့ သည်။

ထိုမှတစ်ပါး ဤကျမ်း တန်ခိုးအဘိညာဉ်အရာ စံတော်ဝင်များတွင် ပြခဲ့သော ကိုရင် 'သံဃရက္ခိတ'၏ဦးလေး ဆရာမဟာနာဂ (သမုဒ္ဒရာ၌နေသော) မထေရ်နှင့်၊ မာရ်နတ် မီးကျီးမိုးရွာစဉ် တားသောမထေရ်များကို ထိုပုဂ္ဂိုလ်များ ဖတ်ရှုမိကြပါမူ လွယ်လွယ်နှင့်ပင် ရှင်ဥပဂုတ်ဟု ယူမှားနိုင်ပေတော့သည်။

အကယ်စင်စစ် ရှင်ဥပဂုတ်သည် တတိယသံဂါယနာ (မဟာယာနဝါဒများ ကို ရှင်းလင်းပွဲ)၌ ပဓာနမဟုတ်စေကာမူ အတန်အသင့်တာဝန်ရှိသူတစ်ပါး ဖြစ်ခဲ့လျှင် သော်မှလည်း မဟာယာနဝါဒီတို့က ခေါင်းဆောင်အဖြစ် လေးစားသည် မှာ စဉ်းစား၍ မရအောင်ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အောင်ဓာတ်စေနိုင်သူ ရှင်ဥပဂုတ်

ရှင်ဥပဂုတ်အကြောင်း ဖျာပုံမြို့ စကြာရန်အောင်ဆရာတော်ရေး ဗုဒ္ဓနိုင်ငံတော် (၄၉၀)စာအုပ်၊ မမ္မာစရိယ ဦးခင်မောင်လင်း တည်းဖြတ်၍ ဆရာဇာဂရု ဆိုသော ပုဂ္ဂိုလ်တစ်ဦးရေးသားသည့် ရှင်ဥပဂုတ္တရဟန္တာပူဇော်နည်းနှင့် ပရိတ်တော်၊ မိုးကုတ်မြို့ အရှင်ပညိန္ဒာဘိဝံသ (ပထမကျော်၊ သကျသီဟ၊ ဘီအေ)ရေးသော 'စင်ကြယ်သော ဗုဒ္ဓဘာသာ'စာအုပ်များကိုဖတ်ရှုရာ ရှင်ဥပဂုတ်သံသယသည် အတော်ပင်ရှင်းလင်းသွားရပါ၏။

ထိုတွင် ဆရာတော်အရှင်ပညိန္ဒာဘိဝံသစာအုပ်မှာ ရှင်ဥပဂုတ်သည် မဟာယနဝါဒသာဖြစ်၍ ထေရဝါဒတွင် ရောနှောလာကြောင်း၊ (ဝါ) စင်ကြယ်သော ဗုဒ္ဓဘာသာတွင် အမည်းစက်တစ်ခုဖြစ်ကြောင်း ရေးထားသောစာအုပ်ဖြစ်ရာ ထေရဝါဒသာသနာအတွက် ကျေးဇူးများလှပေသည်။ 'ဗုဒ္ဓနိုင်ငံတော်' စာအုပ်တွင် လည်း မဟာယာနဗုဒ္ဓဘာသာ မှတ်တမ်းများအရ အသောကမင်းတရား လက်ထက်က မဓုရအနီး၊ နတဘာတိက တောအုပ်ကြီးအတွင်း ဂုရုမုဏ္ဍာတောင်ပေါ်၌ သီတင်းသုံးသော ဥပဂုတ္တ မထေရ် စသည်ဖြင့် မဟာယာနမထေရ် တစ်ပါးသာ လျှင်ဖြစ်ကြောင်း ပြဆိုထားလေသည်။

ရှင်ဥပဂုတ္တရဟန္တာပူဇော်နည်းနှင့် ပရိတ်တော်စာအုပ်၌ ရဟန္တာဟု ပြထားရုံမျှမက ဣန္ဒဂုတ္တ၊ အဿဂုတ္တမထေရ်ကြီးများသည်ပင် ရှင်ဥပဂုတ်ဖြစ်ကြောင်း ပြဆိုထားရာ များစွာရောထွေးသွားပေ၏။ သို့ရာတွင် မဟာယာနသာသနာ ဝင်ဖြစ်သော သက္ကဋဘာသာရေးကျမ်းမှ ရှင်ဥပဂုတ်အတ္ထုပ္ပတ္တိကို ဖတ်ရှုရပေရာ တစ်နည်းအားဖြင့် ထိုကျမ်းဆရာအား ကျေးဇူးတင်ရပေသည်။

ထိုစာအုပ်မှာ ဒိဗျာဝဒါန မဟာယနသာသနာဝင်ကို မူထား၍ ဟိန္ဒူပညာရှင်များ၊ ခရစ်ယာန်သာသနာပိုင် 'ကာလိဒဝဲလ်'စသော ပညာရှင်များ၏ (သက္ကဋ၊ ဟိန္ဒီ၊ အင်္ဂလိပ်) အဆိုအမိန့်များကို ပေါင်းစပ်သုတေသနပြုထားသည့် ကျမ်းဖြစ်၏။

ရှင်ဥပဂုတ်သည် မဓူရပြည်သား ရေမွှေးကုမ္ပဏီပိုင်ရှင် ဂုတ္တ၏သားငယ်ဖြစ်ပုံမှအစ အပြည့်အစုံဖော်ပြထားရာ ရှင်ဥပဂုတ်သည် လက္ခဏာကြီးငယ် မပါသောဘုရားတစ်ဆူဖြစ်ပုံ၊ အဃတ်စ်တျ သံဟိတာကျမ်း၊ အဃတ်စ်တျ ဂီတာကျမ်း၊ သတလအာဒိကာရကျမ်းများ ပြုစုခဲ့ပုံ၊ ဂဏန်းကျမ်း၊ ကောင်းကင် နက္ခတ်၊ ကူမ္ဘစက်ဂြိုဟ်၊ နေကြတ်၊ လကြတ်, စသည်တို့ကိုလည်း ဓာတ်စေတော်မူသည့် တန်ခိုးဣဒ္ဓိပါဒ် အရှင်ဖြစ်ပုံကို အပြည့်အစုံဖတ်ရှုရပေသည်။ ထိုအချက်များကပင် ရှင်ဥပဂုတ်ဟူသည်မည်သို့သောပုဂ္ဂိုလ်ဖြစ်ကြောင်း သံသယရှင်းလေသည်။

လောက၌ 'ငါ-ဗုဒ္ဓဃောသ' ဟုဆိုကာ ဓာတ်စီး၍ပြသူများပင်ရှိနေလေရာ လောကီစီးပွားဥစ္စာ၊ အာဏာ၊ ရာထူး စသည်အတွက် ကိုးကွယ်ပသ,ခြင်းကား ပြောဖွယ်မရှိ၊ မိမိတို့ယုံကြည်ရာအလိုက် ကိုးကွယ်ပသ,နေကြသည်ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အကျိုးရသည်-မရသည်မှာလည်း စိစစ်ဖွယ်မရှိပြီ။ သို့ရာတွင် အရှေ့နှင့်အနောက် ခြားနားလှသော သဘာဝနှစ်ခုကိုမူ ထပ်တူပြု၍ ခံယူရေးသားခြင်းကား စဉ်းစား ကြရပေလိမ့်မည်။

## အနှစ်သာရရှုထောင့်မှ အမြင်

လောက၌ တောင်နှင့်မြောက်ဝါဒနှစ်ခု ခြားနားနေရာ ဤကျမ်းစာက ခိုင်မာသည်။ ထိုကျမ်းကား မခိုင်မာ၊ ငါတို့မှတ်တမ်းသာ မှန်၏၊ သူတို့မှတ်တမ်း မှားယွင်းသည် စသော အယူအဆ အပြောအဆိုများကား သန်ရာသန်ရာ ယူဆ,ပြော ဆိုနိုင်ကြသည် ပင်ဖြစ်သည်။ သို့ရာတွင် ဝါဒတစ်ခုတွင် အနှစ်သာရ မှတ်ကျောက်ဟူ သည် ရှိစမြဲ ဖြစ်၏။ မည်မျှ ရွှေနှင့်တူလှစေကာမူ၊ ရွှေအစစ်ပင်ဖြစ် စေကာမူ မှတ်ကျောက်တင် သောအခါ အဖြေထွက်လာရ၏။

'သံယုတ်ပါဠိတော် သဒ္ဓမ္မပဋိရူပကသုတ်'၌ သာသနာအစစ်ကို ကွယ်ပ,စေ နိုင်သော သာသနာအတု၊ တရားအတု၊ ကျမ်းစာအတုများအကြောင်း ဟောတော် မူထားပြီးဖြစ်လေသည်။ ဤ၌ အမြွက်မျှဖော်ပြလိုသည်မှာ ထေရဝါဒဗုဒ္ဓဘာသာတွင် ဒါန၌လည်းကောင်း၊ သီလ၌လည်းကောင်း၊ ဘာဝနာ၌လည်းကောင်း လုပ်နည်းလုပ် ဟန် ခြားနားချင် ခြားနားစေကာမူ အနှစ်သာရကား တူညီမှုရှိရ၏။ ထို အနှစ်သာရ ဆိုသည်မှာလည်း ဤသို့ဤသို့ဟု နေရာတိုင်းတွင် မူသေသတ်မှတ်ချက် ရှိချင်မှလည်း ရှိတတ်လေသည်။ သို့ရာတွင် ရွှေငွေကျောက်သံကို လုပ်ကိုင်နေသူများသည် ရွှေငွေ ကျောက်သံအကြောင်း သာမန်မြင်ရုံနှင့်ပင် အကဲဖြတ်နိုင်ကြ၏။

ရှင်ဥပဂုတ်ဝတ္ထုကြောင်းတွင်လာသော-

(၁) အသောကမင်းကြီး ကျောင်းအလှူပွဲတွင် ဝါဂွမ်းဆီစိမ်များကို ခန္ဓာကိုယ် ပတ်၍ မီးရှို့ပြီး အမြတ်ဆုံးဒါနဖြစ်အောင် စေတီပူဇော်သည်ဆိုရာ ထိုဒါနမျိုးကို ရဟန္တာအရှင်မြတ်ကြီးများ ခွင့်ပြုတော်မူပါမည်လော။ ထိုဒါနမျိုးကို ဘုရားရှင်ရော လက်ခံတော်မူပါမည်လော။

(၂) ရှင်ဥပဂုတ်သည် သပိတ်ကိုပိုက်၍ခေါင်းမော့ကြည့်လျှင် 'နေ'သည် မည်သည့် အခါမျှ မွန်းမတည့်ဆိုသော စကားမျ ားသည်လည်းကောင်း၊ မာရ်နတ်နှင့် တန်ခိုးပြိုင် ရာ၌ ဂဠုန်သဏ္ဌာန်၊ ကျားသဏ္ဌာန်၊ ဘီလူးသဏ္ဌာန် အပြိုင်အဆိုင်ဖန်ဆင်း၍ တန်ခိုးပြ ခြင်း (ဝိကုဗ္ဗနိဒ္ဓိ)ကို ဘုရားရှင် အာပတ်တပ်၍ တားမြစ်ထားသည်ဖြစ်ရာ ရဟန္တာပုဂ္ဂိုလ် များ ဘုရားစကားတော်ကို (သာမန်ကိစ္စတွင် အစွမ်းပြသည့်အနေဖြင့်) ကျူးလွန်ပါ မည်လော။

(၃) တောင်သမုဒ္ဒရာ၌ ကြေးပြာသဒ်နှင့် ယခုတိုင် ရှိနေသေးသည်ဟု ဝေါဟာရ ဆိုကြရာ ခန္ဓာဝန်နှင့် သင်္ခါရဒုက္ခကို မြင်တော်မူကြသော ရဟန္တာပုဂ္ဂိုလ် ကြီးများသည် 'နာဘိနန္ဒာမိမရဏံ၊ နာဘိ နန္ဒာမိဇီဝိတံ' ဟူသည့်အတိုင်း ပရိနိဗ္ဗာန်ပြုရသည်ကို လွန်စွာ ဝမ်းမြောက်တော်မူကြသည်ဖြစ်ရာ အသက်ရှည်စွာနေရခြင်းကို ခုံမင်တော်မူ

www.burmeseclassic.com

www.burmeseclassic.com



ကြပါသလော။ အသက်ရှည်စွာနေရခြင်းကို ဗုဒ္ဓဝါဒ၌ ဦးစားပေးခြင်းရှိ ပါသလော။

(၄) မာရ်နတ်က ဘုရားဟန် ဖန်ဆင်း၍ပြသောအခါ ရှင်ဥပဂုတ်ရဟန္တာကြီးက မာရ်နတ်အား ရှိခိုးသည်ဆိုသည်မှာလည်း ဖြစ်သင့်ပါသလော။ ဤသို့ စသည်ဖြင့် စဉ်းစားစရာတွေ များစွာရှိနေပေသည်။

(၅) မဟာယာနတို့ တီထွင်၍ဖြစ်စေ၊ အထိုက်အလျောက် နီးစပ်သောဖြစ်ရပ် တစ်စုံတစ်ရာရှိခဲ့၍ဖြစ်စေ မှတ်တမ်းတင်ထားသော ရှင်ဥပဂုတ်ဝတ္ထုတွင် နောက်ဆုံး ပမာနအချက်ကြီးတစ်ခုကို တွေ့မြင်ကြရလေသည်။

ယင်းကား အခြားမဟုတ်။ မာရ်နတ်သည် ခွေးသေကောင်ပုပ်ကြီး လည်ပင်း၌ အဆွဲခံရသဖြင့် ရှင်ဥပဂုတ်အား နောက်ဆုံးပြောပြသော စကားများ သည် မဟာယာန ဝါဒကြီးကို အမတေထည့်ထားသော ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်း သိသာထင်ရှားစေ တော့သည်။

(မဟာယာနဝါဒီတို့သည် 'ရဟန္တာ'ကို အထင်သေးကြ၏၊ ဘုရားဖြစ်ခြင်းကိုသာ ဂုဏ်ယူကြသည်။ ဤမူလအခြေခံကို သတိပြုပါ)

> ငါသည် ရှေးအခါက မြတ်စွာဘုရားအား များစွာ ဖောက်ပြန်သောအမှုကိုပြုခဲ့သည်။ မြတ်စွာဘုရားသည်ကား ငါ့အား တစ်စုံတစ်ခုသောအပြစ်ကို မပြု၊ ယခု သာဝက (ရှင်ဥပဂုတ်)သည် သနားခြင်းမရှိသည်ဖြစ်၍ ငါ့အား ညှဉ်းဆဲ နှိပ်စက်ဘိ၏ဟု မြည်တမ်းလျက် တောင်ဝှမ်းကို အစဉ်လှည့် ၍နေ၏။ တစ်ဖန် အကြံဖြစ်ပြန်၍၊ ငါသည် ရှေးရှေးသောဘဝကလည်း ဘုရားရဟန္တာဖြစ်ရအောင် ပုညအစု ကောင်းမှုအထူးကို ဆည်းပူးခဲ့လှပြီ။ ဤကုသိုလ်၏ အာနိသင်ကြောင့် နောင်သောအခါ ဘုရားဆုကိုသာ ရလိုပါ၏။ သတ္တဝါတို့အား သနားခြင်းမရှိသော သာဝက မဖြစ်လိုပါဟု မြည်တမ်း၏။
>
> *(မဟာဝင်ဝတ္ထု-၁၀၅)*

တတိယသံဂါယနာပွဲတော်ကြီးကို နောက်ခံထား၍ မည်မျှပီရိစွာ ရောမွှေထားသော်လည်း ရှင်ဥပဂုတ်မှာ ထေရဝါဒီမဟုတ်ကြောင်း ထင်ရှားလေ၏။ ထိုဝတ္ထုမှာလည်း မည်မျှ လုပ်ကြံမှုများပါဝင်မည်ကို စဉ်းစားကြရာသည်။

## အရှင်မောဂ္ဂလာန်နှင့် မာရ်နတ်

ရှင်ဥပဂုတ်အကြောင်း ကြားဖြတ်တင်ပြပြီး၍ ယခု မာရ်နတ်အကြောင်း ပြန်ဆက်ပါအံ့။

အရှင်မောဂ္ဂလာန် ဟောကြားပြသသော တရားတော်များကြောင့် လူအများ မင်္ဂဖိုလ်ကိုရကြ၏။ ပုထုဇဉ်ဘဝမှ လွတ်ကြ၏။ အပါယ်ဘေးမှ အေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကို ကြည့်မရဖြစ်နေသူကား ထုံးစံအတိုင်း မာရ်နတ်ပင်ဖြစ်၏။ တစ်ခုသော နေ့တွင် မထေရ်မြတ်၏ အလစ်တွင် မာရ်နတ်သည် မထေရ်မြတ်၏ ပါးစပ်ပေါက်မှ တစ်ဆင့် ဝမ်းထဲသို့ဝင်ရောက်ပြီး အစာဟောင်းအိမ်ပေါ်တွင် ထိုင်နေ၏။ 'မထေရ်မြတ်ကို ဗိုက်အောင့်ပြီး သေစေလို'သော စေတနာဆိုးကြောင့်ပင်ဖြစ်၏။

မထေရ်သည် ဗိုက်ထဲတွင် မအီမသာဖြစ်နေသဖြင့် နေလို့ထိုင်လို့မကောင်းတော့ပေ။ တန်ခိုးဖြင့် ဆင်ခြင်ကြည့်သောအခါတွင်မှ ဗိုက်ထဲရောက်နေသော မာရ်နတ်ကိုတွေ့ရ၏။ မထေရ်မြတ်ကသာ ဆင်ခြင်မကြည့်ဘဲ ဝမ်းဗိုက်ကိုလက်ဖြင့် ပွတ်သပ်လိုက်လျှင် မာရ်နတ်သည် စိစိညက်ညက်ကြေပြီး သေဆုံးရမည်ဖြစ်၏။ ရဟန္တာဖြစ်နေသောကြောင့်သာ ထိုကဲ့သို့မပြုလုပ်ခြင်းဖြစ်၏။ မထေရ်သည် မာရ်နတ်အား ဝမ်းဗိုက်အပြင်သို့ထွက်ရန် ပြောဆိုသော်လည်း မာရ်နတ်က မထေရ်၏ စကားကို နားမထောင်ပေ။

သူ ဗိုက်ထဲဝင်နေသည်ကို မထေရ်မြတ် မသိမြင်နိုင်၊ မှန်းဆပြီးပြောနေခြင်းဖြစ်သည်ဟု ယူဆသောကြောင့် ဗိုက်ထဲမှ ထွက်မလာခြင်းဖြစ်၏။ မထေရ်က မာရ်နတ် ဗိုက်ထဲဝင်နေသည်ကို တကယ်သိမြင်သောကြောင့် ပြောဆိုခြင်းဖြစ်ကြောင်း ထပ်ပြောမှ ပါးစပ်ပေါက်မှ တစ်ဆင့်ထွက်လာ၏။ တံခါးထောင့်တွင် ယောင်ပေ ပေဖြင့် ကပ်ရပ်နေသော မာရ်နတ်ကိုတွေ့ရသောအခါ အရှင်မောဂ္ဂလာန်က မာရ်နတ်အား ဆုံးမ၏။ စိတ်ထားသိမ်မွေ့ပြီး နောင်တစ်ချိန်တွင် သာသနာကို မဖျက်ဆီးစေလိုသောကြောင့် ဆုံးမခြင်းဖြစ်၏။

အရှင်မောဂ္ဂလာန်သည် ဘဝတစ်ခုက ဒူသီအမည်ရှိသော မာရ်နတ်တစ်ဦးဖြစ်ခဲ့၏။ ယခု မာရ်နတ်သည် ဒူသီမာရ်နတ်၏အစ်မက မွေးခဲ့သောကြောင့် တူဝရီးပင်တော်စပ်ခဲ့၏။ ဒူသီမာရ်နတ်သည် သူ့လက်ထက်က ပွင့်တော်မူခဲ့သော ဘုရားရှင်နှင့် သာသနာတော်ကို ယခုမာရ်နတ်လိုပင် နည်းမျိုးစုံဖြင့် ဖျက်ဆီးခဲ့၏။ ပထမဆုံးအနေဖြင့် သူသည် ရဟန်းသံဃာများကို လာဘ်လာဘနည်းပါးအောင် ပြုလုပ်၏။ သူ၏နည်းကား ရဟန်းသံဃာများပုံသဏ္ဌာန် ဖန်ဆင်းပြီး မကောင်း သောအလုပ်များကို လူတွေမြင်အောင် ပြုလုပ်ပြသခြင်းဖြစ်၏။

ထိုအခါ လူများက 'ရဟန်းများသည် မကောင်းမှုများကို ပြုလုပ်နေကြပြီ'ဟု ဆိုကာ စွပ်စွဲကဲ့ရဲ့ကြ၏။ ထို့ကြောင့် အရိယူပဝါဒကံများထိုက်ကြ၏။ ပစ္စည်းလေးပါး လှူဒါန်းခြင်းကိုလည်း ရပ်လိုက်ကြ၏။ ထို့ကြောင့် ဒါနမျိုးစေ့လည်း ကန်းသွား၏။ အရိယူပဝါဒ ကံကြီးထိုက်ထားသောကြောင့် ထိုအချိန်အခါက သေဆုံးသောသူများသည် ငရဲသို့သာကျကြ၏။

အဆိုးလောကဓံကြောင့် ရဟန်းများ စိတ်ပျက်ကာ လူထွက်ပြီး သာသနာကို ပျက်စီးစေချင်သည်မှာ ဒူသီမာရ်နတ်၏ တစ်ခုတည်းသောဆန္ဒ ပင်ဖြစ်၏။ သို့သော် ရဟန်းတော်များက ဒေါသဖြင့် စိတ်ပျက်စိတ်ဆိုးခြင်းလည်း မရှိကြ၊ လူလည်း

www.burmeseclassic.com

www.burmeseclassic.com



မထွက်ကြပေ။ အကြောင်းကား ဗုဒ္ဓ၏ အဆိုးလောကဓံ ကာကွယ်နည်း တရားကို မပြတ် ပွားများနေကြသောကြောင့်ပင်ဖြစ်၏။ ထိုတရားကား မေတ္တာ ဘာဝနာပင်တည်း။ သူ့ရည်ရွယ်ချက် မအောင်မြင်သောအခါ ဒူသီမာရ်နတ်သည် ဒုတိယနည်း တစ်ခုကို ပြောင်းသုံးပြန်၏။ ထို ဒုတိယနည်းကား လာဘ်လာဘဖြင့် တိုက်ခိုက်ခြင်း တည်း။

ဒေါသကိလေသာဖြင့် အစိမ်းခြွေ-ခြွေ၍မရသောအခါ လောဘကိလေသာဖြင့် အမှည့်ခြွေ-ခြွေခြင်းပင်ဖြစ်၏။ ဒူသီမာရ်နတ်ကိုယ်တိုင် ရဟန်းများအသွင် ဖန်ဆင်းပြီး ကောင်းကင်တွင် စင်္ကြံလျှောက်ပြခြင်း၊ ထိုင်ပြခြင်းတို့ဖြင့် ဆွဲဆောင်သောကြောင့် လူအများသည် သံဃာတော်များအပေါ် အလွန်ကြည်ညိုကာ ပစ္စည်းလေးပါးကို လိုအပ်သည်ထက် ပိုလွန်သည်အထိ လှူဒါန်းကြ၏။ ထို ဒါနမစတနာများကြောင့် ထိုအချိန်က ကွယ်လွန်သူများသည် နတ်ပြည်သို့ချည်း ရောက်ကြရ၏။

ပစ္စည်းလေးပါး မည်မျှပင်ပေါမှများသော်လည်း ရဟန်းတော်များကား ဒူသီမာရ်နတ် မျှော်လင့်သည့်အတိုင်း လူထွက်သူမရှိကြ။ အဘယ့်ကြောင့်နည်း။ ဗုဒ္ဓပေးထားသော အကောင်းလောကဓံ ကာကွယ်နည်းတရားကို ပွားများနေကြသောကြောင့် ပင်တည်း။ ထိုတရားကား ရုပ်နာမ်အားလုံးတို့၏ မမြဲမှုကို ရှုပွားသော အနိစ္စာနုပဿနာတရားပင် ဖြစ်၏။ ဒူသီမာရ်နတ်သည် ရဟန်းတော်များက သူထင်သလို လူမထွက်ကြသောအခါ ကိုယ်ထိလက်ရောက် အနှောင့်အယှက်ပေး လာ၏။

တစ်ရက်တွင် ဘုရားအမှူးရှိသော သံဃာတော်များ ဆွမ်းခံကြွတော်မူစဉ် ဒူသီမာရ်နတ်သည် နွားကျောင်းသားတစ်ယောက်ကိုပူးဝင်ပြီး သံဃာတော်များကို ကျောက်ခဲဖြင့်ပစ်ပေါက်၏။ ဘုရားရှင်၏ အဂ္ဂသာဝကတစ်ပါး ခေါင်းကိုထိမိပြီး ကွဲသွား၏။ ရဟန္တာဖြစ်သောကြောင့် ပစ်သူကို ဒေါသဖြစ်ဖို့နေနေသာသာ လှည့်ပင် မကြည့်ချေ။ ထိုအဖြစ်ကို ဘုရားရှင်သိတော်မူသောအခါ ဒူသီမာရ်နတ်ရှိရာသို့ လှမ်းကြည့်လျက် 'မာရ်နတ်၊ သင်သည် အတိုင်းအရှည်ကိုမသိ'ဟု မြွက်ကြားတော်မူ လိုက်၏။

ရဟန္တာကိုပြစ်မှားသော အကုသိုလ်ကံကြောင့် ဘုရားရှင်၏ စကားအဆုံးမှာ ပင် ဒူသီမာရ်နတ်သည် အဝီစိငရဲသို့ကျခဲ့၏။ ဤကား အရှင်မဟာမောဂ္ဂလာန်က မာရ်နတ်ကို ဆွေမျိုးစပ်ပြီးဆုံးမခဲ့သော တရားပင်ဖြစ်၏။

## မာရ်နတ်၏ တပ်မကြီး(၁၀)တပ်

ယခု မာရ်နတ်၏ တပ်မကြီး ဆယ်တပ်ကို တစ်တပ်ခြင်းအစီပွါယ် ရှင်းပြအံ့။ 'အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ'ဟူသော အာရုံငါးပါး၊ ကာမဂုဏ်တရားများသည် မာရ်နတ်၏ ပထမဦးဆုံး တပ်မပင်ဖြစ်၏။ တိုက်နှင့်၊ ကားနှင့်၊ တီဗွီနှင့်၊ အောက်စက်နှင့်နေရလျှင် လူဖြစ်စေ၊ ရဟန်းဖြစ်စေ အလွန်ပျော် မွေ့၏။

အနိစ္စမမြဲခြင်းဟူသော အသံမျိုးကို လာဘ်တိတ်သည်ဟုဆိုကာ ကြားပင်

www.burmeseclassic.com

www.burmeseclassic.com



မကြားလိုကြ။ ဝိပဿနာတရားကို နာကြားရှုပွားဖို့ကား ဝေးကွာလွန်းလှ၏။ ဝိပဿနာတရားကို လိုက်စားခြင်းမပြုနိုင်ဘဲ တိုက်ပေါ်၊ ကားပေါ်၌ပင် တစ်ဘဝ ပြီးသွားကြရသော လူနှင့်ရဟန်းများသည် ပထမဆုံးတပ်မှာပင် ကျဆုံးသွားသူ များဖြစ်၏။

မာရ်နတ်၏ ဒုတိယတပ်ကား တရားအလုပ်၌မပျော်ပိုက်ခြင်း 'အရတိ' ပင်ဖြစ်၏။ ကာမဂုဏ်မှ ခွာရှောင်ပြီး ရဟန်းပြုလာပါလျက် ဝိပဿနာအလုပ်၌ မပျော်ပိုက်ဘဲ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ ဓာတ်ရိုက်ခြင်း၊ ဂဏန်းပေးခြင်း၊ အင်းသောက်မှော်ဝင်ခြင်း၊ ဝိဇ္ဇာလမ်းလိုက်ခြင်းတို့ဖြင့် အချိန်ကုန်သွားသူများသည် မာရ်နတ်၏ ဒုတိယတပ်၌ ကျဆုံးသွားခြင်းပင်ဖြစ်၏။

မာရ်နတ်၏တတိယတပ်ကား 'ခုပ္ပိပါသ'ဖြစ်၏။ ရှေးစာများ၌ 'နွားငတ်ရေကျ' ဟု ဘာသာပြန်ကြ၏။ ရေငတ်နေသော နွားတစ်ကောင်ကို ချောင်းထဲချပေးလိုက်လျှင် တခြား မည်သည့်အရာကိုမှ အာရုံမစိုက်တော့ဘဲ ရေကိုအငမ်းမရသောက်သကဲ့သို့- တရားခွင်သို့ ရောက်နေပါလျက် တရားရဖို့အဓိကမထားဘဲ အစားအစာကို အဓိက ထားသဖြင့် မဂ်ဖိုလ်မှ လွဲကြရသူများကို ဆိုလိုခြင်းဖြစ်၏။ ညနေစာ ငတ်မှာစိုးသောကြောင့် တရားစခန်းမဝင်သောသူများ၊ တရားပြကောင်းသော်လည်း အစားအစာ မကောင်းသောကြောင့်ဟုဆိုကာ တရားစခန်းမဝင် သောသူများသည် မာရ်နတ်၏ တတိယတပ်မ၌ ကျဆုံးသူများပင်ဖြစ်၏။

လယ်တီဆရာတော်ကြီးက 'ရဟန်းဖြစ်စေ၊ လူဖြစ်စေ မိမိစွမ်းနိုင်သမျှ 'ဓုတင်' ကို ဆောက်တည်သင့်သည်။ ဓုတင်ဆောက်တည်ဖူးမှ မဂ်ဖိုလ်ကိုရသည်။ ယခု ဘဝ မဂ်ဖိုလ်ကိုရသူများသည် အရင်ဘဝများက ဓုတင်ဆောက်တည်ဖူးသောကြောင့်ဖြစ် သည်'ဟု ရေးသားခဲ့၏။

ဓုတင်သည်'ကိလေသာကို ခါတွက်ခြင်း'ဟုအဓိပ္ပါယ်ရ၏၊ ကိလေသာမြန်မြန် ကုန်ရေးအတွက် ဓုတင်သည် များစွာအထောက်အပံ့ဖြစ်စေ၏။ တစ်ခွက်တည်းသာ စားခြင်း- 'ပတ္တပိုဏ်ဓုတင်'၊ တစ်ထပ်တည်းသာ စားခြင်း- 'ဧက သနိက်ဓုတင်'တို့သည် လူ, ရဟန်းအားလုံး ဆောက်တည်နိုင်သော ဓုတင်များဖြစ်၏။

သို့သော် တရားထက် အစားကိုဦးစားပေးကြသော ယောဂီများသည် ဓုတင်ကို မဆောက်တည်ချင်ကြ။ ဤသို့ မဆောက်တည်နိုင်ခြင်းသည် မာရ်နတ်၏ တတိယတပ်မတွင် ကျဆုံးခြင်းပင်ဖြစ်၏။ မာရ်နတ်၏ တတိယတပ်ကို ကျော်လွန်လာနိုင်သူအား စတုတ္ထမြောက်တပ်က ဆက်လက်တိုက်ခိုက်ပြန်၏။

မာရ်နတ်၏ စတုတ္ထမြောက်တပ်ကား ဝိပဿနာတရား နာကြားရှုပွားခြင်းအလုပ်အပေါ် 'ပျင်းရိငြီးငွေ့လာခြင်း'ပင်ဖြစ်၏။ ဝိပဿနာတရား နာကြားရှုပွားခြင်းသည် အပါယ်ဘေးမှ ကင်းဝေးမည့်အလုပ်၊ နိဗ္ဗာန်ချမ်းသာကို ရမည့်အလုပ်ဖြစ်၍ ပျင်းရိစရာအကြောင်းမရှိ။ သို့သော် မာရ်နတ်၏ စတုတ္ထတပ်နှင့် အတိုက်ခံရလျှင် ယောဂီသည် အလိုလို ပျင်းရိလာတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သာဓက နှစ်ခုပြအံ့။ ရန်ကုန်မြို့မှ အသက်(၅၀)ကျော်ခန့်ရှိ ဇနီးမောင်နှံ နှစ်ယောက်တို့သည် တောရွာ တရားစခန်းပွဲတစ်ခုတွင် ဝင်ရောက်တရား အားထုတ်ရင်း သဘောကျသဖြင့် လူဝတ်ကြောင်ကိုစွန့်၍ အပြီးအားထုတ်တော့မည်ဟု ဆုံးဖြတ်ကာ တိုက်တာ ခြံမြေ၊ အတွင်းပစ္စည်းမျိုးစုံကို သားသမီးများအား အမွေခွဲဝေပေးပြီး လင်သားဖြစ်သူက ရဟန်းဝတ်ပြီး၊ ဇနီးမယားဖြစ်သူက သီလရှင်ဝတ်လိုက်၏။

သို့သော် မာရ်နတ်က စတုတ္ထတပ်မနှင့် တိုက်ထုတ်သောကြောင့် (၁)နှစ်ကျော်ခန့်အကြာမှာပင် နှစ်ယောက်စလုံး လူဝတ်လဲပြီး ဆင်းရဲပင်ပန်းစွာဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီးနေကြ၏။ သာသနာ့ဘောင်မှာ တရားနှင့်သာနေမည် ဆိုလျှင် ယခု ဘဝလည်း ချမ်းသာ၊ နောင်ဘဝလည်း ချမ်းသာမည်ဖြစ်၏။

ထိုသို့သောဘဝတွင် မပျော်မွေ့ဘဲ စားဝတ်နေရေး ကျပ်တည်းလှသည့်အတွက် ယခုဘဝလည်း ဆင်းရဲ၊ အပါယ်ကျပြီး နောင်ဘဝ၌လည်း ဆင်းရဲနိုင်သည့် နေရာတွင်မှ ပျော်မွေ့ခြင်းသည် မိမိ၏ ပကတိစိတ်ကြောင့်မဟုတ်၊ မာရ်နတ်၏ စတုတ္ထတပ်မကြောင့်သာဖြစ်ကြောင်း သတိကြီးစွာထားသင့်၏။

စာပေအရာ၊ ဝိနည်းအရာတွင် ထင်ရှားကျော်ကြားလှသော ဂိုဏ်းချုပ် ဆရာတော်ကြီးတစ်ပါးသည်လည်း မာရ်နတ်၏ စတုတ္ထတပ်မကြောင့် တောထဲတွင် တစ်ဝါပင် မဆိုနိုင်ဘဲ ကျောင်းတိုက်သို့ ပြန်ပြေးခဲ့ရဖူး၏။

ဆရာတော်ကြီး သံဝေဂရကာ တောထွက်ပြီး တရားကျင့်လိုသဖြင့် တပည့်ဒကာ, ဒကာမများ အတန်တန်တားသည့် ကြားထဲမှ တစ်ပါးတည်း တောထွက်ခဲ့၏။ သည်ဘဝ-သည်ခန္ဓာနှင့် အပြတ်ဟု ဆုံးဖြတ်ချက်ချပြီး ကျောင်းကန်တိုက်တာများကို တပည့်များအား အပြီးအပိုင် စာချုပ်စာတမ်းနှင့် လွှဲအပ်ခဲ့၏။

တပည့်, ဒကာ, ဒကာမများ အတင်းထည့်ပေးလိုက်သောကြောင့် ကပ္ပိယတစ်ယောက် လိုက်ပါလာပြီး လိုအပ်တာကိုပြုစုပေး၏။ တောထဲရောက်ကာစ တစ်လလောက်တွင်ကား ဆရာတော်ကြီးသည် အချိန်ပြည့် ရှုမှတ်ပွားများ အားထုတ်နေ၏။ ဆရာတော်ကြီးသည် ကာမ, အရတိ, ခုပ္ပိပါသ ဟူသော မာရ်နတ်၏ တပ်သုံးခုကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်၏။ ထိုအခါ မာရ်နတ်က တရားအလုပ် လုပ်ရမှာ ပျင်းရိလာစေသော 'တန္ဒီ'ဟူသည့် စတုတ္ထတပ်မနှင့် တိုက်တော့၏။

ဆရာတော်ကြီး၏ ပကတိစိတ်မဟုတ်တော့ဘဲ 'တန္ဒီ'ဟူသော ပျင်းရိသည့်စိတ်က ဝင်လာသောအခါ ဆရာတော်ကြီးသည် တရားအားထုတ်ချင်စိတ် ပျောက်သွား၏။ ကျောင်းတိုက်ကိုပဲ ပြန်သွားချင်နေ၏။ သက်တော်(၇၀)အရွယ်ရောက်မှ ကလေးစိတ်ကဲ့သို့ အခုတောထွက်ချင် အခုကျောင်းပြန်ချင်ဟု သူတစ်ပါးက ကဲ့ရဲ့မှာလည်း သူတော်ကောင်းပီပီ ရှက်ကြောက်ရှာ၏။ ထို့ကြောင့် ကျောင်းတိုက်သို့ပြန်ချင်သည်ကို မည်သူ့မှလည်းမပြောရဲဘဲ နေ့စဉ် စိတ္တဇဝေဒနာသည်တစ်ယောက်လို

www.burmeseclassic.com

www.burmeseclassic.com



ငေးငေး ငိုင်ငိုင်ဖြစ်နေရှာ၏။

လအတော်ကြာသောသောအခါ ဆရာတော်ကြီးသည် မစားနိုင်မအိပ်နိုင် ဖြစ်သည်အထိ တောထဲမှာနေရသည်ကို ငြီးငွေ့လာ၏။ ပျင်းရိလာ၏။ သည်လိုနှင့် ဝါတွင်းကာလသို့ ရောက်ခဲ့လေပြီ။ စာတတ်ပေတတ် ဝါတော်(၅၀)ကျော်ခန့် ရှိနေပြီ ဖြစ်သည့် ဆရာတော်ကြီးတစ်ပါးကိုပင် တရားအလုပ် ဆက်မလုပ်ဖြစ်အောင် ဖျက်ဆီး ပစ်သည်မှာ မာရ်နတ်၏ စတုတ္ထတပ်မပင် ဖြစ်၏။ ဆရာတော်ကြီးသည် နောက်ဆုံး တွင် ဝါကျွတ်အောင်ပင်မစောင့်နိုင်ဘဲ ကျောင်းတိုက်သို့ပြန်ကြွသွားခဲ့၏။

စတုတ္ထတပ်ကို ကျော်လွှန်နိုင်သောယောဂီအား မာရ်နတ်သည် ပဉ္စမတပ်မ နှင့် အသေတိုက်ပြန်၏။ ပဉ္စမတပ်ကား 'ထိနမိဒ္ဓ'ပင်ဖြစ်၏။ ရှေးစာများတွင် ထိနမိဒ္ဓ ကို စိတ်၊ စေတသိက်တို့၏ လေးလံထိုင်းမှိုင်းခြင်းဟုပြန်ဆို၏။ ခေတ်လူငယ်များ နားလည်အောင်ရေးရလျှင် ဝိပဿနာတရားကို နာကြားနေသည့်အခါ၊ ရှုပွား နေသည့် အခါ အိပ်ချင်လာမှု ငိုက်မျဉ်းလာမှုပင်ဖြစ်၏။

မာရ်နတ်၏ ပဉ္စမတပ်နှင့် ကိုယ်တိုင်ကြုံတွေ့ဖူး၏။ အိပ်ရာတွင် ခြင်ထောင် ချ ပြီးသည်နှင့် ကိုယ့်တရားကိုယ် ရှုမှတ်နေလိုက်၏။ မိနစ်(၂၀)ခန့်သာ ရှိသေးသည်၊ ကြွေပျက်လောက်အောင် အိပ်ချင်လာ၏။ အချိန်ကား သိပ်ညဉ့်နက်သေးသည် မဟုတ် ည(၁၀)နာရီခန့်သာရှိသေး၏။ သည်လောက်အိပ်ချင် နေမှတော့ အိပ်လိုက် တာကောင်း သည်ဟုဆုံးဖြတ်ပြီး လှဲအိပ်လိုက်၏။ အံ့သြစရာကောင်းပေစွ၊ အိပ်ရာ ပေါ် လှဲလိုက်သည်နှင့် အိပ်ချင်စိတ် လုံးဝမရှိတော့။ အိပ်၍လည်း မပျော်ပေ။ ထို့ကြောင့် ပြန်ထိုင်ပြီး တရားဆက်မှတ်၏။

မိနစ်အနည်းငယ်အတွင်း တအားအိပ်ချင်လာပြန်သဖြင့် လှဲအိပ်လိုက်ပြန် ၏။ သို့သော် အိပ်မပျော်။ ဤသို့ သုံးကြိမ်တိုင်အောင်ဖြစ်ခဲ့၏။ ထိုအချိန်က အဘယ့်ကြောင့် ဤသို့ဖြစ်မှန်းမသိခဲ့။ အမှန်ကား မာရ်နတ်၏ ပဉ္စမတပ်မနှင့် အတိုက်ခံရခြင်းသာ ဖြစ်၏။ ထိုကဲ့သို့ အတိုက်ခံရပါက ထိုင်ခြင်းဣရိယာပုထ်ကို ဖျက်၍ စင်္ကြံလျှောက်ခြင်း ဣရိယာပုထ်ဖြင့် ဆက်လက်ရှုပွားသင့်၏။

မာရ်နတ်၏ ပဉ္စမတပ်ကို သတိမပြုမိသော တရားပြဆရာများသည် ယောဂီ များကို တစ်နာရီမပြည့်မချင်း ဆက်ထိုင်စေ၏။ အိပ်ချင်စိတ် အားကြီး နေလျှင် တရားဘက် စိတ်မရောက်၊ ထိုင်ရင်းပင် အိပ်ပျော်သွားတတ်၏။ ထိုအခါမျိုး တွင် ယောဂီ အခြေအနေကိုကြည့်ပြီး စင်္ကြံလျှောက်ပြီး ရှုမှတ်ခိုင်းသင့်၏။ တစ်နာရီ ထိုင်ပြီး အိပ်ငိုက်နေမည့်အစား နာရီဝက် စင်္ကြံလျှောက်ပြီးရှုမှတ်ခြင်းက ယောဂီ အတွက် အကျိုးကြီး ကြောင်းကို တရားပြဆရာများ သတိပြုသင့်၏။

မာရ်နတ်၏ ဆဋ္ဌမမြောက်တပ်မကား 'ဘီရူ'ခေါ် ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်၏။ တရားဆက်အားထုတ်လျှင် ရူးများသွားမလား၊ ကျန်းမာရေးများ ထိခိုက် မလား၊ အသက်များ တိုမလား စသည်အားဖြင့် ကြောက်ရွံ့စရာများကို တွေးပြီး

www.burmeseclassic.com

www.burmeseclassic.com



တရားအလုပ်ကို ဆက်မလုပ်နိုင်ခြင်းသည် မာရ်နတ်၏ ဆဋ္ဌမမြောက်တပ်မဖြ္ဌ ကျဆုံးခြင်းပင်ဖြစ်၏။ တိတ်ဆိတ်သောနေရာ၌ အားထုတ်ခွင့်ရလျှင် ကြံဖန်ပြီး ကြောက်စိတ် လန့်စိတ်များ ပေါ်လာခြင်းသည်လည်း မာရ်နတ်၏ အနှောင့်အယှက်ပင်ဖြစ်၏။

ကျန်းမာရေးနှင့် ပတ်သက်၍ ကြောက်စိတ်၊ လန့်စိတ်များပေါ်လာလျှင် ဘုရားရှင်အပေါ် ကြည်ညိုသော သဒ္ဓါစိတ်၊ ယုံကြည်သောသဒ္ဓါစိတ်ဖြင့် ပယ်ဖျောက်အပ်၏။ မဟာကရုဏာရှင်ဖြစ်သော မြတ်စွာဘုရားသည် သတ္တဝါများ ဆင်းရဲမည့်အကြောင်းကို ဘယ်သောအခါမှ ဟောတော်မူမည်မဟုတ်၊ ဗုဒ္ဓ ဟောကြားသည့်အတိုင်း လိုက်နာကျင့်ကြံလျှင် ချမ်းသာခြင်းသာ ဖြစ်ရမည် ဟူသော သဒ္ဓါစိတ်မျိုးကို ဆိုလို၏။ မကောင်းဆိုးဝါးများအကြောင်းတွေး၍ ကြောက်လန့်သော စိတ်မျိုးကိုကား မေတ္တာဘာဝနာပွားပြီး ပယ်ဖျောက်အပ်၏။

မေတ္တာပွားနေသူအား မကောင်းဆိုးဝါးတို့သည် ကြောက်လန့်ဖွယ် အဆင်းကို ပြ၍မရပေ။ ထို့ကြောင့် မေတ္တာသုတ်၌ 'နေဝဒဿေန္တိဘီသနံ'ဟု ဟောတော်မူခြင်းဖြစ် ၏။ မေတ္တာဘာဝနာရှိသူအား မကောင်းဆိုးဝါးတို့သည် နှောင့်ယှက်ခြောက်လှန့်မှု မပြုသည့်အပြင် လိုအပ်သောအကူ အညီကိုပါပေးတတ်ကြောင်း အထောက်အထားကို မေတ္တာသုတ်နိဒါန်း၌ တွေ့ရ၏။ သံယုတ်ပါဠိတော် 'သတ္တိသုတ်'၌လည်း မေတ္တာပွားသူအား မကောင်းဆိုးဝါးတို့ မနှိပ်စက်နိုင်ပုံကို ယခုလိုဟောကြားထား၏။

'ရဟန်းတို့၊ ဥပမာကား အသွားထက်သောလှံကို လက်ဝါးဖြင့်သော်လည်းကောင်း၊ လက်ဆုပ်ဖြင့်သော်လည်းကောင်း ဖျစ်ညှစ် ဆုပ်ကိုင်သော ယောကျ်ားသည် ဆင်းရဲပင်ပန်းခြင်းသို့ ရောက်ရာ သကဲ့သို့-ထို့အတူ မေတ္တာစိတ်ကို လေ့လာပွားများသော ရဟန်း၏ စိတ်ကို ပျံ့လွင့်စေရန်ကြံသော မြေဘုတ်ဘီလူးသည် ဆင်းရဲပင် ပန်းခြင်းသို့သာ ရောက်ရာ၏။ ထို့ကြောင့် သင်တို့သည် မေတ္တာစိတ်ကို လေ့လာပွားများရန် လေ့ကျင့် အားထုတ်အပ်၏'

ဟူ၍ ဟောကြားတော်မူခဲ့သည်။

ဆဋ္ဌမမြောက်တပ်မကို ကျော်လွန်လာနိုင်သော ယောဂီအား မာရ်နတ် သည် သတ္တမမြောက်တပ်မဖြင့် တိုက်ခိုက်ပြန်၏။

သတ္တမမြောက်တပ်မကား တရားအပေါ် ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ပင်ဖြစ်၏။ ဝိစိကိစ္ဆာသည် အတွေးအခေါ်ရှိသော ပညာယောင်ဆောင်၍ လူသားကို လှည့်ပတ်တတ်၏။ မည်သည့်နည်းဖြင့် ဝိပဿနာတရားကို နာကြားရှုပွားသည်ဖြစ်စေ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ တရားများ တိုးပွားလာမည်ဆိုလျှင် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော ကိလေသာများ နည်းပါးသွားမည်ဆိုလျှင် ဗုဒ္ဓ၏ တရားစစ်

www.burmeseclassic.com

www.burmeseclassic.com



တရားမှန်ဟု ဆုံးဖြတ်နိုင်၏။

သတ္တမမြောက်တပ်မကို ကျော်လွှားလာသောယောဂီအား မာရ်နတ်သည် အဋ္ဌမမြောက်တပ်မဖြင့် တိုက်ခိုက်ပြန်၏။ အဋ္ဌမမြောက်တပ်မကား သူ့ကျေးဇူးကို ချေဖျက်ခြင်း'မက္ခ'နှင့် တစ်စင်တစ်ဂိုဏ်းထောင်ပြီး ဆရာကြီးလုပ်လိုခြင်း 'ထမ္ဘ'ပင် ဖြစ်၏။ ဘုရားရှင်၏ကျေးဇူးတော် ဝိပဿနာတရားတော်များကို ဟောကြား ရေးသားတော်မူခဲ့ကြသော ဆရာတော်အဆက်ဆက်တို့၏ ကျေးဇူးဂုဏ်များကို အောက်မေ့သတိရခြင်းဖြင့် 'မက္ခနှင့် ထမ္ဘ'တရားကို ချေဖျက်အပ်၏။

အဋ္ဌမမြောက်တပ်မကို ကျော်လွန်လာသောယောဂီအား မာန်နတ်သည် နဝ မမြောက် တပ်မဖြင့် ဆက်လက်တိုက်ခိုက်ပြန်၏။ မာရ်နတ်၏ နဝမမြောက်တပ်မကား 'လာဘ၊ သက္ကာရ၊ သိလောက'တို့ပင်ဖြစ်၏။ လာဘဟူသည် ပစ္စည်းလေးပါးကို အဆမတန်ပေါများအောင် လုပ်ပေးခြင်းဖြစ်၏။ သက္ကာရဟူသည် ပူဇော်ကိုးကွယ်သူများ ဝင်လာမစဲ တသဲသဲဖြစ်လာခြင်းပင်တည်း။ သိလောက ဟူသည် နိုင်ငံအနှံ့ ကျော်ကြားစေခြင်းပင်ဖြစ်၏။ ဤ ကိုးခုမြောက်တပ်မသည် အလွန်သိမ်မွေ့၏။ မည်မျှထိ သိမ်မွေ့ သနည်းဆိုလျှင် အတိုက်ခိုက်ခံရသူယောဂီက အတိုက်ခိုက်ခံရမှန်း မသိလောက်အောင် သိမ်မွေ့၏။ လူပေါ်တွယ်တက်ပြီး-ထိုလူမသိအောင် သွေးတို့ကို တစ်ဝကြီးစုပ်သွားသော 'ကျွတ်'သတ္တဝါကဲ့သို့ပင်တည်း။

ဝိပဿနာတရားကို တစိုက်မတ်မတ် အားထုတ်နေသော ရဟန်းတစ်ပါးကို တွေ့ဖူး၏။ သူသည် မာရ်နတ်၏ တပ်မရှစ်တပ်ကို ကျော်လွန်ခဲ့ပြီဖြစ်၏။ ထိုအခါ မာရ်နတ်က ကိုးခုမြောက်တပ်မဖြင့် တိုက်ခိုက်တော့၏။ ထိုရဟန်းသည် အလိုလို ကျော်ကြားလာ၏။ ပူဇော်သူ များလာ၏။ ပစ္စည်းလေးပါး မလိုချင်လောက်အောင် ပေါများလာ၏။ ရဟန်းကား ကိုးခုမြောက်တပ်မဖြင့် တိုက်ခိုက်ခံရမှန်း မသိရှာ။ လာဘ်လာဘ၊ အခြံအရံ၊ အကျော်အဇောအောက်တွင် ပျော်မွေ့နေ၏။ နောက်ဆုံးတွင် ဝိပဿနာတရားကိုပင် ဆက်အားမထုတ်ဖြစ်တော့ဘဲ ဘုရားတည်သော ဝိဇ္ဇာလမ်းဘက် ပြောင်းသွားခဲ့၏။ ယောဂီများ သတိပြုစရာပင်ဖြစ်၏။

မာရ်နတ်၏ ဆယ်ခုမြောက် နောက်ဆုံးတပ်မကား မိမိကိုယ်ကို ချီးမြှောက်ခြင်း 'အတ္တုက္ကံသန'နှင့် သူတစ်ပါးကို ရှုတ်ချခြင်း 'ပရဝမ္ဘန'ဖြစ်၏။ တချို့ ဝိပဿနာဆရာတော်များသည် လာဘ၊ သက္ကာရ၊ သိလောကဟူသော ကိုးခုမြောက်တပ်ကို ကျော်လွန်လာသော်လည်း ဆယ်ခုမြောက်တပ်ကျမှ ကျဆုံးသွားတတ်ကြ၏။ 'ငါသိထားတာကမှ အမှန်၊ အခြားဆရာတွေ သိထားတာမှန်သမျှ အမှားသာဖြစ်သည်' ဟူ သောအတွေး အခေါ်သည် 'အတ္တုက္ကံသနပရဝမ္ဘန'ဟူသော ဆယ်ခုမြောက်တပ်မမှ ပေါ်ထွက်လာခြင်းဖြစ်၏။ ဤကား မာရ်နတ်၏ တပ်မကြီးဆယ်တပ်ပင်ဖြစ်၏။ ဝိပဿနာဉာဏ် အခြေခံလေးမှုမရှိခဲ့လျှင် ဘာသာပြောင်းတတ်ပုံ သာဓကတစ်ခုကို ထုတ်ပြ၍ ဤနိဒါန်းကို နိဂုံးချုပ်တော့အံ့။

www.burmeseclassic.com

www.burmeseclassic.com



## ထူးခြားသော အမျိုးသမီးလေးတစ်ယောက်

ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်တွင် ဘာသာခြားမိသားစုတစ်စုရှိ၏။ သူတို့သားသမီးများတွင် လွန်စွာလှပသော မိန်းကလေးတစ်ယောက်ပါ၏။ ထိုမိန်း ကလေးသည် ဘာသာခြားဖြစ်သော်လည်း အရွယ်ရောက်ချိန်မှစ၍ ရတနာသုံးပါးကို အလိုလိုကြည်ညိုနေ၏။ ဗုဒ္ဓရုပ်ပွားတော်များကိုတွေ့လျှင် ဦးချချင်၏။ ည တရားပွဲများနှင့်တွေ့လျှင် ဝင်ရောက်နာယူချင်၏။ ဆွမ်းခံသံဃာများကိုတွေ့လျှင် လောင်းလှူချင်၏။ ဗုဒ္ဓဘာသာလောကထဲသို့ မည်ကဲ့သို့ ဝင်ရောက်ရမည်ကို မသိနိုင် ဖြစ်နေ၏။

တစ်ခုသာ ရှိတော့၏။ ဗုဒ္ဓဘာသာအမျိုးသားနှင့် အိမ်ထောင်ကျမှ သာလျှင်သူသည် ဗုဒ္ဓဘာသာဖြစ်ရမည်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် အမျိုးသားမှတစ်ပါးမည်သည့်ဘာသာဝင် အမျိုးသားနှင့်မှ အိမ်ထောင်မကျပါစေနှင့်ဟု အဓိဋ္ဌာန်ပြုဆုတောင်းထား၏။ သူမ အရွယ်ရောက်သည်နှင့် ယောကျ်ားလေး ရှင်တိုင်းက လာစပ်ကြ၏။ သူ့မိဘများကလည်း သူတို့နှင့် ဘာသာတူလျှင် ပြီးရော ဟူသောစိတ်ဖြင့်လာစပ်သမျှကို လက်ခံ၏။ အုံဩစရာကောင်းသည်ကား စေ့စပ်ပြီးသည်နှင့် သတို့သားလောင်းသည် မယူချင်တော့ဟုဆိုကာ စေ့စပ်ကြောင်း လမ်းမှုကို ဖျက်ပစ်၏။

ဤကဲ့သို့ ပျက်သွားသည်မှာ ငါးယောက်လောက်ပင်ရှိသွား၏။ ထိုသို့ ဖြစ်သည်ကို သူ့မိဘများက မကျေနပ်။ ထို့ကြောင့် သူတို့နှင့်ဘာသာတူ ရေခဲချောင်းရောင်းသူ လူတစ်ယောက်နှင့်ပင် စေ့စပ်ပေး၏။ အံ့ဩစရာကောင်းလှ၏။ မဲပေနေသော ရေခဲချောင်းရောင်းသမားသည် ယင်း မိန်းကလေးကို မနှစ်သက်ဟုဆိုကာ စေ့စပ်ပွဲကို ဖျက်ပစ်ပြန်၏။ ဗုဒ္ဓဘာသာဖြစ်မည့် မိန်းကလေး၏ဘုန်းကံကြောင့် ဘာသာတူအမျိုးသားများ အနားသို့ မကပ်နိုင်ခြင်းဖြစ်၏။

ငါးရာ့ငါးဆယ်လာ မဟောသဓာဇာတ်ကြောင်းတွင် ထိုပုံစံမျိုးတွေ့ဖူး၏။ တက္ကသိုလ်မှ ဒိသာပါမောက္ခဆရာကြီးသည် တပည့်များ ပညာဆုံးခန်းတိုင်သောအခါ တစ်ယောက်သောတပည့်နှင့် သူ့သမီးချော အလိမ္မာကိုပေးစားပြီး ပြန်လွှတ်လိုက်၏။ သို့သော် မိန်းကလေးက ဘုန်းကံရှိပြီး ယောကျ်ားလေးက ဘုန်းကံမရှိသောအခါ မိန်းကလေးနားသို့ မကပ်နိုင်ဖြစ်နေ၏။ မိန်းကလေးက ခုတင်ပေါ် အိပ်နေလျှင် ထိုယောကျ်ားက ကြမ်းပြင်ပေါ် ဆင်းအိပ်၏။ ယောကျ်ားလေးနေရာ ဇာတိမြို့သို့ပြန်လာရင်း တောတစ်တောကိုဖြတ်ရ၏။

ထိုတောထဲတွင် သစ်သီးပင်တစ်ပင်ကိုတွေ့၍ မိန်းကလေးက ယောကျ်ားလေးကို တက်ခူးခိုင်း၏။ ယောကျ်ားလေးက ခူးမပေးဘဲ ကိုယ့်ဖာသာ တက်ခူးဖို့ပြော၏။ မိန်းကလေးသည် မခံချင်စိတ်ကြောင့် သစ်ပင်ပေါ်သို့ ကိုယ်တိုင်တက်ပြီးခူး၏။ မိန်းကလေး သစ်ပင်ပေါ်ရောက်သွားသည်နှင့် ယောကျ်ားဖြစ်သူသည် သစ်ပင်ပတ်လည်တွင် ဆူးခက်များချထားပြီး ထွက်ပြေးလေ၏။ မိန်းကလေးက အောက်ဆင်းပြီး သူ့နောက်သို့မလိုက်စေရန် ဆူးခက်တွေ ချထားခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဝိဒေဟရာဇ်ရှင်ဘုရင်ကြီး တိုင်းခန်းလှည့်လာရင်း ထိုအမျိုးသမီးကို တွေ့သွားပြီး နှစ်သက်တော်မူသဖြင့် တော်ကောက်ခါ မိဖုရား ခေါင်ကြီးအဖြစ် မြှောက်စားတော်မူ၏။ ဤဇာတ်တော်၌ မိန်းကလေးတွင် မိဖုရား ခေါင်ကြီးဖြစ်ရမည့် ဘုန်းကံ ပါနေသောကြောင့် သာမန်ယောကျ်ား တစ်ယောက်က ကာမပိုင်အဖြစ် မသိမ်းပိုက်နိုင်ခြင်းဖြစ်သလို ရွှေပြည်သာမှ မိန်းကလေးသည်လည်း ဗုဒ္ဓဘာသာ ဖြစ်ရမည့် ဘုန်းကံရှိနေသောကြောင့် ဘာသာတူအမျိုးသားများက မသိမ်းပိုက်နိုင်ကြခြင်းဖြစ်၏။

(မှတ်ချက်)။ *။ရေသဖန်းပင်ပေါ်မှရသော မိဖုရားဖြစ်သောကြောင့် 'ဥဒုမ္ဗရဒေဝီ' ဟု အမည်တွင်၏။*

တစ်ရက်တွင်ကား ဗုဒ္ဓဘာသာဝင် အမျိုးသားတစ်ယောက်နှင့်ရသွားပြီး သူ ဆည်းကပ်ကိုးကွယ်ချင်သည့် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခွင့် ရသွား၏။ မိဘ,ဘိုးဘွားအစဉ်အဆက် ဘာသာခြားဖြစ်နေပါလျက် ဤမိန်းကလေးသည် ဗုဒ္ဓဘာသာကိုမှ အလိုလို ကိုးကွယ်ချင်စိတ်ဖြစ်နေခြင်းသည် အဘယ့်ကြောင့်နည်း။ အဖြေကား ဤမိန်းကလေးသည် အရင်ဘဝက ဗုဒ္ဓဘာသာဝင်တစ်ယောက်ပင် ဖြစ်၏။ ဒါန၊ သီလ၊ သမထကုသိုလ်လောက်ပင်လုပ်ပြီး အန္ဓပုထုဇဉ်ဘဝနှင့် သေခဲ့ရ၏။ ဝိပဿနာ ကုသိုလ် တစ်ခုမှမယူနိုင်ခဲ့။

ဝိပဿနာဉာဏ်ဆို၍ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် လောက်ပင် မရခဲ့။ ထို့ကြောင့် အန္ဓပုထုဇဉ်ဘဝမှ စုတေသောအခါ ဘာသာခြားဘဝသို့ ရောက်ခဲ့ရခြင်းဖြစ်၏။ အရင်ဘဝက အသက်ထက်ဆုံး ဗုဒ္ဓဘာသာဘဝနှင့် နေခဲ့ရ သောကြောင့် ယခု ဘာသာခြားဘဝတွင်လည်း ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ် ချင်စိတ် အလိုလိုပေါက်လာခြင်းဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာအများစုကို တိုက်တွန်းပါ၏။ ရွှေပြည်သာမှ မိန်းကလေးလို မဖြစ်ရအောင် ဘဝဆက်တိုင်း ဗုဒ္ဓဘာသာမှတစ်ပါး တခြားဘာသာ သို့ ပြောင်းမသွားရအောင် ဤစာအုပ်ကို သေချာဖတ်ရှုလေ့လာ၍ အနည်းဆုံး နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အရယူနိုင်ကြပါစေ။

## ဝန်ခံတောင်းပန်ချက်

ဤစာအုပ်ကိုရေးရန် စာရေးသူသည် တစ်နေရာတည်း၌ အချိန်ကြာကြာနေ၍ ရေးခွင့်မရခဲ့ပါ။ ရွှေပြည်သာ, ကော့သောင်း, မြိတ်နှင့် အနယ်နယ်အရပ်ရပ် တရားစခန်း၊ တရားပွဲပင့်လာသမျှ နေရာများသို့ လှည့်လည်ကြွရင်း ရေးသားရခြင်းဖြစ်သည်။ ထို့ကြောင့် လယ်တီဆရာတော်ကြီးပြောသကဲ့သို့ ဤစာအုပ်သည် စာတိုက်သံ၊ ဗီရိုသံထက် တောသံ၊ တောင်သံက ပိုများပါလိမ့်မည်။ သို့သော် ပါဠိတော်နှင့် မြန်မာပြန်များကို တတ်နိုင်သမျှသယ်သွားပြီး ပါဠိတော်မူကျအောင် စွမ်းနိုင်သမျှ

www.burmeseclassic.com

www.burmeseclassic.com



ရေးသားအပ်ပါသည်။

ပါဠိတော်အထောက်အထားများ ယူသကဲ့သို့ ရဟန်းဆရာ၊ လူဆရာများ ရေးထားသော စာအုပ်မျိုးစုံမှ အထောက်အထားများကိုလည်း ယူပြီးရေးသား ရသည်။ ထိုအခါ အားနည်းချက်တစ်ခု တွေ့လာရသည်ကား မူရင်းစာအုပ်ရေးသူက မြို့နာမည်၊ လူနာမည်များမှားနေလျှင် ဤစာအုပ်သည်လည်း မှားတော့မည်ဖြစ်၏။ ထိုအမှားမျိုး တွေ့လျှင် စေတနာဖြင့် ထောက်ပြကူညီစေချင်သည်။ သို့မှသာ နောက်ထပ် ဆက်လက် ရေးသားမည့်စာအုပ်များ၌ အမှန်ကို ပြင်နိုင်မည်ဖြစ်၏။ လူနာမည် မှားခြင်း၊ မြို့နာမည် မှားခြင်းများသည် အတွေးအခေါ်အယူအဆကို မထိခိုက်စေသောကြောင့် စာဖတ်သူအားလုံးက ခွင့်လွှတ်နိုင်မည်ဟု ယူဆမိပါသည်။

---

လက်ရေးမူ လျှောက်လွှာစာမျက်နှာ ကိုးရာကျော်ရှိသောကြောင့် လေးအုပ် ခွဲထုတ်ဖို့ အကြံဖြစ်သေး၏။ သို့သော် လေးအုပ်ခွဲထုတ်ခဲ့လျှင် တစ်အုပ် နှစ်ထောင့် ငါးရာခန့်ကျပါက လေးအုပ်ဆိုလျှင် တစ်သောင်းကျပ်ဖြစ်၍ အင်မတန်များ၏။ ဈေးကြီးခြင်းထက် ပိုဆိုးသောဒုက္ခကား လေးအုပ်အစုံလိုက် တစ်ပြိုင်နက် မရတတ် ခြင်းပင် ဖြစ်၏။ ဆန်းလွင်၏ နာမည်ကြီး 'ရတနာသုံးပါး' စာအုပ်သည်လည်း အစက လေးအုပ် ခွဲရိုက်ခဲ့၏။ စာရေးသူမှာ မြို့ထဲသို့ အခေါက်ခေါက်အခါခါ သွားပြီးဝယ် သော်လည်း လေးအုပ် အစုံလိုက်မရ၊ ပထမ၊ ဒုတိယနှင့် စတုတ္ထသာ ရ၏။ တတိယတွဲကို လုံးဝ ဝယ်မရ။ လေးအုပ်ပေါင်းချုပ်ကြီးထွက်မှပင် အပြည့်အစုံ ဖတ်ခွင့်ရခဲ့သည်။ တစ်အုပ်ထည်း ပေါင်းချုပ်၍ ထုတ်လိုက်မည်ဆိုလျှင် (ခြောက် ထောင့်ငါးရာလောက် ကျမှာ ဖြစ်၍) ဈေးနှုန်း သက်သာသွား၏။ ဝယ်သိမ်းဖို့လည်း

---

လွယ်ကူသွား၏။ သို့ပါသောကြောင့် ဤ-သညာသိနှင့်ပညာသိ(သုဒ္ဓဝိပဿနာ ကျင့်စဉ်) စာအုပ်အား စာဖတ်သူများဖက်မှ အစစအဆင်ပြေစေရန် တစ်အုပ်တည်း နှင့် အပြီး ထုတ်ဝေစေလိုက်ခြင်း ဖြစ်ပါကြောင်း။ ဤစာအုပ်နှင့် ပတ်သက်၍ ဝေဖန် အကြံပြုချက်များကို ကျေးဇူးတင်စွာဖြင့် စောင့်မျှော်လျက် ရှိပါသည်။

မေတ္တာရှင် (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

# သညာသိ နှင့် ပညာသိ

## (ဗုဒ္ဓဝိပဿနာနုခကျင့်စဉ်)

## အခန်း (၁)

### သဒ္ဓါနှင့်ပညာ

မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာအဖွင့်တွင် သဒ္ဓါလွန်၍ ပညာနည်းသောသူသည် ကြည်ညိုဖွယ်မဟုတ်သောအရာ(လူလိမ်များ)၌ ကြည်ညိုတတ်သည်။ ပညာလွန်ကဲ၍ သဒ္ဓါနည်းသောသူသည် ကောက်ကျစ်စဉ်းလဲတတ်၏။ ဆေးလွန်ခြင်းကြောင့် ဖြစ်သောရောဂါသည် ဆေးကု၍ မရနိုင်သကဲ့သို့တည်း။ ကုသိုလ်ဟူသည် စိတ်ဖြစ်ရုံ မျှဖြင့် ဖြစ်နိုင်၏။ ပညာလွန်၍ ဒါနစသည်တို့ကို မပြုသည်ရှိသော် ငရဲ၌ဖြစ်တတ်၏။ သဒ္ဓါနှင့် ပညာတို့ ညီမျှကုန်သည်ရှိသော် ကြည်ညိုထိုက်သော အရာ၌သာ ကြည်ညို ၏ဟု ဖွင့်ပြထား၏။

ထိုဖွင့်ဆိုချက်ကို ခေတ်လူငယ်များနားလည်ပြီး စိတ်ဝင်စားအောင် တကယ့်ဖြစ်ရပ်များဖြင့် တန်ဆာဆင်ပြချင်သည်။ ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်းကို သဒ္ဓါဟုခေါ်၏။ ထိုသဒ္ဓါသည် လေးမျိုးရှိ၏။ ယင်းတို့ကား အာဂမသဒ္ဓါ၊ အဓိဂမသဒ္ဓါ၊ ဩကပ္ပနသဒ္ဓါ၊ ပသာဒသဒ္ဓါတို့ဖြစ်၏။

ထိုတွင် ဘုရားအလောင်းများတွင်ဖြစ်သောသဒ္ဓါကို အာဂမသဒ္ဓါဟု ခေါ်၏။ အရိယာများတွင်ဖြစ်သော သဒ္ဓါကို အဓိဂမသဒ္ဓါဟုခေါ်သည်။ တွေးခေါ်မြော်မြင်တတ်သော ဉာဏ်ပညာနှင့်ယှဉ်သောသဒ္ဓါကို ဩကပ္ပနသဒ္ဓါဟုခေါ်သည်။ ဉာဏ်ပညာ မပါဘဲ အကန်းယုံ၊ အရမ်းယုံသဒ္ဓါမျိုးကို ပသာဒသဒ္ဓါဟုခေါ်သည်။

ထိုလေးမျိုးတွင် နောက်ဆုံးနှစ်မျိုးသာလျှင် ပုထုဇဉ်များနှင့် ဆိုင်သည်။ ဘာသာရေးနှင့်ပတ်သက်ပြီး အလိမ်အညာခံရသောသူများသည် ဉာဏ်မပါသော ပသာဒသဒ္ဓါရှင်များဖြစ်၏။ ဉာဏ်ပါသော ဩကပ္ပနသဒ္ဓါရှင်များကား အလိမ်အညာ

www.burmeseclassic.com

www.burmeseclassic.com



မခံရပေ။ ဉာဏ်ပါသော ဩကပ္ပနသဒ္ဓါရှင်ဖြစ်ရန် တရားနာကြားခြင်း၊ စာကောင်းပေမွန်တို့ကို ဖတ်ရှုခြင်း၊ ဆရာတော်ကောင်းတို့ထံ ဆည်းကပ်မေးမြန်း ခြင်းတို့ကို ပြုသင့်ပေသည်။

## သဒ္ဓါလွန်ခြင်းကြောင့် အလိမ်ခံရပုံ

ဗုဒ္ဓဘာသာလောကတွင် ပေါ်တော်မူဘုရားများအကြောင်း မကြာခဏ ကြားရသည်။ မှန်တာရှိသလို မမှန်တာလည်းရှိ၏။ သို့သော် မမှန်တာက, များ၏။ ဗုဒ္ဓဘာသာဝင်များသည် ရတနာသုံးပါးတွင် ဘုရားကို အကြည်ညိုဆုံးဖြစ်၏။ ထို့ကြောင့် ဘုရားရုပ်ပွား၊ စေတီနှင့်ပတ်သက်လာလျှင် ရှိသမျှအကုန် ချွတ်လှူ တတ်၏။

ထိုအညာကိုသိထားသော လူလိမ်တို့က အချိုကြီးလိမ်လိုလျှင် ဘုရားနှင့်ပတ်သက်ပြီး လိမ်တတ်ကြ၏။

မြို့တစ်မြို့တွင် ရှေးဟောင်းရုပ်ပွားတော် အတော်များများ မြေကြီးထဲမှ ပေါ်လာ၏။ ရှေးဟောင်းရုပ်ပွားများကို တွေ့ရသည်နှင့် မြို့သူမြို့သားများက ဘာမျှ တွေးခေါ်စဉ်းစားခြင်းမပြုဘဲ ရှိသမျှ အကုန်ချွတ်လှူကြ၏။

ထိုရုပ်ပွားတို့ကို ဌာပနာပြီး စေတီကြီးကို တည်ပေးမည့် ဝတ်ဖြူစင်ကြယ် ဘိုးတော်နှင့်အဖွဲ့ကလည်း အသင့်ရောက်နေသည်မဟုတ်ပါလား။ ဉာဏ်မပါသော ပသာဒသဒ္ဓါရှင်အများစုသည် ဝတ်ဖြူစင်ကြယ်ကို တွေ့လိုက်သည်နှင့် ဘိုးဘိုးအောင်ဟု ယူဆလိုက်၏။ ပုဆိုးကွက်တုံးနှင့် ပင်နီတိုက်ပုံ ကပိုကရိုဝတ်လာလျှင် ဘိုးမင်းခေါင်ဟု ယူဆပစ်လိုက်၏။

ထိုပသာဒသဒ္ဓါရှင်တို့သည် မိမိတို့ကိုယ်တိုင် စီစစ်ဝေဖန်ဖို့နေနေသာသာ အတွေးအခေါ်ရှိသော လူငယ်အချို့က ဝေဖန်လာလျှင်ပင် လက်မခံဘဲ 'မင်းတို့ဘာမှ မသိဘဲ လျှောက်ဝေဖန်မနေကြနဲ့၊ အဝီစိသွားချင်လို့လား'ဟူသောစကားဖြင့် ပိတ်ပင်တတ်ကြ၏။ ထို့ကြောင့် ဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင်တို့သည် လူလိမ်များအတွက် အသုံးချခံ ကာဗာပစ္စည်းတစ်ခုလိုဖြစ်နေ၏။

ဘိုးတော်နှင့်အဖွဲ့က စေတီအုတ်မြစ်လေး ချပြလိုက်သည်နှင့် အလှူငွေနှင့် ရတနာပစ္စည်းများ တဖွဲဖွဲတသဲသဲ ဝင်လာတော့သည်။ ငွေနှင့် ရတနာပစ္စည်းများ အထုပ်လိုက်အပိုးလိုက်ရသည်နှင့် ဘိုးတော်နှင့်အဖွဲ့က လစ်ကြလေပြီ။ ထိုသို့ အလိမ်အညာမခံရစေရန် သက်ဆိုင်ရာတာဝန်ရှိသူများကရော မလေ့လာ, မစုံစမ်းဘူးလားဟု မေးခဲ့လျှင်၊ လေ့လာစုံစမ်းစရာမလိုအောင် ဘိုးတော်နှင့်အဖွဲ့က သက်ဆိုင်ရာကို 'ကပ်' ထားပြီးဖြစ်သည်။

ပြောရလျှင် သက်ဆိုင်ရာတာဝန်ရှိသူများမှာလည်း လောကီ, ဘီအေ၊ အမ်အေတွဲ အမျိုးမျိုးရထားကြသော်လည်း ဘာသာရေးနှင့်ပတ်သက်လျှင်ကား 'မူလတန်း

www.burmeseclassic.com

www.burmeseclassic.com



အဆင့်'ပင် မရှိသောကြောင့် မြို့သူမြို့သားများလို ပသာဒသဒ္ဓါရှင်များ ပင်ဖြစ်၏။ ထို့ကြောင့် သူတို့ပါ အလိမ်ခံရသည်ဟုဆိုလျှင် မှားအံ့မထင်။

တချို့ ပေါ်တော်မူရုပ်ပွားတော်များကို ဘိုးတော်နှင့်အဖွဲ့သားများ မရှိတော့သောအခါတွင်မှ စစ်ဆေးကြည့်ကြသောအခါ ရုပ်ပွားတော်များမှာ ရှေးဟောင်း ဘုရားများမဟုတ်၊ မတတ်တတတ် ပန်းပုဆရာနှင့် ဖြစ်ကတတ်ဆန်းထုထားသော (၂၀)ရာစု ရုပ်ပွားများသာဖြစ်နေ၏။ ရုပ်ထုကို ရွှံ့ထဲ လေးငါးလမြှုပ်ထားလျှင် ရှေးဟောင်း ရုပ်ပွားများအသားအတိုင်း ထင်ရ၏။ ရုပ်ပွားများ ပေါ်သည်ဆိုသော နေရာကို သေချာ တူးကြည့်သောအခါ 'စွန်တာနီပဲစေ့' အများအပြားတွေ့ရ၏။

ထိုအခါကျမှ ပေါ်တော်မူဘုရားလုပ်နည်းကို အတိအကျသိကြရ၏။ လုပ်နည်းကား ကျင်းတူး၍ ပဲစေ့တစ်ဝက်ခန့် ထည့်ရမည်။ ထိုပဲစေ့ပေါ်မှ ရုပ်ပွားများ တင်ထားပြီး မြေဖို့ပါ။ မြေများပြည့်သောအခါ အပေါ်မှ ရေများ မကြာခဏ လောင်းပေးလျှင် ပဲစေ့များသည် ပွထလာပြီး သူတို့အပေါ်တင်ထားသော ဆင်းတုတော်များကို မြေပေါ်-ပေါ်လာအောင် တွန်းတင်ပေးကြ၏။ ကျောက်ဆင်းတုတော်ဆိုလျှင် ပဲစေ့ များက တွန်းတင်မပေးနိုင်ပါ။ ထို့ကြောင့် 'ပေါ်တော်မူဘုရားဆိုလျှင် သစ်သားဆင်းတုချည်း' ဖြစ်နေခြင်းပင်။ ယခုလိမ်နည်းကား ပေါ်လွင်သောလိမ်နည်းဖြစ်၏။

## အပြစ်မပေါ်သောလိမ်ညာနည်း

မပေါ်လွင်သော၊ ဘယ်သောအခါမှမပေါ်သော လိမ်နည်းလည်းရှိ၏။ ယင်းလိမ်နည်းကား ဘုရားရုပ်ပွားတော် ဓာတ်ပုံများကိုရိုက်၍ ဘုရားပေါ်သောမြို့တွင်သာမက မြန်မာပြည်အနှံ့ အလှူခံထွက်ကြ၏။ ရသမျှအနက် သုံးပုံတစ်ပုံကိုသာ ဘုရားဖြစ်ရုံ တည်ပြုလိုက်ပြီး ကျန်နှစ်ပုံသည် ဘိုးတော်နှင့် အပေါင်းအပါများ အတွက်ဖြစ်သွား၏။ ဤသို့သော ဘာသာရေးကိစ္စတွင် စာရင်းစစ်လည်း ဝင်လေ့ မရှိပါ။ ထို့ကြောင့် ဤလိမ်နည်းမျိုးကို 'ဘယ်သောအခါမှ မပေါ်သောလိမ်နည်းမျိုး' ဟု ရေးသားရခြင်းဖြစ်၏။

ကြားဖူးသေး၏။ မြို့တစ်မြို့မှ ဆုတောင်းပြည့်ဘုရားကြီးတစ်ဆူကို ပြုပြင်ရန်ဆိုကာ လူတစ်စု အလှူခံထွက်ကြသည်။ ပြန်ရောက်သောအခါ စာရင်းရှင်းတမ်းလုပ်၏။ နိဗ္ဗာန်ဆော်အတွက် နေ့တွက်၊ အသံချဲ့စက်ခ၊ ဆိုက်ကားခ၊ ဖလားကိုင်ခတို့ကို အလှူခံရငွေထဲမှ နှုတ်လိုက်သောအခါ ဘုရားအတွက် ဘာမျှမကျန်တော့ဘဲ 'ငွေတစ်ဆယ်'ပင် လိုနေ၏။

ထိုအခါ စာရင်းစာအုပ်တွင် ရေးမှတ်ထားလိုက်သည်မှာ 'ဆုတောင်းပြည့်ဘုရားကြီး ဆီမှ-ရရန် (၁၀)ကျပ် အကြွေးကျန်'ဟူ၏။ ထိုကဲ့သို့သောဖြစ်ရပ်များ ဘာသာရေးလောကတွင် မရှိသင့်ပေ။ တကယ် ကိုယ်ကျိုးစွန့်လုပ်ဆောင် နေသူများ

www.burmeseclassic.com

www.burmeseclassic.com



ကို အထင်အမြင်သေးစရာ ဖြစ်သွားစေသည်။

လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော်ခန့်က သုံးဆယ်မြို့နယ်၊ လိပ်အင်းရွာတွင် စေတီတော်တစ်ဆူကိုအသုံးချပြီး လိမ်လည်မှုတစ်ခု ဖြစ်ပွားခဲ့ဖူး၏။ ဖြစ်စဉ်အကျယ်ကို 'ယုံမှတ်လို့ပုံအပ်မိသူများအကြောင်း'(ပထမတွဲ)တွင် ရေးသားပြီး ဖြစ်၍ ဤတွင် အကျဉ်းချုပ်ပြီး တွေးခေါ်ဖွယ်ရာလေးတစ်ခုကိုသာ ရေး သားလိုပေသည်။

ရွာတစ်ရွာတွင် ယခင်က ဘုန်းကြီးကျောင်းမရှိသဖြင့် ဘုန်းကြီးကို အလွန်တောင့်တ,ကြ၏။ ရွာမှ လူကြီးတစ်ယောက်သည် ပဲခူးနယ်ဘက်မှ 'ရေရှင် ဆရာတော်' ဟု နာမည်ကြီးနေသော ကိုယ်တော်တစ်ပါးကို အားကိုးတကြီး ပင့်လာ၏။

ကိုယ်တော်သည် အသက်(၄၀)ကျော်အရွယ် ဖြူဖြူသွယ်သွယ်လေး ဖြစ်၏။ ထိုကိုယ်တော် လက်နှင့်ထိထားသောရေများသည် သက်ရှိသတ္တဝါနှယ် လှုပ်ရှားသွားလာနေကြသောကြောင့် 'ရေရှင်ဆရာတော်'ဟု ခေါ်ကြခြင်းဖြစ်သည်။ ထိုရေကို သောက်လျှင် သိဒ္ဓိအောင်သည်၊ လိုရာပြီးသည် စသည်ဖြင့် နာမည်ကြီးနေ၏။ လူအများစု၏ ရင်တွင်း၌ရှိသော လောဘကို လောဘနှင့်ပင် ပြန်ဆွယ်လျှင် မြန်မြန်ပါသွားတတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်၏။

ထိုကိုယ်တော်သည် အဆောင်ပေး၏၊ ဓာတ်ရိုက်၏၊ ဗေဒင်ဟော၏၊ ထိုအလုပ်များသည် သာသနာတော်၏ ဆန့်ကျင်ဘက်အလုပ်များပင်ဖြစ်၏။

ဆရာကောင်းကို ကိုးကွယ်လိုသူများသည်-

## ရဟန်းကောင်း၊ ရဟန်းညံ့၊ ရဟန်းဆိုး ခွဲခြားသိမြင်ပါ

ရဟန်းကောင်း၊ ရဟန်းညံ့၊ ရဟန်းဆိုး သုံးမျိုးကို ခွဲခြားသိသင့်၏။ စာပေပို့ချ, သင်ကြား, ရေးသားခြင်း၊ သို့မဟုတ် တရားဟောခြင်း၊ တရားပြခြင်း၊ တရားကျင့်ခြင်း တစ်ခုခုကို အားကြိုးမာန်တက် လုပ်ဆောင်နေလျှင် 'ရဟန်းကောင်း'ဟုဆိုရ၏။ ဆရာအဖြစ် ကိုးကွယ်ထိုက်၏။ တချို့ရဟန်းကား စာပေရော၊ တရားရော တစ်ခုမှ မလုပ်၊ ရဟန်းလို နေထိုင်တတ်ရုံသာရှိ၏။ သို့သော် လောကီအလုပ်များကိုကား မလုပ်။ ထိုသို့သောရဟန်းမျိုးကို ရဟန်းညံ့ဟုဆိုရ၏။

တချို့ရဟန်းကား စာပေ၊ တရားတစ်ခုမှမလုပ်၊ ရဟန်းလိုလည်း မနေ၊ လောဘ,အလိုဆိုးဖြင့် ပစ္စည်းလေးပါး ပေါများရန်အတွက် ဗေဒင်ဟော၊ ဆေးကု၊ ဓာတ်ရိုက်၊ အဆောင်ပေး စသော လောကီကိစ္စမှန်သမျှကို လုပ်၏။ ထိုသို့သော ရဟန်းမျိုးကို ရဟန်းဆိုးဟုခေါ်ရ၏။ ယခု လိပ်အင်းရွာရောက်နေသော ရေရှင်ဆရာတော်သည် ရဟန်းဆိုးသာဖြစ်၏။ သို့သော် ဒကာ၊ ဒကာမများကား ဉာဏ်မမီကြ။

လောကီနည်းများကြောင့် ရန်ကုန်မြို့ပေါ်မှ သူဌေးကတော်များက လာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ဆည်းကပ်သည်ကို အတော်ဂုဏ်ယူနေကြ၏။ လူတွေ၏ သည်းခြေကြိုက်ကို သိသော ထိုကိုယ်တော်သည် (၇)ရက်သားသမီးများအတွက်ဟုဆိုကာ (၉)တောင် ပြည့်စေတီတစ်ဆူ တည်၏။ ထုံးစံအတိုင်း ဘုရားနှင့်ပတ်သက်လာသောအခါ ရွာခံနှင့် နယ်မှ ဒကာ၊ ဒကာမ အများစုသည် ရတနာပစ္စည်းနှင့် ငွေများကို မရှိ-ရှိတာထုတ် လှူကြတော့သည်။

စေတီသည် ခဏခြင်း ပြီးသွား၏။ ရတနာပစ္စည်းများကို ဌာပနာသွင်းပြီး ထိုကိုယ်တော် ကိုယ်တိုင်ပိတ်၏။ တခြားသူများ သေချာကြည့်ခွင့် မရ။ ဌာပနာ ပိတ်ပြီး ထီးတော်တင်မည့်နေ့ကား လူများ ကြက်ပျံမကျ စည်ကားနေ၏။ ဒေသခံ များ၊ ရဟန္တာ တမျှ ကိုးကွယ်နေသော ရေရှင်ဆရာတော်သည် ပလ္လင်ပေါ် အကျအနထိုင်ကာ အပူဇော်ခံနေ၏။ သူ၏လိမ်နည်းသည်လည်း ဖော်မည့်သူသာ မရှိလျှင် ဘယ်သောအခါမှ ပေါ်မည်မဟုတ်သော တတိယမြောက် လိမ်နည်းတစ်ခု ပင်ဖြစ်၏။

ထိုအချိန်မှာပင် ကားတစ်စီးဝင်လာပြီး ဆရာတော်ကြီးတစ်ပါးနှင့် ဒကာ (၇)ယောက်ခန့် ဆင်းလာကြ၏။ ရေရှင်ဆရာတော်သည် ထိုဆရာတော်ကြီးကို မြင် လိုက်သည်နှင့် ပလ္လင်ပေါ်မှ ချက်ချင်းခုန်ချကာ ဦးတိုက်ပြီး 'တပည့်တော် မှားပါတယ် ဘုရား၊ တပည့်တော်ကို ခွင့်လွှတ်ပါဘုရား'ဟုလျှောက်ကာ ချက်ချင်း လူဝတ်လဲ လိုက်၏။ သူ့ကို ကိုးကွယ်သော ဒကာဒကာမများမှာ ဘာမျှမသိနိုင်အောင် ဖြစ် နေကြ၏။

ထိုအခါကျမှ နောက်မှလိုက်လာသော ဆရာတော်ကြီးက အမိန့်ရှိ၏-

'ဒကာ၊ ဒကာမတို့ - ကြည်ညိုခြင်း 'သဒ္ဓါ'နဲ့ တွေးခေါ် မြော်မြင်ခြင်း 'ပညာ'တို့ ဟာ ဘယ်သူကမှ မပိုဘဲ ချိန်ခွင်လျှာလို အလယ်မှာညီနေမှ လမ်းမှန်ကိုရောက် တယ်၊ သဒ္ဓါကများပြီး ပညာက နည်းနေရင် လူလိမ်လူကောက်တွေကို သူတော် ကောင်းထင်ပြီး အကိုးကွယ် မှားတတ်တယ်။ ပညာက, များပြီး သဒ္ဓါက, နည်း နေပြန်ရင် ကောက်ကျစ်တတ်ပြန်တယ်။ အလှူခံတွေရဲ့ အပြစ်တွေကို လျှောက်ရှာ ကြည့်ပြီး ဒါနမပြုတော့ ဘူး။ စိတ်ထဲက လှူလည်း ကုသိုလ်ရတာပဲ။ ဝတ္ထုပစ္စည်း တွေလှူနေမှ မဟုတ်ပါဘူးဆိုတဲ့ အတွေးအခေါ်မျိုးဟာ သဒ္ဓါပါးပြီး ပညာများတဲ့ သူတွေဆီက လာတာပါ။ ဒီလိုလူမျိုးကျတော့ ငရဲတောင် ကျတတ်ပြန်တယ်။'

'ဒီက ဒကာ၊ ဒကာမတွေကတော့ သဒ္ဓါဓာတ်တွေ များလွန်းအားကြီးပြီး တွေးခေါ်မြော်မြင်တဲ့ 'ပညာ' နည်းကြတာပါ။ ဒါကြောင့်လည်း လူလိမ် ဖဲသမားတစ် ယောက်ကို သံဃာတော်အစစ်ထင်ပြီး ကိုးကွယ်မိကြတာပေါ့။ ရေရှင်ဆရာတော် အမည်ခံထားတဲ့ ဒီပုဂ္ဂိုလ်ဟာ ဘုန်းကြီးတို့ရွာက အရက်သမား၊ ဖဲသမား တစ် ယောက်ပါ။ ဘာသာရေး ဗန်းပြပြီး လိမ်ညာစားလေ့ရှိပါတယ်။ သူ့နာမည်ကို 'ငပိန်'လို့ခေါ်တယ်။ အခု ဒကာကြီးတို့ရဲ့ရွာမှာ လိမ်ညာနေတယ်သတင်းကြားလို့

www.burmeseclassic.com

www.burmeseclassic.com



အချိန်မီ သတိပေးရအောင် ဘုန်းကြီးကိုယ်တိုင် လိုက်လာတာပါ'

ထိုအခါ နယ်ခံဒကာကြီးတစ်ယောက်က -

'တပည့်တော်တို့တော့ ဘယ်လိုအလိမ်ခံရတယ်ဆိုတာ အခုထက်ထိ မသိ သေးဘူး ဘုရား'ဟု လျှောက်ထားလိုက်၏။

ဆရာတော်ကြီးက ဆက်မိန့်၏။

## ဝါရင့်လူလိမ် ငပိန်

'အခု သိရတော့မှာပါ။ လူသိထင်ရှားဖြစ်အောင် လိမ်လည်တာက ဝါမရင့်သေးတဲ့ လူလိမ်တွေပါ။ ဝါရင့်တဲ့ လူလိမ်တွေကျတော့ အုတ်အော်သောင်းတင်းဖြစ်ဖို့ နေနေသာသာ အလိမ်ခံရသူတွေကိုယ်တိုင်က လိမ်နေမှန်းမသိအောင် လိမ်တတ်ပါတယ်။ အခု လူလိမ်ငပိန်လိုပေါ့၊ ကဲ - သူလိမ်တာသိချင်ရင် ဘုရားဌာပနာကို သွားဖွင့် ကြည့်ကြပါ။'

ဌာပနာတိုက်ကို သွားဖွင့်ကြည့်သောအခါ ရတနာပစ္စည်းများ တစ်ခုမှ မရှိတော့ဘဲ စောင်စုတ်များ၊ အင်္ကျီစုတ်များနှင့် ဆံပင်ချည်များကိုသာ တွေ့ကြရ၏။ ထိုအခါကျ မှ ရွာသူရွာသားများမှာ ဒေါသဖြစ်ပြီး ရိုက်နှက်ပုတ်ခတ်ရန် ကြိုးစားလာသဖြင့် သက်ဆိုင်ရာလူကြီးများက အချိန်မီထိန်းသိမ်းပြီး ရဲစခန်းသို့ အပ်လိုက်ရ၏။

ထိုကဲ့သို့သောသူများကို ရည်ရွယ်၍ (၂၂-၇-၂၀၀၂)နေ့ထုတ် ကြေးမုံသတင်းစာပါ 'သာသနာဟူသည်'ဆောင်းပါး၌ 'ကထိကရဟန်း'က- ထိုသို့ အမှန်တကယ် သာသနာပြုနေသူ (စာချဆရာတော်၊ တရားပြဆရာတော်၊ ဓမ္မကထိကဆရာတော်) တို့က သာသနာပြုပုဂ္ဂိုလ်များဟု အမည်မခံဘဲ အထက်လမ်း၊ အောက်လမ်း၊ ဘိုးတော်၊ ထွက်ရပ်ပေါက်၊ အစရှိသည်တို့ဖြင့် စီးပွားရှာနေသူတို့က သာသနာပြုအမည်ခံ 'သာသနာ' ဟူသောစကားလုံးကို နှုတ်ကမချဘဲ သာသနာ့ အလံတွေ တလူလူလွှင့်ထူ နေကြ၏။

အတုနှင့်အစစ်တို့မှာ ကွဲပြားခြားနား၏။ အတုတို့သည် ပေါ်လွင်လိုကြ၏။ ဖော်ပြကြ၏။ ပေါ်လည်း ပေါ်လွင်နေကြ၏။ ပေါ့လည်းပေါ့၏။ အစစ်တို့မှာ မပေါ်လွင်လိုကြ။ မထုတ်ဖော်ကြ၊ လျှို့ဝှက်ကြ၏။ ထို့ကြောင့် လူသိနည်း၏။ သို့သော် လေးနက်၏။

> အတုတို့၏ လုပ်ငန်းတို့မှာ အကြားအမြင်ပေါက်သလိုလို လို့မ့်သည်။ အထင်ကြီးအောင် ဟန်ဆောင်သည်။ အသက် ပိုပြောသည်။ ဂဏန်းပေး၊ အခါပေး၊ ယတြာပေး လုပ်၊ သစ်ပင် ထောင်ပြည့်စိုက်၊ ညွှန်ကြားလွှာ အမှတ်(၄၁)ကို မျက်ကွယ်ပြု၍ ဘုရားတွေ

www.burmeseclassic.com

www.burmeseclassic.com



စည်းမဲ့ကမ်းမဲ့ ဟိုတည်သည်တည် လုပ်သည်။

'ငါ့ကျောင်းက ဦးဇင်း ဆေးလိပ်သောက်တာ မင်းတို့ သာ သနာပိုင် ဘုရားတည်တာလောက် အပြစ်မကြီးပါဘူး' ဟူသော စာတတ် အကျော် ဆရာတော် ဦးဗုဒ်၏ စကားကို သတိပြုသင့်ကြ ၏။ ဤ အလုပ်များကို လုပ်ကြသူတို့မှာ ဘုရားရှင် ပရိနိဗ္ဗာန်စံသော အခါ-'ငါတို့ လွတ်လပ်ပြီ၊ လုပ်ချင်တာလုပ် တော့မယ်'ဟု ဝမ်းသာ ရွှင်မြူး ရင့်ကျူးပြောဆိုသော သုဘဒ္ဒမည် သော တောထွက်ရဟန်း ကြီး၏ အဆက်အနွယ်များဖြစ်သော တောထွက်ခင်ကြီးများ၊ ကျမ်းဂန်စာပေ အလွတ်ခွါ၊ ကြိုက်ရာ ထင်တိုင်းကျင့်နေကြသည့် ပရိယတ္တိပညာမဲ့ ငယ်ဖြူများ ဖြစ်သည်' ဟု ရေးသားခဲ့၏။

နမ္မားဆရာတော် အရှင်ဉာဏကလည်း 'တရားစစ်တမ်း ဆွေးနွေးခန်း' စာအုပ် တွင် ယခုလို ရေးသားတော်မူခဲ့ပြန်၏။

## ပေါ်တော်မူအစစ် မှိုနဲ့မျှစ်

'ကိုယ့်သန္တာန်မှာ ဉာဏ်ဘုရားပေါ်အောင် လုပ်ရမှာ၊ မလုပ် ကြပါပဲနဲ့ ဟိုအနား ဘုရားပေါ်တယ်ဆိုရင် သွားလိုက်ကြတာ ဆီးမရ တားမရ၊ နွားမိတ်သင်းကြီးလိုပဲကွယ့်၊ ကောင်းလိုက်တဲ့ သဒ္ဓါတရား။ ပါတာအကုန်ချွတ်လှူတာပဲ။ ပေါ်တော်မူအစစ်ဆို တာ မှိုနဲ့ မျှစ်သာရှိသကွယ့်၊ အဲဒါကလွဲရင် ကိုယ့်ဘုရားကိုယ်မြှုပ်၊ ကိုယ့် အိပ်မက်ကိုယ်မြင်ပြီး လိမ်စားကြတာချည်းပဲ၊ ပေါ်တော်မူ မှန်ရင် မြေထဲမြှုပ်လို့မဆွေးတဲ့ ကျောက်ဆင်းတုနှင့် ဖန်သား ဘုရားတွေ ချည်းပဲ၊ 'ကျွန်းသား ဆင်းတု' မပါဘူး။

'ဒီလိုမစဉ်းစားပဲ အရမ်းကောင်းတဲ့ သဒ္ဓါတရားဟာ သဒ္ဓါရူး၊ သဒ္ဓါနှမ်းတဲ့။ ငွေကုန်ပြီး ဘာမှအကျိုးမရှိဘူး၊ အကျိုးမရှိတဲ့ နေရာမှာ သဒ္ဓါတွေကကောင်း၊ အကျိုးရှိမည့်နေရာမှာ သဒ္ဓါ တရား မကောင်း၊ ဘယ်ကလာပြန်ပြီး မြန်မာတွေ ကောင်းစား မလဲကွဲ၊ ကြည့်ပါလား အလှူပေးတာလဲ မြန်မာ၊ မွဲတာလည်း မြန်မာ၊ အဲဒါ သဒ္ဓါ အချိုးမကျလို့ကွဲ'

'မြတ်စွာဘုရားက ဆင်းရဲတဲ့လူတွေကို ကရုဏာနဲ့ ပေး ကမ်းကြ၊ ထောက်ပံ့ကြတဲ့။ ဒါမှ သဒ္ဓါအစစ်ကွဲ၊ အခုတော့ မဟုတ် တာလုပ်ပြီး ညာရင် သဒ္ဓါတရားကောင်းပြီ၊ အဲဒါ သဒ္ဓါအစစ် မဟုတ်ဘူးကွဲ၊ ဒိဋ္ဌိတဲ့'

(နမ္မားဆရာတော်အရှင်ဉာဏ)

www.burmeseclassic.com

www.burmeseclassic.com



ဤကား ပညာပါးပြီး သဒ္ဓါများသောကြောင့် မှားကြပုံများဖြစ်၏။ ယခု တစ်ဖန် သဒ္ဓါနည်းပြီး ပညာကဲသောကြောင့် အလွဲဖြစ်ပုံများကို ပြရပေဦးမည်။

ပညာနှင့် ပတ်သက်သော အတွေးအခေါ် တစ်ခုကို ဆရာကြီးဦးရွှေအောင်က 'အမြင်များပြောင်းလဲခြင်း' စာအုပ် စာမျက်နှာ ၁၆၄ ၌-

'ဗုဒ္ဓဒေသနာတော်အရဆိုလျှင် ကိုယ်ကျင့်သိက္ခာ ဖြူစင်မှုအပေါ် တည်ဆောက်မထားသော စိတ်ဓာတ် ခိုင်မာမှုသည် အန္တရာယ်ရှိသော ခေါင်းမာမှုတစ်မျိုးပင်ဖြစ်သည်။ တစ်ဖန် ခေါင်းမာမှုအပေါ် တည်ဆောက်ထားသော ပညာကား ပညာစစ်မဟုတ်၊ ဗဟုသုတသာဖြစ်၏။

အကယ်၍ ဗဟုသုတကို ကိုယ်ကျင့်သိက္ခာ မြင့်မားမှု အပေါ်၌ မတည်ဆောက်ပါက ဗဟုသုတများလေ အမှားကို ကျူးလွန်တတ်လေဟူ၍ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ပါရာဇိကဏ္ဍပါဠိတော်၊ ဝေရဥ္စကဏ္ဍသိက္ခာပဒ ပညတ္တိယာစနာ က ထာ၌ ဟောကြားတော်မူချက်လည်း ရှိပါ၏။

ထို့ကြောင့် ကိုယ်ကျင့်သိက္ခာခိုင်မာအောင် တည်ဆောက်ရန်မကြိုးစားဘဲ ပညာတတ်ဖြစ်အောင် ကြိုးစားခြင်းသည် ဖြတ်လမ်းဖြစ်သဖြင့် လောကအတွက် ကြီးမားသောအန္တရာယ်ကို ယူဆောင်ရာ ရောက်တတ်ပါ၏။

ထို့ကြောင့် ဖြတ်လမ်းဟူ၍မရှိဘဲ အစဉ်အတိုင်းကျင့်ရ သော ဗုဒ္ဓဘာသာကျင့်စဉ်အရ ကိုယ်ကျင့်သိက္ခာကောင်းအောင် ပထမဦးစွာ အလေးထား၍ကျင့်ရန် လိုလေ၏။'

ဟု ရေးသားခဲ့၏။

ဗုဒ္ဓစာပေများကို လေ့လာသင်ယူရာတွင် မိမိကိုယ်ကို လောကအတွက် အသုံးချရန်၊ ကိလေသာကုန်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် လေ့လာသင့်၏။ သို့ မှသာ မိမိ-သူတစ်ပါး နှစ်ဦးစလုံးအတွက် အကျိုးရှိနိုင်၏။ ထိုသို့မဟုတ်ဘဲ လောကကို မိမိ အတွက် အသုံးချရန်ဟူသော ရည်ရွယ်ချက်ဖြင့် လေ့လာခဲ့လျှင် မိမိ-သူတစ်ပါး နှစ်ဦး သားလုံးအတွက် ဆိုးကျိုးကိုသာဖြစ်စေနိုင်၏။

## ပညာများခြင်းကြောင့် ကောက်ကျစ်ပုံ

ထိုကဲ့သို့သောသူများသည် ပညာများပြီး သဒ္ဓါပါးကြသည့်အတွက် ကောက်ကျစ်စဉ်းလဲသွားကြသောသူများတည်း။ ယင်းဖြစ်ရပ်များသည် ဗုဒ္ဓလက်ထက်ကလည်း ရှိခဲ့၏။ ယခုလည်း ရှိနေဆဲဖြစ်၏။ ကဿပဘုရားလက်ထက်က လောကကို မိမိ အတွက်အသုံးချရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပိဋကတ်သုံးပုံကိုဆောင်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတစ်ပါး ပေါ်ခဲ့ဖူး၏။ သူ့အမည်ကို ကပိလဟုခေါ်၏။ သူသည် စာတတ်ပေတတ်ကြီး ဖြစ်သည်နှင့် သိက္ခာသုံးပါးကိုမရှာဘဲ ပစ္စည်းလေးပါးနှင့် ဒကာ ဒကာမကိုသာ ရှာ၏။

တက်ကြွ၏၊ ထောင်လွှား၏၊ အဓမ္မကို ဓမ္မ၊ ဓမ္မကို အဓမ္မ၊ အဝိနယကို ဝိနယ၊ ဝိနယကို အဝိနယအဖြစ် ပြောင်းပြန်လှန်ကာ သာသနာကို ဖျက်ဆီး၏။ သို့သော် သာသနာကား မပျက်စီး၊ သူသာလျှင် ပျက်စီးပြီး အဝီစိငရဲသို့ကျ၏။ ဂေါတမဘုရား လက်ထက်ကျမှ အဝီစိငရဲမှ ခေတ္တလွတ်လာပြီး ရွှေငါးကြီး တစ်ကောင် လာဖြစ်၏။

ပိဋကတ်သုံးပုံ ဆောင်ခဲ့သောကြောင့် ခန္ဓာကိုယ်ကား ရွှေအဆင်းလို လှပ၏။ စိတ်ဓာတ် ယုတ်ညံ့ခဲ့သောကြောင့် သူ့ပါးစပ် ဟ,လိုက်သည်နှင့် အပုပ်နံ့ တထောင်းထောင်းထ၏။ သူ့ကို မိသွားသော တံငါသည်များက မသတ်ဘဲ ကောသလမင်းထံ ဆက်သ၏။ ကောသလမင်းကမှတစ်ဆင့် ဘုရားထံ ရောက်လာသည်။ ဗုဒ္ဓက ပရိသတ်အား သူ့နောက်ကြောင်းတွေ မေးမြန်းစီစစ်ပြပြီးသည်နှင့် ရွှေငါးကြီးသည် စိတ်ထိခိုက်ကာ သူ့ခေါင်းနှင့် လှေနံရံကိုဆောင့်ပြီး သတ်သေသွား၏။ ဓမ္မကို အဓမ္မလုပ်ခဲ့သော အကုသိုလ်မကုန်သေးသောကြောင့် အဝီစိငရဲသို့ ဒုတိယအကြိမ် ကျသွားပြန်လေ၏။ **(ဓမ္မပဒ အဋ္ဌကထာ)**

မြန်မာပြည်တွင်လည်း ပညာများပြီး သဒ္ဓါပါးသောရဟန်းတစ်ပါး ပေါ်ပေါက်ခဲ့ဖူး၏။ ထိုဆရာတော်ရေးခဲ့သော စာအုပ်အချို့သည် ယခုအချိန်တိုင်အောင် လူငယ်အတော်များများကို အယူမှားသို့ ရောက်စေခဲ့၏။

ထိုဆရာတော်သည် ပုထုဇဉ်ပီပီ ကောင်းသောအချက်လည်းရှိ၏။ ဆိုးသောအချက်လည်းရှိ၏။ အကောင်းကြောင့် ကျော်ကြားသလို၊ အဆိုးကြောင့်လည်း ထင်ရှားခဲ့ပြန်၏။ အကောင်းကြောင့် ကျော်ကြားခြင်းကား အများကြားဖူးသော ကျောက်ကွင်းအရေးတော်ပုံကြောင့်ပင်ဖြစ်၏။ ပြည်ခရိုင် ကျောက်ကွင်းရွာတွင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ အခြေအတင် ဟောပြောပြိုင်ပွဲကြီး ပြုလုပ်၏။

ဗုဒ္ဓဘာသာဘက်မှ ဟောပြောမည့်ဘုန်းကြီး တော်တော်နှင့်ရှာမရသဖြင့် ရင်လေးနေကြရ၏။ ထိုအချိန်တွင် ယင်းဆရာတော်က ဗုဒ္ဓဘာသာဘက်မှ ဝင်ရောက်ဟောပြောရာ အနိုင်ရရှိသဖြင့် တစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်သွားကြ၏။ ဤအချက်ကား သာသနာတော်အတွက် အင်မတန်ဂုဏ်တက်ခဲ့ပါ၏။ ဤကား အကောင်းကြောင့် ကျော်ကြားခြင်းဖြစ်၏။

အဆိုးကြောင့် ထင်ရှားခြင်းကား သူသည် လူ့ဘုံမှတစ်ပါး ကျန်ဘုံများသည် မရှိဟု ပယ်၏။ အဘိဓမ္မာပိဋကတ်တစ်ခုလုံး ဘုရားဟောမဟုတ်ဟုဆိုကာ ပယ်၏။ ရဟန်းတို့ စောင့်ထိန်းရသော ဝိနည်းပိဋကတ်ကိုလည်း အပို ဥပါဒါန်အစွဲတွေဟု ဆိုကာ ပယ်၏။ သုတ္တန်ပိဋကတ်တွင်လည်း ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်မှ တစ်ပါး ကျန် သုတ်များအားလုံးကို ဘုရားဟောမဟုတ်ဟုဆိုကာ ပယ်၏။

www.burmeseclassic.com

www.burmeseclassic.com



အဆိုးဆုံးကား မန်ကျည်းစေ့စိုက်လျှင် မန်ကျည်းပင်သာပေါက်၏။ တံမာပင် မပေါက်၊ ထို့အတူ လူသေလျှင် လူသာဖြစ်ရမည်။ တစ်ခြားဘုံသား မဖြစ်နိုင်ဟူသော ရုပ်ကြမ်းဝါဒကို စာအုပ်တစ်အုပ်ရေးသားကာ ထူထောင်လိုက်ခြင်းပါတည်း။ ထိုခေတ် ထိုအချိန်က ဘာသာရေးစာပေဆိုလျှင် စီစစ်ခြင်းမရှိချေ။ ထို့ကြောင့်လည်း သူ၏ စိတ်ကူးဖြင့် ထူထောင်ထားသော ရုပ်ကြမ်းဝါဒကို ဘုရားကပင် ဟောလေဟန် ရေးသားလုတ်ဝေခွင့် ရခဲ့ခြင်းဖြစ်၏။

ဤစာအုပ်၌ အချက်နှစ်ချက်ကိုသာ အဓိကထား၍ တင်ပြသွားမည်ဖြစ်သည်။ ပထမအချက်မှာ သူ၏စာပေများကိုဖတ်ရှုပြီး အယူအဆမှားများ ဝင်သွားကာ ကျွန်ုပ်ထံ ရောက်လာကြသည့် လူငယ်၊ လူကြီးအချို့၏ ပြဿနာများကို ဖြေရှင်းပေးရခြင်း အကြောင်းဖြစ်၏။ ဒုတိယအချက်မှာ ဘာသန္တရစာပေကျွမ်းကျင်သော ယင်းဆရာတော်သည် အဘယ့်ကြောင့် သွက်သွက်ခါအောင် မှားခဲ့ရသနည်း ဟူသော သုံးသပ်ချက်ပင်ဖြစ်၏။

ကျွန်ုပ်သည် ၁၃၆၃-ခုနှစ်က ရွှေပြည်သာမြို့ မန္တလေးကျောင်းတွင် ဝိပဿနာ အလုပ်ပေးသင်တန်းတရား (၁၅)ညဟောကြားခဲ့၏။ ဝိမုတ္တိယုဂခေတ်မို့လား မသိ၊ အနံ ၂၄ပေ၊ အလျား ၆၃ပေရှိသော ကျောင်းဆောင်မှာ လူမဆန့်အောင်ပင် လာ ရောက်နာကြားသူ များပြားပါသည်။ (၇)ညမြောက် ဟောခါနီး၊ ညနေပိုင်းတွင် နာမည်(၃)မျိုးနှင့် ဒကာမကြီးတစ်ယောက် သူ့သမီးနှင့်အတူ ကျွန်ုပ်ဆီ ရောက်လာ၏။

ထိုဒကာမကြီးမှာ အသက်(၇၁)နှစ်ခန့်ရှိပြီး သူ့သမီးမှာ (၄၅)နှစ်ခန့်ရှိပေပြီ။ သူသည် မူလက ခရစ်ယာန်ဘာသာဝင် ကရင်လူမျိုးတစ်ယောက်ဖြစ်၏။ သူမ အသက် (၁၆)နှစ်အရွယ်ခန့်တွင် အသက်(၃၀)ကျော် (၄၀)နီးပါးခန့်ရှိ မွတ်စလင် တစ်ယောက် က ကွမ်းယာထဲ ဆေးထည့်ကျွေးပြီး ဖျားယောင်းသဖြင့် မယားအဖြစ် ပါသွားပြီး အစ္စလာမ် ဘာသာဝင်ဖြစ်ရပြန်၏။ အသက်(၇၀) အရွယ်ရောက်ခါမှ ကျွန်ုပ်၏တရား ကို နာကြားရကာ ဗုဒ္ဓဘာသာဝင်ဖြစ်လာသူဖြစ်၏။

ဗုဒ္ဓဘာသာဝင်အမျိုးသမီးများအတွက် သင်ခန်းစာယူစရာ များစွာပါသဖြင့် သူမအကြောင်း စာအုပ်တစ်အုပ်ရေးသားရန် စီစဉ်နေပါသည်။ သူမ၏ သားသမီး များနှင့် ဆွေမျိုးများမျက်နှာကြောင့် နာမည်ကို ထည့်မရေးတော့ပါ။ သူမ လာရခြင်း၏ အကြောင်းမှာ ဘာသာခြားဘဝမှာပင်ရှိသေးသော သူ့သမီးသည် သူနှင့်အတူ ဤ တရားပွဲကို လာရောက်နာယူလျက်ရှိသည်။

ဟောသောတရားက နက်နဲခက်ခဲသော ဓာတ်တရား ပရမတ်တရားများ ဖြစ်နေ၍ သူ့သမီးမှာ နားမလည်နိုင်အောင်ဖြစ်နေသည်။ ထို့ကြောင့် သူ့သမီး နားလည်နိုင်မည့်တရားမျိုးကို ဟောပေးပါရန် တောင်းပန်လာခြင်းဖြစ်၏။ ထို့ကြောင့် (၇)ညမြောက်တွင် ဝိပဿနာတရားကို ခဏရပ်ထား၍ ဘာသာဝင် အားလုံး နာယူ

www.burmeseclassic.com

www.burmeseclassic.com



နိုင်သော 'အရှုံးမရှိသောဒဿန'အမည်ရှိ အတွေးအခေါ် တရားတစ်ပုဒ်ကို ဟော ပေးလိုက်သည်။

ဤတရားကို ထိုအမျိုးသမီးကြီး ဗုဒ္ဓဘာသာသို့ဝင်သည့်ည အမှတ်တရအဖြစ် ကြည့်မြင်တိုင် ဘီလမ်းတွင် ဟောကြားခဲ့ဖူးသည်။ ထိုအမျိုးသမီးကြီးအကြောင်း စာအုပ် ထုတ်သောအခါ ဤတရားတော်လည်း ပါလာပေလိမ့်မည်။ နောက်နေ့တွင် အမျိုးသမီး ခပ်ငယ်ငယ်နှစ်ယောက် ကျောင်းသို့ရောက်လာ၏။ ကျွန်ုပ်ကို ဦးချပြီး သည်နှင့် တစ်ယောက်က စမေး၏။

'ဆရာတော် မနေ့ညကဟောတဲ့ တရားမှာ သရဏဂုံကို အားမကိုးမိလို့ လူ့ဘဝ ကသေပြီး ပြိတ္တာဘုံရောက်သွားတဲ့အကြောင်း ပါတယ်မဟုတ်လားဘုရား'

'ဟုတ်တယ်၊ ပါပါတယ်၊ ဘာဖြစ်လို့လဲ'

## လူသေလျှင် လူသာဖြစ်ရမည်ဆိုသည့် ဝါဒ

'တပည့်တော်တို့ သိချင်တာက လူသေရင် လူပဲဖြစ်တယ်မဟုတ်လား၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲတို့ ဖြစ်နိုင်သေးသလားဘုရား'

'ဖြစ်နိုင်တာပေါ့၊ ပုထုဇဉ်တွေသေရင် 'ရောက်နိုင်တဲ့ ဂတိငါးမျိုး'ရှိတယ်။ ဒေဝဂတိ-နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ မနုဿဂတိ-လူ့ပြည်၊ နိရယဂတိ-ငရဲပြည်၊ တိရစ္ဆာန ဂတိ-တိရစ္ဆာန်ပြည်၊ ပေတဂတိ-ပြိတ္တာပြည်၊ ဒီ ဂတိငါးမျိုးအနက် သူ့ကံအလိုက် တစ်မျိုးမျိုးကို ရောက်နိုင်တာပေါ့'

'တပည့်တော်တို့ဖတ်ထားတဲ့ စာအုပ်အရဆိုရလျှင် လူဟာ လူ့ဘဝကို ကာမ ပါဒါန်ကြီးကြီးနဲ့ စွဲလမ်းတာပါ၊ တခြား ဘုံဘဝတွေကို လူ့ဘဝလောက် မစွဲလမ်းဘူး ဘုရား၊ ဒါကြောင့် လူသေလျှင် လူသာပြန်ဖြစ်နိုင်တယ်ဆိုတဲ့ စကားဟာ ယုတ္တိရှိတယ်လို့ ထင်တယ်ဘုရား'

ဤစကားအရ သူတို့သည် မသိ၍မေးခြင်းမဟုတ်နိုင်တော့၊ သူတို့အယူ အဆ နှင့် ကျွန်ုပ်၏အယူအဆ မတူမျှသည်ကို လာရောက်ညှိနှိုင်းကြည့်ခြင်းဖြစ်၏။ အဆိပ် အတောက်ပါသော စာအုပ်တစ်အုပ်၏ လွှမ်းမိုးမှုကို ခံနေရပြီဖြစ်ကြောင်းကို လည်း သတိပြုမိလိုက်၏၊ ထို့ကြောင့်-

'ဒကာမလေးတို့ဖတ်တဲ့ စာအုပ်ဆိုတာ ပါသလား'

'ပါတယ်ဘုရား၊ ဒီမှာ'

သူတို့လက်ဆွဲအိတ်ထဲမှ ထုတ်လာသောစာအုပ်လေးကို ကြည့်လိုက်သောအခါ-

လူသေလျှင် လူသာဖြစ်နိုင်ကြောင်း ရေးထားသော စာအုပ်ကလေးတစ်အုပ် ဖြစ်နေ၏။ ယခုဖြစ်ရပ်နည်းတူ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင် ခမ္ဘရိပ်သာတွင် ဝါတွင်းကာလ တရားပြနေစဉ်ကာလဝယ်၊ ကွက်သစ်ရပ်မှ ပန်းချီ ဆရာ ဦးသန်းတင်လေးတစ်ယောက် အရေးတကြီးရောက်လာကာ ယခုကဲ့သို့ မေး

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ဖူး၏။

'ဆရာတော်၊ တပည့်တော် ဘယ်လိုမှတွေးမရလို့ ဆရာတော်ဆီကို ပြေးလာတာဘုရား၊ စာအုပ်တစ်အုပ်ထဲမှာ လူတစ်ယောက်သေသွားရင် ထွက်သက်လေက ပျက်စီးမသွားဘဲ လူမိခင်ရဲ့ဝမ်းထဲမှာ သွားသန္ဓေတည်တယ်၊ လူဓာတ်မရှိတဲ့ တခြားဘုံဘဝတွေမှာ မဖြစ်နိုင်ဘူး၊ ဒါကြောင့် လူသေရင် လူပဲပြန်ဖြစ်ရမယ်လို့ ရေးထားတယ်ဘုရား၊ အဲဒါ . . . .'

'ကဲ-ဒကာကြီး ဖတ်ခဲ့တဲ့စာအုပ် ပြစမ်း'

ဟု ပြောလိုက်သောအခါ သူ့အိတ်ထဲမှ စာအုပ်လေးတစ်အုပ် ထွက်လာ သည်။ ကြည့်လိုက်တော့ ထိုစာရေးဆရာပင်ရေးထားသော 'အနတ္တရောင်ခြည်'၊ ပြဿနာက အတူတူဖြစ်ခြင်းကြောင့် ရွှေပြည်သာမှာပေါ်နေသော ပြဿနာကို ရှင်းလိုက်လျှင် နှစ်ခုလုံး ပြေလည်သွားပေမည်။

ကျွန်ုပ် ပထမဆုံးဖတ်ရသော ထိုစာရေးဆရာနှင့်ပတ်သက်သည့်စာအုပ်မှာ 'ကျောက်ကွင်းအရေးတော်ပုံ'ဖြစ်၏။ ထိုစာရေးဆရာ၏ တပည့်တစ်ယောက်က တစ်ဆင့်ပြန်လည်ရေးသားခြင်းဖြစ်သည်။ ထိုစာအုပ်မှစ၍ ထိုစာရေးဆရာကို လေးစားလာခဲ့သည်။ ဘာသာလေးခု၏ အနှစ်သာရများကိုဖော်ပြသော 'ကပ္ပပြဿနာ' စာအုပ်ကို ဖတ်ရသောအခါတွင်ကား တခြားဘာသာများကိုပါ ကျွမ်းကျင်သည်ဟုဆိုကာ အထင်ပါ ကြီးလာ၏။ အသက်ကြီး၍ စာဖတ်သက် ရင့်လာသောအခါတွင်မှ ကပ္ပပြဿနာစာအုပ်တွင် တခြားဘာသာအကြောင်းများကို ကျွမ်းကျင်သလောက် ဗုဒ္ဓဘာသာ၏ အနှစ်သာရကို ရေးရာတွင်ကား အပေါ်ယံလောက်သာ ရှုပ်ရေးနိုင်သည်ကို သတိထားမိလာသည်။

'ကိုယ်ကျင့်သိက္ခာ ခိုင်မာအောင် တည်ဆောက်ရန် မကြိုးစားဘဲ
ပညာတတ်ဖြစ်အောင် ကြိုးစားခြင်းသည် ဖြတ်လမ်းဖြစ်သဖြင့်
လောကအတွက် ကြီးမားသောအန္တရာယ်ကို
ယူဆောင်ရာရောက်တတ်ပါ၏။'

ဟူသော ဆရာကြီးဦးရွှေအောင်၏စကားသည် မှန်ကန်လွန်းလှသည်။ ကိုယ်ကျင့်သီလ မကောင်းခြင်းသည် ငါစွဲသက္ကာယဒိဋ္ဌိ အားကြီးသောကြောင့် ဖြစ်၏။ 'ငါ' ဟူသော သက္ကာယဒိဋ္ဌိကို ခေါင်းတည်၍ ငါ့အတွက်မှ စ-ကာ၊ ငါ့သား အတွက်၊ ငါ့မယား အတွက်ဟူသော လောဘများ အတောမသတ်နိုင်အောင် တိုးပွား လာ၏။ ထိုလောဘ များသည် ငါစွဲသက္ကာယဒိဋ္ဌိမှ လာခြင်းဖြစ်၏။ အပြန်အလှန် အားဖြင့် ကိုယ်ကျင့်သီလ ကောင်းမွန်လာခြင်းသည် ငါစွဲသက္ကာယဒိဋ္ဌိ နည်းသော ကြောင့်၊ မရှိသောကြောင့် ဖြစ်၏။

ထို 'ငါ-ရှိတယ်'ဟူသော အယူမှား သက္ကာယဒိဋ္ဌိကြီး နည်းသွားအောင် ဝိပဿနာပညာက လုပ်ပေးနိုင်၏။ ပျောက်သွားအောင် သောတာပတ္တိမဂ်ပညာက

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးနိုင်၏။ ပုထုဇဉ်ဘဝဖြင့် စောင့်ထိန်းရသော ကိုယ်ကျင့်သီလသည် အောင့်အည်း မျိုသိပ်နေရခြင်းဖြစ်၏။ ထို့ကြောင့် မအောင့်အည်းနိုင်သောအခါတွင် ဖောက်မိခြင်းဖြစ်၏။

'သောတာပန်'သည်ကား ကိုယ်ကျင့်သီလကို ဖောက်ဖျက်ချင်သည့် စိတ်ဆိုး၊ စေတနာဆိုးများကို ပေါ်မလာတော့ခြင်းဖြစ်၏။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘဲ ဓမ္မနိယာမအတိုင်း အမြဲတမ်းဖြစ်ပျက်နေသည့် ရုပ်နာမ် ခန္ဓာအတွက် အကုသိုလ်အမှုနှင့် လုပ်မကျွေးသင့်ဟု ပညာဖြင့် ထိုးထွင်း၍ သိကာ ဆုံးဖြတ်နိုင်ခြင်းဖြစ်၏။

ထို ဝိပဿနာပညာသည် စာဖတ်ရုံ၊ မိမိဘာသာ မျက်စိမှိတ်ထိုင်ပြီး ထွက်လေဝင်လေမှတ်ရုံနှင့် ရနိုင်သောတရားမျိုး မဟုတ်ပေ။ စာပေရော အကျင့်ပါ ပြည့်စုံသည့် ဆရာကောင်းထံတွင် ရှိသေစွာနာယူသင်ကြားမှ ရရှိနိုင်သည်။ ထိုကဲ့သို့သော ဝိပဿနာပညာ မရှိသည့်အတွက် ထင်ပေါ်လိုသော သက္ကာယဒိဋ္ဌိ၏ တိုက်တွန်းမှုဖြင့် ထိုစာရေးဆရာသည် လောကတွင် လူသေရင် လူသာဖြစ်ရမည် ဟူသော ကြီးမားသည့် အန္တရာယ်ကြီးကို ယူဆောင်လာခြင်းပင်ဖြစ်၏။

သက္ကာယဒိဋ္ဌိ ငါစွဲအတ္တကြီးနေသမျှ တတ်သမျှပညာသည် ကိလေသာ ပွားစီးရေးသာဖြစ်နေပြီး၊ ဘာသန္တရစွယ်စုံတတ်ကျွမ်းသူ ထိုစာရေးဆရာလို ပုဂ္ဂိုလ်မျိုးကို ဝါဒများတစ်ခု ထူထောင်သူဘဝသို့ ရောက်စေနိုင်သလို သာသနဟိ တဓရ ဓမ္မာစရိယ (သကျသီဟ-ဘိဝံသ)ဘွဲ့ရပုဂ္ဂိုလ်ကိုလည်း ခရစ်ယာန်သင်းအုပ် ဆရာအဖြစ်သို့ ရောက်စေနိုင်ပေသည်။

## ယနေ့ ဘိဝံသ၊ နက်ဖြန် ခရစ်ယာန်ဓမ္မဆရာ မဖြစ်ရန်

ကျောက်ကွင်းအရေးတော်ပုံ၌ ခရစ်ယာန်ဘာသာဘက်မှ ဦးဆောင်ဟောပြောသူသည် သကျသီဟဘိဝံသဘွဲ့ရ ရဟန်းလူထွက်တစ်ဦးဖြစ်သည်။ ထို့ကြောင့် ဆရာကြီး ဦးရွှေအောင်က-

> 'မြတ်စွာဘုရားသည် အတ္တကို ပယ်သတ်ရန် အရေးကြီးဆုံးထား၍ ဟောကြားတော်မူ၏။ ထိုသို့ ဟောကြားတော်မူရာ၌ ခဏသတ်ခြင်း- တဒင်္ဂပဟာန်လည်း ပါ၏။ အတော်ကြာအောင် သတ်ခြင်း- ဝိက္ခမ္ဘနပဟာန်လည်းပါ၏။ အမြစ်ပြတ်သတ်ခြင်း- သမုစ္ဆေဒပဟာန်လည်း ပါ၏'
>
> 'အတ္တကို ခဏသတ်နိုင်လျှင် မိမိ၏အုပ်စုကို ချစ်နေရာမှ နိုင်ငံသားအားလုံးကို ချစ်တတ်လာ၏။ အတော်ကြာကြာ သတ်နိုင်လျှင် မိမိ၏နိုင်ငံသားအားလုံးကို ချစ်နေရာမှ ကမ္ဘာ့လူသား အားလုံးကို ချစ်တတ်လာ၏။ အမြစ်ပြတ် သတ်နိုင်လျှင်မူ ကမ္ဘာ့လူသား

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ချစ်နေရာမှ လောကသုံးပါးရှိ လူနတ် ဗြဟ္မာ သတ္တဝါ အားလုံးကို ချစ်တတ်လာ၏။

ချစ်တတ်လာခြင်းဟူသည်မှာ ထိုထိုသတ္တဝါတို့၏ အကျိုးစီးပွားသို့ညွှတ်သော စိတ်ရှိခြင်းဖြစ်၏။ ဤသို့ ချစ်တတ်လာခြင်းသည် အတ္တကို ပယ်သတ်နိုင်ခြင်းကြောင့်ဖြစ်၏။'

(အမြင်များပြောင်းလဲခြင်း၊ စာ-၆၀)

ဟု ရေးသားခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် ကမ္ဘာကို သာသနာပြုရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဘာသန္တရစာပေများကို အပတ်တကုတ် လေ့လာနေကြသော ခေတ်လူငယ်၊ ရဟန်းငယ်များကို သတိပေးလို၏။ ရေနစ်နေသူချင်း ကယ်တင်လိုလျှင် မိမိက အရင် ကုန်းပေါ် ရောက်အောင် တက်သင့်၏။ မိမိကိုယ်တိုင် ကုန်းပေါ် မရောက် သေးဘဲ သူတစ်ပါးကို ကယ် တင်မည်ဆိုလျှင် နှစ်ဦးစလုံး နစ်မြုပ်သေဆုံးနိုင်၏။

ထို့အတူ မိစ္ဆာဒိဋ္ဌိအယူရှိသူများကို သမ္မာဒိဋ္ဌိဖြစ်စေလိုလျှင် မိမိကိုယ်တိုင် သမ္မာဒိဋ္ဌိ အရင်ဖြစ်အောင် လုပ်သင့်၏။ 'ယခုရော-သမ္မာဒိဋ္ဌိမဟုတ်ဘူးလား'ဟု မေးခဲ့လျှင် 'ဟုတ်ကား ဟုတ်၏။ သို့သော် 'ကောင်းသော'သမ္မာဒိဋ္ဌိသာဖြစ်၏။ 'မှန်သော'သမ္မာဒိဋ္ဌိ မဟုတ်ပေ'။

မဂ္ဂင်(၈)ပါးကို လောကီမဂ္ဂင်၊ လောကုတ္တရာမဂ္ဂင်ဟု ခွဲနိုင်၏။ သမ္မာဒိဋ္ဌိသည် လောကီအရဆိုလျှင် ကောင်းသောအယူဖြစ်၏။ ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်သူမှန်သမျှသည် ကောင်းသော ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ သို့သော် မှန်သောအယူကား မရှိသေး၊ သစ္စာဉာဏ်အမြင် ကန်းသော ကြောင့် အန္ဓပုထုဇဉ်ဟုသာ ဆိုရ၏။ ယနေ့ ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း နက်ဖြန် ဘာသာခြားဖြစ်သွားနိုင်သည်။

မရှိသောပညတ်နှင့် ရှိသောပရမတ်ကို သေချာသိခြင်း၊ ရှိသော ပရမတ် ရုပ်နာမ်၏လည်း အလုံး၊ အတုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှားအနေနှင့် ရှိခြင်းမျိုးမဟုတ်၊ ရုပ်တရားဆိုလျှင် ဖောက်ပြန်သောသဘောလေးသာရှိ၏၊ နာမ်တရားဆိုလျှင် အာရုံကို သိတတ်သော သဘောလေးမျှသာရှိ၏ဟု နားလည်ခြင်း၊ နာမရူပပရိစ္ဆေဒဉာဏ်။ ထို ရုပ်နာမ်သည်လည်း ထာဝရဘုရား၊ ဗြဟ္မာ စသည်တို့က ဖန်ဆင်းသောကြောင့် ဖြစ်သည်မဟုတ်၊ အကြောင်းမဲ့ဖြစ်သည်လည်းမဟုတ်။

အဖြစ်အပျက်ဖြင့် တရစပ်နှိပ်စက်နေသော ရုပ်နာမ်၏ဒုက္ခကိုမသိခြင်း-အဝိဇ္ဇာ၊ ထိုရုပ်နာမ်ကိုလိုချင်ခြင်း-တဏှာ၊ ရအောင် လောကီကုသိုလ်ကိုလုပ်ခြင်း-ကံ (စေတနာ)ဟူသော အကြောင်းသုံးပါးကြောင့် ဖြစ်လာခြင်းဖြစ်သည်ဟု လက်ခံခြင်း၊ ပစ္စယပရိဂ္ဂဟဉာဏ်တို့ကိုရသွားမှ သမ္မာဒိဋ္ဌိ- မှန်သောအယူရှိသော ဗုဒ္ဓဘာသာဝင် အဖြစ်သို့ရောက်၏။ စူဠသောတာပန် ပုထုဇဉ်ဟုခေါ်ရ၏။ ဘာသာလည်း

www.burmeseclassic.com

www.burmeseclassic.com



မပြောင်းတော့၊ အပါယ်လည်း မလားတော့ပေ။

ထိုဉာဏ်နှစ်ပါးရသူကို ရည်ရွယ်၍ ဝိသုဒ္ဓိမဂ်၌

'လဒ္ဓသာသန ဘဝမြစ်ေဇ္စာ ...'

> 'ဣမိနာ ပန ဉာဏေန သမ္ပန္နော ဂတော၊
> ဗုဒ္ဓသာသန လဒ္ဓဿ သော။
> လဒ္ဓ ပတိဋ္ဌောနိယတဂတိကော၊
> စူဠသောတာပန္နော နာမ ဟောတိ'။

ဤ 'နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ပြည့်စုံသူကို မြတ် စွာဘုရားသာသနာ၌ သက်သာရာရှိသူ၊ ထောက်ရာတည်ရာရှိသူ၊ (သုဂတိ) ဘုံလျှင် မြဲသောဂတိရှိသော စူဠသောတာပန်မည်၏'ဟု ဖွင့်ပြ၏။ မြတ်စွာဘုရား သာသနာ၌ ထောက်ရာတည်ရာရသူ၊ အခြေစိုက်သူဟူသောအဓိပ္ပါယ်ကို လယ်တီ ဆရာတော်ဘုရားကြီးက-

> 'သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီး လေးပါးကို ပိုင်းခြား၍မြင်နိုင်လျှင် ဤသာသနာ၌ အမြစ်စိုက်ပြီး မြဲသောဂတိရှိသော စူဠသောတာပန်အဖြစ်သို့ရောက်ပြီဟူ၍ လာပြန် ရကား ထိုဓာတ်ကြီးလေးပါး၌ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်အောင် ထူထောင် အားထုတ်ရမည်' ဟုသိအပ်၏။ ဤအဋ္ဌကထာ၌-
>
> 'ဤသာသနာ၌ အမြစ်စိုက်မှုဆိုသည်ကား လောက၌ လူတို့မှာ တစ်ခုသောမြို့ရွာ၌ အိမ်ယာခြံဝင်း၊ လုပ်ခင်း၊ မြေယာ တည်ထောင် မိသည်ရှိသော် ထိုသူသည် ထိုမြို့ရွာ၌ အခြေစိုက်ပြီး၊ မြို့ရွာတစ်ပါး သို့ ပြောင်းရွှေ့တော့မည်မဟုတ်ပြီဆိုရသကဲ့သို့ ဤသူသည်လည်း ဤ သာသနာမှာ ကျွတ်လွတ်တော့မည်၊ နောက်ဘုရားသာသနာသို့ သွား မည့်သူမဟုတ်ပြီ ဆိုလိုသည်။' (သောမနဿုပေက္ခာဒီပနီ- စာ-၆၀)

ဟု ဖွင့်ပြခဲ့သည်။ သာသနာ၌အမြစ်ခိုင်ရန်အတွက် စူဠသောတာပန် အရင် ဖြစ်အောင် ကြိုးစားရ၏။ စူဠသောတာပန်ဖြစ်ပြီးမှလည်း မဟာသောတာပန် ဖြစ်နိုင်၏။ စူဠသောတာပန်ဖြစ်ရန်၊ မဂ်ဖိုလ်ရရန်၊ နေယျပုဂ္ဂိုလ်များသည် ပထမဦးစွာ တရားနာမှုကို များများလုပ်ရမည်။ ပရမတ်ခန္ဓာ ဖြစ်ပျက်ပုံများ နားရည်ဝသွား သည်နှင့် လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာပုထ်လေးပါးတို့ဖြင့်ပင် ထိုက်သင့်သလို၊ ချမ်းသာသလို ရှုမှတ်ပွားများသွားနိုင်ပေသည်။

## နေယျပုဂ္ဂိုလ်၏ မဂ်ဖိုလ်ရရန်ကျင့်စဉ်

နေယျပုဂ္ဂိုလ်များ သစ္စာလေးပါးသိရန် တရားနာယူရာမှ စသင့်ပုံကို ပုဂ္ဂလ ပညတ်၊ ပါဠိတော်-၁၄၇ ၌ ဗုဒ္ဓက-

www.burmeseclassic.com

www.burmeseclassic.com



'ကတမော စ ပုဂ္ဂလောနေယျော-ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော ပရိပုစ္ဆတော၊ ယောနိသော မနသိကရောတော ကလျာဏမိတ္တေ သေဝတော ဘဇတော ပယိရုပါသတော ဧဝံ အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ အယံ ဝုစ္စတိ ပုဂ္ဂလောနေယျော။'

'နေယျော-နေယျပုဂ္ဂိုလ်များသည်၊ ကတမောစပုဂ္ဂလော-အဘယ်ပုဂ္ဂိုလ်ပါနည်းဟူမူ၊ ဥဒ္ဒေသတော-ကမ္မဋ္ဌာန်းဆိုင်ရာပါဠိကို သင်ယူလျက်(တရားနာယူခြင်းကို ဆိုလို)၊ ပရိပုစ္ဆတော-အနက်အဓိပ္ပါယ်ကို မေးမြန်းလျက်၊ ယောနိသော-မနသိကရောတော-သင့်လျော်စွာ နှလုံးသွင်းလျက်၊ ကလျာဏမိတ္တေ-ညွှန်ပြဆုံးမ ဟောပြောနိုင်သော မိတ်ဆွေကောင်း(ဆရာကောင်း)တို့ကို၊ သေဝတော-မှီဝဲလျက်၊ ဘဇတော-ချဉ်းကပ်လျက် ပယိရုပါသတော-ဆည်းကပ်လျက်၊ ဧဝံအနုပုဗ္ဗေန-ဤသို့ သောအစဉ်ဖြင့်၊ ယဿပုဂ္ဂလဿ-အကြင်ပုဂ္ဂိုလ်၏၊ ဓမ္မာဘိသမယော-သစ္စာ လေးပါးကို သိခြင်းသည်၊ ဟောတိ-ဖြစ်၏။ အယံ ပုဂ္ဂလော-ဤပုဂ္ဂိုလ်ကို၊ နေယျော-နေယျပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏'

ဟုဟောကြားတော်မူထားသည်။ ထိုပါဠိတော်၏ ဆိုလိုရင်းမှာ တရားနာဖို့ကို ဦးစားပေးပါ။ နာရင်းပင် သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်များ အဆင့်ဆင့်တက်ပြီး မဂ်ဖိုလ်ရသွားမည်ဟု ဆိုလိုရင်းပင်ဖြစ်၏။

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက လယ်တီဒီပနီပေါင်းချုပ် ပထ မတွဲ ဝိပဿနာ ဒီပနီ၊ စာ-၅၆ တွင်-

> 'ဤဝိပဿနာအလုပ်သည် သမထအလုပ်ကဲ့သို့ ပလိဗောဓ ဆိတ်ငြိမ်ရာကြီးကိုရမှသာ ပြီးစီးနိုင်သည်မဟုတ်၊ ပါရမီဉာဏ်သည်သာ ပဓာနတည်း။ ပါရမီဉာဏ်ရှိခဲ့ပါမူ တရားနာရင်းနှင့်ပင် ပေါက်ရောက်၍ သွားတတ်၏'
>
> 'ယရာဝါသကိစ္စအတွင်းမှာပင် ပေါက်ရောက်နိုင်၏။ အကြောင်းမူကား ဉာဏ်ရှိသူတို့မှာ ကိုယ်တွင်းကိုယ်ပြင်၊ အိမ်တွင်းအိမ်ပြင်၊ ရွာတွင်းရွာပြင် တွေ့မြင်သမျှသည် အနိစ္စဉာဏ် ပွားစီးဖို့ချည်းသာတည်း' ဟု ရေးသားတော်မူခဲ့၏။

မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း 'အနာကင်းလွတ် ချမ်းသာမြတ်' တရားတော်တွင်-

> 'ဟောနေတဲ့ပုဂ္ဂိုလ်က သစ္စာတရားဟောလို့၊ တရားနာတဲ့သူကလည်း တစ်ပါးအာရုံမသွားဘဲ သစ္စာတရားမှာသာ နှလုံးသွင်းထားနိုင်ရမယ်၊ အဲဒီလိုထားနိုင်ရင် တရားနာရင်းက သောတာပန်တည်နိုင်တယ်လို့ ပေဋကောပဒေသမှာ ဟောထားတယ်'
>
> 'ဟောတဲ့တရားကလည်း သစ္စာတရားသာပြောပြ၊ နာတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း တစ်ပါးအာရုံမသွားဘဲ သစ္စာတရားမှာသာ နှလုံးသွင်းမြဲရင် တစ်ထိုင်တည်းနဲ့ ကိစ္စပြီးပါတယ် လို့ဆိုတော့ တို့ဒကာတွေ အားကိုးဖို့များ မကောင်းကြဘူးလား၊ ကြိုးစားယူလိုက်ကြ' ဟု ဟောကြားတော်မူခဲ့၏။

(ဓမ္မဗျူဟာ-အတွဲ (၃၉) အမှတ် (၁၁) ၂၀၀၁ ခုနှစ်၊ ဧပြီလ)

'ဗုဒ္ဓသာသနာတော်ကြီး တည်ထောင်ကာစအချိန်က တပည့်ရဟန်း အပါး(၆၀)အား တစ်လမ်းလျှင် တစ်ပါးသာကြွစေပြီး အနယ်နယ်အရပ်ရပ်သို့ သာသနာပြုစေလွှတ်တော်မူခဲ့၏။ ရဟန်းတော်များကလည်း ဘာသာခြားတို့၏ ရန်ပြုခြင်းဟူသော အနှောင့်အယှက်၊ ငွေကြေးများနှင့် ဆွဲဆောင်ခြင်းဟူသော အနှောင့်အယှက်၊ မိန်းမများနှင့် ဖျားယောင်းခြင်းဟူသော အနှောင့်အယှက်များကို ရင်ဆိုင်ကျော်လွှားကာ သာသနာပြုနိုင်ခဲ့ကြသည်။

ထို အနှောင့်အယှက်မျိုးစုံကို ကျော်လွှားနိုင်ခြင်း၏ အဓိကအင်အားကား ဓမ္မ ပင်ဖြစ်၏။ ဗုဒ္ဓက သာသနာပြုစေလွှတ်ခဲ့တော်မူခဲ့သော မထေရ်အားလုံးသည် ရဟန္တာ ချည်းဖြစ်၏။ ယနေ့ခေတ် တောင်တန်းဒေသနှင့် နိုင်ငံရပ်ခြားသို့ သာသနာပြုကြွတော်မူကြသော ညီငယ်ရဟန်းများကိုလည်း 'ဓမ္မအားတွေ' များများပါသွားစေချင်၏။

မဂ်ဉာဏ်ဖိုလ်ဉာဏ် မရသေးသည့်တိုင်အောင် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင်ရသွားလျှင် အနှောင့်အယှက်မျိုးစုံကို ကျော်လွှားနိုင်ပါလိမ့်မည်။ ထိုသို့သောအဆင့်အတန်းသို့ ပို့ပေးနိုင်မည့် တရားခွေများ ကျွန်ုပ်တို့ထံတွင် ငှား၍နာယူနိုင်ပေသည်။

'အားခွန်ဗလနှင့်ပြည့်စုံသော စွယ်စုံဆင်ကြီးတစ်ကောင်သည် နက်လှသော နွံအိုင်ထဲသို့ဆင်း၍ ကြာစွယ်ကြာရိုးတို့ကို ချိုးယူစားသုံး၏၊ ဝလျှင် ကုန်းပေါ်သို့ အသာအယာပင်ပြန်တက်ပြီး လိုရာခရီးသို့သွား၏၊ ထိုအခြင်းအရာကို မြင်သွားသော ဆင်လေးတစ်ကောင်သည် စွယ်စုံဆင်ကြီးကို အတုယူကာ နွံအိုင်ထဲသို့ဆင်းလေရာ အားခွန်ဗလ မပြည့်စုံသဖြင့် နွံအိုင်ထဲမှာပင် သေပွဲဝင်ခဲ့ရ၏။'

ထိုဥပမာကဲ့သို့ ရှေးခေတ်က ရဟန္တာကြီးများကိုအတုယူပြီး သာသနာပြုကြွကြသော ယနေ့ခေတ်ရဟန်းငယ်များသည် အတွင်းဓမ္မက အားနည်းကြသဖြင့် တောင်တန်းတွင် သာသနာပြုကြွကြသော ရဟန်းငယ်များမှာ ဘာသာခြား အမျိုးသမီးများ၏ ဖျားယောင်းမှုကြောင့် လူထွက်ကြရ၏။

သာသနာပြုဘွဲ့ဒီဂရီတွေ အများကြီးယူပြီးကာမှ နိုင်ငံခြားသို့ သာသနာပြုကြွသော ရဟန်းငယ်အချို့မှာလည်း ငွေထုပ်ပိုက်ပြန်လာကြကာ မြန်မာပြည်ရောက်သည်နှင့် လူဝတ်လဲပြီး အိမ်ထောင်ပြုကြပြန်၏။ ဤ ဖြစ်ရပ်များကို မြင်တွေ့ကြားသိနေရသောကြောင့် ဆက်စပ်မှုရှိသောနေရာတွင် ယခုလို ထည့်သွင်းရေးသားရခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

## လူသေလူဖြစ်စာရေးဆရာ၏ စာအုပ်များအကြောင်း

လူသေလူဖြစ်ဆရာ ရေးသားသောစာအုပ်များအကြောင်းကို ပြန်ဆက်ရလျှင် ကပ္ပပြဿနာစာအုပ်အပြီး တတိယမြောက်ဖတ်ရသော ဓမ္မစကြာစာအုပ်တွင် လူတစ်ယောက် သေပါက ပျက်စီးသွားသော ဝါယောဓာတ်ပျက် အမှုန်အမွှားများသည် မူလဘူတဓာတ်ကြီးလေးပါးနှင့် သွားပေါင်းသည်ဟူသောသဘောမျိုး ရေးထားသည်ကို တွေ့ရသည်။ လူသေလျှင် ရုပ်ဓာတ်သာ ပျက်သွားသည်။ နာမ်ဓာတ်ကား ပျက်မသွား ဆိုသည့် သဿတဒိဋ္ဌိအယူအဆမျိုးပင်ဖြစ်၏။

'စတုတ္ထမြောက်ဖတ်ရသော အနတ္တရောင်ခြည်'တွင်ကား ပဋိစ္စသမုပ္ပါဒ် ပါဠိတော်မှ ကိုယ်လိုရာ အပိုဒ်လေးကိုဆွဲယူ၍ 'ဉပါဒါနပစ္စယာ ဘဝေါ- ဉပါဒါန် အစွဲအလမ်းကြောင့် ဘဝဖြစ်တယ်ဆိုတဲ့ ဒေသနာအရ လူဟာ လူ့ဘဝကိုပဲ စွဲလမ်းတယ်။ ဒါ့ကြောင့် လူသေရင် လူဖြစ်ရမယ်'ဟူသောသဘောကို အသံလွှင့် ရေဒီယိုတွေ စက်ပစ္စည်းတွေ နမူနာပြ၍ရေးခဲ့သည်။

ထိုအကြောင်းကို အနတ္တရောင်ခြည် စာအုပ်ဆုံးခါနီး စာမျက်နှာ(၁၇၂) တွင် အနည်းငယ်သာ ရေးသားခဲ့သောကြောင့် ဗုဒ္ဓဘာသာဝင်များက ခွင့်လွှတ်ခဲ့၊ သည်းခံခဲ့ ကြသည်။ ထိုသို့ မပြောရက်၍ ဆိတ်ဆိတ်နေတာကိုပင် သူ့ဝါဒကို အများကြိုက်ပြီ အထင်ဖြင့် လူသေလူဖြစ်စာအုပ်ကို ပေါ်တင် လုံးချင်းရေးထုတ် လိုက်တော့သည်။

ကုသိုလ်၊ အကုသိုလ်၏ ကောင်းကျိုး ဆိုးကျိုးကိုလည်း ပယ်၊ (၃၁)ဘုံကိုလည်း ပယ်သည်အထိ အတင့်ရဲလာသောအခါတွင်ကား မြန်မာတစ်ပြည်လုံးက ဝိုင်းဝန်းကန့် ကွက်ခါ သံဃာ့ဘောင်မှ နှင်ထုတ်သောကံကိုပင် ပြုခဲ့ကြ၏။ လောကကို အန္တရာယ်ပြုမည့် ထိုအယူဝါဒဆိုးကြီး ထိုသူ၏သန္တာန်တွင် အဘယ်သို့ သောနည်းဖြင့် ဝင်ရောက် လာရသနည်းဟူသောအချက်ကို မိန်းကလေးနှစ်ယောက် မေးထားသော လူသေလျှင် လူသာဖြစ်ရမည်ဟူသော ပြဿနာရှင်းလင်းချက်ပြီးမှ ဆက်လက် ရေးသားမည်။ ယခု မိန်းကလေးနှစ်ယောက်အား ရှင်းပြခန်းကို ဆက်ရေးအံ့။

'ဉပါဒါနပစ္စယာဘဝေါ- အစွဲအလမ်းဉပါဒါန်ရှိရာ ဘဝဖြစ်တယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အာဂမယုတ္တိရယ်၊ တမာစေ့စိုက်ရင် တမာပင်သာပေါက်တယ်၊ မန်ကျည်းပင် မပေါက်နိုင်၊ ထို့အတူ သေသွားတဲ့ လူမျိုးစေ့ဟာလည်း လူအပင်သာ ပေါက်နိုင်တယ်။ တခြားဘုံသားအပင် မပေါက်နိုင်ဆိုတဲ့ သဘာဝယုတ္တိရယ်၊ ကမ္ဘာအနှံ့ ဝန်းကျင်မှာ မကြာခဏ တွေ့နေကြရတဲ့ လူဝင်စားဆိုတဲ့ သာဓကယုတ္တိ ရယ်ကို ထောက်ပြီး တပည့်တော်တို့ကတော့ လူသေရင် လူပဲဖြစ်တယ်ဆိုတဲ့ အယူဝါဒကို လက်ခံတယ် ဘုရား။ ဆရာတော်အနေနဲ့ လူသေရင် တခြားဘုံတွေမှာ ဖြစ်နိုင်ပုံကို ယုတ္တိသုံးမျိုးလုံးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြ နိုင်ရင် ရှင်းပြစေချင်ပါတယ်ဘုရား'

'တို့ရဲ့ ဥပဇ္ဈာယ်ဆရာတော်ကတော့ ရန်ကုန်မှာ ဒီစာရေးဆရာနဲ့ ကြုံလိုက်ဖူးတယ်၊ ဆရာတော်ရဲ့ အတွေ့အကြုံအရဆိုရင် ဒီစာရေးဆရာဟာ အင်္ဂလိပ်စာပေ တတ်ကျွမ်းသလောက် ပါဠိစာပေကျတော့ မတတ်ဘူးတဲ့၊ ပါဠိ စာပေမှာ အာရမ္မဏ သဒ္ဒါကလာတဲ့ 'အာရုံ'ရယ်၊ အရုဏသဒ္ဒါကလာတဲ့ 'အရုဏ်'ရယ်၊ နှစ်ခုရှိတယ်၊ သဒ္ဒါချင်း ရော၊ အဓိပ္ပါယ်ချင်းရော မတူဘူး၊ ဒါပေမယ့် အသံထွက် ကျတော့ ခပ်ဆင်ဆင်ဖြစ်နေတယ်၊ အာရမ္မဏသဒ္ဒါကလာတဲ့ အာရုံက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ၊ အတွေးအာရုံ(ဓမ္မာရုံ) လို့ခေါ်တဲ့ အာရုံ ခြောက် ပါးကို ဟောရတယ်။

'အရုဏ' သဒ္ဒါကလာတဲ့ အရုဏ်က နေထွက်ခါနီး ရှေ့ပြေးအရောင်ကို ဟော တယ်၊ ဒါ့ကြောင့် နံနက်စောစောမှာ လျှုတဲ့ဆွမ်းကို 'အရုဏ်ဆွမ်း'လို့ခေါ်တယ်၊ သတိမထားတဲ့သူတွေကတော့ 'အာရုဏ်ဆွမ်း'ဆိုပြီး အ-မှာ ရေးချတပ်ထားတယ်၊ 'အရုဏ' သဒ္ဒါက လာတာမို့ ရေးချမပါပဲရေးတဲ့ 'အရုဏ်'ဆိုတာကမှ မှန်ပါတယ်။

ဒီစာရေးဆရာဟာ အရုဏ်နဲ့ အာရုံကို ခွဲခြားပြီးမသိတော့ ဘုရားက 'အာရုံ လာရင်'(စားချင်စိတ် ပေါ်လာရင်)စားကောင်းတယ်လို့ ဟောထားတယ်ဆိုပြီး သူ စားချင်စိတ်ပေါ်တဲ့အချိန်မှာ ထစားတော့တာပဲတဲ့၊ သူစားချင်စိတ်ပေါ်တဲ့ အချိန်ဟာ ညနေဖြစ်ချင်ဖြစ်မယ်၊ ည ဖြစ်ချင်ဖြစ်မယ်၊ ဒါကို သူက အရေးမထားဘူး၊ သူ စားချင် စိတ်ပေါ်တာ (အာရုံလာတာ)ကိုပဲ အဓိကထားတယ်။

## ဥပါဒါန်ခြင်းတူသော်လည်း အရကောက်ချင်းမတူ

ဒီအချက်ဟာလည်း၊ ဒီစာရေးဆရာဟာ ငယ်ရွယ်စဉ်က အခြေခံဖြစ်တဲ့ သဒ္ဒါ တို့၊ သင်္ဂြိုဟ်တို့၊ ဝိနည်းတို့ကို သေချာမသင်ခဲ့ရဘူးဆိုတဲ့အချက်ကို ပြနေတယ်။ ဒုတိယ အချက်က ဥပါဒါနပစ္စယာ ဘဝေါအရ ဥပါဒါန်ကို တရားကိုယ်ကောက်ရာ မှာ တဏှာ လောဘကိုရတယ်။ ဥပါဒါန်လေးပါးထဲမှာပါတဲ့ အတ္တဝါဒုပါဒါန်အရ ငါ့အယူ သာ အမှန်၊ တခြားအယူတွေအမှားလို့ ယူဆတဲ့ ဒိဋ္ဌိစေတသိက်ကို ကောက်ရတယ်။

'ဒီအရကောက်မျိုးဆိုတာ သင်္ဂြိုဟ်ကို အခြေခံကစပြီး ဆရာနဲ့သင်ဖူးမှ နား လည်တာ၊ ဒီစာရေးဆရာဟာ ဒီလို သင်ဖူးဟန်မတူဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူရေး တဲ့ လူသေလူဖြစ်စာအုပ်ထဲမှာရော သူတပည့်တစ်ယောက်ပြန်ရေးတဲ့ လူသေလူဖြစ် ပြဿနာစာအုပ်ထဲမှာရော ပါတာက 'မိမိကိုယ်မိမိစွဲလမ်းတဲ့ အတ္တဝါဒုပါဒါန်ဆိုတာ ရဟန္တာကျမှ ပယ်တာ။ ဒါကြောင့် အတ္တဝါဒုပါဒါန် တန်းလန်းနဲ့ သေတဲ့လူမှန်သမျှ လူပဲ ပြန်ဖြစ်ရမယ်'ဆိုတဲ့ သဘောမျိုးရေးထား တာတွေ့ရတယ်။ တကယ်တော့ အတ္တ ဝါဒုပါဒါန်ဆိုတာကို သောတာပန်ဖြစ် ကတည်းက ပယ်ပြီးသားပါ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီစကားဟာ အရကောက်လည်း မှားသလို၊ အယူအဆလည်း မှားနေတယ်။ မျိုးစေ့မပျက် ပင်မသန်ဆိုတဲ့စကားအတိုင်း လူသေရင် လူဖြစ်ရမယ်ဆိုတဲ့ သူ့ရဲ့ဝါဒကို ခိုင်မာဖို့ အဓိကအားပြုထားတဲ့ ဥပါဒါန် အယူအဆကစပြီး မှားနေတော့၊ နောက်ထပ် သူတွေးကြံတာတွေဟာ တစ်ခုမှ မမှန်တော့ဘူး၊ အကုန် မှားတော့တာပေါ့'

'ဥပါဒါနပစ္စယာ ဘဝေါဆိုတဲ့ ကိုယ်လိုချင်တဲ့ အချက်လေးတစ်ချက် ဆွဲထုတ်ပြီး လူ့ဘဝကို ပြင်းပြင်းထန်ထန်လိုချင်ရင် လူဖြစ်တာပဲဆိုတဲ့ ဒဿနဟာ အဘိဓမ္မာကို အခြေခံလောက်တောင် မသင်ဖူးဘူးဆိုတဲ့အဓိပ္ပါယ်ကို ပြနေတယ်'

'ဘယ်လိုကြောင့်လဲ ဆရာတော်'

'ဘယ်လိုကြောင့်လဲဆိုတော့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ရပ်ကို ခြင်းရာ(၂၀) အနေနဲ့ ခွဲလိုက်တဲ့အခါ ဒီလိုဖြစ်လာတယ်-'

အတိတ်အကြောင်းအခြင်းအရာ (၅)ပါး - အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

ပစ္စုပ္ပန်အကျိုးအခြင်းအရာ (၅)ပါး - ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

ပစ္စုပ္ပန်အကြောင်းအခြင်းအရာ (၅)ပါး - တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။'

'အနာဂတ်အကျိုးအခြင်းအရာ (၅)ပါး - ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

'ခုလို အကြောင်းနှစ်မျိုး၊ အကျိုးနှစ်မျိုး ခွဲလိုက်တဲ့အခါမှာ သူပြောတဲ့ဘဝ ဆိုတာ ဘယ်ထဲမှာပါနေသလဲ'

'အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကြောင်းထဲမှာပဲ ပါနေတယ်ဘုရား'

'အေး- ဒီအချက်ကို ထောက်ကြည့်ရင် သူဟာ ခန္ဓာအသစ်ဖြစ်စေတဲ့ အကြောင်းတရား ကမ္မဘဝကို အကျိုးတရားလို့ အထင်မှားပြီး သူထင်ရာ စွတ်ရေးနေတယ်ဆိုတာ ပေါ်လွင်သွားတာပေါ့။ အဘိဓမ္မာကို ဆရာနည်းကျကျ သင်ထားသူဟာ ဒီလို ပြောင်းပြန်လှန်နေတဲ့အမှားမျိုး ဘယ်တော့မှမမှားဘူး'

## ဥပါဒါန်တစ်ခုနှင့် လူမဖြစ်နိုင်ပုံ သဘာဝယုတ္တိ

'ခုဟာက အဘိဓမ္မာတတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေအတွက် သာကေယုတ္တိနဲ့ ရှင်းပြတာ၊ အခုတစ်ဖန် အဘိဓမ္မာ မကျွမ်းကျင်သူတွေအတွက် သဘာဝယုတ္တိနဲ့ ရှင်းပြကြဦးစို့၊ ပစ္စုပ္ပန် အကျိုးအခြင်းအရာငါးပါးဆိုတာ နားလည်အောင်ပြောရရင် ခန္ဓာငါးပါးပဲ၊ ဒီခန္ဓာငါးပါးဖြစ်အောင် လုပ်ပေးတာဟာ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဆိုတဲ့ အတိတ်အကြောင်း(၅)ပါးပဲ၊ ထာဝရတို့ ဗြဟ္မာတို့က ဖန်ဆင်းပေးတာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ဆိုလိုတယ်'

'အတိတ်အကြောင်း(၅)ပါးကို တရားကိုယ်အရကောက်၊ တူရာပေါင်းရင် သုံးပါးပဲဖြစ် သွားတယ်၊ အဝိဇ္ဇာအရ ခန္ဓာငါးပါးရဲ့ဒုက္ခကို မသိတဲ့ မောဟကို ကောက်ရ တယ်၊ တဏှာနဲ့ ဥပါဒါန်က လောဘကို ကောက်တာချင်းတူတယ်၊ သင်္ခါရနဲ့ ကမ္မဘဝ ကလည်း စေတနာလို့ခေါ်တဲ့ ကံကို ကောက်ရတာခြင်း တူတယ်၊ ဒါ့ကြောင့်-'

'အဝိဇ္ဇာ၊ တဏှာ၊ ကံလို့ပြောလိုက်ရင် ငါးပါးလုံးပါသွားတယ်၊ အဝိဇ္ဇာက ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်နေတဲ့ဒုက္ခကို မမြင်အောင်ဖုံးပေးတယ်၊ တဏှာက၊ ဘဝခန္ဓာ အသစ်ကိုလိုချင်တယ်၊ ကံလို့ခေါ်တဲ့ စေတနာက ကုသိုလ်၊ အကုသိုလ်တစ်ခုခုကို ပြုတယ်၊ ကုသိုလ်ကံပြုတော့ သုဂတိဘဝရောက်ပြီး၊ အကုသိုလ်ကံပြုတော့ ဒုဂ္ဂတိဘဝ ရောက်ရတာပေါ့'

'အခုဘဝ ခန္ဓာငါးပါးရလာတာဟာ အတိတ်ဘဝက အဝိဇ္ဇာ၊ တဏှာ၊ ကံ ကြောင့်ပဲ၊ အခုဘဝမှာ အဝိဇ္ဇာ၊ တဏှာ၊ ကံတွေထပ်လုပ်ရင် နောက်ထပ် ဘဝခန္ဓာ သစ် ထပ်ရဦးမှာပဲ၊ ဘဝတစ်ခုဖြစ်ဖို့အတွက် အဝိဇ္ဇာ၊ တဏှာ၊ ကံ သုံးပါးလုံးက ထောက်ပံ့ပေးရတယ်၊ ဒီသုံးပါးလုံး ခြုံမိအောင် လင်္ကာသီထားတာက-'

'မသိလို့ လိုချင်
လိုချင်လို့ ပြုလုပ်
ပြုလုပ်တော့ ရရှိ
ရရှိတော့ ခံကြပေတော့ တဲ့'

'မသိလို့ ဆိုတာက အဝိဇ္ဇာကိုပြောတာ၊ လိုချင်လို့ ဆိုတာက တဏှာကို ပြောတာ၊ ပြုလုပ် ဆိုတာက ကံကိုပြောတာ၊ အခုတော့ ဦးဥက္ကဋ္ဌက လိုချင်တာတစ်ခုနဲ့ လူ့ဘဝကိုရတယ်ဆိုတာ မဖြစ်နိုင်ပုံကို လောကသဘာဝယုတ္တိနဲ့ပြမယ်'

'ဒကာမ လေး၊ ဘွဲ့ရပြီးပြီလား'

'ရပြီးပါပြီဘုရား'

'အဲဒီဘွဲ့ကို ပြင်းပြင်းထန်ထန်လိုချင်ရုံ (ဥပါဒါန်)တစ်ခုထဲနဲ့ ရခဲ့တာလား၊ ဒါမှ မဟုတ် ဘွဲ့ကိုလည်းလိုချင်၊ စာပေကိုလည်း ကြိုးစားအားထုတ်၊ ဒီလို နှစ်မျိုးလုံး လုပ် လို့ရခဲ့တာလား'

'နှစ်မျိုးလုံးလုပ်လို့ ရခဲ့တာပါ'

"ဒါဆိုရင် ရှင်းနေပြီပဲ'

'သာမန် လောကီဘွဲ့တစ်ခု ရရှိဖို့တောင် လိုချင်တာရော၊ ရအောင် အားထုတ် တာရော နှစ်မျိုးလုပ်ရတဲ့ဟာ၊ ဒီထက်ကြီးကျယ်တဲ့ လူ့ဘဝတစ်ခုရဖို့အတွက်ကျမှ အားထုတ်စရာ ကံမလိုဘဲ လိုချင်စွဲလမ်းရုံသက်သက်နဲ့ ရနိုင်တယ်ဆိုတာ ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ်ပိုင်ဉာဏ်နဲ့ ခွဲခြားနိုင်လောက်ပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



## ကမ္မနိယာမနေရာတွင် ဗီဇနိယာမကို လွဲသုံးထားခြင်း

'တမာစေ့စိုက်ရင် တမာပင်သာပေါက်ရမယ်၊ ထို့အတူ လူသေရင် လူသာဖြစ်ရမယ်'ဆိုတဲ့အယူအဆဟာ နိယာမကို လွဲသုံးထားတာပါ။ နိယာမဟာ ဗီဇ နိယာမ၊ ဥတုနိယာမ၊ ကမ္မနိယာမ၊ စိတ္တနိယာမ၊ ဓမ္မနိယာမလို့ ငါးမျိုးရှိတယ်၊ တမာစေ့က တမာပင်ပေါက်တယ်ဆိုတာ သက်မဲ့ဗီဇနိယာမမှာ သုံးရတာပါ၊ သက်ရှိဖြစ်တဲ့ လူမှာ မသုံးရပါဘူး၊ လူနဲ့ ပတ်သက်တာကျတော့ ကမ္မနိယာမကို အဓိကထားပြီး သုံးရမှာပါ'

'နိယာမငါးမျိုးကို သူ့နေရာနဲ့သူ မသုံးတတ်လို့လား၊ သို့မဟုတ် ကိုယ့်ဝါဒဘက်၊ ဖတ်တဲ့သူ မျက်စိလည်ပါလာအောင် တမင်သုံးတာလားဆိုတာကိုတော့ ကာယကံရှင် ကိုယ်တိုင်ပဲ သိနိုင်ပါတယ်၊ လူ့ဘဝကနေ တခြားဘုံဘဝရောက်သွားတဲ့ သာဓကတွေဟာ အလွန်များပြားပါတယ်၊ ပိဋကတ်တော်ထဲက မထုတ်တော့ဘဲ လက်တွေ့ဖြစ်ရပ် အချို့ကိုပဲ ထုတ်ပြပါ့မယ်'

'သီဟိုဠ်ကျွန်းက ဒမိဠမျိုး တံငါသည်တစ်ယောက်ဟာ သေခါနီးမှာ ငရဲမီး၊ ငရဲခွေးတွေ နိမိတ်ထင်လာတယ်၊ ငရဲကို သွားတော့မလို့ပါ၊ ဒီအချိန်မှာ စူဠပိဏ္ဍပါတတိဿအမည်ရှိတဲ့ ရဟန်းတစ်ပါးကြွလာပြီး သရဏဂုံနဲ့ ငါးပါးသီလ ဆောက်တည်ပေးတယ်၊ သရဏဂုံဆောက်တည်အပြီးမှာပဲ စုတိစိတ်ကျသေဆုံးပြီး နှစ်ပေါင်းကိုးသန်း အသက်ရှည်တဲ့ စတုမဟာရာဇ်နတ်ဘုံ ရောက်ခဲ့ရပါတယ်၊ သူကိုယ်တိုင် နတ်ပြည်က ပြန်ဆင်းလာပြီး ရဟန်းတော်ကို လျှောက်ထားတဲ့အတွက် ခုလိုသိရတာပါ'

'ရန်ကုန်မြို့က စာရေးဆရာကြီး ဦးရန်အောင်ရဲ့မိတ်ဆွေ သူဌေး တစ်ယောက်ဟာ ဒါန၊ သီလ၊ ဘာဝနာတစ်ခုမှမလုပ်ဘဲ အိပ်တယ်၊ စားတယ်၊ ကာမဂုဏ်ခံစားတယ်၊ ဒီသုံးမျိုးနဲ့ပဲ ဘဝသက်တမ်းကို ကုန်လွန်စေတယ်၊ ဒီလိုနေခြင်းကို တိရစ္ဆာန်လိုနေခြင်း လို့ခေါ်တယ်၊ တိရစ္ဆာန်တွေဟာလဲ အိပ်၊ စား၊ ကာမ သုံးမျိုးနဲ့ပဲ နေကြတယ်၊ တိရစ္ဆာန်လိုနေတော့ သေတဲ့အခါ တိရစ္ဆာန်သွားဖြစ် ရတာပေါ့၊ အဲဒီအိမ်မှာပဲ ခွေးတစ်ကောင် ပြန်ဖြစ်တယ်'

'အတိတ်လူ့ဘဝက ထားခဲ့တဲ့ပစ္စည်းလေးတွေ ရှာဖွေပြနိုင်တဲ့အတွက် သူ့မိသားစုဟာ သူ့ကိုမှတ်မိသွားကြတယ်။ ခွေးလေးကို ဝိုင်းဖက်ငိုရှုံကလွဲပြီး ဘာမှ မတတ်နိုင်ကြပါဘူး၊ နောက် ဆရာတော်, သံဃာတော်များရဲ့ သတိပေးချက်အရ ခွေးလေးကိုယ်စား ဒါနပြုပေးကြတယ်၊ လူ့ဘဝက လာတာဆိုတော့ ခွေးလေးကလည်း သူ့အတွက် ဒါနပြုပေးတာကို နားလည်တယ်၊ ခွေးဘဝက သေတဲ့အခါ ကျတော့ သူ့ သမီးဝမ်းမှာဝင်စားပြီး လူပြန်ဖြစ်တယ်'

'သူဟာ ဇာတိဿရဉာဏ်ရလို့ ပြီးခဲ့တဲ့ ဘဝနှစ်ခုလုံးကို အမှတ်ရတယ်၊ ဒါ့ကြောင့် ပစ္စက္ခဘဝအတွက် ဥစ္စာ၊ ရွှေငွေရိက္ခာကို ရှာဖွေသလို သံသရာအတွက်လည်း ကုသိုလ်ရိက္ခာရှာဖွေတဲ့ သူတော်ကောင်းဘဝကို ရောက်သွား တယ်၊ ဒီအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးရန်အောင်က 'သုံးဘဝ ကျွန်တော်'ဆိုတဲ့အမည်နဲ့ ကိုယ်တွေ့ဆောင်းပါး တစ်ပုဒ် ရေးခဲ့တယ်'

'လူ့ဘဝကနေ ပြိတ္တာဘဝရောက်ရတာကိုတော့ အထင်အရှား ဖြစ်ရပ်တစ်ခုကို ထုတ်ပြမယ်၊ တောင်တန်းဆရာတော်ဘုရားကြီး ဦးဥတ္တမသာရရဲ့ မယ်တော်ကြီးဟာ သေတဲ့အခါ အစွဲအလမ်းတစ်ခုနဲ့သေခဲ့လို့ ပြိတ္တာဘဝရောက်သွားတယ်၊ ဆရာတော်ကြီးရဲ့နှမဖြစ်သူကို စားစရာ၊ ဝတ်စရာမရှိလို့ ဒုက္ခရောက်နေကြောင်း အိပ်မက်ပေးတယ်၊ ဒါ့ကြောင့် ဆရာတော်ကြီးဟာ သူသာသနာပြုနေရာ ချင်းပြည်နယ်ကနေ ရွှေဘိုကို အရောက်ပြန်သွားပြီး မယ်တော်ကြီးအတွက် ဒါနပြုပြီး အမျှပေးခဲ့ရတယ်'

'ဒီအခါကျမှ ပြိတ္တာဘဝကလွတ်ပြီး နတ်ပြည်ရောက်သွားပြီဖြစ်ကြောင်း အိပ်မက်ပေးလို့ သိရပါတယ်၊ ဒီအကြောင်းတွေကို ဆရာတော်ကြီးရဲ့ ဘဝမှတ်တမ်း စာအုပ်တွေမှာ လေ့လာဖတ်ရှုနိုင်ခဲ့ပါတယ်'

## နှစ်ဖက်လုံးစကား,နားထောင်မှ အမှန်ကိုသိရ

'ဒကာမလေးတို့ကို အကြံပေးလိုတာက တရားသူကြီးဟာ အမှန်ကို ဆုံးဖြတ်နိုင်ဖို့အတွက် တရားလို၊ တရားခံ နှစ်ဖက်လုံးရဲ့စကားကို နားထောင်ရတယ်။ အခုလည်း ဗုဒ္ဓဝါဒကို အတိအကျသိချင်ရင် ဦးဥက္ကဋ္ဌစာအုပ်တွေရော၊ လူသေလူဖြစ်ဝါဒါနုဝါဒ ဝိနိစ္ဆယစာအုပ်ကြီးရော နှစ်မျိုးလုံး ဖတ်ပါ'ဟုပြောပြီး-

ဝိနိစ္ဆယစာအုပ်ကိုပါ ငှားလိုက်သည်။ ကျွန်ုပ် အပင်ပန်းခံရကျိုး နပ်ပါသည်။ ယခုအခါ သူတို့နှစ်ဦးသာမက သူတို့၏မိဘများပါ ထေရဝါဒနည်းကျ ဝိပဿနာ တရားများကို နာကြားအားထုတ်နေကြပြီဖြစ်သည်။ ဆက်လက်၍ ထိုစာရေးဆရာ အနေဖြင့် ဘာသန္တရစာပေများ တတ်ကျွမ်းပါလျက်နှင့် အဘိဓမ္မာပိဋကတ်ကို ပယ် သောဝါဒ၊ (၃၁)ဘုံကို ပယ်သောဝါဒ၊ လူသေလူဖြစ် ဝါဒဆိုးကြီးများသို့ ကပ်ရောက် မိပုံ များကို သုံးသပ်တင်ပြသွားမည်ဖြစ်ပါသည်။

သူ၏ 'အနတ္တရောင်ခြည်'စာအုပ်စာမျက်နှာ (၁၈၅)တွင် ငါတည်းဟူသော အတ္တနယ်ထဲက (၃၁)ဘုံအစွဲတစ်ခု ခိုင်မာရေးကို အပြင်းအထန်ကျားကန်သည့် သဘောဖြင့် စိတ်ဝိညာဉ်ပေါင်း မိုးမွှန်၍နေသံမှာ အဘယ်ဇရပ်မှ မကျန်အောင်ပင် ရှိလာခဲ့သည်။

ထိုစကားရပ် လိုရင်းမှာ '(၃၁)ဘုံမရှိ'ဟုပင် ဆိုခြင်းဖြစ်၏။ သို့သော် တည့်တည့် မဆိုရဲသေးသဖြင့် သွယ်ဝိုက်၍ဆိုခြင်းဖြစ်၏။ ဗုဒ္ဓဘာသာဝင်များ အဘယ်ကဲ့သို့ တုန့်ပြန်လာမည်နည်းဟု သွေးတိုးစမ်းကြည့်လိုက်ခြင်းပင်ဖြစ်၏။ အတွေးအခေါ် ဉာဏ်ပညာကြီးမား၍ ဝိပဿနာ ပရမတ်မျက်စေ့ရှိကြသော ဗုဒ္ဓဘာသာဝင်များသည် အပြုံ သဘောမှလှည့်တွေးပြီး ထိုစာကို အပြစ်မတင်ခဲ့ ကြပေ။

ဝိပဿနာ ပရမတ်ဉာဏ်ဖြင့်ကြည့်လျှင် (၃၁)ဘုံဟူသည်မရှိ၊ ဖောက်ပြန်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ရုပ်နှင့် အာရုံကိုသိတတ်သော နာမ်တရားသာရှိသည်ကို သဘောပေါက်ထား ကြသဖြင့် ထိုစာရေးဆရာသည်လည်း ဝိပဿနာဉာဏ်အမြင်အရ (၃၁)ဘုံမရှိတာကို ရေးခြင်းနေမှာပါဟု ဖြည့်ကြည့်ပြီး အပြစ်မမြင်ကြခြင်းပင်။

ထိုအဖြစ်ကို မရိပ်မိသော ထိုစာရေးဆရာက မြန်မာပြည်က ဗုဒ္ဓဘာသာတွေ ငါရေးတိုင်း နောက်ကလိုက်တယ်ဟု တလွဲဆံပင်ကောင်းပြီး 'လူသေလူဖြစ်' စာအုပ် တွင်ကား '(၃၁)ဘုံသည် သမုတိသစ္စာအရလည်း မရှိ၊ ဒါနပြု၍ နတ်ပြည်သို့ ရောက် သည်ဟုဟောခြင်းသည် ဘုံနှင့်မြှောက်ခြင်းဖြစ်သည်။ သူ့အသက်သတ်၍ ငရဲကျသည် ဟု ဟောခြင်းသည် ငရဲနှင့်ခြောက်ခြင်းပင်ဖြစ်သည်။ ဘာသာအားလုံးမှ ရဟန်းသံဃာ အားလုံးသည် 'ခြောက်စား၊ မြှောက်စား၊ လူညွှန့်ခူးသမားများ ဖြစ်သည်'ဟု အပုပ်ချ လိုက်တော့သည်။

ထိုအခါကျမှ မြန်မာပြည်ရှိ ရဟန်းပညာရှိ၊ လူပညာရှိများက သူ၏(၃၁)ဘုံနှင့်တကွ ကုသိုလ်၊ အကုသိုလ်ကိုပါ ပယ်သည့် ဝါဒဆိုးကြီးကို ဝိုင်းဝန်းရှုတ်ချကြသည်။ (၃၁)ဘုံကို ပညတ်ဟုခေါ်၍၊ ရုပ်၊ နာမ်နှင့် နိဗ္ဗာန်ကို ပရမတ်ဟုခေါ်သည်။ နိဗ္ဗာန်ကို ရရန် ရုပ်၊ နာမ်ဟူသော ပရမတ်တရား၏ အဖြစ်အပျက်ကို ဉာဏ်ဖြင့် ရှုပွားနေခြင်းကို ဝိပဿနာဟုခေါ်၏။

ဝိပဿနာဉာဏ်ဖြင့် ရှုပွားနေခိုက်တွင် (၃၁)ဘုံ၊ (၃၁)ဘုံသားဟူသော ပညတ်များ ပျောက်နေ၏။ သို့သော် အပြင်ဘက် သမုတိသစ္စာအနေဖြင့်ကား ရှိမြဲရှိနေသည်သာဖြစ်၏။ လူ, နတ်, ဗြဟ္မာဟူသော ပညတ်များကိုပယ်၍ ရုပ်, နာမ် ပရမတ်တို့ကို ထိုးထွင်း၍ မြင်အောင်ကြည့်ခြင်း၏ ရည်ရွယ်ချက်မှာ ပညတ်ကိုမှီပြီးမှ ဖြစ်ရသော လောဘ၊ ဒေါသစသည့် ကိလေသာများ မဖြစ်ပွားစေရန် အတွက်သာဖြစ်၏။ ရုပ်, နာမ်သာရှိသည်၊ ကျန်တာ ဘာမှမရှိဟုဆိုကာ ထင်ရာလုပ်ရဲရန်အတွက် မဟုတ်ချေ။ ထိုအချက်နှင့်ပတ်သက်၍ (၁၁-၃-၂၀၀၂)နေ့ထုတ် အတွေးသစ်ဂျာနယ်၊ ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း) ၏'ပညတ်နဲ့ပရမတ်'ဆောင်းပါးတွင် တောင်တွင်းကြီးမြို့ နတ်မှီတောရ ဆရာတော် ဘုရားကြီးက-

## ခွေးရူးထက် ကြောက်စရာကောင်းသူ

'ပရမတ်အစစ်မပေါက်ဘဲ ပညတ်ကိုဖျောက်ရင် ခွေးရူးထက် ကြောက်စရာကောင်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားတို့ ရဟန်းသံဃာတို့နဲ့ လူဝတ်ကြောင်၊ အမိအဘနဲ့ တခြား ယောကျ်ား မိန်းမ စတဲ့ သူ့ဂုဏ်၊ သူ့အမည်ပညတ်နဲ့ သီးခြားစီ ရှိကြတာကို အတူတူ၊ ဓာတ်လေးပါး အခြေခံတွေချည်းပဲလို့ ယူကြည့်ပါလား၊ လောကမှာ သည့်ထက်ကြောက်စရာကောင်းတဲ့ လူ ရှိပါဦးမလား'

'တကယ့်ပရမတ်အစစ်ကိုပေါက်ပြီး သစ္စာလေးပါးကို ထိုး

www.burmeseclassic.com

www.burmeseclassic.com



ထွင်းသိပြီးလို့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမရယ်လို့ မရှိဘူးလို့ သိတာက တစ်မျိုးပါ၊ ဒါက ဝိပဿနာဉာဏ်အမြင်နဲ့ ကြည့်တဲ့ အခိုက် ပြောတာ၊ လောကထဲမှာ ပြောတာ၊ ဆိုတာ၊ သိမှတ်တာကျ တော့ သမ္မုတိနဲ့သူ ခွဲပြီးတော့ပဲသုံးရတယ်၊ အားလုံးကို အတူတူလို့ သိမှတ်မယ်ဆိုရင် ကိုယ့်မိခင်နဲ့ ကိုယ့်အိမ်သူကို အတူတူ ပဲလို့ သဘောထားကြည့်ပါလား၊ ခွေးရူးထက် ကြောက်စရာ မကောင်း ဘူးလား၊ လောကီနယ်မှာ ပညတ်ဟာ သူ့တန်ဖိုးနဲ့သူ၊ သူ့အဆင့် အတန်းနဲ့သူ တန်ဖိုးချင်း၊ ဂုဏ်ချင်း ခြားနားတယ်၊ ဒါကို ခြားခြားနားနားပဲ သိမှတ်ရတယ်။ ဝိပဿနာနယ်၊ လောကုတ္တ ရာနယ်မှာ ကျတော့လဲ ပရမတ်က သူ့တန်ဖိုးနဲ့ သူပေါ့'

ဟူ၍ ဩဝါဒပေးတော်မူခဲ့ခြင်းဖြစ်၏။

ထိုကဲ့သို့ ဗုဒ္ဓဒေသနာတော်များကို သင်ယူလေ့လာပြီးကာမှ ဖောက်ပြန် ရေး သမားဘဝသို့ ရောက်သွားသူများသည် ရည်ရွယ်ချက် မမှန်ကန်သောကြောင့် ဖြစ်၏။

ဒေသနာများကို သင်ယူရာ၌ ရည်ရွယ်ချက်သည် သုံးမျိုးရှိ၏။ ငွေတိုက်ကို စောင့်ရှောက်ရသော ဘဏ္ဍာစိုးသည် သူ့အတွက် စောင့်ရှောက်သည်မဟုတ်၊ ဘဏ္ဍာ ငွေများ မပျောက်ပျက်ရန်အတွက်သာ စောင့်ရှောက်ခြင်းဖြစ်၏။

ထို့အတူ ရဟန္တာမထေရ်ကြီးများ ပိဋကတ်ကို သင်ယူလေ့လာခြင်းသည် သူ့ အတွက်မဟုတ်။ ပိဋကတ်တော်များ မပျောက်ကွယ်ရေးအတွက်ဖြစ်၏။ သူ့အတွက် ကျင့်စရာ ကုန်နေပြီဖြစ်သည့်အတွက် ပိဋကတ်ကို ဆောင်ထားစရာ မလိုတော့ပေ။ နောင်းလူတို့အတွက်သာ ဆောင်ထားခြင်းဖြစ်၏။ ထိုကဲ့သို့သော ရဟန္တာများ၏ ပိဋ ကတ်ကိုသင်ယူသည့် ရည်ရွယ်ချက်မျိုးကို 'ဘဏ္ဍာဂါရိက သင်ယူနည်း' ဟုခေါ်၏။

ပုထုဇဉ်များသည် ကိလေသာမှထွက်မြောက်ရန်(ကုန်ရန်) သံသရာမှ ထွက် မြောက်ရန်ဟူသောရည်ရွယ်ချက်ဖြင့် သင်ယူနည်းကို 'နိဿရဏသင်ယူနည်း' ဟုခေါ် ၏။ တချို့ ယုတ်ညံ့သော ပုထုဇဉ်များကား လာဘ်လာဘများရန်၊ ထင်ပေါ်ကျော်ကြား ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပိဋကတ်ကိုသင်ယူ၏။ ထိုသင်ယူနည်းမျိုးကို 'အလဂဒ္ဒူ ပမာ'သင်ယူနည်းဟုခေါ်၏။

အလဂဒ္ဒူပမာသည်-မြွေအလမ္ပာယ်ပြစားသော အလမ္ပာယ်ဆရာကို ရည် ညွှန်းခြင်းဖြစ်၏။ မြွေအလမ္ပာယ်ဆရာသည် ပညာရပ်၌ မကျွမ်းကျင်မှုကြောင့် တစ်ချိန်တွင် သူပြစားသောမြွေ အကိုက်ခံရပြီး သေဆုံးခဲ့ရသကဲ့သို့ ပိဋကတ်ကို အတ္တကြီးမား၊ လောဘပွားများရေးအတွက် သင်ယူသူများသည် ထိုပိဋကတ်ကို အကြောင်းပြုပြီး ငရဲသို့ ကျကြရ၏။

ဗုဒ္ဓလက်ထက်က အရှင်ကပိလမထေရ်နှင့် ယခု လူသေလူဖြစ်ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



တို့သည် အလဂဒ္ဒူပမာနည်းဖြင့် ပိဋကတ်ကိုသင်ယူခဲ့ကြ၏။

ဤနေရာ၌ လူသေလူဖြစ်ဆရာတော်၏ တပည့်အဆက်ဆက်နှင့် ခေတ်လူငယ်များအား ဖြောင့်ချက်တစ်ခုပေးလို၏။ သူတော်ကောင်းများသည် စာရေးရာ၌ဖြစ်စေ၊ တရားဟောရာ၌ဖြစ်စေ၊ အတ္တုက္ကံသန = မိမိကိုယ်ကိုချီးမြှောက်ခြင်းနှင့် ပရဝမ္ဘန = သူတစ်ပါးကို ရှုတ်ချခြင်းတို့ကို ရှောင်ရ၏။

## အပြစ်လွတ်အောင် ချီးမွမ်းနည်းနှင့် ကဲ့ရဲ့နည်း

ထိုသို့ဆိုလျှင် ကဲ့ရဲ့ထိုက်သူကို မကောင်းမှုတွေ ဆက်မလုပ်ဖြစ်အောင် ကဲ့ရဲ့ရမည်။ ချီးမွမ်းထိုက်သူကို ကောင်းမှုတွေ ဆက်လုပ်ဖြစ်အောင် ချီးမွမ်းရမည်ဟူသော ဒေသနာကို မည်သို့လိုက်နာရမည်နည်းဟူသောမေးခွန်း ပေါ်ထွက်လာ၏။ အဖြေကား-

'ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် မကဲ့ရဲ့ရ၊ မချီးမွမ်းရ၊ ဓမ္မဓိဋ္ဌာန်အားဖြင့်သာ ကဲ့ရဲ့ရ၊ ချီးမွမ်းရမည်'ဟူ၏။ ဥပမာအားဖြင့် မောင်ညိုသည် ကိုယ့်ထက်သာ မနာလိုသော ဣဿာနှင့် ကိုယ်ရသလို သူတစ်ပါး မရစေလိုသော မစ္ဆရိယရှိနေလျှင် 'မောင်ညိုဟာ ယုတ်ညံ့တဲ့ကောင်'ဟု ကဲ့ရဲ့ခြင်းသည် ပုဂ္ဂလဓိဋ္ဌာန်ဖြစ်၏။ ထိုသို့ မကဲ့ရဲ့ကောင်း။

'မောင်ညိုသန္တာန်မှာဖြစ်နေတဲ့ ဣဿာ၊ မစ္ဆရိယဟာ တော်တော်ယုတ်ညံ့တာပဲ'ဟု ကဲ့ရဲ့ခြင်းသည် ဓမ္မဓိဋ္ဌာန်ဖြစ်၏။ ကဲ့ရဲ့ကောင်း၏။ အလှူဒါန များစွာပြုသော မောင်ဖြူကို ချီးမွမ်းရာ၌ 'သဒ္ဓါ'ကိုချီးမွမ်းလျှင် ဓမ္မဓိဋ္ဌာန်၊ 'မောင်ဖြူ'ကို ချီးမွမ်းလျှင် ပုဂ္ဂလဓိဋ္ဌာန်ဟု ခွဲနိုင်၏။ ယခုစာအုပ်၌ ဓမ္မဓိဋ္ဌာန်ကိုသာ အဓိကထား၍ ရေးသားမည်ဖြစ်၏။ ဗုဒ္ဓစာပေကို သင်ယူလေ့လာသောသူမှန်သမျှသည် နိဿရဏ ရည်ရွယ်ချက်ဖြင့်သာ လေ့လာသင်ယူသင့်၏။ သို့မှသာ မိမိအတွက်ရော လောကအတွက်ပါ ကောင်းကျိုးရမည်ဖြစ်၏။

ကိလေသာမှထွက်မြောက်ရန်၊ သံသရာမှထွက်မြောက်ရန်ဟူသော နှလုံးသွင်းကောင်းဖြင့် မသင်ယူမလေ့လာပဲ လူပေါ်လူဇော်လုပ်ရန်ဟူသော မကောင်းသော နှလုံးသွင်း (အလဂဒ္ဒူပမာနည်း)ဖြင့် သင်ယူပါက ဓမ္မစာပေပင်ဖြစ် သော်လည်း သင်ယူလေ့လာသူအား ဒုက္ခပေးနိုင်ပုံကို ဆရာကြီးဦးရွှေအောင်က 'စာဖတ်သူများ' စာမျက်နှာ-၁၇၂ ၌-

> 'အကယ်၍ စာပေအမျိုးအစားသည် ဓမ္မစာပေ ဖြစ်စေဦးတော့ စာဖတ်သူများအနေဖြင့် ပဋိဘာန်မရှိလျှင်ဖြစ်စေ၊ နှလုံးသွင်း မကောင်းလျှင်ဖြစ်စေ 'တရားသိ'အဆင့်ကို စာပေမှ မရနိုင်ဘဲ 'မတရားသိ'အဆင့်ကိုသာ စာပေမှရနိုင်ကြောင်း မြတ်စွာဘုရားက အလဂဒ္ဒူပမသုတ်၌ ဟောတော်မူထားသည်ကို တွေ့ရ၏'

www.burmeseclassic.com

www.burmeseclassic.com



'ထိုဒေသနာတော်အရ တရားစာပေကိုဖတ်တိုင်း တရားအသိကို ရသည် မဟုတ်၊ နှလုံးသွင်းနှင့် ပဋိဘန်ကောင်းပါမှ 'တရားသိ'ကို ရ၏။ နှလုံးသွင်းနှင့် ပဋိဘန် မကောင်းလျှင် တရားစာပေကပင် တရားစာပေဖတ်ရှုသူအား အန္တရာယ်ပြုတတ် ချေ၏။ အကယ်၍ မိမိဖတ်သောစာပေက တရားအသိကိုပေးနိုင် သောစာပေမျိုး မဟုတ်လျှင်မူ တရားသိကိုရနိုင်ဖို့ ခဲယဉ်းပါ၏။ ထို့ကြောင့် 'တရား သိ'နှင့် 'မတရားသိ'သည် စာပေအမျိုးအစားအပေါ်၌လည်း တည်၏။ စာပေဖတ်သူများ၏ နှလုံးသွင်းနှင့် ပဋိဘန်အပေါ်၌လည်း တည်၏ဟူ၍ ဆိုခြင်းဖြစ်ပါ၏'ဟူ၍ ရေးသားခဲ့၏။

ဓမ္မစာပေလေ့လာသူများ သတိထားစရာပင်ဖြစ်၏။ မလားရောက်သင့်ရာသို့ လားရောက်ခြင်းကို အဂတိဟုခေါ်၏။ ဆန္ဒာဂတိသည် လောဘဖြင့် ချစ်သောကြောင့် မလားရောက်သင့်ရာသို့ လားရောက်ခြင်းဖြစ်၏။ ဒေါသာ ဂတိနှင့် ဘယာဂတိသည် ဒေါသဖြင့်မုန်းခြင်း၊ ကြောက်ခြင်းကြောင့် မလားရောက် သင့်ရာသို့ လားရောက်ခြင်းဖြစ်၏။

မောဟာဂတိသည် မောဟဖြင့် အမှန်မသိသောကြောင့် မလားရောက်သင့်ရာသို့ လားရောက်ခြင်းဖြစ်၏။ ချုပ်၍ပြောလျှင် လောဘ၊ ဒေါသ၊ မောဟဟူသော ကိလေသာများကြောင့် မလားရောက်သင့်ရာသို့ လားရောက်ခြင်းပင်ဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟမကင်းသော ပုထုဇဉ်မှန်သမျှ အဂတိလေးပါးတွင် တစ်ပါးပါးသို့လိုက်မည်မှာ သေချာ၏။

## အဂတိလိုက်သောဝါဒနှင့် မလိုက်သောဝါဒ

သိပ္ပံဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ၊ အရင်းရှင်ဝါဒတို့ကို တီထွင်ခဲ့သူများသည် ပုထုဇဉ်များဖြစ်၏။ ထို့ကြောင့် သူတို့သန္တာန်တွင် လောဘ၊ ဒေါသ၊ မောဟ ကိလေသာများရှိ၏။ ထိုကိလေသာများကြောင့် ကွန်မြူနစ်ဝါဒသည် ပစ္စည်းမဲ့ဘက်သို့လိုက်ပြီး၊ ပစ္စည်းရှိများအပေါ် ဣဿာ၊ မစ္ဆရိယ ပွားများစေသောကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မအောင်မြင်ခြင်းဖြစ်၏။

အရင်းရှင်ဝါဒသည်လည်း ပစ္စည်းရှိများဘက်သို့လိုက်ပြီး ပစ္စည်းမဲ့များ အပေါ် ကရုဏာမထားနိုင်သောကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မအောင်မြင်ရခြင်းဖြစ်၏။ ဘုရားရှင်သည်ကား ကိလေသာကုန်ပြီး ဒုစရိုက် ကင်းပြီးဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဟောကြားပြသခဲ့သော ထေရဝါဒနည်းသည်သာ မည်သည့်ဘက်မှ မလိုက်ဘဲ အဂတိတရား ကင်းရှင်းခြင်းဖြစ်၏။

ဤအချက်များကိုထောက်၍ ဗုဒ္ဓစာပေမှတစ်ပါး တခြားစာပေများကို ဒီပဲ့

www.burmeseclassic.com

www.burmeseclassic.com



လာကြ ရာ၌ အစွန်းရောက်ဝါဒီဖြစ်မသွားကြစေရန် အထူးသတိထားသင့်၏။ လူသေလူဖြစ်ဆရာတော်သည် အင်္ဂလိပ်စာကို သူမတူအောင် ကျွမ်းကျင်ခြင်းကြောင့် အနောက်တိုင်း ဒဿနမျိုးစုံကို အားရပါးရ လေ့လာဖတ်ရှုခဲ့၏။ ကိလေသာ တန်းလန်းနှင့် ပုထုဇဉ်များရေးသော စာပေများကို ဘုရားဟောသဖွယ် လက်ခံသိမ်းပိုက်လေသောအခါ လူသေလူဖြစ်ဝါဒဆိုးကြီးကို တည်ထောင်သော အစွန်းရောက်ဝါဒီဘဝသို့ ရောက်သွားခဲ့ရ၏။

လူသေလူဖြစ်ဆရာတော်ကို အစွန်းရောက်ဝါဒီအဖြစ်သို့ ပို့ပေးသော အချက်များကို သုံးသပ်တင်ပြလို၏။ ပထမအချက်မှာ အနတ္တဝါဒကို ထေရဝါဒနည်းကျကျ သေချာစွာမသိခြင်းပင်ဖြစ်၏။ ဤအချက်သည် ထေရဝါဒ စာပေကို လေ့လာသူတိုင်း အရေးတကြီးသိထားသင့်သဖြင့် အကျယ်ရှင်းပြပေအံ့။ လူသေလူဖြစ်ဆရာသည် အနတ္တရောင်ခြည်စာအုပ်ကို ရေးသော်လည်း 'သူကိုယ်တိုင် အနတ္တပေါက်သူမဟုတ်' သေးကြောင်း သူ့စာအုပ်ထဲမှပင် ဖော်ထုတ် ပြပါမည်။

> 'ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ သဘာဝကြီး လေးမျိုးအား (ပ၊ အာ၊ ဝါ၊ တေ)ဓာတ်ကြီးလေးပါး ဟူသော အမည်ဖြင့် အဘိဓမ္မာနယ်ပယ်၌ တွင်ကျယ်ခဲ့လေပြီ၊ ၎င်းတို့ကို ပထဝီနှင့် အာပေါ၊ တေဇောနှင့် ဝါယောဟူ၍ နှစ်တွဲ ခွဲခြားနိုင်သည်။
> ၎င်းတို့တွင် ပနှင့်အာအတွဲကို ဓါတ်သေဟုခေါ်၍ တေနှင့် ဝါ အတွဲကို ဓာတ်ရှင်ဟု နာမပညတ် တပ်ဆင်ထားလေသည်။ ၎င်း တို့သည် တစ်ခုနှင့်တစ်ခုစီ ခွဲခြားလို့မရဘဲ၊ အမြဲတစေ အနန္တကာလ မှစပြီး တွဲ၍လာခဲ့ကြရာ၊ အနာဂတ်၌လည်း ၎င်းတို့သည် အဆုံးအပိုင်း အခြားမရှိတဲ့ကာလတိုင်အောင် အစဉ်အမြဲ ထာဝရပင်တွဲ၍ နေကြလိမ့်မည်။ ၎င်းတို့သည် ပြုပြင်မှုနှင့် ပြောင်းလဲမှုကိုသာ လက်ခံကြကုန်၏။ ပျက်စီးကုန်ဆုံး၊ နိဂုံးချုပ် ခြင်းကိုမူကား အပြင်းအထန် ငြင်းဆန်လေ့ရှိကြ၏'

*(အနတ္တရောင်ခြည်စာ -၉၇)*

ဤရေးသားချက်အရ ဓာတ်ကြီးလေးပါးရုပ်တရားသည် မပျက်မစီး အမြဲတည်သည်ဟု သဿတဒိဋ္ဌိဖြင့် စွဲယူလိုက်ခြင်းပင်ဖြစ်၏။ သို့သော် သူသည် ရုပ်တရားကိုသာ မြဲသည်ဟု သဿတဒိဋ္ဌိဖြင့်စွဲယူသော်လည်း နာမ်တရားကျပြန်တော့ သေလျှင် ပြတ်သည်ဟု ဥစ္ဆေဒိဋ္ဌိဖြင့်မှားပြန်၏။

## အမှန်နှင့်ရောနေသော အမှား

ထို့ကြောင့် လူသေလူဖြစ်ဆရာ၏အယူဝါဒကို မိစ္ဆာဒိဋ္ဌိ(၆၂)ပါး၌ စာရင်းသွင်းလျှင် ဧကစ္စသဿတဒိဋ္ဌိ၌ သွင်းရမည်။ ယင်းဒိဋ္ဌိကား အချို့မြဲ၊ အချို့မမြဲဟု ယူဆ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်ဖြစ်၏။ သူသည် ထို အနတ္တရောင်ခြည်တစ်အုပ်လုံး၌ ငါကောင်အတ္တ မရှိပုံကို နည်းမျိုးစုံဖြင့်ရေးခဲ့၏။ ဤအချက်ကား မှန်၏။ သို့သော် ဆက်ရေးလာသော 'နာမ်ခန္ဓာလေးပါးကား သေလျှင်ပြတ်၏။ ဘာမှ မဖြစ်တော့။ ရုပ်၊ ခန္ဓာကား သေလည်း မပြတ်၊ နောက်ဘဝသို့ဆက်၏'ဟု ရေးသားချက်ကား အလွန်မှား၏။ အမှန်နှင့်ရော နေသော အမှားသည် အတော်အတန် အတွေးအခေါ်ရှိသူကိုပင် ယိမ်းယိုင်ပါသွားစေတတ်သောကြောင့် အလွန်ကြောက်စရာကောင်း၏။

ထို့ကြောင့်လည်း အဘိဓမ္မာကို မတောက်တစ်ခေါက်တတ်ထားသူ အချို့သည် သူ့နောက်သို့ ပါသွားရခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်သည် အတ္တဟုဆိုလျှင် ဝိညာဉ်ကောင်တစ်ခုကိုသာဟောသည်ဟု ယူဆထား၏။ အတ္တသည် ဝိညာဉ်ကောင်မှ တစ်ပါးအခြားအနက်ကို ဟောသေး၏။ အနတ္တ၏ အနက်(၃)မျိုးကို အရင်ပြအံ့။ ထိုအနက်(၃)မျိုးကို ပြောင်းပြန်လှန်လျှင် အတ္တ၏အနက်ဖြစ်၏။

**အသာရကတ္တေန အနတ္တာ** = ခိုင်မြဲသောအနှစ်သာရမရှိသောကြောင့် အနတ္တ
**အနိဿရတ္တေန အနတ္တာ** = အစိုးတရပိုင်ဆိုင်ခြင်းမရှိသောကြောင့် အနတ္တ
**အဝသဝတ္တနတ္တေန အနတ္တာ** = မိမိအလိုသို့ မလိုက်ပါသောကြောင့် အနတ္တ

ဤအနက်(၃)မျိုးကို ပြောင်းပြန်လှန်လိုက်လျှင် အတ္တသည် ရုပ်နာမ်ကို ခိုင်မြဲသော အနှစ်သာရရှိသည်ဟု ယူဆသည်။ ရုပ်နာမ်ကို အစိုးတရပိုင်ဆိုင် ခြင်းရှိသည်ဟုယူဆသည်။ ရုပ်နာမ်ကို မိမိအလိုသို့ လိုက်ပါသည်ဟုယူဆသည်။ ဝိညာဉ်ကောင်ရှိသည်ဟု ယူဆမှ အတ္တရှိသည်ဟု ယူဆရာရောက်သည်မဟုတ်၊ ယခု ဖော်ပြအပ်သော အနက်(၃)မျိုးမှ တစ်မျိုးမျိုးကို လက်ခံယုံကြည်လျှင်လည်း အတ္တရှိသည်ဟု ယူဆရာရောက်သည်သာဖြစ်၏။

အနတ္တရောင်ခြည်စာအုပ်မှ ထုတ်ပြထားသော အထောက်အထားများ အရ လူသေလူဖြစ်ဆရာသည် ဓာတ်ကြီးလေးပါးကို ဘယ်သောအခါမှ ပျက်စီးခြင်း မရှိ အမြဲတည်နေသည်ဟု ယူဆခြင်းသည် အတ္တရှိသည်ဟု ယူဆခြင်းနှင့် အတူတူပင်ဖြစ်၏။ လူသေ လူဖြစ်ဆရာကား နာမ်တရားအပေါ် ငါစွဲပြုတ်လျှင် လုံလောက်ပြီဟု ထင်နေ၏။

ဗုဒ္ဓအလိုအရ ရုပ်အပေါ်မှာရော၊ နာမ်အပေါ်မှာပါ ငါစွဲအတ္တ ပြုတ်စေလိုခြင်းဖြစ်၏။ ဗုဒ္ဓစာပေများကို လေ့လာသောအခါ အနတ္တအပေါ် အခြေခံရပြီးမှ လေ့လာလျှင် လေ့လာမှုရှိသလောက် အရာထင်နိုင်သည်။ အဝကျယ်သော အိုးထဲသို့ မိုးရေပေါက် များများဝင်နိုင်သကဲ့သို့ပင်ဖြစ်၏။

အနတ္တအခြေခံသဘောလေးပင်မရှိဘဲ ဗုဒ္ဓဒေသနာကို လေ့လာသူများကား အဝကျဉ်းလှသောပုလင်းကို မိုးရေထဲချထားသော်လည်း တော်တော်နှင့် ရေမဝင်နိုင်သကဲ့သို့ နက်နဲသော တရားသဘောများကို ကျေနပ်နှစ်သက်စွာ ခံယူနိုင်မည် မဟုတ်ပါ။ စကားလုံးက ကြီးပြီး နားက ကျဉ်းသောကြောင့် မဆံ့ခြင်းဟု ဆိုနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သောပုဂ္ဂိုလ်များ ဖြစ်တတ်သောသဘာဝကို ဆရာကြီးဦးရွှေအောင်က 'စာဖတ်သူများ' စာအုပ် စာမျက်နှာ(၁၁)တွင်-

'ယခုအခါ မိရိုးဖလာသဘောအရလောက်သာ လေ့လာသူများထဲက ထေရဝါဒဗုဒ္ဓဘာသာကို မိရိုးဖလာသိအဆင့်ထက် လွန်အောင်လေ့လာလိုသူများ တစ်နေ့ထက်တစ်နေ့ ပို၍များပြားလာသည်ကို တွေ့ရ၏။ သို့ရာတွင် မည်သို့ စတင်လေ့လာရမှန်း မသိသဖြင့် မိမိတို့ စိတ်ကူးရသလို လေ့လာရာမှ ဂိုဏ်းဆရာများ၏ သာဝကများအဖြစ်သို့ ရောက်သွားသူများလည်း ရှိကြ၏။ အချို့မှာမူ ဗုဒ္ဓဘာသာ၏အပြစ်ကို ရှုလေ့ရှိကြသော ဘာ သာမဲ့ဆရာကြီးများ၏ သာဝကများအဖြစ်သို့ ရောက်ရှိသွားသူများလည်းရှိကြ၏။ အချို့ကား ထေရဝါဒ ဗုဒ္ဓဘာသာကို ယနေ့ခေတ်စားနေသော ဝါဒအမျိုးမျိုးနှင့် ညှိနှိုင်းပြီး ပြန်လည်ပြင်ဆင်လိုကြသော ပြန်လည်ပြင်ဆင်ရေး ဆရာကြီးများ၏ သာဝကများအဖြစ်သို့ ရောက်သွားသူများ လည်းရှိကြ၏။ နောက်တစ်မျိုးကား မိမိတို့ စတင်လေ့လာစဉ်က စနစ်တကျ လေ့လာခြင်းမျိုး မဟုတ်ခဲ့သဖြင့် မျက်မမြင်ပုဏ္ဏားခြောက်ယောက် 'ဆင်'စမ်းသလို ခြုံငုံမသုံးသပ်နိုင်ဘဲ၊ မိမိတို့ သိရှိလိုက်သည့် အချက်အလက်ကိုသာ အသေဆုပ်ကိုင်ပြီး၊ မိမိသာ ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်သည်ဟု အခြောက်တိုက် အထင်မှားနေသော အတုဗုဒ္ဓဘာသာဝင်ဖြစ်၏'

ဟု သတိပေးရေးသားခဲ့၏။

ထို့ကြောင့် ဗုဒ္ဓဝါဒကို စနစ်တကျလေ့လာနိုင်ရန် အနတ္တဝါဒအခြေခံကို ပြအံ့။ သုတ္တနိပါတ်ပါဠိတော်တွင် မောဃရာဇအမည်ရှိသော ရဟန်းအား ဗုဒ္ဓက-

'သုညတော လောကံ အဝေက္ခဿု၊
မောဃရာဇ သဒါသတော။
အတ္တာနုဒိဋ္ဌိံ ဦဟစ္စ
ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ န ပဿတိ။'

*(စူဠနိဒ္ဒေသ၊ မောဃရာဇသုတ် ၁၉)*

'မောဃရာဇ-သင်သည်၊ ငါစွဲ သက္ကာယဒိဋ္ဌိကို နှုတ်ပယ်၍ (ဝါ)ပယ်စွန့်နှုတ်ပစ်နိုင်အောင် လောကသုံးပါးကို ဆိတ်သုဉ်း၍ သွားအောင် ဝိပဿနာဉာဏ်ဖြင့် ကြည့်ရှုလော့၊ ဤသို့ကြည့်ရှုနိုင်သော် သေမင်းကို လွန်မြောက်နိုင်၏၊ ဤသို့ ကြည့်ရှုနိုင်သူကို

www.burmeseclassic.com

www.burmeseclassic.com



သေမင်း မမြင်နိုင်'

ဟု ဟောကြားတော်မူခဲ့၏။ 'မိမိရုပ်နာမ်ခန္ဓာမှစ၍ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက'ဟုဆိုအပ်သော လောကသုံးပါးကို ဆိတ်သုဉ်းသွားအောင်၊ ဘာမျှမရှိတော့အောင်၊ အနတ္တဖြစ်သွားအောင် ဉာဏ်ဖြင့်ကြည့်ဖို့ဆိုသည်ကား လွယ်ကူ သောကိစ္စတစ်ခုမဟုတ်ပေ။ အနတ္တ တကယ်ပေါက်သောနေ့သည် သောတာပန်တည် သောနေ့ပင်ဖြစ်၏။ သောတာပန် မတည်သေးသရွေ့ သူတစ်ပါး၏ လိမ်ညာဖျားယောင်းမှုများကို ခံနေကြရဦးမည်သာဖြစ်၏။ သောတာပန်တည်ပြီးသွားလျှင်ကား တရားနှင့်ပတ်သက်၍ လူသားချင်းလာ ညာဖို့မဆိုထားနှင့် တန်ခိုးကြီးနတ်များက လာညာ၍ပင် နားမယောင်တော့ပေ။

ဗုဒ္ဓလက်ထက်က သူရမ္ဗဋ္ဌအမည်ရှိသော ဒကာတစ်ယောက်သည် မြတ်စွာဘုရား၏ တရားကိုနာကြားပြီး သောတာပန်တည်သွား၏။ မြတ်စွာဘုရား ပြန်ကြွ၍ မကြာမီမှာပင် မာရ်နတ်က ဘုရားယောင်ဖန်ဆင်းပြီး သူရမ္ဗဋ္ဌအိမ် ရောက်လာ၏။ သူရမ္ဗဋ္ဌက ဘုရားရှင်ဟုပင်မှတ်ထင်၍ နေရာထိုင်ခင်းပေးကာ လာရင်းအကြောင်းကို မေးလျှောက်၏။ ထိုအခါ ဘုရားအယောင်ဆောင်ထားသော မာရ်နတ်က-

'သူရမ္ဗဋ္ဌ-စောစောကငါဟောတုန်းက ခန္ဓာငါးပါး၊ ရုပ်နာမ်တရားဟာ ခိုင်မြဲတဲ့ အနှစ်သာရမရှိဘူး၊ အနတ္တချည်းပဲလို့ ဟောခဲ့တယ်။ အဲဒီလိုဟောတာ မှားသွားတယ်။ တကယ်တော့ ခိုင်မြဲတဲ့ အနှစ်သာရရှိတဲ့ ရုပ်နာမ်ခန္ဓာအချို့ ရှိသေးတယ်' ဟု ပြောလိုက်၏။

တရားကို သေချာသိမထားသော ရိုးရိုးပုထုဇဉ်သာဆိုလျှင် ယုံလိုက်မည်သာဖြစ်၏။ အလိမ်ခံရမည်သာဖြစ်၏။ သူရမ္ဗဋ္ဌကား ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဟူ၍ မရှိ။ ရုပ်နှင့်နာမ်သာ ရှိသည်။ ထိုရုပ်နာမ်သည် လည်း အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှားအနေနှင့်ရှိသည်မဟုတ်။ ရုပ်ဆိုလျှင် ဖောက်ပြန်သောသဘောတရားအနေနှင့်သာ ရှိသည်။ နာမ်ဆိုလျှင် အာရုံကို သိတတ်သော သဘောတရားမျှသာရှိသည်ဟူ၍ အနတ္တကို ပိုင်နိုင်စွာ သိထားပြီးဖြစ်၏။

ထို့ကြောင့်လည်း ဘုရားရှင်တို့၏စကားမည်သည် မှားယွင်းသည်ဟူ၍မရှိ၊ ယခု လာပြောသူသည် 'ငါရထားသော တရားအသိကို လာဖျက်ဆီးသော မာရ်နတ်ဖြစ်ရမည်'ဟု မှန်ကန်စွာတွေးတောနိုင်သဖြင့် မာရ်နတ်ရှိရာသို့ လက်ညှိုးထိုးပြီး-

'သင်-မာရ်နတ်မဟုတ်လော'

ဟုမေးလိုက်ရာ မာရ်နတ်မှာ ဘယ်လိုမှမငြင်းသာတော့ဘဲ ဟုတ်ကြောင်းဝန်ခံရ၏။ ထိုအခါ သူရမ္ဗဋ္ဌက-

'သင့်လို မာရ်နတ်မျိုးတစ်ယောက်ကို မဆိုထားနဲ့၊ အသောင်းအသိန်းမကသော မာရ်နတ်တို့ လာပြီးဖျက်ဆီးသော်လည်း ပျက်စီးလိမ့်မည်မဟုတ်၊ သင်သည်

www.burmeseclassic.com

www.burmeseclassic.com



ငါ့ အိမ်အတွင်းမှ ယခုထွက်သွားလော့'

ဟု နှင်ထုတ်သဖြင့် မာရ်နတ်မှာ ခပ်ကုပ်ကုပ်ဖြင့် ထွက်သွားခဲ့ရ၏။ ဤကဲ့သို့သောအသိဉာဏ်ကို သူရမ္ဗတ္ထသည် တရားနာရင်းမှရရှိခဲ့ခြင်းဖြစ်၏။

## တရားနာစရာ မလိုသူ နှစ်ဦး

လောကတွင် သူတစ်ပါးထံမှတရားမနာဘဲ မိမိဘာသာ တရားကျင့်၍ မဂ်ဖိုလ်ရသူသည် နှစ်ဦးသာရှိ၏။ ယင်းတို့ကား သမ္မာသမ္ဗုဒ္ဓဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါ ဘုရားငယ်တို့ပင်ဖြစ်၏။ ကျန် အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက အားလုံးတို့သည် သောတာပတ္တိမဂ်ကိုရရန် သူတစ်ပါးထံမှ တရားနာခဲ့ကြရသူချည်း ဖြစ်၏။

(၃၁)ဘုံတွင် သောတာပန်မတည်နိုင်သောဘုံ (၄)ဘုံရှိ၏။ သောတာပန်မှ မတည်ရလျှင် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလည်း မဖြစ်နိုင်တော့ပေ။ ထို(၄)ဘုံကား အရူပ(၄)ဘုံပင်ဖြစ်၏။ သူတို့ဘုံတွင် ရုပ်တရားမရှိ၊ နာမ်တရားသာရှိ၏။ ရုပ်တရားမရှိ၍ နားမရှိ။ နားမရှိ၍ သူတစ်ပါးထံမှ တရားမနာရ။ သူတစ်ပါးထံမှ တရားမနာရသောကြောင့် သောတာပန် မတည်ကြရခြင်းဖြစ်၏။ ထို့ကြောင့် သပြေကန်ဆရာတော်ဘုရားကြီးက-

'နား၏တန်ဆာသည် နားကပ်နားတောင်းမဟုတ်၊
တရားဓမ္မ နာကြားခြင်းသာ'
'လက်၏တန်ဆာသည် လက်စွပ်၊ လက်ကောက်မဟုတ်၊
ပေးကမ်းစွန့်ကြဲခြင်းသာ'
'ကိုယ်၏တန်ဆာသည် လည်ဆွဲဘယက် ဒွါဒရာမဟုတ်၊
မေတ္တာအပြည့်ဖြင့် သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းသာ'

ဟု ဩဝါဒပေးတော်မူခဲ့ခြင်းဖြစ်၏။ သောတာပန်တည်ဖို့ 'အင်္ဂါလေးချက်' ရှိ၏။ ယင်းတို့ကား သပ္ပုရိသူပနိဿယ-ရုပ်နာမ်အပေါ် အနတ္တပေါက်အောင် ဟောပေးနိုင်သော သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊ သဒ္ဓမ္မသဝန- သူတော်ကောင်းတရားကို နာကြားခြင်း၊ ယောနိသောမနသိကာရ- သင့်လျော်စွာ နှလုံးသွင်း ကြံစည်ခြင်း၊ ဓမ္မာနုဓမ္မပဋိပတ္တိ-တရားနှင့်လျော်စွာ ကျင့်ကြံအားထုတ်ခြင်းတို့ပင်ဖြစ်၏။

ဓမ္မာနုဓမ္မပဋိပတ္တိသည် ဝိပဿနာကို ပွားများသော ဘာဝနာမယဉာဏ်ပင် ဖြစ်၏။ ထို ဘာဝနာမယဉာဏ်သည် ယောနိသောမနသိကာရဟု ဆိုအပ်သော စိန္တာ မယဉာဏ်ကြောင့် ဖြစ်ပေါ်လာနိုင်ခြင်းဖြစ်၏။ ရုပ်နာမ်ပရမတ်တရားကို ကြံစည်စိတ်ကူးသော စိန္တာမယဉာဏ်သည်လည်း သူ့အလိုအလျောက် ဖြစ်ပေါ်လာနိုင်ခြင်းမဟုတ်၊ သဒ္ဓမ္မသဝနဟုဆိုအပ်သော သုတမယဉာဏ်ကြောင့် ပေါ်ပေါက်လာနိုင်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြားနာ၍သိရသောဉာဏ်ကို သုတမယဉာဏ်ဟုခေါ်၏။ သုတမယဉာဏ်ကို ရသည်နှင့် စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တို့ကို အလိုလိုရသွားပေမည်။ ထို သုတမယဉာဏ် အရင်းခံသောကြောင့် ဗုဒ္ဓလက်ထက်က တရားတစ်ပုဒ်ဆုံးသည်နှင့် လူပေါင်းများစွာ မဂ်ဖိုလ်ကို ရကြခြင်းဖြစ်၏။

တရားအားထုတ်နည်းကို ပိုင်ပိုင်နိုင်နိုင်ရချင်ပါသည်၊ ဟောကြားပေးပါဟု လာရောက် လျှောက်ထားလေ့ရှိသူများအား ဤနေရာမှအကြံပြုလို၏။ ဒိဋ္ဌိကွာကြောင်း ဝိပဿနာတရားများကိုသာ အချိန်ရသလောက် နာကြားနေပါ၊ သုတမယဉာဏ်ကို ရ လာပါလိမ့်မည်။ ထို သုတမယဉာဏ် အားကောင်းသည်နှင့် စိန္တာမယဉာဏ် ဖြစ်လာမည်။

စိန္တာမယဉာဏ်မှတစ်ဆင့် ဝိပဿနာကို ပွားများအားထုတ်သော ဘာဝနာမယဉာဏ်ကိုရအောင် တရားကပင် ဆောင်ကြဉ်းပေးမည်ဖြစ်၏။

ဝိပဿနာစာအုပ်များကို ဖတ်ခြင်းသည်လည်း တရားနာခြင်း၌ အကျုံးဝင်ပေသည်။ မောဃရာဇသုတ်ကို ပြန်ဆက်အံ့။ လောကသုံးပါးကို သုညဖြစ်အောင် ကြည့်လိုသောသူသည် ပညတ်နှင့် ပရမတ်၊ မရှိတရားနှင့် ရှိတရားကို ဦးစွာခွဲခြားရမည်။ တကယ်ဆန်းစစ်ကြည့်သောအခါ တရားကိုယ် တရားသား ဘာမျှရှာမရသော အရာကို ပညတ်ဟုခေါ်၏။ လူနတ်၊ ပြဟ္မာ၊ ခွေး၊ ကြက်၊ ဝက်၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ နေ၊ လ၊ နက္ခတ်တာရာ စသည်တည်း။

မည်သို့ စစ်ဆေးကြည့်ကြည့် တရားကိုယ်တရားသား တကယ်ရှိသော အရာကို ပရမတ်ဟု ခေါ်၏။ ထိုပရမတ်သည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟု လေးမျိုးရှိ၏။ အာရုံကိုသိတတ်သော သဘောတရားကို စိတ်ဟုခေါ်၏။ စိတ်၌မှီသော စိတ်ကိုခြယ် လှယ်တတ်သော သဘောတရားကို စေတသိက်ဟုခေါ်၏။ အအေး၊ အပူစသော အကြောင်းတို့ကြောင့် ဖောက်ပြန်ပြောင်းလွဲတတ်သော သဘောတရားကို ရုပ်ဟုခေါ် ၏။

အို၊ နာ၊ သေ၊ မရှိသော ကိလေသာကင်းသည့် ငြိမ်းအေးချမ်းသာသော ဓာတ် ကြီးကို နိဗ္ဗာန်ဟုခေါ်၏။ ထို ပရမတ်လေးပါးထဲ မပါသော အရာအားလုံးကို တကယ်မရှိသော ပညတ်တရားများသာဖြစ်ကြောင်း လိုရင်းချုပ်၍ မှတ်နိုင်သည်။ မျက်စိနှင့် အဆင်း တိုက်ဆိုင်သည့်အခိုက်အတန့်တွင် မြင်သိစိတ် ဖြစ်ပေါ်လာ၏။ ထိုမြင်သိစိတ်သည် မျက်စိထဲတွင်လည်းကောင်း၊ အဆင်းရုပ်ထဲတွင်လည်းကောင်း၊ အရင်ကတည်းက ရှိနေသည်မဟုတ်ပေ။

အမြဲတမ်းလည်း ရှိနေသည်မဟုတ်ပေ။ မျက်စိနှင့်အဆင်းတွေ့ဆုံသည့် အခိုက်အတန့်တွင် ခေတ္တခဏရောက်လာသော ဧည့်သည်သာဖြစ်၏။ ဖြစ်လာသော အခါ တွင်လည်း မပျက်မစီးပဲ တစ်စက္ကန့်မျှ တည်နိုင်သည်မဟုတ်။ တစ်စက္ကန့် အတွင်းမှာပင် အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွား၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အနိစ္စဟုခေါ်၏။ တစ် စက္ကန့်အတွင်းမှာပင် အကြိမ်ပေါင်း ကုဋေတစ်သိန်းဟူသော အဖြစ်အပျက်တို့ဖြင့် အမြဲ နှိပ်စက်နေသောကြောင့် ဒုက္ခဟုခေါ်သည်။

## ဒုက္ခ သုံးမျိုး

ဒုက္ခသည် - ဒုက္ခဒုက္ခ၊ ဝိပရိဏာမဒုက္ခ၊ သင်္ခါရဒုက္ခဟု သုံးမျိုးရှိ၏။ ထိုတွင် ကြာကြာဖိထိုင်၍ နာလာ၊ ကိုက်လာ၊ ထုံလာခြင်းမျိုး၊ ရောဂါတစ်ခုခုကြောင့် နာလာခြင်းမျိုးကို ခန္ဓာဒုက္ခပေါ် နောက်ထပ်ဒုက္ခ ထပ်၍ဆင့်သောကြောင့် ဒုက္ခဒုက္ခ ဟုခေါ်၏။ အရွယ်ကြီးပြင်းလာ၍ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ ပါးရေနားရေတွန့်ခြင်း စသည်တို့သည် ငယ်ရုပ်အမူအရာမှ ကြီးရုပ်အမူအရာသို့ ပြောင်းလဲလာသော ကြောင့် ဝိပရိဏာမဒုက္ခဟု ခေါ်၏။

ပြခဲ့သည့် စက္ခုဝိညာဉ်စိတ်ကဲ့သို့သော နာမ်တရားနှင့် ပရမတ်ရုပ် တရားတို့၏ နိစ္စာန်မရမခြင်း၊ ဘဝအဆက်ဆက် တရစပ်မရပ်မနား ဖြစ်ပျက်ပြီး နှိပ်စက်နေခြင်းကို သင်္ခါရဒုက္ခဟုခေါ်၏။ သင်္ခါရဒုက္ခကိုသိမြင်မှ မဂ်ဖိုလ်ကိုရနိုင်၏။ ရှေ့ဒုက္ခနှစ်မျိုးကို ရှုခြင်းဖြင့် သံဝေဂဉာဏ်ကိုသာရနိုင်၏။ ဝိပဿနာဉာဏ်ပင် မဖြစ်။ ထိုအချက်ကို ဝိပဿနာရှုသူတိုင်း အထူးသတိထားသင့်၏။

ဒုက္ခဒုက္ခနှင့် ဝိပရိဏာမဒုက္ခကို ပညတ်ဒုက္ခဟုခေါ်၏။ သင်္ခါရဒုက္ခကိုသာ ပရမတ်ဒုက္ခဟုခေါ်၏။ ပရမတ်ဒုက္ခကိုသိမြင်မှ ဝိပဿနာဖြစ်၏။ ပညတ်ဒုက္ခကို မြင်ခြင်းကား သမထသာဖြစ်၏။ သင်္ခါရဒုက္ခကို ဘုရားပွင့်သောအခါမှသာ သိမြင်နိုင်၏။ ကျန် ပညတ်ဒုက္ခနှစ်မျိုးကား ဘုရားမပွင့်သောအခါ၌လည်း သိနိုင်၏။

ထို့ကြောင့်-

'ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊
ဗုဒ္ဓါစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဝမတ္တာနံ၊
နာမမတ္တံ န နာယတိ'

'ဘုရားတည်းဟူသော နေမင်း၊ ဘုရားတည်းဟူသော လမင်း မပေါ်ထွက်ခဲ့သော် သတ္တဝါတို့သည် ပရမတ်လေးပါး ရုပ်နာမ်တရားတို့၏ အမည်မျှကိုပင် သိကြရလိမ့်မည်မဟုတ်ပေ' ဟု ဖွင့်ပြတော်မူခဲ့ခြင်းဖြစ်၏။

ပညတ်ဒုက္ခသည်၊ ပြုပြင်၍ရ၏။ ပြောင်းလဲ၍ရ၏။ ရပ်တန့်၍ရ၏။ ပရမတ်ဒုက္ခသည် ပြုပြင်၍လည်းမရ၊ ပြောင်းလဲ၍လည်းမရ၊ ရပ်တန့်၍လည်း မရ။ ဖိပြီး ကြာကြာထိုင်၍ နာလာလျှင် ဣရိယာပုထ်ပြောင်းလိုက်သည်နှင့် အနာ ပျောက်သွား၏။ ရောဂါဖြစ်၍ နာကျင်နေလျှင်လည်း ဆေးကုလိုက်လျှင် ပျောက်သွား၏။ ဤကား ဒုက္ခဒုက္ခ၏ ပြုပြင်၍ရပုံ၊ ရပ်တန့်၍ရပုံတည်း။

မျက်စိမှုန်လာလျှင် ပါဝါမျက်မှန်တပ်၍ ကာကွယ်ပြုပြင်နိုင်၏။ ခေါင်းဖြူ

www.burmeseclassic.com

www.burmeseclassic.com



လာလျှင် ဆံပင်နက်ဆေးဆိုး၍ ပြုပြင်နိုင်၏။ နားလေးလာလျှင် နားကျပ်တပ်၍ အန်တု နိုင်၏။ ဤကား ဝိပရိဏာမဒုက္ခကို ထိုက်သလောက် ရပ်တန့်ထားနိုင်ခြင်း ဖြစ်၏။ မြင်သိစိတ် စသည့် နာမ်တရားတို့၏ တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေတစ်သိန်း ပျက်စီးနေခြင်း၊ ပထဝီဓာတ်၊ စက္ခုပသာဒရုပ် စသည်တို့၏ တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေငါးထောင် ရှစ်ရာ ရှယ်ဆယ့်နှစ်ကုဋေ သုံးသန်း ငါးသိန်း နှစ်သောင်း ကိုးထောင် လေးရာတစ်ဆယ့်တစ်ကြိမ် ပျက်စီးနေခြင်းကိုကား အဘယ်သို့သောနည်းနှင့်မျှ ရပ်တန့်ပြုပြင်၍မရချေ။

ထိုသို့ နိဗ္ဗာန်မရမခြင်း၊ ရုပ်၊ နာမ်အဖြစ်အပျက်တို့ဖြင့် မရပ်မနား နှိပ်စက်နေခြင်းကို သင်္ခါရဒုက္ခဟု ဆိုခြင်းဖြစ်၏။ ထို ရုပ်နာမ်အဖြစ်အပျက်များကို ရပ်နားခိုင်းရန် အစိုးရပိုင်ဆိုင်မှု မရှိခြင်းကိုပင် အနတ္တဟုဆိုခြင်းဖြစ်၏။ လူသေခြင်းကို အနိစ္စ၊ ရောဂါ ခံစားရခြင်းကို ဒုက္ခ၊ အိုခြင်း၊ သေခြင်းကို မအိုပါစေ၊ မသေပါစေ နှင့်ဟု တားမရခြင်းကို အနတ္တဟုသိရုံ-ပွားများရုံဖြင့်ကား မဂ်ဖိုလ်ရဖို့ဝေး၍ ဝိပဿနာဉာဏ်ပင် မဖြစ်သေးကြောင်း လယ်တီဆရာတော်ဘုရားကြီးက ယခုလိုရေးသား ခဲ့၏။

> ‘အာဇီဝဋ္ဌမက သီလလုံခြုံလျှင် လူသီလဝန္တဖြစ်ပေပြီ၊
> သတိလွတ်သဖြင့် ပြုမိပြန်လျှင် ဤအမှုကို နောင်-ငါမပြုဟု တင်း
> တင်းကျပ်ကျပ်မိဌာန်လျှင် လုံမြဲ-လုံပြန်၏၊ သီလဝိသုဒ္ဓိဖြစ်၏’
>
> ‘စိတ္တဝိသုဒ္ဓိမှာ တတ်နိုင်လျှင်အထူးကောင်း၏၊ မတတ်နိုင်
> လျှင် နေရ၏၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ ဟူ သော
> စိတ္တဝိသုဒ္ဓိကို အပြီးမလုပ်သော ယောဂီကို သုက္ခဝိပဿက ယောဂီ
> ဟုခေါ်သည်၊ သုဒ္ဓဝိပဿကယောဂီလည်း ခေါ်၏၊ ယခု ကာလ
> သည် သုက္ခဝိပဿကခေတ်တည်း၊ ထို့ကြောင့် သီလဝိသုဒ္ဓိ
> နေရာကျလျှင် ဓာတုမနသိကာရကို ထူထောင်ရမည်’

‘ယခုကာလသည် သုက္ခဝိပဿကခေတ်တည်း’ ဟူသောစကားကို အထူး သတိထားသင့်သည်။ ဆုပ်ကပ်ခေတ်ဖြစ်သော ယခုကာလလူများသည် နေယျပုဂ္ဂိုလ် သာ များ၏။ ဥဃ္ဃဋိတညူ ဝိပဉ္စိတညူပုဂ္ဂိုလ်များ အလွန်နည်းသွားပြီဖြစ်၏။ ထို့ ကြောင့် သမထကို အရင်ထူထောင်ပြီး ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ (ဈာန်)ထိ ရပြီးမှ ဝိပဿနာသို့ကူးမည်ဆိုလျှင် အချိန်ကြာနေလိမ့်မည်’

‘ဓာတ်တရား၊ ပရမတ်တရားကို သဘောဆိုက်အောင်နာကြားပြီး ဝိပဿနာကို တန်းရှုပွားသည့် ဝိပဿနာယာနိကနည်းကို ကျင့်သုံးဖို့ တိုက်တွန်းခြင်း ပင်ဖြစ်၏။ ထိုအချက်ကို သတိမထားမိသော အချို့ရိပ်သာများသည်ကား သမထကို အလင်းရောင် နိမိတ်ပေါ်သည်အထိ ထိုင်ခိုင်း၏၊ လနှင့်ချီပြီး ထိုင်သော်လည်း အလင်းရောင် မမြင်ရသူများအား ဝိပဿနာရှုပွားနည်းကို ပြမပေးသဖြင့် မျက်ရည်ကျပြီး အိမ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



လာရသူများအကြောင်းကို တွေ့မြင်ကြားသိရ၏'

အလင်းရောင်နိမိတ်ရအောင် သမထမထိုင်နိုင်သည့်အတွက် အိမ်ပြန်အလွှတ်ခံရသော ယောဂီများအား အကြံပြုပါ၏၊ လယ်တီဆရာတော်၏ ဒီပနီများကို အခြေခံရအောင် ဖတ်ထားပြီး ဆရာကြီးဦးကြင်ရွှေ၏ ပဌာန်ဝိပဿနာသင်တန်းခွေများကို နာကြားခြင်း၊ ဆရာကြီး ဦးဗဂျိုင်၏ ပသုံးလုံးဝိပဿနာနှင့် ဆရာကြီးဦးကြည်၏ သစ္စဒီပက ဝိပဿနာနည်းတို့ဖြင့်လည်း ဝိပဿနာဉာဏ် ပေါက်ရောက်နိုင်သည်သာ ဖြစ်၏။

ဤဆရာကြီးသုံးဦး၏ ဝိပဿနာယာနိက- ဝိပဿနာသက်သက်နည်းများသည် လယ်တီဆရာတော်ဘုရားကြီး အကြံပြုသကဲ့သို့ ဈာန်အဘိညာဉ်ထိ မလိုက်နိုင်သော ယခုခေတ်လူများအတွက် အလွန်သင့်တော်သည်ကို ကိုယ်တွေ့သိခဲ့ရ၏။

'ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ပဿတော ဥဒယဗ္ဗယံ။' (ဓမ္မပဒ)

'ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မမြင်ရဘဲ
အသက်တစ်ရာနေရခြင်းသည် မမြတ်၊
တစ်ရက်တည်းနေရသော်လည်း ရုပ်နာမ်တို့၏
အဖြစ်အပျက်ကို မြင်ရသောသူသည် မြတ်၏'

ဟူသော ဒေသနာကိုထောက်၍ ဗုဒ္ဓဘာသာဝင်များသည် အဖြစ်အပျက်ကို မြင်သော ဥဒယဗ္ဗယဉာဏ်ကိုအလွန်ရချင်ကြ၏။ ထို ဥဒယဗ္ဗယဉာဏ်ကို သမထယာနိက နည်းတစ်ခုတည်းဖြင့်သာ ရနိုင်သည်မဟုတ်၊ ဝိပဿနာယာနိကနည်းဖြင့်လည်း ရနိုင်သည်သာဖြစ်၏။

## ဝိပဿနာသုံးမျိုး၊ သမာဓိသုံးမျိုး

ဝိပဿနာသည် သုံးမျိုးရှိ၏။ ယင်းတို့ကား-

၁။ သမထယာနိကနည်း၊ ၂။ ဝိပဿနာယာနိကနည်း၊ ၃။ ယုဂဒ္ဓနနည်းတို့ပင်ဖြစ်၏။ သမထယာနိကနည်းဆိုသည်မှာ ရှေးဦးစွာ ဈာန်ရအောင်ကျင့်ပြီးမှ ဝိပဿနာဘက်သို့ ကူးပြောင်းသောနည်းပင်ဖြစ်၏။ ဗုဒ္ဓလက်ထက်က ရဟန်းတော်အများစုကား သမာဓိနှင့် ဉာဏ်ထက်မြက်သော ဥဂ္ဃဋိတညူ၊ ဝိပဉ္စိတညူ ပုဂ္ဂိုလ်များချည်းသာဖြစ်ရကား သမထယာနိကနည်းဖြင့်သာ အကျင့်များ၏။ ထို့ကြောင့် ဆဠာဘိညာ၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာများ ပေါများခြင်းဖြစ်၏။ ထို့ကြောင့် အရှင်မဟာဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးသောအခါတွင်လည်း ထိုသမထယာနိကကိုပင် အဓိကထားပြီး ရေးသွားခြင်းဖြစ်၏။ သို့သော် ဉာဏ်နုံ့သော ရဟန်းတော်များ၊ အိမ်စီးပွားနှင့်တွဲဖက်ပြီး တရားလုပ်ကြသော လူပုဂ္ဂိုလ်များကား သမထ, မပါသော ဝိပဿနာယာနိကနည်းဖြင့်သာ အားထုတ်ပွားများကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အရေအတွက်အားဖြင့်ကြည့်လျှင်ကား သမထယာနိကနည်းဖြင့် မဂ်ဖိုလ်ရသူ ထက် ဝိပဿနာယာနိကနည်းဖြင့် မဂ်ဖိုလ်ရသူက ပိုများ၏။ သမထယာနိကနည်းဖြင့် ဘုရားထံတွင် ကမ္မဋ္ဌာန်းတောင်းကာ တောထဲသွားပြီး တစ်ယောက်တည်း အားထုတ်၍ မဂ်ဖိုလ်ရသွားသူများသည် ထောင်ဂဏန်းလောက်သာရှိပြီး ခတ်တရား ပရမတ် တရားကို ဆရာထံမှနာယူကာ စီးပွားရေး အလုပ်အကိုင် မပျက် ပွားများပြီး ဝိပဿနာ ယာနိကနည်းဖြင့် မဂ်ဖိုလ်ရသွားသူများသည် ကုဋေနှင့်ချီ၍ရှိ၏။

ရာဇဂြိုဟ်တစ်မြို့တည်းမှာပင် ဝိပဿနာယာနိကနည်းဖြင့် မဂ်ဖိုလ်ရသူ ပေါင်း ခုနှစ်ကုဋေရှိ၏။ သာဝတ္ထိမြို့တွင် ငါးကုဋေရှိ၏။ ဓမ္မပဒအဋ္ဌကထာ တစ်အုပ် လုံးတွင်လည်း မြတ်စွာဘုရားထံ တရားနာကြားပြီး တရားဆုံးသည်နှင့် မဂ်ဖိုလ်ရ သွား သူပေါင်းများစွာကို ဖွင့်ပြထား၏။ တရားအဆုံးတွင် မဂ်ဖိုလ်ရကြသူများ သည်လည်း ဝိပဿနာယာနိကနည်းဖြင့် ရသူများပင်ဖြစ်၏။

> ဝိပဿနာယာနိကနည်းဆိုသည်မှာ သမထကမ္မဋ္ဌာန်းကို မကျင့် တော့ဘဲ ခတ်တရား၊ ပရမတ်တရားကို နည်းရအောင် နာပြီး ဝိပဿနာကို တိုက်ရိုက်ရှုပွားခြင်းပင်ဖြစ်၏။ ယုဂဒ္ဓနည်း ဆိုသည် ကား စုံတွဲလျက် သမထကိုပွားလိုက်၊ ဝိပဿနာကိုပွား လိုက်ဖြင့် ပွားများခြင်းမျိုးကို ဆိုလိုခြင်းဖြစ်၏။
> (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ယုဂဒ္ဓနဝဂ်နှင့် အင်္ဂုတ္တိုရ်ပါဠိတော် ပဋိပဒါဝဂ်၊ ယုဂဒ္ဓနသုတ် နှာ-၄၇၅)

ထိုကဲ့သို့ ရှင်းရှင်းလင်းလင်းမသိသဖြင့် ယခုခေတ် ဒကာဒကာမအများစုမှာ အလင်းရောင် နိမိတ်ရအောင် သမထမထိုင်နိုင်လျှင် ဝိပဿနာ ပွားမရတော့ဘူး ထင်ပြီး အားငယ်နေကြသဖြင့် ယခုကဲ့သို့ ရှင်းလင်းရေးသားရခြင်းဖြစ်၏။ ကျွန်ုပ်တို့ လည်း ထိုကဲ့သို့အားငယ်ဖူးသဖြင့် ပို၍ ကိုယ်ချင်းစာမိခြင်းဖြစ်၏။

သမာဓိသည် သုံးမျိုးရှိ၏။ စိတ်ဖြစ်တိုင်း အလိုအလျောက်ပါသော ခဏိက သမာဓိ၊ ဈာန်အနီးအနားမှာဖြစ်သော ဥပစာရသမာဓိ၊ ဈာန်နှင့်ယှဉ်နေသော အပ္ပနာသမာဓိတို့ပင်ဖြစ်၏။ ထိုတွင် ဥပစာရသမာဓိ အပ္ပနာသမာဓိတို့ကို သမထ ကမ္မဋ္ဌာန်းဖြင့် ရနိုင်၏။ ဝိပဿနာယာနိကသမားတို့ကား ခဏိကသမာဓိ ကိုအားပြုပြီး ရှုပွား သွားခြင်းဖြစ်၏။

ခဏိကသမာဓိဆိုသည်မှာကား စိတ်ဖြစ်တိုင်း လိုက်ဖြစ်သော သဗ္ဗစိတ္တ သာဓာရဏစေတသိက်(၇)ပါးထဲမှ ဧကဂ္ဂတာစေတသိက်ပင်ဖြစ်၏။ ဆရာစွဲကြီး သော ကမ္မဋ္ဌာနာစရိယ ဆရာတော်တစ်ပါးက 'ခဏိကသမာဓိနဲ့ မဂ်ဖိုလ်ရနိုင်ပါ့ မလား'ဟု ကျွန်ုပ်ကို မေးဖူး၏။ သို့သော် ကျွန်ုပ်ဆီက အဖြေကို မစောင့်ဘဲ ထွက်ခွာ သွားသဖြင့် ကျွန်ုပ်မှာ ဖြေရှင်းခွင့်မရလိုက်ပေ။

သူသည် ခဏိကသမာဓိဖြင့် မဂ်ဖိုလ်ကို လုံးဝမရနိုင်ဟု တရားသေ ခုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသူဖြစ်၏။ ယခုလည်း တကယ်သိလို၍ မေးခြင်းမဟုတ်၊ ကျွန်ုပ်ကို ခနဲ့လို၍မေးခြင်းသာဖြစ်၏။

## လုံနစ်ချောင်းအစိုက်ခံရခြင်း

'ဝိပဿနာတရား နာကြားအားထုတ်ကြခြင်းသည်' ငါစွဲ(သက္ကာယဒိဋ္ဌိ) လုံကြီးကို ပယ်နှုတ်ပစ်ရန်ဖြစ်၏။ သို့သော် ဝိပဿနာတရားအလုပ် လုပ်ခါမှ ငါစွဲလုံကြီးက မပြုတ်သည့်အပြင် ငါ့ဆရာရဲ့နည်းကသာ 'အမှန်'၊ တခြားဆရာ တွေနည်းက 'အမှား' ဟူသော ဆရာစွဲ လုံကြီးတစ်ချောင်းပါ ထပ်စိုက်ခံရသဖြင့် ဆေးအတွက် 'လေး'ဟူသော စကားအတိုင်း ပို၍ဆိုးသွားတော့သည်။ တောင်ဥက္ကလာပမြို့နယ်မှ ရိပ်သာတစ်ခုတွင် ကျွန်ုပ်တို့အသိ ဒါယိကာမကြီးတစ်ဦး ရိပ်သာဝင်၏။ ထိုဒါယိကာမကြီးသည် သမာဓိ အားကောင်းသဖြင့် အကြားအမြင်ရ၏။

တစ်နေ့တွင် ထိုရိပ်သာတွင်းမှ သေဆုံးသွားရသော ယောဂီဟောင်းများသည် မကောင်းဆိုးဝါးဖြစ်နေကြပြီး ကိုယ်ထင်ပြလာကြသဖြင့် အမျှပေးလိုက်ရ၏။ ဝိပဿနာတရားအလုပ်လုပ်ခါမှ အဘယ်ကြောင့် အပါယ်ကျရသနည်းဟု ကျွန်ုပ်ကိုမေးခဲ့ သဖြင့် အထက်ပါလုံနှစ်ချောင်းအကြောင်းကိုပင် ရှင်းပြလိုက်ရ၏။

ထို့ကြောင့် တရားရှာသူများသည် ဆရာစွဲ၊ ရိပ်သာစွဲမထားဘဲ မည်သည့်တရားစခန်းနှင့်ကြုံကြုံ ဝင်သင့်သလို၊ မည်သည့်တရားပွဲနှင့်ကြုံကြုံ နာသင့်သည်သာဖြစ်၏။ ငါစွဲဖြစ်စေ၊ ဆရာစွဲဖြစ်စေ အယူမှားပင်ဖြစ်၏။ အယူမှားမှန်သမျှ ဒိဋ္ဌိပင်ဖြစ်၏။ ဒိဋ္ဌိမှန်သမျှ မဂ်ဖိုလ်မရအောင် တားတတ်သည်သာဖြစ်၏။ ထို့ကြောင့် တရားမရှုပွားမီ သုတမယဉာဏ်ဖြင့် ဒိဋ္ဌိကို အရင်ခွာကြရခြင်းဖြစ်၏။ ထို့ကြောင့် အင္ဂုတ္တိုရ်အဋ္ဌကထာ၊ နိက္ခေပကဏ္ဍ စာမျက်နှာ(၃၈၈)၌-

> 'တာသဗ္ဗာပိမဂ္ဂါဝရဏာ နသဂ္ဂါဝရဏာ'၊ 'သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတို့သည် မဂ်ဖိုလ်ကို တားကုန်၏။ နတ်ပြည်ရောက်ဖို့ကိုကား မတား' ဟု ဖွင့်ပြခြင်းဖြစ်၏။

ခဏိကသမာဓိဖြင့် မဂ်ဖိုလ်ကိုရနိုင်ကြောင်းကို အာဂမယုတ္တိဖြင့် ဦးစွာ ရှင်းပြအံ့။ ဝိသုဒ္ဓိမဂ်မဟာဋီကာ (၁-၁၅) ၌-

> 'သမထယာနိကဿ ဟိ ဥပစာရပ္ပနာ ဘေဒံ သမာဓိံ ဣတရဿ ခဏိက သမာဓိံ ဥဘယေသမ္ပိ ဝိမောက္ခ မုခတ္တယံ ဝိနာနက ဒါစိပိ လောကုတ္တရာဓိဂမော သမ္ဘဝတိ။'

> 'သမထယာနိကနည်းဖြင့် အားထုတ်သူအား ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိကို ကြည့်၍ လောကုတ္တရာတရားကို မရ နိုင်၊ ဝိပဿနာယာနိကနည်းဖြင့် အားထုတ်သူအား ခဏိက သမာဓိကို ကြည့်၍ လောကုတ္တရာတရားကို မရနိုင်။ သမထ ယာနိက၊ ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com



ယာနိက နှစ်ဦးလုံးတို့အား အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာဟူသော ဝိမောက္ခသုံးမျိုးကို ကြဉ်၍ လောကုတ္တရာတရားကို မရနိုင်'

ဟု ဖွင့်ပြထား၏။ ဤအာဂမယုတ္တိအရ ဝိပဿနာယာနိကနည်းတွင် ပါသော ခဏိကသမာဓိသည်လည်း မဂ်ဖိုလ်ကိုပေးနိုင်ကြောင်း ထင်ရှား၏။ သာဓက ယုတ္တိပြစရာကား ပိဋကတ်သုံးပုံလုံးပင်ဖြစ်နေ၏။ မြတ်စွာဘုရား ဘုရားဖြစ်စက ရာဇဂြိုဟ်မြို့သို့ကြွလာပြီးတရားဟောရာ ဗိမ္ဗိသာရမင်းနှင့် လူပေါင်းတစ်သိန်း သောတာပန်တည်ခဲ့ကြ၏။

ကောသမ္ဗီပြည်မှ သာမာဝတီမိဖုရားနှင့်တကွ မိဖုရားငါးရာသည် ခုဇ္ဇုတ္တရာ ၏ တရားအဆုံးမှာပင် သောတာပန်တည်ကြ၏။ ရာဇဂြိုဟ်မှ လူ(၇)ကုဋေ၊ သာဝတ္ထိမှ လူ(၅)ကုဋေတို့သည် ဝိပဿနာယာနိကနည်းဖြင့်ပွားများပြီး ခဏိကသမာဓိဖြင့် မဂ် ဖိုလ် ရသွားကြသူများပင်ဖြစ်၏။

'သမထယာနိကနည်းဖြင့်သာ မဂ်ဖိုလ်ရနိုင်သည်။ ဝိပဿနာယာနိကနည်းဖြင့် မဂ်ဖိုလ်မရနိုင်၊ တစ်နည်း ဥပစာရသမာဓိ၊ အပ္ပနာသမာဓိများကိုရမှသာ မဂ်ဖိုလ် ရနိုင်သည်၊ စိတ်ဖြစ်တိုင်း အလိုလိုပါနေသော ခဏိကသမာဓိနည်းဖြင့် မဂ်ဖိုလ်မရနိုင်' ဟု ထင်သူတစ်ဦး ဗုဒ္ဓလက်ထက်က ရှိခဲ့ဖူး၏။

သူကား ပရိဗိုဇ်တက္ကတွန်းဘဝမှ ရဟန်းဝတ်လာသူ 'သုသိမ'ပင်တည်း၊ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ ဗုဒ္ဓ သီတင်းသုံးနေတော်မူစဉ် အချိန် ကာလကပင်ဖြစ်၏။ ထိုအချိန်က ဗုဒ္ဓနှင့် တပည့်သာဝကများမှာ လူအများ၏ ကြည်ညိုလေးစားခြင်း ခံရပြီး၊ ပစ္စည်းလေးပါး ပေါများနေသလောက်၊ တစ်ပါးသော အယူရှိသော ပရိဗိုဇ် များမှာကား လူအများ၏ ရိုသေလေးစားခြင်းလည်း မခံရ၊ ပစ္စည်းလေးပါးလည်း ရှားပါးလာဘ်တိတ်နေချိန်ပင်ဖြစ်၏။

ထိုအခါ သုသိမ၏ ပရိဗိုဇ်တပည့်များက သုသိမကို ဗုဒ္ဓထံ ရဟန်းပြုပြီး တရားတော်များခိုးယူခဲ့ရန် အကြံပေး၏။ ဗုဒ္ဓတရားကို သူတို့ ပရိဗိုဇ်တရားလုပ်ပြီး ပြန်ဟောလျှင် ဘုန်းကြီးလိမ့် မည်ဟူသော အကြံအစည်ပင်ဖြစ်၏။

သုသိမကလည်း သဘောတူလက်ခံပြီး ရဟန်းပြုလိုက်၏။ ဗုဒ္ဓသည် သုသိမ၏ တရားခိုးဖို့ အကြံအစည်ကိုသိသော်လည်း သုသိမ တကယ်ရဟန္တာ ဖြစ်မည့်အရေးကို မြင်သည့်အတွက် ရဟန်းပြုပေးလိုက်၏။

တစ်နေ့တွင် ရဟန်းများစွာတို့သည် သူတို့ အရဟတ္တဖိုလ်ကိုရရှိကြောင်း မြတ် စွာဘုရားကို ဖွင့်ဟလျှောက်ထားကြ၏။ သုသိမသည် ရဟန္တာဆိုလျှင် ဈာန် အဘိညာဉ် များ ရရှိမည်ဟုချည်းထင်ပြီး ထိုရဟန္တာများရှိရာသို့သွားကာ အောက်ပါအတိုင်း မေးမြန်း၏။

'အရှင်ဘုရားတို့ ရဟန္တာဖြစ်တယ်ဆိုတာ ဟုတ်သလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်'

'ဟုတ်တယ်ဆိုရင် မြေလျှိုး၊ မိုးပျံ၊ ခန္ဓာကိုယ် အနည်းအများဖြစ်အောင် ဖန်ဆင်းနိုင်ပါသလား'

'မဖန်ဆင်းနိုင်ပါဘူး'

'အဝေးမှာရှိတဲ့ အဆင်းကိုရော၊ အရာဝတ္ထုတွေကိုရော ထွင်းဖောက်ပြီး မြင်နိုင်ပါသလား'

'မမြင်နိုင်ပါဘူး'

'အဝေးကအသံ၊ တိုးတိုးပြောတဲ့အသံကိုရော ကြားနိုင်ပါသလား'

'မကြားနိုင်ပါဘူး'

'သူတစ်ပါးစိတ်ကိုရော သိနိုင်ပါသလား'

'မသိနိုင်ပါဘူး'

'ဒါဆိုရင် အဘိညာဉ် ဝိမောက္ခတွေမရဘဲ အရဟတ္တဖိုလ်ကိုရတယ်လို့ ပြောကြားတာဟာ ဘယ်လိုသဘောပါလဲ'

## ပညာဝိမုတ္တ ရဟန္တာဟူသည်

'ငါ့ရှင် သုသိမ၊ ငါတို့သည် ပညာဖြင့် ကိလေသာမှ လွတ်မြောက်သော ပုဂ္ဂိုလ်များဖြစ်ကုန်၏'

'အကျဉ်းအားဖြင့် ဖြေသောစကားကို တပည့်တော် နားမလည်ပါ၊ အကျယ် ဖြေဆိုကြပါလော့'

'ငါ့ရှင်သုသိမ၊ သင်နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ ငါတို့ကား ပညာဖြင့် ကိလေသာတို့မှ လွတ်မြောက်သော ပညာဝိမုတ္တ' ပုဂ္ဂိုလ်များ ဖြစ်ကုန်၏။'

ထိုရဟန္တာများကား၊ ပရိယတ္တိနှင့် ညှိမပြနိုင်သဖြင့် ထိုသို့သာဖြေပြီး ကြွသွားကြ၏။ ထို အကြောင်းကို သုသိမသည် ဘုရားအားသွား၍လျှောက်၏။ ထိုအခါ ဗုဒ္ဓက ဤသို့မိန့်ကြား၏-

'သုသိမ- တရား၌တည်သော ဝိပဿနာဉာဏ်သည် ရှေးဦးစွာဖြစ်၏။ နိဗ္ဗာန်ကို မြင်သော မဂ်ဉာဏ်သည် နောက်၌ဖြစ်၏'

ဝိပဿနာယာနိကနည်းဖြင့် ပွားများသူများဖြစ်၍ သမထကို သီးသန့်မလုပ် တော့၊ ပရမတ်ရုပ်နာမ်၏ အဖြစ်အပျက်ကို ဝိပဿနာဉာဏ်ဖြင့် ရှေးဦးစွာ ရှုပွား၏။ အချိန်ကျသည်နှင့် နိဗ္ဗာန်ကိုမြင်သော မဂ်ဉာဏ်သည် နောက်ကပေါ်လာသည်ဟု ဆိုလိုခြင်းဖြစ်၏။ ယခုခေတ် အများစုသော ယောဂီများကဲ့သို့ သမထလုပ်မှသာ ဝိပဿနာ ရှုပွားလို့ရသည်။ ခဏိကသမာဓိနှင့်သွားသော ဝိပဿနာယာနိကနည်း ဖြင့် ရှုပွား၍ မဂ်ဖိုလ်မရနိုင်ဟု တရားသေမှတ်ထားသော သုသိမက- ဗုဒ္ဓစကားကို

www.burmeseclassic.com

www.burmeseclassic.com



သဘော မပေါက်ရှာ။ ထို့ကြောင့်-

'မြတ်စွာဘုရား၊ အကျဉ်းအားဖြင့် မိန့်ကြားအပ်သော ဤစကားကို တပည့်တော် နားမလည်ပါ၊ အကျယ် ဟောကြားတော်မူပါဘုရား'

ဟု မေးလျှောက်၏။ ဤနေရာမှစ၍ ဗုဒ္ဓက ပရမတ်ခန္ဓာငါးပါး၏ မမြဲပုံ၊ ဆင်းရဲပုံ၊ ငါမဟုတ်ပုံ၊ အစိုးမရပုံကိုလည်းကောင်း အကျယ်ဟောကြားရာ တရားအဆုံး မှာပင် သုသိမသည် သုက္ခဝိပဿက (ဈာန်အဘိညာဉ်မပါ၊ ခြောက်သွေ့သော) ရဟန္တာ ဖြစ်သွားသည်။ တစ်နည်း 'ပညာဝိမုတ္တရဟန္တာ' ဖြစ်သွားသည်။

သုသိမကိုယ်တိုင် ဝိပဿနာယာနိကနည်းဖြင့် တစ်ထိုင်တည်း ရဟန္တာဖြစ်သွားသောအခါတွင်မှ ဗုဒ္ဓက-

'သုသိမ ဤသို့မြင်သော သင်သည် တန်ခိုးဖန်ဆင်းခြင်းအမျိုးမျိုးကို ပြုလုပ်နိုင်သလော'

'မပြုလုပ်နိုင်ပါဘုရား'

'သူတစ်ပါး၏ စိတ်အကြံကို သိနိုင်သလော'

'မသိနိုင်ပါဘုရား'

စသောအားဖြင့် အဘိညာဉ်များကိုရ၊ မရမေးမြန်းရာ အရဟတ္တဖိုလ်ကို ရသွားသော်လည်း ထိုအဘိညာဉ်တို့ကို မရကြောင်း ကိုယ်တွေ့သိမြင် ဖြေကြားနိုင်သွားသည်။ ရဟန္တာဖြစ်သွားသောအခါတွင်မှ သူသည် တရားကို ခိုးယူဖို့အတွက် ရဟန်းခံခဲ့ခြင်းဖြစ်ကြောင်း အပြစ်ကိုဝန်ခံလျှောက်ထား၏။ ဗုဒ္ဓကလည်း ခွင့်လွှတ်တော်မူသည်။

ဤနေရာ၌ သုသိမအား ဗုဒ္ဓကဟောပြောချက်အကျယ်ကို ဆက်မရေးဘဲ ချန်ထားသည်မှာ စာသိနှင့်မဟုတ်ဘဲ၊ ခန္ဓာသိနှင့်သာ ဖတ်စေ၊ နာစေလိုသော ကြောင့်ပင် ဖြစ်၏။ ခန္ဓာသိနှင့် ဖတ်ဖို့၊ နာဖို့ဆိုလျှင် အနတ္တအခြေခံရှိထားရ၏။ စာသိကို ပညတ်သိ၊ ဗဟုသုတသိဟုလည်းခေါ်၏။ ခန္ဓာသိကို ပရမတ်သိ၊ ပညာသိဟုလည်း ခေါ်၏။

ဗဟုသုတအနေနှင့် သိသောအသိသည် တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော ကိလေသာများကို ပွားများစေ၏။ ပညာသိကား တစ်ချက်သိ-ကိလေသာ တစ်ခါသေ၏။ ထိုသို့ ကိလေသာသေခြင်းသည် စာဖတ်သူ၏ပါရမီအလိုက် တဒင်္ဂ၊ ဝိက္ခမ္ဘန၊ သမုစ္ဆေဒ တစ်ခုခုဖြစ်ပေလိမ့်မည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## လောဘသတ်နည်းများ

လောဘကိလေသာသည် မိမိခန္ဓာပေါ်၌ အများဆုံးဖြစ်၏။ မည်သည့်ဘဝမျိုးသို့ရောက်ရောက်၊ ရောက်ရာဘဝကို အပြင်းအထန် စွဲလမ်းတပ်မက်၏။ တစ်ဖန် 'အတ္တသမံ ပေမံနတ္ထိ'ဟူသောဒေသနာကလည်း၊ မိမိခန္ဓာကိုယ်ကိုသာ အချစ်ဆုံးဟူသော အဆိုပြုချက်ကို ထောက်ခံနေပြန်၏။

'အရင်းလဲ-အဖျားထင်းဖြစ်'ဟူသောစကားအတိုင်း မိမိခန္ဓာပေါ် တွယ်တာတပ်မက်သော တဏှာ, မာန, ဒိဋ္ဌိတို့ကို ပယ်သတ်နိုင်လျှင် သူတစ်ပါးခန္ဓာနှင့် ဗဟိဒ္ဓပစ္စည်းဝတ္ထုတို့အပေါ် တွယ်တာသော ကိလေသာတို့ ကိုပါ ပယ်သတ်ပြီးသားဖြစ်သွား၏။

စာပေကိုဖတ်သည်ဖြစ်စေ၊ တရားကိုနာသည်ဖြစ်စေ၊ တရားထိုင်သည်ဖြစ်စေ တဏှာဦးစီးသော ကိလေသာများ ပါးသွားဖို့၊ ကုန်သွားဖို့ လိုရင်းဖြစ်၏။ ကိလေသာများ ပါးသွားမှ၊ ကုန်သွားမှသာ စာပေကို ဖတ်ရကျိုး၊ တရားနာရကျိုး၊ တရားထိုင်ရ ကျိုးနပ်၏။ တပ်မက်မှုတဏှာ အနည်းငယ်လျော့သွားလျှင် အနည်းငယ်ချမ်းသာ၏။ နိဗ္ဗာန်ကို အနည်းငယ်ရ၏။ တပ်မက်မှုတဏှာ အတော်များများလျော့သွားလျှင် အတော်များများ ချမ်းသာ၏။ နိဗ္ဗာန်ကို အတော်များများရသည်ဟု ဆိုနိုင်၏။

တပ်မက်မှုတဏှာနှင့် ကိလေသာများ အမြစ်ပြတ်ကုန်သွားပြီဆိုလျှင်ကား အပြီးတိုင် ချမ်းသာပြီဖြစ်၏။ နိဗ္ဗာန်ကို အပြီးတိုင်ရပြီဖြစ်၏။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟ၌ 'ဝါနတောတဏှာယနိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ' ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ဖွင့်ဆိုခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် 'အတ္တဟိတ'မဖက်၊ 'ပရဟိတ'သက်သက်ကို ဆောင်ရွက်နိုင်သူကား တဏှာကင်းသော ရဟန္တာများသာဖြစ်၏။ ပုထုဇဉ်လောက၌ ခေါင်းဆောင်ညံ့ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကောင်းဟု နှစ်မျိုးရှိ၏။ ခေါင်းဆောင် ညံ့ဟူသည် အများအကျိုးကို အသက်စွန့် ကြိုးပမ်းလုပ်ဆောင်၏။ အောင်မြင်သွားသောအခါတွင် ထိုအကျိုးကို မိမိက အများကြီး အားစိုက်ခဲ့ရသည့်အတွက် မိမိသာလျှင် အများကြီးခံစားလို၏။ ခံစားလည်း ခံစား၏။ ဤကဲ့သို့သောသူမျိုးတည်း။

ခေါင်းဆောင်ကောင်းကား၊ အများအကျိုးကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်၏။ အောင်မြင်သွားသော အခါတွင် ထိုအကျိုးကို မိမိမခံစား၊ အခြားသူများကို လွှဲပေးနိုင်၏။ သို့သော် ထိုလုပ်ဆောင်ချက်ကုသိုလ်၏ အကျိုးကိုကား နောက်ဘဝတွင် ခံစား လိုသေး၏။ ချုပ်၍ဆိုရလျှင် ခေါင်းဆောင်ညံ့သည် မိမိလုပ်ဆောင်ချက်၏ ကောင်း ကျိုးကို ပစ္စုပ္ပန်နှင့် တမလွန်၊ နှစ်တန်လုံး မိမိသာလျှင် အဓိကခံစားချင်၏။

သူသည် သူ့နိုင်ငံသားအများ၏ ခေါင်းဆောင်ဖြစ်နေသော်လည်း အလို လောဘ၏ နောက်လိုက် ကျေးကျွန်ဖြစ်နေခြင်းကို သူကိုယ်တိုင်မသိချေ။ ခေါင်းဆောင် ကောင်းကား မိမိလုပ်ဆောင်ချက်၏ကောင်းကျိုးကို ပစ္စက္ခဘဝတွင် မခံစားချင်အောင် ဝိတိက္ကမလောဘကို ထိန်းသိမ်းလိုက်နိုင်၏။ ဝိတိက္ကမလောဘ ဟူသည် ကိုယ်, နှုတ်ဖြင့် လွန်ကျူးလာသော လောဘကိုဆိုခြင်းဖြစ်၏။

သို့သော် စိတ်သန္တာန်တွင်ကိန်းအောင်းနေသော အနုသယလောဘနှင့် စိတ်ထဲတွင် ထကြွသောင်း ကျန်းလာသော ပရိယုဋ္ဌာနလောဘတို့ကို မင်္ဂဖြင့် မပယ် သတ်နိုင် သေးသောကြောင့် မိမိလုပ်ဆောင်ချက်၏ ကောင်းကျိုးကို နောက်ဘဝတွင် ခံစားချင် သေးခြင်းဖြစ်၏။

ကိလေသာအာသဝေါကုန်ပြီးသော ရဟန္တာများကား 'ကုသလာ ကုသလံ ဇဟံ' ဟူသော ဂါထာအတိုင်း ကုသိုလ်၊ အကုသိုလ်မှန်သမျှကို ပယ်ပြီးဖြစ်၏။ ကုသိုလ် ပြုကြသော်လည်း ကောင်းကျိုးခံစားစရာ နောက်ဘဝ မရှိသောကြောင့် ရဟန္တာတို့ သန္တာန်တွင် ကုသိုလ်သည် ကုသိုလ်ဟူသော အမည်ကိုပင် မရ၊ ကြိယာဟူသော အမည်ကိုသာ ရ၏။ ကြိယာဟူသည် ပြုကာမတ္တဟူသော သဘောပင်ဖြစ်၏။

မိမိတို့ပြုလုပ်သော ကုသိုလ်အကျိုးများကို ပစ္စက္ခရော သံသရာမှာပါ မခံ စားရတော့ဆိုသည်ကို သေချာစွာသိသော်လည်း ဘုရား၊ ရဟန္တာများကား ပရဟိတ အလုပ်များကို ပုထုဇဉ်များထက်ပိုမို၍ ဆောင်ရွက်ကြ၏။

## ပုပ်စော်နံသော မထေရ်၏ ပစ္စုပ္ပန်ဝဋ်ကြွေး

ဘုရားရှင်ဆိုလျှင် မည်သည့် ရဟန်းကမျှ မပြုစုချင်သဖြင့် ပစ်ထားသော 'ပူတိဂတ္တတိဿမထေရ်'ကို မရွံမရှာ ကိုယ်တော်တိုင် ပြုစုတော်မူခဲ့၏။

ထိုမထေရ်သည် အတိတ်ဘဝတစ်ခုက ငှက်မုဆိုးတစ်ယောက် ဖြစ်ခဲ့ဖူး၏။ ထိုငှက်မုဆိုးဘဝက ငှက်တို့ကို သတ်ဖြတ်ရုံပင်မက ထွက်မပြေးနိုင်အောင် တောင်ပံ များ၊ ခြေထောက်များကိုလည်း ရိုက်ချိုးထားတတ်၏။ လှောင်အိမ်မဆံ့သဖြင့် အိမ်ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင်ထားသောငှက်များ ပျံမပြေးနိုင်ရန် ထိုသို့ပြုလုပ်ခြင်းဖြစ်၏။ တစ်နေ့တွင် ဆွမ်းခံရဟန္တာတစ်ပါးကို ငှက်သားဟင်းဖြင့် ဆွမ်းလှူပြီး 'အရှင်ဘုရားတို့ သိမြင်အပ်သော တရားထူး တရားမြတ် ကို သိရပါလို၏'ဟု ဆုတောင်းခဲ့၏။

ယခုဘဝ ရဟန်းဝတ်လာသောအခါ ငှက်တို့ကို သတ်ဖြတ်ညှဉ်းဆဲခဲ့သော ဝဋ်ကြွေးကြောင့် ဉသျှစ်သီး ခန့်ကြီးမားသော အနာလုံးကြီးများ ခန္ဓာကိုယ်နှင့် အပြည့်ပေါက်ကာ ပြည်များသွေးပုပ်များ တရွှဲရွှဲဖြင့် အိပ်ရာထဲ လဲလေတော့၏။ အပုပ်နံ့များဆိုးဝါးလွန်းရကား မည်သည့်ရဟန်းမှ အနံ့မခံနိုင်သဖြင့် မပြုစုဘဲ ပစ်ထားကြ၏။

အနာများကြောင့် ဒုက္ခရောက်ရသည့်အထဲတွင် သူ့တစ်ကိုယ်လုံးရှိ အရိုးများမှာလည်း အလိုလိုကျိုး ကုန်သဖြင့် ဟိုဘက်ဒီဘက် လှည့်၍မရအောင် ဆင်းရဲဒုက္ခကို ခံစားနေရရှာ၏။ မြတ်စွာဘုရားသည် ကျောင်းများ ကို လှည့်လည်ကြည့် ရှုရင်းဖြင့် ထိုမထေရ်ကိုတွေ့လေရာ အရှင်အာနန္ဒာနှင့်အတူ ကိုယ်တော်တိုင် ရေနွေးအိုး ကျိုခြင်း၊ အညစ်အကြေးပေကျံနေသော သင်္ကန်းများကို လျှော်ဖွတ်ပေးခြင်း၊ ထိုရဟန်းအားရေနွေးပတ်တိုက် ပေးခြင်းကို ပြုတော်မူ၏။

ထိုသို့ပြုစုပြီး ပူတိဂတ္တမထေရ် ရွှင်လန်းသောစိတ်ရှိသောအခါတွင်မှ 'သစ္စာလေးပါးတရားကို ဟောတော်မူရာ' အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူသွားလေသည်။ ရဟန္တာကို မုဆိုးဘဝနှင့် ဆွမ်းလှူစဉ်က 'အရှင်ဘုရားတို့ သိမြင်အပ်သော တရားထူး တရားမြတ်(မဂ်ဖိုလ်နိဗ္ဗာန်)ကို သိရပါလို၏'ဟု ဆုတောင်းမှန်ခဲ့ သောကြောင့် ယခုလို အလွယ်တကူနှင့် အရဟတ္တဖိုလ်ကို ရခြင်းဖြစ်၏။ ကုသိုလ်ပြုသူတိုင်း ဆုတောင်းမှန်ရန် အတုခိုးစရာပင်ဖြစ်၏။ *(ဓမ္မပဒ)*

လက်ယာတော်ရံ အရှင်သာရိပုတ္တရာသည်လည်း ကျောင်းတိုက်ကြီးတစ်ခုလုံးကို နေ့စဉ် လှည့်လည် ကြည့်ရှုလေ့ရှိ၏။ သင်္ကန်းသပိတ်များ နေရာမကျလျှင် နေရာကျအောင် ပြင်ပေးသွား၏။ မခေါက်ရသေးသော သင်္ကန်းများတွေ့လျှင် ခေါက်ပေးသွား၏။ နောက်ဆုံး ပရိနိဗ္ဗာန်စံခါနီးအချိန်မှာပင် 'မိစ္ဆာဒိဋ္ဌိဖြစ်နေဆဲ မယ်တော် ကြီးအိမ်သို့ကြွကာ တရားပြပေးတော်မူခဲ့၏။'

အရှင်မဟာကဿပဆိုလျှင် သက်တော်ကြီးရင့်သည်အထိ ဓုတင်(၁၃)ပါးကို ဆောင်လျက်နေရာ ဘုရားရှင်က သက်တော်ကြီးပြီဖြစ်၍ ဓုတင်များကိုချပြီး မြို့ပေါ်ပြန်နေရန် တိုက်တွန်းတော်မူရာ အရှင်မဟာဿပ,က 'နောင်လာနောင်သား ရဟန်းတော်များ ချမ်းသာစွာနေကြောင်း ဓုတင်အကျင့်ကို အတုလိုက်စေခြင်းအကျိုးငှာအသက်ထက်ဆုံး ကျင့်မည်သာဖြစ်ကြောင်း' ပြန်လည်လျှောက်ထားခဲ့၏။

အရှင်ဒဗ္ဗမထေရ်ဆိုလျှင် (၇)နှစ်သားနှင့် ရဟန္တာဖြစ်ခဲ့သော်လည်း ထောင်ကျော်သော ရဟန်းတော်များအတွက် အိပ်ရာနေရာခင်းကျင်းပေးသော ဝေယျာဝစ္စကုသိုလ်ကို ပရိနိဗ္ဗာန်မစံမချင်း ပြုလုပ်တော်မူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းဆောင်(၃)မျိုး

ငယ်ရွယ်စဉ် မူလတန်းကျောင်းတွင်နေစဉ်က လက်ရေးလှရေးပြီး ဆရာမကို ပြလျှင် ညံ့၊ သင့်၊ ကောင်းဟူသော သုံးမျိုးအနက် တစ်မျိုးမျိုးကို ရတတ်၏။ ယခုလည်း ခေါင်းဆောင်(၃)မျိုးကို ညံ့၊ သင့်၊ ကောင်း သုံးမျိုးခွဲရလျှင် အများအကျိုးကို ထမ်းရွက်သည်ပိုးသော်လည်း ထိုကောင်းကျိုးချမ်းသာကို ယခုဘဝရော၊ နောင်ဘဝပါ ခံစားချင်သူ (သို့မဟုတ်) ခံစားသူကို ညံ့သောခေါင်းဆောင်ဟု ခေါ်သင့်၏။

ထိုသို့သော ခေါင်းဆောင်ညံ့များသည် သူတို့သေသည်နှင့် နာမည်ပါ တစ်ခါတည်း သေသွားကြ၏။ ပေ့ါသောသူသည် ပေါ်ချင်၏။ 'ပေါ်ချင်လေ-ပေါ်ချင်သော လောဘကြောင့် တကယ်မပေါ်လေ'ဆိုသည်ကို ခေါင်းဆောင်ညံ့တို့ မသိကြ၊ သူတို့နာမည် ပေါ်လွင်စေရန် စာအုပ်များရေးခိုင်း၏။ ကျောက်စာများ ရေးထိုးခိုင်း၏။

သို့သော် ထိုကျောက်စာများ မပျောက်ခင်၊ ထိုစာအုပ်များ မပျောက်ခင်မှာပင် သူတို့၏နာမည်သည် ပျောက်နှင့်နေပြီဖြစ်၏။ 'ဂုဏ်မလိုမှ ဂုဏ်ပိုသည်၊ ဂုဏ်လိုချင်လျှင် ဂုဏ်ပြိုသည်'ဟူသော စကားအဓိပ္ပာယ်ကို ထိုခေါင်းဆောင်ညံ့များ သေချာ မသိပေ။ ပရဟိတအကျိုး ဆောင်ရွက်ရခြင်း၏ ကောင်းကျိုးကို ယခုဘဝတွင်မခံစားဘဲ စွန့်လွှတ်နိုင်ပြီး နောက်ဘဝတွင်မှ ခံစားလိုသောသူကို 'ကောင်းသော ခေါင်းဆောင်'ဟု ဆိုသင့်၏။

မိမိရွက်ဆောင်မှု၏ ကောင်းကျိုးကို ယခုဘဝရော၊ နောင်ဘဝတွင်ပါ မခံစားလိုသောသူကို အတော်ဆုံး ခေါင်းဆောင်ဟု ဆိုသင့်၏။ ထို အတော်ဆုံး ခေါင်းဆောင်နေရာသို့ ကိလေသာကုန်ပြီးသူများသာ ရောက်နိုင်ကြောင်းကို အထူးသတိပြု သင့်၏။

'ဗိုလ်ချုပ်အောင်ဆန်း သေဆုံးသောအခါ ကိုယ်ပိုင်ပစ္စည်းဆို၍ ဝတ်စုံတစ်စုံသာ ကျန်ခဲ့၏။' အများ အကျိုးကို နှစ်ပေါင်းများစွာ အပင်ပန်းအဆင်းရဲခံပြီး ဆောင်ရွက်ခဲ့သော်လည်း ပစ္စုပ္ပန်ဘဝတွင်ခံစားရမည့် ကောင်းကျိုးကို စွန့်လွှတ်နိုင်ခြင်းပင်ဖြစ်၏။ သို့သော် သူ့တွင် အနုသယအနေဖြင့် ကိန်းနေသော လောဘရှိသေးသောကြောင့် သံသရာတွင်ကား သူပြုခဲ့သော ပရဟိတကုသိုလ်၏ ကောင်းကျိုးကို ခံစားချင်ဦးမည်သာဖြစ်၏။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို 'ကောင်းသောခေါင်းဆောင်' ဟုသာ ဆိုသင့်၏။

မုံရွာမြို့မှ ပထမလယ်တီဆရာတော်ဘုရားကြီးဆိုလျှင် စာသင်သားသံဃာတော် တစ်ရာနီးပါးအတွက် သောက်ရေ၊ သုံးရေများကို သံဃာတော်များမသိအောင် ညအခါ ကိုယ်တိုင်ခပ်ဖြည့်တော်မူ၏။ မုံရွာမြို့မှ ကျောင်းပေါင်း(၂၀)ခန့်သို့လည်း တစ်နေ့လျှင် သောက်ရေအိုး(၂၀) ကိုယ်တိုင် ထမ်း၍ပို့တော်မူ၏။ ရေအလှူခံ သောသံဃာတော်များက မသင့်တော်ကြောင်း လျှောက်ထား၏။

ထိုအခါ လယ်တီဆရာတော် ပြန်လျှောက်သောစကားမှာ-

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်ရဲ့ခန္ဓာကိုယ်ဟာ ဘဝအဆက်ဆက်က သား ကျွန်၊ မယား ကျွန်၊ တဏှာ ကျွန် ခံခဲ့ရတာပါ။ အခုဘဝတော့ သာသနာ့ကျွန်၊ သံဃာ့ကျွန် ခံပါရစေ၊ ပြီးတော့ အခုဘဝခန္ဓာ ကိုယ်ကြီးကို တပည့်တော် အငှားနွားလို သဘောထားပါတယ်။ သူများနွားကို ငှားထွန်ရတဲ့လယ်သမားဟာ ငှားခနဲ့တန်အောင် နွားကိုခိုင်းရပါ တယ်'

'တန်အောင်မခိုင်းတဲ့ လယ်သမားဟာ ငှားခငွေ ရှုံးတာပေါ့၊ ဒီဥပမာအ တိုင်းပဲ၊ တပည့်တော်တို့ လူသားတွေဟာ ဒီလူ့ဘဝ ခန္ဓာကိုယ်ကြီးကို သေမင်းဆီက ခဏငှားထား တာပါ။ သေမင်း ပြန်မခေါ်ခင် ကုသိုလ်တရားတွေ တန်အောင်ခိုင်းရပါတယ်' ဟူ၏။

တစ်ခါတွင်လည်း တစ်နိုင်ငံလုံး ကာလဝမ်းရောဂါကြီးဖြစ်သဖြင့် လူတွေ အတော်များများ သေကြ၏။ ထိုဝမ်းရောဂါသည် မုံရွာသို့ ကူးစက်ကျရောက်လာရာ မြို့သူမြို့သားများ အတော်သေကြေကြရ၏။ လယ်တီကျောင်းတိုက်တွင်းသို့လည်း ထိုရောဂါ ကူးစက်လာရာ စာသင်သားရဟန်းတစ်ပါး ဝမ်းသွားပြီး အိပ်ရာထဲ လဲ တော့၏။

ဝမ်းရောဂါသည် အလွန်ကြမ်းတမ်းရကား ကိုယ်တော်လေးသည် အိပ်ရာ ထဲမှာပင် ဝမ်းအကြိမ်ကြိမ် သွားထားရာ မြင်မကောင်း၊ ရှုမကောင်းဖြစ်နေ၏။ ကာလ ဝမ်းနံ့သည် အလွန်ဆိုးဝါးသောကြောင့် ရွံစရာ၊ အော်ဂလီဆန်စရာ ကောင်းသည် တစ်ကြောင်း၊ ထိမိသူ၊ နီးစပ်သူများကို လျှင်မြန်စွာကူးစက်သည်ဆိုသဖြင့် အသက် သေမှာ ကြောက်သည်တစ်ကြောင်းတို့ကြောင့် ထိုကိုယ်တော်လေးကို မည်သူမှ မပြုစုရဲဘဲ ပစ်ထားကြ၏။

ထိုအကြောင်းကို လယ်တီဆရာတော်သိသွားသောအခါ အညစ်အကြေး ပေနေသော သင်္ကန်းများကို ချွတ်လဲပေးကာ ရေပတ်တိုက်ပေး၏။ ဤနေရာထိ သည်းခံကာ ပြုလုပ်ပေးနိုင်သေး၏။ ကျင်ကြီးများ ညစ်ပေနေသော သင်္ကန်းများကို ဖွတ်လျှော်ရန် ကိုင်လိုက်သောအခါ်တွင်ကား ဆရာတော်ပါးစပ်သည် ပျို့အန် တော့မလို ဖြစ်သွား၏။

ကာလဝမ်းရောဂါအနံ့သည် ဆိုးဝါးလွန်းသည် မဟုတ်ပါလား။ ဆရာတော် ကား အာဇာနည်ရဟန်း တစ်ပါးဖြစ်၏။ ထိုသို့ဖြစ်ရုံဖြင့် နောက်ဆုတ်မသွား၊ ရှေ့သို့သာ ပို၍တိုး၏။ 'ဒီလောက် ရွံချင်တာ၊ ရွံဦးဟယ်-ရွံဦးဟယ်'ဟုဆိုကာ သင်္ကန်းပေါ် ပုံနေ သောမစင်များကို လက်ခုပ်နှင့်ယူကာ သူ့တစ်ကိုယ်လုံး လိမ်းသုတ်ပစ်လိုက်တော့၏။ ထိုအခါကျမှ ပျို့အန်ချင်သောစိတ်သည် ဆရာတော်ကို အရှုံးပေးပြီး ထွက်ပြေးသွား ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ထိုကဲ့သို့ လူမမာပြုစုခြင်း၊ ရေလှူခြင်းတို့ကို နှစ်ပေါင်း(၂၀) ကြာအောင် မပျက်မ ကွက်ပြုခဲ့၏။ ကိလေသာကုန်အောင် ကျင့်ထားပြီးဖြစ်သော ကြောင့် ဆရာတော်အနေဖြင့် ယခုပြုစုသော ပရဟိတကုသိုလ် ကောင်းကျိုးများကို ယခုဘဝရော၊ နောင်ဘဝတွင်ပါ ခံစားတော့မည်မဟုတ်ချေ။ ဤကဲ့သို့ မခံစားရတော့ မှန်းသိလျက်နှင့် ပြုလုပ်သောကြောင့် 'ထိုကဲ့သို့သော ခေါင်းဆောင်မျိုးကိုကား အတော် ဆုံးခေါင်းဆောင်'ဟု ဆိုရခြင်းဖြစ်၏။

အလောဘဦးဆောင်၍ ပြုရသောကုသိုလ်သည် ငါခံစားဖို့ဟူသော လောဘ ဦးဆောင်၍ ပြုသည့် ကုသိုလ်ထက် ပိုမိုအစွမ်းထက်မြက်ခြင်းကို လယ်တီဆရာ တော်၏ ဖြစ်စဉ်၌ တွေ့ရ၏။

တစ်နှစ်တွင် ဟသာ်တ၌ နောက်မိုးခေါင်ပြီး စပါးတွေ ပျက်မလိုဖြစ်နေ၏။ ထိုအခါ ဘာသာခြားဖြစ်သော အင်္ဂလိပ်ဘုရင်ခံကပင်'လယ်တီဆရာတော်ကို ရအောင် ပင့်ပါ၊ မိုးရွာလိမ့်မည်'ဟု အကြံပေးသဖြင့် သဘော်ဖြင့် ရအောင်ပင့်ကြ၏။ လယ်တီဆရာတော်သည် ဟသာ်တသို့လာသော ရေလမ်းခရီးတစ်လျှောက်လုံး မိမိ နှစ်(၂၀) ကျော်ပြုခဲ့သည့် ရေအလှူဒါနကိုအာရုံပြုကာ ငါးရံ့မင်းပရိတ်ကို ရွတ်လျက် ပါလာ၏။ ဆရာတော်ကို ပင့်လာသောသဘော် ဟသာ်တဆိပ်ကမ်းသို့ ကပ်သည်နှင့် 'မိုးတိမ်များတက်လာကာ ချက်ခြင်း မိုးရွာချလေသည်။

## သားအရင်းနှင့်တူသော လောဘ

မြေပေါ်ကျနေသောမျိုးစေ့သည် ရေကိုရမှ အပင်ပေါက်နိုင်၏။ ထို့အတူ အဝိဇ္ဇာမြေပေါ်တွင် ကံမျိုး စေ့များ ကြဲချထားရာ၌ တဏှာ(လောဘ) ရေဖြန်းပေးမှ လူဘဝ၊ နတ်ဘဝဟူသောအပင်များ ပေါက်ရခြင်းဖြစ်၏။ ထို့ကြောင့် ကောင်းသော ဘဝ၊ မကောင်းသောဘဝ မည်သည့်ဘဝသို့ရောက်ရောက် ပထမဆုံးဖြစ်ရသော စိတ်သည် ဘဝနိကန္တိက လောဘစိတ်ပင်ဖြစ်၏။

ဤအဆက်အစပ်ကိုထောက်၍ ပုထုဇဉ်မှန်သမျှ လောဘ၏ ကျေးကျွန်ချည်း သာဖြစ်၏။ တစ်နည်း အားဖြင့် လောဘသည်လူသား၏ သားအရင်းနှင့် တူ၏။ ဘဝသံသရာ အဆက်ဆက်ကတည်းက အတူတူနေ ခဲ့ရသည်မဟုတ်ပါလား။ ပေးကမ်း စွန့်ကြဲတတ်သည့် မလိုချင်သော အလောဘစိတ်ကား၊ မွေးစားသား နှင့်တူ၏။ လိုချင် သောလောဘနှင့် မလိုချင်သော အလောဘတို့ ယှဉ်လိုက်လျှင် သားအရင်းနှင့်တူသည့် လောဘကသာ အနိုင်ရသွား၏။

သံသရာအဆက်ဆက် ကိုယ့်အတွက်ရှာဖွေရင်း သေဆုံးခဲ့ရသော ဘဝတွေက သာ များ၏။ လောက အတွက် ပေးဆပ်ရင်း ကုန်ဆုံးခဲ့ရသောဘဝကား မရှိသလောက် ရှား၏။ ထို့ကြောင့် ဂဏ်ဝါဠု သဲစုမက ဘုရားတွေအဆူဆူ ပွင့်တော်မူခဲ့သော်လည်း ယခုအချိန်တိုင်အောင် အကျွတ်တရား မရကြသေးခြင်း ဖြစ်၏။ လူသားက သား

www.burmeseclassic.com

www.burmeseclassic.com



အရင်းသဖွယ် ပွေ့ပိုက်ထားသောလောဘသည် သူ့ကိုပွေ့ပိုက်ထားသော လူသားနှင့် လောက ကို ဆိုးကျိုးများသာ အထပ်ထပ်ပေး၏။ ကောင်းကျိုးတစ်ခုမှ မပေးပေ။

သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ၊ စွဲလမ်းတပ်မက်သော လောဘနှင့် သေလျှင် ပြိတ္တာဘုံသို့ ပို့ပေး၏။ စွန့်ကြဲပေးကမ်းခြင်းကို ဖြစ်စေတတ်ပြီး စွဲလမ်းတပ်မက်ခြင်းမရှိသည့် အလောဘကား လူချမ်းသာ၊ နတ်ချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာသို့ ပို့ပေး၏။ လူသားသည် ပြိတ္တာဘုံသို့ပို့တတ်သော လောဘကို ပွေ့ပိုက်မွေးမြူပြီး၊ နိဗ္ဗာန်ချမ်းသာထိပေးတတ်သော အလောဘကိုကျမှ ချောင်ထိုးထားခြင်းသည် အဘယ်ကြောင့်နည်း။

လောဘသည် အကျင့်ပျက်စီးနေသော်လည်း မာယာသာဌေယျများသော လက်အောက်ငယ် သားနှင့်တူ၍၊ အလောဘသည် အကျင့်ကောင်းပြီး ရိုးရိုးအေးအေးသာနေတတ်သော လက်အောက်ငယ်သားနှင့် တူသောကြောင့်ပင်တည်း။ အထက်လူကြီးများသည် များသောအားဖြင့် အကျင့်မည်မျှလောက် ပျက်စီးနေပါစေ၊ မိမိနားသို့ ကပ်ဖားနေတတ်သူကိုသာ မျက်နှာသာပေးတတ်၏။

မိမိအပြစ်ကို ဖုံးထားခြင်း၊ မရှိသောဂုဏ်ကို ထုတ်ဖော်ဝါကြွားခြင်း၊ မာယာသာဌေယျရှိသော ငယ်သားသည် အရှက်မရှိတတ်၊ လူကြီးနား မရ-ရအောင်ကပ်ခါ ပေါင်းတတ်၏။ လူရိုးလူဖြောင့် ငယ်သားကား မဖားတတ်၊ ရိုးရိုးကုပ်ကုပ်သာ နေတတ်၏။ ထို့ကြောင့် အခွင့်အရေးရစရာရှိလျှင်၊ ရာထူးတက်စရာရှိလျှင် အကျင့်ပျက် ကပ်ဖားသမားက အရင်ရ၏။ အရင် ရာထူးတက်၏။

အကျင့်ကောင်း၊ လူရိုးကား ရာထူးတော်တော်နှင့် မတက်၊ အခွင့်အရေးတော်တော်နှင့် မရပေ။ ထို့အတူ မကောင်းကျိုးပေးတတ်သော လောဘသည် ဟန်ဆောင်ကောင်း၏။ သူ၏အပြစ်ကို ဖုံးထား၏။ မရှိသောဂုဏ်ကို ထုတ်ပြ၏။ လောဘသည် သူ့ကို လက်ခံမိသူကို ပြိတ္တာဘုံသို့ ဆွဲချရုံပင်မကသေး၊ တစ်လောကလုံးကို ဒုဗ္ဘိက္ခန္တရကပ် အငတ်ဘေးဆိုက်အောင်ပင် လုပ်လိုက်သေး၏။ စားစရာ လုံးလုံးမရှိမှ အငတ်ဘေးဆိုက်သည်ဟု ဆိုလိုခြင်းမဟုတ်။ ပေါ်ဆန်းမွှေးဆန်နှင့် ပဲဆီကို လူတိုင်း စားချင်ပါလျက် မစားနိုင်ခြင်းသည် ပေါ်ဆန်းမွှေးဆန်နှင့် ပဲဆီ အငတ်ဘေးဆိုက်ခြင်း ဖြစ်၏။

ဝိသမလောဘစေတ် အားကြီးလာပြီဆိုလျှင် ကမ္ဘာကြီးတစ်ခုလုံး မီးလောင်ပျက်စီးသွားရ၏။ ထိုအခါ အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်၊ ပထမစျာန်ပြဟ္မာဘုံ(၃)ဘုံတို့သည် လောဘစေတ် ကြောင့်လောင်သော ကမ္ဘာဖျက်မီးထဲသို့ ပါသွား ကြရ၏။

ထိုအပြစ်များကို လူသားမသိအောင် လောဘက အဝိဇ္ဇာအားကိုးနှင့် ဖုံးထားနိုင်စွမ်းရှိ၏။ ဗုဒ္ဓက သားရေးသမီးရေးကိစ္စဖြင့် အပူမီးလာသော ဒကာတစ်ယောက်အား-

'တဏှာယ ဇာယတေ သောကော၊

www.burmeseclassic.com

www.burmeseclassic.com



တဏှာယ ဇာယတေ ဘယံ။
တဏှာယ ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ' (ဓမ္မပဒ)
'အစွဲအလမ်း တဏှာလောဘကြောင့် စိုးရိမ်ခြင်းသောက
ဖြစ်ရ၏။ ဘေးအမျိုးမျိုး ဖြစ်ရ၏။ အစွဲအလမ်းတဏှာမှ ကင်းလွတ်
နေသူကား သောကလည်းမဖြစ်၊ ဘေးလည်း မဖြစ်'

ဟု ဟောကြားတော်မူလိုက်၏။ ထိုဒကာသည် ဗုဒ္ဓရှေ့၌ တရားတော်ကို နှစ်သက်သူကဲ့သို့ နာယူနေသော်လည်း ကျောင်းအပြင်ရောက်သည်နှင့်'တရားတော်သည် မဖြစ်နိုင်ကြောင်း ဝေဖန်လေတော့သည်။ ပုထုဇဉ်မှန်သမျှသည် လောဘတဏှာ၏ ကျေးကျွန်ချည်းသာဖြစ်၏။

လောဘကို သားအရင်းကဲ့သို့ ယုယစွာ ပွေ့ပိုက်ထားသူများဖြစ်၏။ ထို့ကြောင့် လောဘအပြစ်ကို ထုတ်ပြလိုက်သည်နှင့် ဆတ်ဆတ်ခါနာခြင်းဖြစ်၏။ အစွဲအလမ်းတဏှာမရှိလျှင် လောကကြီးသည် နေပျော်ဖွယ်မရှိ၊ အစွဲအလမ်းတဏှာကြောင့် ပျော်ရွှင်ခြင်း၊ စိတ်ချမ်းသာခြင်း အကျိုးများသာဖြစ်နိုင်၏။ သောကတို့၊ ဘေးတို့ဖြစ်သည် ဆိုသည်မှာ မဟုတ်နိုင်ဟု ထိုဒကာက ငြင်းချက်ထုတ်၏။

ဗုဒ္ဓ၏အယူအဆနှင့် ထိုဒကာ၏အယူအဆသည် သာဝတ္ထိမြို့ထဲတွင် တော်တော်နှံ့သွားရာမှ ကောသလမင်းကြီး နန်းတော်တွင်းထိ ရောက်သွား၏။ ပုထုဇဉ်တစ်ဖြတ်တည်းခြင်းဖြစ်သော ကောသလမင်းကြီးသည်လည်း ဒကာ၏အယူအဆကိုသာ ကြိုက်၏။ သူ ကိုးကွယ်ဆည်းကပ်နေသော ဗုဒ္ဓ၏အယူအဆကို မကြိုက်။ ထိုသို့ မကြိုက်ခြင်းသည် တရားတော်က မပြည့်စုံသောကြောင့်၊ မကောင်းသောကြောင့် မဟုတ်။

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှရလာသော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ဟောကြားခြင်းဖြစ်ရကား၊ ဉာဏ်ကွန့်မြူ သေးနုပ်သူများ၊ ဉာဏ်အဆင့်အတန်းမမီသူများ လက်မခံနိုင်သည်မှာ အဆန်းမဟုတ်ချေ။ ပျားရည်ကို ခွေးမစားခြင်းသည် ပျားရည်က မကောင်းသောကြောင့် မဟုတ်၊ ကောင်းလွန်းသော ပျားရည်၏အရသာကို ခွေးက မခံစားတတ်သောကြောင့်သာဖြစ်၏။

နတ်သြဇာကို လူသာမန်များစားလျှင် သေသွားရ၏။ ထိုသို့ သေသွားခြင်းသည် နတ်သြဇာက မကောင်းသောကြောင့်မဟုတ်၊ ကောင်းလွန်းသော နတ်သြဇာကို လူ့ ပါစကဝမ်းမီးက ကျက်အောင်မ ချက်နိုင်ခြင်းသာဖြစ်၏။ ထို့ကြောင့်-

'သာသနံ ဘဂဝန္တဿ၊ ဘာဝန္တာဝ နာယကာ။
ပူဇကာ ဉာဏဝန္တာဝ၊ သဒ္ဓါဝန္တာဝ ပဂ္ဂဟာ။'

'ဘုန်းကြီးသော မြတ်စွာဘုရား၏ သာသနာတော်ကို ဘုန်း ကြီးသူတို့သာလျှင် ဆောင်ရွက်နိုင်ကြကုန်၏'

www.burmeseclassic.com

www.burmeseclassic.com



'ဉာဏ်ပညာကြီးကျယ်သော မြတ်စွာဘုရား၏ သာသနာတော်ကို ဉာဏ်ပညာကြီး ကျယ်သူတို့သာလျှင် မြတ်နိုးကော်ရော် ပူဇော်ကြကုန်၏'

'သဒ္ဓါတရားနှင့်ပြည့်စုံသော မြတ်စွာဘုရား၏ သာသနာ တော်ကို သဒ္ဓါတရားနှင့် ပြည့်စုံသောသူတို့သည်သာလျှင် အားပေး ပင့်ထောက် ချီးမြှောက်နိုင်ကြကုန်၏'

ဟု ဖွင့်ပြတော်မူကြခြင်းဖြစ်၏။

ကောသလမင်းသည် အစွဲအလမ်း လောဘကြောင့် ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှု သာဖြစ်သည်ဟူသော အယူအဆကို သူကြိုက်သလို မလ္လိကာမိဖုရားလည်း ကြိုက်မည် အထင်နှင့် အယူအဆနှစ်ခုအနက် မည်သည့်အယူအဆက မှန်မည်နည်းဟု မေးလိုက်၏။ ထိုအခါ ပညာရှိသောမလ္လိကာက မြတ်စွာဘုရား ဟောကြားချက်ကသာ မှန်နိုင်ကြောင်း ဖြေဆိုလိုက်၏။ ထိုအခါ ဘုရင်သည် သူ့ဘက်မပါသဖြင့် စိတ်ဆိုးပြီး အခန်းထဲ ဝင်သွားလေတော့၏။

ဘုရင်ကြီး မျက်တော်မူသည်ကိုသိသည်နှင့် မလ္လိကာက အကြောင်းစုံ အသေးစိတ်သိနိုင်ရန် အမတ်တစ်ယောက်အား ဘုရားထံလွှတ်ပြီး တဏှာကြောင့် သောကဖြစ်ပုံ အကျယ်တရားကို နာယူခဲ့ရန် မှာကြားလိုက်၏။ အမတ်သည် နာယူပြီး မလ္လိကာကို တစ်ဆင့်ပြန်ဟောရ၏။ မလ္လိကာသည် တရားအကျယ် နာပြီးသည်နှင့် ညအခါတွင် ဘုရင်ကြီးအားမေး၏။

'အရှင်မင်းကြီး ကျွန်တော်မျိုးမကို ချစ်ခင်ပါသလား'

'ချစ်ခင်ပါသည်'

'အကယ်၍ ကျွန်တော်မျိုးမသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် သေ ဆုံးပျက်စီးသွားမည်ဆိုလျှင် အရှင်မင်းကြီး စိတ်ချမ်းသာမလား၊ စိတ်ဆင်းရဲမလား'

'စိတ်ဆင်းရဲပါ့မယ်'

'အရှင်မင်းကြီး၏ သမီးတော်လေးကို ချစ်ခင်ပါသလား'

'ချစ်ခင်ပါသည်'

'သမီးတော်လေး အကြောင်းတစ်ခုခုကြောင့် သေဆုံးပျက်စီးသွားမည်ဆိုလျှင် အရှင်မင်းကြီး စိတ်ချမ်းသာမလား၊ စိတ်ဆင်းရဲမလား'

'စိတ်ဆင်းရဲပါမည်'

ထိုနည်းတူ မင်းကြီးစွဲမက်နေသော ဆွေမျိုးမိဘများနှင့် သက်မဲ့နန်းတော်ကြီးကိုပါမကျန် ထည့်သွင်း မေး၏။ မေးလိုက်တိုင်း စွဲမက်သော သက်ရှိသက်မဲ့ တစ်ခုခုပျက်စီးသည်နှင့် စိတ်ဆင်းရဲခြင်းဖြစ်သည်ဟူသော အဖြေကိုသာတွေ့ရ၏။ ထိုအခါကျမှ မလ္လိကာမိဖုရားကြီးက-

www.burmeseclassic.com

www.burmeseclassic.com



'မင်းကြီး- မြတ်စွာဘုရားသည် ထိုသို့ အရှည်ကို မြင်တော်မူသဖြင့် တဏှာကြောင့် သောကဘယဖြစ် တယ်လို့ ဟောတာပါ'

ဟုရှင်းပြလိုက်ရာ မင်းကြီးဉာဏ် အနည်းငယ်ရင့်လာသဖြင့် တရားတော်ကို လက်ခံနိုင်သွားကာ ပါးစပ်လုတ်ကျင်းပြီး မြတ်စွာဘုရားရှိရာလက်အုပ်ချီ၍ 'နမော တဿ'နှင့် ရှိခိုးလေ၏။

## တဏှာကြောင့်သောကဖြစ်ပုံ သဘာဝယုတ္တိ

တဏှာကြောင့် သောကဖြစ်ရကြောင်း ထင်ရှားစေရန် သဘာဝယုတ္တိ တစ်ခုပြအံ့။ မိမိအိမ်ရှေ့မှ အသုဘတစ်ခု ဖြတ်သွားသည်ဆိုအံ့။ ထိုသေသူသည် မိမိနှင့် ပတ်သက်မှုမရှိဟုဆိုလျှင် မည်သည့် သောက ပရိဒေဝမှ ဖြစ်မည်မဟုတ်ပေ။ အဘယ်ကြောင့်နည်း၊ သေသူအပေါ်၌ စွဲလမ်းနှစ်သက်မှု တဏှာမရှိသော ကြောင့်တည်း။ အကယ်၍ သေသူသည် မိမိမွေးချင်းထဲမှ တစ်ယောက်ယောက်ဖြစ်မည်ဆိုလျှင် ဧကန်မုချ သောကပရိဒေဝ ဖြစ်ပေတော့မည်။ အဘယ်ကြောင့်ဖြစ်ရသနည်း။ သေသူအပေါ်၌ စွဲလမ်းမှုတဏှာ ရှိနေသောကြောင့်ပင်တည်း။

အမေရိကန်ပြည်ထောင်စုမှ နှလုံးရောဂါသည် သူဌေးတစ်ယောက်နှင့် အနီးကပ်ပြုစုရသော ဆရာဝန်တစ်ယောက်အကြောင်းကို ဖတ်ရဖူး၏။ ထိုစာကို ရေးသူက ဟာသအနေဖြင့်ရေးသော်လည်း ကျွန်ုပ်ကား တရားတစ်ပုဒ်အနေနှင့်မြင်မိ၏။ နှလုံးရောဂါရှိသူများသည် အလွန်ဝမ်းသာစရာသတင်း၊ အလွန်ဝမ်းနည်းစရာ သတင်းများကိုကြားရလျှင် နှလုံးခုန်နှုန်းရပ်ပြီး သေတတ်ကြ၏။ နှလုံးရပ်ပြီးသေခြင်းဟူသည် ဆေးသိပ္ပံနည်းအလိုဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာအရကား လောဘမီးနှင့် ဒေါသမီး လောင်သောကြောင့် သေခြင်းသာဖြစ်၏။

ဝမ်းသာစရာသတင်းသည် လောဘမီးဖြစ်ပြီး၊ ဝမ်းနည်းစရာသတင်းသည် ဒေါသမီးပင်ဖြစ်၏။

## လောဘမီးနှင့် ဒေါသမီးကြောင့် သေဆုံးရသူများ

တစ်နေ့တွင် နှလုံးရောဂါသည်သူဌေးကြီးသည် ဒေါ်လာ သိန်းနှင့်ချီပြီး မြင်းထီပေါက်သွား၏။ ဝမ်းသာလုံးဆို့ပြီး နှလုံးရပ်သေမှာစိုးသောကြောင့် ထိုသူဌေးကို စောင့်ကြပ် ကုသပေးနေသော ဆရာဝန်ကိုယ်တိုင် အခြေအနေကြည့်ပြီးမှ သူဌေးကို အသိပေးဖို့ ပြောထားကြ၏။

လူနာအခြေအနေကောင်းပြီဟု ယူဆရသောအချိန်တွင် ဆရာဝန်က လူနာကို စိတ်ငြိမ်ငြိမ်ထားရန် သတိပေးပြီး ဝမ်းသာစရာသတင်းကို ပြောလိုက်၏။ သူဌေးကြီးကား ဘာမှမဖြစ်။ သူဌေးကြီးပြန်ပြောလိုက်သော စကားတစ်ခွန်းကြောင့်သာ ဆရာဝန်မှာ ချက်ချင်းလဲကျ သေဆုံးသွားရ၏။ သူဌေးကြီး ပြန်ပြောလိုက်သောစကားမှာ-

www.burmeseclassic.com

www.burmeseclassic.com



'အခုလို ဝမ်းသာစရာသတင်းကိုပြောပေးတဲ့ ဒေါက်တာကို ကျေးဇူးတင်တဲ့ အနေနဲ့ ကျွန်တော်ရတဲ့ မြင်းထီငွေထဲက သုံးပုံတစ်ပုံကို ဒေါက်တာကို ပေးပါတယ်' ဟူ၏။

ဝမ်းသာလုံးဆို့၍ သေခြင်းဟူသည် ဖြစ်ရပ်နှင့်စပ်၍ သိလွယ်အောင်ပြောခြင်း ဖြစ်၏။ ထိုဆရာဝန်သေရခြင်း၏ အဓိကအကြောင်းကား လောဘမီးလောင်သော ကြောင့်သာဖြစ်၏။ မန္တလေးမြို့ စိန်ပန်းရပ်ကွက်တွင် ထိုကဲ့သို့သောဖြစ်ရပ်မျိုး နှစ်ခု ရှိခဲ့၏။ ပထမတစ်ခုမှာ လင်သားဖြစ်သူက သန်းချီတန်သော ကျောက်တစ်လုံး အောင် ကြောင်း ဇနီးဖြစ်သူထံ ဝမ်းသာရအောင် ဖုန်းဆက်လိုက်၏။

ဇနီးဖြစ်သူသည် ထိုသတင်းကိုနားထောင်ပြီးသည်နှင့် ဖုန်းနားမှာပင် လဲကျ သေဆုံးသွားခဲ့၏။ ဤကား လောဘမီးလောင်ခြင်းပင်ဖြစ်၏။

နောက်တစ်ခုကား ရုံထဲတွင် ဗွီဒီယိုကြည့်ရင်း ကလေးနှစ်ယောက် ရန်ဖြစ်ကြ ၏။ ကလေးတစ်ယောက်က ခဲတံချွန်သောဓားနှင့် ထိုးလိုက်သောကြောင့် တစ်ဖက် ကလေး၏ လက်မောင်းကို ရှပ်ထိသွားပြီး သွေးအနည်းငယ်ထွက်သွားခဲ့၏။ ခဲတံချွန် သောဓားမှာ သေးငယ်သောကြောင့် ပြောပလောက်သော ဒဏ်ရာမဟုတ်ပေ။

ကလေးက ဘာမှမဖြစ်သော်လည်း ကလေး၏မိခင်မှာ သူ့သားကို အနိုင်ကျင့် ရပါမည်လောဟု ဒေါသထွက်ကာ တစ်ဖက်ကလေးကို ရန်ပြုရန် ကြိုးစားရင်း မြေ ပြင်သို့ အရုပ်ကြိုးပြတ် လဲကျသွား၏။ မြေပြင်ပေါ် ရောက်သည်နှင့် လက်သီးဆုပ်ရင်း၊ အံကြိတ်ရင်း တစ်ကိုယ်လုံးမည်းနက်ကာ သေဆုံးသွားခဲ့၏။ ဤကား ဒေါသမီးလောင် ၍ သေခြင်းဖြစ်၏။

လောဘမီး၊ ဒေါသမီးသည် ဗုဒ္ဓဘာသာဝင်များကိုသာ လောင်သည်မဟုတ်၊ ကျန်ဘာသာဝင်များ အားလုံးကိုလည်း လောင်သည်သာဖြစ်၏။ လောဘကုန်ကြောင်း တရားကို့ကို ပွါးများမည်ဆိုလျှင်လည်း ဗုဒ္ဓဘာသာဝင်များသာ အေးချမ်းမည်မဟုတ်၊ ကျန်ဘာသာဝင်များလည်း အေးချမ်းမည်သာဖြစ်၏။ ကိလေသာသည် ရောဂါနှင့် တူ၏။ ဝိပဿနာပညာသည် ဆေးနှင့်တူ၏။

> ရောဂါတစ်ခုခုဖြစ်နေသူသည် သူ့လူမျိုးဖော်သော ဆေး မဟုတ်သောကြောင့် တခြားလူမျိုး ဖော်သောဆေးကို တွေ့သော် လည်း မသောက်ဘူးဆိုလျှင် ရောဂါ မပျောက်ရုံ သာဖြစ်၏။ ထို့ အတူ ဝိပဿနာတရားကိုလည်း မိမိတို့ကိုးကွယ် သော ဘုရားက ပြသောတရားမဟုတ်၍ မကျင့်နိုင်ဟုဆိုလျှင် ကိလေသာရောဂါ မပျောက်ရုံသာရှိ၏။

အိမ်တစ်အိမ်ကို မီးလောင်လျှင် နီးစပ်ရာမှရေကိုခပ်ယူပြီး ငြိမ်းသတ်ကြ ရ၏။ ထိုသို့ ငြိမ်းသတ်ရာ၌ ငါ-ရေဘာယ်နှစ်ပုံးလောင်းပြီးပြီဟု ရေတွက်နေစရာမလို။ ထို့အ တူ ဒါန၊ သီလ၊ ဘာဝနာတို့ကို အားထုတ်ခြင်းသည် လောဘ၊ ဒေါသ၊ မောဟ

www.burmeseclassic.com

www.burmeseclassic.com



စသော ကိလေသာမီးများကို ငြိမ်းစေရန်ဖြစ်၏။ မိမိသန္တာန်တွင် လောဘမီး၊ ဒေါသမီး စသော ကိလေသာမီးများ ဘယ်၍ဘယ်မျှ ငြိမ်းသွားပြီဆိုသည်ကိုသာ တွက်ဆရန်လို၏။

ထို့ကြောင့် ငါ ဘယ်၍ဘယ်မျှ ဒါန၊ သီလ၊ ဘာဝနာ အားထုတ်ပြီးပြီဟု ရေတွက်နေဖို့မလို၊ မိမိသန္တာန်တွင် လောဘကို အမြစ်ပြတ် ပယ်သတ်နိုင်သည်မှာ မဂ်လေးပါးသာဖြစ်၏။

## လောဘကို (၄)စိတ်ခွဲ၍ မဂ်(၄)ပါးက သတ်ပုံ

သောတာပတ္တိမဂ်ကိုရသည်နှင့် ဘဝပေါင်းအသင်္ချေအနန္တ ကျင်လည်ရမည့် ဘဝတဏှာများကို ပယ်သတ်ပစ်လိုက်၏။ လူ့ဘုံနတ်ဘုံ၌ ခုနစ်ဘဝကျင်လည်မည့် ဘဝတဏှာသာ ကျန်တော့၏။

သကဒါဂါမိမဂ်ကိုရသည်နှင့် ထို(၇)ဘဝထဲမှ (၆)ဘဝကျင်လည်ရမည့် ဘဝတဏှာကို ထပ်သတ်လိုက် ပြန်သဖြင့် သကဒါဂါမ်သည် သုဂတိဘုံ၌ တစ်ဘဝသာ ကျင်လည်ရတော့၏။ အနာဂါမိမဂ်ကိုရသည်နှင့် လူ့ဘဝ, နတ်ဘဝ၌ တစ်ဘဝတာ ကျင်လည်ချင်သော ဘဝတဏှာကိုပါ သတ်ပစ်လိုက်ပြန်၏။ သို့သော် လောဘကား အနာဂါမ်အရိယာဖြစ်သည်အထိ လူသားကို လက်မလွှတ်သေး။ ဗြဟ္မာဘုံ၌ ဖြစ်ချင်သည့် တဏှာကို အနာဂါမ်၏ကိုယ်ထဲတွင် မရ,ရအောင် ထည့်ထားသေး၏။ ထို့ကြောင့် အနာဂါမ်အဖြစ်နှင့်သေလျှင် သုဒ္ဓါဝါသဗြဟ္မာဘုံသို့ သွားရခြင်းဖြစ်၏။ အရဟတ္တမဂ်ကိုရပြီး ရဟန္တာဖြစ်သောအခါကျမှပင် လောဘသည် လူသား ၏သန္တာန်မှ မခွာချင်၊ ခွာချင်နှင့် ခွာသွားရ၏။

လောဘ၏ဖြစ်စဉ်တစ်ခုကား နာလန်ထကာစ လူမမာ 'မောင်တာ'နှင့်တူ၏။ နှစ်ရှည်လများ မကျန်းမ မာဖြစ်နေသော မောင်တာသည် ရောဂါပျောက်စတွင် လေကောင်းလေသန့်ရှူရန် ပင်လယ်ကမ်းစပ်တွင် လမ်းလျှောက်နေ၏။

ထိုအချိန်တွင် ကြီးမားလှသော ပင်လယ်လိပ်ကြီးတစ်ကောင်သည် ကမ်းစပ်သဲခုံပေါ် တက်လာ၏။ လူမမာမောင်တာသည် လိပ်ကြီးကိုမြင်သည်နှင့် လိပ်သားစားရတော့မည်ဟူသောအတွေးဖြင့် လိပ်ကြီးကိုပြေးဆွဲ၏။ ထိုအခါ လိပ်ကြီးကလည်း ကြောက်လန့်တကြား ရေဘက်သို့ အတင်းရုန်းကန်သွား၏။
မောင်တာသည် ရောဂါပျောက်စဖြစ်သဖြင့် အားနည်းရကား လိပ်ဆွဲရာ ရေထဲသို့ တဖြည်းဖြည်း ပါသွား၏။ ရေထဲသို့ရောက်သည်နှင့် လိပ်ကြီးသည် အားတက် သွားပြီး အတင်းကူးခပ်လေရာ မောင်တာမှာ လိပ်နှင့်အတူ ရေနက်ရာသို့ တဖြည်း ဖြည်းပါသွား၏။

လိပ်သားစားချင်သော လောဘ၏ စေ့ဆော်မှုကြောင့် လိပ်ကိုမလွှတ်မိသေး။ တဖြည်းဖြည်း ရေက နက်လာရာ မောင်တာ၏လည်ပင်းလောက်ထိ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



လိပ်ကို ဆက်ဆွဲထားလျှင် သူ ရေနစ်သေမည်ကို ရိပ်မိသွားသော မောင်တာသည် လိပ်ကြီးကို မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်လိုက်ရတော့၏။ သို့သော် မောင်တာ ပါးစပ်က ပြောလိုက်သေး၏။

'နင့်တစ်ခါလွှတ် ငါ့ဆယ်ခါလွှတ်' ဟူ၏။

ယခုလည်း လောဘသည် ပုထုဇဉ်ဘဝမှစ၍ အနာဂါမ်ဖြစ်သည်အထိ ဖွဲ့နှင့် ဆွဲထားသေး၏။ ရဟန္တာဖြစ်သောအခါကျမှသာ ဘယ်လိုမှ ဆက်ဆွဲမထားနိုင်တော့သဖြင့် မလွှတ်ချင်လွှတ်ချင်ဖြင့် 'နင့်တစ်ခါလွှတ် ငါ့ဆယ်ခါလွှတ်'ဟုဆိုပြီး လွှတ်လိုက်ရခြင်းမျိုးပင်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက ဓမ္မပဒတွင် တပည့်သာဝကတို့အား ယခုလို သတိပေးတော်မူခဲ့ခြင်းဖြစ်၏။

## ရဟန္တာဖြစ်မှ ဗုဒ္ဓအလိုကျ

'န သီလဗ္ဗတ မတ္တေန၊
ဗာဟုသစ္စေ ဝါ ပန။
အထ ဝါ သမာဓိလာဘေန၊
ဝိဝိတ္တသယနေန ဝါ။
ဖုသာမိ နေက္ခမ္မ သုခံ၊
အပုထုဇ္ဇနသေဝိတံ။
ဘိက္ခုဝိဿာသမာပါဒိ။
အ-ပတ္တော အာသဝက္ခယံ။

(ဓမ္မပဒ - ၂၇၁၊၂၇၂)

ရဟန်း၊ သင်သည် ရဟန္တာဖြစ်ခြင်းသို့ မရောက်သေးဘဲ သီလစင်ကြယ်ရုံမျှ၊ ဓူတင်ဆောင်နိုင်ရုံမျှဖြင့် စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ပိဋကတ်သုံးပုံ ဆောင်နိုင်သည့်တိုင်အောင် အကြားအမြင်များရုံမျှဖြင့်လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ဈာန်သမာပတ်ရှစ်ပါးကို ရရုံမျှဖြင့်လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။ ဆိတ်ငြိမ်သော တောကျောင်း၌ နေနိုင်ရုံမျှဖြင့်လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ပုထုဇဉ်တို့ မမှီဝဲနိုင်သော အနာဂါမိဖိုလ်ချမ်းသာကို တွေ့နိုင်၊ ရောက်နိုင်သည်ဟူ၍လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ဤသတိပေးချက်ကို ထောက်ဆကြည့်လျှင် လောဘနှင့်တကွ ကိလေ သာအားလုံးကုန်ခန်းပြီး ရဟန္တာဖြစ်မှသာ ဗုဒ္ဓအလိုဆန္ဒတော်နှင့် ကိုက်ညီမည်ဖြစ်၏။ လောဘ၏အင်အားနှင့် နယ်ပယ်သည် ကြီးမားကျယ်ဝန်းလွန်း ရကား၊ ယင်းကို သတ်ဖြတ်ချေမှုန်းရန် နည်းလေးမျိုး ဗုဒ္ဓက ပေးတော်မူခဲ့၏။ ၎င်းတို့မှာ-

www.burmeseclassic.com

www.burmeseclassic.com



## လောဘသတ်နည်း (၄)နည်း

ဒါနဖြင့်သတ်ခြင်း၊ ဓုတင်ဆောက်တည်၍ သတ်ခြင်း၊ အသုဘဘာဝနာပွား၍ သတ်ခြင်း၊ မဂ်လေးပါးဖြင့် သတ်ခြင်းတို့ဖြစ်၏။ သက်န်းတစ်စုံကို သူတစ်ပါးအား ပေးလှူမည်ဆိုလျှင် ထိုသင်္ကန်းအပေါ်၌ တပ်မက်သော တဏှာကို ပယ်သတ်ပြီးမှ ပေး လှူနိုင်၏။ ထိုကြောင့် ဒါနပြုခြင်းသည် လောဘကိုသတ်ခြင်းဟု ဆိုရခြင်းဖြစ်၏။ ပုံမှန် ထမင်းစားသောအခါ ထမင်း တစ်ပန်းကန်၊ ဟင်း လေးပန်းကန်၊ စုစုပေါင်း ငါးပန်းကန်ဖြစ်နေ၏။ လောဘသည်လည်း ငါးမျိုးဖြစ်နေ၏။

ပတ္တပိဏ္ဍိကဓုတင်ဆောက်တည်လိုက်သောအခါ တစ်ပန်းကန်ထဲမှာပင် ထမင်း ရော ဟင်းရောပေါင်းပြီး ရောထည့်စားလိုက်သောကြောင့် လောဘတစ်မျိုးသာ ကျန်တော့ပြီး၊ လောဘလေးမျိုး လျော့သွား၏။ ထို့ကြောင့် ဓုတင်ဆောက်တည်နိုင်ခြင်းသည် လောဘကိုသတ်ခြင်းတစ်မျိုးဟု ဆိုခြင်းဖြစ်၏။ လယ်တီဆရာတော် ဘုရားကြီးက ဓုတင်ဆောက်တည်ဖူးမှ မဂ်ဖိုလ်ရသည်။ ယခုဘဝ မဂ်ဖိုလ်ရသူများသည် 'ဘဝတစ်ခုခုက ဓုတင်ဆောက်တည်ဖူးသောကြောင့်သာဖြစ်၏'ဟူ၍ ရေးသားတော်မူခဲ့၏။ ထို့ကြောင့် ရဟန်းများသာမက လူပုဂ္ဂိုလ်များသည်လည်း ဓုတင်အကျင့်ကို မိမိတို့နိုင်သလောက် ရက်၊ လပိုင်း၍ ဆောက်တည်သင့်ကြ၏။

ပုပ်ပွနေသော ရုပ်အလောင်းများကိုကြည့်၍ မိမိခန္ဓာကိုယ်သည်လည်း ထိုသို့ပင် မတင့်မတယ်ဖြစ်ရ မည်ဟူ၍ ဆင်ခြင်လိုက်လျှင် ခန္ဓာကိုယ်ပေါ် တပ်မက်သော လောဘ ပါးလျားသွား၏။ ထို့ကြောင့် အသုဘဘာဝနာပွားခြင်းသည်လည်း လောဘကို သတ်ခြင်းတစ်မျိုးဟု ဆိုရခြင်းဖြစ်၏။ အသုဘဘာဝနာနှင့် ပတ်သက်၍ အထူးခမ္မသံဝေဂရဖွယ်ကောင်းသော ဂါထာလေးတစ်ဂါထာ ရဖူး၏။ အလျဉ်းသင့်သဖြင့် ဖော်ပြပေအံ့။

'တဒါ စ သော မတော ဟောတိ၊
ဥဒ္ဓုမာတော ဝိနီလကော။
အပဝိဒ္ဓေါ သုသာနသ္မိံ၊
အနပေက္ခာ ဟောန္တိ ဉာတယော။'

သော=လှတယ် ချောတယ် ချစ်ခင်တယ်ဟု၊ တွယ်တာပွားစီး သားသမီးနှင့် ဇနီးတစ်သွယ်၊ လင်သယ်တစ်မျိုး၊ တစ်နေ့ထက်တစ်နေ့ အချစ်တွေတိုးရပါတဲ့ ထိုသူသည်၊ 'ယဒါ=အကြင်အခါ၌၊ မတောဟောတိ=ဇီဝိန်ပြတ်ကြွေ၊ သေပျက်လေတော့၏။ တဒါ=ထိုအခါ၌၊ ဥဒ္ဓုမာတော=လေအိတ်ပမာ၊ ဖောင်းတက်ကာဖြင့် ရွံစရာ အပုပ်ကောင်၊ ဖူးဖူးရောင်လာခဲ့ပေ၏။ ဝိနီလကော=တစ်ကိုယ်လုံးသဲ၊ ညိုမည်းမည်းဖြင့် ပုပ်ပြိပွယောင်းလာခဲ့ပေ၏'

'တဒါစ=ထိုအခါ၌ကား၊ ဉာတယော=ဟိုယခင်က ချစ်လှပါသည်၊ ချောလှပါသည်၊ အလီလီအဝဝ ဆိုကုန်ကြသည့်၊ သလောဟိတာ=ဆွေမျိုးဉာတ[illegible]ာတို့သည်၊

www.burmeseclassic.com

www.burmeseclassic.com



သုသာနသို့-မည်သူ့အိမ်ပေါ်မှ ကြာရှည်မထားချင်၊ အတိတ်နိမိတ်တွေ မကောင်းဘူး ထင်ကြကုန်၍ တစပြင် သုသာန်သချိုင်း၌သာလျှင်'

'အပဝိဒ္ဓါ-အလျင်အမြန် စွန့်ပစ်ကြကုန်လျက်၊ အနပေက္ခာဟောန္တိ-လှတယ် ဆိုတဲ့သူတွေ၊ ချစ်တယ်ဆိုတဲ့သူတွေ တစ်စုံတစ်ယောက်မျှ ထောက်ဆညှာတာ၊ အနား က မခွာ၊ မနေလိုကြတော့ဘဲ၊ တစ္ဆေကိုကြောက်သလိုလို၊ ဘာလိုလို၊ ညာလိုလိုနှင့်၊ အိမ်ကိုသာ ပြန်သွားကြလေကုန်သတည်း။'

## စွဲလမ်းမှုအဆင့် (၃)ဆင့်

လောဘ၏ အစွဲလမ်းဆုံး နံပါတ်တစ်သည် အသက်ဝိညာဉ်ဖြစ်၏။ နံပါတ် နှစ်သည် ကိုယ်လက်အင်္ဂါ အသွေးအသားများဖြစ်၏။ နံပါတ်သုံးသည် ပြင်ပစည်း စိမ်ဥစ္စာ အသုံးအဆောင်များဖြစ်၏။ လူနာတစ်ယောက်အား အသက်မသေချင်ရင် သင့်မှာ ရှိသမျှဥစ္စာတွေ ကုန်အောင်ကုရမယ်၊ သင့်ရဲ့ လက်နှစ်ဖက်ကိုလည်း ဖြတ်ပစ် ရမယ်။ ကုနိုင်ပ့ါမလားဟုမေးခဲ့လျှင် ကုနိုင်ပါတယ်ဟုသာ ဖြေမည်ဖြစ်၏။ အဘယ့် ကြောင့်နည်း။

စည်းစိမ်ဥစ္စာနှင့် ကိုယ်လက်အင်္ဂါအပေါ်မှ တွယ်တာတပ်မက်သော လောဘ ထက်၊ အသက်ဝိညာဉ်အပေါ်မှာ တွယ်တာတပ်မက်သော လောဘက အားကြီးသော ကြောင့်ပေတည်း။ တစ်ဖန် သင့်ဥစ္စာစည်းစိမ်တွေ ကုန်အောင်ကုသမှ လက်ဟာ ပြန်ကောင်းမယ်။ ဒါ့ကြောင့် လက်အဖြတ်ခံမလား၊ ဥစ္စာစည်းစိမ်တွေ ကုန်အောင် ကုသမလားဟုမေးခဲ့လျှင် လက်တော့ အဖြတ်မခံနိုင်၊ ဥစ္စာစည်းစိမ်တွေသာ ကုန် အောင် ကုသမည်ဟု ပြန်ပြောမည်သာဖြစ်၏။ အဘယ့်ကြောင့်နည်း။ ဥစ္စာစည်းစိမ် အပေါ်မှာတပ်မက်သော လောဘထက် ကိုယ်လက်အင်္ဂါအပေါ်မှာ တွယ်တာ တပ်မက်သောလောဘက အားကြီးသောကြောင့်ပေတည်း။

'တစ်စတစ်စ၊ စွန့်ဝံ့မှလျှင်၊ ဘဝနောက်နှောင်း၊ ဆက်တိုင်းကောင်း၏' ဟူသော လမ်းညွှန်ချက်အတိုင်း အလွယ်ကူဆုံးဖြစ်သည့် ဥစ္စာစည်းစိမ်အပေါ် တပ်မက်စွဲလမ်းသော တဏှာမှစ၍ စွန့်ပစ်ကြရမည်ဖြစ်၏။ မစွန့်ပစ်နိုင်ခဲ့လျှင် မည် သည့်အပေါ် စွဲလမ်းသောတဏှာဖြင့် သေသည်ဖြစ်စေ ပြိတ္တာဘုံသို့ရောက်ရှိရမည် သာဖြစ်၏။ မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်တွင် လောဘ၏ဆိုးကျိုး ကို ယခုလို မီးမောင်းထိုးပြတော်မူခဲ့၏။

'ဥစ္စာစုကို၊ မဆိုထားလွတ်<br>
ကိုယ်ဝတ်ခြုံလွှမ်း၊ ပုဆိုးနွမ်းက၊ သက်န်းမျှ၌၊<br>
လောဘဤဟိတ်၊ ငဲ့သည်စိတ်ကြောင့်<br>
ဘုတ်ပြိတ်သန်းဖျ ဖြစ်ကုန်ကြ၏'

ဗုဒ္ဓလက်ထက်က တိဿအမည်ရှိသော ရဟန်းတစ်ပါးသည် သင်္ကန်းသစ်

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံအပေါ် မှာ စွဲလမ်းသောလောဘစိတ်ဖြင့် သေဆုံးခဲ့သောကြောင့် သက်န်းခေါက်ထဲတွင် (၇)ရက်တိတိ သန်းပြိတ္တာအဖြစ် ခံလိုက်ရ၏။ (၇)ရက်စေ့မှ သန်းပြိတ္တာဘဝမှ လွတ်ပြီး နတ်ဘုံသို့ရောက်ခဲ့ရသည်။

'ပြင်ပဥစ္စာ၊ မဟုတ်စွာသေး၊
ကာယအဆင်း၊ ကိုယ်အတွင်းဝယ်၊
မွေးညင်းဆံစု၊ ရုပ်ဝတ္ထုဩ၊
တစ်ခုခုတပ်၊ စွဲကပ်စွန်းငြိ
ဇောစီထိဖြင့်၊ စုတိပုဂ္ဂိုလ်
ထိုထိုပိုးလောက်၊ စားသောက်ပြန်ကာ
ဖြစ်တတ်စွာဟု၊ ကျမ်းလာမုချ၊ ဤသို့ပြ၏'

မိမိခန္ဓာကိုယ် အသွေးအသားနှင့် ဆံပင်မွေးညင်းတို့၌တပ်မက်သော လောဘ နှင့်သေခဲ့လျှင် ထိုခန္ဓာကိုယ်ရုပ်အလောင်းကို ပြန်လည်စားသောက် နေရ သော ပြိတ္တာဘဝသို့ရောက်ရ၏။ ထို့ကြောင့် ဗုဒ္ဓက 'လောဘကို ပယ်သတ်ရမည့်တရား'ဟု ပြတ် သားစွာသိစေရန် သစ္စာလေးပါးတွင် သမုဒယသစ္စာ ဟူသော အမည်ဖြင့် ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။

ဗုဒ္ဓက လောဘကို ပယ်စွန့်ခိုင်းခြင်းဖြစ်သော်လည်း သေချာ သဘောမပေါက် သူများက ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာများကို ပယ်စွန့်ရမည်ထင်ပြီး လောဘပယ်ကြောင်း တရားကိုဟောလျှင် သိပ်သဘောမကျချင်ကြပေ။ ဗုဒ္ဓဟောကြားသော ဤဂါထာလေးကို ရှုကြည့်ပါ-

'ဇာတိမစ္စု ဇရာဗျာဓိ၊ ဝေဒနာဘိအဘိပ္ပလုတံ။
သံသာရမိဓ မစ္စန္တ၊ မသာရံစဇတောသုခံ။'

'ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း
စိုးရိမ်ပူဆွေးရခြင်းတို့ဖြင့် အမြဲမပြတ် ရှုပ်ယှက်ခတ်လျက်ရှိသော၊
စင်စစ် အနှစ်သာရ ရှာမရသော ဤဘဝခန္ဓာ သံသရာကြီးကို
မတွယ်တာ ပယ်ခွာစွန့်ပစ်နိုင်သူအား ချမ်းသာအစစ် တကယ်တမ်း
ဖြစ်၏။'

ဤဂါထာကို အပေါ်ယံအနေဖြင့်ကြည့်လျှင် ခန္ဓာကိုစွန့်မှ ချမ်းသာအစစ်ကို ရမည်ဟုဆိုထားသဖြင့် ခန္ဓာကိုယ်ကြီးကို လမ်းဘေးသို့ စွန့်ပစ်ရမလိုဖြစ်နေ၏။ အမှန်ကား ထိုကဲ့သို့မဟုတ်၊ ခန္ဓာငါးပါးအပေါ်တွင် တွယ်တာတပ်မက်သော လောဘကိုသာ ပယ်စွန့်ခိုင်းခြင်းဖြစ်၏။

မိမိပိုင်ဆိုင်သည့် များစွာသော ပစ္စည်းဥစ္စာ၊ အဆောက်အဦးများက ပြိတ္တာဘုံသို့ ဆွဲချသည်မဟုတ်၊ ထိုပစ္စည်းဥစ္စာ အဆောက်အဦးများအပေါ် တွယ်တာတပ် မက်သော လောဘကသာ ပြိတ္တာဘုံသို့ ဆွဲချခြင်းဖြစ်၏။ ထို့ကြောင့် လောဘကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ပယ်စွန့်ရမည်ဟု ဆိုလိုရင်းဖြစ်၏။

## အဓိကသည် လောဘအနည်းအများ

လောဘ၏ဆိုးကျိုးများကို မသိသူသည် အနည်းငယ်သော ဥစ္စာပစ္စည်း အပေါ် ၌လည်း အလွန်စွဲမက်တတ်၏။ လောဘ၏ဆိုးကျိုးများကို သေသေချာချာ သိထားသူကား ကြီးကျယ်များပြားသော ဥစ္စာစည်းစိမ် အဆောက်အဦး များရှိသော်လည်း တွယ်တာတပ်မက်ခြင်းမရှိချေ။ ပစ္စည်းအနည်းအများသည် အဓိကမဟုတ်၊ လောဘ အနည်း,အများသည်သာ အဓိကဖြစ်၏။

သာကေတစ်ခုပြအံ့၊ သီဟိုဠ်ကျွန်းတွင် မိတ်ဆွေရဟန်းနှစ်ပါးရှိ၏။ တစ်ပါးသည် တောရဆောက်တည်ကာ ကမ္ဗဋ္ဌာန်းကျောင်းငယ်လေးနှင့်နေ၏။ ကျန်တစ်ပါးကား မြို့ပေါ်တွင် တိုက်ကြီးတာကြီးနှင့်နေ၏။ တောရရဟန်း သည် မြို့ပေါ်တွင်နေသော ရဟန်းကို အထင်ကြီးနေ၏။ မြို့ပေါ်ဖြစ်သောကြောင့် ပစ္စည်းလေးပါး အလွန်ပေါများမည်ဟုထင်၏။ ထို့ကြောင့် တစ်နေ့တွင် မိတ်ဆွေရှိရာ မြို့ကျောင်းသို့ အလည်သွား၏။ မိတ်ဆွေရဟန်းကလည်း သူ့ရှိသမျှ ဧည့်ခံပါ၏။ နံနက် မိုးလင်းခါနီးသောအခါ ချက်ပြီးပြုတ်ပြီး အရုဏ်ဆွမ်းများလာပို့မည်ဟု ထင်နေ၏။ သို့သော် တစ်ယောက်မျှ လာမပို့။

မိတ်ဆွေနှစ်ပါးလုံး အရုဏ်ဆွမ်းအတွက် ဆွမ်းခံထွက်ရ၏။ မြို့သူမြို့သား တွေဆိုတော့ စောစောထရမှာပျင်းလို့ အရုဏ်ဆွမ်းမပို့တာနေမှာပါ။ နေ့ဆွမ်းတော့ ပို့မယ် ထင်ပါတယ်ဟု တစ်ထစ်လျှော့လိုက်၏။ နေ့ဆွမ်းချိန်ရောက်လျှင်လည်း လာပို့သူ တစ်ယောက်မှမရှိသဖြင့် ဆွမ်းခံထွက်ရပြန်၏။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း မပို့ပေမယ့် ညနေပိုင်းကျရင် ဖျော်ရည်တို့ စတုမဓုတို့တော့ ပို့မယ်ထင်ပါတယ်ဟု မျှော်လင့်ချက် ထားပြန်၏။

ည ကျိန်းစက်ချိန်အထိ ဘာမျှလာမပို့ကြချေ။ တောရရဟန်းကား အတော် စိတ်ပျက်သွား၏။ နောက်တစ်နေ့နံနက် အရုဏ်ဆွမ်းခံပြန်လာချိန် လမ်းမှာပင် ဖွင့် ပြောတော့၏။

'ငါ့ရှင်ကျောင်းက မြို့ကျောင်းသာပြောတယ်၊ ပစ္စည်းလေးပါး အတော်ခေါင်း ပါးတာပဲ။ တပည့်တော်နေတဲ့ တောရကျောင်းကမှ ဒီကျောင်းထက် ပစ္စည်းလေးပါး ပိုပေါသေးတယ်'

'ဒါဆို အရှင်ဘုရားနေတဲ့ တောရကျောင်း သွားကြစို့၊ တပည့်တော်ပါ လိုက် နေမယ်'

'ဘယ်တော့ သွားမလဲ'

'အခုတစ်ခါတည်း နေ့ဆွမ်းအမီ သွားကြစို့'

'ဟင်-ငါ့ရှင် မြို့ကျောင်းကို ခဏပြန်ဝင်ပြီး မှာစရာရှိတာ မမှာတော့ဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်း ပစ်ထားခဲ့တော့မှာလား'

'ပစ်ထားခဲ့မှာပေါ့၊ တပည့်တော်မှာ ကျောင်းကို စွဲလမ်းတဲ့စိတ်မှ မရှိတာ'

ထိုအခါ တောရရဟန်းက-

'ဟာ-မဖြစ်ဘူး၊ ငါ့ရှင် မဝင်ပေမယ့် တပည့်တော်တော့ ဝင်ရဦးမယ်။ ဟိုမှာ တပည့်တော်အမြကိုင်တဲ့ တောင်ဝှေးနဲ့ ခြေနယ်ဆီကျန်နေခဲ့တယ်'ဟုပြောကာ တောင်ဝှေးနှင့်ခြေနယ်ဆီကို ရအောင်ဝင်ယူလိုက်ပေ၏။ ဤ ဖြစ်ရပ်အရ ပြိတ္တာဘုံသို့ ကျရောက်ရခြင်းသည် စည်းစိမ်ဥစ္စာအနည်းအများက အဓိကမဟုတ်။ လောဘ အနည်းအများက အဓိကဟုဆိုခဲ့ရခြင်းဖြစ်၏။ ထို ခက်ခဲသိမ်မွေ့လှသောအဓိပ္ပာယ်ကို မိုးကုတ်ဆရာတော်ဘုရားကြီးက လျှပ်တစ်ပြက်နည်းဖြင့် လက်တွေ့ပြတော်မူခဲ့ဖူး၏။

## မိုးကုတ်ဆရာတော်၏ အတိုဆုံးတရား

အမရပူရမြို့၊ မိုးကုတ်ဝိပဿနာရိပ်သာအတွင်း၌ပင်ဖြစ်၏။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာ ဘိဝံသ၏ ဒကာရင်းတစ်ယောက်နှင့် မိုးကုတ်ဆရာတော်၏ ဒကာရင်းတစ်ယောက်တို့သည် မိုးကုတ်ဆရာတော် ကြီးနှင့် မလှမ်းမကမ်းနေရာတွင် စကား ကောင်းနေကြ၏။ ထိုအချိန်တွင် ဒကာတစ်ဦးက ဗန်ကောက်သက်န်း တစ်စုံ မိုးကုတ်ဆရာတော်ကြီးအား လာလှူ၏။

ထိုခေတ်ထိုအချိန်က သင်္ကန်းထဲတွင် ဗန်ကောက်သင်္ကန်းသည် အဖိုးအတန် ဆုံး၊ အကောင်းဆုံး ပင်ဖြစ်၏။ မိုးကုတ်ဆရာတော်ကြီး ဗန်ကောက်သင်္ကန်း အလှူခံ သည်ကိုမြင်သွားသော ဂန္ဓာရုံဆရာတော်ကြီး၏ ဒကာရင်းက အလွန်ဂုဏ်ယူသော လေသံဖြင့်-

'ကျွန်တော်တို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကတော့ ဒီလို အကောင်းစား သင်္ကန်းတွေ မဝတ်ဘူး၊ ရိုးရိုး ပိတ်သင်္ကန်းကိုပဲ ဝတ်တယ်'

ဟုပြောလိုက်၏။ ထိုအသံကို မိုးကုတ်ဆရာတော်ဘုရားကြီး ကြားသွားသော အခါ ဗန်ကောက်သင်္ကန်းကို အနီးမှဒကာတစ်ယောက်အား ချပေးပြီး-

'ဒကာ ဒီသင်္ကန်းကို ရုံကောင်းအောင် လက်နဲ့ချေလိုက်စမ်း၊ ချက်ခြင်းဝတ်မယ်၊ ဘယ်နေရာမဆို စိတ်သာအဓိကပါ'

ဟု ပြောလိုက်၏။

ဒကာက ချေပြီး သင်္ကန်းကိုပြန်ကပ်သောအခါ ချက်ခြင်း ဝတ်ရုံတော်မူသည်။

'စိတ်သာအဓိကပါ'ဟု မိုးကုတ်ဆရာတော်ဘုရားကြီး မိန့်တော်မူလိုက်သော စကားသည် အလွန်ကျယ် ဝန်း၏။ လောဘနှင့်ပတ်သက်သော တရားသဘောတွေ အများကြီး ပါသွား၏။ အညံ့စား ပိတ်သင်္ကန်းပင်ဖြစ်စေ၊ လောဘဖြင့် စွဲလမ်းနေလျှင် အကုသိုလ် ဖြစ်မည်။ အပါယ်ကျမည်။ အကောင်းစား အဖိုးတန်သင်္ကန်းပဲဖြစ်စေ၊ မစွဲလမ်းလျှင် အကုသိုလ်မဖြစ်၊ အပါယ်မကျဟု ဆိုလိုရင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်ဆရာတော်ဘုရားကြီးဆိုလျှင် အမရပူရတွင်လည်းကောင်း၊ မိုးကုတ်တွင်လည်းကောင်း၊ ကျောင်းနှစ်ကျောင်းတောင်ရှိ၏။ ဝေဘူဆရာတော်ဘုရားကြီးဆိုလျှင် မြို့သုံးမြို့တွင် ရိပ်သာကျောင်းကြီး (၃)ခုရှိ၏။ ရိပ်သာတစ်ခုတွင် (၄)လနေပြီး တရားပြပေးတော်မူ၏။ တောင်ပုလုဆရာတော်ဘုရားကြီးဆိုလျှင် မိတ္ထီလာမြို့တွင် သာမက အမေရိကန်ပြည်ထောင်စုမှာပါ ကျောင်းများရှိ၏။

ဒကာ၊ ဒကာမများ ကုသိုလ်တရား တိုးပွားစေခြင်းငှာသာ အလှူခံခြင်းဖြစ်၏။ ဆရာတော်ကြီးများကား လောဘကို အမြစ်ပြတ်ပယ်သတ်ပြီးသော ပုဂ္ဂိုလ်များသာဖြစ်၏။ ခန္ဓာကိုယ်၌ တွယ်တာတပ်မက်သော လောဘကိုပင် ပယ်သတ်ပြီးသော ဆရာတော်များအတွက် ပြင်ပကျောင်းကန်ဘုရားတို့အပေါ်၌ တွယ်တာတပ်မက်ဖို့ကား မည်သို့မျှ မဖြစ်နိုင်ပါတော့ချေ။

## ကျွန်ုပ်ကိုယ်တွေ့ အဖွဲ့တ္တတိုက်ပွဲများ

ဘဝအဆက်ဆက်က ထုနှင့်ထည်နှင့်ပါလာသော လောဘဓာတ်ကို တစ်နေ့ တစ်ရက်တည်းနှင့် ပယ်သတ်နိုင်သည်မဟုတ်။ လနှင့်နှစ်နှင့်ချီ၍ ပယ်သတ်ကြရခြင်းဖြစ်၏။ ယခု ဤစာကိုရေးနေသော ကျွန်ုပ်သည် လည်း လောဘကို ပယ်သတ်နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးစားနေဆဲသာဖြစ်ပါ၏။ နှစ်နှင့်ချီကြာခဲ့ပြီဖြစ်သဖြင့် လောဘနှင့် အလောဘတို့၏ အဖွဲ့တ္တတိုက်ပွဲတွင် အလောဘက နိုင်သွားသောတိုက်ပွဲ အတော်အတန်ကိုလည်း ရခဲ့ပြီးဖြစ်၏။

'မလုပ်မပြော၊ လုပ်မှပြော
သဘောစင်လှစေ၊
အပြောသာချဲ့၊ အလုပ်မဲ့
ကဲ့ရဲ့မလွတ်ချေ။'

ဟူသော မင်းကွန်းတိပိဋကဆရာတော်ကြီး၏ဩဝါဒအတိုင်း ကျွန်ုပ်၏ လက်တွေ့လုပ်ငန်းစဉ် အချို့ကိုလည်း သက်သေပြပါဦးမည်။ သို့မှသာ ကျွန်ုပ်ရေးသော စာသည် လက်တွေ့ကျင့်စဉ်များမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း စာဖတ်သူများ သတိပြုမိမည်ဖြစ်၏။ ၁၉၉၃-ခုနှစ်ကပင်ဖြစ်၏။ ထိုအချိန်က ကျွန်ုပ်သည် ရဟန်းအမကြီး ဒေါ်နော်မြသန်းနှင့် ဆွမ်းဒကာဒကာမများ စုပေါင်းဝယ်ယူ လှူဒါန်းသော ရွှေပြည်သာမြို့ မန္တလေးကျောင်းတိုက်ဟူ၍ ဖြစ်ပေါ်လာမည့် မြေကွက်ပေါ်တွင် ခနိမိုး ထရံကာ တဲကြီးနှစ်လုံးဆောက်ပြီး စာသင်သားသံဃာ (၄၀)ကျော်တို့အား စာပေပို့ချနေချိန်ပင်ဖြစ်၏။

သာသနာအလုပ်ကိုလုပ်သော ကျွန်ုပ်အား သာသနာက ပြန်လည်စောင့်ရှောက်လေပြီ။ သွပ်မိုးပျဉ်ကာ ကျောင်းတစ်ကျောင်းပါပြီး ပေ ၈၀×၆၀ ခန့် ကျယ်ဝန်းသည့် မြေကွက်ကြီးတစ်ကွက်ကို အလှူခံရရှိ၏။ ကျောင်းနှင့်မြေကွက်ကို လှူသော

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးမှာ တောထွက်ဖြစ်သော်လည်း သဒ္ဓါတရား အလွန်ကောင်း၏။ ထိုကျောင်းဆောင်ကို ရခြင်းမှာ ကျွန်ုပ်တန်ခိုးမဟုတ်၊ သာသနာတန်ခိုး ဖြစ်၏။ ကျွန်ုပ်အစွမ်း မဟုတ်၊ သာသနာ၏အစွမ်းဖြစ်၏။ ပစ္စည်းလေးပါး ပေါ်များပြီး သာသနာတွင် ထင်ရှားလာသော ရဟန်းတော်အချို့သည် တလွဲဆံပင်ကောင်းပြီး မာန်တက်တတ်၏။ ဘုရားရှင်နှင့် သာသနာ၏တန်ခိုးကို မိမိတန်ခိုးထင်တတ်၏။ သို့မဟုတ် ဝိဇ္ဇာ, ဇော်ဂျီတို့၏တန်ခိုးဟု ထင်တတ်ကြ၏။

မိမိတန်ခိုးဟုထင်လျှင် လူဝတ်လဲပြီး သာသနာအလုပ်ကို တစ်ခုမှမလုပ်ဘဲ နေကြည့်ပါ။ ရထားသော ပစ္စည်းလေးပါးသည် တဖြည်းဖြည်း ကြက်ပျောက်၊ ငှက်ပျောက်, ပျောက်ကုန်ပေလိမ့်မည်။ ကောသမ္ဗီပြည်မှ သုတ္တန်ဆောင်ရဟန်းများနှင့် ဝိနည်း ဆောင်ရဟန်းများသည် ကုဋီတွင် သန့်သက်ရေ ကျန်သည်မှအစပြုပြီး မပြီးနိုင် မစီးနိုင်၊ ငြင်းခုံခိုက်ရန်ဖြစ်ကြ၏။

မြတ်စွာဘုရားက ဖျန်ဖြေတရား ဟောကြားသောအခါ 'မြတ်စွာဘုရား ဒီအမှုကိစ္စထဲမှာ ဝင်မပါပါနဲ့၊ တပည့်တော်တို့အမှုဟာ သူ့အလိုလို ထင်ရှားလာပါလိမ့်မယ်' ဟူသောစကားဖြင့် မြတ်စွာဘုရားကိုပင် ကလန်ကဆန်လျှောက်ထားပြီး ချောင်ထိုးထားလိုက်ကြ၏။ သူတို့ အဆင့်အတန်းမြင့်မြင့် သုံးဆောင်ခံစားနေရသော ပစ္စည်းလေးပါးတို့ကို သူတို့တန်ခိုးဖြင့်ရသည်ဟု ထင်နေကြ၏။

ဘုရားရှင်၏ တန်ခိုးတော်ကြောင့်ရသည်ဟု မသိကြတော့။ ဤ မာန်မာနများကြောင့် သာသနာကိုတည် ထောင်တော်မူသော ဘုရားရှင်ကိုပင် ချောင်ထိုးသော စကားမျိုးကို လျှောက်ထားဝံ့ခြင်းဖြစ်၏။ ထိုရဟန်းများ သည် မာန်ကြောင့် ယစ်မူး၍ မာန်မထောင်သင့်သည်ကို ထောင်ခြင်းဖြစ်၏။ ဇာတ်တော်တစ်ခုတွင် အရက် ကြောင့် ယစ်မူး၍ မာန်မထောင်သင့်သည်ကို မာန်ထောင်သော န္ဓားချေးပိုးထိုးကောင်တစ်ကောင်အကြောင်းကို ဖတ်ဖူး၏။

## နွားချေးပိုးထိုးကောင်၏ မာန်

တစ်ခါတွင် အရက်သမားများသည် အမူးလွန်ပြီး မြေကြီးပေါ်တွင် အော့အန်ထားကြ၏။ နွားချေးပိုး ထိုးကောင်တစ်ကောင်သည် အရက်နှင့်ရောသော အန်ဖတ်များကိုစားမိသဖြင့် သူပါ မူးသွား၏။ လိုရာအရပ်သို့ ဆက်မသွားနိုင်ဘဲ အန်ဖတ်ပုံပေါ်သို့တက်မိရာ သူ့ခန္ဓာသည် ပျော့စိနေသောအန်ဖတ်ပုံထဲသို့ အိဆင်းသွား၏။

ထိုအချက်သည် အရက်ကြောင့် ယစ်မူးနေသော နွားချေးပိုးထိုးကောင်အတွက် မာန်ထောင် စရာဖြစ်သွား၏။ သူက ငါ့ခန္ဓာကိုယ်၏အလေးချိန်ဒဏ်ကို မခံနိုင်၍ မြေပင်ပြိုကျသည်ဟု ထင်သွား၏။ ထို့ကြောင့်လည်း အနားသို့လျှောက်လာသော စွယ်စုံဆင်ကြီးတစ်ကောင်ကို သူနှင့် စစ်ထိုးရန် စိန်ခေါ်၏။

ထိုအခါ စွယ်စုံဆင်ကြီးက ငါနှင့်စစ်မထိုးခင် ငါ၏မစင်နှင့် အရင် စစ်ထိုးဦး

www.burmeseclassic.com

www.burmeseclassic.com



လေ့ဟု ဆိုကာ နွားချေးပိုးထိုးကောင်အပေါ် မစင်များစွန့်ချပြီး ကျင်ငယ်များပါ ပေါက်ချလေရာ နွားချေးပိုးထိုးကောင်မှာ ဆင်၏မစင်ပုံအောက်မှာပင် အသက်ပျောက်ခဲ့ရ၏။ ယခုလည်း ကောသမ္ဗီမှရဟန်းတော်များသည် မာန်ကြောင့်ယစ်မူးပြီး မာန်မထောင်သင့် သည်ကို မာန်ထောင်သောအခါ ချက်ချင်းဒုက္ခရောက်ကြတော့၏။

မြတ်စွာဘုရားသည် ရဟန်းများက သူ့စကားကိုမနာယူသောအခါ ပလလဲတောသို့ တစ်ပါးတည်းကြွ သွားလေတော့၏။

ထိုအခါ ကောသမ္ဗီပြည်သူပြည်သားများမှ ဒီရဟန်းဆိုးတွေကြောင့် တို့ဒကာ၊ ဒကာမတွေမှာ ဘုရားရှင်ကိုလည်းမဖူးရ၊ တရားတော်ကိုလည်း မနာရဟုဆိုကာ ရဟန်းဆိုးများအား ပစ္စည်းလေးပါး မလှူတော့ဘဲ ဖြတ်တောက်ထားလိုက်ကြ၏။

ပစ္စည်းလေးပါးပြတ်လပ်ပြီး ဒုက္ခရောက်ကြသောအခါတွင်မှ ကောသမ္ဗီမှ ရဟန်းများသည် မာန်များကျပြီး အမြင်မှန်ရသွားကြ၏။ 'ပစ္စည်းလေးပါး ပေါများခြင်းသည် ငါတို့၏ဘုန်းမဟုတ်၊ သာသနာကို တည်ထောင်သော ဘုရားရှင်၏ ဘုန်း'ဟု သေသေချာချာ သိသွားကြ၏။ ငါတို့ရဟန်းတော်တွေလည်း ပြန်လည် သင့်မြတ်ပါတော့မယ်၊ ဘုရားရှင်ကို ပြန်ပင့်ပေးပါ့မယ်၊ ပစ္စည်းလေးပါးကို ပြန်လှူကြပါဟု ဒကာ၊ ဒကာ မများအား ဝန်ချကြရ၏။ ထိုအခါကျမှ ဒကာ၊ ဒကာမများက ပစ္စည်းလေးပါးကို ပြန် လှူကြ၏။

ယခုလည်း ထိုခေတ်ထိုအချိန်က ငါးသိန်းကျော်ခန့်တန်သော၊ ယနေ့ခေတ်အနေဖြင့် သိန်းငါးဆယ်ကျော် ခန့်တန်သော ကျောင်းကြီးတစ်ကျောင်းကို အလှူခံရရှိခြင်းမှာ ကျွန်ုပ်၏တန်ခိုးမဟုတ်၊ ဘုရားရှင်၏ တန်ခိုး၊ သာသနာတော်၏တန်ခိုးဟု ဆိုရခြင်းဖြစ်၏။ စာချုပ်တွင် သက်သေအဖြစ် မြို့နယ်ဝိနည်းဓိုရ် ဆရာတော်များပါ လက်မှတ်ရေးထိုးပြီး ကျောင်းဂရန်ပါ အပြီးအပိုင် လွှဲအပ်လှူဒါန်းခြင်းဖြစ်သည်။

ကျွန်ုပ်သည် ကျောင်းနှစ်ကျောင်းတွင် စာသင်သား သံဃာတော်များကို ခွဲထားပြီး စာချဘုန်းကြီးများ နှင့်အတူ မနေမနား စာပေပို့ချနေ၏။ ထိုဆရာတော်ကြီးကိုလည်း ကျောင်းမှာပင် ဆရာသမားအဖြစ် လိုလေသေးမရှိအောင် ထောက်ပံ့လှူဒါန်းထားပါ၏။ ထိုအချိန်မှာပင် ဆရာတော်ကြီး၏ လူ့ဘဝက ဇနီးနှင့် သားတို့သည် နေ့စဉ် ကျောင်းသို့လာပြီး ဆရာတော်ကြီးကို ငိုပြကြ၏။

ဆရာတော်ကြီးက ကျောင်းကိုမရောင်းဘဲ အလကားလှူလိုက်သည့်အတွက် သူတို့မှာ ဘာမျှခံစားခွင့် မရှိတော့ကြောင်း၊ ယခုဆိုလျှင် မြို့ထဲမှာနေသော အိမ်ကိုဖျက်ပြီး မြို့သစ်သို့ပြောင်းရတော့မည်။ သူတို့မှာ မြေအတွက် သွင်းစရာငွေ၊ အိမ်အသစ်ဆောက်ရန် ငွေမရှိသည့်အတွက် ဒုက္ခရောက်နေပြီး ကျွန်ုပ်ကို လှူထားသောကျောင်းကို ပြန်တောင်းပြီးရောင်းချလျှင် သူတို့လိုသော ငွေကို ရနိုင်ကြောင်းများကို နေ့စဉ်ငိုယိုပြီး လာပြောနေကြရာ ဆရာတော်ကြီးလည်း စိတ်ပြောင်းသွား၏။ ကျွန်ုပ်ထံမှ ကျောင်းကို ပြန်လိုချင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကလေးကစားစရာမဟုတ်၊ စာချုပ်စာတမ်းနှင့်၊ ဂရန်နှင့် သက်သေများရှေ့မှောက်တွင် လှူဒါန်းထားခြင်းဖြစ်ရာ ပြန်တောင်း၍အမှုဖြစ်လျှင် သူသာ ရှုံးမည်ကိုလည်းသိ၏။ ကျောင်းလည်းပြန်လိုချင်၊ ပြန်လည်း မတောင်းရဲဖြစ်နေသော အခါ ဆရာတော်ကြီးမှာ စိတ်ဖောက်ပြန်သလိုလို ဖြစ်လာ၏။ စာသင်သားများကပင် သူ့ကို သေကြောင်းကြံစည်သယောင်ယောင် ဘေးကိုသတင်းလွှင့်၏။

ကျွန်ုပ်မှာ လူမှုရေးရာတွင် မကျွမ်းကျင်သော လူအ,တစ်ယောက်သာဖြစ်ရာ ဆရာတော်ကြီး ကျောင်းပြန်လိုချင်၍ ဉာဏ်ဆင်သမျှကို အဟုတ်ထင်ပြီး စာသင်သား သံဃာများကို ကြပ်မတ်စစ်ဆေးခြင်း၊ ဆရာတော်ကြီးနားမှာ စောင့်ရှောက်ပေးခြင်း တို့ဖြင့် အလွန် စိတ်ပန်းလူပန်းဖြစ်ရ၏။ ဒုလ္လဘရဟန်း ခဏသာဝတ်သော ဆရာတော်ကြီး၏တူတော်သူ အမျိုးသားကြီးတစ်ယောက်က ပွင့်ပွင့်လင်းလင်းပြောပြမှပင် ကျွန်ုပ်မှာ ဆရာတော်ကြီး ကျောင်းပြန်လိုချင်၍ စိတ်ဖောက်ပြန်ချင်ယောင်ဆောင်နေခြင်း ဖြစ်ကြောင်း သိရတော့၏။ ကျွန်ုပ် ဘာလုပ်ရမည်နည်း။

ဥပဒေလမ်းကြောင်းအရ အခု ဆီထမင်း၊ တော်ကြာ စာကလေးကြော်လုပ်၍ မရ။ သက်သေအခိုင်အမာနှင့် ပေးထားသော အဆောက်အဦးတစ်ခုကို ပြန်လိုချင်လျှင် မြို့နယ်သံဃနာယကသို့ အမှုတွဲတင်ရမည်။ ထိုအမှုတွဲကို မြို့နယ်ဝိနည်းမိုရ် ဆရာတော်များက စစ်ဆေးဆုံးဖြတ်ကြမည်။ ထို မြို့နယ်ဝိနည်းမိုရ် ဆရာတော်များသည် ကျွန်ုပ်ကို ကျောင်းလှူဒါန်းသောစာချုပ်တွင် ကိုယ်တိုင် လက်မှတ်ထိုးထားကြသူများဖြစ်ရာ ဤအမှုတွင် ကျွန်ုပ်ဘက်ကနိုင်ဖို့ (၉၉)ရာခိုင်နှုန်းရှိ၏။

ဓမ္မလမ်းကြောင်းအရ ပေးသူသည် အနာခံသူဖြစ်၏။ ယူသူသည် အသာစံသူဖြစ်၏။ သံသရာ၌ ပေးသူက ကောင်းကျိုးကိုခံစားရ၏။ ယူသူကား ဘာမျှမခံစားရ၊ မြတ်သောအလှူကို ခံယူထိုက်သော သီလ၊ သမာဓိ ပညာနှင့်မပြည့်စုံဘဲ ခံယူခဲ့သော် အပြစ်ပင်ဖြစ်သေး၏။ ထို့ကြောင့် ဓမ္မလမ်းကြောင်းအရ မိမိလှူပြီးသားကို စိတ်မပြတ်၍ ပြန်ယူလိုလျှင် ယူနိုင်၏။ ထိုသို့ ပြန်ယူသည့်အတွက် မိမိရထားသော ကျောင်းအလှူ ထာဝရကုသိုလ်ကြီး ပျက်စီးသွားခြင်း၊ စေတနာမပြတ်သားသူဟူ၍ အများက လက်ညှိုးထိုး အပြစ်ပြောခံရခြင်းဟူသော ဆိုးကျိုးများကိုကား ပြန်ယူသူသာ ခံစားရမည် ဖြစ်၏။

ကျွန်ုပ်သည် ဗုဒ္ဓသားတော်သာဖြစ်ရာ ဓမ္မလမ်းကြောင်းအရကြည့်ပြီး ထိုနေ့မှာပင် ကျောင်းနှင့်မြေကို အပြီးအပိုင်ပြန်ပေးလိုက်သည်။ ဒကာ၊ ဒကာမများသည် ပစ္စည်းလေးပါးကို ထွေးပြီးသား တံတွေးကဲ့သို့သဘောထားပြီး လောဘကို ပယ်စွန့်ကာ လှူဒါန်းကြခြင်းဖြစ်၏။ ထို့ကြောင့် ရဟန်းတော်များ ရထားသော ပစ္စည်းလေးပါးသည် ဒကာ၊ ဒကာများထွေးသော တံတွေးနှင့်တူ၏။

ထိုပစ္စည်းလေးပါးကို ငါ့သင်္ကန်း၊ ငါ့ကျောင်းဟူ၍ လောဘဖြင့် သိမ်းပိုက်စွဲလမ်းသော ရဟန်းများသည် ဒကာ၊ ဒကာမများထွေးထားသော တံတွေးကို ပြန်မျို

www.burmeseclassic.com



သည်နှင့်တူ၏။ ကျွန်ုပ်ကား ဒကာ၊ ဒကာမများထွေးထားသော တံတွေးကို မရွံမရှာ ပြန်မမျိုလိုပေ။ ထို့ကြောင့် တောင်းလာသောကျောင်းကို အလွယ်တကူပြန်ပေးခြင်း ဖြစ်၏။

ခွေးငယ်လေးများသည် အဝတ်စ၊ စက္ကူစကိုတွေ့သောအခါ အတူတကွ ဆွဲလွဲပြီး ပျော်ရွှင်စွာ ကစားတတ်ကြသော်လည်း အမဲရိုးကိုတွေ့သောအခါ တစ်ကောင်နှင့် တစ်ကောင် မာန်ဖီပြီး အသေကိုက်ကြတော့သည်။ ထို့အတူ လောဘ၏ကျေးကျွန်ဖြစ် ကြရသော ရဟန်း,ရှင်,လူ အချို့သည် ဆွမ်း၊ သင်္ကန်း စသော ပစ္စည်းအသေးအဖွဲ့နှင့် ပတ်သက်သောအခါတွင် ချစ်ခင်ရင်းနှီးစွာ မျှတ,သုံးဆောင်တတ်ကြသော်လည်း ကျောင်း, အိမ်,နေရာတို့နှင့် ပတ်သက်လာလျှင်ကား ခိုက်ရန်ဖြစ်ပွားပြီး အသေအကြေ လုယက်တိုက်ခိုက်ကြတော့သည်။ ထိုအဖြစ်မျိုးသို့ မရောက်လိုသဖြင့်လည်း ကျောင်းကို အလွယ်တကူ ပြန်ပေးနိုင်ခြင်းဖြစ်၏။

အားခွန်ဗလနှင့်ပြည့်စုံသော ယောက်ျားသည် မြစ်ကြီးများကို အောင်မြင်စွာ ကူးခပ်နိုင်ပြီးကာမှ ချောင်းကိုကူးသောအခါတွင် ရေနစ်၍သေဆုံးခဲ့ရသည်ဆိုလျှင် ထို ယောက်ျားကို ကဲ့ရဲ့အပ်၏။ အပြစ်တင်အပ်၏။ ထို့အတူ ရဟန်းသည် မိန်းမတည်းဟူသော အကြီးဆုံးအာရုံကိုပင် ပယ်ခွာစွန့်ပစ်နိုင်ပြီးကာမှ ပစ္စည်းလေးပါးတည်းဟူသော အသေးစားအာရုံကျမှ လောဘဖက်ပြီး အရှုံးပေးရသည်ဆိုလျှင် ထိုရဟန်းကို ကဲ့ရဲ့ထိုက်၏။ အပြစ်တင်ထိုက်၏။ ထိုအဆုံးအမကို ရထားသောကြောင့်လည်း ကျွန်ုပ်သည် ကျောင်းတစ်ကျောင်းကို စာအုပ်တစ်အုပ်သဖွယ် အလွယ်တကူ ပြန်ပေးနိုင်ခြင်း ဖြစ်၏။

**(မှတ်ချက်)**။ ။*ဤအကြောင်းအရာအကျယ်ကို 'ဘဝနှင့်ရင်းရသော အတွေးအမြင်များ'စာအုပ်တွင် အကျယ်ဖတ်ရှုကြရပါမည်။*

## ဘန်းကြီးသချိုင်းမြို့

၂၀၀၂-ခုနှစ်၊ (၁၁)လပိုင်းခန့်တွင် ကျွန်ုပ်သည် တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်သို့ တရားဟောကြွရောက်ခဲ့ရသည်။ ကော့သောင်းမြို့နယ် (၇)မိုင်တောင်ပေါ်တောရကျောင်းကလေးတွင် ဦးဝိသုဒ္ဓအမည်ရှိ ရဟန်းတော်တစ်ပါး သီတင်းသုံး နေထိုင်သည်။ သူ၏လူနာမည်မှာ မောင်ရဲမြင့်ဖြစ်၏။ သာယာဝတီတွင် မွေးဖွားပြီး ယခင်က ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သည်။

၁၉၉၄-ခုနှစ်ခန့်က ကျွန်ုပ်ဟောသောတရားများကို နာကြားပြီး ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ် လာခဲ့သည်။ ထိုကမှတစ်ဆင့် ရဟန်းပြုသွားခဲ့ရာ ယခုဆိုလျှင် (၉)ဝါခန့် ရနေပေပြီ။ ယခုအချိန်တွင် သူ၏အသက်သည် (၃၉)နှစ်ရှိပြီဖြစ်၍ ကျွန်ုပ်နှင့် သက်တူရွယ်တူပင်ဖြစ်၏။

သူကိုယ်တိုင် ကျွန်ုပ်ဟောသောတရားကို နာကြားပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တခြားသူများကိုလည်း ကျွန်ုပ်ဟောသောတရားကို အလွန်နာစေချင်၏။ ထို့ကြောင့် ကျွန်ုပ်ဟောသော တရားခွေများကို ကိုယ်ပိုင်ဆောင်ထားပြီး သူနှင့်သိသော **ဒကာ**၊ ဒကာမတို့အား ငှားပေးသည်။ တရားခွေနာ ရာမှတစ်ဆင့် တရားပွဲကျင်းပလို သူများရှိလာလျှင် သူကိုယ်တိုင် ကျွန်ုပ်ကို ဦးဆောင်ပင့်ပြီး တရားပွဲကျင်းပ ပေးလေ့ ရှိသည်။

အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်း၊ တောင်သူကုန်း စသောရပ်ကွက်များတွင် တရားပွဲညပေါင်း (၂၀)ခန့်ဖြစ်ခဲ့ဖူး၏။ ကျောက်တံတားမြို့နယ်၊ သိမ်တော်ကြီးဓမ္မာရုံ ပေါ်တွင် တရားပွဲ(၄)ည ကျင်းပခဲ့ဖူး၏။ သူ ကော့သောင်းမြို့သို့ ရောက်သောအခါ တွင်လည်း သူ့ထံမှ ကျွန်ုပ်တရားခွေများကို နာကြားရသော (၇)မိုင်၊ ထားဝယ်စုရပ် ကွက်မှ ဒကာ၊ ဒကာမများနှင့် သူဌေးကျွန်းဟိုတယ်မှ ဝန်ထမ်း ဒကာ၊ ဒကာမ များက ကျွန်ုပ်ကို ပင့်ဖိတ်ပြီး တရားပွဲကျင်းပပေးရန် သူ့ကိုလျှောက်ထားကြ၏။

ထို့ကြောင့် ကျွန်ုပ် တစ်ခါမှမရောက်ဖူးသော ကော့သောင်းမြို့သို့ ဓမ္မဒူတခရီး ရောက်ရှိခဲ့ရပြန်၏။ ထိုမြို့သို့ ရောက်ရောက်ခြင်း မြိတ်မြို့နယ်၌ အသိဖြစ်ခဲ့သော ရဟန်းတစ်ပါးနှင့် တွေ့ရ၏။ ထိုရဟန်းက ကျွန်ုပ်ကိုတွေ့သည်နှင့်-

'ဦးဇဝန၊ ကော့သောင်းရောက်ရင် သတိထားပါ။ ကော့သောင်းမှာ ပစ္စည်း လေးပါး ပေါများလွန်းလို့ ဘုန်းကြီးတွေ လူထွက်ကုန်တာများတယ်။ ဒါ့ကြောင့် ကော့သောင်းမြို့ကို ဘုန်းကြီးသင်္ချိုင်းလို့ ခေါ်ကြတယ်။' ဟု သတိပေး၏။

သစ်ပင်သည် ရေလုံးဝမလောင်းလျှင် အမြစ်ခြောက်၍ သေ၏။ ရေလောင်း လွန်းအားကြီးလျှင်လည်း အမြစ်ပုပ်၍သေတတ်ပြန်၏။ ထို့အတူ သူတစ်ပါးကိုမှီ၍ အသက်မွေးရသော ရဟန်းတော်များမှာလည်း ပစ္စည်းလေးပါး အထောက်အပံ့ မရ လျှင် ဆင်းရဲပင်ပန်းပြီး လူ့ဘဝရောက်သွားကြ၏။ ရေမရ၍ အမြစ်ခြောက်သေသော သစ်ပင်နှင့်တူ၏။ ပစ္စည်းလေးပါး ပေါများလွန်းလျှင်လည်း စီးပွားရေးဘက် လိုက် သွားပြီး လူထွက်တတ်ပြန်၏။ ရေလောင်းလွန်းအားကြီး၍ အမြစ်ပုပ်သေသော သစ်ပင်နှင့်တူ၏။

ထို့ကြောင့် သစ်ပင်နှင့်တူသော သံဃာတော်များ အမြစ်မခြောက်ရန် အမြစ် မပုပ်ရန် နှိုင်းချိန်၍လှူတတ်ဖို့ ဒကာ၊ ဒကာမများကလည်း သတိပြုသင့်ကြ၏။ ပင့် စဉ်က ရပ်ကွက်(၃)ခုတွင် (၇)ညခန့်ကျင်းပရန် စီစဉ်ထားကြသော်လည်း ရပ်ကွက် တိုင်းလိုလိုမှ တရားပွဲလာပင့်ကြသောကြောင့် (၇၂)ညခန့် ဟောရ၏။

ကျွန်ုပ်ကို စာရေးဆရာ ရဟန်းတော်တစ်ပါးမှန်း သိသွားခဲ့ကြပြီး တခြား စာရေးဆရာ ရဟန်းတော်များကဲ့သို့ စာအုပ်ထုတ်ဝေရန် ခိုင်မာတောင့်တင်းသော ဒကာ၊ ဒကာမများမရှိမှန်း နားလည်သွားကြသဖြင့် စာအုပ်ထုတ်ဝေရန် ငွေပဒေသာ ပင်ရံပုံငွေများ လှူဒါန်းကြရာ (၁၅)သိန်းခန့်ရ၏။ ဓမ္မပူဇာငွေလည်း (၁၅)သိန်းကျော် ရရာ စုစုပေါင်း သိန်း(၃၀)ကျော်ခန့် အလှူငွေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကပ္ပိယကာရက၏ လျှောက်ထားချက်အရ ရရှိသည့် အလှူငွေ ပမာဏကိုသိရသည်နှင့် ကျောင်းမြို့နယ်ဆေးရုံကြီးသို့သွားကာ လူနာတစ်ဦးလျှင် ငါးထောင်နှုန်းဖြင့် ဆေးဖိုးငွေများကို ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းခဲ့၏။ ကျောင်း အကျဉ်းထောင်မှ အကျဉ်းသားများကိုလည်း ကြက်သားဆီပြန်ဟင်းဖြင့် ထမင်းတစ် နပ် ကျွေးမွေးလှူဒါန်းခဲ့၏။

ဆေးကို လနှင့်ချီစားရသော တီဘီရောဂါသည်နှစ်ဦးကိုလည်း အားဆေးနှင့် ဆေးဖိုးထောက်ပံ့ငွေ ၂၅၀၀၀-ကို သီးသန့်လှူဒါန်းခဲ့၏။ ကျွန်ုပ် မေ့မရဆုံး ဒါနတစ်ခု ကား ဒုက္ခသည် သားအမိနှစ်ယောက်ကို ငွေသုံးသောင်း လှူဒါန်းနိုင်ခြင်းပင်ဖြစ်၏။ ကျွန်ုပ် ကျောင်းတွင် တရားဟောစဉ် (၂)မိုင်၊ သဲအင်းဂူရိပ်သာတွင် တည်းခိုရ သည်။ အစစ လိုလေသေးမရှိအောင် ကူညီကြသော သဲအင်းဂူရိပ်သာနှင့် စပ်ဆိုင် သမျှ ဒကာ၊ ဒကာမများအား ယနေ့တိုင်အောင် ကျေးဇူးတင်မဆုံးရှိရပါသည်။

တစ်နေ့တွင် အသားညိုညို အသက်(၄၅)နှစ်ခန့်ရှိ အမျိုးသမီးကြီးတစ်ဦးနှင့် (၁၈)နှစ်ခန့်ရှိ ကလေးမလေးတစ်ဦးတို့ ရိပ်သာရှိ ဓမ္မာရုံအဝင်ဝတွင် မယောင်မလည် နှင့် မတ်တပ်ရပ်လျက်ရှိသည်ကို တွေ့ရသည်။ ကြီးမားခန့်ထည်သော ဓမ္မာရုံကြီး အတွင်းသို့ ဝင်လာရမှာ မဝံ့မရဲဖြစ်နေသောသဘောကိုတွေ့ရ၏။ ထို့ကြောင့် ကျွန်ုပ် ကိုယ်တိုင် အနားသွားပြီး ကိစ္စရှိလျှင် ဝင်လာနိုင်ကြောင်း ခွင့်ပေးလိုက်ရသည်။ ကျွန်ုပ် ခွင့်ပေးလိုက်သောအခါတွင်မှ သားအမိနှစ်ဦး ဓမ္မာရုံအတွင်းသို့ ဝင်လာ ကြသည်။သူတို့ ဦးချပြီးသည်နှင့် ကျွန်ုပ်က စတင်မေးမြန်းလိုက်၏။

'ဒါယိကာမကြီးတို့ ဘယ်သူ့ကိုတွေ့ချင်လို့လဲ'

'ရေနံချောင်းဘက်က ဆရာတော်လေးတစ်ပါး ဒီရိပ်သာမှာရှိတယ်ဆိုလို့ လာ ခဲ့တာပါဘုရား'

'ဝါတွင်း တရားပြတဲ့အချိန်ပဲရှိတယ်၊ ဝါကျွတ်တာနဲ့ ပြန်ကြွသွားတယ်လို့ သိရတယ်၊ ဦးပဥ္စင်းက ဒီရိပ်သာကမဟုတ်ပါဘူး၊ ဒီမြို့ကို တရားဟောကြွလာတဲ့ ဧည့်သည်ရဟန်းပါ'

'အဲဒါဆိုရင် တပည့်တော်တို့သားအမိ ချောက်ကိုပြန်ဖို့ ဒုက္ခပါပဲဘုရား'

'ဘာဖြစ်လို့လဲ ဒကာမကြီး၊ ပွင့်ပွင့်လင်းလင်းသာပြောပါ ဦးပဥ္စင်း နိုင်သ လောက် ကူညီပါ့မယ်'

'ရေနံချောင်းက ဆရာတော်လေးတွေ့ရင် အပြန်လမ်းစရိတ်အတွက် အကူ အညီတောင်းမလို့ပါဘုရား၊ အစကလျှောက်ရရင် တပည့်တော်မတို့က ချောက်မြို့နယ် ကပါဘုရား၊ ခင်ပွန်း ဆုံးသွားပြီးနောက် တပည့်တော်မဟာ ကလေးသုံးယောက်နဲ့ ကျန်ခဲ့တယ်ဘုရား၊ ဒီသမီးလေးက အကြီးဆုံးပါ၊ တစ်နေ့ အငယ်ကလေး နှစ်ယောက် ရော တပည့်တော်ရော ဖျားတယ်'

'တပည့်တော် အလုပ်မလုပ်နိုင်တာနဲ့ အိမ်မှာ စားစရာမရှိတော့ဘူးဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ အဆက်အသွယ်တစ်ယောက်က ရန်ကုန်က သူဌေးအိမ်မှာ အိမ်ဖော်လိုလို့ လာခေါ်တယ်၊ ရှင့်သမီးလေး လိုက်ချင်ရင် ခေါ်မယ်လို့ပြောတယ်။ လခက တစ်လ နှစ်ထောင်နှုန်းနဲ့ ဆယ်လစာ နှစ်သောင်းကြိုပေးခဲ့မယ်၊ သမီးကို အစာလည်းကျွေး၊ အဝတ်လည်း ဆင်မယ်ဆိုတာနဲ့ တပည့်တော် ထည့်လိုက်မိပါတယ်ဘုရား'

'ဒီအချိန်က သမီးလေးဟာ (၁၆)နှစ်လောက်ပဲရှိသေးတယ်ဘုရား၊ နေမကောင်းလို့ ဆေးသောက် စရာတောင် ပိုက်ဆံမရှိဘူးဆိုတော့ ငွေနှစ်သောင်းကို မက်လိုက်မိတယ်ဘုရား၊ နောက်မှသိရတာက သမီးလေးကိုခေါ်သွားတဲ့ မိန်းမဟာ ဘာသာခြားတစ်ယောက်ဖြစ်နေတယ် ဆိုတာပဲဘုရား၊ ဒီတော့မှ တပည့်တော်ဟာ နေ့တိုင်း ငိုရတော့တာပဲဘုရား'

'သမီးလေးပါသွားပြီး တစ်နှစ်ကျော်လောက်ရှိမှသိရတာက ဘာသာခြား မိန်းမ ဟာ သမီးလေးကို ကော့သောင်းမြို့ထိခေါ်လာပြီး၊ ဘာသာခြားအိမ်မှာပဲ ခိုင်းထား တယ်ဆိုတာပဲဘုရား၊ ဘာသာခြားအိမ်ရှင် မတွေက ဗုဒ္ဓဘာသာဖြစ်တဲ့ သမီးလေးကို ဘာသာချင်းလည်းမတူတဲ့အပြင် အားကိုးမရှိမှန်းလည်းသိလို့ ခိုင်းရုံတင်မက ရိုက် နှက်ညှဉ်းပန်းတဲ့အထိ ဖြစ်လာတယ်ဘုရား'

'အဲဒီမှာ သမီးလေးလည်း ကြောက်လန့်တကြားထွက်ပြေးရင်း ဒီကျောင်းကို ရောက်လာတာပဲဘုရား'

ဒီကျောင်းဆိုသည်မှာ သဲအင်းဂူရိပ်သာရှေ့တွင်ရှိသော နယ်စပ်ဒေသ အမျိုးသမီးသက်မွေးမှု ပညာသင်ကျောင်းကို ပြောခြင်းဖြစ်သည်။

'ဒီကျောင်းက ကျောင်းအုပ်ဆရာမကြီးက တပည့်တော်ဆီကိုစာရေးပြီး သမီး သူတို့ဆီကို ရောက်နေတယ်၊ ချက်ချင်းလာခေါ်ချင်လည်း ရတယ်။ ဒါမှ မဟုတ် သက်မွေးမှုပညာတစ်ခုခု သင်ပြီးတဲ့အချိန်မှ ခေါ်ချင်လည်း ရတယ်ဆိုလို့ တပည့်တော် လည်း စိတ်ချပြီး တစ်နှစ်လောက် စောင့်လိုက်ပါတယ်'

'တစ်နှစ်ကျော်တဲ့အချိန်မှာပဲ သမီးဆီက စာရောက်လာပြီး သူ့ကိုလာခေါ် ပါတော့၊ အမေတို့နဲ့ပဲ ပြန်နေချင်တယ်ဆိုလို့ သမီးအဘွားနားကပ်လေး ရောင်းပြီး ရတဲ့ငွေနဲ့ မဖြစ်-ဖြစ်အောင် လိုက်ခဲ့တာပါဘုရား၊ နားကပ်ရောင်းရတဲ့ ငွေခြောက် ထောင်က လည်း မြိတ်ကိုရောက်တာနဲ့ ကုန်တာပဲဘုရား'

'ကော့သောင်းကို အမြန်ယာဉ်သင်္ဘောစီးဖို့ ငွေမရှိတော့လို့ အမျိုးသမီးရေးရာဌာနကို အကူအညီတောင်းတဲ့အခါ၊ တနင်္သာရီတိုင်း တိုင်းမှူးလက်မှတ်ပါလို့ မြိတ် ကနေ ကော့သောင်းအထိ အခမဲ့စီးနင်းခွင့် ရခဲ့တယ်ဘုရား၊ ကော့သောင်းကနေ မြိတ်၊ မြိတ်ကနေ ချောက်ထိပြန်ဖို့ လမ်းစရိတ်ကတော့ တစ်ပြားမှ မရှိတော့ဘူးဘုရား'

'ဒါယိကာမကြီးမပူနဲ့၊ ဦးပဥ္စင်း အားလုံးကူညီမယ်' ကျွန်ုပ်သည် ခရီးစရိတ် အတွက် ကုန်ကျငွေနှစ် သောင်းနှင့် ရွာရောက်လျှင် ရင်းနှီးလုပ်ကိုင်စားနိုင်ရန် တစ် သောင်း၊ စုစုပေါင်း ငွေသုံးသောင်းကို ကာလဒါနအဖြစ် ပေးလှူခဲ့၏။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com



ဆောက် လုပ်ဆဲကျောင်းများ၊ ဓမ္မာရုံများ၊ စာကြည့်တိုက်များ၊ မိဘမဲ့ကလေးများကို စောင့် ရှောက်နေသော ပရဟိတကျောင်းများသို့ ဝေပုံကျ ခွဲဝေလှူဒါန်းခဲ့သည်။

## ပါရမီထိုက်သော ဒါနဟူသည်

ကော့သောင်းတွင် ကွန်ုပ်လှူဒါန်းခဲ့သော ငွေများကို စာရင်းချုပ်ကြည့်သော အခါ (၁၂)သိန်းကျော် ခန့်ရှိ၏။ ကွန်ုပ်ဘဝတစ်သက်တာတွင် ဝတ္ထုငွေ အများဆုံး ရခြင်းဖြစ်သလို အများဆုံးလှူဖူးခြင်းလည်း ဖြစ်ပါ၏။ မိမိရပြီးသားကျောင်းကို ပြန်ပေးခြင်း၊ (၁၅)သိန်းကျော် ရရှိရာမှ (၁၂)သိန်းကျော်ထိအောင် ပြန်လည်လှူဒါန်းနိုင်ခြင်းမှာ ကြီးမားသောလောဘကို ပယ်သတ်နိုင်ခြင်းဖြစ်၏။ ကျန်(၁၅)သိန်းမှာ စာအုပ်အတွက် လှူခြင်းဖြစ်၍ စာအုပ်ထုတ်ရာ၌သာ သုံးရ၏။

ထိုသို့ ကြီးမားသောလောဘကို ပယ်သတ်နိုင်ရန် သေးငယ်သော လောဘမှစ၍ တစ်ဆင့်ပြီးတစ်ဆင့် လနှင့်ချီ၊ နှစ်နှင့်ချီပြီး ပယ်သတ်ခဲ့ရ၏။ ပါရမီဟူသည် မိုးကျရွှေကိုယ်မဟုတ်၊ လုပ်ယူမှ ရသောအရာသာဖြစ်၏။ 'ပရမာနံကမ္မံ ပါရမီ' မြင့်မြတ်ပြီး အထက်တန်းကျသူတို့၏အလုပ်ကို ပါရမီဟုဆိုထားရာ 'ဒါန၊ သီလ၊ ဘာဝနာတို့ကို ပြုလုပ်ရာ၌ မြင့်မြတ်သောစိတ်ဖြင့်ပြုလုပ်မှ ပါရမီထိုက်သည်။ မမြင့်မြတ်သော စိတ်ဖြင့်ပြုလုပ်လျှင် ပါရမီမထိုက်'ဟုသိစေအပ်၏။

မြင့်မြတ်သောစိတ်ဟူသည်မှာ ကုသိုလ်ပြုလုပ်ရာ၌ ပစ္စက္ခ, သံသရာငါ'ကောင်းစားရေးကို ဦးစား မပေးဘဲ သူတစ်ပါးကောင်းစားရေးကိုသာ အဓိကထားခြင်း ဖြစ်၏။ ပါရမီထိုက်သောကုသိုလ်ဖြစ်မှ လောဘ ကိုလည်း မြန်မြန်ကုန်စေသည်။ နိဗ္ဗာန်နှင့်လည်း မြန်မြန်နီးစေသည်။

ဥပမာပြရလျှင် ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏ ဝိဘင်္ဂသုတ်၌ တိရစ္ဆာန် တစ်ကောင်ကိုကျွေးလျှင် ဘဝတစ်ရာ ချမ်းသာသည်။ သီလမရှိသော လူမိုက်ကို ကျွေးလျှင် ဘဝတစ်ထောင်ချမ်းသာသည်။ သီလရှိသော လူလိမ္မာကို ကျွေးလျှင် ဘဝတစ်သိန်း ချမ်းသာသည်။ သာသနာပ၌ ကိလေသာကင်းအောင် ကျင့်သော ဈာန်ရရသေ့ကိုကျွေးလျှင် ဘဝကုဋေတစ်သိန်း ချမ်းသာသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓနှင့် အရိယာပုဂ္ဂိုလ် ရှစ်ယောက်ကို ပေးလှူလျှင် ဘဝပေါင်း မရေနိုင်မတွက်နိုင်အောင် ချမ်းသာသည်ဟု ဟောပြထားသည်။

ဤသို့ဟောပြောခြင်းသည် အလှူခံပုဂ္ဂိုလ်၏ မြင့်မြတ်မှုအလိုက် ကောင်းကျိုး ကွဲပြားသွားပုံကို သိစေလို၍ဖြစ်၏။ ဘဝချမ်းသာ များများရသော အလှူခံကိုသာ ရွေးလှူရမည်ဟု သိစေလို၍ ဟောကြားခြင်းမဟုတ်ပေ။ ဒါနပြုရာတွင်ကား တကယ် လိုအပ်နေသောအလှူခံကို ကြုံသလို လှူဒါန်းသွားရမည်ဖြစ်သည်။

မိမိအနီးအနားတွင် အစာမစားရသဖြင့် အားပြတ်လဲနေသော ခွေးတစ်ကောင်လည်း ရှိ၏။ လူအများက စားဖွယ်သောက်ဖွယ်များကို ဝိုင်းအုံလှူဒါန်းနေသော

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာကင်းအောင် ကျင့်နေသည့် ရသေ့တစ်ပါးလည်းရှိ၏။ ခွေးကို ကျွေးလိုက်လျှင် ဘဝတစ်ရာသာ ချမ်းသာမည်။ ကိလေသာကင်းအောင် ကျင့်နေသည့် ဈာန်ရရသေ့ကို ပေးလှူလျှင် ဘဝကုဋေတစ်သိန်း ချမ်းသာမည်ဟု ဒါနကို ဈေးတွက်တွက်ပြီး ရသေ့အား ပေးလှူမည်ဆိုလျှင် ထိုဒါနသည် ပါရမီမြောက်သော သာသနာတွင်းကုသိုလ် မဖြစ်တော့။

ရိုးရိုးသာမန် သာသနာပကုသိုလ်သာ ဖြစ်တော့၏။ လောဘကုန်ဖို့ နိဗ္ဗာန်ရောက်ဖို့ အထောက်အပံ့မဖြစ်စေတော့ပေ။ ထိုသို့မဟုတ်ဘဲ ခွေးငတ်ကလေးကိုသာ ကျွေးလိုက်မည်ဆိုလျှင် သံသရာ ငါ့ကောင်းစားရေး လောဘကို ပယ်သတ်ပြီးသား ဖြစ်သွားသည့်အတွက် ပါရမီမြောက်သောဒါနဖြစ်သွား၏။ ဤနေရာ၌ စိတ်ဝင်စားဖွယ်ကောင်းသော ပါရမီမြောက်သည့် ဒါနပြပွဲတစ်ခုကို ထုတ်ပြချင်၏။

## အံ့ဖွယ်အလှူပေးနှင့် အံ့ဖွယ်အလှူခံ

ကျွန်ုပ်တွင် ကိုဆန်းထွန်းနှင့် ကိုသိုက်ထူးအမည်ရှိ ဒကာရင်းနှစ်ယောက်ရှိ၏။ ကိုဆန်းထွန်းသည် ရွှေပြည်သာမြို့ (၉)ရပ်ကွက်၌နေထိုင်သော လက်လုပ်လက်စား လက်သမားဆရာတစ်ယောက်ဖြစ်၏။ ကိုသိုက်ထူးကား မြို့ပေါ်တွင်နေထိုင်ပြီး တီဗွီ၊ ကက်ဆက် အရောင်းအဝယ်လုပ်သဖြင့် ကိုဆန်းထွန်းနှင့်စာလျှင် ချမ်းသာသူတစ်ယောက်ဟု ဆိုနိုင်၏။

ကိုဆန်းထွန်းသည် ကျွန်ုပ်ထံမှတစ်ဆင့် ဆရာကြီးဦးကျင်ရွှေ၏ ပခုက္ကူဝိပဿနာဘာဝနာ တရားခွေများကို နှစ်ပေါက်အောင် နာကြားအားထုတ်ခွင့် ရသူဖြစ်၏။ ကိုသိုက်ထူးကား ကိုဆန်းထွန်းမှတစ်ဆင့် ပခုက္ကူဝိပဿနာတရားကို နာကြားခွင့်ရသူ ဖြစ်၏။ တရားမရခင်က လုံခြုံသောသီလသည် အပါယ်ကျမှာ ကြောက်လို့၊ ထောင်ကျမှာကြောက်လို့၊ သူတစ်ပါးကဲ့ရဲ့မှာကြောက်လို့ စသော အကြောက်များကြောင့် လုံခြုံခြင်းဖြစ်ရကား ဟန်ဆောင်သီလ၊ အကြောက်သီလသာဖြစ်၏။ ထို့ကြောင့် ဟန်မဆောင်နိုင်တော့သောအခါ၊ မအောင့်နိုင်သောအခါ ကျူးလွန်မိတော့၏။

တရားရသွား၍ သီလလုံခြုံခြင်းသည်ကား ပုဂ္ဂိုလ်က စောင့်ထိန်းခြင်းမဟုတ်၊ ရထားသောတရားက စောင့်ထိန်းခြင်းဖြစ်၏။ သီလကို ဖောက်ဖျက်ချင်သော စိတ်ဆိုးစေတနာဆိုးများကို တရားက ပယ်သတ်ပစ်လိုက်သောကြောင့် တကယ် လုံခြုံသွား၏။ အောင့်နေရခြင်းမဟုတ်ဘဲ ကျူးလွန်ချင်သောစိတ်မရှိ၍ မကျူးလွန်တော့ခြင်းပင် ဖြစ်၏။

ကိုဆန်းထွန်းသည် ပင်ကိုယ်ကပင် ဖြူစင်သူဖြစ်သည့်အပြင် ဝိပဿနာတရားကို နာကြားအားထုတ် သောအခါ တရားတော်အစွမ်းကြောင့် ကိုယ်ကျင့်တရားသည် ပို၍ဖြူစင်နေ၏။ လက်သမားအချို့ လုပ်လေ့လုပ်ထရှိသော ညစ်နည်း၊ ညစ်နည်းများကို လုံးလုံးမပြုလုပ်သောကြောင့် ဆင်မည်းများစွာကြားထဲတွင် ဆင်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကဲ့သို့ လက်သမားဆရာများစွာထဲတွင် ထူးခြားပေါ်လွင်နေ၏။

ထို့ကြောင့်လည်း ကိုသိုက်ထူး အိမ်ဆောက်သောအခါတွင် အလုပ်ရှင်ဖြစ်သော ကိုသိုက်ထူးနှင့် အလုပ်သမားဖြစ်သော ကိုဆန်းထွန်းတို့ ခင်မင်ရင်းနှီးမိကြခြင်းဖြစ်၏။ တစ်နေ့တွင် အလုပ်ပြတ်သွား သောကြောင့် ကိုဆန်းထွန်းတို့မိသားစု စားဝတ်နေရေးအတွက် စိုးရိမ်စရာဖြစ်သွား၏။ နောက်ထပ် နှစ်ရက်စာ စားပြီးလျှင် ငွေကုန်ပြီ။ သည်နှစ်ရက်အတွင်း အလုပ်ရအောင်ရှာမှ ဖြစ်တော့မည်။ မြို့ထဲ အလုပ်ရှာထွက်ရင်း ကိုသိုက်ထူးတို့အိမ်ရောက်သွားပြီး တရားဆွေးနွေးကြ၏။ ကိုဆန်းထွန်းက တရားတော်၏ ကျေးဇူးများပုံကို သူကိုယ်တွေ့နှင့်ယှဉ်၍ ထိမိစွာရှင်းပြနေ၏။

'ကျွန်တော် ဒီတရားကို မရခင်ကဆိုရင် ဒီနေ့အဖြစ်မျိုးနဲ့သာကြုံရရင် စိုးရိမ်စိတ်နဲ့ ပူလောင်ပြီး နေစရာရှိမှာတောင်မဟုတ်တော့ဘူး၊ ဒီနှစ်ရက်စာ စားပြီးတာနဲ့ နောက်နေ့ ဘာနဲ့သွားစားကြမလဲဆိုပြီး အိပ်လို့မရအောင် သောကစိတ်နဲ့ ပူလောင်မယ်။ သောကဆိုတာ ငရဲထိဆွဲချမယ့်ဒေါသဆိုတာကိုလဲ မသိဘူးမဟုတ်လား'

'ကမ္ဘာသကတာသမ္မာဒိဋ္ဌိအယူရှိတဲ့ ဗုဒ္ဓဘာသာတစ်ယောက်လို့ ဝန်ခံထားပေမယ့် ဒီလိုအချိန်မျိုးကျရင် အစိကကျတဲ့ ကံကို သတိမရတော့ဘူး။ ငါတို့အိမ်ကို ဘယ်အိမ်ကများ စီးပွားပျက်အောင် အောက်လမ်းနည်းနဲ့ လုပ်ထားသလဲ၊ ဘယ်နတ်တွေကများ ငါ့ကို ငြိုးနေသလဲဆိုပြီး ဟိုစွပ်စွဲ၊ ဒီစွပ်စွဲနဲ့ အကုသိုလ်တွေသာ ထပ်တက်တယ်'

'အခု ရှိသင့်တဲ့တရား ကိုယ့်မှာရှိထားတော့ ဒီနှစ်ရက်စာစားပြီးရင် နောက်နေ့ ငါတို့မိသားစု ဘာနဲ့သွားစားကြမလဲဆိုတဲ့ ပူပန်တဲ့စိတ်မျိုး ပေါ်ကိုမလာဘူး၊ သောကဖြစ်ရမယ့်နေရာမှာ သောက, မဖြစ်တော့ဘူး၊ သတ္တဝါတစ်ခု ကံတစ်ခုပဲ၊ ကံရှိသလောက်တော့ စားကြရမှာပဲဆိုပြီး ကံရဲ့အကျိုးပေးကို မှန်မှန်ကန်ကန် သုံးသပ်နိုင်တယ်။ အကုသိုလ်ဖြစ်ရမယ့်နေရာမှာ အကုသိုလ်မဖြစ်တာကိုက တရားတော်ရဲ့ တန်ခိုးပေါ့ဗျာ'

ကိုဆန်းထွန်း၏ စကားဆုံးသည်နှင့် ကိုသိုက်ထူးသည် အိမ်အတွင်းခန်းထဲသို့ သုတ်ကနဲဝင်သွားပြီး ခဏနှင့်ပြန်ထွက်လာ၏။ ကိုသိုက်ထူး၏ လက်ထဲတွင် တစ်ထောင်တန် ငွေစက္ကူများ အထပ်လိုက်ပါလာ၏။ တစ်သိန်းကျော်ခန့်ရှိမည်ဟု ထင်ရသည်။ ကိုသိုက်ထူးသည် ကိုဆန်းထွန်းကို လှမ်းပေးရင်း-

'ကဲ-ကိုဆန်းထွန်း ဒီငွေကိုလက်ခံပါဗျာ။ ခင်ဗျား အခက်အခဲရှိနေချိန်မှာ ကျွန်တော် ကူညီချင်လွန်းလို့ပါ။ ဒီငွေဟာ နောက်အပတ် ကျွန်တော့်မွေးနေ့ ဆွမ်းကျွေး ဖို့ စီစဉ်ထားတဲ့ငွေပါ။ မွေးနေ့ပွဲဆိုတာက မလုပ်လည်း ဘာမှမဖြစ်ပါဘူး။ တကယ် လိုနေတဲ့သူကို ပေးလိုက်တာက ပိုပြီးအကျိုးရှိပါတယ်'

ဟု ပြောလိုက်၏။ ကိုဆန်းထွန်းက အံ့သြဝမ်းသာသောမျက်နှာဖြင့် လက်ကာပြရင်း ကိုသိုက်ထူးကို ကျေးဇူးတင်စကားပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုသိုက်ထူး၊ အခုလို ကျွန်တော့်ကို ရက်ရက်ရောရော ပေးကမ်းထောက်ပံ့တာကို ကျေးဇူးတင်တယ်ဗျာ၊ ကျွန်တော့်ကိုပေးဖို့ စေတနာတွေ ဖြစ်ပေါ်နေကတည်းက ကိုသိုက်ထူးမှာ ကုသိုလ်ရနေပါပြီ၊ ကျွန်တော့်ဆွေမျိုး ညီအစ်ကိုရင်းတွေတောင် ဒီလောက်များတဲ့ငွေမျိုး ကျွန်တော့်ကို တစ်ခါမှ မပေးခဲ့ဖူးပါဘူး၊ ဒါ့ကြောင့် တကယ်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တာပါ။'

'ဒါဆိုရင် ယူလေဗျာ'

'အခု မယူပါရစေနဲ့ဦး၊ မနက်ဖြန်ခါထိ အလုပ်ရှာမရဘူးဆိုမှ ကျွန်တော် လာယူပါ့မယ်။ ကိုသိုက်ထူးက ကျွန်တော် အလုပ်ရှာမရတာကို သနားလို့ ကူညီတာပဲ။ ဒီတော့ မနက်ဖြန်ခါ တစ်ရက် အလုပ်ရှာလို့မှမရရင် ကျွန်တော်ယူမယ်။ ရှာလို့ရသွားမယ်ဆိုရင်တော့ ကျွန်တော် မယူပါရစေနဲ့'

တရားတော်၏ တန်ခိုးကြောင့်ထင်ပါသည်။ နောက်ရက်တွင် ကိုဆန်းထွန်း သည် အလုပ်ရသွားခဲ့သည်။

ထို့ကြောင့် ကိုသိုက်ထူးငွေကို မယူဖြစ်တော့ပေ။ မွေးနေ့ပွဲ ဆွမ်းကပ်လျှင် သံဃာတော်များ ပါမည်။ သံဃာတော်များကို ကပ်လှူလျှင် ဘဝပေါင်းများစွာ ချမ်းသာမည်။ ထိုချမ်းသာများကို မမျှော်ကိုးဘဲ ကိုဆန်းထွန်းလို လက်သမားတစ်ယောက်ကို ပံ့ပေးရဲခြင်းသည် ပါရမီမြောက်သော ဒါနကုသိုလ်ပင်ဖြစ်၏။ ထို့ကြောင့် ပါရမီမြောက် သောဒါနကိုပြုနိုင်သည့် ကိုသိုက်ထူးကို ချီးမွမ်းသင့်သလို ရောင့်ရဲမှုတရားကို လက် ကိုင်ထားနိုင်သော ကိုဆန်းထွန်းကိုလည်း ချီးမွမ်းသင့်သည် သာဖြစ်၏။

ရောင့်ရဲနိုင်ခြင်းသည် လောဘအစိုင်အခဲ သေးသောကြောင့်ဖြစ်၏။ ပုထုဇဉ် မှန်သမျှ လောဘခေါင်းဆောင်သော ကိလေသာထုထည် ကြီးမားကြသည်သာဖြစ်၏။ ကိလေသာအစိုင်အခဲကို ဖောက်ခွဲဖျက်ဆီးနိုင်သောပညာကား 'ဝိပဿနာပညာ' ဖြစ်၏။ ကိလေသာအစိုင်အခဲကို ဖြိုခွဲဖျက်ဆီးနိုင်သောကြောင့်ပင် ဝိပဿနာပညာကို 'နိဗ္ဗေဓိကပညာ'ဟု အမည်တပ်သေး၏။

ရောင့်ရဲမှုနှင့်ပတ်သက်သော သုံးသပ်ချက်တစ်ခုကို ဆရာကြီးဦးရွှေအောင်က 'အမြင်များပြောင်းလဲခြင်း' (စာ-၁၄၆၊ ၁၄၇)၌ ယခုကဲ့သို့ ရေးသားခဲ့၏။

## လောဘကိုနိုင်မှ လောကကိုနိုင်သည်

ဤလောက၌ အမှန်အားဖြင့် လှုပ်ရှားမှုဟူသမျှသည် ဝမ်းရေးကို အကြောင်း ပြုရသည်သာ များ၏။ ထို့ကြောင့် မှန်ကန်သောဝမ်းရေးသာ ဖြစ်ရိုးမှန်ပါလျှင် လုပ်ကိုင်မှုဟူသမျှသည်လည်း မှန်ကန်သောလုပ် ကိုင်မှုသာဖြစ်၏။ ပြောဆိုမှုဟူသမျှ သည်လည်း မှန်ကန်သောပြောဆိုမှုသာဖြစ်၏။ မှန်ကန်သော ဝမ်းရေးဟူသည်မှာ သုံးဆင့် ရှိ၏။

မိမိအတွက် ရသမျှနှင့်ရောင့်ရဲနိုင်ခြင်းသည် ပထမအဆင့်ဖြစ်၏။ ပိုသော

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းသည် လောက အတွက်ဖြစ်၏။ မိမိအတွက် ရသမျှထဲမှ မိမိအတွက် လုံလောက် ရုံမျှနှင့် ရောင့်ရဲနိုင်ခြင်းသည် ဒုတိယ အဆင့်ဖြစ်၏။ ထိုအထဲမှ မိမိအဆင့်နှင့် လိုက်ဖက်ညီရုံမျှနှင့် ရောင့်ရဲနိုင်ခြင်းသည် တတိယအဆင့်ဖြစ်၏။ ထိုအခါ ကိုယ်ကျင့် တရား ဆိုင်ရာ သီလသိက္ခာသည် ပြည့်စုံပြီးသားဖြစ်လာသည်။ သီလသိက္ခာ ပြည့်စုံ လျှင် သမာဓိသိက္ခာလည်း ပြည့်စုံသည်။ သမာဓိသိက္ခာပြည့်စုံလျှင် ပညာသိက္ခာ ပြည့်စုံရန် မခက်ခဲ။

သိက္ခာသုံးပါး ပြည့်စုံသည်နှင့်အမျှ တပ်မက်မှု လောဘကိုနိုင်၏။ လောဘ ကိုနိုင်လျှင် လောကကိုနိုင်လေသည်။ ဤဖြစ်ရပ်နှင့် ရေးသားချက်ကိုထောက်၍ ရောင့်ရဲခြင်းသည် သိက္ခာသုံးပါးကို ပြည့်ဆည်းရာရောက်၍ လောဘကုန်ရာ နိဗ္ဗာန်သို့ ဦးတည်သော ကျင့်စဉ်တစ်ခုဖြစ်ကြောင်း သတိပြုအပ်ပါ၏။

## ပါရမီအစ စာလေးခွေက

ကျွန်ုပ်ကိုယ်တိုင် လောဘကို တဖြည်းဖြည်းခြင်း ပယ်သတ်ခဲ့ရပုံ ကျင့်စဉ် အကျဉ်းချုပ်ကို ဆက်၍ရေး ပါအံ့။ (အကျယ်ကို 'ဘဝနှင့်ရင်းရသော အတွေးအမြင် များ' လက်ရေးမူကြမ်း၌ ရေးသားထားပြီးဖြစ်ပါသည်။) ကျွန်ုပ်သည် ငယ်ရွယ်စဉ်က တည်းက မိခင်ကြီးနှင့်အတူ မကြာခဏ တရားနာလိုက်ပါရခြင်းကြောင့် ဘုရားရှင်၏ ဒါနပါရမီဖြည့်ခန်းတို့ကို အတော်ပြည့်စုံစွာ နာကြားဖူးရာ ငယ်ရွယ်စဉ်ကတည်းက သဒ္ဓါတရား အလွန်တက်ကြွ၏။

မိခင်ကြီးကိုယ်တိုင် မကြာခဏပြောပြလေ့ရှိသော သီဟိုဠ်ကျွန်းမှ သီရိသင်္ဃ ဗောဓိမင်းကြီး၏ ဇာတ်ကြောင်းသည်ကား ကျွန်ုပ်အား ကြက်သီးမွေးညှင်းထသည် အထိ သဒ္ဓါတရားကို ထက်သန်စေခဲ့၏။ ထိုမင်းကြီးသည် သူ့နိုင်ငံတွင် ကျရောက် နေသော ဘီလူးအန္တရာယ်၊ ဒုဗ္ဘိက္ခန္တရကပ်အန္တရာယ်တို့ကို သူတော်ကောင်းနည်းဖြင့် ပယ်ရှားပေးခဲ့သည်မှာ အံ့သြစရာလည်း ကောင်း၊ ကြည်ညိုစရာလည်း ကောင်းလှ၏။

ကြည်ညိုလေးစား အားကျစရာ အကောင်းဆုံးဖြစ်ရပ်ကား သူ၏ ငယ်သူငယ် ချင်း ဂေါဌာဘယအမည်ရှိ စစ်သူကြီးက လောဘတက်ကာ တိုင်းပြည်ကို လုစုဝိုင်း ထားပြီး စစ်ထိုးမည်လော၊ တိုင်းပြည်အပ်မည်လောဟု ရာဇသံပေးရာ စစ်သားများ နှင့်တိုင်းသူပြည်သားများကို ဒုက္ခမရောက်စေလိုသော သီရိသင်္ဃဗောဓိမင်းက တိုင်း ပြည်ကို အသာတကြည်အပ်လိုက်ခါ ရသေ့ဝတ်ပြီး တောထွက်သွား၏။ ထိုကဲ့သို့ ရှောင် ပေးသည်ကိုပင် ဂေါဌာဘယက စိတ်မချသေးသဖြင့် သီရိသင်္ဃဗောဓိမင်း၏ ခေါင်းကို ဆက်သနိုင်လျှင် အသပြာတစ်ထောင် ဆုချမည်ဟု အမိန့်ထုတ်၏။

တစ်နေ့ ထင်းခုတ်သမားတစ်ယောက်သည် တောထဲတွင် ရသေ့တစ်ပါးကို တွေ့သဖြင့် သဒ္ဓါဖြစ်ပြီး သူစားမည့်ထမင်းထုပ်ကို ရသေ့အားကပ်လှူ၏။ ရသေ့သည် ငြင်းမရသဖြင့် ဒကာ၏ သဒ္ဓါကိုငဲ့ပြီး သုံးဆောင်လိုက်၏။ စားရင်းလည်း ထမင်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ထုပ်၏ကျေးဇူးကို ပြန်ဆပ်ရမည့်နည်းလမ်းကို တွေးနေ၏။ ထိုရသေ့ကား အခြားသူ မဟုတ်၊ သီရိသဃ်ဗောဓိ မင်းကြီးပင်တည်း။

ထင်းခုတ်သမားကား မသိ၊ စကားစပ်ရင်းဖြင့် သီရိသဃ်ဗောဓိမင်းကြီး၏ ခေါင်းကို ဆက်သနိုင်လျှင် အသပြာတစ်ထောင် ဆုချမည်ဟူသောသတင်းကို သိသွားရာ ထင်းခုတ်သမား ဘယ်လိုပင်တားတား မရတော့ဘဲ သူ့ခေါင်းကို အဓိဋ္ဌာန်ဖြင့်ဖြတ်ပြီး လှူဒါန်းလိုက်ပါတော့သည်။ ထိုဒါနအတွက် မည်သည့်စည်းစိမ်ချမ်းသာကိုမျှဆုမတောင်းဘဲ ဘုရားဆုကိုသာ တောင်းခြင်းမှာလည်း ထူးခြားလှပေသည်။

ထိုဖြစ်ရပ်သည် ကျွန်ုပ်၏သဒ္ဓါစေတ်ကို အမြဲတမ်း နှိုးဆွပေးလျက်ရှိ၏။ ကျွန်ုပ် သူငယ်တန်းကျောင်းသား အရွယ်ကပင်ဖြစ်၏။ ကျွန်ုပ်သည် သွားရည်စာထဲတွင် စာလေးခွေကို အလွန်ကြိုက်၏။ ထိုနေ့က ပေးလိုက်သော မုန့်ဖိုးငါးပြားဖြင့် မုန့်ဆိုင်မှ ပင် စာလေးခွေ ဝယ်လိုက်၏။ စာသင်ကျောင်းရှိ မုန့်ဆိုင်ရောက်သည်အထိ မဆိုင်းနိုင်ဘဲ လမ်းမှာပင် ချက်ခြင်းဝယ်စားဖြစ်သည်အထိ စာလေးခွေအပေါ် တပ်မက်စွဲလမ်းသော ကျွန်ုပ်၏လောဘကို အကဲခတ်ကြည့်နိုင်၏။

လမ်းတွင် ပေါင်ရင်းမှ ခြေထောက်နှစ်ချောင်းပြတ်နေသော သူတောင်းစားတစ်ယောက်သည် ရော်ဘာပြားကြီးကို တင်ပါးအောက်တွင်ခံကာ တရွတ်တိုက်သွားရင်း တောင်းစားလျက်ရှိ၏။ ထိုသူကိုမြင်လိုက်သည်နှင့် စာလေးခွေအပေါ် တပ်မက်သော လောဘသည် ချက်ချင်းပျောက်သွားပြီး ပေးချင်ကျွေးချင်သော သဒ္ဓါက အစားထိုး ဝင်ရောက်လာ၏။

ထိုအချိန်တွင် ကျွန်ုပ်သည် စာလေးခွေကို တစ်ကိုက်ပင် ကိုက်စားနေပြီဖြစ်သည်။ ကြွပ်ရွနေသော ကုလားပဲ၏အရသာက လျှာမှတစ်ဆင့် အကြောတစ်ခုလုံးသို့ ပျံ့နှံ့ဆဲဖြစ်၏။ အံ့သြစရာကောင်းစွ။ လူမမယ်သာရှိသေးသော ကျွန်ုပ်ကိုပင် လောဘသည် လှည့်ပတ်လွှမ်းမိုး၍ မရ၊ ခေါင်းငိုက်စိုက်ကျကာ ကျွန်ုပ်ထံမှ ထွက်ခွာသွားခဲ့ရ၏။

ကျွန်ုပ်သည် စာလေးခွေကို အလှူခံပုဂ္ဂိုလ်ကြီးအား ပေးလိုက်နိုင်ခဲ့၏။ အလှူခံ ပုဂ္ဂိုလ်ကြီးသည် လူမမယ်ကျွန်ုပ်ကို အံ့သြစွာကြည့်ရင်း ဆုတွေတသီကြီး ပေးရှာ၏။ ကျွန်ုပ် ကိုရင်ဘဝရောက်ပြန်တော့လည်း ဒါနက အဆက်ပြတ်မသွားပေ။ ကျောင်းရှေ့ ထမင်းဆိုင်မှ ထမင်းကျန်ဟင်းကျန် အရိုးအရင်းများကို စုပေါင်း၍ ခွေးလေခွေးလွင့်တို့အား ဒါနပြု၏။

ကျောင်းဝိုင်းထဲမှ တွေ့သမျှပုရွက်ဆိတ်အနက်များအား ဆတ်သားခြောက်ကို အမျှင်လေးများပြုလုပ်ပြီး ချကျွေး၏။ ဆတ်သားခြောက်မျှင်ကို ဝမ်းသာအားရ သယ်နေကြသော ပုရွက်ဆိတ်များကိုကြည့်၍ ကျွန်ုပ်မှာ အလွန် ပီတိသောမနဿ ဖြစ်ခဲ့ရ၏။ ပုရွက်ဆိတ်အနီများကိုကား ဆန်စေ့များကိုသာ ကျွေးရ၏။

ပုရွက်ဆိတ်များကို ရှာမတွေ့သောအခါမျိုးတွင် ကျောင်းဘေးတွင် လှတ်ထားသော နွားများရှိရာသွားပြီး မြက်ကောင်းမြက်သန့်များကို နုတ်ကျွေးပြီး ရေပါ ခပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိသည်။ ဥပုသ်နေ့ဆိုလျှင် ကျွန်ုပ်ညီဖြစ်သူ မောင်စိုးတင့် (ကိုရင်ဘွဲ့-ရှင်တေဇောဘာသ)နှင့်အတူ ဆရာတော်ကိုလျှောက်ထားပြီး မဟာမြတ်မုနိဘုရား ငါးကန်နှင့် လိပ်ကန်သို့ သွားကြသည်။

ကျွန်ုပ်တို့နေထိုင်ရာ မူလဇီးဘန်နီကျောင်းတိုက်မှတဆင့် မိုးတားတိုက်၊ ဓမ္မိကာရာမတိုက်တို့ကို ကျော်ဖြတ်လိုက်သည်နှင့် မဟာမြတ်မုနိသို့ ရောက်၏။ အရှေ့မုခ်၊ မြောက်မုခ်၊ ကြိုက်ရာဘက်မှ ဝင်၍ရ၏။ ကျွန်ုပ်တို့ကား ပေါင်မုန့်၊ ကိတ်မုန့်ဆိုင်များပေါသော မြောက်မုခ်မှသာဝင်ကြ၏။ ထိုစဉ်က ငါးကန်၊ လိပ်ကန်တို့တွင် အစာရောင်းချသူများသည် ဘာမျှအရသာမရှိသော ပေါက်ပေါက်ပွင့်များကိုသာ ဈေးကြီးကြီးနှင့် ရောင်းကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့က ဈေးထဲကဆိုင်များတွင် ဘီစကွတ်မုန့်ထုပ်နှင့် ပေါင်မုန့်များကိုဝယ်ပြီး ငါး၊ လိပ်တို့ကိုကျွေး၏။ ကြာတော့ ငါးများသည် ကျွန်ုပ်တို့ကျွေးသော ဘီစကွတ်နှင့်ပေါင်မုန့်များသာ စားတော့၏။ ပေါက်ပေါက်ပွင့်များကို မစားတော့ပေ။ ထိုအချိန်က ၁၉၈၀-ခုနှစ်ခန့်က ဖြစ်၏။ ကျွန်ုပ်တို့ ညီအစ်ကို အစပြုလိုက်သဖြင့် ယခုဆိုလျှင် ငါးစာနှင့်လိပ်စာ အရောင်းဆိုင်တို့တွင် ဘီစကွတ်နှင့် ပေါင်မုန့်များသာ ဖြစ်သွားလေပြီ။

## မစ္ဆရိယ-မနောနှင့် ဝသီကြောင့် ပါးစပ်ပေါက်မပါတဲ့ ပြိတ္တာဖြစ်ရခြင်း

ငါးကန်နှင့်လိပ်ကန်တို့တွင် ဘုရားဂေါပကများက ကံထရိုက်ယူထားသော ဈေးသည်များ ရောင်းကောင်းစေရန် အခြားအစားအစာများ မကျွေးရဟူသော ဆိုင်းဘုတ်များချိတ်ပြီး စေတနာရှင်များ၏ ကုသိုလ်ကို အန္တရာယ်ပြုတတ်ကြ၏။ ထိုသို့ပြုလုပ်ခြင်းသည် သူတစ်ပါး၏ကုသိုလ်ကို မပြုဖြစ်အောင် အန္တရာယ် ပြုရာရောက်သဖြင့် စာပေတွင် ပုညန္တရာယ်ဟုခေါ်၏။ အင်မတန် အပြစ်ကြီး၏။ ကျွန်ုပ်ရေးသားသော 'အတွင်းရန်သူ'စာအုပ်တွင် သူတစ်ပါး၏ဒါနကို အနှောင့်အယှက်ပေးခဲ့သော အဘွားကြီးတစ်ယောက် သေသောအခါ ပြိတ္တာသွားဖြစ်၏။ ကျန်ရစ်သူသား,သမီးများက ကုသိုလ်ပြုပြီး အမျှပေးသော်လည်း သာဓုခေါ်မရ၍ မကျွတ်လွတ်နိုင်ဖြစ်နေ၏။

သာဓုခေါ်မရခြင်းအကြောင်းကား သူတစ်ပါးပြုမည့် ဒါနကုသိုလ်ကို ပိတ်ပင် တားဆီးခဲ့၍ သာဓုခေါ်စရာ ပါးစပ်မပါသောကြောင့်ပေတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း - (၃)

# အနုတ္တရပေါက်ရန် ကျင့်စဉ်များ

## ပိဋကတ်စာပေ၏ ရည်ရွယ်ချက်

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ထေရဝါဒ ပိဋကတ်တော်အားလုံး၏ ရည်ရွယ်ချက်သည် ကိလေသာမှ လွတ်မြောက်ရေးချည်းသာဖြစ်၏။ ကိလေသာက လွတ်မြောက်မှလည်း ဒုက္ခမှလွတ်မြောက်၏။ ဒုက္ခအားလုံးမှ လွတ်မြောက်ပြီး ချမ်းသာသက်သက်သာရှိသောနေရာကိုပင် နိဗ္ဗာန်ဟု ခေါ်ခြင်း ဖြစ်၏။ နိဗ္ဗာန်သို့ ဆိုက်ရောက်သွားခြင်းကို ဝိမုတ္တိရသဟု သုံးနှုန်း၏။

သတ္တဝါဝေနေယျများအား ထိုနိဗ္ဗာန်သို့ ရောက်စေလိုသောကြောင့် ဘုရားရှင်သည် ဘုရားဖြစ်ရန် ပါရမီဖြည့်ဆည်းတော်မူခဲ့ခြင်းဖြစ်၏။ သူ့အတွက်ဆိုလျှင် ဒီပင်္ကရာမြတ်စွာဘုရားနှင့် တွေ့ရသောအချိန်ကပင် ဝိပဿနာတရားဂါထာတစ်ပုဒ်မျှကို နာယူလိုက်ရုံနှင့် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရနိုင်၏။

အလောင်းတော်များသည် ဘုရားဆုပန်စဉ်က ဥဃဋိတညူ ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် လေးပါဒရှိသောဂါထာကို နာယူစဉ် တတိယပါဒမဆုံးမီ အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်စွမ်းနိုင်သော ဥပနိဿယရှိသည်။ ဝိပဉ္စိတညူ ဖြစ်ခဲ့လျှင် သုံးပါဒအဆုံး၊ လေးပါဒအစ၌ နေယျဖြစ်ခဲ့လျှင် ဂါထာ၏အဆုံး၌ အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်စွမ်းနိုင်သော ဥပနိဿယရှိသည်။

*(စရိယာပိဋက-ဌ၊ ပကိဏ္ဏက ကထာ-၃၂၀)*

(မှတ်ချက်)။ *။ဤအဋ္ဌကထာအဖွင့်အရ နေယျပုဂ္ဂိုလ်များသည်လည်း တရားနာရင်း မဂ်ဖိုလ်ရနိုင်ပုံကို သိထားသင့်၏။*

www.burmeseclassic.com

www.burmeseclassic.com



ပါရမီဆယ်ပါးတို့ကို အသားအသွေးသာမက အသက်ပါစွန့်လွှတ်ပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ဖြည့်ဆည်းတော်မူခဲ့ခြင်းသည် စာရေးသူ၊ စာ ဖတ်သူတို့ မဂ်ဖိုလ်နိဗ္ဗာန် ရဖို့အတွက်သာဖြစ်၏။ ထို့ကြောင့် ဘုရားရှင်ကို လေးစားသောအားဖြင့်လည်းကောင်း၊ ကျေးဇူးတင်သောအားဖြင့်လည်းကောင်း၊ မဂ်ဖိုလ်ရမည့် ဝိပဿနာတရားများကို နာကြားအားထုတ်သင့်ပါ၏။

ဝိပဿနာ၏အခြေခံကား အနတ္တပင်ဖြစ်၏။ အနတ္တကို ပိုင်နိုင်စွာ နားလည်သွားပြီး ငါစွဲ၊ အတ္တဒိဋ္ဌိအယူများကို တဒင်္ဂပယ်သတ်နိုင်လျှင် ကလျာဏ ပုထုဇဉ်စာရင်းဝင်၏။ ဝိက္ခမ္ဘနပဟာန် ခပ်ကြာကြာပယ်သတ်နိုင်လျှင် စူဠသောတာပန်စာရင်းဝင်နိုင်၏။ 'ငါ'ရှိတယ်ဟူသည့် အယူများကို ဘယ်ဘဝမှာမှ ပြန်မယူတော့သည့် သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ် ပယ်သတ်နိုင်လျှင်ကား သောတာပန်စာရင်းဝင်သွားတော့၏။

ထို ငါစွဲအတ္တဒိဋ္ဌိကြီးကို ပယ်သတ်နိုင်ရန်အတွက် လယ်တီဆရာတော်ဘုရားကြီးသည် ဒီပနီပေါင်းများစွာကို ရေးသားတော်မူခဲ့ခြင်းဖြစ်၏။ မိုးကုတ်ဆရာတော်၊ မဟာစည်ဆရာတော်နှင့် ပခုက္ကူဝိပဿနာသင်တန်း နည်းပြဆရာကြီး ဦးကြင်ရွှေတို့သည် တရားခွေပေါင်းများစွာကို ဟောတော်မူခဲ့ကြခြင်းဖြစ်၏။ အခြေခံ မရသေးသူဆိုလျှင် ပခုက္ကူဝိပဿနာသင်တန်း နည်းပြဆရာကြီး ဦးကြင်ရွှေ (၁)နှစ်စာ တရားခွေများကို စတင်နာကြားသင့်၏။

ကျွန်ုပ်သည် စာဖတ်ဝါသနာပါသည့်အတွက် (၁၇)နှစ်သား ကိုရင်ဘဝကပင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ သစ္စာလေးပါး အလုပ်ပေးတရားများကို ဖတ်ရှုနေပြီဖြစ်၏။ အသက်ရလာသည်နှင့် မဟာစည်ဆရာတော် ဘုရားကြီး၏ ဟောစဉ်စာအုပ်များနှင့် လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီမျိုးစုံကိုပါ ဆက်တိုက်ဖတ်ရှုနာယူလာခဲ့၏။

ရဟန်းဖြစ်ပြီး ငါးဝါခန့်အရမှာပင် မိုးကုတ်ရိပ်သာနှင့် ကသစ်ဝိုင်ရိပ်သာတို့တွင် တရားစခန်းများ ဝင်၏။ မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းတွင် တောရဆောက်တည်နေသော လယ်မဆရာတော်နှင့်အတူ သုံးလကျော်ခန့် အားထုတ်ခဲ့ဖူး၏။ သို့သော် ကျွန်ုပ်၏ဉာဏ်သည် ပွင့်မသွားခဲ့။

ရွှေပြည်သာမြို့ ရောက်သောအခါတွင်မှ ဆရာကြီးဦးကြင်ရွှေ၏ (၃၆၅)ခွေသော ဝိပဿနာအလုပ်ပေးတရားခွေများကို နာကြားရသောအခါတွင်မှ ကျွန်ုပ်၏ဉာဏ်သည် ပွင့်လင်းခဲ့ရ၏။ ဆရာကြီး၏ တရားတိပ်ခွေများကို နာကြားပြီးသည်နှင့် အနတ္တအခြေခံခိုင်သွားရကား လယ်တီဆရာတော်၊ မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်၊ မည်သည့်ဆရာတော်တို့၏ စာအုပ်ကိုဖတ်ဖတ်၊ တရားကိုနာနာ၊ ကောင်းကောင်းကြီး နားလည်လက်ခံသွားနိုင်တော့သည်။

စကားလုံးက-ကြီး၊ နားက-သေး နေလျှင် မဆုံ၊ စကားလုံး က-သေး၊ နားက-ကြီးနေလျှင် မနှံ့ဟူသောစကားအတိုင်း ကျွန်ုပ်နားက သေးငယ်နေသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အရင်ဖတ်စဉ်တုန်းက ဆရာတော်ကြီးများ၏ ဆိုလိုချက်ကို သဘောမပေါက် နိုင်ခြင်းဖြစ်၏။

ပခုက္ကူဝိပဿနာသင်တန်းတရားသည် ၁၃၀၉ ခုနှစ်၊ လွတ်လပ်ရေးမရမီ သုံးလအလိုလောက်ကတည်းက ပခုက္ကူမြို့ပေါ်တွင် စတင်ပြသနေပြီဖြစ်၏။ ဆရာကြီးသည် လူပုဂ္ဂိုလ်ဖြစ်ရကား ပခုက္ကူမြို့တစ်မြို့တည်းမှာပင် နှစ်ပေါင်းများစွာ ဟောကြားပြသခဲ့၏။ ထို့ကြောင့် ကျန်ပြည်နယ်နှင့်တိုင်းများမှ ဤတရားကို မကြားဖူးကြခြင်းဖြစ်၏။

## ဝေနေယျ(၂)မျိုး

ဝေနေယျသည် ဗုဒ္ဓဝေနေယျ၊ သာဝကဝေနေယျဟု နှစ်မျိုးရှိ၏။ မြတ်စွာဘုရားကိုယ်တိုင် တရားဟောမှသာ ကျွတ်တမ်းဝင်မည့်သူများကို ဗုဒ္ဓဝေနေယျဟု ခေါ်၏။ ဗုဒ္ဓ၏ တပည့်သားသာဝကများထံမှ တရားနာရပြီး ကျွတ်တမ်းဝင်မည့်သူများကို သာဝကဝေနေယျဟု ခေါ်၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို အနီးကပ် လုပ်ကျွေးနေသူဖြစ်သော်လည်း သာဝကဝေနေယျဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရား၏ တရားကို အကြိမ်ပေါင်းများစွာ နာယူရသော်လည်း မဂ်ဖိုလ်မရဘဲ အရှင်ပုဏ္ဏ၏ တရားကိုနာယူရမှ သောတာပန်တည်ခဲ့၏။

လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာသည် အရှင်အဿဇိထံမှ-

'ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊
ဧဝံဝါဒီ မဟာသမဏော။'

'ဆင်းရဲကြောင်း ဒုက္ခသစ္စာမှန်သမျှသည် လိုချင်ခြင်း သမုဒယသစ္စာကြောင့်ဖြစ်၏။ ထိုဒုက္ခမျိုးစုံချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် မဂ္ဂသစ္စာသည် ရှိ၏။ ထို သစ္စာလေးပါးကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ အကြီးမြတ်ဆုံး ရဟန်း ဖြစ်သော မြတ်စွာဘုရားသည် ဤသို့သောဝါဒ ရှိတော်မူ၏'

ဟူသောဂါထာကို နာကြားရပြီး သောတာပန်တည်ခဲ့ရခြင်းဖြစ်၏။ ကောသမ္ဗီပြည်မှ သာမာဝတီ မိဖုရားကြီးနှင့်တကွ မောင်းမငါးရာသည် ခုဇ္ဇုတ္တရာ အမည်ရှိ ကျွန်မထံမှ ဝိပဿနာတရားကို နာကြားရပြီး သောတာပန်တည်ခဲ့ကြသည်။

## သီလရှင်တရားပြလေမှ တရားရသောဆရာတော်

ယခုအချိန်ကား ဗုဒ္ဓမရှိတော့ပြီဖြစ်၍ သာဝကဝေနေယျသာ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မည်သည့် သာဝက၏တရားနှင့်မှ ကျွတ်မည်ဆိုသည်ကိုကား ကြိုတင်သိနိုင်သည်မဟုတ်ချေ။ ထို့ကြောင့် အချိန်ရသလောက် တရားမျိုးစုံ နာကြည့်သင့်သည်။ နီးစပ်ရာ အဆင်ပြေရာ တရားစခန်းမျိုးစုံ ဝင်ကြည့်သင့်သည်။
နာမည်ကြီး ထင်ရှားသော ဆရာတော်ကြီးများပင်ဖြစ်သော်လည်း မိမိသည် သူ၏သာဝကမဟုတ်လျှင် တော်တော်နှင့် တရားမရတတ်ပေ။

ထို့ကြောင့် တရားရှာရာတွင် ဆရာစွဲမထားသင့်ကြောင်း ရှေ့ပိုင်း၌ ရေးခဲ့ခြင်းဖြစ်၏။ ရန်ကုန်မြို့၊ ကမာရွတ်၊ စပယ်ခြံတွင် 'သံသရာအေး'အမည်ရှိသော ဓမ္မရိပ်သာတစ်ခုရှိ၏။ ထိုရိပ်သာကြီး၏ ပဓာနနာယက တရားပြဆရာတော်ကြီးမှာ ဦးဇောတိပါလဟု ဘွဲ့အမည်ရှိ၏။ ရွှေးစာတတ်၊ အကျင့်ကောင်း ဆရာတော်ကြီးတစ်ပါးပင်ဖြစ်၏။ ဆရာတော်ကြီးသည် တရားလိုချင်ရှာသဖြင့် ဆရာစွဲမထားဘဲ ရိပ်သာမျိုးစုံတွင် နှစ်ပေါင်းများစွာ တရားဝင်ခဲ့၏။ ဝေဘူ၊ မိုးကုတ်၊ မဟာစည်၊ စွန်းလွန်း၊ သဲအင်းဂူ အားလုံးစုံ၏။

ထိုရိပ်သာဆရာတော်ကြီးများ၏ ဝေနေယျမဟုတ်သဖြင့် တရားမရခဲ့ပေ။ နှစ်အတော်ကြာသော အခါတွင်မှ မအူပင်မြို့မှ သီလရှင် တရားပြဆရာကြီး ဒေါ်ဝဏ္ဏနှင့်တွေ့မှ တရားရခဲ့သည်။ ဤဖြစ်ရပ်သည် တရားရလိုသူတိုင်း မာနမထားသင့်ပုံကို မီးမောင်းထိုးပြသော ဖြစ်စဉ်တစ်ရပ်ဖြစ်ပါ၏။

## စာမေးပွဲနှစ်မျိုး

လောကစာမေးပွဲသည် မေးသူတစ်ယောက်၊ ဖြေသူတစ်ယောက်၊ အမှတ်ပေးသူတစ်ယောက်ဖြစ်၏။ လောကုတ္တရာစာမေးပွဲကား မေးသူလည်း မိမိ၊ ဖြေသူလည်း မိမိ၊ အမှတ်ပေးသူလည်း မိမိပင်ဖြစ်၍ တစ်ယောက်တည်းသာဖြစ်၏။ ထို့ကြောင့် မိမိရသောတရားကို မိမိကိုယ်တိုင်ဆုံးဖြတ်အမှတ်ပေးမှ အမှန်ကိုရနိုင်၏။

တချို့ပုဂ္ဂိုလ်များက ဉာဏ်စဉ်ဆယ်ပါး အဆင့်ဆင့်တက်လာပုံ၊ မဂ်ဇော၊ ဖိုလ်ဇောများကျပုံကို ဘုရားဟောအတိုင်း ရေးပြတတ်ကြရာ ဉာဏ်နုနယ်သော ယောဂီ များက မိမိ မဂ်ဖိုလ်ရလျှင်လည်း ထိုအတိုင်းပင် စိတ်တစ်လုံးစီကို သိနိုင်မည်ဟု ထင်နေကြ၏။ ထိုကဲ့သို့ စိတ်တစ်လုံးစီ ဖြစ်ပျက်သွားပုံအသေးစိတ်ကို သိနိုင်သော အရာသည် ဘုရားရှင်အရာသာဖြစ်၏။ သာမန် သာဝကပုဂ္ဂိုလ်တို့၏ အရာမဟုတ်ပေ။

မျက်တောင်တစ်ခတ်လျှင် အကြိမ်ပေါင်း ကုဋေတစ်သိန်းထိ ဖြစ်ပျက်နေကြသော မြင်စိတ်၊ ကြားစိတ်များကိုပင် သာဝကများသည် တစ်လုံးချင်း အစိတ်အားဖြင့် သိနိုင်သည်မဟုတ်။ အပေါင်းအားဖြင့်သာလျှင် ကုဋေတစ်သိန်း ဖြစ်ပျက်သွားကြတာပါလားဟု သိနိုင်၊ရှုပွားနိုင်ကြခြင်းဖြစ်၏။

တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းဖြစ်ပျက်သွားသော မြင်စိတ်၊ ကြားစိတ်များ

www.burmeseclassic.com

www.burmeseclassic.com



ကိုပင် သေသေချာချာမသိနိုင်ရာ၊ မဂ်စိတ်နှင့် နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ပြီး ပျက်သွားသော ဖိုလ်စိတ်တို့ကို သိဖို့ရာကား ပို၍ပင်ခဲယဉ်းလှ၏။ ဘုရားရှင်၏ အရာသာဖြစ်ကြောင်း ကို ယောဂီများ အထူးသတိပြုသင့်၏။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့သည် ကိလေသာ ကို ပယ်သတ်သောတရားများဖြစ်၏။

ထို့ကြောင့် မိမိ တရားရ၊ မရကို- လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော ကိလေသာများ လျော့ပါး ကုန်ပျောက်သွားခြင်းရှိ-မရှိဟူသော အချက်ဖြင့်သာ တိုင်းတာကြည့်ရ၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို အသာထား၍ မိမိသည် ခန္ဓာငါးပါး၏ အပျက်ကို သေချာကျနစွာသိသော ဘင်္ဂဉာဏ် ရ-မရဆိုသည်ကိုပင် အကျိုးတရားဖြင့်သာ တိုင်းတာကြည့်နိုင်၏။

ဘင်္ဂဉာဏ်ကို ပိုင်နိုင်စွာသိမြင်သွားသူသည်-

(၁) ဘဝဒိဋ္ဌိပဟာန = ရုပ်နာမ်ကိုမြဲသည်ဟုယူဆသော သဿတဒိဋ္ဌိကို ပယ်ဖျောက်နိုင်ခြင်း၊ သဿတဒိဋ္ဌိပျောက်သွားခြင်း။

(၂) ဇီဝိတနိကန္တိပရိစ္စာဂ = အသက်၌တပ်မက်ခြင်း နိကန္တိခေါ် တဏှာကို စွန့်လွှတ်နိုင်ခြင်း။

(၃) သဒါယုတ္တပယုတ္တ = အမြဲ ဘာဝနာတရားနှင့်ယှဉ်၍ နေခြင်း။

(၄) ဝိသုဒ္ဓဇီဝိတ = သန့်ရှင်းစင်ကြယ်သော အသက်မွေးမှု ရှိခြင်း။

(၅) ဉဿုက္ကပဟာန = တရားအလုပ်မှတစ်ပါး ကျန်သောအလုပ်တို့၌ ကြောင့်ကြမှုကို ပယ်နိုင်ခြင်း။

(၆) ဝိဂတဘယ = ကြောက်လန့်မှုကို ပယ်ဖျောက်နိုင်ခြင်း။

(၇) ခန္တိသောရစ္စပဋိလာဘ = သည်းခံနိုင်လာခြင်း၊ ကောင်းသောအမှု၌ မွေ့လျော်မှုကိုရခြင်း။

(၈) အရတိရတိပဟာနတာ = ကုသိုလ်၌မမွေ့လျော်ခြင်း၊ ကာမဂုဏ်၌ မွေ့လျော်ခြင်းတို့ကို ပယ်ဖျောက် နိုင်ခြင်း-ဟူသော အကျိုးရှစ်မျိုးကိုရ၏။

ထိုအကျိုးရှစ်မျိုးကို ရရှိခံစားရသော အခါတွင်မှ ငါ့မှာ ဘင်္ဂဉာဏ်ရနေပြီဟု သေချာစွာသိနိုင်၏။ (ဝိပဿနာဉာဏတန္တိဋီကာ-၁၇၇)

## သောတာပန်ဟုတ်-မဟုတ် စစ်နည်းအကျဉ်းချုပ်

ထိုနည်းတူ မိမိသန္တာန်တွင် သောတာပတ္တိမဂ်စိတ်နှင့် ဖိုလ်စိတ်ဖြစ်သွားခြင်း ရှိ-မရှိကို အောက်ပါ အချက်များနှင့်သာ တိုင်းတာကြည့်နိုင်သည်။

(၁) ငါရှိသည်ဟူသော (သက္ကာယဒိဋ္ဌိ)အယူစွဲကြီး အမြစ်ပြတ် ပျောက်ကင်းသွားသည်။

ငါရှိသည်ဟူသော အယူမှားကြီး သံသရာတစ်လျှောက်လုံး တစ်ခါမှ ပြန်မလာတော့ခြင်း၊ ထိုသို့ ငါဆိုတာမရှိဟူ သော အယူအမြင် စင်ကြယ်သွားခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သောတာပန်များသည် မတရားသော ကိုယ်ကျိုးရှာ အလုပ်ကို ဘယ်သောအခါမှ မလုပ်တော့ခြင်းဖြစ်သည်။

(၂) ယခုခန္ဓာမှစ၍ အတိတ်ကာလ မသိအပ်သော သံသရာအစထိ ဝိပဿနာဉာဏ်ဖြင့် လှမ်းကြည့် လိုက်လျှင် ခန္ဓာငါးပါး(သို့) ရုပ်နာမ်နှစ်ပါးသာရှိသည်။ ငါဆိုတာမရှိ၊ ယခုပစ္စုပ္ပန်ဘဝကို ကြည့်လျှင်လည်း ခန္ဓာ ငါးပါး၊ ရုပ်နာမ် နှစ်ပါးသာရှိသည်။ ငါဆိုတာမရှိ။ အနာဂတ်ကာလ နိဗ္ဗာန်မရမီစပ်ကြား ဘဝအဆက် ဆက်ကို လှမ်းကြည့်လျှင်လည်း ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသာ ရှိသည်၊ ငါဆိုတာ မရှိ ဟူ၍ ကိုယ်ပိုင်ဉာဏ်ဖြင့် ပြတ်ပြတ် သားသား ဆုံးဖြတ်နိုင်သွားသည်။ (ဝိစိကိစ္ဆာ ကိလေသာကို ပယ်သတ်ခြင်း)

(၃) ရတနာသုံးပါးကို အသက်နှင့်လဲပြီး ယုံကြည်သွားသည်။

(၄) ကိုယ်ကျင့်သိက္ခာ ငါးပါးသီလကို အသက်နှင့်လဲပြီး လုံခြုံသွားသည်။

*(သံယုတ်ပါဠိတော်၊ ဓမ္မာဒါသသုတ်)*

(၅)မိမိ၌ရှိသောအပြစ်ကို မရှိဟန်ဆောင်မှု မာယာ၊ မိမိ၌မရှိသည့်ဂုဏ်ကို ရှိဟန်ဆောင်မှု သာဌေယျ။ ကိုယ့်ထက်သာလျှင် မနာလိုမှု ဣဿာ၊ မိမိရသလို သူတစ်ပါးကို မရစေလိုသည့် မစ္ဆရိယတရားများ အလိုလို ကင်းရှင်းသွားပြီး ဥဇုပွန့်စင်းလုံးချော ရိုးဖြောင့်သူဖြစ်သွားသည်။

*(အံ-၂၊ ၃၈၂၊ ဝိဘင်း ၊ ၃၄၉)*

(၆) ဖောက်ပြန်မှားယွင်းစွာယူဆခြင်း ဝိပလ္လာသ(၁၂)ပါးရှိရာတွင် သောတာပန်သည်-

၁။ ခန္ဓာငါးပါးကိုမြဲသည်ဟု အမှတ်မှားခြင်း သညာဝိပလ္လာသ၊

၂။ ခန္ဓာငါးပါးကိုမြဲသည်ဟု အသိမှားခြင်း စိတ္တဝိပလ္လာသ၊

၃။ ခန္ဓာငါးပါးကိုမြဲသည်ဟု အယူမှားခြင်း ဒိဋ္ဌိဝိပလ္လာသ၊

၄။ ခန္ဓာငါးပါးကိုချမ်းသာသည်ဟု အယူမှားခြင်း ဒိဋ္ဌိဝိပလ္လာသ၊

၅။ ခန္ဓငါးပါးကိုအစိုးရသည်ဟု အမှတ်မှားခြင်း သညာဝိပလ္လာသ၊

၆။ ခန္ဓာငါးပါးကိုအစိုးရသည်ဟု အသိမှားခြင်း စိတ္တဝိပလ္လာသ၊

၇။ ခန္ဓာငါးပါးကိုအစိုးရသည်ဟု အယူမှားခြင်း ဒိဋ္ဌိဝိပလ္လာသ၊

၈။ ခန္ဓာငါးပါးကိုတင့်တယ်သည်ဟုအယူမှားခြင်း ဒိဋ္ဌိဝိပလ္လာသဟု စုစုပေါင်း ဝိပလ္လာသ(၈)ပါးကို အမြစ်ပြတ်အောင် ပယ်သတ်သည်။

၁။ ခန္ဓာငါးပါးကို ချမ်းသာသည်(သုခ)ဟု အမှတ်မှားခြင်း သညာဝိပလ္လာသ၊

၂။ ခန္ဓာငါးပါးကို ချမ်းသာသည်(သုခ)ဟု အသိမှားခြင်း စိတ္တဝိပလ္လာသ၊

၃။ ခန္ဓာငါးပါးကို တင့်တယ်သည်(သုဘ)ဟု အမှတ်မှားခြင်း သညာဝိပလ္လာသ၊

၄။ ခန္ဓာငါးပါးကို တင့်တယ်သည်(သုဘ)ဟု အသိမှားခြင်း စိတ္တဝိပလ္လာသဟု

www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း လေးမျိုးကို မပယ်သတ်နိုင်သေး။

ယင်းဝိပလ္လာသလေးပါးအနက်- အသုဘကို သုဘဟု အမှတ်မှားခြင်း သညာဝိပလ္လာသနှင့် အသုဘကို သုဘဟု အသိမှားခြင်း စိတ္တဝိပလ္လာသတို့ကို အနာဂါမိမဂ်ကျမှ။ ဒုက္ခကို သုခဟု အမှတ်မှားခြင်း သညာဝိပလ္လာသ၊ ဒုက္ခကို သုခဟု အသိမှားခြင်း စိတ္တဝိပလ္လာသကိုကား အရဟတ္တမဂ်ကျမှ ပယ်သတ်နိုင်သည်။ ထို့ကြောင့် သောတာပန်၊ သကဒါဂါမ်တို့သည် အိမ်ထောင်သားမွေး၊ စီးပွားရေးနှင့်နေကြခြင်းဖြစ်၏။ ထို့ကြောင့် ရှေးဆရာများက-

'သောတာပန်ထိုနှစ်ခု-ဟိုအမှု မကုန်၊ အနာဂါမ်ဖိုလ်ကိုကူးကာမှ နှစ်ကိုယ်ပူးလွတ်ကြမည့်ပုံ'ဟု စပ်ဆိုခဲ့ကြခြင်းဖြစ်၏။ ပြဆိုခဲ့သောအချက်များကို ကမ္မဋ္ဌာန်းဆရာ အပါအဝင် ဘေးမှလူများ သေချာသိနိုင်သည်မဟုတ်ပေ။ မိမိကိုယ်တိုင်သာ သိနိုင်သော အရာများဖြစ်၏။ ထို့ကြောင့် 'လောကုတ္တရာစာမေးပွဲတွင် မေးသူ၊ ဖြေသူ၊ အမှတ်ပေးသူသည် မိမိတစ်ယောက်တည်းသာဖြစ်သည်'ဟု ဆိုခဲ့ရခြင်းဖြစ်၏။

## ယောဂီအလုပ်၊ တရားအလုပ်၊ ဘုရားအလုပ်

တရားရှာသူယောဂီတိုင်း ခံယူထားရမည်မှာ 'ဝိပဿနာတရား နာကြားခြင်း၊ ရှုပွားခြင်းကို မပြတ်လုပ်နေရမည်မှာ ယောဂီ၏အလုပ်ဖြစ်သည်။ အချိန်တန်၍ ဆိုင်ရာကိလေသာကို ပယ်သတ်ပြီး မဂ်ဖိုလ်ရဖို့ရာသည် တရား၏အလုပ်ဖြစ်သည်။ အဘယ်ပုဂ္ဂိုလ်သည် အဘယ်မဂ်ကိုရပြီဟူ၍ အတိအကျ ဆုံးဖြတ်ပေးနိုင်ခြင်းသည် ဘုရား၏အလုပ်ဖြစ်သည်'ဟူ၍ ဖြစ်၏။

သောတာပန်၏ ဂုဏ်ရည်ခြောက်ချက်တွင် ငါးစွဲသက္ကာယဒိဋ္ဌိ ပြုတ်ရေး၊ အနတ္တ ပေါက်ရေးသည် အဓိကအချက်ဖြစ်၏။ 'လယ်တီဆရာတော်ဘုရားကြီး၏ သောမနဿ- သုပေက္ခာဒီပနီ'မှ အနတ္တဖောက်ပေးပုံကို ရေးသားရင်းမှ ယခုခေတ်သည် သုက္ခ- ဝိပဿကခေတ်တည်းဟူသောစကားကို အကျယ်ချဲ့လိုက်ရာ လျှောက်လွှာစာမျက်နှာ (၇၆)မျက်နှာခန့်ထိဖြစ်သွား၏။

အထူး အရေးတကြီးသိသင့်သော အကြောင်းများဖြစ်၍ အကျယ်ချဲ့ရခြင်းဖြစ်ကြောင်းကို စာဖတ်သူများ နားလည်လက်ခံမည်ဟု ယုံကြည်ပါ၏။ အဆက်အစပ် ကွာလှမ်းလွန်းသွားသည့်အတွက် လယ်တီဆရာတော်ကြီး၏စာသားကို အစအဆုံး ပြန်လည်ဖော်ပြပါမည်။

ဉာဏ်ပညာထက်မြက်သူဖြစ်လျှင် ဆရာတော်ကြီး၏ စာသားနှင့်ပင် အနတ္တ ပေါက်နိုင်သဖြင့် ဂရုစိုက်၍ဖတ်စေချင်၏။

## လယ်တီဆရာတော်၏ အနတ္တဖောက်ခန်း

'အာဇီဝဋ္ဌမက သီလလုံခြုံလျှင် လူ့သီလဝန္တ ဖြစ်ပေပြီ။ သတိလွတ်သဖြင့် ပြုမိ၍ရှိပြန်လျှင် ဤအမှုကို နောင်အခါ ငါ မပြုဟု တင်းတင်းကျပ်ကျပ် ဓိဋ္ဌာန်လျှင် လုံမြဲလုံပြန်၏။ သီလဝိသုဒ္ဓိဖြစ်၏။ စိတ္တဝိသုဒ္ဓိမှာ တတ်နိုင်လျှင် အထူးကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်လျှင်နေရ၏။ (သမထတစ်ခုခုဖြင့် သမာဓိ ထူ ထောင်မှု ကို ဆိုလိုခြင်းဖြစ်၏) ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ ဟူသော စိတ္တဝိသုဒ္ဓိကို အသီးမလုပ်သော ယောဂီကို သုက္ခဝိပဿက ယော ဂီဟု ခေါ်သည်။ သုဒ္ဓဝိပဿကယောဂီလည်း ခေါ်၏။

ယခုကာလသည် 'သုက္ခဝိပဿက'ခေတ်တည်း၊ ထို့ကြောင့် သီလဝိသုဒ္ဓိ နေရာကျလျှင် (သမထလုပ်မနေ ဘဲ)ဓာတုမန သိကာရ ကို ထူထောင်ရမည်။ ထူထောင်ပုံကား- ဤကိုယ်၌ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယော ဓာတ်ဟူ၍ ဓာတ်ကြီးလေးပါး ရှိ၏။ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ် ဟူ၍ ဓာတ်ကြီး လေးပါးရှိ၏ဟူ၍လည်းဆို၏။'

ဤ၌မြေသည် လောကမြေ၊ သုတ္တန်မြေ၊ ပရမတ်မြေဟု သုံးပါးရှိ၏။ ထိုတွင် လူအများသိကြသော သိလာပထဝီ၊ ပံသုပထဝီ ဤမြေနှစ်ပါးသည် လောကမြေ မည် ၏။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်းအစရှိသော ပထဝီဓာတ် နှစ်ဆယ် မြေသည် သုတ္တန်မြေမည်၏။ ဤမြေနှစ်ပါးကား အထည်ဒြပ် ထင်မြင်ရသော မြေမျိုး ဖြစ်၍ ပရမတ်မြေမဟုတ်။

ပရမာအနုဏုမြူမှုပင်သော်လည်း အထည်ဒြပ်ထင်မြင်လျက် ရှိခဲ့လျှင် ပရမတ်မြေကို ဉာဏ်မထိ၊ ပညတ်သဏ္ဌာန်တွင် ဉာဏ်စိုက်၍နေ၏။ အထည်ဒြပ် မဟုတ်သော ခက်မာမှု ကြိယာသက်သက်သည်သာ ပရမတ်မြေ၊ အဘိဓမ္မာမြေ အစစ် တည်း၊ လောကမြေ၊ သုတ္တန်မြေနှစ်ပါး၌ အနိစ္စလက္ခဏာရေး အစစ်မဝင်နိုင်၊ ပရမတ် မြေ၌သာ အနိစ္စလက္ခဏာရေးအစစ် ဝင်နိုင်သည်။

အနိစ္စလက္ခဏာရေးအစစ်ဆိုသည်ကား တစ်နာရီအတွင်းမှာပင် အခါများ စွာ ပျက်မှု၊ ချုပ်မှု၊ သေဆုံးမှု၊ ကုန်ခန်းမှုတည်း။ အထည်ဒြပ် ပညတ် သဏ္ဌာန်ကြီး ဖြစ်သော ဆံပင်မည်သည် တစ်နာရီအတွင်းမှာ အခါများစွာ ချုပ်ပျောက် ကုန်ဆုံးမည် ဝေးစွ၊ လူသေ၍မှ ဆံပင်မသေသေး၊ သုသာန်မြေမှာပင် တစ်ထွေးလုံးလုံး နေသေး၏။

ဆံပင်၌ ခက်မာမှုကြိယာတစ်မျိုးသည် ရှိ၏။ ထို ကြိယာသည်သာလျှင် ပရမတ်မြေအစစ်တည်း။ ဆံပင်၌ ထိုမြေဓာတ်အစစ်သည်မူကား တစ်နာရီအတွင်းမှာ ပင် အခါများစွာပျက်၏၊ ချုပ်၏၊ သေ၏၊ ဆုံး၏၊ ကုန်၏၊ ခန်း၏၊ ကွယ်ပျောက်၏။ ပျက်ပုံအား ထင်ရှားစေခြင်းငှာ ဉာဏ်ဖြင့် ဆံပင်ကို ခွဲ၍ကြည့်။ မြေခါတ်စစ် မပျက်ခဲ့ လျှင် ကိုင်း၍ညွတ်၍ မရ။

ပကတိအတိုင်း တောင့်တင်းခိုင်မာ၍ နေလတ္တံ့၊ ကိုင်း၍၊ ညွတ်၍ရခဲ့လျှင် ဆံပင်အတွင်း၌ နဂိုမြေဓာတ်တွေ၊ မြေ့မြေ့ကြေပျောက် ပျက်ဆုံး၍ ကုန်ပြီဟုသိ အပ်၏။ ဉာဏ်စိုက်မိခဲ့စွ။ မြေဓာတ်အသစ်တွေ အဆင့်ဆင့်ပြောင်းလဲ၍လာပြီဟု သိအပ်၏။ ပရမတ်မြေဓာတ် အစစ်မည်သည် ခက်မာမှုကြိယာများကိုသာ ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆံပင်ကို ခွဲရာ၌ ထိုဆံပင်အတွင်းမှာ ကြိယာအပြောင်းအလဲကို မြင်အောင် ကြည့်ရသည်။

ကြိယာပြောင်းလဲမှုဆိုသည်ကား မာမှုကြိယာ အခြေအနေ တစ်မျိုးတစ်မျိုး ပျက်၍ပျက်၍ မာမှုကြိယာအသစ်အသစ် အဆင့်ဆင့်ဖြစ်ပေါ်၍သွားမှုကို ကြိယာ ပြောင်းလဲမှုဆိုသည်။ ကြိယာပြောင်းလဲမှု ထင်မြင်ခဲ့လျှင် ကြိယာဟောင်း ပျက်ဆုံးမှု အဆင့်ဆင့် ဧကန်ရှိ၏။ ပျက်ဆုံးမှုမရှိခဲ့လျှင် ပြောင်းလဲမှုမရှိနိုင်။

ကြိယာဟောင်း ပျက်ဆုံးမှုအဆင့်ဆင့်တို့နှင့် ကြိယာသစ်ဖြစ်ပေါ်မှု အဆင့် ဆင့်တို့၏ အကူးအကူး အကြားအကြားတို့၌ အာကာသဓာတ် အခြားအခြားကိုလည်း ဉာဏ်နှင့်မြင်အောင်ကြည့်၊ အာကာသဓာတ်ကို မြင်တတ်မှ သန္တတိအမျှင် ပြတ်မည်။

> ဤ၌ ကြိယာဟောင်း အဆင့်ဆင့် ကုန်ဆုံးပျောက်ကွယ်မှုကို အနိစ္စလက္ခဏာ အစစ်ဆိုသည်၊ ဤအနိစ္စကိုမြင်နိုင်မှ ဝိပဿနာ ဉာဏ်အစစ်ဖြစ်သည်။ ဓာတ်၏ ပျက်ခြင်း၊ ဓာတ်၏ ချုပ်ခြင်း၊ ဓာတ်၏ သေခြင်း၊ ဓာတ်၏ ဆုံးခြင်း၊ ဓာတ်၏ ကုန်ခန်းခြင်းကို အနိစ္စဆိုသည်။ မရဏအစစ်ပေတည်း။ ဤမရဏအစစ်ကို မြင်မှ ဝိပဿနာဉာဏ်အစစ် ဖြစ်သည်။
>
> *(သောမနဿုပေက္ခာဒီပနီ၆၁/၆၂)*

ဤစာပိုဒ်အားလုံး၏ လိုရင်းအချုပ်မှာ 'ပညတ်ရုပ်တရား၏ မတည်မြဲမှုကို ရှုခြင်းသည် ဝိပဿနာဉာဏ်မဖြစ်၊ ပရမတ်ရုပ်တရား၏ မမြဲမှုကို ရှုမြင်နိုင်မှသာ မဂ်ဖိုလ်ကိုရစေနိုင်သော ဝိပဿနာဖြစ်သည်'ဟုဆိုလိုသည်။ ဤစာပိုဒ်ကို ဉာဏ်နုသူများ သဘောပေါက်စေရန် အကျယ်ချဲ့၍ရှင်းအံ့။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ်တရားလေးပါးသာ တကယ် ရှိသည်။ ထိုလေးခုမှတစ်ပါး ကျန် သက်ရှိ သက်မဲ့ အရာဝတ္ထု(ပညတ်) အားလုံးသည် တရားကိုယ် တရားသားအနေဖြင့် တကယ်မရှိကြောင်း စာအုပ်အစတွင် အနည်းငယ် ရှင်းပြခဲ့ပြီးဖြစ်၏။

မရှိသောပညတ်ကား ရှိသောပရမတ်ထက်ပင် အရေအတွက် ပို၍ များ၏။ မီးခြစ်၊ စားပွဲ၊ ကုလားထိုင် စသောပုံသဏ္ဌာန်ကို အစွဲပြု ခေါ်ဝေါ်သုံးစွဲလျှင် 'သဏ္ဌာန ပညတ်'ဟုခေါ်၏။

ယောက်ျား၊ မိန်းမစသော ပုဂ္ဂိုလ်အမည်ကို အစွဲပြုခေါ်လျှင် 'ပုဂ္ဂလပညတ်' ဟု ခေါ်၏။ မဖြူ၊ မနီစသောအားဖြင့် လူနာမည်ကို အစွဲပြု၍ခေါ်လျှင် 'နာမပညတ်' ဟုခေါ်၏။ လူ၊ နတ်၊ ဗြဟ္မာစသောအားဖြင့် သတ္တလောကကို အစွဲပြုခေါ်လျှင် 'သတ္တပညတ်'ဟု ခေါ်၏။ အိမ်၊ လှည်း၊ ရထား၊ ကား၊ ခန္ဓာကိုယ်စသော အပေါင်း အစုကို အစွဲပြုခေါ်လျှင် 'သမူဟပညတ်'ဟု အမည်ရ၏။

အရှေ့၊ အနောက်၊ တောင်၊ မြောက်စသော အရပ်မျက်နှာကို အစွဲပြု၍

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခြင်းသည် 'ဒိသာပညတ်'မည်၏။ ကိုင်၍၊ ထိ၍မရသော တွင်း၊ လိုဏ်၊ ဂူ စသည်ကို 'အာကာသပညတ်'ဟုခေါ်၏။ နံနက်၊ နေ့လည်၊ ည၊ နာရီ၊ မိနစ်စသော အချိန်အခေါ် အဝေါ်များကို 'ကာလပညတ်'ဟုခေါ်၏။

သမထထိုင်ရင်းဖြစ်ပေါ်လာသော ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့ကို 'နိမိတ္တပညတ်'ဟုခေါ်၏။ မွေးကတည်းက ဖြစ်လာသော ရုပ်နာမ်သည် မသေမခြင်း ပျက်စီးခြင်းမရှိ၊ အသက်(၇၀)၊ (၈၀)တိုင်အောင် တစ်ဆက်တည်း အစဉ်အတန်းကြီးဖြစ်နေသည်ဟု ထင်မှတ်မှုကို 'သန္တတိပညတ်'ဟုခေါ်၏။ ပရမတ် အနိစ္စလက္ခဏာကို မမြင်အောင်ဖုံးသည်မှာ ထိုသန္တတိပင်ဖြစ်၏။

ခန္ဓာကိုယ်ကို အလုံးကြီး၊ အခဲကြီးဟု ထင်မှတ်ပြောဆိုမှုကို 'ဃနပညတ်'ဟု ခေါ်၏။ အနတ္တလက္ခဏာကို မမြင်အောင်ဖုံးသည်မှာ ထို ဃနပညတ်ပင်ဖြစ်၏။ ပုံသေ နည်းအားဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ်လေးပါးထဲ မပါသည့်အရာ မှန်သမျှကို ပညတ်ဟု မှတ်ထားသင့်၏။ ပညတ်ဆိုသည်နှင့် တကယ် မရှိသောတရားဟု တစ်ဆက်တည်း သိထားရမည်။

ထိုပရမတ်လေးပါးတွင် ရုပ်တရားရှိပုံကို ဦးစွာပြအံ့။ ရုပ်ဓာတ် (၂၈)ပါး ရှိရာတွင် အဝိနိဗ္ဘောဂရုပ်(၈)ပါးလောက်ကို သဘောတရားဆိုက်အောင် သိထားလျှင် အနတ္တပေါက်နိုင်ပေသည်။ ထို့ကြောင့် ထို အဝိနိဗ္ဘောဂရုပ် ရှစ်ပါးကိုသာ အဓိကထား ၍ပြအံ့။ အဝိနိဗ္ဘောဂဟူသည် ခွဲခြား၍မရကောင်းဟု အဓိပ္ပါယ်ရှိ၏။ ယခုပြလတ္တံ့သော ရုပ်ဓာတ်(၈)ပါးသည် တစ်ခုရှိလျှင် ကျန်(၇)ခုရှိသည်။

ထိုရုပ်ဓါတ်(၈)ခုကို တစ်ခုချင်းခွဲထား၍ မရဟုဆိုလိုပေသည်။ ထိုရုပ်ဓာတ် (၈)ပါးမှာ-

| | | |
|---|---|---|
| ၁။ ပထဝီဓာတ် | = | မာသောသဘော၊ ပျော့သောသဘော |
| ၂။ အာပေါဓာတ် | = | ဖွဲ့စည်းသဘော၊ ယိုစီးသဘော |
| ၃။ တေဇောဓာတ် | = | ပူသဘော၊ အေးသဘော ရင့်ကျက်သဘော |
| ၄။ ဝါယောဓာတ် | = | ထောက်ကန်သဘော၊ လှုပ်ရှားသဘော |
| ၅။ ဝဏ္ဏဓာတ် | = | အဆင်းရုပ်၊ မြင်ရသောသဘော |
| ၆။ ဂန္ဓဓာတ် | = | အနံ့ရုပ်၊ နံသောသဘော |
| ၇။ ရသဓာတ် | = | အရသာရုပ်၊ လျှာပေါ်တင်လိုက်လျှင် ပေါ်လာသော အရသာသဘော |
| ၈။ ဩဇာဓာတ် | = | အဆီ၊ အနှစ်၊ အစေး ရုပ်ဟောင်းများ ချုပ်ပျောက် |

ရာနေရာ၌ ရုပ်အသစ် အသစ်ကို ဆက်လက်ဖြစ်စေ နိုင်သောသဘောတို့ဖြစ်၏။

## ဆံပင်မရှိပုံ၊ ရုပ်ဓာတ်(၈)ပါးသာရှိပုံ

လယ်တီဆရာတော်ကြီးပြခဲ့သော ဆံပင်ကိုပင်သက်သေထား၍ ရုပ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



ရုစ်ပါးဟူသော ပရမတ်တရား ဟာကယ်ရှိပုံ၊ ဆံပင်ဟူသောပညတ် တကယ်မရှိပုံကို အကျယ်ရှင်းအံ့။ ဆံပင်ကို ကိုင်ကြည့်လိုက်လျှင် မာသောသဘောလေးကို တွေ့ရ၏။ ထို မာသောသဘောလေးသည် ပရမတ် ပထဝီဓာတ်ပင်ဖြစ်၏။

ထို့ကြောင့် ဆံပင်ဟူသည် တကယ်မရှိသော ပညတ်၊ မာသောသဘောလေး သည် တကယ်ရှိသော ရုပ်ဓာတ်ပရမတ်ဖြစ်၏။ ထို့ကြောင့် ပရမတ်ပထဝီဓာတ် ရုပ် တရားသည် အလုံး၊ အတုံး၊ အရည်၊ အခဲ၊ အဖတ်၊ အမှုန်အမွှား၊ လေးထောင့်၊ သုံးမြှောင့်၊ အဝိုင်း၊ အလျား၊ အလေး၊ အပေါ့ဟူ၍ ဘာမျှမရှိ၊ မာနေသောသဘော တရားမျှသာရှိသည်။

ထိုဆံပင်၌ အာပေါဓာတ်ရှိပုံကို ပြအံ့။ ရေ၌ရှိသော အာပေါဓာတ်သည် ယိုစီးခြင်းသဘော ထင်ရှား၏။ ဆံပင်၌ရှိသော အာပေါဓာတ်ကား ဖွဲ့စည်းခြင်း သဘော ထင်ရှား၏။ ဆံပင်တစ်ချောင်း ဖြစ်လာရန်အတွက် အာပေါဓာတ်သည် တစ်ဆင့်ပြီး တစ်ဆင့် ဖွဲ့စည်းခဲ့ရ၏။ လောက၌ အသေးဆုံးမြူမှုန်သည် ပရမာဏု မြူဖြစ်၏။ သေး လွန်းအားကြီးသဖြင့် တန်ခိုးကြီး နတ်ပြဟ္မာများပင် မမြင်ကြရ။ သိပ္ပံပညာက တီထွင် ထားသည့် အဆကုဋေပေါင်းများစွာ ချဲ့ထားသော မှန်ဘီလူးဖြင့် လည်း မမြင်ရပေ။

ပရမာဏုမြူသည် တကယ်ရှိ၏။ သေးလွန်း၊ အနုစိတ်လွန်းအားကြီးသော ကြောင့်သာ မမြင်ကြရခြင်းဖြစ်၏။ မည်သူမျှ မမြင်နိုင်သောအရာကို ရှိမှန်းသိအောင် မည်သို့ သက်သေပြမည်နည်း။ ထို ပရမာဏုမြူ(၃၆)လုံးကို ပေါင်းလိုက်လျှင် အဏုမြူ တစ်လုံးဖြစ်လာ၏။ အဏုမြူအဆင့်ဆိုလျှင် တန်ခိုးကြီးနတ်ပြဟ္မာများ အဆကုဋေ ပေါင်းများစွာချဲ့ထားသော မှန်ဘီလူးတို့ဖြင့် မြင်နိုင်ပေပြီ။ ထို အဏုမြူ (၃၆)လုံး ပေါင်းလိုက်လျှင် တဇ္ဇာရီမြူတစ်လုံး ဖြစ်လာ၏။

တဇ္ဇာရီမြူကို မျက်စိအားကောင်းသော လူငယ်၊ လူရွယ်များသာ မြင်နိုင်၏။ သက်ကြီးရွယ်အိုများ မမြင်နိုင်ပေ။ နေသာသော နေ့ခင်းဘက်တွင် အခန်းကို မှောင် သွားအောင် တံခါးအလုံပိတ်ရမည်။ ထိုအခါမျိုးတွင် ထရံပေါက်မှ တိုးဝင်နေသော နေပြောက် တစ်ခုတစ်လေကို တွေ့ရမည်။ ထို နေပြောက် အတန်းထဲတွင် မြင်ရသော အမှုံအမွှားများကို တဇ္ဇာရီမြူဟုခေါ်၏။

ထို တဇ္ဇာရီမြူပေါင်း(၃၆)လုံးပေါင်းလိုက်လျှင် ရထမြူတစ်လုံး ဖြစ်လာ၏။ ကား၊ ရထားများ ဖြတ်မောင်းသောအခါ ထလာသောမြူမှုန်များကို ရထမြူဟု ခေါ်၏။ ထို ရထမြူပေါင်း(၃၆)လုံး ပေါင်းလိုက်လျှင် သန်းဦးခေါင်း ပမာဏလောက်ရှိသော လိက္ခမြူတစ်လုံး ဖြစ်လာ၏။ လိက္ခဟူသည် ခန္ဓာကိုယ်ထဲတွင် အမြဲရှိနေသော ပိုးတစ် မျိုးပင်ဖြစ်၏။

ထို လိက္ခမြူပေါင်းများစွာကို အာပေါဓာတ်က ဖွဲ့စည်းပေးလိုက်သောအခါ ဆံပင်ဟု နာမည်တပ်ထား သော ပုံသဏ္ဌာန်တစ်ခု ပေါ်လာခြင်းဖြစ်၏။ ဤ နမူနာကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အသွေး၊ အသား၊ အရိုး အစရှိသော ခန္ဓာကိုယ် အစိတ်အပိုင်း ပုံသဏ္ဌာန်အားလုံးဖြစ်ပေါ်လာအောင် အာပေါဓာတ်က ဖွဲ့စည်းပေးပုံကို နည်းမှီ၍သိပါ။

ပြခဲ့သော ပရမာဏုမြူ၊ အနုမြူ၊ တဇ္ဇာရီမြူ၊ ရထမြူ၊ လိက္ခမြူတို့သည် ပုံသဏ္ဌာန် အထည်ဒြပ်ရှိသော ပညတ်များသာဖြစ်၏။ ပုံသဏ္ဌာန် အထည်ဒြပ်ရှိသော ပရမာဏုမြူကိုပင် မည်သူမှမမြင်နိုင်ကြရာ ပုံသဏ္ဌာန် အထည်ဒြပ်မရှိဘဲ သဘောတရားမျှသာရှိသော ရုပ်ဓာတ်(၈)ပါး ပရမတ်တရားကိုကား ဝိပဿနာဉာဏ်မျက်စေ့ကိုထား၍ အဘယ်သို့သောနည်းနှင့်မျှ မြင်နိုင်စရာလမ်းမရှိတော့ပေ။

ထို ဆံပင်တစ်ချောင်းထဲမှာပင် ရုပ်ဓာတ်(၈)ပါး ကလာပ်စည်းပေါင်း ကုဋေများစွာရှိ၏။ ထိုရုပ်ဓာတ် (၈)ပါး ကလာပ်စည်းပေါင်းများစွာ စုပေါင်းနေနိုင်အောင် အာပေါဓာတ်က ဖွဲ့စည်းပေးထားခြင်းဖြစ်၏။ အာပေါဓာတ်သည်လည်း ပထဝီဓာတ်ကဲ့သို့ အလုံး၊ အတုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှား၊ လေးထောင့်၊ သုံးမြှောင့်၊ အဝိုင်း၊ အလျား၊ အလေး၊ အပေါ့၊ အကြီး၊ အသေးစသည်ဖြင့် ဝတ္ထု အထည်ဒြပ် အနေဖြင့်မရှိဘဲ ဖွဲ့စည်းခြင်းသဘောတရားအနေနှင့်သာ ရှိနေကြောင်း ဉာဏ်ထဲမှာ ရှင်းလင်းနေရမည်။

ထို ဆံပင်ထဲတွင် တေဇောဓာတ်လည်းပါ၏။ ပရိပါစနကာရော၊ တေဇောဓာတုဟူသောအဖွင့်အရ ရင့်ကျက်ခြင်းသဘောကို တေဇောဓာတ်ဟုခေါ်၏။ အပူအအေးသည် ရက်ကျက်ခြင်းကို ဖြစ်စေတတ်သော အကြောင်းတရားဖြစ်၏။ တေဇောဓာတ်မဟုတ်၊ ရင့်ကျက်ခြင်းသဘောသည် အပူအအေးနှင့်ကင်း၍ မဖြစ်နိုင်။ ထို့ကြောင့် မှတ်ရန်လွယ်ကူသော အပူ၊ အအေးကိုသာ တေဇောဓာတ်ဟု သုံးနှုန်းထားခြင်းဖြစ်၏။ တေဇောဓာတ်က ရင့်ကျက်စေသည်ဟူရာ၌ အိုအောင်လည်း ရင့်ကျက်၏။ နာအောင်လည်း ရင့်ကျက်၏။ သေအောင်လည်း ရင့်ကျက်၏။ ထို့ကြောင့် သေမင်းဟူသည် အခြားမဟုတ်၊ တေဇောဓာတ်ပင်ဖြစ်၏။

ဇရာနှင့် ဗျာဓိက အိုအောင်၊ နာအောင်နှိပ်စက်ရာ၌ အဘိုးကြီး၊ အဘွားကြီးအရွယ်ရောက်မှ နှိပ်စက်သည်မဟုတ်၊ ပဋိသန္ဓေတည်သည်မှစ၍ သေချိန်အထိ မရပ်မနားတရစပ် နှိပ်စက်သွားခြင်းဖြစ်၏။ ထို့ကြောင့် မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်၌-

'မိုးဖျားထိနီး၊ ကျောက်တိပြီးသား
တောင်ကြီးကြိတ်ကြိတ်၊ လေးလုံးပိတ်၍
ခြေကြိတ်ညက်စွာ၊ လေးမျက်နှာက
လွတ်ရာမရှိ၊ လာတုံဘိသို့
ဇာတိဇရာ၊ ဗျာဒိမရဏာ
မမွှတရား၊ ဤလေးပါးတို့

www.burmeseclassic.com

www.burmeseclassic.com



ထွားထွားကြိတ်ခြေ၊ ညက်ညက်ကြေအောင်
မြဲနေနိစ္စ၊ နှိပ်စက်စွတည်း'

ဟု ရေးစပ်တော်မူခဲ့ခြင်းဖြစ်၏။ ဤလင်္ကာသည်၊ သံယုတ်ပါဠိတော်၊ ကောသလ သံယုတ်၊ ပဗ္ဗတူပမသုတ်ကို မှီ၍စပ်ဆိုထားခြင်းဖြစ်၏။ လင်္ကာ၏ရသကို ပြည့်ဝစွာ ခံစားနိုင်ရန် ထိုသုတ်အကျဉ်းချုပ်ကို ပြအံ့။

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် နေမွန်းတည့်ချိန်တွင် ရောက်လာသော ကောသလမင်းကြီးအား 'ဘယ်ကလာသနည်း' ဟုမေးရာ ကောသလမင်းကြီးက အောက်ပါအတိုင်း လျှောက်ကြား၏။

'အရှင်ဘုရား၊ ကျယ်ဝန်းသောမြေပြင်ကို အုပ်စိုးနေရသော မင်းတို့အား မင်းမှုရေးရာကိစ္စများ ရှိပါသည်၊ တပည့်တော်သည် ယခုအခါ ထိုကိစ္စများ၌ ကြောင့်ကြ၍ နေရပါသည်'

'မင်းကြီး- ယုံကြည်စိတ်ချရသော မင်းချင်းတစ်ယောက်သည် အရှေ့အရပ်မှ ပြန်လာပြီး၊ အရှေ့အရပ်မှ မိုးဖျားထိနီး ကြီးမားသော ကျောက်တောင်ကြီး တစ်လုံးသည် သတ္တဝါအားလုံးကို သေကြေပျက်စီးစေလျက် လိမ့်လာနေသည်ကို မိမိမြင်ခဲ့ရ ကြောင်း ပြောကြားရာ၏။ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်တို့မှ လာသော မင်းချင်းယောကျ်ားတို့ကလည်း ထို့အတူပင် ပြောကြားကြရာ၏'

'မင်းကြီး၊ ရခဲသော လူ့အဖြစ်၌ ဤသို့ လူအပေါင်းကို ပျက်စီး ‌စေမည့် ဘေးကြီးပေါ်လာခဲ့သော် သင်-အဘယ်သို့ ပြုလုပ်မည်နည်း'

'အရှင်ဘုရား၊ ရခဲသောလူ့အဖြစ်၌ ဤကဲ့သို့ လူအပေါင်းကို ပျက်စီးစေမည့် ဘေးကြီးဖြစ်ပေါ်လာခဲ့သော် တရားသဖြင့်ကျင့်ခြင်း၊ မျှတစွာကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းမှတစ်ပါး အခြားပြုဖွယ်ကိစ္စ ရှိတော့မည်မဟုတ်ပါ'

'မင်းကြီး- စင်စစ် အိုခြင်းသေခြင်းသည် သင့်ကို လွှမ်းမိုး၍နေ၏။ ဤသို့ အိုခြင်း, သေခြင်း လွှမ်းမိုးနေစဉ် သင်သည် အဘယ်ကိစ္စကို ပြုသင့်သနည်း'

'အရှင်ဘုရား အိုခြင်းသေခြင်းလွှမ်းမိုးနေစဉ် တရားသဖြင့်ကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းမှတစ်ပါး အခြားပြုသင့်သောကိစ္စ မရှိပါ'

'အရှင်ဘုရား၊ ကျယ်ပြန့်သောမြေပြင်ကို အစိုးရသောမင်းတို့အား ဆင်၊ မြင်း ရထား၊ ခြေလျင်စစ်သားတို့ဖြင့် စစ်ထိုးနိုင်ခြင်းသည် ရှိပါ၏၊ အိုခြင်း၊ သေခြင်း လွှမ်း မိုးနေစဉ် ထိုသို့စစ်ထိုးခြင်း၏ အလားအလာသည် မရှိပါ၊ အရှင်ဘုရား၊ မင်းမျိုး၌ ရန်သူတို့ကို နည်းဗျူဟာအမျိုးမျိုးဖြင့် ပြိုကွဲစေနိုင်သော မင်းတိုင်ပင်အမတ်များ ရှိ ပါသည်၊ အိုခြင်း၊ သေခြင်းလွှမ်းမိုးနေစဉ် ထိုသို့နည်းဗျူဟာဖြင့် စစ်ထိုးခြင်း၏ အလား အလာသည်လည်း မရှိပါ'

'အရှင်ဘုရား၊ မင်းမျိုးတို့၌ ရန်သူတို့ကို ဖြားယောင်းသွေးဆောင်ရန် ရွှေငွေ ဥစ္စာ မြောက်မြားစွာရှိပါသည်၊ အိုခြင်းသေခြင်း လွှမ်းမိုးနေစဉ် ထိုသို့ ပစ္စည်းဥစ္စာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စစ်ထိုးခြင်း၏ အလားအလာသည်လည်း မရှိပါ'

'မင်းကြီး၊ မှန်ပေ၏၊ အိုခြင်း သေခြင်းလွှမ်းမိုးနေစဉ် တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းမှတစ်ပါး အခြားပြုသင့်သောကိစ္စမရှိပေ'

ဗုဒ္ဓသည် ကောသလမင်းကြီးအား ယင်းသို့မိန့်ကြားပြီး အောက်ပါဂါထာ တို့ကို မြွက်ဆိုတော်မူ၏။

'ကြီးမားသော ကျောက်တောင်တို့သည် မိုးကောင်းကင်ပြင်ကိုထိ၍ အရပ် လေးမျက်နှာမှ သတ္တဝါတို့ကို ကြိတ်ခြေလျက် လိမ့်လာကုန်သကဲ့သို့ ထို့အတူ အိုခြင်း သေခြင်းတို့သည် မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသား၊ ဒွန်းစဏ္ဍား၊ အမှိုက်လှဲသမား စသော သတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက်၍ နေကုန်၏၊ မည်သူ့ကိုမှမရှောင်ပဲ အားလုံးကို ဖိနှိပ်ညှဉ်းဆဲနေ၏'

'ထိုအရာ၌ ဆင်၊ မြင်း၊ ရထား၊ ခြေလျင်စစ်သားတို့၏ တည်ရာသည် မရှိ၊ နည်းဗျူဟာ ပစ္စည်းဥစ္စာတို့ဖြင့် တိုက်ခိုက်၍လည်း အနိုင်မရနိုင်ချေ၊ ထို့ကြောင့် မိမိ၏အကျိုးကို မြော်မြင်သောပညာရှိသည် ဘုရား၊တရား၌ ယုံကြည်မှုကို တည်စေရာ ၏၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးဖြင့် တရားကျင့်သူကို ဤဘဝ၌လည်း ချီးမွမ်းကြ၏၊ တမလွန်ဘဝ၌လည်း နတ်ပြည်၌ ပျော်စံရ၏'

ဤဒေသနာကိုထောက်၍ သတ္တဝါတို့ကို ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့သည် နိဗ္ဗာန်မရမခြင်း၊ မရပ်မနား တရစပ် နှိပ်စက်နေခြင်းဖြစ်ကြောင်း သိနိုင်၏။

## တန်ဖိုးလျော့လာသော လက်ဆောင်များ

ဇရာနှင့်ပတ်သက်၍ မမွှသံဝေဂရဖွယ်ကောင်းသော ဇာတ်တော်တစ်ခုကို မှတ်သားဖူး၏။ ဇာတ်လမ်းအကျဉ်းချုပ်ကား တိုင်းပြည်တစ်ပြည်တွင် ချစ်ခင်စွာ ပေါင်းသင်းနေထိုင်ကြသော မင်းသားလေးနှင့် မင်းသမီးလေးတစ်ပါးရှိ၏။ ငယ်ရွယ် နုပျိုစဉ်အချိန်မှာပင် မင်းသားလေးသည် ရောဂါတစ်ခုဖြင့် ရုတ်တရက် ကွယ်လွန် သွား ၏။ မင်းသမီးလေးသည် မင်းသားလေးကို ပူဆွေးတမ်းတ,မဆုံး ဖြစ်နေရှာ၏။

တစ်နေ့တွင် အလွန်ချောမောလှပသော မင်းသားလေးတစ်ပါးသည် ရွှေလင် ပန်းကြီးတစ်ချပ်ကို လက်ဆောင်ပေးပြီး မင်းသမီးလေးကို ချစ်ရေးဆိုလာ၏။ မင်း သမီးလေးက လက်မခံဘဲငြင်းဆန်လိုက်သဖြင့် ပြန်သွား၏။ သို့သော် စိတ်မပျက်ဘဲ နောက်ရက်တွင် ငွေလင်ပန်းတစ်ချပ်ကို လက်ဆောင်ပေးပြီး ချစ်ရေးဆိုပြန်၏။ မင်း သမီးလေးကလည်း ငြင်းလိုက်ပြန်၏။

မင်းသားလေးက ဇွဲမလျှော့။ နောက်ရက်တွင် ဆက်လာပြီး ကြေးလင်ပန်း တစ်ချပ်ကို လက်ဆောင်ပေးကာ ချစ်ရေးဆိုပြန်၏။ လို တတိယအကြိမ်တွင်ကား မင်းသမီးလေးသည် ချစ်ရေးဆိုလာသောမင်းသားလေးကို ဒေါသဖြင့် ရန်စကားပြော

www.burmeseclassic.com

www.burmeseclassic.com



၏။ ရွှေလင်ပန်းဖြင့်ပင် ချစ်ရေးဆို၍မရသော မိန်းကလေးကို ပို၍ တန်ဖိုးလျော့သော ငွေလင်ပန်း၊ ကြေးလင်ပန်းဖြင့်ဆိုလျှင် ပို၍မရရန်သာရှိ၏။ အသိဉာဏ်ရှိသူသာ ဆိုလျှင် ရွှေလင်ပန်းဖြင့် ချစ်ရေးဆိုမရလျှင် ထိုထက်တန်ဖိုးရှိသော လင်ပန်းဖြင့်သာ ချစ်ရေးဆိုသင့်သည်။ ထို့ကြောင့် မင်းသားသည် အသိဉာဏ်မရှိသူသာဖြစ်ကြောင်း ပြောဆိုသည်။

ထိုအခါ မင်းသားက သူသည် အသိဉာဏ်ရှိသူတစ်ယောက် ဖြစ်သောကြောင့်သာ လက်ဆောင်ပစ္စည်းကို တဖြည်းဖြည်း တန်ဖိုးလျော့လျော့ယူလာခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မင်းသမီးသည် မွေးစမှစ၍ ဇရာ၏ အမြဲမပြတ် နှိပ်စက်နေမှုကြောင့် နေ့စဉ် အိုနေရ၏။ 'တစ်ရက်ပြီးတစ်ရက် ပိုပိုအိုလာခြင်းဖြစ်သောကြောင့် လက်ဆောင်ပစ္စည်းကိုလည်း တန်ဖိုးလျော့လျော့ပေးခြင်းဖြစ်သည်'ဟု ရှင်းပြမှ မင်းသမီးလေးသည် တရားသဘောကို နားလည်သွား၏။ ထိုအခါကျမှ မင်းသားအသွင်ပျောက်ပြီး နတ်သားအသွင် ရောက်လာ၏။ မင်းသားလေးသည် နတ်သားဖြစ်သွားပြီး မင်းသမီးလေးကို မေ့မေ့လျော့လျော့မနေရန် ပရိယာယ်ဖြင့် လာရောက်သတိပေးခြင်းဖြစ်၏။

အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့က မဦးမီ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်တရားများ ပြုလုပ်ရန် ဩဝါဒပေးပြီး မင်းသားနတ်သားလေးသည် နတ်ပြည်သို့ ပြန်သွား၏။ (ဥဒယဘဒ္ဒဇာတ်)

ဤဇာတ်တော်ကိုထောက်ထား၍ အိုခြင်းတရားသည် အသက်ကြီးလာမှ နှိပ်စက်သည်မဟုတ်။ သေသည့်နေရာရောက်အောင် အမြဲမပြတ် နှိပ်စက်နေခြင်းဖြစ်ကြောင်း ထင်ရှား၏။ ထိုသို့ အိုခြင်းသည် တေဇောဓာတ် လောင်ခြင်းပင်ဖြစ်၏။ အိုလွန်းအားကြီးသောအခါ နာ၏၊ နာလွန်းအားကြီးသောအခါ သေရ၏။ သေခြင်းဆင်းရဲသည် လောက၌ အကြီးဆုံးဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓက-'မရဏာတော ဥတ္တရိ ဒုက္ခံနာမ နတ္ထိ' သေခြင်းထက် ပိုလွန်သောဆင်းရဲမည်သည် မရှိဟု ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။ တချို့ ညည်းညူအော်ဟစ်ပြီး သေရသည်၊ တချို့ မည်းညစ်နေသော ငယ်ချေးများပါပြီး သေရသည်။ သေသွားသူမှန်သမျှ သေခြင်းဆင်းရဲကို ပြန်မပြောနိုင်ကြတော့ပေ။ ထို့ကြောင့် သေခြင်းဆင်းရဲကို သေသေချာချာ မသိနိုင်ကြခြင်းဖြစ်၏။

ယခုလိုသိရခြင်းသည်ပင်လျှင် ဗုဒ္ဓဘုရားရှင်၏ ကျေးဇူးတော်ကြောင့်ဖြစ်၏။ တေဇောဓာတ်သည် မရဏဓာတ်မီးခေါ် သေမင်းနှင့်တူပုံကို လယ်တီဆရာတော်ဘုရားက ယခုလို ရေးသားထား၏။

## တေဇောဓာတ်မီးကြောင့် ရုပ်တွေပျက်ပုံ

လေးပါးသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်သမျှသော မာမှု၊ ဖွဲ့စည်းမှု

www.burmeseclassic.com

www.burmeseclassic.com



စသော ပရမတ်ဓာတ်မြေ၊ ဓာတ်ရေစသည်တို့သည် အတူတကွဖြစ်ပေါ်သော ဓာတ်မီး ၏အဟုန်ကြောင့် ခဏချင်း, ခဏချင်း ပျက်ဆုံးကွယ်ပျောက်ရသည် ဟူသောစကား၌-

လောက၌ မီးတို့မည်သည် အကြင်ဝတ္ထုကို မှီတွယ်၍ဖြစ်ပွား၏။ ထိုဝတ္ထုကို လောင်မြိုက်မှုတာဖြစ်သည်နှင့်အညီ ထိုပရမတ်ဓာတ်မီးသည်လည်း မိမိနှင့်အတူ ဖြစ်ပေါ်သော မာမှု၊ ဖွဲ့စည်းမှု၊ တင်းရင်းမှုဟူသော ဓာတ်ကြီးသုံးပါးနှင့်တကွ၊ အကြည်ဓာတ်၊ (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ)တို့ကိုလည်း ခဏချင်းခဏချင်း ကုန်ဆုံး အောင် လောင်သည်သာဖြစ်သည်။

## မီးကြောင့်ပျက်ပုံ ဥပမာ

အမှိုက်မှဖြစ်သောမီးသည် ထိုအမှိုက်ကို ခဏချင်းကုန်အောင် စား၏။ ဆီမှ ထသောမီးသည် ထိုဆီကိုစား၏။ ရေနံမှထသောမီးသည် ထိုရေနံကိုစား၏။ ထိုထို အဆီမှထသော မီးသည် ထိုထိုအဆီကို ခဏချင်း ကုန်အောင်စား၏။ ထို့အတူ သတ္တဝါ တို့၏ကိုယ်၌ ကိုယ်နှင့်အပြည့် တရှိန်ရှိန် မပြတ်မစဲထ၍နေသော ဓာတ်မီးသည်လည်း အတူတကွဖြစ်ပေါ်သော ဓာတ်တို့ကို ခဏချင်းခဏချင်း ကုန်အောင်စားသည်သာ လျှင်ဖြစ်၏။ အထူးအားဖြင့် ဓာတ်ဆီဟူသမျှကို ခဏချင်း ကုန်အောင်စား၏။

## အပျက်မြင်မှ အသစ်ဖြစ်မှုကို မြင်နိုင်ခြင်း

ထို့ကြောင့် ဖြစ်ပေါ်သမျှသော ခပ်သိမ်းသော ပရမတ်၊ မြေ၊ ရေစသော ဓာတ် တို့သည် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သည် မရှိကြကုန်၊ မျက်တောင်တစ်ခတ်အတွင်းမှာပင် အကြိမ်တစ်ရာ,တစ်ထောင်မက တစ် ကိုယ်လုံး အကျွတ်ကွယ်ဆုံး၏။ ထိုသို့ ကွယ်ဆုံးသော်လည်း အသစ်အသစ် အစားစေ့ အောင် ထူထောင်ဖန်ဆင်းကြသော အကြောင်းတရားစု အလွန်များပြားလှ၍ ငယ် ရွယ်စဉ်အခါ၌ ခဏတိုင်းခဏတိုင်း တိုးတက်ကြီးပွား၍ပင် လာနိုင်ပြန်သတည်း။

မိမိကိုယ် တစ်ကိုယ်လုံး ခဏမစဲ ကျေပျက်ကုန်ဆုံးမှုကိုလည်း မြင်အောင် ကြည့်၊ ကွယ်ဆုံးကျေပျက်မှုကို စိပ်စိပ်မြင်လျှင် တစ်ကိုယ်လုံးနှင့် အပြည့်အပြည့် အသစ်အသစ် ဆက်လက်ဖြစ်ပေါ်မှုဟူသော ဇာတိအချက်တို့ကိုလည်း စိပ်စိပ်ကြီး မြင်လိမ့်မည်။

## ဆီမီးတောက်လောင်ပုံ ဥပမာ

ရေနံဆီတစ်ပိဿာ၌ တောက်သောမီးသည် ထိုရေနံဆီကို အတွင်းကုန် အောင် စား၏။ ရေနံဆီကို မလျော့ရအောင် လောင်းသောသူက လောင်းနိုင်သမျှ ကာလ ပတ်လုံး ရေနံဆီလည်း လျော့သည်မထင်ရ၊ မီးလည်း လျော့သည်မထင်ရ;

www.burmeseclassic.com

www.burmeseclassic.com



မထင်ရ သော်လည်း နှစ်ပါးစလုံးပင် ခဏစဉ်အတိုင်း ကုန်ကြ၊ ဆုံးကြသည်သာဖြစ်၏။ အကယ်၍ မကုန်မဆုံးကြသည်ဖြစ်ခဲ့အံ့။ ရေနံဆီအသစ် လောင်းဖွယ်ကိစ္စ မရှိရာပြီ။ တစ်ညလုံးမှာ အခါခါလောင်းရသည့်အတွက် အချိန်အခွက်ငါးဆယ်ကုန် လျှင် မီးစာ၍ အခွက်ငါးဆယ်ကုန်ကြောင်း ထင်ရှား၏။ စေ့စေ့ကြည့်၍နေလျှင်လည်း သူ့ဆီ နှင့်သူ့မီး ခဏချင်းခဏချင်း ကုန်ဆုံး၍သွားသည်ကို မြင်ရပါ၏။ ဆီရော၊ မီးတောက်ရော လျော့ပါး၍လျော့ပါး၍သွားသည်ကိုလည်း မြင်သာပါ၏။ တစ်ညထွန်း လျှင် ရေနံဆီအချိန်များစွာ ကုန်သည်ဟုလည်း သိကြပါ၏။

## အသက်မွေးမှုအလုပ်ကြီး ပေါ်ပေါက်လာရပုံ

ထို့အတူ တစ်ကြိမ်စားသောအစာ၊ အာဟာရအတွက် အချိန်နာရီ အတိုင်းအတာတစ်ခုအထိသာ ဤကိုယ်ခန္ဓာသည် ကြံ့ ကြံ့ခိုင်ခိုင်၊ ပြည့်ပြည့်ဖြိုးဖြိုး နေနိုင်သည်။ အစာအာဟာရ လျော့ ပါး ၍သွားလျှင် ဤခန္ဓာလျော့ပါး၍သွားသည်။ အစာအဟာရ ပြတ် ၍သွားလျှင် ဤခန္ဓာ မတည်နိုင်ပြီ။ ဤကိုယ်ခန္ဓာတို့၏ ပျက်ဆုံးမှု မြန်လှ၊ အားကြီးလှသည့်အတွက်ကြောင့် ကိုယ်ခန္ဓာ အသစ်အသစ် အလျဉ်ဆက်လက်မှု မြန်လှ၊ အားကြီးလှ၏။

ကိုယ်ခန္ဓာ အသစ်အသစ် အလျဉ်ဆက်လက်ထူထောင်မှု မြန်လှ၊ အားကြီးလှသည့် အတွက်ကြောင့် လောက၌ အသက်မွေးမှု ဟူသောအလုပ်ကြီးသည် အကြီးကျယ်ဆုံး၊ အကျပ်တည်းဆုံး၊ မလွှဲ သာဆုံး၊ မနေသာဆုံးဖြစ်လေသတည်း။ ဇမ္ဗူဒီပါမြေပြင်၌ (၁)နှစ် (၁)နှစ်တွင် ဖြစ်ပွားသော စပါးမျိုး၊ ပြောင်း၊ ပဲ၊ လူး၊ ဆတ် အစ ရှိသော အာဟာရမျိုးသည် မည်မျှမည်မျှ များပြားလိမ့်မည်၊ တစ်နှစ် အဘို့ တစ်လအဘို့၊ တစ်ရက်အဘို့ စားသောက်၍ မည်မျှကုန်လိမ့် မည်ဟု မြော်လိုက်လျှင် ခန္ဓာသစ် ဆက်လက်တည် ထောင်မှု၊ အသက်သစ် ဆက်လက်တည်ထောင်မှု ကြီးကျယ်ပုံကို မြင်လိမ့်မည်။

နေ့စဉ်နေ့တိုင်း အသစ်အသစ်၊ ခန္ဓာသစ်အလျဉ် ဆက် လက်မှု၊ အသက်မွေးမှု ကြီးကျယ်ကျပ်တည်း၍ နေကြပုံကို မြင်နိုင် လျှင် ဤခန္ဓာ၊ ဤအသက်စု ပျက်မှု၊ ဆုံးမှု၊ ပျောက်ကွယ်မှု၏ မြန် ကြောင်း၊ အားကြီးကြောင်းကိုလည်း မြင်လိမ့်မည်။ *(လယ်တီဒီပနီပေါင်းချုပ် ဒုတိယတွဲ၊ ဝိဇ္ဇာမဂ္ဂဒီပနီ စာ ၃၃၈)*

ဤကား တေဇောဓာတ်မီး၏ နှိပ်စက်ပုံဖြစ်၏။ ခေါင်းမှာ ပေါက်နေသော ဆံပင်သည်ပင် နှစ်ကြာလာသည်နှင့်အမျှ မည်းရာမှ ဖြူလာ၏။ ထို့နောက် ဆွေးမြေ့

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြုတ်ကျကုန်ကြ၏။ ထိုသို့ ဆံပင်သည် မည်းရာမှ ဖြူသွားခြင်း၊ ထို့နောက် ဆွေးမြေ့ပြီး ပြုတ်ကျသွားခြင်းသည် တေဇောဓာတ်၏ လောင်ကျွမ်းမှုကြောင့် ရင့်ကျက်သွား ခြင်းပင်ဖြစ်၏။ ပကတိမျက်စေ့ဖြင့်မြင်ရသော ပညတ်ဖြစ်သည့် ဆံပင်၏ ပျက်စီးသွား ခြင်းကို တွေ့ရသောအားဖြင့် ပကတိမျက်စေ့ဖြင့် မမြင်ရဘဲ ဉာဏ်မျက်စေ့ဖြင့်သာ မြင်ရသော ပရမတ်ဖြစ်သည့် တေဇောဓာတ်၏ သဘောအား ဖြင့်ရှိနေပုံကို သိနိုင်ပေ၏။

ထိုဆံပင်၌ ဝါယောဓာတ်ရှိပုံကို ပြအံ့။ ဝါယောဓာတ်သည် လှုပ်ရှားခြင်း သဘော၊ ထောက်ကန်ခြင်းသဘော ရှိ၏။ ထိုဆံပင်သည် ပေါက်ကာစက အတို လေးဖြစ်၏။ ထို အတိုလေးမှ တဖြည်းဖြည်းခြင်း ရှည်ထွက်လာခြင်းသည် ဝါယော ဓာတ်၏ ထောက်ကန်မှုကြောင့်ပင်ဖြစ်၏။ အသက်ရှိစဉ်တွင်ဖြစ်သော ဝါယောဓာတ် သည် စိတ်ကြောင့်ဖြစ်၏။ ထို့ကြောင့် စိတ္တဇဝါယောဓာတ်ဟုခေါ်၏။

ပျံလွန်တော်မူသွားသော ဆရာတော်အချို့၏ ရုပ်အလောင်းများကို မှန် ခေါင်းသွင်းထားရာ၌ ဆံပင်များ၊ လက်သည်းခြေသည်းများ ရှည်ထွက်လာခြင်းသည် အထူးအဆန်းမဟုတ်၊ ဥတုဇဝါယောဓာတ်ကြောင့်ဖြစ်၏။ ဥတုကြောင့်ဖြစ်သော ဝါယောဓာတ်ဟုဆိုလို၏။ သစ်ပင်ခြုံနွယ်များ ကြီးထွားလာခြင်းသည်လည်း ဥတုဇ ဝါယောဓာတ်ကြောင့်ပင်ဖြစ်၏။

## ဝါယောဓာတ် (၆)မျိုး၏အဓိပ္ပာယ်

ထိုဝါယောဓာတ်သည်-

| | | |
|---|---|---|
| ဥဒ္ဓင်္ဂမဝါတ | = | အထက်သို့ဆန်တက်သောလေ။ |
| အဓောဂမဝါတ | = | အောက်သို့စုန်သောလေ။ |
| ကုစ္ဆိသယဝါတ | = | ဝမ်းဗိုက်အတွင်းရှိသောလေ။ |
| ကောဋ္ဌာသယဝါတ | = | အူအတွင်း၌ ရှိသောလေ။ |
| အင်္ဂမင်္ဂါနုသာရီဝါတ | = | အင်္ဂါကြီးငယ်သို့လျှောက်သောလေ။ |
| အဿာသပဿာသဝါတ | = | ထွက်လေဝင်လေ။ |

ဟု (၆)မျိုးရှိ၏။

ထိုတွင် ကြို့ထိုးခြင်း၊ လေတက်ခြင်း၊ သန်းခြင်း၊ ချောင်းဆိုးခြင်းတို့သည် လေများ အထက်သို့ဆန်တက်ခြင်းဖြစ်၍ 'ဥဒ္ဓင်္ဂမဝါတ' ဟုခေါ်၏။ လေလည်ခြင်း၊ ကျင်ကြီးစွန့်ခြင်း၊ ကျင်ငယ်စွန့်ခြင်းတို့သည် လေများ အောက်သို့စုန်ခြင်းဖြစ်၍ 'အဓော ဂမဝါတ'ဟုခေါ်၏။ လျှောင်းနေရာမှ ပြောင်းလိုက်ပြင်လိုက်သောအခါ ဝမ်းဗိုက် အတွင်းမှ ရွေ့လျားနေသောလေသံများကို တစ်ခါတရံကြားရ၏။ ဤကား 'ကုစ္ဆိသယ ဝါတ'ပင်ဖြစ်၏။

ပါးစပ်မှ အစာကိုဝါးပြီးသည်နှင့် မျိုချလိုက်သောအခါ အလွယ်တကူ ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်အတွင်း ကျဆင်းသွားခြင်းသည် အူအတွင်းမှ လေက စုပ်ယူလိုက်သောကြောင့် ဖြစ်၏။ ဤကဲ့သို့သောလေကိုပင် 'ကောဋ္ဌာသယဝါတ'ဟု ဆိုခြင်းဖြစ်၏။

လူတစ်ယောက် အိပ်ရာပေါ် လဲလျောင်းသောအခါ လဲလျောင်းချင်သော စိတ်က အရင်ဖြစ်သည်။ ထိုစိတ်က ဝါယောဓာတ်ကို ဖြစ်ပေါ်စေသည်။ ထို ဝါယော ဓာတ်က အကြောမွှာများမှတစ်ဆင့် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသောအခါ ခန္ဓာကိုယ် ကြီးသည် အိပ်ရာပေါ်သို့ လဲလျောင်းသွားသည်။ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ် လေးပါးနှင့်တကွ ခန္ဓာကိုယ်၊ ခြေလက်အမူအရာအားလုံးကို ကာယ ဝိညတ်ဟုခေါ်၏။

ကိုယ်၏ အမူအရာအမျိုးမျိုးကိုပင် ရုပ်တစ်မျိုးအဖြစ် နာမည်တပ်ထားခြင်း ဖြစ်သည်။ ထိုင်၊ ရပ်၊ သွား၊ အမူအရာသုံးမျိုး စိတ်ကြောင့် အဆင့်ဆင့်ဖြစ်ပေါ်ပုံကို ယခုဖော်ပြခဲ့သည့်နည်းအတိုင်း အကျယ်ချဲ့၍သိပါ။ ဤသို့ ကိုယ်အင်္ဂါကြီးငယ်သို့ လျှောက်သွားသောလေကို 'အင်္ဂမင်္ဂါနုသာရီဝါတ'ဟုဆိုခြင်းဖြစ်၏။ အသက်ရှူရှိုက် သောအခါ ဝင်သောလေနှင့် ထွက်သောလေကိုပင် 'အဿာသ ပဿာသဝါတ' ဟု ခေါ်ကြောင်းမှာ ထင်ရှားပေပြီ။

ဤလေခြောက်မျိုးတွင် အဿာသပဿာသလေသည် စိတ်ကြောင့်သာ ဖြစ်၏။ အခြားအကြောင်း သုံးပါးကြောင့် မဖြစ်။ ကျန်လေ ငါးမျိုးကား ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါး လုံးကြောင့်ဖြစ်သည်။ ဤ ဓာတ်ကြီး လေးပါးကို သင္ဂါယတနသံယုတ်ပါဠိတော်၊ အာသီဝိသောပမသုတ်၌ 'မြွေလေးကောင် နှင့်တူကြောင်း' ဗုဒ္ဓက ဟောကြားတော်မူထားခဲ့၏။

ဘုရင်တစ်ပါးသည် ကိုက်မိလျှင်ချက်ခြင်းသေလောက်အောင် အဆိပ်ပြင်း ထန်သည့် မြွေကြီးလေးကောင်ကို မွေးထား၏၊ ထိုမြွေများကို ပြုစုလုပ်ကျွေးရန် ထောင် ကျနေသော ခိုးသားတစ်ယောက်ကို တာဝန်ပေးလိုက်၏၊ အကျဉ်းသားကား အဆိပ် ပြင်းထန်သော မြွေတွေမှန်းမသိသဖြင့် ဝမ်းသာအားရ ပြုစုလုပ်ကျွေး၏။

ဤဥပမာ၌ ဘုရင်ဟူသည် ဘဝတစ်ခုခုရအောင် ပြုလုပ်သော ကံတရား ပင်ဖြစ်၏။ လူ, နတ်, ဗြဟ္မာဘဝတစ်ခုခုကို ရခြင်းသည် 'ဝိပါကဝဋ်'ဟူသော ထောင် ထဲသို့ ကျခြင်းပင်ဖြစ်၏။ အကျိုးဖြစ်သော ဝိပါကဝဋ်မှ နောက်ထပ် ဘဝတစ်ခုကို လိုချင်သော 'ကိလေသဝဋ်' ပေါက်ဖွား၏။ ထိုကိလေသဝဋ်ကြောင့် နောက်ဘဝ ရကြောင်း ကုသိုလ်ကံတစ်ခုခုကို ပြုလုပ်ပြန်၏။ ဤသို့ နောက်ဘဝတစ်ခုရအောင် အားထုတ်ကြောင်း ကုသိုလ်၊ အကုသိုလ်ကံတစ်ခုခုသည် 'ကမ္မဝဋ်'ပင်ဖြစ်၏။

အကျဉ်းသားဟူသည် အန္ဓပုထုဇဉ်ပင်ဖြစ်၏။ မြွေလေးကောင်ဟူသည် ပထ ဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်ကြီးလေးပါးပင်ဖြစ်၏။ လူ၊ နတ်၊ ဗြဟ္မာ မည်သည့်ဘဝကိုရရ ဓာတ်ကြီးလေးပါး, ပါမည်သာဖြစ်၏။

မည်သည့်ဘဝသို့ ရောက် ရောက် အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသောဒုက္ခကို

www.burmeseclassic.com

www.burmeseclassic.com



ခံစားရ၏။ ဤသို့ ခံစားရခြင်းသည် ဓာတ်ကြီးလေးပါးတည်းဟူသော မြွေလေးကောင်က ကိုက်ခဲ့ခြင်းကြောင့်သာဖြစ်၏။

လူ့ဘဝတွင်ကား မြွေလေးကောင်အကိုက်ခံရ၍ သေရခြင်းသည် ပို၍ထင်ရှား၏။ အကြောများ တောင့်တင်းပြီး ဦးနှောက်သွေးကြောပြတ်၍ သေရသူများသည် ခက်မာခြင်းသဘော၊ ပထဝီမြွေကိုက်၍ သေရခြင်းဖြစ်၏။ ရေဖျဉ်းရောဂါကြောင့် ဗိုက်ကြီးဖောင်းကားပြီး သေရသောသူများသည် ယိုစီးခြင်းသဘော အာပေါမြွေအကိုက်ခံရခြင်းကြောင့်ဖြစ်၏။

အပူလွန်၍ ဖျားနာသေခြင်း၊ အအေးလွန်၍ သလိပ်ခဲသေခြင်းများသည် အပူ၊ အအေးဟူသော တေဇောမြွေ အကိုက်ခံရခြင်းဖြစ်၏။ နှလုံးရပ်၍ သေခြင်း၊ လေဖြတ်၍ သေခြင်းတို့သည် ဝါယောမြွေ အကိုက်ခံရခြင်းဖြစ်၏။ အန္ဓပုထုဇဉ်သည် ဝိပဿနာ ဉာဏ်အမြင်ကန်းနေမှုကြောင့် မြွေလေးကောင်နှင့်တူသည့် ဓာတ်လေးပါးခန္ဓာကိုပင် ပျော်ရွှင်ယုယစွာ ပြုစုလုပ်ကျွေးနေ၏။

ထိုအကျဉ်းသားကို သနားတတ်သော နန်းတွင်းသားတစ်ယောက်က မြွေဆိုးများဖြစ်ကြောင်း အသိပေးလိုက်သဖြင့် အကျဉ်းသားသည် မြွေလေးကောင် လွတ်ရာသို့ အတင်းထွက်ပြေး၏။ ထွက်ပြေးသည်ကို သိသွားသော ဘုရင်က လူသတ်သမားငါးဦး နှင့် အတွင်းလူယုံတစ်ယောက်ကို နောက်မှလိုက်၍ ဖမ်းခိုင်း၏။ အတွင်းလူယုံဟူသည် အကျဉ်းသားနှင့် ငယ်ပေါင်းကြီးဖော်၊ အလွန် ရင်းနှီးခင်မင် နေသူကို ဆိုလိုသည်။

သနားတတ်သော နန်းတွင်းသားဟူသည် ဘုရားရှင်ကို ဆိုလိုခြင်းဖြစ်၏။ ဘုရားရှင်သည် ဓာတ်ကြီးလေးပါး ရုပ်တရားကို ဖောက်ပြန်ပျက်စီးနေသော အနိစ္စတရားဖြစ်သည်၊ အဖြစ်အပျက်ဖြင့် အမြဲနှိပ်စက်နေသော ဒုက္ခတရားဖြစ်သည်၊ ခိုင်မြဲသော အနှစ်သာရမရှိသောကြောင့် အနတ္တတရားဖြစ်သည်ဟု ဟောပြသောအခါ အန္ဓပုထုဇဉ်သည် ဉာဏ်အမြင် လင်းသွား၏။

မိမိကို အမြဲလိုက်သတ်နိုင်သော မြွေလေးကောင်ခေါ် ဓာတ်ကြီးလေးပါး မရှိရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဝိပဿနာတရားတော်ဖက်သို့ ဦးလှည့်လာ၏။ လူသတ်သမားငါးဦးဟူသည် ခန္ဓာငါးပါးပင်ဖြစ်၏။ ရုပ်၊ နာမ်အနေဖြင့် လှည့်ဖျား၍ မရသောကြောင့် ခန္ဓာငါးပါးအနေဖြင့် လိုချင်လာအောင် တစ်မျိုးဆွဲဆောင်ခြင်းပင်ဖြစ်၏။ ခန္ဓာငါးပါးဟူသည် အထူးအဆန်းမဟုတ်၊ ရုပ်နာမ်နှစ်ပါးကို ငါးပုံပုံလိုက်သောအခါ ခန္ဓာငါးပါး ဖြစ်လာခြင်းပင်။

## ဘဝ(၃)ပါးသည် လုံ(၃)ချောင်းနှင့် တူပုံ

သံလုံချွန်၊ ငွေလုံချွန်၊ ရွှေလုံချွန် မည်သည့်လုံချွန်နှင့်ထိုးထိုး ဆင်းရဲသော ဝေဒနာကို မချိမဆန့် ခံစားရပြီးသေသည်သာဖြစ်၏။ ထို့အတူ လူ့ခန္ဓာရခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



သံလှံချွန်နှင့် အထိုးခံရခြင်းဖြစ်၏။ နတ်ခန္ဓာရခြင်းသည် ငွေလှံချွန်နှင့် အထိုးခံရခြင်းဖြစ်၏။ ဗြဟ္မာခန္ဓာရခြင်းသည် ရွှေလှံချွန်နှင့် အထိုးခံရခြင်းဖြစ်၏။ လှံချွန်သုံးချောင်း၏ တန်ဖိုး အနိမ့်အမြင့်မတူသော်လည်း အထိုးခံရလျှင် ဆင်းရဲသော ဝေဒနာခံစားပြီး သေရပုံခြင်းကား အတူတူပင်ဖြစ်၏။

ထို့အတူ လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာသုံးပါးသည် အဆင့်အတန်း အနိမ့်အမြင့် မတူသော်လည်း အိုလွန်းအားကြီး၍ နာ၊ နာလွန်းအားကြီး၍ သေရတာချင်းကား အတူတူသာဖြစ်၏။ ခန္ဓာငါးပါးရှိ၍သာ သေရခြင်းဖြစ်၍ ထိုခန္ဓာငါးပါးကိုပင် လူသတ်သမားငါးယောက်ဟု ဆိုရခြင်းဖြစ်၏။ နိဗ္ဗာန်တွင် ထိုခန္ဓာငါးပါး မရှိ၍ သေရ ခြင်းသဘော မရှိခြင်းဖြစ်၏။

အကျဉ်းသား၏ အတွင်းသားလူယုံဟူသည် အန္ဓပုထုဇဉ်၏ သန္တာန်တွင် သံသရာအစကတည်းက ပါလာသော ဘဝကိုလိုချင်သော တဏှာပင်ဖြစ်၏။ ဘဝတဏှာဟုလည်း ခေါ်၏။ အတွင်းလူယုံဖြစ်သော ဘဝတဏှာကလည်း ဘဝ အမျိုးမျိုးကို လိုချင်လာအောင် ဆွဲဆောင်စည်းရုံး၏။ မည်မျှထိ ဆွဲဆောင်စည်းရုံးနိုင်သနည်းဆိုလျှင် အကုသိုလ်ကံကြောင့် တိရစ္ဆာန်ဘုံသို့ ရောက်ရသောအခါမှာပင် တိရစ္ဆာန်ဘဝကို တပ်မက်စွဲလမ်းစေ၏။

တိရစ္ဆာန်ဘဝ၌ ပဋိသန္ဓေတည် တည်ခြင်း၊ ပထမဆုံးဖြစ်သောစိတ်မှာ ဘဝနိကန္တိ က လောဘဇောပင်ဖြစ်၏။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ မိမိရောက်ရှိ ရာဘဝကို နှစ်သက်စွဲလမ်းခြင်းသည် ဘဝနိကန္တိက လောဘဇော၏ အလုပ်ပင်ဖြစ်၏။ ထိုကို ရည်ရွယ်၍ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက-

## အဖော်ဆိုးနှင့် ခရီးသွားခြင်း

'ခရီးကရှည်၊ အရှူးတွေ
စာရေက သိုး၊ အဖော်က ဆိုးသနဲ့
အမျိုးမျိုး ကာမဂုဏ်
အာရုံတွေ အလွန်နှောက်တာကြောင့်
အပါယ်ဘုံ အခါခါရောက်သော်လည်း
လွတ်မြောက်ဖို့ဝေး'
ဟု စပ်ဆိုသတိပေးတော်မူခဲ့ခြင်းဖြစ်၏။

အတွင်းလူယုံ တဏှာ၏ စကားကို နားယောင်မိသည်နှင့် ဘဝတစ်ခုခုကို လိုချင်မိတော့မည်သာဖြစ်၏။ ဘဝကိုရသည်နှင့် ခန္ဓာငါးပါးကို ရပြီးသားပင်ဖြစ်၏။ ခန္ဓာငါးပါးကို ရသည်နှင့် သေခြင်းတရားကို ရတော့မည်သာဖြစ်၏။ သေခြင်းတရားသည် ခန္ဓာရှိမှဖြစ်၏။ ခန္ဓာမရှိလျှင် သေခြင်းတရားလည်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခန္ဓာကို လူသတ်သမားဟုဆိုရခြင်းဖြစ်၏။ ဤနေရာ၌ အလျှဉ်း သင့်သဖြင့် အရှင်သာရိပုတ္တရာကိုယ်တိုင် ခန္ဓာငါးပါးကို လူသတ်သမားနှင့် ဥပမာ ပေးပြီး ဟောကြားထားသော သုတ်တစ်သုတ်ကို ဖော်ပြအံ့။

အခါတစ်ပါး၌ ရှင်ယမကအမည်ရှိသော ရဟန်းတစ်ပါး၏စိတ်တွင် 'အာသဝကုန်ပြီးသော ရဟန်းသည် ကိုယ်ခန္ဓာ ပျက်စီးသွားပြီးနောက် ပြတ်စဲ၏။ သေပြီးနောက် ဘာမျှမဖြစ်တော့' ဟူသော အယူမှားတစ်ခု ဖြစ်ပေါ်နေ၏။

***(မှတ်ချက်)*။** *။သတ္တဝါသည် သေပြီးနောက်ပြတ်သွား၏ဟု ယူဆခြင်းကြောင့်မှားသောအယူဟု ဆိုရခြင်းဖြစ်၏။ 'သင်္ခါရတို့သည် ဖြစ်ကုန် ချုပ်ကုန်၏'ဟုယူဆလျှင် မှန်သောအယူအဆဖြစ်၏။ ။*

## ခန္ဓာမှာ သတ္တဝါ ရှာကြည့်ခြင်း

များစွာသောရဟန်းတို့က ထိုအကြောင်းကို အရှင်သာရိပုတ္တရာအား သွားရောက်လျှောက်ကြရာ အရှင်သာရိပုတ္တရာသည် ရှင်ယမကထံသို့သွား၍ မေးမြန်း၏။ ရှင်ယမကလည်း ဤသို့ပင် မြတ်စွာဘုရားဟောကြားသည်ဟု မိမိ နားလည်သဘောပေါက်ကြောင်းဖြေကြား၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် ရှင်ယမကအား ခန္ဓာငါးပါးတို့၏ အနိစ္စ၊ ဒုက္ခသဘောများကို ထင်ရှားအောင်ပြပြီး အောက်ပါအတိုင်း ဆက်လက်ဟောကြားလေသည်။

'ငါ့ရှင်ယမက- သင်သည် ဖောက်ပြန်သောသဘောတရား ရုပ်ကို သတ္တဝါဟု ရှုသလော'

'အရှင်သာရိပုတ္တရာ- တပည့်တော်သည် ရုပ်ကို သတ္တဝါဟု မရှုပါ'

'ငါ့ရှင်ယမက- သင်သည် ရုပ်၌ သတ္တဝါဟု ရှုသလော'

'အရှင်သာရိပုတ္တရာ- တပည့်တော်သည်ရုပ်၌ သတ္တဝါဟု မရှုပါ'

'ငါ့ရှင်ယမက- သင်သည် ရုပ်နှင့်ကင်း၍ သတ္တဝါဟုရှုသလော'

'အရှင်သာရိပုတ္တရာ- တပည့်တော်သည် ရုပ်နှင့်ကင်း၍သတ္တဝါဟု မရှုပါ'

'ငါ့ရှင်ယမက- သင်သည် အာရုံ၏အရသာကို ခံစားတတ်သော သဘောတရား ဝေဒနာကို သတ္တဝါဟု ရှုသလော'

'တပည့်တော်သည် ဝေဒနာကို သတ္တဝါဟု မရှုပါ'

'သင်သည် ဝေဒနာ၌ သတ္တဝါဟု ရှုသလော'

'တပည့်တော်သည် ဝေဒနာ၌ သတ္တဝါဟု မရှုပါ'

'သင်သည် ဝေဒနာနှင့်ကင်း၍ သတ္တဝါဟုရှုသလော'

'တပည့်တော်သည် ဝေဒနာနှင့်ကင်း၍ သတ္တဝါဟုမရှုပါ'

'ငါ့ရှင်ယမက- သင်သည် အာရုံကိုမှတ်သားတတ်သော သဘောတရား သညာကို သတ္တဝါဟု ရှုသလော'

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်သည် သညာကို သတ္တဝါဟုမရှုပါ'
'သင်သည် သညာ၌ သတ္တဝါဟုရှုသလော'
'တပည့်တော်သည် သညာ၌ သတ္တဝါဟုမရှုပါ'
'သင်သည် သညာနှင့်ကင်း၍ သတ္တဝါဟုရှုသလော'
'တပည့်တော်သည် သညာနှင့်ကင်း၍ သတ္တဝါဟုမရှုပါ'

**(မှတ်ချက်)။** ။ရှုသလောဟူသည် ယူဆသလောဟုမေးခြင်းပင်ဖြစ်၏။

'ငါ့ရှင်ယမက သင်သည် တိုက်တွန်းနှိုးဆော်တတ်ခြင်း သဘောတရား သင်္ခါရကို သတ္တဝါဟု ရှုသလော'

'တပည့်တော်သည် သင်္ခါရကို သတ္တဝါဟုမရှုပါ'
'သင်သည် သင်္ခါရ၌ သတ္တဝါဟုရှုသလော'
'တပည့်တော်သည် သင်္ခါရ၌ သတ္တဝါဟုမရှုပါ'
'သင်သည် သင်္ခါရနှင့်ကင်း၍ သတ္တဝါဟုရှုသလော'
'တပည့်တော်သည် သင်္ခါရနှင့်ကင်း၍ သတ္တဝါဟုမရှုပါ'

'ငါ့ရှင်ယမက၊ သင်သည် အာရုံကိုသိတတ်ခြင်းသဘောတရား ဝိညာဉ်ကို သတ္တဝါဟု ရှုသလော'

'တပည့်တော်သည် ဝိညာဉ်ကို သတ္တဝါဟုမရှုပါ'
'သင်သည် ဝိညာဉ်၌ သတ္တဝါဟုရှုသလော'
'တပည့်တော်သည် ဝိညာဉ်၌ သတ္တဝါဟုမရှုပါ'
'သင်သည် ဝိညာဉ်နှင့်ကင်း၍ သတ္တဝါဟုရှုသလော'
'တပည့်တော်သည် ဝိညာဉ်နှင့်ကင်း၍ သတ္တဝါဟုမရှုပါ'

'ငါ့ရှင်ယမက သင်သည်- ရုပ်ဝေဒနာစသော ခန္ဓာငါးပါးလုံးကို သတ္တဝါဟု ရှုသလော'

'တပည့်တော်သည် ရုပ်ဝေဒနာစသော ခန္ဓာငါးပါးလုံးကို သတ္တဝါဟု မရှုပါ'

'ငါ့ရှင်ယမက သင်မည်သို့ထင်သနည်း။ ရုပ်ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့မှကင်းသော အရာသည် သတ္တဝါဖြစ်၏ဟု သင်ရှုသလော'

'တပည့်တော်သည် ဤသို့လည်းမရှုပါ'

'ငါ့ရှင်ယမက သတ္တဝါဟူသည်ကို အစစ်အမှန်အားဖြင့် ရှာ၍မရအပ်ပါလျက်(သတ္တဝါဟုမရှိပါဘဲလျက်) အာသဝကုန်ပြီးသောရဟန်းသည် ကိုယ်ခန္ဓာ ပျက်စီးပြီးနောက် ပြတ်စဲ၏။ သေပြီးနောက် ဘာမှမဖြစ်တော့ဟု ဆိုခြင်းသည် သင့်လျော်ပါမည်လော'

'အရှင်သာရိပုတ္တရာ၊ ရှေးအခါက မသိမလိမ္မာသော တပည့်တော်အား ယုတ်ညံ့သောအယူသည် ဖြစ်ပေါ်ခဲ့ပါသည်။ ယခုအခါ၌ကား အရှင်၏တရားကို နာရသဖြင့် ထိုအယူသည် ကင်းပျောက်သွားပါပြီ။ အမှန်တရားကို တပည့်တော် ထိုးထွင်း၍ သိမြင်အပ်ပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ရှင်ယမက အာသဝကုန်ပြီးသော ရဟန်းသည် ကိုယ်ခန္ဓာ ပျက်စီးပြီး နောက် မည်သို့ဖြစ်သွားသနည်း ဟုမေးခဲ့သော် သင်သည် မည်သို့ဖြေမည်နည်း။'

အရှင်သာရိပုတ္တရာ ထိုသို့မေးခဲ့သော် 'ရုပ်, ဝေဒနာစသည်တို့သည် မမြဲသော တရားများဖြစ်၏။ မမြဲသောတရားသည် ဆင်းရဲ၏။ ထို ဆင်းရဲသော တရားသည် ချုပ်ငြိမ်းသွား၏။ ပျောက်ကွယ်သွား၏' ဟူ၍တပည့်တော် ဖြေကြားပါအံ့။

## လူသတ်သမားအစစ်ဆိုတာ

'ငါ့ရှင် ယမက၊ သင်၏အဖြေသည် ကောင်းလှပေ၏၊ ထို အနက်သဘော ကို ပို၍ထင်ရှားစေရန် ဥပမာတစ်ခုကို ငါဆောင်အံ့၊ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝ၍ အစောင့်အရှောက်နှင့်ပြည့်စုံသော သူကြွယ်တစ်ယောက်ရှိရာ၏၊ ထိုသူကြွယ်၏ အကျိုး မဲ့ကို လိုလားသော ယောကျ်ားတစ်ယောက်သည် ထိုသူကြွယ်ကို သတ်လိုသဖြင့် အယုံ သွင်းကာ ဆည်းကပ်လုပ်ကျွေးရာ၏'

'မိမိအား ရိုသေကျိုးနွံစွာ ပြုစုလုပ်ကျွေးသော ထိုယောကျ်ားကို သူကြွယ် သည် မိတ်ဆွေကောင်းအဖြစ် ယုံကြည်စိတ်ချလျက် အကျွမ်းဝင်ခြင်းသို့ ရောက်ရာ၏၊ ထိုအခါ ယောကျ်ားသည် ဆိတ်ငြိမ်ရာ၌ တစ်ယောက်တည်းနေသော သူကြွယ်ကို ဓားဖြင့် တစ်ချက်တည်း ခုတ်သတ်ရာ၏'

'ငါ့ရှင် ယမက၊ ထိုယောကျ်ားသည် သူကြွယ်အား ဆည်းကပ်လုပ်ကျွေးရန် တောင်းပန်စဉ်က လူသတ်သမားပင်ဖြစ်၏၊ သို့သော် သူကြွယ်သည် လူသတ်သမား မှန်း မသိခဲ့၊ ငါ့ရှင်ယမက ထို့အတူပင် ရုပ်, ဝေဒနာ စသည်တို့ကို အတ္တ(ငါ) ဖြစ်၏ စသောအားဖြင့် ရှုသောပုထုဇဉ်သည် မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော ပြုပြင်စီရင်အပ်သော မိမိအကျိုးကိုဖျက်ဆီးတတ်သော ရုပ်,ဝေဒနာတို့ကို မမြဲသော တရားဖြစ်၏၊ ဆင်းရဲသောတရားဖြစ်၏ စသောအားဖြင့် ဟုတ်တိုင်းမှန်စွာမသိ'

'ဟုတ်တိုင်းမှန်စွာမသိခြင်းကြောင့် ထိုရုပ်,ဝေဒနာစသည်တို့ကို ငါ၏ အတ္တ ဖြစ်၏ဟု စွဲလမ်း၏၊ ထိုသို့ စွဲလမ်းအပ်သော ခန္ဓာငါးပါးတို့သည် ထိုပုထုဇဉ်အား ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးမဲ့ကို ဖြစ်စေကုန်၏၊ ငါ့ရှင် ယမက- အကြား အမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည်ကား ခန္ဓာငါးပါးသည် အတ္တ(ငါ)ဖြစ်၏ စသောအားဖြင့် မရှု'

'ခန္ဓာငါးပါးသည် မမြဲသောတရားဖြစ်၏၊ ဆင်းရဲသောတရားဖြစ်၏ စသော အားဖြင့် ဟုတ်တိုင်းမှန်စွာသိ၏၊ ဟုတ်တိုင်းမှန်စွာသိခြင်းကြောင့် ထိုခန္ဓာငါးပါးကို ငါ၏အတ္တဖြစ်၏ဟူ၍ မစွဲလမ်း၊ ထိုသို့ မစွဲလမ်းအပ်သော ခန္ဓာငါးပါးတို့သည် ထို အရိယာတပည့်အား ရှည်မြင့်စွာသောကာလပတ်လုံး အကျိုးစီးပွားတို့ ဖြစ်စေကုန်၏၊ ဤသို့ အရှင်သာရိပုတ္တရာ ဟောကြားသောအခါ ရှင်ယမက,က အရှင်၏တရားကို ကြားနာရသဖြင့် တပည့်တော်၏စိတ်သည် အာသဝတို့မှ လွတ်မြောက်သွားပါပြီ'ဟု

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြားလေသည်။

(သံယုတ်ပါဠိတော်၊ ယမကသုတ်)

ဤကားခန္ဓာငါးပါး၏ လူသတ်သမားနှင့် တူပုံတည်း။

အာသီဝိသောပမသုတ် ဥပမာကို ဆက်ရလျှင် အကျဉ်းသားသည် လူသတ်သမားငါးဦး၊ အတွင်းလူယုံတို့လက်မှ လွတ်အောင်ပြေးလွှားရင်း လူသူမရှိသော ရွာပျက်ကြီးတစ်ရွာသို့ ရောက်သွား၏။ ထိုရွာပျက်၌ အိမ်ခြောက်လုံးသာရှိ၏။ သူသည် ရွာပျက်ထဲ၌ စားစရာသောက်စရာ ရှာဖွေနေစဉ်မှာပင် နေ့စဉ် ဝင်ရောက်ဖျက်ဆီးနေကျ ဓားပြခြောက်ယောက်ကိုတွေ့သဖြင့် လက်လွတ်ထွက်ပြေးရပြန်၏။
ရွာပျက်ကြီးဟူသည် မိမိခန္ဓာပင်ဖြစ်၏။ ရွာပျက်ရှိ အိမ်ခြောက်လုံးဟူသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အတွင်းအာယတန အခံဓာတ်ခြောက်ပါးကို ပြောခြင်းဖြစ်၏။

ဓားပြခြောက်ယောက်ဟူသည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံဟူသော အတိုက်ဓာတ်ခြောက်ပါးကို ပြောခြင်းဖြစ်၏။ အခံဓာတ်ခြောက်ပါးကို အတိုက်ဓာတ်ခြောက်ပါးက တိုက်လိုက်သောအခါ အပွင့်ဓာတ်ခေါ် သိစိတ်ခြောက်ပါး ပေါ်လာရသည်။

| အခံဓာတ် | အတိုက်ဓာတ် | အပွင့်ဓာတ်/အပေါ်ဓာတ် |
|---|---|---|
| မျက်စိအကြည်ရုပ် | အဆင်းရုပ် | မြင်သိစိတ် (စက္ခုဝိညာဏ်) |
| နားအကြည်ရုပ် | အသံရုပ် | ကြားသိစိတ် (သောတဝိညာဏ်) |
| နှာခေါင်းအကြည်ရုပ် | အနံ့ရုပ် | နံသိစိတ်၊ မွှေးသိစိတ်(ဃာနဝိညာဏ်) |
| လျှာအကြည်ရုပ် | အရသာရုပ် | စားသိစိတ် (ဇိဝှါဝိညာဏ်) |
| ကိုယ်အကြည်ရုပ် | အတွေ့အထိရုပ် | တွေ့ထိစိတ် (ကာယဝိညာဏ်) |
| မနောအကြည်ရုပ် | အတွေးအာရုံ | တွေးသိစိတ် (မနောဝိညာဏ်) |

ဤဇယားကွက်ကိုကြည့်လိုက်လျှင် သိစိတ်(၆)မျိုးဟူသော နာမ်တရားသည် အခံဓာတ်ထဲမှာလည်း မရှိ၊ အတိုက်ဓာတ်ထဲမှာလည်း မရှိ၊ အခံဓာတ်နှင့် အတိုက်ဓာတ် တွေ့ချိန် ခဏဖြစ်ပြီး တစ်ခဏနှင့်ပျက်သွားသော အနိစ္စတရားသာဖြစ်ကြောင်း သိ သာ၏။ ထိုသိစိတ်(၆)မျိုး၏ ဖြစ်ပြီးပျက်သွားပုံကို သိပေးနေခြင်းကိုပင် စိတ္တာနုပဿနာ ဝိပဿနာပွားခြင်းဟုခေါ်၏။
ခေတ်လူငယ်များအနေဖြင့် အဆင်းရုပ်က မျက်စိအကြည်ရုပ်ကို လာတိုက် သည်။ အသံရုပ်က နားအကြည်ရုပ်ကို လာတိုက်သည်ဟူသော အသုံးအနှုန်းများကို အံ့ပြ

www.burmeseclassic.com

www.burmeseclassic.com



စရာ ဖြစ်ချင်ဖြစ်နိုင်သည်။ လှမ်းကြည့်ရုံဖြင့် မျက်စေ့နှင့်အဆင်း မည်သို့တိုက် သနည်းဟုမေးလာခဲ့လျှင် တိုက်မိပုံကို လက်တွေ့ပြရန်သာရှိ၏။

သံဂဟေဆော်၍ ထွက်လာသောမီးပွင့်ကို ကြာကြာစိုက်ကြည့်လိုက်လျှင် မျက်စေ့ ပျက်သွား၏။ မီးဟူသော ပညတ်ရုပ်ကြီးကား မျက်စေ့ထဲ ဝင်လာခြင်းမဟုတ်၊ အဆင်းရုပ်ဟူသော မြင်ရသည့်သဘော တရားလေးကသာ မျက်စေ့အကြည်ရုပ်နှင့် တိုက်မိခြင်းဖြစ်၏။ ထို့ကြောင့် ကြာကြာတိုက်သောအခါ မျက်စေ့ ပျက်စီးသွားရခြင်းဖြစ်၏။

တီဗွီ၊ ဗွီဒီယိုတို့ကို ကြာမြင့်စွာကြည့်သူများ မျက်စေ့မှုန်လာတတ်၏။ ဤသည်မှာလည်း အဆင်းရုပ်က မျက်စေ့အကြည်ရုပ်ကို တိုက်မိခြင်းကြောင့်ပင်ဖြစ်၏။ ကန်ထရိုက်တစ်ယောက်သည် စက်သံမျိုးစုံဆူညံနေသော ဆောက်လက်စ တိုက်အောက်သို့ဝင်၍ လိုအပ်သည်ကိုစီမံပေးနေ၏။ စက်မျိုးစုံမှထွက်လာသော အသံရုပ်များက သူ၏နားအကြည်ရုပ်ကို အပြင်းအထန်တိုက်မိနေ၏။ သူကား သတိမထားမိ။

သူက သတိမထားမိသော်လည်း ခံရသောနားက သတိထားမိ၏။ ထို့ကြောင့် သူ့နားတွင်းမှ သွေးများ ယိုစိမ့်ကျလာသည်။ ဘေးလူများပြောမှ သတိထားမိပြီး တိုက်အပြင်သို့ အမြန်ထွက်လိုက်ရ၏။ ထိုအခါကျမှ သွေးအကျ ရပ်သွားသည်။ တရုတ်ပြည်မှထုတ်လုပ်သော ဆစ်ဝမ်းဒိုးကျည်များသည် ကွဲသွားလျှင် အသံအလွန်ကျယ်၏။ ရန်သူများသည် ထိုအသံကြောင့် နားစည်များကွဲထွက်ကာ သွေးများ အဆမတန် ယိုကျပြီး သေကြရ၏။ ဤကား အခံဓာတ်နှင့် အတိုက်ဓာတ် တိုက်မိပုံကို သိသာရန် သက်သေပြလိုက်ခြင်းဖြစ်၏။

## အာရုံ(၆)ပါးနှင့် တဏှာ မည်သူ့ကိုကြောက်ရမည်လဲ

အာရုံ(၆)ပါးလုံးကို ဓားပြဟု ဟောထားသော်လည်း တကယ်ကြောက်ရမည်မှာ အာရုံခြောက်ပါးမဟုတ်။ အာရုံခြောက်ပါးအပေါ်တွင် တွယ်တာတပ်မက်သော ဆန္ဒရာဂခေါ် တဏှာသာဖြစ်၏။

ယခုတင်ပြချက်ကို ခိုင်မာစေသော သံယုတ်ပါဠိတော်လာ ကောဋ္ဌိကသုတ်ကို အကျဉ်းချုပ်တင်ပြအံ့။

မြတ်စွာဘုရားရှင် ဗာရာဏသီပြည် မိဂဒါဝုန်တော်၌ သီတင်းသုံးစဉ် ရှင်မဟာကောဋ္ဌိကသည် အရှင်သာရိပုတ္တရာအား 'မျက်စိသည် ရူပါရုံ၏ အနှောင်အဖွဲ့ဖြစ်ပါသလော၊ သို့မဟုတ် ရူပါရုံသည် မျက်စိ၏ အနှောင်အဖွဲ့ ဖြစ်ပါ သလော'စသည်ဖြင့် မေးလျှောက်၏။ ထိုအခါ အရှင်သာရိပုတ္တရာက -

'မျက်စိသည် ရူပါရုံ၏အနှောင်အဖွဲ့မဟုတ်၊ ရူပါရုံတို့သည်လည်း မျက်စိ၏အနှောင်အဖွဲ့မဟုတ်၊ ယင်းနှစ်ပါးကို စွဲ၍ဖြစ်သော ဆန္ဒရာဂသည်သာ အနှောင်အဖွဲ့ဖြစ်သည်။ ဥပမာ နွားဖြူနှင့်နွားနက် နှစ်ကောင်ကို ကြိုးတစ်ချောင်းတည်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချည်ထားရာ၌ နွားဖြူသည် နွားနက်၏အနှောင်အဖွဲ့မဟုတ်၊ နွားနက်သည်လည်း နွားဖြူ၏ အနှောင်အဖွဲ့မဟုတ်'

'စင်စစ် ထိုနွားနှစ်ကောင်ကိုချည်ထားသော 'ကြိုး'သည်သာလျှင် အနှောင်အဖွဲ့ ဖြစ်သကဲ့သို့မှတ်ရမည်။ မြတ်စွာဘုရား၌ မျက်စိရှိ၏။ ထိုမျက်စိဖြင့် အဆင်းကို မြင်နိုင်၏။ နားရှိ၏။ ထိုနားဖြင့် အသံကိုကြား၏။ သို့သော် မြတ်စွာဘုရားအား အဆင်း၊ အသံစသော အာရုံခြောက်ပါးတို့၌ ဆန္ဒရာဂ မဖြစ်။ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် ကိလေသာတို့မှ လွတ်မြောက်ပြီးဖြစ်သောကြောင့်ဖြစ်သည်'ဟု ဖြေကြားသည်။

ဤသုတ်ကိုထောက်ထား၍ ကြောက်ဖွယ်ရာသည် အာရုံခြောက်ပါး မဟုတ်။ ကြောက်ဖွယ်ရာသည် အာရုံခြောက်ပါးအပေါ်မှာ တွယ်တာတပ်မက်သော တဏှာ ဟူသည်မှာ ထင်ရှား၏။

အကျဉ်းသားသည် ဓားပြခြောက်ယောက်ဘေးမှ ထွက်ပြေးလာရင်း မြစ်ပြင်ကျယ်ကြီးတစ်ခုကိုတွေ့၏။ မြစ်ပြင်ကျယ်ကြီး၏ ဤမှာဘက်ကမ်း၌ လူသတ်သမားငါးယောက်၊ အတွင်းလူယုံ တစ်ယောက်၊ ဓားပြခြောက်ယောက်အားဖြင့် ရန်သူတွေက များလှ၏။ ဟိုမှာဘက်ကမ်းကား မည်သည့်ရန်သူမှ မရှိသဖြင့် ငြိမ်းအေးလှ၏။ ထို့ကြောင့် အကျဉ်းသားသည် ရရာသစ်ဝါးများဖြင့် ဖောင်ဖွဲ့ယှက်ကာ ခြေလက်တို့ဖြင့်ယက်ပြီး ကူးခတ်သဖြင့် ဟိုမှာဘက်ကမ်းသို့ရောက်ခါ ချမ်းသာသွားလေ၏။

ဤဥပမာ၌ မြစ်ပြင်ကျယ်ဟူသည် ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃဟူသော ဩဃလေးပါးကို ဆိုလိုခြင်းဖြစ်၏။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံဟူသော တရားတို့အပေါ်၌ စွဲလမ်းတပ်မက်သော လောဘကို 'ကာမောဃ'ဟုခေါ်၏။ ဘဝသစ်ကို လိုချင်သော တဏှာလောဘကို 'ဘဝေါဃ' ဟုခေါ်၏။ ရုပ်,နာမ်နှစ်ပါး သို့မဟုတ် ခန္ဓာငါးပါးကို ငါ, သူ, ယောက်ျား၊ မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဟု အယူအဆမှားခြင်း ဒိဋ္ဌိကို 'ဒိဋ္ဌောဃ'ဟုခေါ်၏။

သစ္စာလေးပါးကိုမသိခြင်း၊ ရှေ့အစွန်း (အတိတ်ဘဝ အဆက်ဆက်ကလည်း ရုပ်နာမ်သာရှိသည်)ကို မသိခြင်း၊ နောက်အစွန်း (အနာဂတ်ဘဝတွင်လည်း ရုပ်နာမ်သာရှိသည်)ကို မသိခြင်း၊ ရှေ့အစွန်း၊ နောက်အစွန်း နှစ်ပါးစုံကိုမသိခြင်း၊ ပဋိစ္စသမုပ္ပါဒ် (အကြောင်းကြောင့် အကျိုးဖြစ်မှု)ကို မသိခြင်း **မောဟ**ကို 'အဝိဇ္ဇောဃ' ဟုခေါ်၏။

ဖောင်ဟူသည်မှာ မဂ္ဂင်ရှစ်ပါးဖြင့် ဝိပဿနာ**ရှုပွားခြင်းကို** ဆိုလိုသည်။ ရန်သူမျိုးစုံရှိရာ ဤမှာဘက်ကမ်းဟူသည် ခန္ဓာငါးပါး၊ ဘဝ**တဏှာ**၊ အာရုံ(၆)ပါးတို့ ကျက်စားရာ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဖြင့်လွှမ်းမိုးရာ (၃၁)ဘုံကို ဆိုလိုခြင်းဖြစ်၏။ ရန်သူကင်းပြီး အေးငြိမ်းရာ ဟိုမှာဘက်ကမ်း ဟူသည်ကား နိဗ္ဗာန်ကို ဆိုလိုခြင်းဖြစ်၏။ အကျဉ်းသားသည် ဟိုမှာဘက်ကမ်းသို့ ရောက်သွားခြင်းဟူသည် ပုထုဇဉ်သည် ဝိပဿ

www.burmeseclassic.com

www.burmeseclassic.com



နာရှုပွားသဖြင့် ရဟန္တာဖြစ်သွားသည်ကို ဆိုလိုခြင်းဖြစ်၏။

## မင်းကွန်းဆရာတော်ကြီး၏ မှတ်ရန်လင်္ကာ

အနှစ်အသားပြည့်ဝလှသော အာသီဝိသောပမသုတ္တန်၏ ဆိုလိုချက်ကို နှုတ်ငုံ ဆောင်နိုင်ရန် မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီးက ယခုလို လင်္ကာသီကုံး တော်မူခဲ့၏။

'ကံမင်းတရား၊ လူခိုးသားတို့
သုံးပါးဝဋ်နှောင်၊ ဘဝထောင်၌
လေးကောင်ဓာတ်မြွေ၊ နှင်းအပ်ပေသည်၊
ပရမေပုဒ္ဓ၊ မိတ်ကောင်းမ,၍၊
ဘဝဝဋ်နှောင်၊ မြွေလေးကောင်မှ၊
လွတ်အောင်ရုန်းထွက်၊ ပြေးပါလျက်လည်း၊
လက်နက်ကိုယ်စီ၊ စွဲကိုင်ချီ၍၊
လောကီ ခန္ဓာ၊ ငါးဖြာဟူသား၊
လူသတ်များနှင့်၊ ထံပါးကပ်ခါ၊ သတ်ခွင့်ရှာသည့်၊
တဏှာခေါ် မှတ်၊ တွင်းလူသတ်တို့၊
ထပ်ချပ်မကွာ၊ ကပ်လျက်ပါသည်၊
ရွာပျက်ကြီးနှယ်၊ ရှေ့ခြောက်သွယ်ကား၊
ကိုးကွယ်မရ၊ ဆိတ်သုဉ်းလှ၏၊
ဓားပြတပ်သား၊ နောက်ဆင့်ပွား၍၊
ခြောက်ပါး အာယတန၊ သောင်းကျန်းလှ၏၊
ဩဃလေးသွယ်၊ မြစ်ပြင်ကျယ်၏၊
ဒီမှာဘက်ကျ၊ သက္ကာယအား၊
များလှဘေးကြမ်း၊ ရန်သူပြွမ်း၏၊
ရှစ်ခန်းသောမဂ်၊ ဖောင်ဖွဲ့ယှက်၍၊
ခြေလက်ဝီရိယ၊ ကူးခပ်မှလျှင်၊
ဘဝမှာကမ်း၊ နိဗ္ဗာန်နန်းသို့၊
ကူးသန်းထုတ်ခြောက်၊ ဘေးလွတ်မြောက်မည်၊
ကြိုးထောက်သင့်လှပြီတကား။'

ယခုဆိုလျှင် ဆံပင်၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်ကြီး လေးပါး ပါရှိပုံကို ပြပြီးပြီဖြစ်၏။ ဆက်လက်၍ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဓာတ်တို့ပါရှိ နေပုံကို ပြရမည်ဖြစ်၏။ ဝဏ္ဏဟူသည် အဆင်းရုပ်ကိုခေါ်ခြင်းဖြစ်၏။ ရူပါရုံဟူ၍ လည်း ခေါ်ကြ၏။ ဖြူ၊ ပြာ၊ နီ၊ ဝါ၊ စိမ်း၊ နက် စသောအရောင်များကိုသာ

www.burmeseclassic.com

www.burmeseclassic.com



အဆင်းရုပ်ဟု ခေါ်ခြင်းမဟုတ်၊ မျက်စိဖြင့်မြင်ကောင်းသော၊ မြင်နိုင်သော၊ မြင်ရသောသဘောလေး ကို ဝဏ္ဏဓာတ်၊ အဆင်းရုပ်ဟုခေါ်ခြင်းဖြစ်၏။

အဋ္ဌသာလိနီအဋ္ဌကထာ၌ ဝဏ္ဏဓာတ် အဆင်းရုပ်အရေအတွက်ကို ယခုလိုပြဆိုထား၏။

| | | | |
|---|---|---|---|
| ဆာယာ | = အရိပ်။ | အာတပေါ | = နေပူရောင် |
| အန္ဓကာရော | = အမိုက်မှောင် | မဟိကာ | = မီးခိုး |
| အဗ္ဘာ | = တိမ်တိုက် | ရဇော | = မြူ |
| အာလောကော | = အလင်းရောင် ဟူ၍ဖြစ်၏။ | | |

အဆင်းရုပ်ကို ဉာဏ်ဖြင့်သိရာ၌ သဘောတရားဆိုက်စေရန် 'ဣမာနိ သတ္တဝတ္ထုံ အနာမသိတွာ သဘာဝေနေဝ တာဂဝတာ ဝုတ္တံ'၊ ဤ(၇)မျိုးကို အထည်ဒြပ်ဝတ္ထုအနေဖြင့်မသုံးသပ်ဘဲ မြင်ရသော သဘောတရားအနေဖြင့်သာ ဘုရားရှင်က ဟောကြားတော်မူခဲ့ကြောင်း၊ ယင်း အဋ္ဌကထာ၌ ဖွင့်ပြထား၏။

အရိပ်၊ နေပူရောင်၊ အမိုက်မှောင်၊ မီးခိုး၊ တိမ်တိုက်၊ မြူ၊ အလင်းရောင်တို့သည် မြင်ရသော သဘောတရားရုပ်ကလေးများသာဖြစ်၏။ အလုံး၊ အတုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှား၊ လေးထောင့်၊ သုံးမြှောင့်၊ အဝိုင်း၊ အကြီး၊ အငယ်၊ အလေး၊ အပေါ့ဟူ၍ တစ်ခုမျှမရှိပေ။ ပရမတ်မရောက်ဘဲ ပညတ်ပေါ် တင်နေလျှင် 'ဃန'ခံသည်ဟု ခေါ်၏။

ဃနဟူသော အတုံး၊ အလုံး၊ အခဲ၊ အမှုန်အမွှား တစ်ခုခုခံနေလျှင် အနတ္တ မပေါက်ပေ။ အနတ္တမှမပေါက်လျှင် တရားလည်းမရနိုင်ပေ။ ဆံပင်ကိုမြင်ရာ၌ နက်တာလေးကမှ အဆင်းရုပ်ဟုယူ ဆလိုက်လျှင် အလင်းရောင်၊ နေပူရောင်တို့သည် အဆင်းရုပ် မဟုတ်သလိုဖြစ်သွားသည်။ ထို့ကြောင့် မှားသည်။ ဆံပင်က အဆင်းရုပ်ဟု ယူဆလိုက်ပြန်လျှင် အဆင်းရုပ် ပရမတ်သဘောလေးသည် ဆံပင်ဟူသောပညတ်ပေါ် တင်သွားသောကြောင့် အမှားဖြစ်ရပြန်၏။

တကယ့်အမှန်ကား ဆံပင်သည် မရှိသောပညတ်တရား၊ မြင်ရသောသဘောလေးသည် ရှိသောပရမတ်တရား ဖြစ်၏။ ဆံပင်ဟူသည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ်(၄)ပါးတွင် မပါသောကြောင့် ပညတ်တရားဖြစ်၏။ ပညတ်ဟူသည် တကယ်မရှိသောတရားသာဖြစ်၏။ ထို့ကြောင့် မရှိသောတရားသည် မြင်၍မရနိုင်။ တကယ်ရှိသော အဆင်းရုပ်ကသာ မြင်၍ရ၏။

ဆံပင်ကို မြင်ရသည်ဟူသော အသိသည် 'မိစ္ဆာဒိဋ္ဌိ၊ အမှားသိ'သာဖြစ်၏။ အဆင်းရုပ်ကို မြင်ရသည်ဟူသော အသိသည်သာ 'သမ္မာဒိဋ္ဌိ၊ အမှန်သိ'ဖြစ်၏။ အတုံးအလုံးအခဲ, ဃနခံနေသောကြောင့် ဆံပင်ကိုမြင်သည်ဟူသော အသိသည် အတ္တာသိဖြစ်၏။ အတ္တာသိကို အခိုင်အမာစွဲယူလိုက်သည်နှင့် ပုဂ္ဂလဒိဋ္ဌာန်အားဖြင့် ဗုဒ္ဓဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း ဓမ္မဓိဋ္ဌာန်အားဖြင့် မြတ်စွာဘုရားနှင့် ကျောချင်းကပ်၊ ဆန့်ကျင်ဘက်ရန်သူဖြစ်သွားလေပြီ။

ထို့ကြောင့် ယနေ့ စာတတ်ပေတတ် ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်သော်လည်း နက်ဖြန်ခါတွင် ဘာသာခြားဘဝသို့ ရောက်သွားခြင်းဖြစ်၏။ အတုံး, အလုံး, အခဲ, ဃန, ကင်းပျောက်နေသောကြောင့် သဘောတရားမျှသာရှိသော အဆင်းရုပ်ကို မြင် သည်ဟူသည့်အသိသည် အနတ္တသိဖြစ်၏။ ထိုအနတ္တသိကို အဆင့်သုံးဆင့် ခွဲရ၏။

## အနတ္တသိပုံ အဆင့်(၃)ဆင့်

ဆံပင်ဟူသည်မရှိ၊ မြင်ရသောသဘောတရား၊ အဆင်းရုပ်ကလေးသာ ရှိသည်။ လူဟူသည် မရှိ၊ မြင်ရသောသဘောတရား အဆင်းရုပ်ကလေးသာ ရှိသည်။ အဆင်းရုပ်ကို မြင်၍ သိသောသဘောတရားမှာ နာမ်တရားသာဖြစ်သည်။ စုပေါင်းလိုက်လျှင် ရုပ်နှင့် နာမ်သာရှိသည်ဟူ၍ သိသောအသိသည် ဆင်ခြင်သိ၊ 'ဉာတပရိညာ' ဟု ခေါ်နိုင်၏။ ဉာတပရိညာဖြင့် ရုပ်နာမ်တို့၏ ပရမတ်သဘောကို ပိုင်းခြား၍သိလျှင် ရုပ်၊ နာမ်ခန္ဓာအပေါ် ငါရှိသည်ဟု အယူမှားသော သက္ကာယဒိဋ္ဌိ ကို ပယ်သတ်နိုင်၏။

မြင်ရသောအဆင်းရုပ်သည် မျက်တောင်တစ်ခတ်လျှင် အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်နေသော အနိစ္စတရားသာဖြစ်သည်။ အဖြစ်အပျက်ဖြင့် အမြဲနှိပ်စက်ခံနေရသောကြောင့် ဆင်းရဲသော ဒုက္ခတရားသာဖြစ်သည်။ ခိုင်မြဲသော အနှစ်သာရအနေဖြင့် တစ်စက္ကန့် တစ်ဗီဇနာမျှ မတည်နိုင်သောကြောင့် အနတ္တတရားသာဖြစ်သည်ဟု သိ၏။

အဆင်းရုပ်ကိုမြင်၍ သိသော နာမ်တရားသည် မျက်တောင်တစ်ခတ်လျှင် အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သော အနိစ္စတရားဖြစ်၏။ အဖြစ်အပျက်ဖြင့် အမြဲ အနှိပ်စက်ခံနေရသောကြောင့် ဆင်းရဲသော ဒုက္ခတရားဖြစ်၏။ ခိုင်မြဲသော အနှစ်သာရအနေဖြင့် တစ်စက္ကန့် တစ်ဗီဇနာမျှ မတည်နိုင်သောကြောင့် အနတ္တတရားသာဖြစ်သည်ဟု သိ၏။

ဤအသိသည် ပွားများ၍သိသော အသိဖြစ်သောကြောင့် 'တီရဏပရိညာ' သိဟု ခေါ်၏။ ဤ တီရဏပရိညာသိကို သိလိုက်သည်နှင့် ရုပ်နာမ်တရားတို့သည် မပျက်မစီးဘဲ အမြဲတည်သည်ဟုယူဆသော သဿတဒိဋ္ဌိနှင့် ရုပ်၊ နာမ်တရားတို့သည် သေလျှင် ပြတ်တာပဲ၊ နောက်ထပ်ဘာမျှ မဖြစ်တော့ဟုယူဆသော ဥစ္ဆေဒဒိဋ္ဌိတို့ကို ပယ်သတ်နိုင်၏။

အဝိဇ္ဇာ၊ တဏှာ၊ ကံမချုပ်သေးသရွေ့ ရုပ်၊ နာမ်တရားတို့သည် အတိတ်ဘဝများစွာကလည်း ဖြစ်ပြီးပျက်ကြ၏။ ယခု ပစ္စုပ္ပန်ဘဝတွင်လည်း ဖြစ်ပြီး ပျက်ကြ၏။ နောင်အနာဂတ်ဘဝများစွာတွင်လည်း ဖြစ်ပြီးပျက်ကြဦးမည်ဖြစ်၏။ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြ ပျက်ကြရာ၌ အတိတ်ဘဝမှာဖြစ်သော ရုပ်၊ နာမ်တရားသည် အတိတ်ဘဝမှာပင် ဖြစ်ပြီး ပျက်သွားကြ၏။ ယခုပစ္စုပ္ပန်ဘဝသို့ တစ်ခုမှပါမလာပေ။ ထို့အတူ ပစ္စုပ္ပန်တွင် ဖြစ်နေသော ရုပ်နာမ်တရားများသည်လည်း ပစ္စုပ္ပန်ဘဝမှာပင် ဖြစ်ပြီး ပျက်ကြ၏။ အနာဂတ်ဘဝသို့ ပါမသွားကြပေ။

အဆုံးစွန်အားဖြင့် ပထမစက္ကန့်မှာဖြစ်သော ရုပ်နာမ်တရားသည်၊ ပထမစက္ကန့်အတွင်းမှာပင် ချုပ်ပျက်သွား၏။ ဒုတိယစက္ကန့်သို့ ပါမလာပေ။ ဒုတိယစက္ကန့်၌ နောက်ထပ်ဖြစ်သော ရုပ်သစ်၊ နာမ်သစ်ဖြင့် ဆက်ပြီး အသက်ရှင်နေရခြင်းဖြစ်၏။ ဤကဲ့သို့ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့၏ မမြဲခြင်းကို မြင်မှသိမှ ဝိပဿနာဉာဏ်အစစ်ဖြစ်ကြောင်းကို လယ်တီဆရာတော်ဘုရားကြီးက-

'တစ်မျက်နှာလုံး၊ တစ်ခေါင်းလုံး၊ ခဏချင်း ရုပ်ဟောင်းကုန်ခန်းကွယ်ဆုံးမှုကိုကား ကြည့်ရှုသောအခါ အလွန်ထက်လှစွာသော ယမ်းဆီထုံ၍ထားအပ်သော လူကောင်သဏ္ဌာန် ရှိသော အလွန်နူးညံ့လှစွာသော ဝါဂွမ်းခဲကြီးကို မီးလောင်၍သွားရာ ဝါဂွမ်းသား အစဉ်အတိုင်း ကုန်၍သွားမှုနှင့် တူစွာကြည့်'။

'ကိုယ်လုံးကျွတ် ပြောင်းလဲမှုသည် ထိုစဉ်မျှလောက် မြန်နိုင်ပါမည်လောဟု မြန်မှုကို ကြောင့်ကြဖွယ်မရှိ။ အလွန်မှောင်မိုက်သောတိုက်ခန်းတွင်းမှာ မီးခြစ်၍ ထွန်းလိုက်ရာ၌ တစ်ခန်းလုံး ပြည့်၍နေသော မှောင်ရုပ်ခဲကြီးသည် မီးတောက်သည်နှင့် တစ်ပြိုင်နက်ကွယ်ပျောက်၏။ တစ်ခန်းလုံး မီးရောင်အလင်း ချက်ခြင်းပြည့်၏။'

ဤဥပမာမှာ မီးတောက်မှ ဖြစ်ပွားပျံ့နှံ့၍သွားသော မီးရောင် ရုပ်သစ်၏ ပျံ့နှံ့မှုမြန်ချက်ကို ကြည့်၍ထား။ မျက်မြင် မလိုက်နိုင်။ တစ်ခန်းလုံး ပြည့်ပြီးကိုသာ မြင်ရသည်။ တစ်ခန်းလုံးရှိ မှောင်တိုက်မှောင်ခဲကြီး ချုပ်ကွယ်မှုကိုလည်း မျက်မြင် မလိုက်နိုင်။ ကွယ်ပြီးကိုသာ သိရတော့သည်။ ခန္ဓာကိုယ်မှာလည်း ဤအတိုင်းပင်။

ထို့ကြောင့် ရုပ်ပြောင်းချက်မြန်မှုကို မစိုးရိမ်ရ၊ ဉာဏ်မီအောင်သာ လိုလှသည်။ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ ပြောင်းလဲချက် မြန်သလောက်ကား သာဝကတို့ ဉာဏ်မလိုက်နိုင်၊ သဗ္ဗညုဘုရားတို့ ဉာဏ်မှ လိုက်နိုင်သည်။ သာဝကတို့မှာ ငါပြု၍ ဖြစ်သည်ဟူသော သက္ကာယဒိဋ္ဌိကို နိုင်လောက်အောင် မြင်နိုင်လျှင် ပြီးတော့သည်။

**(မှတ်ချက်)**။ ။*မှောင်နေသော အခန်းတွင်း မီးထွန်းလိုက်လျှင် မှောင်ရိပ်များ ပျောက်သွားပုံ၊ အလင်းရုပ်သစ်များ ပြည့်သွားပုံကို အသေးစိတ် လိုက်၍ မသိနိုင်။ အမှောင်ရုပ်တွေ ချုပ်သွားပြီး အလင်းရုပ်တွေ ဖြစ်သွားပြီဟု အပေါင်းအား ဖြင့်သာ သိနိုင်သည်။ ထို့အတူ အဆင်းရုပ်တစ်ခုကိုမြင်ရာ၌ အဆင်းရုပ်ရော၊ အဆင်းရုပ်လာ တိုက်ရာစက္ခုပသာဒ အကြည်ရုပ်ကလေးပါ တစ်စက္ကန့်အတွင်း ရုပ်ပေါင်းကုဋေပေါင်း ထောင်ကျော် ဖြစ်ပျက်၏။*

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဟောင်းဖြစ်ပျက်သမျှနေရာတွင် ရုပ်သစ်ကုဋေငါးထောင်ကျော် ပြန်ဖြစ်၏။ မြင်စိတ်နာမ်တရား ကုဋေတစ်သိန်း ဖြစ်ပျက်၏။ နာမ်ဟောင်း ဖြစ်ပျက်သမျှ နေရာတွင် နာမ်သစ် ကုဋေတစ်သိန်း ထပ်ဖြစ်၏။ အစအဆုံး တစ်လုံးစီ ဖြစ်ပျက်နေပုံ အသေးစိတ်ကို ဘုရားရှင်တို့သာ သိနိုင်သည်။

သာဝကများကား ငါဟူသည်မရှိ။ သဘောတရားဖြစ်သော ရုပ်နာမ်တရား များသာ စက္ကန့်မလပ် အသစ်အဟောင်း ပြောင်းလဲနေကြသည်ဟု သိနိုင်လျှင် မဂ်ဖိုလ် ကိစ္စ ပြီးနိုင်တော့သည်ဟု ဆိုလိုခြင်းဖြစ်၏။

'ဗုဒ္ဓိသရဏံတည်းဟူသော အာရုံကွယ်လွန်ပြန်လျှင် နှလုံး အိမ်တွင်း၌ တဝင်းဝင်းဖြစ်ပေါ်၍နေသော ဓာတ်ဓာတ်စုသည် မီး တောက်သေသကဲ့သို့ သေဆုံးကွယ်ပျောက်၍ ကုန်ပြန်၏။ တိုက်ခန်း တွင်း၌ မီးထွန်း၍ထားရာ မီးတောက်သေလျှင် တစ်ခန်း လုံးရှိ မီးရောင်စု အကုန်သေပျောက်သကဲ့သို့ ထိုဓာတ်စုမှ ဖြစ်သော တစ်ကိုယ် လုံးရှိ ရုပ်ခဲစုသည် အကုန်သေပျောက်ပြန်၏။ ဘုရားကို အာရုံပြု သော ဓာတ်စိတ်စုကွယ်ပျောက်၍ တစ်ပါးကို အာရုံပြုသော ဓာတ် စိတ်စု ပြောင်းလဲသည်ကိုသာ ထင်ရှားပါ၏။'

'ဤသို့လျှင် 'ဗုဒ္ဓံ သရဏံဂစ္ဆာမိ'ကိုရွတ်ဆိုသော နာမ- က္ခန္ဓာလေးပါး သေ၍သွားသည်ကိုလည်းကောင်း၊ ထိုဓာတ်စုမှဖြစ် သော ရုပ်အင်္ဂါစု သေ၍သွားသည်ကိုလည်းကောင်း၊ မြင်အောင်ရှု သော ဉာဏ်သည် အနိစ္စဝိဇ္ဇာဉာဏ်မည်၏။'

'ဓာတ်သေချက်ကိုမမြင်ဘဲနှင့် အနိစ္စ၊ အနိစ္စလုပ်၍ နေ သော်လည်း ဉာဏ်မဟုတ်၊ ဝိပဿနာမဟုတ်။ ဘာဝနာမဟုတ်။ ထို ခန္ဓာငါးပါး၏ ဒုက္ခလက္ခဏာရေးကိုမူကား အနိစ္စကို လှလှမြင် လျှင် မရဏမီး၏အချက်ကိုမြင်သဖြင့် မီးပူဇော်သော ပုဏ္ဏား၊ တွင်းကြီးကိုဖို့သော ယောက်ျားတို့၏အလားကဲ့သို့ ဒုက္ခလက္ခဏာ ရေး ထင်ရှားပေါ်လတ္တံ့။'

'အနတ္တလက္ခဏာရေးမှာလည်း အဇ္ဈတ္တသန္တာန်၌ မရဏ မီးလောင်၍ သေဆုံးကွယ်ပျောက်၍သွားချက်ကို လှလှမြင်၍ ဖြစ် ပေါ်မှု၊ သေပျောက်မှု အာဂန္တုအချက်တို့ကိုမြင်မှ အနတ္တလက္ခဏာ ရေး ပေါ်နိုင်သည်။ ငါမဟုတ်မှ ထင်နိုင်သည်။ အာဂန္တု (ဧည့်သည် သည် ခဏလာ၊ ခဏနှင့်ပြန်သကဲ့သို့ ပရမတ် ရုပ်နာမ်သည် ခဏ ဖြစ်၊ ခဏနှင့် ပျက်ခြင်း) အဖြစ်ကို မမြင်လျှင် အနတ္တဟု အတုအပ လုပ်၍နေသော်လည်း ဉာဏ်မဟုတ်၊ ဘာဝနာ မဟုတ်။'

(ဥတ္တမပုရိသဒီပနီ ၁၃၇ ၊ ၁၃၈)

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးသား သတိပေးတော်မူခဲ့ခြင်းဖြစ်၏။

ဤကဲ့သို့ ပရမတ် ရုပ်နာမ်တရားတို့၏ ဖြစ်ပြီးသည်နှင့် ချက်ခြင်းပျက်သော အပျက်ကို မြင်သွားသောကြောင့် ရုပ်နာမ်တရားတို့သည် ပျက်စီးခြင်းမရှိ အမြဲတည်သည်။ လူသေလျှင် ဝိညာဉ်လေးက အိမ်ဝိုင်းထဲမှာ (၇)ရက်နေသည်။ နတ်ပြည်သို့ ရောက်လျှင်လည်း ရုပ်ခန္ဓာကြီးသာ ပျက်စီးပြီး လူ့ပြည်တွင်ကျန်ခဲ့သည်။ နာမ်ခန္ဓာ ဝိညာဉ်လေးကား မပျက်စီးဘဲ နတ်ပြည်သို့ ရောက်သွားသည်ဟု အယူမှားသော သဿတဒိဋ္ဌိကို ပယ်သတ်နိုင်ခြင်းဖြစ်၏။

အဝိဇ္ဇာ၊ တဏှာ၊ ကံဟူသောအကြောင်းတရားရှိနေသရွေ့ အဟောင်းရုပ်နာမ်တို့ ချုပ်ငြိမ်းသွားသောနေရာတွင် အသစ်ရုပ်နာမ်တို့ ထပ်ဖြစ်ကြပြန်၏။ ဤကဲ့သို့ အဟောင်းရုပ်နာမ်တို့ ချုပ်ပြီးသည်နှင့် အသစ်ရုပ်နာမ် ချက်ခြင်းထပ်ဖြစ်သည်ကို မြင်တွေ့ရခြင်းကြောင့် သတ္တဝါဆိုတာ သေရင်ပြတ်တာပဲ၊ နောက်ထပ် ဘာမျှမဖြစ်တော့ဟု အယူမှားသော ဥစ္ဆေဒဒိဋ္ဌိကို ပယ်သတ်နိုင်ခြင်းဖြစ်၏။

ဤနေရာ၌ ဦးဥက္ကဋ္ဌသည် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိကို မှားယွင်းစွာ ယူဆထားသည်ကို တွေ့ရ၏။ ထိုအမှားကလည်း လူသေလျှင် လူသာဖြစ်ရမည်ဟူသော ဝါဒဆိုးကြီးကို တည်ထောင်မိအောင် အားပေးသကဲ့သို့ဖြစ်သွား၏။ သူ၏ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိယူဆပုံကို ကြည့်ပါ။

> 'ဝိညာဉ်ကို အတ္တ(ဝါ)ငါဟူသောအမှတ်ဖြင့် ဇာတိဆက်သည်ဟု ယူဆကြလျှင် အတ္တ(ဝါ)ငါတည်းဟူသောသဘောမှာ ဘာမျှ ဧကန် မရှိရိုးအမှန်ဖြစ်၏။ ထိုမရှိသော ဝိညာဉ်(ဝါ)အတ္တက ဆက် သည်ဆိုက သဿတဒိဋ္ဌိ ဆက်မှားမည်၏။ ထိုသည်အတ္တ(ဝါ) ငါ သည်လည်းမရှိ။ ဧကန်တကယ် မှန်သောကြောင့် ဤ မရှိသော အတ္တဖြင့် ဆက်စရာဇာတိ ဘာမျှမရှိတော့၍ ပြတ်ပြီဟုဆိုကလည်း မပြတ်သောကြောင့် ဥစ္ဆေဒဒိဋ္ဌိ ပြတ်မှားမည်ပြန်သည်။'
>
> *(အနတ္တရောင်ခြည် ၁၇၅)*

ဤစာပိုဒ်တို့၏ လိုရင်းအချုပ်ကား ဝိညာဏ်ခေါ် အတ္တက ဟိုဘက်ဘဝသို့ ကူးသွားသည်ဟု ယူဆလျှင် သဿဒိဋ္ဌိ၊ အတ္တမရှိ၍ ကူးဆက်စရာမရှိ။ ထို့ကြောင့် ပြတ်သွားသည်ဟုယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိဟု သိစေလိုရင်းဖြစ်၏။ ဤရေးသားချက်ကား စာသိ၊ ခန္ဓာသိ တစ်ခုမှမပါသော မှားယွင်းသော ရေးသားချက်သာဖြစ်၏။ အမှန်ကား ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ ဟိုဘက်ဘဝသို့ ကူးပြောင်းလိုက်ပါသည်ဟု ယူဆလျှင် သဿတဒိဋ္ဌိ ဆက်မှား။

ရုပ်နာမ်နှစ်ခုလုံး ချုပ်ပျက်ပြီးသည်နှင့် နောက်ထပ်မဖြစ်တော့ဟု ယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိ ပြတ်မှားဖြစ်၏။ သူသည် သူကိုယ်တိုင် မှန်းဆယူထားသော သဿတဒိဋ္ဌိမှလွတ်အောင် ဝိညာဉ်ကောင် ဟိုဘက်ပါမသွားဟု ရေးလိုက်၏။ ဤသို့ရေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည်ပင် ဘုရားဟော သဿတဒိဋ္ဌိအရ တစ်ဝက်သာ လွတ်၏။ အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်ကောင် နာမ်တရား ဟိုဘက်ပါမသွားဟု ရေးလိုက်သည်နှင့် ရုပ်တရားကား ပါသွားသည်ဟူသော အဓိပ္ပါယ်သို့ ရောက်သွားသောကြောင့်ပင်ဖြစ်၏။

ဟိုဘက်ဘဝသစ်ဖြစ်တာကလည်း သေချာနေ၏။ ထိုသို့ဖြစ်လျှင် ဝိညာဉ်ကောင်မပါဘဲ ဘယ်လိုဖြစ်မည်နည်း။ လုံးလုံးမဖြစ်ဟု ယူဆလိုက်လျှင်လည်း သူသည် ဥစ္ဆေဒဒိဋ္ဌိထဲပါသွားမှာ စိုးရိမ်နေ၏။ ရုပ်ရော၊ နာမ်ရော တစ်ခုမှ ပါမသွားလျှင်လည်း နောက်ဘဝသစ် မည်သို့မျှမဖြစ်နိုင်။ ထို့ကြောင့် နာမ်တရားက နောက်ဘဝသို့ ပါမသွားလျှင် ရုပ်တရားသာ ပါသွားရမည်ဟု သူယူဆလိုက်၏။ ယူဆသည့်အတိုင်း ယခုလို **ရေးသားခဲ့၏။**

> 'အသို့ဖြစ်လျှင် အဘယ်နည်းဟုဆိုက ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း မဟာဘူတ (ပ၊ အာ၊ ဝါ၊ တေ)သည် လောက အားလုံး၏ ပင်မဘူတရုပ်ဖြစ်သောကြောင့် ဥပါဒါန်မကင်းလျှင် ဥပါဒါန်ဘူတရုပ် အဖြစ်နှင့်သာ ဤသံသရာ၏ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့၏ ရေယာဉ်ကြောတွင် မျောလျက်သာနေကြခြင်းဖြင့် ပဋိစ္စသမုပ္ပါဒ် ဝဲသြယာ၌ ကျင်လည်ကြရပေတော့သည်။'
>
> *(အနတ္တရောင်ခြည် - ၁၇၆)*

ဤစာပိုဒ်၏ လိုရင်းအချုပ်ကား ဓာတ်ကြီးလေးပါး ရုပ်တရားသည် မပျက်စီးဘဲ ဘဝအဆက်ဆက်ကူးကာ လိုက်ပါနေသည်ဟု ဆိုလိုခြင်းပင်ဖြစ်၏။ ဝိပဿနာအရာတွင်-

အတ္တကိလမထနှင့် ကာမသုခလ္လိကာနုယောဂ၊ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ၊ မည်သည့်ဘက်မှမပါဘဲ အလယ်လမ်းတည့်တည့်က လိုက်နိုင်မှသာ မဇ္ဈိပဋိပဒါ ကျသည်။ ရုပ်၊ နာမ်ကို မပျက်မစီး အမြဲတည်သည်ဟု ယူဆလိုက်လျှင် သဿတဒိဋ္ဌိဘက် ပါသွား၏။ ရုပ်နာမ်နှစ်ခုလုံးသေလျှင် ပြတ်သည်၊ နောက်ထပ် ဆက်မဖြစ်တော့ဟု ယူဆလိုက်ပြန်လျှင် ဥစ္ဆေဒဒိဋ္ဌိဘက် ပါသွားပြန်၏။

ဦးဥက္ကဋ္ဌကား ရုပ်တရားသည် မပျက်စီး၊ မြဲသည်ဟုယူဆသောကြောင့် သဿတဒိဋ္ဌိထဲလည်းပါ၏။ တစ်ဖန် နာမ်တရားသည် သေလျှင်ပြတ်သည်၊ နောက်ထပ်မဖြစ်တော့ဟုယူဆသောကြောင့် ဥစ္ဆေဒဒိဋ္ဌိထဲလည်း ပါနေပြန်သည်။ ဒိဋ္ဌိ(၆၂) ပါးထဲထည့်လျှင်ကား အချို့မြဲ၊ အချို့မမြဲဟုယူဆသောကြောင့် ဧကစ္စသဿတ ဒိဋ္ဌိထဲ ထည့်ရမည်ဖြစ်၏။ ဤဒိဋ္ဌိနှစ်ပါး ရှင်းလင်းမှ အနတ္တပေါက်နိုင်သဖြင့် ဥပမာ ဥပမေယျဖြင့် ရှင်းလင်းစွာရေးအံ့။

## သဿတ၊ ဥစ္ဆေဒဒိဋ္ဌိပုံ လောကီဥပမာ

အဘိဓမ္မတ္ထဝိဘာဝနီခေါ် ဋီကာကျော်ကျမ်း၌ ဘဝသစ်ဖြစ်ပုံကို သဿတ-

www.burmeseclassic.com

www.burmeseclassic.com



ဥစ္ဆေဒမှလွတ်စေရန် ပဲ့တင်သံ၊ တံဆိပ်၊ မီးတိုင် ဥပမာသုံးမျိုးဖြင့် ပြ၏။ ခေတ်လူငယ်များ ပိုမိုနားလည်လွယ်စေရန် ထိုဥပမာသုံးမျိုးထက် ပိုမိုသဘောပေါက်လွယ်သော ခေတ်ဥပမာတစ်ခုဖြင့် ရေးသားမည်။ အနာထပိဏ်ကျောင်းဒကာကြီး သေ၍ နတ်သား သွားဖြစ်သည်။ သို့သော် အနာထပိဏ်သူဌေးကြီး၏ လူ့ဘဝက ရုပ်နာမ်များ နတ်ပြည်သို့ တစ်ခုမှ ပါမသွားပေ။

ရန်ကုန်မှ တစ်ထောင်တန်ငွေစက္ကူ တစ်သောင်း ပို့လိုက်၍ မန္တလေးသို့ ရောက်သည်။ ရန်ကုန်မှ ပို့လိုက်စဉ်က တစ်ထောင်တန်ဖြစ်သော်လည်း မန္တလေးသို့ ရောက်သောအခါ ငါးရာတန်များဖြစ်နေ၍ ပို့လိုက်သော တစ်ထောင်တန်များ မန္တလေးသို့ တစ်ရွက်မှပါမသွားသည်မှာ အသေအချာပင်။ ရန်ကုန်မှပို့လိုက်သော ငွေအရေအတွက်တန်ဘိုး တစ်သောင်းအတွက် မန္တလေးတွင် ငွေတစ်သောင်း ရောက်ပါ၏။ သို့သော် အရေအတွက်တန်ဘိုးသာတူပြီး 'ရုပ်ဝတ္ထုဖြစ်သော တစ်ထောင်တန်နှင့် ငါးရာတန်'ဟူ၍ ရုပ်ဝတ္ထု ခြားနားသွားသည်။ ထို့အတူ ကျောင်းဒကာ အနာထပိဏ် သေ၍ နတ်ပြည်မှာ နတ်သားသွားဖြစ်သော်လည်း လူ့ဘဝက ရုပ်နာမ်များ နတ်ပြည်သို့ တစ်ခုမှပါမသွားပေ။

မန္တလေးသို့ ငါးရာတန်ငွေတစ်သောင်းရောက်သွားခြင်းသည် ရန်ကုန်မှ တစ်ထောင်တန် ငွေတစ်သောင်းပို့လိုက်ခြင်းနှင့်လည်း ကင်း၍မဖြစ်နိုင်ပေ။ ရန်ကုန်မှ တစ်ထောင်တန်ငွေတစ်သောင်း ပို့လိုက်ခြင်းသည် အကြောင်းတရား၊ မန္တလေးသို့ ငါးရာတန်ငွေတစ်သောင်း ရောက်ခြင်းသည် အကျိုးတရား။ အကျိုးတရားသည် အကြောင်းတရားနှင့်ကင်း၍ မဖြစ်နိုင်။

ထို့အတူ အနာထပိဏ်ကျောင်းဒကာ နတ်ပြည်တွင် နတ်သားဖြစ်ရခြင်းသည် လူ့ဘဝကပြုခဲ့သော ကုသိုလ်ကံနှင့်ကင်း၍ နတ်ပြည်တွင် နတ်သားဖြစ်ရခြင်းသည် မဖြစ်နိုင်။ နတ်သားဖြစ်ရခြင်းသည် အကျိုးတရား။ ဇေတဝန်ကျောင်းတော်ကြီးကို လှူခြင်း စသောကုသိုလ်သည် အကြောင်းတရား၊ အကြောင်းနှင့် အကျိုးသဘောတရားသာရှိသည်ဟူ၍ နားလည်သွားသည်နှင့် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ ကင်းပျောက်နိုင်ပေသည်။

နတ်ဘဝသို့ လူ့ဘဝက ရုပ်နာမ်များ တစ်ခုမှ ပါမလာဟု နားလည်သွားလျှင် ရုပ်နာမ်ကို မြဲသည်ဟုယူဆသော သဿတဒိဋ္ဌိ ကွာ၏။ နတ်ဘဝ၌ ရုပ်သစ်၊ နာမ်သစ် လာဖြစ်ရခြင်းသည် လူ့ဘဝကပြုခဲ့သော ကုသိုလ်ကံကြောင့်ဟု နားလည်သွားလျှင် ရုပ်နာမ်သည် သေလျှင်ပြတ်တာပဲဟုယူဆသော ဥစ္ဆေဒဒိဋ္ဌိ ကွာ၏။

အနတ္တသိကို အသိသုံးမျိုးဖြင့်ခွဲထားရာ နှစ်မျိုးပြီးသွားပေပြီ၊ ဆက်စပ်မှုမှာ ဝေးလွန်းနေသဖြင့် ပြခဲ့ပြီးနှစ်မျိုးကို အကျဉ်းချုပ်၍ ရေးသားဦးမည်။ အဆင်းတစ်ခုကို မြင်လိုက်သောအခါ စက္ခုပသာဒ အကြည်ရုပ်၊ အဆင်းရုပ်တို့သည် ဖောက်ပြန်တတ်သော ရုပ်တရား၊ မြင်သိစိတ်လေးသည် နာမ်တရား၊ အသံတစ်မျိုးမျိုးကို ကြား

www.burmeseclassic.com

www.burmeseclassic.com



သောအခါ နားအကြည်ရုပ်နှင့် အသံရုပ်တို့သည် ရုပ်တရား၊ ကြားသိစိတ်သည် နာမ်တရား၊ အနံ့တစ်ခုခုကို နံသောအခါ နှာခေါင်းအကြည်ရုပ်နှင့် အနံ့ရုပ်တို့သည် ရုပ်တရား၊ နံသိစိတ်သည် နာမ်တရား၊ အစားအစာတစ်ခုခုကို စားသောက်သောအခါ လျှာအကြည်ရုပ်နှင့် အရသာရုပ်တို့သည် ရုပ်တရား၊ စားသိစိတ်သည် နာမ်တရား။

အတွေ့တစ်ခုခုကို ထိတွေ့သောအခါ ကိုယ်အကြည်ရုပ်နှင့် အတွေ့အထိရုပ်သည် ရုပ်တရား၊ ထိသိစိတ်သည် နာမ်တရား၊ အတွေးအာရုံ (ဓမ္မာရုံ)တစ်ခုခုကို တွေးကြံသောအခါ မနောဓာတ်သုံးပါး မှီနေသော ဟဒယဝတ္ထုခေါ် နှလုံးသွေးအကြည်ရုပ်ကလေးသည် ရုပ်တရား၊ တွေးသိစိတ်သည် နာမ်တရား၊ အိပ်ပျော်နေသောအချိန်တွင် ဟဒယဝတ္ထုသည် ရုပ်တရား၊ ဘဝင်စိတ်သည် နာမ်တရား။ ပဋိသန္ဓေတည်စအချိန်၌ ပဋိသန္ဓေကမ္မဇရုပ်(၂၀)သည် ရုပ်တရား၊ ပဋိ သန္ဓေစိတ်(၁၉)ပါးတွင် တစ်ပါးပါးသည် နာမ်တရား၊ စုတေဆဲ (သေဆဲ)အချိန်၌ ဟဒယဝတ္ထုသည် ရုပ်တရား၊ စုတိစိတ် (သေစိတ်)သည် နာမ်တရား၊ ဤကဲ့သို့ ရုပ်နှင့်နာမ်သာရှိသည်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိဟူ၍ သက္ကာယဒိဋ္ဌိကို ပယ်နိုင်သောအသိကို 'ဉာတပရိညာ' အနတ္တသိဟုခေါ်၏။

အဆင်းတစ်ခုခုကို မြင်လိုက်သည်နှင့် စက္ခုပသာဒအကြည်ရုပ်နှင့် အဆင်းရုပ်တို့သည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်သွားသည်။ မြင်သိစိတ်ကလေးသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွားသည်။ ထို့ကြောင့် ရုပ်နှင့်နာမ်သည် မမြဲသော အနိစ္စတရားသာဖြစ်သည်။ အဖြစ်အပျက်ဖြင့် နိဗ္ဗာန်မရောက်မချင်း ဘဝအဆက်ဆက် တရစပ်နှိပ်စက်နေသောကြောင့် ဆင်းရဲသော ဒုက္ခတရားသာဖြစ်သည်။

မမြဲခြင်း၊ ဆင်းရဲခြင်းတို့ကို မြဲအောင်၊ ချမ်းသာအောင် ပြုပြင်၍မရသောကြောင့် အစိုးရခြင်း၊ ပိုင်ဆိုင်ခြင်း၊ အတ္တသဘောမရှိ။ အနတ္တတရားသာဖြစ်သည်ဟု ပွားများ၍ သိသွားခြင်းမျိုးကို တီရဏပရိညာဟုခေါ်၏။ ထို တီရဏပရိညာဖြင့် သိ သည်နှင့် သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိတို့ကို ပယ်သတ်နိုင်သည်။ တီရဏပရိညာဖြင့် သိသော ဤအသိမျိုးကို ဒုတိယအနတ္တသိဟုဆိုနိုင်သည်။ ပွားများသက်ရ၍ ပါရမီရင့်လာသည် နှင့် သောတာပတ္တိမဂ်ကိုရပြီး နိစ္စသညာ၊ သုခသညာ၊ အတ္တသညာတို့ကို အမြစ်ပြတ် ပယ်သတ်သွားနိုင်ခြင်းကို 'ပဟာနပရိညာ'ဟုခေါ်၏။

ဤပဟာနပရိညာဖြင့်သိသော တတိယအနတ္တသိကိုရောက်မှ အနတ္တ ပေါက်ရောက်မှုသည် လမ်းဆုံးသည်။ ဤကား ဝဏ္ဏဓာတ်နှင့် စပ်နွယ်သမျှကို ရေးသားလိုက်ခြင်းဖြစ်၏။ ယခု ဂန္ဓဓာတ်ကို ရေးအံ့။ ဂန္ဓဓာတ်ဟူသည် အနံ့ရုပ်ကို ဆိုလိုခြင်းဖြစ်၏။ နံသောသဘောလေးကိုပင် ပရိယာယ်အားဖြင့် အမျိုးမျိုးသုံးနှုန်းကြ၏။

မိမိကြိုက်နှစ်သက်သော အနံ့ဖြစ်လျှင် မွှေးတယ်၊ လှိုင်တယ်၊ ကြိုင်တယ်၊ သင်းတယ်၊ ပျံ့တယ်ဟုသုံးနှုန်း၏။ မနှစ်သက်သောအနံ့ဆိုလျှင် ပုပ်တယ်၊ သိုးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟောင်တယ်၊ စပ်တယ်၊ နံတယ်စသည်ဖြင့်သုံးနှုန်း၏။ ပရမတ်အားဖြင့်ကား နံသော သဘောလေးသာဖြစ်၏။

သနပ်ခါးတုံးတစ်တုံးကို နမ်းကြည့်လိုက်လျှင် အနံ့တစ်ခုရ၏။ ထို နံသော သဘောလေးသည်သာ အနံ့ရုပ်ဖြစ်၏။ သနပ်ခါးတုံးက အနံ့ရုပ် မဟုတ်။ သနပ်ခါးတုံး ဟူသည် ပရမတ်တရားလေးပါးတွင် မပါဝင်သော ပညတ်တရားသာဖြစ်၏။ ပညတ်ဟူ သည် တကယ်မရှိသောတရားဖြစ်၏။ အနံ့ရုပ်က နံခြင်းမဟုတ်ဘဲ သနပ်ခါးတုံးကသာ နံသည်ဟုဆိုလျှင် သနပ်ခါးတုံးပျောက်လျှင် နံတာ ပျောက်ရမည်။

သနပ်ခါးတုံးကို အမှုန့်ကြိတ်လိုက်ပါ။ အမှုန့်ဖြစ်သွားသည်နှင့် သနပ်ခါးတုံး မရှိတော့ပေ။ ထိုအမှုန့်ကို နမ်းကြည့်လျှင် နံသောသဘောကား ရှိနေသည်သာဖြစ်၏။ ထို့ကြောင့် သနပ်ခါးတုံးက နံခြင်းမဟုတ်၊ အနံ့ရုပ်က နံခြင်း ဟူသည်မှာ ထင်ရှား၏။ သနပ်ခါးမှုန့်က နံတာဟု ထင်နေသေးလျှင် ထိုသနပ်ခါး မှုန့်များကို ရေများများဖြင့် ဖျော်လိုက်ပါ။သနပ်ခါးရည်များ ဖြစ်သွားပေမည်။

ထိုသနပ်ခါးရည်များကို နမ်းကြည့်လျှင်လည်း အနံ့ကား ရနေသည်သာ။ သနပ်ခါးမှုန့်မရှိတော့ဘဲ အနံ့ရနေခြင်းကြောင့် သနပ်ခါးမှုန့်က နံခြင်းမဟုတ်၊ အနံ့ရုပ်က နံခြင်းဟူသည်မှာ ထင်ရှားပါ၏။ ထို သနပ်ခါးရည်များကို မြေကြီးထဲ လောင်းထည့်ထား လိုက်လျှင် နှစ်အတန်ကြာပါက မြေကြီးနှင့် တစ်သားတည်း ဖြစ်သွားမည်။ ထိုမြေကြီးကို နမ်းကြည့်လျှင်လည်း နံနေမည်သာဖြစ်၏။

ထိုမြေကြီးကိုယူ၍ အိုးများ၊ အင်များလုပ်လျှင် အိုးများ၊ အင်များ ဖြစ်လာ ပြန်၏။ ထိုအိုးများကို နမ်းကြည့်လျှင်လည်း အနံ့တစ်ခုခုရသည်မှာ အမှန်ပင်ဖြစ်၏။ တစ်ဖန် ထိုအိုးများကို တစ်စစီခွဲခြားပြီး မြေကြီးထဲမြှုပ်ထားလိုက်လျှင် နှစ်အတန် ကြာလျှင် မြေကြီးပြန်ဖြစ်သွား၏။

ထိုမြေကြီးများကို နမ်းကြည့်လျှင် အနံ့တစ်ခုခု ရမည်သာဖြစ်၏။ ထို နံသောသဘောလေးကိုသာ ဂန္ဓအနံ့ရုပ်ဟု ဆိုလိုခြင်းဖြစ်၏။ သနပ်ခါးတုံး၊ သနပ် ခါးမှုန့်၊ သနပ်ခါးရည်၊ မြေကြီး၊ အိုး၊ အင် စသည်တို့သည် တကယ်မရှိသော ပညတ် တရားများသာဖြစ်၏။ အနံ့ရုပ်သည် အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်အမွှား မဟုတ်ဘဲ နံတတ်သော သဘောတရားလေးသာဖြစ်သည်ဟူ၍ နှာလည်မှ ရုပ်တရား ရူပက္ခန္ဓာသည် ရုပ်နာမ်ချိန်ဟူ၍မရှိဘဲ တရစပ်ဖြစ်ပျက်နေသည့် အနိစ္စတရားသာ ဖြစ်သည်ဟူသော ဗုဒ္ဓဒေသနာတော်ကို လက်ခံနိုင်မည်ဖြစ်၏။

'ဇိဝှါပဋိဟနနလက္ခဏောရသော'ဟူသော ဒေသနာအရ လျှာ၏အလည် ကြာရွက်ဖျားသဏ္ဍာန် လျှာအကြည်ရုပ်ကလေးကို ထိခိုက်ခြင်းကိုပင် ရသရုပ်ဟု ခေါ် ခြင်းဖြစ်၏။ ထို့ကြောင့် ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါးဟူသော အရသာ(၆)ပါးကိုမှ ရသဓာတ်ဟု ခေါ်ခြင်းမဟုတ်၊ လျှာပေါ် တင်လိုက်သည်နှင့် ပေါ်လာသော အရသာ သဘောလေးကိုသာ ရသဓာတ်ဟုသိရမည်။

www.burmeseclassic.com

www.burmeseclassic.com



ရသဓာတ်သည်လည်း အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ် တစ်ခုမှ မဟုတ်၊ လျှာနှင့် အစားအစာတစ်ခုခုတို့ ထိမိ၍ပေါ်လာသော အရသာသဘောတရားလေးသာဖြစ်၏။ ထမင်းလုပ်သည် မရှိသောပညတ်၊ လျှာအကြည်ရုပ်နှင့် ထိမိ၍ ပေါ်လာသော အရသာသဘောတရားလေးသည် ရှိသောပရမတ် ရသဓာတ်။

ထိုနည်းတူ လျှာပေါ်တင်လိုက်သော ငှက်ပျောသီးသည် ပညတ်၊ လျှာအကြည်ရုပ်နှင့်ထိ၍ ပေါ်လာသော အရသာသဘောလေးသည် ပရမတ် ရသဓာတ်၊ သံပုရာသီးသည် ပညတ်၊ လျှာပေါ်တင်လိုက်၍ ပေါ်လာသော အရသာသဘောလေးသည် ပရမတ်ရသဓာတ်၊ ရေသည် ပညတ်၊ လျှာပေါ်တင်လိုက်၍ ပေါ်လာသော အရသာသဘောလေးသည် ပရမတ်ရသဓာတ်၊ မြေနှင့်မြက်သည် ပညတ်၊ လျှာပေါ်တင်လိုက်၍ ပေါ်လာသော အရသာသဘောလေးသည် ပရမတ် ရသဓာတ်။

---

ရေ၊ မြေ၊ မြက်တို့ကို လျှာပေါ်တင်ရာ၌ ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး အရသာ(၆)ပါး တစ်ပါးမှမပါပေ။ သို့သော် လျှာနှင့်ထိသောအခါ အမည်တပ်၍ မဖြစ်သော အရသာတစ်ခုခုကား ပေါ်လာသည်သာဖြစ်၏။ ထို့ကြောင့် အရသာ (၆)ပါးကိုမှ ရသဓာတ်ခေါ်သည်မဟုတ်၊ လျှာနှင့်ထိလိုက်သောအခါ ပေါ်လာသော အရသာသဘောလေးကိုသာ ရသဓာတ်ဟုခေါ်ကြောင်း ရှေ့ပိုင်းမှာ ဖွင့်ပြခဲ့ခြင်း ဖြစ်၏။

မြေနှင့်မြက်တို့တွင် လူတို့အမြင်အရ ရသဓါတ်မရှိဟု ထင်ရသော်လည်း ရသဓာတ်ကား ရှိသည်သာဖြစ်၏။ ထို့ကြောင့် တီကောင်နှင့်နွားများ၊ မြင်းများသည် မြေနှင့်မြက်ကိုသာ စားသောက်နေထိုင်ကြခြင်းဖြစ်၏။ ဖော်ပြပါ စကားရပ်တို့ကို အကျဉ်းချုပ်ပြီး လိုရင်းသိရမည်မှာ ထမင်းလုပ်၊ ငှက်ပျောသီး၊ သံပုရာသီး၊ ရေ၊ မြေ၊ မြက်တို့သည် ရသဓာတ်မဟုတ်သေး။ ယင်းတို့သည် အတုံး၊ အလုံး၊ အခဲ အနေနှင့် ရှိနေကြသော ဃနပညတ်များသာဖြစ်၏။

ရသဓာတ်ကား ယင်းတို့နှင့် လျှာအကြည်ရုပ်တို့ တွေ့ထိသောအခါ ပေါ်လာသော အရသာသဘောတရားလေးမျှသာဖြစ်၏။ ထိုရသဓာတ် ရုပ်တရားသည်လည်း မျက်တောင်တစ်ခတ်လျှင် အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်နေသော အနိစ္စတရားသာဖြစ်၏။ ရှစ်ခုမြောက်ဓာတ်မှာ ဩဇာဓာတ်ဖြစ်၏။ ရှေးအဘိဓမ္မာ အကျော် ဆရာတော်ကြီးများက လွယ်ကူစွာမှတ်နိုင်စေခြင်းအကျိုးငှာ၊ ဩဇာဓာတ်ကို အဆီ၊ အနှစ်၊ အစေးဟု မြန်မာပြန်ကြ၏။

ဩဇာဓာတ်ကို ဝိဂြိုဟ်ဆိုပြထားသည်မှာ 'အတ္တနော ဥဒယနန္တရံ ရူပံ ဇနေတီ တိ ဩဇာ' ဟုဖြစ်၏။ အဓိပ္ပါယ်မှာ မိမိ၏အခြားမဲ့၌ ရုပ်အသစ်ကို ချက်ချင်းဖြစ်စေ တတ်သောကြောင့် ဩဇာဟုဖြစ်၏။ ရုပ်အဟောင်းအဟောင်း ချုပ်ပျောက်သော နေရာတွင် ရုပ်အသစ်အသစ်ကို ဖြစ်စေတတ်သော သဘောတရားလေးကို ဩဇာဟု သိထားလျှင် လုံလောက်ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အဘိဓမ္မတ္ထသင်္ဂဟ၌ 'ကဗဠီကာရော အာဟာရော ဩဇာရှုပံ နာမ'ဟု ဖွင့်ပြရာ အလုပ်အလွေးပြုအပ်သော အစာအာဟာရများကို ဩဇာဟုဆိုလို၏။ ဤ ဖွင့်ပြချက်သည်လည်း သိလွယ်စေရန်သာ ဖြစ်၏။ စီစစ်၍သိရမည်ကား ထမင်းလုပ် ကြီးသည် ဩဇာဓာတ်မဟုတ်၊ ထိုထမင်းလုပ်အတွင်း၌ပါသော ရုပ်အသစ်ကို ဖြစ်စေ တတ်သည့် သဘောတရားကိုသာ ဩဇာဟုခေါ်ခြင်းဖြစ်၏။ အာဟာရနှင့် ဩဇာ အတူတူပင်ဖြစ်၏။ အာဟာရ၏အဓိပ္ပါယ်ကား ဆောင်ခြင်းဟူ၍ဖြစ်၏။

အဘယ်အရာကို ဆောင်သနည်းဟုမေးခဲ့လျှင် အာဟာရခေါ် ဩဇာဓာတ် သည် ကျန်ရုပ်များကို ဆောင်ထားသည်ဟုဖြေရမည်။ သန္ဓေသားသည် မိခင်၏ သား အိမ်ထဲတွင် နေရသည်။ ထိုသားအိမ်ထဲတွင် ရေများကလည်း ရှိသေးသည်။ မိခင် စားသော အစာအာဟာရများသည် အစာသစ်အိမ်ထဲမှာ ရှိသည်။ အချိန်တန်၍ အစာဟောင်းအိမ်သို့သွားခြင်းမှတစ်ပါး မည်သည့်နေရာမှ ရွေ့လျားသွားလာ၍ မရပေ။

ထို့ကြောင့် မိခင်စားသော အစားအစာများ သန္ဓေသားဗိုက်ထဲ မဝင်နိုင် သည်မှာ အသေအချာပင်။ သို့ဖြစ်လျှင် သန္ဓေသားသည် ဆယ်လတိုင်တိုင် မည်သည့် နည်းနှင့် အသက်ရှင်နေနိုင်သနည်း၊ မိခင်စားသော အစာအာဟာရများမှ ပကတိ မျက်စိဖြင့် မမြင်နိုင်သော ဩဇာဓာတ်သည် ကလေး၏ဝမ်းထဲသို့ ရောက်နိုင်သည်။ ထို့ကြောင့် ဆယ်လတိုင်တိုင် အသက်ရှည်နေနိုင်ခြင်းဖြစ်၏။

လူများစားသောက်နေသော အာဟာရမှန်သမျှသည် အစာဟောင်းအဖြစ် ဖြင့် အချိန်တန်လျှင် ခန္ဓာကိုယ်အပြင်ဘက်သို့ ထွက်လာရသည်သာဖြစ်၏။ ထို့ကြောင့် ဩဇာဓာတ်ဟူသည် စားသောက်နေကြသော အစာအာဟာရများ မဟုတ်ကြ။ ထို အစာအာဟာရတို့တွင်ပါသည့် ပကတိမျက်စိဖြင့် မမြင်ရသော ရုပ်အသစ်အသစ်ကို ဖြစ်စေတတ်သော သဘောတရားလေးသာဖြစ်ကြောင်း ထင်ရှားပေသည်။ ထို ဆောင် တတ်သောအာဟာရကို ကျမ်းဂန်တို့၌ လေးမျိုးပြ၏။

## အာဟာရ(၄)မျိုး

ကဗဠီကာရအာဟာရသည် ရုပ်အဆက်ဆက်ကို ဆောင်သည်။ ဖဿာဟာရ သည် သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာဟူသော ဝေဒနာ သုံးပါးကို ဆောင်သည်။ မနောသဉ္စေတနာဟာရသည် ကာမဘဝ၊ ရူပဘဝ၊ အရူပ ဘဝဟု ဆိုအပ်သော ဘဝသုံးပါးကို ဆောင်ကြသည်။
ဝိညာဏာဟာရသည် ပဋိသန္ဓေနာမ်ရုပ်ကို ဆောင်သည်။

ကြက်မကြီးသည် သူဥထားသော ဥများအပေါ် နေ့စဉ်ဝပ်ပေးရ၏။ မိခင်၏ ကိုယ်နှင့် တွေ့ထိရခြင်းဟူသော ဖဿာဟာရကြောင့် ဥတွင်းရှိ ကြက်ကလေးများသည် ဥပေါက်ချိန်ရောက်အောင် ရက်အတန်ကြာသည်အထိ အစာမစားဘဲ နေနိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ယနေ့ခေတ်တွင် ကြက်မများ ဝပ်စရာမလိုဘဲ အပူဓာတ်ဖြင့် ကြက်သားဖောက်ခြင်းများ ရှိ၏။ ထိုအပူဓာတ်သည်ပင် ကြက်မကြီးနေရာတွင် ရောက်လာသော ဖဿာဟာရတစ်မျိုးဟု မှတ်ယူရမည်။

လိပ်မကြီးများသည် ပင်လယ်ကမ်းစပ်သဲသောင်ပေါ်တွင် ဥများကို ဥထားခဲ့ပြီး သူတို့ကိုယ်တိုင်ကား ပင်လယ်ထဲမှာပင်နေ၏။ သို့သော် လိပ်ဥများရှိရာသို့ ဦးခေါင်းလှည့်၍ နေ့စဉ်မေတ္တာပို့ပေး၏။ မတော်တဆ လိပ်မကြီးသည် အန္တရာယ်တစ်ခုခုကြောင့် သေဆုံးသွားသော် မိခင်လိပ်မကြီး၏မေတ္တာကို မရသဖြင့် လိပ်ဥများပုပ်၍ ပျက်စီးရသည်။ မိခင်ပို့သပေးသော မေတ္တာစေတနာခေါ် မနောသဥ္စေတနာဟာရကြောင့် ဥအတွင်းမှ လိပ်ကလေးများသည် အာဟာရမျှတပြီး ဥမှပေါက်ချိန်အထိ တည်နေနိုင်ခြင်းဖြစ်၏။

ဗြဟ္မာများသည်လည်း မေတ္တာဈာန်ခေါ် မနောသဥ္စေတနာဟာရဖြင့် ကမ္ဘာများစွာ တခြားအစာမစားဘဲ အသက်ရှင်နေနိုင်ကြခြင်းဖြစ်သည်။ အောက်ဆုံးပဌမဈာန်သုံးဘုံ ဗြဟ္မာများဆိုလျှင် သက်တမ်းမဟာကပ်ငါးရာထိ နေနိုင်သည်။ အထက်ဆုံး နေဝသညာနာသညာယတန အရူပဗြဟ္မာများဆိုလျှင် သက်တမ်း မဟာကပ်ပေါင်း (၈၄၀၀၀)ထိ နေကြသည်။

ဤမျှထိဆိုလျှင် ဩဇာဓာတ်သည်လည်း ရှေ့ဓာတ်(၇)ပါးကဲ့သို့ အလုံး၊ အတုံး၊ အခဲ၊ အရည်၊ အဖတ် တစ်ခုမှမရှိဘဲ ရုပ်ဟောင်းပျက်သောနေရာ၌ ရုပ်သစ်ကို အစားထိုးပေးသော သဘောတရားလေးသာဖြစ်ကြောင်း သဘောပေါက်လောက်ပေပြီ။ ရုပ်ဓာတ်မှန်သမျှ သဘောတရားသာရှိသည်ဟူ၍ သဘောပေါက်လောက်ပေပြီ။ ရုပ်ဓာတ်မှန်သမျှ သဘောတရားသာရှိသည်ဟူ၍ နားလည်မှုသာလျှင် တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်နေသည့် အနိစ္စတရားဆိုသည်ကို လက်ခံနိုင်မည်ဖြစ်၏။

ပထဝီ = မာသဘော၊ ပျော့သဘော၊

အာပေါ = ဖွဲ့စည်းသဘော၊ ယိုစီးသဘော၊

တေဇော= ပူသဘော၊ အေးသဘော၊ ရင့်ကျက်သဘော၊

ဝါယော = ထောက်ကန်သဘော၊ လှုပ်ရှားသဘော၊

ဝဏ္ဏ = အဆင်းရုပ်မြင်ရသော သဘော၊

ဂန္ဓ = အနံ့ရုပ်၊ နံသောသဘော

ရသ = အရသာရုပ်၊ အရသာသဘော

ဩဇာ= အဆီ, အနှစ်, အစေး၊ (ရုပ်အသစ်အသစ်ကို ဖြစ်စေတတ်သော သဘော)

သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးတွင် ဤရုပ်ဓာတ်ရှစ်ပါးရှိ၏။ ရှစ်ပါးလုံး တစ်ပေါင်းတစ် စည်းတည်းရှိ၏။ တစ်ပါးစီ ခွဲခြား၍မရ။ ထို့ကြောင့် အဝိနိဗ္ဘောဂရုပ်ဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခြင်းဖြစ်၏။ ပြခဲ့ပြီးသောနာမ်တရားနှင့် ဤရုပ်ဓာတ်(၈)ပါးသာ တကယ်ရှိ၏။ လူ၊ နတ်၊ ဗြဟ္မာ၊ ခွေး၊ ကြက်၊ ဝက်၊ အိမ်၊ ကျောင်း၊ ဇရပ်၊ တော၊ တောင်၊ ရေ၊ မြေ စသည်တို့သည် တကယ်မရှိသော ပညတ်တရားများသာဖြစ်၏။

## ပညတ်ပြောင်းလဲခြင်း

လက်တွေ့ပြအံ့။

'အိမ်'ဟု လူတိုင်းခေါ်ကြ၏။ 'အမှားကြာ အမှန်ဖြစ်' ဟူသောစကားအတိုင်း ကြာလာသောအခါ တကယ်မရှိသော အိမ်ကိုပင် တကယ်ရှိသည်ဟု စွဲလမ်းယုံကြည်ကြ၏။ ထို့ကြောင့် တကယ်မရှိသောအိမ်ကို အကြောင်းပြုပြီး လောဘ၊ ဒေါသဖြစ်ကြရ၏။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ် လေးပါးတွင် အိမ်မပါ၊ ထို့ကြောင့် အိမ်ဟူသည် ပညတ်။ ပညတ်ဟူသည် တကယ်မရှိသောတရား၊ ဤကား-စာသိ။

ယခု ငါသိ သိအောင်ပြအံ့။ အိမ်တစ်ခုလုံးရှိ တိုင်၊ အမိုး၊ အခင်း၊ အကာ၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားတို့ကို တစ်ခုချင်းကိုင်၍စစ်ကြည့်ပါ။ ဥပမာ တိုင်ကိုကိုင်၍ ဒါတိုင်လား၊ အိမ်လားဟုမေးခဲ့လျှင် တိုင်ဟုသာ ဖြေကြလိမ့်မည်။ မည်သူမှ အိမ်ဟု ဖြေကြမည်မဟုတ်။ ထိုသို့ စစ်မေးခဲ့လျှင် တိုင်၊ အမိုး၊ အခင်း၊ အကာ၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားတို့သာ ကုန်သွားမည်၊ အိမ်ကိုကား ရှာတွေ့မည်မဟုတ်ပေ။

ထိုသို့ ရှာမတွေ့ခြင်းသည် အိမ်ဟူသည် တကယ်မရှိသောကြောင့် ရှာမတွေ့ခြင်းသာဖြစ်၏။ အိမ်ဟူသည် တိုင်၊ အမိုး၊ အခင်း စသည်တို့ ပေါင်းစပ်ထားသဖြင့် ပေါ်လာသော သမူဟပညတ်သာဖြစ်၏။ သို့မဟုတ် လူတွေနေလို့ရအောင် လုပ်ထားသော ဤပုံသဏ္ဌာန်မျိုးကို အိမ်ဟုခေါ်ဟူ၍ ပညတ်ထားသော သဏ္ဌာနပညတ်သာ ဖြစ်၏။ ထိုသို့ စမ်းသပ်ရှာဖွေကြည့်သောအခါ အိမ်မရှိသော်လည်း ရုပ် ဓာတ်ပရမတ် ရှစ်ပါး ရှိနေပုံကို ပြအံ့။

မရှိသောပညတ်ဟူသည်ကား မီးခိုးမဆုံး၊ မိုးမဆုံး၊ အလွန်များလှ၏။ တိုင်၊ အမိုး၊ အခင်း၊ အကာ၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားဟူ၍ တစ်ခုစီခွဲခြားပစ်လိုက်သည်နှင့် အိမ်ဟူသောပညတ် ပျောက်သွား၏။ သို့သော် တိုင်၊ အမိုး၊ အခင်း စသောပညတ်တွေ ပေါ်လာပြန်၏။ တိုင်ကို အချောင်းများဖြစ်သွားအောင် ခွဲစိတ်ပစ်လိုက်လျှင် တိုင် ပျောက်သွားပြီး ထင်းချောင်းဟူသော ပညတ် ရောက်လာ၏။ ထင်းချောင်းကို အမှုန့် ကြိတ်လိုက်လျှင် ထင်းချောင်းဟူသောပညတ် ပျောက်သွားပြီး သစ်သားမှုန့်ဟူသော ပညတ် ရောက်လာပြန်၏။

ထိုသစ်သားမှုန့်ကို မီးရှို့ပြာချပစ်လိုက်လျှင် သစ်သားမှုန့်ဟူသော ပညတ် ပျောက်သွားပြီး ပြာဟူသောပညတ် ရောက်လာပြန်၏။ ထိုပြာများကို မြေကျင်းထဲ တူးမြှုပ်ထားလိုက်လျှင် နှစ်အတန်ကြာသည်နှင့် မြေကြီးများဖြစ်သွား၏။ ထိုအခါ ပြာ ဟူသော ပညတ်ပျောက်သွားပြီး မြေကြီးဟူသော ပညတ် ရောက်လာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို မြေကြီးကို အိုးဖုတ်ပြန်လျှင် မြေကြီးဟူသောပညတ် ပျောက်သွားပြီး အိုးဟူသော ပညတ် ရောက်လာ၏။ ပညတ်ကား ဆုံးလိမ့်မည်မဟုတ်။ ထို့ကြောင့် အရှိတရား ပရမတ်ကိုသာ တကယ်သိရန် ကြိုးစားကြပါစို့။ တိုင်ကို ကိုင်ကြည့်လိုက်လျှင် မာသော သဘောလေးကို တွေ့ရ၏။ ထို မာသောသဘောလေးသည် ပရမတ် ပထဝီဓာတ်၊ တိုင်လုံးကြီးဖြစ်လာ အောင် အဋ္ဌကလာပ် ရုပ်မှုန့်ပေါင်းများစွာကို ဖွဲ့စည်းထားရ၏။ ဉာဏ်ဖြင့်သာ သိနိုင်သည့် ထို ဖွဲ့စည်းသောသဘောတရားလေး သည် အာပေါဓာတ်။

ထိုတိုင်ကို ကိုင်ကြည့်သောအခါ ပူသဘော၊ အေးသဘော၊ တစ်ခုခုကို တွေ့ရ၏။ ဤကား တေဇောဓာတ်၊ တိုင်လုံးကြီးသည် အမိုး၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြား စသည်တို့ ပြုတ်ကျမသွားအောင် ထောက်ကန်ပေးထား၏။ ဤကား ဥတုကြောင့် ဖြစ်သော ဝါယောဓာတ်၊ ထိုတိုင်ကို ကြည့်လျှင် မြင်ရ၏။ ဤကား ဝဏ္ဏဓာတ်။ ထိုတိုင်ကို အနံ့ခံကြည့်လျှင် အနံ့တစ်ခုခု ရ၏။ ဤကား ဂန္ဓဓာတ်၊ ထိုတိုင်ကို အစအမှုန်လေးဖဲ့ပြီး လျှာပေါ်တင်ကြည့်လိုက်လျှင် အရသာတစ်ခုခုတွေ့ရ၏။ ဤကား ရသဓာတ်၊ တိုင်မှ အသားများကိုစားပြီး 'ခြ'များသည် သူတို့သက်တမ်းအလိုက် အသက်ရှည်၏။ ဤကား ဩဇာဓာတ်။

ဩဇာဓာတ်သည် ရုပ်ဟောင်းချုပ်ပျက်ရာနေရာ၌ ရုပ်သစ်ကို အစားထိုး ခြင်းသဘောတရားဟု ရှေး၌ ပြခဲ့ပြီးဖြစ်၏။ ဤကား အိမ်ဟူသည် မရှိသော ပညတ် တရား၊ ရုပ်ဓာတ်(၈)ပါးသည် ရှိသောပရမတ်တရားဟူသည်ကို ငါတွေ့ရှင်းပြခြင်း ဖြစ်၏။ ယခု လူဟူသော ပညတ်တရား၏ မရှိပုံကို ရှင်းအံ့။ လူဟူသည်လည်း စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ်လေးပါးတွင် မပါသောကြောင့် ပညတ်သာ ဖြစ်၏။

ပညတ်ဆိုလျှင် မရှိသောသဘောတရားပင်ဖြစ်၏။ ပညတ်မှန်သမျှ ခေါ် ဖြစ်ရုံ၊ နာမည်သာရှိ၏။ တရားကိုယ်အနှစ်အသား ဘာမျှမရှိပေ။ ပရမတ်လေးပါးထဲ မပါ သဖြင့် လူဟူသည် ပညတ်တရား။ ထို့ကြောင့် တကယ်မရှိသောတရားဟု သိခြင်းသည် စာသိသာဖြစ်၏။ ယခုလက်တွေ့ ငါသိကို ပြအံ့။ လူတစ်ယောက်၏ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်တို့ကိုကိုင်၍ ဒါ လူလား၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်လားဟု မေးခဲ့လျှင် ခေါင်း၊ ကိုယ်၊ ခြေ၊ လက်ဟုသာ ဖြေကြမည်ဖြစ်၏။ လူဟူ၍ မည်သူမျှ ဖြေကြမည် မဟုတ်။ အဘယ်ကြောင့်နည်း။

လူကို ရှာမတွေ့သောကြောင့်တည်း။ အဘယ့်ကြောင့် လူကို ရှာမတွေ့သ နည်း။ တကယ်မရှိသောကြောင့် ရှာမတွေ့ ခြင်းတည်း။ ပညတ်ဟူသည် ပြောမဆုံး ပေါင် တောသုံးတောင် သဘောမျိုးပင်ဖြစ်၏။ ခြေထောက်ကို ကိုင်ကြည့်လိုက်သည်နှင့် လူဟူသောပညတ် မရှိတော့ဘဲ ခြေထောက်ဟူသော ပညတ်ဖြစ်သွား၏။ တစ်ဖန် ခြေထောက်ထဲမှ အသားစများကို ကိုင်ကြည့်ပြီးမေးလိုက်လျှင် ခြေထောက် ပျောက် သွားပြီး အသားစဟူသော ပညတ် ရောက်လာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအသားများကို မီးရှို့ပြာချပစ်လိုက်လျှင် အသားစဟူသော ပညတ် ပျောက်သွားပြီး ပြာဟူသောပညတ် ရောက်လာ၏။ ထိုပြာများကို ကျင်းတူး မြေမြှုပ်ထားပြီး လေးငါးနှစ်ခန့်ကြာလျှင် သွားကြည့်က မြေကြီးဖြစ်သွား၏။ ပြာဟူသော ပညတ်မှ မြေကြီးဟူသောပညတ်သို့ ပြောင်းသွားခြင်းဖြစ်၏။ ထို့ကြောင့် ပညတ်နောက်သို့ လိုက်နေက လမ်းမဆုံးနိုင်၊ 'ပရမတ်အမှန်ကို သိသောအခါမှသာ လမ်းဆုံး၏။'

ယခု ရုပ်ဓာတ်(၈)ပါးရှိနေပုံကို ပြအံ့။ ထိုခြေထောက်ကို တို့ထိကြည့်လျှင် မာသောသဘော၊ ပျော့သောသဘောတစ်ခုခုကို တွေ့ရ၏။ ဤကား ပထဝီဓာတ်တည်း။ ယခုလို ဥတုဇရုပ်ကောင်ကြီး ဖြစ်လာစေရန် ရုပ်ဓာတ်ရှစ်ပါး ကလာပ်စည်းပေါင်းများစွာကို ဖွဲ့စည်းပေးထားရ၏။ ဤဖွဲ့စည်းခြင်း သဘောတရားသည် အာပေါဓာတ်တည်း။ ထိုခြေထောက်ကို တို့ထိကြည့်သောအခါ ပူသောသဘော၊ အေးသောသဘော တစ်ခုခုကို တွေ့ရ၏။ ဤကား တေဇောဓာတ်တည်း။

သွားသောအခါ ခြေထောက်သည် လှုပ်ရှား၏။ မတ်တပ်ရပ်သောအခါ လဲကျမသွားအောင် ထောက်ကန်ပေးထား၏။ ဤကား ဝါယောဓာတ်တည်း။ ခြေထောက်ကို ကြည့်သောအခါ မြင်ရ၏။ ဤမြင်ရသော သဘောတရားလေးသည် ဝဏ္ဏခေါ် အဆင်းရုပ်တည်း။ ဤခြေထောက်ကို နမ်းကြည့်သောအခါ အနံ့တစ်ခုခု ရ၏။ ဤကား ဂန္ဓ၊ အနံ့ရုပ်တည်း။ ဤအသားကို စားသောက်လျှင် အရသာတစ်ခုခုပေါ်၏။ ဤကား ရသဓာတ်တည်း။

ဤခြေထောက်မှအသားများကို စားခြင်းဖြင့် ရက်၊ လ၊ နှစ်ကြာအောင် ထိုက်တန်သမျှ အသက်ရှည်၏။ ဤကား ရုပ်အဟောင်း ချုပ်ပျောက်ရာ၌ ရုပ်အသစ်ကို ဖြစ်စေတတ်သော ဩဇာဓာတ်တည်း။ ထို့ကြောင့် ခန္ဓာကောင်ကြီးတစ်ခုလုံးကို ဝိပဿနာဉာဏ်မျက်စိဖြင့်ကြည့်လိုက်လျှင် လူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍မရှိ။ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အသား၊ အသွေး၊ အရိုး၊ အူ၊ ကလီစာဟူ၍ မရှိ။ ဖောက်ပြန်ပြောင်းလဲနေသော ရုပ်ဓာတ်ရှစ်ပါးနှင့် အာရုံကို သိတတ်သော နာမ်တရားသာ ရှိသည်ဟူ၍ အသိဉာဏ်တွင် ပြတ်သားလာ၏။

**(မှတ်ချက်)။** ။*မာသဘော၊ ပျော့သဘော၊ ပထဝီဓာတ်ရှိပုံ အကျယ်ကိုသိလိုလျှင် ကျွန်ုပ်ရေးသားသော 'မဂ်တားဖိုလ်တား အန္တရာယ်များ' စာအုပ်တွင် ဖတ်ရှုနိုင်ပါ၏။*

## လောက(၃)ပါးကို သုညဖြစ်အောင်ကြည့်ခြင်း

ဤမျှထိဆိုလျှင် ဗုဒ္ဓ၏ဩဝါဒအတိုင်း လောကသုံးပါးကို သုညဖြစ်အောင် ကြည့်၍ ရနိုင်ပေပြီ။ လောကသည် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟု သုံးပါးရှိ၏။ ထိုတွင် လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲကောင်၊ တိရစ္ဆာန်ကောင်၊ ပြိတ္တာကောင်၊ အသူရကာယ်ကောင်များကို သတ္တလောကဟု ခေါ်၏။ ထိုသတ္တဝါများနေသော ပြည်၊

www.burmeseclassic.com

www.burmeseclassic.com



နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၊ အပါယ်လေးဘုံတို့ကို ဩကာသလောကဟု ခေါ်၏။ ထိုသတ္တဝါတို့သန္တာန်၌ ဖြစ်ပျက်နေသော ရုပ်နာမ်တရားများကို သင်္ခါရလောက ဟုခေါ်၏။

ထိုလောကသုံးပါးကို တူရာပေါင်းပြီး ရုပ်ပုံ၊ နာမ်ပုံ နှစ်ပုံပုံရမည်။ သတ္တဝါတို့နေထိုင်ရာ ဘုံဗိမာန်များသည် ဖောက်ပြန်တတ်သော အာရုံကိုမသိတတ်သော ရုပ်တရားများသာဖြစ်သောကြောင့် ရုပ်ပုံထဲသို့ထည့်လိုက်ရမည်။ ထိုအခါ တောတောင်၊ ရေမြေ၊ ဘုံဗိမာန်၊ အိမ်၊ ကျောင်း၊ ဇရပ်၊ မြို့ပြ၊ နိုင်ငံဟူ၍ မရှိတော့ဘဲ ရုပ်တရားသာရှိတော့၏။ ဤကား ဩကာသလောကကို ပျောက်သွားအောင်ကြည့်ခြင်းတည်း။ ရုပ်နှင့်နာမ်တွဲနေသော သတ္တဝါများကိုလည်း ခွဲပစ်လိုက်ပါ။ အာရုံကိုသိတတ်သော နာမ်တရားချင်းတူရာပေါင်းပြီး တစ်ပုံပုံပါ။

နာမ်တရားကို ဖယ်ရှားလိုက်သည်နှင့် လူမသာ၊ နတ်မသာ၊ ဗြဟ္မာမသာ၊ ငရဲကောင်မသာ၊ တိရစ္ဆာန်မသာ၊ ပြိတ္တာမသာ၊ အသူရကာယ်မသာများသာ ဖြစ်သွား၏။ ထို မသာကောင်အားလုံးသည် ရုပ်တရားဖြစ်သောကြောင့် ရုပ်ပုံထဲမှာ သွားပုံပါ။ ထို (၃၁)ဘုံ အကုန်လုံးသည် ရုပ်ပုံနှင့် နာမ်ပုံသာ ရှိတော့၏။ ဘာမျှမရှိတော့။ ထိုအခါ သတ္တလောကနှင့် ဩကာသလောကသည် ဆိတ်သုဉ်းသွား၏။ ပျောက်သွား၏။ သို့ သော် ရုပ်နာမ်ဟူသော သင်္ခါရလောကကား ကျန်သေး၏။

ရုပ်နာမ်နှစ်ပါးကို ဝိပဿနာဉာဏ်မျက်စေ့ဖြင့် ကြည့်လိုက်သောအခါ ဖောက်ပြန်သောသဘောနှင့် အာရုံကိုသိတတ်သော သဘောလေးကိုသာ တွေ့ရတော့၏။ အလုံး၊ အတုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှား၊ လေးထောင့်၊ သုံးမြှောင့်၊ အဝိုင်း၊ အပေါ့၊ အလေးဟူ၍ တစ်ခုမှမရှိ။ ထိုအခါ သင်္ခါရလောက ဆိတ်သုဉ်း၏။ လောကသုံးပါးလုံး ရုပ်နှင့်နာမ်သာရှိသည်ဟု သိလိုက်သည်နှင့် ငါရှိသည်ဟု အယူမှားသော သက္ကာယဒိဋ္ဌိကြီး ပျောက်သွား၏။

ရှိနေသော ရုပ်နှင့်နာမ်သည်လည်း တည်မြဲချိန်ဟူ၍မရှိဘဲ နိဗ္ဗာန်မရမချင်း ဘဝတိုင်း တရစပ်ဖြစ်ပျက်နေသည်ကို ဝိပဿနာဉာဏ်ဖြင့် သိသွားသောအခါ 'ရုပ်နာမ်ကို မြဲသည်ဟုယူဆသော သဿတဒိဋ္ဌိ'နှင့် 'ရုပ်နာမ်သည် သေလျှင် ပြတ်သည်၊ နောက်ထပ် ဘာမျှမဖြစ်တော့ဟုယူဆသော ဥစ္ဆေဒဒိဋ္ဌိ' ကင်းပျောက်သွား၏။ ရုပ်နာမ်ကိုလည်း အကြောင်းနှင့်အကျိုးသဘောတရားလေးမျှသာရှိသည်ဟု အသိဉာဏ်ပြတ်သားသွားသည်နှင့် လောကသုံးပါးလုံး ငါဟုစွဲယူစရာ၊ ငါ့ဟာဟု သိမ်းပိုက်စရာ ဘာမျှမတွေ့ရတော့ဘဲ ဆိတ်သုဉ်းသွား၏။ သုည ဖြစ်သွား၏။

ဗုဒ္ဓက မောဃရာဇရဟန်းအား 'လောကသုံးပါးကို သုညဖြစ်အောင်ကြည့်'ဟု စေခိုင်းခြင်းမှာ ယခုကဲ့သို့ကြည့်တတ်အောင် စေခိုင်းခြင်းဖြစ်၏။ ရုပ်ဓာတ်နှင့် နာမ်ဓာတ်များ စုံသင့်သလောက်စုံပြီဖြစ်၍ ခန္ဓာငါးပါးဖွဲ့ပြပြီး ထိုခန္ဓာငါးပါး၏ ဖြစ်ပုံ၊ ပျက်ပုံများကို လက်တွေ့ရှုပွားပုံ၊ အလုပ်စခန်းနှင့် တွဲဖက်ပြသတော့မည်ဖြစ်သည်။ ခန္ဓာငါးပါးဆိုသော်လည်း သီးသန့်တရားမျိုးမဟုတ်၊ ရုပ်တရားသည် ဖောက်ပြန်တတ်

www.burmeseclassic.com

www.burmeseclassic.com



သောသဘောတရားရှိသည့် ရူပက္ခန္ဓာဖြစ်လာ၏။ စေတသိက်(၅၂)ပါးတွင် အာရုံ၏ အရသာကို ခံစားခြင်းသဘောတရား ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာဖြစ်လာ၏။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံဟူသည့် အာရုံများကို မှတ်သားခြင်းသဘောတရား၊ သညာစေတသိက်သည် သညာက္ခန္ဓာ ဖြစ်လာ၏။ စေတနာဦးဆောင်သည့် ကြွင်းသောစေတသိက်(၅၀)သည် တိုက်တွန်းနှိုးဆော်သော သဘောတရားရှိသည့် သင်္ခါရက္ခန္ဓာဖြစ်လာ၏။ စေတသိက် (၅၂)ပါးသည် ခန္ဓာသုံးပါးဖြစ်လာခြင်းပင်ဖြစ်၏။ အာရုံကိုသိတတ်သော သဘောတရားရှိသည့် စိတ်အကျဉ်း(၈၉)၊ စိတ်အကျယ်(၁၂၁)ပါးသည် ဝိညာဏက္ခန္ဓာဖြစ်လာ၏။ စိတ်သည် ခန္ဓာတစ်ပါးဖြစ်လာခြင်းပင်။

တချို့ ဝေနေယျများသည် ခန္ဓာအမည်နှင့်ဟောမှပြမှ တရားရ၏။ ထို့ကြောင့် ရုပ်နာမ်ကိုပင် ငါးပုံပြန်ပုံပြီး ခန္ဓာငါးပါးအမည်ဖြင့် ဟောရခြင်းဖြစ်၏။ အကျဉ်းကြိုက်သူများတွက် ခန္ဓာငါးပါး၊ မကျဉ်းမကျယ် အလယ်အလတ်ကြိုက်သူများအတွက် အာယတန(၁၂)ပါး၊ အကျယ်ကြိုက်သူများအတွက် ဓာတ်(၁၈)ပါးတို့ကို အသီးသီး ခွဲခြားဟောတော်မူကြောင်း မှတ်သားရဖူး၏။

## ဗုဒ္ဓကို ကဲ့ရဲ့ရာရောက်သော ဟောပြောချက်

မည်မျှထိများအောင် ခွဲခြားဟောတော်မူသည်ဖြစ်စေ၊ အချုပ်မှာ ရုပ်နာမ်နှစ်ပါးပင်ဖြစ်၏။ ရုပ်နာမ်နှစ်ပါးကိုပင် ခန္ဓာငါးပါး၊ အာယတန(၁၂)ပါး၊ ဓာတ်(၁၈)ပါး၊ ပဋိစ္စသမုပ္ပါဒ်(၁၂)ပါး၊ သစ္စာလေးပါး၊ သတိပဋ္ဌာန်လေးပါးဟူ၍ အမျိုးမျိုးခွဲခြားကာ ဟောပြထား၏။ မည်သည့်ဟောကြားချက်ကို နာကြားကျင့်သုံးသည်ဖြစ်စေ မဂ်ဖိုလ်ကို ရမည်သာဖြစ်၏။

အဘယ်ကြောင့်နည်း- ထိုအားလုံးသော နည်းများသည် ဘုရားဟောချည်းသာ ဖြစ်နေသောကြောင့်တည်း။ ထို့ကြောင့် ဆရာစွဲ၊ ရိပ်သာစွဲဖြင့် 'ကိုယ့်နည်းနဲ့အားထုတ်မှသာ တရားရမယ်။ တခြားနည်းဖြင့် အားထုတ်လျှင် တရားမရနိုင်'ဟူသောအပြောအဟောမျိုးကို မပြုလုပ်သင့်ပေ။ ဘုရားကိုပင် စွပ်စွဲပုတ်ခတ်ရာရောက်၏။

ယခု ရူပါရုံကို အကြောင်းပြုပြီး ခန္ဓာငါးပါးဖြစ်ပုံ၊ ပျက်ပုံ၊ ငါစွဲခွာပုံတို့ကို ပြအံ့။ လူတစ်ယောက်ကို မြင်လိုက်သည်နှင့် ခန္ဓာငါးပါးသည် ဖြစ်ပျက်သွားလေပြီ။ အဘယ်သို့ ဖြစ်ပျက်သွားလေသနည်း။ လူဟူသည် မရှိသောပညတ်၊ မြင်ရသော သဘောတရား၊ အဆင်းရုပ်ကလေးသည် ရှိသောပရမတ်၊ ထိုအဆင်းရုပ်နှင့် မျက်နက်ဝန်း အလယ်တည့်တည့်တွင်ရှိသည့် စက္ခုပသာဒအကြည်ရုပ်သည် ရုပ်တရားဖြစ်သောကြောင့် ရူပက္ခန္ဓာ။

ဤ၌လည်း မျက်လုံးကြီးတစ်ခုလုံးသည် မရှိသည့် ပညတ်၊ တရစပ်ဖြစ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



နေသော မျက်စိအကြည်ရုပ်သည်သာ တကယ်ရှိသည့် ပရမတ်ဖြစ်၏။ တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်သွားသည်ဟု ဆိုခြင်းမှာ ထိုပရမတ်ရုပ်နှစ်မျိုးကိုသာဆိုလိုခြင်းဖြစ်၏။ လူကိုယ်ကောင်ကြီးနှင့် မျက်လုံးဟူသော ပညတ်ရုပ်တို့သည်ကား တရစပ်ဖြစ်ပျက်နေခြင်းမရှိပေ။ လူတစ်ယောက် သေပြီးနောက် မြေမြှုပ်ပြီးသည်အထိ ရက်ပေါင်းနှစ်ဆယ်၊ အစိတ်ကြာအောင် လူကိုယ်ကောင်နှင့် မျက်လုံးဟူသော ပညတ်ရုပ်တို့သည် ရှိသေးသည်သာဖြစ်၏။

မျက်စိအကြည်ရုပ်ဟောင်းများ တရစပ်ပျက်နေသောနေရာတွင် နောက်ထပ် မျက်စိအကြည်ရုပ်သစ် များ တရစပ်လိုက်ဖြစ်နေ၏။ ဤသို့ အပျက်က မြန်သလို အဖြစ်ကလည်း မြန်သောကြောင့် မမြဲခြင်းအနိစ္စကို မမြင်နိုင်၊ မသိနိုင်ကြခြင်းဖြစ်၏။ သို့သော် ပညာဦးစီးသော ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့်ကား သိနိုင်သည်သာဖြစ်၏။

ည(၇)နာရီတွင် ဖယောင်းတိုင်တစ်တိုင် မီးထွန်းလိုက်အံ့။ (၇)နာရီနှင့် ငါးမိနစ်ရှိ၍ သွားကြည့်လျှင်လည်း မီးတောက်ကိုမြင်ရ၏။ (၇)နာရီခွဲရှိ၍ သွားကြည့်လျှင်လည်း မီးတောက်ကို မြင်ရ၏။ အပေါ်ယံပကတိ မံသမျက်စိဖြင့်ကြည့် လျှင် (၇)နာရီ ထိုးက မြင်နေရသောမီးတောက်သည် မပျက်မစီးဘဲ (၇)နာရီခွဲထိ တည်ရှိနေသည်ဟု ထင်ရ၏။ အမှန်ကား ထိုသို့မဟုတ်။

(၇)နာရီထိုးက တောက်လောင်နေသောမီးတောက်သည် ထို(၇)နာရီထိုးမှာပင် ချုပ်ပျောက်သွား ပြီဖြစ်၏။ အဘယ်ကြောင့် ထိုသို့ပြောနိုင်သနည်း။ (၇)နာရီထိုးက အလောင်ခံရသော ဖယောင်းသားသည် ထို (၇)နာရီထိုးမှာပင် ကုန်သွားသည်ကို တွေ့ရသောကြောင့် ထိုသို့ပြောနိုင်ခြင်းဖြစ်၏။ သို့ဖြစ်လျှင် (၇)နာရီငါးမိနစ်၊ (၇)နာရီခွဲတို့တွင် ဆက်လက်မြင်တွေ့နေရသောမီးကို မည်သို့ဆိုမည်နည်း။

ထိုအချိန်တို့တွင် တွေ့ရသော မီးတောက်တို့သည် နောက်ထပ် ဖယောင်းသားတို့ကို လောင်နေသော မီးတောက်တို့သာတည်း။ (၇)နာရီထိုးက လောင်နေသော မီးတောက်တို့နှင့် တခြားစီသာဖြစ်၏။ သို့သော် မီးအကူးအဆက် မြန်လွန်းသောကြောင့် တစ်ဆက်တည်းဟု ထင်ရခြင်းဖြစ်၏။ ဤ ဥပမာ၌ မီးတောက် အဟောင်းများ ချုပ်ပျောက်သွားခြင်းနှင့် မျက်စိအကြည်ရုပ်ဟောင်းများ ချုပ်ပျောက်သွားခြင်းတူ၏။ မီးတောက်အသစ်များ ဆက်လက်ဖြစ်ပေါ်ခြင်းနှင့် မျက်စိအကြည် ရုပ်သစ်များ ဆက် လက်ဖြစ်ပေါ်ခြင်းတူ၏။ ဤကဲ့သို့ ပရမတ်သေ၊ ခါတ်သေကိုသိမှ ဝိပဿနာဉာဏ်အစစ် ဖြစ်ကြောင်းကို ဥတ္တမပုရိသဒီပနီ၌ လယ်တီဆရာတော်ဘုရားကြီး ဖွင့်ဆိုတော်မူခဲ့၏။

အဆင်းရုပ်က မျက်စိအကြည်ရုပ်ကို တိုက်လိုက်သည်နှင့် မြင်သိစိတ် ပေါ်လာ၏။ ထိုမြင်သိစိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ထိုမြင်သိစိတ်သည် အဆင်းရုပ်ထဲမှာလည်း ရှိနေသည်မဟုတ်။ မျက်စိအကြည် ရုပ်ထဲမှာလည်း ရှိနေသည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အမြဲ တမ်းလည်း မရှိ၊ ကြိုတင်ပြီးလည်း မရှိ။ အဆင်းရုပ်နှင့် မျက်စိအကြည်ရုပ်တို့ တိုက် ဆိုင်သခိုက်တွင် ခဏဖြစ်ပြီးခဏပျက်သွားသော ဧည့်သည်စိတ်ကလေး သာဖြစ်၏။

ထို့ကြောင့် မမြဲသောအနိစ္စတရားသာဖြစ်၏။ အဖြစ်အပျက်ဖြင့် တရစပ် နှိပ်စက်နေသောကြောင့် ဆင်းရဲသော ဒုက္ခတရားသာဖြစ်၏။ ထို မမြဲသော၊ ဆင်းရဲ သော သိစိတ် ဝိညာဏက္ခန္ဓာကို ငါ၊ ငါ့ဥစ္စာ၊ ငါ့ဟာဟူ၍ အတ္တအားဖြင့် စွဲယူ၍ မဖြစ်နိုင်။ ထို့ကြောင့် အနတ္တတရားသာဖြစ်၏။ ထိုသိစိတ်နှင့်အတူ-

ဖဿ = အာရုံကို တွေ့ထိသောသဘောတရား

ဝေဒနာ = အာရုံ၏ အရသာကိုခံစားသော သဘောတရား

သညာ = အာရုံကိုမှတ်သားသော သဘောတရား

စေတနာ = စေ့ဆော်တိုက်တွန်းခြင်း သဘောတရား

ဧကဂ္ဂတာ = အာရုံ၌ စူးစိုက်တည်ကြည်ခြင်း သဘောတရား

ဇီဝိတိန္ဒြေ = နာမ်တရားတို့ကို စောင့်ရှောက်ခြင်း သဘောတရား

မနသိကာရ = နှလုံးသွင်းခြင်း သဘောတရားဟူသော စေတသိက်(၇) လုံးတို့ တစ်ပြိုင်နက်လာဖြစ်၏။

ထို (၇)လုံးတို့တွင် အဆင်းအာရုံ၏ အရသာကိုခံစားသော ဝေဒနာစေတ သိက်ကို ဝေဒနာက္ခန္ဓာ ဖွဲ့ရ၏။ ထို ဝေဒနာက္ခန္ဓာသည် တစ်စက္ကန့်လျှင် ကုဋေတစ် သိန်း ဖြစ်ပျက်နေသောကြောင့် အနိစ္စတရားသာဖြစ်၏။ မြင်ရသော အဆင်းရုပ်ကို လှပ၊ ယောကျ်ားပဲ၊ မိန်းမပဲဟု မှတ်သားသော သညာစေ တသိက်ကို သညာက္ခန္ဓာဖွဲ့ရ ၏။ ထို သညာက္ခန္ဓာသည်လည်း တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းဖြစ်ပျက်နေသော အနိစ္စတရားသာဖြစ်၏။

ဝေဒနာ၊ သညာမှကြွင်းသော စေတသိက်(၅)လုံးသည် သင်္ခါရက္ခန္ဓာမည် ၏။ ထိုသင်္ခါရက္ခန္ဓာသည် အဆင်းရုပ်ကို ဆက်လက်ကြည့်ဖြစ်အောင် တိုက်တွန်းနှိုး ဆော်ခြင်းသဘောတရားရှိ၏။ စေတနာစေတသိက်က ဦးဆောင်၏။ ခန္ဓာ(၅)ပါးလုံး သည် မျက်စိအတွင်းမှာ တပြိုင်နက်ဖြစ်ပြီး တပြိုင်နက်ပျက်ကြ၏။ ရုပ်ခန္ဓာသည် တစ်စက္ကန့်လျှင် ကုဋေပေါင်းငါးထောင်ကျော် ဖြစ်ပြီးပျက်၏။ နာမ်ခန္ဓာ လေးပါးသည် တစ်စက္ကန့်လျှင် ကုဋေတစ်သိန်း ဖြစ်ပြီးပျက်၏။

## သက္ကာယဒိဋ္ဌိခွာပုံ အကျယ်

ဤကဲ့သို့ သဘောတရား ပရမတ်ခန္ဓာငါးပါး ဖြစ်ပျက်ပုံကို သေသေချာချာ သိပြီး အဆင်းအာရုံတစ် ခုခုကိုမြင်တိုင်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွားနိုင်၏။ ထို ဖြစ် ပျက်သွားသော ပရမတ်ခန္ဓာငါးပါးတွင် အဆင်းရုပ်နှင့် မျက်စိအကြည်ရုပ် ဟူသော ရူပက္ခန္ဓာထဲ၌လည်း ငါမပါ။ မြင်သိစိတ် ဝိညာဏက္ခန္ဓာထဲ၌လည်း ငါမပါ။

www.burmeseclassic.com

www.burmeseclassic.com



အာရုံ၏အရသာကိုခံစားသော ဝေဒနာက္ခန္ဓာထဲ၌လည်း ငါမပါ။ အာရုံကို မှတ်သားသော သညာက္ခန္ဓာထဲ၌လည်း ငါမပါ။ အာရုံကို ခံစားရန်တိုက်တွန်းသော သင်္ခါရက္ခန္ဓာထဲ၌လည်း ငါမပါ။ ဤကဲ့သို့ ခန္ဓာသိဖြင့် စစ်ကြည့်သောအခါတွင်မှ ငါ ဟူသည် မရှိသောတရားအဖြစ် ထင်ရှားစွာသိရ၏။ ထိုကဲ့သို့သော အသိမျိုးကို ရပါမှ သာသနာနှင့် တွေ့ရကျိုးနပ်မည်ဖြစ်၏။

သဒ္ဒါရုံကြောင့် ခန္ဓာငါးပါးဖြစ်ပုံ၊ ပျက်ပုံကို ပြအံ့။ သီချင်းဆိုသံ တစ်ခုခုကို ကြားလိုက်သည်ဆိုလျှင် အသံရုပ်သည် နားအတွင်းရှိ ကြေးနီ၊ လက်စွပ်ကွင်း သဏ္ဌာန်ရှိသော သောတပသာဒခေါ် နားအကြည်ရုပ်ကို ထိခိုက်မိ၏။ မျက်စိအကြည်ရုပ်ပေါ်တွင် အဆင်း၏ အရိပ်ထင်သကဲ့သို့ နားအကြည်ရုပ်ပေါ်တွင် အသံ၏အရိပ် ထင်၏။

မှန်တစ်ချပ်ထောင်ထားလျှင် မှန်ထဲတွင် အရာဝတ္ထုအားလုံး အရိပ်ထင်၏။ မှန်တွင် သဘာဝအတိုင်း ကြည်လင်သော သတ္တိရှိ၍သာ အရိပ်ထင်ခြင်းဖြစ်၏။ ထင်လာသောအရိပ်ကို မှန်ကား ဘာမျှမသိတတ်။ ထို့အတူ ပသာဒရုပ်များတွင် သဘာဝအတိုင်း ကြည်လင်သောသတ္တိရှိ၍သာ အဆင်း၊ အသံ၊ အနံ့စသော ဆိုင်ရာ အရိပ်များထင်ခြင်း ဖြစ်၏။ အကြည်ရုပ်များကား ထင်လာသောအရိပ်များကို ဘာမျှ မသိတတ်ပေ။

အကြည်ရုပ်နှင့် အာရုံရုပ်များ တိုက်ဆိုင်ချိန်တွင်မှ ခေတ္တပေါ်လာသော စိတ်က သိခြင်းဖြစ်၏။ အသံရုပ်နှင့် နားအကြည်ရုပ်တို့သည် ရုပ်တရားဖြစ်သော ကြောင့် ရူပက္ခန္ဓာ ဖွဲ့ရ၏။ နားအကြည်ရုပ်ဟူရာ၌ မြင်နေရသောနားရွက်ကြီးသည် မရှိသော ပညတ်တရား၊ နားအတွင်းက လက်စွပ်ကွင်းသဏ္ဌာန်ရှိသောနေရာ၌ တစ်စက္ကန့်လျှင် ကုဋေငါးထောင်ကျော် ဖြစ်ပျက်နေသော နားအကြည်ရုပ်သည် တကယ်ရှိသော ပရမတ်တရား၊ အသံရုပ်ကား လူဟူသောပညတ်ရုပ်နှင့် လင်းပါးစရာမရှိပေ။

ထိုပရမတ် ရုပ်တရား ရူပက္ခန္ဓာ၏ အပျက်ကို ဉာဏ်နှင့် သေချာသိ၍ ရူပက္ခန္ဓာအနိစ္စဟု ရှုပွားနိုင်၏။ သဠာယတနသံယုတ် ပါဠိတော်အဖွင့်အတိုင်း သောတာယတန- နားအကြည်ရုပ် အနိစ္စ၊ သဒ္ဒါယတန-အသံရုပ်အနိစ္စဟုလည်း အာယတနအမည်ဖြင့် ရှုပွားနိုင်သေး၏။

နားအကြည်ရုပ်နှင့် အသံရုပ်တို့ တိုက်ဆိုင်သခိုက်တွင် ပေါ်လာသော ကြားသိ စိတ်သည် ဝိညာဏက္ခန္ဓာ။ ထို ဝိညာဏက္ခန္ဓာနှင့် တစ်ပြိုင်နက်အတူဖြစ်သည့် စေ တသိက်(၇)လုံးတို့တွင် အသံ၏ အရသာကိုခံစားသော ဝေဒနာစေတသိက်သည် ဝေဒ နာက္ခန္ဓာ၊ ဘာသံပဲဟူ၍ မှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ အသံ ဆုံးသည်ထိ နားထောင်ဖြစ်အောင် တိုက်တွန်းသောစေတနာ ဦးဆောင်သည့် ကြွင်း သော စေတသိက်ငါးလုံးသည် သင်္ခါရက္ခန္ဓာ။

ဤနာမ်ခန္ဓာလေးပါးသည် တစ်စက္ကန့်လျှင် ကုဋေတစ်သိန်း ဖြစ်ပျက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤ ပရမတ်ခန္ဓာငါးပါး နားအတွင်း ဖြစ်ပျက်သွားပုံကို ဉာဏ်နှင့်သိ၍ အသံတစ်ခုခုကို ကြားလိုက်တိုင်း ခန္ဓာငါးပါး အနိစ္စဟု ရှုပွားနိုင်၏။ ဤခန္ဓာငါးပါးတွင် နား အကြည် ရုပ်နှင့် အသံရုပ်တည်းဟူသော ရူပက္ခန္ဓာထဲ၌လည်း ငါမပါပေ။ ကြားသိစိတ်တည်း ဟူသော ဝိညာဏက္ခန္ဓာထဲ၌လည်း ငါမပါ။

အသံ၏အရသာကိုခံစားသော ဝေဒနာက္ခန္ဓာထဲ၌လည်း ငါမပါပေ။ အသံကို ဘာသံပဲဟု ခွဲခြားမှတ်သားသော သညာက္ခန္ဓာထဲ၌လည်း ငါမပါ။ အသံကို ဆက်လက် နားထောင်ဖြစ်အောင် တိုက်တွန်းသော သဘောတရား သင်္ခါရက္ခန္ဓာထဲ၌လည်း ငါ မပါပေ။ ထို့ကြောင့် ငါဟူသည် တကယ်မရှိ။ အန္ဓပုထုဇဉ်တို့၏ ကယောင်ကတမ်း မှားယွင်းယူဆမှုတစ်ခုသာဖြစ်၏။

ဃာနဒွါရ၌ ခန္ဓာငါးပါး ဖြစ်ပုံ၊ ပျက်ပုံ၊ ငါမရှိပုံကို ပြအံ့။ ဃာနပသာဒ ခေါ် နှာခေါင်းအကြည်ရုပ်သည် နှာခေါင်း၏အဆုံး မျက်ခုံးနှစ်ခုကြားလောက်တွင် တည်ရှိ၏။ ထိုနေရာတွင် ဆိတ်ခွာသဏ္ဍာန်လေးရှိ၏။ ထိုဆိတ်ခွာသဏ္ဍာန်ကိုမှီ၍ နှာခေါင်းအကြည်ရုပ်သည် တရစပ်ဖြစ်ပျက်နေ၏။ သနပ်ခါးတုံးမှလာသော အနံ့ရုပ် သည် ထိုနှာခေါင်းအကြည်ရုပ်ကို ထိခိုက်မိသည်နှင့် နံသည်၊ မွှေးသည်ဟု သိသော နံသိစိတ်လေး ပေါ်လာ၏။ ဤနေရာ၌ သနပ်ခါးတုံးသည် တကယ်မရှိသော ပညတ်၊ နံသောသဘောတရားသည် တကယ်ရှိသော ပရမတ်၊ နှာခေါင်းကြီးတစ်ခုလုံး၊ ဆိတ်ခွာ သဏ္ဍာန်တစ်ခုလုံးသည် မရှိသော ပညတ်၊ အနံ့ရိပ်ထင်ရာ နှာခေါင်း အကြည်ရုပ်သည် ရှိသော ပရမတ်။

တစ်စက္ကန့်လျှင် ကုဋေငါးထောင်ကျော် ဖြစ်ပျက်နေသည့် သဘောတရား ပရမတ်ရုပ်နှစ်ခုကိုသာ ရူပက္ခန္ဓာဟုခေါ်ခြင်းဖြစ်၏။ နံသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ နံသိစိတ်နှင့်အတူဖြစ်သော စေတသိက်(၇)လုံးထဲမှ အနံ့၏အရသာကို ခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ ဘာနံ့ပဲဟူ၍ မှတ်သားထားသော သညာ စေတသိက်သည် သညာက္ခန္ဓာ။

အနံ့ကို ဆက်နမ်းရှူဖြစ်အောင် တိုက်တွန်းသော ကြွင်းစေတသိက်ငါးလုံး သည် သင်္ခါရက္ခန္ဓာ။ ဤခန္ဓာငါးပါးတွင် နှာခေါင်းအကြည်ရုပ်နှင့် အနံ့ရုပ်ဟူသော ရူပက္ခန္ဓာတွင်လည်း ငါမပါ။ နံသိစိတ် ဝိညာဏက္ခန္ဓာထဲတွင်လည်း ငါမပါ။ အနံ့၏ အရသာကို ခံစားသော ဝေဒနာက္ခန္ဓာထဲတွင်လည်း ငါမပါ။

အနံ့ကိုမှတ်သားသော သညာက္ခန္ဓာထဲတွင်လည်း ငါမပါ။ အနံ့ကို ဆက်နမ်း ရှူဖြစ်အောင် တိုက်တွန်းသော သင်္ခါရက္ခန္ဓာထဲတွင်လည်း ငါမပါ။

* ဖောက်ပြန်တတ်သော သဘောတရား၊ ရူပက္ခန္ဓာ
* ခံစားတတ်သော သဘောတရား၊ ဝေဒနာက္ခန္ဓာ
* မှတ်သားတတ်သော သဘောတရား၊ သညာက္ခန္ဓာ
* တိုက်တွန်းနှိုးဆော်တတ်သော သဘောတရား၊ သင်္ခါရက္ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



* အာရုံကိုသိတတ်သော သဘောတရား၊ ဝိညာဏက္ခန္ဓာ သဘောတရားသက်သက်ဖြစ်သော ဤခန္ဓာငါးပါးသာရှိသည်။ ဤ ခန္ဓာငါးပါးတွင်လည်း ရူပက္ခန္ဓာသည် ရုပ်တရား၊ ကြွင်းခန္ဓာလေးပါးသည် နာမ်တရား။ ထို့ကြောင့် ချုပ်ကြည့်လိုက်လျှင် ရုပ်နှင့်နာမ်သာရှိသည်။ တခြား ဘာမျှမရှိဟု ပြတ်သားရှင်းလင်းစွာ သိသွားသောဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်ဟုခေါ်၏။

ထို ရုပ်နာမ်နှစ်ပါးတို့သည် အကြောင်းမဲ့ သူဖြစ်ချင်သလို ဖြစ်လာခြင်းမဟုတ် (အဟေတုက ဒိဋ္ဌိကိုပယ်)။ တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းခြင်းသည်လည်း မဟုတ် (ဝိသမဟေတုဒိဋ္ဌိကိုပယ်၏)။ အဝိဇ္ဇာ၊ တဏှာ၊ ကံ ဟူသော အတိတ်အကြောင်းနှင့် အာဟာရ၊ ဖဿ၊ နာမ်ရုပ်ဟူသော ပစ္စုပ္ပန်အကြောင်းတို့ကြောင့်ဖြစ်လာသော အကျိုးတရားသာဖြစ်သည်ဟူ၍ သိသောဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟု ခေါ်၏။

ပစ္စယပရိဂ္ဂဟဉာဏ်ဟူသည် ရုပ်နာမ်ဖြစ်ခြင်း၏ အကြောင်းတရားကို သိမ်းဆည်း၍သိသော ဉာဏ်ဟုဆိုလို၏။ ဤဉာဏ်ကိုမရခင်က ခန္ဓာငါးပါးကို ထာဝရ ဖြဟ္မာစသည့် တန်ခိုးရှင်များက ဖန်ဆင်းသည်ဟု ယူဆ၏။ သို့မဟုတ် အဖေ အမေကြောင့် ဖြစ်လာသည်ဟု ယူဆ၏။ နှစ်ခုလုံးမှား၏။ ခန္ဓာဒုက္ခကို မသိခြင်း အဝိဇ္ဇာ၊ ခန္ဓာသစ် ဘဝသစ်ကိုလိုချင်ခြင်း တဏှာ၊ လူ့ဘဝခန္ဓာသစ်ကို ရအောင်ပြုခြင်း ကုသိုလ် ကံစေတနာ ဤအတိတ်အကြောင်းသုံးပါးကြောင့် ယခုဘဝ ခန္ဓာသစ်ကို ရရှိလာခြင်း ဖြစ်၏။

ရူပက္ခန္ဓာဖြစ်ခြင်း၏ ပစ္စုပ္ပန်အကြောင်းကား အာဟာရတည်း။ အစားအသောက်များ စားသောက်နေခြင်းကြောင့် ရုပ်ခန္ဓာသည် ဆက်လက်ဖြစ်ပေါ်နေနိုင်ခြင်းဖြစ်၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးလုံးကြောင့် ရုပ်တရားဖြစ် သည် မှန်သော်လည်း အာဟာရသည် ရုပ်တရားကိုဖြစ်စေရာ၌ အားအကြီးဆုံး အထောက်အပံ့ဖြစ်သောကြောင့် အာဟာရကိုသာ ပြထားခြင်းဖြစ်၏။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ်ခြင်း၏ ပစ္စုပ္ပန်အကြောင်းကား ဖဿတည်း။ ဖဿဟူသည် တရားသုံးမျိုး ပေါင်းဆုံတွေ့ထိမိခြင်းကိုခေါ်၏။ မျက်စိ၊ အဆင်း၊ မြင်သိစိတ် သုံးမျိုး ပေါင်းဆုံတွေ့ထိမိခြင်းသည် စက္ခုသမ္ဖဿမည်၏။ ထိုတွေ့ထိမှုဖဿကြောင့် မြင်ရသည့် အဆင်း၏ အရသာကိုခံစားသော ဝေဒနာက္ခန္ဓာ ဖြစ်ပေါ် လာ၏။ မည်သည့်အဆင်းပဲဟု မှတ်သားသော သညာက္ခန္ဓာဖြစ်ပေါ်လာ၏။

ထိုအဆင်းကို ဆက်လက်ခံစားဖြစ်အောင် တိုက်တွန်းနှိုးဆော်တတ်သော သင်္ခါရက္ခန္ဓာ ဖြစ်ပေါ်လာ၏။ နား၊ အသံ၊ ကြားသိစိတ် သုံးပါး ပေါင်းဆုံထိတွေ့မိခြင်းကြောင့် သောတသမ္ဖဿဖြစ်ပုံ၊ စေတသိက်ခန္ဓာသုံးပါးဖြစ်ပုံ၊ နှာခေါင်း၊ အနံ့၊ နံ့သိစိတ်သုံးပါး ပေါင်းဆုံထိတွေ့မိခြင်းကြောင့် ဃာနသမ္ဖဿဖြစ်ပုံ၊ စေတသိက် ခန္ဓာသုံးပါးဖြစ်ပုံ၊ လျှာ၊ အရသာ၊ စားသိစိတ် သုံးပါး ပေါင်းဆုံထိတွေ့မိခြင်းကြောင့် ဇိဝှါ သမ္ဖဿဖြစ်ပုံ၊ စေတသိက်ခန္ဓာသုံးပါးဖြစ်ပုံ၊ ကိုယ်၊ အတွေ့အထိ၊ ထိသိစိတ်

www.burmeseclassic.com

www.burmeseclassic.com



သုံးမျိုး ပေါင်းဆုံမိခြင်းကြောင့် ကာယသမ္ဖဿဖြစ်ပုံ၊ စေတသိက်ခန္ဓာသုံးပါးဖြစ်ပုံ၊ မနော အကြည်၊ အတွေးအာရုံ၊ တွေးသိစိတ်သုံးမျိုး ပေါင်းဆုံတွေ့ထိမိခြင်းကြောင့် မနော သမ္ဖဿ ဖြစ်ပုံ၊ စေတသိက် ခန္ဓာသုံးပါးဖြစ်ပုံတို့ကို အကျယ်ချဲ့၍သိပါ။

## လူ့ဘဝသန္ဓေတည်ခြင်း အကြောင်း(၃)ချက်

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ သံယုတ်ပါဠိတော်များအရ ခန္ဓာငါးပါးဖြစ်ခြင်း၏ အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကြောင်းများကို အာဂမယုတ္တိအရ တင်ပြပြီးသည့်နောက် သဘာဝယုတ္တိအရလည်း တင်ပြပေအံ့။ လူ့ဘဝတွင် သန္ဓေတည်ဖို့အတွက် အင်္ဂါသုံးချက်လို၏။

(၁) မိခင်သည် ရာသီပန်း ပွင့်လန်းသော အချိန်အခါကာလဖြစ်ရမည်။

(၂) မိခင်နှင့်ဖခင်တို့ ပျော်ပါးဆက်ဆံရမည်။

(၃) သန္ဓေတည်မည့် သတ္တဝါကလည်း တခြားဘဝမှ စုတေဆဲကာလ ဖြစ်ရမည်။

ဤသုံးချက်ညီမှ သန္ဓေသားဖြစ်ပေါ်လာရ၏။ ဤသုံးချက်တွင် (၁)နှင့် (၂) သည် သာမညအကြောင်း သာဖြစ်၏။ (၃)သည်သာ အဓိကအကြောင်းဖြစ်၏။

ထင်ရှားအောင်ပြအံ့။

ဝါးပင်မှာ သန္ဓေတည်သော ဝေဠုဝတီမင်းသမီး၊ ကြာပန်းမှာ သန္ဓေတည် သော ပဒုမဝတီမင်းသမီး၊ မန်ကျည်းပင်မှာ သန္ဓေတည်သော စိဥ္စမာနတို့ကား အမေအဖေပင် မရှိသောကြောင့် (၁)၊ (၂)အင်္ဂါများ မရှိသည်မှာ ပြောစရာပင် မလိုတော့ပေ။

နံပါတ်(၃)အင်္ဂါတွင် အကျုံးဝင်သော အဝိဇ္ဇာ၊ တဏှာ၊ ကံဟူသော အကြောင်းသုံးပါးသည်သာ ခန္ဓာဖြစ်ခြင်း၏ အဓိကအကြောင်းဆိုသည်မှာ အထူး ထင်ရှားလှ၏။ တစ်ဖန် နတ်ပြည်၌ နတ်သားဖြစ်လျှင် အသက်(၂၀)အရွယ် ဘွားကနဲ တန်းဖြစ်၏။ နတ်သမီးဖြစ်မည်ဆိုလျှင်လည်း (၁၈)နှစ်အရွယ် ဘွားကနဲ တန်းဖြစ်၏။ ငရဲပြည်၌ ဖြစ်မည်ဆိုလျှင်လည်း ဒုက္ခခံစားရသည့် ခန္ဓာကိုယ်ကြီး ဘွားကနဲ တန်းဖြစ်၏။ ထိုကဲ့သို့ ဘွားကနဲတန်းဖြစ်သော ပဋိသန္ဓေကို ဩပပါတိကပဋိသန္ဓေဟု ခေါ်၏။ ဥပပတ်ပဋိသန္ဓေဟုလည်း အလွယ်ခေါ်ကြ၏။

ဝေဠုဝတီ၊ ပဒုမဝတီတို့ကဲ့သို့သော သန္ဓေသားများကို ထိစပ်ငြိကပ်ရာ၌ ဖြစ်တတ်သောကြောင့် သံသေဒဇပဋိသန္ဓေဟုခေါ်၏။ လူ၊ ခွေး၊ နွား စသည်ကဲ့သို့ မိခင်၏ သားအိမ်၌ ပဋိသန္ဓေနေသူကို ဇလာဗုဇဟု ခေါ်၏။ ကြက်၊ ဘဲ၊ ငှက် စသည် ကဲ့သို့ ဥခွံတွင်း၌ သန္ဓေတည်ရသူကို အဏ္ဍဇဟုခေါ်၏။ ဤကား အဝိဇ္ဇာ၊ တဏှာ၊ ကံ ကြောင့် ခန္ဓာငါးပါးဖြစ်ရပုံထင်ရှားစေရန် ဥပပတ်ပဋိသန္ဓေကို အဓိကထား၍ သန္ဓေ လေးမျိုးကို ခွဲခြား၍ပြခြင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဏက္ခန္ဓာဖြစ်ရခြင်း၏ ပစ္စုပ္ပန်အကြောင်းကား နာမ်ရုပ်တည်း။ ဝိညာဏ ပစ္စယာ နာမရူပံဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ဝိညာဉ်ဟူသော အကြောင်းကြောင့် မိခင်ဝမ်းတွင် နာမ်ရုပ်လာဖြစ်ရ၏။ ပဋိသန္ဓေစိတ်နှင့် စေတသိက်ကို နာမ်ဟု ခေါ်၏။ ထိုနာမ်တရားနှင့် အတူဖြစ်သော ကမ္မဇရုပ်(၂၀)ကို ရုပ်ဟုခေါ်ခြင်းဖြစ်၏။ ဝိညာဉ်အရ ပဋိသန္ဓေစိတ်ကို ယူပြီးဖြစ်၍ နာမရူပံ၌ နာမ်အရ စေတသိက်နာမ်ကိုသာ ယူသင့်၏။

သန္ဓေတည်ကာစ ကလလရေကြည်ရုပ်ကလေး၏ ပမာဏသည် သေးငယ်လွန်းလှ၏။ စာပေ၌ပြထားသည်မှာ မွေးကာစ သိုးငယ်၏ကိုယ်မှ နုညံ့သော အမွေးတစ်ချောင်းကို နှုတ်ယူရမည်။ ထို့နောက် ကြည်လင်လှသောဆီထဲသို့ စိုက်ချပြီး ဆွဲတင်ရမည်။ ကပ်ပါလာသော ဆီများကို သုံးလေးခါ- ခါချပြီးနောက် ကျန်နေသော ဆီစက်ပမာဏသည် သန္ဓေတည်စ ကလလရေကြည်၏ပမာဏပင်ဖြစ်၏။

(ပဋိသန္ဓေစိတ်)၊ စေတသိက်ဟူသော နာမ်တရားနှင့် ကမ္မဇရုပ်နှစ်ဆယ်ဟူ သော ရုပ်တရားတို့ကြောင့် ပဝတ္တိအခါ အာရုံသိစိတ်၊ ဝိညာဏက္ခန္ဓာများ ဖြစ်ခွင့်ရခြင်းဖြစ်၏။ ထို့ကြောင့် ဝိညာဏက္ခန္ဓာဖြစ်ခြင်း၏ ပစ္စုပ္ပန်အကြောင်းသည် နာမ်ရုပ်ဟု ဟောတော်မူခြင်းဖြစ်၏။ ဤကား ပစ္စယပရိဂ္ဂဟဉာဏ်ကို ခန္ဓာသိဖြင့်သိရန် တစ်ဆက်တည်းပြဆိုခြင်းတည်း။ ရသာရုံကြောင့် ခန္ဓာငါးပါး ဖြစ်ပျက်ပုံ၊ ငါ(သက္ကာယဒိဋ္ဌိ) မရှိပုံကို ဆက်ပြအံ့။

ဇိဝှာပသာဒခေါ် လျှာအကြည်ရုပ်သည် လျှာ၏အလယ် ကြာရွက်ဖျားသဏ္ဍာန်နေရာတွင် တည်ရှိ၏။ အရသာအရိပ်ကလေးပေါ်လာရုံသာ စွမ်းနိုင်သော သဘောတရားသက်သက် လျှာအကြည်ရုပ်ကလေးသည် မရပ်မနား တရစပ်ဖြစ်ပျက်နေသည်။ ကြက်သားတုံးကို ပါးစပ်ထဲထည့်၍ ဝါးလိုက်သောအခါ ကြက်သားတုံးမှာပါသော ရသာရုံအရသာရုပ်သည် လျှာအကြည်ရုပ်ကို လာ၍တိုက်သည်နှင့် စားသိစိတ်ဟူသော ဇိဝှာဝိညာဉ်စိတ်ပေါ်လာ၏။

ဤနေရာ၌ လျှာကြီးတစ်ခုလုံး၊ ကြာရွက်ဖျားသဏ္ဍာန် တစ်ခုလုံးသည် တကယ်မရှိသော ပညတ်တရား၊ အရသာရိပ်ထင်ရာ လျှာအကြည်ရုပ်သည် တကယ်ရှိသော ပရမတ်တရား၊ ကြက်သားတုံးသည် မရှိသော ပညတ်၊ အရသာရုပ်ကလေးသည် ရှိ သောပရမတ်၊ တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်နေသော လျှာအကြည်ရုပ်နှင့် အရသာရုပ်ကိုသာ ရူပက္ခန္ဓာဖွဲ့ရခြင်းဖြစ်၏။
တကယ်မပျက်သော လျှာနှင့်ကြက်သားတုံးကို ရုပ်တရား၊ အနိစ္စဟု ရှုနေရုံ ဖြင့်ကား မဂ်ဉာဏ်ဖိုလ်ဉာဏ် အသာထား၍ ဝိပဿနာဉာဏ်ပင်မဖြစ်ဟု ရှေ့တွင် ပြခဲ့ပြီးဖြစ်၏။ လျှာအကြည်ရုပ်နှင့် အရသာရုပ်တို့ တိုက်မိခြင်းကြောင့် ဖြတ်ကနဲပေါ်လာသော စားသိစိတ်ကို ဝိညာဏက္ခန္ဓာဖွဲ့ရ၏။ စားသိစိတ် ဝိညာဏက္ခန္ဓာနှင့်အတူဖြစ်သော စေတသိက်(၇)လုံးထဲမှ ကြက်သား၏အရသာကိုခံစားသော ဝေဒနာစေတသိက်

www.burmeseclassic.com

www.burmeseclassic.com



ကို ဝေဒနာက္ခန္ဓာဖွဲ့ရ၏။

'ငါစားနေတာ ကြက်သားတုံးပဲ'ဟု မှတ်သားသော သညာစေတသိက်ကို သညာက္ခန္ဓာ ဖွဲ့ရ၏။ စေတနာနှင့်တကွ ကျန်စေတသိက်ငါးလုံးသည် ဆက်စားဖြစ်အောင် တိုက်တွန်းနှိုးဆော်တတ်သောကြောင့် သင်္ခါရက္ခန္ဓာဖွဲ့ရ၏။ ရူပက္ခန္ဓာသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပြီးပျက်၏။ ကျန်နာမ်ခန္ဓာလေးပါးသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်၏။

အစားစားတိုင်း ယခုကဲ့သို့ လျှာပေါ်၌ ခန္ဓာငါးပါး တရစပ် ဖြစ်ပျက်နေသည်ကို ဉာဏ်ဖြင့်သိ၍ ရူပက္ခန္ဓာအနိစ္စဟု ရုပ်တစ်ပါးတည်း ဖြစ်ပျက်သည်ကို ခွဲရှုလျှင် ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်၏။ ဝေဒနာက္ခန္ဓာ အနိစ္စဟုရှုလျှင် ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြစ်၏။ ဝိညာဏက္ခန္ဓာ အနိစ္စဟုရှုလျှင် စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြစ်၏။ သညာက္ခန္ဓာ အနိစ္စ၊ သင်္ခါရက္ခန္ဓာ အနိစ္စဟူ၍ဖြစ်စေ၊ ခန္ဓာငါးပါး အနိစ္စဟူ၍ စုပေါင်း၍ဖြစ်စေ ရှုပွားလျှင် ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်၏။ ထို့ကြောင့် မည်သည့်နည်းဖြင့် ရှုရှု သတိပဋ္ဌာန်လေးပါးထဲမှ လွတ်မသွားဟု သိရမည်။

ဗိဇ္ဈပသာဒနှင့် ရသာရုံဟူသော ရူပက္ခန္ဓာထဲတွင်လည်း ငါမပါ။ စားသိစိတ်ဝိညာဏက္ခန္ဓာထဲတွင်လည်း ငါမပါ။ အရသာကိုခံစားသော ဝေဒနာက္ခန္ဓာထဲတွင်လည်း ငါမပါ။ အရသာကိုမှတ်သားသော သညာက္ခန္ဓာထဲတွင်လည်း ငါမပါ။ ဆက်စားဖြစ်အောင်တိုက်တွန်းသော သင်္ခါရက္ခန္ဓာထဲတွင်လည်း ငါမပါ။ ဤကား ကိုယ်တွေ့ခန္ဓာသိဖြင့် သက္ကာယဒိဋ္ဌိကို ဖြုတ်ပေးခြင်းဖြစ်၏။

ဖောဋ္ဌဗ္ဗာရုံကြောင့် ခန္ဓာငါးပါးဖြစ်ပုံ၊ ပျက်ပုံ၊ ငါမပါပုံကို ပြအံ့။ ခန္ဓာကိုယ်တစ်ခုလုံးတွင် ကြက်တောင်မွေးနှင့် ပွတ်ကြည့်ပါက ယားနေသောနေရာမှန်သမျှ၊ အပ်ဖြင့် အသာထိုးကြည့်ပါက နာသောနေရာမှန်သမျှ ကာယပသာဒ- ကိုယ်အကြည်ရုပ် ရှိ၏။ ထို့ကြောင့် ယားမှန်း၊ နာမှန်းပင် မသိသော ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ အသားမာစသည်တို့၌ ကိုယ်အကြည်ရုပ် မရှိဟု သိနိုင်၏။

ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ရုပ်သုံးမျိုး ပေါင်းထားသည့် ဖောဋ္ဌဗ္ဗာရုံကို အတွေ့အထိရုပ်ဟုခေါ်၏။ လက်ကိုင်ပုဝါတစ်ထည်ကို ကိုင်လိုက်လျှင် လက်ဝါးမှာရှိသော ကိုယ်အကြည်ရုပ်ကို လက်ကိုင်ပုဝါဟူသော အတွေ့အထိရုပ်က တိုက်မိသွားပေပြီ။

ထိုအခါ ထိသိစိတ်ကလေး ပေါ်လာ၏။ ကာယဝိညာဉ်စိတ်ဟုလည်းခေါ်၏။ ဤနေရာ၌ လက်ကိုင်ပုဝါသည် မရှိသော ပညတ်၊ အတွေ့အထိသဘောရုပ်ကလေးသည် ရှိသောပရမတ်။ လက်ဖဝါးသည် မရှိသောပညတ်။ ကိုယ်အကြည်ရုပ် သည် ရှိသောပရမတ်ဟု ခွဲထားရမည်။

တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်နေသော အတွေ့အထိရုပ်နှင့် ကိုယ်အကြည်ရုပ်ကိုသာ ရူပက္ခန္ဓာဖွဲ့ရခြင်းဖြစ်၏။ ထိုရုပ်နှစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါး၌ဖြစ်ပျက်သွားမှုကို ဉာဏ်နှင့်သိပြီး ရူပက္ခန္ဓာအနိစ္စဟု ရှုပွားနိုင်၏။ အတွေ့အထိရုပ်နှင့် ကိုယ်အကြည်ရုပ်တို့ထိခိုက်မှုကြောင့် ပေါ်လာသော ထိသိစိတ်ကို ဝိညာဏက္ခန္ဓာဖွဲ့ရ၏။ ထိသိစိတ်နှင့်အတူဖြစ်သော စေတသိက်(၇)ပါးတို့တွင် လက်ကိုင်ပုဝါနှင့်ထိသည့် အရသာကိုခံစားသော ဝေဒနာစေတသိက်ကို ဝေဒနာက္ခန္ဓာဖွဲ့ရ၏။ လက်ကိုင်ပုဝါပဲဟူ၍ မှတ်သားသော သညာစေတသိက်ကို သညာက္ခန္ဓာဖွဲ့ရ၏။ လက်ကိုင်ပုဝါကို ဆက်ကိုင်ဖြစ်အောင် တိုက်တွန်းသော ကြွင်းစေတသိက်ငါးလုံးကို သင်္ခါရက္ခန္ဓာဖွဲ့ရ၏။

စုပေါင်း၍ရှုပွားမည်ဆိုလျှင် လက်ကိုင်ပုဝါကို ကိုင်လိုက်သည်နှင့် ခန္ဓာငါးပါးအနိစ္စဟု ရှုပွားနိုင်၏။ ခြေဖဝါးနှင့် မြေကြီးကိုထိလိုက်သည့်အခါ မြေကြီးဟူသော အတွေ့အထိရုပ်က ခြေဖဝါးဟူသော ကိုယ်အကြည်ရုပ်ကို လာထိခိုက်၏။ ထိုအခါ ထိသိစိတ်ဖြစ်ပေါ်လာ၏။ ဤ၌ မြေကြီးသည် မရှိသောပညတ်၊ အတွေ့အထိသဘောသည် ရှိသောပရမတ်၊ ခြေဖဝါးသည် မရှိသောပညတ်၊ ကိုယ်အကြည်ရုပ်သည် ရှိသောပရမတ်ဟု ခွဲထားရမည်။

တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်နေသော အတွေ့အထိရုပ်နှင့် ကိုယ်အကြည်ရုပ်ကိုသာ ရူပက္ခန္ဓာဖွဲ့ရ၏။ မြေကြီးဟူသော ဖောဋ္ဌဗ္ဗ-အတွေ့အထိရုပ်နှင့် ခြေဖဝါးဟူသော ကာယပသာဒ ကိုယ်အကြည်ရုပ်တို့ ထိခိုက်မိခြင်းကြောင့် ပေါ်လာသော ထိသိစိတ်ကို ဝိညာဏက္ခန္ဓာဖွဲ့ရ၏။ ထိသိစိတ်နှင့်အတူဖြစ်သော စေတသိက်(၇)လုံးထဲမှ မြေကြီးနှင့်ထိရသော အရသာကိုခံစားသည့် ဝေဒနာ စေတသိက်ကို ဝေဒနာက္ခန္ဓာ ဖွဲ့ရ၏။

'ခြေဖဝါးနဲ့ထိသွားတာ- မြေကြီးပဲ'ဟု မှတ်သားသော သညာစေတသိက်ကို သညာက္ခန္ဓာဖွဲ့ရ၏။ ဆက်သွားဖြစ်အောင် ထိဖြစ်အောင်တိုက်တွန်းသော ကြွင်းသည့်စေတသိက်ငါးလုံးကို သင်္ခါရက္ခန္ဓာဖွဲ့ရ၏။ အပေါင်း (ဓမ္မာနုပဿနာသတိပဋ္ဌာန်နည်း) အားဖြင့် ရှုပွားမည်ဆိုလျှင် ခြေဖဝါးနှင့်မြေကြီး သို့မဟုတ် ကြမ်းပြင် သို့မဟုတ် ဖိနပ်နှင့်ထိတိုင်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွားနိုင်၏။

ကျောနှင့်အိပ်ယာခင်း ထိလိုက်သည့်အခါ အိပ်ရာခင်းတည်းဟူသော ဖောဋ္ဌဗ္ဗ အတွေ့အထိရုပ်က ကျောပြင်တည်းဟူသော ကာယပသာဒ ကိုယ်အကြည်ရုပ်ကို လာတိုက်မိ၏။ ထိုအခါ ထိသိစိတ်ပေါ်လာ၏။ ဤ၌လည်း ပညတ်-ပရမတ် ခွဲပါ။ အိပ်ရာခင်းသည် ပညတ်၊ အတွေ့အထိသဘောသည် ပရမတ်၊ ကျောပြင်သည် ပညတ်၊ ကိုယ်အကြည်ရုပ်သည် ပရမတ်။ ပရမတ်ဖြစ်သော အတွေ့အထိရုပ်နှင့် ကိုယ်အကြည်ရုပ်သည် ရူပက္ခန္ဓာ။ ထိုရုပ်နှစ်ပါး ထိခိုက်မိ၍ ပေါ်လာသော ထိသိစိတ်သည် ဝိညာဏက္ခန္ဓာ။ ထို ထိသိစိတ်နှင့်အတူဖြစ်သော စေတသိက်(၇)လုံးတို့တွင် အိပ်ရာခင်းနှင့်ထိ၍ ခံစားသောသဘော ဝေဒနာစေတသိက်ကို ဝေဒနာက္ခန္ဓာဖွဲ့ရ၏။

အိပ်ရာခင်းပဲဟူ၍ မှတ်သားသော သညာစေတသိက်ကို သညာက္ခန္ဓာဖွဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာခင်းပေါ် ဆက်လှဲနေဖြစ်အောင် တိုက်တွန်းသော ကြွင်းစေတသိက်ငါးလုံးကို သင်္ခါရက္ခန္ဓာဖွဲ့ရ၏။ ထို ပရမတ်ခန္ဓာငါးပါး တရစပ်ဖြစ်ပျက်နေပုံကို ဉာဏ်နှင့်သေချာ သိပြီး အိပ်ရာခင်းနှင့်ကျောပြင် ထိနေသောအချိန်တိုင်းမှာ ခန္ဓာငါးပါးအနိစ္စဟု ရှုပွား နိုင်၏။ ဖောဋ္ဌဗ္ဗာရုံခေါ် အတွေ့အထိရုပ်သည် လက်ဝါးနှင့်ထိလျှင် လက်ဝါးပေါ်မှာ၊ ခြေဖဝါးနှင့်ထိလျှင် ခြေဖဝါးပေါ်မှာ၊ ကျောနှင့်ထိလျှင် ကျောပေါ်မှာ ခန္ဓာငါးပါး ဖြစ်ပျက်သွားခြင်းကို ဉာဏ်နှင့်သိပေးရမည်။

## အာနာပါနကို ဝိပဿနာပြောင်းရှုပုံ

ထွက်လေ၊ ဝင်လေကို ထွက်တယ်-ဝင်တယ်ဟု သာမန်သိနေလျှင် သမထဟု ခေါ်၏။ ဝိပဿနာသို့ပြောင်းရှုလိုလျှင် နှာသီးဝသို့လာတိုက်သောအတွေ့အထိရုပ်သည် ဖေါဋ္ဌဗ္ဗစာတ်။ အေးကနဲ နွေးကနဲထင်ရှားခြင်းသည် တေဇောဓာတ်၊ ကြမ်းကြမ်း သို့မဟုတ် နုနုတွေ့ထိခြင်းသဘောသည် ပထဝီဓာတ်။ လှုပ်ရှားသောသဘောလေးသည် ဝါယောဓာတ်။

ထိုဓာတ်သုံးပါး ပေါင်းထားခြင်းကိုပင် ဖောဋ္ဌဗ္ဗဓာတ်ဟုခေါ်ခြင်းဖြစ်၏။

'အာပေါဓာတု ဝိဝဇ္ဇိတံဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံဂေါစရရူပံနာမ။'

(အဘိဓမ္မတ္ထသင်္ဂဟ)

အတိုက်ခံရသောနှာသီးဝ,သည် ကိုယ်အကြည်ရုပ်၊ ပညတ်ပရမတ်ခွဲလျှင် ထွက်လေဝင်လေသည် ပညတ်။ အတွေ့အထိသဘော ရုပ်ကလေးသည် ပရမတ်။ နှာသီးဝ,သည် ပညတ်၊ ကိုယ်အကြည်ရုပ်သည် ပရမတ်။ အတွေ့အထိရုပ်နှင့် ကိုယ် အကြည်ရုပ်သည် ရူပက္ခန္ဓာ။ ထိုရုပ်နှစ်ပါးတိုက်မိသဖြင့် ပေါ်လာသော ထိသိစိတ်သည် ဝိညာဏက္ခန္ဓာ။ ထိသိစိတ်နှင့်အတူဖြစ်သော စေတသိက်(၇)လုံးတို့တွင် ထိရသည့် အရသာကို ခံစားသောဝေဒနာသည် ဝေဒနာက္ခန္ဓာ။

ထိသည့်သဘောကို မှတ်သားသောသညာသည် သညာက္ခန္ဓာ။ ဆက်ထိဖြစ် အောင် တိုက်တွန်းသော (လေရှူခိုင်းသောသဘော) ကြွင်းစေတသိက်ငါးလုံးသည် သင်္ခါရက္ခန္ဓာ။ ထိုသို့ ခန္ဓာသိဖြင့် သေချာခွဲခြားသိပြီးလျှင် လေရှူတိုင်း၊ ထုတ်တိုင်း ခန္ဓာငါးပါးအနိစ္စဟု ဓမ္မာနုပဿနာကို ရှုပွားနိုင်၏။

ခန္ဓာသိ သက္ကာယဒိဋ္ဌိခွာပုံကို ဆက်ပြအံ့။ ထွက်လေဝင်လေဟူသော ဖောဋ္ဌဗ္ဗ ရုပ်၊ နှာသီးဝဟူသော ကာယပသာဒရုပ်ကိုဖွဲ့ရသော ရူပက္ခန္ဓာထဲ၌လည်း 'ငါ'မပါ။ ထိသိစိတ် ဝိညာဏက္ခန္ဓာထဲ၌လည်း 'ငါ'မပါ။ တွေ့ထိမှုအရသာကို ခံစားသော ဝေဒ နာက္ခန္ဓာထဲ၌လည်း 'ငါ'မပါ။ တွေ့ထိမှုကို မှတ်သားသော သညာက္ခန္ဓာထဲ၌လည်း 'ငါ'မပါ။ တွေ့ထိအောင် ဆက်အသက်ရှူရှိုက်လုပ်အောင် တိုက်တွန်းသော သင်္ခါရက္ခန္ဓာ ထဲ၌လည်း 'ငါ'မပါ။

ဤသို့ ဝိပဿနာဉာဏ်ဖြင့် စူးစိုက်ရှာဖွေကြည့်လိုက်သောအခါ 'ငါ'ကို

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရ ခြင်းသည် တကယ်မရှိသောကြောင့် မတွေ့ရခြင်းဖြစ်၏။ ထို့ကြောင့် ဘဝအဆက်ဆက်က မှားလာသော 'ငါ'ရှိသည်ဟုယူဆသည့် အယူမှားမိစ္ဆာဒိဋ္ဌိကြီးကို မိမိရထားသော ဝိပဿနာဉာဏ်ဖြင့် ပယ်ဖျက်ပစ်ရမည်။ အတွေးအာရုံခေါ် ဓမ္မာရုံကြောင့် ခန္ဓာငါးပါး ဖြစ်ပုံ၊ ပျက်ပုံ၊ 'ငါ'မရှိပုံကို ဆက်ပြအံ့။

ဖြစ်ပြီးဖြစ်လတ္တံ့ အကြောင်းအရာတစ်ခုခုကို တွေးလိုက်လျှင် ဓမ္မာရုံနှင့် မနောဒွါရတို့ ထိခိုက်မိသွားကြပြီးဖြစ်၏။ ဓမ္မာရုံအရ ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ် ခြောက်မျိုးရ၏။ ဤနေရာ၌ကား ယောဂီသည် ပုထုဇဉ်ဘဝသာ ရှိသေးသောကြောင့် နိဗ္ဗာန်မှတစ်ပါး ကျန်ငါးပါးကိုသာ ယူရမည်ဖြစ်သည်။

ဟဒယဝတ္ထုခေါ် နှလုံးချိုင့်အတွင်းတွင် ကြည်နေသောသွေး လက်တစ်ခုပ်ခန့် ရှိ၏။ ထိုနှလုံးသွေးကိုမှီ၍ ဗဇ္ဇဒွါရဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးဟူသော စိတ်သုံးပါးဖြစ်၏။ ထိုစိတ်သုံးပါးကို မနောဓာတ်သုံးပါးဟု အဘိဓမ္မာတွင်သုံး၏။ ပဉ္စဒွါရဝဇ္ဇန်းဟူသည် စက္ခု၊ သောတ စသော ငါးဒွါရ၌ဖြစ်သောအာရုံကို ဆင်ခြင်သောစိတ်ဟု အဓိပ္ပါယ်ရ၏။ သမ္ပဋိစ္ဆိုင်းဟူသည် အာရုံကိုခံယူခြင်းဟု အဓိပ္ပါယ်ရ၏။

အတွေးအာရုံဟူသော ဓမ္မာရုံက မနောဓာတ်ကို လာတိုက်၏။ (တစ်စုံတစ်ခုကို တွေးလိုက်၏) ထိုအခါ မနောဝိညာဉ်စိတ်ခေါ် တွေးသိစိတ်ပေါ်လာ၏။ ဤနေရာ၌ ပညတ်, ပရမတ်ခွဲလျှင် နှလုံးသွေးသည် ပညတ်၊ တရစပ်ဖြစ်ပျက်နေသော နှလုံး အကြည်ဓာတ်သဘောတရားလေးသည် ပရမတ်။

အတွေးအာရုံ၌ပါသော ရုပ်တရားနှင့် နှလုံးအကြည်ရုပ်သည် ရူပက္ခန္ဓာ၊ တွေးသိစိတ်သည် ဝိညာဏက္ခန္ဓာ။ အတွေးအရသာကို ခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ။ အတွေးအာရုံကို မှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ။ ဆက်တွေးဖြစ်အောင် တိုက်တွန်းသော ကြွင်းသည့်စေတသိက်များသည် သင်္ခါရက္ခန္ဓာ။

တစ်စုံတစ်ခုကို တွေးလိုက်သည်နှင့် ဤပရမတ်ခန္ဓာငါးပါး နှလုံးသား၌ ဖြစ် ပျက်သွားသည်ကို ဉာဏ်ဖြင့်သိပြီး ခန္ဓာငါးပါးအနိစ္စဟု နေရာမရွေး၊ အချိန်မရွေး ရှုပွားနိုင်၏။ သက္ကာယဒိဋ္ဌိ မရှိပုံကို ဆက်၍ဆိုအံ့။ အတွေးအာရုံ၌ပါသည့် ရုပ်တရား၊ နှလုံးအကြည် ရုပ်ဟူသော ရုပ်တရားနှစ်ခုကို ဖွဲ့ရသည့် ရူပက္ခန္ဓာထဲ၌လည်း ငါမပါ။ တွေးသိစိတ်ဟူသော ဝိညာဏက္ခန္ဓာထဲတွင်လည်း ငါမပါ။ အတွေးအရသာကို ခံစားသော ဝေဒနက္ခန္ဓာထဲတွင်လည်း ငါမပါ။

အတွေးအာရုံကိုမှတ်သားသော သညာက္ခန္ဓာထဲတွင်လည်း ငါမပါ။ ဆက်တွေးဖြစ်အောင် တိုက်တွန်းသော သင်္ခါရက္ခန္ဓာထဲတွင်လည်း ငါမပါ။ တွေးလိုက်တိုင်း ခန္ဓာငါးပါးသာ ဖြစ်ပျက်သွား၏။ ငါဟူသည် မရှိသောတရားသာတည်းဟူ၍ အသိဉာဏ်ထဲတွင် ပြတ်သားနေရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်ပျက်ဆုံးတယ်ဆိုတာ

မြိတ်မြို့၊ ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင်ဓမ္မရိပ်သာတွင် ၂၀၀၂-ခုနှစ်၊ ဝါတွင်းကာလ တရားပြနေစဉ် တနင်္သာရီတိုင်း စည်/ပင်မှ အရာရှိကြီးတစ်ဦးက ဝိပဿနာနှင့်ပတ်သက်သော မေးခွန်းတစ်ခု လာရောက်မေးမြန်းသည်။ သူသည် 'မဂ်တားဖိုလ်တား အန္တရာယ်များ' စာအုပ်အဆုံးပါ လိပ်စာအတိုင်း ရောက်လာခြင်းဖြစ်၏။ သူ၏မေးခွန်းမှာ ဝိပဿနာယောဂီတိုင်း သိသင့်သဖြင့် ပြည့်စုံစွာဖော်ပြပေအံ့။

သူမေးသည်မှာ 'မိုးကုတ်ဆရာတော်ဘုရားကြီးက ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးအောင် အားထုတ်ကြ၊ ဖြစ်ပျက်ဆုံးတာနဲ့ မဂ်ဖိုလ်ရပြီ'ဟု ဟောကြားကြောင်း။ သူ့မှာ ရှုမှတ်ပွားများနေတာ နှစ်ပေါင်းများစွာကြာပြီဖြစ်သော်လည်း ဖြစ်ပျက် တစ်ခါမှ မဆုံးဖူးသေးကြောင်း။ ထိုကဲ့သို့ ဖြစ်ပျက်မဆုံးခြင်းအကြောင်းကို သိလိုပါကြောင်း မေးမြန်း၏။

ဤနေရာ၌ မိုးကုတ်ဆရာတော်ဘုရားကြီးသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့က ခန္ဓာဖြစ်ပျက်မရှိရာ၊ ဆုံးရာဖြစ်သောနိဗ္ဗာန်ကို အာရုံပြုခြင်းကိုပင် ယောဂီများသိလွယ်ရန် 'ဖြစ်ပျက်ဆုံး'ဟူသည့် စကားပရိယာယ်ဖြင့် ဟောကြားတော်မူခြင်းဖြစ်၏။ စကားလုံးပေါင်း တစ်ရာခန့်ကို 'ဖြစ်ပျက်ဆုံး'ဟူသော စကားလုံး သုံးလုံးဖြင့် ခြုံမိငုံမိအောင် ဟောပြတော်မူသော မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်ရည်ကိုလည်း အားကျကြည်ညိုမိပါ၏။

ယခု 'ဖြစ်ပျက်ဆုံး'ဟူသော စကားသုံးလုံးကို အကျယ်ရှင်းပါအံ့။ ထိုစကားကို အကျယ်သိရန် မဂ်ကျပုံဝီထိစဉ်ကို ဦးစွာ နားလည်ရပါမည်။

## မဂ်ကျပုံဝီထိစဉ်

အတီတဘင် = လွန်သောဘင်
ဘဝင်္ဂစလန = လှုပ်သောဘင်
ဘဝင်္ဂုပစ္ဆေဒ = ပြတ်စဲသောဘင်
မနောဒွါရာဝဇ္ဇန်း= စိတ်၌ထင်လာသောအာရုံကို ဆင်ခြင်သည့်စိတ်
ပရိကံ = ခန္ဓာငါးပါးအဖြစ်အပျက်ကိုရှုသော ဝိပဿနာစိတ်၊ မဂ်ဖိုလ်ရရန် ရှေးဦးစွာ ပြင်ဆင်ပေးသော သဘောရှိသောကြောင့် ပရိကံ ဟူသော အမည်သစ်ကို ရသည်။

ဥပစာ = ခန္ဓာငါးပါးအဖြစ်အပျက်ကိုရှုသောဝိပဿနာစိတ်၊ မဂ်အနီးအနားမှာဖြစ် သောကြောင့် ဥပစာဟူသော အမည်သစ်ကိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



အနုလုံ ▪ ခန္ဓာငါးပါးအဖြစ်အပျက်ကိုရှုသော ဝိပဿနာစိတ်၊

မဂ်ဖိုလ်အားလျော်သောကြောင့် အနုလုံဟူသောအမည်သစ်ကို ထပ်ရသည်။

ဂေါတြဘူ ▪ ခန္ဓာငါးပါးဖြစ်ပျက်ပုံကို အာရုံမပြုတော့ဘဲ နိဗ္ဗာန်ကို သာအာရုံပြုသော ဝိပဿနာလောကီကုသိုလ်စိတ်၊ ဤစိတ် အရောက်တွင် ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်သို့ စဝင်သည်။

သောတာပတ္တိ ▪ ဒိဋ္ဌိဝိစိကိစ္ဆာကို အမြစ်ပြတ်ပယ်သတ်၍ နိဗ္ဗာန်ကိုအာရုံ
မဂ်စိတ် ပြုသည်။

ပုထုဇဉ်ဘဝက ထုနှင့်ထည်နှင့် အလုံးလိုက်အခဲလိုက်ရှိ နေသော လောဘ၊ ဒေါသ၊ မောဟစသော ကျန်ကိလေသာများကိုလည်း အပါယ်ကျနိုင်သည့်သတ္တိများ ကုန်သွားအောင်၊ အားနည်းသွားအောင် ဖောက်ခွဲပစ်လိုက်သည်။

ထို့ကြောင့် သောတာပန်များသည် မတရားသောနည်း ဖြင့် စီးပွားမရှာတော့ခြင်းဖြစ်၏။

သောတာပတ္တိ▪ နိဗ္ဗာန်ကိုအာရုံပြု၍ မဂ်ကကိလေသာကို သတ်လိုက်သဖြင့်
ဖိုလ်စိတ် ငြိမ်းအေးသွားသော ချမ်းသာကိုခံစားသည်။

ထို့နောင်ဘွင် ဖြစ်ထိုက်သ၍ ဖြစ်သည်။ ဤ မဂ်ကျပုံစိတ်အစဉ်ကို ကြည့်လိုက်လျှင် ဂေါတြဘူစိတ်၊ သောတာပတ္တိမဂ်စိတ်၊ သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ်အခိုက်တွင် ခန္ဓာအဖြစ်အပျက်ကိုမရှုတော့ဘဲ နိဗ္ဗာန်ကိုသာ အာရုံပြုနေသည်ကို တွေ့ရလိမ့်မည်။ နိဗ္ဗာန်သည် ခန္ဓာအဖြစ်အပျက်ဆုံးရာ၊ မရှိရာနေရာပင် ဖြစ်၏။ ထိုသို့ ခန္ဓာအဖြစ်အပျက်ဆုံးရာ နိဗ္ဗာန်ကို အာရုံပြုနိုင်မှုကို ရည်ရွယ်၍ မိုးကုတ်ဆရာတော်ဘုရားကြီးက 'ဖြစ်ပျက်ဆုံးအောင် ရှုပွား'ဟု ဟောကြားတော်မူခြင်း ဖြစ်၏။

ထို့ကြောင့် ဖြစ်ပျက်ဆုံးမှုဟူသည် ယောဂီများထင်နေသကဲ့သို့ စက္ကန့်ပေါင်း များစွာ၊ မိနစ်ပေါင်းများစွာ၊ ခန္ဓာအဖြစ်အပျက်များ ဆုံးနေခြင်းမဟုတ်၊ မဂ်ဖိုလ်စိတ် ကျသခိုက် တစ်စက္ကန့်၏ အပုံတစ်ထောင်ပုံ တစ်ပုံခန့်ကာလလောက် ခန္ဓာ အဖြစ်အပျက် ခေတ္တရပ်သွားခြင်းကိုပင် ဖြစ်ပျက်ဆုံးသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုမျှမြန်ဆန်လှသော ဖြစ်ပျက်ဆုံးချိန်ခေါ် မဂ်ဖိုလ်ကျချိန် စိတ်အစဉ်ဖြစ်ပုံ အတိအကျကို ဘုရားရှင်တို့သာ သိနိုင်ပေလိမ့်မည်။ သာဝကများကား သူ့မဂ်နှင့်ဆိုင်ရာ ကိလေသာများ ပေါ်မလာတော့သောအခါမှသာ မိမိ မည်သည့်မဂ်ရနေပြီဆိုသည်ကို ဆုံးဖြတ်နိုင်ပေမည် ။ ။

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်-ပျက်ဆုံးခြင်း( သို့ )မဂ်ရခြင်းကို ယောဂီတိုင်းမသိနိုင်ပုံ

သကဒါဂါမိမဂ်ထိ ရပြီးဖြစ်သော်လည်း ဖြစ်ပျက်ဆုံးသည်ကို မသိလိုက်သော သူပင်ရှိ၏။ မိမိ မဂ်ဖိုလ်ရသည်ကိုပင် မသိလိုက်သောသူဟု ဆိုရပေမည်။ ထိုသူကား သံယုတ်ပါဠိတော်၊ မဟာနာမသုတ်တွင်လာသော ဗုဒ္ဓ၏နောင်တော် မဟာနာမ်မင်းကြီးပေတည်း။ ကပိလဝတ်ပြည်၊ နိဂြောဓါရုံကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် မဟာနာမ် မည်သော သာကီဝင်မင်းသားသည် ဗုဒ္ဓထံချဉ်းကပ်၍ ဤသို့လျှောက်၏။

'အရှင်ဘုရား၊ ဤကပိလဝတ်မြို့တော်အသည် စည်ပင်ဝပြော၍ များသော လူဦးရေရှိပါသည်။ လူမျိုးစုံရောပြွမ်း၍ ကျဉ်းသောလမ်းများလည်း ရှိပါသည်။ တပည့်တော်သည် တစ်ခါတရံ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့ကို ဆည်းကပ်ဖူး မြော်ပြီး ကပိလဝတ်မြို့တွင်းသို့ ဝင်သည်ရှိသော် လှည့်လည်ပြေးသွားနေသော ဆင်၊ မြင်း၊ ရထားတို့နှင့် ရင်ဆိုင်တွေ့ဆုံရတတ်ပါသည်။ ထိုအခါ တပည့်တော်အား ဘုရား၊ တရား သံဃာကို အောက်မေ့ဆင်ခြင်ခြင်းသည် မေ့ပျောက်သွားတတ်ပါသည်။ ဒီလို အချိန် မျိုးမှာ ငါသေသွားလျှင် ဘယ်ဘဝကိုရောက်မလဲဟူ၍လည်း တပည့်တော် ကြံစည် စဉ်းစားမိပါသည်'

ထိုအခါ ဗုဒ္ဓက မဟာနာမ်အား ဤသို့မိန့်ကြားတော်မူ၏။

'မဟာနာမ် မကြောက်ပါလင့်၊ သင့်အား မယုတ်ညံ့သော သေခြင်းသည် ဖြစ်ပါလိမ့်မည်။ သဒ္ဓါ၊ သီလ စသည်တို့ဖြင့် ကြာမြင့်စွာထုံအပ်သော စိတ်ရှိသူ၏ ကိုယ်ခန္ဓာသည် ကျီး, လင်းတ,တို့၏ အစာဖြစ်သော်လည်း ထိုသူ၏စိတ်သည်ကား အထက်သို့ တက်သွားလတ္တံ့။ မဟာနာမ် ဥပမာကား နက်သောရေအိုင်ထဲ၌ ထောပတ်အိုး၊ ဆီအိုးများ ကွဲကျသည်ရှိသော် အိုးခြမ်းကွဲများသည် ရေအောက်သို့ နစ်သွားသော်လည်း ထောပတ်နှင့်ဆီတို့ကား ရေပေါ်၌ တက်တည်သကဲ့သို့ဖြစ်၏'

ဤဒေသနာကိုထောက်၍ ဖြစ်ပျက်ဆုံးသွားသည် (ဝါ)မဂ်ဖိုလ်ရသွားသည်ကို ယောဂီတိုင်းမသိနိုင်ကြောင်း ထင်ရှားပေသည်။ ထို့ကြောင့် ဤစာအုပ်ရှေ့ပိုင်းတွင်-အလှ

www.burmeseclassic.com

www.burmeseclassic.com



သုံးမျိုးကို ခွဲခြားပြခဲ့၏။ 'အာရုံခြောက်ပါးနှင့်တွေ့ဆုံတိုင်း ဝိပဿနာရှုပွားနေ မှုသည် ယောဂီ၏အလုပ်၊ အချိန်တန်၍ ကိလေသာသေဖို့ မဂ်ဖိုလ်ရဖို့သည် တရား ၏အလုပ်၊ ဘယ်ယောဂီ ဘယ်မဂ်ဖိုလ်ရပြီဟု သေချာသိသောအလုပ်သည် ဘုရား၏ အလုပ်' ဟူ၍ဖြစ်၏။

ပြခဲ့သည့်အတိုင်း ဝိပဿနာတရားကိုသာ အာရုံနှင့်တိုက်ဆိုင်တိုင်း ရှုပွားသွားမည်ဆိုလျှင် 'ကိလေသာတွေကုန်ပါစေ၊ ဖြစ်ပျက်တွေဆုံးပါစေ၊ မဂ်ဖိုလ်ရပါစေ'ဟု ဆုတောင်းနေစရာ မလိုပေ။ အချိန်ကျသည်နှင့် မဂ်ဖိုလ်ရပြီး ထိုက်သင့်သော ကိလေသာများ (သို့မဟုတ်) အာသဝများမှ လွတ်မြောက်သွားမည်သာဖြစ်သည်။ ထိုအချက်နှင့်ပတ်သက်၍ သံယုတ်ပါဠိတော်၊ ဝါသိဇဋ္ဌသုတ်ကို ထုတ်ပြပေအံ့-

> 'ရဟန်းတို့- ငါသည် သိမြင်သောသူအား အာသဝကုန်ခြင်းကို ဟော၏။ မသိမြင်သောသူအား အာသဝကုန်ခြင်းကို မဟော။ အဘယ်သို့ သိမြင်သောသူအား အာသဝကုန်ခြင်းသည် ဖြစ်သနည်းဆိုသော်- ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ ဖြစ်ခြင်းတည်း၊ ဤကား ရုပ်၏ချုပ်ပျောက်ခြင်းတည်း စသည်ဖြင့် သိမြင်သောသူအား အာသဝကုန်ခြင်းသည် ဖြစ်၏'

**(မှတ်ချက်)။** *။ရုပ်ဟူသည် ရူပက္ခန္ဓာကိုပြောခြင်းဖြစ်၏။ ဝေဒနက္ခန္ဓာ(ပ) ဝိညာဏက္ခန္ဓာ တို့ကိုလည်း ထို့အတူဟော၏။ စာများမည်စိုး၍ ရူပက္ခန္ဓာ တစ်ပါးကိုသာ ရေးထားသည်။*

'ရဟန်းတို့၊ ပွားများအားထုတ်မှုကို-အားမထုတ်ဘဲနေသော ရဟန်းအား ငါ ၏စိတ်သည် မစွဲလမ်းဘဲ အာသဝတို့မှလွန်မြောက်ပါမူ ကောင်းလေစွဟု တောင့်တခြင်းဖြစ်ငြားသော်လည်း သူ၏စိတ်သည် အာသဝတို့မှ လွတ်မြောက်မည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး စသောတရားတို့ကို မပွားများအပ်သောကြောင့်ပင်တည်း။ ရဟန်းတို့ ဥပမာကား မိခင်ကြက်မကြီးသည် ကောင်းစွာ မဝပ်အပ်၊ အပူငွေ့မပေးအပ်သော ကြက်ဥတို့သည် ချမ်းသာစွာပေါက်ထွက်ခြင်းငှာ မထိုက်သကဲ့သို့ဖြစ်၏'

'ရဟန်းတို့- ပွားများအားထုတ်ရမည့်တရားကို အားထုတ်၍နေသော ရဟန်းအား ငါ၏စိတ်သည် မစွဲလမ်းဘဲ အာသဝတို့မှ လွတ်မြောက်ပါမူကောင်းလေစွဟု တောင့်တခြင်းသည် မဖြစ်ငြားသော်လည်း သူ၏စိတ်သည် မစွဲလမ်းဘဲ အာသဝတို့မှ လွတ်မြောက်၏။ အဘယ်ကြောင့်ဆိုသော် သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး စသည်တို့ကို ပွားများအပ်သောကြောင့်ဖြစ်၏။ ဥပမာ မိခင်ကြက်မကြီးက ကောင်းစွာ ဝပ်အပ် အပူငွေ့ပေး အပ်သောကြက်ဥတို့သည် ချမ်းသာစွာပေါက်ထွက်ခြင်းငှာ ထိုက်သကဲ့သို့ပေတည်း'

'ရဟန်းတို့-လက်သမား၏ ပဲခွပ်ရိုးလက်ကိုင်၌ လက်ချောင်းရာ၊ လက်မရာ

www.burmeseclassic.com

www.burmeseclassic.com



များ ထင်နေငြားသော်လည်း ထိုလက်သမားအား 'ငါ့ပဲခွပ်ရိုးသည် ယနေ့ ဤမျှကုန်သွား၏။ မနေ့က ဤမျှကုန်သွား၏' ဟူသော အသိဉာဏ်သည် မဖြစ်။ ကုန်သွားသည်ရှိသော် ကုန်သွား၏ဟူသောဉာဏ်သည်သာ ဖြစ်၏။ ထိုနည်းတူပင် ပွားများအားထုတ်၍ နေသောရဟန်းအား 'ငါ၏အာသဝတို့သည် ယနေ့ ဤမျှကုန်သွား၏။ မနေ့က ဤမျှ ကုန်သွားခဲ့၏'ဟူသော အသိဉာဏ်သည် မဖြစ်ငြားသော်လည်း ကုန်သွားသည်ရှိသော် ကုန်သွားပြီဟူသောအသိဉာဏ်ကား ဖြစ်၏'

'ရဟန်းတို့- တစ်မိုးတွင်းလုံး ရေထဲ၌ထား၍ ဆောင်းရာသီတွင် ကုန်းပေါ်သို့ တင်အပ်သော ပင်လယ်ကူးလှေ၏ ကြိမ်ကြိုး အထုံးအဖွဲ့တို့သည် မိုးရေဖြင့် လွယ်ကူစွာ ပြေလျော့ ဆွေးမြေ့သွားကုန်သကဲ့သို့ ထို့အတူပင် ပွားများအားထုတ်မှုကို အားထုတ်၍ နေသောရဟန်းအား သံယောဇဉ်ကြိုးတို့သည် လွယ်ကူစွာ ပြေလျော့ဆွေးမြေ့သွားကုန်၏'

'ဤဒေသနာ၏ ဆိုလိုရင်းအချုပ်မှာ- ပဲခွပ်၊ သို့မဟုတ် တူ၏(သစ်သား) လက်ကိုင်ရိုးသည် အသုံးပြုသောကာလ ကြာလာသောအခါ ချွေးစား၍ လက်ရာများ ထင်လာတတ်၏၊ ထိုသို့ထင်လာရာ၌ မည်သည့်နေ့က သစ်သားရိုးကို ချွေးက မည်မျှ လောက် စားသွားသည်ဟူ၍မသိနိုင်၊ လက်ချောင်းရာကြီး ထင်ရှားစွာပေါ်လာသော အခါမှသာ 'သြော်- လက်ကိုင်တဲ့နေရာက သစ်သားတွေ တော်တော်ကုန်သွားတာပဲ'ဟု သိနိုင်သကဲ့သို့၊ အာရုံခြောက်ပါးနှင့် တွေ့ကြုံတိုင်း ခန္ဓာငါးပါးအနိစ္စဟူ၍ ရှုပွားနေသော ယောဂီအား မည်သည့်အချိန် မည်သည့်မဂ်ကျ၍ မည်သည့်ကိလေသာ ကုန်သွားပြီ ဟူ၍- ဘုရားရှင်၏ဉာဏ်တော်အတိုင်း အသေးစိတ်လိုက်၍မသိနိုင်။

အကြောင်းတိုက်ဆိုင်သောအခါ ဆိုင်ရာကိလေသာများ ပေါ်မလာသော အခါမှ 'သြော်- ငါ့မှာ မည်သည့်ကိလေသာများ မရှိတော့ပါလား'ဟု သေချာသိနိုင်ကြောင်းကို သိစေလိုခြင်းပင်ဖြစ်၏။ ဤမျှလောက်ထိ ခန္ဓာငါးပါး ဖြစ်ပုံ၊ ပျက်ပုံ အကျယ်ကိုသိပြီးပြီဆိုလျှင် သုသိမရဟန်းအား ဗုဒ္ဓဟောကြားသော တရားတော်များကို ဖတ်ရလျှင်- ခန္ဓာသိဖြင့် တကယ်သိနိုင်တော့မည်ဖြစ်၏။

ထို့ကြောင့် အကျယ်ရေးပြတော့အံ့။ မှတ်ဉာဏ်နည်းသူဖြစ်လျှင် အာရုံခြောက်ပါးကြောင့် ခန္ဓာငါးပါးဖြစ်ပုံပျက်ပုံ အကျယ်ကို နောက်တစ်ခေါက်လောက် ပြန်ဖတ်ပြီးမှ ယခုအမေးအဖြေကိုဖတ်လျှင် ပိုမိုသဘောပေါက်နိုင်ပေသည်။ ခန္ဓာငါးပါး အပေါ် အနတ္တပေါက်အောင် ရှေ့မှာပြခဲ့သလို ဟောပြီးသည်နှင့် ဗုဒ္ဓက အောက်ပါအတိုင်း အမေးအဖြေဖြင့် ဆက်လက်ဟော ကြားတော်မူပါသည်။

## တစ်ထိုင်တည်း ရဟန္တာဖြစ်စေသော အမေးအဖြေများ

'ချစ်သားသုသိမ- ရူပက္ခန္ဓာသည် မြဲသလော၊ မမြဲဘူးလော'

'မမြဲပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက်)။ ။ဤ၌ မမြဲ(အနိစ္စ)ဟူသည် သမုတိအားဖြင့် အိုရာမှနာ နာရာမှ သေတာလောက်မျှကိုသာ ဆိုလိုခြင်းမဟုတ်၊ မျက်တောင်တစ်ခတ် သို့မဟုတ် တစ်စက္ကန့်အတွင်း ရူပက္ခန္ဓာ(ရုပ်တရား)ပေါင်း ကုဋေ ငါးထောင်ကျော်၊ ဝေဒနာက္ခန္ဓာ(ပ)၊ ဝိညာက္ခန္ဓာနာမ်တရားပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွား သည်ကို ဆိုလိုခြင်းဖြစ်၏။

'မမြဲသောတရားသည် ဆင်းရဲလော၊ ချမ်းသာလော'

'ဆင်းရဲပါဘုရား'

**(မှတ်ချက်)။** ။မမြဲသောတရားကို ဆင်းရဲဟုလက်ခံနိုင်ရန် လောကီဥပမာတစ်ခု ဆောင်အံ့။

စိတ်ထားညံ့သော တန်ခိုးရှင်တစ်ဦးသည် သူမုန်းတီးနေသော လူတစ်ယောက် သူ့စရိုက်ဖြင့်သူ စိတ်ဆင်းရဲပြီး ရူးသွပ်သေသွားစေရန် ပြုလုပ်၏။ ပြုလုပ်ပုံကား ထိုသူ မြင်သာသောနေရာတစ်ခုတွင် ရွှေငါးကျပ်သား အတုံးလေးတစ်တုံးကို ဖန်ဆင်းပြ၏။ ထိုသူက ဝမ်းသာအားရ ကောက်ယူ၏။ ထိုသူ၏လက်ထဲ ရောက်သည်နှင့် ရွှေတုံးကို ပျောက်သွားရန် ဖန်တီးပစ်လိုက်၏။

ထိုအခါ ထိုသူသည် ရွှေတုံးကိုရပြီးမှ ချက်ချင်းပျောက်သွားသဖြင့် ကြီးစွာ စိတ်ဆင်းရဲ၏။ ခဏအကြာမှာပင် တခြားနေရာတွင် ရွှေတုံးကို ဖန်ဆင်းပြပြန်၏။ ထိုသူသည် ဝမ်းသာအားရ ကောက်ယူပြန်၏။ သူ့လက်ထဲရောက်သည်နှင့် ရွှေအတုံးကို ဖျောက်ပစ်လိုက်ပြန်၏။ ထိုသူသည် ရပြီးမှပျောက်သွားကာ ဖြစ်ပြီးမှ ချက်ချင်း ပျက်သွားသဖြင့် ကြီးစွာစိတ်ဆင်းရဲရပြန်၏။ အကြိမ်များလာသောအခါ စိတ်ဆင်းရဲမှုကို သည်းမခံနိုင်ဘဲ ရူးသွပ်သွား၏။

ထို့အတူ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ၊ ဖဿ၊ နာမ်ရုပ်ဟူသော တန်ခိုးရှင်ကြီးများက အန္ဓပုထုဇဉ်အား ရူးသွပ်သေသွားစေရန်အကြံဖြင့် ရွှေနှင့်တူသော ခန္ဓာငါးပါးကို ဖန်ဆင်းပြ၏။ သို့မဟုတ် ဖြစ်ပြ၏။ အန္ဓပုထုဇဉ်က ခန္ဓာငါးပါးကို ငါ့ခန္ဓာဟု ဝမ်းသာအားရပွေ့ပိုက်နေချိန်မှာပင် ချက်ချင်း ဖျောက်ပစ်လိုက်ပြန်၏။ ခန္ဓာငါးပါး ဖြစ်ပြီးပျက်သွားသည်နှင့် အန္ဓပုထုဇဉ်အတွက် ဘာမျှကျန်ခဲ့သည်မဟုတ်ပေ။ ရွှေငါးကျပ်သားရပြီး ချက်ခြင်းပျောက်သွားခြင်းသည် စိတ်ဆင်းရဲစရာ စင်စစ် ဖြစ်သကဲ့သို့ ခန္ဓာငါးပါး ဖြစ်ပြီးပျက်ရခြင်းသည်လည်း ဆင်းရဲစင်စစ်ဖြစ်ကြောင်း ပါရမီဉာဏ်ရှိသူများ ရိပ်မိနိုင်ကောင်းပါသည်။

'ချစ်သား သုသိမ - မြဲလည်းမမြဲ၊ ဆင်းရဲလည်းဆင်းရဲသော ရူပက္ခန္ဓာကို- ရူပက္ခန္ဓာသည် ငါ့ပဲဟာ၊ ရူပက္ခန္ဓာသည် ငါ၏ရူပက္ခန္ဓာဟု အတ္တဖြင့်စွဲယူ၍ သင့်လျော်မည်လော။'

'မသင့်လျော်ပါဘုရား'

'ရူပက္ခန္ဓာသာ အတ္တဟုတ်ရိုး ငါပိုင်ရိုးမှန်လျှင်၊ ရူပက္ခန္ဓာသည် ဤကဲ့သို့ဖြစ်ပါ စေ၊

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ မဖြစ်ပါစေနဲ့၊ အနာရောဂါဖြင့်သော်လည်းကောင်း အိုနာသေဖြင့်သော်လည်းကောင်း၊ မနှိပ်စက်ပါစေနှင့်၊ ဖြစ်ပြီးမပျက်ပါစေနှင့်ဟု အမိန့်ပေးနိုင်ရမည်။ ယခု ထိုကဲ့သို့ အမိန့်ပေးနိုင်ရဲ့လား'

'မပေးနိုင်ပါဘုရား'

'ဤသို့ဆိုလျှင် ရူပက္ခန္ဓာသည် အတ္တလော၊ အနတ္တလော'

'အနတ္တပါဘုရား'

'သုသိမ-ဝေဒနာက္ခန္ဓာသည် မြဲသလော၊ မမြဲသလော'

'မမြဲပါဘုရား'

'မမြဲသောတရားသည် ဆင်းရဲလော၊ ချမ်းသာလော'

'ဆင်းရဲပါဘုရား'

'သုသိမ-မမြဲလည်းမမြဲ၊ ဆင်းရဲလည်းဆင်းရဲသော ဝေဒနာက္ခန္ဓာကို ဝေဒ-နာက္ခန္ဓာသည် ငါ့ဟာ၊ ဝေဒနက္ခန္ဓာသည် ငါ၊ ဝေဒနာက္ခန္ဓာသည် ငါ၏ကိုယ်ဟု စွဲယူ၍ သင့်မည်လော'

'မသင့်လျော်ပါဘုရား'

'ဝေဒနာက္ခန္ဓာသာ အတ္တဟုတ်ရိုး၊ ငါပိုင်ရိုးမှန်လျှင် ကောင်းတဲ့ဝေဒနာသာ ဖြစ်ပါစေ၊ ဆိုးတဲ့ဝေဒနာ မဖြစ်ပါစေနဲ့၊ နာကျင်ခြင်းဖြင့်သော်လည်းကောင်း၊ အိုနာသေဖြင့်သော်လည်းကောင်း မနှိပ်စက်ပါစေနဲ့၊ ဖြစ်ပြီးမပျက်ပါစေနဲ့ဟု အမိန့်ပေးနိုင်ရမည်။ ယခု ထိုကဲ့သို့ အမိန့်ပေးနိုင်ရဲ့လား'

'အမိန့်မပေးနိုင်ပါဘုရား'

'ဤသို့ဆိုလျှင် ဝေဒနာက္ခန္ဓာသည် အတ္တလော၊ အနတ္တမလော'

'အနတ္တပါဘုရား'

'သုသိမ- အာရုံကိုမှတ်သားခြင်း သညာက္ခန္ဓာသည် မြဲသလော၊ မမြဲဘူးလော'

'မမြဲပါဘုရား'

'မမြဲသောတရားသည် ဆင်းရဲလော၊ ချမ်းသာလော'

'ဆင်းရဲပါဘုရား'

'သုသိမ မမြဲလည်းမမြဲ၊ ဆင်းရဲလည်းဆင်းရဲသော သညာက္ခန္ဓာကို-သညာက္ခန္ဓာသည် ငါ့ဟာ၊ သညာက္ခန္ဓာသည် ငါ၊ သညာက္ခန္ဓာသည် ငါ၏ကိုယ်ဟု စွဲယူ၍ သင့်လျော်ပါမည်လော'

'မသင့်လျော်ပါဘုရား'

'သညာက္ခန္ဓာသာ အတ္တဖြစ်ရိုး ငါပိုင်ရိုးမှန်လျှင် ကောင်းတဲ့အာရုံကိုသာ မှတ်သားပါစေ၊ မကောင်းတဲ့အာရုံကို မမှတ်သားပါစေနဲ့၊ နာကျင်ခြင်းဖြင့်သော်လည်းကောင်း၊ အိုနာသေဖြင့်သော်လည်းကောင်း မနှိပ်စက်ပါစေနဲ့။ ဖြစ်ပြီး မပျက်ပါစေနဲ့ဟု အမိန့်ပေးနိုင်ရမည်။ ယခု ထိုကဲ့သို့ အမိန့်ပေးနိုင်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'အမိန့်မပေးနိုင်ပါဘုရား'

'ဤသို့ဆိုလျှင် သညာက္ခန္ဓာသည် အတ္တလော၊ အနတ္တလော'

'အနတ္တပါဘုရား'

'သုသိမ-စေ့ဆော်တိုက်တွန်းခြင်းသဘောတရား သင်္ခါရက္ခန္ဓာသည် မြဲသလော၊ မမြဲသလော'

'မမြဲပါဘုရား'

'မမြဲသောတရားသည် ဆင်းရဲလော၊ ချမ်းသာလော'

'ဆင်းရဲပါဘုရား'

'သုသိမ- မမြဲလည်းမမြဲ၊ ဆင်းရဲလည်းဆင်းရဲသော သင်္ခါရက္ခန္ဓာကို သင်္ခါရက္ခန္ဓာသည် ငါ့ဟာ၊ သင်္ခါရက္ခန္ဓာသည် ငါ၊ သင်္ခါရက္ခန္ဓာသည် ငါ၏ကိုယ်ဟု စွဲလမ်း၍ သင့်တော်ပါမည်လော'

'မသင့်တော်ပါဘုရား'

'သင်္ခါရက္ခန္ဓာသည် အတ္တဟုတ်ရိုး၊ ငါပိုင်ရိုးမှန်လျှင် ကောင်းတဲ့အာရုံမှာသာ တိုက်တွန်းနှိုးဆော်ခြင်းသဘောတရားဖြစ်ပါစေ၊ မကောင်းတဲ့အာရုံမှာ တိုက်တွန်းနှိုးဆော်ခြင်းသဘောတရား မဖြစ်ပါစေနဲ့၊ နာကျင်ခြင်းဖြင့်သော်လည်းကောင်း၊ အိုနာသေဖြင့်သော်လည်းကောင်း မနှိပ်စက်ပါစေနဲ့၊ ဖြစ်ပြီးမပျက်ပါစေနဲ့ဟု အမိန့်ပေးနိုင်ရမည်၊ ယခု ထိုကဲ့သို့ အမိန့်ပေးနိုင်ရဲ့လား'

'အမိန့်မပေးနိုင်ပါဘုရား'

'ဤသို့ဆိုလျှင် သင်္ခါရက္ခန္ဓာသည် အတ္တလော၊ အနတ္တလော'

'အနတ္တပါဘုရား'

'သုသိမ- အာရုံကိုသိခြင်းသဘောတရား ဝိညာဏက္ခန္ဓာသည် မြဲသလော၊ မမြဲသလော'

'မမြဲပါဘုရား'

'မမြဲသောတရားသည် ဆင်းရဲလော၊ ချမ်းသာလော'

'ဆင်းရဲပါဘုရား'

'သုသိမ- မြဲလည်းမမြဲ၊ ဆင်းရဲလည်း ဆင်းရဲသော ဝိညာဏက္ခန္ဓာကို ဝိညာဏက္ခန္ဓာသည် ငါ့ဟာ၊ ဝိညာဏက္ခန္ဓာသည် ငါ၊ ဝိညာဏက္ခန္ဓာသည် ငါ၏ကိုယ်ဟု စွဲလန်း၍ သင့်တော်ပါမည်လော'

'မသင့်တော်ပါဘုရား'

'ဝိညာဏက္ခန္ဓာသာ အတ္တဟုတ်ရိုး၊ ငါပိုင်ရိုးမှန်လျှင် ကောင်းတဲ့အာရုံကိုသာ သိပါစေ၊ မကောင်းတဲ့အာရုံကို မသိပါစေနဲ့၊ နာကျင်ခြင်းဖြင့်သော်လည်းကောင်း၊ အိုနာသေဖြင့်သော်လည်းကောင်း မနှိပ်စက်ပါစေနဲ့၊ ဖြစ်ပြီး မပျက်ပါစေနဲ့ဟု အမိန့်ပေးနိုင်ရမည်၊ ယခု ထိုကဲ့သို့ အမိန့်ပေးနိုင်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'အမိန့်မပေးနိုင်ပါဘုရား'

'ဤသို့ဆိုလျှင် ဝိညာဏက္ခန္ဓာသည် အတ္တလော၊ အနတ္တလော'

'အနတ္တပါဘုရား'

'အနိစ္စတ္တိခန္ဓပဉ္စကံဟူသော ဒေသနာအရ - မမြဲသောတရားဟူသည် ခန္ဓာငါးပါးသာဖြစ်၏၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်၊ ဒုက္ခန္တိခန္ဓပဉ္စကံဟူသော ဒေသနာအရ ဆင်းရဲသောတရားဟူသည် ခန္ဓာငါးပါးသာ ဖြစ်နေ၏။ ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်၊ အနတ္တန္တိခန္ဓပဉ္စကံ ဟူသော ဒေသနာအရ အစိုးမရ၊ အနှစ်သာရမရှိသော တရားဟူသည် ခန္ဓာငါးပါးသာဖြစ်၏၊ ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်'ဟု ရှင်းလင်းစွာပြပြီးသောအခါတွင်မှ ပဋိစ္စသမုပ္ပါဒ်ကို ပဋိလောမ အဆန်အားဖြင့် အဆုံးမှစ၍ ပြ၏။

သံယုတ်ပါဠိတော်တွင် တိုက်ရိုက်မဆိုသော်လည်း ဤခန္ဓာငါးပါး အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံ အကျယ်ပြအပြီးတွင် သုသိမရဟန်းသည် သုံးမဂ်ရပြီး အနာဂါမ်လောက်ထိ တည်သွားမည်ဟု ယူဆရ၏၊ ယူဆရခြင်း၏အကြောင်းကား ဆက်ပြလတ္တံ့သော ပဋိစ္စသမုပ္ပါဒ်အဆုံးတွင် အဝိဇ္ဇာခေါ် မောဟသေအောင်ရှုပွားနည်းကို ဆက်ဟော၏၊ မောဟသည် အရဟတ္တမဂ်ရမှ အမြစ်ပြတ်သေသည်ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ်အဆုံးတွင် သုသိမသည် မောဟကိလေသာ အမြစ်ပြတ်သေပြီး ရဟန္တာဖြစ်သွားသည်ကို တွေ့ရသောကြောင့်ပေတည်း။

သုသိမကို ပဋိစ္စသမုပ္ပါဒ်တရားဟောရာ၌ ဗုဒ္ဓသည် အဆုံးမှစ၍ဟောကြားသည်။ ပဋိစ္စသမုပ္ပါဒ်၏အဆုံးကား ဇရာမရဏတည်း။ အိုခြင်းသေခြင်း နှစ်မျိုးလုံးဆင်းရဲသည်သာဖြစ်၏။ သို့သော် သေခြင်းက ပို၍ဆင်းရဲ၏။ အိုလွန်းအားကြီး၍ နာ၊ နာလွန်းအားကြီး၍ သေရသည်ဖြစ်ရာ အိုခြင်း၊ နာခြင်းတို့သည် ခံနိုင်ရည်ရှိသေး၏။ အဘယ်ကြောင့် ထိုသို့သိနိုင်သနည်း။ မသေသေးသည်ကို ထောက်၍ သိနိုင်၏။

နာကျင်လွန်းမှုကို မခံနိုင်တော့၍ သေရခြင်းဖြစ်ရာ သေခြင်းသည် အဆင်းရဲဆုံးသာဖြစ်၏။ တချို့လူများ သေမည့်ဝေဒနာဒဏ်ကို မခံနိုင်၍ ခန္ဓာကိုယ်ကြီး ယိမ်းထိုးလူးလှိမ့်ပြီး ဆုံးကြ၏။ တချို့လူများ မည်းနက်နေသော ငယ်ချေးများပါပြီး ဆုံးကြ၏။ ထို့ကြောင့် ဗုဒ္ဓက 'မရဏတော ဥတ္တရိဒုက္ခံနာမနတ္ထိ= သေခြင်းထက် ပိုလွန်သော ဆင်းရဲ မရှိ'ဟု ဟောတော်မူခြင်းဖြစ်၏။ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲတို့ကို ကာယကံရှင်ကိုယ်တိုင်က ပြောပြနိုင်သေးသဖြင့် ထိုက်သင့်သလောက်သိကြရ၏။

သေခြင်းဆင်းရဲကိုကား သေဆုံးသူကိုယ်တိုင် ပြန်ပြောခွင့်မရပေ။ ထို့ကြောင့် ကျန်ခဲ့သည့် နှောင်းလူများမှာ သေခြင်းဆင်းရဲကို သေချာမသိကြရခြင်းဖြစ်၏။ ယခုလို ဗုဒ္ဓဉာဏ်တော်ဖြင့် ဟောကြားပြသောကြောင့်သာ သိရခြင်းဖြစ်၏။ ဤ၌ နေရာ၌ ယောဂီတိုင်းသိသင့်သော လူနှစ်ယောက်၏ သေဆုံးပုံနှစ်မျိုးကို ဖော်ပြမအံ့။

www.burmeseclassic.com

www.burmeseclassic.com



သေရ မည့် ဝေဒနာချင်းတူသော်လည်း သေဆုံးပုံကား မတူကြ။ တစ်ဦးကား 'မဲ့သေ'၊ နောက် တစ်ဦးကား 'ပြုံးသေ'။

## မဲ့သေဆရာတော်နှင့် ပြုံးသေဆရာတော်

လူပုဂ္ဂိုလ်များအတွက် 'သေသည်'ဟု သုံးရသော်လည်း ရဟန်းတော်များအတွက်ကား 'ပျံလွန်တော်မူသည်'ဟုသုံးရမည်ဖြစ်၏။ ယခု မဲ့ပြီး ပျံလွန်တော်မူရသည့် ဆရာတော်ကြီးတစ်ပါးကို ဦးစွာပြအံ့။ ထိုဆရာတော်ကြီး အသည်းအသန်ဖြစ်နေသည်ဟုကြားရသည်နှင့် ကျွန်ုပ်သည် ဆေးပစ္စည်းများ၊ ဓာတ်စာများ၊ နဝကမ္မများယူပြီး အပြေးသွားမိ၏။ သို့သော် အလာကောင်းသော်လည်း အခါနှောင်းလေပြီ။ ကျွန်ုပ် ရောက်သွားသောအခါတွင် ဆရာတော်ကြီးသည် သတိမရှိတော့ဘဲ သေရမည့် ဝေဒနာကို ပြင်းထန်စွာခံစားနေရလေပြီ။

နှုတ်မှလည်း 'အမေ-အမေရေ'ဟု အော်ဟစ်ညည်းညူလျက်ရှိပေသည်။ အတန်ကြာသောအခါ မျက်ရည်များပါကျလာပြီး အော်ဟစ်ညည်းညူလျက်ပင် ပျံလွန်တော်မူခဲ့ရသည်။ မျက်ရည်ကျသည်မှာ သေရမည်ကိုကြောက်သောကြောင့်ဖြစ်၏။ ကြောက်ခြင်း၏ တရားကိုယ်သည် ဒေါသစေတသိက်ပင်ဖြစ်၏။ အော်ဟစ်ငြီးငြူခြင်းသည်လည်း သေရမည့်ဝေဒနာကို သည်းမခံနိုင်သော ဒေါသပင်ဖြစ်၏။

'လောဘနှင့်သေ ပြိတ္တာပြေ (ပြည်)
ဒေါသနှင့်သေ ငရဲပြေ (ပြည်)
မောဟနှင့်သေ တိရစ္ဆာန်ပြေ' (ပြည်)

ဟု ဟောထားရာ ယင်းဆရာတော်ကြီး၏ လားရာဂတိကား အဘယ်မှာ ကောင်းနိုင်ပါတော့မည်နည်း။ ထိုဆရာတော်ကြီးကား သက်တော်(၈၆)နှစ်ဖြစ်၍ အသက်လည်း ရှည်၏။ ငယ်ဖြူ စာတတ်တစ်ပါးလည်းဖြစ်၏။ စာတတ်သော်လည်း အသေမတတ်ခဲ့ခြင်းမှာ စာသိကို ခန္ဓာသိဖြစ်အောင်၊ ဗဟုသုတသိကို ပညာသိဖြစ်အောင် ဝိပဿနာတရားကို နာကြားအားထုတ်မှု မရှိခဲ့သောကြောင့်သာဖြစ်ပါ၏။ ထို့ကြောင့် ဒီပဲရင်းဆရာတော်ဘုရားကြီးက-

"ကိုယ်မှာမတတ်၊ စာမှာတတ်
ဂါဟတ် ကိုက်တတ်သည်
စာမှာမတတ်၊ ကိုယ်မှာတတ်
ဂါဟတ် ကင်းပြတ်သည်"

ဟု စာတတ်ဆရာတော်များကို သတိပေးတော်မူခဲ့ခြင်းဖြစ်၏။ ဂါဟတ်ဆိုသည်မှာ သံသရာကိုချဲ့ထွင်တတ်သော- တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ဆိုလိုခြင်းဖြစ်၏။ ပြုံး၍ပျံလွန်တော်မူခဲ့သော ဆရာတော်တစ်ပါးကိုလည်း ဆက်၍ဖော်ပြအံ့။

ထိုဆရာတော်ကြီးကား၊ သီရိလင်္ကာနိုင်ငံ၊ စိတ္တလတောင်အနီးတွင် မထေရ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးနှင့်အတူ သီတင်းသုံးကာ ဝိပဿနာကိုရှုပွါးနေ၏။ မထေရ်ကြီးနှင့် မထေရ်ငယ်ဟုသာ စာတွင်ဖေါ်ပြထား၏။ သက်တော်ဝါတော် ဘယ်၍ဘယ်မျှဟူ၍ ဖေါ်ပြမထား ပေ။ မထေရ်ကြီးသည် သက်တော်(၆၀)ကျော်ခန့်၊ မထေရ်ငယ်သည် သက်တော်(၄၀) ကျော်ခန့် ရှိမည်ဟု ခန့်မှန်းရပေမည်။ မထေရ်ကြီး၏ဘွဲ့အမည်သည် ပဓာနိယထေရ် ဖြစ်၏။

တစ်နေ့ မထေရ်ကြီးတွင် ပျံလွန်တော်မူလောက်သည့် လေရောဂါကြီးတစ်ခု စွဲကပ်၏။ အသက်အန္တရာယ်ကိုပြုနိုင်သော လေသုံးမျိုးရှိ၏။ ယင်းတို့ကား-

**သတ္ထကဝါတ**- ဓားငယ်နှင့်တူသောလေ

**ခုရကဝါတ** = သင်ဓုန်းဓားနှင့်တူသောလေ

**ဥပ္ပလကဝါတ**= နှလုံးသားကို ထုတ်တတ်သောလေ

တို့ဖြစ်၏။

သတ္ထကဝါတဟူသည် လက်တို့၊ ခြေတို့၊ ကိုယ်တစ်ခြမ်းတို့ လေဖြတ် သွားခြင်းမျိုးပင်ဖြစ်၏။ ခုရကဝါတဟူသည်ကား ရုတ်တရက် နှလုံးရပ်သေသွားခြင်း မျိုး ဖြစ်၏။ လေသင်ဓုန်းဟုလည်းခေါ်ကြ၏။ ဥပ္ပလကဝါတဟူသည်ကား နှလုံးသားကို ဝမ်းဗိုက်အပြင်သို့ ထုတ်တတ်သောလေဟု အဓိပ္ပါယ်ရ၏။ နှလုံးသားကို ဦးတည်၍ဆို ခြင်းဖြစ်၏။ အမှန်ကား ယင်း ဥပ္ပလကဝါတလေ အမွေခံရလျှင် ဝမ်းဗိုက်အတွင်းရှိသမျှ အသည်း၊ အဆုတ်၊ အူ၊ ကလီစာအားလုံး အပြင်သို့ အရှိန်ဖြင့် ပေါက်ထွက်သွားလေ့ရှိ၏။

ယခု မထေရ်ကြီးသည် ဥပ္ပလကလေ၏အမွေကို ခံနေရ၏။ ညောင်စောင်းပေါ်တွင် ပက်လက်လှန်ထားသော မထေရ်ကြီး၏ဝမ်းဗိုက်သည် အရှိန်ယူမွှေနေသော လေ၏အရှိန်ကြောင့် အဆမတန် ဖေါင်းလိုက်ပိန်လိုက်ဖြစ်နေသည်။ ခဏကြာလျှင် ဝမ်းဗိုက်အတွင်းရှိကလီစာများ အပြင်သို့ ဖေါက်ထွက်တော့မည်ဖြစ်၏။ ပြင်းထန်လွန်းလှသော ဝေဒနာအရှိန်ကြောင့် မထေရ်ကြီးသည် သတိတစ်ချက်လွတ်ကာ ညည်းလိုက်မိ၏။

ဝိပဿနာတရားကို နာကြားရှုပွါးနေကြသော ယောဂီများသည် သေခါနီးတွင် ရောဂါဒဏ်ကြောင့် တရားလက်လွှတ်၍သေသော်လည်း ရှုပွါးထားသော တရားတော်၏တန်ခိုးကြောင့် အပါယ်သို့မကျဘဲ နတ်ပြည်ရောက်ပြီး သောတာပန်တည်သည် ဟု အင်္ဂုတ္တိုရ်ပါဠိတော် သောတာနုဂတသုတ်၌ဟောထားရာ တရားရှုပွါးနာကြားနေ ကြသောယောဂီများအတွက် အလွန်အားတက်စရာကောင်းလှ၏။

ညည်းသံကိုကြားသွားသော မထေရ်ငယ်က -

'အရှင်ဘုရား ဆင်းရဲကိုခံစားတဲ့ သဘောတရား (ဒုက္ခဝေဒနာ)ဟာ ဘယ်နေရာမှာ ဖြစ်နေတာလဲဘုရား'

ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤမေးခွန်းသည် မေးရိုးမေးစဉ်အရ မေးခြင်းမဟုတ်၊ ပရမတ်ခန္ဓာ၏ ဖြစ်ပျက်(အနိစ္စ)သဘောကို ဉာဏ်ရောက်စေရန် မေးလိုက်သော တရားနှင့်ယှဉ်သည့် မေးခွန်းသာဖြစ်၏။ တရားမရှိသူ၊ တရားမသိသူဆိုလျှင် ဗိုက်က နာတယ်၊ အူက နာတယ်၊ အသည်းကနာတယ် စသည်ဖြင့် ပညတ်နာမည်တပ်ပြီး ဖြေမည်သာဖြစ်သည်။ မထေရ်ကြီးကား တရားရှိသူဖြစ်၏။ ထို့ကြောင့် မေးခွန်းကို ကြားလိုက်ရသည်နှင့် ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူသော ပညတ်တွေ အကုန်ပျောက်သွားပြီး တရစပ်ဖြစ်ပျက်နေသော ခံစားခြင်းသဘော တရားသက်သက် ဝေဒနာက္ခန္ဓာပေါ် ဉာဏ်ရောက်သွား၏။ ထို့ကြောင့် မထေရ်ကြီးက-

'ငါ့ရှင်-ခံစားတဲ့သဘောတရားဟာ သူဖါသာသူ ဖြစ်ပျက်နေတာပါ။ ဘယ်နေရာမှာဖြစ်တယ်လို့ ပြောမရပါဘူး'

ဟု ဖြေလိုက်၏။ ထိုအခါ မထေရ်ငယ်က-

'အဲဒီလို ဒုက္ခဝေဒနာရဲ့ ငါမဟုတ်တဲ့သဘော၊ မမြဲတဲ့သဘောကို သေချာသိနေတဲ့ အရှင်ဘုရားဟာ ဝေဒနာကို တရားသဘောနှင့်ရှုပြီး သည်းခံသင့်ပါတယ်'

ဟု လျှောက်၏။ မထေရ်ကြီးက-

'ငါ့ရှင်-ဝေဒနာကို တရားနဲ့ရှုပြီး သည်းခံပါတော့မယ်'

ဟုပြောကာ ညည်းညူမှုရပ်သွားပြီး တရားရှုနေတော့၏။

'ခံစားခြင်းသသဘောတရားသည် ငါမဟုတ်။

ခံစားခြင်းသဘောတရားသည် အမြဲမရှိ။'

မထေရ်ကြီး၏ရှုဉာဏ်သည် ထက်သန်စွာဖြစ်ပေါ်နေသလို အူ၊ ကလီစာတို့ကို အပြင်ထုတ်ပစ်မည့် ဥပ္ပလကလေကလည်း အတင်းမွှေလျက်ရှိရာ ဝမ်းဗိုက်သည် အဆမတန် ဖေါင်းတက်သွားလိုက်၊ ပြန်ပိန်သွားလိုက်နှင့် ရောဂါကလည်း အပြင်းအထန် နှိပ်စက်လျက်ရှိ၏။ ထိုသို့ ရောဂါနှိပ်စက်ရင်း တရားရှုရင်းပင် သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ် သုံးဆင့်ထိတက်သွားလေပြီ။ နောက်ဆုံး အရဟတ္တမဂ်ဉာဏ် အရမှာပင် ဝမ်းဗိုက်သည်ကွဲထွက်သွားပြီး နှလုံး၊ အူနှင့် ကလီစာများ ညောင်စောင်းပေါ်တွင် ပြန့်ကျဲသွား၏။ ရဟန္တာဖြစ်သွားပြီဖြစ်သော မထေရ်မြတ်ကြီးက အံ့သြထိတ်လန့်စွာ ရပ်ကြည့်လျက်ရှိသော မထေရ်ငယ်အား ပြုံးလျက်လှမ်းကြည့်ရင်း-

'ငါ့ရှင်-ဝေဒနာကို ဒီလောက်ထိ သည်းခံနိုင်ရင် တော်လောက်ပါပြီနော်'

ဟု ပြောကာ အသေအားလုံးကို အပြီးအပိုင်ဖြတ်၍ ပရိနိဗ္ဗာန်ဝင်စံသွားခဲ့လေပြီ။ ကိလေသာနှင့်အသက် တစ်ပြိုင်နက်ကုန်သွားသော ဤကဲ့သို့သော ရဟန္တာမျိုးကို 'သမသီသီရဟန္တာ'ဟု ခေါ်၏။ သေရမည့်ဝေဒနာကို မချိမဆန့် ခံစားရတာချင်း တူပါလျက် ပြုံးသေ-မဲ့သေ ကွဲပြားသွားရခြင်းသည် အဘယ်ကြောင့်နည်း။

www.burmeseclassic.com

www.burmeseclassic.com



မဲ့ပြီး ပျံလွန်တော်မူရသော ဆရာတော်ကြီးသည် ဝေဒနာက္ခန္ဓာကို ငါဟုယူဆ၏။ (အတ္တ)။ ဝေဒနာက္ခန္ဓာကို မြဲသည်ဟုယူဆ၏။ (နိစ္စ)။ ထို့ကြောင့် မဲ့ပြီး ပျံလွန်တော်မူခြင်းဖြစ်၏။ ဒုတိယဆရာတော်ကြီးသည် ဝေဒနာက္ခန္ဓာကို ငါမဟုတ်ဟု ပြတ်သားစွာ သိ၏။ (အနတ္တ)။ ဝေဒနာက္ခန္ဓာကို မမြဲသောတရားဟုလည်း ရှုပွါးနိုင်၏။ (အနိစ္စ)။ ထို့ကြောင့် လေးမဂ်လေးဖိုလ်ကိုရပြီး ပြုံးကာ ပျံလွန်တော်မူနိုင်ခြင်းဖြစ်၏။

'ပွဲမဝင်ခင် အပြင်က ကျင်းပ'ဟူသောစကားအတိုင်း ထိုကဲ့သို့ ပြုံးသေ-သေနိုင်ရန် ကြိုတင်လေ့ကျင့်ထားဖို့ လိုအပ်ပါ၏။

## ပြုံးသေ-ကျင့်စဉ်

မည်ကဲ့သို့ လေ့ကျင့်မည်နည်း- အာရုံခြောက်ပါးနှင့်တွေ့ဆုံတိုင်း ဝေဒနာ သုံးမျိုးအနက် တစ်မျိုးမျိုးဖြစ်၏။ နှစ်သက်သောအာရုံနှင့် တွေ့ရသောအခါ 'သုခဝေဒနာ' ဖြစ်၏။ ထိုအခါ လောဘစိတ်ပေါ်၏။ မနှစ်သက်သောအာရုံနှင့် တွေ့ရသောအခါ 'ဒုက္ခဝေဒနာ'ဖြစ်၏။ ထိုအခါ ဒေါသစိတ်ပေါ်၏။ အလယ်အလတ်အာရုံနှင့် တွေ့သောအခါ 'ဥပေက္ခာဝေဒနာ'ဖြစ်၏။ ထိုအခါ မောဟစိတ်ပေါ်၏။ ဝေဒနာ အားဖြင့်သာ သုခ၊ ဒုက္ခ၊ ဥပေက္ခာဟု သုံးမျိုးကွဲနေခြင်းဖြစ်၏။ သစ္စာအနေဖြင့်ကား ဝေဒနာ သုံးမျိုး လုံး ဖြစ်ပြီး ပျက်ရသောကြောင့်၊ (တစ်နည်း) အဖြစ်အပျက်ဖြင့် အမြဲနှိပ်စက်နေသောကြောင့် ဒုက္ခသစ္စာချည်းသာဖြစ်၏။

ထို့ကြောင့် နှစ်သက်ဖွယ်အာရုံ၊ မနှစ်သက်ဖွယ်အာရုံ၊ အလယ်အလတ်အာရုံ မည်သည့်အာရုံနှင့်တွေ့တွေ့ ခန္ဓာငါးပါးအနိစ္စဟူ၍ ရှုပွါးနေရမည်။ ထိုသို့ရှုပွားနေလျှင် လောဘ၊ ဒေါသ၊ မောဟ တစ်ခုမှမဖြစ်တော့ဘဲ ဝိပဿနာကုသိုလ်ဇောတွေသာ စောတော့မည်ဖြစ်၏။ ပထမဆရာတော်ကြီးသည် ဒုက္ခဝေဒနာအပေါ်မှာ ဒေါသ ဖြစ်သောကြောင့် 'မဲ့ပြီး' ပျံလွန်တော်မူရခြင်းဖြစ်၏။ ဒုတိယဆရာတော်ကြီးသည် ဒုက္ခဝေဒနာအပေါ်မှာ ဒေါသမဖြစ်ဘဲ ဝိပဿနာကုသိုလ်ဇောတွေ စောအောင် ရှုပွား နိုင်သောကြောင့် အရဟတ္တဖိုလ်ထိရကာ 'ပြုံးပြီး' ပျံလွန်တော်မူခြင်းဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓက တရားသိသူနှင့် တရားမသိသူတို့ ဝေဒနာခံစားပုံချင်း မတူပုံကို ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် သလ္လသုတ်၌ ယခုလိုဟောကြားထား၏။

'အကြားအမြင်မရှိသော ပုထုဇဉ်သည်လည်းကောင်း၊ အကြားအမြင်နှင့် ပြည့်စုံသော အရိယာဘပည့်သည်လည်းကောင်း၊ သုခဝေဒနာ, ဒုက္ခဝေဒနာစသော ဝေဒနာသုံးပါးကို ခံစားကြသည်သာဖြစ်၏။ ယင်းသို့ခံစားရာ၌ ထူးခြားမှု မည်သို့ရှိပါသနည်း'

အကြားအမြင်မရှိသော ပုထုဇဉ်သည် ဒုက္ခဝေဒနာကို ခံစားရသည့်အခါ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ပင်ပန်းခြင်း၊ မိန်းမောခြင်းသို့ရောက်၏။ ထို့ကြောင့် ကိုယ်ဆင်းရဲခြင်းကို သာမက စိတ်ဆင်းရဲခြင်းကိုလည်း ခံစားရ၏။ ဥပမာ ပြောင့်စူးသွား

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ပြောင့်တစ်ချောင်းဖြင့် ထပ်၍ထိုးသကဲ့သို့ဖြစ်၏။ ဒုက္ခဝေဒနာကို ခံစားရ၍ စိတ်မကျေနပ်ခြင်းဖြစ်သူအား ပဋိဃာနုသယ(ဒေါသ)သည် ကိန်း၏။ ထိုပုထုဇဉ်သည် ဝေဒနာတစ်ပါးပါးကို ခံစားသည်ရှိသော် ကိလေသာနှင့်ယှဉ်သည်ဖြစ်၍သာလျှင် ခံစား၏။ ထိုပုထုဇဉ်ကို 'ဇရာ၊ မရဏ စသည်တို့နှင့်ယှဉ်သူ၊ ဒုက္ခနှင့်ယှဉ်သူ'ဟူ၍ ဆိုအပ်၏။

အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည်ကား ဒုက္ခဝေဒနာကို ခံစားရသည်ရှိသော် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ မိန်းမောခြင်းသို့မရောက်။ ထို့ကြောင့် ကိုယ်ဆင်းရဲခြင်းကိုသာ ခံစားရ၏။ စိတ်ဆင်းရဲခြင်းကို မခံစားရ။ ဥပမာ ပြောင့်တစ်ချောင်းသာ စူးသကဲသို့ဖြစ်၏။ ထိုအရိယာတပည့်အား ဒုက္ခဝေဒနာကို ခံစားရ၍ စိတ်ထိခိုက်ခြင်းမရှိသဖြင့် ဒုက္ခဝေဒနာ၌ ပဋိဃာနုသယသည် မကိန်း။ သုခဝေဒနာကို ခံစားရ၍ ကာမချမ်းသာကို မတောင့်တ,သဖြင့် သုခဝေဒနာ၌ ရာဂါနုသယ(လောဘ)သည် မကိန်း။

အဒုက္ခမသုခ(ဥပေက္ခာ)ဝေဒနာကိုခံစားရာ၌ ဝေဒနာတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်းစသည်ကို ဟုတ်တိုင်းမှန်စွာသိသဖြင့် အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယ(မောဟ)သည် မကိန်း။ ထိုအရိယာတပည့်ကို ဇာတိ၊ ဇရာ၊ မရဏ စသည်တို့နှင့် မယှဉ်သူ၊ ဒုက္ခနှင့် မယှဉ်သူဟူ၍ ဆိုအပ်၏။ ဤကား အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်နှင့် အကြားအမြင်မရှိသော ပုထုဇဉ်တို့၏ ထူးခြားပုံဖြစ်၏။

ဤမျှထိဆိုလျှင် အိုခြင်း၊ သေခြင်း၏ဆင်းရဲကို ရိပ်မိလောက်ပြီဖြစ်၍ ဗုဒ္ဓက သုသိမရဟန်းအား ဟောသော ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ဆက်လက်ဖော်ပြပေအံ့။

'သုသိမ၊ ဇာတိဟူသောအကြောင်းကြောင့် ဇရာ, မရဏသည် ဖြစ်၏ဟု သင်ရှုမြင်ပါ၏လော'

(မှတ်ချက်)။ 'ပဋိသန္ဓေနေလို့ အိုခြင်းသေခြင်းဖြစ်ရတာဆိုတာ လက်ခံရဲ့လား'ဟု မေးခြင်းဖြစ်၏။

'အရှင်ဘုရား- ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏသည် ဖြစ်၏ဟု တပည့်တော်ရှုမြင်ပါသည်'

ဆင်းရဲပင်ပန်းလှသော အိုခြင်းသေခြင်း ဇရာနှင့် မရဏသည် အကြောင်းမဲ့ဖြစ်လာသည်မဟုတ်။ ပဋိသန္ဓေနေခြင်းဟုဆိုအပ်သော ဇာတိကြောင့် ဖြစ်လာခြင်းဖြစ်၏။ ထိုဇာတိသည်လည်း အကြောင်းမဲ့ဖြစ်လာခြင်းမဟုတ်၊ သူ့ကိုဖြစ်စေသော အကြောင်းအရာ ရှိရပေမည်။ ထိုအကြောင်းကို ဗုဒ္ဓက ယခုလိုဖွင့်ပြ၏။

'သုသိမ၊ ကမ္မဘဝ(ကုသိုလ်ကံ၊ အကုသိုလ်ကံ)ဟူသော အကြောင်းကြောင့် ဇာတိဖြစ်သည်ဟု သင်ရှုမြင်ပါ၏လော'

'အရှင်ဘုရား၊ ကမ္မဘဝဟူသောအကြောင်းကြောင့် ဇာတိဖြစ်သည်ဟု တပည့်တော် ရှုမြင်ပါသည်'

www.burmeseclassic.com

www.burmeseclassic.com



ထို ကမ္ဘဝကိုဖြစ်စေသော အကြောင်းကိုလည်း ယခုလို ဆက်လက်ဖေါ်ထုတ်တော်မူ၏။

'သုသိမ၊ ဘဝကို ပြင်းထန်စွာလိုချင်သော ဥပါဒါန်ကြောင့် ကမ္ဘဝဖြစ်၏ဟု သင်ရှုမြင်ပါ၏လော'

'ဥပါဒါန်ကြောင့် ကမ္ဘဝဖြစ်သည်ဟု တပည့်တော်ရှုမြင်ပါသည်'

ဥပါဒါန်ကိုဖြစ်စေသော အကြောင်းကိုလည်း ဆက်လက်ဖေါ်ထုတ်တော်မူ၏။

'သုသိမ၊ ကာမနှင့်ဘဝကို စွဲမက်လိုချင်သော တဏှာကြောင့် ဥပါဒါန်ဖြစ်သည်ဟူ၍ သင် ရှုမြင်ပါ၏လော'

'တဏှာကြောင့် ဥပါဒါန်ဖြစ်၏ဟူ၍ တပည့်တော်ရှုမြင်ပါသည်'

တဏှာကိုဖြစ်စေသောအကြောင်းကို ဆက်လက်ဖေါ်ထုတ်ပြန်၏။

'သုသိမ၊ အာရုံခြောက်ပါး၏အရသာကို ခံစားခြင်းဝေဒနာကြောင့် တဏှာဖြစ်သည်ဟူ၍ သင်ရှုမြင်ပါ၏လော'

'ဝေဒနာကြောင့် တဏှာဖြစ်၏ဟု တပည့်တော်ရှုမြင်ပါသည်'။

## ဝေဒနာ (၆)ပါး

* အဆင်းအရသာကို ခံစားခြင်းဝေဒနာ
* အသံအရသာကို ခံစားခြင်းဝေဒနာ
* အနံ့အရသာကို ခံစားခြင်းဝေဒနာ
* ရသာရုံအရသာကို ခံစားခြင်းဝေဒနာ
* အတွေ့အထိအရသာကို ခံစားခြင်းဝေဒနာ
* အတွေးအာရုံအရသာကို ခံစားခြင်းဝေဒနာဟု ဝေဒနာခြောက်ပါးပြ၏။

ဝေဒနာကိုဖြစ်စေသောအကြောင်းကို ဆက်လက်ဖေါ်ထုတ် မေးမြန်းတော်မူ၏။

'သုသိမ- တရားသုံးပါး ပေါင်းဆုံတွေ့ထိခြင်း ဖဿကြောင့် ဝေဒနာဖြစ်သည်ဟူ၍ သင်ရှုမြင်ပါ၏လော'

'ဖဿကြောင့် ဝေဒနာဖြစ်၏ဟူ၍ တပည့်တော်ရှုမြင်ပါသည်'

## ဖဿ (၆)ပါး

မျက်စိ၊ အဆင်း၊ မြင်သိစိတ်သုံးပါးပေါင်းဆုံမိခြင်းကို 'စက္ခုသမ္ဖဿ'ဟုခေါ်၏။ ထို ဖဿကြောင့် အဆင်း၏အရသာကို ခံစားခြင်းဝေဒနာဖြစ်၏။ ထိုဝေဒနာကြောင့် အဆင်းကိုတပ်မက်ခြင်း တဏှာ ဖြစ်၏။

နား၊ အသံ၊ ကြားသိစိတ် သုံးပါးပေါင်းဆုံမိခြင်းကို 'သောတသမ္ဖဿ' ဟုခေါ်၏။ ထိုဖဿကြောင့် အသံ၏အရသာကို ခံစားခြင်းဝေဒနာဖြစ်၏။ ထိုဝေဒနာကြောင့် အသံကိုတပ်မက်ခြင်း တဏှာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်း၊ အနံ့၊ နံသိစိတ် သုံးပါးပေါင်းဆုံမိခြင်းကို 'ဃာနသမ္ဖဿ'ဟုခေါ်၏။ ထိုဖဿကြောင့် အနံ့၏အရသာကို ခံစားခြင်းဝေဒနာဖြစ်၏။ ထိုဝေဒနာကြောင့် အနံ့ကိုတပ်မက်ခြင်း တဏှာ ဖြစ်၏။

လျှာ၊ အရသာ၊ စားသိစိတ် သုံးပါးပေါင်းဆုံမိခြင်းကို 'ဇိဝှါသမ္ဖဿ'ဟုခေါ်၏။ ထိုဖဿကြောင့် ရသာရုံခေါ် အစားအစာ၏အရသာကို ခံစားခြင်းဝေဒနာဖြစ်၏။ ထို ဝေဒနာကြောင့် အရသာကိုတပ်မက်ခြင်း တဏှာ ဖြစ်၏။

ကိုယ်၊ အထိတွေ့၊ ထိသိစိတ် သုံးပါးပေါင်းဆုံမိခြင်းကို 'ကာယသမ္ဖဿ'ဟုခေါ်၏။ ထိုဖဿကြောင့် အတွေ့အထိအာရုံ၏အရသာကိုခံစားခြင်း ဝေဒနာဖြစ်၏။ ထိုဝေဒနာကြောင့် အထိအတွေ့ကိုတပ်မက်ခြင်း တဏှာ ဖြစ်၏။

မနောဓာတ်(နှလုံးသွေး)၊ ဓမ္မာရုံ(အတွေးအာရုံ)၊ တွေးသိစိတ် သုံးပါး ပေါင်းဆုံမိခြင်းကို 'မနောသမ္ဖဿ'ဟုခေါ်၏။ ထိုဖဿကြောင့် အတွေးအာရုံ၏ အရသာကို ခံစားခြင်းဝေဒနာဖြစ်၏။ ထိုဝေဒနာကြောင့် အတွေးအာရုံကိုတပ်မက်ခြင်း တဏှာ ဖြစ်၏။

တစ်ဖန် ဖဿကိုဖြစ်စေသော အကြောင်းကိုလည်း ဆက်လက်ဖော်ထုတ်တော်မူ၏။

'သုသိမ- မျက်စိ၊ နား၊ လျှာ၊ နှာခေါင်း၊ ကိုယ်၊ စိတ်ဟူသော အခံဓာတ် သဠာယတနကြောင့် ဖဿဖြစ်သည်ဟူ၍ သင်ရှုမြင်ပါ၏လော'

'သဠာယတနကြောင့် ဖဿဖြစ်သည်ဟူ၍ တပည့်တော် ရှုမြင်ပါသည်'

သဠာယတန ဖြစ်ခြင်း၏အကြောင်းကိုလည်း ဆက်လက်ဖော်ထုတ်တော်မူသည်။

'သုသိမ- ခဝေဒနာ၊ သညာ၊ ဖဿ၊ စေတနာ၊ မနသိကာရဟူသော နာမ်တရား မဟာဘုတ်ရုပ်၊ ဥပါဒါရုပ်ဟူသော ရုပ်တရားကြောင့် သဠာယတနဖြစ်သည်ဟူ၍ သင် ရှုမြင်ပါ၏လော'

'နာမ်ရုပ်ကြောင့် သဠာယတနဖြစ်သည်ဟူ၍ တပည့်တော်ရှုမြင်ပါသည်'

နာမ်ရုပ်ဖြစ်ခြင်း၏ အကြောင်းကိုလည်း ဆက်လက်ဟောကြားတော်မူ၏။

'သုသိမ-ပဋိသန္ဓေ(စိတ်) ဝိညာဉ်၊ (မြင်သိစိတ်စသော) ပဝတ္တိဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဟူ၍ သင်ရှုမြင်ပါ၏လော'

'ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဟူ၍ တပည့်တော်ရှုမြင်ပါသည်'

ဝိညာဉ်ဖြစ်ခြင်း၏ အကြောင်းကိုလည်း ဆက်လက်ဟောကြားတော်မူ၏။

'သုသိမ- (လောကီကုသိုလ်၊ အကုသိုလ်ဟုဆိုအပ်သော) ကာယသင်္ခါရ (ကာယကံ)၊ ဝစီသင်္ခါရ(ဝစီကံ)၊ မနောသင်္ခါရ(မနောကံ)ဟူသောအကြောင်းကြောင့် ဝိညာဉ် ဖြစ်သည်ဟူ၍ သင်ရှုမြင်ပါသလော'

'သင်္ခါရကြောင့် ဝိညာဉ်ဖြစ်သည်ဟူ၍ တပည့်တော်ရှုမြင်ပါသည်'

www.burmeseclassic.com

www.burmeseclassic.com



သင်္ခါရဖြစ်ခြင်း၏ အကြောင်းကိုလည်း ဆက်လက်ဟောကြားတော်မူ၏။

'သုသိမ-သစ္စာလေးပါးကိုမသိခြင်း အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဟူ၍ သင် ရှုမြင်ပါ၏လော'

'အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဟူ၍ တပည့်တော်ရှုမြင်ပါသည်'

သံသရာလည်ပုံကိုပြပြီး၍ သံသရာပြတ်ပုံကိုလည်း ဆက်လက်ပြတော်မူ သည်။

'သုသိမ- ဇာတိ(ပဋိသန္ဓေနေခြင်း)ချုပ်လျှင် ဇရာမရဏချုပ်၏ဟု သင်ရှုမြင် ပါ၏လော'

'ဇာတိချုပ်လျှင် ဇရာမရဏချုပ်၏ဟု တပည့်တော်ရှုမြင်ပါသည်'

'ကမ္မဘဝချုပ်လျှင် ဇာတိချုပ်သည်ဟု သင်ရှုမြင်ပါ၏လော'

'ကမ္မဘဝချုပ်လျှင် ဇာတိချုပ်၏ဟု တပည့်တော်ရှုမြင်ပါသည်'

'ဥပါဒါန်ချုပ်လျှင် ကမ္မဘဝချုပ်၏ဟု သင်ရှုမြင်ပါ၏လော'

'ဥပါဒါန်ချုပ်လျှင် ကမ္မဘဝချုပ်၏ဟု တပည့်တော်ရှုမြင်ပါသည်'

'တဏှာချုပ်လျှင် ဥပါဒါန်ချုပ်သည်ဟု သင်ရှုမြင်ပါ၏လော'

'တဏှာချုပ်လျှင် ဥပါဒါန်ချုပ်သည်ဟု တပည့်တော်ရှုမြင်ပါသည်'

'ဝေဒနာချုပ်လျှင် တဏှာချုပ်သည်ဟု သင်ရှုမြင်ပါ၏လော'

'ဝေဒနာချုပ်လျှင် တဏှာချုပ်သည်ဟု တပည့်တော်ရှုမြင်ပါသည်'

'ဖဿချုပ်လျှင် ဝေဒနာချုပ်သည်ဟု သင်ရှုမြင်ပါ၏လော'

'ဖဿချုပ်လျှင် ဝေဒနာချုပ်သည်ဟု တပည့်တော်ရှုမြင်ပါသည်'

'သဠာယတနချုပ်လျှင် ဖဿချုပ်သည်ဟု သင်ရှုမြင်ပါ၏လော'

'သဠာယတနချုပ်လျှင် ဖဿချုပ်သည်ဟု တပည့်တော်ရှုမြင်ပါသည်'

'နာမ်ရုပ်ချုပ်လျှင် သဠာယတနချုပ်သည်ဟု သင်ရှုမြင်ပါ၏လော'

'နာမ်ရုပ်ချုပ်လျှင် သဠာယတနချုပ်သည်ဟု တပည့်တော်ရှုမြင်ပါသည်'

'ဝိညာဉ်ချုပ်လျှင် နာမ်ရုပ်ချုပ်သည်ဟု သင်ရှုမြင်ပါ၏လော'

'ဝိညာဉ်ချုပ်လျှင် နာမ်ရုပ်ချုပ်သည်ဟု တပည့်တော်ရှုမြင်ပါသည်'

'သင်္ခါရချုပ်လျှင် ဝိညာဉ်ချုပ်သည်ဟု သင်ရှုမြင်ပါ၏လော'

'သင်္ခါရချုပ်လျှင် ဝိညာဉ်ချုပ်သည်ဟု တပည့်တော်ရှုမြင်ပါသည်'

'အဝိဇ္ဇာချုပ်လျှင် သင်္ခါရချုပ်သည်ဟု သင်ရှုမြင်ပါ၏လော'

'အဝိဇ္ဇာချုပ်လျှင် သင်္ခါရချုပ်သည်ဟု တပည့်တော်ရှုမြင်ပါသည်'

'ဤဒေသနာအဆုံးမှာပင် သမထကမ္မဋ္ဌာန်း မပါသော ဝိပဿနာယာနိက နည်းဖြင့် အရှင်သုသိမသည် ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ သုသိမမထေရ် ရဟန္တာဖြစ်သွားသောအခါတွင်မှ ဗုဒ္ဓက မြေလှို မိုးပျံ၊ အနည်းအများဖန်ဆင်းခြင်း ဣဒ္ဓိဝိဓအဘိညာဉ်၊ အဝေးမှ အဆင်း၊ အသံ

www.burmeseclassic.com

www.burmeseclassic.com



သော အဆင်းတို့ကိုမြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်တို့ကို ရ-မရ မေးသောအခါ မရကြောင်း ပြန်လည်လျှောက်၏။

ထိုအခါ ဗုဒ္ဓက -

'ဣဒ္ဓိဝိဓ၊ ဒိဗ္ဗစက္ခု စသော အဘိညာဉ်တို့ကို မရဘဲ၊ အဝိဇ္ဇာကြောင့်ဖြစ်သည် စသောတရားကို(အရဟတ္တဖိုလ်ကို) မည်သို့သောနည်းဖြင့် မျက်မှောက်ပြုသနည်း'

ဟု မေးသောအခါ-

'သမထကမ္မဋ္ဌာန်းမဖက်၊ ဝိပဿနာသက်သက်ဖြင့် ရဟန္တာဖြစ်ပုံကို သဘောပေါက်ပါပြီဘုရား'

ဟု ဝန်ခံလေ၏။

သုသိမ, မှာ ရဟန္တာဖြစ်သွားပြီဖြစ်၍ တရားခိုးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရဟန်းပြုမိကြောင်းတောင်းပန်ရာ ဗုဒ္ဓက ခွင့်လွှတ်တော်မူသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

# အာရုံခြောက်ပါးကို ဓမ္မအဖြစ်အသုံးချပုံ

### ဗုဒ္ဓဝါဒပြဿနာများ

'ဗုဒ္ဓသည် ဟိန္ဒူဘာသာအယူဝါဒမှ အကောင်းဆုံးသော အစိတ်အပိုင်းတို့ကို ကောင်းစွာ တတ်မြောက်ကျွမ်းကျင်သည်မဟုတ်ပါလော။ ဗုဒ္ဓသည် ဟိန္ဒူဝေဒကျမ်း တို့တွင် နစ်မြုပ်ဖုံးကွယ်နေသည့် အချို့တရားတို့ကို ပြန်လည်ဖော်ထုတ်နေသည် မဟုတ်လော'

**မေးမြန်းလျှောက်ထားသူ** - ဝေဒကျမ်းများ, ဆင်ခြေအတတ်ပူရဏ်ကျမ်းများကို ကောင်းစွာကျွမ်းကျင်သည့် ဟိန္ဒူဘုန်းတော်ကြီး ပဏ္ဍိတ်အက်(စ်) အက်(စ်) ရှုကလကျီ၊ ဘုံဘိုင်းမြို့။

**ဖြေဆိုသူ** - အရှင်အရိယဓမ္မ။

'**ဆရာတော်**၊ ဗုဒ္ဓဟာ ပဏ္ဍိတ်ကြီးထင်နေသလို ဟိန္ဒူဘာ သာအယူဝါဒမှ အဆီအနှစ်တွေ အကောင်းဆုံးအစိတ်အပိုင်းတွေကိုကို မကျွမ်းကျင်ပါ၊ ဝေဒကျမ်းများ တွင် နစ်မြုပ်ဖုံးကွယ်နေတဲ့ တချို့တရားတို့ကိုလည်း ပြန်လည်ဖော်ထုတ် ဟောပြောမ နေပါ၊ ဗုဒ္ဓဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီ(၁၀)ပါးကို ဖြည့်ဆည်း ကျင့်သုံးခဲ့တဲ့အတွက် ဆရာမရှိဘဲ သစ္စာလေးပါးတရားတော်ကို ပိုင်းခြား ထင်ထင် သိမြင်တော်မူတယ်'

'သူဟောပြောခဲ့တဲ့တရားတွေဟာ ဒီသစ္စာလေးပါး တရားတော်ကိုအခြေခံပြီး ဟောတော်မူခဲ့တဲ့ တရားတွေသာဖြစ်တယ်၊ ဟိန္ဒူဝေဒကျမ်းတွေထဲကလည်း မဟုတ် ဘူး၊ ဘယ်ဘာသာ အယူဝါဒထဲကမှ ယူပြီးဟောတော်မူတဲ့ တရားတော်လည်း မဟုတ်ဘူး၊ သူ ဟောတော်မူခဲ့တဲ့တရားတွေဟာ သစ်လွင်တဲ့တရားတွေလည်းဖြစ်တယ်၊ ဘယ် ဘာသာ၊ ဘယ်အယူဝါဒကို ထူထောင်ခဲ့တဲ့လူမှ သူဟောတော်မူခဲ့တဲ့ တရားတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို သိလည်း မသိခဲ့ဖူးဘူး၊ ကြားလည်း မကြားခဲ့ဖူးဘူး'

'ဦးပဥ္စင်း အခုဟောပြောခဲ့တဲ့အချက်နဲ့ပတ်သက်လို့ အကိုးအကား အထောက်အထားပြရမယ်ဆိုရင် အာဇီဝကဂိုဏ်းဝင် ဥပကမေးတဲ့မေးခွန်းကို ဗုဒ္ဓဟာ ဘုရားအဖြစ်ကို ရလျှင်ရချင်း၊ တစ်နည်းအားဖြင့် အဝိဇ္ဇာအမှောင်တရားဟူသည်ကို ပယ်ရှင်း နိုင်လျှင်ပယ်ရှင်နိုင်ချင်း ဖြေကြားတော်မူရင်း မိန့်တော်မူခဲ့တဲ့ 'ဥပက၊ ငါကား- ရန်ဟူ သမျှအကုန်လုံးကို ဖယ်ရှားသုတ်သင်ပြီးပေပြီ၊ ငါကား အလုံးစုံသော တရားတို့ကို မျက်ဝါးထင်ထင် သိမြင်တော်မူချေပြီ၊ ငါသည် အညစ်အကြေးဟူသမျှ မြူမျှမကျန်အောင် ကင်းစင်တော်မူပေပြီ၊ ငါကား ရှိရှိသမျှသောတရားတို့ကို စွန့်ခွာပြီးပြီ၊ ထို့ ကြောင့် ငါသည်- မည်သည့်တရားကိုမျှ တပ်မက်ခြင်းမရှိတော့ပြီ'

'ငါကိုယ်တိုင် အသိဉာဏ်ဟူသမျှကိုပိုင်ထားပြီးဖြစ်ရာ မည်သူ့ကို ဆရာခေါ်ရမည်နည်း၊ ငါ့တွင် ဆရာမရှိ၊ ငါနှင့် နှိုင်းယှဉ်အပ်သူကား မရှိပြီ၊ လူ့လောက၊ နတ်လောကတွင် ငါနှင့်တူသူကား မရှိပြီ၊ ငါကား လောကတွင် အမြတ်ဆုံး၊ အတတ်ဆုံး၊ အသိဆုံးဆရာဖြစ်၏၊ ငါကား ချမ်းသာသုခနှင့် ပြည့်စုံလှ၏၊ ငါကား အသင်္ခတ ဓာတ် မြတ်သောနိဗ္ဗာန်ကို ရရှိပေပြီ၊ ငါသည် ဓမ္မစကြာတရားတော်ကို ဟောတော်မူရန် ဗာရာဏသီပြည်သို့ ကြွတော်မူပြီ၊ ဤအမှောင်ထုဖြင့်ပြီးသည့် လောကကြီးတွင် ဘယ်သောအခါမျှ မဆိတ်သုဉ်းသည့် အမတစည်ကြီးကို ရိုက်တီးပေအံ့'ဆိုတဲ့ စကားတွေနဲ့ သာဓကဆောင်ပြရပေမယ်၊ ဗုဒ္ဓကိုယ်တိုင် ဟောပြောတော်မူတဲ့ စကားတွေ အပြင် ပဏ္ဍိတ်ကြီးရဲ့စိတ်ထဲမှာ စွဲနေတဲ့ မှားယွင်းတဲ့အယူအဆတွေ ကင်းစင်သွားအောင် ဦးပဥ္စင်းက အောက်ပါမေးခွန်းတွေကို မေးရလိမ့်မယ်'

**ဆရာတော်။** 'ပဏ္ဍိတ်ကြီးဟာ ဘုံဘိုင်မြို့မှာရှိတဲ့ ဗြာဟ္မဏတွေထဲမှ ပညာရှိပဲ မဟုတ်လား'

**ပဏ္ဍိတ်ကြီး။** 'တပည့်တော်ဟာ ဗြာဟ္မဏတွေထဲက ပညာရှိတစ်ယောက်ဖြစ်ရုံ သာမကပါဘူး။ ဟိန္ဒူဝါဒနဲ့ ဆိုင်ရာမှာလည်း ကျွမ်းကျင်တတ်မြောက်ပြီး ဟိန္ဒူတွေရဲ့ ဘုန်းတော်ကြီးတစ်ပါးလည်း ဖြစ်ပါတယ်'

**ဆရာတော်။** 'ဒါဖြင့် ပဏ္ဍိတ်ကြီးဟာ ဟိန္ဒူကျမ်းဂန်တွေအနက် ဘယ်ကျမ်းဂန်ကို ပိုပြီး တတ်ကျွမ်းနားလည်ပါသလဲ'

**ပဏ္ဍိတ်ကြီး။** 'တပည့်တော်ဟာ ဝေဒကျမ်း၊ ဗြဟ္မာ၊ ဗိဿနိုး၊ သျှိဝစတဲ့ ဘုရားသုံးဆူနဲ့ ပတ်သက်တဲ့ကျမ်း၊ နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ပုရာဏ်ကျမ်း၊ ဝေဒန္တကျမ်းစတဲ့ ကျမ်းတွေအားလုံးကို ကျွမ်းကျင် လိမ္မာပါတယ် ဆရာတော်'

**ဆရာတော်။** 'ဗုဒ္ဓဟာ ဟိန္ဒူအယူဝါဒနဲ့ အနှစ်သာရတွေကိုကျွမ်းကျင်ပြီး ဟိန္ဒူဝေဒကျမ်းဂန်ထဲမှ တိမ်မြုပ်နေတဲ့တရားတွေကို ဖော်ထုတ်နေတယ် ဆိုတဲ့အကြောင်းကို ရစ်(ဂ်)ဝေဒကျမ်းထဲမှာ တွေ့ဖူးသလား ပဏ္ဍိတ်ကြီး'

www.burmeseclassic.com

www.burmeseclassic.com



**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါ ဆရာတော်'
**ဆရာတော်။** 'အတ္ထာရဝေဒကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး'
**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါဆရာတော်'
**ဆရာတော်။** 'ဇယဝေဒကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး'
**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါ ဆရာတော်'
**ဆရာတော်။** 'သာမဝေဒကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး'
**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါ ဆရာတော်'
**ဆရာတော်။** 'ပဥ္စဝေဒကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး'
**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါ ဆရာတော်'
**ဆရာတော်။** 'ခုဒ္ဒဂီတဝေဒ ကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး။
**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါ ဆရာတော်'
**ဆရာတော်။** 'ဘဂဝါဂီတထဲမှာကော ပဏ္ဍိတ်ကြီး'
**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါ ဆရာတော်'
**ဆရာတော်။** 'မဟာဘာရတကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး'
**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါ ဆရာတော်'
**ဆရာတော်။** 'ရာမာယနကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး'
**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါ ဆရာတော်'
**ဆရာတော်။** 'ဥပနိသျှကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး'
**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါ ဆရာတော်'
**ဆရာတော်။** 'ပူရဏ်ကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး'
**ပဏ္ဍိတ်ကြီး။** 'မတွေ့ဖူးပါ ဆရာတော်'
**ဆရာတော်။** 'ဒါဖြင့်ရင် ရှန်ကရကျာလယဆိုတဲ့ ဟိန္ဒူဆရာကြီးပြုစုခဲ့တဲ့ ဝေဒန္တကျမ်းတွေထဲမှာ ပဏ္ဍိတ်ကြီး တွေ့ရတာမဟုတ်လား'
**ပဏ္ဍိတ်ကြီး။** 'ဒီအတိုင်းမှန်ပါတယ်ဆရာတော်၊ ဆရာတော်မေးတဲ့ မေးခွန်းတွေကို ထောက်ရှုကြည့်ခြင်းအားဖြင့် ဆရာတော်ဟာ ဟိန္ဒူကျမ်းဂန်တွေကို အတော်ဘဲ နှံ့နှံ့စပ်စပ် ဖတ်ရှုလေ့လာထားကြောင်း ထင်ရှားပါတယ်'
**ဆရာတော်။** 'ပဏ္ဍိတ်ကြီးတို့ရဲ့ဆရာကြီး ရှန်ကရကျာလယဟာ ဘယ်မှာဖွားမြင်ပါသလဲ'
**ပဏ္ဍိတ်ကြီး။** 'အိန္ဒိယပြည်တောင်ပိုင်း ထရစ်ဗန်ဒရမ်မြို့မှာ ဖွားမြင်ပါတယ် ဆရာတော်'
**ဆရာတော်။** 'သူဟာ ဘယ်သူ့ရဲ့သားလဲ ပဏ္ဍိတ်ကြီး'
**ပဏ္ဍိတ်ကြီး။** 'မှတ်တမ်းအရ ပြောရလျှင် သူဟာ ဂုဏ်သရေရှိ ပြာဟ္မဏနွယ်

www.burmeseclassic.com

www.burmeseclassic.com



ဝင် အမျိုးသမီးတစ်ယောက်ရဲ့ သားဖြစ်ပါတယ်ဆရာတော်'

**ဆရာတော်။** 'အဲဒီ ဗြာဟ္မဏနွယ်ဝင် ဟိန္ဒူအမျိုးသမီးကြီးဟာ ရှန်ကရကျာလယ ကို မမွေးဖွားမီ နှစ်ပေါင်းအတော်ကြာ မုဆိုးမကြီး ဖြစ်ခဲ့တယ် မဟုတ်လား ပဏ္ဍိတ်ကြီး'

**ပဏ္ဍိတ်ကြီး။** 'မှတ်တမ်းထဲမှာတော့ ဒီအတိုင်းပဲ ပါပါတယ်'

**ဆရာတော်။** 'ပဏ္ဍိတ်ကြီးတို့ မှတ်တမ်းထဲမှာ ရှန်ကရကျာလယဟာ မြောက်ပိုင်း အိန္ဒိယကိုမသွားမီ ထရစ်ဇန်ဒရစ်မြို့မှာ ဗုဒ္ဓဘာသာ ရဟန်းတော် အဖြစ်နဲ့ (၃)နှစ်တိတိ နေထိုင်သွားသေးတယ်မဟုတ်လား'

**ပဏ္ဍိတ်ကြီး။** 'ဆရာတော်ဘုရား၊ ဒီဟာတွေမေးနေလို့ အကျိုးမရှိပါဘူးဘုရား။ ဒီကိစ္စကို ဒီနေရာမှာပဲ ရပ်ပါတော့၊ ဗုဒ္ဓရဲ့ တရားတော်တွေဟာ ကမ္ဘာ့ ဘယ်ဘာသာ အယူဝါဒက တရားတွေနဲ့မျှ ရောစပ်ခြင်း မရှိဘူးဆိုတာကို ဆရာတော် ဟောပြောထားတဲ့ အချက်တွေနဲ့ပဲ ခိုင်လုံလှပါပြီ'

ဤတွင် တရားပွဲ သဘာပတိပုဂ္ဂိုလ်သည် ထိုင်ရာမှထ၍ ပဏ္ဍိတ်ရှုကာလဂျီ အား 'ကျွန်ုပ်ဟာ ပဏ္ဍိတ်ကြီးအား အာမခံချက်သုံးချက်နဲ့ သင်မေးလိုတဲ့မေးခွန်းကို ဆရာတော်အား မေးခွင့်ပြုတယ်။ ဒါ့ကြောင့် ဒီအာမခံချက်သုံးချက်အနက် တစ်ချက် ချက် သင်ဖောက်ဖျက်ရင် ဟောဒီဆရာတော်ရဲ့ တရားပွဲကို လာရောက်ဖျက်တဲ့ အနေနဲ့ တရားစွဲရလိမ့်မယ်။ ပဏ္ဍိတ်ကြီးက ဆရာတော်မေးတဲ့မေးခွန်းကို ဟိန္ဒူ ကျမ်းစာများအရ မဖြေဆိုဘဲ တရားပွဲမှထွက်သွားမယ်ဆိုရင် ပဏ္ဍိတ်ကြီးဟာ ပေးထား တဲ့ အာမခံချက်တွေကို ချိုးဖျက်တဲ့အနေနဲ့ တရားစွဲဆိုဖို့ပဲ ရှိပါတော့တယ်'

ဟု ပြောလေ၏။

ထိုအခါ ပဏ္ဍိတ်ရှုကာလဂျီက-

'သဘာပတိလူကြီးမင်း၊ ကျွန်ုပ်ပေးထားတဲ့ အာမခံချက်တွေကို ကျွန်ုပ် ယခု လို အမှတ်မထင် ချိုးဖျက်မိတဲ့အတွက် ဝမ်းနည်းပါတယ်။ ကျွန်ုပ်ဟာ ဆရာတော် မေးတဲ့ မေးခွန်းများကို ကျကျနနဖြေဆိုပါတော့မယ်။ ဆရာတော်ကသာ ဆက်လက်ပြီး မေးလိုရာ မေးပါတော့' ဟုပြန်ဖြေလေ၏။

ဤတွင် ဆရာတော်က ဆက်လက်၍-

'ပဏ္ဍိတ်ကြီး၊ ဦးပဉ္ဇင်း နောက်ဆုံးမေးတဲ့ မေးခွန်းကိုသာ ပြန်ပြီးဖြေပါ'

**ဆရာတော်။** 'မှတ်တမ်းအရဆိုရင် ရှရီရှန်ကရကျာလယဟာ ဘာပြုလို့ ဗုဒ္ဓ သာသနာ့ဘောင်မှထွက်ပြီး အိန္ဒိယပြည်မြောက်ပိုင်း တက္ကသိုလ် ပြည်ကို သွားရတာလဲ'

**ပဏ္ဍိတ်ကြီး။** 'သူဟာ ဗုဒ္ဓသာသနာ့ဘောင်အတွင်းမှာ ကြီးလေးတဲ့အပြစ် တစ်ခုခု ကိုကျူးလွန်မိလို့ သာသနာ့ဘောင်မှ နှင်ထုတ်ခံရတာနဲ့တူပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်'

**ဆရာတော်။** '(၆)လ (၇)လ ကျော်ကျော် ခြေလျင်ခရီးပြင်းနှင်ပြီး ဘာရည်ရွယ်ချက်နဲ့ အိန္ဒိယပြည်မြောက်ပိုင်းကို သွားတယ်လို့ ယူဆပါသလဲ ပဏ္ဍိတ်ကြီး'

**ပဏ္ဍိတ်ကြီး။** 'ဒီလိုမြောက်ပိုင်း အိန္ဒိယကို ဒုက္ခဆင်းရဲခံပြီး သွားတာကတော့ သနန္တရတရားတော်ကို ဟောဖို့ဖြစ်ပါတယ်'

**ဆရာတော်။** 'ဒီ သနန္တရတရားကို ဘယ်သူ့ဆီက သူ လေ့လာသင်ကြားသွားတာလဲ ပဏ္ဍိတ်ကြီး'

**ပဏ္ဍိတ်ကြီး။** 'ရှရီရှန်ကရကျာလယဟာ ဒီ သနန္တရတရားကို ရှရီကုမာရလိလာဘတ္တဆီမှာ လေ့လာသင်ကြားပါတယ် ဆရာတော်'

**ဆရာတော်။** 'ကုမာရလိလာဘတ္တဟာ တက္ကသိုလ်ပြည် ဗုဒ္ဓတက္ကသိုလ်ကျောင်းတော်ကြီးမှ ဆရာတော်ဟောင်းမဟုတ်ဘူးလား'

**ပဏ္ဍိတ်ကြီး။** 'ဆရာတော် အမိန့်ရှိတဲ့အတိုင်းဘဲ ဟုတ်ဟန်တူပါတယ်ဘုရား။

**ဆရာတော်။** 'ရှရီကုမာရလိလာဘတ္တရော၊ ရှရီရှန်ကရကျာလယရော နှစ်ဦးစလုံးဟာ ဗုဒ္ဓသာသနာ့ဘောင်က နှင်ထုတ်ခံကြရတော့ ဗုဒ္ဓဘာသာရဲ့ တကယ့်ရန်သူကြီးတွေဖြစ်သွားကြတယ်မဟုတ်လား။

**ပဏ္ဍိတ်ကြီး။** 'ဒီလိုလည်း ဖြစ်နိုင်ပါတယ်ဆရာတော်။

**ဆရာတော်။** 'ရှရီရှန်ကရကျာလယဟာ ဝေဒန္တသာသနကို ထူထောင်ဘို့ရာ ဘယ်သူ့ဆီက အချက်အလက်တွေကိုရသလဲ ပဏ္ဍိတ်ကြီး။

**ပဏ္ဍိတ်ကြီး။** 'ရှရီရှန်ကရ ကျာလယဟာ ဝေဒန္တသာသနာကို ထူထောင်ဖို့ရာ အချက်အလက်တွေကို ရှရီကုမာရ လိလာဘတ္တဆီက ရတာပဲဖြစ်မှာပါဆရာတော်။

**ဆရာတော်။** 'အဲဒီအချက်အလက်တွေဟာ ဘာတွေလဲ။

**ပဏ္ဍိတ်ကြီး။** 'တပည့်တော် မသိပါဘူးဆရာတော်။

**ဆရာတော်။** 'ပဏ္ဍိတ် ရူကာလဂျီ၊ ဒီကုမာရ လိလာဘတ္တဆီက ရှရီရှန်ကရကျာလယာ ရတဲ့အချက်တွေဟာ တခြားမဟုတ်။ ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ မဇ္ဈိမနိကာယ်ထဲမှ တရားတွေဖြစ်တယ်။ မဇ္ဈိမနိကာယ်နဲ့ တစ်ထေရာတည်းဘဲဖြစ်တယ်။ အဲဒီတော့ ဗုဒ္ဓဟာ ဟိန္ဒူဝါဒထဲက အကောင်းဆုံး အဆီအနှစ်တွေကို ဗုဒ္ဓက တတ်ကျွမ်းတာမဟုတ်ဘူးဆိုတာ ထင်ရှားနေပြီ။ ဗုဒ္ဓ ဟောတော်မူထားတဲ့တရားတွေကို ဟိန္ဒူအယူဝါဒက မျိုထားတာသာဖြစ်တယ်။ ဒီဗုဒ္ဓဟောတော်မူတဲ့ တရားတွေကိုသာ ကုမာရလိလာဘတ္တက ရှန်ကရကျာလယကို ယူပေးတာပဲဖြစ်ပါတယ်။ ဒါကြောင့် ဟိန္ဒူဘာ

www.burmeseclassic.com

www.burmeseclassic.com



သာဝင်တွေက ရှန်ကရကျာလယကို 'ဝေရာခန ဗုဒ္ဓ' ရုပ်ဖျက်ထားတဲ့ဗုဒ္ဓလို့ ခေါ်ကြတာပေါ့။

ဗုဒ္ဓဘာသာဝင်တွေက သပိတ်မှောက်ပစ်လိုက်လို့ အိန္ဒိယပြည်တောင်ပိုင်း ထရစ်ဇန်ဒရမ်မြို့က ထွက်ခွာသွားပြီးနောက် ရှန်ကရကျာလယဟာ ဗုဒ္ဓရဲ့ အယူဝါဒကို ဖျက်ဆီးဖို့ မျိုးဖြုတ်ဖို့ သစ္စာမိဌာန်ပြုလိုက်ပါတယ်။ အဲဒီနောက် အနစ္စက ဘုရင်ရဲ့ မိဖုရားကို သူ့ဘက်ပါလာအောင်ဆွဲဆောင်ကာ အနစ္စက,ဘုရင်ကို အဆိပ်ကျွေးပြီး အသတ်ခိုင်းတယ်။ အနစ္စကဘုရင်ကို ဒီလိုလုပ်ကြံပြီးတဲ့နောက် မိဖုရားကြီးနဲ့ ဗြာဟ္မဏလူမျိုး မှူးမတ်တွေရဲ့ အကူအညီနဲ့ မိဖုရားကြီးရဲ့ ဂုရုလည်းဖြစ်လာတယ်။ ဟိန္ဒူအယူဝါဒနဲ့ဆိုင်ရာမှာလည်း အကြီးအကဲဖြစ်လာတယ်။ သမိုင်းအရပြောရရင် ရှန်ကရကျာလယဟာ မိဖုရားကြီးဆီက ဗုဒ္ဓဘာသာ ရဟန်းတော်တွေနဲ့ ဗုဒ္ဓဘာသာ ဥပသကာ၊ ဥပသကီတွေကိုပါ သတ်ဖြတ် ကွပ်မျက်ပစ်ရမယ်ဆိုတဲ့ အမိန့်တော်ကို ရအောင်ယူပြီး အဲဒီလို အမိန့်ထုတ်ပြီးတဲ့နောက်အနှစ်(၂၀)ကျော်ကျော် နှစ်ဆယ့်ငါးနှစ်လောက်ကြာတဲ့အခါ ဗုဒ္ဓဘာသာရဟန်းတော် (၂)သန်းနဲ့ ဗုဒ္ဓဘာသာဝင်တွေကို ရက်ရက်စက်စက် သတ်ဖြတ်ပစ်လိုက်တဲ့အတွက် နောက်ဆုံး ဗုဒ္ဓရဲ့ အယူဝါဒဟာ အိန္ဒိယပြည်မှာ ပျောက်ကွယ်သွားရသတဲ့၊ ဗုဒ္ဓဟာ ဟိန္ဒူဝါဒရဲ့ အဆီအနှစ်တွေကို ကောင်းစွာ တတ်ကျွမ်းတယ်ဆိုတဲ့စကားဟာ မဟုတ်မှန်တဲ့အပြင် ဗုဒ္ဓရဲ့ အယူဝါဒထဲမှ တရားဒေသနာတို့ကိုသာ အလွန်ပါးနပ် ကျင်လည်လှတဲ့ ရှန်ကရကျာလယ, က ဟိန္ဒူဘာသာထဲသို့ ဆွဲသွင်းခဲ့တာတွေကို ယခုလိုသာဓက အကိုးအကားတွေနဲ့ အထင်အရှားပြပြီးတဲ့နောက် ဗုဒ္ဓရဲ့ အယူဝါဒနဲ့ ဟိန္ဒူအယူဝါဒတို့ဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့အကြောင်း အောက်ပါအချက် (၂၅)ချက်ကို မူတည်ပြီး ရှင်းလင်းဖော်ပြပါဦးမယ်။

| 'ဗုဒ္ဓအယူဝါဒ' | 'ဟိန္ဒူအယူဝါဒ' |
|---|---|
| ၁။ အဝိဇ္ဇာဟူသမျှကို လုံးဝပယ်ဖျက်တော်မူပြီးဖြစ်တဲ့ ဗုဒ္ဓကိုယ်တော်။ | ၁။ ပရမတ္တမ ဝိညာဉ်တော်။ |
| ၂။ အနတ္တ | ၂။ အတ္တ၊ သို့မဟုတ် ဝိညာဉ်။ |
| ၃။ သစ္စာလေးပါး | ၃။ သစ္စာတရားမရှိ။ |
| ၄။ မဂ္ဂင်ရှစ်ပါး | ၄။ မဂ္ဂင်တရားမရှိ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၅။ အဘိဓမ္မာတရားတော် | ၅။ အဘိဓမ္မာတရားမရှိ |
| ၆။ ပဋိသန္ဓေတစ်ဖန် ပြန်နေရခြင်း | ၆။ ဝိညာဉ်ကူးပြောင်းခြင်း |
| ၇။ ဘုရားကိုယ်စားလှယ်တော်မရှိ | ၇။ ဘုရားကိုယ်စားလှယ်တော်ရှိ |
| ၈။ စတုသမုဋ္ဌာန ရုပ်သဘောအရ ဖြစ်ခြင်း | ၈။ ဖန်ဆင်းရှင်(ဣဿရိယနိမ္မာန ကိုယ်တော်)က ဖန်ဆင်းခြင်း |
| ၉။ နိဗ္ဗာန်တရား | ၉။ မုတ္တိတရား |
| ၁၀။ကိုယ့်ကိုယ်ကို ညှဉ်းပန်းမှုမရှိခြင်း | ၁၀။ကိုယ့်ကိုယ်ကို ညှဉ်းပန်းမှုရှိခြင်း။ |
| ၁၁။ရုပ်တရားနာမ်တရားတို့၏ လှုပ်ရှား ပြောင်းလဲမှုများ | ၁၁။ရုပ်တရားနာမ်တရားတို့၏ လှုပ်ရှား ပြောင်းလဲမှုနှင့် ရှင်းလင်းမှု မရှိခြင်း။ |
| ၁၂။အရမ်းအကန်းယုံကြည်မှု၊ အယူ သည်းမှုတို့မှ ကင်းစင်ခြင်း | ၁၂။အရမ်းအကန်းယုံကြည်မှု အယူ သည်းမှုတို့ဖြင့် ပြွမ်းတီးနေခြင်း။ |
| ၁၃။ ဂါထာမန္တယားများ မရှိခြင်း | ၁၃။ဂါထာမန္တယားများ ရှိနေခြင်း။ |
| ၁၄။ အသိဉာဏ်ပညာ(ဝိဇ္ဇာ)တရားပေါ် အခြေတည်သည့် ယုံကြည်မှု | ၁၄။အရမ်းအကန်းယုံကြည်ကိုးကွယ်မှုတွင် အခြေတည်အပ်သည့် ယုံကြည်မှု။ |
| ၁၅။ပဋိစ္စသမုပ္ပါဒ် တရားတော်ရှိခြင်း | ၁၅။ပဋိစ္စသမုပ္ပါဒ် တရားတော် မရှိခြင်း |
| ၁၆။လက်တွေ့ ဝိပဿနာတရားရှိခြင်း | ၁၆။ဆုတောင်းဆုယူမှုရှိခြင်း။ |
| ၁၇။သမထနှင့် ဝိပဿနာတရား ပွားများအားထုတ်ခြင်း။ | ၁၇။ယောဂတရား အားထုတ်ခြင်း။ |
| ၁၈။ဝေဖန်ခြင်း၊ မေးမြန်းခြင်း အမှု တို့ကိုခွင့်ပြုပေးထားခြင်း။ | ၁၈။ဝေဖန်ခြင်း၊ မေးမြန်းခြင်းတို့ကို ပြုလုပ်ခွင့်မပြု။ |
| ၁၉။အတင်းအကြပ်ကိုင်မှု အမိန့်ပေးမှု မပါခြင်း။ | ၁၉။အတင်းအကြပ်ကိုင်မှုနှင့် အမိန့်ပေးမှုပါခြင်း။ |
| ၂၀။အကြောက်တရား၊ အမြော်တရား တို့ ကင်းစင်ခြင်း။ | ၂၀။အကြောက်တရား အမြော်တရားတို့ ရှိခြင်း။ |
| ၂၁။၁၅၀၀ ကိလေသာတရားမှ ကင်းစင်ခြင်း၊ ဝိဇ္ဇာတရား၊ | ၂၁။မုန်းတီးခြင်း၊ တပ်မက်ခြင်း၊ မှားယွင်းခြင်း၊ ကိုယ့်ကိုယ်ကိုအထင်ကြီးခြင်း၊ မှားယွင်းစွာယူဆခြင်း စသည့်တရား များရှိခြင်း။ |
| ၂၂။ထုံးတမ်းစဉ်လာနဲ့ သမားရိုးကျ အယူအဆတို့ကို အလေးဂရု အမှုမထားခြင်း။ | ၂၂။ထုံးတမ်းစဉ်လာနှင့် သမားရိုးကျ အယူအဆတို့ကို လိုက်နာခြင်း။ |
| ၂၃။ဇာတ်အမျိုးစသည်တို့ ရွေးချယ်မှု မရှိခြင်း။ | ၂၃။အမျိုးဇာတ် စသည်တို့ရှိခြင်း။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၂၄။ယာဇ်ပူဇော်ပသခြင်းကို တင်းတင်းကြပ်ကြပ်တားမြစ်ခြင်း။ | ၂၄။လူသားနှင့် တိရိစ္ဆာန်တို့ကို ယာဇ်ပူဇော်ပသရခြင်း။ |
| ၂၅။လူနတ် ဗြဟ္မာသတ္တဝါအားလုံး လေ့လာကျင့်သုံးရမည့်တရားများ | ၂၅။ဟိန္ဒူကျမ်းဂန်များကို ဗြာဟ္မဏနွယ်ဝင်တို့သာလျှင် လေ့လာခွင့်ရှိခြင်း။ |

ကဲ- အထက်ပါမူ ၂၅-ချက်နှိုင်းယှဉ်မှုအရ ဗုဒ္ဓအယူဝါဒနှင့် ဟိန္ဒူအယူဝါဒတို့ဟာ တစ်ခုနဲ့တစ်ခု လုံးဝဆန့်ကျင်လျက်ရှိတယ်ဆိုတာ ထင်ရှားသွားပါပြီ။ ဒီအချက်(၂၅)ချက်ကို နှိုင်းယှဉ်ကောက်ချက်ချကြည့်လို့ ထင်ရှားသွားတာနဲ့တစ်ပြိုင်နက် 'ဗုဒ္ဓက ဟိန္ဒူအယူဝါဒရဲ့ အဆီအနှစ်တွေကို ကောင်းကောင်း ကျွမ်းကျင်တတ်မြောက်ပြီး အဲဒီ အဆီအနှစ်တွေကိုသာ ဖော်ထုတ်ဟောပြောလျက်ရှိတယ်' ဆိုတဲ့ မှားယွင်းတဲ့ စွပ်စွဲချက်ဟာ လုံးဝအခြေအမြစ်မရှိဘူးဆိုတာကို အထူးပြောဖို့ လိုတော့မယ်မထင်တော့ဘူး ပဏ္ဍိတ်ကြီး'

**မဏ္ဍိတ်ကြီး။** 'ဗုဒ္ဓအယူဝါဒနဲ့ ဟိန္ဒူအယူဝါဒတို့ မည်မျှအထိ ကွဲပြားခြားနားလျက်ရှိတယ်ဆိုတာကို ယခုလိုကြားနာရတာဟာ ပထမဆုံးအကြိမ်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ဆရာတော်ဟောတဲ့ အချက်တွေဟာ အလွန်ခိုင်မာလှတဲ့အတွက် တပည့်တော် နားလည်သဘောပေါက်ပြီး ယခုလို ထင်ထင်ရှားရှား ရှင်းလင်းဟောပြောတော်မူတဲ့အတွက် အလွန်ကျေးဇူးတင်လှပါတယ်ဆရာတော်'

(ဤကား - အရှင်အရိယဓမ္မ၏ 'ဗုဒ္ဓဝါဒပြဿနာများ'စာအုပ်မှ ကောက်နုတ်ချက်ဖြစ်၏)

ယခုတစ်ဖန် ဆရာကြီး ဦးဇဂျီဝို၏ 'ဂမ္ဘီရဝိပဿနာရှုဘွယ်ကျမ်း' ဒုတိယတွဲမှ ဘာသာခြား ဗုဒ္ဓစာပေကျမ်းပြုများ၏ ကြောက်မက်ဖွယ်ရာ မှားယွင်းချက်များကို ထုတ် နုတ်ပြဦးအံ့။

အထူးသဖြင့် ယခုအခါ SCIENTISTS လောကဓာတ်ဆရာကြီးများက ကမ္ဘာလောကကြီးအတွင်း ဖြစ်ပေါ်နေသမျှတို့သည် အကြောင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးတရားဖြစ်ခြင်းကို ကောင်းစွာလက်ခံလာကြလေပြီ။

ဤ၌ အကြောင်းဖြစ်ပေါ်မှုကြောင့် အကျိုးတရားဖြစ်ပေါ်သည်ဆိုသော ရှင်တော်ဘုရား၏ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ယခုလောကဓာတ်ဆရာကြီးများ တိကျလေးနက် စွာထောက်ခံနေသည်ကို ထင်ရှားစွာသိနိုင်လေပြီ။

ထို့ကြောင့်လည်း မျက်မှောက်ကာလအနေအထားတွင် ကမ္ဘာကို ဗုဒ္ဓဝါဒပေးဝေလှူဒါန်းဖြန့်ဖြူးရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်းကို ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် ကောင်းစွာသိရှိတော်မူကြပြီးလျှင် အထက်တွင် ရှင်တော်ဘုရား မိန့်ဟတော်မူခဲ့သည့်အတိုင်း သာသနာတော်မြတ်ကြီး ညှိုးမှိန်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်မှု မရှိစေရန်နှင့် အခွန့်ရှည်စွာတည်ရှိမှုမှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့ ရိုသေလေး စားမှု၊ ကာကွယ်စောင့်ရှောက်မှု၊ ပြုစုအားပေးမှု တို့အပေါ်တွင် တည်ရှိနေရကား ဗုဒ္ဓဝါဒကြီး အခွန့်ရှည်လျားကျယ်ပြန့်စွာ တည်ရှိ နိုင်စိမ့်သောငှာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ယနေ့အချိန်ကစ၍ အထူးကြိုးစားတော်မူကြရန် တတိယမ္ပိ သုံးကြိမ်မြောက် တိုက်တွန်းနှိုးဆော် လိုက်ရပြန် ပေသတည်း။

## ဘာသာခြားတို့၏ မှားယွင်းချက်

ဤမျှဖြင့် ဗုဒ္ဓဘာသာ တရားတော်ကြီးကို အခွန့်ရှည်ကြာစွာ တည်တံ့ရေးနှင့် ဗုဒ္ဓဘာသာကို ကမ္ဘာ့ဘာသာကြီး ဖြစ်မြောက်ရေးကို ကြိုးစားအားထုတ်တော်မူကြရန် ရေးသားပြီးနောက် အထက်တွင် ဖော်ပြခဲ့ပြီးသော အချက်လေးချက်တို့အနက် နောက်ဆုံးစတုတ္ထအချက်ကို အနည်းငယ် ရှင်းလင်းရေးသားလိုသည်မှာ အောက်ပါအတိုင်းပင်။

ရှင်တော်ဘုရား၏ တရားတော်များကို အင်္ဂလိပ်ဘာသာပြန်ဆိုထားသော စာအုပ်များကို ဖတ်ရှုသောအခါ 'ပါဠိတော်နှင့်မကိုက်ညီသော အချက်အလက်အချို့' တို့ကို တွေ့ရှိရ၏။

ယင်းသို့ မှားယွင်းချက်မှာ ဗုဒ္ဓဝါဒ တက်လာသော် ငါတို့ဘာသာတရား သေးသိမ် ညှိုးမှိန်ဘွယ်ရာရှိ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာတရားများကို အပြစ်ရှာ၍ ရေးသားမည်ဟူသောသဘောဖြင့် ရေးသားခြင်းပေလော။ သို့တည်းမဟုတ် မသိ, နားမလည်ရှာ၍ မှားခြင်းပေလော။ ထိုနှစ်မျိုးနှစ်နည်းတွင် မည်သည့်နည်းဖြင့် မှားယွင်းသည်ကိုကား အသေအချာမပြောနိုင်ပေ။ သို့ရာတွင် မှားယွင်းချက်များ ရှိနေသည်ကား အမှန်ပင်ဖြစ်၏။

## ကာလာမသုတ် ဘာသာပြန်

ထိုထိုသော မှားယွင်းချက်များအနက် တစ်ခုသောဥပမာကို ပြရသော် လွယ်ကူစွာသိသာနိုင်သော ကာလာမသုတ်ကိုပင် တလွဲတချော် ဘာသာပြန်ဆို ရေးသားထားသည်ကိုတွေ့ရှိရ၏။

ဘာသာပြန်ဆိုချက် မှားယွင်းပုံကား-

ရှင်တော်ဘုရားက-

'ငါဘုရားဟောသော တရားကိုပင်လျှင်

သင်တို့ကိုယ်တိုင် သိရှိမှသာလျှင် ယုံကြည်ကြ-'

ဟူ၍ ဘာသာပြန်ဆိုရေးသားထားသော စာအုပ်စာတမ်းများနှင့်တကွ စာနယ်ဇင်းများတွင် မကြာခဏ တွေ့မြင်ဖတ်ရှုရ၏။ ထို ကာလာမသုတ် တစ်သုတ်လုံးကို ဖတ်ရှုပါက ရှင်တော်ဘုရား ဟောတော်မူရာတွင် ထိုသဘောမျိုး လုံးဝမပါမရှိချေ။

ယင်းသို့ ကာလာမသုတ်ကို ကိုးကားရေးသားကြသော ဘာသာပြန်ဆရာတို့

www.burmeseclassic.com

www.burmeseclassic.com



သည် ကာလာမသုတ်သည် နိကာယ်ငါးရပ်တို့တွင် အဘယ် နိကာယ်၊ အဘယ်ကျမ်း အဘယ်အခန်း၌ လာရှိသည်ဟူ၍ကား စာနယ်ဇင်းများတွင် တိကျသော အထောက် အထားဖြင့် မဖော်ပြကြချေ။ ဖော်ပြရသောကျမ်းရင်းကို ဖတ်ရှုပါက ၎င်းတို့ ဘာသာ ပြန်ဆိုထားချက်နှင့် မကိုက်ညီပုံကို လွယ်ကူစွာသိရှိနိုင်ဖွယ်ရာရှိသည်ကို ကြောက်ရွံ့ ဟန် လက္ခဏာရှိလေသည်။ စင်စစ်သော်ကား ထိုသုတ်သည် အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် မဟာဝဂ်၌လာရှိသော သုတ်ဖြစ်၏။

ထိုထက် ဆိုးဝါးသော အချက်တစ်ရပ်မှာကား-

THE LIVING THOUGHT OF
GOTAMA THE BUDDHA
PRESENTED BY
ANANDA K. COOMARASWAMY
AND
L.B. HORNER

အထက်ပါအမည်ဖြင့်ထုတ်ဝေသောစာအုပ်၏ တတိယအခဏ်း နောက်ဆုံး ၌ ကာလမသုတ်ကို ရေးသားဖော်ပြရာ၌ (ရှေးဟောင်းစာပေကျမ်းဂန် ပိဋက) ဆိုသည် မှာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကသုံးပုံကိုဆိုသည်ဟူ၍ ရှင်းလင်းဖော်ပြထားလေ သည်။

ရှင်တော်ဘုရား ဟောကြားတော်မူသောအလိုကား ထိုသို့မဟုတ် (ဟောတော် မူဟန်ကား) 'အို-ကာလာမတို့၊ သင်တို့၏ စာပေကျမ်းဂန် ပိဋကတို့၌ လာရှိသည်ဟူ၍ လည်း မယုံကြည်ကြလေနှင့်ဦး'ဟူသောသဘောကို ဟောတော်မူခြင်းဖြစ်၏။ 'ငါဘုရား ၏ ပိဋကသုံးပုံကို မယုံကြည်လေနှင့်ဦး'ဟူသောသဘောကို ဟောတော်မူ သည်မဟုတ်။

ရှင်တော်ဘုရား ပွင့်တော်မမူမီ ရှေးရသေ့ကြီးများပြုစုထားခဲ့သော ကျမ်းများ မှာ-

အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ သဒ္ဒါကျမ်း၊
ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်ကျမ်းများ၊
ပဒကျမ်း၊ ဗျာကရဏ်းကျမ်း၊ လောကာယတကျမ်း၊
မဟာပုရိသလက္ခဏာကျမ်း
စသည်တို့ ဖြစ်၏။

အထက်ပါကျမ်းများ ရှိနေပြီးဖြစ်ကြောင်းကို သုတ်သီလက္ခန်ပါဠိတော် အမ္ဗဋ္ဌ သုတ်၌၎င်း၊ မဇ္ဈိမပဏ္ဏာသပါဠိတော် ဗြဟ္မဏဝဂ် ဗြဟ္မာယုသုတ်၌၎င်း၊ ထိုထိုသော ပါဠိတော်များ၌ ထင်ရှားစွာလာရှိပြီးဖြစ်လေသည်။

ယင်းသို့ မှားယွင်းချွတ်ချော်ရခြင်းမှာ ကူမရဆွာမိနှင့် ဟော်နာတို့ ဘာသာ ပြန်ဆိုရေးသားကြရာ၌ ရှင်တော်ဘုရား၏ ပါဠိတော်အရပ်ရပ်တို့ကို နှံ့စပ်အောင် သဘောမပေါက်ကြ၍ မှားယွင်းချွတ်ချော်ဟန်လက္ခဏာ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရိုင်း(စ်)ဒေးဗစ်(စ်)၏ မှားယွင်းချက်

ထို့ပြင် သုတ်သီလက္ခန်ပါဠိတော် သာမညဖလသုတ်၌ ရှင်တော်ဘုရားသည် အဇာတသတ်မင်းအား ရှည်လျားစွာ တရားဟောတော်မူ၏။ တရားတော်၏အဆုံး၌ အဇာတသတ်မင်းသည် ရှင်တော်ဘုရားအား ဤသို့လျှောက်ထား၏။

'အရှင်ဘုရား၊ အရှင်ဘုရား၏ တရားတော်သည် အလွန်နှစ်သက်ဖွယ်ကောင်းလှပါသည်ဘုရား၊ ဥပမာအားဖြင့် လျှောက်ထားရသော် မှောက်၍ထားသောအိုးကို တစ်ဖန် ဖွင့်လှန်လိုက်ဘိသကဲ့သို့လည်းကောင်း၊ လမ်းမှားနေသော ခရီးသည်အား လမ်းမှန်ခရီးသို့ ညွှန်ကြားဘိသကဲ့သို့လည်းကောင်း၊ အမိုက်မှောင်တွင် ဆီမီး တန်ဆောင် ထွန်းညှိလိုက်ဘိသကဲ့သို့လည်းကောင်း၊ မျက်စိအမြင် ရှိသောသူသည် ရူပါရုံကို တွေ့မြင်ရဘိသကဲ့သို့ လည်းကောင်း၊ အ ကြောင်း အကျိုးတို့ဖြင့် အလွန်ကောင်းမြတ်လှပါသည် အရှင်ဘုရား'

ဤသို့လျှောက်ထားပြီးနောက် အဇာတသတ်မင်းက ရှင်တော်ဘုရားအား ဆက်လက်လျှောက်ထားသော ပါဠိတော်မှာ-

'ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
ဓမ္မဉ္စ ဘိက္ခု သံဃဉ္စ ဥပါသကံ မံ ဘဂဝါ
ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ'

ဘာသာပြန်ကား- 'အရှင်ဘုရား၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားကို ဤအကျွန်ုပ်သည် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်းကောင်း၊ ရဟန်းတော်မြတ်အပေါင်းကိုလည်းကောင်း၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် တပည့်တော်ကို ယနေ့မှအစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကိုဆည်းကပ်သော ဥပါသကာဟူ၍ သိမှတ်တော်မူပါဘုရား'ဟု လျှောက်ထားခြင်းဖြစ်၏။

ယင်းသို့လျှင် အဇာတသတ်မင်းသည် 'ရှင်တော်ဘုရားအား လေးလေးနက်နက် နှစ်နှစ်ခြိုက်ခြိုက် ရှင်တော်ဘုရား၏ သာသနာတော်ကို သက်ဝင်ယုံကြည်ကြောင်း ဥပါသကာအဖြစ်ဖြင့် အသိအမှတ်ပြုတော်မူပါဘုရား'ဟု ဝန်ခံလျှောက်ထားပါလျက် T. W. RHY DAVIS, LL. D. Ph.D. ဆိုသူ ဆရာကြီးသည် ၎င်းရေးသားသော BUDD- HIST INDIA စာအုပ်ပထမပိုင်းအဆုံးတွင် အောက်ပါစကားရပ်များ ရေးသားဖော်ပြ ထားသည်ကို တွေ့ရှိရ၏။

'အဇာတသတ်မင်းသည် ဗုဒ္ဓဝါဒကို ကြိုက်နှစ်သက်ကြောင်း ဝန်ခံကတိပြုသော်လည်း ဗုဒ္ဓဘာသာ သာသနာဘက်သို့ ကူးပြောင်းလာသည်မဟုတ်။ ကူးပြောင်းလာသော အထောက်အထားများ မတွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



ရချေ။ အဇာတသတ်မင်းသည် ပဌမသင်္ဂါယနာတင်ပွဲတွင် ကူညီ ရာ၌ ပရိယာယ်မျှသာ ဖြစ်ဖွယ်ရာရှိသည်။ ဤကဲ့သို့ ဆောင်ရွက် ခြင်းမှာ အိန္ဒိယဘုရင်များသည် ဘာသာအမျိုးမျိုးကို ကူညီဆောင် ရွက်ပေးခြင်း ထုံးစံဓလေ့ကို အဇာတသတ်မင်း လိုက်နာ ဆောင် ရွက်ခြင်းဖြစ်သည်-'

ဟူ၍ ထင်ယောင်ထင်မှား ဖြစ်ဖွယ်ရာကို ရေးသားထားသည်ကို တွေ့ရှိရ၏။ ထိုမှတစ်ပါး ၎င်းဆရာကြီး ချွတ်ချော်တိမ်းပါးရေးသားထားသော အချက်အလက်များ လည်း ကျန်ရှိပေသေး၏။

## ဆရာဒတ်၏ မှားယွင်းချက်

ထိုမှတစ်ပါး အိန္ဒိယတိုင်းသား နာမည်ကျော်ပုဂ္ဂိုလ်ကြီးတစ်ဦး မှားယွင်းရေး သားထားပုံကို အောက်ပါအတိုင်း သိစေလိုပြန်ပါသည်။

ASPECTS OF
MAHAYANA BUDDHISM
AND ITS RELATION TO
HINAYANA BY
NALINAKSHA DUTT, M.A., B.L. PHD., D. LITT.

အထက်အမည်ပါ စာအုပ်စာမျက်နှာ ၂၃၉ ၌ ရှင်ဗုဒ္ဓဃောသ ပြုစုအပ်သော ဝိသုဒ္ဓိမဂ်မှ လာရှိသည်ကိုထုတ်နုတ်၍ အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြထားသည်မှာ -

He (ရှင်ဗုဒ္ဓဃောသ) divides it into three Sections of which the first deals with Sila (moral precepts), the full observance of which results in the attainment of the first two stages, sotapatti and sakadagami the second deals with CITTA or SAMADHI, which results in the attainemt of the third state Anagami and the third treats of PANNA (knowledge), perfection in which leads the adept to the final stage, Arahatta or complete emancipation.

ရန်ကုန်မြို့ 'ဂျတ်ဆင်'ကောလိပ်ကျောင်းတွင် ပါဠိဘာသာ သင်ပြသွားသော ပါဠိဆရာကြီး မစ္စတာဒတ်၏ အထက်ပါရေးသားထားချက်ကို မြန်မာလိုသိအပ်သည်မှာ-

'ရှင်ဗုဒ္ဓဃောသ ပြုစုအပ်သော ဝိသုဒ္ဓိမဂ်တွင် အပိုင်းသုံး ပိုင်း ခွဲခြားထားလေသည်၊ ပဌမပိုင်းမှာ ကိုယ်ကျင့်သီလ သိက္ခာ ဖြစ်၍ ၎င်းသီလကို ဖြည့်စွမ်းနိုင်သော် သောတာပန်နှင့် သကဒါ ဂါမ်ကို ဖြစ်စေနိုင်၏၊ ဒုတိယအပိုင်းမှာ သမာဓိစခန်းဖြစ်၍ ထို သမာဓိစခန်းကို ပေါက်ရောက်ပါက အနာဂါမ်ဖြစ်စေနိုင်၏၊ တတိယပိုင်းမှာ ပညာစခန်းဖြစ်၍ ထိုပညာစခန်းကို ပေါက် ရောက်ပါက နောက်ဆုံး ရဟန်းကိစ္စပြီးသော ရဟန္တာအခြေသို့ ဆိုက်ရောက်နိုင်၏'

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ရေးသားထားလေသည်'

ဝိသုဒ္ဓိမဂ်ကိုဖတ်ရှုပါက ထိုသဘောမျိုး လုံးဝမပါရှိချေ။ 'သီလဖြင့် သောတာပန်၊ သကဒါဂါမိဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်တွင် ပါရှိသည်'ဟု ရေးသားဖော်ပြထားခြင်းမှာ စဉ်းစား၍မရအောင်ပင် ရှိပေတော့၏။

## ဆာမိုနီယဝီလျံ၏ မှားယွင်းချက်

ထို့ပြင် SIR MONIER WILLIAMS (ဆာမိုနိယဝီလျံ) ရေးသားထားသော BUDDHISM (ဗုဒ္ဓစ်ဇမ်)ခေါ် စာအုပ်စာမျက်နှာ (၄၃)တွင် သစ္စာလေးပါးအကြောင်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားထားပုံကို ရှင်းလင်းရန်မှာ အောက်ပါအတိုင်းပင်။

ပါဠိတော်၌ လာရှိသည်မှာ -

'ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြတတြာ ဘိနန္ဒိနီ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ'

ဤသစ္စာလေးပါး တရားတော်ကို ဗုဒ္ဓဘာသာဝင် တရားလိုက်စားသူတိုင်း သိရှိပြီးဖြစ်၏။ ထိုပါဠိတော်တွင် သက်ဆိုင်ရာ နောက်ဆုံးပါ ပါဠိတော်ကို ဘာသာပြန်ဆိုရသော် -

၁။ 'ကာမတဏှာ' ရူပါရုံ စသော ကာမဂုဏ်ငါးပါးကို ခုံမင်တပ်မက်သော တဏှာ။

၂။ 'ဘဝတဏှာ' ဘဝကို တောင့်တသောအားဖြင့် သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော ရူပဘဝ, အရူပဘဝကို ခုံမင်တပ်မက်သောတဏှာ။

၃။ 'ဝိဘဝတဏှာ' ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သောတဏှာ။

ဤကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာကို အထက်ပါစာအုပ်တွင် ဘာသာပြန်ဆို ရေးသားထားသည်မှာ-

(1) For sexsual Pleasure (KAMA)
(2) For wealth (VIBHAVA)
(3) For existence (BHAVA).

နံပါတ်အစီအစဉ်မှာ သူ့အတိုင်းပင်ဖြစ်ပါ၏။ ဤအင်္ဂလိပ်စာဖြင့် ဖော်ပြချက် စာသားတွင်ပါရှိသော 'ဝိဘဝတဏှာ'ကို မြန်မာလိုပြန်ဆိုသော် 'ဥစ္စာပစ္စည်း'ကို 'ခုံမင် တပ်မက်သော တဏှာ' ဟူသော အနက်အဓိပ္ပာယ် ထွက်ပေါ်လာ၏။

ဤတွင် 'ပါဠိတော်၏ အနက်အဓိပ္ပါယ်'နှင့် 'အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသော အနက်အဓိပ္ပါယ်'မှာ မည်မျှကွာခြားနေသည်ကို နှိုင်းယှဉ်ကြည့်ပါက ထင်ရှားစွာ သိနိုင်လေပြီ။

ရှင်တော်ဘုရား ဟောကြားတော်မူအပ်သောတရားတော်တို့မှာ ခက်လည်းခက်၍ အနက်အဓိပ္ပာယ်မှာ နက်လည်းနက်၏။ နူးညံ့သိမ်မွေ့၏၊ သာမန်ပုဂ္ဂိုလ်တို့ အရာမဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



## တစ်ကျမ်းမြင်သိရုံဖြင့် ကျမ်းစုံကို မသိနိုင်

အခါတစ်ပါး၌ ရှင်တော်ဘုရား ဟောကြားတော်မူသည်မှာ 'ငါဘုရားသည် အခါအားလျော်စွာ ဝေဒနာကို နှစ်ပါးထား၍ဟောတော်မူ၏၊ သုံးပါးလည်းထား၍ ဟောတော်မူ၏၊ ငါးပါးလည်းထား၍ ဟောတော်မူ၏၊ ခြောက်ပါးလည်းထား၍ ဟောတော်မူ၏၊ ဤသို့လျှင် ၁၈-ပါး၊ ၃၆-ပါး၊ ၁၀၈-ပါးအားဖြင့် ဝေဒနာကိုဟောတော်မူ၏' ဟူ၍ သဠာယတနသံယုတ်ပါဠိတော် ဝေဒနာသံယုတ် ပဉ္စကင်္ဂဟပတိသုတ်၌ ဟောတော်မူ၏။

ရှင်တော်ဘုရားသည် တရားဟောတော်မူရာ၌ ပုဂ္ဂိုလ်အလိုက် ထိုက်သည့်အား လျော်စွာဟောတော်မူ၏။ တစ်ဦးကို ဟောတော်မူသောတရားနှင့် အခြားတစ်ဦးကို ဟောတော်မူသောတရားတို့မှာ တူညီသည်လည်းရှိ၏။ မတူညီသည်လည်းရှိ၏။

ထို့ကြောင့် ဗုဒ္ဓဝါဒကို ဟောကြပြောကြ ရေးသားကြရာ၌ 'တစ်ကျမ်းမြင်ရုံ ကျမ်းမစုံ အာရုံတယ်၍ မတင်းနှင့်'ဟူ၍ ရှေးသူမြတ်တို့ ဆိုစမှတ်ရှိခဲ့လေသည်။

## မြတ်စွာဘုရားနှင့် ခရစ်တော်

ငင်းပြင်တစ်ရပ် ထိုစာအုပ်၏ စာမျက်နှာ ၅၆၃-၌ ငင်း ထိုစာအုပ်ထက်စောသော စာအုပ်များ၌သော်လည်းကောင်း၊ ရှင်တော်ဘုရားကို (The light of Asia) ခရစ်တော်ကို (The light of the world) ဟူ၍ အမည်ပေးထားသည်ကို တွေ့ရှိရ၏။

ဤ၌ သတိပြုမိသည်မှာ ရှင်တော်ဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ပဌမသံဂါယနာတင်သောအခါ ရဟန္တာအရှင်မြတ်များသာ ပါဝင်ကြရ၏။

ထိုတွင် ရဟန္တာမဟုတ်သောပုဂ္ဂိုလ်တို့သည် ထိုသံဂါယနာတင်ပွဲသို့ မပါမဝင်ကြသည်ကအစပြု၍ တစ်ဂိုဏ်းတစ်စင်ထောင်ကာ မြောက်ပိုင်းသာသနာကို ပြုစုပျိုးထောင်ကြ၏။ ထိုအခါ ငင်းတို့ကပင် ငင်းတို့၏ဂိုဏ်းကို 'မဟာယာန'ဂိုဏ်းဟု အမည်ပေး၍ 'ရဟန္တာ'အရှင်မြတ်များပါဝင်သော ဂိုဏ်းကိုကား'ဟိနယာန'ဟု ထိုရဟန္တာမဟုတ်သော ပုဂ္ဂိုလ်တို့က အမည်ပေးကြလေသည်။

ဤတွင် အခြားကိစ္စအရပ်ရပ် တူသည်ပင်ထား၍ ရဟန္တာ အရှင်မြတ်တို့မှ ဆင်းသက်လာသော 'တောင်ပိုင်းဗုဒ္ဓဝါဒ'နှင့် ရဟန္တာအရှင်မြတ်မဟုတ်သော ပုဂ္ဂိုလ်တို့မှ ဆင်းသက်လာသော 'မြောက်ပိုင်းဗုဒ္ဓဝါဒ'မှာ မည်သည့်ဂိုဏ်းက 'မဟာ'ဖြစ်ထိုက်သည်ကို ထင်ရှားစွာ သိသာနိုင်လေသည်။

ယခုလည်း ထိုနည်းတူစွာ ဟိန္ဒူနှင့် ဗုဒ္ဓဝါဒကို အတုယူကာ ရှင်တော်ဘုရားပွင့်တော်မူပြီးနောက် နှစ်ပေါင်းငါးရာကျော်မှလည်း ပေါ်ထွက်လာပေသေး၏။ နာမည် ပေးရာတွင် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူသော ရှင်တော်ဘုရားအား

THE LIGHT OF ASIA.

(သလိုက် အော့(ဖ်) အေရှား)

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အမည်ပေးပြီးလျှင် နောက်မှ အတုယူကာဖြစ်ပေါ်သော မိမိတို့၏ ခရစ်တော်ကိုကား-

THE LIGHT OF THE WORLD.

(သလိုက် အော့(ဖ်) သဝေါလ်ဒ်)

ဟူ၍ ၎င်းတို့ကပင် အမည်ပေးထားသည်မှာ ဝါဒဖြန့်ဖြူးရေးသည် ယခုမှ ခေတ်စားလာသည်မဟုတ်၊ ထိုအခါကပင် ခေတ်စားနေသည်ကို ကောင်းစွာသိသာနိုင်လေသည်။

ထို့ကြောင့် စာဖတ်သူသည် သက္ကရာဇ် ၁၉၀၀-မပြည့်မီက ရှင်တော်ဘုရား၏ တရားဒေသနာတော်ကို အင်္ဂလိပ်ဘာသာဖြင့် (SIR EDWIN ARNOLD) ဆာအက်ဝင်အာနိုး ရေးသားထုတ်ဝေသွားသော စာအုပ်အမည်ကို THE LIGHT OF ASIA သလိုက်အော့(ဖ်)အေရှားဟူ၍ သဘောပေါက်မိနိုင်လေပြီ။

## ပုဏ္ဏား ဟိန္ဒူကျမ်းများ

ဤမှတစ်ဖန် အထက်တွင်ရေးသားခဲ့သော 'ဗုဒ္ဓစ်ဇမ်'ခေါ် စာအုပ်ကို ပြန်၍ဆက်ရသော် ထိုစာအုပ်ကြီးမှာ စာမျက်နှာ ငါးရာကျော်ရှိ၏။

ထိုစာအုပ်ကို ခြုံ၍ကြည့်လိုက်သောအခါ အမှားများစွာ ပါရှိရုံမျှမက ရှင်တော်ဘုရား၏တရားတော်များမှာ ပုဏ္ဏားဟိန္ဒူကျမ်းများမှ ကောင်းနိုးရာရာကိုယူ၍ ဂေါတမဗုဒ္ဓသည် မိမိအလိုရှိရာ အချက်အလက်များကို ထည့်သွင်းထားသော ဝါဒမျှသာဖြစ်သည်ဟု ပေါ်လွင်ထင်ရှားစွာ စွပ်စွဲထားသော စာအုပ်ကြီးဖြစ်လေသည်။

ဗုဒ္ဓဘာသာအယူဝါဒသည် ပုဏ္ဏားဟိန္ဒူကျမ်းများမှအတုယူ၍ ဟောပြောသောဝါဒဖြစ်သည်ဟု ထိုစာအုပ်တစ်အုပ်တည်းကသာ စွပ်စွဲထားသည်မဟုတ်၊ အခြားအခြားသော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေထားသော စာအုပ်ဟောင်းများတွင် အမေရိကန်နှင့် ဥရောပတိုက်သို့လှည့်လည်စဉ်က စာကြည့်တိုက်များ၌ များစွာတွေ့ရှိခဲ့ရ၏။

ဤသို့ဖြစ်ပါမူ အလောင်းတော်သည် 'သုမေဓာရှင်ရသေ့ဘဝ' ဒီပင်္ကရာဘုရားထံတော်၌ ဗျာဒိတ်ခံယူပြီးနောက် မရေမတွက်နိုင်သော ဘဝပေါင်းများစွာတို့တွင် ပါရမီတော်ဖြည့်ရန် ကြိုးစားတော်မူခဲ့ရခြင်းနှင့် 'ဒုက္ကရစရိယာကျင့်တော်မူမှ ရရှိအပ်သော သဗ္ဗညုတဉာဏ်တော်'မှာ တန်ဖိုးမရှိတော့ချေ။

## မက်(စ်)မူလာ၏ "အတ္တ"အယူဝါဒ

ဘာသာရေးတွင် အထူးကျော်ကြားသော ပုဂ္ဂိုလ်ကြီးတစ်ဦးကား MAX MULLER (မက်(စ်)မူလာ) ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်ကြီးရေးသားထားသော ဘာသာရေးဆိုင်ရာစာအုပ်များကို ကမ္ဘာက အတော်ပင်လေးစားကြ၏။ ထိုပုဂ္ဂိုလ်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ဟိန္ဒူ 'အတ္တ'အယူဝါဒကို အထူးယုံကြည်သူဖြစ်လေသည်။

၁၈၉၉-ခုနှစ်၊ ဇန္နဝါရီလ ၁၇-ရက်နေ့စွဲဖြင့် မက်(စ်)မူလာက သီဟိုဠ်ကျွန်းရှိ 'အရှင်ဓမ္မပါလမထေရ်'ထံသို့ ပေးပို့သောစာတွင် အောက်ပါအတိုင်း စာတစ်ပိုဒ်ပါရှိလာလေသည်။

I am a great believer in Atma,
and I can not understand how a religion can do without it.
The life and letters of Friedrich Max
Muller, Page 381; Vol. II.

အဓိပ္ပါယ်သော်ကား 'တပည့်တော်ကတော့ 'အတ္တ'အယူဝါဒကို အထူးယုံကြည်သူတစ်ဦးဖြစ်ပါသည်။ 'အတ္တ'မရှိဘဲ ဘာသာအယူဝါဒတရားသည် အဘယ်သို့ဖြစ်သည်ကို တပည့်တော် နားမလည်နိုင်အောင်ရှိပါသည်'ဟူ၍ ပါရှိလာလေသည်။

ထိုမျှမက ထိုစာအုပ် (စာမျက်နှာ ၄၀၁)၌ ဟိန္ဒူလူကြီးလူကောင်းအပေါင်းတို့က မက်(စ်)မူလာသည် ဟိန္ဒူလူမျိုးထက်ပင် ဟိန္ဒူပီသပါသည်ဟု ဟိန္ဒူဘုန်းတော်ကြီးအား လျှောက်ထားသည်ကိုလည်း တွေ့ရှိရလေသည်။

(ဤ၌ သိမှတ်ရန်ကား- ဟိန္ဒူလူမျိုးက မွေးဖွားမှသာလျှင် ဟိန္ဒူဖြစ်နိုင်လေသည်။)

ဗုဒ္ဓဘာသာတရားသည် အလွန့်အလွန် ခက်ခဲနက်နဲလှ၏။ ပဋိစ္စသမုပ္ပါဒ်တရား နိဗ္ဗာန်တရားကို မဆိုထားဘိ 'အတ္တ'ကိုပင် ကျော်လွန်အောင် ဉာဏ်မျက်စိမရှိသူတို့သည် အဘယ်သို့လျှင် 'အနတ္တ'ကို သဘောပေါက်နိုင်အံ့နည်း။ အနတ္တကိုသဘောမပေါက်နိုင် သူတို့သည် အဘယ်သို့လျှင် 'ဗုဒ္ဓဝါဒကို ယထာဘူတကျအောင်ရေးသားနိုင်ပါအံ့နည်း။'

## အတ္တ ရှိလေဟန်

ထိုမျှမက အချို့ဘာသာရေးဆရာတို့က ယခုအခါ တစ်ဆင့်တက်လာပြန်သည်မှာ ရှင်တော်ဘုရားကပင် 'အတ္တ'မရှိဟူ၍ မဟောခဲ့။ ထို့ကြောင့် 'အတ္တ'ကလေးရှိလေဟန် ရေးသားစပြုလာသည်ကို တွေ့ရှိရ၏။

ရှင်တော်ဘုရားတရားတော်၌ 'သဗ္ဗေဓမ္မာ အနတ္တာ'ဟူ၍ အထပ်ထပ်ဟောတော်မူပါလျက် 'အတ္တရှိလေဟန်' ဟောတော်မူခဲ့သည်ဆိုသည်မှာ 'ဗုဒ္ဓဝါဒကို ဟိန္ဒူဝါဒနှင့် တန်းတူဖြစ်အောင်' ဖန်တီးနေခြင်းပင်ဖြစ်၏။

ဤ၌ စတုတ္ထအချက်အတွက် အနည်းငယ်ရှင်းလင်းပြီး၍ ဤမျှဖြင့် အဆုံးသတ်ရသော် 'ရှင်တော်ဘုရား၏ တရားတော်များကို အင်္ဂလိပ်လိုဖတ်ရမှ အဓိပ္ပါယ်ပေါက်သည်၊ အရသာတွေ့သည်'ဆိုလေ့ရှိသော ပုဂ္ဂိုလ်များအတွက် သတိပြုတော်မူနိုင်ကြစေရန် စေတနာကောင်းဖြင့် ရေးသားဖော်ပြလိုက်ရခြင်းပေတည်း။

ထို့ပြင်တစ်ရပ် ယင်းသို့ရေးသားချက်များကို နိုင်ငံခြားသားတို့ ဖတ်ရှုမိပါက

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဝါဒကို အထင်သေးဖွယ်ရာရှိခြင်းကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ထို ရေး သားချက်များကိုကာကွယ်ရန် ဝတ္တရားရှိသည်ကိုလည်း အထူးသတိပြုအပ်လေပြီ။

မဇ္ဈိမပဏ္ဏာသ၊ ပရိဗ္ဗာဇကဝဂ်၊ မာဂဏ္ဍိသုတ်၌ 'အာရောဂျ ပရမာလာဘာ၊ နိဗ္ဗာနံ ပရမံ သုခံ' ဟူသောဂါထာသည် ကဿပမြတ်စွာဘုရား ဟောတော်မူခဲ့သော ဒေသနာတော်ဖြစ်၍ ကာလရှည်ကြာသောအခါ ပရိဗိုဇ်တို့၏ ကျမ်းစာထဲသို့ ကူး ပြောင်း ရောက်ရှိသွားသည်။ သို့သော် မူရင်းအဓိပ္ပာယ်အမှန်ကို မသိကြဘဲ ရွတ်ဆို နေကြသည်ဟု မြတ်စွာဘုရားကိုယ်တော်တိုင် ဖော်ထုတ်ဟောကြား သတိပေးတော်မူ ခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ယခုဖော်ပြချက်များကို သတိမထားမိသူအချို့က ငါးရာ့ငါးဆယ်ဇာတ်တော် အချို့သည် သာသနာပကျမ်းစာများမှ ဗုဒ္ဓဝါဒီတို့က ကူးယူခြင်းဖြစ်သည်ဟု ပြောမိ တတ်ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် သာသနာပကျမ်းစာများ၌ ဘုရားဟော ဇာတ်တော်များပါဝင်နေခြင်း၊ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ ဝေါဟာရစကားလုံးများ ပါဝင်နေ ခြင်းသည် သာသနာပ ကျမ်းပြုပုဂ္ဂိုလ်များက ဘုရားဟောဒေသနာများမှ ကူးယူထား ခြင်းသာဖြစ်ကြောင်း ထင်ရှားသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် 'ဥစ္စာလည်း အခိုး ခံရ၊ သူခိုးလည်း အစွပ်စွဲခံရ' မဖြစ်ရအောင် ယခုမှတ်ချက်ကို တိုက်ဆိုင်လာသဖြင့် ရေးသားရခြင်းဖြစ်သည်။

## အသီးတစ်ရာ အညှာတစ်ခု

'အသီးတစ်ရာ အညှာတစ်ခု'ဟူသော စကားအရ၊ အသီးတစ်ရာကို တစ်လုံး ချင်း လိုက်ခြွေနေရန်မလို၊ အညှာတစ်ခုကို ဖြတ်ချလိုက်လျှင် အသီးတစ်ရာလုံး ပါသွား သကဲ့သို့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ရပ်တွင်လည်း အဝိဇ္ဇာသည် အညှာဖြစ်ပြီး ကျန် အင်္ဂါ(၁၁)ပါးသည် အသီးများဖြစ်၏၊ ထို့ကြောင့် အသီးနှင့်တူသော သင်္ခါရ၊ ဝိညာဉ် စသောတရားများကို တစ်ပါးစီ လိုက်သတ်နေစရာမလို၊ အညှာနှင့်တူသော အဝိဇ္ဇာကို ဝိပဿနာဓား၊ မဂ်ဓားဖြင့်ဖြတ်လိုက်ပါက ကျန်တရားများ အကုန်ပါသွားမည်သာ ဖြစ် ၏။

ထို့ကြောင့် ဗုဒ္ဓက မဂ္ဂသံယုတ်၊ အဝိဇ္ဇာသုတ်၌ အကုသိုလ်မှန်သမျှတွင် မသိမှု အဝိဇ္ဇာက ရှေ့သွားရှိပုံကို ယခုလိုဟောကြားတော်မူခဲ့၏။

> 'ရဟန်းတို့- မသိခြင်းအဝိဇ္ဇာသည် အကုသိုလ်တရားများဖြစ်ရန် ရှေ့ပြေးဖြစ်၏၊ မရှက်ခြင်း၊ မကြောက်ခြင်းတို့သည် နောက်လိုက်မျှသာ ဖြစ်ကုန်၏၊ ရဟန်းတို့- အဝိဇ္ဇာကပ်ရောက်နေသည့် ပညာမဲ့အား မှား သောအမြင်သည် ဖြစ်၏၊ မှားသောအမြင်ရှိသူအား မှားသောကြံစည် ခြင်းသည် ဖြစ်၏၊ မှားသောကြံစည်ခြင်းရှိသူအား မှားသောပြောဆိုခြင်း သည် ဖြစ်၏'

www.burmeseclassic.com

www.burmeseclassic.com



'မှားသောပြောဆိုခြင်းရှိသူများအား မှားသောပြုလုပ်ခြင်းသည် ဖြစ်၏၊ မှားသောပြုလုပ်ခြင်းရှိသူအား မှားသောအသက်မွေးခြင်းသည် ဖြစ်၏'

'မှားသော အသက်မွေးခြင်းရှိသူအား မှားသော အားထုတ်ခြင်းသည် ဖြစ်၏၊ မှားသောအားထုတ်ခြင်းရှိသူအား မှားသောသတိရခြင်းသည် ဖြစ်၏၊ မှားသောသတိရခြင်းရှိသူအား မှားသောတည်ကြည်ခြင်းသည် ဖြစ်၏'

ဒါန၊ သီလ၊ ဘာဝနာကုသိုလ်မှစ၍ မဂ်ကုသိုလ်ထိ ဖြစ်စေရန်ကိစ္စတွင်ကား ဝိဇ္ဇာဉာဏ်က ဦးစီးခေါင်းဆောင်အနေဖြင့်ပါဝင်ပုံကို ယခုလို ဆက်လက်ဟောကြားတော်မူ၏။

'ရဟန်းတို့-အသိဉာဏ်ဝိဇ္ဇာသည်ကား ကုသိုလ်တရားများဖြစ်ရန် ရှေ့ပြေးဖြစ်၏၊ ရှက်ခြင်းကြောက်ခြင်းတို့ကား နောက်လိုက်တို့မျှသာ ဖြစ်ကုန်၏၊ ရဟန်းတို့- အသိဉာဏ်ဝိဇ္ဇာ ကပ်ရောက်နေသည့် ပညာရှိအား မှန်သောအမြင်သည် ဖြစ်၏၊ မှန်သောအမြင်ရှိသူအား မှန်သော ကြံစည်ခြင်းသည် ဖြစ်၏၊ မှန်သောကြံစည်ခြင်းရှိသူအား မှန်သောပြောဆိုခြင်းသည် ဖြစ်၏၊ မှန်သောပြောဆိုခြင်းရှိသူအား မှန်သောပြုလုပ်မှုသည် ဖြစ်၏၊ မှန်သောပြုလုပ်ခြင်းရှိသူအား မှန်သောအသက်မွေးမှုသည် ဖြစ်၏၊ မှန်သော အသက်မွေးမှုရှိသူအား မှန်သောအားထုတ်မှုသည် ဖြစ်၏၊ မှန်သောအားထုတ်မှု ရှိသူအား မှန်သောသတိရမှုသည် ဖြစ်၏၊ မှန်သောသတိရမှုရှိသူအား မှန်သော တည်ကြည်ခြင်းသည် ဖြစ်၏' ဟု ဗုဒ္ဓမှ အနှစ်ကျကျ ဟောပြတော်မူခဲ့၏။

## အကုသိုလ်ဒုစရိုက်ကိုဖြစ်စေသော စေတသိက်(၄)မျိုး

* မောဟ = သစ္စာလေးပါးအမှန်တရားကို မသိခြင်း
* အဟိရိက = ဒုစရိုက်ပြုရမှာကို မရှက်ခြင်း
* အနောတ္တပ္ပ = ဒုစရိုက်ပြုရမှာကို မကြောက်ခြင်း
* ဥဒ္ဓစ္စ = စိတ်ကို ပျံ့လွင့်စေခြင်း

အဘိဓမ္မာတွင် ယင်းစေတသိက်လေးလုံးကို 'အကုသလသာဓာရဏ'= အကုသိုလ်စိတ်အားလုံးနှင့်ဆက်ဆံသော စေတသိက်ဟုအမည်တပ်၏။ ခေတ်လူငယ်များနားလည်အောင်ရေးရလျှင် ထိုစေတသိက်လေးလုံးကြောင့် အကုသိုလ်ဒုစရိုက်မှန်သမျှဖြစ်ကြရသည်ဟု ဆိုရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဝိသမလောဘကြောင့် သူတစ်ပါးဥစ္စာကို ခိုးယူမိရာ၌ အမှန်ကိုမသိမှု အဝိဇ္ဇာ။ အကုသိုလ်ပြုရမှာကို မရှက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



အဟိရိက၊ အနောတ္တပ္ပ၊ အကုသိုလ်ဒုစရိုက်ပြုရမှာကို မကြောက်ခြင်း အနောတ္တပ္ပ။ စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စလေးပါးတို့ ပါသည်သာဖြစ်သည်။

လောဘက ပြင်းထန်စွာလိုချင်ပါသော်လည်း ငါဆိုသည်မှာ တကယ်မရှိသော တရား၊ တကယ်ရှိသောတရားကား ခန္ဓာငါးပါးသာဖြစ်၏။ တကယ်ရှိသော်လည်း အတုံး၊ အလုံး၊ အခဲ၊ အမှုန်၊ အမွှားအနေဖြင့် ရှိသည်မဟုတ်။ သဘောတရားအနေဖြင့် သာရှိပြီး အဖြစ်အပျက်ဖြင့် မပြတ်နှိပ်စက်နေသော တရားသာဖြစ်သည်ဟု သမ္မာဒိဋ္ဌိ ခေါ် ဝိဇ္ဇာဉာဏ်ဖြင့် သိလိုက်သည်နှင့် သူတစ်ပါးဥစ္စာကို မတရားသဖြင့် လိုချင်စိတ် သည် အလိုလို ပျောက်သွားရသည်။

သောတာပန်များ ငါးပါးသီလလုံခြုံသွားသည်မှာ ဤအသိကြောင့်ဖြစ်သည်။ ဉာဏ် ပညာခေါ် ဝိဇ္ဇာဝင်လာသည်နှင့် အဝိဇ္ဇာခေါ် မောဟသည် ဖြစ်ခွင့်မရှိတော့ပေ။ မောဟခေါ် အဝိဇ္ဇာဖြစ်ခွင့်မရသည်နှင့် အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စတို့လည်း မဖြစ် နိုင်တော့ပါ။ ထိုတရားလေးပါး ဖြစ်ခွင့်မရသည်နှင့် ဒုစရိုက်များလည်း မဖြစ်နိုင်တော့ပေ။ ဤအသိ ကွာခြားမှုကြောင့် သောတာပန်နှင့် ရိုးရိုးပုထုဇဉ်တို့ သီလလုံခြုံပုံချင်း ကွာခြားသွားရခြင်းဖြစ်၏။

ပုထုဇဉ်သည် ငါးပါးသီလကို ဖေါက်ဖျက်ချင်သော်လည်း ဒုဂ္ဂတိဘေး၊ ဒဏ္ဍဘေး၊ ပရာနုဝါဒဘေးတို့ကို ကြောက်သောကြောင့် အောင့်အည်းပြီး ထိန်းသိမ်းနေခြင်းဖြစ်၏။ မအောင်အည်းနိုင်သောအခါ ကျူးလွန်မိတော့၏။ ထို့ကြောင့် ဖဆပလအစိုးရလက်ထက်က နိုင်ငံတော်အကြီးအကဲများ ဦးဆောင်၍ မြန်မာတစ်နိုင်ငံလုံး ငါးပါးသီလ လုံခြုံရေးအသင်းကြီးကို ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌကိုယ်တိုင် အသင်းပိုင်ငွေများကို အလွဲသုံးစားပြု(ခိုး)သဖြင့် အသင်းကြီး ပျက်စီးသွားခဲ့ရဖူးသည်။ ဟန်ဆောင်မှုမှန်သမျှ ရေရှည်ခံသည်ဟူ၍ မရှိချေ။

သောတာပန်များ ငါးပါးသီလလုံခြုံခြင်းသည်ကား အမြဲတမ်း အဖြစ်အပျက်ဖြင့် တရစပ်နှိပ်စက်နေသော သဘောတရား၊ ခန္ဓာငါးပါးအတွက် ဒုစရိုက်မှုကို စိတ်ထဲ က မလုပ်ချင်တော့၍ကို မလုပ်ခြင်းဖြစ်သည်။ အောင့်အည်းဟန်ဆောင်ပြီး စောင့်နေ ရခြင်းမဟုတ်။ ထိုသို့ သိမှုဝိဇ္ဇာဦးစီးပြီးစောင့်ထိန်းသော သီလဖြစ်သောကြောင့် ဘယ်သောအခါမှ မဖောက်ဖျက်ခြင်းဖြစ်သည်။

အဆင်း၊ အသံစသော အာရုံခြောက်ပါးနှင့်တွေ့ကြုံရာ၌ ယောကျ်ား၊ မိန်းမ၊ တိုက်တာစသော ပညတ်ပုံသဏ္ဍာန်နိမိတ်ကို အဝိဇ္ဇာဖြင့်စွဲယူပါက အပါယ်လေးပါးသို့ ကျနိုင်ကြောင်းကို သံယုတ်ပါဠိတော်၊ အာဒိတ္တပရိယာယသုတ်၌ ဗုဒ္ဓက ယခုလို ဟောကြားတော်မူခဲ့၏။

## အာရုံ(၆)ပါးကြောင့် အပါယ်ကျနိုင်ပုံ

'ရဟန်းတို့- ငါသည် သင်တို့အား အာဒိတ္တပရိယာယမည်သော တရားကို

www.burmeseclassic.com

www.burmeseclassic.com



ဟောအံ့၊ ထိုတရားဒေသနာတော်ကို သင်တို့ နာကြကုန်လော့၊ ရဟန်းတို့- လောလောပူသော၊ ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော အလျှံနှင့်တကွသော သံချောင်းဖြင့် မျက်စိကို ထိုးဖောက်ခံရခြင်းသည် မြတ်သေး၏၊ မျက်စိဖြင့်မြင်အပ်သော အဆင်းတို့၌ အမှတ်လက္ခဏာအားဖြင့် နိမိတ်ပုံကိုစွဲယူခြင်းသည် မမြတ်'

'ရဟန်းတို့- ဝိညာဏ်သည် တည်သည်ရှိသော် နိမိတ်ပုံကို သာယာခြင်းဖြင့် ဖွဲ့အပ်သည်ဖြစ်၍သော်လည်းကောင်း၊ အမှတ်လက္ခဏာကို သာယာခြင်းဖြင့် ဖွဲ့အပ်သည် ဖြစ်၍သော်လည်းကောင်း တည်၏၊ အကယ်၍ ထိုအချိန်၌ သေခဲ့သည်ရှိသော် ငရဲဘုံ၊ တိရိစ္ဆာန်ဘုံ နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသောဘုံသို့ ရောက်ရန်အကြောင်းရှိ၏၊ ရဟန်းတို့- ငါသည် ဤကဲ့သို့ အပြစ်ကိုမြင်၍ ဤသို့ဟောကြားခြင်းဖြစ်၏'

'ရဟန်းတို့- ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ ချွန်ထက်သော သံချွန်ဖြင့် နားကိုထိုးဖောက်ခြင်းသည် မြတ်သေး၏၊ နားဖြင့်ကြားအပ်သော အသံတို့၌ အမှတ် လက္ခဏာအားဖြင့် နိမိတ်ပုံကို စွဲယူခြင်းသည်မမြတ်'

'ရဟန်းတို့- ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ ထက်လှစွာသော လက်သည်း လှီးဓားဖြင့် နှာခေါင်းကိုထိုးဖောက်ခြင်းသည် မြတ်သေး၏၊ နှာခေါင်းတို့ဖြင့် နမ်းရှုအပ် သောအနံ့တို့၌ အမှတ်လက္ခဏာအားဖြင့် နိမိတ်ပုံကိုစွဲယူခြင်းသည် မမြတ်'

'ရဟန်းတို့- ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ ထက်လှစွာသော သင်ဓုန်းဓားဖြင့် လျှာကိုလှီးဖြတ်ခြင်းသည် မြတ်သေး၏၊ လျှာဖြင့်လျက်အပ်သော အရသာတို့၌ အမှတ်လက္ခဏာအားဖြင့် နိမိတ်ပုံကိုစွဲယူခြင်းသည် မမြတ်'

'ရဟန်းတို့-ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ ထက်လှစွာသော လှံဖြင့် ကိုယ်ကို ထိုးဆွခြင်းသည် မြတ်သေး၏၊ ကိုယ်ဖြင့် တွေ့ထိအပ်သော အတွေ့အထိတို့၌ အမှတ်လက္ခဏာအားဖြင့် နိမိတ်ပုံကိုစွဲယူခြင်းသည် မမြတ်'

'ရဟန်းတို့- အိပ်ပျော်နေခြင်းသည် မြတ်သေး၏၊ ရဟန်းတို့- စင်စစ်အားဖြင့် အိပ်ပျော်နေခြင်းသည် အသက်ရှင်လျက်ရှိသူတို့၏ အကျိုးမဲ့ အချည်းအနှီးဖြစ်ခြင်း၊ တွေဝေခြင်းပင်တည်းဟု ငါဆို၏၊ အကြင်သို့သဘောရှိသော အကြံအစည်တို့၏ အလိုသို့ လိုက်ပါသောသူသည် သံဃာကိုသင်းခွဲ၏၊ ထိုသို့သဘောရှိသော အကြံအစည်တို့ကိုကား မကြံစည်အပ်သည်သာတည်း၊ ရဟန်းတို့- ငါသည် အသက်ရှင်လျက်ရှိသူတို့၏ ဤသို့သောအပြစ်ကိုမြင်၍ ဤသို့ဟောကြားခြင်းဖြစ်၏'

(မှတ်ချက်)။ ။*သံဃာကို သင်းခွဲခြင်းကဲ့သို့သော မကောင်းသောအကြံအစည်ကို ကြံစည်နေခြင်းထက် အိပ်ပျော်နေခြင်းက မြတ်သေး၏ဟု ဆိုလိုသည်။*

'ရဟန်းတို့- အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည် ဤသို့ ဆင်ခြင်၏။ လောလောပူသောသံချောင်းဖြင့် မျက်စိကိုထိုးဖောက်ခြင်းကား ရှိစေတော့၊

www.burmeseclassic.com

www.burmeseclassic.com



(အဆင်းကိုမြင်တိုင်း) မျက်စိသည် မမြဲ၊ အဆင်းအာရုံတို့သည် မမြဲ စသည်တို့ဖြင့် ငါ နှလုံးသွင်းအံ့၊ ပြောင်ပြောင်တောက်သော သံချွန်ဖြင့် နားကိုထိုးဖောက်ခြင်းကား ရှိစေတော့၊ (အသံကိုကြားတိုင်း) နားသည် မမြဲ၊ အသံအာရုံတို့သည် မမြဲ စသည်ဖြင့် ငါ နှလုံးသွင်းအံ့'

'ပြောင်ပြောင်တောက်သော လက်သည်းလှီးဓားဖြင့် နှာခေါင်းကို ထိုးဖောက်ခြင်းသည် ရှိစေတော့၊ (အနံ့ကိုနံတိုင်း) နှာခေါင်းသည် မမြဲ၊ အနံ့သည်မမြဲ စသည်ဖြင့် ငါ နှလုံးသွင်းအံ့၊ ထက်လှစွာသောသင်ဓုန်းဓားဖြင့် လျှာကိုလှီးဖြတ်ခြင်းကား ရှိစေတော့၊ (ရသာရုံကို စားတိုင်း) လျှာသည် မမြဲ၊ ရသာရုံသည် မမြဲ စသည်ဖြင့် ငါ နှလုံးသွင်းအံ့'

'ချွန်ထက်လှစွာသောလှံဖြင့် ကိုယ်ကိုထိုးဆွခြင်းသည် ရှိစေတော့၊ ကိုယ်သည် မမြဲ၊ အတွေ့အထိအာရုံသည် မမြဲ စသည်ဖြင့် ငါနှလုံးသွင်းအံ့၊ အိပ်ပျော်နေခြင်းကား ရှိစေတော့၊ စိတ်သည် မမြဲ၊ ဓမ္မာရုံတို့သည် မမြဲ စသည်ဖြင့် ငါ နှလုံးသွင်းအံ့၊ ရဟန်းတို့- ဤသို့ရှုမြင်သော အရိယာတပည့်သည် မျက်စိ၊ အဆင်းအာရုံ၊ နားအသံအာရုံ၊ နှာခေါင်းအနံ့အာရုံ၊ လျှာအရသာအာရုံ၊ ကိုယ်အတွေ့အထိအာရုံ၊ မနောဓမ္မာရုံတို့၌ ငြီးငွေ့၍ တပ်မက်မှုကင်းကာ ကိလေသာတို့မှ လွတ်မြောက်သွားလေ၏'

**(မှတ်ချက်)။** ။*မျက်စိဟူသည် စက္ခုပသာဒ=သဘောတရားမျက်စိ အကြည်ရုပ်လေးကိုသာ ဆိုလိုခြင်းဖြစ်၏။ ပညတ်ပုံသဏ္ဌာန် မျက်လုံးကြီးတစ်ခုလုံးကိုဆိုလိုသည်မဟုတ် နားစသည်၌လည်း ထို့အတူမှတ်ပါ။ ခန္ဓာငါးပါး သက္ကာယဒိဋ္ဌိခွါခန်းတွင် အကျယ်ရေးခဲ့ပြီ။*

## မကြည့်တတ်တော့ တဏှာ၊ ကြည့်တတ်တော့ ဘာဝနာ

ဤနေရာ၌ အဆင်းရုပ်ကို မြင်ရတာချင်းတူသော်လည်း အဝိဇ္ဇာနှင့် သိမှုကြောင့် ဒုက္ခရောက်သွားရသူတစ်ဦးနှင့်၊ ဝိဇ္ဇာနှင့်သိမှုကြောင့် တရားရသွားသူတစ်ဦးတို့၏ဖြစ်ရပ်ကို ဖော်ပြအံ့။

ဗုဒ္ဓလက်ထက်တော်အခါကပင် ဖြစ်၏။ ဘိက္ခုနီမများသည် ဥပုသ်ပြုပြီး သိမ်မှထွက်လာကြ၏။ သိမ်မှကျောင်းသို့ သွားရာလမ်းခုလတ်တွင် အလှူရှင်များက (ကိန္နရာ)အမျိုးသားရုပ်တစ်ရုပ် ထွင်းထုထား၏။ အလွန် လက်ရာမြောက်သည့် လှပသောရုပ်ထုတစ်ခုပင်ဖြစ်၏။ ဘိက္ခုနီမအတော်များများ ရှေ့သို့လွန်သွားကြပြီ ဖြစ်သော်လည်း တစ်ယောက်သောဘိက္ခုနီမကား ထိုရုပ်ထုကိုကြည့်ရင်း ရပ်ကျန်ခဲ့၏။ ဖျာများ သိမ်းခြင်း၊ သိမ်တံခါးများ ပိတ်ခြင်းဖြင့် နောက်ဆုံးကျန်နေသော ဘိက္ခုနီမသည်ပင် ရုပ်ထုကိုကြည့်နေသော ဘိက္ခုနီမအနားသို့ ရောက်လာသည်။ ရုပ်ထုကို စူးစိုက်စွာကြည့်နေသော ဘိက္ခုနီမသည် တုပ်တုပ်မျှ မလှုပ်။ ထို့ကြောင့် နောက်မှ ဘိက္ခုနီမက-

www.burmeseclassic.com

www.burmeseclassic.com



'အရှင်မ- ရုပ်ထုကိုဘာကြောင့် ဒီလောက်ထိကြာအောင် ရပ်ကြည့်နေရတာလဲ' ဟုပြောပြီး ပုခုံးကိုကိုင်လှုပ်လိုက်၏။ ထိုအခါ ရုပ်ထုကိုကြည့်နေသော ဘိက္ခုနီမသည် မြေပြင်သို့ ဝုန်းကနဲလဲကျသွား၏။ သေချာကြည့်လိုက်သောအခါ အသက်မရှိတော့ပေ။ ဒုတိယဖြစ်ရပ်ကား သီရိလင်္ကာမှဖြစ်၏။ ရဟန်းပျိုတစ်ပါးသည် တောကြီး တစ်တောထဲဝင်၍ ဝိပဿနာတရားများကို တစ်ပါးတည်း ပွါးများအားထုတ်နေ၏။ ဝိပဿနာဘာဝနာနှင့်အတူ ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏာနုဿတိဟူသော ကိုယ်စောင့်တရားလေးပါးကိုလည်း ထိုက်သင့်သလိုပွားများ၏။ ထိုလေးပါးတို့တွင် တပ်မက်မှုတဏှာကိုပယ်သတ်ရာတွင် အားအကောင်းဆုံးဖြစ်သော အသုဘဘာဝနာကို ဝိပဿနာပြီးလျှင် အချိန်အများဆုံးပေးပြီး ပွားများ၏။

ဝိပဿနာယောဂီများကို အထူးသတိပေးလိုသည်မှာ ယင်း ကိုယ်စောင့်တရား(၄)ပါးကို သမထကမ္မဋ္ဌာန်းတွေ့ပါဆိုပြီး ဘေးဖယ်မထားဖို့ပင်ဖြစ်၏။ တောနေယောဂီများသည် မေတ္တာကမ္မဋ္ဌာန်းကို ထိုက်တန်သလောက်အချိန်ပေးပြီး နေ့စဉ်ပွားများသင့်၏။ ဗုဒ္ဓက သံယုတ်ပါဠိတော်၌ မေတ္တာမပွားသူ၏ခန္ဓာသည် မိန်းမများချည်းသာရှိသော အိမ်နှင့်တူကြောင်း ဥပမာပေးပြီး ဟောကြားတော်မူ၏။

အမျိုးသားမရှိဘဲ အမျိုးသမီးချည်းသာရှိသော အိမ်များကို ခိုးသူ၊ လုယက်သူများ အလွယ်တကူ ဝင်ရောက်ဒုက္ခပေးနိုင်သကဲ့သို့ မေတ္တာဘာဝနာမရှိသော တောနေရဟန်းများကိုလည်း မြေဘုတ်ဘီလူးများက အလွယ်တကူ ဝင်ရောက်နှောင့်ယှက်နှိပ်စက်နိုင်ကြောင်း သိစေလိုခြင်းပင်ဖြစ်၏။ ထိုသံယုတ်ပါဠိတော် မဏိဘဒ္ဒသုတ်၌ပင် မေတ္တာဘာဝနာ ပွားများသင့်ပုံကို ဆက်လက်ဟောကြားတော်မူခဲ့သေး၏။

မဂဓတိုင်း မဏိဘဒ္ဒဘီလူး၏ဗိမာန်၌ ဗုဒ္ဓ သီတင်းသုံးစဉ် မဏိဘဒ္ဒဘီလူးက သတိရှိခြင်းနှင့် ပတ်သက်၍ ယခုလိုလျှောက်ကြား၏။

ဘီလူး။ ။သတိရှိသောသူကား အခါခပ်သိမ်းကောင်းမြတ်၏၊ သတိရှိသောသူသည် ချမ်းသာခြင်းကိုရ၏၊ ဘေးရန်မှလည်း လွတ်၏။

ဗုဒ္ဓ။ ။သတိရှိသောသူကား အခါခပ်သိမ်းကောင်းမြတ်၏၊ သတိရှိသောသူသည် ချမ်းသာခြင်းကို ရ၏၊ သို့သော် ဘေးရန်မှကား မလွတ်သေးပေ၊ နေ့ညမပြတ် သတ္တဝါအားလုံးအပေါ်၌ မေတ္တာကို ပွားများနေသော ပုဂ္ဂိုလ်အားမူ တစ်စုံတစ်ယောက်သောသူနှင့်မျှ ခိုက်ရန်ဖြစ်ပွားခြင်းမရှိတော့ချေ။

ထိုဒေသနာညွှန်ပြချက်အတိုင်း မေတ္တာဘာဝနာကို မပွားသဖြင့် ဒုက္ခရောက်သွားရသော ရဟန်းတော်သုံးပါး၊ မေတ္တာဘာဝနာပွားသဖြင့် ချမ်းသာစွာ တရားရသွား သော ရဟန်းတော်တစ်ပါးတို့၏ တကယ့်ဖြစ်ရပ်တစ်ခုကို ဖော်ပြအံ့။

ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်အတွင်းတွင် တောရကျောင်းလေးတစ်ကျောင်းရှိ၏။ မူလတောရကျောင်း ဆရာတော် ပျံလွန်တော်မူသွားသဖြင့် နေမည်သူမရှိဖြစ် နေ၏။ ထိုတောကျောင်းကလေးသည် မိုးရေများဝင်ပြီး ပြန်ထွက်ပေါက်မရှိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပုပ် နေ၏။ ထို့ကြောင့် ရေပုပ်တော-တောရကျောင်းဟု ခေါ်၏။

တစ်နေ့တွင် ရဟန်းတော်တစ်ပါး ယင်းကျောင်းသို့သွားပြီး တရားအားထုတ်၏။ ရက်များမကြာမီမှာပင် ပျံလွန်တော်မူသွားသည်။ နောက်ထပ်နှစ်ပါး ဆက်၍ ပျံလွန် တော်မူသောအခါတွင်ကား ရေပုပ်တောတောရတွင် နေရဲသည့်ရဟန်း မရှိတော့ပေ။ မူလတောရဆရာတော်သည် မကျွတ်မလွတ်ဖြစ်ကာ ရောက်လာသမျှ ကိုယ်တော်များကို ဒုက္ခပေးနေခြင်းဖြစ်ကြောင်း သတင်းကြီးနေ၏။

တစ်နေ့တွင် လေးပါးမြောက်ရဟန်းတော်တစ်ပါးသည် ဒကာ၊ ဒကာမများ တားနေသည့်ကြားမှပင် ထိုကျောင်းသို့ သွားရောက်နေထိုင်ကာ တရားအားထုတ်၏။ သူ့တွင် မကောင်းဆိုးဝါးဘေးမှကာကွယ်ပေးသည့် အဆောင်ကောင်းရှိသည်ဟူ၍လည်း ထိုရဟန်းက ဒကာ၊ ဒကာမများကိုပြောလိုက်သေး၏။

ဒကာ ဒကာမများသည် သူတို့ ရဟန်းတော်အတွက် နေ့စဉ် စိုးရိမ်နေရ၏။ တစ်လကျော် ကြာသွားသည်အထိ မည်သည့် သတင်းမျှမကြားရမှ ဒကာ၊ ဒကာမများ စိတ်အေးစပြုကြရသည်။

## သရဲကပင် စောင့်ရှောက်တာ "မေတ္တာ"

ထိုရဟန်းတွင် မကောင်းဆိုးဝါးအန္တရာယ်မှ ကင်းဝေးစေသည့် 'အဆောင်ကောင်း' ရှိသည်ဆိုသည်မှာ မှန်ပေသည်။ သူ၏အဆောင်ကား 'မေတ္တာဘာဝနာ' တည်း။ ထိုရဟန်းသည် ရေပုပ်တောတောရကျောင်းသို့ မလာခင်ကတည်းက ကြိုတင်မေတ္တာပို့ထား၏။ ကျောင်းတွင်းနှင့် တောတွင်းရှိ မြင်အပ်၊ မမြင်အပ်သော သတ္တဝါအပေါင်းကို ရည်စူးသော ဥဒ္ဒိသမေတ္တာများ စိတ်တွင်းမှ နေ့စဉ်ပို့ပေးခြင်း ဖြစ်၏။ ထိုကျောင်းသို့ ရောက်သောအခါတွင်လည်း မေတ္တာဘာဝနာကို ဦးစွာပွားပြီးမှ ဝိပဿနာတရားကို ရှု၏။

ထို့ကြောင့် တစ်လကျော်သည်အထိ မည်သည့်အနှောင့်အယှက်မှမတွေ့ခြင်း ဖြစ်၏။ တစ်လကျော်သည်အထိ မည်သည့်အနှောင့်အယှက်မှမတွေ့သောအခါ ရဟန်းတော်သည် ခပ်ပေါ့ပေါ့သဘောထားလိုက်ပြီး မေတ္တာမပွားဘဲ ဝိပဿနာသက်သက်ကိုသာ ရှုတော့၏။ ထိုသို့ မေတ္တာမပွားပဲနေရာ တစ်ပတ်ခန့်အကြာမှာပင် ကျောင်းခေါင်းရင်းတိုင်ကြီးပေါ်မှ မကောင်းဆိုးဝါးတစ်ကောင် ဆင်းလာပြီး ရဟန်းတော်ကို ကျောင်းထဲ၌ မနေရန် နှင်ထုတ်၏။

အရင်ကိုယ်တော်သုံးပါးကို ဒုက္ခပေးသောသူဖြစ်ကြောင်း သေချာသိသဖြင့် ရဟန်းတော်က စိတ်တွင်းမှ မေတ္တာပို့ကာ တရားဟော၏။ တောရရဟန်းတစ်ပါးဖြစ်လျက် အလိုလောဘနှင့်သေရသောကြောင့် ယခုလို ပြိတ္တာဘဝသို့ရောက်ရပုံ၊ ယခုတစ်ဖန် တရားရှုပွားသောရဟန်းအများကို ဒေါသဖြင့် ဆက်လက်ပြီးဒုက္ခပေးဦးမည်ဆိုလျှင် ပြိတ္တာဘဝမှသေလျှင် အဝီစိငရဲထိကျပြီး၊ သံသရာမှ လွတ်လမ်းမရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ပုံကို သေချာဟောပြပြီး ငါးပါးသီလဆောက်တည်ပေးကာ လုံခြုံအောင်စောင့်စေပြီး ပြုသမျှ ကုသိုလ်အဖို့ဘာဂကိုလည်း အမျှပေးလိုက်၏။ ထိုအခါကျမှ မကောင်းဆိုးဝါး ကြီးမှာ ပြိတ္တာဘဝမှ ကျွတ်လွတ်သွားခဲ့ရသည်။

မကောင်းဆိုးဝါးဘဝသို့ရောက်သွားသော တောရရဟန်းမျိုးကိုကြည့်၍ ဗုဒ္ဓက သဠာယတန သံယုတ်၊ မိဂဇာလသုတ်၌ တစ်ပါးတည်းနေသူနှင့် အဖော်နှင့် နေသူတို့၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ဆက်လက်ဟောကြားတော်မူခဲ့၏။

## တစ်ပါးတည်းနေသူဆိုတာ

'အရှင်ဘုရား- တစ်ပါးတည်းနေသူ၊ တစ်ပါးတည်းမနေသူဟုဆိုရာ၌ အဘယ် မျှဖြင့် တစ်ပါးတည်းနေသူဖြစ်ပါသနည်း။ အဘယ်မျှဖြင့် အဖော်နှင့်နေသူဖြစ်ပါသ နည်း' ဟူ၍ ရှင်မိဂဇာလက မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော် မူလေသည်-

'မိဂဇာလ၊ လိုလားအပ်, နှစ်သက်မြတ်နိုးအပ်ကုန်သော စွဲမက်ဖွယ်ဖြစ်ကုန် သော၊ စက္ခုဝိညာဉ်ဖြင့် သိအပ်သော အဆင်းအာရုံတို့သည် ရှိကုန်၏၊ ထိုအဆင်း အာရုံတို့ကို လွန်စွာနှစ်သက်စွဲလမ်း၍ တည်သောရဟန်းအား နှစ်သက်မှုသည်ဖြစ်၏၊ နှစ်သက်မှုရှိသော် ပြင်းစွာစွဲမက်မှုဖြစ်၏၊ ပြင်းစွာစွဲမက်မှုရှိသော် စပ်ယှဉ် နှောင်ဖွဲ့မှု သည် ဖြစ်၏၊ မိဂဇာလ၊ နှစ်သက်မှုဖြင့် စပ်ယှဉ်နှောင်ဖွဲ့ခြင်းခံရသော ရဟန်းကို 'အဖေါ်နှင့်တကွနေသည်'ဟု ဆိုအပ်၏'

(အသံအာရုံ စသည်တို့ကိုလည်း အဆင်းအာရုံနည်းတူ ချဲ့၍သိပါ)

'မိဂဇာလ၊ ထိုသို့နေလေ့ရှိသော ရဟန်းသည် လူကင်းဆိတ်သော တော ကျောင်းတို့ကို မှီဝဲစေကာမူ အဖော်နှင့်တကွနေသူဟူ၍သာ ဆိုအပ်ပါ၏။ အဘယ် ကြောင့်ဆိုသော် တဏှာတည်းဟူသောအဖော်ကို မပယ်ရသေးသောကြောင့်ဖြစ်၏'

'မိဂဇာလ၊ လိုလားနှစ်သက်တပ်မက်ဖွယ်ဖြစ်သော အဆင်းအာရုံတို့ကို လွန် စွာ နှစ်သက်စွဲလမ်း၍ မတည်သောရဟန်းအား နှစ်သက်မှုသည် ချုပ်၏၊ နှစ်သက်မှု မရှိသော် ပြင်းစွာစွဲမက်မှု မဖြစ်၊ ပြင်းစွာစွဲမက်မှုမရှိသော် စပ်ယှဉ်နှောင်ဖွဲ့မှုမဖြစ်၊ မိဂဇာလ- နှစ်သက်မှုသံယောဇဉ်ဖြင့် နှောင်ဖွဲ့ခြင်းမခံရသောရဟန်းကို တစ်ပါးတည်း နေသည်ဟု ဆိုအပ်၏။ (အသံအာရုံ စသည်ကိုလည်း အဆင်းအာရုံနည်းတူသိပါ) မိဂဇာလ- ဤသို့ နေလေ့ရှိသောရဟန်းသည် ရဟန်း၊ ရဟန်းမ စသည်တို့နှင့် ရောနှော လျက် ရွာအနီး၌ပင်နေငြားသော်လည်း တစ်ပါးတည်းနေသူဟူ၍ ဆိုအပ်၏၊ အဘယ် ကြောင့်ဆိုသော် တဏှာတည်းဟူသောအဖော်ကို ပယ်အပ်ပြီးသော ကြောင့်ဖြစ်၏'

ဤဒေသနာအရ တောထဲမှာပင်နေနေ၊ ရပ်ရွာထဲမှာပင်နေနေ အာရုံ ခြောက်ပါးအပေါ် တပ်မက်သော တဏှာမဖြစ်လျှင် တစ်ယောက် တည်းနေသူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်ဟူသော အတွေးအခေါ်ကို ထိထိမိမိ၊ စွဲစွဲမြဲမြဲ မှတ်ယူအပ်ပါ၏။ တဏှာမဖြစ်ရန် တစ်ခုတည်းသောနည်းမှာလည်း အာရုံခြောက်ပါးနှင့် တိုက်ဆိုင်လာတိုင်း ခန္ဓာငါးပါးအနိစ္စ ဟု ရှုပွားရန်မှတစ်ပါး အခြားမရှိပါချေ။

မူလရေပုပ်တော တောရဆရာတော်သည် အပေါ်ယံအမြင်အရ တောထဲတွင် တစ်ပါးတည်းနေသည်ပင်ဖြစ်သော်လည်း အာရုံခြောက်ပါးအပေါ် တပ်မက်သော တဏှာနှင့်နေသည်ဖြစ်သောကြောင့် တစ်ပါးတည်းနေရာမရောက်ဘဲ အဖော်နှင့် နေရာ ရောက်ခဲ့ရသည်။ ထို့ကြောင့် သူလက်ခံမိသော တဏှာ၏ပို့ဆောင်မှုဖြင့် ပြိတ္တာဘဝသို့ ရောက်ခဲ့ရခြင်းဖြစ်သည်။

ကိုယ်စောင့်တရား လေးပါးအနက်မှ 'အသုဘဘာဝနာ'ကို နိုင်နင်းအောင်ပွားများထားသော သီရိလက်ာမှ ရဟန်းပျို၏အကြောင်းကို ဆက်ပါအံ့။

တစ်ခုသောညနေခင်းတွင် နုပျိုချောမောသော အမျိုးသမီးတစ်ယောက်သည် လင်သားနှင့် ရန်ဖြစ်ကာ အိမ်မှဆင်းလာပြီး အမျိုးများရှိရာရွာသို့ တစ်ယောက်တည်းပြန်၏။ သူမ သွားလိုသောရွာသို့ရောက်ရန် ရဟန်းပျိုတစ်ပါး တရားအားထုတ်နေသော တောအုပ်ကြီးကို ဖြတ်သန်းရ၏။ အရုပ်ဆိုးသူကိုပင် လှပစေသောအချိန်ဟုဆိုရသည့် ဆည်းဆာအချိန်တွင် လှပသော မိန်းမငယ်နှင့် နုပျိုသော ရဟန်းတို့သည် တောအုပ်ကြီးအတွင်း ရင်ဆိုင်တွေ့ကြလေတော့၏။

သူတို့နှစ်ဦးသည် အဆင်းရုပ်(ရူပါရုံ)ကို မြင်ကြသည်ချင်းတူသော်လည်း သိပုံ ချင်းကား မတူကြ။ မိန်းမငယ်သည် ပျိုမြစ်နုနယ်သော ယောကျ်ားဟူသည့် ပညတ်ကိုသာ မြင်၏။ ယောကျ်ားဟူသော ပညတ်ပေါ် လမ်းဆုံးသောကြောင့် နှစ်သက်သော အခါ လောဘစိတ်ဖြစ်လာ၏။ ထိုလောဘဓာတ်က ညို့မြူဆွဲဆောင်သော အပြုံးပန်း တစ်ပွင့်ကို ဖူးပွင့်သွားစေ၏။ မြောင်းပေးသော်လည်း ရေကား-ဆင်းမလာ။ အဘယ် ကြောင့်နည်း။ အမြင်ချင်း မတူသောကြောင့်ပေတည်း။

မိန်းမငယ်၏ နှစ်လိုဖွယ်အပြုံးကြောင့်ပေါ်လာသော ဖြူဖွေးလှပညီညာသည့်သွားအစုံတို့ကို မြင်လိုက်ရသည်နှင့် ပွားများနေကျ'အဋ္ဌိက'ခေါ် အရိုးစုကမ္မဋ္ဌာန်းသည် ချက်ချင်း ဉာဏ်မှာပေါ်လာ၏။ အဋ္ဌိက-ကမ္မဋ္ဌာန်းသည် အသုဘကမ္မဋ္ဌာန်းဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၏။ ဖြူဖွေးညီညာသော သွားများမှတစ်ဆင့် အရိုးစုကြီး တစ်ခုလုံးကို ဉာဏ်ဖြင့်မြင်လိုက်သည်နှင့် တပ်မက်သည့်လောဘဓာတ်သည် အနားသို့ ကပ်မလာနိုင်တော့ပဲ ရုပ်ကိုငြီးငွေ့သည့် 'နိဗ္ဗိန္ဒဉာဏ်'ပေါ်လာ၏။

ထိုမှတစ်ဆင့် မျက်စိအကြည်ရုပ်နှင့် အဆင်းရုပ်ဟူသော ရူပက္ခန္ဓာ၏ တစ်စက္ကန့်အတွင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်ပုံ၊ အဆင်းရုပ်ကို မြင်သိစိတ် ဝိညာဏက္ခန္ဓာ၊ အဆင်း၏ အရသာကိုခံစားမှု ဝေဒနာက္ခန္ဓာ၊ အဆင်းကို မှတ်သားမှု သညာက္ခန္ဓာ၊ တိုက်တွန်းနှိုးဆော်မှုစေတနာ ဦးဆောင်သည့် စေတသိက်ငါးလုံး သင်္ခါရက္ခန္ဓာတို့၏ တစ်စက္ကန့်တွင် ကုဋေတစ်သိန်းဖြစ်ပျက်ပုံတို့ကို ဉာဏ်ဖြင့် သေချာပြီး

www.burmeseclassic.com

www.burmeseclassic.com



'ခန္ဓာငါးပါး-အနိစ္စ'ဟူ၍ ကြည့်ရင်းပင် ဝိပဿနာရှုပွားနေရာ ခဏအကြာမှာပင် လေးမဂ်လေးဖိုလ်ရပြီး ရဟန္တာဖြစ်သွားတော်မူ၏။

ရဟန်းပျို့ထံမှ စိတ်ဝင်စားသည့်အမူအရာကို မတွေ့ရသဖြင့် မိန်းမငယ်သည် စိတ်ပျက်အားလျော့ကာ သူ့လမ်းသူ ဆက်လက်ထွက်ခွါသွား၏။ နောက်အတော်ကြာတွင် မိန်းမငယ်၏ခင်ပွန်းသည် လိုက်လာ၏။ တောအုပ်ထဲမှ ရဟန်းကိုတွေ့သည်နှင့်-

'စောစောက ဒီနေရာမှာအမျိုးသမီး တစ်ယောက်ကို တွေ့လိုက်ပါသလား ဘုရား'

ဟု မေးလျှောက်၏။ ရဟန်းက သူမြင်ခဲ့သည့် အမြင်ကိုသာ အမှန်တိုင်း ပြန်ဖြေလိုက်၏။

'မိန်းကလေးမှန်း, ယောကျ်ားမှန်းတော့ မသိဘူး၊ ဒါပေမယ့် အရိုးစုကြီးတစ်ခု ဖြတ်သွားတာကိုတော့ မြင်လိုက်ပါတယ်။'

ဤဖြစ်ရပ်နှစ်ခု၌-

ဘိက္ခုနီမသည် ကိန္နရာဟူသော အဆင်းရုပ်ကိုမြင်၏။ ရဟန်းသည်လည်း မိန်းမငယ်ဟူသော အဆင်းရုပ်ကိုမြင်၏။

ဤသို့ အဆင်းရုပ်ကို မြင်တာချင်းတူသော်လည်း ဘိက္ခုနီမသည် မသိမှု အဝိဇ္ဇာနှင့် ယောကျ်ားဟုမြင်၏။ ထို့ကြောင့် လောဘမီးလောင်ကာ သေပွဲဝင်ခဲ့ရ၏။ သေပြီးနောက် မည်သည့်ဘုံကိုရောက်သည်ဟု စာပေ၌မပါသော်လည်း အကုသိုလ်စိတ် နှင့် သေဆုံးရခြင်းကြောင့် အပါယ်လေးဘုံ တစ်ဘုံဘုံသို့ လားရမည်သာဖြစ်၏။

ထို့ကြောင့် ရှေ့တွင်ပြခဲ့သော အာဒိတ္တပရိယာယသုတ်တွင်-

'ရဟန်းတို့- လောလောပူသော၊ ရဲရဲညီးသော
ပြောင်ပြောင်တောက်သော အလျှံနှင့်တကွသော
သံချောင်းဖြင့် မျက်စိကိုထိုးဖောက်ခြင်းသည် မြတ်သေး၏။
မျက်စိဖြင့် မြင်အပ်သောအဆင်းတို့၌
အမှတ်လက္ခဏာအားဖြင့် နိမိတ်ပုံကိုစွဲယူခြင်းသည် မမြတ်'

ဟု ဟောတော်မူခြင်းဖြစ်၏။ အဘယ်ကြောင့် ထိုသို့ဟောတော်မူရသနည်း- သံချောင်းဖြင့် မျက်စိကိုထိုးဖောက်ခံရလျှင် မျက်စိသော်လည်း ပျက်မည်။ တစ်ဘဝသာလျှင်လည်း သေမည်။ မြင်ရသောအဆင်းရုပ်ကို ယောကျ်ား၊ မိန်းမဟုလည်း ကောင်း၊ တိုက်တာခြံမြေဟုလည်းကောင်း၊ ပညတ်ပေါ်တင်၍ အမှတ်လက္ခဏာ နိမိတ်ပုံအားဖြင့် စွဲယူလိုက်လျှင် သံသရာဒုက္ခထဲမှမလွတ်ပဲ ဘဝပေါင်းများစွာ သေရမည်ဖြစ် သောကြောင့်တည်း။

အမျိုးသမီးကို မြင်သောရဟန်းသည်ကား ဝိပဿနာပညာဖြင့် အမျိုးသမီးဟူသောပညတ်ကို ပယ်ခွါ၍ အဆင်းရုပ်ဟူသော ပရမတ်တရားထိရောက်အောင် ဝိဇ္ဇာဖြင့် ရှုမြင်နိုင်သောကြောင့် ကိလေသာ၏ အနှိပ်အစက်ကိုမခံရဘဲ လေးမဂ်လေး

www.burmeseclassic.com

www.burmeseclassic.com



ဖိုလ်ရကာ ရဟန္တာဖြစ်တော်မူခဲ့ရခြင်းဖြစ်၏။ ဤနေရာမှစ၍ စာရှုသူများ အားကျ အတုယူနိုင်စေရန် သံယုတ်ပါဠိတော်တွင်ပါရှိသော- ဝိပဿနာယာနိကနည်းဖြင့် ခန္ဓာ ငါးပါး အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုပြီး ရဟန္တာဖြစ်သွားကြသော မထေရ်မြတ်တို့၏ဖြစ်စဉ်ကို ဖော်ပြသွားမည်ဖြစ်သည်။

## ကိုယ်တွေ့(၃)မျိုး

မိမိကိုယ်တွေ့၊ ဆရာ့ကိုယ်တွေ့၊ ဗုဒ္ဓကိုယ်တွေ့ဟု ကိုယ်တွေ့ သုံးမျိုးရှိရာတွင် ယခုခေတ် အချို့သော ကမ္မဋ္ဌာန်းပြဆရာ၊ အချို့သော ယောဂီများသည် မိမိကိုယ်တွေ့နှင့် ဆရာ့ကိုယ်တွေ့ကိုသာ အဓိကထားပြီး ဗုဒ္ဓကိုယ်တွေ့ကို ဘေးဖယ်ထားကြ၏။ ထို ကိုယ်တွေ့သုံးမျိုးတွင် မိမိကိုယ်တွေ့နှင့် ဆရာ့ကိုယ်တွေ့သည် မှားနိုင်၏။ မမှားနိုင်သော ကိုယ်တွေ့ကား ဗုဒ္ဓကိုယ်တွေ့ပင်ဖြစ်၏။

ပါဠိတော်၊ အဋ္ဌကထာများသည် ဗုဒ္ဓကိုယ်တွေ့များကို မှတ်တမ်းတင်ထားခြင်းဖြစ်၏။ မိမိကိုယ်တွေ့နှင့် ဆရာကိုယ်တွေ့တို့၏ အမှားအမှန်ကို ဗုဒ္ဓကိုယ်တွေ့ဖြစ်သော ပါဠိတော်များနှင့် တိုက်ကြည့်နိုင်ရမည်ဖြစ်၏။ တိုက်ကြည့်ရဲရ မည်ဖြစ်၏။ တချို့ကား သူတို့၏ကိုယ်တွေ့ကို ဗုဒ္ဓကိုယ်တွေ့နှင့် တိုက်မကြည့်ရဲသဖြင့်-

'တို့က-စာတွေကို ပြော တာမဟုတ်ဘူး၊ ခန္ဓာတွေကို ပြောတာ၊ တို့ရိပ်သာမှာ စာအကြောင်းတွေ လာမပြောနဲ့'

ဟုဆိုကာ ပိဋကတ်တော်ကိုပယ်ကြ၏။

တရားကိုပယ်လျှင် ဘုရားကိုလည်း ပယ်ရာရောက်၏။ ဘုရားကိုပယ်သော သူများ၏ ကျင့်စဉ်သည် အဘယ်မှာ အမှန်ကိုရောက်ပါတော့မည်နည်း။ ဘုရား ပရိနိဗ္ဗာန်စံခါနီးအချိန်က-

'အာနန္ဒာ၊ ဓမ္မကိုလည်းကောင်း၊ ဝိနယကိုလည်းကောင်း
ငါဘုရား ကုန်စင်အောင် ဟောကြားတော်မူခဲ့ပြီ၊
ငါဘုရား ပရိနိဗ္ဗာန်စံဝင်သောအခါ ထိုဓမ္မ၊ ဝိနယ(ပိဋကတ်သုံးပုံ)သည်
သင်တို့ဆရာ ဖြစ်ရစ်လိမ့်မည်'

ဟု ဟောကြားတော်မူခဲ့ရာ ပိဋကတ်သုံးပုံသည် ဘုရားကိုယ်စားပင် ဖြစ်သည်။ မြို့တစ်မြို့တွင် ပိဋကတ်ကိုပယ်သော တောထွက် ကမ္မဋ္ဌာန်းပြဘုန်းကြီးနှစ်ပါး ရှိခဲ့ဖူး၏။ သူတို့နည်းသည် ထွက်လေဝင်လေကို ကြောက်စရာကောင်းလောက်အောင် ပြင်းထန်စွာ ရှုကြရ၏။ မည်မျှထိ ရှုရသနည်းဆိုလျှင် ချွဲသလိပ်နှင့် နှပ်များ ထွက်ကျသည်အထိ ရှုရိုက်ကြရ၏။ တချို့ ပက်လက်လန် လဲကျသည်အထိ ရှုရိုက်ကြရ၏။

တချို့ ပင်ပန်းလွန်းသဖြင့် စိတ်ဖောက်ပြန်ကာ ငိုသူ, ငိုကြ၏။ ကြမ်းပြင်ပေါ် လူးသူ, လူးနှင့် ဖြစ်ကြ၏။ ထိုသူတို့၏အကျင့်ကို အမှားလော အမှန်လောဟူ၍ ဝေဖန် နိုင်ရန် သဒ္ဓမ္မသုံးပါး အစစ်နှင့်အတုကို ခွဲခြားဖော်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓမ္မသည်-

အဓိဂမသဒ္ဓမ္မ = ရအပ်ရောက်အပ်သောတရား

ပဋိပတ္တိသဒ္ဓမ္မ = ကျင့်ကြံအားထုတ်အပ်သောတရား

ပရိယတ္တိသဒ္ဓမ္မ = သင်ယူအပ်သောတရား ဟု သုံးမျိုးရှိ၏။

## သူတော်ကောင်းတရား အစစ်နှင့်အတု

ထိုတွင် မဂ်လေးပါး ဖိုလ်လေးပါးသည် အဓိဂမသဒ္ဓမ္မ အစစ်မည်၏။ စိတ်၏ တည်ငြိမ်မှုသမာဓိကြောင့် ထင်မြင်လာသော အလင်းရောင် 'သြဘာသ'စသော တရားဆယ်ပါးသည် အဓိဂမသဒ္ဓမ္မအတုမည်၏။ မဂ်ဖိုလ်ရကြောင်း ဝိပဿနာအကျင့် လမ်း စဉ်နှင့် စတုပါရိသုဒ္ဓိသီလသည် ပဋိပတ္တိသဒ္ဓမ္မအစစ်မည်၏။ မိမိကိုယ်ကို ပင်ပန်းအောင် ညှဉ်းဆဲသော 'အတ္တကိလမထာနုယောဂ' စသည်တို့သည် 'ပဋိပတ္တိ သဒ္ဓမ္မအတု'မည်၏။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော သင်္ဂါယနာသုံးတန်ဝင် ပိဋကတ်တော် သည် 'ပရိယတ္တိသဒ္ဓမ္မအစစ်'မည်၏။ သင်္ဂါယနာသုံးတန်တင်ရာတွင် မပါဝင်သော-

| | | |
|---|---|---|
| ၁။ ဂုဠ္ဍမဂ္ဂ | ၂။ ဂုဠ္ဍဝိနယန | ၃။ ဂုဠ္ဍဝေဿန္တရ |
| ၄။ ဂုဠ္ဍမဟောသဓ | ၅။ ဝဏ္ဏပိဋက | ၆။ အင်္ဂုလိမာလပိဋက |
| ၇။ ရဋ္ဌပါလဂဇ္ဇိတ | ၈။ အာဠဝကဂဇ္ဇိတ | ၉။ ဝေဒလ္လ(ဝေတုလ္လ)ပိဋက |

စသောကျမ်းများသည် ဘုရားဟောတရားတော်နှင့် ဆန့်ကျင်၍ ကိလေ သာပွားများအောင် ရေးသားဖွဲ့ဆိုထားသည့်အပြင် ဘုရားဟောတရားများ ဖြစ်လေ ဟန် ရေးသားထားသောကျမ်းများဖြစ်ရကား ပရိယတ္တိသဒ္ဓမ္မအတုမည်၏။ ထိုကျမ်း တို့တွင် ဝေဒလ္လပိဋကတ်ကို နဂါးပြည်မှရရှိသောကျမ်းဟု ဖော်ပြကြ၏။

*(သံ၊ ဋီ၊ ၁၊ နှာ-၁၇၀)*

ဤအာဂမယုတ္တိနှင့် စစ်ကြည့်လိုက်လျှင် နောက်ပစ်လဲအောင် နှပ်များ၊ တံ တွေးများထွက်အောင်၊ အော်ငိုအောင် ရှူရှိုက်လုပ်ရသောကျင့်စဉ်သည် ပဋိပတ္တိသဒ္ဓမ္မ အတုဖြစ်ကြောင်း ဆုံးဖြတ်နိုင်ပေသည်။ ဗုဒ္ဓက ဓမ္မစကြာတွင် -

'ဒွေမေ ဘိက္ခဝေ အန္တာ၊ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ

ကတမေ ဒွေ ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ အတ္တကိ လ မထာနုယောဂေါ'

'ချစ်သားတို့ - အစွန်းနှစ်ပါးကို မမှီဝဲရ၊ ထိုအစွန်းနှစ် ပါးတို့ကား- တရား မရှုပဲ ကာမဂုဏ်ကိုသာ ခံစားနေခြင်း၊ မိမိကိုယ်ကို ဆင်းရဲအောင် ကျင့်ခြင်းတို့ တည်း'ဟု ဟောခဲ့ခြင်းသည်လည်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်အောင် ကျင့်ခြင်းကို ပယ်ခိုင်းခြင်း ပင်ဖြစ်၏။ သဘာဝယုတ္တိနှင့် စစ်ကြည့်လျှင်လည်း သူတို့၏ကျင့်စဉ် သည် အကျင့်မှား ဖြစ်၏။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်း၏ အဓိက အကြောင်းသည်

www.burmeseclassic.com

www.burmeseclassic.com



လောဘ၊ ဒေါသ စသော ကိလေသာများကြောင့်ဖြစ်၏။ ဝိပဿနာ တရားကို ရှုပွားခြင်းသည် ထိုသည့် ကိလေသာများ ပါးရန်၊ ခမ်းရန်၊ ကုန်ရန်အ တွက်သာဖြစ်၏။

ယခုနည်းဖြင့် တရားအားထုတ်ပါမှ နှုပ်ထွက်ပြီး နောက်ပြန်ပစ်လဲရခြင်းသည် ကိုယ်စိတ် ဆင်းရဲခြင်းဖြစ်၏၊ မချိမဆန့် ထိုင်ရ၊ မချိမဆန့် ရှုရဖြင့် ဣန္ဒြေကိုပင် မထိန်းနိုင်ဘဲ အော်ဟစ်ငိုယိုခြင်းသည် စိတ်ဆင်းရဲခြင်းပင်ဖြစ်၏။ စိတ်ဆင်းရဲခြင်းသည်လည်း ဒေါသကိလေသာဖြစ်ခြင်းပင်ဖြစ်၏၊ ထိုအချိန်တွင် သေက, အပါယ်သို့ ကျရောက်ရန်သာရှိ၏။ ထို့ကြောင့် သဘာဝယုတ္တိအားဖြင့်ကြည့်လျှင်လည်း ကိလေသာ နည်းသွား၊ ကုန်သွားသည်ကို မတွေ့ရဘဲ ပိုဖြစ်လာသည်ကိုပင် တွေ့ရသောကြောင့် သူတို့၏ ပြင်းထန်စွာရှုရသောနည်းမှာ အမှားသာဖြစ်၏။

ဝိပဿနာသည် အလွန်ခက်ခဲသိမ်မွေ့ရကား ဉာဏ်ဦးဆောင်မှ ရသောတရား ဖြစ်၏။ လောကီစီးပွားဥစ္စာရှာသကဲ့သို့ ဝီရိယအားကောင်းတိုင်း ရသောတရား မဟုတ်ပေ။ ဝီရိယ မည်မျှလောက်ပင်အားကောင်းသော်လည်း ဉာဏ်မပါလျှင် တရား မရနိုင်ပေ။ နောက်ဘဝအတွက် ပါရမီလောက်သာဖြစ်၏။

ထိုစကားကို သဘာဝယုတ္တိဖြင့်ပြအံ့။ မဂ်ဖိုလ်မရအောင်တားသော အန္တ-ရာယ် ငါးပါးတွင် ဝိပါကန္တရာယ်ဟူ၍ တစ်ခုပါ၏။ ထို ဝိပါကအန္တရာယ်၏ အဓိပ္ပာယ်အား မိခင်ဝမ်းတွင်း ပဋိသန္ဓေတည်စဉ်ကတည်းက ဉာဏ်ပညာပါမလာ သူဟုဆိုလို၏။ အများအားဖြင့် ဒွိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ကြ၏။ သူသည် လောကီဆိုင်ရာ ဘွဲ့များကို ရချင် ရမည်ဖြစ်သော်လည်း ဉာဏ်မပါသည့်အတွက် မဂ်ဖိုလ်ဟူသောဘွဲ့ များကိုကား ရမည် မဟုတ်ပေ။

ထို့ကြောင့် ယခုဘဝတွင် တရားမနိုင်သည့် ဒွိဟိတ်ပုဂ္ဂိုလ်များသည် နက်နဲသော ပရတ်မတ်တရား၊ ဓာတ်တရား၊ သစ္စာတရားတို့ကို နာလည်း မနာချင်ကြ။ စိတ်လည်း မဝင်စားကြ၊ မတတ်သာ၍ နာကြည့်လျှင်လည်း နားမလည်ကြပေ။ ဒွိဟိတ် ပုဂ္ဂိုလ်များသည် ဓာတ်တရားပရမတ်တရားတို့ကို ခက်ခဲလွန်း၍ နားမလည်လျှင်လည်း စိတ်မပျက်ဘဲ ကြိုးစား၍နာသင့်သည်။ ဝိပဿနာတရား ကိုလည်း အချိန်ရသလောက် ကြိုးစား၍ ရှုပွားသင့်သည်။

ထိုသို့ တရားနာ၊ တရားရှုထားသူသည် သေသောအခါ ထို နာကြား ရှုပွားသော တရားတော်၏ တန်ခိုးတော်ကြောင့် နတ်ပြည်ရောက်ပြီး ချက်ခြင်း သောတာပန်တည်ရသည်ဟု အင်္ဂုတ္တိုရ်ပါဠိတော် သောတာနုဂတသုတ်တွင် ဟောကြားထားသဖြင့် အားတက်စရာကောင်းပါ၏။ ထို ဒွိဟိတ်ပုဂ္ဂိုလ်သည် ဝီရိယကို အားကုန်သုံးပါ၏။ သို့သော် ဉာဏ်မပါလာ၍ တရားကိုမရ။

ဤ သဘာဝယုတ္တိကိုထောက်၍ ဝိပဿနာတရားမည်သည် ဉာဏ်ရှေ့သွား၊ ဝီရိယနောက်လိုက်ဟု သဘောပေါက်အပ်ပါ၏။ အရှင်သာရိပုတ္တရာသည် ဘုရားနှင့် မတွေ့မီက သိဉ္စည်းဆရာကြီးထံ တပည့်ခံခဲ့၏။ ရှင်အဿဇိထံမှ တရားနာရ၍ သော

www.burmeseclassic.com

www.burmeseclassic.com



တာပန်တည်သွားပြီး ဘုရားထံသွားရန်ပြင်ဆင်၏။ ဥပတိဿနှင့် ကောလိတတို့ ဗုဒ္ဓထံ သွားတော့မည်ဆိုသည်နှင့် သိဥ္စည်းဆရာကြီး၏တပည့်အားလုံး တစ်ယောက်မကျန် လိုက်ဖို့ရန် ပြင်ကြ၏။ ဆရာကြီးကို တစ်ယောက်တည်း မထားခဲ့ချင်သဖြင့် အယူမှားကို စွန့်ပြီး ဗုဒ္ဓထံလိုက်ခဲ့ရန်၊ သို့မဟုတ်ပါက တပည့်ဒကာမရှိဘဲ ဆရာကြီးတစ်ယောက် တည်း ပင်ပန်းတော့မည်ဖြစ်ကြောင်း ဥပတိဿက ပြော၏။

ထိုအခါ ဆရာကြီးက-

'လောကတွင်-

အတွေးအခေါ် ဉာဏ်ပညာရှိသူနှင့် မရှိသူ နှစ်မျိုးတွင်

အတွေးအခေါ် ဉာဏ်ပညာမရှိသူက များ၏။

သင်ကဲ့သို့ အတွေးအခေါ်ပညာရှိသူများ

ဗုဒ္ဓထံသွားကြလိမ့်မည်၊

အတွေးအခေါ် ဉာဏ်ပညာမရှိသူများ

ငါ့ထံ လာကြလိမ့်မည်။

ထို့ကြောင့် ငါ့ထံတွင် တပည့်နည်းရန် စိုးရိမ်စရာမရှိ။'

ဟု ပြန်ပြော၏။

ထို့အတူ မြန်မာပြည်တွင်လည်း ဉာဏ်ပညာရှိသူနှင့်မရှိသူ နှစ်မျိုးတွင် မရှိသူက များရကား- ယင်းရိပ်သာတို့တွင် လူများ, များပြားဆဲသာဖြစ်သည်။ အများညီလျှင် 'ဣ'ကိုပင်'ကွဲ'ဖတ် ဟူသောစကားပုံအရ 'ကွဲ'ဟူ၍ဖတ်သူ များမည်ဖြစ်သော်လည်း 'ဣ'ကား 'ဣ'ပင်ဖြစ်၏။ 'ကွဲ'ကား ဖြစ်မလာပေ။ 'အကျင့်မှားကြီးတစ်ခုသည် လူပေါင်းများစွာ ကျင့်ကြံနေမှုကြောင့် အကျင့်မှန်ဖြစ်မလာ'ဟု ဆိုလိုခြင်းဖြစ်၏။

## ဝိပဿနာသည် ဉာဏ်အလုပ်ဖြစ်ပါ၏

ကျွန်ုပ်တို့ ပထမကြီးတန်းဖြေဆိုစဉ်အခါက အောက်ပါ အဘိဓမ္မာမေးခွန်းနှင့် အဖြေကို တွေ့ခဲ့ရသေး၏။

မေး- 'တကယ်ဖြစ်ချင်လျှင် တကယ်လုပ် အဟုတ်ဖြစ်ရမည်'ဟူသော စကားကို မှုချမှတ်နိုင်-မမှတ်နိုင်၊ အထောက်အထား သာဓကပြ၍ ရှင်းလင်းဖြေဆိုပါ။

ဖြေ- 'ဒွိဟေတုက မဟေတုကာနံ ပနေတ္ထ ကြိယဇဝနာနိ စေဝ အပ္ပနာ ဇဝနာနိစ နလဗ္ဘန္တိ' (အဘိဓမ္မတ္ထသင်္ဂဟ)ကိုထောက်၍ ဉာဏ်မပါသော ဒွိဟိတ်ပုဂ္ဂိုလ်နှင့် အ,ဟိတ်ပုဂ္ဂိုလ်တို့သည် ယခုဘဝတွင် တရားအလုပ်ကို အားကုန်လုပ်သော်လည်း ဈာန်၊ မဂ်၊ ဖိုလ်တို့မရနိုင်သောကြောင့် 'တကယ်ဖြစ်ချင်လျှင် တကယ်လုပ် အဟုတ်ဖြစ်ရမည်'ဟူသောစကားကို မှုချမမှတ်နိုင်ပါ။

သတိအမှတ်မပါဘဲ ပြင်းထန်စွာ ရှုရှိုက်ခိုင်းသောကျင့်စဉ်သည် ဗုဒ္ဓကိုယ်တွေ့နှင့် ညီ-မညီ စာမူသူများကိုယ်တိုင်ဆုံးဖြတ်နိုင်ရန် သံယုတ်ပါဠိတော်၊ **အာ**နပါနသံ

www.burmeseclassic.com

www.burmeseclassic.com



ယုတ်မှ သုတ်အချို့တို့ကို တင်ပြအပ်ပါသည်။

## သံယုတ်ပါဠိတော် ကေဝမ္မသုတ်
## အကျိုးများသော တရားတစ်ပါး

တစ်ခုသောတရားကို ပွားများအပ်ခြင်း၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ခြင်းသည် ရှိသော် များသောအကျိုးအာနိသင် ရရှိ၏။ တစ်ခုသောတရားဟူသည် အဘယ်နည်းဆိုသော် ထွက်သက်ဝင်သက်ကို ရှုမှတ်ခြင်း အာနာပါနသတိပင်ဖြစ်၏။ 'ရဟန်းတို့- အာနာပါနသတိကို အဘယ်သို့ပွားများသော် များသောအကျိုးအာနိသင် ရရှိသနည်း'ဆိုသော် ဤသာသနာ၌ ရဟန်းသည် တော, သစ်ပင်ရင်း, ဆိတ်ငြိမ်ရာအရပ် တစ်ခုတစ်ခုသို့ သွားရောက်၍ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို ရှေးရှုထင်စေလျက် ထိုင်စေ၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှုထုတ်၏။ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှုသွင်း၏။

**(မှတ်ချက်)**။ ။*ပထမဆုံးဟောကြားသော အပိုဒ်မှာပင် 'သတိရှိလျက်' ဟူသော စကားတော်သည် ပါနေပြီဖြစ်ရာ သတိအမှတ်မရှိဘဲ အရမ်းကာရော ရှုရှိုက်လုပ်ခြင်းသည် 'ဘုရားဟောနှင့်မညီ'ဟူသော အချက်ကို သတိထားရှိစေချင်၏။*

ရှည်ရှည်ရှုထုတ်လျှင် ရှည်ရှည်ရှုထုတ်၏ဟု သိ၏။ ရှည်ရှည်ရှုသွင်းလျှင် ရှည်ရှည်ရှုသွင်း၏ဟု သိ၏။ တိုတိုရှုသွင်းလျှင် တိုတိုရှုသွင်း၏ဟု သိရ၏။ တိုတိုရှုထုတ်လျှင် တိုတိုရှုထုတ်၏ဟု သိ၏။

အစအလယ်အဆုံး သုံးပါးလုံးကို ထင်ရှားသိလျက် ထွက်သက်လေကို ရှုထုတ်မည်။ အစအလယ်အဆုံးသုံးပါးလုံးကို ထင်ရှားသိလျက် ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်ထား၏။ ရုန့်ရင်းသောထွက်လေကို ငြိမ်းစေလျက် ရှုထုတ်မည်။ ရုန့်ရင်းသောဝင်သက်ကို ငြိမ်းစေလျက် ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

**(မှတ်ချက်)**။ ။*ကြမ်းတမ်းဆူညံစွာရှုခြင်းကို ပယ်၍ 'ငြိမ်းချမ်းစွာရှုခြင်း'ကို ဆိုလိုခြင်းဖြစ်၏။*

'နှစ်သက်ခြင်းပီတိကို ထင်ရှားသိလျက်' ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

'ချမ်းသာခြင်းသုခကို ထင်ရှားသိလျက်' ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

'စိတ္တသင်္ခါရကို ထင်ရှားသိလျက်' ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

'စိတ်ကို ထင်ရှားသိလျက်' ထွက်သက်လေကို ရှုထုတ်မည်။ ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ကို လွန်စွာဝမ်းမြောက်စေလျက်' ထွက်သက်လေကို ရှူထုတ်မည်။ ဝင်သက်လေကို ရှူသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

'စိတ်ကို ကောင်းစွာထားလျက်' ထွက်သက်လေကို ရှူထုတ်မည်။ ဝင်သက်လေကို ရှူသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

'စိတ်ကိုလွတ်စေလျက်' ထွက်သက်လေကို ရှူထုတ်မည်။ ဝင်သက်လေကို ရှူသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

'မမြဲသောသဘောကို အဖန်ဖန်ရှုလျက်' ထွက်သက်လေကို ရှူထုတ်မည်။ ဝင်သက်လေကို ရှူသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

'တပ်မက်မှုကင်းရေးကို အဖန်ဖန်ရှုလျက်' ထွက်သက်လေကို ရှူထုတ်မည်။ ဝင်သက်လေကို ရှူသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

'ချုပ်ပျောက်ခြင်းသဘောကို အဖန်ဖန်ရှုလျက်' ထွက်သက်လေကို ရှူထုတ်မည်။ ဝင်သက်လေကို ရှူသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

'စွန့်လွှတ်မှုကို အဖန်ဖန်ရှုလျက်' ထွက်သက်လေကို ရှူထုတ်မည်။ ဝင်သက်လေကို ရှူသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

'ရဟန်းတို့ အာနာပါနဿတိကို ဤသို့ပွားများအပ်သော် များသောအကျိုးအာနိသင်ရှိပေ၏'

သံယုတ်ပါဠိတော် ပဌမဖလသုတ်၊ ဒုတိယဖလသုတ်တို့တွင် ပြခဲ့သည့်နည်းအတိုင်း အာနာပါနာနုဿတိကို မှန်ကန်စွာပွားလျှင်-

## အာနာပါနာနုဿတိ ပွားများရကျိုးများ

၁။ မျက်မှောက်ဘဝ၌ပင် စောစီးစွာ အရဟတ္တဖိုလ်ကို ပြီးစေနိုင်ခြင်း။

၂။ စောစောကမပြီးစေနိုင်သော် သေခါနီးအချိန်၌အရဟတ္တဖိုလ်ကိုပြီးစေနိုင်ခြင်း။

၃။ သေခါနီးအချိန်၌ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့သော် အောက်အဖို့ရှိသော သံယောဇဉ်ငါးပါးကုန်ခြင်းကြောင့် သက်တမ်းတစ်ဝက်အတွင်း၌ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီ အနာဂါမ် ဖြစ်နိုင်ခြင်း။

၄။ သက်တမ်းတစ်ဝက်လွန်ပြီးမှ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်ဖြစ်နိုင်ခြင်း။

၅။ အားထုတ်ခြင်းမပြုပဲ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်ဖြစ်နိုင်ခြင်း။

၆။ အားထုတ်ခြင်းဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်ဖြစ်နိုင်ခြင်း။

၇။ အထက်ဘုံများသို့ အစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန်ပြုရသော

www.burmeseclassic.com

www.burmeseclassic.com



အနာဂါမ်ဖြစ်နိုင်ခြင်း။

ဟူသော အကျိုးခုနှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို ရရှိမည်ဟု ဟောကြားတော်မူခဲ့သည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ တစ်ကျမ်းလောက်ကိုထောက်၍ အာနာပါနကို ဝိပဿနာမဟုတ်၊ သမထသာဖြစ်သည်ဟုယူဆကြသူများ ယခုဟောကြားချက်ကို သတိပြုသင့်၏။ အာနာပါနသည် သမထ, ဝိပဿနာ စွယ်စုံရ ကမ္မဋ္ဌာန်းကြီးဖြစ်၏။

ထွက်လေဝင်လေ သာမန်လောက်ကိုသာရှုလျှင် သမထ။ ပရမတ်ရုပ်နာမ်၊ ခန္ဓာတို့၏အဖြစ်အပျက်ကိုပါ ရှုပွားနိုင်လာလျှင် ဝိပဿနာဟုခွဲရကြောင်း ရှေ့ပိုင်းတွင် ရေးခဲ့ပြီးဖြစ်၏။ အာနာပါနကို နည်းစနစ်မှန်ကန်စွာ ရှုပွားလျှင် သတိပဋ္ဌာန်လေးပါး ဝင်သွားပုံကိုလည်း ကိမိလသုတ်၌ ယခုလို ဆက်လက်ဟောကြားတော်မူ၏။

## (သံယုတ်ပါဠိတော်၊ ကိမိလသုတ်) သတိပဋ္ဌာန်လေးပါးပါဝင်သော အာနာပါန

ကိမိလမြို့၊ ဝါးတောဌ်သီတင်းသုံးစဉ် ဗုဒ္ဓသည် အရှင်ကိမိလအား ကိမိလ-အဘယ်သို့ ပွားများအပ်သော အာနာပါနဿတိသမာဓိသည် များသော အကျိုးအာနိသင်ရှိသနည်းဟု မေးမြန်းတော်မူ၏။ သုံးကြိမ်တိုင်တိုင် မေးတော်မူသော်လည်း အရှင်ကိမိလသည် ဆိတ်ဆိတ်နေ၏။ ထိုအခါ အရှင်အာနန္ဒာက ကြားဝင်တောင်းပန်သောကြောင့် ဗုဒ္ဓက အာနာပါနဿတိသမာဓိ ပွားများပုံကိုဟောကြားပြီး အောက်ပါအတိုင်း ဆက်လက်မိန့်ကြားတော်မူ၏။

'အာနန္ဒာ- အကြင်အခါ၌ ရှည်ရှည်ရှူရှိုက်သော် ရှည်ရှည်ရှူရှိုက်၏ဟု သိရ၏။ တိုတိုရှူရှိုက်သော် တိုတိုရှူရှိုက်၏ဟု သိ၏။ ထွက်သက်ဝင်သက်တို့၏ အစ, အလယ်, အဆုံး, သုံးပါးလုံးကို ထင်ရှားသိလျက် ရှူရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ ရုန့်ရင်းသော ထွက်သက်ဝင်သက်ကို ငြိမ်းစေလျက် ရှူရှိုက်အပ်ဟု လေ့ကျင့်အားထုတ်၏။ အာနန္ဒာ-ထိုသောအခါ၌ ရဟန်းသည် ကိုယ်(ရုပ်)၌ ကိုယ်(ရုပ်)ဟု အဖန်ဖန်ရှုလျက်နေသည်။ အဘယ်ကြောင့်ဆိုသော် ထွက်သက်ဝင်သက်သည် ကိုယ်(ရုပ်)၌ အကြုံးဝင်သောကြောင့်ဖြစ်၏။

(ဤကား ကာယာနုပဿနာသတိပဋ္ဌာန် ဝင်သွားပုံတည်း။)

အာနန္ဒာ- အကြင်အခါ၌ ရဟန်းသည် နှစ်သိမ့်ခြင်းကို ထင်ရှားသိလျက် ရှူရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ ချမ်းသာခြင်းကို ထင်ရှားသိလျက် ရှူရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ စိတ္တသင်္ခါရကို ငြိမ်းစေလျက်ရှူရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ အာနန္ဒာ- ထိုအခါ၌ ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုလျက်နေသည်မည်၏။ အဘယ်ကြောင့်ဆိုသော် ထွက်သက်ဝင်သက်တို့ကို ကောင်းစွာ နှလုံးသွင်းခြင်းသည် ဝေဒနာ၌ အကြုံးဝင်သောကြောင့်ဖြစ်၏။

(ဤကား ဝေဒနာနုပဿနာ ဝင်သွားပုံတည်း။)

အာနန္ဒာ- အကြင်အခါ၌ ရဟန်းသည် ထင်ရှားသိလျက် ရှူရှိုက်အံ့ဟု လေ့

www.burmeseclassic.com

www.burmeseclassic.com



ကျင့်အားထုတ်၏။ စိတ်ကို ရွှင်လန်းဝမ်းမြောက်စေလျက် ရှုရှိုက်အံ့ဟု လေ့ကျင့် အားထုတ်၏။ အာနန္ဒာ-ထိုအခါ၌ ရဟန်းသည် စိတ်၌စိတ်ဟု အဖန်ဖန်ရှုလျက် နေသည်မည်၏။ အဘယ်ကြောင့်ဆိုသော် သတိသမ္ပဇဉ်ကင်းလွတ်နေသူအား အာနာ ပါန သတိသမာဓိကို ပွားများခြင်းမဖြစ်သောကြောင့်ဖြစ်၏။

(ဤကား စိတ္တာနုပဿနာသတိပဋ္ဌာန် ဝင်သွားပုံဖြစ်သည်။)

အာနန္ဒာ- အကြင်အခါ၌ ရဟန်းသည် ထင်ရှားသိလျက် မမြဲသောသဘော ကို အဖန်ဖန် ရှုလျက်ရှုရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ တပ်မက်ဖွယ်ကင်းခြင်း ချုပ်ငြိမ်းခြင်း၊ စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုလျက် ရှုရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ အာနန္ဒာ-ထိုအခါ၌ ရဟန်းသည် တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှုလျက်နေသည်မည်၏။ အဘယ်ကြောင့်ဆိုသော် ထိုရဟန်းသည် အဘိဇ္ဈာဒေါမနဿ တို့အား ပယ်ရှားခြင်းကို ပညာဖြင့် ကောင်းစွာလျစ်လျူရှုတတ်သောကြောင့်ဖြစ်၏။

(ဤကား ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝင်သွားပုံတည်း။)

'အာနန္ဒာ- လမ်းလေးခွ၌ရှိသော မြေပုံကြီးကို အရပ်လေးမျက်နှာမှလာသော လှည်းရထားတို့သည် ဖျက်ဆီးသကဲ့သို့ ထို့အတူ ကိုယ်၌ ကိုယ်ဟု၊ ဝေဒနာ၊ စိတ်၊ တရားသဘောတို့၌ ဝေဒနာ၊ စိတ်၊ တရားသဘောဟု အဖန်ဖန်ရှုလျက်နေသော ရဟန်းသည်လည်း အကုသိုလ်တရားတို့ကို ဖျက်ဆီးနိုင်သည်သာဖြစ်၏'

ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်အောင် ရှုရှိုက်ရသောကျင့်စဉ်သည် ပဋိပတ္တိ သဒ္ဓမ္မအတုဖြစ်ကြောင်း သိနိုင်ရန် သဘာဝယုတ္တိ၊ အာဂမယုတ္တိတို့ကို ပြပြီးနောက်- ယခုတစ်ဖန် ထိုကျင့်စဉ်မှားကြီးကြောင့် အပါယ်ကျကြရသော လက်တွေ့သာဓက ယုတ္တိတစ်ခုကို တင်ပြပါဦးမည်။

ဝိပဿနာယောဂီများ ထပ်မံသိသင့်သဖြင့် 'မဂ်တားဖိုလ်တား အန္တရာယ်များ' စာအုပ်တွင်ရေးသားခဲ့သော အတွေးအခေါ် စာပိုဒ်လေးကို ပြန်လည်ဖော်ပြလိုသည်။

* အတွေးအခေါ် ဉာဏ်ပညာ ကြီးမားသောသူသည်-
သူတစ်ပါးအမှားကို ကြည့်၍
မိမိအမှားမဖြစ်အောင် သင်ခန်းစာယူတတ်သည်။
* အတွေးအခေါ် ဉာဏ်ပညာ နည်းပါးသောသူသည်-
မိမိကိုယ်တိုင်မှားမှသာ သင်ခန်းစာယူတတ်သည်။
* အတွေးအခေါ် ဉာဏ်ပညာမရှိသောသူကား-
မိမိကိုယ်တိုင် မှားသောအခါမှာပင် သင်ခန်းစာမယူတတ်ပေ။

သူတစ်ပါးအမှားကိုကြည့်၍ သင်ခန်းစာ ယူစေချင်သောကြောင့် ယခုအ ကြောင်းများကို ရေးသားရခြင်းဖြစ်ပါ၏။

ရန်ကုန်တိုင်း (.....................)မြို့နယ်အတွင်း၌ အတ္တကိလမထ ကျင့်စဉ်မှားကြီး များကိုပြသော ဆရာတော်ညီအစ်ကိုနှစ်ပါးရှိ၏။ စာပေမတတ်သော တောထွက်

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းကြီးများသာဖြစ်၍ စာပေကို ပယ်ကြ၏။ စာပေကို ပုတ်ခတ်ကြ၏။

ပိဋကတ်စာပေများကို ပုတ်ခတ်လျှင် ဗုဒ္ဓကို ပုတ်ခတ်ရာရောက်ကြောင်း သူတို့နှစ်ပါး သတိမထားမိကြပေ။ ဆရာကိုယ်တွေ့နှင့် မိမိကိုယ်တွေ့ကို ဗုဒ္ဓကိုယ်တွေ့ ပိဋကတ်စာပေနှင့် ညှိမကြည့်သောအခါ မှားမှန်းလည်းမသိ၊ မှန်မှန်းလည်းမသိ။ မှန်နေလျှင်ကား ကိစ္စမရှိ။ အချိန်ကျလျှင် မဂ်ဖိုလ်ရ၍ နိဗ္ဗာန်ရောက်ဖို့သာရှိ၏။ မှားလျှင်ကား အပါယ်ကျ၍ အလွန်နစ်နာမည်သာ။

ကိုးဆယ်-တစ်ရာပေးရသော မြေအိုးတစ်လုံးဝယ်ရာ၌ပင် အပေါက်ပါ,မပါ၊ အအက်ပါ, မပါ ရေထည့်ကြည့်ပြီး ရွေးရ၏၊ ခေါက်ကြည့်ပြီးလည်း ရွေးရ၏။ မှားလျှင် ကိုးဆယ်, တစ်ရာသာ ဆုံးရှုံးရမည်။ အိုးတစ်လုံးဝယ်ရာ၌ ထိုမျှထိ ရွေးချယ်စီစစ်ဖို့ သတိရကြသော်လည်း မှားလျှင် ဘဝတစ်ခုလုံး ဆုံးရှုံးမည့် ဝိပဿနာတရားကျင့်စဉ် ကျမှ အမှားအမှန်စိစစ်မကြည့်ဘဲ ရမ်းပြီးကျင့်သုံးသောသူလောက် မိုက်မဲသူသည် လောက၌ မရှိဟုပင်ဆိုသင့်၏။

မိမိတို့ကျင့်စဉ်များ မှားသလား, မှန်သလားဟု တိုက်ကြည့်နိုင်ရန်အတွက် ဗုဒ္ဓကိုယ်တွေ့ ပါဠိတော်များ၊ မြန်မာပြန်များ အသင့်ရှိနေပြီဖြစ်၏။ မိမိကိုယ်တိုင် မစိစစ်နိုင်လျှင်လည်း ပရိယတ်, ပဋိပတ် စွယ်စုံရသော ဆရာတော်များထံ မေးမြန်း စိစစ်ပြီးမှ ဆက်လက်ကျင့်သုံးသင့်၏။

'ပခုက္ကူဝိပဿနာသင်တန်း နယဒေသက ဆရာကြီးဦးကျင်ရွှေ'သည် သူကျင့် သုံးသောတရား၊ ရရှိသောတရားကို ဗုဒ္ဓကိုယ်တွေ့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ များနှင့် ကိုယ်တိုင်စစ်ဆေး၏။ ထိုမျှနှင့်အားမရသေးဘဲ ပခုက္ကူ မဟာဝိသုတာရာမ အရှေ့တိုက်၊ အလယ်တိုက်တို့မှ ပိဋကတ္တယပါရဂူဆရာတော်ကြီးများထံ အစစ်ဆေး ခံပြီးမှ ယခုတရားကို ကိုယ်တိုင်လည်းကျင့်၊ သူတစ်ပါးကိုလည်း ဟောကြားခြင်းဖြစ်၏။

## တရားအမှားအမှန်ကို သဘာဝယုတ္တိဖြင့် စိစစ်ခြင်း

တရားအမှားအမှန်ကို စာပေဖြင့် မစိစစ်နိုင်သူများအတွက် သဘာဝယုတ္တိ ဖြင့် စိစစ်နည်းကိုလည်း ဖော်ပြလို၏။ ဝိပဿနာတရား ကျင့်ကြံပွားများခြင်း၏ အဓိကရည်ရွယ်ချက်မှာ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာများ လျော့ပါး ကုန်ခန်းရေးအတွက်ပင်ဖြစ်၏။ ထို့ကြောင့် ယခုတရားကို နာကြားခြင်း၊ ပွားများနေ ခြင်းအားဖြင့် လောဘ၊ ဒေါသစသောကိလေသာများ လျော့ပါးမှုရှိ-မရှိ။ ကုန်ခန်းမှုရှိ- မရှိ စိစစ်ကြည့်ရမည်။ ကိလေသာများ လျော့ပါးမှုရှိသည်၊ ကုန်ခန်းမှုရှိသည်ဆိုလျှင် မှန်သည်။ လျော့ပါးမှုလည်းမရှိ ကုန်ခန်းမှုလည်းမရှိဆိုလျှင် မှားသည်ဟု ဆုံးဖြတ်နိုင်၏။

လောဘ, ဒေါသစသော ကိလေသာများ ကုန်ခန်းရမည်ဆိုရာ၌ မျက်စိမှိတ် ပြီး ထွက်လေဝင်လေမှတ်နေသခိုက် ဖောင်းတာ,ပိန်တာ မှတ်နေသခိုက်အချိန်ကိုသာ ဆိုလိုခြင်းမဟုတ်။ အချိန်တိုင်းကို ဆိုလိုခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာယာနိကနည်းဖြင့် တရားပြနေသော ဆရာတော်တစ်ပါး၏ လောဘ, ဒေါသနည်းပါးပုံကို လက်တွေ့ပြအံ့။ တစ်ခါတွင် ဆရာတော်၏ရိပ်သာသို့ ဒကာကြီးတစ်ယောက်က ရှားရှားပါးပါးရလာသော 'ယိုးဒယားကြက်ဆီထမင်း' လာကပ်၏။

ဒကာကြီးက သံဃာငါးပါးစာ ဝယ်လာ၏။ ထိုဒကာကြီး သံဃာအရေအတွက်လာစုံစမ်းစဉ်က ငါးပါးသာရှိသောကြောင့် ငါးပါးစာသာ ဝယ်လာခြင်းဖြစ်၏။ ဆွမ်းလာမကပ်မီ ကြားတစ်ရက်မှာပင် သံဃာတစ်ပါးတိုးလာသဖြင့် ခြောက်ပါးဖြစ်နေ၏။ ထိုအခါ ဆရာတော် မည်သို့စီစဉ်လိုက်သနည်း။ ကျန်ငါးပါးအတွက် ကြက်ဆီထမင်းကို ပြင်ဆင်လိုက်ပြီး သူ့အတွက်ကား ရိုးရိုးထမင်းကိုသာ ပြင်ဆင်ခိုင်းလိုက်၏။

တချို့က ဆိုကြမည်ဖြစ်သည်၊ မဖြစ်စလောက် လောဘလေး ပယ်သတ်နိုင်တာနှင့် စာမဖွဲ့လောက်ပါဟူ၍။ ကိလေသာဟူသည်ကား အသေးလေးကစပြီး ပယ်သတ်နိုင်မှ အကြီးကြီးတွေထိ ပယ်သတ်နိုင်ခြင်းဖြစ်၏။ ကိလေသာဟူသည် လောကအတွက် ဘာမျှသုံးမကျပဲ အနှောင့်အယှက်ပေးသော ချုံပုတ်၊ ပေါင်းမြက်တို့နှင့်တူ၏။ ချုံပုတ်၊ ပေါင်းမြက်များသည် ပေါက်လျှင်ပေါက်ခြင်း သတ်ပစ်မှလွယ်ကူ၏။ အလွန်ကြီးလာလျှင် ပယ်သတ်ရခက်၏။

ထို့အတူ လောဘ,ဒေါသစသော ကိလေသာများသည်လည်း ဖြစ်ခါစ အသေးလေးဘဝကတည်းက ပယ်သတ်နိုင်မှ လွယ်လွယ်ကူကူနိုင်နင်း၏။ လွှတ်ထား၍ ကြီးလာလျှင် ပယ်သတ်ရန်မလွယ်ကူတော့ပေ။ ထိုဆရာတော်သည် ဖျော်ရည်ဗူးများ ရလာလျှင် သောက်ရေအိုးစင်အနားသာ ချထားသည်။ သံဃာများ အလိုရှိသလောက် ဘုဉ်းပေးရန်ဖြစ်သည်။ မုန့်ပဲသရေစာများ၊ သစ်သီးများရလာလျှင်လည်း အချိုပွဲစီစဉ်သော ကိုရင်လေးများ၊ ကျောင်းသားများလက်သို့သာ တစ်ခါတည်း ပေးလိုက်၏။ သိမ်းထားခြင်း မရှိချေ။

တစ်ခါကဆိုလျှင် ချမ်းသာသော သူဌေးတစ်ယောက်သည် ဝိပဿနာတရားခွေငှါးရန်ကိစ္စဖြင့် ဆရာတော်၏ကျောင်းသို့ မကြာခဏလာ၏။ ထိုသူဌေးသည် သူကိုယ် တိုင် နာရန်အတွက်မဟုတ်။ သူ့မိတ်ဆွေနာရန်အတွက် ငှားခြင်းသာဖြစ်၏။ ဆရာတော် ထံမှ အတုယူစရာကောင်းသောအချက်ကား ကျောင်းသို့ရောက်လာသမျှဒကာ၊ ဒကာမတို့အား တရားဖြင့်ဧည့်ခံခြင်းတည်း။

ရသမျှအချိန်အတွင်း ခဏတစ်လုံး ပရမတ်တစ်လုံးကို ရှုတတ်အောင် ဟောပေးလေ့ရှိ၏။ ထို့ကြောင့် ဆရာတော်ထံသို့ တရားလိုချင်သူများသာ လာ၏။ လောကီအမျှော်သမားများ မလာပေ။ မိမိ ရထားသောတရားကို သူတစ်ပါးကိုပါ ရစေချင်သော စေတနာသက်သက်ပင်ဖြစ်သည်။ ထို့အပြင် အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ်၊ ဂိလာနသုတ်၏ ညွှန်ပြချက်ကြောင့်လည်း အပင်ပန်းခံပြီး တရားဖြင့် ချီးမြှောက်ခြင်းဖြစ်သည်ဟု ယူဆမိ၏။ ထိုသုတ်၌ ဗုဒ္ဓဟောကြားထားသည်မှာ-

www.burmeseclassic.com

www.burmeseclassic.com



## လူနာနှင့်တူသော ပုဂ္ဂိုလ်(၃)မျိုး

လောက၌ လူနာသုံးမျိုးရှိ၏။ ၎င်းတို့မှာ-

၁။ သင့်လျော်သောအစားအစာ၊ ဆေးဝါး၊ သူနာပြုတို့ကို ရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ အနာမှ ထမည်မဟုတ်သော လူနာ၊

၂။ သင့်လျော်သောအစားအစာ၊ ဆေးဝါး၊ သူနာပြုတို့ကို ရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ အနာမှ ထမည့် လူနာ၊

၃။ သင့်လျော်သောအစားအစာ၊ ဆေးဝါး၊ သူနာပြုတို့ကိုရလျှင် အနာမှထမည်၊ မရလျှင် အနာမှ မထမည့်လူနာတို့ဖြစ်၏။

ထိုသုံးမျိုးတို့တွင် တတိယလူနာမျိုးကို အကြောင်းပြု၍ လူနာစောင့် ဂိလာနဘတ်၊ ဆေးဝါးနှင့် သူနာပြုတို့ကို ဗုဒ္ဓကခွင့်ပြုခဲ့ခြင်းဖြစ်၏။ သို့သော် တတိယလူနာမျိုးကိုပင်အကြောင်းပြု၍ အခြားလူနာများကိုလည်း လုပ်ကျွေးပြုစုရမည်ဟု မိန့်ကြားတော်မူသည်။ လူသုံးမျိုးနည်းတူပင် လောက၌ လူနာနှင့်တူသော ပုဂ္ဂိုလ်သုံးမျိုးရှိသည်။ ၎င်းတို့မှာ-

၁။ မြတ်စွာဘုရားအား ဖူးမြင်ခွင့်၊ မြတ်စွာဘုရားဟောကြားသော တရားကို-နာကြားခွင့် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကုသိုလ်တရားတို့၌ မှန်ကန်သောသဘောရှိသော 'နိယာမသို့ သက်ရောက်မည်မဟုတ်သော ပုဂ္ဂိုလ်'၊

၂။ မြတ်စွာဘုရားအား ဖူးမြင်ခွင့်၊ မြတ်စွာဘုရားဟောကြားသော တရားကို နာကြားခွင့် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ 'ကုသိုလ်တရားတို့၌ မှန်ကန်သောသဘောရှိသော နိယာမသို့ သက်ရောက်မည့်ပုဂ္ဂိုလ်'၊

၃။ မြတ်စွာဘုရားအား ဖူးမြင်ခွင့်၊ မြတ်စွာဘုရားဟောကြားသော တရားကိုနာကြားခွင့်ရမှသာလျှင် ကုသိုလ်တရားတို့၌ 'မှန်ကန်သော သဘောရှိသော နိယာမသို့ သက်ရောက်မည့်ပုဂ္ဂိုလ်တို့ဖြစ်၏'။

ထိုသုံးမျိုးတို့တွင် တတိယပုဂ္ဂိုလ်မျိုးကိုအကြောင်းပြု၍ တရားဟောခြင်းကို မြတ်စွာဘုရားက ခွင့်ပြု၏။ သို့သော် 'ထိုတတိယပုဂ္ဂိုလ်မျိုးကိုပင် အကြောင်းပြု၍ အခြားပုဂ္ဂိုလ်များအားလည်း တရားဟောရမည်'ဟု မိန့်ကြားတော်မူသည်။

သံယုတ် ပါဠိတော်၊ ဘိက္ခုသံယုတ်၊ ဝိသာခသုတ်သည်လည်း ဆရာတော်အပင်ပန်းခံပြီးတရားဟောဖြစ်ခြင်း၏ အကြောင်းတစ်ခုဟုယူဆမိ၏။ ထိုသုတ်တော်၌-

## ရဟန်းတို့၏ တံခွန်,အောင်လံ

ဝေသာလီပြည်၊ ကူဋာဂါရကျောင်း၌ သီတင်းသုံးစဉ် ပဉ္စာလမင်း၏သားဖြစ်သော အရှင်ဝိသာခသည် ဖခည်းအဝေးဇရပ်၌ ရဟန်းတို့အား ချိုသာသန့်ရှင်း၊

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကင်းသောစကားဖြင့် တရားဟောနေ၏။ ထိုအချိန်တွင် ဗုဒ္ဓကြွလာ၍ 'အဘယ် ရဟန်းသည် တရားဟောသနည်း'ဟု မေးတော်မူ၏။ အရှင်ဝိသာခ ဟောကြောင်း လျှောက်ကြားသောအခါ ဗုဒ္ဓက အရှင်ဝိသာခအား ချီးကျူးစကားမိန့်ကြားပြီး အောက်ပါဂါထာကို မြွက်ကြားတော်မူ၏-

'ဟောပြောခြင်းမပြုပဲ လူမိုက်တို့နှင့် ရောနှော၍နေသော ပညာရှိကို ပညာရှိမှန်းမသိကြချေ၊ ဘုရားရှင် ဟောကြားအပ်သည့် အမြိုက်တရားကို ဟောပြောမှသာလျှင် ပညာရှိမှန်းသိနိုင်၏၊ ထို့ကြောင့် ရသေ့ရဟန်းတို့၏ တံခွန်အလံသဖွယ်ဖြစ်သော တရားကို ဟောပြောသင့်၏'

'ရသေ့ရဟန်းတို့သည် ကောင်းစွာဟောကြားအပ်သည့် တရား တည်းဟူသော တံခွန်အလံရှိကုန်၏၊ မှန်၏၊ တရားသည် ရသေ့ ရဟန်းတို့၏ တံခွန်အောင်လံဖြစ်၏'

ဟူ၍ ဟောကြားထား၏။ ဤနေရာ၌ ဗုဒ္ဓဟောကြားစေချင်သော တရားဆိုသည်မှာ ဇာတ်လမ်းအသားပေးတရားများ၊ ရယ်စရာတရားများ၊ အလွမ်းအဆွေး တရားများ၊ ပုံတိုပတ်စ အသားပေးတရားများမဟုတ်ကြောင်းကို ယင်းသံယုတ်ပါဠိ တော်၊ နိဒါနသံယုတ် ဓမ္မကထိကသုတ်တွင် ယခုလို ဘောင်ခတ်ပေးတော်မူခဲ့သည်။

ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် ရဟန်းတစ်ပါးက ဓမ္မကထိကမည် ခြင်းအကြောင်းကို မေးလျှောက်သဖြင့် ဖြေကြားတော်မူခဲ့သည်။

'အရှင်ဘုရား- ဓမ္မကထိက, ဓမ္မကထိကဟုဆိုကြရာ၌ အဘယ်မျှဖြင့် ဓမ္မ ကထိက ဖြစ်ပါသနည်း'

'ရဟန်း-အိုခြင်းသေခြင်းကို ငြီးငွေ့ရန်၊ ကင်းကွာချုပ်ငြိမ်းစေရန် တရားဟော ခဲ့သော် ဓမ္မကထိကဟုဆိုခြင်းငှါထိုက်၏၊ အိုခြင်းသေခြင်းကို ငြီးငွေ့ရန်၊ ကင်းကွာချုပ် ငြိမ်းရန် ကျင့်ခဲ့သော်၊ တရားနှင့်လျော်ညီသောအကျင့်ကို ကျင့်သောရဟန်းဟူ၍ ဆို ခြင်းငှါ ထိုက်၏၊ အိုခြင်းသေခြင်းကို ငြီးငွေ့၍ အိုခြင်းသေခြင်း ကင်းကွာချုပ်ငြိမ်း၍ စွဲလမ်း ခြင်းကင်းလျက် လွတ်မြောက်သည်ရှိသော် မျက်မှောက်ဘဝ၌ အေးငြိမ်းခြင်းသို့ ရောက်သော ရဟန်းဟူ၍ ဆိုခြင်းငှါထိုက်၏' (ဇာတိမှစ၍ အဝိဇ္ဇာတိုင်အောင် တရားများကိုလည်း ယခု ဇရာမရဏနည်းတူ ဟောကြားသည်)

တရားပြဆရာတော်ထံလာသော သူဌေးဒကာတစ်ယောက်အကြောင်းကို ဆက်အံ့။ ငါးခေါက်မြောက် ကျောင်းသို့အရောက်တွင်ကား ထိုသူဌေးဒကာသည် မည် သည့်အချက်ကို ကြည်ညိုသွားသည်မသိ။ ဆရာတော်အား ယခုလိုလျှောက် ထား၏-

'ဆရာတော်မှာ ရေခဲသေတ္တာမရှိသေးဘူး၊ တပည့်တော် ရေခဲသေတ္တာ လှူ ပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



'မလှူပါနဲ့ဒကာကြီး၊ ဘုန်းကြီးအတွက် မလိုအပ်လို့ပါ'

'အအေးဗူးတို့၊ သစ်သီးတို့၊ မုန့်တို့ ထည့်ထားရတာပေါ့ဘုရား'

'ဘုန်းကြီးမှာ သိမ်းစရာမလိုဘူး၊ အအေးဗူးတွေလာလှူရင် တွေ့တဲ့သူ အလွယ်တကူသောက်ရအောင်လို့ ရေအိုးစင်မှာထားတယ်၊ သစ်သီး၊ မုန့် စတဲ့ အချိုပွဲ စားစရာတွေကိုတော့ သံဃာတွေကပ်ရအောင် ကျောင်းသားလက်ထဲ အပ်လိုက်တာပဲ၊ ဒီတော့ ဒကာကြီး ရေခဲသေတ္တာက အလကားဖြစ်နေမှာပေါ့၊ တခြား လိုအပ်တဲ့ဆရာတော်တွေကို လှူလိုက်ပါ ဒကာတော်'

ဒကာကြီးသည် အံ့ဩသောမျက်နှာဖြင့် ဆရာတော်ကို သေသေချာချာ ကြည့်သည်။ တစ်ခုခုလှူချင်သည့် စိတ်ကိုလည်း တား၍ရဟန်မတူ။ သူသည် ဆရာတော်၏အခန်းကို လှည့်ပတ် မျက်စိကစားလိုက်ပြီး လျှောက်ပြန်၏-

'ဆရာတော်အခန်းထဲမှာ သောက်ရေအိုးစင် ကောင်းကောင်း မရှိသေးဘူး၊ ဟိုမှာ သစ်သားရေအိုးစင်နဲ့ မြေအိုးပဲ တပည့်တော်တွေ့ရတယ်ဘုရား၊ တပည့်တော် စတီးလ်ရေအိုးစင်နဲ့ စတီးလ်သောက်ရေဗူးကြီးတစ်လုံး လှူပါရစေ'

'ဒါဆိုရင် ဒကာကြီးကို ပြန်မေးမယ်၊ နွေရာသီ ရေသောက်တဲ့အခါမှာ ရေအိုးထဲကရေ သောက်တာနဲ့ စတီးလ်သောက်ရေဗူးကြီးထဲက ရေသောက်တာ ဘယ်ဟာက အေးမလဲ'

'ဒါတော့-မြေအိုးထဲက ရေက အေးတာပေါ့ဘုရား'

'အဲဒီလိုနားလည်သွားရင် ဘုန်းကြီးအတွက် စတီးလ်သောက်ရေဗူးကြီး မလိုဘူးဆိုတာကို ဒကာကြီး သိလောက်ပါပြီ'

ထိုအခါဒကာကြီးသည် သူ့ရင်ထဲ မျိုသိပ်မထားနိုင်သော စကားများကို အန်ချတော့၏။

'တပည့်တော် ဆရာတော်အတော်များများနဲ့ တွေ့ဖူးပါတယ်ဘုရား၊ တပည့်တော်ကို ချမ်းသာမှန်းသိလို့ လိုတာ အလှူခံကြတာချည်းပဲဘုရား။ ဆရာတော်ကတော့ တပည့်တော်ဆီကို ဘာမှ အလှူခံဖူးဘူး၊ အဲဒါကိုပဲ တပည့်တော်က ကြည်ညိုနေတာဘုရား။ အခုတစ်ခါ တပည့်တော်က အလိုက်တသိ လှူပြန်တော့လည်း မလိုလို့ အလှူမခံပြန်ဘူး။ တပည့်တော်ကတော့ ထပ်ကြည်ညိုသွားပြန်ပြီဘုရား၊ တစ်ခုခုမှ မလှူရရင်တော့ တပည့်တော် ဆရာတော်ကျောင်းက မပြန်ဘူးဘုရား'

'ဒါဆိုရင် ဒကာကြီး မြို့နယ်ဆေးရုံကြီးက လူနာတွေကို ကိုယ်နိုင်သလောက် သွားပြီး လှူဒါန်းထောက်ပံ့လိုက်ပါ၊ ဆေးရုံဆိုတာ တကယ့် မရှိဆင်းရဲသားတွေသာ တက်တာပါ။ ချမ်းသာတဲ့သူတွေက အထူးကုဆေးခန်းတို့မှာ ကုကြတာမဟုတ်လား၊ ဘုန်းကြီးတောင် ကထိန်မှာရတဲ့ ဝတ္ထုငွေတွေဆိုရင် ဆေးရုံက လူနာတွေကိုပဲ လှူဒါန်းထောက်ပံ့လိုက်တာပဲ ဒကာကြီး'

'ဆရာတော်မိန့်ကြားတဲ့အတိုင်း ဆေးရုံကိုလည်း တပည့်တော် လှူပါမယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ ဒါပေမယ့် ဆရာတော့်ကျောင်းမှာလည်း လိုအပ်တာ လျှချင်သေးတယ်ဘုရား၊ တပည့်တော်ကို လျှောက်ကြည့်ခွင့်ပေးပါ'

ထိုသို့ပြောပြီးလျှင် ဒကာကြီးသည် ဆရာတော်၏ကုဋီနှင့် ရေချိုးခန်းထဲသို့ ဝင်ကြည့်၏။ တွေ့သွားလေပြီ။ ရေချိုးခန်းထဲတွင် ကြွေပြားကပ်ထားခြင်းမရှိ။ ကျောင်း မကြီးပေါ်သို့ မော့ကြည့်လိုက်သောအခါ နောက်တိုး ကိုးပေ×သုံးခန်းပတ်လည် အဆောင်တွင် မျက်နှာကျက်မရှိ။ ထိုနှစ်မျိုးကိုကား တကယ် လိုအပ်နေသည်ဖြစ်၍ ဆရာတော်က လက်ခံလိုက်သည်။ ဒကာကြီးကား ဆရာတော်ကို ကြည်ညိုပြီးရင်း ကြည်ညိုရင်း ဖြစ်နေ၏။ နောက်ဆုံးတွင် မုခ်ဦးနှင့် အုတ်တံတိုင်းအတွက်ပါ တာဝန်ယူ သွားခဲ့၏။

'မလိုချင်မှ-ရ'ဟူသော စကားသည် မှန်ကန်လွန်းပေစွတကား။

ထိုကဲ့သို့ လောဘ အသေးလေးကစပြီး စွန့်ခဲ့သောဆရာတော်သည် လောဘ အကြီးကြီးကိုပါ စွန့်နိုင်ခဲ့၏။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်သည်ဟုပြောလျှင် ပါဠိစကားလုံးဖြစ်နေသောကြောင့် လူတိုင်း နားလည်မည်မဟုတ်။ လိုချင်လျှင် ဆင်းရဲ သည်။ ဆင်းရဲတာမှန်သမျှ လိုချင်သောကြောင့်ဖြစ်တာ၊ မလိုချင်လျှင် မဆင်းရဲပါ၊ ဘာမှမလိုချင်လျှင် ဘာမှမဆင်းရဲပါ။ လိုချင်မှုကုန်ရာ ဆင်းရဲကုန်ရာသည် 'နိဗ္ဗာန်'ဟု ပြောလျှင်ကား လူတိုင်း နားလည်နိုင်ပေလိမ့်မည်။

ရှေ့တွင် ရေးသားဖေါ်ပြခဲ့သော ကမ္မဋ္ဌာန်းပြ ဆရာတော်နှစ်ပါးကား ရလာ သော လာဘ်လာဘကို အဝေမတည့်သဖြင့် ညီအစ်ကိုနှစ်ပါး စကားများကြရာမှ တစ်ဆင့် ညီရဟန်းက မြေကိုတစ်ဝက်ခွဲယူပြီး သီးသန့်ကျောင်းတစ်ကျောင်း ဆောက် ၏။ တစ်ကျောင်းစီ ဖြစ်သွားသော်လည်း ရန်ပွဲကား မပြီး။

တစ်ကျောင်းက တရားပြလျှင် ကျန်တစ်ကျောင်းက သီချင်းခွေတွေဖွင့်ပြီး နှောင့်ယှက်သည်။ ပစ္စည်းလေးပါးကို တပ်မက်ခြင်း၊ စကားများ ရန်ဖြစ်ခြင်းကြောင့် သူတို့သန္တာန်တွင် လောဘ, ဒေါသစသော ကိလေသာများ မလျော့သွားကြောင်း သိသာ၏။ သို့ဆိုလျှင် သူတို့ ကျင့်နေ, ပြနေသော ဝိပဿနာနည်းသည် အမှားသာ ဖြစ်ကြောင်း သိနိုင်၏။ ဝိပဿနာတရားဟူသည်မှာ လောဘ ဒေါသ စသော ကိလေ သာများ ကုန်ခန်းအောင်, လျော့ပါးအောင် ပြုပေးသည်မဟုတ်ပါလော။

သူတို့ပြသောတရား မှားယွင်းကြောင်းကို သူတို့နှစ်ပါးလုံး ပျံလွန်တော်မူသော အခါကျမှ သေချာသိရ၏။ အဘယ်ကဲ့သို့ သိရသနည်း။ နှစ်ပါးလုံး မကောင်းဆိုးဝါး ဖြစ်ကာ ကျောင်းမှာပြန်ပြီး ခြောက်လှန့်နေသောကြောင့် သိရခြင်းဖြစ်ပေသတည်း။

ဤကား မိမိ၏ကိုယ်တွေ့ ဆရာ၏ကိုယ်တွေ့ကို ဗုဒ္ဓ၏ကိုယ်တွေ့ ပါဠိတော်၊ အဋ္ဌကထာတို့ဖြင့် တိုက်မကြည့်ရဲသောသူများ၏ လက်တွေ့ဒုက္ခရောက်ရပုံကို ဖော်ပြ ခြင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဆင်းရဲပင်ပန်းစွာကျင့်မှုကို ဗုဒ္ဓ ကဲ့ရဲ့

ဆင်းရဲပင်ပန်းစွာကျင့်မှုနှင့် ပတ်သက်၍ ဗုဒ္ဓ၏အာဘော်ကို တိကျပြတ်သားစွာ တင်ပြလို၏။ ဗုဒ္ဓသည် ဆင်းရဲပင်ပန်းစွာကျင့်မှုဆိုလျှင် မှားသောကျင့်စဉ်ကို မဆိုထားဘိ၊ မှန်သောကျင့်စဉ်ကိုပင် ကဲ့ရဲ့ရှုတ်ချတော်မူသည်။ ဆင်းရဲပင်ပန်းစွာကျင့်မှသာ တရားရမည်၊ အာရုံခြောက်ပါးနှင့် တွေ့ကြုံသည့်အခါတိုင်း ခန္ဓာငါးပါး အနိစ္စဟူ၍လည်းကောင်း၊ မျက်စိအကြည်ရုပ် အနိစ္စဟူ၍လည်းကောင်း၊ အဆင်းရုပ် အနိစ္စဟူ၍ လည်းကောင်း၊ မြင်သိစိတ် အနိစ္စဟူ၍လည်းကောင်း၊ ချမ်းသာလွယ်ကူစွာ ရှုပွါးရုံနှင့် တရားမရနိုင်ဟု ထင်နေသူများ၊ ယခုဖော်ပြလတ္တံ့သော သံယုတ်ပါဠိတော် ဂါမဏိသံယုတ်၊ ရာသိယသုတ်ကို ဉာဏ်ဖြင့်ဆင်ချင်ပြီး ဖြည်းဖြည်းချင်း ဖတ်ရှုကြည့်စေလိုပါသည်။

အခါတစ်ပါး၌ ရာသိယမည်သောရွာသူကြီးသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဂေါတမသည် ခြိုးခြံသောအကျင့်ကိုလည်းကောင်း၊ ခြိုးခြံသော (ဆင်းရဲပင်ပန်းသော) အကျင့်ရှိသူ အားလုံးကိုလည်းကောင်း၊ တစ်ဖက်သတ် ကဲ့ရဲ့ရှုတ်ချလေ့ရှိသည်ဟူ၍ တပည့်တော်ကြားဖူးပါသည်။ ထိုစကားသည် မှန်ကန်ပါသလော'ဟု မေးလျှောက်၏။ ထို စကားသည် မှန်ကန်ကြောင်း ဗုဒ္ဓကဖြေကြားပြီး ကာမဂုဏ်ချမ်းသာ ခံစားမှု၌ အစဉ်အားထုတ်နေခြင်း (ကာမသုခလ္လိကာနုယောဂ)၊ မိမိကိုယ်ကို ဆင်းရဲပင်ပန်းအောင် အဖန်တလဲလဲ အားထုတ်နေခြင်း (အတ္တကိလမထာနုယောဂ)ဟူသော အစွန်းနှစ်ပါးသို့ မကပ်ရောက်ဘဲ ဖြောင့်တန်းတည့်မတ်သည့် အရိယာမဂ်တည်းဟူသော လမ်းစဉ်ကို မြတ်စွာဘုရားသည် ထိုးထွင်းသိမြင်ခဲ့ကြောင်း မိန့်ကြားသည်။

ထို့နောက် ကာမဂုဏ်ချမ်းသာကို ခံစားသူများသည် သုံးမျိုးရှိသကဲ့သို့ ခြိုးခြံသောအကျင့်ကို ကျင့်သောရဟန်းတို့သည်လည်း သုံးမျိုးရှိကြောင်း ဟောကြားသည်။ ကာမဂုဏ်ချမ်းသာကို ခံစားသော လူသုံးမျိုးမှာ-

၁။ မတရားသဖြင့် ပစ္စည်းဥစ္စာများကို ရှာဖွေသူ
၂။ တရားသဖြင့်ဖြစ်စေ၊ မတရားသဖြင့်ဖြစ်စေ ပစ္စည်းဥစ္စာများကိုရှာဖွေသူ
၃။ တရားသဖြင့်သာလျှင် ပစ္စည်းဥစ္စာများကိုရှာသူတို့ဖြစ်သည်။

အထက်ပါနည်းသုံးမျိုးဖြင့် ရှာဖွေရရှိသောပစ္စည်းများကို အချို့သောသူများသည် မိမိကိုယ်တိုင်လည်း သုံးဆောင်ခံစားခြင်းမပြု၊ သူတစ်ပါးတို့အားလည်း ပေးကမ်းစွန့်ကြဲခြင်းမပြု၊ အချို့ကား မိမိကိုယ်တိုင်သာ ခံစားသုံးဆောင်၍ သူတစ်ပါးတို့အား ပေးကမ်းလှူဒါန်းခြင်းမပြု၊ အချို့ကား မိမိကိုယ်တိုင်လည်း သုံးဆောင်ခံစား၍ သူတစ်ပါးအားလည်း ပေးကမ်းလှူဒါန်းခြင်းပြု၏၊ ထို့အပြင် မိမိကိုယ်တိုင် သုံးဆောင်ခံစားရာ၌ အပြစ်မမြင်ဘဲ မက်မက်မောမော သုံးဆောင်ခံစားသူနှင့် အပြစ်ကိုရှုလျက် မက်မော ယစ်မူးခြင်းမရှိဘဲ ခံစားသူဟူ၍ နှစ်မျိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ရှိရာ၌-

- ဥစ္စာပစ္စည်းကို မတရားသဖြင့်ရှာခြင်း
- မိမိကိုယ်တိုင် မခံစားခြင်း၊
- သူတစ်ပါးတို့အား ပေးကမ်းလှူဒါန်းမှုမပြုခြင်း
- အပြစ်ကိုမရှုဘဲ သုံးဆောင်ခြင်းတို့သည် ကဲ့ရဲ့အပ်သော အကြောင်းများဖြစ်၏။

- ဥစ္စာပစ္စည်းကို တရားသဖြင့်ရှာခြင်း
- မိမိကိုယ်တိုင် ခံစားခြင်း
- သူတစ်ပါးတို့အား ပေးကမ်းလှူဒါန်းခြင်း
- အပြစ်ကိုရှုလျက် သုံးဆောင်ခြင်းတို့သည် ချီးမွမ်းအပ်သောအကြောင်းများဖြစ်ပေသည်။

ခြိုးခြံသောအကျင့်ကိုကျင့်သော ရဟန်းများမှာ-

၁။ မိမိကိုယ်တိုင် ဆင်းရဲပင်ပန်းစေ၍ ကုသိုလ်တရားကိုလည်းမရ၊ အရိယာတို့၏ ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်မပြုနိုင်သော ပုဂ္ဂိုလ်၊

၂။ မိမိကိုယ်တိုင် ဆင်းရဲပင်ပန်းစေ၍ ကုသိုလ်တရားကိုကားရ၏၊ အရိယာတို့၏ ဉာဏ်အမြင်ထူးကို မျက်မှောက်မပြုနိုင်သောပုဂ္ဂိုလ်၊

၃။ မိမိကိုယ်တိုင် ဆင်းရဲပင်ပန်းစေ၍ ကုသိုလ်တရားကိုကားရ၏၊ အရိယာတို့၏ ဉာဏ်အမြင်ထူးကို မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်တို့ဖြစ်၏။

ထိုသုံးမျိုးတို့၌ မိမိကိုယ်ကို ဆင်းရဲပင်ပန်းစေခြင်းသည် ကဲ့ရဲ့အပ်သော အကြောင်းဖြစ်၏။ ကုသိုလ်တရားကိုရခြင်း၊ အရိယာတို့၏ ဉာဏ်အမြော်အမြင်ကို မျက် မှောက်ပြုခြင်းတို့ကား ချီးမွမ်းအပ်သောအကြောင်းများဖြစ်၏။

ဤသို့ ခြိုးခြံသောအကျင့်ရှိသော ရသေ့, ရဟန်းသုံးမျိုးကို ဟောကြားပြီးနောက် ကိုယ်တိုင်ကိုယ်ကျ သိမြင်နိုင်သည့် အကြွင်းမဲ့ကိလေသာပယ်ခြင်းသုံးမျိုးကို ဆက်လက်ဟောကြားတော်မူသည်။

အကြွင်းမဲ့ ကိလေသာပယ်ခြင်း သုံးမျိုးကား-

၁။ ရာဂဟူသောအကြောင်းကြောင့် မိမိ၏လည်းကောင်း၊ သူတစ်ပါး၏လည်းကောင်း ဆင်းရဲခြင်းငှါ စေ့ဆော်အားထုတ်သူသည် ရာဂကိုပယ်ပြီးသည်ဖြစ်၍ ထိုကဲ့သို့အားထုတ်မှု မပြုတော့ခြင်း။

၂။ ဒေါသဟူသောအကြောင်းကြောင့် မိမိ၏လည်းကောင်း၊ သူတစ်ပါး၏လည်းကောင်းဆင်းရဲခြင်းငှါ စေ့ဆော်အားထုတ်သူသည် ဒေါသကိုပယ်ပြီးသည်ဖြစ်၍ ထိုကဲ့သို့ စေ့ဆော်အားထုတ်မှု မပြုတော့ခြင်း။

၃။ မောဟဟူသောအကြောင်းကြောင့် မိမိ၏လည်းကောင်း၊ သူတစ်ပါး၏လည်းကောင်း၊ ဆင်းရဲခြင်းငှါ စေ့ဆော်အားထုတ်သူသည် မောဟကို ပယ်ပြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ထိုကဲ့သို့ စေ့ဆော်အားထုတ်မှု မပြုတော့ခြင်းတို့ဖြစ်သည်။

ဗုဒ္ဓက တရားတော်ကို ဟောကြားတော်မူသောအခါ ရာသိယရှာသူကြီးသည် ကျေနပ်နှစ်သက်၍ ဥပါသကာအဖြစ်ကိုခံယူသွားလေသည်။

## အစွန်းနှစ်ပါးဝင်ရောက်ပုံနှင့် ရှောင်ပုံ

ခန္ဓာဖြစ်စဉ်ကို လက္ခဏာယာဉ်သုံးပါးတင်၍ မရှုပွါးနိုင်လျှင် အစွန်းနှစ်ပါးသို့ဝင်ရောက်ပုံကို ပြအံ့။ အဆင်း၊ အသံစသော အာရုံခြောက်ပါးနှင့် တွေ့ဆုံသောအခါ တဏှာနှင့်ချည်း တပ်မက်စွာ ခံစားနေမည်ဆိုလျှင်ကား ကာမသုခလ္လိကာနုယောဂအစွန်းသို့ ဝင်ရောက်၏။ တစ်ဖန် အတိုက်ခံတတ် (အဆင်း၊ အသံ)စသည့် ခြောက်ပါးလာတိုက်လျှင် လောဘ၊ ဒေါသဖြစ်မည်။ ထိုသို့ မဖြစ်စေရန်ဟုဆိုကာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အတွင်းအာယတနများ အခံခံတတ်ခြောက်ပါးကို ဆင်းရဲပင်ပန်းစွာ ပိတ်ဆို့တားဆီးနေမည်ဆိုလျှင် အတ္တကိလမထာနုယောဂအစွန်းသို့ ဝင်၏။

**(မှတ်ချက်)**။ ။*အဆင်းကိုမမြင်စေရန် မျက်စိကို ကြာမြင့်စွာပိတ်ထားခြင်း၊ ရသာတဏှာမပေါ်စေရန်ဟုဆိုကာ အစားအစာကိုဖြတ်ခြင်း စသည်တို့ကို အတ္တကိလမထာနုယောဂဟု ဆိုလိုခြင်းဖြစ်၏။*

ဗုဒ္ဓညွှန်ပြသော မဇ္ဈိမပဋိပဒါ အလယ်အလတ်နည်းကား အာရုံခြောက်ပါးနှင့် တိုက်ဆိုင်ထိတွေ့သည့်အခါ တဏှာဖြင့် သာယာမှုမဖြစ်စေရပါ။ အခံခံတတ်နှင့် အတိုက်ခံတတ်တို့ မတိုက်ဆိုင်ရအောင် ဆင်းရဲပင်ပန်းစွာ တားဆီးပိတ်ပင်ခြင်း မပြုရပါ။ အခံခံတတ်နှင့် အတိုက်ခံတတ်တို့ အချင်းချင်းတိုက်ဆိုင်လာသည့်အခါ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့၏ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု၊ ငါမဟုတ်မှုတို့ကိုလည်းကောင်း၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံတို့၏ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု၊ ငါ မဟုတ်မှုတို့ကိုလည်းကောင်း၊

မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်တို့၏ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု၊ ငါမဟုတ်မှုတို့ကိုလည်းကောင်း၊

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံတို့၏ အရသာကို ခံစားခြင်းသဘောတရား၊ ဝေဒနာ၏ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု၊ ငါမဟုတ်မှုတို့ကို လည်းကောင်း၊

မည်သည့်အဆင်း၊ မည်သည့်အသံ၊ မည်သည့်အနံ့၊ မည်သည့်အရသာ၊ မည်သည့် အတွေ့အထိ၊ မည်သည့်အတွေးအာရုံဟု မှတ်သားခြင်းသဘောတရား သညာ၏ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု၊ ငါမဟုတ်မှုတို့ကိုလည်းကောင်း၊

အဆင်းကိုမြင်ရန်၊ အသံကိုကြားရန်၊ အနံ့ကိုနံရန်၊ အရသာကိုစားရန်၊ အတွေ့အထိကို တွေ့ထိရန်၊ အတွေးအာရုံကိုတွေးရန်၊ တိုက်တွန်းနှိုးဆော်ခြင်းသဘောတရား

www.burmeseclassic.com

www.burmeseclassic.com



သင်္ခါရခေါ် စေတနာနှင့် ကြွင်းစေတသိက်များ၏ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု၊ ငါ မဟုတ်မှုတို့ကိုလည်းကောင်း ချမ်းသာလွယ်ကူစွာဖြင့်ရှုပွားနေမှုကို ခေါ်ဆိုခြင်းဖြစ်၏။

ယခု ညွှန်ပြသောနည်းအတိုင်း သူ့အမည်နှင့် သူ ရှုပွားနိုင်သလို ခန္ဓာအမည်နှင့်လည်း ရှုပွားနိုင်၏။ ခန္ဓာအမည်နှင့်ရှုပွားသောအခါ အခံဓာတ်ခြောက်ပါးနှင့် အတိုက်ဓာတ်ခြောက်ပါးသည် ရူပက္ခန္ဓာဖြစ်လာ၏။ သိစိတ်ခြောက်ပါးသည် ဝိညာဏက္ခန္ဓာ ဖြစ်လာ၏။ ဝေဒနာခြောက်ပါးသည် ဝေဒနာက္ခန္ဓာဖြစ်လာ၏။ သညာခြောက်ပါးသည် သညာက္ခန္ဓာ ဖြစ်လာ၏။

စေတနာနှင့် ကြွင်းစေတသိက်များသည် သင်္ခါရက္ခန္ဓာဖြစ်လာ၏ ထို့ကြောင့် အာရုံခြောက်ပါး တစ်ပါးပါးနှင့် တိုက်ဆိုင်လာတိုင်း ခန္ဓာငါးပါးအနိစ္စဟု စုပေါင်း၍လည်း ရှုနိုင်၏။ 'ညောင်လွန့်တောရကျောင်း ဆရာတော်ကြီး၏ ဘုံကျဉ်းဝိပဿနာ' တွင်ကား ခန္ဓာတစ်ပါးချင်းစီ၏ အနိစ္စကိုရှုပွားဖို့ရန် နည်းပေးတော်မူ၏။ 'ပခုက္ကူ ဝိပဿနာသင်တန်းနည်း'တွင်ကား ခန္ဓာငါးပါးလုံး၏ အနိစ္စကို ရှုလိုက ရှု၊ တစ်ပါးစီ၏ အနိစ္စကို ရှုလိုက ရှုဟု နည်းနှစ်ပါးလုံးကို ပေးသည်။

တစ်ပါးစီ၏အနိစ္စကို ရှုသည်ဖြစ်စေ၊ ခန္ဓာငါးပါးလုံး၏ အနိစ္စကို ရှုသည်ဖြစ်စေ၊ တစ်စက္ကန့်အတွင်း ရုပ်ခန္ဓာ ကုဋေငါးထောင်ကျော်၏ ဖြစ်ပျက်မှု၊ နာမ်ခန္ဓာ ကုဋေတစ်သိန်း၏ ဖြစ်ပျက်မှုများကို ယောဂီများအနေဖြင့် မည်သို့မျှ တစ်လုံးစီလိုက်၍ မသိနိုင်ပါ။ အပေါင်းအားဖြင့်သာ သိနိုင်ပါသည်။ အသေးစိတ် သိနိုင်မှုကား ဘုရားရှင်၏ ဉာဏ်တော်အရာသာဖြစ်သည်။ ထို့ကြောင့် 'ခန္ဓာတစ်ပါးစီ၏ အနိစ္စကိုလည်းကောင်း၊ ခန္ဓာငါးပါးပေါင်း၏ အနိစ္စကိုလည်းကောင်း မိမိဉာဏ်ဖြင့် ရှင်းသည့်အတိုင်း ရှုပွါးနိုင်သည်'ဟု အကြံပြုလိုပေသည်။

ခန္ဓာတစ်ပါးစီ၏ မမြဲမှုကို ရှုလိုက်သည်နှင့် သတိပဋ္ဌာန်လေးပါး အလိုလို ဝင်သွားပုံကို ရှေ့၌ ပြခဲ့ပြီးဖြစ်၏။ ပို၍မှတ်မိစေရန် ထပ်ပြအံ့။

'ရူပက္ခန္ဓာ၏ မမြဲမှုကို ရှုပွားခြင်းသည် ကာယာနုပဿနာသတိပဋ္ဌာန်
ဝေဒနာက္ခန္ဓာ၏ မမြဲမှုကို ရှုပွားခြင်းသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်
ဝိညာဏက္ခန္ဓာ၏ မမြဲမှုကို ရှုပွားခြင်းသည် စိတ္တာနုပဿနာသတိပဋ္ဌာန်
ကြွင်းခန္ဓာနှစ်ပါး၏ မမြဲမှုကို ရှုပွားခြင်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟု ခွဲခြားသိရ၏။ ဤမျှဖြင့်ဆိုလျှင် ခန္ဓာငါးပါး၏မမြဲမှုကိုရှုလျှင် သတိပဋ္ဌာန်လေးပါး ပါသွားကြောင်း ယောဂီသစ်များ သဘောပေါက်လောက်ပေပြီ။ ထို့ကြောင့် ခန္ဓာငါးပါးကို လက္ခဏာရေးသုံးပါးတင်၍ ရှုပွားနိုင်မှုကြောင့် မဂ်ဖိုလ်ရသွားသော ပုဂ္ဂိုလ်များအကြောင်းကို ဆက်လက်ဖော်ပြပေအံ့။ တခြားရဟန်းတော်များ၏အကြောင်းကို မဖော်ပြမီ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် ခန္ဓာငါးပါး၏အဿာဒ(မသာယာဖွယ်)၊ အာဒီနဝ (အပြစ်)၊ နိဿရဏ(ထွက်မြောက်ရာ)တို့ကို ဟုတ်တိုင်းမှန်စွာမသိမီက ဘုရားအဖြစ်ကို ဝန်မခံခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားအဖြစ်ကို ဝန်ခံသောသုတ်

ခန္ဓာငါးပါးတို့၏ အဿာဒ၊ အာဒီနဝ၊ နိဿရဏတို့ကို သိမြင်သောအခါမှသာ ဘုရားဟုဝန်ခံခဲ့သော'သုတ်'တစ်သုတ်ကို ဦးစွာဖော်ပြလို၏။ ထိုသုတ်ကား သံယုတ်ပါဠိတော်၊ ခန္ဓဝဂ္ဂသံယုတ်၊ အဿာဒသုတ်ပင်တည်း။

ထိုသုတ်၌ ဟောထားသည်မှာ-

'ရဟန်းတို့-သစ္စာလေးပါးကို ထိုးထွင်း၍မသိမီ ဘုရားလောင်းဖြစ်စကပင် ငါ့အား ငါးပါးအာရုံ၏ သာယာဖွယ် (အဿာဒ)သည် အဘယ်နည်း၊ အပြစ် (အာဒီနဝ)သည် အဘယ်နည်း၊ လွတ်မြောက်ရာ (နိဿရဏ)သည် အဘယ်နည်း စသည်ဖြင့် အကြံဖြစ်ခဲ့၏။ ရဟန်းတို့- ထို့နောက် ငါ့အား ဤသို့သောအကြံသည် ထပ်မံဖြစ်ပေါ်လာ၏။ ရုပ်ကို စွဲ၍ဖြစ်ပေါ်သော ကိုယ်ချမ်းသာခြင်း၊ စိတ်ကြည်နူးခြင်းသည် ရုပ်၏သာယာဖွယ်ဖြစ်၏။

မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်းသဘောသည် ရုပ်၏အပြစ်ဖြစ်၏။ ရုပ်၌ လိုချင်မှု တပ်မက်မှု(တဏှာ)ကို ဖျောက်ဖျက်ခြင်းသည် ရုပ်၏လွတ်မြောက်ရာ ဖြစ်၏။ (ဝေဒနာစသည်၌လည်း ယခုနည်းတူ ဆက်ဟော၏)

'ရဟန်းတို့- ငါသည် ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့၏ သာယာ ဖွယ်၊ ခန္ဓာငါးပါးတို့၏ အပြစ်၊ ခန္ဓာငါးပါးတို့မှ ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ မသိမီက လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းနှင့်တကွဖြစ်သော ဤလောက၌ အမြတ်ဆုံးသော သမ္မာသမ္ဗောဓိကို ထိုးထွင်းသိပြီဟု ဝန်မခံခဲ့။ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သော အခါမှစ၍သာလျှင် သမ္မာသမ္ဗောဓိကို ထိုးထွင်း၍သိပြီ'ဟု ဝန်ခံခဲ့ပေသည်။

'ဤ အဿာဒသုတ်ကိုထောက်ကြည့်လျှင် ခန္ဓာငါးပါးကို လက္ခဏာယာဉ်သုံးပါးတင်၍ ရှုပွါးခြင်းသည် ဗုဒ္ဓ၏ကိုယ်တွေ့နည်းဖြစ်ကြောင်း သိသာထင်ရှားပြီဖြစ်၏။ ရှေ့၌ ဒါန၊ သီလ၊ ဘာဝနာပြုခြင်းသည် လောဘ, ဒေါသ, မောဟ ဦးဆောင်သော ကိလေသာများ ကုန်ခန်းရန်အတွက်ဖြစ်သည်ဟု ရှင်းပြခဲ့၏။ ယခုလည်း ခန္ဓာငါးပါးကို လက္ခဏာယာဉ်သုံးပါးတင်၍ ရှုပွားရခြင်း၏ ရည်ရွယ်ချက်၊ ခန္ဓာငါးပါးအပေါ် စွဲမက်ခြင်း၏ အပြစ်၊ မစွဲမက်ခြင်း၏ အကျိုး၊ တစ်ဖန် ထိုခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုခြင်းသည် မည်သည့်အဆင့်ထိ ပို့ဆောင်ပေးနိုင်သနည်း။

'ရဟန္တာဖြစ်သွားခဲ့လျှင်ကော ဤကဲ့သို့ ဆက်လက်ရှုပွါးရန်လိုသေးသလော' ဟူသော မေးခွန်းတို့၏အဖြေများကို ဗုဒ္ဓနှင့် ဗုဒ္ဓ၏သာဝကကြီးများဖြေဆိုသည့်အတိုင်း မပြုမပြင် တင်ပြလိုက်၏။

သက္ကတိုင်း သာကီဝင်မင်းမျိုးတို့၏ ဒေဝဒဟမည်သော နိဂုံး၌ သီတင်းသုံးစဉ် များစွာသောရဟန်းတို့သည် ဗုဒ္ဓထံချဉ်းကပ်၍ 'တပည့်တော်တို့သည် ပစ္ဆာဘူမဇနပုဒ်

www.burmeseclassic.com

www.burmeseclassic.com



သို့ သွားနေလိုကြပါသည်' ဟုလျှောက်ကြ၏။ ထိုရဟန်းတို့အား ဗုဒ္ဓက 'သာရိပုတ္တရာကို ပန်ကြား၍သွားကြလော့'ဟု မိန့်ကြားတော်မူ၏။ ထိုရဟန်းတို့သည် ဒန့်ကွဲခြုံတစ်ခု၌နေသော အရှင်သာရိပုတ္တရာကို သွား၍ပန်ကြားကြ၏။ အရှင်သာရိပုတ္တရာက ထို ရဟန်းတို့ကို ဤသို့မေးလေသည်။

'ငါ့ရှင်တို့-တိုင်းတစ်ပါးသို့သွားသောရဟန်းကို သင်တို့ဆရာသည် မည်သို့ဟောကြားလေ့ရှိသနည်း'ဟူ၍ ပညာရှိတို့က မေးတတ်ကုန်၏။ ငါ့ရှင်တို့သည် ထိုကဲ့သို့မေးခြင်းကို ဖြေကြားနိုင်ရန် တရားကို ကောင်းစွာသင်ယူ မှတ်သားကြပါ ကုန်၏လော'

ထိုအမေးကို မြတ်စွာဘုရား၏ အလိုတော်နှင့်အညီ မည်ကဲ့သို့ဖြေဆိုရမည်ကို ရှင်းလင်းဟောကြားရန် ရဟန်းတို့က အရှင်သာရိပုတ္တရာအား တောင်းပန်ကြသည်။

## ဝိပဿနာရှုပွားရခြင်း၏ ရည်ရွယ်ချက်

အရှင်သာရိပုတ္တရာက အောက်ပါအတိုင်း ဟောကြားလေသည်။

'ငါ့ရှင်တို့- သင်တို့၏ဆရာသည် မည်ကဲ့သို့ဟောကြားလေ့ရှိပါသနည်းဟူ၍ ပညာရှိတို့က မေးခဲ့သော် ငါတို့၏ဆရာသည် လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိ၏ဟု ဖြေကြားကြကုန်လော့'

'ဘယ်အရာ၌ လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိပါသနည်းဟု ထပ်ဆင့်မေးခဲ့လျှင် ရုပ် ဝေဒနာစသော ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ် ဖျောက်ရေးကို ဟောကြားလေ့ရှိ၏ဟု ဖြေကြားကြကုန်လော့'

'မည်သို့သောအပြစ်ကိုမြင်၍ ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိပါသနည်းဟု ထပ်ဆင့်၍မေးခဲ့သော် ခန္ဓာငါးပါး၌ လိုချင်မှု၊ တပ်မက်မှု၊ ဆာလောင်မှုမကင်းသူအား ထိုခန္ဓာငါးပါး ဖောက်ပြန်ပြောင်းလဲသွားသောအခါ စိုးရိမ်ခြင်း၊ ပူဆွေးခြင်းစသည်တို့ ဖြစ်တတ်ကုန်၏၊ ငါတို့ဆရာသည် ဤသို့သောအပြစ်ကိုမြင်၍ ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိ၏ဟု ဖြေဆိုကြကုန်လော့'

'မည်သို့သော အကျိုးအာနိသင်ကိုမြင်၍ ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိပါသနည်းဟု ထပ်ဆင့်မေးခဲ့သော် ခန္ဓာငါးပါး၌ လိုချင်မှု၊ တပ်မက်မှု၊ ဆာလောင်မှုကင်းသူအား ထိုခန္ဓာငါးပါး ဖောက်ပြန်ပျက်စီးသွားသော်လည်း စိုးရိမ်ပူဆွေးခြင်းစသည်တို့ မဖြစ်တော့ပေ၊ ငါတို့ဆရာသည် ဤသို့သော အကျိုးအာနိသင်ကိုမြင်၍ ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိ၏ဟု ဖြေဆိုကြကုန်လော့'

'ငါ့ရှင်တို့- အကယ်၍ အကုသိုလ်တရားတို့ကို ပြည့်စုံစေ၍နေသူအား မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းဖြစ်ပြီး တမလွန်၌လည်း သုဂတိကို မျှော်လင့်အပ်

www.burmeseclassic.com

www.burmeseclassic.com



သည်ရှိသော် မြတ်စွာဘုရားသည် အကုသိုလ်တရားများ ပယ်ရှားခြင်းကို ချီးမွမ်းမည် မဟုတ်၊ စင်စစ်အားဖြင့် အကုသိုလ်တရားများကို ပြည့်စုံစေ၍နေသူအား မျက်မှောက် ဘဝ၌ ဆင်းရဲစွာနေရခြင်းဖြစ်ပြီး၊ တမလွန်၌လည်း ဒုဂ္ဂတိကိုသာ မျှော်လင့်အပ်၏၊ ထို့ကြောင့်လည်း အကုသိုလ်တရားများ ပယ်ရှားခြင်းကို မြတ်စွာဘုရားက ချီးမွမ်းခြင်း ဖြစ်၏။'

'ငါ့ရှင်တို့- အကယ်၍ ကုသိုလ်တရားတို့ကို ပြည့်စုံစေ၍နေသူအား မျက်မှောက်ဘဝ၌ ဆင်းရဲစွာနေရခြင်းဖြစ်ပြီး တမလွန်၌လည်း ဒုဂ္ဂတိကို မျှော်လင့်အပ် သည်ရှိသော် မြတ်စွာဘုရားသည် ကုသိုလ်တရားများပြည့်စုံခြင်းကို ချီးမွမ်းမည် မဟုတ်၊ စင်စစ်အားဖြင့် ကုသိုလ်တရားများကို ပြည့်စုံစေ၍နေသူအား မျက်မှောက် ဘဝ၌ ချမ်းသာစွာနေရခြင်းဖြစ်ပြီး တမလွန်၌လည်း သုဂတိကိုသာ မျှော်လင့်အပ်၏။ ထို့ ကြောင့်ပင် ကုသိုလ်တရားများ ပြည်စုံခြင်းကို မြတ်စွာဘုရားက ချီးမွမ်းခြင်းဖြစ် ပေ၏'

*(ခန္ဓဝဂ္ဂသံယုတ်၊ ဒေဝဒဟသုတ်)*

ဤကားခန္ဓာငါးပါးကို လက္ခဏာယာဉ်သုံးပါးတင်၍ ရှုပွားရခြင်း၏ရည်ရွယ် ချက်၊ ခန္ဓာငါးပါးအပေါ် စွဲမက်ခြင်း၏အပြစ်၊ မစွဲမက်ခြင်း၏အကျိုးများကို ဗုဒ္ဓကိုယ် စား အရှင်သာရိပုတ္တရာက ဖြေဆိုပေးခြင်းဖြစ်၏။ ထိုတရားကို နာစေချင်၍ပင် ဗုဒ္ဓက ထိုရဟန်းများကို အရှင်သာရိပုတ္တရာထံ စေလွှတ်ပေးခြင်းဖြစ်၏။

ယခုတစ်ဖန် ခန္ဓာငါးပါးအနိစ္စ စသည်ဖြင့် ရှုပွါးခြင်းဘာဝနာကို မည်သည့် အဆင့်ရောက်သည်အထိ ပွားများရမည်နည်းဟူသော မေးခွန်း၏အဖြေကို ဆက်လက် ပြအံ့။

## ရဟန္တာဖြစ်ပြီးသည်အထိ ပွားများနေရမည့်တရား

ဗာရာဏသီပြည် ဣသိပတနမည်သော သမင်တော၌ အရှင်သာရိပုတ္တရာ နှင့် ရှင်မဟာကောဋ္ဌိကတို့ သီတင်းသုံးနေစဉ် ရှင်ကောဋ္ဌိကသည် ရှင်သာရိပုတ္တရာ ထံချဉ်းကပ်၍ ပြဿနာများကိုမေးလျှောက်ရာ ရှင်သာရိပုတ္တရာကလည်း ထို ပြဿ နာများကို ဖြေကြားသည်။

'ငါ့ရှင် သာရိပုတ္တရာ-သီလရှိသောရဟန်းတို့သည် အဘယ်တရားများကို သင့်သောအားဖြင့် နှလုံးသွင်းအပ်ပါသနည်း'

'ငါ့ရှင် ကောဋ္ဌိက-သီလရှိသော ရဟန်းသည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို မမြဲသော၊ ဆင်းရဲသော အနာရောဂါနှင့်တူသော ဆူးငြောင့်နှင့်တူသော၊ ပျက်စီးတတ် သော၊ ကင်းဆိတ်သော၊ အတ္တမဟုတ်သောတရားဟူ၍ သင့်သောအားဖြင့် နှလုံးသွင်း အပ်၏။ ငါ့ရှင် ကောဋ္ဌိက-သီလရှိသောရဟန်းသည် ဤသို့ နှလုံးသွင်းသည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ဖွယ်အကြောင်းရှိ၏'

'ငါ့ရှင် သာရိပုတ္တရာ-သောတာပန်ဖြစ်သော ရဟန်းသည် အဘယ်တရား

www.burmeseclassic.com

www.burmeseclassic.com



တို့ကို သင့်သောအားဖြင့် နှလုံးသွင်းအပ်ပါသနည်း'

'ငါ့ရှင် ကောဋ္ဌိက-သောတာပန်ဖြစ်သော ရဟန်းတို့သည်လည်း ဥပါဒါ နာက္ခန္ဓာ ငါးပါးတို့ကိုပင် သင့်သောအားဖြင့် နှလုံးသွင်းအပ်၏။ ယင်းသို့ နှလုံးသွင်း သည်ရှိသော် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ဖွယ်အကြောင်းရှိ၏'

(သကဒါဂါမ်ရဟန်းသည် အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမ်ရဟန်းသည် အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုနိုင်ကြောင်း အလားတူဟောသည်)

'ငါ့ရှင် သာရိပုတ္တရာ-ရဟန္တာဖြစ်သောရဟန်းသည် အဘယ်တရားတို့ကို သင့်သောအားဖြင့် နှလုံးသွင်းအပ်ပါသနည်း'

'ငါ့ရှင် ကောဋ္ဌိက-ရဟန္တာဖြစ်သောရဟန်းသည်လည်း ဥပါဒါနက္ခန္ဓာ ငါးပါး တို့ကို သင့်သောအားဖြင့် နှလုံးသွင်းအပ်၏။ ငါ့ရှင် ကောဋ္ဌိက-စင်စစ်အားဖြင့် ရဟန္တာ ပုဂ္ဂိုလ်များအား နောက်ထပ် ပြုဖွယ်ကိစ္စများသည်လည်းကောင်း၊ ပြုအပ်ပြီးသော ကိစ္စကို တစ်ဖန် ပွားစေခြင်းသည်လည်းကောင်း မရှိ။ သို့မရှိငြားသော်လည်း ဤတရား တို့ကို ပွားများသည်ရှိသော် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း၊ သတိသမ္ပဇဉ် ရှိခြင်းအလို့ငှာ ဖြစ်ကုန်၏'။ **(ခန္ဓဝဂ္ဂသံယုတ်၊ သီလဝန္တသုတ်)**

ဤဒေသနာကိုထောက်၍ အာရုံခြောက်ပါးနှင့်တွေ့ဆုံတိုင်း၊ ခန္ဓာငါးပါး အနိစ္စ ဟု သုဒ္ဓဝိပဿနာနည်းဖြင့် ရှုပွါးမှုမျိုးသည် မဂ်ဖိုလ်မရသေးသည့် ပုထုဇဉ်ဘဝတွင် သာမကဘဲ ရဟန္တာဖြစ်ပြီးသည်အထိ ရှုပွားရမည့်တရားဖြစ်ကြောင်း ထင်ရှားလှပေ သည်။ ဤနေရာမှစ၍ ခန္ဓာငါးပါးကို လက္ခဏာယာဉ်တင်ကာရှုပွားသဖြင့် ရဟန္တာ ဖြစ်သွားကြသော မထေရ်မြတ်တို့အကြောင်းကို သံယုတ်ပါဠိတော်လာအတိုင်း ထုတ် နှုတ် တင်ပြပေအံ့။

ရဟန်းတစ်ပါးသည် ဗုဒ္ဓထံချဉ်းကပ်၍-

'မြတ်စွာဘုရား တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါ။ တပည့်တော်သည် တစ်ပါးတည်းနေလျက် တရားအားထုတ်လိုပါသည်'

ဟု လျှောက်၏။

ထိုရဟန်းအား ဗုဒ္ဓက-

'ရဟန်း-အကြင်တရားကိုစွဲ၍ ရာဂဒေါသကိန်း၏၊
ထိုတရားဖြင့် ခေါ်ဝေါ်ခြင်းသို့ရောက်၏၊
အကြင်တရားကိုစွဲ၍ ရာဂဒေါသမကိန်း၊
ထိုတရားဖြင့် ခေါ်ဝေါ်ခြင်းသို့ မရောက်'

ဟု မိန့်ကြားတော်မူသည်။

'မြတ်စွာဘုရား- တပည့်တော် နားလည်ပါပြီ၊ တပည့်တော် နားလည်ပါပြီ'

ဟု ထိုရဟန်းက လျှောက်ရာ-

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်း-အကျဉ်းအားဖြင့် ငါဟောသော တရား၏အနက်ကို အကျယ်အားဖြင့် သင်မည်သို့ နားလည်သနည်း'

ဟု ဗုဒ္ဓက မေးတော်မူသည်။

ထိုရဟန်းက အောက်ပါအတိုင်း ဖြေကြားလေသည်။

'အရှင်ဘုရား-အကယ်၍(ရူပက္ခန္ဓာ)ရုပ်ကိုစွဲ၍ ရာဂ, ဒေါသ ကိန်းခဲ့သော် ထိုရုပ်ဖြင့် (တပ်မက်သူ၊ စိတ်ဆိုးသူဟူ၍) ခေါ်ဝေါ်ခြင်းသို့ရောက်ပါသည်။ အကယ်၍ (ဝေဒနာက္ခန္ဓာ) ဝေဒနာကိုစွဲ၍ ရာဂ, ဒေါသကိန်းခဲ့သော် ထိုဝေဒနာဖြင့် ခေါ်ဝေါ်ခြင်းသို့ ရောက်ပါသည်' (သညာစသည်၌ နည်းတူဟော၏)

'အရှင်ဘုရား- အကယ်၍ ရုပ်ကိုစွဲ၍ ရာဂ,ဒေါသ မကိန်း ခဲ့သော် ထိုရုပ်ဖြင့် (တပ်မက်သူ၊ စိတ်ဆိုးသူဟူ၍) ခေါ်ဝေါ်ခြင်းသို့ မရောက်ပါ။ အကယ်၍ (ဝေဒနာက္ခန္ဓာ)ဝေဒနာကိုစွဲ၍ ရာဂ, ဒေါသ မကိန်းခဲ့သော် ထိုဝေဒနာဖြင့် ခေါ်ဝေါ်ခြင်းကို မရောက်ပါ' (သညာ စသည်၌ နည်းတူဟော၏)

'အရှင်ဘုရား- မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောအပ်သော တရား၏အနက်ကို အကျယ်အားဖြင့် တပည့်တော် ဤသို့နားလည်ပါသည်'

ထိုရဟန်း၏အဖြေကို ဗုဒ္ဓကကျေနပ်စွာ လက်ခံတော်မူသည်။ ထိုရဟန်းလည်း တစ်ပါးတည်းနေလျက် တရားကိုအားထုတ် ရာ မကြာမီ ရဟန္တာဖြစ်လေသည်။

*(ခန္ဓဝဂ္ဂသံယုတ်၊ အညတရဘိက္ခုသုတ်)*

အခြားရဟန်းတစ်ပါးကလည်း အထက်သုတ်နည်းတူ အကျဉ်းအားဖြင့် တရားဟောရန်တောင်းပန်ရာ ဗုဒ္ဓက-

'ရဟန်း-အကြွင်တရားကိုစွဲ၍ ရာဂ, ဒေါသကိန်း၏။ ထိုတရားကို နှိုင်းယှဉ်အပ်၏။ ထိုတရားဖြင့် ရေတွက်ခြင်းသို့ ရောက်၏။ အကြွင်တရားကိုစွဲ၍ ရာဂ,ဒေါသ မကိန်း၊ ထိုတရားကို မနှိုင်းယှဉ်အပ်။ ထိုတရားဖြင့် ရေတွက်ခြင်းသို့မရောက်'ဟု မိန့်ကြားတော်မူသည်။ ထိုအခါရဟန်းက-

'တပည့်တော်နားလည်ပါပြီ၊ တပည့်တော် နားလည်ပါပြီ'

ဟုလျှောက်၏။

ဗုဒ္ဓက-

'သင် မည်သို့ နားလည်သနည်း'

ဟု မေးသောအခါ အောက်ပါအတိုင်း ဖြေလေသည်။

'အရှင်ဘုရား၊ အကယ်၍ ရုပ်ကိုစွဲ၍ ရာဂ၊ ဒေါသကိန်းခဲ့သော် ထိုရုပ်ကို နှိုင်းယှဉ်အပ်၏။ ထိုနှိုင်းယှဉ်အပ်သော ရုပ်ဖြင့်ပင် (တပ်

www.burmeseclassic.com

www.burmeseclassic.com



မက်သူ၊ စိတ်ဆိုးသူ)ဟူ၍ ခေါ်ဝေါ်ခြင်းသို့ရောက်၏။ အရှင်ဘုရား၊ အ ကယ်၍ ရုပ်ကိုစွဲ၍ ရာဂ၊ ဒေါသ မကိန်းခဲ့သော် ထိုရုပ်ကို မနှိုင်း ယှဉ်အပ်၊ ထို မနှိုင်းယှဉ်အပ်သော ရုပ်ဖြင့်လည်း ခေါ်ဝေါ်ခြင်းသို့ မရောက်။ (ဝေဒနာ စသည်၌လည်း နည်းတူဟော၏။) အရှင် ဘုရား-ဤသို့ တပည့်တော် နားလည်ပါသည်'

ရဟန်း၏အဖြေကို ဗုဒ္ဓက ကျေနပ်စွာ လက်ခံတော်မူ သည်။ ထိုရဟန်းသည်လည်း တစ်ပါးတည်းနေလျက် တရား အားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေသည်။

*(ခန္ဓဝဂ္ဂသံယုတ်၊ ဒုတိယအညတရဘိက္ခုသုတ်)*

မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်ဟူသော အခံဓာတ်ခြောက်ပါးကို အဆင်း အသံ အနံ့ အရသာ အတွေ့အထိ အတွေးအာရုံဟူသော အတိုက်ဓာတ် ခြောက်ပါးက တိုက်လိုက်တိုင်း ငါဟူသည်မရှိ။ သဘောတရားသာဖြစ်သော ခန္ဓာ ငါးပါးသာရှိသည်။ ထိုခန္ဓာငါးပါးသည်လည်း မမြဲသောအနိစ္စတရား၊ မမြဲသဖြင့် ဆင်းရဲသော ဒုက္ခတရား၊ မမြဲလည်းမမြဲ၊ ဆင်းရဲလည်းဆင်းရဲသဖြင့် အစိုးမရသော ကိုယ်မပိုင်ဆိုင်သော အနတ္တတရားသာဖြစ်သည်ဟု ရှုပွားနေသူအား ပါရမီရင့်ကျက် လာပုံအကျယ်ကို ခန္ဓဝဂ္ဂသံယုတ်၊ ဥဒါနသုတ်၌ ဗုဒ္ဓကဟောကြားတော်မူခဲ့၏။ ရှေ့ နှစ်သုတ်၌ပြသော ရဟန်းတော်နှစ်ပါး အရဟတ္တဖိုလ်ရပုံ မြင်ကွင်းကျယ်ဆိုလျှင်လည်း မမှားပေ။

## တရားမမှားအောင် ဟောနည်း

မဟာစည်ဆရာတော်ဘုရားကြီး၏ လက်ရင်းဆရာတော်ဖြစ်တော်မူသော သထုံ၊ ဇေတဝန်တောရ ဆရာတော်ဘုရားကြီးသည် ဝိပဿနာတရားဟောလျှင် တိကျ မှန်ကန်မှုရှိစေရန် တစ်စုံတရာ ပြင်ဆင်ဖြည့်စွက်မှုမရှိဘဲ ပါဠိတော်ကြီးများ အတိုင်း ဟောတော်မူလေ့ရှိ၏။

'ကိုယ့်အတ္တနောမတိဖြင့် ကွန့်ဟောလွန်းလျှင် လမ်းလွဲသွား တတ်သည်၊ ပါဠိတော်လာအတိုင်း အတိအကျဟောလျှင် လွဲမှားစရာမရှိ'ဟူ၍ မဟာ စည်ဆရာ တော်ကို ဩဝါဒပေးတော်မူခဲ့သည်။

ထိုဩဝါဒအတိုင်း ဤစာအုပ်တွင်လည်း လွဲချော်မှုမရှိစေရန် ပါဠိတော်လာ အတိုင်း အတိအကျ မြန်မာပြန်ဆို တင်ပြနေခြင်းဖြစ်သည်။

ယခု ဥဒါနသုတ်အကျဉ်းချုပ် မြန်မာပြန်ကို ဖော်ပြတော့အံ့။

အခါတစ်ပါး၌ ဗုဒ္ဓသည် 'အတိတ်က ငါ၏အားထုတ်မှု (အဝိဇ္ဇာ, တဏှာ, ကံ) မရှိခဲ့လျှင် ယခု ငါ့ခန္ဓာသည်မဖြစ်ရာ၊ ယခုဘဝ၌ ငါ၏ အားထုတ်မှု မရှိခဲ့သော် အနာဂတ်ဘဝ၌ ငါ၏ခန္ဓာသည် ဖြစ်မည်မဟုတ်၊ ဤသို့ နှလုံးသွင်းသော ရဟန်းသည်

www.burmeseclassic.com

www.burmeseclassic.com



အောက်အဖို့ရှိသော သံယောဇဉ်တို့ကို ဖြတ်နိုင်ပေရာ၏'(သောတာပတ္တိမဂ်ကို ရရာ၏) ဟူသော ဥဒါန်းစကားကို မြွက်ဆိုတော်မူ၏။

ထိုအခါ ရဟန်းတစ်ပါးက 'အဘယ်သို့လျှင် အောက်အဖို့ရှိသော သံယောဇဉ်တို့ကို ဖြတ်နိုင်ပါသနည်း'ဟုမေးလျှောက်သဖြင့် ဗုဒ္ဓက သံယောဇဉ်ဖြတ်ပုံ (အောက်မဂ်ဖြစ်ပေါ်ပုံ)ကို အကျယ်ဟောတော်မူသည်။

'ရဟန်းတို့- ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် ရုပ်သည် အတ္တဖြစ်၏ စသောအားဖြင့်ရှု၏။ မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော၊ ပြုပြင်စီရင်အပ်သော ရုပ်, ဝေဒနာ စသည်တို့သည် မမြဲသောတရားဖြစ်၏။ ဆင်းရဲသောတရားဖြစ်၏ စသောအားဖြင့် ဟုတ်တိုင်းမှန်စွာမသိ။ အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည်ကား 'ရုပ်သည် အတ္တဖြစ်၏' စသောအားဖြင့် မရှု။

မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော၊ ပြုပြင်စီရင်အပ်သော ရုပ်, ဝေဒနာ စသည်တို့ကို မမြဲသောတရားဖြစ်၏၊ ဆင်းရဲသောတရားဖြစ်၏ စသောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိ၏။ ရုပ်သည် ပျက်စီးလိမ့်မည်၊ ဝေဒနာသည် ပျက်စီးလိမ့်မည် စသောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိ၏။ ဤသို့ ရုပ် ဝေဒနာစသည်တို့၏ ပျက်စီးခြင်းသဘောကို မြင်ခြင်းဖြင့် ထိုရဟန်းသည် အောက်အဖို့ရှိသော သံယောဇဉ်တို့ကို ဖြတ် နိုင်ရာ၏။

**(မှတ်ချက်)။** ။ *သောတာပတ္တိမဂ်က အောက်ပိုင်းသံယောဇဉ်ငါးပါး ပယ်သတ်ပုံကို ဟောတော်မူနေခြင်းဖြစ်၏။*

## အောက်ပိုင်းသံယောဇဉ် (၅)ပါး

ခန္ဓာငါးပါး-တစ်ပါးပါးကို ငါဟုယူမှားခြင်း ဒိဋ္ဌိသံယောဇဉ်၊ ငါဟူသည် အရင်တုန်းက ရှိခဲ့သလား၊ အခု ရှိဆဲလား၊ နောင် ရှိဦးမှာလားဟု မဝေခွဲနိုင်၊ မဆုံးဖြတ်နိုင်ခြင်း ဝိစိကိစ္ဆာသံယောဇဉ်။ နွားလို၊ ခွေးလိုကျင့်လျှင် ကိလေသာကုန်သည်ဟု အကျင့်အရာ၌ အယူအဆမှားခြင်း သီလဗ္ဗတ ပရာမာသသံယောဇဉ်၊ ကိုယ့်ထက်သာလျှင် မနာလိုသော ဣဿာ သံယောဇဉ်၊ စည်းစိမ်ဥစ္စာ၊ မိတ်ဆွေကောင်း စသည်တို့ကို မိမိရသလို သူတစ်ပါး မရစေလိုခြင်း မစ္ဆရိယသံယောဇဉ်တို့ကို သောတာပတ္တိမဂ်က အကြွင်းမဲ့ ပယ်သတ်လေသည်။ ထို့ကြောင့် ယင်းသံယောဇဉ်ငါးမျိုး တစ်မျိုးမျိုးကို တွေ့နေသေးလျှင် သောတာပန်မဟုတ်ဟု သိနိုင်၏။ ဤကား ယောဂီသစ်များအတွက် ရှင်းပြချက်တည်း။

ဥဒါနသုတ်မြန်မာပြန်ကို ဆက်လက်ဖော်ပြအံ့။

'အရှင်ဘုရား- အဘယ်သို့သိမြင်သူအား အခြားမဲ့၌ အာသဝတို့၏ကုန်ခြင်း သည်ဖြစ်ပါသနည်း'။ (မည်သို့သောအသိမျိုးဖြင့်သိလျှင် ရဟန္တာဖြစ်ပါသနည်းဟု မေးခြင်းပင်ဖြစ်၏)။

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်း-ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် မထိတ်လန့်သင့်သောအရာ၌ ထိတ်လန့်ခြင်းသို့ရောက်၏၊ အကြားအမြင်နည်းသော ပုထုဇဉ်အား အကယ်၍ အတိတ်က ငါ၏ အားထုတ်မှုမရှိခဲ့သော် ယခု ငါ၏ခန္ဓာသည် ဖြစ်မည်မဟုတ်၊ ယခု ဘဝ၌ ငါ၏အားထုတ်မှုသည် မရှိခဲ့သော် အနာဂတ်ဘဝ၌ ငါ၏ခန္ဓာသည် ဖြစ်မည်မဟုတ်ဟူ၍ နှလုံးသွင်းခြင်းသည် ထိတ်လန့်ခြင်းဖြစ်၏'

အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည်ကား မထိတ်လန့်သင့်သောအရာ၌ ထိတ်လန့်ခြင်းသို့မရောက်၊ ရဟန်း- အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်အား အကယ်၍ အတိတ်က ငါ၏အားထုတ်မှု မရှိခဲ့သော် ယခု ငါ၏ခန္ဓာသည် ဖြစ်မည်မဟုတ် စသည်ဖြင့် နှလုံးသွင်းခြင်းသည် ထိတ်လန့်ခြင်း မဟုတ်'

'ရဟန်းတို့-ဝိညာဏ်သည် တည်လတ်သော် ရုပ် ဝေဒနာ သညာ, သင်္ခါရ တို့တွင် တစ်ပါးပါးသို့ ကပ်ရောက်သည်ဖြစ်၍သာလျှင် တည်၏၊ ယင်းတို့နှင့်ကင်း၍ တည်နိုင်သောအကြောင်းမရှိ၊ ရူပဓာတ်၊ ဝေဒနာဓာတ် စသော ဓာတ်ငါးပါး၌ ရာဂကိုပယ်သော ရဟန်းအား အာရုံသည် ပြတ်၏၊ ဝိညာဏ်၏ တည်နေရာသည် မရှိ၊ ထိုသို့ တည်ရာမရှိသည်ဖြစ်၍ လွတ်မြောက်လေ၏၊ လွတ်မြောက်ခြင်းကြောင့် တည်တံ့၏။ တည်တံ့ခြင်း ကြောင့် နှစ်သိမ့်၏။ နှစ်သိမ့်ခြင်းကြောင့် မပူပန်၊ မပူပန်သည် ရှိသော် မိမိအလိုလိုသာလျှင် ငြိမ်းအေးသွားလေ၏။ ဘဝသစ်ဖြစ် ခြင်း ကုန်လေပြီ။ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ။ ပြုဖွယ်ကိစ္စ ပြုပြီးပြီ။ ဤ အတွက် တစ်ပါးသောပြုဖွယ်ကိစ္စ မရှိတော့ဟူ၍ သိလေ၏။ ရဟန်း-ဤသို့ သိမြင်သောရဟန်းအား အခြားမဲ့၌ အာသဝတို့၏ ကုန်ခြင်းသည် ဖြစ်၏' **(ခန္ဓဝဂ္ဂသံယုတ်၊ ဥဒါနသုတ်)**

ဘဝသစ်ကိုဖြစ်စေသော ဝိညာဏ်သည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, တို့တွင် တစ်ပါးပါးကိုမှီ၍ ဘဝတစ်ခုခုကို ဖန်တီးခြင်းဖြစ်သည်။ ဘဝသစ် တစ်ခုခုဖြစ်ရန် အတွက် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ,တို့အပေါ်တွင် တပ်မက်သောရာဂရှိဖို့ လိုအပ်၏။ ရာဂသည် လူ, ပုဂ္ဂိုလ်,သတ္တဝါ စသောပညတ်ကို မှီပြီးဖြစ်ရ၏။ ဝိပဿနာဉာဏ်ဖြင့် ရှုပွါးလိုက်သောအခါ လူ, ပုဂ္ဂိုလ်,သတ္တဝါ စသောပညတ်များ ကွာကျသွားပြီး တရစပ် ဖြစ်ပျက်နေသော ရုပ်နာမ် သို့မဟုတ် ခန္ဓာငါးပါးကိုသာ မြင်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တပ်မက်သောရာဂကို ပယ်သတ်ပြီးသားဖြစ်ပြီး ဘဝသစ်မှန်သမျှ ချုပ်ငြိမ်းကာ နိဗ္ဗာန်သို့စံဝင်ခဲ့ရခြင်းဖြစ်ကြောင်းကို ဥဒါနသုတ်တစ်ခုလုံးက သိစေလိုခြင်းဖြစ်သည်။ ယခု ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တရှုခြင်းဖြင့် ရဟန္တာဖြစ်သွားသော 'မာလုကျပုတ္တထေရ်'အကြောင်းကို ဆက်၍ပြအံ့။

## ချမ်းသာလွယ်ကူသောရှုကွက်

အခါတစ်ပါး၌ 'အရှင်မာလုကျပုတ္တ'သည် ဗုဒ္ဓထံချဉ်းကပ်၍ မိမိအား တရားဟောရန် တောင်းပန်သည်-

'အရှင်ဘုရား-မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းချုပ်အားဖြင့် တရားဟောတော်မူပါ။ တပည့်တော်သည် တစ်ပါးတည်းနေလျက် တရားအားထုတ်လိုပါသည်'

'မာလုကျပုတ္တ- သင့်လို အရွယ်အိုသော ရဟန်းကပင် အကျဉ်းချုပ်အားဖြင့် ဆုံးမခြင်းကို တောင်းပန်ဘိ၏။ အရွယ်ငယ်သော ရဟန်းများကို အဘယ်သို့ ဆိုနိုင်တော့အံ့နည်း'

'အရှင်ဘုရား-တပည့်တော်သည် အရွယ်အိုမင်းသော ရဟန်းပင်ဖြစ်သော်ငြားလည်း မြတ်စွာဘုရားသည် အကျဉ်းချုပ်အားဖြင့် တရားကိုဟောတော်မူပါ။ တပည့်တော်သည် အရှင်ဘုရားဟောကြားအပ်သော တရားတော်၏ အနက်အဓိပ္ပါယ်ကို သိနိုင်ဖွယ်ရှိပါသည်။ တရားတော်၏အမွေကို ခံယူနိုင်ဖွယ်ရှိပါသည်ဘုရား'

'မာလုကျပုတ္တ-သင် မည်သို့ထင်သနည်း၊ သင်သည် ယခုဘဝ၌လည်း မမြင်အပ်၊ ရှေးဘဝကလည်း မမြင်ဖူး၊ ယခုလည်း မြင်ဆဲမဟုတ်သော၊ မြင်ရလို၏ဟူ၍လည်း နှလုံးသွင်းမရှိသော စက္ခုဝိညာဏ်ဖြင့်သိအပ်သည့် ရူပါရုံတို့၌ သင့်အား လိုချင်ခြင်း၊ တပ်စွန်းခြင်း၊ ချစ်ခင်ခြင်းသည် ဖြစ်သလော'

'မဖြစ်ပါဘုရား'

'သင်သည် ယခုဘဝ၌လည်း မကြားအပ်၊ ရှေးဘဝကလည်း မကြားဖူး၊ ယခုလည်း ကြားဆဲမဟုတ်သော၊ ကြားရလို၏ဟူ၍လည်း နှလုံးသွင်းမရှိသော သောတဝိညာဏ်ဖြင့်ကြားအပ်သည့် သဒ္ဒါရုံတို့၌ သင့်အား လိုချင်ခြင်း၊ တပ်စွန်းခြင်း၊ ချစ်ခင်ခြင်းသည် ဖြစ်သလော'

'မဖြစ်ပါဘုရား'

'သင်သည် ယခုဘဝ၌လည်း မနမ်းရှုအပ်၊ ရှေးဘဝကလည်း မနမ်းရှုဖူး၊ ယခု လည်း နမ်းရှုဆဲမဟုတ်သော၊ နမ်းရှုရလို၏ဟူ၍လည်း နှလုံးသွင်းမရှိသော၊ ဃာန ဝိညာဏ်ဖြင့် နမ်းရှုအပ်သည့်ဂန္ဓာရုံတို့၌ သင့်အား လိုချင်ခြင်း၊ တပ်စွန်းခြင်း၊ ချစ်ခင်ခြင်း သည် ဖြစ်သလော'

'မဖြစ်ပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'သင်သည် ယခုဘဝ၌လည်း မစားအပ်၊ ရှေးဘဝကလည်း မစားဖူး၊ ယခုလည်း စားဆဲမဟုတ်သော၊ စားရလို၏ဟူ၍လည်း နှလုံးသွင်းမရှိသော၊ ဇိဝှါဝိညာဏ်ဖြင့် စားအပ်သည့် ရသာရုံတို့၌ သင့်အား လိုချင်ခြင်း၊ တပ်စွန်းခြင်း၊ ချစ်ခင်ခြင်းသည် ဖြစ်သလော'

'မဖြစ်ပါဘုရား'

'သင်သည် ယခုဘဝ၌လည်း မထိအပ်၊ ရှေးဘဝကလည်း မထိဖူး၊ ယခုလည်း ထိဆဲမဟုတ်သော၊ ထိရလို၏ဟူ၍လည်း နှလုံးသွင်းမရှိသော၊ ကာယဝိညာဏ်ဖြင့် ထိ အပ်သည့် ဖောဋ္ဌဗ္ဗာရုံတို့၌ သင့်အား လိုချင်ခြင်း၊ တပ်စွန်းခြင်း၊ ချစ်ခင်ခြင်းသည် ဖြစ်သလော'

'မဖြစ်ပါဘုရား'

'သင်သည် ယခုဘဝ၌လည်းမသိအပ်၊ ရှေးဘဝကလည်း မသိဖူး၊ ယခုလည်း သိဆဲမဟုတ်သော၊ သိရလို၏ဟူ၍လည်း နှလုံးသွင်းမရှိသော၊ မနောဝိညာဏ်ဖြင့် ထိအပ်သည့် ဓမ္မာရုံတို့၌ သင့်အား လိုချင်ခြင်း၊ တပ်စွန်းခြင်း၊ ချစ်ခင်ခြင်းသည် ဖြစ်သလော'

'မဖြစ်ပါဘုရား'

'မာလုကျပုတ္တ- အကြင်အခါ၌ သင့်အား မြင်အပ်၊ ကြားအပ်၊ နမ်းရှုအပ်၊ စားအပ်၊ ထိအပ်၊ သိအပ်သောတရားတို့၌ မြင်လျှင် မြင်ကာမတ္တ၊ ကြားလျှင် ကြားကာမတ္တ၊ တွေ့လျှင် တွေ့ကာမတ္တ၊ (ဂန္ဓ၊ ရသ၊ဖောဋ္ဌဗ္ဗရုပ်သုံးမျိုးကို မုတ= အတွေ့ ရုပ်ဟု နာမည်တပ်၏) သိလျှင် သိကာမတ္တမျှသာဖြစ်၏၊ ထိုအခါ၌ သင့်အား ထိုတရားဖြင့် တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေခြင်းသည် ဖြစ်မည်မဟုတ်၊ အကြင်အခါ၌ ထိုတရားဖြင့် တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေခြင်းသည် မဖြစ်၊ ထိုအခါ၌ သင်သည် ထိုတရား၌ တည်မည်မဟုတ်'

**(မှတ်ချက်)**။ *စက္ခုပသာဒစသော အကြည်ရုပ်ခြောက်ပါး၊ ရူပါရုံစသော အာရုံခြောက်ပါး စက္ခုဝိညာဏ်စသော သိစိတ်ခြောက်ပါးသည် ငါမဟုတ်၊ ငါ့ဟာမဟုတ်၊ ငါ၏အတ္တမဟုတ်သော သူ့သဘော သူဆောင်ကာ တရစပ်ဖြစ်ပျက်နေသောကြောင့် အနိစ္စတရားသာဖြစ်၏။ အဖြစ်အပျက် အမြဲနှိပ်စက် နေသောကြောင့် ဒုက္ခတရားသာ ဖြစ်၏။*

ထိုတရားတို့၌ အနှစ်အသား ငါကောင် ဟူ၍ မရှိသောကြောင့် အနတ္တတရားသာ ဖြစ်၏ဟူ၍ ရှုမြင်နေသောသူကို ရည်ရွယ် ၍ ထိုတရား၌ တည်မည် မဟုတ်ဟု ဆိုခြင်းဖြစ်၏။

'အကြင်အခါ၌ သင်သည် ထိုတရား၌မတည်၊ ထိုအခါ၌ သင်သည် ဤလောက၌လည်းကောင်း၊ တစ်ပါးသော လောက၌လည်းကောင်း၊ ယင်းနှစ်ပါးကို့၏ ကြား၌လည်းကောင်း ရှိတော့မည်မဟုတ်'

www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက်)။ ဤဘဝ၊ ထိုဘဝ၊ ကြားဘဝ မည်သည့်ဘဝကိုမျှ လိုချင်တပ်မက်သောစိတ်မရှိလျှင် မည်သည့်ဘဝမျှ မရောက်တော့ဘဲ နိဗ္ဗာန်ကို ရောက်မည်ဟု ဆိုလိုခြင်းဖြစ်၏။ ဘဝသစ် ခန္ဓာဒုက္ခဟူသည်မှာ လိုချင်မှုရ၏။ (တဏှာသမုဒယာ၊ ဒုက္ခသမုဒယော)မလိုလျှင် မရတော့ပေ။ (တဏှာနိရောဓာ ဒုက္ခနိရောဓော)

ဤသို့ ဗုဒ္ဓဟောကြားသောအခါ မာလုကျပုတ္တရဟန်းသည် အကျဉ်းအားဖြင့် မြတ်စွာဘုရားဟောကြားသော တရားတော်၏အနက်ကို အကျယ်အားဖြင့် မိမိ နားလည်ပုံကို ဂါထာများဖြင့်လျှောက်ကြား၏။

ယင်းဂါထာတို့၏ အဓိပ္ပာယ်အချုပ်ကား ဤသို့ဖြစ်၏-

'အဆင်းကိုမြင်၍ နှစ်သက်ဖွယ်ဟု နှလုံးသွင်းသူအား သတိသည် ပျောက်ပျက်သွား၏၊ ထိုသူသည် ထိုအာရုံကို လွန်စွာ တပ်မက်မောသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ မျိုသိပ်၍ တည်၏၊ ထိုသူအား အဆင်းအာရုံကြောင့်ဖြစ်သည့် များစွာသော ဝေဒနာတို့သည် တိုးပွားကုန်၏၊ သူတစ်ပါးစည်းစိမ်ကို မိမိသို့ ရှေးရှုကြံစည် ခြင်း၊ သူတစ်ပါးကို ညှဉ်းဆဲလိုခြင်းတို့သည် ထိုသူတို့၏စိတ်ကို ညှဉ်းဆဲကုန်၏၊ ဤသို့လျှင် ညှဉ်းဆဲနှိပ်စက်ကုန်၏၊ ဤသို့လျှင် ဆင်းရဲမှုကို ဆည်းပူး၍နေသူအား နိဗ္ဗာန်သည် ဝေးကွာလှပေသည်'

'အသံကိုကြားသည်ဖြစ်၍ နှစ်သက်ဖွယ်ဟု နှလုံးသွင်းသူအား သတိသည် ပျောက်ပျက်သွား၏၊ ထိုသူသည် ထိုအာရုံကို လွန်စွာတပ်မက်မောသော စိတ်ရှိသည် ဖြစ်၍ ခံစား၏၊ မျိုသိပ်၍ တည်၏၊ ထိုသူအား အသံအာရုံကြောင့်ဖြစ်သည့် များစွာသော ဝေဒနာတို့သည် တိုးပွားကုန်၏၊ သူတစ်ပါးစည်းစိမ်ကို မိမိသို့ ရှေးရှုကြံစည်ခြင်း၊ သူတစ်ပါးကို ညှဉ်းဆဲလိုခြင်းတို့သည် ထိုသူတို့၏ စိတ်ကို ညှဉ်းဆဲကုန်၏၊ ဤသို့လျှင် ညှဉ်းဆဲနှိပ်စက်ကုန်၏၊ ဤသို့လျှင် ဆင်းရဲမှုကို ဆည်းပူး၍နေသူအား နိဗ္ဗာန်သည် ဝေးကွာလှပေသည်'

အနံ့ အရသာ အတွေ့အထိ အတွေးအာရုံတို့ကိုလည်း ရှေ့နည်းတူ လျှောက်ထားသည်။ ထို့နောက် ရှင်မာလုကျပုတ္တသည် တစ်ပါးတည်းနေလျက် တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေ၏။

အဆင်းအသံစသော အာရုံခြောက်ပါးနှင့်တွေ့ဆုံရာ၌ မိမိသို့ ရှေးရှုကြံစည် ခြင်း၊ လောဘနှင့် သူတစ်ပါးကို ညှဉ်းဆဲလိုခြင်း၊ ဒေါသကိလေသာတို့ဖြင့် ပူလောင်နေသူသည် နိဗ္ဗာန်နှင့် ဝေးသထက်ဝေးကွာနေသူသာဖြစ်၏။

နိဗ္ဗာန်နှင့် နီးလိုသူ၊ နိဗ္ဗာန်သို့ ရောက်လိုသူသည် လောဘ၊ ဒေါသ စသော

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာမီးများပေါ်မလာအောင် အဆင်းအသံစသော အာရုံခြောက်ပါး၊ မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ် စသော အကြည်ရုပ်ခြောက်ပါးဟူသော ရူပက္ခန္ဓာ၏ မမြဲခြင်း အနိစ္စကိုလည်းကောင်း၊ မြင်သိစိတ် ကြားသိစိတ်စသော ခြောက်ပါးသော ဝိညာဏက္ခန္ဓာ၏ မမြဲခြင်းအနိစ္စသဘောကိုလည်းကောင်း။ အဆင်း၏ အရသာ၊ အသံ၏ အရသာစသော အာရုံခြောက်ပါးတို့၏အရသာကို ခံစားခြင်းသဘောတရား ဝေဒနာက္ခန္ဓာ၊ ထိုအာရုံခြောက်ပါးကို မည်သည့်အဆင်းပဲ၊ မည်သည့်အသံပဲဟူ၍ မှတ်သားခြင်းသဘောတရား သညာက္ခန္ဓာ၊ ထိုအာရုံခြောက်ပါးကို ကြည့်ချင်အောင်၊ နားထောင်ချင်အောင် တိုက်တွန်းနှိုးဆော်ခြင်းသဘောတရား သင်္ခါရက္ခန္ဓာ၏ မမြဲခြင်း အနိစ္စသဘောကိုလည်းကောင်း ရှုမြင်ရမည်။ သိပေးရမည်။ ဤကား နေရာမရွေး၊ အချိန်မရွေး ဝိပဿနာရှုပွားနည်းပေတည်း။

ယခုဖော်ပြခဲ့ပြီးသည့် မထေရ်မြတ်တို့သည် ဤရှုပွားနည်းဖြင့် ရဟန္တာဖြစ်တော်မူသွားကြခြင်းဖြစ်၏။ အာရုံခြောက်ပါးနှင့် တွေ့ဆုံကြသည်ချင်း တူသော်လည်း မကြည့်တတ်သောသူသည် လောဘ၊ ဒေါသကိလေသာများဖြစ်ပြီး အပါယ်သို့ကျရ၏။ ကြည့်တတ်သောသူကား လောဘ ဒေါသကိလေသာများ ကင်းငြိမ်းသော နိဗ္ဗာန်သို့ ရောက်ရ၏။ နာကြားရှုမှတ်ပြီးသောတရားကို လက်တွေ့ကျင့်သုံးတတ်ရန်အတွက် သီရိလင်္ကာမှ တကယ့်ဖြစ်ရပ်တစ်ခုကို ဖော်ပြပေအံ့။

## မကြည့်တတ်သော် - ကိလေသာ, ကြည့်တတ်သော် - နိဗ္ဗာန်

သီရိလင်္ကာ အနောက်တောင်ပိုင်း၊ ကလျာဏီမြစ်အနီး ကလျာဏီမြို့၌ ကလျာဏီတိဿမင်း (၃၀၆-၂၀၇-ဘီစီ)မင်းပြု၏။ ယဋ္ဌာလတိဿမင်းဟုလည်း ခေါ်ကြသည်။ အိမ်ရှေ့မင်းကား ညီတော် အယျဥတ္တိယဖြစ်၏။ သူတို့နှစ်ဦးလုံး၏ ငယ်ဆရာ ကား 'ကလျာဏီယမထေရ်ကြီး'ဖြစ်၏။

* ဆားနှင့် ချဉ်သီး အတူနီး ချဉ်သီးဆားကြောင့် ပျက်တတ်သည်၊
* မတ်နှင့်မရီး အတူနီး မရီးမတ်ကြောင့် ပျက်တတ်သည်'

ဟူသောစကားအတိုင်း နေ့စဉ် ရင်းနှီးကျွမ်းဝင် ဆက်ဆံသောကြောင့် ညီတော်နှင့် မရီးတို့ ဖောက်ပြန်မှားယွင်းကြသည်။ 'ပါပသ္မိံရမတိမနော'ဟူသော ဓမ္မပဒဒေသနာအတိုင်း စိတ်၏ပကတိသဘောသည် မကောင်းမှု အကုသိုလ်၌သာ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၏။ အဘယ်ကြောင့်နည်း။ အပါယ်ဘုံ၌ အကုသိုလ်စိတ်နှင့်နေခဲ့ရသောဘဝက များသောကြောင့်တည်း။ အပါယ်ဆင်းရဲကို ခံစားနေရသော အချိန်တွင် ဒေါသအကုသိုလ်စိတ် အများဆုံးဖြစ်ကြသည်။

စိတ်သည် ကုသိုလ်ကောင်းမှု၌ကား အလွန်ပျင်း၏။ ဒါန သီလ ဘာဝနာ ကုသိုလ်ပြုဖြစ်အောင် အင်မတန် တိုက်တွန်းရ၏။ အဘယ်ကြောင့်နည်း။ လူနတ် ဗြဟ္မာ ဟူသော သုဂတိဘုံ၌ ကုသိုလ်စိတ်နှင့်နေခဲ့ရသောဘဝက နည်းသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တည်း။ ထို့ကြောင့် လောကီရေးမှာလည်း ကြီးပွားချမ်းသာပြီး လောကုတ္တရာ ရေးမှာလည်း မင်္ဂဖိုလ်ကို ရလိုသော်၊ သူခိုးသမျှ လိုက်လုပ်နေရသော စိတ်၏ကျွန် အဖြစ်မခံကြပဲ၊ စိတ်ကို မိမိက ပြန်၍ခိုင်းနိုင်သော၊ စိတ်၏သခင်ဖြစ်အောင် ကြိုးစားသင့်ကြ၏။

စိတ်၏သခင်ဖြစ်လိုကြသောသူတို့သည် စိတ်ကိုလွှတ်မထားဘဲ ဘာဝနာတစ်ခုခုဖြင့် အမြဲထိန်းထားသင့်၏။ အကယ်၍ စိတ်ရိုင်းကို ဘာဝနာဖြင့်ထိန်းမထားနိုင်လျှင်-

'ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိသမတိ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။'

'အမိုးချင်းထိစပ်အောင် ကောင်းစွာမမိုးအပ်သော အိမ်ကို
(မိုးရေပေါက်သည်) ထိုးဖောက်ဖျက်ဆီးသကဲ့သို့
ထို့အတူ- ဘာဝနာတစ်ခုခုကို မပွားများသောသူ၏စိတ်ကို
(ရာဂ၊ ဒေါသ၊ မောဟ)သည်
ဝင်ရောက်ထိုးဖောက် နှောင့်ယှက်ဖျက်ဆီးလေတော့၏'။

*(ဓမ္မပဒ- ၁၄-၅)*

ဟူသောဒေသနာအတိုင်း ရာဂ, ဒေါသ, မောဟ, စသော ကိလေသာ ဆယ်ပါး၏ နှိပ်စက်မှုကို ခံရတော့သည်။ ယခုလည်း အိမ်ရှေ့မင်းနှင့် မိဖုရားကြီးတို့သည် စိတ်ကို ဘာဝနာဖြင့် ထိန်းမထားသောကြောင့် ဖောက်ပြန်မိကြခြင်းဖြစ်၏။ နောင်တော်ဘုရား သိသွားသောအခါ ညီတော်သည် ရွာသိမ်ရွာငယ်တစ်ခုသို့ ထွက်ပြေးလေ၏။ ကာလ ကြာမြင့်သောအခါ မရီးကို လွမ်းဆွတ်သတိရသဖြင့် ချစ်စာခွေတစ်စောင်ရေးကာ ကျွန်ယုံတစ်ယောက်ကို ပေးခိုင်းလိုက်၏။

ကျွန်ယုံသည် နန်းတော်အတွင်းသို့ အဘယ်သို့ဝင်ရမည်ကို ကြံစည်လျက်ရှိ၏။ ထိုအချိန်က ကလျာဏီယမထေရ်ကြီးနှင့် နောက်ပါသံဃာတော်များစွာတို့သည် နန်းတော်အတွင်းသို့ နေ့စဉ် ဆွမ်းစားကြွကြ၏။ နန်းတော်အတွင်းသို့ လွတ်လပ်စွာဝင်ခွင့်ရနေသော သံဃာတော်များကိုကြည့်ပြီး ကျွန်ယုံသည် အကြံတစ်ခုရသွား၏။ နောက်တစ်နေ့တွင် နန်းတော်အတွင်းသို့ဝင်သော သံဃာတော်များနောက်မှ ရဟန်းသစ်တစ်ပါးသည် မယောင်မလည် ကပ်လျက်ပါလာ၏။

နန်းတော်ထဲရောက်၍ ထိုရဟန်းကိုတွေ့ရသောအခါ ကလျာဏီယမထေရ်ကြီးက ဘုရင်နှင့်အကျွမ်းဝင်သော ရဟန်းတစ်ပါးဟု ထင်နေ၏။ ဘုရင်ကြီးလည်း အသစ်ပါလာသော ဆရာတော်၏ တပည့်တစ်ပါးဟုသာ ထင်နေ၏။ ထို့ကြောင့် တစ်စုံတစ်ရာ စစ်ဆေးမေးမြန်းခြင်း မပြုပေ။ ထိုသူကား ညီတော် လွှတ်လိုက်သော ကျွန်ယုံမှတစ်ပါး မည်သူဖြစ်နိုင်ပါဦးမည်နည်း။

ဆွမ်းကပ်အနုမောဒနာပြုပြီး၍ သံဃာတော်များ ပြန်ကြွရန်ပြင်နေစဉ် မိဖုရားကြီးက ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းရန် သံဃာတော်များအနီးသွင်

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပေးနေ၏။ ဘုရင်ကြီးကလည်း နန်းတော်ခန်းမဆောင်အတွင်းသို့ ဝင်ရန် ထွက်သွား၏။ အခွင့်ကောင်းကိုစောင့်နေသော ကျွန်ယုံ ရဟန်းယောင်သည် လက်ထဲမှ ပေဖူးလွှာစာခွေကို မိဖုရားကြီးရှေ့နားတွင် ပစ်ချလိုက်၏။

နားပါးသောဘုရင်က ကြမ်းပြင်နှင့်ပေဖူးလွှာ ထိခိုက်သောအသံကို ကြားမိလိုက်သဖြင့် ချက်ချင်း နောက်ပြန်လှည့်လာကာ မိဖုရားကြီးရှေ့မှ ပေဖူးလွှာကို ကောက်ယူဖတ်ရှုကြည့်လိုက်၏။ အကြောင်းစုံကိုသိသွားသည်နှင့် ဘုရင်ကြီးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်၏။ စာခွေချသောရဟန်းအား ချက်ချင်းလိုက်ဖမ်းခိုင်း၏။

'မကြည့်တတ်သော်-ကိလေသာ'ဟူသောစကားအတိုင်း မင်းကြီးသည် ခန္ဓာငါးပါး သဘောတရားမျှသာရှိသော ညီတော်၏ကျွန်ယုံကို ပုဂ္ဂိုလ်အဖြစ်မြင်၏။ ရန်သူအဖြစ်မြင်၏။ ထို့ကြောင့် ဒေါသဟူ သောကိလေသာ ပူလောင်စွာဖြစ်ပေါ်လာ၏။

ဒေါသသည် မိမိကိုလည်း ပူလောင်စေ၏၊
သူတစ်ပါးကိုလည်း ပူလောင်စေ၏၊
ပစ္စက္ခကောင်းကျိုးကိုလည်း ဖျက်ဆီး၏၊
တမလွန်ကောင်းကျိုးကိုလည်း ဖျက်ဆီး၏၊
မိမိကောင်းကျိုးကိုလည်း ဖျက်ဆီး၏၊
သူတစ်ပါးကောင်းကျိုးကိုလည်း ဖျက်ဆီး၏၊
ကိုယ်ကိုလည်း ပူလောင်စေ၏၊
စိတ်ကိုလည်း ပူလောင်စေ၏၊
ပစ္စက္ခတွင် အကျဉ်းထောင်ကျပြီး ဆင်းရဲရ၏၊
သံသရာတွင် အပါယ်ထောင်ကျပြီး ဆင်းရဲရ၏။

ဤသို့ အစုံအစုံသောဆိုးကျိုးတို့ကို ဖြစ်ပေါ်စေ၏။ ယခုလည်း ကြည့်ပါ။ မင်းချင်းက အမှန်တိုင်းပြောလျှင် သူနှင့် အိမ်ရှေ့မင်း နှစ်ယောက်လုံး ကွပ်မျက်ခံရမည်ကိုသိသဖြင့် အပြစ်ဒဏ်မှ သက်သာလိုသက်သာငြား 'စာခွေကို ကလျာဏီယမထေရ်ကြီးက ပေးခိုင်းခြင်းဖြစ်ကြောင်း' လိမ်ပြောလိုက်၏။ သူ့အထင်က ငယ်ဆရာဖြစ်သော ကလျာဏီယမထေရ်ဆိုလျှင် ဘုရင်က သက်ညှာခွင့်ပေးလိမ့်မည်ဟု ထင်သောကြောင့် ဖြစ်၏။

သို့သော် ဒေါသဟူသည် အကျိုးအကြောင်း အဆိုးအကောင်း ဘာမျှမသိနိုင် ရကား

'ကလျာဏီယမထေရ်မြတ်ကြီးသည် ငါ့မိဖုရားကြီးကိုပင် သိမ်းပိုက်ပြီး ဘုရင် လုပ်ချင်လေသလောမသိ'ဟူသောစကားဖြင့် ပုတ်ခတ်ကာ မထေရ်မြတ်ကြီးကို ချက် ချင်းဖမ်းခိုင်းပြီး ဆီပူအိုးထဲထည့်ပြီး ကြော်သတ်ရန် အမိန့်ချမှတ်လိုက်၏။ မှူးကြီးမတ်ရာ သေနာပတိများက 'သတ်လိုကသတ်စေ'ဟု သဘောထားကာ မသင့်တော်ကြောင်း၊ အမိန့်တော်ကို ပြန်လည်ရုပ်သိမ်းသင့်ကြောင်း- အမျိုးမျိုး လျှောက်ထားကြ သော်လည်း မရတော့ပေ။ ဖြေရှင်း၍ မရနိုင်တော့မှန်းသိသဖြင့် ဆရာတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် မည်သည့်စကားမျှမပြောတော့ဘဲ တစ်ဖျစ်ဖျစ်မည်သော ဆီဒယ်အိုးကြီးရှိရာသို့ တည်ငြိမ်စွာ တစ်လှမ်းချင်း ကြွသွားတော်မူ၏။

## မြင်တာတူသော်လည်း သိတာမတူ

ဤနေရာ၌ မင်းကြီးနှင့် မထေရ်ကြီးတို့သည် မြင်တာချင်းတူကြသော်လည်း သိတာချင်းမတူကြပေ။ မင်းကြီးက မထေရ်မြတ်ကြီးကိုမြင်သောအခါ ရန်သူအဖြစ် ဒေါသဖြင့် သိ၏။ မထေရ်ကြီးက မင်းကြီးကိုမြင်သောအခါ ဖြစ်ပျက်နေသော ရုပ်နာမ်၊ ဖြစ်ပျက်နေသော ခန္ဓာအနေဖြင့် သိ၏။ ထိုသို့ အသိချင်းမတူသောအခါ ဇောစိတ်ချင်းလည်း မတူတော့ပေ။ မင်းကြီးသည် ငါ့ရန်သူဟူသော ပညတ်ကိုမှီပြီးဖြစ်သောကြောင့် ဒေါသဇောများ စော၏။ ဖြစ်၏။ ထို့ကြောင့် ငရဲသို့ကျပြီး ဒုက္ခခံစားရမည်ဖြစ်၏။

မထေရ်ကြီးကား ဖြစ်ပျက်နေသောရုပ်နာမ်များ၊ ခန္ဓာများကို အနိစ္စအနေနှင့် သိသောကြောင့်-ဝိပဿနာကုသိုလ်ဇောများ စော၏။ ထိုမှတစ်ဆင့်တက်ပြီး မဂ်ဇော ဖိုလ်ဇောများစောကာ နိဗ္ဗာန်ချမ်းသာထိ ခံစားရမည်ဖြစ်၏။ မြင်သိစိတ်ဖြစ်တာချင်း တူသော်လည်း- သိပုံချင်းမတူသောကြောင့် အကျိုးပေးသည်လည်း သိသာစွာခြားနား သွားရ၏။

အာရုံ(၆)ပါးနှင့် တွေ့ကြုံရတာချင်းတူသော်လည်း တရားအနေဖြင့် မရှုတတ်သောအန္ဓပုထုဇဉ်သည် လောဘ,ဒေါသ တစ်ခုခုဖြစ်ကာ ထိုအာရုံ(၆)ပါးကိုအကြောင်းပြုပြီး အပါယ်ဆင်းရဲကို ခံစားရ၏။ တရားအနေဖြင့် ရှုတတ်သော ကလျာဏပုထုဇဉ်သည်ကား ဝိပဿနာဇော, မဂ်ဇော, ဖိုလ်ဇောများဖြစ်ကာ အာရုံခြောက်ပါးကို အကြောင်းပြုပြီး နိဗ္ဗာန်ချမ်းသာကို ခံစားရ၏။ 'ဝိပဿနာ ပရမတ်ပညာ'သည် မည်မျှလောက်ထိ တန်ဖိုးကြီးမားကြောင်း ဤအချက်တစ်ခုတည်းဖြင့်ပင် သိသာထင်ရှားလှပါ၏။

မထေရ်ကြီးသည် ပွက်ပွက်ဆူနေသော ဆီအိုးရှေ့ ရောက်ပေပြီ။ ဆီဟူသော ပညတ်ကိုပယ်ခွါ၍ အဆင်းရုပ်ရူပက္ခန္ဓာ၏ မမြဲခြင်းသဘောကိုလည်းကောင်း၊ မျက်လုံးဟူသောပညတ်ကို ပယ်ခွါ၍ မျက်စိအကြည်ရုပ်ဟူသော ရူပက္ခန္ဓာ၏ မမြဲခြင်းသဘောကိုလည်းကောင်း ရှုပွား၏။ ဤကား ကာယနုပဿနာ သတိပဋ္ဌာန်တည်း။ မြင်သိစိတ် ဝိညာဏက္ခန္ဓာ၏ မမြဲခြင်းသဘောကိုလည်းကောင်း (စိတ္တာနုပဿနာ သတိပဋ္ဌာန်)၊ အဆင်းအာရုံ၏အရသာကို ခံစားခြင်းသဘောတရား (ဝေဒနာက္ခန္ဓာ)၏ မမြဲခြင်းသဘောတရားကိုလည်းကောင်း၊ (ဝေဒနာနုပဿနာ သတိပဋ္ဌာန်) အဆင်း အာရုံကို မှတ်သားထားခြင်း သဘောတရား သညာက္ခန္ဓာ၏ မမြဲခြင်းသဘောတရားကိုလည်းကောင်း၊ အဆင်းအာရုံကို ခံစားရန် တိုက်တွန်းနှိုးဆော်သကဲ့သို့ဖြစ်သော သင်္ခါရက္ခန္ဓာ၏ မမြဲခြင်းသဘော (ဓမ္မာ နုပဿနာ သတိပဋ္ဌာန်)ကိုလည်းကောင်း ရှုပွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရှုပ္ပားရင်း ဆီပူအိုးထဲသို့ ရဲဝံ့စွာ ဆင်းသက်လိုက်သည်။ ရင့်သန်နေသော ဣန္ဒြေနှင့် ထက်မြက်နေသော ဝိပဿနာပညာတို့ ပေါင်းစည်းမိလေသောအခါ ဆီပူနှင့် ခြေထောက် မထိခင်မှာပင် ကိလေသာ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်တော်မူလေသည်။ ထို့နောက် မထေရ်ကြီးသည် ဆီပူအိုးအလယ်တည့်တည့် ကောင်းကင်အမြင့်၌တည်ပြီး ဝိပဿနာတရားဂါထာပေါင်း (၁၀၀)ကို ဟောကြားတော်မူလေသည်။ ထိုဂါထာများကို 'တေလသင်္ဂဟဂါထာ'ဟု ခေါ်သည်။ ဆီပူအိုးပေါ်မှဂါထာဟု အဓိပ္ပာယ်ရ၏။

မထေရ်ကြီးသည် တရားဟောတော်မူပြီးဆင်းခြင်တော်မူရာ သူသည် အတိတ်ဘဝတစ်ခုက ယင်တစ်ကောင်ကို သေစေလိုသောစေတနာဖြင့် ကျိုက်ကျိုက်ဆူနေသော နွားနို့ရည်၌ နှစ်သတ်ခဲ့ဖူး၏။ ငါ၏ဝဋ်ကြွေးကား ဆိုက်ရောက်လာပေပြီ။ လွှဲဖယ်၍ မရပြီတကားဟု ဆင်ခြင်တော်မူမိသည်နှင့် ဆီပူအိုးကြီးထဲသို့ သက်ဆင်းကာ ခန္ဓာဝန် ချတော်မူခဲ့လေသည်။

## ဝဋ်မှာ အမြဲ, ငရဲမှာ အပ

မဂ်ဖိုလ်ရပြီး ရဟန္တာဖြစ်သွားသော်လည်း သူတစ်ပါးအပေါ် ရက်စက်စွာ ပြုမူမိခဲ့သည့်အတိုင်း ပြန်လည်ခံစားရခြင်းကို ဝဋ်မှာအမြဲဟု ဆိုခြင်းဖြစ်၏။ ယခု မထေရ်ကြီးနှင့် ခိုးသားငါးရာ အရိုက်ခံရ၍ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သော အရှင်မဟာမောဂ္ဂလာန်တို့ အဖြစ်မျိုးတည်း။ အရှင်မဟာမောဂ္ဂလာန်သည် အတိတ်ဘဝတစ်ခုက မျက်မမြင်မိဘနှစ်ပါးကို မယားအပေါ်စွဲလမ်းမှုကို အကြောင်းပြုပြီး ရိုက်သတ်ခဲ့ဖူးသည်။ ထိုမထေရ်ကြီးများသည် မဂ်ဖိုလ်ကိုရသည်နှင့် အပါယ်ငရဲကား တံခါးပိတ်သွားပြီဖြစ်၏။ ဘယ်သော အခါမျှ အပါယ်မကျတော့။

ဤသည်ကိုရည်ရွယ်၍ ငရဲမှာအပဟု ဆိုခြင်းဖြစ်၏။ သောတာပတ္တိမဂ်ကို ရလျှင်ပင် ငရဲမှအပဖြစ်သွားပြီဖြစ်သည်။ ရဟန္တာဖြစ်သွားလျှင်ကား ပြောဖွယ်ရာမရှိတော့ပေ။ ဤကား မသိသေးသောလူငယ်များအတွက် ရှင်းပြချက်တည်း။ ကလျာဏီတိဿမင်းကြီးသည် ရဟန်းယောင်ကို သုံးပိုင်းပိုင်းသတ်စေကာ မထေရ်ကြီးအလောင်းတော်နှင့်အတူ သမုဒ္ဒရာအတွင်းသို့ ပစ်ချစေသည်။

တကယ့် သီလ, သမာဓိ, ပညာနှင့်ပြည့်စုံသော သူတော်ကောင်းဆိုလျှင် လူများသာမက နတ်များကပါ ကြည်ညိုကြ၏။ ထို့ကြောင့် သူတော်ကောင်းကို စော်ကားသူသည် အာဏာပိုင်ဘုရင်ဖြစ်နေလျှင် ထိုသူတော်ကောင်းကို ကြည်ညိုသော လူများက အသက်၏ဘေးရန်ကြောင့် ငုံ့ခံနေမည်ဖြစ်သော်လည်း-နတ်များကား ငုံ့ခံကြလိမ့်မည်မဟုတ်ပေ။ စော်ကားသူကို ယခုဘဝမှာပင် ဒုက္ခရောက်အောင် လုပ်တတ်ကြသည်ကို တွေ့ရ၏။ ထို့ကြောင့် သူတော်ကောင်းအစစ်ကို မစော်ကားမိစေရန် အထူးသတိထားသင့်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်းကြည့်ပါ။ ကလျာဏီတိဿမင်းကြီးသည် သူတော်ကောင်းအစစ်ကို သတ်ဖြတ်စော်ကားလိုက်ပြီဖြစ်သည့်အတွက် ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ သမုဒ္ဒရာစောင့်နတ်များက တိုင်းကားပြည်ရွာနှင့်တကွ ကလျာဏီတိဿမင်းကို ဖျက်စီးသတ်ဖြတ်ကြကုန်အံ့ဟုတိုင်ပင်ပြီး အခါမဲ့ သမုဒ္ဒရာရေများကို လွှမ်းတက်လာစေကြ၏။ တစ်နယ်လုံး ရေများလွှမ်းမိုးလာရာ နေပြည်တော် ကလျာဏီမြို့နှင့် လေးမိုင်မျှသာ ဝေးတော့၏။

**(မှတ်ချက်)။** ။*ကလျာဏီမြစ်ကား ပင်လယ်ကမ်းခြေနှင့် (၁၆)မိုင်မျှသာ ဝေးကွာ၍ စေတီပါဒတောင်ကြားမှ မြစ်ဖျားခံစီးဆင်းလာကာ မိုင်(၉၀) မျှ ရှည်လျား၏။*

သမုဒ္ဒရာရေသည် တရွေ့ရွေ့တက်လာရာ နန်းတော်နှင့် နှစ်မိုင်မျှသာ လိုတော့သောအချိန်တွင် အယူသည်းသော မိစ္ဆာပြာဟ္မဏအမတ်အချို့က သေဘေးမှလွတ်စေလိုလျှင် သမုဒ္ဒရာစောင့် မဏိမေခလာနတ်သမီးအား ရင်သွေးတော် သမီးပျိုလေးကို ရေ၌ မျှောချပူဇော်စေလိုကြောင်း လျှောက်ထားကြ၏။

သူတစ်ပါးကို ရက်စက်စွာ သတ်ဖြတ်တတ်သူတို့သည် မိမိတို့အလှည့်ကျရောက်လာလျှင် သာမန်လူများထက် ပိုမိုကြောက်ရွံ့တတ်ကြ၏။

ထို့ကြောင့် (၁၂)နှစ်အရွယ်သာရှိသေးသော သမီးတော်လေးဒေဝီကို နတ်ဝတ်တန် ဆာများဆင်ယင်ကာ စားရေရိက္ခာ အပြည့်အစုံထည့်ပြီး ကလျာဏီတိဿမင်းကြီး၏ သမီးတော်ဟူသော စာတမ်းနှင့်အတူ ရွှေအိုးစရည်းကြီးအတွင်းထည့်ကာ ရေ၌မျှော ချလိုက်လေ၏။ ပါဏာတိပါတကံကြောင့် ဖြစ်လာသောဆိုးကျိုးကို နောက်ထပ် ပါဏာတိပါတကံတစ်ခုပြု၍ တားဆီးခိုင်းသည်မှာ မည်သို့မျှ ယုတ္တိယုတ္တာမရှိကြောင်း ကို ကမ္မဿကတာသမ္မာဒိဋ္ဌိအယူရှိသူတိုင်း သိနိုင်ပေသည်။

ကလျာဏီမြို့သူမြို့သားများနှင့် သမီးတော်လေးဒေဝီ၏ ဖြစ်ရပ်တို့တွင် ကံ၏အကျိုးပေးကိုထည့်မတွက်ဘဲ သိပ္ပံနည်းအရ ဖြစ်နိုင်ခြေရှိပုံကို တွက်ကြည့်ပါက အိုးတစ် လုံးနှင့် သမုဒ္ဒရာအတွင်း မျှောချခံရသော သမီးတော်လေးသည် သေဖို့ရာ ရာနှုန်းပြည့် ဖြစ်နေ၏။ မြို့ထဲ၌ ကိုယ့်အိမ်နှင့်ကိုယ်နေသော ကလျာဏီတိဿ မင်းကြီးနှင့် မြို့သူ မြို့သားများမှာကား သေဖို့ရာ (၅၀)ရာခိုင်နှုန်းရှိသလို၊ ရှင်ဖို့ရာလည်း (၅၀)ရာခိုင်နှုန်းပင် ဖြစ်နေ၏။

သို့သော် ကမ္မဝိပါကောအစိန္တိယော-ကံ၏ အကျိုးပေးသည် ကြံစည်စိတ်ကူး၍ မရနိုင်ဟူသော ဒေသနာအတိုင်း ကံ၏အကျိုးပေးကား မကြံစည်နိုင်လောက်အောင် အံ့ဩဖွယ်ရာကောင်း၏။ ရာခိုင်နှုန်းအပြည့်ဖြင့် သေရမည်ဟုတွက်ထားသော သမီးတော်လေးသည် အသက်ဘေးမှလွတ်ကာ မိဖုရားခေါင်ကြီးတစ်ဦး ဖြစ်သွားခဲ့ရ၏။ အသက်ရှင်ဖို့ရာ ငါးဆယ်ရာခိုင်နှုန်းရှိသည်ဟု တွက်ထားသော မင်းကြီးနှင့် မြို့သူမြို့ သားများအားလုံးမှာ တက်လာသော သမုဒ္ဒရာရေလှိုင်းထဲတွင် နစ်မြုပ်

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခဲ့ရသည်။

သမီးတော်လေးပါလာသော ရွှေအိုးစရည်းကြီးသည် သမုဒ္ဒရာရေလှိုင်း အဟုန်ဖြင့် မျောပါသွားသော်လည်း နတ်များ၏စောင့်ရှောက်မှု၊ ကံတရား၏ ဖေးမမှု တို့ကြောင့် သီဟိုဠ်ကျွန်းကို လက်ဝဲရစ်ပတ်ကာ ရောဟဏတိုင်း၊ မဟာဂါမ နေပြည် တော်အနီး တောလကကျောင်းကြီးဆိပ်ကမ်း၌ ကပ်ရောက်လာလေ၏။ ရေဆိပ်စောင့် ဆိပ်ကမ်းမှူးလည်း ရွှေစရည်းအိုးကြီးကိုဆယ်ယူကြည့်မိရာ ကလျာဏီတိဿ မင်းကြီး၏ သမီးတော်လေး ဒေဝီဖြစ်နေသည်ကိုတွေ့ရသဖြင့် လွန်စွာအံ့အားသင့် နေ၏။ တော လကကျောင်းနေ မထေရ်ကြီးအားလျှောက်ထား၍ မထေရ်ကြီးက ခေတ္တ ကျွေးမွေး စောင့်ရှောက်ထားရသည်။

ဆိပ်ကမ်းမှူး၏ သတင်းပေးလျှောက်ထားချက်အရ ကာကဝဏ္ဏတိဿ မင်း ကြီးက မဟာဝိဟာရဒေဝီအမည်ဖြင့် မိဖုရားအရာ မြှောက်စားတော်မူသည်။ သူတို့ နှစ်ဦးသည် သုံးဝမ်းကွဲမောင်နှမ တော်စပ်သည်။ မဟာဝိဟာရဒေဝီဟူသည် သီရိ လင်္ကာနိုင်ငံ၏ သာသနာပြုသူရဲကောင်း ဒုဋ္ဌဂါမဏိမင်းကြီးနှင့် ညီတော် သဒ္ဓါ တိဿမင်းကြီးတို့၏ မယ်တော်ပါပေတည်း။ **(မဟာဝံသပါဠိ-၂၂၊ အခန်း-၁၃၊ ၂၂-ဂါထာ မဓုရဝတ္ထုနံပါတ်-၂၂၊ ကာကဝဏ္ဏတိဿဝတ္ထု)**

ပြခဲ့ပြီးသော အရှင်မာလုကျပုတ္တနှင့်တကွ ဗုဒ္ဓလက်ထက်က မထေရ်မြတ်ကြီး များသည်လည်းကောင်း၊ ယခု ကလျာဏီယ မထေရ်ကြီးတို့သည်လည်းကောင်း သုဒ္ဓ ဝိပဿနာနည်းဖြင့် ရဟန္တာဖြစ်တော်မူခဲ့ကြခြင်းဖြစ်၏။ ယခုခေတ်တွင်လည်း ယင်း သုဒ္ဓဝိပဿနာနည်းဖြင့် ရဟန္တာဖြစ်ခဲ့သောမထေရ်ကြီးများ များစွာရှိ၏။ လက်လှမ်းမှီ သမျှပြရသော် ပထမဆုံးတစ်ပါးမှာ မန္တလေးတိုင်း တံတားဦးမြို့နယ် မြေငူရွာ သရက် တောကျောင်းဆရာတော် ဦးကုသလအရှင်သူမြတ်ဖြစ်၏။

ဒုတိယတစ်ပါးမှာ စစ်ကိုင်းမြို့နယ် အစီခံရွာ ရွှေဟင်္သာကျောင်းဆရာတော် ဖြစ်၏။ နှစ်ပါးစလုံး ဂါမဝါသီ ကျောင်းထိုင်ဆရာတော်များပင်ဖြစ်သည်။ သာရေးနာ ရေး ရပ်ရွာနှင့် ကျောင်းတိုက်တိုးတက်ရေးများကိုဆောင်ရွက်ရင်း သုဒ္ဓဝိပဿနာနည်း ဖြင့် တရားရှုပွားနေသဖြင့် အနီးကပ် ဒကာဒကာမများပင် ဆရာတော်တို့ကို တရား သမားမှန်း မသိကြ။

မျက်စိမှိတ်ပြီး ထိုင်နေတာတစ်ခုလောက်ကိုသာ တရားကျင့်သည်ဟု စွဲယူ ထားသူ ဒကာ၊ ဒကာမများက ထိုဆရာတော်များကို တရားမကျင့်ဘူးအထင်ဖြင့် ရိပ်သာ၌တရားဝင်ရန် ဖွတ်လျှောက်ထားကြမည်ကို မြင်ယောင်မိသေး၏။ ဆရာတော် နှစ်ပါးစလုံး ပျံလွန်တော်မူသောအခါ ဓာတ်တော်များကျမှ ရဟန္တာမှန်းသိကြရပြီး ယူကျုံးမရ ဖြစ်ကြရ၏။ ဤကား ဓာတ်တော်ကျသဖြင့်သာ သိရခြင်းဖြစ်၏။ ဓာတ် တော်မကျသော ရဟန္တာများ ဘယ်၍ဘယ်မျှရှိနိုင်သည်ကို မှန်းဆကြည့်သင့်၏။ **(မှတ်ချက်)**။ ။*ဓာတ်တော်သည် ရဟန္တာတိုင်းမကျပေ။ ကျစေချင်သော*

www.burmeseclassic.com

www.burmeseclassic.com



အဓိဋ္ဌာန် ရှိမှသာ ဓာတ်တော်ကျသည်။

## ဓာတ်တော်မကျသော ရဟန္တာ

ဗုဒ္ဓလက်ထက်တော်က ဆွမ်းညွှန်းတာဝန်ယူရသော အရှင်ဒဗ္ဗသည် (၇)နှစ်သား ကိုရင်အရွယ်ကတည်းက ရဟန္တာဖြစ်ခဲ့၏။ အတိတ်ဘဝတစ်ခုက ရဟန်းတစ်ပါးကို မာတုဂါမနှင့် မဟုတ်မတရားစွပ်စွဲခဲ့ဖူးသော အကုသိုလ်ကံကြောင့် ယခု ရဟန္တာဖြစ်နေသည့်အချိန်မှာပင် အမျိုးသမီးနှင့် သုံးကြိမ်တိတိ စွပ်စွဲခံရ၏။ အရှင်ဒဗ္ဗ ပျံလွန်တော်မူချိန်တွင် ကောင်းကင်သို့တက်ကြွပြီး တင်ပလ္လင်ခွေ ထိုင်ကာ တေဇော (မီး)ကသိုဏ်းဝင်စား၏။ ထိုကသိုဏ်းမီးဖြင့်ပင် မိမိခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်တော်မူ၏။ ကိုယ်တော်မြတ်၏ ဘာမျှမကျန်ရှိခဲ့စေလိုသော အဓိဋ္ဌာန်ကြောင့် ဓာတ်တော်မဆိုထားနှင့် ပြာတစ်မှုန်တောင် မကျန်ရစ်ခဲ့ပေ။

သို့သော် (၃-၁-ဝ၄) နေ့က ရန်ကုန်မြို့ပေါ်ရှိ ကျောင်းတိုက်တစ်တိုက်တွင် ပြသအပူဇော်ခံထားသော ဓာတ်တော်များတွင် 'အရှင်ဒဗ္ဗမထေရ်၏ဓာတ်တော်'ဟု ပါလာ၏။ ဓာတ်တော် ပြသပူဇော်သူများအနေဖြင့် သတိပြုစရာအချက် တစ်ခုပင် ဖြစ်၏။

## တရားရပုံ (၃)မျိုး

မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရန် ဝိပဿနာတရား ကျင့်ပုံကျင့်နည်းသည် သုံးမျိုးရှိ၏။ မျက်စိမှိတ်ကာ တင်ပလ္လင်ခွေထိုင်ပြီး ရှုမှတ်ခြင်းသည်လည်း တရားကျင့်ခြင်းပင်ဖြစ်၏။ ဤအချက်ကား သိသာထင်ရှားသဖြင့် သာဓကပြစရာပင်မလိုချေ။ ဒုတိယမြောက် ဝိပဿနာတရားကျင့်ပုံကား သစ္စာလေးပါးတရားကို နားစိုက်ပြီး နာယူခြင်းဖြစ်၏။ တရားနာခြင်းသည်ပင် တရားကျင့်နေခြင်းဖြစ်သောကြောင့် တရားပွဲပြီးသည်နှင့် မဂ်ဖိုလ်ရသူများ များစွာပေါ်ထွန်းခဲ့ခြင်းဖြစ်၏။

ရာဇဂြိုဟ်မြို့သို့ မြတ်စွာဘုရား စတင်ကြွတော်မူသောနေ့မှာပင်-ဗိမ္ဗိသာရမင်းကြီးနှင့် လူပေါင်းတစ်သိန်းတို့သည် မြတ်စွာဘုရား၏ တရားအဆုံး၌ မဂ်ဖိုလ်ကိုရကြ၏။ သာမာဝတီနှင့်တကွ မောင်းမမိဿံရာတို့သည် ခုဇ္ဇုတ္တရာ၏ တရားအဆုံးမှာပင် သောတာပန်တည်ကြ၏။ အရှင်အာနန္ဒာသည် အရှင်ပုဏ္ဏမထေရ်၏ တရားအဆုံးမှာ ပင် သောတာပန်တည်၏။ သူရမ္ဗဋ္ဌ (အရိယာတံငါသည်)၊ သန္တတိ၊ ဗာဟိယဒါရုစီရိယ၊ ဂန္ဓဘေဒက (အလစ်သုတ်သမား)၊ မပင်္ဂါ စသည့် မရေတွက်နိုင်သော ဝေနေယျတို့ သည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားအဆုံးမှာ မဂ်ဖိုလ်ကို ရကြခြင်းဖြစ်၏။

ရာဇဂြိုဟ်မြို့မှ ဝိသာခနှင့် ဓမ္မဒိန္နာဇနီးမောင်နှံတို့၏ တရားရပုံသည် တစ်ယောက်နှင့်တစ်ယောက် မတူညီကြပေ။ ဝိသာခသူဌေးကြီးသည် ဗုဒ္ဓ၏ သစ္စာလေးပါး

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿ နာတရားများကို ဝေဠုဝန်ကျောင်းတော်တွင် နေ့စဉ်သွားရောက်နာယူရင်း အနာဂါမိမဂ်ထိ ရသွားသည်။ ဤအချက်သည်လည်း 'တရားနာယူခြင်းသည် တရားကျင့်ခြင်းပင်ဖြစ်သည်'ဟူသောစကားကို ထောက်ခံချက်ပေးလျက်ရှိ၏။

ဧ ၊ာဂါမ်တည်သွားသောအခါ အနာဂါမိမဂ်က ကာမဂုဏ်ခံစားလိုစိတ်တို့ကို အမြစ်ပြတ် ပယ်သတ်ပေးလိုက်သောကြောင့် ဇနီးနှင့်အတူမနေတော့ဘဲ ခွဲခြား၍ နေ၏။ ဇနီးသည်ကိုလည်း ဥစ္စာစည်းစိမ်များကို သိမ်းယူခွင့်ပြုပြီး နောက်အိမ်ထောင် ပြုနိုင်ကြောင်း အခွင့်ပေး၏။ ထိုအခါ ဇနီးဖြစ်သူ ဓမ္မဒိန္နာက ဤကဲ့သို့တရားထူးကို သူတို့ကဲ့သို့သော အမျိုးသမီးများလည်း ရနိုင်-မရနိုင်မေးမြန်းရာ ရနိုင်ကြောင်း သိရသည်နှင့် ရဟန်းမပြုပြီး တောထွက်တရားအားထုတ်ရာ လများမကြာမီမှာပင် ရဟန္တာမကြီး ဖြစ်တော်မူ၏။

ဝိသာခသူဌေးကြီး၏ ရှုပွားနည်းကို ဝိပဿနာယာနိကနည်းဟုခေါ်၏။ ပညာ ဉာဏ်ဦးဆောင်၏။ သတိ သမာဓိ ဝီရိယတို့က နောက်ကလိုက်၏။ ဓမ္မဒိန္နာ သူဌေး ကတော်ကြီး၏ရှုပွားနည်းကို သမထယာနိကဝိပဿနာဟုခေါ်၏။ ထိုနည်း၌ သမာဓိ ဦးဆောင်၏။ ပညာ သတိ ဝီရိယတို့က နောက်လိုက်ဖြစ်၏။ သို့သော် သမာဓိဦးဆောင် သောနည်းက အနည်းငယ် ဆင်းရဲခံရ၏။ ပညာဦးဆောင် သောနည်းက ချမ်းသာ၏။ ဤမျှသာ ထူး၏။

ခန္ဓာ, အာယတန, ဓာတ်, အကြောင်းများကို မေးမြန်းဆွေးနွေးခြင်းသည်လည်း တရားကျင့်ခြင်းပင်ဖြစ်၏။ ဝိပဿနာတရားအကြောင်းများကို မေးမြန်းဆွေးနွေးရင်းဖြင့် မဂ်ဖိုလ်ရသွားသူ များစွာရှိ၏။ ဤတွင် သာဓကတစ်ခု ထုတ်ပြအံ့။

ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း၌ များစွာသောမထေရ်တို့ သီတင်းသုံးစဉ် အရှင်ခေမကသည် ဗဒရိကာရုံကျောင်း၌ အသည်းအသန် နာမကျန်းဖြစ်နေ၏။ ထိုအခါ မထေရ်တို့သည် လူမမာမေးရန် ရှင်ဒါသကကို ရှင်ခေမကထံ စေလွှတ်လိုက်ကြ၏။ ရောဂါမသက်သာကြောင်း သိရသောအခါ ရှင်ဒါသကကို နောက်တစ်ခေါက်စေလွှတ်၍-

'ရှင်ခေမကသည် ဥပါဒါနက္ခန္ဓာငါးပါးတို့၌ တစ်စုံတစ်ခုသော အတ္တကိုလည်းကောင်း၊ အတ္တနှင့်စပ်သောအရာကိုလည်းကောင်း ရှုပါသလော'

ဟု မေးစေကြပြန်သည်။

'တပည့်တော်သည် ဥပါဒါနက္ခန္ဓာငါးပါးတို့၌ တစ်စုံတစ်ခုသော အတ္တကိုလည်းကောင်း၊ အတ္တနှင့် ဆက်စပ်သောအရာကိုလည်းကောင်း မရှုပါ'

ဟု အရှင်ခေမက,က ပြန်ကြား၏။

'သို့ဖြစ်သော် ရှင်ခေမကသည် အာသဝေါကုန်ပြီးသော ရဟန္တာ ဖြစ်ပါသလော'

ဟု မေးစေ၏။ ရှင်ခေမက,က

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်သည် ရဟန္တာ မဟုတ်သေးပါ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့၌ ငါဖြစ်၏ဟူသောစွဲလမ်းမှု ရှိနေပါသေးသည်။ ဤ ဟာသည် 'ငါဖြစ်၏ဟူ၍ကား မရှုပါ' ဟု ဖြေကြားလိုက်၏။

'ခန္ဓာငါးပါးကို ငါဖြစ်၏ဟု ဆိုသလော၊ သို့မဟုတ် ခန္ဓာငါးပါးနှင့်ကင်း၍ ငါဖြစ်၏ဟုဆိုသလော'

ဟု ထပ်၍မေးကြပြန်သောအခါတွင်မူ ရှင်ခေမကသည် တောင်ဝှေးထောက်၍ မထေရ်တို့ထံ ကိုယ်တိုင်သွားပြီး ရှင်းလင်းဖြေကြားလေသည်။

'အရှင်ဘုရားတို့- တပည့်တော်သည် ရုပ်, ဝေဒနာ စသည်တို့ကို ငါဖြစ်၏ဟု မဆိုပါ၊ ရုပ်ဝေဒနာ စသည်တို့နှင့်ကင်း၍လည်း ငါဖြစ်၏ဟု မဆိုပါ။ သို့သော် ဥပါဒါနက္ခန္ဓာငါးပါးတို့၌ ငါဖြစ်၏ဟူသောစွဲလမ်းခြင်းကား ရှိနေပါသေးသည်။ ဤဟာသည် ငါဖြစ်၏ဟူ၍မူ မရှုပါ။'

**(မှတ်ချက်)။** ။*ရှင်ခေမကသည် သောတာပန်အဆင့် ရောက်ပြီးဖြစ်သောကြောင့် ခန္ဓာငါးပါးကို ငါဟုအယူမှားခြင်း သက္ကာယဒိဋ္ဌိကား မရှိတော့ပါ။ ဥပါဒါနက္ခန္ဓာငါးပါးဟု ဆိုအပ်သော ဘဝကိုတပ်မက်သည့် တဏှာ (ဘဝရာဂါနုသယ)ကို အရဟတ္တမဂ်ဖြင့် မပယ်သတ်ရသေးသောကြောင့် နောက်ထပ်ဘဝဖြစ်ဦးမည်ဟု ဆိုလိုခြင်းဖြစ်သည်။*

'အရှင်ဘုရားတို့- အရိယာတပည့်အား အောက်အဖို့ရှိသော သံယောဇဉ်ငါးပါးကို ပယ်အပ်ငြားသော်လည်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ သိမ်မွေ့သည့် ငါဟူသော မာန၊ ငါဟူသော ဆန္ဒ၊ ငါဟူသော အနုသယကိုကား မပယ်ခွါရသေးပါ၊ ထိုအရိယာတပည့်သည် နောင်သောအခါ ဥပါဒါနက္ခန္ဓာငါးပါးတို့၌-'

'ဤကားရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ခြင်းတည်း စသည်ဖြင့် ဖြစ်ခြင်းပျက်ခြင်းကို ရှု၍နေသည်ရှိသော် ထို သိမ်မွေ့သော မာန စသည်တို့သည် ကင်းကွာခြင်းသို့ ရောက်သွားပါသည်။ အရှင်ဘုရားတို့- ဥပမာကား ညစ်ပေနေသောအဝတ်ကို ဆပ်ပြာဖြင့် ပွတ်တိုက်၍ လျှော်ဖွပ်ငြားသော်လည်း ဆပ်ပြာနံ့သည် စွဲနေ၏။ နံ့သာဖြင့် ထုံအပ်သောသေတ္တာ၌ ထည့်ထားသည့်ခါကျမှသာ ထို ဆပ်ပြာနံ့သည် ပျောက်သွားသကဲ့သို့ဖြစ်ပါသည်'

ဤသို့ ရှင်ခေမက၏ ရှင်းပြချက်ကို ကြားနာသောအခါ မထေရ်ကြီးတို့က မိမိတို့သည် ရှင်ခေမကကို ညှဉ်းဆဲလို၍ မေးမြန်းခြင်းမဟုတ်၊ ရှင်ခေမက၏ အကျယ်ရှင်းပြချက်ကို ကြားနာလိုသောကြောင့်သာ မေးမြန်းခြင်းဖြစ်ကြောင်း ပြောဆိုကြ၏။ ဤတရားကို ဖြေဆိုဟောကြားစဉ် ပြဿနာမေးသော မထေရ်ခြောက်ဆယ်နှင့်တကွ ပြဿနာကိုဖြေဆိုသော ရှင်ခေမကပါ အာသဝတို့မှလွတ်မြောက်၍ ရဟန္တာဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ **(သံယုတ်ပါဠိတော်၊ ခေမကသုတ်)**

**(မှတ်ချက်)။** ။*ဃောသိတာရုံကျောင်းနှင့် ဗဒရိကာရုံကျောင်းသည် တစ်ဂါဝုတ် ဝေး၏။ ရှင်ဒါသကသည် ထိုနှစ်ကျောင်းကို အသွားအပြန် လေးခေါက်ကူးရသဖြင့် နှစ်ယူဇနာခရီးကိုသွားခဲ့ရ၏။*

ဗဒရိကာရုံကျောင်းမှာ သေးငယ်သော တောကျောင်းကလေးမျှသာဖြစ်၍ ခြောက်ဆယ်အရေအတွက်ရှိသော မထေရ်ကြီးများအတွက် နေရာမရှိပေ။ ထို့ကြောင့် မထေရ်များသည် ရှင်ခေမကထံ မသွားကြခြင်းဖြစ်၏။ ရှင်ခေမကမှာ နာမကျန်းဖြစ်နေသောကြောင့် မိမိတို့ထံ ဖိတ်ခေါ် ရန်မသင့်ဟု ယူဆကြသည်။ သို့သော် နောက်ဆုံးတွင်မူ ရှင်ခေမက-ကပင် အလိုက်သိစွာဖြင့် မထေရ်ကြီးများထံ သွားခြင်းဖြစ်ပေသည်။ ရှင်ခေမကသည် အနာဂါမ်ဟုလည်း တစ်မျိုးမှတ်သားရသေးသည်။

ဖော်ပြပါသာဓကများကို ထောက်ထား၍ ဝိပဿနာတရားကို ကျင့်ကြံပွား များခြင်းသည် ထိုင်၍ ကျင့်ကြံပွားများခြင်း၊ တရားနာကြား၍ ကျင့်ကြံပွားများခြင်း၊ ဆွေးနွေးမေးမြန်း၍ ကျင့်ကြံပွားများခြင်းဟု သုံးမျိုးရှိကြောင်းကို သေချာစွာ မှတ်သားထားသင့်၏။ မဂ်ဖိုလ်ကိုရကြရာ၌ ပါရမီအလိုက် ခက်ခဲစွာကျင့်ကြံပွါးများမှ မဂ်ဖိုလ်ကို ရသူရှိသကဲ့သို့ သက်သာလွယ်ကူစွာဖြင့် မဂ်ဖိုလ်ကိုရသူလည်း ရှိသည်ပင်ဖြစ်၏။ ထိုအချက်နှင့်ပတ်သက်၍ မှတ်သားဖွယ်ကောင်းသော စက်ဖြတ်ဝိပဿနာကျမ်းမှ ကောက်နှုတ်ချက်အချို့ကို ဖော်ပြပေအံ့။

## သိသူနည်းသော အရိယာပုဂ္ဂိုလ် (၇)ယောက်

အရိယာပုဂ္ဂိုလ်တို့သည်-

(၁) သဒ္ဓါနုသာရီ အရိယာပုဂ္ဂိုလ်။
(၂) သဒ္ဓါဝိမုတ္တ အရိယာပုဂ္ဂိုလ်။
(၃) ဓမ္မာနုသာရီ အရိယာပုဂ္ဂိုလ်။ (ဓမ္မဟူသည် ပညာကိုဆိုလို)
(၄) ပညာဝိမုတ္တ အရိယာပုဂ္ဂိုလ်။
(၅) ဒိဋ္ဌိပတ္တ အရိယာပုဂ္ဂိုလ်။
(၆) ကာယသက္ခိက အရိယာပုဂ္ဂိုလ်။
(၇) ဥဘတောဘာဂဝိမုတ္တိ အရိယာပုဂ္ဂိုလ်ဟူ၍ ပေါင်း(၇)ယောက်ရှိ၏။

ထိုအရိယာပုဂ္ဂိုလ် (၇)ယောက်တို့တွင် သဒ္ဓါနုသာရီအရိယာပုဂ္ဂိုလ်နှင့် သဒ္ဓါဝိမုတ္တအရိယာပုဂ္ဂိုလ်မျိုးတို့သည် အနိစ္စာနုပဿနာကို အမျှုးထား၍ ပွားများသော ယောဂီပုဂ္ဂိုလ်များသည် သဒ္ဓါသို့ အစဉ်လျှောက်သဖြင့် သောတာပတ္တိမဂ်သို့ ရောက်၏။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ သဒ္ဓါနုသာရီအရိယာ သောတာပန် မဂ်ပုဂ္ဂိုလ် မည်၏။ ထိုပုဂ္ဂိုလ်သည် အထက်အရိယာပုဂ္ဂိုလ် (၇)ယောက်ဖြစ်သောအခါ သဒ္ဓါကြောင့် ကိလေသာမှလွတ်သဖြင့် သဒ္ဓါဝိမုတ္တအရိယာ ပုဂ္ဂိုလ်(၇)

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်လာ၏။

ဓမ္မာနုသာရီအရိယာပုဂ္ဂိုလ်နှင့် ပညာဝိမုတ္တအရိယာပုဂ္ဂိုလ်တို့သည် အနတ္တာနုပဿနာကို အမှူးထား၍ပွားများသော ယောဂီပုဂ္ဂိုလ်သည် ပညာကိုပွား၍ ပညာသို့ အစဉ်လိုက်သဖြင့် သောတာပတ္တိမဂ်သို့ရောက်၏။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ ဓမ္မာနုသာရီအရိယာ သောတာပန်ပုဂ္ဂိုလ်မည်၏။ ထိုပုဂ္ဂိုလ်သည် ပညာကြောင့် ကိလေသာမှလွတ်သဖြင့် ပညာဝိမုတ္တအရိယာပုဂ္ဂိုလ်မည်၏။

ဒိဋ္ဌိပတ္တအရိယာပုဂ္ဂိုလ်မျိုးသည် ရုပ်နာမ်သင်္ခါရတို့သည် ဆင်းရဲစင်စစ်ပဲ၊ နိဗ္ဗာန်သည် ချမ်းသာစစ်ပဲဟု ဉာဏ်ပညာဖြင့် ခွဲဝေသိမြင်၍ အနတ္တာနုပဿနာကို အဖန်ဖန်ရှုသဖြင့် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်ဟုဆိုသော အလယ်အရိယာ ခြောက်ယောက်ဖြစ်သောအခါ ဒိဋ္ဌိပတ္တအရိယာခြောက်ယောက် ဖြစ်ကုန်၏။ ဤ၌ ဒိဋ္ဌိပတ္တအရိယာပုဂ္ဂိုလ်ဆိုသည်မှာ မဂ္ဂင်ရှစ်ပါးတွင် စ၍ဦးတင်ပါဝင်၍ သမ္မာဒိဋ္ဌိမဂ္ဂင်ပညာကို ဆိုသည်ဟု သိမှတ်ပါလေ။

ကာယသက္ခိကအရိယာပုဂ္ဂိုလ်မျိုးသည် (နာမကာယေနနိဗ္ဗာနံ သစ္ဆိကရောတိ) နှင့်အညီ ဒုက္ခာနုပဿနာကို အမှူးထား၍ ပွားများသော ယောဂီပုဂ္ဂိုလ်သည် သမာဓိတရားများ၍ နာမကာယဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီး အရိယာရှစ်ယောက် ဖြစ်သောအခါ ကာယသက္ခိကအရိယာရှစ်ယောက် ဖြစ်လာ၏။

ဥဘတောဘာဂဝိမုတ္တအရိယာပုဂ္ဂိုလ်မျိုးသည် အဆိုပါကာယသက္ခိ အနာဂါမ် ပုဂ္ဂိုလ်သည် ရူပဈာန်သမာပတ်ရှိ၍ ဝိက္ခမ္ဘနပဟာန်အားဖြင့် ဆန့်ကျင်ဘက်ကိလေ သာတို့မှ တစ်ကြိမ်ထွက်ခဲ့ပြီး အရဟတ္တမဂ်ဖြင့် ဆန့်ကျင်ဘက် ကိလေသာတို့မှ သမုစ္ဆေဒပဟာန်အားဖြင့် တစ်ကြိမ်လွတ်၏။ ဤသို့ဤပုံ နှစ်ကြိမ်နှစ်ခါ ဆန့်ကျင်ဘက်ကိလေသာတို့မှ လွတ်သောကြောင့် ဥဘတောဘာဂ ဝိမုတ္တအရိယာပုဂ္ဂိုလ်ဟု ဆိုရလေသည်။

## သဒ္ဓါဝိမုတ္တနှင့် ပညာဝိမုတ္တအထူး

အောက်၌ဖော်ပြခဲ့ပြီးသော သဒ္ဓါဝိမုတ္တနှင့် ပညာဝိမုတ္တအထူးကား ဥပမာအားဖြင့် ဓားတုံးတုံးနှင့် ငှက်ပျောပင်ကိုခုတ်သည့်အခါ ခွန်အားစိုက်၍လည်း ခုတ်ရသည်။ ဓားပြတ်ရာ၌လည်းမကောင်းသကဲ့သို့ ထို့အတူ သဒ္ဓါဝိမုတ္တဟူသော ဓားတုံးတုံးနှင့် သင်္ခါရတည်းဟူသောငှက်ပျောပင်တွေကို ခုတ်ဖြတ်ရသောအခါ ခွန်အားစိုက်၍လည်း ခုတ်ရသည်။

ပညာဝိမုတ္တကား ထက်လှစွာသောဓားဖြင့် ငှက်ပျောပင်တို့ကို ခုတ်ဖြတ်သည့်အခါ ခွန်အားမစိုက်ရဘဲ ဖြတ်ရသောကြောင့် တစ်ညီတည်း ပြတ်သွားသကဲ့သို့ ထို့အတူ အလွန်အားမထုတ်ရဘဲ လှုပ်ကာလှည့်ကာနှင့်ပဲ သင်္ခါရမှလွတ်သွား၏။ (စက်ဖြတ်ဝိ ပဿနာ - ၃၁၀ သုတ်ပါဠိတော်နှင့် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာတို့၌ ဖွင့်ပြထား၏)

www.burmeseclassic.com

www.burmeseclassic.com



ဤဖွင့်ပြချက်ကိုထောက်၍ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်များက ကြားနာကာမျှ၊ မေးမြန်း ဆွေးနွေးကာမျှဖြင့် ချမ်းသာလွယ်ကူစွာ မဂ်ဖိုလ်ရသူ ပညာဝိမုတ္တပုဂ္ဂိုလ်များကို 'တို့လို အပင်ပန်းခံ၊ အချိန်ကုန်ခံကျင့်တာမဟုတ်သောကြောင့် မဂ်ဖိုလ်မရနိုင်'ဟု မဝေဖန်သင့်ပေ။ ထို့အတူ ပညာဝိမုတ္တပုဂ္ဂိုလ်များကလည်း အချိန်ယူအားစိုက်ကာ ပွားများကျင့်ကြံပြီး မဂ်ဖိုလ်ရသွားသော သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်များကို 'ဉာဏ်မှ မပါဘဲ၊ တရားမရ နိုင်ပါဘူး'ဟု မဝေဖန်သင့်ပါ။

တရားရပြီးသူများကို ဝေဖန်ကဲ့ရဲ့မိပါက အရိယူပဝါဒန္တရာယ် ထိုက်ပြီး မဂ်တားဖိုလ်တားဖြစ်တတ်သည်ကို အထူးသတိထားသင့်၏။ ယခုလို သက်တမ်းတိုသော ခေတ်ကြီးတွင် ကျင့်ရသည်မှာလည်း ချမ်းသာ၊ မဂ်ဖိုလ်ရသည်မှာလည်း မြန်သောနည်းကောင်းကို တွေ့ပါက-ကျင့်ရသည်မှာလည်း ဆင်းရဲ၊ မဂ်ဖိုလ်ရသည်မှာလည်း နှောက်ကျသော အကျင့်ဟောင်းကိုစွန့်ပြီး မြန်မြန်ကျင့်သုံးပွား များသင့်၏။

မြန်မာနိုင်ငံသည် အင်္ဂလိပ်၏တိုက်ခိုက်ဖျက်ဆီးခြင်းကို သုံးကြိမ်၊ ဂျပန်၏တိုက်ခိုက်ဖျက်ဆီးခြင်းကို တစ်ကြိမ်-စုစုပေါင်းလေးကြိမ် စစ်တလင်းဖြစ်ခဲ့ရသဖြင့်-အသက်အိုးအိမ်စည်းစိမ်နှင့် စာရိတ္တများပျက်စီးခဲ့ရ၏။ ထို့ကြောင့် နောက်ထပ် စစ်မခင်းလိုတော့သဖြင့် ဗိုလ်ချုပ်အောင်ဆန်းက တစ်နိုင်ငံလုံးကိုစုစည်းပြီး လွတ်လပ်ရေးကို အင်္ဂလိပ်ထံမှ တောင်းယူရန်ကြိုးစား၏။ သေချာပေါက် ရနိုင်သည့် အချက်များကိုလည်း တွေ့ထား၏။

သို့သော် တစ်ယူသန် ကွန်မြူနစ်ပါတီဝင်များက တောင်းယူသောလွတ်လပ်ရေးသည် အရသာမရှိ၊ လွတ်လပ်ရေး မပီသ။ တိုက်ယူရသော လွတ်လပ်ရေးသည်သာ အရသာရှိသည်။ လွတ်လပ်ရေး ပီသသည်ဟုဆိုကာ ဗိုလ်ချုပ်အောင်ဆန်းကို ဆန့်ကျင်ပြီး တောခိုခဲ့ကြသည်။ လွတ်လပ်ရေးဟူသည် တိုက်ယူ၍ ရ-ရ၊ တောင်းယူ၍ ရ-ရ၊ ရဖို့ရာသာ လိုရင်းမဟုတ်ပါလား။ ထိုအချက်ကို သတိမထားမိကြသော ကွန်မြူနစ်များသည် တောထဲမှာနေပြီး တောထဲမှာသာသေသွားခဲ့ရ၏။ သူတို့၏ တယူသန်သောအကျင့်အတွက် တောင်းယူ၍ရသော မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအရသာကို မခံစားရခြင်းသာ အဖတ်တင်ခဲ့၏။

စာရှုသူများကိုလည်း တိုက်တွန်းချင်ပါ၏။ ချမ်းသာသောအကျင့်နှင့်ပဲ ရ-ရ၊ ဆင်းရဲသောအကျင့်နှင့်ပဲ ရ-ရ၊ မဂ်ဖိုလ်ကိုရဖို့သာ လိုရင်းဖြစ်၏။ ထို့ကြောင့် ချမ်းသာသော အကျင့်ကိုတွေ့လျှင် ရိပ်သာစွဲ၊ ဆရာစွဲမထားဘဲ မြန်မြန်ကျင့်ဖို့ နှိုးဆော်လိုပါ၏။

လူနှစ်ယောက်သည် အဗ္ဗုဿရသရက်ပင်ကို တွေ့ကြရ၏။ သရက်သီးတို့သည် လူတစ်ရပ်ခန့်အမြင့်မှာပင် ပြွတ်သိပ်သီးနေသဖြင့် အပင်ပေါ်ထိ တက်စရာမလိုပဲ အောက်မှာပင် ခူးဆွတ်စားနိုင်၏။ ထို့ကြောင့် လူတစ်ယောက်သည် တက်၍ခူးခြင်း၊ အောက်မှခူးခြင်းသည် လိုရင်းမဟုတ် အသီးကိုစားရခြင်းသာလိုရင်းဟု သိထားသော

www.burmeseclassic.com



ကြောင့် အောက်မှပင် သရက်သီးကိုခူးကာစား၏။ ကျန်တစ်ယောက်ကား လွယ်ကူစွာရသောအရာကို တန်ဖိုးမထားနိုင်၊ ခက်ခဲစွာရသောအရာကိုသာ တန်ဖိုးထားသည်ဆိုပြီး သရက်ပင်ပေါ်သို့ ပင်ပန်းကြီးစွာတက်ပြီးမှ ခူးစား၏။

## ဆားချင်းတူသော်လည်း

ယခုလည်း ချမ်းသာလွယ်ကူသောအကျင့်ကို တွေ့နေရပြီဖြစ်၏။ ကျင့်ကြံပွားများရန်သာ လိုအပ်၏။ ပင်ပန်းဆင်းရဲစွာကျင့်မှသာ ရမည်ဟူ၍ တစ်ယူသန်စိတ်ထားမနေသင့်ပေ။ အမရပူရမြို့ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်ထဲတွင် သွားများရေစီးကမ်းပြိုလိုက်နေသော ရောဂါသည်တစ်ယောက်ရှိ၏။ ကျွန်ုပ်ဦးလေးက သူကိုယ်တိုင် ပျောက်ဖူးသောဆေးမြီးတိုတစ်ခုကို ပေးလိုက်၏။ ဆေးနည်းကား မနက်တစ်ကြိမ်၊ ညတစ်ကြိမ် သွားဖုံးများကို ဆားသိပ်ပေးပြီး ခဏထားကာ ပလုပ်ကျင်းရခြင်းတည်း။

လူနာသည် လွယ်ကူလွန်းအားကြီးသောကြောင့် မယုံမကြည်ဖြစ်ကာ လုပ်မကြည့်ပေ။ ထိုကြောင့် ရောဂါလည်း မပျောက်တော့ပေ။ ရက်အတန်ကြာသောအခါ ဦးလေးဖြစ်သူသည် နောက်ဆေးတစ်မျိုးကို ရှာလာပြန်၏။ နောက်ရသောဆေးကား အလွန်ရှားပါး၏။ ဝယ်ချင်၍ပင် မရ။ ကျောက်ဆည်မှ အဘိုးကြီးတစ်ယောက်သည် ရေစီးကမ်းပြိုရောဂါဖြစ်ရာ တခြား မည်သည့်ဆေးနည်းနှင့်မျှ မပျောက်ဘဲ၊ သူကိုယ်တိုင် ဖော်စပ်သည့် ယခုရလာသည့်ဆေးနှင့်ကျမှ ရောဂါပျောက်သွားသည်။

ထို့ကြောင့် သူ့လိုရောဂါသည်များကို အခမဲ့လှူသည်။ စီးပွားဖြစ် ရောင်းစားမှာစိုးသဖြင့် နည်းလမ်းဖော်မြူလာကို မည်သူ့ကိုမျှ မပေးပေ။ တစ်ခါတောင်းလျှင် တစ်ခါသုံးဖို့အတွက်သာ ပေးသည်။ ဆေးမှာ ဆိုဒါမှုန့်ကဲ့သို့ မှုန့်ညက်နေပြီး အငန်ဓာတ် ကဲသည်။ ခဲယဉ်းစွာရသောဆေးဟု သိရလျှင်ကား လူနာသည် ချက်ချင်းသွားဖုံးကို သိပ်၏။ တစ်ကြိမ်သိပ်ရုံနှင့်ပင် ရောဂါသည် သိသာစွာသက်သာလာ၏။ ထို့ကြောင့် နောက်တစ်ရက်သိပ်ဖို့အတွက် ကျွန်ုပ်ဦးလေးထံ လူနာက အားကိုးတကြီးလာတောင်း ပြန်၏။

ဦးလေးက ကျောက်ဆည်အထိ သွားယူပြီးမှ ပေးရ၏။ ထိုဆေးမှုန့် လေးရက်လောက်သိပ်လိုက်သည်နှင့် ရောဂါသည် ပျောက်ကင်းသွား၏။ လူနာကား ဦးလေးကို ကျေးဇူးတင်၍မဆုံး။ အမှန်ကား ပထမပေးသောဆေးနည်းနှင့် ဒုတိယပေးသောဆေးနည်းမှာ အတူတူပင်ဖြစ်၏။ နှစ်မျိုးလုံး ဆားချည်းသာ။ ပထမနည်းမှာ အမှုန့်မကြိတ်သော ဆား၊ ဒုတိယနည်းမှာ အမှုန့်ကြိတ်သော ဆား၊ ဤမျှသာ ကွာ၏။

ကျောက်ဆည်က အဘိုးကြီး စသည်တို့မှာ ဦးလေး၏ လုပ်ဇာတ်သာဖြစ်၏။ အရလွယ်သောအရာကို အထင်သေးတတ်သော လူတို့၏သဘာဝကို သိထားသည့် ဦးလေးက ဆားကို အမှုန့်ကြိတ်ကာ ခက်ခဲစွာရသော ဆေးတစ်လက်ဖြစ်ကြောင်း ဇာတ်လမ်းဆင်ခဲ့ခြင်းဖြစ်၏။ ရေစီးကမ်းပြိုရောဂါသည်သည် ဆေးနည်းနှစ်နည်းစလုံး

www.burmeseclassic.com

www.burmeseclassic.com



ဆားချင်းတူပါလျက် အရလွယ်သောအရာကို အထင်သေးတတ်သော ညာဉ်ကြောင့် ချက်ချင်း မသုံးမိ။ ထို့ကြောင့် ရောဂါကို တာရှည်ခံစားနေရ၏။

ယခုလည်း-သဠာယတနသံယုတ်၊ ကိံသုကောပမသုတ်လာ-ရဟန္တာကြီး လေးပါး၏ ရှုနည်းလေးခုတို့ကို ဖော်ပြတော့မည်ဖြစ်ရာ လွယ်ကူလွန်းသဖြင့် ဟုတ်မှ ဟုတ်ပါ့မလားဟု သံသယဝင်မှာစိုးသောကြောင့် ဖော်ပြပါ ဥပမာသုံးမျိုးကို တင်ပြနေရခြင်းဖြစ်၏။ လွယ်ကူလွန်းသည်ဟု အထင်သေးပြီး မကျင့်သုံးခဲ့လျှင် မကျင့်သုံးသူ သာလျှင်- ကိလေသာရောဂါ မပျောက်မည်ဖြစ်၏။ ထို့ကြောင့် ဤသုတ်ကို သေသေချာ ချာဖတ်ရှုပြီး လက်တွေ့ကျင့်သုံးကြည့်စေချင်၏။

## ရဟန္တာ(၄)ပါး၏ ရှုနည်းလေးနည်း

အခါတစ်ပါး၌ ရဟန်းတစ်ပါးသည် ရဟန္တာမထေရ်ကြီးတစ်ပါးထံ ချဉ်းကပ်၍ 'အရှင်ဘုရား-အဘယ်မျှဖြင့် ရဟန်း၏ဉာဏ်အမြင်သည် ကောင်းစွာ စင်ကြယ် ပါသနည်း'ဟု မေး၏။ မည်သို့ကျင့်ကြံပွားများလျှင် ကိလေသာစင်ကြယ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရမည်နည်းဟု မေးလိုရင်းပင်ဖြစ်၏။ ရဟန္တာမထေရ်ကြီးက မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, ဟူသော ဖဿာယတန(၆)ပါးတို့၏ ဖြစ်ခြင်းပျက် ခြင်းကို ဟုတ်တိုင်းမှန်စွာသိခြင်းဖြင့် ရဟန်း၏ဉာဏ်အမြင်သည် ကောင်းစွာစင်ကြယ် ကြောင်း (ရဟန္တာဖြစ်နိုင်ကြောင်း) ဖြေကြား၏။

မေးသောရဟန်းကား ကျင့်စဉ်သည် လွယ်ကူလွန်းနေသဖြင့် အထင်သေး သွားပြီး ယုံကြည်မှုမရှိ ကျေနပ်မှုမရှိ ထို့ကြောင့် နောက်ရဟန္တာတစ်ပါးကို ထပ်၍မေး ပြန်၏။ ဒုတိယရဟန္တာက ဥပါဒါနက္ခန္ဓာငါးပါး၏ ဖြစ်ခြင်းပျက်ခြင်းကို ဟုတ်တိုင်း မှန်စွာသိခြင်းဖြင့် ရဟန်း၏ဉာဏ်အမြင်သည် ကောင်းစွာစင်ကြယ်ကြောင်း (ရဟန္တာ ဖြစ်နိုင်ကြောင်း) ဖြေကြား၏။ သူကား မကျေနပ်။ တတိယ ရဟန္တာတစ်ပါးကို မေးပြန် ၏။ တတိယမြောက်ရဟန္တာက-မဟာဘုတ်လေးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ဟုတ် တိုင်းမှန်စွာသိလျှင် ရဟန်း၏ဉာဏ်အမြင်သည် ကောင်းစွာစင်ကြယ်ကြောင်း (ရဟန္တာ ဖြစ်နိုင်ကြောင်း) ဖြေကြား၏။

ထိုရဟန်းသည် ထိုမျှဖြင့်လည်း မကျေနပ်သေးသဖြင့် စတုတ္ထမြောက် ရဟန္တာတစ်ပါးကို မေးပြန်၏။ စတုတ္ထမြောက်ရဟန္တာက ဖြစ်ခြင်းသဘောရှိသော တရားမှန်သမျှသည် ချုပ်ခြင်းသဘောရှိ၏ဟူ၍ သိမြင်လျှင် ဉာဏ်အမြင်စင်ကြယ် ကြောင်း (ရဟန္တာဖြစ်နိုင်ကြောင်း) ဖြေကြား၏။ ရဟန္တာကြီးလေးပါးသည် သူတို့ ရဟန်းကိစ္စပြီးခဲ့သည့် ကျင့်စဉ်အတိုင်း ရိုးသားစွာ ပြန်ပြောခြင်းဖြစ်သော်လည်း ပညတ်တင်လျက် နာမည်တပ်ပြီးပြောရခြင်းကြောင့် လေးပါးတွင် အဖြေလေးမျိုး ကွဲပြားနေခြင်းဖြစ်၏။

ရုပ်တရား နာမ်တရားသည် ပရမတ်ပင်ဖြစ်သော်လည်း ခေါ်ဝေါ်ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



နိုင်စေရန် ဖဿာယတန၊ ဥပါဒါနက္ခန္ဓာ၊ မဟာဘုတ်စသည်ဖြင့် နာမည်တပ်လိုက်သောအခါ ပညတ်ဖြစ်သွားရပြန်၏။ ပရမတ်တရားကား သဘောတရားမျှသာဖြစ်၍ နာမည်တပ်မရပါ။ ရုပ်ဆိုလျှင် ဖောက်ပြန်သောသဘောတရားမျှသာရှိ၍၊ နာမ်ဆိုလျှင် အာရုံကိုသိတတ်သော သဘောတရားမျှသာရှိသည်။ ထို ပရမတ်သဘောတရားကို စကားအဖြစ်ပင် ပြော၍မရသောကြောင့် ပညတ်နာမည်တပ်ပြီး ပြောရခြင်းဖြစ်၏။

မေးသော ပုထုဇဉ်ရဟန်းသည် လေးပါးမြောက်ရဟန္တာကြီး၏ အဖြေကို ရသည်အထိ ကျေနပ်မှုမရှိသေးသဖြင့် ဘုရားရှင်ထံရောက်အောင်သွားကာ မတူညီသော အဖြေလေးခုကို လျှောက်ထားပြီး မည်သည့်နည်းဖြင့် ကျင့်ရမည်ကိုလည်း မေးမြန်း၏။ ထိုအခါ ဗုဒ္ဓက အဖြေလေးခုလုံး မှန်ကန်ကြောင်း၊ မည်သည့်နည်းဖြင့် ကျင့်ကျင့်၊ ဉာဏ်အမြင်စင်ကြယ်၍ မဂ်ဖိုလ်ရမည့်အကြောင်း အောက်တွင် ဖော်ပြလတ္တံ့သော ပေါက်ပင်ဥပမာဖြင့် ဖြေကြားတော်မူသည်။

လူတစ်ယောက်သည် ရင်ဘတ်နာရောဂါဖြစ်နေရာ- ပေါက်ပင်အမြစ်ကို ပြုတ်သောက်လျှင် ပျောက်သည်ဟူသော ဆေးမြီးတိုနည်းကိုရသဖြင့် ပေါက်ပင်ရှာရန် ထွက်လာခဲ့၏။ ရှာတွေ့ရန် အခက်အခဲဖြစ်နေသည်ကား သူသည် ပေါက်ပင်ကို တစ်ခါမျှ မမြင်ဖူး။ ထို့ကြောင့် ပေါက်ပင်၏ ပုံပန်းသဏ္ဌာန်ကို ပထမဆုံးတွေ့သောလူအား မေး၏။ ထိုပထမလူက ပေါက်ပင်သည် မီးလောင်ထားသော သစ်ပင်ကဲ့သို့ မည်းနက်နေ၏ဟု ဖြေ၏။

မကျေနပ်သေး၍ ဒုတိယတွေ့သောသူကို ဆက်မေးပြန်သည်။ ဒုတိယလူက သားတစ်ကဲ့သို့သော နီရဲနေ၏ဟု ဖြေ၏။ တတိယလူက ကုက္ကိုပင်ကဲ့သို့ အသီးများ တွဲလွဲကျနေသည်မှာ ပေါက်ပင်ဟုဖြေ၏။ စတုတ္ထလူက ပေါက်ပင်ဟူသည် ပညောင်ပင်ကဲ့သို့ ထူထပ်သောအရွက်ရှိ၏ ဟုဖြေ၏။ အဖြေမှာ လေးမျိုးဖြစ်နေသဖြင့် မေးသူမှာ မည်သည့်အဖြေကို အမှန်ဟု မဆုံးဖြတ်နိုင်ဖြစ်နေ၏။ အဖြေလေးခုလုံး အမှန်သာဖြစ်၏။

စကားလုံးပရိယာယ် ပြောင်းသွားသော်လည်း ပေါက်ပင်ကိုပြောတာချင်းကား အတူတူသာ။ ပထမတစ်ယောက်သည် နွေခေါင်ခေါင် အရွက်ချကာစ မဲခြောက်ခြောက် ပေါက်ပင်ကို တွေ့ရ၏။ ထို့ကြောင့် ပေါက်ပင်သည် မီးလောင်ထားသော သစ်ပင်နှင့်တူသည်ဟု ဖြေကြားခြင်းဖြစ်၏။ ဒုတိယလူက အပွင့်များ နီရဲစွာပွင့်နေသော ပေါက်ပင်ကို မြင်ခဲ့ရ၏။ ထို့ကြောင့် ပေါက်ပင်သည် သားတစ်ကဲ့သို့ နီရဲနေသည်ဟု ဖြေကြားခြင်းဖြစ်၏။

တတိယလူသည် အသီးရှည်များ တွဲလွဲကျပြီးသီးနေသည့် ပေါက်ပင်ကို မြင်ခဲ့၏။ ထို့ကြောင့် ပေါက်ပင်ဟူသည် ကုက္ကိုပင်ကဲ့သို့ အသီးများ တွဲလွဲကျနေသည်ဟု ဖြေခဲ့ခြင်းဖြစ်၏။ စတုတ္ထလူသည် အရွက်များစုံကာ အုံ့ဆိုင်းနေသည့် ပေါက်ပင်ကို မြင်ခဲ့၏။ ထို့ကြောင့် ပေါက်ပင်သည် အရွက်ထူထပ်သော ညောင်ပင်ကဲ့သို့ဖြစ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဖြေခဲ့ခြင်းဖြစ်၏။

မြင်ခဲ့ကြရသော အနေထားအရ အဖြေလေးမျိုး ဖြစ်နေသော်လည်း ပေါက်ပင်ဟူသော အထည်ဒြပ်မှကား ပြောင်းလွဲသွားခြင်းမရှိပေ။ ထို့ကြောင့် အရွက်ချချိန်၊ ပန်းပွင့်ချိန်၊ အသီးသီးချိန် အရွက်စုံချိန် မည်သည့်အချိန်က ပေါက်ပင်၏အမြစ်ကို ပြုတ်သောက်သည်ဖြစ်စေ ရောဂါပျောက်မည်သာဖြစ်၏။ ထိုနည်းတူစွာ ရဟန္တာကြီးလေးပါးပေးသော နည်းလေးနည်းလုံးသည် ပရမတ်သဘောတရား ရုပ်နာမ်၏ အဖြစ်အပျက်ကိုသာ ရှုပွားခိုင်းနေခြင်းဖြစ်၏။

ထို့ကြောင့် မည်သည့်နည်းနှင့်ရှုပွားရှုပွား၊ မဂ်ဖိုလ်ကို ရ-ရမည်သာဖြစ်၏။ ပေါက်ပင်ဥပမာကို ဟောကြားပြီးသည့်အခါ ဗုဒ္ဓက နောက်ထပ်ဥပမာတစ်ခုကို အဆုံးသတ်ဟောကြားခဲ့၏။ ထိုဥပမာအရ နိုင်ငံငယ်တစ်ခုကို အုပ်ချုပ်ရသော ဘုရင်တစ်ပါး၏သားတော် ဘုရင်ခံသည် အပေါင်းအသင်းမှားပြီး ပျက်စီးနေ၏။

ထိုအခါတိုင်းသူပြည်သားများက- ထိုနိုင်ငံငယ်လေးအားလုံးကို ပိုင်ဆိုင်သော ဘုရင်မင်းကြီးထံ သွား၍တိုင်ကြားကြ၏။ ထိုအခါ ဘုရင်ကြီးက ဆိုးသွမ်းနေသော သားငယ်ဘုရင်ခံကို ဆုံးမရန် အထူးသံတမန်နှစ်ယောက်ကို အာဏာကုန်ပေးပြီး လွှတ်လိုက်၏။ ထိုမြို့၌ မြို့ဝင်တံခါးခြောက်ပေါက်ရှိ၏။ တံခါးစောင့်လည်းရှိ၏။ သံတမန်နှစ်ဦး ရောက်လာပြီး ဘုရင်ခံရှိရာကို မေးမြန်း၏။

တံခါးစောင့်က လမ်းလေးဆုံ၏အလယ်တွင်ရှိကြောင်း ဖြေကြား၏။ သံတမန်တို့သည် ဘုရင်ခံကိုတွေ့သောအခါ သေချာဆုံးမ,၏။ ဘုရင်ခံကိုဖျက်ဆီးသည့် ဆိုးသွမ်း သော မိတ်ဆွေယုတ်များ ဝင်မလာနိုင်အောင် တံခါးစောင့်ကိုလည်း သေချာမှာကြားခဲ့၏။ ဆုံးမပြီးလျှင် လာခဲ့သည့်လမ်းအတိုင်း ပြန်သွားကြ၏။ ထိုအခါမှစ၍ ဘုရင်ခံသည် အပေါင်းအသင်းဆိုးများနှင့် မပေါင်းသင်းတော့ဘဲ ကောင်းမွန်စွာ အုပ်ချုပ်သဖြင့် နိုင်ငံတစ်ခုလုံး အေးချမ်းသာယာစွာ နေသွားရသည်ဟူ၍ဖြစ်၏။

ဤဥပမာ၌ ဖခင်ကြီးဟူသည် မြတ်စွာဘုရားကို ဆိုလိုခြင်းဖြစ်၏။ နိုင်ငံငယ်ဟူသည် ပုထုဇဉ်တစ်ယောက်၏ ခန္ဓာကို ဆိုလို၏။ မြို့တံခါးခြောက်ပေါက်ဟူသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသည့် ဒွါရခြောက်ပေါက်ကို ဆိုလိုခြင်းဖြစ်၏။ တံခါးစောင့်သည် သတိကိုဆိုလိုခြင်းဖြစ်၏။ သံတမန်နှစ်ဦးဟူသည် သမထနှင့်ဝိပဿနာကို ဆိုလိုခြင်းဖြစ်၏။

လမ်းလေးဆုံဟူသည် မဟာဘုတ်လေးပါးကို ဆိုလို၏။ ဘုရင်ခံဟူသည် ပုထုဇဉ်၏စိတ် ဖြစ်၏။ သံတမန်တို့ လာရာလမ်းသည် မဂ္ဂင်ရှစ်ပါးဖြစ်၏။ အပေါင်းအဖော် ဆိုးများဆိုသည်မှာ ဒွါရခြောက်ပါးမှ ဝင်လာသောအာရုံများကို နှစ်သက်သော လောဘ၊ မနှစ်သက်သောဒေါသ စသည့် ကိလေသာမီးများပင်ဖြစ်၏။ သမထ ဝိပဿနာ တစ်ခုခုပွားနေမည်ဆိုလျှင် ပုထုဇဉ်၏စိတ်ကို ကိလေသာမီးများမလောင်နိုင်ဟု သိစေလိုခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ပထမရဟန္တာ၏ ရှုနည်းအကျယ်

ပထမရဟန္တာမထေရ်၏ ရှုနည်းအကျယ်ကား အဆင်းရုပ်နှင့် စက္ခုပသာဒ အကြည်ရုပ်တို့ ထိခိုက်မိသည်နှင့် စက္ခုပသာဒအနိစ္စဟုသော်လည်းကောင်း၊ မျက်စိ အကြည်ရုပ် အမြဲမရှိဟုသော်လည်းကောင်း စိတ်ထဲကသိလိုက်ရမည်။

ထိုသို့ ရှုပွားနေသည့်အချိန်တွင်- မျက်လုံးကြီးတစ်ခုလုံးသည် မရှိသော ပညတ်၊ မျက်နက်ဝန်းအလည်ရှိ အဆင်းရုပ်ထင်ရာ သဘောတရား အကြည်ရုပ်လေးသည်သာ တကယ်ရှိသော ပရမတ်ဖြစ်သည်။ ထို စက္ခုပသာဒ အကြည်ရုပ်ကလေးသည် တစ်ဏ္ဍန့်အတွင်းမှာ အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ပျက်သွားခဲ့ပြီးဖြစ်သည်။

သို့သော် စားသောက်ထားသော အာဟာရတို့တွင်ပါသည့် ဩဇာဓာတ်၏ အစွမ်းကြောင့် စက္ခုပသာဒအကြည်ရုပ်ဟောင်းများ ချုပ်ကြသည့်နေရာတွင် စက္ခုပသာဒ အကြည်ရုပ်သစ်များ ထပ်မံ၍ မပြတ်အောင်ပေါ်လာနေမှုကြောင့် အသက်မသေမခြင်း၊ ဆက်မြင်နေနိုင်ခြင်းဖြစ်သည်ဟူ၍လည်း ဉာဏ်ထဲမှာ ပြတ်သားရှင်းလင်းစွာ သိနေရမည်။

အဆင်းရုပ်တစ်ခုခုကို မြင်ရတိုင်း မျက်စိအကြည်ရုပ်၏ အပျက်ကိုရှုနေသောအခါ အဆင်းရုပ်ကို အကြောင်းပြု၍ ဖြစ်လာနိုင်သော လောဘ, ဒေါသစသော ကိလေသာများ ဖြစ်ခွင့်မရတော့ဘဲ ဝိပဿနာကုသိုလ်ဇောများသာ စောတော့သည်။ အသံတစ်ခုခုကို ကြားသောအခါတွင်လည်း အသံအာရုံနောက်မလိုက်ဘဲ နားအတွင်းရှိ သောတပသာဒ အကြည်ရုပ်ကလေး၏ ဖြစ်ပျက်သွားမှုကို ဉာဏ်နှင့်သိပြီး သောတပသာဒအနိစ္စဟူ၍လည်းကောင်း၊ နားအကြည်ရုပ် အမြဲမရှိဟူ၍ လည်းကောင်း စိတ်ထဲက သိလိုက်ရမည်။

ဤရှုကွက်၌လည်း နားရွက်ကြီးတစ်ခုလုံးသည် ပညတ်၊ အသံ၏အရိပ်ထင်ရာ နားအကြည်ရုပ်လေးသည်သာ တကယ်ဖြစ်ပျက်နေသော ပရမတ်ရုပ်တရားဟု ပြတ်သားစွာသိရမည်။ အနံ့တစ်ခုခုကို နံသောအခါတွင်လည်း အနံ့အာရုံနောက် မလိုက်ဘဲ နှာခေါင်းအတွင်းရှိ ဃာနပသာဒ အကြည်ရုပ်ကလေး၏ ဖြစ်ပျက်သွားမှုကို ဉာဏ်နှင့်သိပြီး၊ ဃာနပသာဒအနိစ္စဟူ၍လည်းကောင်း၊ နှာအကြည်ရုပ် အမြဲမရှိဟူ၍လည်းကောင်း ဉာဏ်နှင့်သိပေးရမည်။ ဤကဲ့သို့ ဝိပဿနာစိတ်မှာယှဉ်သည့် ဉာဏ်နှင့် သိသိပေးခြင်းကိုပင် ဝိပဿနာရှုပွားသည်ဟု ခေါ်ခြင်းဖြစ်၏။

ဤရှုကွက်၌လည်း နှာခေါင်းဘူးကြီးတစ်ခုလုံးသည် မရှိသောပညတ်၊ အနံ့၏ အရိပ်ထင်ရာ နှာခေါင်းအတွင်းရှိ အကြည်ရုပ်လေးသည်သာ တကယ်ဖြစ်ပျက်နေသော ပရမတ်ရုပ်တရားဟု ပြတ်သားစွာသိရမည်။

အရသာတစ်ခုခုကို စားလိုက်သောအခါတွင်လည်း စိတ်က ရသာရုံ အဆိုး အကောင်းနောက် လိုက်မသွားဘဲ၊ လျှာအလယ်ရှိ ဇိဝှါပသာဒ အကြည်ရုပ်ကလေး၏

www.burmeseclassic.com

www.burmeseclassic.com



တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်သွားမှုကို ဉာဏ်နှင့် သိပြီး ဇိဝှါပသာဒ အနိစ္စဟူ၍လည်းကောင်း၊ လျှာအကြည်ရုပ် အမြဲမရှိဟူ၍လည်း ကောင်း ရှုပွါးရမည်။ ဤရှုကွက်၌လည်း လျှာကြီးတစ်ခုလုံးသည် ဝိပဿနာမရှုရသည့် မရှိသော ပညတ်၊ ရသာရုံအရိပ်ထင်ရာ လျှာအကြည်ရုပ်သည်သာလျှင် တရစပ် ဖြစ်ပျက်နေသည့် ဝိပဿနာရှုရမည့် ပရမတ်ရုပ်ဟု အသိဉာဏ်တွင် ပြတ်သားနေ ရမည်။

(မှတ်ချက်)။ ။*ကိုယ်အကြည်ရုပ်သည် ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ အသားမာ၊ အရေခြောက်နေရာတို့မှတစ်ပါး တစ်ကိုယ်လုံးတွင် အပြည့်ရှိ၏။ ဤ နေရာ၌ အိပ်ရာခင်းဟူသော အတွေ့အထိရုပ် နှင့် ကျောပြင်ဟူသော ကိုယ်အကြည်ရုပ်တို့ တိုက်မိပုံ ရှုကွက် တစ်ခုကိုသာ ပြမည်။ ကျန်ရှုကွက်များကို ရှေ့၌ ရေးခဲ့ပြီးဖြစ်၍ အလိုရှိက ပြန်ကြည့်ပါ။*

အိပ်ယာခင်းပေါ် လှဲလိုက်သောအခါတွင် စိတ်က အတွေ့အထိဟူသော ဖောဋ္ဌဗ္ဗာရုံနောက်လိုက်မသွားဘဲ ကျောပြင်ရှိ ကိုယ်အကြည်ရုပ်ကလေး၏ ဖြစ်ပျက် သွားမှုကို ဉာဏ်နှင့်သိပြီး ကာယပသာဒ အနိစ္စဟူ၍လည်းကောင်း၊ ကိုယ်အကြည်ရုပ် အမြဲမရှိဟူ၍လည်းကောင်း ရှုပွားရမည်။ ဤရှုကွက်၌လည်း ကျောပြင်ကြီးတစ်ခုလုံး သည် ဝိပဿနာမရှုရသည့် မရှိသောပညတ်၊ ဖေါဋ္ဌဗ္ဗာရုံအရိပ်ထင်ရာ ကိုယ်အကြည် ရုပ်သည်သာလျှင် တရစပ်ဖြစ်ပျက်နေသည့် ဝိပဿနာရှုရမည့် ပရမတ်ဟု အသိဉာဏ် တွင် ပြတ်သားနေရမည်။

အာရုံတစ်ခုခုကိုတွေးလိုက်သောအခါ စိတ်က အတွေးအာရုံ(ဓမ္မာရုံ)နောက် လိုက်မသွားဘဲ နှလုံးအကြည်ရုပ်၏ တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေငါးထောင် ကျော် ဖြစ်ပျက်နေမှုကို ဉာဏ်နှင့်သိပြီး မနောပသာဒ အနိစ္စဟူ၍လည်းကောင်း၊ မနောအကြည်ရုပ် အမြဲမရှိဟူ၍လည်းကောင်း ရှုပွားရမည်။ သို့မဟုတ် မနောအကြည် ရုပ်ကို မှီ၍ဖြစ်ပျက်နေသော မနောဓာတ်သုံးပါးကို ဉာဏ်နှင့်သိ၍ မနောဓာတ် အနိစ္စ ဟူ၍လည်း ရှုပွားနိုင်သည်။ မနောဓာတ်ဟူသည် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေး တို့ကို ပြောခြင်းဖြစ်သည်။ ဒွေးဟူသည် နှစ်ခုကိုဟော၏။

ပဉ္စဒွါရာဝဇ္ဇန်း = ငါးဒွါရ၌ထင်လာသောအာရုံများကို ဆင်ခြင်သောစိတ်။

သမ္ပဋိစ္ဆိုင်း ဒွေး = ငါးဒွါရ၌ ထင်လာသောအာရုံများကို ခံယူသကဲ့သို့ဖြစ်သောစိတ်။

## ဒုတိယရဟန္တာ၏ ရှုပွားနည်းအကျယ်

ဒုတိယရဟန္တာကြီး၏ ရှုပွားနည်းအကျယ်ကို ရှေ့၌ရေးခဲ့ပြီးဖြစ်သည်။ ဤ၌ အကျဉ်းကိုသာ ပြန်ရေးပါအံ့။ လူတစ်ယောက်ကို မြင်လိုက်သောအခါ လူဟူသော ပညတ်ပေါ် တင်နေလျှင် နှစ်သက်လျှင် လောဘ၊ မနှစ်သက်လျှင် ဒေါသ၊ တစ်ခုခုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၏။ လူဟူသည့် ပညတ်ကို ဖောက်ခွဲထွက်ပြီး ပရမတ်ခန္ဓာငါးပါး၏ အဖြစ်အပျက်ကို ဉာဏ်နှင့်ရှုပွားနိုင်က လောဘ, ဒေါသမီးတို့ကို ထိုက်တန်သမျှငြိမ်းစေမည်။

ခန္ဓာငါးပါးသည် မည်ကဲ့သို့ဖြစ်၍ မည်ကဲ့သို့ပျက်သနည်း။ အဆင်းရုပ်နှင့် မျက်စိအကြည်ရုပ်တို့သည် ရုပ်တရားဖြစ်၍ ရူပက္ခန္ဓာ၊ မြင်သိစိတ်သည် ဝိညာဏ-က္ခန္ဓာ၊ မြင်သိစိတ်နှင့် အတူတူဖြစ်သော စေတသိက်(၇)လုံးတို့တွင် အဆင်းအာရုံ၏ အရသာကို ခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ မြင်ရသော အဆင်း အာရုံကို မှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ စေတနာနှင့်တကွ ကြွင်းသော စေတသိက်ငါးလုံးသည် ကြည့်ချင်မြင်ချင်ရန် တိုက်တွန်းနှိုးဆော်သော သဘောတရား ရှိသောကြောင့် သင်္ခါရက္ခန္ဓာ။

ထိုခန္ဓာငါးပါး၏ တစ်ပြိုင်နက်ဖြစ်ပြီး၊ တစ်ပြိုင်နက်ပျက်သွားမှုကို ဉာဏ်နှင့် သိ၍ အဆင်းအာရုံတစ်ခုခုကိုမြင်လိုက်တိုင်း ခန္ဓာငါးပါး အနိစ္စဟုရှုပွားခြင်းဖြစ်သည်။

## ခန္ဓာအဓိပ္ပာယ်

ခန္ဓသဒ္ဒါသည် အပေါင်းအစုကိုဟော၏။ ရူပက္ခန္ဓာဟုဆိုလျှင် ရုပ်(၁၁)မျိုး ကို ပေါင်းထားခြင်းဟု သိပါ။ ဝေဒနာက္ခန္ဓာဆိုလျှင်လည်း ဝေဒနာ(၁၁)မျိုးကို ပေါင်းထားခြင်းဟု သိပါ။ ကျန် ခန္ဓာသုံးပါးလည်း ထို့အတူပင်ဖြစ်၏။ ထို(၁၁)မျိုးကို အနတ္တလက္ခဏသုတ်၌ ဗုဒ္ဓက-

'အတီတာနာဂတ ပစ္စုပ္ပန္နံအဇ္ဈတ္တံဝါ ဗဟိဒ္ဓံဝါ
ဩဠာရိကံဝါ သုခုမံဝါ၊ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ။'

ဟု ဟောတော်မူ၏။ အဓိပ္ပာယ်ကား ရူပက္ခန္ဓာဟုဆိုလျှင် -

| | | |
|---|---|---|
| အတီတ | - | အတိတ်ရုပ်၊ |
| အနာဂတ | - | အနာဂတ်ရုပ်၊ |
| ပစ္စုပ္ပန္န | - | ပစ္စုပ္ပန်ရုပ်၊ |
| အဇ္ဈတ္တ | - | အတွင်းရုပ်၊ |
| ဗဟိဒ္ဓ | - | အပြင်ရုပ်၊ |
| ဩဠာရိက | - | ကြမ်းတမ်းသောရုပ်၊ |
| သုခုမ | - | နူးညံ့သောရုပ်၊ |
| ဟီန | - | ယုတ်ညံ့သောရုပ်၊ |
| ပဏီတ | - | မြင့်မြတ်သောရုပ်၊ |
| ဒူရ | - | ဝေးသောရုပ်၊ |
| သန္တိက | - | နီးသောရုပ် |

ဟု ရုပ်(၁၁)မျိုးကို ပေါင်းထားသည်။

ဝေဒနာက္ခန္ဓာဟုဆိုလျှင် အတိတ်, ဝေဒနာ စသောအားဖြင့် ဝေဒနာ(၁၁)မျိုး

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းထားခြင်းကို ဝေဒနာက္ခန္ဓာဟုခေါ်၏၊ စသည်ဖြင့် ကျန်ခန္ဓာတို့၏ အကျယ်ကို နည်းမှီ၍သိပါ။ အသံတစ်ခုခုကို ကြားလိုက်ရသောအခါ အသံရုပ်တစ်ခုခုနှင့် နား အကြည် ရုပ်တို့သည် ရူပက္ခန္ဓာ၊ ကြားသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ အသံ၏အရသာကို ခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ အသံအာရုံကို မှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ နားထောင်ဖြစ်အောင် တိုက်တွန်းနှိုးဆော်သော သဘောတရားရှိသည့် ကြွင်းစေတသိက်ငါးလုံးသည် သင်္ခါရက္ခန္ဓာ၊ ဤခန္ဓာငါးပါး ဖြစ်ပျက်သွားသည်ကို ဉာဏ်ဖြင့်သိ၍ အသံတစ်ခုခုကို ကြားလိုက်တိုင်း ခန္ဓာငါးပါး အနိစ္စဟု ရှုပွားရမည်။

အနံ့တစ်ခုခုကို နမ်းရှုလိုက်မိသောအခါ-အနံ့ရုပ်နှင့် နှာခေါင်းအကြည် ရုပ်တို့သည် ဖောက်ပြန်တတ်သောသဘောတရားရှိသည့် ရူပက္ခန္ဓာ၊ နံသိစိတ်သည် အာရုံကို သိခြင်းသဘောတရားရှိသည့် ဝိညာဏက္ခန္ဓာ၊ အနံ့အာရုံ၏အရသာကို ခံစားခြင်း သဘောတရားရှိသည့် ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ အနံ့ကို မှတ်သားခြင်း သဘောတရားရှိသည့် သညာစေတသိက်သည် သညာက္ခန္ဓာ၊ နမ်းရှု ဖြစ်အောင် တိုက် တွန်းနှိုးဆော်ခြင်းသဘောတရားရှိသည့် ကြွင်းစေတသိက် ငါးလုံးသည် သင်္ခါရက္ခန္ဓာ၊ ဤခန္ဓာငါးပါး ဖြစ်ပျက်သွားသည်ကို ဉာဏ်ဖြင့်သိ၍ အနံ့တစ်ခုခုကိုရလိုက်တိုင်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွားနေရမည်။

ရသာရုံတစ်ခုခုကို စားလိုက်မိသောအခါ အရသာရုပ်နှင့် လျှာအကြည်ရုပ်တို့ သည် ရူပက္ခန္ဓာ၊ စားသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ ရသာရုံ၏အရသာကို ခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ ရသာရုံ၏အရသာကိုမှတ်သားသော သညာ စေတသိက်သည် သညာက္ခန္ဓာ၊ ဆက်စားဖြစ်အောင်တိုက်တွန်းသော ကြွင်းစေတသိက် ငါးလုံးသည် သင်္ခါရက္ခန္ဓာ။ ထမင်းလုပ်နှင့် လျှာနှင့်ထိတိုင်း ဤခန္ဓာငါးပါး ဖြစ်ပျက် သွားသည်ကို ဉာဏ်ဖြင့်သိ၍ ခန္ဓာငါးပါးအနိစ္စဟုရှုပွားနိုင်သည်။

အတွေ့အထိရုပ်(ဖောဋ္ဌဗ္ဗာရုံ)နှင့် ခေါင်း, ကိုယ်, ခြေ, လက်၌ရှိသော ကိုယ် အကြည်ရုပ်တို့ တိုက်မိသည်နှင့် အတွေ့အထိရုပ်နှင့် ကိုယ်အကြည်ရုပ်တို့သည် ရူပက္ခန္ဓာ၊ ထိသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ အတွေ့အထိ၏ အရသာကိုခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ အတွေ့အထိနှင့် အာရုံကိုမှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ ဆက်ထိဖြစ်အောင် တိုက်တွန်းနှိုးဆော်ခြင်း သဘောတရားရှိသည့် ဝေဒနာ, သညာမှ ကြွင်းသောစေတသိက်ငါးလုံးသည် သင်္ခါ ရက္ခန္ဓာ၊ ဤခန္ဓာငါးပါး ဖြစ်ပျက်သွားပုံကို ဉာဏ်နှင့်သိ၍ ခန္ဓာငါးပါးအနိစ္စဟု ရှုပွားရမည်။

တစ်ခုခုကို တွေးလိုက်သည်နှင့် အတွေးအာရုံက မနောဓာတ်(သို့) မနော အကြည်ရုပ်ကို လာတိုက်သည်။ အတွေးအာရုံတွင်ပါဝင်နိုင်သော သုခုမရုပ်နှင့် မနော အကြည်တို့သည် ရူပက္ခန္ဓာ၊ မနောဓာတ်နှင့်တွေးသိစိတ်တို့သည် ဝိညာဏက္ခန္ဓာ၊

www.burmeseclassic.com

www.burmeseclassic.com



အတွေးအာရုံအရသာကိုခံစားသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ အတွေးအာရုံကို မှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ ဝေဒနာသညာမှ ကြွင်းသော စေတသိက်ငါးလုံးသည် သင်္ခါရက္ခန္ဓာ၊ ဤသဘောတရားသာရှိသည့် ခန္ဓာငါးပါး ဖြစ်ပျက်သွားပုံကို ဉာဏ်နှင့်သိပြီး အတွေးတစ်ခုခုကိုတွေးမိတိုင်း ခန္ဓာငါးပါး အနိစ္စဟု ရှုပွားရမည်။ ဤကား ဒုတိယမြောက်ရဟန္တာကြီး၏ ရှုပွားနည်းတည်း။

တတိယမြောက် ရဟန္တာမထေရ်ကြီး၏ ရှုပွားနည်းကိုဆက်ပြအံ့။

## တတိယရဟန္တာ၏ ရှုပွားနည်း

ပထမနှင့် ဒုတိယရဟန္တာတို့၏ ရှုပွားနည်းသည် နေစဉ်(နေစဉ်)ရှုပွားနည်း ထဲတွင်ပါဝင်၏။ တတိယရဟန္တာ၏ ရှုပွားနည်းသည်ကား နေ့စဉ်(နေ့စဉ်)ရှုပွားနည်း ထဲတွင်ပါဝင်သင့်သည်။ ထို့ကြောင့် နေ့စဉ်ရှုပွားနည်းပုံစံအဖြစ် ပြအံ့။ နေစဉ်ရှုပွား နည်းဟူသည် သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်း၊ ရောင်းရင်းဝယ်ရင်း ရှုပွားနည်းကိုဆိုလို၏။

နေ့စဉ်ရှုပွားနည်းဟူသည် တစ်နေ့လျှင်တစ်နာရီ သို့မဟုတ် နာရီဝက်ခန့် ထိုင်ပြီး ရှုပွားခြင်းကိုဆိုလို၏။ အာနာပါနကို ရှုမှတ်နေရင်းက ဝိပဿနာသို့ ပြောင်း တော့မည်ဆိုလျှင် ထွက်လေဝင်လေဟူသော ပညတ်ကို အသိဉာဏ်မှ ဖယ်ထုတ် လိုက်ရ၏။ နှာသီးဝ,ရှိ ကိုယ်အကြည်ရုပ်ကို ထွက်လေဝင်လေဟု နာမည်တပ်ခဲ့သော ဖောဋ္ဌဗ္ဗာရုံက, လာတိုက်သည်။ ထိုသို့တိုက်သောအခါ ကြမ်းရှရှသဘောတရားကို တွေ့လျှင်လည်း တွေ့ရတတ်၏။ ဤကား ပထဝီဓာတ်တည်း။ ထိုပထဝီဓာတ်၏ မမြဲခြင်း သဘောတရားကို ဉာဏ်ဖြင့်သိနေရ၏။ တစ်ခါတရံ ပူသဘော သို့မဟုတ် အေး သဘောနှစ်မျိုးအနက် တစ်မျိုးမျိုးကိုတွေ့ရတတ်၏။ ဤကား တေဇောဓာတ်တည်း။ ထိုတေဇောဓာတ်၏ မမြဲမှုကိုလည်း သိပေးနိုင်၏။

တစ်ရံတစ်ခါ လှုပ်ရှားမှုသဘောလေးကို တွေ့ရတတ်၏။ ဤကား ဝါယော ဓာတ်ကိုတွေ့ရခြင်းဖြစ်၏။ ထိုဝါယောဓာတ်၏ မမြဲခြင်းသဘောကိုလည်းသိရ၏။ သင်္ဂဟကျမ်းတွင် 'အာပေါဓါတု ဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖေါဋ္ဌဗ္ဗံ'ဟု ဖွင့်သောကြောင့် ဖေါဋ္ဌဗ္ဗာရုံထဲတွင် အာပေါဓာတ်မပါဟု ဆိုထားခြင်းမှာ လုံးလုံးမပါသောကြောင့် မဟုတ်၊ သိသာထင်ရှားစွာ မပါသောကြောင့်သာဖြစ်၏။ ဖွဲ့စည်းခြင်းသဘော အာပေါ ဓာတ်သည် မသိမသာမထင်မရှားကား ပါသည်သာဖြစ်၏။ ထိုသင်္ဂဟကျမ်း၌ပင် 'ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာဘူတ စတုက္ကဉ္စေတိ အဝိနိဗ္ဘောဂ ရူပံ-'

| | | |
|---|---|---|
| အဆင်းရုပ် | = | ဝဏ္ဏဓာတ်၊ |
| အနံ့ရုပ် | = | ဂန္ဓဓာတ်၊ |
| အရသာ | = | ရသဓာတ်၊ |
| အဆီအနှစ်အစေး | = | ဩဇာဓာတ်၊ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| မာသဘော၊ ပျော့သဘော | = | ပထဝီဓာတ်၊ |
| ဖွဲ့စည်းသဘော၊ ယိုစီးသဘော | = | အာပေါဓာတ်၊ |
| ပူသောသဘော၊ အေးသောသဘော | = | တေဇောဓာတ်၊ |
| လှုပ်ရှားသဘော၊ ထောက်ကန်သဘော | = | ဝါယောဓာတ်၊ |

ဤဓာတ်ရှစ်ပါးတို့သည် တစ်ပါးရှိလျှင် ကျန်ခုနှစ်ပါးရှိ၏။ ခွဲခြား၍ မရကောင်းသောကြောင့် အဝိနိဗ္ဘောဂရုပ်မည်၏ဟု ဖွင့်ပြပြန်သောကြောင့် ထွက်သက်ဝင်သက် လေထဲတွင် ဤဓာတ်ရှစ်ပါးလုံး ပါသည်သာဖြစ်၏။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာနှင့် အာပေါဓာတ်တို့သည် မထင်ရှားသောကြောင့် မပါဝင်ဟု ထင်နေရခြင်းဖြစ်သည်။ အဝိနိဗ္ဘောဂရုပ်ရှစ်ပါး တစ်ပေါင်းတစ်စည်းတည်းဖြစ်နေအောင် ဖွဲ့စည်းပေးခြင်းသည်ပင် အာပေါဓာတ်၏ သတ္တိဖြစ်၏။

ထိုကဲ့သို့ ဓာတ်ရှစ်ပါးကို ဖွဲ့စည်းပေးသည့် သဘောတရားကို ဉာဏ်ဖြင့်သိပြီး အာပေါဓာတ်အနိစ္စဟူ၍ ရှုပွားနိုင်၏။ ဤကား တတိယရဟန္တာ၏ ဓာတ်ကြီးလေးပါးကို ရှုပွားပုံအကျယ်တည်း။

## စတုတ္ထရဟန္တာ၏ ရှုပွားနည်း

စတုတ္ထရဟန္တာအရှင်မြတ်သည် 'ယံကိဉ္စိသမုဒယ ဓမ္မံ သဗ္ဗံတံနိရောဓဓမ္မံ' ဖြစ်ခြင်းသဘောရှိသော တရားမှန်သမျှသည် ပျက်စီးခြင်းသဘောတရားရှိသည်ဟု အကျဉ်းသာပြ၏။ ထို့ကြောင့် ယောဂီသစ်များ ရှုပွားတတ်အောင် အနည်းငယ်ချဲ့ပြမည်။ အဆင်းအာရုံတစ်ခုခုကို မြင်လိုက်လျှင် မြင်တာက ရုပ်၊ သိတာက နာမ်ဟု ခွဲခြားလိုက်ရမည်။

မြင်ရသောအဆင်းရုပ်နှင့် မျက်စိအကြည်ရုပ်တို့သည် ဖောက်ပြန်ခြင်းသဘော ရှိသည့် ရုပ်တရား၊ သိတတ်သောဘောရှိသည့် မြင်သိစိတ်နှင့် စေတသိက်များသည် နာမ်တရား၊ ဖြစ်ခြင်းသဘောရှိသော ဤရုပ်နှင့် နာမ်အကြည်ရုပ်သည် ပျက်ခြင်းသဘောရှိသည်ဟု ဆင်ခြင်လိုက်ရုံသာဖြစ်သည်။ ဤသို့ ဆင်ခြင်ခြင်းကိုပင် ပွားများခြင်းဟု ခေါ်၏။

အသံအာရုံတစ်ခုခုကို ကြားလိုက်လျှင် ကြားတာကရုပ်၊ သိတာကနာမ်ဟု ခွဲခြားလိုက်ပါ။ သို့ ခွဲခြားပြီးသည်နှင့် ကြားရသောအသံရုပ်နှင့် နားအကြည်ရုပ်တို့သည် ဖောက် ပြန်ခြင်းသဘောရှိသည့် ရုပ်တရား၊ သိတတ်သောသဘောရှိသည့် ကြားသိစိတ်နှင့် စေတသိက်များသည် နာမ်တရား၊ ဖြစ်ခြင်းသဘောရှိသည့် ဤရုပ်နှင့်နာမ်သည် ပျက်ခြင်းသဘောရှိသည်ဟု ဆင်ခြင်ပွားများလိုက်ရုံသာဖြစ်၏။

အနံ့အာရုံတစ်ခုခုကို နံလိုက်လျှင် နံတာကရုပ်၊ သိတာက နာမ်ဟုခွဲခြားလိုက်ပါ။ သို့ခွဲခြားပြီးသည်နှင့် နံသောအနံ့ရုပ်နှင့် နှာခေါင်းအကြည်ရုပ်တို့သည် ဖောက်ပြန်ခြင်းသဘောရှိသည့် ရုပ်တရား၊ သိတတ်သောသဘောရှိသည့် နံသိစိတ်နှင့် စေတ

www.burmeseclassic.com

www.burmeseclassic.com



သိက်များသည် နာမ်တရား၊ ဖြစ်ခြင်းသဘောရှိသည့် ဤရုပ်နှင့်နာမ်သည် ပျက်ခြင်းသဘော ရှိသည်ဟု ဆင်ခြင်ပွားများလိုက်ရုံသာဖြစ်၏။

ရသာရုံတစ်ခုခုကို စားလိုက်လျှင် စားတာကရုပ်၊ သိတာက နာမ်ဟုခွဲခြားလိုက်ပါ။ သို့ခွဲခြားပြီးသည်နှင့် စားရသောအရသာရုပ်နှင့် လျှာအကြည်ရုပ်တို့သည် ဖောက်ပြန်ခြင်းသဘောရှိသည့် ရုပ်တရား၊ သိတတ်သောသဘောရှိသည့် စားသိစိတ်နှင့် စေတသိက်များသည် နာမ်တရား၊ ဖြစ်ခြင်းသဘောရှိသည့် ဤရုပ်နှင့်နာမ်သည် ပျက်ခြင်းသဘောရှိသည်ဟု ဆင်ခြင်ပွားများလိုက်ရုံသာဖြစ်၏။

အတွေ့အထိအာရုံတစ်ခုခုကို တွေ့လိုက်လျှင် တွေ့တာကရုပ်၊ သိတာက နာမ်ဟု ခွဲခြားလိုက်ပါ။ သို့ခွဲခြားပြီးသည်နှင့် ထိရသောအတွေ့အထိ(ဖောဋ္ဌဗ္ဗ)ရုပ်နှင့် ကိုယ်အကြည်ရုပ်တို့သည် ဖောက်ပြန်ခြင်းသဘောရှိသည့် ရုပ်တရား၊ သိတတ်သောသဘောရှိသည့် ထိသိစိတ်သည် နာမ်တရား၊ ဖြစ်ခြင်းသဘောရှိသည့် ဤရုပ်နှင့် နာမ်သည် ပျက်ခြင်းသဘောရှိသည်ဟု ဆင်ခြင်ပွားများလိုက်ရုံသာဖြစ်၏။အတွေးအာရုံတစ်ခုခုကို တွေးလိုက်လျှင် တွေးတာကရုပ်၊ သိတာက နာမ်ဟု ခွဲခြားလိုက်ပါ။

သို့ခွဲခြားပြီးသည်နှင့် မနောဓာတ်မှီဖြစ်ရာ ဟဒယဝတ္ထုခေါ် နှလုံးသွေးအကြည်ရုပ်နှင့် အတွေးအာရုံ၌ပါသည့် သုခုမရုပ်တို့သည် ဖောက်ပြန်ခြင်းသဘောရှိသည့် ရုပ်တရား၊ သိတတ်သောသဘောရှိသည့် တွေးသိစိတ်နှင့် စေတသိက်များသည် နာမ်တရား၊ ဖြစ်ခြင်းသဘောတရားရှိသော ဤရုပ်နှင့်နာမ်သည် ပျက်ခြင်းသဘောရှိသည်ဟု ဆင်ခြင်ပွားများလိုက်ရုံသာဖြစ်၏။ ဤကား စတုတ္ထမြောက်ရဟန္တာမထေရ်၏ ရှုပွားနည်းတည်း။

## ဓာတ်ကြီး(၄)ပါး ရှုပွားပုံအကျယ်

ဉာဏ်ပညာထက်မြက်ကြီးမားသူများအတွက် သံလျင်တောရ ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော 'အရိယာဘုံသွား ဉာဏ်လှေခါး'ကျမ်းကြီးမှ - ဓာတ်ကြီးလေးပါး ရှုပွားပုံအကျယ်ကို ကောက်နှုတ်တင်ပြဦးအံ့ -

ဝါယောဓာတ်ကို ဦးစွာစတင်၍ ရှုပွားရခြင်း၏ အကြောင်းနှင့်အကျိုးအဖုံဖုံ ဓာတ်ကြီးလေးပါးတို့အနက် ပထဝီ၊ အာပေါ စသောဓာတ်တို့ကို ဦးစွာ စတင်ရှုပွားရန် မဖော်ပြဘဲ ဝါယောဓာတ်ကိုရွေးနှုတ်ပြီး ဦးစွာရှုပွားမှုကို ဖော်ပြရခြင်း၏အကြောင်းနှင့် အကျိုးထူးတို့ကား -

(၁) ဝါယောဓာတ်၏ သဘောကို ဘာဝနာဉာဏ်ဖြင့် တွေ့မြင်သဘောပေါက်သွားခဲ့လျှင် ကာယအတွက် (ပဗ္ဗ)ခေါ် အပိုင်းခြောက်ပိုင်းထား၍ ဘုရားရှင်ဟောကြားခဲ့ရာ သမထကာယ၊ ဝိပဿနာကာယဟုခွဲခြားရာ၌ ဝိပဿနာယပဗ္ဗ ၃-မျိုး စာရင်းဝင် ရွှေ့ပိုင်းလာ ဣရိယာပထကာယနှင့် သမ္ပဇညကာယနှစ်မျိုးတို့၌လည်း

www.burmeseclassic.com

www.burmeseclassic.com



ဤဝါယောဓာတ်ပင် ဦးဆောင်မှုပြုနေပုံကိုပါ ကူးဆက်ကာ သဘောပေါက်သွားနိုင်စေရန်တစ်ကြောင်း၊

(၂) စိတ္တကိရိယာဝါယော ဓာတုဝိပ္ဖါရေနသကလကာယဿ ပုရတော အဘိနီဟာရောဂမနန္တိဝုစ္စတိ၊ ဌာနာဒီသုပိဇသေဝနယောအရ- ဣရိယာပုထ် လေးပါးတို့ဖြစ်ပေါ်လာမှုသည်လည်း ဤဝါယောဓာတ်ပင်ဦးဆောင်မှုပြုနေသည်ဟု ဖွင့်ပြထားသော (အဋ္ဌကထာလာ) စီစစ်ချက်ကို သဘောပေါက်စေကြရန်တစ်ကြောင်း၊ ထို့ပြင် (က) စိတ္တသမုဋ္ဌာနာဝါယောဓာတု ဝိညတ္တိံဇနယ မာနောဉပ္ပဇ္ဇတိ၊ ဣတိစိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖါရဝသေန အယံ ကာယသမ္မတော အဋ္ဌိသင်္ဃာတော အဘိက္ကမတိအရကိုလည်းကောင်း၊

(ခ) တတ္ထ ကော ဧကော အဘိက္ကမတိ ကဿ ဝါ ဧကဿ အဘိက္ကမနံ ပရမတ္ထတော ဟိ ဓာတူနံယေဝ ဂမနံ၊ ဓာတူနံ ဌာနံ၊ ဓာတူနံ နိသဇ္ဇနံ၊ ဓာတူနံသယနံ အရ ကိုလည်းကောင်း၊

(ဂ) စိတ္တကိရိယာ ဝါယောဓာတု ဝိပ္ဖါရေနေဝ စီဝရပါရုပနံ ဟောတိ (ပ) ပတ္တဂ္ဂဟဏံနာမ ဟောတိ (ပ) ဓာတုယောဝ ဓာတုသမူဟံ ဂဏှန္တိအရကို လည်းကောင်း၊

(ဃ) ထို့ပြင် ဝါယောဓာတု ယာဝ ပဝိသတိ၊ ဝါယောဓာတုဝသေနေဝ တိဋ္ဌတိ ဝါယောဓာတုယေဝ နီဟရတိ စသော သမ္မဇညပဗ္ဗလာ ကာယကိစ္စအဝဝသည်လည်း ဝါယောဓာတ်ပင် ဦးဆောင်ပြုနေသည်ဟု ဖွင့်ပြထားသည့် များစွာလှသော စီစစ်ချက်တို့အရကို သဘောပေါက်ကြစေရန်လည်းကောင်း၊

(၃) ယင်းအချက်တို့ကို သဘောပေါက်ခဲ့လျှင် ဣရိယာပထနှင့် သမ္မဇညကာယကိစ္စတို့၌ အပြင်မြင်၊ အပြင်ရှုလုပ်ငန်းသည် ပညတ်မြင်နှင့် ပညတ်သိတို့ကို တိုးချဲ့ပေးသော ကမ္မဋ္ဌာန်းရှုပွားနည်းမျိုးဖြစ်နေသဖြင့် ပရမတ္ထကိုသိစေလို၍ အတွင်းက စတင်ကာ ရှုပွားစေလို၍ အဇ္ဈတ္တံဝါကာယေ စသည်ဖြင့် ဟောညွှန်ထားသော ဗုဒ္ဓအလိုတော်နှင့် (ဆန့်ကျင်သော ကမ္မဋ္ဌာန်းများ) ဖြစ်နေပုံကို ရိပ်မိ၊ သဘောသက်စေ လိုသည်တစ်ကြောင်း၊

(၄) ထို့ပြင် ပဇာနာတိနှင့် သမ္မဇညကာရီဟောတိဟု မနောသိနှင့်တွဲ သော ပညာသိ၊ ပညာမြင်အရကို ညွှန်ပြထားပါလျက်၊ ပဿတိ၊ စက္ခတိ၊ ဩလော ကေတိ-အရ မံသမျက်စေ့မြင်ဖြင့် ရှုပွားနေချက်တို့ကို) စွန့်ခွာစေနိုင်စေရန် တစ်ကြောင်း၊

(၅) ထို့ပြင် အထက်နံပါတ်-၂ က၊ ခ၊ ဂ၊ ဃ၊ င၊ အဋ္ဌကထာလာဝါယောဓာတ်၏ အရတို့ကိုလည်းကောင်း၊ သိနားလည်မှု မရှိကြ၊ ဝါယောဓာတ် ကမ္မဋ္ဌာန်းကိုလည်း ပေါက်မြောက်အောင် မပွားများဖူးကြသဖြင့်-

(က) အာပါနကိစ္စမှာပင် အနုရှု၊ အကြမ်းအရမ်းရှု ဟူ၍လည်းကောင်း၊

(ခ) အပြင်ရှုဣရိယာပထနှင့် သမ္မဇညကမ္မဋ္ဌာန်းနည်းဟူ၍ လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



(ဂ) မွမွရွရွ ခာတ်ဆက်၊ ခာတ်နှိုးကမ္မဋ္ဌာန်းနည်းဟူ၍လည်းကောင်း၊
(ဃ) ပူ၊ ပိန်၊ ဖေါင်း၊ ကြွ၊ ခုန်ကမှုကို ရှုပွားရသော ကမ္မဋ္ဌာန်းနည်းဟူ၍ လည်းကောင်း၊
(င) စိတ်၏အင်အားဖြင့် ဝါ-စိတ္တဇဝါယောခာတ်၏ အင်အားဖြင့် ငယ်ထိပ်နှင့် ရင်ချိုင့်တို့ကို စူးစိုက်ထောက်ထားပြီး လျှော့ချရာကို ဥဒယဗ္ဗယဟု ရှုပွားသော ကမ္မဋ္ဌာန်းနည်းဟူ၍လည်းကောင်း၊ ကမ္မဋ္ဌာန်းနယ်ပယ်တွင် ကွဲလွဲလျက်ရှိကြတော့သည်။

ယင်းဖော်ပြပါ ကမ္မဋ္ဌာန်းကိစ္စအားလုံးတို့သည် ယခု ဖော်ပြလတ္တံ့ ဝါယောခာတ်၏ (သားမြေးကိစ္စ) အစွန်းထွက်မျှသာဖြစ်ရှိနေပုံကို လွယ်ကူစွာနှင့် သိနိုင်ကြစေလိုခြင်းတစ်ကြောင်း။

## ဝါယောခာတ် အချုပ်ရည်သန်ချက်

အချုပ်အားဖြင့် ဝါယောခာတ်ကိစ္စကို ဘာဝနာဉာဏ်အစစ်သိ အနေသို့ ရောက်ရှိသွားကြလျှင် ဗုဒ္ဓ၏တပည့်အမည်ခံ ကမ္မဋ္ဌာန်းနယ်တစ်ဝှမ်းလုံးမှာ (ကွဲပြားမှု) မရှိကြတော့ဘဲ (တညီတညွတ်တည်း)ဖြစ်လာကာ -

ပဋိပတ်အကျင့်စခန်းလည်း တွင်ကျယ်ပြီး သတ္တဝါအများတို့မှာ အပါယ်တံခါးပိတ်မှုတွေ အရများနေကြရန် ရည်သန်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် ဖော်ပြပါ ပြဿနာအရပ်ရပ်တို့ပါ ပြေလည်သွားစေရန် ရည်မျှော်သန်မိသဖြင့် ခာတ်ကြီးလေးပါးထဲမှ (ဝါယောခာတ်ကို) နံပါတ်တစ်ထားပြီး ကျမ်းဂန်တို့နှင့်ညှိကာ စိစစ်ခန်း၊ ရှုပွားခန်းတို့ကို ငန်းဖွဲ့၍ ဖော်ပြထားပေအံ့။

## ကာယာနုပဿနာ
## ဝါယောခာတ် ရုပ်ကမ္မဋ္ဌာန်းစိစစ်ခန်း
## ဝါယောအမျိုးမျိုး

ဝါယောခေါ် လေခာတ်တို့သည် -

| | | |
|---|---|---|
| ၁။ သံဝဋ္ဋဝါယော | = | ကမ္ဘာဖျက် လေခာတ်၊ |
| ၂။ နိယမဝါယော | = | နေ့ညတိုက်ခတ်နေသော လေခာတ်၊ |
| ၃။ ကမ္ဗိမယဝါယော | = | တန်ခိုးဖြင့် ပေါ်လာသော လေခာတ်၊ |
| ၄။ ဝိသခ်ရဏဝါယော | = | ယပ်လေ, ရဟတ်လေ, ပန်ကာလေ စသော လုပ်ယူသော လေခာတ်၊ |
| ၅။ ဝိသေသဟေတုဇဝါယော | = | အကြောင်းထူးတစ်ခုခုကြောင့် ပေါ်လာသော လေခာတ်၊ |
| ၆။ ပုဗ္ဗဟေတုကဝါယော | = | ရှေးကံဟောင်းကြောင့် ပေါ်လာသောလေခာတ်၊ |

www.burmeseclassic.com

www.burmeseclassic.com



၇။ ကသိဏဝါယော = ကသိုဏ်းရှုသော လေဓာတ်၊
၈။ နိမိတ္တဝါယော = ကသိုဏ်းမှထင်သော အာရုံနိမိတ် လေဓာတ်၊
၉။ သုပိနဝါယော = အိပ်မက်၌ တွေ့ရှိသော လေဓာတ်၊
၁၀။ ဝေါဟာရဝါယော = လေဟုခေါ်ဆိုသော အမည်မျှ လေဓာတ်၊
၁၁။ ကမ္မဇဝါယော = ကံကြောင့်ဖြစ်လာသော လေဓာတ်၊
၁၂။ စိတ္တဇဝါယော = စိတ်ကြောင့်ဖြစ်လာသော လေဓာတ်၊
၁၃။ ဥတုဇဝါယော = ဥတုကြောင့်ဖြစ်လာသော လေဓာတ်၊
၁၄။ အာဟာရဇဝါယော = အစာကြောင့်ဖြစ်လာသော လေဓာတ်၊
၁၅။ စတုဇဝါယော = အထက်ပါအကြောင်းလေးမျိုးကြောင့် ဖြစ်လာသော လေဓာတ်၊
၁၆။ ဥဒ္ဓင်္ဂမဝါယော = အထက်သို့ ဆန်တက်သော လေဓာတ်၊
၁၇။ အဓောဂမဝါယော = အောက်သို့ စုန်ဆင်းသော လေဓာတ်၊
၁၈။ ကုစ္ဆိသယဝါယော = ဝမ်းခေါင်းအတွင်း၌ ခိုသော လေဓာတ်၊
၁၉။ ကောဋ္ဌာသယဝါယော = ကိုယ်အစိတ်အပိုင်း၌ တည်သော လေဓာတ်၊
၂၀။ အင်္ဂမင်္ဂါနုသာရီဝါယော = ကိုယ်အင်္ဂါတို့၌ လျှောက်နေသော လေဓာတ်၊
၂၁။ အဿာသ ပဿာသဝါယော = နှာခေါင်းနှင့် ပါးစပ်မှ ထွက်ဝင်သော လေဓာတ်၊
၂၂။ လက္ခဏာဒိဝါယော = လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်ဟူသော ပရမတ္ထသဘာဝကို ဖော်ပြသော လေဓာတ်စသည်တို့ ဖြစ်၏။

## ရှင်းလင်းချက်

အထက်ပါ ဝါယောခေါ် လေဓာတ်တို့သည် များစွာရှိကြစေကာ ဝိပဿနာဉာဏ်ပေါ်ထွက်ရေးမှာ (ဝါယောအားလုံးကို ရှုပွားရသည်မဟုတ်ပေ) အကြောင်းကား-

ကာယာနုပဿနာကိစ္စဖြစ်နေ၍ မိမိတို့ကိုယ်ခန္ဓာနှင့်စပ်သော ဝါယောမျိုးတို့တွင် အောက်ပါအင်္ဂါသုံးချက်နှင့် ညီညွတ်သော ဝါယောမျိုးကိုသာ ရှုပွားနိုင်လေသည်။

## အင်္ဂါ (၃)ပါး

၁။ အဇ္ဈတ္တကာယရှိ ဝါယောဓာတ်ဖြစ်ရခြင်း။

၂။ ခဏတိုင်း၌ တွေ့ရှိနိုင်သော ဝါယောဓာတ်မျိုးဖြစ်ရခြင်း။

၃။ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်ဟူသော ပရမတ္ထသဘာဝကို ဖော်ပြပေးနိုင်သော ဝါယောဓာတ်မျိုးဖြစ်ရခြင်း၊ ၎င်းအင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော ဝါယောဓာတ်မျိုးသည်သာ ဝိပဿနာဉာဏ်ပေါ်ထွက်ရန် ရှုပွား၍ ရနိုင်သောကြောင့်ဟူ၏။ ထို့ကြောင့် အထက်ပါ ဝါယော (၂၂)မျိုး တို့အနက်

www.burmeseclassic.com

www.burmeseclassic.com



က-နံပါတ်-(၁) မှ (၁၀) အထိ ဝါယော(၁၀)မျိုး၊ နံပါတ် (၁၆-၁၇-၁၈) ရှိ (၃)-မျိုးပေါင်း (၁၃)-မျိုးသော ဝါယောတို့သည် (ရှုပွားရန်မလိုသော) ဝါယောမျိုး ဖြစ်ကြသည်။

ခ-ကျန်နံပါတ် (၁၁)မှ (၁၅)အထိ (၅)-မျိုး၊ (၁၉)မှ (၂၁)အထိ (၃)-မျိုး၊ ပေါင်း (၈)-မျိုးသော ဝါယောတို့အထဲမှ ဖော်ပြပါအင်္ဂါ(၃)-ပါးနှင့်ညီညွတ်ရာ ဝါယောကို နံပါတ်-(၂၂)လာ လက္ခဏာဒိဝါယောအဖြစ်ဖြင့် ယူစွဲပြီး ရှုပွားရသည်ဟူ၏။

## လက္ခဏာဒိဝါယောပုံစံ

## ပါဠိလို ဝါယောကိစ္စ (၃)-မျိုး

ဝါယောဓာတု ၁။ ဝိတ္ထမ္ဘနလက္ခဏာ (လက္ခဏာဝါယောကိစ္စ)။
၂။ သမုဒီရဏရသာ (ရသဝါယောကိစ္စ)။
၃။ အဘိနီဟာရ - ပစ္စုပဋ္ဌာန (ပစ္စုပဋ္ဌာနဝါယောကိစ္စ)။

## ရှင်းလင်းချက်

၁။ ဝိတ္ထမ္ဘနသဘောကိုတွေ့လျှင် လက္ခဏာဝါယောကို တွေ့သည်။
၂။ သမုဒီရဏသဘောကိုတွေ့လျှင် ရသဝါယောကို တွေ့သည်။
၃။ အဘိနီဟာရသဘောကိုတွေ့လျှင် ပစ္စုပဋ္ဌာနဝါယောကို တွေ့သည်။

## ထပ်ဆင့် ရှင်းပြဦးအံ့

၁။ ပါဠိလို ဝိတ္ထမ္ဘန-ဗမာလို တွန်းမှု၊ တိုးမှု စသည်ကိုတွေ့လျှင် လက္ခဏာဝါယောကို တွေ့သည်ဟုဆိုသည်။ (ဝါ) ဝါယောဓာတ်ဟု သိနိုင်သော မှတ်ကြောင်းလက္ခဏာကိုတွေ့သည်ဟု ဆိုသည်။

၂။ ပါဠိလို သမုဒီရဏ၊ ဗမာလို လှုပ်မှု၊ ရှုံးလာမှု၊ အားစိုက်မှု စသည်ကို တွေ့လျှင် ရသဝါယောကိုတွေ့သည်ဟုဆိုသည်။ (ဝါ) ဝါယောဓာတ်က ဆောင်ရွက်လိုက်သောကိစ္စကိုတွေ့သည်ဟု ဆိုသည်။

၃။ ပါဠိလို အဘိနီဟာရ၊ ဗမာလိုရွေ့မှု၊ သွားမှု၊ ခုန်မှု၊ ပိန်မှု၊ ဖောင်းမှု၊ ကြွမှု၊ မြင့်တက်မှု စသည်ကိုတွေ့လျှင် ပစ္စုပဋ္ဌာနဝါယောကို တွေ့သည်ဟုဆိုသည်။ ဝါ-ဝါယောဓာတ်က ဆောင်ရွက်လိုက်သော အကျိုးအဆက်ဆက်ကို တွေ့သည်ဟုဆိုသည်။

## မြန်မာလို ဝါယောကိစ္စ (၃)-မျိုး အကျယ်ဖော်ပြချက်

(က) လက္ခဏာဝါယော၏ ဝိတ္ထမ္ဘန ကိစ္စများ။
တွန်းခြင်း၊ တိုးခြင်း၊ ထောက်ခြင်း၊ ကန်ခြင်း၊ မခြင်း၊ ပင့်ခြင်း၊ ဖိခြင်း၊ ညှပ်ခြင်း၊ ချခြင်း၊ ဆွခြင်း စသောကိစ္စများ။

www.burmeseclassic.com

www.burmeseclassic.com



(ခ) ရသဝါယော၏ သမုဒီရဏ ကိစ္စများ။
ရွခြင်း၊ လှုပ်ခြင်း၊ ရှုံးလာခြင်း၊ ရွေ့ခြင်း၊ လိမ့်ခြင်း၊ အားစိုက်ခြင်း၊ ကြောင့်ကြပြုခြင်း စသောကိစ္စများ။

(ဂ) ပစ္စုပဋ္ဌာနဝါယော၏ အဘိနီဟာရ ကိစ္စများ။
ရွေ့ခြင်း၊ ထွက်ခြင်း၊ လှမ်းခြင်း၊ သွားခြင်း၊ လိမ့်ခြင်း၊ မှောက်ခြင်း၊ လှန်ခြင်း၊ ပြောင်းလဲခြင်း၊ ထိုးကြိတ်ခြင်း၊ ထုခြင်း၊ ထောင်းခြင်း၊ ရိုက်ခြင်း၊ ပုတ်ခတ်ခြင်း၊ ဆွဲငင်ခြင်း၊ ကန်ကြောက်ခြင်း၊ မြောက်ကြွခြင်း၊ ပိန်ကျခြင်း၊ ရှုံ့တွခြင်း၊ ဖောင်းကြွခြင်း၊ ရောင်ပွခြင်း၊ ကခြင်း၊ ခုန်ခြင်း၊ မြူးထူးခြင်း၊ ပြေးလွှားခြင်း၊ ရောက်ရက်ခပ်ခြင်း၊ မြင့်တက်ခြင်း၊ ပျံတက်ခြင်း၊ လွင့်သွားခြင်း စသောကိစ္စများ၊
ထို့ကြောင့် ဝါယောဓာတ်ကို ရှုပွားလိုသူတို့သည် အထက်ပါ လက္ခဏာဝါယော ရသဝါယော, ပစ္စုပဋ္ဌာန ဝါယော ၃-မျိုးကို ဦးစွာ သဲသဲကွဲကွဲသိရှိထားဖို့ လိုအပ်လှပေသည်။

## မှတ်လွယ်ရန် ဆောင်ပုဒ်လင်္ကာများ-

၁။ လက္ခဏာနှင့် ရသတတန် ၊ ပစ္စုပဋ္ဌာန် သုံးတန် ဝါယောဓာတ်၊
၂။ တွန်းကန် ထောက်မ၊ ဖိမြှောက်ဆွ၊ သိကြ လက္ခဏာဓာတ်၊
၃။ တင်း ကြပ် ရှုံး အင့်၊ လိမ့် လှုပ် ပင့်၊ သိလင့် ရသဓာတ်၊
၄။ ပိန် ဖောင်း ရောင် ပွ၊ ပြေး ခုန် က၊ သိစွာ ပစ္စုမှတ်၊
၅။ ပစ္စုပဋ္ဌာန၊ ကျိုးဆက်ပြ၊ ရှောင်ကြ ပွားကိစ္စေ၊
၆။ ပွတ် သတ် စမ်း ပုတ်၊ ကွေး ဆန့် အုပ်၊ လေမှုတ် ဆွဲယူမွှေ၊
၇။ ပို့ အန် ထွေး ရှုပ်၊ ရေ ပလုပ်၊ ယားကုတ် ညစ် သုတ် ချွေ၊
၈။ မှို့ ဝါး ကိုက် ဖြတ်၊ မည် သံပြတ်၊ ခုတ် ထပ် ဆောင်ဖျက်ခြေ၊
၉။ ဝစီကာယ၊ ပေါ်ထွက်ပြ၊ လုပ်သမျှ ဝါယောတွေ၊
၁၀။ ပစ္စုပဋ္ဌာန်၊ ဝါယောမှန်၊ ရှုရန် မဟုတ်ပေ။

## အထူးမှတ်ဖွယ်

၁။ ဝိပဿနာ အသိမျိုးကိုလိုလျှင် အထက်ပါ ဝါယောကိစ္စ(၃)မျိုး အနက်၊ လက္ခဏာဝါယောနှင့် ရသဝါယော၊ (၂)မျိုးကိုသာ ရှုပွားရမည်။ (ပစ္စုပဋ္ဌာန ဝါယောမျိုးကို မရှုပွားရ)၊
၂။ သမထ အသိမျိုးကို လိုလျှင်ကား (ပစ္စုပဋ္ဌာနဝါယောမျိုးကို)- ရှုပွားရလေသည်ဟု အထူးမှတ်သားပါလေ။

www.burmeseclassic.com

www.burmeseclassic.com



## အကြောင်းကား

၎င်း ပစ္စုပ္ပန္နဝါယောကိစ္စတို့သည် ပရမတ်၏အကျိုးဆက်နှင့် အကျိုးဖျား တွေသာဖြစ်နေသဖြင့် ပညတ်ရုပ်အသွင်သို့ ဆောင်ပြနေသော ဝိကာရရုပ်ခေါ် ဝိညတ် ရုပ်မျိုးတွေဖြစ်နေရကား ပရမတ္ထရုပ်အစစ်ကို ဖုံးကွယ်နေသောကြောင့် မရှုပွားသင့် ဟူလို။

ထိုအရ သိသာပုံမှာ-သွား ရပ် ထိုင် လျောင်းဟူသော ဣရိယာပထ ပုံသ-ဏ္ဍာန်များ ကွေး၊ ဆန့်၊ မှောက်၊ လှန်၊ စသော သမ္ပဇညပုံသဏ္ဍာန်များသည် အပမြင် မျက်စေ့မြင် ဝိညတ်ရုပ်စုသာဖြစ်ကြ၍ ပစ္စုပ္ပန္နဝါယော၏ ကိစ္စမျိုးဖြစ်နေရကား ၎င်း အကျိုးတရားစုကို မရှုပွားရဘဲ အဇ္ဈတ္တအရ အတွင်းမှမနောသို့ မနောမြင်ဖြစ် သော (လက္ခဏဝါယောနှင့် ရသဝါယော) ကိစ္စမျိုးကိုသာ စတင်၍ရှုရသည်။

၎င်း (အတွင်းသဘောတို့ကိုသာ)စတင်၍ရှုခဲ့လျှင် ပရမတ္ထသဘာဝကိုသာ တွေ့နေတော့၍ (ပညတ်ဟူသမျှ) အစကပင် (ဝင်ခွင့်မရတော့ကြောင်း) အထူးမှတ် သားပါလေ။

## ပုံစံပြ - လင်္ကာ

'တွန်း ရွေ့ ယိုင် လဲ၊ လေ ခတ်စွဲ၊ ဝေခွဲ သုံးကိစ္စ'။

တွန်း-ကား လက္ခဏဝါယော၊ ရွေ့-ကား ရသဝါယော၊ ယိုင်လဲ-ကား ပစ္စုပ္ပန္န ဝါယောတည်း။

ထိုအရ ဝိပဿနာရှုလိုသော် တွန်းနှင့် ရွေ့ကိုသာ ရှုရသည်၊ ယိုင်နှင့် လဲအရ ကို မရှုပွားရပေ။

အကြောင်းကား- ယင်း ယိုင်နှင့်လဲအရမှာ သဏ္ဍာန်မြင်ဖြစ်သော ပညတ် ဝိကာရုပ်အနေသို့ ရောက်နေသောကြောင့် မူရင်း ပရမတ်သဘာဝမှ ကျော်လွန်နေ သောကြောင့် ဟူ၏။

ထို့ကြောင့် ဝါယောကိစ္စတို့သည် များပြားလှသဖြင့် ယောဂီပုဂ္ဂိုလ်တို့၌ ပရမတ္ထ ကိစ္စနှင့် ပညတ်ကိစ္စတို့ ရောထွေးနေတတ်ရာ အလွယ်တကူ ခွဲခြားသိမြင်ရန် နှင့် မှတ်ယူ မှုလည်း လွယ်စေရန် လင်္ကာအသွင်ပြု၍ ရှင်းပြပေးပါအံ့။

## ဆောင်ပုဒ် - လင်္ကာများ

၁။ ခတ် ပရမတ်၊ ဆောင်ပြတတ်၊ သိအပ် သုံးဆင့်မှတ်။

၂။ လက္ခဏနှင့် ရသတစ်တန်၊ ပစ္စုပ္ပန်၊ သုံးတန် ပရမတ်။

## အဓိပ္ပာယ်ပြ

၃။ သိကြောင်းလက္ခဏ၊ ကျိုးစ ရသ၊ နောက်ကျိုးတွေ့မှန်၊ ပစ္စုပ္ပန်မှတ်။

www.burmeseclassic.com

www.burmeseclassic.com



## ထပ်ဆင့်ရှင်းပြချက်

၄။ ပင်ကိုယ်သဘာဝ လက္ခဏာတည့်၊ ဆောင်ပြကျိုးပေါ်၊ ရသခေါ်၍
နောက်ပေါ်ထွက်ပြန်၊ ကျိုးတန်တန်၊ ပစ္စုပဋ္ဌာနမှတ်။

## နမူနာပုံစံများ

၅။ တွန်းရွေ့ ယိုင်လဲ၊ လေ ဓာတ်ခွဲ၊ မှတ်စွဲ ဥပမာရပ်။

၆။ တွန်းမ ကြွတက်၊ မြင့်လွင့်ထွက်၊ သိချက် ပုံစံထပ်။

၇။ တွန်းဖိ ညပ်ပိ၊ ကွဲ ပျက်ရှိ၊ မြင်သိ ပုံစံတစ်ရပ်။

၈။ သဘောသုံးချက်၊ ဆင့်ဆင့်တက်၊ ကွဲချက် သိအောင်မှတ်။
ဆိုလိုချက်အဓိပ္ပာယ်များ သိမြင်လောက်ပေပြီ။

## ရှုပွားရေးအတွက် သိမှတ်ဖွယ်
## ဆောင်ပုဒ်လင်္ကာများ

က။ လက္ခဏာနှင့်၊ ရသ တစ်ဖန်၊ ပစ္စုပဋ္ဌာန်၊ သုံးတန် ဝါယောဓာတ်။

ခ။ ဝိပဿနာ မဂ်လမ်း၊ ရလိုမှန်း၊ ခွဲခြမ်း သိအပ်၊ ဝါယောဓာတ်။

ဂ။ လက္ခဏာနှင့်၊ ရသ(၂)ခု ဝါယောစုသာ၊ ရှုပွားပါ၊ ပေါ်လာ
ဉာဏ်စဉ်မြတ်။

ဃ။ ပစ္စုပဋ္ဌာန်၊ ဝါယောမှန်၊ ရှုရန်မအပ်၊ တရားမြတ်ကျိုးပညတ်။

င။ အတွင်းရှုလျှင်၊ ပရမတ်မြင်၊ နောက်တွင် ဉာဏ်စဉ်ကပ်။

စ။ အပေါ်ပညတ်၊ ရှုတုံ့လတ်၊ ပရမတ်ကွယ်စေတတ်။

ဆ။ ဉာဏ်မပိုင်က၊ ဓာတ်ကိစ္စ၊ လွဲကြမဂ်ဉာဏ်မြတ်။
ဆိုလိုချက်အဓိပ္ပာယ် သိလွယ်ပြီ။

## အချုပ်ဆိုလိုချက်ကား

အတ္ထိ ဣမသ္မိံ ကာယေ ဓာတုသောပစ္စဝေက္ခတိ ဟူသောပါဠိတော်အရ မိမိတို့ ခန္ဓာကိုယ်ကို ဝါယောဓာတ်အနေဖြင့် ရှုပွားလိုသော် လက္ခဏာဝါယောနှင့် ရသဝါယော ၂-မျိုးတွင် ထင်ရှားရာတစ်မျိုးမျိုးကိုသာ ရှုပါ။ ပစ္စုပဋ္ဌာနဝါယောမျိုးကို (မရှုပါနှင့်)။

ထို့ပြင် ခန္ဓာကိုယ်၏ အတွင်းနှင့် အပြင်မှာ (အတွင်းကိုသာရှုပါ) အပြင် မြင်ကို (မရှုပါနှင့်ဟု) ဆိုလိုသည်။

## ရှုပွားရန် စကားသုံးများ

၁။ တွန်းခြင်း၊ ကန်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၂။ တွင်းချက်၊ ကန်ချက်၊

၃။ တွင်းမှု၊ ကန်မှု၊

၄။ တွင်းတဲ့သဘော ကန်တဲ့သဘော၊

၅။ တွင်းတယ်၊ ကန်တယ်၊

၆။ အတွင်း၊ အကန်၊

၇။ တွင်းနေတယ်၊ ကန်နေတယ် ဟု

ဗမာလို ၇-မျိုးမျှ သုံးစွဲရာ အဓိပ္ပါယ်မှာ မထူးခြားလှပေ၊ (မိမိမှာသိလွယ်သော) စကားဖြင့်သာ သုံးနိုင်သည်၊ သုံးပါလေ၊ ရှုပွားပါလေဟူလို၊

ရှုပွားခိုက်မှာကား - တွင်းနေတယ်၊ ကန်နေတယ်ဟူသော အသုံးမျိုးက သိမှတ်ရန် လွယ်ကူပေမည်။

## ဘာဝနာသုံးစကားများ ခွဲခြားမှတ်ရန်

တွင်းနေတယ်၊ ကန်နေတယ်ဟု သိနေပါ၊ ကပ်နေပါ၊ ရှုနေပါ၊ စူးစိုက်နေပါ၊ ဆက်တိုက်သိနေပါ၊ ဆက်တိုက်လိုက်ပါ၊ ရှုပွားသိနေပါဟု သုံးစွဲချက်အရကို ရှင်းပြပါအံ့။

## ရှင်းလင်းချက်

၁။ သိနေပါ၏ အရသည် - စိတ်သိ၊ ဝိညာဏ်သိကို ဆိုလိုသည်။

၂။ ကပ်နေပါ၊ လိုက်ပါနေပါ၏ အရသည်- သတိသိကို ဆိုလိုသည်။

၃။ ရှုနေပါ၏အရသည် - သမာဓိအနုစားသိကို ဆိုလိုသည်။

၄။ စူးစိုက်နေပါ၏အရသည် - သမာဓိအရင့်စားသိကို ဆိုလိုသည်။

၅။ ဆက်တိုက်သိနေပါ၏အရသည် - ပညာသိကို ဆိုလိုသည်။

၆။ ဆက်တိုက်လိုက်ပါ၊ ရှုပွားသိနေပါ၏ အရသည် - ဝိညာဉ်သိအပေါ်မှာ သတိသိ၊ သမာဓိသိ၊ ပညာသိတို့ပါ အစုံအလင် သိနေပြီဟု ဆိုလိုသည်၊ ဝါ-ပါဠိဟာရိယ ပညာအဆင့်သိဟု ဆိုသည်။

ၚင်းအသိမျိုးစုံလာလျှင် အောက်ပါ ပညာသိ ၃-မျိုးတို့သည် အစဉ်လိုက် ဆက်ကာ၊ မြင့်တက်သွားတော့သည်။

## ပညာ ၃-ဆင့် သိပုံ

၁။ ပါဠိဟာရိယ ပညာသိမျိုး၊

၂။ နေပက္က ပညာသိမျိုး၊

၃။ ဝိပဿနာ ပညာသိမျိုးဟု ၃-ဆင့်ရှိသည်။

တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်သွားမြဲဖြစ်ရာ အရိယာနယ်သို့ မကူးနိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



မကူးလိုသူတို့အဖို့မှာ ၁၁-ဆင့်မြောက် ဝိပဿနာဉာဏ်တွင် ရပ်နားသွား၍ အရိယာနယ်သို့ ကူးနိုင်သူနှင့် ကူးလိုသူတို့အဘို့မှာ ဝိပဿနာဉာဏ် ၁၃-ဆင့်လုံး ကူးတက်သွားသည့်ပြင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တိုင်အောင် ကူးတက်သွားတော့၍ယောဂီ၏ ပဋ္ဌမအကြိမ်အတွက် ပန်းတိုင်ဖြစ်သော ၁၆-ဆင့်အထိ ကူးတက်ပေါက်ရောက်သွားလတ္တံ့ဟူ၏။

၁။ လက္ခဏာနှင့် ရသတစ်ဖန်၊ ပစ္စုပဋ္ဌာန်၊ သုံးတန်ဝါယောဓာတ်၊

၂။ ဝိပဿနာ မဂ်လမ်း၊ ရလိုမှန်း၊ ခွဲခြမ်းသိအပ်၊ ဝါယောဓာတ်၊

၃။ လက္ခဏာနှင့် ရသ၂-ခု၊ ဝါယောစုသာ၊ ရှုပွားပါ၊ ပေါ်လာဉာဏ်စဉ်မြတ်၊

၄။ ပစ္စုပဋ္ဌာန်၊ ဝါယောမှန်၊ ရှုရန်မအပ်၊ ကျိုးပညတ်။

## ရှုပွားရမည့် ဝါယော၂-မျိုး

က။ တွန်းကန် ထောက်မ၊ ဖိ မြောက် ဆွ၊ သိကြ လက္ခဏာတ်၊

ခ။ ရွေလှုပ်လိုမ့်ပင့်၊ တင်းကြပ်အင့်၊ သိလင့် ရသမှတ်၊

ငင်းတို့ကို ဦးစွာသုံးသပ်ပြီး လက်ကိုင်အဖြစ်ဖြင့် (က)နှင့် (ခ)အရတို့ကိုအာရုံအဖြစ်ထားကာ ဝါယောဓာတ်အတွက်ရှုပွားသွားရမည်ဟု မှတ်သားရာ၏။

## ၁။ သွားခိုက်၌ ဝါယောဓာတ်ရှုပွားပုံ

ယောဂီပုဂ္ဂိုလ်သည် သွားခိုက်၌ သွားမှုကို ဝါယောဓာတ်အနေဖြင့် ရှုပွားလိုသော် -

၁။ အောက်ပိုင်းခန္ဓာကိုယ်၏ (အတွင်းမှ) သွားမှုကိစ္စကို အစပြု၍ တွန်းပေး၊ တိုးပေး၊ ကန်ပေးလာသော လက္ခဏာဝါယောဓာတ်၏ သဘောများကို စူးစိုက်၍ရှုနေပါ။ (ဝါယော)ခေါ် တွန်းမှု၊ တိုးမှု၊ ကန်မှု တစ်ခုခုက သွားမှုအတွက် (အတွင်းက)ဖန်တီးပေးနေသည်ကို တွေ့ရှိပေလိမ့်မည်။

၂။ အပြင်မြင်လှမ်းတိုင်း၊ သွားတိုင်းခေါ်၊ ရွေ့ရွေ့နေတိုင်းမှာ အတွန်းက တွန်းမှု၊ တိုးမှု၊ ကန်မှုတွေကြောင့် သွားနေလှမ်းရွေ့နေတာကိုပါ သိ လာပါလိမ့်မည်။

၃။ ထိုအခါမှာ (တွန်း-တိုး-ကန်-ထောက်-မမှု) ကိစ္စတို့နှင့် (ရွေ့-လှုပ်-ပင့်မှု) တို့တွင် မိမိအသိ၌ (ထင်ရှားရာကိုသာ) အသိကပ်၍ လိုက်နေပါ၊ ရှုပွားနေပါ။

## သတိပြုဖွယ်တစ်ရပ်

ဤဝါယောဓာတ်ကို ရှုပွားမှုပြုနေစဉ်မှာ ရှေး ကြိယာပဓာ ကာယကဲ့သို့ (သွား တယ် သွားတယ်)ဟု မသုံးသပ်ပါလင့်။ အမှတ်လည်း မပြုပါလင့်၊ (အပြင်က)

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ကြီး လှမ်းနေ၊ ကြွယူနေသည်ကိုလည်း (အာရုံမပြုပါနှင့်)။

အကြောင်းကား ၎င်းက္ကရိယာပထ၏ ကိစ္စတို့သည် (ပစ္စုပ္ပန္နဝါယော)ကိစ္စတွေ ဖြစ်နေသောကြောင့်ဟူ၏။

အာရုံပြုရန်မှာ - အဇ္ဈတ္တံအရ (အတွင်းမှ) တွန်းနေ၊ တိုးနေ၊ ကန်နေ၊ ထောက် နေ၊ မ,နေသော (လက္ခဏာဝါယော)ကိစ္စတို့ကိုသာ အာရုံပြုကာ သုံးသပ်ရှုပွားရသည်ဟု အထူးသတိပြုပါကုန်။

၄။ ယင်းသို့ အတွင်းမှ တွန်းမှု၊ တိုးမှု၊ ကန်မှု၊ ထောက်မှု စသည်တို့အထဲမှာ အသိဉ် ထင်ရှားရာကိုသာ အာရုံထားကာရှုပွား၍သွားနေခဲ့သော် အာရုံဉ် ထင်လာသော တွန်းမှု၊ တိုးမှု စသည်တို့သည် ခန္ဓာကိုယ်အောက်ပိုင်းတွင်မျှ မဟုတ်တော့ဘဲ ကာယတစ်ခုလုံးသို့ပါပြန့်နှံ့ပြီး တွန်းနေ၊ တိုးနေ၊ ထောက်နေပုံတွေကိုပါ တွေ့လာ၊ သိလာပါလိမ့်မည်။

၅။ ထိုအတိုင်းသာ ရှုပွား၍ သွားမှုကိုဆက်၍ပြုနေလျှင် ကာယတစ်ခုလုံးသည် တိုးမှု၊ တွန်းမှုတွေသာရှိနေတော့၍ ကိုယ်ခန္ဓာကြီးဟူ၍လည်းကောင်း၊ ငါ ဟူ၍လည်းကောင်း၊ ယောကျ်ားဟူ၍လည်းကောင်း၊ မိန်းမဟူ၍လည်းကောင်း၊ သတ္တဝါဟူ၍လည်းကောင်း ထင်မှတ်စရာ မတွေ့ရတော့ဘဲ တိုးမှု၊ တွန်းမှု၊ ကိစ္စစုတွေမျှ စုပြုံနေပုံကိုသာ တွေ့နေပေလိမ့်မည်။

၆။ ထို့နောက် တိုးမှု၊ တွန်းမှုတွေက ရှေ့မှသွားနေ၍ သိမှုရှုပွားမှုတို့က နောက်မှ လိုက်ပါနေသည်ကို တွေ့လာပေလိမ့်မည်။

၇။ ထို့နောက် တိုးမှု၊ တွန်းမှုတွေနှင့် သိမှု၊ ရှုမှုတွေလည်း ရင်ဆိုင်ကြုံဆုံလာသလို ပြိုင်တူသဖွယ် အချီအချညီညီ တွေ့နေ သိနေပေလိမ့်မည်။ ၎င်းကို (အာရုံပြုစိတ်၊ ပြိုင်တူချိပ်)အရ ပါဋိဟာရိယဉာဏ် ဝင်လာပြီဟုဆိုသည်။

## ဉာဏ်စဉ်ပေါ်တက်လာပုံ

၈။ ထိုအခါ ခန္ဓာကိုယ်အပေါ်ဉ် တွန်းမှု၊ တိုးမှုကိစ္စစုက တစ်ဘက်၊ သိမှုကိစ္စက တဘက်ဟု ၂-ဘက်သာရှိနေပုံ တွေ့လာပေလိမ့်မည်။ ၎င်းကို ရူပပရိစ္ဆေဒနှင့် နာမ ပရိစ္ဆေဒဉာဏ်ပေါ်သည်ဟု ဆိုသည်။

၉။ ထို့နောက် တွန်းမှု၊ တိုးမှုတွေပေါ်လာအောင် အတွင်းမှ လှုံ့ဆော်နှိုးပေးနေသောသဘောကို၎င်း၊ ယင်း၏ရှေ့က တွန်းလိုမှု၊ တွန်းစေမှုတို့ရှိနေပုံကို၎င်း၊ တွေ့သိလာတော့သည်၊ ၎င်းကို ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဆိုသည်။

၁၀။ ထို့နောက် အတွင်းက တွန်းလိုက်တိုင်း၊ တိုးလိုက်တိုင်းမှာ အပြင်ရှိ ခါးဝတ်အထည်များ၊ အခင်းနှင့် ဖျာ၊ ပျဉ်ပြား၊ မြေကြီး စသည်တို့ကပါ ပြန်၍ပြန်၍ တွန်းနေကြ၊ တိုးနေကြသည်ကိုပါ တွေ့လာတော့၏။ ၎င်းကို သမ္မသနဉာဏ်ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ ထို့နောက် တွန်းမှု၊ တိုးမှု၊ ကန်မှုတွေသည် အစ၊ အလယ်၊ အဆုံး၊ အနေထင်လာပြီး အသစ်နှင့်အဟောင်း ပြောင်းလာနေပုံကိုလည်းကောင်း၊ သိမှုဘက်မှလည်း ရှုမှု၊ ပွားမှု၊ သိမှုတွေလည်း၊ အသစ်နှင့်အဟောင်း ပြောင်းလာပုံတွေကို ပါလည်းကောင်း ထင်လာ၊ သိလာပေတော့သည်။ ၎င်းကို ဥဒယဗ္ဗယဉာဏ် ပေါ်သည်ဟုဆိုသည်။

၁၂။ ထို့နောက် သိမှုခေါ် ဝိဇ္ဇာဉာဏ်တွေ အားကောင်းလာသဖြင့် တွန်းမှု၊ တိုးမှု၊ ကန်မှုတွေလည်း ပို၍မြန်လာသလို ထင်လာရာမှ တွန်းမှု၊ တိုးမှုတို့၏အစကိစ္စတွေသည် ကွယ်ကွယ်သွားပြီး အဆုံးတွန်းမှု၊ အဆုံးတိုးမှုကိုသာ ထင်လာလေတော့သည်။ ၎င်းကို ဘင်ဉာဏ် စလာသည်ဟုဆိုသည်။

၁၃။ ထို့နောက် ယင်းတိုးမှု၊ တွန်းမှုတွေသည် ကုန်ကုန်သွား၊ ပျက်ပျက်သွားတွေသာ တိုးဆင့်ထင်လာ၍ ထောက်တည်ရာမှီခိုရာ အနေမမြင်တော့ရာ ဤခန္ဓာကိုယ်နှင့် လောကကြီးပါ အားထားရာ၊ မှီခိုရာမဲ့နေပါတကားဟု ထင်လာတော့၏။ ၎င်းကို ဘယဉာဏ်ခေါ်သည်။

၁၄။ ယင်းသို့ ကုန်ပျက်မှုများလာ၍ အားထားရာမဲ့ ထင်လာချက်ကြောင့် ၎င်းတို့ကို အပြစ်ထင်မှု၊ မနှစ်မြို့မှု၊ ငြီးငွေ့မှု၊ စွန့်ခွာမှုလိုမှု စသော ဓမ္မနိယာမဖြစ်ပေါ်စဉ်အတိုင်း ဉာဏ်စဉ်များတားမရ၊ တိုးဆင့်ပေါ်လာတော့သည်၊ ဤကား သွားမှုပြုခိုက်၌ ဝါယောဓာတ်ကို သုံးသပ်ရှုပွားပုံအကျဉ်းတည်း။ ကိုယ်တိုင်ရှုပွား၍ ဉာဏ်အင်္ဂါအစုံအညီ ပေါ်လာသောအခါ အသေးစိတ်အကျယ်ကိုသိကြမည်ဖြစ်ရာ ထိုအခါတွင် ထုတ်ဖော်ရေးမည်ဆိုက စာမျက်နှာ များစွာပင်ရေးရမည်ကို သိရှိကြပေလတ္တံ့။

## ဣရိယာပထသွားနှင့် ဝါယောဓာတ်သွားပုံတို့ ခြားနားချက်

ဂစ္ဆန္တောဝါ၊ ဂစ္ဆာမီတိဟူသော ဣရိယာပထအနေဖြင့် သွားမှုနှင့် ဓာတုသော ပစ္စဝေက္ခတိဟူသော ဝါယောဓာတ်အနေဖြင့် သွားမှု ၂-မျိုးတို့၏ ခြားနားပုံကို နှိုင်းယှဉ်ခဲ့သော် -

## အများပညာရှိတို့ အလို

ကမ္မဋ္ဌာန်းနည်းပြနယ်ရှိ အများပညာရှိတို့အလို့ငှာ ဓာတ်သွားဟု၊ သီးခြားဖော်ပြချက် (မရှိတော့၍) ဣရိယာပထသွားတစ်မျိုးကိုသာ (ဝါ) ဘယ်နှင့်ညာတစ်လှည့်စီ လှမ်း၍သွားမှုကိုသာ ဣရိယာပထသွားဟုလည်း ခေါ်ကြ၊ ဓာတ်သွားဟုလည်း ခေါ်နေကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဤကျမ်းဆရာ၏အလို

ရှေး ဣရိယာပထခဏ်း၌ 'ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ'အရ သွားမှု အပေါ်မှာ သိမြင်ပုံကွဲလွဲသဖြင့် ၅-မျိုးအထိခြားနားပုံကို ပုံစံတို့နှင့်တကွ ရှင်းပြခဲ့လေပြီ။ ဤနေရာ၌ ထပ်၍ရှင်းရန်မှာ ဣရိယာပထသွား၌ -

၁။ ပညတ်ဣရိယပထသွား

၂။ ပရမတ် ဣရိယပထသွားဟု ၂-မျိုးရှိလေသည်။

## ရှင်းလင်းချက်

၁။ ပညတ် ဣရိယာပထသွားဟူသည် ပကတိ မျက်စိဖြင့်မြင်ကာ သိမြင်နိုင်သော ခြေနှစ်ဖက်ကို ဘယ်ညာတစ်လှည့်စီလှမ်း၍ သွားနေသော သဏ္ဌာန်သွားကြီး အပေါ်မှာ သိမှုမျိုးကိုဆိုသည်။

၂။ ပရမတ် ဣရိယာပထသွားဟူသည် အပေါ်မြင်၊ အပေါ်သွားကို မရှုပွားဘဲ (အတွင်းမှ) တိုးရွှ တွန်းပေးသော အဇ္ဈတ္တလာ (ဗျာပါဒရသွားမှုအပေါ်မှာ) သိမှုမျိုးကို ဆိုသည်။

## ဓာတ်သွားကိစ္စ

ဓာတုသော ပစ္စဝေက္ခဏ ပါဠိတော်အရ ဓာတ်သွား၊ ဝါယောသွားအနေဖြင့် သိရှိရန်မှာ ၃-မျိုးရှိသည်။ ၎င်း ၃-မျိုးကား-

၁။ လက္ခဏာဝါယောသွား၊

၂။ ရသဝါယောသွား၊

၃။ ပစ္စုပဋ္ဌာန ဝါယောသွားဟု ၃-မျိုးရှိလေသည်။

## ရှင်းလင်းချက်

၁။ လက္ခဏာဝါယောသွားဟူသည် ဝိတ္ထမ္ဘနပုဒ်အရ အတွင်းမှစတင်၍ တွန်းမှု၊ တိုးမှု၊ ကန်မှု၊ ထောက်မှု၊ မြှောက်မှု၊ ဆွဲမှုဟူသော အဇ္ဈတ္တဝါယော၏ လှုံ့ဆော်စတင်ပေးသော ပဌမဆင့်သွားမှုကိုဆိုသည်။

၂။ ရသဝါယောသွားဟူသည် သမုဒီရဏပုဒ်အရ လှုပ်မှု၊ ရွှေ့မှု၊ ရွေ့မှုဟူသော အဇ္ဈတ္တဝါယော၏ (မူလအကျိုးအဖြစ်ဖြင့်)ပေါ်လာသော ဒုတိယဆင့်သွားမှုမျိုးကို ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ပစ္စုပဋ္ဌာနသွားဟူသည် အဘိနီဟာရရောပုဒ်အရ ခြေနှစ်ချောင်းတို့ တစ်လှည့်စီကြွချီကာ တစ်လှမ်းပြီးတစ်လှမ်း လှုပ်ရမ်းကာ ကွေးလိုက်၊ ဆန့်လိုက်၊ မြှောက်လိုက်၊ ချလိုက်ဖြင့် 'အမျှားခေါ်'(လမ်းလျှောက်နေသည်ဟု) သိလောက်အောင် ပေါ်လာသော ဝါယောဓာတ်၏ အကျိုးဆက်အဆင့်ဆင့်တို့ ဖြစ်ပေါ်နေချိန်ကိုဆိုသည်။

ဤကျမ်းဆရာ၏ အသိအမြင်၌ အထက်တွင်ဖော်ပြပါရှင်းလင်းချက်အတိုင်း ဣရိယာပထသွားနှင့် ဓာတ်သွားတို့မှာ အချင်းချင်းပင် များစွာကွဲလွဲ၊ ခြားနားလျက်ရှိကြတော့ရာ ဉာဏ်တံခါးဖွင့်ကာ သုံးသပ်ကြပါကုန်လော။

ဤကား သွားခိုက်၌ ဝါယောဓာတ်ကိုရှုပွားပုံတည်း။

## ရပ်ခိုက်၌ ဝါယောဓာတ်ရှုပွားပုံ

ရပ်ခိုက်၌ 'ဌိတောဝါ ဌိတောမှီတိ ပဇာနာတိ'ဟူသော ဣရိယပထ ရပ်မှုအနေဖြင့် ရှုပွားမှုမဟုတ်ဘဲ 'ဓာတုသော ပစ္စဝေက္ခတိ' ဒေသနာတော်အရ ဓာတ်သဘောသက်သက် အနေအားဖြင့်သာ ကျင့်သုံးရှုပွားနည်းမှာ -

'ဝိတ္ထမ္ဘနလက္ခဏာဝါယောဓာတု'ဟူသော အဋ္ဌကထာပြအရဖြင့်လည်းကောင်း၊ 'ယံ အဇ္ဈတ္တံဝါယော ဝါယောဂတံဉပါဒိန္နံ'ဟူသော ဓာတုဝိဘင်္ဂ ပါဠိတော်အရ အားဖြင့်လည်းကောင်း ရှုပွားရ၏။

## ရှုပွားပုံမှာ

၁။ ရပ်ခိုက်၌ ရပ်ကိစ္စတည်ရှိနေနိုင်အောင် အတွင်းမှ ထောက်မှု၊ မမှု၊ ပင့်မှု၊ ထိန်းမှုဟူသော ဝါယောကိစ္စတွေရှိနေပုံကိုသိရှိရန် (အတွင်းသို့စူးစိုက်ကာ) သုံးသပ်ရှုနေပါ။

၂။ ထိုအခါ (ရပ်မှုအနေအထားမှ) လဲမကျ၊ ယိုင်မကျ၊ ညွှတ်မကျ၊ ခွေမကျသွားအောင် အတွင်းမှ ထောက်၊ မ၊ ပင့်၊ ထိန်းမှုတွေကို တွေ့လာပါလိမ့်မည်။

၃။ ထိုအခါ အသိ၌ (ထင်ရှားရာကို) အသိကပ်ကာ၊ ထောက်ထားတယ်၊ မ, ထားတယ်၊ ပင့်ထားတယ်၊ ထိန်းထားတယ် စသည်ဖြင့် အသိလိုက်ကာ ရှုပွားနေပါလေ၊

၄။ ယင်းသို့ ဆက်ကာရှုပွားသွားခဲ့လျှင် (ဝါ) အသိတွေမပြတ်စေဘဲ ဆက်တိုက်သိနေအောင်ရှုပွားသွားလျှင် အထက်သွားမှုအခိုက်၌ ဝါယော၏သဘောကို အကျယ်ဖော်ပြခဲ့သလို ဓာတ်အာရုံအပေါ်မှာ အသိဉာဏ်အဆင့်ဆင့် မြင့်တက်လာကာ-

'အတ္တနောသဘာဝံ ဓာရေတီတိဓာတု' အရ သိသင့်သိနိုင်ရာသဘောတွေကို ထောက်မှု၊ မမှု၊ ပင့်မှု၊ ထိန်းမှုဟူသော ယင်းဝါယောဓာတ်နှင့် သိမှုဟူသော ဝိညာဏဓာတ်၊ မမှုဓာတ်တို့က ပါရမီလမ်းဆုံးအောင် ဆင့်ကာဆင့်ကာ (ခေါင်ပြသွားပါလိမ့်မည်)။

ပါရမီဉာဏ်မရင့်သေးလျှင် ၁၁-ဆင့်ရပ်၍ ပါရမီဉာဏ်ရင့်လာသူတို့မှာ (၁၆) ဆင့်အထိမြင့်တက်ပြီး အရိယာဘုံသို့ ခိုလှုံပြီးဖြစ်သွားပေလတ္တံ့။

www.burmeseclassic.com

www.burmeseclassic.com



ဣရိယာပထရပ်မှုနှင့် ဝါယောဓာတ်ရပ်မှုတို့ခြားနားပုံ ၎င်းကိစ္စအတွက် မည်သို့ ခြားနားကြသည်ဟု ဆုံးဖြတ်ညွှန်ကြားသော (စာအုပ်စာတမ်းဟု) မကြားဖူးပေ၊ ပညာရှိ နယ်ပယ်မှာလည်း ထိုပြဿနာကို သုံးသပ်ဆုံးဖြတ်ကြသည်ဟု (မကြားဖူး မရှိဖူးပေ) ထိုသို့သောအခြေအနေမှာရှိနေသဖြင့် ဤကျမ်းဆရာသည်ပင် သဘော သက်သမျှ (ဝါဒထူး တစ်ရပ်အနေဖြင့်) တင်ပြသွားပါအံ့။

၁။ ဣရိယာပထအနေဖြင့် ရပ်မှုမှာ အများသိအတိုင်း ခန္ဓာကိုယ်ကို ထောင်ထားသော သဏ္ဌာန်ရပ်၊ ပညတ်ရပ်မှုကိုပင် ရပ်သည်ဟုယူဆကြသည်။

၂။ ပရမတ်အနေဖြင့် ရပ်မှုမှာ-ရပ်မှုကိစ္စ တည်နေနိုင်အောင် (ဝါ) ယိုင်မကျ၊ ညွတ်မကျ၊ ခွေလဲမကျအောင် အတွန်းမှထိန်းပေးနေသော (ဗျာပါရကိစ္စတွေကို) ပရမတ်၏ရပ်မှုဟုယူဆသည်။ ရပ်မှုအပေါ်မှာ ၎င်းသဘောတွေကိုသိ၍နေမှ ရပ်မှုကိစ္စ အပေါ်မှာ ဝိပဿနာသိနှင့်သိနေသည်ဟု ယူဆသည်။

၃။ ဝါယောဓာတ်အနေဖြင့် ရပ်မှုမှာ - ဝါယောဓာတုဝိတ္ထမ္ဘနလက္ခဏာ အရ ထောက်မှု၊ ကန်မှု၊ ပင့်မှု၊ မမှု-တို့ဟူသည် ဓာတ်ကြီးလေးပါးအနက် ဝါယောဓာတ်၏ သဘာဝလက္ခဏာစုဟု သဘောပေါက်ကာ ရပ်မှုအတွင်းမှ အထက်ပါ ဝါယောဓာတ်၏ သဘာဝလက္ခဏာစုကို သိရှိသဘောပေါက်ကာ ရပ်မှုဟူသည် ဤဟာစုပါတကားဟု (ကြောင်းကျိုးစပ်ကာ သိမြင်မှုမျိုးကို) ဝါယောဓာတ်အနေဖြင့်ရပ်မှုဟု ယူဆသည်။

ပညာရှိအားလုံး (မဖော်ပြသော အချက်ဖြစ်နေ၍) သဘောထား နက်နဲပေသည်။ ဉာဏ်ကြီးသူတို့ ထပ်မံသုံးသပ်ကာ အမှန်ကိုမြင်နိုင်ကြစေသော်။

ဤကား ရပ်ခိုက်၌ ဝါယောဓာတ်ကို ရှုပွားပုံတည်း။

## ထိုင်ခိုက်၌ ဝါယောဓာတ်ရှုပွားပုံ

၁။ ဤထိုင်ခိုက်၌လည်း ရှေးရပ်ခိုက်နှင့် အလားတူပင် (ထိုင်ကိစ္စကို ဆက်၍ တည်နေနိုင်အောင်) အတွင်းမှ ဖန်တီးပေးနေချက်တို့ကိုသိနိုင်ရန် ခန္ဓာကိုယ်အတွင်းသို့ စူးစိုက်ခဲ့သော် ဝိတ္ထမ္ဘနခေါ် ထောက်မှု၊ မမှု၊ ပင့်မှု၊ ထိန်းပေးမှုဟူသော လက္ခဏာ ဝါယောကိစ္စတို့ကို တွေ့ရှိပါလိမ့်မည်။

၂။ ထိုအခါ ထင်ရှားရာလက္ခဏာကို မှုတည်ပြီး အသိမပြတ်သွားအောင် သတိကို ကပ်၍ပေးလျှင် (ဝါ) သိမှုကို ကပ်ပါနေ၊ လိုက်ပါနေလျှင် ယခင်သွားခိုက်၌ ဉာဏ်အဆင့်ဆင့် တက်လာကြသလို ဤ၌လည်း အာရုံနှင့်အသိတို့မှန်နေလျှင် လမ်းဆုံးအောင် ဆက်၍ တက်သွားပါလိမ့်မည်ဟူ၏။

## ဣရိယာပထ ထိုင်မှုနှင့် ဝါယောဓာတ်ထိုင်မှုတို့ ခြားနားပုံ ပညာရှိအများ၏အလို

၁။ ဣရိယာပထအနေဖြင့် ထိုင်မှုမှာ အောက်တစ်ပိုင်းကို ကွေးထား ခွေထားပြီး အပေါ်တစ်ပိုင်းကို ထောင်ထားသော (ပုံသဏ္ဌာန်ကိုပင်ရည်မှန်းပြီး) ထိုင်တယ် ထိုင်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဟု မှတ်ယူပွားများချက်ကို တွေ့ရပေသည်။

၂။ ဝါယောဓာတ်အနေဖြင့် ထိုင်မှုကို ဘယ်သို့ယူရမည်ဟု ညွှန်ပြသောကျမ်းစာများ မပေါ်သေး၍ (ညွှန်ပြစရာ မရှိသေးပါ)။

## ဤကျမ်းဆရာ၏အလို

၁။ ဣရိယာပထအနေဖြင့် ထိုင်မှုကား - ထိုင်မှုကိစ္စ ပျက်မသွား ပျောက်မသွားဘဲ (ဆက်၍ထိုင်နေနိုင်အောင်) အတွင်းမှ ဖန်တီးပေးနေသော (ဗျာပါရပြုမှုအစုစုတို့အပေါ်မှာ အသိကပ်နေသည်ကို) ဣရိယပထထိုင်မှုအတွက် သိသည်၊ ရှုပွားသည်ဟု ယူဆသည်။

၂။ ဝါယောဓာတ်အနေဖြင့် ထိုင်မှုကား-ထိုင်တယ်ဟူသော ဝေါဟာရအခေါ်နှင့် အမြင်မျိုးစုံကို သုံးသပ်မှုလုံးဝမပြုဘဲ၊ ဝိတ္ထမ္ဘနခေါ်အတွင်းမှ ထောက်မှု၊ မမှု၊ ပင့်မှု၊ ထိန်းမှုဟူသော ဝါယောဓါတ်ကိစ္စအပေါ်မှာသာ အသိလိုက်ပြီး ထောက်နေတယ်၊ မနေတယ်၊ ပင့်နေတယ်၊ ထိန်းနေတယ်ဟု (ဝါယောကိုသာ သိနေတော့သည်) ထိုင်သည်၊ ရပ်သည်၊ အိပ်သည်ဟု အသိမပြုတော့ပေ၊ (ဝါဣရိယာပုထ်ကိစ္စဘက်သို့ အာရုံမပြုတော့ပေ)။

ယင်းသို့အနေမျိုးကို ဝါယောဓာတ်ဖြင့် ထိုင်သည်ဟု ဆိုလိုသည်။ ဤကား ထိုင်ခိုက်၌ ဝါယောဓာတ်ကို ရှုပွားပုံတည်း။

၄။ အိပ်ခိုက်၌ ဝါယောဓာတ်ရှုပွားပုံ

ဤအိပ်မှုကိစ္စ၌ ရှုပွားလိုသော် ၂-ပိုင်း ခြားနား၍ ရှုပွားရသည်။ ယင်း၂-ပိုင်းခြားနားပုံကား -

၁။ ထိုင်ရာမှ လှဲအိပ်ချိန်းတစ်ပိုင်း

၂။ တုံးလုံးကြီး လျောင်းအိပ်နေချိန်တစ်ပိုင်း ဟု ပေါင်း၂-ပိုင်း ဖြစ်ပေသည်။

## ရှင်းလင်းချက်

၁။ ထိုင်ရာမှ လှဲအိပ်ချိန်တွင် ခန္ဓာကိုယ်ကို အိပ်ရာပေါ်သို့ လှဲချမည်ပြုရာတွင် သစ်တုံး၊ သံတုံးတွေကို လွှတ်ချလိုက်သလိုမဟုတ်ကြဘဲ လူမမာကြီးတစ်ဦးအား ဖေးဖေးမမ,နှင့် လှဲချပေးနေသလို မိမိတို့ခန္ဓာကိုယ်ကိုလည်း ဖေးဖေးမမ,နှင့်ထိန်း၍ လဲလျောင်းကြ မြဲဖြစ်ရာ ထိုအခိုက်၌ ထိန်းပေး၊ ချုပ်ပေး၊ တောင့်ပေးရသော ဝိတ္ထမ္ဘနဝါယောကိစ္စတွေက တစ်စု၊ ရွေ့ပေး၊ တိုးပေး၊ လွှတ်ပေးရသော သမုဒီရဏဝါယောကိစ္စတွေက တစ်စုဟု ယင်းဝါယော ၂-စုကို ကူးဆက်ရှုရချိန်က တစ်ပိုင်း။

၂။ တုံးလုံးကြီး လျောင်းအိပ်နေချိန်တွင် ထိန်းချုပ်ပေးမှုတွေမှ ကင်းလွတ်သွားပြီး ဖိမှုကိစ္စဘက်သို့တစ်ပိုင်း လှည့်သွားပြန်သည်။

သို့ရာတွင် ဝါယောများစွာ ဝင်လာတော့သည်၊ ဝင်လာပုံမှာ -

www.burmeseclassic.com

www.burmeseclassic.com



(က) ရှုရှိုက်မှုတ်ထုတ်သော အာနပါနခေါ် စိတ္တဇဝါယောဓာတ်၏ နှာတန်နှင့်အူချောင်းအတွင်း၌ တိုးမှု၊ တွန်းမှု၊ ကန်မှုများ၊

(ခ) နှလုံးသားမှ မှန်မှန်တိုးလှုပ်နေသော ကမ္မဇဝါယောဓာတ်၏ တိုးမှု၊ တွန်းမှု၊ လှုပ်ရှားမှုများ။

(ဂ) လက်၊ ခြေအင်္ဂါ စသည်တို့ကို မခြင်း၊ ရွှေ့ခြင်း၊ ထောင်ခြင်း၊ ကားခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ မှောက်ခြင်း၊ လှန်ခြင်း၊ စောင်းခြင်း၊ ဘယ်ညာပြောင်းလွဲခြင်း၊ လျှာနှုတ်ခမ်း၊ ပါး၊ မျက်တောင်း စသည်တို့လှုပ်မှုများ၊ ဤသို့ ဝါယောကိစ္စတွေ များစွာရှိနေရာ ယင်း လျောင်းအိပ်နေခိုက်၌ အမြဲရှုပွားနိုင်သောဝါယောမှာ နှာခေါင်း လေဝါယောနှင့် နှလုံးလေဝါယော ၂-မျိုးရှိရာ လက္ခဏာနှင့် ရသဝါယောပင်ဖြစ်၍ လိုရာအသိဝင်ရာကို ရှုပွားနိုင်တော့သည်။

(က-၁) ဖိမှုအဖြစ်ဖြင့်ရှုပွားခဲ့သော် မတ်တပ်ရပ်စဉ်မှာ ခြေဖဝါးဖြင့်သာ ဖိထားသည်ဟု သိကြသည်၊ ထိုင်နေစဉ်မှာ တင်ပါးဖြင့်ဖိထားသည်ဟူ၍၎င်း၊ ခွေထားသောခြေသလုံးကို ပေါင်ဖြင့်ဖိထားသည်ဟူ၍၎င်း၊ ပေါင်ပေါ် လက်တင်ထားလျှင် လက်ဖြင့် ပေါင်ကို ဖိထား၊ ထောက်ထားသည်ဟူ၍၎င်း သိနေကြသည်။

၂။ ထိုအတိုင်းပင် အိပ်ခိုက်မှာကား ခြေဖဝါးတစ်ခု၏အစား ခန္ဓာတစ်ကိုယ်လုံးကို အဆန့်လိုက်ကြီးထားပြီး ဖိထားလေတော့သည်။ စောင်းအိပ်လျှင် တစောင်းဖိ၍ မှောက် အိပ်လျှင် ဗိုက်ဖက်ကို ဖိထားပုံ ပို၍ထင်ရှားပေသည်။

၃။ ထို့ကြောင့် ဖိမှုအပေါ်သုံးသပ်ခဲ့သော် ခေါင်းအုံးကို ခေါင်းဖြင့်ဖိနေပုံ၊ အောက်ဖက်ကထားသောကိုယ်ကို အပေါ်ဘက်ကိုယ်က ဖိနေပုံ၊ အောက်နှုတ်ခမ်းကို အပေါ်နှုတ် ခမ်းကဖိနေပုံ၊ မျက်ခွံနှစ်မှာလည်းဖိနေပုံ စသည်တို့ ဖိတယ်၊ ဖိနေတယ်ဟု အသိကပ်ပေးက ဖိမှုတွေပင် ထင်လာပေလိမ့်မည်။

**(မှတ်ချက်)။** *။ဖိမှုနှင့် ပိမှု ခြားနားသည်၊ ဖိမှုသည် ဝါယော၊ ပိမှုသည် ပထဝီ ဖြစ်၍ အဖိနှင့် အပိ ခြားနားပုံကို သတိပြုပါ။*

(ခ) ရှုရှိုက်မှုတ်ထုတ်သော အာနပါနခေါ် စိတ္တဇဝါယောကိုရှုပွားသော် ၂-ပိုင်းထား၍ ရှုရသည်၊ ၂-ပိုင်းထားပုံကား -

၁။ နှာ ါင်း ွင်း တိုးမှု၊ တွန်းမှု တစ်ပိုင်း၊

၂။ ရင်ခေါင်း၊ အူချောင်းတွင်းမှာ တိုးမှု၊ တွန်းမှု တစ်ပိုင်း၊

၁။ နှာတံအတွင်းမှာ ရှုလိုသော်-နှာသီးဖျားကို (မရှုရ) နှာတန်အတွင်း၌ တိုးမှု၊ တွန်းမှု၊ ကန်မှုဟူသော ဝိတ္တဇမှုနခေါ် လက္ခဏာဝါယောကိုသာ (ရှုရသည်) ရှည်မှု တိုမှုကို မရှုရ။ (မရှုရ)။ ၎င်းကိုရှုလျှင် သမထလမ်း ဖြစ်သွားမည်။

၂။ ရင်ခေါင်း၊ အူချောင်းအတွင်းမှာ ရှုလိုသော်၊ နှာတံအတွင်းလိုပင် တိုးမှု၊ တွန်းမှု၊ ကန်မှုကိစ္စကိုသာရှုရသည်၊ ပိန်မှု၊ ဖောင်းမှုကို မရှုရ၊ ရှုလျှင် ပညတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



စပ်သွား၍ သမထလမ်းဖြစ်သွားမည်။
ပုံစံကား - ဝါယောကသိုဏ်းရှုရာ၌ လှုပ်သောလေကို ရှုရသလိုဖြစ်သွား၍ ပညတ်ရှု သမထရှုနည်းဖြစ်သွားမည်ကို သတိအထူးပြုပါလေ။

ထို့ကြောင့် အတွင်းမှ တိုးမှု၊ တွန်းမှု၊ ထောက်မှု၊ ကန်မှုသဘောကိုသာ ဝိတ္ထမ္ဘန ဟူသော ကျမ်းဂန်လာနှင့်အညီ ရှုရမည်၊ ကျမ်းဂန်လွတ် စိတ်ကူးအလုပ်မျိုးကို မလုပ်သင့်၊ လုပ်မိလျှင် ပညာမဲ့အလုပ်မျိုးဖြစ်သွား၍ ဗာလလက္ခဏာ ဝင်လာလိမ့်မည်ဟူ၏။

(ဂ) နှလုံးမှ လှုပ်တိုးနေသော ကမ္မဇဝါယောဓာတ်ကို ရှုလိုသော် အလားတူပင် တိုးမှု၊ တွန်းမှု၊ ကန်မှု၊ ဆွမှု ပြုနေသည်ကိုသာ သုံးသပ်ရှုပွားရာ၏။ ၎င်းသွေးတိုးမှုကိစ္စသည် ကမ္မဇဝါယောကိစ္စဖြစ်၍ သေသည်အထိ ခဏမစဲ ရှိနေသဖြင့် အိပ်ခိုက်၌ပို၍ထင်ရှားလာရာ ယင်းဝါယောကိုလည်း ရှုပွားနိုင်တော့သည်။

**(မှတ်ချက်)။** *။ဝါယောကိစ္စ၌ ဤမျှနူးညံ့သော ဝါယောကိစ္စကို စိစစ်ရှာဖွေ၍ ပြသောကျမ်းနှင့်အလုပ်အဖြစ် အသုံးပြုပုံကိုပြသောကျမ်းစာနည်းပါးမည်ကို တွေ့ရာ၏။*

(ဃ) ထိုမှတစ်ပါး လက်၊ ခြေ စသော ကိုယ်အင်္ဂါတို့ကို ရွေ့ခြင်း၊ ပြင်ခြင်း၊ ဘယ်ညာစောင်းခြင်း၊ မှောက်ခြင်း၊ လှန်ခြင်းစသော သမုဋ္ဌာနဝါယောကိစ္စတို့ကိုလည်း မလွတ်တမ်းရှုသွားနိုင်တော့သည်။

ဤသို့ လျောင်းအိပ်နေခိုက်၌ ဝါယောကိစ္စတို့ကို (ရှုပွားရန်များစွာရှိနေရာ) မိမိ၏အသိ၌ ထင်ရှားရာကိုသာ အာရုံအဖြစ်ယူပြီးရှုပွားခဲ့သော် ရွေ့သွားမှု၊ ရပ်မှု၊ ထိုင်မှုတို့၌ ဝါယောမှ ဉာဏ်စဉ်ဖြစ်ပေါ်သလိုဖြစ်လာမည်ကိုသဘောသက်ကာ ရှုပွားရာတော့၏။

## ဣရိယာပထအိပ်မှုနှင့် ဝါယောအိပ်မှုတို့ ခြားနားပုံ
## အမျှားပညာရှိတို့အလို

၁။ ဣရိယာ ပထအိပ်မှု-ဟူသည် ခန္ဓာကိုယ်တစ်ခုလုံးကို ဆန့်ဆန့်ကြီးလှဲချထားသောသဏ္ဌာန်ကြီးကို အိပ်မှုဟုယူဆကြပြီး အိပ်တယ်၊ အိပ်တယ်မှတ်ဟု ဆိုကြလေသည်။

၂။ ဝါယောဓာတ်အနေနှင့် အိပ်မှု-အရ ဘာကိုခေါ်သည်ဟူ၍၎င်း၊ ဘယ်ပုံရှုပွားရမည်ဟူ၍၎င်း ညွှန်ပြသောကျမ်းစာမျိုး ယခုချိန်အထိ သာသနာတစ်လျှောက်လုံးမှာ မပေါ်ထွက်သေး၍ (ညွှန်ပြရန်မရှိ ဖြစ်နေပါသေးသည်)။

## ဤကျမ်းဆရာ၏ အလို

၁။ ဣရိယာပထအိပ်မှု-ဟူသည် သွားရပ်ထိုင်ချိန်တို့၌ ပြုလုပ်သော ဝါယောကိစ္စဗျာပါရတွေကို ရပ်ဆိုင်းလိုက်ပြီး အနားယူမှု၊ ငြိမ်သက်မှုဘက်မှာ ထားနေခိုက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆို သဖြင့် အိပ်သည်ဟူသော ဗမာစကားအရ (သယာနေ)ဟူသော ပါဠိအရ ငြိမ်နေ၊ အနားယူနေသည်ပင်ဖြစ်၍ (အနားယူနေသည် ငြိမ်နေသည်)ဟုပင် ရှုပွားရပေသည်။ တုံးလုံးသဏ္ဌာန် ပညတ်ကြီးကို မရှုပွားရပါ။

၂။ အိပ်မှု-ဟူသည် ရသဝါယောနှင့် ပစ္စုပဋ္ဌာန ဝါယောခေါ် သမုဒီရဏ ကိစ္စနှင့် အဘိနီဟာရကိစ္စဖြစ်ကြသော စိတ်ဖြင့် ထိန်းမပေးမှု၊ ရွေ့မှု၊ လှုပ်မှုကိစ္စတွေကို ခေတ္တ ရပ်နားထားပြီး လက္ခဏာဝါယော၏ ဝိတ္ထမ္ဘနကိစ္စသာဖြစ်သော တစ်ဘက်သို့ ဖိထား၊ မှီထားရုံကိစ္စကိုသာ ဆောင်ရွက်နေမှုကိုလည်း ဆိုသည်။

ထို့ပြင် သွားရပ်ထိုင်မှုကိစ္စတွေ ပြုခဲ့ရ၍ ပင်ပန်းနွမ်းနယ်နေသဖြင့် အပန်း ပြေစေရန် အသက်ရှုမှုခေါ် ရှုရှိုက်လေကို အားစိုက်နေခိုက်ကိုလည်း ဆိုသည်။

ထိုအရ ဤကျမ်းဆရာ၏ အယူအဆမှာ ဝါယောဓာတ်ကို ရှုပွားခိုက်တွင် သွားရပ်၊ ထိုင်လျောင်းဟူသော ပညတ်နှင့်ရောနေသည့် ပုံအနေအထားပြ ဣရိယာ ပထ ကိစ္စစုကို အာရုံမထားတော့ဘဲ၊ လက္ခဏာနှင့် ရသဝါယောဆိုင်ရာ ဝိတ္ထမ္ဘနနှင့် သမုဒီရဏ ကိစ္စမျှကိုသာ ရှုပွားရေးသည် ဝါယော၏ အိပ်ကိစ္စဟု ယူဆပေသည်။

ဤကား ဣရိယာပထအိပ်မှုနှင့် ဝါယောအိပ်မှုတို့ ခြားနားပုံကို ဖော်ပြချက် တည်း။

## သမ္မဇညနှင့် ဝါယောဓာတ်

## သမ္မဇည အခိုက်တို့၌ ဝါယောဓာတ်ရှုပွားနည်း

သမ္မဇညကာယ၌ မူတည်အားဖြင့် ၇-မျိုး အသီးသီးကိစ္စအနေအားဖြင့် (၂၂) မျိုးရှိကြသော်လည်း သဘောသွားကို ခြုံလိုက်လျှင် (၂)မျိုးသာ တွေ့ရတော့သည်၊

ၾင်း (၂)မျိုးအရကား -

၁။ လှုပ်ရှားသော သမ္မဇညကာယတစ်မျိုး

၂။ ငြိမ်သက်သော သမ္မဇညကာယတစ်မျိုးဟု ပေါင်း (၂)မျိုးသာရှိ၏။

၎င်း(၂) မျိုးတို့ကို ဝါယောဓာတ်အနေဖြင့် ရှုပွားခဲ့သော် -

၁။ လှုပ်ရှားသော သမ္မဇညကာယကို သမုဒီရဏဝါယောအဖြစ်ဖြင့် (ဝါ) ရသ ဝါယောအဖြစ်ဖြင့် ရှုပွားရသည်၊

## အချုပ်သဘောမှာ

ဝါယောဓာတ်အနေဖြင့် ရှုပွားခဲ့သော် -အပြင်မြင်(ဝါ) ပကတိမျက်စိမြင်ဖြစ် သော ရှေ့တိုးမှု၊ နောက်ဆုတ်မှု၊ ကုန်းမှု၊ ကွမှု၊ ကွေးမှု၊ ညွတ်မှု၊ ဆန့်မှု၊ ထောင်မှု၊ လှမ်းမှု၊ သွားနေမှု၊ ငြိမ်မှု စသော သမ္မဇညသဘော။

ဣရိယာပထသဘောတို့ကို သုံးသပ်ဆင်ခြင်ကာ ရှုပွားနေသည်မဟုတ်တော့ ပေ။ ၎င်း ဝေါဟာရပညတ် ကိစ္စတွေကိုလည်း အာရုံမပြုတော့ပေ။

စင်စစ် အာရုံပြုထားသည်မှာ - လက္ခဏာဝါယောကိစ္စနှင့် ရသဝါယောကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



၂-ချက်မှ အတွင်းအဇ္ဈတ္တ၌ ပေါ်လာရာကိစ္စကိုသာ အာရုံပြုတော့သည်။ ထိုအာရုံဖြင့် ပင် ကိလေသာကို ကွာစေကာ ပရိညာအဆင့်ဆင့် ဝိသုဒ္ဓိ(၇)ပါးအဆင့်ဆင့်နှင့် ဉာဏ် (၁၆)မျိုး အဆင့်ဆင့် မြင့်တက်သွားစေတော့သည်ဟူ၏။

## ဝါယောဓာတ်နိဂုံး

ဤမျှ အချုပ်သဘောကိုပေါက်ပါက ပင်ရင်းမူလ ဝါယောဓာတ်၏ သဘော နှင့် အကျိုးဆက်မျှဖြစ်ကြသော သမ္ပဇညကာယသဘော၊ ဣရိယာပထကာယသဘော တို့ကိုပါ ကွဲပြားနိုင်တော့ရာ အကျယ်ချဲ့နေရန်မလိုတော့ပြီ။

## အချုပ်ဆိုလိုချက်ကား

၁။ လက္ခဏာနှင့် ရသဝါယောကိစ္စသည် ပင်ရင်းမူလ၊

၂။ အာနာပါန၊ သမ္ပဇညဣရိယာပထကိစ္စတို့သည် ဝါယော၏နောက်ပိုင်း (မူလီ အကျိုးဆက်ကိစ္စတွေသာဖြစ်သည်)ဟု သဘောပေါက်ပါ။

ဌင်းအကြောင်းရင်းနှင့် အကျိုးဆက်တို့ကိုခြားနား၍ သဘောပေါက်ခဲ့လျှင် ဝါယောဓာတ်ကိုသဘောပေါက်နိုင်မှ အာနာပါနကိစ္စ၊ သမ္ပဇည၊ ကိစ္စ၊ ဣရိယာပထ ကိစ္စတို့ကို ကျနစွာ သဘောပေါက်နိုင်မည်ကိုငှင်း၊ ဓာတ်ကြီးလေးပါးနှင့် ဝိညာဏ ဓာတ်ကို သဘောပေါက်မှ သတိပဋ္ဌာန်လေးပါးလုံး သဘောပေါက်နိုင်မည်ကိုငှင်း၊ ဤနေရာက ထောက်ဆပြီး သဘောပေါက်နိုင်ကြစေသော်။

ဤတွင် ကာယာနုပဿနာလာ ဝါယောဓာတ် ရုပ်ကမ္မဋ္ဌာန်းရှုပွားခဏ်း ပြီး၏။

## ကာယာနုပဿနာ

## ပထဝီဓာတ် ရုပ်ကမ္မဋ္ဌာန်း စိစစ်ခဏ်း

### ပထဝီအမျိုးမျိုး

ပထဝီခေါ် မြေဓာတ်တို့သည်-

| | | |
|---|---|---|
| ၁။ | နိယမပထဝီ | ကမ္ဘာ့မြေထုကြီး။ |
| ၂။ | သသမ္ဘာရပထဝီ | အတုံးအခဲမြေဓါတ်မျိုး။ |
| ၃။ | ကတ္တိမယပထဝီ | တန်ခိုးကြောင့်ပေါ်လာသော မြေဓာတ်မျိုး။ |
| ၄။ | ဝိသမ်ရဏပထဝီ | တမင်လုပ်ယူသော အမာခံမြေဓာတ်မျိုး။ |
| ၅။ | ဝိသေသဟေတုဇပထဝီ | အကြောင်းထူးကြောင့်ပေါ်လာသော မြေဓာတ်မျိုး။ |
| ၆။ | ပုဗ္ဗဟေတုကပထဝီ | ရှေးကံကြောင့်ပေါ်လာသော အမာခံဝတ္ထုမြေဓာတ်။ |
| ၇။ | ကသိဏပထဝီ | ကသိုဏ်းကွက်၊ မြေဓာတ်မျိုး။ |
| ၈။ | နိမိတ္တပထဝီ | ကသိုဏ်းမှရရှိသော အာရုံနိမိတ် မြေဓာတ်မျိုး။ |
| ၉။ | သုပိနပထဝီ | အိပ်မက်တွင်တွေ့ရှိသော မြေဓာတ်မျိုး။ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၀။ | ဝေါဟာရပထဝီ | မြေဟုခေါ်ဆိုသော အမည်မျှ မြေဓာတ်မျိုး။ |
| ၁၁။ | ကမ္မဇပထဝီ | ကိုယ်၌ ကံကြောင့်ဖြစ်လာသော ကံ၊ ရုပ်မြေဓာတ်မျိုး |
| ၁၂။ | စိတ္တဇပထဝီ၊ | ကိုယ်၌စိတ်ကြောင့်ဖြစ်လာသောအမာရုပ်မြေဓာတ်မျိုး |
| ၁၃။ | ဥတုဇပထဝီ၊ | ကိုယ်၌ အစာကြောင့်ဖြစ်လာသော အမာရုပ်မြေဓာတ်မျိုး။ |
| ၁၄။ | အာဟာရဇပထဝီ | ကိုယ်၌ အစာကြောင့်ဖြစ်လာသော အမာရုပ်မြေဓာတ်မျိုး။ |
| ၁၅။ | စတုဇပထဝီ | ကိုယ်၌ အကြောင်းလေးခုကြောင့်ဖြစ်လာသော အမာရုပ်မြေဓာတ်မျိုး။ |
| ၁၆။ | လက္ခဏာဒိပထဝီ | လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်ဟူသော ပရမတ္ထသဘာဝကိုဖော်ပြသော အမာရုပ်မြေဓာတ်မျိုး။ |

## ရှင်းလင်းချက်

အထက်ပါ ပထဝီခေါ် အမာခံဓာတ်ပါမြေဓာတ်တို့သည် များစွာရှိကြစေကာ ဝိပဿနာဉာဏ်ပေါ်ထွက်ရေးအတွက်မှာ ပထဝီအားလုံးကို ရှုပွားရသည်မဟုတ်ပေ၊ အကြောင်းကား -

ကာယာနုပဿနာကိစ္စဖြစ်နေ၍ မိမိတို့ကိုယ်ခန္ဓာနှင့်စပ်သော ပထဝီမျိုးတို့တွင် အောက်ပါအင်္ဂါ ၃-ချက်နှင့် ညီညွတ်သောပထဝီမျိုးမှသာ ရှုပွားနိုင်လေသည်။

## အင်္ဂါ ၃-ပါး

၁။ အဇ္ဈတ္တကာယရှိ ပထဝီဓာတ်ဖြစ်ရခြင်း။

၂။ ခဏတိုင်း၌ တွေ့ရှိနိုင်၊ ရှုပွားနိုင်သော ပထဝီဓာတ်ဖြစ်ရခြင်း။

၃။ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်ဟူသော ပရမတ္ထသဘာဝကို ဖော်ပြပေးနိုင်သော ပထဝီဓာတ်ဖြစ်ရခြင်း။

ဤအင်္ဂါ(၃)ပါးနှင့်ပြည့်စုံသော ပထဝီဓာတ်မျိုးကိုသာ ဝိပဿနာ၊ ဘာဝနာဉာဏ်တည်ထောင်၍ ရနိုင်သောကြောင့်ဟူ၏။

ထို့ကြောင့် အထက်ပါ ပထဝီ(၁၆)မျိုးတို့တွင် နံပါတ်-၁ မှ ၁၀-အထိ ၁၀-မျိုးသောပထဝီတို့ကို မရှုပွားရဘဲ နံပါတ်-၁၁ မှ ၁၅-အထိ ၅-မျိုးသော ပထဝီတို့အထဲမှ အထက်ပါ အင်္ဂါ ၃-ပါးနှင့် ညီညွတ်သော ပထဝီဓာတ်တို့ကို နံပါတ် ၆-လာ လက္ခဏာဒိပထဝီအဖြစ်ဖြင့် ယူစွဲပြီး ရှုပွားရသည်ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## လက္ခဏာဒိပထဝီပုံစံ

## ပါဠိလို ပထဝီကိစ္စ ၃-မျိုး

### ပထဝီဓာတု

| | | | |
|---|---|---|---|
| ၁။ | ကက္ခဠလက္ခဏာ | - | (လက္ခဏာပထဝီကိစ္စ)။ |
| ၂။ | ပတိဋ္ဌာန ရသာ | - | (ရသပထဝီ ကိစ္စ)။ |
| ၃။ | သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာန | - | (ပစ္စုပဋ္ဌာန ပထဝီကိစ္စ)။ |

### ရှင်းလင်းချက်

၁။ ကက္ခဠသဘောကိုတွေ့လျှင် လက္ခဏပထဝီကိုတွေ့သည်။

၂။ ပတိဋ္ဌာနသဘောကိုတွေ့လျှင် ရသပထဝီကိုတွေ့သည်။

၃။ သမ္ပဋိစ္ဆနသဘောကိုတွေ့လျှင် ပစ္စုပဋ္ဌာနပထဝီကိုတွေ့သည်။

### ထပ်ဆင့် ရှင်းပြဦးအံ့

၁။ ပါဠိလို ကက္ခဠ၊ ဗမာလို ကြမ်းမှု၊ မာမှု၊ လေးမှု စသည်ကိုတွေ့လျှင် လက္ခဏာပထဝီကို တွေ့သည်ဟုဆိုသည်။ (ဝါ) ပထဝီဓာတ်ဟုသိနိုင်သော အမှတ်အသားကို တွေ့ သည်ဟုဆိုသည်။

၂။ ပါဠိလို ပတိဋ္ဌာန-ဗမာလို မှီစရာ၊ ခံစရာ၊ အမှီခံနိုင်ရာကိုတွေ့လျှင် ရသ ပထဝီ ကိုတွေ့သည်ဟုဆိုသည်၊ (ဝါ) ပထဝီဓာတ်၏ အရည်အချင်းနှင့် အခြေအနေကို တွေ့ သည်ဟုဆိုသည်၊

၃။ ပါဠိလို သမ္ပဋိစ္ဆန ဗမာလို ထိမှု၊ တိုးမှုတို့ကို ခံထားချက် ခံပြနေချက်ကို တွေ့လျှင် ပစ္စုပဋ္ဌာနပထဝီကိုတွေ့သည်ဟုဆိုသည်၊ (ဝါ) ပထဝီဓာတ်၏ အစွမ်းသတ္တိ တွေ့ ရုပ်လုံးဖော်ပြနေပုံကို တွေ့သည်ဟုဆိုသည်။

### ပထဝီကိစ္စ ၃-မျိုး အကျယ်ဖော်ပြချက်

**(က) လက္ခဏာပထဝီ၏ ကက္ခဠကိစ္စများ**

မာခြင်း၊ လေးလံခြင်း၊ ကြမ်းတမ်းခြင်း၊ ခက်ထန်ခြင်း၊ ထိုင်းမှိုင်းခြင်း၊ သက်လျော့ခြင်း၊ ငိုင်ဆင်းခြင်း၊ ပိကျခြင်း၊ ညပ်လာခြင်း၊ ငြိမ်ဝပ်ခြင်း၊ မလှုပ်မရှားဖြစ်လာခြင်း၊ ရပ်သွားခြင်း စသောကိစ္စများ။

**(ခ) ရသပထဝီ၏ ပတိဋ္ဌာနကိစ္စများ**

မှီစရာဖြစ်လာခြင်း၊ ခံစရာဖြစ်လာခြင်း၊ အမှီအခံပြုနိုင်လာခြင်း စသောကိစ္စ များ၊

www.burmeseclassic.com

www.burmeseclassic.com



**(ဂ) ပစ္စုပဋ္ဌာနပထဝီ၏ သမ္မုတိစ္ဆနကိစ္စများ**

မှီလာ၊ ဖိလာ၊ ညှပ်လာ၊ တိုးလာမှုတို့ကို အမာခံရှိထားသောအနေဖြင့် ခံပြခြင်း၊ ခံနေခြင်း၊ (ဝါ) အမာခံအဖြစ်ဖော်ပြခြင်းကိစ္စများ၊

အထက်ဖော်ပြပါအချက်တို့ကို ပါဠိလိုဖြစ်စေ၊ ဗမာလိုဖြစ်စေ၊ သိနားလည်မှုရှိထားလျှင် ပထဝီဓာတ်ကိုသုံးသပ်ရှုပွားရန် လွယ်ကူလေပြီ၊

ထို့ကြောင့် ပထဝီဓာတ်ကိုရှုပွားလိုသောသူတို့သည် အထက်ပါလက္ခဏာပထဝီ၊ ရသပထဝီ၊ ပစ္စုပဋ္ဌာနပထဝီ (၃)မျိုးတို့ကို ဦးစွာ သဲသဲကွဲကွဲသိထားဖို့ လိုလှပေသည်။

## မှတ်လွယ်ရန် ဆောင်ပုဒ်လင်္ကာများ

၁။ လက္ခဏာနှင့်၊ ရသတစ်တန်၊ ပစ္စုပဋ္ဌာန် သုံးတန်ပထဝီမှု ။

၂။ ကြမ်းတမ်း ခက်မာ၊ လေးထိုင်းလာ၊ လက္ခဏာပထဝီမှု ။

၃။ မှီခံစရာ၊ ပြုနိုင်ပါ၊ ရသာပထဝီစု။

၄။ မှီဖိညှပ်တိုး၊ ခံပြမိုး၊ မှတ်ရိုးခေါ် ပစ္စု။

## ပထဝီဓာတ် ရုပ်ကမ္မဋ္ဌာန်းရှုပွားစန်း

## သွားခိုက်၌ ပထဝီဓာတ်ရှုပွားပုံ

သွားခိုက်၌ သွားမှုပြုရန် ခြေကို မရာ၊ ကြွရာတွင်-

၁။ လေးလံသောသဘော။

၂။ ခြေကိုချခိုက်တွင် ထိုးဆင်းလာသောသဘော။

၃။ နင်းချခိုက်တွင် ပိမှု၊ မာမှု၊ တင်းမှု၊ ညှပ်မှုသဘော။

၄။ အောက်ခံဖျာ၊ ပျဉ်ပြား၊ မြေတို့၌လည်း မာမှု၊ ကြမ်းမှု၊ တင်းမှုသဘောအပြင် နင်းမှုကို ခံပေးခြင်းသဘော။

၅။ အထက်ပိုင်း ကိုယ်၏အလေးကို အောက်ပိုင်းကိုယ်တို့က ခံထားပေးမှုသဘော။

၆။ အထက်ပိုင်း ကိုယ်ဆိုင်ရာတို့က အောက်ပိုင်း ကိုယ်ဆိုင်ရာတို့အပေါ်မှာ အမှီပြုနေမှုသဘောများ။

၎င်း ဖော်ပြပါသဘောတို့သည် သွားမှုပြုသူတိုင်းမှာရှိနေရာ သဲကွဲစွာ သိသွားဖို့ လိုပေသည်။

၎င်းတို့ကို သဲကွဲစွာသိသိသွားလျှင် ပါဠိခေါ် ပထဝီဓာတ်သဘောကို သိသည်ဟု ဆိုသည်၊ စင်စစ်မှာ ပါဠိလိုသိဖို့ ပဓာနမဟုတ်ပေ၊ ဖော်ပြပါ မာမှု၊ တင်းမှု၊ ဖိမှု စသော လက္ခဏာသဘော၊ မာမှု၊ ပိမှု စသည်တို့ကို ခံယူနေသောသဘောနှင့် ခံနိုင်နေသော သဘောတို့ကိုသိလျှင် 'ပထဝီသဘောကိုသိခြင်း'ဆိုရတော့သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သိပါလေ။

၁။ ထို့ကြောင့် သွားခိုက်၌ ပထဝီ၏သဘောဖြစ်ကြသော တင်း-မာ-လေး-ထိုင်း မှုတို့မှ ထင်ရှားရာကို အာရုံအဖြစ်ထားပြီး သွားမှုကိုစ္စအပေါ်မှာ စိတ်ကိုကပ် လိုက်စေပြီး စူးစိုက်ရှုနေပါ။

၂။ ယင်းသို့ ပထဝီ၏သဘောဖြစ်ကြသော တင်း-မာ-လေ.-ထိုင်းမှုတို့ကိုသာ စူးစိုက်သိနေလျှင် သွားမှုသည် ပဓာနအနေမထင်လာတော့ဘဲ တင်း-မာ-လေး- ထိုင်းမှုတွေကိုသာ ထင်နေပေလိမ့်မည်။

၃။ ထို့ပြင် အပေါ်ခန္ဓာကိုယ်နှင့် အောက်ခန္ဓာကိုယ်ခေါ် ရုပ်အစုကြီးတို့သည် လည်း အချင်းချင်းအမှီပြုနေ အခံပြုနေပုံပါ ထင်လာသိလာပေလိမ့်မည်။

၄။ ထို့နောက် လှမ်းမှုကိစ္စထဲတွင်မက ခန္ဓာကိုယ်အချင်းချင်း ထိမိရာတိုင်းမှာ လည်း တင်းမာမှုတွေကိုသာ တွေ့နေတော့မည်၊ ထို့ပြင် အဝတ်တန်ဆာနှင့် ထိမိရာမှာ လည်းကောင်း၊ နှုတ်ခမ်းချင်းထိမိရာ၊ လျှာနှင့် နှုတ်ခမ်းထိမိရာ၊ လျှာနှင့်သွားထိမိရာမှာ လည်းကောင်း တင်းမှု၊ မာမှုတွေသာ တွေ့လာတော့မည်။

၅။ ထို့ပြင် ခံတွင်းမှ လေအန်ရာ၊ လေတက်ရာ၊ လေသက်ရာထဲမှာရင်း၊ နှာ ခေါင်းဖြင့် အသက်ရှုမှုထဲမှာရင်း၊ နှုတ်က ချောင်းဟန့်သံ၊ ချောင်းဆိုးသံ၊ စကားပြော သံထဲမှာရင်း၊ မာမှု, တင်းမှု, လေးမှု,သဘောတွေရှိနေပုံကိုပါ သိလာ တွေ့လာ တော့မည်။

၆။ ထို့နောက် တစ်ကိုယ်လုံးမှာ မာမှု၊ တင်းမှု၊ လေးမှု၊ ပိမှု၊ ညှပ်မှုတွေသာ ရှိနေပုံကိုတွေ့နေတော့ရာ ကိုယ်ကောင်ကြီးအနေ၊ သဏ္ဌာန်ကြီးအနေ၊ ပုဂ္ဂိုလ်အနေ သတ္တဝါအနေ၊ ယောကျ်ားမိန်းမအနေဟူ၍ မတွေ့ရတော့ဘဲ မာမှု၊ တင်းမှု၊ လေးမှု၊ ပိမှုသဘောတွေကိုသာ တွေ့နေရပေမည်။

## ဝိပဿနာဉာဏ်စဉ် ဝင်လာပုံ

၇။ ထိုနောက် မာမှု၊ တင်းမှု၊ လေးမှု၊ ပိမှု၊ ညှပ်မှု သဘောစုနှင့် ၎င်းတို့ကို သိနေမှုသဘော၊ ဤ ၂-မျိုးကိုသာ တွေ့လာပေတော့သည်။ ထိုအခိုက် ရူပပရိစ္ဆေဒနှင့် နာမပရိစ္ဆေဒဉာဏ်ဟုဆိုသည်။

၈။ ထို့နောက် ထိမိသမျှတိုင်းမှာ မာမှု၊ တင်းမှု၊ လေးမှု၊ ပိမှု၊ ညှပ်မှုတွေသာ တွေ့လာရာမှ အခြားမာမှုတွေက အခံပြုပေး၍ အခြားအရာတွေပါ မာကြ၊ တင်းကြရပုံ ကို ၎င်း၊ သိမှုကြောင့်လည်း မာမှု၊ တင်းမှု၊ လေးမှု၊ ပိမှုတို့ကို သိရပုံ၊ သိနိုင်ပုံကို ၎င်းအပြင်ရှိ တိုင်နှင့်နံရံများ နင်းမိရာ ဖျာ၊ အခင်း၊ ပျဉ်နှင့်မြေကြီးတို့မှာ မာမှု တွေရှိလျက် သိမှုသာ မရှိ၍ သူတို့ကိုယ်တိုင်မှာ မာပါလျက် မာတယ်ဟု မသိနိုင်ပါ တကားဟူ၍၎င်း သိလာ ပြန်တော့သည်။ ထိုအခိုက် ပစ္စယပရိဂ္ဂဟဉာဏ်ဟုခေါ်သည်။

၉။ ထို့နောက် အပြင်မှလာသော အသံတွေထဲမှာလည်း မာမှု၊ တင်းမှုသဘော

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါနေပုံကို တိုးတွေ့လာသောလေထဲမှာလည်း မာမှု တင်းမှုတွေ ပါနေပုံ၊ ထို့ပြင် အမြင်အာရုံကို မျက်စေ့၌ ထင်လာ, ဝင်လာတိုင်းမှာပင် မာမှု, တင်းမှုသဘောတွေ ပါနေပုံကိုငင်း တွေ့လာသိလာတော့သည်။ ထိုအခိုက် သမ္မသနဉာဏ်ဟုဆိုသည်။

၁၀။ ထို့နောက် အတွင်းနှင့်အပြင် တွေ့ရသမျှ၊ ထိမိသမျှတို့မှာ မာမှု၊ တင်းမှု စသော ပထဝီသဘောတွေကိုသာ တွေ့နေရာမှ ၎င်းတို့သည် အသစ်နှင့်အဟောင်း သဖွယ် ပြောင်းလဲမှုတွေပြုလာပုံကို တွေ့လာပြန်တော့သည်၊ ထိုအခိုက် ဥဒယဗ္ဗယဉာဏ် နု ဆိုသည်။

၁၁။ ထို့နောက် တွေ့သမျှ မာမှု၊ တင်းမှု၊ လေးမှု စသည်တို့သည် အစ၊ အလယ်၊ အဆုံး အနေခြားနားကွဲပြားကာ အစပျောက်သွားပြီး အလယ်ပေါ်လာ၊ အလယ်ပျောက် သွားပြီး အဆုံးပေါ်လာသလို တစ်ခုပျောက်ပြီး တစ်ခုပေါ်လာသလို တွေ့လာ ထင်လာ တော့သည်၊ ထိုအခိုက် ဥဒယဗ္ဗယဉာဏ်ရင့်ဟု ဆိုသည်။

၁၂။ ထို့နောက် တွေ့သမျှ မာမှု၊ တင်းမှု၊ လေးမှု စသည်တို့သည် ပေါ်မှုမတွေ့ရ တော့ဘဲ ပျောက်မှု၊ ကုန်သွားမှုတွေသာ တစ်ဘက်သတ်အနေ ထင်လာ၊ တွေ့လာတော့ သည်။ ထိုအခိုက် ဘင်ဉာဏ်ဟုဆိုသည်။

၁၃။ ထို့နောက် ယင်းပျောက်မှု ကုန်မှုတွေသာ တိုး၍တိုး၍ များလာတော့သဖြင့် အကုန်နှင့်အပျက်တွေ အထဲသို့သာ ရောက်နေတော့ရာ အမာခံဟု ရှာမတွေ့တော့၍ မှီတွယ်စရာ အားထားစရာဟူ၍ မရှိတော့ပါတကားဟု အားငယ်မှု၊ ထိတ်လန့်မှုများ ဝင်လာတော့သည်။ ထိုအခိုက် ဘယဉာဏ်ထင်သည်ဟု ဆိုသည်။

၁၄။ ထိုအခါ ယခင်က ထင်ထားခဲ့သော ငါဟူ၍လည်းကောင်း၊ ကိုယ်ဟူ၍လည်း ကောင်း၊ မိမိဟူ၍လည်းကောင်း အမာခံအကောင်အထည်အဖြစ် ယူစွဲထားမိခဲ့သမျှတို့ သည်၊ ယခုအခါမှာ ရှာမရတော့ဘဲ အကုန်နှင့် အပျက်တွေကိုသာ တွေ့နေရတော့၍ အကောင်းမထင်နိုင် တော့ဘဲ အပြစ်ထင်မှု၊ မနှစ်သက်မှု၊ ပယ်ရှားလိုမှု၊ စွန့်ပစ်လိုမှု၊ လွတ်မြောက်လိုမှု၊ လွတ်မြောက်ရန် ကြိုးပမ်းလိုမှု စသော ဓမ္မသဘာဝဖြစ်စဉ်၊ အသိပေါ်စဉ်ခေါ် ဉာဏ်စဉ် တို့သည် အဆင့်ဆင့် မြင့်တက်သွားကြတော့သည်၊

ထိုအခိုက်ကို (ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါ ဉာဏ်) စသည်တို့ ပေါ်လာသည်ဟုဆိုသည်။

## အချုပ်သဘောကား

ပါရမီဉာဏ်ရင့်လျှင် အရိယာနယ်သို့ ကူးတက်သွားနိုင်၍ ပါရမီဉာဏ် မရင့် သန်သေးလျှင် သင်္ခါရုပေက္ခာဉာဏ်မှာသာ ရပ်ဆိုင်းသွားတော့သည်ဟူ၏။

ဤကား သွားခိုက်၌ ပထဝီကို ရှုပွားပုံ အမြွက်တည်း။

ပထဝီ၌ သိုးခြားမှတ်ယူဖွယ်-

ဤပထဝီဓာတ်၏ သဘောကိစ္စသည် ခန္ဓာကိုယ်အနေအထားတွေ မည်မျှပင်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလွဲနေစေကာမူ ပထဝီ၏သဘောလက္ခဏာတို့မှာ ပြောင်းလွဲမှုမရှိဘဲ တစ်သမတ် တည်းသာရှိနေသဖြင့် ထူးခြားပုံမှာ ရှေးဝါယောဓာတ်ကဲ့သို့ ဣရိယာ ပုထ်(၄)မျိုး ပြောင်းတိုင်း ရှုပွားမှုကိစ္စတွေပါ ပြောင်း၍ ရှုရသလို မဟုတ်တော့ဘဲ (တစ်မျိုးတည်း အတိုင်းသာ) ရှုနေရတော့သည်ကို သတိပြုပါလော့။

ထိုအရ ဣရိယာပထ ကာယ(၄)မျိုးအခိုက်၌လည်းကောင်း၊ သမ္ပဇညကာယ ၂၂-မျိုးအခိုက်၌လည်းကောင်း၊ ရှုပွားမှုကို ပြောင်းလွဲခြင်း လုံးဝမပြုရတော့ဘဲ မာမှု၊ တင်းမှု၊ လေးမှုနှင့် အခံပြုပေးမှု၊ အမှီခံပြုမှု၊ ခံနေမှု သဘောတို့ကိုသာ ခန္ဓာကိုယ်အနေအထား (မခြားနားဘဲ တစ်ပုံစံတည်းသာ) ရှုပွားရတော့သည်။

## အချုပ်ဆိုလိုချက်

ထိုဖော်ပြချက်အရ ပထဝီဓာတ်ကို ရှုပွားလိုသူသည် ပထဝီကိစ္စ ၃-မျိုးတို့တွင် လက္ခဏာပထဝီအရဖြစ်သော ပါဠိလို ကက္ခဠ၊ ဗမာလို မာမှု၊ တင်းမှု၊ ပိမှု၊ ညှပ်မှုတို့မှ မိမိဉာဏ်၌ ထင်ရှားလာရာကိုသာ ရှုပွားသွားခဲ့လျှင် ပထဝီကိစ္စ ပေါက်မြောက်သွားနိုင်တော့သည် ဟူ၏။

ထိုအရ ဤပထဝီဓာတ်၌ ရသပထဝီနှင့် ပစ္စုပဋ္ဌာနပထဝီတို့ကို ကြောင့်ကြမှု မပြုရတော့ဘဲ (လက္ခဏာပထဝီတစ်မျိုးကိုသာ) ဂရုပြုပါလေဟုဆိုလိုသည်။

ဝါယောဓာတ်မှာကား-ပစ္စုပဋ္ဌာနဝါယောကိုသာ မရှုပွားရဘဲ လက္ခဏာနှင့် ရသဝါယော ၂-မျိုးကို ရှုပွားနိုင်ရာ (ဤပထဝီနှင့် ခြားနားပုံကိုပါ) ခွဲခြားသဘောသက်ပါလေ။

ထို့ပြင် ပိမှု ညှပ်မှုသည် (ပထဝီ)။ ဖိမှု ညပ်မှုသည်ကား (ဝါယော)ဟုလည်း ခွဲခြား၍သိကြပါကုန် (ဝါ) သိကြစေသော်။

ဤတွင် ဤကာယာနုပဿနာလာ ပထဝီဓာတ်-ရုပ်ကမ္မဋ္ဌာန်း ရှုပွားခန်း ပြီး၏။

## ကာယာနုပဿနာ
## တေဇောဓာတ် ရုပ်ကမ္မဋ္ဌာန်းစိစစ်ခန်း
## တေဇောအမျိုးမျိုး

တေဇောခေါ် လောင်စားတတ်၊ ချေဖျက်တတ်သောဓာတ်တို့သည် -

၁။ သံဝဋ္ဋတေဇော — ကမ္ဘာဖျက်ရန် လောင်ကျွမ်းသော မီးဓာတ်။

၂။ နိယမတေဇော — လောကရှိ မီးလျှံမီးတောက်မျိုး။

၃။ ဝိသဒ်ရဏာတေဇော — မီးပွတ်၊ မီးခပ်၊ မီးခြစ် စသည်ဖြင့်လုပ်ယူသောမီးမျိုး။

၄။ ပုဗ္ဗပေတုကတေဇော — ရှေးကံဟောင်းကြောင့်ပေါ်လာသော မိုးကြိုးမီး၊ လောင်မီး၊ ငရဲမီး စသောမီးမျိုး။

၅။ ဣဒ္ဓိမယတေဇော — ရေမီးအစုံစုံ ပေါ်စေခြင်း၊ အခိုးအလျှံထွက်စေခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



မီးအမျိုးပေါ်စေခြင်း စသောတန်ခိုးကြောင့်ဖြစ်ပေါ်လာသော မီးမျိုး။

၆။ ဝိသေသဟေတုတေဇော ထူးခြားချက်တစ်ခုခုကြောင့် ပေါ်လာသောမီးမျိုး။
၇။ ကသိဏတေဇော ကသိုဏ်းရှုပွားသော မီးမျိုး။
၈။ နိမိတ္တတေဇော ကသိုဏ်းမှပေါ်လာသော အာရုံနိမိတ်မီးမျိုး။
၉။ သုပိနတေဇော အိပ်မက်၌တွေ့ရှိသော မီးမျိုး။
၁၀။ ဝေါဟာရတေဇော မီးဟုခေါ်ဆိုသော အမည်မျှရှိ မီးမျိုး။
၁၁။ သီတတေဇော အအေးဖြင့်လောင်စားသော တေဇောမျိုး။
၁၂။ ကမ္မဇတေဇော ခန္ဓာကိုယ်၌ ကံကြောင့်ပေါ်သော အပူနှင့်အအေးမျိုး။
၁၃။ စိတ္တဇတေဇော ခန္ဓာကိုယ်၌ စိတ်ကြောင့်ပေါ်သော အပူနှင့်အအေးမျိုး။
၁၄။ ဥတုဇတေဇော ခန္ဓာကိုယ်၌ ဥတုကြောင့်ပေါ်သော အပူနှင့်အအေးမျိုး။
၁၅။ အာဟာရဇတေဇော ခန္ဓာကိုယ်၌ အစာကြောင့်ဖြစ်သော အပူနှင့်အအေးမျိုး။
၁၆။ စတုဇတေဇော ခန္ဓာကိုယ်၌ အကြောင်း ၄-မျိုးကြောင့် ဖြစ်ပေါ်လာသော အပူနှင့်အအေးမျိုး။
၁၇။ ဇီရဏတေဇော ရင့်ရော်စေသော တေဇောမျိုး။
၁၈။ သန္တပ္ပနာဒိတေဇော အထက်ပါ ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ၊ တေဇောတို့၌ အကြုံးဝင်သော -

(က) သန္တပ္ပနတေဇော အဖျားရောဂါအနေ ပူလောင်မှုမျိုး။
(ခ) ဒဟတေဇော - ကိုယ်ပူလောင်မှုမျိုး။
(ဂ) ပါစကတေဇော - အစာကြေချက်သော အပူနှင့်အအေးမျိုး။

၁၉။ လက္ခဏာဒိတေဇော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်ဟူသော ပရမတ္ထသဘာဝကိုဖော်ပြသော အပူနှင့်အအေးမျိုး စသည်တို့ဖြစ်သည်။

## ရှင်းလင်းချက်

အထက်ပါ တေဇောခေါ် အပူနှင့်အအေးဓာတ်တို့သည် များစွာရှိကြစေကာ ဝိပဿနာဉာဏ်ပေါ်ထွက်ရေးအတွက်မှာ တေဇောအားလုံးကို ရှုပွား၍ရသည် မဟုတ်ပေ၊ အကြောင်းကား -

ကာယာနုပဿနာကိစ္စဖြစ်နေ၍ မိမိတို့ကိုယ်ခန္ဓာနှင့်စပ်သော တေဇောမျိုးတို့တွင် အောက်ပါအင်္ဂါ ၃-ချက်နှင့်ညီညွတ်သော တေဇောမျိုးကိုသာ ရှုပွားနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ ၃-ပါး

၁။ အဇ္ဈတ္တကာယရှိ တေဇောမျိုးဖြစ်ရခြင်း။

၂။ ခဏတိုင်း၌ တွေ့ရှိနိုင်သော တေဇောမျိုးဖြစ်ရခြင်း။

၃။ ပရမတ္ထသဘာဝကို ဖော်ပြပေးသော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာနအဖြစ်ဖြင့် ရရှိနိုင်သော တေဇောမျိုးဖြစ်ရခြင်း၊

၎င်းအင်္ဂါ ၃-ပါးနှင့်ပြည့်စုံသော တေဇောဓာတ်မျိုးကိုသာ ဝိပဿနာ ဘာဝနာဉာဏ် တည်ထောင်၍ရနိုင်သောကြောင့်ဟူ၏။

ထို့ကြောင့် အထက်ပါတေဇော ၁၉-မျိုး (ဝါ) ၂၂-မျိုးတို့တွင် အထက်အင်္ဂါ ၃-ပါးနှင့်ညီညွတ်သော တေဇောဓာတ်မျိုးကိုသာ နံပါတ် ၁၉-လာ လက္ခဏာဒိတေဇော အဖြစ်ဖြင့်ယူစွဲပြီး ရှုပွားရသည်ဟူ၏။

## လက္ခဏာဒိ တေဇောပုံစံ
## ပါဠိလိုတေဇောကိစ္စ ၃-မျိုး

တေဇောဓာတု

| | | |
|---|---|---|
| ၁။ ဥဏှတ္တလက္ခဏာ | - | (လက္ခဏာတေဇောကိစ္စ) |
| ၂။ ပရိပါစနရသာ | - | (ရသတေဇောကိစ္စ) |
| ၃။ မဒ္ဒဝါနုပ္ပါဒန ပစ္စုပဋ္ဌာနာ | - | (ပစ္စုပဋ္ဌာနတေဇောကိစ္စ) |

၁။ ဥဏှတ္တသဘောကိုတွေ့လျှင် လက္ခဏာတေဇောကိုတွေ့သည်။

၂။ ပရိပါစနသဘောကိုတွေ့လျှင် ရသတေဇောကိုတွေ့သည်။

၃။ မဒ္ဒဝါ နုပ္ပါဒနသဘောကိုတွေ့လျှင် ပစ္စုပဋ္ဌာနတေဇောကိုတွေ့သည်။

## ထပ်ဆင့်ရှင်းလင်းချက်

၁။ ပါဠိလို ဥဏှတ္တ၊ ဗမာလို ပူခြင်း၊ လောင်စားခြင်း၊ အေးစိမ့်ခြင်း၊ ချေဖျက်ခြင်း စသည်ကိုတွေ့လျှင် လက္ခဏာတေဇောကိုတွေ့သည်ဟု ဆိုသည်၊ (ဝါ) တေဇောဓာတ်ဟု သိနိုင်သော အမှတ်အသားကိုတွေ့သည်ဟုဆိုသည်။

၂။ ပါဠိလို ပရိပါစန၊ ဗမာလို အိုက်ခြင်း၊ စပ်ဖျင်းဖျင်းရှိခြင်း၊ မခံသာရှိခြင်း စသည်ကိုတွေ့လျှင် တေဇောကိုတွေ့သည်ဟုဆိုသည်၊ (ဝါ) တေဇောဓာတ်၏ အခြေအနေကိုတွေ့သည်ဟု ဆိုသည်။

၃။ ပါဠိလို မဒ္ဒဝါ နုပ္ပါဒန ဗမာလို ပျော့ပျောင်းခြင်း၊ နူးညံ့ခြင်း၊ ပေါ့ပါးခြင်း စသည်ကိုတွေ့လျှင် ပစ္စုပဋ္ဌာနတေဇောဓာတ်ကို တွေ့ရသည်ဟုဆိုသည်၊ (ဝါ) တေဇောဓာတ်၏ အစွမ်းသတ္တိတွေ ရုပ်လုံးဖော်ပြနေပုံကိုတွေ့သည်ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗမာလို တေဇောကိစ္စ ၃-မျိုး အကျယ်ဖော်ပြချက်

**က။ လက္ခဏာတေဇော၏ ဥဏှတ္တကိစ္စများ–**

ပူခြင်း၊ လောင်စားခြင်း၊ လောင်ကျွမ်းခြင်း၊ အေးစိမ့်ခြင်း၊ စူးရှခြင်း၊ ဖောက်ထွင်းခြင်း၊ ချေဖျက်ခြင်း စသောသဘောများဖြစ်သည်။

**ခ။ ရသတေဇော၏ ပရိပါစနကိစ္စများ–**

ရင့်ရော်ခြင်း၊ မှည့်ခြင်း၊ အိုမင်းခြင်း၊ အိုက်ခြင်း၊ စပ်ဖျင်းခြင်း၊ နာခြင်း၊ အောင့်ခြင်း၊ မခံသာခြင်း၊ သွေ့ခြင်း၊ ခြောက်ခြင်း၊ ခန်းခြင်း၊ ဆွေးမြေ့ခြင်း၊ မွမွကြေခြင်း၊ ကြေွခြင်း၊ အက်ကွဲခြင်း၊ ပေါက်ထွက်ခြင်း၊ ပြိုပျက်ခြင်း၊ ကြေညက်ခြင်းစသော သဘောများဖြစ်သည်။

## (ဂ) ပစ္စုပဋ္ဌာန တေဇော၏ မဒ္ဒဝါနုပ္ပဒါနကိစ္စများ

ပျော့ပျောင်းခြင်း၊ နူးညံ့ခြင်း၊ နူးနပ်ခြင်း၊ ကျက်နပ်ခြင်း၊ အခိုးထခြင်း၊ အလျှံထခြင်း၊ အဆင်းအရောင်တောက်ပြောင်ခြင်း၊ လင်းထိန်ခြင်း၊ ထက်မြက်ခြင်း၊ ပေါ့ပါးခြင်း၊ လျင်မြန်ခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း စသောသဘောများ။

အထက်ဖော်ပြပါအချက်တို့ကို ပါဠိလိုဖြစ်စေ၊ ဗမာလိုဖြစ်စေ၊ သိနားလည်မှု ရှိထားလျှင် တေဇောဓာတ်ကိုသုံးသပ်ရှုပွားရန် လွယ်ကူလေပြီ။

ထို့ကြောင့် တေဇောဓါတ်ကိုရှုပွားလိုသောသူတို့သည် အထက်ပါလက္ခဏာတေဇော၊ ရသတေဇော၊ ပစ္စုပဋ္ဌာန တေဇော ၃-မျိုးတို့ကို ဦးစွာ သဲသဲကွဲကွဲသိထားဖို့ လိုအပ်လှပေသည်။

## မှတ်လွယ်ရန် ဆောင်ပုဒ်လင်္ကာများ

၁။ လက္ခဏာနှင့် ရသတစ်တန်၊ ပစ္စုပဋ္ဌာန်၊ သုံးတန်တေဇောဓာတ်။

၂။ ပူအေးလောင်ထား၊ ခြေဖျက်ငြား၊ မှတ်သား လက္ခဏာဓာတ်။

၃။ အိုက် စပ် မခံသာ၊ တွေ့ကြုံလာ၊ သိပါ ရသဓာတ်။

၄။ ပျော့ပြောင်းနူးညံ့၊ ပေါ့ပါးသွက်၊ သိကွက်ပစ္စုမှတ်။

## တေဇောဓာတ်ကမ္မဋ္ဌာန်းရှုပွားစဉ်း

### ကြိုတင်သိမှတ်ဖွယ်

တေဇောဓာတ်သည် ရာသီနှင့်အချိန်ကို လိုက်၍၎င်း၊ ရောဂါနှင့် စိတ်ထားကို လိုက်၍၎င်း၊ နေရာနှင့် အာရုံကိုလိုက်၍၎င်း၊ လွန်ကဲမှု၊ နှံ့မှု ၂-မျိုး ခြားနားလေသည်။

### ခြားနားပုံမှာ

၁။ ရာသီအားဖြင့် ဆောင်းရာသီနှင့် မိုးရာသီတို့မှာ အပူနှံ့ကာ အအေးလွန်ကဲ၍ (အေးစိမ့်မှုကိုသာ)အတွေ့များပေမည်။ နွေရာသီမှာ အအေးနှံ့ကာ အပူလွန်ကဲ၍

www.burmeseclassic.com

www.burmeseclassic.com



(ပူအိုက်မှုကိုသာ) အတွေ့များပေသည်။

၂။ အချိန်အားဖြင့် ညဥ့်နက်ပိုင်းနှင့် နံနက်စောပိုင်းတို့မှာလည်း အအေးပင်လွန်ကဲ၍ အေးစိမ့်မှုကိုသာ အတွေ့များကြပေမည်၊ နေ့ပိုင်းနှင့် ညဦးပိုင်းတို့မှာကား အပူလွန်ကဲ၍ အအေးနည်းကာ ပူမှုနှင့်အိုက်မှုကိုသာ အတွေ့များပေမည်။

၃။ ရောဂါအားဖြင့် သန္တပ္ပနဒဟဟူသော အပူနာဝင်နေသူမှာ အပူလွန်ကဲနေသဖြင့် အပူဓါတ်ကိုသာ အတွေ့များတတ်သည်၊ ပါဒရက်နာ၊ မီးယပ်ချမ်းနာ စသော အအေးနာဝင်နေသူတို့မှာ အအေးလွန်ကဲ၍ အအေးကိုသာ အတွေ့များတတ်သည်။

၄။ စိတ်ဓါတ်အားဖြင့် စိုးရိမ်မှုတစ်မျိုးမျိုးဝင်ချိန်မှာ အပူအတွေ့များတတ်၍ ကြည် ရွှင်မှုတစ်မျိုးမျိုးဝင်ချိန်မှာ အအေးအတွေ့များတတ်သည်။

၅။ နေရာအားဖြင့် မီးပူ၊ ရေနွေးပူ လျှပ်စစ်ဓာတ်ပူစသော အပူတစ်မျိုးမျိုးနှင့် နီးကပ်ရာ၌ နေသူတို့မှာ 'အပူ'အတွေ့များ၍ ရေခဲရုံ၊ လျှပ်စစ်အေးရုံ၊ စမ်းရေ၊ သွပ်၊ ပြဒါး၊ ရွှေ၊ ငွေ၊ ပတ္တမြား စသော အအေးလွန်ကဲသော နေရာနှင့်နီးကပ်ရာ၌ နေသူတို့မှာ 'အအေး' အတွေ့များတတ်သည်။

၆။ အာရုံအားဖြင့် မီးနှင့်ဆိုင်ရာများ ခြောက်သွေ့ရာများ၊ သောကဖြစ်ရာ အာရုံများကို မြင်၊ ကြား၊ ထိ၊ သိသူတို့မှာ အပူအတွေ့များတတ်၍ စိမ်းစိုရာများ အေးချမ်းရာများနှင့် ရွှင်ပြကြည်လင်ရာများကို မြင်၊ ကြား၊ ထိ၊ သိသူတို့မှာ 'အအေး' အတွေ့များတတ်လေသည်။

ဤသို့ ဥတုရာသီ၊ နေ့ညအချိန်၊ ရောဂါနှင့် စိတ်ထားနေရာနှင့်အာရုံတို့ကို အကြောင်းခံအမှီပြု၍ တေဇောခေါ် အပူနှင့်အအေးတွေ့ မှုအတွက် သုံးသပ်ရှုပွားရေး ကိစ္စကို ကြိုတင်၍သဘောပေါက်ရာ၏။

## ထိုင်ခိုက်၌ တေဇောဓာတ်ရှုပွားပုံ

ရှေ့ပိုင်း၌ပြခဲ့သော ဝါယောဓာတ်၏ သဘောကိစ္စနှင့် ပထဝီဓာတ်၏ သဘောကိစ္စများကို မသုံးသပ်ဘဲ တေဇော၏သဘောကိစ္စကိုသာ သုံးသပ်လိုသော ယောဂီပုဂ္ဂိုလ်သည် ထိုင်ခိုက်၌သုံးသပ်ပုံမှာ -

၁။ ခန္ဓာကိုယ်အတွင်း၌ အပူငွေ့ငွေ့တွေ့ မှုနှင့် အေးစိမ့်စိမ့်တွေ့ မှု ၂-မျိုးအနက် ထင်ရှားရာကို သုံးသပ်နိုင်တော့သည်။

၂။ ထိုအရ ခန္ဓာကိုယ်အတွင်းရှိ တစ်နေရာရာသို့ စိတ်ကို ၅-မိနစ်မျှ စူးစိုက်၍ ထားပါ။ အပူနှင့်အအေးတစ်ခုခုကို တွေ့လာပါလိမ့်မည်။ အများအားဖြင့် အပူသဘော အပူငွေ့ကိုသာ အတွေ့များတတ်သည်။

၃။ ဥပမာ-အပူသဘောကို တွေ့ပြီဆိုကြပါစို့၊ ထိုအခါ ယင်းအပူငွေ့ တွေ့ရာကိုသာ ပူပါတကားဟူ၍လည်းကောင်း၊ ပူလာတယ်ဟူ၍လည်းကောင်း၊ ပူတယ်-ပူတယ်ဟူ၍ လည်းကောင်း၊ ပူနေတယ် ပူနေတယ်ဟူ၍လည်းကောင်း စိတ်ကို (ဝါ) သိမှုကို

www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ စူးစိုက်နေပါ၊ ကပ်လိုက်နေပါလေ။ သိမှု ဆက်၍လိုက်နိုင်လေလေ အပူဓာတ်လည်း ပို၍ပို၍ ထင်ရှားလာပါလိမ့်မည်။

၄။ ဤအတိုင်းတွေ့ထားသော အပူငွေ့ကိုသာ အသိကပ်ကာ စူးစိုက်ထားပြီး ပူလာတယ်၊ ပူနေတယ်စသည်ဖြင့် ပူမှုအပေါ်မှာသာ အသိကပ်ကာရှုပွားနေလျှင် ယင်း အပူငွေ့တို့သည် တဖြည်းဖြည်းပြန့်နှံ့လာတော့ရာ မကြာမီ တစ်ကိုယ်လုံးသည် အပူတုံးကြီးအနေသို့ ရောက်လာပုံကို တွေ့ရှိရပေလိမ့်မည်၊

ထိုအခါ ခန္ဓာကိုယ်တစ်ကိုယ်လုံး၌ အပူငွေ့လွတ်ရာမရှိတော့သဖြင့် မည်သည့် နေရာကိုပင် ရှုရှု အပူငွေ့အပူဓာတ်ကိုသာ တွေ့နေပေတော့မည်။

## ဒုက္ခပိုများ ကြားညှပ်ဝင်ပုံ

၅။ ထိုအခါတွင် ယင်းအပူစု၊ အပူထုထည်ကြီးထဲမှာပင် ယားလာခြင်း၊ နာလာခြင်း၊ အောင့်လာခြင်း စသော (အပိုဒုက္ခများ) ကြားညှပ်၍ ဝင်လာတတ်ပြန်သည်။ သို့ရာတွင် ၎င်းဒုက္ခတို့သည် မကြာမီပင် ကွယ်ပျောက်သွားကြပြီး အပူထုထည်ကြီးသာ ဆက်၍ ထင်နေပေတော့သည်။

၆။ ထို့နောက် ယခင်အချိန်တွေမှာ တွေ့နေသိနေခဲ့သော ခန္ဓာကိုယ်ကောင်ကြီး၏ အစား (အပူစုကြီး အပူလောကကြီးကိုသာ) တွေ့နေတော့ရာ ခန္ဓာကိုယ်ကြီး ကွယ်၊ သတ္တဝါကြီး ကွယ်၊ ပုဂ္ဂိုလ်သဏ္ဌာန်ကြီး ကွယ်သွားကာ၊ အပူစုကြီး အပူထုထည်ကြီးကိုသာ တွေ့နေရပေမည်။

## ဝိပဿနာဉာဏ် ဝင်လာပုံ

၇။ ထို့နောက် ကွဲလာသည်မှာ ပူနေ၊ လောင်နေတာတွေက တစ်ခု၊ သိနေ သဘောပေါက်နေတာတွေက တစ်ခုဟု အပူဂုနှင့် သိမှုစု ၂-စုကိုသာ တွေ့လာလေတော့သည်၊ ထိုအရကို ရုပ်နှင့်နာမ်ကွဲလာသည်ဟုဆိုသည်။

၈။ ထို့နောက် ပူတိုင်းပူတိုင်းပင် သိသိလိုက်၍ သိတိုင်းသိတိုင်းမှာလည်း ပူပူလိုက်၍ဖြင့် ပူမှုနှင့်သိမှုတို့သည် တပြန်စီလိုက်ထင်လာရာမှတစ်ဖန် သိမှုရှိနေ၍ သိတတ်နေ၍သာ ပူသည် စသည်ဖြင့် ခွဲနိုင်လာတော့သည်။

အကယ်၍ သိမှုမရှိပါက သေသူတို့နှင့် သစ်တုံး၊ သစ်ပင်၊ မြေကြီး၊ ရေ၊ မီး၊ ကျောက်၊ သံ၊ ကြေး စသည်တို့မှာ အပူနှင့်အအေးတို့ရှိကြစေကာမူ ပူသည်၊ အေးသည်ဟု မသိကြပါတကားဟု သုံးသပ်ကာ သိတတ်မှုကြောင့် ပူ, အေးရှိကြောင်း သိနိုင်ပုံ ခွဲခြားနိုင်ပုံတို့ကို မြင်လာကာ သိမှုကြောင့် ပူ-အေးဟု သိနေပါတကားဟု ထင်လာပေါ်လာတော့သည်။ ထိုအရကို ပစ္စယပရိဂ္ဂဟဉာဏ်ဟုဆို၏။

၉၊ ထို့နောက် အပြင်မှ တွေ့ထိလာသော အဝတ်၊ နံရံ၊ မှီရာတိုင် စသည်နှင့် ဖိမိရာ နင်းမိရာ အခင်း၊ ဖျာ၊ ပျဉ်-မြေကြီးစသော ခန္ဓာကိုယ်နှင့်ထိမိရာဟူသမျှတို့မှာလည်း ပူမှု, အေးမှုရှိနေပုံကိုငင်း၊ ခန္ဓာကိုယ်ကို တိုးဝှေ့လာသော လေထဲ၌လည်း

www.burmeseclassic.com

www.burmeseclassic.com



ပူမှု, အေးမှု ရှိနေပုံကိုဖင်း၊ နံလာ၊ ကြားလာ၊ အနံ့နှင့်အသံတို့မှာလည်း ပူမှုနှင့် အေးမှု ရှိနေပုံကိုဖင်း၊ ကျယ်ပြန့်စွာ သိလာမြင်လာလေတော့သည်၊ ထိုအရကို သမ္မသနဉာဏ်နု ဟုခေါ်သည်။

၁၀၊ ထို့နောက် ပူအေးမှုတို့ကြောင့် ပင်ပန်းရ၊ နွမ်းနယ်ရမှုခေါ် သဘောများ ပူမှုနှင့် အေးမှုတွေ ပြောင်းလွဲမှုခေါ် အနိစ္စသဘောများ ပူမှုနှင့်အေးမှုတွေမှာ အမာခံ အဖြစ် ခိုင်ခိုင်မာမာမရှိမှုခေါ် အနတ္တသဘောတွေပါ ထင်လာတွေ့လာတတ်တော့ သည်။ ထိုအခိုက် သမ္မသနဉာဏ်ရင့်ဟုခေါ်သည်။

၁၁။ ထို့နောက် ပူမှုနှင့်အေးမှုတွေသည် အစ၊ အလယ်၊ အဆုံး အနေပိုင်းကာ၊ ပိုင်းကာ ထင်လာတော့သည်၊ ထိုအခိုက် ဥဒယဗ္ဗယဉာဏ်နုဟု ခေါ်တော့သည်။

၁၂။ ထို့နောက် ပူမှု၊ အေးမှုတို့သည် တရိပ်ရိပ်နှင့် ပျောက်လိုက်၊ ပေါ်လာလိုက်ဖြင့် အသစ်နှင့် အဟောင်းအနေ ဝင်လာ၊ ထင်လာတော့သည်၊ ထိုအခိုက် ဥဒယဗ္ဗယ ဉာဏ်ရင့်ဟုဆိုသည်။

၁၃။ ထို့နောက် ပူမှု အေးမှုတို့သည် ပျောက်မှုမြန်လာရာမှ ပေါ်မှုမထင်တော့ဘဲ ကုန်ကုန်သွား၊ ပျက်ပျက်သွား၊ ပြိုပြိုသွားနေသလိုသာ ထင်လာနိုင်တော့သည်၊ ထိုအခိုက် ဘင်္ဂဉာဏ်ဟု ဆိုသည်၊

၁၄။ ထို့နောက် ပူအေးမှုတွေသည် တားမရနိုင်အောင် ပြိုကျ၊ ပျက်ကျ, ကုန်သွား ကြတော့သဖြင့် ပူအေးမှုအပေါ်မှာ တည်နေရသည်ဟု ထင်ထားသော ယင်းပူအေးမှု တွေသည် ဖရိုဖရဲ ပြိုလဲကုန်ဆုံးနေမှုကိုသာတွေ့နေတော့၍ မှီနေစရာ တွယ်နေစရာ မရှိတော့ပါတကားဟုထင်လာကာ စိုးရွံ့လာတတ်တော့သည်၊ သို့မဟုတ် ဘေးရန်တွေပါ တကားဟုလည်း ထင်လာတတ်တော့သည်၊ ထိုအခိုက် ဘယဉာဏ်ပေါ်သည်ဟုဆိုသည်၊

၁၅။ ထို့နောက် ယင်းပြိုပျက်မှုတွေ ဖိစီးလာနေ၍ စိတ်မသက်သာမှု မပြုပြင်နိုင်ပုံ ကို လက်လျှော့ရမှုမှတဆင့် ယင်းပြိုပျက်မှုတို့မှ ကင်းလိုမှု၊ လွတ်မြောက်လိုမှု စသော (အာဒီနဝ၊ နိဗ္ဗိန္ဒ၊ မုဉ္စိတုကမျတာ)စသော အသိအဆင့်ဆင့်ခေါ် (ဉာဏ်အဆင့်ဆင့် တို့သည်) ဓမ္မသဘာဝအတိုင်း မြင့်တက်သွားကြတော့သည်။

## အတိုချုပ်ကား

ပါရမီမရင့်သောသူဖြစ်က သင်္ခါရုပေက္ခာဉာဏ်မှာပင် ရပ်သွားတော့သည်၊ ထိုသို့မဟုတ် ပါရမီရင့်သန်သူဖြစ်ပါက ထိုထက်မြင့်ကာ အနုလောမဉာဏ် ဂေါတြဘူ ဉာဏ်သို့ကူးလာရာ ရပ်နားမှုမရှိတော့ဘဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ် တို့ပါ ဆက်၍ပေါ်တက်သွားရာ ဤတေဇောဓာတ်ကမ္မဋ္ဌာန်းဖြင့်ပင် ဝိပဿနာဘုံ၊ အရိယာဘုံနှင့် နိဗ္ဗာန်ဘုံအထိ ရောက်ရှိပေါက်မြောက်သွားနိုင်တော့သည်ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## သီးခြားမှတ်ယူပွယ်

ဤဝေဒနာစာတ်မှာလည်း ရှေးပထဝီဓာတ်ကဲ့သို့ပင် ကြိယာပထအနေ သမ္ဘဇညအနေဟု ခန္ဓာကိုယ်အနေအထားတို့ကို ခွဲခြားသတ်မှတ်၍ ရှုပွားမှုကိုလည်း ခြားနား ပြင်ဆင်ပြီး ရှုပွားနေရမှု (မရှိတော့ပေ)။

မည်သည့်ခန္ဓာကိုယ်အနေအထားမျိုးနှင့်ဖြစ်စေ ရှုပွားလိုသော် 'လက္ခဏာ ဝေဒနာနှင့် ရသဝေဒနာ' သဘော၂-မျိုးမှ (ထင်ရာကိုသာ)ရှုပါလေ။

အထူးကား-ပစ္စုပ္ပန်ဝေဒနာသဘောတို့ကို ဝိပဿနာဉာဏ်အတွက် (ဘယ်အခါမှ မရှုပွားပါလေလင့်) ဝါ (မရှုပွားရ)ဟု မှတ်သားထားပါလေ။

## လင်္ကာဆောင်ပုဒ်

၁။ ပူအိုက် ချွေးထွက်၊ ကိုယ်ပျော့ညက်၊ သိကွက် ဝေဒနာစု။

၂။ ဝေဒနာသုံးချက်၊ ဆင့်ဆင့်တက်၊ ခွဲလျက် ဉာဏ်နှင့်ရှု။

၃။ အကျိုးဆက်စု၊ ခေါ်ပစ္စု၊ ပွားမှု ရှောင်ဖယ်ပြု။

## ရှင်းလင်းချက်

၁။ ပူ-အရ လက္ခဏာဝေဒနာ၊ အိုက်အရ-ရသဝေဒနာ၊ (ချွေး ထွက်, ကိုယ်ခန္ဓာ ပျော့မှု ညက်ညောမှု) အရ-ပစ္စုပ္ပန် ဝေဒနာဟုသိကွက် အနေနှင့် သိထားပါဟုဆိုလိုသည်။

၂။ နံပါတ်-၂ လင်္ကာပါ စာပုဒ်တို့သည် ဝေဒနာသုံးမျိုးတို့အတွက်(ကြောင်းကျိုး) အဖြစ်ဖြင့် အဆင့်ဆင့်တက်သွားပုံကို ခွဲခြားပြီးသိထားပါ ဟု ဆိုလိုသည်။

၃။ ဝေဒနာကြောင့်ပေါ်လာသော အကျိုးအဆက်ဆက်ဟူသမျှသည် ပစ္စုပ္ပန် ဝေဒနာအရတို့ဖြစ်၍ ၎င်းအကျိုးဆက် ဝေဒနာမျိုးတို့ကို ဝိပဿနာဉာဏ် ဖြစ်မှုအတွက် မရှုပွားပါလေနှင့်ဟု ဆိုလိုသည်။

ထိုလင်္ကာ ၃-ပုဒ်အရ ရှင်းလိုက်သော်-

ပူလို့ အိုက်လာသည်၊ အိုက်လို့ ချွေးထွက်လာသည်၊ ချွေးထွက်လို့ ခန္ဓာကိုယ် ပျော့မှု ညက်ညောမှုရှိလာသည်၊

၎င်း၌ ဝေဒနာစာတ်အဖြစ် ရှုလိုက်သော် 'ပူ'အရ- လက္ခဏာဝေဒနာကိုသာ အများဆုံးရှုပွားပါ၊ ထို့အပြင် 'အိုက်'အရ ရသဝေဒနာကိုလည်း ရှုနိုင်သေးသည်ဟူ၏။

သို့ရာတွင် ချွေးထွက်မှု ခန္ဓာကိုယ် ပျော့မှု ညက်မှုတို့အရသည် ပစ္စုပ္ပန် ဝေဒနာကိစ္စ ဖြစ်နေ၍ ၎င်းအကျိုးဆက် ပညတ်မှုတွေဖြစ်နေသော ချွေးထွက်မှု ပျော့ညက်မှုတွေကိုကား မရှုပွားပါနှင့်၊ (ဝါ) ရှုပွားရန်မဟုတ်ဟု ဆိုလိုသည်ဟူ၏။

ဤတွင် ကာယာနုပဿနာလာ ဝေဒနာစာတ်ကမ္မဋ္ဌာန်း ရှုပွားခန်းပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



## ကာယာနုပဿနာ
## အာပေါဓာတ် ရုပ် ကမ္မဋ္ဌာန်း စိစစ်ခန်း
### အာပေါ်အမျိုးမျိုး

အာပေါခေါ် ယိုဆင်းမှု စီးထွက်မှု ပြုတတ်သော ဓာတ်တို့သည် -

၁။ နိယမအာပေါ-
ရေမျိုးစုံဟူသော အာပေါဓာတ်မျိုး။

၂။ သ-သမ္ဘာရအာပေါ-
ပျားရည် တင်လဲရည်ဆိုင်ရာ အာပေါဓာတ်မျိုး။

၃။ ဣဒ္ဓိမယအာပေါ-
တန်ခိုးကြောင့်ပေါ်လာသော အာပေါဓာတ်မျိုး။

၄။ ဝိသဉ္စရအာပေါ-
ဖယောင်းရည် သံရည် ခဲရည် ရွှေရည် စသောလူလုပ်ယူရသော အာပေါဓာတ်မျိုး၊

၅။ ဝိသေသဟေတုဇအာပေါ-
အကြောင်းထူးကြောင့် ပေါ်လာသော အာပေါဓာတ်မျိုး။

၆။ ပုဗ္ဗဟေတုကအာပေါ-
ရှေးကံဟောင်းကြောင့် ပေါ်လာသော အာပေါဓာတ်မျိုး။

၇။ ကသိဏအာပေါ-
ကသိုဏ်းကွက်ရှိ အာပေါဓာတ်မျိုး။

၈။ နိမိတ္တအာပေါ-
ကသိုဏ်းမှ ရရှိသော အာရုံနိမိတ် အာပေါဓာတ်မျိုး။

၉။ သုပိနအာပေါ-
အိပ်မက်၌တွေ့ရှိသော အာပေါဓာတ်မျိုး။

၁၀။ ဝေါဟာရအာပေါ-
ရေဟုခေါ်ဆိုသော အမည်မျှ အာပေါဓာတ်မျိုး။

၁၁။ ကမ္မဇအာပေါ-
ကိုယ်၌ကံကြောင့်ဖြစ်လာသော အာပေါဓာတ်မျိုး။

၁၂။ စိတ္တဇအာပေါ-
ကိုယ်၌ စိတ်ကြောင့်ဖြစ်လာသော အာပေါဓာတ်မျိုး။

၁၃။ ဥတုဇအာပေါ-
ကိုယ်၌ ဥတုကြောင့်ဖြစ်လာသော အာပေါဓာတ်မျိုး။

၁၄။ အာဟာရဇအာပေါ-

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်၌ အစာကြောင့်ဖြစ်လာသော အာပေါဓာတ်မျိုး။

၁၅။ စတုဇအာပေါ-

ကိုယ်၌ အကြောင်း ၄-ခုကြောင့်ဖြစ်လာသော အာပေါဓါတ်မျိုး။

၁၆။ လက္ခဏာဒိအာပေါ-

လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်ဟူသော ပရမတ္ထသဘာဝကို ဖော်ပြသော အရည်ဓာတ်မျိုးခေါ် အာပေါဓာတ် စသည်တို့ဖြစ်၏။

## ရှင်းလင်းချက်

အထက်ပါ အာပေါခေါ် အရည်ဓာတ်မျိုးတို့သည် များစွာရှိကြစေကာ ဝိပဿနာဉာဏ် ပေါ်ထွက်ရေးအတွက်မှာ အာပေါဓာတ်အားလုံးကို ရှုပွားရသည် မဟုတ်ပေ။ အကြောင်းသော်ကား - ကာယနုပဿနာကိစ္စမျိုး ဖြစ်နေ၍ မိမိတို့ ကိုယ်ခန္ဓာနှင့် စပ်သော အာပေါဓာတ်တို့တွင် အောက်ပါအင်္ဂါ ၃-ချက်နှင့်ညီညွတ်သော အာပေါဓာတ်မျိုးကိုသာ ရှုပွားနိုင်လေသည်။

## အင်္ဂါ-၃-ပါး

၁။ အဇ္ဈတ္တကာယရှိ အာပေါဓာတ်ဖြစ်ရခြင်း။

၂။ ခဏတိုင်း၌တွေ့ရှိနိုင် ရှုပွားနိုင်သော အာပေါဓာတ်ဖြစ်ရခြင်း။

၃။ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်ဟူသော ပရမတ္ထသဘာဝကို ဖော်ပြပေးနိုင်သော အာပေါဓာတ်မျိုးဖြစ်ရခြင်း။

၎င်းအင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော အာပေါဓာတ်မျိုးကိုသာ ဝိပဿနာဘာဝနာဉာဏ် တည်ထောင်၍ ရနိုင်သောကြောင့်ဟူ၏။

ထို့ကြောင့် အထက်ပါ အာပေါဓာတ် (၁၆)မျိုးတို့တွင် အထက်တွင်ဖော်ပြသော အင်္ဂါ(၃)ပါးနှင့်ညီညွတ်သော အာပေါဓာတ်မျိုးကိုသာ နံပါတ် (၁၆)လာ လက္ခဏာဒိအာပေါဓာတ်အဖြစ်ဖြင့် ယူစွဲပြီး ရှုပွားရသည်ဟူ၏။

## လက္ခဏာဒိ အာပေါပုံစံ

## ပါဠိလို အာပေါကိစ္စ ၃-မျိုး

| | | | |
|---|---|---|---|
| အာပေါဓာတု | ၁။ ပဂ္ဃရဏ လက္ခဏာ | - | (လက္ခဏာပေါကိစ္စ) |
| | ၂။ ဗြူဟန ရသာ | - | (ရသအာပေါကိစ္စ) |
| | ၃။ သင်္ဂဟ ပစ္စုပဋ္ဌာနာ | - | (ပစ္စုပဋ္ဌာန အာပေါကိစ္စ) |

၁။ ပဂ္ဃရဏ သဘောကိုတွေ့လျှင် လက္ခဏာအာပေါကို တွေ့သည်။

၂။ ဗြူဟန သဘောကိုတွေ့လျှင် ရသအာပေါကို တွေ့သည်။

၃။ သင်္ဂဟ သဘောကိုတွေ့လျှင် ပစ္စုပဋ္ဌာနအာပေါကို တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ထပ်ဆင့်ရှင်းလင်းချက်

၁။ ပါဠိလို ပစ္စုရဏ ဗမာလို ယိုဆင်းမှု၊ စီးထွက်မှု၊ စိမ့်ထွက်မှု စသည်ကို တွေ့လျှင် လက္ခဏာအာပေါဓာတ်ကို တွေ့သည်ဟုဆိုသည်။

(ဝါ) အာပေါဓာတ်ဟုသိနိုင်သော အမှတ်အသားကို တွေ့သည်ဟုဆိုသည်၊

၂။ ပါဠိလို ဗြူဟန - ဗမာလို တိုးပွားမှု၊ စည်ကားမှု၊ ကြီးပွားမှု စသည်ကိုတွေ့လျှင် ရသအာပေါဓာတ်ကိုတွေ့သည်ဟု ဆိုသည်။ (ဝါ) အာပေါဓာတ်၏ အခြေအနေကို တွေ့သည်ဟုဆိုသည်။

၃။ ပါဠိလို သင်္ဂဟ - ဗမာလို ဖွဲ့ပေးမှု၊ စည်းနှောင်မှု၊ ချုပ်ထိန်းမှု စသည်ကိုတွေ့လျှင် ပစ္စုပဋ္ဌာနအာပေါဓါတ်ကို တွေ့သည်ဟုဆိုသည်။ (ဝါ) အာပေါဓာတ်၏ အစွမ်းသတ္တိတွေ ရုပ်လုံးဖော်ပြနေပုံကိုတွေ့သည်ဟု ဆိုသည်။

## အာပေါကိစ္စ (၃)မျိုး အကျယ်ဖော်ပြချက်

**(က) လက္ခဏာအာပေါ၏ ပဂ္ဃရဏကိစ္စများ–**

ယိုဆင်းမှု၊ စိမ့်ထွက်မှု၊ စီးထွက်မှု၊ စိုထိုင်းမှု၊ အရည်ပျော်မှု၊ ပြင်းကွဲမှု၊ ပျော့ခွေမှု စသောသဘောများ။

**(ခ) ရသအာပေါ၏ ဗြူဟန ကိစ္စများ–**

တိုးပွားမှု၊ စည်ကားမှု၊ စိမ်းစိုမှု၊ လန်းဆန်းမှု၊ ကြီးထွားလာမှု၊ ပြန့်ကျယ်မှု နှံ့သွားမှု၊ အင်အားပြည့်မှု၊ လျှံလေမှု၊ အရည်ထွက်မှု၊ အရည်ကြွလာမှု စသောသဘောများ။

**(ဂ) ပစ္စုပဋ္ဌာနအာပေါ၏ သင်္ဂဟကိစ္စများ–**

ဖွဲ့ပေးမှု၊ စည်းနှောင်မှု၊ ချုပ်ထိန်းမှု၊ အသံတိတ်မှု၊ ပူးစပ်ပေးမှု၊ စုရုံးမှု၊ အချင်းချင်းတွဲနေမှု၊ ပေါင်းဖက်မှု၊ တစ်လုံးတစ်စည်းတည်း တည်ရှိမှု၊ မပြိုမကွဲတည်နေမှု တဆက်တည်းနေမှု၊ အကြားအပေါက် ကွယ်သွားမှု၊ သဏ္ဍာန်အဖြစ် ပေါ်ထွက်လာစေမှု စသော သဘောများ။

## မှတ်လွယ်ရန် ဆောင်ပုဒ်လင်္ကာများ

၁။ လက္ခဏာနှင့် ရသတစ်တန်၊ ပစ္စုပဋ္ဌာန်၊ သုံးတန် အာပေါဓာတ်။

၂။ ယိုဆင်း စိမ့်ထွက်၊ ရည်ပျော်ချက်၊ ခေါ်မြွက် လက္ခဏာဓာတ်။

၃။ တိုးပွား စည်ကား၊ စိမ့်စိုထွား ခေါ်ကြားရသဓာတ်။

၄။ ဖွဲ့စည်း ချုပ်စပ်၊ ပူးတွဲကပ်၊ ခေါ်လတ် ပစ္စုမှတ်။

## အာပေါဓာတ်ကပဋ္ဌာန်းရပ်ပွားရန် ခက်ခဲပုံ (၃)ရပ်

အာပေါဓာတ်သည် ဓာတ်ကြီးလေးပါးအနက် (အသိမ်မွေ့ဆုံးဓာတ်ဖြစ်၍) ၎င်း ကိုသိရှိရန် အခက်(၃)ရပ် ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခက်(၃)ရပ်ကား-

၁။ စာပေအနေဖြင့်သိရန် ခက်ခဲပုံတစ်ရပ်၊

၂။ ပင်ကိုအနေဖြင့်သိရန် ခက်ခဲပုံတစ်ရပ်၊

၃။ ဘာဝနာဉာဏ်အနေဖြင့် သိရန်ခက်ခဲပုံတစ်ရပ်ဟု ပေါင်း ၃-ရပ်ဖြစ်၏။

## ရှင်းလင်းချက်

၁။ စာပေအနေဖြင့် သိရန်ခက်ခဲပုံကား-စာပေနယ်၌ အာပေါဓာတ်သည် ရုပ်ဓမ္မ ဖြစ်သော်လည်း အလွန်သိမ်မွေ့လှသဖြင့်-

က။ သုခုမရုပ် - နူးညံ့ မြင်သိခဲသော ရုပ်မျိုး။

ခ။ ဒူရေရုပ် - သိရှိရန် ဝေးကွာသော ရုပ်မျိုး။

ဂ။ အပ္ပဋိဃရုပ် - စမ်းသပ်၍ မရကောင်းသော ရုပ်မျိုး။

ဃ။ အဖောဋ္ဌဗ္ဗရုပ် - တွေ့ထိ၍ မရနိုင်သော ရုပ်မျိုး။

င။ အနိဒဿနရုပ် - မမြင်နိုင်သော ရုပ်မျိုးဟုဆိုထား၍ စာပေအနေဖြင့်ပင် သိရှိရန် ခက်ခဲပြန်လေသည်။

၂-က။ ပင်ကိုယ်အနေဖြင့် သိရှိရန်ခက်ခဲပုံကား - ယင်းအာပေါဓါတ်သည် ဓာတ်ကြီး ၄-ပါးတွင် ပါဝင်နေသော်လည်း တွေ့ထိ၍ သိနိုင်သော ဖောဋ္ဌဗ္ဗရုပ်စာရင်းတွင် ပထဝီ၊ တေဇော၊ ဝါယောဟူသော ကျန်ဓာတ်ကြီး ၃-ပါးတို့သာ ပါဝင်ကြပြီး အာပေါဓာတ် တစ်ခုတည်းသာ မပါဝင်ဘဲရှိနေသဖြင့် လူများစု သိနိုင်ရာ - တွေ့ထိမှ သိနိုင်သော ဖောဋ္ဌဗ္ဗရုပ်စာရင်းမှ လွတ်ထွက်သွားခဲ့၍ ကာယဝိညာဏ်စိတ်မျိုးဖြင့် မသိနိုင်ပုံတစ်ချက်။

ခ။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ဟူသော အာရုံ (၅)ပါးတို့တွင် မပါဝင်ဘဲဖြစ်နေပြန်၍ ပဉ္စဒွါရဆိုင်ရာ ပဉ္စဝိညာဏ်မျိုးဖြင့် မသိနိုင်သော (ရုပ်ဝိသေသ) ဖြစ်နေပုံတစ်ချက်။

ဂ။ မနောဒွါရဆိုင်ရာ မနောဝိညာဏ် တစ်မျိုးဖြင့်သာ သိနိုင်တော့ပုံတစ်ချက်- ယင်းသို့ ပင်မဓာတ်ကြီး (၄)ပါးစာရင်းဝင် မဟာဘုတ်ရုပ်ကြီးဖြစ်ပါလျက် (သိရှိရေး၌-သိမ်မွေ့လှသဖြင့်) ပကတိပင်ကိုယ် အနေအားဖြင့်ပင် သိရှိရန် ခက်ခဲသော (ဓာတ်ထူး၊ ရုပ်ထူး) ဖြစ်နေလေသည်။

ထို့ကြောင့် စာပေတို့၌ ဆိုထားကြသည်မှာ-

၁။ သင်္ဂဟအဋ္ဌကထာ၌-

အာပေါဓာတု ဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရ ရူပံ နာမ ဟူ၍လည်းကောင်း၊

၂။ နာမစာရ ဒီပက အဋ္ဌကထာ၌-

ဖောဋ္ဌဗ္ဗမာပဝဇ္ဇိတ္တံ ဘူတေတရ မဖောဋ္ဌဗ္ဗံ ဟူ၍၎င်း၊

www.burmeseclassic.com

www.burmeseclassic.com



၃။ ဝိဘာဝနီ ဋီကာ၌-

အာပေါဓာတုယာ သုခုမ ဘာဝေန ဖုသိတုံ အသက္ကု နေယျတ္တာ ဝုတ္တံဟူ၍ဝင်း ညွှန်ပြကြကုန်လေ၏။

**အဝိပ္ပာယ်ကား**

နံပါတ်(၁)အရ အာပေါဓာတ်ကိုဖယ်၍ ကျန်ဘူတရုပ် ၃-ခုသည် ဖောဋ္ဌဗ္ဗရုပ်လည်း မည်၏၊ ဂေါစရရုပ်လည်း မည်၏ဟုဆိုသည်။

နံပါတ်(၂)အရ အာပေါဓာတ်ကိုဖယ်၍ ကျန်ဘူတရုပ် ၃-ခုသည် ဖောဋ္ဌဗ္ဗရုပ်မည်၍ အာပေါကား (အဖောဋ္ဌဗ္ဗရုပ်)မည်၏ဟုဆိုသည်။

နံပါတ်(၃)အရ အာပေါဓာတ်သည် နူးညံ့လှသဖြင့် (တွေ့ထိဖို့ရန် မစွမ်းနိုင်သောကြောင့်) အာပေါ ဓာတုဝိဇ္ဇိတံ စသည်ကို သင်္ဂဟအဋ္ဌကထာမှာ ဆိုထားသည်ဟု ညွှန်ပြလေသည်။

ဤကား ပင်ကိုယ်အနေအားဖြင့် သိရှိရန်ခက်ခဲပုံတည်း၊

၃။ ဘာဝနာဉာဏ်အနေအားဖြင့် သိရှိရန်ခက်ခဲပုံမှာ-

ရှေ့ ဓာတ်ကြီး ၃-ပါးတို့သည် အကောင်အထည်အနေ ပေါ်လာနိုင်ဖို့ရန်နှင့် လက္ခဏကိစ္စ၊ ရသကိစ္စ ပစ္စုပဋ္ဌာနကိစ္စတွေကို ထင်ရှားစွာဖော်ပြနိုင်ဖို့ရန်မှာ ဤအာပေါဓာတ်အပေါ်မှာ တည်နေကြသဖြင့် အာပေါဓာတ်ကင်းက အထက်ပါ ဓာတ်ကြီး ၃-ပါးကိုသိနိုင်ရန် မစွမ်းနိုင်ကြတော့ကုန်။

ဥပမာ ပထဝီဓာတ်၏ 'မာမှုကိစ္စ' ပေါ်ထွက်နိုင်ခြင်းသည် ဓာတ်မှုန့်တစ်ခုစီသာဖြစ်နေက မာမှုအနေသို့ မရောက်နိုင် မပေါ်ထွက်နိုင်ရှိနေရာ မာမှုအနေသို့ရောက်နိုင်အောင် ယင်းဓာတ်မှုန့်တစ်ခုစီ ဖရိုဖရဲကြဲနေသည်ကို အာပေါဓာတ်က ဖွဲ့စည်း ပူးတွဲ၍ ပေးလိုက်မှ မာမှုတစ်ခု ပေါ်ထွက်၍ ရနိုင်ပုံတစ်ချက်။

ထို့ပြင် ဝါယောဓာတ်၏ 'တွန်းမှု' တစ်ခုပေါ်ထွက်လာနိုင်အောင်လည်း တွန်းမှု အစိတ်စိတ်တို့ကို အာပေါဓာတ်က ဖွဲ့စည်းပူးတွဲ၍ ပေးလိုက်မှ 'တွန်းမှုကြီးတစ်ခု' ပေါ်ထွက်၍ လာနိုင်ပုံတစ်ချက်၊

ထို့ပြင် တေဇောဓာတ်၏ "ပူမှု" တစ်ခု ပေါ်ထွက်လာနိုင်အောင်လည်း ပူမှု အသေးစိတ်တို့ကို အာပေါဓာတ်က ဖွဲ့စည်း၊ ပူးတွဲ၍ ပေးလိုက်မှ "ပူမှုကြီးတစ်ခု" ပေါ်ထွက်၍ လာနိုင်ပုံ တစ်ချက်။

ယင်းသို့ ကျန်ဓာတ်ကြီး ၃-ပါးတို့သည် အသီးအသီးအနေ ဖော်ပြလာနိုင်အောင်မှာ ဤအာပေါဓာတ်က အတွင်းမှနေပြီး ဖွဲ့စည်းချယ်လှယ်၍ ဆောင်ရွက်ပေးနေချိန်မှသာလျှင် ကျန်ဓာတ်ကြီး ၃-ပါးတို့၏ လက္ခဏသဘော၊ ရသသဘော၊ ပစ္စုပဋ္ဌာန သဘောကိစ္စတို့သည် ထင်ရှားလာနိုင်တော့၍ ဓာတ်ကြီး ၃-ပါးတို့၏ အတွင်း၌ (ငုပ်၍၊ လျှို့ဝှက်၊ ဖုံးကွယ်နေသော) အာပေါဓာတ်တို့ ဘာဝနာဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



အမြင်ဖြင့် အသုံးပြုပြနိုင်ရေးအတွက် ပို၍ခက်ခဲသည်ဟု ဆိုပေသည်။

## ဘွဲ့ထူးရဆရာတော်ကြီး တစ်ပါး၏အဆို

အထက်ပါခက်ခဲမှုတွေကို ရိပ်မိသဖြင့် (အမည်မဖော်လို) နိုင်ငံကျော် ကမ္ဘာကျော်(ဘွဲ့ထူးရ) ဗမာပြည်ဖွား ဆရာတော်ကြီးတစ်ပါးက (အာပေါဓာတ်ကို ဘာဝနာမရှုကောင်းဟုပင် အတိအလင်း ရေးသားကြော်ငြာသွားတော့သည်။ ထို နာမည်ကျော် ဆရာတော်ဘုရားကြီး၏အလိုကို ဤစာရေးသူသည် သုံးသပ်မိသည်မှာ အာပေါဓာတ်ကို သိရေး၌-

၁။ စိန္တာမယဉာဏ်အမြင်မှာပင် ခက်နေသဖြင့် ဘာဝနာမယဉာဏ် အမြင်မှာကား ဆိုဖွယ်မရှိ ပို၍ပင်ခက်ခဲတော့မည်ဟု ယူဆသွားပုံတစ်ချက်။

၂။ ထိုဆရာတော်ဘုရားကြီး၏ စာတို့တွင် ဓာတ်ကြီး ၄-ပါးတို့ကို ဖော်ပြသောနေရာတိုင်းမှာပင် (ဘာဝနာဉာဏ်ဟူ၍ လုံးဝမပါရှိဘဲ) စိန္တာမယ-ခန့်မှန်းခြေ သက်သက်ဖြင့်သာ ဝေဝေဆာဆာ ဝေဖန်တင်ပြသွားသည်ကိုသာ တွေ့ရပုံတစ်ချက်။

ယင်း ၂-ချက်တို့ကြောင့် ထို နိုင်ငံကျော် ဆရာတော်ဘုရားကြီးသည် အာပေါဓာတ်အတွက် ဘာဝနာဉာဏ်နယ်သို့ လှမ်းတက်ရန် (မစွမ်းနိုင်တော့သဖြင့်) လက်လျှော့ နောက်ဆုတ်ကာ စာပေနယ်နှင့် စိန္တာမယနယ်သို့ ကိုယ်တိုင်လျှော့ချ သက်ဆင်းသွားရုံမကတော့ဘဲ ဗမာပြည်ဘွား လူအများတို့ကိုပင် (အာပေါဓာတ်ကို ဘာဝနာမရှုပွားကောင်း)ဟု စာတမ်းစီပြီး တိုင်းပြည်ကို ကြော်ငြာသွားရှာခြင်း ဖြစ်တော့သည်။

## ဤကျမ်းဆရာ၏ အလို

ပထဝီစသော အခြားဓါတ်ကြီး (၃)ပါးတို့ကို လက္ခဏ၊ ရသသဘော (၂) မျိုးကို မူတည်ရှုပွားရပုံ ဉာဏ်စဉ်အဆင့်ဆင့် ပေါ်ထွက်ပုံတို့ကို ရှေ့၌တင်ပြခဲ့သည့်အတိုင်း လက်တွေ့ ပွားများဖူးသူ ပေါက်မြောက်ဖူးသူမှန်လျှင် အာပေါဓာတ်ကိုလည်း ဘာဝနာဉာဏ်ဖြင့် ပွားများရန် စွမ်းနိုင်ပေတော့သည်။

ယင်းသို့ ဓာတ်ကြီး(၄)ပါးလုံးကို ဘာဝနာဉာဏ်စစ် ပေါက်မြောက်သူမှန်လျှင် အာပေါဓာတ်ကို ဘာဝနာဉာဏ်မပွားသင့်ဟု (ရေးမိမည်၊ ရေးဝံ့မည်)မဟုတ်ဟု ယူဆမိပေသည်။

ထို့ထက် လေးစားဖွယ်အချက်တို့ကား-

၁။ မဟာသာဝကစာရင်းဝင် အရှင်ကစ္စာယနမထေရ်တို့ပင် ဓာတ်ကြီး (၄)ပါးလုံးကို ဘာဝနာရှုပွားထိုက်ကြောင်း ဟောချက်တွေ ပဏ္ဏာသပါဠိတော် အထပ်ထပ် ရှိနေခြင်းတစ်ရပ်။

၂။ ဖော်ပြပါ မထေရ်တို့ထက် အဆင့်အတန်းမြင့်သော အဂ္ဂသာဝကဘွဲ့ထူးခံ ဓမ္မသေနာပတိ အရှင်သာရိပုတ္တမထေရ်မြတ်ကြီးပင် (ဓာတ်ကြီး ၃-ပါးမဟုတ်ဘဲ)

www.burmeseclassic.com

www.burmeseclassic.com



ခတ်ကြီး ၄-ပါးလုံးကို ဘာဝနာရှုပွားရန် ဟောညွှန်ချက်ပါဠိတော်တွေ အထပ်ထပ်ရှိနေခြင်းတစ်ရပ်။

၃။ ထို့ထက်ခိုင်လုံသည်မှာ- သဗ္ဗညုတ ဘွဲ့ထူးတော်ရထားသော ဘုရားရှင်ကိုယ်တော်တိုင်ကပင် (ဓာတ်ကြီး ၃-ပါးမဟုတ်ဘဲ) ဓာတ်ကြီး (၄)ပါးလုံးကိုပင် ရှုပွားကမဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်အထိ ရနိုင်ကြောင်းကို ဒီဃနိကာယ်၌ရင်း မဇ္ဈိမနိကာယ် ၌လည်းကောင်း၊ သံယုတ္တနိကာယ်၌လည်းကောင်း၊ အင်္ဂုတ္တရနိကာယ်၌လည်းကောင်း၊ ခုဒ္ဒကနိကာယ်၌လည်းကောင်း၊ သုတ်ပေါင်းများစွာတို့ကို အထပ်ထပ်ဟောညွှန်တော်မူ ထားသဖြင့် (အာပေါဓာတ်ကို မရှုပွားကောင်းဟု) မပြောထိုက်မညွှန်ကြားထိုက်ပေ။

ဥပမာ- ခန္ဓာ(၅)ပါးတို့ကို နိစ္စအနေ၊ အတ္တအနေဖြင့် မရှုပွားကောင်း မရှုပွားထိုက်သလို အာပေါဓာတ်ကိုလည်း ဘာဝနာဉာဏ်အနေဖြင့် မရှုပွားကောင်း မရှုပွားထိုက်ဖြစ်နေပါက- ဗုဒ္ဓနှင့်တကွ အဂ္ဂသာဝက မဟာသာဝကဘွဲ့ထူးခံ ရဟန္တာ မထေရ်မြတ်တို့သည်လည်း အာပေါဓာတ်ကို ချန်လှပ်ပြီး ကျန်ဓာတ်ကြီး (၃)ပါးကိုသာ ဘာဝနာဉာဏ် ရှုပွားထိုက်သည်ဟု ဟောကြားဖို့လိုပေလိမ့်မည်။

သို့ရာတွင် အာပေါဓာတ်ကို ချန်လှပ်ထားရန် ဘယ်ဒေသနာတော်မှာမှ အရိပ်အမြွက်မျှပင် မတွေ့ရှိခဲ့ဖူးပေ၊ တစ်ဆင့်သံလည်း မကြားမိဖူးပေ၊ ထိုဆရာတော်ဘုရားကြီးတစ်ပါး၏ အယူကိုသာ တွေ့ရဖူးပေသည်။

အကယ်၍ အာပေါဓာတ်ကို ဘာဝနာဉာဏ်မရှုပွားကြနှင့်၊ ချန်လှပ်ထားရမည်ဟု ဟောကြားချက်ရှိခဲ့လျှင် ယခင်ဟောကြားထားပြီးဒေသနာတို့သည် ပျက်ပြယ်ပြီး ဖြစ်ကြရတော့မည်။

ထိုသို့ ပျက်ပြယ်မှုဝင်လာပါက သဗ္ဗညုတဘုရားရှင်ဟူသော ဂုဏ်သိက္ခာကိုထိပါးသွားပေတော့မည်။

## မည်သည့်လမ်းကို လိုက်ကြမည်နည်း

ယင်းသို့ အရေးကြီးသော အချက်ကြီးဖြစ်နေ၍ စာရှုသူပညာရှင်တို့သည် ထို အမည်မဖော်လိုသော နိုင်ငံကျော်ဆရာတော်ကြီး၏ မိန့်ခွန်းဝါဒတော်နှင့် ဗုဒ္ဓနှင့်တကွ အဂ္ဂသာဝက မဟာသာဝက ရဟန္တာအရှင်မြတ်ကြီးတို့၏ ဝါဒတော် (၂)ရပ်အနက် မည်သည့်ဝါဒက လျော်ကန်မည်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထောက်ဆပြီး တိမ်းပါးမှုမရှိစေရန် ဝေဖန်တင်ပြအပ်ပေသတည်း။

## အာပေါဓာတ်၏ လက္ခဏာ၌ မှတ်ဖွယ်တစ်ရပ်

အဋ္ဌကထာဆရာသည် အာပေါ၏ လက္ခဏာကို (၂)မျိုးပြထားလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ယင်း (၂)မျိုးကား ၁။ ပဋ္ဌရဏာလက္ခဏာ အာပေါဓာတု
၂။ အာဗန္ဓန လက္ခဏာ အာပေါဓာတုဟု ပေါင်း (၂)မျိုး ပြထား၏။

## ရှင်းလင်းချက်

အာပေါဓာတ်သည် အစိုနှင့် အခြောက်ဟု ၂-မျိုးကွဲပြားလေရာ ယင်း 'အစို' နှင့် 'အခြောက်'ဟု သဘောကိုလိုက်၍ အာပေါ၏ လက္ခဏာသည်လည်း ၂-မျိုး ခြားနားသွားတော့သည်။

## ပုံစံကား

၁။ ဆီ၊ ပျားရည်၊ တင်လဲ စသော ဗဟိဒ္ဓရှိ စိုထိုင်းသော အရာဝတ္ထုမျိုး၌လည်းကောင်း၊ တံတွေး၊ နှပ်၊ သလိပ်စသော အဇ္ဈတ္တရှိ စိုထိုင်းသော အရာဝတ္ထုမျိုး၌လည်းကောင်း 'ပဋ္ဌရဏာ လက္ခဏာ' ထင်ရှားလေသည်။

၂။ အုတ်ခဲ၊ ကျောက်ခဲ၊ သစ်သားခြောက်၊ အဝတ်စက္ကူစသော ဗဟိဒ္ဓရှိ ခြောက်သွေ့သော အရာဝတ္ထုမျိုး၌လည်းကောင်း၊ လက်သည်း ခြေသည်း သွားအစရှိသော အဇ္ဈတ္တရှိ ခြောက်သွေ့သော အရာဝတ္ထု၌လည်းကောင်း 'အာဗန္ဓနလက္ခဏာ' သည် ထင် ရှားလေသည်။

## အချုပ်သိမှတ်ဖွယ်

ယင်းသို့ လက္ခဏာ (၂)မျိုး ကွဲလွဲနေစေကာ အာပေါဓာတ်၏ ကိစ္စ(ဝါ) လုပ်ငန်းကား အခြားဓာတ်ကြီး (၃)ပါးတို့ ထွားကျိုင်း ပေါ်ထွက်လာနိုင်အောင် (ပွား စည်းပေးခြင်း၊ ဖွဲ့နှောင်ပေးခြင်း) ကိစ္စ (၂)ရပ်ကိုပင် ဆောင်ရွက်နေသောကြောင့် အထက်ပါလက္ခဏာ (၂)မျိုးလုံးပင် 'သက်ဝင်တည်ကိန်းလျက်ရှိနေသည်'ဟု မှတ်သား သဘောပေါက်ပါလေ။

## အာပေါဓာတ်ကို ရှုပွားရန် လေ့လာခန်း

အာပေါဓာတ်ကို စိန္တာမယကိစ္စနှင့် သမထဘာဝနာကိစ္စတို့အတွက်မဟုတ်ပဲ ဝိပဿနာဘာဝနာဉာဏ်ကိစ္စအတွက် ရှုပွားလိုသော ယောဂီပုဂ္ဂိုလ်သည် အောက်ပါ အရည်အချင်းသုံးခုတို့နှင့် ပြည့်စုံအောင် ဦးစွာကြိုတင်၍ လေ့လာကျင့်သုံးထား ရသည်။

## အရည်အချင်း (၃)ခု

၁။ ပထဝီ, တေဇော, ဝါယော, ဟူသော ဓာတ်ကြီး (၃)ပါးတို့ကို အထက်တွင် အပြည့်အစုံ ညွှန်ပြခဲ့သည့်အတိုင်း တစ်ခုစီခွဲ၍ ဝိပဿနာဉာဏ် ၁၁-တန်မြောက် ဖြစ်သော၊ (သင်္ခါရုပေက္ခာဉာဏ်အထိ) ပေါက်မြောက်အောင် ဦးစွာ ပွားများ ယူထားပြီးသူ ဖြစ်နေစေရမည်။

၂။ ဓာတ်တစ်ပါးအပေါ်၌ သိရှိရမည့် ဝိပဿနာ ဘာဝနာဉာဏ်ကိစ္စတွေ မပြီး

www.burmeseclassic.com

www.burmeseclassic.com



မချင်း အခြားဓာတ်တစ်ပါးကို ကူးပြောင်းပြီး မပွားရပေ။

၃။ ယင်း ပထဝီ, တေဇော, ဝါယော, ဟူသော ဓာတ်ကြီး (၃)ပါးလုံး၌ ဝိပဿနာ ဘာဝနာဉာဏ်တွေ ကျေပွန်စွာ ပေါက်မြောက်ပြီးချိန်မှသာ အာပေါဓာတ်ကို ရှုပွားရန် လေ့လာအားထုတ်ပါ။

ထိုအရ ဤအထက်ပါ ဓာတ်ကြီး (၃)ပါးလုံးကို သခ်ီရုပေက္ခာဉာဏ်အထိ မပေါက်မြောက်ဖူးသေးလျှင် ဤအာပေါဓာတ်ကိုပွားများရန် (မလွယ်ကူဟု) သိထားပါလေ။

အာပေါဓာတ်ကို ရှုပွားနိုင်ရေးသည် ဓာတ်ကြီး(၃)ပါး ပေါက်မြောက်ထားချက် ပေါ်မှာသာ အခြေတည်နေလေသည်။

ထို့ကြောင့် ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံထားပြီး ယောဂီတို့သည် အာပေါဓာတ်ကို ရှုပွားလိုသော် အောက်ပါအတိုင်း ရှုပွားရတော့သည်။

## အာပေါဓာတ်-ရုပ်ကမ္မဋ္ဌာန်းရှုပွားခန်း

၁။ လေ့လာထားပြီး ပထဝီဓာတ်ကို အခြေခံထား၍ အာပေါဓာတ်ကို ရှုပွားပုံ

၁။ ဥပမာ - သွားခိုက်၊ ထိုင်ခိုက် တစ်မျိုးမျိုး၌တွေ့နိုင်သော မာမှု တင်းမှုခေါ် လက္ခဏာပထဝီတစ်ခုခုကို တွေ့လာအောင် ဦးစွာသုံးသပ်ပါ။

၂။ ယင်းသို့ တွေ့လာခဲ့သော ၎င်း မာမှု တင်းမှုကို အာရုံအဖြစ် ထားရှိနိုင်အောင် ဆက်၍ အသိကပ်ကာ ရှုပွားနေပါ စူးစိုက်နေပါ။

၃။ ယင်းမာမှု တင်းမှုတို့ ထင်ရှားလာခဲ့သော်၎င်း မာမှုနှင့် တင်းမှုတို့အပေါ်မှာ အထက်တွင် ဖော်ပြခဲ့သော အာပေါဓာတ်၏ ကိစ္စ ၃-မျိုးထဲမှ-

(က) အာဗန္ဓန ခေါ်လက္ခဏာ အာပေါဓာတ်၏ ကိစ္စဖြစ်သော (တွဲစပ်မှု စုရုံးမှု ဖွဲ့နှောင်မှုသဘောကို) ဖြစ်စေ၊

(ခ) ဗြူဟနခေါ် ရသအာပေါဓာတ်၏ ကိစ္စဖြစ်သော (ပွားစည်းမှု၊ ပြန့်ကျယ်မှုသဘောကို) ဖြစ်စေ၊

၎င်းသဘော (၅)မျိုးထဲမှ အသိ၌ ပေါ်လွင်ရာ(တစ်မျိုးမျိုးကို)မူလ အာရုံအဖြစ်ဖြင့် ရှုပွားထားသော မာမှု, တင်းမှု အပေါ်မှာ ထပ်ပြီးသုံးသပ်ပေးပါ။

၄။ ထိုအခါ မူလအခံ အာရုံအဖြစ်ဖြင့် ရှုပွားထားသော မာမှု တင်းမှုတို့သည် ပို၍ပို၍ ပွားတိုးလာ ပြန့်ကျယ်လာသည်ကိုလည်း တွေ့ပေမည်။ သို့မဟုတ် မာမှု တင်းမှုတို့သည် စုရုံးလာ ဖွဲ့စပ်ထားသည်ကိုလည်း တွေ့လာပေလိမ့်မည်။

၅။ ထိုအခါ အသိ၌ ထင်ရှားရာကို (ဝါ) အထင်ရှားဆုံးအရာကိုသာ အသိကပ်ပြီး စူးစိုက်ရှုပွားနေပါ။

www.burmeseclassic.com

www.burmeseclassic.com



၆။ ဥပမာ-မာမှု တင်းမှုတွေ တဖြေးဖြေးပြန့်ကျယ်လာသည်ကို တွေ့နေသည် ဆိုပါစို့၊ ယင်းမာမှု တင်းမှုဟူသော ပထဝီဓာတ်တွေသည်ပြန့်ကျယ်လာမှုခေါ် အာပေါဓာတ်က ဆောင်လာနေတော့သဖြင့် ခန္ဓာတစ်ကိုယ်လုံးသို့ 'မာမှု, နှင့် တင်းမှုတွေသည် ပျံ့နှံ့လွှမ်းမိုးလာသည်ကို တွေ့ရပေလိမ့်မည်၊ ယခင်အချိန်မှာ ပထဝီဓာတ်အနေဖြင့် ရှုပွားရာတွင် မာမှု, တင်းမှုအပေါ် မှာ ပထဝီသဘောတစ်မျိုးမျိုးကိုသာ 'သိမှု' ကပ်နေလေသည်။ ယခုမူကား ယင်းမာမှု တင်းမှုခေါ် ပထဝီသဘောနှင့်တကွ ယင်း မာမှု, တင်းမှုတို့၏ ပျံ့နှံ့မှု, ပွားတိုးမှု, ဟူသော အာပေါဓာတ်သဘောကိုပါ သိမြင်လာတော့သည်ကို သတိပြုရာ၏။

၇။ ထိုအခါ မာမှု တင်းမှုခေါ် ပထဝီသဘောတွေ၏ ပြန့်ကျယ်သွားမှု ပွားတိုးသွားမှုဖြစ်ရခြင်းသည် အာပေါကြောင့်သာ ဖြစ်ရပါတကားဟူ၍ရင်း၊ အာပေါသာ မရှိခဲ့ပါလျှင် တစ်ကိုယ်လုံးသို့ မာမှုတွေ ပြန့်နိုင်ဖို့ကိုမဆိုထားဘိ၊ တစ်နေရာထဲမှာပင် (မာမှုကြီးတစ်ခုအဖြစ်) ပေါ်လာနိုင်အောင် မဖြစ်နိုင်ပါကကားဟူ၍ရင်း သိလာပေလိမ့်မည်။

၈။ ထို့နောက် မာမှု တင်းမှုတွေ တွေ့လိုက်၊ ပြန့်ကျယ်ထွက်သွားလိုက် ပျံ့မှုတွေ ဖွဲ့စပ်သွားလိုက်ကိုပါ သိလာပေလိမ့်မည်။

BURMESE CLASSIC .com

## ဝိပဿနာဉာဏ် ဝင်လာပုံ

၉။ ထို့နောက် မာမှု တင်းမှုတွေ ပြန့်ကျယ်ထွက်နေမှုနှင့် ၎င်းတို့ ပြန့်နေသမျှကို မလွတ်တမ်း ချက်တိုင်းချက်တိုင်း သိသိလိုက်နေသော (အသိနှင့် ပျံ့နှံ့ကူးဆက်မှု ၂-မျိုးတို့သည်သာ) အလုပ်လုပ်နေသလို တွေ့နေရတော့သည်၊ ထိုအခိုက်ကို ရူပနှင့် နာမပရိစ္ဆေဒဉာဏ်ဟုဆိုသည်။

၁၀။ ထို့နောက် စုပေးဖွဲ့ချုပ်ပေးတတ်သော အာပေါသဘောကြောင့် သိနိုင်လောက်သော မာမှုကြီးနှင့် တင်းမှုကြီးတွေကို တွေ့ရသည်ဟူ၍ရင်း၊ ယင်းပေါ်လာ ဖြစ်လာသော မာမှု, တင်းမှုကြီးသည် ဖြန့်ပေးနိုင်သော အာပေါကြောင့်ပင် ပြန့်ပွားသွားရသည်ဟူ၍ ရင်း သိမှုတွေပေါ်လာတတ်တော့သည်။ ထိုအခိုက် ပစ္စယပရိဂ္ဂဟဉာဏ်ဟု ခေါ်သည်။

၁၁။ ထို့နောက် မာမှု တင်းမှုသေးသေးတွေက မာမှု, တင်းမှု ကြီးကြီးတွေဖြစ်လာပုံနှင့် ယင်းမာမှုကြီးကထပ်၍ ကြီးသွား ပြန့်ကျယ်သွားပုံတို့သည် အတွင်းဘက်တွင်မကတော့ဘဲ အပြင်ဆက်၍ ထိစပ်ရာ အဝတ်, တိုင်, နံရံ, အခင်းစသည်တို့၌ပါ တွေ့ရှိလာတော့သည်၊ ထိုအခိုက် သမ္မသနဉာဏ်ဟု ခေါ်သည်။

၁၂။ ထို့နောက် ယင်းသို့ သိဖွယ်ကိစ္စတွေ များလာသလောက် သိမှုကိစ္စတွေwww.burmeseclassic.com

www.burmeseclassic.com



လည်း များလာတော့၍ ၎င်းကို ရှုပွားရ သိနေရသောဉာဏ်တို့ကြောင့် ဆင်းရဲရမှုနှင့် ၎င်းတို့မှာ အမာခံရှာမရမှုဟူသော အနတ္တသဘောတို့နှင့်တကွ ပေါ်လာသမျှ ကိစ္စတို့သည် ပျောက်လိုက်, ပေါ်လိုက်လိုလိုရှင်း၊ အသစ်နှင့် အဟောင်းလိုလိုရှင်း ထင်လာတွေ့လာတော့သည်။

ထိုအခိုက် ဥဒယဗ္ဗယဉာဏ်ဟု ခေါ်သည်။

၁၃။ ထို့နောက် ပေါ်လာသမျှ မာမှု တင်းမှု၏ ပြန့်နှံ့ရေးကိစ္စ၊ ကူးစက်ရေးကိစ္စ တို့သည် တဖြည်းဖြည်း ပျက်ပျက်လာ၊ ပြိုပြိုလာ၊ ကုန်ကုန်လာသည်ကို တွေ့လာတော့သည်။

ထိုအခိုက် ဘင်ဂဉာဏ်ဟု ခေါ်သည်။

၁၄။ ထို့နောက် ပေါ်လာသမျှ တွေလာသမျှတို့မှာ ပျက်မှုပြိုမှုနှင့်ကုန်မှုကိစ္စမှာသာ ဆုံးဆုံးသွားတော့သဖြင့် မှီတွယ်ထောက်တည်စရာ ကင်းလာပုံ၊ ၎င်းကုန်ပျက်မှုတို့သည် ဆင်းရဲကြဲဖို့နှင့် ဘေးတွေ့ဖို့ရာသာ ဖြစ်နေတော့ပါတကားဟု ထင်လာတတ်တော့သည်။

ထိုအခိုက် ဘယဉာဏ်ဟုခေါ်သည်။

BURMESE CLASSIC .com

၁၅။ ထို့နောက် ၎င်းဒုက္ခဖြစ်စရာ ဘေးတွေ့စရာတွေကို (မလိုလားမှု ရှောင်ကွင်းလိုမှု) စသော (အသိဉာဏ်အဆင့်ဆင့်တို့သည်) ဓမ္မသဘာဝအတိုင်း ကူးတက်၍ ပေါ်လာပေတော့သည်။

## အချုပ်

ဖော်ပြပါအတိုင်း ပထဝီဓာတ်အပေါ်မှာ အာပေါဓာတ်၏ သဘောကိစ္စတို့ကို အသိကပ်၍ ရှုပွားလိုက်နိုင်ခဲ့လျှင် (အသိခက်လှသော အာပေါဓာတ်အတွက်) ရှုပွားရေးကိစ္စသည်လည်း ပေါက်မြောက်နိုင်တော့သဖြင့် ပါရမီခံရှိသလောက် ဉာဏ်စဉ်တို့သည်လည်း ပေါက်ထွက်နိုင်တော့ရာ အာပေါဓာတ်ဖြင့်လည်း အရိယာနယ်သို့ဝင်ကာ နိဗ္ဗာန်သို့ ကူးဆက်နိုင်တော့သည်ဟူ၏။

ဤကား ပထဝီဓာတ်ကို အခြေခံထားပြီး အာပေါဓာတ်ကို ရှုပွားပုံအမြွက်တည်း။

## လေ့လာထားပြီး တေဇောဓာတ်ကို အခြေခံပြုကာ အာပေါဓာတ်ကို ရှုပွားပုံ

နောက်တစ်နည်းအနေအားဖြင့် အာပေါဓာတ်ကို ရှုပွားလိုသော ယောဂီပုဂ္ဂိုလ်သည် ယခင်လေ့လာထားပြီး (တေဇောဓာတ်ကို အခြေခံပြုကာ အာပေါဓာတ်ကို)ပင် ရှုပွားနိုင်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရှုပွားပုံ

၁။ မိမိခန္ဓာကိုယ်အတွင်း၌ တေဇောဓာတ်၏ ကိစ္စ ၃-မျိုးအနက် တစ်မျိုးမျိုးကို ဦးစွာ သုံးသပ်ရန်မှာ-

(က) ပူခြင်း၊ စိမ့်ခြင်း၊ စူးရှခြင်းဟူသော လက္ခဏတေဇော၏ ကိစ္စကို ဖြစ်စေ၊

(ခ) အိုက်ခြင်း၊ စပ်ဖျင်းခြင်း ထုံကျင်ခြင်းစသော ရသတေဇော၏ ကိစ္စကို ဖြစ်စေ၊ အသိကပ်လို့ လွယ်ရာတစ်ခုခုကို ဦးစွာသုံးသပ်၍ ရှုပွားပါလေ။

BURMESE CLASSIC .com

၂။ ထိုအခါ ဥပမာ ပူတာကို သုံးသပ်မိသည်ဆိုကြပါစို့၊ ယင်း ပူတဲ့ကိစ္စတို့သည် တစ်နေရာထဲတွင် စုနေဝပ်မနေတော့ဘဲ တဖြည်းဖြည်း ပွားလာ, များလာ ပြန့်ကျယ်လာသည်ကို တွေ့လာပေလိမ့်မည်။

၃။ ယင်းသို့ ပြန့်ကျယ်လာသောကိစ္စသည် အာပေါဓါတ် (ဗြူဟန) ကိစ္စပင်ဖြစ်လေသည်၊ သဘောသက်ရန်ကား- ပူမှုခေါ် တေဇော၏သဘောသည် ပူရုံသာ တတ်နိုင်သည်၊ ပြန့်ကျယ်အောင် မတတ်နိုင်ပေ။ ယင်း ပြန့်ကျယ်အောင် ပွားလာအောင် တတ်နိုင်ရေးမှာ အာပေါသာဖြစ်၍ အာပေါ၏ကိစ္စကို သိပါ၊ သဘောပေါက်ပါ။

၄။ ထို့ကြောင့် မူတည်ပူမှုအပေါ်မှာ အာပေါ၏ ဗြူဟနကိစ္စဖြစ်သော ပြန့်ကျယ်၍ နှံ့ကာနှံ့ကာသွားနေမှုကို အသိကပ်ကာ 'အပူတွေပြန့်နေတယ် ပြန့်နေတယ်'ဟု တွေ့ထားသည့်အတိုင်း အသိကိုကပ်လိုက်ပေးနေပါ၊

၅။ ဤအတိုင်း ဆက်လိုက်သွားနိုင်သော် ဓမ္မသဘောတို့သည် ရှေ့သို့ဆက်ကာဆောင်သွားတော့မည်ဖြစ်ရာ အကျယ်ဆက်၍ ပေါ်လာပုံတို့မှာ ရှေ့၌တင်ပြပြီး ပထဝီဓာတ်အပေါ်မှာ အာပေါဓာတ်ဆောင်သွားပုံ ဖော်ပြထားသည့်အတိုင်း ဆက်၍ပေါ်သွားတော့မည်ဖြစ်၍ ဆက်၍သာ စူးစိုက်ပြီး ရှုပွားပါလေ၊ ဉာဏ်စဉ်ပေါ်လာပုံတို့ မရှင်းလျှင် ပထဝီဓာတ်၌ ပေါ်ပုံကို ပြန်ကြည့်ပါလေ။

ဤကား တေဇောဓာတ်ကို အခြေခံထားကာ အာပေါဓာတ်ကို ရှုပွားပုံတည်း၊

## လေ့လာထားပြီး ဝါယောဓာတ်ကို အခြေခံပြုကာ အာပေါဓာတ်ကို ရှုပွားပုံ

နောက်တစ်နည်းအနေအားဖြင့် အာပေါဓာတ်ကို ရှုပွားလိုသော ယောဂီပုဂ္ဂိုလ်သည် ယခင်လေ့လာထားပြီး ဝါယောဓာတ်ကို အခြေခံပြုကာ အာပေါဓာတ်ကို ရှုပွားနိုင်ပြန်သည်။

## ရှုပွားပုံ

၁။ မိမိခန္ဓာကိုယ်အတွင်း၌ ဝါယောဓာတ်၏ ကိစ္စ ၃-မျိုးအနက် လက္ခဏနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရသကိစ္စ တစ်မျိုးမျိုးကိုသုံးသပ်ရန်မှာ -

(က) တွန်းမှု တိုးမှု ကန်မှု ခေါ် လက္ခဏဝါယော၏ ကိစ္စကိုဖြစ်စေ၊

(ခ) ရွှမှု လှုံ့ဆွမှုခေါ်ရသဝါယော၏ ကိစ္စကိုဖြစ်စေ၊

အသိကပ်၍ လွယ်ရာတစ်ခုခုကို ဦးစွာ စူးစိုက်၍ရှုပွားပေးပါ။

၂။ ထိုအခါ ဥပမာ-တိုးမှု တွန်းမှုတို့ကို တွေ့နေပြီဆိုကြပါစို့။ ယင်း တွေ့သော တိုးမှု, တွန်းမှုတို့အပေါ်မှာသာ အသိကပ်ကာ စူးစိုက်ရှုပွားနေခဲ့သော် ၎င်း တိုးမှု, တွန်းမှုတို့သည် တဖြည်းဖြည်း ပြန့်ကျယ်လာကာ လက္ခဏဝါယောအဖြစ်မှ ရသဝါယောအဖြစ်တို့မှ တစ်ဆင့် ပစ္စုပဋ္ဌာနဝါယောအဖြစ်အထိ ပြန့်ကျယ်တိုးပွားပြီး ကူးဆက် သွားတော့သည်။

၃။ ဤ၌လည်း တိုးမှု တွန်းမှုကား ဝါယောကိစ္စ၊ ပြန့်ကျယ်မှု တိုးပွားမှုတို့ကား အာပေါကိစ္စဖြစ်သည်ကို သဘောပေါက်ပါ။

၄။ ထို့နောက် ယင်း တိုးမှု တွန်းမှုတို့၏ ပြန့်ကျယ်လာမှုအပေါ်မှာသာ အသိကပ်ကာ လိုက်ပါနေလျှင် 'သဘာဝံ ဓာရေတီတိ ဓာတု'အရ ဆက်၍ လမ်းဆုံးအောင် ဆောင်သွားမည်မှာ သေချာသွားလေပြီ။

၅။ ထိုမှ နောက်၌ကား ဝါယောကိစ္စနှင့် အာပေါကိစ္စတို့သည် ပို၍ပို၍ ထင်ရှားသွားတော့မည်ဖြစ်၍ အကျယ်ပုံကို အောက်တွင်ပြခဲ့ပြီး ပထဝီအပေါ်မှာ အာပေါဓာတ် ပေါ်ခဏ်း၌ ရှုပါလေ။

ဤကားဝါယောဓာတ်ကို အခြေခံကာ အာပေါဓာတ်ကို ရှုပွားပုံတည်း။

BURMESE CLASSIC .com

## သတိပြုဖွယ်

ဓာတ်ကြီး(၄)ပါးတို့၏ ဆောင်ရွက်နေကြသော ကိစ္စသည် ဤ လူ့လောက ကမ္ဘာကြီးနှင့်တကွ (၃၁)ဘုံ လောကကြီးကိုပါ ပြုပြင်ဖန်တီးနေသောကိစ္စဖြစ်၍ သိရှိဖို့ရန် လွန်စွာ နက်နဲသိမ်မွေ့လှသော အရာစုဖြစ်လေသည်။

ထိုအထဲတွင် အာပေါဓာတ်၏ ကိစ္စသည်ပို၍ သိမ်မွေ့နူးညံ့ပြန်သဖြင့် အစ၌ ညွှန်ပြခဲ့သည့်အတိုင်း အာပေါကိုသိနိုင်ရန်မှာ (ကျန်ဓာတ်ကြီး ၃-ပါးတို့ကို ဦးစွာ ပေါက်မြောက်အောင် ရှုပွားထားနိုင်မှ) အာပေါဓာတ်၏ သဘာဝမှန်ကို သိစွမ်းနိုင်ပေမည်။

## အထူးသိမှတ်ဖွယ်တစ်ရပ်

၎င်းအရကား 'ဝေဒနာကိစ္စ'ပင်ဖြစ်ပေသည်၊ ဖြစ်ပုံကား - နာမှု၊ အောင့်မှု ကျင်မှု၊ မခံသာမှုတို့အရသည် ဒုက္ခဝေဒနာပင်ဖြစ်သည်၊ ၎င်း ဒုက္ခဝေဒနာကိစ္စကို ဝေဒနာနုပဿနာအဖြစ်ဖြင့် ဘုရားရှင် သီးခြားဟောကြားချက်ရှိရာ နောက်၌လည်း ဆက်၍ ဖော်ပြလတ္တံ့။

၎င်း၌ အထူးသိမှတ်ဖွယ်ကား - ဒုက္ခဝေဒနာ၏အရသည် (အကျိုးကိစ္စ အနေသာ) ဖြစ်လေသည်၊ ၎င်း၏ (အကြောင်းကိစ္စတို့ကား) မည်သည့်အရာဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ညွှန်ပြသော (စာမရှိ၍) သိမှုခက်နေရာ ယခုအခါ ညွှန်ပြနိုင်လေပြီ။

## ညွှန်ပြနိုင်ပုံ

ဝေဒနာ (အကြောင်းသမုဋ္ဌာန်ကား) ဤဓာတ်ကြီး ၄-ပါးတို့ပင်တည်း။ ကံ, စိတ်, ဥတု, အာဟာရ,တို့သည် မူလအကြောင်းဖြစ်ကြစေကာ တိုက်ရိုက်ဝေဒနာကို မဖြစ်ပေါ်စေနိုင်ကုန်။

ဤဓာတ်ကြီး ၄- ပါးကို (ဖောက်ပြန်စေပြီးမှသာ ဒုက္ခဝေဒနာနှင့် သုခဝေဒနာတို့ကို ပေါ်လာစေနိုင်တော့ရာ ယင်းဝေဒနာတို့၏ အနီးကပ်ဆုံး ပဒဋ္ဌာန်အကြောင်းကား ဤဓာတ်ကြီး ၄-ပါးပင် ဖြစ်သည်ကို သဘောပေါက်ကြပါလေ။

တစ်ဖန် ဝေဒနာနုပဿနာကို ရှုပွားသူမှာ (အကျိုးဖြစ်သော) နာမှု, ကျင်မှု အောင့်မှု, မခံသာမှုမျှကိုသာ သိသည်၊ ရှုပွားကြသည်။ အကြောင်းဓာတ်ကြီး ၄-ပါး၏ သဘောတွေကိုပေါက်ကာ သိမြင်ကာ ရှုပွားကြသည်မဟုတ်ပေ။

ထို့ကြောင့် ကြိုတင်သိမှတ်ထားရန်မှာ- တေဇောဓာတ်၏ လက္ခဏာကိစ္စရသ ကိစ္စတို့နှင့် ဒုက္ခဝေဒနာ၏ ကိစ္စတို့သည်(တူနေရာ) ဝေဒနာနှင့် တေဇောဓာတ်တို့ ရော ထွေးသွားတတ်၍ အကြောင်းဓါတ်ကိစ္စနှင့် အကျိုးဝေဒနာ၏ ကိစ္စတို့ ကွဲပြားခြားနား သွားအောင် အောက်ပါသဘောသွားတို့ကို ခြားနား၍ ဦးစွာသိထားပါဦးလေ။

BURMESE CLASSIC .com

## ဓာတ်နှင့် ဝေဒနာသဘောသွားများ

၁။ တေဇောဓာတ်လွန်ကဲလာလျှင်လည်း ဒုက္ခဝေဒနာ ပေါ်လာတတ်သည်။
၂။ ဝါယောဓာတ်လွန်ကဲလာလျှင်လည်း ဒုက္ခဝေဒနာ ပေါ်လာတတ်သည်။
၃။ ပထဝီဓာတ်လွန်ကဲလာလျှင်လည်း ဒုက္ခဝေဒနာ ပေါ်လာတတ်သည်။
၄။ အာပေါဓာတ်လွန်ကဲလာလျှင်လည်း ဒုက္ခဝေဒနာ ပေါ်လာတတ်သည်။

ထို့ပြင်-

(က) တေဇောနှင့် ဝါယောတို့ လွန်ကဲလာပြန်လျှင်လည်းကောင်း၊
(ခ) တေဇောနှင့် အာပေါတို့ လွန်ကဲလာပြန်လျှင်လည်းကောင်း၊
(ဂ) တေဇောနှင့် ပထဝီတို့ လွန်ကဲလာပြန်လျှင်လည်းကောင်း၊

ထို့ပြင်-

(ဃ) တေဇော ဝါယော အာပေါတို့ လွန်ကဲလာပြန်လျှင်လည်းကောင်း၊
(င) တေဇော အာပေါ ပထဝီတို့ လွန်ကဲလာပြန်လျှင်လည်းကောင်း၊
(စ) တေဇော ဝါယော ပထဝီတို့ လွန်ကဲလာပြန်လျှင်လည်းကောင်း၊
(ဆ) ဓာတ်ကြီး ၄-ပါးလုံးတို့ လွန်ကဲလာပြန်လျှင်လည်းကောင်း၊

ဒုက္ခဝေဒနာပေါ်လာနိုင်ပုံကို သဘောသက်ကာ ဓာတ်နှင့် ဝေဒနာတို့၏

www.burmeseclassic.com

www.burmeseclassic.com



နီးစပ်မှုနှင့် အကြောင်းအကျိုးဆက်စပ်မှုကို သဘောပေါက်ခဲ့လျှင် ဝေဒနာနုပဿနာကိစ္စနှင့် တေဇော, ဝါယောဟူသော ကာယာနုပဿနာကိစ္စတို့၏ (ခြားနားပုံကို) သဘောပေါက် သိမြင်နိုင်ရာ၏။

## ပါရမီဉာဏ်ကြီးထွားသူတို့အတွက် ဓာတ်ကြီး (၄)ပါးလုံးကို တစ်ချိန်တည်း၌ ရှုပွားနိုင်ပုံ ကြိုတင်သိမှတ်ဖွယ်

ဓာတ်တစ်ခု၏ ပမာဏသည် အလွန်သေးဖွဲလှသဖြင့် မည်မျှရှိသည်ဟု တင်ပြရန် နမူနာပင် ခက်လှရာ မျက်စေ့ဖြင့် မြင်သိဖို့ကိုမဆိုထားဘိ၊ စိတ်ဖြင့် ခန့်မှန်း၍ သိဖို့ကိုပင်လျှင် အလွန်ခက်ခဲနေတော့သည်။

သို့ရာတွင် စိတ်ဖြင့် ရမ်းဆ၍ ခန့်မှန်းနိုင်ရုံပြရသော်- လူမျက်စေ့နှင့် မမြင်နိုင် နတ်မျက်စေ့ဖြင့်သာမြင်နိုင်သော မြူကို 'ပရမာဏုမြူ'ဟုခေါ်သည်။ ၎င်း ပရမာဏုမြူငယ်တစ်ခုကို အစိပ်ပေါင်း(တစ်သိန်းမျှ) ထပ်၍စိပ်လိုက်ပါ။ ထိုမျှ သေးဖွဲလှသော သဘောအစိပ်ကလေးထဲမှာပင်လျှင် -

၁။ ပထဝီ၏ မာမှု သဘော

၂။ တေဇော၏ ပူမှု သဘော

၃။ ဝါယော၏ တွန်းမှု တိုးမှုသဘော

၄။ အာပေါ၏ ပွားပေးမှု၊ ဖွဲ့ပေးမှုသဘောတွေ ကိုယ်စီပင် ပါဝင်တည်လျက်ရှိနေကြသည်။

ထိုမျှသေးဖွဲသော (သဘောကလေးတွေကို) လူ့ဉာဏ်, လူ့မျက်စေ့ဖြင့် သိနိုင်မြင်နိုင်လာအောင် ပွားပေးမှု ဖွဲ့စည်းပေးမှုသဘောတို့ကား (အာပေါဓာတ်၏ သဘောပင်ဖြစ်ရာ) ၎င်းကို ကြိုတင်သဘောသက်ထားပါဦး။

ထိုအရ အာပေါက ပွားတိုးပေးဖွဲ့စည်းပေးနေသဖြင့် မူလဗီဇဓာတ်အသေးဆုံး ကလေးတွေမှ ပွားတိုးထွားကြိုင်းလာကြရာ-

၁။ ပထဝီ၏ မာမှု - ထုထည်ကြီး

၂။ တေဇော၏ ပူမှု - ထုထည်ကြီး

၃။ ဝါယော၏ တွန်းမှု ကန်မှု - ထုထည်ကြီး

ဖြစ်လာ ပေါ်လာတော့ရာ လူ့မျက်စိ လူ့အသိနှင့်တကွ တိရစ္ဆာန်တို့၏ မျက်စိအသိတို့အထိ မြင်နိုင် သိနိုင်အောင် ကြီးထွားလာကြတော့သည်။

၎င်းအချက်ကို သဘောသက်ကာ ဓာတ်ကြီး ၃-ပါးအပေါ် အမှီပြု၍ အာပေါဓာတ်ကို ရှုပွားခဲ့လျှင် လိုအပ်သော ဘာဝနာဉာဏ်နှင့်တကွ မဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ ပေါက်မြောက်နိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပါရမီဉာဏ်ရင့်သန်သူနှင့် ထက်မြက်သူတို့သည် ဓာတ်ကြီး ၄-ပါးလုံးကို တစ်ချိန်တည်းအတွင်းမှာ ပူးတွဲ၍ပွားလိုလျှင် အောက်ပါအတိုင်း ပွားများနိုင်တော့သည်။

## ဓာတ်ကြီး ၄-ပါး တစ်ချိန်တည်းတွင် ပူးတွဲပွားများပုံ

၁။ ဦးစွာ ပထဝီဓါတ်၏ မာမှုသာမန်မှ မာမှုထုထည်ကြီးအထိ တွေ့လာအောင် ရှုပွားပါ။ ထို့နောက် တေဇောဓာတ်၏ပူမှုသာမာန်မှ ပူမှုထုထည်ကြီးအထိ တွေ့လာအောင် ရှုပွားပါ။ ထို့နောက် ဝါယောဓာတ်၏ တွန်းကန်မှု၊ သာမန်မှ တွန်းကန်မှု၊ ထုထည်ကြီး အထိတွေ့လာအောင် ရှုပွားပါ၊ (ဝါ) ရှုပွားထားပါ။

၂။ ထိုအခါမှာ ပထဝီထုထည်ကြီးအပေါ်မှာ အသိတစ်လှည့်၊ တေဇောပူမှု ထုထည်ကြီးပေါ်မှာ အသိတစ်လှည့်၊ ဝါယောတွန်းကန်မှု ထုထည်ကြီးအပေါ်မှာ အသိတစ် လှည့်စီထားကာ ရှုပွားနိုင်ရာ ဥပမာအားဖြင့်တင်ပြရသော် ခဲသုံးလုံးကို တစ်လှည့်စီ မြှောက်၍ ကစားနေသလို (ဉာဏ်ထက်သူတို့၌) ဓာတ်ကြီး ၃-ပါးကို ခန္ဓာအတွင်းမှာ တည်ခင်းထားပြီးလျှင် (ဉာဏ်လင်းဖြင့်) တစ်လှည့်စီ သုံးသပ်နေသလို သုံးသပ်လာနိုင်တော့သည်။

၃။ ယင်းသို့ ပထဝီထုထည်ကြီး အပေါ်မှာ တေဇော ထုထည်ကြီးအပေါ်နှင့် ဝါယော ထုထည်ကြီးအပေါ်တို့မှာ တစ်လှည့်စီ အသိဉာဏ်ကို တင်ပေးနေနိုင်လာသော် တဖြည်းဖြည်းနှင့် ထုထည်ကြီး ၃-မျိုးတို့သည် ပွားတိုး၊ပွားတိုးလာရာမှ အချင်းချင်း ပူးစပ်အောင် ပေါင်းဖွဲ့ကာ (ထုထည်ကြီးတစ်ခုတည်းအနေသို့) ဖွဲ့စပ်သွားလေတော့သည်။ ၎င်းသည် (အာပေါဓာတ်၏ သတ္တိလွှမ်းကဲပုံကို) ဆောင်ပြလိုက်မှုပင်ဖြစ်သည်။

## ထိတ်လန့်တတ်သောအချက်

၄။ ထိုအချိန်တွင် အသိဉာဏ်ထင်နေသည်မှာ - ခန္ဓာကိုယ်၏ အတွင်းနှင့်အပြင် ၂-ဌာနလုံးမှာပင် မာမှု, ပူမှု, တွန်းကန်မှုဟူသော ထုထည်ကြီး ၃-မျိုးလုံးတို့သည် တစုတလုံးတည်း ပူးပေါင်းမိကာ တင်းတင်းကြီးသဖွယ် ခံနေသဖြင့် တစ်ကိုယ်လုံးကို (မြေမျိုထား, မီးမျိုထား, ရေမျိုထားသလို)ထုထည်ကြီး ၃-ခုတို့၏ (မျိုထားမှုကို ခံနေရသလို) ရှိနေတော့သည်။ ထိုအခါ - ကြောက်လာ, လန့်လာ, ထိတ်လန့်လာတတ်သည်။ သတိပြုထားလေ။

ထိုအခိုက်သည် အမှန်အားဖြင့် (ရူပပရိစ္ဆေဒဉာဏ်နှင့် နာမပရိစ္ဆေဒဉာဏ်) ပေါ်နေသည်ကို ဆိုသည်။

အကြောင်းကား မာမှု, ပူမှု, တွန်းကန်မှုဟု ၃-မျိုးကွဲနေသော ဓာတ်ရုပ်တို့သည် တပေါင်းတည်း, တစ်ခုတည်းအနေသို့ ရောက်သွားတော့သဖြင့် သိစရာအာရုံအတွက် ဓာတ် ၃-ခုပေါင်း ထုထည်ကြီးသာရှိတော့ရာ ၎င်းသည် ရုပ်ဓာတ်စုဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



(ရူပ-ပရိစ္ဆေဒ) ခေါ် ခန္ဓာကိုယ်ပညတ်ကြီးအနေမှ- ပရမတ္ထရုပ်အနေသို့ ပိုင်းခြားမှု (ဝါ) သဲကွဲမှု ဖြစ်လာချက်ကို ပြသည်။

တစ်ဖန် သိမှုဘက်မှလည်း ငါ ၃-မျိုးအနက်မှ သဲကွဲခြားနားလာကာ (သိမှု နာမ်တစ်မျိုးသာ) ထင်နေသဖြင့် (နာမပရိစ္ဆေဒဉာဏ်) ဟုဆိုသည်ကို လေးနက်စွာ သုံးသပ်ပြီး သဘောသက်ပါလေ။

## မှတ်ဖွယ်

မာမှု, ပူမှု တွန်းကန်မှုတို့က ပထဝီ တေဇော ဝါယောဟူသော (ဓာတ်ကြီး (၃)ပါးဖြစ်ကြ၍) ထုထည်ကြီးသဘော၊ ပတ်ဖွဲ့ထားသည့်သဘောနှင့် မျိုထားသည့် သဘောတို့မှာ (အာပေါဓာတ်၏) ဗြူဟန၊ အာဗန္ဓန၊ သင်္ဂဟ ဟူသောသဘောတို့ကို ဖော်ပြဆောင်ပြနေသည်ကို သဘောသက်ပါလေ။

BURMESE CLASSIC .com

## ကွဲထွက်သွားရလတ္တံ့

၅။ ယင်းသို့ မာမှု တွန်းကန်ဟူသော ဓာတ်ကြီး၃-ပါးတို့နှင့် ထုထည်ကြီး ပယ်ဖွဲ့ ချက်ကြီးဟူသော အာပေါဓာတ် ယင်းဓာတ်ကြီး(၄)ပါးတို့သည် ဉာဏ်ကြီးသူ ယောဂီ၏ အသိဉာဏ်၌ မြေမှို, မီးမှို, ရေမှိုထားသလို ထုထည်ကြီး ၃-ခုတို့ လွှမ်းမိုး ဖုံးအုပ်ထား ရာမှ မကြာမီမှာပင် ၎င်းထုထည်ကြီးများသည် တရွရွနှင့် ရွလာ, တုံလာ လှုပ်ရှားလာ ရာမှ တစ်ဆင့်တက်ပြီး ပေါ် လိုက်မြုပ်လိုက်အနေသို့ ကူးပြောင်းသွား ပြန်တော့သည်။

၆။ ထို့နောက် ပေါ်မှုမရှိသလို ဖြစ်ကာမြုပ်၍ ပျောက်ပျောက်လာသလို ရှိရာမှ သဲကမ်းပါးကြီး ပြိုဆင်းလာသလို တားဆီးမရနိုင်အောင် ပြိုဆင်းနေမှုတွေသာ ဆက်၍ ပေါ်နေထင်နေတော့သည်။

၇။ ဤမှ နောက်ဆုံးကား - ဓမ္မလမ်းစဉ်အတိုင်း တက်သွားတော့ရာ ပါရမီမရင့် သေးသူမှာ (သင်္ခါရ ပေက္ခာဉာဏ်မှာ) ရပ်သွားတော့၍ ပါရမီဉာဏ်ရင့်သူတို့မှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်အထိ ကူးဆက်သွားတော့သည်။

## မှာကြားချက်

ဤအထက်ပါ ရှုပွားနည်းကား ဉာဏ်နုံ့သူကိုမဆိုထားဘိ ဉာဏ်ထက်သူတိုင်း ပင် (မရှုပွားနိုင်သည့်ပြင်) ဓာတ် ၁-ပါး ၂-ပါးအထိ ပေါက်မြောက်ဖူးသူတို့ပင် (မရှုပွားနိုင်သေးဘဲ) ဓာတ်ကြီး ၃-ပါးလုံးကို ပေါက်ထားပြီး (ဝါ) ပွားများပေါက် မြောက်ထားပြီးသူ ဉာဏ်ကြီးထွားသူတို့သာ (သီးခြားရှုပွားနိုင်သော) ပွားနည်းထူး ဖြစ်ပုံကို သတိပြုကာ (ပုဂ္ဂိုလ်အများအတွက်) ပြသော (ရှုပွားနည်းမဟုတ်ဟု) သီးခြားမှတ်သားရာ၏။ ဤကား ဉာဏ်ကြီးထွားသူတို့အဘို့ ဓာတ်ကြီး ၄-ပါးလုံးကို တစ်ချိန်တည်းမှာ ပူးတွဲ၍ ရှုပွားပုံတည်း။

ဓာတ်ကြီး ၄-ပါးအတွက် ဓာတုမနသိကာရ - ကာယရှုပွားခန်း ဤတွင်ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



ယောဂီများအဖို့

၁။ အသိဉာဏ်အနုံ့စားဖြစ်လျှင်-

ဣရိယာပထနှင့် သမ္ပဇည - ရုပ်ကမ္မဋ္ဌာန်းကို ရှုပွားပါ။

၂။ အသိဉာဏ် အလတ်စားဖြစ်လျှင်-

ဓာတ်ကြီး ၄-ပါး ရုပ်ကမ္မဋ္ဌာန်းကို ရှုပွားပါ။

၃။ အသိဉာဏ် အထက်စားဖြစ်လျှင်-

အာနာပါန ရုပ်ကမ္မဋ္ဌာန်းမှ ဝိပဿနာပေါ်ပုံနည်းကို ရှုပွားပါ။

၄။ ထိုထက်ပို၍ ဉာဏ်ထက်လျှင် -

နာမ်ကမ္မဋ္ဌာန်းနှင့် မိဿကကမ္မဋ္ဌာန်းတို့ကို ရှုပွားပါ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၅)

## ဆရာများနှင့် တရားများ၏ဒဏ်ကို ခံကြရသူများ

### ဆရာများကြောင့် မုဆိုးဖြစ်ရသော ပစ္စေကဗုဒ္ဓါအလောင်း

'ကုန်ရှုံးတော့ တစ်ခေါက်၊ လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်၊ ဆရာကုန်ရှုံးတော့ တစ်သံသရာလုံးမှောက်'ဟူသောစကားရှိ၏။ ထို အရှုံးသုံးမျိုးထဲတွင် ဆရာများကြောင့်ဆုံးရှုံးရခြင်းရကား အကြီးမားဆုံးဖြစ်၍ အထူးသတိထားသင့်၏။ ထို့ကြောင့် လယ်တီဆရာတော်က-

'နဖူးစွန်းနှင့် ဒူးပွန်းခံကာ
ကိုးကွယ်ပါလည်း ဆရာလွဲက
ငရဲအပါယ် အမြစ်တွယ်
ဝဋ်နွယ်ရှည်လျားရာ'
ဟု အထူးသတိပေးတော်မူခဲ့ခြင်းဖြစ်၏။

ယခု ဆရာများ၏ဒဏ်ကို ခံကြရ သူများအကြောင်းကို ကျွန်ုပ်မှတ်သားသိရှိထားသမျှ ပြန်လည်ဖော်ပြပေအံ့။ ဘုရားလောင်း ရွှေဥဒေါင်းမင်းဖြစ်စဉ်အခါက မင်းတစ်ပါးသည် မုဆိုးကြီးတစ်ယောက်ကို လွှတ်၍ ဥဒေါင်းမင်းကို ဖမ်းဆီးခိုင်း၏။ နှစ်နှင့်ချီပြီးကြာသော်လည်း မောရသုတ်ပရိတ်တန်ခိုးကြောင့် ဥဒေါင်းမင်းကို မမိခဲ့ပေ။

ထိုဘုရင် ကံကုန်ခါနီးတွင် ဥဒေါင်းမင်းကို ဖမ်းမရသည့်အတွက် ဥဒေါင်းမင်းအပေါ် အမျက်ထွက်ပြီး ရွှေပေလွှာပေါ်တွင် စာတစ်ကြောင်းရေးထားခဲ့၏။

စာကား 'ဥဒေါင်းမင်း၏အသားကို စားရလျှင် ရွှေအဆင်းလိုလှပပြီး မအိုမသေ, အသက်ရှည်မည်'ဟူသောသဘောမျိုးပင်ဖြစ်၏။ ထို့ကြောင့် နောက်တက်မင်းအဆက်ဆက်သည် မုဆိုးကျော်များကိုလွှတ်ပြီး ဥဒေါင်းမင်းကို အရဖမ်းခိုင်း၏။ သို့သော် တစ်ကြိမ်တစ်ခါမျှ မမိချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်သော မင်းက, လွှတ်လိုက်သော မုဆိုးကြီးသည်ကား ဉာဏ်ပညာရှိ၏။ ဥဒေါင်းမင်းကို ဖမ်းမရခြင်းအကြောင်းကို လေ့လာစုံစမ်းသောအခါ 'မောရသုတ်ပရိတ်ရွတ်ခြင်းအကြောင်း'ကို သိသွား၏။

ထို့ကြောင့် လှပသောဥဒေါင်းမလေးတစ်ကောင်ကို ဖမ်းယူကာ က,တတ်၊ တွန်ကျူးတတ်အောင် လေ့ကျင့်ပေးထား၏။ ထို့နောက် ဥဒေါင်းမလေးကို ရွှေဥဒေါင်းမင်းကြီးထံ ပို့ပေးလိုက်၏။ ဥဒေါင်းမလေးကိုတွေ့ရသည်နှင့် ဥဒေါင်းမင်းကြီးသည် မ,စိတ်မွှန်သွားပြီး ဥဒေတယံစသော မောရသုတ်ပရိတ်ဂါထာကို ရွတ်ဖို့ရန်မေ့သွား၏။ ထို့ကြောင့် ညွှတ်ကွင်းတွင် တန်းလန်းကြီးမိနေတော့၏။

ဥဒေါင်းမင်း၏ဒုက္ခကို မြင်လိုက်ရသည်နှင့် မုဆိုးကြီးသည် သနားစိတ်ဝင်သွား၏။ 'သူတော်ကောင်း ဥဒေါင်းမင်းကြီးဟာ ငါ့အတွက် ဒုက္ခရောက်ရရှာပြီ၊ ကျော့ကွင်းကြီးဟာ အင်မတန်ခိုင်မာတယ်၊ ကြောက်လန့်တကြား အားကုန်ရုန်းလိုက်လျှင် အရေထူ, အရေပါးသာမက၊ အသားကိုပါဖောက်ထွင်းပြီး အရိုးထိရောက်သွားရင် ဥဒေါင်းမင်းကြီး ခြေထောက်တစ်ဖက် ဆုံးရှုံးရလိမ့်မယ်။ ဒါကြောင့် အဝေးကနေ ကျော့ကွင်းကြီးကို မြားနှင့်ပစ်ဖြတ်ချမယ်'ဟူသောအတွေးကြောင့် ကျော့ကွင်းကြီးဆီသို့ လေးမြားကို ချိန်လိုက်၏။ လေးမြားဖြင့် ချိန်သည်ကို မြင်သွားသော ဥဒေါင်းမင်းက-

'အသင်မုဆိုး-ငါ၏အသက်ကိုမသတ်ဘဲ အရှင် ဆောင်ယူသွားမည်ဆိုလျှင် သင့်အတွက် ဆုတော်လာဘ်တော် ပိုမိုရနိုင်ပါတယ်။ ဒါကြောင့် ငါ၏အသက်ကို မသတ် ဘဲ အရှင်သာ ဆောင်ယူသွားပါ'

ဥဒေါင်းမင်းကြီး သူ့အပေါ်သတ်မည်ဟု အထင်မှားသွားသည်ကို သိလိုက်သည်နှင့် မုဆိုးကြီးသည် အလွန်စိတ်မကောင်းဖြစ်သွား၏။ ထို့ကြောင့် ပျာပျာသလဲ ပြန်ပြော၏။

'ဥဒေါင်းမင်းအားသတ်ရန် ချိန်ရွယ်သည်မဟုတ်ပါ၊ ချမ်းသာစွာ လိုရာအရပ်သို့ ပြန်သွားနိုင်ရန်အတွက် ကျော့ကွင်းကြီးပစ်ဖြတ်ရန် မြားကို ချိန်ရွယ်ခြင်းဖြစ်ပါသည်'

ထိုသို့ပြောဆိုပြီး ကျော့ကွင်းကို သေချာဖြေပေး၏။ မုဆိုးကြီး၏ အမူအရာကို သိလိုက်သည်နှင့် အလောင်းတော်ဥဒေါင်းမင်းက- 'ဤသူသည် ဆည်းပူးထားသည့် ပါရမီရှိသူ လူကောင်းတစ်ယောက်ဖြစ်ရမည်။ ဆရာမှားကို ဆည်းကပ်မိ၍သာ မုဆိုးဘဝသို့ ရောက်နေတာဖြစ်နိုင်သည်'ဟုတွေးမိသဖြင့် ယခုအခါမိပ္ပာယ်ပါသော မေးခွန်းကို ထုတ်၏။

'သင်သည် ကျွန်ုပ်ကိုသတ်ရန် ဤကျော့ကွင်းကို ထောင်ခဲ့ခြင်းဖြစ်၏။ ယခုကျွန်ုပ်ကို မိသောအခါတွင် မသတ်တော့ဘဲ ကျော့ကွင်းကို ဖြေလွှတ်သည်မှာ အဘယ်သဘောကြောင့်နည်း'

'သတ်ဖို့ရန် ကျော့ကွင်းကို ထောင်ခဲ့သည်မှာ မှန်ပါသည်။ ဥဒေါင်းမင်းကို

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မြင်ရသောအခါတွင် သနားစိတ်ပေါ်သဖြင့် ကျော့ကွင်းကို ဖြေလွှတ်ခြင်းဖြစ်ပါသည်'

'ဤကရုဏာစိတ်မျိုးသည်- သူတော်ကောင်းတို့ သန္တာန်တွင်သာ ဖြစ်နိုင်သော စိတ်တည်း။ သင်သည် ထိုကဲ့သို့ သူတော်ကောင်းစိတ်ရှိပါလျက် သူတစ်ပါးအသက်ကို သတ်ဖြတ်၍ အဘယ်ကြောင့် အသက်မွေးဝမ်းကြောင်းပြုနေသနည်း'

'ကျွန်ုပ်ဆည်းကပ်သော ဆရာမျာ့းက ကုသိုလ်ကံ၏ ကောင်းကျိုးသည် မရှိ၊ အကုသိုလ်ကံ၏ မကောင်းကျိုးသည် မရှိဟူ၍ သင်ကြားပေးသောကြောင့် အပြစ်မရှိဟုထင်၍ သူတစ်ပါးအသက်များကို သတ်ဖြတ်၍ အသက်မွေးနေခြင်းဖြစ်ပါသည်'

ထိုအခါကျမှ ဘုရားလောင်းဥဒေါင်းမင်းက ကုသိုလ်၊ အကုသိုလ်၏ ကောင်းကျိုး ဆိုးကျိုးရှိပုံများကို တရားဟောပေးသဖြင့် မုဆိုးကြီးသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ အမြင်မှန်ရသွားပြီး လက်နက်များကို စွန့်ပစ်လိုက်၏။ ထိုမှတစ်ဖန် ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်မှန်ကြီးဖြင့် ဆင်ခြင်ပွါးများလိုက်ရာ တစ်ခဏအတွင်းမှာပင် မဂ်ဖိုလ်အားလုံးကို ရ၍ ပစ္စေကဗုဒ္ဓါတစ်ပါး ဖြစ်သွားလေသည်။

အမှန်မှာ မုဆိုးကြီးသည် ပစ္စေကဗောဓိဉာဏ်ကို ရဖို့အတွက် ပါရမီဆယ်ပါးကို နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ဖြည့်ဆည်းထားပြီးသူဖြစ်၍ ယခုဘဝသည် ပစ္စေကဗောဓိဉာဏ်ကို မဖြစ်မနေရရမည့် နောက်ဆုံးဘဝဖြစ်၏။ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်ဟုလည်း ခေါ်ကြ၏။ သို့ဖြစ်ပါလျက် ဆရာမှားကို ဆည်းကပ်မိသောကြောင့် မုဆိုးကြီးဘဝသို့ ရောက်နေရခြင်းဖြစ်၏။

ဘုရားလောင်းဥဒေါင်းမင်းနှင့်မတွေ့ရဘဲ မုဆိုးဘဝနှင့်သာ သေသွားမည်ဆိုလျှင် အပါယ်ငရဲသို့ ဆင်းရတော့မည်ဖြစ်သည်။ ပစ္စေကဗောဓိဉာဏ်ရစေမည့် ပါရမီအပြည့်ရှိသူတစ်ယောက်သည် ဆရာမှားကြောင့် မုဆိုးဘဝသို့ရောက်ပြီး ငရဲကျလုဆဲဆဲဖြစ်ခဲ့သေးရာ သာမန်ပုဂ္ဂိုလ်များ ဆရာမှားမည်ဆိုပါက မည်မျှလောက်ထိ ဒုက္ခရောက်နိုင်ကြောင်းကို နှိုင်းချိန်ကြည့်နိုင်ပါ၏။

## ဆရာမှားကြောင့် လူပေါင်းတစ်ထောင်ကျော်ကို သတ်မိသော ရဟန္တာလောင်း ပစ္ဆိမဘဝိကပုဂ္ဂိုလ်

BURMESE CLASSIC .com

လက်ညှိုးပန်းကုံးကို လည်မှာဆွဲထားသူဟု အမိပွါယ်ရသော 'အင်္ဂုလိမာလ' သည်လည်း ယခုဘဝတွင် ဧကန်မုချ ရဟန္တာဖြစ်ရမည့် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တစ်ယောက်ပင်ဖြစ်၏။ အင်္ဂုလိမာလသည် တက္ကသိုလ်ပြည်တွင် ပညာသင်နေစဉ် ပညာထူး ချွန်မှုကြောင့် တခြားကျောင်းသားများ၏ မနာလိုဝန်တိုဖြစ်မှုကိုခံရ၏။ သူ၏အမည် ရင်းမှာ 'အဟိံသက' ဖြစ်သည်။ 'သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ကင်းသူ'ဟု အမိပွါယ်ရ၏။

အဟိံသကကို ဒုက္ခရောက်စေလိုသော ကျောင်းသားများက အဟိံသကသည် ဆရာကတော်နှင့် ဖေါက်ပြန်နေကြောင်း ဆရာကြီးကိုတိုင်ကြားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှန်သည့် မုသားစကားဖြစ်သော်လည်း သုံးကြိမ်တိုင်အောင် ပြောလာသည့်အခါ ဆရာကြီးသည် ယုံသွား၏။ ဆရာကြီးသည် မယားထိ-မားကြည့်ဟူသော စကားအတိုင်း အဟိံသကကို ကိုယ်တိုင်သတ်ချင်၏။ တပည့်ကို ဆရာက ကိုယ်တိုင်သတ်လျှင်သော်လည်းကောင်း၊ သတ်ခိုင်းလျှင်သော်လည်းကောင်း၊ တခြားသူများ သိသွားပါက သူ့ဆီသို့ အနယ်နယ်အရပ်ရပ်မှ ပညာသင်တပည့်များ မလာတော့မည်ကိုလည်း စိုးရိမ်၏။

ထို့ကြောင့် အဟိံသကတစ်ယောက် သူစရိတ်နှင့်သူ သေစေရန်အတွက် ပညာဆုံးခန်းတိုင်သောအခါ သူ့အား လက်ညှိုးပေါင်းတစ်ထောင်ဖြင့် ပူဇော်ကန်တော့ရမည်ဟု တောင်းဆိုလိုက်၏။

လက်ညှိုးကိုဖြတ်သောအခါ လူကိုသတ်ရမည်။ ထို အသတ်ခံရသူများ၏ ဆွေမျိုးသားချင်းများက အဟိံသကကို ပြန်သတ်ကြလိမ့်မည်။ ဤကား ယုတ်မာသော ဆရာ၏ ကောက်ကျစ်စဉ်းလဲသော အကြံအစည်ပေတည်း။

BURMESE CLASSIC .com

လူမိုက်ထက် လူယုတ်မာက ပို၍ကြောက်စရာကောင်း၏၊ လူမိုက်သည် မကျေနပ်သောကြောင့်လည်း လူသတ်၏။ ပိုက်ဆံပေး၍ ခိုင်းသောကြောင့်လည်း လူသတ်၏။ သို့သော် ထိုပြစ်မှုအတွက် ထောင်အကျလည်း ခံရဲ၏။ ပြန်သတ်ကြလျှင်လည်း ခံရဲ၏။ အင်္ဂုလိမာလသည် လူမိုက်ဖြစ်၏ လူယုတ်မာမဟုတ်။ ထို့ကြောင့် ဘုရားရှင်၏တရားကို နာရသောအခါ မဂ်ဖိုလ်တရားကို ရခြင်းဖြစ်၏။ တရားမသိ၍ မိုက်မဲသောသူများသည် ကောက်ကျစ်စဉ်းလဲမှု မရှိသည့်အတွက် ဆရာကောင်းကို တွေ့သည်နှင့် တရားရခြင်းဖြစ်၏။

လူယုတ်မာသည် လူသတ်မှုနှင့်တကွ မကောင်းမှုမှန်သမျှ လုပ်၏။ သို့သော် ထိုပြစ်ဒဏ် သူ့ထံမလာအောင် နည်းအမျိုးမျိုးဖြင့်ရှောင်လွှဲ၏။ လုပ်ရဲသော်လည်း မခံ ရဲသောသူကား လူယုတ်မာပင်တည်း။ အင်္ဂုလိမာလ၏ ဆရာမျိုးကား လူယုတ်မာထဲ တွင်ပါ၏။ သူသည် ဝက်န္တုဉာဏ်နီဉာဏ်နက်ဖြင့် အင်္ဂုလိမာလကို အကြောင်းပြုပြီး အပြစ်မဲ့လူတစ်ထောင်ကျော်ကို သေစေခဲ့၏။ ဤအကြံအစည်ကား အောင်မြင်သွား၏။ တစ်ဖန် ထိုသေသွားသော လူတစ်ထောင်ကျော်၏ ဆွေမျိုးများက အင်္ဂုလိမာလကို ပြန်သတ်စေရန်လည်း တိကျစွာအကွက်ချခဲ့၏။

အင်္ဂုလိမာလ၏ ပစ္ဆိမဘဝဟူသော အကြောင်းကြောင့်သာ ဆရာကြီး၏ ဒုတိယမြောက် အကြံအစီသည် ပျက်ပြားခဲ့ရခြင်းဖြစ်၏။

**(မှတ်ချက်)။** ။ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်မည့်ဘဝကို ပစ္ဆိမဘဝိက ဟုခေါ်သည်။ သူတို့ရလတ္တံ့သော အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်၏ စောင့်ရှောက်မှု တို့ကြောင့်ရဟန္တာမဖြစ်ဘဲ မည်သို့သောအကြောင်းကြောင့်မှ သေရခြင်း မရှိပေ။

ဓမ္မပဒအဋ္ဌကထာ၌လာသော ‘သံကိစ္စသာမဏေလောင်း’သည် သူ့ဆို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဆောင်ထားရသော မိခင်က သေသော်လည်း သူကား မသေခဲ့။ မိခင်သေလျှင် ကိုယ်ဝန်ထဲက သန္ဓေသားလည်း သေသွားသည်ဟုထင်ကြသဖြင့် ရပ်သူရွာသားများက မိခင်အလောင်းကို ထင်းပုံပေါ် တင်ပြီး မီးရှို့ကြ၏။ ကျန် တစ်ကိုယ်လုံးကို လောင်ကျွမ်းသွားသော်လည်း သာမဏေလောင်းကိန်းခိုနေရာ ဝမ်းဗိုက်ကိုကား မီးလောင်၍မရ။ ထိုအခါ မီးရှို့သူများက မီးစွဲစေရန် ထိုဝမ်းဗိုက်ကြီးကို တံစူးဝါးတို့ဖြင့် ထိုးဖေါက်ကြ၏။ ထိုအခါကျမှ သန္ဓေသားသည် ဝမ်းဗိုက်ထဲမှ အသက်အန္တရာယ်မဖြစ်ဘဲ ထွက်လာနိုင်ခဲ့သည်။ နောင်တစ်ချိန် ဘုရားရှင်၏သာသနာတွင် (၇)နှစ်သားနှင့် ရဟန္တာဖြစ်ခါ 'သံကိစ္စသာမဏေ'အဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

BURMESE CLASSIC .com

'အရှင်ဗာကုလမထေရ်အလောင်း' သူငယ်သည်လည်း မိဘများနှင့် မြစ်ထဲရေချိုးသွားစဉ် ရေထဲပါသွားပြီး ငါးကြီးတစ်ကောင်၏အမျိုကို ခံလိုက်ရ၏။ ထိုငါးကြီးကို တံငါတစ်ယောက်ကရပြီး ရောင်းစားရာ သူဌေးကတော်တစ်ယောက်က ဝယ်၏။ ငါးဝမ်းကို ခွဲသောအခါ ရွှေအဆင်းနှင့်တူသော ကလေးငယ်ကိုတွေ့ရသဖြင့် သားအဖြစ်မွေးထား၏။

နောင်အခါ ပထမမိဘများက ပြန်တွေ့သဖြင့် တရားဖြစ်ကြရာ တရားသူကြီးက မိဘနှစ်စုံစလုံးကို ပြုစုလုပ်ကျွေးခွင့်ပြုလိုက်၏။ ဗာကုလ-ပုဒ်၌ ဗာ-သဒ္ဒါ သည် ဒွိ-သဒ္ဒါက လာခြင်းဖြစ်၏။ ဒွိ-သဒ္ဒါကို ဝါစာသိလိဋ္ဌဖြစ်စေခြင်းငှါ ဗာ-ပြုထားခြင်းဖြစ်၏။

ဒွိ-သဒ္ဒါသည် ဒုတိယသဒ္ဒါကဲ့သို့ နှစ်ဂဏန်းကိုဟော၏။ ကုလ-သဒ္ဒါသည် အမျိုးကို ဟော၏။ ထို့ကြောင့် ဗာကုလ-သဒ္ဒါကို အဓိပ္ပါယ်ပြည့်စုံအောင်ပြန်လျှင် မိဘ ဆွေမျိုး နှစ်ဖက်နှစ်စုံရှိသောသူဟုဖြစ်လာ၏။

သူသည် လူ့ဘဝနှင့် အနှစ်ရှစ်ဆယ်၊ ရဟန်းဘဝနှင့် ဝါရှစ်ဆယ်၊ စုစုပေါင်း အသက်(၁၆၀) နေသွားရ၏။ တခြားရောဂါကြီး များအသာထား၍ နှာစေးချောင်းဆိုးပင် မဖြစ်သောကြောင့် ရောဂါကင်းသောအရာတွင် အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ရရှိခဲ့သည်။ ထိုသတို့သား ငါး၏ဝမ်းထဲတွင် ရက်အတော်ကြာ အမျိုခံထားရသော်လည်း မသေခြင်းမှာ 'ပစ္ဆိမဘဝိကပုဂ္ဂိုလ်' ဖြစ်နေသောကြောင့်ပင်ဖြစ်၏။

အင်္ဂုလိမာလ၏ ဆရာအကြောင်းကို ပြန်ဆက်အံ့-

မကောင်းသောအလုပ်များကို လူမိုက်များထက် ပိုလုပ်သော်လည်း လုပ်ခဲ့သည်ကို လူမသိအောင် ပြန်မခံရအောင် ရှောင်တိမ်းတဘ်သောသူအများကို လူယုတ်မာဟု ခေါ်၏။ အင်္ဂုလိမာလ၏ ဆရာသည် ထိုလူယုတ်မာမျိုးတွင် ပါဝင်၏။ ထိုကဲ့သို့ ကောက်ကျစ်စဉ်းလဲသော လူယုတ်မာမျိုးကား တရားမရနိုင်ပေ။

ဗောဓိမင်းသား က မြတ်စွာဘုရားကို မေးခွန်းတစ်ခုမေးဖူး၏။

'မြတ်စွာဘုရားနှင့်တွေ့သူတိုင်း တရားရနိုင်ပါသလားဘုရား'

'ဤနေရာ၌ သင့်ကိုပင် ပြန်မေးအံ့၊ လူတစ်ယောက်သည် သင့်ထံသို့ ဆင်စီး

www.burmeseclassic.com

www.burmeseclassic.com



ချွန်းကိုင်အတတ်ကို သင်ယူရန်လာ၏။ ထိုသူသည်-

ဆရာဖြစ်သော သင့်ကိုလည်း မယုံကြည်၊

ကျန်းလည်း မကျန်းမာ၊

ကောက်ကျစ်စဉ်းလဲမှု ရှိ၏။

ကြိုးစားအားထုတ်မှု မရှိ၊

ဉာဏ်ပညာလည်း မရှိ၊

ဤအင်္ဂါငါးချက်နှင့် ပြည့်စုံနေ၏။ ထိုသူသည် ဆင်စီးချွန်းကိုင်အတတ်ကို တတ်မြောက်နိုင်အံ့လော'

'မြတ်စွာဘုရား- ဤအင်္ဂါငါးချက်နှင့် ပြည့်စုံသူကို မဆိုထားဘိ၊ အင်္ဂါတစ်ပါးနှင့် ပြည့်စုံနေရုံနှင့် ဆင်စီးချွန်းကိုင်အတတ်ကို တတ်မည်မဟုတ်ပါ'

'မင်းသား-ထိုနည်းတူပင်၊ ငါဘုရားရှင်နှင့် တွေ့ပါသော်လည်း-

ငါဘုရားကို မယုံကြည်သူ၊

မကျန်းမာသူ၊ ကောက်ကျစ်စဉ်းလဲသူ၊

အားထုတ်ခြင်းမရှိသူ၊

ဉာဏ်ပညာမရှိသူများသည် တရားမရနိုင်'

ဟု ဟောကြားတော်မူခဲ့၏။ ဤဒေသနာကိုထောက်၍ ကောက်ကျစ်စဉ်းလဲသူသည် တရားမရနိုင်ဟု ဆိုခဲ့ခြင်းဖြစ်၏။

ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်သော အင်္ဂုလိမာလသည်လည်း ဆရာမှားကြောင့် လူသတ်သမားဘဝရောက်ပြီး အပါယ်ကျလုဆဲဆဲဖြစ်ခဲ့ရ၏။ ထိုကြောင့် သူလိုကိုယ်လို ပုဂ္ဂိုလ်တစ်ယောက် ဆရာမှားကိုဆည်းကပ်မိမည်ဆိုလျှင် မည်မျှလောက်ထိ ဒုက္ခရောက်သွားနိုင်ကြောင်းကို တွေးကြည့်နိုင်၏။

အင်္ဂုလိမာလအကြောင်းကိုဖတ်ပြီးလျှင် လူတစ်ထောင်ကျော်သေရခြင်း၏ အဓိကတရားခံကို တွေ့အောင်ရှာပြီး ဖယ်ရှားသုတ်သင်သင့်၏။ အပြစ်မဲ့ လူတစ်ထောင်ကျော်သေရခြင်းသည် အင်္ဂုလိမာလက သတ်သောကြောင့်ဖြစ်၏။ အင်္ဂုလိမာလသည် ဆရာက စဉ်းလဲကောက်ကျစ်စွာ ခိုင်းသောကြောင့် သတ်ရခြင်းဖြစ်၏။ ဆရာသည် အခြားတပည့်များ၏ အကြိမ်များစွာပြောလာသော မုသားစကားကြောင့် မခိုင်းသင့်တာကို ခိုင်းခြင်းဖြစ်၏။

စကား(၃)မျိုးရှိ၏-

* ပိသုဏဝါစာ = ကုန်းတိုက်သောစကား၊
* ဖရုသဝါစာ = ကြမ်းတမ်းသောစကား၊
* သမ္ဖပ္ပလာပ = ကောင်းကျိုးမရှိသော အပြိန်အဖျင်းစကား ဟူ၏။

ဤစကားသုံးမျိုးလုံးသည် မုသာဝါဒလိမ်ညာပြောခြင်း၌ အကျုံးဝင်၏။ ထို့ကြောင့် ငါးပါးသီလတွင် မုသာဝါဒတစ်ပါးကိုသာ ညိုထားခြင်းဖြစ်၏။ မုသားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ ဗုဒ္ဓမိန့်မှာခဲ့သော ဒေသနာနှစ်ရပ်ကို တင်ပြလို၏။ ဓမ္မပဒ၊ လောကဝဂ်၊ စိဉ္စ မာဏဝိကာဝတ္ထု၌-

ဧကံဓမ္မံ အတီတဿ၊ မုသာဝါဒဿဇန္တုနော။

ဝိတိဏ္ဏပရလောကဿ၊ နတ္ထိပါပံ အကာရိယံ။

'သစ္စာတရားမရှိ(လွန်)သော၊ တမလွန်လောက၌ ခံရမည့်ဆိုးကျိုးကို စွန့်လွှတ်ထားသော မုသားပြောလေ့ရှိသူအား မပြုလုပ်ရဲသော အကုသိုလ်ဒုစရိုက်မည်သည် မရှိ'

ဟု ဟောကြားခဲ့၏။ ထို့ကြောင့်လည်း ရာဟုလောဝါဒသုတ်တွင် ရှင်ရာဟုလာအား ရေခွက်ကို မှောက်ပြ၍-

'ချစ်သား ရာဟုလာ-မှောက်ထားသောရေခွက်၌ ရေတစ်စက်မှ မကျန်တော့သကဲ့သို့၊ မုသားပြောသူအား သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး အနည်းငယ်မျှ မကျန် တော့ပေ။ ထို့ကြောင့် သင်ချစ်သားသည် မုသားဆိုလျှင် ရယ်စရာသော်မှ မပြောလေနှင့်'

ဟု ဆုံးမတော်မူခဲ့၏။ ဗုဒ္ဓ ပါရမီနုစဉ်အခါကလည်း အမျိုး၊ ဘာသာ၊ သာသနာအတွက် ပါဏာတိပါတစသော ကံအချို့ကို ကျူးလွန်ခဲ့သော်လည်း မုသားစကားကို ကား ပြောကြားခြင်းမရှိခဲ့ပေ။ လူသားများ မုသားကို ရှောင်ကြဉ်လိုက်သည်နှင့် ဒုစရိုက်မှုများသည် လောကကြီးအတွင်းမှ အများကြီး လျော့နည်းသွားမည်ဖြစ်၏။

မကောင်းမှု ပြုလုပ်တိုင်း ဘေးလေးမျိုး ကြုံတွေ့ကြရသည့်အနက် လူယုတ်မာသည် ကျူးလွန်သူမှာ မိမိမဟုတ်သလို ဟန်ဆောင်ကောင်းသောကြောင့် သူတစ်ပါးက စွပ်စွဲကဲ့ရဲ့သော ပရာနုဝါဒဘေးမှ လွတ်သွား၏။ ပိရိစွာလုပ်ကိုင်ပြီး ရှောင်တတ်တိမ်းတတ်သောကြောင့် ထောင်ကျသော ဒဏ္ဍဘေးမှလည်း လွတ်သွား၏။

သို့သော် မိမိကိုယ်မိမိ ပြန်စွပ်စွဲသော၊ မကြည်ညိုသော အတ္တာနုဝါဒဘေး၊ သေပြီး၌ အပါယ်ကျသော ဒုဂ္ဂတိဘေးတို့မှကား လွတ်နိုင်စွမ်းမရှိကြောင်းကို ယုတ်မာသူများ အထူးသတိထားသင့်၏။ ဆရာမှားသည်နှင့် အယူဝါဒလည်း မှားတော့၏။ ထို ဆရာမှားနှင့် ဝါဒမှား၏ဒဏ်ကို လူသားများသည် နှစ်ပေါင်းရာနှင့်ချီ၍ ခံခဲ့ကြရ၏။

## ၁၅-ရာစုခန့်က ကြေကွဲဖွယ်ရာများ

ဆယ့်ငါးရာစုနှစ်က အင်္ဂလန်တွင် အောက်ပါဥပဒေ ပြဋ္ဌာန်းထားလေသည်။ (ခရစ်ယာန်) ဓမ္မကျမ်းဂန်ကို မိမိ၏ အမိဘာသာဖြင့်ဖတ်သူ၏ မြေ၊ ယာ၊ ကျွဲ၊ နွား တိရစ္ဆာန်အပြင် ထိုပုဂ္ဂိုလ်၏ အသက်ကိုယ်ခန္ဓာနှင့် ထိုပုဂ္ဂိုလ်၏ အမျိုး၊ အဆက်အနွယ်ပိုင် ပစ္စည်းဥစ္စာအားလုံးကို အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းယူရမည်။

ဘုရားမဲ့၊ တရားမဲ့ပုဂ္ဂိုလ်အဖြစ်လည်းကောင်း အစိုးရ၏ ရန်သူအဖြစ်လည်းကောင်း၊ နိုင်ငံ၏သစ္စာဖောက်အဖြစ်လည်းကောင်း မှတ်ယူရမည်။ ဥပဒေအတည်ပြုပြီး

www.burmeseclassic.com

www.burmeseclassic.com



သည့် နောက်တစ်နေ့၌ပင် ယင်းဥပဒေကို ဖေါက်ဖျက်ကျူးလွန်သည့်ပြစ်မှုကြောင့် လူပေါင်း (၃၉)ယောက်ကို ကြိုးစင်တင်သတ်လျက် အလောင်းများကို မီးသင်္ဂြိုဟ်ပစ်လိုက်လေသည်။

ဆယ့်ခြောက်ရာစုနှစ်က ပြင်သစ်ပြည်တွင် ပုဂ္ဂိုလ်တစ်ဦးအား၊ ညစ်ပတ်စုတ်ပဲ့စွာနေသည့် ခရစ်ယာန်ဘုန်းကြီးများကို ဦးညွှတ်အရိုအသေပြုရန် ငြင်းဆန်သည့် အကြောင်းတစ်ခုတည်းနှင့် အရှင်လတ်လတ် မီးသင်္ဂြိုဟ်လိုက်လေသည်။

(မှတ်ချက်)။ ။*ဤအကြောင်းအရာကို အမေရိကန်ဗိုလ်မှူးကြီး ရောဘတ်ဂရင်းန် အင်္ဂလိပ်ဆိုလ်ရေးသားပြီး ပါရဂူဘာသာပြန်သော 'တော်လှန်သော အတွေးအခေါ် 'စာအုပ် စာမျက်နှာ-၁၃၃မှ ရသည်။*

ယခုဖော်ပြလတ္တံ့သော အကြောင်းအရာသုံးခုကို ပေါ်တူဂီဘုန်းကြီး ဆီဘာရှိမန်ရစ် ရေးသားပြီး ဦးလှဒင်ဘာသာပြန်သော 'ရတနာရွှေမြေ'စာအုပ်မှ ရရှိသည်။

မန်ရစ်သည် ထိုအချိန်မှစ၍ စိန့်တိုလင်တီနို့ကျောင်းတွင် ခရစ်ယာန်ဘုန်းကြီးတို့၏ ကျင့်ဝတ်နှင့်အညီနေထိုင်ပြီး တစ်ဖက်တစ်လမ်းက ဟိန္ဒူစကားနှင့် ဟိန္ဒူ စာပေများကို လေ့ကျင့်သင်ကြားလေတော့သည်။ သို့ရာတွင် သူတွေ့ခဲ့ရသော ဟိန္ဒူတို့၏ အယူသည်းမှုများကြောင့် ဟိန္ဒူအယူဝါဒနှင့် ဗြာဟ္မဏတို့၏ ဟိန္ဒူအဘိဓမ္မာကို တတ်ကျွမ်းလိုစိတ် မရှိတော့ချေ။ ဤနေရာတွင် ဂိုအာမြို့၌ ပိုင်းယဒ်နှင့် ဒီလုံးတို့ တွေ့ခဲ့ရသော(ခရစ်ယာန်)သာသနာသန့်ရှင်းရေးလုပ်ငန်းများနှင့် ဟိန္ဒူအယူသည်းများ လိုက်နာကျင့်ကြံပုံတို့ မည်သည်က ပို၍ဆိုးဝါးသည်ကို စာဖတ်သူများ စဉ်စားချင့်ချိန်ရန် အလို့ငှာ အနည်းငယ်ဖော်ပြပေအံ့။

## လှည်းကြိတ်ခံ၍ သေသူများ

ဟိန္ဒူနတ်ကွန်းများ၏ ပုံဟန်သွင်ပြင်ကို မြင်ရသောအခါ မန်ရစ်အဖို့ တအံ့တဩဖြစ်နေလေသည်။ ကြီးကျယ်ခမ်းနားပုံ၊ အနုပညာလက်ရာမြောက်ပုံ၊ ချမ်းသာကြွယ်ဝပုံများမှာလည်း ပြောမကုန်အောင်ရှိတော့သည်။ ရပ်နီးရပ်ဝေးမှ လာကြသော ဘုရားဖူးပရိသတ်များ၊ မွှန်မြတ်သော လျှူဖွယ်ဒါန်းဖွယ်များ၊ လှပခမ်းနားစွာ အမျိုးမျိုး တန်ဆာဆင်ထားသော ယာဉ်ရထားကြီးကို လူအုပ်နှင့်ချီ၍ စီတန်းလှည့်လည်သော ဘုရားလှည့်ပွဲများ၊ တရားအားထုတ်နေသော ယောဂီများနှင့် ဘုရားကိုကြည်ညိုစွာ ရှိခိုးနေသော ဘုရားဖူးပရိသတ်များစသည်ဖြင့် တိုးမပေါက်အောင် စည်ကားလှပေသည်။

ဟိန္ဒူဘုရားလှည့်လည်ရာတွင်အသုံးပြုသော ကျောင်းဆောင်တင်သည့်ယာဉ်ရထားမှာ လွန်စွာ ထုထည်ကြီးမားမြင့်မောက်၍ ပန်းပု၊ ကနုတ်၊ ပန်းနွယ်၊ ရုပ်လုံးများနှင့်တကွ အတော်ပင် ထူထဲလေးလံလှပေသည်။ ၎င်းကို 'ဂျနသ်ယာဉ်'ဟု ခေါ်သည်။ ဟိန္ဒူဘုရားလှည့်ပွဲမှာ မြန်မာတို့ ဘုရားလှည့်လည်ရာတွင် ကျောင်းဆောင်ကို လှပစွာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ယင်၍ လှည်းနှင့်ဆွဲရသကဲ့သို့ပင်ဖြစ်သည်။

သို့ရာတွင် ဟိန္ဒူတို့၏ကျောင်းဆောင်မှာ သာမန်အိမ်တစ်ဆောင်မက လေးလံလှသဖြင့် ထုထည်ကြီးမားခိုင်ခံ့သော လှည်းဘီးကြီးများပေါ်တင်၍ လူပေါင်းများစွာ ဆွဲကြ၊ တွန်းကြရသည်။ သို့နှင့် ဂျနသ်ရထားယာဉ် ဆိုက်ရောက် လာသောအခါ ဟိန္ဒူ ရသေ့ယောဂီများနှင့် ဘုရားဖူးတို့သည် ပါးစပ်က အဆက်မပြတ် ဆုတောင်းစာများ ရွတ်ဆိုရင်း လှည်းဘီးရှေ့ကနေ၍ မြေပေါ်လှဲချပြီး လှည်းနင်း၍ အသေခံကြသည်။

အချို့လည်း ဝင်ရိုးတိုင်တစ်ခုပေါ်တွင် ရဟတ်ကဲ့သို့လည်နေသော ဘီးကြီးတစ်ခု၌ တပ်ဆင်ထားသော ငါးမျှားချိတ်ကဲ့သို့ ချိတ်ကြီးများရှိရာသို့ မိမိကျောပြင်ကို ချိတ်မိစေပြီး ချာလပတ်လည်ကာ သူတို့၏ခန္ဓာကိုယ်မှ လွင့်စင်လာသောသွေးများနှင့် ဘုရားဖူးလာသောပရိသတ်တို့ကို စွတ်စိုပေကျံစေလျက် လမ်းပေါ်သို့ ဘုန်းဘုန်းလဲကာ အသက်ပျောက်ရှာကြလေသည်။

ထို့ပြင် လီဂျလီမြို့နှင့် မျက်နှာချင်းဆိုင်တည်ရှိသော ဆောဂါ SAUGER ကျွန်း၌ တွေ့မြင်ခဲ့ရသော ဟိန္ဒူဘုရားပွဲတစ်ခုမှာလည်း အတော်ပင် ထူးဆန်းလှပေသည်။

## မိမိကိုယ်ကို ငါးမန်းစာကျွေးသူများ

တစ်ချိန်တုန်းကဆိုလျှင် ဆောဂါးကျွန်း၌ ဟိန္ဒူနတ်ကွန်းများ ဖွေဖွေးလှုပ်လျက်ရှိခဲ့သည်။ သို့ရာတွင် မကြာခဏဆိုသလို ဒီယင်းဂါးမြို့က ပေါ်တူဂီ ပင်လယ်ဓားပြများ လာရောက်တိုက်ခိုက် လုယက်ကာ၊ လူများကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ကျေးကျွန်အဖြစ် ရောင်းချလေ့ရှိသဖြင့် မန်ရစ် ရောက်သွားသောအချိန်တွင် လူသူကင်းဆိတ်လျက် နတ်ကွန်းများလည်း ပျက်စီးယိုယွင်းနေကြလေပြီ။

သို့ဖြင့် ပွဲတော်ချိန်ကျရောက်မှသာ ရပ်ဝေးက ဘုရားဖူးများ၊ ပရိသတ်များ စုဝေးရောက်ရှိလာပြီး ထုံးတမ်းအစဉ်အလာအတိုင်း ပွဲတော် ကျင်းပကြရလေသည်။ သို့ဖြစ်၍ ထိုကျွန်းမှာ ပွဲတော်ရက်ရောက်သည့်အခါမှသာ လူစည်ကားတော့သည်။ ထိုအခါတွင်မူ ပင်လယ်ဓားပြတို့၏ အန္တရာယ်ကို သူတို့ မစိုးရိမ်တော့ချေ။ မိမိတို့ အယူဝါဒ၌ လွန်ကဲစွာအယူသည်းလျက် ပွဲတော်ရက်တွင် အသက်ကိုပင် စွန့်ဝံ့နေကြရကား၊ ပင်လယ်ဓားပြတို့ရန်ကို ထိုအချိန်၌ စိုးရွံ့ကြောက်လန့်နေရမှန်း မသိချေ။

ဘုရားဖူးတို့သည် ပျက်စီးယိုယွင်းနေသော ဟိန္ဒူနတ်ကွန်းများသို့ ရောက်လာသောအခါ ရှေးဦးပထမ ဆံ, မုတ်ဆိတ်စသည်တို့ကို ရိတ်ဖြတ်သုတ်သင်ကြ၏။ ထို့နောက် နတ်ကွန်းထဲက ရေကန်၌ ရေချိုးသန့်စင်ကြပြီး တစ်ကိုယ်လုံး ဆီနှင့် လိမ်းသုတ်ပွတ်နယ်နေကြသည်။ ယင်းသို့ ကိုယ်လက်သန့်စင်ကြပြီးနောက် ယောကျ်ားရောမိန်းမပါ ဟိန္ဒူနတ်ရုပ်ထားသော အခန်းတွင်းသို့ ဝင်ရောက်ကြပြီး မလင်းတလင်း

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်အောက်တွင် နတ်ကွန်း ယဇ်ပလ္လင်ခြေရင်း၌ နေရာယူကြလေသည်။ ထိုအချိန်၌ မွှေးကြိုင်သော ပန်းရနံ့များသည်လည်းကောင်း နှံသံ၊ ပုလွေသံ၊ ဗုံသံ၊ မောင်းသံ၊ ခရုသင်းသံ မှစ၍ တီးမှုတ်မှုမျိုးစုံ မိုးမွှန်အောင် လွှမ်းမိုးလေတော့သည်။ သူတို့မှာလည်း စုန်း ပယောဂ ပူးကပ်နေဘိသကဲ့သို့ မိမိတို့ခန္ဓာကိုယ်ကို ဘုရားသို့ လှူဒါန်း ဆက်သကာ ယခုပင် ဘုရားသခင်က ခေါ်ဆောင်သွားတော့မတတ် မိမိတို့စိတ် အာရုံကို ကောင်းကင်ဘုံသို့ ပို့ထားလိုက်ကြသည်။

နဖူးကို မြေတွင်ကပ်လျက် မိမိတို့အသက်ကို ဘုရားသခင်အား ဆက်သလှူဒါန်းရာ၌ ဘုရားသခင်က ကြည်ဖြူစွာ လက်သင့်ခံပါမည့်အကြောင်း မျက်ရည်အသွယ်သွယ်ကျဆင်းအောင် ငိုယိုတောင်းပန်နေကြကုန်၏။ နောက်ဆုံး၌ ဘုရားသခင်က မိမိကို လက်ခံပြီဟု မိမိအာရုံထဲတွင် ထင်မြင်လာပြီးနောက် ဝမ်းမြောက်ဝမ်းသာ နေရာမှ ထ,လျက် သောင်ပြင်သို့ ပြေးဆင်းသွားလေတော့သည်။ သောင်စပ်ရှိ ပင်လယ်ရေထဲတွင်မူ ငါးမန်းကြီးငယ်တို့က အဆင်သင့် စောင့်မျှော်လျက်ရှိကြသည်။ အဆိုပါ မိန်းမ, ယောကျ်ားတို့ကား ငါးမန်းတို့၏ဘေးရန်ကို ပဓာနမထားဘဲ ရေထဲသို့ ရဲရဲဝံ့ဝံ့ ဆင်း၍ ရေနက်သည့်ဘက်သို့ တောက်လျှောက်သွားနေကြသည်။ ထိုအချိန်တွင်ကား ငါးမန်းတို့သည် ထိုလူအုပ်ကြီးကြားမှ ဘွားခနဲ ရေပေါ်သို့ပေါ်လာပြီး တွေ့ရာလူကို ဖမ်းယူစား သောက်လေတော့၏။

ထို့ကြောင့် မန်ရစ်က-သူတို့မှာ စားနေကြဖြစ်၍ လူသား၏အရသာကို သိနေကြသည့်အတိုင်း အာသာငမ်းငမ်း စားလိုစိတ် ပြင်းထန်နေကြပြီးလျှင် လူရိပ်ကို မြင်ရုံနှင့် တစ်ခါတည်းမြောက်ခုန်၍ ဟပ်ကြတော့သည်ဟု ဖော်ပြထားပေသည်။ ဤမြင်ကွင်းမှာ အလွန်တရာ အသည်းထိတ်စရာကောင်းလှသည်။ သို့ရာတွင် တစ်ခါတလေတော့လည်း ဘာမျှ ကြောက်စရာမကောင်းသကဲ့သို့ ရှိပြန်သည်။

ပွဲတော်ပြီးခါနီးလာသောအခါ ငါးမန်းတို့မှာ ဝလင်နေကြပြီဖြစ်၍ ကမ်းစပ်တွင် စောင့်မျှော်နေခြင်းမရှိတော့ဘဲ ရေထဲ၌ ဟိုမှဒီမှ ပျင်းရိဖွယ်ရာ ကူးသန်းသွားလာနေကြတော့သည်။ 'စားပါစေတော့'ဟု လူကိုယ်တိုင် အနားသို့ကပ်သွားသည်ကိုပင် နှာခေါင်းနှင့် တွန်းဖယ်ပစ်ကြတော့သည်။

ယင်းသို့ ငါးမန်းများက မကိုက်မစား တွန်းဖယ်ပစ်ခြင်းခံရသည့်အခါ သူတို့ကို ဘုရားသခင်က ငြင်းပယ်သည်ဟုယူဆကာ ဝမ်းနည်းကြေကွဲစွာ ငိုယိုလျက် ရေထဲက တက်လာကြတော့၏။ သူတို့ကို ဘုရားသခင်က ငြင်းပယ်လိုက်သည်ဆိုတော့ သူတို့ ဘယ်ကိုသွားသွား အားကိုးစရာ ရနိုင်ပါတော့မည်လော။ ဘာကိုလုပ်လုပ် ဖြစ်နိုင်ပါတော့မည်လော။ သူတို့အဖို့ လောကအတွင်း၌ အချည်းနှီး အထီးကျန်လျက် ရှိချေပြီတကား။ တွယ်တာစရာ ငဲ့ညှာစရာဟူ၍လည်း ဘာဆိုဘာမျှမရှိတော့ပြီ။ သို့ဖြစ်လျှင် သူတို့၏ ရှေ့၌ ကြောက်စရာဟူ၍ ဘာမှမရှိတော့ပြီမဟုတ်ပါလော။

ယင်းကဲ့သို့သောမြင်ကွင်းကို မည်ကဲ့သို့ ထင်မြင်ချက်ပေးပါမည်နည်း။ မန်ရစ်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အဲဒါကို 'အစာကျွေးတဲ့ဝါဒ'ဟူ၍ သမုတ်လိုက်လေသည်။ အမှန်စင်စစ်တော့လည်း ဤသို့သာ ခေါ်သင့်ပါသည်။ သို့သော် ကျွန်ုပ်တို့အဖို့ရာတွင် ဘာမျှအဓိပ္ပါယ်မရှိသောအလုပ်ဟူ၍လည်းကောင်း၊ ဘာကိုရည်မှန်း၍ လုပ်သည်ဟူ၍လည်းကောင်း မတွေးတတ်ကြပါ။ အကြောင်းအကျိုး မလုံလောက်သော ပြုမူချက်များဟူ၍သာ နားလည်ရပါတော့သည်။

ယင်းသို့ လုပ်ခြင်းအားဖြင့် အကုသိုလ်ကံကို တမင်ခေါ်ယူသည် ဟူ၍လည်း ဆိုနိုင်ပါသည်။ ငိုကြွေးနေသော ထိုဘုရားဖူးတို့၌ တကယ်ပင် အကုသိုလ်ဝင်နေသလော၊ မန်ရစ်၏ အာဘော်အရဆိုလျှင် ဟုတ်မှန်ပေသည်။ တကယ်ပင် အကုသိုလ်ဝင်နေကြပါသည်။ သူတို့ခေါ်ယူသော အကုသိုလ်က သူတို့ကို နှိပ်စက်နေခြင်း မဟုတ်ပါလော။ အချို့ စိတ်ပညာရှင်တို့သည် ဟိန္ဒူဘာသာဝင်တို့၏ ကိုယ့်ကိုယ်ကို သတ်သေခြင်းမျိုးကား ရှုနှမ်းသော အလုပ်မျိုးသာဖြစ်သည်ဟု ထင်မြင်ချက်ပေးကြပေလိမ့်မည်။

ဤသို့သောအလုပ်မျိုးကို တစ်ခေတ်တွင် အမည်တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲခေါ်တွင်စေကာမူ အကုသိုလ်မှာ အကုသိုလ်သာဖြစ်ပါသည်။ အလွန်ဆုံး ကင်ပွန်းတပ်ပေးနိုင်သောအမည်မှာ အစာကျွေးခြင်းဟူ၍သာ ခေါ်ဆိုနိုင်ပါတော့သည်။ ထိုကဲ့သို့သော လူမျိုးများကို မည်သည့်ဆေးနှင့် ကုစား၍ရပါအံ့နည်း။ ကျပ်ပြည့်၍ ကျိုးကြောင်း ဆင်ခြင်တုံတရားရှိသူတို့ကမူ ထိုလူများသည် အလွန်အမင်း သောကမီးတောက်လောင်နေသောကြောင့် လုပ်မိလုပ်ရာ အမှားမှားအယွင်းယွင်း လုပ်ကြခြင်းသာဖြစ်သည်ဟု ဆုံးဖြတ်ကြလေသည်။

ဤနေရာတွင် ခရစ်ယာန်လည်းမဟုတ်၊ ဥရောပတိုက်သားလည်း မဟုတ်သော အခြားခရီးသည်တစ်ဦး၏ ထင်မြင်ချက်ကို ဖော်ပြလိုပါသည်။ ခရစ်(၇)ရာစုနှစ်အတွင်းက တရုတ်ရဟန်းတော် ဟီယွန်ဆင်သည် ယခု အလ္လဟဗဒ်မြို့နယ်ဖြစ်သော ကောသမ္ဗီပြည် Ka-Wsamb သို့ရောက်ခဲ့သည်။ ကောသမ္ဗီမြို့တော်မှာ ထိုအခါက ဂင်္ဂါ မြစ်နှင့် ယမုံနာမြစ်တို့ ဆုံရာအရပ်တွင်တည်ရှိ၍ ဟိန္ဒူဘာသာ၏ အချက် အချာဖြစ်သော မြို့တော်ကြီးဖြစ်ပေသည်။

ဟီယွန်ဆင်သည် နာလန္ဒာတက္ကသိုလ်၌ ဗုဒ္ဓစာပေကျမ်းဂန်များကို သင်ယူနေစဉ် တစ်နေ့သောအခါ ကောသမ္ဗီမြို့သို့ ဘုရားဖူးရန်ရောက်ရှိသွားလေ၏။ ဗုဒ္ဓဝါဒသည် ထိုအခါက အိန္ဒိယတွင် အရှိန်လျော့စပြုလာသည့်အတိုင်း ကောသမ္ဗီကလည်း ဟိန္ဒူတို့အတွက် အထွတ်အမြတ်ပြုရာဌာနအဖြစ် တိုးတက်စပြုနေလေသည်။ သူသည် မန်ရစ်တွေ့ကြုံခဲ့ရသလို ဟိန္ဒူဘာသာဝင်တို့၏ ထူးဆန်းသော အလေ့အထများကို မျက်မြင်ကိုယ်တွေ့ သိမှတ်ခဲ့ရသဖြင့် အောက်ပါအတိုင်း ရေးသားထားခဲ့ပေသည်။

## တိုင်ပေါ်တက်၍ နေလှုန်းသူများ

မြစ်ထဲ၌ Sacred River Poles ခေါ် ကမ္ဗဋ္ဌာန်းတိုင်များကို စိုက်ထူပြီး တိုင်

www.burmeseclassic.com

www.burmeseclassic.com



ထိပ်အနီး၌ ငုတ်တစ်ခုရိုက်ထားလေသည်။ ဘုရား, တရားကြည်ညိုသူတို့သည် နံနက်အရုဏ်တက်ချိန်တွင် တိုင်များပေါ်သို့ မျှော်တိုင်တက်သကဲ့သို့ ပေါင်တံထိုး၍ တက်သွား ကြပြီးလျှင် ခြေတစ်ချောင်းက ငုတ်တွင်နင်း၍ လက်တစ်ဖက်က တိုင်ထိပ်ကို ကိုင်လျက် အခြားသောလက်တစ်ဖက်နှင့် ခြေတစ်ဖက်ကို ဘေးသို့ဆန့်ထုတ်ကာ နေထွက်ကနေဝင် အထိ မျက်နှာက နေသွားရာဘက်ကိုလိုက်၍ ကြည့်နေရပြီး နေဝင်မှ တိုင်ပေါ်က ဆင်း၍ အစားအစာ စားသောက်ကြသည်။

နောက်တစ်နေ့ အရုဏ်တက်ပြန်သော် ရှေ့နည်းအတိုင်း ဆက်၍လုပ်ကြပြန်လေသည်။ ဟိန္ဒူဘာသာဝင်တို့သည် ယင်းသို့ ခဲခဲယဉ်းယဉ်းတရားကျင့်မှ ထာဝရဘုရားသခင်က ပို၍ကြိုက်နှစ်သက်သည်ဟု ယုံကြည်ကြသည်။ ဟီယွန်ဆင်၏ စိတ်၌ ယင်းသို့သောအပြုအမူမှာ ရူးနှမ်းသောအလုပ်၊ အချည်းအနှီး အားအင်ကုန်ခန်းစေပြီး ဘာမှ အဓိပ္ပါယ်မရှိဟု ထင်မှတ်လေသည်။ သို့ရာတွင် တရားကျင့်သူအချို့မှာ နှစ်ပေါင်း (၅၀)ကြာအောင် နေ့စဉ်နေ့တိုင်း ဝတ်မပျက်ကျင့်ကြသည်ဟု ဖော်ပြခဲ့ပေ၏။

ထို့မှတစ်ပါး မိမိကိုယ်ကို ငါးမန်းစာကျွေးသော ကုသိုလ်ကောင်းမှုမျိုးထက် ပိုမိုထူးဆန်းသော ဖြစ်ရပ်တစ်ခုကိုလည်း သေမင်းသစ်ပင်(Tree of Death)ဟူ၍ ခေါင်းစဉ်တပ်ပြီး မှတ်တမ်းတင်ထားခဲ့သေးသည်။ အဆိုပါ ကောသမ္ဗီမြို့ပေါ်မှာပင် လူပေါင်းများစွာ သွားရောက်ပူဇော်လေ့ရှိသော ဟိန္ဒူနတ်ကွန်းကြီးတစ်ခု ရှိလေသည်။ ထိုနတ်ကွန်းသို့ ဘုရားပူဇော်ရန်သွားသူတို့သည် နတ်ကွန်းထဲသို့ရောက်လျှင် ပြန်ထွက်မလာတော့ကြတော့ချေ။

## သစ်ပင်ပေါ်မှ ခုန်ချသေသူများ

နတ်ကွန်း၏ပရိဝုဏ်အတွင်း အဆောက်အဦး၏ ရှေ့မျက်နှာစာတွင် သစ်ပင်ကြီးတစ်ပင်ရှိလေသည်။ ထိုသစ်ပင်ကြီး၏ ဝဲယာနှစ်ဖက်၌ လူရိုးများ စုပုံလျက် ရှိလေသည်။ နတ်ပူဇော်ရန် လာသူတို့သည် ထိုသစ်ပင်ကြီးပေါ်သို့တက်၍ ဆုတောင်းပတ္ထနာ ပြုပြီး သစ်ပင်ပေါ်မှခုန်ချကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားကြလေသည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ ထိုနေရာကဲ့သို့ ထူးခြားမြင့်မြတ်သောမြေပြင်၌ မိမိကိုယ်မိမိ သတ်၍ သေရခြင်းသည် သံသရာဘေးမှ ကင်းဝေး၍ အေးမြချမ်းသာသော ထာဝရဘုရား သခင်၏ နေရာဘုံဗိမာန်သို့ ရောက်ကြရသည်ဟု ယူဆကြသောကြောင့် ဟူ၏။

ဆရာမှားကို ဆက်လက်ဆည်းကပ်နေသမျှ ဝါဒမှားကို ဆက်လက်ကျင့်သုံးနေသမျှ နှစ်တွေ ခေတ်တွေ မည်သို့ပင်ပြောင်းလာသော်လည်း ဆင်းရဲဒုက္ခရောက်နေကြဦးမည်သာဖြစ်၏။ ၁၉၇၈-ခုနှစ်က ဂိုင်ယာနာတွင် ဂျင်းဂျုံးနှင့်တကွ နောက်လိုက်ကိုးရာကျော်တို့သည် စည်ပေပါကြီးများထဲတွင် အဆိပ်ရည်များဖျော်ကာ သောက်ကြပြီး မိမိကိုယ်မိမိ အဆုံးစီရင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြချက်က ယခုအချိန်၌ သေခြင်းဟူသည် ဖြူစင်မြင့်မြတ်ပြီး ထာဝရဘုရားသခင်၏ အလိုကျဖြစ်သောကြောင့်ဟူ၏။ (၂၂-၉-၈၅)နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၌ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တောင်ဘက် မိုင်ခြောက်ရာခန့် အကွာ ဒါဗိုပြည်နယ်၊ ဝုမီတန်ကျေးရွာတွင် လူမျိုးစုအကြီးအကဲတစ်ဦးက ဘုရားသခင်ကို တွေ့ရမည်ဟုပြောပြီး လူပေါင်း(၇၀)ကို ပိုးသတ်ဆေးခတ်ထားသော ယာဂုကို တိုက်ကျွေးရာမှ အားလုံးသေကြရကြောင်း ဖော်ပြထားသည်။

၁၉၉၃-ခုနှစ်ခန့်ကလည်း အမေရိကန်ပြည်ထောင်စု၊ တက်(က)ဆပ်ပြည်နယ်မှ ဒေးဗစ်ကိုရက်ရှ်သည်လည်း ကြီးမားသောခြံဝင်းကြီးတစ်ခုကို စစ်ဌာနချုပ်ကြီး တစ်ခုကဲ့သို့ လုံခြုံအောင်စီမံပြီး ဘာသာရေးဇန်းပြကာ ဆွဲဆောင်သဖြင့် မိန်းမ, ယောကျ်ား အတော်များများ စုမိသည်။ ထိုဌာနချုပ်ထဲရောက်လာသော အမျိုးသမီး မှန်သမျှ သူနှင့် လွတ်ကင်းသောသူ ခပ်ရှားရှားဟူ၏။

နောက်တစ်ဆင့်တက်ပြီး လက်နက်များပါ စုဆောင်းလာသဖြင့် အမေရိကန် လုံခြုံရေးအရာရှိများက စစ်ဆေးခွင့်ပြုရန် တောင်းဆိုခဲ့သော်လည်း မရဘဲ ဒေးဗစ်ကို ရက်ရှ်တို့ဘက်မှ စတင်ပစ်ခတ်သဖြင့် လုံခြုံရေးအရာရှိများမှာ လက်နက်သုံးပြီး အတင်း ဝင်သိမ်းကြရတော့သည်။ ထိုအခါ သူ့ကိုယ်သူ 'မေတ္တာရှင်, ကရုဏာရှင်'ဟု ဝန်ခံထား သော ဒေးဗစ်ကိုရက်ရှ်က ဌာနချုပ်ကြီးကို အလုံပိတ်ပြီး မီးတင်ရှို့ကာ အထဲမှ အမျိုး သား၊ အမျိုးသမီးများကို 'ထွက်မပြေးဘဲ မီးလောင်ခံသေရန်' ပြောကြားပါသတတ်။ မနေနိုင်၍ ထွက်ပြေးသူများသာ အသက်ရှင်ပြီး ဒေးဗစ်ကိုရက်ရှ် အပါအဝင် (၈၅) ယောက်တို့မှာ မီးလောင်ခံပြီးသေကြရသည်။

(၈-၁၀-၉၄)နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း ဘာသာရေး အယူမှားမှုကြောင့် အစုလိုက်အပြုံလိုက် သေဆုံးရသော သတင်းတစ်ပုဒ်ကို ဖတ်ရပြန်သည်။ ဆွစ်ဇာလန်နိုင်ငံတွင် ဘာသာရေးအယူ လွဲမှားမှုကြောင့် မီးလောင်ကျွမ်း သေဆုံးသူများ၏ အလောင်း (၄၈)လောင်းကို တွေ့ရှိရကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။ သေဆုံးသူများမှာ ခရော့အင်ရိုစ် ဘာသာရေးအသင်းမှ အသင်းဝင် (၄၈)ဦးဖြစ်သည်။

အလောင်းများကို မြေအောက်ဘုရားကျောင်းနှင့် အခြားအဆောက် အအုံ များအတွင်း၌ တွေ့ရခြင်းဖြစ်သည်။ သေဆုံးသူများ၏ ခေါင်းဆောင် လမ်းပြဖြစ်သူမှာ အသက်(၄၆)နှစ်ရှိ ဆရာဝန်နှင့် ကနေဒါနိုင်ငံ ကွီဘက်မှ အော်ဒါအော့ဖ်ဆိုလာ ဘုရားကျောင်း ဝတ်အသင်းတည်ထောင်သူ လပ်ဂျူးနက်ဖြစ်သည်ဟု ယူဆသည်။ ၎င်းမှာ လက်နက်မှုဖြင့် ဆွန်ဇာလန်နိုင်ငံသို့ ယမန်နှစ်က တိမ်းရှောင်လာသူ ဖြစ်သည် ဟု ဖော်ပြထားသည်။ *('မျက်ရည်မကျခင် သိစေချင်' စာ-၄၁၊ ၄၂ တွင် ရှုပါ။)*

www.burmeseclassic.com

www.burmeseclassic.com



## လူပေါင်း(၉၀၀)ကျော် သတ်မည့်သူ

အရှေ့အာဖရိကရှိ ကုန်းတွင်းပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ယူဂန္ဒာနိုင်ငံတွင် ခရစ်ယာန်ဘာသာဝင် (၆၆)ရာခိုင်နှုန်း (ရိုမန်ကက်သလစ် (၃၃)ရာခိုင်နှုန်းနှင့် ပရိုတက်စတင့်(၃၃)ရာခိုင်နှုန်း)၊ မိရိုးဖလာ နတ်ကိုးကွယ်ယုံကြည်မှု (၁၈)ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာဝင် (၁၆)ရာခိုင်နှုန်းရှိသည်။ ဘာသာရေးအရချဲ့ပြီး လူပေါင်းကိုးရာကျော်ကို သတ်ဖြတ်မည့် ဂျိုးဆက်ကီဗွိတာကို ၁၉၃၂-ခုနှစ်က ယူဂန္ဒာ အနောက်ပိုင်းတွင် မွေးဖွားခဲ့သည်။

သူသည် ရိုမာန်ကက်သလစ် ဘုန်းတော်ကြီးတစ်ပါးပင်ဖြစ်သည်။ ၁၉၈၀-ပြည့်လွန်ကာလမှစ၍ ဘုရားသခင်၏ ပညတ်တော်ဆယ်ပါး ပြန်လည်ပေါ်ထွန်းရေး လှုပ်ရှားမှုဂိုဏ်းကို တည်ထောင်ပြီး မသိနားမလည်သူများကို စည်းရုံးသိမ်းသွင်းရာ လူပေါင်းတစ်ထောင်ခန့်ထိ ရရှိခဲ့သည်။

## သတ်ဖြတ်မှုဇာတ်လမ်း

ယူဂန္ဒာနိုင်ငံ၊ ကမ်ပါလာမြို့တော်၏ အနောက်တောင်ဘက် ကီလိုမီတာ (၃၅၀)ခန့်အကွာ ကန်နွန်ဂူမြို့အနီး မြေဆီသြဇာကြွယ်ဝလှသည့် လယ်ကွက်ကြီးတစ်ကွက်ထဲတွင် ရိုမန်ကက်သလစ် ဘုရားရှိခိုးကျောင်းတစ်ကျောင်းရှိသည်။ ထိုဘုရားရှိခိုးကျောင်းမှ ခေါင်းဆောင်ဆိုသူမှာ အသက်(၄၀)နှစ်ခန့်ရှိ ကလင်ဒိုနီးယား အမည်ရသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။ သူမသည် ယခင်က ပြည့်တန်ဆာမတစ်ဦးဖြစ်ခဲ့ဖူးသည်။

သို့သော် သူမသည် ဂျိုးဆက်ကီဗွိတာ၏ လက်အောက်ခံဖြစ်လာကြောင်း နောင်တွင် ပေါ်လွင်လာသည်။ (၁၇-၃-၂၀၀၁)နေ့၊ ထိုနေ့သည်ကား ကြည်ညိုသည့် သဒ္ဓါစိတ်သာရှိပြီး တွေးခေါ်မြော်မြင်မှု ပညာ မရှိရှာသည့် ရိုမန်ကက်သလစ်ဘာသာဝင် (၃၃၀)ကျော် အစုလိုက်အပြုံလိုက် သေဆုံးရသည့်နေ့ပင်ဖြစ်ပါ၏။ ဘာသာဝင်အားလုံး ဘုရားရှိခိုးကျောင်းအတွင်း ရောက်သည်နှင့် တံခါးမကြီးနှင့်တကွ ပြတင်းပေါက်အားလုံး ပိတ်လိုက်ကြသည်။

ကျောင်းကြီးတစ်ခုလုံး ဓာတ်ဆီများဝ,သွားအောင် လောင်းထားပြီးဖြစ်၍ မီးခြစ်တစ်ချက် ခြစ်လိုက်သည်နှင့် ဝုန်းဟူသော ပေါက်ကွဲသံကြီးနှင့်အတူ ဘုရားကျောင်းတစ်ခုလုံး မိနစ်ပိုင်းအတွင်း မီးလောင်ပြာကျသွားသည်။ ဖြစ်စက အစုလိုက်အပြုံလိုက် မိမိကိုယ်မိမိ အဆုံးစီရင်မှုဟု ရဲက ထင်ခဲ့၏။ သို့သော် ရေအိမ်တစ်လုံးအတွင်းတွေ့ရသော ခြေပြတ်၊ လက်ပြတ်ရုပ်အလောင်းများနှင့် လည်မြို့ညှစ်သတ်ခံရသော ရုပ်အလောင်းများကို တွေ့သောအခါတွင်မှ လူသေမှုမဟုတ်ဘဲ၊ လူသတ်မှုဖြစ်ပွားကြောင်း ဆုံးဖြတ်နိုင်ကာ အကြီးအကျယ် စုံစမ်းစစ်ဆေးရတော့သည်။

မသင်္ကာဖွယ်ရာဖြစ်သော အဆိုပါ ဂိုဏ်းခေါင်းဆောင်များ၏ ခြံဝင်းများ

www.burmeseclassic.com

www.burmeseclassic.com



အတွင်း တူးဖော်ရှာဖွေကြည့်ရာ ဘူဟွန်ဂါကျေးရွာအနီးတွင် မြှုပ်နှံထားသော အလောင်းပေါင်း (၁၅၃)လောင်း၊ ဂူဂါဒီဒေသရှိ ဂိုဏ်းခေါင်းဆောင်တစ်ဦး၏ ခြံဝင်းအတွင်းမှ အလောင်းပေါင်း(၁၅၅)လောင်းတို့ကို ထပ်မံတွေ့ရှိခဲ့သည်။ ကျိုးဆက်ကီဗွိတာ၏ ခြံဝင်းအတွင်းမှ အလောင်းပေါင်း(၃၀၀)ကျော်ကို တွေ့ရှိရသည်။ လိမ်ညာမှုမျိုးစုံတွင် ဘာသာရေးဖြင့် လိမ်ညာမှုသည် အလွယ်ကူဆုံးဖြစ်၏။ ထို့ကြောင့် လိမ်ညာမှုမျိုးစုံတွင် ဘာသာရေးနှင့် ပတ်သက်သောလိမ်ညာမှုက အများဆုံးဖြစ်၏။

ဘာသာရေးနှင့်ပတ်သက်လာလျှင် ဥစ္စာပစ္စည်းကိုယူရုံမက လူ့အသက်ကိုပင် လိမ်လည်သတ်ဖြတ်၍ရကြောင်းကို ဖော်ပြခဲ့သောဖြစ်ရပ်များက သက်သေခံလျက်ရှိသည်။ ကျိုးဆက်ကီဗွိတာ၏ လိမ်ညာသတ်ဖြတ်ပုံများကို လေ့လာစုံစမ်းကြည့်သောအခါ ပထမဆုံးလိမ်ညာချက်က သူသည် ဘုရားနှင့် တိုက်ရိုက်အဆက်အသွယ်ပြုနိုင်သည်ဟူ၏။ သူ၏ ဂိုဏ်းဝင်များက အကြွင်းမဲ့ယုံကြည်၏။ ၁၉၈၄-ခုနှစ်တွင်ကားကြောက်မက်ဖွယ်ရာ ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်ကားလူပေါင်းကိုးရာကျော်ကို သတ်ဖြတ်ပစ်မိစေရန်စိတ်ကူးကို ပေါ်ပေါက်စေမည့် ကြေညာချက်ဖြစ်ကြောင်း ကျိုးဆက်ကီဗွိတာကိုယ်တိုင် သိဟန်မတူခဲ့ပေ။ ယင်းကြေညာချက်ကား-

ယေရှုခရစ်တော်နှင့် မယ်တော်မာရီတို့က ၎င်းထံ အလည်အပတ်ရောက်ရှိလာကာ ခရစ်နှစ်(၂၀၀၀)တွင် ကမ္ဘာပျက်မည်ဆိုသော သတင်းစကားကို ဖြန့်ချိပေးရန် ညွှန်ကြားခံရသည်ဟုဆိုပါ၏။ ထိုညွှန်ကြားချက်ဖြင့်ခြောက်ပြီးလျှင် ဂိုဏ်းဝင်များ၏ ဥစ္စာစည်းများကို သိမ်းယူခဲ့သည်။ ၁၉၉၉-ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် ကမ္ဘာပျက်မည်ဆိုသော ၎င်း၏ဟောကိန်းများမှာ မှားယွင်းကြောင်း ဂိုဏ်းဝင်များက သိရှိလာသောအခါ မိမိတို့၏ စည်းစိမ်ဥစ္စာများကို ပြန်လည်တောင်းဆိုရာမှ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရခြင်းဖြစ်သည်ဟု ရဲက ယူဆထားသည်။

*('ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း-၂၊ နှာ-၂၄၇ မှ ၂၅၁ တွင် ရှုပါ။)*

## ရေထုံကူး၍ အသေခံသူ

နှစ်များမကြာမီကလည်း မင်းဘူးမြို့အနီးရှိ မြစ်ကြီးတစ်ခုတွင် လူများကြက်ပျံမကျ စည်ကားနေ၏။ အကြောင်းခြင်းရာကို စုံစမ်းကြည့်သောအခါ ဘိုးတော်တစ်ယောက်သည် သက်တမ်း ထောင်ချီနေနိုင်ရန်အတွက် ရေထုံကူးဖို့ စီစဉ်နေသည်ဟူ၏၊ ဘိုးတော်သည် လူများ၏ရှေ့မှာပင် မြစ်ထဲသို့ ရေအောက်ထိ ဆင်းပြီး (၇)ရက်တိတိ ရေထဲမှာနေမည်၊ ဤသည်မှာပင် ရေထုံကူးခြင်းဖြစ်၏၊ (၇)ရက်ပြည့်မှ ရေပေါ်သို့ ပြန်ပေါ်မည်ဟုဆို၏၊ အံ့ဩစရာကား ကောင်းပါ၏။

အချိန်ကျရောက်သည်နှင့် ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ဘိုးတော်သည် ရေနက်ရာသို့ တစ်ဖြည်းဖြည်းဆင်းသွားရာ နောက်ဆုံးတွင် တစ်ကိုယ်လုံး နစ်မြုပ်သွား

www.burmeseclassic.com

www.burmeseclassic.com



၏။ လူအများသည် စိတ်ဝင်တစားဖြင့် (၇)ရက်ပြည့်သည်အထိ ဇွဲဖြင့် စောင့်ကြည့်ကြ၏။ ဘိုးတော်သည် သူပြောသည့်အတိုင်း (၇)ရက်ပြည့်မှ ပြန်ပေါ်လာသည်ကား မှန်ပါ ၏။ သို့သော် အသက်ပါမလာတော့ဘဲ ပုပ်ပွပြီးမှ ပေါ်လာခြင်းပါတည်း။

၂၀၀၀ ခုနှစ်ခန့်က - တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်တွင် ကိုတိုး+မလှဟူ၍ ဇနီးမောင်နှံနှစ်ယောက်ရှိကြ၏။ တစ်ခါတွင် လေးနှစ်သားအရွယ် ရှိသော သူတို့၏ကလေးတစ်ယောက်သည် ရောဂါတစ်ခုဖြစ်၏။ ဆေးခန်းသွားပြပြီး သက်ဆိုင်ရာဆေးကိုစားလျှင် အလွယ်တကူပျောက်နိုင်သော ရောဂါတစ်ခုပင်ဖြစ်၏။ သို့သော် သူ့ဇနီး မေးမြန်းနေကြ နတ်ကတော်က- 'ရိုးရာ ကိုင်ထားလို့ဖြစ်တာ၊ ဘာဆေးနှင့်မျှ ကုလို့မရနိုင်။ နတ်ကနား သုံးရက်ကလျှင် အရှင်ကြီးအရှင်ကောင်းတို့က ကလေး၏ ရောဂါကိုပျောက်အောင် မ,စမည်'ဟုပြော၏။

ဘာသာရေးအသိ နည်းရှာကြသော လင်မယားနှစ်ယောက်တို့သည် ရှိစုမဲ့စု ငွေလေးဖြင့် နတ်ကနား သုံးရက်ပေးရ၏။ ပထမရက် က,အပြီးမှာပင် ကလေးသည် ဆေးမသောက်ရသဖြင့် ရောဂါသည်းလာပြီး ဆုံးသွားရှာ၏။ ထိုအခါ ကိုတိုးသည် သားဖြစ်သူက အသက်နှင့်ရင်းပြီး ပေးလိုက်သော အသိကြောင့် နတ်ကတော်များ အကြောင်းကို တော်တော်နားလည်သွား၏။

ဆင်းရဲသားအိမ်ဖြစ်သဖြင့် အိမ်လေးသည် သေးကွေးကျဉ်းကျုတ်ရကား- နတ်ပွဲပစ္စည်းများနှင့် ရှုပ်နေသဖြင့် အလောင်းစင်ပြင်စရာ နေရာမရှိဖြစ်နေ၏။ ထို့ကြောင့် သားသေသွားပြီဖြစ်သည့်အတွက် နတ်များလည်း ဘာမျှမတတ်နိုင်တော့သောကြောင့် နတ်ပွဲကို နောက်နှစ်ရက် ဆက်မက,တော့ဘဲသိမ်းပေးရန် ကနားစီးထံ မေတ္တာရပ်ခံ၏။

နတ်ပွဲ နှစ်ရက်ဆက်မက,ဖြစ်တော့လျှင် ဝင်ထားသော နတ်ပွဲနှစ်ပွဲစာငွေကို အိမ်ရှင်အား ပြန်ပေးရမည်ဖြစ်၏။ ကနားစီးကား ပြန်မပေးချင်။ ထို့ကြောင့် ကတိခံထားသည့်အတိုင်း သုံးရက်ပြည့်အောင် ဆက်က,မည်၊ ကလေး သေသွားသည်ကိုတော့ သူတို့ ဘာမျှမတတ်နိုင်ဟု ဆိုလာ၏။ ထိုအခါ ကိုတိုးသည် စိတ်မထိန်းနိုင်တော့ဘဲ ပြောင်လိမ်စားနေသည့် နတ်ကတော်များကို ဓားနှင့်လိုက်လေတော့၏။ ထိုအခါကျမှ နတ်ပွဲလည်းပျက်သွားပြီး ကလေးအသုဘပြင်ရန် နေရာရတော့၏။

## အကောင်းသုံးလူနှင့် အဆိုးသုံးလူ

ကျွန်ုပ်ငယ်စဉ်က ပွဲအလွန်ကြိုက်၏။ စာပေနှင့် တရားအလုပ်ကို စွဲမြဲသွားသောအခါတွင်မှ ပွဲကြိုက်သောဝါသနာ ပျောက်ကွယ်သွားခဲ့သည်။ မကောင်းသော ဝါသနာကို ကောင်းသောဝါသနာနှင့် အစားထိုးမှ ကွယ်ပျောက်နိုင်သည်ဟူသော သင် ခန်းစာကို ကျွန်ုပ်ကိုယ်တွေ့ဘဝထဲမှ ထုတ်ယူနိုင်ပါ၏။ အော်ပဒါများစွာ၊ ပြဇာတ်ပေါင်း များစွာ၊ နောက်ပိုင်းဇာတ်ထုပ်ပေါင်းများစွာ ကြည့်ခဲ့ရပါလျက် ယခု

www.burmeseclassic.com

www.burmeseclassic.com



စာရေးနေသည့် အသက် လေးဆယ်အရွယ်ထိ အော်ပဒါတစ်ပုဒ်ကိုကား စွဲစွဲမြဲမြဲ မှတ်မိနေ၏။

စာရေးဆရာဖြစ်ချင်သော ဥဉ်ပဲလားမသိ၊ စိတ်ဝင်စားစရာလည်း- ကောင်း၊ အများအတွက်လည်း အကျိုးရှိသောအကြောင်းအရာဆိုလျှင် တစ်ခါတွေ့ပြီးသည်နှင့် ကျွန်ုပ်သည် ဘယ်သောအခါမှ မမေ့တော့။ ထိုအော်ပဒါ၏ ဇာတ်လမ်းအချုပ်မှာ ပန်းချီဆရာကြီးတစ်ယောက်သည် ဘဝပေးတာဝန်အဖြစ်- လောကတွင် အကောင်းဆုံး လူသားနှင့် အဆိုးဆုံးလူသားကို ပုံတူပန်းချီရေးပြီး နောင်လာနောင်သားတို့အတွက် ထားခဲ့ချင်၏။

ထို့ကြောင့် ပထမဆုံးအနေနှင့် အကောင်းဆုံးလူသားကို အနယ်နယ် အရပ်ရပ် ထိ လိုက်ပြီးရှာ၏။ တောနက်ကြီးတစ်ခုထဲတွင် တရားကျင့်နေသော နုနယ်သပ္ပါယ်သည့် မထေရ်တစ်ပါးကို သွားတွေ့၏။ ထိုမထေရ်သည် မြို့ပေါ်မှာရှိသော ကျောင်းကန်ဘုရား များနှင့် ဆွေမျိုးသားချင်း ဒကာ၊ ဒကာမများကိုပါ စွန့်ပြီး တရားအားထုတ်နေခြင်း ဖြစ်ရာ အကောင်းဆုံးလူသားစာရင်းတွင် သွင်းမည်ဆိုလျှင် သွင်းလောက်ပါသည်။

အကောင်းဆုံးလူသား၏ပုံတူကို ရပြီးသည်နှင့် အဆိုးဆုံးလူသား၏ ပုံတူကို ရရန် ပန်းချီဆရာကြီးသည် နှစ်အတော် ကြာအောင် ရှာဖွေရ၏ တစ်နေ့တွင် သေဒဏ် ကျထားသော ရာဇဝတ်သား တစ်ယောက်ကို ကြားရသဖြင့် သေသေချာချာမေးမြန်း စုံစမ်းကြည့်၏။ ထိုရာဇဝတ် သားသည် လူငါးယောက်ကို သတ်မှုဖြင့် သေဒဏ်ကျခံ ရခြင်းဖြစ်၏။ သူသတ်ခဲ့သောသူများမှာ မိဘနှစ်ပါး၊ ဇနီးနှင့် သားသမီးနှစ်ယောက်ဖြစ် ၏။

ထိုရာဇဝတ်သားသည်-လူသတ်မှုမကျူးလွန်မီကလည်း သောက်စားမူးယစ် ရမ်းကားနေသူတစ်ယောက်ဖြစ်၏။ ထို့ကြောင့် ပန်းချီဆရာသည် လောကတွင် အဆိုးဆုံးလူအဖြစ်သတ်မှတ်ပြီး ပန်းချီဆွဲခွင့်တောင်းကာ ရာဇဝတ်သား၏ပုံတူကို ဆွဲယူ၏။ ပုံတူဆွဲပြီးသည်နှင့် ရာဇဝတ်သားက ပန်းချီဆရာကြီးကို အကျိုးအကြောင်း မေးမြန်း၏။

'ပန်းချီဆရာကြီး - ကျွန်ုပ်လို လူမိုက်တစ်ယောက်ပုံကို ဘာကြောင့် အပင်ပန်း ခံပြီး ဆွဲယူပါသနည်း'

'ကျွန်ုပ်သည် လောကတွင် အကောင်းဆုံးလူနှင့် အဆိုးဆုံးလူနှစ်ယောက်၏ ပုံကို နောင်လာနောင်သားများအတွက် အမွေအဖြစ်ပေးလို၍ ဆွဲယူခြင်းဖြစ်သည်'

'အကောင်းဆုံးလူ၏ပုံကို ဆွဲပြီးပြီလော'

'ဆွဲပြီးပါပြီ'

'ပြနိုင်လျှင်ပြပါ၊ ကျွန်ုပ် ကြည့်လိုပါသည်'

သို့နှင့် ပန်းချီဆရာကြီးက အဝတ်ဖြင့်ဖုံးအုပ်ကာ အခန်းထဲတွင်သိမ်းထား

www.burmeseclassic.com

www.burmeseclassic.com



သော အကောင်းဆုံးလူ ပန်းချီကားကို ထုတ်ပြလိုက်၏။

ပန်းချီဆရာကြီးကိုယ်တိုင် ထိုကားကိုရေးပြီးကတည်းက ပြန်မကြည့်ဖြစ်တာ နှစ်နှင့်ချီ၍ ကြာနေပြီဖြစ်၏။ အဆိုးဆုံးလူသည် အကောင်းဆုံးလူ၏ ပန်းချီကားကို သေချာစွာ စူးစိုက်ကြည့်၏။ ပြီးလျှင် အူလှိုက်သည်းလှိုက် အားရပါးရရယ်မောချ၏။ ပန်းချီဆရာကြီးသည် သူ့ပန်းချီကားကို ပြောင်လှောင်သည်ထင်၍ အလွန်စိတ်ဆိုးသွား၏။ ထို့ကြောင့်-

'သင်-ကျွန်ုပ်ပန်းချီကားမှာ ဘာအပြစ်တွေတွေ့လို့ အခုလို အော်ဟစ်လှောင်ပြောင် ရယ်မောရတာလဲ'

ဟုမေး၏။ ရာဇဝတ်သားက-

'လှောင်ပြောင်လို၍ ရယ်မောခြင်းမဟုတ်ပါ။ 'တစ်ခါတရံ တကယ့်ဖြစ်ရပ်သည် စိတ်ကူးယဉ်ထက်ပို၍ ဆန်းကြယ်သည်'ဟူသောစကားကို သဘောကျ၍ ရယ်ခြင်း ဖြစ်သည်'

'သင်သည် ယခု မည်ကဲ့သို့သော ဆန်းကြယ်မှုကို တွေ့သနည်း'

'ပန်းချီဆရာကြီး-သေသေချာချာကြည့်လော့၊ သင်က အကောင်းဆုံးလူဟု သတ်မှတ်ထားသော ရဟန်းတော်၏မျက်နှာနှင့် ကျွန်ုပ်၏မျက်နှာ ချွတ်စွပ်တူနေသည်ကို တွေ့ရလိမ့်မည်'

ထိုအခါကျမှ ပန်းချီဆရာကြီးသည် နှစ်များစွာက ရေးခဲ့သော ပန်းချီကားပါ ရဟန်းတော်နှင့် ရာဇဝတ်သားကို သေသေချာချာကြည့်မိရာ မျက်နှာချင်း ခွဲမရအောင် တူသည်ကိုတွေ့ရ၏။ ထို့ကြောင့် ပန်းချီဆရာကြီးသည် အံ့သြစွာ မေးခွန်းထုတ်၏။

'ရာဇဝတ်သား- သင့်မှာ အမွှာညီအစ်ကို ရှိလေသလော'

'အမွှာညီအစ်ကိုမရှိပါ၊ ပန်းချီကားထဲက ရဟန်းတော်သည် ဟိုတစ်ချိန်က တောထွက်ပြီး တရားအားထုတ်သော ကျွန်ုပ်ကိုယ်တိုင်ပင်ဖြစ်သည်။ ပါရမီကုန်သော အခါ ယခုအမျိုးသမီးနှင့် အကြောင်းပါပြီး လူ့ဘဝသို့ ရောက်ခဲ့ရသည်။ အပေါင်းအသင်း မှားမှုကြောင့် အသောက်သမား၊ ကစားသမား၊ ဓားပြဘဝသို့ရောက်ပြီး အရက်နှင့် ဒေါသအရှိန်ကြောင့် မိဘနှင့် သားသမီးများကိုပါ သတ်ခဲ့မိသည့်အတွက် ယခုလို သေဒဏ်ကျခံရခြင်းဖြစ်ပါသည်'

အဆိုးဆုံးလူ၏စကားဆုံးသည်နှင့် ပန်ချီဆရာကြီးသည် အံ့သြထိတ်လန့်စွာ စုတ်တံလေး လွတ်ကျသွားသခိုက်တွင် ကားလိတ်ချသွားပြီး အော်ပဒါလည်း ပြီးဆုံးသွားခဲ့သည်။ နှစ်ပေါင်း(၃၀)ကျော်ကြာသည်အထိ ထိုဇာတ်လမ်းလေးကို မှတ်မှတ်ရရ ဖြစ်နေသည်မှာ စိတ်ဝင်စားစရာ ကောင်းလွန်းသော အချက်တစ်ချက်ကြောင့်သာ ဖြစ်သည်။ အများအတွက် အကျိုးရှိသောအချက်ကိုကား အသက်ကြီးမှ တွေးမိလာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သောတာပန် မဖြစ်သေးလျှင်၊ သို့မဟုတ် အောက်ထစ်ဆုံးအားဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်ပိုင်နိုင်နိုင်ရသော စူဠသောတာပန် ပုထု ဇဉ်ဘဝသို့ မရောက်သေးလျှင် ယနေ့ အကောင်းဆုံးဆိုသောလူသည် မနက်ဖြန်တွင် အဆိုးဆုံးသောလူအဖြစ်သို့ ရောက်သွားနိုင်ကြောင်းကို အထက်ပါ ဇာတ်လမ်းလေးက ပြောပြလိုက်ခြင်းပင်ဖြစ်၏။

အပြင်လောကတွင်လည်း ဖော်ပြပါ အော်ပဒါထဲမှလူကဲ့သို့သော ပုဂ္ဂိုလ်များ တွေ့ခဲ့ဖူး၏။ ကျွန်ုပ်တို့ရပ်ကွက်အတွင်းမှ ဦးနီအမည်ရှိ လူတစ်ယောက်အကြောင်း ကိုပြောပြလို၏။ သူသည် လောဘဓာတ်အားကြီးမှုကြောင့် ငယ်ရွယ်စဉ်အခါကတည်း က နှမြောစေးနှဲ တွန့်တို၏။ လူတစ်ယောက်တွင် လောဘနှင့်အလောဘဓာတ် (အရာ ဝတ္ထုအားလုံးအပေါ် မကပ်ငြိသော၊ လျှုချင်ဒါန်းချင်သော စေတသိက်) မည်သည့် ဓာတ်က များသည်ကို သေသေချာ ချာသိလိုလျှင် မသိတတ်သော ကလေးအရွယ်တွင် စမ်းသပ်ကြည့်မှ သေသေချာ ချာသိရ၏။

လူကြီးအရွယ်တွင်ကား ဟန်ဆောင်တတ်နေပြီဖြစ်သောကြောင့် စမ်းသပ် ကြည့်၍ မရနိုင်တော့ပေ။ ကလေးအရွယ်တွင် သူစားနေသော မုန့်တစ်ခုခုကို တောင်း ကြည့်ပါ။ လောဘဓာတ် အားကြီးသောကလေးဆိုလျှင် နည်းနည်းမျှ ပေးလိမ့်မည် မဟုတ်ပါ။ မရမက ဆက်တောင်းလျှင် အော်ဟစ်ငိုယိုပြီး တုန့်ပြန်လိမ့်မည်။

လောဘဓာတ် အားမကြီးသော ကလေးဆိုလျှင် သူစားနေသောမုန့်ကို အ လွယ်တကူ ဖဲ့ရွဲ့ပေးတတ်သည်။ ဦးနီသည် လောဘဓာတ် အားကြီးသူဖြစ်၏။ ထို့ ကြောင့် သူ့လက်ထဲမှမုန့်ကို ဘယ်သောအခါမှ တောင်းစား၍မရ။ တစ်ခါတွင် မိဘ များက ပဲကြီးလှော် ငါးဆယ်သားခန့် အထုပ်ကြီးတစ်ထုပ်ကို သုံးနှစ်သားခန့်သာရှိ သေးသော မောင်နီကို ဝယ်ပေးထား၏။ သူ့အထက်မှ အစ်မနှစ်ယောက်ကိုကား မောင် လေးထံမှ ချော့မော့ပြီးတောင်းစားကြဟု မိဘများကပြောသဖြင့် အစ်မ နှစ်ယောက်မှာ မောင်လေးကို အမျိုးမျိုးချော့မော့ပြီး တောင်းကြ၏။

ညနေသာ စောင်းလာသည်၊ အစ်မနှစ်ယောက်လုံး ပဲကြီးလှော် တစ်စေ့မျှ မစားကြရ။ ထိုအခါ အစ်မနှစ်ယောက်က သူတို့ပိုင် အရုပ်လှလှလေးများကို သွား လာဘ်ထိုးမှ ပဲကြီးလှော်ကိုစားရ၏။ မောင်နီသည် ငါးဆယ်သားခန့်ရှိသော အထုပ် ထဲမှ ပဲကြီးလှော်များကို အစ်မနှစ်ယောက်အား မည်မျှလောက် ပေးလိုက်ပါသနည်း။ ပဲကြီးလှော်တစ်စေ့ကို ထုတ်ယူပြီး ထက်ခြမ်းခွဲကာ အစ်မနှစ်ယောက်အား တစ်ယောက် တစ်ခြမ်းစီသာ ပေးခဲ့ပါသည်။

ဦးနီသည် လောဘဓာတ် အားကြီးသကဲ့သို့ ပညာဓာတ်ခံလည်း အားကြီး သဖြင့် အတွေးအခေါ် ကောင်း၏။ သို့သော် သမ္မာဒိဋ္ဌိအမည်ရသည့် မဂ္ဂင်ထိုက်သော ပညာ မဟုတ်လေသောအခါ သူ့သန္တာန်မှာရှိသည့် ကိလေသာများကို တစ်ခုမှ နည်း အောင်၊ ပါးအောင်၊ ကုန်အောင်မလုပ်နိုင်တော့ဘဲ များအောင် ပွားအောင်သာ ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ လောက၏ကောင်းကျိုးကို တကယ်လုပ်နေသောသူများသည် ကိလေသာများ ပါးရှားနေသူနှင့် ကုန်နေသူများသာဖြစ်၏။

ကိလေသာ များပြားသူများသည် ကိုယ်ကျိုးတစ်ခုအတွက်သာ လုပ်တတ်၏။ ဘုရားရှင်နှင့် ရဟန္တာများသည် မိမိတို့အတွက် စည်းစိမ်ချမ်းသာများကို အသာထား၍ ကုသိုလ်ဟူသည့် အဖိုးအခလေးကိုပင်မယူဘဲ ပရိနိဗ္ဗာန်ဝင်စံသည်အထိ လောက ကောင်းကျိုးကို မရပ်မနားဆောင်ရွက်သွားနိုင်သည်မှာ ဆယ်ပါးသောကိလေသာများ ကုန်ခန်းနေသောကြောင့်ပင်ဖြစ်၏။ ပုထုဇဉ်များတွင် ကိုယ်ကျိုးစွန့်ပြီး အများအကျိုးကို ဆောင်ရွက်နေသူများရှိပါ၏။ သို့သော် ထိုပုထုဇဉ်ခေါင်းဆောင်တို့သည် မိမိအကျိုးကို မလိုချင်၍ စွန့်သည်မဟုတ်။ လိုချင်ပါလျက် ခေါင်းဆောင်အရည်အချင်း ကျသွားမည်စိုးသဖြင့် အောင့်အည်းပြီး စွန့်ခြင်းဖြစ်၏။

ထို့ကြောင့် သေသည်အထိ အောင့်သွားနိုင်သော ခေါင်းဆောင်များကား နာမည်တစ်လုံး ကျန်ခဲ့ပါ၏။ မအောင့်နိုင်၍ ပွင့်ထွက်သွားသောအခါတွင်ကား အများ၏ တံတွေးခွက်တွင် ပက်လက်မျောကြရတော့သည်။ ထို့ကြောင့် ဗုဒ္ဓက အများ၏ ကောင်းကျိုးကို မဆုတ်မနစ် သည်ပိုးနိုင်ရန်အတွက် တပည့်သာဝကများကို ကိလေသာ များကုန်ရန် အရင်ဆုံး ကျင့်ကြံပွားများခိုင်းခြင်းဖြစ်၏။

ဦးနီသည် ပုထုဇဉ်သာဖြစ်ရကား ပုထုဇ္ဇနော ဥမ္မတ္တကောဝိယ- 'ပုထုဇဉ်သည် အရူးနှင့်တူသည်'ဟူသော ဗုဒ္ဓဒေသနာအရ အရူးသည် သူ့လွယ်အိတ်ထဲသို့ ကောင်း၊ မကောင်း ပစ္စည်းနှစ်မျိုးလုံး ကောက်ထည့်သကဲ့သို့ ဦးနီသည်လည်း စိတ်ကောင်းဝင် သခိုက် ကောင်းသောအပြုအမူရှိသကဲ့သို့ စိတ်ဆိုးဝင်သခိုက် မကောင်းသော အပြုအမူ လည်း ရှိ၏။

## မြွေဘေးကဖားကို ကယ်တာ ကုသိုလ်လား၊ အကုသိုလ်လား

ယခု ကောင်းသောအပြုအမူများကို စ၍ပြအံ့။ တစ်ခါတွင် မြွေတစ်ကောင်က ဖားကို ကိုက်မျိုထားသည်ကို တွေ့ရသောလူတစ်ယောက်က ဖားမသေစေရန်အတွက် မြွေကို ခြောက်လှန့်လွှတ်လိုက်၏။ ထိုအခါ သူ၏မိတ်ဆွေအချို့က မြွေစားမည့်အစာကို ဖျက်ဆီးသည့်အတွက် အကုသိုလ်ဖြစ်သည်။ ငရဲကျမည် ပြောကြသည့်အတွက် ထိုသူ သည် အမြဲစိတ်ဆင်းရဲနေရှာ၏။ ထိုသူက ဦးနီကို ထိုအကြောင်း လာမေးသည့်အခါ ဦးနီဖြေပုံကို ကြည့်ပါ-

'မင်းက မြွေပါးစပ်က ဖားလွတ်သွားအောင် ခြောက်လှန့်မောင်းနှင်ပေးသ ခိုက်မှာ မင်းစိတ်ထဲမှာ ဒီမြွေကြီး အစာငတ်သေပါစေဆိုတဲ့ စေတနာမျိုးရှိသလား။ ဒါမှမဟုတ် ဒီဖားလေး မြွေဘေးကလွတ်ပြီး အသက်ချမ်းသာရာရပါစေဆိုတဲ့ စေတနာ မျိုးရှိသလား။ မလိမ်ဘဲ စိတ်ထဲရှိတဲ့အတိုင်း ဖြေကြည့်လိုက်'

'ဒါကတော့ကွာ ရှင်းရှင်းလေးပဲ၊ ဖားလေး အသက်ရှင်ပါစေဆိုတဲ့ စေတနာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ မောင်းလိုက်တာပါ။ မြွေ အစာငတ်ပါစေဆိုတဲ့ စေတနာ လုံးလုံးမပါပါဘူး'

'ဒါဆိုရင် မင်းပြဿနာကို မင်းကိုယ်တိုင် ဖြေရှင်းပြီးသားဖြစ်သွားပြီ။ 'စေတနာ ဟံ ဘိက္ခဝေ ကမ္မံဝဒါမိ'၊ ရဟန်းတို့- စေတနာကို အကျိုးပေးတတ်တဲ့ကံလို့ ငါဘုရား ဟောတယ်ဆိုတဲ့ ဒေသနာအရ မင်းရဲ့စေတနာက ဖားလေးကို အသက်ဘေး က လွတ်သွားစေချင်တယ်။ ဒါဟာ ကောင်းတဲ့စေတနာပဲ။ ဒါ့ကြောင့် မင်းလည်း အသက်ဘေးကလွတ်တဲ့ ကောင်းကျိုးခံစားရမယ်။ ဒါ ရှင်းရှင်းလေးပဲ'

'အေးကွာ ဒီလို ရှင်းရှင်းလင်းလင်းသိရမှပဲ စိတ်ချမ်းသာသွားတော့တယ်'

'ဒါတင်မကသေးဘူးကွ။ မြွေကြီးဟာလည်း ဖားကို မသတ်ရတော့တဲ့အတွက် ပါဏာတိပါတ အကုသိုလ်ကံက လွတ်သွားသေးတယ်။ ဒီအတွက်လည်း မင်းမှာ ကု သိုလ်ရဦးမယ်။ မင်းက ဖားလေးကို မောင်းထုတ်လိုက်တဲ့အတွက် မြွေဟာ အစာငတ် သေမယ်ဆိုတာလည်း သဘာဝနဲ့ကြည့်ရင် မဖြစ်နိုင်ပါဘူး။ ဒီဖားကို မစားရလည်း တခြားအစာကို ရှာစားမှာပါပဲ'

ဤပြဿနာ၌ ဦးနီဖြေသည်မှာ အမှန်ပင်ဖြစ်သည်။ အရာရာတွင် အကုသိုလ် ဖြစ်၊ မဖြစ်။ အပြစ်ဖြစ်၊ မဖြစ် မဆုံးဖြတ်နိုင်ဖြစ်ခဲ့လျှင် ထိုသူ၏သန္တာန်တွင် ဖြစ်နေ သောစေတနာဖြင့် ဆုံးဖြတ်လျှင် အမှန်ကိုရောက်မည်ဖြစ်၏။ တစ်ခါကလည်း ဘုရား ကျောင်းဆောင်ကို သန့်ရှင်းရေးလုပ်ရင်း၊ ပင့်ကူအိမ်တွေ ပါသွားသဖြင့် အပြစ်ရှိ၊ မရှိ မေးဖူး၏။

အဖြေကား- 'ဘုရားကျောင်းဆောင်ကို သန့်ရှင်းရေး လုပ်နေကတည်းက ကျောင်းဆောင်ကို သန့်ရှင်းသွားစေလိုသော စေတနာကောင်းသာ ရှိနေ၏။ ပင့်ကူအိမ် တွေပျက်ပြီး ပင့်ကူတွေကို ဒုက္ခရောက်ကြပါစေဟူသော စေတနာဆိုးမရှိ။ ထို့ကြောင့် အပြစ်မရှိ၊ ကုသိုလ်သာဖြစ်၏'ဟု ဆုံးဖြတ်ရပါမည်။

## သိရက်နဲ့ အကုသိုလ်ကို လုပ်နိုင်သလား

တစ်ခါကလည်း ဦးနီ၏ဖခင်နှင့် အိမ်နီးချင်း အမျိုးသားတစ်ယောက် ငြင်းခုန် နေကြ၏။ ဦးနီအဖေကား တရားသမား လူအေးတစ်ယောက်သာဖြစ်၏။ အိမ်နီး ချင်းလူ သည် တံငါမဟုတ်ဘဲနှင့် မကြာခဏ ငါးပက်တတ်သောကြောင့် ဦးနီအဖေက ပါဏာ တိပါတအပြစ်များကို ပြောဆိုဆုံးမရာ ထိုလူက အပြစ်ကိုသိတယ်။ သိရက်နဲ့ မနေနိုင်လို့ လုပ်တာဟု စကားကပ်သဖြင့် မသိလို့လုပ်တာပါ။ တကယ်သိရင် သူ့ အသက်ကို မသတ်ဘူးဟု ဦးနီအဖေက ပြန်ရှင်းပြနေခြင်းဖြစ်၏။

သို့သော် အိမ်နီးချင်း ဦးစံမောင်ကား အလျှော့မပေး။ သိရက်နဲ့ လုပ်တာဟု သာ ငြင်းနေ၏။ ထိုနေရာသို့ ဦးနီရောက်သွားသောအခါ သူ့ဖခင်နေရာမှ ယခုလို ဝင်ရှင်း၏။

'ဦးစံမောင်- ခင်ဗျား သူ့အသက်သတ်နေတာ အပြစ်ကို တကယ်မသိလို့

www.burmeseclassic.com



သတ်နေတာဗျ။ တကယ်သိရင် မသတ်ပါဘူး'

'ငါခံရမယ့်အပြစ်ကို သိတယ် မောင်နီရ၊ သူ့အသက်သတ်ရင် ဖြစ်ရာဘဝမှာ-

ခြေလက်အင်္ဂါ ချို့တဲ့မယ်၊

မဲပြာပြီး အရုပ်ဆိုးမယ်၊

အားအင်ချိနဲ့မယ်၊

လေးကန်ထိုင်းမှိုင်းမယ်၊

ဘေးရန်တွေကို အမြဲ ကြောက်လန့်နေရမယ်၊

သူတစ်ပါးသတ်တာကို ခံရမယ်၊

အနာရောဂါတွေများမယ်၊

အခြွေအရံပျက်မယ်၊ အသက်တိုမယ်၊

ဒါတွေလည်း ငါသိသားပဲကွာ။ ဒါပေမယ့် မနေနိုင်လို့ကို သတ်တာ'

'မဟုတ်ဘူး ဦးစံမောင်၊ ခင်ဗျား တကယ်မသိလို့ သတ်တာပါ။ ကျွန်တော် ဥပမာတစ်ခုပေးမယ်၊ ဦးစံမောင် စိတ်ထဲမှာ ရှိတဲ့အတိုင်းဖြေပါ'

'ကဲ မေးပါ၊ အမှန်အတိုင်းဖြေပါ့မယ်'

'ကျွန်တော်တို့ ဦးစံမောင်တို့ (၁)နှစ်သား (၂)နှစ်သား ကလေးအရွယ်တုန်းက မစင်ကျင်ကြီးတွေကို ရွံစရာလို့မသိတော့ လက်လှမ်းမှီရင် ယူပြီး ပါးစပ်ထဲထည့်စားလိုက်တာပဲ၊ အဲဒီလို ကလေးအရွယ်တုန်းက မစင်ကိုစားတာဟာ ရွံစရာလို့သိလို့လား၊ မသိလို့လား'

'မသိလို့ပေါ့ကွ'

'ဒီစကားကို ဦးစံမောင် သေသေချာချာမှတ်ထားပါ။ ကဲ-အခုအသက်အရွယ်ရောက်လာတော့ ငယ်ငယ်တုန်းက စားခဲ့တဲ့ မစင်တွေကို စားဦးမလား'

'ဒါတော့ . . . ဘယ်စားတော့မလဲကွ'

'အဲဒါ ရွံစရာလို့ သိသွားလို့ မစားတာပဲ ဦးစံမောင်၊ အခုလည်း ဦးစံမောင် ငါးများ၊ ငါးပက်နေတယ်ဆိုတာ အပြစ်ကို တကယ်မသိလို့ပါ။ အသက်သတ်ခြင်းရဲ့ အပြစ်တွေကို သိရက်နဲ့လုပ်ပါတယ်ဆိုရင် မစင်ကျင်ကြီးတွေကို ရွံစရာလို့ သိရက်နဲ့ စားနိုင်ရမယ်။ ကဲအခုကျွန်တော် မစင်ကျင်ကြီးတွေကို ယူကျွေးမယ်။ ဦးစံမောင် စားမလား'

'ဟ ဘာလို့စားရမှာလဲကွ'

'မစင်ကျင်ကြီးတွေကို ရွံစရာမှန်းသိရက်နဲ့ ပေပြီး မစားနိုင်ဘူးဆိုရင် သူ့ အသက်သတ်ခြင်းရဲ့ အပြစ်တွေကိုသိရက်နဲ့ ငါးများတယ် ငါးပက်တယ်ဆိုတာလည်း မဖြစ်နိုင်ဘူး။ တကယ်မသိလို့သာ လုပ်မိတယ်ဆိုတာကို ဦးစံမောင်လက်ခံရမယ်'

ဦးစံမောင်ကား ဦးနီ၏စကားကို ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်ရလေပြီ။ ဤပြဿနာ၌ ဦးနီအနိုင်ရသွားသည်မှာ ဝိပဿနာပညာသိ၊ ခန္ဓာသိမှုတ်။

www.burmeseclassic.com

www.burmeseclassic.com



သညာသိ၊ စာသိ၊ ဗဟုသုတသိဖြင့် အပြောကောင်းသောကြောင့် နိုင်သွားခြင်း သာဖြစ်၏။ 'မကောင်းမှုကို မသိလို့လုပ်တာ'ဟူသောစကား၌ မသိခြင်းသည် နှစ်မျိုးရှိ၏။

## မသိခြင်း (၂)မျိုး

ထို (၂)မျိုးကား-

ထောင်ကျခြင်း၊ အပါယ်ကျခြင်းစသော ခံရမည့်အပြစ်ဒဏ်ကို မသိခြင်းနှင့် သစ္စာလေးတန် ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ် ဤရှစ်ရပ်ကို မသိခြင်းတို့ဖြစ်၏။ ထိုနှစ်ပါးတွင် ခံရမည့်အပြစ်ကိုသိရုံနှင့် အကုသိုလ်မှ တကယ် မရှောင်ကြဉ်နိုင်ကြပေ။ ခံရမည့်အပြစ်ကား စာဖတ်ရုံ၊ သူတစ်ပါးပြောတာ နားထောင်ရုံနှင့် သိနိုင်သည်သာဖြစ်၏။

ငါးဖမ်းသောဦးစံမောင်က သိသည်ဟုပြောခြင်းမှာ ထိုပထမအသိမျိုးကို ပြောခြင်းဖြစ်၏။ ထိုပထမအသိမျိုးကို စာသိ၊ သညာသိ၊ ဗဟုသုတသိဟုခေါ်၏။ ကိလေသာကို ပယ်သတ်နိုင်ခြင်းမရှိ။ ထို့ကြောင့် အကုသိုလ် ကင်းဆိတ်အောင် မပြုလုပ်နိုင်ခြင်းဖြစ်၏။ ဒုတိယ အချက်ရှစ်ချက်ကို မသိမှုကြောင့် အကုသိုလ်ဒုစရိုက်မှုများကို ကျူးလွန်မိကြခြင်းဖြစ်၏။ ထိုရှစ်ချက်ကို တကယ်သိသွားသည်နှင့် အကုသိုလ်ဒုစရိုက်များကို ကျူးလွန်ချင်သောစိတ် ကွယ်ပျောက်သွားမည်ဖြစ်သည်။

အဝိဇ္ဇာမသိမှုဟူသည် ဖော်ပြပါရှစ်ချက်ကို မသိမှုသာဖြစ်၏။ တခြား မသိမှုများကို ဆိုလိုသည်မဟုတ်။ (၃၁)ဘုံသားအားလုံးသည် ခန္ဓာငါးပါး(သို့မဟုတ်) ရုပ်နာမ်နှစ်ပါးသာရှိသည်။ ထိုခန္ဓာငါးပါးသည် အဖြစ်အပျက်ဖြင့် အမြဲနှိပ်စက်ခံနေရသောကြောင့် ဆင်းရဲအစစ်၊ ဒုက္ခသစ္စာသာ ဖြစ်သည်။ အဝိဇ္ဇာက ရလာသည့် ဘဝခန္ဓာကို ဆင်းရဲမှန်း မသိအောင် ဖုံးလွှမ်းပေးသည်။ ဆင်းရဲမှန်းမသိသဖြင့် ချမ်းသာထင်ပြီး ဘဝခန္ဓာအမျိုးမျိုးကို ဆုတောင်းယူမိနေကြသည်မှာ ဤအဝိဇ္ဇာ၏လက်ချက်ဖြစ်၏။

ထို ဒုက္ခသစ္စာခန္ဓာကို ရအောင်လုပ်ပေးသူမှာ သမုဒယသစ္စာခေါ် တဏှာလောဘဖြစ်၏။ ခန္ဓာကိုရလာသည်မှာ လိုချင်သောကြောင့်ဖြစ်၏။ လိုချင်သောလောဘစေတသိက်ကို သမုဒယသစ္စာဟုခေါ်၏။ ထို သမုဒယသစ္စာကို ခန္ဓာရအောင် လုပ်ပေးသော တရားမှန်းမသိအောင် ဖုံးလွှမ်းထားသည်မှာလည်း အဝိဇ္ဇာပင်ဖြစ်၏။

လူတစ်ယောက်ကို မြင်လိုက်သည်နှင့် ခန္ဓာငါးပါး ဖြစ်ပျက်သွားသည်ကို ဝိပဿနာသမားက သိ၏။ ထိုသို့သိရာ၌ လူပြောသူပြောဖြင့် သိခြင်းမျိုးမဟုတ်၊ ခန္ဓာသိ၊ ပညာသိဖြင့် သိခြင်းဖြစ်၏။ လူဟူသည် တကယ်မရှိသော ပညတ်၊ မြင်ရသောသဘော၊ ဖေါက်ပြန်နေသည့် အဆင်းရုပ်သည် တကယ်ရှိသော ပရမတ်၊ မျက်လုံးကြီးတစ်ခုလုံးသည် တကယ်မရှိသော ပညတ်၊ မျက်နက်ဝန်းအလယ် အဆင်းရုပ်၏ အရိပ်ထင်ရာနေရာလေးသည် တကယ်ရှိသော ပရမတ်။

ထိုနှစ်ပါးသည် ရုပ်တရားဖြစ်သောကြောင့် ရူပက္ခန္ဓာ၊ ထို ရူပက္ခန္ဓာသည်

www.burmeseclassic.com

www.burmeseclassic.com



မျက်စိ အကြည်ရုပ်နေရာမှာပင် ဖြစ်ပြီးပျက်သွား၏။ အဆင်းရုပ်နှင့် မျက်စိအကြည်ရုပ်တို့ ထိခိုက်မှုကြောင့် မြင်သိစိတ်ပေါ်လာ၏။

ထိုမြင်သိစိတ်သည် အဆင်းရုပ်ကို သိတတ် သောသဘောရှိသော ဝိညာဏက္ခန္ဓာ။ ထို မြင်သိစိတ်နှင့်အတူဖြစ်သော စေတသိက် (၇)လုံးတို့တွင် အဆင်းအာရုံ၏ အရသာကိုခံစားသော သဘောတရား ဝေဒနာစေတ သိက်သည် ဝေဒနာက္ခန္ဓာ။

အဆင်းရုပ်ကို မည်သည့်အဆင်းပဲဟု မှတ်သားသော သဘောတရား၊ သညာစေတသိက်သည် သညာက္ခန္ဓာ၊ မျက်စိ-အဆင်း-မြင်သိစိတ်တို့၏ ပေါင်းဆုံထိတွေ့ခြင်း သဘောတရား၊ ဖဿစေတသိက်နှင့် ကြွင်း စေတသိက်လေးလုံးသည်လည်းကောင်း၊ တစ်နည်း၊ အဆင်းအာရုံကို ကြည့်ဖြစ်စေရန် တိုက်တွန်းနှိုးဆော်ခြင်း သဘောတရား၊ စေတနာစေတသိက်နှင့် ကြွင်းစေတသိက်လေးလုံးသည် သင်္ခါရက္ခန္ဓာ၊ ဤနာမ်ခန္ဓာလေးပါးသည်လည်း မျက်စိအကြည်ရုပ်နေရာမှာပင် ဖြစ်ပြီး ပျက်သွားကြ၏။

ထိုခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာသည် ရုပ်တရားဖြစ်၏။ ကြွင်းခန္ဓာလေးပါးတို့သည် နာမ်တရားဖြစ်၏။ ဤသို့ ဖောက်ပြန်တတ်သောသဘော ရုပ်တရားနှင့် အာရုံကိုသိတတ်သောသဘော နာမ်တရားသာရှိသည်။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, မရှိဟု ပြတ်သားပိုင်နိုင်စွာ သိသောဉာဏ်ကို 'နာမရူပပရိစ္ဆေဒ' ဉာဏ် ဟု ခေါ်၏။ နာမ်နှင့်ရုပ်ကို ပိုင်းခြားသိခြင်းဟု အဓိပ္ပါယ်ရ၏။

ထိုခန္ဓာငါးပါးသည် အကြောင်းမဲ့ သူအလိုလို ဖြစ်ချင်သလိုဖြစ်လာခြင်း မဟုတ်၊ (အဟေတုကဒိဋ္ဌိကို ပယ်ခြင်း)၊ တန်ခိုးရှင် တစ်စုံတစ်ယောက်က ဖန်ဆင်းခြင်းလည်း မဟုတ်။ (ဝိသမဟေတုဒိဋ္ဌိကိုပယ်ခြင်း)

ခန္ဓာ၏ ဖြစ်ခြင်းပျက်ခြင်းဒုက္ခကို မသိခြင်း အဝိဇ္ဇာ၊
ဘဝသစ်ခန္ဓာသစ်ကို လိုချင်ခြင်း တဏှာ၊
လူ့ခန္ဓာရအောင်ပြုခဲ့သော ဒါနကုသိုလ်ကံစေတနာ စသည့်
အတိတ်အကြောင်းသုံးပါး၊

အာဟာရ၊ ဖဿ၊ နာမ်ရုပ်ဟူသော ပစ္စုပ္ပန်အကြောင်းတရား သုံးပါးတို့ကြောင့်သာ ဖြစ်ရခြင်းဟုသိသောဉာဏ်ကို ပစ္စယပရိဂ္ဂဉာဏ်ဟုခေါ်၏။ ခန္ဓာငါးပါး ဖြစ်ခြင်း ၏ အကြောင်းကို သိမ်းဆည်း၍သိသောဉာဏ်ဟု အဓိပ္ပါယ်ရ၏။

အာရုံခြောက်ပါးနှင့် တိုက်ဆိုင်သခိုက်တွင် ဖြစ်ပျက်သွားသည်မှာ ခန္ဓာငါးပါးသာဖြစ်သည်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဟု ထိုးထွင်း၍ သိသော ဝိပဿနာဉာဏ်ပညာကို သမ္မာဒိဋ္ဌိမဂ္ဂင်ဟုခေါ်၏။ ဤကဲ့သို့သိခြင်းကို မှန်စွာ သိခြင်းဟု ဆိုလိုခြင်းဖြစ်၏။

လူကိုမြင်လိုက်သောအခါ လူဟူသည့် ပညတ်ကိုဖယ်ခွါ၍ ဖောက် ပြန်တတ်သော သဘောတရား မြင်ကောင်းသည့် အဆင်းရုပ်သာဖြစ်သည်ဟု မှန်ကန်စွာကြံစည်တွေး ခေါ်နိုင်ခြင်းကို သမ္မာသင်္ကပ္ပဟု ခေါ်၏။ ဤကဲ့သို့ ကြံစည်က မှန်စွာကြံစည်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

အာရုံခြောက်ပါးနှင့် တွေ့ဆုံတိုင်း ခန္ဓာငါးပါးဖြစ်ပျက်နေသည်ကို ဉာဏ်ဖြင့်သိအောင် အားထုတ်နေခြင်းကို သမ္မာဝါယာမမဂ္ဂင်ဟုခေါ်၏။ ဤကဲ့သို့ အားထုတ်ခြင်းကို မှန်စွာအားထုတ်ခြင်းဟု ဆိုလိုခြင်းဖြစ်၏။

အာရုံခြောက်ပါး တစ်ပါးပါးနှင့်တွေ့ဆုံတိုင်း ခန္ဓာငါးပါးဖြစ်ပျက်နေသည်ကို ဝိပဿနာရှုပွါးဖို့ အမှတ်ရခြင်း၊ အောက်မေ့ခြင်းကို သမ္မာသတိမဂ္ဂင်ဟုခေါ်၏။ ဤကဲ့သို့ အောက်မေ့ခြင်းကို မှန်စွာအောက်မေ့ခြင်းဟု ဆိုလိုခြင်းဖြစ်၏။

အာရုံခြောက်ပါး တစ်ပါးပါးနှင့် တိုက်ဆိုင်သခိုက်တွင် ဖြစ်ပျက်သွားသောပရ မတ်ခန္ဓာငါးပါးအပေါ်၌ အာရုံစိုက်ပြီး တည်ကြည်နေခြင်းကို သမ္မာသမာဓိဟုခေါ်၏။ ဤကဲ့သို့ တည်ကြည်ခြင်းကို မှန်စွာတည်ကြည်ခြင်းဟုခေါ်၏။

ဤကဲ့သို့မဂ္ဂင်ငါးပါးဖြင့် အာရုံနှင့်တိုက်ဆိုင်လာတိုင်း ရှုပွားနေရာမှ သောတာပတ္တိမဂ်ကိုရသည်နှင့် သီလမဂ္ဂင်သုံးပါး တစ်ပြိုင်နက်တည်သွား၏။ ထို့ကြောင့် သောတာ ပန်ပုဂ္ဂိုလ်သည်-

သမ္မာဝါစာမဂ္ဂင်၌ တည်သောကြောင့်-

လိမ်ညာပြောဆိုခြင်း၊ ကုန်းတိုက်စကားပြောဆိုခြင်း၊
ကြမ်းတမ်းသောစကားကိုပြောဆိုခြင်း၊
အနှစ်အသားမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းတို့ကို
ဘဝသံသရာတစ်လျှောက်လုံး မပြုလုပ်တော့ပေ။

သမ္မာကမ္မန္တမဂ္ဂင်၌ တည်သောကြောင့်-

သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း၊
သူတစ်ပါးဥစ္စာကို မတရားရယူခြင်း၊
သူတစ်ပါးသားမယားကို ပြစ်မှားစော်ကားခြင်းတို့ကို
ဘဝသံသရာတစ်လျှောက်လုံး မပြုလုပ်တော့ပေ။

သမ္မာအာဇီဝမဂ္ဂင်၌တည်သောကြောင့်-

အထက်ပါခုနစ်ပါးဖြင့် မကောင်းသောအသက်မွေးမှုကို ဘဝသံသရာတစ်လျှောက်လုံး မပြုလုပ်တော့ပေ။

ဤ မဂ္ဂသစ္စာကိုမသိအောင် ဖုံးလွှမ်းထားသည် မှာလည်း အဝိဇ္ဇာပင်ဖြစ်၏။

## သံသရာ(၃)မျိုးနှင့် ဝဋ်(၃)မျိုး

သံသရာသည် အောက်သံသရာ၊ အလယ်သံသရာ၊ အထက်သံသရာဟူ၍ သုံးမျိုးရှိ၏။ ထိုတွင် အပါယ်လေးဘုံကို အောက်သံသရာဟုခေါ်၏။ လူ့ဘုံ၊ နတ်ဘုံကို အလယ်သံသရာဟုခေါ်၏။ ဗြဟ္မာဘုံနှစ်ဆယ်ကို အထက်သံသရာဟုခေါ်၏။ သံသရာ သုံးမျိုးရှိသကဲ့သို့ ဝဋ်သည်လည်း သုံးမျိုးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



အောက်သံသရာအတွက်-

ကိလေသဝဋ်အရ အတ္တဒိဋ္ဌိကိုယူရ၏။

ကမ္မဝဋ်အရ ပါဏာတိပါတစသော ဒုစရိုက်ကံများကို ယူရ၏။

ဝိပါကဝဋ်အရ အပါယ်လေးပါးခန္ဓာကို ယူရ၏။

အလယ်သံသရာအတွက်-

ကိလေသဝဋ်အရ ကာမတဏှာကို ယူရ၏။

ကမ္မဝဋ်အရ ဒါန၊ သီလသုစရိုက် ကုသိုလ်ကံများကိုယူရ၏။

ဝိပါကဝဋ်အရ လူခန္ဓာ နတ်ခန္ဓာကိုယူရ၏။

အထက်သံသရာအတွက်-

ကိလေသာဝဋ်အရ ဘဝတဏှာကို ယူရ၏။

ကမ္မဝဋ်အရ ရူပဈာန်ကုသိုလ်နှင့် အရူပဈာန်ကုသိုလ်ကို ယူရ၏။

ဝိပါကဝဋ်အရ ဗြဟ္မာဘဝ ဗြဟ္မာခန္ဓာကိုယူရ၏။

## နိဗ္ဗာန် (၃)မျိုး

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်ကိုရသည်နှင့် ခန္ဓာငါးပါးကို ငါကောင်ဟု အယူအဆမှားသော အတ္တဒိဋ္ဌိခေါ် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟူသော အောက်သံသရာပို့ပေးသည့် ကိလေသဝဋ်ကို အမြစ်ပြတ်ပယ်သတ်လိုက်၏။

## ဝိစိကိစ္ဆာ=ယုံမှားခြင်း(၈)မျိုး

ဘုရား၌ ယုံမှားခြင်း

တရား၌ ယုံမှားခြင်း

သံဃာ၌ ယုံမှားခြင်း

ကိုယ်ကျင့်သီလ၌ ယုံမှားခြင်း

ရှေ့အစွန်း၌ ယုံမှားခြင်း

နောက်အစွန်း၌ ယုံမှားခြင်း

ရှေ့စွန်းနောက်စွန်းနှစ်ပါး၌ ယုံမှားခြင်း

ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း

တို့ကို ဝိစိကိစ္ဆာဟုခေါ်၏။ ဝိစိကိစ္ဆာသည် ဒိဋ္ဌိကိလေသာကို မှီဖြစ်ရ၏။ ဒိဋ္ဌိ သေသည်နှင့် ဝိစိကိစ္ဆာသည်လည်း တစ်ခါတည်းသေရ၏။ ဝိစိကိစ္ဆာကို တကူးတက သတ်မနေရပေ။ ဥပမာအားဖြင့် သိုးပုပ်နေသောကြက်သားပေါက်စီတစ်လုံးကို စွန့်ပစ်လိုက်လျှင် အဆာအဖြစ်ပါသော အထဲမှကြက်သားကိုပါ အလိုလို စွန့်ပစ်ပြီးသား ဖြစ်သကဲ့သို့ပင်တည်း။

အတ္တဒိဋ္ဌိဟူသော ကိလေသာဝဋ်သေသွားသောကြောင့် ဒုစရိုက်အကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ကံကမ္မဝဋ်များ မဖြစ်တော့ပေ။ ထို့ကြောင့် အပါယ်ခန္ဓာဟူသော ဝိပါကဝဋ်ကို မရတော့ပေ။ ဤသို့ ဒိဋ္ဌိကိလေသာငြိမ်းပြီး အပါယ်ခန္ဓာ ဇာတ်သိမ်းသွားသည်ကို ပထမနိဗ္ဗာန်ဟုခေါ်၏။ ထို သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်များ ပထမနိဗ္ဗာန်ချမ်းသာ ခံစားပုံမှာ-

အသက်မွေးဝမ်းကြောင်းအတွက်ကြောင့်သော်လည်းကောင်း အခြားအကြောင်းအတွက်ကြောင့်သော်လည်းကောင်း၊ ဒုစရိုက်၊ ဒုရာဇီဝပြုသူများကိုတွေ့ရလျှင် ဤသူများကား ဒုစရိုက်၊ ဒုရာဇီဝပြုသောကြောင့် အပါယ်ဘဝ အပါယ်ခန္ဓာရပြီး ဒုက္ခ ရောက်ကြရဦးမည်။ ငါ့မှာကား ဒုစရိုက်၊ ဒုရာဇီဝပြုချင်စိတ်လည်း မရှိတော့၊ ပြုလည်း မပြုတော့။ ထို့ကြောင့် အပါယ်ဘဝ အပါယ်ခန္ဓာကြီး အပြီးတိုင် ငြိမ်းသွား၊ သိမ်းသွား သည်ကား ချမ်းသာပေစွဟု တွေးလိုက်တိုင်း ဝမ်းအမြောက်ကြီးမြောက်၏။ ဤကား သောတာပန်၊ သကဒါဂါမ်များ၏ ပထမနိဗ္ဗာန်ချမ်းသာကိုခံစားပုံတည်း။

အပါယ်ဘုံသားများကိုတွေ့ရလျှင် ငါသည် အပါယ်ဘုံသို့ ရောက်ကြောင်း တရားများကို ပယ်သတ်ပြီးပြီ၊ ဤကဲ့သို့ ဆင်းရဲသောအပါယ်ဘုံသို့ အဘယ်သို့သော အခါမှ မကျရောက်တော့ဟုတွေးပြီး ဝမ်းအသာကြီးသာ၏။ ဤသည်လည်း သောတာပန်၊ သကဒါဂါမ်များ၏ ပထမနိဗ္ဗာန်ချမ်းသာကို ခံစားပုံတည်း။ လောကီချမ်းသာ ဝေဒယိတသုခထက် နိဗ္ဗာန်ချမ်းသာ ဝိမုတ္တိသုခက သာလွန်ပုံကို လယ်တီဆရာတော်က လယ်တီဒီပနီပေါင်းချုပ် စတုတ္ထတွဲ အနတ္တဒီပနီကျမ်းသစ် စာမျက်နှာ ၆၀၂ တွင်

'ဤ၌ လောကီချမ်းသာမှာ မျက်မြင်ဒိဋ္ဌဖြစ်၍ အလွန်ကြီးကျယ်ကောင်းမြတ်သည်ဟု ထင်တတ်ကြ၏။ နိဗ္ဗာန်ချမ်းသာမှာ လွတ်ငြိမ်းမှုဖြစ်၍ အထည်ဝတ္ထုကို မမြင်ရသောကြောင့် ကြီးမြတ်သည်ဟု မထင်တတ်ကြ။ ထိုသို့ကား မဟုတ်၊ လောကီချမ်းသာတို့ထက် လွတ်ငြိမ်းမှုဟူသော နိဗ္ဗာန်ချမ်းသာသည် ကြီးကျယ်မြင့်မြတ်၏။ လေးကျွန်းလုံးကိုအစိုးရသော စကြာမန္ဓာတ်မင်းတို့၏ စည်းစိမ်ချမ်းသာထက် ငရဲဘဝမှ အစဉ်ထာဝရ လွတ်ငြိမ်းမှုသည် ဘဝ သိန်းသန်းကုဋေ မရေတွက်နိုင်အောင် ကြီးမြတ်၏။ ထို့အတူ နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့၏ လောကီစည်းစိမ် ချမ်းသာထက် ထာဝရလွတ်ငြိမ်းမှုသည် အဆသိန်းသန်းကုဋေ မရေတွက်နိုင်အောင် ကြီးမြတ်၏။ မြတ်စွာဘုရားသာသနာတော်ကြီးကို တွေ့ကြုံလိုသည်ဟု လွန်မင်းစွာ တောင့်တကြရာ၌ လောကီချမ်းသာအတွက် တောင့်တကြရသည်မဟုတ်။ ဤ လွတ်ငြိမ်းမှုဟူသော နိဗ္ဗာန်ချမ်းသာအတွက်နှင့်သာ တောင့်တကြရကုန်၏'

ဟု ရေးသားတော်မူခဲ့သည်။

ဤ ပထမနိဗ္ဗာန်ချမ်းသာနှင့် ပတ်သက်၍ အထူးအရေးကြီးသည့်အချက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကိုရေးလို၏။ ဘုရား၊ တရား၊ သံဃာ၊ သီလ ဤလေးချက်ကို အသက်ထက် ယုံကြည်လေးမြတ်စွာ စောင့်ရှောက်သူများကို သောတာပန်ဟု သတ်မှတ်နိုင်ကြောင်း ဗုဒ္ဓက သံယုတ်ပါဠိတော် ပထမဂိဉ္ဇကာဝသထသုတ်နှင့် နေရာအတော်များများတွင် ဟောကြားခဲ့၏။ ထို့ကြောင့် သောတာပန်တည်လျှင် ငါးပါးသီလကို အဘယ်သော အခါမှ မဖေါက်ဖျက်တော့ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိကြ၏။

## သောတာပန်(၃)ဦးနှင့် ပါဏာတိပါတ စိစစ်ချက်

သို့ဆိုလျှင် သောတာပန်တည်ပြီးသော ဗိမ္ဗိသာရမင်းကြီးသည် တိုင်းပြည် အစွန်အဖျားတွင် သူပုန်များ ထကြွသောင်းကြမ်းသောအခါ ဆိုင်ရာစစ်သူကြီးများကို နှိမ်နင်းရန် စေလွှတ်ရ၏။ သောတာပန်တည်ပြီးသော သီဟစစ်သူကြီးသည်လည်း အခါ အားလျော်စွာ သူပုန်ဓားပြများကို တပ်သားများနှင့်အတူ နှိမ်နင်းရ၏။

သားသတ်မုဆိုးကတော်ဖြစ်သည့် သောတာပန်တည်ပြီးသော 'စူဠဝိသာခါ' သည် မယားဝတ္တရားနှင့်အညီ မုဆိုးကြီး တောလည်ထွက်သောအခါ လေးမြား လက်နက် စသည်တို့ကို ပြင်ဆင်ပေးရ၏။

'ဗိမ္ဗိသာရမင်းကြီး'၏ သူပုန်တို့ကိုနှိမ်နင်းရန် တပ်သားတို့ကိုလွှတ်မှု၊ 'သီဟ စစ်သူကြီး' အစီအစဉ်နှင့် တပ်သားများက သူပုန်တို့ကိုတိုက်ခိုက်မှု၊ 'စူဠဝိသာခါ' ပြင်ဆင်ပေးသော လေးမြားလက်နက်တို့ဖြင့် မုဆိုးကြီးက တိရစ္ဆာန်တို့ကိုပစ်ခတ်မှု၊ ဤအကြောင်းတို့ကြောင့် လူနှင့် တိရစ္ဆာန်များ သေသင့်သလောက် သေကြရ၏။

ထို့ကြောင့် ထိုသောတာပန်သုံးယောက်တို့တွင် ပါဏာတိပါတအကုသိုလ်ကံ မထိုက်သလောဟု သံသယဖြစ်ဖွယ်ရှိနေ၏။ ရဟန်းတော်အချို့ စူဠဝိသာခါအပေါ် ဖြစ်နေသော ထိုသံသယကို ဗုဒ္ဓကိုယ်တော်တိုင် ဖြေရှင်းပေးတော်မူခဲ့၏။ ယခု ဖြေရှင်း ချက်သည် ဗိမ္ဗိသာရမင်းနှင့် သီဟစစ်သူကြီးတို့အတွက်ပါ အကျုံးဝင်ပါ၏။

'ပါဏမှိ စေ ဝဏော နာဿ၊
ဟရေယျ ပါဏိနာ ဝိသံ။
နာဗ္ဗဏံ ဝိသမနွေတိ၊
နတ္ထိ ပါပံ အကုဗ္ဗတော။'

ပေါက်သောအနာ၊ ထိရှသောအနာမရှိသော လက်ဖြင့် အဆိပ်ကို ကိုင်ယူ သော်လည်း အဆိပ်မတက်နိုင်။ ထို့အတူ-သူတစ်ပါးကို သေစေလိုသော အကုသိုလ် စေတနာကို မဂ်ဖြင့်ပယ်သတ်ပြီးဖြစ်သော-သောတာပန်ပုဂ္ဂိုလ်အား လေးမြားစသည် ကို ဝတ္တရားကျေရုံ ပြင်ဆင်ပေးကာမျှဖြင့် အကုသိုလ်ကံ မဖြစ်၊ ပါဏာတိပါတကံ မထိုက်။

ဤကား ဗုဒ္ဓ၏အဖြေပင်ဖြစ်၏။ အနည်းငယ် အကျယ်ချဲ့အံ့။ ပါဏာတိပါတ ကံ ထိုက်-မထိုက် စိစစ်ရန် အင်္ဂါငါးချက်လို၏။ ထိုငါးချက်ကား သတ္တဝါဖြစ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါ မှန်းသိခြင်း၊ သေစေလိုသောစေတနာရှိခြင်း၊ ကိုယ်နှုတ်တစ်ခုခုဖြင့် သတ်ခြင်း၊ သတ်ခိုင်း ခြင်း၊ ထိုသတ္တဝါ သေသွားခြင်းတို့ဖြစ်၏။ သောတာပန်သုံးဦး၏လုပ်ရပ်ကို ဤင်္ဂါးချက်နှင့် စစ်ကြည့်လိုက်လျှင် သူတို့တွင် သတ္တဝါတို့ကိုသေစေလိုသော စေတနာ နည်းနည်းမျှမရှိ၊ ထို့အပြင် ကိုယ်တိုင်သတ်ခြင်း၊ သူတစ်ပါးကိုသတ်ခိုင်းခြင်းလည်း မရှိ၊ ဤအင်္ဂါနှစ်ချက် ပျက်နေသောကြောင့် သူတို့တွင် ပါဏာတိပါတကံ မထိုက်သည်မှာ အသေအချာပင် ဖြစ်၏။

ဖားကို မြွေဘေးမှလွတ်အောင် မြွေကိုမောင်းထုတ်ပေးရာ၌ ဖားကို အသက်ဘေးမှလွတ်စေလိုသော ကောင်းသောစေတနာသာရှိ၏။ မြွေကို အစာငတ်သေပါစေဟူသော မကောင်းသောစေတနာ မရှိ၊ ထို့ကြောင့် ကုသိုလ်ဖြစ်ကြောင်း ရှေ့မှာရေးခဲ့သလို ယခုဖြစ်ရပ်တွင်လည်း ဗိမ္ဗိသာရမင်းကြီးနှင့် သီဟစစ်သူကြီးတို့သည် သောတာပန်များ ဖြစ်ခြင်းကြောင့် သူပုန်တို့အား သေစေလိုသောစေတနာဆိုး နည်းနည်းမျှမရှိ၊ ပြည်သူများ အေးချမ်းသာယာစွာနေစေလိုသည့် စေတနာကောင်းသာရှိ၏။ စူဠဝိသာခါသည်လည်း တိရစ္ဆာန်တို့ကို သေစေလိုသောစေတနာမရှိ၊ မုဆိုးကြီးအနေဖြင့် လေးမြားလက်နက်တို့ကို ပင်ပန်းစွာရှာမနေရဘဲ၊ အလွယ်တကူ ရသွားစေလိုသော စေတနာကောင်းသာရှိ၏။ ထို့ကြောင့် သူတို့သုံးဦးတွင် ကုသိုလ်သာဖြစ်၏။ အကုသိုလ်မဖြစ်ဟု တစ်ထစ်ချမှတ်အပ်၏။ ယခု ဒုတိယနိဗ္ဗာန်ကို ဆက်ပြအံ့။

အနာဂါမိမဂ်ကိုရသည်နှင့် ကာမတဏှာဟူသော ကိလေသဝဋ်ကို အမြစ်ပြတ် ပယ်သတ်လိုက်၏။ ထို့ကြောင့် ဝဋ်သုံးပါးကိုတောင့်တသော ဒါန၊ သီလဟူသည့် ကမ္မဝဋ် မဖြစ်တော့ပေ။ ထို့ကြောင့် လူ့ဘဝ လူ့ခန္ဓာ၊ နတ်ဘဝ နတ်ခန္ဓာဟူသော ဝိပါကဝဋ်လည်း အပြီးတိုင်ငြိမ်းတော့၏။ လူ့ခန္ဓာ၊ နတ်ခန္ဓာ ဘဝဇာတ်သိမ်း ရခြင်းကိုပင် ဒုတိယနိဗ္ဗာန်ဟု ခေါ်ခြင်းဖြစ်၏။

ဒုတိယနိဗ္ဗာန်ကိုရရန် ကာမတဏှာကို ပယ်ဖြတ်ခြင်းငှာ လူ့ခန္ဓာ၊ နတ်ခန္ဓာတို့၏ ဒုက္ခအချက်တင်ရန် ကြည့်ရှုပုံကို 'အနတ္တဒီပနီကျမ်းသစ် စာ-၆၀၃'၌ ယခုလို ဖော်ပြထား၏။

'ဒုတိယနိဗ္ဗာန်၌ ကာမတဏှာကြီးကို ပယ်ဖြတ်ခြင်းငှာ လူ့ခန္ဓာနတ်ခန္ဓာတို့၏ ဒုက္ခအချက်တို့ကို ထင်လင်းစွာကြည့်ရှုရာ အနာဂါမိမဂ်ကိုရသဖြင့် ထိုကာမတဏှာကြီးသည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏။ ကာမတဏှာကြီး ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် လူ့အဖြစ်၊ နတ်အဖြစ်ကိုပေးနိုင်သော ကုသိုလ် ကမ္မဘဝတို့သည်လည်း ကောင်း'

'လူ့ခန္ဓာ၊ နတ်ခန္ဓာအဆက်ဆက်တို့သည်လည်းကောင်း အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်လေ၏။ လူ့ခန္ဓာ၊ နတ်ခန္ဓာတို့၏ ဒုက္ခအချက်ကိုမြင်ရာ၌ ဥပမာကား မစင်ဘင်ပုပ်သေတ္တာကြီးတစ်ခု ရှိလေရာ၏။ ထိုသေတ္တာ၏ပြင်ပ၌ အနီ,အဝါစသော ဆေးအမျိုးမျိုး ပိုးဖဲကတ္တီပါ အစရှိသောအထည်အမျိုးမျိုး ခြယ်လှယ်လျက်ရှိ၏'

www.burmeseclassic.com

www.burmeseclassic.com



'အတွင်း၌တွင်ကား မစင်ဘင်ပုပ်တွေ အပြည့်ရှိ၏။ ဘီလူးကြီး၊ သရဲကြီး၊ သဘက်ကြီး သုံးကောင်လည်းရှိ၏။ အဆိပ်ထန်သော မြွေဆိုး၊ ကင်းဆိုးအမျိုးမျိုးလည်း ရှိ၏။ မစင်ဘင်ပုပ်ကို စားသောက်၍နေသော ပိုးလောက်တွေလည်း အပြည့်ရှိလေရာ ၏'

ဤဥပမာ၌-ကာမဘုံသားတို့၏ခန္ဓာသည် မစင်ဘင်ပုပ်တို့ဖြင့် ပြည့်သော သေတ္တာကြီးငယ်နှင့်တူ၏။ တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးသည် သေတ္တာတွင်း၌ရှိသော ဘီလူးကြီး၊ သရဲကြီး၊ သဘက်ကြီးသုံးကောင်နှင့်တူ၏။ ကျန်ရှိသော ကိလေသာများ သည် ထိုသေတ္တာ အတွင်း၌ရှိနေသော အဆိပ်ထန်သော မြွေဆိုး၊ ကင်းဆိုး အမျိုးမျိုးတို့ နှင့် တူ၏။

ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝစသော ဒုက္ခအချက်များသည် ထို သေတ္တာအတွင်း၌ မစင်ဘင်ပုပ်တို့ကိုစားနေကြသော ပိုးလောက်အများနှင့်တူ၏။

ဤကား ဒုတိယနိဗ္ဗာန်အရာ၌ လူခန္ဓာ၊ နတ်ခန္ဓာတို့ကို အပြစ်မြင်အောင် ကြည့်ပုံတည်း။ ဤဒုတိယနိဗ္ဗာန်၌ အထူးသတိပြုရန်တစ်ချက်မှာ ကာမတဏှာဟူသော ကိလေသာဝဋ် ချုပ်သွားသောကြောင့် ဒါန, သီလဟူသော ကမ္မဝဋ်များ မဖြစ်တော့ရာ ၌ ဝဋ္ဋနိဿိတဖြစ်သော ဒါန, သီလများ မဖြစ်တော့သည်ကိုသာ ဆိုလိုခြင်းဖြစ်၏။ ဝိဝဋ္ဋ နိဿိတဝဋ်ကိုမမှီသော နိဗ္ဗာန်ရည်မှန်းသည့် ဒါန, သီလ ကုသိုလ်များကိုကား ပြုအပ် ပါ၏။ ပြုလည်း ပြုကြပါ၏။

ဤအချက်နှင့်ပတ်သက်၍ ဒါန, သီလ စသောကုသိုလ်များကို အနာဂါမ်များ မဆိုထားနှင့် ဘုရား, ရဟန္တာများပင် ပြုကြပါ၏။ ရဟန္တာမထေရ်များသည် မိမိတို့တွင် ပိုလျှံနေသော ပရိက္ခရာများကို အခြားရဟန္တာများကို လှူပါ၏။ ဤကား ဒါနပြုခြင်း တည်း။ (၂၂၇)သွယ်သော ရဟန်းသိက္ခာပုဒ်များကို စောင့်ပါ၏။ ဤကား သီလကုသိုလ် တည်း။

ဘုရားရှင်ဆိုလျှင် ဝဋ်နာကံနာကြောင့် တစ်ကိုယ်လုံး သွေးပြည်အလိမ်းလိမ်း ကပ်နေပြီး အိပ်ရာမှ မထနိုင်ဖြစ်နေသည့် ပူတိဂတ္တတိဿမထေရ်၏ သက်န်းများကို ကိုယ်တော်တိုင် လျှော်ဖွတ်ပေးတော်မူ၏။ ရဟန္တာဖြစ်သည့် အရှင်ဒဗ္ဗသည် သံဃာ တော်မှန်သမျှ၏ နေရာထိုင်ခင်းကို စီမံပေးသောနေရာပြသည့် ဆွမ်းညွှန်သည့် အလုပ် ကို အမြဲမပြတ် ပြုလုပ်တော်မူ၏။

ဤသည်တို့သည်လည်း ဒါနသီလတွင် အကျုံးဝင်သော ကုသိုလ်များပင် ဖြစ်၏။ ထိုအချက်နှင့်ပတ်သက်၍ 'အမြင်များပြောင်းလဲခြင်း'စာအုပ်တွင် ဆရာကြီး ဦးရွှေအောင်ရေးခဲ့သည့် ဗုဒ္ဓအလိုကျ ကံချုပ်အောင်လုပ်နည်းဥပဒေသကို လေ့လာ ကြည့်လျှင်-

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓအလိုကျ ကံချုပ်အောင်လုပ်နည်း

ဘဝဇာတ်သိမ်းဖို့ အားထုတ်ခြင်းဆိုသည်မှာ ဘဝဇာတ်ဆရာဖြစ်သော ကံကို မည္ဆန်ကြားနိုင်အောင် အားထုတ်ခြင်းဖြစ်၏။ ဘဝပစ္စယာ ဇာတိအရ- ဘဝဖြစ်သော ကံ ရှိပါလျှင် သံသရာဇာတ်ဆောင်အဖြစ်ဖြင့် သံသရာ၌ အတောမသတ်အောင် ကျင်လည်ရမည်ဖြစ်၏။

ထို့ကြောင့် ကံကို ဘဝနိရောဓာ၊ ဇာတိနိရောဓာအရ ချုပ်သွားအောင်လုပ်ရမည်ဖြစ်၏။ ကံကို ချုပ်သွားအောင်လုပ်ခြင်းဆိုသည်မှာ ဒါနကံ၊ သီလကံ၊ ဘာဝနာကံတို့ကို လုပ်သမျှ-ဒုက္ခဟူသောအမြင်ဖြင့် မလုပ်ခြင်းကို ဆိုလိုသည်မဟုတ်။

အမှန်ဆိုလိုသည်ကတော့ ဒါနကံကိုလည်း စွမ်းအားရှိသလောက် လုပ်ရမည်။ သို့ရာတွင် ထိုသို့လုပ်ရာ၌ ဉပါဒါနနိရောဓာ ဘဝနိရောဓာအရ ဉပါဒါန်မပါဝင်အောင် လုပ်ရမည်။ ဉပါဒါန်မပါဝင်တော့လျှင် ကံသည် ချုပ်ပြီးသားဖြစ်၏။ ဉပါဒါန်မပါဝင်အောင်လုပ်ရာ၌ တဏှာနိရောဓာ ဉပါဒါနနိရောဓာအရ တဏှာ မပါဝင်အောင်လုပ်ရ၏ ဟူ၍ဖြစ်ပါ၏။

အကျဉ်းချုပ်အားဖြင့်ဆိုရလျှင် ကောင်းမှုကုသိုလ်ဟူသမျှကို မနားမနေ လုပ်ရမည်။ ထိုသို့လုပ်ရာတွင် ရလတ္တံ့သောအကျိုးဟူသမျှကို လုံးဝတွယ်တာခြင်း၊ တပ်မက်ခြင်းမရှိဘဲ လုပ်ရမည်။ ထိုသို့လုပ်ခြင်းမျိုးကိုသာ ကံကိုချုပ်သွားအောင် မည္ဆန်ကြားနိုင်အောင်လုပ်ခြင်းမည်၏။

ကံချုပ်မှတော့ ဘဝဇာတ်သည် ချုပ်ပြီးသားဖြစ်တော့၏။ ဘဝဇာတ်ချုပ်လျှင် စစ်မှန်သောချမ်းသာ သန္တိသုခကို ရ၏။ ထိုအခါ သံသရာဇာတိကောင်အဖြစ်မှ လွတ်ပြီဟု ရေးသားထားသည်ကို တွေ့ရ၏။ ဤညွှန်ကြားချက်အရ ဒါနကို ကြိုက်သလောက်ပြုပါ။ သီလကို ကြိုက်သလောက် ဆောက်တည်ပါ။ သို့သော် ဒါနပြုတိုင်း၊ သီလဆောက်တည်တိုင်း ငါကောင်းစားဖို့ဟူသောမျှော်လင့်ချက် မပါဖို့လို၏။ အဘယ်ကြောင့်နည်း- ငါကောင်းစားဖို့ဟူသောစကား၌ ငါသည် ခန္ဓာငါးပါးကို ငါကောင်ထင်မှု အတ္တဒိဋ္ဌိ+ သက္ကာယဒိဋ္ဌိ ကိလေသာတည်း။ ကောင်းစားဖို့ကား ကာမတဏှာတည်း။ ဒိဋ္ဌိနှင့် တဏှာ ဟူသော ကိလေသာနှစ်ပါးဦးဆောင်သည့် ထိုဒါန၊ သီလကုသိုလ်သည် အဘယ်မှာလျှင် ဘဝသစ်ကို မဖြစ်စေဘဲရှိပါမည်နည်း၊ ဧကန်မုချ ဖြစ်စေတော့မည်သာဖြစ်၏။

ထို့ကြောင့် ဒါနပြုသည့်အခါ အလှူခံပုဂ္ဂိုလ်များ စိတ်ချမ်းသာသွားဖို့ကို အဓိကထားပါ။ သီလဆောက်တည်သည့်အခါ မသတ်ခြင်း၊ မခိုးခြင်းအားဖြင့် သတ္တဝါများ ချမ်းသာဖို့ကိုသာ အဓိကထားပါ။ သို့ဆိုလျှင် ထို ဒါနသီလကုသိုလ်သည် ဘဝသစ်များစွာကို မဖြစ်စေဘဲ ဘဝတိုတိုနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေမည်ဖြစ်၏။

ကုသိုလ်ကံသည် မျိုးစေ့နှင့်တူ၏။ ဒိဋ္ဌိသည် မြေနှင့်တူ၏။ တဏှာသည်

www.burmeseclassic.com

www.burmeseclassic.com



ရေနှင့် တူ၏။ မျိုးစေ့သည် အပင်ပေါက်နိုင်သည့်သတ္တိ ရှိပါသော်လည်း မြေနှင့်ရေ ဟူသော အကူအညီကိုမရလျှင် မပေါက်နိုင်။ ထို့အတူ ဒါန, သီလသည် ဘဝသစ်ကို ဖြစ်စေနိုင် သည့်သတ္တိ ရှိပါသော်လည်း ဒိဋ္ဌိနှင့် တဏှာတို့၏ အကူအညီကိုမရလျှင် ဘဝသစ်များစွာ ကို မဖြစ်စေနိုင်ပေ။

ဓမ္မပဒ၊ ဗာလဝဂ်၊ ၁၅တွင် (၇)နှစ်သားအရွယ်နှင့် ရဟန္တာဖြစ်သော သာမဏေငယ်တစ်ပါးအကြောင်းကို ဟောထား၏။ ထိုသာမဏေငယ်သည် အတိတ်ဘဝက အရှင်သာရိပုတ္တရာ၏ ဖခင်နှင့် ရင်းနှီးသော မဟာသေနအမည်ရှိ ပုဏ္ဏားကြီးတစ်ယောက်ဖြစ်ခဲ့၏။ အရှင်သာရိပုတ္တရာကိုလည်း သားအရင်းတစ်ယောက်ပမာ ချစ်ခင်ရင်းနှီး၏။ တစ်ချိန်တွင် ဥစ္စာစည်းစိမ်များ ပျက်ပြားပြီး အလွန်ဆင်းရဲ၏။ အရှင်သာရိပုတ္တရာ သူ့အိမ်ရှေ့ ဆွမ်းလာရပ်လျှင် လှူစရာမရှိတော့သဖြင့် မျက်နှာပူ အားနာလွန်းသောကြောင့် အိမ်ခန်းထဲဝင်ပြီး ပုန်းနေရရှာသည်။

တစ်နေ့တွင် ပုဏ္ဏားတို့၏စာဟောပွဲမှ အဝတ်ကြမ်းတစ်ပိုင်းနှင့် နို့ယနာ တစ်ခွက်ကို ရခဲ့၏။ အရှင်သာရိပုတ္တရာကို လှူချင်လွန်းလှသဖြင့် မိမိမသုံးဘဲ မနက်စောကြီးကတည်းက မထေရ်မြတ်ကြွလာသည်ကို စောင့်စားနေ၏။ မထေရ်မြတ် ကြွလာလျှင် အဝတ်ပိုင်းနှင့် နို့ယနာကို အကုန်လောင်းလှူပြီး 'အရှင်ဘုရားတို့ သိမြင်အပ်သော တရာထူးတရားမြတ်ကို တပည့်တော်လည်း သိမြင်ရပါလို၏'ဟု ဆုတောင်း၏။ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရရပါလို၏ဟု ဆုတောင်းသည်နှင့် အတူတူပင်ဖြစ်၏။

ပုဏ္ဏားကြီး၏ဒါနကုသိုလ်တွင် ငါကောင်းစားဖို့ မပါသည်ကို အထူး သတိပြုပါ။ ထို ဘဝမှစုတေသောအခါ အရှင်သာရိပုတ္တရာကို ဆည်းကပ်ကိုးကွယ်သော သူဌေး မိသားစု၌ ပဋိသန္ဓေသွားတည်နေသည်။ မိခင်သည် ထိုကလေး ကိုယ်ဝန်ရှိသည်နှင့် ထူးခြားသော ချင်ခြင်းတစ်ခု တပ်၏။ ထိုချင်ခြင်းကား- အရှင်သာရိပုတ္တရာ အမှူးရှိ သောသံဃာငါးရာကို ရေမရောသော နို့ယနာဆွမ်းကို ကပ်လှူချင်သည်။ ထိုကပ်လှူ ချိန်တွင် ဖန်ရည်ဆိုးသော (ယောဂီရောင်) အဝတ်ကို ဝတ်ပြီး သံဃာတော်တို့၏ ဆွမ်းကျန်ကို စားလိုခြင်းပင်ဖြစ်၏။

သူမ၏ဆန္ဒအတိုင်း ခင်ပွန်းနှင့် မိဘများက ပြုလုပ်ပေးကြ၏။ မွေးဖွားပြီး နောက် ကင်ပွန်းတပ်ပွဲတွင်လည်း အရှင်သာရိပုတ္တရာနှင့် သံဃာငါးရာကိုပင့်ပြီး နို့ယနာဆွမ်းကိုပင် ကပ်လှူကြ၏။ ထိုအလှူပွဲတွင် အရှင်သာရိပုတ္တရာကိုမြင်သည်နှင့် လသားအရွယ်သာရှိသေးသော သူငယ်သည် ဇာတိဿရဉာဏ်ကြောင့် အရှင်သာရိပုတ္တရာကို မှတ်မိနေ၏။

'ဤမထေရ်မြတ် အလှူခံပြီး ချီးမြှောက်ခဲ့လို့သာ ငါသည် ယခုလိုသူဌေးသား ဘဝသို့ ရောက်ရခြင်းဖြစ်သည်။ ထိုမထေရ်၏ကျေးဇူးကို ငါဆပ်အံ့'ဟုတွေးပြီး မထေရ်မြတ်ကို ကလေးပြရန်အတွက် သူ့ကို ချီမ,လိုက်သောအခါ သူ့ကျောအောက်မှ အသပြာ တစ်သိန်းတန်သည့် ကမ္ဗလာအခင်းကို လက်သန်းဖြင့် ကုတ်ချိတ်ထားလိုက်၏။ လူကြီး

www.burmeseclassic.com

www.burmeseclassic.com



များက ကမ္ဗလာအခင်းကြီး အမှတ်တမဲ့ ပါလာသည်ထင်၍ ဆွဲဖြုတ်သောအခါ ကလေးသည် သည်းစွာငိုကြွေး၏။ သူ့လက်တွင်း ပြန်ထည့်မှ အငိုတိတ်၏။ ထိုအခါကျမှ ကမ္ဗလာအခင်းကို အရှင်သာရိပုတ္တရာအား လှူလိုသော ကလေး၏ဆန္ဒကို လူကြီးများ ရိပ်မိသွားကြ၏။

ထို့ကြောင့် ကလေး၏ဆန္ဒအတိုင်း ကမ္ဗလာထည်ကို မထေရ်မြတ်အား လှူဒါန်းပေးလိုက်၏။ သူငယ်၏အမည်ကို 'တိဿ'ဟု မှည့်ကြ၏။ သူငယ် (၇)နှစ်သားအရွယ်ရောက်သည်နှင့် ရှင်သာမဏေပြု၏။ ကိုရင်ဝတ်ပြီး နှစ်ရက်အကြာမှာပင် အဝတ်စ,တစ်ထောင်နှင့် ဆွမ်းအိုးတစ်ထောင်ကိုရပြီး သံဃာတော်များကို ပေးလှူခဲ့၏။ အရင်ဘဝက မထေရ်မြတ်ကို ပုဆိုးပိုင်းတစ်စနှင့် နို့ဃနာတစ်ခွက်ကိုလှူခဲ့သော ဒါန၏ ကောင်းကျိုးပင်ဖြစ်၏။

## အဆ(၁၀၀၀)ပြန်ရသော ရှင်တိဿ၏ ဒါနအစွမ်း

ဆောင်းတွင်းဖြစ်သောကြောင့် ချမ်းလွန်းလှသဖြင့် သံဃာတော်များသည် မီးဖိုပြီး မီးလှုံနေကြ၏။ ကမ္ဗလာခြုံထည်နှင့် နွေးထွေးစွာနေရသော ကိုရင်တိဿကား မီးလှုံစရာမလိုပေ။ သံဃာတော်များအား အဘယ်ကြောင့် ကမ္ဗလာခြုံထည်မခြုံဘဲ မီးလှုံနေရသနည်းဟု မေး၏။ သံဃာများက တို့တစ်တွေမှာ ကိုရင်လို ဘုန်းကံမရှိလို့ ကမ္ဗလာခြုံထည်မရှိကြပါဟု ပြောပြသည်နှင့် ကိုယ်ရင်တိဿက- ကမ္ဗလာခြုံထည် အလို ရှိသူများ တပည့်တော်နောက်က လိုက်ခဲ့ကြပါဟုပြောပြီး သံဃာတစ်ထောင်ကို ရှေ့မှ ဦးဆောင်ပြီး သာဝတ္ထိမြို့တွင်းသို့ စီတန်းကြွကြ၏။

မြို့သူမြို့သားများသည် ကိုရင်တိဿကိုမြင်သည်နှင့် မလှူဘဲမနေနိုင်ဖြစ်ပြီး ရှိသမျှကမ္ဗလာထည်များကို ထုတ်လှူကြ၏။ ကုသာမဏ္ဍရိယ ကြီးမားသော ဒကာတစ်ယောက်ကား သူလည်း မလှူ သူတစ်ပါးကိုလည်း တန်ဖိုးကြီး မားသော ကမ္ဗလာခြုံထည်ကို မလှူမိစေရန် လိုက်ပြီးပိတ်ပင်၏။ ဤမှာပင် ဒါနကုသိုလ်၏ စွမ်းအားကို အံ့သြဖွယ်ရာတွေ့မြင်ရ၏။ ထိုသူ၏ ပိတ်ပင်မှုကြောင့် အထည်သည် တစ်ဦးသည် ကမ္ဗလာစများကို မလှူမိစေရန် တခြားအဝတ်စများဖြင့် ဖုံးအုပ်ထား၏။

အထည်ကြမ်းများကိုသာ လှူဒါန်းရန် အသင့်ချထား၏။ သို့သော် ကိုရင်တိဿ ဦးဆောင်သော သံဃာများ ဆိုင်ရှေ့ရောက်သည်နှင့် ဆိုင်ရှင်၏လက်သည် ဖုံးအုပ်ထားသော ကမ္ဗလာစများကိုဖော်ယူပြီး အားပါးတရ လှူဒါန်းနေမိလေသည်။ ဤဖြစ်ရပ်မှ အတွေးအခေါ်တစ်ခုကို ထုတ်ယူနိုင်၏။ ကုသိုလ်မှန်သမျှ- 'ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ'ဟူသော ဒေသနာတော်အရ- အပြစ်ကင်းခြင်း၊ ကောင်းကျိုးချမ်းသာကို ပေးခြင်းလက္ခဏာ ရှိကြသည်သာဖြစ်၏။

ထို့ကြောင့် ကုသိုလ်ပြုပြီး ကောင်းကျိုးချမ်းသာရအောင် ဆုတောင်းနေစရာ မလိုပေ။ နေ့စား၊ လခစားအလုပ်သမားများသည် နေ့ကုန်သည်နှင့်၊ တစ်လပြည့်သည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် နေ့တွက်လခ စေကန်မှုချ ရကြရမည်သာဖြစ်သည်။ နေ့တွက်ရပါစေ၊ လခရပါစေဟု ဆုတောင်းနေစရာ မလိုသကဲ့သို့ပင်ဖြစ်၏။ ဆုတောင်းရန်လိုသည်ကား ကိလေသာ ကုန်ရာ မဂ်, ဖိုလ်, နိဗ္ဗာန် ရဖို့အတွက်ပင်ဖြစ်၏။

(မှတ်ချက်)။ ။*သာရဏီယကျင့်ဝတ်ကြောင့် အံ့သြဖွယ်ရာ ဘုန်းတန်ခိုးကြီးမားကြသော ပုဂ္ဂိုလ်ထူးတို့အကြောင်းကို အဝိဇ္ဇာအကြောင်း ဖွင့်ဆိုချက်အပြီးတွင် ဆက်လက်ဖော်ပြပါမည်။*

အရှင်သာရိပုတ္တရာကို ကမ္ဗလာတစ်ထည်လှူခဲ့သည့် ဒါနကြောင့် တစ်သိန်းတန်သော ကမ္ဗလာချုံထည်တစ်ထောင်ကို သံဃာတော်တစ်ထောင်တို့အား ပြန်လည်လှူဒါန်းနိုင်ခြင်းဖြစ်၏။ ရက်အတန်ကြာသောအခါ ဘုန်းကြီးသူတို့ထုံးစံအတိုင်း ဒကာဒကာမများ ဝိုင်းဝိုင်းလည်နေ၏။ ထို့ကြောင့် ဘုရားရှင်ထံက ကမ္မဋ္ဌာန်းတောင်းပြီး လျှင် သာဝတ္ထိမှ ယူဇနာ(၁၂၀)၊ မိုင်ပေါင်းတစ်ထောင်ကျော်ဝေးသော တောကျောင်း၌ တစ်ပါးတည်းသီတင်းသုံးပြီး တရားနှင့်မွေ့လျော်တော်မူလေသည်။

မဂ်ဖိုလ်ကို ဆုတောင်းပြီးပြုခဲ့သော ဒါနကုသိုလ်ကံ၏ ထောက်ပံ့မှုကြောင့် သုံးလအကြာမှာပင် (၇)နှစ်သားအရွယ်နှင့် ရဟန္တာဖြစ်တော်မူခဲ့သည်။ ဤသာဓကကို ထောက်၍ ဒါနပြုသည့်အခါ ငါကောင်းစားဖို့ဟူသောရည်ရွယ်ချက် ဒိဋ္ဌိနှင့်တဏှာ မပါစေဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကိုဦးတည်၍ လှူသင့်ကြပါ၏။ ယခု တတိယနိဗ္ဗာန်ကို ဆက်၍ ပြအံ့-

## တတိယနိဗ္ဗာန်

အရဟတ္တမဂ်ကိုရသည်နှင့် ဘဝတဏှာဟူသော ကိလေသဝဋ်ကို အမြစ်ပြတ်ပယ်သတ်လိုက်၏။ ထို့ကြောင့် ရူပကုသိုလ်စျာန်ငါးပါး၊ အရူပကုသိုလ်စျာန် လေးပါးဟူသော ကမ္မဝဋ်များ မဖြစ်တော့ပေ။ ထိုအခါ ပြဟ္မာခန္ဓာဟူသော ဝိပါကဝဋ်ကြီး အပြီးတိုင် ငြိမ်းသွား၏။ ပြဟ္မာဘဝ၊ ပြဟ္မာခန္ဓာ ဘဝဇာတ်သိမ်းရခြင်းကိုပင် တတိယနိဗ္ဗာန်ဟု ဆိုခြင်းဖြစ်၏။ တတိယနိဗ္ဗာန်ကိုရရန် ပြဟ္မာဘဝ၊ ပြဟ္မာခန္ဓာကို ဒုက္ခအချက်မြင်အောင်ကြည့်နည်းကို 'အနတ္တဒီပနီပကျမ်းသစ် ၆၀၄' တွင်-

'တတိယနိဗ္ဗာန်၌ ဘဝတဏှာကြီးကို ပယ်ဖျောက်ခြင်းငှာ ပြဟ္မာခန္ဓာတို့၏ ဒုက္ခအချက်ကြီးကို ထင်လင်းစွာကြည့်ရှုကြလေရာ၏။ အရဟတ္တမဂ်ကိုရသဖြင့် ဘဝတဏှာကြီးသည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏။ ဘဝတဏှာကြီး ချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် ပြဟ္မာအဖြစ်ကိုပေးနိုင်သော ကုသိုလ်ကမ္မဘဝတို့သည်လည်းကောင်း၊ ပြဟ္မာခန္ဓာ အဆက်ဆက်တို့သည်လည်းကောင်း အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏'

'ပြဟ္မာခန္ဓာတို့၏ ဒုက္ခအချက်တို့ကိုမြင်ရာ၌ ဥပမာကား- ဖွဲ့သေတ္တာကြီးတစ်ခုသည် ရှိလေရာ၏။ ထိုဖွဲ့သေတ္တာကြီး၏ပြင်ပ၌ အနီအဝါအစရှိသော ဆေးအမျိုးမျိုး၊

www.burmeseclassic.com

www.burmeseclassic.com



ပိုးဖဲကတ္တီပါအစရှိသော အထည်အမျိုးမျိုး ခြယ်လှယ်လျက်ရှိ၏။ အတွင်း၌မူကား ဖွဲကြမ်းတွေလည်းရှိ၏။ ဘီလူးကြီး၊ သရဲကြီး၊ သဘက်ကြီး သုံးကောင်လည်းရှိ၏။ အဆိပ်ထန်သော မြွေဆိုး၊ ကင်းဆိုးအမျိုးမျိုးလည်းရှိ၏။ ဖွဲကြမ်းတွေကို စားသောက်နေသော ပိုးမျိုးလည်း အပြည့်ရှိ၏'။

ဤဥပမာ၌-ဗြဟ္မာတို့ခန္ဓာသည် ဖွဲနု၊ ဖွဲကြမ်းတို့ဖြင့်ပြည့်သော သေတ္တာကြီး ငယ်နှင့် တူ၏။ တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးသည် ထိုသေတ္တာအတွင်း၌ရှိသော ဘီလူးကြီး၊ သရဲကြီး၊ သဘက်ကြီးသုံးကောင်နှင့် တူ၏။ ထိုမှတစ်ပါးသော ကိလေသာတရားများသည် သေတ္တာတွင်း၌ရှိသော အဆိပ်ထန်သော မြွေဆိုး၊ ကင်းဆိုးအမျိုးမျိုးနှင့်တူ၏။

ဇာတိ၊ ဇရာ၊ မရဏများသည် ထိုသေတ္တာတွင်း၌ ဖွဲနု၊ ဖွဲကြမ်းတို့ကို စားနေကြသော ပိုးမျိုးနှင့်တူ၏။ ဗြဟ္မာ့ခန္ဓာသည် ဖွဲနု၊ ဖွဲကြမ်းတို့နှင့်ပြည့်စုံသော သေတ္တာကြီးနှင့်တူ၏။ တူပုံကား- ဖွဲကြမ်းမည်သည် မည်သို့မျှ အသုံးမကျချေ။ ပိုးစာ၊ မွှားစာ၊ မီးစာမျှသာဖြစ်လေ၏။

ထို့အတူ ဤသတ္တဝါများသည် အနမတဂ္ဂ သံသရာ၌ ဘဝခန္ဓာကိုရခဲ့ကြသည်မှာ အနန္တရှိကြလေပြီ။ သို့သော် အပါယ်ဝဋ်ဒုက္ခအပေါင်းတွင် ယနေ့ထက်တိုင် အဘယ်ဝဋ်ဒုက္ခတစ်ခုကိုမျှ ပယ်ဖြတ်နိုင်ပြီဟု မရှိသေး၊ ဇရာမရဏ မီးစာမျှသာဖြစ်၍ ကုန်ဆုံးခဲ့လေ၏။ ထို့ကြောင့် ဗြဟ္မာခန္ဓာသည် ဖွဲကြမ်းသေတ္တာကြီးနှင့်တူ၏ဟု ရေးသားထား၏။ အဝိဇ္ဇာသည် ဤနိဗ္ဗာန်သုံးပါးဟူသော နိရောဓသစ္စာကိုလည်း မမြင်အောင် ဖုံးလွှမ်းထား၏။ အဝိဇ္ဇာကရှေးအစွန်း(ပုဗ္ဗန္တ)ကို ဖုံးခြင်းဟူသည် သံသရာအစမှစ၍ ယခုဘဝတိုင်အောင် ဖြစ်ခဲ့သောဟာရားများသည် အကြောင်းကြောင့် အကျိုးဖြစ်သော ရုပ်နာမ်မျှသာဖြစ်သည်ဟု မသိခြင်းပင်ဖြစ်၏။

နောက်အစွန်း(အပရန္တ)ကို မသိခြင်းဟူသည် ယခုဘဝမှစ၍ နိဗ္ဗာန်မရမခြင်း ဖြစ်နေတော့မည့် တရားများသည် အကြောင်းကြောင့် အကျိုးဖြစ်သော ရုပ်နာမ်မျှသာ ဖြစ်သည်ဟု မသိခြင်းပင်ဖြစ်သည်။ ထိုနှစ်ပါးစုံကို မသိခြင်းကိုပင် ပုဗ္ဗန္တာပရ- ရှေ့စွန်း နောက်စွန်းကိုမသိခြင်းဟု ဆိုလိုခြင်းဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်ကို မသိခြင်းဟူသည် ဤ ပစ္စုပ္ပန်ခန္ဓာ အကျိုးတရားသည် အတိတ်က အဝိဇ္ဇာ၊ တဏှာ၊ ကံဟူသော အကြောင်းများကြောင့် ဖြစ်လာခြင်းဟူ၍ မသိခြင်း၊ ဤဘဝ၌ဖြစ်နေသော အဝိဇ္ဇာ၊ တဏှာ၊ ကံဟူ သော အကြောင်းများကြောင့် နောင်အနာဂတ်တွင် ရုပ်နာမ်၊ ခန္ဓာဟူသော အကျိုးတရားများဖြစ်မည်ဟု မသိခြင်းကို ပဋိစ္စသမုပ္ပါဒ်ကို မသိခြင်းဟုဆိုလို၏။ ဤရှစ်ပါးကို မသိခြင်းကိုသာ တရားကိုမသိခြင်း ဟုဆို၏။ ဤရှစ်ပါးကို သိခြင်းသည် တရားကိုသိခြင်းဟု အပြန်ယူနိုင်၏။ ထို့ကြောင့် ခံရမည့်အပြစ်ကို သိရုံမျှနှင့် တရားသိသည်ဟု မဆိုနိုင်ပေ။

**(မှတ်ချက်)**။ ။*ဉပါဒါန်ကို တဏှာထဲ၊ သင်္ခါရကို ကံထဲတွင် သွင်းပြထားသောကြောင့် အကြောင်းတရားတွင် သုံးပါးသာဖြစ်နေခြင်းဖြစ်သည်။*

www.burmeseclassic.com

www.burmeseclassic.com



## အဝိဇ္ဇာက အဆင့်ဆင့်ဖုံးပုံ

ခန္ဓာ၊ နာမ်ရုပ်ကို မသိသဖြင့် ကန်း၏။ ကုသိုလ်တစ်ခုမျှမလုပ်ဘဲ အကုသိုလ်ချည်းလုပ်နေသောကြောင့် မိုက်၏။ ထိုကဲ့သို့သော ပုထုဇဉ်ကို အန္ဓဗာလပုထုဇဉ်ဟု ခေါ်၏။ ကမ္မဿကတာသမ္မာဒိဋ္ဌိ အမြင်မှန်ကိုရသဖြင့် အကုသိုလ်ကို တတ်နိုင်သမျှရှောင်ပြီး ကုသိုလ်ကို တတ်နိုင်သမျှပြု၏။ ထို့ကြောင့် ဗာလအဖြစ်မှ လွတ်သွား၏။

သို့သော် ဝိပဿနာကို နာကြားအားထုတ်ခြင်း မရှိသောကြောင့် ပရမတ်ဉာဏ်အမြင်ကား ကန်းမြဲကန်းလျက်ရှိ၏။ ထိုကဲ့သို့သော ပုထုဇဉ်ကို အန္ဓပုထုဇဉ်ဟု ခေါ်၏။ ကမ္မဿကတာသမ္မာဒိဋ္ဌိ အမြင်မှန်ကိုလည်းရ၏။ ရုပ်နာမ်ခန္ဓာ၊ သစ္စာစသည်တို့ကိုလည်း စာမေးပွဲဖြေနိုင်ရန်အတွက်လောက် ထိုက်သလောက် တတ်မြောက်ထား၏။ ခန္ဓာသိဖြင့် မသိသဖြင့် ကိလေသာကား နည်းသွားခြင်း ပါးလာခြင်းမဖြစ်။ ထိုကဲ့သို့ သော ပုထုဇဉ်ကို ကလျာဏပုထုဇဉ်ဟု ခေါ်၏။

ကမ္မဿကတာသမ္မာဒိဋ္ဌိ အမြင်မှန်ကိုလည်းရ၏။ ဝိပဿနာကို နာကြားရှုပွားသဖြင့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို ကောင်းစွာရရှိထားပြီး အနည်းဆုံး ယခုဘဝမှသေဆုံးပြီး နတ်ပြည်တွင် သောတာပန်တည်နိုင်သော ပုထုဇဉ်များကို စူဠသောတာပန်ပုထုဇဉ် (သောတာပန်အငယ်စား)ဟုခေါ်၏။ ထိုမှတစ်ဆင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟု တစ်ဆင့်ခြင်းတက်သွား၏။

ထိုရှစ်ဦးတို့တွင် အန္ဓဗာလပုထုဇဉ်ဘဝမှ အန္ဓပုထုဇဉ်ဘဝ မရောက်အောင် အဝိဇ္ဇာက ဖုံးအုပ်ထား၏။ အန္ဓပုထုဇဉ်မှ ကလျာဏပုထုဇဉ်ဘဝ မရောက်အောင် ကလျာဏပုထုဇဉ်ဘဝမှ စူဠသောတာပန်ဘဝ မရောက်အောင်၊ စူဠသောတာပန်ပုထုဇဉ်ဘဝမှ မဟာသောတာပန်ဘဝမရောက်အောင်၊ မဟာသောတာပန်ဘဝမှ သကဒါဂါမ်ဘဝမရောက်အောင် သကဒါဂါမ်ဘဝမှ အနာဂါမ်ဘဝ မရောက်အောင်၊ အနာဂါမ်ဘဝမှ ရဟန္တာဘဝမရောက်အောင် မသိမှုအဝိဇ္ဇာက အဆင့်ဆင့်ဖုံးအုပ်ထား သည်မှာ အလွန်ကြောက်စရာကောင်းလှ၏။

ရဟန္တာဘဝရောက်မှသာ အဝိဇ္ဇာလက်မှ လွတ်တော့၏။

ထို့ကြောင့် ဗုဒ္ဓက-

'န သီလဗ္ဗတ မတ္တေန၊ ဗာဟုသစ္စေ ဝါ ပန။
အထဝါ သမာဓိလာဘေန၊ ဝိဝိတ္တ သယနေန ဝါ
ဖုသာမိ နေက္ခမ္မ သုခံ၊ အပုထုဇ္ဇန သေဝိတံ၊
ဘိက္ခုဝိဿာသ မာပါဒိ၊ အပတ္တော အာသဝက္ခယံ။' *(ဓမ္မပဒ၊စာ-၂၇၁၊၂၇၂)*

'ရဟန်း၊ သင်သည် ရဟန္တာဖြစ်ခြင်းသို့ မရောက်သေးဘဲ
သီလစင်ကြယ်ရုံမျှ၊ ဓုတင်ဆောင်နိုင်ရုံမျှနှင့် စိတ်ချလက်ချနေခြင်း
သို့ မရောက်လင့်'

www.burmeseclassic.com

www.burmeseclassic.com



'ပိဋကတ်သုံးပုံ ဆောင်နိုင်သည့်တိုင်အောင် အကြား အမြင် များရုံမျှဖြင့်လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်'

'ဈာန်သမာပတ်ရှစ်ပါးကို ရရုံမျှဖြင့်လည်း စိတ်ချလက်ချ နေခြင်းသို့ မရောက်လင့်'

'ဆိတ်ငြိမ်သော တောကျောင်း၌ နေနိုင်ရုံမျှဖြင့်လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်'

'ပုထုဇဉ်တို့ မမှီဝဲနိုင်သော အနာဂါမိဖိုလ်ချမ်းသာကို တွေ့ နိုင်ရောက်နိုင်သည်ဟူ၍လည်း စိတ်ချလက်ချနေခြင်းသို့ မရောက် လင့်'

ဟု အဝိဇ္ဇာလက်မှ အပြီးတိုင်လွတ်သောရဟန္တာဘဝမရောက်မချင်း စိတ်ချ လက်ချ အေးဆေးစွာမနေဖို့ အထူး သတိပေးတော်မူခဲ့ခြင်းဖြစ်၏။

ဦးနီ၏ တတိယမြောက်ကောင်းကွက်ကို မဖော်ပြမီ အခက်ခဲဆုံးသောဒါန ဟု ဆိုရသည့် သာရဏီယကျင့်ဝတ်အကြောင်းကို 'သီဟိုဠ်ခေတ် စံတော်ဝင်အရိယာ များ' စာအုပ်မှ ထုတ်နှုတ်ပြအံ့။

## ဆွမ်းတစ်သပိတ်နှင့် အပါး(၅၀)ဘဉ်းပေးနိုင်သော အံ့ဖွယ်ဒါနအစွမ်း

မဟာဂိရိရွာကို ဂေါစရဂါမ်ပြုသော လေဏဂိရိခေါ် တောင်လိုဏ်ဂူကျောင်း နေ အရှင်တိဿမထေရ်သည် သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ရာ၌ စံတော်ဝင် မထေရ်တစ်ပါး ဖြစ်တော်မူ၏။ တစ်ခါသော် နာဂဒီပကျွန်းသို့ ဘုရားဖူးကြွကြသော မထေရ်ငါးကျိပ်တို့သည် ဘုရားဖူးသွားရာလမ်းခရီး နာဂဒီပနယ်အဝင်၌တည်ရှိသော ထို မဟာဂိရိရွာတွင်းသို့ ဆွမ်းခံလှည့်လည်ကြ၏။ ဆွမ်းခံ၍မရကြသဖြင့် သပိတ်ချည်း လွယ်ကာ ရွာအပြင်ဘက်သို့ ထွက်လာကြရသည်။ အရှင်တိဿမထေရ်လည်း ဆွမ်းခံ ကြွလေရာ ရွာအဝင်၌ပင် မထေရ်များကိုတွေ့မြင်ရသဖြင့်-

| | |
|---|---|
| တိဿ။ | ။အရှင်ဘုရားများ ဆွမ်းရတော်မူကြပါရဲ့လားဘုရား။ |
| မထေရ်များ။ | ။ငါ့ရှင် အိမ်ပေါက်စေ့တော့ ရပ်ခဲ့ကြတာပါပဲ။ |
| တိဿ။ | ။(မထေရ်များဆွမ်းမရကြောင်းသိသွား၍) အရှင်ဘုရားများ၊ ဘုရား တပည့်တော် ပြန်လာသည်အထိ ဒီကပဲ ခဏ စောင့်ဆိုင်းငံ့လင့် တော်မူကြပါဦးဘုရား။ |
| မထေရ်များ။ | ။ငါ့ရှင် ကောင်းပါပြီ၊ ငါတို့ရဟန်းတော်ငါးကျိပ် သပိတ် စိုစွတ်ရုံ ကလေးတောင် မရကြပါဘူးငါ့ရှင်၊ ငါ့ရှင်တို့လို အမြဲနေပုဂ္ဂိုလ်များ မှာတော့ စွမ်းဆောင်နိုင်တတ်ပါရဲ့။ |

ထိုသို့ လျှောက်ထားပြောဆိုကြပြီးလျှင် အရှင်တိဿမထေရ်လည်း ရွာတွင်း သို့ ဆွမ်းခံဝင်လာ၏။ မိမိ အမြဲဆွမ်းခံအိမ်မှ ဒကာမကြီးမှာလည်း အရှင်မြတ်အလာကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်မျှော်ရင်း နို့ယနာဆွမ်းများကိုလောင်းလှူရန် ပြင်ဆင်နေလေ၏။ အိမ်တံခါးသို့ မထေရ်ရောက်လျှင်ပင် မထေရ်လက်မှ သပိတ်ကိုယူကာ လောင်းလှူလိုက်သည်။

မထေရ်လည်း သပိတ်ကိုလွယ်၍ စောင့်ဆိုင်းငံ့လင့်နေကြသော အာဂန္တုမထေရ် ငါးကျိပ်တို့ထံ သွားပြီးလျှင် သံဃာမထေရ်ကြီးထံ ဦးစွာချဉ်းကပ်၍ သပိတ်ကို ဖွင့်ပြီး ခပ်ယူဘုဉ်းပေးရန် လျှောက်ထား၏။ မထေရ်ကြီးမှာ နို့ယနာဆွမ်းများကို မြင် လျှင် အံ့ဩကာ အခြားအဖော်များကို လှမ်းကြည့်နေ၏။

'ငါတို့မှာ ရွာရိုးတစ်လျှောက် အကြာကြီး လှည့်လည်ကြတာတောင်မှ ဘာမျှ မရခဲ့ကြဘူး၊ ခုချက်ခြင်းသွား၊ ခုချက်ခြင်းပြန်လာတာတောင် နို့ယနာဆွမ်းတွေ သပိတ်နဲ့ အပြည့်ရလာတယ်၊ ဘယ်လိုပါလိမ့်မလဲ'

ဟူသော အကြည့်မျိုးဖြင့်ကြည့်နေစဉ် အရှင်တိဿမထေရ်က-

'အရှင်ဘုရားများ၊ ဘာမှ သံသယကုက္ကုစ္စ ရှိတော်မမူကြပါနဲ့၊ ဒီဆွမ်းဟာ ဝိနည်းတော်အရ တရားသဖြင့်ရသော ဆွမ်းဖြစ်ပါတယ်၊ အလှူခံယူတော်မူကြပါဘုရား'

ဟု မထေရ်ကြီးမှအစပြု၍ ထေရ်စဉ်ဝါလိုက် အပါးစေ့ အလိုရှိသလောက် လောက်င,ရအောင် ပေးလှူပြီးနောက် မိမိလည်း ဝဝလင်လင် ဘုဉ်းပေးရလေ၏။ သံဃာတော်များအားလုံး ဆွမ်းတစ်သပိတ်မျှဖြင့် သံဃာငါးကျိပ်တစ်ပါး ဘုဉ်းပေးနိုင်သည်ကို တွေ့မြင်ရ၍ သံဃာမထေရ်ကြီးက အရှင်တိဿအား-

'ငါ့ရှင်၊ ဒီ လောကုတ္တရာတရားထူးကို ဘယ်အချိန်က ရခဲ့ပါသလဲ'

'တပည့်တော်မှာ လောကုတ္တရာတရားထူး မရရှိသေးပါဘုရား'

'ဒါဖြင့် ငါ့ရှင်-ဈာန်ရပုဂ္ဂိုလ်ပေါ့'

'ဘုရားတပည့်တော်မှာ ဈာန်ကိုလည်း မရရှိပါ'

'အနို့- ဘာမှမရဘူးသာဆိုတယ်၊ ဒါ တန်ခိုးပဲမဟုတ်လား ငါ့ရှင်'

'မှန်လှပါ၊ ဘုရားတပည့်တော် သာရဏီယဝတ်ကိုတော့ ဖြည့်ခဲ့ဖူးပါတယ် ဘုရား၊ ဒီ သာရဏီယဝတ်ကို ဖြည့်ပြီးတဲ့အချိန်ကစပြီး သံဃာတစ်ရာ, တစ်ထောင် ရှိပါစေ။ ဘုရားတပည့်တော် သပိတ်ထဲကဆွမ်းဟာ ဘယ်တော့မှ ကုန်သွားတယ်ရယ်လို့ မရှိပါဘုရား'

'သာဓု-သာဓု-သာဓု ငါ့ရှင်၊ သူတော်ကောင်း ငါ့ရှင်ရဲ့ကျင့်ဝတ်ဟာ အလွန် သင့်မြတ် အတုယူအပ်လှပါပေတယ်'

## လိုချင်တာ ရစေသော ဒါနစွမ်း

ဤအရှင်တိဿမထေရ်မြတ်သည်ပင် တစ်ခါက စေတီယတောင်၊ ဂိရိဘဏ္ဍာ မဟာပူဇာခေါ် ဘုရားမီးပူဇော်ပွဲ၊ သံဃာဒါနအလှူပွဲကြီးတစ်ခုသို့ ကြွရောက်တော်မူရ ၏။ ရဟန်းသံဃာများအား လောင်းလှူရန် လှူဖွယ်အမျိုးမျိုးတို့ကို ကြည်ညိုဖွယ် ခင်း ကျင်းပြသထားသောနေရာသို့ ကြွသွားကာ-

www.burmeseclassic.com

www.burmeseclassic.com



'ဒကာတို့၊ ဒီထဲမှာ ဘယ်ဟာအကောင်းဆုံးလဲ'ဟု မေးတော်မူရာ သင်္ကန်း ချုပ်ရန် ပိတ်စနှစ်ခု အကောင်းဆုံးဖြစ်ကြောင်း လျှောက်ထားလျှင်-

'အဲဒီ အကောင်းဆုံးပိတ်စနှစ်ခု ဦးပဥ္စင်းပဲ ရမှာပါ'ဟု ပြောဆိုထွက်သွား၏။ အမတ်ကြီးတစ်ဦးသည် ထိုသို့ပြောဆိုသည်ကို ကြားရသဖြင့် မထေရ်ငယ်တစ်ပါးက ဤသို့ပြောသွားကြောင်း မင်းကြီးအား သွား၍လျှောက်လိုက်သည်။ မင်းကြီးက-

'ကိုယ်တော်ငယ်ကလေးတွေဆိုတာ ဒီလိုပဲ၊ အကောင်းကြိုက်တာ ထုံးစံပါပဲ၊ ဒါပေမယ့် ဒီ- နူးညံ့ချောညက်တဲ့ အဝတ်နှစ်ထည်ကတော့ မထေရ်ကြီးများနှင့်ပဲ သင့်တော်ပါတယ်'

ဟုဆိုကာ သတ်သတ်မှတ်မှတ် အထက်ဆုံးက တင်ထားလေ၏။ သံဃာတော်များ ဝါစဉ်အလိုက် မထေရ်ကြီးများမှစ၍ ကြွလာအလှူခံကြရာ မင်းကြီးကိုယ်တိုင် ပင် လောင်းလှူလေ၏။ သို့ရာတွင် မထေရ်ကြီးများအတွက် သီးသန့်ရည်ရွယ်ပြီး အပေါ်ဆုံးက တင်ထားသော အဆိုပါ ပိတ်စနှစ်ခုမှာ မင်းကြီးလက်ထဲ ရောက်မလာ။ အခြား လှူဖွယ်ဝတ္ထုများကိုသာ ကိုင်မိလျက်သားဖြစ်နေ၏။

မထေရ်ကြီးများအားလုံး လောင်းလှူပြီးနောက် အရှင်တိဿမထေရ်ငယ် အလှည့်သို့ ရောက်သောအခါ၌မှ အဆိုပါပိတ်စနှစ်ခုကို ကိုင်မိလျက်သားဖြစ်နေ၏။ မင်းကြီးလည်း မထေရ်ငယ်၏လက်ထဲသို့ ဆက်ကပ်လိုက်ပြီးနောက် အနီး၌ရှိနေသော အမတ်ကြီးအား ပြုံး၍ မျက်ရိပ်မျက်ခြည်ပြကာ မထေရ်ငယ်အား ခေတ္တဆိုင်းငံ့ထားရန် လျှောက်ထားခိုင်းလိုက်၏။

သံဃဒါန အလှူပွဲကြီးလည်း ပြီးဆုံး၍ သံဃာများ ပြန်လည်ကြွသွားလေ၏။ မင်းကြီးနှင့် အမတ်များကမူ အရှင်တိဿမထေရ်အား လှူဖွယ်တန်းရန်များ ထပ်မံ လှူဒါန်းကာ မထေရ်ငယ်ရှေ့၌ ရိုသေစွာထိုင်၍ ရှိခိုးပြီးလျှင် မင်းကြီးက-

'အရှင်ဘုရား၊ ဘယ်အချိန်က ဒီတရားထူးကို ရခဲ့ပါသလဲဘုရား'ဟု လျှောက် လေ၏။ မထေရ်လည်း မိမိ၌ ထင်ရှားမရှိသော၊ တကယ်မရသောဂုဏ်ကို ပရိယာယ် မျှဖြင့်ပင် မပြောဆိုဘဲ-

'ဒကာတော်မင်းကြီး၊ ဦးပဥ္စင်းမှာ လောကုတ္တရာတရားထူး မရရှိသေးပါဘူး' ဟု အမှန်အတိုင်းပြောဆိုလိုက်ရာ-

'အရှင်ဘုရား-ဒါဖြင့် ဒီပိတ်စနှစ်ခုကတော့ ဦးပဥ္စင်းပဲကျမှာပဲလို့ ဘယ်လို လုပ်ပြီး ပြောဆိုနိုင်ပါသလဲဘုရား'

'မှန်ပါတယ် ဒကာတော်မင်းကြီး၊ ဦးပဥ္စင်းဟာ ဘုရားဟောတော်မူထားတဲ့ 'သာရဏီယကျင့်ဝတ်'ဆိုတာ ရှိပါတယ်၊ အဲဒါကို ကျင့်နေတာပါပဲ၊ ဦးပဥ္စင်း အဲဒီ သာရဏီယကျင့်ဝတ်ကို ကျင့်တဲ့အချိန်ကစပြီး လှူဖွယ်ပစ္စည်းအမျိုးမျိုး ခွဲဝေလှူဒါန်း ကြတဲ့နေရာမျိုးမှာ အကောင်းဆုံးပစ္စည်းဟာ ဦးပဥ္စင်းလက်ထဲ အလှူခံရလေ့ရှိပါတယ်'

'သာဓု၊ သာဓု၊ သာဓုဘုရား၊ အရှင်ဘုရားရဲ့ကျင့်ဝတ်ဟာ အလွန်ပဲ မွန်မြတ်

www.burmeseclassic.com

www.burmeseclassic.com



လှပါပေတယ်ဘုရား'

ဤသို့လျှောက်ကာ မင်းနှင့် အမတ်ကြီးတို့လည်း အရှင်တိဿမထေရ်အား ဝမ်းသာအားရ ဝတ်ပြုကာ ပြန်ကြလေ၏။

## သစ်ပင်ရှိလျှင် ဆွမ်းရှိသော နာဂထေရ်မောင်နှမ

နာဂထေရီမည်သော အရှင်မသည် တပည့်ထေရီမ(၁၂)ပါးကို အုပ်ချုပ်ကာ ဘာတရရွာ၌ သီတင်းသုံးနေထိုင်လေ၏။ သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ပေါ်ပေါက်လာသောအခါ ဘာတရရွာသူရွာသားတို့သည် အရှင်မနာဂထေရီအား အသိပေးချိန်မရတော့ပဲ ရွာလုံးကျွတ် ညတွင်းချင်း ထွက်ပြေးတိမ်းရှောင်ကာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့သွားကြ၏။

အရှင်မလည်း နံနက်မိုးသောက်ရောက်သောအခါ 'တစ်ရွာလုံး ဘာသံမျှ မကြားရ၊ တိတ်ဆိတ်လှချည်လား၊ သွားပြီး စုံစမ်းကြည့်ကြပါဦး'ဟု ထေရီမကလေးများကိုစေလွှတ်၍ စုံစမ်းစေရာ တစ်ရွာလုံး ညကပင် ပြောင်းရွှေ့သွားကြကြောင်း အရှင်မအား လျှောက်ထားကြ၏။

'ရှင်မတို့၊ ရှင်မတို့တစ်တွေ ဒကာ၊ ဒကာမများ ပြောင်းရွှေ့သွားကြလို့ ဘာမှ စိုးရိမ်ကြောင့်ကြမနေကြပါနှင့်၊ ကိုယ့်စာကိုယ်ကြိုးစားပြီး ကိုယ်တရားကိုယ်သာ နှလုံးသွင်းမြဲ သွင်းကြပါ'ဟု နှစ်သိမ့်စကား ပြောကြားအားပေးလေ၏။ ဆွမ်းခံကြွချိန်ရောက်သောအခါ အရှင်မ နာဂထေရီနှင့်အတူ ထေရီ(၁၂)ပါး ထုံးစံအတိုင်း သင်္ကန်းရုံပြီး ကြွမြဲရွာသို့ ထေရ်စဉ်ဝါလိုက် ကြွကြလေ၏။

ထေရီမကလေးများမှာ မည်သို့မျှ မဝေခွဲတတ်ရှိနေစဉ် အရှင်မနာဂထေရီသည် ရွာအဝင်ပေါက်သို့ရောက်လာသောအခါ ရွာအဝင်ရှိ ညောင်ပင်ကြီးတစ်ပင်အောက်သို့ ကြွရောက်ရပ်တန့်နေလေ၏။ ညောင်ပင်စောင့် ရုက္ခစိုးနတ်မင်းကြီးလည်း ရုတ်တရက်ဆင်းလာကာ မထေရ်မ(၁၂)ပါးလုံးအား ဆွမ်းကွမ်းလုံလောက်အောင် လှူ လိုက်ပြီး-

'အရှင်မတို့၊ အရှင်မတို့ ဆွမ်းကွမ်းအတွက် တခြားဘယ်ကိုမှလည်း ကြွမနေကြပါနှင့်၊ နေ့စဉ် ဒီမှာပဲ ဆွမ်းအလှူခံယူတော်မူလှည့်ကြပါ'ဟုပင် ပင့်ဖိတ်လိုက်လေသည်။

## အစ်မတော်ဆွမ်းကို ငြင်းသော မောင်ပဥ္စင်း

အရှင်မနာဂထေရီတွင် နာဂထေရ်ခေါ်သော မောင်မထေရ်တစ်ပါးလည်း ရှိလေသည်။ အခြားမြို့ရွာတစ်ခု၌ နေတော်မူ၏။ ထိုနာဂထေရ်လည်း တပည့်များအား-

'ငါရှင်တို့- တိုင်းပြည်မှာလည်း တစ်နေ့တခြား ဘေးအန္တရာယ်များလာတယ်၊ ငါတို့ ဒီမှာနေလို့ ဆွမ်းကွမ်းမျှတဖို့ မလွယ်ဘူး၊ တခြားတစ်နိုင်ငံ ပြောင်းကြမှ သင့်တော့မည်'

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ နောက်ပါ(၁၁)ပါးကိုခေါ်ဆောင်ပြီး မိမိနေရာမှ ထွက်ခွာကြရာ အစ်မတော် နာဂထေရ်ရီကိုတွေ့ပြီးမှ သွားမည်ဟုယူဆကာ ဘာတရဠာဘက်သို့ ထွက်ခွါလာကြလေ၏။ အရှင်မလည်း မောင်တော်မထေရ်များ မိမိထံကြွလာကြောင်း သိရသည်နှင့် သွားရောက်၍ ခရီးဦးကြိုဆိုလျက် သူပုန်သူကန်အခြေအနေ မည်သို့မည်ပုံရှိကြောင်း လျှောက်ထားပြောဆိုကြ၏။ အကြောင်းစုံသိရသောအခါ အမတော် နာဂထေရီအရှင်မ,က-

'ဒီလိုဆိုရင် မောင်တော်များ- တစ်ညတလေ ဒီမှာပဲသီတင်းသုံးပြီး နက်ဖြန်မှ ခရီးဆက်ကြွတော်မူပါဘုရား'ဟုလျှောက်၍ ကျောင်း၌ပင် မထေရ်(၁၂)ပါးတို့ ညအိပ်နားနေတော်မူကြရလေ၏။ အရှင်မသည် နောက်တစ်ရက် ဆွမ်းခံချိန်ရောက်သောအခါ ညောင်ပင်သို့ကြွကာ ဆွမ်းခံပြီးနောက် မောင်တော်မထေရ်များအား-

အရှင်မ။ ။ဤဆွမ်းကို ဘုဉ်းပေးတော်မူကြပါဘုရား။
မထေရ်။ ။(မဘုဉ်းပေးသေးဘဲ ရပ်တန့်တော်မူနေ၍)
ဝိနည်းနဲ့အပ်ပ့ါမလား အစ်မတော်။
အရှင်မ။ ။မောင်တော်ဘုရားတို့၊ ဘာမှ သံသယကုက္ကုစ္စ ရှိတော်မမူကြပါနှင့် တရားသဖြင့်ရတဲ့ ဆွမ်းပါ၊ ဘုဉ်းပေးတော်မူကြပါဘုရား။
မထေရ်။ ။အပ်ပ့ါမလား အစ်မတော်။

အရှင်မသည် မောင်တော်များအား နောက်ထပ်မလျှောက်တော့ဘဲ တရားသဖြင့်ရသော ဆွမ်းဖြစ်ကြောင်း သက်သေပြသောအနေနှင့် အဓိဋ္ဌာန်ဖြင့် သပိတ်ကိုကိုင်၍ အပေါ်သို့မြှောက်တင်လိုက်ရာ သပိတ်မှာ လေထဲ၌ရပ်တည်နေလေသည်။ သို့ရာတွင် ဝိနည်းကို လေးစားလွန်းသော မောင်တော်မထေရ်မှာ-

'အစ်မတော်-ထန်းခုနှစ်ဆင့်အမြင့်မှာ တည်နေပေမယ့် ဘိက္ခုနီမရဲ့ဆွမ်းဟာ ဘိက္ခုနီမဆွမ်းပဲ အစ်မတော်၊ ကိုယ့်သလုံးမြင်းခေါင်းနဲ့ရင်းပြီး ရတဲ့ဆွမ်းမဟုတ်ဘူး၊ တိုင်းပျက်ပြည်ပျက်ဘေးကြီးဟာလည်း အမြဲတမ်း အခုလိုပဲရှိနေမှာ မဟုတ်ပါဘူး အစ်မတော်'

'တိုင်းပြည် ငြိမ်ဝပ်ပိပြားလို့ အေးအေးချမ်းချမ်း ရှိတဲ့အခါမှာ ကျောင်း၊ သင်္ကန်း၊ ဆွမ်း ရသမျှနှင့် ရောင့်ရဲရမည်ဆိုတဲ့ အရိယဝံသတရားကိုများ မောင်တော်ဟောရမယ်ဆိုတဲ့အခါမျိုးမှာ 'ငါ့ရှင်-သင်ကိုယ်တိုင်ကတော့ ဘိက္ခုနီမဆွမ်းကို စားပြီးနေခဲ့တာ မဟုတ်ပါလား'လို့ ကိုယ့်စိတ်က ကိုယ့်ကိုယ်ကို ပြန်ပြီးမေးစစ်ရင် အခိုင်အမာဖြေနိုင်ဖို့ ခက်လိမ့်မယ် အစ်မတော်။ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် ကြည်ညိုနိုင်မှ ကောင်းတယ်'

'ကဲ, ကဲ-အစ်မတော်များလည်း မမေ့မလျော့ဘဲ အပ္ပမာဒတရား လက်ကိုင်ထားပြီး ကိုယ့်တရားကိုယ်သာ နှလုံးသွင်းနေရစ်ကြပေတော့'

အထက်ပါအတိုင်းပြောဆိုကာ မောင်တော်နှင့်တကွ မထေရ်(၁၂)ပါးတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းမစားဘဲ ခရီးထွက်ကြလေ၏။ ဘာတရရွာအဝင်မှ ညောင်ပင်စောင့် နတ်မင်းကြီးလည်း တစ်ဖက်တစ်လမ်းက စောင့်ရှောက်ကူညီရန် သူ့စိတ်ကူးနှင့်သူ စဉ်းစားနေလေ ၏။

'မထေရ်မြတ်များ၊ အစ်မတော်မထေရ်ကြီးလက်ထဲက လှူတဲ့ဆွမ်းကို ဘုဉ်းပေးကြမယ်ဆိုရင်တော့ မကြွပါနိုင်လို့ တားဖို့မလိုပေဘူး၊ မဘုဉ်းပေးဘူးဆိုရင်တော့ မကြွဖို့ တားကြည့်ရဦးမှာပဲ' ဟုစဉ်းစား၍ရပ်နေရာ မထေရ်များ ခရီးဆက်ရန် ထွက်လာကြသည်ကို ဖူးတွေ့ရသဖြင့် သစ်ပင်မှဆင်းကာ-

'အရှင်ဘုရား သပိတ် ချီးမြှင့်တော်မူပါ'

ဟု လျှောက်ထားယူငင်၍ မထေရ်ကြီးကို ညောင်ပင်ရင်းသို့ ပင့်လျက် နေရာထိုင်ခင်းများ ခင်းကျင်းစီစဉ်ကာ ဆွမ်းကပ်လေ၏။

ဆွမ်းဘုဉ်းပေးပြီးနောက်တွင်လည်း အမြဲဆွမ်းခံကြွရန်ပင့်လျှောက်ကာ ဘုရားသားတော်သမီးတော် (၂၄)ပါးတို့အား (၇)နှစ်ပတ်လုံး ရုက္ခစိုးနတ်မင်းကြီးကပင် ဆွမ်းဆက်ကပ်နေလေ၏။ သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်သူများအား အခက်ခဲကြုံလျှင် နတ်များကူညီကြပုံ သာဓကဖြစ်ပေသည်။

## သာရဏီယကျင့်ဝတ် ဖြည့်ကျင့်နည်း

သာရဏီရကျင့်ဝတ်တရား ခြောက်ပါးရှိ၏။ ယင်းတို့ကို (သတ္တ-အင်္ဂုတ္တရပါဠိတော် သာရဏီယဝဂ်နှင့် မူလပဏ္ဏာသ ကောသမ္ဗိယသုတ် စူဠဂေါသိင်္ဂသုတ်၊ သာမဂါမသုတ်၊ ဝိနည်း မဟာဝဂ္ဂတို့၌) အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူထား၏။

'ရဟန်းတို့-သီတင်းသုံးဖေါ်(အတူတကွနေရသူ)များ၏ ချစ်ခင်ခြင်း, လေးစားခြင်းကို ပြုတတ်ကုန်သော ဤ သာရဏီယတရား(၆)မျိုးတို့သည် သီတင်းသုံးဖော်တို့အား သင်္ဂြိုဟ်ထောက်ပံ့ရန်၊ မငြင်းခုန်ရန်၊ ညီညွတ်ရန်၊ တစ်ပေါင်းတည်း စည်းလုံးရန်ဖြစ်ကုန်၏။ တရားခြောက်မျိုးကား-

၁။ မေတ္တာကာယကံထားခြင်း၊

၂။ မေတ္တာဝစီကံထားခြင်း၊

၃။ မေတ္တာမနောကံထားခြင်း၊

၄။ မိမိပိုင်ပစ္စည်းများကို သီလရှိသောသီတင်းသုံးဖော်တို့နှင့် မခွဲခြားမကန့်သတ်ဘဲ အတူတကွ (အများဘုံဆိုင်သကဲ့သို့ သဘောထား၍) သုံးစွဲခြင်း၊

၅။ တူညီသော ကိုယ်ကျင့်သီလရှိခြင်း၊

၆။ တူညီသောအယူဝါဒရှိခြင်းတို့ဖြစ်၏။

သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်လိုသောပုဂ္ဂိုလ်သည် ဤအင်္ဂါခြောက်ခုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံရ၏။ မေတ္တာသုံးမျိုးထားပုံမှာ လွယ်မယောင်နှင့် ခက်လှပေသည်။

ထို(၆)မျိုးတွင် မိမိပိုင်ပစ္စည်းဆိုသည်မှာ ပထမဆုံးခံ၍ရသောဆွမ်းပင်တည်း။ ထိုဆွမ်းမှစ၍ သီတင်းသုံးဖော်များနှင့် မခွဲခြားမကန့်သတ်ဘဲ အများဆိုင်ကဲ့သို့ သဘောထားပြီး သုံးဆောင်ရသည်။ ဘယ်ပုဂ္ဂိုလ်ကိုသာ ပေးမည်၊ ဘယ်လောက်ကိုသာ ပေးမည် ဆိုသော အကန့်အသတ်မထားရ၊ ဓမ္မိယလဒ္ဓ=တရားသဖြင့် အပ်စပ်သောပစ္စည်းလည်း ဖြစ်ရမည်။ ဆွမ်းကိုခံယူကတည်းက သံဃာတော်များနှင့်အတူ သုံးစွဲမည်ဟု ရည်မှတ်ထားရ၏။

ရဟန်းသည် မိဘနှင့်ဆရာ ဥပဇ္ဈာယ် စသူတို့အား ပေးကျွေးကောင်း၏။ အပြစ်မရှိ။ သို့သော် ဤသာရဏီယဝတ်ကျင့်လျှင်ကား ပလိဗောဓတစ်ခုပင်ဖြစ်၏။ ကန့်သတ်ရာရောက်၏။ မပေးရ။ အကယ်၍ပေးလိုက ကန့်သတ်ပေးနိုင်သောသူမျိုးကား ရှိသေး၏။ ဥပမာ-သူနာရဟန်း၊ သူနာပြုရဟန်း၊ အာဂန္တုရဟန်း၊ ခရီးသွားရဟန်း၊ သပိတ်သက်န်း မကိုင်တွယ်တတ်သေးသော ရဟန်းသစ်များကိုမူ ပေးလိုလျှင် ပေးနိုင်၏။

ယင်းသို့ ပေးစရာရှိလျှင်ပေး၍ ကျန်သောဆွမ်းကို တိုက်တာရှိ အတူနေ မထေရ်ကြီးမှစ၍ နောက်ဆုံးမထေရ်များအဆုံးထိ ကြီးစဉ်ငယ်လိုက် ပုဂ္ဂိုလ်လိုက်၍ ပေးလှူရသည်။ အနည်းငယ် အနည်းငယ်၊ စတိပေး ပေးလှူခြင်းမဟုတ်။ ထို သံဃာများ အလိုရှိသလောက် လှူရသည်။ မလုံလောက်လျှင် မကျန်တော့လျှင် ထပ်မံ၍ဆွမ်းခံပြီး ရှေးနည်းတူ မထေရ်ကြီးမှစ၍ ကောင်းမွန်သမျှကို အကုန်ပေးလှူရ၏။ အားလုံး သံဃာများအားပေးလှူပြီး ကြွင်းကျန်သောဆွမ်းကိုသာ မိမိစားရသည်။ (ဒုဿီလကိုမူ မပေးဘဲနေနိုင်၏)။

## ကျင့်ရမည့်ကာလနှင့် ရသောအကျိုးများ

ဤသာရဏီယကျင့်ဝတ်ကို ကျင့်ရသည်မှာ အသိဉာဏ်ရှိ၍ ယဉ်ကျေးသော ပရိသတ်တွင် ကျင့်ရလျှင် ပြည့်မြောက်လွယ်၏။ ထိုပရိသတ်မျိုးကား အခြားတစ်နေရာရာက ရထားလျှင် မယူတော့ချေ။ မရရှိသေးစေကာမူ အတိုင်းအရှည်ပမာဏကို သိပြီး အလှူခံ၏။ အပိုအလို လက်မခံ။ ဤကျင့်ဝတ်ကား လိုအပ်လျှင် ထပ်၍ထပ်၍ပင် ဆွမ်းခံလှည့်၍ ရရသမျှကို သံဃာအားပေးလှူပြီး ကျန်သည်ကိုသာ စားရသော အကျင့်ဖြစ်ရာ (၁၂)နှစ်ကျင့်လျှင်ပင် ထိုဝတ် ပြည့်စုံပြီးမြောက်သည်ဟု ဆိုရ၏။ ထို့ အောက်ကား မလျော့စေရ။

အကယ်၍ (၁၂)နှစ် ပြည့်ခါနီးမှ ဆွမ်းသပိတ်ကို ဆွမ်းစားကျောင်း၌ထား၍ ရေချိုးသွားစဉ် သံဃာများက သာရဏီယကျင့်နေသူ၏ သပိတ်မှန်းသိ၍ အားလုံးခွဲဝေ စားပစ်လိုက်သော်လည်း ငါ့ဆွမ်းတွေကို အကုန်စားပစ်ကြသည်။ ချန်မှ ချန်မထားကြ လေဟု စိတ်မကွက်ရ။ ဒေါမနဿမဖြစ်ရ။ ထိုစိတ်ဖြစ်လျှင် သာရဏီယကျင့်ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားသည်။ တစ်ရက်တာမျှ ပြန်အစားကျင့်၍ မရ။ အစကစ၍ (၁၂)နှစ်လုံး ပြန်ကျင့်သုံးရသည်။

'ငါ့-သီတင်းသုံးဖေါ်များက ငါ့ကို မပြောဆိုမပန်ကြားဘဲတောင်မှ ဘုဉ်းပေးချီး မြှောက်ကြပေတယ်။ ငါ ကံကောင်းလေစွ'ဟု ဝမ်းမြောက်ဝမ်းသာ (၁၂)နှစ်တာတွင် တစ်စုံတစ်ရာ စိတ်ကွက်ခြင်းမရှိရအောင် ကျင့်ရလေသည်။ ဣဿာ,မစ္ဆေရစိတ် လုံးဝကင်းရသည်။ ထိုသို့ (၁၂)နှစ်တာပတ်လုံး ချွတ်ယွင်းချက်မရှိ ပြည့်စုံပြီးမြောက်အောင် ကျင့်နိုင်ပါလျှင် ပြဆိုခဲ့သော သာဓကဝတ္ထုများအတိုင်း-

၁။ လူများ ဣဿာမစ္ဆေရမရှိ ချစ်ခင်ကြည်ညိုခြင်း၊
၂။ နတ်များ ချစ်ခင်ကြည်ညိုခြင်း၊
၃။ ပစ္စည်းလာဘ်လာဘ ရလွယ်ခြင်း၊
၄။ သပိတ်တစ်လုံး၌ရှိသောဆွမ်းမျှဖြင့် ပေးလှူ၍မကုန်ခြင်း၊
၅။ ပစ္စည်းခွဲဝေလှူဒါန်းခွဲခြမ်းရာ (မဲချရာလည်း ပါဝင်နိုင်၏)တွင် အကောင်းဆုံးကို ရခြင်း၊
၆။ တိုင်းပြည်ပျက်ခြင်း၊ ငတ်မွတ်ဘေးဆိုက်ခြင်းမျိုးနှင့်ကြုံလျှင် နတ်များ ကြောင့်ကြစိုက် ကူညီခြင်းအကျိုးများ မုချရနိုင်ပေသည်။

*(မ၅၊ ၂၂၉၃-၅ကောသမ္ဗိယသုတ်နှင့် အံ၅၊ ၃၊ ၉၂။ ဒီ၅၊ ၂၊ ၁၂၄ )*

အထက်ပါဒါန၏ အုံသြဖွယ်ဖြစ်ရပ်တို့နှင့်ဆက်ပြီး- 'တည်တောဆရာတော်ကြီး' ရေးစပ်တော်မူခဲ့သော ဒါန၊ မဟပ္ဖလလင်္ကာများကို ကြည်နူးစွာရွတ်ဆိုကြည့်စေချင်၏။ မြွေဆိပ်သည်ပင် အသုံးပြုတတ်လျှင် မြွေဆိပ်ဖြေဆေး ပြန်ဖြစ်သကဲ့သို့ ဒါနသည်လည်း လောဘကိလေသာကုန်ဖို့ဟူသော ရည်ရွယ်ချက်ကောင်းဖြင့်ပြုလျှင် နိဗ္ဗာန် ထိ ပို့နိုင်ကြောင်းကို အဆုံးလင်္ကာတွင်တွေ့မြင်နိုင်ပါ၏။

## ဒါနမဟပ္ဖလ ကဗျာများ

* အလှူအကျိုး၊ ပြည့်ဖြိုးများစွာ
ဖြစ်ရာဘဝ၊ ဒသဖလာ
သေပြီးသည့်နောက်၊ မရောက်ပါယ်ရွာ
နတ်ပြည်သို့၊ မချို့ဆောင်ပို့မှာ။

* လပြည့်နေ့ည၊ ရွှန်းမြသာယာ
ကောင်းကင်အတွင်း၊ လမင်းပမာ
ဖြစ်ရာဘဝ၊ ဒါနရှင်မှာ
လအလား၊ ထင်ရှားကျော်ကြားသာ။

* အသက်ရှည်ခြင်း၊ အဆင်းထိန်ဝါ

www.burmeseclassic.com

www.burmeseclassic.com



ခြံရံပြည့်သိပ်၊ ကိုယ်စိတ်ချမ်းသာ
အာဏာတန်ခိုး၊ ပြည့်ဖြိုးသည်သာ
အကျိုးငါး၊ တိုးပွားမြတ်ဒါနာ။

* အဆင်းကလှ၊ သဒ္ဒသာယာ
အနံ့ကတိုး၊ ပြည့်ဖြိုးရသာ
အတွေ့ကကောင်း၊ အကြောင်းဒါနာ
ဘုံဘဝ၊ ကြုံရသံသရာ၊

* သံသရာကြော၊ နှစ်မျောစဉ်ခါ၊
ထောက်တည်ရာဖြစ်၊ စင်စစ်ဒါနာ
ဒါနကင်းတော့၊ တည်ခြင်းကင်းကွာ
ကျိုးဆယ်ပါး၊ ပျက်ပြားကြုံရမှာ။

* နတ်ပြည်စောင်းတန်း၊ မျှော်မှန်းဒါနာ
ရိက္ခာထုပ်ဖို့၊ အားထုတ်ကြပါ
မဂ်နှင့်ဖိုလ်လမ်း၊ ဖြောင့်တန်းသေချာ
နိဗ္ဗာန်ကျ၊ ဒါနပို့သည်သာ။

## သီဟပတေ့ပြောခဲ့သော စကား

အတန်းကျောင်းတွင် ပြဋ္ဌာန်းခဲ့ဖူးသော ရာဇဝင်ဖတ်စာတွင်ပါသဖြင့် ယခု အကြောင်းအရာကို တန်းကျောင်းတွင်နေဖူးသူတိုင်း သိကြသည်။ မြန်မာပညာရှိ အမတ်ကြီးဘိုးရာဇာနှင့် မွန်ပညာရှိအမတ်ကြီး သီဟပတေ့တို့၏ တွေ့ဆုံခန်းတွင် သီဟ ပတေ့ချည့်ခံသော ကြံဖြူကို ဘိုးရာဇာက အဖျားမှစ၍ စုပ်၏။ ထိုအကြောင်းကို သီဟ ပတေ့က မေးမြန်းသောအခါ-

ကျမ်းဂန်စာပေများကို လေ့လာကြည့်ရှုသောအခါ လွယ်ရာမှစ၍ ခက်ရာသို့ တဖြည်းဖြည်းချင်း လေ့လာသကဲ့သို့ ယခု ကြံကိုစုပ်ရာ၌လည်း အချိုနည်းရာမှ အချို များရာသို့ တဖြည်းဖြည်းချင်း ရောက်စေလို၍ဖြစ်ကြောင်း ဖြေကြား၏။ ထိုအခါ သီဟပတေ့က 'ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ သေခြင်းတရား ရောက်လာ နိုင်သည်'ဟု ဘုရားဟောရှိကြောင်း၊ ထို့ကြောင့် အဖျားကို စုပ်နေတုန်း သေသွားလျှင် တကယ်ချိုသော အရင်းကို မစုပ်လိုက်ရသဖြင့် နစ်နာနိုင်ကြောင်း ပြန်လည်ဖြေရှင်း၏။

ထိုအခါ ဘိုးရာဇာက ကျွန်ုပ်၏စကားသည် လောကီကျမ်းဂန်မှီ၍ ပြောသော စကားဖြစ်သည်။ အသင်၏စကားသည် ဘုရားဟော ဓမ္မကျွန်ကိုမှီ၍ ပြောသောစကား ဖြစ်သည်။ ထို့ကြောင့် သင်၏စကားသည် ပိုမို၍သင့်မြတ်လှပါသည်ဟု ဝန်ခံ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် အရှုံးပေးခြင်းပင်ဖြစ်၏။ ဘိုးရာဇာသည် စကားအနေဖြင့် ရှုံးသော်လည်း တရားအနေဖြင့် အနိုင်ရခဲ့၏။ တရားအနေဖြင့် အနိုင်ရရှိခဲ့ပုံကို သီဟပတော့ ပြောသော ဖော်ပြပါစကားဖြင့် သိနိုင်၏။

'ကျွန်ုပ်တစ်သက်တာတွင် ယခုမှ တကယ့်ပညာရှိ သူတော်ကောင်းကို တွေ့ဖူးခြင်းဖြစ်ပါသည်။ တချို့ပုဂ္ဂိုလ်များသည် မိမိကိုယ်မိမိ ပညာရှိဟုဝန်ခံထားသော်လည်း မိမိအမှားကို ဝန်မခံရဲပါ။ မိမိ စကားအမှားကိုပင် အမှန်ဖြစ်အောင် အကိုးအကား မျိုးစုံဖြင့် ငြင်းခုံတတ်ကြပါသည်။ ဘိုးရာဇာကား မိမိစကားအမှားကို အမှားဟု ဝန်ခံပါပေသည်။'

ဟုဆိုကာ ရွှေကွမ်းအစ်ဖြင့် ကန်တော့ခဲ့သည်။

ဂုဏ်ပျက်သွားမှာကိုသာ ကြောက်ပြီး၊ အကျင့်သီလ ပျက်သွားမှာကို မကြောက်သောသူကို ပညာရှိဟုခေါ်နိုင်သော်လည်း သူတော်ကောင်းဟု မခေါ်နိုင်ပေ။ မိမိမှားသည်ကို မှားသည်ဟုဝန်ခံခြင်း၊ မိမိမသိသောအရာကို မသိဟု ဝန်ခံခြင်းတို့သည် ရိုးသားဖြောင့်မတ်သော မိမိ၏စိတ်ဓာတ်ကို မှတ်ကျောက်တင်ပြလိုက်ခြင်းပင်ဖြစ်၏။

'ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေခြင်းတရား ရောက်လာနိုင်တယ်'ဟူသောစကားသည် ထိုအချိန်မှစတင်ပြီး ဗုဒ္ဓဘာသာဝင်တို့ နယ်ပယ်တွင် ပြောစမှတ်တစ်ခုဖြစ်နေ၏။ ဥရဂဇာတ်တွင်လာသော-

'မရဏံ မေ ဓုဝံ၊ ဇီဝိတံ မေ အဓုဝံ'

'ငါ့အား သေရခြင်းသဘောသည် အမြဲရှိ၏။

ငါ့အား အသက်ရှင်၍နေရခြင်းသဘောသည် အမြဲမရှိ'

ဟူသော မရဏာနုဿတိဘာဝနာပွားနည်းဒေသနာ ရှိနေသောကြောင့် 'ကွေး သောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ သေခြင်းတရား ရောက်လာနိုင်တယ်' ဟူသောစကားသည် ဘုရားဟောနှင့် တစ်ထပ်တည်းတူနေ၍ ဘုရားဟောဟူ၍ ပြောနိုင်ပါသည်။ သို့သော် ထိုဘုရားဟောကို ရဲဝံ့မိုက်ရိုင်းစွာ ဆန့်ကျင်သူတစ်ဦး စံပြ ကွက်သစ်ရပ်ကွက်တွင် ပေါ်လာ၏။

သူ့အမည်ကား-ဦးဝင်း။ တစ်နေ့ အသုဘတစ်ခုတွင် သေခြင်းတရားအကြောင်း ပြောနေကြရာမှ- ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ စသော စကားလေးကို ပြောမိကြ၏။ ထိုအခါ ဦးဝင်းက အားလုံးရှေ့တွင် မတ်တပ်ထရပ်၍-

'ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေခြင်းတရား ရောက်လာနိုင်တယ်ဆိုတာကို ကျုပ်-လက်မခံဘူး၊ ဘာဖြစ်လို့ လက်မခံတာလဲ ဆိုတော့ နက်ဖြန်ခါ ကျုပ် မသေဘူးဆိုတာ ပြောနိုင်နေလို့ပဲ၊ အကယ်၍ ခင်ဗျားတို့ထဲ က ဒီ-ဘုရားဟောစကားကို- တကယ်ယုံကြည်ပါတယ်ဆိုရင် ကျုပ်နဲ့ အလောင်းအစား လာလုပ်ပါ။ မနက်ဖြန် ကျုပ် သေရင်-အိမ်မှာ ဆယ်သိန်းလာယူသွား၊ မသေရင်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူက ကျုပ်ကို ဆယ်သိန်းပေးရမယ်၊ လောင်းချင်တဲ့သူရှိရင် အခု-ထွက်ခဲ့ပါ'

ပရိသတ်များ မီးကို ရေနှင့်ငြိမ်းလိုက်သလို ငြိမ်သွားကြ၏။ ဘုရားဟောကို ယုံကြည်ကြသော်လည်း မည်သူသည် မိုက်ရူးရဲဆန်စွာ လောင်းရဲပါမည်နည်း။ ဦးဝင်း၏ အပြုအမူကြောင့် ဘုရားဟောပင် ပျက်ရတော့မလိုဖြစ်သွား၏။ ဦးဝင်းကား ဘုရားဟောကို ဆန့်ကျင်ပြီး လူတတ်ကြီးလုပ်ရသည်ကို အလွန်ပီတိဖြစ်နေ၏။ ထိုနေ့မှစ၍ ဦးဝင်းရှေ့တွင် 'ကွေးသောလက် မဆန့်ခင်' စသော တရားကြောင်းကို မပြောရဲ မဆိုရဲပင်ဖြစ်သွားကြ၏။

တစ်ခုသော အသုဘတွင်ကား ဦးဝင်း ထော်လော်ကန့်လန့်လုပ်တတ်သည်ကို သိမထားသောသူတစ်ယောက်က ထိုတရားစကားကိုပင် သံဝေဂအနေနှင့် ပြောပြန်၏။ ထိုသူ၏ စကားဆုံးသည်နှင့် ဦးဝင်းက အထက်ဖော်ပြပါအတိုင်း သူ မနက်ဖြန် မသေစေရ၊ ထိုတရားစကားကိုယုံလျှင် သူနှင့် အလောင်းအစားလုပ်ပါဟု စိန်ခေါ်ပြန်၏။ ယခင် ပြောဆိုခဲ့စဉ်အခါတုန်းကအတိုင်း ပရိသတ်အားလုံး ငြိမ်နေကြမည်ဟု ဦးဝင်း ယူဆ၏။ ယခုတစ်ကြိမ်တွင်ကား သူ၏ အထင်နှင့်အမြင် လွဲသွား၏။

'ကျွန်တော် လောင်းမယ်'

ဟူသောအသံက ပရိသတ်ကြားထဲမှ အောင်မြင်ပြတ်သားစွာ ထွက်ပေါ်လာ၏။ ဦးဝင်းနှင့်တကွ ပရိသတ်အားလုံး၏ မျက်လုံးများသည် အသံလာရာဆီသို့ စိတ်ဝင်တစား လှမ်းကြည့်မိကြ၏။ ထိုသူကား ကျွန်းပ်တို့ဇာတ်လိုက်ကြီး ဦးနီပင်တည်း။ ဦးဝင်းကား သူ့နားကိုပင် သူမယုံနိုင်ဖြစ်နေ၏။ 'ငါ မနက်ဖြန်သေမှာကို သိနေလို့များ လောင်းတာလား'ဟူသောအတွေးကြောင့် စိုးရိမ်ကြောင့်ကြစိတ်လေးပင် မသိမသာ ပေါ်သွား၏။

ဟန်-ကိုယ့်ဖို့ ဟူသောစကားအတိုင်း စိုးရွံ့မှုကို မျက်နှာတွင် မပေါ်လွင်စေဘဲ မေးခွန်းတစ်ခု ပြန်ထုတ်လိုက်၏။

'ဦးနီက ဘယ်လောက်ကြေး လောင်းချင်တာလဲ'

## အသက်ကို လောင်းကြေးထပ်ခြင်း

'မနက်ဖြန် ဦးဝင်းသေရင် ဦးဝင်းပိုင်ဆိုင်ထားတဲ့ မြေပေါ်မြေအောက် ဥစ္စာပစ္စည်းအားလုံး ကျွန်တော့်ကို ပေးရမယ်။ ဒ့ါပြင် ကျန်ရစ်ခဲ့တဲ့ မယားနဲ့ သားသမီးအားလုံးဟာ ကျွန်တော့်အိမ်မှာ တစ်သက်လုံး ကျွန်ခံရမယ်။ အကယ်၍ ဦးဝင်း မသေဘူးဆိုရင် ကျွန်တော့်မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေ အကုန်ပေးမယ်။ ကျွန်တော် အပါအဝင် သားမယား မိသားစုအားလုံး ဦးဝင်းအိမ်မှာ တစ်သက်လုံး ကျွန်ခံမယ်။ အဲဒါ ကျွန်တော် လောင်းချင်တဲ့ လောင်းကြေးပဲ'

ဦးနီ၏စကားသည် ဦးဝင်း၏ စိုးရိမ်ကြောင့်ကြမှုဒီဂရီကို နှစ်ဆတိုးသွားစေ၏။ ထို့ကြောင့် 'စိမ်လိုက်'ဟူသောစကားကို ချက်ခြင်းမပြောရဲသေးဘဲ ဦးနီကို စကား

www.burmeseclassic.com

www.burmeseclassic.com



အစ်,ကြည့်နေပြန်၏။

'ဦးနီက လောင်းကြေးကို ဒီလောက်တောင် လောင်းရဲတာဆိုတော့ မနက် ဖြန်ခါ ကျွန်တော်သေမှာကို ကြိုသိနေလို့လား'

'ကျွန်တော် အရူးမဟုတ်ဘူး။ မသေချာတဲ့အလုပ်တစ်ခုကို ဘဝတစ်ခုလုံး ပုံပြီး ဘယ်သူလုပ်မှာလဲ၊ မနက်ဖြန် ဦးဝင်းသေမှာကို သေချာသိလို့သာ အခုလို လောင်းရဲတာပေါ့။ ကဲပါလေ- အခွင့်အရေးဆိုတာ ရတုန်း ယူထားရတာ၊ တော်ကြာ ဦးဝင်း စိတ်ပြောင်းသွားရင် ကျွန်တော်ရမယ့်အခွင့်အရေးကြီး ဆုံးရှုံးသွားနိုင်တယ်။ ဒါ့ကြောင့် ဦးဝင်း ကျွန်တော်တင်ပြတဲ့ လောင်းကြေးကို သဘောတူတယ်ဆိုရင် ရှေ့နေ သွားခေါ်ပြီး စာချုပ်ကြရအောင်ပါ'

ထိုစကားအဆုံးတွင် ဦးဝင်း၏မျက်နှာ၌ ကြောက်ရွံ့ထိတ်လန့်သော အမူအ ယာများ သိသာထင်ရှားစွာပေါ်လာ၏။ 'ဘုရားဟောကို ဆန့်ကျင်ပြီး လူတွင်ကျယ် ဖြစ်အောင်လုပ်တဲ့ကောင်၊ အခုတော့ ဘာတတ်နိုင်သေးလဲကွ'ဟူသော အတွေးဖြင့် ပရိသတ်မှာ အလွန် အားရဝမ်းသာဖြစ်နေကြ၏။ ကြောက်ရွံ့လန့်ထိတ်စိတ်ကြောင့် အလောင်းအစားအရာတွင် မမေးသင့်သောမေးခွန်းကို ဦးဝင်းတစ်ယောက် သတိမ ထားနိုင်ပဲ မေးမိတော့၏။

'နေပါဦး ဦးနီ၊ ကျွန်တော် မနက်ဖြန် သေမယ်ဆိုတာကို ခင်ဗျား ဘယ်လို လုပ်သိနေသလဲ'

'ဒီ အလောင်းအစားမှာ ဒါဟာ ထိပ်တန်းလျှို့ဝှက်ချက်ပဲဗျ၊ ဦးဝင်းကို ပြောလို့ ဘယ်ဖြစ်မလဲ၊ ကဲ-အလုပ်မြန်မြန်ပြီးအောင် ကျွန်တော် ရှေ့နေ ခေါ်ခိုင်းလိုက်တော့ မယ်'

'မခေါ်ပါနဲ့တော့ဗျာ၊ ကျွန်တော် မလောင်းချင်တော့ပါဘူး၊ အရှုံးပေးပါတယ်၊ ပြီးတော့ အရေးကြီးတာတစ်ခုကို မေးပါရစေ၊ ကျွန်တော် မနက်ဖြန် သေမယ်ဆိုတာ ဦးနီ ဘယ်လိုလုပ်သိနေတာလဲ၊ အဲဒါကို ကျွန်တော် သေသေချာချာသိပါရစေ'

'ဒီအတိုင်းတော့ မပြောနိုင်ဘူးဗျာ၊ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော် ကြီးနဲ့ သေချာသိပြီး ဟောကြားထားတဲ့ တရားတော်တွေကို မလောက်လေးမလောက် စား၊ မိမိရဲ့ မီးယပ်ပိန်မီးယပ်ခြောက် အတွေးအခေါ်လေးနဲ့ နောင်-ဘယ်တော့မှ ဆန့်ကျင်ခြင်းမလုပ်ပါဘူးလို့ ကတိပေးမှ ပြောပြနိုင်မယ်'

'ကတိပေးပါတယ်ဗျာ'

'ဒါဆိုရင်တော့ ပြောပြရတာပေါ့၊ အကယ်၍ အလောင်းအစားစာချုပ် ချုပ် ပြီးသွားပြီဆိုတာနဲ့ ဦးဝင်းနားမှာကပ်ပြီး ကျွန်တော်က တစ်နေကုန် စောင့်ကြည့်နေမှာ၊ သတ်မှတ်ထားတဲ့ နာရီပြည့်ခါနီးတဲ့အထိ ဦးဝင်းဟာ တခြား ဘာအကြောင်းကြောင့်မှ မသေဘူးဆိုရင် ကျွန်တော်ကိုယ်တိုင် ဓားနဲ့ထိုးပြီး သတ်မှာပါ'

'ဗျာ- ခင်ဗျား ကျုပ်ကို တကယ်ကိုသတ်ဖို့ ဆုံးဖြတ်ထားသလား'

www.burmeseclassic.com

www.burmeseclassic.com



'သေချာတာပေါ့၊ ဒီလောက်ကြီး လောင်းထားပြီးမှတော့ ဘယ် အရှုံးခံနိုင်ပါ့မလဲ၊ ဒါကြောင့် ခင်ဗျား သေချာပေါက်သေမယ်လို့ ပြောရဲတာပေါ့'

'အဲဒီလို ခင်ဗျားသတ်လို့ သေရင်ရော ဒီသေခြင်းဟာ အလောင်းအစားထဲမှာ အကြုံးဝင်နိုင်ပါ့မလား'

'အကြုံးဝင်တာပေါ့ဗျာ၊ သေခြင်းက- လေးမျိုးတောင် ရှိတယ်ဗျ၊ အာယုက္ခယ-သက်တမ်းကုန်ရင်လည်း သေတယ်၊ ၇၅ နှစ်တန်းမှာ ၇၅ နှစ်ပြည့်လို့ သေတာမျိုးပေါ့ဗျာ'

'ကမ္မက္ခယ-လူ့ဘဝမှာဆက်နေရမယ့် ကုသိုလ်ကံတွေ ကုန်သွားတဲ့အတွက် သက်တမ်းမစေ့ဘဲ သေသွားရတာမျိုး၊ ဥဘယက္ခယ- သက်တမ်းရော၊ ကံရော နှစ်မျိုးလုံး ကုန်သွားလို့ သေသွားရတာမျိုး။ ဥပစ္ဆေဒက- ကပ်ပြီးဖြတ်တတ်တဲ့ အကုသိုလ်ကံကြောင့် ကားတိုက်၊ ရေနစ်၊ အဆိပ်သောက်၊ သူတစ်ပါးက လုပ်ကြံ စသောအကြောင်းတစ်ခုခုကြောင့် သေသွားရတာမျိုး၊ ဒီလေးမျိုးထဲမှာ ကျွန်တော်သတ်လို့ ခင်ဗျား သေသွားရင် ဥပစ္ဆေဒကသေနည်းထဲမှာ ပါတယ်'

'ဒါကြောင့် ကျွန်တော်သတ်လို့ သေသွားရင်လည်း အလောင်းအစားထဲမှာ အကြုံးဝင်တာပါပဲ၊ ကျွန်တော် နောက်ဆုံးပြောချင်တာက လေးသချေ်နဲ့ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဆယ်ပါးကို ဖြည့်ကျင့်တော်မူပြီးမှ ရတော်မူခဲ့တဲ့ သဗ္ဗညုတဉာဏ်နဲ့ ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကို မလောက်လေးမလောက်စား အတွေးအခေါ်လေးနဲ့ ရမ်းပြီးပယ်မပစ်ဖို့ သတိပေးချင်တာပါပဲ။

'ပုခက်နှင့် ဝေးသမျှ
မဝေးလှ သုသာန်၊
ပြေးမရ ဆုတ်ခံ-ခံတယ်
လုပ်ကြံလို့ လွတ်ပဲ၊
ပဋိစ္စ သမုပ္ပန်ကို
သမ္ဗုဒ္ဓ ဟောမြွက်ကပဲ၊
ဇာတိဟု ရှိပါလျှင်
စုတိမှာ မလွဲ
ပုဒိအာ တုမရဲသော်မှ အမှုတွဲပါဝင်
မယ်မာယာ တစ်သာကီတွင်မှ သူ့ဇာတိ စခဲ့သည်ပင်
အသီတိ ရှစ်ဆယ်ဝင်သော်
ခေတ်နယ်တွင် ဇာတ်သိမ်းလို့
ချုပ်ငြိမ်းတဲ့ ပြည်မလ္လာ၊ စုတိနှင့်သာ
တို့များဖြင့် မသေပါပြီ
ကေကထာရှိဘူးဗျာ့လေး။ ။'*(ဒွါရသာသနာပိုင်-အင်္ဂပူဆရာတော်ဘုရားကြီး)*

www.burmeseclassic.com

www.burmeseclassic.com



## အသာစံခြင်း နှင့် အနာခံခြင်း

အရဟတ္တမဂ်နှင့်သတ်မှ အမြစ်ပြတ်သေသော နောက်ကိလေသာတစ်ခုကား လောဘဖြစ်၏။ ထိုလောဘကို လေးပုံပုံပြီးလျှင် မဂ်လေးပါးက အစဉ်အတိုင်း ကိလေသာတို့ကို သတ်ဖြတ်သွား၏။

၁။ လူ့ဘုံနတ်ဘုံ၌ ဘဝများစွာ ကျင်လည်ပျော်ပါးချင်သော လောဘ။

၂။ လူ့ဘုံနတ်ဘုံ၌ ခုနှစ်ဘဝ ကျင်လည်ပျော်ပါးချင်သော လောဘ။

၃။ လူ့ဘုံနတ်ဘုံ၌ တစ်ဘဝ ကျင်လည်ပျော်ပါးချင်သော လောဘ။

၄။ ဗြဟ္မာ့ဘုံ၌ ကျင်လည်ပျော်ပါးချင်သော လောဘ။

ထိုလေးပုံတွင် သောတာပတ္တိမဂ်က အမှတ်တစ်လောဘကို ပယ်သတ်သည်။ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့က အစဉ်တိုင်း ၂၊ ၃၊ ၄ ကိလေသာတို့ကို ပယ်သတ်သွားသည်။ ဤ ရှင်းလင်းချက်အရ ဝိပဿနာပညာ၊ မဂ်ပညာသည် အသာစံခြင်းလောဘကို ပယ်သတ်ပြီး အနာခံခြင်း အလောဘဓာတ်ဆီသို့ ပို့ပေးသော ပညာဖြစ်ကြောင်း ထင်ရှား၏။

ထို့ကြောင့် မိမိလေ့လာသိရှိထားသော တရားအသိသည် တကယ် ပညာသိ ဟုတ်-မဟုတ် သိလိုလျှင် အနာခံခြင်း၊ အသာစံခြင်းဟူသောပေတံဖြင့် တိုင်းတာကြည့်သင့်၏။ မိမိသည် အသာစံခြင်း၌သာ မွေ့လျော်နေသေးလျှင် မိမိသိထားသော ပိဋကတ်အသိသည် သစ္စာလေးပါးပါဠိကို လူတွေသင်ပေးထားသဖြင့် ရွတ်ဆိုတတ်နေသော ကြက်တူရွေးသိ၊ သညာသိမျှသာဖြစ်ကြောင်း သိနိုင်၏။

ထိုသို့မဟုတ်ပဲ အများအတွက် လုပ်ဆောင်ရာ၌လည်းကောင်း ရရှိလာသော အကျိုးကို ခံစားရာ၌လည်းကောင်း မိမိသည် အနာခံခြင်း၌သာ မွေ့လျော်နေပြီဟု ဆိုလျှင် မိမိအသိသည် ပညာသိအစစ်ဖြစ်ကြောင်း သိနိုင်၏။ ထို့ကြောင့် ဝိပဿနာပညာနှင့် မဂ်ပညာကို နိဗ္ဗေဓိကပညာဟု ပါဠိတော်များ၌ အမည်ပေးထားခြင်းဖြစ်၏။ နိဗ္ဗေဓိကပညာဟူသည် ကိလေသာများကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဖောက်ခွဲခြင်းဟု အဓိပ္ပါယ်ရ၏။

ဖော်ပြခဲ့သည့်အတိုင်း ရှုပ်ပွားနေသော ဝိပဿနာပညာသည် ဘဝအဆက်ဆက်က အလုံးလိုက်အခဲလိုက်ပါလာသော လောဘဓာတ်ကို လေးစိတ်လေးမွှာ ခွဲပစ်လိုက်၏။ ရလာသော မဂ်ပညာက တစ်မဂ်လျှင် ကိလေသာတစ်စိတ်စီ လိုက်သတ်ပစ်လိုက်၏။ နောက်ဆုံး အရဟတ္တမဂ်က သတ်လိုက်သည်နှင့် ကိလေသာအားလုံးလည်း ငြိမ်း၏။ ခန္ဓာဇာတ်လည်း သိမ်း၏။ ဤသည်ကိုပင်လျှင် နိဗ္ဗာန်ဟုဆိုခြင်း ဖြစ်၏။

ဤနေရာ၌ သစ္စာလေးပါးကို ကျင့်စဉ်နှင့်ပါ တွဲစပ်ပြီး အလွယ်မှတ်သော နည်းတစ်ခုကို ပေးလို၏။ ထိုနည်းကား-

'လိုချင်လျှင် ဆင်းရဲသည်၊ မလိုချင်လျှင် ချမ်းသာသည်'

'လိုချင်လျှင်'ဟူသည် သမုဒယသစ္စာကို ပြောခြင်းဖြစ်၏။ သမုဒယသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



သည် ခန္ဓာသစ်ကို လိုချင်ခြင်းသဘောရှိ၏။ ဆင်းရဲသည်ဟူသည် ခန္ဓာသစ်ဒုက္ခသစ္စာကို ရခြင်းကို ဆိုလို၏။ အဖြစ်အပျက်နှင့် အမြဲနှိပ်စက်ခံရသော ဘဝခန္ဓာသည် ဆင်းရဲ အစစ် မဟုတ်ပါလော။ မလိုချင်လျှင်ဟူသည် မဂ္ဂသစ္စာကို ဆိုလိုခြင်းဖြစ်၏။

လူဟူသော အဆင်းရုပ်ကိုမြင်လိုက်သည်နှင့် မျက်စိအကြည်ရုပ်နှင့် အဆင်းရုပ်ဟူသော ရူပက္ခန္ဓာ၏ ပျက်သွားခြင်းကိုလည်းကောင်း၊ မြင်သိစိတ်ဟူသော ဝိညာဏက္ခန္ဓာ၏ ပျက်သွားခြင်းကိုလည်းကောင်း၊ အဆင်းရုပ်အာရုံ၏ အရသာကို ခံစားသော ဝေဒနာက္ခန္ဓာ၏ ပျက်သွားခြင်းကိုလည်းကောင်း၊ အဆင်းရုပ်ကို မှတ်သားသော သညာက္ခန္ဓာ၏ ပျက်သွားခြင်းကိုလည်းကောင်း၊ အဆင်းရုပ်ကို ကြည့်ဖြစ်ရန် တိုက်တွန်း နှိုးဆော်သော သင်္ခါရက္ခန္ဓာ၏ ပျက်သွားခြင်းကိုလည်းကောင်း၊ ဉာဏ်နှင့်သိပေးသူသည် မဂ္ဂသစ္စာကို ပွားခြင်းဖြစ်၏။

ဝိပဿနာဉာဏ်ဖြင့် ကြည့်လိုက်သည်နှင့် လူဟူသောပညတ် ပျောက်သွားပြီး ဖြစ်ပျက်နေသော ခန္ဓာငါးပါးကိုသာ မြင်တော့၏။ ထို့ကြောင့် လိုချင်စိတ် တဏှာ ပေါ်မလာတော့ပါ။ တဏှာဖြင့် မတောင့်တ မလိုချင်တော့လျှင် နောက်ခန္ဓာသစ်ကို မရတော့သဖြင့် ဒုက္ခသိမ်းပြီး ချမ်းသာသွားပေသည်။ ဤကား နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့် မဂ္ဂနှင့် နိရောဓကို 'မလိုချင်လျှင် ချမ်းသာသည်'ဟု အကျဉ်းချုပ်ဆိုထားခြင်းဖြစ်၏။

လိုချင်လျှင်ဆင်းရဲပုံ၊ မလိုချင်လျှင်ချမ်းသာပုံကို ထင်ရှားစေရန် သဘာဝယုတ္တိ တစ်ခုဖြင့် ပြအံ့။ မိမိအိမ်ရှေ့မှ အသုဘတစ်ခု ချသွားမည်။ သေသူသည် မိမိချစ်ခင်နှစ် သက်သူတစ်ဦးဖြစ်လျှင် သောက၊ ပရိဒေဝမီးတောက်လောင်ပြီး ဆင်းရဲ၏။ အဘယ် ကြောင့် ဆင်းရဲရသနည်း။ အပေါ်ယံအနေနှင့်ကြည့်လျှင် သေသူသည် သားဖြစ်နေလို့၊ လင်ဖြစ်နေလို့၊ ဇနီးဖြစ်နေလို့၊ သမီးဖြစ်နေလို့ စသောစကားများသာ ဖြစ်လိမ့်မည်။

သစ္စာစကားနှင့်ပြောလျှင်ကား သမုဒယကြောင့် ဒုက္ခဖြစ်ခြင်းပင်ဖြစ်၏။ လိုချင်မှုကြောင့် ဆင်းရဲခြင်းပင်။ သည့်ထက်ရှင်းအောင်ပြောရလျှင် သေသူအပေါ် စွဲလမ်း တပ်မက်သောတဏှာကြောင့် ဆင်းရဲဒုက္ခရောက်ရခြင်းဖြစ်၏။ အကယ်၍ သေသူသည် မိမိနှင့်ပတ်သက်သောသူမဟုတ်လျှင် စိတ်ထဲတွင် မည်သို့မျှမဖြစ်။ အဘယ်ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း မဖြစ်သနည်း။ အပေါ်ယံအဖြေကား သေသူနှင့် ပတ်သက်ခြင်း မရှိသောကြောင့်ပင်တည်း။

သစ္စာစကားနှင့်ပြောလျှင်ကား မဂ္ဂသစ္စာကြောင့် နိရောဓသစ္စာ ဖြစ်ခြင်းဟု ဆိုနိုင်၏။ မလိုချင်မှုကြောင့် ချမ်းသာခြင်းပင်။ ရှင်းအောင်ဆိုရလျှင် သေသူအပေါ် စွဲလမ်းတပ်မက်သော တဏှာမရှိမှုကြောင့် ချမ်းသာခြင်းဖြစ်၏။ ထိုနည်းတူ မိမိခန္ဓာပေါ်တွင်လည်း တဏှာဖြင့်စွဲလမ်းနေလျှင် ထိုခန္ဓာ ပျက်စီးသောအခါတွင် ဆင်းရဲမည်။ မစွဲလမ်းခဲ့လျှင် ထိုခန္ဓာပျက်စီးသောအခါ ဆင်းရဲလွတ်ပြီး ချမ်းသာပုံကို မိမိဉာဏ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချဲ့ထွင်သိပြီး ခန္ဓာပေါ်၌စွဲလမ်းသော တဏှာကုန်ခန်းရန် ခန္ဓာ၏မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု၊ ငါကောင်မဟုတ်မှုတို့ကို ရှုပွါးရန်ကား ယောဂီ၏တာဝန်သာဖြစ်၏။

ယခုတင်ပြဆဲ ဦးနီကား ပရမတ်တရား၊ ဓာတ်တရား၊ သစ္စာတရားတို့ကို ဖောင်နေအောင် ပြောနိုင်၏။ သို့သော် သူသိထားသောအသိများသည် စာသိ၊ သညာသိ၊ ဗဟုသုတသိများသာဖြစ်ခြင်းကြောင့် နေရာတကာတွင် အသာ,သာ စံ၏။ တစ်ကြိမ်တစ်ခါမှ အနာမခံခဲ့။ လိုချင်လျှင် ဆင်းရဲသည်ဟူသော သစ္စာ၏ လေးနက်သည့်သဘောအဓိပ္ပာယ်ကို သူမသိ။ မည်မျှထိ အသာစံခဲ့သနည်းဆိုလျှင်- ဉစ္စာပစ္စည်းကို အသာထား၍ စကားအရာ ငြင်းခုံရာ၌ပင် အနိုင်ရမှကျေနပ်၏။

တစ်ခါက သူနေထိုင်ရာရပ်ကွက်သို့ မန္တလေးမြို့တွင်းမှ မိတ်ဆွေများ အလည်ရောက်လာကြ၏။ မိုးတွင်းဖြစ်သောကြောင့် ရပ်ကွက်အတွင်း အဝင်လမ်းသည် ရွှံ့များ၊ အမိုက်များ၊ ခွေးချေးစသည်များဖြင့် ပေကျံနေ၏။ ထို့ကြောင့် သူ့အိမ်ရောက်သည်နှင့် မိတ်ဆွေများက ဝိုင်းပြောကြ၏။

'ကိုနီ၊ မင်းတို့ရပ်ကွက်က သိပ်ညစ်ပတ်တာပဲ၊ ခွေးချေးတွေဆို တစ်လမ်းလုံး တွေ့ရတယ်'

'မင်းတို့ကလည်းကွာ၊ ဓာတ်သဘောနှင့်ကြည့်လျှင် အတူတူပါပဲ၊ ခွေးချေးမှာလည်း ဓာတ်ရှစ်ပါးရှိသလို ပေါင်မုန့်မှာလည်း ဓာတ်ရှစ်ပါးပဲရှိတာ မဟုတ်လား'

'အောင်မာ-မင်းက လမ်းညစ်ပတ်နေလို့ ညစ်ပတ်တာပြောတာကို ဝန်မခံဘဲ စကားလိုက်ကပ်နေတယ်၊ မင်းလို ကပ်ကြစတမ်းဆိုရင် ဓာတ်ရှစ်ပါးခြင်းအတူတူလို့ သဘောထားနိုင်လျှင် ပေါင်မုန့်ကိုစားသလို ခွေးချေးကိုလည်း စားမလား ပြောစမ်း'

'မစားနိုင်ပါဘူးကွာ'ဟု အရှုံးပေးလိုက်လျှင် ပြဿနာက ဤမျှသာပင်ပြီး၏။ သို့သော် နေရာတကာ အသာစံလိုသော အနိုင်ရလိုသောဦးနီကား မလျှော့။

'အေး-စားမယ်ကွာ'

'ဟော့ကောင် ကိုနီ မင်း- တကယ်ပြောနေတာလား'

'တကယ်ပေါ့ကွ'

'ကဲ-ဒါဆို ခွေးချေးစားမယ့်မင်းက စပြော၊ ဘယ်လောက်ကြေး လောင်းမလဲ'

'ဒီကိစ္စပြီးတော့ ဆက်ပြောကြတာပေါ့။ လောလောဆယ် မင်းတို့အတွက် လက်ဖက်ရည်နှင့် မုန့် သွားဝယ်လိုက်ဦးမယ်'

ထိုသို့ပြောဆိုပြီး ဦးနီတစ်ယောက် အပြင်ထွက်ပြီး လက်ဖက်ရည်နှင့် မုန့်များ ဝယ်ကာ ပြန်လာ၏။

## ခွေးချေးစားသော အမျိုး

လက်ဖက်ရည်သောက်ပြီးသည်နှင့် မိတ်ဆွေများက ဦးနီကို ဝိုင်းမေးကြ၏။

'ဘယ်လိုလည်းကိုနီ၊ ခွေးချေးက တကယ်စားမှာလား၊ ခွေးချေးတစ်ပုံ ကုန်အောင်စားနိုင်ရင် ကျွန်တော်တို့က ငွေနှစ်ထောင် ကိုနီကိုပေးမယ်။ မစားနိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုနီက ကျွန်တော့်တို့ကို ငွေနှစ်ထောင်ပြန်ပေး၊ ဘယ့်နှယ်လဲ၊ သဘောတူလား'

(မှတ်ချက်)။ ။ထိုခေတ်က ငွေနှစ်ထောင်သည် ရွှေတစ်ကျပ်သားထက် တန်ဖိုးရှိသည်။

'သဘောတူတယ်။ ဒါပေမယ့် လူက ခွေးချေးကို ပြန်စားရမယ်ဆိုတာ တော်တော် မလွယ်တဲ့အလုပ်ပဲ။ ဒါကြောင့် မင်းတို့က ငါ့ကို သင့်လျော်တဲ့ အခွင့်အရေး တစ်ခု ပြန်ပေးရဦးမယ်'

'ဘာအခွင့်အရေးလဲ'

'ငါစားချင်တဲ့ အပုံကို စားနိုင်ခွင့်ပေးရမယ်'

'ဒါတော့ပေးတယ်။ ခွေးချေးပုံဖြစ်ရင် ပြီးတာပဲ။ စိုတာစားစား ခြောက်တာ စားစား, ရတယ်'

ထိုသို့ သဘောတူပြီးသည်နှင့် ထွက်ခဲ့ကြ၏။ လမ်းမပေါ်ရောက်၍ အမှိုက်ပုံ တစ်ပုံဘေးနားမှ ခွေးချေးပုံတစ်ပုံကိုတွေ့သောအခါ ဦးနီက လက်ညှိုးထိုးပြပြီး သူစားမည်ဖြစ်ကြောင်း ပြောလိုက်၏။ မိတ်ဆွေများကလည်း သဘောတူကြောင်း ခေါင်းညိတ်ပြပြီး ဝိုင်းကြည့်နေကြ၏။ ခွေးချေးပုံသည် ဆေးလိပ်ခုံမှ စွန့်ပစ်ထားသော သနပ်ဖက်အမှိုက်များပေါ်၌ အခွေလိုက်ရှိနေ၏။ မည်းမည်းညစ်ညစ် အခွေကြားထဲတွင် အနီရောင် သားရေကွင်းတစ်ကွင်းပင် ပါနေသေး၏။

အံ့သြဖွယ်ပင်တကား။ ဦးနီသည် ခွေးချေးပုံကို ကောက်ယူပြီး ကောက်ညှင်း ပေါင်းစားသည့်နှယ် အေးဆေးတည်ငြိမ်စွာပင် စားပစ်လိုက်၏။ ကြည့်နေကြသည့် မိတ်ဆွေများမှာ ရွံရှာလွန်းလှသဖြင့် ပျို့သူပျို့၊ အန်သူအန်ပင်ဖြစ်ကုန်ကြ၏။ မည်သို့ဆိုစေ ဦးနီကား စကားလည်းနိုင်၊ ငွေလည်းနိုင်သဖြင့် အလွန်ပျော်နေ၏။

ပုဂံ ဥဇနာမင်းသည် ပန်းပွတ်သည်မကို မိဖုရားမြှောက်ရာမှ သားတစ်ယောက် ရ၏။ ထိုမင်းတွင် မင်းမျိုးမင်းနွယ် မိဖုရားတို့မှ ဖွားမြင်ထားသော တခြား သားတော်တွေရှိသဖြင့် ပန်းပွတ်သည်မသားမှာ နန်းတော်တွင် မည်သည့်အခွင့်အရေးမှ မရရှိပေ။ ထိုအရေးကိုမြင်သဖြင့် ထိုသားတော် ဖွားမြင်ကြောင်း လာလျှောက်ထားသည်နှင့် 'ဒီကလေးကတော့ ဘာမှသုံးမရတဲ့ ခွေးချေးလေးပါပဲကွာ' ဟုပြောလိုက်၏။

ထိုစကားကိုအကြောင်းပြုပြီး ထိုသားတော်လေးကို မင်းခွေးချေးဟု ခေါ်ကြ၏။ သူကား ပုဂံပြည်၏ နောက်ဆုံးမင်းဆက်ဖြစ်သော နရသီဟပတေ့မင်းခေါ် တရုတ်ပြေးမင်း ပင်တည်း။ ယခုလည်း ဦးနီ၏အမျိုးများသည် ခွေးချေးစားမျိုး ဟူသောအမည်ကို အလိုလို ရရှိသွားလေ၏။ ထို့ကြောင့် သူ၏တူမများက သူ့ကိုလာ၍ ရန်တွေ့ကြ၏။

'ဦးလေး ငွေနှစ်ထောင်နိုင်တာ အရေးမကြီးဘူး၊ ကျွန်မတို့အမျိုးတွေ ခွေးချေးစားမျိုးအမည်တွင်သွားတာ ဦးလေးမှာတာဝန်ရှိတယ်'

'ဟ-ငါ တကယ် ခွေးချေးကို စားတာမဟုတ်ပါဘူး။ ဟိုကောင်တွေကို စကား

www.burmeseclassic.com

www.burmeseclassic.com



ပြင်းတာ နိုင်ချင်တာနဲ့ ခွေးချေးအတုလုပ်ပြီး စားတာပါ'

'ဘယ်လို ခွေးချေးအတုလဲ ဦးလေး'

'ငါ-လက်ဖက်ရည်ဝယ်ထွက်သွားရင်း အိမ်တစ်အိမ်ဝင်ပြီး ငချိတ်ပေါင်း (အနက်ရောင်ကောက်ညှင်း)တွေကို ထောင်းတယ်၊ ခွေးချေးနဲ့ ပိုတူသွားအောင် သားရေကွင်းလေးတစ်ကွင်းတောင် ထည့်လိုက်သေးတယ်။ အားလုံးပြီးသွားတော့မှ သနပ်ဖက်အမှိုက်ပုံပေါ်မှာ ခွေခွေလေးချထားလိုက်တာပေါ့၊ ဒီအစီစဉ်ကြောင့်လည်း သူတို့နဲ့အလောင်းအစားစကတည်းက- ငါစားချင်တဲ့အပုံကို စားခွင့်ပေးရမယ်လို့ တောင်းဆိုခဲ့တာပေါ့'

ဤကား ပုထုဇဉ်ဆန်သော ဦးနီ၏ မကောင်းကွက်များအနက်မှ ကောက်ကျစ်စဉ်းလဲမှုတစ်ခုပင်ဖြစ်၏။

## ဗုဒ္ဓဘာသာခေါင်း ဆောင်းထားသူများ

'မင်းသားခေါင်းဆောင်းထားသော ဘီလူးများ'ဟူသည့် ဝေါဟာရစကားရှိ၏။ ထိုစကားအတိုင်း ဗုဒ္ဓဘာသာခေါင်းဆောင်းထားသော တိတ္ထိများဟူသည့် ဝေါဟာရစကားလုံးတစ်လုံးကို ရှင်းပြလို၏။ ဗုဒ္ဓ၏ဝါဒသည် အနာခံရေးဝါဒဖြစ်၏။ အသာစံသော ဝါဒမဟုတ်၊ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်စဉ်ကာလမှစ၍ ဘုရားဖြစ်ချိန်ထိ အနာခံခဲ့သော ဘဝများချည်းသာဖြစ်၏။

ထိုသို့ အနာခံမှုလည်း လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာများ တစ်နေ့တစ်ခြား ကုန်ခန်းလာမည်ဖြစ်၏။ ကိလေသာများ ကုန်ပါမှလည်း အိုး နာ၊ သေကင်း၍ ဒုက္ခခပ်သိမ်းလွတ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို ရမည်ဖြစ်၏။ ထိုဗုဒ္ဓဝါဒနှင့် ဆန့်ကျင်ဘက်ကား 'ပူရာဏကဿပ၊ မက္ခလိဂေါသာ'လ စသော တိတ္ထိဆရာကြီးခြောက်ဦးပင်ဖြစ်၏။ သူတို့၏ဝါဒကား အသာစံရေးဝါဒဖြစ်၏။ အနာခံရေးဝါဒ မဟုတ်။

စီးပွားရေး၊ လူမှုရေး မည်သည့်နေရာမှာဖြစ်ဖြစ်၊ မိမိက အသာရအောင်၊ အနိုင်ရအောင် အားထုတ်ရ၏။ ထိုသို့ အားထုတ်ရာ၌ တရားသောနည်းလမ်းလည်း ပါမည်။ မတရားသောနည်းလမ်းလည်း ပါမည်။ မည်သည့်နည်းဖြင့် နိုင်-နိုင်၊ မည်သည့်နည်းဖြင့် အသာရ-ရ၊ အနိုင်ရဖို့၊ အသာရဖို့သာ လိုရင်းဖြစ်၏။ အနိုင်ရခဲ့လျှင်၊ အသာ ရခဲ့လျှင် ထိုနည်းကို မှန်ကန်သောနည်းဟုသာ သတ်မှတ်၏။ အမြီးကျက်-အမြီးစား၊ ခေါင်းကျက်-ခေါင်းစားဝါဒသည် ထို တိတ္ထိဆရာကြီးများ၏ ဝါဒဖြစ်၏။

ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပါလျက်- ကိုယ်ကျင့်သီလကို အလေးမထားဘဲ မတရားသောနည်းဖြင့် ဉစ္စာစည်းစိမ်၊ ရာထူးတို့ကို အရယူနေသူများသည် ဗုဒ္ဓဘာသာခေါင်းဆောင်းထားသော တိတ္ထိများသာဖြစ်၏။ ထိုသူများကြောင့် တပည့်မကောင်း-ဆရာ့ခေါင်းဟူသောစကားအတိုင်း ဗုဒ္ဓ၏ဂုဏ်သိက္ခာပင် ညှိုးနွမ်းရ၏။

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးတစ်ခုကိုရဖို့အတွက် မတရားသောနည်းကိုသုံးဖို့ကြုံလာလျှင် မိမိ၏ ဂုဏ်သိက္ခာအပြင်၊ ဗုဒ္ဓ၏ဂုဏ်သိက္ခာကိုပါ ငဲ့ပြီး အထူးပင်ရှောင်ကြဉ်သင့်၏။

ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာပြီဟုဆိုလျှင် ဗုဒ္ဓနှင့်သာသနာကို ဂုဏ်တက်အောင် စာချ၊ တရားပြ၊ ဘုရားတည်၊ ကျောင်းဆောက် စသောအလုပ်များ မလုပ်နိုင်လျှင်နေပါစေ၊ ဗုဒ္ဓနှင့်သာသနာ ဂုဏ်မပျက်ရအောင် ကိုယ်ကျင့်သီလတစ်ခုကိုမူ လုံခြုံအောင် စောင့်ထိန်းသင့်၏။

ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများတွင် ခေါင်းဆောင်နိုင်ငံဟု သတ်မှတ်ခံထားရသည့် မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်အချို့တို့သည် စီးပွါးရေးကိစ္စမဆိုထားနှင့်၊ ဘာသာရေးကိစ္စဖြစ်သော ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရာ၌ပင် - နိုင်ငံကူးလက်မှတ်ကို နောက်ကျမှတင်ပါလျက် သူတစ်ပါးထက် အရင်သွားချင်သောကြောင့် သက်ဆိုင်ရာဌာနသို့ လာဘ်ထိုးမှုသည် 'တရားသဘော ဘယ်လိုပြောလည်း၊ လိပ်ကျောကြောင်ကော် ပြောင်ချော်ချော်နှင့်'ဟူသော မဃဒေဝလင်္ကာအတိုင်း ဗုဒ္ဓကို ပြောင်ချော်ချော်နှင့် သရော်နေသယောင်ရှိ၏။

ယခုလည်း ဦးနီသည် ဓာတ်စကား၊ ပရမတ်စကား၊ သစ္စာစကားတွေ ဖေါင်လောက်အောင်ပြောနိုင်ပြီး၊ တစ်ဖက်သားကို ကောက်ကျစ်စဉ်းလဲသောနည်းဖြင့် အနိုင်ယူခြင်းသည် ဗုဒ္ဓဘာသာခေါင်းဆောင်ထားသော တိတ္ထိဆရာကြီးတို့၏အကျင့်တို့ကို ကျင့်ခြင်းပင်ဖြစ်၏။ သူသည် ဉာဏ်လည်းထက်၏၊ အပြောလည်း ကောင်း၏၊ ထို့ကြောင့် ရပ်ကွက်ထဲတွင် ဝိပဿနာနှင့်ပတ်သက်လာလျှင် ဆရာကြီးတစ်ဆူ လုပ်နေ၏။

သူသည် ပြောဆိုဆွေးနွေးသော ဝိပဿနာစကားအရာ၌ အမြင့်ဆုံးနေရာတွင် ရှိနေသော်လည်း- ကိုယ်ကျင့်သီလအရာ၌ကား အောက်ဆုံးအဆင့်သို့ ရောက်နေ၏။ အဘယ်ကြောင့်နည်း။ သူတစ်ပါးမယားကို ခိုးယူပေါင်းသင်းလေ့ရှိသောကြောင့်ပင်တည်း။ ထို့ပြင် သူသည် စာဖြင့်ရေးပြ၍ပင် မသင့်လျော်သော ကာမဂုဏ်သောင်းကျန်းမှုကိုလည်း နှစ်များစွာပြုကျင့်ခဲ့၏။ ရပ်ကွက်အတွင်းမှ ခဲနှင့်ပစ်ထုတ်ထိုက်သော တိရစ္ဆာန်အကျင့်မျိုးဟုဆိုလျှင် စာဖတ်သူများ ရိပ်စားမိလောက်ပါ၏။

သူသည် သစ္စာလေးပါးတရားကို ကျောက်ဆစ်ရုပ် ခေါင်းညိတ် လောက်အောင် ပြောဆိုနိုင်သူဖြစ်ပါလျက် အဘယ်ကြောင့် ကိုယ်ကျင့်တရားသည် ဤမျှလောက်ထိ ပျက်စီးနေရသနည်း။ အဖြေကား သူသိထားသော တရားအသိသည် သညာသိ၊ စာသိ၊ ဗဟုသုတအသိသာဖြစ်၍ ပညာသိ၊ ခန္ဓာသိ၊ ပဋိဝေဓအသိ မဟုတ်သောကြောင့်ပေတည်း။ ဆရာမှားကို ဆည်းကပ်မိပြီး အယူဝါဒမှား၊ တရားမှားကို ကျင့်သုံးမိသောကြောင့် ပင်တည်း။

ထို့ကြောင့် သူလက်ခံကျင့်သုံးနေသော ဆရာမှား၏တရားမှားများကို အဘယ်ကြောင့်မှားကြောင်း လေ့လာသုံးသပ်ကြကုန်အံ့။

www.burmeseclassic.com

www.burmeseclassic.com



## ဦးနီကျင့်သုံးသော တရားများများ

အကုသိုလ်သည် အပါယ်ရောက်ကြောင်းတရားဖြစ်သည်။ ဒါန၊ သီလ ဟူသော ကာမာဝစရကုသိုလ်သည် လူ့ဘုံ နတ်ဘုံသို့ ရောက်ကြောင်းတရားဖြစ်သည်။ သမထဈာန်ကုသိုလ်သည် ဗြဟ္မာဘုံရောက်ကြောင်းတရားဖြစ်သည်။ ထို့ကြောင့် (၃၁)ဘုံမှထွက်၍ နိဗ္ဗာန်သို့ရောက်လိုလျှင် အကုသိုလ်လည်းမဖြစ်ရအောင်၊ ကာမာဝစရကုသိုလ်လည်း မဖြစ်ရအောင်၊ သမထဈာန်ကုသိုလ်လည်း မဖြစ်ရအောင် နေရမည်။ အဘယ်သို့ နေမည်နည်း။

မိမိစိတ်နှင့် ထွေထွေရာရာ ကောင်းကောင်းဆိုးဆိုး ဘာမျှမကြံဘဲ၊ ပြုပြင်စီရင်စရာမလိုဘဲ အမြဲတည်ရှိနေသည့်နိဗ္ဗာန်ကို မြင်နေရမည်။ အာရုံပြုနေရမည်။ တစ်နည်း- အာရုံနှင့်စေတသိက်တို့၏ အခြေယ်အလှယ်ကိုမခံဘဲ စိတ်ကိုစိတ်အတိုင်းထားရမည်။ ဤကား ဦးနီကျင့်သုံးနေသော တရားများပင်ဖြစ်၏။

ပရမတ်အဘိဓမ္မာ အခြေခံမရှိသူများဆိုလျှင် နှစ်သက်လောက်စရာပင် ဖြစ်၏။ အဘိဓမ္မာနှင့် ဝိပဿနာအခြေခံရှိပြီး၊ အတွေးအခေါ် ရင့်ကျက်သူများအတွက်ကား ထိုဝါဒသည် ကလေးကလားဆန်ပြီး ယုတ္တိမရှိသော ဝါဒတစ်ခုသာဖြစ်သည်။ ယင်း ဝါဒ၌ (၃၁)ဘုံမှလွတ်ပြီး နိဗ္ဗာန်သို့ရောက်လိုလျှင် ကုသိုလ်၊ အကုသိုလ်မဖြစ်အောင် နေရမည်ဟု ပြ၏။

ယခုဘဝတွင် ကုသိုလ်၊ အကုသိုလ်မဖြစ်အောင် နေနိုင်သည်ပင်ထားပါ။ မရေမတွက်နိုင်အောင် များပြားလွန်းလှသော အတိတ်ဘဝအဆက်ဆက်က ကုသိုလ်ကံ၊ အကုသိုလ်ကံများကို မည်သို့နည်းဖြင့်ပယ်သတ်မည်နည်း။ သိစိတ် နာမ်တရားမရှိဘဲ ဖေါက်ပြန်သောသဘောတရား ရုပ်တရားသာရှိသည့် အသညသတ် ဗြဟ္မာများဆိုလျှင် ကမ္ဘာငါးရာတိုင်တိုင် မည်သည့်ကံမှမလုပ်ဘဲ သည်အတိုင်းနေ၏။ ဦးနီတို့ဆရာ၏ ဝါဒအတိုင်းဆိုလျှင် ထိုအသညသတ်ဗြဟ္မာများသည် ဘဝတစ်လျှောက် ကမ္ဘာငါးရာလုံး ကုသိုလ်၊ အကုသိုလ်ကံမပြုသည့်အတွက် ထိုဘဝမှသေလျှင် (၃၁)ဘုံမှလွတ်ပြီး နိဗ္ဗာန်သို့ရောက်ဖို့သာရှိ၏။

ယခုကား မရောက်ခဲ့ပါ။ ကာမဘုံသို့ပြန်ဆင်းပြီး ခပ်ညံ့ညံ့ သုဂတိအဟိတ်ပုဂ္ဂိုလ်သာဖြစ်ရ၏။ ကုသလာကုသလံဇဟံ=ရဟန္တာဖြစ်သွားလျှင် ကုသိုလ် အကုသိုလ်စွန့်သည်ဟူသော စကားရပ်ကို သူတို့ဖက်က အထောက်အထားပြပြန်၏။ ဤ၌လည်းကုသိုလ်အကုသိုလ်ကို စွန့်သည်ဆိုရာ၌ လူကမလုပ်ဘဲ စွန့်သည်ကိုဆိုလိုသည် မဟုတ်၊ သဘာဝက စွန့်သွားသည်ကိုသာ ဆိုလိုခြင်းဖြစ်၏။

ပုညာ၊ အပုညာ၊ အာနဉ္ဇဟူသော ကုသိုလ်တရားများသည် မျိုးစေ့နှင့်တူ၏။ အဝိဇ္ဇာသည် မြေနှင့်တူ၏။ တဏှာသည် ရေနှင့်တူ၏။ မျိုးစေ့သည် မြေ၊ ရေ နှစ်မျိုးနှင့် ထိတွေ့မှုရမှ အပင်အညှောက် ပေါက်နိုင်၏။ ထို့အတူ လောကီကုသိုလ် အကုသိုလ်ကံများသည် အဝိဇ္ဇာ တဏှာ နှစ်မျိုးနှင့်ထိတွေ့ခွင့်ရမှ ဘဝသစ်အပင်များ ပေါက်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာဖြစ်သွားလျှင် အရဟတ္တမဂ်က အဝိဇ္ဇာနှင့်တဏှာကို အကြွင်းမဲ့ ပယ်သတ်လိုက်၏။

ထို့ကြောင့် ဘုရားရဟန္တာတို့သည် ဒါန၊ သီလ၊ သမထကုသိုလ်ကို ပြုကြသော်လည်း ဘဝသစ်မဖြစ်နိုင်ကြတော့ပါ။ မျိုးစေ့ရှိသော်လည်း မြေနှင့်ရေကို မရသဖြင့် အပင်အညှောက် မပေါက်နိုင်သကဲ့သို့ပင်တည်း။ ဘုရား, ရဟန္တာတို့သည် အကုသိုလ်ကိုကား လုံးလုံးမပြုလုပ်ခြင်းဖြင့် စွန့်ပစ်သည်။ ဒါန၊ သီလ၊ သမထကုသိုလ်ကိုကား အပြည့်အဝပြုလုပ်ပါ၏။ သို့သော် အဝိဇ္ဇာ တဏှာမပါသဖြင့် ဘဝသစ်ကို ဖြစ်စေတတ်သော သင်္ခါရသဘောကို စွန့်ပစ်သည်။ ကုသလာ၊ ကုသလံ၊ ဇဟံ ကုသိုလ် အကုသိုလ်ကို စွန့်သည်ဆိုသော်လည်း စွန့်ပုံအခြင်းအရာသည် ဤကဲ့သို့ ကွဲပြားမှုရှိ၏။

ဗုဒ္ဓဝါဒသည် ကံကိုစွန့်သောဝါဒမဟုတ်၊ တဏှာကိုစွန့်သော ဝါဒသာဖြစ်၏။ ထို့ကြောင့် သစ္စာလေးပါးတွင် သမုဒယသစ္စာခေါ် တဏှာသည် ပယ်စွန့်ရမည့်တရားဟု တိကျပြတ်သားစွာ ဟောကြားတော်မူခဲ့ပြီးဖြစ်၏။

အမြဲရှိနေသောနိဗ္ဗာန်ကို အာရုံပြုနိုင်ရန် အာရုံနှင့် စေတသိက်တို့၏ အခြယ်အလှယ်ကိုမခံဘဲ စိတ်ကို စိတ်အတိုင်း ထားရမည်ဟူသောစကားသည်လည်း မည်သို့မျှ မဖြစ်နိုင်သော ကျမ်းဂန်လွတ် စကားမျိုးသာဖြစ်သည်။ သိစိတ်ခြောက်ပါး ကိုယ်တိုင်က အာရုံခြောက်ပါးကို အကြောင်းပြုပြီးမှ ဖြစ်သောကြောင့် အာရုံ၏ အခြယ်အလှယ် မခံဘဲ စိတ်ကို စိတ်အတိုင်းထားဟူသောစကားသည် မဖြစ်နိုင်သော စကားသာ ဖြစ်၏။

အဆင်းနှင့် အကြည်ရုပ်တို့ ထိခိုက်မိသောကြောင့် မြင်သိစိတ်ကလေး မျက်နက်ဝန်းအလယ်မှာ ဖြစ်ပေါ်၏။ ထို မြင်သိစိတ်နှင့်အတူ စေတသိက်(၇)လုံးဖြစ်၏။ အသံနှင့် နားအကြည်ရုပ်တို့ ထိခိုက်မိသောကြောင့် ကြားသိစိတ်ကလေးက လက်စွပ်ကွင်းသဏ္ဍာန် နားအကြည်ရုပ်မှာဖြစ်ပေါ်၏။ ထို ကြားသိစိတ်နှင့်အတူ စေတသိက် (၇)လုံးဖြစ်၏။

အနံ့နှင့် နှာခေါင်းအကြည်ရုပ်တို့ ထိခိုက်မိသောကြောင့် နံသိစိတ်ကလေး ဆိတ်ခွါသဏ္ဍာန် နှာခေါင်းအကြည်ရုပ်မှာ ဖြစ်ပေါ်၏။ ထို နံသိစိတ်နှင့်အတူ စေတသိက် (၇)ပါးဖြစ်၏။ အရသာနှင့် လျှာအကြည်ရုပ်တို့ ထိခိုက်မိခြင်းကြောင့် စားသိစိတ်ကလေး ကြာရွက်ဖျားသဏ္ဍာန် လျှာအလယ်မှာ ဖြစ်ပေါ်၏။ ထိုစားသိစိတ်နှင့်အတူ စေတသိက် (၇)လုံးဖြစ်၏။

အတွေ့အထိနှင့် ကိုယ်အကြည်ရုပ်တို့ ထိခိုက်မိသောကြောင့် ထိသိစိတ်ကလေး ကိုယ်အကြည်ရုပ်မှာ ဖြစ်ပေါ်၏။ ထိုထိသိစိတ်နှင့်အတူ စေတသိက်(၇)လုံးဖြစ်၏။ အတွေးအာရုံနှင့် မနောဓာတ်တို့ ထိခိုက်မိသောကြောင့် ဟဒယဝတ္ထုတွင် တွေးသိစိတ်ကလေး ဖြစ်ပေါ်၏။ ထို တွေးသိစိတ်နှင့်အတူ စေတသိက်(၇)လုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကို စိတ်အတိုင်းထား၍ မရနိုင်

ယခုကဲ့သို့ စိတ်ဖြစ်ပုံများကို ဆန်းစစ်ကြည့်လိုက်သောအခါ သိစိတ်များသည် အဆင်း၊ အသံစသော အာရုံခြောက်ပါးကို အကြောင်းပြုပြီးမှသာ ဖြစ်ရသည်။ အာရုံ (၆) ပါးနှင့်ကင်း၍ မည်သို့မျှ မဖြစ်နိုင်။ ထို့ကြောင့် စိတ်ကို အာရုံတို့၏ အခြယ်အလှယ်မခံဘဲနေရမည် ဟူသောစကားသည် ဗုဒ္ဓကိုယ်တွေ့၊ ဆရာ့ကိုယ်တွေ့၊ မိမိကိုယ်တွေ့ သုံးပါးလုံးမှလွတ်သော သဘာဝယုတ္တိကင်းသည့်စကားဖြစ်၏။

သိစိတ်ခြောက်ပါးဖြစ်သည်နှင့် စေတသိက်ခုနစ်လုံးသည် တစ်ပြိုင်နက် လိုက်၍ ဖြစ်ကြရ၏။ စိတ္တနိယာမကား မည်သို့မျှ တားဆီး၍ရစကောင်းသောတရား မဟုတ်ချေ။ ထို့ကြောင့် စေတသိက်တို့၏ အခြယ်အလှယ်ကိုမခံဘဲ စိတ်ကိုစိတ်အတိုင်း ထားရမည် ဟူသောဝါဒသည် ဘုရားရှင်မဟောသည်ကို- အဟောလုပ်၍ ပြခြင်း ကြောင့် အဓမ္မဝါဒသာ ဖြစ်၏။ ဦးနီတို့ကျင့်သုံးနေသော နိဗ္ဗာန်ဝါဒကိုလည်း ဆက်၍ ရှုဦးလော့-

'မိမိတို့၏သန္တာန်တွင် ကောင်းမှုရေးရာနှင့်စပ်သော စိတ်များ၊ မကောင်းမှု ရေးရာနှင့် ပတ်သက်သောစိတ်များသည် အမြဲရှိနေသည်မဟုတ်။ ဘုရားနှင့်တွေ့မှ ဘုရားရယ် စိတ်ရယ်ပေါင်းပြီး ဘုရားစိတ်ဟူ၍ ဖြစ်လာသည်။ စေတီနှင့်တွေ့မှ စေတီရယ် စိတ်ရယ် ပေါင်းပြီး စေတီစိတ်ဟူ၍ ဖြစ်လာသည်။ ဘုန်းကြီး နှင့် တွေ့မှ ဘုန်းကြီးရယ် စိတ်ရယ်ပေါင်းပြီး ဘုန်းကြီးစိတ်ဟူ၍ ဖြစ်လာသည်'

'သားနှင့်တွေ့မှ သားရယ် စိတ်ရယ်ပေါင်းပြီး သားစိတ်ဟူ၍ ဖြစ်လာ၏။ သမီးနှင့် တွေ့မှ၊ သမီးရယ် စိတ်ရယ်ပေါင်းပြီး သမီးစိတ် ဖြစ်လာသည်။ ရွှေနှင့်တွေ့မှ ရွှေရယ် စိတ်ရယ်ပေါင်းပြီး ရွှေစိတ်ဟူ၍ ဖြစ်လာသည်။ ငွေနှင့်တွေ့မှ ငွေရယ် စိတ်ရယ် ပေါင်းပြီး ငွေစိတ်ဟူ၍ ဖြစ်လာသည်။ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး အထွေထွေ နာမ ပညတ်တွေနှင့် စိတ်နှင့်ပေါင်း မိပါက၊ ကောင်းကောင်းဆိုးဆိုး အမျိုး မျိုး အထွေထွေ နာမပညတ် စိတ်တွေ ဖြစ်ကြ၏'

'ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးအထွေထွေ နာမညတ်တွေ ထည့်မပေးပါက မည်သည့်စိတ်မှ မဖြစ်တော့ပါ။ ထိုသို့ စိတ်မဖြစ်ခြင်းကိုပင် အဖြစ်တွေငြိမ်းသည်၊ အဖြစ်တွေ ချုပ်နေသည်။ အဖြစ်တွေ ကင်းနေသည်ဟုခေါ်၏။ ထိုသို့ ချုပ်ငြိမ်းနေခြင်းသည် ပင်လျှင် နိဗ္ဗာန်ဖြစ်၏။ ထိုသို့ ချုပ်ငြိမ်းရန် တမင်သက်သက် မလုပ်ရသောကြောင့် အသင်္ခတဟု ခေါ်၏။ ဤကဲ့သို့ အပြုကင်း၊ အပြုရှင်းပြီး ငြိမ်းချမ်းနေခြင်းသည် နိဗ္ဗာန်ကို တွေ့ခြင်းဖြစ်သည်'။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ယူဆသကဲ့သို့ ပညတ်တွေ ထည့်မပေးရုံနှင့်သာ နိဗ္ဗာန်ကိုရလျှင် အမိဝမ်းထဲမှာ ဆယ်လကိန်းအောင်းနေသောကလေးနှင့် အပြင်သို့ရောက်၍ လူတို့၏စကားကို နားမလည်သေးသော ကလေးတို့သည် မည်သည့်ပညတ်နာမည်ကိုမှ မသိသောကြောင့် သူတို့စိတ်ထဲသို့ ဘာမှထည့်မပေးနိုင်။ ထို့ကြောင့် ထိုကလေးများသည် ဖိုလ်ဝင်စားနေသည်၊ နိဗ္ဗာန်ချမ်းသာကို ခံစားနေသည်ဟု ဆိုရမလိုဖြစ်နေသည်။ ထို့ကြောင့် ယင်းအယူဝါဒသည် ယုတ္တိမရှိသော ကျမ်းဂန်လွတ်ဝါဒတစ်ခုသာဖြစ်၏။

တစ်ဖန် 'ထိုနိဗ္ဗာန်ကိုရရန် ဘာမျှလုပ်စရာမလို ဘာမျှရှုပွားစရာမှမလို' ဟူ သောဝါဒသည်လည်း ဗုဒ္ဓဟောကြားသော ဗောဇ္ဈင်္ဂသုတ်နှင့် ဆန့်ကျင်နေ၏။ ကဿပ ဗောဇ္ဈင်သုတ်တွင် ဗုဒ္ဓက-

'သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ၊ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။

'ချစ်သား - ကဿပ၊ ငါဘုရားဟောကြားသော သတိသမ္ဗောဇ္ဈင်ကို ပွားများကြ၊ ကြိမ်ဖန်များစွာ ပွားများကြ၊ ထိုသို့ပွားများကြလျှင် ထူးသောဉာဏ်ဖြင့်သိခြင်းငှါ၊ သစ္စာလေးပါးကို သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာဖြစ်၏'

ဟု ဟောကြားခဲ့သဖြင့် ဝိပဿနာမရှုပွားဘဲ နိဗ္ဗာန်ကိုတွေ့ခြင်းဟူသည်မှာ ပညာရှိများအတွက် ရယ်စရာပင်ဖြစ်၏။ အမှန် တချို့တစ်ဝက်ပါသော အမှားသည် လူအတော်များများကို နက်ရှိုင်းစွာဒုက္ခပေးနိုင်၏။ ကိလေသာကို သတ်စရာမလိုဘဲ၊ ဝိပဿနာကို ရှုပွားစရာမလိုဘဲ နိဗ္ဗာန်ကို ရနိုင်လေဟန်၊ ဦးနီတို့၏ဆရာက ယခုလိုတီထွင်ဟောပြပြန်၏။

ကိလေသာဟူသည် အမြဲမရှိ၊ ရှိပြန်လျှင်လည်း မမြဲ၊ အမြဲမရှိဆိုရာ၌ နဂိုကမရှိ၊ အစကတည်းက မရှိ၊ မူလကတည်းက မရှိဟု ဆိုလိုရင်းဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်စီးသွား၍ မရှိဟုဆိုလိုရခြင်းမဟုတ်။

ကိလေသာဟူသည် ဖြစ်ဖို့ရန်အကြောင်းရှိမှ ဖြစ်တတ်သောအမျိုးဖြစ်၏။ ဌာန၊ ဒေသ၊ ကာလအားဖြင့် မည်သည့်နေရာ၌ဖြစ်သည်ဟု ညွှန်ပြခြင်းငှာမထိုက်၊ ထိုကဲ့သို့ အမြဲလည်းမရှိ ရှိပြန်သောအခါတွင်လည်း မမြဲသောကိလေသာများကို အမြဲအရှိထားပြီး ကုန်အောင်၊ ခန်းအောင်၊ ချုပ်ငြိမ်းအောင်ပြုလုပ်ခြင်းသည် မမှန်ကန်။ မှန်ကန်သောနည်းကား နဂိုငြိမ်းလျှင် ငြိမ်းသည့်အတိုင်း၊ နဂိုမရှိလျှင် မရှိသည့်အတိုင်း ကျင့်သုံးနေထိုင်တတ်သော အတတ်ပညာကို မိမိက တတ်ထားလျှင် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာမည့် ကိလေသာများသည် ဖြစ်ခွင့်မရတော့ပေ။

နဂိုငြိမ်းသည့်အတိုင်း၊ ငြိမ်းလျက်သားဖြစ်နေ၏။ ထိုငြိမ်းသည့်အတိုင်းတိုင်း ရှိနေသည့် နိဗ္ဗာန်ကို ထိုအတိုင်းသာ မျက်မှောက်ပြုပါ။ ထိုကဲ့သို့ နိဗ္ဗာန်ကိုမြင်မှသာ

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာကုန်သည်။ ထိုစကားအားလုံး၏ အချုပ်ကား ကိလေသာဟူသည် ခဏရှိသာ ဖြစ်သည်၊ ထာဝရရှိမဟုတ်၊ ကိလေသာငြိမ်းသော နိဗ္ဗာန်ဓာတ်သာ ထာဝရဖြစ်ခြင်းကြောင့် ၎င်းအငြိမ်းသဘောကိုသာ အာရုံပြုနေရမည်။ ကိလေသာသေအောင် ခန္ဓာ၊ အာယတန၊ ဓါတ်တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို ရှုစရာမလိုဟု ဆိုခြင်းဖြစ်၏။

ကိလေသာသည် ကိုယ်နှုတ်ဖြင့်ကျူးလွန်လာသော ဝီတိက္ကမကိလေသာ၊ ကျူးလွန်လိုစိတ် ဖြစ်ပေါ်လာသော ပရိယုဋ္ဌာနကိလေသာ၊ အကြောင်းတိုက်ဆိုင်မှ ပေါ်လာသော အနုသယကိလေသာဟု သုံးမျိုးရှိ၏။ ထိုတွင် ဝီတိက္ကမကိလေသာကို သီလဖြင့် သတ်ရ၏။ ပရိယုဋ္ဌာနကိလေသာကို သမာဓိ(သမထ)ဖြင့်သတ်ရ၏။ အနုသယ ကိလေသာကို ဝိပဿနာပညာ၊ မဂ်ပညာဖြင့်သတ်ရ၏။ ထို့ကြောင့် ကျင့်ကြံစရာ သိက္ခာသုံးပါးကို ဟောခဲ့ခြင်းဖြစ်သည်။ သောတာပတ္တိမဂ်ကိုရသော မဂ္ဂဝီထိကျရာ၌-

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်း | = | မနောဒွါရ၌ထင်လာသောအာရုံကို ဆင်ခြင်သောစိတ် |
| ပရိကံ | = | မဂ်စိတ်ဖြစ်ပေါ်ရန် ပြင်ဆင်သောစိတ် |
| ဥပစာ | = | မဂ်၏အနီး၌ဖြစ်သောစိတ် |
| အနုလုံ | = | မဂ်အားလျော်သောစိတ် |
| ဂေါတြဘူ | = | ပုထုဇဉ်အနွယ်ကိုဖြတ်၍၊ အရိယာအနွယ်သို့ ဝင်သောစိတ်၊လောကီစိတ်(၈၁)ပါးတွင် နိဗ္ဗာန်ကို အာရုံပြုနိုင်သောစိတ်မှာ ဤဂေါတြဘူစိတ်ပင်ဖြစ်၏။ |
| သောတာပတ္တိမဂ်စိတ် | = | ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာကိလေသာကို အမြစ်ပြတ် ပယ်သတ်သောစိတ်။ |
| သောတာပတ္တိဖိုလ်စိတ် | = | ကိလေသာငြိမ်းသွားသော နိဗ္ဗာန်ချမ်းသာကို ခံစားသောစိတ် |

ဂေါတြဘူစိတ်က နိဗ္ဗာန်ကိုအာရုံပြုပြီးမှ သောတာပတ္တိမဂ်က ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုသတ်သောကြောင့် 'နိဗ္ဗာန်မြင်မှ ကိလေသာသေတယ်'ဟူသော စကားရပ်သည်ကား မှန်၏။ သို့သော် 'အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာယာဉ်သုံးပါးကို ရှုစရာမလို'ဟူသောစကားသည် အမှားသာဖြစ်၏။ အဘယ်ကြောင့်နည်း။ မဂ္ဂဝီထိတွင် ပါဝင်သော- ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူသော စိတ်လေးလုံးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို နေ့များစွာ ရှုပွားသဖြင့် ရင့်ကျက်လာသော ဝိပဿနာ ကာမာဝစရ ကုသိုလ်ဇောစိတ်များပင်ဖြစ်၏။

တစ်ဖန် ထိုဇောစိတ်လေးပါးတွင် ဂေါတြဘူမှတစ်ပါး ကျန်သုံးပါးကိုယ်တိုင်ကလည်း ရုပ်နာမ်နှစ်ပါး၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုသာရှုပွားနေ၏။ ဂေါတြဘူနှင့် မဂ်စိတ်၊ ဖိုလ်စိတ်များ ကျမှသာ နိဗ္ဗာန်ကိုအာရုံပြု၏။ ထို့ကြောင့် ကိလေသာကုန်ခန်းအောင် ခန္ဓာ,အာယတန,ဓာတ်တို့၏ ဖြစ်မှုပျက်မှုကို ရှုပွားရန်မလိုဟူသော စကားသည် အမှားသာဖြစ်သည်။ မဂ်ဖိုလ်နိဗ္ဗာန်ကိုတော့ ရချင်ပြီး ဝိပဿနာကိုကား

www.burmeseclassic.com

www.burmeseclassic.com



မပွားလိုသော သူသည် ပိန္နဲသီးကိုတော့ စားချင်ပြီး ပန္နဲပင်စိုက်ရန် မကြိုးစားဘဲ မြေကြီးကို တုတ်ဖြင့်ရိုက်ကာ ပိန္နဲသီး-သီးခိုင်းသော သူရူးနှင့် တူလှ၏။

ဤကား ယင်းတို့၏ နိဗ္ဗာန်အယူအဆများကို ရှင်းလင်းခြင်းဖြစ်၏။ ယခု သူတို့၏ သစ္စာလေးပါး အယူအဆများကို ဆက်ရှင်းအံ့။

ယင်းတို့၏ သစ္စာလေးပါး အယူအဆများကား-

'လူတစ်ယောက်သန္တာန်၌ သူတစ်ပါးပစ္စည်းကို မတရားလိုချင်မှု၊ သူတစ်ပါးကို သတ်ချင်၊ ဆဲချင်မှု၊ သူတစ်ပါးစည်းစိမ်ကို မတရားသဖြင့် ရအောင်ယူမည်ဟူသော ကြံစည်မှုတို့သည် အမြဲရှိသည်မဟုတ်၊ မရှိတာကို နိဗ္ဗာန်၊ သိတာကို မဂ်ဉာဏ်၊ ကြံစည်လိုတာက သမုဒယ၊ ကြံစည်တာက ဒုက္ခဟု မှတ်။ ဝဋ်ထဲမှာ လည်ချင်လျှင် သမုဒယနှင့် ဒုက္ခနှစ်ပါးကို အားထုတ်ရသည်။ ဝဋ်အတွင်းက လွတ်ကင်းလိုလျှင် နိရောဓနှင့် မဂ္ဂသစ္စာနှစ်ပါးကို အားထုတ်ကြရမည်'။

## သစ္စာ(၂)ပါးလျော့နေသော နိဗ္ဗာန်ဝါဒ

'နိရောဓနှင့် မဂ္ဂကို အားထုတ်ပုံကား- လောဘ၊ ဒေါသဟူသည် ပြုပြင်ပေးမှုဖြစ်သော သဘောတရားဟု ပိုင်နိုင်စွာသိသောအခါ ပြုပြင်ပေးမှု၏ငြိမ်းရာသည် ဧကန်အမှန်ရှိရမည်။ ပင်ကိုယ်ငြိမ်း ငြိမ်းသည့်အတိုင်းနေလိုက်လျှင် လောဘ၊ ဒေါသစသော ကိလေသာများ မဖြစ်နိုင်တော့။ ထို့ကြောင့် ကိလေသာများ တမင်ငြိမ်းအောင် ပြုလုပ်စရာမလို၊ ပြုလုပ်လျှင် ဘာသဘောတွေ ဖြစ်မလဲ - ဒုက္ခမျိုး၊ သင်္ခါရမျိုးတွေသာဖြစ်မည်။ ဖြစ်လျှင်လည်း ပျက်ဦးမည် သာဖြစ်၏။ ဖြစ်ခြင်း၊ ပျက်ခြင်းကို မလိုချင်လျှင် အလိုလိုငြိမ်းရာကို အလိုလိုသိလိုက်ရသည်။ မျက်မှောက်ပြု လိုက်ရမည်၊ ဤကား လောကုတ္တရာသစ္စာမှန်ဖြစ်သည်။ ချုပ်ငြိမ်းရာက နိရောဓသစ္စာ၊ မျက်မှောက်ပြုတာက မဂ္ဂသစ္စာဖြစ်၏' ဟူ၍ဖြစ်သည်။

ဖြေရှင်းချက်ကိုရေးသားအံ့ -

မဂ်စိတ်ပေါ်လျှင် သစ္စာလေးချက် တစ်ပြိုင်နက်ဖြစ်၏။ ထို့ကြောင့် 'သစ္စာလေးချက် တစ်ပြိုင်နက်၊ မဂ်၏ကိစ္စမှတ်' ဟူသောစကားသည် ဖြစ်ပေါ်လာခဲ့၏။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိလိုက်သည်နှင့် သမုဒယသစ္စာချုပ်သည်၊ သမုဒယသစ္စာချုပ်သည်နှင့်- ကိလေသာငြိမ်းရာ နိရောဓသစ္စာကို မျက်မှောက်ပြုသည်။ မျက်မှောက်ပြုသောဉာဏ်သည် မဂ္ဂသစ္စာဖြစ်သည်။ ဦးနီတို့၏ သစ္စာဝါဒတွင် ဒုက္ခသစ္စာကို သိအောင်ပြုဖို့၊ သမုဒယသစ္စာကိုပယ်ဖို့ မပါပေ။ မဂ္ဂသစ္စာဖြင့် နိဗ္ဗာန်ကို အာရုံပြုဖို့သာပါ၏။ ထို့ကြောင့် သစ္စာနှစ်ချက်၊ တစ်ပြိုင်နက်၊ မဂ်၏ကိစ္စမှတ်ဟု ဆိုရမလိုဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓကိုယ်တွေ (ပါဠိတော်) ဆရာ့ကိုယ်တွေ၊ မိမိကိုယ်တွေဟူသော ကိုယ်တွေ သုံးမျိုးမပါဘဲ စိတ်ကူးနှင့် လေဖမ်း ဒါန်းစီးပြီးပြောသောစကားတို့သည်- ဝိဘဇ္ဇဝါဒနှင့် ဝေဖန်လိုက်လျှင် ယုတ္တိမရှိကြောင်း ပေါ်လွင်လာသည်သာဖြစ်၏။ ဤကား အကျဉ်း ဖြေရှင်းချက်ဖြစ်၏။ ယခု အကျယ်ဖြေရှင်းချက်ကို ရေးအံ့။ လောဘ၊ ဒေါသစသော ကိလေသာများသည် ပြုပြင်ပေးမှ ဖြစ်သည်ဟူရာ၌ ပရိယုဋ္ဌာနကိလေသာအတွက် မှန် သော်လည်း၊ အနုသယကိလေသာအတွက်ကား မမှန်ပေ။

ဥပမာအားဖြင့်ဆိုရလျှင်- သံပုရာသီး၊ ဇရက်သီးတို့သည် သီးစဉ်ကတည်းက ချဉ်မည့်ဓာတ်သဘော၊ စပ်မည့်ဓာတ်သဘောတို့သည် တစ်ခါတည်း ပါလာဘိသကဲ့သို့ ပုထုဇဉ်တို့မှာ ခန္ဓာဟူ၍ ဖြစ်လာသည်နှင့် အနုသယကိလေသာများသည် တစ်ခါတည်း ပါလာကြသည်။ တကူးတက ပြုပြင်ပေးနေရသည်မဟုတ်ပေ။ ထိုသို့ တစ်ပါတည်း ပါလာသည့်အတွက် လောဘဖြစ်စရာအာရုံနှင့်ကြုံလာလျှင် လောဘဖြစ်ရသည်။ ဒေါသ ဖြစ်စရာအာရုံနှင့် ကြုံလာလျှင် ဒေါသဖြစ်ရသည်။ အနုသယကိလေသာ ရှိနေ သည့်အတွက် ပြုပြင်လိုက်လျှင် ပရိယုဋ္ဌာနကိလေသာ ဖြစ်လာခြင်းဖြစ်သည်။

ဘုရား ရဟန္တာများကား အနုသယကိလေသာ မရှိသည့်အတွက် လောဘ ဖြစ်စရာအာရုံ ဒေါသဖြစ်စရာအာရုံနှင့် တွေ့ကြသော်လည်း လောဘ၊ ဒေါသကိလေသာ များ မဖြစ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် နိရောဓသမာပတ်ဝင်စားပြီး (၇)ရက်တိုင်တိုင် နိဗ္ဗာန်ကို အာရုံပြုနိုင်သူများမှာ ဘုရားရှင်နှင့် အဘိညာဉ်ရ ရဟန္တာအရှင်မြတ်များ ပင်ဖြစ်၏။ ပုထုဇဉ်များမဆိုထားနှင့် သာမန်အရိယာများပင် ထိုကဲ့သို့ အာရုံပြုနိုင်သည် မဟုတ်ပေ။

ထိုကဲ့သို့ သဘာဝယုတ္တိ၊ သာဓကယုတ္တိများကို အလေးမထားဘဲ သာမန် ပုထုဇဉ်တစ်ယောက်ကို ဝိပဿနာပွားများမှုကိုပယ်စေပြီး နိဗ္ဗာန်ကိုချည်း ဇွတ်အာရုံပြု ခိုင်းနေသည်မှာ ကိုရင်တစ်ပါးအား အခြေခံ သဒ္ဒါကျမ်းကို သင်မပေးဘဲ၊ အထက်တန်း ပါဠိတော်၊ အဋ္ဌကထာကြီးများကို ပို့ချပေးသည်နှင့် တူလှကြောင်း နမ္မားဆရာတော်ကြီး က 'ဓမ္မရုံးတော် ဉာဏ်မဟော်ကျမ်း'တွင် ရေးသားတော်မူခဲ့သည်။

ဆရာတော်ကြီးတစ်ပါးသည် သူ့တပည့်ကို ချစ်ရှာလွန်းသဖြင့် သူတစ်ကာ ထက် မြန်ဆန်စွာ စာတတ်စေရန် အခြေခံသဒ္ဒါ၊ သဂြိုဟ်ကျမ်းများကို သင်မပေးတော့ ဘဲ၊ အထက်တန်းပါဠိတော် အဋ္ဌကထာကြီးများကို ပို့ချသင်ကြားပေး၏။ အခြေခံမရှိ သောကိုရင်က စာကို မလိုက်နိုင်သောအခါ ရိုက်နှက်ပြီးသင်၏။ ကိုရင်မှာ ဒဏ်ရာများ သာ ပေါ်လာ၏။ စာကား မတတ်ရှာ။ ထိုအခါ နမ္မားဆရာတော်က အမြင်မတော် သဖြင့် ယခုလိုလျှောက်၏။

'အရှင်ဘုရား ဝိဘတ်တစ်လုံးကိုမှ မသိဘဲနှင့် ဒီပါဠိတော် အဋ္ဌကထာကို ဆိုခိုင်းလို့ ဖြစ်ပါ့မလား၊ စာမကုန်ခင် ကိုရင် သေတော့မယ်'

'နင့်ထက် ငါ အရင် ထမင်းစားတာ၊ ပြောစရာမလိုဘူး၊ အမြင့်ဆုံးသင်ပင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကနေပြီး ကြည့်လိုက်လျှင် အောက်က သစ်ပင်အားလုံးကို မြင်ရသလို၊ အမြင့်ဆုံးစာကို ချလိုက်ရင် အောက်ကသဒ္ဒါကိုလည်း မြင်ရတာပဲ'

'အမြင့်ဆုံးသစ်ပင်ပေါ်ရောက်အောင် အရင်းက မတက်ဘဲ အဖျားကနေတက်လို့ ရပါ့သလားဘုရား'

ထိုအခါကျမှ ဆရာတော်ကြီးမှာ သူ့အမှားကို သူသိသွားပြီး-

'အေး၊ ဟုတ်တယ်၊ ငါစိတ်ကူးလွဲတာ'ဟု ဝန်ခံ၏။ ထို့နောက်မှ ကိုရင်ကို အခြေခံသဒ္ဒါကျမ်းမှစ၍ ပို့ချလေသည်။ ထို့ကြောင့် ဦးနီတို့ဆရာ၏ ဝါဒအရ- အခြေခံခန္ဓာ၊ အာယတန ဓာတ်တို့ကိုမဟောဘဲ နိဗ္ဗာန်ကိုချည်း အတင်းပြနေခြင်းသည် အမှားသာဖြစ်၏။ ခန္ဓာ၏အပြစ် အာဒီနဝကိုမမြင်ဘဲ နိဗ္ဗာန်ကိုလည်း မြင်ရိုးမရှိပေ။

ထို့ကြောင့် ဗုဒ္ဓက ဓမ္မပဒ၌-

'သဗ္ဗေ သင်္ခါရာ အနိစ္စာ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။'

သဗ္ဗေ - ခပ်သိမ်းဉဿုံ၊ အလုံးစုံကုန်သော။
သင်္ခါရာ - ကံစိတ်ဥတု၊ ကြောင်းလေးဖြာတို့၊ ပြုပြင်ပါမှ ဖြစ်ပေါ်ကြသော သင်္ခါရဝတ္ထု အစုစုတို့သည် ။
အနိစ္စာ - မမြဲကြလေကုန်။
ယဒါ - အကြင်အခါကာလသမယ၌ ။
ပညာယ - ဝိပဿနာပညာဖြင့်။
ပဿတိ - သဘောအနိစ္စ၊ မမြဲတာကို၊ ကောင်းစွာပိုင်ပိုင်၊ သိမြင်နိုင်၏။
တဒါ - ထိုအခါကာလ၊ သမယ၌။
ဒုက္ခေ - မမြဲ၍ ဆင်းရဲသောဒုက္ခသစ္စာ၌။
နိဗ္ဗိန္ဒတိ - ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်သည်သာလျှင်။
ဝိသုဒ္ဓိယာ - အအေးဆုံးမှန်တဲ့ ပြည်နိဗ္ဗာန်ကြီး၏။
မဂ္ဂေါ - ကောင်းစွာရောက်ကြောင်း လမ်းကောင်းအကျော်၊ လမ်းမတော်ကြီး ပေတကား။

ဟု ဟောကြားတော်မူခဲ့၏။

အဓိပ္ပာယ်အချုပ်မှာ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ မမြဲမှုကို ဉာဏ်နှင့်သိမှ ခန္ဓာ၌ငြီးငွေ့သောနိဗ္ဗိန္ဒဉာဏ် ပေါ်မည်။ ခန္ဓာ၌ ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်သည်သာလျှင် နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းကောင်းအမှန်ဖြစ်သည်ဟု ဆိုလိုခြင်းပင်။

ထိုကဲ့သို့ ခန္ဓာငါးပါး၏ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှုတို့ကိုမြင်မှ တစ်သံသရာလုံးက အကောင်းထင်ပြီး စွဲလာခဲ့သော သမုဒယသစ္စာသည် အနုသယပါမကျန်

www.burmeseclassic.com

www.burmeseclassic.com



ကင်းကွာ၍ ချုပ်ငြိမ်းသွား၏။ ချုပ်ငြိမ်းမှ ချုပ်ရာငြိမ်းရာကို တွေ့ရသည်။ တွေ့သော ဉာဏ်သည် မဂ်ဉာဏ်ဖြစ်သည်။ ထိုအခါကျမှ 'သစ္စာလေးချက် တစ်ပြိုင်နက် မဂ်၏ ကိစ္စမှတ်' ဟူသောစကားနှင့် အကိုက်ဖြစ်သွား၏။

နိဗ္ဗာန်ဟူသည် ခန္ဓာနှင့်ကင်း၍လည်း မရှိ၊ ခန္ဓာစာရင်းထဲမှာလည်း မပါ၊ ထို့ကြောင့် ဗဟိဒ္ဓါမဗ္ဗာဟု ဗုဒ္ဓက ဟောတော်မူသည်။ ခန္ဓာနှင့် မကင်းကောင်းသော ကြောင့် ခန္ဓာကို ဝိပဿနာမရှုဘဲလည်း နိဗ္ဗာန်ကို မရကောင်းဟု တိကျစွာမှတ်သား အပ်၏။

## အရှင်ဉက္ကဋ္ဌ၏ ဆရာများနှင့် တရားများများ

ဦးနီသည် ဆရာမှားနှင့် တရားမှားများကို ကျင့်သုံးရမှုကြောင့်- ကိုယ်ကျင့် သီလများ ပျက်စီးခဲ့ရ၏။ ထိုနည်းတူ အရှင်ဉက္ကဋ္ဌသည်လည်း ဆရာမှား၏ တရားမှား များကို လေ့လာဖတ်ရှုကျင့်သုံးမှုကြောင့် 'လူသေလျှင် လူသာဖြစ်ရမည်'ဟူသော ဝါဒ ဆိုးကြီးကို တီထွင်မိခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် အရှင်ဉက္ကဋ္ဌ လေ့လာဆည်းပူးခဲ့သော ဆရာမှားများနှင့် တရားမှားများကို သုံးသပ်တင်ပြပေအံ့။

အရှင်ဉက္ကဋ္ဌသည် အင်္ဂလိပ်စာကို ကောင်းစွာကျွမ်းကျင် တတ်မြောက်သဖြင့် အင်္ဂလိပ်စာဖြင့်ရေးသားထားသော အနောက်တိုင်းဒဿနမျိုးစုံကို အချိန်ပြည့် လေ့လာ ခဲ့၏။ ဝိပဿနာ အနတ္တကိုယ်ခံအား နည်းပါးလေသောအခါ အနောက်တိုင်း ဒဿန ဆရာများ၏ အတ္တဝါဒအောက်သို့ ဒူးထောက်ဝင်ရောက်ပြီးသားဖြစ်ခဲ့ရ၏။ သူလေ့လာ ခဲ့သော အနောက်တိုင်း ဒဿနဆရာအများစု၏ဝါဒမှာ ဧကစ္စသဿတဝါဒမျိုးသာ များ၏။ ဧကစ္စသဿတဝါဒအဓိပ္ပာယ်မှာ အချို့ မြဲသည်၊ အချို့ မမြဲဟု ယူဆခြင်းမျိုး ဖြစ်၏။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟုဆိုအပ်သော ဓာတ်ကြီးလေးပါးသည် မပျက်မစီး အမြဲတည်သည်။ နာမ်တရားသည် မမြဲ ပျက်စီးသည်ဟု ယူဆကြ၏။ ထို အယူအဆကို အရှင်ဉက္ကဋ္ဌသည် ကာလ်မာ့စ်၏ဒဿနများမှ စတင်ရရှိ၏။ ကာလ် မာစ်သည် အေဒီ(၁၉)ရာစုက ပေါ်ထွန်းခဲ့ခြင်းဖြစ်၏။ ထိုဝါဒကို ဘီစီ(၅)ရာစုက ပေါ်ထွန်းခဲ့သော ဒီမောကရိုက်တပ်စ်နှင့် လူစီဖပ်စ်တို့ကလည်း တင်ပြခဲ့ဖူး၏။ ပို၍ အံ့သြစရာကောင်းသည်ကား သီလက္ခန်ပါဠိတော်၌ ကဏာဒအမည်ရှိသော ဆရာ ကလည်း ထိုအယူဝါဒမျိုး ယူခဲ့ဖူးခြင်းပင်။

ထိုဆရာများ၏ အယူအဆများကို 'နှစ်ဖက်လှ'ရေးသားသော 'မျက်မှောက် ခေတ် ဘာသာရေးနှင့် ကျွန်ုပ်တို့၏သုံးသပ်ချက် (၁၉၆၅)စာအုပ်'မှ ကောက်နှုတ်ပြအံ့။

## ကဏာဒ၏ အယူအဆ

ကဏာဒဝါဒအရ အတ္တကိုလည်းကောင်း၊ မာနကိုလည်းကောင်း အထည်ဒြပ် ဟူ၍ သတ်မှတ်သည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်ကြီး လေးပါး

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဗုဒ္ဓဝါဒကဲ့သို့ သဘာဝဓမ္မမျှသာဖြစ်သည်ဟု မယူဆဘဲ အထည်ဒြပ် ရှိသည်ဟု ဖော်ပြသည်။ အဏုဝါဒီဖြစ်သော ကဏာဒရသေ့၏ လောကဖြစ်ပုံပျက်ပုံ အယူအဆမှာ ဤသို့ဖြစ်၏။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်လေးပါးတို့၏ အသေးဆုံးမြူမှုန်ကလေးများကို ပရမာဏုမြူဟုခေါ်၏။ ထို ပရမာဏုမြူ နှစ်ခုပေါင်းကို ဒွိအဏုကဟုခေါ်သည်။

ဤဒွိအဏုကကို မျက်မှောက်မမြင်နိုင်၊ အနုမာန မှန်းဆ၍သာ သိရှိနိုင်သည်ဟုဆို၏။ ထို ဒွိအဏုသုံးခုပေါင်းကို 'တိအဏုက' ဟုခေါ်ပြီး ၎င်း တိအဏုကကိုမူ မျက်မှောက် မြင်သိနိုင်သည်ဟု ဆိုလေသည်။ ထာဝရဘုရားသခင်က ကမ္ဘာ လောကကြီးကို ဖန်ဆင်း လိုက်သောအခါ သတ္တဝါတို့၏ ကံအားလျော်စွာ ဝါယောဓာတ် ပရမာဏုမြူများကစ၍ လှုပ်ရှားလာကြသည်။ ၎င်းတို့သည် နှစ်ခုစီ နှစ်ခုစီ ပေါင်းစပ်၍ ဒွိအဏုက မြောက်များစွာ ပေါ်ထွန်းလာသည်။ ထိုမှတစ်ဖန် တိအဏုကများ ဖြစ်လာကြပြီး ကြမ်းတမ်းသော ဝါယောဓာတ် မဟာဘုတ်ကြီးများ ပေါ်ပေါက်လာတော့သည်။

ထို့အတူ အာပေါပရမာဏုမြူမှလည်း လှုပ်ရှားလာပြီး ဒွိအဏုက၊ တိအဏုက စသည် အဆင့်ဆင့်ဖြစ်၍ ကြမ်းတမ်းသော အာပေါဓာတ် မဟာဘုတ်ကြီးများ ပေါ်ပေါက်လာသည်။ ပထဝီ ပရမာဏုမြူများလည်း ထို့အတူလှုပ်ရှားလာပြီး ဒွိအဏုက၊ တိအဏုက စသည်မှတစ်ဆင့် ကြမ်းတမ်းသော ပထဝီဓာတ် မဟာဘုတ်ကြီးများ ဖြစ်ပေါ်လာကြသည်။ နောက်ဆုံး တေဇောပရမာဏုမြူ လှုပ်ရှားလာ၍ ဒွိအဏုက၊ တိအဏုကအဖြစ်မှတစ်ဆင့် ကြမ်းတမ်းသော တေဇောဘူတရုပ်များ ဖြစ်ပေါ်လာကြသည်။

ယင်းသို့ ကုန်ကြမ်းများ ပြည့်စုံလာသောအခါ ထာဝရဘုရားက ဗြဟ္မာအား ကမ္ဘာလောကကို ပြုလုပ်ဖန်ဆင်းစေသည်။ ထို ဗြဟ္မာသည် ဉာဏ၊ ဝိရာဂ၊ ဣဿရိယတို့နှင့် ပြည့်စုံသည့်အားလျော်စွာ ဗြဟ္မာနတ်လူစသော သတ္တဝါ အမျိုးမျိုးအစားစားကို ဖန်ဆင်းလိုက်သည်ဟု ဆိုသည်။ ကမ္ဘာပျက်သောအခါတွင် အကြီးစားဖြစ်သော ပထဝီ အထည်ဝတ္ထုမြူတို့ကစပြီး ကွဲပျက်ကြွေမွ၍ မူလပရမာဏုမြူအဖြစ်သို့ ပြန်လည်ရောက်ရှိလာကြသည်။

ထို့နောက် ကြမ်းတမ်းသော အာပေါ၊ ဝါယော၊ တေဇောဘူတရုပ်တို့လည်း အစဉ်အတိုင်း ပျက်စီးကြ၍ ပရမာဏုမြူများ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြစ်ကြသည်ဟုဆိုသည်။ ထိုပရမာဏုမြူတို့ကား ဘယ်သော အခါမှ ပျက်စီးခြင်းမရှိ၊ နိစ္စတရား၊ ဓုဝတရားတို့ဖြစ်ကြသည်။ ဋ္ဌိအဏုမြူမှစ၍ အကြမ်းစား မဟာဘုတ်တရား၊ ထိုမဟာဘုတ်တို့၏ အချိုးကျ အစုအပေါင်းဖြစ်သော လူ, တိရစ္ဆာန် စသောအရာအား လုံးမှာမူ အမြဲမတည်တံ့၊ အနိစ္စတရားတို့သာ ဖြစ်သည်ဟုလည်း ပြောခဲ့ကြသည်။

ပရမာဏုမြူတို့ကား မြဲသည်။ ကျန်သောအရာများကား မမြဲဟုဆိုသဖြင့် အချို့ မြဲသည်၊ အချို့ မမြဲဟုဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းဝါဒကို ပါဠိဘာသာဖြင့် ဧကစ္စသဿတဝါဒဟု မြတ်ဗုဒ္ဓက အမည်ပေးထားသည်။ ဤအမြင်သည် မိစ္ဆာအမြင် သာဖြစ်သည်။ မှန်ကန်ခြင်းမရှိ သုညတဝါဒ(အချည်းနှီး အသုံးမကျသောအယူ) အနှစ် သာရမရှိဟူ၍မိန့်ဆိုပြီး မြတ်ဘုရားက ပယ်ထားခဲ့သည်။ ထို့ကြောင့် သီလက္ခန် ဋီကာ စသည်တို့၌-

'ပရမာဏဝေါ နိစ္စာဓုဝါ၊ ဋ္ဌိ အဏုကာဒယော
အနိစ္စာတိ ဧဝံ ပဝတ္တဝါဒါ သဗ္ဗေ ကိစ္စသဿတဝါဒါ
သေယျထာပိ ကဏာဒါ'
ဟု မိန့်ဆိုလေပြီ။

## ဒီမောကရိုက်တပ်နှင့် လူစီဖပ်စ်တို့၏ဝါဒ

အရာဝတ္ထုတိုင်းမှာ အက်တမ်(Atom)ခေါ် အဏုမြူများပါဝင်သည်။ အက်တမ်ခေါ် အဏုမြူနှင့် အာကာသမှတစ်ပါး၊ တခြား ဘာတစ်ခုမှမရှိ။ သတ္တဝါတို့၏ ကိုယ်ကာယနှင့် အသိစိတ်ကို ထိုအက်တမ်ခေါ် အဏုမြူများဖြင့်ပင် တည်ဆောက် ထားသည်ဟု ဆိုသည်။ ထို အက်တမ်အနုမြူသည် လွန်စွာ မာကျောလှသည်၊ ဖျက်ဆီး ၍လည်း မရနိုင်၊ ကြည့်ရှု၍လည်း မမြင်နိုင်၊ အမှန်စင်စစ် ဒြပ်ဝတ္ထုများ၏ အလွန့် အလွန် သေးငယ်လှသော ပစ္စည်းကလေးများ သာဖြစ်သည် ဟုဆို၏။

ဤအက်တမ်များကို အချိုးအစားအမျိုးမျိုး ပေါင်းစပ်လိုက်သောအခါ လူ၊ တိရစ္ဆာန်၊ တော၊ တောင်၊ ရေ၊ မြေစသည် ဖြစ်လာကြသည်ဟုဆို၏။ အက်တမ်များ သည် ဘယ်သောအခါမျှ ပြောင်းလဲခြင်းမရှိ။ ၎င်းတို့ အပေါင်းအစု အစိုင်အတွဲ ဖြစ်သော သက်ရှိသက်မဲ့ အရာဝတ္ထုတို့သည်သာလျှင် အတည်မမြဲ ပြောင်းလဲ ဖေါက် ပြန်နေသည် ဟု ဆိုသည်။ ဤဝါဒတွင် အက်တမ်ကို ထောက်၍ပြောက မြဲသည်ဟု လည်း နားလည်နိုင်၏။

အက်တမ်၏ အစုအဝေးဖြစ်သော သက်ရှိသက်မဲ့ အရာဝတ္ထုများကို ထောက် ၍ပြောက ပြောင်းလဲနေသည်ဟူသောအချက်လည်း ထင်ရှားသည်။ ထို အက်တမ်

www.burmeseclassic.com

www.burmeseclassic.com



ခေါ် အနုမြူကို ဆိုက်ရောက်အောင်သိရှိမှုသည်သာ အသိမှုမှန်ဖြစ်သည်ဟု ပြောခဲ့ပေသည်။

## မတီးရီးယလ်(လ်)လစ်ဇင်း(မ်) (ဒြပ်ဝါဒ) (Materialism)

မတီးရီးယလ်(လ်)လစ်ဇင်း(မ်)ဆိုသည်မှာ၊ မတီးရီးယလ်ဆိုသည်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့ဖြင့် တွေ့ထိစမ်းသပ်၍ ရစကောင်းသောအရာမျိုးဖြစ်သည်။ မနောအကြည်ဖြင့်သာ သိရှိနိုင်သောအရာများနှင့် လုံးဝမသက်ဆိုင်ပေ။ မတီးရီးယလ်(လ်)လစ်ဇင်း(မ်)ကို လက်ကိုင်ပြုနေသူများ၏ ယုံကြည်ချက်မှာ ကမ္ဘာတစ်ခွင် ပြည့်ပြည့်စင်စင်အောင်ရှိနေကြသည့် လူ၊ တိရစ္ဆာန် စသော သက်ရှိဝတ္ထုများ၊ ရေ၊ မြေ၊ တောတောင်၊ အိမ်၊ ကျောင်းစသော သက်မဲ့အဆောက်အဦးများအားလုံးကို စိစိညက်ညက် ချေဖျက်ပစ်လိုက်လျှင် နောက်ဆုံး 'အက်တမ်ခေါ် သောအရာသာ ကျန်ရှိသည်' ဟူ၍ဖြစ်၏။

အက်တမ်ဆိုသည်မှာ ဂရိဘာသာစကားဖြစ်၏။ နောက်ထပ် သေးသွားအောင် လုပ်၍မရတော့သော အသေးတကာ့အသေးဆုံးမြူမှုန်ဟူ၍ အဓိပ္ပာယ်ရသည်။ ထို အက်တမ်ဆိုသော မြူမှုန်တို့သည် အချိုးအစားအမျိုးမျိုးဖြင့် ဖွဲ့စည်း၍ ထင်ရှားသော ဒြပ်ဝတ္ထုအမျိုးမျိုးကို သရုပ်ပေါ်စေသည်ဟုလည်း ထင်မှတ်ကြသည်။

ဥပမာ- ရောစပ်ပုံတစ်နည်းက ရေဖြစ်သွားလျှင် အခြားတစ်နည်းက တောတွေတောင်တွေ စသည် ဖြစ်လာ၏။ ထိုထက်ထူးခြားသော ရောစပ်ပုံတစ်မျိုးကမူ တိရစ္ဆာန်တွေ၊ လူတွေကိုပင် ဖြစ်လာစေသည်ဟု ကြံဆကြသည်။

ထိုအက်တမ်မှတစ်ပါး နာမ်တရား (စိတ်၊ စေတသိက်)ဟူ၍ သီးခြားမရှိ၊ သံပုရာသီးမှာ ချဉ်တတ်သော သတ္တိတန်ခိုးရှိသကဲ့သို့ လူနှင့် တိရစ္ဆာန်တို့မှာလည်း သိတတ်သော တန်ခိုးသတ္တိသည် အက်တမ်အပေါင်းစုမှ ပေါ်ထွက်လာသည်ဟု ယူဆကြ၏။ ထို အက်တမ်ခေါ် အရာများမှာ ဖောက်ပြန်ခြင်းမရှိ၊ ပျက်စီးခြင်းမရှိ၊ ထာဝစဉ်တည်ရှိနေသည်။ ၎င်းတို့၏ အစုအပေါင်းသာလျှင် ပြောင်းလဲပျက်စီးသည်ဟု ထင်ကြသည်။

**အမှာ။** ။ဗုဒ္ဓဝါဒအရ လူသားသည် ဘဝကိုစတင်ကတည်းက နာမ်ရုပ်တရား ဒွန်တွဲ၍ စတင်ဖြစ်လာရကြောင်း၊ ဘဝတစ်လျှောက်လုံးတွင်လည်း နာမ်၊ ရုပ် နှစ်ပါးတို့ အချင်းချင်း အကူအညီယူ၍ ဖြစ်ရခြင်း၊ (အညမည သဘာဝအရဖြစ်ရခြင်း)နှင့် အလုပ်ကိုသရုပ်ဖော်ရာ၌ တွေးခေါ် မျှော်မြင်ရေးဖြစ်သော စိတ်၊ စေတသိက် နာမ်တရားတို့က ရှေ့ဆောင်ရှေ့ရွက်ဖြစ်၍ အရေးကြီးပုံ၊ လူမှုပြုပြင်ရေးကိစ္စ၌ စိတ်အခြေခံကစပြီး ရင့်ကျက်စေရမည်ဖြစ်ပုံစသည်ကို သိရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒိုင်ယာလက်တစ်ခ် (Dialectic)

အဆိုပါ အက်တမ်ဝါဒ (မတီးရီယယ်လ်လစ်ဇင်း)ကို လက်ခံဦးဆောင်ကြသူများအနက် ထင်ရှားသော လူရည်ချွန်တစ်ဦးမှာ ကားလ်မာခ်စ်ဖြစ်သည်။ သူသည် ဂျာမနီပြည်ပေါက် ဂျူးလူမျိုးဖြစ်၏။ ထိုအက်တမ်ဝါဒကို လက်ခံရာ၌ ဒိုင်ယာလက်တစ်ခ်သဘောကို ဖြည့်စွက်၍ လက်ခံလေသည်။ ဤနေရာ၌ ဒိုင်ယာလက်တစ်ခ်သဘောနှင့် ဗုဒ္ဓဘာသာဆိုင်ရာ အနိစ္စ၊ သင်္ခါရသဘောသွားတို့၏ ကွဲပြားခြားနားပုံကို ဗုဒ္ဓဘာသာများ၊ သို့တည်းမဟုတ် ဗုဒ္ဓသာသနာ ရောင်ဝါဟပ်ခြင်းခံရသူများ အနေဖြင့် သိရှိမှတ်သားထိုက်ပေသည်။

ဒိုင်ယာလက်တစ်ခ်သဘောအရ (ပြောင်းလဲမှု)ဟူသည်မှာ သက်ရှိသက်မဲ့ အရာဝတ္ထုတို့သည် တစ်သမတ်တည်း တည်ငြိမ်မနေဘဲ အမြဲတမ်းပြောင်းလဲတိုးတက်နေမှုမျိုးဖြစ်၏။ ဤ၌ 'မြစ်တစ်ခုထဲရှိ တစ်နေရာထဲသို့ နှစ်ကြိမ်မဆင်းသက်နိုင်' ဟု ပြောခဲ့သော ဟီရာကလိုက်တပ်စ်၏စကားကို သတိရသင့်သည်။ သူသည် ဥရောပ ဖီလိုဆိုဖီသမိုင်းအရဆိုလျှင် ဒိုင်ယာလက်တက်စ်ခ်သဘောကို စတင် တွေးဆမိသူပေတည်း။

တစ်နည်းအားဖြင့် ကျောက်ခေတ်မှ ကျေးကျွန်ခေတ်၊ ကျေးကျွန်ခေတ်မှ ပဒေသရာဇ်ခေတ်၊ ပဒေသရာဇ်ခေတ်မှ အရင်းရှင်ခေတ်၊ အရင်းရှင်ခေတ်မှ ဆိုရှယ်လစ်ခေတ်သို့ တိုးတက်ပြောင်းလဲခြင်းမျိုး၊ ဂျုံမှုန့်များမှ ပေါင်မုန့်၊ နံပြားအဖြစ်သို့ ပြောင်းလဲသွားခြင်းမျိုး၊ ဆိုရှယ်လစ်စနစ်နှင့် ဒီမိုကရေစီဆိုသည်တို့ ပဋိပက္ခဖြစ်ရာမှ တကယ့် စိတ်ကူးယဉ်ဆိုရှယ်လစ်စနစ်သို့ ပြောင်းလဲခြင်းမျိုး၊ အရင်းရှင်ကြီးတို့နှင့် အလုပ်သမား လယ်သမားတို့ ဆန့်ကျင်ရုန်းကန်ရာမှ လူတန်းစား ပပျောက်မှုအဆင့်သို့ ပြောင်းလဲ ရောက်ရှိသွားခြင်းမျိုးသည် ဒိုင်ယာလက်တစ်ခ်နယ်ပယ်ရှိ ပြောင်းလဲခြင်း အမှတ်အသားတို့ ဖြစ်သည်။

ဆင်းရဲသားမျိုး(သုဒ္ဒ)၊ ကုန်သည်မျိုး(ဝဿ)၊ မင်းမျိုး(ခတ္တိယ)၊ ပုဏ္ဏားမျိုး (ဗြဟ္မဏ) ဤကွဲပြားခြားနားမှုသည် ရှေးခေတ်တွင် အတော်ပြင်းထန်ခဲ့သည့် လူတန်းစားကွဲပြားခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓ ပွင့်ပေါ်လာပြီး သာသနာတော်ကြီး ထူထောင်တော်မူကာ ထိုလူတန်းစား ခြားနားမှုစနစ်ကို တိုက်ဖျက်ပစ်တော်မူသည်။ သာသနာ့ဘောင်ဝင်၍ ရဟန်းဖြစ်လာသည်နှင့်တစ်ပြိုင်နက် ထိုအတန်းအစားကွဲပြားမှု ပပျောက်သွားရသည်။

ယခင်က ဇာတ်နိမ့်သူများအား အိမ်ရိပ်ကိုပင် အနင်းမခံခဲ့သော ပုဏ္ဏားလည်း ဇာတ်နိမ့်သူဟု အသိအမှတ်ပြုခံရသော ဆင်းရဲသားရဟန်းဖြစ်လာသူနှင့် အတူစား၊ အတူနေစနစ်ကို ကျင့်သုံးရတော့သည်။ သာသနာ့စည်းကမ်းအရ ဇာတ်မြင့်သူဆိုသော ရဟန်းက ဝါငယ်လျှင် ဇာတ်နိမ့်သူဟု အနှိမ်ခံရသောရဟန်းကြီး အား ရှိခိုးရသည်။ ဝါစဉ်အလိုက် ဂါရဝပြုရသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂိုက ဇာတ်ကွဲပြားဆန့်ကျင်နေရာမှ သာသနာတော်အတွင်း ရောက်ရှိ၍ အတန်းအစား ပပျောက်မှုသို့ ပြောင်းလဲသွားခြင်းမျိုးသည်လည်း ဒိုင်ယာလက်တစ်ခ် နယ်ရှိ ပြောင်းလဲခြင်းမျိုးနှင့် ဆင်ပေသည်။ အရေအတွက်မှ အရည်အချင်းသို့ ရုတ်တရက် ပြောင်းလဲခြင်း၊ ထိုပြောင်းလဲမှုသည် စည်းဝါးကျကျ အစီအစဉ်တကျ ကျော်ခြင်းလွှားခြင်းမရှိဘဲ ပြောင်းလဲရမည်ဟုလည်း ဆိုသေးသည်။ ဗုဒ္ဓသာသနာတွင် ပါဝင်သော အနိစ္စဆိုသည်မှာ (မြူမှုန်ခန့်မှ ဒြပ်ဝတ္ထုမရှိသော) သဘာဝတစ်ရပ်သည် ဖြစ်၊ တည်၊ ပျက် (ဥပါဒ်၊ဌီ၊ဘင်)စနစ်အရ ထင်ရှားလာပြီးနောက် အကြွင်းမဲ့ ဆိတ်သုဉ်းသွားသည်။

နောက်နောက်သဘာဝများသည်လည်း ဤနည်းအတိုင်းပင် ဆက်ခံဖြစ်ပေါ်နေကြ၏။ ပြောင်းလဲရုံမျှမဟုတ်ဟူ၍ နားလည်ရာသည်။ ကုန်သွားခြင်း၊ ပျက်စီးသွားခြင်းသဘောသာ အနိစ္စလက္ခဏာဖြစ်သည်။ သင်္ခါရဟူသည်ကား ကံတရား၊ စိတ်တရား၊ ပူငွေ့၊ အေးငွေ့၊ ဥတုတရားနှင့် ဩဇာဓာတ်၊ အာဟာရတို့၏စွမ်းရည်ဖြင့် ပြုပြင်ခြင်းသဘောဖြစ်၏။ သင်္ခါရဓမ္မဟူရာ၌ ထိုသို့ ပြုပြင်မှုရှိနေသော ရုပ်သဘာဝ နာမ်သဘာဝမျိုးကို ဆိုလိုပေသည်။ သို့ဖြစ်၍ အနိစ္စ၊ သင်္ခါရသဘောနှင့် ဒိုင်ယာလက်တစ်ခ်နယ်ပယ်မှ ပြောင်းလဲမှုဆိုသည်တို့၏ ခြားနားခြင်းကို မှတ်သားရပေမည်။

ဒိုင်ယာလက်တစ်ခ်စနစ်တွင် ဆန့်ကျင်ဘက် (Contradiction)သည် အသက်သဖွယ် အရေးပါလှသည်။ အသက်မရှိဘဲ သတ္တဝါမဖြစ်နိုင်သကဲ့သို့ ဆန့်ကျင်ဘက်မရှိဘဲ ဒိုင်ယာလက်တစ်ခ်အရ ပြောင်းလဲမှုမဖြစ်နိုင်ဟုဆိုသည်။ ဤ စနစ်သည် ဆန့်ကျင်မှု နှစ်ခုတွေ့တိုင်း ပေါ်လာစမြဲဖြစ်သည်။ ဒိုင်ယာလက်တစ်ခ်တွင် မူလ (Thesis)၊ ပဋိပက္ခ (Antithesis)နှင့် သမူဟ(ဝါ)တူညီပြေငြိမ်းရရှိမှု (Synthesis) ဟူ၍ရှိသည်။

တည်ရှိခြင်း(Being)ကို မူလ(သီးစစ်)ယူလျှင် ပြောင်းလဲသွားခြင်း (Change) သည် မူလပဋိပက္ခ (အင်တီသီးစစ်)ဖြစ်သည်။ ဖြစ်ပေါ်လာခြင်း (Becoming)မှာ မူလ သမူဟ(ဆန့်သီးစစ်)ဖြစ်၏။ ခပ်လွယ်လွယ်စဉ်းစားကြည့်လျှင် အပူဒီဂရီ(၁၀၀) ကျော် ပြီး အပြင်းဖျားနေသူ၌ အပူရှိန်ကို မူလယူခဲ့သော် ရေခဲတင်ခြင်း၊ အအေးဆေး ကျွေး ခြင်း စသည်ကား မူလပဋိပက္ခဖြစ်လာသည်။ အဖျားပျောက်ကင်းသွားခြင်းမှာမူ သမူဟ ဖြစ်ရ၏။ သက်ရှိသက်မဲ့၊ ကမ္ဘာ၊ ပစ္စည်းအားလုံးသည် ဤဒိုင်ယာလက်တစ်ခ် နည်းစနစ် အရ အမြဲတမ်းပြောင်းလဲနေကြသည်၊ တိုးပွားသည်၊ ဖြစ်ထွန်းနေကြ သည်ဟူ၍ ယူဆကြသည်။

## ဒိုင်ယာလက်တစ်ခ်နှင့် သုမေဓာ

ဗုဒ္ဓစာပေနယ်တွင် ကြည့်ရှုဆင်ခြင်ကြည့်ရာ ဤဆန့်ကျင်မှုအားဖြင့် တိုးတက်ပြောင်းလဲခြင်းသဘောတရား(ဒိုင်ယာလက်တစ်ခ်) ကို လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၈) နှစ်ကျော်ကာလ (ဘီစီ၆ရာစု)ကပင်လျှင် ဗုဒ္ဓဘုရားသည် ခရီးသွားရင်းဟန်လွဲ ဆိုဘိ

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ဟောကြားပြသခဲ့သည်။ လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလက ပုထုဇဉ်လူသား သုမေဓါပဏ္ဍိတ်သည် ဤ ဒိုင်ယာလက်တစ်ခ် သဘောတရားကို အသုံးပြုခဲ့ဖူးသည်။ သူကား ဂေါတမမြတ်ဗုဒ္ဓ ဖြစ်လာမည့်သူတည်း။

မိဘနှစ်ပါး ကွယ်လွန်ပြီးနောက် ဘဏ္ဍာစိုးက သူ့အား စာရင်းအင်းနှင့်တကွ ပိုင်ဆိုင်သော ဥစ္စာဓနအားလုံးကို အပ်နှံသည်။ ထိုအခါ ဆိတ်ငြိမ်ရာနေရာတစ်ခုသို့ ဝင်ပြီး သူစဉ်းစား၏။ ဤမျှများသော ပစ္စည်းဥစ္စာဓနတို့သည် ငါ၏ ဘိုးဘွားဘီဘင် လက်ထက်မှ ငါ၏မိဘလက်ထက်အထိ သိုမှီးစုဆောင်းခဲ့သော ပစ္စည်းဥစ္စာများဖြစ်၏။ ထိုပစ္စည်းဥစ္စာတို့ကို သူတို့ သုံးစွဲ၍မသွားနိုင်ကြကုန်။ ငါကား ဤပစ္စည်းများကို ကုန်စင်အောင် သုံးစွဲသွားအံ့ဟု သံဝေဂဉာဏ်ဖြင့် စဉ်းစားမိ၏။

သို့စဉ်းစားရာတွင် သူ့ကိုယ်ကာယ၌လည်း အပြစ်တွေကို တွေ့ရှိရသည်။ ဥစ္စာပစ္စည်း၏ အနာအဆာကိုလည်း သိလာသည်။ အတ္တသမံ ပေမံ နတ္ထိဟူသည့်အတိုင်း ချစ်စရာအကောင်းဆုံးဖြစ်သော မိမိကိုယ်သည်ပင် အနှစ်မရှိ၊ အပြစ်အတိဖြစ်ဘိမူ၊ ထို ကိုယ်ကာယ၏ အသုံးခံ အခြံအရံပစ္စည်းဥစ္စာသည်ကား ဆိုဘွယ်ရာမရှိပြီ။ သူ၏ ကိုယ်ကာယ၌ သန္ဓေတည်ရမှု၊ ဇာတိဒုက္ခတည်းဟူသော မူလတရား (သီးစစ်)၊ ရှုံ့တွ အိုမင်းရခြင်း ဇရာဒုက္ခတည်းဟူသော မူလတရား၊ လူးလဲကြိတ်မှိတ် ခံစားရခြင်း ဗျာဓိဒုက္ခတည်းဟူသော မူလတရား၊ မချိတင်ကဲ သေပွဲဝင်ရခြင်း မရဏဒုက္ခတည်းဟူသော မူလတရား၊ ဤသို့သော မူလ(သီးစစ်)တရားတို့ကို ကွက်ကွက်ကွင်းကွင်း သိမြင်လာသည်။ ယင်းသို့ သိမြင်လာသည်နှင့်တစ်ပြိုင်နက် ဆက်လက် ထင်ဟပ်လာသည်ကား လောကတွင် အပူရှိလျှင် အအေးရှိစမြဲဖြစ်၏။ ကုန်းရှိပါက ကျင်းလည်း ရှိရစမြဲပင်။

ပါပဟူသော မကောင်းမှုဒုစရိုက်၏ တစ်ဘက်တွင် ကလျာဏဟူသော ကောင်းမှုလည်း ရှိလေသည်။ ထိုနည်းတူ ဇာတိ၏ဆန့်ကျင်ဘက် အဇာတိ (သန္ဓေနေရမှုကင်းမဲ့ခြင်း) ဇရာ၏ပဋိပက္ခဖြစ်သော အဇရာ (မအိုရမှု)၊ ဗျာဓိ၏ အတိုက်အခံ အဗျာဓိ (နာကျင်ခံခက်မှုကင်းမဲ့ခြင်း)မရဏနှင့် ကန့်လန့်ကျသော အမတ (သေခြင်းကင်းမှု)တို့သည် ဧကန်ဧကေရှိကြရမည်ဟု မြင်သည်။ သူသည် အဇာတိ၊ အဇရာ၊ အဗျာဓိ၊ အမတဟူသော မူလပဋိပက္ခ (အင်တီသီးစစ်)ကို ဖျစ်ညှစ်တွေးထုတ်လိုက်လေသည်။

အလောင်းတော် သုမေဓါ၏စိတ်တွင်းဝယ် ဤသို့ ထင်ဟပ်လာပြီးနောက် ထိုမူလနှင့် ပဋိပက္ခတို့၏ပြေငြိမ်းခြင်းကို အရရှာဖွေတော့ရန် ကြံုးဝါး၍ ဆုံးဖြတ်တော်မူပြီး ပုဂ္ဂလိကပိုင် မိမိပစ္စည်းအားလုံးကို အတ္တဟိတ၊ ပရဟိတအကျိုးငှာ အများသုံးစွဲနိုင်စေရန် တိုင်းသူပြည်သူ ဆင်းရဲသားတို့အား ဝေခြမ်းပေးမျှ၍ တောထွက်ကာ တရားရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အရေအတွက်မှ အရည်အချင်းသို့

သူသည် ပေးကမ်းမှု၊ ဝေခြမ်းမျှတမှုလုပ်ငန်းဖြင့် ဒါနပါရမီတွေကို များသည်ထက်များအောင် စုဆောင်းသည်။ ကိုယ်ကျင့်တရားကို အကောင်းဆုံးပြုပြင်၍ သီလပါရမီ ပြည့်သည်ထက်ပြည့်အောင် ဖြည့်တင်းသည်။ အပျော်အပါးလျှော့၍ လောဘသတ်မှုစသည်ဖြင့် နေက္ခမပါရမီတွေကိုလည်း ဖြည့်ကျင့်သည်။ နားထောင်ခြင်း၊ ကြိစည်ခြင်း၊ မေးမြန်းခြင်း၊ သူတစ်ပါးအား သင်ကြားပေးခြင်း စသည်ဖြင့် ပညာပါရမီကိုလည်း တိုးတက်စေသည်။

ဤသို့ဖြင့် ဘဝအမျိုးမျိုးပြောင်းကာ ပါရမီအရေအတွက်တို့ကို စုဆောင်းလာလိုက်သည်မှာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပင် ကြာသွားသည်။ ထိုအရေအတွက်တို့သည် လုံလောက်သောအဆင့်သို့ ဆိုက်ရောက်လာလေရာ မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့နံနက်၌မှ ပုထုဇဉ်မှ အရိယာအရည်အချင်းသို့ တစ်မုဟုတ်ခြင်း ပြောင်းလဲသွားလေတော့သည်။ ဤသည်ကား သစ္စာလေးရပ်ကို ထိုးထွင်းသိမြင်ပြီး သဗ္ဗညုတဉာဏ်ကြီးသခင် ဘုရားရှင်ဖြစ်လာခြင်းပေတည်း။

**(မှတ်ချက်)။** ။*သဗ္ဗညုတဉာဏ်တော်ကိုဖြစ်စေ၊ အရဟတ္တဖိုလ်ဉာဏ်တော်ကိုဖြစ်စေ၊ နိဗ္ဗာနဓာတ်ကိုဖြစ်စေ 'ဆင့်သီးစစ်'ယူသင့်၏။*

ဤအချက်ကိုထောက်ထားလျှင် ဒိုင်ယာလက်တစ်ခ်နည်းသည် နာနာနယ-နည်းအမျိုးမျိုးစုံလင်သော၊ နိပုဏ- လွန်စွာလည်းသိမ်မွေ့သော၊ ဂမ္ဘီရ- နက်ရှိုင်းမှုအတိလည်းရှိသော ပိဋကတ်သုံးပုံတည်းဟူသော၊ သမုဒ္ဒြာ- ရတနာဘဏ်တိုက်ကြီးမှ ကျောက်ကောင်းတစ်လုံးဖြစ်ကြောင်း မှတ်သားအပ်ပေတော့သည်။

**အမှာ။** ။*ထိုကျောက်ကောင်းထက် အရည်အသွေးသာသော ကျောက်မြတ်မင်းတို့မှာလည်း ကြွားဝင့်တည်ရှိနေသည်ကိုမူ အထူးပြောစရာပင်မလိုချေ။*

## ကာလ်မာ့ခ်စ်နှင့် ဒိုင်ယာလက်တစ်ခ်

ဤဒိုင်ယာလက်တစ်ခ်သဘောသွားကို ကာလ်မာ့စ်သည် သူ၏(ဒြပ်ရုပ်)ဝါဒတွင် ဖြည့်စွက်လက်ခံကြောင်းပြဆိုခဲ့၏။ ဒိုင်ယာလက်တစ်ခ်နည်းကို သူသည် ဟီဂဲလ်ထံမှရရှိသည်ဟုဆိုသင့်၏။ ဟီဂဲလ်၏ဝါဒကား ဒိုင်ယာလက်တီကယ်လ် အိုင်ဒီးယားလစ်ဇင်း(Idealism)ဖြစ်သည်။ လူသားတို့၏စိတ်ကူးဉာဏ် တိုးတက်ဆန်းကြယ်လေတိုင်း ထိုစိတ်၏ကျက်စားရာ အရာဝတ္ထုများလည်း တိုးတက်ဆန်းကျယ်လာသည်ဟူသော ဝါဒပေတည်း။

မာ့ခ်စ်သည် သူ့ဘဝအစိတ်အပိုင်းတွင် ဟီဂဲလ်၏ဝါဒကို လက်ခံဟန်တူ၏။ ၁၈၄၁ ခုနှစ်အတွင်း မာ့ခ်စ်၏အရေးအသားများတွင် အိုင်ဒီယာလစ်ဇင်းသဘောများပါဝင်နေပုံက အထက်ပါယူဆချက်ကို ခိုင်မြဲစေသည်။ ၁၈၄၂-ခုနှစ်တွင် ဖူးဝါးဘက်စ်ဆိုသူ၏ ရီဖောင်းမ်ဒါဖီလိုဆိုဖီ ဟူသောဆောင်းပါးကိုဖတ်ပြီးမှ အိုင်ဒီယာလစ်ဇင်းကို

www.burmeseclassic.com

www.burmeseclassic.com



စွန့်ပယ်လိုက်ပြီး မတီးရီးယယ်လ်လစ်ဇင်းကို ကူးပြောင်းလက်ခံလိုက်လေသည်။

**(မှတ်ချက်)။** ။*ဗုဒ္ဓ၏ အနတ္တဝါဒကား ပညာသိ၊ ခန္ဓာသိ၊ ပဋိဝေဓသိ ဖြစ်၍ဖောက် ပြန်ပြောင်းလဲယိမ်းယိုင်ခြင်းမရှိဘဲ(၁၅၀၀) ကိုလေသာတို့ကိုအမြစ် ပြတ်ပယ်သတ်နိုင်ခြင်းဖြစ်၏။ ကာလ်မာ့ခ်စ်နှင့်တကွ ကျန် အတွေး အခေါ်ပညာရှင်တို့ တီထွင်သောဝါဒများသည်ကား သညာသိ၊ စာသိ၊ ဗဟုသုတသိဖြစ်၍ မကြာခဏ ပြုပြင်ပြောင်းလဲနေရပြီးကိလေသာ တစ်ပေါက်မျှ မပယ်သတ်နိုင်ခဲ့သည်ကို အထူးသတိပြုသင့်၏။*

'ကိုယ်က စိတ်ကိုပြုလုပ်သည်၊ စိတ်သည် ကိုယ်၏ပြုသမျှ ခံရသည်၊ ကိုယ်ကြောင့် စိတ်ဖြစ်ပေါ်လာရသည်။ ကိုယ်(ရုပ်ဒြပ်)သည်သာ ပဓာနဖြစ်သည်'ဟု ခံယူသောဝါဒမှာ မတီးရီးယယ်လ်လစ်ဇင်းဖြစ်၏။

**အမှာ။** ။*ဖွးဝါးဘတ်ခ်၏ မတီးရီးယယ်လ်လစ်ဇင်း (Materialism)နှင့် မာ့ခ်စ်၏ မတီးရီး ယယ်လ်လစ်ဇင်း နည်းနည်းကွာသည်။ ထိုဝါဒတွေကို လက်ရှိခေတ်တွင် အရေးအသား များနေကြ၍ အကျယ်မပြုပြီ။*

မာ့ခ်စ်သည် ဒိုင်ယာလက်တစ်ခ်နည်းကိုဎင်း၊ ဖွးဝါးဘက်ခ်၏ မတီးရီးယယ်လ် လစ်ဇင်းကို ပြုပြင်သုံးသပ်၍ဎင်း ထိုနှစ်ရပ်ကိုပေါင်းစပ်က 'ဒိုင်ယာလက်တီကယ်လ် မတီးရီးယယ်လ်လစ်ဇင်း'ကို ထူထောင်လေသည်။

အရာဝတ္ထုတိုင်းသည် ဆန့်ကျင်ဘက်များမှတစ်ဆင့် အမြဲတမ်း ပြုပြင်ပြောင်း လဲတိုးတက်နေခြင်းဆိုင်ရာ ဒြပ်ဝတ္ထု(ကိုယ်)သည်သာ ပဓာနဟူသောဝါဒမျိုးတည်း။

**အမှာ။** ။*ဤတွင် ရုပ်ဟူသော ဗုဒ္ဓဘာသာမူပိုင်စကားလုံးကို အမှန်အကန်ယူဆပြီး မသုံးနှုန်းသင့်။ ရုပ-ရုပ်ဟူသည်မှာ ဖောက်ပြန်မှုသဘောတရား သက်သက်ဖြစ် ၏။ ဒြပ်မရှိ အဏုမြူမျှ ကိုယ်ထည်မရှိပေ။ မတီးရီးယယ်လ်ကား ထိုသို့မဟုတ် ပေ။ ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်နှင့်မတူပေ။ သဏ္ဌာန်, ဒြပ်ရှိရသည်။*

## လောကဓာတ်သိပ္ပံခရီး

မာ့ခ်စ်၏အယူကို သူ့ခေတ်ကသိပ္ပံပညာဖြင့် တွေ့ရှိချက်များက ညာသံပာစ် ကြွေး၍ ထောက်ခံချက်ပေးခဲ့လေသည်။ မာ့ခ်စ်ခေတ်တွင် လောကဓာတ်နည်းဖြင့် သက် ရှိသက်မဲ့ အရာဝတ္ထုများကို ခွဲခြမ်းစိတ်ဖြာ ကြည့်ရှုရာ အက်တမ်ဆိုသော အဏုမြူအထိ တွေ့ရှိရလေသည်။ ယင်းသို့ သိပ္ပံပညာရှင်တို့၏ လက်တွေ့-တွေ့ရှိချက်များအရ မာ့ခ်စ် ဝါဒသည် ပိုမိုအားရှိသွားလေသည်။

လောကတွင် (ဆိုပါတော့)ရုပ်ဒြပ်သာ အရင်းခံအကျဆုံးဖြစ်သည်ဟု ထင် မှတ်စရာကြီးဖြစ်သွားလေသည်။ ထိုအဏုမြူတွေပေါင်းစပ်ပြီး ကမ္ဘာကြီးဖြစ်လာသည်။ တော၊ တောင်၊ ရေ၊ မြေဖြစ်လာသည်။ လူတွေ၊ တိရစ္ဆာန်တွေဖြစ်လာသည်။ ယင်းသို့ အဏုမြူအမာခံများစုပေါင်းမိ၍ လူ၊ ခွေး စသည်ဖြစ်လာမှ သိခြင်း၊ ခံစားခြင်း စသည့်

www.burmeseclassic.com

www.burmeseclassic.com



နာမ်ပိုင်းဆိုင်ရာသတ္တိထူးတွေ နောက်မှပါဝင်လာသည်ဟုဆို၏။

ထို့ကြောင့် မာ့ခ်စ်၏ ဒြပ်ဝတ္ထု(ဆိုပါတော့)ရုပ်သာပဓါနဟူသော ဝါဒဟာ မှန်သပေ့ဟု ထပြီး မပာစ်ဘဲမနေနိုင်လောက်အောင် မာ့ခ်စ်တို့လူစု အားတက်သွားကြသည်။ အမှန်ကလည်း သိပ္ပံပညာရှင်နှင့် တွေးခေါ် မြော်မြင်ရေး ဖီလိုဆိုဖီပညာတို့သည် ခြေနှစ်ချောင်းကောင်းပြီး စုံလုံးကန်းနေသူနှင့် မျက်စိကောင်းပြီး ခြေနှစ်ချောင်းကျိုးနေရှာသူနှစ်ဦးကဲ့သို့ တစ်ဦးကိုတစ်ဦး အမှီသဟဲပြု၍ လိုရာခရီးရောက်အောင် ချီတက်နေကြရသည်မဟုတ်ပါလော။

သို့သော်ငြားလည်း သိပ္ပံပညာသည် လူသားတို့၏ လုံ့လ,ဝီရိယ၊ စိတ်ကူးဉာဏ်နှင့်အတူ တိုးတက်နေသည်။ ဤတိုးတက်မှုသည် အဏုမြူဝါဒကို အကြီးအကျယ် အကျပ်ရိုက်လာစေသည်။ ၁၈၉၅-ခုနှစ်လောက်ကစပြီး အဏုမြူဝါဒ(ရုပ်ဝါဒ)အတွက် ကံဆိုးမိုးမှောင်ကြီး ကျလာတော့သည်။ အကြောင်းသော်ကား ထိုနှစ်တွင် 'ဝီလ်ဟင်မ်ကွန်ရက်ရွှန့်ဂျင်'ဆိုသူက 'အိပ်က်စ်ရေး'(X-ray)ကို ရှာဖွေတွေ့ရှိခဲ့သည်။ ၁၈၉၆-ခုတွင် 'ဟင်န်ရီဘက်စ်ကွားရယ်လ်'ဆိုသူက ယူရေနီယံသတ္တု၏ ရေဒီယိုအက်ခ်တီ ဗစ်တီး (Radio Activity)ကို တွေ့ရှိသည်။

၁၈၉၇-ခုနှစ်၌ 'ဂျေဂျေသွန်မဆင်'(J.J. Thompson)ဆိုသူက 'အီလက်ခ်ထရွန်' (Electron)ကို ရှာ၍တွေ့လေသည်။ သွန်မဆင်တွေ့ရှိသော အီလက်ခ်ထရွန်သည် အက်တမ် (Actom)တို့ထဲတွင် အပေါ့ဆုံးဖြစ်သည်။ ဟိုက်ဒရိုဂျင် အက်တမ် (Hydrogen Actom)အောက် အဆပေါင်းနှစ်ထောင်လောက် ပေါ့နေသေးသည်ဟု ဆို၏။ ထို အီလက်ထရွန်ကို ဆက်လက်စမ်းသပ်ပြန်ရာ အီလက်ထရွန်တွင် အစိုင်အခဲဟူ၍ မရှိ။ အမှန်စစ်စစ် လျှပ်စစ်ဓာတ်အားကြောင့် ဖြစ်ပေါ်နေခြင်းမျှသာဖြစ်ကြောင်း သွန်မဆင်ကိုယ်တိုင် တွေ့ရှိပြန်လေသည်။

ဤတွေ့ရှိချက်သည် မက်တား(Matter)(ဝ်) အစိုင်အခဲရှိသည်ဟူသော ယူဆချက်ကို အမြစ်ကနုတ်ပြီး သုတ်သင်ပစ်လိုက်သည်ဟု ဆိုလိုက ဆိုနိုင်စေလေသည်။ ထို့နောက် လောကဓာတ်ပညာရှင် ကြူရီ(Cuzy)တို့ဇနီးမောင်နှံက 'ရေဒီယမ်ဓာတ်' (Radium)ကို တွေ့ရှိကြပြန်သည်။ ရေဒီယမ် (ဘီ)ရောင်ခြည်က အီလက်ထရွန်ဖြစ်လာပြီး ၎င်း(အေ)ရောင်ခြည်ကိုမူ ပရိုတွန်ဟူ၍ခေါ်ဝေါ်ကာ ဓာတ်မ,ဓာတ်ဖိုအဖြစ် သတ်မှတ်လိုက်ကြသည်။

၁၉၂၅-ခုနှစ်မှာမူ တစ်လောကလုံး၌ မက်တားဆိုသော ဒြပ်ဝတ္ထု (မြူရုပ်) အတုံးအခဲလုံးဝမရှိ။ အစစ်အမှန်သဘောတရား သဘာဝမျှသာရှိသည်။ မက်တား၊ အီလက်ခ်ထရွန်၊ ပရိုတွန် စသည်တို့သည် ပရမတ်သဘာဝ၏ ပညတ်ချက်များသာဖြစ်သည်ဟူသောဝါဒကို သိပ္ပံပညာရှင် ဘရော့ဒ်လီကိုယ်တိုင် ထုထောင်လိုက်ခြင်းအားဖြင့် အဏု(အက်တမ်)ဝါဒကို ဒုတိယမ္ဘိ ငြင်းဆိုလိုက်ပြန်လေသည်။

အကျဉ်းချုပ်သုံးသပ်ကြည့်လျှင် အဏုမြူ(အက်တမ်)သည် သက်ရှိသက်မဲ့

www.burmeseclassic.com

www.burmeseclassic.com



အရာဝတ္ထုများ၏ အန္တိမအမာခံမဟုတ်၊ တကယ့် အန္တိမအစစ်သည်ကား သဘာဝမဲ့ (သဘောတရားသာ)ဖြစ်၏ဟူသောအချက်ကို သိရပေသည်။ သို့ဖြစ်၍ အဏုမြူကို အခြေခံတည်ဆောက်ထားသော ဝါဒ၊ (ဝါ) ဒြပ်ဝတ္ထု (ရုပ်သာ)အရင်းခံဟု တွက်ဆ တင်ပြချက်၊ တွေးခေါ် ချက်များသည် လမ်းမဆုံးသေးဘဲ တိုးလိုးတန်းလန်း ဆန့်တငင် ငင် အမြင်များသာဖြစ်၍ ပြုပြင်တိုးတက်စေရန်လိုအပ်သေးကြောင်း သိနိုင်ပေသည်။

လောကဓာတ်သိပ္ပံပညာ တိုးတက်လာလေလေ၊ တစ်လောကလုံး၌ မတီးရီး ယယ်လ်၊ (ဝါ) မက်တား၊ (ဝါ) ဒြပ်ဝတ္ထုဟူ၍မရှိ၊ ပရမတ်သဘောတရားမျှ သက်သက် အန္တိမအနေဖြင့် ရှိသည်ဟူသော ဂေါတမမြတ်ဗုဒ္ဓ၏ဝါဒကို ပိုမိုဆင့်ကဲ၍ ထောက်ခံလာ လေလေဖြစ်ပေသည်။

**(မှတ်ချက်)။** ။*မာ့ခ်စ်ခေတ်ကမူ သိပ္ပံစွမ်းရည်ဖြင့် အဏုမြူ(အက်တမ်) ကိုသာ အန္တိမအနေဖြင့် တွေ့ရှိနေရသောကြောင့် သဘောတရားမျှသာ ရှိသည်ဟူသော ဗုဒ္ဓဘုရား၏ ဝါဒကိုသိလျှင် သိပ္ပံနှင့် မညီဘွတ် ဆိုပြီး ဝိုင်းပယ်ခဲ့လေမည်လော မပြောတတ်။*

## လူသေလူဖြစ်လူစု၏ အယူဝါဒသည် အဇိတကေသကမ္ဗလ၏ အယူဝါဒဖြစ်နေခြင်း

ဤအချက်ကို အထူးသဖြင့် အလေးအနက်ထောက်ထားကာ မျက်မှောက် ကာလတွင်လည်း လက်ရှိလောကဓာတ်ပညာဖြင့် လိုက်၍မမီသေးသော မြတ်ဗုဒ္ဓ၏ ဟောကြားချက်များကို အရမ်းကာရော အထင်မသေးသင့်ကြောင်း သင်ခန်းစာကောင်း ယူကြရပေမည်။

ဖော်ပြပါသုံးသပ်ချက်အရ လူသေလူဖြစ်တို့ ဆရာတင်ခဲ့သော အနောက် တိုင်း ဒဿနဆရာများ၏ အယူဝါဒများမှာ အမှားသက်သက်သာဖြစ်ကြောင်း ထင်ရှား ၏။ အံ့ဩစရာကောင်းသည်ကား မဟာဘုတ်ဓာတ်ကြီးလေးပါးတို့သည် မပျက်မစီး အမြဲတည်၏။ နာမ်တရားသည်သာ ပျက်စီးသည်ဟုယူသော လူသေလူဖြစ် လူစုနှင့် တကွ အနောက်တိုင်း ဒဿနဆရာအားလုံးတို့၏ အယူဝါဒသည် အသစ်အဆန်း မဟုတ်ဘဲ ဗုဒ္ဓနှင့် ဆန့်ကျင်ဘက် တိတ္ထိဆရာကြီး(၆)ဦးတွင်ပါဝင်သည့် အဇိတကေသ ကမ္ဗလ၏အယူဝါဒ အဟောင်းအဆွေးကြီးတစ်ခု ဖြစ်နေခြင်းပင်။

သီလက္ခန်ပါဠိတော်၊ သာမညဖလသုတ်၌ အဇိတကေသကမ္ဗလ၏ အယူ ဝါဒကို ဖော်ပြထားသည်မှာ-

'ပေးလှူခြင်းသည် မရှိ၊ ယာဇ်ပူဇော်ခြင်းသည် မရှိ၊
ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊
ဤလောကသည် မရှိ၊ တစ်ပါးသောလောကသည် မရှိ၊
အမိသည် မရှိ၊ အဖသည် မရှိ၊ သေ၍ တစ်ဖန်ပြန်ဖြစ်သော သတ္တဝါတို့

www.burmeseclassic.com

www.burmeseclassic.com



သည် မရှိကုန်။ ဤလောကကိုလည်းကောင်း၊ တစ်ပါးသော လောကကိုလည်းကောင်း၊ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်သော ဖြောင့်မှန်သော အရိယမဂ်သို့ရောက်သော၊ ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်။'

'ဤသတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေးသာဖြစ်၏။ သေသောအခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်၏။ ရေဓာတ်သည် ရေဓာတ်အစုသို့ ဆိုက်၏။ မီးဓာတ်သည် မီးဓာတ်အစုသို့ဆိုက်၏။ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်၏။ နာမက္ခန္ဓာတို့သည် ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏။ (ပျက်ကုန်၏ဟုဆိုလို) ညောင်စောင်းလျှင် ငါးခုမြောက်ဖြစ်သော ယောက်ျားတို့သည် သူသေကောင်ကိုယူ၍ သွားကုန်၏။ သင်္ချိုင်းတိုင်အောင် သူသေကောင်တို့သည် ထင်ကုန်၏။'

'အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏။ အလှူတို့သည် ပြာအဆုံး ရှိကုန်၏။ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထားကုန်၏။ အချို့သူတို့သည် ပေးလှူခြင်းစသည်တို့၏ အကျိုးတရားများရှိကြောင်း ဟောပြောကုန်၏။ ထိုသူတို့၏ စကားသည် အချည်းအနှီးဖြစ်၏။ မှားယွင်း၏။ ယောင်ယမ်းပြောဆိုသော စကားဖြစ်၏။ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲကုန်၏။ သေသည်မှ နောက်၌ မရှိကုန်။'

အဇိတကေသကမ္ဗလ၏အယူအရ-

> 'လောက၌ တကယ်တမ်း အရေးကြီးသည်မှာ ရုပ်တရားသာ ဖြစ်၏။ လူသည်ပင် ရုပ်တရားတို့၏ အစုအဝေးဖြစ်၏။ စိတ် ဆိုသည်မှာ ထိုရုပ်တရားတို့၏ဓာတ်ပေါင်း(သမဋ္ဌိ)အနေဖြင့် ပေါင်းစပ်ရာမှ ထွက်ပေါ်လာသည့် သတ္တိထူးတစ်မျိုးသာဖြစ်၏။ ကွမ်း၊ ကွမ်းသီး၊ ထုံးတို့ကို ဓာတ်ပေါင်း(သမဋ္ဌိ)အနေဖြင့် ပေါင်းစပ်လိုက်သောအခါ မူလကမရှိသည့် အနီရောင်ကွမ်းသွေးသည် ဖြစ်ပေါ်လာ၏။ ထိုနည်းအတူပင် ရုပ်တရားများကို ဓာတ်ပေါင်း (သမဋ္ဌိ) အနေဖြင့် ပေါင်းစပ်လိုက်ပါက စိတ်တရားသည် ဖြစ်ပေါ်လာရသည်' ဟူ၍ ဖြစ်၏။

လူသေလူဖြစ်လူစုသည် ဘုရားဟောပါဠိတော်များကို ကျော်ပြီး အင်္ဂလိပ်စာဖြင့် ရေးသားထားသော ဒဿနစာအုပ်ပင်လယ်တွင် မျောပါရင်းမှ ကာလ်မာ့လ်ခ်စ်၏ ရုပ်သည် မပျက်မစီး အမြဲတည်သည်ဟူသောဝါဒနှင့် ဒါဝင်၏ လူသည် မျောက်မှ ဆင်းသက်လာသည်ဟူသော ဝါဒနှစ်ခုကို ရောကျိုကာ 'လူသေလူဖြစ်'ဝါဒဆိုးကြီးကို တီထွင်မိခဲ့ခြင်းဖြစ်၏။ လူသေလူဖြစ်ဝါဒ တီထွင်သူနှင့် သူ၏အပေါင်းအပါများသည် အဘိဓမ္မာကို ဘုရားဟောမဟုတ်ဟုဆိုကာ ပစ်ပယ်ကြသည်။ လူသေလူဖြစ်ဝါဒ တီထွင် သူကျောင်းတွင် 'အဘိဓမ္မာနှင့်ပတ်သက်လာလျှင် သင်္ဂြိုဟ်ကျမ်းကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



လေ့လာခွင့် မပေးကြောင်း သခင်မြတ်ဆိုင်ရေးသည့် လူသေလူဖြစ်ပြဿနာစာအုပ်'တွင် ဖတ်ရသည်။

## အဘိဓမ္မာသည် ဘုရားဟောမဟုတ်ဟု စွပ်စွဲမှုကို ဖြေရှင်းခြင်း

'အဘိဓမ္မာကို ဘုရားဟောမဟုတ်'ဟု လူသေလူဖြစ်လူစုတို့မှ စွပ်စွဲကြခြင်းမှာလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတွေးခေါ်မိသောကြောင့်မဟုတ်ဘဲ၊ ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ်ဘာသာပြန်ကာ ကမ္ဘာသို့ဖြန့်နေသော ပါဠိစာပေပညာရှင် မစ္စစ် ရိုင်စ်ဒေးဗီးစ် ကြိုးဆွဲသည့်အတိုင်း နောက်က လိုက်ကနေခြင်းသာဖြစ်၏။ သူမသည် ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ်ဘာသာသို့ လုံးစေ့ပတ်စေ့ ဘာသာပြန်နိုင်ခဲ့သော်လည်း ဗုဒ္ဓဘာသာဖြစ်မသွားခဲ့ပေ။

ဗုဒ္ဓကို သာမန် အတွေးအခေါ်ပညာရှင်တစ်ယောက်အဖြစ်လောက်သာ မှတ်ယူထား၏။ ထို့ကြောင့်လည်း သူတို့ဉာဏ်မမီသော အဘိဓမ္မာ(၇)ကျမ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်သည့်အခါ ဘာသာပြန်စည်းကမ်းကိုဖောက်ပြီး သူတို့၏ ထင်မြင်ချက်များ ထည့်သွင်းရေးသားခဲ့၏။

စာအုပ်တစ်အုပ်ကို ဘာသာပြန်သည့်အခါ မူရင်းစာရေး ဆရာ၏ အာဘော်ကျအောင် အတိအကျပြန်ဆိုရမည်ဖြစ်၏။ မိမိထင်မြင်ချက်များကို ထည့်သွင်းပြန်ဆိုခွင့်မရှိချေ။ သာမန်စာရေးဆရာတို့၏စာအုပ်ကို ဘာသာပြန်ရာ၌ပင် ယင်းစည်းကမ်းကို လိုက်နာရ၏။ ဘုရားဟောပါဠိတော်များကို ဘာသာပြန်ရာ၌ကား ပြောဘွယ်ရာပင် မလိုတော့ပေ။ သူမတို့ကား ယင်း စည်းကမ်းချက်ကို ဖောက်ဖျက်ပြီး 'အဘိဓမ္မာသည် ဘုရားဟောမဟုတ်နိုင်'ဟု ထည့်သွင်းရေးသားပြန်ဆိုခဲ့၏။

သူတို့၏ အကြောင်းပြချက်ကား ဝိနည်းပါဠိတော် သင်္ဂါယနာတင်ခန်းတွင် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်သည်ဟုသာ ပါသည်၊ အဘိဓမ္မာဟူ၍ မပါ၊ ထို့ကြောင့် အဘိဓမ္မာသည် ဘုရားဟောမဟုတ်နိုင်၊ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသက သူကိုယ်တိုင်ရေးသောစာကို ဘုရားဟော နာမည်တပ်ထားခြင်းဖြစ်သည်ဟု ကွန့်လိုက်သေး၏။ ဓမ္မနှင့် ဝိနယဟုသာပါ၍ အဘိဓမ္မာမပါသောကြောင့် အဘိဓမ္မာကို ဘုရားဟောကျမ်းမဟုတ်ဟု စွပ်စွဲခြင်းမှာ ဘုရားဟောကျမ်းဂန်များကို သေးသိမ်အောင်လုပ်ခြင်းပင်ဖြစ်၏။

အမှန်အားဖြင့် ဓမ္မသဒ္ဒါထဲတွင် သုတ္တန်နှင့် အဘိဓမ္မာ နှစ်မျိုးလုံးပါသွားပြီးဖြစ်၏။ စကားကျဉ်းစေခြင်းငှာ သုတ္တန်နှင့် အဘိဓမ္မာကို ဓမ္မသဒ္ဒါတစ်ခုတည်းဖြင့် ပြထားခြင်းဖြစ်၏။ ဘုရားရှင်ကိုယ်တိုင် ထိုကဲ့သို့ အကျဉ်းချုံးဟောတတ်ပုံ အထောက်အထားတစ်ခုကို တင်ပြအံ့။ ဥဒါန်းပါဠိတော်၊ ဗာဟိယသုတ်တွင် ဗာဟိယဒါရုစီရိယ အမည်ရှိသော လူထူးလူဆန်းကြီးကို တစ်ထိုင်တည်း ရဟန္တာဖြစ်စေသည့် ပါဠိတော်တစ်ခုကို ဟော၏။ ထိုပါဠိတော်ကား-

www.burmeseclassic.com

www.burmeseclassic.com



'တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ ဧဝံ တေ ဗာဟိယ သိက္ခိတဗ္ဗံ။'

ဗာဟိယ၊ သင်သည် ရဟန္တာဖြစ်ရန် ဤသို့ ကျင့်ကြံအားထုတ်ရမည်။ အဆင်းမျိုးစုံ ရူပါရုံ၌ လောဘ၊ ဒေါသမဖြစ်စေဘဲ မြင်ကာမတ္တ သဘောထားရမည်။ အသံမျိုးစုံ သဒ္ဒါရုံ၌ လောဘ၊ ဒေါသမဖြစ်စေဘဲ ကြားကာမတ္တ သဘောထားရမည်။ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၌ လောဘ၊ ဒေါသမဖြစ်စေဘဲ နံကာမတ္တ၊ စားကာမတ္တ၊ ထိကာမတ္တ သဘောထားရမည်။ စိတ်ဖြင့်သိအပ်သော ရုပ်နာမ်မျိုးစုံဓမ္မာရုံ၌ လောဘ၊ ဒေါသမဖြစ်စေဘဲ သိကာမတ္တ သဘောထားရမည်။ ဗာဟိယ- သင်သည် ဤသို့ကျင့်ကြံရမည်။

ဤပါဠိအဆုံးမှာပင် ဗာဟိယသည် ရဟန္တာဖြစ်တော်မူခဲ့သည်။ ဤပါဠိတော်၌ ဒိဋ္ဌေ-ဒိဋ္ဌမတ္တံဖြင့် မျက်စိဖြင့်မြင်အပ်သော ရူပါရုံကိုပြ၏။ သုတေ-သုတမတ္တံဖြင့် နားဖြင့် ကြားအပ်သော သဒ္ဒါရုံကိုပြ၏။ မုတေ-မုတမတ္တံဖြင့် နှာခေါင်းဖြင့် နမ်းရှူသော ဂန္ဓာရုံ၊ လျှာဖြင့်လျက်သော ရသာရုံ၊ ကိုယ်ဖြင့် ထိတွေ့သော ဖောဋ္ဌဗ္ဗာရုံ သုံးမျိုးကို ပေါင်းပြသည်။ ဝိညာတေ-ဝိညာတမတ္တံဖြင့် စိတ်ဖြင့်သိအပ်သော ဓမ္မာရုံကိုပြသည်။

ဤ၌ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံသုံးမျိုးကို ပါဠိတစ်ပုဒ်စီ ထည့်သွင်း မဟောခဲ့ပေ။ မုတ သဒ္ဒါတစ်ခုတည်းဖြင့် ပေါင်းဟောခဲ့သည်။ မစ္စစ်ရိုင်း(စ်)ဒေးဗီးစ်တို့ အလိုအရဆိုလျှင် ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံတို့သည် ဘုရားဟောမဟုတ်၊ နောက်ပုဂ္ဂိုလ်များက ထည့်ရေးထားပြီး ဘုရားဟော နာမည်တပ်ထားခြင်းဖြစ်သည်ဟု စွပ်စွဲကြဦးမည်လောမသိပေ။ မုတ-သဒ္ဒါဖြင့် ဂန္ဓ၊ ရသ၊ ဖေါဋ္ဌဗ္ဗတို့ကို သိမ်းယူသကဲ့သို့ ဓမ္မ-သဒ္ဒါဖြင့်- သုတ္တန်နှင့် အဘိဓမ္မာကို ပေါင်းယူကြောင်း သိနိုင်ပေပြီ။

အပါဒါန်ပါဠိတော်သည် ဘုရား၊ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာများက သူတို့၏ အတ္ထုပ္ပတ္တိများကို ကိုယ်တိုင်ပြန်ဟောထားသော အတ္ထုပ္ပတ္တိစာပေမျိုးဖြစ်၏။

## အပါဒါန်ပါဠိတော်ကို ဘုရားဟောမဟုတ်ဟု စွပ်စွဲကြခြင်း

ဂါထာများသာ အများဆုံးပါ၏။ ဂါထာတစ်ဂါထာတွင် 'ကထာဝတ္ထု'ဟူသော စကားတစ်လုံးပါ၏။ ထို ကာဝတ္ထုဟူသော စကားကြောင့် အပါဒါန်ပါဠိတော်သည်လည်း ဘုရားဟောမဟုတ်ဟု စွပ်စွဲကြပြန်၏။ ကထာဝတ္ထုဟူသော စကားပါရုံနှင့် အဘယ်ကြောင့် ဘုရားဟောမဟုတ်ဟု စွပ်စွဲရသနည်း။ အဘိဓမ္မာ (၇)ကျမ်းရှိ၏။ ယင်းတို့ကား-

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မသင်္ဂဏီ၊ ဝိဘင်း
ဓာတုကထာ၊ ပုဂ္ဂလပညတ်
ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းကျမ်းတို့ပင်ဖြစ်၏။

ထို(၇)ကျမ်းတွင် ကထာဝတ္ထုကျမ်းကား တတိယသင်္ဂါယနာတင်ခေါင်းဆောင် မထေရ်ကြီး အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ဟောကြားထားသော တရားများဖြစ်၏။ တတိယသင်္ဂါယနာမတင်မီ အချိန်ကာလက ဘာသာခြား တိတ္ထိတို့သည် ဝမ်းရေးကို အကြောင်းပြု၍ ဗုဒ္ဓသာသနာအတွင်းသို့ ရဟန်းအဖြစ် ဝင်လာကြပြီး သူတို့၏ အယူဝါဒများကို ဗုဒ္ဓအယူဝါဒဟု နာမည်တပ်ပြီး ဟောကြားပြသ,ကြသဖြင့် ဗုဒ္ဓသာသနာတွင် အယူဝါဒ ရှုပ်ထွေးပွေလီမ်လျက်ရှိကုန်တော့၏။

တိတ္ထိတို့၏အယူဝါဒနှင့် ဗုဒ္ဓ၏အယူဝါဒ မည်သို့မည်ပုံ ကွာခြားပုံကို အကျယ်ချဲ့ပြီးဟောသောကျမ်းကို ကထာဝတ္ထုကျမ်းဟုခေါ်သည်။ ဗုဒ္ဓ၏ အယူဝါဒသန့်ရှင်းရေးနှင့်ပတ်သက်၍ အသက်တမျှ အရေးကြီးလှသောကြောင့် ဘုရားဟောကဲ့သို့ အလေးထားပြီး သင်္ဂါယနာဝင်ကျမ်းအဖြစ် အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

မိလိန္ဒပဥှာကျမ်းသည်လည်း အရှင်နာဂသိန်နှင့် မိလိန္ဒမင်းကြီးတို့၏ အမေးအဖြေများပင်ဖြစ်၏။ သာသနာအတွက် ကျေးဇူးများသဖြင့် ကထာဝတ္ထုကျမ်းကဲ့သို့ သင်္ဂါယနာဝင်ကျမ်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ ထိုနှစ်ကျမ်းလုံးကို ဘုရားဟောကျမ်းကဲ့သို့ လေးစားခဲ့ကြသည်။ ဘုရားဟောကျမ်းဟူ၍ကား နာမည်လိမ်မတတ်ကြပါ။ စာအုပ်သမိုင်းအကြောင်းကို အမှန်အတိုင်းပင် ရေးထားသည်။

အရှင်မောဂ္ဂလိပုတ္တတိဿဟောကြားသောကျမ်းက ကထာဝတ္ထုဖြစ်နေသောကြောင့် အပါဒါန်ပါဠိတော်တွင် ကထာဝတ္ထုဟူသောစကားကို တွေ့သည်နှင့် ဘုရားဟောမဟုတ်ဟု စွပ်စွဲကြတော့ခြင်းဖြစ်၏။

အပါဒါန်ပါဠိတော်၌ပါသော ကထာဝတ္ထုသဒ္ဒါသည် ကထာဝတ္ထုကျမ်းကို ဟောသည်မဟုတ်၊ စကားဆိုသောအနက်ကိုသာ ဟောခြင်းဖြစ်သည်။ မစ္စစ်ရိုင်း(စ်) ဒေးဗီးစ်သည် ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်၏။ ထို့ကြောင့် အတ္တကောင်ခေါ် ဝိညာဉ်ကောင်ကို အလွန်စွဲလမ်းယုံကြည်၏။ ဗုဒ္ဓ၏တရားတော်များကို အင်္ဂလိပ်ဘာသာပြန်ရန်အတွက် လေ့လာသောအခါ သူလက်ခံယုံကြည်နေသော အတ္တကောင်မရှိကြောင်း မကြာခဏတွေ့နေရ၏။

သူမသည် လုပ်ငန်းသဘောအရသာ အတ္တကောင်မရှိကြောင်း ဟောကြားသည့် သုတ္တန်အချို့နှင့် အဘိဓမ္မာတရားများကို ဘာသာပြန်နေရသော်လည်း သူမယုံကြည်နေသော အနန္တဝိညာဉ်တော်ကို ထိခိုက်သည့်တရားများဖြစ်၍ လုံးလုံးမကျေနပ်။ ထို့ကြောင့် အင်္ဂလန်တွင် သာသနာပြုကြွနေသော အရှင်သေဋ္ဌိလဆရာတော်ကြီးကို ယခုလိုလျှောက်ထားဖူး၏။

'ဆရာတော်တို့ကသာ အဘိဓမ္မာတရားတွေဟောကြားတိုင်း ရုပ်နာမ်ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



ဟာ အနတ္တ၊ ငါကောင်မရှိဘူးလို့ ဟောနေကြတာ၊ ဘုရားရှင်ကိုယ်တိုင်ကတော့ အတ္တသမားကြီးပါ၊ ဓမ္မပဒမှာ-'

'အတ္တာဟိ အတ္တနော နာထော

ကောဟိ နာထော ပရောသိယာ၊

အတ္တကိုသာလျှင် ကိုးကွယ်ရမယ်၊ အတ္တမှတစ်ပါး ကိုးကွယ်အားထားရာမရှိ' လို့ ဟောတော်မူထားတယ်မဟုတ်လားဘုရား'

ထိုအခါ ဆရာတော်က 'ထိုဂါထာ၌ပါသော အတ္တ-သဒ္ဒါသည် အတ္တကောင်၊ ဝိညာဉ်ကောင်ကို ဟောသည်မဟုတ်။ မိမိကိုယ်ကိုသာ ဟောသည်။ မိမိကိုယ်ကိုသာ အားကိုး၊ သူတစ်ပါးကို အားမကိုးနှင့်ဟု ဆိုလိုခြင်းဖြစ်ကြောင်း' ရှင်းပြခဲ့၏။ ဤအတွေ့အကြုံအရဆိုလျှင် သူမသည် တချို့ အင်္ဂလိပ်ဘာသာပြန် ဗုဒ္ဓကျမ်းဂန်များတွင် သူမ၏ အယူအဆအတိုင်း ဗုဒ္ဓကို အတ္တသမားအဖြစ် ရေးချင်ရေးမည်သာဖြစ်၏။

ထိုကဲ့သို့ ဝိပဿနာအခြေခံ ဉာဏ်လည်းမရှိ၊ ဘာသာခြားလည်းဖြစ်နေသော သူမတို့လိုပုဂ္ဂိုလ်များ၏ အင်္ဂလိပ်ဘာသာပြန် ပိဋကတ်များကို ဖတ်ရှုရသောသူများသည် ငါစွဲအတ္တမပြုတ်သည့်အပြင် ပိုလို့သာ ငါစွဲအတ္တ ကြီးလာနိုင်ပေသည်။ တခြားဘာသာ ခြားများကိုအသာထား၍ ဗုဒ္ဓဘာသာရဟန်းတစ်ပါးဖြစ်သော လူသေလူဖြစ်တီထွင်သူ သည်ပင် သူမတို့၏ အင်္ဂလိပ်ဘာသာပြန် ပိဋကတ်များကို ဖတ်၍ အဘိဓမ္မာကိုပယ်ကာ လူသေ လူဖြစ်ဝါဒဆိုးကြီးကို ထူထောင်သူအဖြစ်သို့ သက်ဆင်းခဲ့ ရသည်မဟုတ်ပါလော။

ထို့ကြောင့် ဗုဒ္ဓဘာသာစစ်စစ်လည်း ဖြစ်၊ ဝိပဿနာအခြေခံလည်းရှိသော မြန်မာများကိုယ်တိုင် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်ကို အင်္ဂလိပ်ဘာသာပြန်၍ ကမ္ဘာသို့ ဖြန့်နိုင်အောင် ကြိုးစားသင့်၏။

(မှတ်ချက်)။ ။*အခြားစာရေးဆရာများ ရေးသားသော စာအုပ်များစွာအနက်မှ ဆရာဆန်းလွင်၏ 'ရတနာသုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူတစ်ယောက်အကြောင်း' စာအုပ်ကြီးကို ပထမဆုံး အင်္ဂလိပ်ဘာသာပြန်ပြီး ကမ္ဘာသို့ ဖြန့်ဝေသင့်၏။ ထိုစာအုပ်ကြီးသာ အင်္ဂလိပ်ဘာသာဖြင့် ကမ္ဘာအနှံ့ ရောက်သွားမည်ဆိုလျှင် ဘာသာခြားများ မိမိတို့ဘာသာကို ဝေဖန်ဆန်းစစ်တတ်သော အတတ်ပညာမျက်စိ ပွင့်သွားကြမည်ကို မြင်ယောင်နေမိ၏။*

ဆာအက်ဒွင်အာနိုး၏ 'အာရှတိုက်၏အလင်းရောင်'ကဗျာစာအုပ်ထက်ပင် ဆရာဆန်းလွင်၏စာအုပ်က ဘာသာခြားများကို ပိုမိုဆွဲဆောင်နိုင်မည်ဆိုသည်ကို စာဖတ်များသူတစ်ယောက်၏ အတွေ့အကြုံအရ အလိုလိုသိနေ၏။ ထို့ကြောင့် စွမ်းနိုင်သူများက ပုဂ္ဂိုလ်ရေးရာကို ရှေ့တန်းတင်ပြီး မိမိတို့ကြည်ညိုသောသူများ၏ စာများလောက်ကိုသာကွက်ပြီး ဘာသာမပြန်ကြဘဲ ဓမ္မရေးရာကို ရှေ့တန်းတင်ပြီး ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဆန်းလွင်၏စာအုပ်ကြီးကို ရှေ့တန်းတင်ကာ အရေးတကြီး အင်္ဂလိပ်ဘာသာပြန်ပြီး ကမ္ဘာသို့ မြန်မြန်ဖြန့်သင့်ကြောင်း အကြံပြုရပေသည်။

## မြွေပွေးကိုခါးပိုက်ပိုက်သော မစ္စစ်ရိုင်း(စ်)ဒေးဗီး(စ်)

ရုပ်နာမ်ခန္ဓာကို ငါမဟုတ်ဘဲနှင့် ငါဟုယူဆခြင်းသည် မြွေပွေးကို ခါးပိုက်ပိုက်ခြင်းနှင့် အတူတူပင်ဖြစ်၏။ မစ္စစ်ရိုင်း(စ)ဒေးဗီးစ်သာမဟုတ်၊ အန္ဓပုထုဇဉ်တိုင်း ရုပ်နာမ်ခန္ဓာကို ငါဟု စွဲလမ်းယူဆကြသည်သာဖြစ်၏။ ထို မှားယွင်းသော အစွဲအလမ်းကြောင့်ပင် ပုထုဇဉ်တို့သည် အပါယ်သို့ကျကြရခြင်းဖြစ်၏။ ထိုအယူအစွဲကို အတ္တဒိဋ္ဌိဟုလည်းခေါ်၏။ သက္ကာယဒိဋ္ဌိဟုလည်း ခေါ်၏။ ထိုအယူအမှားကြောင့် ပုထုဇဉ်များ အပါယ်ကျရပုံကို လယ်တီဆရာတော်ဘုရားကြီးက -

> 'မိမိပြုခဲ့သော အပါယ်ချမည့် အကုသိုလ်ကံကိုပင် မိမိ၏ အတ္တထင်၍ ငါပြုမိလေခြင်း၊ ငါမိုက်ခဲ့လေခြင်း၊ ငါမှားခဲ့လေခြင်းဟု စွဲလမ်းလျက် ညည်းညူပူပန်၏၊ အကယ်၍ အနတ္တဉာဏ် ကောင်းကောင်းကြီးထင်မြင်သောကြောင့် ငါပြုခဲ့လေခြင်းဟူသော အစွဲအလမ်းကို လွှတ်နိုင်သည်ဖြစ်အံ့၊ ထိုအပါယ်ချမည့် အကုသိုလ်ကံသည် မိမိသန္တာန်သို့လိုက်၍ အကျိုးပေးခြင်းငှာ မစွမ်းနိုင်လတ္တံ့'
>
> 'ထိုသို့ကားမဟုတ်၊ မိမိသန္တာန်သို့ မလိုက်ချင်သော်လည်း မနေရအောင်၊ အကျိုးမပေးချင်သော်လည်း မနေရအောင် ငါပြုခဲ့မိသောကံ၊ ငါ၏ကံဟု အတင်းဆွဲငင်၍ သိမ်းပိုက်လေ၏၊ ထိုသို့ သိမ်း ပိုက်ခြင်းကြောင့် ထိုကံသည် အကျိုးမပေးချင် သော်လည်း မနေသာ၊ ပေးရလေ၏၊ သက္ကာယဒိဋ္ဌိရှိနေသော ပုထုဇဉ် သတ္တဝါသည် ဤမျှလောက်ပင် မိုက်မဲ၏'

ဟု သတိပေးရေးသားတော်မူခဲ့၏။ ကျွန်ုပ်၏မွေးရပ်ဇာတိဖြစ်သော အမရပူရမြို့ နန်းတော်ရာ စံပြကွက်သစ်ရပ်ကွက်တွင် မင်္ဂတားဖိုလ်တား အန္တရာယ်ငါးပါးဖြေဖျောက်နည်းတရားကို ဟောကြား၏။ ထိုတရားတော်ထဲတွင် ငါစွဲ သက္ကာယဒိဋ္ဌိ (သို့) အတ္တဒိဋ္ဌိပြုတ်သည်နှင့် အပါယ်မလားပုံအကြောင်း ဟောကြားခဲ့ရာ ထို အကြောင်းအရာနှင့် ပတ်သက်၍ ယောဂီတိုင်းသိသင့်သော ဝိပဿနာမေးခွန်း တစ်ခုကို ကျွန်ုပ်၏ ညီဖြစ်သူ မောင်စိုးတင့်မှ လာရောက်မေးမြန်းခဲ့၏။

သူ၏ မေးခွန်းကား -

'ဆရာတော်ရဲ့တရားအရ တရားမသိတဲ့ အန္ဓပုထုဇဉ်တွေမှာတော့ ခန္ဓာငါးပါးကို ငါလို့ အယူမှားတဲ့ အတ္တဒိဋ္ဌိရှိတဲ့အတွက် လောဘနဲ့သေရင် ပြိတ္တာဘုံရောက်တယ်၊ ဒေါသနှင့်သေရင် ငရဲဘုံကိုရောက်တယ်၊ မောဟနဲ့သေရင် တိရစ္ဆာန်ဘုံ ရောက်တယ်လို့သိရပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'သောတာပန်တည်ပြီးတော့ အတ္တဒိဋ္ဌိကို အမြစ်ပြတ်ပယ်သတ်ပြီးတဲ့ ဝိသာခါ ကျောင်းအမကြီးတို့ မုဆိုးကတော် စူဠဝိသာခါတို့မှာကျတော့ လင်တို့သားတို့ အပေါ်မှာ စွဲလမ်းတဲ့ လောဘမာတ်တွေရှိတယ်၊ ဒါပေမယ့် သေတဲ့အခါ ပြိတ္တာဘုံကို မကျဘူး၊ ကျောင်းအမကြီးဝိသာခါဆိုရင် မြေးလေးတစ်ယောက်သေတာနဲ့ ပူဆွေးငိုကြွေးရတယ်၊ ပူဆွေးတာဟာ သောကပါ၊ သောကဟာ ဒေါသပါပဲ၊ သို့သော် ဒီ ဒေါသက သူတို့ သေတဲ့အခါ ငရဲကိုချနိုင်စွမ်း မရှိခဲ့ပါဘူး၊ လင်တို့ သားတို့ဆိုတာ တကယ်မရှိတဲ့ ပညတ်တရားတွေပါ၊'

'မရှိတဲ့တရားတွေကို ရှိတယ်လို့ အထင်မှားတာဟာ မောဟပါပဲ၊ ဒီမောဟကလည်း သူတို့သေတဲ့အခါ တိရစ္ဆာန်ဘုံကို ဆွဲမချနိုင်ပါဘူးလို့ ဆရာတော်ဟောခဲ့ပါတယ်၊ တပည့်တော်သိချင်တာက အတ္တဒိဋ္ဌိကိလေသာ သေသွားရုံနဲ့ အပါယ်တံခါး ဘာကြောင့် ပိတ်သွားရတာလဲဆိုတာကို သိချင်တာပါဘုရား' ဟု မေးလျှောက်လာ၏။

ကျွန်ုပ်မှ ညီတော်မောင် မောင်စိုးတင့်၏ မေးလျှောက်မှုအား-

'အပါယ်ကျတယ်ဆိုတာ အကြွေးဆပ်ရတာပဲ၊ အကြွေးယူတဲ့အခါ ဘယ်နေ့က ဘယ်လောက်ဖိုး အကြွေးယူတယ်၊ ယူသူ-မောင်ဘယ်သူဆိုပြီး စာချုပ်မှာ လက်မှတ်ရေးထိုးရတယ်၊ မြန်မာတောင်သူလယ်သမားတွေ ကိုယ့်ရှိတဲ့ လယ်လေး ချစ်တီးထံ ထိုးအပ်လိုက်ရတာဟာ အဲဒီ အကြွေးစာချုပ်ကြောင့်ပဲပေါ့၊ အခုလည်း ပုထုဇဉ်ဟာ မိုက်မဲတဲ့ အတိတ်ဘဝအဆက်ဆက်က သူ့အသက်ကိုသတ်တဲ့အခါ ငါ သတ်တာ၊ ငါ အပါယ်သွားမယ်ဆိုတဲ့ လက်မှတ်ကို ထိုးတယ်'

'သူ့ဥစ္စာကို ခိုးတဲ့အခါမှာလည်း ငါခိုးတာ၊ ငါ အပါယ်သွားမယ်ဆိုတဲ့ လက်မှတ်ကိုထိုးတယ်၊ သူများမယား စော်ကားတဲ့အခါမှာလည်း ငါစော်ကားတယ်၊ ငါ အပါယ်သွားမယ်ဆိုတဲ့ လက်မှတ်ကို ထိုးတယ်၊ ဖောက်ပြန်တဲ့သဘောတရားရှိတဲ့ ရုပ်နဲ့ အာရုံကို သိတတ်တဲ့ သဘောတရားရှိတဲ့ နာမ်ကို ငါလို့အယူမှားတာဟာ အတ္တဒိဋ္ဌိပဲ၊ အပါယ်သွားမယ့်စာချုပ်မှာ ငါလုပ်တာဆိုတဲ့ လက်မှတ်ကိုထိုးတာပဲ၊ ဒီ အပါယ်သွားမယ့် လက်မှတ်၊ ငါစွဲအတ္တဒိဋ္ဌိ ကိလေသာစာချုပ်ကို ဖျက်ဆီးပစ်လိုက်တာဟာ သောတာပတ္တိမဂ်ပဲ'

'လက်မှတ်ထိုးထားတဲ့ အကြွေးစာချုပ် ပျက်စီးသွားရင် ဒီအကြွေးတွေကိုဆပ်ဖို့ မလိုတော့သလို၊ အတိတ်ဘဝ သံသရာအဆက်ဆက်က ငါ-လက်မှတ်ထိုးပြီး ယူခဲ့တဲ့ အပါယ်ကျမယ့် အကုသိုလ်သံသရာ အကြွေးစာချုပ်ကြီးဟာ သောတာပတ္တိမဂ်ကြောင့် ပျက်စီးသွားတယ်၊ ဒါကြောင့် အတ္တဒိဋ္ဌိကိလေသာသေရုံနှင့် သောတာပန်များဟာ အပါယ်တံခါး ပိတ်ရတာပါ၊ ဒါက လောကသဘာဝနဲ့ ပြောတာပါ၊ အခုတစ်ခါ ထပ်ဆင့်ပြီး ဓမ္မသဘာဝနဲ့ ပြောဦးမယ်'

'သစ်ပင်တစ်ပင်ပေါက်ဖို့အတွက် မြေရယ်၊ ရေရယ်၊ မျိုးစေ့ရယ် သုံးမျိုး လိုတယ်၊ ထို့အတူ အပါယ်ခန္ဓာပင် တစ်ပင်ပေါက်လာဖို့အတွက် မြေနဲ့တူတဲ့ အဝိဇ္ဇာ

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ရေနဲ့တူတဲ့ အတ္တဒိဋ္ဌိရယ်၊ မျိုးစေ့နဲ့တူတဲ့ အကုသိုလ်ကံရယ် သုံးမျိုးလိုပါတယ်၊ သစ်ပင်မျိုးစေ့ဟာ မြေနဲ့ရေကိုမရရင် ဘယ်လိုမှ အပင်မပေါက်နိုင်သလို အကုသိုလ်ကံဟာလဲ အဝိဇ္ဇာနဲ့ ဒိဋ္ဌိတို့ရဲ့ ထောက်ခံချက်ကိုမရရင် အပါယ်မချနိုင်ပါဘူး'

'အဝိဇ္ဇာက ခန္ဓာငါးပါးမှန်းမသိအောင် ဖုံးအုပ်ကာကွယ်ပေးရတယ်၊ ဒိဋ္ဌိက ဒီ ခန္ဓာငါးပါးကို ငါလို့အယူမှားရတယ်၊ ဒီနှစ်ချက်ရှိရင်တော့ ဘယ်လောက်သေးတဲ့ အကုသိုလ်ဖြစ်ဖြစ် အပါယ်ချနိုင်ပါတယ်၊ ဗုဒ္ဓလက်ထက်တော်က တိဿ အမည်ရှိတဲ့ ရဟန်းတစ်ပါးဟာ အဝိဇ္ဇာနဲ့ ဒိဋ္ဌိရှိနေတော့ သင်္ကန်းတစ်စုံကို စွဲလမ်းတဲ့ လောဘ အသေးစားလေးကြောင့် သန်းပြိတ္တာဘဝကို (၇)ရက် ရောက်ခဲ့ရတယ်'

'အနာထပိဏ်သူဌေးကြီးမှာတော့ မယားကိုစွဲလမ်းတဲ့ လောဘအကြီးစား အကုသိုလ်ကံကြီးရှိသော်လည်း အဝိဇ္ဇာနဲ့ ဒိဋ္ဌိ မရှိတဲ့အတွက်ကြောင့် အပါယ်မချနိုင်ခဲ့ပါဘူး၊ အဝိဇ္ဇာမြေနဲ့ ဒိဋ္ဌိရေတို့ရဲ့ အထောက်အပံ့ကို မရတဲ့အတွက်ကြောင့် ဘဝအဆက်ဆက်ကပြုခဲ့တဲ့ အကုသိုလ်မျိုးစေ့တွေဟာ အဝတ်နဲ့ထုပ်ပြီး အိမ်ခါးပန်းမှာ ချည်ထားခံရသလို အပါယ်ခန္ဓာပင်တွေ မပေါက်နိုင်တော့တာပါ'

'လမင်းကို ကွယ်ထားတဲ့ တိမ်တွေကို ကောင်းကင်လေက လေးကြိမ်ခွဲပြီး မှုတ်လွှင့်ပစ်ရသလို နိဗ္ဗာန်ကို မမြင်အောင်တားထားတဲ့ အဝိဇ္ဇာတိမ်ထုတွေကိုလည်း မဂ်လေးပါးက လေမှုတ်လွှင့်ပစ်ရပါတယ်၊ ဒါ့ကြောင့် အရဟတ္တမဂ်ကိုရပြီးမှပဲ အဝိဇ္ဇာကိလေသာအားလုံး ကုန်ပါတယ်'

ဟု ညီတော်မောင် မောင်စိုးတင့်အား သဘာဝယုတ္တိများဖြင့် အဖြေပေးခဲ့ရ၏။

(မှတ်ချက်)။ ။ဆရာစစ်ဆရာမှန်ရှာဖွေနည်းကို အကျယ်သိလိုကကျွန်ုပ်ရေးသားသော 'ဆရာကောင်းကိုရှာဖွေခြင်း'စာအုပ်ငယ်၌ ဖတ်ရှုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

# အရိယာစစ်တမ်း

### ပါရမီရှိလျက် မဂ်ဖိုလ်မရခြင်းအကြောင်း

မဂ်, ဖိုလ် ရထိုက်သော ပါရမီရှိပါလျက် မဂ်ဖိုလ်မရခြင်း၏အကြောင်း နှစ်ပါး ရှိ၏။ ထိုနှစ်ပါးမှာ ပါပမိတ္တတာ-ယုတ်ညံ့သော အဆွေခင်ပွန်းကို မှီဝဲခြင်းနှင့် ကိရိယာ ပဟာနိ-ကျင့်မှု,ဟောမှု၏ ယုတ်လျော့ခြင်းတို့ပင်ဖြစ်၏။ အဇာတသတ်မင်းသည် ဗုဒ္ဓ ဟောကြားသော သာမညဖလသုတ်ကို ကြားနာရသည်၏အဆုံး၌ မဂ်ဖိုလ် ရထိုက်သော ပါရမီများ အပြည့်ပါလာပြီးဖြစ်၏။ သာမညဖလသုတ်ကိုကား ကြားနာရပါ၏။ သို့ သော် မဂ်ဖိုလ်ကို ရမသွားတော့ပါ။

အဘယ်ကြောင့်နည်း။ ဒေဝဒတ်တည်းဟူသော မိတ်ဆွေယုတ်ကို ပေါင်းဖော်ပြီး ဖခင်ကို သတ်မိသွားသောကြောင့်ပင်တည်း။ အဇာတသတ်မင်းသည် အမှားကို သိပြီးချိန်၌ ရတနာသုံးပါးကို ကြည်ညိုခြင်း၊ တရားတော်ကို နာကြားရခြင်းကြောင့် အောက်ဆုံး အဝီစိငရဲကြီးထိ မကျတော့ဘဲ ပြစ်ဒဏ်လျော့ပေါ့သကဲ့သို့ဖြစ်ကာ လောဟကုမ္ဘီငရဲငယ်လေးကို ပြောင်းကျသွားခဲ့၏။ ဗုဒ္ဓလက်ထက်က ကုဋေများစွာ ကြွယ်ဝချမ်းသာသော ဇနီးမောင်နှံနှစ်ယောက်တို့သည် မိတ်ဆွေယုတ်များကို ပေါင်းဖော်မိခြင်း၊ မိမိတို့ ပင်ကိုယ်ကလည်း ပညာဉာဏ်ကင်းမဲ့ခြင်းတို့ကြောင့် ရှိသမျှဥစ္စာများကို ပျော်ပါးသောက်စား လောင်းကစားပစ်ကြ၏။

အဘိုးအဘွားအရွယ် ရောက်သောအခါတွင်ကား နေစရာ၊ စားစရာပင် မရှိတော့သဖြင့် ခွက်လက်စွဲကာ တောင်းစားရတော့၏။ တစ်နေ့ ထိုလင်မယား နှစ်ယောက်သည် ဆွမ်းကျန်ဟင်းကျန်များကိုတောင်းရန် ဘုရားကျောင်းတော်ရှေ့သို့ ရောက်လာကြ၏။ ထို အဘိုးနှင့်အဘွားကို ညွှန်ပြ၍ ဗုဒ္ဓက ယခုလိုဟောကြားတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်းတို့ - ဤအဘိုးနှင့် အဘွားသည် ပထမအရွယ်က စီးပွားဥစ္စာကို ဖိဖိစီးစီးရှာဖွေခဲ့လျှင် ပထမတန်းစား သူဌေးကြီးဖြစ်မည်။ အကယ်၍ စီးပွားမရှာပဲ လောကုတ္တရာတရားကို ရှာဖွေခဲ့မည်ဆိုလျှင် ခင်ပွန်းက ရဟန္တာဖြစ်၍ ဇနီးက အနာဂါမ် တည်မည်။ ဒုတိယအရွယ်တွင် စီးပွားဥစ္စာရှာဖွေလျှင် ဒုတိယတန်းစား သူဌေးကြီး ဖြစ်မည်။ လောကုတ္တရာတရားကိုရှာဖွေခဲ့လျှင် ခင်ပွန်းက အနာဂါမ်တည်၍ ဇနီးက သကဒါဂါမ် တည်မည်။ တတိယအရွယ်တွင် စီးပွားဥစ္စာကို ရှာဖွေမည်ဆိုလျှင် တတိယ တန်းစားသူဌေးဖြစ်၍၊ လောကုတ္တရာတရားကို ရှာဖွေမည်ဆိုလျှင် ခင်ပွန်းက သကဒါ ဂါမ်တည်၍ ဇနီးက သောတာပန်တည်မည်ဖြစ်၏'

'သူတို့သည် အရွယ်သုံးပါးလုံးကို အချည်းအနှီး ဖြုန်းတီးပစ်ကြသည့်အတွက် အစာရေစာမရှိသော ကျပ်တည်းကုန်း လယ်ပက်ကြားအက်အလယ်တွင် ရောက်နေ သည့် အတောင်ကျိုးသော ကြိုးကြာငှက်ကဲ့သို့ လောကီ၊ လောကုတ္တရာ အကျိုးစီးပွား တစ်ခုကိုမျှ မရတော့ပေ'ဟု ဗုဒ္ဓက ဟောပြခဲ့၏။

ဤဒေသနာထဲမှ အတွေးအခေါ် တစ်ခု ထုတ်ယူနိုင်၏။ ယင်း အတွေးအခေါ် ကား ပထမအရွယ်မှာ တရားရှာ၊ မှန်၏။ ယခု မြန်မာများအလယ်တွင်- တတိယ အရွယ်မှာ တရားရှာဟူသောစကားပုံက လွှမ်းမိုးနေ၏။ တတိယအရွယ်သည် အသိ ပညာဉာဏ် အနည်းဆုံးအရွယ်ဖြစ်သည်။ ဝိပဿနာပညာဆိုသည်မှာ သတိနှင့်ပညာ ကို အဓိကထားပြီး နာကြားရှုပွားရခြင်းဖြစ်၏။

ထို့ကြောင့် ဖော်ပြပါ သူဌေးကြီးတို့ လင်မယားသည် ပထမအရွယ်မှာ တရား ရှာလျှင် ရဟန္တာနှင့် အနာဂါမ်ဖြစ်မည်။ တတိယအရွယ်တွင် တရားရှာလျှင် သတိ၊ ဉာဏ်ပညာ နုံ့နှေးသွားသည့်အတွက် သကဒါဂါမ်နှင့် သောတာပန်သာ တည်တော့ မည်ဟု ဟောတော်မူခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် အကြံပြုချင်ပါ၏။ တတိယအရွယ် အိုမင်းသောအခါကျမှ တရား ရှာလျှင် ဆယ်နှစ်ကြာမည်ဆိုလျှင် ပထမအရွယ်ကတည်းက တရားရှာပါက ဆယ် ရက်၊ သို့မဟုတ် ဆယ်ပတ်၊ သို့မဟုတ် ဆယ်လအတွင်း တရားရနိုင်မည်ဖြစ်၏။ တရားရှာသည်ဆိုသဖြင့် စီးပွားရေးလုပ်ငန်းများကို ရပ်ထားရမည်ဟု မဆိုလို။ အိပ်ခါနီး အချိန် လေးတွင် နာရီဝက်၊ တစ်နာရီခန့်အချိန်ယူပြီး ဝိပဿနာတရားကို နည်းနည်းချင်း နာကြားသင့်သည်ကို ဆိုလိုပါ၏။

ဝိပဿနာတရားခွေကို တွေ့အောင်ရှာခြင်းသည် သောတာပန်တည်ခြင်း၏ ပထမအင်္ဂါဖြစ်သော သူတော်ကောင်းကိုမှီဝဲဆည်းကပ်ခြင်း ရှာဖွေခြင်း (သပ္ပုရိသူပ နိဿယ)ပင်ဖြစ်၏။ တရားကို စူးစိုက်နာကြားခြင်းသည် (သဒ္ဓမ္မသဝနဟူသော) ဒုတိယအင်္ဂါနှင့် ပြည့်စုံခြင်းဖြစ်၏။ နာကြားရည်ဝလာသောအခါ ပညတ်ကို ပယ်ခွါပြီး ရုပ်,နာမ်,ပရမတ်ကို နှလုံးသွင်းဆင်ခြင်လာနိုင်၏။ ဥပမာအားဖြင့် အသံတစ်သံကို ကြားရ၍ ယောကျ်ားအသံ၊ မိန်းမအသံ၊ ခွေးသံစသောပညတ်များကို ပယ်ခွါ၍ နား

www.burmeseclassic.com

www.burmeseclassic.com



အကြည်ရုပ်ကို လာတိုက်ခြင်း သဘောတရားရှိသော အသံ(သဒ္ဒ)ရုပ်ဟု သိသွားခြင်း ဖြစ်၏။

ဤသည်ကား- ယောနိသောမနသိကာရတည်းဟူသော သောတာပန်တည်စေမည့် တတိယမြောက်အင်္ဂါဖြစ်၏။ စတင်နာကြားသောအခါ သုတမယဉာဏ်ကို ရ၏။ နာကြားရည်ဝလာသောအခါ စိန္တာမယဉာဏ်ကိုရ၏။ စိန္တာမယဉာဏ်ကိုပင် ယောနိသောမနသိကာရဟု ဆိုခြင်းဖြစ်သည်။ ဤအကြောင်းကို ရှေ့၌လည်း ပုံစံတစ်မျိုးဖြင့် ရေးပြခဲ့သေးသည်။ စိန္တာမယဉာဏ် ရင့်သန်လာသောအခါ အာရုံခြောက်ပါးနှင့် တိုက်ဆိုင်တိုင်း အာရုံရုပ်ခြောက်ပါး၊ အကြည်ရုပ်ခြောက်ပါး၊ သိစိတ်ခြောက်ပါး၊ ခံစားမှုဝေဒနာခြောက်ပါး စသည်တို့၏ မမြဲမှု အနိစ္စ၊ မမြဲသဖြင့် ဆင်းရဲမှု ဒုက္ခ၊ မမြဲတာကို မြဲပါစေ၊ ဆင်းရဲတာကို ချမ်းသာပါစေဟု အစိုးရခြင်းမရှိမှု အနတ္တတို့ကို ရှုပွားလာနိုင်၏။

ဤကဲ့သို့ ရှုပွားမှုကို 'ဘာဝနာမယဉာဏ်'ဟုခေါ်၏။ ဤ ဘာဝနာမယဉာဏ်ကိုပင် ဓမ္မာနုဓမ္မပဋိပတ္တိဟုခေါ်၏။ ဤ ဓမ္မာနုဓမ္မပဋိပတ္တိကား သောတာပန် တည်စေသည့် စတုတ္ထမြောက် နောက်ဆုံးအင်္ဂါပင်ဖြစ်၏။ ဤကား နေ့စဉ် တရားခွေနာရာမှ သောတာပန်အင်္ဂါလေးချက် ပါဝင်သွားပုံဖြစ်၏။ ပါရမီရှိလျက် မဂ်ဖိုလ်မရခြင်းအကြောင်း နှစ်ချက်တွင် ပါပမိတ္တကြောင့် မဂ်ဖိုလ်မရပုံကိုပြပြီး၍၊ ယခု ဒုတိယမြောက် ကိရိယပဟာနိ ကျင့်မှု၊ ဟောမှု၏ယုတ်လျော့မှုကြောင့် မဂ်ဖိုလ်မရပုံကို ဆက်ပြမည်။

တရားကျင့်ခြင်းသည် ထိုင်၍ကျင့်ခြင်း၊ နာကြား၍ကျင့်ခြင်း၊ ဆွေးနွေး၍ ကျင့် ခြင်းဟု သုံးမျိုးရှိကြောင်း ရှေ့၌ အကျယ်ရှင်းပြပြီးဖြစ်၏။ ဤနေရာ၌ နာကြားမှု၏ ယုတ်လျော့ခြင်းကြောင့် မဂ်ဖိုလ်နှင့်လွဲခဲ့ရသော ဥပါသကာတစ်ယောက် အကြောင်းကို ဖော်ပြမည်။

အခါတစ်ပါးတွင် မြတ်စွာဘုရားထံသို့ ဆင်ထိန်း၏သား ပေဿမည်သော ဒကာတစ်ယောက် ရောက်ရှိလာ၏။ သူသည် ထူးခြားသော အတွေးအခေါ်တစ်ခုကို ဤသို့ လျှောက်၏။

'အရှင်မြတ်ဘုရား၊ များသောအားဖြင့် လူတို့သည် ကောက်ကျစ်၍၊ တိရစ္ဆာန်တို့သည် ရိုးဖြောင့်ကြပါသည်'

'မှန်ပေသည် ပေဿ'

ထိုအချိန်မှာပင် ပေဿ၏ အသိဉာဏ်ပါရမီသည် ရင့်ကျက်ခြင်းသို့ ရောက်ပြီဖြစ်၍ သစ္စာလေးပါးနှင့် စပ်သောတရားကို နာကြားရလျှင် မဂ်ဖိုလ်ကို ရတော့မည်ဖြစ်၏၊ ယင်းအချက်ကို သိမြင်တော်မူသဖြင့် ပုဂ္ဂိုလ်လေးမျိုးအကြောင်းကို ယခုလို မေးမြန်းတော်မူ၏။

'ဒကာ-ပေဿ၊ ပုဂ္ဂိုလ်လေးမျိုးရှိသည်၊ ယင်းတို့ကား-

* မိမိကို ပူပန်စေတတ်သောသူ၊

www.burmeseclassic.com

www.burmeseclassic.com



* သူတစ်ပါးကို ပူပန်စေတတ်သောသူ၊

* မိမိ သူတစ်ပါး နှစ်ဦးလုံးကို ပူပန်စေတတ်သောသူ၊

* မိမိ သူတစ်ပါး နှစ်ဦးလုံးကို မပူပန်စေတတ်သောသူတို့ဖြစ်၏၊

ထိုလေးမျိုးတို့တွင် သင်သည် မည်သည့်ပုဂ္ဂိုလ်ကို နှစ်သက်သနည်း'

'မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို မပူပန်စေတတ်သောသူကို နှစ်သက်ပါသည်ဘုရား'

'အဘယ်ကြောင့် နှစ်သက်သနည်း'

'မိမိကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ မိမိသူတစ်ပါး နှစ်ဦးသားလုံး ကိုလည်းကောင်း ပူပန်စေခြင်းသည် မကောင်းပါ၊ မိမိသူတစ်ပါး နှစ်ဦးလုံးကို မပူပန်စေခြင်းကသာ ကောင်းပါသည်၊ ထို့ကြောင့် နှစ်သက်ခြင်းဖြစ်ပါသည်'

'မှန်ပေသည် ဒကာပေဿ-ယခု ငါသည် သင့်အား ယင်းပုဂ္ဂိုလ် လေးမျိုးတို့၏ အဓိပ္ပာယ်အကျယ်ကို ဟောအံ့၊ ရိုသေစွာ နာယူလော့'

ထိုအခါပေဿက-

'မြတ်စွာဘုရား တပည့်တော်မှာ အလုပ်ကိစ္စလေးတွေ ရှိသေးတဲ့အတွက် အိမ်ကို ပြန်ပါဦးမည်။ နောင်ကြုံသောအခါတွင်မှ မြတ်စွာဘုရားတရားတော်ကို ဆက်၍နာယူပါမည်'

ဟုလျှောက်ပြီး အိမ်ပြန်သွားလေသည်။

မြတ်စွာဘုရားသည် ကျောင်းခိုင်းထွက်သွားသော ပေဿကို ညွှန်ပြလျက် သံဃာတော်များကို ယခုလိုမိန့်ကြားတော်မူ၏။

> 'ရဟန်းတို့၊ ပေဿဒကာသည် ငါဘုရားဟောတော်မူအပ် သောတရားတော်ကို ဆုံးခန်းတိုင်အောင် နာယူခဲ့လျှင် သံသရာ၌ ထောက်တည်ရာကို ရမည်ဖြစ်၏။ နာယူသင့်သည့် တရားကို ဆုံး ခန်းတိုင်အောင် မနာယူသည့်အတွက် ပေဿသည် သံသရာဒုက္ခမှ ကျွတ်လွတ်ခွင့်မရတော့ဘဲ၊ အို၊ နာ၊ သေ ဆင်းရဲကို အဖန်ဖန် ခံစားရတော့မည်။ မပျက်မစီးသာ တည်ရှိမည်ဆိုလျှင် သူ၏အရိုးများသည် တောင်ကြီးတစ်တောင်ကဲ့သို့ အပုံကြီးရှိနေလိမ့်မည်'

ဟု ဟောပြတော်မူ၏။ (မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ကန္ဒရသုတ်)

ဤကား မိမိယောဂီဘက်က ကျင့်မှု၏ ယုတ်လျော့ခြင်းကြောင့် မဂ်ဖိုလ်ရထိုက်သောပါရမီရှိလျက် မဂ်ဖိုလ်နှင့်လွဲရပုံဖြစ်၏။ ယခုဟောကြားမှု၏ ယုတ်လျော့ခြင်းကို ဆက်ပြအံ့။

ဗုဒ္ဓလက်ထက်တော်က ဓနဉ္စာနီအမည်ရှိသောပုဏ္ဏားကြီးသည် စုတေခါနီးသောအခါ တရားနာလိုသဖြင့် အရှင်သာရိပုတ္တရာကိုပင့်၏။ အရှင်သာရိပုတ္တရာသည်

www.burmeseclassic.com

www.burmeseclassic.com



ပါရမီမရင့်ကျက်သေးဟုထင်သဖြင့် မေတ္တာဘာဝနာတရားကိုသာ ဟောကြားတော်မူလိုက်၏။ ပုဏ္ဏားကြီးသည် မေတ္တာပွားရင်းသေသဖြင့် ဈာန်ကိုရရှိသောကြောင့် ဗြဟ္မာဘုံသို့ ရောက်ရ၏။

ကျောင်းတော်သို့ ပြန်ရောက်သောအခါ ဗုဒ္ဓက အရှင်သာရိပုတ္တရာကို ယခုလို မိန့်တော်မူ၏။

'သာရိပုတ္တရာ၊ ပုဏ္ဏားကြီးမှာ မဂ်ဖိုလ်ကိုရနိုင်သော ပါရမီများ အပြည့်ရှိနေပြီးဖြစ်သည်။ အသင်က သစ္စာလေးပါးတရားကို ဟောလိုက်သည်နှင့် ခဏဖြင့် မဂ်ဖိုလ် ကို ရမည်ဖြစ်၏။ သင်သည် သစ္စာလေးပါးတရားကို မဟောဘဲ မေတ္တာတရားကိုသာ ဟောကြားလိုက်သည့်အတွက် ဗြဟ္မာဘုံသို့ ရောက်သွားရခြင်းဖြစ်သည်။ သင်သည် ယခုချက်ချင်း ဗြဟ္မာ့ပြည်သို့လိုက်၍ သစ္စာလေးပါးတရားကို ဟောချေလော့'

ထိုအခါကျမှ အရှင်သာရိပုတ္တရာသည် ဗြဟ္မာ့ပြည်ထိလိုက်ပြီး သစ္စာလေးပါးတရားကိုဟောရ၏။ ပုဏ္ဏားကြီးလည်း မဂ်ဖိုလ်ရသွားခဲ့၏။ ထိုအချိန်မှစ၍ အရှင်သာရိပုတ္တရာသည် မည်သူ့ကို တရားဟောဟော သစ္စာလေးပါးတရားကို မပါပါအောင် ဟောသောဟူ၏။

ဝေနေယျတစ်ဦး၏ ဣန္ဒြေပါရမီရင့်ကျက်မှု ရှိ/မရှိကို သိသောဉာဏ်ကို ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဟုခေါ်၏။ ထိုဉာဏ်တော်သည် ဘုရားရှင်မှတစ်ပါး မည်သည့်သာဝကတွင်မျှ မရှိသောကြောင့် 'အသာဓာရဏဉာဏ်'ဟုခေါ်၏။ အဓိပ္ပာယ်ကား မည်သည့်သာဝကနှင့်မျှ မဆက်ဆံသောဉာဏ်ဟု ဖြစ်၏။ သာဝကတို့နှင့် မဆက်ဆံသည့် ဘုရားရှင်တို့မှာသာရှိသော ဉာဏ်တော်သည် ခြောက်ပါးရှိ၏။ ပါဠိလို 'ဆ အသာဓာရဏ'ဟုခေါ်၏။ ယင်း ခြောက်ပါးကား-

(၁) ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟူသမျှတို့ ရခြင်းငှာမထိုက်သော ပရမတ်၊ ပညတ် အရပ်ရပ်အလုံးစုံကို အကုန်အစင်သိမြင်နိုင်စွမ်းသော သဗ္ဗညုတဉာဏ်တော်ကြီး၊

(၂) သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်ဟူသော ညေယျမဲငါးအင်ကို သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင်ခြင်းမရှိသော အနာဝရဏဉာဏ်တော်ကြီး၊

(၃) သုံးဘုံတိုက်သား၊ အများသတ္တဝါ ဝေနေယျတို့၏ အလိုဆန္ဒ အာသယကိန်းဟန်ကို ဧကန်သိမြင်နိုင်စွမ်းသော အာသယာနုသယဉာဏ်တော်ကြီး၊

(၄) သုံးဘုံတိုက်သား အများသတ္တဝါဝေနေယျတို့၏ ဣန္ဒြေအနုအရင့် ထောက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်ကြီး၊

(၅) ယမိုက်ပြာဋိဟာ လွှတ်ခြင်းအရာ၌ လေ့လာတော်မူနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



ယမကပါဠိမဟာရီယဉာဏ်တော်ကြီး၊

(၆) ဝေနေယျများစွာသတ္တဝါတို့ကို လွန်စွာ သနားကြင်နာတော်မူသော မဟာကရုဏာ သမာပတ္တိဉာဏ်တော်ကြီးတို့ဖြစ်၏။

ဝိပဿနာတရားဟောမှုနှင့်စပ်၍ နမ္မားဆရာတော်ကြီးက ယခုခေတ် ဓမ္မကထိကများကို ယခုလို ခပ်တင်းတင်းခပ်ပြတ်ပြတ် ဩဝါဒပေးဖူး၏-

'ဝိပဿနာတရားဟောတဲ့ ဓမ္မကထိကဆိုတာ ယောဂီတွေရဲ့ ဉာဏ်အနုအရင့်ကို လေ့လာချင့်ချိန်ပြီး တန်းညီတဲ့တရားကို ဟောပေးရတယ်။ နုတဲ့ယောဂီဆိုရင် ဒိဋ္ဌိကွာအောင် နည်းမျိုးစုံနဲ့ ဟောပေးရတယ်။ ရင့်နေတဲ့ယောဂီဆိုရင် တဏှာကွာအောင် ဟောပေးရတယ်။ ရုပ်နာမ်အပေါ် ငါစွဲဒိဋ္ဌိမှ မကွာသေးတဲ့သူကို တဏှာကုန်အောင်ဟောနေလို့ မောတာပဲအဖတ်တင်မယ်။ ကုန်မှာမဟုတ်ဘူး။ သူငယ်တန်းအဆင့်မှ မရှိသေးသူကို၊ တက္ကသိုလ်အဆင့်ထိ တက်ပြီး သင်ပြသလို ဖြစ်နေတာပေါ့'

'နောက်တစ်ချက်က ဟောတဲ့အခါ သောတာပန်တည်အောင် ဟောမှာလား၊ သကဒါဂါမ် အနာဂါမ်တည်အောင် ဟောမှာ လား၊ ရဟန္တာဖြစ်အောင် ဟောမှာလားဆိုတာ ရည်ရွယ်ချက်ထားရတယ်။ ယောဂီ မဂ်ဖိုလ်ရသွားတာ/မသွားတာက ကိုယ့်အလုပ်မ ဟုတ်ဘူး၊ ကိုယ်အလုပ်က ရည်ရွယ်ချက်ထားပြီး ဟောဖို့ပဲ၊ သောတာပန်တည်ဖို့ဆိုရင် ဒိဋ္ဌိကွာအောင် ဦးစားပေးဟောရမယ်၊ သက ဒါဂါမ်၊ အနာဂါမ်တည်အောင်ဆိုလို့ရှိရင် ကာမရာဂ(ကာမတဏှာ) နဲ့ ဗျာပါဒ(ဒေါသ) ပါးအောင်၊ ကုန်အောင် ဦးစားပေးဟောရမယ်'

'ရဟန္တာဖြစ်အောင်ဆိုရင် မောဟ, မာနနဲ့ ဘဝတဏှာကုန်အောင် ဦးစားပေးပြီးဟောရမယ်၊ ဒီလို ဘာရည်ရွယ်ချက်မှမရှိဘဲ ဦးတည်ရာမဲ့ ရမ်းဟောနေရင် ဓမ္မကထိက အရှုံးလို့ခေါ်တယ်'

မဂ်ဖိုလ်မရခြင်း၏ တတိယအကြောင်းတစ်ခုကို ထပ်ဖြည့်ရလျှင် ပုဂ္ဂိုလ်နှင့် ဝိပဿနာ မကိုက်ညီလျှင်လည်း မဂ်ဖိုလ်ကိုမရနိုင်ဟုဆိုရမည်။ ဤကျမ်းရှေ့ပိုင်း၌ ဒကာတစ်ဦးအကြောင်းကို ရေးခဲ့၏။ သူသည် ဘွဲ့ရ၊ ပါဠိနှင့်အဘိဓမ္မာ ကျွမ်းကျင်သူတစ်ယောက်ပင်ဖြစ်၏။ သူ အားထုတ်ခဲ့သောနည်းသည် အာနာပါနသမထကမ္မဋ္ဌာန်းဖြင့် အလင်းရောင် ပဋိဘာဂနိမိတ်ထိ မြင်အောင်အားထုတ်ပြီးမှ ဝိပဿနာသို့ကူးပေး ၏။

သူ လပေါင်းများစွာ ကြိုးစားအားထုတ်သော်လည်း မည်သည့်အလင်းရောင်ကိုမှ မတွေ့မြင်ရသည့်အပြင် မည်းမှောင်၍ပင်လာသောဟူ၏။ ထို့ကြောင့် စိတ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



အားငယ်ကာ ဝိပဿနာအလုပ်ကို ဆက်မလုပ်ဖြစ်တော့ဟု သိရ၏။ ဤကား ပုဂ္ဂိုလ်နှင့် ဝိပဿနာ မကိုက်ညီသောကြောင့်ဖြစ်၏။ ပုဂ္ဂိုလ်လေးမျိုးရှိသော်လည်း ယခုဘဝတွင် မဂ်ဖိုလ်ကို မရထိုက်သော ပဒပရမပုဂ္ဂိုလ်ကို နှုတ်လိုက်လျှင် သုံးမျိုးသာရှိ၏။

ယင်းသုံးမျိုးကား- ဝိပဿနာတရားကို အကျဉ်း(တစ်ဂါထာ)လောက် ဟောရုံနှင့် မဂ်ဖိုလ်ကိုရသော ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ ဝိပဿနာတရားကို အကျယ်ဟောမှ မဂ်ဖိုလ်ကိုရသော ဝိပဉ္စိတညူ ပုဂ္ဂိုလ်၊ ဝိပဿနာတရားကို အကျယ်လည်းနာကြား၊ ရှုပွားလည်း ရှုပွားမှ မဂ်ဖိုလ်ကိုရသော နေယျပုဂ္ဂိုလ်တို့ဖြစ်၏။

ပုဂ္ဂိုလ်သုံးမျိုးရှိသကဲ့သို့ မဂ်ဖိုလ်ကို ရစေမည့် ဝိပဿနာကျင့်စဉ်ကလည်း သုံးမျိုးပင်ဖြစ်၏။ ယင်းတို့ကား

၁။ သမထယာနိက,ဝိပဿနာ၊

၂။ ဝိပဿနာယာနိက,ဝိပဿနာ၊

၃။ ယုဂနဒ္ဓ,ဝိပဿနာ တို့ဖြစ်၏။

ထိုတွင် သမထယာနိကဝိပဿနာဟူသည် သမထကမ္မဋ္ဌာန်းတစ်ခုခုကို ပွားများပြီး ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိ တစ်ခုခုသို့ ရောက်သောအခါတွင်မှ ဝိပဿနာသို့ကူးပြီး ရှုပွားသောနည်းကို သမထယာနိကဝိပဿနာ,ဟု ခေါ်၏။

ဝိပဿနာယာနိကဝိပဿနာဟူသည် အာရုံ(၆)ပါးနှင့်တိုက်ဆိုင်လာတိုင်း ရုပ်, နာမ်, ခန္ဓာတို့ ဖြစ်ပျက်သွားပုံကို အသေးစိတ် သင်ယူနာကြားပြီး သမထမပါဘဲ ဝိပဿနာသက်သက်ကိုသာ ရှုပွားသောနည်းဖြစ်၏။ ကသစ်ဝိုင်၊ ပခုက္ကူ၊ ပသုံးလုံး၊ သစ္စာဒီပကဝိပဿနာနည်းများသည် သမထမပါသော ဝိပဿနာယာနိကနည်းများဖြစ်၏။ ယုဂနဒ္ဓဝိပဿနာဟူသည် သမထနှင့် ဝိပဿနာကို ဒွန်တွဲပြီး ပွားများသွားသောနည်းပင်ဖြစ်၏။ မည်သည့်ပုဂ္ဂိုလ်က မည်သည့်ဝိပဿနာနှင့် သင့်လျော်ကြောင်းကို အဋ္ဌကထာဆရာက ယခုလို ဖွင့်ပြ၏။

'ဥဂ္ဃဋိတညုဿ သမထ ပုဗ္ဗင်္ဂမာ ဝိပဿနာ သပ္ပါယာ
နေယျဿ ဝိပဿနာ ပုဗ္ဗင်္ဂမော သမထော
ဝိပဉ္စိတညုဿ သမထ ဝိပဿနာ ယုဂနဒ္ဓါ'။

*(နေတ္တိ အဋ္ဌကထာ ၂၁၂ / ၂၁၃)*

အဓိပ္ပာယ်မှာ-

ဥဂ္ဃဋိတညူပုဂ္ဂိုလ်ကား သမထယာနိကဝိပဿနာနှင့် သင့်လျော်သည်၊
နေယျပုဂ္ဂိုလ်ကား ဝိပဿနာယာနိကနည်းနှင့် သင့်လျော်သည်။
ဝိပဉ္စိတညူပုဂ္ဂိုလ်ကား ယုဂနဒ္ဓနည်းနှင့် သင့်လျော်သည်၊
ဟူ၍ဖြစ်၏။

အဋ္ဌကထာအဖွင့်အရ ပုဂ္ဂိုလ်နှင့် ဝိပဿနာကို တွဲတတ်ပြီးသည့် နောက် မိမိအပါအဝင် ယခုပုဂ္ဂိုလ်များစုသည် မည်သည့်ပုဂ္ဂိုလ်အမျိုးအစားထဲ၌ ပါဝင်မည်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆန်းစစ်ရမည်။ နေယျပုဂ္ဂိုလ်ဟု ယူဆသူအများစုဖြစ်၏။ ထိုအယူအဆကို စတင်ဟောပြော ရေးသားသူမှာ လယ်တီဆရာတော်ကြီးဖြစ်၏။ ရှေ့၌ အကျယ် ရေးခဲ့ပြီးဖြစ်၏။ ယခု အကျဉ်း လိုရင်းချက်ကို ပြန်ရေးပြအံ့။

'စိတ္တဝိသုဒ္ဓိ(သမာဓိ)မှာ တတ်နိုင်လျှင် အထူးကောင်း၏။ မတတ်နိုင်လျှင်နေရ၏၊ ဥပစာရဘာဝနာ(ဥပစာရသမာဓိ)၊ အပ္ပနာဘာဝနာ(အပ္ပနာသမာဓိ)ဟူသော စိတ္တဝိသုဒ္ဓိကို အသီးမလုပ်သောယောဂီကို သုက္ခဝိပဿကယောဂီဟုခေါ်သည်၊ သုဒ္ဓဝိပဿက ယောဂီလည်းခေါ်၏၊ ယခုကာလသည် သုက္ခဝိပဿကခေတ်တည်း၊ ထို့ကြောင့် သီလဝိသုဒ္ဓိနေရာကျလျှင် ဓာတုမနသိကာရကို ထူထောင်ရမည်။ ***(သောမနဿုပေက္ခာဒီပနီ - စာ - ၆၁)***

ယခုကာလသည် သုက္ခဝိပဿကခေတ်တည်းဟူသော စကားသည်- ယခုခေတ်လူများသည် နေရပုဂ္ဂိုလ်သာ အများစုတည်းဟုဆိုလိုရင်းဖြစ်သည်။ ဓာတုမနသိကာရကို ထူထောင်ရမည်ဟူသောစကားသည် ရုပ်နာမ်ခန္ဓာ၊ အာယတန တရားများကို ကွဲပြားအောင် ဝိပဿနာမပွားမီ ရှေးဦးစွာ မှတ်သားနာယူ ရမည်ဟု ဆိုလို၏။ သုဒ္ဓဝိပဿနာဟူသည် ဝိပဿနာယာနိကနည်းကိုပင် ပြောခြင်းဖြစ်၏။

လယ်တီဆရာတော်ကြီးနည်းတူ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ဒကာ, ဒကာမများအား ဝိပဿနာယာနိကနည်းဖြင့် အလျင်အမြန်ရှုပွားသင့်ကြောင်း အသေးစိတ်ဟောကြားဖူး၏။ ဤမြုပ်ကွက်သည် ဝိပဿနာပွားများသူယောဂီတိုင်း အရေးတကြီးသိသင့်သဖြင့် ဒုလ္လဘဒေသနာကျမ်း၊ သုသိမပရိဗိုဇ်ဝတ္ထု-နှာ(၂၁၇)မှစ၍ ကောက်နှုတ်တင်ပြမည်။ မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ရှိစဉ်က မိုးကုတ်ဆရာတော်ဘုရားကြီးကို ယခုလို ချီးကျူးဖူး၏။

'ယခုအချိန်မှာသာ မြတ်စွာဘုရား ရှိတော်မူဦးမယ် ဆိုရင်-ငါဘုရားရဲ့ နက်နဲခက်ခဲတဲ့တရားတွေကို လူတိုင်း နားလည်အောင် ဟောတဲ့နေရာမှာ ရဟန်းတော်မှန်သမျှတို့တွင် မိုးကုတ်ဆရာတော်ဟာ အတော်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ထူးကိုပေးမှာ သေချာပါသည်'

ယခုလည်း ခက်ခဲသောတရားလမ်းကြောင်းတစ်ခုကို လူအများ သဘောပေါက်နားလည်အောင် ဟောသွားသည်မှာ အံ့ချီးစရာကောင်းလှပါသည်။ အလုပ်ပါတစ်ပါတည်း ပါသွားအောင် ခန္ဓာဉာဏ်စိုက်၍ ဖတ်ရှုကြပါလေ။

'အရှင်ဘုရားတို့ ရဟန္တာဖြစ်တယ်ဆိုရင် ကောင်းကင်ပျံနိုင်ပါသလား၊ မြေလျှိုး နိုင်ပါသလား၊ သူတစ်ပါးပြောတဲ့ စကားများကို ကြားနိုင်ပါသလား၊ ငါတို့က မြေလျှိုး မိုးပျံနိုင်တာမဟုတ်ဘူး၊ အဝေးက အသံကိုလည်း မကြားနိုင်ဘူး၊ သူများစိတ်အကြံကို လည်း မသိနိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဖြစ်ရင် အရှင်ဘုရားတို့ဟာ ဘယ်လိုလဲ'

'ငါတို့က ပညာနဲ့ ကိလေသာကုန်ခန်းတယ်၊ အဓိပ္ပာယ်က-သမာဓိ၊ သမထ မပါဘဲ မဂ်ကိုရခဲ့တာပဲ၊ ရဟန္တာဖြစ်ခဲ့တာပဲ-လို့ မှတ်ကြ။'

**(မှတ်ချက်)။** *ဝိပဿနာယာနိကနည်းဖြင့်ရှုပြီး ရဟန္တာဖြစ်ကြခြင်းကြောင့် သမထ ကမ္မဋ္ဌာန်းမပါ၊ သမထကဋ္ဌာန်း မပါသောကြောင့် ဉပစာရ သမာဓိ၊ အပ္ပနာသမာဓိ နှစ်မျိုး မပါ။ ထိုသမာဓိနှစ်မျိုး မပါခြင်းကို ရည်ရွယ်၍ သမာဓိ၊ သမာထမပါဘဲ မဂ်ကိုရခဲ့တာဟု ဆရာတော်ကြီးက တိုတိုပြောလိုက်ခြင်းဖြစ်၏။ သမ္မာသမာဓိ မဂ္ဂင်ထိုက်သည့် စိတ်ဖြစ်တိုင်းပါသော ဧကဂ္ဂတာခေါ် ခဏိက သမာဓိကား ပါသည် သာဖြစ်၏။*

'အရှင်ဘုရားတို့ ဖြေကြားတာ တိုလွန်းတယ်၊ အကျယ်ဖြေပြပါ၊'

'မင်း-သိသိ၊ မသိသိ ဒါပဲ၊ ငါတို့ဟာ ပညာနဲ့ ကိလေသာက လွန်မြောက်ခဲ့တာပဲ။ ဒကာ,ဒကာမတွေသိဖို့က ရဟန်းတော်တွေက ရှေ့ပိုင်းက ဝိပဿနာ၊ နောက်ပိုင်းက မဂ်ရတာပဲလို့ သိကြရမယ်၊ သမထမပါဘဲ မဂ်ဖိုလ်ရတာပဲလို့ မှတ်ကြ၊ ဝိပဿနာထဲ သမထဝင်သွားတာပဲလို့ သိကြရမယ်၊ ရှင်းပလား'

ဒါနဲ့ သုသိမက မကျေနပ်နိုင်လို့ ဘုရားထံ သွားရောက်လျှောက်ထား မေးမြန်းလိုက်ပြန်တော့ ဘုရားရှင်ကလည်း-

'သုသိမ၊ ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ပဲ'လို့ တိုတိုကျဉ်းကျဉ်းပဲ ဖြေဆိုတော်မူလိုက်တယ်၊ အဓိပ္ပါယ်က ရှေ့က ဝိပဿနာ၊ နောက်က နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်၊ ဝိပဿနာမဂ်အဆုံးမှာ မဂ်ဉာဏ်လာတာပဲ။

'ဒီလိုနဲ့ နိဗ္ဗာန်ရတယ်ဆိုတာ တပည့်တော် မယုံဘူးဘုရား'

'ငါဘုရားသာသနာမှာ ပညာမှာသာ လိုရင်းစွဲပဲ၊ သမာဓိဟာ လိုရင်းမဟုတ်ဘူး။ ပညာသာ လိုရင်း'လို့ ဟောတော်မူတယ်၊ 'ဒကာ ဒကာမတို့၊ ဘုရားက သာသနာတွင်းတရားဟာ ပညာတရားပဲလို့ ဟောတော်မူတယ်၊ ရှေ့က ဝိပဿနာမဂ်၊ နောက်ပိုင်းက နိဗ္ဗာန်မြင်တဲ့ လောကုတ္တရာမဂ်လို့မှတ်ကြ၊ သဘောပေါက်ကြပြီလား'

'တို့ဒကာဒကာမတွေ မှတ်ထားဖို့က သမထမပါဘဲ ပညာနဲ့ ရဟန္တာဖြစ်လာကြတာပဲလို့ မှတ်ကြ၊ သမထ, သမာဓိ သီးသန့်လုပ်မနေဘဲနဲ့ ဝိပဿနာသမာဓိနဲ့ မဂ်ရခဲ့တာပဲ၊ ရှင်းပြီလား'

'ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ
ပစ္ဆာ နိဗ္ဗာနေ ဉာဏံ'

'သုသိမ- သုသိမရဟန်း၊ ခေါ-စင်စစ်၊ ပုဗ္ဗေ-ရှေ့၌၊ ဓမ္မဋ္ဌိတိဉာဏံ-ဝိပဿနာဉာဏ်သည်၊ ဟောတိ-ဖြစ်၏၊ ပစ္ဆာ-နောက်ကာလ၌၊ နိဗ္ဗာနေဉာဏံ နိဗ္ဗာန်ကို မြင်သည့်ဉာဏ်သည်၊ ဟောတိ-ဖြစ်၏၊ ငါဘုရားသာသနာမှာ သမထကြောင့် မဂ်ဖိုလ်

www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့ မရှိဘူး၊ သမထကြောင့် မဂ်ဖိုလ်ရတယ်လို့ မဟောဘူး၊ ဘုရားက သုသိမကို ပြောတဲ့စကားမှာ ရှေ့ပိုင်းက ဝိပဿနာ၊ နောက်ပိုင်းက မဂ်ဉာဏ်ပဲတဲ့၊ ရှင်းကြပြီလား၊ ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ ဝိပဿနာဉာဏ်၊ နိဗ္ဗာနဉာဏ်ဆိုတာ နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ကို ဆိုတာပဲလို့မှတ်ကြ၊ နားမလည်လို့ အကျယ်ဖြေပါဦးဘုရား၊ ရှေ့ပိုင်းက ဝိပဿနာ၊ နောက်ပိုင်းက မဂ်ဉာဏ်ပဲ'

'မင်း-လျှာမရှည်နဲ့၊ မင်းနားမလည်လို့ သမထအနေနဲ့ မေးနေတာပဲ၊ မြဲမြဲ မှတ်ထား၊ သမထနဲ့ မဂ်ဖိုလ်မရနိုင်ဘူး၊ သမထတည်းဟူသော အကြောင်းကြောင့် မဂ်ဖိုလ်တည်းဟူသောအကျိုးတရား ဘယ်တော့မှမပေါ်နိုင်ဘူး၊ ဒီအဓိပ္ပာယ်စကားကို မိန့်တော်မူတယ်လို့ မှတ်ကြ၊ သဘောပေါက်ရဲ့လား၊ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ အခု သံယုတ်ပါဠိတော်မှာ ဘုရားက သုသိမကိုဟောလို့ သိကြရပြီ၊ ဒါသိရရင် အရှည် မလိုက်ကြနဲ့၊ တိုတိုနဲ့ ခရီးရောက်အောင် အားထုတ်ကြလို့ ပြောလိုက်ပါတယ်'

'အရှည်လိုက်နေလို့ရှိရင် ဒုက္ခရောက်ဖို့မြင်တယ်၊ အချိန် အလွန်နည်းနေပြီ သိကြရဲ့လား၊ သိရင် သိတဲ့အတိုင်း ကြိုးစားကြ၊ သုဒ္ဓဝိပဿနာ ရှုကြ၊ ဒါနဲ့မှ အဆင်ပြေ မယ်၊ အသေက အလွန်နီးနေပြီ၊ ဒါမှမဟုတ်လို့ သမထနဲ့ဝင်ရှုပ်နေရင် နစ်ချင်မြုပ်ချင် ကြသေးလို့ဆိုတာ မှတ်လိုက်ကြ၊ သမထနဲ့ နိဗ္ဗာန်မရနိုင်ဘူး၊ သမထနဲ့ အချိန် မဖြုန်း ကြနဲ့တော့၊ ဝိပဿနာဆတ်ဆတ်ကိုသာ ရှုကြ၊ ကျေနပ်ပြီလား'

'သမထအရှိန်အဟုန်က ဗြဟ္မာပြည်ပဲ ရောက်အောင်တတ်နိုင်တယ်၊ ဒီထက် မပိုဘူး၊ သမထက သူ့အရှိန်ကုန်ရင် ကျချင်ရာမှာကျနိုင်တယ်၊ သမထက အားကိုးမရ ဘူး၊ သူနဲ့ လမ်းမဆုံးဘူး၊ အဆန်းတရားလည်း မဟုတ်တော့ပါဘူးလို့ ပြောလိုက်ပါ တယ်၊ ဒကာဒကာမတွေ အခု နိဗ္ဗာန်ရှာနေကြတယ်၊ သမထနဲ့အချိန်ကုန်ရင် ကိုယ်ကျိုး နည်းကြဦးမယ်လို့ မှတ်လိုက်ကြပါ။ ဒါကြောင့် သမထ ဖယ်ထားပြီး ဝိပဿနာသက် သက်၊ သုဒ္ဓဝိပဿနာလက်နက်ကို မြဲမြဲကိုင်ထားကြ'

'ဒကာတို့တတွေ သမထနဲ့ နိဗ္ဗာန်မရဘူး၊ နိဗ္ဗာန်ရချင် လိုချင်ရင် ဝိပဿနာ လုပ်ရမယ်ဆိုတာ အမြစ်ဖွဲ့ဆုံးဖြတ်ချက်ချလိုက်ကြ၊ ရှင်းပြီလား၊ ဒကာတို့တစ်တွေ ကံ ကောင်း ဉာဏ်ကောင်းရှိတဲ့ အစိတ်အရွယ်၊ နှစ်ဆယ်အရွယ်တွေတုန်းက ငါးပါးအာရုံ ကာမဂုဏ်ကိစ္စတွေမှာ သုံးထားခဲ့ကြပြီကိုး၊ ဒါကြောင့် ကံမွဲဉာဏ်မွဲကလေးနဲ့ နည်း နည်းနဲ့ ရအောင် ကြိုးစားယူကြရမယ်၊ ဒကာတို့တစ်တွေ အရင်က ကံကောင်း၊ ဉာဏ် ကောင်းတွေ အလွဲသုံးစားလုပ်ခဲ့ကြပြီ'

'အခုနေမှာ နက်နဲတဲ့တရားနဲ့၊ ကံမွဲ၊ ဉာဏ်မွဲနဲ့ပဲ တွေ့ကြုံနေရမယ်၊ ရှေးက ငါးပါးအာရုံ ကာမဂုဏ်တွေမှာ သုံးပစ်ခဲ့ကြလို့ ကုန်ခဲ့ကြပြီ၊ အဲဒါ ကောင်းတာဟူသ၍ ကုန်ခဲ့တာပဲ၊ ဒကာ၊ ဒကာမတွေ ဒါဟာဘယ်သူ့အပြစ်လဲ ရိပ်မိကြရဲ့လား၊ ဇရာသူခိုးက ခိုးနေရတဲ့အထဲမှာ ဒကာတို့က အလွဲသုံးစားလုပ်နေတဲ့အချိန်က လုပ်ပစ်နဲ့ဆိုတော့ ကျန်ပါဦးမလား၊ ဘယ်ကျန်တော့မလဲ၊ ဒီကြားထဲက အချိန်ရွှေ့ချင်သေးတော့ အချိန်

www.burmeseclassic.com

www.burmeseclassic.com



က လွန်ရော'

'လာသေးတယ်၊ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ ဘာဝနာတဲ့၊ ဘယ်သူကထွင်လိုက်တဲ့ အမှားလည်းမသိပါဘူး၊ အချိန် ရွှေ့ပစ်နေတာ၊ တတိယအရွယ်မှာ ဘာဝနာတဲ့၊ ကံမွဲ၊ ဉာဏ်မွဲကျမှ ဘာဝနာ ဆိုရင် သွားပြီ၊ ရာဘာတုံး လက်သီးနဲ့ထိုးသလို နေမှာပဲလို့သာ မှတ်လိုက်ကြတော့ ဒကာ ဒကာမတို့ အရှည်မလိုက်ကြနဲ့ တိုတိုပဲလိုက်ကြလို့ ပြောလိုက်ပါတယ်၊ အချိန်က မရတော့ဘူး ရိပ်မိကြရဲ့လား၊ သတိရှိကြပါ'

'ဒကာတို့ခန္ဓာမှာ ဇရာသူခိုးက အချိန်တိုင်း ခိုးနေတာ၊ အိပ်နေတော့လည်း ဇရာက ခိုး၊ မနက်လင်းတော့ သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ အလွဲသုံးစား လုပ်ပစ်ကြ၊ အကောင်းဟူသမျှ အားလုံးနည်းနေပြီ၊ အဲ-မွဲနေတဲ့ အချိန်ကျမှ ရောက် လာတော့ သုံးလို့ကို မရတော့ဘူး၊ သဘောပေါက်ပြီလား၊ ဒီတော့ ဒကာတို့အတွက် အချိန်က အလွန်နည်းနေတော့ တိုတိုနဲ့ရဖို့ ပြောရမယ်၊ ရှည်နေရင် မဖြစ်ဘူး၊ အမွဲ နဲ့လာရတာ အသေက စောသွားရင်ခက်မယ်၊ အသေမဦးခင် ဉာဏ်အရင်ဦးအောင် လုပ်နိုင်မှ ဖြစ်တော့မယ်'

'ဒါ့ကြောင့် နိဗ္ဗာန်ရောက်ချင်ရင် ကြိုးစားပြီး မှတ်သားနာယူကြ၊ ဒကာ,ဒကာ မတွေ နိဗ္ဗာန်ရချင်ရင် ရှေ့ပိုင်းက ဝိပဿနာမဂ်၊ နောက်ပိုင်းက လောကုတ္တရာမဂ်၊ ဒါကိုလုပ်ရမယ်လို့ မှတ်ကြ၊ ရှင်းပြီမဟုတ်လား၊ ဝိပဿနာသမာဓိနဲ့ သွားရမယ်၊ သမထ မလုပ်နဲ့တော့၊ သမထလုပ်ရင် အချိန်ကြာနေမယ်၊ ဒီလိုမှမလုပ်ရင် ဇရာခိုး တာနဲ့၊ အသေစောတာနဲ့ပဲ၊ ကိစ္စတုံး နိဂုံးချုပ်ရတော့မယ် ရိပ်မိကြပြီးလား၊ ဒီအတိုင်း နေသွားရင် သာသနာပ,နဲ့ပဲ သေသွားရမယ်'

'သာသနာနဲ့ကြုံတယ်ဆိုပေမယ့်၊ သာသနာတွင်းတရား မရတော့ သာသ နာပလို့ပဲ ဆိုရတယ်၊ သဘောပေါက်ကြပြီလား၊ သမထ သမာဓိဆိုရင်ကြာမယ်၊ ဒါက သာသနာပတရား၊ သာသနာတွင်းတရားမဟုတ်ဘူး၊ ဒါ့ကြောင့် သမထ၊ သမာဓိ မလုပ်နဲ့တော့၊ အသေစောရင် အမျှောကြီး မျှောရလိမ့်မယ်၊ နားလည်ကြပြီလား၊ ဒီအလုပ်မှာ သမာဓိ,က-ဝိပဿနာသမာဓိ (ခဏိကသမာဓိ)နဲ့ သွားရမယ်၊ ရှင်းပြီ လား၊ ကိုင်း-ဒကာ ဒကာမတွေကို အလုပ်ပြမယ်၊ အလုပ်က ရှေ့က ဝိပဿနာမဂ်၊ နောက်က လောကုတ္တရာမဂ်လို့ မှတ်ကြ၊ တိုတိုနဲ့ အမိဖမ်းဖို့ လုပ်ကြ၊ မှတ်မိကြပြီလား'

'ရှေ့ပိုင်းက ဝိပဿနာမဂ်၊ နောက်ပိုင်းက လောကုတ္တရာမဂ်၊ ဒါကိုမိအောင် လုပ်ရမယ်၊ ကံမွဲ၊ ဉာဏ်မွဲသမားတွေ၊ ကောင်းကောင်းမှတ်သွားကြ၊ ဒီနှစ်ခုတည်းနဲ့ သွားကြရမယ်၊ များနေရင် ဆေးချက်မီမှာမဟုတ်ဘူး၊ ဆေးချက်မီအောင် မနည်းလုပ် နေရတာ၊ ဒါမှမလုပ်ရင် ဂွမ်းထိုးမျောက်ခုန်သွားဖို့သာ ပြင်ထားတော့လို့၊ မလုပ်ချင်တဲ့ သူတွေအတွက် ပြောလိုက်ပါတယ်'။

လယ်တီဆရာတော်နှင့် မိုးကုတ်ဆရာတော်တို့၏ အယူအဆအရ ယခုခေတ်

www.burmeseclassic.com

www.burmeseclassic.com



လူများသည် နေယျပုဂ္ဂိုလ်အများဆုံးဖြစ်သည်။ ထို့ကြောင့် ဝိပဿနာယာနိကနည်းသည်သာ အသင့်လျော်ဆုံးဖြစ်သည်ဟု ဆိုလို၏။ ဝိပဿနာရှုပွားခြင်း၏ အဓိကရည်ရွယ်ချက်သည် ကိလေသာများကုန်ခန်းရေးအတွက်ပင်ဖြစ်၏။ ထို့ကြောင့် ဝိပဿနာသုံးမျိုးတွင် မည်သည့်နည်းဖြင့်ပွားပွား မိမိသန္တာန်၌ရှိနေသော ကိလေသာများ ထိုက်တန်သမျှ ပါးသွား၊ လျော့သွားသည်ဆိုလျှင် ထိုတရားနည်းသည် မိမိနှင့် သင့်လျော်ကြောင်း သိအပ်၏။ ပြခဲ့သောအချက်တို့ကို အကျဉ်းပြန်ချုပ်လိုက်လျှင် ပါရမီရှိပါလျက် မဂ်ဖိုလ် မရသောဘေးဆိုးမှ ကင်းဝေးစေရန်-

(၁) မိတ်ဆွေယုတ်ကိုရှောင်၍ မိတ်ဆွေကောင်းကို မှီဝဲရမည်၊

(၂) ဝိပဿနာတရားကို နာကြားခွင့်ကြုံလျှင် ဆုံးအောင်နာရမည်၊

(၃) ဆရာကလည်း သစ္စာလေးပါးကို အခါအားလျော်စွာဟော ပေးရမည်၊

(၄) ပုဂ္ဂိုလ်နှင့် ဝိပဿနာ ကိုက်ညီစေရမည်

ဟူသော အင်္ဂါလေးချက်နှင့် ပြည့်စုံအောင်ကြိုးစားရမည်ဖြစ်၏။

## သောတာပန်ဂုဏ်ရည်များ

ဖော်ပြပါ အင်္ဂါလေးချက်နှင့် ပြည့်စုံပြီး ဝိပဿနာတရားကို နာကြား အားထုတ်ပြီဆိုပါက ယခုဘဝမှာပင် မဂ်ဖိုလ်ကို ရမည်ဖြစ်၏။ ဤနိဂုံးချုပ်အခန်း၌ သောတာပန်၏ ကြည်ညိုလေးစားဖွယ်ရာ ဂုဏ်ရည်များကို ရှာဖွေတွေ့ရှိသမျှ တင်ပြသွားမည်။ ဤအခန်းကို သေချာဖတ်ရှုခြင်းဖြင့် သောတာပန်ပုဂ္ဂိုလ်ကို ပိုမိုကြည်ညိုတတ်လာမည်ဖြစ်သလို မိမိ၏ တရားအဆင့်အတန်းကိုလည်း လေ့လာနှိုင်းချိန်နိုင်မည်ဖြစ်၏။ တွေ့ရှိရသမျှသော သောတာပန်၏ ဂုဏ်ရည်များမှာ -

(၁) ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာ အမြစ်ပြတ်သွားခြင်း၊

(၂) ဝိပ္ပလ္လာသရှစ်ပါး ပြုတ်သွားခြင်း၊ (ရှေ့၌အကျယ်ရေးပြီး)

(၃) ဘုရားကို အသက်နှင့်လဲ၍ ယုံကြည်ကိုးကွယ်ခြင်း၊

(၄) တရားကို အသက်နှင့်လဲ၍ ယုံကြည်ကိုးကွယ်ခြင်း၊

(၅) သံဃာကို အသက်နှင့်လဲ၍ ယုံကြည်ကိုးကွယ်ခြင်း၊

(၆) မည်သို့သောအကြောင်းကြောင့်မှ ကိုယ်ကျင့်သီလကို မဖျက်ဆီးခြင်း၊

(၇) ဣဿာမစ္ဆရိယ မရှိတော့ခြင်း၊

(၈) မိမိ၌ရှိသော အပြစ်ကို မရှိဟန်ဆောင်မှု မာယာနှင့် မိမိ၌မရှိသည့် ဂုဏ်ကို ရှိဟန်ဆောင်သော သာဌေယျမရှိတော့ခြင်းတို့ဖြစ်၏။

(သံယုတ်ပါဠိတော်၊ ပထမဂိဉ္ဇကာဝသထသုတ်နှင့် အံ၊ ၂၊ ၂၃၈၊ ဝိဘင်း ၃၄၉)

(၁)နှင့် (၂)ကို ရှေ့၌ အကျယ်ရေးပြီးဖြစ်၍ ဤ၌ အကျဉ်းချုပ်သာရေးအံ့။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို မြင်လိုက်သောအခါ ပရမတ်ခန္ဓာငါးပါးသည် မျက်လုံးပေါ်တွင် ဖြစ်ပျက်သွားပြီဖြစ်၏။ အဆင်းရုပ်နှင့် မျက်စိအကြည်ရုပ်သည် ရူပက္ခန္ဓာ၊ မြင်သိစိတ်သည် ဝိညာဏက္ခန္ဓာ၊ မြင်ရသည့်အဆင်းရုပ်ကို ခံစားသော ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ၊ မည်သည့်အဆင်းပဲဟု မှတ်သားသော သညာစေတသိက်သည် သညာက္ခန္ဓာ၊ မျက်စိ၊ အဆင်း၊ မြင်သိစိတ်တို့၏ ပေါင်းဆုံမိခြင်း သို့မဟုတ် အဆင်းကို ကြည့်ဖြစ်အောင် တိုက်တွန်းနှိုးဆော်ခြင်း စေတနာစေတသိက်သည် သင်္ခါရက္ခန္ဓာ။

ထိုခန္ဓာငါးပါးသည် မျက်လုံးပေါ်မှာပင် အခုဖြစ်ပြီး အခုပျက်သွားကြ၏။ ပုထုဇဉ်သည် ထိုဖြစ်ပျက်သွားသော ပရမတ်ခန္ဓာ ငါးပါးကိုလည်းကောင်း၊ ပကတိမျက်စေ့ဖြင့်မြင်နေရသော ပညတ်ရုပ်ကောင်၊ ဥတုဇရုပ်ကောင်ကြီးကိုလည်းကောင်း ငါဟု မိစ္ဆာဒိဋ္ဌိဖြင့် အယူမှားသည်။

သောတာပန်က ပရမတ်ခန္ဓာငါးပါးသည် ငါမဟုတ်၊ ငါဆိုတာမရှိ၊ ပညတ်ရုပ်ကောင်၊ ဥတုဇရုပ်ကောင်ကြီးလည်း ငါမဟုတ်၊ ငါမရှိဟု သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပြတ်သားစွာသိ၏။ ဤကား ဒိဋ္ဌိကိလေသာကို ပယ်သတ်ခြင်းဖြစ်၏။ ဒိဋ္ဌိကိလေသာ သေသည်နှင့် ငါသည် အရင်တုန်းက ဖြစ်ခဲ့သလား၊ အခုလည်း ငါဆိုတာ ဖြစ်ဆဲလား စသည်ဖြင့်ယုံမှားသော ဝိစိကိစ္ဆာကိလေသာလည်း တစ်ပါတည်းသေတော့၏။ ထို ပရမတ်ခန္ဓာငါးပါးအပေါ် ဖောက်ပြန်မှားယွင်းစွာယူဆသော ဝိပ္ပလ္လာသရှစ်ပါးကို ပယ်သတ်လိုက်ပုံမှာ ထိုခန္ဓာငါးပါးကို-

* မြဲသည်ဟု အယူမှားသော ဒိဋ္ဌိဝိပ္ပလ္လာသ၊
* မြဲသည်ဟု အသိမှားသော စိတ္တဝိပ္ပလ္လာသ၊
* မြဲသည်ဟု အမှတ်မှားသော သညာဝိပ္ပလ္လာသ၊
* ချမ်းသာသည်ဟု အယူမှားသော ဒိဋ္ဌိဝိပ္ပလ္လာသ၊
* အစိုးရသည်ဟု အယူမှားသော ဒိဋ္ဌိဝိပ္ပလ္လာသ၊
* အစိုးရသည်ဟု အသိမှားသော စိတ္တဝိပ္ပလ္လာသ၊
* အစိုးရသည်ဟု အမှတ်မှားသော သညာဝိပ္ပလ္လာသ၊
* တင့်တယ်သည်ဟု အယူမှားသော ဒိဋ္ဌိဝိပ္ပလ္လာသ

တို့ ပြန်လည်ပေါ်မလာနိုင်တော့ခြင်းဖြစ်၏။

သောတာပန်သည် ဝိပ္ပလ္လာသ ရှစ်ပါးကိုသာ ပယ်သတ်နိုင်၍ ကျန်လေးပါးကို မပယ်သတ်နိုင်သေးပေ။ ယင်းလေးပါးကား-

* ခန္ဓာငါးပါးကို ချမ်းသာသည်ဟု အသိမှားခြင်း စိတ္တဝိပ္ပလ္လာသ၊
* ခန္ဓာငါးပါးကို ချမ်းသာသည်ဟု အမှတ်မှားခြင်း သညာဝိပ္ပလ္လာသ၊
* ခန္ဓာငါးပါးကို တင့်တယ်သည်ဟု အသိမှားခြင်း စိတ္တဝိပ္ပလ္လာသ၊
* ခန္ဓာငါးပါးကို တင့်တယ်သည်ဟု အမှတ်မှားခြင်း သညာဝိပ္ပလ္လာသ

တို့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခလက္ခဏာနှင့် အသုဘလက္ခဏာကို ကုန်စင်ပိုင်နိုင်အောင် မသိသေးခြင်း ပင်ဖြစ်၏။ ထို့ကြောင့် သောတာပန်တည်ပြီးသော်လည်း အိမ်ထောင်သားမွေးအလုပ်၊ စီးပွားရေးအလုပ်တို့ဖြင့် ပျော်ရွှင်စွာနေနိုင်ခြင်းဖြစ်၏။ ထိုအဖြစ်ကို မသိသူအများစုသည် တရားအားထုတ်သော ယောဂီများကို - တရားအားထုတ်တယ်လည်း ဆိုတယ်၊ ခြင်ထောင်ထဲကဖြင့် အခုထက်ထိ မထွက်နိုင်ဘူး၊ သူတို့ရတဲ့တရားက ဘာတရားလဲ စသည်ဖြင့် ပြောဆိုကဲ့ရဲ့တတ်ကြ၏။

တကယ် တရားမရသေးသော ပုထုဇဉ်ကို ကဲ့ရဲ့မိက အကြောင်းမဟုတ်သော်လည်း သောတာပန်ဖြစ်နေသူကို ကဲ့ရဲ့မိပါက အရိယူပဝါဒကံကြီးထိုက်ပြီး မဂ်တားဖိုလ်တားဖြစ်နိုင်၏။ ထိုက်သွားပါက ကန်တော့တောင်းပန်မှု မပြုမခြင်း မဂ်ဖိုလ်ကို မရတော့ပေ။ ထိုအရိယာ သက်ရှိထင်ရှားရှိလျှင် ကိုယ်တိုင်သွား၍ တောင်းပန်ကန်တော့ရမည်။ သေဆုံးသွားပြီဆိုလျှင် မြှုပ်နှံသဂြိုဟ်ရာ မြေပုံကိုဖြစ်စေ၊ အုတ်ဂူကိုဖြစ်စေ ကန်တော့ရမည်။ သဂြိုဟ်သောနေရာကို မသိလျှင် ရဟန်းသံဃာများ ရှေ့မှောက်တွင် ပြစ်မှားမိပုံကိုလျှောက်ထားပြီးကန်တော့မှ ပြေပျောက်သည်။

အရိယူပဝါဒကံသည် သူတစ်ပါးအပြစ်ကို ဆီလိုအပေါက်ရှာပြီး ပြစ်တင်ကဲ့ရဲ့ တတ်သူများ၌ အဖြစ်များ၏။

တကယ့် ပညာရှိ သူတော်ကောင်းများကား-
သူတစ်ပါးအပြစ်ကိုပြောရန် အချိန်မရကြပေ။
လောကကောင်းကျိုးကို အချိန်ပြည့် လုပ်နေကြရသောကြောင့်ဖြစ်၏။
သို့ဖြစ်၍ သူတစ်ပါးအပြစ်ကို များများပြောလာသောသူများကို
မသူတော်အဖြစ် သိအပ်၏။
အဘယ့်ကြောင့်နည်း -
မသူတော်များသည် သူတစ်ပါးအပြစ်များကို များများပြောပြီး
မိမိအပြစ်ကို ဖုံးလွှမ်းလေ့ရှိသောကြောင့်ပင်တည်း။

ထိုအချက်နှင့်ပတ်သက်၍ ဗုဒ္ဓက ဓမ္မပဒ၊ မေဏ္ဍကသေဋ္ဌိဝတ္ထုတွင် ယခုလိုဟောဖူး၏။

'သုဒဿံဝဇ္ဇ မညေသံ၊
အတ္တနော ပန ဒုဒ္ဒသံ။
ပရေသံ ဟိ သောဝဇ္ဇာနိ၊
ဩဖုနာတိ ယထာဘုသံ။
အတ္တနော ပန ဆာဒေတိ၊
ကလိံ - ကိတဝါသဌော - တိ။' **(ဓမ္မပဒ)**

သူတစ်ပါးအပြစ်ကို မြင်လွယ်၏။ မိမိအပြစ်ကို မြင်နိုင်ခဲ၏။ သူတစ်ပါးအပြစ်ကိုသာ မြင်လေ့ရှိ၍၊ မိမိအပြစ်ကို မြင်လေ့မရှိသော(မသူတော်)သည် စပါးဖွင်း

www.burmeseclassic.com

www.burmeseclassic.com



ကို လွှင့်သကဲ့သို့ သူတစ်ပါးအပြစ်ကို များများပြောခြင်းဖြင့် မိမိအပြစ်ကို ဖုံးလွှမ်းတတ်၏။ ဥပမာအားဖြင့် ငှက်တို့ကိုဖမ်းဆီးလိုသော ငှက်မုဆိုးသည် မိမိကိုယ်ကို ငှက်တို့မမြင်အောင် သစ်ခက်စသည်ဖြင့် ဖုံးလွှမ်းသကဲ့သို့ပင်တည်း။

ကဲ့ရဲ့ပြစ်တင်ခြင်းသည် အပြစ်မှထမြောက်စေလိုသော စေတနာကောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ခြင်း၊ သိက္ခာကျစေလိုသော၊ လူတိုင်းက အထင်သေးစေလိုသော စေတနာဆိုးဖြင့် ပြစ်တင်ကဲ့ရဲ့ခြင်းဟု နှစ်မျိုးရှိ၏။ စေတနာကောင်းဖြင့် ပြစ်တင်ကဲ့ရဲ့ခြင်းကိုကား ဘုရားရှင်တို့ပင် ပြုတော်မူသည်။ ပထမပါရာဇိကသိက္ခာပုဒ်ကို မပညတ်မီက မယားဟောင်းနှင့် ပြစ်မှားမိသော ရှင်သုဒိန်ကို ဗုဒ္ဓက 'မောဃပုရိသ၊ မင်္ဂဖိုလ်မှ အချည်းနှီးဖြစ်သောယောကျ်ား' စသောစကားတို့ဖြင့် ပြစ်တင်ကဲ့ရဲ့ပါသည်။

ဗုဒ္ဓက ထိုသို့ ပြစ်တင်ကဲ့ရဲ့နေခြင်းသည် နောင်အခါ ထိုအပြစ်တို့ကို ထပ်မံမကျူးလွန်စေလိုသော စေတနာကောင်းဖြင့် ပြစ်တင်ကဲ့ရဲ့နေခြင်းဖြစ်သည်။ ထို့ကြောင့် စေတနာကောင်းဖြင့် ပြစ်တင်ကဲ့ရဲ့ခြင်းကား အပြစ်မရှိဟုမှတ်အပ်၏။ သို့သော် တစ်ခုသတိထားရမည်ကား စိတ်ကို မိမိလိုသလို ထားနိုင်သည်အထိ အစိုးရသူကား ဘုရားရှင်တစ်ပါးသာရှိ၏။ ထိုသို့ စိတ်ကို အစိုးရသူကို ပါဠိလို 'စိတ္တိဿရပုဂ္ဂိုလ်' ဟု ခေါ်၏။ ပုထုဇဉ်များကား 'စိတ္တဒါသ'ခေါ် စိတ်၏ကျွန်များသာများ၏။

စေတနာကောင်းဖြင့် ကဲ့ရဲ့ပြစ်တင်နေရင်းကပင် မိမိ သတိမထားလိုက်မိခင် စေတနာဆိုးဝင်သွားပါက အပြစ်ရမည်သာဖြစ်၏။ ထို့ကြောင့် တရားအလုပ်ကို တကယ်လုပ်နေသူတစ်ယောက်ကို အပြစ်ပြောဖို့ကြုံလာလျှင် မိမိစိတ်ကို စေတနာကောင်းဖြင့် ပြောလိုခြင်း ဟုတ်-မဟုတ်ကို ဦးစွာစစ်ဆေးသင့်၏။ မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနှင့် ဟူသောစကားပုံအတိုင်း တရားကို တကယ်လုပ်နေသူများနှင့် ပတ်သက်လာလျှင် 'မချီးမွမ်းချင်နေပါ၊ မကဲ့ရဲ့ပါနှင့်'ဟူသော ဥပဒေသဖြင့် မိမိနှုတ်ကို ထိန်းသိမ်းနိုင်လျှင် အကောင်းဆုံးဖြစ်၏။

'မသူတော်သည် သူတစ်ပါး၏ ဇီးစေ့လောက်ရှိသော အပြစ်ကို ရှာဖွေတွေ့မြင်တတ်သော်လည်း မိမိ၏ မြင်းမိုရ်တောင်လောက်ရှိသောအပြစ်ကိုကား မမြင်တတ်၊ သူတော်ကောင်းသည် သူတစ်ပါး၏ မြင်းမိုရ်တောင်လောက်ရှိသောအပြစ်ကို မမြင်တတ်သော်လည်း မိမိ၏ ဇီးစေ့လောက်ရှိသော အပြစ်ကိုကား ရှာရှာဖွေဖွေမြင်ပြီး ပြုပြင်ဆုံးမတတ်၏'ဟူသော ဥပဒေသကိုလက်ခံလျှင် မိမိ၏ တန်ဖိုးရှိလှသော အချိန်များကို အကုန်ခံပြီး သူတစ်ပါးအပြစ်ကို ပြောဆိုဖြစ်တော့မည်မဟုတ်ချေ။

ကဲ့ရဲ့တတ်သူများ သတိထားနိုင်ကြစေရန် သောတာပန်၊ သကဒါဂါမ်နှင့် ပုထုဇဉ်တို့၏ ကြည့်တတ်မှသာ မြင်နိုင်သော ကွဲလွဲချက်များကို လယ်တီဆရာတော်က ယခုလို အသေးစိတ် ရေးသားတော်မူခဲ့၏-

'သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့မှာ
ဝိညာဏ်ခြောက်ပါးတို့၌ အနိစ္စပရိညာ၊ အနတ္တပရိညာနှစ်ပါးသာ

www.burmeseclassic.com

www.burmeseclassic.com



အခွင့်တုံးသေးသည်။ ဒုက္ခပရိညာအခွင့် မတုံးအဆုံးမတိုင်သေး၊ စိတ်ဝိညာဏ်ကို သုခအနေဖြင့်သာယာသော တဏှာတန်းလန်းဖြင့် ပင်ရှိကြသေးသည်'

'ဘယဉာဏ်၊ အာဒီနဝဉာဏ်များမှာ အားထုတ်ခွင့် မတုံးသေး။ ဘယဉာဏ်၊ အာဒီနဝဉာဏ်တို့နှင့်ရှု၍ နေဆဲအခါ၌သာလျှင် ဝိညာဏ်၌ ဒုက္ခကြီးစွာထင်မြင်နိုင်သည်။ မရှုသောအခါ၌ သုခသညာ ကပ်မြဲကပ်ပြန်သည်။ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ ထင်မြဲထင်ပြန်သည်'

'အနာဂါမ်ပုဂ္ဂိုလ်ကား ဗြဟ္မာချမ်းသာ အထင်သာရှိတော့သည်။ လူချမ်းသာ၊ နတ်ချမ်းသာတို့ အထင်မရှိပြီ။ ဝိပဿနာတရားကို အားထုတ်သောပုထုဇဉ်တို့မှာ ဆိုဖွယ်မရှိပြီ။ ထိုပုဂ္ဂိုလ်မှာလည်း ဝိပဿနာ ထင်မြင်နိုင်သည်ဆိုငြားသော်လည်း အနိစ္စပရိညာနှင့် အနတ္တပရိညာ ဤနှစ်ပါးသာ စွဲမြဲစွာထင်နိုင် လေသည်။ ဒုက္ခပရိညာသည်မူကား အားထုတ်၍ ရှုဆဲအခါ၌သာ ကောင်းစွာ ထင်နိုင်၏။ မရှုပြန်လျှင် သုခသညာကပ်ပြန်သည်။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ထင်မြဲထင်ပြန်သည်'

'ဒုက္ခပရိညာဖြစ်သော ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်တို့ကို လွန်စွာအားထုတ်၍ ရှုနေစဉ်တွင် အဆင့်ဆင့် ဉာဏ်ပွင့်လင်း၍သွားသဖြင့် အတ္တဒိဋ္ဌိပြုတ်လောက်အောင် လင်း၍သွားသောအချက်တွင် သောတပတ္တိမဂ်သို့ ဆိုက်လေ၏။ ဖိုလ်ပစ္စဝေက္ခဏာပေါ်အောင် ဉာဏ်အချက်သွားလေ၏။ ဖိုလ်ပစ္စဝေက္ခဏာမှ ထ၍ ပကတိနေပြန်လျှင် သုခသညာ ကပ်မြဲကပ်ပြန်၏။ လူဖြစ်ခဲ့လျှင် ဥစ္စာ၊ စီးပွား၊ သားမယားအာရုံနှင့် မွေ့လျော်မြဲမွေ့လျော်၍ နေနိုင်ပြန်၏။ အချို့သောသူတို့ကား ထိုသို့ မသိရှာကြသည့်အတွက်ကြောင့် ဝိပဿနာထင်မြင်သူမှန်လျှင် လူထဲရှင်ထဲမှာ ရွှင်ကြည်စွာ မနေနိုင်ရာပြီ။ ဥစ္စာစီးပွား သားမယားအလယ်မှာ မနေရာပြီ၊ ရွှင်သောမျက်နှာ၊ ရွှင်သောစကား၊ ကြွရွှသော ကိုယ်အမူအရာ မရှိရာပြီဟု ထင်ကြကုန်၏'

'အဆိပ်ပင်ကြီးနှစ်ပင်သည် ရှိရာ၏။ တစ်ပင်မှာ ရေ သောက်မြစ်အကုန်ပြတ်ပြီတည်း။ တစ်ပင်မှာ ပကတိအနေအတိုင်းပင်။ ရှေ့အပင်မှာ ရေသောက်မြစ်ကြီး ဖြတ်ပြီးပင်ဖြစ်သော်လည်း၊ (မြေ) ရေထဲမှာ မြစ်သေးမြစ်မွှား ကျန်ရှိသေးသည်တစ်ကြောင်း၊ မြေပေါ်ရှိ တစ်ပင်လုံးမှရှိနေသော အစေးတို့ ခြောက်ခန်း၍ မကုန်

www.burmeseclassic.com

www.burmeseclassic.com



တတ်သေးသည်ကတစ်ကြောင်း၊ သို့အကြောင်းကြောင့် ပကတိ အပင်နှင့် နေပုံမထူးကြသေး၊ စိုစိုပြည်ပြည် ရွှင်ရွှင်လန်းလန်း အတိုင်းပင် ရှိနေသေးသည်'

'အစေးအားကြီးလှသော အပင်မျိုးဖြစ်၍ တဖြည်းဖြည်း သာ စိုပြေရွှင်လန်းမှု ရုပ်သိမ်း၍သွားသည်။ ပကတိအပင်မှာမူကား အစဉ်အဆက် ပွားစီး၍ ထိုအရပ်တွင် အဆိပ်ပင်တောကြီးဖြစ် အောင် သွားလမ်းလာလမ်းသာ ရှိနေ၏။ မျက်မြင်မှာ ရွှင်ပုံချင်း တူကြသော်လည်း ဝိပဿနာထင်မြင်သော ပုထုဇဉ်ပုဂ္ဂိုလ်၊ သော တာပန်ပုဂ္ဂိုလ်တို့၏ ရွှင်မှုနှင့် ပကတိ အန္ဓဗာလပုထုဇဉ်တို့၏ ရွှင်မှု နှစ်ပါးအထူးသည် မသိတတ်လျှင် အပြစ်ကြီးစွာ ဖြစ်တတ်သော (အရိယူပဝါဒကံ ထိုက်နိုင်သော)အချက်ဖြစ်၍ ဥပမာနှင့်တကွ ပြဆိုလိုက်သည်။

*(လယ်တီဆရာတော်)*

## အရိုးမရှိတဲ့လျှာ-အာခေါင်မစူးစေနှင့်

အရိယာများကို ကံသုံးပါးတွင် ဝစီကံဖြင့် စော်ကားမိသည်က များ၏။

ထို့ကြောင့် ဝေဘူဆရာတော်ကြီးက- 'အရိုးမရှိတဲ့ လျှာ-အာခေါင်မစူးစေနှင့်' ဟု လိုရင်းတိုရှင်းကို ထိမိစွာဆုံးမလေ့ရှိ၏။ သောတာပန်ဂုဏ်ရည် တစ်နှင့် နှစ်တို့ကို ဖော်ပြပြီးဖြစ်၍ ယခုအခါ သုံးခုမြောက်ဂုဏ်ရည်ကို ဖော်ပြအံ့။ သုံးခုမြောက် ဂုဏ်ရည် ကား ဘုရားရှင်ကို အသက်နှင့်လဲ၍ ယုံကြည်ကိုးကွယ်ခြင်းဖြစ်၏။

ဗုဒ္ဓလက်ထက်တော်က ဓနဉ္စာနီအမည်ရှိ ပုဏ္ဏားမတစ်ယောက်ရှိ၏။ သူ သည် ဘုရားရှင်၏တရားတော်ကို နာကြားပြီးနောက် သောတာပန်တည်သွား၏။ ခင်ပွန်း ကား ဗြဟ္မာကိုးကွယ်သော မိစ္ဆာဒိဋ္ဌိတစ်ယောက်သာဖြစ်၏။

တစ်ရက်တွင် ပုဏ္ဏားကြီးသည် ပုဏ္ဏားဆရာကြီးများဖိတ်ပြီး ထမင်းကျွေးရန် စီစဉ်ထား၏။ ပုဏ္ဏားဆရာကြီးကလည်း သူတို့ ဘာသာရေးအခမ်းအနားတွင် ရတနာ သုံးပါးနှင့်ပတ်သက်သော အသံကို မကြားလိုကြ၊ 'မင်္ဂလာမရှိ'ဟု ယူဆ၏။ သူတို့ ထမင်းစားသခိုက်တွင် ရတနာသုံးပါးနှင့်ပတ်သက်သော၊ ဥပမာ- ဘုရားရှိခိုးသံကဲ့သို့ သောအသံမျိုးကိုကြားရလျှင် စိတ်ဆိုးပြီး ထမင်းဆက်မစားတော့ဘဲ ထွက်ခွါသွားတတ် ၏။ ထို့ကြောင့် ပုဏ္ဏားကြီးက ပုဏ္ဏေးမကြီးကို သတိပေးစကားပြော၏။

'ရှင်မ-မနက်ဖြန် ပုဏ္ဏားဆရာတွေကို ထမင်းစားဖိတ်ထားတယ်၊ ပုဏ္ဏား တွေကို ဧည့်ခံရင်းနဲ့ ယောင်ယမ်းပြီး နမောတဿနဲ့ ဘုရားရှိမခိုးလိုက်ပါနဲ့၊ ပုဏ္ဏားတွေ ဟာ သူတို့ရှေ့မှာ ဘုရားရှိခိုးတာကို မကြိုက်ကြဘူး'

'ကျွန်မ ဘုရားကိုတော့ ရှိမခိုးပဲ မနေနိုင်ဘူး၊ သတိရလျှင် ရှိခိုးမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'နေ့စဉ်ရှိခိုးနေတာပဲ ဒီတစ်ရက်လောက်တော့ ရှိမခိုးဖို့တောင်းပန်ချင်တယ်'

'ကျွန်မရဲ့ တခြား ကိုယ်ရေးကိုယ်တာကိစ္စတွေကို တားချင်တာတားပါ၊ ဘုရား ရှိခိုးတဲ့ကိစ္စတစ်ခုကိုကော့ မတားပါနဲ့'

အေးအေးတောင်းပန်၍ မရသောအခါ ပုဏ္ဏားကြီးသည် ဒေါသအလွန်ဖြစ် သွား၏။ ဒေါသဖြစ်မည်ဆိုလျှင်လည်း ဖြစ်ချင်စရာပင်။ ပုဏ္ဏေးမကြီးသည် အရင်က ပုဏ္ဏားကြီးကို ပြန်ပြောရဲဖို့နေနေသာသာ မော့မကြည့်ရဲလောက်အောင် ကြောက်၏။

ယခု ဘုရားရှိခိုးဖို့ကိစ္စလေးကျခါမှ သူ့စကားကိုမနာယူဘဲ လွန်ဆန်နေသော ကြောင့် အလွန်ဒေါသထွက်ခြင်းဖြစ်၏။ ပုဏ္ဏားကြီးသည် ဓားရှည်တစ်ချောင်းကို ထ,ယူလိုက်ပြီးလျှင် ပုဏ္ဏေးမကြီးကို ခုတ်ပိုင်းရန်ချိန်ရွယ်ရင်း-

'ရှင်မ-မနက်ဖြန် မင်းပါးစပ်ကနေ နမောတဿနဲ့ ဘုရားရှိခိုးမယ်ဆိုလျှင် ဟောဒီဓားနဲ့ မင်းတစ်ကိုယ်လုံးကို အတုံးတုံးအတစ်တစ်ဖြစ်အောင် ခုတ်သတ်မယ်'

ဟု ကြိမ်းမောင်း၏။ သောတာပန်ဖြစ်သော ပုဏ္ဏေးမကြီးကား နောက်ဆုတ်မ သွား၊ ခန္ဓာကိုယ်ကို ပုဏ္ဏားကြီးဖက် အနည်းငယ်ယိမ်းပေးရင်း-

'ဘုရားရှိခိုးလို့ သတ်မယ်ဆိုရင် အခုသတ်လိုက်ပါ၊ သတိရလျှင် ဘုရားကို ရှိခိုးမှာပဲ၊ ဒါတစ်ခုကိုတော့ ဘာနဲ့တားတား ရမှာမဟုတ်ဘူး'

ဟု ရဲဝံ့စွာပြောလိုက်သဖြင့် ပုဏ္ဏားကြီးလည်း တကယ်မခုတ်ရဲသဖြင့် ဓားကို ပစ်ချကာ အလျှော့ပေးလိုက်ရ၏။

နောက်နေ့ ပုဏ္ဏားဆရာများကို ထမင်းကျွေးနေသောအချိန်တွင် ဟင်းလျာ လိုက်ရင်း ခလုတ်တိုက်မိသဖြင့် ပုဏ္ဏေးမကြီးသည် 'နမော တဿ ဘဂဝတော အရဟ တော သမ္မာသမ္ဗုဒ္ဓဿ' ဟု ရှိခိုးမိလိုက်၏။ ပုဏ္ဏားဆရာကြီး များကလည်း ဒေါသဖြစ် ပြီး မိစ္ဆာဒိဋ္ဌိအိမ်မှထမင်းကို မစားဟုဆိုကာ ထပြန်ကြကုန်၏။ ပုဏ္ဏား ကြီးသည် စိတ်ဆိုးပြီး ဘုရားရှင်ကို ပုစ္ဆာသွားမေးရာမှတစ်ဆင့် ဘုရားရှင်၏ တရား တော်ကို နာကြားရပြီး မဂ်ဖိုလ်ကိုရသွားခဲ့သည်။

တရားတော်ကိုကြည်ညိုမှုနှင့် ပတ်သက်၍ကား သူရမ္ဗဋ္ဌအကြောင်းကို ဖော် ပြရမည်ဖြစ်၏။ ရှေ့၌ အကျယ်ပြခဲ့ပြီးဖြစ်၍ ဤ၌ လိုရင်းအနှစ်ချုပ်ကိုသာ ပြအံ့။ သူရမ္ဗဋ္ဌသည် ဘုရားရှင်၏ တရားတော်ကိုနာယူပြီး သောတာပန်တည်သွား၏။ ခန္ဓာ ငါးပါး မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရ အနှစ်သာရမရှိပုံတို့ကို ပြတ်သားစွာ သိသွားခဲ့၏။ ခန္ဓာသိ၊ ပညာသိ၊ ပဋိဝေဓအသိဖြင့် တကယ်သိသွားခြင်းကြောင့် 'မာရ်နတ်က ဘုရား ယောင်ဆောင်၍ အနှစ်သာရရှိပြီး မပျက်စီးသောခန္ဓာ တစ်ပါးတစ်လေ ရှိသေး သည်'ဟု ပြောသောအခါ မယုံကြည်တော့ခြင်းဖြစ်၏။

ခန္ဓာငါးပါးကိုမြဲသည်၊ အနှစ်သာရရှိသည်ဟု လာပြောစဉ်က မာရ်နတ်သည် ဘုရားရှင်နှင့် တစ်ပုံစံတည်းတူအောင် ဖန်ဆင်းပြီးမှ လာပြောခြင်းဖြစ်၏။ သူရမ္ဗဋ္ဌ သည် ရုပ်နာမ်ခန္ဓာအပေါ် မမြဲပုံ၊ ဆင်းရဲပုံ၊ အနှစ်သာရမရှိပုံတို့ကို ဗဟုသုတသိ၊ စာသိ၊

www.burmeseclassic.com

www.burmeseclassic.com



သညာသိလောက်သာ သိထားသည်ဆိုလျှင် အသိမှန်မှ အသိမှားသို့ ပြန်လည် ဖောက်ပြန်သွားမည်ဖြစ်၏။ ယခု ဖောက်ပြန်မသွားခြင်းမှာ သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပြတ် သားစွာ သိမြင်ထားခြင်းကြောင့်ဖြစ်၏။

မိမိကိုယ်ကို တရားထူးရပြီဟု ထင်ထားသူများသည် ယခုပုံစံမျိုးဖြင့် မာရ်နတ်က လာ၍ ဖျားယောင်းခဲ့လျှင် မိမိလည်း သူရမ္ဗတ္ထကဲ့သို့ တရားအပေါ် မတုန်မလှုပ် ယုံကြည်မှု ရှိ-မရှိကို ဆန်းစစ်သင့်၏။

သံဃာတော်ကို ကြည်ညိုမှုနှင့်ပတ်သက်၍ စူဠသုဘဒ္ဒါနှင့် ဝိသာခါတို့ကို ထုတ်ပြရမည်ဖြစ်၏။ စူဠသုဘဒ္ဒါသည် အနာထပိဏ် သူဌေးကြီး၏ သမီးဖြစ်ပြီး သောတာပန်အရိယာတစ်ယောက်ဖြစ်၏။ ဘာသာခြားတစ်ယောက်နှင့် အိမ်ထောင်ကျပြီး ခင်ပွန်းနေထိုင်ရာမြို့သို့ လိုက်သွားရ၏။

ထို ဥဂ္ဂမြို့သည် သာဝတ္ထိမြို့နှင့် မိုင်ပေါင်း(၉၆၀)ခန့်ဝေးကွာ၏။ ထိုမြို့သို့ ရောက်သောနေ့မှာပင် ယောက္ခမကြီးများက သူတို့ကိုးကွယ်သော ကိုယ်လုံးတီးနေသည့် တိတ္ထိဆရာကြီးများကို ဖိတ်ကြားပြီး ထမင်းကျွေးကြ၏။ တိတ္ထိဆရာကြီးများ အိမ်ပေါ် ရောက်သည်နှင့် သုဘဒ္ဒါကိုသွားခေါ်ပြီး ကန်တော့ခိုင်းကြ၏။ သုဘဒ္ဒါသည် သူကိုးကွယ်သော သံဃာတော်များပင်ထင်၍ ဝမ်းသာစွာလိုက်လာ၏။ ဤအချက်ကို ထောက်၍ သုဘဒ္ဒါသည် သူ့ခင်ပွန်းနှင့် ယောက္ခမများကို ဘာသာခြားဖြစ်ကြောင်း အရင်က သိခဲ့ဟန်မတူပေ။

ကိုယ်လုံးတီးဆရာကြီးများကို တွေ့လိုက်သည်နှင့် သုဘဒ္ဒါသည် အိမ်ပေါ်မှ ချက်ခြင်း ပြန်လှည့်ဆင်းသွား၏။ မိမိကိုးကွယ်သော သံဃာရတနာမှတစ်ပါး မည်သည့် ပုဂ္ဂိုလ်ကိုမှ ရှိခိုးကိုးကွယ်ခြင်းမပြုနိုင်ဆိုသည်ကို လက်တွေ့ ပြသလိုက်ခြင်းပင်ဖြစ်၏။ သုဘဒ္ဒါသာ သာမန်ပုထုဇဉ်တစ်ယောက်ဆိုလျှင် ယောက္ခမနှင့်လင်သား၏ မျက်နှာကို ထောက်ပြီး တိတ္ထိဆရာကြီးများကို ရှိခိုးကိုးကွယ်မည်ဖြစ်၏။ မိမိသာ သုဘဒ္ဒါနေရာမှာ နေရမည်ဆိုလျှင် သံဃာရတနာ၏မျက်နှာတစ်ခုကိုသာ ထောက်ထားပြီး ဘာသာခြားဆရာများရှေ့မှ လှည့်ထွက်သွားရဲပါမည်လောဆိုသည်ကို ဆန်းစစ်ကြည့်သင့်၏။

လင်သားနှင့်ယောက္ခမတို့က 'အဘယ်ကြောင့် သူတို့ကိုးကွယ်သည့် တိတ္ထိဆရာကြီးများကို ရှိမခိုးရသနည်း'ဟုမေးသောအခါ သုဘဒ္ဒါက- မိမိတွင် ရတနာသုံးပါးဟူသော ကိုးကွယ်ဆည်းကပ်ရာ ရှိပြီးဖြစ်ကြောင်း၊ မိမိကိုးကွယ်သော ဘုရားအမှူးပြုသော သံဃာတော်များ၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို ဘာသာခြားများ စိတ်ဝင်စားအောင် ရှင်းပြပြောပြ၏။ ထိုအခါ တစ်မြို့လုံးက စိတ်ဝင်စား ကြည်ညိုသွားကြပြီး ပင့်၍ရလျှင် ပင့်ပေးပါမည့်အကြောင်း တောင်းပန်ကြ၏။ ထိုအချိန်သည် ညအချိန်ကြီး ဖြစ်၏။

သုဘဒ္ဒါက 'ပင့်၍ရကြောင်း၊ မနက်ဖြန်အတွက် ဘုရားအမှူးရှိသော သံဃာတော်များအတွက် ဆွမ်းများ အသင့်စီမံထားကြရန်'ပြောဆိုပြီး သစ္စာပြုအဓိဋ္ဌာန်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်၏။ သစ္စာအဓိဋ္ဌာန်ပြုပြီးသည်နှင့် ပန်းပွင့်များကို လက်ခုပ်နှင့်ယူပြီး ကောင်းကင်သို့ မြှောက်လိုက်၏။ ထိုပန်းပွင့်များသည် မိုင်ပေါင်းများစွာကိုဖြတ်ပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ထိ အရောက်သွားကာ ဘုရားရှင်၏အနီးတွင် ပန်းဆိုင်းကြီးအသွင် တည်နေ၏။

ထိုအချိန်က ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ ညတရားပွဲဟောနေဆဲ အခါဖြစ်၏။ တရားပွဲပြီး၍ ဂန္ဓကုဋီတိုက်ထဲသို့ ကျိန်းစက်အနားယူရန် ပြန်အကြွတွင် အနာထပိဏ်သူဌေးကြီးသည် နောက်မှလိုက်လာပြီး ဆွမ်းစားပင့်၏။

'မနက်ဖြန် တပည့်တော်အိမ်သို့ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်အားလုံး ဆွမ်းဘုဉ်းပေးကြွရန် ပင့်လျှောက်ပါသည်ဘုရား'

'အခြားဒကာတစ်ဦး၏ဆွမ်းကျွေးကို ငါဘုရားရှင် လက်ခံတော်မူပြီးဖြစ်သည် ဒကာတော်'

'တရားပွဲပြီးပြီးခြင်း တပည့်တော်ထက် အရင်ဦးစွာလျှောက်ထားသူ တစ်စုံတစ်ယောက်ကိုမှ တပည့်တော် မတွေ့ရပါလားဘုရား'

ဘုရားရှင်သည် ဗိတာန်မျက်နှာကျက်ကဲ့သို့ တည်နေသော ပန်းဆိုင်းများကို ညွှန်ပြလျက်-

'ဤပန်းဆိုင်းများကိုတွေ့ရဲ့လား ဒကာတော်'

'တွေ့ရှိကြောင်းပါဘုရား'

'အဲဒါ သင့်သမီး သုဘဒ္ဒါက ငါဘုရားရှင်နဲ့တကွ သံဃာအားလုံး ဆွမ်းစားကြွလာဖို့ အဓိဋ္ဌာန်ပြီး ပို့လွှတ်လိုက်တဲ့ ပန်းပွင့်တွေပဲ'

'ဒီလောက်ဝေးတဲ့နေရာကနေ မြတ်စွာဘုရားရှင်ကို ဆွမ်းစားပင့်နိုင်တာဟာ သိပ်အံ့သြစရာ ကောင်းပါတယ်ဘုရား'

'ငါဘုရားဟောကြားသည့် တရားတော်အတိုင်း ကျင့်ကြံအားထုတ်၍ နေသူများသည် ငါဘုရားနှင့် ယူဇနာများစွာဝေးကွာသောနေရာတွင် နေရသော်လည်း ငါဘုရား အနီး ကပ်၍နေရသကဲ့သို့ပင်ဖြစ်၏။ ငါဘုရား ဟောကြားသည့် တရားတော်အတိုင်း အားထုတ်မှုမရှိသောသူများသည် ငါဘုရားသင်္ကန်းစကို ဆွဲကိုင်၍ အနီးမှာကပ်နေသော်လည်း ငါဘုရားနှင့် ယူဇနာများစွာ ဝေးကွာသည်သာဖြစ်၏'

ဟု မိန့်ဆို၏။ ဘုရားနှင့်တကွ သံဃာတော်အားလုံး၏ ကြွရောက်မှုကြောင့် ဥဂ္ဂမြို့သူမြို့သားများအားလုံး ဗုဒ္ဓဘာသာဝင်ဖြစ်သူက ဖြစ်ကြသည်။ မဂ်ဖိုလ်ကိုရသူကား ရကြသည်။

စူဠသုဘဒ္ဒါ၏ အိမ်ထောင်ရေးနှင့်ပတ်သက်၍ မေးစရာတစ်ခုရှိ၏။ 'သောတာပန်ဖြစ်သော အနာထပိဏ်သူဌေးကြီးသည် မိမိသမီးကို ဘာသာခြားအမျိုးသားနှင့် အဘယ်ကြောင့် ပေးစားလိုက်သနည်း'ဟူသော မေးခွန်းပင်ဖြစ်၏။ 'ဥဂ္ဂတစ်မြို့လုံးကို ဗုဒ္ဓသာသနာပြုဖို့အတွက် ပေးစားလိုက်သည်'ဟုပင် အကျဉ်းချုပ်ဖြေပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဥဂ္ဂသူဌေးက စူဠသုဘဒ္ဒါကို သူ့သားနှင့် ကြောင်းလမ်းစဉ်က အနာပိဏ်သည် ထိုအကြောင်းကို ဗုဒ္ဓအား ကြိုတင်လျှောက်ထား၏။ သမီးကို ဘာသာခြားနှင့် ပေးစားလိုက်ခြင်းအားဖြင့် သာသနာအတွက် အကျိုးရှိ/မရှိကိုသာ သိလို၍ မေးလျှောက်ခြင်းပင်ဖြစ်၏။ ဗုဒ္ဓက ဉာဏ်တော်နှင့်ကြည့်ရှုကာ စူဠသုဘဒ္ဒါကြောင့် ဥဂ္ဂတစ်မြို့လုံး ဗုဒ္ဓသာသနာသို့ ဝင်ရောက်ကြမည်ကို မြင်တော်မူသဖြင့် 'သင့်လျော်ကြောင်း' မိန့်ကြားမှ လက်ထပ်ပေးခဲ့ခြင်းဖြစ်သည်။ အကယ်၍ 'ဗုဒ္ဓက မသင့်လျော်'ဟုဆိုလျှင် လက်ထပ်ပေးမည်မဟုတ်ပေ။

ယခုခေတ် ဗုဒ္ဓဘာသာဝင်မိဘများအနေနှင့် သင်ခန်းစာယူစရာအချက်ပင်ဖြစ်၏။ စူဠသုဘဒ္ဒါနည်းတူ (၇)နှစ်သမီးရွယ်ကတည်းက သောတာပန်တည်ခဲ့သော ဝိသာခါသည်လည်း ဘာသာခြားဖြစ်သော 'ပုဏ္ဏဝဍ္ဎန'အမည်ရှိ အမျိုးသားနှင့် အကြောင်းပါခဲ့၏။ ယောက္ခမ သူဌေးကြီးအမည်ကို 'မိဂါရ'ဟုခေါ်၏။ ထိုအိမ်သို့ ရောက်သည့်နေ့မှစ၍ ဝိသာခါသည် ရတနာသုံးပါးအား လှူဒါန်းပူဇော်ခြင်းကို မပြုရသဖြင့် အလွန် စိတ်ဆင်းရဲရှာ၏။ လှူဒါန်းပူဇော်ခွင့်ရရန် နည်းလမ်းကိုလည်း အမြဲရှာကြံလျက်နေ၏။ ဤကား သောတာပန်တိုင်း၏ ပကတိစိတ်ထားပင်ဖြစ်၏။

လှူဒါန်းပူဇော်ခွင့်ကို ရှာကြံလျက်ရှိသလို လင်သားနှင့်ယောက္ခမတို့ အိမ်သားများအားလုံး ဗုဒ္ဓဘာသာဖြစ်နိုင်မည့် အရေးကိုလည်း အမြဲတွေးလျက်ရှိ၏။ သောတာပန်တို့၏ စိတ်ဓာတ်ကို ပိုမိုကြည်ညိုနိုင်ရန် 'ဝိသာခါနှင့် မိဂါရသူဌေးကြီး'တို့၏ အိမ်တွင်းတိုက်ပွဲတစ်ပွဲကို ဖော်ပြအံ့။

တစ်ခါတွင် မိဂါရသူဌေးကြီး ထမင်းစားနေသည်ကို ဝိသာခါက ယပ်ခတ်ပေးလျက်ရှိ၏။ ထိုအချိန်တွင် ရဟန်းတစ်ပါးသည် ဗုဒ္ဓဘာသာဝင် အိမ်ထင်၍ အိမ်ရှေ့၌ ဆွမ်းရပ်၏။

ဘာသာခြားဖြစ်သောသူဌေးကြီးက မမြင်ချင်ယောင်ဆောင်ကာ ထမင်းကို ဆက်စား၏။ သာသနာပြုအခွင့်အလမ်းကို အမြဲစောင့်မျှော်နေသော ဝိသာခါက ရဟန်းတော်ဖက်သို့ လက်အုပ်ချီလိုက်ကာ-

'အရှင်ဘုရား တပည့်တော်မ၏ယောက္ခမကြီးသည် အဟောင်းကိုသာ စားသုံး ခြင်းဖြစ်၍ မလောင်းလှူနိုင်ပါ။ ထို့ကြောင့် ကန်တော့ဆွမ်းပါဘုရား'

ဟု ကန်တော့ဆွမ်း လောင်းလိုက်၏။

အဟောင်းစားဟု အပြောခံရသဖြင့် မိဂါရသည် အလွန် စိတ်ဆိုးသွားပြီး ဝိသာခါကို အိမ်ပေါ်မှနှင်ချ၏။

'ဝိသာခါ၊ သင်၏စကားသည် အလွန်ရိုင်းစိုင်း၏၊ မိဘသဖွယ်ဖြစ်သော ယောက္ခမကို အဟောင်းစားဟုပြော၏၊ သင်၏စကားကို ငါ သည်းမခံနိုင်၊ သင်သည် ငါ့အိမ်မှ ယခုပင် ဆင်းသွားလော့'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မသည် လမ်းဘေးက မိန်းကလေးတစ်ယောက် မဟုတ်၊ ချမ်းသာကြွယ်ဝ၍ အသိဉာဏ်နှင့်ပြည့်စုံသော မိဘရှိ၏၊ ထို့ကြောင့် ယောက္ခမကြီးနှင့်ချတိုင်း အိမ်ပေါ်မှ မဆင်းနိုင်ပါ၊ နေလိုစိတ်မရှိပါက ကျွန်မဖာသာ ဆင်းသွားမည်သာဖြစ်သည်၊ ယခုကိစ္စ တွင်လည်း ကျွန်မဘက်က အမှား ဟုတ်-မဟုတ်သိရအောင် ကျွန်မဖခင်က အပ်နှံလိုက်သော သူဌေးကြီးရှစ်ယောက်ကိုခေါ်ယူ၍ မေးမြန်းစစ်ဆေးပါစေ'

မိဂါရသူဌေးကြီးသည် ဒေါသအလျောက်သာ ဝိသာခါကို အိမ်ပေါ်မှ နှင်ချခြင်းဖြစ်၏။ သူတို့မိသားစု ပိုင်သောဥစ္စာသည် ဝိသာခါပါလာသော ဥစ္စာ၏ ဆယ်ပုံတစ်ပုံလောက်သာရှိ၏။ ထို့ကြောင့် သူဌေးကြီးရှစ်ယောက်ကိုခေါ်ပြီး သူတို့၏ အမှုကို အမှားအမှန် စစ်ဆေးဆုံးဖြတ်စေ၏။ ယခုကိစ္စအပါအဝင် အရင်က ကိစ္စနှစ်ခုကိုလည်း မိဂါရက တင်ပြ၏။ သေချာစစ်ဆေးကြည့်သောအခါ မိဂါရက အမှား၊ ဝိသာခါက အမှန်သာဖြစ်နေ၏။

ယခုနောက်ဆုံးဖြစ်သည့် အဟောင်းစားကိစ္စကိုလည်း ဆက်လက် မေးမြန်းစစ်ဆေး၏။

'သမီး-ဝိသာခါက မိဂါရသူဌေးကြီးကို အဟောင်းစားလို့ ပြောမိပါသလား'

'ပြောမိပါတယ် ဖခင်တို့'

'ဤစကားသည် အဘယ်ကိုရည်ရွယ်၍ ပြောခြင်းဖြစ်သနည်း'

'လူချင်းလည်း တူ၏၊ ချမ်းသာချင်စိတ်ရှိတာချင်းလည်း တူ၏။ ချမ်းသာအောင် စီးပွားရှာတာခြင်းလည်း တူ၏၊ သို့ပါလျက် အနည်းစုသာ ချမ်းသာပြီး အများစုက ဆင်းရဲနေကြပါသည်။ ဤသို့ လူချင်းတူပါလျက် ချမ်းသာဆင်းရဲကွာနေရခြင်း၏အကြောင်းကို ဖခင်တို့ မည်သို့သဘောပေါက်ယူဆပါသနည်း'

'ဤအကြောင်းအရာသည် နက်နဲခက်ခဲပါသည်။ ဖခင်တို့ မဖြေနိုင်ပါ၊ သမီးဝိသာခါ နားလည်သည့်အတိုင်း ဖြေဆိုပါလော့'

'ဗုဒ္ဓရှင်တော်မြတ်က ဒါနရှိခဲ့သူ ကြီးပွားချမ်းသာ၍၊ မရှိခဲ့သူ ဆင်းရဲမွဲတေသည်ဟု ဟောခဲ့ပါသည်၊ ယောက္ခမဖြစ်သော မိဂါရသူဌေးကြီးသည် အတိတ်ဘဝက ဒါနကုသိုလ်ရှိခဲ့သောကြောင့် ယခုဘဝတွင် စီးပွားရှာတိုင်း အဆင်ပြေ၍ ကြီးပွားချမ်းသာနေပါသည်၊ ဒါနကုသိုလ်ကံဟောင်း၏ အကျိုးကိုသာခံစားပြီး ဒါနကုသိုလ်ကံသစ်ကို မပြုပါ'

'ထို့ကြောင့် နောက်ဘဝတွင် ဆင်းရဲမွဲတေသောဘဝသို့ ရောက်ရှိရမည်ဖြစ်ပါသည်၊ ထိုသို့ မရောက်စေလိုပါ၊ သတိသံဝေဂ ရစေလိုပါသည်၊ ထို့ကြောင့် အခွင့်သင့်ခိုက်တွင် ငါဟာ ကံဟောင်း၏ကောင်းကျိုးကိုသာ ခံစားနေသူပါလားဟု သိစေလို၍ အဟောင်းကိုစားသူဟု ပညာဖြင့် ပြောလိုက်ခြင်းသာဖြစ်ပါသည်၊ မစင်အညစ်ကြေးများကိုစားသူဟု ပြောလိုခြင်းမဟုတ်ပါ'

'သမီးဝိသာခါ၊ ပညာရှိပေစွ-မိဂါရသူဌေးကြီး ကြားပြီမဟုတ်လော၊ သင်သည်

www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ်ပညာ အလိမ္မာနှင့်ပြည့်စုံသော ချွေးမကို ရထားခြင်းသာဖြစ်၏၊ အိမ်မှ မနှင်ထုတ်ထိုက်ဘဲ ကောင်းစွာ စောင့်ရှောက်ထားထိုက်၏'

'သမီး ဝိသာခါ၊ ဖခင်သည် အမျက်ဒေါသကို ရှေ့ထားသဖြင့် မှားယွင်းစွာ စွပ်စွဲခဲ့မိပါပြီ၊ ဖခင်ကို ခွင့်လွှတ်သည်းခံပါ၊ ဤအိမ်မှာပင် ဖခင်နှင့် အသက်ထက်ဆုံး နေထိုင်ပါ'

'သူဌေးကြီးရှစ်ယောက်ကို ခေါ်၍စစ်ဆေးစေသည်မှာ အမှန်ကိုသိစေလို၍ ဖြစ်ပါသည်၊ ဖခင်၏အိမ်၌ ဆက်လက်နေချင်၍ ဖြေရှင်းခြင်းမဟုတ်ပါ၊ ရတနာသုံးပါး အား ပူဇော်လှူဒါန်းခွင့်မရကတည်းက ဤအိမ်မှ အပြီးအပိုင်ထွက်သွားရန် ဖြစ်ပါ သည်၊ ယခု ကိစ္စအားလုံး ရှင်းလင်းပြီးဖြစ်၍ သမီးကို မိဘများအိမ်သို့ ပြန်ခွင့်ပြုပါ'

'သမီးဝိသာခါဆန္ဒအတိုင်း ရတနာသုံးပါးကို လှူဒါန်းပူဇော်ခွင့်ပြုပါမည်၊ ဖခင်၏အိမ်မှ ထွက်ခွါမသွားရန် အနူးအညွတ်တောင်းပန်ပါသည်'

နောက်ရက်မှာပင် ဝိသာခါက ဘုရားအမှူးရှိသော သံဃာတော်များကို ပင့် ဖိတ်ပြီး ဆွမ်းကျွေးကာ တရားတော်ကိုနာယူ၏။ တရားတော်၏အဆုံးတွင် မိဂါရ သူဌေးကြီးသည် သောတာပန်တည်၏။ ဝိသာခါ၏ကျေးဇူးသည် ကြီးမားလှသော ကြောင့် မိဂါရသည် ထိုနေ့မှစ၍'ဝိသာခါကို မိခင်အရာ'၌ထား၏။ ထို့ကြောင့် ဝိသာခါ ဟူသောအမည်အပြင် မိဂါရမာတာဟူသော အမည်ကိုပါ ထပ်ရခဲ့သည်။ စူဠသုဘဒ္ဒါ နှင့် ဝိသာခါတို့၏ စွမ်းဆောင်ချက်ကိုထောက်၍ 'မိမိကိုယ်၌ သာသနာတည်ပြီးဖြစ်မှ သူတစ်ပါးကို သာသနာပြုနိုင်သည်'ဟူသော အချက်မှာထင်ရှားလှ၏။

ဝိသာခါကျောင်းအမကြီးတစ်ယောက်အဖြစ် နာမည်ကြီးနေစဉ်အချိန်ကပင် ဖြစ်၏။ တစ်ခါတွင် ကျွန်မတစ်ယောက်ကို သာသနာရေးကိစ္စကြောင့် ဘုရားကျောင်း တော်သို့ လွှတ်လိုက်၏။ ထိုအချိန်က မိုးရွာနေသောအချိန်ပင်ဖြစ်၏။ ကျောင်းတော်သို့ ရောက်သောအခါ ကျွန်မသည် မဖွယ်ရာသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရ၏။ ထိုမြင်ကွင်းကား ရဟန်းတော်အတော်များများ ကိုယ်လုံးတီးဖြင့် ရေချိုးနေခြင်းပါ တည်း။

ထိုအကြောင်း ကျွန်မက ဝိသာခါအား ပြောပြလိုက်၏။ ဝိသာခါသာ သာမန် ပုထုဇဉ်တစ်ယောက်ဆိုလျှင် အကြည်အညို ပျက်သွားမည်ဖြစ်၏။ ဖွဲပုံပေါ် စိုက်ထား သော ဝါးခြမ်းပြားသည် အလွယ်တကူ လဲနိုင်သကဲ့သို့ ရတနာသုံးပါးကို ကြည်ညိုသော ပုထုဇဉ်၏ သဒ္ဓါသည်လည်း မပြောပလောက်သော အကြောင်းလေးတစ်ခုခုကြောင့် ပျက်သွားနိုင်သည်သာဖြစ်၏။

မြေထဲ၌ အတောင်များစွာဝင်အောင် စိုက်ထားသော ကျောက်တိုင်သည် သာမန်ကာလျှံကာအကြောင်းများကြောင့် မပြိုလဲနိုင်သကဲ့သို့ ရတနာသုံးပါးအပေါ် ကြည်ညိုသော သောတာပန်၏ သဒ္ဓါသည်လည်း သာမန်အကြောင်းလေး တစ်ခုခု ကြောင့် ပျက်သွားလိမ့်မည်မဟုတ်ချေ။ ကျွန်မ၏ စကားဆုံးသည်နှင့် ဝိသာခါသည်

www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်များအပေါ် အကြည်အညိုမပျက်သည့်အပြင် 'ငါတော့ သံဃာတော်များ တကယ်လိုအပ်သော အလှူတစ်ခုကို လှူရတော့မည်'ဟုတွေးကာ ဝမ်းသာနေ၏။

ကိလေသာအာသဝေါ ကုန်ခန်းပြီး ရဟန္တာဖြစ်ရန်အတွက် သာသနာ့ဘောင်သို့ ဝင်ရောက်လာကြသော ရဟန်းတော်များသည် မြူးတူးပျော်ပါး ကစားသောအလုပ်ကို မည်သည့်အခါမျှ လုပ်လိမ့်မည်မဟုတ်၊ မိုးရေခံသင်္ကန်းခေါ် ရေသနုပ်သင်္ကန်း မရှိသောကြောင့်သာလျှင် ကိုယ်လုံးတီးဖြင့် မိုးရေချိုးခြင်းဖြစ်မည်ဟု တွေးမိပြီး ဘုရားရှင်ထံ အရောက်သွားကာ ယနေ့မှစ၍ သာဝတ္ထိမြို့တွင်းရှိ ရဟန်းမှန်သမျှအတွက် လိုအပ်နေသော မိုးရေခံသင်္ကန်းကို လှူဒါန်းခွင့်ပြုရန် လျှောက်ထား၏။

ဘုရားရှင်ကလည်း ခွင့်ပြုတော်မူ၏။ ဝိသာခါ ထင်သည့်အတိုင်းပင်။ ထိုအချိန်က ရေသနုပ်သင်္ကန်းလှူဒါန်းခွင့်ကို ဘုရားရှင်က ခွင့်မပြုသေးသောကြောင့် ဒကာ, ဒကာမများကလည်း လှူဒါန်းခြင်းမပြုကြ။ ရဟန်းတော်များကလည်း အလှူမခံကြ။ ထို့ကြောင့် အပိုသင်္ကန်းမရှိကြသဖြင့် ရဟန်းတော်များသည် သင်္ကန်းမပါဘဲ မိုးရေချိုးကြရခြင်းဖြစ်သည်။ 'ချစ်ခင်လျှင် အပြစ်မမြင်'ဟူသောစကားရှိ၏။ ဝိသာခါသည် ရဟန်းသံဃာများအပေါ် ချစ်ခင်သောကြောင့် အပြစ်မမြင်ခြင်းဖြစ်၏။

ရဟန်းသံဃာများအပေါ် မချစ်ခင်လျှင် အပြစ်မြင်မည်သာဖြစ်၏။ ဝိသာခါသည် ရဟန်းသံဃာများအပေါ် ချစ်ခင်ကြည်ညိုတတ်သော စိတ်ကို သောတာပတ္တိမဂ်မှတစ်ဆင့် ရခဲ့ခြင်းဖြစ်၏။ ရဟန်းသံဃာတို့အပေါ်ပြုကျင့်ရမည့် ဒကာဝတ္တရား-ငါးပါးကို ဗုဒ္ဓက ဟောတော်မူခဲ့၏။ ယင်း ငါးပါးကား -

* ရဟန်းသံဃာတို့အပေါ် မေတ္တာစိတ်ထားရခြင်း၊
* ရဟန်းသံဃာတို့၏ အမှုကိစ္စများကို ဆောင်ရွက်ပေးရခြင်း၊
* ရဟန်းသံဃာတို့ကို ခင်မင်ချိုသာစွာ စကားပြောရခြင်း၊
* လိုအပ်သောပစ္စည်းလေးပါး အလှူခံရန် ဖိတ်မံရခြင်း၊
* မိမိတတ်နိုင်သမျှ လှူဒါန်းရခြင်းတို့ဖြစ်၏။

(ဆောင်) မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်
ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား
တတ်အားလှူစေ၊ ဤငါးထွေ
မှတ်လေဒါယကာ ကျင့်ဝတ်တည်း။

(မှတ်ချက်)။ *။ဖိတ်မန်မထားလျှင် တစိမ်းဒကာများထံသို့ ရဟန်းသည် နှုတ်ဖြင့် ပြော၍ အလှူမခံကောင်း။ ကိုယ်အမူအရာဖြင့်သာအလှူခံကောင်းသည်။ ကိုယ်အမူအရာဖြင့် အလှူခံခြင်းဟူသည် သင်္ကန်းရုံပြီး ဒကာ၏အိမ်ရှေ့၌ မျက်လွှာချပြီး ရပ်နေရခြင်းဖြစ်၏။ ဒကာက မြင်သောအခါတွင် ဘာအလိုရှိပါသလဲဘုရားဟုမေးလျှောက်သော အခါတွင်မှ မိမိအလိုရှိရာ အပ်စပ်သောပစ္စည်းကို ဒကာတစ်နိုင်*

www.burmeseclassic.com

www.burmeseclassic.com



သလောက်ကိုမှန်းပြီး ပြောရ၏။ ဖိတ်မန်ထားသည် မဟုတ်ဘဲ အမေးလည်းမခံရဘဲ အရှက်မရှိ အာပေါင်အာရင်းသန်သန်ဖြင့် အလှူခံသောရဟန်းသည် ရဟန်းတုသော်လည်း ဖြစ်ရမည်။ သို့ မဟုတ် ဝိနည်းကို မလေးမစားသော အလဇ္ဇီ (အရှက်မရှိသည့် ရဟန်း)သော်လည်းဖြစ်မည်ဟု တပ်အပ်သေချာမှတ်အပ်၏။

ဒကာဝတ္တရားငါးပါးအနက် 'ရဟန်းတို့အပေါ် မေတ္တာစိတ်ထားရမည်' ဟူသောအင်္ဂါကို သောတာပန်တို့သာ အပြည့်အဝ လိုက်နာနိုင်မည်ဖြစ်သည်။ ဗုဒ္ဓလက်ထက်တော်က ကပိလဝတ်မြို့သား သောတာပန် အိုးသည်တစ်ယောက်သည် သံဃာတော်များအား သပိတ်လိုပါက အလှူခံရန် ဖိတ်မန်ထား၏။ ရဟန်းများသည် သပိတ်တွင် အက်ရာလေး နည်းနည်းထင်သည်နှင့် ဒကာထံ အလှူခံကြတော့၏။ လှူသူက တစ်ယောက်တည်း၊ အလှူခံသူရဟန်းက ငါးရာကျော်လောက်ဖြစ်နေရာ ဒကာမှာ သူ့စီးပွားရေးကို မလုပ်နိုင်တော့ဘဲ သပိတ်ချည်း ဖုတ်ပေးနေရသဖြင့် စားရမဲ့သောက်ရမဲ့ဘဝသို့ ရောက်သွား၏။

ထိုသို့ ရောက်သွားသော်လည်း သူတစ်ပါးထံက ချေးငှားစားပြီး ငြိုငြင်မှုမရှိဘဲ ဝမ်းသာအားရ ဆက်လက်လှူဒါန်းနေ၏။ သံဃာတော်များအပေါ် အဆင်းအရဲခံ၊ အငတ်ခံပြီး ကြည်ညိုနိုင်သောစိတ်ဓာတ်ကား သောတာပန်တို့ သန္တာန်မှာသာ ရှိနိုင်သည့် ဂုဏ်ရည်တစ်ရပ်ပင်ဖြစ်၏။ အကြောင်းစုံကိုသိသွားသော ဗုဒ္ဓက ဥစ္စာနည်းပါးပြီး၊ သဒ္ဓါများပြားသောဒကာများကို အကာကွယ်ပေးသည့်အနေဖြင့် ဦနပဉ္စဗန္ဓန သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ဦနပဉ္စဗန္ဓနသိက္ခာပုဒ်၏အဓိပ္ပါယ်ကား-သပိတ်ကို အလိုရှိသလောက်အလှူခံရန် ဖိတ်မန်ထားသော ဒကာထံတွင် ငါးဖွဲ့နှင့်အထက် အပျက်အစီးရှိမှသာ အလှူခံရမည်။ ထိုငါးဖွဲ့နှင့် အောက်အပျက်အစီးရှိရုံနှင့်အလှူခံလျှင် နိဿဂ္ဂီပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။ ပစ္စည်းကိုလည်းစွန့်၊ ဒေသနာလည်းကြားမှ ပြေပျောက်သောအာပတ်ကို နိဿဂ္ဂီပါစိတ်အာပတ်ဟုခေါ်၏။ ငါးဖွဲ့ဟူသည် သပိတ်နှုတ်ခမ်းမှ အက်ကြောင်းငါးခုကို သွတ်နန်းကြိုးဖြင့် ဖွဲ့ချည်ထားသော အဖွဲ့ငါးဖွဲ့ကို ဆိုလိုခြင်းဖြစ်၏။

*(ဝိ-၄၊ ၂၊ ၂၈၆။ ပါဠိ -၃၅၅- ဦနပဉ္စဗန္ဓနသိက္ခာပုဒ်)*

**(အမှားဝန်ခံပြင်ဆင်ချက်)**

*'မဂ်တားဖိုလ်တား'စာအုပ်၌ ပါဠိဒေသနီအာပတ်ဟု မှားယွင်းရေးသားမိသွား၏။ 'နိဿဂ္ဂီပါစိတ်အာပတ်'ဟု အမှန်ကို ပြင်ဖတ်ပါ။*

ဤနေရာ၌ အလှူခံပုဂ္ဂိုလ်များ သတိထားရမည့် အချက်သုံးချက်ကို အဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



ကထာဆရာတို့က ဖွင့်ပြ၏။ ယင်းတို့ကား -

(၁) လှူဖွယ်ဝတ္ထု များစွာရှိနေစေကာမူ ပိုင်ရှင်ဒကာက နည်းနည်းသာ လှူလိုပုံရလျှင် ဒကာ့ကိုငဲ့၍ နည်းနည်းသာ အလှူခံရခြင်း၊

(၂) ဒကာက- သဒ္ဓါအားကောင်း၍ များများလှူလိုသော်လည်း ဝတ္ထုပစ္စည်း နည်းနေလျှင် (ဆင်းရဲသားသော်လည်းကောင်းဖြစ်လျှင်) ဝတ္ထုပစ္စည်းကိုငဲ့၍ နည်းနည်းသာ ခံယူရခြင်း၊

(၃) ဒကာကလည်း များများလှူလို၏။ ဝတ္ထုပစ္စည်းကလည်း ပေါပေါများများရှိနေ၏။ သို့ရာတွင် အလှူခံပုဂ္ဂိုလ်က မိမိတို့ သုံးစွဲလောက်ရုံသာ ခံယူရခြင်းတို့ဖြစ်၏။

ယင်းသို့ ပမာဏကိုသိ၍ အလှူခံသောပုဂ္ဂိုလ်အား မရရှိသေးသော လာဘ်လာဘများ အလွယ်တကူရခြင်း၊ ရပြီးလာဘ်လာဘများ အစိုင်အခဲ အမြဲတည်တံ့ခြင်း၊ ပျောက်ရှလေလွင့်မှု မရှိ ခြင်းစသော ကောင်းကျိုးများကို ခံစားရ၏။

*(သံ-၄၊ ၃ ၊ ၆၈နှင့် အပ္ပိစ္ဆတာ၊ ဘောဇနမတ္တညုပုဒ်အဖွင့် အဋ္ဌကထာများ)*

ဝိသာခါ၏ဖြစ်ရပ်နှင့် အားလုံးနီးပါးတူသော အမျိုးသမီးတစ်ယောက် ရှိခဲ့ဖူး၏။ သူမ၏အမည်ကား 'ဥတ္တရာ'။ သူမသည် ဝိသာခါကဲ့သို့ ငယ်ရွယ်စဉ်ကပင်သော တာပန် တည်ခဲ့၏။ ဝိသာခါကဲ့သို့ 'နန္ဒ'အမည်ရှိသော ဘာသာခြား အမျိုးသားတစ် ယောက်နှင့် အိမ်ထောင်ကျခဲ့ပြီး ဝိသာခါကဲ့သို့ ခင်ပွန်းနှင့်တကွ မိသားစုအားလုံး ကို ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ရောက်စေခဲ့သည်။ 'ဝိသာခါ'သည် မိဂါရသူဌေးကြီး၏ မိခင်အရာ၌ အထားခံရသောကြောင့် 'မိဂါရမာတာ' ဟူသောအမည်ကို ထပ်ရသကဲ့သို့ 'ဥတ္တရာ'သည်လည်း ခင်ပွန်းဖြစ်သူက မိခင်အရာ၌ အထားခံရသောကြောင့် 'နန္ဒ မာတာ'ဟူသော အမည်တစ်မျိုးကို ထပ်ရခဲ့၏။

'ဥတ္တရာ'သည် သောတာပန်ဖြစ်သောကြောင့် ရတနာသုံးပါးနှင့်ကင်းပြီးကြာ ကြာ မနေနိုင်ရှာ။ လင်ဖြစ်သူကလည်း ဘာသာခြားဖြစ်နေသောကြောင့် ရတနာသုံးပါးကို ပူဇော်လှူဒါန်းခွင့် မပေးပေ။ ထို့ကြောင့် အချောအလှတွင် နာမည်ကြီး ပြည့်တန်ဆာမ 'သီရိမာ'နှင့် လင်သားဖြစ်သူကို (၁၅)ရက်တိတိ ပျော်ပါးခွင့်ပေးပြီး ရတနာသုံးပါးအား ပူဇော်ခွင့်, လှူဒါန်းခွင့်ကို အရယူခဲ့၏။ ဤ အံ့ဖွယ်ဂုဏ်ရည်သည်လည်း ပုထုဇဉ်တို့မှာမရှိနိုင်ဘဲ သောတာပန်တို့မှာသာရှိသော ဂုဏ်ရည်ဖြစ်၏။

မိမိ၏ ဇနီးခင်ပွန်းကို တစ်ခြားသူနှင့် ပျော်ပါးခွင့်ပေးပြီး တရားနာနိုင်ရဲသော သတ္တိမျိုး မိမိမှာရှိသည်ဆိုလျှင် သောတာပန်၏ဂုဏ်ရည်တစ်ခု မိမိမှာကိန်းနေပြီဟု မှတ်ယူနိုင်၏။ ပြဆိုခဲ့သော 'စူဠသုဘဒ္ဒါ'၊ 'ဝိသာခါ'နှင့် 'ဥတ္တရာ'တို့သည် သောတာပန် တည်ပြီးသော တကယ့်ဗုဒ္ဓဘာသာဝင်ဖြစ်၏။ ရတနာသုံးပါးမှတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခြား ကိုးကွယ်ရာကို မရှာတော့သောကြောင့် သုဒ္ဓသရဏဂုံတည်သူများဟုလည်း ဆိုရ၏။ သာမန်ပုထုဇဉ် ဗုဒ္ဓဘာသာဝင်များကိုကား မိရိုးဖလာဗုဒ္ဓဘာသာဝင် ဟုခေါ်၏။ သူတို့သည် ကိုးကွယ်ရာအမျိုးမျိုး ရောနှောနိုင်သေးသောကြောင့် မိဿက သရဏဂုံ တည်သူများသာဖြစ်၏။

သုဒ္ဓသရဏဂုံတည်သွားသည့် သောတာပန်များသည် ဘဝအဆက်ဆက် ရတနာသုံးပါးမှတစ်ပါး မည်သည့်အရာကိုမျှ မကိုးကွယ်တော့ပေ။ မိဿကသရဏဂုံ တည်သော ပုထုဇဉ်များသည်ကား ယနေ့ ဗုဒ္ဓဘာသာဖြစ်သော်လည်း နောက်တစ်နေ့ တွင် ဘာသာခြားဖြစ်သွားနိုင်၏။ ပုထုဇဉ်သည် ထိုကဲ့သို့ ရတနာသုံးပါးအပေါ် ကြည် ညိုမှု မခိုင်မြဲသောကြောင့် အပါယ်လေးပါးသို့ အလွယ်တကူ ကျရောက်ရခြင်းဖြစ်၏။

ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး သောတာပန်မတည်ဘဲ သေရခြင်းသည် မိမိအတွက် လည်း နစ်နာ၏။ အမျိုး၊ ဘာသာ၊ သာသနာအတွက်လည်း နစ်နာ၏။ မိမိအတွက် နစ်နာခြင်းဟူသည်ကား အပါယ်လေးပါးသို့ အလွယ်တကူ ကျရခြင်းဖြစ်သွား၏။ အမျိုး,ဘာသာ,သာသနာအတွက် နစ်နာခြင်းဟူသည်ကား လူမျိုးခြား,ဘာသာခြားကို ယူလိုက်ရသဖြင့် မိမိ၏ မူရင်း အမျိုး,ဘာသာ,သာသနာ ကွယ်ပျောက်သွားခြင်း ပင်ဖြစ်၏။

မလေးရှား၊ အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန် စသောနိုင်ငံများသည် မူလက ဗုဒ္ဓဘာသာဝင်နိုင်ငံများသာဖြစ်၏။ သို့သော် မိဿကသရဏဂုံတည်သူ ပုထုဇဉ်များ သာဖြစ်၍ ဘာသာခြားများ၏ လူဖောက်သာသနာပြုမှုကိုခံရကာ ဘာသာလည်း ပျောက်၊ လူမျိုးလည်း ပျောက်ခဲ့ကြရခြင်းဖြစ်၏။ မြန်မာနိုင်ငံ၌လည်း ထိုနိုင်ငံများ၏ အန္တရာယ်မျိုး ကျရောက်နိုင်နေပြီဖြစ်၏။

ကာကွယ်ရန်နည်းလမ်း သုံးမျိုးရှိ၏။ ယင်းတို့ကား -

(၁) သောတာပန်တည်အောင် ဒါန သီလ သမထကိုသာမက ဝိပဿနာ တရားကိုပါ နာကြားအားထုတ်ခြင်း၊

(၂) လူမျိုးခြား၊ ဘာသာခြားကို ထိမ်းမြားလက်ထပ်မှုမပြုခြင်း၊

(၃) လူမျိုးခြား၊ ဘာသာခြားတို့နှင့် ခင်မင်ရောပြွမ်းမှု မပြုခြင်းတို့ဖြစ်၏။

ကာမဂုဏ်စည်းစိမ်ဥစ္စာများထက် ရတနာသုံးပါးကို ပိုမိုတန်ဖိုးထားသော အမျိုးသမီးများကို ဖော်ပြပြီး၍ ယခုအခါ အမျိုးသားများ၏အကြောင်းကို ဖော်ပြအံ့။ အနာထပိဏ်သူဋ္ဌေးကြီးသည် သမိုင်းတင်ရမည့် ဇေတဝန်ကျောင်းတိုက်ကြီး ဆောက် လုပ်ရန်အတွက် အသပြာ(၅၄)ကုဋေ အကုန်အကျခံခဲ့၏။ မြေအတွက် (၁၈)ကုဋေ၊ ကျောင်းအတွက် (၁၈)ကုဋေ၊ ရေစက်ချပွဲအတွက် (၁၈)ကုဋေတို့ဖြစ်၏။

ထို့ပြင် အိမ်တွင်လည်း နေ့စဉ် သံဃာနှစ်ထောင်ကို ဆွမ်းကျွေးမှုပြု၏။ ထို့ကြောင့်လည်း အနာထပိဏ်သူဋ္ဌေးကြီးဟူ၍ လူသိများပြီးကျော်ကြားခဲ့ခြင်းဖြစ်၏။ ဤကား 'အကောင်းလောကဓံ'နှင့် တွေ့ကြုံခဲ့ရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင်ကား သူဌေးကြီး ချေးထားသော (၁၈)ကုဋေသောငွေများကို ကုန်သည်တို့က ပြန်မပေးကြခြင်း၊ မြစ်ကမ်း နား၌မြှုပ်ထားသော (၁၈)ကုဋေတန်ဖိုး ရှိသည့် ရတနာပစ္စည်းများ သမုဒ္ဒရာထဲသို့ မျောပါသွားခြင်းအကြောင်းတို့ကြောင့် သူဌေးကြီးဘဝမှ ဆင်းရဲသားဘဝသို့ တစ်ခဏခြင်း ရောက်သွား၏။ ကြွေနေကျ သံဃာများကို ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ ကပ်နိုင်တော့၏။ ဤကား 'အဆိုး လောကဓံ'နှင့် တွေ့ကြုံရခြင်းဖြစ်၏။

ပင်လယ်တွင်းသို့သွားခဲ့လျှင် လှိုင်းအကြီး, အသေး အမျိုးမျိုးနှင့် ဧကန်မုချ ကြုံရမည်သာဖြစ်၏။ ထို့အတူ လူလောက ပင်လယ်တွင်းသို့ ရောက်လာလျှင်လည်း အကောင်းလောကဓံ, အဆိုးလောကဓံအမျိုးမျိုးနှင့် အသေအချာတွေ့ကြုံရမည်သာ ဖြစ်၏။ ဗုဒ္ဓ၏ သားတော်သမီးတော်ပီသစွာ အကောင်းလောကဓံနှင့် တွေ့ကြုံရ ချိန်တွင် လောဘမီးမလောင်ရန် အနိစ္စတရားကို နှလုံးသွင်းပေးရ၏။ အဆိုးလောကဓံ ကြုံရချိန်တွင် ဒေါသမီးမလောင်အောင် မေတ္တာတရားကို ပွားများရ၏။

သန်းပေါင်းငါးထောင်အတွင်းမှ တစ်ဦးသာဖြစ်သော လူသားမဆိုထားဘိ၊ ကမ္ဘာဦးလူတို့ ရဲရင့်စေခြင်းအလို့ငှာ ထွက်ပေါ်လာသည့် တစ်စင်းတည်း သာဖြစ် သော နေမင်းကြီးသည်ပင် ထွက်လိုက်၊ ဝင်လိုက်၊ ပေါ်လိုက် ချုပ်လိုက်နှင့် နေရ၏။ ထို့အတူ ကမ္ဘာဦးလူသားတို့၏ ဆန္ဒကြောင့် ထွက်ပေါ်လာရသော တစ်စင်းတည်းသော လမင်း သည်လည်း ပြည့်ရာမှကွယ်၍ ကြီးရာမှငယ်ရ၏။ ခေါက်ရှာငှက်၊ ခင်ပုပ်ငှက်၊ ဘုတ်ပျံ၊ ရှူးပျံတို့သည် အမြဲမြင့်ရာမှချည်း ပျံကြသည် မဟုတ်၊ နိမ့်ရာမှလည်း ပျံတတ်ကြ၏။

ထို့အတူ စည်းစိမ်ချမ်းသာ၊ အာဏာ၊ ဘုန်းတန်ခိုးတို့သည်လည်း၊ အမြဲတည် နိုင်သည်မဟုတ်။ ထင်ရှားလိုက် တိမ်မြှုပ်လိုက်၊ ပေါ်လွင်လိုက်၊ ငုပ်လျှိုးလိုက်၊ ဖြစ်လိုက် ချုပ်လိုက်နှင့် ရှိနေမည်သာဖြစ်၏။ ထိုအချက်ကို မန်လည်ဆရာတော်က ယခုလို လင်္ကာသီခဲ့၏။

'ဘဝဤကိုယ်၊ မင်းဟုဆိုလည်း၊ နေကိုပုံပြ၊ လကိုပုံထား၊
မှတ်တုံငြားလော၊ နေကားထွက်ဝင်၊ ပေါ်ချုပ်ထင်၏။ လလျှင်ပြည့် ကွယ်၊ ကြီး၍ငယ်ခဲ့။ ထို့နှယ်မလွဲ၊ လူခပဲ့တို့၊ အမြဲချမ်းသာ၊ မရှိစွာ ရှင့်၊ အာဏာတန်ခိုး၊ အမျိုးစည်းစိမ်၊ ဘုန်းဂုဏ်သိန်လည်း၊ ထင်း တိမ်ပေါ်ငုပ်၊ ဖြစ်ချုပ်တတ်စွာ၊ ဓမ္မတာတည်း၊ ခေါက်ရှာငှက်ပျံ၊ ခင်ပုပ် ပျံနှင့်၊ ဘုတ်ပျံရှူးပျံ၊ လောကဓံဟု၊ ထုံးစံတရား၊ ဤရှစ်ပါး ကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည်း။ (မဃဒေဝ၊၂၃၆)။

အနာထပိဏ်သူဌေးကြီးသည်လည်း လူသားတစ်ယောက်သာဖြစ်ရကား ချမ်းသာသော အကောင်းလောကဓံကို ခံစားရသလို ဆင်းရဲသော အဆိုးလောကဓံ ကိုလည်း ခံစားရမည်သာဖြစ်၏။ အနာထပိဏ်သူဌေးကြီး ဆင်းရဲဒုက္ခရောက်နေချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာပင် မိစ္ဆာဒိဋ္ဌိဖြစ်သော တံခါးမုခ်စောင့်(အိမ်စောင့်)နတ်သည် ကိုယ်ထင်ပြကာ၊ ရတနာသုံးပါးကို စွန့်လွှတ်ရန် စည်းရုံး၏။ ထိုသို့ စွန့်လွှတ်ပါက ချေးထားသောငွေများ၊ ရေထဲပါသွားသော ရတနာများကို ပြန်ရအောင် ဆောင်ကြဉ်းပေးမည်ဟု မက်လုံးပေးလိုက်သေး၏။

သောတာပန်တို့၏ ဂုဏ်ရည်ကား အံ့ဩကြည်ညိုစရာကောင်းလှ၏။ တံခါးမုခ်စောင့်နတ်၏စကားကို လက်မခံသည့်အပြင် အိမ်ဝိုင်းထဲမှပင် ချက်ချင်း နှင်ထုတ်ပစ်လိုက်၏။ ဘုံပျောက်သွားသော တံခါးစောင့်နတ်သည် အနာထပိဏ်သူဌေးအိမ်၌ ပြန်လည်နေခွင့်ရရန် သာဝတ္ထိမြို့စောင့်နတ်မင်းကြီး၊ စတုမဟာရာဇ်နတ်မင်းကြီးတို့ထံ အကူအညီသွားတောင်း၏။ ထို တန်ခိုးကြီးသော နတ်မင်းကြီးများပင် သောတာပန်ဖြစ်သည့် အနာထပိဏ်သူဌေးကြီးကို လိုက်ပြောမပေးရဲကြချေ။

အနာထပိဏ် နှင်ထုတ်လိုက်သည်နှင့် တံခါးမုခ်စောင့်နတ်သည် ချက်ချင်း ထွက်ပေးရခြင်း၊ မြို့စောင့်နတ်နှင့် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ပင် လိုက်ပြောမပေးရဲခြင်းတို့ကို ထောက်သောအားဖြင့် သောတာပန်လူသားတစ်ယောက်၏ ဂုဏ်သတ္တိသည် မည်မျှလောက်ထိကြီးမားကြောင်းကို သတိပြုသင့်၏။ တံခါးမုခ်စောင့်နတ်သည် နောက်ဆုံးတွင် သိကြားမင်းထံထိတက်ပြီး အကူအညီတောင်း၏။ အနာထပိဏ်သူဌေးကို သိကြားမင်းပင် လိုက်ပြောမပေးရဲ။

သို့သော် သိကြားမင်းက အကြံတစ်ခုကိုကား ပေးလိုက်၏။ သိကြားမင်းပေးလိုက်သောအကြံကား (၁၈)ကုဋေသောချေးငွေများ၊ သမုဒ္ဒရာထဲပါသွားသော ရတနာပစ္စည်းများအားလုံးကို ပြန်ရအောင်လုပ်ပေးပြီး နောက်နောင် ဘယ်သောအခါတွင်မျှ ရတနာသုံးပါးကို စော်ကားပုတ်ခတ်သောစကားတို့ကို မပြောပါဟု တောင်းပန်ကြည့်ပါ ဟူ၏။ ထိုအတိုင်းပြုလုပ်ပေးမှ တံခါးမုခ်စောင့်နတ်သည် အနာထပိဏ်သူဌေးကြီးခြံအတွင်း၌ ပြန်လည်နေခွင့်ရသွား၏။

တံခါးမုခ်စောင့်နတ်သည် သူဌေးကြီးကိုစည်းရုံးစဉ်က ပုထုဇဉ်သာဆိုလျှင် သူ့ဘက်သို့ ဇကန်မုချပါစေမည့် အချက်နှစ်ကို အသုံးပြုခဲ့၏။ ပထမအချက်ကား- ရတနာသုံးပါးကို ကိုးကွယ်လျှဒါန်းနေလို့သာ ဆင်းရဲတာဟု ဆင်းရဲခြင်း၏ကြောင်းကို မိမိလိုရာဆွဲပြီးပြော၏။ ထိုချိန်က အမှန်တကယ်လည်း ဆင်းရဲနေသဖြင့် ပုထုဇဉ်သာဆိုလျှင် ယင်းစကားကို လက်ခံလိုက်မည်သာဖြစ်၏။ ဒုတိယအချက်ကား ရတနာသုံးပါးကို စွန့်လိုက်လျှင် ပြန်ချမ်းသာအောင်လုပ်ပေးမည်ဟူသော စကားပင်ဖြစ်၏။

အနာထပိဏ်ကဲ့သို့ ဒုက္ခကြုံနေချိန်တွင် မိစ္ဆာဒိဋ္ဌိနတ်ကို အနာထပိဏ်ကဲ့သို့ပင် နှင်ထုတ်ပစ်နိုင်သော စွမ်းရည်သတ္တိ ရှိ-မရှိ မိမိကိုယ်မိမိ သေချာလေ့လာသင့်၏။ သိကြားမင်းကိုပင် မောင်းထုတ်ရဲသော ဒုတိယမြောက် သောတာပန်ကား သုပ္ပဗုဒ္ဓ နူနာသည်ပင်ဖြစ်၏။ သူသည် ဘုရားရှင်၏တရားကို နာကြားရပြီး သောတာပန်တည်သွားခဲ့၏။ တရားပွဲပြီး၍ပြန်လာစဉ် သိကြားမင်းက နောက်မှလိုက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားကို ဘုရား မဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာမဟုတ်'ဟုပြောရန် တိုက်တွန်း၏။

ထိုကဲ့သို့ပြောပါက 'အနာရောဂါများပျောက်ကင်းအောင် ဥစ္စာဓနများ ချမ်းသာအောင် မ,စမည်'ဟု စည်းရုံး၏။ သုပ္ပဗုဒ္ဓသည် လက်မခံဘဲ သူ့နားမှ ချက်ခြင်း နှင်ထုတ်ခဲ့၏။ သောတာပန်တည်ပြီးသော သိကြားမင်းသည် သုပ္ပဗုဒ္ဓကို ဖျက်ဆီးလို၍ မဟုတ်။ တရား တကယ်ရ-မရသိချင်၍သာ စုံစမ်းခြင်းဖြစ်၏။ သောတာပတ္တိမဂ် သည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့်အတူ လောဘလေးပုံပုံတစ်ပုံကို ပယ်သတ်လိုက်နိုင်၏။ ပုထုဇဉ် ဘဝကား ကာမသုဂတိ ခုနစ်ဘုံ၌ အကြိမ်ပေါင်းမရေမတွက်နိုင်အောင် ကျင်လည်ချင် သည့် လောဘကိလေသာ ရှိ၏။ သောတာပတ္တိမဂ်ကို ရလိုက်သောအခါ ကာမသုဂတိ ခုနစ်ဘုံ (လူ့ဘုံ၊ နတ်ဘုံ)၌ အကြိမ်ပေါင်း မရေနိုင်အောင် ဖြစ်ချင်သော လောဘဓာတ် ကုန်ခန်းသွား၏။

ထို့ကြောင့် သောတာပန်များသည် ကာမသုဂတိခုနစ်ဘုံ၌ အများဆုံး ခုနစ် ဘဝသာ နေရတော့ခြင်းဖြစ်၏။ ပုထုဇဉ်ဘဝကကဲ့သို့ လောဘဓာတ် အပြည့်ရှိ နေလျှင် 'သုပ္ပဗုဒ္ဓ'သည် နူနာရောဂါပျောက်မည့်ဘက်၊ ဥစ္စာစည်းစိမ် ချမ်းသာမည့် ဘက်သို့ လိုက်မည်ဖြစ်၏။ ဝိသမလောဘစိတ် ကုန်ခန်းသွားသော ကြောင့်သာလျှင် ရတနာသုံး ပါးကို မစွန့်သည့်ဘက်၌ ရပ်တည်ခဲ့ခြင်းဖြစ်၏။ သိကြားမင်းကလည်း ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ နှင့် ဝိသမလောဘစိတ်တို့ ကုန်ခန်းမှု ရှိ-မရှိ စုံစမ်းကြည့်ခြင်းပင်ဖြစ်၏။

ဝိပဿနာတရား နာကြားရှုပွားကြခြင်းသည် လောဘ ဒေါသစသော ကိလေသာတရားများ ကုန်ခန်းချုပ်ငြိမ်းဖို့အတွက်သာဖြစ်၏။ ထို့ကြောင့် တစ်စုံ တစ်ယောက် အပေါ် မဂ်ဖိုလ်ရ-မရသိချင်လျှင် လောဘ၊ ဒေါသစသော ကိလေ သာများ မည်မျှလောက် နည်းပါးသွားသနည်း၊ ကုန်ခန်းသွားသနည်းဟူသော အချက် ကိုသာ အဓိကထားပြီး စုံစမ်းသင့်၏။ ရဟန္တာဖြစ်သွားသည်ဆိုလျှင် ကိလေသာ အားလုံး ကုန်ခန်းသွားပြီ ဖြစ်၏။ ထို့ကြောင့် ရဟန္တာဟုတ်-မဟုတ် သိလိုလျှင် လောဘ, ဒေါသစသော ကိလေသာများ ရှိ-မရှိကိုသာ စုံစမ်းသင့်၏။

တချို့က ထိုသို့မဟုတ်ဘဲ ရဟန္တာဖြစ်လျှင် ခန္ဓာကိုယ်ပေါ့နေရမည်ဟုယူဆပြီး ရဟန္တာများ လမ်းသွားသောအခါ လက်ဝါးခင်းပြီး စမ်းကြည့်ကြ၏။ ရဟန္တာထိုင်သော အခင်းအောက်၌ ပန်းပွင့်တွေခင်းပြီး ထားကြည့်ကြ၏။ သူတို့ အယူအဆကား လက်ဝါး မနာလျှင် ရဟန္တာ၊ ပန်းပွင့်မညှိုးလျှင် ရဟန္တာဟု သတ်မှတ်ကြခြင်းဖြစ်၏။ အလွန်မှားသော စုံစမ်းနည်းဖြစ်ကြောင်းနှင့် စုံစမ်းနည်းအမှန်ကို မဟာစည် ဆရာ တော်က ယခုလို ဟောကြားတော်မူခဲ့၏။

## ရဟန္တာဟုတ်/မဟုတ် စုံစမ်းနည်း

'ဈာန်အဘိညာဉ်မရလျှင် ရဟန္တာပေမယ့် လမ်းလျှောက်

www.burmeseclassic.com

www.burmeseclassic.com



သွားရာမှာ သူများလိုပဲ လေးတယ်၊ ပိတယ်ဆိုတဲ့ အချက်ပါပဲ၊ အဲ ဒါကတော့ စကျွပါလရဟန္တာမထေရ်ကြီး စင်္ကြံကြွရာမှာ ပိုးကောင်တွေ နင်းမိလို့ သေကုန်တယ်ဆိုတော့ အင်မတန် ထင်ရှား နေပါပြီ၊ အဲဒါကလည်း ဒီနေရာမှာ ဘာပြုလို့ထည့် ပြောရသလဲ ဆိုတော့ ယခု ဆယ့်ငါးခြောက်နှစ်လောက်အတွင်းမှာ မြန်မာပြည် ၌ ရဟန္တာရယ်လို့ ကျော်ဇောတဲ့ပုဂ္ဂိုလ်တွေ ပေါ်လာကြတယ်။ အဲဒီလို ကျော်ဇော တဲ့ ပုဂ္ဂိုလ်တွေကို တချို့ဒကာ၊ ဒကာမတွေက လက်ဝါးခင်းပြီးတော့ စမ်းကြည့်ကြတယ်၊ ပန်းခင်းပြီးတော့ စမ်းကြည့်ကြတယ်လို့ ကြားရတယ်'

'ပြီးတော့ 'ပန်းမန္တမ်းဘူး၊ လက်မနာဘူး' စသည်ဖြင့်လည်း ပြောသံကြားတယ်။ အဲဒါ တည့်တည့်မတ်မတ် နင်းမိလျက်နဲ့ မန္တမ်း တာ၊ မနာတာလား၊ တည့်တည့် မနင်းမိလို့ပဲလားဆိုတာလည်း စဉ်းစားစရာရှိပါတယ်။ ယခု စကျွပါလမထေရ်လို ဈာန် အဘိညာဉ် မရတဲ့ရဟန္တာဆိုရင် တည့်တည့်နင်းမိမယ်ဆိုရင် ပိပြားသေကုန် သလို ပိပြားကုန်မှာပဲ။ ဈာန်အဘိညာဉ်ရတဲ့ ရဟန္တာတောင် အ ဘိညာဉ်နဲ့ အဓိဋ္ဌာန်မပြုမိဘဲ ကြွရင် နင်းမိတာတွေဟာ အကုန်ပြား ကုန်မှာပဲ၊ ဒါကြောင့် အဲဒီ စမ်းသပ်တဲ့နည်းတွေကတော့ မသေချာ ဘူးဆိုတာ သိထားရမယ်'

'သေချာတဲ့နည်းကတော့ လိုချင်နှစ်သက်မှု၊ တပ်မက်သာ ယာမှု၊ ခင်မင်တွယ်တာမှု၊ အပြင်းအထန် ရယ်ရွှင်မှု၊ စိတ်ဆိုးစိတ် ပျက်မှု၊ ထိတ်လန့်ကြောက်ရွံ့မှု၊ စက်ဆုပ်ရွံရှာမှု၊ စိုးရိမ်ပူဆွေးမှု၊ သူတစ်ပါး အကျိုးမဲ့ဖြစ်အောင် ပြောဆိုမှု၊ ဘုရားကို မရိုသေမှု၊ တရားကျမ်းဂန်တွေကို မရိုသေမှု၊ ဝိနည်းသိက္ခာကို မရိုသေမှု ကိုယ် လက်ကွန့်မြူ မတည်ငြိမ်မှု၊ ဒီလိုဟာတွေ ရှိ-မရှိ စုံစမ်းဖို့ လိုပါတယ်'

'အဲဒီလိုဟာတွေရှိနေရင် လောဘ,ဒေါသ,မောဟ မကင်း သေးတဲ့သဘော ထင်ရှားနေတာပါပဲ၊ သေသေချာချာစုံစမ်းလို့ ဒီလို အမူအရာတွေ အရိပ်အယောင်တောင် မတွေ့ဘူးဆိုရင်တော့ တော် တော် စိတ်ချရပါပြီ၊ ရဟန္တာမဟုတ်တောင်၊ ရဟန္တာလောက် ကြည် ညိုဖွယ်ဂုဏ်တွေနဲ့ ပြည့်စုံတယ်လို့ မှတ်နိုင်ပါပြီ'

*(မဟာစည်ဆရာတော်ကြီး၏ 'ထူးခြားသောအတွေးအမြင်များ' စာ - ၉၆၊ ၉၇)*

လောဘကင်းမှုနှင့် ပတ်သက်၍ ကြည်ညိုဖွယ်ရာ တရားပြဆရာတော် တစ်ပါးကို တွေ့ဖူး၏။ ထိုဆရာတော်သည် မြို့နယ်တစ်ခုတွင် ဓမ္မရိပ်သာတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



စတင်တည်ထောင်၏။ ရိပ်သာသည် တောကျကျနေရာတစ်ခု၌ တည်ရှိ၏။ ရိပ်သာသို့ ရောက်အောင် ကတ္တရာလမ်းမမှ ဖွဲ့ဆင်း၍ အတော်ကြာအောင် လမ်းလျှောက်ဝင်ရ၏။ ရိပ်သာရှိမှန်းသိအောင် အဝင်လမ်းထိပ် ကတ္တရာလမ်းဘေး၌ ဆိုင်းဘုတ်ထောင်ရန် တပည့် ဒကာ,ဒကာမတို့က ဆရာတော်အား လျှောက်ထား၏။ ဆရာတော်က ခွင့်မပြု။

အဘယ်ကြောင့် ခွင့်မပြုရကြောင်း မေးလျှောက်သောအခါတွင်မှ ဆရာတော်က ယခုလို ရှင်းပြ၏။

'ပစ္စည်းလေးပါးကို စွဲလမ်းမှု၊ ဒကာဒကာမကို စွဲလမ်းမှု၊ မိမိကိုယ်ကို စွဲလမ်းမှုတင် 'လောဘ'ခေါ်တာမဟုတ်ဘူး၊ နာမည်ကြီးချင်တာ၊ လူသိများချင်တာ၊ ကျော်ကြားချင်တာလည်း 'လောဘတစ်မျိုး'ပါပဲ၊ သတိကပ်ရှုမှတ်ပြီး ပယ်သတ်နိုင်ရတယ်'

'ဒေဝဒတ် အဝီစိငရဲဆင်းခဲ့ရတာဟာ အပေါ်ယံအနေနဲ့ကြည့်ရင် ဘုရားရှင်ကို သွေးစိမ်းတည်အောင်လုပ်တဲ့ကံ၊ သံဃာတော် သင်းခွဲတဲ့ကံကြောင့်ပဲလို့ ဆိုစရာရှိတယ်၊ နက်နက်နဲနဲ ဆက်တွေးကြည့်ရင် ဒေဝဒတ်ဟာ ဘုရားရှင်လို နာမည်ကျော်ကြား လူသိများပြီး ထင်ရှားချင်တဲ့ လောဘစာတ်ကြီးကြောင့် လောဟိတုပ္ပါဒကကံ၊ သံဃာဘေဒကကံတွေကို ပြုခဲ့တာပဲ၊ ဈာန်အဘိညာဉ်တွေတောင် ရခဲ့တဲ့ ဒေဝဒတ်ရဲ့ သမာဓိဟာ နည်းနည်းနောနောမဟုတ်ပါဘူး၊ ဒါပေမယ့် ဒီသမာဓိဟာ ဝိပဿနာပညာနဲ့ ယှဉ်တွဲခွင့်မရတော့ ကိုယ်တွင်းကိလေသာတွေကို တစ်ခုမှ လျှော့အောင်၊ ပါးအောင်၊ ကုန်အောင် မလုပ်နိုင်ခဲ့ဘူး၊ အကယ်၍ သူ့သန္တာန်မှာ စပေါ်လာတဲ့ နာမည်ကြီးချင်တဲ့ စိတ်ကလေးကို၊ ဒါဟာ လောဘစိတ်ပါလား၊ လောဘစိတ်ဟာလည်း ဖြစ်ပြီးတော့ ပျက်တဲ့တရားပဲလို့ ဝိပဿနာရှုလိုက်မယ်ဆိုရင် ဒေဝဒတ်ဟာ လောဟိတုပ္ပါဒကကံ၊ သံဃာဘေဒဘက ကံတွေကိုတောင် ပြုဖြစ်မှာမဟုတ်တော့ပါဘူး'

တချို့က အိပ်ခြင်း၊ ငိုက်မျည်းခြင်းမရှိလျှင် ရဟန္တာဟု ထင်မှတ်တတ်ကြ၏။ ထို့ကြောင့် ရဟန္တာဟုတ်မဟုတ်ဆိုတာကို အိပ်ငိုက်ခြင်းရှိ-မရှိ တိုင်းတာတတ်ကြ၏။ ဤတိုင်းတာနည်းလည်း မမှန်ပေ။ အဘယ်ကြောင့်ဆိုသော် နိဿဇ်ဓုတင်ဆောင်သော အရှင်မဟာကဿပ၊ အရှင်ဗာကုလ၊ အရှင်အာနန္ဒာ စသော မထေရ်များမှ တစ်ပါး, ကျန် ရဟန္တာများနှင့် ဘုရားရှင်တို့ပင် ကျိန်းစက်မှုရှိနေသောကြောင့်ပင် ဖြစ်၏။ ထိုအချက်နှင့်ပတ်သက်၍ မဟာစည်ဆရာတော်ဘုရားကြီး၏ ဖြေရှင်းချက်ကို ဆက်လက် ဖော်ပြပေအံ့။

## အိပ်တိုင်း ကိလေသာလော

'ကိုယ်ပင်ပန်းလို့ အိပ်ငိုက်တာကကော့ ကိလေသာမရှိတဲ့ ရဟန္တာမှာလည်း ဖြစ်နိုင်တာပဲ၊ ဒါကြောင့် သစ္စကပရိဗိုဇ်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



'နေ့အခါ ကျိန်းစက်ဖူးပါသလား'လို့ မြတ်စွာဘုရားကို မေးတဲ့အခါ မြတ်စွာဘုရားက 'နွေရာသီနောက်ဆုံးလမှာ နေ့အခါ အိပ်စက်ဖူး ကြောင်း' ဖြေကြားတော်မူပါတယ်၊ အဲဒီတော့ သစ္စကပရိဗိုဇ်ကြီးက 'အဲဒီလိုကျိန်းစက်တာကို အချို့က သမ္မောဟဝိဟာရ-တွေဝေလျက် နေခြင်းလို့ ဆိုကြပါတယ်လို့' လျှောက်တယ်၊ အဲဒီမှာ တချို့က ဆိုပေမယ့်၊ သူကိုယ်တိုင်က ဆိုတာပါပဲ၊ သူက မြတ်စွာဘုရားကို မောဟမကင်းသေးဘူးလို့ ဆိုလိုတာပါပဲ။ အဲဒီတော့ မြတ်စွာဘုရား က ကျိန်းစက်တဲ့အတွက် တွေဝေတယ်လို့လည်း မဆိုရကြောင်း၊ မတွေဝေဘူးလို့လည်း မဆိုရကြောင်း၊ အာသဝေါကိလေသာ ကင်း ပြီးသောဘုရားမှာ တွေဝေခြင်း မရှိကြောင်းများကိုလည်း မဟာ ကရုဏာတော်ဖြင့် ရှင်းပြတော်မူပါတယ်။ အဲဒီမှာ မြတ်စွာဘုရား တောင်မှ ကျိန်းစက်တော်မူတဲ့အခါ ရှိသေးတယ်လို့ဆိုတာကို ထောက်ဆကြည့်ရင် ကိုယ်ပင်ပန်းလို့အိပ်ချင်တာကိုတော့ 'နီဝရ- ဏထိနမိဒ္ဓ'လို့ မဆိုသင့်ပေဘူး'

## ရုပ်မိဒ္ဓဝါဒ

'ဒါကြောင့် ဝိမုတ္တိမဂ်ဆိုတဲ့ကျမ်းမှာ-
(၁) စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇမိဒ္ဓ၊
(၂) ပူအိုက်တဲ့ဥတုကြောင့်ဖြစ်တဲ့ ငိုက်မျည်းခြင်းဆိုတဲ့ ဥတုဇမိဒ္ဓ၊
(၃) အစာအဝလွန်လို့ဖြစ်တဲ့ အာဟာရဇမိဒ္ဓ၊လို့ ငိုက်မျည်းခြင်းဆို တဲ့မိဒ္ဓကို သုံးမျိုးခွဲပြီးတော့ စိတ်ကြောင့်ဖြစ်တဲ့ ငိုက်မျည်းခြင်း မိဒ္ဓသာ နီဝရဏကိလေသာဖြစ်တယ်၊ ကျန်တဲ့ ဥတုကြောင့်၊ အာဟာရကြောင့်ဖြစ်တဲ့ ငိုက်မျည်းခြင်းများကတော့ နီဝရဏ ကိလေသာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုရင် အဲဒီ ဥတုကြောင့်၊ အာဟာရ ကြောင့်ဖြစ်တဲ့ ငိုက်မျည်းခြင်းကတော့ ရဟန္တာမှာတောင် ဖြစ်နိုင် သောကြောင့်ပါပဲ'လို့ ဆိုထားပါတယ်၊ အဲဒီအဆိုကို ဝိသုဒ္ဓိ မဂ်နှင့် အဋ္ဌသာလိနီ အဋ္ဌကထာများမှာ ပယ်ထားပါတယ်'

'ဒါပေမယ့် ဥတုကြောင့်၊ အာဟာရကြောင့်ဖြစ်တယ်ဆိုတဲ့ ရုပ်မိဒ္ဓကို မိလိန္ဒပဉှာနှင့် ပေဋကောပဒေသကျမ်းမှာလည်း တွေ့ရ ပါတယ်၊ အဲဒီမှာစိစစ်ကြည့်ရင် ရုပ်မိဒ္ဓရှိတယ်ဆိုတဲ့ ကျမ်းသုံးခုက ဇမ္ဗူဒီပခေါ်တဲ့ အိန္ဒိယကရေးတဲ့ ကျမ်းများဖြစ်တယ်၊ ရုပ်မိဒ္ဓကို ပယ်တဲ့ အဋ္ဌကထာတွေက သီဟိုဠ်ကရေးတဲ့ကျမ်းများဖြစ်တယ်၊ ဒါကြောင့် ရုပ်မိဒ္ဓရှိတယ်ဆိုတဲ့ဝါဒကို ဇမ္ဗူဒီပမထေရ်တို့၏ဝါဒလို့

www.burmeseclassic.com

www.burmeseclassic.com



မှတ်ယူသင့်ပါတယ်၊ မြတ်စွာဘုရားတောင် ရာသီဥတု အလွန်ပူ
အိုက်တဲ့လမှာ နေ့အခါ ကျိန်းစက်တော်မူတယ်ဆိုတော့ ရုပ်မိဒ္ဓဝါဒ
က သင့်တဲ့သဘောရှိတယ်'

*(မဟာစည်ဆရာတော်ဘုရားကြီး၏ 'ထူးခြားသော အတွေးအမြင်များ' စာ-၁၀၃၊ ၁၀၄)။*

သုပ္ပဗုဒ္ဓအကြောင်းကို ပြန်ဆက်အံ့၊ မိမိကိုယ်တိုင် သုပ္ပဗုဒ္ဓနေရာ၌ရှိခဲ့လျှင်-ရရှိမည့် အခွင့်အရေးများကို ပစ်ပယ်ပြီး သိကြားမင်းကို နှင်ထုတ်နိုင်ခဲ့မည်ဆိုလျှင် သောတာပန်၏ ဂုဏ်ရည်တစ်ခု မိမိသန္တာန်၌ရှိနေပြီဟု မှတ်ယူနိုင်ပါ၏။ သောတာပန်၏ ခြောက်ခုမြောက်ဂုဏ်အင်္ဂါကား ငါးပါးသီလကို ဘယ်တော့မှ မဖောက်ဖျက်တော့ခြင်း ဖြစ်၏။ ငါးပါးသီလတွင် အများဆုံးပျက်စီးတတ်သော သီလကား အဒိန္နာဒါနနှင့် မုသာဝါဒ ဖြစ်၏။

ကျန်သီလသုံးပါးကိုကား ကလျာဏပုထုဇဉ်အဆင့်လောက်ရှိသူပင် လုံခြုံအောင် စောင့်နိုင်သဖြင့် သောတာပန်စောင့်ထိန်းနိုင်မှုနှင့် သိပ်မကွာသလိုဖြစ်နေ၏။ ထို့ကြောင့် သောတာပန်တို့၏ အဒိန္နာဒါနနှင့် မုသာဝါဒသိက္ခာပုဒ် လုံခြုံအောင် စောင့်ထိန်းနိုင်မှုတို့ကိုသာ အဓိကထား၍တင်ပြအံ့။

ရွှေပြည်သာမြို့ (၅/၅)ရပ်ကွက်မှ ကိုစိန်ထွန်း အမည်ရှိ ဘွဲ့ရဒကာတစ်ယောက် ရှိ၏။ သူသည် ဆရာကြီးဦးကြင်ရွှေ၏ ပခုက္ကူဝိပဿနာသင်တန်းတရားကို နာကြား၊ ရှုပွားနေသည်မှာ လေးနှစ်ကျော်ကာလခန့် ရှိနေပြီဖြစ်၏။ သူသည် ဌာနတစ်ခုတွင် အလုပ်ဝင်လုပ်ရင်း သူ၏ရိုးသားမှုကြောင့် အဆင့်မြင့်သော ရာထူးတစ်ခုကို ရသွား၏။ လခစားများသည် လစာငွေထက် ဘေးပေါက်ငွေကို ပိုမက်မောကြ၏။ ဘေးပေါက်ငွေဟူသည် အဒိန္နာဒါနကြောင့်ရသောငွေပင်ဖြစ်၏။

ကိုစိန်ထွန်းနေရာ၌ တာဝန်ယူသွားသော အရာရှိမှန်သမျှသည် ဘေးပေါက်အနေဖြင့် တစ်လလျှင် ခြောက်သိန်းခန့်ရယူသွားကြ၏။ ထိုခြောက်သိန်းခန့်သည် အန္တရာယ်ကင်း၊ ဘေးရှင်းစွာရခြင်းဖြစ်၏။ 'အန္တရာယ်ကင်း ဘေးရှင်း' ဟူသည် ဘယ်သောအခါမှ မပေါ်နိုင်သော ခိုးခြင်းဟုဆိုလို၏။

'သူတစ်ပါးကို မကြည်ညိုလျှင်ကား ကုသိုလ်မရရုံသာရှိသည်၊ မိမိကိုယ်မိမိ မကြည်ညိုလျှင် အပါယ်ငရဲသို့ ကျတတ်သည်'ဆိုသော အတွေးအခေါ်ကို လက်ခံထားသော ကိုစိန်ထွန်းသည် ထိုဘေးပေါက်ငွေကို တစ်ခါမှ မယူခဲ့ပေ။ ထိုဘေးပေါက်မှ ငွေသည် စက်သုံးဆီများမှရသောငွေဟု သိရ၏။ သူက မစားသောအခါ ကျန်သော အရာရှိများလည်း မစားရဲကြ။ ထို့ကြောင့် ဘေးပေါက်ငွေကို လက်ခံရန် လာစည်းရုံးကြ၏။ ကိုစိန်ထွန်းက 'မတရားသောနည်းဖြင့် ရသောငွေကို မလိုချင်'ဟု ပြတ်သားစွာ ငြင်းဆိုလိုက်၏။

ငါးပါးသီလဟူသည် လူ့သိက္ခာဖြစ်သည်၊ ငါးပါးသီလမှ မလုံခြုံသူသည်

www.burmeseclassic.com

www.burmeseclassic.com



မည်၍မည်မျှပင် ရာထူးကြီးကြီး၊ ဥစ္စာချမ်းသာချမ်းသာ၊ သိက္ခာမရှိသူဖြစ်သည်။ ခါးဝတ်ပုဆိုး မရှိသောသူသည် ခါးဝတ်ပုဆိုးမဝတ်ကြသူတွေကြားထဲတွင် မည်သို့မှ မထူးခြားသော်လည်း ခါးဝတ်ပုဆိုး ဝတ်နေကြသူတွေကြားထဲတွင် အလွန်သိသာ ထင်ရှားပြီး ရှက်စရာကောင်းသကဲ့သို့ ငါးပါးသီလ ဖောက်ဖျက်သူသည် ငါးပါးသီလ ကိုယ်ကျင့်သိက္ခာမရှိသူတို့ကြားထဲတွင် မည်သို့မျှ မထူးခြားသော်လည်း၊ ကိုယ်ကျင့်သီလ ဖြူစင်သော သူတော်ကောင်းတို့ထဲတွင် အလွန်သိသာထင်ရှားပြီး ရှက်စရာကောင်း၏။

လက်နှီးစုတ်ပေါ်၌ မင်တစ်အိုးလုံးမှောက်ကျ၍ မသိသာသော်လည်း၊ ဖြူစင်သော အဝတ်စပေါ် မင်တစ်စက်ကျလျှင်ပင် သိသာသကဲ့သို့၊ ကိုယ်ကျင့်သိက္ခာ မရှိသူများအတွက် သူတစ်ပါးအိမ်ပေါ် တက်ခိုးသည်အထိ မည်သို့မှ မသိသာ မထင်ရှားသော်လည်း ကိုယ်ကျင့်သိက္ခာ ဖြူစင်သူများအတွက်ကား အများယူနေကြ ဘေးပေါက်ဝင်ငွေကို ယူခြင်းသည်ပင် သိသာထင်ရှားနေပြီဖြစ်ပါ၏။ ဤသို့သော ခံယူချက်တို့ကြောင့် ကိုစိန်ထွန်းက ဘေးပေါက်ငွေကို မယူခြင်းဖြစ်၏။

မြတ်စွာဘုရားသည် ပါရမီဖြည့်စဉ်ကာလမှ ဘုရားဖြစ်သည့်ကာလတိုင်အောင် အနာခံသည့်ဘက်ကသာ နေခဲ့၏။ အသာစံသည့်ဘက်က မနေခဲ့။ ဘုရားအလောင်း မျောက်မင်းဖြစ်စဉ်အခါက သူအုပ်ချုပ်ရသော မျောက်ပေါင်းများစွာတို့သည် သရက်ပင်ကြီးတစ်ပင်ပေါ်၌ ဘုရင်နှင့်တကွ တပ်သားများ၏ ဝိုင်းရံပိတ်ပင်ထားခြင်းကို ခံနေရ၏။ ထိုအခါ ဘုရားအလောင်းမျောက်မင်းသည် 'အသာစံလမ်းစဉ်' အတိုင်း ကိုယ်လွတ်ရုန်းပြေးလျှင် ရ၏။ သို့သော်မပြေးခဲ့။ အသက်အသေခံပြီး 'အနာခံလမ်းစဉ်'ကို ရွေးခဲ့၏။

မျောက်မင်းသည် သရက်ပင်ထက်မှ မြစ်ကမ်းတစ်ဖက်ကို ကျော်ဖြတ်ပြီး တောအုပ်ထဲရောက်အောင် ခုန်၏။ တောအုပ်ထဲရောက်သည်နှင့် နွယ်ကြိုးရှည်ကြီးတစ်ခုကိုရှာဖွေပြီး တစ်စကို သစ်ပင်မှာချည်၊ ကျန်တစ်စကို သူ့ခါးမှာချည်ကာ ရန်သူများဝိုင်းထားရာ သရက်ပင်ကြီးရှိရာသို့ ပြန်ခုန်၏။ အမှန်း နည်းနည်းလိုသောကြောင့် သရက်ပင်ပေါ် ထိမမီဘဲ သရက်ကိုင်းကို လက်နှင့်မှီရုံသာရှိ၏။ လက်အောက်ငယ်သားများအတွက် အသက်ကိုပင် စွန့်လွှတ်ပြီးဖြစ်ရကား မျောက်အားလုံးကို သူ့ကျောပေါ်မှ ဖြတ်၍ နွယ်ကြိုးမှတစ်ဆင့် တစ်ဖက်တောအုပ်သို့ ကူးစေ၏။

ဒေဝဒတ်အလောင်းမျောက်ကား အလောင်းတော်ကျောကုန်းပေါ် သို့ အမြင့်ကြီးမှ ခုန်ချပြီး တစ်ဖက်တောအုပ်သို့ ကူးသွား၏။ မျောက်မင်း၏ အနာခံမှုကို မျက်ဝါး ထင်ထင် တွေ့မြင်လိုက်ရသော မင်းကြီးသည် အလောင်းတော်အပေါ် လေးစားကြည် ညိုပြီး မိတ်ဆွေအဖြစ်သို့ ရောက်သွားခဲ့ရ၏။ လက်အောက်ငယ်သား မျောက်များ အားလုံး တစ်ဖက်တောအုပ်ထဲသို့ ကူးပြီးသည်နှင့် အလောင်းတော် မျောက်မင်းလည်း သေပွဲဝင်ခဲ့ရသည်။

ဘုရားဖြစ်တော်မူစဉ် အခါကလည်း ဝေရဉ္စာပြည်၌ ဝါဆိုစဉ် အငတ်ဘေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခုနှင့် ကြုံခဲ့ရ၏။ တာဝန်ယူပြီးပင့်သော ဝေရဠာပုဏ္ဏားကိုလည်း မာရ်နတ်က ဘုရားရှင်နှင့် သံဃာတော်များကို သတိမရအောင် လှည့်ပတ်ထား၏။ ထို့ကြောင့် ဝါတွင်းသုံးလလုံး ဘုရားရှင်နှင့် သံဃာတော်များကို မည်သည့်လှူဘွယ်ဝတ္ထုမျှ မလှူ ဖြစ်ပေ။

မြတ်စွာဘုရားသာ အသာစံသူဆိုလျှင် ဆွမ်းအဆင်ပြေသောမြို့သို့ တန်ခိုးနှင့်ကြွပြီး ဘုဉ်းပေးနိုင်ပါ၏။ သို့သော် ထိုပြုကျင့်မှုကို မပြုခဲ့။ အရှင်မဟာမောဂ္ဂလာန်က မြေကြီးအောက်မှ မြေဆီလွှာများ ယူကျွေးချင်ကြောင်း၊ မြောက်ကျွန်းသို့ သံဃာတော်များ ဆွမ်းခံကြွရောက်နိုင်ရန် ကောင်းကင်စောင်းတန်းလှေကားကြီး ဖန်ဆင်းပေးချင်ကြောင်း ခွင့်တောင်းသော်လည်း ခွင့်မပေးဘဲ သံဃာတော် အပါးငါးရာနှင့်အတူ မြင်းစာမုယော ဆန်ကြမ်းများဖြင့် ချက်ထားသောဆွမ်းကို တစ်ဝါတွင်းလုံး ဘုဉ်းပေးသုံးဆောင်တော်မူခဲ့၏။

မြတ်စွာဘုရား အဘယ်ကြောင့် ထိုကဲ့သို့ အနာခံတော်မူသနည်း။ အကယ်၍ မြတ်စွာဘုရားသည် အသာစံပြီး ဆွမ်းရလွယ်ရာသို့ လိုက်ခဲ့မည်ဆိုလျှင် နောင်တစ်ချိန် ယခုလို အငတ်ဘေးနှင့်ကြုံရပါက နောင်လာနောင်သား ရဟန်းသံဃာများသည် 'ဘုရားရှင်တောင် အငတ်ဘေးနဲ့ကြုံရင် ဆွမ်းရအောင် ဟန်ခိုးတွေ ထုတ်သုံးသေးတာပဲ၊ ငါတို့တစ်တွေလည်း အပ်စပ်မှုရှိရှိ-မရှိရှိ၊ ဆွမ်းရအောင် အားထုတ်ကြမည်'ဟူသည့် အယူကို ယူကြမည်ဖြစ်၏။

ယခုလို အနာခံလိုက်ခြင်းအားဖြင့် နောက်လာနောက်သားများသည် အငတ်ဘေးနှင့်ကြုံရသည့်အခါ ဘုရားရှင်တောင် တစ်ဝါတွင်းလုံး မြင်းစာဂျုံနှင့် ရောင့်ရဲသေးတာပဲ၊ ငါတို့လည်း ရရာနှင့်သာ ရောင့်ရဲတော့မည်ဟု နှလုံးသွင်း၍ သန္တုဋ္ဌိတရားကို ကျင့်သုံးကြမည်ဖြစ်၏။ ဤအကြောင်းများကြောင့် မြတ်စွာဘုရားသည် အနာခံခြင်းတရားကို ကျင့်သုံးတော်မူခဲ့ခြင်းဖြစ်၏။

ဗုဒ္ဓသည် သာဝကအားလုံးကို အသာစံမှုနှင့် အနာခံမှုတွင် အမြင့်ဆုံး မျှော်လင့်ချက်အားဖြင့် အနာခံမှုကို ကျင့်သုံးစေလို၏။ အနိမ့်ဆုံး မျှော်လင့်ချက်အားဖြင့် မိမိက အနာမခံနိုင်သည့်တိုင်အောင် အနာခံသူကို ဂုဏ်ပြုချီးမြှောက်စေလို၏။

> 'မြန်မာနိုင်ငံသည် ကမ္ဘာ့ ဗုဒ္ဓဘာသာနိုင်ငံများတွင် စံပြခေါင်းဆောင်နိုင်ငံဖြစ်၏။ ခေါင်းဆောင်သည် ခေါင်းမရှောင်သင့်။ ကမ္ဘာတစ်ဝှမ်းတွင် အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ အသာစံဝါဒကို အများဆုံး ကျင့်သုံးနေကြချိန်၌ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးက ကိုယ်ကျိုးစွန့်သည့် အနာခံဝါဒကို ဗုဒ္ဓကိုယ်စား ကျင့်သုံးပြသင့်၏။ တပည့်မကောင်း ဆရာခေါင်းဟူသောစကားအတိုင်း ဗုဒ္ဓဘာသာဝင်များ ကိုယ်ကျင့်တရား ပျက်ပြားပြီး အသာစံနေကြလျှင် မိမိသိက္ခာသာမက ဗုဒ္ဓ၏သိက္ခာကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်မည်ဖြစ်၏။'

'ထို့ကြောင့် 'ဆရာကောင်းတပည့်-ပန်းကောင်းပန်'ဟူသော စကားအတိုင်းဖြစ်အောင် ကိုယ်ကျိုးစွန့် အနာခံဝါဒကို မြန်မာပြည်သူပြည်သားများက စတင်ပြီး ကျင့်သုံးနေထိုင်ပြသင့်၏။ မိမိကိုယ်တိုင် အနာခံဝါဒကို မကျင့်သုံးနိုင်သေးသည့်တိုင် အနာခံသူများကို လေးစားသင့်၏။ ချီးကျူးဂုဏ်ပြုသင့်၏'။

ယခုကား ထိုသို့မဟုတ်။ ကိုစိန်ထွန်းက ဘေးပေါက်မယူဘဲ ကိုယ်ကျင့်တရားသီလစင်ကြယ်စွာဖြင့် အနာခံဝါဒကျင့်သုံးသည်ကို သူ့ဘေးမှ အရာရှိကြီးငယ်တို့က 'ငါးကြော်မကြိုက်တဲ့ ကြောင်မိုက်'ဟူသောစကားဖြင့်လည်းကောင်း၊ 'လူအ,လူန' ဟူသော စကားဖြင့်လည်းကောင်း ပြောဆိုကဲ့ရဲ့ကြ၏။ ကိုစိန်ထွန်းဘက်မှ မည်သို့မှထူးခြားမလာသောအခါ အရာရှိအချို့နှင့် ငယ်သားအချို့တို့သည် ကိုစိန်ထွန်း ဤဌာန၌ ဆက်နေ၍မရအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ကြ၏။ ကိုစိန်ထွန်း မရှိမှသာသူတို့သည် ဘေးပေါက်ငွေကို ရှာနိုင်မည်မဟုတ်ပါလော။

အဆိုးလောကဓံကို သံဝေဂစမ္မအဖြစ် အသုံးချခြင်းသည် ပညာရှိသူတော်ကောင်းတို့မှာသာရှိသော အရည်အချင်းတစ်ခုဖြစ်၏။ အလုပ်ဆက်လုပ်၍မရအောင် နှောင့်ယှက်သောလူများကို ကိုစိန်ထွန်းက ကျေးဇူးပင်တင်လိုက်သေး၏။ အဘယ်ကြောင့်နည်း။ သူ မြန်မြန်တောထွက်ပြီး တရားအားထုတ်ဖြစ်အောင် ပံ့ပိုးပေးကြသောကြောင့်ဟူ၏။

'သည်ဘဝနှင့် သည်ခန္ဓာ အပြတ်ဖြတ်မည်'ဟု ဆုံးဖြတ်ထားသော ကိုစိန်ထွန်းသည် ရဟန်းပြုကာ အပြီးအပိုင် တောထွက်သွားခဲ့လေပြီ။

မည်သည့်အရပ်၌ တရားအားထုတ်မည်ကို မိဘနှင့် ညီအစ်ကို မောင်နှမများကိုပင် အသိမပေးခဲ့ပါ။ 'လောက,က သံပုရာပေးလာလျှင် ဖျော်ရည်လုပ် သောက်ရမည်' ဟူသောစကားကို လက်တွေ့ ကျင့်သုံးပြလိုက်ခြင်းပင် ဖြစ်သည်။

**(မှတ်ချက်)။** ။*ကိုစိန်ထွန်းအကြောင်း အကျယ်ကို 'စာရိတ္တသတ္တိ'စာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။*

## မိမိသီလကို မိမိစစ်ဆေးခြင်း

ဇာတ်တော်တစ်ခုတွင် ဖတ်ရဖူး၏။

တောနက်ကြီးတစ်ခုအတွင်းရှိ ရေကန်ကြီးတစ်ကန်၌ ကြာမျိုးငါးပါးပွင့်လျက်ရှိ၏။ ကြာပန်းတို့၏ သင်းပျံ့သောရနံ့များသည် လေသင့်ရာသို့ ကြိုင်လှိုင်လျက်ရှိ၏။ မုဆိုးကြီးတစ်ယောက်သည် ရေကန်တွင်းသို့ဆင်း၍ အလိုရှိသော ကြာပန်းများကို စိတ်ကြိုက် ချိုးယူလျက်ရှိ၏။ ယင်းရေကန်နှင့် ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးတစ်ပင်အောက်ရှိ ထိုင်နေသော ရသေ့တစ်ယောက်သည် လေနှင့်အတူပါလာသော ကြာပန်း

www.burmeseclassic.com

www.burmeseclassic.com



၏ ရန်များကို နှစ်သက်စွာရှုရှိုက်နေမိ၏။

နတ်သမီးတစ်ယောက် ရှေ့မှာ ဘွားကနဲပေါ်လာပြီး-

'အရှင်ရသေ့သည် ဥစ္စာရှင်မပေးသော ဥစ္စာကို ခိုးယူ၏'

'နတ်သမီး ငါသည် မည်သူ့ဥစ္စာကို ခိုးယူသနည်း'

'ကျွန်ုပ်ပိုင်သောရေကန်မှ ကြာပန်း၏ရန်များကို ကျွန်ုပ်၏ ခွင့်ပြုချက်မရဘဲ နမ်းရှုနေသည် မဟုတ်လော'

ထိုအချိန်မှာပင် မုဆိုးကြီးသည် ကြာပန်းများကို လိုသလောက်ချိုးယူပြီးသဖြင့် ရေကန်မှတက်လာပြီး လိုရာအရပ်သို့ ထွက်ခွါသွားသည်ကို ရသေ့ရော နတ်သမီးပါ မြင်လိုက်၏။ ရသေ့သည် မုဆိုးကြီးကိုလှမ်းညွှန်ပြပြီး ယခုလိုဆက်ပြော၏။

'အသင်နတ်သမီး ကြာပန်းတို့ကို ချိုးယူသွားသော မုဆိုးကြီးကိုတော့ သူခိုးလို့ မစွပ်စွဲဘဲ၊ ကြာပန်း၏ရန့်တို့ကိုသာ နမ်းရှုသောငါ့အား အဘယ်ကြောင့် သူခိုးဟု စွပ်စွဲရသနည်း'

'မုဆိုးသည် ကိုယ်ကျင့်သီလအားလုံး ပျက်စီးနေသူဖြစ်၍ သီလတစ်ပါး ထပ်ပျက်ရုံဖြင့် ဘာမျှမထူးခြားတော့၊ လက်နှီးစုတ်ကို အိုးမည်းတစ်ကွက်ထပ်၍ ပေကျံသွားသလိုပင်ဖြစ်၏၊ သင်ရသေ့သည် ကိုယ်ကျင့်သီလကို ဖြူစင်အောင် စောင့်ထိန်းနေသူဖြစ်၍ အဒိန္နာဒါနသီလသည် အကုန်ပျက်မသွားသည့်တိုင်အောင် ညှိုးနွမ်းသွားရုံမျှဖြင့် သိသာထင်ရှား၏၊ ဖြူဖွေးနေသောအဝတ်စကို အိုးမည်း အနည်းငယ် ပေကျံရုံဖြင့် သိသာထင်ရှားသကဲ့သို့ဖြစ်၏၊ သင်ရသေ့၏သီလ မညှိုးနွမ်းစေချင်သောကြောင့်သာလျှင် ယခုလို လာရောက်သတိပေးခြင်းဖြစ်ပါ၏'

'အသင်နတ်သမီး ကျေးဇူးတင်လှပါ၏၊ နောက်နောင်လည်း ထိုကဲ့သို့မြင်ခဲ့သည်ရှိသော် သတိပေးပါလေ'

'ရဟန်း၊ ကျွန်ုပ်သည် သင့်ကို အမြဲတမ်း စောင့်ကြည့်နေနိုင်မည်မဟုတ်၊ ကိုယ့်သီလကို ကိုယ်ကိုယ်တိုင် အမြဲစစ်ဆေးပါလေ'

## ကြည်ညိုဖွယ်ရာ ဖြောင့်ချက်များ

'တပည့်တော် ဆရာတော်ရေးတဲ့ 'မျက်ရည်မကျခင် သိစေချင်'စာအုပ်ကို ဖတ်ပြီးမှ မိရိုးဖလာဗုဒ္ဓဘာသာဝင်ဘဝကနေ တကယ့်ဗုဒ္ဓဘာသာဝင်ဘဝကို ရောက်ခဲ့ရပါတယ်။ 'မဂ်တားဖိုလ်တား အန္တရာယ်များ'စာအုပ်ကို ဖတ်ရတဲ့အချိန်မှာတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရမှ ဗုဒ္ဓဘာသာတို့ရဲ့ ပန်းတိုင်ကို ရောက်တယ်ဆိုတာ ကောင်းကောင်းကြီး နားလည် လက်ခံသွားပါတယ်ဘုရား၊ ဒါကြောင့်လည်း အိပ်ရာဝင်၊ အိပ်ရာ ထ, နှစ်ကြိမ်တော့ အနည်းဆုံး တရားထိုင်လာနိုင်ပါတယ်။ စီးပွားရေးလုပ်ရင်း၊ သွားရင်းလာရင်းလည်း ခန္ဓာငါးပါးရဲ့ မမြဲမှုကို သတိကပ်ပြီး ရှုမှတ်လာနိုင်ပါတယ် ဘုရား၊ ဆရာတော်ရဲ့ အလုပ်ပေး ဝိပဿနာခွေတွေနာရတော့ ရှုမှတ်ပွားများရတာ

www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး အဆင်ပြေလာပါတယ်'

'ခန္ဓာငါးပါးရဲ့ မမြဲမှုကိုသတိကပ်ပြီး ပညာနဲ့ ရှုပွားနေတဲ့အချိန်ဟာ ကိလေသာတွေ ကင်းနေတဲ့အချိန်ပါပဲ၊ ကိလေသာကင်းနေတဲ့အချိန်ဆိုရင် လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဘယ်လိုပဲနေနေ တရားနဲ့နေတယ်လို့ခေါ်ပါတယ်၊ တင်ပလ္လင်ခွေထိုင်ပြီး မျက်စေ့ကြီး မှိတ်ထားပေမယ့်လို့ ရှုမှတ်ပွားများမှုမရှိဘဲ၊ သတိ, ပညာ, လွတ်ကင်းနေမယ်ဆိုရင် တရားနဲ့နေတယ်လို့ မခေါ်နိုင်ပါဘူးဆိုတဲ့ ဆရာတော်ရဲ့ အဆုံးအမလေးဟာလည်း တပည့်တော်တို့ကို အမြဲအမှတ်မလွတ်အောင် သတိပေးနေသလိုပါပဲဘုရား'

'ကိုယ်နဲ့နှုတ်ဟာ စိတ်ကနေ တစ်ဆင့်သွားရတယ်ဆိုတာ တရားရှုမှတ်မှပို သိသာလာတယ်ဘုရား၊ ဘာဝနာသတိရှိနေတဲ့စိတ်ဟာ အမိုး,မိုးထားတဲ့အိမ်လိုလောဘ၊ ဒေါသစတဲ့ ကိလေသာမိုးတွေ မယိုနိုင်တော့ပါဘူးဘုရား။ စိတ်စင်ကြယ်လာတော့ ကိုယ်နဲ့ နှုတ်ပါ စင်ကြယ်လာပုံ တပည့်တော်ရဲ့ လက်တွေ့သာဓကတစ်ခုကို လျှောက်ပါရစေဘုရား။ အရင် တရားမသိခင်တုန်းက ပစ္စည်းဥစ္စာမှန်သမျှကို တရားတဲ့နည်းလမ်းနဲ့လည်း ယူတာပဲဘုရား၊ မတရားတဲ့နည်းလမ်းနဲ့လည်း ယူခဲ့တာပဲဘုရား'

'တရားသိလာတဲ့အချိန်မှာတော့ မတရားတဲ့နည်းနဲ့ဆိုရင် ဘာမှကို မယူချင်တော့ဘူးဘုရား၊ တစ်ခါတော့ ရနောင်းမြို့က ပစ္စည်းအဟောင်းရောင်းတဲ့ ဆိုင်ကြီးတစ်ဆိုင်မှာ လမ်းကြုံတာနဲ့ဝင်ပြီး လျှောက်ကြည့်နေမိတယ်၊ ဆိုင်ခန်းကြီးကလည်း ကျယ်၊ ပစ္စည်းတွေကလည်း စုံတော့ ဝယ်နေတဲ့လူတွေက အများကြီးပဲ၊ ဆိုင်ရှင်က တပည့်တော်နဲ့လည်း ရင်းနှီးပါတယ်၊ တစ်နေရာမှာတော့ ရွှေရောင်နာရီ လက်ပတ်ကြိုးလေးတစ်ကြိုးတွေ့တာနဲ့ ကောက်ယူပြီး ဈေးလှမ်းမေးလိုက်တယ်၊ သူကလည်း အလုပ်ရှုပ်နေတော့ တပည့်တော်ဘက်ကို လှည့်မကြည့်ဘူး၊ အလုပ်ချိန်ကလည်း နီးနေတော့ တပည့်တော်လည်း နာရီကြိုးကို အိတ်ထဲထည့်ပြီး ဆိုင်ကယ်မောင်းထွက်ခဲ့တယ်'

'ပစ္စည်းကတော့ ဘာမှ တန်ဖိုးမရှိပါဘူးဘုရား၊ ဆယ်ဘတ် (၂၅ဝိ)လောက်ပဲ တန်မှာပါ၊ တရားအမှတ်လွတ်တဲ့အချိန်မှာ အရင်တုန်းက စိတ်မျိုးအတိုင်း လုပ်လိုက်မိတယ်လို့ ထင်မိတာပဲဘုရား၊ ပြီးတော့ ဆိုင်ရှင်ကလည်း ရင်းနှီးနေသူဆိုတော့ ဒီလောက် ပစ္စည်းလေး မပြောဘဲယူလည်း ဘာမှမဖြစ်ပါဘူးဆိုတဲ့ အတွေးလည်း ပါပါတယ်ဘုရား၊ အရင်တုန်းကစိတ်မျိုးဆိုရင်တော့ တကယ်ကို ဘာမှမဖြစ်လောက်တာပါဘုရား၊ အခု တရားသိတဲ့အချိန်မှာတော့ ဖြစ်လောက်တယ်လို့ ခံစားနေရပါတယ်ဘုရား'

'ငါ-ပစ္စည်းတစ်ခုကို မပေးဘဲ ယူခဲ့မိတာပါလားဆိုတဲ့ အသိကြောင့် တပည့်တော် တစ်ညလုံး အိပ်မပျော်တော့ဘူးဘုရား၊ လက်ထဲမှာ သဲတစ်ဆုပ်ရောက်နေတာဘယ်လိုမှမနေပေမယ့် မျက်စေ့ထဲ သဲတစ်မှုန့်ရောက်နေတာ ဘယ်လိုမှမနေနိုင်အောင် ဖြစ်သလိုပါပဲဘုရား၊ တရားမသိခင်က ဒီပစ္စည်းထက် အဆပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ဘယ်လိုနည်းနဲ့ရရ ဘာမှမဖြစ်ခဲ့ပေမယ့် ဆယ်ဘတ်တန်တဲ့ ပစ္စည်းလေး တစ်ခုကို ပိုက်ဆံမပေးခဲ့ရတာနဲ့ တပည့်တော်မှာ မနေတတ်, မထိုင်တတ် ဖြစ်နေတယ် ဘုရား'

'နောက်တစ်နေ့မနက် လက်ပတ်ကြိုးလေးကို ပြန်ယူသွားပြီး ဆိုင်မှာပြန်ထားပြီးမှ နေသာထိုင်သာရှိသွားတော့တယ်ဘုရား'

ဤကား ရနောင်းနှင့် ကော့သောင်းတွင် ကုန်အရောင်းအဝယ်လုပ်နေသော မွန်ပြည်နယ်မှ ကိုအောင်သွင်၏ လေးစားဂုဏ်ယူဖွယ်ရာ ဖြောင့်ချက်တစ်ခုပင်ဖြစ်၏။

'မိမိကိုယ်မိမိ လေးစားကြည်ညိုခြင်း၊ အတူနေသားမယား၊ ညီအစ်ကိုမောင်နှမက လေးစားကြည်ညိုခြင်း၊ ပတ်ဝန်းကျင်က လေးစားကြည်ညိုခြင်းလို့ သုံးမျိုးရှိတဲ့ထဲမှာ အရင်တုန်းကဆိုရင် သူတစ်ပါးက ကြည်ညိုလေးစားလာဖို့သာ အဓိကထားတယ်၊ မိမိကိုယ်မိမိ ကြည်ညိုလေးစားလာဖို့ကျတော့ ထည့်မတွက်ဘူး၊ ဒါကြောင့် လူရှေ့သူရှေ့ ဟန်ဆောင်ပန်ဆောင် သီလပဲရှိတယ်။ လူကွယ်ရာကျတော့ ထင်ရာလုပ်မိတာပဲ၊ ဆရာတော်ရေးတဲ့ စာအုပ်တွေ ဖတ်၊ အလုပ်ပေးတရားတွေ နာယူရှုပွားပြီးတဲ့အချိန်ကစပြီး အယူအဆတွေဟာ အများကြီးပြောင်းလဲသွားတယ်'

'အရင်းလဲ အဖျားထင်းဖြစ်ဆိုတဲ့စကားအတိုင်း မိမိကိုယ်မိမိ တကယ် ကြည်ညိုအောင်နေရင်း အတူနေ ညီအစ်ကိုမောင်နှမက ကြည်ညိုခြင်း၊ ပတ်ဝန်းကျင်တစိမ်းတွေက ကြည်ညိုခြင်းတို့ဆိုတာ သူ့အလိုလိုဖြစ်လာကြတာပဲ။ ဝိပဿနာတရားကို စလုပ်တဲ့ အသက်(၃၅)နှစ်အရွယ်ကျမှ ကိုယ့်ကိုယ်ကို တကယ်ကြည်ညိုမိတာပါ၊ အရင်တုန်းကတော့ ကိုယ့်ကိုယ်ကို ကြည်ညိုအောင်နေရမှန်းကို မသိခဲ့တာပါ၊ ပစ္စည်းဥစ္စာ ရှာဖွေတဲ့နေရာမှာလည်း တရားသောနည်းနဲ့ မတရားသောနည်းဆိုရင် မတရားသောနည်းကို ပိုပြီးအသုံးပြုခဲ့ပါတယ်'

'ခန္ဓာငါးပါးပဲရှိတယ်၊ ငါဆိုတာ မရှိဘူး၊ ရှိတဲ့ခန္ဓာငါးပါးကလည်း အမြဲတမ်းအဖြစ်အပျက်နဲ့ နှိပ်စက်နေတဲ့ ဒုက္ခတရားကြီးပဲလို့ သေချာသိသွားတဲ့အချိန်ကစပြီး ဒီခန္ဓာကြီးကိုရော ဒီခန္ဓာကြီးနဲ့ မကင်းရာမကင်းကြောင်း ပတ်သက်ဆက်နွယ်လာတဲ့သားမယားတွေကိုရော မိစ္ဆာဇီဝနည်းနဲ့ လုပ်ကျွေးချင်စိတ်တွေ အလိုလို ကင်းပျောက်သွားတယ်ဘုရား၊ သေချာဆန်းစစ်ကြည့်တော့ မတရားတဲ့နည်းနဲ့ ရတဲ့ငွေတွေဟာ အစိုင်အခဲ အမြဲမတည်ဘဲ အလဟဿပြန်ကုန်သွားတာပဲ များတယ်ဘုရား'

'ဖြူစင်သန့်ရှင်းစွာရတဲ့ငွေကတော့ နည်းပေမယ့် မိမိအတွက် တန်ဖိုးရှိတယ်၊ ကြာကြာလည်း တည်ပါတယ်၊ တရားသိတဲ့အချိန်ကစပြီး မတရားတဲ့နည်းနဲ့ ရတဲ့ငွေကို ယူချင်စိတ်မရှိမှတော့၊ မတရားတဲ့အလုပ်ကို ဘယ်မှာလုပ်ချင်တော့မှာလဲဘုရား၊ မတရားတဲ့အလုပ်တွေကို လုပ်ချင်စိတ်မရှိတော့ဘဲ၊ ရသမျှနဲ့ရောင့်ရဲပြီး တင်းတိမ်ချမ်းသာနေတာဟာ တရားအလုပ် အားထုတ်တဲ့အတွက် လက်ငင်းရတဲ့ ကောင်းကျိုးပါပဲဘုရား'

www.burmeseclassic.com

www.burmeseclassic.com



ဤကား ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်မှ ဆိုင်ကယ်ဝပ်ရှော့သမား လေး ကိုဝတုတ်၏ လေးစားဖွယ်ရာ ဖြောင့်ချက်တစ်ခုပင်ဖြစ်၏။

ရတနာသုံးပါးကို ကြည်ညိုသော သဒ္ဓါစာတ်သက်သက်ဖြင့် သောတာပန်များ ကဲ့သို့ ကိုယ်ကျင့်သီလ ဖြူစင်သွားသော အမျိုးသမီးတစ်ဦးကိုလည်း လေးစား ကြည်ညို ဖွယ်ရာ တွေ့ရှိခဲ့ရ၏။ သူမသည် ကြက်များကို ကိုယ်တိုင်သတ်ပြီး ရောင်းချသော ကြက်သားသည်တစ်ယောက်ဖြစ်၏။

အင်းစိန်မြို့နယ်၊ ပိတောက်ကုန်းရပ်ကွက်၌ တရားပွဲကျင်းပစဉ် ကျွန်ုပ်သည် 'သင်-လူတစ်ယောက်ဖြစ်ပြီလား'အမည်ရှိသောတရားကို ဟောကြားလိုက်၏။ ထို တရား၏အဓိပ္ပါယ်အချုပ်မှာ ဒုဋ္ဌဂါမဏိမင်းကြီးသည် ဗုဒ္ဓသာသနာကို ဖျက်ဆီးနေ သော ကြေးကုလားပေါင်း နှစ်သိန်းကျော်ကို သတ်ဖြတ်ပြီး သာသနာကိုပြုခဲ့၏။

သီရိလင်္ကာ၌ ရှင်ဘုရင်လည်းဖြစ်ခဲ့ပါ၏။ ဗုဒ္ဓသာသနာကိုလည်း နေလို လလို ထွန်းလင်းအောင် ပြုစုနိုင်ခဲ့ပါ၏။ သို့သော် ငါးပါးသီလကို အလေးထားသော ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်သည့်အတွက် ကြေးကုလားများစွာကို သတ်ခဲ့မိသော ကံများကိုတွေးမိပြီး စိတ်ဆင်းရဲကာ စားမဝင်အိပ်မပျော်ဖြစ်နေရှာ၏။ ထိုအဖြစ်ကို သိသွားကြသော ပိယင်္ဂုကျွန်းနေ ရဟန္တာရှစ်ပါးကြွလာပြီး ဒုဋ္ဌဂါမဏိမင်းကြီးကို ယခုလို ရှင်းပြကြ၏။

'အရှင်မင်းကြီး သတ်ဖြတ်ခဲ့မိသော ကြေးကုလားပေါင်းသည် နှစ်သိန်းကျော် ရှိသည်မှာ မှန်သော်လည်း သေချာဆန်းစစ်ကြည့်သောအခါ လူတစ်ယောက်နှင့် တစ် ခြမ်းကိုသာ သတ်ရာရောက်၏။ ထို သေသွားသော လူအပေါင်းတို့တွင် တစ်ယောက် သောသူသည် သရဏဂုံသုံးပါးကား တည်၏။ ငါးပါးသီလကား မလုံခြုံ။ ထိုသူကို 'လူတစ်ခြမ်း'ဟုခေါ် ၏။ နောက်တစ်ယောက်ကား သရဏဂုံလည်း တည်၏။ ငါးပါး သီလလည်း မြဲ၏။ ထိုသူကား 'လူတစ်ယောက်'ဖြစ်၏။

ထိုနှစ်ယောက်မှတစ်ပါး ကြွင်းကျန်သောသူများကား သရဏဂုံလည်း မရှိ ငါးပါးသီလလည်း မမြဲသောကြောင့် ဆိတ်၊ သိုးစသော တိရစ္ဆာန်အဆင့်မျိုးသာရှိ၏။ ထို့ကြောင့် လူတစ်ယောက်နှင့်တစ်ခြမ်းကိုသာ သတ်ရာရောက်၍ အကုသိုလ်ကံသည် သင်မင်းကြီး ထင်သလောက် မကြီးမား။ သင်မင်းကြီးပြုနေသော သာသနာပြု ကုသိုလ်သည်သာလျှင် အင်အားကြီးမားစွာရှိ၏။ မဖြစ်စလောက် အကုသိုလ်က အကြောင်းများကို ပြန်တွေးမနေဘဲ သာသနာပြုကုသိုလ်ကံများကိုသာ ဆက်လုပ် ပါလေ။ 'ရေများ ရေနိုင်'ဟူသော စကားအတိုင်း ကုသိုလ်ကံက အကုသိုလ်ကံများကို အနိုင်ယူ လွှမ်းမိုး သွားလိမ့်မည်'ဟု ရှင်းပြ၏။

ထိုအခါ ဒုဋ္ဌဂါမဏိမင်းကြီးသည် ရွှင်လန်း နှစ်သက်သွားပြီး ကုသိုလ်ကောင်း မှုများကို ဆက်လက်ကြိုးစားအားထုတ်သောကြောင့် သေသောအခါ တုသိတာနတ်ဘုံ သို့ ရောက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုဇာတ်ကြောင်းကို အမှာခံ၍ ရတနာသုံးပါး၏ ကြည်ညို ဖွယ်ရာ ဂုဏ်ကျေးဇူးများ၊ ကိုယ်ကျင့်သီလလုံခြုံမှု၏ အကျိုးသွားများကို နှစ်နာရီခန့် စုံလင်စွာ ဟောကြားပေးလိုက်၏။ နှစ်ညခန့်ကျင်းပရန် စီစဉ်ထားသောတရားပွဲသည် ရပ်ကွက်အသီးသီးမှ ပင့်လျှောက်လာမှုကြောင့် ‘ညပေါင်း နှစ်ဆယ်’ဖြစ်သွား၏။

ထိုတရားပွဲများကို ဦးဝိသုဒ္ဓဘွဲ့အမည်ရှိသော ရဟန်းတော်တစ်ပါးက ဦး ဆောင်စီစဉ်၏။ သူသည် ကျွန်ုပ်ထံမှ တရားဒေသနာများနာကြားပြီး ခရစ်ယာန် ဘာသာမှ ဗုဒ္ဓဘာသာသို့ ဝင်ရောက်လာသူဖြစ်သည်။ တရားပွဲကျင်းပနေစဉ်အတွင်း တစ်ခုသောရက်တွင် အမျိုးသမီးတစ်ဦးရောက်လာပြီး ယခုလို လျှောက်ထား၏။

‘တပည့်တော်မဟာ အရင်က ကြက်တွေကို ကိုယ်တိုင်သတ်ပြီး ရောင်းချစား သောက်နေသူတစ်ယောက် ဖြစ်ပါတယ်ဘုရား၊ တစ်ရက်ကို လေးငါးထောင်မြတ်တာ ဆိုတော့ ဖောဖောသီသီသုံးနိုင်စွဲနိုင်လို့ ဒီလုပ်ငန်းကို တော်တော်အထင်ကြီးမိပါတယ် ဘုရား၊ ဆရာတော်ဟောကြားတဲ့ ‘သင် လူတစ်ယောက်ဖြစ်ပြီလား’ဆိုတဲ့ တရားကို နာမိတော့မှ ကိုယ်ဟာ လူတစ်ယောက်စာရင်းတောင် မဝင်သေးတာကိုသိသွားတော့ အလွန်ကို ထိတ်လန့်သံဝေဂ ရမိပါတယ်ဘုရား’

‘တရားနာတာ၊ စာဖတ်တာဟာ တရားထဲကအတိုင်း၊ စာထဲကအတိုင်း ကျင့် ကြံဖို့ပဲ၊ သိပြီးမကျင့်ကြံဘူးဆိုရင် တရားနာရကျိုးလည်းမနပ်ဘူး၊ စာဖတ်ရကျိုးလည်း မနပ်ဘူးဆိုတဲ့ ဆရာတော်ရဲ့အဆုံးအမအတိုင်း တရားနာပြီး နောက်နေ့မနက်ကစပြီး သတ်မယ့် ကြက်တွေအားလုံးကိုလည်း ဘေးမဲ့ပေးလိုက်ပါတယ်။ ခုဆိုရင် ကုန်စိမ်းပဲ ရောင်းပါတော့တယ်။ အမြတ်ကတော့ ဆယ်ဆလောက် ကွာတာပေါ့ဘုရား၊ ကြက် သား ရောင်းတုန်းက တစ်နေ့ လေးထောင်လောက်မြတ်ရင် ကုန်စိမ်းကတော့ လေးရာ လောက်ပဲ မြတ်ပါတယ်ဘုရား’

‘ဒါပေမယ့် တပည့်တော်မ သိပ်စိတ်ချမ်းသာမိပါတယ်ဘုရား၊ ကိုယ့်ရဲ့ ကိုယ်ကျင့်သီလကို ပြန်တွေးပြီး ဝမ်းသာပီတိဖြစ်ရတဲ့ အရသာကို အသက်လေးဆယ် ကျော်အတွင်းမှာ တပည့်တော်မ အခုတစ်ကြိမ်ပဲ ခံစားဖူးပါတယ်ဘုရား။ သောတာပန် တွေဟာ ဘုရား၊ တရား၊ သံဃာ၊ သီလ ဆိုတဲ့ အချက်လေးချက်ကို အသက်နဲ့လဲပြီး ယုံကြည်လိုက်နာကြတယ်။ သောတာပန်တွေရဲ့ ဂုဏ်ရည်လေးချက်ဟာ ငါ့မှာလည်း ရှိနေပါလားလို့ တွေးမိလိုက်တာနဲ့ ကြက်သီးမွေးညှင်းထလောက်အောင်ကို ပီတိဖြစ်မိ ပါတယ်ဘုရား’

‘အဲဒီ သောတာပန်ဂုဏ်ရည် တရားတော်ကိုနာရလို့ အနာထပိဏ်သူဌေးကြီး ဟာ သေမယ့်ရောဂါကနေ နှစ်ကြိမ်တိုင်တိုင် ထမြောက်လာတယ်ဆိုတာကို ကိုယ်တွေ့မို့ တကယ် လက်ခံယုံကြည်သွားတယ်ဘုရား’

ရုပ်နာမ်ပရမတ်ကို ထင်ရှားစွာမသိဘဲ၊ ရတနာသုံးပါးကိုကြည်ညိုသော သဒ္ဓါ ဓာတ်သက်သက်ဖြင့် သောတာပန်တည်သူကို ‘သဒ္ဓါဓိုရ သောတာပန်’ဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသောတာပန်အကြောင်း နောက်၌ အကျယ်တင်ပြမည်။

သောတာပန်များ မုသားမှရှောင်ကြဉ်ပုံကိုကား 'ခုဇ္ဇုတ္တရာ'၏အကြောင်း တင်ပြရမည်ဖြစ်၏။ 'မဂ်တားဖိုလ်တား'စာအုပ်၌ရေးပြီးဖြစ်၍ ဤ၌ အကျဉ်းသာ ပြအံ့။ ခုဇ္ဇုတ္တရာသည် သာမာဝတီမိဖုရားကို နေ့စဉ် ပန်း(၈)ကျပ်ဖိုးဆက်ရ၏။ သူသည် နေ့စဉ် လေးကျပ်၊ လေးကျပ်ခိုးထား၏။ တစ်ရက်တွင် ပန်းမဝယ်မီ တရားတော်ကိုနာရသောကြောင့် သောတာပန်တည်သွား၏။ ထို့ကြောင့် ခိုးဝှက်ခြင်းမပြုတော့ဘဲ ရှစ်ကျပ်ဖိုးလုံး ဝယ်သွား၏။ ပန်းများသည် အရင်ရက်များနှင့်စာလျှင် နှစ်ဆခန့် များနေသောကြောင့် သာမာဝတီက မေးမြန်း၏။

မိဖုရားခေါင်ကြီး၏ပိုက်ဆံကို ခိုးခြင်းဖြစ်သောကြောင့် အမှန်ကိုပြောလျှင် အသတ်ခံရဖို့ များ၏။ လိမ်ပြောလျှင် သေဘေးမှလွတ်နိုင်၏။ အမှန်ကိုပြောပြီး အသတ်ခံရမည့်လမ်းကို ရွေးချယ်ခဲ့၏။ သီလ၏တန်ခိုးကြောင့် သေဒဏ်လည်းမကျခဲ့ပါ။ သာမာဝတီနှင့် မောင်းမငါးရာတို့ 'ခုဇ္ဇုတ္တရာ'၏တရားကိုနာကြားရပြီး သောတာပန်ပင် တည်သွားကြ၏။ မိမိကိုယ်တိုင် ခုဇ္ဇုတ္တရာ၏နေရာ၌ ရှိနေမည်ဆိုလျှင် အသက်အသေခံပြီး အမှန်ကိုပြောရဲပါမည်လော၊ သောတာပန်အစစ်ဆိုလျှင် ပြောရဲရမည်သာဖြစ်၏။

မပြောရဲလျှင် 'သောတာပန်အစစ်မဟုတ်သေး'ဟု သတ်မှတ်နိုင်၏။ ကုန်ပစ္စည်းရောင်းဝယ်ရာ၌ပင် အမြတ်နည်းမှာစိုးသဖြင့် အမှန်ကိုမပြောရဲကြသောသူအချို့သည် မိမိကိုယ်မိမိ သောတာပန်ဟု ဝန်ခံတတ်ကြရာ အသက်အသေခံပြီး အမှန်ကိုပြောရဲသော သောတာပန်အစစ်များကို အားနာစရာကောင်းလှသည်။

ပါဏာတိပါတကို အသက်နှင့်လဲပြီး လုံခြုံအောင်စောင့်ထိန်းသော သောတာပန်သိကြားမင်း၏အကြောင်းကိုလည်း သတိရခိုက်၊ သံယုက်ပါဠိတော်မှ ထုတ်နှုတ်ပြအံ့။

ဦးမာဃနှင့်တကွ အပေါင်းအဖော်မိတ်ဆွေ နတ်သား(၃၃)ယောက်တို့ ဦးဆောင်နေထိုင်ရာဖြစ်သောကြောင့် တာဝတိံသာဘုံခေါ်သော ဒုတိယအထပ် နတ်ပြည်သည် လူ့သက်နှင့်ဆိုလျှင် သုံးကုဋေနှင့်အနှစ်ခြောက်သန်း အသက်ရှည်၏။ ဦးမာဃတို့ အဖွဲ့သည် သာသနာပအခါကပြုခဲ့သော ကုသိုလ်များဖြင့် နတ်ပြည်သို့ ရောက်ခဲ့ကြသူ များဖြစ်၏။ ဘုရားမပွင့်သောကာလဖြစ်သဖြင့် အစဦးက ကုသိုလ်နှင့် အကုသိုလ်ကို ကွဲပြားစွာ သိကြသူများမဟုတ်ပေ။

ဦးမာဃ ကုသိုလ်ကိုစသိသွားသောအချက်တစ်ချက်ကို ဓမ္မပဒတွင် ဖော်ပြထား၏။

တစ်ခါတွင် ဦးမာဃတို့ မစလရွာကြီး၌ လူထုအစည်းအဝေးပွဲကြီးတစ်ခု လုပ်၏။ အစည်းအဝေးကို မြက်ခင်းလွင်ပြင်ကြီးတစ်ခုပေါ်၌ လုပ်ကြ၏။ စောစောရောက်နှင့်သော ဦးမာဃသည် သူထိုင်မည့်နေရာကို မြက်များ နှုတ်ပြီး သန့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ထား၏။ အစည်းအဝေး စ,ကာနီးသည်နှင့် လူများ တဖြည်းဖြည်း များလာ၏။ နောက်ရောက်လာသောလူအချို့သည် ဦးမာဃ၏ သန့်ရှင်းနေသော မြေနေရာပေါ် ထိုင်ချင်၏။ ထိုကြောင့် မလိမ့်တစ်ပတ်ဉာဏ်ဖြင့် ဦးမာဃကို ဘေးနား ရောက်သွားအောင် မသိမသာတွန်းဖယ်ကြ၏။ ဖယ်ပေးရင်းဖြင့် မြက်ခင်းပေါ် ရောက် သွားသော ဦးမာဃက စိတ်မဆိုး၊ 'လူတို့ရဲ့သဘောဟာ သန့်ရှင်းတဲ့နေရာမှာ ထိုင်ချင် ပါလား' ဟူသောအတွေးကို တွေးမိသွား၏။

ဤကား အပြစ်ကင်း၍ ကောင်းကျိုးပေးတတ်သော ကုသိုလ်အမိပ္ပာယ်ကို ဦးမာဃတစ်ယောက် ဘဝနှင့်ရင်းပြီး ယူရခြင်းဖြစ်၏။ နောက်တစ်နေရာ မြက်ပင်တွေ ရှင်းပြီး ထိုင်ပြန်၏။ ထိုနေရာလည်း အလုခံရပြန်၏။ ဦးမာဃတစ်ယောက် ကုသိုလ်ရ လမ်းတစ်ခုကို ကောင်းကောင်းသိသွားပေပြီ။ နောက်တစ်နေ့ရောက်သည်နှင့် သူ့မိတ် ဆွေ (၃၂)ယောက်ကိုခေါ်ပြီး အစည်းအဝေးကျင်းပရာ လွင်ပြင်ကြီးတစ်ခုလုံးကို သန့်ရှင်းရေးလုပ်ကြ၏။ ထိုမှတစ်ဆင့် ဇရပ်ဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ တံတား ခင်းခြင်း၊ မိဘလုပ်ကျွေးခြင်း၊ အမျက်ဒေါသကို သိမ်းဆည်းခြင်း၊ မေတ္တာပွားခြင်း စသော စိတ်ကူးပေါက်သမျှ ကုသိုလ်များကိုပြုလုပ်ကြ၏။

အာရုံငါးပါးကိုခံစားခြင်းသည် လူ့ဘဝ၏ အနှစ်သာရမဟုတ်ပေ။ ခရီးသွား ဟန်လွဲ မှီဝဲသုံးဆောင်ခြင်းသာဖြစ်၏။ လူ့ဘဝ၏ တကယ့်အနှစ်သာရကား ဒါန၊ သီလ၊ ဘာဝနာဟူသော ပါရမီကုသိုလ်များကို ဆည်းပူးအားထုတ်ခြင်းသာဖြစ်၏။ အလောင်းတော်များ နတ်ပြည်တွင် ကြာကြာမနေဘဲ လူ့ဘဝသို့လာခြင်းသည် ယင်း ပါရမီကုသိုလ်များကို ဆည်းပူးရန်အတွက်ဖြစ်၏။ ၃၁-ဘုံတွင် အပါယ်လေးဘုံသည် ဆင်းရဲဒုက္ခတွေ များလွန်းသောကြောင့် ကုသိုလ်ပါရမီများကို ဆည်းပူး၍မရသကဲ့သို့ နတ်ဘုံ၊ ဗြဟ္မာဘုံ သည်လည်း ချမ်းသာသုခတွေများသောကြောင့် ကုသိုလ်ပါရမီ များကို ဆည်းပူး၍ မရပြန်ပေ။

လူ့ဘုံတစ်ခုသည်သာလျှင် ကုသိုလ်ပါရမီများကို ဆည်းပူးရယူနိုင်ခွင့်ရှိ၏။ ထိုအတွေးအခေါ်ကြောင့် ဦးမာဃနှင့် အပေါင်းပါများသည် ကုသိုလ်မျိုးစုံကို ရှာဖွေ ဆည်းပူးနိုင်ခြင်းဖြစ်၏။ သူတို့တစ်ဖွဲ့လုံး နတ်ပြည်သို့ရောက်ကြသောအခါ သူတို့အရင် ရောက်နေသော အရက်သမားနတ်သားများက အကောက်ဉာဏ်ဖြင့် ဦးမာဃတို့ အဖွဲ့ကို အရက်သောက်ဖိတ်၏။ ဦးမာဃတို့အဖွဲ့ အရက်မူးသွားလျှင် ကြိုးတုပ်ပြီး နတ်ပြည်မှ ကန်ချမည်ဟု ကြံစည်ထားကြ၏။

အရက်ဝိုင်းစ,သောအခါ ဦးမာဃတို့က မသောက်ဘဲ သူတို့တည်သော အရက်များကို သူတို့တစ်ဖွဲ့လုံး ပြန်သောက်ကြ၏။ အားလုံးမူး၍ အိပ်ပျော်နေသော အခါတွင်မှ သူတို့တစ်ဖွဲ့လုံး ကြိုးနှင့်တုပ်ပြီးနတ်ပြည်မှ ကန်ချခြင်းခံလိုက်ရ၏။ သူတို့ သည် သမုဒ္ဒရာအောက်ထဲရှိ အသူရာပြည်သို့ ရောက်သွား၏။ သူတို့ လူ့ဘဝက ပြုခဲ့သော ကုသိုလ်ကံများကြောင့် အသူရာပြည်သည်လည်း တာဝတိံသာနတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ သာယာနေသဖြင့် သူတို့သည် တာဝတိံသာနတ်ပြည်ပင် ထင်နေကြ၏။

တာဝတိံသာပြည်တွင် 'ပင်လယ်ကသစ်ပန်း' ပွင့်၏။ အသူရာပြည်တွင် 'သခွတ်ပန်း' ပွင့်၏။ ပန်းပွင့်သောအခါတွင်မှ အသူရာများသည် တာဝတိံသာ မဟုတ်မှန်းသိကြသဖြင့် လက်နက်များစွဲကိုင်ပြီး တာဝတိံသာကို စစ်သွားတိုက်လေ့ရှိ၏။ တစ်ကြိမ်တစ်ခါမှ သူတို့နိုင်သည်ဟူ၍မရှိပေ။ ခေတ္တခဏ အရေးသာရုံသာရှိ၏။

တာဝတိံသာတွင်အုပ်ချုပ်သော နတ်ဘုရင်ဦးမာဃက သာသနာပကုသိုလ်ကြောင့် နတ်ပြည်သို့ ရောက်လာခြင်းဖြစ်၍ အဆင်းရောင်မှေးမှိန်၏။ ဘုရားသာသနာတွင်းတွင် အရှင်အနုရုဒ္ဓါ၊ အရှင်မဟာမောဂ္ဂလာန် စသော ရဟန္တာအရှင်မြတ်များကို ဆွမ်းတစ်ယောက်မ၊ သစ်သီးတစ်လုံးလှူဖူးသော စူဠရထ, နာဋရထ, စသော နတ်သားများ၏ကိုယ်ရောင်ကိုယ်ဝါက သိကြားမင်းထက် တောက်ပ,နေသဖြင့် ထိုနတ်သားများကိုတွေ့ရလျှင် သိကြားမင်းသည် အဆောင်တွင်း ပုန်းလျှိုးကွယ်လျှိုးနေရရှာ၏။ ထို့ကြောင့် သူဆင်းရဲ အဘိုးအိုယောင်ဖန်ဆင်းပြီး အရှင်မဟာကဿပကို ဆွမ်းလောင်းလှူသောအခါမှပင် ကိုယ်ရောင်ကိုယ်ဝါများ တောက်ပ,လာခဲ့၏။

သိကြားသက်တမ်း ကုန်ခါနီးအချိန်တွင် ဗုဒ္ဓထံမှ သက္ကပဥှာသုတ်ကို နာကြားရပြီး သောတာပန်တည်ခဲ့၏။ သက္ကပဥှာအဓိပ္ပာယ်မှာ သိကြားမင်း၏အမေးဟု ဖြစ်၏။ ဗုဒ္ဓထံတွင် အမေးအဖြေလုပ်ရင်း သောတာပန်တည်ခြင်းဖြစ်၏။ 'လူအများသည် စိုးရိမ်ခြင်းကင်းစွာနေလိုလျက်၊ စိတ်ချမ်းသာစွာနေလိုလျက်၊ စိုးရိမ်ခြင်းကင်းစွာ မနေရ ခြင်း၊ စိတ်ချမ်းသာစွာ မနေရခြင်းအကြောင်းကား အဘယ်ပါနည်း'ဟုမေးရာ ဗုဒ္ဓက 'မနာလိုခြင်း ဣဿာနှင့် ဝန်တိုခြင်းမစ္ဆရိယကြောင့်'ဟု ဖြေဆိုဟောကြားခဲ့၏။

ထိုဣဿာမစ္ဆရိယသည် အဘယ်ကြောင့် ဖြစ်ပေါ်လာပါသနည်းဟု ဆက်မေးသောအခါ ချစ်ခြင်း-မုန်းခြင်းကြောင့်ဟု ဖြေဆိုခဲ့၏။ ထိုကဲ့သို့ မေးရင်းဖြေရင်းပင် သိကြားမင်းသည် စုတိစိတ်ကျပြီး သေသွား၏။ သေပြီးပြီးခြင်း သူ့ဆန္ဒကြောင့် သိကြားမင်းပင် ပြန်ဖြစ်၏။

ထိုကဲ့သို့ သိကြားမင်းသေပြီး သိကြားမင်းပင်ပြန်ဖြစ်သည်ကို ဘုရားရှင်နှင့် သိကြားမင်းမှတစ်ပါး ကျန်နတ်သား၊ နတ်သမီးများပင် မသိလိုက်ကြချေ။ ထိုအချိန်ကတည်းက သောတာပန်တည်ခဲ့သဖြင့် အရိယာတစ်ယောက်ဖြစ်သွားပြီဖြစ်၏။ ထို့ကြောင့် သိကြားမင်းနှင့်ပတ်သက်၍ ကပျက်ကချော်စာများကို မရေးမိရန်၊ မပြောမိရန် အထူးသတိထားသင့်၏။

တစ်ခါတွင် အသူရာတို့နှင့် စစ်တိုက်ရင်း ဦးမာဃတို့ တပ်ပျက်သွား၏။ ကွဲထွက်သွားသော သိကြားမင်း၏နတ်ရထားနောက်သို့ အသူရာတပ်သားများသည် ဖိလိုက်ကြ၏။ သိကြားမင်းသည် အခြေအနေမကောင်းသဖြင့် တာဝတိံသာသို့ ရထားဦး လှည့်စေပြီး မာတလိကို အတင်းမောင်းခိုင်း၏။ ထိုအချက်ကိုထောက်၍ အသူရာများနှင့် သိကြားမင်း၏တပ်များသည် တာဝတိံသာနတ်ပြည်၏ အပြင်ဘက်

www.burmeseclassic.com

www.burmeseclassic.com



အဝေးမှာ တိုက်ခိုက်ကြခြင်းဖြစ်ကြောင်းထင်ရှား၏။ အသူရာတို့သည် တာဝတိံသာ ပြည်ထဲသို့ တစ်ကြိမ်တစ်ခါမျှ ပြန်မရောက်နိုင်ကြပေ။

အသက်လုပြီးပြေးနေရင်းဖြင့် ရှေ့တွင် ဂဠုန်သိုက်များကိုတွေ့ရ၏။ မွေးကာစ ဂဠုန်ငယ်တို့၏ ကြောက်လန့်တကြား အော်ဟစ်သံတို့ကို သိကြားမင်း ကြားသွား၏။ ရထားပြေးလမ်းကျနေသဖြင့် ရှေ့ဆက်မောင်းနှင်လျှင် ဂဠုန်ငယ်တို့ သေကျေပျက်စီးရ တော့မည်။ နောက်ပြန်ဆုတ်မောင်းလျှင် အသူရာတပ်ကြီးနှင့် တွေ့ပြီး မိမိ သေကြေပျက်စီးမည်။ သိကြားမင်း၏ သောတာပန်စိတ်ထားသည် ချက်ချင်းပေါ်လာ၏။ ဂဠုန်ငှက်ငယ်တို့ သေရမည့်လမ်းနှင့် မိမိသေရမည့်လမ်း နှစ်လမ်းတွင် မိမိ သေရမည့်လမ်းကိုသာ ရွေးလိုက်၏။

'အချင်းမာတလိ-ဂဠုန်ငှက်ငယ်တို့၏အသက်ကို မသေပါစေလင့်၊ ငါ၏ အသက်သေလိုက သေစေ၊ ရထားကို နောက်ပြန်လှည့်ကာ အသူရာတပ်မကြီးဖက်သို့ ဦးတည်မောင်းလော့'

သီလ၏တန်ခိုးသည် အံ့ဖွယ်ရှိစွ။ ကြောက်လန့်တကြား မောင်းပြေးနေသော သိကြားမင်း၏ရထားသည် သူတို့ရှိရာသို့ တည့်တည့်ကြီးဦးတည်ပြီး ပြန်မောင်းလာသောအခါ အသူရာများသည် မစဉ်းစားတတ်အောင်ဖြစ်ပြီး ကြက်သေသေသွား၏။ ကြောက်သွေးများဝင်လာပြီဖြစ်ရာ တစ်စင်းတည်း ဒုန်းစိုင်းမောင်းလာလျက်ရှိသော သိကြားမင်းရထားကိုကြည့်ပြီး ကြောက်စရာအတွေးများကို ကြံဖန်တွေးကြ၏။ သိကြားမင်းသည် အင်အားကြီးမားသော တပ်ကူများကိုရလာ၍သာ ပြန်လှည့်လာခြင်းဖြစ်ရ မည်ဟုတွေးပြီး အသူရာတပ်များအားလုံး ဖရိုဖရဲဖြင့် နောက်ကြောင်းပြန်လှည့်ပြေးကြ၏။ ထို့ကြောင့် သိကြားမင်းလည်း အသက်ဘေးမှလွတ်သွားခဲ့၏။ သောတာပန်မှန်လျှင် သိကြားမင်းကဲ့သို့ ဂဠုန်ငှက်ငယ်တို့၏အသက်ကား ရှင်စေ။ မိမိအသက်ကား သေစေ ဟူသောလမ်းကို ရွေးရဲရမည်ဖြစ်၏။

သံယုတ်ပါဠိတော်လာ၊ သောတာပန်အင်္ဂါလေးချက်ကို အကျယ်ချဲ့ဖော်ပြပြီး၍ ယခုအခါ မဇ္ဈိမနိကာယ်၊ ကောသမ္ဗိယသုတ်၌လာသော သောတာပန်ဓမ္မတာ ခုနစ်ပါး သို့မဟုတ် သောတာပန်၏ မိမိကိုယ်မိမိ ပြန်လည်ဆင်ခြင်ခြင်း မဟာ-ပစ္စဝေက္ခဏာ ခုနစ်ပါးကို ဖော်ပြအံ့။

### သောတာပန်ဓမ္မတာ(၇)ပါး (သို့) မဟာပစ္စဝေက္ခဏာ (၇)ပါး

'တစ်နံပါတ်၊ ဤသာသနာ၌ ရဟန်းသည် တောတောင် သစ်ပင်ရင်း ဆိတ်ငြိမ်ရာအရပ်တစ်ခုခုသို့ ချဉ်းကပ်လျက် ငါ၏ အတွင်းသန္တာန်ဝယ် ဟုတ်တိုင်းမှန်စွာ မသိမြင်နိုင်ကြောင်းဖြစ်သော စိတ်ထကြွမှုဖြစ်ခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊ ထိုင်းမှိုင်းခြင်း၊ ပူပန်ခြင်း၊ တွေးတောယုံမှားခြင်း(နီဝရဏ)များ ဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



နေသူသည် ထကြွသော စိတ်ရှိသူဖြစ်၏'

'ဤလောကကို ကြံစည်ခြင်း၊ တစ်ပါးသော လောကကို ကြံစည်ခြင်းတို့၌ လေ့ကျက်အားထုတ်နေသူ၊ ခိုက်ရန်ငြင်းခုန် ပြု နေသူတို့သည်လည်း ထကြွသောစိတ် ရှိသူများပင်ဖြစ်၏။ ယင်းသို့ ဆင်ခြင်၍ မိမိသန္တာန်ဝယ် ထိုကဲ့သို့သော စိတ်ထကြွမှုများ မရှိ ကြောင်း သိမြင်ခဲ့သော် ထိုရဟန်းသည် လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ပထမအရိယဉာဏ်ကို ရရောက်ပြီး ဖြစ်၏'

သောတာပန်သည် မိမိသန္တာန်တွင် နီဝရဏတရားများ၊ ယခုဘဝ၊ နောက် ဘဝအကြောင်း တွေးတောကြံစည်မှုများ၊ ငြင်းခုန်ခိုက်ရန်ဖြစ်ခြင်းနှင့်စပ်သော အကြံ အစည်များ ဖြစ်ပေါ်မလာတော့ကြောင်းကို သေချာဆင်ခြင်၍ သိသည်ဟုဆိုလိုသည်။

**(စာရေးသူ)**

ထိုအချက်ကို ဆရာကြီးဦးဌေးလှိုင်က ယခုလိုဖွင့်ပြ၏။

'သောတာပန်ပုဂ္ဂိုလ်သည် နီဝရဏငါးပါး၊ ယခုဘဝ၊ နောက်ဘဝအကြောင်း ငြင်းခုန်ခိုက်ရန်ဖြစ်ခြင်းတို့နှင့်စပ်၍ အကြံ အစည် အကုသိုလ်ဝိတက်များ (ကိလေသာ စိတ်များ)ဖြစ်ပေါ်လျှင် ဖြစ်ပေါ်ရုံမျှသာရှိသည်။ ထို ပရိယုဋ္ဌာန (ထိုးနှက်လာသော) ကိလေသာစိတ်များသည် ရရှိသိမြင်ထားသော အသိမှန်အမြင်မှန် ကို တစ်မျိုးတစ်မည် ပြောင်းလဲသွားအောင် မထိုးဖောက် မနှောင့် ယှက်နိုင်။ အထက် မဂ်ဖိုလ်ရရန် စိတ်ကို တစ်သားတည်း တစ် ဖြောင့်တည်း ထားနိုင်၏။ (အကုသိုလ် ကိလေသာစိတ် ကြားခိုလျှင် ခိုမှန်း ဝင်မှန်း သိကာ၊ သိသည်နှင့်တစ်ပြိုင်နက် ချက်ချင်း နောက် စိတ်က ရှုမှတ် ပစ်နိုင်သူဟု ဆိုလိုသည်။)

ထို ပထမအင်္ဂါကိုပင် မိုးကုတ်ဆရာတော်ကြီးက ယခုလိုရှင်းပြ၏။

'ပုထုဇဉ်နဲ့သောတာပန် ဒီလိုထူးသကွာတဲ့၊ သူလည်း လောဘ ဖြစ်တာပဲတဲ့၊ သောတာပန် ဒေါသလည်းဖြစ်သေးတယ်၊ မောဟ လည်း ဖြစ်သေးတာပဲ၊ ထိနမိဒ္ဓဆိုတဲ့ ငိုက်မျည်းတဲ့စိတ်တွေလည်း ဖြစ်သေးတာပဲတဲ့၊ ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ၊ ထိန မိဒ္ဓ နီဝရဏဆိုတာလည်း ဖြစ်သေးတာပဲ၊ ဥဒ္ဓစ္စဆိုတဲ့ စိတ်ပျံ့လွင့် မှုလည်း သောတာပန်မှာ ရှိသေးတယ်ကွ၊ ကုက္ကုစ္စဆိုတဲ့ ဥစ္စာလည်း ရှိပါသေးတယ်ကွာတဲ့'

'ပုထုဇဉ်နဲ့ ဒီနေရာမှာ တူနေသေးတယ်ဆိုတဲ့ အဓိပ္ပါယ်တော့ မလာဘူးလား၊ သောတာပန်ဆိုပေမယ့် ဒါတွေဖြစ်သေးတယ် လို့

www.burmeseclassic.com

www.burmeseclassic.com



ဘုရားက ဟောပြန်တယ်၊ နို့-ဘာထူးသတုန်း မေးတဲ့အခါကျတော့ ပုထုဇဉ်က ဖြစ်ကြောရှည်တယ်၊ သောတာပန်က ဖြစ်ကြော မရှည်ဘူး၊ ဒုက္ခချုပ်ပြီးသားပုဂ္ဂိုလ်ကတော့ ဒီလိုမလာဘူးကွတဲ့၊ ဖြစ်တယ်ဆိုရင် ဩော်-ဖြစ်သွားပြီလို့ နောက်က တစ်ခါတည်း ဉာဏ် လိုက်တယ်တဲ့၊ ဖြစ်ကြောရှည်သေးရဲ့လား၊ ဉာဏ်အသိလေးက ချက်ချင်းလိုက်တယ်'

'သူက မသိတာမရှိဘူး၊ လောဘဖြစ်ဖြစ်၊ ဒေါသဖြစ်ဖြစ်၊ ထိနမိဒ္ဓဖြစ်ဖြစ်၊ ဥဒ္ဓစ္စဖြစ်ဖြစ်၊ ကုက္ကုစ္စဖြစ်ဖြစ်၊ ဖြစ်တော့ဖြစ်တာပဲတဲ့၊ သူမှ မပယ်နိုင်သေးတာကိုး၊ သူ့မဂ်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသာ ပယ်နိုင်သေးတာ၊ လောဘ, ဒေါသ, မောဟ တွေ မပယ်နိုင်သေးလို့ လာတာပဲဆိုတာကိုလည်း ဒကာဒကာမတွေမှတ်၊ လာပင်လာငြားသော်လည်း ချက်ချင်း နောက်ကပြန်သိတယ်၊ ပုထုဇဉ်က ဖြစ်ကြောရှည်၊ သောတာပန်က ဖြစ်ကြောတိုတယ်'

'သောတာပန်တဲ့ဗျာ၊ လိုချင်ရချင်လိုက်တာ၊ ဒေါသကြီး လိုက်တာ၊ သူတို့ကိုယ် သူတို့တော့ ဘဝင်မြင့်နေလိုက်တာ၊ သောတာပန်တဲ့လား စသည်ဖြင့် ပြောချင်လည်း ပြောကြလိမ့်မယ်၊ သို့သော် အခု ဆရာဘုန်းကြီးက ရှင်းပေးတော့ လင်းသွားတယ်၊ ဖြစ်ကြောရှည်နဲ့ ဖြစ်ကြောတို၊ ဒါကွာတာပါပဲ၊ ဒါဖြင့် တစ်နံပါတ် အချက်မှာ ဖြစ်ကြောရှည်နဲ့ ဖြစ်ကြောတို ကွာပါတယ်၊ ဖြစ်ကြော ရှည်ရင် ပုထုဇဉ်၊ တိုရင် သောတာပန်၊ တစ်ချက် ပြီးပြီ၊ ဒီဥစ္စာ မမေ့စေနဲ့ နော်။ ဒီ့ပြင် လောဘ,ဒေါသ,မောဟတွေ ပါးတာကတော့ အသက်ကြီးလို့လည်း ပါးတတ်ပါတယ်'

'အတွေ့အကြုံ ဒုက္ခတွေကများလို့လည်း ဩော်-တယ်မရှာချင်ပါဘူးဆိုတာ ရှိတတ်တယ်၊ အဲဒါ သံဝေဂတွေ၊ အခုဟာက သောတာပန်နှင့် ပုထုဇဉ် ထူးတာကို ပြောနေတာ၊ သံဝေဂက တစ်မျိုး၊ တကယ်ဉာဏ်တက်တာက တစ်မျိုး၊ ဉာဏ်ထူးလာတာက တစ်မျိုး၊ ရှင်းကြပလား'

(မှတ်ချက်)။ ။*နောက်အင်္ဂါများတွင်လည်း ပထမဆုံးအပိုဒ်သည် ဗုဒ္ဓ၏ မူရင်းဟောကြားချက်၊ ဒုတိယအပိုဒ်သည် ဆရာကြီး ဦးဌေးလှိုင်၏ အကျယ်ဖွင့်ပြချက်၊ တတိယအပိုဒ်သည် မိုးကုတ်ဆရာတော်၏ ရှင်းလင်းဟောပြောချက်ဖြစ်ကြောင်း သိစေလိုပါသည်။ ဆရာကြီး ဦးဌေးလှိုင်၏ ဖွင့်ပြချက်ကို 'သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ' စာအုပ်မှရရှိပြီး၊ မိုးကုတ်ဆရာတော်၏ ဟောပြောချက်ကို ၁-၇-*

www.burmeseclassic.com

www.burmeseclassic.com



၆၂ ခုနှစ်တွင် ဟောကြားသော 'သောတာပန်၏ ထူးခြားချက် (၇)ချက်' တရားတော်မှ ရရှိသည်။

ဗုဒ္ဓ၏စာပေများကို တရားရသည်အထိ လေ့လာလိုလျှင် ပါဠိတော် မြန်မာပြန်များမှ စတင်လေ့လာသင့်၏။ ထိုသို့လေ့လာခြင်းသည် ဘုရားနှင့် တိုက်ရိုက်တွေ့ရခြင်းပင်ဖြစ်၏။ တစ်ဆင့်ခံ ဖွင့်ပြရေးသားသောစာပေများကို ဖတ်ရှုခြင်းအားဖြင့် အကျယ်သိခြင်း၊ အမြန်သိရခြင်းဟူသော ကောင်းကျိုးများကို ရနိုင်ပါ၏။ သို့သော် မိမိက မူရင်းဟောကြားချက်ကို မသိသောအခါ စာရေးဆရာတို့က သူလိုရာဆွဲရေးရာသို့ မိမိပါ လိုက်ပါသွားမိတတ်သည်ကို သတိပြုစေလိုပါသည်။

တစ်ခါတစ်ရံ အကျယ်ချဲ့ရေးသူ၊ ဟောသူများကိုယ်တိုင် ပမာဒလေခဖြစ်ပြီး၊ မသိမသာ အကောက်အယူလေးတွေ လွဲနေတတ်၏။ စာဖတ်သူအား ဒုက္ခရောက်စေလောက်သောအမှားမဟုတ်ဟု ဆိုစေကာမူ အမှားကား-အမှားသာဖြစ်၏။ အမှန်ဖြစ်မလာနိုင်ပေ။ မိမိကိုယ်တိုင် အမှန်ကို သေချာသိထားသောအခါ စာရေးဆရာ၊ တရားဟောဆရာက ပမာဒလေခပြီး မှားယွင်းသွားသော်လည်း အမှန်ကို မိမိဘာသာပြင်ယူနိုင်မည်ဖြစ်၏။ ထို့ကြောင့် ဤသောတာပန်ဓမ္မတာ(၇)ပါးကို ဖော်ပြရာ၌လည်း ဘုရားဟောမူရင်းအတိုင်း မြန်မာပြန်ကို ထိပ်ဆုံးတင်ထားခြင်းဖြစ်၏။

'ရဟန်းတို့- ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါ ကား ဤ အယူကို မှီဝဲပွားများ၍ မျက်မှောက်ဒိဋ္ဌ အေးမြငြိမ်းချမ်းခြင်းကိုရ၏လောဟု ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ မျက်မှောက်ဒိဋ္ဌ အေးမြငြိမ်းချမ်းခြင်းကိုရရှိကြောင်း သိမြင်ခဲ့သော် ထို အရိယာတပည့်သည် လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့်မဆက်ဆံသော ဒုတိယ အရိယဉာဏ်ကို ရပြီးဖြစ်လေ၏'။

ဆင်းရဲဒုက္ခမှန်သမျှသည် လောဘ, ဒေါသ စသော ကိလေသာတို့ကြောင့် ပေါ်ပေါက်ရခြင်းဖြစ်၏။ ထို့ကြောင့် ကိလေသာတစ်ခုခုဖြစ်နေလျှင် ဆင်းရဲဒုက္ခလည်း ဖြစ်နေမည်။ ကိလေသာကင်းနေသောအချိန်သည် ဆင်းရဲဒုက္ခကင်းပြီး ချမ်းသာနေသောအချိန်ပင်ဖြစ်၏။ သောတာပန်သည် ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်၏ မမြဲမှုကို ရှုပွားနေသောအချိန်တွင်လည်း ကိလေသာကင်းငြိမ်းပြီး ချမ်းသာ၏။ ဖိုလ်ဝင်စားနေသောအချိန်တွင်လည်း ကိလေသာငြိမ်းပြီး ချမ်းသာ၏။ ထို ကိလေသာငြိမ်းသောချမ်းသာကို ဝိပဿနာရှုတိုင်း၊ ဖိုလ်ဝင်စားတိုင်း မျက်မှောက်ခံစားရခြင်းကို လူပြောသူပြောမဟုတ်ဘဲ ကိုယ်ပိုင်သိမြင် သဘောပေါက်ထားသည်ဟုဆိုလို၏။ (စာရေးသူ)

မိမိရရှိထားသော အသိအမြင်တရားဖြင့် အမှန်တကယ် စိတ်ငြိမ်သက်မှု၊ ကိလေသာငြိမ်းအေးမှု ရရှိနေသည်ကို ပိုင်းပိုင်းခြားခြား ကိုယ်တွေ့ကိုယ်ပိုင် သဘောပေါက်ထား၏။ (သိန္ဒိဋ္ဌိကဖြစ်၍ သူပြောလူပြော တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ရှုမှတ်ပွားများနေရသူမဟုတ်) **(ဦးဌေးလှိုင်)**

www.burmeseclassic.com

www.burmeseclassic.com



'နှစ်နံပါတ် စတော့မယ်။ ပုထုဇဉ်လို လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်တာပဲ၊ သို့သော် သူက ဖြစ်မှန်းသိတဲ့အတွက် ငြိမ်းအေးအောင် လုပ်လိုက်ဦးမယ်ဆိုပြီး ကမ္မဋ္ဌာန်းဝင်ထိုင်လိုက်တယ်။ ထိုင်ရင်းပဲ ဒီဥစ္စာတွေကို ကိုယ်ခန္ဓာ ဖြစ်ပျက်ရှုပြီးသကာလ ငြိမ်းအေးအောင်လုပ်လိုက်ဦးမယ်ဆိုလည်း ငြိမ်းသွားတာပဲ၊ ဝမ်းထဲအလုံးကြီး ရှိသေးတယ်။ ဆန်ကွဲကျန်နေသေးတယ်ဆိုတဲ့။ ခင်ဗျားတို့ အသုံးမျိုး မရှိဘူးတဲ့၊ ရိပ်မိကြပလား'

**(မိုးကုတ်ဆရာတော်)**

'ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် ငါ၏ အယူနှင့်တူသောအယူရှိသည့် ရဟန်း,ပုဏ္ဏားတို့သည် ဤသာသနာမှပြင်ပ၌ ရှိပါ၏လောဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ဤသာသနာမှပြင်ပ၌ ထိုကဲ့သို့သော အယူနှင့်ပြည့်စုံသည့် ရဟန်းပုဏ္ဏားများမရှိကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့်မဆက်ဆံသော တတိယအရိယဉာဏ်ကို ရရောက်ပြီးဖြစ်လေ၏'။

ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကွာပြီး သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော မိမိကဲ့သို့ ပုဂ္ဂိုလ်များ အခြားဘာသာအယူဝါဒများ၌ မရှိဟု ပြတ်သားစွာသိခြင်းကိုဆိုလို၏။

**(စာရေးသူ)**

မိမိရရှိထားသော အသိအမြင်တရားမျိုးကိုရရှိနေသူ အခြားဘာသာဝါဒီတို့ထဲ၌ မရရှိနိုင်ဟု သဲသဲကွဲကွဲသိမြင်ထား၏။ (ပတ်ဝန်းကျင်ကို စောင်းငဲ့ကြည့်လေလေ၊ မိမိဘဝ တန်ဖိုးကြီးမှန်းသိလေလေဖြစ်ကာ သဒ္ဓါ၊ ဝီရိယ၊ ဆန္ဒများ ထက်သန်နေသူဟု ဆိုလို၏) **(ဦးဌေးလှိုင်)**

'သုံးနံပါတ်ကတော့ လွယ်ပါတယ်။ ကိုယ်ဟာကိုယ် နဖူး ပေါ် လက်တင်ပြီး စဉ်းစားတော့။ ဪ- ဒီဘုရားသာသနာမှ တပါး တခြားသာသနာများမှာဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတာ ဘယ်တော့မှမရှိဘူးဆိုတာ ကိုယ့်ဟာ ကိုယ် ယုံကြည်တယ်။ ဒီလိုသိတယ်။ ဒီဘုရားသာသနာမှတစ်ပါး တခြားသာသနာ၌ ထွက်ရပ်လမ်းမရှိ၊ ဒီလိုသိတာဟာ ဘယ်သူ၏ အသိပါလိမ့်၊ သောတာပန်၏ အသိ'

'ဪ-သူတို့အယူက ဟုတ်ထင်ပါရဲ့၊ ဒီလိုလာသေးတာ ကိုး၊ သူတို့အယူက ထွက်ရပ်လမ်းထင်ပါရဲ့၊ ဒီလို ဝိစိကိစ္ဆာ တွေက ရှိသေးတယ်။ သဿတသမား၊ ဉစ္ဆေဒသမားက ဟုတ်ထင်ပါရဲ့ လာသေးတာကိုး။ ဣဿရနိမ္မာန အယူသမားတွေကလည်း ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့၊ အဲဒါတွေ သောတာပန်မှာ လာသေးရဲ့လား၊ မလာပါဘူး'

(မိုးကုတ်ဆရာတော်)

'ရဟန်းတို့ ထိုမှတပါးလည်း အရိယာတပည့်သည် ငါ ကား အပြစ်အာပတ်တစ်ခု သင့်ရောက်ခဲ့သော် လျင်မြန်စွာ ကုစား ဖြေဖျောက်၍ နောက်ထပ်လည်း မကျူးလွန်မိအောင် စောင့်စည်း ခြင်းဟူသောအမြင် ပြည့်ဝပြီးသူတို့၏သဘောနှင့် ပြည့်စုံပါ၏လော ဟူ၍ ဆင်ခြင်၏။ ယင်းသို့ဆင်ခြင်၍ ထိုကဲ့သို့သော ဓမ္မတာ သဘောနှင့် ပြည့်စုံကြောင်းသိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော စတုတ္ထ အရိယဉာဏ်ကို ရရောက်ပြီးဖြစ်လေ၏'။

အရိယာများသည် အပြစ်တစ်ခုခုကျူးလွန်မိလျှင် ရဟန်းဆိုလျှင် ဆိုင်ရာ ဝိနည်းဓမ္မကံနည်းဖြင့် ချက်ချင်းကုစားဖြေဖျောက်သည်။ လူပုဂ္ဂိုလ်ဆိုလျှင် ချက်ချင်း ဝန်ချတောင်းပန်သည်။ နောင် ထိုကဲ့သို့မကျူးလွန်မိအောင် စောင့်စည်းသည်ဟု ဆိုလို သည်။ (စာရေးသူ)

## အရိယာများ၌ဖြစ်တတ်သော အာပတ်များ

(သီလသိက္ခာ အကုသိုလ်အပြစ်နှင့်စပ်၍ ရဟန်းတော်အရိယာများတွင် လည်း ပဏ္ဏတ္တိဝဇ္ဇ= ပညတ်တော်မူချက်ရှိနေ၍သာ၊ အစိတ္တက= စိတ်စေတနာ မပါဘဲ သင့်သော အာပတ်များရှိ၏။ ဝိနည်းနားမလည်၍ဖြစ်စေ၊ အခြားအကြောင်း တစ်မျိုးမျိုးကြောင့်ဖြစ်စေ သင့်နိုင်သောအာပတ်များမှာ ဂရုက(ကြီးလေးသော) အာပတ်တို့တွင် ကုဋိကာရ(ကျောင်းကန်စီမံမှုဆိုင်ရာ) အာပတ်မျိုး၊ လဟုက=ပေါ့ပါး သဟသေယျ (ဒကာမနှင့် တစ်မိုးတစ်ရံတည်းအိပ်မှု)နှင့် ပဒသောဓမ္မ၊ ဇာတရူပရာ ဇတ၊ ဥတ္တရိဆပ္ပဉ္စဝါစာ၊ ဩမသဝါဒသိက္ခာပုဒ်များ၊ ပစ္စဝေက္ခဏာမဆင်ခြင်မှု စသည် တို့ဖြစ်ကုန်၏။

လူအရိယာတို့မှာကား ပိုးရွ၊ ခြပုန်း စသည်တို့ကို စေတနာမပါဘဲ မတော် တဆ ပါဏာတိပါတမှု၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ (အနုစား)စသည်တို့ကို ပြုလုပ်ပြော ဆိုမိမည်ဆိုက ဖြစ်နိုင်ရာ၏။

မည်သို့ဖြစ်စေ ရဟန်းတော်အရိယာများ၌ လောကဝဇ္ဇသိက္ခာပုဒ်များ၊ လူ အရိယာသောတာပန်များ၌ ငါးပါးသီလသိက္ခာပုဒ်များကိုမူ မကျူးလွန်ကြတော့ပြီ။ အသက်ကိုသာ အသေခံကြကုန်၏။ (ငါးပါးသီလ အကြွင်းမဲ့လုံကြောင်း ပြဆိုရန် စာမျက်နှာမရပါ။)

ဤ၌ဆိုလိုသည်မှာ စေတနာမပါဘဲ တစ်စုံတစ်ရာ အာပတ်၊ အကုသိုလ် အပြစ်မျိုး ကျူးလွန်မိခဲ့သော် ဖုံးကွယ်မျိုသိပ်၍မထား၊ ဝိနည်းဒေသနာနှင့်အညီ

www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံး ကုစားဖြေဖျောက်၏။ ဒေသနာခံမည့်သူ (မိမိအပြစ်ရှိကြောင်း ဖွင့်ပြောရမည့်သူ) အနီးအနား၌မရှိလျှင်သော်မှ ရနိုင်သောအရပ်သို့ လက်ဝယ်သန်းခေါင် မိုးမှောင်တောလယ်၊ အဘယ်သို့သော အခက်အခဲရှိရှိ မရောက်-ရောက်အောင်သွား၍ ပြောကြားကုစား၏။

ကလေးငယ်လေးများ ခြေလက်၌ မီးထိသလောက် ကြောက်ရွံ့ပူလောင်၏။ အထိနာ၏။ နောင် ဤအဖြစ်မျိုး မဖြစ်စေရန်လည်း အစဉ်သတိရှိနေ၏။ (အာယတိံ သံဝရ= နောင် ဤသို့မဖြစ်စေရဟု စောင့်ထိန်းမှု) (မိမိသူတစ်ပါး ထိခိုက်နစ်နာစေတတ်သော ကာယကံ၊ ဝစီကံ၊ မနောကံကျူးလွန်မှု တစ်စုံတစ်ရာမရှိရအောင် အစဉ် သတိထားနေသော စင်းလုံးချောရိုးဖြောင့်သူဟု ဆိုလိုသည်။) (ဦးဌေးလှိုင်)

## အနာပေါက်တယ်ဆိုရင်

'လေးနံ့ပါတ် ပြောပါတော့မယ်။ ဒကာ၊ ဒကာမတို့နော်။ ရဟန်းမှာဆိုလို့ရှိရင် အာပတ်သင့်တယ်ဆိုတာရှိတယ်။ မြက်ပင်ကလေး သွားပြီးသကာလ မိမိပယောဂနဲ့ ဆိတ်လိုက်မယ် ဆွလိုက်မယ်။ သစ်ပင်ကလေးကို ဓားနဲ့ခုတ်လိုက်မယ်ဆိုရင် အာပတ်သင့်တာ ရှိသေးတာကိုးဗျ။ ဒီလို ခုတ်မိထစ်မိလို့ရှိရင် ချက်ချင်းပဲ တစ်ပါးသောပုဂ္ဂိုလ်ထံ တပည့်တော် လွန်ကျူးမိပြီးဘုရား၊ ဒေသနာကြားချင်တယ်။ ဒါပျောက်သွားဖို့ အချိန်မဆိုင်းဘူး'

'ဒါက ရဟန်းကိုပြောပါတယ်။ လူကျတော့ကို နေ့လယ် ကငါ အပြစ်သင့်သွားသကွာ။ အဲဒီအပြစ်ကို ဝန်ချတောင်းပန်ပြီး ပြေအောင်လုပ်မယ်ဟ၊ ဒီစိတ်ပေါ်လာတယ်၊ အနာပေါက်တယ်ဆိုရင် ချက်ချင်းကုချင်စိတ်ပေါက်သလို ပေါ်သလိုပေါ့ဗျာ၊ ချက်ချင်း ကျူးလွန်တာလေးသိတယ်ဆို ချက်ချင်း ဘုရားရှေ့သွားပြီး ကမ္မဋ္ဌာန်းရင်လည်း ထိုင်ပစ်လိုက်တယ်။ သဘောကျပလား၊ ဒါ ဘယ်သူ၏ စိတ်ထားပါလိမ့်။ သောတာပန်၏ စိတ်ထားဖြစ်၏'

'ပုထုဇဉ်ကတော့ 'မင်းအတွက်ကြောင့် ခါးစည်းခံမယ် ငါက မလျှော့ဘူး' ဒီလိုမရှိဘူးလား။ 'မင်းကို ဒီဘဝမဟုတ်ဘူး၊ ဟိုဘဝထိကို မကျေဘူးကွဲ၊ ခိုးလို့ အပါယ်ကျမယ်ဆိုရင် ခါးစည်း ခံမယ် ပြောချင်ပြောနေတာ၊ သောတာပန်ပုဂ္ဂိုလ်ကတော့ ဒါကို မြန်မြန်ကုလိုက်မှအေးမယ်။ ငါလွန်သွားပြီဆိုပြီး ချက်ချင်း ပြေ ပျောက်အောင် လုပ်ပစ်လိုက်တယ်။ ဘယ်သူ့ စိတ်ထားပါလိမ့်၊ သောတာပန်၏ စိတ်ထား။ လေးချက်ရှိသွားပြီ။ သုံးချက်ကျန်သေးတယ်နော်။' (မိုးကုတ်ဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် ငါ ကား သီတင်းသုံးဖော်တို့၏ ကိစ္စကြီးငယ်တို့၌ ကြောင့်ကြစိုက်နေရ သည့်တိုင်အောင် ထိုအမှုတို့၌ မွေ့လျော်မနေဘဲ မြတ်သောသီလ သမာဓိ, ပညာဆိုင်ရာအကျင့်တရား၌ ထက်သန်သော ငဲ့ကွက်မှု ရှိခြင်းဟူသော အမြင်ပြည့်စုံသူတို့၏ ဓမ္မတာသဘောနှင့် ပြည့်စုံပါ ၏လောဟု ဆင်ခြင်၏'

'ယင်းသို့ဆင်ခြင်၍ ထိုကဲ့သို့သော ဓမ္မတာသဘောနှင့် ပြည့်စုံ ကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန် မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ပဉ္စမအရိယဉာဏ်ကို ရရောက်ပြီးဖြစ်လေ၏'

သောတာပန်သည် ရဟန်းပုဂ္ဂိုလ်ဖြစ်လျှင် အတူနေ ရဟန်းသံဃာများ အတွက် စားရေး၊ ဝတ်ရေး စသောဝတ္တရားများကို စိတ်ပါလက်ပါပြုလုပ်ပေး၏။ သို့သော် ထို လောကဝတ္တရားအလုပ်၌သာမွေ့လျော်ပြီး မိမိ၏တရားအလုပ်ကို မေ့လျော့နေခြင်း မရှိ။ လောကဝတ္တရားကိုလုပ်ရင်း၊ ခန္ဓာငါးပါး၏မမြဲမှုစသည်ကို ရှုမှတ်နေ၏။ လူပုဂ္ဂိုလ်ဖြစ်လျှင် မိဘ သားမယားတို့အား ပြုစုလုပ်ကျွေးရင်း တရား ရှုပွားခြင်း ကိုပြု၏။

ဆိုလို သည်မှာ သောတာပန်သည် လောကဝတ္တရားချည်းလုပ်ပြီး သိက္ခာ သုံးပါး အကျင့် တရားကို လက်လွှတ်ထားခြင်း မရှိသလို၊ တရားချည်းရှုပွားပြီး လောကဝတ္တရားများကို လစ်လျူရှုခြင်းမရှိဟု ဆိုလို၏။

တရားချည်းထိုင်နေပြီး လောကဝတ္တရားများကို တစ်ခုမှမလုပ်တော့သော တရားသမားများ ဤအချက်ကို သတိပြုသင့်၏။ သမာဓိလွန်သွားပြီး ဈာန်စခန်းသို့ ရောက်သွားသူအများစုသည် တရားချည်းထိုင်နေတတ်ပြီး လောကဝတ္တရားများကို ပစ်ထားတတ်ကြသည်။

မိဘ, သားမယားတို့အား ဖြူစင်စွာလုပ်ကိုင်ကျွေးမွေးခြင်းသည် ဒါန, သီလတွင်း၌ပါဝင်သော စရဏတစ်မျိုးပင်ဖြစ်၏။ ဝဋ်သုံးပါးမှ ထွက်မြောက် လိုသည့် ဆန္ဒဖြင့်ပြုသော ဒါန,သီလသည် နိဗ္ဗာန်ရရန် အထောက်အပံ့ဖြစ်သကဲ့သို့ ဘဝဒုက္ခမှ လွတ်မြောက်လိုသည့်ဆန္ဒဖြင့်ပြုသော မိဘနှင့်သားမယားတို့ကို လုပ်ကိုင် ကျွေးမွေး ခြင်း စရဏသည်လည်း နိဗ္ဗာန်ရရန် အထောက်အပံ့ဖြစ်သည်သာ။

(စာရေးသူ)

## လောကဝတ္တရားနှင့် တာဝန်ကျေသူ သောတာပန်

ငါးနံ့ပါတ်၊ သောတာပန်ပုဂ္ဂိုလ်သည် (ရတနာသုံးပါး၊ ဆရာသမား) သီတင်း သုံးဖော်၊ လူများ၌ မိသားစုအိမ်နီးချင်းများတို့၌ ကူညီဆောင်ရွက်ပေးရမည့် ဝေယျာ

www.burmeseclassic.com

www.burmeseclassic.com



ဝစ္စနှင့် စပ်လာလျှင် အညစ်အကြေးသုတ်သင်ပေးခြင်း၊ အမှိုက်ကျုံးခြင်းမှအစ တာဝန် လေးသည်၊ ပေါ့သည်၊ ဂုဏ်သရေမြင့်သည်၊ နိမ့်သည် အယုတ်အမြတ်မရွေး၊ 'ငါ ဘာလုပ်ပေးရပါ့မလဲ'ဟု အမြဲကြောင့်ကြစိုက်နေ၏။

ထိုဝေယျာဝစ္စအလုပ်များကို မည်မျှကြောင့်ကြစိုက် လုပ်ကိုင်နေရစေကာမူ မိမိ၏ တရားနှလုံးသွင်းမှု (သိက္ခာသုံးပါး)လျော့မသွား။ ထက်ထက်သန်သန် လိုလိုချင်ချင်ကြီးပင် ရှိနေ၏။ မိခင်နွားမကြီးသည် နွားစားကျက်တွင် မိမိသားငယ်ကို တစ်ဘက်က ကြောင့်ကြစိုက် စောင့်ရှောက်ရင်းကပင် မိမိမြက်စားသော အလုပ်ကိုလည်း မဖျက်၊ စောင့်ရှောက်မြဲ စောင့်ရှောက်၍ စားမြဲစားသကဲ့သို့ဖြစ်သည်။

(အလုပ်လုပ်ရင်း တရားကိုရှုမှတ်နိုင်၍ တစ်ချိန်တည်းမှာ အလုပ်နှစ်ခု ပြီးအောင်လုပ်နိုင်သူ၊ တစ်ကိုယ်ကောင်း ကိုယ်လွတ်ရုန်းနေသူမဟုတ်ရုံမျှမက လောကဝတ္တရားနှင့် ကိုယ့်လုပ်ငန်းတာဝန်ကို ကျေပွန်အောင် မလွတ်တမ်းလုပ်နေသူဟု ဆိုလို၏)

(ဦးဌေးလှိုင်)

## အစာလည်းစား၊ သားကိုလည်းကြည့်

'အခု ငါးချက်မြောက် ပြောရတော့မှာပေါ့၊ ဥပမာ ဒကာ၊ ဒကာမတို့က သောတာပန်တည်ပြီးသားဆိုပါတော့။ ခင်ဗျား သက်သေခံကလေး လိုက်ခဲ့စမ်းပါ။ ကျုပ်အမှုက ခင်ဗျားတို့ လိုက်မှလည်း ခိုင်လုံမလိုဖြစ်နေတယ်။ နည်းနည်းတော့ဖြင့် ဝေ့လည်ကြောင်ပတ် သုံးမှပဲရမယ်လို့ အမှုသည်ကပြောတယ်ဆိုပါတော့။ ရှေ့နေကလည်း သင်ထားတယ်ဆိုပါတော့။ ဒီလူကို သနားလို့ လိုက် တော့ လိုက်ပါတယ်တဲ့။

ရုံးပြင်ကနွားကို လိုက်ပင်လိုက်ငြားသော်လည်း သူ့သီလပျက်မှာ သူ့သမာဓိ၊ သူ့ပညာပျက်မှာကိုတော့ အထိခိုက်မခံဘူး၊ သူတစ်ပါးကိစ္စဆောင်ရွက်ဖို့ လိုက်တော့လိုက်တယ်။ သို့သော် သီလပျက်၊ သမာဓိပျက်၊ ပညာပျက်မခံဘူး၊ ဘယ်သူ၏ စိတ်ထားပါလိမ့်၊ သောတာပန်၏ စိတ်ထား။ နွားမကြီးဟာကွာတဲ့၊ နွားကလေး ပေါက်စနဲ့ နွားရှင်က တစ်နေရာမှာချည်ထားတယ်။ မြက်ခင်းတစ်ခုမှာနော်၊ သူ မြက်ပဲစားတယ်။ မြက်တင်စားနေတယ်လို့ မင်းတို့ မအောက်မေ့နဲ့။ သူ နွားကလေးကိုလည်း မျက်ချည်မပြတ် ကြည့်လျက်ပဲတဲ့၊ သဘောပေါက်ရဲ့လား။

တရားတဲ့လမ်းဖြစ်စေ၊ မတရားတဲ့ လမ်းဖြစ်စေ လိုက် တော့ လိုက်ပါတယ်။ လိုက်ပင်လိုက်ငြားသော်လည်း သီလ, သမာဓိ, ပညာ, ဆိုတဲ့ နွားငယ်ကိုတော့ ကြည့်လျက်ပဲတဲ့၊ ဘုရားကိုက ဥပမာ

www.burmeseclassic.com

www.burmeseclassic.com



ပေးတာ ကောသမ္ဗိယသုတ်မှာ ဟောပါတယ်။ ပုထုဇဉ်ကတော့ဖြင့် သက်သေလိုက်တယ်ဆိုရင် ဒီဘက်က ခင်ဗျားသာလိုက်လို့ရှိရင်ဗျာ ဒီအမှုဟာ ချောသွားမှာပဲဆိုလို့ရှိရင် ရှော့တစ်ထောင်ယူဆိုလို့ရှိရင် တစ်ထောင်တန်ကို အပယ်ကျအောင် ပြောချလိုက်တယ်။ သော တာပန်က ဒီလိုပြောလေ့ဆိုလေ့မရှိဘူး။'

(မိုးကုတ်ဆရာတော်)

ရဟန်းတို့ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် ငါကား မြတ်စွာဘုရား၏တရားကို ဟောကြားသည့်အခါ လိုလိုလားလား နားစိုက်နာယူခြင်းဟူသော အမြင်ပြည့်စုံသူတို့၏ အင်အားနှင့် ပြည့် စုံပါ၏လောဟူ၍ ဆင်ခြင်၏။ ယင်းသို့ဆင်ခြင်၍ ထိုကဲ့သို့သော အင်အားနှင့်ပြည့်စုံကြောင်း သိမြင်ခဲ့သော် ထိုအရိယာ တပည့်သည် လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့်မ ဆက်ဆံသော ဆဋ္ဌမအရိယဉာဏ်ကို ရရောက်ပြီးဖြစ်လေ၏။

သောတာပန်သည် ဗုဒ္ဓ၏တရားတော်များကို လိုလား နှစ်သက်စွာ စိတ်ဝင်တစား နာယူသည်ဟု ဆိုလို၏။

**(စာရေးသူ)**

## ဝါဒရေးရာတွင် အမြင်ရှင်းသူ သောတာပန်

တရားနာရသောအခါ လိုလိုလားလား (အတ္ထိက)၊ စိတ်ပါလက်ပါ (မနသိကတွာ)၊ စူးစူးစိုက်စိုက် တစ်လုံးမကျန် မှတ်သားပြီး (သဗ္ဗစေတသာ သမန္နာဟရိတွာ)၊ နားစိုက် (ဩဟိတသောတ)နာယူတတ်၏။ ငိုက်မျည်းခြင်း၊ တစ်စုံတစ်ဦးနှင့် စကားလက်ဆုံကျနေခြင်း၊ စိတ်ပျံ့လွင့်နေခြင်းမရှိ၊ ညလုံးပေါက် နာရသော်လည်း နတ်သုဒ္ဓါကို စားနေသူကဲ့သို့ အားရရောင့်ရဲခြင်းမရှိပေ။

(ဘုရားလက်ထက်တော်က'ကာသိယာနီ=ကစ္စာနီ'ခေါ် သောတာပန် ဒကာမကြီးတစ်ဦး ကျောင်းသို့သွား၍ တရားနာနေစဉ် အိမ်သို့ သူခိုးဓားပြများဖောက်ဖျက်ခိုးယူနေကြကြောင်း သတင်းလာပို့သော်လည်း အိမ်မပြန်၊ တရားနာမဖျက်။ 'လိုချင်တာ ယူကြပါစေ'ဟုသာ လာပြောသူအား ပြန်ပြောလိုက်ဖူး၏) (ဦးဌေးလှိုင်)

## ပြောအာရုံပိတ်ခြင်း

'ခြောက်ချက်မြောက်ကတော့ မြတ်စွာဘုရားတရားတော် နာရတဲ့အခါ အာရုံတစ်ပါးသို့မသွားဘဲနဲ့ စူးစူးစိုက်စိုက် နာနိုင်ခြင်းသည် ပုထုဇဉ်နဲ့ သောတာပန်၊ ဒါ ထူးခြားသကွတဲ့၊ ခြောက်ချက် မြောက်ကို ဟောလိုက်ပါတယ်။' **(မိုးကုတ်ဆရာတော်)**

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် ‘ငါ ကား မြတ်စွာဘုရား၏တရားကို ဟောကြားသည့်အခါ အနက် အဓိပ္ပါယ် ကိုသိမြင်၍ တရားနှင့်ယှဉ်သော ဝမ်းမြောက်မှုကိုရခြင်း’ ဟူသော အမြင်ပြည့်စုံပြီးသူတို့၏ အင်အားနှင့် ပြည့်စုံပါ၏လောဟူ၍ ဆင်ခြင်၏။ ယင်းသို့ဆင်ခြင်၍ ထိုကဲ့သို့သော အင်အားနှင့် ပြည့်စုံကြောင်းသိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့်မဆက်ဆံသော သတ္တမ အရိယ ဉာဏ်ကို ရရောက်ပြီးဖြစ်လေ၏။ ရဟန်းတို့ ဤအင်္ဂါ (၇)ပါးနှင့် ပြည့်စုံသော အရိယာတပည့်သည် သောတာပတ္တိဖိုလ်ကို မျက် မှောက်ပြု ပြီးဖြစ်ပေ၏။

**(မဇ္ဈိမနိကာယ်၊ ကောသမ္ဗိယသုတ်)**

မြတ်စွာဘုရား၏နက်နဲခက်ခဲသော သစ္စာတရား၊ ဓာတ်တရား၊ ပရမတ်တရားကို နာရသည့်အခါ သဘောပေါက်နားလည်၍ နာကြားရသည့်အတွက်လည်း ဝမ်း မြောက်ဝမ်းသာဖြစ်သည်ဟု ဆိုလို၏။ စကားလုံးက, ကြီး၍ နားက, ငယ်နေလျှင် မဆန့် ဖြစ်တတ်၏။ စကားလုံးက ငယ်၍ နားက ကျယ်နေပြန်လျှင် မနှံ့ဖြစ်တတ်၏။ စကားလုံး-ကြီးသည်ဆိုသည်မှာ သစ္စာတရား၊ ဓာတ်တရား၊ ပရမတ်တရားများကို ဆိုလိုရင်းဖြစ်၏။ နားက ငယ်သည်ဟုဆိုခြင်းမှာ နားမလည် သဘောမပေါက်ခြင်း ကို ဆိုလို၏။

စကားလုံးက-ငယ်ဆိုသည်မှာ တရားက သုတ္တန်တရား၊ ဇာတ်လမ်းအသား ပေးတရားဖြစ်နေသည်ဟု ဆိုလို၏။ နားကကျယ်၍ မနှံ့ဆိုသည်မှာ ဓာတ်တရား၊ ပရမတ်တရားကို နာနေကြဖြစ်၍ ဇာတ်လမ်းအသားပေးတရားမျိုးကို နာရ၍ အားမရ နိုင်ဖြစ်ခြင်းကို ဆိုလို၏။

**(စာရေးသူ)**

တရားနာသောအခါ တရားသဘောအဓိပ္ပာယ်ကို ကောင်း
စွာသဘောပေါက် နှစ်ခြိုက်၏။ အရသာခံတတ်၏၊ (အတ္ထဝေဒံ)။
အသုံးအနှုန်း ဝေါဟာရတရားမှတ်ချက်များကို ငုံမိ၏။ (ဓမ္မဝေဒံ)
တရားနှင့်စပ်၍ နှစ်သက်ရွှင်လန်း ဝမ်းမြောက်လေ့ရှိ၏။

(တရားအပေါ် လေးမြတ်ယုံကြည်ပုံကို သိသာစေရုံမက တစ်ဘက်သားတို့ပြော ဟောသော တရားစကားကို ခွဲခြားနားလည်စွမ်းရှိသော နားအရည်အချင်း ‘နားအသံ ချဲ့စက်-အသံဖမ်းစက်’ ကောင်းသူဖြစ်၏။ ကြားတိုင်း ပြောတိုင်း ယုံကြည်သူမဟုတ်။ စာပေဖတ်ရှုရာ၌လည်း ထို့အတူ မျက်စိချဲ့စက်ရှိ၍ အရသာကို ပိုမိုခံစားနိုင်သူ၊ အကောင်းအဆိုး ခွဲခြားရှုမြင်တတ်သူဖြစ်သည်။ ထို့ကြောင့် ယထိန္ဒဒီလောဂါထာနှင့် မဟာဝဂ္ဂသံယုတ် ကုန္ဒဒီလသုတ်၊ ဝါဒတ္ထိကသုတ်တို့၌ အခြားဘာသာ အယူဝါဒ

www.burmeseclassic.com

www.burmeseclassic.com



ရေးရာ ပါရဂူကြီးများက သောတာပန်ပုဂ္ဂိုလ်အား (စာမတတ်သူပင်ဖြစ်စေကာမူ) ထိုးဖောက် ၍ မရကြောင်း၊ ဝါဒမပြိုင်နိုင်ကြောင်း ဟောတော်မူ၏။ ကေကအင်္ဂုတ္တရ ဝိဘင်္ဂအဌ္ဌာန ပါဠိတို့၌လည်း သောတာပန်ဖြစ်သွားလျှင် ဆရာမပြောင်း၊ ဆရာ သစ်မရှာ၊ ဘာသာ ဝါဒခြား လက်မခံတော့ကြောင်း ဟောတော်မူထားသည်။ အယူ ဝါဒဓမ္မရေးရာတွင် ချွင်းချက်မရှိ၊ အမြင်ရှင်းနေသူဟု ဆိုလိုသည်။)

(ဦးဌေးလှိုင်)

ခုနှစ်ခုမြောက်ကတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဟောတဲ့တရား၊ ဘုရားဟောတဲ့အတိုင်း တပည့်သာဝကတွေဟော တဲ့တရား၊ ဒီတရားတွေ နာပြီးနေရတဲ့အခါကျတော့ အို-ပြောလို့ ဆိုလို့လည်း မပြီးနိုင်ဘူး၊ ဝမ်းမြောက်လို့လည်း မပြီးနိုင်ဘူး၊ ဒီ ပီတိသောမနဿက တော်တော်နဲ့ မပျောက်ဘူးတဲ့။ ပုထုဇဉ်က တော့ ထ,သွား ပျောက်တော့တာပဲ။

(မိုးကုတ်ဆရာတော်)

## ဖိုလ်ဝင်စားပုံ အဆုံးအဖြတ်

'မဂ်သိ/မသိ ဖိုလ်နှင့်ညှိ'ဟူသောစကားသည် ဝိပဿနာလောကတွင် အသုံး များ၏။ မိမိမဂ်ဖိုလ် ရ/မရကို ဖိုလ်ဝင်စားကြည့်မှ သိနိုင်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ဖိုလ်ဝင်စားပုံ အသေးစိတ်ရေးသားချက်နှစ်ခုကို ဖော်ပြအံ့၊ မဟာစည်ဆရာတော် ဘုရားကြီးက 'ဝိပဿနာရှုနည်းကျမ်း'၊ ဒုတိယတွဲစာမျက်နှာ (၅၂)မှစ၍ ယခုလိုရေး သားထား၏။

ရပြီးသော ဖိုလ်စိတ်မျိုးကို တစ်ဖန်ဖြစ်စေလိုလျှင်(ဖြစ်ဖူးသော ဖိုလ်စိတ် အစဉ်ဖြင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်တွေ့သိလျက် ခံစားလိုလျှင်) ဖိုလ်သို့ရောက် ရန် ရည်သန်၍ ဖြစ်ဆဲကိုယ်စိတ်အမူအရာတို့ကို မှတ်မြဲပင်မှတ်အပ်၏။ ဝိပဿနာရှု လျှင် ပုထုဇဉ်မှာ နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ဖြစ်ပေါ်ခြင်း၊ အရိယာမှာ ဥဒယဗ္ဗယ ဉာဏ်မှစ၍ ဖြစ်ပေါ်ခြင်းသည် ဓမ္မတာပင်တည်း။ ထို့ကြောင့် မှတ်စ၌ အဖြစ်အပျက် နှစ်ပါးလုံးကို သိလျက် ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်ပြီးလျှင် ဉာဏ်စဉ်အတိုင်းတိုးတက်၍ မကြာမီပင် အသိမ်မွေ့ဆုံး အကောင်းဆုံးမှတ်သိမှုဖြစ်သော သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်သွားလိမ့်မည်။ ထို ဉာဏ်အားပြည့်သောအခါ၌ သင်္ခါရငြိမ်းသော နိဗ္ဗာန်အာ ရုံသို့ ရှေ့ကလိုပင် ကူးပြောင်းလျက် ဖိုလ်စိတ်အစဉ် ဖြစ်ပေါ်လိမ့်မည်။

ဤဖိုလ်စိတ်သည် 'ရှေးအဖို့က အချိန်ကိုမပိုင်းခြားဘဲ ဝင်စားသော သူတချို့ မှာ' တစ်ရံတစ်ခါ၌ တခဏသာဖြစ်တတ်၏။ တစ်ရံတစ်ခါ၌ (၅)မိနစ်ခန့် (၁၀)မိနစ် ခန့် (၁၅)မိနစ်ခန့် နာရီဝက်ခန့် တစ်နာရီခန့် စသည်ဖြင့် ကြာမြင့်စွာလည်း ဖြစ်တတ် ၏။ အဌကထာတို့၌ တစ်နေ့လုံး တစ်ညလုံးသော်လည်း ဖြစ်တတ်သည်။ ပိုင်းခြား

www.burmeseclassic.com

www.burmeseclassic.com



မိဋ္ဌာန်ထားသောကာလပတ်လုံး ဖြစ်တတ်သည်ဟု မိန့်ဆို၏။ ထိုနှင့်ညီစွာပင် ယခုကာလ၌လည်း သမာဓိဝိပဿနာ ထက်သန်သောသူများမှာ-

တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ စသည်ဖြင့် ပိုင်းခြားထားသည့်အတိုင်း ကြာမြင့်စွာ ဖိုလ်၌ တည်တံ့နေသည်ကို တွေ့ကြရ၏။ ပျက်လိုမှပဲ ပျက်ပါစေဟု ရှေးအဖို့က ပိုင်းခြားထားလျှင် အလိုမရှိသောအခါကျမှပင် ကောင်းစွာထ၏။ သို့သော် တစ်နာရီ၊ နှစ်နာရီစသည်ကြာလျှင်ကား အကြားကြား၌ ဆင်ခြင်တဲ့စိတ်များဖြစ်သေး၏။ ထိုစိတ်များကို (၄)ချက် (၅)ချက်လောက် မှတ်လိုက်လျှင် ဖိုလ်သို့ တစ်ဖန်ရောက်သွားပြန်၏။

ဤနည်းဖြင့် အားရသည့်တိုင်အောင် နာရီပေါင်းများစွာ တည်တံ့နေသည်ကိုလည်းတွေ့ကြရမည်။ ဤဖိုလ်စိတ်များဖြစ်နေစဉ်၌ သင်္ခါရအလုံးစုံ ချုပ်ငြိမ်းသောနိဗ္ဗာန်အာရုံမှာသာလျှင် စိတ်သည် တည်တံ့လျက်ရှိ၏။ ထိုမှတစ်ပါး ဘယ်အာရုံကိုမျှမသိ။ နိဗ္ဗာန်ဟူသည်မှာလည်း ဤလောက၊ တစ်ပါးသောလောကတို့နှင့်ဆိုင်သောရုပ်နာမ်သင်္ခါရတရား ပညတ်တရားတို့မှ အလွတ်သီးခြား သဘောတရားပေတည်း။

သို့ဖြစ်၍ ဖိုလ်ဝင်စားခိုက်၌ မိမိခန္ဓာကိုယ်စသော ဤလောက၊ တစ်ပါးသောလောကတို့၏အကြောင်းကို ဘာမျှမသိပြီ၊ သတိမရပြီ၊ ကြံစည်စဉ်းစားမှု အလုံးစုံကင်း၏။ မြင်စရာ၊ ကြားစရာ၊ တွေ့ထိစရာ၊ နံစရာအာရုံများ ထင်ရှားရှိနေသော်လည်း ဘာကိုမျှ မသိပြီ။ 'အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ'ဟူသည်နှင့်အညီ ဣရိယာပုတ်လည်း ခိုင်ခံ့၏။

ထိုင်လျက်ဝင်စားနေလျှင် ထိုင်မှုကိုယ်အမူအရာသည် မူလကအတိုင်းပင် တည်တံ့လျက်ရှိ၏။ ယိမ်းယိုင်ခြင်း ညွတ်ကျခြင်း ယွင်းပျက်ခြင်း မရှိပြီ။ ဖိုလ်စိတ်အစဉ်ပြတ်သွားသောအခါ၌ သင်္ခါရငြိမ်းတဲ့သဘော၊ ထိုငြိမ်းရာသို့ ရောက်နေတဲ့သဘောများကို ဆင်ခြင်မှုဖြစ်စေ၊ ပုံသဏ္ဌာန်စသော အာရုံအမျိုးမျိုးကို တွေ့မြင်မှုဖြစ်စေ၊ စဉ်းစားမှု ဖြစ်စေ၊ ရှေးဦးစွာ ထင်ရှားဖြစ်တတ်၏။ ထိုနောက် မှတ်မြဲမှတ်ခြင်း၊ ကြည်လင်ခြင်း၊ ဆင်ခြင်ခြင်း စသောစိတ်တို့သည် ထိုက်သည့်အားလျော်စွာ ဖြစ်ကုန်၏။

မှတ်မြဲမှတ်သော်လည်း အစ၌ ပီသကြမ်းတမ်းသော အဖြစ်အပျက် ကိုသိလျက် ခပ်ကျဲကျဲသာ ဖြစ်တတ်၏။ ဝိပဿနာ အထူးအားကောင်းလျှင်ကား ဖိုလ်မှထခါစ၌ အမှတ်မကျဲဘဲ ကောင်းမြဲပင် သိမ်သိမ်မွေ့မွေ့ကောင်းနေသည်လည်း ရှိသေး၏။ အထူးကား ဖိုလ်သို့ မြန်မြန်ရောက်ရန် ဖိုလ်၌ကြာကြာတည်ရန် ဆောက်တည်မှုကို ရှေ့အဖို့ ကသာ ပြုအပ်၏။ မှတ်နေစဉ်၌ကား ထိုဆောက်တည်မှုအတွက် ကြောင့်ကြမှု တောင့် တ,မှုကို မပြုအပ်။

ဝိပဿနာအား မပြည့်သေးလျှင် အမှတ် အထူးကောင်းနေစဉ်မှာ ကြက်သီးထ,ခြင်း၊ သမ်းခြင်း၊ တုန်လှုပ်ခြင်း၊ ရှိုက်ခြင်းများဖြစ်ပြီးလျှင် အမှတ်ကျဲသွားသည်လည်း ရှိသေး၏။ မဆင်ခြင်မိစေနဲ့၊ ဆင်ခြင်မိလျှင်လည်း ထိုဆင်ခြင်မှုကို မိမိရရမှတ်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ကျဲကျဲသွားသည်ကို အကြိမ်များစွာတွေ့ရပြီးမှ ဖိုလ်သို့ရောက်သူလည်းရှိ၏။ သမာဓိဉာဏ် အားနည်းလျှင် ဖိုလ်သို့ မြန်မြန်မရောက်တတ်၊ ရောက်လျှင်လည်း ကြာကြာ မတည်တတ်ပေ။ ဤကား ဖိုလ်ဝင်စားပုံတည်း။

မဟာစည်ဆရာတော်ဘုရားကြီးရေးသားသော ဖိုလ်ဝင်စားပုံ(နိဗ္ဗာန် ချမ်းသာခံစားပုံ)ကို ဖော်ပြပြီး၍ စာဖတ်သူများ ဝိဘဇ္ဇဉာဏ်တိုးပွားစေရန်ရည်သန်၍ လယ်တီဆရာတော်ဘုရားကြီးရေးသားသော သောတာပန်၏ ဖိုလ်ဝင်စားပုံ (နိဗ္ဗာန် ချမ်းသာခံစားပုံ)ကိုလည်း ဆက်လက်ဖော်ပြအံ့။ *(ဤရေးသားချက်ကို 'လယ်တီဒီပနီ ပေါင်းချုပ်' စတုတ္ထတွဲ၊ အနတ္တဒီပနီကျမ်းသစ် စာမျက်နှာ(၆၀၁)မှ ရရှိသည်။)*

## ပထမနိဗ္ဗာန်

ထိုတွင် မိမိခန္ဓာ၌ အနတ္တဉာဏ်အမြင်ပေါ်ရောက်၍ အတ္တဒိဋ္ဌိ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းပြီးသောသူသည် ခပ်သိမ်းသော ဒိဋ္ဌိအမှောက်အမှားတို့မှလည်း ကျွတ်လွတ်ကြလေ၏။ ခပ်သိမ်းသော အပါယ်လားကြောင်း မကောင်းမှုကံဟောင်း၊ မကောင်းမှုကံသစ်တို့မှလည်း ကျွတ်လွတ်ကြလေ၏။ နောင်အပါယ်သံသရာ၌ ဖြစ်လတ္တံ့သော အပါယ်ခန္ဓာ အပါယ်ဘဝ အနန္တတို့မှလည်း အတ္တဒိဋ္ဌိကျွတ်လွတ်သည်နှင့် တစ်ပြိုင်နက် အကြွင်းအကျန်မရှိ ကျွတ်လွတ်ကြလေ၏။

ထိုသူများ၏ခန္ဓာအစဉ်မှာ အပါယ်ဘုံအပါယ်ဘဝ အောက်ဘုံအောက်ဘဝသို့ လျှောကျမြဲ ဓမ္မတာလမ်းမကြီးသည်လည်း ပျောက်ကွယ်လေ၏။ မိမိအလိုရှိရာ သုဂတိဘုံဘဝ မြင့်သည်ထက်မြင့်ရာ ဘဝအဆက်ဆက်သို့ ဆန်တက်ခြင်းဟူသော ဓမ္မတာလမ်းသစ်ကြီးတစ်ခုတည်းသာ တည်ရှိလေ၏။ လူ့ဘုံလူ့ဘဝတွင်လည်း သီလ၊ သိက္ခာ၊ အလိမ္မာ ယုတ်ညံ့သော လူ့ဘဝစည်းစိမ်ချမ်းသာ၊ ကိုယ်အင်္ဂါယုတ်ညံ့သော လူ့ဘဝတို့မှလည်း ကျွတ်လွတ်လေ၏။ သီလသိက္ခာ အလိမ္မာကြီးမြတ်သော လူ့ဘဝ စည်းစိမ်ချမ်းသာ ကိုယ်အင်္ဂါမြင့်မြတ်သော လူ့ဘဝ၌သာ ဖြစ်ရလေ၏။

နတ်ဘုံ နတ်ဘဝတို့၌သာ ဖြစ်ရလေ၏။ နတ်ဘုံနတ်ဘဝတို့၌လည်း ထို့ အတူပင်တည်း။ ထို ပထမနိဗ္ဗာန်၌တည်သောသူသည် ပုထုဇဉ်အဖြစ်မှ ကျွတ်လွတ်၍ အရိယာအဖြစ်၌ တည်လေ၏။ လောကီဘုံသားအဖြစ်မှ ကျွတ်လွတ်၍ လောကုတ္တရာ ဘုံသားအဖြစ်၌ တည်လေ၏။ ပထမနိဗ္ဗာန်ဘုံသားအဖြစ်၌ တည်ရှိလေ၏။ ထိုသူသည် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ ဘဝများစွာကမ္ဘာများစွာ သံသရာ၌ကျင်လည်ရငြား သော်လည်း သံသရာအလျဉ်၌ မြုပ်သောသွားခြင်း၊ မျောသောသွားခြင်း ဟူ၍ မရှိ လေပြီ။

အတ္တဒိဋ္ဌိ ရှိနေကြသောသူတို့၏ သံသရာ၌ကျင်လည်ခြင်းသည် မြစ်ရေအယဉ်၌ ကျရောက်ခြောက်သွေ့သော သစ်တုံးကဲ့သို့ မြုပ်သောကျင်လည်ခြင်း၊ မျောသော ကျင်လည်ခြင်းဖြစ်လေ၏။ အတ္တဒိဋ္ဌိ အကြွင်းအကျန်မရှိ ကျွတ်လွတ်ကြကုန်သော

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ကျင်လည်ခြင်းမှာမူကား မြုပ်သောကျင်လည်ခြင်း မျောသောကျင်လည်ခြင်းလည်း မဟုတ်၊ မြစ်ရိုးမြစ်စဉ်တစ်လျှောက်၌ သင်္ဘောကြီးငယ်တို့သည် အလိုရှိရာ မြစ်စဉ်တစ်လျှောက် သွားလာ၍နေကြဘိသကဲ့သို့ မိမိတို့အလိုရှိရာ သုဂတိဘုံဘဝ တစ်လျှောက်သို့ သွားလာ၍သာနေကြကုန်၏။

ဖြစ်လေရာဘုံဘဝ၌လည်း လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ နှစ်ပါးကို အစုံ ခံစားရလေ၏။ လူဖြစ်သောဘဝ၌ လူချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဟု ဆိုအပ်သော ချမ်းသာနှစ်ပါးကို စွယ်စုံခံစားရလေ၏။ ထိုတွင် လူချမ်းသာကို ခံစားမှုကား ထင်ရှားသိသာပြီး နိဗ္ဗာန်ချမ်းသာကို အဘယ်သို့ ခံစားသနည်းဟူမူကား ဒုစရိုက်မှုကို ပြုကျင့်၍ နေသောသူများကို မြင်ရကြားရသည်ရှိသော် 'ဤသူများသည် ဒုစရိုက်မှုကို ပြုကြ ပေ၏။ အပါယ်သို့ ကျရှာကြရလိမ့်မည်။ ငါ့မှာ ဤကဲ့သို့သော ဒုစရိုက်မှ ဘဝအဆက်ဆက် လွတ်ငြိမ်းပေပြီ'ဟု ဝမ်းမြောက်ခြင်း ကြီးစွာ ဖြစ်ရလေ၏။ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ အစရှိ သော အပါယ်ဘုံသားသတ္တဝါ များကိုတွေ့မြင်ရာ၌ 'ဤသတ္တဝါများသည် ဆင်းရဲတွင်းကြီး နက်နဲလေစွ၊ ငါ့မှာ ဤကဲ့သို့သော အပါယ် ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းပေ ပြီ'ဟု ဝမ်းမြောက်ကြီးစွာ ဖြစ်ရလေ၏။ ဤကား နိဗ္ဗာန်ချမ်းသာ ခံစားပုံတည်း။

**ပဋိပတ္တိသာသနာတွင် နေလိုလလိုထင်ရှားသော ဆရာတော်ကြီးနှစ်ပါး၏ ရေးသားချက်သည် အဘယ့်ကြောင့် ကွဲပြားနေရသနည်း။ အဖြေကား မဟာစည် ဆရာတော်ဘုရားကြီး၏ ရေးသားချက်သည် သမထယာနိကနည်းဖြင့် သောတာပန်တည်သူ၏ ဗိုလ်ဝင်စားပုံဖြစ်၏။ လယ်တီဆရာတော်ဘုရားကြီး၏ ရေးသားချက်သည် ဝိပဿနာယာနိကနည်းဖြင့် သောတာပန်တည်သူ၏ ဗိုလ်ဝင်စားပုံဖြစ်၏။ သမထယာနိက သောတာပန်သည် 'သမာဓိ'အားသန်၏။ ဝိပဿနာယာနိက သောတာပန်သည် 'ပညာ'အားသန်၏။**

(မှတ်ချက်)။ ။ မဟာစည်ဆရာတော်ဘုရားကြီး ရေးသားသော ဝိပဿနာရှုနည်းကျမ်းတွင် ဖောင်းခြင်း၊ ပိန်ခြင်း၊ ကြွခြင်း၊ လှမ်းခြင်း စသည်ကိုရှုမှတ်ခြင်းသည် ခဏိက သမာဓိဖြင့် ရှုပွားသော ဝိပဿနာယာနိကနည်းဖြစ်ကြောင်း ရှင်းပြထား၏။ ကျွန်ုပ်တို့ ဖတ်ရှု၍ ကိုယ်တိုင် ရှုပွားကြည့်သည်။ သို့ ရှုပွားကြည့်သောအခါ ရှုမှတ်ကာစတွင် ဖောင်းခြင်း၊ ပိန်ခြင်းစသော ပညတ်ကိုမကျော်နိုင်ပေ။ အချိန်အတော်ရ၍ သမာဓိအား ဉာဏ်အား ကောင်းလာသောအခါတွင်မှ ဖောင်း/ပိန်ဟူသော ပညတ်များကွာ၍ တွန်းကန်သဘော၊ လှုပ်ရှားသဘောလေး၏ မမြဲမှုကိုသိလာ၏။

ဤကား ပရမတ်သဘောတရား ဝိပဿနာသို့ ရောက်သွားခြင်းပင်ဖြစ်၏။ ဖောင်းခြင်းပိန်ခြင်းကိုမှတ်မှုသည် သမထကမ္မဋ္ဌာန်းလေးဆယ်တွင် မပါသည်ကား

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါ၏။ သို့သော် ပညတ်အာရုံတစ်ခုခုကို စူးစိုက်ရှုမှတ်လျှင် သမထ၊ ရုပ်နာမ် ပရမတ် သဘောတို့၏ မမြဲမှုစသည်ကိုရှုမှတ်လျှင် ဝိပဿနာဟူသော သတ်မှတ်ချက် အရ ဖောင်းခြင်းပိန်ခြင်း စသောပညတ်ကို ရှုပွားခါစအခါ၌ သမထဟုသာ အမည် တပ်သင့်ကြောင်း သဘောကျမိသည်။

မဟာစည်ဆရာတော်ရေးသားသော ဖိုလ်ဝင်စားပုံကို သမာဓိအားကောင်း သော သမထယာနိက သောတာပန်များသာ ဝင်စားနိုင်ရန်ရှိသည်။ လယ်တီဆရာ တော် ရေးသားသော ဝိပဿနာယာနိက သောတာပန်၏ ဖိုလ်ဝင်စားပုံကို ဗိမ္ဗိသာရ ဇာတ်ကြောင်းတွင် တွေ့ရ၏။ အဇာတသတ်မင်းသည် ဖခင် ဗိမ္ဗိသာရမင်းကြီး အား ပြတ်သေစေရန် အကျဉ်းချပြီး အစာရေစာဖြတ်လိုက်၏။ ရက်အတန်ကြာသည် အထိ အစာမစားရသော ဗိမ္ဗိသာရမင်းကြီးသည် အသက်မသေသည့်အပြင် အသားအရေမှ အရောင်အဝါများပါ ထွက်လာပြီး စိုပြည်ဝဖြိုး အလှတွေပင်တိုးလာ၏။

အပေါ်ယံကြည့်လျှင် လမ်းလျှောက်နေခြင်းတစ်ခုကြောင့်ဟု ထင်စရာပင် ဖြစ်၏။ ထို့ကြောင့် အဇာတသတ်က ဗိမ္ဗိသာရမင်း၏ခြေဖဝါးကို ဓားခွဲပြီး ဆားပက် မီးကင်ခိုင်းခဲ့ခြင်းဖြစ်၏။ အမှန်မှာ ဗိမ္ဗိသာရမင်းကြီးသည် သာမန် လမ်းလျှောက်နေ ခြင်းမဟုတ်။ နိဗ္ဗာန်ချမ်းသာကို ခံစားရင်း၊ တစ်နည်း သောတာပတ္တိဖိုလ်ကို ဝင်စား ရင်း လမ်းလျှောက်နေခြင်းသာဖြစ်၏။ ထို ဝမ်းသာပီတိကြောင့် အစာမစားဘဲ လှပ ဝဖြိုး နေခြင်းဖြစ်သည်။

ဗိမ္ဗိသာရမင်း လမ်းလျှောက်ရင်းခံစားသော ဖိုလ်ဝင်စားမှုသည် လယ်တီ ဆရာတော်ကြီးရေးသားသော ဖိုလ်ဝင်စားမှုမျိုးသာဖြစ်၏။ ဗိမ္ဗိသာရမင်း သောတာ ပန် တည်စဉ်ကလည်း ဝိပဿနာယာနိကနည်းဖြင့် သောတာပန် တည်ခဲ့ခြင်းဖြစ် သည်။ ဗိမ္ဗိသာရမင်းသည် ဗုဒ္ဓကို ဘုရားမဖြစ်မီ အလောင်းတော်ဘဝက တည်းက ကြည်ညိုခဲ့ ခြင်းဖြစ်၏။ အလောင်းတော် (၂၉)နှစ်သားအရွယ် ရဟန်းပြုပြီး တရား ကျင့်နေစဉ် တစ်ရက်တွင် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံရင်းရောက်သွား၏။

အလောင်းတော်ကိုတွေ့သွားသော ဗိမ္ဗိသာရမင်းသည် လေးစားကြည်ညိုသွား ပြီး အသက်ငယ်ရွယ်စဉ် တောမထွက်သေးဘဲ ကာမဂုဏ်ခံစားရန် သူ၏နိုင်ငံကို တစ်ဝက် ခွဲပြီးပေး၏။ အသက်ကြီးမှ တောထွက်ရန်လည်း တောင်းပန်၏။ အလောင်း တော် လက်မခံသောအခါ ဘုရားဖြစ်ခဲ့လျှင် သူ့နိုင်ငံသို့ အရင်ဆုံးကြွပြီး တရားဟော ပေးရန် တောင်းပန်၏။ အလောင်းတော်ကလည်း ဝန်ခံခဲ့၏။ ထို့ကြောင့် ဘုရားဖြစ် သောအခါ ကတိအတိုင်း ရာဇဂြိုဟ်သို့ကြွလာပြီး တရားဟောပေး၏။

ဝိပဿနာတရားပွဲ ပြီးဆုံးသောအခါ မင်းကြီးနှင့် လူပေါင်းတစ်သိန်း သောတာပန်တည်ကြ၏။ တရားနာရင်း ရှုပွားခြင်းဖြစ်သောကြောင့် သမထကမ္မဋ္ဌာန်း တစ်ခုမှ မလုပ်နိုင်ပေ။ နားက တရားကိုနာကြားရင်း ဉာဏ်က ခန္ဓာလှည့်ပြီး ခဏိက သမာဓိ၏ကူညီမှုဖြင့် ချက်ခြင်းရှုပွားနိုင်သောကြောင့် တရားအဆုံး၌ သောတာပန်

www.burmeseclassic.com

www.burmeseclassic.com



တည်ခဲ့ခြင်း ဖြစ်၏။ ဖိုလ်ဝင်စားမှုသည် သမာဓိလည်းအားကောင်းမှ အကြားအမြင် ဗဟုသုတလည်းရှိမှ ဖြစ်နိုင်သည်ဟု ယူဆရ၏။

ဗုဒ္ဓ၏နောင်တော်ကြီး မဟာနာမ်,သည် သကဒါဂါမ်ပုဂ္ဂိုလ်ဖြစ်၏။ ဝိပဿနာ ယာနိကနည်းဖြင့် သကဒါဂါမိမဂ်ကို ရခဲ့သူဖြစ်၏။ နိဗ္ဗာန်ကိုအာရုံပြုသော မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်သောကြောင့် ဘေးလူမဆိုထားနှင့် ကာယကံရှင် ယောဂီတိုင်းပင် သိနိုင်သောအရာမဟုတ်ပေ။ ထို့ကြောင့် မဟာနာမ်,က တစ်ရက်တွင် ဗုဒ္ဓကို ဤကဲ့သို့ မေးမြန်းလျှောက်ထား၏။

'မြတ်စွာဘုရား၊ ကျောင်းတော်ကိုလာရတာ တပည့်တော်အတွက် အလွန်အန္တရာယ် များပါသည်၊ မြန်ဆန်စွာ မောင်းနှင်နေကြသည့် များပြားလှသော မြင်းရထားများသည် တပည့်တော်ကို အချိန်မရွေး နင်းသွားနိုင်, တိုက်သွားနိုင်ပါသည်၊ ရတနာသုံးပါးကို အာရုံပြုခိုက်မဟုတ်ဘဲ ရုတ်တရက်သေသွားလျှင် မကောင်းသည့်ဘုံသို့ ရောက်သွားမည်လားဟု တပည့်တော် စိုးရိမ်မိပါသည်'

'မစိုးရိမ်နှင့် မဟာနာမ်၊ ရတနာသုံးပါးအပေါ် ကြာမြင့်စွာ ဆည်းကပ်ကိုးကွယ်လာခဲ့သော ဥပါသကာတစ်ယောက်သည် ကောင်းရာသုဂတိသို့သာ ရောက်မည်ဖြစ်၏။ မကောင်းသောဘုံသို့ မရောက်နိုင်။ ဥပမာအားဖြင့် ထောပတ်အိုးတစ်လုံးကို ရေထဲတွင် ခွဲလိုက်လျှင် အိုးကွဲများသာ ရေအောက်၌ကျန်ခဲ့ပြီး ထောပတ်များသည် ရေပေါ်သို့တက် လာသကဲ့သို့ပါပေတည်း'

ဤဖြစ်ရပ်၌ မဟာနာမ်သည် မိမိကိုယ်မိမိ သကဒါဂါမ်ဖြစ်မှန်းပင် မသိချေ။ ထို့ကြောင့် မည်သည့်ဖိုလ်ဝင်စားမှုကိုမျှ မပြုနိုင်ခဲ့။ မဂ်သိ/မသိ ဖိုလ်နှင့်ညှိဟူသော စကားသည် မှုချစကားသာဖြစ်ခဲ့လျှင် ဗုဒ္ဓက မဟာနာမ်ကို 'သင်-သကဒါဂါမ် ဖြစ်သည်။ ကိုယ်ရပြီးသားဖိုလ်ကို ပြန်ဝင်စားကြည့်လော'ဟု ခိုင်းမည်သာဖြစ်၏။ ယခုထိုသို့ မခိုင်းခဲ့ခြင်းကိုထောက်သောအားဖြင့် **ဖိုလ်ဝင်စားခြင်းအလုပ်ကို အရိယာတိုင်း မလုပ်နိုင် ဟူသည်မှာ ထင်ရှား၏။ ဆရာက နည်းပေးမှသာ ဖိုလ်ဝင်စားတတ်စရာ အကြောင်းရှိ၏။**

## မဂ်တုဖိုလ်တု (၃)မျိုး

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

'တရားဘာဝနာတစ်ခုခုကို နှလုံးသွင်း၍ သမာဓိအရှိန်အားကောင်းကာ ဥပစာရသမာဓိ၊ သို့မဟုတ် ဥပစာရသမာဓိနှင့် ဆင်တူအခြေအနေသို့ ဆိုက်ရောက်သောအခါ ရံခါ သမထနိမိတ်ထင်၍ ရံခါ ဘဝင်ကျတတ်၏'ဟု ဖွင့်ပြထား၏။

ထိုဖွင့်ပြချက်ကို သတိမထားမိကြသဖြင့် ယောဂီအချို့သည် သမထယာနိက နည်းဖြင့် ရှုမှတ်ရင်း ဘဝင်ကျသွားတတ်၏။ ဘဝင်ကျသွားခြင်းမှာ အိပ်ပျော်သွားခြင်းပင်ဖြစ်၏။ ထိုအခါယောဂီက 'ဘာမှမသိတော့ဘူး၊ ရှုဉာဏ်ရော၊ အရှုခံရုပ် နာမ်ရောပါ

www.burmeseclassic.com

www.burmeseclassic.com



ချုပ်သွားတယ်'ဟု ဆရာထံ အစစ်ခံ၏။ ထိုအခါ စာပေရော၊ အကျင့်ပါ အားနည်းသော ဆရာက နိဗ္ဗာန်ကို မျက်မှောက်ပြုကာ မဂ်ဖိုလ်ကျသွားတာဟု အမှားကို ဆုံးဖြတ်ပေးမိ တတ်၏။

ဘာမျှမသိတော့ဟု ပြောခြင်းမှာ ဘဝင်စိတ်သည် ပစ္စုန်ပ္ပန်အာရုံဟူသမျှကို လုံးလုံး အာရုံမပြုတော့ဘဲ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်မျိုးမျိုးကိုသာ အာရုံပြုသောကြောင့်ဖြစ်၏။ အံ့ဖွယ်တိုက်ဆိုင်နေပုံကား ဖိုလ်ဝင်စားလိုသူသည် နာရီဝက် တစ်နာရီစသည်ဖြင့် မိမိအလိုရှိသလောက် ဝင်စားနိုင်သကဲ့သို့ ဘဝင်ကျလိုသူသည် လည်း နာရီဝက်, တစ်နာရီစသည်ဖြင့် မိမိအလိုရှိသလောက် အဓိဋ္ဌာန်ပြီး ဘဝင် ကျနိုင်ခြင်းပင် ဖြစ်၏။ ဥပမာအားဖြင့် မနက်လေးနာရီတိတိတွင် အိပ်ရာမှထမည်ဟု အဓိဋ္ဌာန်ပြီးအိပ်သူသည် မနက်လေးနာရီတိတိတွင် နိုးလာခြင်းမျိုးပင်ဖြစ်၏။

တဏှာရာဂသည် မိမိချစ်ခင်သူ၏ ကောင်းကွက်ကိုသာ မြင်တတ်သကဲ့သို့ မေတ္တာသည်လည်း သတ္တဝါတို့၏ကောင်းကွက်ကိုသာ မြင်တတ်၏။ ထိုသို့ ကောင်း ကွက်ကို မြင်ပုံချင်းတူသောကြောင့် တဏှာရာဂသည် မေတ္တာယောင်ဆောင်၍ လူသား တို့အား လှည့်ပတ်တတ်၏။ ထို့အတူ ဘဝင်ကျခြင်းသည်လည်း ပရိယတ်နှင့် ပဋိပတ် အပါးမဝသော ယောဂီနှင့်ဆရာတို့အား ဖိုလ်ဝင်စားနေသယောင် လှည့်ပတ် တတ်သည်ကို အထူး သတိထားသင့်ပါ၏။

သမာဓိအားကောင်းချိန်တွင် ပေါ်လာတတ်သော အန္တရာယ်ဆယ်ပါးတွင် ပဿဒ္ဓိသည် သူ့ကို မဂ်ဖိုလ်ဟုထင်အောင် ယောဂီအား အလှည့်စားတတ်ဆုံးတရား ပင်ဖြစ်၏။ ကိုယ်စိတ် အေးချမ်းပေ့ါပါး နူးညံ့နေခြင်းကို ပဿဒ္ဓိဟုခေါ်၏။ ပဿဒ္ဓိ အားကြီးသော ယောဂီအချို့မှာ ရုပ်နာမ်သင်္ခါရတို့ကို မရှုပွားရဘဲ အတော်ကြာကြာ လစ်လစ်နေတတ်သည်။ အချို့လည်း သက်တောင့်သက်သာ အလိုက်သင့် ရှုပွားရင်းမှ ဖျတ်ကနဲ လစ်သွားသလို ဖြစ်တတ်၏။

အချို့လည်း ရှုပွားရင်း တဖြည်းဖြည်းသိမ်မွေ့လာပြီး မှေး၍မှိန်၍ ငြိမ်၍ မိုက်ခနဲလစ်ကာ အေးချမ်းခြင်းမှတစ်ပါး ဘာမျှမသိတော့ဟု ဆိုတတ်ကြ၏။ ပဿဒ္ဓိ အခိုက်တွင် အေးချမ်းမှု ထင်ထင်ရှားရှားဖြစ်ပွားလျက် ကိုယ်စိတ်နှစ်ပါး အထူးလန်း ဆန်းစွာ သွက်လက်ပေ့ါပါးနေခြင်း၊ သိမ်မွေ့နူးညံ့ခြင်း၊ မပင်ပန်းခြင်း၊ အဆင်ပြေခြင်း၊ ရှုချက်တိုင်း တည့်တည့်မတ်မတ် ကွက်တိနှလုံးသွင်းနိုင်ခြင်း စသည်တို့ကြောင့် အချိန် ကြာမြင့်စွာ မညောင်းမညာမနာကျင်ဘဲ ရှုပွား၍ကောင်းနေတတ်၏။ ယင်းသို့ အလွန် အေးချမ်းသော သဘောလက္ခဏာရှိသည့်အတွက် ယောဂီအများစုမှာ မဂ်ဖိုလ်ဟု ထင်တတ်ကြ၏။

မဂ်ဖိုလ်သည် ရုပ်နာမ်သင်္ခါရကို အာရုံမပြုဘဲ၊ သင်္ခါရချုပ်ရာ နိဗ္ဗာန်ကိုသာ အာရုံပြုသည်။ ရုပ်နာမ်တို့ ချုပ်ငြိမ်းနေမှုကိုပင် အေးငြိမ်းခြင်းဟု တင်စားပြောဆိုခြင်း ဖြစ်၏။ နိဗ္ဗာန်တွင် ရုပ်နာမ်ချုပ် ငြိမ်းအေးချမ်းခြင်း သန္တိလက္ခဏာသာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို ငြိမ်းအေးသော အရသာကို ခံစားခြင်းသဘော ဝေဒယိတလက္ခဏာ မရှိပေ။ ပဿဒ္ဓိ ကား နိဗ္ဗာန်ချမ်းသာနှင့် ပြောင်းပြန်ဖြစ်၏ ပဿဒ္ဓိကား ရုပ်နာမ်သင်္ခါရတို့၏ အဖြစ် အပျက်ကိုလည်း အာရုံပြုသည်။ အေးချမ်းမှုကိုလည်း ခံစားသည်။ သောက သည် ကရုဏာယောင်ဆောင်၍ သတ္တဝါများကို လှည့်ပတ်တတ်သကဲ့သို့ ပဿဒ္ဓိသည် မဂ် ဖိုလ်ယောင်ဆောင်၍ ယောဂီများကို လှည့်ပတ်တတ်၏။

တတိယမြောက် မဂ်တုဖိုလ်တုသည် စတုတ္ထစျာန်ဝင်စားခြင်းပင်ဖြစ်၏။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောစျာန်ကို စတုတ္ထစျာန်ဟု ခေါ်၏။ ထိုစျာန်သည် ထွက်သက်ဝင်သက် ပညတ်၌ဖြစ်စေ၊ ဖောင်းခြင်းပိန်ခြင်းဟူသော ပညတ်၌ ဖြစ်စေ၊ မြေကသိုဏ်းဝန်းဟူသော ပညတ်၌ဖြစ်စေ တစ်ခုခုသောပညတ်၌ စူးစိုက်တည်ကြည်စွာ တည်နေ၏။ ပညတ်အာရုံ၌ တည်နေသော သမာဓိသည် အသက်ရှူရပ်နေသည်ဟု ထင်ရလောက်အောင် လွန်စွာ သိမ်မွေ့ငြိမ်သက်မှု ရှိသော ကြောင့် ပြင်ပအာရုံဟူသမျှ တစ်ခုမှ သိခြင်းမရှိပေ။ ထိုသို့ ပြင်ပအာရုံနှင့် အဆက် အသွယ်ပြတ်ပြီး ရပ်သွားသည်ကိုပင် တချို့ယောဂီများအတွက် မဂ်ဖိုလ်ကျသည်ဟု အထင်မှားရန် ဖြစ်လာ၏။

ထိုစျာန်ကိုလည်း ဖိုလ်ဝင်စားသကဲ့သို့ အဓိဋ္ဌာန်ဖြင့် မိမိအလိုရှိသလောက် ဝင်စားနိုင်၏။ ထို့ကြောင့် စတုတ္ထစျာန်ဝင်စားနေမှုကိုပင် မဂ်စိတ်ဖိုလ်စိတ်ကျသည် ဟူ၍ လည်းကောင်း၊ ဖိုလ်ဝင်စားသည်ဟူ၍လည်းကောင်း ယောဂီအများစု အထင်မှား မိတတ်ကြသည်။ ထို့ကြောင့် သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီးက ယောဂီနန္ဒီ ခေါ် စူဠသောတာပန်ဖြစ်စဉ် ဓာတ်ကမ္မဋ္ဌာန်းကျမ်း၌-

**'ရုပ်မှန်း၊ နာမ်မှန်း၊ အနိစ္စအချက်မှန်း၊ ဒုက္ခအချက်မှန်း၊ အနတ္တ အချက်မှန်းမသိဘဲလျက် ထွက်သက်လေ၊ ဝင်သက်လေကိုသာ အာရုံပြု၍ မှတ်နေလျှင် သမထပင်ဖြစ်သည်။ နားမလည်လျှင် တစ်သက်လုံး သိသိလေးလွဲချော်တတ်၏'**

ဟု သတိပေးတော်မူခဲ့ခြင်းဖြစ်၏။ ကုသိုလ်တရားတို့၌ အားမထုတ်ခြင်း၊ တာဝန်ကိုပစ်ချထားခြင်း နိက္ခိတ္တဓုရသည် သတ္တဝါသင်္ခါရတို့၌ လစ်လျူရှုသော ဥပေက္ခာ ယောင်ဆောင်သကဲ့သို့ စတုတ္ထစျာန်ရခြင်းသည် မဂ်ဖိုလ်ကိုရသကဲ့သို့လည်းကောင်း၊ စတုတ္ထစျာန်ကိုဝင်စားခြင်းသည် ဖိုလ်ဝင်စားခြင်းကဲ့သို့လည်းကောင်း ယောဂီများကို လှည့်စားတတ်ကြောင်း အထူးသတိထားသင့်၏။

မဂ်ဖိုလ်ရခြင်းကို ဘဝင်ကျခြင်း၊ ပဿဒ္ဓိဖြစ်မှုဖြင့်မှားခြင်း၊ စတုတ္ထစျာန်ဝင် စားမှုဖြင့်မှားခြင်းဟု သုံးမျိုးလုံးရှိရာတွင် တူညီသောအချက်တစ်ခုမှာ ထိုသုံးမျိုးလုံး တစ်မျိုးမျိုးဖြစ်နေစဉ် ဘာမျှမသိတော့ဘူးဟူသောအချက်ပင်ဖြစ်၏။ ဘာမျှမသိ တော့ဘူး ဟုဆိုခြင်းသည် မည်သည့်အမှတ်သညာမှ မရှိတော့ဘူးဟု ဆိုလိုခြင်းပင်ဖြစ် ၏။ အမှန်ကား နိဗ္ဗာန်အာရုံ၌ အမှတ်သညာရှိသည်သာဖြစ်၏။ အင်္ဂုတ္တိုရ်၌-

www.burmeseclassic.com

www.burmeseclassic.com



'နိဗ္ဗာန်သည် ငြိမ်းအေး၏၊ ငြိမ်သက်၏ဟု နှလုံးသွင်း မှတ်သားမှုသညာ ရှိ၍ ဖိုလ်ဝင်စားသော အရိယာသာဝကတို့အား တည်ကြည်မှု သမာဓိရ၏။ မြင်း၊ ကြား၊ နံ၊ စား၊ တွေ့ထိ၊ တွေးသိဟူသော အာရုံခြောက်ပါး၌ အမှတ်သညာသည် မရှိ။ မဖြစ်။ အခြားအာရုံများ ပေါ်၌ အမှတ်သညာမရှိသော်လည်း နိဗ္ဗာန်အာရုံ၌ပင် အမှတ်သညာ ရှိနေပေ၏' ဟု ဖော်ပြထား၏။

ဤအချက်ကိုထောက်၍ တရားရှုမှတ်ရင်း လစ်ကနဲဖြစ် သွားခြင်း၊ ရှုမှတ်စရာများ အားလုံးပျောက်သွားပြီး ဘာမျှမသိတော့ခြင်းကို မဂ်ဖိုလ်ဟု အထင်မမှားဖို့ အရေးကြီး၏။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့၌ ဤသို့ဆိုထား၏-

'ယောဂီပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ် မရင့်သန်သေးလျှင် နိဗ္ဗာန်ကိုအာရုံမပြုဘဲ အဖြစ်အပျက်သင်္ခါရကိုသာ အာရုံပြုနေ၏။ သင်္ခါရုပေက္ခာဉာဏ်ရင့်သန်မှ ကိလေသာကို ပယ်သတ်နိုင်သည့် မဂ်ဖြစ်ပေါ်ခြင်းကြောင့် သင်္ခါရတို့အား စွန့်လွှတ်ပြီး နိဗ္ဗာန်သို့ လွတ်လွတ်ပြေးဝင် မျက်မှောက်ပြုတော့၏။'

ဤဖွင့်ဆိုချက်အရ သင်္ခါရကိုစွန့်လွှတ်သွားရာတွင် အသိရပ်သွားခြင်း၊ မေ့သွားခြင်း၊ သတိလစ်သွားခြင်းမျိုးမဟုတ်ဘဲ ထင်ထင်ရှားရှားသိပြီး၊ လောကီအာရုံတို့မှ လွတ်သွားကာ သင်္ခါရနိမိတ်တို့ကင်းရှင်းသည့်နိဗ္ဗာန်ကို အာရုံပြုခြင်းသာဖြစ်၏။ ထိုသို့ နိဗ္ဗာန်အာရုံပြုပုံကို သေချာမသိကြသောကြောင့် စတုတ္ထဈာန်ဝင်စားသည်ကိုပင် ဖိုလ် ဝင်စားသည်ဟု အထင်ကြီးခံရသော ကလေးတစ်ယောက်ကို ကော့သောင်းမြို့တွင် တွေ့ရ၏။ သူ ဖိုလ်ဝင်စားနေချိန်တွင် ပြင်ပရှိ မည်သည့်အာရုံကိုမျှ မသိတော့။

မည်မျှထိ မသိသနည်းဆိုလျှင် သူ၏တစ်ကိုယ်လုံးကို အပ်တစ်ချောင်းမြုပ်အောင်ထိုးလျှင်ပင် မသိတော့ချေ၊ တင်ပလ္လင်ခွေထိုင်နေသောသူ့ကို တစ်နေရာသို့ မ-ရွှေ့လိုက်လျှင် မျက်စေ့မဖွင့်ဘဲ အရင်ထိုင်သောနေရာသို့ အတိအကျရောက်အောင် ပြန်လာတတ်သည်။

သူတို့ဆရာတော်ပြသော ကျင့်နည်းကို မေးကြည့်သောအခါ အာနာပါနကို အလင်းရောင်မြင်သည်အထိ ထိုင်ရသည်ဟုဆို၏။ ထိုအလင်းရောင်၏အားဖြင့် နှလုံးသားကို မြင်အောင်ကြည့်ရ၏။ နှလုံးသားကို မြင်ရသောအခါ ရုပ်အနိစ္စ-ရုပ်အနိစ္စဟု အဆက်မပြတ်ရှုပွားရ၏။ ထိုသို့ ရှုပွားရင်းမှ ရှုဉာဏ်ရော၊ အရှုခံရုပ်နာမ်ပါ ချုပ်ပျောက် သွားပြီး ဘာမျှမသိတော့ဟုဆိုသည်။ ထိုသို့ ဘာမျှမသိသောအချိန်ကို မဂ်ဖိုလ်ကျနေ သောအချိန်၊ နိဗ္ဗာန်ချမ်းသာကို ခံစားနေသောအချိန်ဟု သူတို့ဆရာတော်က သတ်မှတ်သည်။

ထိုသူငယ်သည် ထိုသို့ ဘာမျှမသိသောနေရာသို့ ခဏခဏရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဝင်စားပြနိုင်၏။ တစ်နာရီ၊ နှစ်နာရီ သူ့အဓိဋ္ဌာန်သလောက် နေနိုင်၏။ သူတို့တရားစခန်းတွင် ထိုသူငယ်သည် ဖိုလ်ဝင်စားပြနိုင်သူအဖြစ် အလွန်နာမည်ကြီးခဲ့၏။ သူတို့၏ မူလတရားစခန်းသည် မော်လမြိုင်မြို့မှဖြစ်၏။ ထိုအချိန်က သူ့အသက်သည် ၁၆-နှစ်ခန့်သာ ရှိသေး၏။ နှလုံးသားဟူသော အထည်ပုံသဏ္ဌာန် ပညတ်ရုပ်ကို စူးစိုက် ရှုပွားနေခြင်းဖြစ်၍ သူတို့ရှုပွားနည်းသည် သမထသာဖြစ်၏။ ဝိပဿနာဉာဏ် မဖြစ်။ ဝိပဿနာဉာဏ်မှ မဖြစ်လျှင် အဘယ်မှာ မဂ်ဉာဏ်ဖိုလ် ဉာဏ်ဖြစ်ပါမည်နည်း၊ ဤကား ပထမဆန်းစစ် ဝေဖန်ချက်ဖြစ်၏။

ဒုတိယဆန်းစစ်ဝေဖန်ချက်ကား ထိုသူငယ်သည် ခြင်ကောင်၊ ယင်ကောင်များကို ပေါ်ပေါ်ထင်ထင်ပင် သတ်ဖြတ်နေသေး၏။ ငါးပါးသီလမှ မလုံခြုံသေးလျှင် အဘယ်မှာ သောတာပန် ဖြစ်နိုင်ပါတော့မည်နည်း၊ သောတာပန်မှ မဟုတ်လျှင် သူ ဖိုလ်ဝင်စားသည် ဆိုသည်မှာလည်း မဖြစ်နိုင်တော့ချေ။ တစ်နေ့တွင် ထိုသူငယ်၏ ဝင်စားမှုသည် ဖိုလ်ဝင်စားမှုမဟုတ်ဘဲ ဈာန်ဝင်စားမှုသာဖြစ်ကြောင်း ဘူးပေါ်သလို ပေါ်လာ၏။ ထို သူငယ်၏ မိတ်ဆွေတစ်ယောက်သည် အတော်မကျန်းမာဖြစ်နေ၏။

အင်း၊ ဆေးတစ်ခုခုဖြင့် တိုက်ထားသည်ဟု ယူဆသောကြောင့် မိဘများက ထိုသူငယ်ထံသို့ လာမေးကြ၏။ ထိုသူငယ်က သမထမှတစ်ဆင့် သူဝင်စားနေကျဈာန်ကိုဝင်စားပြီး သမာဓိကို အမြင့်ဆုံးအဆင့်ထိ ဆွဲတင်လိုက်၏။ ပြီးလျှင် မိတ်ဆွေအိမ်ဝိုင်းတစ်ခုလုံးကို လှမ်းကြည့်၏။ အိမ်အတွင်းပိုင်း နေရာတစ်ခု၌ အင်းချပ်တစ်ချပ်ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့၏။ နိဗ္ဗာန်အာရုံရနေသော ဖိုလ်ဝင်စားသူသာဆိုလျှင် ထိုအင်း ပြားကို အဘယ်သို့ မြင်နိုင်ပါမည်နည်း။

ဤအချက်တို့ကိုထောက်၍ ဖိုလ်ဝင်စားပြနိုင်လျှင် သောတာပန်ဟု ဆုံးဖြတ်ခြင်းသည်လည်း ဧကန်မုချ မမှန်နိုင်ဟုယူဆမိသည်။ အဘယ်ကြောင့်ဆိုသော် ဈာန်ဝင်စားနေခြင်းလော၊ ဘဝင်ကျနေခြင်းလော၊ ပဿဒ္ဓိအားကောင်းနေခြင်းလော၊ ဖိုလ်ဝင်စားနေခြင်းလောဆိုသည်ကို ဆရာရောတပည့်ပါ တိတိကျကျ မဆုံးဖြတ်နိုင်သောကြောင့်ပင်ဖြစ်၏။

မိမိရသောမဂ်ကို မည်သည့်မဂ်ဟူ၍ ယောဂီတိုင်းမသိနိုင်ကြောင်း ညောင်လွန့်ဆရာတော်က 'အရိယာစစ်တမ်း'စာအုပ်တွင် ယခုလိုရေးသားခဲ့၏။

> 'မိမိတို့ ရအပ်သောတရားကို သိကုန်သော်လည်း အချို့ ပရိယတ်ကို မတတ်သိ၊ ဗဟုသုတလည်းမရှိသေးသော ပုဂ္ဂိုလ်များမူကား မိမိရအပ်၊ သိအပ်သည်ကိုကား သိ၏။ ဘာပဲဟူ၍ကား အမည်နာမ မပညတ်တတ်၊ မခေါ်ဝေါ်တတ်၊ မပြောဆိုတတ်ကြကုန်'

မဟာစည်ဆရာတော်ကလည်း ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲတွင် ယခုလို ရေးသားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'သာမန် သာဝကမျှဖြစ်သော အရိယာပုဂ္ဂိုလ်သည် မိမိ၌ ဖြစ်ပေါ်သော ဉာဏ်တို့၏ အမည်ပညတ်များကိုလည်းကောင်း ပြည့်စုံသည့် ဂုဏ်ထူးအရေအတွက်များကိုလည်းကောင်း၊ ကင်းငြိမ်းပြီး၊ မကင်းငြိမ်းသေးသော ကိလေသာတို့၏ အပိုင်းအခြားကိုသော်လည်းကောင်း၊ ကိုယ်ပိုင်ဉာဏ်ဖြင့် မသိနိုင်ရာ။'

ပြည့်စုံသောဂုဏ်ထူးများကို မသိရာ၌ အနာထပိဏ်သူဌေးကြီးစသော အရိယာတို့အား ဂုဏ်ထူးများစုံလင်စွာသိစေရန် သောတာပတ္တိယင်္ဂစသော တရားများကို ဟောကြားတော်မူရပေသည်။ ဤသို့ ဟောပြရသည်ကို ထောက်၍ သာမန်သာဝကသည် အရိယာ၏ဂုဏ်ထူးများကို မိမိအလိုလို စုံလင်စွာမသိနိုင်ဟု မှတ်သားအပ်၏။

ဤရေးသားချက်အရ အရိယာတို့၏ဂုဏ်ထူးများကို သာမန်ပုထုဇဉ်များ မဆိုထားနှင့် သောတာပန်တိုင်းပင် မသိနိုင်ဟု နားလည်နိုင်၏။ ထို့ကြောင့် အရိယာတို့၏ ဂုဏ်ရည်များကို ရနိုင်သမျှ ရှာဖွေဖော်ပြအံ့။

## သောတာပန်၏ဂုဏ်ရည်များ

၁။ ရတနာသုံးပါးကို မတုန်မလှုပ်သက်ဝင်ကြည်ညိုရာဝယ် အသက်နှင့်ပင် လဲနိုင်၏။

၂။ ငါးပါးသီလလုံခြုံအောင်လည်း အသက်နှင့်လဲ၍ စောင့်ထိန်းနိုင်၏။

၃။ သရဏဂုံလည်း မညှိုးနွမ်းမပျက်ယွင်းဘဲ အလွန်ခိုင်မြဲ၏။

၄။ ဝိပဿနာဘာဝနာမှာ မွေ့လျော်နိုင်ပြီဖြစ်၍ ဆရာနည်းရလျှင် သောတာပတ္တိဖိုလ်၌ အလိုရှိတိုင်း ဝင်စားနိုင်၏။

၅။ ရုပ်နာမ်ခန္ဓာကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ အယူအစွဲ လုံးလုံးကင်းစင်သွား၏။

၆။ ဗုဒ္ဓဒေသနာ၌ ယုံမှားခြင်းအလျှင်းမရှိတော့ပေ။

၇။ သံသရာဝဋ်မှ ကျွတ်လွတ်ရန် ဘုရားနည်းမှတစ်ပါး အခြားနည်းမှားများဖြင့် မကျင့်ကြံတော့ပေ။

၈။ အနိစ္စဖြစ်သောခန္ဓာကို နိစ္စဟူ၍လည်းကောင်း၊ အနတ္တဖြစ်သောခန္ဓာကို အတ္တဟူ၍လည်းကောင်း၊ အမှတ်မှား၊ အသိမှား၊ အယူမှားခြင်းကင်း၏။ ထို့မှတစ်ပါး ဒုက္ခကို သုခဟူ၍၊ အသုဘကို သုဘဟူ၍ အယူမှားခြင်း ကင်း၏။

၉။ ထေရဝါဒဗုဒ္ဓဘာသာမှတစ်ပါး အခြားသော ဘာသာအယူဝါဒများကိုယုံကြည်လက်ခံ ကိုးကွယ်ခြင်း မရှိတော့ပေ။ ဂိုဏ်းဆရာ၊ ရဟန္တာဆန်းနှင့် ထွက်ရပ်ပေါက် ဝိဇ္ဇာဆိုသူများကို ရှာဖွေဆည်းကပ်ခြင်း၊ ဘိုးတော် မယ်တော်၊ (၃၇)မင်း၊ အတွင်းနတ်၊ အပြင်နတ်ပါမကျန် အစိမ်းသရဲမျိုးစုံကို

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဦးခန်းတင်လျက် ဘုရားနှင့်တစ်တန်းတည်းထားကာ ပွဲထိုးပသခြင်းမျိုးလည်း မပြုလုပ်တော့ပေ။

၁၀။ ပဋ္ဌာနန္တရိယကံကိုလည်း မကြံစည်၊ မကျူးလွန်၊ မမှားယွင်းတော့ပေ။

၁၁။ ကျေးဇူးရှင်ကို ကျေးဇူးကန်းခြင်း၊ ကျေးစွပ်ခြင်းအမှုမျိုးလည်း မပြုလုပ်တော့ပေ။

၁၂။ အဂတိလေးပါးလိုက်စားခြင်း အလျှင်းမရှိတော့ပေ။

၁၃။ ငြင်းခုံ၊ ခိုက်ရန်ပွားခြင်းလည်းမပြုတော့ပေ။

၁၄။ အကုသိုလ်ဒုစရိုက်မှုတို့ဖြင့် စီးပွားမရှာတော့ပေ။

၁၅။ ကာမရာဂ၊ ဒေါသ၊ မာန အကြွင်းစားများပါးလျား၍ အပါယ်ရောက်လောက်အောင် မဖြစ်ပွားတော့ပေ။

၁၆။ အရိယာဖြစ်ပြီးသောကြောင့် စိတ်ကစဥ့်ကလျားဖြစ်ခြင်း၊ ရှုးသွပ်ခြင်းမရှိတော့ပေ။

၁၇။ အပြစ်ကို ဟန်ဆောင်ဖုံးကွယ်ခြင်းမာယာ ကင်းရှင်း၏။

၁၈။ မရှိသောဂုဏ်ကို လီဆယ်၍ထုတ်ဖော်ခြင်း သာဌေယျလည်း ကင်းရှင်း၏။

၁၉။ သူတစ်ပါးကောင်းစားသည်ကို မနာလို မရှုဆိတ်နိုင်ခြင်း ဣဿာ။ မိမိနှင့်စပ်ယှက်ပတ်သက်သမျှကို ဝန်တိုစွာအခြားသူအား မသက်ဆိုင်စေလိုခြင်းဟူသော မစ္ဆရိယစိတ် မရှိတော့ပေ။

၂၀။ ဂုဏ်တုဂုဏ်ပြိုင်ပြုလုပ်ခြင်းကိုလည်း ရှောင်ကြဉ်၏။

၂၁။ စွန့်ကြဲပေးကမ်းလှူဒါန်းရာတွင် တွန့်တိုခြင်းမရှိ၊ ရက်ရော၏။ သမ္မဇဉ်ဉာဏ်ယှဉ်၍သာ လှူ၏။

၂၂။ အကုသိုလ်ကိလေသာ ကြားခိုလျှင် ခိုမှန်းသိကာ၊ နောက်စိတ်က ချက်ခြင်းရှုမှတ်ပစ်နိုင်သည်။ လောဘ ဒေါသစသော ကိလေသာကား ဖြစ်သေး၏။ သို့သော် ရှုမှတ်နိုင်သောကြောင့် ဖြစ်ကြောတိုသည်။

၂၃။ တရားရှုမှတ်နေခြင်းဖြင့် စိတ်ငြိမ်သက်မှု၊ ကိလေသာငြိမ်းအေးမှု ရရှိနေသည်ကို ကိုယ်တိုင်သိသည်။

၂၄။ မိမိရရှိထားသော အသိအမြင်တရားမျိုး အခြားဘာသာအယူဝါဒတို့၌ မရှိဟု ပြတ်သားစွာနားလည်၏။

၂၅။ အပြစ်ကျူးလွန်မိလျှင် ချက်ခြင်းတောင်းပန်ဝန်ချသည်။ အာပတ်တစ်ခုခုကျူးလွန်မိလျှင် ချက်ခြင်းကုစားသည်။

၂၆။ လောကဝတ္တရားကိုလည်း ပြည့်စုံအောင် ဆောင်ရွက်သည်။ ဆောင်ရွက်ရင်းပင် တရားကိုလည်း ရအောင်ကျင့်သည်။ လောကဝတ္တရားကို ဆောင်ရွက်ရင်း မိမိအကျင့်တရားကို အလျှော့မခံ။

၂၇။ ဘုရားတရားတော်ကို လိုလားနှစ်သက်စွာ နာကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၈။နာကြားရသောအခါ တရားသဘောအဓိပ္ပါယ်ကိုလည်း ကောင်းစွာသဘော ပေါက်နားလည်သည်။

၂၉။သစ္စာလေးပါးကို ဉာဏ်ဖြင့်မြင်ပြီးဖြစ်၏။ (ဒိဋ္ဌဓမ္မော)

၃၀။သစ္စာလေးပါးသို့ ရောက်ပြီးဖြစ်၏။ (ပတ္တဓမ္မော)

၃၁။သစ္စာလေးပါးကို ဉာဏ်ဖြင့် သေချာစွာသိပြီးဖြစ်၏။ (ဝိဒိတဓမ္မော)

၃၂။သစ္စာလေးပါးကို ဉာဏ်ဖြင့်သက်ဝင်ပြီးဖြစ်၏။ (ပရိယောဂါဠှဓမ္မော)

၃၃။ယုံမှားခြင်းကို လွန်မြောက်ပြီးဖြစ်၏။ (တိဏ္ဏဝိစိကိစ္ဆော)

၃၄။သို့လောသို့လော တွေးတောခြင်းမှ ကင်းရှင်း၏။ (ဝိဂတကထံကထော)

၃၅။တရားနှင့်ပတ်သက်လာလျှင် မကြောက်မရွံ့နောက်မတွန့်သည့် ရဲရင့်ခြင်း လည်းရှိ၏။ (ဝေသာရဇ္ဇပတ္တော)

၃၆။သူတစ်ပါးကို အားထားရခြင်းကင်း၏။ (အပရပ္ပစ္စယော)။

## သောတာပန်အမျိုးအစားများ

သောတာပန်ပုဂ္ဂိုလ်တို့သည် ဘဝအပိုင်းအခြားအားဖြင့် လူ့ပြည်နှင့် နတ်ပြည်တို့၌ ခုနစ်ဘဝသာဖြစ်၍ နိဗ္ဗာန်သို့ဝင်စံမည့် သတ္တက္ခတ္တုပရမ သောတာပန်၊ လူ့ပြည် နတ်ပြည်တို့၌ နှစ်ဘဝမှ ခြောက်ဘဝသာဖြစ်၍ နိဗ္ဗာန်သို့ဝင်စံမည့် ကောလံကောလ သောတာပန်။ လူ့ပြည်နတ်ပြည်တို့၌ တစ်ဘဝသာဖြစ်၍ နိဗ္ဗာန်သို့ဝင်စံမည့် ဧကဗီဇသောတာပန်ဟုသုံးမျိုးရှိသည်။ *(အံ၊ ၁၊ ၂၃၄)*

ဘဝအကြိမ် ရေတွက်မှုနှင့်ပတ်သက်၍ ညောင်လေးပင်တောရ ဆရာတော်က ဝိသုဒ္ဓိမဂ် အရသာကျမ်း၌ လူ့ဘုံနတ်ဘုံ တစ်ခုမှတစ်ခုသို့ ကူးပြောင်းခြင်းကို ဘဝတစ်ကြိမ်ဟုသတ်မှတ်ကြောင်း လူ့ဘုံသက်သက်၊ နတ်ဘုံသက်သက်ချည်း ဖြစ်နေပါက ဘဝရာထောင်ဖြစ်စေကာမူ တစ်ဘဝသာရေတွက်ကြောင်း ရေးသားထား၏။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌လည်း သောတာပန်တို့၏ ဘဝအရေအတွက်သည် ကာမသုဂတိ (၇)ဘုံ၌သာ ကန့်သတ်ချက်ရှိပြီး ဗြဟ္မာဘုံတို့၌ကား ပဋိသန္ဓေအကြိမ်များစွာ ယူနိုင်ကြောင်း ဖွင့်ပြထား၏။

**(မှတ်ချက်)။** *။ဘုံစဉ်စံသောတာပန်ဟူ၍ အထူးသောတာပန်တစ်မျိုး ရှိသေး၏။ ထို ဘုံစဉ်စံ သောတာပန်တို့သည် ကျရောက်သော နတ်ဘုံမှအစ (အသညသတ်မပါ) ဗြဟ္မာဘုံအားလုံး အဆုံးတိုင်အောင် အစဉ် အတိုင်းတက်၍ အကနိဋ္ဌဗြဟ္မာဘုံ၌ ခန္ဓာဇာတ်သိမ်းမည်ဖြစ်၏။*

သောတာပတ္တိမဂ်ကို ရပြီးသည့်နောက်၌ပင် ဘဝတဏှာသည် ထိုမျှလောက်ထိ ဒုက္ခလိုက်ပေးသေးသည်ကို ယောဂီတိုင်း သတိပြုသင့်၏။ လူသားအပေါ် ဘဝအဆက်ဆက်က အနိုင်ယူခဲ့သောတဏှာသည် လူသားက သောတာပတ္တိမဂ်ကို ရသွား

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် လေးပုံတစ်ပုံ အရှုံးပေးလိုက်ပြီဖြစ်၏။

မင်္ဂတစ်မင်္ဂဖြစ်လျှင် တဏှာတစ်ပုံစီကိုသတ်စေရာ လေးမင်္ဂရမှ တဏှာအားလုံး ကုန်မည်ဖြစ်သည်။ တဏှာလေးပုံကို တပ်လေးတပ်နှင့် တင်စားရမည်ဆိုလျှင် သောတာပန်လူသားကို တဏှာတပ် တစ်တပ်သည် အရှုံးပေးလိုက်ရပြီဖြစ်၏။ သို့သော် ရိုးရိုး အရှုံးပေးခြင်းမဟုတ်။

ဇာတ်လိုက်က လူဆိုးကို သေနတ်ဖြင့်ပစ်သတ်ရာ ထိမှန်ပြီး လဲကျအရှုံးပေးရ၏။ သို့သော် သေအံ့မူးမူးအချိန်တွင် သေနတ်ဖြင့် တစ်ချက်ပြန်ပစ်ပြီး ဇာတ်လိုက်ကို ဒဏ်ရာရအောင်လုပ်သွားသကဲ့သို့ တဏှာသည် သောတာပန်ကို လေးပုံတစ်ပုံ အရှုံးပေးလိုက်ရသော်လည်း ဘုံစဉ်စံဘဝဖြင့် ခန္ဓာဒုက္ခခံရအောင် လုပ်ခဲ့ပေ သေး၏။ သတိပြုကြပါလေ။ ဂေါတမမြတ်စွာဘုရားသာသနာတွင် ဘုံစဉ်စံ သောတာပန်များ အနေဖြင့် အနာထပိဏ်၊ ဝိသာခါ၊ စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေက ဝဏ္ဏနတ်သား၊ နာဂဒတ္တနတ်သား၊ သိကြားမင်းတို့သည် ထင်ရှားခဲ့ပေသည်။

သောတာပန်ပုဂ္ဂိုလ်သည် ပြဋ္ဌာန်းသောဓုရအားဖြင့် သဒ္ဓါပြဋ္ဌာန်းသော သဒ္ဓါဓုရသောတာပန်၊ ပညာပြဋ္ဌာန်းသော ပညာဓုရသောတာပန်ဟူ၍ နှစ်မျိုးရှိ၏။ ရတနာသုံးပါးကို ကြည်ညိုယုံကြည်သော သဒ္ဓါစေတ်ဦးဆောင်၍ သောတာပန်တည်သူကို သဒ္ဓါဓုရသောတာပန်ဟူ၍ ခေါ်၏။ အနာထပိဏ်သူဌေးကဲ့သို့တည်း။ ပရမတ်ရုပ်နာမ်ကို ထိုးဖောက်သိမြင်သော ပညာစေတ်ဦးဆောင်၍ သောတာပန်တည်သူကို ပညာဓုရ သောတာပန်ဟုခေါ်၏။

အနာထပိဏ်သူဌေးကြီးသည် သဒ္ဓါဓုရသောတာပန်ဖြစ်၍ ဒါနအားသန်၏။ ထို့ကြောင့်လည်း မထေရ်မြတ်များက သူဌေးကြီးကို တရားဟောခွင့်ကြုံလျှင် ဒါနကြောင်းလောက်သာ အဟောများ၏။ တစ်နေ့ အနာထပိဏ်သူဌေးကြီး သေမည့်ရောဂါစွဲကပ်ကာ အိပ်ရာ၌ လဲနေ၏။ တရားနာယူလိုကြောင်း လျှောက်ထားသောကြောင့် အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာ မထေရ်မြတ်နှစ်ပါး ကြွလာကြ၏။ သစ္စာတရားကို မဟောဘဲ မေတ္တာတရားကို ဟောမိသောကြောင့် ဗြဟ္မာဘုံသို့ရောက်သွားရသော ဓနဉ္စာနိပုဏ္ဏားကြီးအဖြစ်ကို အမှတ်ရသောကြောင့်ထင်သည်။ အရှင်သာရိပုတ္တရာသည် တခြားတရားများကို မဟောတော့ဘဲ စေတ်တရား၊ ပရမတ်တရား၊ သစ္စာတရားကို ဟောကြားတော်မူ၏။ တရားဆုံးသောအခါ အနာထပိဏ်သူဌေးကြီးသည် သည်းစွာငိုကြွေး၏။ ထိုအခါ အရှင်အာနန္ဒာက မေးမြန်း၏။

'သူဌေးကြီး ဥစ္စာပစ္စည်း၊ သားသမီး၊ မိမိခန္ဓာကိုယ်၊ အဘယ်ရာကို ငဲ့ကွက်သောကြောင့် ငိုကြွေးသနည်း'

'ထိုအရာတို့ကြောင့် ငိုကြွေးခြင်း မဟုတ်ပါ'

'သို့ဖြစ်ပါလျှင် အဘယ်အရာကြောင့် ငိုကြွေးသနည်း'

'တပည့်တော်သည် အရှင်မြတ်တို့အား ဆည်းကပ်ကိုးကွယ်သည်မှာ ကြာလ

www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်လှပါပြီ၊ သို့ဖြစ်ပါလျက် ယခုကဲ့သို့ နက်နဲသိမ်မွေ့ပြီး အနှစ်သာရပြည့်ဝသော တရားမျိုးကို တစ်ကြိမ်တစ်ခါမှ မနာကြားရဖူးပါ။ ယခုလို သေခါနီးအချိန်ကျမှသာ နားကြားရသဖြင့် ဝမ်းနည်းပြီး ငိုကြွေးမိခြင်းပါဘုရား'

'သူဌေးကြီး ခါတ်တရား၊ ပရမတ်တရားတို့သည် ကိလေသာပါးလျားပြီး၊ ဉာဏ်ပညာ ကြီးမားသူတို့အတွက်ကား သင့်လျော်၏။ သူဌေးကြီးသည် သဒ္ဓါ အားသန်သူဖြစ်သောကြောင့် မထေရ်မြတ်တို့က ဟောမပေးကြခြင်းဖြစ်သည်'

'အရှင်မြတ်တို့အား ဒကာ, ဒကာမအားလုံးကိုယ်စား တပည့်တော် လျှောက်ထားတောင်းပန်ပါတယ်။ လူပုဂ္ဂိုလ်တွေထဲမှာလည်း ကိလေသာပါးလျားပြီး ဉာဏ်ပညာကြီးမားတဲ့ပုဂ္ဂိုလ်များ ရှိကြပါသည်။ ဒီလို နက်နဲတဲ့တရားတွေ မနာရတဲ့အတွက်ကြောင့် တရားရဖို့အခွင့်အရေးတွေ ဆုံးရှုံးသွားနိုင်ပါသည်။ ဒါ့ကြောင့် သေခါနီးကျမှ တပည့်တော်လို မျက်ရည်မကျရအောင် လူပုဂ္ဂိုလ်များကိုလည်း အခါအားလျော်စွာ အရှင်မြတ်တို့က ခါတ်တရား၊ ပရမတ်တရားတို့ကို ဟောပေးတော်မူကြပါဘုရား'

ဤဖြစ်ရပ်ကိုထောက်၍ သူဌေးကြီးသည် သဒ္ဓါပြဋ္ဌာန်းပြီး သောတာပန်တည်ခဲ့သူဖြစ်ကြောင်း ထင်ရှား၏။ သဒ္ဓါဓုရသောတာပန်သည် ပညာဓုရသောတာပန်လောက် ရုပ်တရား၊ နာမ်တရားတို့အပေါ်၌ ပြတ်သားရှင်းလင်းစွာ သိရှိနားလည်ခြင်းမရှိပေ။

ထို သဒ္ဓါဓုရသောတာပန်ကို ရည်ညွှန်း၍ သံယုတ်ပါဠိတော် ပထမ ဂိဉ္စကာဝသထသုတ်တွင် ဗုဒ္ဓက ဘုရား, တရား, သံဃာ,ကို အသက်နှင့်လဲပြီး ကြည်ညိုသူ၊ ငါးပါးသီလကို အသက်နှင့်လဲပြီးလုံခြုံသူကို သောတာပန်အဖြစ် သတ်မှတ်ပေးတော်မူခဲ့ခြင်းဖြစ်သည်။

ရှေ့၌ပြခဲ့သော သူရမ္ဗဋ္ဌအမည်ရှိ သောတာပန်ဒကာသည်ကား ပညာဓုရသောတာပန်မျိုး ဖြစ်ပါသည်။ မာရ်နတ်က ဘုရားယောင်ဆောင်ပြီး ခန္ဓာငါးပါးတွင် ခိုင်မြဲသော၊ အနှစ်သာရရှိသော ခန္ဓာအချို့ ရှိသေးသည်ဟုဟောသောအခါ လက်မခံဘဲ မိမိအိမ်ထဲမှ နှင်ထုတ်နိုင်သည်အထိ ရဲရင့်ခြင်းမှာ ရုပ်နာမ်အပေါ် အနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ် အသိဉာဏ်ပြတ်သားသော ပညာဓုရသောတာပန် ဖြစ်သောကြောင့်ပင်။

သဒ္ဓါဓုရသောတာပန်သည် အကျင့်အားဖြင့် ဒုက္ခပဋိပဒါဒန္ဓာဘိညာ အကျင့်ဆင်းရဲ၊ တရားရနှေးသည့် သောတာပန်။ ဒုက္ခပဋိပဒါခိပ္ပါဘိညာ အကျင့်ဆင်း ရဲ၊ တရားရ,မြန်သည့် သောတာပန်၊ သုခပဋိပဒါ ဒန္ဓာဘိညာ အကျင့်ချမ်းသာ၊ တရားရ, နှေးသည့် သောတာပန်၊ သုခပဋိပဒါခိပ္ပာဘိညာ၊ အကျင့်ချမ်းသာ၊ တရားရ, မြန်သည့် သောတာပန်ဟု လေးမျိုးရှိ၏။

ပညာဓုရသောတာပန်သည်လည်း ထို့အတူ လေးမျိုးပင်ရှိ၏။ ထို့ကြောင့် ဧကဗီဇသောတာပန်(၈)ယောက်၊ ကောလံကောလ သောတာပန် (၈)ယောက်၊ သတ္တက္ခတ္တုပရမသောတာပန် (၈)ယောက်အားဖြင့် သောတာပန်အမျိုးအစားပေါင်း

www.burmeseclassic.com

www.burmeseclassic.com



(၂၄)ယောက်ရှိ၏။ အကျင့်အားဖြင့် လေးမျိုးကွဲပြားသော သောတာပန်များအနက် လွယ်ကူသောအကျင့်၊ လျင်မြန်သော အသိဉာဏ်ဖြင့် တရားရကြသော သောတာပန်များကို ဝိပဿနာလိုက်စားသော ယောဂီအများစုက အထင်သေးတတ်ကြသည်။ သူ့အသိက စာသိတွေပါ၊ သညာသိတွေပါ ဆိုပြီးလည်း ကဲ့ရဲ့တတ်ကြသည်။

လူတစ်ယောက်နှင့်တစ်ယောက် ပါရမီချင်း၊ ဉာဏ်ပညာချင်း တူညီနိုင်ကြသည်မဟုတ်ပေ။ ဗုဒ္ဓလက်ထက်က ဆင်းရဲပင်ပန်းစွာကျင့်ပြီးမှ တရားရသူရှိသလို အလစ်သုတ်သမား ဂိဏ္ဍိဘေဒကကဲ့သို့ တရားတစ်ပုဒ်အဆုံးမှာ ချမ်းသာလွယ်ကူစွာ တရားရသူလည်းရှိ၏။ ယခုခေတ်အချိန်တွင်လည်း ထို့အတူပင်ဖြစ်ပါသည်။

မိမိကိုယ်တိုင် ကြာမြင့်စွာ၊ ဆင်းရဲစွာကျင့်မှ တရားရသလို အခြားသူအားလုံးကိုလည်း ကြာမြင့်စွာ၊ ဆင်းရဲစွာကျင့်မှ တရားရမည်ဟု ပုံသေမှတ်ထားခြင်းသည် အသီးသီး ဆည်းပူးလာခဲ့ကြသော ပါရမီအနုအရင့်ကို မထေမဲ့မြင်ပြုရာရောက်၏။ အရိယာဖြစ်ပြီးသူကို ကဲ့ရဲ့မိပါက အရိယူပဝါဒကံ ထိုက်နိုင်သည်ကိုလည်း အထူးသတိပြုသင့်၏။ ဖော်ပြပါ သောတာပန် ဂုဏ်ရည်များနှင့်ပြည့်စုံလျှင် ပင်ပန်းစွာကျင့်၍ ရသည်ဖြစ်စေ၊ ချမ်းသာစွာကျင့်၍ ရသည်ဖြစ်စေ သောတာပန်ဟု သတ်မှတ်ရမည်သာ။

'မင်္ဂတားဖိုလ်တားအန္တရာယ်များ'စာအုပ်ကိုဖတ်ပြီး တစ်ညတာရှုပွားရုံနှင့် တရားထူးရသွားသည်ဟု ယူဆနိုင်သော အတန်ရာထူးကြီးသည့် အရာရှိတစ်ယောက်ကို ကော့သောင်းမြို့၌ တွေ့ခဲ့ရ၏။ သူ ရောက်နေသောနေရာသည် မသမာသောနည်းဖြင့် ငွေအများဆုံးရသောနေရာဖြစ်၏။ ဤနေရာသို့ရောက်အောင် သူသည် ငွေအတော်များများ အကုန်ခံခဲ့ရ၏။ တရားတော်၏ တန်ခိုးကြောင့် ပြောင်းလဲသွားသောသူ၏စိတ်ဓာတ်အား သူပြောစကားကိုနားထောင်ပြီး အဖြေရှာကြည့်ပါ။

'တပည့်တော် ဒီမြို့ကို ရောက်အောင်လာခဲ့တာ တရားတဲ့နည်းနဲ့ရော၊ မတရားတဲ့နည်းနဲ့ရော ငွေများများရအောင်ယူဖို့ လာခဲ့တာပဲဘုရား၊ ဒါပေမယ့် 'မင်္ဂတားဖိုလ်တား အန္တရာယ်များ'စာအုပ်ကိုဖတ်ပြီးတဲ့ညမှာ တစ်ကြိမ်ပဲ တရားရှုမှတ်လိုက်တာ၊ တပည့်တော် ဉာဏ်ထဲမှာ ပြတ်သားရှင်းလင်းပြီး စိတ်လည်း အေးချမ်းတည်ငြိမ်သွားတယ်ဘုရား၊ ရှင်းလင်းပြတ်သားတယ်ဆိုတာက မရပ်မနားဖြစ်ပျက်နေတဲ့ ခန္ဓာငါးပါးပဲ ရှိတယ်၊ ငါဆိုတာ မရှိဘူးဆိုတာကို တကယ်သိသွားတာပါဘုရား'

'စိတ်အေးချမ်း တည်ငြိမ်သွားတယ်ဆိုတာကတော့ ငါမဟုတ်တဲ့၊ သူ့သဘောသူဆောင်နေတဲ့ ခန္ဓာငါးပါးကို မတရားတဲ့နည်းနဲ့ လုပ်ကျွေးချင်တဲ့ ဝိသမလောဘတွေ ကင်းပျောက်သွားတာကို ပြောတာပါဘုရား၊ ငရုပ်သီးထဲမှာဖြစ်တဲ့ပိုးဟာ ပူလောင်လို့ ပူလောင်မှန်းမသိသလို၊ တရားမသိတဲ့ ပုထုဇဉ်တွေဟာလည်း ဝိသမလောဘမီးတွေ ပူလောင်လို့ ပူလောင်မှန်းလည်း မသိခဲ့ပါဘူးဘုရား။ မသိလို့လည်း မီးကိုမငြိမ်းကြတာပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'အိမ်တစ်အိမ် လောင်နေတဲ့မီးကို ဘေးကလူတွေ ဝိုင်းကူငြိမ်းလို့ ရနိုင်ပေမယ့် မိမိ အဇ္ဈတ္တသန္တာန်မှာ လောင်နေတဲ့မီးကတော့ ဘေးလူတွေကူငြိမ်းလို့ မရနိုင်ပါဘူး ဘုရား၊ ကျင့်ကြံပွားများတဲ့ တရားနဲ့ငြိမ်းမှပဲ ငြိမ်းနိုင်ပါတယ်၊ မတရားသဖြင့်လိုချင်တဲ့ ဝိသမလောဘတွေ ကင်းသွားတာနဲ့ အရင်က တစ်ကြိမ်တစ်ခါမှ မခံစားဖူးတဲ့ တည်ငြိမ်အေးချမ်းတဲ့အရသာကို တပည့်တော် ခံစားရပါတယ်'

'အရင်တုန်းက ကိုယ့်ကိုယ်ကို တစ်ခါမှမကြည်ညိုဖူးပါဘူး၊ ကြည်ညိုရမှန်းလည်း မသိပါဘူးဘုရား၊ မတရားသဖြင့်လိုချင်တဲ့ ဝိသမလောဘစိတ်တွေ ကွာသွားမှ ကိုယ့်ကိုယ်ကို တကယ်ကြည်ညိုလာပါတယ်ဘုရား၊ ငွေရသလောက် ရှာဖို့လာခဲ့တဲ့ တပည့်တော်ဟာ အခုတော့ မတရားနည်းနဲ့ ရမယ့်ငွေတွေကို မလိုချင်တော့ဘူးဘုရား၊ ဒါ့ကြောင့် ဒီဌာနနဲ့ ဒီအလုပ်က အပြီးထွက်ဖို့ အထက်ကို ထွက်စာတင်ထားပါပြီဘုရား'

'အလုပ်ကထွက်ပြီးတာနဲ့ ရန်ကုန်မှာ တက္ကစီကားလေးမောင်းပြီး သား, မယား ကို သမ္မာအာဇီဝကျကျလုပ်ကျွေးဖို့ ဆုံးဖြတ်လိုက်ပါပြီဘုရား' တပည့်တော်ကို မည်းညစ် နေတဲ့ဘဝကနေ ဖြူစင်တဲ့ ဘဝထဲရောက်အောင် ကယ်တင်ခဲ့တဲ့ ဆရာတော်ရဲ့ ကျေးဇူးကိုလည်း ဘယ်တော့မှမမေ့ပါဘုရား၊ ဆရာတော်ကို တကယ် ကျေးဇူးဆပ်ချင်ရင် ဗုဒ္ဓဟောကြားခဲ့တဲ့ တရားတော်တွေ လူသားအားလုံးရင်ထဲ ရောက်အောင်လုပ်ပေးမှ တကယ် ကျေးဇူးဆပ်ရာရောက်မယ်ဆိုတာကို နားလည်မိပါ တယ်ဘုရား'

'ဒါ့ကြောင့် ဆရာတော်ရဲ့ တရားပွဲတွေ၊ တရားစခန်းတွေ များများဖြစ်ဖို့၊ ဆရာတော်ရေးသားတဲ့ စာအုပ်တွေ များများထုတ်ဖြစ်ဖို့အတွက် တပည့်တော် အစွမ်းကုန် ကြိုးစားပါမယ်ဘုရား'

'လစာအလွတ် တစ်လလျှင်(၁၅)သိန်းကျော်ခန့်ရသော အလုပ်တစ်ခုကို ရဲဝံ့စွာ စွန့်လွှတ်နိုင်သည့် တရားအသိမှာ သညာသိကား မဖြစ်နိုင်၊ ပညာသိသာ ဖြစ်နိုင်ပါ၏။ တရားကို သညာသိ၊ စာသိ၊ ဗဟုသုတသိဖြင့်သာ သိသောသူ၏ ကိုယ်ကျင့်သီလသည် အပြောမှာလမ်းဆုံး၏။ တရားကို ပညာသိ၊ ခန္ဓာသိ၊ ပဋိဝေဓသိဖြင့် သိသောသူ၏ ကိုယ်ကျင့်သီလသည်သာ အလုပ်မှာ လမ်းဆုံး၏။ ဤကား သညာသိနှင့် ပညာသိကို ကိုယ်ကျင့်သီလမှတ်ကျောက်ဖြင့် တိုက်ပြခြင်းတည်း။

## သကဒါဂါမိပုဂ္ဂိုလ်

ဆရာဟောကြားသည်ကို စူးစိုက်နာကြားရင်းဖြင့် ခန္ဓာကို ဉာဏ်စိုက်လိုက်သည့်အခါ တရားကိုမြင်သွားသည်နှင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကွာသွားသောကြောင့် သောတာပတ္တိမဂ်ကို ဒဿနမဂ်ဟုခေါ်သည်။ တပည့် သောတာပန်တည်ဖို့ ဆရာကို အားကိုးရ၏။ ဆရာက အပင်ပန်းခံရ၏။ အထက်မဂ်ဖိုလ် သုံးပါးကိုကား တပည့်ကိုယ်တိုင် အပင်ပန်းခံပြီး ပွားများရ၏။ ထို့ကြောင့် အထက်မဂ်သုံးပါးကို ဘာဝနာမဂ်ဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်၏။

သကဒါဂါမ်ကို ဘဝတစ်ကြိမ်သာကျန်သူဟု အများပြောကြသော်လည်း ကျမ်းအသီးသီးက ယခုလိုဖွင့်ပြကြ၏။

'သကဒါဂါမ်သည် ဤလူ့ဘုံသို့
ပဋိသန္ဓေစွမ်းဖြင့် တစ်ကြိမ်သာလာ၍ ဝဋ်ဆင်းရဲအဆုံးကို ပြု၏'

*(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)*

'လူ့ပြည်၌ သကဒါဂါမိမဂ်ကိုရပြီးနောက်
နတ်ပြည်၌ဖြစ်လျက် သက်တမ်းစေ့နေ၍
ဤ လူ့ပြည်သို့ တစ်ဖန်ပြန်လာကာ ပရိနိဗ္ဗာန်စံ၏'

*(ပုဂ္ဂလပညတ်အဋ္ဌကထာ)*

'သကဒါဂါမ်အဖြစ်နှင့် နတ်ဘဝ၊ လူ့ဘဝ နှစ်ဘဝကျန်သေး၏'

*(အနုဋီကာ)*

ဤဖွင့်ဆိုချက်တို့အရ သကဒါဂါမ်သည် လူ့ဘဝနတ်ဘဝ နှစ်ဘဝကျန်သည်ဟု မှတ်သားအပ်၏။ သကဒါဂါမ်ဖြစ်ဖို့အတွက်လည်း ဒွါရ(၆)ပါးနှင့် အာရုံ(၆)ပါး တိုက်ဆိုက်တိုင်း ဖြစ်ပျက်သွားသည့် ပရမတ်သဘောတရား၊ ခန္ဓာငါးပါး၏ မမြဲမှု၊ ဆင်းရဲမှု၊ ငါမဟုတ်မှု တစ်ခုခုကိုပင် ရှုပွားရ၏။ ပါရမီပြည့်၍ အချိန်ကျသည်နှင့် သကဒါ ဂါမိမဂ်ကိုရ၏။ သောတာပတ္တိမဂ်ကျပုံအကျယ်ကို ရှေး၌ဖော်ပြပြီးဖြစ်၏။ ထို့ကြောင့် မဂ်လေးပါးကျပုံ ဝီထိစဉ်ကို အကျဉ်းသာရေးအံ့။

## သောတာပတ္တိမဂ်စိတ်ကျပုံဝီထိစဉ်

တီ၊ န၊ ဒ၊ မ၊ ပ၊ ဉ၊ နု၊ ဂေါ၊ မဂ်၊ ဖိုလ်၊ ဖိုလ်

## သကဒါဂါမိမဂ်စိတ်ကျပုံဝီထိစဉ်

တီ၊ န၊ ဒ၊ မ၊ ပ၊ ဉ၊ နု၊ ဝေါ - သကဒါဂါမိမဂ် - ဖိုလ်၊ ဖိုလ်

## အနာဂါမိမဂ်စိတ်ကျပုံဝီထိစဉ်

တီ၊ န၊ ဒ၊ မ၊ ပ၊ ဉ၊ နု၊ ဝေါ၊ အနာဂါမိမဂ်၊ ဖိုလ်၊ ဖိုလ်

## အရဟတ္တမဂ်စိတ်ကျပုံဝီထိစဉ်

တီ၊ န၊ ဒ၊ မ၊ ပ၊ ဉ၊ နု၊ ဝေါ၊ အရဟတ္တမဂ်၊ ဖိုလ်၊ ဖိုလ်

သောတာပတ္တိမဂ်ကျစဉ်က ဂေါတြဘူဟူသောအမည်သည် အထက်မဂ်သုံးပါး ကျသောအခါ 'ဝေါဒါန်'ဟူသောအမည်သို့ ပြောင်းသွား၏။ ပရိကံ၊ ဥပစာ၊ အနုလုံ

www.burmeseclassic.com

www.burmeseclassic.com



ဂေါတြဘူ၊ ဝေါဒါန် ဟူသောအမည်များသည် ဝိပဿနာကုသိုလ်ဇောတို့၏ အမည်များပင် ဖြစ်၏။ ပရိကံ၊ ဥပစာ၊ အနုလုံ သုံးဇောသည် ခန္ဓာငါးပါး(သို့)ရုပ်နာမ်နှစ်ပါး၏ မမြဲမှုကို ရှုပွားနေသောကြောင့် သင်္ခတကိုအာရုံပြုသည်ဟု မှတ်အပ်၏။

ဂေါတြဘူ၊ ဝေါဒါန်၊ မဂ်၊ ဖိုလ်ဇောတို့သည် အသင်္ခတခေါ် နိဗ္ဗာန်ကို အာရုံပြု၏။ မဂ်စိတ်ကျပုံ ဝီထိစဉ်ကိုကြည့်၍ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး၏ အဖြစ်အပျက်ရှုပွားမှုသာ မဂ်ဖိုလ်ကိုရနိုင်ကြောင်း ပြတ်သားစွာမှတ်သားအပ်၏။ တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်နေသော မြင်စိတ်၊ ကြားစိတ်စသော လောကီစိတ်များ၏ ဖြစ်ပုံကိုပင် သေချာသိဖို့မလွယ်ကူရာ တစ်ကြိမ်သာဖြစ်သွားသော မဂ်စိတ်ကို အဘယ်မှာလျှင် ယောဂီတိုင်း သိနိုင်ပါမည်နည်း။

ဆိုင်ရာမဂ်က သတ်လိုက်သော ကိလေသာများ ပေါ်လာခြင်းမရှိသောအခါမှပင် မည်သည့်မဂ် ရကြောင်းကို သိနိုင်၏။ ဆိုင်ရာကိလေသာ ပြန်ပေါ်-မပေါ်ကို သုံးနှစ်ခန့်ထိ စောင့်ကြည့်ရမည်ဟု လယ်တီဆရာတော်၏ စာအုပ်တစ်အုပ်တွင် ဖတ်ရဖူး၏။ အထက် မဂ်ဖိုလ်သုံးပါးကို ရဖို့အတွက် ဒွါရ(၆)ပါး၌ တရစပ်ဖြစ်ပျက်နေသော ခန္ဓာငါးပါး၏ မမြဲမှု၊ အစိုးမရမှုတစ်ခုခုကိုသာ ဆက်လက်ပွားများရ၏။ အထူးအားဖြင့်ကား ထုထည်ကြီးမားသော လောဘနှင့်ဒေါသတို့ မြန်မြန်ကုန်ရေးအတွက် ခန္ဓာငါးပါး၏ မမြဲမှုအနိစ္စကိုပွားရင်း ခန္ဓာငါးပါး၏ မတင့်တယ်မှု၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းမှု အသုဘနှင့် ကရုဏာတို့ကိုပါ တွဲဖက်ပွားများရ၏။

ခန္ဓာငါးပါး၏မမြဲခြင်းကိုပင် မတင့်တယ်မှု အသုဘအဖြစ် မဟာသတိပဋ္ဌာန်ပါဠိတော်တွင် ညွှန်ပြသည့်အတိုင်း အသုဘရုပ်အလောင်း ကိုးမျိုးတို့တွင် တစ်မျိုးမျိုးကိုကြည့်၍လည်းကောင်း၊ (နဝသိဝထိကပဗ္ဗ) ဆံပင်၊ အမွေးစသော (၃၂)ကောဋ္ဌာသကို ဆင်ခြင်၍လည်းကောင်း၊ (ပဋိကူလမနသိ ကာရပဗ္ဗ) အသုဘဘာဝနာကို ပွားများရခြင်းဖြစ်၏။ ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ ပရမတ်ခန္ဓာငါးပါး၏ မမြဲမှုဖြင့် နှိပ်စက်ခြင်းကို အမြဲခံရ၏။ ထို့ကြောင့် သနားဖွယ်ကောင်း၏။ မည်သူ့ကိုမြင်မြင် ထိုကဲ့သို့ သနားခြင်းကိုပင် ကရုဏာပွားခြင်းဟုခေါ်၏။

အသုဘဘာဝနာကို အချိန်ကြာမြင့်စွာ ပွားများခြင်းကြောင့် ကာမဂုဏ်အာရုံကို ခံစားချင်သော ကာမရာဂတဏှာ ခေါင်းပါးသွား၏။ ကရုဏာဘာဝနာကို ပွားများခြင်းကြောင့် ဗျာပါဒခေါ် ဒေါသကိလေသာ ခေါင်းပါးသွား၏။ သကဒါဂါမိမဂ်စိတ်ကျပြီး ကာမရာဂနှင့် ဗျာပါဒ အကြမ်းစားကိလေသာများ ခေါင်းပါး ပယ်ပျောက်သွားခြင်းကိုပင် သကဒါဂါမိပုဂ္ဂိုလ်ဟု ခေါ်ရခြင်းဖြစ်၏။ သကဒါဂါမ် ဟုတ်-မဟုတ် စစ်ချက်ထုတ်ရန် သောတာပန်၏ဂုဏ်ရည်(၃၆)ပါးတွင် ကာမရာဂနှင့် ဗျာပါဒ အကြမ်းစားကိလေသာများ ပယ်ပျောက်သွားခြင်းဟူသော ဂုဏ်ရည်တစ်ခုကို ထပ်ထည့်ရမည်ဖြစ်၏။

သကဒါဂါမိဖြစ်သည့်အခါတွင် ဖော်ပြခဲ့သည့်အတိုင်း ဆက်လက်ပွားများ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် အနာဂါမိမဂ်ကိုရပြီး ကာမရာဂနှင့် ဗျာပါဒကိလေသာ အနုစားတို့ပါ ကင်းပျောက်သွားခြင်းကိုပင် အနာဂါမ်ပုဂ္ဂိုလ်ဟု ခေါ်ခြင်းဖြစ်၏။ အနာဂါမ် ဟုတ်-မဟုတ် သိနိုင်ရန် ဖော်ပြပါဂုဏ်ရည်တို့ဖြင့် စမ်းသပ်စစ်ဆေးအပ်၏။

## အနာဂါမ်၏ဂုဏ်ရည်များ

၁။ မေထုန်မှီဝဲခြင်းကို ရှောင်ကြဉ်သည့် ဗြဟ္မစရိယအကျင့်များနှင့်ပြည့်စုံ၏။

၂။ ခင်ပွန်း၊ ဇနီး၊ သားသမီးများနှင့် ပစ္စည်းဥစ္စာတို့၌ တွယ်တာကပ်ငြိမှု ကင်းစင်၏။

၃။ စိန်ရွှေရတနာ အဆင်တန်ဆာနှင့် အဖိုးတန်အဝတ်အစား အသုံးအဆောင်များဖြင့် အလှပြင်ဝတ်စားဆင်ယင်ခြင်း မရှိတော့။

၄။ ငွေကို ကိုင်တွယ်စီမံသုံးစွဲခြင်း မပြုတော့။

၅။ လာဘ်မရခြင်း၊ အခြွေအရံ အကျော်အစောနည်းခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ဆင်းရဲခြင်းဟူသော လောကဓံဆိုးကို မငြိုမငြင် မတုန်မလှုပ် သည်းခံနိုင်၏။ (ဒေါသကိလေသာ မရှိတော့သောကြောင့်ဖြစ်သည်။)

၆။ ကိုယ်ဆင်းရဲခြင်း ရှိသေးသော်လည်း၊ စိတ်ဆင်းရဲခြင်းကား မခံစားတော့ပေ။ ဆိုလိုသည်မှာ စိတ်ဆိုးစိတ်ပျက်ခြင်း၊ နှလုံးမသာယာခြင်း၊ စိုးရိမ်သောကဖြစ်ခြင်း၊ နောင်တ,တစ်ဖန် ပူပန်ခြင်း၊ ပူဆွေးငိုကြွေးခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း စသော ဒေါသနှင့်သက်ဆိုင်သည့် အကုသိုလ် အယုတ်တရားများ လုံးဝကင်းရှင်းသွား၏။

၇။ မကောင်းသည့်စိတ်ထားမျိုး မရှိသောကြောင့် ကုန်းတိုက်သဘော သက်ရောက်သော စကား၊ ကြမ်းတမ်းသောစကားသော်မျှ မပြောဆိုတော့ပေ။

၈။ သူတစ်ပါးကို ပျက်စီးစေလိုသည့် ကြံစည်မှုမျိုးလည်း မရှိတော့ပေ။

၉။ အသုဘဖြစ်သောခန္ဓာကို သုဘဟူ၍ အမှတ်မှား၊ အသိမှား ကင်းစင်သွား၏။

၁၀။ လူဝတ်ကြောင်ဖြစ်စေကာမူ အနာဂါမ်မှန်လျှင် ဆယ်ပါးသီလ ဧကန်မြဲတော့၏။

## အနာဂါမ်ပုဂ္ဂိုလ်(၅)မျိုး

ထို အနာဂါမ်ပုဂ္ဂိုလ်တို့မှာ-

၁။ ကျရောက်ရာ သုဒ္ဓါဝါသဘုံတစ်ခုခု၏ သက်တမ်းတစ်ဝက်တွင် ခန္ဓာငါးပါးချုပ်ငြိမ်းသော အနာဂါမ်၊

၂။ သက်တမ်းတစ်ဝက်လွန်မှ ခန္ဓာချုပ်ငြိမ်းသောအနာဂါမ်၊

၃။ သက်သက်သာသာအားဖြင့်အားထုတ်၍ ခန္ဓာချုပ်ငြိမ်းသော အနာဂါမ်၊

www.burmeseclassic.com

www.burmeseclassic.com



၄။ ပင်ပင်ပန်းပန်းအားထုတ်ရပြီးမှ ခန္ဓာချုပ်ငြိမ်းသောအနာဂါမ်၊
၅။ သုဒ္ဓါဝါသဘုံမှ အကနိဋ္ဌဘုံတိုင်အောင် အစဉ်အတိုင်းတက် ခန္ဓာချုပ်ငြိမ်းသော အနာဂါမ်ဟု ငါးမျိုးရှိ၏။

အနာဂါမ်၏အဓိပ္ပာယ်မှာ ကာမသုဂတိဘုံသို့ ဘယ်သောအခါမှ ပြန်မလာသောသူဟု ဖြစ်၏။

နတ်ပြည်၌ အနာဂါမ်တည်ပါက ကာမဂုဏ်အာရုံကို အလွန်အကျူးခံစားသော နတ်ခန္ဓာသည် ကာမရာဂကို လုံးလုံးပယ်စွန့်ထားသည့် အနာဂါမိမဂ်ကို ဆောင်ထားနိုင်စွမ်းမရှိသောကြောင့် နတ်သက်ခြွေ၍ ဗြဟ္မာပြည်သို့တက်ကြ၏။ ထိုအချက်နှင့် ပတ်သက်၍ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက သင်္ဂြိုဟ်ဘာသာဋီကာ၌ ယခုလိုရေးသားခဲ့၏။

'ကာမဂုဏ်စခန်း၌ အစွမ်းကုန် ပျော်မွေ့ဖွယ်ကောင်းလှသည့်အပြင်၊ ထို ကောင်းသလောက်လည်း ပျော်မွေ့လေ့ရှိကြသောကြောင့် ကာမဂုဏ်ကိုစက်ဆုပ်သော အနာဂါမ်အဖြစ်သို့ရောက်သောအခါ နတ်ပြည်မှာ ကြာရှည်စွာမနေနိုင်ကြတော့ဘဲ၊ အနာဂါမ်တို့ ဗြဟ္မာပြည်သို့ စုတေ၍ ပြောင်းရွှေ့ကြလေသည်' ဟု ရေးသားတော်မူခဲ့၏။

အနာဂါမ်ငါးမျိုးတွင် နံပါတ်သုံးသည် သက်သာစွာအားထုတ်ပြီး ရဟန္တာဖြစ်ပုံကို ပြ၏။ ပညာအားသန်သော ပုဂ္ဂိုလ်ဖြစ်၏။ နံပါတ်လေးသည် ပင်ပန်းဆင်းရဲစွာ အားထုတ်ပြီး ရဟန္တာဖြစ်ပုံကို ပြ၏။ ဝီရိယအားသန်သူဖြစ်၏။ တချို့ ကမ္မဋ္ဌာန်းဌာနများသည် ဝီရိယတစ်ခုကိုသာ ရှေ့တန်းတင်ပြီး ယောဂီများကို ပင်ပန်းဆင်းရဲစွာ ရှုမှတ်ခိုင်းတတ်၏။ ပင်ပန်းဆင်းရဲစွာကျင့်ပြီး တရားရခဲ့သူက ပင်ပန်းဆင်းရဲသော အကျင့်ကို ကျင့်ခိုင်းသည်မှာ သဘာဝကျပါ၏။ အပြစ်မဆိုသာချေ။

ထိုကမ္မဋ္ဌာန်းဌာနမျိုးသည် ဝီရိယနှင့် သဒ္ဓါထက်သန်ပြီး ပညာဉာဏ်နည်းသော သူများအတွက် သင့်လျော်သော်လည်း၊ ဉာဏ်ပညာစရိုက် ကြီးမားသူများအတွက်ကား မသင့်တော်ပေ။ ထိုဌာနအချို့သည် ချမ်းသာလွယ်ကူစွာ ကျင့်ကြံရသော နည်းများကို အပြစ်ပြောလေ့ရှိသည်ကား သဘာဝမကျပေ။ ယခု အနာဂါမ်မှ ရဟန္တာ ဖြစ်ရာ၌ပင် သက်သာစွာဖြစ်သူ၊ ပင်ပန်းစွာဖြစ်သူဟု နှစ်မျိုးပြထားသေးရာ ပင်ပန်း ဆင်းရဲစွာကျင့်မှသာ တရားရမည်ဟု တထစ်ချ မပြောသင့်ချေ။ ထို့ပြင် ထိုဌာနအချို့သည် ဉာဏ်ပညာစခန်းကိုလည်း အလွန် အပြစ်ပြောကြ၏။ သူတို့၏ လက်သုံးစကား တစ်ခုကား-

'အရှင်သာရိပုတ္တရာသည် ပညာဉာဏ်ကြီးသူဖြစ်သောကြောင့် (၁၅)ရက်ကြာအားထုတ်မှ ရဟန္တာဖြစ်၏။ အရှင်မောဂ္ဂလာန်သည် ဝီရိယကို အဓိကထားပြီး အားထုတ်သောကြောင့် (၇)ရက်နှင့် ရဟန္တာဖြစ်သည်'ဟူသော စကားပင်။

သူတို့၏အယူအဆကား မင်္ဂဖိုလ်ရချင်လျှင် မည်သည့်စာပေမှ မသင်ကြားရ

www.burmeseclassic.com

www.burmeseclassic.com



မလေ့လာရ၊ ခိုင်းသည့်အတိုင်းသာ လုပ်ရမည်ဟုဆိုလိုခြင်းဖြစ်၏။ ပရိယတ္တိကို ပရိယာယ်အားဖြင့် ပယ်ခြင်းတစ်မျိုးပင်ဖြစ်၏။ ထို(၁၅)ရက်၊ (၇)ရက် ပြဿနာနှင့် ပတ်သက်၍ သုတေသနသရုပ်ပြ အဘိဓာန်ကျမ်းပြု ဖျာပုံတိုက်သစ်ဆရာတော်နှင့် အယ်ဒီတာဒကာ တစ်ဦးတို့၏ အမေးအဖြေကို ကူးယူဖော်ပြလို၏။ ထို အမေးအဖြေကို စွန်းလွန်းဝိသနာ အမေးအဖြေကျမ်းမှ ရရှိ၏။

**ဒကာ။** 'မှန်ပါ တပည့်တော်ကြားဖူးတာလေး ဆက်မေးပါရစေဦး။ ရှင်သာရိပုတ္တရာက ပညာဉာဏ်ကောင်းလို့ (၁၅)ရက်ကြာမှ အာသဝေါကုန်တယ်။ ရှင်မောဂ္ဂလာန်မှာတော့ (၇)ရက်တည်းနဲ့ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားတယ်။ ဒါကြောင့် ယခုအခါ စာပေသင်ကြား၊ ပိဋကတ်ပညာတွေ လိုက်စားနေတာဟာ အလကားအပိုပါပဲ။ လက်တွေ့ အားထုတ်ဖို့သာ လိုရင်းပါလို့ ပြောကြားမှတ်ယူနေကြပါတယ်ဘုရား၊ အဲသဟာကော မမှန်ဘူးလား၊ မိန့်ကြားတော်မူပါဦး'

**ဆရာ။** 'အင်း- လာပဲ လာသေးသကိုးကွ။ အဲသည်(၁၅)ရက်၊ (၇)ရက်ဆိုတဲ့ စကားနှစ်ရပ်ထဲမှာ အရှင်သာရိပုတ္တရာ (၁၅)ရက်အကြာမှာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားတဲ့အကြောင်းကိုတော့ အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ် ပါဠိတော်မှာ ဟောတော်မူထားလို့ ထင်ရှားစွာမှန်ကန်ပါတယ်။ တို့များလည်း လက်ခံပါတယ်။ ရှင်မောဂ္ဂလာန် (၇)ရက်တည်းနဲ့ ရဟန္တာဖြစ်သွားတယ်ဆိုတဲ့စကားဟာတော့ ဘယ်ပါဠိတော်မှာမှ မပါဘူးကွ၊ အဋ္ဌကထာဆရာ ဖွင့်ပြချက်စကားရပ်သာဖြစ်တယ်'

'သဟာကြောင့် ပိဋကတ်စာပေပညာရှိ ဆရာတော်ကြီးများကလဲ (၇)ရက်ဆိုတဲ့စကားရပ်ကို ယုတ္တိတန်-မတန် အထူးစဉ်းစား ဝေဖန်စရာအနေနှင့် မှာဆိုတော်မူကြတယ်'

**ဒကာ။** 'တင်ပါဘုရား၊ အဋ္ဌကထာဆရာရဲ့ ဖွင့်ဆိုပုံနည်းများကို မိန့်ကြားတော်မူပါဦး'

**ဆရာ။** 'အင်္ဂုတ္တိုရ် သတ္တကနိပါတ်ပါဠိတော်မှာ ရှင်မောဂ္ဂလာန်နဲ့စပ်ပြီး ရှင်မောဂ္ဂလာန်မထေရ် တရားပွားရင်း ငိုက်မျဉ်းငိုက်မျဉ်းနေလို့ အငိုက်ဖျောက်နည်း(၇)ပါးကို ဟောကြားတော်မူရာမှာ ဖွင့်ဆိုတဲ့ အဲဒီအဋ္ဌကထာက ရှင်မောဂ္ဂလာန်ဟာ (၇)ရက်တည်းနဲ့ အာသဝေါကုန်သွားသည်ဆိုတဲ့ စကားရပ်ရယ်၊ နောက် အဋ္ဌသာလိနီ အဋ္ဌကထာလာ စကားရပ်ရယ်၊ အဲသည် အဋ္ဌကထာနှစ်ခုရဲ့စကားကို အတည်ပြု ပြောဟောနေကြတာသာဖြစ်တယ်လို့ အချို့ ကျမ်းဂန်တတ်ဆရာတော်ကြီးများက မိန့်ကြားတော်မူကြတယ်'

'နောက် အခြားအဋ္ဌကထာများမှာလည်း အကိုးအကားတွေနဲ့ အရှင်သာရိပုတ္တရာကြီး ရဟန္တာအဖြစ်နောက်ကျရပုံတွေကို အမျိုးမျိုး ရှေ့နေလိုက်ထားကြတာတွေကို တွေ့ရပြန်တယ်တဲ့။ တကယ်ဆိုတော့ ဘုရားရှင်ပြီးရင် ပညာရှိတဲ့အရာမှာ သူသာ ပထမဖြစ်စေရန် အဂ္ဂသာဝကဆုကြီးကို ပန်ဆင်ကာ တစ်သင်္ချေနဲ့ ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



တစ်သိမ်း ပါရမီဖြည့်ခဲ့ရတဲ့ လက်ယာတော်ရံပုဂ္ဂိုလ်ကြီးဖြစ်တဲ့အပြင် ငါ့ဘုရားသာသနာမှာ ပညာအရာ၌ သာရိပုတ္တရာဟာ ထူးချွန်မြင့်မြတ်ဆုံးဟု ဧတဒဂ်ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်ကြီးတစ်ပါးကိုပင် အတွေးအကြံတွေချော်နေလို့၊ ပညာဉာဏ်တွေ စာပေတွေခံ နေလို့ ပန်းတိုင် အရောက်နောက်ကျ၊ ရဟန္တာဖြစ် နှောင့်နှေးရတဲ့ အကြောင်းနဲ့ သည်လို စွပ်စွဲပြောဆိုတာဟာ မကောင်းတဲ့အကြောင်းသာဖြစ်တယ်လို့ မိန့်ဆိုတော်မူကြတယ်'

'သဟာကြောင့် အချို့ပိဋကတ်ပညာရှိ ဆရာတော်ကြီးတွေက သည်နေရာမှာ အဋ္ဌကထာတွေရဲ့စကားကို စဉ်းစားရမယ်တဲ့၊ သည်စကားတွေဟာ သီဟိုဠ်ကျွန်းက နောက် ဆရာတွေ စိတ်ကူးယဉ်ကာ ဖြည့်စွက်ထားကြဟန်တူတယ်လို့ မိန့်ဆိုတော်မူကြတယ်ကွ'

**ဒကာ။** 'မှန်ပါ၊ သူတို့ကလဲ **အဋ္ဌကထာ**၊ အဋ္ဌကထာနဲ့ပြောဆိုဟောကြားကြတာပါပဲ၊ သည်နေရာမှာ တပည့်**တော်များ စဉ်းစားမှတ်သားစရာ** အကိုးအကား ယုတ္တိသာဓက ဥပမာကလေးများပြကာ **မိန့်ကြားတော်မူပါဦးဘုရား'**

**ဆရာ။** 'အေး၊ သည်နေရာမှာ အထူးသတိထားစဉ်းစားဖို့က သမထ, ဝိပဿနာရဲ့ အခြေခံ စာပေဗဟုသုတနဲ့ တတ်သိပြည့်စုံလာတဲ့ ပညာရှိယောဂီတစ်ယောက်ဟာ တရားအားထုတ်နေရင်း အလင်းရောင်တွေ၊ နှစ်သက်စရာတွေ၊ စိတ်ချမ်းမြေ့စရာတွေကို ထင်မြင်လာတယ်ဆိုပါတော့၊ အဲသည်အခါမှာ ဟာ- ဒါသြဘာသတွေ၊ ပီတိတွေ၊ ပဿဒ္ဓိတွေပဲ၊ သူတို့ဟာစင်စစ် ဥပက္ကိလေသာခေါ်တဲ့ ဝိပဿနာရဲ့ရန်သူ အညစ်အကြေးတွေသာဖြစ်တယ်။ သူတို့ကို နှစ်သက်အားရသဘောကျကာ စဉ်းစားကျေနပ်နေလို့ မဖြစ်ဘူး။ သူတို့နဲ့ ကျေနပ်နေရင် တရားထူးရဖို့ခက်လိမ့်မယ်၊ နှောင့်နှေးကြန့်ကြာနေလိမ့်မယ်-'

'ဟူသော သူ့ရဲ့ မူလအခြေခံ စာပေပိဋကတ်တတ်၊ ထူးမြတ်တဲ့အသိဉာဏ်နှင့် အတွေးအခေါ် အဆုံးအဖြတ်မျိုးတွေ ဖြစ်ပေါ်လာတဲ့အတိုင်း သည်အလင်းရောင်စသည်တို့ကို ဂရုမစိုက်၊ နှလုံးမသွင်း မစဉ်းစားမနှစ်သက်ဘဲ မှတ်မြဲတိုင်း ကရားကိုသာ ဆက်လက်ရှုမှတ်သွားခြင်းဖြင့် တရားထူးဘက်ကို မြန်မြန်ထက်ထက် ကူးရောက်သိမြင် သွားနိုင်မှာ ဖြစ်တယ်ကွ'

'ဉာဏ်ပညာကို လိုလားနှစ်သက်စွာဖြင့် ဘုရားရှင်ပြီးရင် သူ့ကို ဘယ်သူမှ မမီအောင် ပညာပါရမီကို အဦးထားပြီး ကြိုးစားဖြည့်ကျင့်လာတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကိုပဲ သူများနောက်ချန်ပြီးမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရလေဟန် ကြံဖန်လီဆယ်ရေးသားချက်မျိုးဟာ သာသနာမှာ ဂုဏ်ပျက်တယ်၊ သဟာမျိုးကို ကြပ်ကြပ်စဉ်းစားဝေဖန်ရမယ်လို့ ဆရာတော်ကြီးတွေက မိန့်ဆိုတော်မူကြတယ်'

**ဒကာ။** 'မှန်ပါ၊ အမိန့်တော်အတိုင်း လိုက်နာယူဆ စဉ်းစားကြဖို့ပါပဲဘုရား၊ **စဉ်းစား** ဆင်ခြင်ဖို့ နှိုင်းယှဉ်စရာ အချက်အလက်များရှိသေးရင်လည်း တပည့်တော်များ ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ပွားအောင် မိန့်ကြားတော်မူပါဦးဘုရား'

**ဆရာ။** 'အေး၊ နောက်တစ်ချက် စဉ်းစားနှိုင်းချိန်စရာကို တိုများပြောပြဦးမယ်၊ မင်း အထူးစဉ်းစား ဝေဖန်စမ်းကွာ။ သဒ္ဓါဓိက၊ ဝီရိယာဓိက၊ ပညာဓိက ခေါ်ဆိုကြတဲ့ ဘုရားမျိုး သုံးပါးထဲမှာ ပညာဓိကဘုရားဟာ သဗ္ဗညုတဉာဏ်ကို အရမြန်ဆုံး၊ ဘုရား အဖြစ် အလွယ်ဆုံးပဲ၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတည်း ပါရမီဖြည့်ရတယ်၊ ဒါဟာ ဘာကြောင့်လဲ၊ ပညာကို ဦးစားပေး အရေးထားပြီး၊ ပါရမီကို ဖြည့်ကျင့်သွားလို့ပဲ၊ ဒါကိုလည်း ထည့်သွင်းစဉ်းစား နှိုင်းချိန်ရမယ်ကွ၊ ရှင်သာရိပုတ္တရာက စထွက်က တည်းက ပညာဓိကသမား သက်သက်ပဲဟာ၊ ဘယ် နောက်ကျနိုင်ပါမလဲ'

**ဒကာ။** 'မှန်ပါ၊ အဲဒီ ဥဒါဟရုဏ်ကလည်း အထူးလေးစားရတဲ့ နှိုင်းယှဉ်ချက်တစ်ပါး ပါပဲဘုရား၊ ဆက်လက်မိန့်ကြားတော်မူပါဦး'

**ဆရာ။** 'အေး၊ နောက်တစ်နည်း အထူးမှတ်သားစရာ နှိုင်းယှဉ်ဖို့အချက်က အင်္ဂုတ္တိုရ် စတုက္ကနိပါတ်ပါဠိတော်မှာ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ တရားနှီးနှော ဆွေး နွေးမေးမြန်းခန်းတစ်ခု ပါလာတယ်။ သူတို့ မေးမြန်းဆွေးနွေးပုံက- '

'ငါ့ရှင်-ဘယ်အကျင့်ပဋိပဒါဖြင့် အာသဝေါကုန်ခန်းပါသလဲ'လို့ ရှင်မောဂ္ဂ လာန် မေးမြန်းတော့ 'သုခပဋိပဒါခိပ္ပာဘိညာခေါ်တဲ့ ချမ်းချမ်းသာသာ လျင်လျင် မြန်မြန်နဲ့ ထိုးထွင်းသိမြင်သောအကျင့်ဖြင့် အာသဝေါကုန်ပါတယ်'လို့ ရှင်သာရိပုတ္တ ရာက ဖြေကြားတော်မူတယ်။ 'ငါ့ရှင်ကော ဘယ်အကျင့်ပဋိပဒါမျိုးဖြင့် အာသဝေါ ကုန် ခန်းပါသလဲလို့ ရှင်သာရိပုတ္တရာက ပြန်မေးတဲ့အခါမှာ 'ဒုက္ခပဋိပဒါခိပ္ပါဘိညာ ခေါ်တဲ့ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းနဲ့ လျင်မြန်စွာထိုးထွင်း၍ သိမြင်သောအကျင့် နည်းဖြင့် အာသဝေါကုန်ခန်းကြောင်း' ရှင်မောဂ္ဂလာန်ကဖြေကြားလိုက်တယ်။ အခု တို့များ ဥဒါဟရုဏ်ပုံစံထုတ်ကာ နှိုင်းယှဉ်ပြနေတာတွေကို မင်းနားထဲမှာ ရှင်းရဲ့ လားကွ၊ သဘောကျရဲ့လား၊ နားလည်ရဲ့လား၊ စဉ်းစားမိရဲ့လားကွ။

**ဒကာ။** 'မှန်ပါဘုရား၊ အခုဆရာတော်ဘုရား မိန့်ကြားသွားတဲ့ နှိုင်းယှဉ်ချက်ပုံစံ စကားတွေကို အားလုံးသဘောကျ နားလည်ရှင်းလင်းစွာ စဉ်းစားမိပါတယ်ဘုရား။ သည်လိုဆိုရင် သည်အရှင်မြတ်နှစ်ပါးစလုံးဟာ ခိပ္ပါဘိညာခေါ် မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်သိချည်း ဖြစ်နေတာပေါ့ဘုရား'

**ဆရာ။** 'အိမ်း၊ အဲသည် ပါဠိတော်လာ အမေးအဖြေစကားရပ်မှာ ချမ်းသာနဲ့ ဆင်းရဲ သာ ကွာခြားပြီး ရှင်သာရိပုတ္တရာက ချမ်းချမ်းသာသာ အေးအေးဆေးဆေးကလေးနဲ့ မဂ်ဖိုလ်,နိဗ္ဗာန်ကို မြန်မြန်သိသွားတယ်။ ရှင်မောဂ္ဂလာန်ကတော့ ဆင်းဆင်းရဲရဲ ပင်ပင် ပန်းပန်းနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို မြန်မြန်သိသွားတယ်။ သူတို့နှစ်ပါးစလုံးဟာ ခိပ္ပါဘိညာ ခေါ်လျှင်မြန်သောအသိဉာဏ်ဖြင့်သာ အာသဝေါကုန်ကြောင်းကို တူညီစွာ ဖြေထားကြတာ ထောက်ရှုခြင်းဖြင့် ရှင်မောဂ္ဂလာန်က (၇)ရက်တည်းနဲ့ အာသဝေါ ကုန်သွားတယ်ဆိုတဲ့ အဋ္ဌကထာစကားရပ်ဟာ အဲသည်ပါဠိတော်လာ အမေးအဖြေ

www.burmeseclassic.com

www.burmeseclassic.com



စကားနဲ့ မကိုက်ညီကြောင်း ထင်ရှားနေလို့ အချို့ ပိဋကတ်တတ် ဆရာတော်ကြီးများက အဲဒီ (၇)ရက်ဆိုတဲ့ စကားရပ်ကို မနှစ်သက်၊ မမြတ်နိုးကြဘူးတဲ့ကွ'

'အဲဒီ ပညာရှိများထံမှာလည်း ချဉ်းကပ်ခစားပြီး ပါဠိတော်မှာများ (၇)ရက်ဆိုတဲ့ စကားရပ်ဟာ ပါပါသလားလို့ ဆွေးနွေးမေးမြန်းမှု ပြုကြည့်ပါကွာ၊ ဒါဟာ ဓမ္မသာကစ္ဆာ မင်္ဂလာပဲ၊ ဒါပေမယ့် သည်အချက်မှာ အဋ္ဌကထာစကားကို လက်ခံလိုက်ရင် ပညာမိက ဘုရားတွေကိုပါ ထိခိုက်ကုန်လိမ့်မယ်ထင်တယ်'

ဤဖြေရှင်းချက်ကိုထောက်၍ ဉာဏ်ပညာကြီးမားသောသူများသည် ချမ်းသာ လွယ်ကူစွာဖြင့် မင်္ဂဖိုလ်ကိုရနိုင်ကြောင်းကို ပြတ်သားစွာမှတ်အပ်၏။ အနာဂါမ် ပုဂ္ဂိုလ်သည် ခန္ဓာငါးပါး၏ မမြဲမှုစသည်ကို ဆက်လက်ရှုပွားရင်းဖြင့် အရဟတ္တမဂ် ကို ရပြီး ရဟန္တာဖြစ်ရ၏။ ရဟန္တာဖြစ်သည်နှင့် ကိလေသာအားလုံး ကုန်ခန်းသွား လေပြီ။ ရဟန္တာ ဟုတ်-မဟုတ် သိနိုင်ရန် ဖော်ပြပါဂုဏ်ရည်တို့ဖြင့် တိုက်ဆိုင်ကြည့် နိုင်၏။

## ရဟန္တာ၏ဂုဏ်ရည်များ

၁။ ရဟန္တာတို့၏ရုပ်အဆင်းသည် အလွန် စင်ကြယ်သန့်ရှင်း၍ ကြည်ညိုဖွယ် တင့်တယ်လျက် သာမန်ပုဂ္ဂိုလ်တို့နှင့် သီးခြားဖြစ်ပေ၏။

၂။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူသော ကိုယ်ကျင့်သိက္ခာ အဆုံးစွန်သော ပြည့်စုံခြင်းသို့ ရောက်၏။

၃။ ဣန္ဒြေခြောက်ပါး၌ ထူးထူးခြားခြား လုံခြုံ၏။

၄။ အဆင်းကိုမြင်သော်လည်း မတပ်မက်၊ အသံကိုကြား၍လည်း မသာယာ၊ အနံ့မှာလည်း မကြည်နူး၊ အရသာ၌လည်း မမြိန်ယှက်၊ အတွေ့အထိတွင်လည်း မမူးမေ့၊ ငါးဖြာအာရုံ ကာမဂုဏ်၌ တဏှာလွတ်ကင်းလျက် သတိသမ္ပဇဉ် အသိဉာဏ်ယှဉ်ကာ နှလုံးသွင်း ဆင်ခြင်သည်သာဖြစ်၏။

၅။ ဣရိယာပုထ်လေးပါးနှင့်တကွ အလုံးစုံသော သမ္ပဇညတို့၌ သတိဉာဏ်ဖြင့်သာ နေလေ့ရှိ၏။

၆။ ရင်ဆိုင်ကြုံတွေ့ရသမျှတို့၌ ချမ်းသာဆင်းရဲ မခံစားဘဲ မချမ်းသာ မဆင်းရဲသော ဉပေက္ခာသဘောဖြင့် ကြုံတွေ့ကာမတ္တမျှ နှလုံးသွင်း၏။

၇။ လောကချမ်းသာကို မခံစားတော့သော်လည်း လောကုတ္တရာချမ်းသာကိုမူ မြိန်မြိန်ယှက်ယှက်ကြီး ခံစား၏။

၈။ လာဘ်ရခြင်း၊ အခြွေအရံအကျော်အစောရှိခြင်း၊ ချီးမွမ်းခံရခြင်း၊ ချမ်းသာခြင်းဟူသော အကောင်းလောကဓံများကို သာယာနှစ်သက် တပ်မက်ခြင်း ကင်းစွာ သည်းခံနိုင်၏။

၉။ အမှန်မသိမှု အဝိဇ္ဇာကို အမှန်သိမှု ဝိဇ္ဇာဖြင့် ပယ်၏။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ စိတ်ပျံ့လွင့်ခြင်း၊ နောင်တ,တစ်ဖန် ပူပန်ခြင်းမရှိဘဲ၊ စိတ်ငြိမ်းချမ်းစွာနေ၏။

၁၁။ မကောင်းမှုပြုလုပ်ရန် မရှက်မကြောက်သောစိတ် လုံးဝကင်းရှင်း၏။

၁၂။ တရားစကားမှတစ်ပါး အခြားစကားများကို အကျိုးမဲ့ပြောဆိုခြင်းမပြုတော့ပေ။

၁၃။ သူတစ်ပါးပစ္စည်းကို မတရား လိုချင်တပ်မက်မှုလည်း မရှိတော့ပေ။

၁၄။ မိမိကိုယ်ကို အထင်ကြီးမှု အဓိမာနနှင့် အသာရလို၊ အနိုင်ရလိုမှု၊ ခက်ထန်မှုများ မရှိတော့ပေ။

၁၅။ ဒုက္ခဖြစ်သော ခန္ဓာကို သုခဟူ၍ အမှတ်မှား၊ အသိမှားခြင်း မရှိတော့ပေ။

၁၆။ ရူပဘဝ၊ အရူပဘဝ၊ (ဗြဟ္မာ့ဘဝ)ကို တပ်မက်စွဲလမ်းခြင်းလည်း မရှိတော့ပေ။

၁၇။ ထိနမိဒ္ဓဟူသော လေးလံထိုင်းမှိုင်း၊ ငိုက်မျဉ်းခြင်းမရှိမှု၍ ရဟန္တာတို့၏ အိပ်စက်ခြင်းသည် ဘဝင်စိတ်အစဉ် ကျနေမှုများမျှသာဖြစ်၏။

၁၈။ ရသတဏှာကို ပယ်ပြီးသောကြောင့် ချဉ်သီးနှင့်ဆားကို မြင်ရသည့်တိုင် ရဟန္တာများ သွားရည်မကျတော့ပေ။

၁၉။ ရဟန္တာအစစ်ကို ဖျားယောင်းသွေးဆောင်၍ မရတော့ပေ။ (ရဟန္တာဖြစ်သော အရှင်အနုရုဒ္ဓါကို တည်းခိုးခန်းပိုင်ရှင် သူဌေးမတစ်ဦးက ကိုယ်ဝတ်များ ချွတ်ချပြသည်အထိ ဆွဲဆောင် ဖျားယောင်းသော်လည်း- တုန်လှုပ်ခြင်းမရှိပေ။)

၂၀။ ထိတ်လန့်ဖွယ် အာရုံများနှင့် ကြုံတွေ့ရသော်လည်း ထိတ်လန့်ကြောက်ရွံ့ တုန်လှုပ်မှု မရှိတော့ပေ။

၂၁။ ဝိပလ္လာသတရားကို အကြွင်းမဲ့ ပယ်ထားပြီးဖြစ်သောကြောင့် အိပ်မက် မမက်တော့ပေ။

၂၂။ ဘဝကို တွယ်တာကပ်ငြိခြင်းကင်းသောကြောင့် အသက်ရှင်နေဖို့နှင့် သေဖို့ နှစ်မျိုးလုံးအတွက် ထူးခြားချက် တစ်စုံတစ်ရာမျှမရှိပေ။

ရဟန္တာတို့ ပရိနိဗ္ဗာန်ပြုသောအခါ ခန္ဓာရုပ်ကြွင်းသည် အပုပ်နံ့မရှိဟု အများအားဖြင့် ပြောကြသည်။ ဘုရားဟောပါဠိတော်၌ကား တိုက်ရိုက်မလာရှိပေ။ အဋ္ဌကထာအချို့၏ ဖွင့်ပြချက်သာဖြစ်၏။ ထိုအချက်နှင့်ပတ်သက်၍ စာဖတ်သူများကိုယ်တိုင် ဝေဖန်နိုင်ရန် စွန်းလွန်းဝိပဿနာ အမေးအဖြေကျမ်းမှ အယ်ဒီတာတစ်ဦး၏ အမေးနှင့် ဖျာပုံ တိုက်သစ်ဆရာတော်ကြီး၏အဖြေကို ဖော်ပြအပ်ပေသည်။

## ရဟန္တာအလောင်းတော် အပုပ်နံ့ထွက်-မထွက်

**ဒကာ**။ 'ရဟန္တာများရဲ့ အသေကောင်အလောင်းတော်များဟာ ပုပ်တယ်မဟုတ်လား ဘုရား၊ တချို့က မပုပ်ဘူး၊ မပုပ်ဘူး၊ မပုပ်ဘူးနဲ့ ငြင်းနေကြလို့ တပည့်တော် ဖတ်ဖူး၊

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူးတာကတော့ အပုပ်ပဲ'

**ဆရာ။** 'ဝေ၊ မင်းက ပုပ်တာကို ဘယ်လိုများ တွေ့ဖူးလို့လဲကွ၊ ဆိုစမ်းပါဦး။ မင်းက အပုပ်သမားလား'

**ဒကာ။** 'တပည့်တော် ဖတ်ဖူးတွေ့ဖူးတာကတော့ လက်ပံတန်းမြို့ သဒ္ဓမ္မောဒယ ဆရာတော် ရေးပြုတဲ့ 'ရဟန္တာပြဿနာ'စာအုပ်ပါပဲ၊ အဲသည်စာအုပ်ထဲမှာ-'

'အိုချစ်သား-ဝက္ကလိ၊ ငါဘုရား၏ ရူပကာယတည်းဟူသော အကောင်ပုပ်ကြီး ကို တစိမ့်စိမ့် ကြည့်ရှုနေသဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း'ဟု ဝက္ကလိ ရဟန်းကို ဘုရားရှင် ဆုံးမဟောကြားတဲ့အခန်းမှာ 'ငါဘုရားရဲ့ အပုပ်ကောင်ကြီး ကို'ဆိုတဲ့ ဟောကြားချက်များကို ကိုးကားပြီး ဆရာတော် ဆက်လက်ရေးသား ဆုံးဖြတ် သွားပုံက'

> 'အို-ချစ်သား ဝက္ကလိ၊ ငါဘုရား၏ ရူပကာယတည်း ဟူသော အပုပ်ကောင်ကြီးကို တစိမ့်စိမ့် ကြည့်ရှုနေသဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း။ အို ချစ်သားဝက္ကလိ၊ ငါဘုရားကိုမြင်လိုက တရားကို မြင်အောင်ရှုလော့၊ တရားကိုမြင်သော ပုဂ္ဂိုလ်မှ ငါဘုရား ကို မြင်သည်၊ တရားကို မမြင်သောပုဂ္ဂိုလ်သည် ငါဘုရားကို ကြည့် သော်လည်း မမြင်' ဟုဟောကြားတော်မူလေသည်။'
>
> (ဓမ္မပဒ၊ အဋ္ဌကထာ)

'အဲဒီလို သက်တော်ထင်ရှားရှိသော ဘုရားရှင်၏ ရူပကာယတော်ကိုသော်မျှ 'အပုပ်ကောင်ကြီး'ဟု ဘုရားရှင်ဟောကြားတော်မူပါမူ ပရိနိဗ္ဗာန်ဝင်စံသော ရဟန္တာ ၏ အလောင်းတော်မှာ အဘယ်မှာလျှင် အမွှေးကောင်ဖြစ်ပါအံ့နည်း။ ဧကန် အပုပ် ကောင်သာ ဖြစ်ပေသည်။ ရဟန္တာအလောင်းမှန်သမျှ မပုပ်မသိုးဟု ဟောကြားအပ် သောအရာသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အစောင်စောင်တို့၌ မရှိပေ။ ထို့ကြောင့် အပုပ်ကောင်မှန်သမျှ တစ်စုံတစ်ရာ (မပုပ်အောင်ဆေးထိုးခြင်း စသော) ပယောဂ ကူစွက်ခြင်းမရှိခဲ့ပါမူ မည်သူ့အလောင်းကောင်ပင်ဖြစ်စေ များသောအားဖြင့် ပုပ်ရ မည်ဟူ၍သာ မှတ်သားကြရမည်'ဟု ဆုံးဖြတ်ချက်ချမှတ်ထားတာကို စာတွေ့အဖြစ်နှင့် မှတ်ရတာက တစ်ကြောင်း-'

**ဆရာ။** 'အင်း၊ ဒါက စာတွေ့ဆိုတော့ ငါတွေ့များရှိနေသေးလို့လားကွ၊ ငါတွေ့ရှိရင် လည်း ဆိုစမ်းပါဦး၊ မင်းတို့က အယ်ဒီတာဆိုတော့ နိုင်ငံတကာ သွားလာနေရတာကိုး၊ အတွေ့အကြုံ များမှာပေါ့'

**ဒကာ။** 'မှန်ပါ့၊ ငါတွေ့ကတော့ တခြားနိုင်ငံမှာမဟုတ်ဘဲ မြင်းခြံမြို့ထဲမှာပင် ဖြစ်ပါ တယ်ဘုရား၊ ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီးကို ရဟန္တာလို့ တိုင်းပြည်တ သမုတ်တာ သတင်းစာတွေမှာပါတဲ့အတိုင်းမို့ ပုပ်-မပုပ် သွားရောက်ဖူးမြော်ပြီး ခြေသလုံးသားများကို ကိုင်တွယ်စမ်းသပ်၍ သက်န်းကိုမ,ပြီး အနံ့ခံတဲ့အခါ အနည်း

www.burmeseclassic.com

www.burmeseclassic.com



ငယ်မျှ နံစော်ပုပ်ညှီတဲ့အနံ့ကို ရရှိပါတယ်၊ ဒါပေမယ် တချို့မိန်းမတွေကတော့ မပုပ်ဘူး-မပုပ်ဘူးနဲ့ ခြေဖဝါးတော်ကို ငုံ့ငုံ့ပြီး နမ်းကြရှုကြတယ်၊ ပြီးတော့ သူတို့ နှာခေါင်းကြီးတွေက အောင့်သက်သက်နဲ့ ရှုံ့လို့၊ ဒါကြောင့် တပည့်တော်ကတော့ ရဟန္တာအလောင်းဟာ ပုပ်တယ်, နံတယ်လို့ပဲ ယူဆပါတယ်၊ အဲဒါ မှန်-မမှန် ဆရာတော်က ဆုံးဖြတ်ပေးပါဦးဘုရား'

**ဆရာ။** 'အို၊ မင်းကလည်း အနည်းငယ်မျှလေး နံစော်တာပဲဟာ၊ မပုပ်ဘူး မနံဘူးလို့ ပြောလိုက်လည်း ပြီးတာပဲပေါ့ကွာ'

**ဒကာ။** 'မပုပ်ရင် မွှေးရမှာပေါ့၊ မမွှေးရင် နံရမှာပဲ၊ ခုဟာက နံနေတဲ့ဟာမို့ မပုပ်ဘူးလို့ ဆရာတော်ဘုရားကို ညာဝါးပြီး မပြောကြားဝံ့ပါဘူး။ ဘုရားရှင်သော်မှ သူ့ကိုယ်ကာယကြီးကို အပုပ်ကောင်ကြီးပါလို့ ဆိုထားသေးတဲ့ဟာ၊ မူလပင်ကိုယ် သဘာဝက အပုပ်ကောင်ဟာ ပုပ်မှာပဲပေါ့ဘုရား၊ ဆရာတော်ကသာ ပုပ်-မပုပ် ဆုံးဖြတ်မိန့်ကြားတော်မူပါ'

**ဆရာ။** 'ဟ၊ မင်းကိုယ်တိုင်က အပုပ်ဘက်နေပြီး ပုပ်တယ်-ပုပ်တယ်နဲ့ ဆုံးဖြတ်ပြီးနေမင့်ဟာပဲ၊ ငါက ဘာများကဲပြီး ဆုံးဖြတ်ပေးနေရဦးမှာလဲကွ'

**ဒကာ။** 'ဩော် - သဟာက တပည့်တော်ရဲ့ ထင်မြင်ချက်ပဲဟာ၊ ဆရာတော်ဘုရားရဲ့ ဆုံးဖြတ်ချက်နဲ့ အတည်ပြုမှတ်ချက်ချဖို့က လိုသေးတာပေါ့ဘုရား'

**ဆရာ။** 'အိမ်း-သည်လိုဆို ပုပ်တယ်လို့လည်း မှတ်ရမယ်ကွ၊ နောက် မပုပ်ဘူးလို့လည်း မှတ်ထားပေါ့ကွာ။ အဲသာ မင်းတို့မှတ်ထားဖို့၊ တို့များရဲ့ မိန့်ကြားဆုံးဖြတ်ချက်ပဲကွ။

**ဒကာ။** ။တင်ပါဘုရား၊ ဆရာတော်အမိန့်စကားက တိကျပြတ်သားမှုလည်း မရှိဘူး။ ဘယ်ဟာကို အမှန်ယူရမှာလဲဘုရား၊ ကျမ်းကိုကျမ်းကား နည်းဥပဒေများနဲ့ပြပြီး အသက်ထက်ဆုံး မှတ်သားရအောင် မိန့်ကြားတော်မူပါဦးဘုရား'

**ဆရာ။** 'အိမ်း- ရဟန္တာအလောင်း ပုပ်တယ်ဆိုတဲ့မူကတော့ မင်းဖတ်ဖူးတဲ့ လက်ပံတန်း သဒ္ဓမ္မောဒယဆရာတော်ရဲ့ (ရဟန္တာပြဿနာ)စာအုပ်ပါ ဝက္ကလိရဟန်းကို ဘုရားရှင် ဟောတော်မူတဲ့အခန်း ဓမ္မပဒကျမ်းစာအလာနဲ့ မင်းရဲ့ကိုယ်တွေ့ စွန်းလွန်းဆရာတော်ဘုရားကြီးရဲ့ အလောင်းပေါ့ကွာ။ အဲသာတွေက ပုပ်နေမင့်ဟာ၊ ပုပ်တတ်တယ်လို့မှတ်ပါ'

**ဒကာ။** 'ဦးထိပ်ရွက် ပန်ဆင်လျက်ပါဘုရား။ သည်လိုဆို မပုပ်တာကိုတော့ ဘယ်ကျမ်းစာက ဘယ်လိုလာလို့ ဘာဇာမှုနဲ့ မှတ်ရမှာလဲဘုရား'

**ဆရာ။** 'အိမ်း၊ ပြောပြမယ်၊ ရေးမှတ်ပေရော့၊ ကိလေသာကုန်ခန်းတဲ့ ရဟန္တာ အရှင်မြတ်တွေရဲ့ အလောင်းတော်များဟာ ဆေးမထိုး၊ ရေမွှေးမလောင်းဘဲ၊ ပကတိအားဖြင့် ကောင်းသောရနံ့တွေသာ ဖြစ်တယ်လို့ သုတ္တနိပါတ် အဋ္ဌကထာ၊ ဆဋ္ဌမူ-၃၀၃၊ ကြောင်းရေ-၃၊ အာမဂန္ဓသုတ်မှာ ဟောသည်လိုဆိုတာက တစ်မူပဲလို့ မှတ်ပေါ့ကွာ။ ပါဠိနဲ့

www.burmeseclassic.com



အမိပ္ပာယ်က-'

'နိက္ကိလေသာနံ မတာသရီရမ္ပိ ဒုဂ္ဂန္ဓံ န ဟောတိ'

'ကိလေသာကုန်ခန်းတဲ့ ရဟန္တာအရှင်မြတ်တို့ရဲ့ အသေကောင်အလောင်းတော်ဟာ မကောင်းသောအနံ့ မဖြစ်တတ်၊ (ဝါ) မပုပ်၊ မနံတတ်တဲ့'

အဲသည် သုတ္တနိပါတ်အဋ္ဌကထာ၊ အာမဂန္ဓသုတ်လာ စကားရပ်ကိုကိုးကားပြီး ရဟန္တာအရှင်မြတ်တို့ရဲ့ အလောင်းတော်ခတ်ဟာ မပုပ်ဘူး။ မနံစော်ဘူးလို့ပြောကြ၊ ဟောကြ ရေးမှတ်ကြတာပဲကွ၊ အဲသလို မပုပ်စပ်၊ မနံစော်တဲ့ နည်းဥပဒေတစ်ရပ်ကို လည်း မြဲမြဲမှတ်ထားပေါ့ကွာ။

## ခန္ဓာကိုယ်ကို စက်ဆုပ်ဖွယ်အဖြစ် နှလုံးသွင်းရှုပွားခြင်း

သောတာပန်မှ အထက်မဂ်ဖိုလ်များသို့ တက်လိုသူသည် အသုဘဘာဝနာနှင့် ကရုဏာဘာဝနာကိုပါ ဝိပဿနာနှင့်အတူ တွဲဖက်ပွားများရမည်ဖြစ်ကြောင်း ရှေ့၌ ပြခဲ့၏။ ယခု အနည်းငယ် အကျယ်ချဲ့ပြအံ့။ ခန္ဓာကိုယ်၏ မတင့်တယ်မှု (အသုဘ)ကို ရှုလိုသူသည် လူပုဂ္ဂိုလ်ဖြစ်ပါက သုသာန်ထိသွားပြီးမရှုနိုင်လျှင် မိမိခန္ဓာကိုယ်ကြီးမှ အညစ်အကြေးများစွန့်တိုင်း၊ ခန္ဓာကိုယ်ကြီးကို အညစ်အကြေး သုတ်သင်ပေးရတိုင်း မတင့်တယ်မှု၊ ရွံရှာဖွယ်ကောင်းမှုကို ကိုယ်တွေ့အနေနှင့် ရှုပွားနိုင်သည်။ မိမိခန္ဓာ၊ သူတစ်ပါးခန္ဓာ မည်သည့်ခန္ဓာ၏ ရွံရှာဖွယ်ကိုရှုရှု၊ ကာမရာဂများ ခေါင်းပါးလာဖို့သာ အဓိကဖြစ်၏။

မဟာသတိပဋ္ဌာန်ပါဠိတော်တွင် ခန္ဓာကိုယ်၏မတင့်တယ်မှု (အသုဘ ဘာဝနာ)ကို ရှုပွားရန် နဝသိဝထိကပဗ္ဗကို ဟောသကဲ့သို့ ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ်ကို ရှုပွားရန် ပဋိကူလ မနသိကာရပဗ္ဗကိုလည်း ဟောတော်မူခဲ့၏။ ခန္ဓာကိုယ်ကို (၃၂)ပုံ-ပုံပြီး စက်ဆုပ်ဖွယ်အဖြစ် ရှုပွားရသောကြောင့် ကောဋ္ဌာသကမ္မဋ္ဌာန်းအဖြစ်လည်း လူသိများ၏။ သောတာပန်တည်ပြီးနောက် ကောဋ္ဌာသကမ္မဋ္ဌာန်းကို ရှုပွားခြင်းဖြင့် အနာဂါမ်တည်သွားသူများ၊ ရဟန္တာဖြစ်သွားသူများ များစွာရှိ၏။

ကောဋ္ဌာသကမ္မဋ္ဌာန်းဖြင့် မဂ်ဖိုလ်ရသွားကြသူများတွင် ဓမ္မပဒအဋ္ဌကထာ၌ လာသည့် မာတိကမာတာအမည်ရှိ အမျိုးသမီးကြီးသည် ထင်ရှား၏။ ကောသလတိုင်းအတွင်းပါသည့် မာတိကအမည်ရှိ ရွာကြီးတွင် ထိုအမျိုးသမီးကြီးနေထိုင်၏။ မာတိကရွာသူကြီး၏ အမေဖြစ်သောကြောင့် မာတိကမာတာဟူ၍သာ ခေါ်ကြ၏။ တစ်ခါတွင် ရဟန်းအပါးခြောက်ဆယ်သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူပြီး တရားဘာဝနာပွားရန် နေရာလိုက်ရှာရင်း ထိုရွာကြီးသို့ရောက်လာကြ၏။

မာတိကမာတာက ပစ္စည်းလေးပါး တာဝန်ယူသောကြောင့် ရဟန်းအပါးခြောက်ဆယ်သည် ထိုရွာ၏မနီးမဝေး တစ်ပါးနေတောရကျောင်းလေးများတွင် ဝါဆို

www.burmeseclassic.com

www.burmeseclassic.com



ပြီး တရားရှုပွားကြ၏။ မာတိကမာတာက ရဟန်းတော်များ၏ တရားရှုပွားနည်းကို မေးမြန်းမှတ်သားပြီး အိမ်မှာပင်ရှုပွားရာ အဘိညာဉ်နှင့်တကွ အနာဂါမိမဂ်ကိုပါ ရ၏။ ရှုပွားနည်းကား ရှေ့တွင်ရေးခဲ့သော နည်းအတိုင်းပင်ဖြစ်၏။ ဒွါရနှင့် အာရုံ တိုက်တိုင်း တရစပ် ဖြစ်ပျက်နေသော ခန္ဓာငါးပါး၏မမြဲမှု စသည်ကိုရှုရင်း သောတာ ပတ္တိမဂ်ကိုရ၏။

သောတာပတ္တိမဂ်ကိုရပြီး ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာကို အသေသတ်ပြီး နောက် ကာမတဏှာနှင့် ဗျာပါဒကို ခေါင်းပါးအောင်၊ သေအောင် (၃၂)ကောဋ္ဌာသ နှင့် ကရုဏာဘာဝနာတို့ကိုပါ ဝိပဿနာနှင့်တွဲဖက်ပြီး ပွားများသောကြောင့် ရဟန်း တော်များထက်အရင် အနာဂါမ်တည်သွားခြင်းဖြစ်၏။

ဤဖြစ်ရပ်ကိုထောက်၍ ဝိပဿနာ,ဟူသည် အိမ်ဝေယျာဝစ္စအလုပ်များ၊ စီး ပွားရေးအလုပ်များနှင့်တွဲဖက်ပြီး ပွားများနိုင်ကြောင်း မှတ်သားအပ်ပါ၏။

'ငါကား သံသရာ၌ ထောက်ရာတည်ရာကို ရခဲ့ပြီ၊ ငါ့သား ရဟန်းတော်များရော ထောက်ရာတည်ရာကို ရ-မရကြည့်အံ့'ဟု ကြည့်သောအခါ တစ်ပါးမှ မဂ်ဖိုလ်မရကြ သေးသည်ကိုတွေ့ရ၏။ အတူနေပုဂ္ဂိုလ်ချင်း သင့်တင့်လျောက်ပတ်မှု ပုဂ္ဂလသပ္ပါယ၊ ကျောင်းအိပ်ရာနေရာ၏ သင့်တင့်လျောက်ပတ်မှု သေနာသနသပ္ပာယ၊ အစားအ သောက်၏ သင့်တင့်လျောက်ပတ်မှု အာဟာရသပ္ပာယဟူသော သပ္ပါယသုံးပါးတွင် အဘယ်သပ္ပာယ အဆင်မပြေသဖြင့် တရားမရခြင်းဖြစ်ကြောင်းကို ကြည့်သောအခါ အစားအသောက်၏ သင့်တင့်လျောက်ပတ်မှု အာဟာရသပ္ပာယ မမျှတကြောင်း တွေ့သွား၏။

ဆီပြန်အသားဟင်း၊ ငါးဟင်းများပါတိုင်း အာဟာရသပ္ပာယဖြစ်သည်မဟုတ်၊ ချဉ်ရည်ဟင်း၊ ငါးခြောက်ဖုတ်ကဲ့သို့ မိမိစားလိုသော အာဟာရကို ရခြင်းသည် အာဟာ ရသပ္ပာယပင်ဖြစ်၏။ ထို့ကြောင့် မာတိကမာတာက ရဟန်းအပါးခြောက်ဆယ် ဘုဉ်း ပေးချင်သော အာဟာရများကို တစ်ပါးစီ အဘိညာဉ်တန်ခိုးဖြင့် လိုက်ကြည့်ပြီး အလိုက်တသိ လှူဒါန်းသောကြောင့် ရက်များမကြာမီ အပါးခြောက်ဆယ် ရဟန္တာဖြစ် တော်မူကြသည်။ မာတိကမာတာ အနာဂါမ်တည်ပြီး ရဟန်းအပါးခြောက်ဆယ် ရဟန္တာဖြစ်သွားစေသော ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းရှုပွားနည်းကို ပြအံ့။

## ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်း

ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊
အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊
အမြှေး၊ အဖျဉ်း၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာ
ဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊
အဆီ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ဟု (၃၂)ကောဋ္ဌာသဖြစ်၏။

## ဆံပင်ကို စက်ဆုပ်ဖွယ်အဖြစ် ဆင်ခြင်ပုံ

နှုတ်ဖြင့် ရွတ်ဆိုသကဲ့သို့ ကောဋ္ဌာသတစ်ပါးချင်းစီကို အဆင်း၊ သဏ္ဌာန်၊ အနံ့၊ အကြောင်း အာသယ၊ တည်ရာဩကာသတို့၏ အစွမ်းအားဖြင့် ငါးမျိုးစီခွဲပြီး ဆင်ခြင်ရမည်။ ဆံပင်သည် အဆင်းအားဖြင့် မည်း၏။ သဏ္ဌာန်အားဖြင့် ရှည်ရှည်လျားလျား လုံးလုံးဖြစ်၏။ အထက်အောက်အရပ်နှစ်မျိုးတွင် အထက်အရပ်၌ဖြစ်၏။ တည်ရာအားဖြင့် နှစ်ဘက်သောနံပါးတို့၌ နားရွက်ရင်းမှ နဖူးပြင်၊ နောက်မှ လည်ဂုတ်တို့ဖြင့် ပိုင်းခြားထားသော ဦးခေါင်းခွံကိုရစ်ပတ်နေသည့် အရေစို၌တည်၏။

အပိုင်းအခြားအားဖြင့် ဦးခေါင်းကိုရစ်ပတ်၍တည်သော အရေစို၌ စပါးမြီးဖျားမျှ စူးဝင်၍ တည်ခြင်းဖြင့်လည်းကောင်း၊ အထက်၌ ကောင်းကင်ဖြင့်လည်းကောင်း၊ နံဘေးဖီလာ၌ ဆံပင်အချင်းချင်းဖြင့်လည်းကောင်း ပိုင်းခြားထား၏။ ဆံပင်ကို ရွံစရာအဖြစ် ငါးမျိုးသောအခြင်းအရာအားဖြင့် ဆင်ခြင်ပုံကား ဆံပင်သည် အဆင်းအားဖြင့် မည်းပုပ်သောကြောင့် ရွံစရာသာဖြစ်၏။

သဏ္ဌာန်သည်လည်း ရှည်ရှည်လျားလျားဖြစ်သောကြောင့် နှစ်သက်စရာ မဟုတ်၊ အနံ့သည်လည်း သည်အတိုင်း နမ်းကြည့်လျှင်ဖြစ်စေ မီးရှို့ပြီး နမ်းကြည့်လျှင်ဖြစ်စေ၊ အင်မတန် နံသောကြောင့် ရွံရှာဖွယ်သာဖြစ်၏။ ကော့စမစ်၊ အုန်းဆီ စသည်တို့ဖြင့် လိမ်းကျံပေးရခြင်းသည် ထို မကောင်းသော အနံ့ဆိုးများကို ဖုံးကွယ်ပေးခြင်းဖြစ်၏။ ဆံပင်သည် ပြည်၊ သွေး၊ ကျင်ငယ်၊ ကျင်ကြီး၊ သည်းခြေ၊ သလိပ် စသည်တို့၏ အငွေ့အသက် အကျိုးဆက်ကြောင့် ပေါက်လာရခြင်းဖြစ်၍ ဖြစ်ကြောင်းအာသယအားဖြင့်လည်း ရွံရှာစက်ဆုပ်စရာသာဖြစ်၏။ တစ်ရွာလုံးမှ ပစ်ထားသည့် အညစ်အကြေး တောတွင်ပေါက်သော ဟင်းရွက်နှင့်တူ၏။

တည်ရာအားဖြင့်လည်း ဦးခေါင်းရေမှာ တည်သဖြင့် မစင်ပုံမှာပေါက်သော မှိုကဲ့သို့ ရွံစရာသာဖြစ်၏။

## မွေးညှင်းကို စက်ဆုပ်ဖွယ်ရာအဖြစ်ဆင်ခြင်ပုံ

မွေးညှင်းသည် ဆံပင်လောက် မမည်းသော်လည်း မည်းကြောင်ကြောင် အဆင်း ရှိ၏။ သဏ္ဌာန်အားဖြင့် ညွတ်သောအဖျားရှိသော ထန်းမြစ်သဏ္ဌာန်ရှိ၏။ အထက်၊ အောက် အရပ်အားဖြင့် နှစ်ပါးသောအရပ်မှဖြစ်၏။ တည်ရာအားဖြင့် ဆံပင်တည်ရာ၊ လက်ဖဝါး၊ ခြေဖဝါးတို့ကို ချန်လှပ်ကာ တစ်ကိုယ်လုံးကို ရစ်ပတ်၍ ထားသောအရေမှာ တည်၏။ အပိုင်းအခြားအားဖြင့် တစ်ကိုယ်လုံး ရစ်ပတ်ထားသော အရေ၌ လိက္ခာမြူမျှ အထဲသို့ဝင်၍ အောက်၌ မိမိ၏ အမြစ်အပြင်အားဖြင့်လည်း ကောင်း၊ အထက်၌ ကောင်းကင်အားဖြင့်လည်းကောင်း၊ ဖီလာ၌ အချင်းချင်းအား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်လည်းကောင်း ပိုင်းခြားထား၏။

ငါးပါးသောအပြားအားဖြင့် ရွံရှာဖွယ်ဖြစ်ပုံကား မည်းကြောင်ကြောင် အဆင်းသည်လည်းကောင်း၊ ထန်းမြစ်သဏ္ဍာန်သည်လည်းကောင်း ရွံရှာဖွယ်သာ ဖြစ်သည်။ ပင်ကိုယ်အနံ့သည်လည်း ရွံရှာဖွယ်သာဖြစ်၏။ ပြည်၊ သွေး၊ ချွေး၊ ကျင်ငယ်၊ ကျင်ကြီး စသည်တို့ကြောင့် ဖြစ်ရသည်အတွက် ဖြစ်ကြောင်းအာသယအားဖြင့်လည်း ရွံရှာဖွယ်သာဖြစ်သည်။ တည်ရာအားဖြင့်လည်း အရေမှာပေါက်သောကြောင့် ဆံပင်နည်းတူ မစင်ပုံမှာပေါက်သောမှိုကဲ့သို့ ရွံစရာသာဖြစ်၏။

## ခြေသည်းလက်သည်းကိုစက်ဆုပ်ဖွယ်အဖြစ်ဆင်ခြင်ပုံ

ခြေသည်းဆယ်ချောင်း၊ လက်သည်းဆယ်ချောင်း၊ ပေါင်း(၂၀)ရှိ၏။ ယင်းတို့သည် အဆင်းအားဖြင့် ဖြူ၏။ သဏ္ဍာန်အားဖြင့် ငါး၏အကြေးခွံနှင့်တူ၏။ အရပ်အားဖြင့် လက်သည်းက အထက်အရပ်မှာဖြစ်၍ ခြေသည်းက အောက်အရပ်မှာဖြစ်၏။ တည်ရာအားဖြင့် လက်ချောင်း၊ ခြေချောင်းတို့၏ အဖျား အပြင်၌တည်၏။ အပိုင်းအခြားအားဖြင့် အောက်အထက် အရပ်နှစ်မျိုးတို့၌ လက်ချောင်း၊ ခြေချောင်း အစွန်းသားတို့ဖြင့်လည်းကောင်း၊ အတွင်း၌ လက်ချောင်း၊ ခြေချောင်းအဖျား အမိုးသားတို့ဖြင့်လည်းကောင်း၊ အပ၌လည်းကောင်း၊ အဖျား၌လည်းကောင်း ကောင်းကင်ဖြင့် ပိုင်းခြား၏။ ဖီလာ၌ အချင်းချင်း ပိုင်းခြား၏။

အဆင်းသဏ္ဍာန် အနံ့ ဖြစ်ရာအကြောင်း၊ တည်ရာအားဖြင့် ရွံစရာကောင်းပုံကို ဆံပင်မွေးညှင်းကို နည်းမှီ၍ဆင်ခြင်ပါ။ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်းတို့ စက်ဆုပ်ဖွယ်ကောင်းပုံကို လက်တွေ့သိလိုလျှင် မိမိစားမည့် ထမင်းပန်းကန်ထဲ ထိုအရာ သုံးမျိုးလုံးကို ထည့်ကြည့်ပါ၊ ထမင်းကို ဆက်မစားနိုင်တော့ပဲ ပျို့အန်ထွက်လာမည်သာဖြစ်၏။ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း စသည်တို့သည် အရင်က ထင်ခဲ့သလို နှစ်သက်မြတ်နိုးဖွယ်ရာသာမှန်လျှင် ပျို့အန်ထွက်စရာ အကြောင်းမရှိပေ။

အမှန်စစ်စစ် ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ်ဖြစ်သောကြောင့်သာ ပျို့အန်မှုဖြစ်ရကြောင်း ထင်ရှား၏။ စက်ဆုပ်ဖွယ်ရာအဖြစ် နှလုံးသွင်းဆင်ခြင်သည့်အခါ (၃၂) ကောဋ္ဌာသ,လုံးကို ကွက်ကွက်ကွင်းကွင်းမြင်နေမှ ရွံရှာစိတ်ပေါ်၏။ ရွံရှာစိတ်ပေါ်မှလည်း ကာမရာဂသည် ခေါင်းပါး၏။ မိမိခန္ဓာကိုယ်ကိုပင် စက်ဆုပ်စရာအဖြစ်မြင်၍ မတပ်မက်တော့သောသူသည် သူတစ်ပါးခန္ဓာကိုယ်ကို အဘယ်မှာ တပ်မက်ပါတော့မည်နည်း။ ထို့ကြောင့် ပွားများမှု၌ ထိရောက်စေခြင်းအကျိုးငှာ (၃၂)ကောဋ္ဌာသကို အကျယ်ရေးသားပေးခြင်းဖြစ်၏။

## သွားကို စက်ဆုပ်ဖွယ်အဖြစ်ဆင်ခြင်ပုံ

အပြည့်အစုံပေါက်သော သွားရိုးသည် (၃၂)ချောင်းရှိ၏။ သွားတို့၏အဆင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ဖြူ၏။ သဏ္ဌာန်အားဖြင့် အမျိုးမျိုးရှိ၏။ အောက်သွားအစဉ်၏ အလယ်လေးချောင်းသည် ပြောင်းဖူးစေ့သဏ္ဌာန်ဖြစ်၏။ ရှေ့သွားလေးချောင်း၏ နံဘေးတစ်ဖက်တစ်ချောင်းသည် အစွယ်ဖြစ်၍ ချွန်၏။ အမြစ်တစ်ခုစီ ရှိ၏။ အစွန်းတစ်ခုပါ၏။ စပယ်ငုံသဏ္ဌာန် ရှိ၏။ ယင်းအစွယ်၏ နံဘေးကသွားသည် အမြစ်နှစ်ခုရှိ၏။ အစွန်းနှစ်ခုရှိ၏။ လှည်းဦးထောက်ခွသဏ္ဌာန်ရှိ၏။ ထိုသွား၏ နံဘေးတစ်ဖက်စီကသွားသည် အမြစ်သုံးချောင်းရှိ၏။ အစွန်းသုံးခုပါ၏။ ယင်းသွား၏ နံဘေးတစ်ဖက်စီကသွားသည် အံသွားဖြစ်၏။ အမြစ် လေးချောင်းရှိ၏။ အစွန်းလေးခုပါ၏။ ဤကား အောက်သွားများ တည်ရှိပုံဖြစ်၏။ အထက်သွားများလည်း ထိုနည်းအတိုင်းသာဖြစ်၏။ ထိုကြောင့် သွားသည် သဏ္ဌာန်အမျိုးမျိုးရှိ၏ဟု ဟောကြားခြင်းဖြစ်၏။

အရပ်အားဖြင့် အထက်အရပ်၌ဖြစ်၏။ တည်ရာအားဖြင့် နှစ်ချောင်းသောမေးရိုး၌ တည်၏။ အပိုင်းအခြားအားဖြင့် အောက်အဖို့မှာ မေးရိုး၌တည်ပြီး မိမိတို့၏ အမြစ်အားဖြင့် ပိုင်းခြား၏။ အထက်ဖို့မှာ ကောင်းကင်၊ ဖီလာအားဖြင့် အချင်းချင်း ပိုင်းခြား၏။ ရွံစရာငါးမျိုးကို ဆံပင်,မွေးညှင်းတို့ကို ဆင်ခြင်သည့်အတိုင်း ဆင်ခြင်အပ်၏။

## အရေကို စက်ဆုပ်ဖွယ်ရာအဖြစ်ဆင်ခြင်ပုံ

အရေသည် အရေထူ၊ အရေပါးဟု နှစ်မျိုးရှိ၏။ အရေပါး၏အဆင်းသည် အချို့ကား အမည်း၊ အချို့ကား အဖြူ၊ အချို့ကား အဝါ၊ အမျိုးမျိုးရှိ၏။ တစ်ကိုယ်လုံးရှိ အရေပါးကို စုလိုက်လျှင် ဇီးစေ့ခန့်သာရှိ၏။ အရေထူဟူသည် အရေပါးအောက်က အရေကိုဆိုခြင်းဖြစ်၏။ အရေထူ၏ အဆင်းကား အဖြူတစ်မျိုးသာရှိ၏။ လူသေကောင်ကို မီးရှို့သည့်အခါ အပေါ်ရေကို မီးလောင်ပြီးလျှင် အဖြူရောင်ပေါ်လာ၏။ ထိုအဖြူသည်ပင် အရေထူဖြစ်၏။

သဏ္ဌာန်ကား ကိုယ်ကောင်၏ ပုံသဏ္ဌာန်အတိုင်းဖြစ်၏။ အရပ်အားဖြင့် အထက်အရပ်၊ အောက်အရပ် နှစ်ပါးလုံး၌ဖြစ်၏။ တည်ရာအားဖြင့် တစ်ကိုယ်လုံးကို ရစ်ပတ်၍ တည်၏။ အပိုင်းအခြားအားဖြင့် အောက်အဖို့၌ တည်ရာအပြင်ဖြင့်လည်းကောင်း၊ အထက်အဖို့၌ ကောင်းကင်ဖြင့်လည်းကောင်း၊ ပိုင်းခြားထား၏။ ရွံစရာငါးမျိုး ဆင်ခြင်ပုံကား ဖော်ပြခဲ့ပြီးသည့်အတိုင်းပင်ဖြစ်၏။

## အသားကို စက်ဆုပ်ဖွယ်ရာအဖြစ်ဆင်ခြင်ပုံ

လူခန္ဓာကိုယ်တွင် အသားတစ်ပေါင်း ကိုးရာရှိ၏။ ထိုအသားတစ် ကိုးရာသည် အဆင်းအားဖြင့် နီ၏။ သဏ္ဌာန်အားဖြင့် သလုံးသားသည် ထန်းရွက်နှင့် ထုပ်ထားသော ထမင်းထုပ်နှင့်တူ၏။ ပေါင်သားသည် ဆေးကြိတ်ကျောက်သား သဏ္ဌာန်ရှိ၏။ တင်ပါးသားသည် မြေစိုင်ဖြင့်ပြုအပ်သော ဖိုခနောက်သဏ္ဌာန်ရှိ၏။ နံပါးနှစ်ဖက်၏ အသားသည် စပါးကျီအတွင်း ပါးပါးသုတ်ထားသော မြေသရွတ်သဏ္ဌာန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သားမြတ်၏အသားသည် လုံးပြီး မှောက်ခုံချထားအပ်သော မြေစိုင်သဏ္ဌာန်ရှိ၏။

လက်ရုံးနှစ်ဖက်၏အသားသည် နှစ်ကောင်ကပ်၍ထားသော အရေမရှိသည့် ကြွက်ကြီးသဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အထက်အရပ်။ အောက်အရပ်၌ ဖြစ်၏။ တည်ရာအားဖြင့် သုံးရာကျော်သော အရိုးတို့ကို လိမ်းကပ် ငြိတွယ်လျက်တည်၏။ အပိုင်းအခြားအားဖြင့် အောက်အဖို့၌ အရိုး၊ အထက်အဖို့၌ အရေ၊ ဖီလာအားဖြင့် အချင်းချင်း ပိုင်းခြားထား၏။

## အကြော၏တည်နေပုံ

အကြောပေါင်း ကိုးရာရှိ၏။ ဖြူသောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် အမျိုးမျိုးဖြစ်၏။ ကြောမကြီးငါးခုသည် လည်ပင်း၏အထက်မှစပြီး တစ်ကိုယ်လုံးကို မြေးယှက်၍ ရှေ့ဘက်ဖြင့် အောက်သို့ဆင်း၏။ နောက်ထပ် ကြောမကြီးငါးခုသည် တစ်ကိုယ်လုံးကို မြေးယှက်၍ နောက်ဘက်ဖြင့် အောက်သို့ဆင်း၏။ လက်ျာနံဘေးမှ ကြောမ ကြီးငါးခု၊ လက်ဝဲနံဘေးမှ ကြောမကြီးငါးခုတို့သည် ထို့အတူ အပေါ်မှ အောက် သို့ဆင်း၏။ ညာလက်ကို မြေးယှက်၍ ရှေ့ဘက်အားဖြင့် ကြောမကြီးငါးသွယ်၊ နောက် ဘက်အားဖြင့် ကြောမကြီးငါးသွယ်ဆင်း၏။

ထို့အတူ ဘယ်လက်ကိုမြေးယှက်၍ ရှေ့ဘက်မှ ကြောမကြီးငါးသွယ်၊ နောက် ဘက်မှ ကြောမကြီးငါးသွယ်ဆင်း၏။ ညာခြေထောက်ကိုမြေးယှက်၍ ရှေ့ဘက်မှ ကြောမကြီးငါးသွယ်၊ နောက်ဘက်မှ ကြောမကြီးငါးသွယ် ဆင်း၏။ ဘယ်ခြေထောက် ကို မြေးယှက်၍ ရှေ့ဘက်မှ ကြောမကြီးငါးသွယ်၊ နောက်ဘက်မှ ကြောမကြီးငါးသွယ် ဆင်း၏။ ယင်းကဲ့သို့ တစ်ကိုယ်လုံးကိုဆောင်သော ကြောမကြီး ခြောက်ဆယ်တို့သည် ကိုယ်ကောင်ကို မြေးယှက်၍ဆင်းကြ၏။

ထိုခြောက်ဆယ်သော ကြောမကြီးတို့သည် ပဒိုင်း၊ ခတ္တာသဏ္ဌာန်ရှိ၏။ ယင်း ခြောက်ဆယ်မှ တစ်ပါးသောအကြောတို့သည် ထိုထိုအရပ်သို့လွှမ်းမိုး၍ တည်၏။ ထို့အောက်ငယ်သော အကြောတို့သည် ချည်ကြိုးသဏ္ဌာန်ရှိ၏။ တစ်ပါးသော ထို့အောက် ငယ်သောအကြောတို့သည် ဆင်သမန္ဒယ်ကြိုးသဏ္ဌာန်ရှိ၏။ တစ်ပါးသော ထို့အောက် ငယ်သောအကြောတို့သည် စောင်းညှို့ကြိုးသဏ္ဌာန်ရှိ၏။ ထို့ပြင် တစ်ပါး သော အကြောတို့သည် ရုန့်ကြမ်းသော ချည်ကြိုးသဏ္ဌာန်ရှိ၏။

လက်ဖမိုး၊ ခြေဖမိုးအကြောတို့သည် ငှက်ခြေသဏ္ဌာန်ရှိ၏။ ဦးခေါင်း အကြော တို့သည် သူငယ်တို့၏ ဦးခေါင်းကိုစွပ်ထားသော ကွန်ရွက်သဏ္ဌာန်ရှိ၏။ ကျောကုန်း အကြောတို့သည် နေပူထဲတွင်လှန်းထားသော တံငါ၏ ကွန်ရွက်သဏ္ဌာန်ရှိ၏။

ထိုမှ ကြွင်းကျန်ကုန်သော ထိုထိုအင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သော အကြောတို့သည် ကိုယ်၌စွပ်ထားအပ်သည့် ကွန်ရွက်သဏ္ဌာန်ပြထားသော သင်ဒိုင်း သဏ္ဌာန် ရှိ၏။ အရပ်အားဖြင့် အထက် အရပ်၊ အောက်အရပ် နှစ်ပါးလုံး၌ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တည်ရာအားဖြင့် တစ်ကိုယ်လုံး၌ အရိုးတို့ကို ဖွဲ့၍တည်၏။ အပိုင်းအခြားအားဖြင့် အောက်၌အရိုးသုံးရာ၊ အထက်၌ အသားအရေတို့ဖြင့် ပိုင်းခြားအပ်၏။ ထိုအကြောများကို စုပေါင်းပြီး တစ်နာရီလောက် ကိုင်ထားပါဟုဆိုလျှင် မည်သူမျှ ကိုင်ကြည့်မည်မဟုတ်၊ အဘယ်ကြောင့်နည်း၊ ရွံရှာဖွယ်ကောင်းသောကြောင့်ပင်တည်း။

## အရိုး၏တည်နေပုံ

သွားကို ကောဋ္ဌာသတစ်ခုအဖြစ် သီးသန့်ယူသွားပြီဖြစ်၍၊ သွားကိုချန်၊ ကျန်အရိုးပေါင်းသည် သုံးရာရှိ၏။ လက်ရိုး (၆၄)ချောင်း၊ ခြေရိုး (၆၄)ချောင်း၊ အသားကိုမှီသော နူးညံ့သောအရိုး (၆၄)ချောင်း၊ ဖနောင့်ရိုး (၂)ချောင်း၊ တစ်ခုတစ်ခုသော ခြေထောက်၌ ဖမျက်ရိုး (၂)ချောင်းစီရှိသဖြင့် စုစုပေါင်း (၄)ချောင်း၊ မြင်းခေါင်းရိုး (၂)ချောင်း၊ ပုဆစ်ရိုး (၂)ချောင်း၊ ပေါင်ရိုး (၂)ချောင်း၊ ခါးရိုး (၂)ချောင်း၊ ကျောက်ကုန်းဆူးရိုး (၁၈)ခု၊ နံရိုး (၂၄)ချောင်း၊ ရင်ရိုး (၁၄)ချောင်း၊ နှလုံးရိုးတစ်ခု၊ ညှပ်ရိုး (၂)ချောင်း၊ လက်ပြင်ရိုး (၂)ခု၊ လက်ရုံးရိုး (၂)ချောင်း၊ လက်ဖျံရိုး (၄)ချောင်း၊ လည်ရိုး (၇)ချောင်း၊ မေးရိုး (၂)ခု၊ နှာခေါင်းရိုး (၁)ချောင်း၊ မျက်တွင်းရိုး (၂)ခု၊ နားရိုး (၂)ခု၊ နဖူးရိုး (၁)ခု၊ ဦးခေါင်းရိုး (၁)ခု၊ ဦးခေါင်းခွံရိုး (၉)ခု စုစုပေါင်း သုံးရာ ဖြစ်၏။

ထို သုံးရာသော အရိုးတို့သည် အဆင်းအားဖြင့် ဖြူ၏။ သဏ္ဌာန်အားဖြင့် အမျိုးမျိုး ဖြစ်၏။ ခြေချောင်း အဆစ်အဖျားတို့သည် ခပေါင်းစေ့သဏ္ဌာန်ရှိ၏။ အလယ်ရိုးတို့သည် ပိန္နဲစေ့သဏ္ဌာန်ရှိ၏။ အရင်းဆစ်ဦးတို့သည် ထက်စည်သဏ္ဌာန်ရှိ၏။ ခြေဖမိုးအရိုးတို့သည် အပိုင်းပိုင်းဖြတ်အပ်သော ပဒိုင်း၊ ခတ္တာပင်၏ အကြောစုသဏ္ဌာန် ရှိ၏။ ဖနောင့်ရိုးသည် တစ်စေ့သာရှိသော ထန်းသီးစေ့သဏ္ဌာန်ရှိ၏။ ဖမျက်ရိုးသည် ချည်ကြိုးဖြင့် အချင်းချင်းဖွဲ့ထားသော ဂေါ်လီလုံးသဏ္ဌာန်ရှိ၏။

ဖမျက်ရိုး၌တည်သော မြင်းခေါင်းရိုးသည် အခွံကိုခွာထားသော သင်ပေါင်းညှောင့်သဏ္ဌာန်ရှိ၏။ ငယ်သောမြင်းခေါင်းရိုးသည် လေးဒူးသဏ္ဌာန်ရှိ၏။ ကြီးသော မြင်းခေါင်းရိုးသည် ညှိုးကြုံသောမြွေ၏ ကျောကုန်းသဏ္ဌာန်ရှိ၏။ ပုဆစ်ရိုးသည် တစ် ဖက်ပဲ့သော ရေမြှုပ်သဏ္ဌာန်ရှိ၏။ ပုဆစ်ရိုး၌ဝင်၍တည်သော မြင်းခေါင်းရိုးသည် တုံးသောန္တားချိုသဏ္ဌာန် ရှိ၏။ ပေါင်ရိုးသည် မကောင်းသဖြင့် ရွှေအပ်သော ပဲခွပ်ရိုး သဏ္ဌာန် ရှိ၏။

ခါးရိုး၌တည်သော ပေါင်ရိုးသည် ကစားသော ဂျင်ငယ်သဏ္ဌာန်ရှိ၏။ ပေါင်ရိုး၌တည်သော ခါးရိုးသည် အဖြား၌ဖြတ်အပ်သော ပုန်းညက်သီးကြီးသဏ္ဌာန်ရှိ၏။ ခါးရိုးနှစ်ဘက်သည် အိုးထိန်းသည်တို့ပြုအပ်သော ခုံလောက်သဏ္ဌာန်ရှိ၏။ တင်ရိုးသည် မြွေပါးပြင်းသဏ္ဌာန်ရှိ၏။ ခုနှစ်ခု ရှစ်ခုသောအရပ်၌ အပေါက်ရှိ၏။

ကျောကုန်းဆူးရိုးတို့သည် အတွင်းမှ ဂုံညင်းကဲ့သို့ ပြားပြီး အပေါက်၌ သီ၍

www.burmeseclassic.com

www.burmeseclassic.com



အဆင့်အဆင့်ထားအပ်သော တစ်ဆယ့်ရှစ်ချပ်သော ခဲပြားသဏ္ဍာန်ရှိ၏။ အပဉ္စကား ဝင်သီတန်၌ ထိုးသီ၍ထားအပ်သော ဝင်သီချည်တို့၏ အသွယ်အစဉ်သဏ္ဍာန်ရှိ၏။ ထိုကျောကုန်းတို့၏ အကြားအကြား၌ လွှသွားနှင့်တူသော နှစ်ခုသုံးခုသော ဆူးရိုးတို့ ရှိကုန်၏။ (၂၄)ချောင်းသော နံရိုးတို့တွင် မပြည့်စုံသော နံရိုးတို့သည် အနှောင့်အသွား မပြည့်စုံသော သံလျက်သဏ္ဍာန် ရှိကုန်၏။

ပြည့်စုံသောနံရိုးတို့သည် အနှောင့်အသွားပြည့်စုံသော သံလျက်သဏ္ဍာန်ရှိကုန်၏။ အလုံးစုံသော နံရိုးတို့သည် ကြက်ဖြူ၏ ဖြန့်အပ်သော အတောင်သဏ္ဍာန်ရှိကုန်၏။ (၁၄)ခုသော ရင်ရိုးတို့သည် ဆွေးမြေ့သော သံလျက်ချိုင့်သဏ္ဍာန်ရှိ၏။ ရင်ဝရိုးသည် ယောက်မရွက်သဏ္ဍာန်ရှိ၏။ ညှပ်ရိုးနှစ်ဘက်တို့သည် ငယ်သော သံပဲခွပ် ရိုးသဏ္ဍာန်ရှိ၏။ ပခုံးစွန်းနှစ်ဘက်သည် တုံးသော သီဟိုဠ်ပေါက်တူးရိုး သဏ္ဍာန် ရှိ ကုန်၏။ မောင်းရိုးနှစ်ဘက်တို့သည် ကြေးမုံရိုးသဏ္ဍာန် ရှိကုန်၏။

လက်ဖျံရိုးနှစ်ဘက်တို့သည် အစုံတွဲအပ်သော ထန်းမြစ်သဏ္ဍာန်ရှိ၏။ (ထန်းမြစ်ဆိုသည်မှာ စားရသော ထန်းညှောင့်ကိုဆိုလိုသည်။) လက်ကောက်ဝတ်ရိုးတို့သည် တစ်ခုနှင့်တစ်ခု ကပ်၍ထားအပ်သော သလွဲပြားအရစ်ခွေ သဏ္ဍာန်ရှိ၏။ လက်ဖမိုးရိုးတို့သည် ထုဖွပ်အပ်သော ပဒိုင်းရွက် အကြောစုသဏ္ဍာန်ရှိ၏။ လက်ချောင်းရိုးတို့တွင် အရင်းအဆစ်ရိုးသည် ထက်စည်သဏ္ဍာန်ရှိ၏။ အလယ်ဆစ်ရိုးတို့သည် မပြည့်စုံသော ပိန္နဲစေ့သဏ္ဍာန်ရှိ၏။ အဖျားရိုးတို့သည် ခပေါင်းစေ့သဏ္ဍာန်ရှိ၏။

ခုနှစ်ခုသော လည်ရိုးတို့သည် အကွင်းအကွင်း လှီးဖြတ်၍ထားအပ်သော ဝါးမြစ်ပိုင်းသဏ္ဍာန်ရှိ၏။ အောက်မေးရိုးသည် ပန်းဘဲသမား၏ သံကိုက်သဏ္ဍာန်ရှိ၏။ အထက်မေးရိုးသည် ကြံခွံခွါသော ဓားငယ်သဏ္ဍာန်ရှိ၏။ မျက်တွင်းရိုး၊ နှာတွင်းရိုးတို့သည် အဆံကိုနှုတ်ထားသော ထန်းစေ့ငယ်သဏ္ဍာန်ရှိ၏။ နဖူးရိုးသည် မှောက်ထား သော ယောက်သွားခြမ်းသဏ္ဍာန်ရှိ၏။ နားခွက်ရိုးတို့သည် ဆတ္တာသည်တို့၏ သင်ဓုန်း ဓားအိမ်သဏ္ဍာန် ရှိ၏။

ဆံစပ်ရိုးသည် အိုးမှပြည့်လျှံ၍ကျသော ထောပတ်လွှာအပိုင်း သဏ္ဍာန်ရှိ၏။ ဦးထိပ်ရိုးသည် မျက်နှာဝကို ဖြတ်၍မှောက်ထားအပ်သော အုန်းမှုတ်သဏ္ဍာန်ရှိ၏။ ဦးခေါင်းရိုးတို့သည် စပ်ချုပ်၍ထားအပ်သော ကွဲအက်ကြောင်းများသော ဗူးအိုံ သဏ္ဍာန် ရှိ၏။ အရပ်အားဖြင့် အထက်အောက်နှစ်ရပ်လုံး၌ဖြစ်၏။ တည်ရာအားဖြင့် တစ်ကိုယ် လုံး၌ တည်၏။

အပိုင်းအခြားအားဖြင့် အတွင်းဘက်မှ ခြင်ဆီဖြင့်လည်းကောင်း အပြင်ဘက်မှ အသားဖြင့်လည်းကောင်း ပိုင်းခြားထား၏။

## ချဉ်ဆီ၏ တည်နေပုံ

ချဉ်ဆီဟူသည် အရိုး၏အခေါင်းတွင်း၌တည်၏။ အဆင်းအားဖြင့် ဖြူ၏။

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်အားဖြင့် ဝါးကျည်တောက်အတွင်း ထည့်ပြီးပြုတ်ထားသော ကြိမ်ညွန့်ကြီး သဏ္ဌာန်ရှိ၏။ အပိုင်းအခြားအားဖြင့် အရိုးတို့၏အတွင်းအပြင်ဖြင့် ပိုင်းခြားအပ်၏။

## အညှို့၏ တည်နေပုံ

အညှို့ဟူသည် အညာတစ်ခု၌တွယ်နေသော အသားဆိုင်နှစ်ခုကိုခေါ်၏။ အညှို့သည် အဆင်းအားဖြင့် စဉ်းငယ်နီ၏။ သဏ္ဌာန်အားဖြင့် အညာတစ်ခု၌ တည်ရှိသော သရက်သီးနှစ်လုံးပူးသဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။ တည်ရာအားဖြင့် လည်ချောင်းမှထွက်သော တစ်ခုသောအညာဖြင့် အနည်းငယ်သွားပြီး နှာဖျားကွဲသည့် အကြောဖြင့်ဖွဲ့လျက် နှလုံးသားကို ခြံရံပြီးတည်၏။ အပိုင်းအခြား အားဖြင့် အညှို့ကို အညှို့ဖြင့်ပင် ပိုင်းခြားအပ်၏။

## နှလုံး၏ တည်နေပုံ

နှလုံးသားသည် အဆင်းအားဖြင့် နီ၏။ ပဒုမ္မာကြာပွင့်ချပ်၏ ကြောဘက်က အဆင်းနှင့်တူ၏။ သဏ္ဌာန်အားဖြင့် အဝဖြစ်သောပွင့်ချပ်ကို ခွာထားသော ပဒုမ္မာကြာဖူးသဏ္ဌာန်ရှိ၏။ အပြင်က ချောပြီး အတွင်းက သပွတ်အူနှင့်တူ၏။ ပညာရှိတို့၏ နှလုံးသားသည် အနည်းငယ်ပွင့်၏။ ဉာဏ်နုံ့သောသူတို့၏ နှလုံးသားသည် အငုံသာ ဖြစ်၏။ နှလုံးသား၏အတွင်း၌ ပုန်းညက်စေ့၏ တည်နေရာမျှလောက် တွင်းငယ်ရှိ၏။

၎င်း တွင်းငယ်၌ တစ်လက်ဘက်ခွဲမျှလောက် သွေးရှိ၏။ ယင်းသွေးကိုမှီ၍ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ ဖြစ်ကြ၏။ နှလုံးသွေးသည် ရာဂကြီးသူအား နီ၏။ ဒေါသကြီးသူအား မည်း၍၊ မောဟကြီးသူအား အသားဆေးရည်နှင့်တူ၏။ ဝိတက်ကြီးသူအား ကုလားပဲပြုတ်ရည်နှင့်တူ၏။ သဒ္ဓါကောင်းသူအား မဟာ လှေခါးပွင့် အဆင်းရှိ၏။ ပညာကြီးသူအား ကြည်လင်၏။ အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။ တည်ရာအားဖြင့် သားမြတ်နှလုံးတို့၏ အလယ်၌ တည်၏။ အပိုင်းအခြား အားဖြင့် နှလုံးသား၏အဆုံးအဘို့အားဖြင့် ပိုင်းခြားထား၏။

## အသည်း၏ တည်နေပုံ

အသည်းဟူသည် အစုံအစုံသော အသားလွှာကိုခေါ်၏။ နီသောအဆင်း ရှိ၏။ သို့သော် ဖျော့ဖျော့သာ နီ၏။ ကုမုဒြာကြာပွင့်ချပ်၏ ကျောဘက်က အဆင်းမျိုး ပင်ဖြစ်၏။ သဏ္ဌာန်အားဖြင့် အရင်း၌တစ်ခု အဖျား၌အစုံဖြစ်သော ပင်လယ်ကသစ်ရွက်နှင့်တူ၏။ အသည်းသည် ဉာဏ်နုံ့သောသူမှာ တစ်ခုတည်းသာဖြစ်ပြီး ကြီး၏။ ဉာဏ်ထက်သောသူမှာ နှစ်ခု၊ သုံးခုဖြစ်ပြီး ငယ်၏။ အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။ တည်ရာအားဖြင့် သားမြတ်တို့၏ လက်ျာနံဘေးကိုမှီပြီး တည်၏။ အပိုင်း အခြားအားဖြင့် အသည်း၏အဆုံးဖြင့် ပိုင်းခြားထား၏။

www.burmeseclassic.com

www.burmeseclassic.com



## အမြေး၏ တည်နေပုံ

အမြေးဟူသည် မြေးယှက်တတ်သောအသားလွှာကို ခေါ်ခြင်းဖြစ်၏။ ထိုအမြေးသည် ဖုံးလွှမ်းတတ်သော အမြေး၊ မဖုံးလွှမ်းတတ်သောအမြေးဟု နှစ်မျိုးရှိ၏။ နှစ်မျိုးလုံးပင် အဆင်းအားဖြင့်ဖြူ၏။ သဏ္ဌာန်အားဖြင့် မိမိ၏ တည်တိုင်းသော သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် ဖုံးလွှမ်းသောအမြေးသည် အထက်အရပ်မှာဖြစ်ပြီး၊ မဖုံးလွှမ်းသော အမြေးသည် အထက်အောက် နှစ်ပါးလုံးမှာဖြစ်၏။ တည်ရာအားဖြင့် ဖုံးလွှမ်းသော အမြေးသည် နှလုံးသားကိုလည်းကောင်း၊ အညှိ့ကိုလည်းကောင်း၊ ဖုံးလွှမ်း၍ တည်၏။ မဖုံးလွှမ်းသောအမြေးသည် တစ်ကိုယ်လုံး၌ အရေ၏အောက်မှ အသားကို ရစ်ပတ်၍တည်၏။ အပိုင်းအခြားအားဖြင့် အောက်ဘက်မှ အသား၊ အထက်ဘက်မှအရေဖြင့် ပိုင်းခြားထား၏။

## အဖျဉ်း၏ တည်နေပုံ

အဖျဉ်းဟူသည် ဝမ်း၏အထက်စောင်း၌တည်သော လျှာသဏ္ဌာန်အသားကို ခေါ်၏။ ဘယ်ဘက်နံဘေးမှာ နေ၏။ သည်အကောင် တော်တော်အဖျဉ်းကြီးတယ်ဟု အရပ်စကား သုံးတတ်ကြ၏။ ငှက်ဖျားစွဲသောလူများမှာ အဖျားတက်သောအခါ ရင်ဝနားသို့တိုင်အောင် ထွက်လာ,တက်လာတတ်၏။ ယင်း အဖျဉ်းသည် အဆင်းအားဖြင့် ညို၏။ ကြောင်ပန်းပွင့်အဆင်းနှင့် တူ၏။ အရှည်အားဖြင့် လက်ခုနှစ်သစ်အတိုင်း အရှည်ရှိ၏။ အဖွဲ့ မရှိ။

နွားနက်၏ လျှာသဏ္ဌာန်ရှိသည် အရပ်အားဖြင့် အထက်အရပ်မှာ ဖြစ်သည်။ တည်ရာအားဖြင့် နှလုံး၏ လက်ဝဲနံပါး၌ အစာသစ်၏တည်ရာ အူမလွှာ၏ အထက် စောင်းကိုမှီ၍ တည်၏။ ထိုအဖျဉ်းကို လက်နှင့်ထိုးခတ်မိ၍ အပြင်သို့ထွက်သော် သတ္တဝါ သေတတ်သည်။ အပိုင်းအခြားအားဖြင့် အဖျဉ်း၏ အဆုံးအဘို့ဖြင့် ပိုင်းခြားထား၏။

## အဆုတ်၏ တည်နေပုံ

အဆုတ်ဟူသည် တည်မြဲတိုင်းအရပ်၌ တွဲရရွဲဆွဲလျက် အတန်ငယ်လုံးသော အသားကို ခေါ်၏။ အဆင်းအားဖြင့် နီ၏။ မမှည့်လွန်းသော ရေသဖန်းသီးအဆင်းနှင့် တူ၏။ သဏ္ဌာန်အားဖြင့် မညီမညွတ်ဖြတ်ထားသော ထူသောမုန့်ပိုင်းသဏ္ဌာန် ရှိ၏။ အရပ်အားဖြင့် အထက်အရပ်မှာဖြစ်၏။ တည်ရာအားဖြင့် သားမြတ်နှစ်ခုတို့၏ အတွင်း၌ နှလုံးကိုလည်းကောင်း၊ အသည်းကိုလည်းကောင်း၊ အထက်က ဖုံးမိုးလျက် တွဲရဆွဲလျက် တည်၏။ အပိုင်းအခြားအားဖြင့် အဆုတ်၏အဆုံးအဘို့ဖြင့် ပိုင်းခြားအပ်၏။

## အူမ၏ တည်နေပုံ

အူမသည် ယောကျ်ား၌ (၃၂)တောင်ရှည်၍၊ မိန်းမ၌(၂၈)တောင်ရှည်၏။

www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ (၂၁)ခွေ၊ ခွေ၍တည်၏။ အဆင်းအားဖြင့် ဖြူ၏။ သဏ္ဌာန်အားဖြင့် သွေးပြည့်သောကျင်း၌ ခွေ၍ထားအပ်သော ခေါင်းပြတ်သော မြွေသဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အထက်၊ အောက်နှစ်ဌာန၌ဖြစ်၏။ တည်ရာအားဖြင့် ရေမျိုအစ၊ ဝစ္စမဂ်အဆုံးရှိသော ကိုယ်တွင်း၌တည်၏။ အပိုင်းအခြားအားဖြင့် အူခွေတည်ရာ ဌာနဖြင့် ပိုင်းခြားအပ်၏။ အင်္ဂလိပ်ဆေးကျမ်း၌ ၂၈ပေမှ ပေ ၃၀အတွင်း ရှည်သည် ဟုဆိုထားသည်။ လက်တွေ့တိုင်းတာကြည့်သင့်သည်။

## အူသိမ်၏ တည်နေပုံ

အူသိမ်ဟူသည် အူခွေတည်ရာဌာနတို့၌ အူမကို ဖွဲ့တတ်သော အူအငယ်စားကို ခေါ်၏။ ယင်းအူသိမ်သည် အဆင်းအားဖြင့် ဖြူ၏။ သဏ္ဌာန်အားဖြင့် ကြာသိမ်မြစ်သဏ္ဌာန် ရှိ၏။ အရပ်အားဖြင့် အထက်အောက်နှစ်ဌာနတို့၌ တည်၏။ တည်ရာအားဖြင့် အူမခွေတို့၏ အကြား၌ တည်၏။ ခြေသုတ်ကြိုးဝန်းတို့၏ အကြား၌ တစ်ခွေနှင့်တစ်ခွေကို မလျော့အောင် ချည်ထားသော ကြိုးငယ်နှင့်တူ၏။ အပိုင်းအခြားအားဖြင့် အူသိမ်အဘို့ဖြင့် ပိုင်းခြားအပ်၏။

## အစာသစ်၏ တည်နေပုံ

စားပြီးမျိုချကာစ အစာကို အစာသစ်ဟုခေါ်၏။ အဆင်းအားဖြင့် မျိုအင်သော အာဟာရ၏အဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် ပုဝါရေစစ်၌ လျော့လျော့ထုတ်ထားသော ဆန်သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အထက်အရပ်၌ဖြစ်၏။ တည်ရာအားဖြင့် ဝမ်း၌တည်၏။ အပိုင်းအခြားအားဖြင့် ဝမ်းလွှာဖြင့်လည်းကောင်း အစာသစ်အိမ်၏ အဆုံးအဘို့ဖြင့် ပိုင်းခြားထား၏။ ဝါးပြီးစ ထမင်းလုပ်ကို ထွေးကြည့်လျှင် အစာသစ်၏ ရွံစရာကောင်းပုံကို လက်တွေ့မြင်နိုင်၏။

## အစာဟောင်း၏ တည်နေပုံ

ကျင်ကြီးကိုပင် အစာဟောင်းဟုခေါ်ခြင်းဖြစ်၏။ အဆင်းအားဖြင့် ယေဘုယျ အနေဖြင့်ပြောရလျှင် မျိုအပ်သော အစာအာဟာရ၏ အဆင်းရှိ၏။ ဓာတ်ဖောက်ပြန်သောအခါ အဆင်းအမျိုးမျိုးရှိ၏။ သဏ္ဌာန်အားဖြင့် တည်ရာအရပ်၏ သဏ္ဌာန်ဖြစ်၏။ အရပ်အားဖြင့် အောက်အရပ်၌ဖြစ်၏။ တည်ရာအားဖြင့် အစာကျက်အိမ်၌တည်၏။ အပိုင်းအခြားအားဖြင့် အစာအိမ်ဖြင့်လည်းကောင်း၊ ကျင်ကြီး၏ အဆုံးအဘို့ဖြင့်လည်းကောင်း ပိုင်းခြားအပ်၏။

## ဦးနှောက်၏ တည်နေပုံ

ဦးနှောက်ခွံအတွင်းက အဆီစုကို ဦးနှောက်ဟုခေါ်ခြင်းဖြစ်၏။ အဆင်းအားဖြင့် ဖြူ၏။ သဏ္ဌာန်အားဖြင့် တည်ရာ၏သဏ္ဌာန်အတိုင်းဖြစ်၏။ အရပ်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အထက်အရပ်၌ဖြစ်၏။ တည်ရာအားဖြင့် ဦးခေါင်းခွံအတွင်း၌ တည်၏။ အပိုင်းအခြား အားဖြင့် ဦးခေါင်းခွံ၏ အတွင်းအပြင်ဖြင့် ပိုင်းခြားအပ်၏။

## သည်းခြေ၏ တည်နေပုံ

သည်းခြေသည် အိတ်ဖွဲ့ရှိသော သည်းခြေ၊ အိတ်အဖွဲ့မရှိသောသည်းခြေဟု နှစ်မျိုးရှိ၏။ အိတ်ဖွဲ့ရှိသောသည်းခြေသည် အဆင်းအားဖြင့်ပြစ်ချွဲသော သစ်မည်စည်၏ အဆင်းနှင့်တူ၏။ အိတ်ဖွဲ့မရှိသောသည်းခြေသည် ညှိုးနွမ်းသော တောင်ကျည်းပွင့် အဆင်း ရှိ၏။ သဏ္ဌာန်အားဖြင့် သည်းခြေနှစ်မျိုးလုံးပင် တည်ရာလျှင် သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အိတ်ဖွဲ့ရှိသော သည်းခြေသည် အထက်အရပ်၌ဖြစ်၏။

အိတ်ဖွဲ့မရှိသောသည်းခြေသည် အထက်အောက် နှစ်ပါးလုံး၌ဖြစ်၏ တည်ရာ အားဖြင့် အိတ်ဖွဲ့မရှိသော သည်းခြေသည် ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ ခြောက်သွေ့သောအရေတို့ကိုချန်ထား၍ တစ်ကိုယ်လုံး၌ ပြန့်နှံ့လျက်တည်၏။ ယင်းသည်းခြေပျက်လျှင် မျက်စိဝါ၏။ ခြေလက်ခေါင်းတုံ၏။ ကိုယ်ကောင် ယားယံ၏။ အိတ်ဖွဲ့ရှိသော သည်းခြေသည် နှလုံးနှင့်အဆုတ်တို့၏ အတွင်း၌ အသည်းကိုမှီပြီး တည်သောသည်းခြေအိတ်၌ တည်၏။ ယင်းသည်းခြေပျက်လျှင် သတ္တဝါတို့သည် ရူးကုန်၏။ အပိုင်းအခြားအားဖြင့် သည်းခြေအဘို့ဖြင့် ပိုင်းခြားအပ်၏။

## သလိပ်၏ တည်နေပုံ

သလိပ်သည် အဆင်းအားဖြင့် ဖြူ၏။ သဏ္ဌာန်အားဖြင့် တည်ရာအတိုင်း ဖြစ်၏။ အရပ်အားဖြင့် အထက်အရပ်မှာဖြစ်၏။ တည်ရာအားဖြင့် အစာသစ်၏ အထက် ဖြစ်သော ဝမ်းလွှာဦးခေါင်း၌ တည်၏။ ဥပမာအားဖြင့် ရေမှော်များသည် သူ့အပေါ်သို့ ခဲကျသောအခါ နှစ်ဖြာကွဲပြီးပြန်စေ့သကဲ့သို့ သလိပ်များသည် အစာကို မျိုသည့်အခါ နှစ်ဖြာကွဲပြီး ပြန်စေ့မြဲစေ့သည်။ ယင်းသလိပ် အားနည်းသည်ရှိသော် ကြက်ဥပုပ်စော်နံပြီး ခံတွင်းကို အနံ့ဆိုးစေ၏။ စကားပြောသောအခါ အာပုပ်စော်နံ ခြင်းသည် သလိပ် အားနည်းခြင်းကြောင့်ပင်ဖြစ်၏။ သလိပ်သည် မစင်တွင်းကို ဖုံး ထားသော ပျဉ်ပြားနှင့်တူ၏။

အဖုံးကို ဖွင့်လိုက်လျှင် မစင်တွင်းကအနံ့သည် အပေါ်သို့တက်လာသလို သလိပ်နည်းသောအခါ အစာသစ်အိမ်မှ အနံ့ဆိုးများသည် ခံတွင်းသို့ ထွက်လာ တတ်၏။ အပိုင်းအခြားအားဖြင့် သလိပ်အဘို့ဖြင့် ပိုင်းခြားအပ်၏။

## ပြည်၏ တည်နေပုံ

ပြည်ဟူသည် ပုပ်နေသောသွေးကို ခေါ်ခြင်းဖြစ်၏။ အဆင်းအားဖြင့် ဖြူ၏။ သဏ္ဌာန်အားဖြင့် တည်ရာလျှင်သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အထက် အောက် နှစ်ဌာနလုံး၌ ဖြစ်၏။ တည်ရာအားဖြင့် အမြဲတည်ရာမရှိ။ အကြင်အရပ်၌ အနာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး သွေးသည် ပုပ်၏။ ထိုအရပ်၌တည်၏။ အပိုင်းအခြားအားဖြင့် ပြည်အဘို့ဖြင့် ပိုင်းခြားအပ်၏။

## သွေး၏ တည်နေပုံ

သွေးသည် စုဝေး၍တည်သောသွေး၊ ထိုမှဤမှ သွားလာနေသောသွေးဟု နှစ်မျိုး ရှိ၏။ စုဝေး၍တည်သောသွေးသည် ချက်ပြီး၍ခွဲသော ချိပ်ရည်အဆင်းရှိ၏။ ရွေ့လျားသော သွေးသည် ချိပ်ရည်ကြည် အဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် သွေး နှစ်မျိုးလုံးပင် တည်ရာလျှင် သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် စုဝေးသောသွေးသည် အထက်အရပ်၌ ဖြစ်၏။ ရွေ့လျားသောသွေးသည် အထက်အောက် နှစ်ခုဌာန၌ဖြစ်၏။

တည်ရာအားဖြင့် ရွေ့လျားသောသွေးသည် ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ သွားတို့ကို ချန်ထား၍ အခေါင်းရှိသော အကြောကွန်ရက်ကိုလျှောက်၍ တစ်ကိုယ်လုံး၌ တည်၏။ စုဝေးသောသွေးသည် အသည်းတည်ရာအရပ်၏ အောက်အဖို့ကို ပြည့်စေလျက် တစ်ခွက်ပြည့်မျှလောက်ဖြစ်၍ နှလုံး၊ အညှို့၊ အဆုတ်တို့၏အထက်၌ အနည်းငယ်၊ အနည်းငယ်ယိုလျက် နှလုံး၊ အညှို့၊ နှလုံးတို့ကို စိုစွတ်စေလျက် တည်သည်။ ထိုသွေးတို့သည် အညှို့ နှလုံးတို့ကို မစွတ်စိုစေသည်ရှိသော် သတ္တဝါတို့သည် ရေငတ်ကုန်၏။ အပိုင်းအခြားအားဖြင့် သွေးအဘို့ဖြင့် ပိုင်းခြားအပ်၏။

## ချွေး၏ တည်နေပုံ

ချွေးဟူသည် အမွေးတွင်းမှ ယိုထွက်လာသော အာပေါဓာတ်ကိုခေါ်သည်။ အဆင်းအားဖြင့် ကြည်သော နှမ်းဆီနှင့်တူ၏။ သဏ္ဌာန်အားဖြင့် တည်ရာလျှင် သဏ္ဌာန် ရှိ၏။ အရပ်အားဖြင့် အထက်အောက် နှစ်ဌာန၌ ဖြစ်၏။

တည်ရာအားဖြင့် အမြဲတည်ရာမရှိ။ အကြင်အရပ်၌ မီးပူနေပူကြောင့် ဥတု ဖောက်ပြန်၏။ ထိုအရပ်၌ ချွေးယို၏။ ချွေးကိုသိမ်းဆည်းသော ယောဂီသည် ဆံပင် တွင်း၊ မွေးညှင်းတွင်းအပေါက်တို့ကို ပြည့်စေ၍တည်သော အစွမ်းအားဖြင့် သိမ်းဆည်း ရမည်။ အပိုင်းအခြားအားဖြင့် ချွေးတို့ဖြင့် ပိုင်းခြားအပ်၏။

## အဆီခဲ၏ တည်နေပုံ

အဆီခဲသည် နနွင်းတက်ကို ထက်ခြမ်းခွဲသကဲ့သို့ ဝါဝင်းသောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် ဝသောသူအား အရေနှင့်အသားအကြား၌ ထားအပ်သော နနွင်း ရောင်ပုဆိုးနွမ်းသဏ္ဌာန် ရှိ၏။ ပိန်သောသူအား သလုံးမြင်းခေါင်းသား၊ ပေါင်သား၊ ကျောက်ကုန်းသား၊ ဝမ်းပျဉ်းသားတို့ကိုမှီ၍ နှစ်ထပ်သုံးထပ်ပြု၍ထားသော နနွင်း ရောင် ပုဆိုးနွမ်းသဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အထက်အောက်နှစ်ဌာနလုံး၌ ဖြစ်၏။ တည်ရာအားဖြင့် ဝသောသူအား တစ်ကိုယ်လုံးကို ပြန့်၍တည်၏။ ပိန်သောသူအား

www.burmeseclassic.com

www.burmeseclassic.com



သလုံး၊ မြင်းခေါင်းသား၊ ပေါင်သား၊ ကျောက်ကုန်းသား၊ ဝမ်းပျဉ်သားတို့ကို မှီ၍ တည်၏။ အပိုင်းအခြားအားဖြင့် အောက်မှအသား၊ အထက်မှ အရေတို့ဖြင့် ပိုင်းခြားအပ်၏။

## မျက်ရည်၏ တည်နေပုံ

မျက်စိမှယိုစီးလာသော အာပေါဓာတ်ကို မျက်ရည်ဟုခေါ်၏။ ကြည်လင်သော နှမ်းဆီအဆင်း ရှိ၏။ သဏ္ဌာန်အားဖြင့် တည်ရာအတိုင်း သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အထက်အရပ်၌ဖြစ်၏။ တည်ရာအားဖြင့် မျက်တွင်းတို့၌တည်၏။ အပိုင်းအခြားအားဖြင့် မျက်ရည်တို့ဖြင့် ပိုင်းခြားအပ်၏။ မျက်ရည်ဗဒ္ဓသည် သည်းခြေကဲ့သို့ မျက်တွင်း၌ အခါခပ်သိမ်း မတည်။ အကြင်အခါ၌ သတ္တဝါတို့သည် ရွှင်လန်း၍ ရယ်ကုန်၏။ ဝမ်းနည်း၍ ငိုကုန်၏။ ထိုအခါ၌လည်းကောင်း၊ ပူစပ်သောအစာကို စားမိသောအခါ၊ မီးခိုးမြူ စသည်တို့ မျက်စိတွင်း ဝင်သောအခါတို့၌လည်းကောင်း မျက်ရည်ဖြစ်၍ ယိုစီးကုန်၏။

## ဆီကြည်၏ တည်နေပုံ

ဆီကြည်ဟူသည် မခဲမူ၍ ကြေသောအစေးကိုခေါ်သည်။ ထိုအစေးသည် အဆင်းအားဖြင့် အုန်းဆီအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် ရေကြည်၏အထက်၌ ပြန့်သည်ဖြစ်၍ လည်သော အဆီပေါက်သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အထက်အောက် နှစ်ဌာန၌ ဖြစ်၏။ တည်ရာအားဖြင့် လက်ဖဝါးအပြင် လက်ဖမိုး၊ ခြေဖဝါးအပြင် ခြေဖမိုး၊ နှာခေါင်းဖူး၊ နဖူး၊ ပခုန်းစွန်းတို့၌ တည်၏။ ယင်းအဆီသည် ဆိုခဲ့ပြီးသော ဌာနတို့၌ အခါခပ်သိမ်း မတည်။ အကြင်အခါ မီးပူနေပူကြောင့် ဥတုဖေါက်ပြန်၍ လက်ဖဝါး ခြေဖဝါးတို့ပူကုန်၏။ ထိုအခါ ဆီကြည်ဖြစ်လာ၏။ အပိုင်းအခြားအားဖြင့် ဆီကြည်အဘို့ဖြင့် ပိုင်းခြားအပ်၏။

## တံထွေး၏ တည်နေပုံ

တံထွေးဟူသည် ပါးစပ်၏အတွင်း၌ အမြှုပ်နှင့်ရောသော အာပေါဓာတ်ကို ခေါ်၏။ ဖြူပြီး အမြှုပ်နှင့် တူသောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် တည်ရာလျှင် သဏ္ဌာန်ရှိ၏။ အမြှုပ်နှင့် သဏ္ဌာန်တူသည်ဟုဆိုနိုင်၏။ အရပ်အားဖြင့် အထက်အရပ်မှာ ဖြစ်၏။ တည်ရာအားဖြင့် နှစ်ဘက်သောပါးစောင်မှဆင်းပြီး လျှာပေါ်မှာ တည်၏။ ယင်းတံထွေးသည် အခါခပ်သိမ်း လျှာပေါ်မှာတည်သည်မဟုတ်။ အကြင်အခါ၌ သတ္တဝါတို့သည် အပူ အခါးစသောအာဟာရကို မြင်မူလည်း မြင်အံ့၊ အောက်မေ့မူလည်း အောက်မေ့အံ့။ အပူ၊ အခါး၊ အစပ်၊ အငန်တို့တွင် တစ်စုံတစ်ခုသော အာဟာရကို ခံတွင်း၌ ထည့်မူလည်း ထည့်အံ့။

တစ်စုံတစ်ခုသော ရွံရှာဘွယ်သည် ဖြစ်မူလည်းဖြစ်အံ့၊ ထိုအခါ နှစ်ဘက်သော ပါးစောင်မှဆင်းပြီး တံထွေးသည် လျှာပေါ်၌တည်၏။ ထိုတံထွေးသည် လျှာဖျား

www.burmeseclassic.com

www.burmeseclassic.com



မှာကဲ့၍ လျှာရင်းမှာ ပျစ်ခွဲ၏။ အပိုင်းအခြားအားဖြင့် တံထွေးအဖို့ဖြင့် ပိုင်းခြားအပ်၏။

## နှပ်၏ တည်နေပုံ

နှပ်ဟူသည် ဦးနှောက်မှယိုထွက်လာသော မစင်ကြယ်သော အာပေါဓာတ်ကို ခေါ်၏။ ၎င်းနှပ်သည် အဆင်းအားဖြင့် ထန်းစေ့ဆန်၏အဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် တည်ရာလျှင်သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အထက်အရပ်မှာဖြစ်၏။ တည်ရာအားဖြင့် နှာခေါင်းဖုကို ပြည့်စေ၍တည်၏။ ယင်းနှပ်သည် နှာခေါင်းဖုမှာ အမြဲတည် နေသည်မဟုတ်။ အကြင်အခါ၌ သတ္တဝါတို့သည် ငိုကုန်၏။ သဘောမတူသော ဥတု၏ အစွမ်းအားဖြင့်မူလည်း ဓာတ်ချောက်ခြား၏။ ထိုအခါ ဦးခေါင်းမှ ပုပ်သောသလိပ်အဖြစ်သို့ ရောက်သော ဦးနှောက်သည် ဦးခေါင်းမှ ထွက်၍ အာစောက်၏ အထက်ဖြင့်ကျ၍ နှာခေါင်းဖုကို ပြည့်စေလျက်တည်၏။ နှပ်ကို ရှုရာဘွယ်အဖြစ် ရှုသော ယောဂီသည် နှာခေါင်းဖုကို ပြည့်စေ၍ တည်သော နှပ်ကိုသာ ရှုရမည်။ အပိုင်းအခြား အားဖြင့် နှပ်အဘို့ဖြင့် ပိုင်းခြားအပ်၏။

## အစေး၏ တည်နေပုံ

အစေးဟူသည် အရိုးဆက်တို့အတွင်း၌တည်သော ကျွဲချွဲသောအရည်ကို ခေါ်သည်။ ထိုအစေးသည် အဆင်းအားဖြင့် မဟာလှေခါးစေ့ အဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် တည်ရာလျှင်သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် အထက်အောက် နှစ်ဌာန၌ဖြစ်၏။ တည်ရာအားဖြင့် အရိုးဆက်တို့၏ လိမ်းကျံခြင်းကိစ္စကိုပြီးစေလျက် (၁၈၀)သော အရိုးဆက်တို့၏အတွင်း၌ တည်၏။

၎င်း အစေးအားနည်းသောသူသည် ကွေးသောအခါ ဆန့်သောအခါတို့၌ ခုတ်ခုတ်ခက်ခက် အသံမြည်တတ်၏။ ခရီးရှည်သွားလျှင် ဝါယောဓာတ်ပျက်၏။ ကိုယ်ခန္ဓာများ နာနေတတ်၏။ ယင်းအစေး များသောသူသည် ထသောအခါ၊ ထိုင်သောအခါတို့၌ ခုတ်ခုတ်ခက်ခက် မမြည်။ ခရီးရှည်သွားသော်လည်း ဝါယောဓာတ်မပျက်၊ ကိုယ်ခန္ဓာလည်း မနာတတ်၊ အပိုင်းအခြားအားဖြင့် အစေးတို့ဖြင့်ပိုင်းခြားအပ်၏။

## ကျင်ငယ်၏ တည်နေပုံ

ကျင်ငယ်သည် အဆင်းအားဖြင့် ရုံခါဖြူ၏။ ရုံခါ ဝါ၏။ ရုံခါ နီ၏။ သဏ္ဌာန်အားဖြင့် မှောက်ထားသောအိုးအတွင်းရှိ ရေနှင့်တူ၏။ အရပ်အားဖြင့် အောက်အရပ်၌ ဖြစ်၏။ တည်ရာအားဖြင့် စည်ပေါင်းအိမ်၌ တည်၏။ စည်ပေါင်းအိမ်ဟူသည် ပုဆိုး ဖြင့် ဖုံးထားသော အရပ်ကိုခေါ်၏။ အဝမရှိသော အိုးပုတ်ငယ်၌ တံစည်းရေသည် စိမ့်ပြီးဝင်သကဲ့သို့ တစည်းရေ၏ ဝင်ရာအပေါက်မရှိသကဲ့သို့ ထို့အတူ စည်ပေါင်းအိမ် သို့လည်း ကျင်ငယ်ရေသည် ဝင်ရာအပေါက်မရှိ၊ စိမ့်၍ဝင်ခြင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထွက်ရာ အပေါက်ကား ရှိ၏။

စည်ပေါင်းအိမ်၌ ကျင်ငယ်ရေပြည့်သည်ရှိသော် ကျင်ငယ်စွန့်အံ့ဟု စိတ်သည် ဖြစ်၏။ ထိုစိတ်ကြောင့် ဝါယောဓာတ်ဖြစ်ကာ ယင်းဝါယော ကန်ထုတ်ခြင်းကြောင့် ကျင်ငယ်သည် အပေါက်ရှိရာသို့ ထွက်သွား၏။ အပိုင်းအခြားအားဖြင့် စည်ပေါင်းအိမ် ၏ အတွင်းဖြင့် ပိုင်းခြား၏။

ဆံပင်မှ ဦးနှောက်ထိ (၂၀)ကို ပထဝီဓာတ်လွန်ကဲသောကြောင့် ပထဝီဓာတ် (၂၀)ဟုခေါ်၏။ ကျန်ဓာတ်များလည်း ထိုက်သလိုပါသည်သာ။ သည်းခြေမှ ကျင်ငယ် အထိ (၁၂)ပါးကို အာပေါဓာတ် လွန်ကဲသောကြောင့် အာပေါဓာတ် (၁၂)ပါးဟု ခေါ်သည်။ အထက်သို့ ဆန်သောလေ၊ အောက်သို့ စုန်သောလေ၊ ဝမ်း၌တည်သော လေ၊ အူတွင်း၌ တည်သောလေ၊ အင်္ဂါကြီးငယ်သို့လျှောက်သောလေ၊ ထွက်သက်ဝင် သက်လေဟု ဝါယောဓာတ်(၆)ပါးရှိ၏။

အစာကိုချက်သော ပါစကတေဇော၊ ကိုယ်ကောင်ကို ပူနွေးစေသော ဥသမတေဇော၊ အိုမင်းစေသော ဇီရဏတေဇော၊ ရက်ခြား ဖျားစေတတ်သော သန္တပ္ပနတေဇော၊ အပြင်းဖျားစေတတ်သော ဒဟတေဇော၊ ပူအိုက်စေသော ပရိဋ္ဌာဟတေဇောဟု တေဇောဓာတ် (၆)ပါးရှိ၏။ ငါ၏သန္တာန်တွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး ယောကျ်ား၊ မိန်းမ၊ အသက်၊ လိပ်ပြာဟူ၍ မရှိ၊ ဓာတ်ကြီးလေးပါးသာ ရှိ၏။ ထိုရှိသော ဓာတ်ကြီးလေးပါးသည်လည်း အရည်အဖတ်အမှုန် အမွှားအနေနှင့် ရှိသည်မဟုတ်၊ သဘောတရားအနေနှင့်သာ ရှိ၏။ ငါ၊ ငါ့ဟာဟူ၍ ကိုင်ပြစရာ ဘာတစ်ခုမှမရှိဟူ၍ သိသွားခြင်းသည် အနတ္တကို သဘောပေါက်သွားခြင်းဖြစ်၏။

ငါဟူသည် မရှိဟု အနတ္တကို သဘောပေါက်သွားသည်နှင့် ရှိနေသော သဘောတရား၊ ရုပ်နာမ်၏မမြဲမှု အနိစ္စကိုလည်း သိသွား၏။ မမြဲမှုအနိစ္စကို သိသည်နှင့် ဆင်းရဲမှု ဒုက္ခကိုလည်း တစ်ဆက်တည်းသိမြင်သွား၏။ ထိုမမြဲမှုကိုပင် ဆင်းရဲဟု ဆိုခြင်း ဖြစ်၏။ ကြာကြာဖိထိုင်ခြင်းကြောင့် နာကျင်ကိုက်ခဲလာမှုကို ဒုက္ခလက္ခဏာဟုဆိုခြင်းမဟုတ်ပေ။ ရုပ်နာမ်၏ဆင်းရဲကို သိခြင်းသည် ဒုက္ခသစ္စာကို သိခြင်းပင်ဖြစ်၏။ သဘောတရား ရုပ်နာမ်၏ မမြဲမှု၊ ဆင်းရဲမှု၊ ငါမဟုတ်မှုကိုသိလိုက်သည်နှင့် ထိုရုပ်နာမ်ကို ထပ်လိုချင်သော တဏှာကွာသွား၏။ ဤကား သမုဒယသစ္စာကိုပယ်လိုက်ခြင်းပင်ဖြစ်၏။

တဏှာကိုပယ်လိုက်သည်နှင့် ကိလေသာငြိမ်းသော နိဗ္ဗာန်ကို အာရုံပြု၏။ ဤကား နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းပင်ဖြစ်၏။ ထို နိရောဓသစ္စာကို မျက်မှောက်ပြုသောဉာဏ်သည် မဂ္ဂသစ္စာပင်ဖြစ်၏။ ဤကဲ့သို့ အရိယသစ္စာကို ပိုင်နိုင်သေချာသစ္စာ သိမြင်သွားသဖြင့် မာတိကာမာတာသည် သောတာပတ္တိမဂ်ဉာဏ်ကို ရရှိခဲ့ခြင်း ဖြစ်၏။ ရုပ်နာမ်တို့၏ မမြဲမှု စသည်ကို ရှုပွားရင်းဖြင့် ကရုဏာနှင့် ကောဋ္ဌာသကမ္မဋ္ဌာန်းကိုပါ တွဲဘက်ရှုပွားသောကြောင့် ကာမရာဂနှင့် ဗျာပါဒ တရား

www.burmeseclassic.com

www.burmeseclassic.com



တို့ပါ ခေါင်းပါး ပျောက်ကွယ်သွားပြီး သကဒါဂါမိမဂ်နှင့် အနာဂါမိမဂ်ကိုပါ ဆက်လက်ရရှိကာ အနာဂါမ် တည်ခဲ့ရခြင်းဖြစ်သည်။

ဘဝအဆက်ဆက်က ပါလာခဲ့သော အထုံအလေ့အလာကြောင့် ပရိစိတ္တဝိဇာနန အဘိညာဉ်ကိုပါ အလိုလိုရသွားခြင်းဖြစ်သည်။ 'တတိယမျက်လုံးပိုင်ရှင်' အမည်ရှိ ဘာသာပြန်စာအုပ်တစ်အုပ်ကို ဖတ်ခဲ့ရဖူး၏။ နယူးဇီလန်နိုင်ငံမှ ပုဂ္ဂိုလ်ထူးတစ်ယောက်အကြောင်းကို ရေးသားထားခြင်းဖြစ်၏။ ထိုလူသည် အတိတ်မှဖြစ်ပြီးသား အကြောင်းအရာများ၊ အနာဂတ်မှ မဖြစ်သေးသောအကြောင်း အရာများကိုပါ သိမြင် နိုင်စွမ်း၏။

အစည်းအဝေးတစ်ခု လုပ်တော့မည်ဆိုလျှင် မည်သည့်နံပါတ်ရှိ ကုလားထိုင်တွင် မည်သည့်ပုဂ္ဂိုလ်ထိုင်မည်ကို တိကျစွာပြောနိုင်၏။ မည်သည့်နိုင်ငံမှ ကလေးပျောက်သော အမှုကိုဖြစ်စေ သူ့ဆီဖုန်းဆက်လျှင် ခဏနှင့်ပြန်တွေ့ရ၏။ သူက ဖုန်းဆက်ရင်း ကလေး၏ပုံပန်းသဏ္ဍာန်ကို မေးလိုက်သည်။ ထိုသို့မေးပြီးသည်နှင့် မျက်စိမှိတ်ပြီး အာရုံယူလိုက်လျှင် ထိုနိုင်ငံကြီး၏ မြို့နယ်၊ ကျေးရွာဒေသအားလုံး သူ့မျက်စိထဲတွင် မြင်လာ၏။ ထိုမြင်ရသော ဒေသများထဲ၌ ပျောက်သွားသောကလေးကို ရှာဖွေ ပေးခြင်းဖြစ်၏။

အမေရိကန်နိုင်ငံမှ ထောက်လှမ်းရေးများ မဖေါ်ထုတ်နိုင်သည့် လူသတ်မှုတရားခံများကိုပင် ဖော်ထုတ်ပေးခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်သည်လည်း ယခုဘဝတွင် ဘာမျှ ကျင့်ကြံအားထုတ်သည်မဟုတ်ဘဲ အလိုလိုရသော ဒိဗ္ဗစက္ခု အဘိညာဉ်မျိုးပင်ဖြစ်၏။ သို့သော် အလကားရသည်ကား မဟုတ်။ အရင်ဘဝ အဆက်ဆက်က ဒိဗ္ဗစက္ခု အဘိ ညာဉ်ကို ရအောင်အားထုတ်ခဲ့ဖူးသောကြောင့် ယခုဘဝတွင် အလိုလိုရသွားခြင်း ဖြစ်၏။ မာတိကမာတာသည်လည်း အရင်ဘဝအဆက်ဆက်က ပရစိတ္တဝိဇနန အဘိ ညာဉ်ကို ရအောင် အားထုတ်ခဲ့ဖူးသောကြောင့် ယခုဘဝတွင် မဂ်ဉာဏ်နှင့်အတူ အလိုလိုရသွားခြင်းဟု မှတ်အပ်၏။

ယခုဖော်ပြခဲ့သည့် မဂ်လေးပါးသို့အရောက် ကျင့်စဉ်သည် မာတိကမာတာနှင့် ရဟန်းတော်(၆၁)ပါးတို့၏ ကိုယ်တွေ့ကျင့်စဉ်ပင်ဖြစ်၏။ ဤကျင့်စဉ်အတိုင်းကျင့်ကြံသဖြင့် မာတိကမာတာသည် အနာဂါမ်ဖြစ်ခဲ့ပြီး ရဟန်းတော်(၆၁)ပါးသည် ရဟန္တာ ဖြစ်ခဲ့ရသည်။ မာတိကမာတာသုတ္တန်ကဲ့သို့ပင် မဂ်လေးပါးရအောင်ကျင့်ပုံကို အစဉ်အတိုင်းဟောထားသော ဝမ္မိကသုတ္တန်ကိုလည်း ဝိပဿနာရှုပွားသော ယောဂီတိုင်းသိသင့်သဖြင့် အကျယ်ပြဦးအံ့။

## ဝမ္မိကသုတ် (သို့) နိဗ္ဗာန်ပို့မည့်စကားထာ

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စံတော်မူနေချိန်ဖြစ်၏။ အရှင်ကုမာရကဿပသည် အန္ဓဝန်တော၌ရှိနေစဉ် နတ်

www.burmeseclassic.com

www.burmeseclassic.com



သားတစ်ပါးသည် ယခုကဲ့သို့ လာ၍လျှောက်၏။

'ရဟန်း၊ ဤတောင်ပို့သည် ညဉ့်၌ အခိုးလွှတ်၏၊ နေ့၌ တောက်ပ၏၊' ပုဏ္ဏားက 'ပညာရှိ၊ ဓားလက်နက်ကိုယူ၍ တူးလော့'ဟုဆို၏၊ ပညာရှိသည် ဓားလက်နက်ကိုယူ၍ တူးသော် တံခါးကျည် မင်းတုပ်ကိုမြင်သဖြင့် 'အရှင်၊ တံခါးကျည်မင်းတုပ်ပါတည်း'ဟု ဆို၏၊ ပုဏ္ဏားက 'ပညာရှိ တံခါးကျည်မင်းတုပ်ကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့် တူးလော့'ဟု ဆို၏'

ပညာရှိသည် ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးသော် ဖားကိုတွေ့မြင်သဖြင့် 'အရှင် ဖားပါတည်း'ဟုဆို၏၊ ပုဏ္ဏားက 'ပညာရှိ၊ ဖားကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးလော့'ဟုဆို၏၊ ပညာရှိသည် ဆက်တူးလတ်သော် လမ်းနှစ်ခွကို တွေ့မြင်သဖြင့် 'အရှင်၊ လမ်းနှစ်ခွပါတည်း'ဟု ပြော၏၊ ပုဏ္ဏားက 'ပညာရှိ လမ်းနှစ်ခွကို ဖယ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးလော့' ဟုဆို၏။

'ပညာရှိသည် ဓားလက်နက်ဖြင့် ဆက်တူးသော် ဆပ်ပြာရေစစ်ကို တွေ့မြင်သဖြင့် 'အရှင်၊ ဆပ်ပြာရေစစ်ပါတည်း'ဟုပြောဆို၏၊ ပုဏ္ဏားက 'ပညာရှိ ဆပ်ပြာရေစစ်ကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့် တူးလော့'ဟု ဆို၏၊ ပညာရှိသည် ဓားဖြင့်ဆက်တူးသော် လိပ်ကိုတွေ့မြင်သဖြင့် 'အရှင်၊ လိပ်ပါတည်း'ဟု ပြောဆို၏၊ ပုဏ္ဏားက 'ပညာရှိ၊ လိပ်ကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့် ဆင့် တူးဦးလော့'ဟု ပြောဆို၏။ ပညာရှိသည် ဓားလက်နက်ဖြင့် ဆက်တူးသော် သံလျက်နှင့် စဉ်းတီတုံးကိုတွေ့သဖြင့် 'အရှင်၊ သံလျက်နှင့် စဉ်းတီတုံးပါတည်း'ဟု ပြောဆို၏။

ပုဏ္ဏားက 'ပညာရှိ၊ သံလျက်နှင့် စဉ်းတီတုံးကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးလော့'ဟုဆို၏။ ပညာရှိသည် ဓားလက်နက်ဖြင့်ဆက်တူးသော် သားတစ်ကို တွေ့မြင်သဖြင့် 'အရှင်၊ သားတစ်ပါတည်း'ဟု ပြောဆို၏။ ပုဏ္ဏားက 'ပညာရှိ၊ သားတစ်ကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့် တူးဦးလော့' ဟုပြောဆို၏။ ပညာရှိသည် ဓားလက်နက်ဖြင့် အဆင့်ဆင့်တူးသော် နဂါးကို တွေ့မြင်သဖြင့် 'အရှင်၊ နဂါးပါတည်း'ဟုပြောဆို၏။ ပုဏ္ဏားက 'နဂါးသည် တည်ရှိပါစေ၊ နဂါးကို မထိခိုက်လင့်၊ နဂါးအား ရှိခိုးခြင်းကိုပြုလော့'ဟု ဆို၏။

'ရဟန်း၊ သင်သည် ဤပြဿနာတို့ကို မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မေး လော့၊ သင့်အား မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း ထိုအနက်ကို မှတ်သား လော့၊ ရဟန်း မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သာဝကကို လည်းကောင်း၊ ဤ ငါ့ထံမှ ကြားနာဖူးသူကိုလည်းကောင်း ကြဉ်၍ စိတ်ကျေနပ် လောက်အောင် ဤပြဿနာကို ဖြေဆိုနိုင်မည့်သူကို အောက်နတ်ပြည် နှင့်တကွ၊ အထက်ဝသဝတီ မာရ်နတ်ပြည်နှင့်တကွ ရူပါဝစရဗြဟ္မာပြည်နှင့် တကွ

www.burmeseclassic.com

www.burmeseclassic.com



သော ဩကာသလောက၌ ရဟန်းပုဏ္ဏားနှင့်တကွ သမ္မုတိနတ်ဟုဆိုအပ်သော မင်းကြွင်းသော လူနှင့်တကွသော သတ္တလောက၌ ငါမတွေ့မြင်'ဟုလျှောက်ထားပြီး နတ်သားသည် ထိုအရပ်၌ပင် ကွယ်လေ၏။

ထိုညဉ့်လွန်မြောက်သော် အရှင်ကုမာရကဿပသည် မြတ်စွာဘုရားထံချဉ်း ကပ်ပြီး အလုံးစုံကို ပြန်ကြားလျှောက်ထားပြီးလျှင်

'မြတ်စွာဘုရား- တောင်ပို့ဟူသည် အဘယ်ပါနည်း၊
ညဉ့်၌ အခိုးလွှတ်ခြင်းဟူသည် အဘယ်ပါနည်း၊
နေ့၌ တောက်ပခြင်းဟူသည် အဘယ်ပါနည်း၊
ပုဏ္ဏားဟူသည် အဘယ်ပါနည်း၊
ပညာရှိဟူသည် အဘယ်ပါနည်း၊
ဓားလက်နက်ဟူသည် အဘယ်နည်း၊
အဆင့်ဆင့်တူးခြင်းဟူသည် အဘယ်နည်း၊
တံခါးကျည်မင်းတုပ်ဟူသည် အဘယ်ပါနည်း၊
ဖားဟူသည် အဘယ်ပါနည်း၊
လမ်းနှစ်ခွဟူသည် အဘယ်ပါနည်း၊
ဆပ်ပြာရေစစ်ဟူသည် အဘယ်ပါနည်း၊
လိပ်ဟူသည် အဘယ်ပါနည်း၊
သံလျက်နှင့်စဉ်းတီတုံးဟူသည် အဘယ်ပါနည်း၊
သားတစ်ဟူသည် အဘယ်ပါနည်း၊
နဂါးဟူသည် အဘယ်ပါနည်း'ဟု လျှောက်၏။
ဗုဒ္ဓက ဤကဲ့သို့ ဖြေဆိုတော်မူ၏။

'ရဟန်း၊ တောင်ပို့ဟူသော ဤအမည်သည် အမိအဖတို့၏သုက်သွေးကြောင့်ဖြစ်သော ထမင်း၊ မုယောမုန့်တို့ကြောင့် ကြီးပွားသော မမြဲခြင်း၊ ပွတ်သပ်ပေးခြင်း၊ ဆုပ်နယ်ပေးခြင်း၊ ပြိုကွဲခြင်း၊ ပျက်စီးခြင်းသဘောရှိသော ဤမဟာဘုတ်တို့ကြောင့်ဖြစ်သော ဤကိုယ်၏အမည်တည်း'

'ရဟန်း၊ နေ့ကပြုထားသောအမှုကို အာရုံပြု၍ ညဉ့်၌ကြံစည်၏။ စဉ်းစား၏။ ဤ ကြံစည်စဉ်းစားခြင်းသည် ညဉ့်၌ အခိုးလွှတ်ခြင်းတည်း'

'ရဟန်း ညဉ့်က ကြံစည်စဉ်းစား၍ နေ့၌ အမှုတို့ကို ကိုယ်၊ နှုတ်၊ စိတ်အားဖြင့် အားထုတ်၏။ ဤအားထုတ်ခြင်းသည် နေ့၌တောက်ပခြင်းတည်း'

'ရဟန်း ပုဏ္ဏားဟူသောဤအမည်သည် ကိလေသာရန်သူကို ပယ်သတ်ပြီးသော၊ တရားအားလုံးကို အလိုလို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ အမည်တည်း'

'ရဟန်း ပညာရှိဟူသော ဤအမည်သည် ကျင့်ဆဲသေက္ခရဟန်း၏ အမည်တည်း'

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်း ဓားလက်နက်ဟူသော ဤအမည်သည် အရိယာမဂ်ပညာ၏ အမည်တည်း'

'ရဟန်း အဆင့်ဆင့်ဟူသော ဤအမည်သည် လုံ့လအားထုတ်ခြင်း၏ အမည်တည်း'

## တံခါးကျည်မင်းတုပ်ဟူသည် အဝိဇ္ဇာ

'ရဟန်း- တံခါးကျည်မင်းတုပ်ဟူသော ဤအမည်သည် မသိမှု၊ အဝိဇ္ဇာ၏ အမည်တည်း။ တံခါးကျည်မင်းတုပ်ကို ဖယ်လော့၊ မသိမှုအဝိဇ္ဇာကို ပယ်လော့။ ပညာရှိ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးလော့ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပါယ်တည်း။ အိမ်တစ်အိမ်ကို တံခါးပိတ်ထားပြီး မင်းတုပ်ထိုးထားလျှင် အိမ်တွင်းမှပစ္စည်းများကို တစ်ခုမှမမြင်ရသကဲ့သို့ ဉာဏ်ပညာတည်းဟူသော တံခါးကို ပိတ်ထားပြီး အဝိဇ္ဇာတည်းဟူသော မင်းတုပ်ကိုချထားလျှင် သစ္စာတရားတည်းဟူသော အမှန်ကို မည်သို့မှမမြင်နိုင်တော့ပေ။

အဝိဇ္ဇာသည် အမှားကို အမှန်ဟုမြင်စေသော၊ အမှန်ကို အမှားဟုမြင်စေသော သတ္တိနှစ်မျိုးရှိ၏။ လူ၊ ငါ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသက်၊ လိပ်ပြာဟူသော အမှားများကို အမှန်ဟု သိမြင်စေ၏။ မရှိသောပညတ်တရားကို ရှိသော ပရမတ်တရားဟု သိမြင်စေ၏။ ဖောက်ပြန်တတ်သော သဘောတရား ရူပက္ခန္ဓာ၊ အာရုံ၏အရသာကို ခံစားတတ်သောသဘောတရား ဝေဒနာက္ခန္ဓာ၊ အာရုံကို မည်သည့်အာရုံပဲဟု မှတ်သားတတ်သောသဘောတရား သညာက္ခန္ဓာ၊ အာရုံ၏ အရသာကို ခံစားရန် တိုက်တွန်းနှိုးဆော်တတ်သောသဘောတရား သင်္ခါရက္ခန္ဓာ။

အာရုံကိုသိတတ်သော သဘောတရား ဝိညာဏက္ခန္ဓာဟု (၃၁)ဘုံသား အားလုံး ဤအပေါင်းအစု (ခန္ဓာ)ငါးမျိုးသာရှိသည်။ ကျန်တာ ဘာမျှမရှိ၊ ထိုသို့ ရှိနေခြင်းသည်လည်း မမြဲသောအနေဖြင့်သာ ရှိ၏။ မြဲသောအနေဖြင့် ရှိခြင်းမဟုတ်၊ ထိုအပေါင်းအစုငါးမျိုးတွင် ရုပ်ခန္ဓာသည် တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပြီးပျက်၏။ နာမ်ခန္ဓာလေးပါးသည် တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေ တစ်သိန်း ဖြစ်ပြီးပျက်၏။ ထိုကဲ့သို့ မမြဲခြင်းသည် အနိစ္စ။

မမြဲခြင်းဖြင့် ကပ်ပြီးနှိပ်စက်နေခြင်းသည် ဆင်းရဲခြင်းဒုက္ခ၊ မမြဲတာကို မြဲပါစေ၊ ဆင်းရဲတာကို ချမ်းသာပါစေဟု အမိန့်ပေးမရခြင်းသည် ကိုယ်ပိုင်မဟုတ်သော အနတ္တ၊ မမြဲမှုကို သိခြင်းသည် ဆင်းရဲမှုကိုလည်း သိရာရောက်သောကြောင့် ဒုက္ခသစ္စာကို သိခြင်းဖြစ်၏။ ဒုက္ခမှန်း သိလိုက်သည်နှင့် ထိုခန္ဓာငါးခုကို ထပ်လိုချင်သော တဏှာကို ပယ်သတ်ပြီးသားဖြစ်၏။ ဤကား သမုဒယသစ္စာကို ပယ်သတ်ခြင်းဖြစ်၏။ တဏှာကို ပယ်သတ်လိုက်သည်နှင့် ကိလေသာငြိမ်း၊ ခန္ဓာသိမ်းသောနိဗ္ဗာန်ကို သိလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရခြင်းသည် နိရောဓသစ္စာကို မျက်မှောက်ပြုရခြင်းဖြစ်၏။

ထို နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်သောဉာဏ်သည် မဂ္ဂင်ရှစ်ပါးပါဝင်သော မဂ္ဂသစ္စာက အလုပ်လုပ်သွားခြင်းဖြစ်၏။ အဝိဇ္ဇာခေါ် မောဟသည် ဤကဲ့သို့ အမှန်ကို အမှားဟုသိစေ၏။ တကယ်ရှိသော ပရမတ်တရားကို တကယ်မရှိသော ပညတ်တရားဟု သိမြင်စေ၏။ ထိုအဝိဇ္ဇာဟူသော တံခါးကျည်မင်းတုပ်ကို အောက်ပါသော့လေးချောင်းဖြင့် ဖွင့်ရ၏။

| | |
|---|---|
| သပ္ပုရိသူပနိဿယ | = သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း |
| သဒ္ဓမ္မဿဝန | = ထိုသူတော်ကောင်းတရားကို ကောင်းစွာနာယူခြင်း |
| ယောနိသောမနသိကာရ | = မှန်ကန်စွာနှလုံးသွင်း၍ ပယ်သင့်သောတရားကို ပယ်ကာ၊ ယူသင့်တာ ယူခြင်း။ |
| ဓမ္မာနုဓမ္မပဋိပတ္တိ | = အာရုံ (၆)ပါးနှင့်တိုက်ဆိုင်လာတိုင်း ခန္ဓာငါးပါး၏ မမြဲမှုစသည်ကို ရှုပွားခြင်း။ |

ဤလေးချက်အတိုင်းလိုက်နာလျှင် လမင်းတည်းဟူသော သစ္စာလေးပါးကို ဖုံးကွယ်ထားသည့် အဝိဇ္ဇာတည်းဟူသော တိမ်လေးထပ်အနက် အထူထပ်ဆုံး တိမ်တစ်ထပ်ကို သောတာပတ္တိမဂ်ဉာဏ်တည်းဟူသော လေက မှုတ်လွင့်ပယ်ရှားပေးမည်ဖြစ်၏။

## ဖားဟူသည် ဒေါသ

ဒေါသသည်- မိမိကောင်းကျိုးကိုလည်း ဖျက်ဆီး၏။
သူတစ်ပါးကောင်းကျိုးကိုလည်း ဖျက်ဆီး၏။
ပစ္စုပ္ပန်ကောင်းကျိုးကိုလည်း ဖျက်ဆီး၏။
သံသရာကောင်းကျိုးကိုလည်း ဖျက်ဆီး၏။
လောကီကောင်းကျိုးကိုလည်း ဖျက်ဆီး၏။
လောကုတ္တရာကောင်းကျိုးကိုလည်း ဖျက်ဆီး၏။

အဇာတသတ်နှင့် ဒေဝဒတ်တို့သည် လောဘကို ကျွန်ခံမိသောကြောင့် အဇာတသတ်က ရှင်ဘုရင်ဖြစ်ပြီး မင်းစည်းစိမ်ကို မြန်မြန်ခံစားချင်၏။ ဒေဝဒတ်က ဘုရားဖြစ်ပြီး လူ့,နတ်,ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်မှုကို ခံယူချင်၏။ တစ်ဖန် လောဘ၏ သွေးထိုးမှုမှုတစ်ဆင့် ဒေါသကို ဆက်လက် ကျွန်ခံမိလေသောအခါ အဇာတသတ်က ဖခင်ကို သေအောင်သတ်၏။ ဒေဝဒတ်က ဘုရားရှင်ကို သုံးကြိမ်တိုင်အောင် လုပ်ကြံ၏။ ထိုဒေါသကို လက်ခံမိကြ သောကြောင့် သူတို့နှစ်ဦး၏ လောကီကောင်းကျိုး မဂ်ဖိုလ်ရမည့် လောကုတ္တရာကောင်းကျိုး အားလုံးပျက်စီးခဲ့ရ၏။

အင်အားရှိသောခေတ်နှင့် အင်အားကြီးမားသော ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



ထူးများကို မှီခိုရခြင်းသည် ကံရှိသူတို့အတွက် ပိုမို၍ အကျိုးစီးပွား များစေ၏။ ကံနည်းသူတို့အတွက်ကား ရံခါ ပို၍ပင် အကျိုးဆုတ် ယုတ်သွားစေတတ်သည်။ ဥပမာ မီးနှင့် လျှပ်စစ်ကဲ့သို့တည်း။ အရိ ယူပဝါဒကံကိုလည်း၊ ထိုဥပမာနှင့်အတူ သဘောသက်ဝင်သင့်၏။

(ရဟန္တာနှင့်ပုဂ္ဂိုလ်ထူး၊ စာ-၃၇၇)

မီးနှင့်လျှပ်စစ်သည် သုံးတတ်သူအတွက် ဆေးဖြစ်သော်လည်း မသုံးတတ်သူ အတွက် ဘေးဖြစ်ပြီး တစ်မြို့လုံး လောင်ကျွမ်းနိုင်သကဲ့သို့ ဘုရားအစရှိသော အရိယာ သူတော်စင်များနှင့် တွေ့ရသောသူများသည်လည်း ဆည်းကပ်နာယူ၍ လှူဒါန်းပူဇော် တတ်သူအတွက် လူချမ်းသာ၊ နတ်ချမ်းသာကိုသာမက နိဗ္ဗာန်ချမ်းသာထိ ရစေနိုင် သော်လည်း၊ ပြစ်မှားစော်ကားတတ်သူများအတွက်ကား အရိယူပဝါဒ အန္တရာယ်ကြီး ထိုက်ကာ အဝီစိငရဲထိ ကျစေနိုင်ပေ၏။ အဇာတသတ်နှင့် ဒေဝဒတ်တို့သည် အရိယာ များကို မဆည်းကပ်တတ်သူများဖြစ်၏။ ထို့ကြောင့် အရိယာများကို အကြောင်းပြု၍ ငရဲသို့ ကျရောက်ကြရ၏။

ယင်းပုဂ္ဂိုလ်နှစ်ဦး ငရဲသို့ကျရခြင်း၏ အဓိကအကြောင်းကား ဒေါသပင်ဖြစ် ၏။ တစ်စုံတစ်ယောက်အပေါ် မကျေနပ်သော ဒေါသ၊ အာဃာတ၊ ရန်ငြိုးတစ်ခုခုဖြင့် သေလျှင် ငရဲသို့ကျရ၏။ သတ္တဝါတို့သန္တာန်တွင် ဒေါသဓာတ်များ၊ ထို့ထက်များ လာလျှင် ကမ္ဘာ လောကကြီးသည် သတ္တန္တရကပ်ခေါ် လက်နက်ဘေး၊ စစ်ဘေးကြီး ဆိုက်ရောက်ရ၏။ ဒေါသဓာတ်များ ထို့ထက် အဆမတန်များပြားလာလျှင် ကမ္ဘာ လောကကြီးသည် ရေများလွှမ်းမိုးပြီး ပျက်စီးရ၏။

ကမ္ဘာသည် မီးကြောင့်ပျက်သောကမ္ဘာ၊ ရေကြောင့်ပျက်သောကမ္ဘာ၊ လေ ကြောင့်ပျက်သောကမ္ဘာဟု သုံးမျိုးရှိ၏။ ကမ္ဘာကြီးတစ်ခုလုံးကို ပျက်စီးစေသော မီး၊ ရေ၊ လေတို့ကို လောဘ၊ ဒေါသ၊ မောဟတို့က အစဉ်အတိုင်း ဖန်တီးကြခြင်းဖြစ်၏။ တခြား မည်သည့်အရာကမျှ ဖန်တီးသည်မဟုတ်။ ဖြစ်ပြီးခဲ့သော ကမ္ဘာစစ်ကြီးများနှင့် တကွ ဖြစ်ပေါ်ဆဲ စစ်ပွဲများအားလုံးတို့သည် ဒေါသဓာတ်ကြောင့်ဖြစ်ကြရခြင်းပင်။ ဒေါသဓာတ် အားကြီးလာလျှင် လူများသာမက တိရစ္ဆာန်များပါ စစ်ခင်းတတ်ပုံ ထူးခြားသော ဖြစ်ရပ်တစ်ခုကို (၂၇-၄-၄၈)နေ့ထုတ် ရှေးဟောင်း သံတော်ဆင့် သတင်းစာ၌ ယခုလိုဖော်ပြခဲ့၏။

## ဖား,ဖားချင်း တိုက်ပွဲ

တရုတ်ပြည်မှ ရောက်ရှိတတ်သော အထူးဆန်းဆုံး သတင်းများအနက် အောက်ပါသတင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်နေသည်ကို တွေ့ရကြောင်း တရုတ်ပြည် ဆွာတောင်မြို့မှ ရောက်ရှိသောသတင်းတစ်ခု၌ ဖော်ပြထားသည်မှာ ဆွာတောင်မြို့အနီးရှိ လယ်ကွင်းတစ်ခုထဲ၌ ထောင်ပေါင်းများစွာသော ဖားများသည်

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း စစ်ပွဲဆင်ကာ ဖားစစ်ပွဲကြီး ကျင်းပနေကြသည်ဟု ပါရှိကြောင်း။

ဖားစစ်သည်တော်များသည် ၎င်းတို့၏ပါးစပ်နှင့် မြက်ပင်များကိုက်ချီကာ ဓားလက်နက်သဖွယ်အသုံးပြု၍ တိုက်ခိုက်ကြသည်ဆိုကြောင်း၊ သက်ကြီးရွယ်အို များက ပြောကြသည်မှာ ယခုလို ဖားတိုက်ပွဲမျိုး ရှေးကလည်းဖြစ်ခဲ့ဖူးရာ မကောင်း သော နိမိတ်သာဖြစ်၍ ခေတ်ဆိုးကြီးနှင့် နီးကပ်လာကြောင်းကို သတိပေးခြင်းဖြစ် သည်ဟု ပြောဆိုနေကြကြောင်းနှင့် ရှန်ဟဲမြို့မှ ဧပြီလ(၂၄)ရက်နေ့စွဲကြေးနန်းအရ သိရှိရလေသည်။

## လူသတ်တရားခံအစစ်

(၂၈-၁-၆၁)နေ့က ထုတ်ဝေသော ဟံသာဝတီသတင်းစာတွင် အစ်မအရင်း က ညီမအရင်းကို ပြန်သတ်မိသော သတင်းထူးတစ်ခုပါလာ၏။ မန္တလေးခရိုင်၊ ပုသိမ် ကြီးမြို့နယ်၊ ဒဟတ်တောရွာမှ အသက်(၂၀)နှစ်ခန့်ရှိ အစ်မဖြစ်သူ မကြည်က အသက် (၁၃) နှစ်ခန့်ရှိ ညီမဖြစ်သူ မရီကို သူနှင့်အတူ ပွဲကြည့်လိုက်ခဲ့ရန် ခေါ်သည်။ ထိုအချိန် က ညီမဖြစ်သူသည် အဖေါ်များနှင့် လသာသာတွင် ကစားလျက်ရှိသလို အစ်မဖြစ်သူ သည် အပ်ထည်များကို အေးဆေးစွာချုပ်ပေးလျက်ရှိသည်။ မရီသည် ကစားမက်လျက် ရှိသောကြောင့် ပွဲမလိုက်လိုကြောင်း ငြင်းလိုက်၏။

အစ်မက ပွဲကြည့်ရန် စိတ်သန်လျက်ရှိသလို ညီမကလည်း ကစားရန် စိတ် သန်လျက်ရှိသည်။ ထို့ကြောင့် အစ်မက ဒုတိယအကြိမ် ထပ်ခေါ်သောအခါ မရီက ရိုင်းစိုင်းသောစကားလုံးဖြင့် မလိုက်လိုကြောင်း ထပ်ငြင်းပြန်သည်။ မိမိလို အစ်မတစ် ယောက်ကို ရိုင်းစိုင်းစွာပြောရပါမည်လားဟု ဒေါသဖြစ်ကာ မကြည်သည် အထည်စ ကိုက်ရန်ထားသော ကတ်ကျေးဖြင့် မရီထံ ပစ်ပေါက်လိုက်၏။ ကတ်ကျေးသည် မရီ၏ နှလုံးသားတည့်တည့်ကို မှန်သောကြောင့် နေရာတွင်ပင် ပွဲချင်းပြီးသေရှာသည်။

အစ်မဖြစ်သူသည် ပုဒ်မ(၃၀၂)အရ ထောင်ကျသောကြောင့် ကိုယ်လည်း ဆင်းရဲရသည်၊ ညီမ၏အဖြစ်ဆိုးကို တွေးမိတိုင်း စိတ်လည်းဆင်းရဲရသည်။ ဤဖြစ်ရပ် ကို အပေါ်ယံအနေဖြင့်ကြည့်လျှင် ညီမကိုသတ်သောတရားခံမှာ အစ်မဖြစ်သူသာ။ ထို့ကြောင့် အစ်မဖြစ်သူကို ထောင်ချလိုက်ခြင်းဖြစ်၏။ နက်နဲစွာတွေးကြည့်လျှင်ကား လူသတ်မှုကို ကျူးလွန်သော တကယ့်တရားခံအစစ်သည် ဒေါသသာဖြစ်၏။ ဒေါသ မဖြစ်ခဲ့လျှင် မကြည်သည် မရီကို သတ်မိစရာအကြောင်းမရှိပေ။

ထို့ကြောင့် လူကိုအပြစ်ပေးနေရုံဖြင့် လူသတ်မှု လျော့ပါးသွားစရာ မရှိပါ။ တကယ့်အပြစ်ပေးရမည့် တရားခံကား ဒေါသတရားသာဖြစ်၏။ ဒေါသကို မည်သို့ အပြစ်ပေးမည်နည်း။ ငါးပါးသီလစောင့်ပြီး ဒေါသကို တဒင်္ဂပဟာန်၊ ခေတ္တခဏ ပယ်သတ်ခြင်းဖြင့် အပြစ်ပေးနိုင်၏။ မေတ္တာဘာဝနာကို များများပွားခြင်းဖြင့် ဒေါသ ကို ဝိက္ခမ္ဘနပဟာန် အကြာကြီးပယ်သတ်ခြင်းဖြင့် အပြစ်ပေးနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



အနာဂါမိမဂ်ကို ရအောင်အားထုတ်ခြင်းဖြင့် ဒေါသကို သမုစ္ဆေဒပဟာန်၊ အမြစ်ပြတ် ပယ်သတ်ပြီး အပြစ်ပေးနိုင်၏။ ဒေါသကို မိမိကမသတ်လျှင် ဒေါသက မိမိကို ပြန်သတ်သွားမည်ဖြစ်၏။

အင်္ဂလန်မှ ဂျွန်ဟန့်တားအမည်ရှိ ဆရာဝန်ကြီး တစ်ဦးသည် နိုင်ငံရေး အကြောင်းအရာတစ်ခု ငြင်းခုန်ရင်းဖြင့် ဒေါသပြင်းထန်စွာ ဖြစ်ပြီး နှလုံးလေသင်ဖုန်း ဖြတ်ကာ သေခဲ့ဖူး၏။ ဒေါသမီးသည် ထိုမျှပူပြင်း၏။ ဒေါသမီးသည် သူ့ကိုလက်ခံသူ အား သေသည်အထိလောင်မြိုက်ခွင့်မရလျှင် ရောဂါအမျိုးမျိုးဖြစ်စေသည်အထိ လောင်မြိုက်၏။ နှလုံး၊ သွေးတိုး၊ ဆီးချို၊ ဦးနှောက်သွေးကြောပြတ် စသောရောဂါများ သည် ဒေါသကြောင့်ဖြစ်သော ရောဂါများသာဖြစ်၏။ ခေတ်ပေါ်ဆေးများသည် အကျိုးကုဖြစ်၏။ ဗုဒ္ဓ၏တရားဆေးသည် အကြောင်းကုဖြစ်၏။ လူငယ်များ ပိုမို ရှင်းလင်းစွာနားလည်စေရန် သဘာဝယုတ္တိ၊ သာဓကယုတ္တိ နှစ်မျိုးဖြင့်ပြအံ့။ လူ တစ်ယောက်သည် တီဗွီ၊ ဗွီဒီယိုတို့ကို နေ့စဉ် အချိန်ကြာကြာကြည့်လေ့ရှိသဖြင့် မျက်စိမှုန်လာ၏။ သူသည် အကျိုးကုအနေဖြင့် မျက်စိအားတိုးဆေးများကို စား၏။ ပါဝါမျက်မှန်ကို တပ်၏။ သို့သော် တီဗွီကြည့်ကား မလျှော့၊ ထို့ကြောင့် မျက်စိကား ပြန်လည်အားကောင်းလာခြင်းမရှိ။ ကြာလေ ပါဝါတိုးရလေသာ ဖြစ်လာ ၏။ နောင်တွင် နားလည်သောလူတစ်ယောက်က တီဗွီမှလာသော အလင်းရောင်သည် အားကောင်းသောကြောင့် ကြာကြာကြည့်လျှင် မျက်စိကိုထိခိုက်ကြောင်း၊ ထို့ကြောင့် တီဗွီကြည့်ခြင်းကို လျှော့လိုက်လျှင် မျက်စိပြန်အားကောင်းလာနိုင်ကြောင်း ရှင်းပြ၏။

ထို့ကြောင့် တီဗွီကြည့်ခြင်းကိုဖြတ်လိုက်ရာ၊ မျက်စိ ပြန်အားကောင်းသွား၏။ ဤကား အကြောင်းကိုကုမှ ရောဂါပျောက်ပုံ သဘာဝယုတ္တိကို ပြခြင်းတည်း။ ယခု သာဓကယုတ္တိကိုပြအံ့။ ၂၀၀၃-ခုနှစ်က ကော့သောင်းမြို့တွင် တရားပွဲ လှည့်လည် ဟောစဉ်က တစ်မိုင်သဲတန်းရပ်ကွက်မှ ကိုတင်လတ်အမည်ရှိ ဒကာလေးတစ်ယောက် သည် တရားပွဲတိုင်းနီးပါးကို လိုက်၍နာကြား၏။ တည်းခိုသောကျောင်းကိုလာ၍ လိုအပ်သောပစ္စည်းများကိုလည်း မကြာခဏ လှူဒါန်း၏။ တစ်ခါတွင် ကျောင်းသို့ ဆွမ်းလာကပ်ရင်း သူ့ဇနီး မဝင်းကြည်ပါ ပါလာ၏။ ရောက်ရောက်ခြင်း ကိုတင်လတ် က ဤသို့လျှောက်၏။

'ဆရာတော်ဘုရား တပည့်တော်အမျိုးသမီးဟာ သွေးတိုး နေ့တိုင်းတက်တယ် ဘုရား၊ ဆေးလည်း နေ့တိုင်းထိုး၊ နေ့တိုင်းစားနေတာပဲဘုရား၊ ဒါလည်း မပျောက်ဘူး ဘုရား။'

'ဘယ်ပျောက်မှာလဲ၊ သူစားတဲ့ဆေးတွေက အကျိုးကိုသာ ကုတာကိုး၊ သွေး တိုးရောဂါဖြစ်စေတဲ့ အကြောင်းကိုကုမှ သွေးတိုးရောဂါပျောက်မှာပေါ့၊ သွေးတိုး ရောဂါ ကို ဖြစ်စေတဲ့ အဓိကအကြောင်းဟာ စိုးရိမ်သောကပဲ၊ သောကကို တရားကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကောက်ရင် ဒေါသကိုရတယ်။ သူတစ်ပါးကို စိတ်ဆိုးမှ ရိုက်ချင်နှက်ချင်မှ ဒေါသမဟုတ်ဘူး။ သားအတွက် စိုးရိမ်၊ လင်အတွက် စိုးရိမ်၊ မယားအတွက် စိုးရိမ်၊ ရာထူးအတွက် စိုးရိမ်၊ အာဏာအတွက် စိုးရိမ်၊ စီးပွားရေးအတွက် စိုးရိမ်နေတာလည်း ဒေါသမီး လောင်နေတာပဲ'

'စိုးရိမ်သောကဟာ မိမိအတွက်ဘာမှ အကျိုးမရှိဘူး၊ ဒေါသမီးလောင်ပြီး သွေးတိုးရောဂါဖြစ်တာပဲ အဖတ်တင်တယ်။ ရန်ကုန်မှာ အမျိုးသမီးတစ်ယောက်ရှိတယ်။ သူမဟာ စိုးရိမ်သောကဖြစ်ရတာကို ဝါသနာပါသလိုဖြစ်နေတယ်။ သူ့ယောက်ျား အလုပ်သွားချိန်ဆိုရင် တခြားမိန်းမတွေနှင့်များ ဖောက်ပြန်နေမလားလို့ တွေးပြီး စိုးရိမ်သောကဖြစ်တယ်'

'သားသမီးတွေ ကျောင်းသွားပြီဆိုရင်လည်း ကျောင်းသားအဖော်တွေနဲ့ အဆင်ပြေပါ့မလား၊ ဆရာ-ဆရာမတွေနဲ့ အဆင်ပြေပါ့မလား၊ အိမ်အပြန် ကားများအတိုက်ခံရမလားဆိုပြီး တွေးပူပြန်တယ်။ ကျောင်းတွေရုံးတွေ ပိတ်တဲ့နေ့ဆိုရင် လင်နဲ့သားသမီးတွေအတွက် ပူစရာမရှိတော့ မီးရေးထင်းရေးတွေးပြီး ပူပင်သောက ဖြစ်ပြန်တယ်။ လူ့လောကမှာ စိတ်ဆင်းရဲစရာ၊ စိတ်ချမ်းသာစရာလို့ နှစ်မျိုးရှိရာမှာ ရောဂါများပြီး အသက်တိုတဲ့လူတွေက ယခုပြောခဲ့တဲ့အမျိုးသမီးလို စိတ်ဆင်းရဲစရာကိုသာ ရှာကြံပြီး တွေးတယ်၊ ကျန်းမာရေးကောင်းပြီး အသက်ရှည်တဲ့လူတွေက စိတ်ချမ်းသာစရာကိုသာ ရှာကြံပြီးတွေးတယ်'

'ဒီအမျိုးသမီးဟာ စိတ်ဆင်းရဲစရာကိုသာ ရှာကြံပြီး တွေးပူနေတဲ့အတွက်ကြောင့် အသက်လေးဆယ်ကျော်မှာပဲ ရောဂါတစ်ခုနဲ့ ဆုံးရရှာတယ်။ သူသာ ဆုံးသွားတာ၊ သူပူတာတွေ တစ်ခုမှမဖြစ်ခဲ့ပါဘူး။ ဒါကြောင့် ဒါယိကာမလည်း ကနေ့ကစပြီး ဘာကိုမှ တွေးမပူနဲ့တော့၊ တွေးပူနေတတ်တဲ့ အချိန်မျိုးမှာ မေတ္တာဘာဝနာပွားပါ၊ သို့မဟုတ် ဝိပဿနာတရား ရှုပွားပါ၊ ဒါယိကာမရဲ့ရောဂါ ဆေးမသောက်ရဘဲ ပျောက်သွားပါလိမ့်မယ်'

ကျွန်ုပ်ပြောသည့်အတိုင်း ပူပင်သောကကိုဖျောက်ပြီး ဘာဝနာကိုအစားထိုးပွားရာ နှစ်ပတ်အတွင်းမှာပင် သွေးတိုးရောဂါသည် လက်နှင့်ယူပစ်သလို ပျောက်ကင်းသွားခဲ့သည်။ အမေရိကန်မှ သမားတော်ကြီးတစ်ဦးရေးသားပြီး သိပ္ပံစိုးလှဘာသာပြန် သည့် 'တစ်နှစ် (၃၅၆)ရက် အသက်ရှည်နည်း'စာအုပ်မှ ဒေါသကြောင့် ခန္ဓာကိုယ် အသွေးအသားနှင့် ကလီစာတို့ကိုထိခိုက်ပုံကို ယခုကဲ့သို့ မှတ်သားခဲ့ရ၏။

> 'ဒေါသထွက်လျှင် သွေးများ ခဲ,သွားတတ်သည်။ ခန္ဓာ ကိုယ်တွင်း၌ လှည့်ပတ်နေသောသွေးများတွင် စိတ်ဆိုးလာသည့် အခါ သွေးဆဲလ်တို့သည် ကုဗမီလီမီတာ တစ်မီတာတွင် ၃ပေါင်း ငါးသိန်းမျှထိ တိုးတက်လာသည်။ ထို့အပြင် အစာအိမ်အောက် ပေါက်ရှိ ကြွက်သားတို့သည်လည်း ပိတ်၍သွားလေ၏။ ဤသို့ ပိတ်သွား

www.burmeseclassic.com

www.burmeseclassic.com



သောအခါ အစာအိမ်ထဲမှ အောက်ပိုင်းသို့ မည်သည့် အရာမျှ မဆင်းရတော့ကား အစာအိမ်လမ်းကြောင်းဖြစ်သော အူ သိမ်၏ အူမတို့သည် တောင့်၍လာတော့သည်။ ထို့ကြောင့် အကြီး အကျယ် စိတ်ဆိုးသောသူများ၌ စိတ်ဆိုးနေစဉ်သော်လည်းကောင်း စိတ်ပြေ မှုသော်လည်းကောင်း ဝမ်းဗိုက်မှ အကြီးအကျယ်ထိုး၍ နာလာ တတ်သည်'

'စိတ်ဆိုးနေစဉ်တွင် နှလုံးသည်ပို၍ခုန်လာ၏။ တစ်မိနစ် လျှင် အကြိမ်(၁၈၀)မှ (၂၂၀)ထိ လျှင်မြန်စွာ ခုန်၍နေလေသည်။ သွေးတိုးနှုန်းမှာလည်း သာမန်(၁၃၀)ခန့်မှ (၂၃၀)ကျော်ထိ တိုး၍ လာတတ်ပေရာ မဖြစ်တန်ဘဲလျက် ကြီးကျယ်သောဝေဒနာများကို ခံစားရတတ်လေသည်။ စိတ်ဆိုးသဖြင့် ဦးနှောက်ကြောပြတ်သွား သူများကိုပင် တွေ့ရ၏။ သွေးသံရဲရဲကိုမြင်လျှင် သတိလစ်သွားသူ များအကြောင်းကို ကြားဖူးကြပေလိမ့်မည်။

ဤကဲ့သို့ သတိလစ်ခြင်းမှာ နှလုံးအားနည်း၍လည်း ကောင်း သွေးတိုးရောဂါရှိ၍လည်းကောင်း မဟုတ်ပေ။ သွေးသံရဲရဲ ကိုမြင် သည့်အခါ စိတ်ထဲ၌ ကြောက်ရွံ့၍လာသည်။ ဤကဲ့သို့ ကြောက်ရွံ့ သော စိတ်လှုပ်ရှားမှုကြောင့် ဦးနှောက်သို့ သွေးပေးပို့ နေရသော သွေးကြောများသည် ကျုံ့၍သွားသည်။ ထို့ကြောင့်လူမှာ သတိလစ် သွားခြင်းဖြစ်၏'

'တချို့သောသူများကား သွေးသံရဲရဲကိုမြင်လျှင် အန်တတ် ၏။ ဤသို့ အန်ခြင်းမှာ အစာအိမ်ရောဂါရှိသောကြောင့် မဟုတ်၊ သွေးသံရဲရဲကိုမြင်ရသဖြင့် ရွံရှာခြင်းတည်းဟူသော စိတ်လှုပ်ရှားမှု ကိုဖြစ်စေ၏။ ရွံရှာခြင်းကြောင့် အစာအိမ်ကို ဖြုန်းကနဲ ကျုံ့၍ သွားစေသည်။ အစာအိမ်ကျုံ့သွားသဖြင့် အစာများ ပါးစပ်မှအန် ထွက်လာခြင်းဖြစ်၏'

'အမေရိကန်ပြည် ကော်နဲတက္ကသိုလ်မှ အိတ်(ချ်)အက်(စ်) လစ်ဒယ်နှင့် အေဗွီမိုးအမည်ရှိ စိတ်ပညာရှင်နှစ်ဦးသည် သိုးငယ် တစ်ကောင်အား သွပ်နန်းကြိုး သေးသေးလေးတစ်မျှင် ချည်ပေး ထားပြီး စိတ်အနှောင့်အယှက်ဖြစ်ရုံ မကြာခဏ လျှပ်စစ်ကို လွှတ် ပေးရာ ကြာသောအခါ သိုးငယ်သည် ရောဂါမျိုးစုံဖြစ်ကာ အိပ်ရာ ထဲ ဘုံးဘုံးလဲတော့သည်'

ဤကား ဒေါသက ခန္ဓာကိုယ်ကို ဒုက္ခပေးပုံများဖြစ်၏။ ယခု ဒေါသက တရားမရပုံကို ပြဦးအံ့။ ဗုဒ္ဓလက်ထက်က အတုလျှအမည်ရှိသော ဒကာတစ်ဦးသည်

www.burmeseclassic.com

www.burmeseclassic.com



တောထဲတွင် သီတင်းသုံးနေထိုင်သော အရှင်ရေဝတထံ တရားနာသွား၏။ အရှင်ရေဝတကား ဟောပြောသောအလေ့အထမရှိ၍ တရားမဟောပေးပေ။ ဒေါသသမားမှန်သမျှသည် မကောင်းကွက်ကိုသာ မြင်လေ့ရှိသည်။ မကောင်းမြင်ဝါဒကို ပါဠိစာပေ၌ 'အယောနိသောမနသိကာရ'ဟု သုံးနှုန်း၏။ ယခုလည်း အတုလျှသည် ဒေါသသမားပီပီ အရှင်ရေဝတကို 'လျှာမရှိတဲ့ ငါးလို၊ အ,အ တစ်ယောက်လို ဘာမျှမပြောတတ်၊ မဆိုတတ်'ဟု ကဲ့ရဲ့ကာ ကျောင်းမှထွက်သွား၏။

အရှင်သာရိပုတ္တရာထံရောက်သောအခါ ထိုအကြောင်းကို လျှောက်ထားပြီး တရားတောင်း၏။ ထိုအခါ ရှင်သာရိပုတ္တရာက အဘိဓမ္မာတရားတော်ကို ကျယ်ဝန်းပြည့်စုံစွာ ဟောကြားပေးလိုက်၏။ တရားဆုံးသောအခါ အတုလျှဒကာက 'သည်လောက် ရှည်လျားစွာသောတရားကို ဟောရသလား'ဟု အပြစ်ပြောကာ အရှင်အနန္ဒာဆီ ရောက်ပြန်၏။ အကြောင်းစုံသိသွားသော အရှင်အနန္ဒာက အပြစ်လွတ်ရန် မရှည် မတို အလယ်အလတ် တရားတစ်ပုဒ်ကို ဟောကြားပေး၏။ တရားဆုံးသောအခါ အတုလျှဒကာက 'တရားစကားများ ရွေးကျလို့ အတိုင်းအရှည်နဲ့ ဟောနေလိုက်တာ' ဟု ကဲ့ရဲ့ပြီး ဘုရားရှင်ထံ ရောက်သွား၏။ ဗုဒ္ဓက အောက်ပါဂါထာများကို ဟောကြား တော်မူ၏။

'ပေါရာဏမေတံ အတုလ၊ နေတံ အဇ္ဇတနမိဝ။
နိန္ဒန္တိ တုဏှိမာသိနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ။
မိတဘာနိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောကေ အနိန္ဒိတော။'

*(ဓမ္မပဒ၊ အတုလျှဥပါသကာဝတ္ထု၊ ဂါထာ -၂၂၇)*

| | | |
|---|---|---|
| အတုလျှ | - | အတုလျှအမည်ရှိသော ဥပါသကာ၊ |
| ဧတံ | - | ဤကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသည်၊ |
| ပေါရာဏံ | - | ရှေးရိုးစဉ်လာ ဓမ္မတာပါတည်း။ |
| ဧတံ | - | ဤကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသည်၊ |
| အဇ္ဇတနမိဝ | - | ယနေ့ယခုကျမှ ဖြစ်ပေါ်လာသကဲ့သို့ဖြစ်သည် |
| နဟောတိ | - | မဟုတ်ပေ။ |
| တုဏှိမာသိနံပိ | - | ရှင်ရေဝတမထေရ်ကဲ့သို့ ဘာစကားမျှ မပြောကြားပဲ၊ တောကျောင်းမှာ အေးအေးနေတတ်သောပုဂ္ဂိုလ်ကိုလည်း၊ |
| နိန္ဒန္တိ | - | အအ၊ အဖျင်းကဲ့သို့၊ အဖျင်းအအကဲ့သို့ စကားမပြောရကောင်းလားဟု ကဲ့ရဲ့ကြကုန်၏။ |
| ဗဟုဘာဏိနံပိ | - | အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကဲ့သို့ လေခတ်သော ထန်းရွက်ကဲ့သို့ တဖြတ်ဖြတ်၊ ပေါက်ပေါက်ဖောက်သကဲ့သို့ တဖောက်ဖောက်နေအောင်၊နက်နဲခက်ခဲသော အဘိဓမ္မာ တရားများကို များပြားစွာဟောကြားသော |

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကိုလည်း၊

| | | |
|---|---|---|
| နိန္ဒန္တိ | - | တရားစကား ရှည်ရှည်များများ ဟောရကောင်းလားဟု ကဲ့ရဲ့ပြစ်တင်ကြကုန်၏။ |
| မိတဘာဏိမ္ပိ | - | နှိုင်းနှိုင်းချိန်ချိန်ဖြင့် နည်းနည်းပါးပါး တရားစကားကို ဟောကြားပေးသော အရှင်အာနန္ဒာကိုလည်း၊ |
| နိန္ဒန္တိ | - | စကားကို ရွှေပမာတန်ဖိုးထား၍ နည်းနည်းပါးပါးသာ ဟောကြားရကောင်းလားဟူ၍ ကဲ့ရဲ့ရှုတ်ချကုန်၏။ |
| လောကေ | - | လောကကြီး၌၊ |
| အနန္ဒိတော | - | အကဲ့ရဲ့လွတ်သောသူ မည်သည်၊ |
| နတ္ထိ | - | မှန်စွာမသွေ မရှိနိုင်ပါပေတော့သတည်း။ |

'နစဟုနစဘဝိဿတိ၊ နစေတရဟိဝိဇ္ဇတိ။

ဧကန္တံ နိန္ဒိတောပေါသော၊ ဧကန္တံဝါပသံသိတော။'

| | | |
|---|---|---|
| ဧကန္တံ | - | စင်စစ်အားဖြင့် (ဝါ) တစ်ဖက်သတ်အားဖြင့်၊ |
| နိန္ဒိတော | - | ကဲ့ရဲ့အပ်သော၊ |
| ပေါသောဝါ | - | ပုဂ္ဂိုလ် တစ်စုံတစ်ယောက်သည်လည်းကောင်း၊ |
| ဧကန္တံ | - | စင်စစ်အားဖြင့် (ဝါ) တစ်ဖက်သတ်အားဖြင့်၊ |
| ပသံသိတော | - | ချီးမွမ်းချည်းသာခံနေရသော၊ |
| ပေါသောဝါ | - | ပုဂ္ဂိုလ် တစ်စုံတစ်ယောက်သည်လည်းကောင်း၊ |
| နစာဟု | - | ရှေးယခင်တုန်းကလည်း မရှိခဲ့ဖူး၊ |
| နစဘဝိဿတိ | - | နောင်အနာဂတ်၌လည်း မရှိလတ္တံ့၊ |
| ဧတရဟိ | - | ယခုပစ္စုပ္ပန်ကာလ၌လည်း၊ |
| နဝိဇ္ဇတိ | - | မှန်စွာမသွေ မရှိနိုင်ပါပေတော့သတည်း။ |

ထိုဂါထာတို့၏ အဓိပ္ပာယ်အချုပ်မှာ -

'အတုလျဉပါသကာ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသည် ရှေးရိုးစဉ်လာ ဓမ္မတာဖြစ်၏။ ယခုမှ ဖြစ်ပေါ်လာသည်မဟုတ်၊ တိတ်ဆိတ်စွာနေသူကိုလည်း အ,အ ဟု ကဲ့ရဲ့ကြ၏။ ပြည့်စုံကျယ်ဝန်းစွာ ဟောကြားသူကိုလည်း စကားရှည်သည်ဟု ကဲ့ရဲ့ကြ၏။ မရှည်မတို နှိုင်းချိန်ဟောကြားသူကိုလည်း စကားကို ရွှေကဲ့သို့ ချိန်ဆနေသည်ဟု ကဲ့ရဲ့ကြ၏။ လောကကြီး၌ ကဲ့ရဲ့လွတ်သောသူမည်သည်မရှိ'

'စစ်စစ်အားဖြင့် ကဲ့ရဲ့မှုချည်း ခံနေရသောသူသည်လည်းကောင်း၊ ချီးမွမ်းမှုချည်း ခံနေရသောသူသည်လည်းကောင်း ရှေးယခင်ကတည်းက မရှိခဲ့၊ နောင်အနာဂတ်၌လည်းမရှိ၊ ယခုပစ္စုပ္ပန်ကာလ၌လည်း မရှိ' ဟူ၍ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အတုလျဒကာသည် ဒေါသကြောင့် နှလုံးသွင်းမကောင်းသော အယောနိသောမသိကာရဖြစ်၏။ ထို အယောနိသောမနသိကာရကြောင့် မဂ်ဖိုလ်ရမှု နှောင့်နှေးသွားရခြင်းဖြစ်၏။ ထို့ကြောင့် မကောင်းမြင်ဝါဒ အယောနိသောမနသိကာရသည် မွေ့ပွေးဆိပ်ထက် ကြောက်စရာကောင်းသောအရာဖြစ်၏။ အဘယ်ကြောင့်နည်း၊ မွေ့ပွေးဆိပ်သည် အပါယ်လေးပါးသို့ မဆွဲချနိုင်၊ သူတစ်ပါးမကောင်းကွက်ကိုသာ ရှာကြည့်တတ်သော အယောနိသောမနသိကာရသည် အပါယ်လေးပါးသို့ ဆွဲချနိုင်သောကြောင့်တည်း။

ထိုအချက်နှင့်ပတ်သက်၍ ပရမတ္ထဒီပနီဋီကာ ပုစ္ဆာအဖြေကျမ်း၌ ရေးသားထားသည်ကို ယခုလိုတွေ့ရ၏။

'အဇ္ဈတ္တဝိသဇ္ဇံဝိသံ၊
အဇ္ဈုပေက္ခေယျ ပဏ္ဍိတော၊
နတွေဝုပ္ပထ မနက္ကာရံ၊
သောဟာပါယ ပထောဥဇု။'

ပဏ္ဍိတော-ပညာရှိသည်၊ အဇ္ဈတ္တဝိသဇ္ဇံ-ကိုယ်တွင်းမဆန့် ပျံ့နှံ့ပူလောင်၍ နေသော၊ ဝိသံ-မွေ့ပွေးဆိပ်ကို၊ အဇ္ဈုပေက္ခေယျ-ကြောင့်ကြမပြု၊ လျစ်လျူရှုသော်လည်း ရှုရာသေး၏။ ဥပ္ပထမနက္ကာရံ- ကိုယ်တွင်းမှ ထ၍လာသော အယောနိသောမနသိကာရ ကို၊ နတွေဝအဇ္ဈုပေက္ခေယျ-လျစ်လျူရှုကာ မနေရာသည်သာလျှင်တည်း။ ဟိကသ္မာ-အဘယ့်ကြောင့်ဟူမူကား၊ သော-ထိုအယောနိသော မနသိကာရသည်၊ ဥဇု-မသွေ မထောင့် အလွန်ဖြောင့်သော၊ အပါယပထော- အပါယ်လမ်းကြောင်းပေတည်း။

မိမိစိတ်ဆန္ဒအတိုင်း မဖြစ်သောကြောင့် တရားစကား မဆွေးနွေးခြင်း၊ တရားမရှုမှတ်ခြင်းသည်လည်း ဒေါသကြောင့် တရားနှင့်ဝေးရခြင်းပင်ဖြစ်၏။ ထို့ကြောင့် ဖားကို ပယ်ပါဟူသည် ဒေါသကိုပယ်ပါဟု ဆိုလိုခြင်းပင်ဖြစ်၏။

## လမ်းနှစ်ခွ (ခေါ်) ဝိစိကိစ္ဆာကိုပယ်ပါ

လမ်းနှစ်ခွကိုပယ်ပါဟူသည် ဝိစိကိစ္ဆာကိုပယ်ခိုင်းခြင်းဖြစ်၏။ ဝိစိကိစ္ဆာ-ဟူသည် ဖြစ်ပျက်ပြီး၊ ဖြစ်ပျက်ဆဲ၊ ဖြစ်ပျက်လတ္တံ့ ပရမတ်ရုပ်နာမ်များအပေါ် မြဲများမြဲလေသလား၊ ငါဆိုတာများ ဖြစ်လေမလားဟု ယုံမှားခြင်းပင်ဖြစ်၏။ ဒိဋ္ဌိကိလေသာသေလျှင် ဝိစိကိစ္ဆာလည်း သေသောကြောင့် ဒိဋ္ဌိခွါခန်းတွင် ဝိစိကိစ္ဆာလည်း ပါသွားပြီဖြစ်သည်။ သို့သော် မြရာသံပတ်ဆိုသည့်အတိုင်း အကြောင်းတိုက်ဆိုင်လာသဖြင့် ဝိစိကိစ္ဆာပယ်ပုံကို အနည်းငယ်ရေးဦးအံ့။

ကြေးစည်နှင့် လက်ရိုက်တုတ် မထိခိုက်မီခင်က ကြေးစည်သံသည် ကြေးစည်ထဲမှာသော်လည်းကောင်း၊ လက်ရိုက်တုတ်ထဲမှာသော်လည်းကောင်း ရှိမနေခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ဖြင့် သဘောပေါက်အောင်ဆင်ခြင်ပါ။ ကြေးစည်နှင့်လက်ရိုက်တုတ် ထိခိုက်မိမှသာ အသံဖြစ်ပေါ်လာသည်ကိုလည်း ဆင်ခြင်ကြည့်ပါ။ ကြေးစည်သံ ဖြစ်ပေါ်လာသည်ကိုလည်း ဆင်ခြင်ကြည့်ပါ။ ကြေးစည်သံဖြစ်ပေါ်လာပြီး ထိုနေရာ၌ပင် ပျောက်ကွယ်သွားပုံကိုလည်း သဘောပေါက်အောင်ဆင်ခြင်ပါ။ ထိုကြေးစည်သံသည် ပုဂ္ဂိုလ် သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝ, မဟုတ်သည်ကိုလည်း ဆင်ခြင်ပါ။

ဤကား ဥပမာတည်း။ ဥပမေယျကို ပြအံ့။ မျက်စိနှင့်အဆင်း မတိုက်မိခင်က မြင်သိစိတ်သည် မျက်စိထဲမှာသော်လည်းကောင်း အဆင်းရုပ်ထဲမှာသော်လည်းကောင်း ကြိုတင်ရှိမနေပုံကို ဉာဏ်ဖြင့် ပြတ်သားအောင် ဆင်ခြင်ပါ။ ဆင်ခြင်ခြင်းသည် သမ္မာသင်္ကပ္ပဖြစ်၏။ ဆင်ခြင်၍ အမှန်ကိုသိသွားခြင်းသည် သမ္မာဒိဋ္ဌိဖြစ်၏။ သမ္မာသင်္ကပ္ပဖြင့် ဆင်ခြင်တွေးတောလိုက်သည်နှင့် ကျန် မဂ္ဂင်များလည်း အလိုလိုပါသွားပြီး သူ့အလုပ်သူ လုပ်ပြီးသားဖြစ်၏။

မျက်စိနှင့်အဆင်း တိုက်မိသောအခါမှသာ မြင်သိစိတ်သည် ပေါ်လာရခြင်းဖြစ်သည်။ ကြိုတင်ပြီးရှိနေသည်မဟုတ်။ ဤသို့ ပြတ်သားစွာသိသွားလျှင် ရုပ်နာမ်များသည် အတိတ်၌ ကြိုတင်ပြီးရှိနေသယောင် ယုံမှားသံသယ ဝိစိကိစ္ဆာကို ပယ်ဖျက်နိုင်၏။ မျက်စိ၊ အဆင်း၊ အလင်း၊ မနသိကာရ လေးပါး တိုက်ဆိုင်သခိုက်လေးမှာ ခဏသာ ဖြစ်ပေါ်လာခြင်းဖြစ်၏။ ဤသို့ ပြတ်သားစွာသိသွားလျှင် ရုပ်နာမ်များသည် ပစ္စုပ္ပန် ကာလမှာ အမြဲရှိနေသယောင် ယုံမှားသံသယ ဝိစိကိစ္ဆာကို ပယ်ဖျောက်နိုင်၏။ မြင်သိ စိတ်သည် မျက်စိမှာဖြစ်ပြီး မျက်စိမှာပင် ပျက်သွား၏။ မည်သည့်နေရာကိုမှ ရောက်မသွား။

ဤသို့ ပြတ်သားစွာသိသွားလျှင် ဖြစ်ပျက်သွားသော ရုပ်နာမ်များသည် အခြားတစ်နေရာတွင် သွားရောက်စုပုံနေသယောင် အနာဂတ်၌ယုံမှားခြင်း ဝိစိကိစ္ဆာကို ပယ်ဖျောက်နိုင်၏။ သိစိတ်သည် ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ၊ အသက် လိပ်ပြာမဟုတ်ဘဲ မြင်လျှင်သိသော သဘောတရားလေးသာဖြစ်ကြောင်း ဆင်ခြင်အပ်၏။ ကျန်သိစိတ်ငါးမျိုးကိုလည်း မြင်သိစိတ်နည်းတူ အကျယ်ချဲ့၍ ဆင်ခြင် နိုင်၏။ ဤအခန်းကား သောတာပန်တည်အောင် ပြသောအခန်းဖြစ်၏။

## ဆပ်ပြာရေစစ်(ခေါ်) နီဝရဏ(၅)ပါးကိုပယ်ပါ

'ဆပ်ပြာရေစစ်ကို ပယ်ပါ'ဟူသည် 'နီဝရဏတရားငါးပါးကို ပယ်ပါ'ဟု ဆိုလိုခြင်းဖြစ်၏။ နီဝရဏသည် ခြောက်ပါးရှိသော်လည်း အဝိဇ္ဇာနီဝရဏကို ရှေ့တံခါးမင်းတုပ် ဥပမာ၌ ယူပြီးဖြစ်၍ ဤနေရာ၌ ကျန်ငါးပါးကိုသာ ပြခြင်းဖြစ်၏။ နီဝရဏဟူသည် ဈာန်၊ မဂ်၊ ဖိုလ်တို့ကို မရအောင် ပိတ်ပင်တတ်သောတရားဟု အဓိပ္ပာယ်ရ၏။ ထို နီဝရဏသည်-

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ကာမဥ္စလိုချင်ခြင်းဟူသောအပိတ်အပင် | = | ကာမစ္ဆန္ဒနီဝရဏ |
| ပျက်စီးစေလိုမှုဟူသောအပိတ်အပင် | = | ဗျာပါဒနီဝရဏ |
| ထိုင်းမှိုင်းခြင်းဟူသောအပိတ်အပင် | = | ထိနမိဒ္ဓနီဝရဏ |
| ပျံ့လွင့်ခြင်း၊ နောင်တရခြင်းဟူသောအပိတ်အပင် | = | ဥဒ္ဓစ္စ၊ ကုက္ကုစ္စနီဝရဏ |
| တွေးတောယုံမှားခြင်း ဟူသောအပိတ်အပင် | = | ဝိစိကိစ္ဆာနီဝရဏ တို့ပင်တည်း။ |

ထိုနီဝရဏတို့ကို ပယ်ဟူရာ၌ ပစ္စည်းတစ်ခုခုကို ပယ်သလိုမျိုး ပယ်ရမည် မဟုတ်။ ဒွါရခြောက်ပါး၌ စိတ်ခြောက်ပါးဖြစ်သွားလျှင် ဖြစ်မှန်းသိရမည်၊ ပျက်သွားလျှင် ပျက်မှန်းသိပေးရမည်။ ထို သိစိတ်ခြောက်ပါးတို့၏ ဖြစ်မှု၊ ပျက်မှုကို သိပေးနေလျှင် မည်သည့်နီဝရဏမှ မဖြစ်နိုင်တော့ပေ။ နီဝရဏများ ဖြစ်ခွင့်မရလျှင် ကာမရာဂနှင့် ဗျာပါဒများ ခေါင်းပါးလာပြီး သကဒါဂါမိမဂ်ဉာဏ်ကို ရမည်ဖြစ်၏။ ဤအခန်းကား သကဒါဂါမ်တည်အောင် ပြသောအခန်းဖြစ်၏။

နီဝရဏငါးပါးတွင် ကာမစ္ဆန္ဒနီဝရဏ,က တရားအားမထုတ်ဖြစ်အောင်၊ တရားမရအောင် ပိတ်ပင်ပုံကို မဟာစည်ဆရာတော်ဘုရားကြီးက ဝိပဿနာရှုနည်းကျမ်း(၁၁၀)၌ ယခုလို အနုစိတ်ဖွင့်ပြခဲ့၏။

> နှစ်သက်ခင်မင် လိုချင်တောင့်တမှု ကာမစ္ဆန္ဒသည်ကား- ထိုဝိပဿနာကို တားမြစ်ပိတ်ဆို့တတ်သောကြောင့် နီဝရဏ မည်၏။ တားမြစ်ပိတ်ဆို့ပုံကား ယခုဘဝ၌ချမ်းသာရန်အတွက် ကိုယ့်ကိစ္စ၊ သူ့ကိစ္စ၊ လင့်ကိစ္စ၊ မယားကိစ္စ၊ သားသမီးကိစ္စ၊ ဆွေမျိုးကိစ္စ၊ မိတ်ဆွေကိစ္စ၊ တပည့်ဒါယကာကိစ္စ၊ ဆရာသမားကိစ္စ စသည်ဖြင့် မရေမတွက်နိုင်အောင် များစွာသော ပြုဘွယ်ကိစ္စတို့သည် ပုဂ္ဂိုလ်တိုင်းမှာ ရှိကြကုန်၏။ ဤကိစ္စအလုံးစုံကို ချမ်းသာချင်သော ကာမစ္ဆန္ဒက ဖွင့်လှစ်၏။

ဤကိစ္စတို့နှင့်စပ်၍ အမျိုးမျိုးအထွေထွေ ကြံစည်အားထုတ်ရ၏။ မရသေးသည်ကို ရှာရ၏။ ရပြီးသည်ကို သာယာသိမ်းပိုက်လျက် စောင့်ရှောက်ရ၏။ ထို့ကြောင့် အားလပ်သောအချိန်ကိုပင် မရနိုင်ကြချေ။ ဝိပဿနာအားထုတ်ရန် စိတ်ကူးပင် မထည့်နိုင်ကြချေ။ စိတ်ကူးမိသော်လည်း တကယ် အားမထုတ်နိုင်ကြချေ။ အယုတ်ဆုံးအားဖြင့် စိတ်ကို စောင့်ထိန်းခြင်းမရှိဘဲ စိတ်ကူးချင်တိုင်း လွတ်လပ်စွာ စိတ်ကူးနေရသည်ကိုလည်း သာယာနေတတ်ကြ၏။

အလိုရှိတိုင်း ပြောဆိုနိုင်၊ သွားလာနေထိုင်နိုင်သည်တို့ကိုလည်း သာယာနေတတ်ကြ၏။ ဤသာယာမှုများကြောင့် တရားအားထုတ်မည်ကြံလျှင် လက်ရှိကိုယ်ချမ်းသာ စိတ်ချမ်းသာကလေးများ ပျက်သွားမည်ကို စိုးရိမ်ကြပြန်၏။ ထို့ကြောင့် အားမထုတ်ဘဲရှိကြ၏။ အားမထုတ်နိုင်ခြင်းကြောင့် မိမိသန္တာန်၌ ဝိပဿနာမဖြစ်၊ ထို့ကြောင့် ဝိပဿနာဟူသည်မှာ ဘယ်လိုတရားပဲဟု ကိုယ်ပိုင်ဉာဏ်ဖြင့် မသိကြကုန်။

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာဟူသော နိယျာနတရားကို မရသောသူတိုင်းပင် ဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်ကြကုန်၊ ဤသို့ မထွက်မြောက်နိုင်ရာ၌ အကြောင်းရင်းကိုရှာလျှင် ချမ်းသာကောင်းစားရန် သာယာတောင့်တမှု ကာမစ္ဆန္ဒကြောင့်ပင်ဟု ထင်ရှားတွေ့ရ ၏။ သို့ဖြစ်၍ ကာမစ္ဆန္ဒသည်ပင် ဝိပဿနာဖြစ်ခွင့်မရအောင် တားမြစ်ပိတ်ဆို့နေ သည်။ ဆင်းရဲမှ မထွက်နိုင်အောင် ဆီးတားပိတ်ဆို့နေသည်ဟု သိအပ်၏။ နောင် သံသရာ၌ ချမ်းသာ ကောင်းစားလိုသော ကာမစ္ဆန္ဒကြောင့် ဝိပဿနာကို အားမထုတ် နိုင်သည်လည်း ရှိသေး၏။ ဤသည်ကား ဝိပဿနာနိယျာနကို အလျှင်းမဖြစ်နိုင် အောင် တားမြစ်ပိတ်ဆို့ပုံတည်း။

အားထုတ်ဆဲကာလ၌လည်း ရှုမှတ်မှုတို့၏အကြား၌ ဖြစ်ပေါ်လျက် ဤ ကာမစ္ဆန္ဒသည် ဝိပဿနာကို တားမြစ်တတ်သေး၏။ တားမြစ်ပုံကား-ကာမအာရုံတို့ကို ကြံစည်တောင့်တလျက် အားမထုတ်မိသကဲ့သို့ ကြမ်းတမ်းစွာလည်း ဖြစ်ပေါ်တတ်၏။ အားထုတ်မှုနှင့်စပ်၍ သိမ်မွေ့နူးညံ့စွာလည်း ဖြစ်ပေါ်တတ်၏။ အဘယ်သို့နည်းဟူမူ-

- * ရှုမှတ်၍ကောင်းသည်ကို သာယာတတ်၏။
- * အာရုံအထူးထင်လာသည်ကို သာယာတတ်၏။
- * သာယာ၍ အဖန်ဖန် စဉ်းစားဆင်ခြင်နေတတ်၏။
- * မှတ်၍ကောင်းသည်ကို ပြောချင်တတ်၏။
- * ရင်းနှီးသူကို အားထုတ်စေချင်တတ်၏။
- * မှတ်၍ကောင်းမည်ကို မျှော်တတ်၏။
- * ဉာဏ်အထူးများကို မျှော်တတ်၏။
- * မဂ်ဖိုလ်ကို မျှော်တတ်၏။

ဤအရာ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တသည်မှာ တဏှာမဟုတ်၊ ကုသိုလ် ဆန္ဒသာတည်း။ တဏှာသည်ကား လောကုတ္တရာကို အာရုံမပြုနိုင်ဟုဆိုကြသေး၏။ ဤသို့ဆိုရာ၌ ပုထုဇဉ်တို့၏ ကုသိုလ်ဆန္ဒသည်လည်း မဂ်ဖိုလ်နိဗ္ဗာန်အစစ်ကို အာရုံပြု နိုင်သလော၊ မပြုနိုင်သလော ဆင်ခြင်အပ်၏။ ပုထုဇဉ်တို့၏စိတ်တွင် သောတာ ပတ္တိမဂ်၏ ရှေး၊ အခြားမဲ့၌ဖြစ်သော ဂေါတြဘူစိတ်တစ်ခုသာလျှင် နိဗ္ဗာန်အစစ်ကို အာရုံပြုနိုင်သည်။

ကြွင်းသောစိတ်အလုံးစုံပင် အာရုံမပြုနိုင်။ မဂ်ဖိုလ်အစစ်ကိုကား ပုထုဇဉ် တို့၏စိတ်သည် ဘယ်အခါမျှ အာရုံမပြုနိုင်ဟု ကျမ်းဂန်တို့၌ဆိုခဲ့သောကြောင့် ဂေါတြ ဘူမဟုတ်သော ဆန္ဒသည်လည်း မဂ်ဖိုလ်နိဗ္ဗာန်အစစ်ကို အာရုံမပြုနိုင်သည်သာ တည်း။ သို့ဖြစ်၍ ပုထုဇဉ်တို့ မျှော်လင့်တောင့်တအပ်သော မဂ်ဖိုလ်,နိဗ္ဗာန်သည် ပရမတ်အစစ် မဟုတ်သေး၊ တစ်ဆင့်ကြား၊ အနုမာန စသည်ဖြင့်ယူအပ်သော အမည် ပညတ်မျှ အာကာရပညတ်မျှ၊ သဏ္ဌာနပညတ်မျှသာဟူ၍ သိအပ်၏။ ထိုပညတ်မျှ ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုကား ကုသိုလ်ဆန္ဒက အာရုံပြုနိုင်သကဲ့သို့ တဏှာကလည်း

www.burmeseclassic.com

www.burmeseclassic.com



အာရုံပြုနိုင်၊ တောင့်တနိုင်သည်သာတည်း။

ဝိစိကိစ္ဆာနီဝရဏ၏ ဝိပဿနာကုသိုလ်မဖြစ်အောင်၊ မဂ်ဖိုလ်မရအောင် ပိတ်ပင်တတ်ပုံကို ယခုလို ဆက်လက်ဖွင့်ပြ၏။ ဖြစ်ခိုက်ရုပ်နာမ်တို့ကို ရှုမှတ်ရုံမျှဖြင့် ဝိပဿနာကုသိုလ် ဖြစ်လေသလော၊ မဖြစ်လေသလော စသည်ဖြင့် ယုံမှားတွေးတော ခြင်းသည် ဝိစိကိစ္ဆာမည်၏။ ဤ ဝိစိကိစ္ဆာသည် အလွန်ဆိုးဝါးသော တရားပေတည်း။ မိမိမှာ ဖြစ်ပေါ်လာလျှင် ဝိစိကိစ္ဆာဟုပင် မသိနိုင်ဘဲရှိတတ်၏။ နှစ်ဘက်လုံး၌ မျှမျှတတ စုံစမ်းဆင်ခြင်သော အသိဉာဏ်ဟူ၍သာ ထင်မှတ်တတ်ကြ၏။ ယုံမှားမှုက ဉာဏ်ယောင်ဆောင်၍ လှည့်စားခြင်းပင်တည်း။

ထို့ကြောင့် ပညာရှိတို့ သတိမူမိစေရန် မုခေနတ္ထိအဌကထာယုတ္တိဟာရ အဖွင့် (၉၀)၌ ဥဘယပက္ခသန္တီရဏာမှ ခေနဝိစိကိစ္ဆာဝဋ္ဋေတိဟု မိန့်တော်မူလေပြီး ဥဘယ ပက္ခ သန္တီရဏာမုခေန- နှစ်ဘက်လုံး၌ညီမျှစွာ ဆင်ခြင်ခြင်းကို ရှေ့သွားပြု သဖြင့်၊ ဝိစိကိစ္ဆာ-ယုံမှားမှုသည်၊ ဝဋ္ဋေတိ- လှည့်စားတတ်၏။ ဤဝိစိကိစ္ဆာသည် ဘုရား, တရား, သံဃာ, သိက္ခာသုံးပါး, အတိတ်ခန္ဓာ, အနာဂါတ်ခန္ဓာ, ပစ္စုပ္ပန်ခန္ဓာ, ပဋိစ္စ သမုပ္ပါဒ်ဟူသော ဤ ဌာနရှစ်ပါးတို့၌ ယုံမှားလျက်ဖြစ်၏။ ယခုကာလ၌ကား ဟော ပြောသော ဆရာ၊ အားထုတ်နည်း၊ ထိုနည်းဖြင့်အားထုတ်၍ တရားထူးရ သည်ဟု ဆိုသော ပုဂ္ဂိုလ်၊ မိမိ၏ အားထုတ်မှုဟူသော ဤဌာနလေးပါးတို့၌လည်း ယုံမှားလျက် ဖြစ်တတ်သေး၏။

ရှေ့၌ ရဟန္တာလေးပါး၏ ရှုနည်းလေးနည်းကို မယုံမကြည်ဖြစ်ကာ တရားမရှု ဖြစ်သော ဗုဒ္ဓလက်ထက်တော်က ရဟန်းတစ်ပါးအကြောင်းကို ဖော်ပြခဲ့၏။ မဟာစည် ဆရာတော်ကြီး၏ ရေးသားချက်အရ ထိုရဟန်းသည် ဝိစိကိစ္ဆာက စဉ်းစားဆင်ခြင် သော ဉာဏ်ပညာယောင်ဆောင်၍ လှည့်ပတ်မှုကို ခံလိုက်ရခြင်းသာဖြစ်၏။ ဝိစိကိစ္ဆာ ၏ ဉာဏ်ယောင်ဆောင်၍လှည့်ပတ်မှုကို လက်တွေ့သိချင်လျှင် ယခုဖော်ပြမည့် သန္ဒိဋ္ဌိကဓမ္မလမ်းစဉ်(၁၈)ပိုဒ်ကို သေချာဖတ်ကြည့်ပါ။ ဤနည်းအတိုင်း ပွားများလျှင် လောကီအလုပ် မပျက်ဘဲ ချမ်းသာလွယ်ကူသောအကျင့်ဖြင့် လေးမဂ်လေးဖိုလ်ကို ရစေရမည်ဟု နည်းလမ်းပေးသူက တာဝန်ခံထားသည်။

## သန္ဒိဋ္ဌိက ဓမ္မလမ်းစဉ်

၁။ ဘုရားအဆုံးအမဖြစ်တဲ့ ပိဋကတ်သုံးပုံ အကုန်လုံးဟာ 'ဆင်းရဲမှုလွတ်မှု တစ်ခု'ဖြစ်လို့ နည်းတွေများသော်လည်း အားလုံးအတူတူပဲ၊ အကုန်လုံးလိုက်ပြီး လုပ်စ ရာမလိုဘူး။ အများကြီးထဲက ကြိုက်ရာတစ်ခုခုကို ဝီရိယမှန်မှန်နဲ့ သန်သန်လုပ်ဖို့ အရေးကြီးတယ်။

၂။ စရဏ(အကျင့်)နဲ့ ဝိဇ္ဇာ(အသိ)တစ်ပြိုင်နက်ဖြစ်အောင် လုပ်ရတယ်၊ တစ်ချိန်တည်းမှာ အလုပ်နှစ်ခုပြီးတာ ဒါပဲရှိတယ်။ (အလုပ်လုပ်ရင်း ရအောင်ရှုပါ)

www.burmeseclassic.com

www.burmeseclassic.com



၃။ ဘုရားစကား၊ ဆရာစကား တစ်ထစ်ချနာယူ၊ အရာရာ ရှိသေ၊ ကိုယ်ကို နှိမ့်၊ ခန္တီနဲ့ မေတ္တာ များများထားပြီးလုပ်ရတယ်။

၄။ ဝိပဿနာတရားဆိုတာ ထင်ရှားတဲ့တရားကို မြင်အောင်ရှုမှတ်ခြင်းပင် ဖြစ်တယ်။ ထင်ရှားရှိတဲ့တရားကို မြင်အောင်မရှုနိုင်ရင် ဝိပဿနာမဖြစ်ဘူး။

၅။ ထင်ရှားတဲ့တရားဆိုတာ တခြားမှာသွားပြီး ရှာရတာမျိုးမဟုတ်၊ ရှောင်မ ရ၊ တိမ်းမရ၊ မမြင်ချင်လို့ မနေရအောင် ကိုယ်မှာ အမြဲထင်ရှားရှိနေတဲ့ ရုပ်နာမ်တရား တွေပဲဖြစ်တယ်။

၆။ ကိုယ်မှာ အမြဲထင်ရှားရှိတဲ့ ရုပ်နာမ်တရားတွေထဲမှာ လူတိုင်း နားလည် လွယ်ကူတာဟာ 'အာနာပါန' ဝင်လေထွက်လေ ရှုမှတ်မှုဖြစ်တယ်။

၇။ ထွက်လေဝင်လေဆိုတာ အမိဝမ်းမှမွေးကတည်းက သေသည်အထိ အမြဲမပြတ် တရစပ်ရှိနေတဲ့ တရားသဘောဖြစ်တယ်။ အလုပ်လုပ်နေရင်း စကားပြော နေရင်း၊ စာကျက်နေရင်း၊ အိပ်ပျော်နေရင်းလည်း ရှိနေတာပဲ။

၈။ ထွက်လေဝင်လေဟာ အမြဲမပြတ်ရှိနေသော်လည်း အမှတ်တမဲ့နေကြလို့ သတိမမူ ဂရုမမြင် ဖြစ်နေကြတယ်။ သတိမူရင် မြူတောင်မြင်ရတယ်ဆိုတာလို ဂရုစိုက်ပြီး ကြည့်ရှုနေမှ ရှိမှန်းသိကြတယ်။

၉။ ကြည့်ဆိုရာမှာ ဝိပဿနာဖြစ်ဖို့ရာအတွက် ထွက်လေဝင်လေထိရာ နှာ ဖျားဝမှာ ဝင်တိုင်းထွက်တိုင်း ရိပ်ရိပ်ရိပ်ရိပ်နဲ့ တစ်ထိတည်းထိနေတာကို တစ်သိထဲ သိနေအောင် တရစပ် သိမြင်အောင်ကြည့်ရှုနေရမယ်။ အိမ်အမိုးကို စပ်အောင် ထူထူမိုးမှ နေပူဒဏ်၊ မိုးရွာဒဏ်ကိုခံနိုင်တယ်။ (၂၄နာရီ အမြဲမပြတ် တစ်စပ်တည်း ရပါစေ)

၁၀။ တစ်ရက်(၂၄)နာရီ တစ်စပ်တည်းရလျှင် အလွန်သိသာပါတယ်၊ (နိ သဇ်= လျောင်းစက်၍မအိပ်သော၊ ဓုတင်=အကျင့်ကိုဆောင်) ဘုရားဆုံးမတာ မှန်သမျှ ဆင်းရဲအောင် မဆုံးမဘူး။ ချမ်းသာဖို့ချည်းပဲ။ ဘုရားလက်ထက်က နိသဇ်ဆောင်တဲ့ ပုဂ္ဂိုလ်များ ပိုပြီးတော့တောင် အသက်ရှည်ကြ၊ ကျန်းမာကြတယ်၊ အိပ်ချင်လို့ အိပ်ရင် တစ်သံသရာလုံး နိုးတော့မှာမဟုတ်ဘူး။ အိပ်ချင်ရင် မအိပ်ချင်တဲ့နေရာရှိတယ်။ အဲဒီကို ရောက်အောင်သွား။

'သုတ်မဟာဝါ အဋ္ဌကထာ'၌ ဗုဒ္ဓလက်ထက်က နိသဇ်ဓုတင်ဆောင်ခဲ့သော ရဟန်းတို့၏ ဆောင်ခဲ့သောနှစ်အရေအတွက်ကို ယခုကဲ့သို့ မှတ်တမ်းတင်ပြထား၏။

| | |
|---|---|
| အရှင်မဟာကဿပ | (၁၂၀ နှစ်) |
| အရှင်ဗာကုလ | (၈၀ နှစ်) |
| အရှင်အနုရုဒ္ဓါ | (၅၀ နှစ်) |
| အရှင်သာရိပုတ္တရာ | (၃၀ နှစ်) |
| အရှင်မဟာမောဂ္ဂလာန် | (၃၀ နှစ်) |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| အရှင်သောဏ | (၁၈ နှစ်) |
| အရှင်အာနန္ဒာ | (၁၅ နှစ်) |
| အရှင်ရဋ္ဌပါလ | (၁၂ နှစ်) |
| အရှင်ရာဟုလာ | (၁၂ နှစ်) |
| အရှင်စူဠနာဂ | (၇ နှစ်) |
| အရှင်ပါလိတ | (၃ နှစ်) |
| အရှင်နာလက | (အသက်ထက်ဆုံး) |

ထိုသို့ နှစ်ပေါင်းများစွာ နိသဇ္ဇဓုတင်ဆောင်ခဲ့သော်လည်း ထိုမထေရ်များသည် ကျန်းမာရေးလည်း မထိခိုက်၊ အသက်လည်း မတိုခဲ့ပေ။ အရှင်အနုရုဒ္ဓါသည် သက်တော် (၁၅၀) ရှည်ခဲ့၏။ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာတို့ သက်တော် (၁၂၀)ရှည်ခဲ့၏။ အရှင်ဗာကုလသည် သက်တော် (၁၆၀)ရှည်ခဲ့၏။ မြန်မာပြည်မှ ဝေဘူဆရာတော်ကြီး ဆိုလျှင်လည်း သက်တော်(၂၇)၊ သိက္ခာတော် (၇)ဝါအရမှစ၍ နိသဇ္ဇဓုတင်ကို ဆောင်ခဲ့၏။ သို့သော် သက်တော်လည်းမတို၊ ကျန်းမာရေးလည်း မထိခိုက်ခဲ့ပါ။ ဝေဘူဆရာတော်ကြီးသည် သက်တော်(၈၀)နီးပါးထိ နေသွားခဲ့ရသည်။ တောင်ပုလုဆရာတော်ကြီးလည်း ထို့အတူပင်ဖြစ်၏။

ဓုတင်ဆောက်တည်ခြင်းဖြင့် မိမိအားထုတ်သော ကမ္မဋ္ဌာန်းတရား တိုးပွားလျှင် ထိုဓုတင်ကို ဆက်လက်ဆောက်တည်သင့်၏။ ကိုယ်ခံစွမ်းအားနှင့် သည်းခံနိုင်မှု နည်းပါးသဖြင့် ကမ္မဋ္ဌာန်းတရားပါ ဆုတ်ယုတ်သွားလျှင် ထိုဓုတင်ကို မဆောက်တည်သင့်ပေ။ ဓုတင်ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ၊ ကမ္မဋ္ဌာန်းဘရား တိုးတက်ခြင်းလည်း မရှိ၊ ယုတ်လျော့ခြင်းလည်းမရှိ၊ ဘာမျှ မထူးခြားလျှင် အထုံဝါသနာ အကျင့်ရစေရန် ဆောက်တည်သင့်၏။

၁၁။ ထိတာကို သိနေရင် သိက္ခာသုံးပါး၊ မဂ္ဂင်ရှစ်ပါးမှအစ ဗောဓိပက္ခိယဘရား(၃၇)ပါး၊ ပိဋကတ်သုံးပုံ၊ အလုံးစုံတစ်ပြိုင်နက် ပါဝင်ပြီးဖြစ်တယ်။

၁၂။ ထိတာဟာ ရုပ်သဘောဖြစ်တယ်။ သိတာဟာ နာမ်သဘောဖြစ်တယ်။

၁၃။ တရိပ်ရိပ်နဲ့ထိတိုင်း၊ ပျောက်တိုင်း(ရုပ်နာမ်) ဖြစ်မှုပျက်မှုတွေ ဖြစ်ပျက်ပြီးနေခြင်းဖြစ်တယ်။

၁၄။ တရိပ်ရိပ်နဲ့ နှာဖျားဝမှာထိလိုက်၊ ပျောက်လိုက်နေတာတွေကိုသာ ဘစ်ဆက်တည်း သိမြင်အောင် ကြည့်ရှုနေရင် ကြာရင် ဝိပဿနာသမာဓိ တစ်စထက်ဘစ်စ၊ တစ်ခဏထက် တစ်ခဏ တိုးတက်ပြီး အားကြီးလာတဲ့အခါ နှာဖျား၊ နှာသီးဝ ဘွင်သာမက ခန္ဓာကိုယ်မှာလည်း အလိုလို တရိပ်ရိပ်တရွရွတွေ ဖြစ်ပျက်နေတာကို ခတွေ့ရမယ်။

၁၅။ တစ်ကိုယ်လုံး တရိပ်ရိပ်တရွရွ အမြဲမပြတ် ဖြစ်ပျက်နေတာကို တွေ့လာရတဲ့ အခါ (အနိစ္စကို ကောင်းစွာမြင်သောကြောင့်) ဒုက္ခနဲ့ အနတ္တဟာ အလိုလိုထင်မြင်

www.burmeseclassic.com

www.burmeseclassic.com



လာလိမ့်မယ်၊ ပါးစပ်က ဆိုနေဖို့မလိုဘူး၊ ဝိပဿနာအလုပ်ဟာ ထိမှုကို ကြည့်ရှုသိနေရုံသာဖြစ်တယ်။ ကြည့်ရှုနေရင်း၊ ရှုမှတ်နေရင်း သိထိုက်သမျှကို အလိုလို တစ်နေ့ထက်တစ်နေ့ တိုးပြီးတိုးပြီး သိလာလိမ့်မယ်။

၁၆။ အဲဒီလို တရိပ်ရိပ်နဲ့ ထိမှု၊ သိမှုတို့ကို ကြည့်ရှုနေရင်း မဂ်ဉာဏ်ဆိုက်လာပြီဆိုရင် အလွန်သိသာလှပါတယ်။ ဘယ်လိုသိသာသလဲဆိုတော့ ရေငတ်၍နေသောသူသည် ရေကိုသောက်ရသည်ရှိသော် ရေငတ်ပြေသကဲ့သို့ ဖြစ်သွားတော့တယ်၊ သူများ မေးစရာ မလို၊ ကိုယ်တိုင်သိမယ်။ (သိန္ဒိဋ္ဌိကော)

၁၇။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရပြီးရောက်ပြီးလို့ ဖလသမာပတ်ကိုဝင်စားချင်ရင် မိမိလာခဲ့ဖူးတဲ့ ဝိပဿနာလမ်းကို ပြန်ကြည့်ရတယ်။ ဖလသမာပတ်ဟာ ကိုယ့်ကိုယ်ပိုင် အိမ်နဲ့တူတယ်။

၁၈။ ယုံယုံကြည်ကြည် လုံ့လဝီရိယရှိရှိနဲ့ ထိမှုသိမှုတို့ကိုသာ တစ်ဆက်တည်းဖြစ်အောင် ကြည့်ရှုနေ။ ထွေလီကာလီတွေကို လိုက်မလုပ်နဲ့။ အခုလုပ် အခုငြိမ်း၊ အခုချက်ချင်းပဲ ချမ်းသာတယ်။ (အကာလိကော)

ဤစာ(၁၈)ပိုဒ်ကိုဖတ်ပြီး လွယ်လှချေလား၊ ဟုတ်မှဟုတ်ပါ့မလားဟု သံသယဝင်နေလျှင် ဝိစိကိစ္ဆာသည် ဉာဏ်ပညာယောင်ဆောင်၍ မိမိကို လှည့်ပတ်နေပြီဟု တစ်ထစ်ချ မှတ်ယူလိုက်ပါ။ အဘယ်ကြောင့် ထိုသို့ပြောနိုင်ရသနည်း။ တခြားအကြောင်းကား မဟုတ်၊ ယခုရှုပွားနည်းကို ပေးသူသည် ဆဋ္ဌာဘိညာရဟန္တာဟု သတ်မှတ်ခံရသည့် ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး ဖြစ်နေသောကြောင့်ပေတည်း။

## လိပ် (သို့) ခန္ဓာငါးပါးကို ပယ်ပါ

ပုထုဇဉ်တို့သန္တာန်၌ဖြစ်သော ခန္ဓာသည် အစွဲအလမ်း ဥပါဒါန်နှင့်တကွဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာဟုခေါ်သည်။ လိပ်သည် ရေကူးသောအခါ အတွင်းသို့ယက်တတ်သကဲ့သို့ အဇ္ဈတ္တဥပါဒါနက္ခန္ဓာငါးပါးကို ငါ၊ ငါ့ခန္ဓာဟု စွဲလမ်းခြင်းကို လိပ်ဟု သုံးနှုန်းတင်စားထားခြင်းဖြစ်၏။ လိပ်(သို့) ခန္ဓာငါးပါးကို ပယ်ရမည်ဟု ဟောထားရာ မည်သို့ပယ်ရမည်နည်း။ ခန္ဓာတစ်ပါးစီ၏ ကိုယ်ပိုင်မဟုတ်ပုံကို ဉာဏ်ဖြင့် ဆင်ခြင်လိုက်လျှင် ထိုခန္ဓာအပေါ် စွဲလမ်းမှုတဏှာ ပျောက်သွား၏။

တဏှာမရှိလျှင် ထိုခန္ဓာလည်း ထပ်လာ၍မရတော့ပေ။ ထို့ကြောင့် တဏှာကို ဉာဏ်ဖြင့် ပယ်ခြင်းသည်ပင် တဏှာကိုပယ်နေခြင်းဟု သိအပ်၏။ ဖောက်ပြန်သောသဘောတရားအပေါင်းအစု ရူပက္ခန္ဓာသည် ငါပိုင်ဥစ္စာမဟုတ်၊ ငါပိုင်ဥစ္စာဖြစ်ခဲ့လျှင် မအိုအောင်၊ မနာအောင်၊ မသေအောင်ပြုလုပ်၍ ရရမည်။ ယခုကား မရခဲ့။ အိုချိန်တန် အိုရ၊ နာချိန်တန် နာရ၊ သေချိန်တန် သေရ၏။ ထို့ကြောင့် ရူပက္ခန္ဓာသည် ငါပိုင် (အတ္တ)မဟုတ်ပါလားဟု ဆင်ခြင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



အာရုံ၏အရသာကို ခံစားခြင်းသဘောတရား ဝေဒနာက္ခန္ဓာသည် ငါပိုင်ဥစ္စာ မဟုတ်၊ ဟုတ်ခဲ့လျှင် ဒုက္ခဝေဒနာမဖြစ်ရာ၊ သောကမီး၊ ပရိဒေဝမီး မတောက်လောင်ရာ၊ ငါပိုင်မဟုတ်သောကြောင့်သာ ဣဋ္ဌာရုံနှင့်ကြုံလျှင် သောမနဿဝေဒနာဖြစ်၏။ အနိဋ္ဌာရုံနှင့်ကြုံလျှင် ဒေါမနဿဝေဒနာဖြစ်၏။ ဣဋ္ဌမဇ္ဈတ္တာရုံနှင့်ကြုံလျှင် ဥပက္ခာဝေဒနာဖြစ်၏။ ဤသို့ အာရုံအလိုက် ထိုက်သည့်အားလျော်စွာသာ ဝေဒနာများဖြစ်ကြရသည်။ မိမိဖြစ် ချင်သလို ဖြစ်၍မရ။ ထို့ကြောင့် ဝေဒနာက္ခန္ဓာသည် ငါပိုင် အတ္တ မဟုတ်ပါလားဟု ဆင်ခြင်ရမည်။

အာရုံကို မှတ်သားတတ်သော သဘောတရား သညာက္ခန္ဓာသည် ငါပိုင်ဥစ္စာ မဟုတ်၊ ငါပိုင်ဥစ္စာဟုတ်ခဲ့လျှင် ကျက်ပြီး ရပြီးစာများ မေ့ပျောက်ခြင်းမရှိနိုင်၊ ယခုကား မေ့ပျောက်သွားရ၏။ တစ်ဖန် စိတ်ချမ်းသာစရာ ဖြစ်ရပ်များကိုသာ မှတ်သားထားချင်၏။ စိတ်ဆင်းရဲစရာဖြစ်ရပ်များကို မှတ်သားမထားချင်။ သညာက္ခန္ဓာသည် ကိုယ်ပိုင်ဥစ္စာဆိုလျှင် ထိုကဲ့သို့ ရရမည်။ ယခုကား မရခဲ့။ စိတ်ချမ်းသာစရာ၊ စိတ်ဆင်းရဲစရာ နှစ်မျိုးလုံးကို မှတ်သား၏။ မိမိဖြစ်ချင်သလို ဖြစ်၍မရ။ ထို့ကြောင့် သညာက္ခန္ဓာသည် ငါပိုင်အတ္တ မဟုတ်ပါလားဟု ဆင်ခြင်ရမည်။

တိုက်တွန်းနှိုးဆော်ခြင်းသဘောတရား(စေတနာ)သင်္ခါရက္ခန္ဓာသည် ငါပိုင်ဥစ္စာ မဟုတ်၊ ငါပိုင်ဥစ္စာဟုတ်ခဲ့လျှင် ပြုခဲ့မိသော အကုသိုလ်စေတနာများက အပါယ်လေးပါး မချအောင်၊ မကောင်းကျိုး ပေးမရအောင် အမိန့်ပေးနိုင်ရမည်။ ယခုကား အမိန့်ပေး၍မရ၊ ကုသိုလ်စေတနာ သင်္ခါရက္ခန္ဓာသည် ကောင်းကျိုးပေးပြီး နတ်ပြည်ပို့သကဲ့သို့ အကုသိုလ် စေတနာ သင်္ခါရက္ခန္ဓာသည် မကောင်းကျိုးပေးပြီး အပါယ်လေးပါး သို့ ပို့၏။ မိမိဖြစ်ချင်သလို ဖြစ်၍မရ။ ထို့ကြောင့် သင်္ခါရက္ခန္ဓာသည် ငါပိုင်အတ္တ မဟုတ်ပါလားဟု ဆင်ခြင်ရမည်။

မြင်သိစိတ်၊ ကြားသိစိတ်စသော အာရုံကိုသိခြင်းသဘောတရား ဝိညာဏက္ခန္ဓာသည် ငါပိုင်ဥစ္စာမဟုတ်၊ ငါပိုင်ဥစ္စာဟုတ်ခဲ့လျှင် မျက်စိကန်းနေသော်လည်း မြင်သိစိတ် ဖြစ်ရမည်။ နားပင်းနေသော်လည်း ကြားသိစိတ်ဖြစ်ရမည်။ ယခုကား မဖြစ်ခဲ့။ အာရုံနှင့်ဒွါရ ထိခိုက်မှသာ သိစိတ်ဝိညာဉ်ဖြစ်နိုင်၏။ မထိခိုက်ပါက မဖြစ်နိုင်ချေ။ မိမိဖြစ်ချင်သလို ဖြစ်၍မရသည်မှာ အသေအချာပင်။-ထို့ကြောင့် ဝိညာဏက္ခန္ဓာသည် ငါပိုင်အတ္တမဟုတ်ပါလားဟု ဆင်ခြင်ရမည်။

## သန့်လျက်နှင့်စဥ့်တီတုံး (သို့) အာရုံငါးပါးကို ပယ်ပါ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ကာမဂုဏ်ငါးပါးကို ပယ်ရန် တိုက်တွန်းခြင်းဖြစ်၏။ ပယ်ဟူသည် အပြစ်အနေဖြင့် ရှုမြင်ဟု ဆိုလိုခြင်းဖြစ်၏။ သစ္စာစကားနှင့်ပြောရလျှင် အဆင်း၊ အသံ စသောတရားများသည် ရုပ်တရားများဖြစ်၍ ဒုက္ခသစ္စာထဲ၌ပါ၏။ ဒုက္ခသစ္စာသည် ပရိညာတဗ္ဗကိစ္စ ရှိ၏။ သိရမည့်တရားဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုလို၏။ သမုဒယသစ္စာခေါ် တဏှာသည်သာလျှင် ပယ်ရမည့်တရားဖြစ်၏။ ချစ်ခင်လျှင် အပြစ် မမြင်သလို၊ အပြစ်မြင်လျှင်လည်း မချစ်ခင်တော့ပေ။ ထို့ကြောင့် ကာမဂုဏ်ကို ပယ်လိုလျှင် (သို့) မချစ်ခင်လိုလျှင် အပြစ်မြင်အောင် ကြည့်ရမည်ဖြစ်၏။

အပြစ်မြင်အောင် ကြည့်ခြင်းကိုပင်လျှင် ဒုက္ခသစ္စာကိုသိအောင် အားထုတ်ခြင်းဟု ဆိုအပ်၏။ ဘီလူးမတစ်ယောက်သည် ချောမောလှပသော အမျိုးသမီးတစ်ဦး သဏ္ဌာန် ဖန်ဆင်းကာ အမျိုးသားတစ်ယောက်ကို ယူထား၏။ အမျိုးသားသည် ဘီလူးမ အပေါ် ချစ်ခင်နေသဖြင့် အပြစ်မမြင်ခဲ့။ ဘေးမှ အကျိုးလိုလားသော သူများ၏ အ တန်တန် တိုက်တွန်းပြောဆိုမှုကြောင့် တစ်ညတွင် အိပ်ချင်ယောင်ဆောင်ပြီး မယားကို စောင့်ကြည့်၏။ သန်းခေါင်ရောက်သောအခါ ဘီးလူးမသည် အမျိုးသား အိပ်ပြီအထင် နှင့် အိပ်ရာမှ ထလာပြီး သင်္ချိုင်းသို့သွားကာ လူသေများကိုဖေါ်စား၏။

နောက်မှလိုက်ကြည့်သော အမျိုးသားသည် ထိုအဖြစ်ကိုမြင်သွားမှ ဘီလူးမ အပေါ် အပြစ်မြင်ပြီး မချစ်ခင်တော့ပေ။ အပြီးအပိုင်ထားခဲ့ပြီး တခြားနေရာသို့ ထွက်သွားနိုင်၏။ ထိုနည်းတူစွာ အဆင်း, အသံစသော ကာမဂုဏ်တရားများကို အရင်က ချစ်ခင်ပြီး အပြစ်မမြင်ခဲ့ကြပေ။ သံသရာတစ်လျှောက် ဖြစ်လေရာဘဝတို့၌ ထို ကာမဂုဏ်တရားတို့ကိုသာလျှင် ဘဝ၏ပန်းတိုင်အဖြစ် ရည်မှန်းချက်ထားပြီး သဲကြီးမဲကြီး ရှာဖွေခဲ့၏။ ယခု ထိုကာမဂုဏ်တို့၏အပြစ်ကို ဗုဒ္ဓပေးထားသည့် နည်းအတိုင်း မြင်အောင်ကြည့်ကြအံ့။

ထို ကာမဂုဏ်များ မိမိတွင်မရှိသောအခါ လောဘစိတ်ဖြင့် တောင့်တပြီး ပင်ပန်းစွာရှာဖွေရ၏။ ထို့ကြောင့် ကာမဂုဏ်များ မိမိထံတွင်မရှိလျှင် လောဘမီးလောင်ပြီး ရှာဖွေရသောကြောင့် ဆင်းရဲ၏။ ကာမဂုဏ်များ မိမိထံတွင် ပြည့်စုံကြွယ်ဝနေလျှင် မင်းကများ သိမ်းမလား၊ သူခိုးကများ ခိုးမလား၊ သားသမီးကများ ဖြုန်းပစ်မလား၊ စသောအားဖြင့် အမြဲကြောင့်ကြနေရပြီး ဒေါသမီးလောင်ကာ ဆင်းရဲရပြန်၏။

ထိုကာမဂုဏ်တို့၏ အပြစ်ကိုမြင်စေရန် ဗုဒ္ဓက ဥပမာအမျိုးမျိုးဖြင့်ဟောကြားတော်မူ၏။ ကာမဂုဏ်တရားတို့ကို 'မံသပေသူပမာ' သားတစ်နှင့်တူသည်ဟု ဥပမာပေးထား၏။ ကျီးတစ်ကောင်သည် သားတစ်ကိုချီသွားလျှင် ကျန်ကျီးများက သားတစ်ကို လွှတ်မချမခြင်း လိုက်၍ထိုးဆိတ်ကြ၏။ သားတစ်ကို မလွှတ်နိုင်သဖြင့် ပထမကျီးသည် အထိုးအဆိတ်ခံကာ ရှောင်တိမ်းပြေးလွှား၏။ ကြာလာသောအခါ လိုက်ထိုးဆိတ်သော ကျီးကလည်း များလာသလို၊ ဒဏ်ရာဒဏ်ချက်တွေကလည်း များလာပြီး သူ့ခန္ဓာကိုယ်သည်လည်း သူကိုက်ချီလာသော သားတစ်နည်းတူ သွေးချင်းချင်း နီလာ၏။ ထိုအခါကျမှ သူသည် သားတစ်ကို လွှတ်ချလိုက်၏။ သူလွှတ်ချလိုက်သော သားတစ်ကို အခြားကျီးတစ်ကောင်က ချီပြေးပြန်၏။ ထိုအခါ ကျန်ကျီးများက သားတစ်ရသွားသော ကျီးနောက်သို့ ဆက်လိုက်ကာ ထိုးဆိတ်ကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကာမဂုဏ်ကိုတပ်မက်မိလျှင် ရအောင်ရှာရသောကြောင့်လည်း ပင်ပန်း၏။ ရပြန်သော် ရန်သူမျိုးငါးပါး မဖျက်ဆီးအောင် စောင့်ရှောက်ရသောကြောင့် ပင်ပန်းပြန်၏။ ကာမဂုဏ်အတွက် အများနှင့် ဆက်ဆံ စကားများ ရန်ဖြစ်ရပြန်၍ ပင်ပန်းပြန်၏။ စောင့်ရှောက်နေသည့်ကြားက မင်း၊ မီး၊ ခိုးသူတို့ကြောင့် ဥစ္စာစည်းစိမ် ကာမဂုဏ်များ ပျက်စီးသွားရ၍ ပင်ပန်းဆင်းရဲပြန်၏။ ရပ်ရေးရွာရေး၊ ဆွေရေးမျိုးရေး၊ မင်းရေးစိုးရေးကိစ္စများအတွက်လည်း ပူပင်ဆင်းရဲရပြန်၏။

လူပုဂ္ဂိုလ်များသည် ကာမဂုဏ်သားတစ်ကို ချီထားသောကျီးနှင့် တူ၏။ ထို့ကြောင့် ကျန်လူများက အမျိုးမျိုးငွေ့ညှစ်ပြီး ဒုက္ခပေးကြခြင်းဖြစ်၏။ ရဟန်းဝတ်ပြီး တရားအလုပ်ကို စောက်ချအားထုတ်သွားသူများသည် သားတစ်ကိုပစ်ချလိုက်သောကျီးနှင့်တူ၏။ ငွေကြေးဥစ္စာနှင့်ပတ်သက်ပြီး မည်သူကမှ လိုက်၍ ဒုက္ခမပေးတော့ပေ။ ကာမဂုဏ်တရားကို တိဏုက္ကူပမာ မြက်မီးရှူးနှင့် တူသည်ဟူ၍လည်း ဟောကြားတော်မူ၏။ နားလည်လွယ်အောင်ရေးရလျှင် ခြောက်နေသော မြက်ထုံးတစ်ထုံးကို အဖျားမီးရှို့ပြီး အရင်းမှဆွဲကိုင်ထားလျှင် အဖျားမှစ၍ တစ်ကိုယ်လုံးကို မီးလောင်မည်မှာ သေချာ၏။

မြက်ထုံးကြီးလေ၊ မီးများလေ၊ မီးလောင်ဒဏ်ရာ ပိုပြင်းထန်လေဖြစ်သကဲ့သို့ ကာမဂုဏ်စည်းစိမ် များလေ၊ လောဘပိုကြီးလေ၊ သောက၊ ပရိဒေဝနှင့် ရောဂါ ပိုပြင်းထန်လေပင်ဖြစ်၏။ (၅၅၀)နိပါတ်တော်တွင် ကာမဇာတ်ဟူ၍ရှိ၏။ မင်းကြီးတစ်ပါး နတ်ရွာစံသောအခါ ညီအစ်ကိုမင်းသားနှစ်ပါး ကျန်ခဲ့၏။ အစ်ကိုသည် လောဘနည်းပြီး အေးချမ်းစွာနေတတ်သူဖြစ်သောကြောင့် ညီကိုနန်းအပ်ပြီး တောရွာတစ်ရွာတွင် မထင်မရှားဖြင့် လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေ၏။

တဖြည်းဖြည်းနှင့် ရွာသူရွာသားများက ဘုရင်မင်းမြတ်၏ နောင်တော်မှန်း သိသွားကြသဖြင့် ရွာသူကြီးတင်ကြ၏။ ကပ်ရပ် ခစားကြ၏။ မြှောက်ပင့်ပေးကြ၏။ သူတို့ရွာကိုလည်း အခွန်လွတ်ပေးရန် ဘုရင်ထံ အကြောင်းကြားစေ၏။ တစ်စတစ်စ ဆည်းကပ်သူများ၊ တပ်မတော်ကြီး နှစ်တပ်စာလောက်ပင်ရှိလာ၏။ လူအများသည် နောင်တော်ကို မင်းအဖြစ်ပြန်ယူရန် ဝိုင်းဝန်းတိုက်တွန်းကြ၏။ လူအများက သူ့ကိုမှီပြီး ရာထူးအာဏာရဖို့အတွက် မင်းအဖြစ်ကို ပြန်ယူခိုင်းကြခြင်းဖြစ်၏။

နောင်တော်က သူ့အတွက် မင်းအဖြစ်ကိုယူခိုင်းသည်ဟု ထင်၏။ ထို့ကြောင့် ညီဖြစ်သူထံ မင်းအဖြစ်ကို ပြန်တောင်း၏။ အသာတကြည်မပေးလျှင် တိုက်ယူမည်ဖြစ်သောကြောင့် ညီဖြစ်သူက နန်းကို လွယ်ကူစွာပင်လွှဲအပ်၏။ မီးပုံကြီးသည် လောင်စာထင်းများ မည်၍မည်မျှပင်ထည့်ထည့် မရောင့်ရဲနိုင်ဘဲ ထည့်သမျှလောင်သကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာကြီးသည် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ချောင်းပေါင်းများစွာမှရေများ မည်မျှပင်ဝင်ဝင် မရောင့်ရဲနိုင်ဘဲ ဝင်လာသမျှ လက်ခံသကဲ့သို့ လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



အလိုလောဘကြီးသူသည်လည်း ပစ္စည်းဥစ္စာ၊ အာဏာ မည်မျှရွှေ့မည်မျှပင်ရရ မရောင့်ရဲဘဲ နောက်ထပ် ရသမျှလိုချင်နေသည်သာဖြစ်၏။ ဗုဒ္ဓက သမုဒယမှန်က ဒုက္ခကိုသာဖြစ်စေသည်၊ ထို့ကြောင့် သမုဒယသစ္စာခေါ် တဏှာလောဘသည် ပယ်သတ်ရမည့်တရားဟု သစ္စာလေးပါးတွင် ထည့်သွင်းဟောကြားခဲ့၏။ ထိုအချက်တစ်ချက်ကို လိုက်နာရုံနှင့်ပင် လောဘမီးငြိမ်းသော တဒင်္ဂနိဗ္ဗာန်ချမ်းသာကို ခံစားရမည်ဖြစ်၏။ ယခုကား ပယ်သတ်ရမည့်လောဘကို ပွားများအောင်လုပ်နေကြသောကြောင့် ဗုဒ္ဓဘာသာဝင်အများစုသည် ဆင်းရဲတွင်း နက်နေကြခြင်းဖြစ်၏။

လောဘတဏှာကို အကုန်မပယ်နိုင်သော်လည်း အနည်းငယ်မျှ ပါးသွားအောင်၊ လျော့သွားအောင် မလုပ်နိုင်လျှင်ကား ပုဂ္ဂလဓိဋ္ဌာန်အရ ဗုဒ္ဓဘာသာဝင်ဖြစ်နေသော်လည်း ဓမ္မဓိဋ္ဌာန်အရ ဗုဒ္ဓကို ပုန်ကန်နေသူသာဖြစ်၏။ ဗုဒ္ဓကို ပုန်ကန်နေသမျှ တကယ့်ချမ်းသာအစစ်ကို ဘယ်သောအခါမှ တွေ့ရလိမ့်မည်မဟုတ်ပေ။ ချမ်းသာနှင့် ဝေးနေသမျှ ဆင်းရဲနှင့် နီးနေမည်သာ။ လောဘတဏှာနည်းလေ၊ နိဗ္ဗာန်ချမ်းသာနှင့် နီးလေဖြစ်ပြီး၊ လောဘတဏှာ များလေ၊ အပါယ်ဆင်းရဲနှင့် နီးလေသာဖြစ်၏။ တိကျစွာဆိုရလျှင်ကား လောဘတဏှာကြီးမားသူသည် သေပြီးနောက် အပါယ်ကျမှဆင်းရဲရသည်မဟုတ်၊ လောဘတဏှာကို လက်ခံမိချိန်မှစ၍ ဆင်းရဲပင်ပန်းရခြင်းဖြစ်၏။

သို့သော် မစင်ထဲနေနေကြ-လောက်သည် မစင်ကို ရွံရှာမှန်းမသိသကဲ့သို့ လောဘမီးနှင့်နေနေကြ ပုထုဇဉ်လူသားသည်လည်း လောဘမီးကို ပူလောင်မှန်းမသိပေ။ ယခု ကာမဇာတ်မှ နောင်တော်မင်းကြီးသည်လည်း လောဘမီးကို ပူလောင်မှန်း မသိသဖြင့် စစ်သည်ဗိုလ်ပါများကို စုဆောင်းကာ တစ်ခြားနိုင်ငံကိုပါ တိုက်ခိုက်သိမ်းယူဖို့ ပြင်ဆင်နေ၏။ ဆုံးမချိန်တန်သဖြင့် သိကြားမင်းသည် လုလင်ပျိုယောင်ဖန်ဆင်းကာ ရှေ့တော်သို့ဝင်ပြီး လက်နက်အင်အားချို့တဲ့သဖြင့် ခဏနှင့် တိုက်ခိုက်သိမ်းယူရရှိနိုင်သော နိုင်ငံသုံးခုကိုတွေ့ထားကြောင်း လျှောက်တင်၏။

ဘုရင်သည် ဝမ်းသာအားရဖြစ်ပြီး ချက်ချင်းသိမ်းဖို့ရာစီစဉ်၏။ သို့သော် နောက်နေ့မှစ၍ သတင်းပေးသောလူငယ်မှာ ပေါ်မလာတော့။ ထို့ကြောင့် သိမ်းယူရမည့် နိုင်ငံသုံးခုမှာ မည်သည့်နေရာတွင်ရှိမှန်း မသိသဖြင့် ဘုရင်ကြီး ဒုက္ခရောက်တော့၏။ နိုင်ငံသုံးနိုင်ငံကို ဦးဆောင်လမ်းပြပြီး တိုက်ခိုက်ယူပေးမယ့် လူတစ်ယောက်ရဲ့ နာမည်နဲ့ လိပ်စာလေးလောက်ကိုတောင် မေးမထားမိတာဟာ အရှင်မင်းကြီးရဲ့ အပြစ်သာဖြစ်ပါတယ်ဟု မှူးမတ်များက အဆင်းတွင်ဘီးတပ်ပေးလိုက်ရာ မင်းကြီးမှာ ငါးမှားတယ်ဟု ယူကြုံးမရဖြစ်ပြီး အိပ်ယာထဲ လဲတော့၏။

မစားနိုင်မသောက်နိုင်ဖြင့် လောဘမီး၏အပူချိန်ကြောင့် ဝမ်းသွေးသွန်သော ရောဂါပင် ဖြစ်ပေါ်လာ၏။ နိုင်ငံသုံးနိုင်ငံရမည့်အရေးဖြစ်၍ ကာမဂုဏ်လည်း များပြား၏။ ကာမဂုဏ်များပြား၍ တပ်မက်သည့်လောဘမီးကလည်း ကြီးမား၏။ ထို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မင်းကြီး ခံစားနေရသော ရောဂါဒဏ်ကလည်း ပြင်းထန်ခြင်းဖြစ်၏။ မည်သည့်သမားတော်မှ ကုလို့မရဖြစ်နေ၏။ ထိုအချိန်တွင် ဘုရားလောင်းသည် တက္ကသိုလ်မှ ပညာသင်၍အပြန် ထိုမင်းကြီးတို့၏နိုင်ငံသို့ ရောက်လာ၏။ အကြောင်းစုံသိရသောအခါ ပျောက်အောင်ကုသပေးမည်ဟု တာဝန်ခံပြီး မင်းကြီးထံ အခစားဝင်၏။ ရေကြောင့်ဖြစ်သော ရွှံ့ညွန်ကို ရေနှင့်သာ ပြောင်စင်အောင် ဆေးကြောရသကဲ့သို့ လောဘစိတ်ကြောင့် ဖြစ်သောရောဂါကိုလည်း လောဘစိတ်ကို စင်ကြယ်အောင် ဆေးကြော ကုသလိုက်ပါက ပျောက်ကင်းမည်ဖြစ်ကြောင်း အလောင်းတော်က သေချာသိထား၏။

ထိုကြောင့် 'အရှင်မင်းမြတ်ကြီး နိုင်ငံသုံးနိုင်ငံထပ်ရ၍ ပွဲတော်အုပ်သုံးအုပ်ကို တစ်ပြိုင်နက် တည်နိုင်မည်မဟုတ်ပါ၊ ဝတ်စုံသုံးစုံကို တစ်ပြိုင်နက် ဝတ်ဆင်နိုင်မည်မဟုတ်ပါ။ နန်းတော်သုံးဆောင်ပေါ် တစ်ပြိုင်နက် စံနိုင်မည်မဟုတ်ပါ။ ပွဲတော်အုပ်တစ်အုပ်၊ ဝတ်စုံတစ်စုံ၊ နန်းတော်တစ်ဆောင်ကိုသာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ သင်မင်းကြီးသည် အပိုလိုချင်နေသော လောဘကြောင့် အပိုဒုက္ခရောဂါကို ခံစားနေရခြင်း ဖြစ်သည်။ ထို အပိုလိုချင်နေသော လောဘကိုသာ သတိနှင့် ထိန်းချုပ်လိုက်ပါ။ သင်မင်းကြီး၏ရောဂါသည် ချက်ခြင်းပျောက်သွားမည်သာဖြစ်သည်ဟု ဟောပြောလိုက်၏။

ထိုဟောပြောမှုသည်ပင် မင်းကြီးအတွက် ဆေးတစ်ခွက်ဖြစ်သွားလေပြီ။သတိပညာနှင့် ဆင်ခြင်လိုက်သောကြောင့် အပိုလိုချင်နေသော လောဘမီးသည် ငြိမ်းသွား၏။ လောဘမီး ငြိမ်းသွားသည်နှင့် လောဘမီးကြောင့်ဖြစ်နေသော သွေးသွန်သည့်ရောဂါသည် ချက်ချင်းပျောက်ပြီး ချမ်းသာသွား၏။ ဤကား မြက်မီးရှူးနှင့်တူသော ကာမဂုဏ်ကို စွန့်လိုက်သည်နှင့် ချမ်းသာသွားပုံပင်ဖြစ်၏။ အလောင်းတော်ဟောကြားသော လောဘငြိမ်းကြောင်းတရားကို အနှစ်ချုပ်ဥပဒေသအနေနှင့် ယခုလို မှတ်သားထားသင့်၏။

* ဘယ်လောက်ပင်စားရစားရ၊ တစ်ဝမ်းဝရုံပဲ။
* ဘယ်လောက်ပင်ဝတ်ရဝတ်ရ၊ အရေပြားဖုံးရုံပဲ၊
* ဘယ်လောက်ပင်အိပ်ရနေရ၊ တစ်ကိုယ်စာလေးပဲ၊
* ဘယ်လောက်ပင်ပစ္စည်းဥစ္စာရှိရှိ၊ သေလျှင် ထားပစ်ခဲ့ရတာချည်းပဲ၊
* ကုသိုလ်ပြုလျှင် ကိုယ်ဖို့၊ ကျန်ခဲ့လျှင် သူများဖို့ဟု မှတ်သားသင့်၏။

အဋ္ဌိကင်္ကလူပမာကာမာ=ကာမဂုဏ်သည် အသားမကပ်သော အရိုးနှင့် တူ၏။ ခွေးသည် အသားမပါသော အမဲရိုးတစ်ချောင်းကို တစ်နေကုန်ကိုက်၏။ အရိုးမှ မည်သည့်အသားမျှ ထွက်မလာသော်လည်း ခွေးသည် သွားပါးစပ်မှထွက်သော လျှာရည်ဖြင့် ကောင်းသည်ဟူ၍သာ စွဲမှတ်နေ၏။ ထို့အတူ ပုထုဇဉ်သည် ခွေးနှင့်တူ၏။ အမဲရိုးသည် ကာမဂုဏ်နှင့်တူ၏။ လျှာရည်သည် တဏှာနှင့်တူ၏။ ကာမဂုဏ်သည်

www.burmeseclassic.com

www.burmeseclassic.com



သူ့ပင်ကိုယ်က မည်သည့်အရသာမျှ မရှိ၊ ပုထုဇဉ်ထံမှထွက်လာသော တဏှာအရည်ကြောင့်သာ ကောင်းသည်၊ အရသာရှိသည်ဟု ထင်ရခြင်းဖြစ်၏။

ဤဥပမာသည် အာရုံငါးပါးတွင် အတွေ့ဖောဋ္ဌဗ္ဗာရုံအတွက် ပို၍ထင်ရှား၏။ ပုထုဇဉ်များသည် အာရုံငါးပါးတွင် အတွေ့ဖောဋ္ဌဗ္ဗာရုံကို အစွဲလမ်း အတပ်မက်ဆုံးဖြစ်၏။ ကာမတဏှာ ကုန်ခန်းပြီးသော အနာဂါမ်နှင့် တဏှာအားလုံး ပယ်သတ်ပြီးသော ရဟန္တာများသည် ပုထုဇဉ်များအစွဲလမ်းဆုံး အတွေ့ဖောဋ္ဌဗ္ဗာရုံကို မစင်သဖွယ်ရှုပြီး လုံးလုံးမခံစားတော့သည်ကို ထောက်သောအားဖြင့် အတွေ့ဖောဋ္ဌဗ္ဗာရုံသည် တဏှာအရည်ကြောင့်သာ ကောင်းသည်၊ အရသာရှိသည်ဟု ထင်နေခြင်းဖြစ်ကြောင်း ထင်ရှား၏။

သုပိနူပမာကာမာ ကာမဂုဏ်သည် အိပ်မက်နှင့်တူ၏။ ယာစိတကူပမာကာမာ ကာမဂုဏ်သည် အငှားပစ္စည်းနှင့်တူ၏။ အိပ်မက်သည် အိပ်မက်နေချိန်အတွင်း တကယ်ဟုတ်သလိုလို ထင်နေရသော်လည်း နိုးလာသောအခါ ဘာမျှမရှိတော့။ ထို့အတူ ကာမဂုဏ်သည် ခံစားနေချိန်အတွင်း တကယ့်အနှစ်သာရဟု ထင်ရသော်လည်း ခံစားပြီးသည်နှင့် မိမိအတွက် ဘာမှမကျန်ဘဲ ပင်ပန်းဆင်းရဲခြင်းတို့သာ ကျန်ခဲ့၏။ အငှားပစ္စည်းသည် ပွဲလမ်းသဘင်အတွင်း ခဏသာသုံးရပြီး၊ ပြီးလျှင်ပြန်ပေးရသကဲ့သို့ ကာမဂုဏ်သည်လည်း ခဏသာခံစားရပြီး ပျက်သွား၏။ ဤသို့ ဆင်ခြင်ပွားများဖန်များလာသောအခါ ကာမရာဂနှင့် ဗျာပါဒ ကုန်ခန်းပြီး အနာဂါမ်တည်၏။

## သားတစ်ခေါ် နန္ဒီရာဂဘဝတဏှာကိုပယ်ပါ

သားတစ်ဟူသည် နန္ဒီရာဂကိုပြောခြင်းဖြစ်၏။ ဘဝကိုတပ်မက်သော ဘဝတဏှာပင်ဖြစ်၏။ ထိုဘဝတဏှာကို ပယ်ရမည်ဟုဆိုလို၏။ ထို ဘဝတဏှာကို ပယ်လိုလျှင် ဘဝတဏှာ၏ အပြစ်များကို မြင်အောင်ကြည့်ရမည်ဖြစ်၏။ တဏှာ၏သဒ္ဒါနက်သည် ဆာလောင်ခြင်းဖြစ်၏။

ဓမ္မစကြာ၌ ဆာလောင်ခြင်းသုံးမျိုးကို ဟောထား ၏။ ယင်းတို့ကား-

ကာမတဏှာ = ကာမဂုဏ်ကို ဆာလောင်ခြင်း

ဘဝတဏှာ = ဘဝမြဲသည်ကို ဆာလောင်ခြင်း

ဝိဘဝတဏှာ = ဘဝပြတ်သည်ကို ဆာလောင်ခြင်းတို့ဖြစ်၏။

ဘဝပြတ်သည်ကို ဆာလောင်ခြင်းဟူရာ၌ ရဟန္တာများကဲ့သို့ တဏှာပြတ်သောကြောင့် ဘဝပြတ်ခြင်းကို ဆိုလိုသည်မဟုတ်။ ယခုဘဝ အကုသိုလ်မှန်သမျှ လုပ်ချင်သလောက်လုပ်ထားပြီး ထိုအပြစ်များကို နောင်ဘဝတွင် ပြန်မခံချင်သဖြင့် သေလျှင်ပြတ်တာပဲ၊ နောက်ဘဝဆိုတာ မရှိဘူးဟု ကိုယ့်ကိုယ်ကို ကျားကန်အားပေးသည့်အနေဖြင့် ဥစ္ဆေဒဒိဋ္ဌိသမားတို့ ကယောင်ကတမ်း တီထွင်ခဲ့သောဝါဒကို မိုက်ရူးရဲစွာနှစ်သက်သော တဏှာကိုသာ ဆိုလိုခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တဏှာသည် ဆာလောင်ခြင်းကိုဟောသော်လည်း အများနားလည်သည့် နှစ်သက်စွဲလမ်းခြင်းဟူသော အဓိပ္ပာယ်နက်ကိုသာယူပြီး ရေးသွားမည်ဖြစ်၏။ တဏှာသည် ခွဲခြမ်းဆင်ခြင်သောအလုပ်ကို မလုပ်တတ်၊ စွဲလမ်းတပ်မက်သော အလုပ်တစ်ခုကိုသာ လုပ်တတ်၏။ ဆိုလိုသည်မှာ တဏှာသည် အထက်တန်းကျသော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝကိုသာ စွဲလမ်းသည်မဟုတ်၊ အောက်တန်းကျသော အပါယ်ဘုံကိုလည်း စွဲလန်းသည်သာဖြစ်၏။

ဤစကားသည် ရုတ်တရက်ဆိုလျှင် မဖြစ်နိုင်ဟု ထင်စရာပင်ဖြစ်၏။ ထို့ကြောင့် ဘဝတဏှာ၏အပြစ်ကို ပိုမိုပြီးမြင်စေရန် ကျမ်းဂန်လာ သာဓက၊ ယခုခေတ်လက်တွေ့သာဓကတို့ကို ပြအံ့။

## နဂါး(သို့) တိရစ္ဆာန်ဖြစ်ချင်သူ

ပထမဆုံး ထုတ်ပြလိုသည်မှာ 'စမ္ပေယျနဂါးမင်းဝတ္ထု'ဖြစ်၏။

ဘုရားအ လောင်းတော်သည် တစ်ခုသောဘဝက စမ္ပာမြစ်အနီး ရွာတစ်ရွာ၌ ဆင်းရဲသား တစ်ယောက်ဖြစ်ခဲ့ဖူး၏။ တစ်နေ့တွင် 'စမ္ပေယျနဂါးမင်း'၏ စည်းစိမ်ချမ်းသာအကြောင်းကို နာကြားရသဖြင့် ဒါန၊ သီလကုသိုလ်များပြုပြီး ထိုနဂါးဘဝကို ဆုတောင်းခဲ့၏။ ထိုဘဝမှ သေသောအခါ စမ္ပေယျနဂါးမင်းစံခဲ့သော ပလ္လင်ပေါ်၌ ကိုယ် အင်္ဂါအပြည့်အစုံဖြင့် ဥပပါတ်နဂါးကြီးတစ်ကောင် သွားဖြစ်၏။

ပဋိသန္ဓေသည် လေးမျိုးရှိ၏။ လူ၊ မြင်း၊ နွား စသော သတ္တဝါများသည် မိခင်၏သားအိမ်၌ ပဋိသန္ဓေ နေသောကြောင့် ဇလာဗုဇပဋိသန္ဓေဟု ခေါ်၏။ ငှက်၊ ကြက်၊ မြွေ စသောသတ္တဝါများသည် ဥခွံ၌ ပဋိသန္ဓေနေသောကြောင့် အဏ္ဍဇပဋိသန္ဓေဟုခေါ်၏။ ရေညှိ၊ အပုပ်အစပ် စသည်တွင် ပဋိသန္ဓေနေသော သတ္တဝါများသည် ထိစပ်ငြိကပ်ရာအရပ်၌ ဖြစ်သောကြောင့် သံသေဒဇပဋိသန္ဓေဟု ခေါ်၏။ ဝါးပင်မှာ ပဋိသန္ဓေနေသော ဝေဠုဝတီ၊ ကြာပွင့်မှာပဋိသန္ဓေနေသော ပဒုမဒေဝီ၊ မန်းကျည်းပင်မှာပဋိသန္ဓေနေသော စိဉ္စမာနတို့သည် သံသေဒဇပဋိ သန္ဓေများဖြစ်၏။ နတ်သား၊ နတ်သမီးများ၊ ငရဲသားများသည် ခန္ဓာကိုယ် ရုတ်တရက် ဘွားကနဲဖြစ်လာတတ်သောကြောင့် ဥပပါတ်ပဋိသန္ဓေဟုခေါ်၏။

ဆင်းရဲသားဘဝမှ စမ္ပေယျနဂါးမင်းကြီးဘဝသို့ ရောက်လာခြင်းသည်လည်း ဥပပါတ် ပဋိသန္ဓေပင်ဖြစ်၏။ နဂါးဟူသည်မှာ မြွေအမျိုးအစားသာဖြစ်သောကြောင့် အမှန်စစ်စစ် ရွံရှာဘွယ်ရာပင်ဖြစ်၏။ ထို့ကြောင့် နဂါးဖြစ်စတွင် အလောင်းတော်သည် သူ့ခန္ဓာကိုယ်ကြီးကို ပြန်လည်ကြည့်ပြီး အလွန်ရွံရှာစက်ဆုပ်နေ၏။ ငါပြုခဲ့သော ကုသိုလ်ကံများသည် အထက်နတ်ပြည်ခြောက်ထပ် ရောက်လိုရာသို့ ရောက်နိုင်ပါလျက် ဤမြွေတိရစ္ဆာန်ဘဝကိုမှ တောင့်တမိလေခြင်းဆိုပြီး ယူကြုံးမရဖြစ်ကာ အသက်ရှင် နေရသည်ထက် သေရသည်ကမှ ကောင်းသေး၏ဟု ကြံစည်မိရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သုမနာအမည်ရှိသောနဂါးမလေးက အခြားနဂါးမများကို နဂါးမင်းကြီးအား အစွမ်းကုန်ဖျော်ဖြေရန် အချက်ပေးလိုက်၏။ နဂါးမများသည် လှပတင့်တယ်သော နတ်သမီးများအသွင် ဖန်ဆင်းကာ တူရိယာမျိုးစုံ တီးမှုတ်သီဆိုကာ ကပြဖျော်ဖြေကြ၏။ ထိုအခါ နဂါးမင်း၏စိတ်ထဲတွင် နဂါးပြည်ဘုံဌာနကို သိကြားမင်း၏ဘုံဗိမာန်ကဲ့သို့ထင်ပြီး ပျော်မွေ့သွား၏။ သူကိုယ်တိုင် နတ်မင်းတစ်ပါးသဏ္ဌာန်ဖန်ဆင်းလျက် ကခုန်သီဆို၏။ ကာမဂုဏ်တို့ကိုလည်း အလိုရှိတိုင်းခံစား၏။

ဤဝတ္ထု၌ ရွံရှာဘွယ်ကောင်းသော နဂါးကြီးတစ်ကောင်ဘဝသို့ ရောက် အောင်ပို့ပေးသောတရားခံမှာ ဘဝတဏှာပင်ဖြစ်၏။ နဂါးမင်းဘဝသည် တိရစ္ဆာန်ဖြစ်သော်လည်း နတ်စည်းစိမ်ကို ခံစားရသောကြောင့်သာ ဘဝတဏှာက တပ်မက်ခြင်းဖြစ်နိုင်၏။ အကယ်၍ ညစ်ပတ်ပေရေနေသော တိရစ္ဆာန်ဘဝမျိုးဆိုလျှင်ကား ဘဝတဏှာက တပ်မက်မည်မထင်ပါဟုဆိုလာလျှင် (၅၅၀)လာ ဥပရိမိဖုရားဝတ္ထုကို ဆက်ထုတ်ပြရပေမည်။

ကာသိတိုင်း၊ ပါဋလိမြို့၌စိုးစံသော အဿကအမည်ရှိ ဘုရင်ကြီးတွင် လူမကနတ်တမျှလှပသော ဥပရိအမည်ရှိ မိဖုရားတစ်ပါးရှိ၏။ မင်းကြီးက ဥပရိမိဖုရားကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ခင်စွဲလမ်း၏။ တစ်နေ့ လှတုန်းပတုန်းအရွယ်ကောင်းတုန်းမှာပင် ဥပရိမိဖုရားသည် နတ်ရွာစံသွား၏။ နန်းသုံးအရ 'နတ်ရွာစံ' ဟုရေးရသော်လည်း အမှန်ကား နွားချေးပိုးရွာသို့ စံသွားရခြင်းဖြစ်၏။ ဥပရိမိဖုရားသည် လူသားတစ်ယောက်ဖြစ်သော်လည်း လူအကျင့်ကိုမကျင့်ဘဲ တိရစ္ဆာန်အကျင့်ကို ကျင့်ပြီး တိရစ္ဆာန်လိုနေသောကြောင့် နွားချေးပုံကြီးထဲ၌ နွားချေးပိုးမတစ်ကောင် သွားဖြစ်ရ၏။

'အတ္ထာ အတ္ထံ၊ မနတိဇာနာတိတိ မနုသော'ဟူသော ဝိဂြိုဟ်အတိုင်း အကျိုးရှိ/မရှိကို သိမြင်နားလည်ကာ လောက၏ကောင်းကျိုးကို ပြုကျင့်သောအားဖြင့်ဆောင်ထားပြီး လောက၏ဆိုးကျိုးကို မပြုကျင့်သောအားဖြင့် ရှောင်နိုင်မှသာ လူအကျင့်ကို ကျင့်ရာရောက်၏။ ဒါနပြုခြင်းသည် လောကကို ပေးကမ်းခြင်းဖြင့် ကျေးဇူးဆပ်ခြင်းဖြစ်၏။ သီလဆောက်တည်ခြင်းသည် လောကကို စောင့်ရှောက်ခြင်းဖြင့်ကျေးဇူးဆပ်ခြင်းဖြစ်၏။ ဘာဝနာပွားခြင်းသည် လောကကို အေးချမ်းစေခြင်းဖြင့်ကျေးဇူးဆပ်ခြင်းဖြစ်၏။ လောကကို သတ္တဝါများဖြင့် တည်ဆောက်ထားသောကြောင့်သတ္တဝါတို့အပေါ် ကျေးဇူးဆပ်ခြင်းသည်ပင် လောကကို ကျေးဇူးဆပ်ခြင်းဖြစ်၏။

သတ္တဝါတို့တွင်လည်း လူသည် လူအချင်းချင်းအတွက် ကျေးဇူးအများဆုံးဖြစ်သောကြောင့် လူသားတို့၏ကောင်းကျိုးကို အဓိကထား ဆောင်ရွက်ရခြင်းဖြစ်၏။ တိရစ္ဆာန်သည် အိပ်၊ စား၊ ကာမ သုံးမျိုးဖြင့်သာ အချိန်ကုန်သကဲ့သို့ ဥပရိဒေဝီသည်လည်း အလှအတွက် မာန်တက်ရင်း အိပ်၊ စား၊ ကာမသုံးမျိုးဖြင့်သာ နေခဲ့၏။ ထို့ကြောင့် တိရစ္ဆာန်၏နေခြင်းမျိုးဖြင့်နေခဲ့သည်ဟု ဆိုရခြင်းဖြစ်၏။ အဿကမင်းကြီး သည် သောကပရိဒေဝမီးတောက်လောင်ကာ မိဖုရားအလောင်းကို မစွန့်ရက်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မှန်ခေါင်းအတွင်း ဆီစိမ်ပြီး သူ့ခုတင်ဘေးမှာထား၏။

မစားနိုင်၊ မအိပ်နိုင်ဖြစ်နေသော မင်းကြီးကို မှူးမတ်များက ဝိုင်းဝန်း တရား ချကြသော်လည်း မည်သို့မျှ သောကမီး မငြိမ်းနိုင်အောင်ဖြစ်နေ၏။

ထိုအချိန်တွင် ဘုရားအလောင်းသည် ဟိမဝန္တာတော်၌ အဘိညာဉ်ရ ရသေ့ ကြီးတစ်ပါးဖြစ်နေ၏။ အဿကမင်းကြီးကို မိမိမှတစ်ပါး မည်သူမျှ မကယ်နိုင် သည်ကို သိမြင်တော်မူသဖြင့် အဘိညာဉ်တန်ခိုးဖြင့် အဿကမင်း၏ဥယျာဉ်တော်သို့ ကြွလာ တော်မူ၏။ ရသေ့ကြီးက ဥပရိဒေဝီ၏ ဖြစ်ရာဘဝကို ပြသနိုင်သည်ဟု သိရသည်နှင့် အိပ်ယာထဲ လဲနေသော အဿကမင်းကြီးသည် ရသေ့ကြီးထံ ချက်ခြင်း, ကြွးထလာခဲ့၏။ သူ့မိဖုရား၏ လားရာဂတိကို မေးသောအခါ ရသေ့ကြီးက 'ဤဥယျာဉ် ထဲ၌ပင် နွားချေးပိုးမတစ်ကောင်ဖြစ်နေကြောင်း' ပြောကြား၏။

'သည်လောက် လိမ္မာရေးခြားရှိသော မိဖုရားကြီး အောက်တန်းကျလှသော နွားချေးပိုးမ ဖြစ်နေသည်'ဆိုခြင်းကို မယုံကြောင်း မင်းကြီးက ရသေ့ကြီးကို ပြန် လျှောက်၏။ ထိုအခါ ရသေ့ကြီးက မျက်မြင်ကိုယ်တွေ့ဖြစ်စေရန် အဘိညာဉ်တန်ခိုးဖြင့် အမိန့်ရှိလိုက်ရာ နွားချေးပိုးနှစ်ကောင် မင်းကြီးရှေ့သို့ တရွေ့ရွေ့နှင့် ရောက်လာ၏။ ရသေ့ကြီးက ရှေ့က ပိုးဖို၊ နောက်က ပိုးမဖြစ်ကြောင်း၊ ထိုပိုးမသည် ဥပရိဒေဝီမိဖုရား ကြီးဘဝမှ လာသူဖြစ်ကြောင်း ရှင်းပြသော်လည်း မင်းကြီးကား မယုံနိုင်ဖြစ်နေပြန်၏။ ထို့ကြောင့် ရသေ့ကြီးက သူနှင့် ပိုးမတို့၏ အမေးအဖြေစကားကို မင်းကြီးနှင့် ပရိသတ် များ ကြားရန်၊ နားလည်ရန် တန်ခိုးဖြင့်အမိန့်ရှိပြီး ယခုလိုမေး၏-

'ပိုးမ၊ သင်သည် ရှေးဘဝတုန်းက မည်သူဖြစ်ခဲ့သနည်း'

'အဿကမင်းကြီး၏ မိဖုရားခေါင် ဥပရိဒေဝီဖြစ်ခဲ့ပါတယ်'

'သင်သည် ယခုမြင်နေရသော အဿကမင်းကြီးကိုပဲ ချစ်သလော၊ သို့တည်း မဟုတ် ဤပိုးဖိုကိုပဲ ချစ်သလော'

'အဿကမင်းဆိုတာ ရှေးဘဝတုန်းက တပည့်တော်ရဲ့ ခင်ပွန်းလင်ဖြစ်ခဲ့ပါ တယ်။ ထိုစဉ်အခါက တူနှစ်ကိုယ်ယှဉ်တွဲပြီး ဤဥယျာဉ်ကြီးထဲမှာ အာရုံငါးပါးကို ပျော်မွေ့စွာခံစားပြီး လှည့်လည်ခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ သို့သော်လည်း ဘဝ သစ်၌ဖြစ်သော ချမ်းသာဆင်းရဲက ဘဝဟောင်း၌ဖြစ်ခဲ့သော ချမ်းသာဆင်းရဲကို ဖုံးကွယ်ထားသောကြောင့် လက်ရှိလင် ပိုးဖိုကိုသာလျှင် အဿကမင်းကြီးထက် သာ လွန်ချစ်ခင်ပါတယ်။ မည်မျှလောက်ထိ ပိုးဖိုအပေါ် ချစ်ခင်ပါသလဲဆိုလျှင် အဿက မင်းကြီး၏ လည်ချောင်းသွေးကိုဖောက်၍ ပိုးဖို၏ခြေကိုပင် ဆေးပေးချင်သည်အထိ ချစ်ခင်ပါသည်'

ထိုအခါကျမှ အဿကမင်းကြီး၏သောကမီးသည် ငြိမ်းသွားပြီး မိဖုရား ကြီး၏ အလောင်းကို ချက်ခြင်းစွန့်ပစ်ခိုင်းလိုက်တော့၏။ ဤသည်ကား ဘဝတဏှာက အောက် ကျနောက်ကျ တိရစ္ဆာန်ဘဝကိုပင် တပ်မက်တတ်ကြောင်း သာဓကပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘဝတဏှာသည် အောက်ကျနောက်ကျ တိရစ္ဆာန်ဘဝကိုပင် အခါများစွာ တပ်မက်တတ်ပုံ သာဓကတစ်ခုကိုလည်း အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒုတိယတွဲ (၁၈၉)မှ ထုတ်နှုတ်ပြဦးအံ့။

သီရိလင်္ကာနိုင်ငံတောင်ပိုင်းရှိ ရွာတစ်ရွာတွင် ညီဖြစ်သူတစ်ယောက်သည် အစ်ကို၏မယားနှင့် ဖောက်ပြန်နေ၏။ ထိုမိန်းမသည်လည်း ယုတ်ညံ့သော မိန်းမယုတ်တစ်ယောက်ဖြစ်သောကြောင့် ခင်ပွန်းဖြစ်သူကို မတ်ဖြစ်သူအား အသတ်ခိုင်း၏။ သတ်ပုံသတ်နည်းကိုလည်း သင်ပေးလိုက်၏။ မတ်ဖြစ်သူကို ရဲဒင်းတစ်လက်နှင့် ကမ်းစပ်ရှိ ရေခံတက်ပင်ကြီးပေါ်က စောင့်နေခိုင်း၏။ လင်ဖြစ်သူ ညနေ အလုပ်မှပြန်လာသောအခါ ခေါင်းဖြီးပေးရင် 'ဆံပင်တွေက တအားညစ်ပတ်နေတယ် ရေဆိပ်မှာသွားပြီး ခေါင်းလျှော်ချေပါ' ဟုပြောပြီးလွှတ်လိုက်၏။

ခင်ပွန်းကား အဖြစ်မှန်ကိုမရိပ်မိသဖြင့် ဇနီးသည် ငါ့အပေါ် အင်မတန်ဂရုစိုက်ပေတယ်ဟုတွေးကာ ပီတိဖြစ်လျက် ရေဆိပ်သို့ထွက်လာကာ ခေါင်းလျှော်၏။ ခေါင်းငုံ့လျှော်နေစဉ်မှာ ညီယုတ်မာသည် သစ်ပင်မှဆင်းလာကာ အစ်ကိုခေါင်းကို ခုတ်ဖြတ်ပြီး သတ်ပစ်လိုက်၏။ ထိုသူ သေဆုံးသောအခါ ဘဝတဏှာ၏ပစ်ချမှုကြောင့် ဓမ္မနီခေါ် ထန်းမြွေတစ်မျိုးဖြစ်၏။ သူ့အား ကာမတဏှာက လူ့ဘဝမှ မြွေဘဝအထိ လိုက်ပြီး နှိပ်စက်၏။ သူသည် အိမ်အမိုးပေါ်မှ မယားနှင့် ညီတို့၏ ချစ်တင်းနှီးနှောမှုကို ကြည့်ကာ စိတ်မထိန်းနိုင်ဘဲ မယားဟောင်း၏ကိုယ်ပေါ်သို့ သူ့ကိုယ်ကို ပစ်ပစ်ချ၏။

သုံးလေးကြိမ်ဖြစ်လာသောအခါ မယားသည် အရင်ဘဝက ခင်ပွန်းဟောင်းဖြစ်နိုင်ကြောင်း ရိပ်မိသွားသောကြောင့် ထန်းမြွေကို အသတ်ခိုင်းလိုက်၏။ မြွေဘဝမှ သေသောအခါ ဘဝတဏှာက ခွေးတစ်ကောင်အဖြစ် ထိုအိမ်သို့ ပို့လိုက်ပြန်၏။ မယားဟောင်းအပေါ် တပ်မက်စွဲလမ်းသော ကာမတဏှာကား ခွေးဘဝထိ လိုက်လာတုန်းဖြစ်၏။ ထို ကာမတဏှာကြောင့် ခွေးသည် မိန်းမသွားလေရာ နောက်မှ တကောက်ကောက်လိုက်၏။ ထိုအခါ လူငယ်များက'ခွေးမုဆိုးကြီးလာပြီ၊ တောလည်ထွက်တော့မယ်' စသောအားဖြင့် နောက်ပြောင်ကြသောကြောင့် မိန်းမသည် ဒေါသဖြစ်ပြီး ခွေးကို သတ်ခိုင်းလိုက်ပြန်၏။

ခွေးဘဝမှ သေသောအခါ ဘဝတဏှာက ထိုအိမ်မှာနေရသော နွားဘဝသို့ ပို့လိုက်ပြန်၏။ ကာမတဏှာကား အစွဲကြီးလှ၏။ နွားဘဝထိ ပါလာတုန်းဖြစ်၏။ ထို့ကြောင့် ထိုမိန်းမသွားရာနောက်သို့ နွားလေးသည် နောက်မှ တကောက်ကောက်လိုက်ပြန်၏။ ရွာမှလူငယ်များက 'နွားကျောင်းသားကြီး လာပြီ၊ ဘယ်စားကျက်သွားမလဲမသိဘူး' စသောအားဖြင့် နောက်ပြောင်ကြပြန်သောကြောင့် နွားလေးကို မိန်းမက သတ်ခိုင်းလိုက်ပြန်၏။ နွားဘဝမှသေသောအခါ ဘဝတဏှာက ဇနီးဟောင်း၏ ဝမ်းထဲသို့ ပို့လိုက်ပြန်၏။ မိမိကို လေးဘဝတိုင်သတ်ခဲ့သော မိန်းမ၏ဝမ်းထဲပြန်ဝင်စားသည် အထိ အသိဉာဏ်ကင်းမဲ့လှသော ဘဝတဏှာ၏အပြစ်ကို မြင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သင့်၏။

ဘဝတဏှာသည် အရှုးလွယ်အိတ်နှင့်တူ၏။ အရူးလွယ်အိတ်ထဲ၌ ကောင်းတာ၊ တန်ဖိုးရှိတာ တစ်ခုတစ်လေတွေ့ရုံနှင့် မချီးမွမ်းသင့်။ အဘယ်ကြောင့်နည်း။ အရူးသည် တွေ့သည့်ပစ္စည်းတိုင်းကို ကောက်ထည့်နေခြင်းဖြစ်ရာ၊ ကောင်းသည့်ပစ္စည်း ထက် မကောင်းသည့်ပစ္စည်းက များနေသောကြောင့်ပင်တည်း။ ထို့အတူ ဘဝတဏှာကိုလည်း ကောင်းသည့်ဘဝ၊ တန်ဖိုးရှိသည့်ဘဝ၊ တစ်ဘဝ တစ်လေပို့ရုံနှင့် မချီးမွမ်းသင့်။ အဘယ်ကြောင့်နည်း။ ကောင်းသောဘဝထက် မကောင်းသောဘဝသို့ ပို့ပေး သောအကြိမ်က ပို၍များပြားသောကြောင့်ပင်တည်း။

ယခုဝတ္ထုမှ ခင်ပွန်းဟောင်းသည် လေးဘဝ သံသရာလည်ခဲ့ရာ ဘဝတဏှာက လူ့ဘဝသို့ တစ်ကြိမ်သာပို့ပေးပြီး တိရစ္ဆာန်ဘဝသို့ သုံးကြိမ်တိုင်ပို့ပေးခဲ့၏။ ထို့ကြောင့် ဘဝတဏှာကို အရူးနှင့်တူသည်ဟု ဆိုခဲ့ရခြင်းဖြစ်၏။ ထိုကလေး မွေးဖွားလာသောအခါ ဇာတိဿရဉာဏ်ရပြီး ထိုမိန်းမ၏ခိုင်းစေချက်ဖြင့် လေးဘဝတိုင်တိုင် သေခဲ့ရသည်ကို ပြန်အမှတ်ရပြီး 'သည်လို ရန်သူမိန်းမ၏ဝမ်းထဲမှာ ဖြစ်မှဖြစ်ရလေခြင်း'ဟု စိတ်ဆင်းရဲမှု ကြီးစွာဖြစ်၏။ ထို့ကြောင့် ရန်သူဖြစ်ခဲ့သော မိခင်၏ အကိုင်အတွယ်ကို မခံလိုသဖြင့် မိခင်က, လာကိုင်တိုင်း အပြင်းအထန် ငိုကြွေးလေ့ရှိ၏။

သို့ဖြစ်၍ အဘိုးဖြစ်သူက ငယ်ရွယ်စဉ်ကတည်းက စောင့်ရှောက်ခဲ့ရ၏။ သူ စကားပြောတတ်သောအရွယ်သို့ ရောက်သောအခါ အဘိုးဖြစ်သူက 'မိခင်က ကိုင်လိုက်တိုင်း အဘယ်ကြောင့် ငိုရသနည်း'ဟု မေး၏။ သူသည် မိခင်၏စေခိုင်းချက်ဖြင့် လေးဘဝတိုင်တိုင် သေခဲ့ရပုံကို ပြောပြ၏။ ထိုအခါ အဘိုးသည် မြေးလေးအတွက် ရင်ထုမနာဖြစ်ကာ သူငယ်ကိုဖက်ပြီး ငိုကြွေးရှာ၏။

'ရန်သူတို့၏ အရပ်မှာနေခြင်းဖြင့် အကျိုးမရှိ'ဟုဆိုကာ မြေးလေးကိုခေါ်ပြီး ဝေးရာအရပ်မှ ကျောင်းတိုက်တစ်ခု၌ ရှင်ရဟန်းပြုပြီး တရားအားထုတ်ရာ ရဟန္တာဖြစ်တော်မူကြပြီး ဘဝအဆက်ဆက် ဒုက္ခပေးနေသော ဘဝတဏှာကို အမြစ်ပြတ် ပယ်သတ်နိုင်ခဲ့ကြ၏။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ ဘဝတဏှာရှိနေပါက မြင့်မြတ်သော ဘဝ၊ ယုတ်နိမ့်သောဘဝအမျိုးမျိုးသို့ ရောက်တတ်ပုံ၊ ယခုခေတ် လက်တွေ့သာဓကများကို မဟာစည်ဆရာတော်ဘုရားကြီး၏ 'ဓမ္မစကြာတရားတော်'စာအုပ်မှ ထုတ်နှုတ်ပြဦးအံ့။

## ဓမ္မကထိက ဆရာတော်ကြီးတစ်ပါး

'ဘုန်းကြီးဟာ မော်လမြိုင်မြို့၊ တောင်ဝိုင်းတိုက်ကျောင်းမှာ ၁၂၉၁-ခုမှ ၁၃၀၃-ခုနှစ်အထိ နေထိုင်ခဲ့ပါတယ်။ အဲဒီအခါတုန်းက မော်လမြိုင်မြို့ပေါ်မှာ ထင်ရှားတဲ့ ဓမ္မကထိကဆရာတော်ကြီးတစ်ပါး ရှိခဲ့ပါတယ်။ ရှေ့နေဒကာကြီးတစ်ဦး ကွယ်လွန်သွားလို့ ရက်လည်ဆွမ်းကပ်လှူတဲ့အခါ အဲဒီဆရာတော်ကြီးက အနုမောဒနာ တရားကို ဒီလိုဟောကြားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဒ္ဓုဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ'

'မေ = ငါ၏၊
ဇီဝိတံ = အသက်ရှင်ခြင်းသည်၊
အဒ္ဓုဝံ = မခိုင်မြဲပါတကား၊
မေ = ငါ၏၊
မရဏံ = သေခြင်းသည်ကား၊
ဓုဝံ = မချွတ်ဧကန်မြဲမြံ၏'

'အဝဿံ မယာ မရိတဗ္ဗမေဝ၊ မရဏပရိယောသာနံ မေ ဇီဝိတံ'

'မယာ = ငါသည်၊
အဝဿံ = မချွတ်ဧကန်၊
မရိတဗ္ဗမေဝ = သေရမည်သာတည်း၊
မေ = ငါ၏၊
ဇီဝိတံ = အသက်ရှင်နေခြင်းသည်၊
မရဏပရိယောသာနံ=သေခြင်းလျှင် အဆုံးရှိ၏'

'ဇီဝိတမေဝ အနိယတံ၊ မရဏံနိယတံ'

'ဇီဝိတမေဝ = အသက်ရှင်ခြင်းသည်သာလျှင်၊
အနိယတံ = ကိန်းသေမမြဲ၊
မရဏံ = သေရခြင်းသည်ကား၊
နိယတံ = ကိန်းသေပင်တည်းဆိုတဲ့ဒီ မရဏဿတိဆင်ခြင်ပုံစကား

ကို အရင်းခံပြုပြီးဟောသွားတယ်။ အဲဒီတုန်းက ဘုန်းကြီးလည်း အဲဒီအလှူမှာပါလို့ နာကြားလိုက်ရတယ်'

'အဲဒီကနောက် ခုနှစ်ရက်မတိုင်မီ ရက်အနည်းငယ်အတွင်းမှာ အဲဒီ ဓမ္မကထိကဆရာတော်ကြီး ပျံတော်မူသွားကြောင်း ကြားသိရတယ်။ အဲဒီတော့ ပျံတော်မူတဲ့အခါ သူဟောတဲ့ မရဏဿတိ တရားအမှတ်ရပြီး ပျံတော်မူသွားမှာပဲလို့ ဘုန်းကြီးက စဉ်းစားမိပါတယ်။ ပျံတော်မူခြင်း၏ အကြောင်းကတော့ လူဆိုးများက ဓားနဲ့ထိုးသတ်သွားလို့ဆိုတဲ့အကြောင်းလည်း ကြားသိရပါတယ်။ အဲဒီနောက် သုံးနှစ်လောက် ကြာတဲ့အခါကျတော့ မြိတ်နယ်က လူငယ်တစ်ယောက် ပေါ်လာတယ်။ 'မော်လမြိုင်မြို့ မှာ သူ့ကျောင်းရှိတယ်၊ လိုက်ပို့ပါ'လို့ ပူဆာတဲ့အတွက် အဲဒီကလေးရဲ့ မိဘများက လိုက်ပို့ကြတယ်'

'အဲဒီ ပျံတော်မူသွားတဲ့ ဆရာတော်ကြီးကျောင်းရောက်တော့ သူဟာ အရင်ဘဝက အဲဒီကျောင်းပိုင်ဆရာတော်ကြီးဖြစ်ကြောင်း စသည်တွေကို အဲဒီကလေးက ပြောပြတယ်။ အဲဒီကျောင်းဆိုင်ရာ အကြောင်းအရာတွေကို သူက အကုန်လုံးပြောနိုင်တယ်။ ပြောသမျှလည်း အမှန်ချည်းဖြစ်နေတယ်။ အဲဒီ အနီးအပါးက ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း သူက အကုန်မှတ်မိနေတယ်။ ဘွဲ့အမည်တွေကိုလည်း ရှေးကခေါ်နေကြအတိုင်း သူက, ခေါ်နေသတဲ့'

'အဲဒီဆရာတော်ကြီးနဲ့ရင်းနှီးတဲ့ ကပ္ပိယဒကာတစ်ဦးကို အမည်ထုတ်ဖော်ပြီးမေးကြတဲ့အခါကျတော့ ဒီကလေးက ကြောက်စ,ကြောက်စလို့ဆိုသတဲ့၊ ဘာကြောင့်ကြောက်သလဲလို့မေးတော့ အခြားလူတစ်စုနဲ့ အဲဒီလူက သူ့ကို ဓားနဲ့ထိုးသတ်တဲ့အကြောင်း၊ သူကထွက်ပြေးလို့ မြစ်ကမ်းနားရောက်တော့ လှေကြီးကိုတွေ့တာနဲ့ အဲဒီလှေကြီးကိုစီးပြီး လိုက်သွားကြောင်း၊ မြိတ်ပင်လယ်ကမ်းခြေ ရွာတစ်ရွာရောက်တော့ ယခုလက်ရှိ သူ့မိဘအိမ်မှာ ဝင်နေကြောင်းများကို အဲဒီကလေးက ပြောပါသတဲ့'

'အဲဒီကျောင်းမှ ထွက်ပြေးပုံ၊ ကမ်းနားရောက်တော့ လှေကြီးတွေ့ပုံ၊ အဲဒီလှေကြီးစီးပြီးလိုက်သွားပုံ၊ လက်ရှိ သူ့မိဘအိမ် ဝင်နေပုံတွေကတော့ ပျံတော်မူခါနီးတုန်းက ထင်ခဲ့တဲ့ ဂတိနိမိတ်တွေပါပဲ၊ ဒီဝတ္ထုဟာလည်း တဏှာက ဘဝသစ်ကိုဖြစ်စေတယ်ဆိုတာနဲ့စပ်ပြီး အထူးမှတ်သားသင့်တဲ့ အကြောင်းအရာတစ်ခုပါပဲ'

## ငွေလေးဆယ်အတွက် ကျွဲဖြစ်နေသူ

'မုံရွာခရိုင်၊ မြို့တစ်မြို့၌ ငွေတိုးချေးငှားပြီး စီးပွားရေးလုပ်နေတဲ့ လူကြီးတစ်ယောက် ဗြိတိသျှခေတ်တုန်းက ရှိတယ်၊ အဲဒီလူကြီးက လယ်ယာသမားတစ်ဦးထံမှ အကြွေးတောင်းတယ်၊ လယ်ယာသမားက အကြွေးပေးဆပ်ပြီးကြောင်းပြောတယ်၊ ကြွေးရှင်လူကြီးက မဆပ်ရသေးပါလို့ အထပ်ထပ်ပြောပြီး နောက်ဆုံးကျတော့ အကြွေးဆပ်ပြီးဖြစ်ပါလျက် ထပ်တောင်းတာဖြစ်လို့ရှိရင် အဲဒီ ထပ်ပြီးဆပ်တဲ့ ငွေလေးဆယ်အတွက် မင့်အိမ်မှာ ငါ ကျွဲဖြစ်ရပါစေလို့ကျိန်ဆိုပြီး အတင်းတောင်းနေသတဲ့၊ ဒီတော့ဆင်းရဲသား လယ်ယာသမားက သိလျက်သားနဲ့ ငွေလေးဆယ် ထပ်ပြီးပေးဆပ်လိုက်ရတယ်'

'အဲဒီကြွေးရှင်လူကြီး သေဆုံးပြီးတဲ့နောက် အဲဒီကြွေး နှစ်ခါထပ်ဆပ်လိုက်ရတဲ့ လယ်သမားအိမ်မှာ ကျွဲကလေးတစ်ကောင် မွေးလာတယ်၊ အဲဒီကျွဲကလေးကို သူ့ဆရာ ကြွေးရှင်လူကြီးက ဖြစ်လာတယ်လို့ ထင်မြင်ယူဆပြီး အဲဒီလယ်ယာသမားဆင်းရဲသား က သူ့ဆရာကို ရှေးက ခေါ်နေကျအတိုင်း အဲဒီကျွဲကလေးကို ဆရာ,ဆရာလာပါလို့ ခေါ်ကြည့်တယ်၊ အဲဒီလိုခေါ်လိုက်တော့ အဲဒီကျွဲကလေးက လာသတဲ့။ ဒီတော့ အဲဒီလယ်သမားက သူ့ကြွေးရှင်လူကြီးဟာ သူ့ကျိန်စာအရ မိမိအိမ်မှာ ကျွဲလာဖြစ်တယ်ဆိုတာ ယုံကြည်ပြီးပြောတယ်'။

'အဲဒီအခါ ကွယ်လွန်သွားတဲ့ ပစ္စည်းရှင်လူကြီးရဲ့ သမီးက သူ့အဖေ ဂုဏ်သရေပျက်အောင် ပြောတယ်ဆိုပြီး ရုံးမှာ တရားစွဲသတဲ့'

'အဲဒီတော့ တရားသူကြီးက ကျွဲကလေးနှင့်တကွ တရားလို၊ တရားခံ၊ သက်သေများပါ အစုံခေါ်ယူပြီး စစ်ဆေးတယ်၊ လယ်ယာသမားက အကြွေးရှင်လူကြီးကို 'ဆရာ'လို့ ခေါ်လေ့ရှိတဲ့အတိုင်း ကျွဲကလေးကို 'ဆရာ လာပါ'လို့ ခေါ်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



ကျွဲကလေးက အဲဒီလူဆီကို လာသတဲ့၊ အကြွေးရှင်လူကြီးရဲ့သမီးက သူ့အဖေကို 'ရှိရှိ'လို့ ခေါ်နေကျအတိုင်း အဲဒီကျွဲကလေးကို 'ရှိရှိ လာပါ' လို့ခေါ်လိုက်တဲ့အခါ အဲဒီ ခေါ်တဲ့ အမျိုးသမီးဆီကို လာသတဲ့'

'ဒီတော့ တရားသူကြီးက လယ်ယာသမားပြောတာဟာ ရိုးသားစွာပြောတာ ပဲလို့ အယုံအကြည်ရှိပြီး အမှုကို ရုပ်သိမ်းလိုက်ပါသတဲ့၊ ဒီဝတ္ထုလည်း လူ့ဘဝမှ ကျွဲ ဖြစ်သွားရတယ်ဆိုတာ ယုံကြည်စရာအကြောင်းရှိပါတယ်၊ ဒါကြောင့် တဏှာက ဘဝ သစ် ဖြစ်စေတယ်ဆိုတာကို ထင်ရှားစေသည့်အပြင် မှားယွင်းစွာကျိန်ဆိုမိရင် ကျိန်ဆို တဲ့အတိုင်း ဒုက္ခရောက်ရတတ်တယ်ဆိုတာကိုလည်း သတိပြုစရာပါပဲ'

## ညီ့ရဲ့ ဆန် တစ်စလယ်

'တောင်တွင်းကြီးမြို့ရဲ့ အနောက်မြောက်ဘက် (၁၀)မိုင်ခန့်ဝေးတဲ့အရပ်မှာ ချောင်းရိုးရွာဆိုတာ ရှိတယ်၊ အိမ်ခြေ လေးရာခန့်ရှိတယ်၊ အဲဒီရွာမှာ ညီ့နဲ့ ဘဆိုင် ဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ကွမ်းထမ်းပြီးရောင်းတဲ့အလုပ်ကို လုပ်ကြတယ်၊ တစ်နေ့တော့ ကွမ်းရောင်းရာမှ ပြန်လာတဲ့အခါ ဘဆိုင်မှာ ဆန်ကုန်သွားလို့ ညီ့ထံမှာ ဆန်တစ်စလယ် ချေးပြီး ချက်စားရတယ်၊ အဲဒီလို စားပြီးနောက် ညဥ့်အခါ လရောင် ဖြင့် ပြန်လာကြရာ လမ်းမှာ 'ပိုး'ထိလို့ ဘဆိုင်ဟာ သေသွားရှာတယ်'

အဲဒီအခါတုန်းက သူတို့၏အသက် (၂၀)ကျော်လောက် ရှိဟန်တူပါတယ်။ ခုနှစ်ကတော့(၁၂၇၀)နဲ့ (၁၂၈၀)အတွင်းက ဖြစ်ပါလိမ့်မယ်။ ဘဆိုင်ဟာ သေပြီး တော့ ညီ့အိမ်မှာ ကြက်ဖြစ်ရသတဲ့။ ဆန်တစ်စလယ်အကြွေးကို စွဲလမ်းပြီး သေသွား ဟန် တူပါတယ်။ အဲဒီကြက်က တိုက်ကြက်ကလေးမို့ ညီ့က အခြားလူများရဲ့ ကြက်များနှင့် ကြက်တိုက်ပွဲလုပ်တယ်။ သုံးပွဲသုံးကြိမ်တိုင်အောင် အနိုင်ရတယ်။ လေးကြိမ်မြောက်ပွဲ ကျတော့ အခြားကြက်က အသက်လည်းရင့်၊ အင်းအားလည်း ကြီးတာနဲ့ ညီ့ကြက်က ရှုံးတယ်။ အဲဒီတော့ ညီ့က ရှုံးရမလားဆိုပြီး စိတ်ဆိုးတာနဲ့ သူ့ကြက်ကို ခြေနှစ်ချောင်း ကိုင်ပြီး မြေကြီးနဲ့ ရိုက်လိုက်တယ်။

မသေမရှင်နဲ့ အိမ်ကိုယူလာခဲ့ပြီး ရေအိုးစင်နား ပစ်ချထားတယ်။ အဲဒီအချိန် မှာ ညီ့ရဲ့ နွားမကြီးက အဲဒီကြက်ကလေးကို နမ်းသွားသတဲ့။ အဲဒီကြက်ကလေး သေပြီး အဲဒီနွားမကြီးဝမ်းထဲမှာ ပဋိသန္ဓေနေရတယ်။ မွေးလာတဲ့အခါ နွားမကလေး ဖြစ်နေသတဲ့။ အဲဒီ နွားမကလေး အတော်အတန်ကြီးလာတဲ့အခါ ညီ့ရဲ့ မိတ်ဆွေ များက အဲဒီနွားမကလေးကို တန်ဖိုးလေးကျပ်ထားပြီး ညီ့ပါ သတ်စားကြသတဲ့။ အဲဒီလို သတ်ပြီး အမဲသားတွေ လှီးဖျက်နေတုန်း တောင်တွင်းကြီးမှ စာရေးကြီးနှင့် စာရေးကြီးကတော်က အဲဒီနေရာ ရောက်လာကြတယ်။

စာရေးကြီးကတော်က နွားမကလေးအား သနားကရုဏာသက်ပြီးတော့ 'ငါ့ နွားသာဆိုရင် မသတ်ရက်ပါဘူး။ သူ့အလိုလိုသေသွားတောင် မစားရက်ပါဘူး၊ မြေကြီး

www.burmeseclassic.com

www.burmeseclassic.com



ထဲ မြှုပ်လိုက်မှာပဲ'လို့ ပြောသတဲ့။ အဲဒီကနောက် စာရေးကြီးကတော်မှာ သားယောကျ်ားလေး ဖွားမြင်လာတယ်။ ဒီကလေးက အသက်(၇)နှစ်ရှိသည့်တိုင် စကားမပြောဘူးတဲ့။ ဒီတော့ ဖခင်စာရေးကြီးက 'ငါသား-စကားပြောပါကွာ။ ဒီကနေ့ လခထုတ်ရမယ်။ ငါသားအတွက် အဝတ်ကောင်းကောင်းဝယ်ခဲ့မယ်'လို့ ပြောပြီးတော့ ညနေပြန်လာတဲ့အခါ 'ဟောဒီအဝတ်လှလှလေးတွေဟာ ငါသားဖို့ပဲ၊ ကဲ-စကားပြောပေတော့'လို့ ပြောတဲ့အခါ အဲဒီကလေးက 'ညို့ဆန် တစ်စလယ်'လို့ ပြောသတဲ့။

အတိုချုံးပြောရမှာပဲ။ အဲဒီကနောက် ဖခင်စာရေးကြီးက 'ငါသား-စကားသာပြော၊ ဆန် တစ်စလယ်မကဘူး၊ ဆန်တစ်အိတ်တောင် ကြွေးဆပ်ပေးမယ်လို့' ပြောတော့။ အဲဒီကလေးက 'ဒီလိုဆိုရင် ဆန်အိတ်ကို လှည်းပေါ်တင်ပါ၊ ယခုပဲသွားပြီး ကြွေးဆပ်ရအောင်'လို့ ပြောသတဲ့။ ဒါနဲ့ ဆန်တစ်အိတ်ကို လှည်းပေါ်တင်ပြီးတော့ 'ဘယ်ကိုမောင်းရမှာလဲ'လို့မေးတဲ့အခါ တောင်တွင်းကြီးမြို့မှ မြောက်ဘက်မောင်းတဲ့ ကလေးက ပြောတယ်။ နောက်လည်း ကလေးပြောတဲ့လမ်းအတိုင်း လှည်းကိုမောင်းသွားကြရာ ချောင်းရိုးရွာရောက်တော့- 'ဒီရွာပဲ၊ ရွာထဲဝင်ပါ။ ဒီလမ်းကို မောင်းပါ' စသည်ဖြင့် ကလေးက ညွှန်ပြတယ်။

နောက်ဆုံး ညို့အိမ်ရောက်တဲ့အခါ 'ဟောရောက်ပြီ ဒီအိမ်ပဲ'လို့ ကလေးက ပြောတယ်။ 'ဒါ-ဦးညိုအိမ် ဟုတ်ပါရဲ့လား'လို့ လူကြီးတွေကမေးတော့ ဦးညိုက 'ဟုတ်ပါတယ်'ဆိုပြီး အိမ်ပေါ်က ဆင်းလာတယ်။ အနားရောက်တော့ ကလေးက 'ဟေ့-ညို၊ ငါ့ကိုမှတ်မိရဲ့လား'လို့မေးလိုက်တယ်။ အဲဒီစကားကိုကြားရတော့ 'သူ့အဖေလောက်ရှိတဲ့ ငါ့ကို ညိုလို့ခေါ်ရမလား'ဆိုပြီး ဦးညိုက စိတ်ဆိုးလိုက်တာတဲ့။ ဒါနဲ့ စာရေးကြီးက 'ဦးညိုရေ၊ စိတ်မဆိုးပါနဲ့ဗျာ ဒီကလေးက ထူးခြားတဲ့အကြောင်းရှိတယ်' လို့ပြောပြီး တောင်းပန်ရတယ်။

အိမ်ပေါ်ရောက်တဲ့အခါကျတော့ ကလေးက 'ဟေ့ ညို၊ မင်းက ငါ့ကို မမှတ်မိတော့ဘူးလားကွ၊ ဟိုတုန်းက မင်းနဲ့ငါ ကွမ်းထမ်းပြီးရောင်းကြတယ်။ ငါက မင်းဆီက ဆန်တစ်စလယ်ချေးဘူးတယ်။ အဲဒီအကြွေးမဆပ်ရသေးခင် ပိုးထိလို့ ငါ သေခဲ့ရတယ်။ မင်းအိမ်မှာ ကြက်ဖြစ်ရတယ်။ တိုက်ပွဲမှာ သုံးကြိမ်တိုင်တိုင် ငါက အနိုင်ရအောင် ခွပ်ပေးခဲ့တယ်။ လေးကြိမ်မြောက်ကျတော့ ဟိုကြက်ကြီးက ငါ့ထက် အားကြီးလို့ ငါရှုံးရတယ်။ မင်းက ငါ့ကို ရှုံးရမလားလို့ စိတ်ဆိုးပြီး ရိုက်သတ်တယ်။ မသေမရှင်နဲ့ ပစ်ချထားရာမှာ နွားမကြီးကလာပြီး ငါ့ကို နမ်းလိုက်တယ်'

'အဲဒီ နွားမကြီးဝမ်းထဲမှာဖြစ်ရပြီး မွေးလာတော့ နွားမလေးဖြစ်လာတယ်။ နွားမတန်းအရွယ်လောက်မှာ မင်းတို့ ငါကို သတ်စားကြတယ်။ အဲဒီအခါတုန်းက ဟောဒီ စာရေးကြီး အဖေနှင့်အမေတို့က အနီးအပါးရောက်လာပြီး သနားသက်ညှာတဲ့ စကားကို ပြောသွားတယ်။ အဲဒီ နွားမဘဝကသေတော့ ဟောဒီအဖေ၊ အမေတို့ သားဖြစ်ရတယ်။ ယခု ဆန်တစ်စလယ် အကြွေးဆပ်ဖို့လာတယ်' စသည်ဖြင့် ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြောသမျှတွေက အကုန်လုံး အမှန်ချည်းဖြစ်နေတယ်။ ဒါကြောင့် ဦးညိုမှာ သူပြုမိတာတွေကိုစဉ်းစားပြီး အင်မတန်ဝမ်းနည်းတဲ့အတွက် ငိုးကြွေးရှာပါသတဲ့။'

(ဒီအကြောင်းအရာကို ဦးညိုကိုယ်တိုင်ပင် ရေစကြိုမြို့က ဦးဘသွင်အား ၁၃၁၃-ခုနှစ်လောက်တုန်းက ပြောကြားလိုက်ကြောင်း သိရတယ်။ သို့ရာတွင် ပထမ အကြိမ်ရိုက်၌ 'အရှေ့မြောက်၊ ချောင်းဆုံရွာ၊ ကံကြီး'ဟုရှိသည်ကို တောင်တွင်းကြီးမြို့ နယ်မှ ဦးဘသိန်း၏ စုံစမ်းတွေ့ရှိချက်အရအားဖြင့် ဒု-အကြိမ်ရိုက်၌ 'အနောက် မြောက်၊ ချောင်းရိုးရွာ၊ ဘဆိုင်' ဟု ပြင်လိုက်သည်)

'ဒီဝတ္ထုသိစေလိုရင်းမှာ တဏှာမကင်းသေးရင် တစ်ဖန် ဘဝသစ်အမျိုးမျိုး ဖြစ်ရတယ်ဆိုတာ သိစေကြဖို့က လိုရင်းပါပဲ'

## သရဲဖြစ်ရ၊ နွားဖြစ်ရတာ ကြောက်စရာ

'၁၃ဝ၁-ခုနှစ်လောက်က မန္တလေးမြို့ ဘုရားကြီးတိုက်မှာ စာသင်သားရဟန်း တော်တစ်ပါး ရှိခဲ့တယ်။ သူ့ဘွဲ့တော်က ဦးအာစိဏ္ဏတဲ့။ ရုပ်ရည် ထွားကြိုင်းဖြူစင်တယ်။ သဒ္ဒါတရား ကောင်းတယ်။ ပိဋကတ်စာပေကို ကြိုးကြိုးစားစား ကျက်မှတ်တယ်။ အဲဒီ ဦးအာစိဏ္ဏက တစ်နေ့သောအခါ သပိတ်ဆေးနေရင်း 'အရှင်ဘုရားတို့ သတိပြု ကြပါ။ သူများတွေလှူတဲ့ ဆွမ်းတွေစားပြီး ကောင်းကောင်းကျင့်သုံးနေထိုင်ကြပါ။ တပည့်တော်ကတော့ သုံးဘဝတိုင် ကိုယ်တွေ့ဖြစ်လို့ အထူးသတိပြုနေပါတယ်' စသည် ဖြင့် အတူနေရဟန်းများအား ပြောကြားတယ်။

အဲဒီလို ပြောကြားပြီးနောက် သူ့အကြောင်းသိချင်တာနဲ့ ကိုယ်တော်တစ်ပါးက မေးကြည့်တယ်။ အဲဒီအခါ သူက ဒီလိုပြောပါတယ်။ 'သူဟာ လူ့ဘဝမှသေတဲ့အခါ သရဲမကြီးဖြစ်ခဲ့ရတယ်။ အဲဒီတုန်းက စားစရာလည်း မပြည့်စုံ၊ နေစရာလည်း ကောင်း ကောင်းမရှိတဲ့အတွက် ဟိုသွားရ ဒီသွားရနှင့် အင်မတန်ဆင်းရဲခဲ့တယ်။ အဲဒီဘဝမှ သေတော့ နွားထီးကြီးဖြစ်ရတယ်။ အဲဒီဘဝမှာ ဝန်အတူရုန်းဖော်ဖြစ်တဲ့ အခြားနွား တစ်ကောင်နဲ့ စားကျက်တစ်ခုတည်းမှာ အတူတူစားရတယ်'

'အဲဒီ အတူစားနေတဲ့ နွားရဲ့နှာခေါင်းမှာ နှာရည်ပုပ်တွေ မခံနိုင်အောင် ထွက်နေတဲ့အတွက် အဲဒီနွားကို ဝှေ့တယ်။ အဲဒီလိုဝှေ့တော့ ပိုင်ရှင်လူက ရိုက်တယ်၊ ကျယ်တယ်၊ အနိုင်ကျင့်တယ်ထင်လို့ ရိုက်တာဖြစ်ပါလိမ့်မယ်၊ ခဏခဏ ဝှေ့တယ်။ ဝှေ့တိုင်းဝှေ့တိုင်း အရိုက်ခံရတယ်။ အဲဒီနွား ဘဝမှသေတော့ လူ့ဘဝ ရောက်လာရ တယ်။ ဒါကြောင့် သံဝေဂရပြီး ရဟန်းပြုလာတဲ့အကြောင်း' ပြောပြတယ်။ (အဲဒီလို ပြောကြားစဉ်က အဲဒီလိုပြောတဲ့ရဟန်းမှာ ကိုးဝါဆယ်ဝါခန့်ရနေပြီဖြစ်ကြောင်း သိရ တယ်)

ဒီဝတ္ထုဖြင့် သိစေလိုရင်းကလည်း တဏှာရှိနေလို့ ဘဝသစ်ဖြစ်ရတယ် ဆို တာပါပဲ၊ နောက်ပြီးတော့ သရဲတစ္ဆေဖြစ်ရတာလည်း ကြောက်စရာကောင်းကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



နွားတွေမှာ စကားမပြောတတ်တဲ့အတွက် သူတို့၏အခက်အခဲများကို လူတို့အား မသိစေနိုင်သဖြင့်လူတို့၏ အနှိပ်အစက်ခံရတာလည်း ကြောက်စရာကောင်းကြောင်း များလည်း သံဝေဂယူဖွယ်ဖြစ်ပါတယ်။

## နွား၊ ခွေးဖြစ်ပြီးမှ လူပြန်ဖြစ်

'၁၃၁၀-ခုနှစ်လောက်ဆီက မုံရွာမြို့နယ်၊ ကျေးရွာဘုန်းကြီးကျောင်းတစ်ခုမှ ဘုန်းကြီးကို သူပုန်ဗိုလ်တစ်ယောက်က 'သူ့တပည့် ရဲဘော်အား နှိပ်စက်တယ်ဆိုပြီး သေနတ်ဖြင့် ပစ်သတ်တယ်။ အဲဒီကိုယ်တော်ဟာ ယခုတစ်ဖန် လူ့ဘဝရောက်လာပြီး ရဟန်းဖြစ်နေတယ်။ ပထမပြန်စာမေးပွဲမှာ အချို့အဆင့်အတန်းများ အောင်မြင်နေပြီလို့ ကြားသိရတယ်။ အဲဒီရဟန်းက သေနတ်ဖြင့်အပစ်ခံပြီး သေတဲ့အခါ 'နွားဘဝ' ဖြစ်ခဲ့ရကြောင်း၊ အဲဒီကနောက် ခွေးဘဝ၌ဖြစ်ခဲ့ရကြောင်း အဲဒီကနောက် 'လူ့ဘဝ' ပြန်ရောက်လာခဲ့ကြောင်း ပြောပါသတဲ့။

နောက်ပြီးတော့ အဲဒီရဟန်းဟာ သေနတ်လက်နက်ကိုင်သူများကို အလွန် ကြောက်တတ်တယ်လို့လည်း ဆိုပါတယ်။ ဒီဝတ္ထုမှာ ရဟန်းအဖြစ်မှ နွားဖြစ်ရတယ်၊ ခွေးဖြစ်ရတယ်ဆိုတာ အင်မတန် ယုတ်ညံ့တယ်လို့ ထင်စရာရှိပါတယ်။ တဏှာမကင်း သေးရင် ဒါထက်ယုတ်ညံ့တဲ့ ဘဝတွေလည်း ဖြစ်နိုင်သေးတာပဲ။ ဘုရားလက်ထက် တော်တုန်းက အရှင်တိဿဆိုတဲ့ရဟန်းဟာ သန်းတောင် ဖြစ်ရသေးတာပဲ။ ဒါ့ကြောင့် တဏှာမကင်းသေးတဲ့သူတိုင်း (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာလည်း မကင်းသေးရင်) ဒီလိုဘဝမျိုး တွေမှာ ဖြစ်နိုင်သေးတယ်ဆိုတာကိုသိပြီးတော့ တဏှာကင်းအောင် အားထုတ်နိုင်ဖို့ အရေးကြီးပါတယ်။ အောက်ထစ်ဆုံးအားဖြင့် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကင်းအောင် အားထုတ်ဖို့ လိုပါတယ်။

## တောက်တဲ့တောင် ဖြစ်ရသေးသတဲ့

'၁၃၂၃-ခုနှစ်လောက်တုန်းက ဒိုက်ဦးမြို့အနီး၊ ဖအောင်ဝဲဆိုတဲ့ရွာမှာ ထူး ဆန်းတဲ့ကလေးတစ်ယောက် ပေါ်လာတယ်။ အဲဒီကလေးက သူဟာ ဒိုက်ဦးမြို့ တောင် ဘက် (၂)မိုင်လောက်ဝေးတဲ့ ရွာဝိုင်းကြီးက ဘုန်းကြီးဖြစ်ကြောင်းပြောသတဲ့။ စာကျက် မှတ်ဉာဏ်လည်း အထူးကောင်းသတဲ့။ သူနေခဲ့တယ်ဆိုတဲ့ကျောင်းကို ခေါ်သွားတဲ့ အခါ အဲဒီကျောင်းကပစ္စည်းတွေကို သူက အကုန်သိနေတယ်။ ဒါက ဘယ်သူက လှူတဲ့ ပစ္စည်း စသည်ဖြင့် လှူတဲ့သူတွေရဲ့နာမည်ကိုလည်း ပြောတယ်။ ပြောတဲ့သူတိုင်း လည်း မှန်သတဲ့။ သူဟာ အဲဒီဘုန်းကြီးဘဝမှ ပျံတော်မူတဲ့အခါ အဲဒီကျောင်းမှာပဲ 'တောက်တဲ့' ဘဝ၌ ဖြစ်ခဲ့ရသတဲ့။ အဲဒီ တောက်တဲ့ဟာ ကျောင်းနှင့်ထန်းပင်အကူးမှာ လွတ်ကျပြီး ပေါင်ကျိုးသွားတဲ့ဒဏ်ရာကြောင့် သေခဲ့ရသတဲ့။ သေတဲ့အခါ အဲဒီ ကျောင်းနားမှာ လယ်လုပ်နေတဲ့ ဖအောင်ဝဲရွာက လယ်သမား(ယခုအဖေ)ရဲ့ လှည်း ပေါ်မှာ စီးလိုက်သွားပြီး အဲဒီ လှည်းသမားအိမ်မှာပဲ ဝင်နေတယ်လို့ ပြောပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလှည်းပေါ် စီးလိုက်သွားတယ်ဆိုတာ စသည်ကတော့ ဂတိနိမိတ်ထင်ခဲ့ ပုံတွေပါပဲ'

ဤကား ဘဝတဏှာ၏ အပြစ်ကိုမြင်ပြီး ပယ်သတ်နိုင်ရန် ဇာတ်တော်လာ သာဓက၊ လက်တွေ့သာဓကတို့ကို ထုတ်ပြခြင်းတည်း။

နောက်ဆုံး တူးဖော်၍တွေ့သော နဂါးဆိုသည်ကား ရဟန္တာကိုပင် ဆိုလိုခြင်းဖြစ်၏။ နဂါးသည် တည်ရှိပါစေ၊ နဂါးကို မထိခိုက်စေလင့်၊ နဂါးအား ရှိခိုးခြင်းကိုပြုလော့ ဆိုသည်ကား 'ရဟန္တာကို ရှိခိုးခြင်းပြုပါ'ဟု ဆိုလိုခြင်းပင်ဖြစ်၏။ ဝမ္မိကသုတ်ကို အကျယ်ဖွင့်ပြခြင်းကား ဤတွင် ပြီးဆုံးလေပြီ။

## အရိယာတို့၏ နေပုံနေနည်း

အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ်၌ အရိယာတို့၏ နေပုံနေနည်းကိုပြသော 'ပထမအရိယာဝါသသုတ်'နှင့် 'ဒုတိယအရိယာဝါသသုတ်'ဟူ၍ သုတ်နှစ်သုတ်ရှိ၏။ ဤ၌ ဒုတိယအရိယဝါသသုတ်ကို အခြေခံ၍ အရိယာတို့၏ စိတ်နေသဘောထား၊ နေပုံ နေနည်းများကို ရေးပြအံ့။ ဤသုတ်ကို အကျယ်လေ့လာခြင်းဖြင့် မိမိနှင့် သူတစ်ပါး နှစ်ဦးသားတို့၏ အရိယာဟုတ်-မဟုတ်ကို သုံးသပ်ဆုံးဖြတ်နိုင်မည်။ အရိယာမဖြစ်သေးသော်လည်း၊ အရိယာလို နေတတ်,သွားသဖြင့် လက်ငင်းချမ်းသာမည်။

အရိယာများကို ယခင်ကထက်ပို၍ ကြည်ညိုတတ်သွားမည်။ ဤအကျိုးကျေးဇူးများကို ရရှိခံစားရမည်ဖြစ်၏။

တစ်ခါတွင် ကောသလမင်းကြီးက ဇေတဝန်ကျောင်းရှေ့မှ ဖြတ်သွားသော သက်န်းဝတ်တစ်စုကို 'ရဟန္တာများဖြစ်ကြောင်း ဘုရားကို လျှောက်ထား၏'။ ထိုအခါ ဘုရားရှင်က 'ရဟန္တာ ဟုတ်-မဟုတ်၊ အရိယာ ဟုတ်-မဟုတ်ကို လွယ်လွယ်နှင့် မသိနိုင်ကြောင်း၊ အရိယာအဖြစ်ကိုသိနိုင်ရန် အလွန်ခဲယဉ်းကြောင်း၊ အရိယာ ဟုတ်-မဟုတ်သိနိုင်ရန် ခဏလေးပေါင်းကြည့်ရုံနှင့် မသိနိုင်။ အကြာကြီး ပေါင်းကြည့်မှသာ သိနိုင်သည်။ အကြာကြီးပေါင်းနေသော်လည်း မလေ့လာလျှင် မသိနိုင်၊ လေ့လာမှသာ သိနိုင်သည်။ သာမန် လေ့လာရုံနှင့်လည်း မသိနိုင်၊ သေချာတိကျစွာ လေ့လာနိုင်သော အသိဉာဏ်စွမ်းရှိမှသာ သိနိုင်သည်'။ ဤ၌ လေ့လာနိုင်သော ဉာဏ်စွမ်းဟူသည် ယခု ဖော်ပြလတ္တံ့သော အရိယာဝါသ အရိယာတို့၏ နေနည်း ဆယ်ချက်ကို သိရှိထားခြင်းပင် ဖြစ်၏။

ယင်းဆယ်ချက် ခေါင်းစဉ်အကျဉ်းကား-

၁။ အင်္ဂါငါးပါးကို ပယ်ရမည်၊ ပယ်ပြီးဖြစ်အောင် ကျင့်ရမည်။

၂။ အင်္ဂါခြောက်ပါးနှင့်လည်း ပြည့်စုံရမည်။

၃။ တစ်ခုသော အစောင့်ရှောက်ရှိရမည်။

၄။ လေးပါးသောမှီရာ ရှိရမည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ အသီးသီးသော သစ္စာဝါဒကို ပယ်ပြီးဖြစ်ရမည်။
၆။ ရှာမှီးမှုအလုံးစုံကို အကုန်ပယ်စွန့်ပြီးဖြစ်ရမည်။
၇။ မနောက်ကျူသော အကြံအစည်ရှိရမည်။
၈။ ငြိမ်းသော ကာယသင်္ခါရ ရှိရမည်။
၉။ ကိလေသာမှ ကောင်းစွာလွတ်သောစိတ် ရှိရမည်။
၁၀။ ကိလေသာမှ ကောင်းစွာလွတ်သောပညာ ရှိရမည် တို့ဖြစ်၏။

(ဆောင်)

'ငါးအင်ပယ်လေ၊ ဂုဏ်ခြောက်သွေ၊ စုံစေစောင့်တစ်ပါး။
လေးရပ်မှီကာ၊ ပယ်ရှင်းရာ၊ သစ္စာသီးသန့်များ။
ရှာမှီးကင်းစင်၊ ကြံကြည်လင်၊ ထွက်ဝင်ငြိမ်းစေသား။
စိတ်ကောင်းစွာလွတ်၊ ပညာလွတ်၊ မချွတ်ဂုဏ်ဆယ်ပါး။
အရိယာဝါသ၊ ဟောဖော်ပြ၊ ဗုဒ္ဓမြတ်ဘုရား။'

*(မဟာစည်ဆရာတော်)*

အင်္ဂါငါးပါးကို ပယ်ရမည်ဟူသည်မှာ အကျယ်ပြပြီးခဲ့သော နီဝရဏငါးပါးကို ရှုမှတ်ပွားများပြီး ပယ်သတ်ရမည်ဟု ဆိုလိုခြင်းဖြစ်၏။ အနာဂါမ်နှင့် ရဟန္တာများကား သတိပညာဖြင့် နီဝရဏငါးပါးကို အမြဲတမ်း ပယ်သတ်နိုင်ကြသည်။ ထို့ကြောင့် အမြဲတမ်း ကိလေသာငြိမ်းပြီး အေးချမ်းနေခြင်းဖြစ်၏။ သောတာပန်နှင့် သကဒါဂါမ်များကား ရှုမှတ်ချိန်မှာသာ နီဝရဏကင်းပျောက်၍ မရှုမှတ်ချိန်၌ မကင်းပျောက်၊ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံရမည်ဟူသည် အာရုံခြောက်ပါးနှင့် တွေ့ဆုံသောအခါ နှစ်သက်မှု လောဘ၊ မနှစ်သက်မှုဒေါသ စသောကိလေသာတို့ မဖြစ်စေဘဲ မြင်လျှင်-မြင်ကာမျှ သဘော၊ ကြားလျှင်-ကြားကာမျှသဘော ဥပေက္ခာဝေဒနာအနေနှင့် ထားနိုင်ရမည်ဟုဆိုလို၏။ 'တစ်ခုသော အစောင့်အရှောက်ဟူသည် ဝိပဿနာသတိ အမြဲ ရှိနေသည်'ဟု ဆိုလိုခြင်းဖြစ်၏။

လေးပါးသောမှီရာဟူသည်-

၁။ မှီဝဲသင့်သောပစ္စည်းလေးပါးကို ဆင်ခြင်ပြီး သုံးဆောင်မှီဝဲရမည်။
၂။ မနှစ်သက်သောအာရုံနှင့် တွေ့သောအခါ ဒေါသမဖြစ်အောင် သည်းခံရမည်။
၃။ ဘေးအန္တရာယ်ဖြစ်နိုင်သောနေရာများသို့ မသွားဘဲ ရှောင်ကြဉ်ရမည်။
၄။ ကာမဂုဏ်ကို ကြံစည်စိတ်ကူးသော ကာမဝိတက်၊ သူတစ်ပါးပျက်စီးဖို့ ကြံစည်စိတ်ကူးသော ဗျာပါဒဝိတက်၊ သူတစ်ပါးကို နှိပ်စက် ညှဉ်းဆဲလိုသော ဝိဟိံသဝိတက်များပေါ်လာလျှင် ပယ်လှန်ပစ်ခြင်းတို့ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



(ဆောင်)

မို့ဝဲသည်းခံ၊ ရှောင်ပယ်လှန်၊ လေးတန်မို့ရာများ။

အသီးသီးသော သစ္စာဝါဒကို ပယ်ပြီးဖြစ်ရမည်ဟူသည်-

သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်သတ်ပြီးဖြစ်ရမည် ဟုဆိုလို၏။

ရှာမှီးမှုအလုံးစုံ ကင်းစင်ရမည်ဟူရာ၌ ရှာမှီးမှုသည်-

* ဗြဟ္မစရိယ ပရိယေသနာ = မြတ်သောအကျင့်ကို ရှာမှီးခြင်း။

* ကာမေသနာ = ကာမဂုဏ်ကို ရှာမှီးခြင်း။

* ဘဝေသနာ = ဘဝကို ရှာမှီးခြင်းတို့ဖြစ်၏။

'ဗြဟ္မစရိယပရိယေသနာ'ဟူသည် မှားသောအကျင့်ကို မှန်သောအကျင့်ဟု အယူလွဲပြီးရှာဖွေမှုကို ဆိုလိုခြင်းဖြစ်၏။ သောတာပန်ဖြစ်သည်နှင့် ထိုရှာမှီးမှုကို ပယ်သတ်ပြီးဖြစ်၏။ ရဟန္တာဖြစ်သည်နှင့် 'ဘဝေသနာကို ပယ်သတ်ပြီး'ဖြစ်၏။ အနာဂါမ်ဖြစ်သည်နှင့် 'ကာမေသနာကို ပယ်သတ်ပြီး'ဖြစ်၏။ မနောက်ကျူသော အကြံအစည် ရှိရမည်ဟူသည် မကောင်းသော ဝိတက်သုံးပါးမှ ရှောင်ကြဉ်ပြီး တရားရှုမှတ်သောအားဖြင့် ကောင်းသောအကြံအစည်ကို ကြံစည်ခြင်းကို ဆိုလိုခြင်းဖြစ်၏။

'ငြိမ်းသောကာယသင်္ခါရ' ရှိရမည်ဟူသည် စတုတ္ထဈာန်ကိုဝင်စားပြီး ထွက်လေ၊ ဝင်လေ ငြိမ်းနေခြင်းကိုဆိုလိုခြင်းဖြစ်၏။ ဤအချက်ကား တတ်နိုင်လျှင် ကောင်း၏။ မတတ်နိုင်လျှင် နေရ၏။ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော ဆဠဘိညရဟန္တာ၊ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသော တေဝိဇ္ဇပတ္တရဟန္တာများသာ ထိုစတုတ္ထဈာန်နှင့် ပြည့်စုံနိုင်၏။ ဈာန်မှ ခြောက်သွေ့သည့် သုက္ခဝိပဿကခေါ်သော ရဟန္တာမျိုးကား ထိုစတုတ္ထဈာန်ကို ဝင်စားနိုင်ခြင်းမရှိချေ။

အရဟတ္တမဂ်၊ အရဟတ္တဖိုလ်စိတ်ကိုပင် ကိလေသာမှ ကောင်းစွာလွတ်သော စိတ် ရှိရမည်ဟုဆိုလိုခြင်းဖြစ်၏။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရရှိပြီးနောက် 'ငါ၏စိတ်သည် ကိလေသာအားလုံးမှ လွတ်မြောက်နေပါလား'ဟု ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ကိုပင် 'ကိလေသာမှ ကောင်းစွာလွတ်သောပညာ ရှိရမည်'ဟုဆိုလိုခြင်းဖြစ်၏။

နိဗ္ဗာန်သို့ လာခြင်း၊ နိဗ္ဗာန်သို့ သွားခြင်း၊ ပြောင်းရွှေ့ခြင်း၊
နိဗ္ဗာန်၌ တည်နေခြင်း၊ နိဗ္ဗာန်၌ ပဋိသန္ဓေနေခြင်း၊
နိဗ္ဗာန်၌ စုတေခြင်းဟူ၍ မရှိ။
ဒေသမှ လွတ်၏။ ကာလမှ လွတ်၏။
မသိမှုမှလည်း လွတ်၏။ သိမှုမှလည်း လွတ်၏။

* (ဥဒါန်းပါဠိတော်)

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်၌ ခံစားမှုမရှိ၊ ခံစားမှုမရှိခြင်းသည်ပင် ချမ်းသာဖြစ်၏။

* (အင်္ဂုတ္တိုရ်ပါဠိတော်)

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသောဒွါရမရှိ။အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိ၊ ကြံတွေးဟူသော အာရုံများ လည်း မရှိ။ စိတ်၊ စေတသိက်ဟူသော အာရမ္မဏိကလည်း မရှိ။ ထိုသို့ ဒွါရ၊ အာရုံ၊ အာရမ္မဏိကတို့ မရှိခြင်းသည်ပင် ဒုက္ခ၏အဆုံး နိဗ္ဗာန်ပေတည်း။

* (ဥဒါန်းပါဠိတော်)

နိဗ္ဗာန်၌ မျက်စိနှင့်မြင်ခြင်းဆိုင်ရာ မှတ်သားမှု ချုပ်၏။ နားနှင့် ကြားခြင်း ဆိုင်ရာမှတ်သားမှု ချုပ်၏။ နှာခေါင်းနှင့် နံခြင်း ဆိုင်ရာမှတ်သားမှု ချုပ်၏။ လျှာနှင့် စားခြင်းဆိုင်ရာမှတ်သားမှု ချုပ်၏။ ကိုယ်နှင့် တွေ့ထိခြင်းဆိုင်ရာမှတ်သားမှု ချုပ်၏။ စိတ်နှင့် သိခြင်းဆိုင်ရာမှတ်သားမှု ချုပ်၏။

* (သဠာယတနသံယုတ်)

ဖြစ်ပေါ်မှုမရှိသော၊ ထင်ရှားဖြစ်နေမှုမရှိသော၊ ပြုပြင် စီရင်မှု မရှိသော နိဗ္ဗာန်သည် ကေန်ရှိ၏။ အကယ်၍ နိဗ္ဗာန်မရှိခဲ့ ပါမူ ဤလောက၌ ဖြစ်ပေါ်မှု၊ ထင်ရှား ဖြစ်နေမှု၊ ပြုပြင်စီရင်မှုဟူ သော ခန္ဓာငါးပါးမှ လွတ်မြောက်ခြင်းသည် ထင်ရှားမရှိတန်ရာ။

* (ဣတိဝုတ်ပါဠိတော်)

ပကတိမျက်စိဖြင့် မမြင်ကောင်းသော ဖြစ်တည်ပျက် အ ပိုင်းအခြားကင်းသော ဉာဏ်အထူးဖြင့် သိအပ်သော နိဗ္ဗာန်သည် ရှိ၏။ ထိုနိဗ္ဗာန်၌ ရေ၊ မြေ၊ မီး၊ လေ မရှိ၊ အတိုအရှည်၊ အကြီး အသေး၊ အကောင်းအဆိုး မရှိ။ ထိုနိဗ္ဗာန်၌ ရုပ်နာမ် အကြွင်းမဲ့ ချုပ်၏။ ဝိညာဏ်ချုပ်ခြင်းကြောင့် ရုပ်နှင့်နာမ် ချုပ်၏။

* (ဒီဃနိကာယ်)

နိဗ္ဗာန်နှင့်တူသော ဥပမာမရှိ၊ အရောင်အဆင်း၊ အသွင် သဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအတာ၊ တည်ရာအရပ်၊ ဖြစ်ခြင်း အကြောင်း၊ ဖြစ်စေသောအထောက်အပံ့ စသည်တို့ နိဗ္ဗာန်၌မရှိ။

www.burmeseclassic.com

www.burmeseclassic.com



* (မိလိန္ဒပဉှာ)

သင်္ခါရနှင့် နိဗ္ဗာန်သည် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်၏။ သင်္ခါရတို့၌ နိဗ္ဗာန်မရှိသလို နိဗ္ဗာန်၌လည်း သင်္ခါရတို့မရှိချေ။

* (ဥဒါန်းအဋ္ဌကထာ)

## နောက်ဆုံးပန်းတိုင်

ဘာသာအသီးသီးတွင် နောက်ဆုံးပန်းတိုင်များရှိကြ၏။ နာမည်မတူသလို ရှိပုံချင်းလည်း မတူကြ။ လူတစ်ယောက်သည် မည်မျှလောက်ပင် အပြေးမြန်သော်လည်း တစ်ယောက်တည်း ပြေးနေလျှင် မြန်မှန်းမသိသာပေ။ အများနှင့် ယှဉ်ပြေးကြည့်မှသာ ထိုသူ၏ လျင်မြန်မှုသည် သိသာမြင်သာလာ၏။ ထို့အတူ ဗုဒ္ဓဘာသာ နိဗ္ဗာန်၏ ကြီးကျယ်မြင့်မြတ်မှုသည်လည်း 'အခြားဘာသာတို့၏ ပန်းတိုင်နှင့် နှိုင်းယှဉ်ကြည့်မှ' ပိုပြီး သိသာမြင်သာလာနိုင်၏။ ထင်ရှားလာနိုင်၏။

ထို့ကြောင့် ခရစ်ယာန်ဘာသာဝင်တို့၏ ကောင်းကင်ဘုံနန်း၊ မဟာမေဒင်ခေါ် အစ္စလာမ်ဘာသာဝင်တို့၏ ပရစ်(စ်)ထား၊ ဟိန္ဒူဘာသာဝင်တို့၏ မုတ္တိတရားတို့ကို သိသာရုံ ပြအံ့။ ခရစ်ယာန်ဘာသာဝင်၏ ပင်မအယူဝါဒသည် ဗရင်ဂျီဘာသာမှ သတ္တမမြောက် ဟင်နရီဘုရင်လက်ထက်မှစပြီး ဂိုဏ်းကွဲများ ပေါ်ထွက်လာခဲ့၏။ ထို ဗရင်ဂျီဘာသာဒေသနာအရ ကောင်းကင်ဘုံနန်းဟူသည် အရင်က မရှိခဲ့။ နောက်ပိုင်းကျမှ ထာဝရဘုရားသခင်ကိုယ်တော်မြတ်က ဖန်ဆင်းခဲ့ခြင်းဖြစ်၏။

ထာဝရဘုရားသခင်သည် ကာလရှည်လျားစွာ တစ်ဦးတည်း ခံစားနေတော်မူရသည်ကို ငြီးငွေ့သဖြင့် ကောင်းကင်ဘုံနန်းကြီးတစ်ခုကို ဖန်ဆင်းရန် အကြံဖြစ်၏။ ထို့နောက် ထာဝရဘုရားက ကောင်းကင်ပြင်ကြီးတစ်ခုလုံးကို ဖုံးလွှမ်းထားသော အလွန်လှပပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ကောင်းကင်ဘုံနန်းကြီးတစ်ခု ပေါ်ပေါက်စေ၊ ကောင်းကင်ဘုံနန်း၌ ငါဘုရားသခင် စံတော်မူရန် အလွန်တရာ ခံ့ညား ထည်ဝါတော်မူလှသည့် ပလ္လင်တော်တစ်ခု ပေါ်ပေါက်လာစေ။

ထိုပလ္လင်တော်၏ ရှေ့၊ လက်ဝဲ၊ လက်ယာတို့တွင် တစ်ဘက်တစ်ဘက်၌ ကိုးကုဋေစီ အရေအတွက်ရှိသော နေရာထိုင်ခင်းများ ပေါ်ပေါက်လာစေ၊ ဤနေရာထိုင်ခင်းများ၌ နေထိုင်ကြရန်အတွက် (၁၈)ကုဋေမျှသော တမန်တော်များ ပေါ်ပေါက်လာစေဟု အမိန့်ရှိလိုက်ရာ တမန်တော်(၁၈)ကုဋေလည်း တစ်ခါတည်းပေါ်လာပြီး သူတို့အတွက် ဖန်ဆင်းသော နေရာထိုင်ခင်းများ၌ အသီးသီး ဝင်ရောက်နေထိုင်ကြ၏။

လက်ယာဘက်မှ ကိုးကုဋေသော တမန်တော်များ၏ အကြီးအမှူးအဖြစ် 'ဂေးဘရစ်ယ်(လ်)'ကို ခန့်ထား၏။ လက်ဝဲဘက်မှ ကိုးကုဋေသော တမန်တော်များ၏ အကြီးအမှူးအဖြစ် 'လော့ဂေါ့(စ်)'ကို ခန့်ထား၏။ ကျန် တမန်တော်အားလုံးသည်

www.burmeseclassic.com

www.burmeseclassic.com



'ဂေးဘရစ်ယ်(လ်)နှင့် လော့ဂေါ့(စ်)'တို့ကို ရှိသေကြရမည်။ 'ငါကိုယ်တော်မြတ်ကိုယ်စား သင်တို့ကို အုပ်ချုပ်စီမံလိမ့်မည်'ဟူ၍လည်း အမိန့်တော်သတ်မှတ်ထား၏။ ထာဝရဘုရားသခင်နှင့် တမန်တော်များသည် ကောင်းကင်ဘုံနန်း၌ ပျော်ရွှင်စွာ စံမြန်းနေကြ၏။

တစ်နေ့တွင် လက်ဝဲ, လက်ယာမှ တမန်တော်အားလုံး ပျော်ပါးနေကြသည်ကို ကြည့်ရင်း သည်တမန်တော်အားလုံးအနက် မည်သည့်တမန်တော်က ငါ့အပေါ် ပိုပြီး သစ္စာရှိတယ်ဆိုတာသိရအောင် စမ်းသပ်ကြည့်ရန် ထာဝရဘုရားသခင်သည် တမန်တော်များအားလုံး မမြင်ရအောင် ကိုယ်ရောင်ဖျောက်လိုက်၏။ ကွယ်ပျောက်သွားပြီး နောက် အတော်ကြာသောအခါ လက်ဝဲဘက်မှ တမန်တော်တို့၏ခေါင်းဆောင် လော့ဂေါ့(စ်)သည် ဤကဲ့သို့ကြံစည်၏။

'ထာဝရဘုရားသခင်ပျောက်ကွယ်သွားတာ အတော်ကြာသွားပြီ၊ ပြန်လာချင်မှ လာတော့မှာ၊ ထာဝရဘုရားထိုင်တဲ့ ပလ္လင်ပေါ်တက်ထိုင်လိုက်ရင် ငါဟာ အနန္တ တန်ခိုးရှင် ထာဝရဘုရားသခင် ဖြစ်သွားမယ်၊ အကယ်၍ ငါတက်မထိုင်ရင် တခြား ထာဝရဘုရားတစ်ဆူ ရောက်လာနိုင်တယ်'

ဤအကြံအစည်ဖြင့် လော့ဂေါ့(စ်)သည် ပလ္လင်ပေါ်တက်ထိုင်လိုက်၏။ ပြီးလျှင် 'ထာဝရဘုရားသခင်သည် မည်သည့်အခါမှ ကြွလာတော့မည်မဟုတ်ကြောင်း၊ ထို့ကြောင့် သူသည်သာလျှင် အနန္တတန်ခိုးရှင် ထာဝရဘုရားသခင်အသစ်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံး နေရာမှထပြီး သူ့ကို ဦးညွှတ်ကြရမည်'ဟုပြော၏။ လက်ဝဲဘက်မှ တမန်တော်များအားလုံးက နေရာမှထပြီး ဦးညွှတ်ကြကာ 'ထာဝရဘုရားသခင်အသစ်ကို ကိုးကွယ်ပါကြောင်း၊ သူတို့အား စောင့်ရှောက်ပါမည့်အကြောင်း' လျှောက်ထားကြ၏။

လက်ယာဘက်မှ တမန်တော်များကား ဦးညွှတ်ခြင်းကို မပြုကြ။ ထိုအချိန်မှာပင် ထာဝရဘုရားသခင်သည် ရုတ်တရက် ဒေါသတကြီး ပေါ်ပေါက်တော်မူလာပြီး တမန်တော် လော့ဂေါ့(စ်)ကိုဖမ်းကာ ကောင်းကင်ဘုံနန်းကြမ်းပြင်ပေါ် ကိုင်ပေါက်လျက်-

'အို- ယုတ်ညံ့သိမ်ဖျင်းလှတဲ့ အကုသိုလ်ကောင် လော့ဂေါ့(စ်)၊ သင်ဟာ မာန်မာနတရား အလွန်ကြီးထွားပြီး သင့်အား ဖန်ဆင်းသူ၊ သင်ရဲ့ကျေးဇူးတော်ရှင် ငါဘုရားသခင်ကိုယ်တော်မြတ်ကိုပင် မရှိမသေ မလေးမခန့်ပြုပြီးတော့ ဘယ်နည်းနှင့်မျှ ခွင့်မလွှတ်နိုင်သောပြစ်မှုကို ကျူးလွန်ထားချေပြီ၊ သင်နှင့်တကွ သင့်နောက်လိုက် တမန်တော်တွေဟာ ဒီအပြစ်ဒဏ်ဖြင့် ပျက်စီးကြကုန်အံ့၊ သင်တို့အတွက် ငါသည် ငရဲဘုံကို ဖန်ဆင်းအံ့၊ သင်တို့သည် အလွန်ပြင်းထန်လှစွာသော ဝေဒနာကို ခံစားကြရကုန်အံ့။ အသင် လော့ဂေါ့(စ်)သည် ယနေ့မှစ၍ 'လူစီဖား'ဟုတွင်ပြီး ငရဲဘုံ၏ဘုရင် ဖြစ်စေအံ့'

'အခြားသူများကိုလည်း မကောင်းမှုကိုပြုလုပ်ရန် စေ့ဆော်တိုက်တွန်းနေအံ့၊

www.burmeseclassic.com

www.burmeseclassic.com



သင်၏နောက်လိုက်များသည်လည်း ဘီလူးသဘက် ဖြစ်ကြစေအံ့၊ သင်သည် မည်းမှောင်သောအသွင်သဏ္ဌာန်သို့ ကူးပြောင်းပြီး ဦးချိုနှစ်ချောင်းနှင့် အမြီးတစ်ချောင်းပေါက်စေအံ့၊ သင်၏ခံတွင်းမှလည်း မီးတောက်မီးလျှံများ ထွက်စေအံ့၊ နှောင်းကာလ၌ ငါဘုရားသခင် ကိုယ်တော်မြတ်သည် လူသားတို့ကို ဖန်ဆင်း၍ ပညတ်တော်(၁၀)ချက်ကို အထိန်းသိမ်းခိုင်းအံ့၊ ဤနည်းဖြင့် သူတို့သည် မကောင်းမှုကိုပြုရန် သင်၏ တိုက်တွန်းနှိုးဆော်ချက်ကို မဖယ်ရှားနိုင်ဘဲ သင်၏ အလိုဆန္ဒအတိုင်း လိုက်နာ ပြုလုပ်ကြသည့် လူသားတို့သည် ငရဲဘုံတွင် ငရဲမီး၏လောင်မြိုက်ခြင်းကို အစဉ်ထာဝရ ခံစားနေကြကုန်အံ့'

'သို့ရာတွင် ငါဘုရားသခင်ကိုယ်တော်မြတ်၏ ပညတ်တော်(၁၀)ချက်အတိုင်း လိုက်နာကြ၍ သင်၏ စေ့ဆော်တိုက်တွန်းချက်ကို ငြင်းဆန်ပြီး သင်နှိုးဆော်သည့်အတိုင်း မလုပ်ကြသည့် လူသားတို့ကား ဤကောင်းကင်ဘုံနန်းတွင် အစဉ်ထာဝရ ခံစားကြရစေအံ့'ဟု အမိန့်ထုတ်ပြန်ပြီး ကောင်းကင်ဘုံနန်းအောက်တွင် ငရဲဘုံကို ဖန်ဆင်းပြီးတဲ့နောက် ကောင်းကင်ဘုံနန်းကြမ်းပြင်ကို တစ်ခါတည်းခွဲပစ်ပြီး မကောင်းမှု အကုသိုလ်ကံကျူးလွန်ကြသော တမန်တော်ကိုးကုဋေကို ငရဲပြည်သို့ ချလိုက်လေ၏။

ဖော်ပြခဲ့သည့် ကောင်းကင်ဘုံနန်းသမိုင်းကို ကြည့်ခြင်းအားဖြင့် ခရစ်ယာန်တို့၏ နောက်ဆုံးပန်းတိုင် ကောင်းကင်ဘုံနန်းသည် အစကတည်းက ရှိနေသည် မဟုတ်ဘဲ 'ထာဝရဘုရား ဖန်ဆင်းသောကြောင့် ဖြစ်လာကြောင်း'တွေ့ရ၏။ 'ဖန်ဆင်းရခြင်း'ဟူသည် တကယ်ရှိမနေသောကြောင့်ဖြစ်၏။ တကယ်ရှိမနေသောတရားသည် နောက်ဆုံး၌ ပျက်စီးရမည်သာ။ 'ဗုဒ္ဓဘာသာတို့၏ နိဗ္ဗာန်ကား ဖန်ဆင်းထားခြင်း မဟုတ်၊ အမြဲရှိနေသော တရားဖြစ်၏။ ဝည်မြဲခြင်းလည်း ရှိ၏။ ချမ်းသာအစစ်လည်း ဖြစ်၏'

အိုခြင်း၊ နာခြင်း၊ သေခြင်းမှလည်း ကင်းလွတ်၏။ တစ်ထောင့်ငါးရာ ကိလေသာတို့ ချုပ်ငြိမ်း၏။ ဒုက္ခဆင်းရဲအမျိုးမျိုးမှလည်း လွတ်၏။ ခန္ဓာငါးပါး ရုပ်နာမ်တရားလည်း မရှိ။ ထို့ကြောင့် 'ခရစ်ယာန်တို့၏ ကောင်းကင်ဘုံနန်းနှင့် ဗုဒ္ဓဘာသာတို့၏ နိဗ္ဗာန်သည် တခြားစီသာဖြစ်၏'။ မဟာမေဒင်ဘာသာခေါ် အစ္စလာမ်ဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင် 'ပရစ်(စ်)ထား'ကား ခရစ်ယာန်တို့၏ ကောင်းကင်ဘုံနန်းနှင့် အတူတူသာဖြစ်၏။ 'ဘာသာမတူဘဲလျက် အဘယ်ကြောင့် ပန်းတိုင်ခြင်း တူနေရသနည်း'။

အဖြေကား-'မိုဟာမက်သည် ခရစ်ယာန်ဘာသာနှင့် ဇိုရိုအက်စတားဘာသာတို့မှ ကောင်းနိုးရာရာအချက်တို့ကို ထုတ်နှုတ်၍ အစ္စလာမ်ဘာသာကို တီထွင်ခဲ့သောကြောင့်'ပေတည်း။

ယခု ဟိန္ဒူတို့၏ နောက်ဆုံးပန်းတိုင် မုတ္တိအကြောင်းကို ရေးအံ့။ ဟိန္ဒူဘာသာသည် ဂေါတမဗုဒ္ဓ ပွင့်တော်မမူမီ နှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်နေသောဘာသာတစ်ခုဖြစ်၏။ ဟိန္ဒူဝါဒပေါ်စက 'ထင်ရှားသော ကျမ်းကြီးသုံးကျမ်း'

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ ယင်းတို့ကား 'ရစ်ဂ်ဝေဒကျမ်း၊ အတ္ထာရဝေဒကျမ်း၊ သာမဝေဒကျမ်း' တို့ဖြစ်၏။

ရစ်ဂ်ဝေဒကျမ်းထဲ၌ တိရစ္ဆာန်များ၊ လူများကို ယာဇ်ပူဇော်ပသခြင်းနှင့် ဆိုင်ရာ ဓမ္မသီချင်းများသာ ပါ၏။ အတ္ထာရဝေဒကျမ်းထဲ၌ ယာဇ်ပူဇော်ပသပုံ၊ ပသ နည်းထုံးနိသျှတွေသာ ပါ၏။ သာမဝေဒထဲ၌ သိကြား(အင်ဒရာ)၊ မီးနတ်သား(အဂ္ဂိ) လေနတ်သား (ဝရုန)တို့ကို ယာဇ်ပူဇော်ပသသည့်အခါ သီဆိုကြရမည့် သီချင်းများသာ ပါ၏။ ဟိန္ဒူဝါဒ၏ပန်းတိုင် မုတ္တိခေါ် လွတ်မြောက်ခြင်းနှင့်ဆိုင်ရာ တရားတော် တစ်ခုမှ မပါပေ။

မုတ္တိနှင့်ပတ်သက်သော ဖွင့်လှစ်ချက်ကို နောက်ပိုင်းကာလကျမှ ပေါ်လာသော ဗြာဟ္မဏလမ်းစဉ်တရားကျမ်း၊ ဥပနိသာဒကျမ်း၊ သမထဗြဟ္မဏကျမ်းတို့၌ တွေ့ရှိရ၏။ ဗြဟ္မဏလမ်းစဉ်တရားကျမ်း၌ မုတ္တိနှင့်ပတ်သက်၍ ဤသို့ဖွင့်ဆို၏။ 'ပဇာပတိနတ်မင်း(ဖန်ဆင်းရှင်ကြီး)သည် အစပထမက အချိန်ကြာမြင့်စွာ တစ်ပါးတည်း နေထိုင်ခဲ့၏။ တစ်နေ့သောအခါ သူ့ကိုယ်ခွဲဖြစ်သော ဗြဟ္မာကို ပထမဆုံး ဖန်ဆင်းခဲ့၏။ ပဇာပတိနတ်မင်းသည် သေမျိုးထဲ ပါသော်လည်း သူဖန်ဆင်းသော ဗြဟ္မာကား သေမျိုးထဲ မပါ'ဟု ထိုကျမ်းကဆို၏။

ဗြဟ္မာ၏ ကိုယ်ခန္ဓာထဲမှ ထွက်လာသော မီးပွားများသည် လူသားများ တိရစ္ဆာန်များနှင့် အခြားသတ္တဝါများ၏ ခန္ဓာကိုယ်ထဲ ဝင်သွားကြ၏။ ထိုမီးပွားလေးများကို အတ္တဟု ခေါ်၏။ ပထမဦးဆုံး မီးပွါးကိုကား ပရမတ္တမဟုခေါ်၏။ ထိုအတ္တများ တစ်ခုနှင့်တစ်ခု ပူးပေါင်းကြပြီး အကုသိုလ်အမှုများကို ပြုလုပ်ကြ၏။ ထိုသို့မကောင်းမှုကို ပြုလုပ်ရာမှ တိရစ္ဆာန်တွေ၊ ဂဠုန်တွေ၊ ငှက်တွေ၊ မြွေတွေ၊ ငါးတွေ၊ ဘီလူးတွေ၊ အခြေလေးချောင်းရှိ သတ္တဝါတွေ၊ ငရဲသားတွေ ဖြစ်ကုန်သည်'ဟုဆို၏။

'ကောင်းမှုကုသိုလ်တွေကို ပြုကြပြန်သောအခါ လူတွေ နတ်တွေ ဖြစ်ကြသည်'ဟုဆို၏။ နောက်ဆုံး၌ လူတို့သည် မကောင်းမှုအကုသိုလ်များမှ ကင်းစင်ပြီး ပထမဦးဆုံး အဖန်ဆင်းခံရသော ဗြဟ္မာထံ လူတို့မှာကပ်နေသည့် မီးပွားလေးတွေက ပြန်သွားနိုင်ကြ၏။ ထိုသို့ ဗြဟ္မာထံ ပြန်ရောက်ပြီးသောအခါ နောက်ထပ် ဘာမျှမဖြစ်တော့။ ထိုသို့ နောက်ထပ်ဘာမျှ မဖြစ်တော့ခြင်းကိုပင် လွတ်မြောက်မှု မုတ္တိဟု ဆိုခြင်း ဖြစ်၏။

ဥပနိသာဒကျမ်းနှင့် သမထဗြဟ္မဏကျမ်းတို့၏ မုတ္တိအဓိပ္ပါယ်ဖွင့်ဆိုချက်များသည် ဗြဟ္မာဏလမ်းစဉ်တရားကျမ်းနှင့် တူညီသည့်အချက်က များ၏။ ထို့ကြောင့် ရေးသားခြင်းမပြုတော့။

ယခု 'ဗုဒ္ဓဝါဒ၏ နောက်ဆုံးပန်းတိုင် နိဗ္ဗာန်၏သဘောသွားကို ရေးအံ့'။ အခြေခံကိုနားလည်မှ အပေါ်ကအကြောင်းများကိုပါနားလည်နိုင်၏။ နိဗ္ဗာန်၏ လိုရင်း အဓိပ္ပာယ်အချုပ်ကို ဗုဒ္ဓက ဓမ္မစကြာတွင် နိရောဓသစ္စာအဖွင့်အနေဖြင့် ဟောကြားထား၏။ ထိုဟောကြားချက်ကို သေချာနားမလည်လျှင် ကျန်သော ဟော

www.burmeseclassic.com

www.burmeseclassic.com



ကြားချက်၊ ရေးသားချက်ကို နားလည်နိုင်မည်မဟုတ်။

ထိုကြောင့် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားသော ဓမ္မစကြာတရားတော်မှ နိရောဓသစ္စာအဖွင့်ကို ထုတ်ပြအံ့-

'ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓေါ အရိယသစ္စံ
ယောတဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓေါ
စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။'

'ဘိက္ခဝေ- ရဟန်းတို့၊ ဣဒံခေါပန- ဤ ဆိုလတ္တံ့သော တရားသည်ကား၊ ဒုက္ခနိရောဓော-ဆင်းရဲချုပ်ငြိမ်းရာ ချုပ်ငြိမ်းခြင်း သဘောဖြစ်သော၊ အရိယသစ္စံ-အရိယသစ္စာပေတည်း (ဝါ) အရိယာတို့သိအပ်သော အမှန်တရားတည်း၊ တဿာယေဝ တဏှာယ- ထို ဆာလောင်မှု တဏှာ၏ပင်လျှင်၊ ယောအသေသဝိ ရာဂနိရောဓော- အကြွင်း အကြွင်းမဲ့ပျက်ပြယ်ခြင်း ချုပ်ခြင်းသည်၊ ယောစာဂေါ- (ထိုတဏှာကိုပင်) အကြွင် ပယ်စွန့်ခြင်းသည်၊ ယောပဋိနိဿဂ္ဂေါ- အကြွင် ဝေးစွာစွန့်ခြင်းသည်၊ ယာမုတ္တိ-အကြွင် ဆုပ်ကိုင်မထားဘဲ လွှတ်လိုက်ခြင်းသည်၊ ယောအနာလ ယော- အကြွင် တွယ်တာမှုကင်းခြင်းသည်၊ အတ္ထိ-ရှိ၏၊ ဣဒံ-ဤသဘောသည် ဒုက္ခ နိရောဓ အရိယသစ္စာပေတည်း။'

'ဒုက္ခနိရောဓ အရိယသစ္စာ'ဆိုတာ သမုဒယသစ္စာဆိုတဲ့ တဏှာ ချုပ်ငြိမ်းတာပါပဲတဲ့။ တဏှာချုပ်ငြိမ်းတယ်ဆိုတာ ဝိပဿနာဉာဏ်၊ အရိယမဂ်ဉာဏ်တို့၏ အစွမ်းကြောင့် အဲဒီတဏှာ ဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်းသွားတာကို ဆိုတာပါပဲ၊ နေရောင်ပေါ်လာတော့ အမှောင်တွေပျောက်သွားကြသလို အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်လာတဲ့အခါ နှစ်သက်လိုချင်မှုတဏှာဟာ ဖြစ်ခွင့်မရှိတော့ဘဲ လုံးဝချုပ်ငြိမ်းသွားတယ်။ အဲဒီလို တဏှာချုပ် ငြိမ်းသွားတော့ ဘဝသစ် ရုပ်နာမ်ခန္ဓာတွေဟာ မဖြစ်ပေါ်နိုင်တော့ဘဲ လုံးဝ ချုပ်ငြိမ်းသွားတယ်။ ဒါကြောင့် နှစ်သက် သာယာလိုချင်တဲ့ တဏှာ မဖြစ်ခြင်း၊ ချုပ်ငြိမ်းခြင်းသဘောကို နိရောဓသစ္စာလို့ခေါ်တယ်။ အဲဒီ အရဟတ္တမဂ်ဖြင့် တဏှာ ချုပ်ငြိမ်းတာကတော့ အကြွင်းမဲ့ ချုပ်ငြိမ်းတာပဲ၊ (ဥက္ကဋ္ဌ)အမြင့်မြတ်ဆုံး ချုပ်ငြိမ်းတာပေါ့'

'ဒါပေမယ့် (ဩမက) အယုတ်အညံ့အားဖြင့် ချုပ်ငြိမ်းတာလည်း ရှိပါသေးတယ်။ ဘယ်လိုလဲဆိုရင် အနာဂါမိမဂ်ဖြင့် ကာမတဏှာ အကြွင်းမဲ့ချုပ်ငြိမ်းတာလည်း ရှိတယ်။ သကဒါဂါမိမဂ်ဖြင့် ကြမ်းတမ်းတဲ့ ကာမတဏှာ ချုပ်ငြိမ်းတာလည်းရှိတယ်။ သောတာပတ္တိမဂ်ဖြင့် အပါယ်ဘဝရောက်စေနိုင်တဲ့ တဏှာ၊ ကာမတဏှာ ချုပ်ငြိမ်းတာလည်း ရှိတယ်။ အဲဒါတွေကတော့ တစ်စိတ်တစ်ပိုင်းမျှ ချုပ်ငြိမ်းတာတွေပဲ၊ ဒါကြောင့် အဲဒီ ချုပ်ငြိမ်းတာတွေကိုတော့ ဩမကနည်းဖြင့်ယူသင့်တဲ့ နိရောဓသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



တွေလို့ ဆိုရမှာပေါ့'

'နောက်ပြီးတော့ ဝိပဿနာဉာဏ်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အမှန်အတိုင်း သိရတဲ့ အာရုံမှာ တဏှာဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်းတာလည်းရှိတယ်။ အဲဒါကိုတော့ တဒင်္ဂနိရောဓလို့ ခေါ်တယ်၊ ဝိပဿနာဉာဏ်တစ်စိတ်ဖြင့် တဏှာတစ်စိတ်တစ်ပိုင်း ချုပ်ငြိမ်းတယ်လို့ ဆိုလိုတယ်၊ ဝိပဿနာ ရှုတိုင်းရှုတိုင်း အဲဒီ တဒင်္ဂနိရောဓကို ပြီးစေသောအားဖြင့် မျက်မှောက်ပြုတယ်လို့လည်း ဆိုရတယ်၊ ဒါကြောင့် အဲဒီ တဏှာဟာ ဘယ်မှာချုပ်သလဲလို့ မေးခွန်းထုတ်ပြီးတော့ နိရောဓသစ္စာအဖွင့် ပါဠိတော်များမှာ ဒီလို ဖြေရှင်းဖွင့်ပြထားပါတယ်'

'လောကေ-လောက၌၊ ယံပိယရူပံသာတရူပံ-အကြင်ချစ်ဖွယ် သာယာဖွယ် သဘောရှိ၏၊ ဧသာတဏှာ-ဤတဏှာကို၊ ပဟီယမာနာ-ပယ်အပ်သည်ရှိသော်၊ ဧတ္ထ-ဤချစ်ဖွယ် သာယာဖွယ်သဘော၌၊ ပဟီယတိ- ပယ်အပ်၏၊ နိရုဇ္ဈမာန-ချုပ်သည်ရှိသော်၊ ဧတ္ထ-ဤချစ်ဖွယ်သာယာဖွယ်သဘော၌၊ နိရုဇ္ဈတိ-ချုပ်၏ စသည်ဖြင့်ဟောထားပါတယ်။ အဲဒီမှာ ချစ်ဖွယ်သာယာဖွယ်သဘောဆိုတာက သမုဒယသစ္စာပိုင်းတုန်းက ပြခဲ့တဲ့အတိုင်း မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဒွါရခြောက်ပါး၊ အဆင်း, အသံ အစရှိတဲ့ အာရုံခြောက်ပါး၊ မြင်သိမှုကြားသိမှု အစရှိတဲ့ ဝိညာဏ်ခြောက်ပါး စသည်တွေပါပဲ'

'ဒါတွေကို အပြည့်အစုံသိချင်ရင်တော့ မဟာသတိပဋ္ဌာနသုတ် ပါဠိနိဿယ စသည်မှာ ကြည့်နိုင်ပါတယ်၊ နောက်ပြီးတော့ ပယ်တယ်, ချုပ်တယ်ဆိုတာကလည်း ဝေါဟာရသာ ကွဲပြီး အနက်သဘောကတော့ အတူတူပါပဲ၊ ပဌမက ထုတ်ပြခဲ့တဲ့ စာဂေါ- စွန့်ခြင်း၊ ပဋိနိဿဂ္ဂေါ- ဝေးစွာစွန့်ခြင်း၊ မုတ္တိ- လွှတ်လိုက်ခြင်း၊ အနာလယော- အတွယ်အတာကင်းခြင်းဆိုတာနှင့် အနက်သဘောအားဖြင့် အတူတူပါပဲ၊ ပယ်ပုံ, ချုပ်ငြိမ်းပုံကတော့ ဝိပဿနာယောဂီမှာ မြင်ခိုက်၌ မြင်တာကိုရှုပြီး အနိစ္စ, ဒုက္ခ, အနတ္တ သဘောမှန်ကို သိသွားရင် မျက်စိ-အဆင်း-မြင်သိမှု အစရှိတဲ့သဘောကို နိစ္စ, သုခ, အတ္တလို့ ထင်မှားမှုကင်းတယ်၊ အဲဒါ အဝိဇ္ဇာ တဒင်္ဂအားဖြင့် ကင်းတာပါပဲ၊ အဝိဇ္ဇာကင်းတော့ အဲဒီသဘောတွေမှာ နှစ်သက်သာယာမှု မဖြစ်နိုင်တော့ဘူး'

'အဲဒါဟာ တဒင်္ဂအားဖြင့် တဏှာကင်းတာပဲ၊ တဏှာကင်းတော့ တဏှာမှ ဆက်ပြီးဖြစ်မည့် ဥပါဒါန်၊ ကံ၊ သင်္ခါရတွေ မဖြစ်နိုင်တော့ဘူး၊ ကံသင်္ခါရကြောင့် ဖြစ်မည့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတဲ့ ဒုက္ခအကျိုးတရားတွေလည်း မဖြစ်နိုင်တော့ဘူး၊ အဲဒါဟာ တဒင်္ဂအားဖြင့် တဏှာနှင့်တကွ ဆင်းရဲချုပ်ငြိမ်းပုံပါပဲ၊ တဒင်္ဂနိရောဓ-တဒင်္ဂနိဗ္ဗာန်လို့လည်း ဆိုရပါတယ်၊ ကြားခိုက်, နံခိုက်, စားသိခိုက်, ထိသိခိုက်, ကြံသိခိုက်များမှာလည်း ကြားမှု'စသည်ကိုရှုပြီး အနိစ္စ, ဒုက္ခ, အနတ္တ သဘောမှန်ကို သိ-သိသွားရင် နား-အသံ-ကြားသိမှု၊ နှာခေါင်း-အနံ့-နံသိမှု အစရှိတဲ့ သဘောတွေကို နိစ္စ, သုခ, အတ္တလို့ ထင်မှားမှုကင်းပြီး တဏှာနှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲချုပ်ငြိမ်းပုံ၊ တဒင်္ဂနိရောဓ, တဒင်္ဂနိဗ္ဗာန်လို့ ခေါ်ပုံများကိုလည်း နည်းတူပင် သိနိုင်ပါပြီ'

'အဲဒီလို ဝိပဿနာဖြင့် တဒင်္ဂနိရောဓသို့ ဆိုက်ရောက်ပြီးတော့ ဉာဏ်ရင့်တဲ့ အခါမှာ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ်၊ အဲဒီအခါ အပါယ်ဘဝရောက်စေနိုင်တဲ့ ကာမတဏှာကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်တယ်၊ အဲဒီ ကာမတဏှာ ကင်းသွားတယ်၊ ဒါကြောင့် အပါယ်ဆင်းရဲတွေ၊ ကာမသုဂတိဘုံမှာ ခုနှစ်ဘဝထက် ပိုလွန်ပြီးဖြစ်ရမည့် ဆင်းရဲတွေ အကုန်ငြိမ်းသွားတယ်၊ အဲဒါဟာ တဏှာချုပ်ငြိမ်းလို့ ဆင်းရဲချုပ်ငြိမ်းတဲ့ ဒုက္ခနိရောဓပါပဲ၊ သို့ပေမယ့် သောတာပတ္တိမဂ်ဖိုလ်က အဲဒီ အပါယ်ရောက်ကြောင်း တဏှာ စသည့် ငြိမ်းပုံကို အာရုံပြုတယ်လို့တော့ မမှတ်ယူရဘူး၊ ရုပ်နာမ်ဆင်းရဲတွေ အကုန်ငြိမ်းတဲ့ သာမန် အငြိမ်းဓာတ်သဘောကို အာရုံပြုတယ်လို့သာ မှတ်ယူရမယ်'

'သကဒါဂါမိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်အာရုံပြုတဲ့အခါ ကြမ်းတမ်းတဲ့ ကာမတဏှာနှင့်တကွ ကာမသုဂတိဘုံမှာ နှစ်ဘဝထက်ပိုလွန်ပြီးဖြစ်ရမည့် ဆင်းရဲတွေ အကုန်ငြိမ်းသွားတယ်။ အနာဂါမိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုတဲ့အခါ သိမ်မွေ့တဲ့ ကာမတဏှာနှင့် ရူပတစ်ဘဝထက် သို့မဟုတ် အရူပတစ်ဘဝထက် ပိုလွန်ပြီးဖြစ်ရမည့် ဆင်းရဲတွေ အကုန်ငြိမ်းသွားတယ်။ အဲဒီဟာတွေလည်း တဏှာချုပ်လို့ ဆင်းရဲချုပ်ငြိမ်းတဲ့ ဒုက္ခနိရောဓ'ပါပဲ၊ အဲဒီ မဂ်ဉာဏ်များဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသည့်အခါများမှာလည်း ရုပ်နာမ်ဆင်းရဲတွေ အကုန်ငြိမ်းတဲ့ သာမန် အငြိမ်းဓာတ်သဘောကိုသာ အာရုံပြုတာပါပဲ'

'အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့အခါ တဏှာဟူသမျှတွေနဲ့ ဆင်းရဲဟူသမျှတွေ အကုန်ငြိမ်းတယ်၊ ဒါလည်း တဏှာချုပ်လို့ ဆင်းရဲချုပ်ငြိမ်းတဲ့ ဒုက္ခနိရောဓ,ပါပဲ' ဒါကြောင့် 'တဏှာချုပ်က နိရောဓ၊ ဒုက္ခအငြိမ်းမှန်'-လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်-'

## တဏှာချုပ်က၊ နိရောဓ၊ ဒုက္ခအငြိမ်းမှန်

'တဏှာချုပ်မှ ဆင်းရဲ တကယ်အစစ်အမှန် ချုပ်ငြိမ်းတယ်လို့ ဆိုလိုပါတယ်။ တဏှာမချုပ်ပဲ အခြားနည်းဖြင့် ဆင်းရဲငြိမ်းတယ်၊ ချမ်းသာတယ်ဆိုတာတွေကတော့ အမှန်ငြိမ်းတာမဟုတ်ဘူး၊ ခဏလောက် ငြိမ်းတာပဲ၊ တော်တော်ကြာရင် ဆင်းရဲတွေ ပေါ်မြဲ ပေါ်လာပြန်တာပဲ၊ ပုံစံထုတ်ပြရရင်၊ ကွေးထားလို့ ညောင်းနေရင် ဆန့်လိုက်၊ ညောင်းတဲ့ဆင်းရဲ ငြိမ်းသွားတယ်။ ဒါပေမယ့် တော်တော်ကြာတော့ ဆန့်နေရင်း ညောင်းလာပြန်တာပဲ၊ ထို့အတူပင် ထိုင်နေရာက ညောင်းလို့ ထ,လိုက် လမ်းလျှောက်လိုက်ရင် အညောင်းပြေသွားတယ်။ တော်တော်ကြာတော့ ထ,ပြီးရပ်နေရင်း လမ်းလျှောက်နေရင်းလည်း ညောင်းလာပြန်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အစားဆာလို့ သင့်လျော်တဲ့အစာကို စားလိုက်ရင် ဆာတဲ့ဆင်းရဲ ငြိမ်းသွားတယ်။ ဒါပေမယ့် (၁၂)နာရီခန့်၊ နာရီ(၂၀)ခန့် စသည်ကြာတဲ့အခါ ဆာလာပြန်တာပဲ၊ ရောဂါနှိပ်စက်လို့ ဒုက္ခရောက်နေတဲ့အခါ သင့်တော်တဲ့ဆေးနဲ့ကုလိုက်ရင် ရောဂါပျောက်ပြီး ချမ်းသာသွားတယ်၊ ဒါပေမယ့် နောက်တစ်ချိန်ချိန်မှာ ရောဂါတစ်မျိုးမျိုးဖြစ်ပြီး ဆင်းရဲရပြန်တာပဲ၊ စားဝတ်နေရေး အဆင်မပြေလို့ ဒုက္ခရောက်နေတဲ့သူမှာ သင့်လျော်တဲ့နည်းဖြင့် အလုပ်အကိုင်လုပ်ပြီး စီးပွားရှာလိုက်ရင် စားဝတ်နေရေး ပြေလည်ပြီး ချမ်းသာသွားတယ်။ တချို့မှာဆိုရင် အထက်တန်းအရာရှိကြီးဖြစ်ပြီး၊ သူဌေးဖြစ်ပြီး ချမ်းသာသွားတာလည်း ရှိတယ်၊ ဒါပေမယ့် အကြောင်းမညီညွတ်ရင် အရာရှိအဖြစ်၊ သူဌေးအဖြစ်မှ လျှောကျပြီး ဒုက္ခရောက်ရတာလည်းရှိတယ်၊ တစ်သက်ပတ်လုံး အဆင်ပြေနေတောင်မှ သေတဲ့အခါကျတော့ ဒုက္ခရောက်ရပြန်တာပဲ'

'ဒါန, သီလ, အစရှိသော ကုသိုလ်ကောင်းမှုတွေပြုလို့ နောက်ဘဝတွေမှာ ပြည့်စုံကြွယ်ဝတဲ့ လူချမ်းသာဖြစ်ပြီးတော့လည်း ချမ်းသာသွားနိုင်တယ်၊ တန်ခိုးကြီးတဲ့နတ် ဖြစ်ပြီးတော့လည်း ချမ်းသာသွားနိုင်တယ်၊ ဒါပေမယ့် အဲဒီ ကုသိုလ်ကံအဟုန်ကုန်တဲ့အခါကျတော့ ဆင်းရဲတဲ့ဘဝတွေ ရောက်သွားနိုင်သေးတာပဲ၊ အသက်ရှည်ပြီးချမ်းသာအောင်ရည်ရွယ်ပြီးတော့ သမထဘာဝနာ အားထုတ်လို့ ရူပဈာန်၊ အရူပဈာန်တွေကိုရရင် အဲဒီဈာန်ကုသိုလ်ကြောင့် ရူပဗြဟ္မာလောက၊ အရူပဗြဟ္မာလောကတွေရောက်ပြီး ကမ္ဘာပေါင်းများစွာလည်း ချမ်းသာနေနိုင်ပါတယ်'

'ဒါပေမယ့် အဲဒီဈာန်ကုသိုလ်အဟုန် ကုန်တဲ့အခါကျတော့ ယုတ်ညံ့တဲ့ဘဝတွေရောက်ပြီး ဆင်းရဲရတတ်သေးတာပဲ၊ သမုဒယသစ္စာအခန်းတုန်းက ပြခဲ့တဲ့ ဝက်မကလေးလိုပေါ့၊ ဒါကြောင့် တဏှာမကုန်သေးရင် ဘယ်လိုဆင်းရဲငြိမ်းတာမှ မသေချာဘူး၊ တဏှာကုန်မှ ဆင်းရဲခပ်သိမ်း အစဉ်ထာဝရ အကုန်ငြိမ်းတယ်။ ဒါကြောင့် 'တဿာ ယေဝ တဏှာယ အသေသဝိရာဂနိရောဓော' စသည်ဖြင့် တဏှာ ပျက်ပြယ်ခြင်း၊ ချုပ်ခြင်းကိုပင် 'ဒုက္ခနိရောဓ အရိယသစ္စာ'လို့ ဟောတော်မူတာပါပဲ'

နိဗ္ဗာန်ဆိုင်ရာ တရားတော်တွင်လည်း နိဗ္ဗာန်နှင့်ပတ်သက်သည့် အယူအဆတစ်ခုကို ယခုလို ဟောကြားတော်မူခဲ့၏။

'တချို့က ဉာဏ်ကွန့်ပြီး ပြောကြတာလည်းရှိတယ်၊ ဘယ်လိုလဲဆိုတော့ နိဗ္ဗာန်မှာ (၃၁)ဘုံက ရုပ်နာမ်မျိုးသာ မရှိတာ၊ ရုပ်ဝိသေသ၊ နာမ်ဝိသေသတော့ ရှိတယ်၊ ဒါကြောင့် ဘုရားရဟန္တာ အရှင်မြတ်တွေဟာ ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့နောက် နိဗ္ဗာန်မှာ ရုပ်ထူး နာမ်ထူးတွေနဲ့ရှိနေကြတယ်လို့ ထူးထူးကဲကဲကြံဆပြီး ပြောဟောကြ၊ ရေးသားကြတယ်၊ အဲဒီဝါဒကို အတ္တစွဲကြီးတဲ့သူများက ကြိုက်နှစ်သက်ဖွယ်ရှိပါတယ်'

**(မှတ်ချက်)။** *ထိုအယူအဆကို ရေးသားကြသူများမှာ 'ပထမအုဋ္ဌဖိုဆရာတော်ကြီး'နှင့်'ပထမရွှေကျင်ဆရာတော်ဘုရားကြီး'တို့ဖြစ်သည်။ အကျယ်သိလိုသူများ အုဋ္ဌဖိုဆရာတော်ဘုရားကြီးရေးသည့်စန္ဒမဏ္ဍလသုတ္တ*

www.burmeseclassic.com

www.burmeseclassic.com



> စာတမ်းနှင့် ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးရေးသားသည့် ဒွိရာဂတ္ထိရမဟာနိဗ္ဗုတဒီပနီကျမ်းတွင် ဖတ်ရှုနိုင်သည်။ ထိုဆရာတော်ကြီးများသည်လည်း သိက္ခာသုံးပါးနှင့်ပြည့်စုံသည့် ပရိယတ် ပဋိပတ် စွယ်စုံရဆရာတော်ကြီးများဖြစ်ခြင်းကြောင့် မိမိမကြိုက်လျှင် မယူရုံသာရှိ၏။ ကဲ့ရဲ့ပုတ်ခတ်ခြင်းကိုကား မပြုသင့်၊ အရိယူပဝါဒကံနှင့် အင်မတန်နီး၏။

'ထို့ကြောင့် မဟာစည်ဆရာတော်ဘုရားကြီးကလည်း မိမိမကြိုက်ပုံကိုသာ ရေးပြီး ပုတ်ခတ်မှုကို မပြုခြင်းဖြစ်၏။ နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူးရှိပုံအကြောင်းကို 'သဲအင်းဂူဆရာတော်ကြီးက သဘာဝယုတ္တိပြ၍' ဟောကြားတော်မူခဲ့၏။ 'ပခုက္ကူဝိပဿနာသင်တန်းနည်းပြဆရာကြီး ဦးကြင်ရွှေကလည်း' ထို ရုပ်ထူးနာမ်ထူး အကြောင်းကို 'ကျမ်းဂန်အကိုးအကား၊ သာဓကယုတ္တိများဖြင့် တိပ်ခွေ(၁၇)ခွေတိတိ' ဟောကြားထား၏'

'နိဗ္ဗာန်၌ မအို၊ မနာ၊ မသေသော ရုပ်ထူး၊ နာမ်ထူးရှိသည်ဟု ထိုဆရာတော်ကြီးများသည် အဘယ်ကြောင့် ရေးသားကြသနည်း၊ နိဗ္ဗာန်နှင့်စပ်၍ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိမှ လွတ်စေလိုသောကြောင့်ပင်ဖြစ်၏၊ ရဟန္တာပုဂ္ဂိုလ် စုတေပြီးသည့်နောက်၌ နိဗ္ဗာန်၌ သွားဖြစ်သည်ဟုယူဆလျှင် သဿတဒိဋ္ဌိဖြစ်၏၊ ရဟန္တာပုဂ္ဂိုလ် စုတေပြီးသည့်နောက် ဘာမှမဖြစ်တော့ဘဲ ပျောက်ကွယ်သွားသည်ဟု ယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်ပြန်၏၊ ထို ဒိဋ္ဌိနှစ်ပါးမှလွတ်ရန် ရဟန္တာပုဂ္ဂိုလ်၏ ရုပ်နာမ်များလည်း နိဗ္ဗာန်သို့ ပါမလာဟု ယူလိုက်လျှင် သဿတဒိဋ္ဌိမှ လွတ်သွား၏'

'တစ်ဖန် နိဗ္ဗာန်၌ (၃၁)ဘုံမှ ရုပ်နာမ်နှင့်လုံးဝမဆိုင်သော မအို၊ မနာ၊ မသေသော ရုပ်၊ မအို၊ မနာ၊ မသေသော နာမ်ရှိသည် (ဝါ) ရုပ်ထူးနာမ်ထူးရှိသည်ဟု ယူလိုက်လျှင် ဥစ္ဆေဒဒိဋ္ဌိမှ လွတ်သည်ဟု ယူဆတော်မူကြပြီး ထိုဝါဒကို ဟောကြားရေးသားကြခြင်းဖြစ်၏၊ ဤနိဗ္ဗာန်အကြောင်းသည် နက်နဲခက်ခဲ၏။ ယခုအချိန် မသိလျှင်လည်း ကိစ္စမရှိ၊ ရဟန္တာဖြစ်လျှင် သေချာကျနစွာသိမည်ဖြစ်၏၊ သို့သော် ဘာသာခြား၊ လူမျိုးခြားများက မေးလာလျှင် သဘာဝကျစွာ ဖြေဆိုတတ်ရန်အတွက် အပင်ပန်းခံပြီး ရေးသားခြင်းဖြစ်၏'

ဆရာတော်ကြီးများစွာတို့၏ နိဗ္ဗာန်အယူအဆများစွာကို ဖော်ပြထားသည့် ဆောင်းပါးတစ်ပုဒ်ကိုလည်း အလျဉ်းသင့်သောနေရာ၌ ဖော်ပြဦးမည်ဖြစ်၏။ မဟာစည်ဆရာတော်၏ နိဗ္ဗာန်အယူအဆကို ဆက်လက်ဖော်ပြအံ့-

> 'အဲဒီလို ပြောဆိုရေးသားချက်နဲ့စပ်ပြီး သုံးပုံပိဋကတ် ကျမ်းဂန်တတ် ဆရာတော်ကြီးတစ်ပါးက ဒီလိုဖြေရှင်းပြတယ်၊ နိဗ္ဗာန်မှာ ရုပ်ထူးနာမ်ထူးရှိနေရင် ဘဝအသစ်ဖြစ်မှု ဇာတိအထူးလည်း ရှိလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဇရာအထူး, အိုခြင်းအထူးလည်း ရှိလိမ့်မယ်၊ မရဏအထူး, သေခြင်းအထူးလည်း ရှိလိမ့်မယ်၊ သောကအထူး, ပရိဒေဝအထူး, ဒုက္ခအထူး, ဒေါမနဿအထူး, ဥပါယာသအထူးတွေလည်း ရှိလိမ့်မယ်၊ ရုပ်နာမ်တွေ အားလုံးချုပ်ငြိမ်းပါတယ်၊ မရှိပါဘူးလို့ အထင်အရှား ဟောထားပါလျက် ရုပ်ထူးနာမ်ထူးရှိတယ်လို့ ကြံတာကတော့ အကြံဉာဏ်နယ်ပယ် လွန်သွားတာပါပဲ၊ ချုပ်ငြိမ်းတယ်, ကင်းတယ်, မရှိဘူးလို့ အတိအလင်းဟောထားရာမှာ မရှိဘူးလို့ မှတ်ယူရန်မှ တစ်ပါး အထူးအထွေ ကြံနေစရာမလိုဘူး လို့ ဖြေရှင်းပြပါတယ်'။

'အဲဒီဖြေရှင်းချက်ဟာ ဘုရားအလိုတော်ကျနဲ့ အံဝင်ခွင်ကျ ကိုက်ညီပါပေတယ်၊ အဲဒီလို ရုပ်နာမ်တွေ လုံးဝမရှိတဲ့အတွက် နိဗ္ဗာန်ဟာ ယခုမျက်မှောက် လူ့လောကထဲမှာလည်း မပါဝင်ဘူး၊ အခြားလောကထဲမှာလည်း မပါဝင်ဘူး၊ နာယံလော ကော-နိဗ္ဗာန်မှာ ဤလောကလည်း မရှိ၊ ဤလောကလည်း မဟုတ်၊ နပရောလောကော-အခြားလောကလည်း မရှိ၊ အခြားသော လောကလည်း မဟုတ်ဘူးတဲ့'

'ဤလောက၊ အခြားလောကနှင့်ဆိုင်တဲ့ ရုပ်နာမ်တွေ လုံးဝ မရှိတဲ့အတွက် နိဗ္ဗာန်ဆိုတာ ဤလောကလည်း မဟုတ်၊ အခြား လောကလည်း မဟုတ်၊ လောကမှ အလွတ်ဖြစ်တယ်လို့ သိစေလိုပါ တယ်၊ နောက်ပြီးတော့ ဤလောက အခြားလောကမှာလို ရုပ်နာမ် တွေ မရှိတဲ့အတွက် အထူးအားဖြင့် ရုပ်မရှိတဲ့အတွက် အမှောင် မရှိဘူးတဲ့၊ အမှောင်မရှိတော့ အလင်းရောင်လည်း မလိုဘူး၊ ဒါ ကြောင့်-'

'နဉဘောစန္ဒိမသူရိယာ- အလင်းရောင်ကို ပေးတတ်သည့် နှစ်ပါးသော လနေတို့လည်း မရှိကြဘူး'လို့လည်း ဖော်ပြထားပါ တယ်။ နတ်လောကမှ လူ့လောကသို့ ပြောင်းလာတာလို အဲဒီ နိဗ္ဗာန်မှာ တခြားမှပြောင်းလာတာ ရှိလေသလားလို့ စဉ်းစားစရာ ရှိတယ်။ ဒါကြောင့် အဲဒီလို ပြောင်းလာတာလည်း မရှိကြောင်း ဆက်ပြီး မိန့်ဆိုကျူးရင့်တော်မူပါတယ်'

'အပိ- ထိုဖြင့်လည်း၊ တတြ- ထိုနိဗ္ဗာန်၌၊ အဟံနေဝ အာ ဂတိံ ဝဒါမိ ဘိက္ခဝေ- အခြားမှ လာရောက်ခြင်းကိုလည်း မဟော ပါဘူး ရဟန်းတို့တဲ့၊ နဌိတိ- တောင်ကြီးများလို ပုဂ္ဂိုလ်အနေအားဖြင့် တည်တံ့နေခြင်းကိုလည်း ငါမဟောဘူးတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဇတံ- ဤနိဗ္ဗာန်သည်၊ အပ္ပတိဋ္ဌ- တည်ရာလည်း မရှိပေ၊ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်နှစ်မျိုးထဲက နာမ်တရားထဲမှာ ပါဝင်တယ်၊ ဒါပေမယ့် စိတ်၊ စေတသိက် နာမ်တရားလို ဥပါဒ်, ဋ္ဌီ, ဘင် ရှိတာ မဟုတ်ဘူး၊ ဒါကြောင့် ရုပ်ရှိတဲ့ဘုံများက စိတ်၊ စေတသိက်များလို ရုပ်ကိုလည်းမမှီဘူး၊ အခြားတရားကိုလည်း မမှီဘူး၊ အရူပဘုံက နာမ်များမှာ မှီရာရုပ်မရှိပေမယ့် ဖြစ်ရာဘုံဆိုတဲ့ တည်ရာအရပ် တော့ ရှိနေတာပဲ၊ ဒီနိဗ္ဗာန်ကတော့ ချုပ်ခြင်းသဘောမျှ ဖြစ်သော ကြောင့် ဘယ်အရပ်၊ ဘယ်ဌာနမှာမျှ တည်နေတယ်လို့ မဆိုနိုင်ဘူး၊ ဒါပေမယ်လည်း နည်းပရိယာယ်အားဖြင့်တော့ တစ်လံမျှလောက် သော ခန္ဓာကိုယ်ထဲမှာ ရှိတယ်လို့ ဟောထားတဲ့ဒေသနာကတော့ ရှိပါတယ်'

ဤကား မဟာစည်ဆရာတော်ဘုရားကြီး၏ နိဗ္ဗာန်နှင့်ပတ်သက်သော ဟောကြားချက်ဖြစ်၏။ တခြားဆရာတော်ကြီးများ၏ နိဗ္ဗာန်နှင့်ပတ်သက်သော ဟောကြားချက်များကို မတင်ပြမီ အိန္ဒိယနိုင်ငံသားများမေးမြန်းပြီး အရှင်အရိယဓမ္မဖြေဆိုသည့် အမေးအဖြေနှစ်ခုကို ဦးစွာသိထားသင့်၏။ ထို အမေးအဖြေနှစ်စုံကို ဦးစွာရေလည် အောင်သိထားလျှင် နောက်ဖော်ပြမည့် နိဗ္ဗာန်အကြောင်းအရာများကို ပိုမိုနားလည် နိုင်မည်ဖြစ်၏။

**မေးမြန်းသူ** - ဘုံဘိုင်မြို့ ပွဲစားကြီး မစ္စတာလက်(က်)ဒါဝါးလား။

**ဖြေဆိုသူ** - ဆရာတော် အရှင်အရိယဓမ္မ။

**မေး။** 'နိဗ္ဗာန်ဟူသောတရားသည် တကယ်ပင်ရှိပါသလားဘုရား၊ အကယ်၍ ရှိပါက ထိုတရားသည် အဘယ်မှာနည်း၊ မည်သည့်တရားနှင့် တူပါသနည်းဘုရား'

**ဖြေ။** 'ဒကာကြီးရဲ့အမေးပုစ္ဆာဟာ တစ်ချက်ခုတ် သုံးချက်ပြတ်မေးခွန်းပဲ၊ ဒကာကြီးရဲ့ မေးခွန်းကိုဖြေဆိုရာမှာ ဦးပဥ္စင်းဟာ တာဝန်သုံးခုကို တစ်ခါတည်း ထမ်းဆောင် ရလိမ့်မယ်၊ ပထမတာဝန်က နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်ရှိကြောင်းပြဖို့ဖြစ်တယ်၊ ဒုတိယတာဝန်ကတော့ နိဗ္ဗာန်ဟာ ဘယ်နေရာမှာရှိတယ်ဆိုတာ ပြဖို့ဖြစ်တယ်၊ တတိယတာဝန်ကတော့ နိဗ္ဗာန်ရဲ့အသွင်အပြင်လက္ခဏာကို ဖော်ထုတ်ဖို့ဖြစ်တယ်၊ ပထမ ဆုံးတာဝန်ဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်ရှိကြောင်းပြဖို့ရာ ဒကာကြီးကို ဦးပဥ္စင်းက ပြန်ပြီးမေးရလိမ့်မယ်၊ ကဲ ဒကာကြီးကလည်း ဖြေပါဦး - ယနေ့ ကမ္ဘာပေါ် မှာရှိနေတဲ့ လူတွေအားလုံးဟာ အသက်တစ်ရာထိအောင် နေကြရပါမလား'

**ဝါးလား။** 'အသက်တစ်ရာထိအောင် နေကြရမှာမဟုတ်ပါဘူး ဆရာတော်'

**ဆရာတော်။** 'သူတို့တစ်တွေ ဘာဖြစ်ကုန်ကြမလဲ ဒကာကြီး'

ဤတွင် ဆရာတော်က သင်ပုန်းပေါ်၌ တစ်ဖက်မှ နိဗ္ဗာန်ဟူသောတရား တကယ်တမ်းတည်ရှိနေပုံနှင့် တစ်ခြားတစ်ဖက်မှ စကြာဝဠာကြီးနှင့်တကွ ဤစကြ

www.burmeseclassic.com

www.burmeseclassic.com



ဝဋ္ဋာကြီးပေါ်တွင် ရှိရှိသမျှသောသတ္တဝါတို့၏ မတည်မမြဲ ဖောက်ပြန်တတ်သည့် သဘောတို့ကို အောက်ပါအတိုင်း နှိုင်းယှဉ်ရေးသားပြပါသည်။

### စကြာဝဋ္ဋာကြီးနှင့်ဆန့်ကျင်ဘက် နိဗ္ဗာန်

| စကြာဝဠာ | နိဗ္ဗာန် |
|---|---|
| ၁။ သေခြင်းတရားရှိ၏။ | ၁။ သေခြင်းတရားမရှိ။ |
| ၂။ အိုခြင်းတရားရှိ၏။ | ၂။ အိုခြင်းတရားမရှိ။ |
| ၃။ နာခြင်းတရားရှိ၏။ | ၃။ နာခြင်းတရားမရှိ။ |
| ၄။ ဒုက္ခနှင့်ဆင်းရဲရှိ၏။ | ၄။ ဒုက္ခနှင့်ဆင်းရဲခြင်းတို့မှ ငြိမ်းသည့် တကယ့်ချမ်းသာသုခရှိ၏။ |
| ၅။ မတည်မြဲ။ | ၅။ တည်မြဲ၏။ |
| ၆။ စိတ်နှင့်ကံတို့က ဖန်ဆင်းမှု။ (သင်္ခတဓာတ်) | ၆။ စိတ်နှင့်ကံတို့က မဖန်ဆင်း။ (အသင်္ခတဓာတ်) |
| ၇။ ပျက်စီး၏။ (အနိစ္စ) | ၇။ မပျက်စီး။ (နိစ္စ) |
| ၈။ အစအဆုံးရှိ၏။ (အာဒိအနန္တ) | ၈။ အစအဆုံးမရှိ။ (အနာဒိအနန္တ) |
| ၉။ မသန့်ရှင်းချေ။ | ၉။ သန့်ရှင်း၏။ |
| ၁၀။မွေးဖွားကြရ၏။ (ဇာတိ) | ၁၀။မွေးဖွားကြရခြင်းမရှိ။ (အဇာတိ) |
| ၁၁။မသိမမြင်ခြင်း၊ စွဲလမ်းခြင်း၊ လိုချင်တပ်မက်ခြင်း၊ စိတ်ဆိုးခြင်း ကြမ်းတမ်းခြင်း၊ ရန်ငြိုးဖွဲ့ခြင်း စသည့်တရားများရှိ၏။ (အဝိဇ္ဇာ၊ ဥပါဒါန်၊ လောဘ၊ ဒေါသ) | ၁၁။ဤတရားများအားလုံးမှ ကင်းစင်၏။ |
| ၁၂။သံယောဇဉ်ကြိုးဆယ်ချောင်း ဖြင့်နှောင်ဖွဲ့ထား၏။ | ၁၂။မည်သည့်သံယောဇဉ်ကြိုးမျှမရှိ။ |
| ၁၃။အနှောင်အဖွဲ့ရှိ၏။ | ၁၃။လွတ်လပ်၏။ |
| ၁၄။သံသရာအတွင်း၌ရှိ၏။ | ၁၄။သံသရာမှလွတ်မြောက်၏။ |
| ၁၅။အရသာများစွာရှိ၏။ | ၁၅။လွတ်မြောက်သည့် အရသာတစ်ခုသာရှိ၏။ |
| ၁၆။အာသာပြေမှုမရှိ။ | ၁၆။အာသာပြေလျက်ရှိ၏။ |
| ၁၇။ချိုးနှိမ်၍ရ၏။ | ၁၇။ချိုးနှိမ်၍မရ။ |

www.burmeseclassic.com

www.burmeseclassic.com



| (သံဝရသဘောရှိ၏) | (အသံဝရသဘောရှိ၏) |
|---|---|
| ၁၈။အကန့်အသတ်ရှိ၏။ | ၁၈။အကန့်အသတ်မရှိ။ |
| ၁၉။ခံစားခြင်း(ဝေဒနာ)နှင့် တပ်မက်ခြင်း(တဏှာ) တရားတို့ဖြင့် လည်နေ၏။ | ၁၉။ဝေဒနာနှင့်တဏှာတရားတို့မှ လွတ်မြောက်၏။ |
| ၂၀။တကယ်မရှိ(ပရမတ်မဟုတ်) မမြဲ။ | ၂၀။တကယ်ရှိ၏ (ပရမတ်) မြဲ၏။ |
| ၂၁။စကြာဝဠာသည် တကယ်မရှိ။ | ၂၁။ နိဗ္ဗာန်သည် တကယ်ရှိ၏။ |

**ဆရာတော်**။ ။(အထက်ပါအတိုင်း သင်ပုန်းကြီးပေါ်၌ ရေးသားပြပြီးနောက်) 'ကဲ ဒကာကြီး၊ အခု ဦးပဉ္ဇင်းရေးပြထားတဲ့ ဆန်းစစ်ချက်အရ နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်တမ်း ရှိတယ်ဆိုတာကို လက်ခံနိုင်ရဲ့လား'

**ဝါးလား**။ 'နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်ရှိတယ်ဆိုတဲ့အချက်နဲ့ ပတ်သက် လို့ ဆရာတော်ရှင်းပြတဲ့အချက်အားလုံးကို တပည့်တော်လက်ခံပါတယ်၊ ဒါပေမယ့် သတ္တဝါတွေမှာ ဇာတိတရား ချုပ်ငြိမ်းသွားရတယ်ဆိုတဲ့ အချက်ကိုတော့ တပည့်တော် ဦးခေါင်းထဲမှာ မရှင်းသေးဘဲဖြစ်နေပါတယ် ဆရာတော်'

**ဆရာတော်**။ 'ဒါဖြင့် ဦးပဉ္ဇင်းကရှင်းပြရသေးတာပေါ့ ဒကာကြီး၊ မွေးဖွားခြင်း ဇာတိတရားဆိုတာဟာ သေခြင်းရဲ့အကြောင်းတရားပဲ၊ နိဗ္ဗာန်ရောက်ပြီးမှ သတ္တဝါ တစ်ဦးဦးဟာ ဖွားရဦးမယ်ဆိုရင် ထိုသတ္တဝါဟာ သေရမှာအမှန်ဖြစ်တယ်။ အဲဒီလို သေခြင်းတရားရှိနေရင် နိဗ္ဗာန်ဟာ မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ တရားတွေ ချုပ်ငြိမ်းရာမဟုတ်တော့ဘူး၊ မြစ်တစ်စင်းဟာ မြစ်ဖျားခံရာ ဒေသမှာ မွေးဖွားပြီး မြစ်ဝအထိဟာ ဒီမြစ်ရဲ့ တစ်သက်တာဘဝပဲ၊ ဒီနည်းအတိုင်းပဲ သတ္တဝါတစ် ဦးရဲ့ ဘဝတစ်သက်တာဟာ မွေးဖွားတဲ့အခါကစပြီး သေတဲ့အခါမှာ အဆုံးသတ်ရ တယ်'

'ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့တရားထဲမှာ မွေးဖွားခြင်းဆိုတဲ့တရား မရှိတော့ဘူး၊ မွေးဖွားခြင်းနှင့် သေခြင်းဟာ ကြိုးတစ်ချောင်းထဲပဲ၊ အစတစ်ဖက်က မွေးဖွားခြင်း ဆိုတာဖြစ်ပြီး၊ ကျန်အစတစ်ဖက်က သေဆုံးခြင်းပဲ၊ သည့်အပြင် အချက်တစ်ချက် လည်း ရှိသေးတယ်၊ အဲဒါက မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့ဟာ ဒုက္ခတရားတွေ လည်း ဖြစ်တယ်၊ မြဲလည်း မြဲတဲ့တရားတွေလည်း မဟုတ်ကြဘူး ဒကာကြီး'

**ဝါးလား**။ 'ဆရာတော်ရဲ့ ရှင်းလင်းချက်ဖြင့် မွေးဖွားခြင်းနှင့် သေဆုံးခြင်း တရားတို့အကြောင်းကို တပည့်တော် ရှင်းရှင်းလင်းလင်းနားလည်ပါပြီ ဆရာတော်၊ နိဗ္ဗာန်ဆိုတဲ့ တရားဟာလည်း မွေးဖွားခြင်း၊ သေဆုံးခြင်းဆိုတဲ့တရားတို့ရဲ့ ကင်းငြိမ်း ရာဖြစ်တယ် ဆိုတာကိုလည်း သိမြင်နားလည်ပါပြီဆရာတော်'

www.burmeseclassic.com

www.burmeseclassic.com



**ဆရာတော်။** 'အခု ဒကာကြီးက နိဗ္ဗာန်ဆိုတဲ့တရားဟာ အဟုတ်အမှန်ရှိကြောင်းကို ယုံယုံကြည်ကြည်နဲ့ လက်ခံပါပြီဆိုတော့၊ ဦးပဥ္ဇင်းက နိဗ္ဗာန်ဆိုတဲ့တရားဟာ ဘယ်နေရာမှာရှိပါသလဲဆိုတဲ့ ဒုတိယအဆင့်မေးခွန်းကို ဖြေကြားရဦးမယ်၊ အထက်က ဦးပဥ္ဇင်းရှင်းပြခဲ့တဲ့ အချက်အလက်များအရ နိဗ္ဗာန်ဆိုတဲ့တရား ကိန်းဝပ်ဖို့ရာ နေရာဌာနရှိလို့မဖြစ်တော့ဘူး၊ အကယ်၍ နေရာဌာနတစ်ခုရှိခဲ့လျှင် ထိုနေရာဌာနရဲ့ မူလဗီဇတရား ရှိရမယ်၊ မူလဗီဇတရားရှိတာနဲ့ တစ်ပြိုင်နက် ထိုတရားဟာ ပျက်စီးချုပ်ငြိမ်းသွားရမယ်'

'အမှန်ကတော့ နိဗ္ဗာန်ဆိုတဲ့တရားဟာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ မဟာဘုတ်ကြီးလေးပါးနဲ့ ဘာမှမပတ်သက်ဘူး၊ ကင်းလွတ်တယ်၊ ဒီ မဟာဘုတ်ကြီးလေးပါးနဲ့ ကင်းလွတ်လိုက်တာနဲ့တစ်ပြိုင်နက် ဘာတရားမျှမရှိဘူး၊ ဘာရုပ်ဝတ္ထုမျှ မရှိဘူး၊ ဘာအသွင်သဏ္ဍာန်မှလည်း မရှိဘူး၊ ဘယ်နေရာဌာနမှလည်း မရှိဘူး၊ ဒီမဟာဘုတ်ကြီးလေးပါး စုပေါင်းဖြစ်ပေါ်ရတဲ့ တရားဟူသမျှမှာ ပျက်စီးချုပ်ငြိမ်းရတာချည်းပဲ၊ ဘာဖြစ်လို့လဲဆိုတော့ စတင်ဖြစ်ပေါ်ခြင်း(ဇာတိ)၊ တိုးတက်ဖွံ့ဖြိုးခြင်း၊ ပျက်စီးယိုယွင်းခြင်း၊ ချုပ်ငြိမ်းခြင်းဆိုတဲ့ တရားတွေဟာ ဒီမဟာဘုတ်ကြီးလေးပါးတို့ရဲ့ မူလဗီဇက စပါလာတဲ့သဘောတွေဖြစ်လို့ပဲ ဒကာကြီး'

'ဒါကိုကြည့်ခြင်းအားဖြင့် နိဗ္ဗာန်ဆိုတဲ့တရား တည်ရှိဖို့အတွက် နေရာဌာနဆိုတာ မလိုဘူးဆိုတဲ့အချက်ဟာ ထင်ရှားသွားပြီ ဒကာကြီး'

**ဝါးလား။** 'ဒီလို နိဗ္ဗာန်ဆိုတဲ့တရားကိန်းဝပ်ဖို့ နေရာဌာနရယ်လို့မရှိရင် ဒီတရားဟာ ဘယ်လိုလုပ်ပြီးရှိနိုင်ပါမလဲ ဘုရား'

**ဆရာတော်။** 'ကဲ ဒါဖြင့်ရင်-ဒကာကြီးကို ဦးပဥ္ဇင်းက ပြန်မေးရဦးမယ်'

**ဝါးလား။** 'မှန်လှပါဆရာတော်'

**ဆရာတော်။** 'လောကမှာ ဉာဏ်ပညာဆိုတဲ့တရား ရှိပါသလား'

**ဝါးလား။** 'ရှိပါတယ်ဆရာတော်'

**ဆရာတော်။** 'ဒီ ဉာဏ်ပညာဆိုတဲ့တရားကို မြင်ဖူးသလား'

**ဝါးလား။** 'မမြင်ဖူးပါဘူးဆရာတော်၊ ဒီတရားဟာ မမြင်နိုင်၊ မမြင်အပ်တဲ့ တရားပါ ဆရာတော်'

**ဆရာတော်။** 'ဒါဖြင့်ရင် ဒီဉာဏ်ပညာဆိုတဲ့တရားဟာ ရှိတယ်လို့ ဒကာကြီး ဘယ်လိုလုပ်ပြီး သိပါသလဲ'

**ဝါးလား။** 'ဉာဏ်ပညာဆိုတဲ့တရားကို စိတ်အာရုံနဲ့ သညာသဘောနဲ့ သိပါတယ်ဆရာတော်'

**ဆရာတော်။** 'ဉာဏ်ပညာဆိုတဲ့တရားဟာ ဘယ်အရပ်ဒေသမှာ ကိန်းဝပ်ပါသလဲ ဒကာကြီး'

**ဝါးလား။** 'ဉာဏ်ပညာဆိုတဲ့တရားဟာ ဘယ်နေရာ ဘယ်ဌာနမှ မကိန်းဝပ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူးဘုရား၊ ဒါပေမယ့် အဲဒီတရားဟာ ပေါ်ပေါက်လိုက်၊ ပျောက်ကွယ် လိုက် တစ်ဖန် ပေါ်ပေါက်လိုက်နဲ့ အစဉ်တစိုက် ဖြစ်ပျက်နေပါတယ်ဘုရား'

**ဆရာတော်။** 'လေဆိုတဲ့ တရားဟာရှိပါသလား'

**ဝါးလား။** 'လေဆိုတဲ့တရားဟာရှိပါတယ်။ ဒီ-လေဆိုတဲ့တရား မရှိဘဲနဲ့ တပည့်တော်တို့ဟာ အသက်ရှင်မနေနိုင်ပါဘူး ဆရာတော်'

**ဆရာတော်။** 'ဒကာကြီး လေကို မြင်ရသလား'

**ဝါးလား။** 'မမြင်ရပါဘူးဆရာတော်၊ လေဟာ မြင်နိုင်တဲ့တရား မဟုတ်ပါဘူး'

**ဆရာတော်။** 'လေဟာ ရှိတယ်ဆိုတာကို ဘယ်လိုလုပ်ပြီး သိအောင်လုပ်သလဲ ဒကာကြီး'

**ဝါးလား။** 'လေကို တပည့်တော်ရဲ့ ခန္ဓာကိုယ်အတွင်းမှာရော၊ အပြင်မှာပါ လေရဲ့ အားကို စမ်းသပ်တွေ့ထိခြင်းအားဖြင့် လေဆိုတဲ့တရားဟာ တကယ်ရှိတယ်ဆိုတာ သိရပါတယ်ဆရာတော်'

**ဆရာတော်။** 'ဒါဖြင့် လေဟာ ဘယ်မှာကိန်းဝပ်နေသလဲ ဒကာကြီး'

**ဝါးလား။** 'ဉာဏ်ပညာဆိုတဲ့ တရားလိုပါပဲဆရာတော်၊ လေဟာလည်း အဆက်မပြတ် ဖြစ်ပေါ်ကွယ်ပျောက်နေတဲ့တရားပါပဲ ဘုရား'

**ဆရာတော်။** 'ဉာဏ်ပညာတို့၊ လေတို့ဆိုတဲ့တရားတွေဟာ တကယ်တမ်း ရှိပါလျက်နဲ့ ဘယ်နေရာ ဘယ်ဒေသမှာကိန်းဝပ်လျက်ရှိတယ်လို့ မပြနိုင်သလိုပဲ၊ နိဗ္ဗာန်ဆိုတဲ့တရားဟာလည်း တကယ်ရှိသော်လည်း ဘယ်နေရာဘယ်ဒေသမှာ ကိန်းဝပ်တယ်လို့ မပြနိုင်ဘူး ဒကာကြီး၊ ဉာဏ်ပညာဆိုတဲ့တရားနဲ့ လေဆိုတဲ့တရားတို့ တကယ်တမ်း ရှိတယ်ဆိုတာကို အာရုံခံစားခြင်း၊ တွေ့ထိခြင်းဆိုတဲ့ သဘောတို့နဲ့သာ သိနိုင်၊ နားလည်နိုင်သလို နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်ရှိတယ်ဆိုတာကိုလည်း အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရနေကြတဲ့ ပုဂ္ဂိုလ်များရဲ့ လောကုတ္တရာဉာဏ်၊ အာသဝက္ခယဉာဏ်တို့ဖြင့်သာ သိမြင်နားလည်နိုင်တယ်၊ ကဲ-ဒကာကြီး ကျေနပ်ပြီလား'

**ဝါးလား။** 'ကျေနပ်ပါပြီဆရာတော်၊ ဉာဏ်ပညာနဲ့ လေဆိုတဲ့တရားတွေလိုပဲ နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်ရှိသော်လည်း ဘယ်နေရာ ဘယ် ဌာနမှာ ကိန်းဝပ်တယ်လို့ ပြလို့ မဖြစ်နိုင်တာကိုလည်း သဘောပေါက်ပါပြီ ဆရာတော်'

**ဆရာတော်။** 'ကဲ ဒုတိယပြဿနာ ရှင်းသွားပြီဆိုရင် တတိယပြဿနာဖြစ်တဲ့ နိဗ္ဗာန်ဟာ မည်သည့်တရားနဲ့ တူပါသလဲဆိုတဲ့အချက်ကို ဆက်ရှင်းကြရလိမ့်မယ်၊ နိဗ္ဗာန်ဆိုတဲ့တရားဟာ အထက်က ရှင်းပြခဲ့သလိုပဲ ဒီလောကကြီးနဲ့ သတ္တိ၊ အရှည်အချင်း၊ အသွင်အပြင်၊ ဂုဏ်လက္ခဏာတို့မှစ၍ ဘယ်ဘက်ကမျှမတူဘဲ လုံးလုံးဆန့်ကျင်နေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့တရားဖြစ်နေလေတော့ နိဗ္ဗာန်ကို ခုတွေ့မြင်နေတဲ့ အရာဝတ္ထုတွေ၊ ရုပ်ဝတ္ထုတွေနဲ့ ဘယ်လိုမှ နှိုင်းယှဉ်ပြလို့တော့ မဖြစ်ပေဘူး ဒကာကြီးရဲ့၊ ဒါပေမယ့် ဥပမာလေးတစ်ခုနဲ့တော့ ရှင်းပြရလိမ့်မယ်၊ ဒကာကြီး နားထောင်ပေတော့'

**ဝါးလား။** 'မှန်ပါ၊ နာလျက်ပါဆရာတော်'

**ဆရာတော်။** 'ရှေးက ဘုရင်ကြီးတစ်ပါးရှိသတဲ့၊ ဒီဘုရင်ကြီးဟာ အခြားဘုရင်အဆူဆူက ကြောက်ရွံ့ရိုသေပြီး လက်ဆောင်ပဏ္ဏာတွေနဲ့ အောက်ကျို့ရလောက်အောင် ဘုန်းတန်ခိုးကြီးသတဲ့၊ ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြားတွေဆိုတာလည်း ခန့်မှန်းရေတွက်လို့ မရနိုင်အောင် ပေါသတဲ့၊ စစ်သည်အင်အားကလည်း အလွန်ကြီးမားတောင့်တင်းသတဲ့၊ သူ့ကို လုပ်ကျွေးပြုစုကြတဲ့ မောင်းမမိဿံကလည်း ထောင်သောင်းမကဘူးတဲ့၊ အချက်အပြုတ် အကျော်အမော်တွေကလည်း ရသာမျိုးစုံတဲ့ ခဲဘွယ်ဘောဇဉ် ချိုချဉ်ယမကာတွေကို အမျိုးပေါင်း မရေမတွက်နိုင်အောင်စီမံပြီး ပွဲတော်များ ဆက်သကြရသတဲ့'

'ဒီလို အမျိုးမျိုးသော စည်းစိမ်ချမ်းသာတွေကို ခံစားစံစားနေရတဲ့ ဘုရင်ကြီးဟာ တစ်နေ့ကျတော့ ကုဋ္ဌနူနာရောဂါ စွဲကပ်လာသတဲ့၊ ဒီရောဂါ စွဲကပ်လာတာနဲ့တစ်ပြိုင်နက် ဘုရင်ကြီးဟာ အထက်ကပြောခဲ့တဲ့ စည်းစိမ်တွေကိုလည်း မခံစားနိုင်တော့ဘူး၊ မောင်းမ မိဿံတွေနဲ့လည်း မပျော်ပါးနိုင်တော့ဘူး၊ နောက်ဆုံး အာရုံငါးပါးမှာ ဘယ်အာရုံမှ မခံစားနိုင်တော့ဘူး၊ ဒီ စက်ဆုတ်ရွံရှာဘွယ် ကောင်းလှတဲ့ ရောဂါအတွက် အချိန်ရှိသ၍ စိတ်နှလုံး ဆင်းရဲနွမ်းရိနေရသတဲ့၊ နောက်ဆုံးတော့ ဘုရင်ကြီးဟာ ကျန်းမာရေးနဲ့ ထီးနန်းစည်းစိမ်ကို လဲ,ပစ်ရသည်အထိ ကျန်းမာအောင်လုပ်မယ်ဆိုပြီး သန္နိဋ္ဌာန်ချလိုက်သတဲ့'

'အဲဒီလို သန္နိဋ္ဌာန်ချပြီးတဲ့နောက် ဘယ်သူမဆို ဘုရင်ကြီးရဲ့ရောဂါကို ပျောက်ကင်းအောင်ကုသလို့ရှိရင် ထီးနန်းစည်းစိမ်နဲ့တကွ သူ့ရဲ့ရတနာရွှေငွေတွေကို ပါ ဆုလာဘ်အဖြစ်နဲ့ ရလိမ့်မယ်လို့ တိုင်းပြည်အတွင်း ကြေညာလိုက်သတဲ့၊ သူကိုယ်တိုင်ကတော့ ရောဂါဝေဒနာ ကင်းရှင်းသွားပြီး အရင်ကလို ကျန်းမာလာတာနဲ့တစ်ပြိုင် နက် ထီးနန်းကိုစွန့်ပြီး ရသေ့အသွင်နဲ့ တောရမှီးနေတော့မယ်လို့ စိတ်ကို ပိုင်းဖြတ် ထားသတဲ့။ ဒီလို ကြေညာလိုက်တော့ တိုင်းပြည်အတွင်း အလှူန်နာမည်ထင်ရှား ကျော်ကြားလှတဲ့ သမားတော်ကြီးတွေဟာ ဘုရင့်ရောဂါကို လာရောက်ကုသ,ကြသတဲ့'

'ဒါပေမယ့် သမားတော်ကြီးများစွာဟာ ဘုရင်ကြီးရဲ့ရောဂါကို ပျောက်ကင်းအောင် မကုသနိုင်ကြရှာဘူးတဲ့၊ နောက်ဆုံး သမားတော်ကြီးတစ်ဆူ ရောက်လာပြီး ဘုရင်ကြီးရဲ့ရောဂါကို သုံးလနဲ့ပျောက်ကင်းအောင် ကုသနိုင်ပါတယ်၊ တကယ်လို့ သုံးလနဲ့ပျောက်ကင်းရင် အရှင်မင်းမြတ် ကတိထားတော်မူတဲ့အတိုင်း ထီးနန်းကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ပေးပါ၊ မပျောက်ရင် ကျွန်တော်မျိုးရဲ့ဦးခေါင်းကို ဖြတ်ပစ်ပါဘုရားလို့ လျှောက်ထားပြီး ကုသတဲ့၊ ဒီသမားတော်ဟာ တကယ်ကို ကျွမ်းကျင်တတ်မြောက်တဲ့ သမားတော်ကြီး ဆိုတော့ ပြောတဲ့အတိုင်းပဲ သုံးလလည်းကြာရော ဘုရင်ကြီးဟာ ပကတိအတိုင်း ကျန်းမာသွားသတဲ့၊ ရောဂါနဲ့ပတ်သက်လို့ ဘာအငုတ်အရင်းမှ မရှိတော့ဘူးတဲ့'

'ဒါနဲ့ ဘုရင်ကြီးက သူ့ရဲ့ကတိအတိုင်း ထီးနန်းနှင့်တကွ ရတနာရွှေငွေတွေကို သမားတော်ကြီးလက်ထဲအပ်ပြီး တောထွက်ကာ ရသေ့ဘဝနဲ့ သစ်တစ်ပင်ရင်း၊ ဝါး တစ်ပင်အောက်မှာ ကျောင်းသခ်မ်းကလေးဆောက်ပြီး တရားကျင့်နေသတဲ့၊ သူ့ရဲ့ စိတ်ဓာတ်ဟာလည်း ချမ်းသာသုခနဲ့ အလွန်ပြည့်စုံနေသတဲ့၊ ဒီတော့ ဘုရင်ကြီးဟာ ထီးနန်းစည်းစိမ်နဲ့တကွ ရတနာရွှေငွေတွေထက် ကျန်းမာရေးဟာ တကယ်ကျတော့ တယ်ပြီး အဖိုးတန်ပါကလားလို့ ကိုယ်တွေ့သိမြင်နားလည်လာပြီး၊ ဩော်-လောက တွင် ကျန်းမာခြင်းထက် အဖိုးတန်တဲ့ရတနာကား မရှိတကားလို့ ဥဒါန်း ကျူးလိုက် သတဲ့'

ထို့နောက် ဆရာတော်က မစ္စတာလက်ကဒါဝါးလားအား-

'ကဲ ဒကာကြီး၊ တကယ်ပဲ ကျန်းမာခြင်းဆိုတဲ့တရားဟာ ဒီဘုရင်ကြီး ဥဒါန်း ကျူးသလို လူတစ်ဦးတစ်ယောက်အား စိတ်ဓာတ်အားဖြင့် ချမ်းသာသုခနဲ့ ပြည့်စုံ အောင် ဖန်တီးနိုင်ရဲ့လား ဒီတရားဟာ အမှန်ရောရှိရဲ့လား'

**ဝါးလား။** 'ဒီဘုရင်ကြီးပြောသလို တကယ်ပဲ လူတွေရဲ့စိတ်ဓာတ်ကို ချမ်းသာ သုခပေးနိုင်တဲ့၊ အဖိုးဖြတ်လို့မရတဲ့ ကျန်းမာခြင်းဆိုတဲ့ တရားရှိကြောင်းကို ကိုယ်တိုင် အတွေ့အကြုံနဲ့ ဝန်ခံပါတယ် ဆရာတော်'

**ဆရာတော်။** 'ကဲ ဒါဖြင့် ဒီကျန်းမာခြင်းဆိုတဲ့တရားဟာ ဘယ်လိုပုံသဏ္ဌာန်ရှိ တယ်ဆိုတာကို ဒကာကြီး ပြောပြနိုင်ပါမလား'

**ဝါးလား။** 'ဒီကျန်းမာခြင်းဆိုတဲ့တရားမှာ အသွင်သဏ္ဌာန် ရုပ်ဖြပ်ရယ်လို့ မျက်စိနဲ့ကြည့်လို့တော့ မမြင်ရပါဘူးဘုရား၊ ဒါပေမယ့် ဒီတရားရဲ့ အကျိုးကျေးဇူးကိုတော့ ဘယ်သူမှမငြင်းနိုင်ပါဘူး ဆရာတော်'

**ဆရာတော်။** 'အဲ ဒကာကြီးပြောတဲ့အတိုင်း ကျန်းမာခြင်းဆိုတဲ့တရားဟာ တကယ် ရှိပြီး ဒီတရားရဲ့အကျိုးကျေးဇူးကို လူသားတွေဟာ ခံစားနေရသော်လည်း ဘယ် သူကမှ ကျန်းမာခြင်းဆိုတဲ့တရားဟာ ဘာနဲ့တူတယ်၊ ဘယ်လို ကိုင်တွယ်စမ်းသပ်လို့ ရတယ်၊ ဘယ်လို အဖိုးတန်တယ်ဆိုတာကို ကိုင်တွယ်ပြသလို့ မဖြစ်သလိုပဲ နိဗ္ဗာန်ဆိုတဲ့ တရားဟာလည်း စကြာဝဠာကြီးအတွင်းမှာရှိတဲ့ သတ္တဝါအနန္တတို့ ခံစားနေကြရတဲ့ ပဋိသန္ဓေနေရခြင်း အိုရခြင်း နာရခြင်းဆိုတဲ့ ဆင်းရဲဒုက္ခတွေနဲ့တကွ အခြားဒုက္ခတွေ ကပါ လွတ်ငြိမ်းအောင် ဖန်တီးနိုင်တာကတော့ မှန်ပါတယ်'

'ဒါပေမယ့် ဒီ နိဗ္ဗာန်ဆိုတဲ့တရားဟာ ဖြူတယ်၊ ဝါတယ်၊ နီတယ်၊ ညိုတယ်

www.burmeseclassic.com

www.burmeseclassic.com



လိုလည်း ပြောပြလို့မဖြစ်နိုင်ဘူး၊ လုံးတယ်၊ ပြားတယ်၊ ရှည်တယ်၊ တိုတယ် လို့လည်း ပြောပြလို့မဖြစ်ဘူး၊ ဒီတရားကို ရတဲ့သူမှပဲ ကိုယ်တိုင်တွေ့ကြုံခံစားပြီး သိအပ်တဲ့တရားပဲ ဒကာကြီးရဲ့၊ ကဲ နိဗ္ဗာန်ဟာ ဘယ်လိုအဆင်းသဏ္ဌာန်နဲ့ ပြည့်စုံသလဲဆိုတာ ဒကာကြီးရဲ့ ပုစ္ဆာနဲ့ပတ်သက်ပြီး ဒကာကြီးရှင်းသွားပြီလား'

**ဝါးလား။** 'မှန်ပါဆရာတော် ယခုပြလိုက်တဲ့ဥပမာနဲ့ ရှင်းသွားပါပြီဆရာတော်'

## ဗုဒ္ဓနဲ့ နှိုင်းယှဉ်မရ

**မေးမြန်းသူ** - ခရစ်ယာန်ဘုန်းကြီးဂျေဝစ်(လ်)ဆင်၊
အယ်(မ်)၊ အေ(အောက်စဖို့တက္ကသိုလ်)၊
ခရစ်ယာန်ဘာသာရပ်ပါရဂူ၊ ဘုံဘိုင်မြို့၊
အယ်လီဖင်စတုန်းကောလ်၊ အင်္ဂလိပ်ဘာသာ ပါမောက္ခ။

**ဖြေဆိုသူ** - ဆရာတော် အရှင်အရိယဓမ္မ။

**မေး။** 'ဗုဒ္ဓရဲ့ နိဗ္ဗာန်ကို ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်း၊ မဟာမေဒင်ဘာသာဝင်တို့ရဲ့ ဥယျာဉ်တော်၊ ဟိန္ဒူဘာသာဝင်တို့ရဲ့ မုတ္တိတို့ကဲ့သို့ ပုံသဏ္ဌာန်ကို ဟောပြောပြီးပြနိုင်ပါမလား ဆရာတော်'

**ဆရာတော်။** 'အလွန်တရာလည်း မြင့်မြတ်၊ ချမ်းသာသုခနဲ့လည်း လုံးဝပြည့်စုံပြီး ဖျက်ဆီးလို့မရပဲ အစဉ်ထာဝရ တည်မြဲနေတဲ့နိဗ္ဗာန်တရားနဲ့ ယှဉ်ပြိုင်လို့ရတဲ့ တရားဟာ လောကမှာမရှိဘူး၊ ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့တရားကို သက်ဆိုင်ရာ ဘာသာအယူဝါဒ အသီးသီးအရ ဟောပြောထားတဲ့ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်းတို့ မဟာမေဒင်ဘာသာဝင်တို့ရဲ့ ဥယျာဉ်တော်တို့ ဟိန္ဒူဘာသာဝင်တို့ရဲ့ မုတ္တိဆိုတဲ့ တရား တွေနဲ့တော့ နှိုင်းယှဉ်လို့မရဘူး၊ ဒီတရားတွေကို သာမန်လူသားတွေရဲ့ ဉာဏ်နဲ့ စိတ်ကူး လို့ရတယ်'

'ဗုဒ္ဓက သူ့ရဲ့ တရားဒေသနာတော်တွေထဲမှာ ဟောပြတော်မူခဲ့တဲ့ နိဗ္ဗာန်ဆိုတဲ့ တရားကို ဗုဒ္ဓကိုယ်တော်တိုင်နဲ့ ရဟန္တာပုဂ္ဂိုလ်များသာလျှင် အထင်အရှား မြင်တော်မူနိုင်တယ်၊ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေတောင် မမြင်နိုင်ကြဘူး၊ ဒီနိဗ္ဗာန်ဆိုတဲ့ တရားကို မြင်နိုင်သိနိုင်တဲ့အခြေအနေကို ရောက်ဖို့ဆိုတာကလည်း လွယ်ကူတာ မဟုတ်ဘူး၊ ဒီလိုသိနိုင်ဘို့ရာအတွက်-'

၁။ နာမရူပပရိစ္ဆေဒဉာဏ် = နာမ်တရားတို့၏ တကယ့်သဘာဝနှင့် ရုပ်တို့၏ တကယ့်သဘာဝကို ပိုင်းခြား၍သိသော ပညာအလင်း။

၂။ ပစ္စယပရိဂ္ဂဟဉာဏ် = နာမ်နှင့်တကွ အထောက်အပံ့သဘောတို့ကို

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ရုပ်နှင့်တကွ အထောက်အပံ့သဘောတို့ကိုလည်းကောင်း၊ သိမ်းဆည်း၍ သိသောပညာအလင်း။

၃။ သမ္မသနဉာဏ် = ရုပ်ဖြစ်ပျက်မှု၊ နာမ်၏ဖြစ်ပျက်မှုတို့ကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းတို့ဖြင့်မြင်သော ပညာအလင်း။

၄။ ဥဒယဗ္ဗယဉာဏ် = ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကိုရှုမြင်သော ပညာအလင်း။

၅။ ဘင်ဉာဏ် = ရုပ်နာမ်တို့၏အပျက်ကိုသာရှုသော ပညာအလင်း။

၆။ ဘယဉာဏ် = ရုပ်နာမ်ကို ကြောက်ဖွယ်ဟုရှုမြင်သော ပညာအလင်း။

၇။ အာဒီနဝဉာဏ် = ရုပ်နာမ်တို့၏အပြစ်ကို ရှုမြင်တတ်သော ပညာအလင်း။

၈။ နိဗ္ဗိဒါဉာဏ် = ရုပ်နာမ်တို့ကို ငြီးငွေ့သော ပညာအလင်း။

၉။ မုဉ္စိတုကမျတာဉာဏ် = ရုပ်နာမ်ပျက်စီးမှုတို့မှ လွတ်မြောက်လိုသော ရှုမြင်မှုပညာအလင်း။

၁၀။ ပဋိသင်္ခါဉာဏ် = တစ်ဖန် လွတ်လိုသောရှုမြင်မှု ပညာအလင်း။

၁၁။ သင်္ခါရုပေက္ခာဉာဏ် = ဖြစ်ပျက်မှုတို့ကိုလျစ်လျူပြု ရှုမြင်သော ပညာအလင်း။

၁၂။ အနုလောမဉာဏ် = အောက်ကသိပြီးသော ပညာအလင်းနှင့် အထက် ဆက်သိရန် ပညာအလင်းတို့ကို လျော်စွာရှုမြင်သော ပညာအလင်း။

၁၃။ ဂေါတြဘူဉာဏ် = ကိလေသာပေကျုံမှု အဆက်အနွယ်ပြတ်၍ လောကမှ လွတ်မြောက်ရန် ငြိမ်းချမ်းသော ပညာအလင်း။

၁၄။ သောတာပတ္တိမဂ်ဉာဏ် = သစ္စာလေးပါးကို ယုံးမှားကင်းစွာ အစအဆုံးထိ သိသော ပညာအလင်း။

၁၅။ သောတာပတ္တိဖိုလ်ဉာဏ် = အထက်ပါဉာဏ်၏အကျိုး။

၁၆။ သကဒါဂါမိမဂ်ဉာဏ် = အကြမ်းစားလောဘ၊ ဒေါသနှင့် တွေဝေမှုတို့ကို ထပ်၍ထပ်၍ ပယ်သော ပညာအလင်း။

၁၇။ သကဒါဂါမိဖိုလ်ဉာဏ် = အထက်ပါဉာဏ်၏အကျိုး။

၁၈။ အနာဂါမိမဂ်ဉာဏ် = ကာမရာဂနှင့် စိုးရိမ်စိတ်တို့ကို ကုန်စင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပယ်သော ပညာအလင်း။

၁၉။ အနာဂါမိဖိုလ်ဉာဏ် = အထက်ပါဉာဏ်၏အကျိုး။

၂၀။ အရဟတ္တမဂ်ဉာဏ် = ကိုယ်တွင်းကိလေသာရန်သူဟူသမျှကို အကြွင်းမဲ့ ပယ်သောပညာအလင်း။

၂၁။ အရဟတ္တဖိုလ်ဉာဏ် = အထက်ပါဉာဏ်၏အကျိုး။

၂၂။ ပစ္စဝေက္ခဏာဉာဏ် = အဖန်ဖန်ဆင်ခြင်တိုင်း မြင်သောဉာဏ်။

'ဒီဉာဏ် (၂၂)ပါးကို ရရမယ်၊ ဗုဒ္ဓနဲ့ သူ့ရဟန္တာတွေဟာ ဒီဉာဏ်(၂၂)ပါးကို ရရှိထားတဲ့အတွက်သာ နိဗ္ဗာန်ဆိုတာကို သိမြင်နားလည်တော်မူကြခြင်းဖြစ်တယ်'

**ဝစ်လဆင်။** 'နိဗ္ဗာန်ဆိုတဲ့တရားကို ဆရာတော် ဟောပြောတော်မူတဲ့အတိုင်း မည်သည့်ပုံသဏ္ဌာန်၊ အရောင်းအဆင်းရှိတယ်ဆိုတာကို ဟောပြောဖို့ ခဲယဉ်းတယ်ဆိုတဲ့အချက်ကို လက်ခံပါတယ်၊ ဒါပေမယ့် နိဗ္ဗာန်ကို မသိမမြင်နိုင်ကြတဲ့ လူသားတို့ကို နိဗ္ဗာန်ကို လိုချင်လာအောင် နိဗ္ဗာန်ဆိုတဲ့တရားမှာ ဘယ်လိုဂုဏ်သတ္တိနဲ့ အရည်အချင်းရှိတယ်ဆိုတာကိုတော့ ဗုဒ္ဓနဲ့ ရဟန္တာတွေဟာ ဟောပြောလို့မဖြစ်နိုင်ပေဘူးလား ဆရာတော်'

**ဆရာတော်။** 'နိဗ္ဗာန်ဆိုတဲ့တရားကို မသိနိုင်မမြင်နိုင်တဲ့ လူသားတွေအား နိဗ္ဗာန်ဟာ ဘယ်လိုပုံသဏ္ဌာန်၊ အရောင်အဆင်းရှိတယ်ဆိုတာကို ဘယ်လိုပဲ ဟောပြောသော်လည်း ဒီဉာဏ်ပညာတွေကိုမှ ရ,မထားလို့ရှိရင် မသိနိုင် မမြင်နိုင်ကြဘူး၊ ဒါပေမယ့် ဒီလူသားတွေ သိမြင်နားလည်လောက်တဲ့ နိဗ္ဗာန်ရဲ့ဂုဏ်သတ္တိတွေကိုတော့ ဗုဒ္ဓကိုယ်တော်တိုင်က ဟောတော်မူခဲ့ပါတယ်၊ အဲဒီ ဂုဏ်သတ္တိတွေကတော့-'

နိဗ္ဗာနံအသင်္ခတံ = နိဗ္ဗာန်ဟာ ရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ မဟာဘုတ် ဓာတ်ကြီးလေးပါးတို့ ပေါင်းစပ်ဖွဲ့စည်းတည်ဆောက်ထားတဲ့ တရားမဟုတ်တဲ့အတွက် ပြုပြင်ပြောင်းလဲမှုမှ ကင်းစင်ခြင်း။

နိဗ္ဗာန်နံနိစ္စံ = နိဗ္ဗာန်ဟာ တည်မြဲမှုရှိခြင်း။

နိဗ္ဗာနံပရမံသုခံ = နိဗ္ဗာန်ဟာ တဏှာ၊ ဥပါဒါန်စတဲ့တရားတွေကို ဖြစ်ပွားစေတဲ့ ဝေဒနာတရားတွေမှ ကင်းစင်တဲ့ အကောင်းဆုံးသော ချမ်းသာသုခနှင့် ပြည့်စုံခြင်း။

နိဗ္ဗာနဓုဝံ = နိဗ္ဗာန်ဟာ ဖန်ဆင်းထားတဲ့ တရားမဟုတ်ဘဲ အမြဲရှိတဲ့ တရားဖြစ်ခြင်း။

နိဗ္ဗာနံဝိမုတ္တိရသံ = နိဗ္ဗာန်ဟာ လွတ်မြောက်တဲ့အရသာနဲ့ လုံးဝပြည့်စုံခြင်း။

နိဗာနံဝိရောဓိသမ္ဘတ္တံ = နိဗ္ဗာန်ဟာ ၁၅၀၀ ကိလေသာတရားတွေ ရုပ်နာမ်ခန္ဓာတရားတို့မှ ပေါ်ပေါက်လာတဲ့ ဝေဒနာတရားတွေ ဒုက္ခတွေအားလုံး ကင်းလွတ်ခြင်းဆိုတဲ့ (၇)ပါးသော တရားတွေပဲ ဖြစ်တယ်။

**ဝစ်လဆင်။** 'ဗုဒ္ဓနဲ့ ရဟန္တာကိုယ်တော်မြတ်များကိုယ်တိုင် သိမြင်နားလည်ထား တဲ့

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ဆိုတဲ့တရားကို သူတို့ကိုယ်တိုင် တိတိကျကျဟော ပြောတော်မူကြပါလျက်နဲ့ သာမန်လူသားများက ဒီ နိဗ္ဗာန်ဆိုတဲ့တရားကို နားမလည်နိုင်ကြဘူးဆိုတဲ့ အချက်ကို တော့ တပည့်တော်တို့အနေနှင့် သဘောမပေါက်နိုင်ပဲ ဖြစ်နေကြပါတယ်ဆရာတော်၊ ဒါကြောင့် ဒီပြဿနာနဲ့ပတ်သက်လို့ တပည့်တော်တို့ နားလည်သဘောပေါက်သွား အောင် ရှင်းပြတော်မူပါဦး ဆရာတော်'

**ဆရာတော်။** 'နိဗ္ဗာန်ဆိုတဲ့ တရားနဲ့ပတ်သက်လို့ ဗုဒ္ဓကိုယ်တော်တိုင် ဟောတောင်မှ သာမန်လူသားတို့ရဲ့ဉာဏ်မျက်စိနဲ့ ဘယ်နည်းနဲ့မှ မသိနိုင်၊ နားမလည်နိုင်ဘူး ဆိုတဲ့ အချက်ကို ရှင်းလင်းသွားအောင် ဒကာကြီးကို ဥပမာတစ်ခု ထပ်ပြီးပြရလိမ့်မယ်။

(ထို့နောက် ဆရာတော်က ပါမောက္ခဝစ်လဆင်အား အောက်ပါမေးခွန်းများ ကို မေးပါသည်)

**ဆရာတော်။** 'အကယ်၍ မွေးကတည်းက မျက်စိမမြင်တဲ့လူတစ်ယောက်ကို ဒီ ပရိသတ်ထဲ ခေါ်လာပြီး ဒကာကြီးက အဲဒီမျက်စိမမြင်တဲ့လူကို နေရဲ့အလင်းရောင် ဟာ ဘယ်လိုပုံသဏ္ဍာန်ရှိတယ်၊ ဘယ်လိုအရောင်အဆင်းရှိတယ်ဆိုတာကို အဲဒီလူ သိမြင် နားလည်လာအောင် ရှင်းပြနိုင်ပါ့မလား'

**ဝစ်လဆင်။** 'ဒီလူဟာ မွေးကတည်းက မျက်စိကွယ်နေတဲ့လူဆိုတော့ နေရောင် ခြည်ဟာ ဘယ်လိုအရောင်၊ ဘယ်လိုပုံသဏ္ဍာန်ရှိတယ်ဆိုတာကို သူသိမြင်နားလည်နိုင် အောင် ရှင်းပြနိုင်မယ်မဟုတ်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ ဒီ မွေးကတည်းက မျက်စိ ကွယ်လာတဲ့လူဟာ တပည့်တော်ကို နေရောင်ခြည်ဟာ တိုသလား၊ ရှည်သလား၊ နူးညံ့သလား၊ ကြမ်းသလား၊ ထူသလား၊ ပါးသလား၊ လုံးသလား၊ ပြားသလား၊ မြင့်သ လား၊ နိမ့်သလား၊ ဖြောင့်သလား၊ ကောက်သလား၊ လက်နဲ့စမ်းလို့ ထိလို့ ရသလား၊ မရဘူးလား စတဲ့မေးခွန်းတွေကိုမေးပြီး တပည့်တော်က ဘယ်လိုပဲဖြေဖြေ သူဟာ နားလည်သဘော ပေါက်မှာမဟုတ်ပါဘူး ဆရာတော်'

'နောက်ဆုံး သူမေးတဲ့မေးခွန်းတွေကို မဖြေနိုင်တော့ တပည့်တော်ဟာ လက် လျှော့လိုက်ရုံပဲရှိတော့မှာပါ ဆရာတော်၊ ဒီ မျက်စိမမြင်တဲ့လူကို နေရဲ့အလင်းရောင် ဟာ ဘယ်လိုသဘောရှိတယ်ဆိုတာကို သိမြင်နားလည်နိုင်အောင် အလွန်ကျွမ်းကျင် နားလည်တဲ့ သမားတော်နဲ့ မျက်စိကို မြင်အောင်ကုသပေးပါမှ ဖြစ်မှာပါဆရာတော်၊ အခု ဆရာတော်ရဲ့မေးခွန်းကို ဖြေရှင်းရင်းနဲ့ နေရောင်ခြည်ရဲ့ သဘာဝနဲ့ပတ်သက်လို့ မွေးကတည်းက မျက်စိကွယ်လာတဲ့လူကို ဘယ်လိုပဲ ရှင်းပြ,ရှင်းပြ၊ သိမြင်နားလည် မလာနိုင်သလိုပဲ နိဗ္ဗာန်ရဲ့သဘောသဘာဝကို ဗုဒ္ဓနဲ့ ရဟန္တာတွေကိုယ်တိုင်က ဘယ် လောက်ပဲ ဟော-ဟော၊ သာမန်လူသားတွေဟာ နားလည်ဖို့၊ သဘောပေါက်ဖို့ မဖြစ် နိုင်ဘူးဆိုတဲ့ အချက်ကို တပည့်တော် ရှင်းလင်းသဘောပေါက်ပါပြီ ဆရာတော်'

'တပည့်တော် မြန်မာပြည်မှာ နှစ်ပေါင်းများစွာ နေစဉ်အခါက ဒီ နိဗ္ဗာန်နဲ့ ပတ်သက်တဲ့ပြဿနာကို ဆရာတော်ကြီးတွေ ပညာရှိပုဂ္ဂိုလ်ကြီးတွေကို လျှောက်ထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးပါတယ်၊ သူတို့က ဒီပြဿနာကို ရဟန္တာပုဂ္ဂိုလ်များသာ ရှင်းလင်းဟောပြောနိုင်တယ်၊ နိဗ္ဗာန်အကြောင်းသိချင်ရင် မိမိကိုယ်တိုင် မဂ္ဂင်ရှစ်ပါးကို ကျင့်ရမယ်လို့ ပြောကြပါတယ်ဆရာတော်၊ ဆရာတော်က မွေးကတည်းက မျက်စိကွယ်လာတဲ့လူရဲ့ ဥပမာနဲ့ရှင်းပြီး ဟောပြောတော်မူလိုက်မှပဲ တပည့်တော်ဟာ နိဗ္ဗာန်ဆိုတဲ့တရားရဲ့ သဘောကို နားလည်သဘောပေါက်လာကာ တပည့်တော်ရဲ့စိတ်ထဲမှာ ကာလရှည်လျားစွာ ရှုပ်ထွေးနေတဲ့ပြဿနာဟာ ရှင်းလင်းသွားပါတော့တယ်ဆရာတော်'

**ဆရာတော်။** 'ခုနက ဦးပဥ္စင်းဟောခဲ့သလို မွေးကတည်းက မျက်စိမမြင်တဲ့လူကို နေရောင်ဟာ ဘယ်လိုအရောင်အဆင်းရှိတယ်၊ ဘယ်လိုပုံသဏ္ဌာန်ရှိတယ်၊ ဘယ်လိုသတ္တိရှိတယ်ဆိုတာကို ဘယ်လောက်ပင်ရှင်းပြရှင်းပြ၊ စက္ခုနှစ်ကွင်း အလင်းမရသဖြင့် နေရောင်ရဲ့သဘောကို ဘယ်နည်းနဲ့မှ နားလည်သဘောပေါက်မှာမဟုတ်သလို ဗုဒ္ဓနှင့် ရဟန္တာအရှင်မြတ်များသာ သိမြင်နားလည်နိုင်တဲ့ နိဗ္ဗာန်ဆိုတဲ့တရားရဲ့ သဘောနှင့် အနှစ်သာရကိုလည်း အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်ကို မရမချင်း၊ မသိနိုင်၊ သဘောမပေါက်နိုင်ဘူးဆိုတာကို အားလုံး နားလည်သဘောပေါက်ကြစေချင်တယ်'

'ဒီတရားတော်ကို နားလည်သဘောပေါက်လိုတဲ့ အကြင်သူတစ်ဦးတစ်ယောက်ဟာ အဝိဇ္ဇာအမှောင်ထုကို မြူမျှမကျန်အောင် ပယ်ရှားပစ်ရလိမ့်မယ်။ ဒီ အဝိဇ္ဇာတရားကို ဖယ်ရှားပစ်ဖို့ရန်လည်း မဂ္ဂင်ရှစ်ပါးတရားကို တကယ်တမ်း မဆုတ်မနစ်အားထုတ်ရပါလိမ့်မယ်'

(ဤနေရာတွင် ပရိသတ်ထဲမှ ဒကာကြီးတစ်ယောက်က မတ်တပ်ရပ်လျက်)

'ဆရာတော်ဘုရား၊ တပည့်တော်တို့ အိန္ဒိယပြည်နဲ့ မြန်မာပြည်မှာရှိကြတဲ့ အမေရိကန်သာသနာပြုတွေက နိဗ္ဗာန်ဆိုတာ ဘာမှမဟုတ်ဘဲ အားလုံး ဖျက်ဆီးပစ်တဲ့ တရားလို့ ဟောပြောနေကြလေတော့ ဒီကနေ့ ဆရာတော် ဟောတော်မူလိုက်မှပဲ တပည့်တော်တို့ဟာ နိဗ္ဗာန်ဆိုတဲ့တရားဟာ သူတို့ပြောသလို ဖျက်ဆီးပစ်တဲ့တရား မဟုတ်ဘဲ တကယ်ကို ချမ်းသာသုခ အပြည့်အဝရှိတဲ့တရားမှန်း နားလည်သဘောပေါက်ကြရပါတယ်ဆရာတော်'ဟု လျှောက်ထား၏။

လူသားတို့တွင် အမြင့်မြတ်ဆုံးပုဂ္ဂိုလ်များမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ပင်ဖြစ်၏။ ထို အမြင့်မြတ်ဆုံးပုဂ္ဂိုလ်များ စံပျော်ရာနေရာသည် အမြင့်မြတ်ဆုံးနေရာ ဖြစ်ရမည်ဟူ၍ လူပြိန်းတွေး-တွေးကြည့်လျှင်ပင် သိနိုင်ပါသည်။ နိဗ္ဗာန်ကို ချမ်းသာသောနေရာ၊ မြင့်မြတ်သောနေရာဟူ၍ မယုံခြင်းသည် တရားတော်ကို မယုံကြည်ရာရောက်၏။ အဘယ်ကြောင့်နည်း။ တရားရတနာအရ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ်တို့ကို ကောက်ယူရသောကြောင့်ပင်ဖြစ်၏။

သံယုတ်ပါဠိတော်၊ ပထမဂိဉ္ဇကာဝသထသုတ်၌ ဘုရား၊ တရား၊ သံဃာ၊ သီလလေးချက်တို့၌ အသက်နှင့်လဲပြီး ယုံကြည်စွဲမြဲသူများကို သောတာပန်ဟု ဆို

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကြောင်း၊ သုဂတိဘဝသို့ မြဲသူဖြစ်ကြောင်း ဗုဒ္ဓက ဟောကြားထား၏။ သို့ဖြစ်ပါ၍ တရားတော်ကို မယုံကြည်လျှင် သောတာပန် မဖြစ်နိုင်။ သောတာပန်မှ မဖြစ်နိုင်လျှင် ကျန်-သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များလည်း မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း၊ နိဗ္ဗာန်ဓာတ်၏ ချမ်းသာပုံ၊ မြင့်မြတ်ပုံကို ရိပ်စားမိရုံ သိထားသင့်သည်သာဖြစ်၏။ နိဗ္ဗာန်တွင် လွတ်မြောက်မှုချမ်းသာ၊ ငြိမ်းအေးမှုချမ်းသာသည် ဧကန်မုချရှိသည်သာ။ လွတ်မြောက်မှုချမ်းသာကို ဥပမာဖြင့်ပြအံ့။

လူတစ်ယောက်တွင် နူနာရောဂါခံစားနေရသဖြင့် လွန်စွာစိတ်ဆင်းရဲနေ၏။ ကံကောင်းထောက်မစွာ ဆေးကောင်းတစ်မျိုးကို သောက်လိုက်ရသောကြောင့် နူနာရောဂါသည် ချက်ခြင်း ပျောက်ကင်းသွား၏။ တစ်နည်းအားဖြင့် နူနာရောဂါမှ လွတ်မြောက်သွား၏။ ဤကား ဥပမာတည်း။

## အရဟတ္တမဂ်မှ နိဗ္ဗာန်ချမ်းသာသို့

ဥပမေယျကိုပြအံ့။ 'နူနာရောဂါ'ဟူသည် ပုထုဇဉ်မှန်သမျှကို နှိပ်စက်နေသော လောဘ, ဒေါသ, စသော ကိလေသာဆယ်ပါးကို ဆိုလို၏။ နူနာရောဂါ ပျောက်စေနိုင်မည့် ဆေးကို သောက်ခြင်းဟူသည် ဝိပဿနာတရားကို ရှုပွားခြင်းပင်ဖြစ်၏။ နူနာရောဂါ ပျောက်သွားခြင်းဟူသည် အရဟတ္တမဂ်ကိုရ၍ ကိလေသာအားလုံးမှ လွတ်မြောက်သွားခြင်းပင်ဖြစ်၏။

နူနာရောဂါမှ လွတ်မြောက်သွားခြင်းကြောင့် ချမ်းသာမှုသည် အမှန်ပင်ရှိ၏။ သို့သော် ထိုချမ်းသာကို နူနာရောဂါမှ လွတ်မြောက်ဖူးသူသာ သိနိုင်၏။ အခြားသူများ မသိနိုင်။ ထို့အတူ ကိလေသာအားလုံးမှ လွတ်မြောက်မှုရသွားခြင်းကြောင့် ချမ်းသာမှုသည် အမှန်ပင်ရှိ၏။ သို့သော် ထိုချမ်းသာကို ကိလေသာအားလုံးမှ လွတ်မြောက်ဖူးသူ (ရဟန္တာ)သာ သေချာသိနိုင်၏။ အခြားသူများ မသိနိုင်။ ထိုကိလေသာအားလုံးမှ လွတ်မြောက်သွားမှုကိုပင် နိဗ္ဗာန်ဟုဆိုလိုခြင်းဖြစ်၏။

နူနာရောဂါမှ လွတ်မြောက်လိုသူသည် နူနာရောဂါ၏အပြစ်ကို မြင်ဖို့လို၏။ သို့မှသာ နူနာရောဂါပျောက်ကြောင်းဆေးကို သောက်သုံးမည်ဖြစ်၏။ ထို့အတူ ကိလေသာအားလုံးမှ လွတ်မြောက်လိုသော် ကိလေသာတို့၏အပြစ်ကို မြင်ဖို့လို၏။ သို့မှသာ ကိလေသာပျောက်ကြောင်း ဝိပဿနာဆေးကို သောက်သုံးမည်ဖြစ်၏။ ကိလေသာဆယ်ပါးတွင် လူကို အနှိပ်စက်ဆုံးသော ကိလေသာမှာ တဏှာလောဘပင်ဖြစ်၏။ ထို့ကြောင့် သင်္ဂဟကျမ်းတွင် နိဗ္ဗာန်၏အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌-

'ဝါနတော တဏှာယနိက္ခန္တတ္တာနိဗ္ဗာနန္တိပဝုစ္စတိ'= ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ဆိုခဲ့ခြင်းဖြစ်၏။ ဤအဖွင့်ကို ထောက်၍

www.burmeseclassic.com

www.burmeseclassic.com



တဏှာကို နည်းနည်းပယ်နိုင်လျှင် သို့မဟုတ် တဒင်္ဂပဟာန်အားဖြင့် ခေတ္တခဏ ပယ်နိုင်လျှင် နိဗ္ဗာန်ချမ်းသာကို နည်းနည်းခံစားရသည်၊ သို့မဟုတ်, ခေတ္တခဏ ခံစားရသည်။ တဏှာကို အတော်များများပယ်နိုင်လျှင် သို့မဟုတ် ဝိက္ခမ္ဘနပဟာန်အားဖြင့် ခပ်ကြာကြာပယ်နိုင်လျှင် နိဗ္ဗာန်ချမ်းသာကို အတော်များများ ခံစားရမည် သို့မဟုတ် ခပ်ကြာကြာ ခံစားရမည်။

တဏှာအားလုံးကို ပယ်နိုင်လျှင် သို့မဟုတ် သမုစ္ဆေဒပဟာန်အားဖြင့် အမြစ်ပြတ် ပယ်သတ်နိုင်လျှင် နိဗ္ဗာန်ချမ်းသာကို အမြဲတမ်း အပြီးအပိုင် ခံစားရမည်သာ ဖြစ်၏။ ဝိပဿနာရှုပွါးခြင်းဖြင့် နိဗ္ဗာန်ချမ်းသာကို တဒင်္ဂခံစားနိုင်၏။ နိရောဓသမာပတ် ဝင်စားခြင်းဖြင့် နိဗ္ဗာန်ချမ်းသာကို ခပ်ကြာကြာကြီး ခံစားနိုင်၏။ အရဟတ္တမဂ်ကို ရခြင်းဖြင့် နိဗ္ဗာန်ချမ်းသာကို အပြီးအပိုင်ခံစားနိုင်၏။

တဏှာကင်းလျှင်ကင်းသလောက် ချမ်းသာပုံကို သဘာဝယုတ္တိဖြင့် ပြအံ့။ လူတစ်ယောက်သည် ချေးထားသောငွေအတော်များများကို ပြန်မရသဖြင့် အိပ်မပျော် စားမဝင်ဖြစ်ကာ ပူလောင်ဆင်းရဲနေ၏။ အချေးပြန်မဆပ်နိုင်သူကို သတ်ပစ်ရ ကောင်းနိုးနိုး၊ ရဲဖြင့် ဖမ်းဆီးခိုင်းရ ကောင်းနိုးနိုးဖြင့် မဆုံးဖြတ်နိုင်ဖြစ်ကာ ဒေါသ အပူမီး တောက်လောင်လျက်ရှိ၏။ အဘယ်ကြောင့် သောကအပူမီး တောက်လောင်ရ သနည်း။ လောကအဖြေကား ချေးငွေ ပြန်မရသောကြောင့်။

ထိုအဖြေကိုသိရုံဖြင့် မိမိအတွက် ဘာမျှအကျိုးမရှိ၊ မိမိအတွက် အကျိုးရှိနိုင်သောအဖြေကား ဓမ္မအဖြေသာဖြစ်၏။ ဓမ္မအားဖြင့်ဖြေလျှင် ချေးငွေအပေါ် စွဲလမ်းတပ်မက်နေသော တဏှာကြောင့် ပူလောင်ဆင်းရဲနေရခြင်းဖြစ်၏။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်သည် သို့မဟုတ် လိုချင်မှုကြောင့် ဆင်းရဲသည်ဟု သေချာ သိသွားသော မြီရှင်သည် ပေးလျှင်လည်း ယူမည်၊ မပေးလျှင်လည်း မယူတော့ဟု စိတ်ကိုလျှော့ချလိုက်၏။

ထိုအခါ သောကများပျောက်သွားပြီး စားဝင်အိပ်ပျော်ဖြစ်ကာ အေးချမ်းသွား၏။ အဘယ်ကြောင့် သောကမီးငြိမ်းပြီး အေးချမ်းသွားရသနည်း။ လောကအဖြေကား ချေးငွေအပေါ် စိတ်လျှော့ချလိုက်သောကြောင့်။ ဤအဖြေကိုသိခြင်းဖြင့် မိမိအတွက် အကျိုးမရှိ။ အကျိုးရှိသောအဖြေကား ချေးငွေအပေါ် တပ်မက်နေသော တဏှာကို ပယ်သတ်နိုင်သောကြောင့်ပင်ဖြစ်၏။ ဤသို့ ချေးငွေအပေါ် တပ်မက်နေသော တဏှာ မှ လွတ်မြောက်သွားမှုသည် နိဗ္ဗာန်ချမ်းသာကို တဒင်္ဂခံစားခြင်းဖြစ်၏။

ဗဟိဒ္ဓပစ္စည်း အပေါ်မှာ တပ်မက်မှုတဏှာကို ပယ်သတ်နိုင်ရုံဖြင့် ဤမျှချမ်းသာသေးလျှင် အဇ္ဈတ္တခန္ဓာမှာ တပ်မက်သည့် တဏှာကို ပယ်သတ်နိုင်လျှင် မည်မျှထိ ချမ်းသာမည်ကို ထောက်ဆ၍ သိနိုင်ပေသည်။ ဤ သဘာဝယုတ္တိကိုထောက်၍ ရွှေ ငွေ၊ ဥစ္စာ၊ စည်းစိမ်၊ သား၊ မယားတို့သည် သောကဖြစ်ခြင်း၊ ဒုက္ခဖြစ်ခြင်း၏ အကြောင်းရင်း ရန်သူမဟုတ်။ ထိုအရာတို့အပေါ် မခွဲနိုင် မခွါရက် တပ်မက်နေသော

www.burmeseclassic.com

www.burmeseclassic.com



တဏှာသည်သာ သောကဖြစ် ခြင်း ဒုက္ခဖြစ်ခြင်း၏အကြောင်းရင်း ရန်သူဖြစ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် ဒုက္ခသစ္စာတွင်ပါဝင်သော သက်ရှိသက်မဲ့ အရာဝတ္ထု မှန်သမျှသည် ပယ်သတ်၍ရ ကောင်းသောတရားများ မဟုတ်၊ ဆင်းရဲအမှန်ဟု သိရမည့်တရားသာဖြစ်၏။ ပယ် သတ်ရမည့်တရားအစစ်ကား ထိုအရာဝတ္ထုတို့အပေါ် တပ်မက်သော တဏှာသာ ဖြစ်၏။

ထိုတဏှာသည် မည်သည့်အရာကို အစွဲအလမ်း အတပ်မက်ဆုံးဖြစ်သနည်း။ မိမိခန္ဓာကိုယ်ကို အစွဲအလမ်း အတပ်မက်ဆုံးဖြစ်၏။ မိမိခန္ဓာအပေါ် စွဲလမ်းခြင်းကြောင့် သူတစ်ပါးခန္ဓာနှင့် ဥစ္စာပစ္စည်းများကို စွဲလမ်းခြင်းဖြစ်၏။ မိမိခန္ဓာအပေါ် စွဲလမ်းခြင်းပျောက်သည်နှင့် သူတစ်ပါးခန္ဓာနှင့် ဥစ္စာပစ္စည်းများအပေါ် စွဲလမ်းတပ်မက်မှုသည် ဖြစ်ပေါ်မလာနိုင်တော့ပေ။ ထို့ကြောင့် ဓမ္မသင်္ဂဟပါဠိတော်၌-

'ယေစိဓ ပဇဟန္တိ ကာမရာဂံ၊
ဘဝရာဂါနုသယဥ္စ မောဟံ
ပုန ဥပေန္တိ၊
ပရိနိဗ္ဗာနဂတာ သီတိဘူတာ'

'ခန္ဓာကိုယ်၌ စွဲလမ်းတပ်မက်သော လောဘတဏှာကို ပယ်စွန့်နိုင်သူသည် ဘဝအမျိုးမျိုးကိုတပ်မက်သော လောဘတဏှာနှင့် မောဟကိုပါ ပယ်စွန့်နိုင်၍ တစ်ဖန် ပဋိသန္ဓေ မနေရတော့ဘဲ နိဗ္ဗာန်သို့ ရောက်ရ၏'

ဟု ဟောတော်မူခဲ့ခြင်းဖြစ်၏။ သို့ဖြစ်ပါ၍ မိမိခန္ဓာပေါ်တပ်မက်သည့် တဏှာကို မည်သို့သောနည်းဖြင့် သတ်မည်နည်း။ တဏှာသည် မည်သည့်အရာဝတ္ထု အပေါ်မှာဖြစ်ဖြစ် မြဲသည်၊ ချမ်းသာသည်၊ အစိုးရသည်ဟုယူဆသောကြောင့် တပ်မက်ခြင်းဖြစ်၏။ ထို့ကြောင့် မိမိခန္ဓာ၏မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု တစ်ခုခုကို ရှုပွားပေးသည်နှင့် တပ်မက်မှုတဏှာ ပေါ်မလာနိုင်တော့ပေ။ ဤသို့ ဝိပဿနာ ရှုပွားခြင်းသည် ပင်လျှင် လောဘကို သတ်ခြင်းဖြစ်၏။

လောဘကိုသတ်ရန် ဝိပဿနာရှုပွားခြင်းကိုပင်လျှင် နိဗ္ဗာန်ကို ရစေသော အကျင့်ဟု ဗုဒ္ဓက ယခုလိုဟောကြားတော်မူခဲ့၏။

## နိဗ္ဗာန်ရဖို့အကျင့်

'ချစ်သားတို့၊ နိဗ္ဗာန်ရရန်အတွက် လျော်ကန်သင့်မြတ်တဲ့ အကျင့်ကို ငါဘုရား ဟောပြမယ်၊ သင်ချစ်သားတို့ သေချာ နားထောင်ကြ၊ ချစ်သားတို့ နိဗ္ဗာန်ရဖို့ လျော်ကန်သင့်မြတ်တဲ့ အကျင့်ဟာ ဘာလဲဆိုရင် ချစ်သားတို့ ဒီသာသနာမှာ ရဟန်းနဲ့ ယောဂီဟာ စက္ခုပသာဒရုပ်၊ အဆင်းရူပါရုံ၊ စက္ခုဝိညာဉ်၊ စက္ခုသမ္ဖဿ၊ စက္ခု

www.burmeseclassic.com

www.burmeseclassic.com



သမ္မသကြောင့်ဖြစ်တဲ့ ဝေဒနာစသည်တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ ရှုမှတ်ရမယ်။ အဲဒီလိုရှုမှတ်တာဟာ နိဗ္ဗာန်ရဖို့အတွက် လျော်ကန်သင့်မြတ်တဲ့ အကျင့်ပါပဲ။'

*(သံယုတ်ပါဠိ၊ ဒုအုပ်၊ ၃၄၇၊ ၃၄၈)*

**(မှတ်ချက်)။** ။မျက်စိအကြည်ရုပ် အနိစ္စ၊ အဆင်းရုပ် အနိစ္စ၊ မြင်သိစိတ် အနိစ္စ စသည်ဖြင့် တစ်ခုခုကိုရှုပွားရမည်ဟု ဆိုလိုသည်။ နိဗ္ဗာန်သို့ ရောက်လိုသူမှန်သမျှသည် အစွဲအလမ်းတဏှာမှန်သမျှ အကုန် စွန့်လွှတ်ရမည်ဖြစ်၏။ မည်မျှထိ ပယ်စွန့်ရမည်နည်းဆိုလျှင် နိဗ္ဗာန်ပို့သည့် ဖောင်သဖွယ် အသုံးပြုရသည့် ဓမ္မခေါ် ကုသိုလ်တရားအပေါ် 'ငါ့ဓမ္မ,ငါ့ကုသိုလ်'ဟူ၍ စွဲလမ်းသော တဏှာကိုပင် ပယ်ရမည်ဖြစ်၏။ အဓမ္မနှင့် အကုသိုလ်တို့အပေါ် စွဲမက်သည့်တဏှာကို ပယ်ရမည်ကိုကား ပြောဖွယ်ရာပင်မလိုတော့ပေ။ ထိုအချက်နှင့်ပတ်သက်၍ ဗုဒ္ဓက ယခုလို ဟောတော်မူခဲ့၏။

'ကုလ္လူပမော ဘိက္ခဝေ မယာ ဓမ္မော ဒေသိတော
နိတ္ထရဏတ္ထာယ၊ နောဂဟဏတ္ထာယ ကုလ္လူပမံ
ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသိတံ အာဇာနန္တေဟိ ဓမ္မာပိ
ပဟာတဗ္ဗာ၊ ပဂေဝအဓမ္မာ။'

*(မူလပဏ္ဏာသပါဠိ၊ အလဂဒ္ဒူပမသုတ် - ၁၈၈)*

'ရဟန်းတို့၊ စင်စင်အားဖြင့် ငါသည် ဖောင်ဥပမာရှိသော တရားကို သံသရာမှလွတ်မြောက်ရေးအတွက် ဖောင်သဖွယ် အသုံးပြုခြင်းငှာ ဟောတော်မူအပ်၏။ မြတ်နိုးတွယ်တာစရာ ပစ္စည်း အနေဖြင့် သိမ်းပိုက်ခြင်းငှာ ဟောတော်မူအပ်သည်မဟုတ်၊ ရဟန်း တို့၊ သင်တို့အား ဟောတော်မူအပ်သော ဖောင်သဖွယ် အသုံးပြုအပ် သောတရားကို သိကုန်သောပညာရှိတို့သည် ကုသိုလ်တရားတို့ကို ပင် သိမ်းပိုက်မထားဘဲ ပယ်စွန့်ထိုက်ကုန်၏။ အကုသိုလ်တရားကိုမူကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း၊ မုချ မသွေ ပယ်စွန့်အပ် ကုန်သည်သာတည်း။'

တဏှာကင်းလျှင် ကင်းသလောက် ချမ်းသာပုံကို သဘာဝယုတ္တိဖြင့်ပြပြီးသည့်နောက်စိတ်ဝင်စားဘွယ်ရာ သာဓကယုတ္တိတို့ဖြင့်ပြဦးအံ့။

ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်မင်း၏မိဖုရားကြီးသည် သားတော်တစ်ပါးကိုဖွားမြင်ရာ ထိုသားတော်လေးမှာ ဗြဟ္မာ့ပြည်မှလာသူဖြစ်၍ နို့စို့အရွယ်မှစ၍ မိန်းမတို့၏ ပွေ့ချီကိုင်တွယ်မှုကို လုံးဝလက်မခံဘဲ ငြင်းဆန်ငိုကြွေးလေ့ရှိ၏။ အထိန်း

www.burmeseclassic.com

www.burmeseclassic.com



တော်များက နို့ချိုတိုက်ကြသည်ကိုပင် လက်မခံသောကြောင့် 'ယောက်ျားအသွင် ဝတ်ဆင်၍' နို့တိုက်ကြရလေသည်။

မိန်းမတို့၏ အထိအတွေ့ကိုသာမက မိန်းမတို့အသံ၊ မိန်းမတို့၏အနံ့ကိုပင် စက်ဆုပ်ရွံရှာသော အမူအယာတို့ကို ပြသလေသည်။ ဤသို့ မိန်းမတို့၏ အနံ့အသက် ကိုပင် စက်ဆုပ်ရွံရှာသောကြောင့် ထိုမင်းသားလေးအား 'အနိတ္ထိဂန္ဓ'ဟု အမည်ပေး ထားကြ၏။ 'အနိတ္ထိဂန္ဓ'မင်းသားလေး အရွယ်ရောက်လာသောအခါ မယ်တော် ခမည်းတော်တို့က နန်းတွင်းကချေသည် အချောအလှတို့ဖြင့် မင်းသားငယ်အား ချော့ မြှူ ဖြားယောင်းကြစေ၏။

သို့သော် မင်းသားငယ်ကား ထိုကချေသည်တို့၏ ဖြေဖျော်မှုများကို လုံးဝ လက်မခံဘဲ စိတ်ဆိုးမာန်ဆိုးဖြင့် မောင်းနှင်၍သာထုတ်လေ၏။ မည်သို့ပင်ဖြစ်စေ မယ်တော်, ခမည်းတော်တို့ကား သားတော်လေးအား ထီးနန်းလွှဲအပ်နိုင်ရန်အတွက် သင့်တော်သော မင်းသမီးတစ်ပါးနှင့်လက်ထပ်ရန် အတန်တန် တိုက်တွန်းနားချ၏။ မင်းသားငယ်သည် မိဘတို့၏နားချမှုကို မခံနိုင်သောကြောင့် အလွန်လှပသော မိန်းမ ရုပ်တစ်ခုကို ရွှေသားဖြင့်ထုလုပ်၍ 'ဒီရွှေရုပ်လိုလှတဲ့ မိန်းမကိုရလျှင် ယူပါမည်' ဟုပြောဆို၏။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် အမတ်တစ်ယောက်အား ထိုရွှေရုပ်ကဲ့သို့ လှပသောမိန်းမကို မရအရရှာဖွေရန် တာဝန်ပေးလိုက်၏။ ထိုအမတ်သည် အတိုင်း တိုင်း အပြည်ပြည်သို့ လှည့်လည်ရှာဖွေရာ မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့မှ ဘုရင့်သမီး တော်ကို ရရှိ၍ ဗာရာဏသီပြည်သို့ ခေါ်ဆောင်လာလေသည်။ ခေါ်ဆောင်လာသည့် အကြောင်းကို အထောက်တော်စေလွှတ်၍ ဗာရာဏသီပြည်ရှိ မင်းသားလေးထံ ကြိုတင်၍ သတင်းပို့လိုက်၏။ ထိုသတင်းကို ကြားရသော 'အနိတ္ထိဂန္ဓ' မင်းသား၏ ရင်သည် ထူးထူးခြားခြား လှုပ်ရှား၍ မမြင်ရသေးသော မင်းသမီးလေးအပေါ် စွဲလမ်း တပ်မက်ခြင်းဖြစ်ပေါ်လာ၏။

မင်းသမီးလေး နေပြည်တော်သို့ ဆိုက်ရောက်လာသောအခါ မြို့ပြင်ရှိ မင် လာ ဥယျာဉ်အတွင်း၌ ခေတ္တနေရာချထားပြီး နန်းတော်သို့ အခမ်းအနားဖြင့်သွင်းရန် ပြင်ဆင်လေသည်။ သို့သော်လည်း မင်းသမီးလေးကား ရာသီဥတုအပြောင်းအလဲနှင့် ခရီးပင်ပန်းမှုတို့ကြောင့် ထိုညမှာပင် ရုတ်တရက် ကွယ်လွန်သွားရှာ၏။ ထိုသတင်းကို မင်းသားလေး ကြားသိရလျှင် အကြီးအကျယ် စိတ်ထိခိုက်သွားလေသည်။ သို့ရာတွင် ကဿပဘုရားလက်ထက်၌ ရဟန်းဘဝဖြင့် နှစ်ပေါင်းများစွာ တရားအားထုတ်ခဲ့ဖူး သူဖြစ်၍ ချက်ခြင်းပင် မိမိစိတ်ကို ထိန်းသိမ်းရန်ကြိုးစား၏။

မွေးလာသူတိုင်း သေခြင်း၊ နာခြင်း၊ အိုခြင်းတရားများကို မည်သူမှ မရှောင် ရှားနိုင်ကြောင်း ဆင်ခြင်သုံးသပ်၍ ဝိပဿနာပွားများ၏။ ထိုအခါ ပါရမီဓာတ်ခံ ရင့်သန်ပြီးသူဖြစ်၍ မကြာမီအချိန် အတွင်း၌ပင် ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်

www.burmeseclassic.com

www.burmeseclassic.com



ပြုလေသည်။ မင်းသမီးကလေး သေဆုံးသည့်သတင်းကို ကြားပြီးသည့်အချိန်မှစ၍ မလှုပ်မယှက် ငြိမ်သက်စွာထိုင်နေသော မင်းသားကို အမတ်များက 'သောက မီးလောင် မြိုက်၍ မရှုနိုင်,မရှိုက်နိုင်ဖြစ်နေကြသည်'ဟု မှတ်ထင်ကြ၏။

ထို့ကြောင့် 'အရှင်မင်းသား၊ ပူဆွေးသောကကို သတိဖြင့်ဆင်ခြင်၍ ထိန်းသိမ်းတော်မူပါ'ဟု လျှောက်တင်ကြ၏။ ထိုအခါ မင်းသားက 'အချင်းအမတ်တို့ ငါကား ပူဆွေးသောကကင်းသော ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်ပြီ'ဟု ထုတ်ဖော်မြွက်ကြား၏။ ထို့နောက် မင်းသားသည် ပစ္စေကဗုဒ္ဓါအသွင်သို့ပြောင်းလဲသွားပြီး အမတ်တို့အား အောက်ပါတရားကိုဟော၍ ဂန္ဓမာဒနတောင်သို့ ကြွသွားလေသည်။

> 'အချင်းအမတ်တို့၊ ပေါင်းသင်းဆက်ဆံမှုကြောင့် ငြိတွယ်စွဲလမ်းခြင်းဖြစ်ပေါ်၏၊ ငြိတွယ်စွဲလမ်းမှုကြောင့် ပူဆွေးသောက ရောက်ရခြင်း စသည့် ဆင်းရဲဒုက္ခများ ဖြစ်ပေါ်လာ၏။ ထိုဆင်းရဲဒုက္ခများ၏အပြစ်ကို သိမြင်သောပုဂ္ဂိုလ်သည် ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း လွတ်လပ်စွာနေနိုင်အောင် ကျင့်ကြံအားထုတ်သင့်ပေသည်။'

*(ပိဋကတ်အနှစ်ချုပ်၊ သုတ္တနိပါတ် စာ-၂၇၊၂၈)*

ဤ၀တ္ထု၌ မင်းသမီးအပေါ်တပ်မက်သော တဏှာမရှိမီက မင်းသားလေး၌ အပူမီးမရှိပုံ၊ စွဲလမ်းသောတဏှာဝင်လာမှ အပူမီးလောင်လာပုံ၊ အရဟတ္တမဂ်ဖြင့် တဏှာကို အမြစ်ပြတ် ပယ်သတ်လိုက်သည်နှင့် နိဗ္ဗာန်ချမ်းသာကို ခံစားရပုံများကို မြင်အောင်ကြည့်သင့်၏။

## သမင်ကိုကြည့်ရင်းမှ မဂ်ဖိုလ်ကိုရသူ

ကဿပဘုရားရှင်လက်ထက်၌ တရားအားထုတ်သော ရဟန်းတစ်ပါးသည် သေလွန်သောအခါ နတ်ပြည်သို့ရောက်၍ နတ်ပြည်မှတစ်ဖန် စုတေပြန်သော် ဗာရာဏသီပြည်၌ သူဌေးသားဖြစ်၏။ ထိုသူဌေးသားသည် ပစ္စည်းအားကိုးဖြင့် သူတစ်ပါး၏ သမီးပျိုများအား ဖျက်ဆီးခြင်းအမှုကို အကြိမ်များစွာပြုလုပ်ခဲ့၏။ ထိုမကောင်းမှုကြောင့် သေလျှင် ငရဲသို့ကျရောက်ပြီး ငရဲမှလွတ်သောအခါ လူ့ပြည်၌ သူဌေးသမီး ဖြစ်လေ၏။

ထိုသူဌေးသမီးကား အတိတ်က ကာမေသုမိစ္ဆာစာရကံကြောင့် လူများ၏ စက်ဆုပ်မုန်းတီးခြင်းကို ခံရ၏။ အရွယ်ရောက်၍ မိဘများက သူဌေးသား တစ်ယောက်နှင့် လက်ထပ်ထိမ်းမြားပေးလိုက်သော်လည်း သူဌေးသားသည် သူမအား ချစ်ခင်နှစ်သက်ခြင်းမရှိ။ သူမကိုပစ်ပယ်ပြီး အခြားမိန်းမများနှင့်သာ ပျော်ပါးနေလေသည်။ လင်၏ ပစ်ပယ်မှုကြောင့် စိတ်မချမ်းမသာဖြစ်နေသော သူဌေးသမီးသည် တစ်နေ့တွင် ပစ္စေကဗုဒ္ဓါတစ်ပါးကို တွေ့မြင်၍ ထိုအရှင်အား ဆွမ်းလောင်းလှူပြီး

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဆုကို တောင်းလေသည်။

သူမသည် နောက်ဘဝ၌ ဗာရာဏသီပြည့်ရှင်မင်းကြီး၏ သားတော် ဖြစ်လာ၏။ မင်္ဂလာဥယျာဉ်တော်ရေကန်အတွင်း ပဒုမ္မာကြာချပ်ထဲမှ ရရှိခြင်းကြောင့် ထိုသားတော်အား 'ပဒုမမင်းသား'ဟု နာမည်ပေးကြသည်။ ပဒုမမင်းသားလေးအား မယ်တော် ခမည်းတော်များသာမက တစ်တိုင်းပြည်လုံးကပါ ဝိုင်း၍ချစ်ခင်ကြ၏။ တိုင်းသူပြည်သားတို့သည် မင်းသားလေးအတွက် စားဖွယ်သောက်ဖွယ်အမျိုးမျိုး စီမံချက်ပြုတ်၍ နေ့စဉ်နေ့တိုင်း အလုအယက်ပေးပို့ကြ၏။

တစ်နေ့သ၌ မင်းသားသည် လမ်း၌ ပစ္စေကဗုဒ္ဓါတစ်ပါးကိုမြင်၍ 'အရှင် ဒီကို မလာပါနဲ့၊ လူတွေက ဟိုဟာစားပါ၊ ဒီဟာစားပါလို့ ပြောကြလိမ့်မယ်'ဟု လျှောက်တင်၏။ ပစ္စေကဗုဒ္ဓါကား မည်သို့မျှမိန့်ကြားခြင်းမပြုပဲ လမ်းခရီးအတိုင်းပင် ဆက်လက် ကြွသွားလေသည်။ မင်းသားသည် ပစ္စေကဗုဒ္ဓါက မိမိအား စိတ်ဆိုးသွားသည် ထင်၍ နောက်ပါအခြွေအရံများနှင့်အတူ ကျောင်းတိုက်သို့ လိုက်သွား၏။ လမ်းတွင် လွတ်လပ်စွာ ကျက်စားနေသည့် သားသမင်တို့ကိုမြင်လျှင်-

'ငါသည် ဒီသားသမင်တွေလို ဘယ်တော့များ လွတ်လွတ်လပ်လပ် နေရပါ့မလဲ'ဟုဆင်ခြင်၍ ဝိပဿနာဉာဏ်သက်ဝင်လာ၏။ ထိုဝိပဿနာဉာဏ်ကို အခြေခံ၍ ဆက်လက်ပွားများအားထုတ်သောအခါ ပစ္စေကဗောဓိဉာဏ်ကို သိမြင်သဖြင့် မှူးမတ်တို့အား အောက်ပါဂါထာကို ဟောကြားခဲ့လေသည်။

'သားသမင်သည်တောအရပ်၌ အနှောင်အဖွဲ့မရှိဘဲ
သွားလိုရာ သွားနိုင်သကဲ့သို့
သူတစ်ပါးတို့နှင့် မထိစပ်ဘဲ လွတ်လပ်စွာ နေလိုသောသူသည်
ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ရ၏။'

*(ပိဋကတ်အနှစ်ချုပ် သုတ္တနိပါတ် - ၃၀၊ ၃၂)*

ဤဝတ္ထု၌ တရားရှုပွားခဲ့သော်လည်း မဂ်ဖိုလ်ကိုမရခဲ့မှုကြောင့် သုဂတိဘဝ၊ ဒုဂ္ဂတိဘဝမျိုးစုံကို ဘဝတဏှာက ပို့ပေးခဲ့ပုံ၊ မင်းသားဘဝတွင်ကား ပွားများအားထုတ်ခဲ့ဖူးသော ဝိပဿနာကုသိုလ်၏ ထောက်ပံ့မှုကြောင့် သမင်တစ်ကောင်ကိုကြည့်ပြီး ဝိဿနာရှုပွား၍ ဘဝတဏှာပြတ်သွားပုံတို့မှာ တရားအားထုတ်နေသူများအတွက် အားဆေးတစ်မျိုးပင်ဖြစ်၏။

## သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင်

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် ငယ်ရွယ်စဉ်ကပင် မင်းစည်းစိမ်ကို ငြီးငွေ့သဖြင့် တောထွက်မည်ပြုရာ အမတ်တို့က ထီးနန်းအမွေကို ဆက်ခံမည့်သူ မရှိသေး၍ ဆိုင်းငံ့ပါရန် တောင်းပန်ကြသောကြောင့် ဆိုင်းငံ့နေရ၏။ မိဖုရားမှ သားတော်တစ်ပါး ဖွားမြင်သောအခါ၌လည်း အမတ်တို့၏ တောင်းပန်ချက်အရ

www.burmeseclassic.com

www.burmeseclassic.com



ထို သားတော်လေး အရွယ်ရောက်အောင် ဆိုင်းငံ့နေရပြန်၏။ သားတော်လေး (၁၆) နှစ် အရွယ်ရောက်သည့်အခါတွင်ကား မှူးမတ်တို့က တောင်းပန်နေသည့်ကြား ကပင် ရဟန်းပြုရန် နန်းတော်မှ အတင်းထွက်ခဲ့လေသည်။

မိဖုရားကြီးနှင့်တကွ မှူးမတ်ပြည်သူတို့သည် ငိုယိုမြည်တမ်းကာ နောက်မှ လိုက်သွားကြလေသည်။ မင်းကြီးသည် မိမိပိုင်နိုင်ငံ၏ အဆုံးသို့ရောက်လျှင် တောင်ဝှေးဖြင့် စည်းကြောင်းတစ်ခုရေးဆွဲ၍ ဤစည်းကြောင်းကို ကျော်ဖြတ်ပြီး မည်သူမှ မလိုက်ရဟု အမိန့်ထုတ်လိုက်သည်။ ထိုအခါ နောက်လိုက်ပရိသတ်အားလုံး ရှေ့ဆက်၍ မလိုက်ဝံ့တော့သဖြင့် စည်းကြောင်းဘေး၌ ရပ်တန့်နေကြရတော့သည်။

သို့သော် မိဖုရားကြီးသည် မိန်းမတို့ပရိယာယ်ဖြင့် မင်းသားလေးအား ရှေ့သို့ ဆက်၍လိုက်သွားရန် တိုက်တွန်း၏။ မင်းသားလေးကလည်း ကြောက်ရမှန်းမသိဘဲ လိုက်သွားရာ မင်းကြီးသည် မင်းသားလေးအား မိမိနှင့်အတူ တောထဲသို့ ခေါ်သွားလေသည်။ တောထဲသို့ရောက်သောအခါ သားအဖနှစ်ယောက်လုံး ရဟန်းပြု၍ သစ်သီးသစ်ရွက်များကို စားသောက်နေထိုင်ကြလေသည်။ ထိုအခါ တောထဲ၌ ဆင်းရဲစွာ နေထိုင်စားသောက်ရသည့်ဒဏ်ကို မခံနိုင်သောကြောင့် မင်းသားလေးသည် တစ်နေ့ တခြား ပိန်ချုံးအားနည်း၍လာ၏။

မင်းကြီးသည် သားငယ်၏ဖြစ်အင်ကို မကြည့်ရက်နိုင်သဖြင့် သားငယ်ကို ခေါ်၍ လာလမ်းအတိုင်း ပြန်ခဲ့လေသည်။ မိဖုရားကြီးနှင့် မှူးမတ်တို့ကလည်း မင်းကြီးသည် မကြာမီရက်ပိုင်းအတွင်း၌ပင် ပြန်လာလိမ့်မည်ဟု ယုံကြည်ကာ မင်းကြီးထားခဲ့သောနေရာ၌ပင် စောင့်မျှော်နေကြသည်။ သို့သော် မင်းကြီးကား ထိုနေရာသို့ ရောက်သည့်အခါ သားတော်လေးကိုသာ မိဖုရားကြီးထံသို့စေလွှတ်လိုက်ပြီး မိမိကိုယ်တိုင်မှာမူ တောကျောင်းသို့သာ ပြန်လာခဲ့သည်။ တောကျောင်းသို့ ပြန်ရောက်သည့် အခါ ဝိပဿနာကို ပွားများအားထုတ်သဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ဆိုက်ရောက်လေသည်။ အောက်ပါ ဂါထာကား ထိုအရှင်မြတ် ဥဒါန်းကျူးရင့်သည့် ဂါထာဖြစ်ပေသည်။

'အဖော်နှင့်အတူနေရသူမှာ စကားစမြည်ပြောဆိုခြင်း
တွယ်တာခြင်းများ ရှိ၏။ ဤအပြစ်ကိုသိမြင်သော ပညာရှိသည်
ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း လွတ်လပ်စွာ နေထိုင်ကျင့်ရာ၏'

*(ပိဋကတ်အနှစ်ချုပ်၊ သုတ္တနိပါတ်-၃၉/၄၀)*

ဤဝတ္ထု၌ တိုင်းပြည်နှင့်မိဖုရားအပေါ်တွင် တွယ်တာသောတဏှာကို ဖြတ်နိုင်ပါလျက် သားအပေါ် တွယ်တာသောတဏှာကို မဖြတ်နိုင်သောကြောင့် မဂ်ဖိုလ်ရဖို့အရေး အနှောင့်အယှက်ဖြစ်နေပုံကို သင်ခန်းစာယူသင့်၏။ သမုဒယသစ္စာတွင် ပါဝင်သော အစွဲအလမ်းမှန်သမျှ ပယ်သတ်ရမည့်တရားချည်းသာဖြစ်၏။ ဆောင်ယူထားရမည့်တရား တစ်ခုမှမပါရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



## ဘဝ၏ တဏှာနှင့် မာယာ

ဗာရာဏသီမင်းတစ်ပါးအား မိဖုရား ကွယ်လွန်သွားသဖြင့် အမတ်တို့က အိမ်နီးချင်းနိုင်ငံတစ်ခုမှ နတ်ရွာစံသွားသော မင်း၏မိဖုရားကို ဆောင်ယူပေးကြ၏။ ထိုမိဖုရားသည် ပထမဦး မင်းနှင့် ကိုယ်ဝန်ရှိခဲ့သဖြင့် ရက်လစေ့သောအခါ သားတော်လေးတစ်ပါး ဖွားမြင်၏။ ဗာရာဏသီမင်းသည် မိမိသားမဟုတ်မှန်း သိသော်လည်း ထိုသားတော်အား အလွန်ချစ်မြတ်နိုး၏။ အမြဲလိုပင် တယုတယ ပွေ့ချီနေလေ့ရှိ၏။ အခြွေအရံမောင်းမတို့က ပြောသောကြောင့် မင်းကြီးမှာ မိမိ၏ဖခင်ရင်းမဟုတ်ကြောင်း မင်းသားလေး သိသွားလေသည်။

ထို့ကြောင့် မင်းသားလေးသည် မင်းကြီးအပေါ်၌ ရှေးကလို ချစ်ခင်ခြင်းမရှိဘဲ ခပ်စိမ်းစိမ်းဖြစ်သွားလေသည်။ ထိုအခါ မင်းကြီးသည် 'ငါက ထိုက်တန်စွာ ချီးမြှောက်ထားပါလျက် ဤမောင်းမများသည် ငါ့အကျိုးကိုပျက်ပြားအောင် လုပ်ရက်ဘိကြသည်'ဟု တွေးတောစိတ်နာပြီး မင်းအဖြစ်ကိုစွန့်ခွာ၍ ရဟန်းပြု၏။ မင်းကြီး ရဟန်းပြုလျှင် များစွာသော မှူးမတ်ဗိုလ်ပါတို့လည်း လိုက်၍ ရဟန်းပြုကြ၏။ မင်းဥယျာဉ်၌ သီတင်းသုံးနေသော ထိုရသေ့ရဟန်းတို့အား ဆွမ်း ဘောဇဉ်၊ သင်္ကန်း ပရိက္ခရာ စသည်တို့ကို ပြည်သူတို့က လိုလေသေးမရှိအောင် လှူဒါန်းကြလေသည်။

မင်းရသေ့သည် ထိုသို့ လှူဒါန်းရရှိသောပစ္စည်းများကို မိမိ၏ အခြွေအရံနောက်လိုက်တို့အား မျှတအောင်ခွဲဝေပေးနေရသဖြင့် မအားမလပ်အောင်ရှိနေ၏။ သို့သော်လည်း သူ့အခြွေအရံများကား သူ့မှာ ပစ္စည်းကောင်းရသည်၊ ငါမှာ ပစ္စည်းကောင်းမရဟု အငြင်းပွားလျက် အမြဲလိုပင် မကျေမနပ်ဖြစ်နေကြလေသည်။ ဤအကြောင်းကို မင်းရသေ့ ကြားသိလေသော် 'ဤပရိသတ်ကို ကျေနပ်အောင်ချီးမြှင့်ရန် မလွယ်ပါတကား'ဟု စဉ်းစား၍ တစ်ပါးတည်းခွဲထွက်သွားကာ တရားကိုအားထုတ်ရာ ပစ္စေကဗောဓိဉာဏ်ကို သိမြင်လေသည်။ အောက်ပါဂါထာကား ထို ပစ္စေကဗုဒ္ဓအရှင်မြတ် ဟောကြားသော ဂါထာဖြစ်သည်။

> 'အိမ်ယာတည်ထောင်သော လူ့ဘောင်၌ နေသူများကို လည်း
> ကောင်း၊ အချို့သော ရသေ့ရဟန်းများကိုလည်းကောင်း ကျေနပ်
> အောင်ချီးမြှင့်ရန် မလွယ်ကူပေ၊ ထို့ကြောင့် သူတစ်ပါး သား-
> သမီးများအပေါ်၌ ကြောင့်ကြဗျာပါရ စိုက်ထုတ်ခြင်းမပြုဘဲ ကြံ့ချိ
> ကဲ့သို့ တစ်ယောက်တည်း လွတ်လပ်စွာနေနိုင်အောင် ကျင့်ကြံအား
> ထုတ်သင့်ပေသတည်း။'

*(ပိဋကတ်အနှစ်ချုပ်၊ သုတ္တနိပါတ် ၃၄၊ ၃၅)*

တဏှာသည် မာယာများ၏။ အရဟတ္တမဂ်က အကြွင်းမဲ့ပယ်သတ်ချိန် ရောက်လျှင် အသတ်မခံရအောင် ကြံဖန်ရှောင်တိမ်းတတ်၏။ ဤဝတ္ထု၌ ပစ္စေကဗုဒ္ဓ အလောင်း မင်းကြီးသည် သားမယားအားလုံးနှင့် တိုင်းပြည်အပေါ် တွယ်တာသော

www.burmeseclassic.com

www.burmeseclassic.com



တဏှာကိုစွန့်ပြီး ရဟန်းပြုခဲ့သည့်တိုင်အောင် အတူနေ သီတင်းသုံးဖော်တို့အပေါ် တွယ်တာသည့် တဏှာကိုကား မပယ်သတ်နိုင်ခဲ့။ အတူနေ သတင်းသုံးဖော်တို့အပေါ် တွယ်တာမှုကို မင်းကြီးက သတိမထားမိအောင် မာယာနှင့် လှည့်ပတ်ထားသူကား ထိုသည့်လောဘခေါ် တဏှာပင်ဖြစ်၏။

အသက်ငါးဆယ်ပြည့်မှ တရားအားထုတ်တော့မည်၊ ကလေးတွေ နေရာကျမှ တရားအားထုတ်တော့မည်၊ သည်ကျောင်းလေးဆောက်ပြီးမှ၊ သည်စေတီလေးတည်ပြီးမှ တရားအားထုတ်တော့မည်၊ အရိမေတ္တေယျဘုရားကို ဖူးမြော်ပြီးမှ တရားအားထုတ်တော့မည်၊ ဘုရားဆုပန်ထားလို့ ယခုဘဝတော့ တရားအားမထုတ်နိုင်သေးဘူး စသော ဆင်ခြေများသည် မိမိပကတိစိတ်၏ ဆင်ခြေများမဟုတ်၊ (၃၁)ဘုံသံသရာမှလွတ်သွားမှာကြောက်သော ဘဝတဏှာကပရိယာယ် မာယာဖြင့်ပေးသော ဆင်ခြေများသာဖြစ်၏။

သိရိလင်္ကာနိုင်ငံတွင် သက်တော်ရှစ်ဆယ်၊ ဝါတော်ခြောက်ဆယ် ရပြီးသော မဟာသံဃရက္ခိတ မထေရ်ကြီးတစ်ပါး ရှိခဲ့ဖူး၏။ ဝါတော်ခြောက်ဆယ်ရှိသည့်တိုင်အောင် သီလပျက်ဖို့မဆိုထားနှင့် သီလညှိုးနွမ်းခြင်းပင် တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဖူးပေ။ မထေရ်ကြီး၏သီလသည် ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူဝင်းတောက်ပြောင်လျက်သာ ရှိ၏။ အနေအထိုင်ကောင်းသဖြင့် ဒကာ ဒကာမများက ရဟန္တာဟုသာ ထင်မြင်ယူဆထား၏။

တစ်နေ့ သက်တမ်းလည်းကုန်၊ ကံလည်းကုန်သဖြင့် ပျံတော်မူမည့် လူကြီးရောဂါတစ်ခုဖြစ်ပြီး အိပ်ယာထဲ လဲ၏။ မြို့လူထုကြီးက ရဟန္တာ ပျံလွန်တော်မူသည်ကို ဖူးမြော်ကြမည်ဟုဆိုပြီး ကျောင်းတိုက်ဝင်းကြီးအပြည့် ရောက်ရှိလာ၏။ ဒကာ ဒကာမ များ နည်းတူ အတူနေတပည့်များကလည်း ရဟန်းကိစ္စပြီးပြီးသားဟုသာ ထင်ကြ၏။ သေချာ သိချင်သည့်အတွက် အနီးနေတပည့်တစ်ပါးက ပွင့်ပွင့်လင်းလင်း ထုတ်မေး၏။

'ဆရာအရှင်သည် လေးမင်လေးဖိုလ်ကိစ္စအားလုံး ပြီးစီးပါပြီလားဘုရား'

'ငါ့ရှင်၊ တို့မှာ လောကုတ္တရာတရားထူး ဘာမျှမရရှိသေးပါ'

'အရှင်ဘုရား မဟာသံဃရက္ခိတမထေရ်ကြီး ပရိနိဗ္ဗာန်ပြုတော့မယ်ဆိုပြီး ပတ်ဝန်းကျင် (၁၂)ယူဇနာအတွင်းက ဒကာ-ဒကာမတွေ လာရောက် စုရုံးနေကြပါပြီဘုရား၊ အရှင်ဘုရားများ ပုထုဇဉ်သေလွန်ခြင်းဖြင့် သေလွန်သွားပါလျှင် လာတဲ့သူတွေအားလုံး တို့-ဒီကိုလာရတာ အလကားပါပဲဆိုပြီး စိတ်မချမ်းမသာ ဖြစ်ကုန်ကြတော့မှာပါဘုရား'

'ငါ့ရှင်၊ တို့များ မေတ္တေယျဘုရားရှင်ကို ဖူးတွေ့ချင်သေးလို့ တရားကို အားမထုတ်ဘဲနေတာ၊ ရှိပါစေတော့လေ၊ ဒါဖြင့်ရင်လည်း တို့များကို မ-ပြီး နောက်မှာ မှီပေးခဲ့၊ ကဲ-ငါ့ရှင်, ခဏ အပြင်ထွက်ချေဦး'

ထိုသို့ မိန့်တော်မူသဖြင့် ရဟန်းငယ်က မထေရ်ကြီး တရားရှုမှတ်ချိန်ရရန် အခန်းအပြင်သို့ ခဏထွက်လိုက်၏။ ရဟန်းငယ် အခန်းအပြင်သို့ အရောက်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



မထေရ်ကြီးသည် တရားရှုမှတ်ရာ လေးမဂ်လေးဖိုလ်ကို တစ်ခဏချင်းရလေ၏။ ကိစ္စပြီး သည်နှင့် ရဟန်းငယ်အား ချက်ချင်း လက်ဖျစ်တီး၍ခေါ်လိုက်၏။ အကြောင်းစုံသိရသောအခါ သံဃာများအားလုံး ဝမ်းမြောက်ဝမ်းသာ စည်းဝေးရောက်လာကြပြီးလျှင်-

'အရှင်ဘုရား၊ ယခုလို သေခါနီးကာလကလေးအတွင်းမှာ လောကုတ္တရာတရားကို ရအောင်လုပ်နိုင်တာဟာဖြင့် အခက်အခဲကြီးတစ်ခုကို လုပ်လိုက်ခြင်းပါပဲဘုရား' ဟု လျှောက်ထားကြရာ-

'ငါရှင်တို့၊ ဒါဟာ ဘာမှ အခက်အခဲမဟုတ်သေးဘူး၊ တို့များ သည့်ထက်ခက်ခဲတာကို ပြောပြဦးမယ်၊ တို့များ ရဟန်းပြုတဲ့နေ့ကစပြီး အမှတ်သတိကင်းပြီးမှားမှားယွင်းယွင်းလုပ်မိတာ တစ်ခုမှ စဉ်းစားကြည့်လို့မမြင်ဘူး ငါရှင်တို့'

ဟု မိန့်တော်မူ၏။ အရဟတ္တဖိုလ်ကို ခဏခြင်းရသော အလုပ်ထက် ဝါတော်(၆၀)အတွင်း သီလကို မကျိုးမပေါက် မပြောက်မကျားအောင် စောင့်ထိန်းရတာကပိုခက်ပါတယ်ဟု ဆိုလိုခြင်းဖြစ်၏။ ထိုမထေရ်ကြီး၏တူတော် သံဃရက္ခိတမထေရ်သည်လည်း ဝါတော်(၅၀)အရတွင် အလားတူ အရဟတ္တဖိုလ်ကို ရတော်မူကြောင်း ဝိသုဒ္ဓိမဂ်- ၁၊ ၄၅ တွင် ဖွင့်ပြထား၏။ အရဟတ္တဖိုလ်ကို ခဏချင်းရနိုင်သည့် သီလ၊ သမာဓိ ပြည့်စုံစွာရှိနေပါလျက် အရမယူဘဲ အရိမေတ္တေယျ ဘုရားရှင်ကို ဖူးမျှော်ရန်ဟူသော အာသာကိုဖန်းပြ၍ သံသရာရှည်အောင် နယ်ချဲ့ပေးနေ သည်မှာ ဘဝတဏှာပင်ဖြစ်၏။

ဘုရားရှင်၏ သာသနာတော်နှင့်လည်း တွေ့၏။ သစ္စာလေးပါးကို တစ်ခဏအတွင်းသိရှိအောင် ဟောပြောပြသနိုင်သော ဆရာကောင်းနှင့်လည်း တွေ့၏။ သို့ဖြစ်ပါလျက် ငါသည် ဘုရားအလောင်းဖြစ်သည်။ မဂ်ဖိုလ်ရအောင် ဝိပဿနာတရားကိုမနာကြားသင့်၊ အားမထုတ်သင့်ဟုဆိုကာ တရားတော်နှင့် တည့်တည့်တွေ့ပါလျက်ရှောင်လွှဲနေသူအချို့ ရှိ၏။ ထိုသူများတွင် ငါ မဂ်ဖိုလ်ရအောင် အားမထုတ်ခြင်းသည်ဝေနေယျများကို ကယ်တင်ချင်သော ကရုဏာကြောင့်လော၊ သို့တည်းမဟုတ် သံသရာမှ ကျွတ်လွတ်သွားမှာကြောက်သော တဏှာကြောင့်လောဆိုသည်ကို သေချာဆန်းစစ်ကြည့်သူ အလွန်ရှား၏။

ထို ရှားပါးသူများထဲမှ သေချာဆန်းစစ်ကြည့်သူ တစ်ယောက်ကို တွေ့ရ၏။ သူကား ဘာသာခြားမှ ဗုဒ္ဓဘာသာဝင်ရဟန်းတစ်ပါးဖြစ်လာသူ စာရေးဆရာ (ဦး)ဆန်းလွင် (အရှင်အာဒိစ္စရံသီ)ပင်ဖြစ်၏။ ဦးဆန်းလွင်သည် ပြီးခဲ့သည့် လေးဘဝတိတိဘုရားဆုကို ပန်ခဲ့သည်။ ယခုဘဝရောက်သောအခါမှ ဝိပဿနာတရားကို လေ့လာလိုက်စားရင်း မိမိ ဘဝအတော်များများ ပန်ခဲ့သော ဘုရားဆုကို ပြန်လည်ဆန်းစစ်ကြည့်၏။

ထိုအခါ ဝေနေယျများကို သနားသော ကရုဏာကြောင့်မဟုတ်ဘဲ၊ သံသရာမှကျွတ်လွတ်သွားမှာကြောက်သော တဏှာကြောင့်သာဖြစ်ကြောင်း တွေ့ရှိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယခင် လေးဘဝ၊ ယခု တစ်ဘဝအပါအဝင် ငါးဘဝတိတိ တောင်းလာသော ဘုရားဆုကို ပယ်ဖျက်ပစ်ကာ ဝိပဿနာတရားကို ထိရောက်စွာအားထုတ်သွားခဲ့၏။ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်တွင် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရား ဟောအပြီး သင်္ကဿနဂိုရ်ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် နတ်ဗြဟ္မာအပေါင်းခြံရံပြီး ဆင်းသက်ခဲ့စဉ်က (၃၆) ယူဇနာ၊ (၂၈၈) မိုင်ပတ်လည် မြေအပြင်မှာ အပြည့်ရှိနေသည့် လူအားလုံး ဘုရားဆုကို ပန်ခဲ့ကြ၏။

သို့သော်လည်း တစ်ယောက်မှ ဘုရားဖြစ်မည်ကား မဟုတ်ပေ။ အဘယ်ကြောင့်နည်း- ဘုရားဆုပန်စဉ်ကတည်းက ဝေနေယျသတ္တဝါများကို သံသရာဝဲသြဃမှ ကယ်တင်လိုသော ကရုဏာကြောင့်မဟုတ်ဘဲ ကျော်ကြားချင်၊ အပူဇော်ခံချင်သော စိတ်က ဦးစီးနေသောကြောင့်ဖြစ်၏။

ဘုရား ဧကန်မုချဖြစ်ရမည့်သူသည် ပထမဆုံး-ဘုရားဆုကို စပန်စဉ်ကတည်းက သက်တော်ထင်ရှား ဘုရားရှင်တစ်ဆူဆူရှေ့မှာ ဖြစ်ရမည်။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရမည်။ အမျိုးသားဖြစ်ရမည်။ ရသေ့ရဟန်း တစ်မျိုးမျိုးဖြစ်ရမည်။ ဈာန်အဘိညာဉ်ကို ရရမည် စသောအင်္ဂါတို့နှင့်ပြည့်စုံရ၏။ သို့မှသာ ဘုရားအလောင်းအစစ်ဟု ဆိုနိုင်၏။

## ငြိမ်းအေးမှုချမ်းသာ

သုခသည် ဝေဒယိတသုခ၊ သန္တိသုခဟု နှစ်မျိုးရှိ၏။ အဆင်း၊ အသံ၊ အနံ့စသော အာရုံငါးပါးအရသာကို ခံစားသောချမ်းသာကို ဝေဒယိတသုခဟုခေါ်၏။ နိဗ္ဗာန်၌ (၃၁)ဘုံက ရုပ်နာမ်ခန္ဓာမျိုး မရှိသောကြောင့် ဝေဒယိတသုခ မရှိ။ ငြိမ်းအေးသောချမ်းသာ သန္တိသုခ ရှိ၏။ ငြိမ်းအေးသောချမ်းသာနှင့် မတွေ့ကြုံဖူးသူတစ်ယောက်အား ငြိမ်းအေးသော ချမ်းသာအကြောင်း နားလည်အောင် ပြောဖို့ဆိုသည်မှာ အင်မတန်မှ ခက်ခဲလှ၏။

ကုန်းမြေပေါ် မရောက်ဖူးသော ငါးအား ကုန်းမြေ၏ သာယာလှပပုံကို မည်သို့ပင်ပြောပြော နားမလည်နိုင်သကဲ့သို့ပင်ဖြစ်၏။ လိပ်နှင့် ငါးတစ်ကောင်သည် အဆွေခင်ပွန်း ဖြစ်နေကြ၏။ တစ်ခါတွင် လိပ်သည် ကုန်းမြေပေါ်တက်သွားပြီး သာယာလှပသော ရှုခင်းတို့ကိုကြည့်၏။ ရေ၌မရှိသော အစားအစာတို့ကို စားရ၏။ အရင်က လိပ်ကိုယ်တိုင် ကုန်းမြေရှိမှန်းလည်းမသိ၊ သာယာလှပသော ရှုခင်းများရှိမှန်းလည်း မသိ၊ ကောင်းမြတ်သော အစားအစာများရှိမှန်းလည်း မသိခဲ့ပေ။ ယခုမှသာ မျက်မြင်ကိုယ်တွေ့ ကြုံရခြင်းဖြစ်၏။

အစားကောင်းစားရလျှင် အချစ်ဆုံးမိတ်ဆွေကို သတိရသည်ဟူသော စကားအတိုင်း ရေထဲမှ မိတ်ဆွေ ငါးကို ကုန်းမြေပြင်အကြောင်း ပြောပြချင်သဖြင့် မြစ်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



အမြန် ပြန်ဆင်းခဲ့၏။ ငါးကိုတွေ့သောအခါ ကုန်းမြေကျယ်ကြီးရှိနေပုံ၊ သာယာလှပပုံ၊ ကောင်းမြတ်သော အစားအစာများရှိပုံတို့ကို အားရပါးရပြောပြ၏။ သို့သော် မိတ်ဆွေငါးကား သူပြောသမျှ တစ်ခွန်းမှ မယုံကြည်ဘဲ အားလုံးကို တွင်တွင်ကြီးငြင်းပယ်၏။ အဘယ်ကြောင့်နည်း- ငါးသည် ကုန်းမြေပြင်သို့ တစ်ခါမှ မရောက်ဖူးသောကြောင့်ပေတည်း။

ယခုလည်း နိဗ္ဗာန်ကိုရောက်ဖူးဖို့အသာထား၍ ဝိပဿနာတရားကိုပင် စိတ်ဝင်စားခြင်းမရှိသော အန္ဓပုထုဇဉ်တစ်ယောက်အား နိဗ္ဗာန်၏ ငြိမ်းအေးမှုချမ်းသာကို မည်၍မည်မျှပင် ရေးသားသည်ဖြစ်စေ နားလည်လက်ခံနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ယခုရေးသားမည့် အချက်များကို ဝိပဿနာကို စိတ်ဝင်တစားရှုမှတ်နေသော ယောဂီများသာ နားလည်နိုင်မည်ဖြစ်၏။

ဝေဒယိတသုခသည် သုခသက်သက်မဟုတ် ဒုက္ခနှင့်ရောနှောနေသော သုခသာ ဖြစ်၏။ သန္တိသုခကား သုခသက်သက်သာရှိ၏။ ဒုက္ခနှင့် ရောနှောခြင်းမရှိ။ အဘယ်ကြောင့် ထိုသို့ပြောနိုင်သနည်း- အဆင်း၊ အသံ၊ စသောအာရုံငါးပါးကို (၂၄) နာရီ တစ်ဆက်တည်း မည်သူမှ မခံစားနိုင်သော်လည်း သန္တိသုခခေါ် နိဗ္ဗာန်ချမ်းသာကို (၁၆၈)နာရီ (၇)ရက်တစ်ဆက်တည်း ခံစားနိုင်သည်ကို တွေ့ရသောကြောင့်ပေတည်း။

မိမိအနှစ်သက်ဆုံး အဆင်း(ဗွီဒီယိုကား စသည်)ကို (၂၄)နာရီမဆိုထားနှင့် (၁၀)နာရီထိ တစ်ဆက်တည်း မည်သူမျှ မကြည့်နိုင်ပါ။ အဘယ်ကြောင့်နည်း။အဆင်းအာရုံကိုခံစားသည့် ချမ်းသာနှင့်အတူ ညောင်းညာကိုက်ခဲသည့် ဆင်းရဲ၊ မျက်စိသို့ အလင်းရောင်စူးဝင်သည့် ဆင်းရဲတို့ကိုပါ တွဲဖက်ခံစားနေရသော ကြောင့်ပင်တည်း။ ဉာဏ်ဖြင့် ဆန်းစစ်ကြည့်လျှင်-(၃၁)ဘုံရှိ ဝေဒယိတသုခမှန်သမျှ တွင် သုခထက် ဒုက္ခက ပို၍များ၏။

ကြက်သားဟင်းနှင့် ထမင်းစားရခြင်းသုခကို ခံစားလိုသည့် လူတစ်ယောက်သည် ထို ကြက်သားကိုဝယ်နိုင်အောင် ပင်ပန်းစွာအလုပ်လုပ်ပြီး ငွေရှာရသောဒုက္ခ၊ ငွေရလာသောအခါ ဈေးထဲသွားဝယ်ရသောဒုက္ခ၊ ရလာသောအခါ၊ ချက်ရပြုတ်ရသော ဒုက္ခ၊ ဟင်းကျက်သောအခါ ခူးရခပ်ရသောဒုက္ခ၊ ထမင်းဝိုင်းပြင်ပြီးသောအခါကျမှ သွားက အဆက်မပြတ်ဝါးရင်း၊ လျှာက ထမင်းနှင့်ဟင်းကို အံသွားအောက်ရောက်အောင် တွန်းထိုးပေးရင်း၊ လျှာရည်များကလည်း သုခဝေဒနာပေါ်လာအောင် ထွက်ပေးရင်း၊ လျှာပေါ်မှ ခွေးအံဖတ်ကဲ့သို့ ဖြစ်နေ သောအစာများလည်ချောင်းထဲသို့ကျ မသွားခင် အချိန်လေးအတွင်း သုခဝေဒနာကို တဒင်္ဂ ခံစားရ၏။

ရသာရုံသုခဝေဒနာကို တဒင်္ဂခံစားရဖို့အတွက် ပေးဆပ်ရသော အရင်းအနှီး ဒုက္ခကား များလွန်းလှ၏။ ထို့ကြောင့် (၃၁)ဘုံရှိ ခံစားရသော ဝေဒယိတသုခ မှန်သ

www.burmeseclassic.com

www.burmeseclassic.com



မှုကို 'ချမ်းသာတစ်ပဲ၊ ဆင်းရဲတစ်ပိဿာ'ဟု ဆိုသင့်၏။ ချမ်းသာက နည်း၊ ဆင်းရဲက များသောကြောင့်လည်း လောကီဝေဒယိတသုခကို အချိန်ကြာမြင့်စွာ မခံစားနိုင်ခြင်းဖြစ်၏။ ဤမှုဆိုလျှင် ဉာဏ်နုသူများ နိဗ္ဗာန်အကြောင်းကို မိမိဉာဏ်နှင့်တန်သလောက် နားလည်လက်ခံနိုင်ပြီဖြစ်၏။

ထို့ကြောင့် နိဗ္ဗာန်နှင့်ပတ်သက်၍ ပရိယတ်ပညာရှင်များ၊ ပဋိပတ်ပညာရှင်များ၏ ရေးသားဟောပြောချက်များကို စုဆောင်းတင်ပြအံ့။

**(မှတ်ချက်)။** ။*စာမေးပွဲဖြေဖို့အတွက် စာကြည့်သောအခါ ပြဋ္ဌာန်းစာအားလုံးကို ကြည့်ရ၏။ စာဖြေသောအခါ ကြည့်ထားသမျှအားလုံးကို ဖြေစရာ မလိုပေ။ အမှတ်တစ်ရာဖိုးအနက် လေးဆယ်ဖိုးရအောင် ဖြေနိုင်လျှင် အောင်သည်သာဖြစ်၏။ ထို့အတူ မဂ်ဖိုလ်ရဖို့ ဝိပဿနာစာမေးပွဲဖြေရာ၌လည်း ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် အားလုံးကိုဖြေစရာမလိုပေ။ ဓာတ်တစ်ပါးကို အနတ္တပေါက်အောင် မြင်နိုင်လျှင် မဂ်ဖိုလ်စာမေးပွဲ အောင်မည်သာဖြစ်၏။*

နိဗ္ဗာန်အဓိပ္ပာယ်ကို သိဖို့နှင့်ပတ်သက်၍လည်း ယင်းဥပမာကိုပင်ယူ၍ ပြောပြလို၏။ နိဗ္ဗာန်အကြောင်းကို သေချာသိဖို့အတွက် နိဗ္ဗာန်နှင့်ပတ်သက်သော ရေးသားချက်၊ ဟောပြောချက်များကို ကြည့်ရှုနာကြားကြရမည်သာဖြစ်၏။ သို့သော် တကယ်သိသွားသည်မှာ ဆောင်းပါးတစ်ပုဒ် ဟောကြားချက်တစ်ခုကြောင့်သာဖြစ်၏။ မည်သူ့ကို မည်ကဲ့သို့ဟောကြားလျှင် နိဗ္ဗာန်အကြောင်းကို သေချာသိသွားမည်ဟူ၍ ဝေနေယျတစ်ယောက်၏ ကိန်းအောင်းနေသည့် အလိုဆန္ဒကိုသိနိုင်သော အာသယာနုသယဉာဏ်သည် ဗုဒ္ဓမှတစ်ပါး မည်သူ့ထံ၌မျှမရှိ။

ထို့ကြောင့် ဗုဒ္ဓမှ တစ်ပါးသောသာဝကများသည် မှန်း၍သာ ရေးကြရ၊ ဟောကြရ၏။ ထိုအခါ ဖတ်ရှု နာကြားရသောသူများသည် နားလည်သူလည်းရှိ၏။ နားမလည်သူလည်း ရှိ၏။ ဤအကြောင်းကြောင့် နိဗ္ဗာန်အကြောင်း ရေးသားဟောပြောချက်အားလုံးကို စုဆောင်းတင်ပြရခြင်းဖြစ်၏။

## နိဗ္ဗာန်(၂)မျိုး၊ ကြောင်းကျိုးလျော်စွာ

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလ၊ ၂၀၀၃-ခုနှစ်၊ နိုဝင်ဘာလထုတ်၊ အပ္ပမာဒမဂ္ဂဇင်း၌ပါရှိသော လှသန့်(ပြည်)၏ ဆောင်းပါးဖြစ်သည်။

နိဗ္ဗာန် နှစ်မျိုးရှိပါသည်။

(က) သဉပါဒိသေသနိဗ္ဗာန်၊

( ခ) အနုပါဒိသေသနိဗ္ဗာန် ဟူ၍ဖြစ်ပါသည်။

သဉပါဒိသေသနိဗ္ဗာန်ဟူသည် ခန္ဓာငါးပါးအကြွင်းရှိသော နိဗ္ဗာန်၊ (တစ်နည်း) ခန္ဓာဝိပါက်ဟူသည့် စိတ်, စေတသိက်, ရုပ် တို့ဖြင့်ယှဉ်တွဲကာ အာရုံပြု

www.burmeseclassic.com

www.burmeseclassic.com



မျက်မှောက်ပြုအပ်ရာ နိဗ္ဗာန်ပင်ဖြစ်ပါသည်။ အကြင် ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ရာဂ, ဒေါသ, မောဟ အစရှိသော ကိလေသာတရားတို့ ကုန်ခန်း၏။ နောက်ထပ် တစ်ဖန် ဘဝသစ်ကိုဖြစ်ပေါ်စေရာ ဘဝတဏှာသည်လည်း ကုန်ခန်း၏။ သို့သော် ကိလေသာတို့မှ ကြွင်းကျန်ရစ်ရာ ဝိပါက်+နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့သည်ကား ချုပ်ငြိမ်းခြင်းမရှိသေးပါ။ ထို ချုပ်ငြိမ်းခြင်းမရှိသေးရာ ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်တို့ဖြင့် အာရုံပြု မျက်မှောက်ပြုရာ နိဗ္ဗာန်သည် (မုချ)သဘောအားဖြင့် သဉပါဒိသေသနိဗ္ဗာန်မည်ပါသည်။

နောက်တစ်မျိုးဖြစ်သော သဉပါဒိသေသနိဗ္ဗာန်မှာ သောတာပတ္တိမဂ် စသော မဂ်ပုဂ္ဂိုလ်လေးယောက်တို့သည် မဂ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြုကာ ကိလေသာ၊ အနုသယ စသောတရားတို့ကို ပယ်သတ်ရာဝယ် ခန္ဓာစဉ်၌ ဆိုင်ရာဆိုင်ရာ ကိလေသာတရားများ ကုန်သွားသော်ငြားလည်း ဖြစ်မြဲတိုင်းသော ဝိပါက်+နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များကား ကြွင်းကျန်ပါသည်။ ထိုကြွင်းကျန်ရစ်သော နာမ်ခန္ဓာ ကမ္မဇရုပ်များတွင် အရဟတ္တမဂ် ပုဂ္ဂိုလ်၏ နာမ်ခန္ဓာကမ္မဇရုပ်တို့၌ ကိလေသာတရားများနှင့်ယှဉ်မှု လုံးဝမရှိတော့သော်လည်း ကျန် ကျင့်ဆဲ(သေက္ခ)မဂ်ပုဂ္ဂိုလ်များ၏ နာမ်ခန္ဓာ ကမ္မဇရုပ်တို့တွင်မူ ကိလေသာ၊ အနုသယတရားတို့နှင့် ယှဉ်မှု ရှိပါသေးသည်။

ပမာအားဖြင့် သောတာပတ္တိမဂ် ဝီထိကျသောပုဂ္ဂိုလ်သည် ထို ဝီထိစိတ်အခိုက်အတန့်၌ နိဗ္ဗာန်ကိုအာရုံပြုကာ ကိလေသာဆယ်ပါးတွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာတရားနှစ်ပါးကို အနုသယနှင့်တကွ သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမရှိအောင် ပယ်သတ်ပါသည်။ ကျန်ကိလေသာ တရားရှစ်ပါးကို တဒင်္ဂ, ဝိက္ခမ္ဘနသဘောအားဖြင့် တစ်ခဏအခိုက်အတန့် ပယ်သတ်ပါသည်။ ထိုပယ်သတ်သော သောတာပတ္တိမဂ် စိတ္တုပ္ပာဒ်သည် ပဋ္ဌာန်း အာရမ္မဏပစ္စည်းအရ နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်ပေါ်လာရပေရာ-ဤနေရာ၌ အာရုံပြုစရာနိဗ္ဗာန်က အကြောင်း၊ အာရုံပြုရာ မဂ်စိတ္တုပ္ပာဒ် အာရမ္မဏိက တရားက အကျိုးဟူ၍၊ အကြောင်းတရား အကျိုးတရား ဆက်စပ်လျက်လည်း နေပါသည်။

ထိုမှတပါး နိဗ္ဗာန်ကိုအာရုံပြုရာ မဂ္ဂဝီထိမဂ်စိတ္တုပ္ပာဒ်သည် ခန္ဓာငါးပါး အစုံအလင်ဖြစ်ရာ၊ (ပဉ္စဝေါကာရ)ကာမသုဂတိဘုံအတွင်း၌ ဟဒယနှလုံးဝတ္ထုကိုသာ လျှင် အကြောင်းခံ၍ မှီ၍ ဖြစ်ခွင့်ရှိပါသည်။ သို့အတွက် သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ မဂ်စိတ္တုပ္ပာဒ်ဖြင့် အာရုံပြုရာနိဗ္ဗာန်ကို အထက်ပါအကြောင်းတရား၊ အကျိုးတရားတို့အား ထောက်ဆကာ ခန္ဓာဝိပါက်ဟူသည့် စိတ် စေတသိက် ရုပ်တို့ဖြင့်ယှဉ်တွဲ၍ အာရုံပြု၊ မျက်မှောက်ပြုရာ သဉပါဒိသေသနိဗ္ဗာန်ဟု ဥပစာရသဘောအားဖြင့်လည်း တစ်နည်း ခေါ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ခန္ဓာဒုက္ခ (၂)မျိုး

ခန္ဓာကိုယ်တွင် ကိုယ်ကာယကို အမှီပြုဖြစ်ရာ ကာယိကဒုက္ခနှင့်၊ စိတ်ကိုအမှီပြုဖြစ်ရာ စေတသိကဒုက္ခဟူ၍ ဒုက္ခနှစ်မျိုးရှိပါသည်။ ထိုဒုက္ခနှစ်မျိုးတို့အနက် ကာယိကဒုက္ခဆိုသည်မှာ အချမ်းဒုက္ခ၊ အပူဒုက္ခ၊ ကျင်ကြီးဒုက္ခ၊ ကျင်ငယ်ဒုက္ခ၊ ရေမွတ်သိပ်ခြင်းဒုက္ခ၊ အစာဆာလောင်ခြင်းဒုက္ခ၊ ကိုယ်လက်လေးလံခြင်းဒုက္ခ၊ အိုရခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခဟူသော (၁၀)ပါးသော တရားတို့ဖြစ်ပါသည်။

စေတသိကဒုက္ခဟူသည်မှာ ဓမ္မသဘာဝအားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘမျှသာဖြစ်သော ခန္ဓာသင်္ခါရတို့အပေါ်၌ နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟူသည့် အမှတ်မှား၊ အသိမှား၊ အယူမှား ဝိပလ္လာသတရားတို့ဖြင့် မှားယွင်းစွာနှလုံးသွင်းမှုအားလျော်စွာ သတ္တဝါတို့၏သန္တာန်၌ဖြစ်ပေါ်သော (လောဘ၊ ဒေါသ၊ ဒိဋ္ဌိ၊ မာန၊ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ထိန၊ ဝိစိကိစ္ဆာ၊ ကိလေသာတရား ဆယ်ပါးတို့ ပင်ဖြစ်ပါသည်။ အကျယ်ပွားမှု တစ်ထောင့်ငါးရာ ကိလေသာဟူသော အရေအတွက် အထိပင် ရပါသည်။

ထို ကိလေသာတရားတို့သည် သာမန်မျှဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ အနုသယသဘောအားဖြင့် အပြည့်အဝရှိငြားသော်လည်း သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့သန္တာန်၌မူ ထိုသဘောအတိုင်းမတည်တော့ပါ။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ် အခိုက်အတန့်၌ပင် နိဗ္ဗာန်ကိုအာရုံပြုကာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာတရားနှစ်ပါးကို အကြွင်းမဲ့ပယ်သတ်ပါသည်။ ကျန် သကဒါဂါမ်၊ အနာဂါမ် စသော အရိယာပုဂ္ဂိုလ်တို့သည်လည်း မိမိတို့၏ မဂ်အခိုက်အတန့်၌ နိဗ္ဗာန်ကိုပင် အာရုံပြုကာ ဆိုင်ရာဆိုင်ရာ ကိလေသာ အနုသယတရားတို့ကို အကြွင်းမဲ့ပယ်သတ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်မှာမူ အရဟတ္တမဂ်ရစဉ် မဂ်ဝီထိအခိုက်အတန့်မှာပင် နိဗ္ဗာန်ကို အာရုံပြုကာ အလုံးစုံသော ကိလေသာ အနုသယတရားတို့ကို အကြွင်းမရှိ ပယ်သတ်ပါသည်။ ထိုသို့ သောတာပန်စသော အရိယာပုဂ္ဂိုလ်မှန်သမျှသည် မိမိတို့၏ မဂ်အခိုက်အတန့်၌ အသီးသီး နိဗ္ဗာန်ကိုအာရုံပြုကာ စေတသိကဒုက္ခဖြစ်သည့် ကိလေသာတရားတို့ကို တစ်စိတ်တစ်ဒေသအားဖြင့်သော်လည်းကောင်း၊ အကြွင်းမရှိသောအားဖြင့်သော်လည်းကောင်း၊ သမုစ္ဆေဒပဟာန်အားဖြင့် အပြီးတိုင် ပယ်သတ်ချုပ်ငြိမ်းစေခြင်းကြောင့် ထိုအရိယာပုဂ္ဂိုလ်တို့ အာရုံပြု မျက်မှောက်ပြုရာ သဉပါဒိသေသနိဗ္ဗာန်ကိုပင် ဒုက္ခချုပ်ငြိမ်းခြင်း၏အကြောင်းတရားဟု ယူဆသောပုဂ္ဂိုလ်များနှင့် ဤသဉပါဒိသေသနိဗ္ဗာန် ဆီလျော်ပါသည်။

## အနုပါဒိသေသနိဗ္ဗာန်

အကြင်ရဟန္တာပုဂ္ဂိုလ်၏သန္တာန်ဝယ် အရဟတ္တမဂ်ကို ရပြီးသောအချိန်မှ

www.burmeseclassic.com

www.burmeseclassic.com



အစပြုကာ သစ္စာလေးပါးတရားအား မပြတ်မစဲ အမြဲထင်မှု၊ မဆိတ်သုဉ်းတော့သည့် အားလျော်စွာ စိတ်၏ညစ်ညူးပူပင် ဆင်းရဲကြောင်းဖြစ်သည့် သံယောဇဉ်၊ ကိလေသာ၊ အနုသယ၊ ဝိပလ္လာသ စသောတရားတို့ ဖြစ်ပေါ်မှုမှ အစဉ်ထာဝရ ကင်းစင်လွတ်မြောက်၍နေပေသည်။ ထိုကဲ့သို့ အရဟတ္တမဂ် အာနုဘော်အားလျော်စွာ ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာအစဉ်၌ ကိလေသာတရားများ ကုန်သွားသော်ငြားလည်း ဖြစ်မြဲတိုင်းသော ဝိပါက်၊ နာမ်ခန္ဓာ၊ ကမ္မဇရုပ်ဟူသည့် ရုပ်နာမ်ခန္ဓာတို့ကား ကြွင်းကျန်၍နေသေးသည်။

သို့အတွက် အချမ်း၊ အပူ၊ ကျင်ကြီး၊ ကျင်ငယ်စသော ကာယိကဒုက္ခ ဆယ်ပါး၏ နှိပ်စက်ကလူပြုမှုကိုလည်း ခံနေရပါသေးသည်။ ထိုမှတစ်ပါး ကိလေသာ ကင်းစင်တော်မူသော ပုဂ္ဂိုလ်သူမြတ်ဖြစ်သည့်အားလျော်စွာ မီး(၁၁)ပါးတို့တွင် လောဘ, ဒေါသ အစရှိသော ကိလေသာတို့နှင့်ယှဉ်၍ ဖြစ်သောမီးတို့၏ လောင်မြိုက်နှိပ်စက်ခံရမှုမှ ကင်းလွတ်သော်လည်း ဇာတိမီး၊ ဇရာမီး၊ မရဏမီး စသည့်မီးတို့၏ နှိပ်စက်လောင်မြိုက်ခံရမှုတို့မှကား မလွတ်ကင်းနိုင်သေးပါ။

ထိုသို့သဘောရှိသော ရဟန္တာပုဂ္ဂိုလ်သည် နောက်ဆုံးဝိညာဉ်စိတ်ဖြစ်သည့် စုတိစိတ် ချုပ်ငြိမ်းသည်ရှိသော် ဆီ, အစရှိသော လောင်စာကို စွဲမှီတောက်လောင်နေသော မီးသည် မိမိတောက်လောင်ရာ လောင်စာကုန်သည်နှင့် တစ်ပြိုင်နက်တည်း ထို ကုန်ခန်းသော လောင်စာပေါ်၌သာ ချုပ်ငြိမ်းခြင်းဖြစ်ရသကဲ့သို့ ထို့အတူ ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်အခြားမဲ့၌ နောက်ထပ်တစ်ဖန် ပဋိသန္ဓေဟုဆိုအပ်သော ခန္ဓာဘဝသစ်ဖြစ်မှုသည်လည်း လောင်စာသိမ်းသဖြင့် မီးငြိမ်းရသကဲ့သို့ နောက်ထပ်တစ်ဖန်ဖြစ်နိုင်ခွင့်ကို မရတော့၍ ခန္ဓာဒုက္ခတို့၏ အပြီးတိုင်ချုပ်ငြိမ်းခြင်းသို့ ရောက်ရပေရာ ထိုချုပ်ငြိမ်းခြင်းကိုပင်လျှင် အနုပါဒိသေသနိဗ္ဗာန်၊ တစ်နည်း သမ္ပရာယိကနိဗ္ဗာန်ဟူ၍ ခေါ်ရပါသည်။

> 'ပဉ္စန္နံခန္ဓာနံ- ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏၊ နိရောဓော ချုပ်ငြိမ်းခြင်းသည်(ဝါ) ချုပ်ရာသဘောသည်၊ သာရံ-အနှစ်သာရ သဘောအားဖြင့်၊ နိဗ္ဗာနန္တိ-နိဗ္ဗာန်မည်ပေ၏။ ဣတိ-ဤသို့၊ ပဿန္တော-ရှုမြင်သောသူသည်၊ သမ္မတ္တနိယာမံ-သမ္မတ္တနိယာမဉာဏ်သို့ (ဝါ)တိကျမှန်ကန်သောသဘောဖြစ်လျက်၊ ကိန်းသေဖြစ်သော အရိ ယာမဂ်သို့၊ ဩက္ကမတိ- ဆိုက်ရောက်ရ၏။'
>
> *(ပဋိသမ္ဘိဒါမဂ်)*

နိဗ္ဗာန်သည် ဒုက္ခချုပ်ငြိမ်းခြင်း အကျိုးတရားဟု အယူရှိကုန်သော ပုဂ္ဂိုလ်တို့နှင့် အနုပါဒိသေသနိဗ္ဗာန် ဆီလျော်လျောက်ပတ်ပါသည်။ အစမထင်သော အနမတဂ္ဂ သံသရာတစ်ခွင်ဝယ် ခန္ဓာဝန်ကိုထမ်းကုန်ကြရသော သတ္တဝါမှန်သမျှတို့သည် ဤ အနုပါဒိသေသနိဗ္ဗာန်သို့ ဆိုက်ရောက်မျက်မှောက်ပြုပြီးမှသာ ဒုက္ခခပ်သိမ်း ချုပ်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းရာ မည်ပါသည်။

## "ကျမ်းဆောင်းပါးအတွက် မှီငြမ်းစာအုပ်များ"

* မြို့ပြင်ကြီးသဂြိုဟ် — မြို့ပြင်ကြီးဆရာတော်။
* အဘိဓမ္မတ္ထသရူပဒီပနီ — သေကျွဲတောင်အရှင်တိလောက။
* ရတနသုတ် — လယ်တီမဏ္ဍိုင်ဆယ်စောင်တွဲ။
* အခြေပြုသဂြိုဟ် — အရှင်ဇနကာဘိဝံသ။
* သဂြိုဟ်ဘာသာဋီကာ — အရှင်ဇနကာဘိဝံသ။
* ပဋိပတ္တိက္ကမဋီကာ — ပြည်မြို့ ငှက်သိုက်ကျောင်း သာသနဓဇသီရိပဝရဓမ္မာစရိယ အရှင်ပဏ္ဍဝါဘိဝံသ။

## ခန္ဓာနှင့်နိဗ္ဗာန်

၁၃၆၆-ခုနှစ် တော်သလင်းလ၊ ၂၀၀၄-ခုနှစ် စက်တင်ဘာလထုတ် အပ္ပမာဒ မဂ္ဂဇင်း၌ ပါရှိသော 'လှသန့်(ပြည်)၏ ဆောင်းပါး'ပင်ဖြစ်သည်။

သစ္စာအနက် (၁၆)ချက်တွင် ဒုက္ခသစ္စာအနက်(၄)ချက်အရ ခန္ဓာမည်သော တရားသည်-

၁။ ပီဠနဋ္ဌော = ညှာတာမဖက် နှိပ်စက်တတ်သောသဘော။
၂။ သင်္ခတဋ္ဌော = အမြဲမပြတ် ပြုပြင်ထူထောင်ရသောသဘော။
၃။ သန္တာပဋ္ဌော = အဖန်ဖန် ကြောင့်ကြပူပန်စေတတ်သောသဘော။
၄။ ဝိပရိဏာမဋ္ဌော = မတည်မမြဲ ဖောက်လွဲဖောက်ပြန်တတ်သောသဘော။
စသောအကြောင်းများကြောင့် အမှန်ဆင်းရဲရာ ဒုက္ခတရားသာဖြစ်ပါသည်။

နိရောဓသစ္စာ အနက်(၄)ချက်အရ နိဗ္ဗာန်မည်သော တရားမှာ-

၁။ နိဿရဏဋ္ဌော = ဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်ခြင်းသဘော။
၂။ ပဝိဝေကဋ္ဌော = နှောက်ယှက်ခြင်းတို့မှ ကင်းလွတ်ခြင်းသဘော။
၃။ အသင်္ခတဋ္ဌော = အဖန်ဖန်ပြုပြင်ရခြင်းတို့မှ ကင်းလွတ်ခြင်းသဘော။
၄။ အမတဋ္ဌော = အဖန်ဖန် သေကြေပျက်စီးခြင်းမှ ကင်းလွတ်ခြင်းသဘော

စသော ဂုဏ်ကျေးဇူးများကြောင့် အမှန်ချမ်းသာရာ သုခ,တရားသာဖြစ်ပါသည်။ ထိုကဲ့သို့ ခန္ဓာနှင့်နိဗ္ဗာန်တို့သည် သဘောသဘာဝဒုက္ခ၊ သုခ,တရားအားဖြင့် အခြားနားကြီး ခြားနား၍ ဆန့်ကျင်ဘက်အရာ၌ တည်ကုန်ကြသော်လည်း တရားတစ်ပါးနှင့်တစ်ပါးမှာမူ ဝေးကွာခြင်းမရှိပဲ ဆက်စပ်မှုလည်း ရှိ၍နေပါသည်။

အဘိဓမ္မာဒေသနာ ကထာဝတ္ထု၌ အညေခန္ဓာ အညံ နိဗ္ဗာနန္တိ နဟေဝံ

www.burmeseclassic.com

www.burmeseclassic.com



ဝတ္တဗ္ဗေ (ခန္ဓာက တခြားလော၊ နိဗ္ဗာန်က တခြားလော၊ (ဣတိ)ဤသို့ အမေးပုစ္ဆာသည် (သတိ) ရှိသော်၊ နဟေဝံ ဝတ္တဗ္ဗေ- ဤသို့ မဆိုလင့်ရာဟူ၍လည်းကောင်း၊ ဝိသုဒ္ဓိမဂ် ဋီကာ၌ နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓါနေဝ=ခန္ဓာနှင့် နိဗ္ဗာန်သည် ဆက်စပ်မှုရှိသည် သာလျှင် တည်း ဟူ၍လည်းကောင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် ရောဟိတဿသုတ်၌ ဘုရားရှင်က ရောဟိ တဿနတ်သားအား- 'ဒါယကာနတ်သား၊ ဤတစ်လံမျှလောက်ဖြစ်သော ခန္ဓာ၌ပင်လျှင် ဒုက္ခကိုလည်းကောင်း၊ ဒုက္ခဖြစ်ကြောင်းကိုလည်းကောင်း၊ ဒုက္ခချုပ်ငြိမ်း ရာကို လည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းကြောင်း အကျင့်ကိုလည်းကောင်း ငါဘုရား ပညတ်တော် မူ၏ (ဟောတော်မူ၏)'ဟူ၍ အသီးသီးပြဆိုထားပါသည်။ အထက်ပါ ဒေသနာ တော်များအရမူ ခန္ဓာနှင့်နိဗ္ဗာန်သည် တခြားစီမဟုတ်ပဲ ဆက်စက်မှုရှိ နေခြင်း။

ဤတစ်လံမျှလောက်သော ခန္ဓာ၌ပင်လျှင် နိဗ္ဗာန်အပါအဝင် သစ္စာလေးပါး တရားကို ပညတ်ခြင်း စသောအကြောင်းများကြောင့် ယေဘုယျအားဖြင့် နိဗ္ဗာန်ဟူ သောတရားသည် ခန္ဓာအတွင်း၌သာလျှင် အကျုံးဝင်သော (ဝါ) ရှိသောတရားဟူ၍ ထင်မှတ်ဘွယ်ရာရှိပါသည်။ သို့သော် မုချဖြစ်သော သဘောသဘာဝအရမှာမူ နိဗ္ဗာန် မည်သောတရားသည် ခန္ဓာ၏ မှတ်ကြောင်းအခြင်းအရာများဖြစ်သည့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂါတ်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိက ဟူသော (၁၁)ပါးတရားအပြားတို့ မရှိခြင်းကြောင့် ခန္ဓာမဟုတ်၊ ခန္ဓာမှလွတ်ရာ ခန္ဓဝိမုတ် (ဗဟိဒ္ဓ) တရားသာဖြစ်ပါသည်။

သို့ဆိုပါသော် 'ခန္ဓာနှင့် နိဗ္ဗာန်သည် တခြားစီမဟုတ်ဘဲ အဘယ်သို့ သဘော အားဖြင့် ဆက်စပ်မှုရှိနေပါသနည်း'ဟူသော မေးခွန်းကို စာရှုသူက မေးဘွယ်ရာရှိ ပါသည်။ ထိုအမေးအတွက် အကောင်းဆုံးသောအဖြေမှာ 'ဒင်္ဂါးပြားတစ်ပြား၏ ခေါင်း နှင့်ပန်း ဥပမာ'သာဖြစ်ပါသည်။ ဒင်္ဂါးပြားတစ်ပြားရှိ ခေါင်းနှင့်ပန်းသည် ဒင်္ဂါးပြား၏ မျက်နှာ တစ်ဖက်တစ်ချက်စီတွင်သာ စွဲတည်နေကြခြင်းကြောင့် တစ်ဖက်နှင့်တစ်ဖက် သဘောသဘာဝအရမှာမူ ဆန့်ကျင်ဘက်သာဖြစ်ကြပါသည်။

ဒင်္ဂါးပြားတွင် ဒင်္ဂါးပြား၏ခေါင်းဘက်ကို ကြည့်ရှုသုံးသပ်နေသူသည် ထို ကြည့်ရှုသုံးသပ်မှု၌ မငြီးငွေ့သမျှ ပန်းဘက်သို့ လှန်ပစ်မှုမဖြစ်နိုင်ပါ။ ထိုသို့မဖြစ်သမျှ ဒင်္ဂါးပြား၏ပန်းသည် ခေါင်းနေရာတွင် အစားထိုးဝင်မလာပါ။ ဒင်္ဂါးပြား၏ ခေါင်း ဘက်သို့ ကြည့်ရှုသုံးသပ်မှု ငြီးငွေ့လာပါမှ ပန်းဘက်သို့ လှန်ပစ်မှုနှင့်တကွ ဒင်္ဂါးပြား ၏ပန်းသည် ခေါင်းနေရာတွင် အစားထိုးဝင်ရောက်လာနိုင်ပါသည်။

ခန္ဓာနှင့် နိဗ္ဗာန်ဆိုသည်မှာလည်း ထိုဒင်္ဂါးပြား၏ ခေါင်းနှင့်ပန်းဥပမာ သဘော သာဖြစ်ပါသည်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုလိုသော ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရန်အလို့ငှာ နိဗ္ဗာန်နှင့် သဘောသဘာဝအရာအားဖြင့် ဆန့်ကျင် ရာ ခန္ဓာ၏အပြစ်တို့ကို ဝိပဿနာဉာဏ်ဖြင့် အခါခါအထပ်ထပ် ဆင်ခြင်သုံးသပ်

www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ ထိုသို့ ဆင်ခြင်သုံးသပ်၍ အပြစ်ကိုမြင်က ငြီးငွေ့ခြင်း ပြင်းစွာဖြစ်ပေါ်လာမှုလည်း ခန္ဓာမှလွတ်မြောက်ရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်း၊ သစ္စိကိရိယာကိစ္စ ဖြစ်နိုင်ပါသည်။

ခန္ဓာ၏အပြစ်ကိုမထင်၊ ခန္ဓာ၌ ပြင်းစွာငြီးငွေ့စက်ဆုပ်ခြင်း မဖြစ်ပါသော် ခန္ဓာမှလွတ်ရာ နိဗ္ဗာန်သည် ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် အာရုံပြု၊ မျက်မှောက်ပြုအပ်ရာ (သစ္ဆိကာတဗ္ဗတရား)အဖြစ် ထင်ရှားဖြစ်ပေါ်မလာနိုင်ပါ။ ထိုကဲ့သို့ နိဗ္ဗာန်အားမျက်မှောက်ပြုရာတွင် ခန္ဓာ၌ ဝိပဿနာဉာဏ် တင်ခြင်းဖြင့်သာလျှင် မျက်မှောက်ပြုခြင်းကိစ္စ ပြီးစေ၊ ဖြစ်စေနိုင်ခြင်းကြောင့် ကြားခံပေါင်းကူးသဖွယ် ကျေးဇူးပြုသော ခန္ဓာကိုပင်လျှင် ဝိသေသပြုကာ-

'ခန္ဓာနှင့် နိဗ္ဗာန်သည် တခြားစီမဟုတ်ဘဲ ဆက်စပ်မှုရှိသည်ဟု လည်းကောင်း၊ ဤ တစ်လံမျှလောက်သော ခန္ဓာ၌ပင်လျှင် ဒုက္ခကိုလည်းကောင်း၊ ဒုက္ခဖြစ်ကြောင်းကိုလည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းရာကိုလည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းကြောင်း အကျင့်ကိုလည်းကောင်း ဟောတော်မူခြင်းဖြစ်ပါသည်။ ဓမ္မပဒပါဠိတော်၌ ဖေဂ္ဂုနာ၊ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါအပေါင်းတို့ဖြင့် ဖိစီးနှိပ်စက်အပ်သော သဘောရှိသော'၊

'ကာယတော-အလျားတစ်လံ၊အနံတစ်ထွာ၊ ဤခန္ဓာကိုယ် ရုပ်အကောင်ပုပ်ထဲက၊ ဝရံ-နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍ ကောင်းမြတ်လှစွာသော သူတော်ကောင်းတရားတည်းဟူသော အဆီအနှစ်ကို၊ ပီဠေယျ-အားကုန်နှစ်၍ ညှစ်ထုတ်လိုက်ရာ၏။ ဖေဂ္ဂုနာ၊ ရန်သူငါးတန် ဆက်ဆံရေယှက်သည်ဖြစ်၍ အနှစ်သာရမဖက်သက် သက် အကာအတိသာဖြစ်သော၊ မနတော- ပစ္စည်းဥစ္စာထဲက၊ ဝရံ- နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍ ကောင်းမြတ်လှစွာသော (ဝါ) သူတော်ကောင်းတရားတည်းဟူသော အဆီအနှစ်ကို၊ ပီဠေယျ-အားကုန်နှစ်၍ ညှစ်ထုတ်လိုက်ရာ၏၊ တေနမေဒေန-ထိုပစ္စည်း ဥစ္စာ အင်္ဂါခြေလက် ကိုယ်အသက်ထဲက ညှစ်ထုတ်လိုက်ရာသော သူတော်ကောင်းတရားတည်းဟူသော အဆီအနှစ်ဖြင့်၊ ဝရံ-မြတ်လှ စွာသော၊ အဇရံ-မအိုရာဖြစ်သော၊ နိဗ္ဗာနံ-ဘေးဘယာကင်းရာ နိဗ္ဗာန် ချမ်းသာမြတ်ကို၊ ကီဏေယျ-လဲလှယ်ဖလှယ် ဝယ်ယူလိုက် ရာ၏'

ဟူ၍ ခန္ဓာနိဗ္ဗာန် သဘောသဘာဝမတူပုံနှင့် ခန္ဓာကိုအရင်းပြုကာရသော သူတော်ကောင်းတရားဖြင့် နိဗ္ဗာန်တရားမြတ်ကို လဲလှယ်ဖလှယ် ဝယ်ယူသကဲ့သို့ ရယူမျက်မှောက်ပြုရန် ညွှန်ပြဟောကြားတော်မူပါသည်။ လူခန္ဓာဟူသည် နတ်ခန္ဓာ၊

www.burmeseclassic.com

www.burmeseclassic.com



ဗြဟ္မာခန္ဓာများကဲ့သို့ ကမ္မဇရုပ် မ,များ၊ ဥတုဇရုပ်သာ များပါသည်။ ထို့ကြောင့် (၃၂) ကောဋ္ဌာသ အစုံအလင်ရှိကာ မတင့်တယ်, စက်ဆုပ်ရွံရှာဖွယ်ရာဖြစ်မှု (အသုဘ) လက္ခဏာများနှင့် (၉၆)ဖြာသော ရောဂါဝေဒနာများ စုဝေးစုစည်းရာ အပုပ်ကောင် ရုပ်ဆောင်သည့် ခန္ဓာသာဖြစ်ပါသည်။

သို့အတွက် နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာများထက် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ၊ အသုဘလက္ခဏာများထင်ရှားသည့် အကောင်းဆုံး ဝိပဿနာ အရှုခံတရားလည်းဖြစ်ပါသည်။ ကြုံခဲလှသော သာသနာ၊ ရခဲလှသော လူ့ဘဝတွင်-

'ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာနှင့်၊
လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊
ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊
မှန်ပင် မဂ်ရကြောင်း'

ဆောင်ပုဒ်နှင့်အညီ ဝိပဿနာဘာဝနာအလုပ်၌ မဆုတ်မနစ် ကြိုးစားအား ထုတ်ခြင်းဖြင့် ခန္ဓာ၏အပြစ်တို့ကို မိမိဉာဏ်တွင် ပြက်ပြက်ထင်ထင် သိမြင်လာ သည်နှင့်အမျှ သံယုတ်ပါဠိတော်လာ 'နိဗ္ဗာနသဿေဝ သန္တိကေ-နိဗ္ဗာန်နှင့် နီးသော ကြောင့်သာတည်း'ဟူသောဟောကြားချက်ဝယ် မိမိလည်း ပါဝင်သက်ဆိုင် အကျုံးဝင် နိုင်တော့မည်ဖြစ်ပါသတည်း။

## နိဗ္ဗာန်

ဦးကျော်နိုင် (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ ဝဋ္ဋသကာ) ၁၆-၆-၂၀၀၃ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ရေးသားခဲ့သော ဆောင်းပါးဖြစ်သည်။

ဆရာဦးချစ်ငယ်(ဒဿန) ဗုဒ္ဓစာပေဆုရေးသားသော နိဗ္ဗာန်ဆောင်းပါး များကို မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရှုရပါသည်။ နိဗ္ဗာန်သည် ဗုဒ္ဓသာ သနာတွင် အရေးအကြီးဆုံးသော ပြဿနာဖြစ်သည်။ သာသနာတော်တွင် နေလိုလလို ထင်ရှား သော ဆရာတော်ကြီးများအကြား၌ပင် အယူအဆ မတူညီကြ သည်ကိုတွေ့ရသည်။ ဤ စာရေးသူအနေဖြင့်လည်း နိဗ္ဗာန်ကို များစွာစိတ်ဝင်စား ခဲ့သည်။ စိတ်ဝင်စားသည့် အလျောက်လည်း နိဗ္ဗာန်နှင့် ပတ်သက်သည့် အယူအဆ များကို လေ့လာခဲ့သည်။ သို့သော်လည်း ယခုအထိ နိဗ္ဗာန်နှင့်ပတ်သက်၍ ပိုင်ပိုင် နိုင်နိုင် မဆုံးဖြတ်နိုင်ခဲ့ပါ။ ဆုံးဖြတ်နိုင်သည့် ဆရာကောင်းကို တွေ့ချင်, မြင်ချင်, ဖူးမြော်ချင်, ဆွေးနွေးမေးမြန်း လျှောက်ထားချင် လှသည်။

## နိဗ္ဗာန်နှင့် ဆရာတော်ကြီးများ

ယခုစာရေးသူအနေဖြင့် မိမိလေ့လာခဲ့သော ဆရာတော်ကြီးများ၏ နိဗ္ဗာန် နှင့်ပတ်သက်သော အယူအဆများကို တင်ပြလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးအားဖြင့် အုတ်ဖိုဆရာတော်ကြီး၏ နိဗ္ဗာန်အယူအဆဖြစ်သည်။ အုတ်ဖိုဆရာတော်ကြီးသည် 'ပထမဆုံး အာဒိကမ္မိက ဒွါရသာသနာပိုင်'ဖြစ်သည်။ ဆရာတော်ကြီး၏ တပည့်သာဝက အများစုအနေဖြင့် ရဟန္တာဟူ၍ပင် ထင်မြင်ယူဆယုံကြည်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် (၁၁၇၉-မှ ၁၂၆၇-ခု) ဖြစ်သည်။ ဆရာတော်သည် 'စန္ဒမင်္ဂလာသုတ္တ နိဗ္ဗာန်စာတမ်း'ကို ရေးသားခဲ့သည်။

ထိုစာတမ်း၌ ဘုရား၊ ရဟန္တာတို့သည် နိဗ္ဗာန်ပြည်မြတ်သို့ရောက်ကာ ကံစသော အကြောင်းလေးပါးတို့ ပြုပြင်စီရင်ခြင်းကင်းသော အမတနာမ်ဝိသေသ၊ ရုပ်ဝိသေသဖြင့် စံနေတော်မူကြကြောင်း၊ ဤသို့ယူဆပါမှ ဥစ္ဆေဒ, နတ္ထိက, အကြိယ, အဟေတုက, သဿတဒိဋ္ဌိ တို့မှ ကင်းလွတ်မည်ဖြစ်ကြောင်း၊ နိဗ္ဗာန်ကိုရောက်သော ဘုရားရှင်ကို ပမာနနည်း, အဝုတ္တသိဒ္ဓိနည်းဖြင့် နိဗ္ဗာန်၌သွင်း၍ နိဗ္ဗာန်ဟုပင် ခေါ်ရကြောင်း ရေးသားပြဆိုခဲ့သည်။

'ပထမရွှေကျင် သာသနာပိုင်ဆရာတော်ကြီး'မှာ မြန်မာသက္ကရာဇ် (၁၁၈၄-၁၂၅၅) ဖြစ်သည်။ အကျင့်သီလနှင့်ပြည့်စုံ၍ မြို့၌မနေလို၊ တောအရပ်၌သာ နေလိုသော ဆရာတော်ကြီးဖြစ်သည်။ ဆရာတော်ကြီးအနေဖြင့် 'ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီကျမ်းကြီး'ကို ရေးသားပြုစုခဲ့သည်။ ဆရာတော်ကြီးက 'နိဗ္ဗာန်ဟူသည် (၁၁)ပါးသော မီးအပေါင်းတို့မှ ငြိမ်းအေးခြင်းဓာတ်အစုံ'ကို ခေါ်ခြင်းဖြစ်သည်။ ယင်းနိဗ္ဗာန်သည် လုံးလုံးချည်း၊ ဘာတစ်ခုမျှမရှိသော အဇာတသဘာဝမျိုးမဟုတ်၊ ရုပ်ကြမ်းစွာဖြစ်နေသော ဇာတဘာဝပုံမျိုးမပေါ်ဘဲ ႏုးညံ့သိမ်မွေ့လှသည်။

နိဗ္ဗာန်ထင်ရှားရှိပုံမှာ ပရိနိဗ္ဗာန်ပြုမည့်ပုဂ္ဂိုလ် မပေါ်မီကပင် ကမ္ဘာကမ္ဘေဖြစ်၍နေနှင့်သော အရှိမျိုးမဟုတ်။ ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်တို့၏ ကိုယ်ခန္ဓာကိုစွဲ၍သာ ထိုခန္ဓာကိုယ် ကုန်လွန်သောအခါ ဖြစ်ပေါ်လာသော တရားထူးဝိသေသဖြစ်သည်။ နိဗ္ဗာန်သည် ခန္ဓာ၌ပင်ဖြစ်သည်။ ခန္ဓာနှင့်စပ်၍နေသည်ဟူရာ၌ ခန္ဓာနှင့်မုချအားဖြင့် မစပ်၊ ခန္ဓာငြိမ်းခြင်းနှင့်သာ မုချစပ်သည်။ ခန္ဓာမငြိမ်းမပျောက်လျှင် နိဗ္ဗာန်မပေါ် မရောက်လာပါ။ နိဗ္ဗာန်သို့ရောက်သွားသူတို့သည် အလုံးစုံပြတ်တောက်သည့်အဖြစ်သို့ ရောက်၍ သွားခြင်းမျိုး မဟုတ်။ မိမိတို့ရောက်ရာ နိဗ္ဗုတာ၌ပင် မအို၊ မသေ၊ အမြဲတည် စံနေကြရသည်။ ပရိနိဗ္ဗာန်ပြုသွားသော ဘုရား, ရဟန္တာဟူသမျှ ပျောက်၍၊ ပြတ်၍မသွား။ နိဗ္ဗာန်၌ သဿတလည်းမဟုတ်၊ ဥစ္ဆေဒလည်းမကျ၊ မဇ္ဈတ္တာကာရနက်နဲသောသဘောဖြစ်၍ အမြဲတည်နေတော်မူကြကြောင်း အကျယ်တဝင့် ဖွင့်ဆိုရေးသားခဲ့သည်။

'မြို့ပြင်ကြီး ဆရာတော်' (မြန်မာသက္ကရာဇ် ၁၁၈၉-ခုနှစ်မှ ၁၂၆၃ခုနှစ်) သည် 'အဘိဓမ္မတ္ထသရူပဒီပကကျမ်းကို ပြုစုရေးသားခဲ့သည်။ ရွှေကျင်ဆရာတော်ကြီးနှင့် အုတ်ဖိုဆရာတော်ကြီး၏ နိဗ္ဗာန်အယူအဆ ပေါ်လာပြီးနောက် မန္တလေးမြို့လေးပြင်လေးရပ်ဆရာတော်ကြီးများ၏ လျှောက်ထားချက်အရ ၎င်းတတိယတွဲ 'နိဗ္ဗာန

www.burmeseclassic.com

www.burmeseclassic.com



သစ္စပဒီပကကဏ္ဍ'ကို အချိန်ယူ၍ ရေးသားခဲ့သည်။

ဆရာတော်ကြီးက'အသင်္ခတဓာတ်နိဗ္ဗာန်သည် အကြောင်းနှင့်ကင်း၍ လျှောက်လျှားဘာသာ ဖြစ်ပေါ်လာနိုင်သော တရားမဟုတ်ဟူ၍လည်းကောင်း၊ ရုပ်နာမ်တရားကဲ့သို့ ဥပါဒ်, ဌီ, ဘင်, ဖြပ်ပေါ်အောင် ရုပ်ရင်းထင်ရှားစွာ ဖြစ်ပေါ်သည်မဟုတ်၊ နူးညံ့သိမ်မွေ့စွာသာဖြစ်သည်ဟူ၍လည်းကောင်း၊ ဘုရား ရဟန္တာတို့၏ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလသို့ ရောက်မှဖြစ်သည်ဟူ၍လည်းကောင်း၊ ဖြစ်ပြီးနောက် နိစ္စဓူဝ သဿတအားဖြင့် အမြဲတည်ဆောက်သောတရားဖြစ်သောကြောင့် ပျက်စီးခြင်းအဆုံးအပိုင်းအခြားမရှိဟူ၍လည်းကောင်း ယူဆကြခြင်းသည် ပိဋကတ်ကျမ်းဂန်များနှင့် မညီ'ဟု ပယ်တော်မူသည်။

'အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို 'ခယ'ဟု ဟောသော အရာလည်းရှိသည်။ အရဟတ္တဖိုလ်ကို 'နိဗ္ဗာန်'ဟု ဟောသောအရာလည်းရှိသည်၊ အရိယာမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုမှသာ ရာဂ, စသည်တို့ ချုပ်ခြင်းသို့ ရောက်ခြင်းဖြစ်ရသောကြောင့် အရိယာမဂ်က ရာဂစသည်ကို ကုန်စေသည်'ဟုဆိုသည်။ ဤချုပ်ခြင်းသို့ ရောက်ခြင်းဟူသည် 'ဘင်'သဘောမျှဖြင့် ချုပ်ခြင်းသို့ရောက်ခြင်းမဟုတ်၊ တစ်ဖန်အသစ် မဖြစ်သောအားဖြင့် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသို့ရောက်ခြင်းကိုသာ ယူရမည်။ နိဗ္ဗာန်သည် အရိယာမဂ်အား အာရမ္မဏပစ္စည်း၊ အာရမ္မဏာဓိပတိပစ္စည်းတို့ဖြင့် ကျေးဇူးပြုတတ်သည်'။ (နိဗ္ဗာန်သည် အကြောင်းပစ္စည်းတရား၊ မဂ်ဖိုလ်သည် အကျိုးပစ္စယုပ္ပန်တရားဟု ဆိုလိုသည်။)

'နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်တို့ စုတိမကျမီ နိဗ္ဗာန်မဖြစ်သေး၊ မရှိသေး။ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့သို့ရောက်မှ ဖြစ်ပေါ်လာသည်။ နိဗ္ဗာန် ရံခါသာ ရှိသည်။ ရံခါ, မရှိဟူသော အယူသည် မမှန်။ ဘုရားရှင်၏ အလိုတော်တိုင်းမဟုတ်။ နိဗ္ဗာန်သည် မည်သည့်ကာလကစ၍ ဖြစ်သည်ဟုဆိုရအောင် စ၍ဖြစ်ခြင်း အပိုင်းအခြားမရှိပေ။ နိဗ္ဗာန်ကို ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟူ၍ မဆိုအပ်၊ မဆိုထိုက်။ ကာလသုံးပါးမှ လွတ်သော ကာလဝိမုတ်တရားသာဖြစ်သည်။ ဥပါဒ်, ဌီ, ဘင်, မရှိ။ အမြဲရှိနေ၊ တည်နေသော တရားသာဖြစ်သည်။'

| | | |
|---|---|---|
| 'ကိလေသပရိနိဗ္ဗာန် | = | ကိလေသာတို့ ထက်ဝန်းကျင် အကြွင်းမဲ့ချုပ်ငြိမ်းခြင်း၊ |
| ခန္ဓပရိနိဗ္ဗာန် | = | ခန္ဓာငါးပါးတို့ အသစ်တစ်ဖန် မဖြစ်ခြင်းဟူသော အထက် ဝန်းကျင် အကြွင်းမဲ့ချုပ်ငြိမ်းခြင်း၊ |
| ဓာတုပရိနိဗ္ဗာန် | = | ဓာတ်တော်တို့ ထက်ဝန်းကျင် အကြွင်းမဲ့ချုပ်ငြိမ်းခြင်း |

ဟူ သော ပရိနိဗ္ဗာန်သုံးမျိုးအကြောင်း အင်္ဂုတ္တိုရ်, အဋ္ဌကထာ စသောကျမ်းဂန်များ၌ ပြဆိုသည်။ ထိုသုံးမျိုးလုံးပင် အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်မဟုတ်။ အနုပါဒိသေသနိဗ္ဗာန်၊ သမ္မုတိယိကနိဗ္ဗာန်ဟုဆိုခြင်းသည်လည်း သဘာဝပညတ်မျှသာဖြစ်သည်။ အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်မဟုတ်၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော ပရမတ်နိဗ္ဗာန်

www.burmeseclassic.com

www.burmeseclassic.com



အစစ်သည် ဖြစ်ခြင်း-ပျက်ခြင်းမရှိသောကြောင့် မြဲသောသဘောရှိသည်။ မြဲသောသဘောရှိသောကြောင့် အစဉ်မပြတ် အခါခပ်သိမ်းထင်ရှားရှိသည်။ အစဉ်မပြတ် အမြဲထင်ရှားသောအားဖြင့် တည်နေသည်' စသည်ဖြင့် ရေးသားတော်မူခဲ့သည်။

'လယ်တီဆရာတော်ကြီး'သည်(မြန်မာ၁၂၀၈-၁၂၈၅)၌လည်း နိဗ္ဗာန်နှင့်ပတ်သက်၍ 'နိဗ္ဗာနဒီပနီကျမ်း'ကို ရေးသားခဲ့သည်။ ဆရာတော်ကြီးက 'ရဟန္တာတို့ စုတိကမ္မဇရုပ်ချုပ်ပြီးနောက် ထိုရဟန္တာတို့၏ခန္ဓာမှ နိဗ္ဗာန်သို့ ကူးခတ်ဆက်နွယ်၍ သွားတတ်သောတရားဟူ၍ အမြွက်လေသံမျှမရှိ၊ ပညတ်တရားဟူ၍လည်း အမြွက်လေသံမျှ မရှိ၊ သေခြင်းသို့ ရောက်လေ၏၊ သေလေ၏၊ အိုခြင်းသို့ ရောက်လေ၏၊ အိုလေ၏ ဟုဆိုသည်မှာ အတူတူပင်ဖြစ်သကဲ့သို့ နိဗ္ဗာန်ရောက်လေ၏ဆိုသည်နှင့် ချုပ်ငြိမ်းခြင်းသို့၊ ကွယ်ပ,ခြင်းသို့ဟု ဆိုခြင်းမှာလည်း အတူတူပင်ဖြစ်သည်'။

'နိဗ္ဗာန်ဟူသည် အစဉ်ဖြစ်ပေါ်နေသော စိတ်၊ စေတသိက်ရုပ်တရားတို့၏ အဖြစ်ငြိမ်းမှုပေတည်း။ ထိုအဖြစ်ငြိမ်းမှုအား ကျေးဇူးပြုနေသော ဓာတ်သဘာဝကြီး သီးခြားရှိသည်။ နိဗ္ဗာန်ကြီး အစစ်ဖြစ်သည့် ကိလေသာ၊ ခန္ဓာတို့၏ အဖြစ်ငြိမ်းမှုသည် ထိုနိဗ္ဗာန်ကြီး၏ အကျိုးတရားမျှသာဖြစ်သည်'ဟု အချို့ဆရာတော်(မြို့ပြင်ကြီး)တို့က ယူဆကြသည်။ 'ဤအယူအဆသည် ပါဠိတော်အရပ်ရပ်တို့နှင့် မညီပေ'ဟု စသည်ဖြင့် ရေးသားခဲ့သည်။

ဒုတိယရွှေကျင်သာသနာပိုင် ဖြစ်တော်မူသည့် 'မဟာဝိသုဒ္ဓါရာမဆရာတော်' မြန်မာ ၁၂၀၀-၁၂၇၈)သည်လည်း 'ဆိဒ္ဓါဆိဒ္ဓဝိဓာနနီကျမ်း'ကို ရေးသားခဲ့သည်။ ဆရာတော်ကြီးအနေဖြင့် နိဗ္ဗာန်နှင့်ပတ်သက်၍ လယ်တီဆရာတော်၏ နိဗ္ဗာန်အယူအဆကိုပင် ထောက်ခံရေးသားခဲ့သည်။ လယ်တီဆရာတော်၏ အယူအဆနှင့် အတူတူပင်ဖြစ်သည်။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်သည် ဤစာရေးသူ၏ ဘထွေး တော်ဖြစ်သည်။ ဆရာတော်သည် ကျမ်းပေါင်းမြောက်များစွာကို ရေးသားတော်မူခဲ့သည်။ ဆရာတော်ရေးသားခဲ့သည့် သဂြိုဟ်ဘာသာဋီကာကျမ်းတွင် နိဗ္ဗာန်ဟူသည် စိတ်, စေတသိက်, ရုပ်ပရမတ်တို့မှ သီးခြားဖြစ်သော ပရမတ္ထတရားတည်း။

ထို့ကြောင့် ရုပ်နာမ်သင်္ခါရတို့နှင့် လုံးဝဆက်သွယ်ခြင်းမရှိရကား ရုပ်ဝိသေသ၊ နာမ်ဝိသေသမဟုတ်နိုင်။ အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်မျိုးတွင် ဗဟိဒ္ဓါမှာဟူသော မာတိကာပုဒ်အရတွင်ပါဝင်သည့် ဗဟိဒ္ဓတရားဖြစ်သောကြောင့် ခန္ဓာကိုယ်တွင်း၌ အနှစ်အမြုတေ အဖြစ်ဖြင့်တည်ရှိသော ဓာတ်တစ်မျိုးမဟုတ်နိုင်။ နိဗ္ဗာန်သည် ပုဂ္ဂိုလ်သတ္တဝါကဲ့သို့ ခံစားတတ်သောတရားလည်း မဟုတ်။ ရူပ၊ သဒ္ဒ စသည့် ကာမဂုဏ်အာရုံကဲ့သို့ ခံစားအပ်သောတရားလည်း မဟုတ်ရကား နိဗ္ဗာန်၌ ဝေဒယိတသုခမရှိသည်မှာ အမှန်ပင်တည်း။

သို့သော် ဝေဒယိတသုခထက် အဆပေါင်းများစွာသာလွန်သည့် 'သန္တိသုခ အေးမြငြိမ်းချမ်းသောသဘောကား ဧကန်ရှိပေသည်'ဟု ရေးသားခဲ့သည်။ ဤအထိ ဆရာတော်အယူအဆသည် ထူးခြားမှုမရှိပါ။ သို့သော် ဆရာတော်က- 'နိဗ္ဗာန်သည်

www.burmeseclassic.com

www.burmeseclassic.com



သန္တိသဘောအားဖြင့် တစ်မျိုးတည်းသာရှိသည်'ဟူသောစကားအရ အရိယာပုဂ္ဂိုလ်ဟူသမျှ နိဗ္ဗာန်သည် အများဆိုင်ပစ္စည်းကဲ့သို့ တစ်ပါးတည်းသာရှိသည်ဟု မှတ်မှားတတ်သည်။

ထိုကဲ့သို့ ဆိုလိုရင်းမဟုတ်၊ စိတ်မှန်လျှင် အာရုံကို သိခြင်းသဘောအားဖြင့် တစ်မျိုးတည်းသာရှိသကဲ့သို့ နိဗ္ဗာန်မှန်လျှင် သန္တိသဘောအားဖြင့် တစ်မျိုးတည်းသာရှိသည်ဟု ဆိုလိုသည်။ ပုဂ္ဂိုလ်တိုင်း၌ ကိုယ့်စိတ်နှင့်ကိုယ် ရှိနေသကဲ့သို့ အရိယာပုဂ္ဂိုလ်တိုင်းမှာလည်း ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် ရှိကြသည်ဟုလည်း ရေးသားခဲ့သည်။

နိဗ္ဗာန်နှင့်ပတ်သက်၍ ရာဟုလာသံကစ္စည်း အရေးအသားကိုလည်း လေ့လာသင့်သည်။ ရာဟုလာသံကစ္စည်းက-နိဗ္ဗာန်၏ ဆိုရင်းအနက်သဘောကား ချုပ်ငြိမ်းခြင်းပေတည်း။ ဆီမီး သို့မဟုတ် မီး၏ တောက်ရင်း-တောက်ရင်း၊ ချုပ်ငြိမ်းသွားပုံမျိုးဖြစ်သည်။ ရုပ်နာမ်တရားသည် တဏှာ၏အစေးဖြင့် ရောနှောပူးပေါင်း၍ တစ်ခုသောသက်ရှိဘဝ၏ အနေအထားမျိုးကို ဆောင်ပြီးကာ အလျှင်သဘောမျိုး ဖြစ်နေပေသည်။ ဤအလျှင်သဘော လက်စသတ်ချုပ်ငြိမ်းသွားခြင်းသည်ပင် နိဗ္ဗာန်ဖြစ်သည်။ ဆီနှင့်မီးစာ သို့မဟုတ် ထင်းမီးစာ လောင်ကျွမ်းသွားပြီးနောက် လောင်စာအသစ်ထပ်မထည့်သောကြောင့် ဆီမီး သို့မဟုတ် မီးတောက် ချုပ်ငြိမ်းသွားရသကဲ့သို့ အာသဝအများ ကုန်စင်သွားပြီး နောက်ဘဝအဖြစ် ချုပ်ငြိမ်းသွားလေတော့သည်။

နိဗ္ဗာန်ဟူသည် ချုပ်ငြိမ်းခြင်းပင် ဖြစ်သည်ဟူသော သဘောအဓိပ္ပာယ်ကို နိဗ္ဗာန်ဟူသော ပုဒ်၏အနက်ကပင် ပြဆိုလေသည်။ ဗုဒ္ဓသည် မိမိ၏ထူးခြားသောအခေါ်အဝေါ်ကို ဤအနက်သဘောကို ထွန်းပြစေရန် ရွေးချယ်တော်မူခြင်းဖြစ်သည်။ သို့ရာတွင် ဤအချက်နှင့်အတူ (တွဲ၍)သာလျှင် နိဗ္ဗာန်ကိုရသောပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုပြီးနောက် ဘယ်ပုံဖြစ်သနည်းဟူသောအမေးကို ဖြေဆိုရန် ငြင်းပယ်တော်မူခဲ့သည်။ 'အနတ္တဝါဒီ အဘိဓမ္မာ'၌ ယင်းအမေး၏ သဘောအရ ဘယ်ပုံဖြစ်နိုင်သည်ဟူသောအချက်ကို အလွယ်ကလေးနှင့် သိနိုင်စရာရှိပေသည်။ သို့သော် 'ဗာလာနံတာသဇနကံ-ပညာမဲ့သူတို့အား ထိတ်လန့်သွားစေနိုင်သည့်အရေးကို ထောက်ထားကာယင်းနိဗ္ဗာန်၏သဘောထားကို အထင်အရှား ဟောကြားဖြေဆိုတော်မမူလိုပေ'ဟု ရေး သားခဲ့သည်။

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ'ဇောတိကာရုံဆရာတော်ကြီး'အနေဖြင့် 'နိဗ္ဗာနဇောတိကကျမ်း'ကို ပြုစုခဲ့သည်။ ကျမ်းစာအုပ်အနေဖြင့် သေးငယ်သောကျမ်းဖြစ်သော်လည်း နိဗ္ဗာန်နှင့်ပတ်သက်၍ ရှင်းလင်းသည်။ ဆရာတော်ကြီးအနေဖြင့် သစ္စယမိုက်ကို ကိုးကား၍ရှင်းလင်းခဲ့သည်။ သစ္စယမိုက်တွင်-

'နိရောဓာ နိရောဓသစ္စန္တိ နိရောဓသစ္စံ ဌပေတွာ
အဝသေသော နိရောဓော၊ နနိရောဓသစ္စံ၊ နိရောဓသစ္စံ

www.burmeseclassic.com

www.burmeseclassic.com



နိရောဓော စေဝနိရောဓသစ္စဥ္စ’

ဟု ဘုရားရှင်ဟောတော်မူခဲ့သည်။

အဓိပ္ပာယ်မှာ နိရောဓမည်လျှင် နိရောဓ သစ္စာမည်ပါသလောဟုမေးပါလျှင် သစ္စနိရောဓ (ဝါ) နိရောဓသစ္စာကိုချန်ထား၍ ကျန် နိရောဓဟူသမျှသည် နိရောဓ တော့ မည်သည်၊ သို့သော် နိရောဓသစ္စာတော့ မမည်ပါ။ သစ္စနိရောဓ(ဝါ)နိရောဓ သစ္စာကတော့ နိရောဓလည်း မည်ပါသည်၊ နိရောဓ သစ္စာလည်း မည်ပါသည်ဟူ၍ ဖြစ်သည်။ ဤ၌ အဝသေသော နိရောဓောအရကိုလည်း အဋ္ဌကထာဆရာက အဝ သေသော နိရောဓောတိတဒင်္ဂ၊ ဝိက္ခမ္ဘန၊ သမုစ္ဆေဒ၊ ပဋိပဿဒ္ဓိ၊ နိရောဓော စေဝခဏ ဘင်္ဂနိရောဓောဟူ၍ ဖွင့်ဆိုပါသည်။

အဓိပ္ပာယ်မှာ ကြွင်းသောနိရောဓဆိုသည်မှာ-

‘တဒင်္ဂနိရောဓ၊

ဝိက္ခမ္ဘနနိရောဓ၊

သမုစ္ဆေဒနိရောဓ၊

ပဋိပဿဒ္ဓိနိရောဓ၊

ခဏဘင်္ဂနိရောဓ’ တို့ပင်ဖြစ်သည်။

ဤတွင် ခဏဘင်္ဂနိရောဓ သည်လည်း ဉပ္ပာဒခဏဘင်္ဂနိရောဓနှင့် အနုပ္ပာဒ ခဏဘင်္ဂနိရောဓ ဟူ၍ နှစ်မျိုးကွဲပြန်သည်။ ထို့အပြင် သစ္စဝိဘင်းမူလဋီကာ၌ ‘သင်္ခါရ နိရောဓောစ နိရောဓသမာပတ္တိစ၊ နိရောဓော န အရိယာသစ္စံ’ ဟူ၍ မိန့်သည်။ အဓိပ္ပာယ်မှာ သင်္ခါရတို့ ချုပ်ငြိမ်းခြင်းသည်လည်းကောင်း၊ နိရောဓသမာပတ်သည် လည်းကောင်း၊ နိရောဓကား မည်၏၊ အရိယသစ္စာကား မမည်ဟူ၍ ဖြစ်သည်။ ဤတွင် သစ္စာယမိုက်နှင့် အဖွင့်အဋ္ဌကထာ ဋီကာတို့အရ နိရောဓသည် ရှစ်မျိုး ရှိသည်။ ၎င်းတို့မှာ -

## နိရောဓ (၈)မျိုး

(၁) တဒင်္ဂနိရောဓ = ကာမကုသိုလ်စိတ်တို့ ဖြစ်နေသည့်အခိုက် အကုသိုလ် တရားတို့မဖြစ်ဘဲ ချုပ်ငြိမ်း၍နေခြင်းဖြစ်သည်။

(၂) ဝိက္ခမ္ဘနနိရောဓ = ဈာန်ပုဂ္ဂိုလ်များ၌ ဈာန်မှ လျှောမကျမချင်း နီဝရဏ တရားတို့မဖြစ်ဘဲ ခွါရှဲ၍ချုပ်ငြိမ်းနေခြင်းဖြစ်သည်။

(၃) သမုစ္ဆေဒနိရောဓ = မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်များ၌ မဂ်စိတ်ဖြစ်ခိုက် သက်ဆိုင်ရာ မဂ် စိတ်၏ အစွမ်းသတ္တိကြောင့် သက်ဆိုင်ရာ အနုသယ တို့၏ နောက်တစ်ဖန်မဖြစ်ဘဲ ကင်းပြတ်ချုပ်ငြိမ်းခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄) ပဋိပဿဒ္ဓိနိရောဓ = ဖလဋ္ဌာန်ပုဂ္ဂိုလ်များ၌ ဖိုလ်စိတ်၏အရှိန်အဝါ အာနုဘော်ကြောင့် ကိလေသာ၏အခိုးအငွေ့များ ထပ်မံချုပ်ငြိမ်းခြင်းဖြစ်သည်။

(၅) ဥပ္ပါဒခဏ ဘင်္ဂနိရောဓ= ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏စုတိစိတ်မှ တစ်ပါးသော၊ အလုံးစုံသောစိတ်တို့၏ ဘင်ခဏ၌ နောက်နောင်သောစိတ်တို့ ဖြစ်ပေါ်လာရန် အနန္တရ စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက် ချုပ်ငြိမ်းခြင်းဖြစ်သည်။

(၆) အနုပ္ပါဒခဏဘင်္ဂနိရောဓ= ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏ စုတိစိတ်၏ ဘင်ခဏ၌ နောက်နောက်သောစိတ်များဖြစ်ပေါ်လာစေရန် အနန္တရစသော ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုဘဲ မိမိ၏အကြောင်းကုန်၍သာ ချုပ်ငြိမ်းခြင်းဖြစ်သည်။

(၇) နိရောဓသမာပတ္တိ (ဝါ)
သညာဝေဒယိတနိရောဓ = သမာပတ်ရှစ်ပါးရပြီးသော ကာမ, ရူပ, အနာဂါမ်, ရဟန္တာ, သညာဝေဒယိတ နိရောဓပုဂ္ဂိုလ်များ၌ နိရောဓသမာပတ်သို့ ရောက်ရန် စျာန်ဝင်စားနည်း အမျိုးမျိုးတို့ ဝင်စားသောကြောင့် ကာမဘုံ၌(၇)ရက်၊ ရူပဘုံ၌ အလိုရှိသမျှ စိတ်, စေတသိက်, စိတ္တဇရုပ်တို့ မဖြစ်ဘဲ ချုပ်ငြိမ်းနေခြင်းဖြစ်သည်။

(၈) သစ္စနိရောဓ = သစ္စာထိုက်သော နိရောဓပင်ဖြစ်သည်။ သစ္စနိရောဓသည် သင်္ခါရတို့နှင့်မရောမယှက်၊ သက်သက် အသီးခြားဖြစ်သော ပရမတ်လေးပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ဖြစ်သည်။

ဆရာတော်အနေဖြင့် ရှေး နိရောဓခုနှစ်ပါးကို နိရုဇ္ဈနံနိရောဓော၊ နိရုဇ္ဈနံ-ချုပ်ခြင်း၊ နိရောဓော-ချုပ်ခြင်းဟူ၍ ဘာဝသာဓနဝိဂြိုဟ်ပြု၍ နောက်ဆုံး သစ္စာနိရောဓကိုမူ-နိရုဇ္ဈန္တိ အနုသယာ ဧတ္ထာတိ နိရောဓော၊ နိရုဇ္ဈန္တိ(ဝါ)အနုသယာဧတေနာတိ နိရောဓော ဝိဂြိုဟ်ပြု၍ အနုသယတို့၏ ချုပ်ရာ (သို့မဟုတ်) ချုပ်ကြောင်းဖြစ်သောကြောင့် နိရောဓမည်သည်ဟု ဖွင့်ဆိုခဲ့သည်။ ထို့အတူ နိဗ္ဗာန်၊ ပရိနိဗ္ဗာန်တို့နှင့်ပတ် သက်၍လည်း ချုပ်ငြိမ်းခြင်းသည် ပရိနိဗ္ဗာန်ဖြစ်၍၊ ချုပ်ငြိမ်းခြင်းအကြောင်းသည် နိဗ္ဗာန်မည်ကြောင်း ခွဲခြားခဲ့သည်။ 'ပရိနိဗ္ဗာန်သည် အကျိုးတရားဖြစ်၍ နိဗ္ဗာန်သည် အကြောင်းတရား'ဖြစ်သည်။

နိဗ္ဗာန်၏ သဘောသဘာဝနှင့်ပတ်သက်၍ နိဗ္ဗာန်သည် ဥပါဒ်,ဌီ,ဘင် မရှိခြင်းကြောင့် ပစ္စုပ္ပန် အတိတ် အနာဂါတ်မဟုတ်။ ကာလဝိမုတ်သာဖြစ်သည်။ သတ္တဝါတို့၏

www.burmeseclassic.com

www.burmeseclassic.com



သန္တာန်မှအပ၌ဖြစ်ခြင်းကြောင့် ဗဟိဒ္ဓ၊ သာသနာတွင်း သာသနာပ၊ မည်သည့်ကာလ၌ မဆို တည်ရှိသောကြောင့် နိစ္စ၊ ဓုဝ၊ သဿတဖြစ်ကြောင်း ရေးသားခဲ့သည်။ နိဗ္ဗာန် ရောက်သည်ဆိုရာ၌ နိဗ္ဗာန်သို့ ယာဉ်အမျိုးမျိုးနှင့်လည်း မရောက်နိုင်၊ ခြေလျင်ဖြင့်လည်း မရောက်နိုင်၊ နိဗ္ဗာန်သို့ သွား၍လာ၍လည်း မရောက်နိုင်၊ ပဋိသန္ဓေအားဖြင့်လည်း မရောက်နိုင်။

အမှန်စင်စစ်အားဖြင့် နိဗ္ဗာန်သည် သွားအပ်သော ဂန္တဗ္ဗတရားမဟုတ်သကဲ့သို့ ရောက်အပ်သော ပတ္တဗ္ဗတရားလည်း မဟုတ်ချေ။ နိဗ္ဗာန်သည် မျက်မှောက်ပြုအပ်သော သစ္ဆိကာတဗ္ဗတရားသာဖြစ်၍ မျက်မှောက်အာရုံပြုအပ်သော တရားသာဖြစ်သည်။ နိဗ္ဗာန်ကို မျက်မှောက်အာရုံပြုရာ၌လည်း အရိယာတို့ အသက်ထင်ရှားရှိနေစဉ် ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုဖြစ်စေသော ပစ္စဝေက္ခဏာဉာဏ်၊ နိဗ္ဗာန်ကို အောက်မေ့သော 'ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဏ်' ဝင်စားအပ်သော ဖိုလ်စိတ်များဖြစ်ရာကာလ၌သာ မျက်မှောက်အာရုံပြုနိုင်ကြောင်း၊ ထိုမှ ရှေ့၌လည်းကောင်း၊ ထိုမှ နောက်ဖြစ်သော ပရိနိဗ္ဗာန်စံရာအခါ၌လည်း၊ ပရိနိဗ္ဗာန်စံပြီးလည်းကောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်၊ ရောက်သည်ဟူ၍ မရှိတော့ကြောင်း ရေးသားခဲ့သည်။

မိုးကုတ်ဆရာတော်ကြီးသည် 'သာသနာတွင် နေလိုလလိုထင်ရှားသော ဆရာတော်ကြီးတစ်ပါး'ဖြစ်သည်။ ဆရာတော်ကြီးအနေဖြင့် နိဗ္ဗာန်နှင့်ပတ်သက်၍ ယောဂီပရိသတ်များကို ဟောကြားထားသော စာအုပ်စာတမ်းများကိုတွေ့ရှိရသည်။ စာရေးသူအနေဖြင့် ကောက်ချက်ချရန် ဉာဏ်မမီသဖြင့် မဖော်ပြတော့ပါ။ မဟာစည်ဆရာတော်ကြီး၏ နိဗ္ဗာန်အယူအဆနှင့် ပတ်သက်၍လည်း ဤစာရေးသူ၌ စာအုပ်စာတမ်းမှတ်တမ်းမရှိသဖြင့် မဖော်ပြတော့ပါ။ အခွင့်သာက ဖော်ပြသွားပါမည်။ နိဂုံးချုပ်အနေဖြင့် အထက်၌ ဖော်ပြခဲ့သော 'ဆရာတော်ကြီးများ၏ နိဗ္ဗာန်နှင့်ပတ်သက်သော အယူအဆကို သုံးအုပ်စု သုံးပိုင်းခွဲနိုင်မည်ဟု ထင်သည်။

'ပထမအုပ်စု'တွင် အုတ်ဖိုဆရာတော်ကြီးနှင့် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးတို့၏ အယူအဆဖြစ်သည်။ ဆရာတော်ကြီးများအနေဖြင့် နိဗ္ဗာန်သည် ရုပ်ဝိသေသန, နာမ်ဝိသေသ, ရုပ်ထူးနာမ်ထူးဟု ယူဆခဲ့သည်။ 'ဒုတိယအုပ်စု'တွင် လယ်တီဆရာတော်ကြီး၊ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့် အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီးတို့ ပါဝင်သည်။ ဆရာတော်ကြီးများက နိဗ္ဗာန်ဟူသည် အစဉ်ဖြစ်ပေါ်နေသော စိတ်, စေတသိက်, ရုပ်တရားတို့၏ အဖြစ်ငြိမ်းမှုဟူ၍ ယူဆသည်။

အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး၏ 'ကိုယ့်နိဗ္ဗာန်နှင့်ကိုယ်ရှိသည်' ဟူသော အယူအဆသည် လယ်တီဆရာတော်၏ နိဗ္ဗာန်၏အယူအဆကို ဆက်၍တွေးခေါ်ယူဆမှုဖြစ်သည်ဟု ထင်သည်။ လယ်တီဆရာတော်ကြီး၏ အယူအဆကို လက်ခံမှသာ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် ရှိနိုင်မည်ဖြစ်သည်။ 'တတိယအုပ်စု'မှာမူ မြို့ပြင်ကြီးဆရာတော်နှင့် ပြည်မြို့ ဇောတိကာရုံဆရာတော်ကြီးတို့၏ အယူအဆဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ တော်ကြီးများအနေဖြင့် နိဗ္ဗာန်သည် ရုပ်ဝိသေသ, နာမ်ဝိသေသလည်းမဟုတ်၊ ရဟန္တာတို့၏ စိတ်, စေတသိက်, ရုပ်တို့ အဖြစ်ချုပ်ငြိမ်းသွားခြင်းမျှလည်းမဟုတ်။ နိဗ္ဗာန်သည် အသင်္ခတဓာတ် ပရမတ်အစစ်ဖြစ်၍ ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည် ဖြစ်စေ၊ အမြဲတည်ရှိသောတရားဟူ၍ ယူဆကြသည်။

ထိုအယူအဆသုံးမျိုးတွင် ပထမအုပ်စု အယူအဆဖြစ်သည့် နိဗ္ဗာန်သည် ရုပ် ဝိသေသ၊ နာမ်ဝိသေသ (ဝါ) ရုပ်ထူး၊ နာမ်ထူးသာဖြစ်သည်ဟူသော အယူအဆကို နောက်ပိုင်း ဆရာတော်များ အဆက်ဆက်က လက်မခံကြတော့သည်ကို တွေ့ရသည်။ သို့သော် ရွှေဘိုဆရာတော် (ဘွဲ့အမည် မမှတ်မိ၊ ဦးပဏ္ဍိတဟု ထင်ပါသည်)ကမူ 'မင်း-သံသေဓာတ်လုံးဟုခေါ်သော အမြုတေဓာတ်လုံးကို တွေ့ဖူးလား၊ သံဟာ မီးတိုက် လျှင် လျော့ခြင်း, အရည်ပျော်ခြင်းရှိရမည်၊ သို့သော် လျော့နည်းသွားခြင်း အရည်ပျော် သွားခြင်းမရှိ၊ ၎င်းကို အမတ, အမြုတေဓာတ်လုံးခေါ်ကြောင်း၊ ၎င်းနှင့် နှိုင်းယှဉ်၍ နိဗ္ဗာန်ခေါ် အမတဓာတ်ကိုလည်း စဉ်းစားသင့်ကြောင်း' ပြောသည်။

ဒုတိယအုပ်စုကမူ နိဗ္ဗာန်ဟူသည် အစဉ်ဖြစ်ပေါ်နေသောစိတ်၊ စေတသိက် ရုပ်တရား တို့၏ အဖြစ် ချုပ်ငြိမ်းမှုဆို၍၊ တတိယအုပ်စုကမူ သစ္စယမိုက်ကိုထောက်၍ ထို အဖြစ် ချုပ်ငြိမ်းမှုသည် နိဗ္ဗာန်အစစ်မဟုတ်၊ ထို အဖြစ်ချုပ်ငြိမ်းခြင်းကို အာရမ္မဏ၊ အာရမ္မဏာဓိပတိသတ္တိတို့ဖြင့် ကျေးဇူးပြုလျက်ရှိသည့် သင်္ခါရတရားတို့နှင့် မရော မယှက်၊ သက်သက် အသီးအခြားဖြစ်သော ပရမတ်လေးပါးတို့တွင် တစ်ပါး အပါ အဝင်ဖြစ်သော အသင်္ခတဓာတ်သည်သာ နိရောဓသစ္စာထိုက်သည့် နိဗ္ဗာန် အစစ် ဖြစ်ကြောင်း၊ နိဗ္ဗာန်သည် ဘုရားပွင့်သည်ဖြစ်စေ မပွင့်သည်ဖြစ်စေ အမြဲတည်ရှိ နေသည့် တရားဖြစ်ကြောင်း မိန့်ဆိုသည်။

ထိုအယူအဆနှစ်ခုတွင် စာရေးသူ၏ အယူအဆကိုတင်ပြရလျှင် နောက်ဆုံး တတိယအယူအဆကို သဘောကျနှစ်ခြိုက်သည်။ အဘယ်ကြောင့်ဆိုသော်- ပဋ္ဌာန်း ပစ္စည်း ပစ္စယုပ္ပန်တွင် နိဗ္ဗာန်သည် ပစ္စည်းအကြောင်းတရားဘက်တွင်သာရှိ၍ အကျိုး ပစ္စယုပ္ပန်ဘက်တွင် မပါဝင်ပါ။ နိဗ္ဗာန်သည် အကြောင်းတရားသာဖြစ်သည်။ သစ္စယ မိုက်အဆိုနှင့်လည်း ဒုတိယအုပ်စု အယူအဆသည် မကိုက်ညီဟုထင်မြင်သည်။ နိဗ္ဗာန် သည် ပရိနိဗ္ဗုတ္တရဟန္တာ ကွယ်လွန်သည့်အခါ စိတ်၊ စေတသိက်၊ ရုပ်တရားတို့ အပြီး သတ် အဖြစ် ချုပ်ငြိမ်းမှုဟုယူဆလျှင် မဂ္ဂဝီထိတွင် ဂေါတြဘူ, မဂ်နှင့် ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုရသည်။

မဂ္ဂဝီထိဆိုရာမှာလည်း သောတာပတ္တိမဂ္ဂဝီထိ စသည်ဖြင့်လေးပါး ရှိမည်ဖြစ် သည်။ ဂေါတြဘူနှင့် မဂ်စိတ်၊ ဖိုလ်စိတ်တို့သည် မည်သည့်နိဗ္ဗာန်ကို အာရုံပြုရမည် နည်း။ စဉ်းစားလျှင် နိဗ္ဗာန်သည် အမြဲရှိနေမှ သင့်မည်ထင်သည်။ သို့မဟုတ်ပါက သောတာပန် စသူတို့သည် ပရိနိဗ္ဗုတ္တရဟန္တာပုဂ္ဂိုလ်တို့၏ ခန္ဓာဝန်အဖြစ် ချုပ်ငြိမ်းခြင်း ကို မှန်း၍ အာရုံပြုရပေမည်။ သို့မဟုတ် မိမိကိုယ်တိုင် တစ်နေ့နေ့ တစ်ချိန်ချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုခြင်းကိုရည်မှန်းကာ အာရုံပြုရပေလိမ့်မည်ဖြစ်သည်။

နောက်ဆုံး အလေးအနက်တင်ပြလိုသည်မှာ မြတ်ဗုဒ္ဓအနေဖြင့် မိမိ၏တရား ဓမ္မသည် 'အတက္ကာဝစရ' စဉ်းစားကြံစည်တွေးခေါ်ရှင်တို့၏ ကျက်စားရာမဟုတ်၊ လက်တွေ့ကျင့်ကြံကြိုးကုတ်အားထုတ်ကြသူတို့၏ ကျက်စားရာသာဖြစ်ကြောင်း ဟော ကြားခဲ့သည်။ ထို့ကြောင့် ဤတင်ပြချက်များသည် ဆရာတော်ကြီးများ၏အယူအဆကို လေ့လာသုံးသပ်နိုင်ရန်သာ တင်ပြ၍ တစ်ပိုင်းတစ်ကဏ္ဍအနေဖြင့် မိမိ၏ထင်မြင်ချက် များကို ရေးသားတင်ပြလိုက်ခြင်းဖြစ်သည်။

**(ဦးကျော်နိုင်၏ ဆောင်းပါး၊ ဤတွင်ပြီး၏)**

## နိဗ္ဗာန်ဟူသည်

(၁၅-၄-၂၀၀၃) နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါသော ဦးဉာဏ် ထွန်း (ကျုံပျော်)၏ ဆောင်းပါးဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ကောင်းမှုတစ်ခုပြုလုပ်တိုင်း 'နိဗ္ဗာနဿ ပစ္စယော ဟောတု'(ဤကောင်းမှုသည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်ပါစေ သ တည်း) ဟူ၍လည်းကောင်း၊ 'ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု' (ဤကုသိုလ်ကောင်းမှုသည် ကျွန်ုပ်အား အာသဝေါတရားလေးပါးတို့၏ ကင်းရာ ကုန်ရာ နိဗ္ဗာန်ကို ရွက်ဆောင်နိုင်သည် မုချမသွေ ဖြစ်ပါစေသတည်း) ဟူ၍ လည်း ကောင်း ဘုန်းတော်ကြီးများ တိုင်ပေးသည်ကို ရွတ်ဆိုကြ၏။ အချို့က သာမန် လုပ်ရိုး လုပ်စဉ်သဘောဖြင့် ရွတ်ဆိုကြ၏။

ထိုသူတို့သည် နိဗ္ဗာန်ကို လူပြောသူပြောများဖြင့်သာ ကြိုက်သည်ဖြစ်၍ အမှန် တကယ် သိရှိနှစ်သက်မှုမဟုတ်သဖြင့် မျက်မှောက်ပြုနိုင်ရေး ဆက်လက်ကျင့်ကြံ အားထုတ်မှုအပိုင်းတွင် အားနည်းကြပါသည်။ စာပေလေ့လာလိုက်စားသူ၊ နိဗ္ဗာန် အကြောင်း အတော်အတန်သိသူ အချို့သည်လည်းကောင်း၊ နိဗ္ဗာန်ဆိုသည်မှာ ရုပ် နာမ်တို့၏ချုပ်ငြိမ်းခြင်း၊ ဘဝ,ကင်းပြတ်ခြင်း၊ ကိလေသာချုပ်ငြိမ်းခြင်းဖြစ်သည်ဟု အယူရှိသဖြင့်လည်းကောင်း၊ နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန် မကွဲပြားသဖြင့်လည်းကောင်း၊ ဒိဋ္ဌိ (ဉစ္ဆေဒဒိဋ္ဌိ) ခံနေသေး၍ ကျင့်ကြံအားထုတ်ရာ၌ တရားမတွေ့နိုင်ဘဲ ရှိနေတတ် သည် ဆိုပါသည်။

ထို့ပြင် သတ္တဝါဟူသမျှသည် မွေးလာသည်မှစ၍ သေဆုံးအချိန်အထိ သုခ၊ ဒုက္ခ၊ ဥပေက္ခာဟူ၍ ဝေဒနာသုံးမျိုးအနက် တစ်မျိုးမျိုးဖြင့် အသက်ရှင်နေထိုင် ကြသည်။ အထူးသဖြင့် သုခဝေဒနာကို နှစ်သက်ခုံမင်ကြ၍ မရအရ ရှာဖွေရယူနေ ကြသည်။ လောဘတဏှာကို အရင်းခံလျက် မိမိရရှိထားသည့် လူ့စည်းစိမ်၊ နတ်စည်း စိမ်တို့မှ ဖောက်ပြန်မှု၊ ပြုပြင်ဆောင်ရွက်မှု သင်္ခါရမကင်းသည့် 'ဝေဒယိတသုခ' ဟု ဆိုအပ်သော သုခဝေဒနာကို ခံစားစံစားကြသည်။ ဝေဒယိတသုခထက် အဆ

www.burmeseclassic.com

www.burmeseclassic.com



များစွာ သာလွန်မြင့်မြတ်သည့် နိဗ္ဗာန်၏အေးငြိမ်းမှု သန္တိသဘောကို မသိသဖြင့်လည်း ခံစား မည့်ဝေဒနာမျိုး မရှိသည့် နိဗ္ဗာန်ကို အဟုတ်တကယ် မလိုချင်ကြသေးဘဲ ရှိနေကြသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်အပေါင်း၏ အမြတ်ဆုံးပန်းတိုင်ဖြစ်သည့် နိဗ္ဗာန်ဆိုင်ရာ သဘောတရားကို ဗုဒ္ဓဘာသာဝင်တိုင်းသိရှိရန် လိုအပ်နေသည်။ နိဗ္ဗာန်အကြောင်း သီးသန့် ဖြစ်စေ၊ ဆက်စပ်၍ဖြစ်စေ ရေးသားထားသည့် စာအုပ်ပေါင်းများစွာရှိပါ၏။ သို့ရာတွင် ဗုဒ္ဓဘာသာအများစု လက်လှမ်းမမီကြပေ။ ထို့ကြောင့် နိဗ္ဗာန်ဆိုင်ရာ သဘောတရားများ၊ ဘာသာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို နေရာစုံ၊ ထောင့်စုံမှ အသိပညာပေးရန် လိုအပ်နေပေသည်။

## နိဗ္ဗာန်အမည် အမျိုးမျိုး

ဆရာကြီး ဦးကြည်၏ မဟာသတိပဋ္ဌာန်အဖွင့်ကျမ်းတွင် နိဗ္ဗာန်၏ အမည် အမျိုးမျိုးကို ဖော်ပြထားသည်။ နိဗ္ဗာန်သည် အနှစ်သာရ ပရမတ္ထသဘောအားဖြင့် ဒုက္ခနိရောဓ တစ်မျိုးသာ အမှန်ဖြစ်၏။ အမည်နာမများနေသည်ကား လောကပညတ် သမ္မုတိကိစ္စအားဖြင့် သင်္ခတတရားများသည်နှင့်အမျှ ထိုသင်္ခါရတရားတို့၏ ချုပ်ငြိမ်း ရာကိုလိုက်၍ အမည်တပ်ရသောကြောင့် များရသည်ဟုဆိုပါသည်။

| | | |
|---|---|---|
| ဒုက္ခနိရောဓ | = | ဆင်းရဲဒုက္ခအပေါင်း၏ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်၊ |
| အသေသဝိရာဂေါ | = | အကြွင်းမဲ့ တပ်မက်ခြင်းကင်းရာဖြစ်သော နိဗ္ဗာန်၊ |
| အသေသနိရောဓေါ | = | အကြွင်းမဲ့ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်၊ |
| စာဂေါ | = | မငဲ့မကွက်စွန့်ရာဖြစ်သော နိဗ္ဗာန်၊ |
| ပဋိနိဿဂ္ဂေါ | = | နောက်တစ်ဖန် ပစ်ချခြင်း၏ အစွမ်းအားဖြင့် စွန့်ရာဖြစ်သော နိဗ္ဗာန်၊ |
| မုတ္တိ | = | အနှောင်အဖွဲ့မှ လွတ်ရာဖြစ်သော နိဗ္ဗာန်၊ |
| အနာလယော | = | မညစ်မနွမ်းသဖြင့် ကပ်ငြိရာမဟုတ်သော နိဗ္ဗာန်၊ |
| ရာဂက္ခယော | = | ရာဂ၏ကုန်ရာဖြစ်သော နိဗ္ဗာန်၊ |
| ဒေါသက္ခယော | = | ဒေါသ၏ကုန်ရာဖြစ်သော နိဗ္ဗာန်၊ |
| မောဟက္ခယော | = | မောဟ၏ကုန်ရာဖြစ်သော နိဗ္ဗာန်၊ |
| တဏှက္ခယော | = | တဏှာ၏ကုန်ရာဖြစ်သော နိဗ္ဗာန်၊ |
| အနုပ္ပါဒေါ | = | အစဖြစ်ရာမရှိသော နိဗ္ဗာန်၊ |
| အပ္ပဝတ္တံ | = | ဝဋ်မဖြစ်ရာ နိဗ္ဗာန်၊ |
| အနိမိတ္တံ | = | ရာဂစသော နိမိတ်မရှိရာ နိဗ္ဗာန်၊ |
| အပ္ပဏိဟိတံ | = | တဏှာတောင့်တမှုမရှိရာ နိဗ္ဗာန်၊ |
| အနာယူဟနံ | = | အားထုတ်တတ်သော သမုဒယမရှိသော နိဗ္ဗာန်၊ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| အဂတိ | = | ငါးပါးသောဂတိတို့ လားရာမဟုတ်သော နိဗ္ဗာန်၊ |
| အဇာတံ | = | ဖြစ်ခြင်းမရှိရာ နိဗ္ဗာန်၊ |
| အဇရံ | = | အိုခြင်းမရှိရာ နိဗ္ဗာန်၊ |
| အဗျာဓိ | = | အနာရောဂါမရှိရာ နိဗ္ဗာန်၊ |
| အမတံ | = | မသေရာဖြစ်သော နိဗ္ဗာန်၊ |
| အသောကံ | = | စိုးရိမ်ပူဆွေးခြင်းမရှိရာ နိဗ္ဗာန်၊ |
| အပရိဒေဝံ | = | ငိုကြွေးမည်တမ်းခြင်းမရှိရာ နိဗ္ဗာန်၊ |
| အနုပါယာသံ | = | ပြင်းစွာပင်ပန်းခြင်းမရှိရာ နိဗ္ဗာန်၊ |
| အသံကိလိဋ္ဌ | = | ကိလေသာတို့ မနှိပ်စက်ရာ နိဗ္ဗာန်၊ |

စသည်တို့ဖြစ်ကြ၏။ (ဂတိငါးပါး = ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ နတ်)

လယ်တီဆရာတော်ကြီး၏ နိဗ္ဗာနဒီပနီကျမ်းတွင်နိဗ္ဗုတာ၊ ပရိနိဗ္ဗုတာ၊ နိဗ္ဗုတော၊ ပရိနိဗ္ဗုတော၊ နိဗ္ဗုတိ၊ ပရိနိဗ္ဗုတိ၊ နိဗ္ဗာယီ၊ ပရိနိဗ္ဗာယီ၊ နိဗ္ဗာတိ၊ နိဗ္ဗယတိ၊ နိဗ္ဗန္တိ ထိုပုဒ်တို့၏ အနက်တ္ထသည် ငြိမ်းခြင်းဟူသော နိဗ္ဗာန်ပင်တည်းဟု နိဗ္ဗာန်အမည်နာမတို့ကို ထုတ်ဖော်ပြထားသည်။

## နိဗ္ဗာန်အမျိုးမျိုး

## နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်

နိဗ္ဗာန်တို့သည် မဂ်ဖိုလ်တို့၏အာရုံဖြစ်သော ပရမတ္ထတရားအထူးဖြစ်၏။ ပရိနိဗ္ဗာန်ကား-ရုပ်နာမ်ခန္ဓာတို့၏ တစ်ဖန်အသစ်မဖြစ်ဘဲ ငြိမ်းစဲသွားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့၏ ပြုပြင်ရခြင်းမရှိသော၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ကိလေသာတို့၏ ငြိမ်းရာငြိမ်းကြောင်းဖြစ်သော ငြိမ်းအေးမှု သန္တိသုခသဘောကို နိဗ္ဗာန်ဟုခေါ်ဆို၏။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ စသော ကိလေသာကုန်ပြီးသော ပုဂ္ဂိုလ်တို့၏ ဘဝသစ် ထပ်မံမဖြစ်ခြင်း၊ ခန္ဓာ အပြီးအပြတ်ချုပ်ဆုံးခြင်း စုတိ-မရဏသည် ပရိနိဗ္ဗာန်မည်၏။

## နိဗ္ဗာန်(၂)ပါး

(၁) သဉပါဒိသေသနိဗ္ဗာန် = ရဟန္တာပုဂ္ဂိုလ်တို့တွင် ကိလေသာကုန်ခန်း၍ ခန္ဓာငါးပါး အကြွင်းရှိဆဲဖြစ်သော နိဗ္ဗာန်ဖြစ်၏။ ကိလေသာ ပရိနိဗ္ဗာန် (အပူငြိမ်းအေးခြင်း)ဟုလည်းခေါ်ဆို၏။ (သမုဒယောစ နပတ္တန္တိ)။

(၂) အနုပါဒိသေသနိဗ္ဗာန် = ကိလေသာလည်းကုန်ခန်း၊ ခန္ဓာငါးပါးလည်းအကြွင်းမရှိတော့သည်ကိုဆိုလို၏။ ခန္ဓာပရိနိဗ္ဗာန် (အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအေးခြင်း) ဟုလည်းခေါ်၏။ (ဒုက္ခဥ္စနိရုဇ္ဈန္တိ)

နိဗ္ဗာန်(၃)ပါး

(၁) သုညတနိဗ္ဗာန် = သင်္ခတတရားတို့သည် ပြုပြင်မှုဖြစ်ပွားခြင်း၊ ဖောင်းနွမ်းရင့်ဆွေးခြင်း၊ ပျောက်ပျက်ကုန်ဆုံးခြင်း ရှိနေသည်ဖြစ်၍ ကြောင့်ကြဖွယ် ပလိဗောဓကိစ္စတရားအလွန်များ၏။ နိဗ္ဗာန်မူကား သင်္ခတ၊ နိစ္စသဘောဖြစ်၍ ကြောင့်ကြစိုက်ဖွယ် ပလိဗောဓခပ်သိမ်းမှ ကင်းငြိမ်း ရှင်းလင်းသောကြောင့် သုညတခေါ်ရသည်။ အတ္တဟူ၍ စွဲလမ်းခြင်းကို စွန့်တတ်သော အနတ္တဟူ၍ စီးဖြန်းခြင်းသည် သုညတာနုပဿနာ မည်၏။ ထို အနုပဿနာဖြင့် စီးဖြန်း၍ မဂ်ဖိုလ်ရှိသောပုဂ္ဂိုလ်၏ နိဗ္ဗာန်သည် သုညတနိဗ္ဗာန်မည်၏။

(၂) အနိမိတ္တနိဗ္ဗာန် = သင်္ခတတရားတို့မှာ မဂ်တရား၊ ဖိုလ်တရားပင် ဖြစ်သော်လည်း ဥပါဒ်,ဇာတိဖြစ်ပေါ်ခြင်းရှိခဲ့၍သဏ္ဌာန်နိမိတ်အရိပ်အသွင် အမြိတ်အစွန်း ထင်ရှားရှိကြ၏။ ထိုသို့ ထင်ရှားရှိသောကြောင့် အယုတ်၊ အလတ်၊ အမြတ် သုံးပါး၊ ကာလအပြား၊ သဏ္ဌာနဒိသေသ၊ပုဂ္ဂလသန္တာန်အပြားအားဖြင့်အလွန်များ၏။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ပင်ဖြစ်သော်လည်း သဗ္ဗညုတဘုရားတို့၏ အရဟတ္တဖိုလ်သည် အလွန်မြတ်၏။ ပစ္စေကဗုဒ္ဓါတို့၏ မဂ်ဖိုလ်သည်ကား ယုတ်ညံ့(ယုတ်လျော့) ၏။ နိဗ္ဗာန်မူကား ဥပါဒ်ဇာတိဖြစ်ပေါ်မှုမရှိသောကြောင့် အယုတ်၊ အလတ်၊ အမြတ်သုံးပါးကွဲပြားရန် ကာလဘေဒ စသည်အပြားကွဲပြားခြားနားရန် သဏ္ဌာန်နိမိတ် အမြိတ်အစွန်း၊ အထည်ဝတ္ထုမရှိပေ။ ထိုသို့ မရှိသောကြောင့် အနိမိတ္တခေါ်ရ၏။ ဝိပ္ပလ္လာသ နိမိတ်ကို စွန့်တတ်သော အနိစ္စဟူ၍ စီးဖြန်းခြင်းသည် အနိမိတ္တာနုပဿနာ မည်၏။ ထို အနုပဿနာဖြင့် စီးဖြန်း၍ မဂ်ဖိုလ်ရရှိလျှင် ထို မဂ်ဖိုလ်၏ နိဗ္ဗာန်သည် အနိမိတ္တနိဗ္ဗာန် မည်လေသည်။

(၃) အပ္ပဏိဟိတနိဗ္ဗာန် = သင်္ခတတရားတို့မှာ အမြဲမရှိ ပျက်ဆုံးခြင်းသဘောရှိသောကြောင့်အဖန်ဖန် တောင့်တရခြင်း မဆုံးနိုင်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ဖြစ်၍သော်လည်းကောင်း၊ မိမိထက် ကောင်းမြတ်သော အထက်တရားရှိနေပြန်သည်နှင့် အထက်တရားတို့ကိုလှမ်း၍ တောင့်တရခြင်းမဆုံးနိုင်ရှိသည်ဖြစ်၍လည်းကောင်း၊ ပဏိဟိတ တရားသာမည်ကုန်၏။ နိဗ္ဗာန်မှာမူ ၎င်းထက် ကောင်းမြတ်သောတရားမရှိ၍ ဤသို့ တောင့်တခြင်း တဏှာပဏိဓိ ဆန္ဒပဏိဓိ ခပ်သိမ်းတို့မှ ကင်းငြိမ်းရှင်းလင်းရာ ဖြစ်သောကြောင့် အပ္ပဏိဟိတဟု ခေါ်ရသည်။ တဏှာဟူသော တောင့်တခြင်းကို စွန့်တတ်သော ဒုက္ခဟူ၍ စီးဖြန်းခြင်းသည် အပ္ပဏိဟိတနုပဿနာ မည်၏။ ထိုအနုပဿနာဖြင့် စီးဖြန်း၍ မဂ်ဖိုလ်ရသော ပုဂ္ဂိုလ်၏ နိဗ္ဗာန်သည် အပ္ပဏိဟိတနိဗ္ဗာန် မည်လေသည်။

(မှတ်ချက်)။ ။*လက္ခဏာရေးသုံးပါးတွင် တစ်ပါးပါးထင်လျှင်ကျန်နှစ်ပါးကိုလည်း ထင်စေပါသည်။*

တစ်နည်းအားဖြင့် ဘုံဘဝတို့မှ လွတ်ငြိမ်းခြင်းကိုလိုက်၍ နိဗ္ဗာန်သုံးပါးဟုလည်း ဆိုနိုင်၏။ အပါယ်ဘဝမှ လွတ်ငြိမ်းခြင်း (အပါယ်ဘုံဘဝ၌ လုံးဝမဖြစ်တော့ခြင်း)ကို ပထမနိဗ္ဗာန် ကာမဘုံဘဝ(လူ့ဘဝ၊ နတ်ဘဝ)မှ လွတ်ငြိမ်းခြင်းကို ဒုတိယနိဗ္ဗာန်။ ရူပဘဝ၊ အရူပဘဝဟုဆိုအပ်သော ဗြဟ္မာဘုံဘဝတို့မှ လွတ်ငြိမ်းခြင်းကို တတိယ နိဗ္ဗာန်ဟုခေါ်ဆိုပါသည်။

## နိဗ္ဗာန်(၄)မျိုး

ကိလေသာတရားများကို အပြီးပယ်သတ်မှု၊ ချုပ်ငြိမ်းစေမှုအရလည်းကောင်း၊ မဂ်ဖိုလ် ဆိုက်ရောက်မှု အကြိမ်အရလည်းကောင်း နိဗ္ဗာန်(၄)မျိုးရှိသည်ဟု ဆိုနိုင်၏။

**(၁) ပထမနိဗ္ဗာန်** = သောတာပတ္တိမဂ် အဆိုက်တွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းမရှိ ချုပ်ငြိမ်းကြ၏။၎င်းကို 'ပထမနိဗ္ဗာန်'ဟု ခေါ်ဆို၏။

**(၂) ဒုတိယနိဗ္ဗာန်**= သကဒါဂါမိမဂ် အဆိုက်တွင် ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂ၊ ဗျာပါဒ (ဒေါသ)တရားများ တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းမရှိ ချုပ်ငြိမ်းကြ၏။ ၎င်းကို 'ဒုတိယနိဗ္ဗာန်'ဟု ခေါ်ဆို၏။

**(၃) တတိယနိဗ္ဗာန်** = အနာဂါမိမဂ်သို့ အဆိုက်တွင် သိမ်မွေ့သော ကာမရာဂ,ဗျာပါဒတရားတို့သည် တစ်ပြိုင်နက်တစ်ချက်တည်း အကြွင်းမဲ့ချုပ်ငြိမ်းကြ၏။ ၎င်းကို 'တတိယနိဗ္ဗာန်'ဟုခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါသည်။

**(၄) စတုတ္ထနိဗ္ဗာန်**= အရဟတ္တမဂ်သို့အဆိုက်တွင် ရူပရာဂ၊ မာန၊ အဝိဇ္ဇာအစ ရှိသော အလုံးစုံသောကိလေသာတို့သည် တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းအကျန်မရှိချုပ်ငြိမ်းကြ၏။ ၎င်း ကို 'စတုတ္ထနိဗ္ဗာန်'ဟုခေါ် ဆိုပါသည်။

## နိဗ္ဗာန်(၇)မျိုး

'နိဗ္ဗာနဒီပနီကျမ်း'တွင် လယ်တီဆရာတော်ကြီးက နိဗ္ဗာန်(၇)မျိုးဟု ပြဆိုပါ သည်။

**(၁) မိစ္ဆာဒိဋ္ဌိနိဗ္ဗာန်**

သာသနာတော်မှအပ ဖြစ်ကုန်သော မိစ္ဆာဒိဋ္ဌိအယူရှိကြသည့် တိတ္ထိဆရာ တို့ ကြံဆစွဲလမ်းအပ်သော နိဗ္ဗာန်။

(က) အကြင်သူသည် လူ့ပြည်နတ်ပြည်တို့၌ ကာမဂုဏ်ငါးပါးကို အလို ရှိတိုင်း ခံစားစံစားရ၏။ ထိုသူ၏အတ္တသည် အလွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက်သော အတ္တမည်၏။ ထို့ထက်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန် မရှိ။

(ခ) အကြင်သူသည် ကာမဂုဏ်တရားတို့ ဆိတ်ကင်းရာဖြစ်သောပထမ ဈာန်ကို ရ၏။ ပထမဈာန်ကို ဝင်စား၍နေ၏။ ပထမဈာန်ဘုံသို့ ရောက်၏။ ထိုသူ၏အတ္တသည် အလွန်မြတ်သောဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်၏။ ထို့ထက်မြတ်သော နိဗ္ဗာန်မရှိ။

(ဂ) ဒုတိယဈာန်ဘုံသို့ရောက်သည်ကိုသာ ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက် သည်ဟူသော ဝါဒ။

(ဃ) တတိယဈာန်ဘုံသို့ ရောက်သည်ကိုသာ ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်သည်ဟု ယူသောဝါဒ။

(င) စတုတ္ထဈာန်ဘုံသို့ရောက်သည်ကိုသာ ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက် သည်ဟု ယူသောဝါဒ။

**(၂) သမ္မုတိနိဗ္ဗာန်**

ဤလောက၌ ဖြစ်ပွားတွေ့ကြုံရသော ဘေးအပေါင်း၊ ရန်အပေါင်းတို့၏ ငြိမ်းခြင်း။ (ကာယိကဒုက္ခ = ကိုယ်အင်္ဂါတို့၌ကျရောက်သော ပရိဒေဝ၊ ဒေါမနဿ၊ ဥပါယာသဒုက္ခမျိုး ထိုဒုက္ခမျိုးတို့မှ ငြိမ်းခြင်း။)

**(၃) တဒင်္ဂနိဗ္ဗာန်**

ထိုသူ၏ကုသိုလ်ဓမ္မက ထိုသူ၏ အကုသိုလ်ဓမ္မကို ပယ်ခြင်းသည် တဒင်္ဂ ပဟာန် မည်၏။ ထိုသို့ပယ်ခြင်းကြောင့် အကုသိုလ်ဓမ္မ၏ တစ်ခဏအားဖြင့် အဖြစ်ငြိမ်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၄) **ဝိက္ခမ္ဘနနိဗ္ဗာန်**

မဟဂ္ဂုတ်စျာန်တရားတို့သည် အကြင်တရား (နီဝရဏတရား)တို့ကို ဝေးစွာ ကွာသည်ကိုပြု၍ ပယ်ရှား၏။ ထိုတရားတို့၏ အရှည်အကြာအားဖြင့် အဖြစ်ငြိမ်းခြင်းကို ဝိက္ခမ္ဘနနိဗ္ဗာန်ဟုဆိုသည်။

(၅) **သမုစ္ဆေဒနိဗ္ဗာန်**

သဂြိုဟ်ကျမ်း၌လာသော သဉပါဒိသေသနိဗ္ဗာန်ကို ဆိုသည်။ ကိလေသနိဗ္ဗာန်ဟုလည်း ဆိုသည်။

(၆) **ပဋိပဿဒ္ဓိနိဗ္ဗာန်**

အရဟတ္တဖိုလ်ကိုဆိုသည်။

(၇) **နိဿရဏနိဗ္ဗာန်**

သဉပါဒိသေသအမည်၊ အနုပါဒိသေသ အမည်နှစ်ပါးရသော ပရမတ္ထအသင်္ခတ မဟာနိဗ္ဗာန်ကြီးကို ဆိုသည်ဟူ၍ဖြစ်သည်။

## နိဗ္ဗာန်ဂုဏ်ရည်

နိဗ္ဗာန်ဂုဏ်ရည်လေးချက်ကို ရတနာသုတ်ပါဠိတော်၌ ခယံ၊ ဝိရာဂံ၊ အမတံ၊ ပဏီတံဟု ဟောတော်မူ၏။ နိဗ္ဗာန်သည် ကိလေသာကုန်ခန်းခြင်း'ခယ'ဂုဏ်၊ ရာဂကင်းခြင်း ဝိရာဂဂုဏ်ရှိ၏။ သေခြင်းကင်းမှု အမတဂုဏ်ရှိ၏။ မြင့်မြတ်ခြင်း ပဏီတဂုဏ်ရှိ၏။ ဤသို့သော ဂုဏ်ရည်လေးချက်ရှိသောတရားသည် နိဗ္ဗာန်ပင်ဖြစ်၏။

(၁) **နိဗ္ဗာန်သည် ဒုက္ခငြိမ်းရာငြိမ်းကြောင်းဖြစ်၏။**

ရုပ်နာမ်ဓမ္မသင်္ခါရ ဝဋ်ဆင်းရဲဟူသမျှတို့ ကင်းငြိမ်းခြင်းသဘော (ဝါ)ဒုက္ခသစ္စာတရားတို့ အဖြစ်အပျက် ရပ်တန့်သွားခြင်း၊ ချုပ်သွားခြင်းဟူသော ဒုက္ခနိရောဓသည် နိဗ္ဗာန်ဖြစ်၏။ ထိုသို့ ဒုက္ခချုပ်ငြိမ်းရာ၌ တဖန်ဘ၏ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်း တစ်ခုသည်သာလျှင် ဒုက္ခချုပ်ငြိမ်းခြင်း အစစ်အမှန်ဖြစ်ပါသည်။

(၂) **နိဗ္ဗာန်သည် အမြဲထာဝရ နိစ္စဓုဝတရားဖြစ်၏။**

နိဗ္ဗာန်၏အငြိမ်းဓာတ်သည် ဂေါတမဗုဒ္ဓ လက်ထက်တွင်လည်းကောင်း၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူပြီးကြကုန်သော ဘုရားတို့လက်ထက်တွင်လည်းကောင်း၊ နောင် အဆုံးမရှိ ပွင့်လတ္တံ့သော ဘုရားတို့လက်ထက်တွင်လည်းကောင်း၊ သာသနာတွင်း၊ သာသနာပ တစ်သံသရာလုံး ဘယ်အခါမဆို အခါခပ်သိမ်း တရှိတည်းရှိနေ၏။ နာမ်ရုပ်တို့၏ အရှိကဲ့သို့သော အရှိမျိုးမဟုတ်၊ သန္တိလက္ခဏာဟူသော အငြိမ်းဓာတ်

www.burmeseclassic.com

www.burmeseclassic.com



သဘောဖြင့်ရှိသော အရှိမျိုးဖြစ်၏။

**(၃) နိဗ္ဗာန်ဟူသည် သန္တိသုခ အငြိမ်းဓာတ်ဖြစ်၏။**

ပုထုဇဉ် ကာလုဒါယီက 'ငါ့ရှင်သာရိပုတ္တရာ နိဗ္ဗာန်၌ ခံစားစရာမရှိဘဲ ဘယ်လိုလုပ်ပြီး ချမ်းသာမှာလည်း'ဟု မေး၏။ ထိုအခါ ရှင်သာရိပုတ္တရာက 'ငါ့ရှင် ဥဒါယီ၊ နိဗ္ဗာန်၌ ခံစားခြင်းမရှိပါ၊ အဲဒီ ခံစားမှုမရှိခြင်းပင်လျှင် နိဗ္ဗာန်၏ချမ်းသာ ဖြစ်သည်'ဟု သန္တိသုခသဘောကို ဟောတော်မူ၏။

**(၄) နိဗ္ဗာန်သည် အနိမိတ္တဖြစ်၏။**

အနိမိတ္တံ၊ အပ္ပဝတ္တံ ဝိသင်္ခါရံ နိရောဓံနိဗ္ဗာနံ (ဝိသုဒ္ဓိမဂ်) အနိမိတ္တံ- ပြောပြစရာဒြပ်၊ အထည်၊ အရိပ်၊ နိမိတ်မရှိသော။ အပ္ပဝတ္တံ-သန္တိအားဖြင့် ဖြစ်ခြင်းမရှိသော။ ဝိသင်္ခါရံ- ပြုပြင်ရခြင်းမရှိသော။ နိရောဓံ- ရုပ်နာမ်တို့၏ မဖြစ်ရာဟူသော အငြိမ်း ဓာတ်သည်။ နိဗ္ဗာနံ- နိဗ္ဗာန်မည်၏။

ဖြစ်လာပေါ်လာ၍ရှိသော ရုပ်နာမ်သင်္ခါရတရားတို့သည်သာ ပုံသဏ္ဍာန် အဆင်းအားဖြင့်လည်းကောင်း၊ တောင်မှမြောက်စသည် ဌာနအားဖြင့်လည်းကောင်း ညွှန်ပြစရာရှိသည်။ နိဗ္ဗာန်အငြိမ်းဓာတ်မှာ ဤသို့ညွှန်ပြစရာမရှိ။ အဘယ်ကြောင့် ဆိုသော် ဉာဏ်အထူးဖြင့်သာမြင်အပ်သော အငြိမ်းဓာတ်မျှသာ ဖြစ်သောကြောင့် ဖြစ်၏။

**(၅) နိဗ္ဗာန်သည် အဖြစ်တရားကင်း၏။**

အနုပ္ပါဒေါနိဗ္ဗာနံ၊ အပ္ပဝတ္တိ နိဗ္ဗာနံ၊ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်) အနုပ္ပါဒေါ- အသစ်ဖြစ်ပေါ်ခြင်းမရှိသော အငြိမ်းဓာတ်သည်၊ နိဗ္ဗာနံ- နိဗ္ဗာန်မည်၏။ အပ္ပဝတ္တိ (သင်္ခတရုပ်နာမ်တို့ကဲ့သို့) တန်းစဉ် ထပ်ဆက်၍ ဖြစ်ခြင်းမရှိသောအငြိမ်းဓာတ်သည် နိဗ္ဗာနံ-နိဗ္ဗာန်မည်၏။

**(၆) နိဗ္ဗာန်သည် ခန္ဓာနှင့်ဆက်စပ်နေသည်။**

နိဗ္ဗာန်သည် ရုပ်နာမ်ခန္ဓာနှင့် လုံးဝမသက်ဆိုင်သည်လည်းမဟုတ်၊ ရုပ်နာမ် ခန္ဓာထဲ၌လည်း မရှိ၊ ခန္ဓာနှင့်စပ်ပြီး နိဗ္ဗာန်ပေါ်ရသည်။ ခန္ဓာတခြား နိဗ္ဗာန်တခြား ဟူ၍လည်း မဆိုထိုက်ပါ။ နိဗ္ဗာန်သည် ခန္ဓာကိုယ်နှင့်ဆက်နွယ်၍သာ သိရသော အရှိမျိုး ဖြစ်၏။ ခန္ဓာကိုယ်၏ ရှေ့မှာ၊ နောက်မှာ၊ ဝဲဘက်မှာ၊ ယာဘက်မှာ၊ အထက်မှာ၊ အောက်မှာရှိသည်ဟု ပြော၍ဖြစ်သော အရှိမျိုးမဟုတ်၊ အဘယ်ကြောင့်ဆိုသော် အငြိမ်းဓာတ်သာဖြစ်သောကြောင့်ဖြစ်၏။ မြို့မိဆရာတော်ကြီးက-'အတ္တ၊ ခန္ဓာ၊ နိဗ္ဗာန် တို့သည် အချင်းချင်း သဘောအားဖြင့်မတူကြသော်လည်း ဘယ်အခါမှ ခွဲခွါခြင်းမရှိ၊ အတူတကွ တွဲလျက်သာနေကြ၏။

အတ္တရှိရာမှာ ခန္ဓာရှိ၏။ ခန္ဓာရှိရာမှာ နိဗ္ဗာန်ရှိ၏။ အတ္တကို ထုချေဖောက်ခွဲ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် ခန္ဓာကိုမြင်၏။ ခန္ဓာကို ထုချေဖောက်ခွဲလျှင် ဖြစ်ပျက်ကိုမြင်သည်။ ဖြစ်ပျက် ကို ထုချေဖောက်ခွဲကြည့်လျှင် နိဗ္ဗာန်ကိုမြင်သည်။ အတ္တသဘောမှာ အခဲအလုံး စသည် ထင်နေ၍ ဖြစ်ပျက်-ဖြစ်ပျက် မနေ၊ ခန္ဓာသဘောမှာ ဖြစ်ပျက်-ဖြစ်ပျက် ဖြစ်နေသဖြင့် အခဲအလုံး စသည်ဖြင့် မနေ၊ နိဗ္ဗာန်သဘောမှာ ဖြစ်ပျက်-ဖြစ်ပျက်လည်း မနေ၊ အခဲအလုံးစသည်ဖြင့်လည်း မနေ'ဟု မိန့်ဆိုပါသည်။

**(၇) နိဗ္ဗာန်သည် အကြောင်းမရှိသောတရားမည်၏။**

နိဗ္ဗာန်သည် အကြောင်းကြောင့်ဖြစ်သော တရားမဟုတ်၊ ရုပ်နာမ်ခန္ဓာ၊ သတ္တဝါများသည် ကံကြောင့်ဖြစ်၏။ မျိုးစေ့ကြောင့် သစ်ပင်၊ ဇာတိကြောင့် ဇရာ မရဏ စသည်တို့ဖြစ်ခြင်းသည် အကြောင်းကြောင့်ဖြစ်ရ၏။ မြေ၊ ရေ၊ လေ၊ တော၊ တောင် စသည်တို့သည် ဥတုကြောင့်ဖြစ်ရ၏။ ကောင်းကင်နှင့် နိဗ္ဗာန်သည် ကံကြောင့်၊ အကြောင်းကြောင့်၊ ဥတုကြောင့်ဖြစ်သောတရားများ မဟုတ်ကြပေ။ သို့ရာတွင် ကောင်းကင်နှင့် နိဗ္ဗာန်သည်လည်း လုံးဝခြားနား၏။

ကောင်းကင်သည် ကိလေသာ၏ ကုန်ရာကုန်ကြောင်း ငြိမ်းရာငြိမ်းကြောင်း အာရုံမဟုတ်၊ နိဗ္ဗာန်သည်သာလျှင် ကိလေသာ၏ ကုန်ရာကုန်ကြောင်း၊ ငြိမ်းရာငြိမ်းကြောင်း ဓမ္မာရုံဖြစ်၏။ နိဗ္ဗာန်အား အကြောင်းကိုစွဲ၍ဖြစ်သည်ဟု ဟောတော်မမူ၊ နိဗ္ဗာန်သို့ရောက်ကြောင်း တရားမူကား ရှိ၏။ ဤမည်သောအရပ်မှ ဟိမဝန္တာတောင်သို့ အရောက်သွားနိုင်သော်လည်း ဟိမန္တာတောင်ကို ဤအရပ်သို့ မယူဆောင်နိုင်၊ သ မုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းသို့ လှေဖြင့်သွားရောက်နိုင်သော်လည်း၊ သမုဒ္ဒရာ၏ ဟိုမှာ ဘက်ကမ်းကို မယူဆောင်နိုင်ဟူ၍ 'အရှင်နာဂသေနမထေရ်'က မိလိန္ဒမင်းကြီးကို နိဗ္ဗာန်သည် 'အကြောင်းမရှိသောတရားမည်ပုံ'ကို ဥပမာပြခဲ့ ပါသည်။

**(၈) နိဗ္ဗာန်သည် ကိလေသာကုန်ခြင်း၊ ငြိမ်းခြင်းမဟုတ်။**

ကိလေသာ၏ ကုန်ရာကုန်ကြောင်း ငြိမ်းရာငြိမ်းကြောင်းအာရုံသာဖြစ်၏။ နာမ်တရားတို့မည်သည် အာရုံနှင့်ကင်း၍မဖြစ်နိုင်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဟူသော နာမ်တရားတို့သည် နိဗ္ဗာန်ဟူသော အာရုံကိုမှီဝဲ၍ ကိလေသာကို ကုန်စေငြိမ်းစေသောကြောင့် ကိလေသာ ကုန်ရာကုန်ကြောင်းကား နိဗ္ဗာန်မည်၏။ ထို့ကြောင့် ကိလေသာကုန်ခြင်း၊ ငြိမ်းခြင်းကား မဂ်ဖိုလ်၊ ကိလေသာ ကုန်ရာကုန်ကြောင်းကား နိဗ္ဗာန်ဖြစ်၏။

**(၉) နိဗ္ဗာန်သည် အသင်္ခတဓမ္မဖြစ်၏။**

ခပ်သိမ်းသောတရားတို့သည် သင်္ခတ၊ အသင်္ခတဟူ၍ နှစ်ပါးရှိ၏။ ကံ၊ စိတ်၊ အာဟာရ၊ ဥတု အကြောင်းတရားလေးပါးတို့၏ ပြုပြင်အပ်သော ရုပ်နာမ်တရားဟူသမျှသည် သင်္ခတဓမ္မမည်၏။ ဤအကြောင်းတရားလေးပါးတို့၏ မပြုပြင်အပ်သော နိဗ္ဗာန်သည် အသင်္ခတဓမ္မမည်၏။

www.burmeseclassic.com

www.burmeseclassic.com



**(၁၀) နိဗ္ဗာန်သည် အနတ္တပြစ်၏။**

ခပ်သိမ်းသော သင်္ခါရဖြစ်သော သဘ်တစမ္မဟူသမျှသည် အနိစ္စသဘော၊ ဒုက္ခသဘောဖြစ်၏။ နိဗ္ဗာန်ဟူသော အသင်္ခတဓမ္မသည် နိစ္စသဘော၊ သုခသဘော ဖြစ်၏။ သင်္ခါရဖြစ်သော သင်္ခတဓမ္မသည် အစိုးမရ၊ အလိုသို့မလိုက်သော အနတ္တ ဖြစ်၏။ အသင်္ခတဓမ္မ နိဗ္ဗာန်သည် အနတ္တ၏ ဆန့်ကျင်ဘက် အတ္တမဟုတ်၊ 'သဗ္ဗေ ဓမ္မာအနတ္တာ' ဟူသောတရားတော်အရ အနတ္တပင်ဖြစ်၏။

**(မှတ်ချက်)။** *။သဗ္ဗေဓမ္မာအနတ္တာဟူသော ဒေသနာအရ၌ နိဗ္ဗာန်ပါသင့်-မပါ သင့် ကို ရှေ့၌ ဝေဖန်ပြခဲ့ပြီ။ သီးသန့်တစ်အုပ်ခွဲ၍ စီစဉ်သော မဂ်ဖိုလ် ရမည့်သမာဓိ အဆင့်ဆင့်စာအုပ်တွင် ဖတ်ပါ။*

**(၁၁) နိဗ္ဗာန်သည် အတိက္ကန္တာရုံဖြစ်၏။**

လောကီအာရုံ ကာမဂုဏ်ငါးပါးတို့ကို ခံစားသုံးဆောင်သဖြင့် စည်းစိမ်ချမ်း သာ ရှိသည်ဟု သမုတ်၏။ ထိုသို့ ခံစားနိုင်ရန် ရှာမှီးကြရ၏။ ထိုသို့ ကာမဂုဏ်အာရုံကို ခံစားရာ၌ ကာမဂုဏ်အာရုံတစ်ခုကို အစဉ်မပြတ်မလွတ်ဘဲ တစ်နေ့ပတ်လုံး ခံစား နိုင်မှု မရှိပေ။ ထိုကာမဂုဏ်အာရုံထက် သာလွန်သည့် စတုတ္ထစျာန်ဝင်စားသော ပုဂ္ဂိုလ်၏ မဟဂ္ဂုတ်အာရုံဖြစ်သော ပဋိဘာဂနိမိတ်အာရုံကိုပင် တစ်ရက်၊ နှစ်ရက်၊ သုံးရက်မျှသာ အဆက်မပြတ် ရပ်တည်ဝင်စားနိုင်၏။

ထိုထက်သာလွန်သော လောကုတ္တရာအာရုံဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍ ဖလသမာပတ်ဝင်စားသောပုဂ္ဂိုလ်သည် နိဗ္ဗာန်အာရုံ၌တည်၍ အချိန်ကြာမြင့်စွာ မပြတ် ခံစားနိုင်သည်။ ထိုထက် နိရောဓသမာပတ်၌ကား သာလွန်ခိုင်မာ၍ ခုနစ်ရက် အထိ တသမတ်တည်း ရပ်တည်ဝင်စားနိုင်၏။ ထို့ကြောင့် နိဗ္ဗာန်သည် ကာမဂုဏ် တရား၊ စျာန်တရားဟူသော လောကီကန္တာရုံတို့ထက် များစွာ သာလွန်ကောင်းမြတ် သော အတိက္ကန္တာရုံဖြစ်သည်။

**(၁၂) နိဗ္ဗာန်သည် လောကုတ္တရာတရားဖြစ်၏။**

နိဗ္ဗာန်သည် ဘုံသုံးပါးဟူသော လောကီဘက်၌ အကျုံးမဝင်။ မဂ်လေးပါး၊ ဖိုလ်လေးတန် နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရား ကိုးပါး၌သာ အကျုံးဝင်၏။ ထို့ကြောင့် နိဗ္ဗာန်၌ လောကီဓမ္မဖြစ်သော ရာဂ၊ ဒေါသစသော ကိလေသာတရား တို့နှင့် လုံးဝမစပ်ဆိုင်ပေ။

**(၁၃) ပရမတ္ထတရားချင်းမတူသော နိဗ္ဗာန်**

'တတြာပါ ဟံ ဘိက္ခဝေ န အာဂတိ ဝဒါမိ၊ နဂတိံ နစုတိ န ဥပပတ္တိ'
(ဥဒါန်းပါဠိတော်)

အဓိပ္ပာယ်မှာ- နိဗ္ဗာန်၌ တစ်ပါးဘဝက လာရောက်သော တရားမရှိ၊ တစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ဘဝသို့ သွားစရာ တရားမရှိ။ နိဗ္ဗာန်၌ တည်နေသော တရားမရှိ၊ တစ်ဖန် ရွေ့မျော သည်ဟူ၍ မရှိ။ တစ်ဖန် အသစ်ဖြစ်သည်ဟူ၍ မရှိ။ အဘယ်ကြောင့်ဆိုသော် အငြိမ်း ဓာတ်မျှသာဖြစ်သောကြောင့်တည်းဟူ၍ ဖြစ်သည်။ နိဗ္ဗာန်သည် နာမ်တရားဟုပင် ဆိုရသော်လည်း စိတ်၊ စေတသိက်တို့ကဲ့သို့ အာရုံပြုတတ်သော သဘောမရှိ၍ ပရမတ္ထ ချင်း (အရှိတရားချင်း)ဟူသည့်တိုင် ကွဲပြားခြားနား၏။

## (၁၄) နိဗ္ဗာန်ကို ခန္ဓာမပွဲ့အပ်

(ခန္ဓာ=အစု) ပရမတ္ထတရားများသည် တစ်ခုချင်းပင်ဖြစ်စေ ကာလသုံးပါး အားဖြင့်လည်းကောင်း၊ အတွင်း(အဇ္ဈတ္တ)၊ အပြင်(ဗဟိဒ္ဓ) သန္တာန်နှစ်ပါး၊ ကြမ်းခြင်း (ဩဠာရိက)၊ နုခြင်း(သုခုမ) နှစ်ပါး၊ ယုတ်ညံ့ခြင်း(ဟီန)၊ မြင့်မြတ်ခြင်း (ပဏီတ) နှစ်ပါး၊ ဝေးခြင်း(ဒူရ)၊ နီးခြင်း(သန္တိက) နှစ်ပါးအားဖြင့်လည်းကောင်း ကွဲပြားခဲ့ရာ ထိုအကွဲ အပြားများကို ဉာဏ်ဖြင့်စု၍စု၍ ရှုအပ်သောကြောင့် ခန္ဓာမည်၏။ နိဗ္ဗာန် သည် နာမ်ဟု ခေါ်ရသော်လည်း ကာလသုံးပါးမှ လွတ်ကင်း၍ ဗဟိဒ္ဓ၊ သုခုမ၊ ပဏီ တ၊ ဒူရ တစ်မျိုးတစ်စားတည်းသာဖြစ်သောကြောင့် ခန္ဓာမမည်ပေ။ ခန္ဓာဟူ၍လည်း ဖွဲ့မရပေ။

### ဖလသမာပတ်

'ဖလ-ဖိုလ်စိတ်သို့၊ သံ-ကောင်းစွာ၊ အာပတ္တိ-ရောက်ရှိနေခြင်း'

ဖိုလ်စိတ်များ အစဉ်မပြတ် ထပ်မနားဖြစ်ပေါ်နေခြင်းကို ဖလသမာပတ်ဟု ခေါ်၏။ ၎င်း ဖိုလ်စိတ်များ ပြတ်စဲချုပ်ပျောက် ရပ်ဆိုင်းသွားခြင်းကို ဖလသမာပတ်မှ ထသည်ဆိုရ၏။ ဖလဋ္ဌာန်လေးဦးသည် မိမိပိုင် ဖလသမာပတ် အသီးသီးကိုသာ ဝင်စားနိုင်ကြသည်။ ဥပမာ- သောတာပတ္တိဖိုလ် တည်သူသည် သောတာပတ္တိ ဖိုလ်ကိုသာ ဝင်စားနိုင်၏။ ဖလသမာပတ်ဝင်စားခြင်းသည် သင်္ခါရနိမိတ်အားလုံးကို နှလုံးမသွင်းခြင်းနှင့် နိမိတ်ကင်းသော နိဗ္ဗာန်ဓာတ်ကို နှလုံးသွင်းခြင်းပင်ဖြစ်၏။

### နိရောဓသမာပတ်

'နိရောဓ- စိတ်၊ စေတသိက်၊ စိတ္တဇရုပ် ချုပ်ခြင်းသို့၊ အာပတ္တိ-ကောင်းစွာ ရောက်ခြင်း'။

စိတ်၊ စေတသိက် စိတ္တဇရုပ်တရားတို့၏ မဖြစ်ခြင်းသည် နိရောဓသမာပတ် မည်၏။ ထွက်သက် ဝင်သက် ချုပ်ခြင်း၊ စိတ်၊ စေတသိက်တို့ ချုပ်ခြင်း၊ စိတ္တဇရုပ်များ ချုပ်ခြင်းဖြင့် ပိုင်းခြားထားသော အချိန်ကာလ အတိုင်းအတာတစ်ခုအတွင်း ခန္ဓာကိုယ် မလှုပ်မယှက် ငြိမ်သက်စွာတည်နေခြင်းကိုဆိုပါသည်။ ထိုအချိန်အတွင်း ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်များသာ ဆက်လက်ဖြစ်နေသည်။ လူ့ပြည်၌ ထမင်းအသက် ခုနှစ်ရက်ဖြစ်၍ အများဆုံး ခုနှစ်ရက်သာ ဝင်စားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုပစြပဟ္မာများ အစာစားခြင်းမရှိ၍ ကြာရှည်စွာဝင်စားနိုင်သည်။ နိရောဓသမာပတ်ကို ဈာန်သမာပတ်ရှစ်ပါးကိုရသောအနာဂါမ်နှင့် ရဟန္တာတို့သာ ဝင်စားနိုင်သည်။ ခန္ဓာငါးပါးရှိသော ဘုံတို့၌သာ ဝင်စားနိုင်ကြသည်။ ဈာန်မရသော (သုက္ခဝိပဿကဖြစ်သော) ရဟန္တာအပါအဝင် ကျန် သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့ မဝင်စားနိုင်ကြပေ။

(သုက္ခဝိပဿက=သမထ သမာဓိ အခြေမခံဘဲ ဝိပဿနာသက်သက်ရှု၍ အနာဂါမ်၊ ရဟန္တာဖြစ်လာသူ)

## နိဗ္ဗာန်မျက်မှောက်ပြုပုံ

မဂ်ဝီထိအတွင်း၌ ပရိကံ၊ ဥပစာ၊ အနုလုံဟူသော ရှေ့ဇောစိတ်သုံးခုသည် သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးပါးဖြင့် သုံးသပ်လျက် အာရုံပြု၏။ ထို့နောက် ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို ရှေးဦးစွာအာရုံပြု၏။ ထို ဂေါတြဘူဉာဏ်မှ ယူပေးသော နိဗ္ဗာန်အာရုံကို မဂ်စိတ်က ဆက်လက်အာရုံပြုသည်။ ဂေါတြဘူဉာဏ်သည် မဂ်ဉာဏ်အတွက် နိဗ္ဗာန်ဟူသောအာရုံကို ဆက်သွယ်ရယူပေးသောကြောင့် အာဝဇ္ဇန်းစိတ်နှင့် အလားတူသည်ဟုဆို၏။

ဂေါတြဘူဉာဏ်ဆိုသည်မှာ ပုထုဇဉ်အနွယ်ကို လွန်မြောက်၍ အရိယာနွယ်သို့ ဝင်ရောက်ခြင်းကြောင့် ဂေါတြဘူဟုခေါ်၏။ ဤနေရာ၌ ဂေါတြဘူစိတ်သည်လည်းကောင်း၊ မဂ်စိတ်သည်လည်းကောင်း၊ တစ်ကြိမ်သာ ဖြစ်ခွင့်ရှိသည်။ ဖိုလ်စိတ်မှာမူ ဉာဏ်ထက်သူအတွက် ပရိကံဇောစိတ် မဖြစ်တော့၍ သုံးကြိမ်၊ ဉာဏ်သာမန်အတွက် နှစ်ကြိမ် ဖြစ်ခွင့်ရှိသည်။

ရှေးရှေးသော ဝိပဿနာဉာဏ်စိတ်များက သင်္ခါရအာရုံကိုသာ အာရုံပြုခဲ့၍ ဂေါတြဘူဉာဏ်နှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကြသည်။ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြုသောကြောင့် မဂ်စိတ်နှင့် အာရုံတူ၏။ သို့ရာတွင် ကိလေသာကို ပယ်စွန့်နိုင်မှုမရှိသောကြောင့် ဉာဏဒဿနဝိသုဒ္ဓိ၌ အကျုံးမဝင်ချေ။ သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးပါးဖြင့် မသုံးသပ်ခြင်းကြောင့် အောက်ဖြစ်သော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌လည်း အကျုံးမဝင်ချေ။ ကြားခံတစ်ခုဖြစ်နေ၍ ရှေ့နောက် ဝိသုဒ္ဓိနှစ်ပါးသို့ မဝင်နိုင်ဘဲ ထို ဝိသုဒ္ဓိနှစ်ပါးအကြား၌ တည်ရှိသည်။

## မဂ်ဝီထိစိတ်အစဉ်ဖြစ်ပုံ

သင်္ခါရအာရုံ နိဗ္ဗာန်အာရုံ

ဘဝင်၊ ဘဝင်၊ မ၊ ပရိ၊ ဥပ၊ အနု၊ ဂေါတြ၊ မဂ်၊ ဖိုလ်၊ ဖိုလ်၊ ဘဝင်

ဇောခုနစ်ကြိမ်

မ = မနောဒွါရာဝဇ္ဇန်း။

www.burmeseclassic.com

www.burmeseclassic.com



## မဂ်ဉာဏ်က ကိလေသာပယ်ပုံ

ရုပ်,နာမ်,ခန္ဓာ သန္တတိဖြစ်စဉ်ကြီးအတွင်း၌ ကိလေသာတရားများဖြစ်နေခိုက် မဂ်ဉာဏ် မဖြစ်နိုင်ပါချေ။ မဂ်ဉာဏ်ဖြစ်နေခိုက်၌လည်း ကိလေသာတရားများ မဖြစ်နိုင်ပါချေ။ ထို့ကြောင့် မဂ်ဉာဏ်သည် ပစ္စုပ္ပန်ကိလေသာပယ်ရန် မဖြစ်နိုင်ချေ။ သေပြီးသူကို သတ်ရန် မဖြစ်နိုင်သကဲ့သို့ အတိတ်ကိလေသာကို ပယ်ရန်လည်း မဖြစ်နိုင်ပါချေ။ တစ်ဖန် မဖြစ်ပေါ်သေးသော ကိလေသာကိုလည်း ပယ်သတ်ရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် မဂ်ဉာဏ်သည် ကိလေသာကို ပယ်သတ်သည်ဆိုရာ၌ ပစ္စုပ္ပန်ကိလေသာကို ပယ်ခြင်းလည်းမဟုတ်၊ အတိတ်ကိလေသာကို ပယ်ခြင်းလည်းမဟုတ်၊ အနာဂါတ်ကိလေသာကို ပယ်ခြင်းလည်းမဟုတ်ပေ။ အရိယာမဂ်တည်းဟူသော အလွန် စွမ်းအားကြီးသည့် ကုသိုလ်ဓာတ်ကြီး၊ ပညာဓာတ်ကြီး ဖြစ်ပေါ်လာသောအခါ ရုပ်နာမ်ခန္ဓာ၊ သန္တတိဖြစ်စဉ်ကြီးသည် ဓာတ်သဘာဝအားဖြင့် ပြောင်းလဲသွား၏။

ယင်းခန္ဓာအစဉ်၌ လောဘ၊ ဒေါသ၊ မောဟ၊ မာနစသော ကိလေသာတို့ ကျရောက်ပေါက်ပွားနိုင်ခြင်း မရှိချေ။ ထို့ကြောင့် ပယ်သတ်ဆိုရာ၌ နောင်တစ်ချိန်လုံးဝမဖြစ်စေရန်ပြုလုပ်ခြင်းဖြစ်သည်။ မဂ်ဉာဏ်သည် ကိလေသာတရားတို့ကို ပယ်ရှင်းသကဲ့သို့ ဖိုလ်ဉာဏ်ကလည်း အငွေ့အသက်မကျန်စေရန် ထပ်မံ ပယ်ရှင်းသည်။ အရိယာတို့သည် အရိယာမဂ်ဉာဏ်၏ခဏ၌ သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းဟု ဆိုအပ်သော ပဋိဝေဓဉာဏ်သို့ ရောက်၏။

ထိုတွင် ဒုက္ခသစ္စာကို ထိုးထွင်း၍သိခြင်းဆိုသည်မှာ ဒုက္ခသစ္စာကို ဖုံးလွှမ်းလျက်ရှိနေသော မောဟတရားကို ပယ်သတ်ခြင်းဖြစ်၏။ သမုဒယသစ္စာကို ထိုးထွင်း၍သိခြင်းဆိုသည်မှာ တဏှာကို ပယ်သတ်ခြင်းဖြစ်၏။ နိရောဓသစ္စာကို ထိုးထွင်း၍သိခြင်းဆိုသည်မှာ ထိုတဏှာ၏ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ကိုအာရုံပြုခြင်းဖြစ်သည်။ မဂ္ဂသစ္စာကို ထိုးထွင်း၍သိခြင်းဆိုသည်မှာ မဂ္ဂင်ရှစ်ပါးတို့ကို တစ်လုံးတစ်စည်းတည်း ဖြစ်ပေါ်စေခြင်းပင်ဖြစ်ပါသည်။

ဤသို့ ကိစ္စလေးပါးသည် မဂ်ခဏ၌ တစ်ပြိုင်နက် တစ်ချက်တည်း ပြီးစီးသွားသည်ရှိသော် ထိုသူ၏သန္တာန်မှာ ထိုခဏမှစ၍ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော အမိုက်တရားတို့သည် ပျောက်ကင်း၍ ထိုသူ၌ သစ္စာလေးပါးတရားတို့သည် အခါခပ်သိမ်း အထင်လင်းဖြစ်၍ တည်နေ၏။ ထိုသူသည် ဘယ်အခါမဆို အလိုရှိသောအခါ အလိုရှိသောသစ္စာကို လွယ်ကူစွာ အာရုံပြု၍ ကြည့်ရှုနိုင်၏။ ဤသို့ဖြစ်ခြင်းကို 'သစ္စာ လေးပါးကို ထိုးထွင်း၍သိခြင်း'ဟု ဆိုပါသည်။

## နိဗ္ဗာန်ရောက်ကြောင်းအကျင့်

'ဒါနတစ်ခုတည်းဖြင့် နိဗ္ဗာန်ရောက်နိုင်ပါမည်လော'ဟု မေးလေ့မေးထရှိ၏။ 'တစ်ခုတည်းသာဆိုလျှင် ဒါနဖြစ်လည်း နိဗ္ဗာန်မရောက်နိုင်။ သီလဖြင့်လည်း နိဗ္ဗာန်မ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နိုင်။ ဘာဝနာဖြင့်လည်း နိဗ္ဗာန်မရောက်နိုင်'ဟူ၍ဖြေရပေမည်ဟု 'တိပိဋက ဓရဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ'က မဟာဗုဒ္ဓဝင် (ပထမတွဲ)၌ ဖော်ပြထား၏။ ဆရာတော်ကြီး၏ဆိုလိုရင်းမှာ 'ဒါန၊ သီလကိုအခြေခံလျက် သတိပဋ္ဌာန် ဘာဝနာ (ဝါ) ဝိပဿနာဘာဝနာကို ပွားများအားထုတ်မှသာ နိဗ္ဗာန်ရနိုင်မည်' ဟူ၍ဖြစ်၏။

လူ၊ နတ်၊ ဗြဟ္မာတို့တွင် ရာဂ(လောဘ)စရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ ဝိတက်စရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိ(ပညာ)စရိုက်ဟူ၍ ခြောက်ပါးရှိ၏။ ထိုစရိုက်ခြောက်ပါးကြောင့် သတိပဋ္ဌာန်လေးပါး ပေါ်လာရသည်။ သတိပဋ္ဌာန်လေးပါးကို ဖြန့်လျှင် ခန္ဓာငါးပါး ဖြစ်လာ၏။ ခန္ဓာဆိုရာ၌ မျက်မြင်ရုပ်ကြမ်း ဝိပါကခန္ဓာ (အကျိုးခန္ဓာ)နှင့် ဉပါဒါန်တရားတို့၏ စွဲလန်းရာ ဉပါဒါနက္ခန္ဓာ(အကြောင်းခန္ဓာ) နှစ်မျိုးရှိရာ၌ ဉပါဒါနက္ခန္ဓာအဖြစ် ပစ္စုပ္ပန်တည့်တည့်၌ ပေါ်လာသော ခန္ဓာငါးပါးအနက် တစ်ပါးပါးကို ဝိပဿနာရှုရန်ဖြစ်၏။

ထိုသို့ ဝိပဿနာရှုရာ၌ မိမိစရိုက်နှင့်ကိုက်ညီသော သတိပဋ္ဌာန်ကိုယူ၍ ရှုပွားမှသာလျှင် အကျိုးသက်ရောက်မည်ဖြစ်သည်။ စရိုက်နှင့်ကိုက်ညီသော ဝိပဿနာကို ချင့်ချိန်ရွေးချယ်နိုင်ရန်မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ဉာဏ်ထိုင်းပြီး လောဘများလျှင် ကာယာနုပဿနာ သတိပဋ္ဌာန်။
(၂) ဉာဏ်ထိုင်းပြီး ဒိဋ္ဌိများလျှင် သို့မဟုတ် ဉာဏ်ထက်ပြီး ဒိဋ္ဌိများလျှင် စိတ္တာနုပဿနာသတိပဋ္ဌာန်။
(၃) ဉာဏ်ထက်ပြီး လောဘများလျှင် ဝေဒနာနုပဿနာသတိပဋ္ဌာန်။
(၄) ဉာဏ်ထက်ပြီး လောဘနည်းလျှင် သို့မဟုတ် ဉာဏ်ထက်ပြီး ဒိဋ္ဌိပါးလျှင် ဓမ္မာနုပဿနာသတိပဋ္ဌာန်ရှုပွားရန်။

မိုးကုတ်ဆရာတော်ကြီးက 'ဘုန်းကြီးတို့ကတော့ သတိပဋ္ဌာန်အစုံ ဟောမှာပဲ၊ ယောဂီတို့ကသာ မိမိတို့နှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကိုယူရန်ဖြစ်သည်'ဟု ဟောကြားခဲ့သည်။ ရာဂစရိုက်ရှိသူသည် အချိုကြိုက်တတ်၍ သပ်ယပ်စွာနေတတ်၏။ ဒေါသစရိုက်ရှိသူသည် အချဉ်ကြိုက်တတ်၍ သပ်ရပ်စွာမနေတတ်။ မသွားမီက ရောက်လိုသည့်သဘောရှိသည်။ ပညာနှင့်နီး၏။ မောဟစရိုက်ရှိသူသည် အဖန်အခါးကြိုက်နှစ်သက်တတ်၍ ပညာနံ့၏။ ဝိတက်စရိုက်ရှိသူသည် အတွေးအကြံများ၍ အာနာပါနကမ္မဋ္ဌာန်းအစ ရှုပွားသင့်၏။ သဒ္ဓါစရိုက်ရှိသူသည် ပညာနံ့၍ ကာယာနုပဿနာနှင့် သင့်လျော်၏။ လုပ်ငန်းစဉ်မှာ ဝိပဿနာရှုမှုအလုပ်ကို ဒုတိယထား၍ အသိဖြင့် ဒိဋ္ဌိခွါမှုလုပ်ငန်းကို ပထမထားရန်ဖြစ်၏။ ဝိပဿနာရှုပွားရာ၌ အောက်ပါအချက်များနှင့် ညီညွတ်မှုရှိရန် အထူးအရေးကြီးပါသည်။

(၁) ပညတ္တိံ ဌပေတွာ = ပညတ်အားလုံး စင်ကြယ်ပါစေ။
(၂) နိဗ္ဗတ္တိတပရမတ္တဝသေန = ပရမတ်သက်သက်ကိုသာ ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



(၃) ဝိသေသေန ပဿတီတိ = အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ့အောင် (ဖြစ်ပျက်တွေ့အောင်) ရှုပါ။

(၄) ဝိပဿနာ = သို့မှသာ ဝိပဿနာ အစစ်အမှန်ဖြစ်သည်ဟု ဆိုပါသည်။ ပညတ်ကိုအာရုံပြုနေလျှင် ကိလေသာစိတ်၊ ပရမတ်ကိုအာရုံပြုနေလျှင် ဝိပဿနာစိတ်၊ နိဗ္ဗာန်ကို အာရုံပြုနေလျှင် မဂ်စိတ်ဖိုလ်စိတ် ဖြစ်ပါမည်။

သတ္တဝါများသည် မအိုချင်ဘဲ အိုရ၊ မနာချင်ဘဲ နာရ၊ မသေချင်ဘဲ သေရသည်။ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းလက်သည်ကိုရှာလျှင် ဇာတိရှိ၍ဖြစ်ရသည်။ ထို ဇာတိပဋိသန္ဓေကိုယ်တိုင်ပင်လျှင် ဒုက္ခတရားဖြစ်၏။ ထို့ကြောင့် အဖန်ဖန် ပဋိသန္ဓေနေရမှု၊ အဖန်ဖန် အိုရမှု၊ အဖန်ဖန် နာရမှု၊ အဖန်ဖန် သေရမှု၊ မချစ်မနှစ်သက်သူတို့နှင့် ပေါင်းသင်းနေထိုင်ရမှု၊ ချစ်ခင်နှစ်သက်သူတို့နှင့် ကွေကွင်းရမှု၊ လိုချင်သည်ကို တောင့်တတိုင်း မရမှုတို့သည် ဆင်းရဲ၏။

အကျဉ်းချုပ်အားဖြင့် ဥပါဒါန်တရားတို့၏ စွဲလမ်းရာဖြစ်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲအမှန်ဖြစ်ကြောင်း ဓမ္မစကြာတရားတော်၌ ဟောကြားထား၏။ ဂေါတမဗုဒ္ဓဘုရားရှင်သည် သတ္တဝါအပေါင်းအား ဘေးဒုက္ခအပေါင်းတို့၏ ကင်းငြိမ်းရာအမှန် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်စေရန်အလို့ငှာ (ဝါ) သန္တိသုခနိဗ္ဗာန် အငြိမ်းဓာတ်ကြီးကို ခံစားစံစားနိုင်စေရန်အတွက် တစ်ရက်လျှင် တစ်နာရီခွဲမျှသော ညဉ့်အချိန်ကိုသာ ကျိန်းစက်တော်မူလျက် မေတ္တာတော်၊ စေတနာတော်၊ ကရုဏာတော်အနန္တဖြင့် (၄၅-ဝါ)ပတ်လုံး ဒေသအနှံ့လှည့်လည်၍ တရားဓမ္မ ဟောကြားတော်မူခဲ့သည်။

ကျွန်ုပ်တို့သည် သာသနာတော်အတွင်း၌ ကြုံကြိုက်နေပါလျက် လောကီအာရုံ ကာမဂုဏ်ငါးပါးတို့ဖြင့် မေ့မေ့လျော့လျော့နေမိလျှင်လည်းကောင်း၊ ဒါန သီလကိုသာ အားကိုးစရာဟုထင်မှတ်ပြီး ၎င်းတို့မျှဖြင့် ရောင့်ရဲတင်းတိမ်နေလျှင်လည်းကောင်း၊ အခွင့်ရေးကြီးတစ်ရပ် အဆုံးရှုံးကြီး ဆုံးရှုံးရမည်။ ဘုရားရှင်၏ မဟာကရုဏာတော်၊ မေတ္တာတော်တို့ကိုလည်း မျက်ကွယ်ပြုရာကျပါမည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်များပီပီ မြတ်ဗုဒ္ဓ၏အလိုတော်အတိုင်း သန္တိသုခ မဟာနိဗ္ဗာန် ဓာတ်ကြီးကို ခံစားစံစားနိုင်ရေး အတွက် အချိန်မီ ကျင့်ကြံအားထုတ်ကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း ရေးသားလိုက် ရပေတော့သည်။

**(ဦးကျော်စိန်၏ ဆောင်းပါး ဤတွင်ပြီး၏)**

## အရှုခံ သင်္ခါရ၊ ရှုဉာဏ် သင်္ခါရ

ဓာတ်တော်ကျသော၊ တံတားဦးမြို့၊ သရက်တော တောရဆရာတော် ဦးကုသလ ဟောကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



'အနိစ္စာဝတ သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံဝူပ သမောသုခေါ။'

ဝတကေန္တြေန စင်စစ်အားဖြင့်၊

သင်္ခါရာ ကံစိတ်ဥတု၊ လေးဖြာကြောင့်စု၊ တွဲဖက်ကာ ပေါင်းဆုံမှုတွေကြောင့် ဖြစ်ပေါ်လာကြ သင်္ခါရတရားတို့သည်၊

သင်္ခါရာ မနောက စိတ္တသင်္ခါရ၊ အပြောက ဝစီ၊ ကိုယ်ထည်က ကာယ၊ သုံးပါးသော သင်္ခါရတရားတို့သည်။

အနိစ္စာ အမြဲမရှိကုန်၊

အနိစ္စာ မရှုမီ မြင်အောင်ကြည့်၊ လဟာအတိ-ဘာမျှမရှိကုန်။

အမြဲမရှိဘူးဆိုတာ ဖြစ်ပြီးပျက်သွားလို့။ အမြဲမရှိတာကိုပင်လျှင် သိနေရမှာမဟုတ်ဘူး။ နဂိုမူလ ပကတိအစကိုက အမြဲမရှိတာကို သိထားရမည်။ ဒါန သီလစသည့် ကုသိုလ်သင်္ခါရ၊ လောဘ ဒေါသ မောဟစတဲ့ အကုသိုလ်သင်္ခါရတရားတွေ၊ အဲဒီတရားတွေ နဂိုမူလကကို အမြဲမရှိဘူး။ နဂိုမူလ အမြဲမရှိတာကိုမသိလို့ မှားနေကြတာ၊ အမြဲမရှိဘူးဆိုတာတဲ့ လုံးဝမရှိဘူးလို့ မယူရဘူး၊အကြောင်းတိုက်ဆိုင်တဲ့အခါ ဖြစ်မှာပေါ့။ ဖြစ်လာပြန်လည်း၊ဥပ္ပါဒဝယဓမ္မိနော ဖြစ်ပေါ်သမျှ အမှန်ပျောက်ပျက်ရမည် ကေန်၊ လောကဓံ၊ မုချဓမ္မ သဘာဝတွေသာ ဖြစ်ကြရကုန်၏။

ဥပ္ပါဒါဝယ ဓမ္မိနော-မနေနိုင်လျှင်ပြုကြပေတော့၊ ပြုသမျှတော့ ဖြစ်မှာပါပဲ၊
ဖြစ်ပြီးတော့လည်း ပျက်မြဲသဘောရှိကုန်၏။ အကြောင်းတိုက်ဆိုင်တော့လည်း ဖြစ်မှာပဲ၊ ဖြစ်ပြီးတော့လည်း ပျက်တတ်တဲ့ လောကဓံတရားတွေပါ၊ မနေနိုင်လို့ ဆက်အားထုတ်၊ အားထုတ်သမျှတော့ ဖြစ်မှာပဲ၊ ဖြစ်ပြီးတော့လည်း ပျက်မှာပဲ၊ မည်သူမျှမပိုင်ပါဘူး၊ မပျက်ပါနဲ့လို့ မည်သူမျှ အမိန့်အာဏာမပေးနိုင်ဘူး။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ အခွင့်အခါ ကြုံကြိုက်ရာဆုံပြီး၊ သူဖြစ်ချင်သလို ဖြစ်ကြကုန်ပြီး၍ မည်သူမည်ဝါ၊ စီမံကာ မပြုလုပ်ရပဲ၊ ဥပမာ ရေမြှုပ်လားကဲ့သို့ သူ့ဘာသာသူ ချုပ်ပျောက်ကြကုန်၏။

ဖြစ်ပေါ်လာတဲ့ သင်္ခါရသဘောတရားလေးဟာ ငါလား၊ သူလား၊ ယောကျ်ားလား၊ မိန်းမလားလို့ အစုံစမ်း အမေးမြန်းမခံဘူး၊ ဖြစ်ပြီးမပျက်ပါနဲ့လို့ မည်သူမျှ အမိန့်အာဏာပေးလို့မရ။ ရေမြှုပ်ကလေးများလို ဘွားကနဲ ဖြစ်၊ လုစ်ကနဲ ချုပ်ပျောက်သွားတဲ့ သဘောတရားပဲ၊ အရှုခံသင်္ခါရတရားကိုတော့ ဖြစ်ပြီးပျက်သွားတာမြင်ပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ရှုတဲ့သင်္ခါရတရားကိုတော့ မမြင်ပဲ၊ ငါ ဝိပဿနာရှုတယ်လို့မြင်ရင် တဏှာ၊ မာန၊ ဒိဋ္ဌိ မကွာနိုင်ဘူး။

အရှုခံတရားကလည်း သင်္ခါရ၊ ရှုတဲ့တရားကလည်း သင်္ခါရပဲ၊ ဘယ်သင်္ခါရ တရားမှ 'ငါ'မဟုတ်ဘူး၊ ရုပ်နာမ် သင်္ခါရတရားတစ်ခုက ရုပ်နာမ်သင်္ခါရတရားကို ရှုတယ်လို့မြင်မှ တဏှာ၊ မာန၊ ဒိဋ္ဌိကွာမယ်၊ အရှုခံတရားကလည်း ဖြစ်-ပျက်၊ ရှုတဲ့ တရားကလည်း ဖြစ်-ပျက်။ ဒီလို ဖြစ်-ပျက် လိုက်နေရင်လည်း ဆုံးတော့မှာမဟုတ်ဘူး၊ မီးရထားကြီးလို ဂျုံးဂျုံး-ဂျုံးဂျုံးနဲ့ ဆက်ခုတ်နေရင် ကြာတော့ ဘူတာနဲ့ဝေးလေဖြစ် မှာပဲ၊ 'ဖြစ်-ပျက်လိုက်နေရင် နိဗ္ဗာန်ကြီးက နောက်ကျန်နေရစ်လိမ့်မယ်။'

အဲဒီတော့ သင်္ခါရတရားတစ်ခုဟာ နဂိုမူလက အမြဲမရှိ၊ ဖြစ်ပြီးတော့လည်း ပျက်လို့ အမြဲမရှိ၊ အဲဒါကို ပိုင်အောင်ရှုရမယ်။ အပိုင်သိလို့ ယုံကြည်မှုရတဲ့အခါ ချော်- အရှုခံတရားရော၊ ရှုတဲ့တရားရော ဖြစ်ပြီး ပျက်သွားကြတယ်။ အဲဒါ နိဗ္ဗာန်ပဲ။ နိဗ္ဗာန်ဆိုတာ မြို့ကြီးပြကြီးလိုမဟုတ်ဘူး ဘုံဗိမာန်ကြီးနှင့်လည်း မဟုတ်ဘူး၊ နိဗ္ဗာန်ရ တယ် ရောက်တယ်ဆိုတာ ဘယ်လူ၊ ဘယ်ပြဟ္မာ၊ ဘယ်နတ်မျှ အထည်ဒြပ်နဲ့ ရောက် ခြင်းလည်း မရှိဘူး၊ နိဗ္ဗာန်ရတယ် ရောက်တယ်ဆိုတာ အာရုံ, အာရမ္မဏိက အားဖြင့် ရောက်ရခြင်းဖြစ်ပါတယ်။

## နိဗ္ဗာန်နှင့်ပတ်သက်သော အမေးအဖြေများ

မိလိန္ဒမင်း။ 'အရှင်နာဂသေန၊ နိဗ္ဗာန်သည် စင်စစ်ချမ်းသာအတိ ဖြစ်ပါသ လော၊ သို့မဟုတ် ဆင်းရဲနှင့် ရောပြွမ်းပါသေးသလော'

အရှင်နာဂသေန။ 'မင်းကြီး-နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိဖြစ်၍ ဆင်းရဲနှင့် မရောပြွမ်းပေ'

မိလိန္ဒမင်း။ 'အရှင်နာဂသေန၊ ဤစကားကို ကျွန်ုပ် လက်မခံနိုင်ပါ၊ အကြောင်း ကား နိဗ္ဗာန်ကို ရှာမှီးသူတို့သည်၊ ကိုယ် နှုတ် နှလုံးကို စောင့်ရှောက် ထိန်းသိမ်းရ၏၊ အာယတနကို ဖိနှိပ်ရ၏၊ ဥစ္စာ, စီးပွား, ချစ်ခင်သူ, ဆွေမျိုးဉာတိတို့ကို စွန့်ပစ်ရ၏၊ လောက၌ ချမ်းသာသူတို့သည် ကာမဂုဏ်ငါးပါးတို့ဖြင့် အာယတနတို့ကို မွေ့လျော်စေကုန်၏၊ တိုးပွားစေကုန်၏၊ စိတ်ကို မွေ့လျော်စေပါကုန်၏၊ သင်တို့သည် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်တို့ တိုးပွားခြင်းကို ဖျက်ဆီး ဖြတ်တောက်ကြကုန်၏၊ ပိတ်ပင်၍ ကိုယ်စိတ်ပူလောင် သဖြင့် ဒုက္ခဝေဒနာခံစားရ၏၊ မဂဏ္ဍိယမည်သော ပရိဗိုဇ်သည် မြတ်စွာဘုရားကို 'သင်သည် ကြီးပွားမှုကို ဖျက်ဆီးတတ်၏' ဟု ကဲ့ရဲ့သည်မဟုတ်လော၊ ဤအရာ၌ နိဗ္ဗာန်သည် ဒုက္ခနှင့် ရော ပြွမ်း၏'

www.burmeseclassic.com

www.burmeseclassic.com



အရှင်နာဂသေန။ 'မင်းကြီး၊ နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိ ဖြစ်ပေ၏၊ သင်-ဆင်းရဲဟုဆိုသောအရာသည် နိဗ္ဗာန်မဟုတ်ပေ၊ စင်စစ် ဆင်းရဲသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၏ ရှေ့အဖို့ပေတည်း၊ ဤဆင်းရဲသည် နိဗ္ဗာန်ကို ရှာမှီးသော ဒုက္ခတည်း၊ မင်းကြီး သင့်အား မင်းစည်းစိမ်ချမ်းသာ ရှိသလော'

မိလိန္ဒမင်း။ 'အရှင်-ရှိပါသည်'

အရှင်နာဂသေန။ 'ထို စည်းစိမ်ချမ်းသာသည် ဆင်းရဲနှင့် ရောပြွမ်းသလော'

မိလိန္ဒမင်း။ 'အရှင်-မရောပြွမ်းပါ'

အရှင်နာဂသေန။ 'မင်းကြီး၊ တိုင်းစွန်ပြည်ဖျား သူပုန်များ လှုပ်ရှား ထကြွခဲ့သော် ထိုမင်းသည် အမတ်ဗိုလ်ပါတို့ခြံရံလျက်တိုင်းစွန်ပြည်ဖျားသို့သွား၍ ခြင်၊ မှတ်၊ လေ၊ နေပူတို့ နှိပ်စက်ခံရကုန်လျက် အဘယ့်ကြောင့် သွားကြကုန်သနည်း၊ အဘယ်ကြောင့် ကြီးကျယ်သော စစ်တိုက်ခြင်းပြုကုန်သနည်း၊ အဘယ်ကြောင့် အသက်၏ ယုံမှားခြင်းကို ရောက်ရကုန်သနည်း'

မိလိန္ဒမင်း။ 'အရှင်ဘုရား၊ ဤသို့ပြုလုပ်ရခြင်းသည် မင်းချမ်းသာမဟုတ်ပါ၊ မင်းချမ်းသာကို ရှာမှီးခြင်း၏၊ ရှေ့အဖို့သာဖြစ်ပါသည်၊ မင်းတို့သည် ဒုက္ခဖြင့် မင်းအဖြစ်ကို ရှာမှီး၍ မင်းချမ်းသာကို ခံစားရပါသည်'

အရှင်နာဂသေန။ 'မင်းကြီး ဤအတူသာလျှင် ထိုနိဗ္ဗာန်ကို ရှာမှီးသူတို့သည် ဒုက္ခဖြင့် နိဗ္ဗာန်ကိုရှာမှီး၍ စင်စစ် ချမ်းသာသောနိဗ္ဗာန်ကို ခံစားရကုန်၏၊ ထို့အပြင် မင်းကြီး အတတ်ပညာရှင် ဆရာတို့အား အတတ်ပညာ ချမ်းသာရှိသည် မဟုတ်ပါလော'

မိလိန္ဒမင်း။ 'အရှင်ဘုရား- ရှိပါ၏'

အရှင်နာဂသေန။ 'ထိုစည်းစိမ်ချမ်းသာသည် ဆင်းရဲနှင့် ရောပြွမ်းသလော'

မိလိန္ဒမင်း။ 'အရှင်ဘုရား မရောပြွမ်းပါ'

အရှင်နာဂသေန။ 'မင်းကြီး၊ ထိုဆရာသည် သူ၏ဆရာကြီးအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ ရေခပ်ခြင်း၊ တံမြက်လှဲခြင်း၊ ခြေလက်ဆုပ်နယ်ခြင်းဖြင့်လည်းကောင်း၊ မိမိစိတ်ကို ချ၍ သူတစ်ပါးစိတ်အလိုသို့လိုက်ရသဖြင့် ဆင်းရဲစွာအိပ်ရခြင်းမညီညွတ်သောအစာကိုစားရခြင်းဖြင့် ကိုယ်ကိုအဘယ့်ကြောင့် ပူပန်စေရကုန်သနည်း'

မိလိန္ဒမင်း။ 'အရှင်ဘုရား- ဤသို့ပြုလုပ်ရခြင်းသည် အတတ်ပညာ ချမ်းသာမဟုတ်ပါ၊ အတတ်ပညာ ချမ်းသာကိုရှာမှီးခြင်း၏ ရှေ့အဖို့သာဖြစ်ပါသည်၊ ဆရာတို့သည် ဒုက္ခဖြင့် အတတ်ပညာကို ရှာမှီး၍

www.burmeseclassic.com

www.burmeseclassic.com



အတတ်ပညာချမ်းသာကို ခံစားရပါကုန်၏'

အရှင်နာဂသေန။ 'မင်းကြီး၊ ဤအတူသာလျှင် နိဗ္ဗာန်ကိုရှာမှီးသူတို့သည် ကိုယ်စိတ်ကို ပူလောင်စေ၍ အာယတနတို့ကို ဖိနှိပ်ပြီးလျှင် ကိုယ့်အသက်စွန့်လျက် ဒုက္ခဖြင့် နိဗ္ဗာန်ကိုရှာမှီး၍ စင်စစ်ချမ်းသာအတိပြီးသော နိဗ္ဗာန်ကို ခံစားကုန်၏၊ မင်းကြီး ဤသို့လျှင် နိဗ္ဗာန်သည် စင်စစ်ချမ်းသာအတိဖြစ်၏၊ ဆင်းရဲနှင့်မရောပြွမ်း၊ ဆင်းရဲသည် တခြား၊ နိဗ္ဗာန်သည် တခြားတည်း'

ထို့ပြင် မိလိန္ဒမင်းသည် နိဗ္ဗာန်၏ အဆင်း အသွင်သဏ္ဍာန်နှင့် ပတ်သက်၍လည်း အရှင်နာဂသေနအား ထပ်မံမေးပြန်၏။

မိလိန္ဒမင်း။ 'အရှင်ဘုရား၊ နိဗ္ဗာန်-နိဗ္ဗာန်ဟုဆို၏၊ ထိုနိဗ္ဗာန်၏ အဆင်းသဏ္ဍာန် အရွယ်အတိုင်းအရှည် ဥပမာအားဖြင့်ဖြစ်စေ၊အကြောင်းအားဖြင့်ဖြစ်စေ၊ အသင့်ယုတ္တိအားဖြင့်ဖြစ်စေ၊ နည်းအားဖြင့်ဖြစ်စေ - ဆောင်၍ပြနိုင်ပါမည်လော'

အရှင်နာဂသေန။ 'မင်းကြီး- နိဗ္ဗာန်သည် အတူမရှိ၊ သူ၏အဆင်းစသည်ကို ဥပမာစသည်ဖြင့် ဆောင်ပြရန် မတတ်နိုင်ပါ'

မိလိန္ဒမင်း။ 'အရှင်ဘုရား၊ အရှိသဘောဖြစ်သော နိဗ္ဗာန်၏ အဆင်းစသည်ကို ဥပမာစသည်ဖြင့် ထင်ရှားမပြနိုင်သောစကားကို ကျွန်ုပ် လက်မခံနိုင်ပါ၊ အကြောင်းအားဖြင့် ကျွန်ုပ်ကို သိမှတ်စေပါလော'

အရှင်နာဂသေန။ 'မင်းကြီး၊ မဟာသမုဒ္ဒရာရှိသည် မဟုတ်လော'

မိလိန္ဒမင်း။ 'အရှင်ဘုရား၊ ရှိပါ၏'

အရှင်နာဂသေန။ 'မင်းကြီး၊ အကယ်၍ တစ်စုံတစ်ယောက်က သင့်အား မင်းကြီး မဟာသမုဒ္ဒရာရေသည် အဘယ်မျှလောက်ရှိသနည်း၊ ထိုသမုဒ္ဒရာတွင်နေသောသတ္တဝါတို့ အဘယ်မျှလောက်ရှိသနည်းဟုမေးလျှင် သင်-ဘယ်သို့ဖြေဆိုမည်နည်း'

မိလိန္ဒမင်း။ 'အရှင်ဘုရား အကယ်၍ တစ်စုံတစ်ယောက်က ဤသို့မေးပါလျှင် အို-ယောကျ်ား၊ သင်သည် မမေးထိုက်သည်ကိုမေး၏၊ ဤမေးခွန်းကို မမေးထိုက်၊ ဤအမေးကို မဖြေဘဲထားထိုက်၏၊ လောကကို တွေးခေါ်သူတို့သည် မဟာသမုဒ္ဒရာကို မဝေဖန်ထိုက်၊ မဟာသမုဒ္ဒရာ၌ ရေကိုခြင်တွယ်ရန် မတတ်နိုင်၊ ထိုတွင်နေသော သတ္တဝါတို့ကိုလည်း မရေတွက်နိုင်ဟုဖြေဆိုပါမည်'

အရှင်နာဂသေန။ 'မင်းကြီး၊ သင်သည် အရှိသဘောဖြစ်သော မဟာသမုဒ္ဒရာ၌ အဘယ့်ကြောင့် ဤသို့ပြန်ကြားသနည်း၊ ခြင်တွယ်ရေတွက်၍ ပြောကြားအပ်သည် မဟုတ်လော'

www.burmeseclassic.com

www.burmeseclassic.com



မိလိန္ဒမင်း။ 'အရှင်ဘုရား မတတ်နိုင်ပါ၊ မေးထိုက်သော ပြဿနာမဟုတ်ပါ'

အရှင်နာဂသေန။ 'မင်းကြီး ဤအတူသာလျှင် အရှိသဘောဖြစ်သော နိဗ္ဗာန်၏ အဆင်း အစရှိသည်ကို ဥပမာစသည်အားဖြင့်ဆောင်ရန် မတတ်နိုင်ပါ၊ မင်းကြီး စိတ်ကိုလေ့လာပြီးသော တန်ခိုးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မဟာသမုဒ္ဒရာ၌ရေကို ခြင်တွယ်မည်ဆိုသော် ရေတွက်နိုင်ရာသေး၏၊ ထို၌နေသောရေသတ္တဝါတို့ကို ရေတွက်မည်ဆိုသော် ရေတွက်နိုင်ရာသေး၏၊ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်၏အဆင်းစသည်ကို ဥပမာစသည်အားဖြင့် ဆောင်ပြရန် မတတ်နိုင်၊ ထို့ပြင် မင်းကြီး အရူပဘုံ၌ ဗြဟ္မာတို့သည် ရှိသည်မဟုတ်လော'

မိလိန္ဒမင်း။ 'အရှင်ဘုရား၊ ရှိ၏ဟု ကြားဖူးပါသည်'

အရှင်နာဂသေန။ 'မင်းကြီး၊ ထိုဗြဟ္မာတို့၏ အဆင်းစသည်ကို ဥပမာစသည်အားဖြင့် ဆောင်နိုင်ပါမည်လော'

မိလိန္ဒမင်း။ 'အရှင်ဘုရား၊ မဆောင်နိုင်ပါ'

အရှင်နာဂသေန။ 'မင်းကြီး၊ သို့ဖြစ်လျှင် အရူပဘုံ၌ ဗြဟ္မာတို့ မရှိကုန်သလော'

မိလိန္ဒမင်း။ 'အရှင်ဘုရား၊ သို့ရာတွင် ရှိပါကုန်၏'

အရှင်နာဂသေန။ 'မင်းကြီး၊ ဤအတူသာလျှင် အရှိသဘောဖြစ်သော နိဗ္ဗာန်ကို မဆောင်နိုင်ပါ'

မိလိန္ဒမင်း။ 'အရှင်ဘုရား နိဗ္ဗာန်သည် စင်စစ်ချမ်းသာသည် ဖြစ်ပါစေတော့၊ သူ၏ အဆင်းစသည်ကို ဆောင်၍မပြနိုင်သည်ဖြစ်ပါစေတော့၊ အခြားသူတို့ သက်ဝင်နိုင်သော ဥပမာထုတ်ဆောင်ခြင်းမျှ ဖြစ်သော နိဗ္ဗာန်၏ကျေးဇူးတစ်ခုခု ရှိပါသလော'

အရှင်နာဂသေန။ 'မင်းကြီး သရုပ်သကောင်အားဖြင့်မရှိ၊ ဂုဏ်ကျေးဇူးအားဖြင့်မူကား စိုးစဉ်းမျှ ဥပမာညွှန်ပြခြင်းကိုမူ တတ်နိုင်ပါ၏'

မိလိန္ဒမင်း။ 'အရှင်ဘုရား ကျွန်ုပ်၏နှလုံးပူပန်ခြင်းကို ငြိမ်းစေတော်မူပါလော'

အရှင်နာဂသေန။ 'မင်းကြီး၊ ပဒုမ္မာကြာသည် ရေဖြင့်မလိမ်းကျံသကဲ့သို့ နိဗ္ဗာန်သည် ကိလေသာတို့ဖြင့် မလိမ်းကျံ၊ မင်းကြီး၊ ရေသည် အေးမြ၍ အပူကို ငြိမ်းစေသကဲ့သို့ နိဗ္ဗာန်သည် အေးမြ၍ ကိလေသာအပူကို ငြိမ်းစေတတ်၏၊ ထို့ပြင် ရေသည် မွတ်သိပ်ခြင်းကို ပယ်ဖျောက်နိုင်သကဲ့သို့ နိဗ္ဗာန်သည် တဏှာမွတ်သိပ်ခြင်းကို ပယ်စေ၏။

မင်းကြီး၊ ဆေးသည် အဆိပ်သင့်သူတို့၏ ကိုးကွယ်ရာဖြစ်သကဲ့သို့ နိဗ္ဗာန်သည် ကိလေသာ အဆိပ်သင့်သူတို့၏ ကိုးကွယ်ရာဖြစ်၏၊ ဆေးသည် အနာရောဂါတို့၏ အဆုံးကို ပြုသကဲ့သို့ နိဗ္ဗာန်သည် ဝဋ်ဆင်းရဲတို့၏ အဆုံးကိုပြု၏၊ ဆေးသည် အသက်ကို မသေစေနိုင်သကဲ့သို့ နိဗ္ဗာန်သည် မသေစေနိုင်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး၊ မဟာသမုဒ္ဒရာသည် အလုံးစုံသော အကောင်အပုပ်တို့မှ ဆိတ်သုဉ်းသကဲ့သို့ နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာပုပ်တို့မှ ဆိတ်သုဉ်း၏၊ မဟာသမုဒ္ဒရာသည် ကြီးကျယ်၏၊ ထိုမှာဘက်ကမ်း မရှိ၊ အလုံးစုံသော မြစ်ရေတို့ဖြင့် မပြည့်နိုင်သကဲ့သို့ နိဗ္ဗာန်သည် ကြီးကျယ်၏၊ ဟိုမှာဘက်ကမ်း မရှိ၊ အလုံးစုံသော သတ္တဝါတို့ဖြင့် မပြည့်နိုင်။

မဟာသမုဒ္ဒရာသည် သတ္တဝါကြီးတို့၏နေရာဖြစ်သကဲ့သို့ နိဗ္ဗာန်သည် ကြီးမြတ်သော ရဟန္တာတို့၏နေရာဖြစ်၏၊ မဟာသမုဒ္ဒရာသည် နှိုင်းယှဉ်အပ်သော အထူးထူးအပြားပြား ပြန့်ပြောသော လှိုင်းတံပိုးတို့ဖြင့် ပွင့်သကဲ့သို့ နိဗ္ဗာန်သည် မနှိုင်းယှဉ်အပ်သော အထူးထူးအပြားပြား ပြန့်ပြောသော ဝိဇ္ဇာ, ဝိမုတ္တိပန်းတို့ဖြင့် ပွင့်၏။

မင်းကြီး၊ ဘောဇဉ်သည် သတ္တဝါတို့အား အသက်ကို ဆောင်သကဲ့သို့ နိဗ္ဗာန်သည် မျက်မှောက်ပြုသူတို့အား အသက်ကို ဆောင်၏၊ ဘောဇဉ်သည် အားကို တိုးပွားစေသကဲ့သို့ နိဗ္ဗာန်သည် တန်ခိုးအားကို တိုးပွားစေ၏၊ ဘောဇဉ်သည် အဆင်းကို ဖြစ်စေသကဲ့သို့လည်းကောင်း၊ ပူပန်ခြင်းကို ငြိမ်းစေသကဲ့သို့လည်းကောင်း၊ ဆာလောင်အားနည်းခြင်းကို ပယ်ဖျောက်သကဲ့သို့လည်းကောင်း၊ နိဗ္ဗာန်သည် ဂုဏ်သတင်းအဆင်းကို ဆောင်၏၊ ကိလေသာပူပန်ခြင်းကို ငြိမ်းစေ၏၊ ဆာလောင်အားနည်းခြင်းကို ဖျောက်နိုင်၏။

မင်းကြီး၊ ကောင်းကင်သည် ပဋိသန္ဓေမနေ၊ မအို၊ မသေ၊ မဖြစ်ပေါ်၊ ညှဉ်းဆဲပုတ်ခတ်ရန် ခဲယဉ်း၏၊ ခိုးသူ မဆောင်နိုင်၊ တစ်စုံတစ်ရာ အမှီမရှိ၊ ငှက်အပေါင်းတို့ ပျံတက်သွားရောက်ရာဖြစ်၏၊ အပိတ်အပင်မရှိ၊ အဆုံးမရှိသကဲ့သို့ နိဗ္ဗာန်သည် ပဋိသန္ဓေမနေ၊ မအို၊ မသေ၊ မဖြစ်ပေါ်၊ သူတစ်ပါးတို့ မညှဉ်းဆဲနိုင်၊ ခိုးသူတို့ မဆောင်နိုင်၊ တစ်စုံတစ်ရာ အမှီမရှိ၊ အရိယာပုဂ္ဂိုလ်တို့ သွားရာဖြစ်၏၊ အပိတ်အပင်မရှိ၊ အဆုံးမရှိ။

မင်းကြီး၊ ပတ္တမြားရတနာသည် အလိုရှိရာ ပေးနိုင်၏၊ ကြည်လင်ရွှင်လန်းခြင်းကို ပြုနိုင်၏၊ ထွန်းလင်းတောက်ပခြင်းကို ပြုတတ်၏၊ ထို့အတူ နိဗ္ဗာန်သည် အလိုရှိရာကို ပေးနိုင်၏၊ ကြည်လင်ရွှင်လန်းခြင်းကို ပြုတတ်၏၊ ထွန်းလင်းတောက်ပခြင်းကို ပြုအပ်၏။

မင်းကြီး၊ စန္ဒကူးနီသည် ရနိုင်ခဲ၏၊ အတူမရှိ ကောင်းသောအနံ့ရှိ၏၊ ချီးမွမ်းအပ်၏၊ ထို့အတူ နိဗ္ဗာန်သည် ရနိုင်ခဲ၏၊ အတူမရှိ ကောင်းသောအနံ့ရှိ၏၊ ချီးမွမ်းအပ်၏။

မင်းကြီး၊ ထောပတ်ကြည်သည် အဆင်းနှင့်ပြည့်စုံ၏၊ အနံ့နှင့် ပြည့်စုံ၏၊ အရသာနှင့် ပြည့်စုံ၏၊ ထို့အတူ နိဗ္ဗာန်သည် ဂုဏ်အဆင်း၊ သီလအနံ့၊ ဝိမုတ္တိအရသာနှင့် ပြည့်စုံ၏။

မင်းကြီး၊ တောင်ထွတ်သည် အလွန်မြင့်၏၊ မတုန်လှုပ်တတ်၊ ရောက်နိုင်ခဲ၏၊ မျိုးစေ့၏ ပေါက်ရောက်ကြီးပွားရာမဟုတ်၊ ချစ်ခြင်းမုန်းခြင်း လွတ်ကင်း၏၊ ထို့အတူ နိဗ္ဗာန်သည် အလွန်မြင့်မြတ်၏၊ မတုန်လှုပ်၊ တက်ရောက်နိုင်ခဲ၏၊ ကိလေသာ

www.burmeseclassic.com

www.burmeseclassic.com



တို့ ပေါက်ရောက်ကြီးပွားရာမဟုတ်၊ ချစ်ခြင်းမုန်းခြင်း လွတ်ကင်း၏။

ထို့နောက် မိလိန္ဒမင်းကြီးသည် အရှင်နာဂသေနအား နိဗ္ဗာန်သို့ မျက်မှောက်ပြုပုံအကြောင်းကို ဆက်လက်မေးလျှောက်မေး၏။

'အရှင်ဘုရား၊ နိဗ္ဗာန်သည် အတိတ်လည်းမဟုတ်၊ အနာဂတ်လည်းမဟုတ်၊ ပစ္စုပ္ပန်လည်း မဟုတ်၊ ခဏတ္တယသို့ရောက်ဆဲ ဥပ္ပန္နတရားလည်းမဟုတ်၊ ထိုသို့ရောက်ပြီး ရောက်ဆဲမဟုတ်သော အနုပ္ပန္နတရားလည်းမဟုတ်၊ မချွတ်ဖြစ်လတ္တံ့လည်း မဟုတ်ဟု အရှင်တို့ ဆိုကြ၏၊ ဤသာသနာ၌ တစ်စုံတစ်ယောက်သည် ကောင်းစွာကျင့်ပါက နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုသူသည် ဖြစ်ဆဲနိဗ္ဗာန်ကို မျက်မှောက်ပြုသလော၊ သို့မဟုတ် ဖြစ်ပြီးနိဗ္ဗာန်ကို မျက်မှောက်ပြုသလော'

'မင်းကြီး၊ ထိုသူသည် ဖြစ်ဆဲနိဗ္ဗာန်ကိုလည်း မျက်မှောက်မပြု၊ ဖြစ်ပြီးနိဗ္ဗာန်ကိုလည်း မျက်မှောက်မပြု၊ စင်စစ်သော်ကား ထိုသူမျက်မှောက်ပြုသော နိဗ္ဗာနဓာတ်သည် ရှိ၏။'

'အရှင်ဘုရား၊ ဤပြဿနာကို ဖုံးကွယ်လျှို့ဝှက်၍ မပြပါလင့်၊ ဆန္ဒရှိသည့်အတိုင်း ကြိုးစား၍ ပွင့်လင်းထင်ရှားစွာ ဖြေဆိုပါလော့၊ အရှင်ဘုရား သင်ကြားထားသော နည်းနာအားလုံးကို ဤပြဿနာ၌သာ ပေါင်းထည့်လိုက်ပါ၊ ဤ၌ လူအပေါင်းတွေဝေနေကြပါသည်၊ ယုံမှားနေကြပါသည်၊ သံသယကို ပြေးဝင်နေကြပါ၏၊ ဤအတွင်း၌ အဖြစ်တည်းဟူသော ဆူးငြောင့်ကို နှုတ်ပယ်ပါလော့'

'မင်းကြီး၊ ငြိမ်းအေးသော၊ ချမ်းသာစစ်ဖြစ်သော၊ မွန်မြတ်တောင့်တအပ်သော ဤနိဗ္ဗာနဓာတ်သည် ရှိ၏၊ ကောင်းစွာကျင့်သောသူသည် မြတ်စွာဘုရားအဆုံးအမအတိုင်း သင်္ခါရတရားတို့ကို သုံးသပ်လျက် ထိုနိဗ္ဗာနဓာတ်ကို မျက်မှောက်ပြု၏၊ ဥပမာအားဖြင့် 'တပည့်သည် ဆရာဆုံးမသည့်အတိုင်း အတတ်ကို ပညာဖြင့်မျက်မှောက်ပြု၏၊ ဤအတူ ကောင်းစွာကျင့်သူသည် မြတ်စွာဘုရား အဆုံးအမအတိုင်းနိဗ္ဗာန်ကို ပညာဖြင့် မျက်မှောက်ပြုနေ၏၊ ထိုနိဗ္ဗာန်ကို အပြစ်မရှိသောအားဖြင့်ဥပါဒ်ကင်းသောအားဖြင့်၊ ဘေးမရှိသောအားဖြင့်၊ ရန်ကင်းသောအားဖြင့်၊ အေးငြိမ်းသောအားဖြင့်၊ ချမ်းသာသောအားဖြင့်၊ သာယာဖွယ်အားဖြင့်၊ မွန်မြတ်သောအားဖြင့်၊ စင်ကြယ်သောအားဖြင့်၊ အေးမြသောအားဖြင့် ရှုမြင်အပ်၏'။

'ဥပမာ-ထင်းများစွာကို လောင်နေသောမီးသည် လူကိုလောင်မြိုက်သော်လုံ့လဖြင့် မီးမှလွတ်အောင် ရုန်းထွက်၍ မီးမရှိသောနေရာသို့ ဝင်ရောက်သည်ရှိသော်ထိုအရပ်၌ လွန်ကဲသောချမ်းသာကို ရရာ၏၊ ဤအတူ ကောင်းစွာကျင့်သူသည် သင့်လျော်သောနှလုံးသွင်းခြင်းဖြင့် သုံးလောကအပူမီးမှ လွတ်ကင်းသော လွန်စွာချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏'

'ဥပမာ တစ်နည်းသော်ကား၊ မြွေ၊ ခွေး၊ လူစသော အသေအကောင်ပုပ်တို့စုပုံရာသို့ ရောက်သူသည် ထိုအရပ်မှ လွတ်ကင်းအောင် ရုန်းထွက်၍ အကောင်ပုပ်

www.burmeseclassic.com



မရှိရာအရပ်သို့ ရောက်သော် ထိုအရပ်၌ လွန်ကဲသောချမ်းသာကို ရရာ၏၊ ဤအတူ ကောင်းစွာကျင့်သူသည် သင့်လျော်သော နှလုံးသွင်းခြင်းဖြင့် ကိလေသာအကောင်ပုပ်မှ လွတ်သော လွန်စွာချမ်းသာသောနိဗ္ဗာန်ကို မျက်မှောက်ပြု၏'

'ဥပမာ တစ်နည်းသော်ကား၊ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်နေသောသူသည် ထို ကြောက်မက်ဖွယ်ကောင်းသောအရပ်မှ ရုန်းထွက်၍ ဘေးလွတ်ရာအရပ်သို့ရောက်သော် ထိုအရပ်၌ လွန်ကဲသောချမ်းသာကို ရရာ၏၊ ဤအတူ ကောင်းစွာကျင့်သူသည် သင့်လျော်သောနှလုံးသွင်းခြင်းဖြင့် ကြောက်ရွံ့ထိတ်လန့် ခြင်းကင်းသော၊ လွန်စွာ ချမ်းသာသောနိဗ္ဗာန်ကို မျက်မှောက်ပြုရ၏၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းကိုစွဲ၍ အဆက်ဆက်ဖြစ်သောဘေးကို မှတ်အပ် ၏'

'ဥပမာ တစ်နည်းသော်ကား၊ ညွှံပုပ်ရွံ့စေးရှိရာအရပ်သို့ ရောက်သူသည် လုံ့လဖြင့် ထိုညွှံပုပ်၊ ရွံ့စေးကို ဖယ်ထုတ်၍ စင်ကြယ်ရာအရပ်သို့ ရောက်သော် လွန်ကဲသောချမ်းသာကို ရရာ၏'

'ဤအတူ ကောင်းစွာကျင့်သူသည် သင့်လျော်သော နှလုံးသွင်းခြင်းဖြင့် ကိလေသာအညစ်အကြေး ညွှံစေးကင်းသော လွန်စွာချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏'

'မင်းကြီး၊ ကောင်းစွာကျင့်သူသည် သင်္ခါရတရားတို့၏ ဖြစ်ခြင်းကိုသုံးသပ်၏၊ ဖြစ်ခြင်းပျက်ခြင်းကို သုံးသပ်သော် ထိုတရားတို့၏ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏကို မြင်၏၊ အစ၊ အလယ်၊ အဆုံးမှ ချမ်းသာ၊ သာယာဖွယ် တစ်စုံတစ်ရာမမြင်၊ တစ်စုံတစ်ခု စွဲယူလောက်သောအရာကို မမြင်၊ ရဲရဲတောက်သော သံတွေခဲမှ ယူလောက်ရာနေရာကို မမြင်သကဲ့သို့ ထိုသူသည် သင်္ခါရတရားတို့မှ စွဲယူလောက်ရာကို မမြင်ချေ၊ ထို့ကြောင့် သင်္ခါရတရားတို့၌ မမွေ့လျော်ခြင်းသည် ကောင်းစွာတည်၏၊ ကိုယ်၌ ပူလောင် လာ၏၊ ပုန်းခိုအားထား ကိုးစားရာမရှိသကဲ့သို့ဖြစ်၍ ဘုံသုံးပါးတို့၌ ငြီးငွေ့၏'

'မီးပုံတွင်း၌ ပုန်းခိုအားထား ကိုးစားရာမရနိုင်သကဲ့သို့ သင်္ခါရတရားတို့၌လည်း မရချေ၊ ထိုတရားတို့၏ ဖြစ်စဉ်၌ ဘေးကိုရှုမြင်သူအား သင်္ခါရအစဉ် မဖြစ်ရာ နိဗ္ဗာန်သို့ ပြေးဝင်၏၊ ပျက်စီးသောလမ်းမှားမှ ထွက်မြောက်ကြောင်းခရီးလမ်းကို မြင်၍ ပြေးဝင်သကဲ့သို့တည်း၊ သူသည် ကြည်လင်ရွှင်ပြ၏၊ ငါ့အား သင်္ခါရတို့မှ လွတ်မြောက် ကြောင်း ရအပ်ပြီဟု နှစ်သက်၏၊ သင်္ခါရတို့မဖြစ်ရာ အားထုတ်ရာမှီးပွားများ၏၊ ကြိမ်ဖန်များစွာပြု၍ လွတ်မြောက်ရာ နိဗ္ဗာန်အကျိုးငှာ သတိကောင်းစွာတည်၏၊ ဝီရိယ, ပီတိ ကောင်းစွာတည်၏၊ အဆင့်ဆင့် အထပ်ထပ် နှလုံးသွင်းသူ၏စိတ်သည် သင်္ခါရဖြစ်စဉ်ကို လွတ်မြောက်၍ နိဗ္ဗာန်သို့သက်ဝင်၏၊ သင်္ခါရအစဉ် မဖြစ်ရာသို့ ကောင်းစွာကျင့်သူကို နိဗ္ဗာန်ကို မျက်မှောက်ပြုသူဟု ဆိုအပ်၏'

မိလိန္ဒမင်းကြီးသည် ဆက်လက်၍ အရှင်နာဂသေနအား နိဗ္ဗာန်၏ တည်ရာအကြောင်းကို မေးလျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အရှင်ဘုရား- အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက် ဖီလာအရပ်တို့တွင် ဘယ်အရပ်၌ နိဗ္ဗာန်သည် အမြဲအစွဲ တည်နေပါသနည်း'

'မင်းကြီး- နိဗ္ဗာန်သည် အမြဲအစွဲတည်ရာအရပ် မရှိ'

'အရှင်ဘုရား၊ သို့ဖြစ်ပါလျှင် နိဗ္ဗာန်သည်မရှိ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသူတို့သည် မှားယွင်း၏၊ အရှင်- စပါး၏တည်ရာ လယ်ရှိ၏၊ အနံ့ဖြစ်ရာ ပန်းဖြစ်၏၊ ပန်း၏ဖြစ်ရာ ပန်းပင်ရှိ၏၊ အသီး၏ဖြစ်ရာ သစ်ပင်ရှိ၏၊ ရတနာ၏ ဖြစ်ရာ ဖြစ်သော တည်ရာရှိ၏'

'မင်းကြီး၊ နိဗ္ဗာန်၏ အမြဲအစွဲတည်နေရာ အရပ်မရှိသော်လည်း ဤနိဗ္ဗာန်သည် ရှိ၏၊ ဥပမာ- မီးသည် ထင်ရှားရှိ၏၊ သို့ရာတွင် ထိုမီး၏ အမြဲအစွဲတည်နေရာ အရပ်မရှိ၊ ထင်းစနှစ်စကို ပွတ်တိုက်လိုက်သော် မီးကိုရ၏၊ ဤအတူ နိဗ္ဗာန်သည် ထင်ရှားရှိ၏၊ သို့ရာတွင် အမြဲအစွဲတည်နေရာ အရပ်မရှိ'

'ဥပမာတစ်နည်းသော်ကား- စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, မိန်းမရတနာ, သူကြွယ်ရတနာ, သားကြီးရတနာဟူသော ရတနာ ခုနှစ်ပါးတို့ ရှိကုန်သော်လည်း ထိုရတနာတို့၏ အမြဲအစွဲတည်ရာကား မရှိ ကောင်းစွာကျင့်သော မင်းအား အကျင့်၏အစွမ်းဖြင့် ထိုရတနာတို့ ကပ်ရောက်လာကုန်၏၊ ဤအတူ ကောင်းစွာကျင့်သူသည် သင့်လျော်သော နှလုံးသွင်းခြင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏'

'အရှင်၊ နိဗ္ဗာန်၏ အမြဲအစွဲတည်နေရာအရပ် မရှိလျှင်ဖြစ်ပါစေတော့ ကောင်းစွာကျင့်သူ တည်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြုသောအရပ် ရှိသလော'

'မင်းကြီး- ရှိ၏၊ သီလသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၊ တည်ရာဖြစ်၏၊ သီလ၌တည်လျက် သင့်လျော်သောအားဖြင့် နှလုံးသွင်းသော သက္ကတိုင်း, ယွန်းတိုင်း, စိန့်တိုင်း, ဝိလာသတိုင်း, ကသ္မီတိုင်း, ဂန္ဓာရတိုင်း, ကောသလတိုင်း, ကာသိတိုင်း, ဝိလာတတိုင်း, အလသန္ဒအရပ်, နိဂုမ္ဗအရပ်စသောအားဖြင့် ဘယ်တိုင်း, ဘယ်အရပ်၌ ဖြစ်စေ, တောင်ထိပ်၌ဖြစ်စေ, ဗြဟ္မာ့ပြည်၌ဖြစ်စေ, တစ်စုံတစ်ခုသောအရပ်၌ တည် လျက် ကောင်းစွာကျင့်သူသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၏'

'ဥပမာ- မျက်စိအမြင်နှင့်ပြည့်စုံသူသည် ဘယ်တိုင်းဘယ်အရပ်ကမဆို တည် လျက် ကောင်းကင်ကို မြင်နိုင်၏၊ ဤအတူလျှင် သီလ၌တည်လျက် သင့်လျော် စွာ နှလုံးသွင်းသူသည် ဘယ်အရပ်ဒေသကမဆို နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏၊ ဥပမာ- တစ်နည်းသော်ကား ဘယ်တိုင်း ဘယ်ဌာန၌မဆို ရပ်တည်သူအား အရှေ့ အရပ်ရှိ သကဲ့သို့ သီလ၌တည်လျက် သင့်လျော်စွာ နှလုံးသွင်းရှိသူအား ဘယ်အရပ်၌ တည်လျက်ဖြစ်စေ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏'

www.burmeseclassic.com

www.burmeseclassic.com



## လောကုတ္တရာ = လောကမှလွန်မြောက်ခြင်း

* သောတာပန်ပုဂ္ဂိုလ်သည်- ပုထုဇဉ်သတ္တလောကမှ လွန်မြောက်၏။
* သကဒါဂါမ်ပုဂ္ဂိုလ်သည် သောတာပန်သတ္တလောကမှ လွန်မြောက်၏။
* အနာဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမ်သတ္တလောကမှ လွန်မြောက်၏။
* ရဟန္တာပုဂ္ဂိုလ်သည် အနာဂါမ်သတ္တလောကမှ လွန်မြောက်၏။

* * * ဤကား သတ္တလောကမှ လွန်မြောက်ပုံဖြစ်၏။

သောတာပန်ပုဂ္ဂိုလ်သည် ခုနှစ်ဘဝကိုထား၍ အစမထင် သံသရာဝဋ်တစ်ခွင်၌ ဖြစ်လတ္တံ့သော သင်္ခါရလောကမှ လွန်မြောက်၏။

သကဒါဂါမ်ပုဂ္ဂိုလ်သည် နှစ်ဘဝကိုထား၍ သုံးဘဝတို့၌ ဖြစ်လတ္တံ့သော ဥပါဒိန္နသင်္ခါရလောကမှ လွန်မြောက်၏။

အနာဂါမ်ပုဂ္ဂိုလ်သည် တစ်ဘဝကိုထား၍ ဒုတိယဘဝ၌ ဖြစ်လတ္တံ့သော ဥပါဒိန္နသင်္ခါရလောကမှ လွန်မြောက်၏။

ရဟန္တာပုဂ္ဂိုလ်သည် တစ်ဘဝ၌ ဖြစ်လတ္တံ့သော သင်္ခါရလောကမှ လွန်မြောက်၏။

* * * ဤကား သင်္ခါရလောကမှ လွန်မြောက်ပုံဖြစ်၏။

သောတာပန်ပုဂ္ဂိုလ်သည် အပါယ်လေးဘုံဟူသော ဩကာသလောကမှ လွန်မြောက်၏။

သကဒါဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံတစ်စိတ်ဟူသော ဩကာသလောကမှ လွန်မြောက်၏။

အနာဂါမ်ပုဂ္ဂိုလ်သည် အလုံးစုံသော ကာမဘုံဟူသော ဩကာသလောကမှ လွန်မြောက်၏။

ရဟန္တာပုဂ္ဂိုလ်သည် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဟူသော လောကသုံးပါးဟုဆိုအပ်သည့် ဩကာသလောကမှ လွန်မြောက်၏။

* * * ဤကား ဩကာသလောကမှ လွန်မြောက်ပုံဖြစ်၏။

လောကသုံးပါးမှ လွန်မြောက်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို
လွယ်ကူသော အကျင့်၊ လျင်မြန်သော အသိဉာဏ်ဖြင့်
မျက်မှောက်ပြုနိုင်ကြပါစေ။

**မေတ္တာရှင် (ရွှေပြည်သာ)**

၁၃၆၅-ခုနှစ်၊ တန်ခူးလတွင် စတင်ရေး၍ ၁၃၆၆-ခုနှစ်၊ တပေါင်းလဆုတ် (၅)ရက်နေ့တွင် ရွှေပြည်သာမြို့၊ မန္တလေးကျောင်းတိုက်၌ ရေးသားပြီးစီးသည်။ မြို့စု ရေးသားချိန် နှစ်နှစ်၊ ပြင်ဆင်မွမ်းမံချိန် သုံးနှစ်ကြာမြင့်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ
လူသေလူဖြစ် ဝါဒါနုဝါဒ
ဝိနိစ္ဆယကောက်နုတ်ချက်များ

www.burmeseclassic.com

www.burmeseclassic.com

# စောဒနာ အမှတ်(၆)

ဗုဒ္ဓအဘိဓမ္မာကို ဘုရားဟောမဟုတ်လေဟန် အကောက်ဉာဏ်အမျိုးမျိုးဖြင့် အလဲထိုးနေခြင်းနှင့် ပတ်သက်၍ စောဒနာချက်ပါ ဘုရား။

ဝိနည်းမိုရ် ဆရာတော်များ ဘုရား-

၁။ ဗုဒ္ဓမြတ်စွာ၏ စကားတော်များဖြစ်သော ပိဋကသုံးပုံကို သာသနာနှင့် ခွဲပြလျှင်-

(၁) သုတ္တန်ပိဋကတ်သည် သတ္တဝါတို့၏ အလိုစိတ်ကြိုက် စရိုက်စသည်အားလျော်စွာ ဆုံးမရာဖြစ်သောကြောင့် ယထာနုလောမ သာသနာ မည်ပါသည်။

(၂) ဝိနယပိဋကတ်သည် အပြစ်အားလျော်စွာ ဆုံးမရာဖြစ်သောကြောင့် ယထာပရာဓ သာသနာမည်ပါသည်။

(၃) အဘိဓမ္မာပိဋကတ်သည် ပုဂ္ဂိုလ်သတ္တဝါ မျက်နှာမ ထောက်ဟုတ်တိုင်းမှန်စွာ ဆုံးမရာဖြစ်သောကြောင့် ယထာဓမ္မ သာသနာ မည်ပါသည် ဘုရား။

ဝိနည်းမိုရ် ဆရာတော်များဘုရား-

၂။ တီကောင်သည် ဆားကိုကြောက်သကဲ့သို့လည်းကောင်း၊ မျက်ခမ်းစပ်သည် နေကိုကြောက်သကဲ့သို့လည်းကောင်း၊မဟုတ်မမှန်အကောက်ဉာဏ်ဖြင့် ပြောဆိုရေးသားကြ သော ဦးဥက္ကဋ္ဌနှင့်နောက်လိုက် သမ္မာဒိဋ္ဌိသုသေသနဝါဒီ စသူတို့သည် အဟုတ်အမှန်ကို ဖော်ပြသည့် အဘိဓမ္မာကို ကြောက်ကြသည်မှာ သဘာဝကျပါသည်ဘုရား၊ အဘိဓမ္မာကို လက်ခံယုံကြည်လျှင် သူတို့၏ လူသေလူဖြစ် ရှုပ်ကြမ်းဝါဒ ပြာကျဖို့သာ ရှိပါသည်ဘုရား။

၃။ သို့ပါ၍ သူတို့သည် သူတို့ဆရာကြီးဖြစ်သော "ဂျင်းနင်း၏ ဝေဒန်တစ်က ဗုဒ္ဓစ်ဇင်"အသံသို့ နောက်ယောင်ခံလိုက်ပြီး အဘိဓမ္မာကို ဘုရားဟော မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လေဟန် လုပ်ကြံပြောဆိုကြပါသည် ဘုရား၊ သူတို့၏ စကားများကို သာဓက အဖြစ် ထုတ်ပြလျှောက်ထားပါမည် ဘုရား။

(က) တနည်းကြည့်ပြန်လျှင် ပထမသံဂါယနာတင်တွင် ဓမ္မနှင့်ဝိနယကို အာဂုံရွတ်ဆို ကြသည်။ ဒုတိယ, တတိယတို့သည်လည်း အလားတူပင် အာဂုံရွတ်ဆို ကြသည်၊ အဘိဓမ္မာ မပါဝင်သေးပေ၊ စတုတ္ထ သံဂါယနာ တင်၏ နောက်ပိုင်းကျမှ အဘိဓမ္မာဟူ၍ ပေါ်လာခြင်းဖြစ်သည်။

(ဗုဒ္ဓဝါဒအခြေခံ သင်တန်း၊ စာမျက်နှာ- ၇၀)

(ခ) သီဟိုဠ်ခေတ် စောစောပိုင်းကပင် အဘိဓမ္မာပိဋကတ်မှာ ထင်ရှားပြီး ဖြစ်သည်၊ ဤသို့ဖြင့် ထေရဝါဒီတို့၏ အဘိဓမ္မာစာပေစုသည် ပိဋကတ် တဆူ အဖြစ် စုစည်း တည်တံ့နေချိန်မှာ တတိယသံဂါယနာတင်ချိန်(ဘီစီ-၂၄၄)ထက် နောက်မကျနိုင်ချေ၊ သို့စင်လျက် ရှင်မဟာဗုဒ္ဓဃောသမထေရ် သည် ဗုဒ္ဓဘုရားသခင် တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလတိုင် ဟောကြားခဲ့သော အဘိဓမ္မာ ၇-ကျမ်းကို (ဗုဒ္ဓမတညူ) ဘုရား ဉာဏ် ဆောင်၍ ရေးသားသည်ဟု ယုံကြည်လက်ခံ ထားကြခြင်းမှာ ထားသူတို့၏ သက္ကာယအစွဲမျှသာ ဖြစ်ရချေမည်။

(ဗုဒ္ဓဝါဒ အခြေခံသင်တန်း နှာ-၇၈)

(ဂ) အဘိဓမ္မာဒေသနာနှင့် ပက်သက်၍မူ နိဒါန်းပုဂ္ဂိုလ်ဝတ္ထုများကို-

(၁) ရှင်အာနန္ဒာ၏ ဝန်ခံချက်မပါခြင်း၊

(၂) ဣဒ္ဓိဝိဓ တန်ခိုးပြအခန်းများ ဦးစားပေးလာခြင်း၊

(၃) ဝိမုတ္တိရသကျိုး မပါခြင်း၊

(၄) ယနေ့လောကဓာတ်သိပ္ပံက နားလည်ရန် ခက်ခဲနေခြင်း၊

(ဥပမာ- မြင့်မိုရ်တောင် ရှာမရသေးခြင်း) စသည်တို့ကြောင့် အလွန်လေး နက်သောတရားများ အယူအဆများပါသည်ကို အသိအမှတ်ပြုရုံမှတစ်ပါး ဗုဒ္ဓဘာသိတဟူ၍ အတည်ပြုရန် ဆက်လက်လေ့လာရန်အများကြီး လိုနေသေးသည်။

(ဒေးဒရဲမြို့ ကွင်းကျောင်းတိုက် ပဥ္စနိကာယ သုတေသီအဖွဲ့မှ ၁၃၃၀- ခု၊ နတ်တော်လဆန်း ၁၅ ရက် နေ့စွဲဖြင့် ထုတ်ပြန်သော ဗုဒ္ဓသာသနာသမိုင်း၊ နှာ- ၁၀)

(ဃ)ယင်းအဘိဓမ္မာ ၇ ကျမ်းကို ဗုဒ္ဓဘုရားသခင်တာဝတိံသာ နတ်ပြည်၌ ဟောသည်ဟူသောအချက်မှာ အဋ္ဌကထာဆရာရှင်ဗုဒ္ဓဃောသ ၏ ထွင်လုံး ပုံပြင်မျှသာဖြစ်ကြောင်း ထင်ရှားလှပေသည်။

(င) စင်စစ် ပိဋကတ်စာပေများကို စုစည်းခြင်း, အနက်ဖွင့်ဆိုခြင်း

www.burmeseclassic.com

www.burmeseclassic.com



(အဋ္ဌကထာ) များနှင့်အဘိဓမ္မာကျမ်းများကို စုစည်းဖော်ထုတ်ပေးခြင်းအားဖြင့် သီဟိုဠ်ရှင်ဗုဒ္ဓဃောသသည် အလွန်တရာကျေးဇူးကြီးမားလှသော ပုဂ္ဂိုလ် ကြီးကား မှန်ပေသည်၊ သို့သော် မိမိရှာဖွေ စုစည်းပေးသော အဘိဓမ္မာခုနစ် ကျမ်း၏ ဩဇာထက်မြက်မှုအတွက် ဗုဒ္ဓဟောလုပ်ပစ်ခဲ့ခြင်းမှာ ရှင်မဟာဗုဒ္ဓဃောသသည် ဗုဒ္ဓဂေါတမအပေါ်တွင် သစ္စာဖောက်ရာကျနေပေသည်။

(အတွဲ-၃၊ အမှတ်-၁၂၊ သစ္စာဓမ္မစာစောင်၊ စာမျက်နှာ-၅၆)

ဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား-

၄။ လူသေလူဖြစ်ဦးဥက္ကဋ္ဌနှင့် သမ္မာဒိဋ္ဌိသုတေသနဝါဒီ စသူတို့သည် အဘိဓမ္မာကို ပယ်၍ ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်အစွမ်းဖြင့် ဟောကြားအပ်သော သာသနာတော်စက်ကို ချိုးဖျက်နေကြကြောင်း ထင်ရှားပါသည် ဘုရား၊

၅။ ထိုထို ဝိနယပါဠိတော် သုတ္တန္တပါဠိတော်များ အလို၌ ဗုဒ္ဓမြတ်စွာလက်ထက်ကပင် အဘိဓမ္မာရှိကြောင်း အထင်အရှားပြဆိုထားသော စကားများရှိပါသည်၊ သို့ပါ၍ တတိယသံဂါယနာနောက်ပိုင်းမှ အဘိဓမ္မာပေါ်လေဟန် ရေသားသော စကားများသည် အဓမ္မကထာများသာ ဖြစ်ကြောင်း တင်ပြလျှောက်ထားပါသည် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

## စောဒနာ အမှတ်(၂၀)

**၂၀။ ထေရဝါဒလာ သံဂါယနာခြောက်တန်ကို ပေါ့ပျက်သေးသိမ်အောင် ဟော ပြောဆွေးနွေး ရေးသားထိုးနှက်လျက် သာသနာဖျက်လုပ်ရပ်များ လုပ်ကိုင်နေ ကြမှုနှင့် ပတ်သက်၍ စောဒနာပါဘုရား။**

ဝိနည်းမိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား-

၁။ ဘုရားတပည့်တော်တို့၏ ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် ယနေ့အထိ ဆရာစဉ်ဆက် ပုဒ်ပါဌ်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ထေရဝါဒ ပိဋကတ်တော်များကို ဆဋ္ဌာဘိညပဋိသမ္ဘိဒါပတ္တ တိပိဋကဓရ ဖြစ်တော်မူကြကုန်သော အရှင်မဟာကဿပစသော မထေရ်မြတ်ကြီးများ ကိုယ်တိုင် ကြီးကြပ်သုတ်သင်၍ သံဂါယနာတင်ထားခဲ့ကြပါသည်ဘုရား။

၂။ သံဂါယနာတင်မှု ကိစ္စသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တစ်ဖွဲ့အနေဖြင့် ကြိတ်ဝိုင်းလုပ်၍ ရစကောင်းသောကိစ္စ မဟုတ်ပါဘူး။ သံဂါယနာတင်သမိုင်းကို အပြု သဘောဖြင့် ရိုးရိုးသားသားကြည့်ကြမည်ဆိုလျှင် ညီညွှတ်စုစည်း၍ ပိဋကတ္တယဆော- က ပိဋကတ္တယဝိဒူဖြစ်တော်မူကြကုန်သော လက်ရွေးစင် မထေရ်မြတ်ကြီးတို့ ဦးစီး ဦးဆောင် ပြု၍ သာသနာပြုမင်းများနှင့် ပြည်သူလူထု၏ ပံ့ပိုးကူညီမှုကို ရယူကာ လူသိရှင်ကြား ပြုလုပ်ခဲ့သော သံဂါယနာ ၆ တန်ဖြစ်သည်ကို တွေ့ရမည် ဖြစ်ပါသည် ဘုရား။

ဝိနည်းမိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား-

၃။ လူသေလူဖြစ်ဝါဒ ဦးဥက္ကဋ္ဌနှင့် ၎င်းဝါဒကို အသက်သွင်းပေးလျက်ရှိကြ သော သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်များနှင့် သံယောင်နောက်လိုက်တို့၏ သံဂါယနာ ၆-တန်နှင့် ပတ်သက်၍ မမှန်မကန် ဝေဖန်ရေးသားလျက် သာသနာဖျက်ဆီးနေကြ ပုံကို သက်သေအထောက်ထားအဖြစ် အမြွက်မျှ တင်ပြလျှောက်ထားပါမည်ဘုရား။

လူသေလူဖြစ်စာအုပ် စာမျက်နှာ(၁၁၈)နှင့် အစွဲပြုတ် တဲကုတ်ရွှေနန်းတော်

www.burmeseclassic.com

www.burmeseclassic.com



စာအုပ် စာမျက်နှာ (၆၈-၆၉)တို့တွင်-

"သူတို့သည် မိမိနှင့် သက်ဆိုင်ရာ မုခပါဠ်တော်များကို သံဂါယနာ အထပ်ထပ် တင်ခြင်းဖြင့် မွမ်းမံပြင်ဆင်ရန် ကြိုးပမ်းခဲ့ကြကုန်ပြီ၊ ဒါပေမယ့်လို့ ထိုထိုသံဂါယနာ တင်ပွဲတို့ကို အယူသည်း ခေါင်းမာသူ တယူသန် ပုဂ္ဂိုလ်ထူးကြီးများက ကြီးစိုးလွှမ်းမိုးလျက် နေတဲ့အပြင် အမှားကို ပြင်ဆင်ရန်၊ ထည့်ပါဠ်ကို နုတ်ပယ်ပစ်ရန်(ဝါ) ပိုဖျက်လိုစွက် ပြုလုပ်ရန် စွမ်းရည်သတ္တိ သူတို့မှာ အပြည်အစုံ မရှိခြင်းကြောင့် သူတို့၏ ကြိုးပမ်းမှုများသည် စိတ်ကူးအဆင့်၌သာ စုတေခဲ့ကြရလေပြီ"။

ဟူ၍လည်းကောင်း၊

အစွဲပြုတ် တဲကုတ်ရွှေနန်းတော်စာအုပ် စာမျက်နှာ ၁၃၈-၁၃၉ တို့တွင်- မည်မျှ ထူးချွန်သော ပုဂ္ဂိုလ်မှန်မျှ ဘုရားစာပေကို ပြင်ဆင်မွမ်းမံရန် ဖြစ်စေ၊ သို့မဟုတ် ထပ်မံဖြည့်စွက်ရန်ဖြစ်စေ မစွန့်စားခဲ့ဖူးချေ၊ အကယ်၍ ရဲရဲဝံ့ဝံ့ စွန့်စားပြုစုစေကာ အောင်မြင်ရန် လမ်းစကား အမြဲတစေပိတ်လျက်သာ နေချေမည်။ အဘယ့်ကြောင့်နည်း၊ ဘာသာအသီးသီး ဆိုင်ရာ ဘာသာဝန်ဆောင်ပုဂ္ဂိုလ်ကြီးတို့သည် မနည်းသော(ဝါ) ကြီးမားလှသော သဒ္ဓါ စေတနာ လုံ့လ ဝီရိယတို့ဖြင့် သက်ဆိုင်ရာ ဘုရားစာပေများကို မူရင်းမပျက် အဆက်ဆက် တည်မြဲဖြစ်စေရန် အတန်တန်သော သံဂါယနာ တင်ခြင်းတို့ဖြင့် စည်းသပ် စောင့်ထိန်းခဲ့သောကြောင့် ဖြစ်သည်၊ သို့ဖြစ်ရာ ဘုရားစာပေတို့သည် ဒုံရင်း အတိုင်းသာ တည်မြဲနေကုန်၏။

ဟူ၍လည်းကောင်း ရေးသားထားပါသည် ဘုရား။

ဤအရေးအသားများသည် သံဂါယနာ ၆ တန်ကို အသိအမှတ် မပြုလိုခြင်း ဦးစီးခေါင်းဆောင် မထေရ်ကြီးများအား အယူသည်းခေါင်းမာသူ တယူသန်ပုဂ္ဂိုလ်ကြီးများဟု စွပ်စွဲကဲ့ရဲ့ ပုတ်ခတ်ခြင်းဖြစ်၍ သံဂါယနာ ၆ တန်ကို ပြက်ရယ်ပြုကြောင်း ထင်ရှားပါသည် ဘုရား။

ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား-

၄။ ၁၃၃၀ခု နတ်တော်လဆန်း ၁၅-ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသော ဒေးဒရဲမြို့ ကွင်းကျောင်းတိုက် ပဥ္စနိကာယသုတေသီအဖွဲ့မှ ထုတ်ဝေဖြန့်ဖြူးသော ဗုဒ္ဓသာသနာသမိုင်း စာစောင် စာမျက်နှာ ၁၅-တွင်. . .

ဤဆဋ္ဌသံဂါယနာသည်လည်း သံဂါယနာတင်သည်ဟူသော အမည်မျှသာ ဖြစ်၏။ အမှန်အားဖြင့် ပဥ္စမသံဂါယနာက စာပေအတိုင်း ပြန်လည် အတည်ပြုခြင်းသာ ဖြစ်လေရာ အတ္တ,အတ္တနိယနှင့် ဆက်နွှယ်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ဗြာဟ္မဏလက်ရာများကို ပြုပြင်ပယ်ဖျက်ခြင်းကား မဟုတ်ချေ၊ သို့ဖြစ်ရာ
တမလွန်မျှော် သဿတဝါဒမှာ ဗိုလ်ကျမြဲ ကျနေဆဲပင် ရှိနေသည်။

ဟူ၍ ရေးသားထားပါသည်ဘုရား။

ဤအရေးအသားသည် မြန်မာနိုင်ငံအပါအဝင် ထေရဝါဒနိုင်ငံများ တညီတညွတ်တည်း စုပေါင်းပြုလုပ်အပ်သော ဆဋ္ဌသံဂါယနာကို အတိအလင်း ပုတ်ခတ်ထားခြင်း ဖြစ်ပါသည်ဘုရား။ ဥက္ကဋ္ဌဝါဒီတို့က သူတို့လုပ်ချင်တိုင်း မလုပ်ရ၍ ဆဋ္ဌသံဂါယနာကို အသိအမှတ် မပြုကြောင်း ကြွေးကြော်လိုက်ခြင်းပင် ဖြစ်ပါသည်ဘုရား။

ဝိနည်းမိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား-

၅။ ဦးဥက္ကဋ္ဌနှင့် သူ၏ အပေါင်းသင်း နောက်လိုက်နောက်ပါတို့သည် ထေရဝါဒဆရာစဉ်ဆက် အခိုင်အမာတင်ခဲ့သော သံဂါယနာ ၆-တန်ကို အသိအမှတ်မပြု လက်ခံမှု မရှိသည့်အပြင် "ပဥ္စနိကာယ ဓမ္မသာကစ္ဆာ" အမည်ဖြင့် ဒေးဒရဲမြို့တွင် သုံးကြိမ်တိုင်တိုင် ဆန့်ကျင်ဘက်များ ပြုလုပ်လျက် ၎င်းတို့၏ဝါဒကို ထူထောင်ကြပါသည် ဘုရား။

၆။ ယင်း ဆွေးနွေးပွဲများကို ဦးဥက္ကဋ္ဌက ဦးစီးခေါင်းဆောင်ပြု၍ ဦးဥဇ္ဇောတိက က လက်ခံကျင်းပပါသည်၊ ၎င်းတို့၏ လူသေလူဖြစ်ဝါဒနှင့် မကိုက်ညီသော ပိဋကတ်များကို ဟိန္ဒူဗြာဟ္မဏဟူသော စွပ်စွဲချက်ဖြင့် ပယ်ထုတ်ပစ်ပါသည်ဘုရား၊ သံဂါယနာ ၆-တန်ကို အံတုဖက်ပြိုင်သော အနေဖြင့် ခိုင်မာသော ကျောက်တိုင်ကြီး တစ်ခုကိုလည်း ဒေးဒရဲမြို့ ကွင်းကျောင်းတွင် စိုက်ထူထားပါသည် ဘုရား၊ ၎င်းတို့၏ ဝါဒများကိုလည်း ကျောက်တိုင်တွင် လေးဖက်လေးတန် ကမ္ပည်းစာတမ်းထိုး၍ ထားပါသည်ဘုရား၊ ယင်းကျောက်တိုင်ကို လူသေလူဖြစ်ဆရာကြီး ဦးဥက္ကဋ္ဌအား ဂုဏ်ပြုသောအားဖြင့် ၁၃၄၀ခု နတ်တော်လဆုတ် ၁၁-ရက်၊ ၁၉၇၈ခု ဒီဇင်ဘာလ ၂၅-ရက် တနင်္ဂနွေနေ့ ၊ ညနေသုံးနာရီ တိတိ အချိန်တွင် စိုက်ထူခြင်း ဖြစ်ပါသည်။ ထိုနေ့မှာ ဦးဥက္ကဋ္ဌ၏ ရုပ်ကလာပ်ကို ဈာပနပြုလုပ်သည့်နေ့နှင့် တိုက်၍ တမင်ပြုလုပ်ကြောင်း သိရပါသည်ဘုရား။

ဝိနည်းမိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား-

၇။ ဦးဥက္ကဋ္ဌနှင့် တကွ သူ၏အပေါင်းသင်း ရောင်းရင်း ဖြစ်ကြကုန်သော ဦးဥဇ္ဇောတိက အပါဝင် ရဟန်း၊ ရှင်၊ လူတို့သည် ရှေးယခင်က တင်ခဲ့ပြီးသော သံဂါ- ယနာ ၆-တန်အပေါ် အဘယ်မျှ မကျေမနပ် ဖြစ်ပြီး မှားယွင်းစွာ သုံးသပ်ထားပုံကို "နိကာယ်၏ နိကာယ်သမိုင်းကျောက်တိုင်" မှ စာတစ်ပုဒ်ကို ထုတ်နုတ်ကြည့်လျှင် သိနိုင်ပါသည်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



တတိယသံဂါယနာ တင်ပွဲ၌ ပဋိကတ်သုံးပုံဟူ၍ ဖြစ်လာသည်မှာ ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် သူရေးသားသော ကထာဝတ္ထုကျမ်းကို ထည့်လို၍ အဘိဓမ္မာ ၇-ကျမ်းဟု တင်သွင်း သံဂါယနာ တင်ခဲ့ကြဟန် ရှိလေသည်။

ဤ တတိယသံဂါယနာ၌ အပြိုင်ဟူ၍ ထင်ရှားတင်ရန် အကြောင်း မပေါ်ပေါက်တော့ချေ၊ အဘယ့်ကြောင့်ဆိုသော် အသောကမင်းကြီးက အကွဲကွဲသော သံဃာများ၏ အလိုသို့ လိုက်၍ အများကြိုက်ဖြစ်စေရန် စုပေါင်းပြီး တင်လိုက်သောကြောင့် ဖြစ်သည်၊ ပိဋကတ်မှာ ဤသံဂါယနာမှ စ၍ ပြာဟ္မဏဟောနှင့် ဗုဒ္ဓဟောတို့ အတိအလင်း တရားဝင် ရောထွေးလာတော့၏၊ ထေရဝါဒီဂိုဏ်းတို့က မကျေနပ်သော်လည်း မင်း၏အာဏာကို မဆန့်ကျင်လိုသဖြင့် လိုက်လျောခဲ့ရ၏။ ဤအမှား၏ ဒဏ်ကို အစဉ်အဆက် သာသနာသမိုင်းတစ်လျှောက် အမွေခံခဲ့ရ၏။

(နိကာယ်၏ နိကာယ်သမိုင်းကျောက်တိုင်ရှိ အနောက်ဘက်မျက်နှာမှ -စာ)

ဝိနည်းမှိုရ်ဆရာတော် အရှင်သူမြတ်တို့ ဘုရား-

၈။ လူသေလူဖြစ် ဦးဥက္ကဋ္ဌ၏ အမွေအနှစ်ကို မြိန်ရည်ယှက်ရည်ခံယူကြကုန်သော ရဟန်း, ရှင်, လူအချို့နှင့် သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်တို့သည် ၎င်းတို့၏ သဘောနှင့်မတိုက်ဆိုင်သော ပိဋကတ်များကို ဟိန္ဒူပြာဟ္မဏဝါဒဟု စွပ်စွဲကာ အမျိုးမျိုး ပစ်ပယ်လေ့ရှိကြပါသည် ဘုရား။

၉။ ဗုဒ္ဓဘာသာ ရဟန်းတော်များကိုယ်တိုင် ဖွင့်ဆိုရေးသားထားသော ထေရဝါဒ ပိဋကတ်တော်လာ သံဂါယနာသမိုင်းကို ပစ်ပယ်၍ နောက်မှပေါ်သော လူမျိုးခြား၊ ဘာသာခြားတို့၏ အင်္ဂလိပ်မှတ်တမ်းများကို ကြည့်ကာ သံဂါယနာတင် သမိုင်း ကြောင်းကို အမှားမှား အယွင်းယွင်း ရေးသားဖြန့်ဖြူးလျက်ရှိကြပါသည် ဘုရား၊ ဒေးဒရဲမြို့ ကွင်းကျောင်းတိုက် ပဉ္စနိကာယ သုတေသီအဖွဲ့မှ ၁၃၃၀-ခု၊ နတ်တော် လဆန်း ၁၅-ရက်နေ့ ထုတ်ပြန်သော "ဗုဒ္ဓသာသနာသမိုင်း"နှင့် "နိကာယ်၏ နိကာယ်" စာအုပ်တွင် သံဂါယနာသမိုင်းကြောင်းကို ထေရဝါဒပိဋကတ်နှင့် ဆန့်ကျင်စွာ ဖော်ပြထားသည်ကို အတိအလင်း တွေ့ရှိနိုင်ပါသည် ဘုရား။

၁၀။ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ်၏ အတွင်းရေးမှူးဖြစ်သော ဦးကိုကိုလေးကလည်း သံဂါယနာတင် သမိုင်းကြောင်းကို လွဲမှားစွာ ဟောပြောခဲ့ပါသည် ဘုရား။

(၁) ပထမသံဂါယနာတင်။ ။ ဓမ္မနဲ့ ဝိနယပဲ တင်တယ်၊ အဘိဓမ္မာခုနှစ်ကျမ်း မပါဘူး၊ ပါဠိနဲ့လဲ တင်တာမဟုတ်ဘူး၊ ပါဠိလဲ မပေါ်သေးဘူး၊ စာနဲ့လဲ တင်တာ မဟုတ်ဘူး။

(၂) ဒုတိယသံဂါယနာတင်။ ။ ဓမ္မနဲ့ ဝိနယပဲ တင်တယ်၊ အာဂုံရွတ်ဆိုကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ စာနဲ့လဲ တင်တာမဟုတ်ဘူး၊ ပါဠိလဲ မပေါ်သေးဘူး၊ အဘိဓမ္မာခုနှစ်ကျမ်းလဲ မပါသေးဘူး။

အချိန်မကုန်အောင် အနည်းငယ် ကောက်နုတ် ဖော်ပြပါသည် ဘုရား။

(၃) တတိယသံဂါယနာတင်။ ။ ဓမ္မနဲ့ ဝိနယပဲ တင်တယ်၊ စာနဲ့လဲတင်တာ မဟုတ်ဘူး၊ အဘိဓမ္မာခုနှစ်ကျမ်းလဲ မပါသေးဘူး၊ ပါဠိလဲ မပေါ်သေးဘူး၊ အဲဒီမှာ ကျွန်တော်တို့ကြည့်ရမယ်၊ အဘိဓမ္မာခုနှစ်ကျမ်း၊ ခြောက်ကျမ်းက တော့ နောက်မှပေါ်တာ၊ ကထာဝတ္ထုနောက်မှ ပေါ်တာ။ (ပ)

(၄) ဘုရားသခင် ပရိနိဗ္ဗာန်စံပြီး ၄၉၇-နှစ်အကြာ သီဟိုဠ်ဒုဋ္ဌဂါမဏိမင်း လက်ထက်မှာ စတုတ္ထသံဂါယနာကို သီဟိုဠ်ဘာသာနဲ့ ပေထက်အက္ခရာ တင်ပါတယ်၊ အဲဒီအထိ အဘိဓမ္မာခုနှစ်ကျမ်း မပါသေးဘူး၊ ဓမ္မနဲ့ ဝိနယပဲ တင်ပါတယ်၊ ပေထက်အက္ခရာ တင်ပါတယ်၊ ပါဠိလဲ မပေါ်သေးဘူး။

(သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကိုကိုလေး ဟောပြောချက် "သံဂါယနာတင် သမိုင်း" တိတ်ခွေအမှတ်- ၁၂၊ အေ-ဘက် မျက်နှာ မှ)

စတုတ္ထသံဂါယနာတင်သည်ပင်လျှင် ရှေးဦးစွာ သီဟိုဠ်ဘာသာဖြင့် ပေထက်အက္ခရာတင်၍ နောက်မှ ပါဠိဘာသာကို ပြန်ဆိုရေးသားခဲ့ခြင်း ဖြစ်သည်။

(ဗုဒ္ဓဝါဒ အခြေခံသင်တန်း၊ သင်တန်းအမှတ်- ၁၊ စာမျက်နှာ- ၇၀)

ဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား-

၁၁။ လူသေလူဖြစ်ဆရာကြီး၏ တပည့်များဖြစ်ကြသော သမ္မာဒိဋ္ဌိသုတေသန အဖွဲ့ဝင်များနှင့် ဒေးဒရဲ ပဋ္ဌနိကာယ ဓမ္မသာကစ္ဆာအမည်ခံ ပုဂ္ဂိုလ်တစုတို့သည် အလွန်အာရဲလျှာရဲ နိုင်လှပါသည်ဘုရား၊ ၎င်းတို့သည် ဗုဒ္ဓဘုရားရှင်အား (ပါဠိ-မတတ်) ဟူ၍ ပြောဆိုကြသည့်အပြင် ဗုဒ္ဓမတညှုကျမ်းပြုအကျော် ရှင်မဟာဗုဒ္ဓ-ဃောသကိုလည်း အမျိုးမျိုးပင် အမနာပပြော၍ ဝေဖန်ကဲ့ရဲ့ကြပါသည်ဘုရား။

၁၂။ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကိုကိုလေး၏ ဟောပြောချက်ဖြစ်သော "သံဂါယနာတင် သမိုင်း" တိတ်ခွေအမှတ်- ၁၂၊ အေ- ဘက် မျက်နှာတွင်-

"ပါဠိဆိုတဲ့ စကားလုံးလေးပေါ်လာတာနဲ့ ကျွန်တော်တို့ ဗုဒ္ဓဘုရား သခင်နဲ့ဟာ နှစ်ပေါင်း (၇၅၄)နှစ် ကွာပါတယ်၊ နို့ဒါဖြင့် ဘုရား ဘာ,ဘာသာ စကားနဲ့ ဟောသလဲ၊ မဂဓမ်လို့ခေါ်တဲ့ မာဂဓဘာသာနဲ့ ဟောပါတယ်၊ (ပ) ဟိန္ဒူရယ်၊ သက္ကတရယ်၊ ပြာကရိုက်ရယ်၊ မာဂဓရယ် လေးခုပေါင်းပြီး မွေးဖွားလာတဲ့ ဥဒ္ဒေနီပြည်သုံး စကားကနေ ဆန်းသစ်ထားတဲ့ ပါဠိ၊ အေဒီ

www.burmeseclassic.com

www.burmeseclassic.com



(၈၁) ခု ပေါ်ပါတယ်၊ သီရိကိတ္တိသီရိဇေယျမင်း လက်ထက်မှာ ပါဠိပေါ်ပါတယ်၊ ပါဠိတော်ကြီး ဘုရားဟော လုပ်ကြတယ်၊ အမှန်ကတော့ ကျွန်တော်တို့ ဘုရား ပါဠိမတတ်ပါဘူး"-

ဟူ၍ ဟောပြောပါသည်ဘုရား၊ ဤသို့ ဟောပြောခြင်းမှာ သဗ္ဗညုတဉာဏ်ကို စော်ကားခြင်းပင် ဖြစ်ပါသည်ဘုရား။

၁၃။ ဒေးဒရဲမြို့ ကွင်းကျောင်းတိုက် ပဥ္စနိကာယ သုတေသီအဖွဲ့မှ ထုတ်ဝေဖြန့်ဖြူးသော "ဗုဒ္ဓသာသနာသမိုင်း" စာမျက်နှာ ၉- ၁၀တွင် အရှင်မဟာဗုဒ္ဓဃောသအား အောက်ပါအတိုင်း ဝေဖန်ပုတ်ခတ်ထားပါသည်ဘုရား။

ဗမာပြည် မူလ ဗုဒ္ဓသာသနာတွင် သီဟိုဠ်ဗုဒ္ဓဃောသတို့၏ အယူအဆများက လွှမ်းမိုးလာလေတော့သည်၊ ထိုမှ နောက်ပိုင်း ဗမာပြည် ဗုဒ္ဓသာသနာသည် ဗုဒ္ဓဃောသ သာသနာ၏အောက်တွင် မှေးမှိန်သွားခြင်း ခံရလေသည်၊ ဗုဒ္ဓ၏သစ္စာလေးပါး အခြေခံအနတ္တဝါဒကြီးသည် အတ္တဒေသနာများ၏ အရောအယှက် ခံရ၏၊ ဗုဒ္ဓ၏ အနုပါဒါနလမ်းစဉ်သည် ဝဋ်သုံးပါးကို ပြန်လှည့်သော ဥပါဒါန်လမ်းစဉ်အဖြစ်သို့ ပြောင်းပြန် ဦးလှည့်လာတော့၏။

ဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား-

၁၄။ လူသေလူဖြစ်ဆရာကြီး တပည့်တသိုက်သည် ၎င်းတို့ အလိုဆန္ဒမကိုက်ညီသော ပိဋကတ်ကို မသန့်ရှင်း မစင်ကြယ် မပြတ်သားပါဟု ပြောဆိုရေးသားကြပြီး ၎င်းတို့စိတ်ကြိုက်တွေ့သော ပိဋကတ်များကိုသာ သန့်ရှင်းသည် စင်ကြယ်သည် ပြတ်သားသည်ဟု အတ္တဒိဋ္ဌိသမားများပီသစွာ ဟစ်အော်ကြွေးကြော် နေကြပါသည်ဘုရား၊ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့မှ ထုတ်ဝေသော အတွဲ (၁) အမှတ်စဉ် (၅) သစ္စာဓမ္မရေးရာ စာစောင် ခေါင်းကြီးပိုင်းတွင်-

ယနေ့ ဗုဒ္ဓဝါဒီလောကသည် မူလ ဗုဒ္ဓရှင်တော်၏ ဆုံးမချက်သာသနာ တော်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သော အာသဝေါတရားနယ်တွင်း တရားတို့ကိုသာ လေ့လာလိုက်စား နေကြသည်၊ ကံ ကံ၏ အကြောင်း အကျိုး ကွင်းဆက် သံသရာတွင်း၌သာ ပျော်မွေ့နှစ်သိမ့် နေကြလေသည်၊ ဤကား အခြားမဟုတ်၊ ယနေ့ ပိဋကတ်၏ မသန့်ရှင်း မစင်ကြယ် မပြတ်သားမှုတို့ ကြောင့်ပင် ဖြစ်လေသည်။

ယခုမူ ၁၉၇၅-ခု၊ မတ်လ (၂၈) ရက်နေ့မှစ၍ မေလ (၁၀) ရက်အထိ ရက်ပေါင်းလေးဆယ်ကျော်မျှဖြင့် နိကာယ်ငါးရပ် တည်းဖြတ် သုတ်သင်တော်မူကြသော ဒေးဒရဲ ပဥ္စနိကာယ ဓမ္မသာကစ္ဆာသဘင် ဆင်ယင်၍ ပြီးမြောက်ပြီဖြစ်လေရာ ရှေ့အဖို့ အနာဂတ်သာသနာအတွက် စင်ကြယ်

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်း၍ အာသဝေါတရားစုမှလွတ်သော ဗုဒ္ဓ၏ အာဘောဂဓမ္မ မှန်အတိုင်းသာ လက်ခံကြရတော့မည်ဖြစ်ကြောင်း ကြေငြာလိုက်ရပေ သည်။ ဟူ၍ ရေးသားထားပါသည် ဘုရား။

ဒေးဒရဲ ဓမ္မသာကစ္ဆာအဖွဲ့၏ "နိကာယ်၏ နိကာယ်" များမှာ လူသေလူဖြစ်ဆရာကြီးနှင့် သမ္မာဒိဋ္ဌိသုတေသန ခေါင်းဆောင်ပိုင်းတို့ အလိုကျ ထုတ်ပြန်ထားသော (ဖြုတ်, ထုတ်, ပယ်) တပိုင်းကြောင် နိကာယ်များ ဖြစ်ပါသည် ဘုရား။

ဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား-

၁၅။ မြန်မာနိုင်ငံတွင် ထေရဝါဒ သာသနာတော်ကြီးကို လူသေလူဖြစ်ဝါဒကို လက်ကိုင်ထားကြသော သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်များနှင့် သံယောင်နောက်လိုက်သမားများက စာစောင်, စာအုပ်, တိတ်ခွေ, ဆွေးနွေးပွဲ, ဟောပြောပွဲစသော နည်းအမျိုးမျိုးတို့ဖြင့် ဖျက်ဆီးလျက် ရှိကြပါသည် ဘုရား။ ၎င်းတို့၏ အပြုအမူ လုပ်ဆောင်ချက်များသည် သာသနာတော်အတွက် အလွန် အန္တရာယ်ကြီးမားလှပါသည်ဘုရား၊ ၎င်းတို့၏ အရေးအသား အဟောအပြော အပြုအမူ အားလုံးသည် ဘာသာ, သာသနာကို အန္တရာယ်ပေးမည့် အဆိပ်ရေသင့်သော အဆိပ်ပန်းများ ဓမ္မန္တရာယ်များသာဖြစ်၍ ဓမ္မမဓိ အဓမ္မဝါဒ အဓမ္မဝါဒီများသာ ဖြစ်ကြောင်း ဆုံးဖြတ်တော်မူနိုင်ရန် ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

# သောဓနော အမှတ်(၆)

## သခင်မြတ်ဆိုင်၏ ချေပချက်

ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား -

စောဒနာလွှာ အမှတ် ၆-အား ရှင်းလင်း တင်ပြပါမည်ဘုရား၊

"အဘိဓမ္မာ" ဟူသော ဝေါဟာရစကားလုံးနှင့် ပတ်သက်၍ လျှောက်ကြားပါမည်ဘုရား။

ယင်း အဘိဓမ္မာစကားလုံးကို ဝေါဟာရအဖြစ်သို့ ရောက်ရှိလာသည်မှာ မူလဗုဒ္ဓ၏ ပါဝစနအသုံးတွင် မတွေ့ရကြောင်းပါဘုရား၊ မတွေ့ရကြောင်းကို အောက်ပါသုတ်ဖြင့် ကိုးကားတင်ပြပါသည် ဘုရား။

အင်္ဂုတ္တိုရ်၊ ဧကဒသကနိပါတ်၊ တယောဓမ္မသုတ် ၃၆၈-တွင် - "ဤလောက၌ ဇာတိ ဇရာ မရဏဟူသော ဤတရားသုံးမျိုး ရှိနေ၍သာလျှင် ငါသည် ဗုဒ္ဓဟူ၍ ပွင့်ပေါ်ခဲ့ရသည်၊ ဤတရား သုံးမျိုးကို လွှန်မြောက်ရန် သာလျှင် ငါ၏ ဓမ္မဝိနယတို့ ထွန်းတောက်ခဲ့ရသည်" ဟူ၍ ဟောကြားထားရာတွင် ငါ၏ ဓမ္မဝိနယဟူသော အသုံးအနှုန်းသာလျှင် တွေ့ရပါသည်ဘုရား။

အဘိဓမ္မာဟူသော ဝေါဟာရစကားလုံးမျိုး မတွေ့ရပါဘုရား၊ ၎င်းနောက် ပထမသံဂါယနာတင်ရန် အရှင်မဟာကဿပ၏ အဖွင့်ဩဝါဒတွင်လည်း ဓမ္မနှင့် ဝိနယဟူသော ဝေါဟာရမှတပါး အဘိဓမ္မာဟူသော စကားလုံးအသုံးမျိုး မတွေ့ရကြောင်း အောက်ပါကိုးကားချက်ဖြင့် တင်ပြပါသည်ဘုရား။

စူဠဝဂ်ပါဠိတော် မြန်မာပြန် ပဉ္စသတိကက္ခန္ဓက ၄၈၂-တွင် - ရန်ဟန်းများက အာနန္ဒာနှင့် ပတ်သက်၍ အရှင်မဟာကဿပကို လျှောက်တင်ရာတွင် "အရှင်အာနန္ဒာသည် ဘုရားထံမှ ဓမ္မနှင့် ဝိနယများစွာကို သင်ခဲ့ပါ၏" ဟု တွေ့ရပါသည်ဘုရား။

၎င်းစူဠဝဂ် ၄၈၂-တွင်ပင်လျှင် မထေရ်ကြီးများက "ငါတို့သည် ရာဇဂြိုဟ်၌ ဝါဆိုကုန်လျက် ဓမ္မနှင့် ဝိနယကို သံဂါယနာတင်ရမူ ကောင်း၏" ဟူ၍ ဟောကြား

www.burmeseclassic.com

www.burmeseclassic.com



ထားရာတွင်လည်း ဓမ္မနှင့် ဝိနယကိုသာ သံဂါယနာတင်မည် ဖြစ်ကြောင်း ခွဲခြား၍ သုံးထားပါသည်ဘုရား။

ဤတွင်လည်း အဘိဓမ္မာဟူသော ဝေါဟာရအသုံးအနှုန်းကို မတွေ့ခဲ့ရပါ ဘုရား။ ၎င်း ပဥ္စသတိကက္ခန္ဓက တစ်ခုလုံးတွင် ဓမ္မနှင့်ဝိနယဟူသော အသုံးအနှုန်း သည် ပထမသံဂါယနာတင် တစ်လျှောက်၌ တွေ့ရပါသည် ဘုရား။

တစ်ဖန် ဒုတိယသံဂါယနာတင် အခန်း ၎င်းစူဠဝဂ်ပါဠိတော် မြန်မာပြန် ၅၀၁-တွင် အရှင်ရေဝတနှင့် ပတ်သက်၍ ဖော်ပြရာ၌လည်း "ဓမ္မဝိနယနှင့် မာတိကာ ကို ဆောင်၏၊ ကျွမ်းကျင်လိမ္မာ၍ နက်နဲသော ဉာဏ်ပညာရှိ၏" ဟူသော အသုံး အနှုန်းကိုသာ တွေ့ရပါသည်။

၎င်းပါဠိတော် ၅၀၁-တွင် အရှင်သာဠှအား "ဓမ္မနှင့်ဝိနယကို ဆင်ခြင်သော ပုဂ္ဂိုလ်ဖြစ်သည်" ဟူသော အသုံးအနှုန်းမျိုးသာ ပါရှိပါသည် ဘုရား။

ထို့ကြောင့် ပထမနှင့် ဒုတိယသံဂါယနာ တင်ပွဲ နှစ်ရပ်လုံး၌ပင် ဓမ္မနှင့် ဝိနယဟူသော စကား အသုံးအနှုန်းကိုသာ ထပ်တစ်လဲလဲ တွေ့ရပါသည် ဘုရား။ အဘိဓမ္မာဟူသော ဝေါဟာရအသုံးအနှုန်းမျိုးကို မတွေ့ရပါ၊ သို့ရာတွင် ပထမဝါ၌ မြတ်စွာဘုရားဟောခဲ့သော သာမုက္ကံသိက တရားတော် သုံးသုတ်မှ ပဋိစ္စသမုပ္ပါဒ် ဒေသနာသည်ကား နောင် တတိယသံဂါယနာတင်ပွဲ ရောက်သောအခါ အတွေးခေါ် များဖြင့်သာ ဆိုင်သောသုတ် ဖြစ်နေသဖြင့် အဘိဓမ္မာဟူသော ဝေါဟာရ နာမပညတ် အဖြစ်သို့ ရောက်ရှိသွားလိမ့်မည်ဟူ၍ ယူဆရပါသည် ဘုရား။

ထို့နောက် တတိယသံဂါယနာတင်ပွဲတွင်မူ ဓမ္မဝိနယကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပိဋကတ်သုံးပုံ ဖြစ်ပေါ်လာကြောင်း တွေ့ရပါသည် ဘုရား။

အထက်ပါ အချက်များကြောင့် အဘိဓမ္မာဟူသော ဝေါဟာရစကားလုံးကို မြတ်စွာဘုရား၏ မူလပါဝစနတွင် မတွေ့ရှိကြောင်း လျှောက်ထားအပ်ပါသည် ဆရာ တော်အရှင်သူမြတ်တို့ ဘုရား။

၉

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၂)
စောဒနာ အမှတ်(၆) (၂၀)
အဘိဓမ္မာကို ဘုရားဟော မဟုတ်ဟု ဆိုခြင်းနှင့်စပ်သော ဝိနိစ္ဆယ၊
သံဂါယနာ ၆-တန်ကို ပေါ့ပျက်သေးသိမ်အောင် ဟောပြောခြင်းနှင့်
စပ်သော ဝိနိစ္ဆယ

**အမှတ် ၆-စောဒနာတင်လွှာ (အဘိဓမ္မာကို ဘုရားဟော မဟုတ်ဟုဆိုခြင်း)၊**
**အမှတ် ၂၀-စောဒနာတင်လွှာ (သံဂါယနာ ၆-တန်ကို ပေါ့ပျက်သေးသိမ်အောင် ဟောပြောခြင်း)**

စောဒကဆရာတော်များက အဘိဓမ္မာကို ဘုရားဟော မဟုတ်ဟု စုဒိတကတို့က ဝေဖန်ပုတ်ခတ်ကြကြောင်း ထိုစွပ်စွဲချက်သည် ထေရဝါဒ ပိဋကတ်ကျမ်းဂန်များနှင့် မညီမညွတ်သဖြင့် အဓမ္မဝါဒဖြစ်ကြောင်း ထို့ပြင် သံဂါယနာတင်(၆)တန်တင် ထေရဝါဒ ပိဋကတ်တော်များကို ပေါ့ပျက်အောင် ထိုးနှက်ဝေဖန်ခြင်း များသည်လည်း ဘုရားဟောကို ဘုရားဟောမဟုတ်ဟု လုပ်ရန် ကြိုးစားချက်ဖြစ်၍ အဓမ္မဝါဒသာ ဖြစ်ကြောင်း ဤရုံးတော်သို့ သက်သေအထောက်ထား စုံလင်စွာဖြင့် တင်ပြလျှောက်ထားကြသည်၊ ဤစောဒနာချက်ကို ဦးဆန္ဒာဓိက သခင်မြတ်ဆိုင်နှင့် သမ္မာဒိဋ္ဌိသုတေသနအဖွဲ့တို့က သောဓနာခဲ့ကြသည်၊ ဤစောဒနာတင်လွှာ နှစ်ရပ်ကို အချင်းချင်း ကွင်းဆက်ဖြစ်နေကြသောကြောင့် ၎င်းတို့ကို တပေါင်းတည်း စိစစ်သုံးသပ် ဆုံးဖြတ်တော်မူကြသည်။

စိစစ်သုံးသပ်ရာ၌ အကြောင်းအကျိုး အဆက်အစပ် မှန်ကန်ခြင်း ရှေ့နောက် အစဉ် ကျခြင်းကို ဦးစားပေး၍ စဉ်းစားမည် ဖြစ်ခြင်းကြောင့် စုဒိတကပုဂ္ဂိုလ်တို့ သောဓနာ ပြုချက် အစဉ်ကျမည် မဟုတ်ပေ။

၁။ စုဒိတကတို့က အဘိဓမ္မာ ဘုရားဟော မဟုတ်ကြောင်းကို -

(က) မဟာဝင်၊ဒီပဝင်၊ စူဠဝံ (၄-ကျမ်းမြောက်) ဝိနည်းပါဠိ တော်

www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းများတွင် ပဌမသံဂါယနာ၊ ဒုတိယသံဂါယနာနှစ်ရပ်လုံး၌ အဘိဓမ္မာ ပိဋကတ်ဟူ၍ မပါရှိခြင်း၊

(ခ) ဘာဏကစာရင်းတွင် အဘိဓမ္မာမပါခြင်း၊

(ဂ) အဋ္ဌကထာများနှင့် ရှေးဟောင်း ကျောက်စာများတွင် အဘိဓမ္မာဘာဏကဟူ၍ မတွေ့ရခြင်း၊ ဤအချက်သုံးချက်ဖြင့် ရှေးဦးစွာ တင်ပြကြသည်။

အထက်ပါ(က) (ခ) (ဂ)အချက်တို့ကို ကြည့်လျှင် အဘိဓမ္မာဘုရားဟော မဟုတ်ကြောင်းကို "စာ"နှင့် စကားပြောကြခြင်း ဖြစ်၏။ များသောအားဖြင့် ဥက္ကဋ္ဌဂိုဏ်းသားတို့သည် "စာ" ရှောင်ကြ၏။ သူတို့၏ ဝါဒများပုံကို စာတတ်သူများက စာပေဖြင့် ပြောကြသောအခါ အလကား စာသမားကြီးတွေ, တယူသန်ကြီးတွေဟု ပြောပြီး ပစ်မှတ်ကို ရှောင်ကြသည်၊ သို့သော် ယခု စုဒိတကတို့၏ စကားသည် "စာ" ဖြင့် ပြလာသဖြင့် ဝိနည်းမိုရ်ဆရာတော်များအနေဖြင့် စာဖြင့်ပင် ရှင်းလင်းသုံးသပ်ရပေ မည်။

ဗုဒ္ဓအဘိဓမ္မာနှင့် ပတ်သက်၍ ကျမ်းဂန်ပိုင်း အဘိဓမ္မာဘာသာရပ်၏ သဘောတရားပိုင်းနှင့် သမိုင်းပိုင်းဟူ၍ အဓိကအပိုင်းကြီး (၃)ပိုင်းရှိသည်။ ဘာသာခြား လူမျိုးခြားဖြစ်သော အနောက်တိုင်း သုတေသီတို့နှင့်တကွ ၎င်းတို့၏ နောက်လိုက် စုဒိတက ဦးဥက္ကဋ္ဌ, သခင်မြတ်ဆိုင်, သမ္မာဒိဋ္ဌိသုတေသနဆိုသူတို့သည် သမိုင်း ပိုင်းမှသာလျှင် အဘိဓမ္မာ ဘုရားဟော မဟုတ်ဟု ဝေဖန်ကြခြင်း ဖြစ်သည်၊ အဘိဓမ္မာ ခုနှစ်ကျမ်း၏ သဘောတရားပိုင်း အမြင်ဖြင့် ဘုရားဟော မဟုတ်ဟု ဝေဖန်နိုင် ကြသူများ မဟုတ်ပေ၊ ဤအချက်ကို လေးလေးနက်နက်ကြီး ကြိုတင် မှတ်သား ကြရပေမည်။

အဘိဓမ္မာကို သဘောတရားပိုင်းမှ ဦးဥက္ကဋ္ဌတို့၏ ဆရာသမားများဖြစ်သော အနောက်တိုင်း သုတေသီတို့သည်လည်း မဝေဖန်နိုင်၊ ဦးဥက္ကတို့လည်း မဝေဖန်နိုင် ချေ။

၂။ မဟာဝင်နှင့် ဒီပဝင်တို့သည် ပဌမသံဂါယနာ၊ ဒုတိယသံဂါယနာနှင့် စပ်၍ စူဠဝါပါဠိတော်ကိုပင် ယူ၍ ရေးသားကြရာ စူဠဝါပါဠိတော်ကို သုံးသပ်လျှင် ကိစ္စပြီးတော့သည်သာ။

စူဠဝါပါဠိတော် ပဉ္စသတိကသင်္ဂီတိက္ခန္ဓကဌ် အရှင်မဟာကဿပမထေရ် သည် ပဌမသံဂါယနာတင်ရန် အကြံဖြစ်၍ ရဟန်းတော်များအား

"ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယာမ ပုရေ အဓမ္မော ဒိပ္ပတိ၊ ဓမ္မော ပဋိဗာဟိယျတိ-" "ငါ့ရှင်တို့ အဓမ္မမထွန်းပမီ,ဓမ္မပစ် ပယ်ခြင်း မခံရမီ ဓမ္မနှင့် ဝိနယကို ပေါင်းစုရွတ်ကာ သံဂါယနာတင်ကြကုန်အံ့"

ဟူ၍ ရှေးဦးစွာ မိန့်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းနောက် ဝိနယနှင့်စပ်၍ ပထမပါရာဇိကသိက္ခာပုဒ်ကို အစပြုလျက် သိက္ခာပုဒ်ကို ပညတ်ရခြင်းအကြောင်း မည်သူကို အကြောင်းပြု၍ ပညတ်ရကြောင်း ပညတ်ရာဌာန စသည်တို့ကို အရှင်ဥပါလိအား မေးမြန်းသောအခါ ဝိသဇ္ဇကဖြစ်သူ အရှင်ဥပါလိကလည်း မေးမြန်းသမျှကို ဖြေတော်မူသည်။ အမေးအဖြေပြီးသောအခါ ၅၀၀-သောသံဃာတော်တို့ စုပေါင်းရွတ်ဆိုတော်မူကြသည်။ ဤအစဉ်မှုလောက်သာ ထင်ရှားစေ၍ သံဂါယနာတင်ကြပုံကို အမြွက်မျှ ပြတော်မူသည်။ ထိုနည်းအတိုင်း ဓမ္မနှင့် စပ်ဆိုင်ရာ၌လည်း အရှင်မဟာကဿပမထေရ်က အရှင်အာနန္ဒာအား ဗြဟ္မဇာလသုတ်ကို အဘယ်အရပ်၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအချက်ကြောင့် ဗုဒ္ဓမြတ်စွာဟောတော်မူသည်ကို မေးတော်မူပုံ အရှင်အာနန္ဒာက ဖြေတော်မူပုံ အမေးအဖြေပြီးသောအခါ သံဃာတော်များ စုပေါင်းရွတ်ဆို တော်ကြပုံကို အမြွက်မျှ ပြတော်မူသည်။

၃။ သတ္တသတိကသင်္ဂီတိက္ခန္ဓက ဒုတိယသံဂါယနာတင်ခန်း၌လည်း ပုစ္ဆက ဖြစ်တော်မူသော အရှင်ရေဝတထေရ်က ဝိသဇ္ဇကဖြစ်သော အရှင်သဗ္ဗကာမိထေရ် အား "သိင်္ဂီလောဏ အပ်ပါသလော၊ မအပ်လျှင် အဘယ်အရပ်၌ အဘယ်ပါဠိ-တော်တွင် ဗုဒ္ဓမြတ်စွာပယ်တော်မူခဲ့ပါသနည်း၊ ယင်း သိင်္ဂီလောဏကို အသုံးပြုလျှင် အဘယ်အာပတ်သင့်ပါသနည်း" စသည်ဖြင့် ဝိနယဝတ္ထုဆယ်ချက်ကို အသေးစိတ် မေးတော်မူပုံ အရှင်သဗ္ဗကာမိထေရ်က အသီးသီးဖြေတော်မူပုံကို အမြွက်မျှ ပြတော်မူသည်၊ ဤသို့ စူဠဝါနောက်ဆုံးခန္ဓက နှစ်ရပ်တွင် "အဘိဓမ္မ"ဟူသော စကားလုံးမပါသောကြောင့် အဘိဓမ္မာ ဘုရားဟော မဟုတ် ဟုဆိုပါလျှင် သံဂါယနာ အမေးအဖြေတွင် မပါဝင်ပဲ ကြွင်းကျန်သော သုတ်တို့ကို ဤခန္ဓကနှစ်ရပ်၌ တိုက်-ရိုက်မပါသောကြောင့် ဘုရားဟော မဟုတ်ဟု ဆိုနိုင်ကောင်းအံ့လော၊ အမှန်အားဖြင့် မဆိုနိုင်ပေ။

၄။ သုတ္တန်ဓမ္မဆိုင်ရာ၌လည်း သုတ်တစ်သုတ်မျှ နမူနာအဖြစ် မေးဖြေပုံကို ပြလျှင် ကြွင်းသုတ်တို့ကိုလည်း ဟောတော်မူကြောင်း သိရသကဲ့သို့ ဓမ္မဟူသော စကားလုံး၌ အဘိဓမ္မာအကျုံးဝင်လျက် ပါရှိသော အဘိဓမ္မာနှင့် စပ်၍လည်း မေးကာ ဖြေကာ သံဂါယနာတင်သွားတော်မူကြသည်ဟု သိအပ်၊ သိနိုင်ပေတော့သည်၊ တစ်ဖန် ဒုတိယသံဂါယနာခန်း၌လည်း ဝိနယဝတ္ထု ၁၀-ချက်အမေးအဖြေမျှကိုသာ စူဠဝါ ပါဠိတော်က ပြထားသောကြောင့် ဝိနည်းပါဠိတော်, သုတ္တန်ပါဠိတော်, အဘိဓ-မ္မာပါဠိတော်တို့ကို သံဂါယနာမတင်ဟု ဆိုနိုင်ကောင်းမည် မဟုတ်၊ အမှန်စင်စစ်သော် ကား-

"ဣမာယ ခေါ ပန ဝိနယသင်္ဂီတိယာ သတ္တဘိက္ခုသတာနိ အနူနာနိ အနာ-ဓိကာနိ အဟေသုံ၊ တသ္မာယံ ဝိနယသင်္ဂီတိ သတ္တသတိကာတိ ဝုစ္စတိ"။

(စူဠဝါပါဠိတော်)

www.burmeseclassic.com

www.burmeseclassic.com



ဤ ဝိနယသင်္ဂီတိ၌ ရဟန္တာ ၇၀၀-မယုတ်မပို ပါရှိကြသောကြောင့် ဤဝိနယသင်္ဂီ-တိကို သတ္တသတိကာဝိနယသင်္ဂီတိ ဟု ခေါ်ဆိုရလေသည်။

ဤစကားအရ ဝိနည်းကို ပေါင်းစုရွတ်ခြင်း (ဝိနယသင်္ဂီတိ)ဟု ဆိုသော်လည်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ၃-ပါးလုံးကို ပေါင်းစုရွတ်ဆိုခြင်းဟု နားလည်ကြ၍ ကောက်ယူကြရသည်သာ ဖြစ်ပေသည်၊ ဝိနယသင်္ဂီတိဟု တိုက်ရိုက်ဆိုထား၍ ဒုတိယသံဂါယနာပွဲ၌ သုတ္တန်နှင့် အဘိဓမ္မာကို သံဂါယနာမတင်ဟု ကပ်ကိုး၍ မရပေ။

၅။ ဤ၌ ဓမ္မဝိနယသဒ္ဒါ(ပုဒ်စုတွဲ သမာသ်ပုဒ်အဖြစ်ဖြင့်) သာသနာတစ်ခုလုံးကို ဟောပုံကို လည်းကောင်း၊ ဓမ္မသဒ္ဒါတစ်ခုတည်း ဝိနယသဒ္ဒါတစ်ခုတည်းက ပိဋက ၃-ပုံကို ဟောပုံကို လည်းကောင်း 'ဓမ္မံ ဝိနယံ စ ဓမ္မော စ ဝိနယော စ' ဟု ဝါကျဒွန်အနေဖြင့် ဟောလျှင် ဓမ္မသဒ္ဒါဖြင့် သုတ္တန်နှင့် အဘိဓမ္မာကို ကောက်ယူရ၍ ဝိနယသဒ္ဒါဖြင့် ဝိနည်းပိဋကကို ကောက်ယူရပုံကို လည်းကောင်း ဓမ္မ, အဘိဓမ္မ, ဝိနယ အဘိဝိနယ အစိတ်စိတ်ခွဲ၍ ဟောလျှင် ဓမ္မနှင့်အဘိဓမ္မ ဝိနယနှင့်အဘိ-ဝိနယ အသီးသီးခွဲ၍ ကောက်ယူရပုံကိုလည်းကောင်း ရှင်းလင်း စိစစ်၍ ပြဦးအံ့။

**(က) သမာသ်ပုဒ် ဓမ္မဝိနယသဒ္ဒါက သာသနာကို ဟောပုံ**

ယေ တေ ဘိက္ခဝေ ဘိက္ခူ နဝါ အစိရပဗ္ဗဇိတာ အဓုနာဂတာ ဣမံ **ဓမ္မဝိနယံ** တေ ဝေါ ဘိက္ခဝေ ဘိက္ခူ စတုန္နံ သတိပဋ္ဌာနာနံ ဘာဝနာယ သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ^၁။

(မဟာဝဂ္ဂသံယုတ်)

**မြန်မာအကျဉ်း**

ရဟန်းတို့ အသစ်ဖြစ်၍ မကြာမီက ရဟန်းပြုလာကြသော ဤ **သာသနာတော်**သို့ ယခုမှ ရောက်လာကြသော ရဟန်းတို့ကို သတိပဋ္ဌာန်လေးပါး ပွားစေဖို့ရန် ဆောက်တည်စေရ တည်နေစေရ ချထားကြရမည်။

ဣမံ ခေါ တံ ဘိက္ခဝေ သောဘေထ ယံ တုမှေ ဧဝံ သွာက္ခာ တေ **ဓမ္မဝိနယေ** ပဗ္ဗဇိတာ သမာနာ အာစရိယေသု အာစရိယမတ္တေသု ဥပဇ္ဈာယေသု ဥပဇ္ဈာယမတ္တေသု အဂါရဝါ အပ္ပဋိဿာ အသဘာ-ဂဝုတ္တိကာ ဝိဟရေယျာထ။

(ဝိနည်းမဟာဝါပါဠိ)

**မြန်မာအကျဉ်း**

ရဟန်းတို့ သင်တို့၏ ဆရာ, ဆရာလောက် လေးစားထိုက်သူ, ဥပဇ္ဈာယ်ဆရာ ဥပဇ္ဈာယ်ဆရာလောက် လေးစားထိုက်သူ ပုဂ္ဂိုလ်များအပေါ် မရိုမသေ မတုပ်မပျပ် အသက်မွေးမှု မတူညီပဲ သင်တို့ နေကြမည်ဆိုလျှင် ဤသို့ ငါဘုရား ကောင်းစွာဟော

www.burmeseclassic.com

www.burmeseclassic.com



ထား (ကောင်းစွာစီမံထား) အပ်သော သာသနာတော်၌ ရဟန်းပြုကြသူများ ဖြစ်ကြပါလျက် ထိုသာသနာကို သင်တို့ တင့်တယ်စေနိုင်ကြကုန်ပြီလော၊ တင်တယ်စေသည် မည်ကြကုန်မည်လော။

ဤပါဠိတော်နှစ်ရပ်၌ ဟောတော်မူအပ်သော ဓမ္မဝိနယသဒ္ဒါဖြင့် သာသနာတော်ကို ဆိုလိုသည်၊ ဓမ္မဝိနယသဒ္ဒါက "သာသနာ" ဟူသော အနက်အဓိပ္ပါယ်ကို ဖော်ပြသည်၊ ဤသို့ "သာသနာ" ဟူသော အနက်ကို ယူခြင်းသည် ပါဠိတော်၏ အနက်အဓိပ္ပါယ် ကောက်ယူပုံ ထုံးနည်းပြသော အောက်ပါ မဟာနိဒ္ဒေသအဋ္ဌကထာ စကားအရ ပါဠိတတ်ပညာရှင်တိုင်း နားလည်ပြီးသား ဖြစ်ကြပါသည်။

(၁) အပိစေတံ သိက္ခတ္တယသင်္ဂါတံ သကလံ သာသနံ (ပ) အတ္တနော ကာရကံ အပါယေသု အပတမာနံ ကတွာ ဓာရေတီတိ ဓမ္မော၊ သော ဝ သံကိလေသပက္ခံ ဝိနေတီတိ ဝိနယော၊ ဓမ္မော စ သော ဝိနယောစာတိ ဓမ္မဝိနယော။

တစ်နည်းမှာ သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော သာသနာတစ်ခုလုံးသည် လိုက်နာကျင့်ကြံသူကို အပါယ်မကျစေဘဲ ဆောင်ထားတတ်သောကြောင့် ဓမ္မ, ညစ်ညူးသောအပိုင်းကို ပယ်တတ်သောကြောင့် ဝိနယမည်၏၊ ဓမ္မ- ဝိနယဟူသော ပါဠိဖြင့် ဘုရားသာသနာ တစ်ရပ်လုံး ကောက်ယူရပုံကို အောက်ပါအတိုင်း သိနိုင်ပေသေး၏၊

(၂) ကုသလဓမ္မေဟိ ဝါ အကုသလာ ဓမ္မာနံ ဧသ ဝိနယောတိ ဓမ္မဝိန- ယော။

ကုသိုလ် ဓမ္မတို့ဖြင့် အကုသိုလ် ဓမ္မတို့ကို ပယ်ဖျောက်တတ်သောကြောင့်(သီလတ္တယ သင်္ဂီတိက)သာသနာသည် ဓမ္မဝိနယမည်၏။

(၃) ဓမ္မေန ဝါ ဝိနယော န ဒဏ္ဍာဒီဟီတိ ဓမ္မဝိနယော။

တုတ်လျင်ကန်စသည်ဖြင့် မဟုတ်ဘဲ တရားသဖြင့် ဆုံးမရာဖြစ်သောကြောင့် သာသနာသည် ဓမ္မဝိနယမည်၏။

(၄) ဓမ္မာယ ဝါ ဝိနယော ဓမ္မဝိနယော၊ အနဝဇ္ဇဓမ္မတ္ထဉ္စေသ ဝိနယော၊ န ဘဝဘောဂါမိသတ္ထံ။

ဘဝစည်းစိမ် အကျိုးငှာ မဟုတ်ဘဲ အပြစ်ကင်းသော တရား အကျိုးငှာ ဆုံးမရာဖြစ်သောကြောင့် သာသနာသည် ဓမ္မဝိနယမည်၏။

(၅) ဝိသိဋ္ဌ ဝါ နယတီတိ ဝိနယော၊ ဓမ္မတော ဝိနယော ဓမ္မဝိနယော၊ သံသာရဓမ္မတော ဟိ သောကာဒိဓမ္မတော ဝါ ဧသ ဝိသိဋ္ဌံ နိဗ္ဗာနံ နယတိ။

သံသရာသဘော သောကစသောသဘောမှ ထူးသော နိဗ္ဗာန်သို့

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တတ်သောကြောင့် သာသနာသည် ဓမ္မဝိနယမည်၏။

(၆) ဓမ္မသ ဝါ ဝိနယော န တိတ္ထကရာနန္တိ ဓမ္မဝိနယော၊ ဓမ္မဘူတော ဟိ ဘဂဝါ၊ တဿေဝ ဝိနယော။

တရားတုံး တရားခဲကြီး ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဆုံးမရာ ဖြစ်သောကြောင့် သာသနာတော်သည် ဓမ္မဝိနယမည်၏။

(၇) ယသ္မာ ဝါ ဓမ္မာ ဧဝ အဘိဇ္ဈာယျာ ပရိဇ္ဈာယျာ ပဟာတဗ္ဗာ ဘာဝေ-တဗ္ဗာ သစ္ဆိကာတဗ္ဗာ စ၊ တသ္မာ ဧသ ဓမ္မေသု ဝိနယော, န သတ္တေသု န ဇီဝေသု စာတိ ဓမ္မဝိနယော။

အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ ဘာဝေတဗ္ဗ သစ္ဆိကာတဗ္ဗဖြစ်-သော တရားတို့၌ တည်၍ ဆုံးမရာဖြစ်သောကြောင့် သာသနာသည် ဓမ္မ-ဝိနယမည်၏။

### (ခ) ဓမ္မသဒ္ဒါသက်သက်က ပိဋကသုံးပုံလုံးကို ဟောပုံ

ဣဓ ပန ဘိက္ခဝေ ဧကစ္စေ ကုလပုတ္တာ ဓမ္မံ ပရိယာပုဏန္တိ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ၊ တေ တံ ဓမ္မံ ပရိယာပုဏိတွာ တေသံ **ဓမ္မာနံ** ပညာယ အတ္ထံ န ဥပပရိက္ခန္တိ။

**မြန်မာအကျဉ်း**

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အနှစ်မဲ့သော ယောကျာ်းတို့သည် သုတ္တ,ဂေယျ,ဝေယျကရဏ, ဂါထာ,ဥဒါန်း,ဣတိဝုတ်, အဗ္ဘုတဓမ္မ,ဝေဒလ္လ-ဟုဆိုအပ် သော ဓမ္မ(ပိဋကသုံးပုံ)ကို သင်ယူကြကုန်၏။ သင်ယူပြီးသော ထိုသူတို့သည် ထိုပါဠိ ဓမ္မတို့၏ အနက်အဓိပ္ပါယ်ကို ပညာဖြင့် ကောင်းစွာ မဆင်ခြင်ကြကုန် (စသည်)၊ (မူလပဏ္ဏာသ၊ အလဂဒ္ဒူပမသုတ်)။

**မှတ်ချက်။** ။ ဤပါဠိတော်၌ သုတ္တသဒ္ဒါဖြင့် ဝိနည်းပါဠိတော်များနှင့် နိဒ္ဒေသ၊ သုတ္တနိပါတ်စသည်တို့ကို ကောက်ယူရမည် ဟူ၍လည်းကောင်း၊ ဝေယျာကရဏသဒ္ဒါဖြင့် အဘိဓမ္မာပိဋကတစ်ခုလုံးနှင့် ဂါထာမပါသော သုတ်များကို ကောက်ယူရမည်ဟူ၍ လည်းကောင်း၊ ဤသုတ်အဖွင့် အဋ္ဌကထာ နှာ-၉-၌ အဋ္ဌကထာဆရာ ဖွင့်ဆိုထားသည်။

### (ဂ) ဝိနယသဒ္ဒါသက်သက်က ပိဋကသုံးပုံလုံးကို ဟောပုံ

ကတမော စ ဘိက္ခဝေ သုဂတဝိနယော၊ သော ဓမ္မံ ဒေ-သေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ၊ အယံ ဘိက္ခု-

www.burmeseclassic.com

www.burmeseclassic.com



ဝေ သုဂတဝိနယော။ (သုဂတဝိနယသုတ်)

**မြန်မာအကျဉ်း**

ရဟန်းတို့ ငါဘုရား၏ အဆုံးအမဟူသည် အဘယ်နည်း၊ ထို ငါဘုရားသည် အစ အလယ် အဆုံး သုံးပါးလုံးကောင်း၍ အနက်သဒ္ဒါနှင့် ပြည့်စုံသော အဘက် ဘက်မှ စုံလင်၍ စင်ကြယ်သော ဓမ္မ(ပိဋကတော်ကို) ဟောတော်မူသည်၊ မြတ်သော အကျင့်ကို ထင်စွာပြတော်မူသည်၊ ရဟန်းတို့ ဤသည်ကား ငါဘုရား၏ အဆုံး အမတော် ပေတည်း။

**မှတ်ချက်။** ။ ရှေ့သုတ်၌ ဓမ္မသဒ္ဒါသည် ပိဋကသုံးပုံကို ဟောသကဲ့သို့ ဤသုတ်၌ ဝိနယသဒ္ဒါသည်လည်း ပိဋကသုံးပုံကို ဟော-သည်။

## (ယ) သုတ္တသဒ္ဒါ ပိဋကသုံးပုံကို ဟောပုံ

ဓမ္မသဒ္ဒါ ဝိနယသဒ္ဒါတို့သည် ပိဋကသုံးပုံကို ဟောသကဲ့သို့ သုတ္တ(သုတ္တန္တ) သဒ္ဒါသည်လည်း ပိဋကသုံးပုံကို ဟောသေးသည်၊ အင်္ဂုတ္တရနိကာယ် စတုတ္ထမဟာ-ပဒေသသုတ်၌-

ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဧဝံ ဝဒေယျ၊ သမ္မုခါပေတံ အာဝုသော ဘဂဝ တော သုတ္တံ သမ္မုခါ ပဋိဂ္ဂဟိတံ အယံ ဓမ္မော အယံ ဝိနယော သတ္ထုသာသနံ။

"ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတစ်ပါးသည် **ဤသို့ ဆိုရာ၏၊** ငါ့ရှင် တို့ ငါသည် မြတ်စွာဘုရား မျက်မှောက်၌ ဤကား **ဓမ္မ၊ ဤကား ဝိနယ၊** ဤကား သတ္ထုသာသန ဟူ၍ ကြားနာသင်ယူခဲ့သည်ဟု **ဆိုရာ၏၊ ရဟန်းတို့** ထိုရဟန်း၏ စကားကို လက်မခံနှင့်ဦး၊ ပယ်လည်း မပယ်နှင့်ဦး၊ **သူဆိုသော** ပုဒ်၊ ပါဠိအက္ခရာတို့ ကို ကောင်းစွာလေ့လာ၍ သုတ္တ(ပိဋကတ်သုံးပုံ၌) ချသွင်းကာ, ရာဂကင်းကြောင်း တရား၌ ထင်စေကာ ပိဋကသို့ဝင်လျှင်, ရာဂကင်းကြောင်းတရား၌ ထင်လျှင် ဤကား ငါဘုရား၏ စကားတည်း၊ ဤရဟန်းသည် ကောင်းစွာ သင်ယူလေ့လာနိုင်ပေသည် ဟု ဆုံးဖြတ်လော"-စသည်ဖြင့် ဟောတော်မူသည်။

**မှတ်ချက်။** ။ဤသုတ်၌ သုဒိန္နထေရ်သည် သုတ္တဟူသောစကားလုံးဖြင့် မသိမ်းခြုံနိုင်၊ မငုံမိနိုင်သော ဘုရားစကားတော် မရှိ၊ အသု-တ္တနာမကံ ဗုဒ္ဓဝစနံ နတ္ထိ-ဟု ဆို၍ ဤမဟာပဒေသသုတ်၌ ပိဋကသုံးပုံသည် သုတ္တ ရာဂ စသည်ကင်းခြင်း၏အကြောင်း သည် ဝိနယမည်၏ ဟု မိန့်ဆိုခဲ့ဖူးလေ၏။ ဤသို့ ထေရဝါဒ ကို ပြဆိုကာ အဋ္ဌကထာဆရာက ဆက်၍၊ ထို့ကြောင့် သု-တ္တေ တေ ပိဋကေ ဗုဒ္ဓဝစနေ ဩတာရေ တဗ္ဗာနိ (ပိဋက-သုံးပုံ ဗုဒ္ဓဝစနဟူသော သုတ်၌ ချသွင်းရမည်)၊ ဝိနယေ

www.burmeseclassic.com

www.burmeseclassic.com



စေတသ္မိံ ရာဂါဒိဝိနယကာရဏော သံသန္ဒေတဗ္ဗာနိ(ရာဂစသည်ကင်းခြင်း၏ အကြောင်းဖြစ်သော ဝိနယ၌ ထင်စေရမည်)

ဟု ဤနေရာ၌ အနက်ကောက်ယူပါဟု ဖွင့်ဆိုထားလေသည်။

( မဟာပဒေသသုတ်၊ ဋ- နှင့် မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ် ၁၅၇)။

### (င) ဓမ္မသဒ္ဒါ လောကုတ္တရာတရား ကိုးပါးကို ဟောပုံ

ဓမ္မာနုဓမ္မပဋိပတ္တိယာတိ ဓမ္မော နာမ နဝ လောကုတ္တရဓမ္မာ၊ အနုဓမ္မော နာမ ဝိပဿနာဒိ တဿ ဓမ္မဿ အနုရူပါ ဓမ္မပဋိပဒါ ဓမ္မာနုဓမ္မပဋိပဒါ။

### မြန်မာပြန်

ဓမ္မာနုဓမ္မပဋိပဒါယ ဟူသော စကားရပ်၌ ဓမ္မဟူသည် လောကုတ္တရာတရား ၉-ပါး တည်း၊ လျော်သောအကျင့်ဟူသည် ဝိပဿနာစသည်တည်း။ ထို လောကုတ္တရာတရား ၉-ပါးအား လျော်သော ဝိပဿနာစသော အကျင့်သည် ဓမ္မာနုဓမ္မပဋိပဒါမည်၏။ (မဟာနိဒ္ဒေသအဋ္ဌ- ကထာ)

### (စ) ဓမ္မသဒ္ဒါ အဘိဓမ္မာကို ဟောပုံ

သုတ္တန္တိကောတိ သုတ္တန္တေနိယုတ္တော၊ ဝိနယဓရောတိ ဝိနယပိဋကဓရော၊ ဓမ္မကထိကောတိ အာဘိဓမ္မိကော။ (မဟာနိဒ္ဒေသအဋ္ဌကထာ၊ ဒုဋ္ဌဋ္ဌက သုတ်)

### မြန်မာပြန်

သုတ္တန်ပါဠိတော်၌ တာဝန်ချထားခြင်း ခံရသောသူသည် သုတ္တန္တိကမည်၏။ ဝိနည်း ပိဋကကို ဆောင်သောသူသည် ဝိနယဓရမည်၏။ ဓမ္မကို ဟောပြောသော သူသည်ကား အဘိဓမ္မကို (တာဝန်ယူ၍)ဆောင်သောသူတည်း။

၆။ ဤသို့ "ဓမ္မဝိနယ" ဟူ၍ ဓမ္မနှင့်ဝိနယ တွဲလျက်ပုဒ်၊ "ဓမ္မ"သက်သက် "ဝိနယ"သက်သက် ပုဒ်၊ ယင်းနှင့်အလားတူသော "သုတ္တသဒ္ဒါ" ဝင်းတို့၏ ဟောလေ့ရှိသော ပိဋကတ်ကျမ်းဂန် ၌ သုံးစွဲလေ့ရှိသော အနက်တို့ကို ယခု ကဲ့သို့ ထုတ်ပြခြင်းမှာ "ဓမ္မံ စ ဝိနယံ စ" စသော ပုဒ်ကို လက်ကိုင်ပြု၍ အနက်အရ ကောက်ထုတ်ကြသော ဘာသာခြား လူမျိုးခြား အနောက်တိုင်းသမိုင်း သုတေသီတို့နှင့် ယင်းတို့၏ နောက်လိုက် မြန်မာ(သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်) တို့၏အဆိုကို စိစစ်ရန်ဖြစ်သည်။ "ဓမ္မံ စ ဝိနယံ" ဟူသော ပါဠိဝေါဟာရတို့၏ သဒ္ဒါနက် ရင်းမြစ်အနက် ကလေး လောက်ကိုသာ ကျဉ်းမြောင်းစွာ ဆုပ်ကိုင်၍လည်းကောင်း၊ ဘုရားဟော ပါဠိ

www.burmeseclassic.com

www.burmeseclassic.com



ဝေါဟာရတို့၏ ယထာဘူတအနက်မှန်ရအောင် ဖွင့်ပြသော အဋ္ဌကထာ ဆရာကြီးတို့၏ ညွှန်ပြချက်တို့ကို ပစ်ပယ်၍လည်းကောင်း ကိုယ်လိုရာ ကိုယ်ဆွဲ၍ ရေးသား ပြောဟောခြင်းသည် ပိဋကတ်တော်နှင့် ဆန့်ကျင်ရုံမျှမက လောကအစဉ် အလာ အားဖြင့်လည်း လုံးဝ ဆန့်ကျင်ပေသည်။ သာဓကေ ပြရသော်- နိုင်ငံတကာ၌ အခြေခံ ဥပဒေပါ စကားလုံးတို့ကို ဥပဒေပြဋ္ဌာန်းသူ အစိုးရတို့က မည်သည့် စကားကို မည်သို့ ဆိုလိုသည်ဟု အနက်ဖွင့်ဆိုချက် သတ်မှတ်ပေးစမြဲ ဖြစ်သည်။ သတ်မှတ်ပေးသည့် အနက်အတိုင်း ပြည်သူတို့က လိုက်နာရသည်။ ကြားလူ တစ်ဦးတစ်ယောက်က အခြေခံဥပဒေ၌ပါသော ဝေါဟာရကို အဘိဓာန် လှန်ကြည့်ပြီး မိမိလိုချင်သလို အဓိပ္ပါယ်ဖော်ယူ၍ မရပေ။ ဤနည်းအတူ ဘုရားဟော ပါဠိတော်၌ပါသော ဝေါဟာရ တို့၏ အနက်ကိုလည်း အဋ္ဌကထာဆရာများ ဖွင့်ပြသည့်အတိုင်းသာ အနက်ယူ ရပေသည်။ ဤကား သဘာဝနည်းလမ်း ပေတည်း။

၇။ "ဓမ္မ"နှင့်"အဘိဓမ္မ"၊ "ဝိနယ"နှင့်"အဘိဝိနယ" တွဲစပ်၍ ဟောလျှင် ယူရမည့် အနက် များကို ဆက်လက်ပြဆိုဦးအံ့။

(က) "ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မကာမော ဟောတိ၊ ပိယသမုဒါဟာရော အဘိဓမ္မေ အဘိဝိနယေ ဥဠာရပါမောဇ္ဇော" စသည်

(ဒသက၊ အံ၊ ပဌမနာထသုတ်နှင့် ဒီ- ၃၊ သင်္ဂီတိသုတ်)

မြန်မာပြန်

ရဟန်းတို့ ရဟန်းတစ်ပါးသည် (ပိဋကတ် သုံးပုံဟုဆိုအပ်သော) တရားကို လိုလားသည် ချစ်ဖွယ်နာလိုဖွယ်သော စကားကို ပြောဆိုတတ်သည် အဘိဓမ္မာ (သို့မဟုတ် မဂ်ဖိုလ်) ၌လည်းကောင်း၊ ခန္ဓက ပရိဝါရဟူသော မြတ်သော (ကျယ်ဝန်း များပြားသော) ဝိနည်း (သို့မဟုတ် ကိလေသာ ငြိမ်းအေးကြောင်း တရားဟူသော အဘိဝိနယ) ၌လည်းကောင်း၊(သင်ယူလေ့လာခြင်း, ကျင့် သုံးခြင်းအားဖြင့်) ထူးခြားမြင့်မားသော ဝမ်းမြောက်ခြင်းရှိသည်။

(ခ) ဝိနည်း မဟာဝါပါဠိတော် ဥပသမ္ပာဒေတဗ္ဗ ပဉ္စကဉ် နိဿရည်းပေးနိုင်, ဥပဇ္ဈာယ် ပြု၍ ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ (အရည်အချင်း) ငါးပါးအနက်-

"ပဋိဗလော ဟောတိ၊ အန္တေဝါသိံ ဝါ အဘိဓမ္မေ ဝိနေတုံ, အဘိဝိနယေ ဝိနေတုံ"

(မဟာခန္ဓက)

မိမိ၏ အတွင်းနေတပည့်ကိုဖြစ်စေ၊ အတူနေတပည့်ကို ဖြစ်စေ ရုပ်နာမ်ခန္ဓာနှင့် စပ်သော အဘိဓမ္မာ၌ သွန်သင်ဆုံးမခြင်းငှာ စွမ်းနိုင်ရမည်။ ပါတိမောက် ဥဘတော ဝိဘင်းနှင့်တကွ စူဠဝါခန္ဓက, မဟာဝါခန္ဓက, သောဠသပရိဝါရ ဟူသော အထက် တန်းကျသော အဘိဝိနယ၌ ပို့ချသွန်သင် ပြုပြင်ဆုံးမခြင်းငှာ စွမ်းနိုင်သူ ဖြစ်ရမည်

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အင်္ဂါနှစ်ရပ် လာရှိပေသည်။

ယခု ဆောင်ပြထားသော သုတ်နှစ်သုတ်တွင် ပထမသုတ်၌ ဓမ္မကာမောဟူသော ပါဠိဖြင့် ဓမ္မကိုလည်းကောင်း၊ အဘိဓမ္မဟူသော ပါဠိဖြင့် အဘိဓမ္မကိုလည်းကောင်း နှစ်မျိုးဟောထားရာ ယင်း နာထသုတ် အဋ္ဌကထာ ဓမ္မအရ အဘိဓမ္မာနှင့်တကွ ပိဋကတ်သုံးပုံကိုလည်းကောင်း၊ အဘိဓမ္မာအရ မဂ်ဖိုလ်ကိုလည်းကောင်း ကောက်ပြထားပေသည်။ တစ်နည်း ကောက်ယူလျှင် ဓမ္မအရ သုတ္တန္တပိဋကကို ယူ၍ အဘိဓမ္မာအရ အဘိဓမ္မပိဋကတ်ကို ယူရမည်ဟု ဖွင့်ပြထားသည်။ ဒုတိယသုတ်၌ အဘိသမာ-စာရိကာယ သိက္ခာယာတိ ခန္ဓကဝတ္တေဟု ဖွင့်ဆိုလျက် သေခိယသိက္ခာပုဒ်၊ အသိတိ ခန္ဓက ကျင့်ဝတ်များနှင့်တကွ ဥဘတောဝိဘင်းကို ဝိနယဟုကောက်ရမည်ကိုလည်း ကောင်း၊ **အဘိဝိနယဟူသည်ကို** စူဠဝါခန္ဓက, မဟာဝါခန္ဓက, သောဠသပရိဝါရ ကောက်ယူရမည်**ကိုလည်းကောင်း ညွှန်**ပြတော်မူသည်။ တစ်နည်း ကောက်ယူလျှင် ဝိနည်းပိဋကတ်**တစ်ခုလုံးကို ဝိနယ, ကိ**လေသာငြိမ်းအေးခြင်းအကြောင်းကို အဘိ-ဝိနယဟု ကောက်ယူ**ပြထားပေသည်။**

အထက်တွင် ဖော်ပြခဲ့ပြီးသော ပါဠိတော်အဋ္ဌကထာ စကားရပ်တို့ကို အကျဉ်း ချုပ်၍ ဖော်ပြရသော် ဤသို့ သိအပ်၏။

(က) စူဠဝါပါဠိတော် သံဂါယနာခန်း၌ အဘိဓမ္မာပိဋကမပါခြင်းမှာ အဘိ-ဓမ္မာကို ဘုရားဟော မဟုတ်၍ မပါခြင်း မဟုတ်၊ စူဠဝါပါဠိတော်၌ သံဂါယနာတင်ပုံ သိသာရုံအမြွက်မျှ ပြခြင်းဖြစ်၍ မပါခြင်းသာ ဖြစ်သည်။ အဘိဓမ္မာသာမက အခြားသော သုတ်,ဝိနည်းများစွာလည်း အပြည့်အစုံ မပါချေ၊ စူဠဝါမှာမပါ၍ ဘုရားဟော မဟုတ်ရစတမ်း ဆိုလျှင် အဘိဓမ္မာသာမက ကျန်သော ပါဠိတော် (၉၀%) ရာခိုင်နှုန်း သည်လည်း ဘုရားဟော မဟုတ်ဟု ဆိုရန်ရှိသည်၊ သို့သော် ဤသို့ မဟုတ်၊ သံဂါယနာဆရာမြတ်တို့သည် အဘိဓမ္မာနှင့်တကွ ပြည့်ပြည့် စုံစုံ သံဂါယနာတင်ပြီး တာဝန်ခွဲဝေ သင်ယူခဲ့ကြ၏။ ခေတ်ခဲနက်နဲသော ဗုဒ္ဓအဘိဓမ္မာတရားတော် ယနေ့အထိ မပျောက်မပျက် တည်တံ့လာ ခြင်းသည် သင်သူ ဆောင်သူ ရှိခဲ့၍သာ ဖြစ်ကြောင်း အလွန်ထင်ရှား ပေသည်။

(ခ) ဓမ္မဝိနယသဒ္ဒါသည် သာသနာတော် တစ်ရပ်လုံးကို ဟောသည်၊ ဓမ္မ သဒ္ဒါ တစ်ခုတည်း ပိဋကတ်သုံးပုံကို ဟောသည်၊ ဝိနယသဒ္ဒါတစ်ခု တည်း ပိဋကတ်သုံးပုံကို ဟောသည်။ သုတ္တသဒ္ဒါ( သုတ္တန္တသဒ္ဒါ) လည်း ပိဋကသုံးပုံကို ဟောသည်။ သူနေရာနှင့်သူ ပါဠိဝေါဟာရများသည် အနက်များ အမျိုးမျိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ဘုရားရှင် လက်ထက်တော်၌ပင် အဘိဓမ္မာတရား ရှိနေကြောင်း ဝိနည်း မဟာဝါပါဠိတော်၌ "အဘိဓမ္မေ ဝိနေတုံ" အဘိဓမ္မာတရား၌ ဆုံးမ နိုင်စိမ့်သောငှာဟု တိုက်ရိုက် အထင်အရှား ပါရှိသည်။

သို့ဖြစ်သောကြောင့် စူဠဝါပါဠိတော် သံဂါယနာခန်း၌ အဘိဓမ္မာဟူသော ဝေါဟာရ အဘိဓမ္မာဘာဏက မပါ၍ အဘိဓမ္မာ ဘုရားဟော မဟုတ်ဟု စုဒိတက တို့ ကောက်ချက်ချခြင်းသည် စူဠဝါပါဠိတော်မှ တစ်ပါး အခြားသော ပါဠိတော် အဋ္ဌကထာတို့ကို ကျယ်ကျယ်ပြန့်ပြန့် မကြည့်တတ်၍သာ ယခုလို အမှားကို ပြောမိ ကြခြင်း ဖြစ်ပေသည်။

၉။ ယင်းသို့ သာသနာတော်၏ ထုံးနည်းဥပဒေ ပါဠိဂတိ(ပါဠိတော်၏ အနေထား) ကို ရှေ့နောက် ထောက်ဆ, ဒေသကဖြစ်သော ရှင်တော်မြတ်ဘုရား၏ ဇျာ်ဈတ္တ(ဆိုလိုသော အနက်အဓိပ္ပါယ်) ကို မဝှက်မကွက် လည်လည်ပတ်ပတ် သိသော ဉာဏ်မရရှိဘဲလျက် တစ်နည်းတွေ့ဖြင့် လွှေ့လွှေ့ရမ်းရမ်း ကလောင်သရမ်း လျှာသ ရမ်းကြကာ ဗုဒ္ဓဘာသိတ (ဘုရားဟော) ဖြစ်ပါလျက် အဗုဒ္ဓဘာသိတ(ဘုရားဟော မဟုတ်) ဟု ဆိုမိကြလျှင် အလွန်ကြောက်ဖွယ်ကောင်းသော အမှားကို လွန်ကျူးရာ ရောက်၍ သံသရာဝန်ကြီး လေးလှပေသည်။

၁၀။ ယခုအခါ "အဘိဓမ္မာကို ဗုဒ္ဓမြတ်စွာမဟောခဲ့" ဟု ဆိုကြသော သူတို့၏ လက်သုံးအကိုး သာဓကပြုသော စကားများကို စိစစ်ပြဦးအံ့။

ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပည- တ္တော သော ဝေါ မမစ္စယေန သတ္ထာ-

အာနန္ဒာ၊ ဓမ္မနှင့် ဝိနယကို ငါဘုရားသည် ဟောကြားခဲ့, ကောင်းစွာနား လည်အောင် ရှင်လင်းခဲ့ပြီ၊ ငါဘုရား လွန်တော်မူသောအခါ ထို ဓမ္မနှင့် ဝိနယသည် (သင်တို့ကို အမြဲမပြတ် သွန်သင်မြွက်ဟ နည်းလမ်းပြသော) ဆရာဖြစ်သည်၊ (ဆရာ အဖြစ် သွန်သင်ဆုံးမ နည်းလမ်းပြပေလိမ့်မည်။)

ဤစကားသည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီး အရေးတကြီး ခိုင်ခိုင်လုံလုံ ခုံတင်လောက်အောင် မိန့်ဆိုခဲ့သော စကားတော် ဖြစ်သည်။ ဤစကား၌ ဓမ္မနှင့် ဝိနယကိုသာ တွေ့ရ၍ အဘိဓမ္မဟူသော စကားလုံးကို မတွေ့ရ၊ ထို့ကြောင့် ဗုဒ္ဓသည် အဘိဓမ္မကို မဟောခဲ့ပေ၊ ဤသို့ ဘာသာခြား လူမျိုးခြား အနောက်သုတေ- သီတို့ ထင်မြင်ကြ၊ ခံယူကြသည်။

၁၁။ ဤမျှမက သံဂါယနာတင်ရာအခါ သံဃာ့ခေါင်းဆောင် သဘာပတိ ဖြစ်တော်မူသော အရှင်မဟာကဿပသည် ငါးရာသော သံဃာ့အလယ်တွင် ဤသို့ မိန့်တော်မူ၏-

သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမာနိ ပဉ္စဘိက္ခုသတာနိ သမ္မန္နေယျ ရာဇဂဟေ ဝဿံ ဝသန္တာနိ ဓမ္မဉ္စ

www.burmeseclassic.com



ဝိနယဉ္စ သင်္ဂါယိတုံ၊ န အညေဟိ ဘိက္ခူဟိ ရာဇဂဟေ ဝသံ ဝသိ-တဗ္ဗန္တိ၊ ဧသော ဉတ္တိ။

## မြန်မာပြန်

ငါ့ရှင်တို့၊ သံဃာတော်သည် ငါ၏ စကားကို နားထောင်စေချင်၏၊ သံဃာတော်အား အကြောင်းအခွင့် သင့်တင့် ညီညွတ်လျှင် ရဟန်းငါးရာတို့သည် ရာဇဂြိုဟ်မြို့၌ ဝါဆိုလျက် ဓမ္မနှင့် ဝိနယကို ပေါင်းစုရွတ်ကာ သံဂါယနတင်ရန် သံဃာတော်များက သမ္မုတိပေးစေချင်ပါ၏၊ အခြားရဟန်းများသည် ရာဇဂြိုဟ်မြို့၌ ဝါမကပ်ရဟု သံဃာတော်များက သမ္မုတိပေးစေချင်ပါ၏၊ ဤကား (ငါ၏) အဆိုပြုချက်, သိစေချက်တည်း။ (စူဠဝါ ပဥ္စသတိကခန္ဓက)

ဤစကားရပ်၌လည်း ဓမ္မနှင့် ဝိနယသာ ပါသည်၊ အဘိဓမ္မ မပါ၊ အဘိဓမ္မာဟူသည် သာဝကရဟန်းတို့၏ နောက်မှ ထွင်သော နောက်တိုးလက်ရာ ဖြစ်သည်။ ပထမသံဂါယန တင်ရာ၌လည်း မပါ၊ ဒုတိယသံဂါယနာ၌လည်း မပါ-ဟု ဗုဒ္ဓဝါဒီ မဟုတ်သော အနောက်တိုင်း သမိုင်းသုတေသီတို့က ဆိုကြသည်၊ ထို ဘာသာခြားလူမျိုးခြား စာရေးဆရာတို့၏ စကားကျ ကောက်နည်းအတိုင်း ထိုပါဠိတော်၌"ဓမ္မောစ ဝိနယော စ၊ ဓမ္မဉ္စ ဝိနယဉ္စ" သာပါသည်။ သုတ္တဉ္စ (ဝါ) သုတ္တန္တဉ္စ ဟူ၍ မပါပေ၊ ထို့ကြောင့် သုတ္တန်ကိုလည်း ဘုရားဟော မဟုတ်ဟု ဆိုရမလို ရှိပေသည်၊ အဘိဓမ္မာဟူသော စကားလုံး မပါ၍ အဘိဓမ္မာ ဘုရားဟော မဟုတ်ဟု ဆိုသော စကားအသွားအလာအရ သုတ္တဟူသော စကားလုံးမပါ၍ သုတ္တ(သုတ္တန်) ပါဠိတော်များသည်လည်း ဘုရားဟော မဟုတ်ဟု ဆက်ဆိုရန်ပင် ရှိပေသည်။ "ဓမ္မ"ကို သုတ္တန်ဟု အဘယ့်ကြောင့် ကောက်ရမည် နည်း။ "ဓမ္မ"ကို သုတ္တန်ဟုကောက်လျှင် ဓမ္မနှင့် အလွန်နီးစပ်သော အဘိဓမ္မကိုရော အဘယ့်ကြောင့် မကောက်ယူနိုင် မထည့်သွင်းနိုင်ဘဲ နေရပါမည်နည်း။ ဤကား သူ့စကားနှင့်သူ ပြန်၍ သုံးသပ်ပြချက်ပေတည်း။

၁၂။ အမှန်ကား ရှေ့စာမျက်နှာများ၌ ဆိုခဲ့သည့်အတိုင်း ဓမ္မသဒ္ဒါသည် ဘုရားစကားတော်ဟူသမျှ (ပိဋကတ်သုံးပုံလုံး) ကို ဟော၏။ ဤ၌ ယင်းနှင့်တွဲဖက်ဖြစ်သော ဝိနယသဒ္ဒါ၏ ဝိနည်းပိဋကတ်ဟူသော အနက်ကို ချန်လှပ်၍ ကြွင်းသော ပိဋကတ်နှစ်ပုံဟူသော အနက်ကို ဟောသည်။ (အနက်တု) စကားနှစ်လုံး သုံးလုံးတွဲ၍ သုံးလျှင် နောက်စကားလုံး၏ အနက်ကို ချန်လှပ်၍ ရှေ့စကားလုံး၏အနက်ကို ဖော်ထုတ်ရမြဲဖြစ်သည်။ ဉပမာ- သဒေဝကံ သမာရကံ ဟူသော ပါဠိတော်၌ ဒေဝ-သဒ္ဒါသည် နတ်ပြည်ခြောက်ထပ်လုံးရှိ နတ်အများကို ဟောနိုင်သော်လည်း နောက်၌ တွဲယှဉ်လျက်ရှိသော မာရသဒ္ဒါ၏ အနက်ဖြစ်သည့် ဝသဝတ္တီနတ်ပြည်ရှိ နတ်တို့ကို ချန် လှပ်၍ ကြွင်းနတ်ပြည်ငါးထပ်ရှိ နတ်တို့ကိုသာ ဒေဝသဒ္ဒါအရ ကောက်ယူရတော့

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့လည်းကောင်း၊ ဓမ္မာယတန ဓမ္မဓာတုဟူသော စကားလုံးများ၌ ဓမ္မသဒ္ဒါသည် နိဗ္ဗာန်နှင့်တကွ ပရမတ္ထတရားအားလုံးကို ဟောနိုင်သော်လည်း စက္ခာယတနစသော အာယတန ၁၁၊ စက္ခုဓာတ်စသော ဓာတ် ၁၇-ပါး တို့ဖြင့် စိတ် ၈၉၊ ဩဠာရိကရုပ် ၁၂ ပါးကို ကောက်ယူပြီးဖြစ်၍ ယင်းတို့ကို ချန်လှပ်ကာ စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်တို့ကိုသာ ဓမ္မသဒ္ဒါအရ ကောက်ယူရတော့ သကဲ့သို့လည်းကောင်း ဖြစ်ပေသည်။

နောက်ဥပမာတစ်ခု ရှုလေဦး-

ကမ္မံ ဝိဇ္ဇာ စ ဓမ္မော စ၊ သီလံ ဇီဝိတမုတ္တမံ။
ဧတေန မစ္စာ သုဇ္ဈန္တိ၊ န ဂေါတ္တေန ဓနေန ဝါ။

၁၃။ ဤ သဂါထာဝဂ္ဂ ဒေဝတာသံယုတ် ဇေတဝနသုတ် ပါဠိတော်၌ ဓမ္မော ဟူသော ပါဌ်ဖြင့် လောကုတ္တရာမဂ္ဂင် ရှစ်ပါးလုံး ဟောနိုင်သော်လည်း ဝိဇ္ဇာဟူသော ပါဌ်ဖြင့် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပမဂ္ဂင် ဟူသော ပညာမဂ္ဂင်နှစ်ပါးကို ကောက်ယူရန် ရှိသောကြောင့်လည်းကောင်း၊ သီလံ ဟူသောပါဌ်ဖြင့် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ ဟူသော သီလမဂ္ဂင်သုံးပါးကို ကောက်ယူရန် ရှိသောကြောင့်လည်းကောင်း ဓမ္မောဟူသောပါဌ်ဖြင့် သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူသော သမာဓိမဂ္ဂင်သုံးပါးကိုသာ ကောက်ယူရတော့သည်။

၁၄။ ယခုဆိုခဲ့ပြီးသော ကောက်ယူနည်းကို ဂေါဗလိဗဒ္ဒနည်းဟူ၍လည်းကောင်း၊ ပုညဉာဏသမ္ဘာရနည်းဟူ၍လည်းကောင်း ခေါ်ဆိုရသည်။ အနည်းငယ် ရှင်းဦးအံ့။ "ဂါဝေါ စ ဗလိဗဒ္ဓေ စ ဂဏှယန္တော အာနေဟိ = ဝန်ဆောင်နွားလားနှင့် အခြားနွားတို့ကို ရေတွက်ခါ ခေါ်ယူခဲ့ပါ(လောကီပုံစံ) ဟု ဆိုရာ၌ ဂါဝေါ= ဟူသော စကားလုံးဖြင့် နွားအို, နွားပျို, နွားပိုက်, နွားပေါက်စ အထီးအမအားလုံးကို သိမ်းချုံ၍ ဟောနိုင်သော်လည်း ဗလိဗဒ္ဒဟူသော နောက်ပုဒ်ဖြင့် ဝန်ဆောင်နွားလားကို ချန်ကာ ကြွင်းသော နွားများကိုသာ ဂေါသဒ္ဒါအရ ကောက်ယူရမည်။

၁၅။ ဤနည်းအတိုင်း မြတ်စွာဘုရား၏ မုခပါဌ် နှုတ်ထွက်စကားတော် ဟူသမျှကို ရည်ညွှန်း၍ ဓမ္မော စ ဝိနယော စ ဓမ္မဥ္စ ဝိနယဥ္စ ပုဒ်နှစ်ပုဒ်ကို တွေ့လေသမျှ ဝိနယဖြင့် ဝိနည်းပိဋကတ်ကို ကောက်ယူ၍ ဓမ္မဖြင့် ကျန်သော သုတ္တန္တပိဋက, အဘိဓမ္မာပိဋကတ်ကို ကောက်ယူရကြောင်း သိမှတ်ရပေမည်။

ထို့ကြောင့်-

ဣမံ ဓမ္မဝိနယန္တိ ဣမံ ဓမ္မဥ္စ ဝိနယဥ္စ၊ ဉဘယမ္ပေတံ သာသနဿေဝ နာမံ၊ ဓမ္မေန ဟေတ္ထ ဒွေ ပိဋကာနိ ဝုတ္တာနိ၊ ဝိနယေန ဝိနယပိဋကံ၊ ဣတိ တီဟိ ပိဋကေဟိ ပကာသိတံ ပဋိပတ္တိံ အဝုနာ အကတောမှီတိ ဝဒတိ-

ဟူ၍ လည်းကောင်း-

www.burmeseclassic.com

www.burmeseclassic.com



ဣမံ ဓမ္မဝိနယံ ဟူသည်ကား ဤ သုတ်၊ အဘိဓမ္မာသို့လည်းကောင်း၊ ဤ ဝိနယသို့ လည်းကောင်း ယခုမှ ရောက်လာသူဖြစ်သည်၊ ဤနှစ်ပုဒ်လုံးသည် သာသနာတော်၏ အမည်ဖြစ်၏။ မှန်၏- ဤတစ်ပုဒ်တွင် ဓမ္မဖြင့် ပိဋကနှစ်ပုံကို ဝိနယဖြင့် ဝိနည်းပိဋကကို ဆိုအပ်သည်။ ဤသို့ ပိဋကသုံးပုံဖြင့် ပြအပ်သော အကျင့်သို့ ယခုမှ ငါရောက်လာသည်ဟု ရဟန်းက ဆို၏။

ဓမ္မောတိ သုတ္တာဘိဓမ္မေ သင်္ဂဏှာတိ၊ ဝိနယောတိ သကလံ ဝိနယပိဋကံ (ပ) သကလဉ္စိ ဗုဒ္ဓဝစနံ ဓမ္မဝိနယဝသေန ဒွိဝိဓံ ဟောတိ၊

ဟူ၍ လည်းကောင်း-

ဓမ္မောဟူသော ပါဠ်ဖြင့် သုတ်၊ အဘိဓမ္မာတို့ကို သိမ်းယူ၏၊ ဝိနယောဟူသော ပါဠ်ဖြင့် ဝိနယပိဋက အလုံးစုံကို သိမ်းယူ၏၊ မှန်၏- အလုံးစုံသော ဘုရားစကားတော်သည် ဓမ္မဝိနယ၏ အစွမ်းဖြင့် နှစ်ပါးရှိ၏၊ အဋ္ဌကထာ ဋီကာဆရာတို့ သာသနာအစဉ်အလာတိုင်း ဖွင့်ဆိုခြင်း ပြုကြပေသည်။

၁၆။ ယခုအခါ အဘိဓမ္မာကို ဘုရားဟောကြောင်း ပါဠိတော်များ၌ တိုက်ရိုက်လာသော သာဓက စကားရပ်တို့ကို ထုတ်နုတ်ပြဦးအံ့-

၁။ ကုသလာဟံ ဝိသုဒ္ဓိသု၊ ကထာဝတ္ထုဝိသာရဒါ။
အဘိဓမ္မနယညူ စ၊ ဝသိပ္ပတ္တမှိ သာသနေ။

## မြန်မာပြန်

တပည့်တော်မ ခေမာသည် ဝိသုဒ္ဓိတရားတို့၌ လိမ္မာကျွမ်းကျင်ပါသည်၊ ဆယ်ပါးသော ကထာဝတ္ထုတို့၌ (အကျိုးအပြစ်ကို သိသောအားဖြင့်) ရဲရင့်ပါသည်၊ အဘိဓမ္မာနည်း (ဖြစ်သော ဘူမန္တရ စသည်) တို့ကို နားလည်သဘောပေါက်ပါသည်၊ သို့ဖြစ်၍ ဘုရားရှင်သာသနာတော်၌ အစွမ်းထက်သူ အဖြစ်သို့ ရောက်ခဲ့ပါသည်။

**မှတ်ချက်။ ။** အထက်ပါကထာဝတ္ထုဝိသာရဒါဟူသော ခေမာထေရီ အပါဒါန်လာ စကားရပ်၌ "ကထာဝတ္ထု" ကို အဘိဓမ္မာခုနှစ်ကျမ်းမှ ငါးခုမြောက် ကထာဝတ္ထုကျမ်းကို မယူရ၊ ကထာဝတ္ထု ၁၀-ပါး (ကထာ= စကား၊ ဝတ္ထု= တည်ရာ၊ စကားတည်ရာ၊ စကား ဖြစ်ကြောင်း) ကိုသာယူ ရမည်၊အနောက်တိုင်း သမိုင်းသုတေသီတို့ကား ဤသို့သော အနက်မျှကို မသိရှာကြ၍ ကထာဝတ္ထုဟု အသံကြားကာမျှဖြင့် အဘိဓမ္မာခုနှစ်ကျမ်းမှ ကထာဝတ္ထုကျမ်းပဲဟုယူ၍ ထိုအပါဒါန်ပါဠိတော်ကိုပင် တတိယ သံဂါယနာ နောက်ပိုင်းကျမှ ရေးသားသောကျမ်း ဖြစ်သည်ဟု မှားယွင်းစွာ စွပ်စွဲပြောဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ သုတ္တန္တံ အဘိဓမ္မဉ္စ၊ ဝိနယဉ္စာပိ ကေဝလံ။
နဝင်္ဂံ ဗုဒ္ဓဝစနံ၊ ဧသော ဓမ္မသဘာ တဝ။

သုတ္တန်, အဘိဓမ္မာနှင့် ဝိနယပိဋကတစ်ခုလုံးသည်လည်းကောင်း၊ အင်္ဂါ ၉-ပါးရှိသော ဗုဒ္ဓအဆုံးအမသည်လည်းကောင်း ဤအလုံးစုံသည် သင်၏ ဓမ္မသဘင် ဖြစ်သည်။

ဤစကားကား ဗုဒ္ဓကိုယ်တော်တိုင်က ဥပါလိထေရ်အား မိန့်တော်မူသော စကားဖြစ်သည်၊ ဤဂါထာ၌ ပိဋကသုံးပုံကို တိုက်ရိုက်မြွက်ဆိုထားကြောင်း တွေ့ရ မည် ဖြစ်သည်။

၃။ ဣဓာဝုသော သာရိပုတ္တ ဒွေ ဘိက္ခူ အဘိဓမ္မကထံ ကထေန္တိ၊ တေ အညမညံ ပဉှံ ပုစ္ဆန္တိ၊ အညမညဿ ပဉှံ ပုဋ္ဌာ ဝိဿဇ္ဇေန္တိ၊ နော စ သံသာဒေန္တိ၊ ဓမ္မီ စ နေသံ ကထာ ပဝတ္တိနီ ဟောတိ၊ ဧဝရူပေန ခေါ အာဝုသော သာရိပုတ္တ ဘိက္ခုနာ ဂေါသိင်္ဂသာလဝနံ သောဘေယျ။

ငါ့ရှင် သာရိပုတ္တရာ- ဤသာသနာတော်၌ ရဟန်းနှစ်ပါးသည် အဘိဓမ္မာနှင့် စပ်သော တရားစကားကို ပြောဟောနေကြကုန်၏၊ သူတို့သည် အချင်းချင်း ပြဿနာ မေးကြကုန်၏၊ ပြဿနာ ဖြေကြကုန်၏၊ မေးဖြေရာ၌ အချင်းချင်းကို မဆုတ်နစ်စေ ကြကုန်၊ သူတို့၏ တရားဆွေးနွေးခြင်းသည် (ကြောင်းကျိုးယုတ္တိ အပြည့်ရှိ၍) တရား နှင့်ညီစွာ အလျဉ်မပြတ် ဖြစ်၏၊ ငါ့ရှင် သာရိပုတ္တရာ- ဤသို့သော ရဟန်းမျိုးဖြင့် ဂေါသိင်္ဂအင်ကြင်းတောကြီးသည် သာယာတင့်တယ်ပေရာ၏။ (မူလပဏ္ဏာသ မဟာ- ဂေါသိင်္ဂသုတ်၊ အရှင်မောဂ္ဂလ္လာန်၏ လျှောက်ထားချက်၊)

၄။ ပုန စ ပရံ ဘိက္ခဝေ ဘဝိဿန္တိ ဘိက္ခူ အနာဂတမဒ္ဓါနံ အဘာဝိတ- ကာယာ အဘာဝိတသီလာ အဘာဝိတစိတ္တာ အဘာဝိတပညာ၊ တေ အဘာဝိတကာယာ သမာနာ အဘာဝိတသီလာ အဘာဝိတစိတ္တာ အဘာဝိတပညာ အဘိဓမ္မကထံ ဝေဒလ္လကထံ ကထေန္တာ ကဏှဓမ္မံ ဩက္ကမမာနာ န ဗုဇ္ဈိဿန္တိ။

ရဟန်းတို့ တဖန်နောက်ထပ်ဆိုအံ့၊ အနာဂတ်ကာလ၌ ကိုယ်ကို တစ်နည်း- (ကာယဂတာသတိ)ကိုလည်း မပွားစေ, သီလကိုလည်း မဖြည့်ကျင့်, သမာဓိနှင့် ပညာ ကိုလည်း မတိုးပွားစေပဲ နေကြသောရဟန်းတို့ရှိ ကြလိမ့်မည်၊ ထိုရဟန်းတို့သည် ကာယဂတာသတိလည်း မရှိ, သီလ သမာဓိ ပညာတိုးပွားအောင်လည်း အားမထုတ် ကြမူ၍ အဘိဓမ္မာနှင့် စပ်သော စကား ဝေဒလ္လနှင့် စပ်သော စကားကို ပြောဆိုကြ သည်ရှိသော် မည်းနက်သော အကုသိုလ်သဘောသို့ သက်ရောက်ကြကာ အနက် အဓိပ္ပါယ် မသိပဲ ရှိကြလိမ့်မည်။ (အင်္ဂုတ္တုရပဉ္စကနိပါတ်၊ တတိယ အနာဂတဘယ- သုတ်။)

www.burmeseclassic.com

www.burmeseclassic.com



၅။ တေန ခေါ ပန သမယေန သမ္ဗဟုလာ ထေရာ ဘိက္ခူ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တာ မဏ္ဍလမာဠေ သန္နိသိန္နာ သန္နိပတိတာ အဘိဓမ္မကထံ ကထေန္တိ၊ တတြ သုဒံ အာယသ္မာ စိတ္တော ဟတ္ထိသာရိပုတ္တော ထေရာနံ ဘိက္ခူနံ အဘိဓမ္မကထံ ကထေန္တာနံ အန္တရန္တရာ ကထံ ဩပါတေတိ။

ထိုအခါ များစွာသော ထေရ်တို့သည် ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲခွာကြပြီး တန်ဆောင်းဝန်း၌ ထိုင်ကာ စည်းဝေးကြလျက် အဘိဓမ္မာစကား ပြောဟောနေကြလေသည်၊ ထိုအစည်းအဝေး၌ ဟတ္ထိသာရိပုတ္တ ဟူ၍လည်း ခေါ်ကြသော အရှင်စိတ္တသည် ထေရ်ကြီးများ အဘိဓမ္မာစကား ပြောဟောကြစဉ် အကြားအကြား၌ စကားဝင်ရောက်နှောက်ယှက်လေသည်။ (အင်္ဂုတ္တရပဥ္စကနိပါတ်၊ ဟတ္ထိသာရိပုတ္တ-သုတ် ပါဠိတော်။)

အထက်ဖော်ပြပါ အပါဒါန်ပါဠိတော် ခေမာထေရီ ဥဒါန်းစကား၌လည်းကောင်း၊ မူလပဏ္ဏာသပါဠိတော် မဟာဂေါသိင်္ဂသုတ်၌လည်းကောင်း၊ ဥပါလိထေရာ-ပါဒါန်၌လည်းကောင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် တတိယ ဖနာဂတဘယသုတ်၌လည်းကောင်း၊ ၎င်းအင်္ဂုတ္တိုရ်ပါဠိတော် ဟတ္ထိသာရိပုတ္တသုတ်၌လည်းကောင်း အဘိဓမ္မာနယ အဘိဓမ္မကထံ စသည်ဖြင့် အဘိဓမ္မာသံများ အလွန် ညံနေသည်ကို တွေ့နိုင်ပေသည်၊ ဤသုတ်တော်များလာ အဘိဓမ္မဟူသော စကားရပ်တို့သည် ပိဋကတ်သုံးပုံထဲမှ အဘိဓမ္မပိဋက (အဘိဓမ္မာတရား ခြင်းတောင်း) ကိုပင် အထင်အရှား ညွှန်ပြနေပေသည်၊ ဤကား သုတ္တန်ပါဠိတော်များ၌လာသော အဘိဓမ္မာ၏ သာဓကများပေတည်း။

ထို့ပြင် ဝိနယ ပိဋကပါဠိတော်များ၌လာသော အဘိဓမ္မသဒ္ဒါ သက်သက်ကို ပြဆိုဦးမည်။

(၁) အနာပတ္တိ န ဝိဝဏ္ဏေတုကာမော "ဣင်္ဃ တွံ သုတ္တန္တေ ဝါ ဂါထာယော ဝါ အဘိဓမ္မံ ဝါ ပရိယာပုဏဿု၊ ပစ္ဆာ ဝိနယံ ပရိယာပုဏိဿသီတိ ဘဏတိ၊ ဥမ္မတ္တကဿ အာဒိကမ္မိကဿာတိ။

## မြန်မာပြန်

ဝိနည်းကို ကဲ့ရဲ့လိုသော စိတ်မရှိပဲ "သင်သည် ရှေးဦးစွာ သုတ္တန်ပါဠိတော်များ၊ ဂါထာများကို ဖြစ်စေ၊ အဘိဓမ္မာကို ဖြစ်စေ သင်နှင့်ပါ၊ နောက်အခါ ဝိနည်းကို သင်ရပါလိမ့်မည်၊ ဤသို့ ပြောလျှင် အာပတ်မသင့်၊ ရူးသွပ်၍ပြောမိပြောရာ ပြောသော ရဟန်း၊ လက်ဦးလွန်ကျူးပြောမိသော ရဟန်းအား အာပတ်မသင့်။ (ဝိလေခန-သိက္ခာပုဒ်)။

(၂) ပဉ္စ ပုစ္ဆေယျာတိ သုတ္တန္တေ ဩကာသံ ကာရာပေတွာ ဝိနယံ

www.burmeseclassic.com

www.burmeseclassic.com



ဝါအဘိဓမ္မံ ဝါ ပုစ္ဆတိ၊ အာပတ္တိ ပါစိတ္တိယဿ၊ ဝိနယေ ဩကာသံ ကာရာပေတွာ သုတ္တန္တံ ဝါ အဘိဓမ္မံ ဝါ ပုစ္ဆတိ၊ အာပတ္တိ ပါစိတ္တိယဿ၊ အဘိဓမ္မေ ဩကာသံ ကာရာပေတွာ သုတ္တန္တံ ဝါ ဝိနယံ ဝါ ပုစ္ဆတိ၊ အာပတ္တိ ပါစိတ္တိယဿ။

မြန်မာပြန်

ပဥ္စ ပုစ္ဆေယျ-ဟူသည်ကား သုတ္တန်၌ အခွင့်တောင်းပြီး ဝိနည်းကို ဖြစ်စေ အဘိဓမ္မာကိုဖြစ်စေ မေးလျှင် ပါစိတ်အာပတ်သင့်၏။ ဝိနည်း၌ အခွင့်တောင်းပြီး သုတ္တန်ကိုဖြစ်စေ အဘိဓမ္မာကိုဖြစ်စေ မေးလျှင် ပါစိတ်အာပတ်သင့်၏။ အဘိဓမ္မာ၌ ခွင့်တောင်းပြီး သုတ္တန်ကိုဖြစ်စေ ဝိနည်းကို ဖြစ်စေ မေးလျှင် ပါစိတ်အပတ်သင့်၏။

(ဘိက္ခုနီ ပဥှာပုစ္ဆနသိက္ခာပုဒ်)

အထက်ပါ ဝိနည်းပါဠိတော် ကောက်နုတ်ချက်များကို ကြည့်လျှင် ဝိနယံ ဝါ အဘိဓမ္မံ ဝါ ဟူ၍ ထင်သာမြင်သာစွာ တွေ့ကြရပေသည်။ ဝိနည်းကို မည်သူ ပညတ်သနည်း၊ ဂေါတမဘုရား ပညတ်သည်။ မည်သူမျှ မငြင်းနိုင်၊ သို့ဖြစ်လျှင် ထိုနည်းနှင့် ကပ်နေသော အဘိဓမ္မာကို မည်သူဟောသနည်း၊ ဂေါတမဘုရား ဟောပင် ဖြစ်ရပေမည်။ မှန်၏- ဝိနည်းကတော့ ဂေါတမဘုရား ပညတ်တဲ့ ဝိနည်းပဲ၊ အဘိဓမ္မာကတော့ ဥပနိသျှဒ်ကျမ်းကလာတဲ့ အတ္တဝါဒ အဘိဓမ္မာပါဟု စိတ်မှန်သော သူ မည်သူကမျှ ပြောလိမ့်မည်မဟုတ်ပေ။

ဤကဲ့သို့ ရိုးရိုးနှင့် ရှင်းရှင်းတွေးကြည့်တတ်ရုံမျှဖြင့် အဘိဓမ္မာသည် ဂေါတမ ဘုရားဟော မုချဧကန် သိနိုင်၊ မှတ်နိုင်ကြပေသည်။

သတိပြုရန်ကား ကမ္ဘာ့ဘာသာကြီးလေးရပ်၌ ဗုဒ္ဓဘာသာသည် ဤအဘိဓမ္မာကြောင့် အလွန်ခိုင်မာနေသည်၊ အလွန်မျက်နှာပန်းပွင့်နေသည်၊ သိပ္ပံပညာက ပင် လိုက်၍ မမီပေ၊ ထို့ကြောင့် ဘာသာခြားများ ဗုဒ္ဓဘာသာဆန့်ကျင်ရေးသမား တို့က ဗုဒ္ဓအဘိဓမ္မာကို သိက္ခာချဖို့ နှစ်ပေါင်းများစွာကတည်းက ကြိုးစားလာခဲ့ကြပေ ပြီ။

၁၇။ လူသေလူဖြစ် ဦးဥက္ကဋ္ဌနှင့်တကွ သူ၏ နောက်လိုက်တို့သည် ကိုယ့် ဉာဏ်စွမ်း ကိုယ့်ဉာဏ်စဖြင့် ဗုဒ္ဓတရားတော်များကို ဆန့်ကျင်ပုတ်ခတ်ကြသည် မဟုတ်၊ ဗုဒ္ဓဘာသာမဟုတ်သော ဘာသာခြား လူမျိုးခြား စာရေးဆရာတို့၏ နှာခေါင်း ဖြင့် အသက်ရှူကြသူများ ဖြစ်ကြ၏၊ ယခုအခါ စုဒိတကတို့၏ အားကိုးရာ အနောက် တိုင်း သမိုင်းသုတေသီတို့၏ အဆိုအချို့ကို ထုတ်ပြစိစစ်ဦးအံ့

(A) The omission of the Abhidhamma only proves that it was not yet known as a separate Petaka. At the same time it is unnecessary to suppose that anything like the Abhidhamma was in existence at the first recital of the Dhamma.

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ

ပထမသံဂါယနာ၌ အဘိဓမ္မာမပါခြင်းသည် ထိုစဉ်က အဘိဓမ္မာပိဋကအနေဖြင့် သီးခြားမရှိခြင်းကိုသာ ဖော်ရုံမကဘဲ ယင်းပထမသံဂါယနာ၌ (အဘိဓမ္မာအမည်နှင့်ပင် မဟုတ်စေကာမူ) အဘိဓမ္မာနှင့်တူသော (အဘိဓမ္မာသဘောကိုဆောင်သော) တစ်စုံတရာရှိသည်ဟူ၍ပင် တွေးထင်ဖွယ်မလိုပေ။

(E.J. Thomas P.167)

(B) The date of the Pali Abhidhamma is very doubtful and I don't reject the hypothsris that it was composed in Ceylon, for the Sinhalese seen to have a special taste for such literature. But there is no proof of this Sinhalese origin.

## မြန်မာ

ပါဠိအဘိဓမ္မာ၏ ခေတ်သည် အလွန်မသေမချာ ရှိသည်၊ ယင်း အဘိဓမ္မာကို သီဟိုဠ်၌ ရေးသားခဲ့သည်ဆိုသော တင်ပြချက်ကို ကျွန်ုပ်မငြင်းပယ်၊ ယင်းသို့မပယ်နိုင်သည်မှာ သီဟိုဠ်သားများ ဤသို့ ခက်ခဲနက်နဲသည့် စာပေများ၌ လေးစားမြတ်နိုးမှု အထူးရှိပုံရသောကြောင့် ဖြစ်သည်၊ သို့သော် သီဟိုဠ်က စသည်ဟူသောအချက်ကို သက်သေပြစရာမရှိ ဖြစ်သည်။ (Hindusim and Buddhism Vol. 1 G. Eliot P. 292)

(C) Thus neither the Khuddaka Nikaya nor the Abhidhamma receives mention is the earliest tradition of the first Council and both consequenly may be deemed as later and less suthotitative additions, however ancient.

## မြန်မာ

ပထမသံဂါယနာ ရှေးဦးဆုံး အစဉ်အလာ၌ ခုဒ္ဒကနိကာယ်ရော အဘိဓမ္မာပါ မြွက်ဆိုခြင်းမခံရ၊ ထို့ကြောင့် ယင်း ခုဒ္ဒကနိကာယ်နှင့် အဘိဓမ္မာ နှစ်မျိုးလုံးသည် ရှေးပင်ကျစေကာမူ နောက်ပိုင်းခေတ်နှင့်ဆိုင်၍ ခိုင်လုံမှုမရှိလှသော ကျမ်းများဟု အသိအမှတ်ပြုခံရပေမည်။ (J. G. Jenning's Vedantic Buddhism. Introduction Notes P. L V11)

(D) No Abhidhamma is mentioned. It is possible that when the account was composed there was on Abhidhamma not separated as a third Pitaka, but we can be sure that whatever it was it did not consist of the works now known by that name.

www.burmeseclassic.com

www.burmeseclassic.com



However, other schools hold that the Abhidhamma was recited, and that this was done by Kassapa himself.

မြန်မာ

(ပထမသံဂါယနာ၌) အဘိဓမ္မာကို မဆိုပေ၊ ပထမသံဂါယနာ အကြောင်းအရာကို ရေးသားစီစဉ်စဉ်အခါ အဘိဓမ္မာပိဋကအဖြစ် ခွဲမထုတ်ရသေးသော အဘိဓမ္မာကား ရှိနိုင်သည်၊ သို့သော် ထိုအဘိဓမ္မာဟူသောအမည်ဖြင့် ယခုသိနေကြသော ကျမ်းစာများကို ပထမသံဂါယနာ၌ မပါဟု ကျွန်ုပ်တို့ အခိုင်အမာဆိုနိုင်သည်။ သို့ရာတွင် အခြားဂိုဏ်းများကလည်း ထိုပထမသံဂါယနာတွင် အဘိဓမ္မာကို သံဂါယနာတင်သည်၊ ယင်းကို အရှင်မဟာကဿပကိုယ်တိုင် ရွတ်ဆိုသည်ဟု ယူဆလေသည်။

(The History of Buddhist thought by E.J. Thomas.P.28)

(င) မစ်စ်ရိုက်ဒေးဗစ်ကား သူမ၏ ဓမ္မသင်္ဂဏီဘာသာပြန် နိဒါန်း၌ အတိအလင်း အတိအကျ ဆိုထားသည်မှာ-

Abhidamma is not the message of the Founder. It is the work of the monkish world that grew up after him.

အဘိဓမ္မာဆိုတာ ဗုဒ္ဓဝါဒကို စတင်တည်ထောင်သူ ဗုဒ္ဓ၏ စကားမဟုတ်၊ သူ(ဗုဒ္ဓ)၏ နောက်မှ တိုးတက်ပြန့်ပွားလာသော သာဝကရဟန်းများ၏ လက်ရာဖြစ်သည်။ (Preface to "A Buddhist manual of PsychoLogical Ethice")

၁၈။ ဤအဆိုများတွင် အနည်းငယ် ကွဲလွဲမှု ရှိစေကာမူ ပထမသံဂါယနာ၌ အဘိဓမ္မာပိဋကတ် မရှိသေးဟူသော အဆိုကား တူညီ၏။ ထူးခြားသည်ကား သဗ္ဗတ္ထိဝါဒီဂိုဏ်း အဆို အဘိဓမ္မာကို ပထမသံဂါယနာ၌ တင်၍ အရှင်မဟာကဿပကိုယ်တိုင် ရွတ်ဆိုသည်ဟူသော အချက်ဖြစ်၏။ (ခ)အမှတ်ပြ ဂျော့ဂျ်အီလီယော့တ်၏ အဆိုကား ဝေးကွာလွန်းလှ၏။ သီဟိုဠ်ကျွန်းကျမှ ရေးသည်ဟုဆိုလျှင် မိလိန္ဒပဉှာကိုပင် အသိအမှတ်ပြုရာ ရောက်၏။ ရယ်ဖွယ်ကောင်းသော အဆိုသာဖြစ်ပေသည်။ (နောက်၌ရှင်းဦးအံ့)

အထက်ပါ ဘာသာခြားလူမျိုးခြားတို့၏ သုံးသပ်ချက်ကို ကြည့်လျှင် သူတို့၏ ထင်မြင်ချက် (ဝါ) အတ္တနောမတိကိုသာ ပြောနေကြခြင်းဖြစ်ကြောင်း သိသာလှသည်၊ သူတို့သည် စူဠဝါပါဠိတော် ပထမသံဂါယနာမှတ်တမ်း၌ အဘိဓမ္မာပိဋက-အဘိဓမ္မဘာဇကဟူ၍ တိုက်ရိုက်မပါရှိသည့် အချက်ကို ကိုင်ပြီး ပထမသံဂါယနာ၌ အဘိဓမ္မာ မပါဟု သဲသဲမဲမဲ ကိုင်ပြီး ပြောနေကြခြင်းဖြစ်၏။

ထိုသူတို့၏ကောက်ချက်ကား စူဠဝါပါဠိတော် သံဂါယနာခန်း၌ အဘိဓမ္မာကို မပြ၍ အဘိဓမ္မာ ဘုရားဟောမဟုတ်ဟု ကောက်ချက်ချလိုက်ကြခြင်း ဖြစ်သည်၊ ဤကောက်ချက်အပေါ် ထပ်ဆင့်ကဲပြီး ရိုက်စ်ဒေးဗစ်က ဘုရားမရှိမှ သူ၏တပည့်

www.burmeseclassic.com

www.burmeseclassic.com



တွေက ရေးထည့်ခြင်း ဖြစ်၏ဟု ကွန့်လိုက်ခြင်းဖြစ်သည်။

အမှန်စင်စစ် အနောက်နိုင်ငံက ဗုဒ္ဓဘာသာကို ရေးသောသူများသည် အဘိဓမ္မာ၏ လေးနက်ကျယ်ပြန့်ပုံကို ရိပ်မိဖို့ မဆိုထားဘိ၊ ဝိနည်း,သုတ္တန်ကိုပင် ကျကျနန သိရှိသူများမဟုတ်ကြပေ။ အဘိဓမ္မာနှင့် ပတ်သက်၍ သူတို့ချထားသော မှတ်ချက်ကို ကြည့်ပါဦး- "Valley of dry bones " (ရိုးချောက်ဂနိုင်ကြီး)ပါတဲ့၊ အဘိဓမ္မာပညာဟာ ဘာမှလည်း နားမလည်၊ သိပ်ပျင်းစရာကောင်းတဲ့အတွက် ဥပမာအားဖြင့် အရိုးတွေ တောင်လိုပုံနေတဲ့ တောဂနိုင်ကြီးနှင့် တူပါသည်ဟု ဆိုလိုပေသည်။

ဆရာနှင့်တပည့် နှစ်ပိုင်းရှိသည်၊ ဗုဒ္ဓမြတ်ဘုရားက ဆရာ၊ နောက်ခေတ်ပေါ် ရဟန်းတို့က တပည့်တည်း၊ ဆရာသည် များသောအားဖြင့် တပည့်ထက်တော်မြတည်း။ ထိုအနောက်နိုင်ငံက သောမတ်တို့ အီလီယော့တ်တို့ ဂျင်းနင်းတို့ ဒေးဗစ်တို့ ဆိုသော စာရေးဆရာတို့သည် အဘိဓမ္မာ ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းကို ယခု ခေတ် တိပိဋကစာမေးပွဲဝင် အရှင်မြတ်များလောက် စနစ်တကျ သင်ယူမိပါလျှင် ဤကဲ့သို့ ထင်မြင်ကြမည် မဟုတ်ပေ။

ပထမသံဂါယနာ၌ အဘိဓမ္မာမပါဟူသော အမြင်ကို သူတို့မြင်ကြသည်မှာ အစ၌ဆိုခဲ့သလို ဓမ္မ ဝိနယအသုံးကို နားမလည်သောကြောင့် ဖြစ်၏။ ယင်းသို့ နားမလည်ခြင်းမှာလည်း အဋ္ဌကထာဆရာများ၏ အဖွင့်ကို သေချာစွာ မကြည့်ရှု မသုံးသပ်တတ်သောကြောင့် ဖြစ်၏။ မကြည့်ခြင်းသည် အဋ္ဌကထာဆရာများကို မလိုလား၍ ဖြစ်၏။ အထင်မကြီး၍လည်း ဖြစ်၏။

အဋ္ဌကထာဆရာများအပေါ် အနောက်နိုင်ငံသားတို့ အထင်မကြီးပုံကို ရှုပါ၊ K.E. Neumann ကေအီးနျူမန်ဆိုသူက အဋ္ဌကထာဆရာများကို ဗုဒ္ဓ၏ဆိုလိုရင်း မသိနားမလည်ကြသော idiotic nitwits နလပိန်းတုံးများဖြစ်ကြသည်-ဟု တစ်ခါက ဆိုဘူးလေသည်။ (Buddhist thought in India by Edward Conze p.32) အဋ္ဌကထာဆရာကြီးများကို ဗုဒ္ဓ၏ဆိုလိုရင်းကို မသိဟု ဆိုသူကဆိုသဖြင့် သူကမှ ဗုဒ္ဓ၏ဆိုလိုရင်းကို သိသည်ဟု မရှက်မကြောက် ပြောရာရောက်ပေသည်။

သောမတ်ဝီလျံရိုက်ဒေးဗစ်ကလည်း ဗုဒ္ဓဟောသော သစ္စာလေးပါးကိုပင် So-called Four Aryan Thuth "အရိယသစ္စာလေးပါးဟု ဆိုသော" ဟု (ဒီ၊ ၃၊ သင်္ဂီတိသုတ်မြန်မာပြန် နိဒါန်း နှာ-၁၉၈)၌ မလေးမခန့်ရေးခဲ့ဖူးသည့်ပြင် အဋ္ဌကထာဆရာများ၏ အစဉ်လာ မှတ်တမ်းများ၊ အဆိုအမိန့်များကို အောက်ပါအတိုင်း ဖော်ပြထား၏။

The root of that BIRNA which growing up along witht the rest of Buddhism went on sperading so luxuriently that radually covered up much

www.burmeseclassic.com

www.burmeseclassic.com



that was volue in the earlier teaching and fiually to the downfall in its home in India of the aneientfaith.

## မြန်မာပြန်

"ဗုဒ္ဓဓမ္မ၏ အကြွင်းအကျန်များနှင့် တွဲယှဉ်၍ ကြီးပွားလာခဲ့သော ဗိရဏ ပေါင်မြက်၏ အမြစ်များသည် လွတ်လပ်ထူပိန်းစွာ ပြန့်နှံ့လာခဲ့ရကား ရှေးဟောင်း ဗုဒ္ဓအဆုံးအမများတွင် တန်ခိုးကြီးသောအချက်အလက် အမြားအပြားကို တဖြေးဖြေး ဖုံးအုပ်လာကာ နောက်ဆုံး၌ အိန္ဒိယပြည်တွင် ရှေးဟောင်းယုံကြည်မှု၏ ကျဆုံး ပျောက်ကွယ်ခြင်းသို့ပင် ပို့ဆောင်ခဲ့ပေသည်" ဟု ဆိုခဲ့လေသည်၊ (ဒီ- ၂ မဟာပဒါန သုတ် ဘာသာပြန်နိဒါန်း နှာ-၆) သစ္စာလေးပါးကိုပင် ပေါ့ပျက်ပျက်ရေးသား ဖော်ပြ သော သောမတ်ဒေးဗစ်၏ ပါဠိဘာသာသင်ယူခြင်းသည် ဗုဒ္ဓဘာသာကို ချဖို့ အမြစ် က နုတ်ပစ်ဖို့သာ သင်ယူလေ့လာခဲ့ခြင်းပေလောဟု စဉ်းစားဖွယ် ဖြစ်ပေသည်။ သစ္စာလေးပါးကိုမှ ဟာသလုပ်နေကတည်းက ဗုဒ္ဓဓမ္မဘက်က ခုခံရေးသားနေသော အဋ္ဌကထာဆရာ- များကို ပုတ်ခတ်သည်မှာ မဆန်းတော့ပေ။

၁၉။ သူတို့၏ အယူအဆ ပြောင်းလဲခဲ့ပုံကိုလည်း ရှုပါ၊ ရှေးဟောင်း အိန္ဒိယ သမိုင်းကိုရေးသူ V.A.Smith သည် သူ၏"အသောက" ဟူသော စာအုပ်တွင် ဒီပဝံ- သနှင့် မဟာဝံသအဆိုကို ကဲ့ရဲ့ပြစ်တင်၍ ဗုဒ္ဓနှင့်ဂိုဏ်းခေါင်းဆောင် မဟာဝီရတို့၏ ကွယ်လွန်သည့်နှစ်ကို B.C-487-486 ဟု အခိုင်အမာဆိုခဲ့ပြီးနောက်မှ "ခါရဝေလ" ကျောက်စာကို တွေ့မြင်ရသောအခါ ဒီပဝံသနှင့် မဟာဝံသတို့၏ အဆိုကို ပြန်လည် ထောက်ခံကာ ဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံသည့်နှစ်ကို ဘီစီ ၅၄၃ ဟုပြင်ဆင်ခဲ့ရလေ၏။ ဤအချက်ကို ထောက်ရှု၍ အနောက်နိုင်ငံ စာရေးဆရာတို့သည် အလွန် အရေးရမ်း ကြသည်ဟု ကောက်ချက်ချရ၏။ ထို့ပြင် သူတို့ အသိဉာဏ် မကျယ်ပြန့်ပုံ၊ မနှံ့စပ်ပုံ ကိုလည်း သိနိုင်ပေသေးသည်၊ (The Early History of India p.50)

Senart ဆေနတ်ဆိုသော ပညာရှင်ကြီးကလည်း အသောကကျောက်စာ ကို အထောက်ထားပြု၍ ဗုဒ္ဓဝါဒ၌ သီလမျှသာ ပါဝင်ကြောင်း၊ အသောကခေတ်မျှ မက သီဟိုဠ်၌ သာသနာမပြန့်ပွားမီ နှစ် ၁၀၀-ကျော်အတွင်း၌လည်း သီလမျှထက် မပိုကြောင်း၊ Path ခေါ် မဂ္ဂင်ရှစ်ပါးဟူသည်မှာ သာဝကရဟန်းတို့၏ ထွင်လုံးမျှသာ ဖြစ်ကြောင်း၊ နိဗ္ဗာန်ဆိုတာကိုလည်း ဗုဒ္ဓမဟောကြောင်း (Indian Antiquary 2892.p. 364-5) ၌ ဆိုထားလေသည်။ (Early Buddhism and its origins by Varma p.428)

၂၀။ သူတို့သည် လူမျိုးခြား ဘာသာခြားများပီပီ ဗုဒ္ဓကို လက်ခံယုံကြည်သော သူများမဟုတ်၊ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကို မယုံကြည်ကြ၊ သဗ္ဗညုတဉာဏ်တော် ကို ရရာရကြောင်း ပါရမီတရားတို့ကို မယုံကြည်ကြ၊ ဈာန် ဝိမောက္ခ မဂ်ဆိုသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မယုံကြည်ကြ၊ ဂေါတမဗုဒ္ဓသည် လူသားသာဖြစ်၍ လူလိုနေ၍ လူလို ပြောသည်၊ သူတော်စင်ကြီးတစ်ယောက်၊ ပညာရှင်ကြီးတစ်ယောက်အဖြစ်မျှသာ သူတကာထက် ထူးခြားသည်ဟု ယုံကြည်လိုကြသည်၊ သဗ္ဗညုတဉာဏ်ဖြင့် သိမြင်၍ ဟောထား သော ယခုလောက, တမလွန်လောက, နတ်ပြည်, ဗြဟ္မာပြည်, ငရဲ, ပြိတ္တာဆိုသည် များကိုလည်း မယုံကြ၊ နတ်ပြည်၊ ငရဲပြည် စသည်ပါသော အဘိဓမ္မာကို မယုံကြည်ကြ၊ သူတို့ ယုံကြည်သည်ကား ဖန်ဆင်းခံရပြီး လူဖြစ်လာမှုကိုသာ ယုံကြည်သည်၊ ထို့ကြောင့် အတိတ်ဘဝကို မယုံကြည်၊ သေပြီး ဝိညာဉ်ဘဝဖြင့် ကမ္ဘာပျက်အောင် စောင့်ရမည်ကို ယုံကြည်သည်၊ ထို့ကြောင့် နောင်ဘဝ အဆက် ဆက်ကို မယုံကြည်ကြ၊ ဗုဒ္ဓဘာသာတရားသည် သူတို့အဖို့ အလွန်ဆန်းနေသည်၊ ထို့ကြောင့် သမိုင်းကြောင်းအရ သက်သေထူနိုင်သော ရှေးဟောင်းကျောက်စာ စသည်၌ ပါရှိသလောက်သာ (Historical fact ) အမှန်တရားဟု ယူဆကြသည်။

သူတို့ မတွေ့သေးသော၊ မတွေ့နိုင်သော ကျောက်စာတို့၌ ပါသော တရားတို့ကိုမူ သူတို့မသိကြတော့ချေ၊ မြန်မာဗုဒ္ဓဝါဒီအမည်ခံသော စင်စစ် ရုပ်ဝါဒီ ဦးဥက္ကဋ္ဌနှင့် စုဒိတက သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင် ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓကျမ်းစာများ အထူးအားဖြင့် ဗုဒ္ဓအဘိဓမ္မာကို စနစ်တကျ လုံလုံလောက်လောက် လေ့လာမှု အလျဉ်းမရှိပဲ အနောက်စာပေများကိုသာ အချိန်ရှိသရွေ့ လေ့လာအထင်ကြီးလွန်းကြ ပြီး ထိုဘာသာခြားလူမျိုးတို့၏ သံယောင်လိုက်ကာ အစမ္မဝါဒတွေကိုသာ ရေးသာဖြန့် ဝေကြ ဟောပြောကြ၊ သာသနာ့ဝန်ထမ်း ရဟန်းတော်ကောင်းတွေကိုပါ သိ..ကျုံး ပုတ်ခတ်နေကြပေသည်၊ ယင်းတို့အားလည်း အမှန်တရားအလင်းရောင်ကို ပေးရန် အခြား မသိနားမလည်သော သူများအားလည်း လူသေလူဖြစ်ဝါဒ ဘေးအန္တရာယ်မှ ကယ်တင်ရန် ဝိနည်းဓိုရ်ဆရာတော်များသည် ကျမ်းအစောင်စောင်မှထုတ်နုတ် တင်ပြ ဆုံးဖြတ်ချမှတ်ခြင်း ပြုရပေသည်။

၂၁။ ထို့ပြင် ဗုဒ္ဓဓမ္မကို နက်နဲစွာ သင်ယူလေ့လာ၍ အဘိဓမ္မာကို အလေး အနက် ခံယူထားသော အနောက်နိုင်ငံသား အခြားပညာရှင်များကမူ ဗုဒ္ဓအဘိဓမ္မာ နှင့် စပ်၍ ဘယ်လိုရေးသားခဲ့သည်ကို ဆက်လက်၍ ဖော်ပြဦးအံ့၊ ဓမ္မသင်္ဂဏီ အဘိဓမ္မာပါဠိတော်ကြီးကို ဂျာမနီလူမျိုး ဘိက္ခုဉာဏတိလောကသည် ဂျာမန်ဘာသာ ပြန်ဆိုခဲ့ရာ နိဒါန်းကို အတော်ပြည့်စုံစွာ သုတေသနသဘောတရားများ ညှပ်၍ ရေးသားခဲ့သည်။ ယင်းနိဒါန်းကို တပည့်ဖြစ်သူ ဉာဏပေါဏိက-က အင်္ဂလိပ်ဘာသာ ဖြင့် ပြန်ဆိုကာ- Abhidhamma Studies "အဘိဓမ္မာလေ့လာချက်များ" ဟူသော စာအုပ်ကို ရေးခဲ့၏၊ ထိုစာအုပ် ဖဿပဥ္စမက (The Pentad of Sense Inperss-ion) ဟူသော အခန်း၌ အဘိဓမ္မာသည် ဗုဒ္ဓညွှန်ပြသော လမ်းစ (မာတိကာ) ဖြင့် ထိုထို သုတ္တန်(ဥပမာ-မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ အနုပဒသုတ်စသည်) ၌ ဟော

www.burmeseclassic.com

www.burmeseclassic.com



တော်မူသော ဓမ္မအစုတို့ကို အစီအစဉ်ကျအောင် စနစ်တကျ စီစဉ်၍ အရှင်သာရိပုတ္တရာ သင်ပြထားသော ချပို့စဉ်ဖြစ်သည် ဟူ၍ ရေးသားပေ၏။

ဆက်လက်၍ ဉာဏပေါဏိက-က သူ၏ အဘိဓမ္မာလေ့လာချက်များ စာအုပ် နှာ-၂၅ ၌ ဤသို့ ရေးသားထား၏-

"The Adupada Sutta showe that an elaboration of thdoctrine in the manner of the Abhidhamma was undere taken at the Master's Life time, by analytically and Philosophically gifted disciples. This development was experessly encouraged by the Buddha when, in that Discourse he mentionned and highly praised Saritutta's fourtnight of analytical onguiry2."

## မြန်မာ

ပဒဝိဘာဂ(အက္ခရာပုဒ်ဗျည်းတို့ကို ခွဲစိတ်ဝေဖန် ပိုင်းခြားခြင်း) အတ္ထဝိဘာဂ (အနက်အဓိပ္ပါယ်ကို အစီစဉ်တကျ ဝေဖန်ကန့်သတ်ပိုင်းခြားခြင်း) အရာ၌ အလွန် တော်ကြသော တပည့်များသည် ဗုဒ္ဓလက်ထက်တော်ကပင် အဘိဓမ္မာပုံသဏ္ဌာန် အသွင်ဖြင့် "ဓမ္မ"များကို အသေးစိတ် စီစဉ်ခဲ့ကြသည် ဆိုသည်ကို အနုပဒသုတ်က ဖော်ပြနေပေသည်၊ ဤအနုပဒသုတ်၌ အရှင်သာရိပုတ္တရာ၏ ၂-ပက္ခအတွင်း အနုပဒ ဝိပဿနာ (အစိတ်အစိတ် ခွဲခြားသုံးသပ်နိုင်ခြင်း)ကို အထူးမြွက်ဆို ချီးကျူးတော်မူ စဉ် ဗုဒ္ဓသည် ဤသို့ အဘိဓမ္မာအသွင် မြင့်မားတိုးတက်ခြင်းကို သိသာစွာအားပေး တော်မူလေသည်၊ (Abhidhamma Studies by Nyanaponika p.25)

အဘိဓမ္မာကို သာမန်လူတို့အား ဗုဒ္ဓသည် ဟောမြွက်ခြင်း မပြုပေ၊ ခက်ခဲ နက်နဲသော အဓိပ္ပါယ်များကို ဟောပြောနေခြင်းဖြင့် အချိန်မကုန်စေပဲ သုဏ္ဏပုဂ္ဂိုလ် (တရားနာပုဂ္ဂိုလ်)တို့အား ယင်းတို့၏ လွတ်မြောက်ရေးအတွက် အခြေခံကျသော လက်တွေ့ကျင့်သုံးဖွယ် တရားများကို ဟောတော်မူသည်၊ ယင်းဓမ္မတို့ကို မဟာဝဂ္ဂ သံယုတ်ပါဠိတော်၌လာသော သောတာပတ္တိသံယုတ်၊ သစ္စသံယုတ်စသော သုတ္တန် တို့၌ ဗုဒ္ဓမြတ်စွာ အထပ်ထပ်ဟောကြားတော်မူခဲ့လေသည်၊ အိမ်နေသူ လူသားတို့ အား မဆိုထားဘိ သာသနာတော်တွင်းသို့ဝင်၍ တစ်ကိုယ်တည်း ကျင့်လိုကြသော ရဟန်းတော်များအားပင် အဘိဓမ္မာတရားတော်ကြီးကို ဟောကြားတော်မမူပဲ ယင်း တို့နှင့် သင့်တော်သော ကမ္မဋ္ဌာန်းအလုပ်တရားများကိုသာ ဟောကြားတော်မူသည်။

လူနည်းစုသာ လက်ခံသိမ်းပိုက်နိုင် နားလည်သဘောပေါက်နိုင်သော အဘိဓမ္မာကို ထက်မြက်စူးရှသော ဉာဏ်ရှိသော အရှင်သာရိပုတ္တရာ အရှင်မဟာ- ကောဋ္ဌိက အရှင်မဟာကစ္စာယန စသော ထေရ်ကြီးများအား အကျယ်ရှင်းလင်း ဝေဖန်စေရန် တာဝန်ပေးသောအားဖြင့် ရဟန်းပရိသတ်အလယ်တွင် အကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



အမြွက်မျှသာ ဟော၍ နေရာမှထကာ ကြွသွားတော်မူလေသည်၊ အထူးအားဖြင့် အရှင်သာရိပုတ္တရာအား တာဝန်ပေးတော်မူသည်၊ တရားနာ ရဟန်းပရိသတ်တို့သည် ဘုရားရှင်၏ အကျဉ်းသခ်ေပကထာကို နားမလည်ကြ၍ အရှင်သာရိပုတ္တရာထံ ချဉ်းကပ်မှတ်သား အကျယ်အားဖြင့် နားလည်ကြရပေသည်၊ ထို့ကြောင့် ရဟန်းများ အားကိုးယုံကြည်စွာ အရှင်သာရိပုတ္တရာထံ ချဉ်းကပ်နာယူနိုင်ကြစေရန်-

သာရိပုတ္တော ဘိက္ခဝေ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ သမ္မဒေဝ အနုပဝတ္တေတိ၊

ရဟန်းတို့ ငါဘုရား လည်စေတော်မူခဲ့သော (ဟောတော်မူခဲ့သော) အမြတ်ဆုံးတရားစက်ကို သာရိပုတ္တရာသည် ငါဘုရားနည်းတူ လည်စေခြင်း(ဟောပြောခြင်း) ငှာ စွမ်းနိုင်ပေသည်ဟူ၍ လည်းကောင်း၊

"ရဟန်းတို့ ဖြူစင်မြင့်မြတ်သော သီလ, သမာဓိ, ပညာနှင့် ဝိမုတ္တိအရာ၌ ထိပ်တန်းရောက် စွမ်းဆောင်နိုင်သူဟုဆိုလျှင် သာရိပုတ္တရာကို ရည်ရွယ်၍ပြောမှ မှန်မည်"ဟူ၍ လည်းကောင်း၊

"ငါဘုရား၏ အတွင်းနှလုံးဓာတ်ကို နားလည်သောကြောင့် ရင်မှပေါက်ဖွားသူ နှုတ်ထွက်စကားတော်ကို နားလည်သောကြောင့် နှုတ်တော်မှပေါက်ဖွားသူ ဓမ္မကြောင့်ဖြစ်သော ဓမ္မကဖန်တီးအပ်သောသူ ဓမ္မအမွေကိုသာခံယူ၍ အာမိသအမွေကို မခံယူသောသူ ဟူ၍ဆိုလျှင် သာရိပုတ္တရာကို ရည်ရွယ်၍ပြောမှ မှန်မည်"ဟူ၍ လည်းကောင်း ဗုဒ္ဓမြတ်စွာသည် ခံတွင်းမဆန့် ချီးကျူးတော်မူခဲ့လေသည်၊ (မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသအနုပဒသုတ်)

ထို့ပြင် ဉာဏပေါဏိက-က ဆက်လက်၍ ဆိုပြန်သည်မှာ-

It is therefore quite probable that theBuddha transmitted the gist of his Abhidhammicknowledge to suchindividual monks whom he knew to be capable of elaborating and applying the briefly indicated by their own penetrative intellect *e.g.* in the case of **Sariputta.**

## မြန်မာ

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် အဘိဓမ္မာဆိုင်ရာ အသိဉာဏ်နှင့် စပ်၍ အကျဉ်းအမြွက်မျှလေးကို အရှင်သာရိပုတ္တရာကဲ့သို့ အကျယ်ခွဲဝေ ဟောပြောနိုင်မည့်သူ, ခြံ၍ပြလိုက်သောနည်းကို မိမိတို့ ဂမ္ဘီရဉာဏ်ဖြင့် အသုံးပြုနိုင်မည့်သူ ဟု ယုံကြည်ခဲ့သူတို့အား လွှဲပြောင်းလက်ကမ်းတော်မူခဲ့သည်၊ ဤအချက်သည် အလွန်ဖြစ်နိုင်သည့် အချက် ဖြစ်ပေသည်။ Abhidhamma Studies by Nyanaponika p.24-25)

အထက်ပါ ဂျာမန်လူမျိုး ဘိက္ခုဉာဏတိလောက၊ ဉာဏပေါဏိကတို့၏ ရေးသားချက်များကို ချင့်ချိန်ဖတ်ရှုကြည့်လျှင် အဘယ်မျှ ပညာသားပါပါ သုံးသပ်

www.burmeseclassic.com

www.burmeseclassic.com



ရေးသားထားသည်ကို တွေ့ရပေသည်၊ စာဖတ်သက်တမ်း ရင့်သူမှန်သမျှချင့်တွက်၍ ရသည်။ သောမတ်ဒေးဗစ်ကဲ့သို့ ကိုယ်လိုရာဆွဲ၍ သုံးသပ်ထားချက်မျိုးမဟုတ်၊ ကျော်ကစာ တစ်ချပ်ကြည့်ပြီး ဗုဒ္ဓသာသနာတစ်ရပ်လုံးကို ဆုံးဖြတ်ထားချက်မျိုး မဟုတ်၊ ပိဋကတ်သုံးပုံကို ကျကျနန သင်ယူလေ့လာပြီးမှ တာဝန်ရှိရှိ ရေးထားခြင်း ဖြစ်ကြောင်း သိနိုင်ပေသည်၊ ကမ္ဘာ့ပညာကျော်တို့၏ အဆိုကား အဘိဓမ္မာကို ဘုရား ဟောသည် ဟူသော အမှန်တရားဖြစ်ပေသတည်း။

၂၂။ P.T.S ပါဠိအသင်း(လန်ဒန်)လန်ဒန်အတွင်းရေးမှူး ဖြစ်ခဲ့သော ကွယ်လွန်သူ Mr.Iggleden မစ္စတာအစ်ဂလေဒင် ဆိုသူ အဘိဓမ္မာစကောလားက သူ၏ Introductory Notes on the Abhidhammatthasangaha ၌ အောက်ပါအတိုင်း ရေးထား၏။

အနောက်သုတေသီတို့သည် ရှေးအခါက ပြောခဲ့ရေးသားခဲ့ကြသလို အဘိ-ဓမ္မာသည် အခြားပိဋကတ်များထက် နောက်ကျမှ ပေါ်လာသည်၊ ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံပြီးနောက် ရာစုနှစ်များလွန်ပြီးမှ သာဝကရဟန်းများ၏ ထွင်မှုဖြင့် တိုးတက်လာ သည်၊ ခန့်မှန်းချေအားဖြင့် အသောကမင်းလက်ထက် ဘီစီ ၂၅၀-ခန့်တွင် အတော် ပြည့်စုံပြီး ဖြစ်ပုံရသော ဗုဒ္ဓ၏ ဓမ္မသင်္ဂဏီမာတိကပေါ်တွင် တည်ဆောက်ထားသော ကျမ်းစာများဟု ယူဆထားကြသည်၊ သို့ရာတွင် သံဃာလောကတွင် တည်ရှိနေသော ရှေးအစဉ်လာအမြင်အရ ဗုဒ္ဓအဖြစ် ရောက်တော်မူပြီး စတုတ္ထသတ္တာဟတွင် နာမ်နှင့် ရုပ် ပရမတ်အထပ်အလွှာ တခုလုံးကို ဖြစ်နိုင်သမျှ အသေးစိတ်၍ ရှုမြင်သုံးသပ်တော် မူရာမှ အဘိဓမ္မ- ဟူသည် ပေါ်ပေါက်လာခဲ့သည်၊ ယင်းကို မနသာဝဝတ္တာပိတဒေ သနာ The initial Conecption in the Master's mind ဟု ခေါ်သည်၊ သို့ဖြစ်၍ ဗုဒ္ဓကို အာဘိဓမ္မိကဟု အမှန်ဆုံး ခေါ်ဝေါ်သမုတ်ခဲ့ ကြသည်၊ ယင်းနောက် အဘိဓမ္မာကို သင်အံလေ့ကျက် ဆောင်ရွက်သော သူကို တရား မဟောစေကာမူ ဓမ္မကထိက ခေါ်ဝေါ်ခဲ့ကြသည်၊ ဤမျှ ကြီးကျယ်များပြား၍ ရှေ့နောက် (ဆန့်ကျင် ခြင်း မရှိ) အစဉ်ပြေပြစ်သော ကျမ်းစာသည် ဗုဒ္ဓ၏ ဉာဏ်တော်မှတပါး အခြား သူတို့၏ အရာ မဟုတ်နိုင် "Abhidhamma is the domain Proper of the Buddha".

အစ်ဂလေဒင်သည် မစ္စစ်ရိုက်စ်ဒေးဗစ်တို့ မရှိသောအခါမှ လန်ဒန်ပါဠိ အသင်းကြီး၏ အတွင်းရေးမှူးဖြစ်လာသူပေတည်း၊ ယခင် ဥက္ကဋ္ဌ ဒေးဗစ်က အဘိ ဓမ္မာ ဘုရားဟော မဟုတ်၊ နောက်ပေါ်ဟု ဆိုသွား၏၊ အခု အတွင်းရေးမှူး အစ်ဂ- လေဒင်က ဒီလောက် ကြီးကျယ်များပြားပြီး ရှေ့နောက်အစဉ်ပြေလှသော ကျမ်းကြီး သည် ဘုရားဉာဏ်မှတပါး အခြားသူ၏လက်ရာ မဖြစ်နိုင်ပုံကို ပိုင်ပိုင်ကြီး ဆိုထား၏၊ (ဝါ) အဘိဓမ္မာသည် ဘုရားဟော အစစ်ပါဟု ဆို၏။

ဒေးဗစ်က စူဠဝါပါဠိ သံဂါယနာအခန်း၌ အဘိဓမ္မာဟု သီးခြား အမည်

www.burmeseclassic.com

www.burmeseclassic.com



တပ်၍ သံဂါယနာ မတင်သည်ကိုကပ်ပြီး ဘုရားဟောမဟုတ်၊ နောက်ပေါ်ဟု ပြော၏၊ အစ်ဂလေဒင်က "ဒီလောက် ကြီးမားကျယ်ပြန့် အဆင်ပြေ" ဟူသော ဝိသေသနကြီးများဖြင့် ဂုဏ်ပြုကာ ဘုရားဟောအစစ်ဟု ဆုံးဖြတ်၏၊ ဤနှစ်ဦးသား စကားတွင် ဒေးဗစ်သည် အဘိဓမ္မာကျမ်းသားကို မနှိုက်ကြည့်ပဲ အတိမ်အနက် မသိပဲ အပြင်က ကြည့်ပြီး ပြောခြင်းဖြစ်ကြောင်း ထင်ရှားနေ၏၊ အစ်ဂလေဒင်မှာမူ အဘိဓမ္မာကို လေ့လာကြည့်ပြီးမှ ကြီးကျယ်လှချည့်လား၊ များပြားလှချည့်လား၊ ဒီလောက် ကြီးကျယ်များပြားပေမယ့် ရှေ့နောက် ညီညွတ်အဆင်ပြေလှချည့် လားဟု အတွင်းသားသို့ ဝင်ကြည့်ပြီးမှ အဘိဓမ္မာကို ဘုရားမှတပါး အခြားမည်သူမျှ မဟောနိုင်ဟု သဘာဝကို ကိုင်ပြီး မှတ်ချက်ချခြင်း ဖြစ်ပေသည်။

ဦးဥက္ကဋ္ဌတို့ လူစုကား ဗုဒ္ဓဘာသာကို ဖျက်ဆီးရအောင် ကြိုးစားနေသော ရုပ်ဝါဒီများ ဖြစ်ကြ၍ ဒေးဗစ်တို့ နောက်သို့ လိုက်ကြ၏၊ ဉာဏ်ဘိလောကတို့ အစ်-ဂလေဒင်တို့နှင့်ကား မတွဲကြချေ။

၂၃။ ယခုအခါ စုဒိတကတို့၏ အကြောင်းပြချက်များ ဖြစ်သော ဘာဏကစာရင်းတွင် မတွေ့ရခြင်း၊ အဋ္ဌကထာများနှင့် ရှေးဟောင်းကျောက်စာများတွင် အဘိဓမ္မာ ဘာဏကဟူ၍ မတွေ့ရခြင်းကြောင့် အဘိဓမ္မာဘုရားဟောမဟုတ် ဆိုသည်ကို စိစစ်ပြဦးအံ့-

သုမင်္ဂလဝိလာသိနီမည်သော ဒီဃနိကာယ် သီလက္ခန္ဓဝဂ် အဋ္ဌကထာ-နှာ-၁၅-၁၆ တို့၌ ပဌမသံဂါယနာ အပြီး အရှင်မဟာကဿပထေရ်က အရှင်အာနန္ဒာအား ဒီဃနိကာယ်ကို အရှင်သာရိပုတ္တရာ၏ တပည့်များအား မဇ္ဈိမနိကာယ်ကို၊ အရှင်မဟာကဿပအား သံယုတ္တနိကာယ်ကို၊ အရှင်အနုရုဒ္ဓါထေရ်အား အင်္ဂုတ္တရနိကာယ်ကို ပို့ချစောင့်ရှောက်ရန် လွှဲအပ်ကြောင်းဆိုသည်။

ဝိနည်းပိဋကကို အရှင်ဥပါလိအား လွှဲအပ်ကြောင်းဆို၍ အဘိဓမ္မာပိဋကကို ဇာတ်, နိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်, အပါဒါန်, သုတ္တနိပါတ်, ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန်း, ဣတိဝုတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ ဟူသော ဤကျမ်းငယ် ၁၃-ကျမ်းနှင့်အတူ ခုဒ္ဒကဂန္ထအမည်ပေး၍ သံဂါယနာတင်ကြောင်းကို ဆိုသည်၊ ဤကား ဒီဃဘာဏကထေရ်တို့၏ အစဉ်အလာ မှတ်သားချက်အရ ဖြစ်သည်၊ မဇ္ဈိမဘာဏကတို့၏ အမှတ်အသားအရကား စရိယာ ပိဋက ဗုဒ္ဓဝံသပါ ထည့်သွင်း၍ ပေါင်း ၁၅-ကျမ်းကို ခုဒ္ဒကဂန္ထ အမည်ဖြင့် သုတ္တန္တပိဋကအဖြစ် သံဂါယနာတင်ခဲ့ကြသည်ဟု ဆိုသည်၊ ဤမှတ်သားချက်အရ အဘိဓမ္မာပိဋက က တခြား ကျန်ကျမ်းငယ် ၁၅-ကျမ်းက တခြားဖြစ်သည်ဟု ဆိုလိုသည်၊ (စုဒိတက ဦးဆန္ဒာဓိက ဆိုသကဲ့သို့ အဘိဓမ္မာ ၂၀-ကျမ်း ဖြစ်သည်ဟု ဆိုလိုသည် မဟုတ်ပေ) သို့ရာတွင် ဤခုဒ္ဒကဂန္ထ ၁၅-ကျမ်းကို လည်းကောင်း၊ အဘိဓမ္မာပိဋကကိုလည်းကောင်း မည်သူ့အား စဉ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



မပြတ် ချပို့ဆောင်ရွက်ရန် တာဝန်ပေးသည်ဟု ဤသုမင်္ဂလဝိလာသိနီ အဋ္ဌကထာက မဆိုချေ။

ဤသို့ မဆိုသောကြောင့် ခုဒ္ဒကနိကာယ်ဟူ၍ ပထမသံဂါယနာ၌ မရှိ၊ အဘိဓမ္မာ ပိဋကဟူ၍လည်း မရှိသေးဟု အနောက်တိုင်း သုတေသီတို့က ဆိုကြ၏၊ နောက်လိုက်ဖြစ်သော သမ္မာဒိဋ္ဌိသုတေသန အဖွဲ့ဝင်တို့ကလည်း သံယောင်လိုက်၍ ဆိုကြ၏။

၂၄။ ထိုအဆိုကို စိစစ်ကြည့်ဦးအံ့၊ သုမင်္ဂလဝိလာသိနီ မည်သော ဒီဃနိကာယ် အဋ္ဌကထာ ဗြဟ္မဇာလသုတ်အဖွင့် နိဒါန်း၌ မဆိုရုံမျှဖြင့် အဘိဓမ္မာ ဘုရားဟော မဟုတ်ဟု ဆိုရအံ့လော၊ အခြားနေရာ အခြားသုတ်တို့၌ ဖွင့်ဆိုထားသည်ကို အဘယ့်ကြောင့် လျစ်လျူရှုကြသနည်း၊ အင်္ဂုတ္တရနိကာယ် တိက ဒုတိယပါပဏိက သုတ်၌ ဤသို့ ဟောတော်မူထား၏။

> "ဣဓ ဘိက္ခဝေ ဘိက္ခူ ယေ တေ ဘိက္ခူ ဗဟုဿုတာ အာဂတာ-
> ဂမာ ဓမ္မဓရာ ဝိနယဓရာ မာတိကာဓရာ၊ တေ ကာလေန ကာလံ
> ဥပသင်္ကမိတွာ ပရိပုစ္ဆတိ ပရိပဉှတိ"

ရဟန်းတို့ ပိဋကသုံးပုံကို များစွာ ကြားနာမှတ်သားပြီးသော နိကာယ်ကို ဆောင်ကုန်, ပိဋကသုံးပုံကို ဆောင်ကုန်, ဝိနည်းကို ဆောင်ကုန်, မာတိကာကို ဆောင်ကုန်သော ရဟန်းတို့သည် ရှိကုန်၏၊ ဤရဟန်းသည် ရံခါ ရံခါ ထိုဗဟုသုတ ရဟန်းတို့သို့ ချဉ်းကပ်၍ မေးမြန်းစုံစမ်း၏။

ဤအင်္ဂုတ္တိုရ် ပါဠိတော်၌ အာဂတာဂမာဟူသော ပါဠ်ဖြင့် နိကာယ်ငါးမျိုးတွင် တမျိုးမျိုးကိုသော် လည်းကောင်း၊ နှစ်မျိုး သုံးမျိုးကို လည်းကောင်း၊ ငါးမျိုးလုံးကို လည်းကောင်း ဆောင်သူတို့ကို အသေအချာ ဖော်ပြထား၏၊ ဤအချက်ကို ဘုရားရှင်၏ အလိုကို သိသော အဋ္ဌကထာဆရာကြီးက ဤသို့ ဖွင့်ပြထား၏။

> အာဂတာဂမာတိ ဧကော နိကာယော ဧကော အာဂမော နာမ၊
> ဒွေ နိကာယော ဒွေ အာဂမာ နာမ၊ ပဉ္စ နိကာယော ပဉ္စ အာဂမာ
> နာမ၊ ဧတေသု အာဂမေသု ယေသံ ဧကောပိ အာဂမော အာဂတော
> ပဂုဏော ပဝတ္တိတော၊ တေ အာဂတာဂမာ နာမ။

## မြန်မာပြန်

အာဂတာဂမာဟူသည်ကား နိကာယ်တစ်ကျမ်းသည် အာဂမတခု မည်၏၊ နိကာယ်နှစ်ကျမ်းသည် အာဂမနှစ်ခု မည်၏၊ နိကာယ် ငါးကျမ်းသည် အာဂမ ငါးခု မည်၏၊ ဤအာဂမထဲမှ အာဂမတစ်ခုခုကို နှုတ်တက်ရွရွ ဆောင်ထားသော သူသည် အာဂတာဂမ မည်၏။

**မှတ်ချက်။** ။အာဂမဟူသော စကားလုံးကို မြောက်ပိုင်း ဗုဒ္ဓဝါဒီတို့က သတ္တတဘာ

www.burmeseclassic.com

www.burmeseclassic.com



သာဖြင့် ရေးသားရာ၌ သုံးစွဲကြသည်၊ ထေရဝါဒပါဠိကျမ်းဂန်များ၌ကား နိကာယ, အာဂမ ဟူသော စကားနှစ်မျိုးလုံးကိုပင် နိကာယ်အဖြစ် အသုံးပြုကြသည်၊ ဓမ္မဓရာဟူရာ၌ ဓမ္မအရ ပိဋကသုံးပုံကို ကောက်ယူရမည်ဟု (ဒီ၊ မဟာဝဂ္ဂ ဋ္ဌ၊ ၁၄၆)၌ ဆို၏၊ တဖန် သုတ္တန္တ ပိဋကကို ကောက်ယူရမည်ဟု အင်္ဂုတ္တရနိကာယ် တိက-ဒုတိယပါပဏိကသုတ် အဋ္ဌကထာ (နှာ-၈၉)၌ ဆို၏၊ ဝိသုဒ္ဓိမဂ် မဟာဋီကာဆရာ အရှင်ဓမ္မပါလက သုတ္တာဘိသင်္ခါတဿ ဓမ္မဿ ဓာရဏေန ဓမ္မဓရာ-ဟု နိကာယ်ကြီးလေးမျိုးမှ ကြွင်းသော ခုဒ္ဒက နိကာယ်၌ အကျုံးဝင်သော သုတ်နှင့် အဘိဓမ္မာကို ဓမ္မအရ ကောက် ယူရမည်ဟု ဆို၏။

*(ပထဝီ ကသိဏအဖွင့် နှာ- ၁၄၁)*

ဤအဋ္ဌကထာ ဋီကာများအဆိုကို ခြုံ၍ယူသော် နိကာယ်ဆောင်များကို ဒီဃဘာဏက,မဇ္ဈိမဘာဏက,သံယုတ္တဘာဏက, အင်္ဂုတ္တရဘာဏကဟူ၍ အသီးသီး တစ်စုတစ်ဖွဲ့စီ မဆိုပဲ အားလုံးပါအောင် အာဂမဂတာဟူ၍ ဘုရားရှင်ကိုယ်တိုင် ဟောတော်မူ၏။ဓမ္မဓရာဟူသော ပါဠ်ဖြင့် ကြွင်းသော ခုဒ္ဒကနိကာယ်ဆောင်, အဘိဓမ္မာဆောင် (အာဘိဓမ္မိက)ပုဂ္ဂိုလ်တို့ကို ဟောတော်မူ၏။ မာတိကဓရာဟူသော ပါဠ်ဖြင့် ဝိနယအကျဉ်း ပါတိမောက်ကို ဆောင်သူ အဘိဓမ္မာအကျဉ်း မာတိကာကို ဆောင်သူတို့ကို ဟောတော်မူ၏။ ဤသို့လျှင် ဤပါပဏိကသုတ်တော်၌ ပိဋကသုံးပုံဆောင် နိကာယ်ဆောင် ခုဒ္ဒကနိကာယ်ဆောင် အဘိဓမ္မာဆောင်တို့ကို ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် ရည်ညွှန်းမိန့်ဟတော်မူခဲ့ပုံကို အသေအချာမှတ်ယူရပေမည်။ အနောက်တိုင်း သုတေသီဆိုသော ဘာသာခြား လူမျိုးခြား ဆရာတို့သည်ကား လိုရာယူ မလိုရာချန်၍ ဝေဖန်ကြခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

၂၅။ တစ်ဖန် စာပေသမိုင်းရှုထောင့်ဖြင့် သုံးသပ်ရသော် ဘီစီ ၁၂၅မှ ၉၅-အထိ အိန္ဒိယပြည်အင်ဒပ်စ် (Indus) နယ်ခြားတလျှောက် အုပ်စိုးသွားသော ဂရိတ် ဘုရင် မေနန္ဒရ်ခေါ် မိလိန္ဒမင်းကြီးသည် သာသနာတော်ကို ကြည်ညို လေးစား၍ မရှင်းမလင်းသော ဗုဒ္ဓဓမ္မရေးရာ မေးခွန်းအမြောက်အများကို မေးလျှောက်ခဲ့ဖူး၏၊ ထိုအခါ ပိဋကတ်အရာ ကျွမ်းကျင်၍ နှုတ်ရေး ကြွယ်ကြွယ် ဉာဏ်ကြီးကျယ်သော အရှင်နာဂသိန်သည် အမေးဟူသမျှ သဘောကျအောင် ဖြေဆိုခဲ့သည်။ ထိုအကြောင်းအရာ အားလုံးကို မှတ်တမ်းတင်ခဲ့သော ကျမ်းစာကို မိလိန္ဒပဉှာဟုခေါ်သည်၊ အရှင်ဗုဒ္ဓဃောသ ကဲ့သို့သော ထေရဝါဒီ အဋ္ဌကထာ ဋီကာ ဆရာတို့သည် အခွင့်ကြုံတိုင်း မိလိန္ဒပဉှာလာ စကားများကို လေးလေးစားစား ကိုးကား၍ ဖွင့်ဆိုသွားကြသည်၊ ယင်း မိလိန္ဒပဉှာ၌ -

(က)တေန ခေါ ပန သမယေန အာယသ္မာ နာဂသေနော သမဏဂဏ-ပရိဝုတော ဝိနီတော ဝိသာရဒေါ တေ ပိဋကော ဝေဒဂူ ။ပ။ သာဂရော-

www.burmeseclassic.com

www.burmeseclassic.com



နဂရံ အနုပ္ပတ္တော ဟောတိ။

ထိုအခါ ရဟန်းအပေါင်းခြံရံလျက် သိမ်မွေ့ယဉ်ကျေး၍ ရဲရင့်တော်မူပြီး ပိဋကသုံးပုံဆောင် စတုသစ္စာဉာဏ်ဖြင့် လမ်းဆုံးရောက် ပေါက်မြောက်ပြီးသူ အရှင်နာဂသေနသည် သာဂလမြို့သို့ ရောက်လာလေသည် ဟူ၍လည်းကောင်း-

(ခ) တေ စ တေပိဋကာ ဘိက္ခူ ပဉ္စ နေကာယိကာပိ စ။

စတု နေကာယိကာစေဝ၊ နာဂသေနံ ပုရေက္ခရုံ ။

(ယင်းမိလိန္ဒပဉှာ)

ပိဋကသုံးပုံဆောင် ရဟန်းတော်များ, နိကာယ်ငါးပုံဆောင် ရဟန်းတော်များ, နိကာယ်လေးပုံဆောင် ရဟန်းတော်များသည် နာဂသေနထေရ်ကို ရှေးသွားပြုတော်မူကြကုန်၏ ဟူ၍လည်းကောင်း၊ ပိဋကသုံးပုံဆောင်, နိကာယ်ငါးရပ်ဆောင်, နိကာယ်လေးရပ်ဆောင်ဟူသော စကားလုံးများ အထင်အရှား တွေ့ရ၏။

၂၆။ ဤမျှမက မိလိန္ဒပဉှာ၌ ဤသို့ဆိုထား၏-

"ဘဂဝတော ခေါ မဟာရာဇ ဓမ္မနဂရေ ဧဝရူပါ ဇနာ ပဋိဝသန္တိ သုတ္တန္တိကာ ဝေနယိကာ အာဘိဓမ္မိကာ ဓမ္မကထိကာ ဇာတကဘာဏကာ ဒီဃဘာဏကာ မဇ္ဈိမဘာဏကာ သံယုတ္တဘာဏကာ အင်္ဂုတ္တရဘာဏကာ ခုဒ္ဒကဘာဏကာ" စသည်။

## မြန်မာပြန်

မင်းမြတ်၊ ဗုဒ္ဓမြတ်စွာ၏၊ တရားမြို့တော်၌ သုတ္တန်ဆောင် ဝိနည်းဆောင် အဘိဓမ္မာဆောင် အဘိဓမ္မာတရားကို ဟောပြောသူ ဇာတကကိုဆောင်သူ ဒီဃဘာဏက (ဒီဃနိကာယ်ဆောင်) မဇ္ဈိမဘာဏက သံယုတ္တဘာဏက အင်္ဂုတ္တရဘာဏက ခုဒ္ဒကဘာဏက(ခုဒ္ဒကနိကာယ်ဆောင်) ဤသို့ သဘောရှိသော မြို့တော်သူ မြို့တော်သားတို့ နေကြပါကုန်၏။

ဤပါဠိတော်၌ ခုဒ္ဒကဆောင် အဘိဓမ္မာဆောင်ဟူသော စကားလုံးများ အတိအလင်း ဆိုထား၍ ပထမသံဂါယနာ တင်ပြီးချိန်မှ အဆက်မပြတ် ဆောင်လာကြသော အစဉ်အလာ မုချရှိခဲ့ပေသည်၊ ခရစ်မပေါ်မီနှင့် ပေါ်ပြီးစ ရာစုနှစ်ဦး(ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်၅၀၀-ခန့် ) ၌ ထင်ရှားခဲ့သော မိလိန္ဒပဉှာ၌ အာဘိဓမ္မိက ဟူ၍ လည်းကောင်း၊ ခုဒ္ဒကဘာဏကကဟူ၍ လည်းကောင်း ပါရှိခဲ့ပါလျက် အေဒီ-၅၀၀ရာစု (မိလိန္ဒပဉှာနောက် နှစ် ၅၀၀-ခန့်) ၌ ရေးသားစီရင်သော အရှင်ဗုဒ္ဓဃောသ၏ သုမင်္ဂလဝိလာသိနီ အဋ္ဌကထာ၌ မပါသည်မှာ အကြောင်းရှိရမည်၊ အကြောင်းကား ရှည်ရှည်ဝေးဝေး ရှာနေဖွယ်မလို၊ ဗုဒ္ဓလက်ထက်တော်မှ စ၍ အရှင်သာရိပုတ္တရာ၏ တပည့်များသည် အဘိဓမ္မာကို အမြဲလေ့လာ ချပို့နေသဖြင့် လွန်စွာ ထင်ရှားအသိများ နေသောကြောင့် ဖြစ်ရပေမည်။ ထို့ကြောင့် အထူးတလည်

www.burmeseclassic.com

www.burmeseclassic.com



အဘိဓမ္မာကို တာဝန်လွှဲ နေစရာ မလို။

နောက်တစ်ကြောင်းမှာလည်း 'ဇာတကဘာဏကာ' ဟူ၍ မိလိန္ဒပဥှာ၌ အမြွက်ဖော်ပြထားသကဲ့သို့ ဓမ္မပဒဘာဏက၊ ဥဒါနဘာဏက၊ ဣတိဝုတ္တဘာဏက၊ စသည်တို့လည်း ဧကန်ရှိရမည်။ ဆိုလိုသည်မှာ ခုဒ္ဒကနိကာယ်၌ ပါဝင်သော ကျမ်းစာများသည် ရှည်လျားများပြားလှသည် မဟုတ်၊ တစ်ပါးစီ တစ်ဦးစီ ခွဲ၍ ဆောင်ကြလျှင် ဂါထာသုံးရာလေးရာမျှလောက်သာ ရှိသောကြောင့် စကားလုပ်၍ ပြောစရာပင် မရှိချေ၊ တိုတောင်း၍ ဆောင်လွယ်မှတ်လွယ်သောကြောင့် ဆောင်သူလည်း ပေါများခဲ့ပေလိမ့်မည်၊ ထို့ကြောင့် ခုဒ္ဒကနိကာယ်ကို ဘယ်သူ့အား တာဝန်ပေးခဲ့သည်ဟု ဆိုဖွယ်မလိုတော့၍ အရှင်ဗုဒ္ဓဃောသသည် သုမင်္ဂလဝိလာသိနီ၌ ခုဒ္ဒကဘာဏက ဟူ၍ မဆိုပဲ ချန်ခဲ့ဟန် ရှိပေသည်။

သုမင်္ဂလဝိလာသိနီ အဋ္ဌကထာစကားကို အသေကိုင်လျက် အဘိဓမ္မာသာမက ကျန် ခုဒ္ဒကနိကာယ်တစ်ခုလုံး ဘုရားဟော မဟုတ်ဟု ဆိုရန်ရှိသည်၊ သို့သော် ခုဒ္ဒကနိကာယ်တစ်ခုလုံး ဘုရားဟော မဟုတ်ဟု ဆိုလျှင် ရယ်ဖွယ်သာ ဖြစ်မည်၊ ထို့ကြောင့် အဘိဓမ္မာတခုတည်းကို ကွက်ပြီး ထိုးနှက်ချက်သည် လုံးဝသဘာဝ မကျပေ။

၂၇။ (က) ဤသို့ ဆိုဖွယ် ရှိသေး၏။ E.J Thomas ဆိုသူက သူ၏ The History of Buddhist Thought "ဗုဒ္ဓဓမ္မသမိုင်း" ဟူသော စာအုပ်၌ အရှင်သာရိပုတ္တရာသည် သူ၏တပည့်ငါးရာတို့အား အဘိဓမ္မာကို ပို့ချခဲ့သည် ဟူသော အရှင်ဗုဒ္ဓဃောသ၏ အဆိုကို ပြက်ရယ်ပြုသည့်ပမာ မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတ္တရာ၏ တပည့်များအား တာဝန်လွှဲခဲ့သည် ဟူသော စကားကို အလေးနက်ထား အမှန်အားဖြင့် မှတ်ယူပါလျှင် အဘိဓမ္မာကို သူတို့ လေ့လာဆောင်ရွက်သည် ဟူသော စကားသည် အခြေအမြစ်မရှိဟု ဆိုလိုဟန်ဖြင့် သံသယကို မသိမသာ သွင်းခဲ့လေသည်။

(ခ) သည်သာမက ဓမ္မဘဏ္ဍာဂါရိက(တရားဘဏ္ဍာစိုးကြီး)ဟု ဂုဏ်ပြုချီးကျူးခြင်း ခံရလောက်အောင် ဗုဒ္ဓပါဝစနများကို အလုံးစုံရရှိ ဆောင်ရွက်သူ အရှင်အာနန္ဒာအား ဒီဃနိကာယ်ကို တာဝန်လွှဲသည် ဟူသည်မှာလည်း သံသယရှိဖွယ်ကောင်းသည်ဟု သံသယသံနှင့် သူ၏ ထင်မြင်ချက်ကို ရေးသားထားသည်ကို တွေ့ရ၏။

(ဂ) သမ္မာဒိဋ္ဌိ သုတေသန အဖွဲ့ဝင်တို့၏ ချေပချက်၌လည်း သို့ကလောက်ကြီးကျယ်ထင်ရှားသည့် အဘိဓမ္မာကို သေးငယ်သော ခုဒ္ဒကနိကာယ်၌ ထည့်သွင်းထားသည်မှာ အလွန်ရင်နာဖွယ်ရာ ကောင်းလှသည်ဟု ဆိုထားသည်။

ဤအဆို ဤသံသယတို့ကား ထေရဝါဒအစဉ်အလာကို လုံးစုံစေ့ငှ မသိကြ၍ လည်းကောင်း၊ Bius or Prejudice ခေါ်သော သမိုင်းဆရာတို့၏ ဘက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့်သော်လည်းကောင်း ဖြစ်တန်ရာ၏၊ ငါတို့၏ မြန်မာရာဇဝင်ကို ပုံပျက်ပန်းပျက်ဖြစ်အောင် ရေးသားသွားကြသော အင်္ဂလိပ်သမိုင်းဆရာများ အိန္ဒိယရာဇဝင်နှင့် စာပေသမိုင်းကို အပေါ်စီးဖြင့် အနိုင်ကျင့်ရေးသားသွားကြသော ကိုလိုနီခေတ် ဗိုလ်သခင် သမိုင်းဆရာများ၏ အကြံပက်စက် အမှား အနက်များကို နောက်ပေါ် တိုင်းရင်းသား ဒေသခံ ပညာရှင်တို့က ထုတ်ဖော်တင်ပြပြီး အမှန်သို့ ပြန်ရောက်အောင် မနည်းကြီး ကြိုးစားနေရသည် မဟုတ်ပါလော။ သို့ဖြစ်၍ အဘိဓမ္မာနှင့် ပတ်သက်၍ သူတို့သွင်းခဲ့သော သံသယအပင်းလုံးကို ချနိုင်ရန် အမှန်ကို ဤသို့ နားလည်ကြစေလိုသည်၊ တစ်ချက်စီရှင်းပြအံ့ ။

(က) အရှင်သာရိပုတ္တရာ၏ တပည့်များသည် ထက်မြက်စူးရှသော ဉာဏ်ပဋိဘာန်ရှိသည့် ပါရမီ သမ္ဘာရပညာရှင်များ ဖြစ်ကြ၍ အဘိဓမ္မာကို ထက်အောက်ပြန်လှန် အဖန်ဖန်ပို့ချ နှုတ်လွတ်ရကြသည်။ ဗုဒ္ဓအဘိဓမ္မာဟောပြီးသည့် ၇-ဝါမြောက် ၈- ဝါ အရောက်လောက်မှ စ၍ အဘိဓမ္မာတတ်မြောက်ခဲ့ကြပြီ။ ဗုဒ္ဓပရိနိဗ္ဗာန် မစံမီ သုံးဆယ့်ခုနစ်နှစ် နီးပါးလောက် အဘိဓမ္မာကို ဆောင်ခဲ့ကြသည်၊ ထိုပုဂ္ဂိုလ်တို့သည် မဇ္ဈိမနိကာယ်ကို တာဝန်ပေးလျှင်လည်း ဝန်မလေးကြပဲ အလွယ်ကလေး ဆောင်ထားနိုင်သော ဉာဏဗလ ရှိကြသူများဖြစ်ကြသည်၊ ထို့ကြောင့် အရှင်မဟာကဿပအမှူးရှိသော ပဌမသံဂါယနာတင် ထေရ်အရှင်များက ထိုအရှင်သာရိပုတ္တရာ၏ တပည့် များအား အဘိဓမ္မာဆန်လှသော မဇ္ဈိမနိကာယ်ကို တာဝန်ပေးကြသည်၊ ဤ Buddhist Tradition အစဉ်လာကြီးမှာ အလွန်ခိုင်လုံသော မှတ်တမ်းကြီးတစ်ဆူသဖွယ် ဖြစ်သည်။ ဘာမျှ တွေးတော ယုံမှားနေဖွယ် သံသယဖြစ်ဖွယ် မရှိပေ။

(ခ) ဓမ္မဘဏ္ဍာဂါရိက (တရားဘဏ္ဍာစိုးကြီး) အရှင်အာနန္ဒာအား ဒီဃနိကာယ်ကို တာဝန်ပေးတော်မူသည်မှာလည်း ဘာများ ဆန်းကျင်ပါသနည်း။ အရှင်အာနန္ဒာ ပိဋကတ်သုံးပုံ ဆောင်နိုင်စေကာ တစ်နည်းဆိုရလျှင် အရှင်အာနန္ဒာသည် ပိဋက တောအုပ်တွင် အရှုပ်အထွေး ယှက်မြွေးမတွယ် အလွယ်ကျက်စား ခြင်္သေ့မင်းကြီးသဖွယ် ဖြစ်ငြားလည်း တပည့်တို့အား ပို့ချရာ၌ ဘောင်ခတ်၍ ထားလျှင် ကြာရှည်လေးမြင့် အသင့်လွယ်ကူ တံခွန်ထူဆောက် ပေါက်မြောက်ကြီးပွား လွန်စွာ ထွန်းကားနိုင်သည် မဟုတ်ပါလော၊ သီဟိုဠ်ကျွန်း၌ ဒီဃဘာဏက တိပိဋက မဟာသီဝထေရ်ဟူသည်ကို ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာ နှာ ၁၁၃-၌ လည်းကောင်း၊ ယင်းဒီဃနိကာယ် ပါထိကဝဂ္ဂအဋ္ဌကထာ နှာ ၆၆-၌လည်းကောင်း အရှင်ဗုဒ္ဓဃောသ မှတ်တမ်းတင်ထားသည်ကို ရှုပါ၊ ယင်းမဟာသီဝထေရ်သည် တိပိဋက (ပိဋကသုံးပုံဆောင်ထားသည့်)အပြင် ဒီဃဘာဏကဟူသော ဘွဲ့ကိုလည်း ခံယူထားပေသေးသည်၊ ထို့ကြောင့် အဓိကာရမ်မည်သော သီဟိုဠ်သားပညာရှင် ရေးသားသည့် "သီဟိုဠ်ကျွန်း ရှေးပိုင်းသာသနာရေးသမိုင်း" စာအုပ် နှာ-၂၅-၌ ဤသို့ မှတ်ချက်ချထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



" It is necessary to note here that deing a Bhanaka of a particular section of canon meant only that the person in question made a special study of that portion and did not in any way imply an ignorance or neglect of the other sections of pitakas ."

"နိကာယ်တစ်ခုခုကို ဆောင်ထားသူ ဘာဏကဆိုသည်မှာ ထိုနိကာယ်ကို အထူးတလည် လေ့လာကျက်မှတ်သူ ဟူ၍သာ ဆိုလို၍ အခြားနိကာယ် အခြား ပိဋကကို လျစ်လျူရှုသူ မလေ့လာသူ ဟူ၍ မဆိုလိုကြောင်း မှတ်သား ဖို့ လိုအပ်သည်၊ (Early History of Buddhism in Ceylon p.25 by Adikaram)

(ဂ) ၁/ဝိနယဓရ (ဝါ) ဝေနယိက ဟူသော စကားလုံးဖြင့် ဝိနည်းကို ဆောင်သူ အာဘိဓမ္မိက ဟူသော စကားလုံးဖြင့် အဘိဓမ္မာကို ဆောင်သူများ ရှိခဲ့ ကြောင်း အထောက်ထားများ ပြခဲ့ပြီး ဖြစ်သည်၊ ဗုဒ္ဓစကားတော်များကို ငါးစုခွဲ၍ နိကာယ ဟူသော စကားဖြင့် သုံးနှုန်းခေါ်ဝေါ်သောအခါ ဝိနည်းရော အဘိဓမ္မာပါ ခုဒ္ဒကၡ ထည့်သွင်း၍ သံဂါယနာတင်ကြသည့်အလျောက် ခုဒ္ဒကနိကာယ် ဟူ၍ပင် ခေါ်ဝေါ် သုံးနှုန်းကြပေသည်။ ခုဒ္ဒကဟူသည်မှာ ဒီဃ အရှည်, မဇ္ဈိမ အလယ် အလတ်နှင့် နှိုင်းယှဉ်၍ ခုဒ္ဒကအတိုပေါ အခိပ္ပါယ်ကို ကောက်ယူရသည်၊ အသေး အဖွဲ့ တန်ဖိုးနည်းသော သုတ်များ ပါဠိများဟု အလွဲမကောက်ရာ၊ ထိုကြောင့် ဝိနည်း ကိုဆောင်သူများကို ဝိနယဓရောဟု ခေါ်ဆိုသကဲ့သို့၊ ဝိဘင်္ဂဓရော, မာတိကာဓရောဟူ၍ ခေါ်ဆိုထားသည်ကိုလည်း ပါဠိတော်များ၌ အများအပြား တွေ့ရပေရာ ဝိနည်းငါး ကျမ်းလုံးကို ဆောင်သူရှိသလို ဥဘတောဝိဘင်းမျှ ဆောင်သူ မာတိကာခေါ် ပါတိ- မောက်မျှ ဆောင်သူ ခန္ဓကမျှ ဆောင်သူများ ရှိသောကြောင့် ထိုနိကာယ်ကြီးများနှင့် နှိုင်းစာလျှင် တိုတောင်းသည်ဟု ဆိုနိုင်ပေသည်။

(ဂ) ၂/ တဖန် အဘိဓမ္မာကို ဆောင်ရာ၌လည်း မာတိကာဓရော ဟူသော ပါဠိတော်စကားကို ထောက်၍ တိကမာတိက ဒုကမာတိကာမျှကို ဆောင်သူ နိဒ္ဒေသ ပဒဘာဇနီများနှင့်တကွ ဓမ္မသင်္ဂဏီကို ဆောင်သူ ဝိဘင်းမျှကို ဆောင်သူ ပဋ္ဌာန်း သက်သက်ကိုသာ ဆောင်သူ ဓာတုကထာ ပုဂ္ဂလပညတ်မျှ ဆောင်သူ ယမိုက်မျှ ဆောင်သူ ဟူ၍လည်း ရှိသည်၊ အဘိဓမ္မာ ၇-ကျမ်းဟု ခွဲခြားထားသည်မှာလည်း ကဏ္ဍအလိုက် ခွဲခြင်းမျိုး မဟုတ်၊ သဘာဝဓမ္မသို့ ချဉ်းကပ်နည်းအားဖြင့် ခွဲထားခြင်း ဖြစ်ပေသည်၊ ထို့ကြောင့် မိမိသန်ရာ ဆန္ဒရှိရာ ဆောင်ထားခဲ့ကြသည်၊ ဥပမာအားဖြင့် အလွန်ခက်လှပါသည်၊ (ကျယ်လှပါသည်) ဆိုသော ပဋ္ဌာန်းကျမ်းကြီးကို ဤ နှစ်ဆယ် ရာစုနှစ်၌ အဘိဓဇမဟာရဋ္ဌဂုရု မန္တလေး၊ မစိုးရိမ်ဆရာတော်ကြီး အထူးသီးသန့် ပြင်ဆင်ကာ နည်းသစ် စနစ်သစ်များဖြင့် ထပ်တလဲလဲ ပို့ချဆောင်ရွက်သကဲ့သို့ ဖြစ်သည်၊ ဤဆိုခဲ့ပြီးသော အစဉ်ဖြင့် ချပို့ ဆောင်ရွက်ခြင်းသည် တာဝန်ခွဲဝေခြင်း Divison of Labour စနစ်အရ ကြာရှည်တည်တံ့စေကြောင်း ကောင်းမြတ်သော

www.burmeseclassic.com

www.burmeseclassic.com



အစဉ်လာဖြစ်ပေသည်၊ ဤသို့ဆိုသော် ခုဒ္ဒက(တိုသောသုတ်များ) ဟုခေါ်ဆိုသည့်အတွက် ဘာမျှ သိမ်ငယ် စရာမလိုပါ၊ ခုဒ္ဒကနိကာယ်၌ ထည့်သွင်း ရေတွက်သောကြောင့် အတိုအထွာ အသေး အဖွဲ့ကလေးများဟု ဘယ်အခါမျှ အဓိပ္ပာယ်မထွက်ပေ၊ ထိုကြောင့် သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်တို့ ဘာမျှ ရင်နာဖွယ် မလိုအပ်ပေ။

(ဂ) ၃/ အပိုင်းခွဲဝေရာ၌ ရံခါမလိုအပ်သော အနက်အဓိပ္ပာယ် ဆန့်ကျင်သလိုရှိသော တရားများကို ထည့်သွင်းရေတွက်ရသည်လည်း ရှိတတ်သည်၊ ဝေဒနာသုံးမျိုး(ချမ်းသာ၊ ဆင်းရဲ၊ အသင့်အတင့် အလယ်အလတ်ခံစားမှု) ကို သုခနှင့် ဒုက္ခနှစ်မျိုးသာ ခွဲဝေသောအခါ ဥပေက္ခာဟူသော အလယ်အလတ်ခံစားမှုကို တည်ငြိမ်သော သဘောရှိသောကြောင့် သုခ၌ ထည့်သွင်း ရေတွက်ရ၏။

ဥပေက္ခာ ပန သန္တတ္တာ သုခမိစ္စေဝ ဘာသိတာ။(သမ္မော-၄)

ထို့အတူ ဘုရားရဟန္တာတို့၏ သန္တာန်၌ ဖြစ်သော ဟသိတုပ္ပါဒ်စိတ်ကို သောဘန (ကောင်း) အသောဘန (မကောင်း) ဟု နှစ်ပိုင်းခွဲဝေသောအခါ အသောဘနဘက်သို့ ထည့်သွင်းကြရသည်၊ ဟသိတုပ္ပါဒ်စိတ်ကိုယ်တိုင်က မကောင်းသောကြောင့် အသောဘနဟု ခေါ်ရသည်မဟုတ်၊ သောဘနအမည် ရနေကျဖြစ်သော ကုသိုလ်မူလများ မရှိသောကြောင့် မူအရ အသောဘနဟု ခေါ်ဆိုရခြင်း ဖြစ်လေသည်၊ ထို့ကြောင်း အပိုင်းခွဲဝေသော အခါ စကားလုံး၏ Literary Meaning (စကားလုံး၏ တိုက်ရိုက်အဓိပ္ပါယ်ထက်) Derivative Meaning (ဆင့်ပွား အဓိပ္ပာယ်) ကို ပို၍ သတိပြုရပေမည်၊ ဤသို့သော စာပေပညာ၏ သိမ်မွေ့သော သဘောသဘာဝကို ကျယ်ကျယ်ဝန်းဝန်း မလေ့လာပဲ အတွေးအခေါ် ဖီလိုဆိုဖီဆရာများကဲ့သို့ ထင်ရာစွပ်ရေးခဲ့ကြလေရာ ထိုအနောက်တိုင်း သုတေသီတို့၏ အမှားများကို နောက်လူတို့က လိုက်ပြင်၍ မဆုံး ရှိနေပေသည်။

၂၈။ ဦးဥက္ကဋ္ဌအမှူးပြု၍ ဒေးဒရဲမြို့ ပဥ္စနိကာယ ဓမ္မသာကစ္ဆာအဖွဲ့မှ ရေးထိုး စိုက်ထူထားအပ်သော ကျောက်စာနှင့် သမ္မာဒိဋ္ဌိသုတေသနအဖွဲ့မှ ထုတ်ဝေသော "ဗုဒ္ဓသာသနသမိုင်း" စာအုပ် နှာ- ၁၀-၌ ပထမသံဂါယနာတွင် သံဃာ (၁၀၀၀) ကျော်တို့က သတ္တပဏ္ဏိလိုင်ဂူ (ထေရ်ကြီးတို့ သံဂါယနာတင် ရာဌာန) ၏ အနောက် တယူဇနာအကွာ ပဏ္ဏဝလိုင်ဂူတွင် ပထမသံဂါယနာ အပြိုင်တင်ကြသည် ဟူသော အဆိုသည် ထေရဝါဒမှတ်တမ်းများ၌ မလာသော ခိုင်လုံမှုမရှိသော အဆို ဖြစ်သည်။ ယင်းတို့ကို မဟာသင်္ဃိတိဟု ခေါ်ဆိုကြောင်း ထပ်ဆင့်၍ ဆိုပြန်သေး၏၊ ဒုတိယသံဂါယနာနှင့် အပြိုင်တင်ကြသော မဟာသံဃိက(ဝါ) မဟာသင်္ဃိတိနှင့် ရောထွေးနေခြင်းသာဖြစ်၏။ ပထမသံဂါယနာ၌ စင်ပြိုင် သံဂါယနာမရှိချေ။

အောက်ပါ J.J.Jones ရေးသော မဟာဝတ္ထု အင်္ဂလိပ်ဘာသာပြန် အတွဲ-၃၊ နိဒါန်း Introduction ၌ -

www.burmeseclassic.com

www.burmeseclassic.com



Mahasanghikas were a Buddhist sect formed at the time of the second Council at Vesali 338. B.C. They subsequently split up into sevetal schools among which, the Lokuttaravadins seem to approximate closest to the original Sect.

**(မြန်မာ)**- မဟာသံဃိကသည် ဘီစီ ၃၃၈ ခုနှစ် ဝေသာလီ၌ ကျင်းပသော ဒုတိယ သံဂါယနာတင်ချိန်၌ ပေါ်လာသော ဗုဒ္ဓဘာသာဂိုဏ်းခွဲတစ်ခု ဖြစ်သည်၊ ၎င်းတို့သည် နောက်ထပ်၍ ဂိုဏ်းအမျိုးမျိုး ကွဲပြားကြသေးရာ လောကုတ္တရဝါဒီ ဂိုဏ်းခွဲတစ်ခုသည် မူလထေရဝါဒနှင့် အတော်နီးစပ်ပုံ ရသည်ဟူသော စကားဖြင့် ဒုတိယသံဂါယနာ တင်ချိန်၌ သီးသန့်ခွဲ၍ သံဂါယနာတင်ကြသော ဂိုဏ်းကို မဟာသံဃိကဟူ၍လည်းကောင်း၊ မဟာသင်္ဂီတိဟူ၍ လည်းကောင်း ခေါ်ဆိုကြခြင်း ဖြစ်ကြောင်း သိရပေသည်။

၂၉။ ဤ၌ မဟာဝတ္ထုသည် မဟာသံဃိကဂိုဏ်း၏ ဝိနယဝတ္ထုဖြစ်သည်၊ ယင်းနိဒါန်း၌ *"မဇ္ဈိမဒေသ လောကုတ္တရာဝါဒီဖြစ်သော မဟာသံဃိကဂိုဏ်းကြီး၏ ပါဠိတော်မူအရ ဝတ္ထုများစွာ ပါဝင်သော ဝိနယပိဋက အစကား"** ဟူ၍ အစပျိုးထားပေသည်၊ သို့ရာတွင် ဝိနယပိဋကဟု အမည်ပေးထားသော်လည်း ထိုမဟာဝတ္ထုကျမ်းကို လေ့လာကြည့်ရာတွင် ဝိနည်းပညတ်တော်များ ဘာမျှ မတွေ့ရ၊ ထေရဝါဒပိဋကမှ ဟိုမှသည်မှ ထုတ်နုတ်ရေးသားသော ဝတ္ထုအကြောင်းအရာများသာ ဖြစ်သည်။

၃၀။ တိဗက်စာရေးဆရာ တာရာနာထရေးသား၍ ရှိဖနား Schiefner ဆိုသူက အင်္ဂလိပ်ဘာသာပြန်ဆိုသော တိဗက်ဝိနယမှတ်တမ်းများ အေဒီ ၆၂၉-ခု တရုတ်ခရီးသည် ဟွင်ဆိုင်၏ S.Beal (ဆဲမြူဝဲလ်ဘီလ်) အင်္ဂလိပ်ဘာသာပြန် ဆိုသော မှတ်တမ်းများ J.Takakusu တကာကူဆူမည်သော ဂျပန်ပညာရှင် ရေးသား သည့် "သဗ္ဗတ္ထိဝါဒီဂိုဏ်းမှ အဘိဓမ္မာစာပေများ" ဟူသော စာတမ်းများကို ခြံ၍ ကြည့်လိုက်သော် ပဌမသံဂါယနာတင်ချိန်၌ နှစ်မျိုး တွေ့ရသည်၊ အဘိဓမ္မာ ပါရှိ သည်ဟူ၍လည်းကောင်း၊ မပါဟူ၍ လည်းကောင်း အဆိုနှစ်မျိုးတွေ့ရသည်၊ အဘိ ဓမ္မာပိဋက ပါသည်ဟူသော တရုတ်မဟာဝတ္ထုကျမ်း အဆိုမှာ ပါဠိစာပေနှင့် ဆိုပုံ တူသည်ကို တွေ့ရ၍ Dulva ဒုလ်ဗ-ခေါ်သော တိဗက်ဝိနယကျမ်း ဒုတိယတွဲ အဆို အရ ဝိနယကို ဥပါလိထေရ်ကလည်းကောင်း ဓမ္မကို အာနန္ဒာထေရ်ကလည်းကောင်း အဘိဓမ္မာကို မဟာကဿပထေရ်ကလည်းကောင်း ဦးဆောင်၍ သံဂါယနာတင် သည်ဟု ဆိုသည်၊ တာရာနာထ အဆိုအရ သဗ္ဗတ္ထိဝါဒီဂိုဏ်း(နောင်အခါ ဝိဘာသာ မည်သော အဋ္ဌကထာကို ရေးသား၍ ထိုအယူကို လက်ခံသောကြောင့် 'ဝေဘာသိက'* တွင်သည်) က အဘိဓမ္မာ ၇-ကျမ်းကို ဘုရားဟောဟု ယူ၍ သုတ္တန္တိကဂိုဏ်း*ကမူ

---

* မူရင်းစာအုပ်၌ သက္ကတဘာသာဖြင့် ရေးသားချက် ပါရှိသည်၊ ကွန်ပျူတာအခက်ခဲကြောင့် ထည့်သွင်းရိုက်နှိပ်ခြင်း မရှိပါ၊ မူးရင်း လူသေလူဖြစ်ဝိနိစ္ဆယ နှာ-(၆၅၀-၆၅၁) ၌ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဟောဟု မယူဆပဲ ဆရာအသီးသီးက ရေးသားသည်ဟု ယူဆကြကြောင်း သိရသည်။

၃၁။ မည်သို့ဆိုစေ ဗုဒ္ဓမြတ်စွာ အဘိဓမ္မာကို ဟောတော်မူခဲ့သည် ဟူသော မှန်ကန်မှုကို တောင်ပိုင်း မြောက်ပိုင်း နှစ်ပိုင်းလုံးက လက်ခံကြသည်ဟု ကောက်ချက် ချနိုင်သည်၊ ဂိုဏ်းအသီးအသီး ကွဲသွားခြင်းမှာလည်း ဝိနယအယူအဆနှင့် လိုက်နာ ကျင့်ကြံရေးတို့တွင် အလျော့အတင်း အတိမ်အနက် ကွဲပြားရာမှ စခဲ့သည်၊ ကွဲပြား သွားပြီးသောအခါ ဗုဒ္ဓဟောတော်မူသော တရားဓမ္မနှင့် စပ်၍ အယူဆရေးရာ တွင်လည်း အမှန်မှ သွေဖယ်တိမ်းစောင်းသွားကြပေသည်၊ ထိုကြောင့် ဒီပဝံသ ပဥ္စမကဏ္ဍ၌ ဤသို့ ဆို၏။

နိဂြောဓေဝ မဟာရုက္ခော၊ ထေရဝါဒါနမုတ္တမော။
အနူနံ အနဓိကံ စေဝ၊ ကေဝလံ ဇိနသာသနံ။
ကဏ္ဍကာ ဝိယ ရုက္ခမှိ၊ နိဗ္ဗတ္တာ ဝါဒသေသကာ။ (ဂါထာ-၅၂)

မြန်မာပြန်

ဝါဒတို့တွင် အမြတ်ဆုံးဖြစ်သော ထေရ်ကြီးတို့ဝါဒသည် ပညောင်ပင်ကြီးနှင့် တူသည်၊ မြတ်ဗုဒ္ဓသာသနာတော်သည် မယုတ်မပို အလုံးစုံ ပြည့်ဝပေသည်၊ ကြွင်း သော ဂိုဏ်းဝါဒတို့ကား သစ်ပင်မှာပေါက်သော ဆူးတို့နှင့် အလားတူကုန်သည်။

ပထမေ ဝဿသတေ နတ္ထိ၊ ဒုတိယေ ဒသသတန္တရေ။
ဘိန္နာ သတ္တရသ ဝါဒါ၊ ဥပ္ပန္နာ ဇိနသာသနေ။( ဂါထာ-၅၃)

မြန်မာပြန်

ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ်တစ်ရာအတွင်း အကွဲအပြား မရှိသေး၊ ဒုတိယရာစုတွင်ကား သာသနာတော်တွင် ဂိုဏ်းကြီး ၁၇-ဂိုဏ်း ကွဲပြားစွာ ပေါ်လာကြတော့သည်။

မဟာသင်္ဂီတိကာ ဘိက္ခူ၊ ဝိလောမံ အကံသု သာသနံ။
ဘိန္ဒိတွာ မူလသင်္ဂဟံ၊ အညံ အကံသု သင်္ဂဟံ။ (ဂါထာ-၃၂)

မြန်မာပြန်

မဟာသင်္ဂီတိကဂိုဏ်းသား ရဟန်းတို့သည် သာသနာတော်ကို တိမ်းစောင်း အောင် ပြုကြလျက် မူလသံဂါယနာကို ဖျက်၍ သံဂါယနာအသစ် ပြုကြသည်။

အညတ္ထ သင်္ဂဟိတံ သုတ္တံ၊ အညတ္ထ အကရိံသု တေ။
အတ္ထံ ဓမ္မဥ္စ ဘိန္ဒိံသု၊ ယေ နိကာယေသု ပဥ္စသု။ (ဂါထာ-၃၃)

မြန်မာပြန်

သူတို့သည် အခြားပိဋကတ်၌ စုစည်းပြီးသော သုတ်ကို သည့်ပြင်တပါး အခြား

www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်၌ ထည့်သွင်းကြ၍ နိကာယ်ငါးရပ်တွင် အနက်ရောပါဋ္ဌိကိုပါ ဖျက်ဆီးကြသည်။

ပရိယာယ ဒေသိတံ စာပိ၊ အထော နိပ္ပရိယာယ ဒေသိတံ။
နီတတ္ထံ စေဝ နေယျတ္ထံ၊ အဇာနိတွာန ဘိက္ခဝေါ။ (ဂါထာ-၃၄)

မြန်မာပြန်

ထိုရဟန်းတို့သည် ပရိယာယ်ဖြင့်ဟောသည့် ဒေသနာကို မုချနည်း ကောက်ယူကြသည်၊ နီတတ္ထ= တိုက်ရိုက်အနက်၊ နေယျတ္ထ= သွယ်ဝိုက်သော အနက်ကို မသိရှာကြ၍-

အညံ သန္ဓာယ ဘဏိတံ၊ အညတ္ထံ ဌပယိံသု တေ။
ဗျဉ္ဇနစ္ဆာယာယ တေ ဘိက္ခူ၊ ဗဟုံ အတ္ထံ ဝိနာသယုံ။ (ဂါထာ-၃၅)

မြန်မာပြန်

ထိုရဟန်းတို့သည် အနက်တမျိုးကို ရည်ရွယ်၍ ဟောတော်မူအပ်သော သုတ်ကို အနက်တမျိုး ဖော်ထုတ်ကြသည်၊ စကားလုံး ကပ်ကိုး၍ အနက်မှန် အမြောက်အမြားကို ဖျက်ဆီးကြသည်။

ဆဍ္ဍေတွာ ဧကဒေသံ စ၊ သုတ္တံ ဝိနယဉ္စ ဂမ္ဘိရံ။
ပတိရူပံ သုတ္တဝိနယံ၊ တဉ္စ အညံ ကရိံသု တေ။ (ဂါထာ-၃၆)
ပရိဝါရံ အတ္ထုဒ္ဒါရံ၊ အဘိဓမ္မပကရဏံ။
ပဋိသမ္ဘိဒံ စ နိဒ္ဒေသံ၊ ဧကဒေသံ စ ဇာတကံ။
ဧတ္တကံ နိဿဇ္ဇိတွာန၊ အညာနိ အကရိံသု တေ။ (ဂါထာ-၃၇)

မြန်မာပြန်

နက်နဲခက်ခဲသော သုတ်အချို့ ဝိနည်းအချို့ကို ပယ်စွန့်၍ ထိုသူတို့သည် အခြားသင့်တော်သော သုတ် ဝိနည်းကို ပြုလုပ်ကြသည်၊ သောင္ဌသပရိဝါရနှင့် အဋ္ဌကထာကဏ္ဍအဘိဓမ္မာ၊ တနည်း အဋ္ဌကထာကဏ္ဍ ထိုမှကြွင်းသော အဘိဓမ္မာကို ပယ်ကြသည်၊ ပဋိသမ္ဘိဒါ စူဠနှင့် မဟာနိဒ္ဒေသ ဇာတကအချို့ကို ပယ်စွန့်ကြသည်၊ ဤမျှလောက်ပယ်စွန့်၍ သူတို့သည် အခြား အသစ်ဖြစ်သော ကျမ်းများကို ရေးကြသည်။

ဤမျှ ဆိုပြီးသောစကားစဉ်ဖြင့် ထေရဝါဒမှ ခွဲထွက်သွားကြသော ဂိုဏ်းကွဲတို့ မူလသဘောထားနှင့် အခြေအနေကို သိနိုင်လောက်ပြီ၊ ထို့ကြောင့် ထေရဝါဒ ဆရာစဉ်ဆက်သည် ယင်းတို့ကိုထည့်၍ မစဉ်းစားကြပေ။

၃၂။ ယခုအခါ ပထမသံဂါယနာကို အယုံအကြည် မရှိကြသော သံဃာတော်များ ရှိကြကြောင်းနှင့် ထိုသံဃာတို့၏ ရှေးပြေးအဖြစ် ဒက္ခိဏဂိရိမှ အရှင်ပူရာဏကို ပုံစံထုတ်လာကြသော စုဒိတကတို့၏အဆိုကို စိစစ်ပြအံ့။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာကား ဒက္ခိဏဂိရိဇနပုဒ်၌ ရဟန်းပရိသတ် အမြောက်အမြားနှင့် ဒေသစာရီလှည့်လည်နေသော အရှင်ပူရာဏသည် ရာဇဂြိုဟ်သို့ ရောက်လာသောအခါ သီတင်းဝါလ ကျွတ်နေပေပြီ၊ အဘယ်ကိုထောက်၍ ဝါကျွတ်မှုရောက်လာကြောင်း သိရသနည်း ဟူငြားအံ့၊ ဝါမဆိုမီကပင် ရှင်မဟာကဿပထေရ်က သံဃာ့အလယ်တွင် ရွေးကောက်ထားသော သံဃာ ၅၀၀-မှတပါး အခြားရဟန်းများ ရာဇဂြိုဟ်၌ ဝါမကပ်ကြရ- ဟု သံဂါယနာဥတ်ဖြင့် ကျေညာထားပြီး ဖြစ်သောကြောင့် ဝါတွင်းမဟုတ်မူ၍ ဝါပအခါဖြစ်ကြောင်း သိနိုင်ပေသည်၊ ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းသို့ ရောက်လာသောအခါ အရှင်ပူရာဏသည် သံဂါယနာတင် ထေရ်ကြီးများနှင့် ဝမ်းမြောက်ဝမ်းသာ နှီးနှောပြောဟောသည်၊ (ထေရေဟိ ဘိက္ခူဟိ သဒ္ဓိံ ပဋိသမ္မောဒိတွာ ဧကမန္တံ နိသီဒိ- စူဠဝါပါဠိတော်) အရှင်ပူရာဏ ကြွလာသောအခါ သံဂါယနာကိစ္စလည်း ပြီးစီးနေပြီ ဖြစ်သည်၊ (ထေရေဟိ ဘိက္ခူဟိ ဓမ္မေ စ ဝိနယေ စ သင်္ဂီတေ (စူဠဝါ-၄၈၆) ထေရ်ကြီးများက “ထေရေဟိ အာဝုသော ပူရာဏ ဓမ္မော စ ဝိနယော စ သင်္ဂီတော၊ ဥပေဟိ တံ သင်္ဂီတိ” ငါ့ရှင်ပူရာဏ ထေရ်ကြီးတို့သည် ဓမ္မဝိနယကို သံဂါယနာတင်ပြီးပါပြီ၊ ထို သံဂါယနာ(တင်ပြီးသော ဓမ္မဝိနယ)သို့ ချဉ်းကပ်ပါ၊ (ချဉ်းကပ်၍ ဓမ္မဝိနယတို့ကို လေ့လာပါ) ဟု ပြောဆိုကြသည်။

**မှတ်ချက်။** ။ သံဂါယနာသို့ ချဉ်းကပ်ပါဟူသည်ကို သံဂါယနာတင်ရာ ပါဝင်ပါဟု အဓိပ္ပါယ် မယူရ၊ အကြောင်းမှာ မူလကပင် အခြားသံဃာများကို တားမြစ်ပြီး ဖြစ်၍ တကြောင်း၊ ယခုအခါ သံဂါယနာ တင်ပြီး ဖြစ်နေ၍ တကြောင်း ဖြစ်သည်။

ထိုအခါ အရှင်ပူရာဏက “ထေရ်ကြီးများ ဓမ္မဝိနယကို သံဂါယနာတင်ကြသည်မှာ အလွန်ကောင်းမွန်ပါသည်၊ (သုသင်္ဂီတာဝုသော ထေရေဟိ ဓမ္မော စ ဝိနယော စ) သို့သော် တပည့်တော်ကတော့ အသက်လဲကြီးလှပြီဖြစ်၍ ဓမ္မဝိနယတွေအားလုံး မလေ့လာနိုင် မဆောင်ထားနိုင်ပါ၊ ဘုရားရှင် မျက်မှောက်တော်တွင် ကြားနာမှတ်သား ခဲ့တဲ့ အတိုင်းပဲ ဆောင်ထားပါမည်၊ ရတာလောက်ပဲ ဆောင်ထားပါမည်၊ (ယထေဝ မယာ ဘဂဝတော သမ္မုခါ သုတံ သမ္မုခါ ပဋိဂ္ဂဟိတံ တထေဝါဟံ ဓာရေဿာမိ) ဟု လျှောက်ထားသည်။

**မှတ်ချက်။** ။ဤပါဠိတော်လာ အရှင်ပုရာဏ၏ လျှောက်ထားချက်၌ စုဒိတကတို့ ယူဆသကဲ့သို့ အချို့မထေရ်များ သဘောမတူကြောင်းဟူသော အနက် အဓိပ္ပါယ် အနည်းငယ်မျှ မထွက်ပေ။

၃၃။ယခုအခါ သဗ္ဗတ္ထိဝါဒီဂိုဏ်းမှ အဘိဓမ္မာခုနှစ်ကျမ်းကို စိစစ်ကြအံ့၊ ဗုဒ္ဓမြတ်စွာ လက်ထက်တော်မှစ၍ အဘိဓမ္မာကို သင်ယူလေ့လာကြသော ရဟန်းများအလယ်တွင် တာဝန်ခွဲဝေဆောင်ထားကြရန် အပိုင်းကဏ္ဍခွဲကြရာ ၇-ကျမ်း

www.burmeseclassic.com

www.burmeseclassic.com



၇-စု ဟူသော စကားသည် အဘိဓမ္မာဆောင်မဟုတ်သော အခြားသာဝကရဟန်းများ ထံသို့လည်း ပြန့်နှံ့ထင်ရှား အသိများသော စကားဖြစ်ခဲ့သည်မှာ ဧကန် ဖြစ်သည်၊ ထို့ကြောင့် အဘိဓမ္မာ၏ (၇) သချာနှင့်ပက်သက်၍ အဋ္ဌသာလိနီအဋ္ဌကထာ၌ ဝိတဏ္ဍာဝါဒီ (ဆန့်ကျင်ဘက်ပြောတတ်သော) ပုဂ္ဂိုလ်များက (၇) ကျမ်းပြည့်ရန် မဟာ ဓမ္မဟဒယမည်သော ကျမ်းကိုလည်းကောင်း မဟာဓာတုကထာကျမ်းကို လည်း ကောင်း ထုတ်ဆောင်လာကြသည်ကို ဖော်ပြထားပေသည်၊ ဤတွင် သမာနဝါဒီ ပုဂ္ဂိုလ်များက သင်တို့တင်ပြလာသော မဟာဓမ္မဟဒယကျမ်းဆိုသည်မှာ မူလဓမ္မ ဟဒယ ဝိဘင်းမှာ ပါပြီးသားတရားတွေချည်း များပါသည်။ အသစ်ဟူ၍ များစွာမပါ၊ မေးခွန်းတွေ ထုတ်ထားသော ပဥ္စာဝါရ မျှပဲမပါ၊ ကြွင်းကျန် ရှိနေပါသည်ဟူ၍လည်း ကောင်း မဟာဓာတုကထာကျမ်းဆိုသည်မှာလည်း အထက်နည်း အတိုင်းပင် မူလ ဓာတုကထာ ကျမ်းရင်းထက် အပိုဟူ၍ များများမရှိ၊ နောက်ဖြည့် ပါဠိတော် အနည်း ငယ်မျှပါသည်ဟူ၍ လည်းကောင်း ဖြေရှင်းကာ ဝိတဏ္ဍာဝါဒီတို့၏ အဆိုကို ချေဖျက် ခဲ့ကြသည်။

၃၄။ဤနေရာ၌ တောင်တွင်းကြီး နတ်မှီတောရ ဦးဆန္ဒာဓိက၏ သောဓနာ ၌ "မဟာဓမ္မဟဒယနှင့် မဟာဓာတုကထာကျမ်းကြီးများမှ တကျမ်းကျမ်းသာ အပြည့် အစုံရှိခဲ့ပါလျှင် ကထာဝတ္ထုကျမ်း၏ အခြေနေသည် တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင် ကြောင်း ဆွေးနွေးရပါသည် ဘုရား"ဟု သောဓနာပြုသွားသည်၊ ပါဠိအဆိုနှင့် ပါဠိ၏ သဘောသွားကို မပိုင်နိုင်သောကြောင့် ဦးဆန္ဒာဓိက အဓိပ္ပါယ် အယူအဆ မှားသွား ခြင်းသာ ဖြစ်၏၊ သူ၏ အလိုအားဖြင့် အပုစ္ဆ နတ္ထိ၊ ကတိပယာဝ ပဥ္စာဝါရာ အဝ- သေသာ ဟူသော ပါဠိ၏ အဓိပ္ပါယ်မှာ အထက်၌ ဆိုခဲ့သလို အသစ်အဆန်းဘာမျှမပါ ဟူ၍ မဟုတ်တော့ပဲ ပဥ္စာဝါရ နည်းနည်းပဲကျန်တော့သည်၊ အခြားဟာတွေ ပျောက် ကုန်ပြီဟူ၍ အဓိပ္ပါယ်ထွက်နေတော့သည်၊ စုဒိတက ဦးဆန္ဒာဓိက ပြဿနာအကိုင် မတတ်မှု ဖြစ်ပေသည်၊ မပြေလည်သည့်အပြင် အမှားတစ်ခု ထပ်မံ၍ပြုမိရက်သား ဖြစ်ပေတော့သည်၊ ဦးဆန္ဒာဓိကဆိုသကဲ့သို့ သဗ္ဗတ္ထိဝါဒ အဘိဓမ္မာ၇-ကျမ်းကို အား ကျခြင်း မဟုတ်၊ သဗ္ဗတ္ထိဝါဒီတို့ကသာ ထေရဝါဒအဘိဓမ္မာကို သံယောင်လိုက်၍ အဘိဓမ္မာ ၇-ကျမ်း စီစဉ်ထားခြင်း ဖြစ်ပေသည်၊ မည်သူက မည်သူ့ထံမှ အတုယူ သည် ဆိုသည်ကို အောက်ပါမှတ်တမ်းကို ရှု၍ ဆုံးဖြတ်နိုင်၏။

၃၅။ကျောက်စာဝန် ဆာဂျွန်မာရှယ်နှင့် ပရော်ဖက်ဆာ ရက်ပဆင်တို့၏ ဆုံးဖြတ်ချက်အရ ကနိဿျကမင်း နန်းတက်သော အချိန်အခါသည် ခရစ်နှစ် ၇၇- ၇၈ ဖြစ်ရာ ထိုမင်း၏လက်ထက် သဗ္ဗတ္ထာဝါဒီဂိုဏ်းမှ တတိယသံဂါယနာတင်ခြင်းသည် အေဒီ နှစ် ၁၀၀-ခန့်လောက်တွင် ဖြစ်ဖွယ်ရှိသည်ဟု ဆိုကြသည်။ အေဒီတစ်ရာ သည် ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီး နှစ်ပေါင်း ၇၀၀-ခန့်ဖြစ်လေသည်။ ကနိဿျက မင်းကိုလည်း ဒုတိယအသောကမင်းဟု အသိအမှတ်ပြုကြသည်၊ ယင်းတတိယ

www.burmeseclassic.com

www.burmeseclassic.com



သံဂါယနာ အကြောင်းကို အေဒီ ၆-ရာစုနှစ်တွင် မှတ်တမ်းတင်ခဲ့သော တရုတ်ခရီးသည် Hiuen Tsiang (ဟွင်ဆိုင်)၏ မှတ်တမ်းမှာ ကျွန်ုပ်တို့ သိရသည်၊

၃၆။ သံဂါယနာတင်ရန် ရဟန်းတော်များကို ရွေးကောက်ရာ၌ ပထမသံဂါယနာတွင် အရှင်အာနန္ဒာကို ချန်ခဲ့၍ ၄၉၉-ပါး ရွေးကောက်သကဲ့သို့ ဤ၌လည်း အရှင်ဝသုမိတ္တကို ချန်လှပ်၍ သံဃာအမြောက်အများထဲမှ ရဟန်းတော် ၄၉၉-ပါးကို ရွေးကောက်လေသည်၊ အရှင်အာနန္ဒာသည် ပထမသံဂါယနာတွင် မပါလျှင် မပြီးနိုင် သော အလွန်အရည်အချင်းပြည့်ဝသူ ဖြစ်သော်လည်း ရဟန္တာ မဖြစ်သေး၍ ၅၀၀-တွင် စာရင်းမထည့်နိုင်သေးသကဲ့သို့ ဤသံဂါယနာ၌လည်း အရှင်ဝသုမိတ္တသည် ပရိယတ္တိဂုဏ် ပြည့်စုံသော်လည်း ရဟန္တာမဖြစ်သေးသောကြောင့် ၅၀၀-တွင် တစ်ပါး ချန်၍ ရွေးကောက်ခဲ့ခြင်း ဖြစ်သည်။ နောင်အခါမှ ရဟန္တာဖြစ်၍ ၅၀၀-အရေ အတွက် ပြည့်ဝလေတော့သည်ဟု ဆို၏။

၃၇။ အရှင်ဝသုမိတ္တကို ခေါင်းဆောင်အဖြစ်ထား၍ သုတ္တန်ပိဋကအတွက် ဥပဒေသသတ္ထ ဝိနည်းပိဋကအတွက် ဝိနယဝိဘာသာသတ္ထ အဘိဓမ္မာပိဋကအတွက် အဘိဓမ္မဝိဘာသာသတ္ထ ဟူ၍ ဋီကာကြီးသုံးစောင် ရေးသားစီကုံးကြသည်။ ကနိသ္ကဘုရင်သည် ယင်းတို့ကို ကြေးပြားပေါ်တွင် ရေးတင်စေ၍ စေတီတည်ကာ ဌာပနာ ထည့်သွင်းပူဇော်သည်ဟု ဆိုသည်။

၃၈။ ဤသဗ္ဗတ္ထိဝါဒီဂိုဏ်းမှ အဘိဓမ္မာ ၇-ကျမ်းများတွင် ကာတျာယနီပုတြ ရေးသားစီရင်သော ဉာဏပဋ္ဌာန်း*သည် လိုရင်း ဖြစ်သည်။ ယင်းသည် ထေရဝါဒ ပဋ္ဌာန်းကျမ်းကြီးကို အတုယူ၍ အမည်နာမပေးထားသော ကျမ်းဖြစ်သော်လည်း ပါဝင်သော တရားတွေမှာ ပဋ္ဌာန်းပစ္စည်းများ မပါဝင်၊ ဗန္ဓန,ကမ္မ,ရူပဓာတု, ဗောဓိအင်္ဂ, သမာဓိနှင့် ဒိဋ္ဌိစသော ဉာဏ်ဖြစ်ကြောင်း တရားများသာ ပါ၏။ ကျန် ၆-ကျမ်းမှာ အခြံအရံ၊ တစ်နည်း အခြေခံကျမ်းများ ဖြစ်ကြသည်၊ ယင်းတို့ကို ကျမ်း-အမည်၏ နောက်၌ တွဲ၍ ပါဒသဒ္ဒါဖြင့် ခေါ်ဝေါ်ကြလေသည်၊ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

**၁။ သင်္ဂီတိ ပရိယာယ ပါဒ**= မဟာကောဋ္ဌိလ သို့မဟုတ် သာရိပုတ္တရေး၊ အဘိဓမ္မာ(ထေရဝါဒ) ပုဂ္ဂလပညတ်နှင့်တူ သည် ဟု ဆို၏။

၂။ ပြကရဏပါဒ = ဝသုမိတ္တရေး၊ ဝိဘင်းကျမ်းနှင့် တူသည်ဟု ဆိုကြ၏။

၃။ ဝိညာဏကာယပါဒ = ဒေဝသမ္မာရေး၊ ဝိညာဏ ၆-ပါးနှင့် ဆိုင်၏။

၄။ ဓာတုကာယပါဒ = ပူရာဏ သို့မဟုတ် ဝသုမိတ္တရေး၊ -ဓာတ် ၁၈နှင့် ဆိုင်၏။ တစ်နည်း- ဓာတုသံယုတ်နှင့် အလားတူ

---

*-မူးရင်းစာ "လူသေလူဖြစ် ဝိနိစ္ဆယ" နှာ (၆၅၆) ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆိုကြ၏။

**၅။ ဓမ္မက္ခန္ဓပါဒ =** သာရိပုတ္တ သို့မဟုတ် မောဂ္ဂလာနရေး၊ ယသမိတ္တ အလို မဟာကောဋ္ဌိလရေး၊ အရေးကြီးသော အဘိဓမ္မာ သဘောတရားများ ပါဝင်သည်ဟု ဆိုသည်။

**၆။ ပညတ္တိပါဒ =** ပါထိကမှ လက္ခဏာသုတ်နှင့် တူသည်၊ ရှင်မောဂ္ဂလာန်ရေးဟု ဆိုကြ၏။

၃၉။ အထက်ပါ သဗ္ဗတ္ထဝါဒီဂိုဏ်းမှ အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ်သော် တောင်ပိုင်း ထေရဝါဒ အဘိဓမ္မာနှင့် အကွာကြီး ကွာနေပေသည်၊ ထေရဝါဒ အဘိဓမ္မာကို အတုယူ၍ တီထွင်ပုံ ရကြောင်းမှာ အပေါ်ယံ နှိုင်းယှဉ်စဉ်းစားရုံမျှဖြင့် သိသာ ပေသည်၊ ပဓာနဖြစ်သော ဉာဏပဋ္ဌာနကျမ်းသည် အမည်မျှ ဆင်တူရိုးမှား တူသော်လည်း ထေရဝါဒပဋ္ဌာန်းကျမ်းကဲ့သို့ အခက်ခဲဆုံး အနက်နဲဆုံး အကျယ်ပြန့်ဆုံး ဖြစ်သော ကြောင်းကျိုးပစ္စည်းဆက်များ ၂၄-ပစ္စည်း အတွေ့ရဘဲ ထေရဝါဒဒုတိယ အဘိဓမ္မာကျမ်း ဝိဘင်းပါဠိတော်မှ ဉာဏဝိဘင်းဆန်ဆန် စီစဉ်ထားသည့် ကျမ်းတစ်စောင်ဖြစ်ကြောင်း သိရပေသည်၊ ထေရဝါဒအဘိဓမ္မာကို ရှင်သာရိပုတ္တရာက စီစဉ်သည်၊ သင်ပြသည်၊ သင်္ချာနည်းအရ ဆောင်လွယ် မှတ်လွယ်အောင် သင်္ချာဝါဒဟူ၍ အထောက်အကူပြု ကဏ္ဍတစ်ခု ဖြည့်စွက်ပေးသည်၊ မာတိကာတွင်လည်း ဗုဒ္ဓကိုယ်တော်တိုင် သင်ပြသည့်တိကမာတိကာ ဒုကမာတိကာအပြင် ထိုထို သုတ္တန်မှ ဆောင်ယူစီစဉ်ကာ သုတ္တန္တမာတိကာဟူ၍ ဒုကမာတိကာတစ်မျိုး ဖြည့်စွက်ပေးသည်၊ ဤကား ထေရဝါဒအဘိဓမ္မာတွင် အများသိ, အများလက်ခံထားကြသော ဆရာစဉ်ဆက်မှ ဆင်းသက်လာသော အစဉ်အလာကြီးတစ်ရပ်ဖြစ်ပါသည်၊ ယင်းအစဉ်အလာကို အရှင်ဗုဒ္ဓဃောသသည် မဖုံးမကွယ် တိတိပပ အသိပေး ရှင်းလင်းခဲ့ပေသည်၊ ယင်းကိုအတုယူ၍ ဗုဒ္ဓတပည့်ကြီးများ၏ အမည်ကို သုံးကာ အရှင်မဟာကဿပ ပြုသည်ဟု လည်းကောင်း အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်, အရှင်မဟာကောဋ္ဌိလ ပြုသည်ဟူ၍လည်းကောင်း ထေရဝါဒ၌ အဆန်းအသစ်ဖြစ်သော ဒေဝရှန်မာ , ကတျာယနီပုတြ, ပူရဏဝသုမိတ္တဟူသော ကျမ်းပြုအမည်များကို ဖြည့်စွက်၍ လည်းကောင်း သဗ္ဗတ္ထိဝါဒီအဘိဓမ္မာကို ဆိုခြင်း ဖြစ်ပေရာ၏။

ဤအချက်ကို ရည်ရွယ်၍ ဒီပဝံသအခန်း ၅၊ ဂါထာနံပါတ် ၃၉ ၌-

ပုဗ္ဗင်္ဂမာ ဘိန္နဝါဒါ၊ သင်္ဂီတိ ကာရကာ၊
တေသံ စ အနုကာရေန၊ ဘိန္နဝါဒါ ဗဟုအဟုံ။

## မြန်မာပြန်

အယူအဆကွဲပြားသော မဟာသင်္ဂီတိ ဂိုဏ်းသားတို့သည် (အနက်အဓိပ္ပါယ် အယူအဆကွဲပြားရာ၌) ရှေ့သွားဖြစ်ကြကုန်၏၊ အခြား များစွာသော ဂိုဏ်းခွဲတို့

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ထိုမဟာသင်္ဂီတိဂိုဏ်းသားတို့ကို အတုလိုက်သောအားဖြင့် အယူကွဲပြားခြားနားစွာ ဖြစ်ပေါ်လာကြလေကုန်ပြီဟူ၍ ဆိုထားလေသည်။

ထို့ကြောင့် အဆိုပါ သဗ္ဗတ္ထိဝါဒီဂိုဏ်း အဘိဓမ္မာကို ဗုဒ္ဓမဟောသလို ထေရဝါဒအဘိဓမ္မာကိုလည်း ဘုရားဟော မဟုတ်ဟု ဆိုခြင်းသည် မှားယွင်းဖောက်ပြန်သော အဆိုသာဖြစ်ကြောင်း ဝိနည်းဓိုရ်ဆရာတော်များ သုံးသပ်တော်မူကြသည်။

## ရတနာဃရ (စတုတ္ထ) သတ္တာဟနှင့် စပ်၍ စိစစ်ချက်

၄၀။ စုဒိတက သမ္မာဒိဋ္ဌိသုတေသန အဖွဲ့ဝင်များ၏ သောနေ့ချက်အချုပ်မှာ -

(၁) မဟာဝဂ္ဂ ဝိနည်းပါဠိတော်၌ သတ္တာဟ ၅-ခုသာ ပါပါလျက် အဘိဓမ္မာကို ဘုရားဟော လုပ်ချင်သောကြောင့် စတုတ္ထ(ရတနာဃရ) သတ္တာဟနှင့် တကွသတ္တာဟ ၇-ခုကို ဗုဒ္ဓဃောသ ချဲ့ထွင် ရေးသားသည်၊ ပါဠိနှင့် အဋ္ဌကထာနှစ်ရပ်တွင် ဘယ်သင်းကို အလေးအနက်ထားလိုက်ပါသလဲ။

(၂) ဗုဒ္ဓသည် (က) ရေမီးအစုံ တန်ခိုးပြတော်မူပြီးနောက် (ခ) ၂-လှမ်း ၃-ဖဝါးဖြင့် (ဂ) မြင်းမိုရ်တောင်ထိပ်ရှိ (ဃ) တာဝတိံသာနတ်ပြည်သို့ အဘိဓမ္မာတရား ဟောတော်မူရန် ကြွတော်မူခြင်း (င) နိမ္မိတရုပ်ကို ဖန်ဆင်းခြင်း (စ) မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူခြင်း၊ (ဆ) အနဝတတ်အိုင်၌ နေ့သန့်တော်မူခြင်း ဤအချက်များသည် ဒဏ္ဍာရီ ပုံပြင်ဆန်နေသည်။

(၃) ရှင်ဗုဒ္ဓဃောသသည် အသင်္ဂ တာဝတိံသာနတ်ပြည်သို့ သွား၍ ပြဿနာ မေးမြန်းခြင်း ဇာတ်လမ်းကို ယူ၍ အဘိဓမ္မာကို ဘုရားဟော လုပ်ရန် ဇာတ်လမ်း အသစ်ထွင်သည်ဟု ဖြစ်လေသည်။

သမ္မာဒိဋ္ဌိ သုတေသနဆိုသူတို့၏ စကား၌ ဝိနည်းပါဠိ၌ သတ္တာဟ ၅ခုသာ ပါသည်ဟု ဆိုသည်။ အမှန်က ပါဠိတော်၌ လေးခုသာ ရှိသည်။ အသင်္ဂတာဝတိံသာသို့ သွားသည် ဆိုရာ၌ တာဝတိံသာမဟုတ် တုသိတာဖြစ်သည်၊ စုဒိတကပုဂ္ဂိုလ်တို့သည် ဘုရားသာသနာတော်ကို ဖျက်လိုဇော မွှန်နေကြပြီး မိမိတို့၏ စကားကိုပင် မှန်အောင် မဆိုနိုင်ပဲ ဖြစ်နေကြောင်း တွေ့ရပေသည်။

၄၁။ ရှေးဦးစွာ အရှင်ဗုဒ္ဓဃောသအပေါ် စုဒိတကတို့ အပြစ်ပုံချခြင်းကို ရှင်းလင်းလိုပေသည်။ မြတ်စွာဘုရားလက်ထက်တော် ကာလကပင် ဘုရားစကားတော်ကို ဖွင့်ဆိုသည့် ပါဠိတော်အဖွင့် (ဝါ) အဋ္ဌကထာများ ရှိခဲ့သည်၊ ရှင်မဟာဗုဒ္ဓဃောသသည် သာသနာနှစ် ၉၀၀-မှ ၁၀၀၀- အတွင်း၌သာ ပေါ်ထွန်းလာသူဖြစ်သည်။ ထိုအရှင်မဟာဗုဒ္ဓဃောသ မပေါ်ခင်က ဘာအဋ္ဌကထာမျှ မရှိသည်မဟုတ်၊ အဋ္ဌကထာကျမ်းကြီးတွေ ရှိခဲ့သည်။ ဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးချိန်မှ စ၍

www.burmeseclassic.com

www.burmeseclassic.com



အရှင်မဟာဗုဒ္ဓဃောသ ပေါ်ချိန်အထိ ကြားကာလ နှစ်ပေါင်း ၁၀၀၀-ခရီးအတွင်း မှာ ရှိခဲ့သော အဋ္ဌကထာကြီးတို့ကား မဟာအဋ္ဌကထာ (မူလအဋ္ဌကထာ), မဟာပစ္စရိ အဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာ, အန္ဓကအဋ္ဌကထာ, သင်္ခေပအဋ္ဌကထာ, သီဟဠအဋ္ဌ ကထာ(ပေါရာဏအဋ္ဌကထာ) တို့ ဖြစ်ကြသည်။

ထိုအဋ္ဌကထာကြီးတို့သည် ဗုဒ္ဓမျက်မှောက် သာဝကကြီးများဖြစ်သော ရှင် မဟာကဿပ ရှင်အာနန္ဒစသော မထေရ်အဆက်ဆက် ဆရာစဉ်ဆက် အမြွတ်တနိုး သိမ်းပိုက်လာခဲ့သော အနက်အဓိပ္ပါယ် သဘောသဘာဝ အဆုံးအဖြတ် ဖြစ်ရပ်မှတ် တမ်းများကို သိုမှီးသိမ်းဆည်းလာခဲ့သော ရွှေတံတင်းကြီးများပမာ ဖြစ်ကြသည်၊ သဒ္ဓမ္မ သမ္မောသသုတ်လာ ဒေသနာတော်အရ “အက္ခရာတစ်လုံး ဘုရားတစ်ဆူ” အနေဖြင့် အလေးဂရုပြုကာ တည်တည်ငြိမ်ငြိမ် ထိန်းသိမ်းလာကြသော ကျမ်းမဟာကြီးများ ဖြစ်ကြသည်၊ သို့ဖြစ်၍ ခက်၏၊ ကျယ်ဝန်း၏။

ထို့ကြောင့် ကျမ်းပြုအာဇာနည်ဖြစ်သော ရှင်မဟာဗုဒ္ဓဃောသပေါ်လာ သောအခါ ဘုရားရှင်လွန်ပြီးနောက် အနှစ် ၁၀၀၀-ခန့် ကွာလှမ်းနေပြီးသော ရဟန်း ရှင်လူတို့၏ ပညာ သတိ သမာဓိတို့နှင့် သင့်လျော်အောင် ရှေးအဋ္ဌကထာကြီးများကို ပေါင်းရုံး၍ ထိုအဋ္ဌကထာကြီးများ၏ အဆိုအမိန့်ကို မတိမ်းမယိမ်းစေဘဲ အကျဉ်းချုံး ၍ အဋ္ဌကထာသစ်များကို ပြုစုသူသာ ဖြစ်သည်၊ သင်္ဂဟကာရက (အတိုချုပ်သူ)သာ ဖြစ်သည်။ ထိုသို့ ရေးသားရာ၌ ဗုဒ္ဓဘာသိတ ဘုရားဟောဖြစ်သော ပါဠိဘာသာဖြင့် ရေးသားထားသဖြင့် သူ၏ အဋ္ဌကထာများသည် ပို၍ ခေတ်စားလာပြီး အများသုံး ဖြစ်လာခဲ့သည်။

ရှင်မဟာဗုဒ္ဓဃောသသည် အဋ္ဌကထာသစ်များ၌ သူ့သဘော သူ့ထင်မြင် ချက်ကို ရေးလိုအခါ အတိအလင်းပင် ရိုးသားစွာ ဝန်ခံ၍ ရေးတတ်သော ပုဂ္ဂိုလ် ဖြစ်သည်၊ မလိမ့်တပတ်ဖြင့် ဟိုက သည်က ပုံတူကူးချတတ်သောသူမျိုး မဟုတ် ကြောင်းကို ပါဠိစာပေနှင့် ရင်းနှီး၍ ပါဠိအဋ္ဌကထာကို မပြတ်လေ့လာကြည့်ရှု သုံးသပ် ချပို့နေကြသော ပုဂ္ဂိုလ်များ ဘက်မလိုက်သုတေသီများ အသိပင် ဖြစ်သည်။

အကယ်၍ သူ့သဘောနှင့်သူ မဟုတ်မမှန် လုပ်ကြံရေးသားပါမူ ထိုစဉ်အခါ က သာသနာတော်စောင့် ဖြစ်တော်မူကြသော ထေရဝံသ ပဒီပဆရာထေရ်မြတ်ကြီး တို့သည် လက်ပိုက်ကြည့်နေတော်မူကြမည် မဟုတ်ပေ၊ မုချစင်စစ် ဖြတ်ပယ်ရုတ်သိမ်း ခဲ့မည်မှာ ဧကန် ဖြစ်သည်၊ ယခုခေတ်လို ပိဋကတ်စာရင်းဝင် ကျမ်းကြီးကျမ်းခိုင်များ ကို ပျက်တိပျက်ချော် ကရော်ကမည် လိမ်လည်လှည့်စား ရေးသားဝံ့မည့်ခေတ်အခါ လည်းမဟုတ်၊ သဒ္ဓါ ပညာအပြည့်အဝရှိသော ခေတ်အခါ ဖြစ်၍ ယုတ်ညံ့သော စိတ်နေစိတ်ထားရှိသူများ ခိုနားကျက်စားနိုင်ဖွယ် မရှိပေ၊ ထို့ကြောင့် ဦးဥက္ကဋ္ဌနှင့်တကွ နောက်လိုက် သာဝကတို့သည် ခဲပစ်သောသူကိုသာ ရှေးရှုအာရုံစိုက်၍ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သော ခဲကို အမှု မထားသော ခြသေ့်ကဲ့သို့ မကျင့်မူ၍ မိမိထံမှောက် ရောက်လာသော ခဲကိုသာ မာန်ဖီကိုက်ခဲ မဲ၍ နေသော ကောလေယျက ကဲ့သို့ ကျင့်လေကြပေသည်။

၄၂။ (ခ) ဝိနည်းမဟာဝဂ္ဂပါဠိတော် ဥဒါန်းပါဠိတော်တို့၌ (၅- မဟုတ်) သတ္တာဟ ၄-ခုသာ လာသည်၊ သို့သော် အစဉ်အလာ ထေရဝါဒမှတ်သားချက်အရ မှာ ၄- သတ္တာဟ မကပဲ ၇- သတ္တာဟ ဖြစ်နေပေသည်၊ အမှန်စင်စစ် ၇- သတ္တာဟ ဖြစ်ပါလျက် ပါဠိတော်၌ အဘယ့်ကြောင့် အဘယ်သို့ အဘယ်ပုံ ၃- သတ္တာဟ ပျောက်၍ နေဘိသနည်း၊ ဤကား မေးစရာ မေးသင့်မေးထိုက်သော မေးခွန်းပင် ဖြစ်သည်၊ ထိုမေးခွန်း၏ အဖြေကား -

"အထ ခေါ ဘဂဝါ သတ္တာဟဿ အစ္စယေန တမှာ သမ္မာဓိမှာ ဝုဋ္ဌဟိတွာ" ထိုစဉ်အခါ ဗုဒ္ဓမြတ်စွာသည် ၇-ရက်လွန်လတ်သော် ထိုအရဟတ္တဖိုလ် သမာဓိမှ ထတော်မူပြီး၍-

"ဗောဓိရုက္ခမူလာ ယေန အဇပါလ နိဂြောဓော၊ တေနုပသင်္ကမိ။" ဗောဓိပင်အနီးမှ ထွက်ကြွတော်မူ၍ အဇပါလညောင်ပင်သို့ ချဉ်းကပ်တော်မူလေသည်။

ဤစကားရပ်၌ ဝုဋ္ဌဟိတွာ ဥပသင်္ကမိ - ထပြီး ချဉ်းကပ်တော်မူ ဟူသော စကားကို စဉ်းစားသော် "ဘုတွာ သယတိ - စားပြီးအိပ်တာပဲ" ဟု လောကဆိုရိုး စကားတွင် စားပြီးပြီးချင်း တစ်ဆက်တည်း အိပ်သည်ဟု မဆိုလို စားပြီးလျှင် ပါးစပ်, လက်,ပန်းကန်ခွက်ယောက် ဆေးသေးသည်၊ ကိုယ်လက်သုတ်သင်ရေအိမ်ဝင်သေး သည်၊ ကွမ်းဆေး စားသုံးမှီဝဲသေးသည်၊ ပြီးနောက် (အခြားကိစ္စ မဆောင်ရွက်တော့ ပဲ) အိပ်ယာသို့ တန်းဝင်တော့သည်ဟု အဓိပ္ပါယ်ထွက်သည်၊ ဤ၌လည်း ထိုသတ္တာ ဟ လွန်လတ်သော် (အခြား ဘယ်အရပ်သို့မှ မကြွမူ၍ အဇပါလညောင်ပင်သို့ ချဉ်းကပ်တော်မူလေသည်၊ အဇပါလညောင်ပင်သို့ မကြွမီ ဗောဓိပင်အနီး၌ နောက်ထပ် ၃-သတ္တာဟ ဆက်၍နေတော်မူသည်) ဤလက်သဲကွင်းအတွင်း၌ ရှိသော စကား နှစ်ရပ်သည် ပါဠိတော်၌ တိုက်ရိုက် မပါသော်လည်း ရနိုင်ရကောင်းသော အနက်အဓိပ္ပါယ် (ပဋိက္ခေပတ္ထ, အနုညာတ္ထ) ဖြစ်သည်၊ ပါဠိဝေါဟာရတွင် တားမြစ် အပ်သော ပဋိက္ခေပတ္ထ, ရသင့်သဖြင့် ယူနိုင်သော အနုညာတ္ထ နှစ်မျိုးရှိရာ ဤနေရာ တွင် ဗောဓိပင်မှ အခြားအရပ်သို့ သွားခြင်းသည် ပဋိက္ခေပတ္ထ, ဤဗောဓိပင်အောက် မှပင် နောက်ရက်ပေါင်း ၂၁-ရက် ဆက်၍နေခြင်းသည် အနုညာတတ္ထ ဖြစ်သည်။

ထို့ကြောင့် -

(၁) မမှိတ်သော မျက်လုံးတို့ဖြင့် သဗ္ဗညုတဉာဏ်ကို ရတော်မူရာ မာရ်ငါး ပါးကို အောင်တော်မူရာ ပလ္လင်(နေရာ) ကို စူးစိုက်စွာကြည့်လျက် ရက်သတ္တတစ်ပတ်ကြာမျှ နေတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ပလ္လင်နှင့် ရပ်နေရာ နှစ်ခုအကြား ဖလသမာပတ်အကြား ပစ္စဝေက္ခဏာဉာဏ် စေစားရင်း စင်္ကြံကြွလျက် ရက်သတ္တတစ်ပတ်ကြာမျှ နေတော်မူသည်။

(၃) နတ်တို့ ဖန်ဆင်းအပ်သော ရတနာရွှေအိမ် (တစ်နည်း) အဘိဓမ္မာအဋ္ဌကထာအလို တရားရတနာများ သုံးသပ်ရာဖြစ်သော နေရာ၌ အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်းသုံးသပ်ရင်း ရက်သတ္တတစ်ပတ်ကြာ နေတော်မူသည်၊ ဤသို့ သုံးသတ္တာဟကို နောက်ထပ်ဆက်၍ ကုန်စေတော်မူပြန်သည်။

ဤတွင် ၁-ကို အနိမိသသတ္တာဟ, ၂-ကို စင်္ကမသတ္တဟ, ၃-ကို ရတနာဃရသတ္တာဟဟု ခေါ်သည်၊ ယင်း သတ္တာဟ အသီးသီး ကုန်လွန်စေရာ ဌာနတို့၌ စေတီအသီးသီး တည်ခဲ့ကြသည်၊ (ဤနေရာ အသီးသီးသည် အဋ္ဌကထာဆရာများ လက်ထက်က အမှန်တကယ်ရှိခဲ့သော စေတီများ ဖြစ်ဖွယ်ရှိသည်ဟု အီးဂျေ သောမတ်စ်ရေးသားသော The Life of Buddha ခေါ် စာအုပ် နှာ ၈၅-၌ ဖော်ပြထားသည်)

ယင်းသို့ဆိုလျှင် ပါဠိတော်နှင့် အဋ္ဌကထာ ဆန့်ကျင်ခြင်းမရှိ၊ မရှိသောကြောင့်ပါဠိနှင့် အဋ္ဌကထာ ဘယ်သင်းက ပမာဏပြုလောက်သည် ဟူသော ပြဿနာ မပေါ်တော့ချေ။

၄၃။ (၂) က/ရေမီးအစုံ တန်ခိုးပြခြင်း၊

င/ နိမ္မိတရုပ်ကို ဖန်ဆင်းခြင်း၊

စ/ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူခြင်း-

ဤအချက်သုံးချက်မှာ သာသနာတော်၏ အပြင်ဘက်၌ပင် ရှိနိုင်သော လောကီအဘိညာဉ်၏ ကိစ္စများဖြစ်သည်၊ ဗုဒ္ဓလောင်းလျာ မဖွားမီနှင့် ဖွားပြီး လူငယ်ဘဝ၌ နန်းတော်တွင်းသို့ ရုံခါရုံခါ ကြွလာလေ့ရှိသော ကာဠဒေဝီရသေ့ကြီးသည် နတ်ပြည်၌ နေ့သန့်နေစဉ် နတ်တို့ရွှင်မြူးသော အချင်းအရာကို ကြည့်၍ စဉ်းစားရာမှ လူ့ပြည်တွင် သုဒ္ဓေါဒနဘုရင်၏ နန်းတော်၌ ဘုရားအလောင်း ဖွားမြင်တော်မူသည်ကို သိမြင်ရ၍ ကြွလာကြောင်း ကျမ်းဂန်စာဆိုရှိသည်၊ သာသနာတော်တွင်း၌ကား လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် တွဲယှဉ်လျက်ရှိသဖြင့် ဣဒ္ဓိဝိဓအဘိညာဉ်( တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သောသတ္တိ) သည် လွန်စွာမြင့်မား အစွမ်းသတ္တိများမည် ဧကန်ဖြစ်သည်၊ ဗုဒ္ဓမြတ်စွာအဖို့ကား အလွန်လျင်မြန်စွာ ဈာန်ဝင်စားနိုင်ခြင်း, ဈာန်မှ ထမြောက်တော်မူနိုင်ခြင်း တည်းဟူသော ခိပ္ပနိသန္တိဂုဏ်တော်နှင့် ပြည့်စုံတော်မူသောကြောင့် သာလွန်၍ စွမ်းဆောင်တော်မူနိုင်မည်မှာ ဆိုဖွယ်မရှိဖြစ်၏။ သို့သော် သာသနာတော်ကို မယုံကြည်၊ မကြည်ညိုသောသူအဖို့ ပြော၍ ယုံနိုင်မည် မဟုတ်ရကား ဤ၌ အကျယ်ဆိုဖွယ် မလိုတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



၄၄။ (၂) ခ/၂ -လှမ်း ၃-ဖဝါးဟူသော စကားမှာ အကယ်တိတိ လူတို့ ခြေဖြင့် လှမ်းကြွသွားသကဲ့သို့ တစ်လှမ်းစီ ကြွသွားတော်မူခြင်းကို ဆိုလိုသည်မဟုတ်၊ လူ့ပြည် သာဝတ္ထိမြို့မှ ကြွသွားတော်မူပြီးနောက် မြင်းမိုရ်တောင်အလယ် စတုမဟာရာဇ်နတ်ပြည်တွင် တစ်ထောက်နားဟန် ပြတော်မူကာ တာဝတိံသာနတ်ပြည်၌ ထင်ရှားစွာ ပေါ်တော်မူလာခြင်းကို ဆိုလိုပေသည်၊ လူတို့ခြေဖြင့် သွားခြင်းကဲ့သို့ စကားတန်ဆာ ဥပစာသဘော ပြောဆိုခြင်းသာ ဖြစ်ပေသည်၊ ဥပမာစကားကို မုချစကားမှတ်ခြင်းသည် ဗုဒ္ဓစာပေလေ့လာရန် မထိုက်သော ဉာဏ်မွဲမျိုးဖြစ်ကြောင်း သိနိုင်သည်။

ဦးဥက္ကဌဂိုဏ်းသားတို့သည် သူတို့ ကြေငြာထားသည့်အတိုင်း စ-သ-ဃ-ဇ-က ဟူသော ပသာဒရုပ်ငါးပါးကိုသာ အရှိတရား အခြေခံတရားအဖြစ် တရားသေကိုင်ထားကြသော ရုပ်ဝါဒီများဖြစ်ကြ၍ ရိုးရိုးလူတို့ မလုပ်နိုင်သော တန်ခိုးအဘိညာဉ်အရာမှန်သမျှ မယုံနိုင်ကြ၍ တာဝတိံသာ အဘိဓမ္မာတို့ကို ဒဏ္ဍာရီဟု စွပ်စွဲကြခြင်းဖြစ်ပေသည်၊ စပျစ်သီး ချဉ်သည်ဟူသော အပြောမျိုးပင် ဖြစ်လေသည်။

၄၅။ (၂) ဂ/ဃ မြင်းမိုရ်တောင်ကို လူတို့မျက်စိဖြင့် မြင်ကောင်းသည် မဟုတ်, မှန်ပြောင်းဖြင့်ပင် မြင်နိုင်ကောင်းသောအရာ မဟုတ်ပေ၊ ဂြိုဟ်တု ဒုန်းပျံ၊ ကမ္ဘာယာဉ်တို့ ကောင်းကင်အနှံ့သွားနေသည်ဟု ဆိုသော်လည်း မြင်းမိုရ်တောင်၏ ခါးလယ်လောက်မျှ ရောက်နိုင်ဖွယ်မရှိပေ၊ လဗိမာန်သို့ လူသားများ သွားရောက်ခြေချနိုင်ပြီဟု ဆိုခြင်းသည် ဗုဒ္ဓစာပေအမြင်အရ မဆန်းပေ၊ ဈာန်အဘိညာဉ်တန်ခိုးရရှိသူများသည် လ-နေများကို လက်ဖြင့် ကိုင်တွယ်သုံးသပ်နိုင်သည်ဟု ထေရဝါဒ ကျမ်းစာများက ဆိုသည်မှာ နှစ်ပေါင်း ၂၅၀၀-ကျော်ခဲ့ပြီ ဖြစ်သည်၊ မန္ဓာတုမင်းကြီးသည် တာဝတိံသာနတ်ပြည်၌ သိကြားမင်း ၃၂-ဆက် လဲသည့်တိုင်အောင် နတ်စည်းစိမ်ကို ခံစားခဲ့သည်ဟု ဆို၏၊ မဖြစ်နိုင်သည်မဟုတ်၊ နတ်ပြည် ၆-ထပ်တွင် စတုမဟာရာဇ်နှင့် တာဝတိံသာနတ်ပြည် ၂-ထပ်သည် မြေကိုမှီ၍ တည်နေသော ဘုမ္မဋ္ဌက နတ်ပြည် ဖြစ်သည်၊ ကြွင်းနတ်ပြည် ၄-ထပ်သည် ဟာလာဟင်းလင်း ကောင်းကင်ပြင်တွင် တည်နေသော အာကာသဋ္ဌက နတ်ပြည် ဖြစ်သည်ဟု ထေရဝါဒကျမ်းစာများက ဆို၏၊ အကန်းကို မြင်အောင် မပြနိုင်သကဲ့သို့ ဈာန်ကို မယုံသောသူမျိုးအား ယုံအောင် မပြောနိုင်၊ လက်တွေ့လည်း မပြနိုင်၊ မပြနိုင်သောကြောင့် မယုံစတမ်းဆိုလျှင် သတ္တဝါအသီးသီး၌ အထင်အရှားရှိကြသော Spinit, Cognizance, Con-scious- ness စသည်ဖြင့် ခေါ်နေကြသောစိတ် Intellisence, Insight စသော ပညာဉာဏ် ၏ အဆင့်အတန်း အရည်အချင်းများကို ဓာတ်ပုံရိုက်၍ မပြနိုင်၊ မျက်စိ,နား,နှာ,လျှာ, ကိုယ်တို့ဖြင့်လည်း စမ်းသပ်မတွေ့နိုင်သောကြောင့် မယုံနိုင်ဟု ဆိုကြမည်လော၊ မြင်းမိုရ်တောင်နှင့်စပ်၍ ပါဠိကျမ်းဂန်များ၌ အမြင့်ယူဇနာ မည်မျှ မြေအောက်တွင် မြုပ်နေသောအတိုင်းအဆမည်မျှဟု အတိအကျဆိုသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲ တတ်သော သဘာဝ အရ ထိုအတိုင်းအတာများသည် ထိုအတိုင်း အမြဲတည်ရှိကြမည် မဟုတ်၊ မြင်းမိုရ် တောင်ကြီး၏ ပတ်ဝန်းကျင်တွင် ယုဂန္ဓရစသောတောင်ကြီး ၇-လုံးနှင့် တောင်တို့၏ အကြားအကြားတွင် အလွန်အေးမြသော သီဒန္တရသမုဒ္ဒရာများ ရှိကြောင်းဆိုသည်၊ ဤကိစ္စမျိုး၌ စာဆိုနှင့်လက်တွေ့သည် အခါခပ်သိမ်း ကိုက်ညီသည် မဟုတ်၊ မြင်းမိုရ် တောင်သည် မြောက်ဝန်းရိုးစွန်းတည်ရာ အရပ် မဖြစ်နိုင်ပါသလော၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးစအခါက ရုရှားသိပ္ပံဆရာတို့သည် အာတိတ်ဒေသ ရေခဲလွင်ပြင်ကြီးများ အောက်တွင် ရေခဲတောင်တန်းကြီး တစ်ခုကို တွေ့ခဲ့၏၊ မိုလိုတော့စ်- တောင်တန်းဟု အမည်ပေးခဲ့သည် ဆို၏၊ ယင်းရေခဲတောင်တန်းသည် မိုင် ၁-ထောင်ခန့် ရှည်လျား၍ အချို့တောင်ထွတ်များသည် ပေ ၁- သောင်းကျော် မြင့်သည်၊ တောင်အမေရိက တိုက်ရှိ အင်ဒီးတောင်တန်းကြီးမျှ ရှိမည်ဟု ခန့်မှန်း ခဲ့ကြ၏၊ လက်ရှိကမ္ဘာ၌ပင် ယနေ့ လူသားတို့ မတွေ့သေး မသိသေးသော အချက် ပေါင်း များစွာရှိနေသည်၊ ယနေ့ သိသမျှသည် အကုန်ပဲဟု မည်သည့် သိပ္ပံရှင်ကမျှ မပြောရဲကြသည်ကို သတိချပ်အပ် သည်။ Surface at the pole! by Commander James Calvert U.S.N.

၄၆။ ထိုကဲ့သို့ လူတို့လက်လှမ်း မမီနိုင်လောက်အောင် ဉာဏ်ရိုးရိုးဖြင့်လည်း တွေးခေါ်၍ မရလောက်အောင် ဦးဥက္ကဋ္ဌတို့၏ မျက်လုံးပေါင်း ၄-၅ ဆယ်လောက်ဖြင့် ဝိုင်းကြည့်သော်လည်း မမြင်နိုင်အောင် ဆန်းကြယ်လှသော စကြဝဠာကမ္ဘာ့အစိတ် အပိုင်းများမှာ အလွန်များပြားကြောင်း သိပ္ပံပညာရှင်တို့ ဝန်ခံပြီး ဖြစ်သည်၊ စကြဝဠာ အနန္တဟူသော စကားကို ဗုဒ္ဓဝါဒီများက စ၍သုံးကြ၏၊ ဗုဒ္ဓကိုယ်တော်တိုင်စ၍ ဟော တော်မူခဲ့၏၊ ယခုအခါ သိပ္ပံပညာက ထိုအနန္တစ ကြာဝဠာကို တွေ့ရှိကြပြီး Galaxy ခေါ် နဂါးငွေ့တန်းသည် အလင်းနှစ် ၁၅၀,၀၀၀ ကျယ်ရှိ၍ အလင်းနှစ် ၂၅,၀၀၀ မှ ၄၀,၀၀၀ အထိဟု ထုထည်ရှိကြောင်း Aposaltic Nabula ခေါ် နက်ဗျူလာ ကြီးသည် အာကာသ ဟင်းလင်းပြင်ကြီးမှ အလင်းနှစ် သန်းပေါင်း ၂၂၅-သန်း တိတိ နေကိုပတ်၍ တစ်ပတ်ပြည့်သည့် အချိန်လောက်ကျမှ တပတ်ပြည့်နိုင် လောက်သည့် Milkyway မစ်လကီဝေး အမြောက်အများကို ခေါ်သည်ဟု ဆိုသည်၊ ဆိုခဲ့သည့် Nabula မျိုးပေါင်း သန်း ၃၀-ခန့်ပင် တွေ့မြင် ပြီးပြီဟု ဆို၏၊ အဆိုပါ နက်ဗျူလာတခုနှင့်တခု အကွာအဝေးမှာလည်း အလင်းနှစ် ပေါင်း ၂-သန်းခန့်စီ ကွာဝေးသည်ဟု အဆိုရှိသည်။

၄၇။ ယင်းသို့ အကြမ်းစားရုပ်ဝတ္ထုကို တွေ့မြင်နိုင်သော်လည်း နူးညံ့သိမ်မွေ့ လှသည့် ရုပ်နုတို့ဖြင့် ဖွဲ့စည်းထားသော နတ်ဗြဟ္မာတို့ကိုကား မှန်ပြောင်းဖြင့်သော်မှ မမြင်နိုင်၊ ပကတိမျက်စိဖြင့်ကား ဆိုဖွယ်မရှိပြီ၊ နတ်ဗြဟ္မာတို့ကိုထား တစ္ဆေ ပြိတ္တာ မြေဘုတ်ဘီလူးစသော သတ္တဝါတို့ကိုလည်း ပကတိလူတို့၏ မျက်စေ့ဖြင့် မမြင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပေ၊ အခါတပါး သီဟိုဠ်ကျွန်း ထူပါရုံစေတီတံခါး အနီး၌ မြေဘုတ်ဘီလူး ကလေး နှစ်ကောင်သည် အစာဆာလွန်းလှ၍ ဆွမ်းခံကြွနေသော ရဟန်းတစ်ပါးကို "တပည့်တော်တို့ မိခင်ကို မြန်မြန်ပြန်ခဲ့ပါရန် သားကလေးနှစ်ဦး အလွန်ဆာလောင် လှပြီဖြစ်ကြောင်း ပြောပေးပါဘုရား"ဟု လျှောက်ရာ သင်တို့မိခင်ကို ငါဘယ်လိုမြင် ရမှာလဲဟု ရဟန်းက မေးသောအခါ ဆေးမြစ်ကလေးတခုကို ပေး၍ ဤဆေးမြစ်ဖြင့် မိခင်ကို မြင်နိုင်ပါကြောင်း လျှောက်ကြသည်၊ ရဟန်းသည် ဆေးမြစ်၏အစွမ်းဖြင့် မြေဘုတ်ဘီလူးမကြီးကို မြင်တွေ့ရ၍ အကျိုးအကြောင်း ပြောသောအခါ ဘီလူးမကြီး က ဆေးမြစ်ကို လုယူ၍ ကွယ်ပျောက်သွားသတတ်၊ ဤသို့သော အဖြစ်အပျက်များ ကား ဒဏ္ဍာရီ မဟုတ်၊ အဟုတ်ရှိ တကယ်ရှိသော သဘောတရားများ ဖြစ်ပေသည်။

*(မဇ္ဈိမပဏ္ဏာသ စူဠသကုလုဒါယိသုတ်အဖွင့် အဋ္ဌကထာ)*

## အာကာသဟင်းလင်းပြင်၌ သက်ရှိသတ္တဝါများ ရှိနိုင်သော အထောက်အထား

၄၈။ ဗာဂျီနီယားတက္ကသိုလ်နှင့် နေရှင်နယ် နက္ခတ်တာရာလေ့လာရေး စခန်းမှ ပညာရှင်များက သက်ရှိသတ္တဝါများတွင် တွေ့ရသော မော်လီကျူအတော်- မစ်အဲလိမင့် Atomic Element ကို အာကာသဟင်းလင်းပြင်၌ တွေ့ရှိရကြောင်း ချားလော့ဟတ်စဗီလ် ဖွန်လ ၁၅/၇၀ သတင်းတိုကလေး တွေ့ရှိလိုက်ရ၏၊ တစ်ဖန် ဘွမ်းမြို့ ဇန္နဝါရီလ ၂၀/၇၇ သတင်းအဆိုအရ အနောက်နိုင်ငံ နက္ခတ္တဗေဒပညာရှင် အဖွဲ့က ကျွန်ုပ်တို့၏ ဂဲလက်ဇီ Galaxy အပြင်ဘက်၌ ရေရှိကြောင်း ရှေးဦးစွာ တွေ့ရှိခဲ့သည်၊ ယင်းသို့ တွေ့လိုက်ခြင်းသည် အခြားဂဲလက်စီများတွင် အသက်ဇီဝ(ဝါ) သတ္တဝါတည်ရှိနိုင်ကြောင်း ဖော်ပြသည်ဟူ၍လည်း သတင်းအဖြစ် တွေ့လိုက်ရ၏၊ ထို့ကြောင့် 'မြင်းမိုရ်တောင်'ဆိုသည်မှာ ယနေ့ မတွေ့ရသေးသော်လည်း တနေ့တွင် တွေ့လာနိုင်စရာအကြောင်း ရှိသည်၊ ထေရဝါဒကျမ်းစာများဖြင့် ယုံကြည်ကြမည် မဟုတ်၍ ခေတ်ပေါ်ပညာ အထောက်အထား အနည်းငယ်ကို ဖော်ပြလိုက်ရ ပေသည်။

၄၉။ (၂) ဆ/အနဝတတ်အိုင် ဆိုသည်မှာကား ယခုအခါ (မာန်ဆရိုဝရ်)* အမည်ဖြင့် တွေ့ရှိနားလည်နိုင်ပေပြီ၊ ရှေးအခါက အဋ္ဌကထာဋီကာကျမ်းဟောင်းများ အဆိုနှင့် အလုံးစုံမတူညီစေကာမူ ရာပတိ၊ ယာဃရာ၊ ဂဏ္ဍတ်ဂျမနာ၊ မဟီမြစ်များ၏ မြစ်ဖျား (Sourse) **အနေဖြင့် လည်းကောင်း အနောက်မြောက်ဘက်ရှိ (Indus - Bias) အင်ဒတ်စ ဗျာဆစသော မြစ်ဖျားခံရာ ဌာနအဖြင့်ဖြစ်လည်းကောင်း ထင်ထင် ရှားရှား လူသိများနေကြလေပြီ၊ ဘယ်ပညာရှင်ကမျှ အနဝတတ်အိုင်မဟုတ်ပါဟု မဆိုနိုင်သော ရှေးဟောင်းအမှတ်အသားများလည်း ရှိပြီးဖြစ်လေသည်။

---

* **- မူးရင်းစာ သက္ကတဘာသာ လူသေလူဖြစ် ဝိနိစ္ဆယ နှာ- (၆၆၄) ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



## (၃) တာဝတိံသာဇာတ်လမ်း ဟူသည်နှင့်စပ်၍ စိစစ်ချက်

၅၀။ စုဒိတကတို့၏ အတွေးအခေါ်အယူအဆတို့သည် အများအားဖြင့် ပြောင်းပြန်လန်နေသည်ကို တွေ့ရ၍ ဝိနည်းမိုရ်ဆရာတော်များက သနားကရုဏာ သက်ရတော့သည်၊ တာဝတိံသာဇာတ်လမ်းကို သဗ္ဗတ္ထိဝါဒီဂိုဏ်းမှတဆင့် ကူးပြောင်း သွားသော မဟာယာနပညာရှင် အသင်္ဂ တာဝတိံသာမှအပြန် ယောဂါစာရဘူမိကျမ်း ကို ရေးသည်ဟူသော အယူအဆသည် သီဟိုဠ်ကျွန်းတိုင်အောင် ပြန့်နှံ့နေ၍ ယင်းကို အတုယူကာ ရှင်ဗုဒ္ဓဃောသသည် အဘိဓမ္မာ ဘုရားဟောလုပ်ရန် တာဝတိံသာဇာတ် လမ်းကို ဖန်တီးသည်ဟု စုဒိတကသမ္မာဒိဋ္ဌိသုတေသနဝါဒီတို့က ဆိုလိုဟန်ရှိ၏၊ ဤ စွပ်စွဲချက်နှင့် ပက်သက်၍ အရင်းဇာစ်မြစ်ကို အနည်းငယ်လှန်ပြလို၏။

ကသ္မီရတိုင်း ပက်သျှဝါမြို့၌ ခရစ်နှစ် ၅-ရာစုနှစ်ဝက်လောက်တွင် ဝသုဗန္ဓု အမည်ဖြင့် ညီအစ်ကိုသုံးယောက်ရှိခဲ့သည်၊ အကြီးနှင့်အလတ် ဝသုဗန္ဓု ၁-နှင့် ၂တို့ သည် သဗ္ဗတ္ထိဝါဒီဂိုဏ်းဝင် ရဟန်းများ ဖြစ်လာကြသည်၊ နံပါတ်၁- ဝသုဗန္ဓုသည် သုညဝါဒီ (The Docrine of voic) ကို လေ့လာရာ သဘောမပေါက်နိုင်ဖြစ်နေ လေသည်၊ စိတ်ညစ်၍ သူ့ကိုယ်သူ "ဒီမျှည့်ဖျင်းရမည်လား"ဟု အပြစ်တင်ကာ သတ် သေဖို့ပင် ကြိုးစားမိသည်၊ ထိုအခါ ပုဗ္ဗဝိဒေဟ (ဝါ) အရှေ့ကျွန်းမှ အရှင်ပိဏ္ဍောလ ကြွလာ၍ ထေရဝါဒတရားတော်များကို ဟောပြောသည်၊ သူသည် ဤမျှဖြင့် ကျေနပ်မှုမရနိုင်သေးပေ၊ အလောင်းတော်မေတ္တေယျရှိရာ တုသိတာနတ်ပြည်သို့ အဘိညာဉ်တန်ခိုးဖြင့် သွားရောက်ကာ အလောင်းတော်မေတ္တေယျထံမှ သုညဝါဒ တရားကို နာယူမှတ်သားလေသည်၊ ထိုအခါ တပ်မက်မှု စွဲလမ်းမှု (သင်္ဂ) ကွေကင်း ကွာသွားတော့သဖြင့် ထိုအခါမှ စ၍ ဝသုဗန္ဓု ၁-မှ အသင်္ဂအဖြစ် အမည်ပြောင်းလွဲ ခေါ်တွင်လာတော့သည်၊ တဖန် အသင်္ဂသည် လူတို့အား သုညဝါဒကို သဘော ပေါက်အောင် ဟောပြော၍ မရနိုင်သဖြင့် အလောင်းတော်မေတ္တေယျကို တောင်း ပန်ရာ လူ့ပြည်သို့ ကြွလာပြီး လေးလတိုင်တိုင် ယောဂါဝစရဘူမိကို ရွတ်ဖတ်သင် ကြားပေးခဲ့သတတ်၊ ယင်းကို အသင်္ဂက ငှီကာရေး၍ ယောဂါဝစရဘူမိကျမ်းဟူ၍ ဖြစ်ပေါ်လာခဲ့သတတ်။

**မှတ်ချက်။** ▪ ပရော်ဖက်ဆာ H.U1 က နတ်ပြည်မှ အလောင်းတော်မေတ္တေယျ မဟုတ်၊ လူသားဆရာမေတ္တေယျ ဟု ဆိုသည်။

ဤဇာတ်လမ်းကို သမ္မာဒိဋ္ဌိသုတေသနဝါဒီတို့ ထင်မြင်စွပ်စွဲသကဲ့သို့ ရှင်ဗုဒ္ဓ ဃောသက လုံးဝအတုမခိုးသည်မှာ ထင်ရှားသည်၊ မှန်လှ၏- ဝသုဗန္ဓုညီနောင်တို့နှင့် ရှင်ဗုဒ္ဓဃောသ ခေတ်ပြိုင်ဖြစ်သည်၊ မြောက်ပိုင်းနှင့်တောင်ပိုင်းအလှမ်း ကွာလှသည်၊ ဗုဒ္ဓတပည့်သားအားလုံးအတွက် တာဝတိံသာတွင် အဘိဓမ္မာကို ဗုဒ္ဓမြတ်စွာ ဟော တော်မူကြောင်း ပြန့်နှံ့ထင်ရှားခဲ့မည်မှာ ဧကန်ဖြစ်သည်။ အတုခိုးသည်ဟု ပြောဖို့

www.burmeseclassic.com

www.burmeseclassic.com



လျှင် နောက်မှပေါ်သော မြောက်ပိုင်းက တောင်ပိုင်းအဆိုကို ခိုးသည်ဟုသာ ဆိုနိုင်သည်၊ အကြောင်းမှာ ဗုဒ္ဓဝါဒဂိုဏ်းကွဲတိုင်းတွင် (အဘိဓမ္မာ ဗုဒ္ဓဟော-မဟော)အမြင်မတူကြသော်လည်း အဘိဓမ္မာဟူသော အမည်ဖြင့် သဘောတရားတမျိုးကို သူ့နည်းသူ့ဟန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အသီးသီး ထုတ်ဖော်နေကြခြင်းသည်ပင် တူညီသော ဓမ္မအမွေအနှစ်တခုကို အားလုံး ပိုင်ဆိုင်ကြကြောင်း ထင်ရှားစေသော သက်သေတခု ဖြစ်ပေသည်။ အချင်းချင်း တသီးတခြား မကွဲမပြား မိဘများ ပိုင်ဆိုင်ခဲ့သော ယင်းအမွေအနှစ်ကို ကျစ်လစ်သိပ်သည်း မပျက်မကွဲရအောင် အစွမ်းနိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်မှာ မူလပင်မဂိုဏ်းကြီးဖြစ်သော ထေရဝါဒဂိုဏ်းကြီးသာလျှင် ဖြစ်ပေသည်၊ ထိုဂိုဏ်းကြီးသည် အိန္ဒိယမြောက်ပိုင်းမှ တောင်ပိုင်း၊ တောင်ပိုင်းမှ သီဟိုဠ်သို့ တရွေ့ရွေ့ပြောင်းရွေ့သွားစေကာမူ ရှင်ဗုဒ္ဓဃောသတို့ခေတ်တိုင်အောင် မဟာဝိဟာရဂိုဏ်းကြီးအတွင်း တင်းတင်းရင်းရင်း ခိုင်ခိုင်မာမာ ကောင်းစွာ တည်လျက်သာ ရှိပေသတည်း။

## ဝိမုတ္တိမဂ္ဂနှင့် ဝိသုဒ္ဓိမဂ္ဂ စိစစ်ချက်

၅၁။ အဘိဓမ္မာကို ဗုဒ္ဓဘာသိတ(ဘုရားဟော)မဟုတ်ဟု ဆိုလိုရာကနေ၍ ဦးဥက္ကဋ္ဌနှင့်တပည့် စုဒိတက သမ္မာဒိဋ္ဌိသုတေသနဝါဒီတို့သည် အဘိဓမ္မာကို ဘုရားဟောဖြစ်ကြောင်း ရေးသူ အရှင်မဟာဗုဒ္ဓဃောသကိုပါ စာသူခိုးဟု စွပ်စွဲလိုသောကြောင့်-

"ဤသို့ဆိုလျှင် ဝိသုဒ္ဓိမဂ်သည် ဝိမုတ္တိမဂ်ကို မှီငြမ်းပြုနည်းယူရမည်မှာ သေချာလှသည်"

ဟု အထောက်အထားမရှိပဲ ထိပါးပုတ်ခတ်ခြင်း (အသားလွတ်၊ အခြေမမြစ်မရှိ စွပ်စွဲခြင်း ပြုခဲ့ကြလေသည်၊ ရှင်မဟာဗုဒ္ဓဃောသ အပေါ်၌ အမြဲတစေ အဆိုးမြင်ဝါဒဖြင့် ကြည့်လေ့ရှိသော ဦးဥက္ကဋ္ဌ၏ ဩဝါဒခံ ဦးဥဇ္ဇောတိကနှင့် သမ္မာဒိဋ္ဌိသုတေသန(ပဋ္ဌနိကာယသုတေသီအဖွဲ့) ဆိုသူတို့သည် ဒေးဒရဲမြို့ ကွင်းကျောင်းတိုက်အတွင်း၌ ကျောက်စာတိုင်ကြီးတခုကို အခိုင်အမာ စိုက်ထူထားပြီးလျှင် ဗုဒ္ဓသာသနာတော်ကြီး ပျက်စီးရာပျက်စီးကြောင်း စကားရပ်များကို အထင်အရှား ရေးထိုးထားခဲ့ကြသည်၊ ယင်းကျောက်စာတိုင်၏ တောင်ဘက်မျက်နှာတွင် ဝိသုဒ္ဓိမဂ်ကျမ်းဆိုသည်မှာ ဝိမုတ္တိမဂ္ဂကျမ်းကို ဘာသာပြန်ထားလေဟန်- ရှင်မဟာဗုဒ္ဓဃောသအား အောက်ပါအတိုင်း သိက္ခာချ၍ မှားယွင်းစွာ အတိအလင်း ပြောင်ပြောင်တင်းတင်း မှတ်တမ်းတင်ထားကြလေသည်။

> "သီဟိုဠ်ရောက်လျှင် ဗုဒ္ဓဃောသသည် ဇေတဝနဝါသီဂိုဏ်းသို့ ပထမရောက်သွား၏၊ ပိဋကတ်မှာ မဟာဝိဟာရဝါသီဂိုဏ်း၌သာ သီဟဠအက္ခရာနှင့် ထိန်းထားလေရာ မဟာဝိဟာရဝါသီသို့ အရှင်ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



ဃောသ ချဉ်းကပ်ရလေသည်၊ သူ၏ ပင်ကိုယ်အရည်အချင်းကိုပြလို၍ ဝိမုတ္တိမဂ္ဂအား ဝိသုဒ္ဓိမဂ်ဟူ၍ ပြန်ဆိုရေးသား တင်ပြလိုက်ရ၏၊ ဤသည်တွင်မှာ မဟာဝိဟာရဝါသီဂိုဏ်းမှ လက်ခံလေသည်"

သူတို့ဆိုလိုသလို ဟုတ် မဟုတ် စိစစ်ကြည့်ဦးအံ့-

၅၂။ ဂလ်တယ်ဋ္ဌီသာဂမသိရိရတနဇောတိမထေရ်နှင့် တရလ္လိယဒ္ဓသိရိပါလမထေရ်တို့ ၁၉၆၃-၌ ကြီးကြပ်ပုံနှိပ်သော ပါဠိဘာသာရေး ဝိမုတ္တိမဂ္ဂကျမ်းသည် စာမျက်နှာ ၄၁-မျက်နှာရှိသည်၊ သီဟိုဠ်သား သောမနှင့် ခေမိန္ဒတို့ တရုတ်ဘာသာမှ အင်္ဂလိပ်ဘာသာပြန်ဆိုသော ဝိမုတ္တိမဂ္ဂကျမ်းသည်ကား ၃၆၂-မျက်နှာရှိသည်၊ မစ္စတာဘာပတ်၏ အင်္ဂလိပ်ဘာသာပြန်မှုလည်း ရှိသည်၊ သို့ရာတွင် ယင်းဘာသာပြန်သည် သောမနှင့် ခေမိန္ဒတို့၏ ဘာသာပြန်လောက် မပြည့်စုံ၊ ပါဠိမူနှင့် တရုတ်မူတို့သည် အခန်းခွဲပုံချင်းတူသယောင်ရှိသော်လည်း တရုတ်မူအင်္ဂလိပ်ဘာသာပြန်၌ ပါရှိသောအကြောင်းအရာများစွာသည် ပါဠိမူ၌ ပျောက်ကွယ်နေ၏၊ သို့သော် အကယ်ပင်ပြည့်စုံစွာ ပါရှိသည်ဖြစ်စေ၊ မဟာဝိဟာရဝါသီတို့၏ ဝါဒဟုမဆိုနိုင်ပေ၊ အကြောင်းမူကား ဝိသုဒ္ဓိမဂ် မဟာဋီကာက အဘယဂိရိဝါသီတို့၏ ဝါဒဟု ပြဆွန်အပ်သောအချက် တော်တော်များများကို အရှင်ဗုဒ္ဓဃောသ ဝိသုဒ္ဓိမဂ်ကျမ်း၌ ပယ်ထားသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။

၅၃။ အရှင်ဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးသားသောအခါ "မဟာဝိဟာရဝါသီနံ ဝံသဇသ ဘဒ္ဒန္တသံဃပါလဿ အဇ္ဈေသနံ ဂဟေတွာ" မဟာဝိဟာရဝါသီရဟန်းတို့၏ အနွယ်ဖြစ်သော အရှင်သံဃပါလ၏ တိုက်တွန်းခြင်းကို ယူ၍ ပြုသည်ဟူ၍လည်းကောင်း မိမိကိုယ်ကို ရည်ညွှန်းကာ "မဟာဝိဟာရဝါသီနံ ထေရာနံ ဝံသာလင်္ကာရဘူတေန" မဟာဝိဟာရဝါသီရဟန်းတို့ အဆက်အနွယ်ကို အကွက်လည်အောင် တန်းဆာဆင်တတ်သော ထေရ်သည် ဤကျမ်းကို ပြုစီရင်သည်ဟူ၍လည်းကောင်း ဆိုခဲ့သည်နှင့်အညီ မဟာဝိဟာရဝါသီတို့နှင့် အယူမပြီ မတူညီသောကျမ်းတစ်ကျမ်းကို မှီး၍ နည်းခံ၍ အတုယူ၍ (ဝါ) ခိုး၍ ရေးသားခဲ့လိမ့်မည်လောဟု တွေးမှ မတွေးကောင်းသောကိစ္စ ဖြစ်သည်၊ ယင်းကိစ္စကို စုဒိတကတို့ ကြံကြံဖန်ဖန် တွေးတော စဉ်းစားကြသည်မှာ အလွန်အံ့ဩစရာကောင်းလှပေသည်။ ဗုဒ္ဓဘာသာဘက်က ရဲရဲတောက် ခုခံနေသော ရှင်မဟာဗုဒ္ဓဃောသကို ကျဆုံးအောင် နည်းမျိုးစုံဖြင့် ဆဲရေးနေကြခြင်းသာဖြစ်သည်၊ ဤအချက်ကို ကြည့်လျှင် သမ္မာဒိဋ္ဌိသုတေသန ဆိုသူတို့သည် သာသနာနှင့်ပက်သက်၍ ဗုဒ္ဓဘာသာကွယ်ပျောက်ရေးကို အားထုတ်နေကြသူများ ဖြစ်ကြောင်း သိသာလှပေသည်။

၅၄။ ပါဠိဝိမုတ္တိမဂ္ဂကျမ်းငယ်ကလေး၏ နိဒါန်းကို ပြုစုကြသောပုဂ္ဂိုလ်တို့က စာတို ပေစာနှင့် လူပြောသူပြော အချက်တို့ကို မှုတည်၍ မဟာအရိဋ္ဌဥပတိဿထေရ်

www.burmeseclassic.com

www.burmeseclassic.com



သည် သီဟိုဠ် ရှေးဦးသာသနာပြု အရှင်မဟိန္ဒထံမှရသော နည်းဥပဒေသတို့ကို စုစည်း၍ ဝိမုတ္တိမဂ္ဂ အမည်ပေးကာ သီဟိုဠ်ဘာသာဖြင့် စီရင်ထားကြောင်း နောက်မှ ပါဠိဘာသာ ပြန်ဆိုထားကြောင်း ယင်းကို မဟာဝိဟာရဝါသီ ရဟန်းတို့ နှုတ်တက်ဆောင်ထားကြကြောင်ကို ဆိုကြ၏၊ ဤအဆို မည်မျှအထိ မှန်မည် မသိရသော်လည်း အရှင်ဗုဒ္ဓဃောသတို့ အရှင်ဓမ္မပါလတို့ခေတ်၌ တွေ့ရသော အဆိုအမိန့် အယူအဆများကား တိမ်းစောင်း ဖောက်ပြန်နေသော အဘယဂိရိဝါသီတို့၏ ဝါဒများ ဖြစ်နေကြပေသည်၊ ထို့ကြောင့် မဟာဝိဟာရဝါသီတို့၏ ဆီမီးတန်ဆောင်ဖြစ်သူ အရှင်ဗုဒ္ဓဃောသသည် အကြောင်းအချက် ပြတ်ပြတ်ထင်ထင် ပေါ်လွင်အောင်ပြကာ ပယ်ခဲ့ရလေသည်၊ သိကြားဝှက်ဇာတ်လမ်းသည် ပါးစပ်ရာဇဝင်မျှသာ ဖြစ်၍ ဂန္ထဝင်မြောက်ခံ့တည်လောက်သော ကိစ္စမဟုတ်ရကား စကားလုပ်၍ ပြောဆိုဖြေရှင်းနေဖွယ်မလို၊ ဝိမုတ္တိမဂ္ဂကို နည်းမမှီ အတုမခိုး ထေရဝါဒအရိုးအစဉ်ကိုသာ တင်ပြထားသော ဝိသုဒ္ဓိ မဂ်ကျမ်းပြုသူ အရှင်ဗုဒ္ဓဃောသ၏ ရိုးသားဖြူစင် ကြည်လင်သော ဉာဏ်အစွမ်း ကြောင့် ဝိမုတ္တိလမ်း, ဝိသုဒ္ဓိစခန်းကို ဖြောင့်တန်းအောင် ပို့ဆောင်လျက်သာ ရှိပေသတည်း။

## အဘိဓမ္မတ္ထသင်္ဂဟကျမ်းနှင့် စပ်၍ စိစစ်ချက်

"အမှန်မှာလည်း သင်္ဂြိုဟ်နှင့်နတ်မှီ သံဃာမှာ တစောင်းစေးနှင့် မျက်ချေးသာ ဖြစ်၏"(သခင်မြတ်ဆိုင်၏ လူသေလူဖြစ်ပြဿနာ နှာ-၁၄၂)

"မင့်သင်္ဂြိုဟ်ဆိုတာက ခပ်ရှင်းရှင်းပြောရယင် သမ္မာဒိဋ္ဌိဆိုတဲ့ အမှန်မြင် အမှန်သိဖို့ကိစ္စဖြစ်တဲ့ ဦးစီးတရားကိုတောင် မျက်ခြေပြတ်နိုင်တဲ့ ဒိဋ္ဌုပါဒါန်တရားတွေ ဖြစ်လာနိုင်တယ်"(လူသေလူဖြစ်ပြဿနာ နှာ -၁၄၄)

"ဒို့လူတွေကို အဲဒီကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်ဆိုတဲ့ အဲဒီသင်္ဂြိုဟ်ဘုံပိုင်းက ဟာနဲ့ အလှည့်အပတ် အလိမ်ခံနေရတာ ကြာပကောကွာ၊ အဲဒီနိမိတ်တွေ ငါ အလကား ပြောတာမဟုတ်ပါဘူးကွာ၊ အဘိဓမ္မာ ၇-ကျမ်းစလုံးထဲမှာ ရှာချင်တိုင်း ရှာပါ၊ ဘယ်နေရာမှ ပါတာမဟုတ်ဘူး"(လူသေလူဖြစ်ပြဿနာ နှာ-၁၄၆)

စာဒကပုဂ္ဂိုလ်များ ဤရုံးတော်သို့ တင်ပြထားသော သက်သေခံ စာအုပ်စာတမ်း အများထဲက သခင်မြတ်ဆိုင်၏ လူသေလူဖြစ်ပြဿနာတအုပ်ထဲမှာပင် သင်္ဂြိုဟ်ဆရာကို လက်ညှိုးထိုး၍ ဗုဒ္ဓအဘိဓမ္မာကို မတော်မတရား သရော်စော်ကားထားချက် အတော်များများပါသည်၊ ဗုဒ္ဓအဘိဓမ္မာကို သိက္ခာချလို၍ အရှင်အနုရုဒ္ဓါကို ရှေ့တမ်းတင် 'ဗန်းပြ' မဟုတ်တရုတ် အပုပ်ချလိုက်ပုံ နမူနာမျှ ဖော်ပြလိုက်သည်။

၅၆။ အရှင်အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကား ငယ်ပင်ငယ်သော်လည်း တကယ်ထိရောက်, အဘိဓမ္မာ ၇-ကျမ်းလုံးကို သိမ်းကျုံး၍ နှောက်မွှေနိုင်လောက်အောင် ဂုဏ်မြောက်သော ကျမ်းကလေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"The Abhidhammatthasanghaha is the most authoritative of theses there texts. In this short manual, the Abhidhamma doctrine of the Mahavihara sect is very clevery condensed the book may be said to represent the highest peak of the doctrinal development of Abhidhamma". (Encyclopaed 1A of Buddhism Buddhism Fascicule; A-ACA pp.79-80)

မြန်မာ

အဘိဓမ္မတ္ထသင်္ဂဟကျမ်းကလေးသည် အနုရုဒ္ဓါရေး သင်္ဂဟ, ပရမတ္ထဝိနိစ္ဆယ, နာမရူပပရိစ္ဆေဒ ၃-ကျမ်းတွင် အခိုင်မာဆုံး ကျမ်းဖြစ်သည်၊ ဤ လက်စွဲကျမ်းငယ်ကလေးတွင် မဟာဝိဟာရ နိကာယကြီး၏ အဘိဓမ္မာသဘောတရားများကို အလွန် ကျင်လည်နိုင်နင်းစွာ သပ်သွင်းဖြည့်သိပ်၍ ထားသည်၊ ဤစာအုပ်ကလေးကို အဘိဓမ္မာပိဋကတ်၏ ဓမ္မရေးရာ အမြင့်ဆုံးအဆင့်အထိ တင်ပြနိုင်သော စာအုပ်ဟု ဆိုနိုင်ပါသည်။

(ဗုဒ္ဓဓမ္မစွယ်စုံကျမ်း အတွဲ၊ အေ-အစ၊ နှာ ၇၉-၈၀)

'It is interesting to note what he says in the Namarupa-paricheda, that he composed the work according to the commentaries of the Mahavihara'.

နာမရူပပရိစ္ဆေဒကျမ်း၌ မဟာဝိဟာရနိကာယမှ အဋ္ဌကထာများနှင့် အညီ ဤကျမ်းကို သူစီရင်ကြောင်း ဆိုထားသည်ကို မှတ်ဖို့ကောင်းသည်၊ Pali Literature of Ceylon (သီဟိုဠ်ပါဠိစာပေများ) စာအုပ်၌ ဒေါက်တာ မာလာလာဆေကရက ဆိုသည်၊ အချုပ်ပြောရလျှင် သင်္ဂဟကျမ်းကလေးသည် အဘိဓမ္မာ ၇-ကျမ်းကို ကိုယ်စားပြုသည်၊ မဟာဝိဟာရနိကာယ (ထေရဝါဒဂိုဏ်း) ကြီးမှ အဋ္ဌကထာ ဋီကာကြီးများကို မှီ၍ ရေးသည်၊ သူ၏ အတ္တနောမတိဖြင့် တလုံးတပါဒမျှ ရေးသည် မဟုတ်၊ အောက်ခြေမှ ထိပ်ဆုံးရောက်အောင် အဘိဓမ္မာသဘောတရားများကို ခြုံ၍ရေးသည်ဟု ဆိုလို၏၊ ယင်းသို့ဆိုလျှင် အရှင်အနုရုဒ္ဓါကို သို့မဟုတ် သူ၏ သင်္ဂြိုဟ်ကျမ်းကို ဘာမျှအပြစ်တင်နေဖွယ် သိက္ခာချနေဖွယ် မလို၊ အဋ္ဌကထာဋီကာကြီးများ၊ ယင်းတို့မှ တဆင့် ပါဠိတော်ကိုသာ သတ္တိရှိရှိနှင့် Challenge လုပ်ဖို့ စိန်ခေါ်ဖို့သာ ရှိလေသည်။

သခင်မြတ်ဆိုင်က သူ၏ လူသေလူဖြစ်ပြဿနာစာအုပ် နှာ-၁၄၉၊၁၅၀-၌ "ဗမာအခေါ် လက်သန်းခေါ် သင်္ဂြိုဟ် ၉-ပိုင်းကို ရှင်အနုရုဒ္ဓါသည် အိန္ဒိယပြည်တောင်ပိုင်း Kancipura ကေစိပူရရှိ တမ္ဗာရဋ္ဌကျောင်းတွင် သွားရောက် ပညာလေ့လာစဉ် ရေးသည်ဟူသော အပိုဒ်သို့ရောက်လာ၏။

ဤနေရာသို့ရောက်သောအခါ ဆရာတော်(ဦးဥက္ကဋ္ဌ)က ရပ်ခိုင်းလိုက်ပြီး "ကိုင်း- မင်း ရှင်အနုရုဒ္ဓါဟာ ဗြာဟ္မဏ ဗုဒ္ဓဘာသာကျောင်းမှာနေပြီး ပညာသင်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဒီသင်္ဂြိုဟ် ၉-ပိုင်းကိုလဲ အဲဒီကေစိပူရမှာပဲ ရေးတယ်လို့ဆိုတာ တွေ့ပလား"

"ကျွနုပ်သည် သက်ပြင်းချလိုက်၏၊ သင်္ဂြိုဟ်နောက်ပိုင်းတွင် အဘယ်ကေစိ ဆရာတို့က အဘယ်သို့ကောက်ယူသည်၊ အဘယ် ကေစိဝါဒအရ ဘယ်သို့ဆိုသည် စသော မှတ်ချက်များကို တွေ့ရသည်ကို ပြန်လည်စဉ်းစားမိလာသည်၊ အိန္ဒိယပြည်တွင် မူလဗုဒ္ဓတရားတော်များမှာ ဗြာဟ္မဏ အယူတရားများ တစတစ ရောနှောလာသဖြင့် တဖြေးဖြေး ချွတ်ချော် တိမ်းပါးလာသည်တွင် သက္ကရာဇ် ၇၀၀-အောစ်မှအစ ပြုပြီး လုံးဝပျောက်ကွယ်ခဲ့ရသည်၊ ယခု ရှင်အနုရုဒ္ဓါ သင်္ဂြိုဟ် ၉-ပိုင်းကို ရေးသော ကေစိဝါဒ ထွန်းကားရာ အချိန်ကိုကြည့်လိုက်သောအခါ ခရစ်သက္ကရာဇ် ၁၂-ရာစုပင် ကျော်စပြုချိန် ရောက်နေပြီဖြစ်၍ မူလဗုဒ္ဓခေတ်နှင့် နှစ်ပေါင်း ၁၆၀၀-ကျော်မျှပင် ကွာလှမ်းသောကာလ ဖြစ်ရုံမက အိန္ဒိယပြည် ကွန်ချိဝရမ်၌ ဗုဒ္ဓဝါဒီပျက် ဗြာဟ္မဏ ဝါဒ အကြီးအကျယ် လွှမ်းမိုးချိန်သို့ပင် ရောက်နေပြီကို တွေ့ရချေပြီ"ဟူ၍ စုဒိတက တို့က ရေးသားထားသည်။

၅၇။ ဒေါက်တာမာလာလာဆေကရ၏ သီဟိုဠ်ပါဠိစာပေ စာအုပ်-၁၇၃ကို ကြည့်လိုက်သောအခါ-

"Both works were written while the author was residing at Kancipura, in the Tambarattha, as he says in the colophon or nigamana of the Paramattha Winicehaya."

"နာမရူပပရိစ္ဆေဒနှင့် ပရမတ္ထဝိနိစ္ဆယ နှစ်ကျမ်းကို ကဉ္စိပူရ, တမ္ဗရဋ္ဌ-၌ နေထိုင်စဉ် ရေးသည်ဟု ပရမတ္ထဝိနိစ္ဆယကျမ်း နိဂုံးတွင် ဆိုထားကြောင်း"ကို တွေ့ရ၏၊ ကဉ္စိပူရ၌ရေးသော သင်္ဂြိုဟ် ၉-ပိုင်း မဟုတ်ချေတကား၊ ပရမတ္ထဝိနိစ္ဆယနိဂုံး၌-

သေဋ္ဌေ ကဉ္စိဝရေ ရဋ္ဌေ, ကာဝေရိ နဂရေ ဝရေ။
ကုလေ သဉ္ဇာတဘူတေန, ဗဟုဿုတေန ဉာဏိနာ။
အနုရုဒ္ဓေန ထေရေန အနိရုဒ္ဓယသဿိနာ၊
တမ္ဗရဋ္ဌေ ဝသန္တေန၊ နဂရေ တဉ္ဇ နာမကေ။
ပရမတ္ထံ ပကာသေန္တံ, ပရမတ္ထဝိနိစ္ဆယံ။
ပကရဏံ ကတံ တေန, ပရမတ္ထတ္ထ ဝေဒိနာ။

ဟူ၍ ဆိုထားသည်။

## မြန်မာ

"ကဉ္စိဝရမည်သော တိုင်း၊ ကာဝေရိမည်သော မြို့ မြတ်သော အမျိုးကောင်း၌ ဖွားမြင်ကြီးပွားသော အနုရုဒ္ဓါထေရ်သည် တမ္ဗရဋ္ဌတိုင်း တဉ္ဇမည်သောမြို့၌နေစဉ် ပရမတ္ထဝိနိစ္ဆယကျမ်းကိုရေးသည်" အကျဉ်းအနက် ဤသို့ ထွက်၏၊ ကာဝေရိ၌ သင်္ဂြိုဟ်ကို ရေးခြင်းမဟုတ်၊ ပရမတ္ထဝိနိစ္ဆယကို ရေးကြောင်း ဤနိဂုံးက သက်သေ

www.burmeseclassic.com

www.burmeseclassic.com



အထောက်အထား အခိုင်အမာပြလျက် ရှိသည်၊ ဦးဥက္ကဋ္ဌ ဆရာတပည့် နှစ်ဦးတို့က သင်္ဂြိုဟ်ကို ကခ္ဓိပူရ၌ ရေးသတဲ့၊ မှားမှမှား ဖြစ်ပါပေ၏။

၅၈။ နာမရူပပရိစ္ဆေဒကျမ်း နိဂုံး၌ ယင်းကျမ်းကို ဘယ်နေရာမှာရေးသည် ဆိုသည်ကို တိုက်ရိုက်မဆိုပဲ သွယ်ဝိုက်၍ ဤသို့ ဆို၏။

မဟာမေရုနိဘံ ဂေဟံ, မဟာစေတိယဘူသိတံ။
မဟာဝိဟာရမာရူဠ- မဟာဗောဓိမဟုဿဝံ။
အလင်္ကာတုံ ပဟောန္တာလံ, စိရကာလံ တပေါမနာ။
လင်္ကာဒီပဿ လင်္ကာရံ, ကလင်္ကာပဂတာလယံ။

## မြန်မာ

မြင်းမိုရ်တောင်ကြီးနှင့်တူသော မဟာစေတီဖြင့် တန်ဆာဆင်အပ်သော မဟာဗောဓိပွဲတော်ကြီးကို တက်ရောက်ရာဖြစ်သော လင်္ကာကျွန်း၏ အဆင်တန်ဆာ ဖြစ်သော အပြစ်ကင်းသော သူတော်ကောင်းတို့၏ နေရာဖြစ်သော (မဟာဝိဟာရဂံ ဂေဟံ) မဟာဝိဟာရမည်သော ကျောင်းတိုက်ကြီးကို ရဟန်းတော်များ စွမ်းစွမ်းတမံ ကြာရှည်လေးမြင့် တန်ဆာဆင်ခြင်းငှာ စွမ်းနိုင်ကြပါစေ၊ ဤစကားဖြင့် မဟာဝိဟာရကျောင်းတိုက်ကြီးမှာ နေ၍ ဤစာကို ရေးခြင်းဖြင့် ငါသည် မဟာဝိဟာရကျောင်းတိုက်ကြီးကို တန်ဆာဆင်သကဲ့သို့ အခြားရဟန်းတော်တို့သည်လည်း စာပေပို့ချခြင်း ကျမ်းစာရေးခြင်းဖြင့် ဤကျောင်းတိုက်ကြီးကို တန်ဆာဆင်နိုင်ကြပါစေဟု အာသီသ ပုဗ္ဗကနိဂုံးကို အနုရုဒ္ဓါဆိုလေသည်၊ ဒေါက်တာမာလာလာဆေကရ-က သင်္ဂြိုဟ်ကျမ်း ဘယ်မှာ ရေးသည်ဟု မဆိုခဲ့၊ သင်္ဂဟကျမ်း နိဂုံး၌-

စာရိတ္တ သောဘိတ ဝိသာလ ကုလောဒယေန၊
သဒ္ဓါဘိဝၑုပရိဂုဏောဒယေန ၊
နမ္ဗဝှယေန ပဏိဓာယ ပရာနုကမ္ပံ၊
ယံ ပတ္ထိတံ ပကရဏံ ပရိနိဋ္ဌိတံ တံ။

**မြန်မာအကျဉ်း**

နမ္ဗမည်သော ဒါယကာသည် သူတစ်ပါးတို့ကို သနားကြင်နာမှုကို ဆောက်တည်၍ တောင်းပန်အပ်သော သင်္ဂဟကျမ်းသည် ပြီးဆုံးခဲ့ပေပြီ။

ပုညေန တေန ဝိပုလေန တုမူလသောမံ၊
ဓညာဓိဝါသ မုဒိတောဒိတ မာယုကန္တံ။
ပညာဝဒါတဂုဏ သောဘိတ လဇ္ဇိ ဘိက္ခူ၊
မညန္တု ပုညဝိဘဝေါဒယမင်္ဂလာယ။

ကြီးမားသော ထိုကောင်းမှုကြောင့် ပညာဖြင့် ဖြူစင်သော ဂုဏ်တို့ဖြင့် တင့်တယ်သော လဇ္ဇီရဟန်းတို့သည် ဘုန်းကံရှိသူတို့၏ တည်ရာဖြစ်၍ သီလစသည်

www.burmeseclassic.com

www.burmeseclassic.com



တို့ဖြင့် အမြဲတိုးတက်နေသော မူလသောမကျောင်းတိုက်ကြီးကို ပုညသမ္ဘတ္တိဖြင့် တိုးတက် ခြင်းမင်္ဂလာ ဖြစ်ပါစေရန် အသက်ထက်ဆုံး(မည္သူ) အာရုံပြုကာ စောင့်ရှောက်တော် မူကြပါစေ၊ ဤ၌လည်း ရှေးနည်းအတိုင်းပင် မူလသောမ(အနုရာဓမြို့၊ သီရိလင်္ကာ) ကျောင်းတိုက်မှာနေစဉ် ဤသင်္ဂဟာကျမ်းကို ရေးသားခြင်းဖြင့် မူလသောမကျောင်း တိုက်ကြီးကို ပုညသမ္ဘတ္တိမင်္ဂလာအကျိုးငှာ ငါစောင့်ရှောက်သလို လဋ္ဌိရဟန်းတို့သည် လည်း ငါနည်းတူ စောင့်ရှောက်နိုင်ကြပါစေဟု အာသီသ ပုဗ္ဗကနိဂုံးဖြင့် (ဘယ်မှာနေ၍ ဤကျမ်းရေးသည်ဟူသည်ကို ) အရှင်အနုရုဒ္ဓါ ပြတော်မူခဲ့ပေသည်။

၅၉။ ဤသို့ဆိုသော် တမ္ဗရဋ္ဌတိုင်းကို တမ္ဗရဋ္ဌကျောင်းဟု သခင်မြတ်ဆိုင်တို့ ဆရာတပည့်က ဆိုခြင်းမှာ ဟုတ်မှန်ပါ၏လော၊ မမှန်ပေ၊ "မင့် အနုရုဒ္ဓါဟာ ဗြာဟ္မဏ ဗုဒ္ဓဘာသာကျောင်းမှာ နေပြီး ပညာသင်တယ်၊ ဒီသင်္ဂြိုဟ် ၉-ပိုင်းကိုလည်း အဲဒီ ကေစီပူရမှာပဲ ရေးတယ်လို့ဆိုတာ တွေ့ပလား" ဤသို့ ဦးဥက္ကဋ္ဌက ပြောသည့်အနေ ဖြင့် ရေးသားထားရာ သည်အတိုင်းမှန်လျှင် ဗြာဟ္မဏဝါဒတွေ သင်္ဂြိုဟ်ထဲ ထည့်ရေး ထားသည်ဟု ပြောလိုပြီး သင်္ဂြိုဟ်ကို ပယ်လိုသောကြောင့် ဦးဥက္ကဋ္ဌ ထုတ်လိုက်ခြင်း ဖြစ်ကြောင်း ထင်ရှားနေလေပြီ။

စောဠတိုင်း ကာဝိရပဋ္ဋန ဟု ရှေးကခေါ်ခဲ့ကြသော ကာဝေရီမြစ်အနီးမှာ တည်ရှိသောကြောင့် ကာဝေရီမြို့ တွင်သော မြို့တော် ထိုမြို့တော်အနီး**Conjecer-am** ကွန်ဂျီရဝမ်၌ မွေးဖွားခဲ့သူ အရှင်အနုရုဒ္ဓါသည် တမ္ဗရဋ္ဌတိုင်း Tanjore ဟု ယခုခေါ်နေကြသော တဉ္စမြို့၌ နေစဉ် ပရမတ္ထဝိနိစ္ဆယကို ရေးသည်၊ အိန္ဒိယမှာရေး သောဤကျမ်းမှာ သင်္ဂြိုဟ်မဟုတ်၊ ပရမတ္ထဝိနိစ္ဆယသာ ဖြစ်သည်။ ယင်း ပရမတ္ထဝိ နိစ္ဆယ၌လည်း ဗြာဟ္မဏဝါဒမပါ၊ ဗုဒ္ဓဝါဒတွေကိုပင် 'တန်ဆောင်းဆေးနှင့် မျက်ချေး ပမာ' မိမိနှင့် မတဲ့သောကြောင့် ဗြာဟ္မဏဝါဒတံဆိပ် တပ်လိုက်ခြင်းသာ ဖြစ်သည်၊ သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်း မူလသောမကျောင်းတိုက်ကြီးတို့၌ နေ၍ မဟာ ဝိဟာရနိကာယ်ကြီး၏ အဋ္ဌကထာဋီကာများနှင့် အညီ ရေးပါသည်ဆိုသော အရှင် အနုရုဒ္ဓါကို ကြံ့ကြံ့ဖန်ဖန် ဗြာဟ္မဏဝါဒတွေ ထည့်သွင်းရေးသားထားသည်ဟု စွပ်စွဲ ခြင်မှာ ဦးဥက္ကဋ္ဌတို့သည် ရုပ်ဝါဒတည်းဟူသော အရောင်ပျက်မျက်မှန်ကြောင့် အမြင်ပျက်၊အမြင်မှား၊ ဖောက်ပြား၊ ချောက်ချားနေခြင်းသာ ဖြစ်သည်ဟု ဆိုပေသည်။

ငင်းပြင် ကဉ္စိပူရကို ကေစိပူရအသံ ဖလှယ်ပြီး ကေစိဝါဒတွေဟာ ကဉ္စိပူရက ဗြာဟ္မဏဝါဒတွေပဲ-ဟု ထင်မြင်ကာ သခင်မြတ်ဆိုင် သက်ပြင်းချမှုကား မှားယွင်းလှ သော သက်ပြင်းချမှုပေတည်း။ ဓမ္မသီရိစသော ထေရ်တို့၏ ဝါဒကို ကေစိဝါဒဟု မှတ်ကြရာ၏။ ကဉ္စိပူရကို ကေစိပူရဟု ဘယ်သူကမျှ မခေါ်ကြောင်း ကေစိဝါဒနှင့် ကေစိပူရ ဘယ်လိုမျှ မသက်ဆိုင်ကြောင်း သခင်မြတ်ဆိုင်တို့ ပြင်ဆင် မှတ်ကြရာ သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဦးဥတ္တမနှင့် တပည့်သာဝကတို့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်နှင့် စပ်၍ စိစစ်ချက်

၆၀။ ဥပရိပဏ္ဏာသပါဠိတော် ဗာလပဏ္ဍိတသုတ်၌ ဤသို့ဟောတော်မူ၏။

ပုန စပရံ ဘိက္ခဝေ ဗာလံ ပီဌသမာရုဠံ ဝါ ဆမာယံ ဝါ သေမာနံ ယာနိဿ ပုဗ္ဗ ပါပကာနိက ကမ္မာနိ ကတာနိ ကာယေန ဒုစ္စရိတာနိ ဝါစာယ ဒုစ္စရိတာနိ မနသာ ဒုစ္စရိတာနိ၊ တာနိဿ တမှိ သမယေ ဩလမ္ဗန္တိ အဇ္ဈောလမ္ဗန္တိ၊ အဘိပ္ပလမ္ဗန္တိ၊ သေယျ ထာပိ ဘိက္ခဝေ မဟတံ ပဗ္ဗတကူဋာနံ ဆာယာ သာယန္ဟသမယံ ပထဝီယာ ဩလမ္ဗန္တိ အဇ္ဈောလမ္ဗန္တိ အဘိပ္ပလမ္ဗန္တိ။

ရဟန်းတို့ နောက်ထပ်တစ်မျိုးကား ထိုသေလုနီးပါး ချောက်ချား၍ နေသော လူမိုက်အား ဥပမာအားဖြင့် ညနေချမ်းအချိန်မှာ တောင်ကြီးတို့၏ အရိပ်များသည် မြေပြင်၌ လာ၍ထင်သကဲ့သို့ ရှေးရှေးက ပြုဖူးသော ကာယကံ မကောင်းမှု၊ ဝစီကံမကောင်းမှု၊ အနောကံ မကောင်းမှုတို့သည် ထိုင်ခုံ၌ဖြစ်စေ၊ ကုတင်၌ဖြစ်စေ၊ မြေ၌ဖြစ်စေ၊ နေရစဉ်ထိုအခါ၌ တွဲလျားကျသကဲ့သို့ ထား၍ ထင်ကြကုန်၏ ။ပ။ ထိုလူမိုက်သည် ကိုယ်နှုတ်စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်ခဲ့၍ (ပြုကျင့်ခဲ့သောကြောင့်) ခန္ဓာကိုယ် ပျက်ကွဲ၍ သေပွဲသို့ ဝင်ရောက်သောအခါ ငရဲသို့ ကျရောက်ရ၏။ (မြန်မာ ချုံးပြန်ထားသည်)

ဤကား သေခါနီးအခါ၌လည်းကောင်း မသေမီ ဒုက္ခဆင်းရဲ အကျပ်အတည်း ကြီးစွာကျရောက်သောအခါ၌လည်းကောင်း ဗလသတ္တဝါအား ထိုကံအာရုံများ ထင်တတ်ပုံကိုပြသော ဗုဒ္ဓစကားတော် စင်စစ်တည်း၊ မှန်လှ၏၊ သတ္တဝါတစ်ဦးတစ်ယောက် အကုသိုလ်မှု တစ်ခုခုကို ဖြစ်စေ၊ ကောင်းမှုကောင်းရာ စိတ်ချမ်းသာဖွယ် တစ်ခုခုကို ဖြစ်စေ၊ ပြုလုပ်ထားမိပါလျှင် ထိုကံထိုအလုပ်သည် သူ့စိတ်၌ အာရုံအဖြစ်ဖြင့် မကြာမကြာ ပေါ်လာလေ့ရှိသည်၊ ထိုအရုံသည် သေခါနီးမှ ပေါ်လာတတ်သည် မဟုတ်၊ မသေမီခဏ အချိန် သင့်တိုင်းသင့်တိုင်း ပေါ်လာလေ့ရှိသည်၊ ဥပမာရာဇဝတ်မှု တစ်ခုခု ပြုလုပ်ထားမိသောသူအဖို့ ထိုရာဇဝတ်မှုကြီးသည် အရိပ်ပမာ နောက်က လိုက်၍ ခြောက်လှန့်နေသကဲ့သို့ ရှိ၏။ အမှတ်ထင်ထင် ကောင်းမှုကိုသိုလ်တစ်ခုခု ပြုလုပ်ထားသူအဖို့လည်း ဝမ်းမြောက်ဖွယ် အာရုံတစ်ခုခုနှင့် တွေ့တိုင်းတွေ့တိုင်း ထိုကောင်းမှု ပေါ်လာလေ့ရှိ၏၊ ထိုဥပမာအတိုင်းပင်တည်း၊ ထိုကဲ့သို့ ပေါ်လာသော ထိုကံအာရုံသည် ကံကို ပြုစဉ်တုန်းကကဲ့သို့ပင် စိတ်အစဉ်၌ ထင်လာတတ်ပေသည်၊ သေခါနီးမှ ပြုလုပ်သော ကံဖြစ်ပါမူ ထိုကံကပင် ပဋိသန္ဓေကျိုးပေးလေတော့ရာ ထိုကံမျိုးကို အာသန္နကံဟူ၍ ခေါ်သည်၊ ထိုကြောင့် မဟာကမ္မဝိဘင် ဥပရိပဏ္ဏာသ သုတ်၌ ဤသို့ ဟောတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုဗ္ဗေဝါသိတံ ကတံ ဟောတိ ပါပကမ္မံ ဒုက္ခာ ဝေဒနီယံ ပစ္ဆာဝါသိတံ ကတံ ဟောတိ ပါပကမ္မံ ဒုက္ခဝေဒနီယံ၊ မရဏကာလေဝါဿ ဟောတိ မိစ္ဆာဒိဋ္ဌိသမတ္တာ သမာဒိန္နာ၊ တေန သော ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

**မြန်မာအကျဉ်း**

"ထိုသတ္တဝါသည် မသေမီရှေ့အဖို့ (ဆင်းရဲစေတတ်သော) အကုသိုလ်ကံကို ပြုလုပ်ပြီးသော်လည်း ဖြစ်ရာ၏။ နောက်ပိုင်းကျမှ (ဒုက္ခဝေဒနီယ) အကုသိုလ်ကံကို ပြုလုပ်ပြီးသော်လည်း ဖြစ်ရာ၏၊ သို့မဟုတ် သေခါနီးကာလကျတော့မှ (ကပ်၍) မှားယွင်းဖောက်ပြန် မမှန်သော အယူကိုသော်လည်း စွဲမြဲစွာ ယူမိရာ၏၊ ထိုကံကြောင့် ထိုသတ္တဝါသည် သေသော် ငရဲသို့ ကျရောက်ရတော့၏"

ဤပါဠိတော်များအရ သေခါနီး ကံ ကမ္မနိမိတ်စသည် ထင်ကြောင်း သိအပ်ပေသည်။

## ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူပုံ

"အဲဒီ နိမိတ်တွေ ငါ အလကား ပြောတာ မဟုတ်ဘူးကွာ၊ အဘိဓမ္မာ ၇-ကျမ်း စကားလုံးထဲမှာ ရှာချင်တိုင်း ရှာပါ၊ ဘယ်နေရာမှ ပါတာမဟုတ်ဘူး" ဟု ဦးဥက္ကဋ္ဌက ရဲရဲဝံ့ဝံ့ဆိုခြင်းသည်လည်း အဘိဓမ္မာ ၇-ကျမ်းကို နှံ့စပ်အောင် မသင်ဖူး၍ သော်လည်းကောင်း၊ သင်ဖူးစေကာမူ သေချာစေ့စပ်စွာ အဓိပ္ပါယ်မယူဆတတ်၍သော် လည်းကောင်း၊ သူ့တပည့်တွေရဲ့ အထင်ကြီးမှုကို ခံရအောင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ခပ်တည်တည် လိမ်ညာထားခြင်းသာ ဖြစ်သည်၊ ပဋ္ဌာန်းပါဠိတော် ထိုထို ဝိဘင်္ဂဝါရ အာရမ္မဏပစ္စည်း၌ ဟောကြားအပ်သော မရဏာသန္နဇဝီထိ၏ အာရုံ၊ ပဋိသန္ဓိဝီထိ၏ အာရုံများသည် ထို ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံများပင် ဖြစ်ပေသည်၊ အနည်းငယ်မျှ ထုတ်ပြဦးမည်။

သေခါနီး ပုဂ္ဂိုလ်တစ်ယောက်သည် ရှေးက မိမိပြုခဲ့ဖူးသော ကုသိုလ်ကံကို နှလုံးသွင်းအာရုံပြု၍ သေသွားပြီးနောက် သုဂတိဘဝ တစ်ခုခု၌ ပဋိသန္ဓေ တည်နေခဲ့မူ ထိုသူ၏ ဘဝဟောင်းက မရဏာသန္နကုသိုလ်ဇောများသည် ရှေးက ပြုခဲ့သည့် ကုသိုလ်ကံ အာရုံကို အာရုံပြုကြ၏။

ဤအနက်သဘောကို -

၁။ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ "

ဟူသောပါဠ်ဖြင့် ပြတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



**မြန်မာအကျဉ်း**

ကုသိုလ်တရားက ကုသိုလ်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏၊ အလှူပေး၊ သီလဆောက်တည်၊ ဥပုသ်စောင့်သုံးပြီးလျှင် ထိုကုသိုလ်ကို ပြန်လည်စဉ်းစား နှလုံးထားမိ၍ စိတ်ထဲမှာ ပေါ်လာလျှင် ကုသိုလ်ကံ တစ်ခုခုက ကုသိုလ်တစ်ခုအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးဆပ်ပေးလိုက်သည်၊ ရှေးအခါက လေ့ကျက်ပြုလုပ်ခဲ့သည့် အလေ့ကောင်း အမူအကျင့်ကောင်းတို့ စိတ်ထဲ၌ ပေါ်လာလျှင် ထိုကောင်းမှုများက ကုသိုလ်ကံတစ်ခုအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးဆပ်ပေးလိုက်သည်။

ထိုသူ၏ ဘဝသစ် ပဋိသန္ဓေစိတ် ဘဝင်စိတ်တို့သည် ရှေးဘဝ မရဏာသန္နဇော ယူပေးအပ်သော ကုသိုလ်ကံ အာရုံကိုပင် အာရုံပြုကြ၏၊ ဤအနက်သဘောကို-

၂။ "ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော" ဟူသောပါဠ်ဖြင့် ပြတော်မူသည်၊ (ပဋ္ဌာန)

ဤကား ကံအာရုံထင်ပုံ အမြွက်တည်း။

**အတိတ်ကမ္မနိမိတ်ထင်ပုံ**

ပုဂ္ဂိုလ်တစ်ယောက်သည် သေခါနီးမရောက်ခင် ရှေးအခါက စေတီတော်ကို ဖူးမြော်ခဲ့၏၊ ထိုပုဂ္ဂိုလ် သေခါနီးသောအခါ၌ ထို စေတီတော်တည်းဟူသော ကမ္မနိမိတ် ရူပါရုံသည် စိတ်အစဉ်၌ ထင်ပေါ်လာလေသည်၊ ထိုအာရုံကို အာရုံပြု၍ စုတေပြီးနောက် သုဂတိဘဝ တစ်ခုခု၌ ပဋိသန္ဓေနေခဲ့မူ ထိုသူ၏ ဘဝဟောင်းက မရဏာသန္နကုသိုလ်ဇောသည် စေတီတော်တည်းဟူသော ကမ္မနိမိတ်ရူပါရုံကို အာရုံပြု၏၊ ဤအနက်သဘောကို -

၃။ " အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော"

ဟူသောပါဠ်ဖြင့် ပြတော်မူသည်၊ (ပဋ္ဌာန)

ထိုသူ၏ ဘဝသစ် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်တို့သည် ရှေးဘဝက မရဏာသန္နဇော ယူပေးအပ်သော စေတီတော်တည်းဟူသော ကမ္မနိမိတ် ရူပါရုံကိုပင် အာရုံပြုကြ၏၊ ဤအနက်သဘောကို -

၄။ "အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟူသောပါဠ်ဖြင့် ပြတော်မူသည်( ပဋ္ဌာန)

သဒ္ဒါရုံ ကမ္မနိမိတ်စသည် ထင်ပုံကိုလည်း ဤနည်းအတူ မှတ်ယူကြရာ၏၊

**ပစ္စုပ္ပန် ကမ္မနိမိတ်ထင်ပုံ**

ပုဂ္ဂိုလ်တစ်ယောက် သေခါနီးအခါ၌ မိဘဆွေမျိုး မိသင်္ဂဟတို့က ပန်းစသော ပူဇော်ဖွယ်များကို ယူလာ၍ "ဤ ပန်းစသော ပူဇော်ဖွယ်များကို မြတ်စွာဘုရားအား

www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်း ပူဇော်ပါ” ဟု ပြောကြ၏၊ လူမမာကလည်း မြတ်စွာဘုရားကို ရည်မှန်း၍ ပန်းစသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ဇောသည်၊ ကုသိုလ်ဇောများ အထပ်ထပ် စော နေလေသည်၊ ထိုကုသိုလ်ဇော်များကား ဘဝသစ် ပဋိသန္ဓေကျိုးကို ပေးမည့် အာသန္န ကံများ ဖြစ်ကြ၏၊ ယင်း ကုသိုလ်ဇောဝီထိများနှင့် တစ်ဆက်တည်းပင် စက္ခုဒွါရိက မရဏာသန္နဝီထိကျ၍ စုတေသွား၏၊ ထိုအခါ သေခါနီးဝယ် ပန်းစသည် ပူဇော်ခဲ့ သော အာသန္နကံ ကုသိုလ်စေတနာက နာနာက္ခဏိကကမ္မသတ္တိဖြင့် ဒုတိယဘဝ၌ ပဋိသန္ဓေ နာမက္ခန္ဓာ ကဋတ္တာရုပ်ခေါ်သော အတ္တဘောဖြစ်ပေါ်အောင် ကျေးဇူးပြု လိုက်လေသည်၊ ထို့ကြောင့် ပဋ္ဌာန်း ပဉှာဝါရ ကုသလတိက်၌-

၅။ “နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော”

မသေမီ ရှေးအတိတ်ဘဝက ပြုလုပ်ခဲ့သော နာနာက္ခဏိက ကုသိုလ်စေတ နာသည် ပစ္စုပ္ပန်ဘဝ ထိုသတ္တဝါသန္တာန်၌ ဝိပါက်ခန္ဓာ ကဋတ္တာရုပ်ခေါ်သော အတ္တ-ဘောကို ဖြစ်စေသောအားဖြင့် ကျေးဇူးပြုလေသည် ဟု ဟောတော်မူ၏။

ထိုပုဂ္ဂိုလ်၏ ဘဝဟောင်းက မရဏာသန္နဝီထိ၌ ပါသော စက္ခုဝိညာဏ်သည် ပန်းစသော ပစ္စုပ္ပန် ကမ္မနိမိတ်ရူပါရုံကို အာရုံပြု၏၊ ဤအနက်သဘောကို -

၆။ “ရူပါယတနံ စက္ခုဝိညာဏဿ အာရမ္မဏပစ္စယေနပစ္စယော” ဟူသောပါဠ်ဖြင့် ပြတော်မူ၏(ပဋ္ဌာန)

ထိုဝီထိ၌ပါသော မရဏာသန္နကုသိုလ်ဇောတို့သည်လည်း ဆိုခဲ့ပြီးသော ပန်း စသော ပစ္စုပ္ပန် ကမ္မနိမိတ်ရူပါရုံကိုပင် အာရုံပြုကြ၏၊ ဤအနက်သဘောကို ဆိုခဲ့ ပြီးသော(၃) အမှတ်ပြပါဠ်ဖြင့် ပြတော်မူ၏။

စက္ခုဝိညာဏ်နှင့် ဇောမှ ကြွင်းသော ပဉ္စဒွါရာဝဇ္ဇန်း စသောစိတ်များနှင့် ဘဝသစ် ပဋိသန္ဓေစိတ်တို့သည်လည်း ဆိုခဲ့ပြီးသော ပန်းစသော ကမ္မနိမိတ်ရူပါရုံ ကိုပင် အာရုံပြုကြ၏၊ ဤအနက်သဘောကို ဆိုခဲ့ပြီးသော (၄) အမှတ်ပြပါဠ်ဖြင့် ပြတော်မူ၏။

**မှတ်ချက်။** ။ ကံအာရုံဟူသည် ကုသိုလ် အကုသိုလ်ပြုစဉ် ဖြစ်နေသော စေတနာ ပြဋ္ဌာန်းသော ကုသိုလ် အကုသိုလ်စိတ်အစဉ်ကို ခေါ်သည်၊ ကမ္မနိမိတ် အာရုံဟူသည် ထိုစေတနာနှင့် စိတ်အစဉ် ဖြစ်ပေါ်စဉ်က တွဲဖက် အကြောင်းတစ်ခုဖြစ်သော ပန်း ဆီမီး ဖယောင်းတိုင် စားသောက်ဖွယ် စသော အာရုံကို ခေါ်သည်။

## ဂတိနိမိတ်ထင်ပုံ

၆၁။ ဂတိနိမိတ်ဟူသည် နောက်ဖြစ်ရမည့် ဘဝသစ်အာရုံများ ဖြစ်သည်၊ အရပ်တစ်ပါးသို့ သွားမည့်သူ၏ စိတ်ထဲ၌ မိမိသွားရောက်မည့် အရပ်မှ ထူးခြားသော

www.burmeseclassic.com

www.burmeseclassic.com



အာရုံဝတ္ထု တစ်ခုခုသည် ထင်ယောင်မြင်ယောင် ဖြစ်နေတတ်သည်၊ ဥပမာ ရန်ကုန်မြို့သို့ သွားမည့်သူ၏ စိတ်အစဉ်၌ ရန်ကုန်မြို့ရှိ မိမိ တည်းခိုမည့်အိမ်, ရွှေတိဂုံစေတီတော်စသော အာရုံများ ထင်ပေါ်နေတတ်သည်၊ ဤအတူပင် ဘဝတစ်ပါးသို့ လားရောက်ရမည့် ဘဝသစ်က အာရုံများလည်း ကံ၏အစွမ်းကြောင့် ထင်လာတတ်သည်၊ လူ့ဘုံရောက်မည့်သူ၌ နီသောအဆင်းရှိသော အမိစသည်, နတ်ပြည်ရောက်မည့်သူ၌ နတ်သမီး ဗိမာန်စသည်, ငရဲရောက်မည့်သူ၌ ငရဲမီး စသည်, တိရစ္ဆာန်ဖြစ်မည့်သူ၌ တောတောင်စသည်, ပြိတ္တာဖြစ်မည့်သူ၌ အမိုက်မှောင်စသည်တို့ ထင်လာတတ်သည်၊ ထို ထင်လာသောအခါ၌ -

"အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေနပစ္စယော၊ အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော" စသော ပဋ္ဌာန်းပါဠိတော်အရ လားရောက်ရမည့် ဘဝသစ်က ရူပါရုံ ဂတိနိမိတ်သည် မနောဒွါရိက မရဏာသန္နကုသိုလ်ဇော, အကုသိုလ်ဇောအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေးနေပေသည်။

ထိုဇော၌ စုတိကျ၍ ဘဝသစ်၌ ပဋိသန္ဓေစိတ် ဘဝင်တို့ဖြစ်သောအခါ၌လည်း ထို ပဋိသန္ဓေစိတ် ဘဝင်တို့သည် ရှေးဘဝက မရဏာသန္နဇော ယူပေးလိုက်သော ရူပါရုံ ဂတိနိမိတ်ကိုပင် အာရုံပြုကြသည်၊ ဤအနက်သဘောကို ဆိုခဲ့ပြီးသော (၄) အမှတ်ပြ ပါဠိတော်ဖြင့် ပြတော်မူသည်။

သေခါနီး အချို့ပုဂ္ဂိုလ်တို့သည် မြောမေ့နေတတ်ကြ၏၊ ထိုသို့ မြောမေ့နေစဉ်မှာလည်း ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတစ်ခုခုကို အာရုံပြုလျက် စိတ်အစဉ်ဖြစ်မြဲ ဖြစ်နေပေသည်၊ စိတ်အစဉ် မကျပဲ ပြက်စဲနေသည် မဟုတ်။

စိတ်စေတသိက် အစဉ်ဟူသည် အာရမ္မဏမျိုး ကြောင်းကျိုးဆက်, သဟဇာတမျိုး ကြောင်းကျိုးဆက်, ပုရေဇာတမျိုး ကြောင်းကျိုးဆက်တွေ မဖြစ်ဘဲ ဘယ်အခါမျှ မနေ၊ သဘာဝဓမ္မ Own-Being ခေါ်သော ဖြစ်စဉ်သည်ကား သတ္တဝါက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ သတိထားမိသည်ဖြစ်စေ၊ သတိ မထားမိသည် ဖြစ်စေ ဖြစ်၍နေသည်သာတည်း။

ဦးဥက္ကဋ္ဌသည် ဤကဲ့သို့ သိမ်မွေ့လေးနက်သော အဘိဓမ္မာပဋ္ဌာန်း ပါဠိတော်ကို မသိနားမလည်သောကြောင့် ဒီနိမိတ်တွေ အဘိဓမ္မာ ၇-ကျမ်းထဲမှာ မပါဘူးဟု ရှက်စရာစကား ခပ်ကြွားကြွား ပြောခဲ့မိသည်ကို ပဋ္ဌာန်းစာအုပ်ကိုမျှ မဖတ်တတ်ရှာသော သခင်မြတ်ဆိုင်တို့က ဝမ်းမြောက်ဝမ်းသာ လက်ခံယုံကြည့်ခဲ့ကြပေသည်၊ မသိမှုကား ဆိုးဝါးလေစွ။

၆၂။ "နိကာယ်တွေထဲက ဓမ္မစကြာနဲ့တိုက်ပြီး ရွေးထုတ်ရလို့ တဲ့၊ သုတ်တွေထဲက ငါးသုတ်လောက်ပဲ ငါ ကိုင်ထားလိုက်တယ်၊ အဋ္ဌကထာ ဋီကာတွေ ရှိသ

www.burmeseclassic.com

www.burmeseclassic.com



လောက်နဲ့ ငါ့ကို တိုက်ချင်တိုင်း တိုက်ကြစမ်းပါစေ၊ ကျွမ်းပြန်ကျမကုန်တော့ ငါ ပြောကွာ"

(ဦးဥက္ကဋ္ဌအပြော-လူသေလူဖြစ်ပြဿနာ-၃၅၃)

ဤကား ဦးဥက္ကဋ္ဌက မှောင်ထဲ၌ လက်သီးဆုပ်ပြခြင်းသာ ဖြစ်၏။ ပါဠိတော်များကပင် သင်္ဂြိုဟ်ဆရာဘက်က ရပ်နေပါပြီကော၊ ကျွမ်းထောင်ကျသူကား ဦးဥက္ကဋ္ဌသာ အမှန်ဖြစ်မည်။

တစ်ဖန် -

"အဋ္ဌကထာ ဋီကာဆိုတာတွေက ဘုရားဟောကို မှီးရေးတယ်လို့သာ ဆိုတာပဲ ရှိရဲ့၊ ဗုဒ္ဓဘုရား ဟောတာကလေး တစ်လုံးကို ကိုယ်လိုတဲ့ အနက်ထင်အောင် ကိုယ်လိုရာ ကိုယ်ဆွဲရေးတဲ့ သီဟိုဠ်စာရေးဆရာတွေရဲ့ ဉာဏ်တွေချည်းပဲ"

ဦးဥက္ကဋ္ဌသည် သခင်မြတ်ဆိုင်ရဲ့ လူသေလူဖြစ်ပြဿနာ စာအုပ် ၃၅၃-မှာပါတဲ့ အတိုင်း ပြောသည်မှန်ရင် သူအပြောသည် "ကိုယ်ချင်းစာ၍ ပြောခြင်း, ကိုယ်နှင့် နှိုင်း မရိုင်း" ဟူသော ပြောခြင်းသာ ဖြစ်ပေမည်၊ ဘုရားဟော ပါဠိတော်များကို သခင်မြတ်ဆိုင်နှင့် အတူ ဆရာတပည့်နှစ်ယောက် ဉာဏ်နီဉာဏ်နက်တွေနဲ့ ကိုယ်လိုရာ ကိုယ်ဆွဲရေးကြ ဟောကြတာတွေကား ဂဏန်းချပြ၍ပင် မရနိုင်အောင် ရှိတော့၏။

သင်္ဂြိုဟ်ဆရာ၏ မှီရာဖြစ်သော အဋ္ဌသာလိနီနှင့် သမ္မောဟဝိနောဒနီ အဘိဓမ္မာအဋ္ဌကထာကြီး နှစ်စောင်, မူလဋီကာနှင့် အနုဋီကာကြီးနှစ်စောင် မကွယ်သမျှ ဗုဒ္ဓအဘိဓမ္မာ ဘယ်တော့မျှ မကွယ်နိုင်အောင် ပါဠိတော်တွေကို သစ္စာရှိရှိ ယုတ္တိမှန်မှန်နှင့် အဝါအကြွားအဖြီးအဖြန်း မပါ သေချာစွာ ဖွင့်ဆိုထားသည်ဖြစ်၍ ဦးဥက္ကဋ္ဌကဲ့သို့သော ရုပ်ဝါဒီ အထောင်အသောင်း အသိန်းအသန်းတို့သာ ကျွမ်းပြန်၍ ကျမည် မလွဲတည်း။

ဦးဥက္ကဋ္ဌနှင့် တပည့်တို့သည် ဇနကကံ ဥပတ္ထမ္ဘကကံ စသော ကံ, ဒိဋ္ဌဓမ္မဝေဒနီယကံ စသောကံတို့ကို ပုဗ္ဗေကတဟေတုဒိဋ္ဌိ အမည်ပေးပြီး ပယ်ချထားကာ သင်္ဂြိုဟ်ဆရာကို အပြုတ်လှန်ပုံတို့ကို ရှေးအခန်း လူသေလူဖြစ် စောဒနာ အမှတ် (၂) ၌ ဖြေရှင်း ဆုံးဖြတ်ပြီး ဖြစ်၍ ဤနေရာ၌ မသုံးသပ်တော့ပြီ။

### သံဂါယနာ ၆-တန်ကို ပေါ့ပျက်သေးသိမ်အောင် ဟောပြောရေးသာချက်နှင့် စပ်၍ ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်ချက်

၆၃။ စောဒကပုဂ္ဂိုလ်တို့ တင်ပြချက်အရ ဦးဥက္ကဋ္ဌ၏ အစွဲပြုတ်တဲ့ကုတ်ရွေ နန်းတော် နှာ ၆၈-၉ ၌-

www.burmeseclassic.com

www.burmeseclassic.com



"သူတို့သည် မိမိတို့နှင့်သက်ဆိုင်သော မုခပါဌ်တော်များကို သံဂါယနာ အထပ်ထပ်တင်ခြင်းဖြင့် မွမ်းမံပြင်ဆင်ရန် ကြိုးပမ်းခဲ့ကြကုန်ပြီ၊ ဒါပေမယ်လို့ ထိုထို သံဂါယနာတင်ပွဲတို့ကို အယူသည်းခေါင်းမာသူ တယူသန်ပုဂ္ဂိုလ်ကြီးများက ကြီးစိုး လွှမ်းမိုးလျက်နေတဲ့အပြင် အမှားကိုပြင်ဆင်ရန် ထည့်ပါဌ်ကို နုတ်ပယ်ပစ်ရန်(ဝါ) ပိုဖျက် လိုစွက်ပြုလုပ်ရန် စွမ်းရည်သတ္တိ သူတို့မှာ အပြည့်အစုံမရှိခြင်းကြောင့် သူတို့ ၏ကြိုးပမ်းမှုများသည် စိတ်ကူးအဆင့်၌သာ စုတေခဲ့ကြရလေပြီ" ဤစကားကို တွေ့ရ ၏။

သံဂါယနာတင်ခြင်း၏ ရည်ရွယ်ချက်ကို စူဠဝါပါဠိတော် မှတ်တမ်းတွင် အဓမ္မဝါဒများ ခေါင်းမထောင်နိုင်အောင်, ဓမ္မဝါဒများ မတိမ်းမစောင်း ကောင်းစွာ တည်တံ့အောင် ရွတ်ဆိုသံဂါယနာတင်ကြမည်ဟု ဖော်ပြခဲ့သည်၊ ထိုရည်ရွယ်ချက် အတိုင်းပင် ပထမ, ဒုတိယ သံဂါယနာများကို တင်တော်မူခဲ့ကြသည်၊ ထိုတွင် ပထမ သံဂါယနာတွင် ပါဝင်ခဲ့သော ထေရ်ကြီးများကို ဒီပဝင် အခန်း(၄)၌ အောက်ပါ အ တိုင်း မှတ်တမ်းပြုစုထားခဲ့ကြသည်။

**ဂါထာ** (၇) မြတ်စွာဘုရား သာသနာတော်၌ ဓုတင်ဝါဒီတို့တွင် အတော်ဆုံးဖြစ်သူ အရှင်မဟာကဿပသည် လည်းကောင်း ဗဟုသုတပုဂ္ဂိုလ်တို့တွင် အ တော်ဆုံးဖြစ်သူ အရှင်အာနန္ဒာ, ဝိနယအရာ၌ ပညာရှိသော အရှင်ဥပါ- လိသည် လည်းကောင်း၊

(၈) ဒိဗ္ဗစက္ခု အဘိညာဉ်အရာ၌ အတော်ဆုံးဖြစ်သော အရှင်အနုရုဒ္ဓါ, ပဋိ ဘာန်ဉာဏ်ထူးလှသော အရှင်ဝင်္ဂီသ, ဓမ္မကထိကပုဂ္ဂိုလ်တို့တွင် အတော် ဆုံးဖြစ်သူ အရှင်ပုဏ္ဏ, ဆန်းကြယ်သောတရားစကားကို ပြောဟောတတ် သူ အရှင်ကုမာရကဿပသည် လည်းကောင်း၊

(၉) အကျယ်ခွဲဝေဖြေဆိုရာ၌ အတော်ဆုံးဖြစ်သူ အရှင်မဟာကစ္စည်း, ပဋိသ- မ္ဘိဒါအရာ၌ အတော်ဆုံးဖြစ်သူ အရှင်ကောဋ္ဌိကသည် လည်းကောင်း အခြားများစွာသော ဧတဒဂ်အရာ၌ထားခြင်း ခံရသူမထေရ်ကြီးတို့သည် လည်းကောင်း ပါရှိကြကုန်၏။

(၁၀) အဆိုပါထေရ်ကြီးများသည်လည်းကောင်း သူတော်ကောင်းဖြစ်ကြသော ရဟန်းကိစ္စပြီးပြီသူ အခြား ထေရ်ကြီးတို့သည်လည်းကောင်း ငါးရာသော ထိုထေရ်တို့သည် စုပေါင်းရွတ်ဆိုခြင်း ပြုအပ်သော ဓမ္မဝိနယသံဂါယနာ ကို ထေရဝါဒဟူ၍ ဆိုအပ်၏။

ဤဒီပဝံသမှတ်တမ်းအရ ပထမသံဂါယနာတွင် ပါဝင်သော မထေရ်ကြီးတို့ သည် ဦးဥက္ကဋ္ဌကဲ့သို့ အယူသည်းခေါင်းမာသူ တယူသန်များ မဟုတ်ကြပေ၊ ကိုယ်ပေ

www.burmeseclassic.com

www.burmeseclassic.com



သာမလိမ်း အပူငြိမ်းပြီးသော ထေရ်ကြီးများ ဖြစ်ကြပေသည်၊ ထိုရဟန္တာထေရ်ကြီးများအဖို့ အတ္တ အတ္တနိယ ဗြာဟ္မဏလမ်းစဉ်တွေကို ပြန်လည်အသက်သွင်း၍ ထေရဝါဒကျမ်းစာတွေထဲ ထည့်သွင်းဖို့ ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားခြင်း မပြုပဲ"နိကာယ်၏နိကာယ်"နှာ- ၆ ဗုဒ္ဓသာသနသမိုင်း ခေါင်းစဉ်အောက်တွင်လည်းကောင်း ဒေးဒရဲမြို့ကွင်းကျောင်းတိုက် အတွင်း၌ စိုက်ထူထားသော ကျောက်စာတိုင်တွင်လည်းကောင်း အောက်ပါအတိုင်း မမှန်မကန် ရေးထိုးထားသည်ကို တွေ့ရပေသည်။

"ဤအချက်သည် ပဌမသံဂါယနာတင်ပွဲကို ရဟန်းတော်အချို့ အာရုံပြုတော်မမူကြောင်း ထင်ရှားသည်၊ အဘယ့်ကြောင့်နည်း- အတိတ် အနာဂတ်တရားစုများ, အတ္တ အတ္တနိယစသော ဝိညာဏဝါဒ ပြန်ပါလာသောကြောင့် ဤပဌမသံဂါယနာတင်ပွဲ၌ မပါဝင်ရသော ကျန်သံဃာတော်တို့က အရှင်မဟာကဿပစသော ထေရ်ကြီးတို့ သံဂါယနာတင်ရာ သတ္တပဏ္ဏိလိုဏ်ဂူအနောက် တယူဇနာအကွာ ပဏ္ဏဝလိုဏ်ဂူ၌ အပြိုင် သံဂါယနာတင်ကြပြန်သည်"ဟူ၍ မဟုတ်မမှန် လုပ်ကြံရေးသားထားလေသည်။

တရုတ်မှတ်တမ်း၌ တွေ့ရသော 'ပဌမသံဂါယနာ စင်ပြိုင် တင်သည်'ဟူသော အဆိုသည် ယုတ္တိမရှိကြောင်း ဤဆုံးဖြတ်ချက် တနေရာ၌ စိစစ်ပြီးဖြစ်သည်၊ ဒုတိယသံဂါယနာတွင် ဝိနယကို ဆန့်ကျင်ဘက် ပြုကျင့်ကြသော ရဟန်းများ၏ အဓမ္မဝါဒီ အဖော်အပေါင်းကို စုပေါင်းစည်းရုံး၍ အပြိုင်သံဂါယနာတင်ကြောင်းကို လည်း အောက်၌ စိစစ်ပြီးဖြစ်သည်၊ ယခု တတိယသံဂါယနာနှင့် စတုတ္ထသံဂါယနာ အကြောင်းကို စိစစ်ဦးအံ့။

၆၅။ ဦးဥက္ကဋ္ဌအမှူးပြု၍ ဒေးဒရဲမြို့၌ ပြုလုပ်ကျင်းပသော ပဥ္စနိကာယ မဓ္ဓ- သာကစ္ဆာအဖွဲ့မှ ထုတ်ဝေသည့်"နိကာယ်၏ နိကာယ်"ခေါ် စာအုပ် နှာ-၉ ၌ အောက် ပါအတိုင်း ရေးသားထား၏။

"ဗုဒ္ဓဝါဒသည် အနတ္တကမ္မဝါဒဖြစ်၍ ဟိန္ဒူဗြာဟ္မဏဝါဒသည် အတ္တကမ္မဝါဒ ဖြစ်သော်လည်း အနတ္တနှင့် အတ္တဟူသော အခြေခံ ခြားနားချက်ကို မျက်ကွယ်ပြုကာ ကမ္မဝါဒဟူသော တူညီသည့်ဝေါဟာရ တစိတ်တဒေသကို ယူ၍ ဟိန္ဒူဗြာဟ္မဏဝါဒီဘုရားနှင့် ဗုဒ္ဓဝါဒီဘုရား အတူတူပင်ဟု ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ဝါဒဖြန့်ကြ၏၊ စာဏကျ စသော ဗြာဟ္မဏပညာရှင်ကြီးများကလည်း ဗုဒ္ဓဝါဒ အတွင်းသို့ ရောနှောထည့်သွင်းကာ ဗုဒ္ဓဝါဒအတွင်းက ဝင်၍ ဖျက်ဆီးကြလေသည်။

ဤ တတိယသံဂါယနာ၌ အပြိုင်ဟူ၍ ထင်ထင်ရှားရှားတင်ရန် အကြောင်း မပေါ်တော့ပေ၊ အဘယ့်ကြောင့်ဆိုသော် အသောကမင်းကြီးက အကွဲကွဲသော သံဃာများ၏ အလိုသို့ လိုက်၍ အများကြိုက်ဖြစ်စေရန် စုပေါင်းပြီး တင်လိုက်သော ကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒီဂိုဏ်းသားတို့က မကျေနပ်ကြသော်လည်း မင်းအာဏာကြောင့် မဆန့်ကျင်လိုသဖြင့် လိုက်လျောခဲ့ရ၏၊ ဤအမှား၏ဒဏ်သည် အစဉ်အဆက် သာသနာ့သမိုင်း တလျှောက်၌ အမွေခံခဲ့ရ၏"။ (ဒေးဒရဲမြို့၊ ကွင်းကျောင်းတိုက် အတွင်းရှိ ကျောက်စာတိုင်တွင်လည်း ဤစာပိုဒ်ကို ရေးထိုးထားလေသည်။)

အထက်ပါ ဦးဥက္ကဋ္ဌ ဦးဥဇ္ဇောတကတို့၏ အရေးအသားများသည် ဟုတ်သည် ထက်ပို၍ မိမိလိုသလို ဆွဲယူကာ ရှေးသံဃနာများကို အရှိန်အဟုန် မှဲ့စေရန် စေတနာယုတ်ဖြင့် ရေးသားထားသော အရေးအသားများ ဖြစ်လေသည်၊ အကြောင်းမူကား တတိယသံဃနာမတင်မီ ကာလက ယခု ဦးဥက္ကဋ္ဌတို့ကဲ့သို့ သာသနာတော်တွင်းသို့ မိစ္ဆာဒိဋ္ဌိအယူ အမျိုးမျိုးရှိသူတို့ ဝင်ရောက်ကာ အတွင်းမှနေ၍ ဖျက်နေစေကာမူ သာသနပါလက(သာသနာစောင့်) ထေရ်ကြီးများသည် မျက်ခြည်ပြတ်မခံပဲ သာသနာတော်ကို ကာကွယ်စောင့်ရှောက်တော်မူခဲ့သောကြောင့် ဖြစ်ပေသည်။

၆၅။ မှန်လှ၏- အသောကမင်းကြီး နန်းမတက်မီကနှင့် နန်းတက်ပြီးသော အချိန်ပိုင်း အတန်ကြာအောင်ပင် အပြင်မှ အယူဝါဒအမျိုးမျိုးတို့ဖြင့် ဗုဒ္ဓသာသနာတော်ကို ပုတ်ခတ်ထိပါးနေကြသော ဗြာဟ္မဏတို့သည်လည်းကောင်း စား၊ ဝတ်၊ နေရေး ပြေလည်မှုမရကြ၍ အယောင်ဆောင် သင်္ကန်းဝတ် ခေါင်းရိတ်လျက် မြောက်များလှစွာသော ဗုဒ္ဓတပည့်သား ရဟန်းတော်များကြားတွင် တိုးဝင်နေထိုင်ကာ အတွင်းမှ ဖျက်ဆီးနေကြသော အချောင်သမား လူတန်းစား အမျိုးမျိုးသည် လည်းကောင်း အမှန်ပင် ရှိနေကြ၏၊ ထိုအကြောင်းကို မဟာဝင်က လည်းကောင်း သမန္တပါသာဒိကခေါ် ပါရာဇိကဏ် အဋ္ဌကထာကလည်းကောင်း မကွယ်မဝှက် ပွင့်လင်းစွာ ရေးသားထားခဲ့ကြ၏။

ယင်းသို့ အပြင်ရော အတွင်းပါ အဖျက်အဆီး အနှောင့်အယှက်တွေရှိနေကြသော်လည်း ရဟန်းတော်တို့သည် အမှုမဲ့ အမှတ်မဲ့ နေကြသည် မဟုတ်၊ ဘယ်သင်းက အစစ် ဘယ်ဟာက အတုဟု ကောင်းကောင်းကြီး သိတော်မူခဲ့ကြ၏၊ သံဃာအများ ဥပုသ်ပြုမည်ကြံလျှင် သံဃာတုတွေက ဥပုသ်အိမ် သိမ်အတွင်း ရောက်နှင့်နေကြ၏၊ ကံကြီး ကံငယ်တခုခု ပြုမည်ကြံလျှင် သူတို့ အယင်သိ၍ နေရာယူနှင့်ကြ၏၊ သံဃာတော်များသည် အခြေမလှပုံကို သိသောကြောင့် အန္တရာယ် ၁၀-ပါးတွင် ဗြဟ္မစရိယ၏ အန္တရာယ်ကို မြင်တော်မူသဖြင့် ဥပုသ်မပြုပဲ ပဝါရဏာမပြုပဲ ခုနစ်နှစ်တိုင်တိုင် နေတော်မူခဲ့ကြ၏၊ ဤသို့ သတိသမ္ပဇဉ်ရှိကြသော ရဟန်းတော် သံဃာတော်များသည် ဗြာဟ္မဏဝါဒ မိစ္ဆာအယူတို့ကို အဘယ်မှာလျှင် အရောအနှော ခံကြမည်နည်း၊ သတိသမ္ပဇဉ်ကြီးမားတော်မူလှ၍ သာသနာတော်ကို အသက်နှင့်ထပ်တူ မြတ်နိုးတော်မူကြသော သံဃာ့ထေရ် အရိယာပုဂ္ဂိုလ်ကြီးများ အထင်အရှား ရှိတော်မူကြသည်၊ နောင်အခါ အသောကမင်းကြီးသည် အခြေအနေအရပ်ရပ်ကို သိတော်မူ၍ ဝိဘဇ္ဇ

www.burmeseclassic.com

www.burmeseclassic.com



ဝါဒနှင့် အညတိတ္ထိယဝါဒ ကွဲပြားခြားနားအောင် သင်ကြားလေ့လာကာ သာသနာတော်ကို သန့်ရှင်းအောင် အပန်းတကြီး အားထုတ်တော်မူခဲ့ရသည် မဟုတ်လော။

၆၆။ ဘိုးတော်စန္ဒဂုတ်မင်းကြီး လက်ထက်၌ တိုင်းပြုပြည်ပြု ဘုရင့်အတိုင်ပင်ခံဖြစ်သော စာဏကျအမတ်ကြီးသည် ကောဋိလျ အမည်ဖြင့် အတ္ထသတ္ထနိုင်ငံအုပ်ချုပ်ပုံ ကျမ်းကြီးတစောင် Kautilya's Arthasastra ရေးသားခဲ့သည်၊ မှန်၏-ယင်းကျမ်းကြီး၏ အဓျာယ အခန်း(၂)၌ သမဏ, ပရိဗ္ဗာဇက(ဗုဒ္ဓဝါဒီရဟန်းနှင့် အခြားရဟန်း) များ အကြောင်းကို ရေးသားခဲ့သည်၊ အဓိပ္ပါယ်မှာ အဆိုပါ သမဏ, ပရိဗ္ဗာဇကတို့ အဘယ်ကိစ္စမှာ ပါဝင်သင့် အဘယ်နေရာ၌ မပါဝင်သင့် စသည်ဖြင့် ကဏ္ဍခွဲခြားချက်မျိုးမျှသာ ဖြစ်၏၊ ဘာသာရေးစည်းနှင့် နိုင်ငံရေးစည်း ခြားပေးခြင်းသာ ဖြစ်သည်၊ အမှန်မှာ (မနုဿတိ)* ကဲ့သို့သော ဝေဒ၏ အခြံအရံကျမ်းများ ခေတ်မမီတော့၍ မြန်မာနိုင်ငံ မင်းတုန်းမင်း လက်ထက် ယောအတွင်းဝန်မင်းကြီးစီရင်သော ရာဇဓမ္မ- သင်္ဂဟကျမ်းကဲ့သို့ ခေတ်နှင့်လျော်အောင် နိုင်ငံကို ပြင်ဆင်ရေး ကျမ်းကြီးတစောင် ပြုခဲ့ပေသည်၊ သာသနာတော်တွင်းသို့ ဝင်ရောက်နှောက်ယှက်ကြောင်း အထောက်အထား ဘာမျှမတွေ့ရသောကြောင့် "Evidence is not given for that matter." ဒီအချက်ကို ထောက်ခံသည့်သက်သေမရဟူ၍ E.J.Thomas ဆိုသလို ဆိုရမည်ဖြစ်သာ ဖြစ်၏။

၆၇။ "အသောကမင်းကြီးသည် အကွဲကွဲသော သံဃာများ၏ အလိုသို့လိုက်၍ အများအကြိုက်ဖြစ်စေရန် စုပေါင်းပြီး တင်လိုက်သောကြောင့် ဖြစ်သည်" ဤကား ဦးဥက္ကဋ္ဌနှင့်တပည့် သာဝကတို့ အကြိမ်ကြိမ်ရေးသား စော်ကားနေကြသော စကားဖြစ်သည်၊ (နိကာယ်၏နိကာယ် နှာ-၉၊ ဗုဒ္ဓသာသနသမိုင်းစာစောင် အကျဉ်း နှာ-၁၄၊ ဒေးဒရဲမြို့ ကွင်းကျောင်းတိုက်အတွင်း စိုက်ထူထားသော ကျောက်တိုင်ရှိ အနောက်ဖက် မျက်နှာ မှ စာ)

အသောကမင်းကြီးသည် အများကြိုက်ဖြစ်စေရန် ယခုကဲ့သို့ စုပေါင်းတင်လိုက်သော အကြောင်းအရာကို သာသနာတော်ကျမ်းများတွင် လည်းကောင်း ကျောက်စာနှင့်တကွ လောကီမှတ်တမ်းစာအုပ်များ၌ လည်းကောင်း ယနေ့ထိ မတွေ့ရပေ၊ ပညာရှိတို့ သဘောလက္ခဏာကား ထူးခြားသော အကြောင်းအရာ ကွဲလွဲသော အချက်ရှိလျှင် ခိုင်လုံသော အကိုးအကား အထောက်အထား ပြ၍ ရေးသားမြဲ ဖြစ်သည်၊ ဦးဥက္ကဋ္ဌတို့၏ နိကာယ်၏ နိကာယ်စာအုပ်, ဤသာသနသမိုင်းစာတမ်းတို့ကား အကိုးအကား မဖော်ပြ၊ ငါ့ စကားနွားရ ကြမ်းပိုးကို လိပ်ဖြစ်အောင် စကားနိုင်လုပြောရသော စကားရည်လုပွဲမျိုး ကဲ့သို့သာ ဖြစ်၏၊ တနည်း အရှူးအနှမ်းပြောသော စကားကဲ့သို့သာ ရှိပေတော့၏။

---

*-မူးရင်းစာ "လူသေလူဖြစ် ဝိနိစ္ဆယ" နှာ (၆၈၄) ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



၆၈။ တဖန်လည်း "ထေရဝါဒီဂိုဏ်းသားတို့က မကျေနပ်ကြသော်လည်း မင်းအာဏာကြောင့် မဆန့်ကျင်လိုသဖြင့် လိုက်လျောခဲ့ရ၏၊ ဤအမှား၏ဒဏ်သည် သာသနာ့သမိုင်းတလျှောက်၌ အမွေခံခဲ့ရ၏" ဟု ဆိုလိုက်သေးသည်။

အရှင်မောဂ္ဂလိပုတ္တတိဿကဲ့သို့သော ရဟန္တာကြီးများကို စော်ကားလိုက်သော စကားသည်သာ ဖြစ်၏၊ ဓမ္မမဟုတ်သည်ကို ဓမ္မဟုဆိုမည့်အစား အသေခံသွားမည့် အရိယာများဖြစ်၏၊ မင်းအာဏာကို ကြောက်သောကြောင့် မင်းနှင့် ဆန့်ကျင်ရမှာစိုး၍ ထိုအရိယာ ပုဂ္ဂိုလ်ကြီးများသည် မတော်မတရား ကျောက်အရောရော သဲအရောရော သံဂါယနာတင်ဖြစ်ခဲ့ကြသည်ဟု ဆိုရက်ဆိုဝံ့သည်မှာ အလွန် အံ့သြစရာကောင်းလှ၏၊ သံဂါယနာကိစ္စသည် ရဟန်းတော် သံဃာတော်တို့၏ အလုပ်ဖြစ်သည်၊ မင်းနှင့်မည်သို့မျှ မဆိုင်၊ မင်း၏အထောက်အပံ့ကို ရယူခြင်းကား နေရာထိုင်ခင်း ဆွမ်းကွမ်းနှင့်တကွ လုံခြုံရေးစသော အပြင်အပ ကိစ္စအတွက်သာ ဖြစ်၏၊ ဓမ္မဟုတ်သည် မဟုတ်သည်ကို စိစစ်၍ ဤကား ဓမ္မ, ဤကား ဝိနယဟု ဓမ္မဝိနယတို့ကို စိစစ်ပြီးမှ ပေါင်းစုရွတ်ခြင်း သံဂါယနာတင်ခြင်းသည် သံဃာတော်တို့၏ ကိစ္စဖြစ်သည်၊ တင်ပြီးနောက်လည်း ထိုခေတ် ထိုအခါ၌ ပေါ်ပေါက်၍ နေသော ဓမ္မရေးရာ အရှုပ်အထွေးတို့ကို နောင်လာနောင်သားများအတွက် ကထာဝတ္ထုကျမ်းကြီးကို ဟောထားတော်မူခဲ့သည်၊ ဤကျမ်း၌ပေးသော အဆုံးအဖြတ်တို့မှာလည်း ဗုဒ္ဓစကားတော်ကို ကိုယ်ထည်ပြု၍ ဗုဒ္ဓပေးတော်မူခဲ့သည့် နည်းလမ်းအတိုင်းသာ ဖြစ်ပေသည်၊ ထို့ကြောင့် အဘိဓမ္မာခုနစ်ကျမ်းတွင် တကျမ်းအဖြစ် စာရင်းတင်တော်မူခဲ့ခြင်း ဖြစ်သည်၊ ဤဆောင်ရွက်တော်မူချက်မှ ဖြစ်ပွားလာသော အသီးအပွင့်တို့ကို ယနေ့တိုင်အောင် တောင်ပိုင်း ထေရဝါဒသာသနာမှာသာမက မြောက်ပိုင်း မဟာယာနသာသနာမှာလည်း ခံစား စံစားလျက်ပင် ရှိကြပေသည်၊ ပြဿနာတရပ်ရပ်ကို ကထာဝတ္ထုအဆိုနှင့်ညှို၍ ဆုံးဖြတ်ကြရပေသည်၊ သို့ကလောက် ကြီးကျယ်သော ကောင်းမွေကြီးကို ဆိုးမွေကြီး ဖြစ်လေဟန်-

> "ဤအမှား၏ဒဏ်သည် အစဉ်အဆက် သာသနာ့သမိုင်းတလျှောက်၌ အမွေခံခဲ့ရ၏"-

ဟု ဆိုခဲ့ကြ၏၊ ဤအဆိုသည် လူတို့၏ဉာဏ်မျက်စိထဲသို့ သံသယနှင့် အမှားတည်းဟူသော သဲကိုပက်လိုက်ခြင်းသာ ဖြစ်၏၊ ပညာရှိတို့၏ အလယ်၌ အလွန် ရှက်ဖွယ်ကောင်းလေစွ။

၆၉။ ထို့ပြင် သီဟိုဠ်ကျွန်းသာသနာကိုလည်း ဂုဏ်သိန်ပျက်စေလိုသောကြောင့် တတိယသံဂါယနာတင်၏ အမှားကို သီဟိုဠ်ကျွန်းက ဆက်၍ခံယူပုံ, အိန္ဒိယမှ သီဟိုဠ်ကျွန်းသို့ ဂိုဏ်းအမျိုးမျိုး ဝင်ရောက်လာသဖြင့် ပိုမိုရှုပ်ထွေး၍ သွားပုံ, ကျွန်းသားရဟန်းတော်များ၏ လက်ချက်ကြောင့် ယက်ချည်ထက် ချုပ်ချည်က

www.burmeseclassic.com



များနေပုံ စသည်ဖြင့် ဟုတ်သည်ထက် အဆမတန် ပိုမိုချဲ့ကား၍ မြန်မာနိုင်ငံ သာသနာထိ ဂုဏ်ပျက်သရေပျက် ဖျက်ဆီးလျက် ဆိုခဲ့ကြသည်မှာ-

"သီဟိုဠ်သို့ရောက်လာသော ပိဋကတ်သည် တတိယသံဂါယနာမှ အတည်ပြုခဲ့သော ဒေသနာများပင်ဖြစ်ရာ မူလကပင် ဂိုဏ်းအမျိုးမျိုးတို့၏ အဆိုအမိန့်များ အယူအဆများ ရောထွေးယှက်တင် ပါဝင်လျက်ရှိနေရာ နောက်ထပ် ပိဋကတ် ဆောင်စာပေပညာရှင်တို့၏အဖွင့် သံဝဏ္ဏနာ, အဋ္ဌကထာ, ဋီကာစသည်တို့က ထပ်လောင်း၍ ကွန့်လိုက်ကြပြန်သဖြင့် ပို၍ပင် ရောထွေးကာ ဗုဒ္ဓ၏ အနတ္တဓမ္မ များ မှေးမှိန်ခဲ့ရပြန်သည်"ဟု နိကာယ်၏ နိကာယ် နှာ ၁၀-၌ လည်းကောင်း ဗုဒ္ဓသာသနာသမိုင်း နှာ ၁၆-၌ လည်းကောင်း ဦးဥက္ကဋ္ဌကိုယ်တိုင်နှင့်တကွ အခြား နောက်လိုက်တို့၏ ပဥ္စနိကာယ ဓမ္မသာကစ္ဆာအဖွဲ့ဝင် စသူတို့က (သွားပုပ်လေလွင့်) ဆိုခဲ့ကြသည်၊ ဤနေရာ၌ သီဟိုဠ်ကျွန်းသား သာသနာစောင့် သာသနာပြု ရှေးဆရာတော်ကြီးများ၏ ဗုဒ္ဓသာသနာတော်ကို အသက်ပမာ မြတ်နိုးကာကွယ် စောင့်ရှောက်ခဲ့ကြပုံကို အကျဉ်းမျှ ပြလိုပေသည်။

၇၀။ ဘီစီ ၅၀မှ ၄၃ အထိ ဗြာဟ္မဏတိဿ ခိုးသူကြီးဟု သမိုင်းတွင် ထင်ကျန်ရစ်ခဲ့သော ဗြာဟ္မဏအမျိုးသား တိဿသူပုန်ကြီးကြောင့် သီဟိုဠ်ကျွန်း တစ်ကျွန်းလုံး မင်းနှင့်ပြည်သူ ရှင်လူအများတို့ အလွန် အတိဒုက္ခရောက်၍ ဖရိုဖရဲ ဖြစ်နေကြစဉ် အိန္ဒိယတောင်ပိုင်းမှ တမိလ်လူမျိုး သူပုန်ခေါင်းဆောင် ၇-ဦးတို့လည်း သီဟိုဠ်ကျွန်းသို့ ဝင်ရောက်တိုက်ခိုက် လုယက်သတ်ဖြတ်၍ နေစဉ် မိုးခေါင် ရေရှားခြင်း ငတ်မွတ်ခေါင်းပါးခြင်းဟူသော ဘေးရန်ကြီးကလည်း ဆယ့်နှစ်နှစ် ကြာမျှ ဆက်လျက်ပင် ကျရောက်လျက်ရှိနေသော အချိန်အခါ ဖြစ်သည်၊ ထိုအချိန်သည် တိုင်းပြည်ကို အုပ်ချုပ်လျက်နေသော ဝဋ္ဋဂါမဏိမင်းပင် ရင်မဆိုင်ရဲ လောက်အောင် အင်အားနည်းပါးနေသည် ဖြစ်၍ ရှောင်ပုန်းနေရသော အချိန်အခါ လည်း ဖြစ်သည်၊ သမ္မောဟဝိနောဒနီ အဋ္ဌ ကထာအဆိုအရ သိကြားမင်းကပင်

"မယာ ဘန္တေ ဥပ္ပန္နော စောရော န သက္ကာ ပဋိဗာဟိတုံ၊ သံဃော ပရသမုဒ္ဒံ ဂစ္ဆတု၊ အဟံ သမုဒ္ဒါရက္ခံ ကရိဿာမိ"

အရှင်ဘုရားတို့ ယခုဖြစ်ပေါ်နေသော ခိုးသားသူပုန်ကို တပည့်တော် မတားဆီးနိုင်ပါ၊ သံဃာတော်များ သမုဒ္ဒရာတစ်ဘက် အိန္ဒိယသို့ ကြွတော်မူကြပါ၊ တပည့်တော်က သမုဒ္ဒရာတွင်းမှာ ဘေးမသီ ရန်မခအောင် စောင့်ရှောက်ပါမည်ဟု လျှောက်ထားရပေသည်၊ ဤမျှလောက် တိုင်းသူပြည်သား လူအများတို့ ကံဆိုး မိုးမှောင်ကျလျက်ရှိစဉ် သာသနာတော်သည်လည်း ထောက်ပံ့မည့်သူ ကူညီမည့် ဒါယကာ မရှိ၍ အလွန် မျက်နှာပန်းမလှ အောက်တန်းကျသော အခြေနေသို့ ရောက်၍ နေဆဲဖြစ်သော အခါကြီးပင်၊ သာသနပါလက (သာသနာစောင့်) မထေရ်ကြီးများ၏ အမှော်

www.burmeseclassic.com

www.burmeseclassic.com



အမြင်ကြီးစွာဖြင့် စောင့်ရှောက်ပုံကို ရှုပါလော့။

၇၁။ သောင်းနှစ်ထောင်ခန့် သံဃာတော်တို့သည် အိန္ဒိယဘက်သို့ ကူးသွား၍ ရေကြည်ရာ ဝမ်းပြည့်ရာအရပ်၌ ပျော်သလို နေကြရစဉ် ကျန်ခဲ့သော ၆-ကျိပ်မျှသော ရဟန်းတော်တို့သည် "ငါတို့ အသက်နှင့် ကိုယ် တည်မြဲသမျှ ငါတို့ ဆောင်၍ထားသော အဋ္ဌကထာဋီကာနှင့် တကွ ပါဠိတော်များကို တစ်လုံးတစ်လေမျှ အကျအပေါက် အယိုအဖိတ် မရှိရအောင် အစွမ်းကုန် စောင့်ထိန်းကြမည်" ဟု သန္နိဋ္ဌာန် ခိုင်ခိုင်ချလျက် ရသမျှသော အသီး၊ အခေါက်၊ အရွက်တည်းဟူသော အာဟာရဖြင့် မျှတတော်မူလျက် ထိုင်နိုင်သော အချိန်အခါ ထိုင်၍လည်းကောင်း၊ မထိုင်နိုင်လောက်အောင် ပင်ပန်းလာသောအခါ အိပ်၍လည်းကောင်း ဤပိဋကတ်စာပေများကို အစမှ အဆုံး၊ အဆုံးမှ အစ ခေါက်တုံ့ခေါက်ပြန် အဖန်ဖန်အထပ်ထပ် စိတ်မှတ်ဖြင့်ပင် ပြန်လှန်သုံးသပ်တော်မူကြရ၏၊ တစ်ခါတရံတွင် လူတို့က မယ်ဇယ်သီးအဆံများကို ချွတ်၍ အခွံကို ပစ်သွားကြရာ ထိုအခွံကိုပင် အကပ်ခံ၍ ရေစိမ်ကာ ဘုဉ်းပေးတော် မူကြရသည်။

ကုမုဒြာကြာပန်းတွေကို ခူးဆွတ်ကြ၍ ကြာစွယ်ကြာရင်းများကို လူတို့က စွန့်ပစ်ခဲ့ကြရာတွင်လည်း အကပ်ခံဆေးကြော၍ သပိတ်ထဲထည့်ကာ ဘုဉ်းပေးတော်မူကြရသည်၊ ရွတ်အံသရဇ္ဈာယ်တော်မူနေကြသော ရဟန်းတော်များအား ဆက်ကပ်ကာ မျှတစေကြရသည်၊ ချင်ရွေးပင် တောင့ကျ်ပျောပင် အခွံအခေါက်များကို ဘုဉ်းပေးတော်မူကြရသည်၊ ဤကဲ့သို့ ခန္တာကမ္မဇရုပ်ကို မပျက်မစီးစေရန် တစ်ဘက်မှ ထိန်းလျက် ပိဋကတ်တော်များကို မေ့လျော့ပျောက်ပျက်၍ မသွားစေရန် စောင့်ထိန်းတော်မူခဲ့ကြရလေသည်၊ အနုရာဓမြို့တော်၌ ရှိသော ကျောင်းအဆောက်အအုံများသည်လည်း ကျီးနှင့် ဖုတ်ဖုတ် ရှိနေတော့ရာ အစာရေစာရနိုင်သော နေရာသို့ လူများ ပြောင်းရွှေ့သွားကြသောအခါ ရဟန်းတော်များသည်လည်း ထို ကျောင်းတော်ကြီးများကို စွန့်ပစ်ကာ လူတို့ပြောင်းရွှေ့ရာ တောင်ပေါ် ဒေသများသို့ လိုက်ပါပြောင်းရွှေ့ကြရသည်၊ နေ့ဘက်တွင် အရိပ်ကောင်းသော နေရာများ၌ နေခို၍ ညဘက်တွင် သဲသောင်ကမ်းခြေများ၌ ဆာလောင်မွတ်သိပ်ခြင်း ဒဏ်ကို အအေးဓာတ်ဖြင့် ဖြေဖျောက်၍ အောင့်အည်းသည်းခံကာ နေတော်မူခဲ့ကြသည်၊ မြင့်မြတ်သော နှလုံးသွင်းအားလျော်စွာ စာပေများ မပျောက်ရေးကို မည်မျှ အရေးပေးတော်မူခဲ့ကြသည်ကို တွေး၍ကြည့်လျှင် အလွယ်နှင့်ပင် သိနိုင်လောက်ပေသည်။

၇၂။ ငတ်မွတ်ခေါင်းပါးခြင်း ဘေးကြောင့် လူရောရဟန်းပါ သေဆုံး ကွယ်လွန်ကြသည့်အနက် ကိုယ့်တာဝန်နှင့်ကိုယ် ပိဋကတ်ကို ဆောင်တော်မူခဲ့ကြသော မထေရ်ကြီးများ အမြောက်အများပင် ကွယ်လွန်ရာတွင် ပါတော်မူသွားကြပေသည်၊ ၁၂-နှစ်ကြသောအခါ ဘီစီ ၂၉ မှ ၁၇အထိ ဝဋ္ဋဂါမဏိမင်းသည် ငတ်မွတ်ခေါင်းပါးခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဘေးအပြီး မိုးလေဝသ ရာသီဥတုများ ပြန်လည်ကောင်းမွန်လာ၍ သီဟိုဠ်ကျွန်းကြီး တကျွန်းလုံးကို ပြန်လည်ပြုပြင်ရေး လုပ်ငန်းလုပ်ဆောင်ချိန် ကျရောက်လာသဖြင့် ထီးနန်းကိုပြန်ယူကာ လူမျိုးနှင့် သာသနာ ကယ်တင်ခြင်းတာဝန်ကို ပြည့်စုံစွာ ခံယူလေသည်။

မဟာဝံသကျမ်း၌ တမိလ်လူမျိုး သူပုန်ကြီးများ ဝင်ရောက်တိုက်ခိုက်ခြင်းကို ကမ္ဘည်းမတင်ခဲ့သော်လည်း ဗြာဟ္မဏတိဿ ခိုးသူကြီးကို ယင်းတမိလ်သူပုန်များက ပင် သတ်ဖြတ်လိုက်ကြောင်း အခြား သီဟိုဠ်သမိုင်းများအရ သိရသည်၊ တမိလ်သူပုန် တစ်ယောက်က ဝဋ္ဋဂါမဏိဘုရင်၏ မိဖုရားကြီး သောမာဒေဝီကို သယ်ဆောင်၍ ပြေးလေသည်၊ အခြားတစ်ဦးက မြတ်စွာဘုရား၏ သပိတ်တော်ကို ယူ၍ ကျေနပ်စွာ ပြည်တော်ပြန်လေသည်၊ ဝဋ္ဋဂါမဏိမင်း ထွက်ပြေးတိမ်းရှောင်နေစဉ် ကျန်တမိလ် ငါးယောက်တို့သည် သီဟိုဠ် ထီးနန်းကို ဆက်ကာဆက်ကာ ခံယူအုပ်စိုးကြသည်၊ တစ်ဦးကိုတစ်ဦး သတ်၍ နောက်ဆုံး ပဉ္စမမြောက် တမိလ်သူပုန်ကြီး ကျန်ရှိသော အခါ ယင်းကို ဝဋ္ဋဂါမဏိမင်းက သုတ်သင်ဖျောက်ဖျက်၍ တစ်နိုင်ငံလုံးကို မိမိ အာဏာအောက်သို့ သိမ်းသွင်းယူလိုက်လေသည်။

BURMESE CLASSIC .com

၇၃။ အခြေအနေများကား တဖြည်းဖြည်း ပြန်လည်ကောင်းမွန်စ ပြုလာပြီဖြစ်၍ ဝဋ္ဋဂါမဏိအဘယမင်းသည် တိုင်းပြည်နှင့် သာသနာတော်ကို ထိုက်သလောက် ပြုပြင်ချီးမြှောက်လေသည်၊ အိန္ဒိယပြည်မှ ပြန်လာသော ရဟန်းတော်များသည်လည်း မိမိတို့၏ သာသနာရေး လုပ်ငန်းတာဝန်များကို အသီးအသီး ဆက်လက် ဆောင်ရွက် နေကြပေသည်၊ ထိုအကြောင်းကို ကြားသိရသောအခါ အဆိုပါ ခြောက်ကျိပ်သော ရဟန်းတော်တို့သည် နေပြည်တော်သို့ ပြန်လာကြ၍ မိမိတို့ ဆောင်ထားသော ပိဋ ကတ်ကို အိန္ဒိယပြန် ရဟန်းတော်များနှင့် နှီးနှောတိုက်ဆိုင်၍ ကြည့်ကြလေရာ တလုံး တပါဒမျှ တိမ်းယိမ်းဖောက်ပြန်ခြင်းမရှိ၊ ပကတိအတိုင်း ညီညွတ်၍နေသည်ကို တွေ့ ကြရသဖြင့် ဝမ်းမြောက်ကြည်နူးမှုကား နှိုင်းယှဉ်တိုင်းတာစရာပင် မရတော့ပါချေ။

၇၄။ သို့ရာတွင် ပါရာဇိကဏ် အဋ္ဌကထာ၌ မှတ်တမ်းတင်ထားသော အဖြစ် အပျက်ကလေးတစ်ခုသည်ကား သာသနာသမိုင်းတွင် တင်လျက်ကျန်ရှိနေပေသည်၊ မဟာတိဿထေရ်က မဟာရက္ခိတထေရ်ကို "ငါ့ရှင်- ဤမည်သော ရဟန်းထံမှ မဟာ နိဒ္ဒေသကို သွား၍ သင်ပါလေ၊ သင်ကား မှတ်ဉာဏ်အလွန်ကောင်းသောသူ ဖြစ်ပေ သည်၊ မဟာနိဒ္ဒေသကို ဆောင်ထားသောမထေရ်ကြီးများသည် ဘေးဆိုးကြီးတွင် လွန်တော်မူခဲ့ကြသဖြင့် ပျောက်လုနီးပါးဖြစ်နေသော ထိုမဟာနိဒ္ဒေသကို သင် တာဝန် ယူပါချေ"ဟု ဆိုကာ တိုက်တွန်းလေသည်၊ "တပည့်တော် မသွားလိုပါ၊ မသင်ယူလိုပါ၊ ထိုမထေရ်သည် သီလမရှိ၊ ယုတ်မာသော ထေရ်ဖြစ်ပါသတဲ့"ဟု ပြန်လည်လျှောက် ထားသောအခါ "ငါ့ရှင် သင်သွား၍သာ သင်ယူလော့၊ သင်၏အနီး၌ ငါထိုင်၍

www.burmeseclassic.com

www.burmeseclassic.com



နေမည်"ဟုဆိုမှ မဟာဓမ္မရက္ခိတထေရ်သည် ထိုမထေရ်ထံသွား၍ သင်ယူလေသည်၊ နေ့ရောညပါ သင်ယူပြီးသည့် အဆုံး၌ ခုတင်ညောင်စောင်းအောက်မှ မာတုဂါမတစ်ယောက် ထွက်လာသည်ကို မြင်သောအခါ "ဤအကြောင်းကြောင့်ပင် တပည့်တော် ဤမထေရ်အထံ၌ မသင်ယူလိုခဲ့ခြင်း ဖြစ်ပါသည်ဘုရား"ဟု ပြန်၍လျှောက်လေသည်၊ မည်သို့ရှိစေ ထို မဟာဓမ္မရက္ခိတထေရ်၏ အားထုတ်မှုကြောင့် မဟာနိဒ္ဒေသကျမ်းကြီး မပျောက်မပျက်ပဲ အသက်ဝင်၍နေသဖြင့် ထိုမဟာဓမ္မရက္ခိတထေရ်မှ များစွာသော ထေရ်ကြီးတို့သည် ဆက်လက်သင်ယူကာ ယင်း မဟာနိဒ္ဒေသကို စဉ်ဆက်မပြတ် ဆောင်ထားတော်မူနိုင်ကြပေသည်။

## သီဟိုဠ်ကျွန်းတွင် အက္ခရာစာတင်၍ ရေးခြင်းနှင့် စတုတ္ထသံဂါယနာတင်ခြင်း

၇၅။ ယင်းသို့လျှင် ကြောက်မက်ဖွယ်ကောင်းသော ဘေးဆိုးကြီးကြုံကြိုက်လိုက်ရသဖြင့် သာသနာစောင့် ထေရ်ကြီးများသည်"ဤနည်းအတိုင်း နှုတ်လွတ်ဆောင်ရုံမျှဖြင့် သာသနာ ကြာရှည်တည်မည်မဟုတ်၊ ပေထက်အက္ခရာတင်၍ ထားမှ ကြာရှည်လေးမြင့် တည်တော့မည်"၊ ဤသို့ စဉ်းစားတော်မူကြသည်၊ ဤအကြောင်းကို မဟာဝံသ အခန်း-၃၃၊ ဂါထာနံပါတ် ၁၀၀-၁၀၁ ၌လည်းကောင်း၊ ဒီပဝံသ အခန်း-၂၀၊ ဂါထာ ၂၀ မှ ၂၁-၌လည်းကောင်း ဤသို့ မိန့်ဆိုထားလေသည်။

ပိဋကတ္တယပါဠိံ စ၊ တဿ အဋ္ဌကထမ္ပိ စ။
မုခပါဌေန အာနေသုံ၊ ပုဗ္ဗေ ဘိက္ခုမဟာမတီ။
ဟာနိံ ဒိသွာန သတ္တာနံ၊ တဒါ ဘိက္ခူသမာဂတာ။
စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ပေါတ္ထကေသု လိခါပယုံ။

BURMESE CLASSIC .com

## မြန်မာပြန်

ကြီးမားသော ပညာရှိသော ရဟန်းတော်တို့သည် ရှေးအခါက ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာကို နှုတ်မှ ရွတ်ဆိုခြင်းဖြင့် ဆောင်ခဲ့ကြကုန်ပြီ၊ ထိုအခါ၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းတော်တို့သည် သတ္တဝါတို့၏ ဆုတ်ယုတ်ခြင်းကို မြင်တော်မူကြ၍ သာသနာတော် ကြာရှည်လေးမြင့် တည်တံ့စေရန် ပေတို့၌ ရေးတင်စေတော်မူကြလေကုန်ပြီ။

၇၆။ ဤနေရာ၌ သီဟိုဠ်ကျွန်း ဗုဒ္ဓဓမ္မ ရှေးဦးသမိုင်း Early History of Buddhism in Ceylon ၌ အဓိကာရမ်က ပိဋကတ်ကို စာတင်၍ ရေးသားခြင်း၏ အကြောင်းများကို အောက်ပါအတိုင်း စာရင်းချ၍ ပြသည်။

(၁) သီဟိုဠ်ကျွန်းသည် ဗုဒ္ဓဘာသာမဟုတ်သော နိုင်ငံခြားတို့၏ မပြတ်မလတ် တိုက်ခိုက်ခြင်း ဘေးရန်ခံနေရခြင်း ယင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှု ရသောအခါ ထိုအချိန်သည် ဗုဒ္ဓဓမ္မအတွက် အမှောင်ထုကျရောက်သော အချိန်အခါ ဖြစ်ခြင်း ထိုသည့်အခါမျိုး၌ မဟာဝိဟာရစသော စာပေသင်ရာ ဗဟိုဌာနကြီးများကိုပင် စွန့်ပစ်၍ ထားရခြင်း၊ ယင်းသို့ စွန့်ပစ်ထားရသဖြင့် ဆရာနှင့် တပည့်တို့ အဆက်ပြတ်သွားနိုင်ခြင်း။

(၂) ဗြာဟ္မဏတိဿဘေးရန်နှင့် ငတ်မွတ်ခေါင်းပါးခြင်း ဘေးရန်က နှုတ်လွှတ်ဆောင်ခဲ့သည့် အစဉ်အလာကို အန္တရာယ်ရှိကြောင်း သတိပေးသကဲ့သို့ ရှိနေခြင်း၊ ယင်းသို့ အခက်အခဲ အကြပ်အတည်း ကြုံရာအခါမျိုး၌ ပါဠိအဋ္ဌကထာများကို ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်းဖြင့် ဆောင်ထားကြရသည်ကို ကိုယ်တွေ့ကြုံလာခြင်း။

BURMESE CLASSIC .com

(၃) အချိန်ကာလ ကြာညောင်းသောအခါ ဘာသာရေးစိတ်ဓာတ် မကိန်းအောင်းသူ တာဝန်မဲ့ပုဂ္ဂိုလ်များ သာသနာတော်တွင်းသို့ ဝင်လာကြ၍ ပိဋကတ်တော်များကို တပည့်စဉ်ဆက် လွှဲပြောင်းပေးရန် စိတ်ဝင်စားမှု နည်းပါးလာခြင်း။

၇၇။ အထက်အဆို အကြောင်းများကြောင့် ရဟန်းတော်များသည် အလယ်ပိုင်းပြည်နယ် အနုရာဓမြို့မှ ဝေးကွာသော မာတလေ့အရပ်၏ အနီးအနား တစ်နေရာ ဖြစ်သော အာလောကဝိဟာရ၌ ပိဋကတ်တော်များကို ပေပေါ်၌ တင်၍ ရေးသားရန် ဆုံးဖြတ်တော်မူကြသည်၊ ဤနေရာ၌ သာသနာတော်အတွက် ကံဆိုးသည်ဟု ဆိုနိုင်သော အချက်တစ်ချက်မှာ အုပ်ချုပ်သူ ဘုရင်၏ စိတ်ပါလက်ပါ အားပေးခြင်းကို မခံရမှုပင်တည်း၊ ထင်ရှားစေဦးအံ့၊ အခက်အခဲ အကြပ်အတည်းမှ လွတ်မြောက်၍ ထီးနန်းကို ပြန်၍ရလာသော ဝဋ္ဋဂါမဏိအဘယမင်းသည် မိမိ ပြေးလွှားပုန်းအောင်းနေစဉ်အခါ၌ မိမိအား ကူညီစောင့်ရှောက်ခဲ့သော ကုပိက္ကဝိဟာရနေ မဟာတိဿထေရ်အားလည်းကောင်း၊ ဟမ္ဗုဂလ္လကဝိဟာရနေ တိဿထေရ်အား လည်းကောင်း၊ ကျေးဇူးဆပ်သောအနေအားဖြင့် ဂျိမ်းဘာသာဝင် ဂိရိဆိုသူ၏ ကျောင်းကို ဖျက်၍ ထိုနေရာ၌ အဘယဂိရိဝိဟာရမည်သောကျောင်းတိုက်ကြီး တစ်ခုကို ဆောက်လုပ်၍ မဟာတိဿထေရ်အား တင်လှူလေသည်၊ (ထိုအချိန်ကား ခရစ်မပေါ်မီ ၂၉-နှစ်ခန့်ဟု မဟာဝံသအလို ခန့်မှန်းရပေသည်) ဝဋ္ဋဂါမဏိမင်း၏ အခြားအမတ်ကြီးများကလည်း အခြားကျောင်းများကို ဆောက်လုပ်၍ တိဿထေရ်အား တင်လှူကြသည်၊ ထိုစဉ်တွင် မဟာတိဿထေရ်သည် ဝိနည်းကို အလေးပြုသင့်သလောက် မပြု လူတို့နှင့် ဆက်ဆံခြင်းများ ရှာအဝင်အထွက်များမှုကြောင့် မဟာဝိဟာရဝါသီ ရဟန်းများက ၎င်းအား နှင်ထုတ်လိုက်လေသည်၊ သို့သော် မဟာဝိဟာရကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်နှင့် အဘယဂိရိဝိဟာရ ကျောင်းတိုက်ကြီးနှစ်တိုက်သည် ထိုအချိန်တွင် ဝါဒရေးရာအားဖြင့် ကွဲပြားမှု မရှိသေးပေ။

### သီဟိုဠ်ကျွန်း၌ ဓမ္မရုစိဂိုဏ်းနှင့် သာဂလိယဂိုဏ်းဖြစ်ပေါ်လာပုံ

၇၈။ ဓမ္မရုစိဂိုဏ်းသည် ဝဋ္ဋဂါမဏိမင်းလက်ထက် အဘယဂိရိဝိဟာရတွင် ဌာနချုပ်အဖြစ်ဖြင့် စတင်ပေါ်လာခဲ့သည်၊ အရှင်မဟိန္ဒထေရ်မှ ဆင်းသက်လာသော ထေရဝါဒကို ရှေးဦးစွာ ထိုးနှက်ခြင်းဟု ဆိုနိုင်သည်၊ ဝေါဟာရကတိဿ(နန်းတက် အေဒီ -၂၀၄) လက်ထက်တွင် မဟာဝိဟာရကျောင်းတိုက်ကြီးနှင့် အဘယဂိရိ ကျောင်းတိုက်ကြီး နှစ်တိုက်တို့သည် ဝေတုလ္လပိဋကတ်ကို လက်ခံခြင်းနှင့်စပ်၍ ငြင်းခုံမှုဖြစ်ပေါ်လာကြသည်၊ ဘာတိက အဘယမင်း(အေဒီ-၃၈-၆၆)လက်ထက်မှစ၍ တသီးတခြားစီ ပညာသင်ရန်ဌာနကြီးများ ဖြစ်ခဲ့ကြသော ထိုကျောင်းတိုက်ကြီးနှစ်တိုက်သည် ဝါဒရေးရာ အယူအဆ ကွဲပြားမှုကြောင့် တစည်းတရုံးတည်း မရှိတော့ချေ။

BURMESE CLASSIC .com

၇၉။ ဝေတုလ္လဟူသည်ကား အသောကမင်းကြီးလက်ထက် ဗုဒ္ဓသာသနာကို ဖျက်ရန် ဝင်လာကြသော ဝေတုလ္လပုဏ္ဏားတို့ စီရင်ရေးသားကြသည့် ကျမ်းဖြစ်သည်၊ ယင်းကို သူတို့က ဘုရားဟောကျမ်းဟု ကြေညာထားကြ၏၊ ထေရဝါဒရဟန်းတော်များက ထိုကျမ်းကို ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သည်ဟုဆိုကာ လက်မခံကြပေ၊ ယင်းဝေတုလ္လဝါဒသည် နောင်အခါ မဟာယာနဂိုဏ်းဝင်တို့၏ ဝေပုလ္လသုတ္တနှင့် အသွင်သဏ္ဌာန်တူဟန်ရှိသည်။

**မှတ်ချက်။ ။** မဟာယာနစတင်ပေါ်လာသည့်အချိန်ကို ပညာရှင်များက ခရစ်သက္ကရာဇ် ပထမရာစုနှစ်စလောက်ဟု ခန့်မှန်းကြသည်၊ အဿဃောသတို့၏ စာပေများ ထူးခြားခေတ်စားလာရာ အချိန်ကို မှန်း၍ ပထမရာစုနှစ်ဟု ဆိုကြသော်လည်း ထို့ထက်ပင်စော၍ ပေါ်လာဟန်ရှိသည်။

၈၀။ ယင်းသို့ ကျောင်းတိုက်ကြီးနှစ်တိုက် ငြင်းခုံမှု ပေါ်လာသောအခါ ဝေါဟာရကတိဿမင်းသည် လက်ပိုက်၍ကြည့်မနေသာတော့ပေ၊ ကပိလမည်သောအမတ်ကို စာပေအရပ်ရပ် လေ့လာစေ၍ အစီရင်ခံစေသောအခါ ဗုဒ္ဓဝါဒမဟုတ်ကြောင်း သိရ၍ ဝေတုလ္လကျမ်းစာများကို ရနိုင်သမျှ ရှာဖွေမီးတိုက်စေသည်၊ ယင်းအယူကို မသိမသာလည်းကောင်း၊ သိသာစွာလည်းကောင်း လက်ခံသော ရဟန်းများကို နှင်ထုတ်စေသည်၊ သိရိသယ်ဗောဓိမင်းကို သတ်၍ မင်းအဖြစ်ခံယူသော ဂေါဌာဘယမင်း (အေဒီ-၃၀၉-၃၂၂)လက်ထက်တွင် အဘယဂိရိကျောင်းတိုက်၌ ဝေတုလ္လ အယူအဆ ခေါင်းထောင်လာပြန်သည်၊ ဥဿလိယတိဿမည်သော ထေရ်သည် ထိုဝါဒကို သဘောမကျ၍ အဘယဂိရိမှ ထက်ခွာပြီး ဒက္ခိဏဂိရိကျောင်းသို့ သွားသည်၊ ဒက္ခိဏဂိရိကျောင်းသို့ ရောက်သောအခါ သာဂလမည်သော ထေရ်ကို ခေါင်းဆောင်ထား၍

www.burmeseclassic.com

www.burmeseclassic.com



သာဂလိယမည်သော ဂိုဏ်းကို ဖန်တီးသည်၊ သို့သော် ၎င်းတို့၏ ဝါဒကို အများစုက လက်မခံကြချေ၊ ဂေါ်ဒ္ဒာဘယမင်းသည် ထိုအကြောင်းကို သိသောအခါ အမှန်တရား ဝါဒကို အသေအချာထုတ်ဖော်မည်ဟု (၁) မဟာဝိဟာရ (၂) ထူပါရာမ၊ (၃) က္ကဿ-ရသမဏ္ဍာရာမ၊ (၄) ဝေဿဂိရိဝိဟာရ၊ (၅) စေတိယဝိဟာရ ကျောင်းတိုက်ကြီး ငါးတိုက်မှ ထေရ်ကြီးများကို ပင့်ခေါ်စုဝေးစေပြီး ထိုထေရ်ကြီးများကို ဆုံးဖြတ်စေရာ ယင်းဝေတုလျဝါဒသည် မိစ္ဆာအယူသာဖြစ်သည်ဟု အဆုံးအဖြတ်ပေးတော်မူကြ၍ ဝေတုလျဝါဒနှင့် စပ်သော စာအုပ်စာပေများကို မီးတိုက်ပစ်စေလေသည်၊ ယင်းဝါဒ ခေါင်းဆောင် ရဟန်းခြောက်ဆယ်တို့ကို ရွေးကောက်၍ အမှတ်အသားများ ထင်စေကာ တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။

၈၁။ ထို အနှင်ခံ ရဟန်းခြောက်ဆယ်တို့သည် အိန္ဒိယတောင်ပိုင်း ကာဝေရသို့ သွားရောက်ရှောင်ပုန်းနေကြသည်၊ ကာဝေရတိုင်းသားတို့က ထို ရဟန်းများကို အမြတ်တနိုး ဆည်းကပ်ကိုးကွယ်ကြသည်။

၈၂။ ဤနေရာ၌ ဓမ္မရုစိဂိုဏ်း ဖြစ်ပေါ်လာပုံကို ဤသို့ သိအပ်၏၊ အဘယဂိရိကျောင်းတိုက်၌ နေသော ရဟန်းအများစုသည် မဟာယာနအယူအဆများ တိမ်းညွှတ်ကြ၏။ မဟာသံဃိကဂိုဏ်းသားများ ဖြစ်ကြသော အိန္ဒိယပလ္လာရာမအရပ်မှ ဝဇ္ဇိပုတ္တကရဟန်းများ၏ ဝါဒကို လက်ခံကြသည်၊ ရိုးသားဖြောင့်စင်းသော ပါဠိဘာသာထက် အရေးအဖွဲ့ ဆန်းကြယ်သော သက္ကတဘာသာ၌ ပို၍ စိတ်ဝင်စားကြသည်၊ ထိုစဉ်တွင် ဓမ္မရုစိမည်သော သက္ကတပညာရှိ ဝဇ္ဇိပုတ္တကဝါဒီ ပုဂ္ဂိုလ်၏ ပြောမူဆိုမှု အယူအဆတို့ကို လက်ခံရာမှ အဘယဂိရိကျောင်းနေ ရဟန်းများကိုပင် ဓမ္မရုစိဂိုဏ်း ဟူ၍ ခေါ်လာကြသည်ဟု သိမှတ်ရသည်။

BURMESE CLASSIC .com

၈၃။ ကာဝေရတိုင်းသို့ ရောက်ရှိသွားကြသော ရဟန်းတို့တွင် ဗြာဟ္မဏအမျိုးသား သံဃမိတ္တဆိုသူ ရဟန်းငယ်တစ်ပါး ပါဝင်သည်၊ မိမိ ဆရာများထံမှ ဝေတုလျဝါဒများကို သင်ကြားတတ်မြောက်ခဲ့သည့်အပြင် သီဟိုဠ်ကျွန်းသို့ သွားကာ အဘယဂိရိကျောင်းတိုက်ကြီးကို ထိုဝါဒလက်မခံ မနေရ၊ လက်ခံအောင် ဖြန့်ဖြူးဟောပြောမည် ဟူသော သန္နိဋ္ဌာန်ဖြင့် ဇွဲကြီးစွာ စာပေပညာများကို လေ့လာသင်ကြား၍ သီဟိုဠ်ကျွန်းသို့ကူးကာ အဘယဂိရိကျောင်းတိုက်သို့ သွားရောက်နေထိုင်လေသည်။

၈၄။ ထူပါရာမကျောင်းတိုက်၌ ဘုရင်ကိုယ်တိုင် အရေးတယူပြု၍ သံဃာများကို စုဝေးစေလျက် ဝါဒရေးရာများကို ပြောဆိုစေသောအခါ အဆိုပါ သံဃမိတ္တသည် မဟာဝိဟာရဝါသီ ရဟန်းတို့၏ အယူအဆနှင့်အမူအကျင့်ကို ရှုတ်ချပြစ်တင်ကာ ဝေတုလျအယူကို ဘုရင်သဘောကျလောက်အောင် အမွှမ်းတင်၍ ပြောပြလေသည်၊ ထိုအစည်းဝေးပွဲတွင် ဘုရင့်ဦးလေးတော်သူ မဟာဝိဟာရကျောင်းတိုက်နေ အဘယထေရ်လည်း ပါဝင်ဆွေးနွေးသည်၊ သံဃမိတ္တထေရ်၏ အယူအဆများကို ဖျက်ဆီး၍

www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒကို ရှင်းလင်းပြောပြ၏၊ သို့သော် သံဃမိတ္တ၏ နှုတ်ရေးကြွယ်မှု ပရိယာယ် ပြည့်စုံမှုကြောင့် ဂေါဌာဘယမင်းကိုယ်တိုင် ထေရဝါဒကို ဆန့်ကျင်၍ မိစ္ဆာဝါဒဘက် သို့ ပါသွားလေသည်၊ ဤ အကြိမ်ကား သီဟိုဠ်ဗုဒ္ဓဝါဒသမိုင်းတွင် အုပ်ချုပ်သူနှင့်တကွ ရဟန်းရှင်လူ အတော်များများ ထေရဝါဒကို ဆန့်ကျင်၍ မိစ္ဆာဝါဒဘက်သို့ ပထမဆုံး ယိမ်းယိုင်လိုက်ပါသွားသော အကြိမ်ဖြစ်လေသည်၊ မဟာဝိဟာရ ရှုံးပွဲ သံဃမိတ္တ အောင်လံ စိုက်ပွဲဟု ဆိုနိုင်သည်၊ မဟာဝိဟာကျောင်းတိုက်ကြီးသည် အေဒီ ငါးရာစု နှစ် ထက်ဝက်တိုင်တိုင် အမှန်တရားဘက်မှ အစောင့်အရှောက် အနေဖြင့်သာ ရပ်တည်နိုင်၍ ဘုရင်အားပေးမှု မခံရသောကြောင့် စိုးနှောင့်ဗျာဝေ အနေကြုံ့လျက် ရှိ၏၊ သို့သော် အရှုံးပေး အားလျှော့၍ စိတ်ပျော့သောသူများကား မဟုတ်ကြပါချေ။

၈၅။ ဂေါဌာဘယမင်းသည် မဟာဝိဟာရကို လုံးလုံး ပစ်ပယ်၍ကား ထား သည်မဟုတ်၊ လှိုက်လှိုက်လှဲလှဲ ရှေးကလို မမြစေကာမူ ဆက်လက် ထောက်ပံ့မြဲ ထောက်ပံ့နေပေသည်၊ ထိုမင်း နတ်ရွာစံသောအခါ သားတော်ကြီး ဇေဋ္ဌတိဿ နန်း တက်၏။ သံဃမိတ္တသည် မိမိ ကြိုးဆွဲတိုင်း မကရ၍ အချိန်ကောင်းကို စောင့်မျှော် သည့်အနေအားဖြင့် ထိုမင်းလက်ထက် တစ်လျှောက်လုံးတွင် အိန္ဒိယပြည် ကာဝေရ သို့ ပြန်၍ အသာခိုနေလေသည်၊ ဇေဋ္ဌတိဿမင်းကား သူ၏ နန်းစံသက် ၁၄-နှစ် ကာလပတ်လုံး မဟာဝိဟာရ ရဟန်းများကို ထောက်ပံ့စောင့်ရှောက်သွားလေသည်။

၈၆။ ထိုမင်း၏ညီတော် မဟာသေနမင်း နန်းတက်သောအခါ သံဃမိတ္တသည် သီဟိုဠ်ကျွန်းသို့ ပြန်ရောက်လာသည်၊ ဇေဋ္ဌတိဿ မဟာသေနညီနောင် နှစ် ယောက်လုံး မင်းသားငယ်ဘဝက သံဃမိတ္တထံတွင် စာပေပညာ သင်ကြားဖူးသည်၊ မဟာဝိဟာရဝါသီ ရဟန်းတို့အား သံဃမိတ္တသည် ဝေတုလျဝါဒကို လက်ခံရန် သွေး ဆောင်သော်လည်း မရပေ၊ ဘုရင်အား အခွင့်သင့်တိုင်း မဟာဝိဟာရဝါသီ ရဟန်း တို့၏ ဝိနယ မမှန်ကန်ကြောင်း ပြောဆို သွေးဆောင်သောကြောင့် မဟာသေနမင်း သည် နောက်ဆုံး၌ လိုက်လျော သဘောတူချက်ပေးလေသည်၊ မဟာဝိဟာရရဟန်း တို့အား ဆွမ်းလောင်းလျှင် ငွေဒဏ်တပ်မည်ဟု အမိန့်ထုတ်သည်အထိ ဖြစ်လာသည်၊ ဤကား ခြောက်ရာစုနှစ်အတွင်း မဟာဝိဟာရရဟန်းတို့ ပထမဆုံးအကြိမ် ဆွမ်းငတ် ခြင်းပင်တည်း၊ သုံးရက်တိုင်တိုင် ဆွမ်းခံထွက်သော်လည်း ဆွမ်းမရ၍ သပိတ်ရေ ဆေးသောက်ကြ ရ၏၊ စတုတ္ထနေ့၌ "ငါတို့ကား မိစ္ဆာအယူကို မယူ၊ အသက်ကိုသာ အသေခံမည်ဟု သန္နိဋ္ဌာန်ချ၍ အနုရာဓမြို့မှ ထွက်ခွာကြလေသည်၊ ထိုရဟန်း တော်တို့ကြောင့် နောင် အခါ သမိုင်းတွင်း သီဟိုဠ်ကျွန်းသည် "Lanka is the home of Buddhism whose teachings are pure and unsullied and untainted by heresy." မိစ္ဆာဝါဒများ မပေမလူး မလိမ်းမကျံလောက်အောင် စင်ကြယ်သန့်ခြင်း သော ဗုဒ္ဓ၏ တည်ရာဌာန ဖြစ်သည်ဟု ကျော်စောထင်ရှားခဲ့ခြင်း ဖြစ်လေသည်။

၈၇။ မဟာဝိဟာရမှ ထွက်ခွာခဲ့ကြသော မထေရ်တို့သည် အချို့က မာယာ

www.burmeseclassic.com

www.burmeseclassic.com



မည်သော နယ်၊ အချို့က ရောဟဏဇနပုဒ်သို့ သွားကြလေသည်၊ မဟာဝိဟာရကျောင်းတိုက်ရှိ အသုံးအဆောင်အားလုံးနှင့် အဆောက်အအုံတို့ကို ဘုရင့်နာ မည်ဖြင့် စမ္မရုစိဂိုဏ်းဝင်တို့သည် ထင်သလို အသုံးပြုကြလေသည်၊ ပစ္စည်းများကို သယ်ပိုးကြ၍ အလုံးစုံ မြေလှန်ပစ်လိုက်ကြသည်၊ သံဃမိတ္တနှင့် အပေါင်းအပါတို့သည် ကိုးနှစ်တိုင်တိုင် အဘယဂိရိ၌ မင်းမူနေကြလေသည်၊ ဆယ်နှစ်မြောက်၌ မေဃဝဏ္ဏာဘယ မည်သော အမတ်ကြီးဦးဆောင်သည့် သူပုန်တပ်နှင့် မဟာသေန မင်း၏ စစ်တပ်တို့သည် ဘာသာရေးအကြောင်းခံ၍ မဟာဂါမ၌ အလုံးအရင်းနှင့် တိုက်ခိုက်ကြရန် ရင်ဆိုင်ကြလေသည်၊ သို့ရာတွင် စစ်မတိုက်လိုက်ရပဲ ဘုရင်နှင့်ဘုရင့် အမတ်ကြီးတို့သည် နှစ်ဦးသား ပြေလည်စွာ ဆွေးနွေးကြ၍ ညီညွတ်မှုရခါ စစ်တပ်နှစ်ခုလုံး ရုပ်သိမ်းလျက် နေပြည်တော်သို့ ပြန်ကြလေသည်။

BURMESE CLASSIC .com

၈၈။ ပြည်တွင်း၌ကား မိဖုရားတစ်ပါးသည် မိမိတည်ဆောက်နေသော ထူပါရာမကျောင်းတိုက်ကို သံဃမိတ္တက ဟန့်တားရန် ကြိုးစားသဖြင့် လက်သမားတစ်ဦး စေလွှတ်၍ သံဃမိတ္တကို အသတ်ခိုင်းလေသည်၊ ယင်းမိဖုရားသည် ဝေတုလျကျမ်းစာဟူသမျှကို မီးရှို့ဖျက်ဆီး စေသည်၊ မဟာသေနမင်းလည်း မဟာဝိဟာရကျောင်းတိုက်ကြီးကို ပြန်လည် တည်ဆောက်ပေးရလေသည်၊ သံဃာတော်များသည် ကိုးနှစ်လုံး ပုန်းအောင်နေရာမှ ပြန်လည်ကြွရောက်လာကြသည်။ နှစ်အတန်ကြာအောင် ငြိမ်းချမ်းသာယာမှု ရလိုက်ကြသော်လည်း သာသနာတော်၏ ကံကြမ္မာကား အနှောင့်အယှက်မှ မလွတ်သေးပေ။ မဟာသေနကဘုရင်သည် မိစ္ဆာအယူဘက်၌ စိတ်မကုန်သေးဘဲရှိ၍ ဒက္ခိဏဂိရိ၌ နေသော ကို၀ှန်တိဿမည်သော သာဂလိဂိုဏ်း သားရဟန်းတစ်ပါးကို အားပေး ချီးမြှောက်၏။ ထိုရဟန်းအတွက် ဘုရင်က ကျောင်းဆောက်ပေးရာတွင် မဟာဝိဟာရကျောင်းတိုက် အရာမ်အတွင်းမှာပင် ဇေတဝနဝိဟာရကို ဆောက်ဖြစ်အောင် ဆောက်သည်၊ ထိုရဟန်းသည် သိက္ခာပုဒ်အာပတ်များဖြင့် စွပ်စွဲခြင်းခံရ၍ ရက်ရှည်လများစစ်ဆေးပြီး လူဝတ်လဲရန် ဝိနိစ္ဆယ ချမှတ်ခြင်းခံရသည်၊ ဘုရင့်အမိန့်ဖြင့် ဓမ္မိကခေါ် တရားသူကြီးချုပ်ကို ထပ်မံစစ်ဆေးရာ ရှေးနည်းအတိုင်းပင် အမိန့် ပြန်ချ၍ လူထွက်စေသည်၊ သံဃာ့ဘောင်မှ နှင်ထုတ်လိုက်ကြလေတော့သည်၊ မဟာသေန ဘုရင်သည် နောင်တရ၍ မဟာဝိဟာရကျောင်းတိုက်ကြီးကိုပင် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့၍ အေဒီ ၃၀၀ နှစ်တွင် ကွယ်လွန်လေသည်။

ဤမျှလောက်သော ခေတ်ကာလအပိုင်းအခြား အတွင်း၌ သီဟိုဠ်ကျွန်းသာသနာသည် နိမ့်ချည်မြင့်ချီ ရှိခဲ့သော်လည်း ထေရဝါဒီ မဟာဝိဟာရဝါသီရဟန်းတို့၏ သာသနာစောင့်စိတ်ဓာတ်ကား ယိမ်းယိုင်ပြိုကွဲခြင်း မရှိ၊ ဝိနယနှင့် စပ်၍ သံဃာအတွင်း ကွဲပြားစေရန် လုံးပမ်းခြင်းကို ဗုဒ္ဓကိုယ်တော်မြတ်အား သွေးထွက်သံယိုပြုစေခြင်း သဘော ထားကြသည်ဟု မာလာလာဆေကရက ဆိုခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"In the Vinaya an attempt to bring about disunion among the Sangha is put in the same category as shedding the blood of the Buddha."

*(Pali Literature of Ceylon by Malalasekera p.54)*

၎င်းပြင်လည်း မာလာလာဆေကရ က ဤသို့ဆက်၍ ဆိုပြန်၏။

"To the assaults of open opponents the Buddhist displays the calmest indifference. convinced that in its undiminished strength his a faith is firm and inexpugnable."

အတိအလင်းဆန့်ကျင်လာသူများ၏ တိုက်ခိုက်ခြင်းအား ဗုဒ္ဓဝါဒီရဟန်းတော်များနှင့် ဒါယကာတို့သည် အတည်ငြိမ်ဆုံးသော လျစ်လျူရှုမှုကို ဖော်ပြနိုင်ကြသည်၊ အကြောင်းမူကား ဗုဒ္ဓဓမ္မ၏ မကုန်ဆုံးနိုင် မပျက်စီးနိုင်သော ခွန်အားပေါ်၌ ယင်းတို့၏ ယုံကြည်မှုသည် ဖယ်ရှား၍ မရနိုင်လောက်အောင် ခိုင်မြဲသည်ဟု သိနားလည်ထားခြင်းကြောင့် ဖြစ်သည်။ မင်းနှင့်ပြည်သူတို့၏ ဗုဒ္ဓဓမ္မအပေါ်၌ ခံယူချက်မြင့်မားမှုကား စံတင်လောက်ပေသည်၊ ဥပမာ- အေဒီ- ၆၂၃ ခုနှစ်၌ ဇေ့တိဿမင်းသည် တမိလ်တွေနှင့် စစ်တိုက်ရာတွင် ရှုံးဖို့မြင်သဖြင့် မိမိ မိဖုရားထံ သဝဏ်စာဖြင့် မှာကြားသည်မှာ "ဤစစ်ပွဲ၌ မိမိသည် အောင်မြင်ဖို့လမ်းများစွာမရှိ၊ အကယ်၍များ တိမ်းပါးခဲ့သော် သီလရှင်အဖြစ်ဖြင့် အဘိဓမ္မာ သင်ကြားစေလိုသည်၊ မိမိကိုလည်း ကုသိုလ်ဘာဂ အမျှဝေစေလိုသည်"ဟု မှာကြားလေသည်၊ မိဖုရားကြီးသည် ဘုရင်မှာကြားသည်အတိုင်း ပြုလုပ်သောကြောင့် အဘိဓမ္မာနှင့် အဋ္ဌကထာကြီးများ၌ ပင် ကျွမ်းကျင်ကြောင်း မဟာဝံသ၌ ဆိုသည်ဟု သီဟိုဠ်ကျွန်း ပါဠိစာပေသမိုင်းတွင် မာလာလာဆေကရ-က ဖော်ပြထားပေသည်၊ ထို့ပြင် ပဋ္ဌမမြောက် ကဿပဘုရင်၏ (အေဒီ- ဆယ်ရာစုနှစ်ထိုး) ကျောက်စာတချပ်တွင် ကျမ်းစာများကို နှုတ်တက် ဆောင်ရွက်သော ရဟန်းတို့အား ဂုဏ်ပြုမှတ်တမ်း တင်ထားသည်ကို ယနေ့တိုင် ကျွန်ုပ်တို့ တွေ့နိုင်သည်၊ ထိုဘုရင်သည် ဓမ္မသင်္ဂဏီကျမ်းကို ဘာသာပြန်စေ၍ ရွှေပြားပေါ်၌ ရေးတင်ခဲ့သည်ဟု သိရသည်၊ အာလုဝိဟာရ သံဃာ့အစည်းအဝေးကြီးသည် ပါဠိတော်နှင့်အဋ္ဌကထာများကို စနစ်တကျ စီစဉ်၍ ရဟန်းအသီးသီးအား ပိုင်း၍ပိုင်း၍ ခွဲဝေ ကျက်မှတ်စေကာ တပည့်တပန်းတို့အား သင်ပေးစေသည်၊ သီဟိုဠ်ဘာသာဖြင့် ရှင်းလင်း ဖွင့်ပြစေသည်၊ ဆောင်လွယ်မှတ်လွယ် အကျဉ်းလက်ာ သံပေါက်ကလေးများ, ဂါထာပါဠိများကို ရေးသားပေခဲ့ကြသည်၊ ထိုရဟန်းတော် ငါးရာတို့၏ကျေးဇူးကား ဗုဒ္ဓဘာသာဝင်များအဖို့ ဆပ်မကုန်နိုင်လောက်အောင် ကြီးမားလှပေသည်၊ အချုပ်အားဖြင့် အောက်ပါမာလာလာဆေကရ၏ မှတ်ချက်ကလေးကို ထောက်ရှု၍ ဦးဥက္ကဋ္ဌနှင့် အပေါင်းပါတို့၏ စွပ်စွဲပြောဆိုချက် မမှန်ပုံကို သိရှိနိုင်ရာ၏။

How far the Alu-vihara's redaction agreed with or differed from the canon and commentaries settled by the third Council and introduced

www.burmeseclassic.com

www.burmeseclassic.com



into Ceylon by Mahinda's mission, whether after their introduction into the island any passages previously considered unorthodox had crept into the orthodox scriptures and whether the Alu-vihara Council separated such interpolations, and how far the Tipitaka and its commentary reduced to writing at Alu-vihara resembled them as they have come down to us now, no one can say.

အာလုဝိဟာရ၌ သုတ်သင်ပြင်ဆင် အက္ခရာတင်ခြင်း(စတုတ္ထသံဂါယနာတင်ခြင်း) သည် တတိယသံဂါယနာက အတည်ပြုခဲ့ပြီးသော သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒ ခေါင်းဆောင်သော ဓမ္မဒူတအဖွဲ့က ယူဆောင်လာခဲ့သည့် ပါဠိအဋ္ဌကထာများနှင့် မည်မျှလောက်တူညီ၍ မည်မျှလောက် ကွဲပြားသည်ဆိုသည်ကို မည်သူမျှ မပြောနိုင်၊ ထေရဝါဒမဟုတ်ဟု ရှေးအခါက ယူဆခဲ့သော စာပိုဒ်များ(အယူအဆများ)သည် ထေရဝါဒအတွင်းသို့ ပါဝင်လေခဲ့သလား၊ အာလုဝိဟာရ၌ သံဂါယနာတင်သောအခါ ယင်းဝင်လာခဲ့ပြီးသော စာပိုဒ်များ(အယူအဆများ)ကို ထုတ်ပယ်ပစ်ခဲ့လေသလား ဆိုသည်ကို မည်သူမျှ မပြောနိုင်၊ အာလုဝိဟာရ၌ ရေးသားခဲ့သော ပါဠိအဋ္ဌကထာများသည် ယနေ့ (ကျွန်ုပ်တို့ခေတ် ကျွန်ုပ်တို့ထံ)သို့ ရောက်လာသောအခါ ထိုပါဠိအဋ္ဌကထာများနှင့် မည်၍မည်မျှ တူညီသည်ဆိုသည်ကို မည်သူမျှ မပြောနိုင်။

ဤသို့ ဆွဲယူလုပ်ကြံဖန်တီး၍ ယူတတ်ပြောတတ်သောကြောင့် ဝိနည်းမိုရ်ဆရာတော်များသည် မူရင်းအတိုင်း (Quotation) ကိုးကားရင်းများကို ထုတ်ဆောင်တင်ပြရခြင်း ဖြစ်ပေသည်။

BURMESE CLASSIC .com

This much, however, is certain, that in the fifth century of the Christian era the present Pitakas, *etc.,* were considered orthodox both on the continet and in Ceylon, as is evidenced by the visits of Buddhaghosa and Fa Hsian; and in view of the great care with which the orthodox monks attempted to preserve the purity of the Word there is not much probability that the canon underwent any material changes in the interval.

သို့သော် အေဒီ ငါးရာစု၌ ရှင်ဗုဒ္ဓဃောသနှင့် တရုတ်ရဟန်းတော် ဖာဟီယန်တို့ လာရောက် (လေ့လာဆောင်ယူသွား) ခြင်းဟူသော အချက်က ထင်ရှားစေသည့် အလျောက် အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်ကျွန်းကပါ လက်ရှိ ပိဋကတ်ကို ရှေးဟောင်းထေရဝါဒအမှန်ဖြစ်သည်ဟု အသိအမှတ်ပြုကြသည်၊ ဤအချက်က သေချာသောအချက်ဖြစ်သည်၊ ထေရဝါဒရဟန်းတော်များသည် စကားတလုံးတလေ၏ သန့်ရှင်းမှု (အနက်အဓိပ္ပါယ် မချွတ်မယွင်း မဖောက်ပြန်စေမှု) ကိုပင် အထူးဂရုပြုကြသည်ဟူ သော ရှုထောင့်မှနေ၍ရှုလျှင် ပိဋကတ်ကျမ်းစာတော်များသည် တစုံတရာ အထည်ကိုယ်အားဖြင့် ပြောင်းလဲခဲ့ခြင်း ဖြစ်နိုင်ဖွယ် မရှိပါပေ၊ ဤမှတ်ချက် ရှေ့ပိုင်းကို ပုံကြီးချဲ့၍ ဗုဒ္ဓသာသနာသမိုင်းစာစောင် နှာ-၁၆ ၌လည်းကောင်း နိကာယ်၏နိကာယ်

www.burmeseclassic.com

www.burmeseclassic.com



နှာ- ၁၀ ၌လည်းကောင်း ဦးဥက္ကဋ္ဌ၏ အသိုင်းအဝိုင်း ပဋ္ဌနိကာယ ဓမ္မသာကစ္ဆာအဖွဲ့ဝင် စသည်တို့က "သီဟိုဠ်ပိဋကတ်ဆောင် ရဟန်းတော်တို့သည် ဟိုကထဲက ရောနှောရှုပ်ထွေးပြီးသားဖြစ်တဲ့ ပိဋကတ်ကို ရောထွေးပြီး မူအတိုင်းသာ မှတ်ဆောင်ကြရသည်ဟု ပညာရှိ မာလာလာဆေကရ က သူ၏ သီဟိုဠ်ကျွန်း ပါဠိစာပေသမိုင်းတွင် ရေးသားခဲ့သည်"ဟု မဟုတ်မမှန်လုပ်ကြံ၍ ဆိုထားလေသည်၊ ဤစကားရပ်များကို သမိုင်းဆရာတယောက်အနေဖြင့် သူတပါးကို တွေးတောကြံဆမည့် သံသယကို ကြိုတင်ထုတ်ဖော် နိဒါန်းခင်းပေးထားလိုက်ခြင်း ဖြစ်သည်၊ ရှေ့ဆက်ဖတ်သော်- ဤသို့တွေ့ရမည်ဖြစ်၏၊ ယင်းတို့၏ ရည်ရွယ်ချက်ကား သီဟိုဠ်ကျွန်းမှ တဆင့် ရောက်လာသော မြန်မာပြည်သာသနာသည်လည်း ရောရောထွေးထွေး ဗြာဟ္မဏဝါဒလွှမ်းမိုးနေသော သာသနာဟု (သွားပုပ်လေလွင့်) သိက္ခာချလိုသော စေတနာဆိုးဖြင့် ရေးသားဖြန့်ဝေရန်သာ ဖြစ်သည်၊

၉၀။ မြန်မာပြည်သာသနာသည် တတိယသံဂါယနာတင်ပြီးချိန် မထေရ်ကြီးများနှင့် အသောကမင်းကြီး၏ ဓမ္မဒူတအဖွဲ့တဖွဲ့ဖြစ်သော အရှင်သောဏ, အရှင်ဥတ္တရ ဦးဆောင်သည့်အဖွဲ့မှ စတင်ဆင်းသက်လာသော သာသနာ ဖြစ်ပေသည်၊ နောင်အခါ၌ အိန္ဒိယမှလည်းကောင်း သီဟိုဠ်ကျွန်းမှလည်းကောင်း ခေတ်အမျိုးမျိုး၌ ကျမ်းစာအမျိုးမျိုး ရောက်ရှိလာကြသည်၊ မြန်မာပြည်သာသနာ၏ ရှေ့ဆောင်ဖြစ်တော်မူကြသော ထေရ်ကြီးများသည် အများအားဖြင့် ပါဠိတော်နှင့် အဋ္ဌကထာဋီကာ အခြားဂန္ထန္တရများကို မည်သည့်ကျမ်းဂန်က ဗုဒ္ဓဘာသိတ မည်သည့်ကျမ်းဂန်က အညဘာသိတဟု ခွဲခွဲခြားခြား နားလည်တော်မူခဲ့ကြသည်၊ သို့ဖြစ်သည့်အလျောက် အဆင့်အတန်းအလိုက် အလေးအမြတ်ပြုရာတွင်လည်း အနိမ့်အမြင့်အဆင့်ထား၍ မှတ်သားတော်မူကြသည်၊ အဘိဓမ္မာကဲ့သို့ လေးနက်သောကျမ်းဂန်များကို အထူးအာရုံစိုက် လေ့လာတော်မူခဲ့ကြသည်၊ အဋ္ဌကထာ ဋီကာကျမ်းကြီးများကိုပင် ကျော်လွန်၍ အရကောက်များ နိဿယကျမ်းများကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ခန့်ညားထယ်ဝါ ပြည့်စုံစွာ ဖန်တီးတော်မူနိုင်ခဲ့ကြသည်၊ သို့သော် ပါဠိတော် အဋ္ဌကထာနှင့်ဆန့်ကျင်ခြင်း မရှိကြချေ။

၉၁။ မြန်မာ့သာသနာသမိုင်းတွင် ကံဆိုးမိုးမှောင်ကျသော "ဂ-ငယ်သုံးခု၊ ဥသျှစ်ထု"ဟု အမှတ်ပြုခဲ့ကြသည့် မြန်မာသက္ကရာဇ် ၈၈၈-ခုနှစ် ရှမ်းသိုဟန်ဘွားလက်ထက်တွင် ပိဋကတ်တော်များ မီးရှို့ခြင်းခံရသော်လည်း အသက်နှင့်ထပ်တူစောင့်ရှောက်တော်မူခဲ့ကြသဖြင့် စူဠဝါအဋ္ဌကထာ မူလပဏ္ဏာသအဋ္ဌကထာ ပေထုပ်နှစ်ထုပ်မှတပါး အလုံးစုံသော ပိဋကတ်ပါဠိ အဋ္ဌကထာများကို ရှာဖွေ စုစည်းတော်မူနိုင်ခဲ့ကြသည်၊ အဆိုပါ အဋ္ဌကထာ ပေထုပ်နှစ်ထုပ်ကိုကား နှစ်အတန်ငယ်ကြာ အလွန်ချောင်ကျသော ရှမ်းပြည်ကျေးတော ဇနပုဒ်များမှ ပြန်လည်၍ ဆင့်ပွားကူး

www.burmeseclassic.com

www.burmeseclassic.com



ယူနိုင်ခဲ့ကြသည်ဟု ဆရာစဉ်ဆက် ပြောဆိုသည်ကို မှတ်သားကြရသည်၊ ဤနည်းအားဖြင့် မြန်မာတို့၏ သာသနာတော်ကို ချစ်မြတ်နိုး၍ တန်ဖိုးထားတတ်သော အလေ့ဝါသနာ သမ္မာဥဿာဟကြောင့် ခေတ်ကာလအမျိုးမျိုးနှင့်တွေ့ရသော်လည်း တိုင်းခြားပြည်ခြား ဘာသာခြားတို့၏ အုပ်ချုပ်မှုအောက်တွင်ပင် ဗျာပါရကိုမချထက်သန်သော လုံ့လဝီရိယသတိသမ္ပဇဉ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်တော်မူလာခဲ့ကြသည်မှာ ပဥ္စမသံဂါယနာနှင့် ဆဋ္ဌမသံဂါယနာခေတ်တိုင်အောင်ပင် ဖြစ်သည်။

၉၂။ ထို့ကြောင့် ထိုတတိယသံဂါယနာသည်လည်းကောင်း၊ ထိုတတိယသံဂါယနာမှဆက်၍လာသော သီဟိုဠ်ကျွန်း အာလောကဝိဟာရ၌ စုပေါင်းရွတ်ဆိုခြင်း ပေထက်အက္ခရာတင်ခြင်း စတုတ္ထသံဂါယနာသည်လည်းကောင်း မြန်မာနိုင်ငံ၌ နှစ်ကြိမ်တိုင် နှုတ်ဖြင့် ရွတ်ဖတ်ရုံမျှမက ကျောက်စာတင်၍လည်းကောင်း အနိုင်နိုင်ငံသုံး ခိုင်ခံ့သားနားထူးခြားသော စာအုပ်များရိုက်နှိပ်၍လည်းကောင်း ပဥ္စမအကြိမ် ဆဋ္ဌမအကြိမ်တင်အပ်သော သံဂါယနာတို့သည်လည်းကောင်း ညစ်ကြေးမတင် အပြစ်ကင်းစင်သော ဓမ္မာနုလောမ သံဂါယနာတို့သာ ဖြစ်ကြပေသည်။

ယင်းသို့ဖြစ်သည့်အားလျော်စွာ ဓောဒကဆရာတို့ တင်ပြထားအပ်သော စုဒိတကတို့၏ သံဂါယနာခြောက်တန် ပေါ့ပျက်သေးသိမ်အောင် ပြုလုပ်၍ ပြောဆိုရေးသားထုတ်ဝေကြသော သံဂါယနာသမိုင်း, ဗုဒ္ဓသာသနာသမိုင်း, နိကာယ်၏ နိကာယ်စာအုပ်, ဒေးဒရဲ ကျောက်စာတိုင်တို့ပါ စကားရပ်တို့သည် အဓမ္မဝါဒများသာ ဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

BURMESE CLASSIC .com

ပြဆိုခဲ့ပြီးသော ယုတ္တိအာဂမ သာဓကအရပ်ရပ်တို့ကြောင့် အဘိဓမ္မာကို ဘုရားမဟောဟု စွပ်စွဲခြင်းသည် အဓမ္မဝါဒသာဖြစ်သည်ဟူ၍လည်းကောင်း သံဂါယနာခြောက်တန်ကို သေးသိမ်ပေါ့ပျက်အောင် လုပ်ခြင်းသည် ဓမ္မကို အဓမ္မ၊ ဝိနယကို အဝိနယဖြစ်အောင် လုပ်ခြင်းသာဖြစ်၍ အဓမ္မဝါဒသာဖြစ်သည်ဟူ၍လည်းကောင်း နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၂) ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

**(လူသေလူဖြစ် ဝါဒါနုဝါဒဝိနိစ္ဆယကောက်နုတ်ချက် ပြီး၏။)**

* * *

www.burmeseclassic.com

www.burmeseclassic.com

# သညာသိနှင့် ပညာသိ

## မိုးငြိမ်းကိုးကား ကျမ်းစာများ

| | ကျမ်းစာအမည် | ပြုစုသူ |
|---|---|---|
| | စပ်ဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ | ဗုဒ္ဓ၊ အဋ္ဌကထာဆရာ ဋီကာဆရာ၊ |
| * | လယ်တီဒီပနီပေါင်းချုပ် (ပထမတွဲ) | လယ်တီဆရာတော် |
| * | လယ်တီဒီပနီပေါင်းချုပ် (ဒုတိယတွဲ) | လယ်တီဆရာတော် |
| * | လယ်တီဒီပနီပေါင်းချုပ် (တတိယတွဲ) | လယ်တီဆရာတော် |
| * | လယ်တီဒီပနီပေါင်းချုပ် (စတုတ္ထတွဲ) | လယ်တီဆရာတော် |
| * | ပိဋကတ်အနှစ်ချုပ် သံယုတ္တနိကာယ် | ဓမ္မာစရိယ ဦးမောင်မောင်လေး |
| * | ပိဋကတ်အနှစ်ချုပ် မဇ္ဈိမနိကာယ် | ဓမ္မာစရိယ ဦးမောင်မောင်လေး |
| * | ပိဋကတ်အနှစ်ချုပ် ဒီဃနိကာယ် | ဓမ္မာစရိယ ဦးမောင်မောင်လေး |
| * | ပိဋကတ်အနှစ်ချုပ် အင်္ဂုတ္တရနိကာယ် | ဓမ္မာစရိယ ဦးမောင်မောင်လေး |
| * | ပိဋကတ်အနှစ်ချုပ် သုတ္တနိပါတ် | ဓမ္မာစရိယ ဦးမောင်မောင်လေး |
| * | စတုဂီရိရှုဘွယ်ကျမ်း (ပထမတွဲ) | တောင်လေးလုံးဆရာတော် |
| * | စတုဂီရိရှုဘွယ်ကျမ်း (ဒုတိယတွဲ) | တောင်လေးလုံးဆရာတော် |
| * | စတုဂီရိရှုဘွယ်ကျမ်း (တတိယတွဲ) | တောင်လေးလုံးဆရာတော် |
| * | စတုဂီရိရှုဘွယ်ကျမ်း (စတုတ္ထတွဲ) | တောင်လေးလုံးဆရာတော် |
| * | ဂမ္ဘီရဝိပဿနာ (ပထမတွဲ) | ဦးဗဂျိုဝိုဲ |
| * | ဂမ္ဘီရဝိပဿနာ (ဒုတိယတွဲ) | ဦးဗဂျိုဝိုဲ |
| * | ဂမ္ဘီရဝိပဿနာ (တတိယတွဲ) | ဦးဗဂျိုဝိုဲ |
| * | ကိုယ်ကျင့်ဗုဒ္ဓဝင် | ဦးရွှေအောင် |
| * | အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ် | ဦးရွှေအောင် |
| * | ဓမ္မပဒ (ပေါင်းချုပ်) | ဦးရွှေအောင် |
| * | အမြင်များပြောင်းလဲခြင်း | ဦးရွှေအောင် |
| * | စာဖတ်သူများ | ဦးရွှေအောင် |
| * | ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ | ဓမ္မာစရိယ ဦးဌေးလှိုင် |
| * | သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ | ဓမ္မာစရိယ ဦးဌေးလှိုင် |
| * | အနာဂါမ် ဆရာသက်ကြီး | ဓမ္မာစရိယ ဦးဌေးလှိုင် |
| * | ဝေဘူဆရာတော်၏ သန္ဒိဋ္ဌိကတရားတော်များ | ဓမ္မာစရိယ ဦးဌေးလှိုင် |
| * | ဝေဘူဆရာတော်၏အကာလိကတရားတော်များ | ဓမ္မာစရိယ ဦးဌေးလှိုင် |
| * | နိဗ္ဗာန်ကိုသွား ဉာဏ်ရထား | နမ္မား အရှင်ဉာဏ |
| * | မဂ်ပန်းလေးပွင့် ဖိုလ်သီးဆင့် | နမ္မား အရှင်ဉာဏ |
| * | ဓမ္မရုံးတော် ဉာဏ်မဟော် | နမ္မား အရှင်ဉာဏ |

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| * | ဓမ္မစကြာ မြတ်ရတနာ | နမ္မား အရှင်ဉာဏ |
| * | အခြေပြု ပဋ္ဌာန်းတရားတော် | အရှင်ဇနကာဘိဝံသ |
| * | သဂြိုဟ်ဘာသာဋီကာ | အရှင်ဇနကာဘိဝံသ |
| * | ဝီထိနှင့် သုံးချက်စု | အရှင်ဇနကာဘိဝံသ |
| * | ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တရားတော် | အရှင်ဇနကာဘိဝံသ |
| * | သလ္လေခသုတ်တရားတော် | မဟာစည်ဆရာတော် |
| * | အရိယာဝါသတရားတော် | မဟာစည်ဆရာတော် |
| * | ဓမ္မစကြာတရားတော် | မဟာစည်ဆရာတော် |
| * | မဟာစည် ဝိပဿနာရှုနည်းကျမ်း (ပ+ဒု) | မဟာစည်ဆရာတော် |
| * | အနတ္တလက္ခဏာသုတ်တရားတော် | မဟာစည်ဆရာတော် |
| * | ရတနာရွှေမြေ (ဘာသာပြန်) | ဦးလှဒင် |
| * | ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီ | ပထမရွှေကျင်ဆရာတော်ကြီး |
| * | ပရမတ္ထစက္ခုကျမ်း | ဒီပဲယင်းဆရာတော် |
| * | လူသေလူဖြစ်ဝါဒါနုဝါဒ ဝိနိစ္ဆယ | ဝိနည်းမိုရ်အဖွဲ့ |
| * | ကျောက်သင်္ဘောဝါဒ ဝိနိစ္ဆယ | ဝိနည်းမိုရ်အဖွဲ့ |
| * | သစ္စာလေးပါးတရားတော်စာအုပ်များ | မိုးကုတ်ဆရာတော် |
| * | ပခုက္ကူဝိပဿနာသင်တန်း<br>ဟောစဉ်တရားတော်များ (တိပ်ခွေ-၃၇၀ ခွေ) | ဆရာကြီး ဦးကြင်ရွှေ |
| * | မဟာသတိပဋ္ဌာန်အဖွင့်ကျမ်း | သစ္စဒီပက ဦးကြည် |
| * | မင်္ဂလာတားဖိုလ်တား အန္တရာယ်များ | မေတ္တာရှင်-ရွှေပြည်သာ |
| * | လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၁+၂) | မေတ္တာရှင်-ရွှေပြည်သာ |
| * | မျက်ရည်မကျခင်သိစေချင် | မေတ္တာရှင်-ရွှေပြည်သာ |
| * | ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း-၂ | မေတ္တာရှင်-ရွှေပြည်သာ |
| * | လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၃+၄) | မေတ္တာရှင်-ရွှေပြည်သာ |
| * | အမေနှင့်သား ပြောစကား (လက်ရေးမူ) | ပန်းဒကာ ကိုတင်မြင့် |
| * | လွှန်မြောက်ခြင်းမှ လွတ်မြောက်ခြင်းသို့<br>ဒဿနအမြင် | မလေးငြိမ် |
| * | သစ္စဉာဏ်၌ ဦးတိုက်ခြင်း | မလေးငြိမ် |
| * | စန္ဒ မဏ္ဍလ သုက္က စာတမ်း | အုတ်ဖိုဆရာတော် |
| * | ဉာဏတန်ခိုး စာကိုယ်နှင့် ဋီကာ | အုတ်ဖိုဆရာတော်နှင့်<br>ပန်းတောင်းဆရာတော် |
| * | အပ္ပမာဒ၊ သာသနာ့ရောင်ခြည်နှင့်<br>ဓမ္မရံသီ၊ ဓမ္မရတနာမဂ္ဂဇင်းများ | ကလောင်စုံ |
| * | ယနေ့ဗုဒ္ဓဝါဒဆိုင်ရာအမေးအဖြေများ(ဒု-တွဲ) | တည်တောဆရာတော် |
| * | ဘာဝနာဝတ္ထု | ဓမ္မဒူတ အရှင်ပညာဇောတ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| * ဗုဒ္ဓဓမ္မ ပြဿနာများ (၁ မှ ၁၁) | ဓမ္မဒူတ အရှင်ပညာဇောတ |
| * မဟာသတိပဋ္ဌာန် အဋ္ဌကထာ မြန်မာပြန် | ဓမ္မဒူတ အရှင်ဆေကိန္ဒ |
| * ဒိဋ္ဌိသတ်နှင့် တဏှာသတ် | သဲအင်းဂူဆရာတော် |
| * အရိယာဘုံသွား ဉာဏ်လှေခါးကျမ်းကြီး | သံလျင်တောရဆရာတော် |
| * ဝိပဿနာဘုံသွား ဉာဏ်လှေခါးကျမ်း | သံလျင်တောရဆရာတော် |
| * မထေရ်မြတ်တို့စကားဝိုင်း (၁ မှ ၅) | ဓမ္မဘေရီအရှင်ဝီရိယ |
| * စွန်းလွန်းဝိပဿနာအမေးအဖြေ | ဖျာပုံတိုက်သစ်ဆရာတော် |
| * ပဋ္ဌိတဝေဒနီယကျမ်း | သေကျွံတောင်ဆရာတော် |
| * မျက်မှောက်ခေတ်ဘာသာရေးနှင့် ကျွန်ုပ်တို့၏ သုံးသပ်ချက် | နှစ်ဖက်လှ |
| * ဘုန်းနိုင်အတွေး ဘုန်းနိုင်အမြင် | တက္ကသိုလ်ဘုန်းနိုင် |
| * ညောင်လွန့်တောရဘုံကျဉ်းဝိပဿနာကျင့်စဉ် | မော်လမြိုင်မြို့၊ ရွှေကျောင်းဆရာတော် |
| * စက်ဖြတ်ဝိပဿနာ | ဝန်းသိုမြို့၊ ခန္တီးဆရာတော် |
| * တော်လှန်သောအတွေးအခေါ် | ပါရဂူဘာသာပြန် |
| * ယောဂီနန္ဒိခေါ် စူဠသောတာပန်ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်းကျမ်း | မူလသပိတ်အိုင်သပိတ်အောင်တောရဆရာတော် |
| * ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက်အကြောင်း | ဆန်းလွင် |
| * တစ်နှစ်သုံးရာခြောက်ဆယ့်ငါးရက် အသက်ရှည်နည်း | သိပ္ပံစိုးလှဘာသာပြန် |
| * စွန်းလွန်းဝိပဿနာအမေးအဖြေ | |

www.burmeseclassic.com

www.burmeseclassic.com

## ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ၏ စာအုပ်များ

၁။ မျက်ရည်မကျခင်သိစေချင်
၂။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း-၁
၃။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း-၂
၄။ သရဏဂုံအစွမ်းအံ့မခန်း
၅။ မေတ္တာအစွမ်းအံ့မခန်း
၆။ သီလအစွမ်းအံ့မခန်း
၇။ စာရိတ္တသတ္တိ
၈။ မဂ်တားဖိုလ်တား အန္တရာယ်များ
၉။ အတွင်းရန်သူ
၁၀။ မိဘမေတ္တာရသစာများ (မင်းဟိန်းထိဝ်နှင့်အတူ)
၁၁။ မြန်မာတို့အသက်
၁၂။ အရှုံးမရှိသောဒဿန
၁၃။ မိရိုးဖလာဗုဒ္ဓဘာသာနှင်တကယ်ဗုဒ္ဓဘာသာဝင်(အိတ်ဆောင်)
၁၄။ တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါး(အိတ်ဆောင်)
၁၅။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ-၁+၂
၁၆။ ကျောင်းအမနတ်သမီးအလှုကြီး(အိတ်ဆောင်)
၁၇။ ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါန
၁၈။ ဘဝနှင့်ရင်းရသောအတွေးအမြင်များ-၁
၁၉။ ဆရာကောင်းကိုရှာဖွေခြင်း
၂၀။ စုန်လမ်းနှင့် ဆန်လမ်း(အိတ်ဆောင်)
၂၁။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ-၃+၄
၂၂။ ဘဝနှင့်ရင်းရသောအတွေးအမြင်များ-၂
၂၃။ အသေမြတ်ချင်သေနည်းသင်(အိတ်ဆောင်)
၂၄။ မေတ္တာဖြင့် စီးပွားရှာခြင်း

ယခု ——————

၂၅။ သညာသိနှင့် ပညာသိ(သုဒ္ဓဝိပဿနာကျင့်စဉ်)

BURMESE CLASSIC .com
www.burmeseclassic.com